www.burmeseclassic.com

မြသန်းတင့်

စစ်နှင့်ငြိမ်းချမ်းရေး

WAR AND PEACE

LEV TOLSTOY

ဒုတိယတွဲ

ကကိယာအကြွေး

www.burmeseclassic.com

www.burmeseclassic.com

မြဿန်းတင့်

စစ်နှင့် ငြိမ်းချမ်းရေး

WAR AND PEACE

LEV TOLSTOY

(ဒုတိယတွဲ)

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း

ပထမအကြိမ်၊ ၁၂ တွဲ(ပုဂံစာအုပ်တိုက်)
[၁၉၆၅ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ]
ဒုတိယအကြိမ်၊ ပ+၃ ပေါင်းချုပ်(သင့်စာပေ)
[၁၉၇၄ ခုနှစ်၊ ဩဂုတ်လ၊]
တတိယအကြိမ်၊ ပ+၃ ပေါင်းချုပ်(အမှေဉယျာဉ်)
[၂၀၀၇ ခုနှစ်၊ ဇူလိုင်လ၊ အုပ်ရေ ၅၀၀]

❑

စာမူခွင့်ပြုချက်အမှတ် [၅၀၀၉၉၅၀၆၀၈]
မျက်နှာပုံးခွင့်ပြုချက်အမှတ် [၅၀၀၆၅၁၀၆၀၇]

❑

စီစဉ်ထုတ်လုပ်မှု
အောင်မြင့်နိုင်

❑

မျက်နှာပုံးပန်းချီ
တင်မောင်မျင့်

❑

အတွင်းပုံနှိပ်သူ
ဒေါ်ရွှေ(သုခအော့ဖ်ဆက်)
၁၂၈၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။

❑

မျက်နှာပုံးပုံနှိပ်သူ
ဦးကော်မြင့်ဝင်း(ကာလာဇုံ အော့ဖ်ဆက်)
၁၈၄၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးကျော်ဆန်း(ရဲအောင်စာပေ)
၅၈၀-ခ၊ အောင်ရတနာလမ်း၊ သင်္ကန်းမြို့နယ်၊
ရန်ကုန်မြို့။

❑

စာအုပ်ချုပ် - ကိုမြင့်၊ ညီဝင်းမြင့်
အတွင်းဖလင် - ပုံရိပ်ရှင်
ကွန်ပျူတာစာစီ - Dream City

❑

[တန်ဖိုး - ၇၅၀၀ကျပ်]

စစ်နှင့် ငြိမ်းချမ်းရေးစာအုပ်၏ နောက်ကျောပုံးရေးခံပုံများကို LIFE Asia, June 12, 1967, Volume 42, Number 11 မှ ကူးယူဖေါ်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၉)

www.burmeseclassic.com

www.burmeseclassic.com

စစ်နှင့်ငြိမ်းချမ်းရေး ဒုတိယတွဲနှင့် စပ်လျဉ်း၍
အရေးကြီးသော
အဖြစ်အပျက်များပြ နေ့စွဲဇယား

(နေ့စွဲများကို ၁၉-ရာစုနှစ် ပြက္ခဒိန်ဟောင်းအရ ပြထားပါသည်။ ယနေ့ မျက်မှောက်ခေတ်သုံး ၂၀-ရာစုနှစ် ပြက္ခဒိန်အရ သိလိုလျှင် ယခုနေ့စွဲများတွင် ၁၂-ရက်စီ ပေါင်းထည့်ရပါမည်။)

၁၈၁၂-ခု

၁၃၊	ဇူလိုင်။	ဩစထရိနာတိုက်ပွဲ၌ ပါဗလိုဂရက် မြင်းတပ်များ ပါဝင်တိုက်ခိုက်သည်။
၄၊	သြဂုတ်။	အယ်ပါတစ် စမိုးလင့်သို့ ရောက်သည်။ အမြောက်သံများ ပထမဆုံး ကြား ရ၏။
၅၊	သြဂုတ်။	စမိုးလင့်မြို့ကို ရန်သူတို့ အမြောက် စိန်ပြောင်းဖြင့် ပစ်ခတ်ကြသည်။
၇၊	သြဂုတ်။	ဘိုလကွန်စကီ 'တောင်ကတုံး'မှ ဘိုဂူချာရိုဗိုသို့ ပြောင်းရွှေ့သည်။
၈၊	သြဂုတ်။	ကူတူဇော့ဗ် စစ်သေနာပတိချုပ်အရာ ခန့်အပ်ခြင်းခံရသည်။
၁၀၊	သြဂုတ်။	အင်ဒရေ ကွပ်ကဲသည့်စစ်ကြောင်း 'တောင်ကတုံး' အနီးရောက်လာသည်။
၁၇၊	သြဂုတ်။	စစ်သေနာပတိချုပ် ကူတူဇော့ဗ် ဇာရိုဗိုဇေမစ်ရှေ့သို့ ရောက်လာသည်။ တပ် မတော် ကွပ်ကဲမှုကို လက်ခံသည်။
၁၇၊	သြဂုတ်။	ဘိုဂူချာရိုဗိုသို့ နီကိုလေ ရောက်လာ၏။
၂၄၊	သြဂုတ်။	ရိုဗာဒီနိုခံတပ်တိုက်ပွဲ ဖြစ်ပွားသည်။
၂၆၊	သြဂုတ်။	ဘိုရိုဒီနိုတိုက်ပွဲ ဖြစ်ပွားသည်။
၁၊	စက်တင်ဘာ။	ရုရှားတပ်များ မော်စကိုမှဆုတ်ရန် အမိန့်ထုတ်သည်။
၆၊	အောက်တိုဘာ။	တာရူတီနိုတိုက်ပွဲ ဖြစ်သည်။ ပြင်သစ်တို့ မော်စကိုမှ ဆုတ်ခွာသည်။
၁၂၊	အောက်တိုဘာလ။	မာလိုယာရိုစလာဗက်တိုက်ပွဲ ဖြစ်သည်။
၂၁၊	အောက်တိုဘာလ။	ဗျာစမာတွင် ကော့ဆက်မြင်းတပ်များက ပြင်သစ်တပ်များကို စတင်တိုက်ခိုက် သည်။
၂၈၊	အောက်တိုဘာလ။	ပြင်သစ်တို့ စမိုးလင့်သို့ ဆုတ်ခွာသည်။
၂၊	နိုဝင်ဘာ။	
၄-၈၊	နိုဝင်ဘာ။	ကရပ်စနို တိုက်ပွဲဖြစ်သည်။
၉-၁၀၊	နိုဝင်ဘာ။	ပြင်သစ်ဗိုလ်ချုပ်နေးလ် နောက်ဖျားတပ်နှင့်အတူ သြဂုတ်သို့ ဆုတ်ခွာသည်။
၁၄-၁၆၊	နိုဝင်ဘာ။	ပြင်သစ်တို့ ဘီရဲဇီနာမြစ်ကို ဖြတ်၍ ဆုတ်ခွာသည်။
၂၆၊	နိုဝင်ဘာ။	စမိုဂေါ်နို၌ ပြင်သစ်စစ်တပ်ကြီးကို နပိုလီယန် စွန့်ပြေး၏။
၆၊	ဒီဇင်ဘာ။	နပိုလီယန် ပါရီသို့ ပြန်ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပထမတွဲ

ဇာတ်လမ်း အကျဉ်းချုပ်

ပီယာသည် ရုရှားပြည်နယ်တွင် အချမ်းသာဆုံး သူကြွယ်တစ်ဦးဖြစ်သူ မြို့စားကြီး ဘီဇူးကော့ဗ်၏ ကိတ္တိမသား (တရားမဝင်သား)တစ်ဦးဖြစ်သည်။ ပြင်သစ်ပြည် ပါရီမြို့တော်သို့ မြို့စားကြီးက ပညာသင်လွှတ်လိုက်သော်လည်း ပီယာသည် သောက်စားမူးယစ်၍ အချိန်ဖြုန်းခဲ့သည်။ ပြင်သစ်တော်လှန်ရေး သဘောတရားများနှင့် နပိုလီယန်၏ စွမ်းဆောင်ချက်များကို အထင်ကြီး၍ ပြန်လာခဲ့သည်။ မော်စကိုသို့ ပြန်ရောက်သည့်အခါတွင်လည်း ပီယာသည် သောက်စားမူးယစ်ရင်းသာ အချိန်ကုန်နေခဲ့သည်။ ခမည်းတော် မြို့စားကြီးက ဘုရင့်အမှုထမ်းအဖြစ်သို့ ဝင်ရောက် ဆောင်ရွက်ရန်ပြောသော်လည်း ပီယာသည် ဘာကိုမျှ မည်မည်ရရ မလုပ်။

ပီယာ မော်စကိုမြို့သို့ ပြန်ရောက်သည့်အချိန်မှာ ၁၈၀၅-ခု ဖြစ်သည်။ ထိုအချိန်တွင် နပိုလီယန်သည် အကြောင်းအမျိုးမျိုးပြကာ ဥရောပနိုင်ငံအများအပြားကို တိုက်ခိုက်သိမ်းပိုက်လျက်ရှိသည်။ နပိုလီယန်အား ဥရောပ တိုက်မှ ဧကရာဇ်များ၊ ဘုရင်များ၊ မှူးမတ် သေနာပတိများက ဆန့်ကျင် ကန့်ကွက်နေချိန်ဖြစ်သည်။ တစ်ညနေ၌ ပီယာသည် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာရှားရာ တည်ခင်းသည့် မင်းပွဲသဘင်သို့ လာခဲ့သည်။ ထိုမင်းပွဲသဘင်သို့ တက်ရောက်လာသူ အထက်တန်းလွှာမှ မင်းစိုးရာဇာများအားလုံးက ပီယာ့ကို အထင်သေးကြသည်။ နပိုလီယန်ကို ထောက်ခံသည့် အယူအဆရှိသူဟု ကဲ့ရဲ့ကြသည်။ မြို့စားကြီး ဘီဇူးကော့ဗ်၏ တရားမဝင်သားဖြစ်သည်ဟု အထင်သေးကြသည်။ ထိုမင်းပွဲသဘင်သို့ လာရောက်ကြသူများတွင် ဟယ်လင်မင်းသမီး၊ ၎င်း၏ခမည်းတော် မင်းသားကြီး ဗာစီလီ၊ ၎င်း၏သားတော် ဟစ်ပိုလိတ်၊ အနာတိုလီ စသူတို့လည်း ပါဝင်သည်။ ၎င်းတို့အားလုံးကလည်း အခြားသူများနည်းတူ ပီယာကို အထင်သေးကြသည်။ ထိုမင်းပွဲသဘင်တွင် ပီယာမှာ စကားပြောဖက်မရှိဘဲ ယောင်တီးယောင်တ ဖြစ်လျက်ရှိသည်။ ပီယာနှင့် စကားပြော၍ရသူမှာ မင်းသားကလေးအင်ဒရေတစ်ဦးတည်းသာရှိသည်။

မင်းသားကလေး အင်ဒရေမှာ အငြိမ်းစားဗိုလ်ချုပ်ကြီး ဘိုလကွန်စကီ၏ သားတော်ဖြစ်၍ ဇာဘုရင်၏ ကိုယ်ရံတော်တပ်တွင် ဗိုလ်မှူးကြီးအဖြစ် အမှုထမ်းလျက်ရှိသည်။ ရုရှားနှင့် ဩစတြီးယားတို့ မဟာမိတ်စာချုပ် ချုပ်ဆိုထားစဉ် နပိုလီယန်က ဩစတြီးယားကို ဝင်တိုက်သဖြင့် ရုရှားတပ်များ ဩစတြီးယားသို့ စစ်ချီသွားရတော့မည် ဖြစ်သည်။ မင်းသားကလေး အင်ဒရေသည် ၎င်း၏ကြင်ရာတော် လီဇာနှင့်အတူ မင်းပွဲသဘင်သို့ ရောက်လာစဉ် ပီယာနှင့် တွေ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးမှာ ရင်းနှီးသော ရောင်းရင်းများဖြစ်ကြသည်။ မင်းသားကလေး အင်ဒရေသည် ဩစတြီးယားအတွက် ရုရှားတပ်များက ဝင်တိုက်ပေးရသည့် ကိစ္စကို မကျေမနပ်ဖြစ်လျက်ရှိသည်။ ပလွားရှ်တခြားယောကျ်ားများနှင့် ရင်းရင်းနှီးနှီး နေလေ့ရှိသော ကြင်ရာတော်ကိုလည်း မကျေမနပ်ဖြစ်လျက် ရှိသည်။

မကြာမီ ပီယာ၏ခမည်းတော် မြို့စားကြီး ဘီဇူးကော့ဗ် ကံတော်ကုန်သည်တွင် အမွေများကို မည်သူ့ပေးခဲ့မည်နည်းဟု တစ်မြို့လုံးက စိတ်ဝင်စားနေကြသည်။ သေတမ်းစာကို ဖွင့်ကြည့်သောအခါတွင် ပီယာအား အမွေစား အမွေခံအဖြစ်ပေးခဲ့သဖြင့် ပီယာမှာ နေ့ချင်းညချင်း သူကြွယ်တစ်ဦး ဖြစ်သွားသည်။ ဤတွင် နဂိုက ပီယာကို အထင်သေးခဲ့ကြသူ ကဲ့ရဲ့ကြသူများကလည်း ပီယာကို ချက်ချင်း အထင်ကြီးသွားကာ သဘောထားတစ်မျိုး ပြောင်းသွားကြသည်။

မြို့စားကြီး ရော့စတော့ဗ်သည် ချမ်းသာသူတစ်ဦး မဟုတ်သော်လည်း ရက်ရောသည်။ အသုံးအစွဲကြီးသည်။ လူတစ်ဖက်သားကို သနားလွယ်သည်။ အိမ်တွင် ဆင်းရဲသော ဆွေမျိုးများကို ခေါ်၍ကျွေးကာ ကူညီစောင်မတတ်သည်။ ဘိုးရစ်စ်မှာ မြို့စားကြီးရော့စတော့ဗ်၏ ဆွေမျိုးနီးစပ်တစ်ဦးဖြစ်၍ ထိုအိမ်တွင်မှီခိုနေရသည်။ မြို့စားကြီး ရော့စတော့ဗ်၏

www.burmeseclassic.com

www.burmeseclassic.com

သမီးနာတာရှာနှင့်လည်း လူငယ်ဘာဝ ရည်ငံနေကြသည်။ မြို့စားကြီး၏သား နီကိုလေနှင့် မြို့စားကြီး မွေးစားထားသည့် ဆွန်ယာတို့ကလည်း တစ်ဦးနှင့်တစ်ဦး ရည်ငံနေကြသည်။ ပိယာမှာ မြို့စားကြီး ရော့စတော့ဗ်မိသားစုနှင့်လည်း ရင်းနှီးသူဖြစ်သဖြင့် ထိုအိမ်သို့ မကြာခဏ ဝင်ထွက်နေတတ်သူ ဖြစ်သည်။

မင်းသားကြီး ဘိုလကွန်စကီသည် မော်စကိုမြို့နှင့် မိုင်အနည်းငယ်ကွာသည့် 'တောင်ကတုံး' ပိုင်စားနယ်မြေတွင် သမီးကြီး မင်းသမီးကလေး မေရီနှင့်အတူ နေထိုင်လျက်ရှိသည်။ မင်းသားကလေး အင်ဒရေ ရောက်လာ၍ မိမိ စစ်ထွက်သွားတော့မည်ဖြစ်ကြောင်း၊ မိမိ၏ ကြင်ရာတော်ကို ခမည်းတော် အစ်မတော်တို့နှင့်အတူ 'တောင်ကတုံး' ခံအိမ်တွင် ထားခဲ့လိုကြောင်း၊ ကြင်ရာတော်မှာ ကိုယ်လေးလက်ဝန်နှင့်ဖြစ်၍ အစစအရာရာ ဂရုစိုက်ပါမည့်အကြောင်း ဖြင့် ခမည်းတော်ကြီးနှင့် အစ်မတော်တို့ထံ အပ်နှံပြီးနောက် စစ်မြေပြင်သို့ ထွက်ခွာသွားသည်။

ရုရှားနှင့် ဩစတြီးယား စစ်တပ်များသည် အကြီးအကျယ် အရေးနိမ့်ကာ ဆုတ်ခွာလာခဲ့ကြရသည်။ ရုရှားတို့ဘက်မှာ ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်း ဦးစီးတိုက်သည်။ ထိုတိုက်ပွဲများတွင် ဗိုလ်မှူးကြီးတစ်ဦးဖြစ်သူ မင်းသားကလေး အင်ဒရေလည်း ပါဝင်တိုက်ခိုက်သည်။ မြို့စားကြီး ရော့စတော့ဗ်၏သား မြို့စားကလေး နီကိုလေသည်လည်း မြင်းတပ်ဗိုလ်ကလေးတစ်ဦးအဖြစ် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် ဩစတြီးယားတပ်များနှင့် ၎င်း၏ မဟာမိတ် ရုရှားတပ်များအားလုံး စစ်မြေပြင်တွင် အကွဲကွဲ အပြဲပြဲဖြစ်ကာ ဆုတ်ခွာလာခဲ့ကြရသည်။

ထိုအချိန်တွင် မင်းသားကြီး ဗာစီလီသည် ရုရှားပြည်တွင် အချမ်းသာဆုံး သူကြွယ်တစ်ဦးဖြစ်သူ ပိယာကို သမက်ဖမ်းရန် ကြိုးစားလျက်ရှိသည်။ ပိယာသည် စိတ်ဓာတ်ပျော့ညံ့သူဖြစ်သည့်အတိုင်း အမျိုးသမီး ဟယ်လင်၏ ဆွဲဆောင်မှုကို မခံနိုင်တော့ဘဲ လက်ထပ်ယူလိုက်သည်။ မင်းသမီး ဟယ်လင်ကို တကယ်ချစ်သလော မချစ်သလောဟုပင် ခွဲခြားမရ။ မင်းသားကြီး ဗာစီလီသည် သမီးကို သူကြွယ်တစ်ဦးနှင့် ပေးစားပြီးနောက် သား ဟစ်ပိုလိုတီကိုလည်း မင်းသားကြီး ဘိုလကွန်စကီ၏သမီး မေရီနှင့် လက်ထပ်ပေးရန် ကြိုးပမ်းပြန်သည်။ သို့ရာတွင် မင်းသားကြီး ဘိုလကွန်စကီက ငြင်းလွှတ်လိုက်သဖြင့် မင်းသားကြီး ဗာစီလီတို့သားအဖ တပ်ခေါက် ပြန်လာခဲ့ကြ ရသည်။

မော်စကိုမြို့ရှိ မြို့စားကြီး ရော့စတော့ဗ်တို့၏ သားကြီး နီကိုလေသည် တပ်မှခွင့်ယူ၍ ပြန်လာခဲ့သည်။ မော်စကိုတွင် မြင်းတပ်ဗိုလ်တစ်ဦးနှင့်အတူ မူးယစ်သောက်စားခြင်း၊ ဖဲကစားခြင်းဖြင့် အချိန်ကုန်လျက်ရှိသည်။ ထိုအချိန်တွင် ဘိုးရစ်စ်မှာလည်း ကိုယ်ရံတော်ဗိုလ်တစ်ဦးဖြစ်ကာ ကြီးပွားလျက်ရှိနေသဖြင့် နာတာရှာတို့ကို အရာမသွင်းတော့။ မြို့စားကြီး ရော့စတော့ဗ်၏ ကူညီစောင်မှုဖြင့် ဤအခြေသို့ ရောက်လာခြင်းဖြစ်သည့်တိုင် ကျေးဇူးမသိတတ်တော့။ နာတာရှာနှင့်လည်း အဆက်ဖြတ်ကာ သူကြွယ်သမီးတစ်ဦးကို ပိုးပန်းလျက်ရှိသည်။

ပိယာနှင့် ဟယ်လင်မင်းသမီးတို့၏ အိမ်ထောင်ရေးသည် အဆင်မပြေ။ ဟယ်လင်သည် ကာမပိုင်လင်ရှိသည့်တိုင် အခြားယောကျ်ားများနှင့် ဖောက်ပြားလျက်ရှိသည်။ ယခုတလောတွင် ဟယ်လင်သည် ဒိုလိုကော့ဗ်ဆိုသူ လူရမ်းကား စစ်ဗိုလ်တစ်ဦးနှင့် ဖောက်ပြားလျက်ရှိသည်။ တစ်နေ့ အင်္ဂလိပ်ကလပ် ညစ်ခံပွဲတစ်ခုတွင် ဒိုလိုကော့ဗ်က ပိယာအား ရန်စသဖြင့် နှစ်ယောက်ချင်း ချိန်းသတ်သည့်အဖြစ်သို့ ရောက်ကြသည်။ ချိန်းသတ်ပွဲတွင် ဒိုလိုကော့ဗ်သည် ပိယာ့လက်ချက်ကြောင့် ဒဏ်ရာရသွားသည်။ ပိယာသည် မိမိလက်ချက်ဖြင့် လူတစ်ယောက် ဒဏ်ရာရသွားခြင်း၊ အိမ်ထောင်ရေး အဆင်မပြေခြင်း စသည်တို့ကြောင့် စိတ်ညစ်ကာ ဟယ်လင်မင်းသမီးနှင့် ခွဲခွာနေရန် ဆုံးဖြတ်လျက် ရုရှားပြည်တောင်ပိုင်းသို့ စိတ်ပြေလက်ပျောက် ခရီးထွက်သွားခဲ့သည်။

မင်းသားကြီး ဘိုလကွန်စကီ၏သား မင်းသားကလေး အင်ဒရေမှာ စစ်မြေပြင်တွင် ဒဏ်ရာရရာမှ ပျောက်ဆုံးလျက် ရှိသည်။ သတင်းအစအန ရှာ၍မရနိုင်အောင် ဖြစ်လျက်ရှိသဖြင့် တိုက်ပွဲတွင် ကျဆုံးသွားပြီဟု ယူဆလျက်ရှိသည်။ ၎င်း၏ကြင်ရာတော် လီဇာမှာလည်း နေ့စေ့လစေ့ဖြစ်၍ မီးဖွားတော့မည့်ဆဲဆဲ ဖြစ်နေသည်။ ယောက်မ ထော် မင်းသမီးလေး မေရီသည် ထိုသတင်းကို လီဇာ မသိအောင် ဖုံးဖိထားကာ လီဇာ၏ကျန်းမာရေးကိုသာ ဂရုစိုက်စောင့်ရှောက်လျက် ရှိသည်။ မုန်တိုင်းများ တိုက်ခတ်လျက်ရှိသော တစ်ညတွင် လီဇာ ကမ္ဘာလေ လှုပ်ရှားလျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိသဖြင့် မော်စကိုမှ ဂျာမန်သမားတော်ကြီးတစ်ဦးကို အပင့်ခိုင်းလိုက်ရသည်။ ဂျာမန်သမားတော်ကို စောင့်မျှော်လျက် ရှိစဉ် စစ်မြေပြင်တွင် ကျဆုံးသွားပြီဟု ယူဆထားသော မင်းသားကလေး အင်ဒရေ ပြန်ရောက်လာသည်။ မင်းသားကလေး အင်ဒရေသည် ကြင်ရာတော်အပေါ်တွင် စိမ်းကားခဲ့မိသည်များကို စိတ်မကောင်းဖြစ်ကာ နောင်တရလျက် ရှိသည်။ သူတစ်ပါး၊အတွက် ဝင်တိုက်ပေးရသည့် စစ်ပွဲကိုလည်း နာကြည်းလျက်ရှိသည်။ ရှေ့တွင် မိမိ၏ မိသားစုနှင့်အတူ အေးချမ်းစွာ နေထိုင်တော့မည်ဟု ဆုံးဖြတ်ချက် ချခဲ့သည်။

သို့ရာတွင် အချိန်နှောင်းလေပြီ။

မင်းသားကလေး အင်ဒရေ ရောက်လာပြီး မကြာမီတွင် ကြင်ရာတော် လိဒ္ဓာသည် သားငယ်တစ်ယောက်ကို မွေးဖွားကာ ကွယ်လွန်သွားခဲ့သည်။ ပီယာသည် စိတ်ပျက်လက်ပျက်နှင့် ရုရှားပြည်တောင်ပိုင်းသို့ ခရီးထွက်လာခဲ့ရာ၌ လမ်းတွင် ဖရီးမေဆင်ဂိုဏ်းဟုခေါ်သော ညီအစ်ကိုတော်ဂိုဏ်း ခေါင်းဆောင်တစ်ဦးနှင့် တွေ့သည်။ ညီအစ်ကိုတော်ဂိုဏ်း၏ တရားများကို ကြားနာရသည့်အခါတွင် အားသစ်ခွန်သစ်များ ရလာခဲ့သည်။ ယခင်က ပီယာသည် ဘဝကြီးကို ငြီးငွေ့စိတ်ပျက်လျက်ရှိသည်။ လူ့ဘဝသည် အနှစ်သာရ ကင်းမဲ့လှသည်ဟု ယူဆခဲ့သည်။ လိုလေသေးမရှိ ချမ်းသာသူတစ်ယောက်၊ မယားချောတစ်ယောက်၏ လင်တစ်ဦးဖြစ်ခဲ့သော်လည်း သူ့အဖို့ လူ့ဘဝတွင် ပျော်ရွှင်မှု၊ စိတ်၏ငြိမ်းချမ်းမှုကို ရှာ၍မရနိုင်ဘဲ ဖြစ်ခဲ့သည်။ ယခု ညီအစ်ကိုတော်ဂိုဏ်းဝင်၏ တရားများကို ကြားနာရသည့် အခါတွင်မူ ဘဝသစ်သို့ ရောက်လာသည်ဟု ထင်မှတ်လာခဲ့သည်။

ပီယာသည် ညီအစ်ကိုတော်ဂိုဏ်းဝင်၏ တရားများကို ကြားနာပြီးနောက် အားသစ်မာန်သစ် အပြည့်ဖြင့် ၎င်း၏ ရောင်းရင်းကြီး မင်းသားကလေး အင်ဒရေထံ လာခဲ့သည်။

ထိုအချိန်တွင် မင်းသားကလေး အင်ဒရေမှာ စစ်တပ်မှထွက်ကာ ခြံစိုက်လျက်ရှိသည်။ မင်းသားကလေး အင်ဒရေသည် နောက်ထပ် အိမ်ထောင်လည်း မပြုတော့။ ပီယာနှင့် အင်ဒရေသည် အမှုအကျင့်ချင်း ခြားနားနေကြသည်။ ပီယာက စိတ်အားထက်သန်သလောက် မင်းသားကလေး အင်ဒရေက အေးစက်စက်ဖြစ်နေသည်။ ပီယာက လောကကြီးကို အကောင်းဘက်က မြင်သလောက် မင်းသားကလေး အင်ဒရေက အရာရာကို အဆိုးဘက်က မြင်လျက် ရှိသည်။ ပီယာက လောကကြီးတွင် ပျော်ရွှင်မှု၊ စိတ်၏ ငြိမ်းချမ်းမှုကို အမောတကော ရှာဖွေလျက်ရှိသလောက် မင်းသားကလေး အင်ဒရေက လောကတွင် ပျော်ရွှင်မှု စိတ်၏ငြိမ်းချမ်းမှုတို့ မရနိုင်၊ ထို့ကြောင့် ရှာဖွေ၍လည်း မတွေ့နိုင်ဟု ယူဆလျက်ရှိသည်။

မင်းသားကလေး အင်ဒရေသည် ကိစ္စတစ်ခုဖြင့် အိုထရာနိုသို့ ထွက်လာခဲ့သည်တွင် နာတာရှာတို့အိမ်တွင် တစ်ည တည်းခိုခဲ့သည်။ ထိုစဉ် နာတာရှာကို အမှတ်မထင် သွားတွေ့သည်။ နောင်တွင် ဘုရင့်အမှုတော်ထမ်းဘဝဖြင့် မော်စကိုသို့ ရောက်သည့်အခါတွင်လည်း တော်ဝင်ကပွဲကြီးတစ်ခုတွင် နာတာရှာကို ထပ်၍တွေ့ပြန်သည်။ ယခင်က ညှိုးနွမ်းလျက်ရှိသော မင်းသားကလေး အင်ဒရေ၏စိတ်သည် နာတာရှာကို တွေ့လိုက်သည့်အခါတွင် လန်းဆန်းလာသည်။ ယခင်က လောကကြီးကို စိတ်ပျက် ကုန်ခမ်းနေသော်လည်း နာတာရှာနှင့် တွေ့ပြီးနောက်တွင် အားအင် ပြည့်ဖြိုးလာခဲ့သည်။ မင်းသားကလေး အင်ဒရေသည် မိမိ၏အချစ်ကို နာတာရှာအား ဖွင့်ပြောကာ မြို့စားကြီး ရော့စတော့ဗ်မိသားစုထံ သွားကာ စေ့စပ်ကြောင်းလမ်းခြင်း ပြုသည်။ သို့ရာတွင် မင်းသားကလေး အင်ဒရေ၏ ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီက သဘောမတူ။ တစ်၊ အင်ဒရေ၏အိမ်ထောင်ဖက်သည် ငယ်လွန်းသည်။ နှစ်၊ သားငယ်ကလေးအတွက် မိထွေးကောင်းမဖြစ်နိုင်။ သုံး၊ အင်ဒရေ၏အိမ်ထောင်ဖက် နာတာရှာသည် မျိုးရိုးအနေဖြင့်လည်း အဆင့်အတန်း နိမ့်လွန်းသည်။ လေး၊ မင်းသားကလေး အင်ဒရေ၏ ကျန်းမာရေးကလည်း မကောင်း။ ထို့ကြောင့် လက်ထပ်ပွဲကို တစ်နှစ် ရွှေ့ဆိုင်းစေလိုသည်။ ဤအတောအတွင်း မင်းသားကလေး အင်ဒရေက ၎င်း၏ကျန်းမာရေးအတွက် နိုင်ငံခြားသို့သွား၍ ဆေးကုသင့်သည်။ ဤအတောအတွင်း နာတာရှာ၏အခြေအနေကို စောင့်ကြည့်ရမည်။ တစ်နှစ်ကြာသည့်တိုင် မင်းသားကလေး အင်ဒရေက နာတာရှာ့အပေါ် ချစ်မြဲ ချစ်နေသေးလျှင်

www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်။ လောလောဆယ်တွင်မူ တစ်နှစ်ဆိုင်းငံ့ထားရန် အကြံပေးသည်။ မင်းသားကလေး အင်ဒရေသည် ခမည်းတော်ကြီး၏ အကြံပေးချက်ကို လက်ခံကာ နိုင်ငံခြားသို့ ထွက်သွားသည်။

ဤအချိန်တွင် နီကိုလေမှာလည်း တပ်ကထွက်ကာ မြို့စားကြီး ရော့စတော့ဗ်၏ လယ်ယာလုပ်ငန်းများကို ဦးစီးဆောင်ရွက်လျက် ရှိသည်။ နီကိုလေနှင့် ဆွန်ယာမှာလည်း နီးကပ်စွာ နေထိုင်ရသဖြင့် ပျော်ရွှင်လျက်ရှိသည်။ နာတာရှာမှာလည်း မင်းသားကလေး အင်ဒရေ ပြန်လာမည့်အချိန်ကို စောင့်ကြိုလျက်ရှိသည်။ နီကိုလေ၊ နာတာရှာနှင့် ဆွန်ယာတို့သည် ဤသို့ဖြင့် အမဲလိုက်ခြင်း၊ ပျော်ပွဲစားထွက်ခြင်းတို့ဖြင့် ပျော်ရွှင်လျက်ရှိကြသည်။

မင်းသားကလေး အင်ဒရေ နိုင်ငံခြားမှ ပြန်ရောက်လာတော့မည့် အချိန်မှာ တဖြည်းဖြည်း နီးကပ်လာနေပြီ။ အချိန်နီးလာသည်နှင့်အမျှ နာတာရှာမှာလည်း စောင့်ရခြင်းကို စိတ်မရှည်နိုင်အောင် ဖြစ်လာပြီ။ တစ်နှစ်ပြည့်ခါနီးတွင် နာတာရှာတို့ မိသားစုသည် အိုထရာနို ကျေးလက်စံအိမ်မှ မော်စကိုမြို့သို့ ရောက်လာခဲ့ကြသည်။ မင်္ဂလာဆောင်တွင် နာတာရှာဝတ်ဖို့ ဝတ်စုံချုပ်ရန်၊ မော်စကိုမြို့အနီးတွင် မြို့စားကြီး၏ ပိုင်စားနယ်မြေအချို့ကို ရောင်းချရန်ဖြစ်သည်။ မော်စကိုတွင်ရှိစဉ် နာတာရှာသည် ယောကမ္မလောင်း မင်းသားကြီး ဘိုလကွန်စကီနှင့် ယောက်မလောင်း မင်းသမီး ကလေး မေရီတို့ကို သွားတွေ့သည်။ ပထမဆုံးအကြိမ် တွေ့လျှင်တွေ့ချင်း သမီးယောက်မနှစ်ယောက် သဘောချင်း မတိုက်ဆိုင်ဘဲ ဖြစ်ကြရသည်။ ယောကမ္မလောင်းကြီးက ၎င်းတို့အား မထီလေးစား ဆက်ဆံသဖြင့် အရှက်ရ၍ လာခဲ့သည်။ မိမိတို့ မိသားစုအပေါ်တွင် အထင်သေးသည့်ဟန်ရှိခြင်းကို နာတာရှာ သတိထားခဲ့မိသည်။

တစ်နေ့၌ နာတာရှာတို့မိသားစုသည် ပြဇာတ်များ ကြည့်စဉ် ဟယ်လင်မင်းသမီး၊ ၎င်း၏မောင် အနာတိုလီ စသူတို့နှင့် အသိအကျွမ်း ဖြစ်လာခဲ့သည်။ အနာတိုလီသည် လူရွှပ်လူပွေတစ်ဦးပိပိ နာတာရှာကို ပိုးပန်း၍ ခိုးပြေးနိုင်ရန် ဟယ်လင်ကို ပူဆာသည်။ ဟယ်လင်ကလည်း နာတာရှာကို ဧည့်ခံပွဲများသို့ ဖိတ်၍ ဆွယ်သည်။ ၎င်း၏မောင် အနာတိုလီနှင့် နှစ်ယောက်တည်း လွတ်ပေးသည်။ နာတာရှာသည် မင်းသားကလေး အင်ဒရေ ပြန်ရောက်မလာခြင်း၊ မင်းသားကလေး အင်ဒရေ မိသားစုက မိမိအပေါ် အထင်သေးခြင်းတို့ကြောင့် စိတ်ရှုပ်လျက်ရှိစဉ် အနာတိုလီကို လက်ခံလိုက်မိသည်။ အနာတိုလီနှင့် ခိုးရာလိုက်ရန် သဘောတူလိုက်သည်။ ထိုအကြောင်းကို ဆွန်ယာသိသွားသည်။ ဆွန်ယာသည် မိမိချစ်သူ နီကိုလေ၏နှမ၊ မိမိသူငယ်ချင်း၊ မိမိ၏ကျေးဇူးရှင်များဖြစ်သည့် မြို့စားကြီး ရော့စတော့ဗ်တို့၏သမီး နာတာရှာ ဤအဖြစ်ရောက်မည်ကို မကြည့်ရက်။ မကြည့်နိုင်။ ထို့ကြောင့် လူကြီးများထံ အကျိုးအကြောင်း ပြောကြားကာ နာတာရှာကို အချိန်မီ အုပ်မိလိုက်နိုင်သည်။ နာတာရှာက ဆွန်ယာကို စိတ်ဆိုးသည်။ သူတို့၏အချစ်ရေးကို နှောင့်ယှက်သူဟု ရန်ငြိုးဖွဲ့သည်။

ထိုအတောအတွင်း လူကြီးများက နာတာရှာတို့ကိစ္စကို အင်ဒရေ မသိအောင် ဖုံးဖိထားရန် ပီယာကို အကူအညီတောင်းသည်။ မင်းသားကလေး အင်ဒရေ ပြန်ရောက်သည်နှင့် ပီယာသည် မင်းသားကလေး အင်ဒရေထံသွား၍ အကဲခတ်သည်။ မင်းသားကလေး အင်ဒရေက အကျိုးအကြောင်းသိပြီးဖြစ်ကာ နာတာရှာ၏စာများ၊ ဓာတ်ပုံများကို ပီယာမှတစ်ဆင့် ပြန်ပေးလိုက်သည်။ နာတာရှာဘာသာ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ကြောင်း၊ မိမိတို့ကိစ္စမှာ ဤတွင် နိဂုံးတိုပြီးဖြစ်ကြောင်း ပြောလိုက်သည်။ ပီယာသည် စာနှင့်ဓာတ်ပုံကိုယူကာ နာတာရှာထံသို့ ပြန်လာခဲ့သည်။

နာတာရှာမှာ မိမိ၏အဖြစ်ကို နောင်တရလျက်ရှိသည်။ ယူကျူးမရဖြစ်လျက်ရှိသည်။ မိမိသည် လောကတွင် ကြီးလေးသည့် ပြစ်မှုကြီးတစ်ခုကို ကျူးလွန်ခဲ့ပြီဟု မလုံမလဲ ဖြစ်လျက်ရှိသည်။ ပီယာက နာတာရှာကို ဖျောင်းဖျသည်။ မိမိသာ လွတ်လပ်သူဖြစ်ခဲ့လျှင် ကမ္ဘာပေါ်တွင် ယောကျ်ားအပြီသဆုံး အတော်ဆုံးလူတစ်ယောက် ဖြစ်ခဲ့လျှင် နာတာရှာ၏အချစ်ကို တောင်းခံချင်စမ်းပါသည်ဟု နာတာရှာကို ဖွင့်ပြောလိုက်သည်။

ပီယာက နာတာရှာ၏ အချစ်ကို တောင်းခံသည်လမှာ ၁၈၁၂-ခု ကြယ်တံခွန်ကြီး ပေါ်ထွန်းသည့်လ ဖြစ်သည်။

*

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁

၁၈၁၁–ခုနှစ် ကုန်ခါနီးလောက်မှစ၍ အနောက် ဥရောပ နိုင်ငံအသီးသီးတို့သည် လက်နက်ပြင်ဆင်ခြင်း၊ စစ်သည် အင်အား စုဆောင်းခြင်း စသည့်အမှုများကို အပြင်းအထန် လုပ်ဆောင်လာခဲ့ကြလေသည်။ ၁၈၁၂–ခုနှစ်၌ကား ထောက်ပံ့ရေးတပ်များ၊ ပို့ဆောင်ရေးတပ်များ အပါအဝင် သန်းပေါင်းများစွာသော စစ်သည်များသည် အနောက်ဘက်မှ အရှေ့ဘက် ရုရှားတပ်များ တပ်စွဲထားရာ ရုရှားနယ်စပ်သို့ စစ်ကြီးဆင်လျက် အလုံးအရင်းနှင့် ချီတက်လာခဲ့ကြသည်။ ၁၈၁၂ ခုနှစ် ဇွန်လ ၁၂ ရက်နေ့၌ကား အနောက် ဥရောပလက်နက်ကိုင်တပ်များသည် ရုရှားနယ်စပ်ကို ဖြတ်ကျော်လာခဲ့ကြလေသည်။ ဤသို့ဖြင့် ရုရှားနှင့် ပြင်သစ်တို့၏ စစ်ပွဲကြီး ဖြစ်ပွားလာခဲ့ရလေသည်။ ဤသို့ဖြင့် လူ၏ဆင်ခြင်တုံတရားနှင့် လည်းကောင်း၊ လူ၏ဘဝနှင့်လည်းကောင်း ဆန့်ကျင်သည့် အဖြစ်အပျက်ကြီးတစ်ရပ်သည် ပေါ်ပေါက်လာခဲ့လေသည်။ သန်းပေါင်းများစွာသော လူများသည် လိမ်လည်ခြင်း၊ သစ္စာဖောက်ခြင်း၊ ခိုးဝှက်ခြင်း၊ အယောင်ဆောင်ခြင်း၊ ငွေစက္ကူတုလုပ်ခြင်း၊ ဖောက်ထွင်းခြင်း၊ လူနေအိမ်ခြေများကို မီးတိုက်ခြင်း၊ လုယက်ခြင်း၊ လူသတ်ခြင်း စသည့် ရေတွက်ခြင်းငှာ မစွမ်းနိုင်သော ရာဇဝတ်မှုကြီးများကို အပြန်အလှန် ကျူးလွန်ခဲ့ကြလေသည်။ သို့သော်လည်း ဤမျှ ကြောက်ခမန်းလိလိရှိသော ရာဇဝတ်မှုကြီးများကို ကမ္ဘာပေါ်ရှိ မည်သည့် တရားရုံးတော်အမှုတွဲများတွင်မျှ မှတ်တမ်းတင်ထားခြင်း မရှိခဲ့ချေ။ ထိုအမှုကြီးများကို ကျူးလွန်ခဲ့သူများ ကိုယ်နှိုက်ကလည်း မိမိတို့ ပြုလုပ်လျက်ရှိသော အမှုကြီးများသည် ရာဇဝတ်မှုကြီးများ ဖြစ်ကြောင်းကို ထိုစဉ်က နားလည်သဘောပေါက်ခြင်း မရှိခဲ့ကြချေ။

အဲ့ဖွယ်သရဲထူးကဲသော ဤဖြစ်ရပ်ကြီးသည် မည်သည့် အကြောင်းကြောင့် ပေါ်ပေါက်ခဲ့ရသနည်း။ ထိုဖြစ်ရပ်ကြီး၏ အကြောင်းတရားများကား အဘယ်နည်း။ နပိုလီယန်က အိုဒင်ဘတ်နယ်စားကြီး၏ ပြည်နယ်ကို အဓမ္မသိမ်းယူခြင်း၊ နပိုလီယန်၏ ကုန်သွယ်မှုပိတ်ဆို့ရေးဝါဒကို ဥရောပနိုင်ငံများက လိုက်နာကျင့်သုံးမှု မပြုကြခြင်း၊ နပိုလီယန်၌ ကြီးမြင့်ထင်ပေါ်လိုသောဆန္ဒ လွန်ကဲခြင်း၊ ရုရှားဘုရင် အလက်ဇန်းဒရား၏ ခေါင်းမာခြင်း၊ သံတမန်တို့ တတ်ပွန် လိမ္မာမှုကင်းမဲ့ခြင်း စသည်တို့သည် ထိုစစ်ပွဲကြီး၏ အကြောင်းတရားများပင် ဖြစ်သည်ဟု ရာဇဝင်ဆရာများက လူတတ်ကြီးတွေ လုပ်၍ ပြောခဲ့ကြသည်။

ငင်းတို့ပြောသည့်အတိုင်း မှန်လျှင် ထိုစစ်ပွဲကြီးကို ရှောင်ကွင်းရန်မှာ အလွယ်ကလေး ဖြစ်ပါသည်။ ဩစတြီးယား နိုင်ငံခြားရေးဝန် မက်တားနစ်၊ ရုရှားနိုင်ငံခြားရေးဝန် ရွန်ယန်းဆက်၊ ပရပ်ရှား နိုင်ငံခြားရေးဝန် တယ်လေရန် စသည့် ပုဂ္ဂိုလ်ကြီးများအနက် တစ်ဦးဦးက နပိုလီယန်ထံ ပို့မည့်စာချွန်များကို ညီလာခံသဘင်တစ်ခုနှင့် ညနေခင်းမင်းပွဲသဘင်တစ်ခုအကြား အားလပ်ချိန်ကလေး၌ အထိုက်အလျောက် အပင်ပန်းခံကာ ပြေပြစ်ချေငံစွာ ရေးသားလိုက်ရုံမျှဖြင့်ပင် ကိစ္စပြီးနိုင်လောက်ပါသည်။ သို့တည်းမဟုတ် နပိုလီယန်အနေဖြင့် 'ချစ်ကြည်လေးမြတ်၍ ကျွန်ုပ်အကြောင်းကြားအပ်သော ညီတော်။ အိုဒင်ဘတ်ပြည်နယ်ကြီးကို အိုဒင်ဘတ်နယ်စားကြီးအား ပြန်၍ပေးရန် ကျွန်ုပ် သဘောတူပါသည်' ဟူသော နှစ်ကြောင်းမျှလောက်သာ ပါသည့် စာချွန်တစ်စောင်ကို ရုရှားဘုရင်ထံ ပေးပို့လိုက်ရုံမျှဖြင့်လည်း ထိုစစ်ပွဲကြီးကို ရှောင်ကွင်းနိုင်မည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုခေတ်က ပုဂ္ဂိုလ်များအဖို့ ဖော်ပြပါအကြောင်းများသည် စစ်ဖြစ်ခြင်း၏ အကြောင်းတရားများဟု ယူဆလျက်ရှိပါသည်။ ဤသို့ ယူဆခြင်းကိုလည်း ကျွန်ုပ်တို့ နားလည်နိုင်ပါသည်။ နဝိုလီယန်၏အမြင်၌ အင်္ဂလိပ်၏ ခြေပုန်းခုတ်မှုများသည် စစ်ဖြစ်ရခြင်း၏ အကြောင်းတရား ဖြစ်သည်ဟု ယူဆမည်မှာ ဓမ္မတာသာ ဖြစ်ပါသည်။ (နဝိုလီယန်သည် စိန့်ဟယ်လိနာကျွန်း၌ ထိုအတိုင်း ပြောခဲ့သည်။) အင်္ဂလိပ် လွတ်တော်အမတ်များ၏အဖို့၌ နဝိုလီယန်၏ကြီးမြင့်လိုသော ဆန္ဒလွန်ကဲခြင်းကြောင့် စစ်ဖြစ်ရသည်ဟု ယူဆကြမည်မှာ ဓမ္မတာသာ ဖြစ်ပါသည်။ အိုဒင်ဘတ် နယ်စားကြီးအဖို့၌ မိမိအား နိုင့်ထက်ကလူပြုသောကြောင့် စစ်ဖြစ်ရခြင်းဖြစ်သည်ဟု ယူဆမည်သာ ဖြစ်ပါသည်။ ကုန်သည်များအမြင်၌ ဥရောပ၏စီးပွားရေးကို ချွတ်ခြုံကျစေသော နဝိုလီယန်၏ကုန်သွယ်မှု ပိတ်ဆို့ရေးဝါဒကြောင့် စစ်ဖြစ်ရသည်ဟု ယူဆကြမည်သာ ဖြစ်ပါသည်။ စစ်သားဟောင်းကြီးများနှင့် စစ်ဗိုလ်ချုပ်ကြီးများအမြင်၌ မိမိတို့အား အလုပ်အကိုင် ရှာဖွေပေးဖို့ လိုအပ်လာခြင်းကြောင့် စစ်ဖြစ်ရသည်ဟု ယူဆကြမည်သာ ဖြစ်ပါသည်။ ထိုခေတ်က တရားဥပဒေသမားများအမြင်၌ တရားဥပဒေ စိုးမိုးရေးကို ပြန်လည်ထူထောင်ရန် လိုအပ်လာခြင်းကြောင့် စစ်ဖြစ်ရသည်ဟု ယူဆကြမည်သာ ဖြစ်ပါသည်။ ထိုခေတ် သံတမန်များ၏ အမြင်၌ ၁၈၀၉-ခုနှစ်က ရုရှားနှင့် ပရပ်ရှားတို့ ချုပ်ဆိုခဲ့သော မဟာမိတ်စာချုပ်ကို နဝိုလီယန်ထံ မပေါက်ကြားအောင် လျှို့ဝှက်ထားနိုင်ခြင်း၊ ရုရှားဧကရာဇ်၏ စာချွန်တော်အမှတ် ၁၈၇ ၌ မချေမငံ သုံးနှုန်းထားခြင်းတို့ကြောင့် ထိုစစ်ပွဲကြီးပေါ်ပေါက်ခဲ့ရသည်ဟု ယူဆကြမည်သာ ဖြစ်ပါသည်။ ဤသို့ဖြင့် ထိုခေတ်က လူများတွင် အတွေးအခေါ် အယူအဆ အကြည့်အမြင်များ ကွဲပြားခြားနား များပြားလာသည်နှင့်အမျှ စစ်ဖြစ်ရခြင်း၏ အကြောင်းတရား များစွာတို့ကို ထပ်မံတွေ့ရှိလာကြမည်မှာ ဓမ္မတာသာ ဖြစ်လေသည်။

သို့ရာတွင် ထိုစစ်ပွဲကြီး၏ ထုထည်ပမာဏတစ်ခုလုံးကို ခြဲခုံကြည့်၍ ထိုစစ်ပွဲကြီး၏ နဂိုပကတိလည်းဖြစ်ကြောက်ဖွယ်လည်းရှိသော အနက်အဓိပ္ပာယ်ကို ပြက်ပြက်ထင်ထင် သိမြင်ကြရသော ကျွန်ုပ်တို့ နောင်လာနောက်သားများအဖို့၌ကား ဖော်ပြပါ အကြောင်းတရားများသည် လုံလောက်သော အကြောင်းတရားများ မဟုတ်သေးချေ။ နဝိုလီယန်ဆိုသော လူတစ်ယောက်၌ ကြီးမြင့်ထင်ပေါ်လိုသော ဆန္ဒရှိရုံ၊ သို့မဟုတ် အလက်ဇန်းဒရားဆိုသော လူတစ်ယောက်က ခေါင်းမာရုံ၊ သို့မဟုတ် အင်္ဂလန်ဆိုသော တိုင်းပြည်တစ်ပြည်က ကောက်ကျစ်စဉ်းလဲရုံ၊ ထိုသို့မှ မဟုတ်သေးလျှင် နဝိုလီယန်ဆိုသော လူတစ်ယောက်က အိုဒင်ဘတ်နယ်စားကြီးဆိုသော လူတစ်ယောက်ကို နိုင့်ထက်ကလူပြုရုံမျှဖြင့် သန်းပေါင်းများစွာသော ခရစ်ယာန်လူမျိုးအချင်းချင်း တစ်ဦးကိုတစ်ဦး ညှဉ်းဆဲသတ်ဖြတ်သည့် အဖြစ်သို့ ရောက်ရသည်ဆိုခြင်းမှာ အဓိပ္ပာယ်မရှိချေ။ ဤအဖြစ်ကို ကျွန်ုပ်တို့ နားမလည်နိုင်ချေ။ ထိုသို့သော အဖြစ်အပျက်များ၊ အခြင်းအရာများ၊ အခြေအနေများသည် နိုပ်စက်ခြင်း၊ ညှဉ်းပန်းခြင်း၊ လူသတ်ခြင်း စသည့် ကာယကံအမှုများနှင့် မည်သို့ ဆက်စပ်နေသည်ကိုလည်း ကျွန်ုပ်တို့ နားမလည်နိုင်ချေ။ အိုဒင်ဘတ်နယ်စားဟူသော လူတစ်ယောက် အစေ်ကားခံရရုံဖြင့် ဥရောပတိုက်ရှိ သန်းပေါင်းများစွာသော လူများသည် မော်စကိုနှင့် စမိုးလင့်ရှိ လူများကို ဖျက်ဆီးသတ်ဖြတ်ခြင်း ပြုသည့်အဖြစ်သို့ ရောက်ရသလော။ မော်စကိုနှင့် စမိုးလင့်ရှိ လူများကလည်း ပြန်၍ ဖျက်ဆီးသတ်ဖြတ်ခြင်း ပြုရသလော။ နဝိုလီယန်ဆိုသော လူတစ်ယောက်က အိုဒင်ဘတ် နယ်စားဆိုသော လူတစ်ယောက်ကို စော်ကားသည် ဟူသော အကြောင်းပြတစ်ချက်မျှဖြင့် သန်းပေါင်းများစွာသော လူအချင်းချင်း တစ်ဦးကိုတစ်ဦး သတ်ဖြတ်ခြင်း ပြုကြရတော့မည်လော။ ဤအဖြစ်သည် ယုတ္တိရှိသလော။

ငင်းတို့၏ သားစဉ်မြေးဆက်များ ဖြစ်ကြသော ကျွန်ုပ်တို့ကား သုတေသနလုပ်ငန်းများထဲတွင် အတော်မသတ် နစ်မျောနေသူ ရာဇဝင်ဆရာများ မဟုတ်ကြချေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုအဖြစ်အပျက်ကြီးကို တိမ်သလွှာကင်းသော အသိဉာဏ်တရားဖြင့် ဆင်ခြင်သုံးသပ်နိုင်ကြလေသည်။ ဤသို့ ကြည့်မြင်သုံးသပ်လိုက်သောအခါ၌ ရေတွက်ခြင်းငှာ မစွမ်းနိုင်သော အခြားတစ်ပါးသော အကြောင်းတရားများကိုလည်း ကျွန်ုပ်တို့ တွေ့ရှိလာရပေသည်။ ကျွန်ုပ်တို့သည် စစ်ဖြစ်ရခြင်း၏ အကြောင်းတရားများကို ပိုမိုနက်ရှိုင်းစွာ စေ့ငုလာသည်နှင့်အမျှ ပို၍များပြားသော နောက်ထပ် အကြောင်းတရားသစ်များကို တွေ့ရှိလာ

www.burmeseclassic.com

www.burmeseclassic.com

ရလေသည်။ ကျွန်ုပ်တို့ ထပ်မံတွေ့ရှိလာသော ထိုတစ်ခုစီ တစ်ခုစီသော အကြောင်းတရားများသည် လည်းကောင်း၊ စုပေါင်းထားသော အကြောင်းတရားစဉ်ကြီး တစ်ခုလုံး သည် လည်းကောင်း စစ်ဖြစ်နိုင်လောက်အောင် ခိုင်လုံကြ ပါပေသည်ဟု ပြောနိုင်သကဲ့သို့၊ တစ်ဖက်က ကြည့်ပြန် လျှင်လည်း ထိုအကြောင်းတရားများသည် (တိုက်ဆိုင် ဖြစ်ပေါ်လာသော အခြားတစ်ပါးသော အကြောင်းတရား များ မရှိခဲ့လျှင်) သိမ်ဖျင်းလျက်ရှိခြင်း၊ စစ်ပွဲကြီး၏ ထုထည်ပမာဏနှင့် နှိုင်းယှဉ်လျှင် သေးနုပ်လျက်ရှိခြင်းကို တွေ့ရပြန်သည့်အတွက် ခိုင်လုံသည်ဟု မဆိုနိုင်ပြန်သေး ချေ။ ကျွန်ုပ်တို့အဖို့ကား နုပိုလီယန်က ၎င်း၏ တပ်များကို ဗစ်စကြူလာ မြစ်တစ်ဖက်ကမ်းသို့ ဆုတ်ခွာပေးရန် ငြင်းဆန်ခြင်း၊ အိုဒင်ဘတ် ပြည်နယ်ကြီးကို ပြန်ပေးရန် ငြင်းဆိုခြင်း စသည့် အဖြစ်အပျက်များကို စစ်ဖြစ်စေနိုင် သော အကြောင်းတရားဟု ယူဆနိုင်လျှင်၊ ဤမည် ထို မည်သော ပြင်သစ်တပ်ကြပ်ကလေး တစ်ယောက်က စစ် ထဲတွင် ဒုတိယပတ် ဆက်လက်၍ အမှုထမ်းရန် ဆန္ဒရှိခြင်း သည်လည်း (သေးငယ်သည့်မှန်စေ) စစ်ဖြစ်ခြင်း၏ အကြောင်းတရား တစ်ပါးဟု ယူဆနိုင်မည်သာ ဖြစ်လေ သည်။ အကြောင်းမူကား ပြင်သစ် တပ်ကြပ်ကလေးတစ်ဦး က ဆက်လက်အမှုထမ်းရန် ဆန္ဒမရှိခဲ့ပါက၊ ၎င်းနည်းတူ အခြား အခြားသော အကြပ်တပ်သားများကလည်း ဆက် လက် စစ်မှုထမ်းရန် ဆန္ဒမရှိခဲ့ပါက နုပိုလီယန်၏ စစ် တပ်ကြီးထဲ၌ တပ်ဗိုလ်တပ်သားဟူ၍ ရှိတော့မည် မဟုတ် သောကြောင့်တည်း။ ထိုအခါ၌ စစ်ပွဲဟူ၍လည်း ဖြစ်ပွား နိုင်တော့မည် မဟုတ်သောကြောင့်တည်း။

အကယ်၍သာ ဗစ်စကြူလာ မြစ်တစ်ဖက်ကမ်းသို့ ဆုတ်ခွာပေးရန်ဟူသော ရုရှားဘုရင်၏ တောင်းဆိုချက် ကို မိမိအား မချေမငံ စော်ကားရိုင်းပျခြင်း ဖြစ်သည်ဟု နုပိုလီယန်က ယူဆခြင်း မပြုခဲ့လျှင်၊ ၎င်း၏ စစ်တပ်များ ကို ချီတက်တိုက်ခိုက်ရန် အမိန့်ပေးခြင်း မပြုခဲ့လျှင် ထို စစ်ပွဲကြီးသည် ပေါ်ပေါက်လာခဲ့မည် မဟုတ်ချေ။ တစ်ဖန် နုပိုလီယန် စစ်တပ်ကြီးထဲရှိ အကြပ်တပ်သားများက ဒုတိယအပတ် ဆက်လက် အမှုထမ်းရန် ငြင်းဆန်ခဲ့ကြ လျှင်လည်း ထိုစစ်ပွဲကြီးသည် ပေါ်ပေါက်လာနိုင်မည် မဟုတ်ချေ။ တစ်ဖန် အင်္ဂလိပ်တို့၏ ခြေပုန်းခုတ်မှုများ ဟူ၍ မရှိခဲ့လျှင်၊ သို့မဟုတ် အိုဒင်ဘတ် နယ်စားကြီး ဟူ၍ မရှိခဲ့လျှင်၊ သို့မဟုတ် အလက်ဇန်းဒရား ဘုရင်က နုပိုလီယန်သည် မိမိအား စော်ကားရိုင်းပျပြီဟု ယူဆခြင်း မပြုခဲ့လျှင်၊ သို့မဟုတ် ရုရှားနိုင်ငံတွင် သက်ဦးဆံပိုင် ဧကရာဇ်စနစ် မရှိခဲ့လျှင်၊ သို့မဟုတ် ပြင်သစ်ပြည်တွင် ပြင်သစ်တော်လှန်ရေးဟူ၍ မပေါ်ပေါက်ခဲ့လျှင်၊ သို့မဟုတ် တော်လှန်ရေးကြီး၏ ရလဒ်ဖြစ်သော နုပိုလီယန်၏ အာဏာရှင်စနစ်နှင့် ပြင်သစ်လက်နက် နိုင်ငံတော်ကြီးဟူ၍ မပေါ်ပေါက်ခဲ့လျှင်၊ သို့မဟုတ် ပြင်သစ်တော်လှန်ရေးကြီး ကို ဖြစ်ပေါ်စေခဲ့သော အကြောင်းတရားများ မရှိခဲ့လျှင် ထိုစစ်ပွဲကြီးသည်လည်း ပေါ်ပေါက်လာနိုင်မည် မဟုတ် ချေ။ ထိုတစ်ခုစီ တစ်ခုစီသော အကြောင်းတရားများ မရှိခဲ့ပါက မည်သည့်အရာမျှ ပေါ်ပေါက်လာနိုင်မည် မဟုတ်ချေ။ ဤသို့ဖြင့် ထိုစစ်ပွဲကြီး ပေါ်ပေါက်လာစေရန် အတွက် များလှစွာသော၊ အနမတဂ္ဂသော အကြောင်း တရားများသည် ကြဲကြဲဖန်ဖန် ဆုံစည်းပေါ်ပေါက်လာခဲ့ ကြရလေသည်။ သို့ဖြစ်ရကား ထိုအဖြစ်အပျက်ကြီးသည် တစ်ခုတည်းသော တစ်စုံတစ်ရာသော မည်သည့်အကြောင်း တရားကြောင့်မျှ ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ၊ မဖြစ်ပွား ဘဲ နေ၍မရသောကြောင့် ဖြစ်ပွားလာရခြင်းသာ ဖြစ်လေ သည်။ ရာစုနှစ်အနည်းငယ်ခန့်က လူအချင်းချင်း သတ် ဖြတ်ကြရန် အရှေ့ဘက်မှ လူများသည် အနောက်ဘက်သို့ ရောက်ရှိလာခဲ့ကြသည့်နည်းတူ ယခုလည်း လူအချင်းချင်း လူစိတ်ကင်းမဲ့စွာ သတ်ဖြတ်ကြရန်အတွက် အနောက်ဘက် မှ လူများသည် အရှေ့ဘက်သို့ မရောင်မလွှဲသာ ရောက်လာ ခဲ့ရခြင်းသာ ဖြစ်လေသည်။

ရုတ်တရက်ကြည့်သော် ထိုအဖြစ်အပျက်ကြီးသည် နုပိုလီယန်နှင့် အလက်ဇန်းဒရားတို့၏ နှုတ်ထွက်စကား များကြောင့် ပေါ်ပေါက်လာသည်ဟု ထင်မှတ်ရ၏။ ၎င်း တို့၏ လုပ်ဆောင်ချက်များကြောင့် ပေါ်ပေါက်လာသည် ဟု ထင်ရ၏။ သို့ရာတွင် စင်စစ်၌ကား ၎င်းတို့၏ လုပ် ဆောင်ချက်များသည်လည်း ၎င်းတို့၏ စိတ်ဆန္ဒများကြောင့် လွတ်လပ်စွာ ပေါ်ထွက်လာခြင်း မဟုတ်ကြချေ။ ဘုရင်၏ အမိန့်အရ ဆင့်ခေါ်ရာသို့ လိုက်ပါလာရသော စစ်သား တစ်ယောက်၊ သို့မဟုတ် မဲကျသဖြင့် စစ်တပ်ထဲသို့ လိုက်ပါလာရသော စစ်သားတစ်ယောက်သည် ၎င်း၏ စိတ်

www.burmeseclassic.com

www.burmeseclassic.com

အလိုဆန္ဒအတိုင်း ပြုလုပ်နိုင်ခြင်း မရှိသကဲ့သို့ နပိုလီယန်နှင့် အလက်ဇန်းဒရားတို့သည်လည်း ၎င်းတို့၏ စိတ်ဆန္ဒအလျောက် ပြုလုပ်နိုင်ခြင်း မရှိကြချေ။ နပိုလီယန်နှင့် အလက်ဇန်းဒရားတို့သည် မည်မျှပင် စစ်ထိုးလိုသော ဆန္ဒရှိကြစေ (အပေါ်ယံကြည့်လျှင်မူ စစ်ထိုးခြင်း၊ မထိုးခြင်းသည် ၎င်းတို့နှစ်ဦး၏ ဆန္ဒအပေါ်တွင် တည်နေသည်ဟု ထင်ရပါသည်။) ၎င်းတို့၏ဆန္ဒကို အကောင်အထည်ဖော်ရန်အတွက် ရေတွက်ခြင်းငှာ မစွမ်းနိုင်သော အခြေအနေများ၊ အကြောင်းတရားများ ဆုံစည်းဖြစ်ပေါ်လာဖို့ လိုဆေးသည်။ ထိုအခြေအနေများ၊ ထိုအကြောင်းအရာများ မရှိဘဲ စစ်ထိုး၍ မဖြစ်နိုင်ချေ။ ထိုအဖြစ်အပျက်ကြီး (၀၀) ထိုစစ်ပွဲကြီးကို ဖြစ်စေနိုင်သော တန်ခိုးအာဏာသည် နပိုလီယန်၌လည်း မတည်၊ အလက်ဇန်းဒရား၌လည်း မတည်ချေ။ ထိုတန်ခိုးအာဏာသည် သေနတ်ပစ်သော တပ်သား၊ ရိက္ခာနှင့် လက်နက်တို့ကို သယ်ဆောင်သော တပ်သားတို့၌သာ တည်ပေသည်။ စင်စစ်၌ နပိုလီယန်နှင့် အလက်ဇန်းဒရား စသော အကြီးအကဲ ဦးစီးဦးကိုင်ခေါင်းဆောင် ပုဂ္ဂိုလ်ဆိုသူများသည် တန်ခိုးမရှိသူ၊ အာဏာမရှိသူ၊ စွမ်းအားမရှိသူ၊ စိတ်တန်ခိုးသတ္တိအရာတွင် နုံနဲ့အားနည်းသူများသာ ဖြစ်ကြလေသည်။ သို့ဖြစ်ရကား ဤမျှ စိတ်တန်ခိုးသတ္တိ နုံနဲ့ အားနည်းသူတို့၏ အလိုဆန္ဒကို အကောင်အထည် ဖြစ်စေရန်မှာ တကယ် တန်ခိုးအာဏာရှိသော လူသန်းပေါင်းများစွာတို့က ထိုဆန္ဒကို လိုက်နာဆောင်ရွက်ပေးမည်ဟု နှစ်ခြိုက်သဘောတူဖို့ လိုပေသေးသည်။ ၎င်းတို့အသီးသီး၌ ဤသို့ လက်ခံသဘောတူရန်မှာလည်း ၎င်းတို့အသီးသီး၌ ကွဲပြားခြားနားသော အနမတဂ္ဂအကြောင်းတရားများ ရှိဖို့လိုပေသေးသည်။

ကျွန်ုပ်တို့သည် ကျိုးကြောင်း ညီညွတ်ခြင်း ကင်းမဲ့သည့် အဖြစ်အပျက်များ (၎င်းတို့၏ ကျိုးကြောင်းညီညွတ်မှုရှိခြင်းကို ကျွန်ုပ်တို့ နားမလည်သောကြောင့် ဤသို့ လွယ်လွယ်ပြောရခြင်း ဖြစ်ပါသည်။)ကို ဆင်ခြင်သုံးသပ်၍ လိပ်ပတ်မလည်သည့်အဆုံး၌ ဤကား ကံအလျောက် ဖြဉ်ခြင်းသာတည်းဟု ကံကို ယိုးမယ်ဖွဲ့တတ်ကြလေသည်။ ကျွန်ုပ်တို့သည် ရာဇဝင်၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ကျိုးကြောင်းညီညွတ်စွာ ဆင်ခြင်သုံးသပ်ရန် အားထုတ်သည်နှင့်အမျှ ၎င်းတို့သည် ကျွန်ုပ်တို့အမြင်၌ ကျိုးကြောင်းညီညွတ်ခြင်း ကင်းသည့်အရာများ၊ နားလည်နိုင်စွမ်း မရှိသောအရာများ ဖြစ်လာကြသည်ကို တွေ့ရလေသည်။

လူသည် မိမိအတွက် အသက်ရှင်နေထိုင်ခြင်းပြု၏။ မိမိ၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် မိမိလွတ်လပ်ခွင့်ကို အသုံးပြုလျက် အားထုတ်ခြင်းပြု၏။ မိမိသည် အမှုတစ်ခုကို ပြုလိုက ပြုနိုင်သည်။ မပြုလိုကလည်း နေနိုင်သည်။ ထိုအမှုကို ပြုရေး မပြုရေးသည် မိမိဆန္ဒပေါ်တွင် တည်သည်ဟုလည်း စွဲမြဲစွာယုံကြည်လေ့ရှိ၏။ သို့ရာတွင် လူသည် အမှုတစ်ခုကို ပြုပြီးဖြစ်အံ့။ တစ်စုံတစ်ခုသော အချိန်ကာလ၌ ပြုပြီးဖြစ်သော ထိုအမှုသည် လွန်ခဲ့လေပြီ။ မပြုလုပ်ရသေးဟု ဆို၍မရတော့ပြီ။ ရွေးနုတ်၍ မရတော့ပြီ။ အမှုတစ်ခုသည် ပြုပြီးသည်နှင့် လူသည် ထိုပြုပြီးအမှုတစ်ခုကို ဖိုးပိုင်နိုင်ခြင်း မရှိတော့ပြီ။ ထိုအမှုသည် အတိတ်၏ပစ္စည်း၊ ရာဇဝင်၏ပစ္စည်းသာ ဖြစ်ခဲ့လေပြီ။ ရာဇဝင်၏ ပစ္စည်းဖြစ်သည်နှင့် ထိုအမှုကို လူက ဖိုးပိုင်နိုင်ခြင်း မရှိတော့ပြီ။ ရာဇဝင်၌ လူက ဖိုးပိုင်သောအဖြစ်အပျက်၊ လူက ဖိုးပိုင်သောအမှုဟူ၍ မရှိပြီ။ ၎င်းကို ကမ္မနိယာမတရားက ဖိုးပိုင်ခဲ့လေပြီ။

လူတစ်ယောက်၏ဘဝ၌ ဘက်နှစ်ဖက် ရှိလေသည်။ တစ်ဖက်မှာ မိမိ၏တစ်ဦးချင်းဘဝဖြစ်၍ အခြားတစ်ဖက်၌ အများနှင့် ပေါင်းဖော်နေရသော အုပ်စုဘဝဖြစ်လေသည်။ တစ်ဦးချင်းဘဝသည် လွတ်လပ်၏။ လွတ်လပ်သည်နှင့် အမျှ အာရုံထွေပြားစ၏။ အုပ်စုဘဝကား လွတ်လပ်ခြင်း မရှိ။ မိမိအတွက် ချမှတ်ထားသော အုပ်စုစည်းကမ်းများကို လိုက်နာရစ၏။

လူသည် မိမိအတွက် အသက်ရှင်နေထိုင်ခြင်းပြု၏။ တစ်ပြိုင်တည်းမှာပင် လူ့ဇာတိ၊ လူ့အမျိုး၊ လူ့အနွယ်ကြီးအတွက်လည်း အသက်ရှင်နေထိုင်ခြင်း ပြုရ၏။ လူသည် မိမိအတွက် အသက်ရှင်နေထိုင်ခြင်းကို မိမိဘာသာ သိ၏။ သို့ရာတွင် လူ့ဇာတိ၊ လူ့အမျိုး၊ လူ့အနွယ်ကြီး တစ်ခုလုံး၏ ဥဒါန်းတွင်ရစ်သော ကိစ္စများ ဆောင်ရွက်နေရခြင်းကိုမူ မိမိဘာသာ မသိချေ။ လူသည် မိမိ၏ တစ်ဦးချင်းကိစ္စများကို ဆောင်ရွက်ရာ၌ သိစိတ်ရှိသော သတ္တဝါတစ်ဦးဖြစ်သော်လည်း လူ့လောကကြီး၏ ကိစ္စများကို ဆောင်ရွက်ရာ၌ကား သိစိတ်မရှိသော

www.burmeseclassic.com

www.burmeseclassic.com

ခွေးသွားစိပ်ကလေးတစ်ခုသာလျှင် ဖြစ်လေသည်။ အကြင်လူတစ်ယောက်သည် အမှုတစ်ခုကို ပြုလုပ်၏။ ပြုပြီးသော အမှုတစ်ခုကို မပြုရသေးဟု ပြန်လည်နှုတ်သိမ်း၍ မရချေ။ ထိုလူက ပြုလိုက်သော အမှုကစ်ခုမှ ပေါ်ထွက်လာသော အကျိုးတရားသည် သန်းပေါင်းများစွာသော အခြားလူများက ပြုလုပ်သည့် အမှုများနှင့် ကာလအားဖြင့် သွား၍ တိုက်ဆိုင်ကြ၏။ ထိုအခါ၌ ထိုအမှုများအားလုံးသည် ရာဇဝင်အဓိပ္ပာယ်ကို ဆောင်လာလေတော့သည်။ လောကဥ္စ လူတိုင်းသည် အမှုတစ်ခုကို ပြုလုပ်၏။ ဤသို့ ပြုလုပ်သူများစွာတို့အနက်မှ အကြင်သူတစ်ဦးသည် လူမှုကိစ္စတည်းဟူသော လှေကားထစ်၌ မြင့်သည်ထက်မြင့်သော နေရာကို ရောက်လာငြားအံ့။ ထိုလူသည် လူများစွာနှင့် တွေ့ကြုံဆက်ဆံလာရလေတော့သည်။ လူများစွာနှင့် ဆက်ဆံလာရသည်နှင့်အမျှ ထိုလူသည် လူများစွာတို့အပေါ်၌ တန်ခိုးအာဏာ လွှမ်းမိုးသည်ထက် လွှမ်းမိုးလာတော့သည်။ တန်ခိုးအာဏာ ကြီးမားလာသည်နှင့်အမျှ ထိုလူ၏ ဆောင်ရွက်ချက်များသည် လွတ်လပ်ခြင်း ကင်းမဲ့လာရလေတော့သည်။ ၎င်း၏လုပ်ဆောင်ချက်သည် မိမိ၏ စိတ်ဆန္ဒအရ လုပ်ဆောင်ရခြင်းမျိုး မဟုတ်တော့ဘဲ ကဲ့တရား၏ ပြဋ္ဌာန်းချက်အရ မလွှဲမရှောင်သာ လုပ်ဆောင်ရခြင်းမျိုး ဖြစ်လာလေတော့သည်။

ဘုရင်၏ စိတ်နှလုံးသည် အနန္တ တန်ခိုးတော်ရှင်၏ လက်တွင် ရှိလေသည်။

ရှင်ဘုရင်တစ်ပါးသည် ရာဇဝင်၏ ကျေးကျွန်မျှသာ ဖြစ်လေသည်။

ရာဇဝင်ဟူသည် လူ့ဇာတိ လူ့အမျိုးအနွယ်ကြီး၏ သိစိတ်ကင်းမဲ့သော ယေဘုယျဖြစ်သော အုပ်စုဘဝကို ခေါ်ခြင်းဖြစ်လေသည်။ လူ့အနွယ်ကြီး၏ အုပ်စုဘဝဟု ဆိုအပ်သော ရာဇဝင်သည် ၎င်း၏ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ရှင်ဘုရင်များကို ကိရိယာတန်ဆာပလာသဖွယ် အခါခပ်သိမ်း အသုံးပြုပေသည်။

၁၈၁၂-ခုနှစ် ဖြစ်သောထိုအချိန်က နပိုလီယန်သည် 'ငါနှင့် ငါသာရှိုင်းစရာ'ဟု လွန်စွာ မာန်စောင်တက်ခဲ့၏။ ထိုစစ်ပွဲကြီး၏ ကဲကြမ်းသည် မိမိ၏အဆုံးအဖြတ်ပေါ်တွင် တည်သည်ဟု ယူဆခဲ့၏။ အလက်ဇန်းဒရားဘုရင်၏ စကားအရဆိုလျှင် 'မိမိပြည်သူများအား သွေးချောင်းစီးစေအံ့လော၊ သို့တည်းမဟုတ် သွေးချောင်းစီးသည့်အဖြစ်မှ ရှောင်ကွင်းအံ့လော'ဟူသော ပြဿနာကြီးကို မိမိတစ်ဦးတည်းသာ ဆုံးဖြတ်နိုင်သည်ဟု နပိုလီယန် အထင်ရောက်ခဲ့၏။ မိမိသည် မိမိ၏ဆန္ဒအလျောက် လွတ်လပ်စွာ ဆောင်ရွက်နေခြင်း ဖြစ်သည်ဟု နပိုလီယန် အထင်ကြီးခဲ့၏။ သို့ရာတွင် အကယ်စင်စစ်၌ကား နပိုလီယန်သည် ရှောင်လွှဲ၍မရသော နိယာမတရားများ၏ သားကောင်မျှသာ ဖြစ်ပေသည်။ ရှောင်လွှဲမရခြင်း နိယာမ၏ ချုပ်ကိုင်စီးမိုးခြင်းကို ခံခဲ့ရ၍၌ နပိုလီယန်သည် မည်သည့်အခါကမျှ ထိုစဉ်ကလောက် တင်းကျပ်စွာ စီးမိုးချုပ်ကိုင်ခံရခြင်းမျိုးကို မခံခဲ့ရဖူးသေးချေ။ နပိုလီယန်သည် မိမိသဘောဖြင့် ထိုစစ်ပွဲကြီးကို တိုက်ခိုက်နေရသည်ဟု ၎င်းဘာသာ၎င်း ထင်လျက်ရှိသော်လည်း တကယ်၌ကား ရှောင်လွှဲမရခြင်း နိယာမတရားများက အုပ်စုဘဝကြီး (၀၀) လူ့လောက ရာဇဝင်ဖြစ်စဉ်ကြီးအတွက် ပြုဖွယ်ကိစ္စဟူသမျှကို ပြုလုပ်ရန် နပိုလီယန်ကို စေခိုင်းနေခြင်းမျှသာ ဖြစ်လေသည်။ နပိုလီယန်သည် ရာဇဝင်ဖြစ်စဉ်ကြီးကို မောင်းနှင်လျက်ရှိသော ရှောင်လွှဲမရခြင်း နိယာမတရားများ၏ ကျေးကျွန်မျှသာ ဖြစ်လေသည်။

အနောက်ဘက် ကမ္ဘာတစ်ခြမ်းမှ လူများသည် လူအချင်းချင်း သတ်ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် အရှေ့ဘက် ကမ္ဘာတစ်ခြမ်းသို့ ရောက်လာခဲ့ကြလေသည်။ ဆုံစည်းတိုက်ဆိုင်တတ်သော လောကတံထွာ ဓမ္မတာသဘောအရ သေးငယ်သော ထောင်ပေါင်းများစွာသော အကြောင်းတရားများသည် ဆုံစည်းဖြစ်ပေါ်လာကြကာ အနောက်ဘက်မှ လူအုပ်ကြီး ပြိုဆင်းလာခြင်းနှင့် စစ်တိုက်ခြင်းဟူသော အကျိုးတရားကြီးများကို ဖြစ်ပေါ်စေခဲ့လေသည်။ ကုန်သွယ်မှု ပိတ်ဆို့ရေးစနစ်ကို ဥရောပနိုင်ငံများက လိုက်နာမှု မပြုကြခြင်း၊ နပိုလီယန်က အိုဒင်ဘတ်နယ်စားကြီးကို နိုင့်ထက်ကလူပြုခြင်း၊ လက်နက်ကိုင် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်ဟူသော အကြောင်းပြချက်ဖြင့် နပိုလီယန်၏ စစ်တပ်များ ပရပ်ရွာပြည်တွင်းသို့ ဝင်ရောက်လာခြင်း၊ ထိုအချိန်က ပြင်သစ်တိုင်းသူပြည်သား တို့၏ စိတ်သဘောထား နှင့် ပြင်သစ်ဧကရာဇ် နပိုလီယန်၏ စစ်ထိုးခြင်း၌ ဝါသနာအထုံကြီးပုံကို တစ်ထပ်တည်းကျနေခြင်း၊ စစ်ထိုးရန် ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်ရခြင်းကို

www.burmeseclassic.com

www.burmeseclassic.com

နှစ်သက်ခြင်း၊ စစ်စရိုက်များကို ကာမိရန်အတွက် 'ရပေါက်ရလမ်း'များ ရှာဖွေရန် လိုအပ်လာခြင်း၊ အချို့သော ဥရောပ ထီးဆောင်းမင်းများက မိမိအား ဒရက်စဒင်မြို့တွင် လာရောက် သစ္စာခံကြသည်၌ နပိုလီယန်သည် လွန်စွာ ဘဝင်ခွေ့လျက်ရှိခြင်း၊ ထိုခေတ်က ပုဂ္ဂိုလ်များ၏ အမြင်၌ ငြိမ်းချမ်းရေး ရရှိစေမည့် နည်းလမ်းဟု ထင်ခဲ့ကြသော်လည်း နောက်ဆုံး၌ နှစ်ဖက်စလုံး၏ 'အတ္တစွဲ'ကိုသာ မီးမွှေးပေးခြင်းဖြင့် အဆုံးသတ်ခဲ့သော သံတမန်ဆိုင်ရာ စေ့စပ်မှုများ ပျက်ပြားသွားခြင်း စသည့် အကြောင်းတရားများနှင့်တကွ ကုဋေကုဋာများစွာသော အကြောင်းတရားများသည် အနောက်မှ အရှေ့သို့ လူအုပ်ကြီး ပြိုဆင်းလာခြင်းအဖြစ်နှင့် လာ၍ တိုက်ဆိုင်ဆုံစည်းဖြစ်ပေါ်လာကြကာ သို့မဟုတ် ထိုအဖြစ်အပျက်ကြီးနှင့် လိုက်လျောညီထွေ ဖြစ်လာကြကာ စစ်ပွဲတည်းဟူသော အကျိုးတရားကြီးကို ဖြစ်ပေါ်စေခဲ့ခြင်းသာ ဖြစ်လေသည်။

သစ်သော့သီးတစ်လုံးသည် မှည့်၍ ကြွေကျရာ၏။ ထိုသစ်သော့သီးသည် မည်သည့် အကြောင်းကြောင့် ကြွေကျရသနည်း။ မြေကြီး၏ ဆွဲငင်ခြင်းကြောင့်လော။ သစ်သော့သီး၏ အညာခြောက်သွေ့လာခြင်းကြောင့်လော။ နေ၏အပူရှိန်ကြောင့် ညှိုးခြောက်သွားခြင်းကြောင့်လော။ သစ်သော့သီး၏ အလေးချိန်များလာခြင်းကြောင့်လော။ လေတိုက်ခြင်းကြောင့်လော။ သို့တည်းမဟုတ် အပင်အောက်တွင် ရပ်နေသော ကလေးငယ်၌ စားလိုသောဆန္ဒ ဖြစ်ပေါ်ခြင်းကြောင့်လော။

မည်သည့်အကြောင်းကြောင့်မျှ မဟုတ်ချေ။ ၎င်းတို့ အားလုံးသည် အကြောင်းတရားများ မဟုတ်ကြချေ။ ၎င်းတို့အားလုံးသည် အခြေအနေများ၏ ဆုံစည်းတိုက်ဆိုင်မှုသာ ဖြစ်လေသည်။ အခြေခံဖြစ်၍ မူလကျသော အဖြစ်အပျက် ဟူသရွေ့သည် အခြေအနေများ၏ ဆုံစည်းတိုက်ဆိုင်မှုကြောင့် ပေါ်ပေါက်လာကြခြင်း ဖြစ်ပေသည်။ သစ်သော့သီး ကြွေကျရခြင်းသည် သစ်သော့သီးကို ဖွဲ့စည်းထားသော အစေးမျှင်များ ပျက်စီးခြင်းကြောင့် ဖြစ်သည်ဟု ဆို့သော ရုက္ခဗေဒပညာရှင်တစ်ဦး၏ အဆိုအမိန့်သည် မှန်သကဲ့သို့ သစ်သော့သီးကြွေကျရခြင်းသည် စားလိုသောဆန္ဒဖြင့် ဆုတောင်းသောကြောင့် ဖြစ်သည်ဟူသော အပင်အောက်မှ ကလေးငယ်၏ စကားသည်လည်း မှန်သည်သာ ဖြစ်လေသည်။ နပိုလီယန် မော်စကိုမြို့သို့ ချီတက်တိုက်ခိုက်ခြင်းသည် ၎င်း၌ ချီတက်တိုက်ခိုက်လိုသော ဆန္ဒရှိခြင်းကြောင့် ဖြစ်သည်ဟူသော စကားသည် မှန်သကဲ့သို့ နပိုလီယန် ပျက်စီးရခြင်းသည် အလက်ဇန်းဒရားဘုရင်၏ ပျက်စီးစေလိုသော ဆန္ဒရှိခြင်းကြောင့် ဖြစ်သည်ဟူသော စကားသည်လည်း မှန်သည်သာ ဖြစ်လေသည်။ ၎င်းတို့ နှစ်ဦးစလုံး၏ စကားကို မှားသည်ဟုလည်း ငြောနိုင်သည်သာ ဖြစ်လေသည်။ ကလိုင်ဖြစ်လျက်ရှိ၍ တန်သန်းပေါင်းများစွာ အလေးချိန်စီးသော တောင်ကြီးတစ်တောင်သည် နောက်ဆုံးပိတ် မြေတူးသူများ၏ နောက်ဆုံးပိတ်ပေါက်တူးချက်ကြောင့် ပြိုကျသွားသည်ဟူသော စကားကို မှန်သည်ဟုဆိုလျှင် ရသကဲ့သို့ မှားသည်ဟုဆိုလျှင်လည်း ဆိုနိုင်သည်သာ ဖြစ်လေသည်။ ရာဇဝင်အဖြစ်အပျက်များတွင် ကြီးမြတ်ထင်ရှားသော ပုဂ္ဂိုလ်ဟုဆိုသူများသည် ကုန်ပစ္စည်းတစ်ခုတွင် ကပ်ထားသော တံဆိပ်ကပ်စက္ကူနှင့် တူပေသည်။ ကုန်ပစ္စည်းတစ်ခု၌ ကပ်ထားသော တံဆိပ်ကပ်စက္ကူတစ်ခုသည် ထိုကုန်ပစ္စည်း၏ အမျိုးအမည်ကို ဖော်ပြသော စက္ကူတစ်ခုမျှသာ ဖြစ်သကဲ့သို့ ရာဇဝင်အဖြစ်အပျက်များ၌ ကြီးမြတ်သည့် ပုဂ္ဂိုလ်ဆိုသူများသည်လည်း ထိုရာဇဝင်အဖြစ်အပျက်၏ အမျိုးအမည်ကို ဖော်ပြသော တံဆိပ်ကပ်စက္ကူများသာ ဖြစ်ကြလေသည်။ တံဆိပ်ကပ်စက္ကူသည် ကုန်ပစ္စည်း၏ အမျိုးအမည်ကို ဖော်ပြသော်လည်း ကုန်ပစ္စည်းနှင့် မည်သို့မျှ ပတ်သက်ခြင်း မရှိသည့်နည်းတူ ထိုကြီးမြတ်သော ပုဂ္ဂိုလ်ဆိုသူများသည်လည်း ရာဇဝင်အဖြစ်အပျက်များနှင့် မည်သို့မျှ စပ်ဆိုင်ခြင်း မရှိကြချေ။

ကြီးမြတ်သော ပုဂ္ဂိုလ်ဆိုသူများ၏ စိတ်၌ ၎င်းတို့ပြုသော ဆောင်ရွက်ချက်များသည် ၎င်းတို့၏ဆန္ဒအရ ပြုလုပ်သော အမှုများဖြစ်သည်ဟု အထင်ရောက်လျက်ရှိကြ၏။ သို့ရာတွင် ရာဇဝင်သဘောဖြင့် ကြည့်လျှင်ကား ၎င်းတို့ ပြုသောအမှုများသည် ၎င်းတို့ စိတ်ဆန္ဒကြောင့် ပေါ်ပေါက်လာခြင်း မဟုတ်မူ၍ ၎င်းတို့၏ စိတ်ဆန္ဒမပါဘဲ ဖြစ်ပေါ်လာကြခြင်းသာ ဖြစ်ပေသည်။ ရှောင်လွှဲမရသော ကမ္မနိယာမတရား၏ စီမံပြဋ္ဌာန်းချက်အတိုင်းပင် ဖြစ်ပေါ်လာကြခြင်းသာ ဖြစ်ပေသည်။ ရာဇဝင်လမ်းကြောင်းကြီး တစ်ခုလုံးနှင့် ဆက်သွယ်ဖြစ်ပေါ်လာခြင်းသာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂

မေလ ၂၉-ရက်နေ့၌ နပိုလီယန်သည် ဒရက်စဒင်မြို့မှ ထွက်ခွာလာခဲ့လေသည်။ ဒရက်စဒင်မြို့တွင် ရက်သတ္တသုံးပတ်မျှ ကုန်လွန်ခဲ့စေသည့် ကာလအတွင်း၌ ဥရောပတိုက်ရှိ ထီးဆောင်းမင်းများ၊ မင်းညီမင်းသားများ၊ နယ်စားများသည် နပိုလီယန်၏ 'ရွေဖဝါးတော်'အောက်သို့ ဝင်ရောက် ခစားခဲ့ကြလေသည်။ ဤသို့ ဝင်ရောက်ခစားကြသူများထဲ၌ ဇကရာဇ်ဘုရင်တစ်ပါးပင် ပါဝင်ပေသည်။ ဒရက်စဒင်မြို့မှ ထွက်ခွာခြင်းမပြုမီ နပိုလီယန်သည် ပြည့်ရှင် ဇကရာဇ်မင်းနှင့်တကွ ဘုရင်များ၊ မင်းညီမင်းသားများ၊ ဝသည့် မိမိ၏ချီးမြှောက်ခြင်းကို ခံထိုက်သူတို့အား ချီးမြှောက်ခြင်းပြု၍ ဘုရင်များ မင်းညီမင်းသားများစသည့် မိမိ၏ ချီးမြှောက်ခြင်းကို ခံယူခြင်းငှာ မထိုက်သူတို့ကို ပြစ်တင်မောင်းမဲခြင်း ပြု၏။ ထိုမှတစ်ပါး၊ သြစတြီးယားပြည့်ရှင်ဘုရင်မကြီးအား လည်း ၎င်း၏ ကိုယ်ပိုင်ဖြစ်သော စိန်ကျောက်ရတနာများ၊ ပုလဲ ရတနာများကို လက်ဆောင်ပဏ္ဏာအဖြစ် ချီးမြှင့်တော်မူ၏။ (၎င်း၏ ကိုယ်ပိုင်ပစ္စည်းဟု ဆိုသော်လည်း ဤပစ္စည်းများကို အခြားဘုရင်များထံမှ သိမ်းယူခဲ့ခြင်း ဖြစ်ပါသည်။) ပါရီ၌ မယားတစ်ယောက်ကို စွန့်ပစ်ခဲ့ပြီးသော နပိုလီယန်အထံ မိမိကိုယ်တိုင် မိမိမောင်းမကိုယ်လုပ်တော်အဖြစ် အပ်နှင်းသော ဘုရင်မကြီး မေရီလူဝိုက်လည်း (နပိုလီယန်၏ ရာဇဝင် ပညာရှိများအဆိုအရ) ကြင်နာစွာ ပွေ့ဖက်နှုတ်ဆက်၍ တိမ်းပိ တိမ်းပါး သနားစဖွယ် ရင်ဝယ်ဗိုလ်ိုက် အလွမ်းမီးလောင်မြိုက်စေပြီးသည့်နောက်၌ ထီးဆောင်းမင်းအပေါင်းတို့၏ သခင်၊ ဘုရင်တကာတို့၏ သနင်း၊ မှန်ကင်းတကာတို့၏ အထွတ်ဟု ဆိုသော နပိုလီယန်သည် စစ်မြေသို့ ကြွချီတော်မူခဲ့လေသတည်း။

ထိုအချိန်ကား ဥရောပအနိုင်နိုင်ဝဲ၌ သံတမန်အပေါင်းတို့သည် ငြိမ်းချမ်းရေး မီးရှူးတန်ဆောင်ကို ထွန်းပြောင်စေနိုင်သေးသည်ဟု မမှိတ်မသုန် ယုံကြည်ကြလျက်၊ ငြိမ်းချမ်းရေးရရန် အစွမ်းကုန် ကြိုးပမ်းအားထုတ်လျက်ရှိသော အချိန်ဖြစ်လေသည်။ ဇကရာဇ်ဘုရင် နပိုလီယန် ကိုယ်တော်တိုင်လည်း 'အကြည်တော်မင်းမြတ်' ဟု အစချီလျက် မိမိသည် စစ်ထိုးခြင်းကို မလိုလားကြောင်း၊ အကြည်တော် အစဉ်သဖြင့် လေးမြတ်ချစ်ကြည်လျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် မီးမသေ ရေမနောက် ရွှေတစ်ပြားတည်းကဲ့သို့ ရှိစေလိုသော ဆန္ဒရှိကြောင်း စသည်ဖြင့် ဖော်ပြကာ ရုရှားဘုရင် အလက်ဇန်းဒရားထံသို့ စာချွန်ပို့လိုက်သော ကာလလည်း ဖြစ်လေသည်။ ဤသို့သံတမန်များက ငြိမ်းချမ်းရေးရရန် ကြိုးပမ်းလျက်၊ နပိုလီယန်ကိုယ်တိုင် စာချွန်များ ရေးသားပေးပို့လျက် ရှိသော်လည်း နပိုလီယန်သည် ရှေ့ကြောင်းချီ တပ်မတော်ကြီး ရှိရာသို့ ထွက်ခွာလာခဲ့လေပြီ။ စခန်းထောက်တိုင်း၌လည်း မိမိ၏စစ်တပ်များကို အနောက်ဘက်မှ အရှေ့ဘက်သို့ အပြင်းချီတက်ရန် အမိန့်သစ်များ ထုတ်ပြန်လျက်ရှိလေပြီ။ နပိုလီယန်သည် လူပျိုတော်သားများ၊ ကိုယ်ရံတော်တပ်များ၊ အစောင့်တပ်များခြံရံလျက် မြင်းခြောက်ကောင်ကရထားကြီးကို စီးနင်းကာ ပိုဆင်၊ ဘွန်း၊ ဒန်းဇစ်၊ ကိုနစ်စဘတ်မြို့များကို ဖြတ်၍လာခဲ့သည်တွင် ထိုမြို့များသို့ ရောက်သည့်အခါတိုင်း မြို့သူမြို့သားများကလည်း နပိုလီယန်ကို သောင်းသောင်းဖြဖြ ကြိုဆိုခြင်း ပြုကြလေသည်။

နပိုလီယန်၏ စစ်တပ်ကြီးသည် အနောက်မှ အရှေ့သို့ ချီတက်လျက်ရှိရာ နပိုလီယန်ကို သယ်ဆောင်သည့် စခန်းထောက်တိုင်း အသစ်လဲထားသော မြင်းခြောက်ကောင်က ရထားကြီးသည်လည်း အနောက်မှ အရှေ့သို့ ပြေးလျက်ရှိလေသည်။ ဇွန်လ ၁၀-ရက်နေ့တွင် နပိုလီယန်သည် ၎င်း၏ စစ်တပ်ကြီးနှင့် တွေ့ဆုံကာ မိမိအတွက် အဆင်သင့် ပြင်ဆင်ထားသော ဝိလကာဝစ်စကီတောအုပ်အတွင်းရှိ ပိုလန်မြို့စားကြီးတစ်ဦး၏ ပိုင်စားနယ်မြေပေါ်မှ စံအိမ်တွင် ညအိပ်တည်းခိုခြင်း ပြုလေသည်။

နောက်တစ်နေ့တွင် နပိုလီယန်သည် ၎င်း၏ စစ်တပ်ကြီးကို မီလာခဲ့၍ ရထားငယ်တစ်စီးဖြင့် နိမင်မြို့သို့ ရောက်လာခဲ့၏။ ထိုနောက် ပိုလန်စစ်သူကြီးဝတ်စုံကို လဲလှယ်ဝတ်ဆင်ကာ မိမိ၏တပ်များ နိမင်မြစ်အား ဖြတ်ကူးရမည့် နေရာတစ်နေရာ ရွေးချယ်ရန် မြစ်ကမ်းသို့ ထွက်လာခဲ့လေသည်။

နိမင်မြစ်၏ တစ်ဖက်ကမ်းသို့ မျှော်၍အကြည့် လိုက်၌ စုရုံးလျက်ရှိသော ရုရှားကောဆက်မြင်းတပ်များနှင့် တကွ မော်စကိုသို့သွားရာ လမ်းဖွေးဖွေးထင်လျက်ရှိသည့်

www.burmeseclassic.com

www.burmeseclassic.com

ဆုံးစမခြင်သော ရုရှားမြေပြန့်လွင်ပြင်ကြီးကို မြင်လိုက်သည်တွင် နပိုလီယန်သည် စစ်ဗျူဟာဆိုင်ရာ စည်းကမ်းများ၊ သဲတမန်ဆိုင်ရာ စည်းကမ်းများအားလုံးကို ဦးခေါင်းထဲမှ ဖယ်ထုတ်လိုက်လျက် မိမိ၏စစ်တပ်ကြီးကို အပြင်းချီရန် ချက်ချင်း အမိန့်ထုတ်ပြန်လိုက်လေသည်။ ဤသို့ဖြင့် နောက်တစ်နေ့ နံနက်မိုးသောက်အလင်းသို့ ရောက်သည်နှင့် နပိုလီယန်၏ စစ်တပ်ကြီးသည် နီမင်မြစ်ကို ဖြတ်ကူးလာခဲ့လေသည်။

ဇွန်လ ၁၂-ရက်နေ့ နံနက်စောစော၌ နပိုလီယန်သည် နီမင်မြစ်၏ မတ်စောက်သော လက်ဝဲဘက်ကမ်းထိပ်တွင် မိမိအတွက် နေ့ချင်းပြီး တည်ဆောက်ထားသော ယာယီတဲနန်းရှေ့သို့ ထွက်ရပ်လျက် ဝိလကာဝစ်စကီတောအုပ်တွင်းမှ အရှိန်ကြီးမားသော ရေစီးကြောင်းကြီးတစ်ခုသဖွယ် စီးထွက်၍ နီမင်မြစ်ကို ဖြတ်ကူးထားသော တံတားသုံးစင်းပေါ်သို့ စီးဆင်းလျက်ရှိသော မိမိ၏တပ်များကို အဝေးကြည့်မှန်ပြောင်းတစ်လက်ဖြင့် လှမ်းကြည့်လျက် ရှိ၏။ မိမိတို့အား ဧကရာဇ်ဘုရင် နပိုလီယန်က ကြည့်လျက်ရှိသည်ဟု သိသည်နှင့် တစ်ပြိုင်နက် ပြင်သစ်စစ်သည်တပ်သားများသည် နပိုလီယန်ရှိရာ လက်ဝဲဘက်ကမ်းထိပ်ဘက်ဆီသို့ လှမ်းမျှော်ကြည့်ကြသည်တွင် ကမ်းပါးထိပ်ရှိ ယာယီတဲနန်းရှေ့ ကိုယ်ရံတော်များနှင့် ခပ်လှမ်းလှမ်း အကွာ၌ ဝတ်ရုံအင်္ကျီရှည်ကြီးကို ဝတ်၍၊ ကြက်မောက်သဏ္ဌာန် ဦးထုပ်ကို ဆောင်းလျက် ရပ်နေသူ တစ်ဦးကို မြင်ကြရသည့်အတွက် ဦးထုတ်များကို မြှောက်ကာ 'ဘုရင်ဧကရာဇ်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ'ဟူသော အသံများဖြင့် အုန်းအုန်းကျွက်ကျွက် တော်လဲသကဲ့သို့ တစ်ခဲနက် ဟစ်အော်ကြွေးကြော်ကာ ကောင်းချီးသြဘာပေးလျက် ရှိလေသည်။ ဤသို့ဖြင့် တပ်ဖျောက်ထားရာ ကျယ်ပြန့်လှသော ဝိလကာ ဝစ်စကီတောအုပ်အတွင်းမှ အဟုန်ပြင်းလှသော လူရေစီးကြောင်းကြီးသည် တစ်လိုင်းပြီးတစ်လိုင်း လိုင်းချင်းစပ်အောင် လိမ့်ဆင်းလာကာ တံတားသုံးစင်းပေါ်တွင် တဝေါဝေါ အော်မြည်ဖြတ်ကျော်၍ နီမင်မြစ်တစ်ဖက်ကမ်းသို့ တရောစီးဆင်းလျက်ရှိလေသည်။

"ဗျို့ သွေးသောက်တို့၊ တိုက်ပွဲတိုက်ရတော့မယ်ဗျ၊ ကြည့်စမ်းဗျ၊ ကျုပ်တို့ရဲ့ ဘုန်းတော်ကြီးလှသော ဘုရားကိုယ်တော်တိုင် ကွပ်ကဲတော်မူသည်။ ဝမ်းသာစရာကြီးပဗျာ။ (ဘုရင်ဧကရာဇ်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ။) ဟေ့ ကိုယ့်လူတို့၊ ဟောဒါ အာရှတိုက်ရဲ့ လွင်ပြင်ကြီးပဲကွ။ ရုရှားဆိုတဲ့ တိုင်းပြည်ကတော့ လာလားမျှ နေဖို့ထိုက်တဲ့ တိုင်းပြည်တစ်ခုမဟုတ်ဘူးကွ။ ဟေ့ ဗျူရော၊ သွားနှင့်ပြီဟေ့။ မော်စကိုရောက်လို့ရှိရင် မင်းဖို့ နန်းတော်တစ်ဆောင် အဆင်သင့်ပြင်ထားမယ်။ သိလား။ ဟော့ကောင် ကမ်းထိပ်မှာရပ်နေတဲ့ ဘုန်းတော်ကြီးသော ဘုရားကို မြင်ရရဲ့လား။ (ဘုရင်ဧကရာဇ်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ။) ဟေ့ ကိုယ့်လူ ဂျီးရပ်၊ စစ်နိုင်လို့ ငါအိန္ဒိယဘုရင်ခံဖြစ်ရင် မင်းကို ကသ္မီယနယ်ကို အပိုင်စား ပေးသနားတော်မူမယ် ဟုတ်လား။ (ဘုရင် ဧကရာဇ်မင်းမြတ် သက်တော်ရာကျော်ရှည်ပါစေ။) ဟား ဟား၊ ယောကျ်ားဘသားကွ။ ကြည့်စမ်းဟေ့ ဟိုဘက်ကမ်းက ခွေးသားရုရှားကောဆက်တွေ အသားနီလန်အောင် ပြေးကုန်ပြီ။ (ဘုရင်ဧကရာဇ်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ။) ဗျို့လူ ဘုန်းတော်ကြီးသောဘုရားကို မြင်ရရဲ့လား။ ကျုပ်နားကနေကြည့်ရင် မြင်ရတယ်ဗျ။ (ဘုရင် ဧကရာဇ်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ)"

လူတန်းစားအမျိုးမျိုး၊ အကျင့်စာရိတ္တအထွေထွေ၊ အသက်အရွယ် အစားစား ပါဝင်သည့် ပြင်သစ်တပ်သားများသည် ဤသို့ တစ်ယောက်တစ်ပေါက် အော်ဟစ်ပြောဆိုလျက်ရှိကြ၍ ထိုပြောဆိုသံများအကြားမှ ကြွေးကြော်သံများကလည်း မဟာပထဝီမြေတုန်ဟည်းလုခမန်း၊ အဲ့ဘာနန်း မြည်ဟိန်းထွက်ပေါ်လျက် ရှိလေသည်။ လူအမျိုးမျိုး၊ စာရိတ္တအထွေထွေ၊ အသက်အရွယ် အစားစားသော ကွဲပြားသော်လည်း ၎င်းတို့အားလုံး၏ မျက်နှာများ၌ကား အနှစ်နှစ် အလလက စောင့်ဆိုင်းရသော စစ်ပွဲကြီး စတင်ဖြစ်ပွားလာပြီဖြစ်သည့်အတွက် ဝမ်းမြောက်ကြည်နူးခြင်း၊ လက်ဝဲဘက် ကမ်းပါးစောက်ထိပ်၌ ပြာမဲမဲမဲဝတ်ရုံအင်္ကျီကြီးကို ဝတ်၍ ရပ်လျက်ရှိသည့် ဧကရာဇ်ဘုရင် နပိုလီယန်အားကြည်ညိုလေးစားခြင်း စသည့် သဏ္ဌာန်တို့ကို တညီတညွတ်တည်း ဖော်ပြလျက် ရှိကြလေသည်။

ဇွန်လ ၁၃-ရက်နေ့၌ အမျိုးကောင်းလှသော အာရပ် မြင်းပုတစ်ကောင်ကို နပိုလီယန် ရှေ့မှောက်သို့ ယူဆောင်လာကြလေသည်။ နပိုလီယန်သည် အာရပ်မြင်း

www.burmeseclassic.com

www.burmeseclassic.com

ပုကလေးပေါ်သို့ တက်လိုက်ပြီးနောက် နီမင်မြစ်ကို ဖြတ်ကူးထားသည့် တံတားတစ်ခုပေါ်သို့ ဒုန်းစိုင်း၍ စီးလာခဲ့၏။ နပိုလီယန်အား ကောင်းချီးဩဘာပေးကြသော ပြင်သစ်တပ်သားများ၏ ကြွေးကြော်သံများကား ပြတ်သည်ဟူ၍ မရှိဘဲ နားကွဲလုခမန်း ရှိလေသည်။ မိမိအား ချစ်ကြည်လေးမြတ်၍ ဟစ်ကြွေးကြသော ကောင်းချီးဩဘာသံများဖြစ်ခြင်းကြောင့် တားမြစ်ရန် မသင့်လျော်သည့်အတွက်သာ နပိုလီယန်သည် ဤမျှ အုန်းအုန်းမြည်သံ သောင်းသောင်းညံလျက်ရှိသော ဟစ်ကြွေးသံများကို သည်းခံနေရခြင်းဖြစ်သော်လည်း သွားလေရာရာတွင် ကြားနေရသော ထိုကြွေးကြော်သံများသည် ရှေ့ကြောင်းချီတပ်စခန်းသို့ ရောက်လာကတည်းက စဉ်းစားလျက်ရှိသော စစ်ရေးစစ်ရာကိစ္စများကို ဆက်လက်စဉ်းစားခြင်း မပြုနိုင်လောက်အောင် နပိုလီယန်ကို အနှောင့်အယှက်ပေးလျက် ရှိကြလေ၏။ နပိုလီယန်သည် မြစ်ရေစီးထဲတွင် လှုပ်ရှားလျက်ရှိသော ယာယီသစ်တုံးတံတားကို မြင်းဖြင့် ဖြတ်ကျော်ကာ တစ်ဖက်ကမ်းသို့ ကူးခဲ့၍ ဝဲဘက်တည့်တည့်သို့ချိုးကာ ကော့ဗနိုသို့ သွားသည့် ပေတစ်ရာလမ်းမဆီသို့ စီးလာခဲ့လေသည်။ ၎င်း၏ရှေ့ခြံကား အသက်ကိုမျှ မှန်မှန်မရှုနိုင်လောက်အောင် ပီတိဖြစ်လျက်ရှိကြသော ကိုယ်ရံတော်မြင်းတပ်သားများသည် မြင်းများကို ကဆုန်ချစီးကာ အထွေးထွေးဖြစ်နေသော တပ်သားများအား ဘေးသို့ အဖယ်ခိုင်းရင်း လမ်းရှင်းလျက် ရှိကြ၏။ ကျယ်ပြန့်လှသော ဝိလိယမြစ်ကမ်းသို့ ရောက်လာသောအခါ၌ နပိုလီယန်သည် မြစ်ကမ်းဘေးတွင် တပ်စွဲထားသော မိမိ၏သစ္စာတော်ခံ ပိုလန်မြင်းတပ်ရင်း တစ်ရင်းအနီး၌ မြင်းကို ရပ်တန့်လိုက်သည်။

"သတိ" ပိုလန်မြင်းတပ်သားများက တန်းစီ၍ အရိုအသေ ပြုလိုက်ပြီးနောက် နပိုလီယန်ကို သူ့ထက်ငါတိုးဝှေ့ကြည့်ကြ၏။

နပိုလီယန်သည် မြစ်အကြေအညာကို တိမ်းငဲ့ကြည့်လိုက်ပြီးနောက် မြင်းပေါ်မှဆင်းလျက် မြစ်ကမ်းရှိ သစ်တုံးတစ်တုံးပေါ်တွင် ထိုင်လိုက်၏။ နပိုလီယန်က လက်ဟန်ခြေဟန်ဖြင့် အချက်ပြလိုက်သည်နှင့် အခြွေအရံများက မှန်ပြောင်းတစ်လက်ကို လာရောက်ဆက်သကြ၏။ နပိုလီယန်သည် မိမိရှေ့တွင် အားရဝမ်းသာဖြင့် လာရောက်ဝပ်တွားပေးသော လူပျိုတော်သားတစ်ယောက်၏ ကျောကုန်းပေါ်တွင် မှန်ပြောင်းကိုတင်၍ ဝိလိယ မြစ်တစ်ဖက်ကမ်းသို့ ကြည့်လိုက်၏။ ထို့နောက် သစ်တုံးပေါ်တွင် ဖြန့်ခင်းထားသည့် မြေပုံတစ်ခုဖြင့် အလုပ်များလျက်ရှိသည်။ နပိုလီယန်သည် မြေပုံကို ငုံ့ကြည့်လျက်ရှိရာမှ ခေါင်းမမော့ဘဲ အနီးရှိ ကိုယ်ရံတော်နှစ်ဦးအား တစ်စုံတစ်ရာ ပြောဆိုလိုက်၏။ ကိုယ်ရံတော်တစ်ဦးသည် ပိုလန် မြင်းတပ်သားများထံသို့ မြင်းကို ဒုန်းစီး၍ ရောက်လာလေသည်။

"ဘာလဲဗျ ဗိုလ်မှူး၊ ဧကရာဇ်ဘုရင်မင်းမြတ်က ဘယ်လို အမိန့်တော်ရှိလဲ" ပိုလန်မြင်းတပ်သားများသည် မိမိတို့ထံ ရောက်လာသော ကိုယ်ရံတော် ဗိုလ်မှူးအား တစ်ယောက်တစ်ခွန်း မေးမြန်းလျက်ရှိကြလေသည်။

နပိုလီယန်၏အမိန့်မှာ စည်းတိမ်ကိုရှာ၍ ဝိလိယမြစ်ကို ဖြတ်ကူးရန်ဖြစ်၏။ ရပ်ရည်ခံညား၍ အသက်အတန်ကြီးပြီဖြစ်သော ပိုလန်မြင်းတပ်ဗိုလ်မှူးကြီးသည် မျက်နှာနီရဲလျက် ဝမ်းသာအားရဖြင့် မိမိနှင့်တကွ မိမိတို့ မြင်းတပ်သားများသည် စည်းတိမ်ရာကို ရှာမနေတော့ဘဲ ရောက်သည့်နေရာမှပင် ဖြတ်ကူးရန် အသင့်ရှိကြောင်း၊ ဤသို့ ဖြတ်ကူးခြင်းကို ခွင့်ပြုပါမည်လောဟု ကိုယ်ရံတော်ဗိုလ်မှူးကို မေးမြန်းခြင်း ပြုလေသည်။ ဤသို့ မေးမြန်းရာတွင် ပိုလန်ဗိုလ်မှူးကြီး၏ မျက်နှာမှာ မြင်းစီးခွင့်တောင်းလျက်ရှိသော ကလေးသူငယ်တစ်ယောက်၏ မျက်နှာကဲ့သို့ မိမိတို့အား ခွင့်မပြုပါလေမည်လောဟု စိုးရိမ်သည့်အမူအရာတို့ ဖုံးလွှမ်းလျက်ရှိလေသည်။ ထို့နောက် ဘုရင်ဧကရာဇ်မင်းမြတ် ရှေ့တော်မှောက်မှာပင် မြစ်တစ်ဖက်ကမ်းသို့ သက်စွန့် ကြိုးပမ်းကူးပြခြင်းဖြင့် မိမိတို့၏ ရဲစွမ်းသတ္တိကို ပြခွင့်ပြုပါရန် ကိုယ်ရံတော်တပ်မှူးအား တောင်းပန်လျက်ရှိ၏။ ဤတွင် ကိုယ်ရံတော်ဗိုလ်မှူးက ဘုရင်ဧကရာဇ်မင်းမြတ်သည် ဤသို့ သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းခြင်းကို သဘောတော်မကျစရာအကြောင်းမရှိကြောင်းဖြင့် ပြောဆိုလိုက်သည်။

ကိုယ်ရံတော်ဗိုလ်မှူးက ဤသို့ပြောလိုက်သည်နှင့် တစ်ပြိုင်နက် မုတ်ဆိတ်မွေးရေးရေးရှိသော ပိုလန်ဗိုလ်မှူးကြီး၏ မျက်နှာမှာ ဝင်းထိန်သွားကာ ဓားကိုမြှောက်၍ ကိုင်လိုက်ပြီး 'သတိ' အနေအထား ရှိနေရန်နှင့် မိမိနောက်သို့ လိုက်လာရန် အမိန့်ပေးလိုက်လျက် မြင်းကို သံဆူး

www.burmeseclassic.com

www.burmeseclassic.com

များဖြင့် ပေါက်ကာ မြစ်ထဲသို့ ဒုန်းစိုင်း၍ စီးသွားလေသည်။ ပိုလန် မြင်းတပ်ဗိုလ်မှူးကြီးသည် တလှုပ်လှုပ် တရွရွ ဖြစ်လျက်ရှိသော မြင်းကို ဆောင့်၍ သံဆူးဖြင့် ပေါက်လိုက်ပြီးနောက် ရေထဲတွင် တစွက်စွက်စီးကာ ဝိလိယမြစ်၏ ရေစီးအသန်ဆုံးနှင့် အနက်ဆုံးသော နေရာဆီသို့ ရှေးရှူလာခဲ့၏။ ဤတွင် ရာပေါင်းများစွာသော ပိုလန်မြင်းတပ်သားများသည်လည်း ၎င်း၏နောက်သို့ ဒုန်းစိုး၍ လိုက်လာကြလေသည်။ ဝိလိယ မြစ်လယ်ခေါင်ခဲ့ကား နောက်ကျိည်စပတ်၍ အေးမြသောရေလျဉ်သည် အဟုန်ပြင်းစွာ စီးဆင်းလျက်ရှိ၏။ ပိုလန် မြင်းတပ်သားများသည် မြစ်ရေစီးကြောင့် မျောပါကြသည်၌ တစ်ယောက်ကိုတစ်ယောက် လှမ်း၍ ဆွဲလျက်ရှိကြသည်။ အချို့မြင်းများနှင့် အချို့တပ်သားများသည် ရေစီးတွင် ခုံးခုံးနစ်မြုပ်ကြလျက်၊ အချို့ကား လျင်မြန်စွာစီးလျက်ရှိသည့် ရေစီးကြောင်းထဲတွင် ကူးခပ်လျက်၊ အချို့ကား ရုန်းကန်ကူးခပ်လျက်ရှိသော မြင်းများ၏ လည်ဆံကို ဆွဲလျက်ဖြင့် သောသောရုတ်ရုတ် ဖြစ်လျက် ရှိကြလေသည်။ ဤသို့ဖြင့် ပိုလန် မြင်းတပ်သားများသည် ဝိလိယမြစ်၏ တစ်ဖက်ကမ်းကို ဖြတ်ကူးလျက် ရှိကြ၏။ ဤနေရာမှ မိုင်ဝက်ခန့်ဝေးသော မြစ်တစ်နေရာ၌ လွယ်လွယ်နှင့် ဖြတ်ကူးနိုင်သော ရေတဲ့ပြက်စည်းတိမ်တစ်ခု ရှိသော်လည်း မြစ်ကမ်းနဖူးထိပ်၌ နပိုလီယန်၏ မျက်စိရှေ့မှောက်တွင် ယခုကဲ့သို့ စွန့်စွန့်စားစား ဖြတ်ကူးပြလိုကြသည့် အတွက် ဤသို့ ရေနက်မှ ဖြတ်ကူးကြခြင်းဖြစ်လေသည်။ သို့ရာတွင် ကမ်းနဖူးရှိ သစ်တုံးပေါ်၌ ထိုင်လျက်ရှိသည့် နပိုလီယန်ကား ဤအခြင်းအရာကို စောင်းငဲ့ကြည့်ရှုခြင်းပင် မပြုချေ။ ကိုယ်ရံတော်ဗိုလ်မှူးသည် နပိုလီယန်၏ အနီးသို့ ရောက်သောအခါ၌ အရှင့်အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ကြသည့် ပိုလန် မြင်းတပ်သားများအကြောင်းကို လျှောက်တင်ရန်အတွက် မျက်နှာရိပ် မျက်နှာကဲကို ကြည့်ကာ အခါအခွင့်ကို စောင့်ဆိုင်းလျက်ရှိ၏။ မီးခိုးရောင်ဝတ်စုံကြီးကို ဝတ်ထားသည့် လူပုကလေး နပိုလီယန်ကား ထိုင်ရာမှထကာ ဗိုလ်ချုပ်ဘာသီးယားကို ဆင့်ခေါ်၍ မြင်ကမ်းပါးတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်းကညွှန်ကြားချက်များ ပေးလျက်ရှိလေသည်။ တစ်ချက်တစ်ချက်၌လည်း ဝိလိယမြစ်ရေစီးတွင် မိမိ၏အာရုံကို ပျက်ပြားလောက်အောင် ကူးခပ်နစ်မြုပ်လျက်ရှိသော ပိုလန် မြင်းတပ်သားများကို နှစ်ခြိုက်ခြင်း မရှိဟန်ဖြင့် လှမ်း၍ ကြည့်လျက်ရှိလေသည်။

အာဖရိကတိုက်မှသည် အာရှတိုက်ရှိ လွင်ပြင်များအဆုံး၊ ကမ္ဘာတစ်ဝှမ်းလုံးရှိ မည်သည့်နေရာတွင်မဆို မိမိ ကိုယ်ထင်ပြလိုက်သည်နှင့် တစ်ပြိုင်နက် များစွာသော လူများသည် စပါးကြီး အညှို့ခံရသူပမာ ကိုယ်အဖြစ်ကို သော်မှ သတိမထားနိုင်ကြတော့ဘဲ မိမိအတွက် မည်သို့သော အသက်စွန့်ခြင်းမျိုးကိုမဆို ပြုလုပ်ရန် အဆင်သင့်ရှိကြသည်ဟု ယုံကြည်လျက်ရှိသော နပိုလီယန်အဖို့ကား ပိုလန်မြင်းတပ်သားများ၏ သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းရွက်ခြင်းသည် အသစ်အဆန်း မဟုတ်တော့ချေ။ နပိုလီယန်သည် မိမိမြင်းကို အုယူလွှတ်လိုက်ပြီးနောက် မိမိစခန်းသို့ ပြန်လာခဲ့လေသည်။

ဝိလိယမြစ်ထဲသို့ လေ့သမ္မန်များလွှတ်၍ ဆယ်စေ့သော်လည်း ပိုလန်မြင်းတပ်သား လေးဆယ်ခန့် ရေနစ်သေဆုံးကြလေသည်။ မြင်းတပ်သားအများစုကား မိမိတို့စတင်ထွက်ခွာသည့် ကမ်းဘက်သို့ ပြန်၍ ကူးခပ်လာကြ၏။ မြင်းတပ် ဗိုလ်မှူးကြီးနှင့် တပ်သားအချို့သာလျှင် တစ်ဖက်ကမ်းသို့ ခဲယဉ်းစွာ ရောက်ရှိသွားကြလေသည်။ မြင်းတပ် ဗိုလ်မှူးကြီးနှင့် တပ်သားများသည် တစ်ဖက်ကမ်းသို့ ရောက်သည်နှင့် စွတ်စိုလျက်ရှိသော အဝတ်အစားများဖြင့် စောစောက နပိုလီယန် ရုပ်လျက်ရှိသော တစ်ဖက်ကမ်းနဖူးကို လှမ်းမျှော်ကြည့်ကာ "ဘုရင်ဧကရာဇ်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ"ဟု အော်ဟစ်လျက်ရှိကြကာ နပိုလီယန်ရှေ့တွင် မိမိတို့၏ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူလျက် ရှိကြလေသည်။

ထိုနေ့ညတွင် နပိုလီယန်သည် အမိန့်ပြန်တမ်းနှစ်ရပ်ကို ထုတ်ပြန်လိုက်လေသည်။ အမိန့်ပြန်တမ်းတစ်စောင်မှာ ရုရှားပြည်တွင်းသို့ ရောက်လျှင် အဆင်သင့် သုံးစွဲနိုင်ရန်အတွက် ပြုလုပ်ထားသည့် ရုရှားငွေစက္ကူအတုများကို အမြန်ဆုံး ဖြန့်ဝေရန် အမိန့်ဖြစ်လျက်၊ အခြားအမိန့်ပြန်တမ်းတစ်စောင်ကား ပြင်သစ်စစ်တပ်ကြီးအား ထုတ်ပြန်သော အမိန့်များနှင့် ပတ်သက်သည့် သတင်းစကားများပါသောစာများကို ယူဆောင်လာသူ မည်သူ့ကိုမဆို တွေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com

ပါက ချက်ချင်းပစ်သတ်ရန် အမိန့်ဖြစ်လေသည်။ ဤအမိန့်ပြန်တမ်း နှစ်ရပ်ကို ထုတ်ပြန်ရာ၌ နပိုလီယန်သည် အချိန်ခြား၍ ထုတ်ပြန်ခြင်းဖြစ်ရာ ထိုအမိန့်ပြန်တမ်း နှစ်စောင် ထုတ်ပြန်သည့် ကြားအချိန်၌ လိုအပ်ခြင်းမရှိဘဲ ဝိလိယမြစ်ကို ရေနက်မှ ဖြတ်ကူးသည့် ပိုလန်မြင်းတပ် ဗိုလ်မှူးကြီးအား အမြင့်ဆုံးသော ဘွဲ့တံဆိပ်ဖြစ်သည့် 'လီဂျင်းအော့ဖ် အော်နာ' ဘွဲ့ထူးကို ချီးမြှင့်ရန်လည်း သက်ဆိုင်ရာသို့ ညွှန်ကြားချက် ထုတ်ပြန်လိုက်လေသည်။

ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင် မည်သည် မိမိပျက်စီးစေလိုသူတို့အား ရှုးသွပ်သော အပြုအမူတို့ကို ပြုမူစေခြင်းဖြင့် ပျက်စီးခြင်းသို့ ရောက်စေသည်ဟု ဆိုကြသည် မဟုတ်လော။

အခန်း ၃

ထိုအတောအတွင်း၌ကား ရုရှားဧကရာဇ် အလက်ဇန်းဒရားသည် ဝိလနာမြို့တွင် တစ်လတာမျှ စံမြန်းလျက်ရှိကာ ဗိုလ်ရှုသဘင်ခံခြင်း၊ စစ်အင်ကျင်းပွဲများ ပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက် ရှိလေသည်။ ၎င်းတို့အားလုံးကပင် စစ်ပွဲကြီး စတင်ဖြစ်ပွားလာတော့မည်ဟု မျှော်လင့်လျက် ရှိကြသော်လည်း စစ်တိုက်ရန် အဆင်သင့်မဖြစ်သေးချေ။ အလတ်ဇန်းဒရားဘုရင်သည် စစ်ပွဲအတွက် ပြင်ဆင်ဖွယ်ရှိသည်တို့ကို ပြင်ဆင်ရန် ပီတာစဘတ် ရွှေမြို့တော်မှ ဝိလနာမြို့သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သော်လည်း စစ်မှုရေးရာနှင့် ပတ်သက်သည့် စီမံကိန်းဟူ၍လည်း မရှိသေးချေ။ ဗိုလ်ချုပ်၊ ဗိုလ်မှူး၊ စစ်မှူး၊ စစ်ကဲတို့ တင်ပြထားသည့် စစ်ဗျူဟာ စီမံကိန်းတို့အနက် မည်သည့်စီမံကိန်းကို ချမှတ်ရမည်နည်းဟု စစ်ဦးစီးဌာနချုပ်တွင် ဝေခွဲမရဖြစ်လျက် ရှိခဲ့သည်မှာလည်း တစ်လခန့်မျှ ကြာမြင့်ခဲ့လေပြီ။ စစ်ဦးစီးဌာနချုပ် အခြေစိုက်ရာ ဝိလနာမြို့သို့ ရုရှားဘုရင်ရောက်လာသည့်အခါတွင်မူကား အခြေအနေမှာ ဆိုးသည်ထက် ဆိုးလာကာ ပို၍ပင် ဝေခွဲမရအောင် ရှုပ်ထွေးလာတော့သည်။ အနောက်ဘက်ကြောင်းချီ တပ်မတော်၊ တောင်ဘက်ကြောင်းချီ တပ်မတော်နှင့် အရန်တပ်မတော် စသည့် တပ်မတော်ကြီး သုံးခုစလုံး၌ ဗိုလ်ချုပ်ကြီး ဘာကလေဒီတိုလီ၊ ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်းနှင့် ဗိုလ်ချုပ်ကြီး တိုမာဆော့ဗ် စသဖြင့် စစ်သေနာပတိများ အသီးသီးရှိကြသော်လည်း တပ်ပေါင်းစုံ စစ်သေနာပတိချုပ်ဟူ၍ ယခုတိုင် မရှိသေးချေ။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်ကလည်း တပ်ပေါင်းစုံ စစ်သေနာပတိချုပ်၏ အရာကို ယူခြင်းမပြုသေးချေ။

ထိုမျှမက ဝိလနာမြို့တွင် ဘုရင်ဧကရာဇ်မင်းမြတ် စံမြန်းတော်မူသည့်ကာလ ကြာညောင်းသည်နှင့်အမျှ စစ်ပြင်ဆင်မှုများမှာလည်း တစ်နေ့တခြား လျော့ပါးလျက် ရှိလေသည်။ ဘုရင်မင်းမြတ်၏အပါးတွင် ခစားလျက်ရှိသူအားလုံးမှာလည်း ဘုရင်မင်းမြတ် စိတ်လက်ကြည်သာခြင်း ရှိတော်မူရန်နှင့် တဖြည်းဖြည်း နီးကပ်လာသော စစ်ပွဲကြီး၏ အခြင်းအရာများအား မေ့ပျောက်စေရန်ကိုသာ အစွမ်းကုန် ကြိုးပမ်းအားထုတ်လျက် ရှိကြလေသည်။

ဇွန်လထဲ၌ ပိုလန်မူးမတ်ကြီးများ၊ ရွှေနန်းတော်အမှုထမ်းများနှင့်တကွ အလက်ဇန်းဒရား ဘုရင်မင်းမြတ်ကိုယ်တော်တိုင်တို့သည် ကပွဲများ၊ ဧည့်ခံပွဲများကို တစ်လှည့်စီ ကျင်းပလျက် ရှိခဲ့ရာမှ ပိုလန်ကိုယ်ရံတော် ဗိုလ်မှူးတစ်ဦးသည် မိမိတို့ ကိုယ်ရံတော် ဗိုလ်များကလည်း ဘုန်းတော်ကြီးလှသော ဘုရားကို ဂုဏ်ပြုသောအားဖြင့် ညစာစားပွဲကြီးတစ်ခုနှင့် ကပွဲကြီးတစ်ခု ကျင်းပရန် အကြံရလာလေသည်။ ၎င်း၏အကြံကို အားလုံးသော ကိုယ်ရံတော် ဗိုလ်မှူးများကလည်း ထောက်ခံကြသည်။ အလိုက်သိသော ဘုရင်မင်းမြတ်ကလည်း သဘောကြိုက်ညီတော်မူသည်။ ဤသို့ဖြင့် ကိုယ်ရံတော် ဗိုလ်မှူးများအားလုံး အချိုးကျ ရန်ပုံငွေထည့်ဝင်ကြ၏။ ဘုရင်ဧကရာဇ် အနှစ်သက်ဆုံးဟု ထင်ရသော အမျိုးသမီးတစ်ယောက်ကိုလည်း အိမ်ရှင်အဖြစ် ဆောင်ရွက်ရန် ဖိတ်ကြားထားကြ၏။ မြို့စားကြီး ဗိုလ်ချုပ် ဘင်နစ်ဆန်မှာ ဝိလနာနယ်တွင် မြေပိုင်ရှင်တစ်ဦး ဖြစ်သည့်အလျောက် ညစာစားပွဲနှင့် ကပွဲကျင်းပရန် မိမိ၏ကျေးတောစံအိမ်ကို အသုံးပြုခွင့် ပေးထားလေသည်။ ညစာစားပွဲ၊ ကပွဲနှင့် လှေပြိုင်ပွဲကို ဇွန်လ ၁၃-ရက်နေ့တွင် သတ်မှတ်လိုက်ပြီး မြို့စားကြီး ဘင်နစ်ဆန်စံရာ ကျေးရွာဖြစ်သည့် ဇာကရက်ရွာတွင်လည်း မီးရှူးမီးပန်းများ ပစ်ဖောက်ရန် သတ်မှတ်ထားလေသည်။

နပိုလီယန်က နီမင်မြစ်ကို ဖြတ်ကူးရန် အမိန့်ပြန်တမ်း ထုတ်ပြန်၍ ၎င်း၏တပ်ဦးများက ရုရှားကော့ဆက်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းတပ်များကို မောင်းထုတ်ကာ ရုရှားနယ်စပ်ကို ကျော်ခြင်းလာသည့် ဇွန်လ ၁၃-ရက်နေ့၌ကား ရုရှားနိုင်ငံ ဦးဆောင်ဒီမိုကရက်မင်း အလက်ဇန်းဒရားသည် မြို့စားကြီး ဘင်နဲဆန်၏ ကျေးတောစံအိမ်၌ မိမိ၏ ကိုယ်ရံတော် ခဲလ်မူးများက ကျင်းပသော ပျော်ပွဲရွှင်ပွဲများတွင် အချိန်ကုန်လျက် ရှိလေသည်။

ကိုယ်ရံတော် ဗိုလ်မှူးတို့၏ ဧည့်ခံပွဲကား စည်ကားသိုက်မြိုက်လှပေ၏။ ဤကဲ့သို့သော ဧည့်ခံပွဲများသို့ ဆွဲ တက်ရောက်လေ့ရှိ၍ ကျွမ်းကျင်နဲ့စပ်သူများကမူ ဤမြူလောက် မိန်းမချော မိန်းမလှများ ခုံခုံညီညီ တက်ဆောက်သော ဧည့်ခံပွဲမျိုးကို တစ်ခါမျှ မတွေ့ဖူးသေးဟု ဧဉ်းစားထုတ်ဖော် ပြောဆိုခြင်း ပြုကြလေသည်။ ပိတာဒေတ် ရွှေမြို့တော်မှ ဝိလနာမြို့သို့ ဘုရင်ဇကရာဇ်မင်း မြင်တိုက် ခစားလိုက်ပါလာကြသော ရုရှား မြို့တော်သူများ အနက် မြို့စားကတော်ကလေး ဟယ်လင်သည်လည်း အပါအဝင် ဖြစ်လေသည်။ မြို့စားကတော်ကလေး ဟယ်လင်မှာ 'ရုရှားအလှ'ဟု ခေါ်ကြသော ပြည့်ပြည့်ဝန်းဝန်း ရွှန်းရွှန်းစက်စက်ကြီးရှိသော အလှမျိုးကို ပိုင်ဆိုင်သုဖြစ်လေရာ ပိုလန်နန်းတွင်းသူတို့၏ အလှမှာ မြို့စားကတော် ဟယ်လင်၏အလှနှင့် ယှဉ်လိုက်သောအခါတွင် ရာဟုဖမ်းခြင်းခံရသော လဝန်းကဲ့သို့ မှေးမှိန်လျက်ရှိလေ၏။ ဘုရင်သည် ဤသို့လျှင် ဝန်းဝန်းစက်စက်ကြီးလှသော မြို့စားကတော်ကလေး ဟယ်လင်ကို သတိပြုမိကာ ခိုးမြှင့်ဂုဏ်ပြုသည့် သဘောဖြင့် တစ်ကြိမ် တွဲကတော်မူလေသည်။

ဘိုးရစ်စ်သည် မိမိ၏ဇနီးသည် ဂျူလီကို မော်စကို တွင် ထားခဲ့သဖြင့် (ငင်း၏စကားလုံးအတိုင်းပြောရလျှင်) လူပျိုတစ်ဦးဖြစ်လျက်ရှိ၏။ ထိုညကပွဲနှင့် ထမင်းစားပွဲသို့ ဘိုးရစ်စ်လည်း ရောက်လာလေသည်။ ဘိုးရစ်စ်သည် ကိုယ်ရံတော် ဗိုလ်မှူးတစ်ယောက် မဟုတ်သည့်တိုင် ကပွဲရန်ပုံငွေသို့ ငွေအမြောက်အမြား ထည့်ဝင်ခဲ့လေသည်။ ယခုအချိန်၌ ဘိုးရစ်စ်မှာ (တစ်ဦးတည်းသော အမွေခံသမီး ကျူလီနှင့် လက်ထပ်ခဲ့ပြီး ဖြစ်သည့်အလျောက်) အထက်တန်း လူကဲထဲအသိုင်းအဝိုင်းသို့ ရောက်ရှိနေသော သူကြွယ်ကလေးတစ်ဦး ဖြစ်လျက်ရှိရကား မည်သူ၏ အရိပ်အာဝါသကိုမှ ခိုလှုံခြင်းပြုရန် မလိုတော့ဘဲ မိမိနှင့်ရွယ်တူလူကုံထံ အသိုင်းအဝိုင်းနှင့် တန်းတူရည်တူ ပေါင်းသင်းဆက်ဆံနိုင်သော အခြေသို့ ရောက်ရှိခဲ့လေပြီ။ ဘိုးရစ်စ်သည် မြို့စားကတော်ကလေး ဟယ်လင်နှင့် ကာလအတော်ကြာမျှ ကွဲကွာလျက်ရှိခဲ့ရာမှ ဝိလနာမြို့ ညေခံပွဲတွင် ပြန်လည်ဆုံတွေ့ကြပြန်လေသည်။ သို့ရာတွင် ယခုအကြိမ် တွေ့ဆုံကြသည့်အခါတွင်မူ မြို့စားကတော်ကလေး ဟယ်လင်မှာ များစွာ အရေးကြီးသော ပုဂ္ဂိုလ်ကြီးတစ်ဦး၏ အရေးပေးခြင်းကို ခံရလျက်ရှိသည့်အတွက်ကြောင့် တစ်ကြောင်း၊ ဘိုးရစ်စ်မှာလည်း များစွာမြင်ကမ်းလက်ထပ်ပြီးခဲ့သည့်အတွက်ကြောင့် တစ်ကြောင်း သိဟောင်း ကျွမ်းဟောင်းများ အဖြစ်သာ ဆက်ဆံခြင်း ပြုကြလေသည်။

ညသန်းခေါင်အထိ ကပွဲမှာ ခြိမ့်ခြိမ့်သဲ စည်ကားလျက် ရှိလေသည်။ မြို့စားကတော်ကလေး ဟယ်လင်သည် သင့်လျော်သည့် တွဲဖက်ကို ရှာမရနိုင်သည့်အတွက် ဘိုးရစ်စ်အား မိမိနှင့်အတူ ပိုလန် မာဇုကာ အကတစ်ချိုလောက် ကပြခြင်းပြုရန် ဖိတ်ကြားလေသည်။ ဘိုးရစ်စ်နှင့် မြို့စားကတော်ကလေး ဟယ်လင်တို့မှာ တတိယမြောက် အတွဲဖြစ်၏။ ဘိုးရစ်စ်သည် မှန်သားကဲ့သို့ ပါးလွှာ၍ ရွှေပြောက်ရွေမွမ်းတို့ ရေးခြယ်အပ်သော အနက်ရောင် မာရဘက် ဝတ်စုံအထက်မှ တင့်ရွှန်းစွာပေါ်နေသည့် ဟယ်လင်၏ ဖြူဖွေးဝင်းလက်သော ပခုံးသားများကို ငေးစိုက်လျက် ရှိရာမှ၊ မြို့စားကတော်ကလေး ဟယ်လင်၏ သိဟောင်းကျွမ်းဟောင်းများအကြောင်းကို ပြောဆိုလျက် ရှိရင်း မိမိတို့ ပွဲတက်ဆောင်ထဲတွင် ရောက်ရှိနေသည့် ဘုရင်မင်းမြတ်ကို မျက်ခြည်မပြတ် စူးစိုက်ကြည့်နေမိသည်။ အလက်ဇန်းဒရား ဘုရင်မင်းမြတ်သည် တွဲကတော်မူခြင်းမပြုဘဲ၊ ပွဲတက်ဆောင်ဝ၌ ရပ်လျက် မိမိအနီးသို့ ရောက်ရှိလာသော ပွဲကသူမောင်နှံများကို မင်္ဂလာနှုတ်ခွန်း ဆက်သတော်မူလျက် ရှိ၏။ အချိန်အခါနှင့်လိုက်အောင် မင်္ဂလာရှိသော စကားများကို မည်သို့ မည်ပုံ မြွက်ကြားရမည်ကို သိသူမှာလည်း အလက်ဇန်းဒရား ဘုရင်မင်းမြတ် တစ်ဦးတည်းရှိသည်ဟု ထင်ရလေ၏။

ပိုလန် မာဇုကာအကကု၍ မကြာမီ၌ ဘုရင်မင်းမြတ်၏ နောက်တော်ပါးတွင် အမြဲတစေ ခစားလိုက်ပါရသည့် တပ်ရေးဗိုလ်ချုပ်ကြီး ဗလရှေသည် ဘုရင်မင်းမြတ်

www.burmeseclassic.com

www.burmeseclassic.com

အပါးသို့ ရောက်လာကာ ပိုလန် ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦးနှင့် စကားလက်ဆုံကျနေသော ဘုရင်မင်းမြတ်အနီးတွင် ရပ်လျက်ရှိခြင်းကို ဘိုးရစ်စ် မြင်လိုက်လေရာ တပ်ရေးချုပ် ဗလရှေ၏အပြုအမူသည် ရွှေနန်းတော်၏ ခစားရိုး အစဉ်အလာများနှင့် ညီညွတ်ခြင်း မရှိသည့်အတွက် ဆန်းလှချေ တကားဟု စိတ်ထဲတွင် အောက်မေ့လိုက်မိသည်။ ပိုလန် အမျိုးသမီးနှင့် စကားပြောဆိုပြီးသည့်နောက်၌ အလက်ဇန်း ဒရာဘုရင်သည် တပ်ရေးချုပ် ဗလရှေကို စူးစမ်းသော အကြည့်ဖြင့် ကြည့်တော်မူလိုက်သည်တွင် ကိစ္စအရေးတကြီး ဇတ္တုကြဲလာသောအခါများ၌ တပ်ရေးချုပ်ဗလရှေ ဤသို့ ခစားတတ်ခြင်းကို သတိရလာသည့်အတွက် ပိုလန် အမျိုးသမီးဘက်သို့ ခေါင်းညွှတ်၍ နှုတ်ဆက်တော်မူပြီး နောက် တပ်ရေးချုပ် ဗလရှေဘက်သို့ လှည့်လိုက်သည်။ တပ်ရေးချုပ် ဗလရှေ၏ လျှောက်တင်ချက်ကို ကြားနာပြီးသည့် ခဏချင်းအတွင်း၌ ဘုရင်ဇကရာဇ်၏ မျက်နှာတော်တွင် အံ့သြသော အမူအရာတို့ ရုတ်ချည်းပေါ်လာကြ၏။ ဘုရင်မင်းမြတ်သည် တပ်ရေးချုပ်ဗလရှေကို လက်မောင်းမှ ဆွဲခေါ်ကာ ပွဲတက်ဆောင်အပြင်ဘက်သို့ ထွက်တော်မူ လာခဲ့ရာ တစ်ဖက်တစ်ချက်မှ မင်းပရိသတ်များက ခုနစ်ကိုက်မျှ ကျယ်သည်အထိ တိမ်းရှောင်လမ်းဖယ်၍ ပေးကြသည်ကိုပင် သတိထားတော်မမူချေ။ ဘုရင်မင်းမြတ်သည် တပ်ရေးချုပ် ဗလရှေနှင့်အတူ ရေးကြီးသုတ်ပျာ ထွက်တော် မူသွားသည်ကို မြင်လိုက်သည့်အခါ၌ အလွန်အမင်း တုန်လှုပ်ချောက်ချားလျက်ရှိသော စစ်ဝန်ကြီး အာရတ်ချေ့၏ မျက်နှာကို ဘိုးရစ်စ် မြင်လိုက်ရလေပြန်၏။ စစ်ဝန်ကြီး အာရတ်ချေ့သည် ဘုရင်မင်းမြတ်ကို လှမ်းကြည့်ပြီးနောက် ၎င်း၏ နီရဲသော နှာခေါင်းဖြင့် ချေဆတ်လိုက်လျက် ဘုရင်မင်းမြတ်က မိမိအား တစ်စုံတစ်ရာ မိန့်ကြားတော်မူလေ မည်လောဟူသော မျှော်လင့်ချက်မျိုးဖြင့် လူကြားထဲမှ ထွက်၍ ရှေ့တော်မှောက်သို့ ရောက်လာကာ စုံရပ်ခစားလျက်ရှိလေသည်။ (စစ်ဝန်ကြီး အာရတ်ချေ့သည် တပ်ရေးချုပ်ဗလရှေအား မနာလိုဖြစ်လျက်ရှိ၍ အရေးကြီးဟန် တူသော သတင်းတစ်ရပ်ကို မိမိမှ တစ်ဆင့်မဟုတ်ဘဲ ဘုရင်မင်းမြတ်၏ ရွှေနားတော်သို့ တိုက်ရိုက်ရောက်ရလေ ခြင်းဟူ၍လည်း စိတ်ထဲတွင် မကျေမနပ် ဖြစ်လျက်ရှိဟန်ကို ဘိုးရစ်စ် သတိပြုလိုက်မိသည်။)

သို့သော်လည်း ဘုရင်မင်းမြတ်နှင့် တပ်ရေးချုပ် ဗလရှေတို့သည် မိမိတို့ရှေ့တွင် စုံရပ်နေသော စစ်ဝန်ကြီး အာရတ်ချေ့ကို သတိမထားမိကြဘဲ မီးပုံးများ တထိန်ထိန် ထွန်းညှိထားသော ပန်းခုံဘက်သို့ ထွက်သွားကြလေရာ စစ်ဝန်ကြီးအာရတ်ချေ့သည် ဓားလွယ်ကို လက်ဖနောင့်ဖြင့် အုပ်ကိုင်လျက် ပတ်ဝန်းကျင်ကို တင်းမာသော မျက်နှာထားဖြင့် လှည့်ကြည့်လိုက်ပြီးနောက် အလှမ်းနှစ်ဆယ်ကွာလောက်မှနေ၍ လိုက်ပါသွားလေသည်။

ပိုလန် မာဇူကာအကကို ကလျက်ရှိစဉ် ဘိုးရစ်စ်မှာ တပ်ရေးချုပ် ဗလရှေသည် မည်မျှအရေးကြီးသော ကိစ္စကို လျှောက်တင်သည့်အတွက် ဘုရင်မင်းမြတ် ရာဇ ဣန္ဒြေပျက်သည်အထိ ဖြစ်ရလေသနည်း။ ထိုအခြင်းအရာကို သူများတကာထက် ဦးဦးဖျားဖျားသိရန် မည်သို့ကြံစည်ရမည်နည်းဟု တစ်ချိန်လုံး တွေးတောနေမိသည်။

ပိုလန်မာဇူကာ တီးကွက်တစ်မျိုး အပြောင်း၌ ဘိုးရစ်စ်သည် မြို့စားကတော်ကလေး ဟယ်လင်နားသို့ ကပ်၍ မိမိသည် မြို့စားကတော်ကလေး ပေါ်တော်ကာနှင့် ခေတ္တ တွဲကဦးမည်ဖြစ်ကြောင်း၊ မြို့စားကတော်ကလေး ပေါ်တော်ကာသည် ပြင်ဘက်စကြိုသို့ ထွက်သွားသည်ထင်ကြောင်း တီးတိုးပြောဆိုကာ ပန်းခုံဘက်သို့ ထွက်သော တံခါးဝဆီသို့ မှန်ကူကွက်ပုံဖော်ထားသော သစ်သားတုံးကလေးများ ခင်းထားသည့် ကြမ်းပြင်ပေါ်မှ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်တွင် ပန်းခုံထဲမှ စကြိုဘက်သို့ ပြန်လျှောက်လာကြသည့် ဘုရင်မင်းမြတ်နှင့် တပ်ရေးချုပ် ဗလရှေတို့ကို မြင်လိုက်သည့်အတွက် ကိုယ်ရှိန်သတ်၍ ရပ်နေလိုက်သည်။ ဘုရင်မင်းမြတ်နှင့် တပ်ရေးချုပ် ဗလရှေတို့သည် တံခါးဝနားသို့ ရောက်လာကြ၏။ ဤတွင် ဘိုးရစ်စ်မှာလည်း နောက်သို့ပြန်ဆုတ်ရန် အချိန်မရတော့သဖြင့် တံခါးပေါင်တွင် ကပ်၍ ရပ်လျက်က ခေါင်းငုံ့ခစားလျက် ရှိလေသည်။

ဘုရင်ဇကရာဇ်မင်းမြတ်သည် မချေမငံ ရိုင်းပျစောကားခြင်း ခံရသူတစ်ဦးကဲ့သို့ ပြင်းစွာတုန်လှုပ်လျက် ပြောဆိုနေသံကို ကြားလိုက်ရ၏။

"အိမ်း၊ သင်းတို့က စဏ်ကြေညာခြင်းမပြုဘဲ ကျုပ်နယ်နိမိတ်သို့ ကျူးကျော်ထိပါးပြီ။ ကျုပ်နိုင်ငံတော်ထဲ၌

www.burmeseclassic.com

www.burmeseclassic.com

လက်နက်ကိုင် ရန်သူတစ်ဦးတစ်ယောက် ကျန်ရှိနေသရွေ့ ကျွပ် ငြိမ်းချမ်းရေး မလုပ်ပြို"

ဘိုးရစ်စ်၏ စိတ်ထဲ၌ကား၊ ဘုန်းတော်ကြီးသော ဘုရားသည် ဤစကားများကို ဝမ်းသာအားရ မိန့်တော်မူခြင်းဖြစ်သည်ဟု ထင်မှတ်မိ၏။ ဘုန်းတော်ကြီးသော ဘုရားသည် မိမိ၏သဘောထားကို ထုတ်ဖော်ပြောဆိုလိုက်ရသည့်အတွက် ကျေနပ်အားရသွားသော်လည်း ဘိုးရစ်စ်ကြားသွားသည့်အတွက်မူကား ကျေနပ်တော်မူခြင်း ရှိဟန်မတူချေ။

"ဒီသတင်းကို မပေါက်ကြားစေနဲ့ဦး" ဘုန်းတော်ကြီးသော ဘုရားက မျက်မှောင်ကုတ်၍ မိန့်တော်မူ၏။

ဘုန်းတော်ကြီးသော ဘုရားသည် မိမိကို ရည်ရွယ်၍ ပြောခြင်းဖြစ်ကြောင်း သိလိုက်သည့်အတွက် ဘိုးရစ်စ်သည် မျက်လုံးကိုမှိတ်ကာ ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်သည်။ ဘုရင်ဧကရာဇ်မင်းမြတ်သည် ပွဲတက်ဆောင်သို့ ပြန်၍ဝင်တော်မူလာကာ နောက်ထပ် နာရီတစ်ဝက်မျှ စံတော်မူ၍ ယာယီတဲနန်းသို့ ပြန်ကြွသွားလေသည်။

ဤသို့ဖြင့် နပိုလီယန်၏ ပြင်သစ်တပ်များ နိမင်ကို ဖြတ်ကျော်လာကြပြီ ဆိုသည့်သတင်းကို ဘိုးရစ်စ်သည် ဦးဦးဖျားဖျား ကြားခဲ့လေသည်။ ဤသို့ ဦးဦးဖျားဖျား ကြားခဲ့ရသည့်အတွက်ကြောင့် မိမိသည် အခြားသူများမသိသော နိုင်ငံတော်၏ လျှို့ဝှက်အပ်ရာများကို အမြဲတမ်း သိသူတစ်ဦးဖြစ်ကြောင်းဖြင့် အချို့သော အရေးကြီးသည့် ပုဂ္ဂိုလ်ကြီးများရှေ့တွင် ဂုဏ်ယူနိုင်ခဲ့ကာ ဤနည်းများဖြင့် ထိုပုဂ္ဂိုလ်များ၏ရှေ့တွင် အထင်ကြီးစရာ လူတစ်ယောက် ဖြစ်လာခဲ့လေသည်။

ယခုကဲ့သို့ ဝီလနာမြို့တွင် တစ်လကြာမျှ စစ်ပြင်ခြင်းမရှိဘဲ မေမေလျော့လျော့ နေကြချိန်၊ ကပွဲကြီး ကျင်းပလျက်ရှိချိန်၌ ပြင်သစ်တပ်များ နိမင်မြစ်ကို ဖြတ်ကူးလာပြီဟူသော သတင်းစကားသည် လွန်စွာထိတ်လန့်ဖွယ်သော အမင်္ဂလာသတင်းကြီး ဖြစ်လေသည်။ ဘုန်းတော်ကြီးသော ဘုရားသည် ထိုအမင်္ဂလာသတင်းကို စတင်ကြားသိတော်မူသည့်အခါ၌ ဒေါသအမျက် ပြင်းစွာထွက်လျက် မိမိ၏စိတ်တွင် ခံစားရသမျှကို အပြည့်အစုံဖော်ပြသော အထက်ပါစကားလုံးများကို ချက်ချင်းတွေ့ရှိကာ ထုတ်ဖော်ပြောဆိုခြင်း ပြုလိုက်လေရာ ထိုအချိန်မှစ၍ ဤစကားလုံးများသည် ထင်ရှားကျော်ကြား၍ လာခဲ့ကြခြင်း ဖြစ်လေသည်။ ထိုနေ့ည နာရီပြန်နှစ်ချက်တီးအချိန် ယာယီစံနန်းသို့ ပြန်ရောက်သည့်အခါတွင် ဘုရင်မင်းမြတ်သည် မိမိ၏အတွင်းဝန်ရှိရှကော့ဗ်ကို ရှေ့တော်သို့ ဆင့်ခေါ်တော်မူ၍ တပ်များသို့ အမိန့်ပြန်တမ်းတစ်စောင်နှင့် စစ်သူကြီး မင်းသားကြီး ဆာလ်တီကော့ဗ်သို့ အမိန့်တော်ပြန်တမ်းတစ်စောင်ကို ချက်ချင်း ရေးသားစေ၏။ ရုရှားမြေပေါ်၌ လက်နက်ကိုင် ပြင်သစ်လူမျိုး တစ်ဦးတစ်ယောက် ရှိနေသမျှ မိမိသည် ငြိမ်းချမ်းရေး လုပ်မည် မဟုတ်ကြောင်းကိုလည်း ထည့်သွင်းဖော်ပြရန် မိန့်တော်မူလေသည်။

နောက်တစ်နေ့၌ အောက်ပါရာဇသံကို နပိုလီယန်ထံ ပေးပို့လိုက်လေသည်။

ကြားရောက်လိုက်သည် နောင်တော် ပြင်သစ်ရွှေနန်းသခင် ဘုရင်မင်းမြတ်။

ငါတို့ ညီနောင်နှစ်ဦး သဟာယ မဟာမိတ်အဖြစ် ဆက်ဆံ ရင်းနှီးကြွရာ၌ ငါ၏ဘက်မှ သစ္စာစောင့်သိ ရိုသေခြင်းပြုသော်လည်း နောင်တော်၏တပ်များသည် ရုရှားနယ်စပ်ကို ထိပါးကျူးကျော်လာကြချေပြီ။ ဤအကြောင်းကို ယမန်နေ့က ငါကြားရသည်။ ငါ၏နယ်မြေကို နောင်တော် ကျူးကျော်ထိပါးခြင်းမှာ ခိုင်လုံသော အကြောင်းမရှိ။ နောင်တော့်ထံသို့ စေလွှတ်ထားသည့် ငါ၏သံတော်ကြီး မင်းသားကြီး ကူရာဂင်က နေပြည်တော်သို့ ပြန်ရန် နိုင်ငံကူးလက်မှတ် လျှောက်ထားတောင်းဆိုကြောင်း၊ ထိုသို့ ငါ့သံတော်ကြီးက နိုင်ငံကူးလက်မှတ် တောင်းဆိုချိန်မှစ၍ ငါနှင့် စစ်ပြုသော အခြေအနေသို့ ရောက်ပြီဟု နောင်တော် ယူဆလျက်ရှိကြောင်း ဖော်ပြထားသည့် ရွှေမြို့တော်ရှိ နောင်တော်၏ သံတော်ကြီး မြို့စားကြီး လောရစ်စတန်ထံမှ အမှာစာချန်လည်း ယခုပင် ငါ့လက်ဝယ် ရောက်ရှိသည်။ ငါ၏ သံတော်ကြီးအား နိုင်ငံကူးလက်မှတ် ထုတ်ပေးရန် နောင်တော်၏ နိုင်ငံခြားရေးဝန် နယ်စားကြီး ဘာဆာနိုက ငြင်းပယ်ရာ၌ တင်ပြသောအကြောင်း

www.burmeseclassic.com

www.burmeseclassic.com

လက်နှက်ကိုင် ရန်သူတစ်ဦးတစ်ယောက် ကျန်ရှိနေသရွေ့ ကျုပ် ငြိမ်းချမ်းရေး မလုပ်ပြီ"

ဘိုးရစ်စ်၏ စိတ်ထဲ၌ကား ဘုန်းတော်ကြီးသော ဘုရားသည် ဤစကားများကို ဝမ်းသာအားရ မိန့်တော်မူခြင်းဖြစ်သည်ဟု ထင်မှတ်မိ၏။ ဘုန်းတော်ကြီးသော ဘုရားသည် မိမိ၏သဘောထားကို ထုတ်ဖော်ပြောဆိုလိုက်ရသည့်အတွက် ကျေနပ်အားရသွားသော်လည်း ဘိုးရစ်စ် ကြားသွေးသည့်အတွက်မူကား ကျေနပ်တော်မူခြင်း ရှိဟန်မတူချေ။

"ဒီသတင်းကို မပေါက်ကြားစေနဲ့ဦး" ဘုန်းတော်ကြီးသော ဘုရားက မျက်မှောင်ကုတ်၍ မိန့်တော်မူ၏။

ဘုန်းတော်ကြီးသော ဘုရားသည် မိမိကို ရည်ရွယ်၍ ပြောခြင်းဖြစ်ကြောင်း သိလိုက်သည့်အတွက် ဘိုးရစ်စ်သည် မျက်လုံးကိုမှိတ်ကာ ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်သည်။ ဘုရင်ဧကရာဇ်မင်းမြတ်သည် ပွဲတက်ဆောင်သို့ ပြန်၍ဝင်တော်မူလာကာ နောက်ထပ် နာရီတစ်ဝက်မျှ စံတော်မူ၍ ယာယီတဲနန်းသို့ ပြန်ကြွသွားလေသည်။

ဤသို့ဖြင့် နပိုလီယန်၏ ပြင်သစ်တပ်များ နီမင်ကို ဖြတ်ကျော်လာကြပြီ ဆိုသည့်သတင်းကို ဘိုးရစ်စ်သည် ဦးဦးဖျားဖျား ကြားခဲ့လေသည်။ ဤသို့ ဦးဦးဖျားဖျား ကြားခဲ့ရသည့်အတွက်ကြောင့် မိမိသည် အခြားသူများ မသိသော နိုင်ငံတော်၏ လျှို့ဝှက်အပ်ရာများကို အမြဲတမ်း သိသူတစ်ဦးဖြစ်ကြောင်းဖြင့် အချို့သော အရေးကြီးသည့် ပုဂ္ဂိုလ်ကြီးများရှေ့တွင် ဂုဏ်ယူနိုင်ခဲ့ကာ ဤနည်းများဖြင့် ထိုပုဂ္ဂိုလ်များ၏ ရှေ့တွင် အထင်ကြီးစရာ လူတစ်ယောက် ဖြစ်လာခဲ့လေသည်။

ယခုကဲ့သို့ ဝိလနာမြို့တွင် တစ်လကြာမျှ စစ်ပြင်ခြင်းမရှိဘဲ မေမေလျော့လျော့ နေကြချိန်၊ ကပွဲကြီး ကျင်းပလျက်ရှိချိန်၌ ပြင်သစ်တပ်များ နီမင်မြစ်ကို ဖြတ်ကူးလာပြီဟူသော သတင်းစကားသည် လွန်စွာထိတ်လန့်ဖွယ်သော အမင်္ဂလာသတင်းကြီး ဖြစ်လေသည်။ ဘုန်းတော်ကြီးသော ဘုရားသည် ထိုအမင်္ဂလာသတင်းကို စတင်ကြားသိတော်မူသည့်အခါ၌ ဒေါသအမျက် ပြင်းစွာထွက်လျက် မိမိ၏စိတ်တွင် ခံစားရသမျှကို အပြည့်အစုံဖော်ပြသော အထက်ပါစကားလုံးများကို ချက်ချင်းတွေ့ရှိကာ ထုတ်ဖော်ပြောဆိုခြင်း ပြုလိုက်လေရာ ထိုအချိန်မှစ၍ ဤစကားလုံးများသည် ထင်ရှားကျော်ကြား၍ လာခဲ့ကြခြင်း ဖြစ်လေသည်။ ထိုနေ့ည နာရီပြန်နှစ်ချက်တီးအချိန် ယာယီစံနန်းသို့ ပြန်ရောက်သည့်အခါတွင် ဘုရင်မင်းမြတ်သည် မိမိ၏အတွင်းဝန်ရှိရှကော့ဗ်ကို ရှေ့တော်သို့ ဆင့်ခေါ်တော်မူ၍ တပ်များသို့ အမိန့်ပြန်တမ်းတစ်စောင်နှင့် စစ်သူကြီး မင်းသားကြီး ဆာလ်တီကော့ဗ်သို့ အမိန့်တော် ပြန်တမ်းတစ်စောင်ကို ချက်ချင်း ရေးသားစေ၏။ ရုရှားမြေပေါ်၌ လက်နက်ကိုင် ပြင်သစ်လူမျိုး တစ်ဦးတစ်ယောက် ရှိနေသမျှ မိမိသည် ငြိမ်းချမ်းရေး လုပ်မည်မဟုတ်ကြောင်းကိုလည်း ထည့်သွင်းဖော်ပြရန် မိန့်တော်မူလေသည်။

နောက်တစ်နေ့၌ အောက်ပါရာဇသံကို နပိုလီယန်ထံ ပေးပို့လိုက်လေသည်။

ကြားရောက်လိုက်သည် နောင်တော် ပြင်သစ်ရွှေနန်းသခင် ဘုရင်မင်းမြတ်။

ငါတို့ ညီနောင်နှစ်ဦး သဟာယ မဟာမိတ်အဖြစ် ဆက်ဆံ ရင်းနှီးကြရာ၌ ငါ၏ဘက်မှ သစ္စာစောင့်သိ ရိုသေခြင်းပြုသော်လည်း နောင်တော်၏တပ်များသည် ရုရှားနယ်စပ်ကို ထိပါးကျူးကျော်လာကြချေပြီ။ ဤအကြောင်းကို ယမန်နေ့က ငါကြားရသည်။ ငါ၏နယ်မြေကို နောင်တော် ကျူးကျော်ထိပါးခြင်းမှာ ခိုင်လုံသော အကြောင်းမရှိ။ နောင်တော့်ထံသို့ စေလွှတ်ထားသည့် ငါ၏သံတော်ကြီး မင်းသားကြီး ကူရာဂင်က နေပြည်တော်သို့ ပြန်ရန် နိုင်ငံကူးလက်မှတ် လျှောက်ထားတောင်းဆိုကြောင်း၊ ထိုသို့ ငါ့သံတော်ကြီးက နိုင်ငံကူးလက်မှတ် တောင်းဆိုချိန်မှစ၍ ငါနှင့် စစ်ပြုသော အခြေအနေသို့ ရောက်ပြီဟု နောင်တော် ယူဆလျက်ရှိကြောင်း ဖော်ပြထားသည့် ရွှေမြို့တော်ရှိ နောင်တော်၏ သံတော်ကြီး မြို့စားကြီး လောရစ်စတန်ထံမှ အမှာစာရွှန်လည်း ယခုပင် ငါ့လက်ဝယ် ရောက်ရှိသည်။ ငါ၏ သံတော်ကြီးအား နိုင်ငံကူးလက်မှတ် ထုတ်ပေးရန် နောင်တော်၏ နိုင်ငံခြားရေးဝန် နယ်စားကြီး ဘာဆာနိုက ငြင်းပယ်ရာ၌ တင်ပြသောအကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ပြချက်များသည်လည်း ခိုင်လုံခြင်းမရှိရုံမျှမက ဤသို့ တစ်ပြည့်တစ်ပြည် စစ်ခင်းကြရလောက်သော အကြောင်းများ မဟုတ်ဟု ငါထင်သည်။ အမှန်အားဖြင့် ငါ၏သံတော်ကြီးအား ဤတောင်းဆိုချက်မျိုးကို တောင်းဆိုရန် အခွင့်အာဏာ အပ်နှင်းထားခြင်း မရှိ။ သို့မရှိကြောင်းကိုလည်း ငါ၏သံတော်ကြီးက ထုတ်ဖော်ဝန်ခံပြီး ဖြစ်သည်။ ငါ၏သံတော်ကြီးက ဤတောင်းဆိုချက်ကို ပြုသည် ကြားလျှင်ကြားချင်း၊ ဤအပြုအမူမျိုးကို ငါလက်ခံတော်မမူဟု ငါ၏သံတော်ကြီးကို မှာကြားပြီး ဖြစ်သည်။ ထိုမျှမက နောင်တော်၏ရွေနန်းတွင် ငါ၏သံတော်ကြီးအဖြစ် ဆက်လက်နေထိုင်ရန်လည်း အမိန့်စာချွန် ထုတ်ပြန်ပြီးဖြစ်သည်။ သို့စင်လျက် ငါ့နယ်မြေကို နောင်တော်ကျူးကျော်ထိပါးခြင်းကား၊ ငါ၌ တာဝန်မရှိပြီ။ ဤသို့သော အထင်လွဲမှုကြောင့် ငါတို့ နှစ်ပြည်ထောင် ဗိုလ်ပါရဲမက်တို့ သွေးချောင်းစီးစေလိုသော ဆန္ဒမရှိရိုးမှန်၍၊ နောင်တော်၏ တပ်များကို ရုရှားမြေပေါ်မှ ဆုတ်ခွာပေးရန် သဘောတူကပြီးခဲ့သော ကိစ္စများကို ငါသင်ပုန်းချေမည်။ ထို့အခါ၌ ငါတို့ညီနောင်နှစ်ဦး ချစ်ကြည်ကြ၍ သဟာယ မဟာမိတ်များဖြစ်လျက် ငါတို့နှစ်နိုင်ငံလည်း မီးမသေ ရေမနောက် ရွှေတစ်ပြားတည်းကဲ့သို့ ရှိမည်။ သို့မဟုတ်ပါက ငါ၌ တစ်စုံတစ်ရာ တာဝန်မရှိဘဲ အကြောင်းမဲ့ ပေါ်ပေါက်လာသော နောင်တော့်တပ်များ၏ ကျူးကျော်ထိပါးခြင်းကို တွန်းလှန်ရသည့် အခြေသို့ ငါရောက်ရတော့မည်။ ငါတို့ မင်းဇကရာဇနှစ်ပါး အမျက်ရှိ၍ ရန်စစ်ကြီးစွာ ဖြစ်သောကာလ ရဲမက်ဗိုလ်ပါတို့နှင့်တကွ ခပ်သိမ်းသော သတ္တဝါတို့ တောင်လဲရာ ပြက်ပြတ်ဘိသို့ ကြီးစွာသော ဘေးဘယ ရောက်ကြလိမ့်မည်။ ယခုအထိကား လူ့ဇာတ် လူ့အနွယ်ကြီးကို နောက်ထပ် ရန်စစ်ကြီးတစ်ခုမှ ကင်းဝေးစေရေးသည် နောင်တော်၏ အပေါ်၌သာ တည်သေးကြောင်းကို သိစေအပ်သည် နောင်တော်မင်းမြတ်။

(ပုံ) ညီတော် အလက်ဇန်းဒရား ဘုရင်မင်းမြတ်။

အခန်း ၄

ဇွန်လ ၁၄–ရက်နေ့ နံနက် နှစ်ချက်တီးအချိန်၌ အလက်ဇန်းဒရား ဘုရင်မင်းမြတ်သည် တပ်ရေးချုပ် ဗလရှေကို ရှေ့တော်သို့ ဆင့်ခေါ်တော်မူ၍ နပိုလီယန်ထံ ပေးသည့် ရာဇသံကို ဖတ်ပြကာ ထိုရာဇသံကို ယူဆောင်လျက် ပြင်သစ်ဧကရာဇ်မင်းထံ ကိုယ်တိုင် ဝင်ရောက်ဆက်သရန် အမိန့်တော် မှတ်လိုက်၏။ တပ်ရေးချုပ် ဗလရှေအား ရာဇသံကို ပေးအပ်စဉ်၌လည်း ရုရှားမြေပေါ်တွင် လက်နက်ကိုင် ရန်သူတစ်စုံတစ်ယောက် ရှိနေသမျှ မိမိသည် ငြိမ်းချမ်းရေး ဆွေးနွေးမည် မဟုတ်ကြောင်းဖြင့် ထပ်လောင်းမိန့်ကြားကာ ဤအကြောင်းကိုလည်း နပိုလီယန်အား လျှောက်တင်ရန် မှာကြားတော်မူလိုက်၏။ အလက်ဇန်းဒရား ဘုရင်မင်းမြတ်သည် ဤစကားလုံးများကိုကား ရာသဲထဲတွင် ထည့်သွင်း ဖော်ပြခြင်း မပြုလိုက်ချေ။ အကြောင်းမူကား ယခုကဲ့သို့ နှစ်ဦးနှစ်ဖက် ပြေငြိမ်းရန် နောက်ဆုံးအကြိမ် ကြိုးစားလျက်ရှိသည့်အချိန်တွင် ဤစကားများကို သုံးနှုန်းလိုက်ခြင်းသည် မိမိအနေဖြင့် ဉာဏ်အမြော်အမြင်ကင်းမဲ့ရာ ရောက်ခြင်းသာ ဖြစ်လိမ့်မည်ကို ရာဇပရိယာယ် ကြွယ်ဝသူပီပီ သိမြင်သောကြောင့် ဖြစ်လေသည်။ သို့ရာတွင် နပိုလီယန်ထံသို့ ဤစကားလုံးများအတိုင်း နှုတ်မှလျှောက်တင်ရန်ကိုကား ဗလရှေကို အတိအလင်း ညွှန်ကြားတော် မူလိုက်လေသည်။

တပ်ရေးချုပ်ဗလရှေသည် ကော့ဆက်မြင်းတပ်ဗိုလ်နှစ်ဦးနှင့် ခရာကိုင် တပ်ဗိုလ်တစ်ဦးကို ခေါ်လျက် ဇွန်လ ၁၄–ရက်နေ့ နံနက်အကူး၌ စခန်းမှ ထွက်လာခဲ့ရာ ရုရှားနိုင်ငံဘက် နီမင်မြစ်ကမ်းပေါ်ရှိ ရိုင်ကွန်တီ ရွာကလေးတွင် အခြေစိုက်ထားသည့် ပြင်သစ်ရှေ့ပြေးကင်းစခန်းသို့ လင်းလတ်ချိန်တွင် ရောက်ရှိခဲ့လေသည်။ ရှေ့ပြေးကင်းစခန်းသို့ အရောက်၌ ပြင်သစ်မြင်းတပ် ကင်းစောင့်များက တပ်ရေးချုပ် ဗလရှေကို ရပ်တန့်စေသည်။

ကြက်သွေးတောင် စစ်ဝတ်စုံနှင့် မွေးပွသံပရာခွံဦးထုပ်တို့ကို ဝတ်ဆင်ထားသည့် ပြင်သစ် မြင်းတပ်အရာခံဗိုလ်ကလေးတစ်ဦးသည် ကင်းစခန်းအနီးသို့ ချဉ်းကပ်လာသော တပ်ရေးချုပ် ဗလရှေကို ရပ်တန့်ရန် အော်ဟစ်

www.burmeseclassic.com

www.burmeseclassic.com

အဓိန္ဒေးလိုက်သည်။ တပ်ရေးချုပ် ဗလရှေသည် ချက်ချင်း နုတ်ထွက်ခြင်း မပြုသေးဘဲ ဇော်ကိုဆွဲ၍ တစ်လှမ်းချင်း ဦးလာခဲ့၏။

ပြင်သစ်အရာခံဗိုလ်ကလေးသည် မျက်မှောင်ကုတ်ထား ပြင်သစ်ဘာသာဖြင့် ဆဲရေးတိုင်းထွာခြင်းပြု၍ တပ်ဆူးချုပ် ဗလရှေ၏ဘက်သို့ မြင်းကို ဦးတည်ပေးလိုက်လျက် တည့်တည့်ကြီး စီးလာခဲ့ပြီးနောက် ခါးမှ ဓားလွယ်ထုံ လက်ဖြင့် ဆုပ်ကိုင်ထားရင်း အရပ်ခိုင်းသည်ကို မရပ်ခြင်းမှာ နားပင်း၍လောဟု ရုရှားဗိုလ်ချုပ်ကို မချေမငံ အော်ဟစ်မေးမြန်းလိုက်၏။ တပ်ရေးချုပ် ဗလရှေက ဒီဒီ မည်သူမည်ဝါဖြစ်ကြောင်းကို ထုတ်ဖော် ပြောဆိုလိုက်သည်။ ပြင်သစ် အရာခံဗိုလ်ကလေးသည် တပ်ရေးချုပ် ဗလရှေကို အရေးမစိုက်ဟန်ဖြင့် ၎င်းတို့၏တပ်ရင်းကိစ္စများကို သွေးသောက်များနှင့် ပြောဆိုလျက်ရှိလေသည်။ ဗလရှေသည် အမြင့်ဆုံးသော တန်ခိုးအရှိန်အစော်နှင့် အခွင့်အာဏာကို ရရှိသည့် တပ်ရေးချုပ်ရာထူး၌ အမှုထမ်းခဲ့သည်မှာ ကြာခဲ့ပြီဖြစ်၏။ လွန်ခဲ့သည့် သုံးနာရီခန့်က လည်း ဘုန်းတော်ကြီးလှသော ဘုရားကိုယ်တိုင်က အရေးတယူ ဆက်ဆံပြောဆိုခြင်းကို ခံခဲ့ရသူဖြစ်၏။ ထိုမျှမက မင်းမှုတော်ထမ်း သက်တမ်းတစ်လျှောက်၌ မိမိ၏ရာထူးဌာနန္တရနှင့် ထိုက်တန်သော ရိုသေလေးမြတ်ခြင်းကို ခံယူရရှိခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်၏။ သို့စင်လျက် မိမိအပေါ်၌ ရန်သတ္တုရပြုရုံမျှမက မခန့်မညား မလေးမစား ဝိုင်းပျစော်ကားစွာ အဓမ္မနည်းသုံး၍ ရပ်တန့်စေခြင်းမျိုးကို မိမိတို့ပိုင်နက်ဖြစ်သော ရုရှားနယ်မြေပေါ်တွင် တွေ့နေရခြင်းကား ခံပြင်းစရာကောင်းလှဘိသည်ဟု တွေးလျက်ရှိလေသည်။

နေလုံးကြီးသည် အရှေ့ဘက် တိမ်တိုက်များအကြားမှ ထွက်ပြူစ ပြုခဲ့လေပြီ။ နံနက်ခင်း လေပြည်ကလည်း နှင်းနုံသင်းလျက် လတ်ဆတ်လှသည်။ စားကျက်သို့ ထွက်လာကြသော နွားမောင်းသမားများကို ရွာလမ်းတစ်လျှောက်ဆီမှ ကြားရ၏။ လယ်ကွင်းများအထက်၌ကား ရေမျှော်နှာပြင်ပေါ်သို့ ရေပလုံကလေးများ တစ်လုံးပြီး တစ်လုံး တက်လာသကဲ့သို့ မိုးယံထက်သို့ တက်လာသော မိုးသွေ့ကလေးများ၏ မြည်ကြူးသံတို့သည် စီစီညံလျက်ရှိ၏။

တပ်ရေးချုပ် ဗလရှေသည်ပတ်ဝန်းကျင် သြကာသ လောကဓာတ်ရှုခင်းကို ငေးမောကာ ရွာထဲမှထွက်လာမည့် ပြင်သစ်တပ်ဗိုလ်တစ်ဦးကို စောင့်ဆိုင်းလျက်ရှိ၏။ တပ်ရေးချုပ် ဗလရှေ၏နောက်တွင် ပါလာသည့် ရုရှားကော့ဆက် မြင်းတပ်ဗိုလ်နှစ်ဦး၊ ခရာကိုင် တပ်ဗိုလ်တစ်ဦးတို့သည် ပြင်သစ်မြင်းတပ်ဗိုလ်များနှင့် တစ်ဦးကိုတစ်ဦး တိတ်ဆိတ်စွာ အကဲခတ်ကြည့်လျက် ရှိကြ၏။

ပြင်သစ် မြင်းတပ်ဗိုလ်မှူးကြီး တစ်ယောက်သည် ယခုမှ အိပ်ရာမှနိုးလာသည့် လက္ခဏာဖြင့် မြင်းတပ်ဗိုလ်ကလေးနှစ်ဦး လိုက်ပါလျက် လှပချောမွေ့သော ဖောင်းဝတ်ပြာရောင် မြင်းကြီးကိုစီးကာ ရွာမှ ထွက်လာလေသည်။ မြင်းတပ်ဗိုလ်မှူးကြီးသည် လည်းကောင်း၊ မြင်းတပ်ဗိုလ်ကလေးနှစ်ဦးသည် လည်းကောင်း၊ မြင်းကြီးများသည် လည်းကောင်း သပ်ရပ်ခန့်ညားလှပေ၏။

ထိုအချိန်ကား စစ်ဦးကာလဖြစ်လျက် တပ်ဗိုလ်တပ်သားအားလုံးသည် ငြိမ်းချမ်းရေးကာလ စစ်ဗျူဟာသဘင် ခင်းကျင်းစဉ်ကဲ့သို့ စစ်ဝတ်စစ်စား အဆောင်အယောင် အခမ်းအနားတို့ဖြင့် သပ်ရပ်သန့်ရှင်းစွာ ရှိကြ၏။ သို့ရာတွင် စစ်ဦးကာလမျိုး၌ ဖြစ်ပေါ်လေ့ရှိသည့် ခမ္မတာအတိုင်း စစ်မာန်တက်ခြင်း၊ မြူးကြွခြင်း၊ စိတ်အားထက်သန်ခြင်း စသည့် အရိပ်အရောင်များသည် ၎င်းတို့၏ စစ်ဝတ်စုံများပေါ်၌ ယှက်သန်းလျက် ရှိကြလေသည်။

ပြင်သစ် မြင်းတပ်ဗိုလ်မှူးကြီးသည် သမ်းဝေတော့မည် ပြုပြီးမှ ချုပ်တည်းထားလိုက်သည်။ ပြင်သစ်မြင်းတပ်ဗိုလ်မှူးကြီးမှာ ယဉ်ကျေးဖွယ်ရာခြင်းရှိလျက် တပ်ရေးချုပ် ဗလရှေ၏ အရေးတကြီး လာရောက်ခြင်းကိုလည်း ကောင်းစွာ နားလည်သူဖြစ်၏။ ပြင်သစ် မြင်းတပ်ဗိုလ်မှူးကြီးသည် တပ်ရေးချုပ် ဗလရှေကို ရှေ့ပြေးကင်းတပ်သားများရှေ့မှ ဖြတ်၍ ရှေ့ပြေးကင်းစခန်းနောက်ရှိ ပြင်သစ်စစ်ကြောင်းထဲသို့ ခေါ်ဆောင်လာခဲ့လျက် ပြင်သစ် ဧကရာဇ်မင်းမြတ်မှာ ဤနေရာမှ များစွာ မကွာဝေးလှသော တစ်နေရာတွင် စံမြန်းလျက်ရှိသည်ဟု မိမိယူဆကြောင်း၊ ထို့ကြောင့် ပြင်သစ်ဘုရင်မင်းမြတ်ထံ ဝင်ရောက်ခစားလိုသော တပ်ရေးချုပ်၏ ဆန္ဒသည်လည်း မကြာမီ ပြီးမြောက်ဖွယ်ရှိကြောင်းဖြင့် ပြောဆိုခြင်း ပြုလေသည်။

ဤသို့ဖြင့် တပ်ရေးချုပ် ဗလရှေနှင့် ပြင်သစ်မြင်း

www.burmeseclassic.com

www.burmeseclassic.com

တပ် ဗိုလ်မှူးကြီးတို့အဖွဲ့သည် ရိုင်ကွန်တီရွာထဲမှ ဖြတ်၍ လာခဲ့ကြ၏။ လှန်ကြိုးများဖြင့် လှန်ထားသော ပြင်သစ် မြင်းတပ်မှ မြင်းများကိုလည်းကောင်း၊ မိမိတို့၏ မြင်းတပ် ဗိုလ်မှူးကြီးအား အရိုအသေပေးရင်း တပ်ရေးဗိုလ်ချုပ် ဗလရှေနှင့်အဖွဲ့၏ ရုရှားစစ်ဝတ်စုံများကို အထူးအဆန်း သဖွယ် ငေးကြည့်လျက်ရှိကြသည့် ကင်းစောင့်တပ်သား များကိုလည်းကောင်း ဖြတ်ကျော်ခဲ့လျက် ရွာ၏အခြားဘက် အစွန်းသို့ ရောက်လာခဲ့ကြသည်။ ပြင်သစ် မြင်းတပ်ဗိုလ်မှူး ကြီးက တပ်မကြီးကို ဦးစီးကွပ်ကဲသည့် တပ်မကြီးမှူးမှာ ဤရွာမှ ငါးရာတွင်းခန့် ကွာဝေးသော စခန်းတွင်ရှိကြောင်း၊ တပ်မကြီးမှူးက တပ်ရေးချုပ် ဗလရှေအား ကြိုဆိုကာ လိုရာခရီးသို့ လိုက်ပို့လိမ့်မည်ဖြစ်ကြောင်းဖြင့် ပြောပြခြင်း ပြု၏။

ယခုအချိန်၌ နေမင်းမှာ လွတ်လွတ်ကျတ်ကျတ်ကြီး ထွက်ပေါ်လာပြီဖြစ်လျက် နေခြည်များသည် တောက်ပစိမ်းစိုသော တောအုပ်များပေါ်တွင် ဖြာကျလျက်ရှိလေသည်။

ပြင်သစ် မြင်းတပ်ဗိုလ်မှူးကြီးနှင့် တပ်ရေးချုပ် ဗလရှေတို့အဖွဲ့သည် တောင်ကမူကလေးတစ်ခုပေါ်သို့ တက်လာခဲ့ကြ၍ တောထမင်းဆိုင်ကလေးတစ်ခုကို လွန်လာပြီးသည့် တစ်ခဏ၌ မိမိတို့ထံသို့ ရှေးရှုလာနေသော မြင်းကိုယ်စီနှင့် လူတစ်စုကို မြင်လိုက်ရ၏။ မြင်းကိုယ်စီနှင့် လာသူတစ်သိုက်၏ ရှေ့ဆုံး၌ ဦးထုပ်တွင် ငှက်တောင်များကို အပြည့်စိုက်ထားကာ နက်မှောင်ရှည်လျားသော ဆံပင်များ ပခုံးပေါ်ထိ ပျံဝဲလျက်ရှိသည့် အရပ်ခပ်မြင့်မြင့် လူတစ်ယောက်သည် နေရောင်ထဲတွင် ပြိုးပြိုးပြက်ပြက် အရောင်တလက်လက် ထွက်လျက်ရှိသော တင်ရမ်းကကြိုး တန်ဆာတို့ ဆင်ယင်ထားသည့် အုန်းခွံနက်ရောင် မြင်းကြီး တစ်ကောင်ကို စီးလာ၏။ ထိုလူသည် အနီရောင်ဝတ်ရုံ ဖားဖားကြီးကို ခြုံထားလျက် ခြေနင်းကွင်းနင်းထားသည့် ခြေထောက်များကို ပြင်သစ်ဟန်ပါပါဖြင့် ရှေ့သို့ ဆန့်တန်းထားကာ တပ်ရေးချုပ် ဗလရှေထံသို့ မြင်းကို အသားကျ စီးလာလေရာ ၎င်း၏ဦးထုပ်မှငှက်တောင်များသည် လှုပ်ယမ်းလျက်ရှိ၍ ဝတ်ဆင်ထားသည့် ရတနာများနှင့် ရွှေစလွယ်ကြိုးသည် ဇွန်လ၏တောက်ပသော နေရောင်ထဲတွင် တဝင်းဝင်း တလျှပ်လျှပ် တောက်လျက်ရှိကြလေသည်။

လက်ဝတ်တန်ဆာများ၊ ငှက်တောင်များ၊ ပုလဲသွယ်များနှင့် ရွှေချည်ထိုး ဝတ်ရုံကြီးစသည်တို့ကို ဝတ်ဆင်လျက် မိမိထံသို့ ဧာတ်မင်းသားဟန် လေးနက်တင်းမာသော မျက်နှာထားဖြင့် အသားကျစီး၍လာသော ထိုမြင်းစီးယောကျ်ားသည် တပ်ရေးချုပ် ဗလရှေနှင့် မြင်းနှစ်လျား အကွာသို့ ရောက်လာသည်၌ ပြင်သစ်မြင်းတပ်ဗိုလ်မှူးကြီး ဂျူလနာက တပ်ရေးချုပ် ဗလရှေအနီးသို့ ကပ်ကာ ထိုသူမှာ 'နေပဲပြည် ဘုရင်မင်းမြတ်' ဖြစ်ကြောင်း ရိုသေစွာ ပြောဆိုလိုက်၏။ 'နေပဲဘုရင်' ဟု အခေါ်ခံရသူကား အခြားသူမဟုတ်။ ပြင်သစ်ဗိုလ်ချုပ် မူးရတ်ပေတည်း။ မူးရတ်သည် မည်သို့မည်ပုံ နေပဲပြည်၏ ဘုရင်ဖြစ်လာသည်ဟု မသိရသော်လည်း နေပဲပြည်၏ ဘုရင်မင်းမြတ်အဖြစ် တန်ခိုးထွားလျက်ရှိကာ ၎င်းကိုယ်တိုင်ကလည်း မိမိသည် မင်းစဉ်မင်းဆက် ဆင်းသက်လာသော နေပဲပြည်၏ နန်းစဉ်နန်းရိုး ဘုရင်တစ်ဆူသဖွယ် ထင်မှတ်လျက်ရှိလေသည်။ ထို့ကြောင့်လည်း မူးရတ်သည် ခါတိုင်းထက် လေးနက်တင်းမာသော မျက်နှာထားနှင့်တကွ ခါတိုင်းထက် အရေးကြီးသော အမူအရာကို ဆောင်ထားခြင်းဖြစ်လေသည်။ မူးရတ်သည် မိမိကိုယ်ကို နန်းစဉ်နန်းဆက် ဆင်းသက်လာသော နေပဲပြည်၏ဘုရင်ဟု ယူဆသည့်နေရာ၌ မည်မျှလောက် ဘဝင်မြင့်လျက် ရှိသနည်းဟူမူ နေပဲမှ စစ်မြေပြင်သို့ ထွက်ခွာခါနီးတွင် အီတလီမြို့သူမြို့သားများအား လမ်းတစ်ဖက်တစ်ချက် တန်းစီရပ်စေလျက် 'ဘုရင်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ'ဟု ကောင်းချီးဩဘာပေးစေရန် စီမံသည်အထိ ဖြစ်လာခဲ့လေသည်။ မိမိ၏ ဇနီးနှင့်အတူ မြို့မှအထွက် ဤသို့ အီတလီမြို့သူမြို့သားများက ကောင်းချီးဩဘာ ပေးကြသောအခါ၌ကား မူးရတ်၏ ဘဝင်ခိုက်ခြင်း၊ ပိတိလွမ်းခြင်းများသည် ဆိုစရာမရှိတော့ပြီ။ မူးရတ်သည် ကောင်းချီးဩဘာပေးသံများကို ကြားသောအခါတွင် ဇနီးသည်ဘက်သို့ လှည့်လျက် "အိမ်၊ သနားစရာပေပဲ။ ငါကိုယ်တော်မြတ် စစ်မြေပြင်ကို ချီတက်တော်မူရင် အဖမဲ့သား ရေနည်းငါးပမာ ခိုကိုးရာမဲ့ကျန်ခဲ့ကြရာပေတော့မယ်" ဟူ၍ပင် မိန့်မြွက်တော်မူသော ဟူသတတ်။

မူးရတ်သည် မိမိကိုယ်မိမိ နေပဲပြည်၏ဘုရင်ဟု ဘဝင်မြင့်လျက် ရှိသည်ဖြစ်၍ မိမိစစ်မြေသို့ ထွက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com

ခြင်းကြောင့် ယခုအချိန်၌ သစ္စာတော်ခံ အီတလီလူမျိုးတို့သည် ကြီးစွာ ယူကျုံးမရဖြစ်လျက် ရှိကြချိမ့်မည်ဟု အထင်ရောက်ကာ အီတလီပြည်သားတို့အား မဟာသနား ကရုဏာဖြစ်လျက် ရှိလေသည်။ သို့ရာတွင် ပိုလန်ပြည် ဒန်းဇစ်မြို့၌ နပိုလီယန်နှင့် နောက်ဆုံးတွေ့ခဲ့၍ "ယောက်ဖတော်၊ သင့်အား နေပါပြည်၏ ဘုရင်အဖြစ် ငါ ခန့်အပ်တော်မူသည်။ သို့ရာတွင် သင်၏ နည်းအတိုင်း အုပ်ချုပ်ခြင်း မပြုမူ၍ ငါ၏ နည်းအတိုင်းသာ အုပ်ချုပ်လေ"ဟု ၎င်း၏ ကြီးမြတ်သော ရွေယောက်ဖတော် နပိုလီယန်က အမိန့်တော်မြတ် ချမှတ်ခဲ့ပြီးသည့် နောက်တွင်ကား မူးရတ်မှာ ရှင်ဘုရင်လုပ်ရခြင်းကို စိတ်ပျက်လျက် ရှိလေပြီ။ ယခု နပိုလီယန်က စစ်မှုထမ်းရန် ဆင့်ခေါ်သော အခါတွင်မူ မူးရတ်သည် သူတစ်ပါးခိုင်းရာကို လုပ်ရသော ရှင်ဘုရင်အဖြစ်ကို စွန့်၍ မိမိကျွမ်းကျင်သော စစ်တိုက်ခြင်းအမှုကို ပြုရတော့အံ့ဟု များစွာ အားတက် ရွှင်လန်းခြင်းဖြစ်လျက် အသွေးကျပေ့ အဖိုးထိုက်ပေ့ဆိုသော အဝတ်တန်ဆာ ဘယက်ဒွါဒရာများကို ဝတ်ဆင်ကာ ပိုလန် စစ်မြေပြင်သို့ ဒုန်းစိုင်း၍ ရောက်လာခဲ့ပေရာ ပမာဆိုရ သော် မူးရတ်မှာ လှည်းတွင် တပ်မောင်းသောအခါ လှည်းထမ်းပိုးကြားထဲ၌ အနေရခက်လျက်ရှိရာမှ ကကြိုး တန်ဆာ ကောင်းစွာ ဆင်ယင်ပေးလိုက်သောအခါတွင် မြှားကြွလာသည့်၊ အစာရေစာဝလင်စွာ စားရသော်လည်း အလွန်အမင်း ဆူဖြိုးခြင်း မရှိသေးသော မြင်းကြီးတစ်ကောင်နှင့်ပင် တူသေးတော့သည်။ သို့ရာတွင် မည်သည့် အရပ်သို့သွား၍ မည်သည့် အကြောင်းကြောင့် စစ်တိုက်ရမည် ဆိုခြင်းကိုကား မူးရတ် မသိရှာချေ။

တပ်ရေးချုပ် ဗလရှေကို မြင်သည်၌ မူးရတ်သည် ပခုံးစွန်းထိ ဝဲကျသော ဆံရှည်တို့ဖုံးလျက်ရှိသည့် ခေါင်းကို ကြီးစွာသော ရာဇကြန္ဒြေဖြင့် မော့ထားလိုက်ပြီး ပြင်သစ် ဗိုလ်မှူးကြီးအား လျှောက်တင်ဖွယ် မည်သို့ရှိသနည်းဟူသော အကြည့်မျိုးဖြင့် ကြည့်လျက်ရှိ၏။ ပြင်သစ်မြင်းတပ်ဗိုလ်မှူးကြီး ဂျူလနာက တပ်ရေးချုပ် ဗလရှေ ရာဇတမန်အဖြစ် ရောက်ရှိလာကြောင်း ရှိသေလေးမြတ်စွာ လျှောက်တင်ခြင်း ပြုသည်။ (ပြင်သစ် ဗိုလ်မှူးကြီးမှာ တပ်ရေးချုပ် ဗလရှေ၏ နာမည်ကို ပီသအောင် မခေါ်တတ်ချေ။)

"အိမ်း၊ တပ်ရေးချုပ်ကြီး ဗလရှေမှတ်တယ်ဗျား" မူးရတ်က (မိမိ၌ ပြင်သစ်ဗိုလ်မှူးကြီး ရှိသေခဲ့ညားလောက်သော ရာဇကြန္ဒြေရှိပြီဟု ကျေနပ်လျက်ရှိရာက) ပြောလိုက်၏။ "တပ်ရေးဗိုလ်ချုပ်ကြီးနဲ့ တွေ့ရလို့ ဝမ်းမြောက်တော်မူပေတယ်ဗျ"

မူးရတ်က မိမိရွှေဖဝါးတော်အောက်သို့ ဝင်ရောက် ခိုလှုံသူတစ်ဦးအား ဘုရင်တစ်ပါးက မိန့်ကြားသည့် လေသံမျိုးဖြင့် ဆို၏။

သို့ရာတွင် ဘုရင်မူးရတ်သည် စကားကို ခပ်ကျယ်ကျယ် ခပ်မြန်မြန် ပြောစပြုလာသည်နှင့် တစ်ပြိုင်နက် ၎င်း၏ ရာဇဂုဏ်၊ ရာဇကြန္ဒြေတို့သည် ပဲ့စပြုကာ ၎င်းကို ချက်ချင်း စွန့်လွှာထွက်ပြေးကြလေပြီ။ မူးရတ်ကား ဤအခြင်းအရာကို သတိပြုမိသေးခြင်း မရှိဘဲ ကျယ်လောင်စွာ ဆက်လက် ပြောဆိုလျက်ရှိလေရာ နောက်ဆုံး၌ ဖက်လဲ့တကင်း ရင်းရင်းနှီးနှီး ပြောတတ်သော ၎င်း၏ ပင်ကို အသံသို့ ရောက်မှန်းမသိ ရောက်လာခဲ့လေပြီ။ မူးရတ်သည် တပ်ရေးချုပ် ဗလရှေစီးလာသော မြင်း၏ မြီးပန်းကို လက်ဖြင့် ပွတ်လိုက်သည်။

"ဘယ့်နယ်လဲ တပ်ရေးဗိုလ်ချုပ်ကြီးရ၊ ကျုပ်တို့လဲ အပျက်အပျက်နဲ့ စစ်ပြုတဲ့ အခြေအနေကို ရောက်ကြပြီဗျ" မူးရတ်က ဖြစ်ပျက်လျက်ရှိသော အခြေအနေများကို မိမိတားဆီးခြင်းငှာ မစွမ်းသည့်အတွက် ဝမ်းပန်းတနည်း ဖြစ်လျက်ရှိသည့် အသံမျိုးဖြင့် ပြောလိုက်သည်။

"မှန်လှပါ ဘုရင်မင်းမြတ်၊ ကျွန်တော်၏ အရှင်ဘုန်းတော်ကြီးသော အလက်ဇန်းဒရား ဘုရင်မင်းမြတ်သည်လည်း စစ်ကို မလိုလားပါ။ ဘုရင်မင်းမြတ် သိတော်မူသည့်အတိုင်း"

တပ်ရေးချုပ် ဗလရှေသည် ရှင်ဘုရင်ဘွဲ့ကို ငမ်းငမ်းတက် ဖြစ်နေသူတစ်ဦးနှင့် စကားပြောဆိုရာတွင် ရှောင်လွဲမရတော့သည့်အတွက် 'ဘုရင်မင်းမြတ်' ဟူသော စကားလုံးကို အခွင့်သင့်တိုင်း မိုးမွန်အောင် သုံးစွဲပြောဆိုလျက်ရှိသည်။

မူရတ်၏ မျက်နှာကား သည်းခြေကြိုက်စကားလုံးကို ကြားလိုက်ရသည်၌ မှိုရသော မျက်နှာကဲ့သို့ ဝင်းထိန်လျက်ရှိလေပြီ။ သို့ရာတွင် 'လောကေ–လောကာ၌၊ ရာဇနော–မင်းတို့မည်သည်၊ ပတ္တာနုရူပကံ–အရေးအခွင့် ရောက်ဝဲ

www.burmeseclassic.com

www.burmeseclassic.com

သည်နှင့် လျော်သော ဝါကျစကားကို၊ ဇာနာတိ–သိရာ၏၊ ကိစ္စာနိ–ပြုဖွယ်ကိစ္စဟူသမျှကို၊ သဟသာ–အဆော တလျင်၊ ကရောတိ–ပြုရာ၏'ဟူသော ရာဇဝါဒ ကျမ်း ထွက်စကားနှင့်အညီ မိမိသည်လည်း ဘုရင်တစ်ပါး၊ သဟာယမဟာမိတ် တစ်ဦးအနေဖြင့် အလင်္ကဒန်းဒရား ဘုရင်၏ ရာဇတမန်နှင့် စိုင်းရေးပြည်ရာတို့ကို နှီးနော ဆွေးနွေးမှု လျော်ချိမ့်မည်ဟု မူးရတ်ယူဆသည်။ ထို့ကြောင့် မူးရတ်သည် မြင်းပေါ်မှဆင်း၍ နောက်လိုက်နောက်ပါ အခြွေအရံတို့ကို သင့်တင့်လျောက်ပတ်သော နေရာတွင် ခစားစေပြီးသော် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် ဝိသေသထူးသော စကားမျိုးကို မည်သို့ဆိုရအုံးနည်းဟု ကြံစည်စိတ်ကူးလျက် ရှိ၏။ ထို့နောက် ရုရှားဘုရင်မင်း မြတ်က ပြင်သစ်တပ်များကို ပရုပ်ရှားနိုင်ငံမှ ရုပ်သိမ်း ရန် တောင်းဆိုခြင်း၊ အထူးသဖြင့် တောင်းဆိုချက်ကို လူသိရှင်ကြား ကြေညာခြင်း စသည်တို့သည် ပြင်သစ်နိုင်ငံ တော်ကြီး၏ ဂုဏ်သိက္ခာကို ထိခိုက်စေကြောင်း၊ ထို့ကြောင့် ဧကရာဇ်ဘုရင် နပိုလီယန် အမျက်တော်ရှိကြောင်းဖြင့် ပြောဆိုခြင်း ပြုလေသည်။

တပ်ရေးချုပ် ဗလရှေ့ကလည်း ဤတောင်းဆိုချက် ၌ အမျက်ရှိစရာ မချေမငံ စကားတစ်ခုံတစ်ခု မပါကြောင်း ဖြင့် ပြန်၍ပြောဆိုသည်။ အဘယ်ကြောင့်ဆိုသော်...။သို့ရာ တွင် မူးရတ်က ကြားဖြတ်လျက်

"ဒီလိုဖြင့် ဘုရင်ဧကရာဇ် အလင်္ကဒန်းဒရားဟာ ကျူးကျော်ရန်စသူ မဟုတ်ဘူးလို့ တပ်ရေးချုပ်ကြီးက ဆိုလိုပေသပေါ့"ဟု ခပ်လှောင်လှောင်ပြုံး၍ မေးလိုက် သည်။

တပ်ရေးချုပ် ဗလရှေ့ကလည်း ဤစစ်ကို စတင်သူ မှာ နပိုလီယန် မင်းဧကရာဇ်သာ ဖြစ်သည်ဟု အဘယ် ကြောင့် ယူဆရကြောင်းကို ရှင်းလင်းပြောဆိုပြန်သည်။

"ကဲ၊ တပ်ရေးချုပ်ကြီး" မူးရတ်က ကြားဝင်၍ ပြောပြန်၏။ "ဤကိစ္စမှာ သူကျူးကျော်သည်၊ ငါ ကျူးကျော်သည်လို့ ကျုပ်တို့ချင်း အငြင်းထွက်နေရုံနဲ့တော့ အရေးတော်ပြီးစီးမယ် မဟုတ်ပေဘူးဗျ။ ဒီကိစ္စကို အရှင် ဧကရာဇ်နှစ်ပါးတို့ ကိုယ်တိုင် စီမံဖြေရှင်းမှသာ ပြီးပေ လိမ့်မယ်။ ကျုပ်သဘောအရဆိုရင်တော့ ကျုပ်တို့ အလို မဟုတ်ဘဲနဲ့ ပေါ်ပေါက်လာတဲ့စစ်ကို မြန်နိုင်သမျှ မြန် မြန်သာ ပြီးစေချင်တာပဲ"

မူးရတ်က သခင်နှစ်ပါး ရန်စစ်ဖြစ်ကြသော်ငြား လည်း ကျွန်တော်မျိုး အချင်းချင်းကား မီးမသေ ရေမနောက် ရွှေတစ်ပြားတည်းကဲ့သို့ နေလိုသော ဆန္ဒရှိသည့် ကျေးတော် မျိုး ကျွန်တော်မျိုး၏ လေသံမျိုးဖြင့် ပြောသည်။

ထို့နောက် မူးရတ်သည် ရုရှားပြည့်ရှင် ဧကရာဇ်၏ နောင်တော်အိမ်ရှေ့ ဥပရာဇမင်းသားကြီး၏ ကျန်းမာရေး ကို မေးမြန်းစုံစမ်းပြီးနောက် မိမိနှင့် အိမ်ရှေ့ ဥပရာဇ မင်းသားကြီးတို့ နေပါပြည်တွင် ပျော်ရွှင်စွာ နေထိုင်ခဲ့ပုံ များကို ပြန်ပြောင်း ပြောဆိုလျက်ရှိ၏။ တစ်ဖန် မင်း တို့ သိမ်းဆည်းအပ်သော ရာဇကြွန်ဖြေကို ချက်ချင်း သတိ ရသွားပြန်ရကား ကြွန်ဖြေဆည်လိုက်လျက် ရာဇဘေသေက ခံစဉ်က ဟန်မျိုးဖြင့် မတ်တတ်ရပ်ရာမှ လက်ယာလက်ကို ဝှေ့.ယမ်း၍

"ကဲ၊ တပ်ရေးချုပ်ကြီး၊ တပ်ရေးချုပ်ကြီးကို ကျုပ် တာရှည်ဆိုင်းငံ့ထားခြင်း မပြုလိုပေဘူး။ တပ်ရေး ချုပ်ကြီးရဲ့ အရေးကိစ္စ အောင်မြင်ပါစေလို့ ဆုတောင်း ပါတယ်"ဟု ဆိုကာ အနီရောင် ရွှေချည်ထိုး ဝတ်လုံ၊ လှုပ်ယမ်းလျက်ရှိသော ငှက်တောင်များ၊ ပြိုးပြိုးပြောင် ပြောင် အရောင်ထွက်လျက်ရှိသော လက်ဝတ်တန်ဆာများ ကို မြင်ရသူတို့ အာရုံပြုစေလောက်အောင် ဟန်ပြလျက် သင့်တင့်လျောက်ပတ်သော အရပ်မှ ခစားလျက်ရှိသည့် အခြွေအရံများထံသို့ ပြန်သွားလေသည်။

မူးရတ်၏စကားအရ မကြာခင် နပိုလီယန် ဧကရာဇ်နှင့် တွေ့ရတော့မည်ဟု ယူဆလျက် တပ်ရေးချုပ် ဗလရှေ့လည်း မြင်းကို ဆက်စီးခဲ့၏။ သို့ရာတွင် နောက် ထပ် ရွာတစ်ရွာသို့ ရောက်သည့်အခါတွင်မူကား နပိုလီယန် ဧကရာဇ်နှင့် တွေ့ရမည့်အစား ရှေ့ကြောင်းချီတပ်ဦး ကင်းတပ်များ၏ တားဆီးခြင်းကို ခံရသကဲ့သို့ ပြင်သစ် စစ်သူကြီး ဒါဗောက်၏ ခြေလျင်တပ်ဖွဲ့ ကင်းစောင့်များ၏ တားဆီးခြင်းကို ခံရပြန်လေသည်။ တပ်ဖွဲ့၏တပ်ရေး ဗိုလ်သည် တပ်ရေးချုပ် ဗလရှေ့ကို ပြင်သစ်စစ်သူကြီး ဒါဗောက် စခန်းချလျက်ရှိသည့် ရွာသို့ ခေါ်ဆောင်သွား လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၅

စစ်ဝန်ကြီး အာရုတ်ချေ့သည် ရုရှားဘုရင် အလက်ဇန်းဒရား၏ လက်ရုံးကြီး တစ်ဆူကြီး ဖြစ်သကဲ့သို့ စစ်သူကြီး ဒါဗောက်သည်လည်း နပိုလီယန်၏ လက်ရုံးကြီးဖြစ်လေသည်။ ပြင်သစ် စစ်သူကြီးဒါဗောက်သည် ရုရှားစစ်ဝန်ကြီး အာရုတ်ချေ့ကဲ့သို့ သတ္တိကြောင်သူတစ်ဦး မဟုတ်သော်လည်း တိကျသေချာခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ မိမိ၏ အရှင်ဧကရာဇ်အား သစ္စာရှိကြောင်းကို ပြရာတွင် အောက်လက်ငယ်သားများအား ရက်စက်ကြမ်းကြုတ်စွာ နှိပ်စက်ကလူ ပြုသည့်နည်းဖြင့်သာ ပြတတ်ခြင်း စသည်တို့ ၌ကား အာရုတ်ချေ့နှင့် ယိုးစွဲလိုက်သူ ဖြစ်လေသည်။

သဘာဝ၏ စက်ယန္တရားကြီးထဲ၌ ဝံပုလွေကဲ့သို့သော တိရစ္ဆာန်မျိုးသည် လိုအပ်သကဲ့သို့၊ အစိုးရ စက်ယန္တရားကြီးထဲ၌ အာရုတ်ချေ့လို စစ်သူကြီး၊ ဒါဗောက်လို ရက်စက်ကြမ်းကြုတ်သော ပုဂ္ဂိုလ်မျိုးသည် လိုအပ်ပေသည်။ ရှိလည်း ရှိကြသည်သာ ဖြစ်လေသည်။ ထိုသို့သော ပုဂ္ဂိုလ်များသည် နိုင်ငံ၏ဦးစီးဦးကိုင်ပုဂ္ဂိုလ် စသည်တို့နှင့် နီးကပ်ရင်းနှီးစွာ ဆက်ဆံရသော ရာထူးဌာနန္တရကြီးများနှင့် လားလားမျှ လျော်ကန် ထိုက်တန်ခြင်းမရှိစေကာမူ ထိုရာထူးများတွင် ရောက်ရှိနေတတ်ကြကာ ဘုရင်ငယ်တစ်ဆူသဖွယ်၊ ရုံးတစ်လုံး ဓားတစ်စင်းဖြင့် တန်ခိုးထွားကြမြဲ ဖြစ်လေသည်။ ဤကား ရှောင်လွှဲမရသော နိယာမတရားဟုပင် ဆိုရတော့မည် ဖြစ်လေသည်။ လက်ပစ်ဗုံးကိုင် ရဲမက်တစ်ယောက်၏ မုတ်ဆိတ်မွေးတစ်ပြုံလုံးကို ကိုယ်တိုင်ဆွဲနုတ်ခဲ့သော်လည်း ဘေးအန္တရာယ်ကို ရင်ဆိုင်ရဲသော သတ္တိဟူ၍ နည်းနည်းကလေးမျှ မရှိရုံမက ကျမ်းတတ် စာတတ်လည်း မဟုတ်၊ ထီးထဲနန်းထဲတွင် ကြီးပြင်းလာသူတစ်ယောက်လည်း မဟုတ်သည့် အာရုတ်ချေ့လို လူမျိုးတစ်ယောက်သည် သူရဲသတ္တိ အရာတွင် လည်းကောင်း၊ အားနည်းသူကို ကြင်နာသနားခြင်းအရာတွင် လည်းကောင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းအရာတွင် လည်းကောင်း၊ နူးညံ့ဖျော့ပျောင်းခြင်းအရာတွင် လည်းကောင်း နှစ်ယောက်မရှိသည့် အလက်ဇန်းဒရားဘုရင်၏ ရွေလက်ထက်တော်၌ ဤမျှ တန်ခိုးအရှိန်အဝါကြီးလှသော စစ်ဝန်ကြီးရာထူးတွင် တည်မြဲနေနိုင်ခြင်းမှာ ရှောင်လွှဲမရသော နိယာမတရားကြောင့်ဟူသော အကြောင်းပြချက်မှလွဲ၍ အခြားအကြောင်းပြစရာလည်း မရှိတော့ချေ။

တပ်ရေးချုပ် ဗလရှေ ရောက်သွားသောအခါ၌ ပြင်သစ်စစ်သူကြီး ဒါဗောက်သည် လယ်သမားတစ်ယောက်၏ နွားတင်းကုပ်ထဲရှိ စည်တစ်လုံးပေါ်တွင် ထိုင်ကာ စာရင်းအင်းများကို စစ်ဆေးလျက်ရှိ၏။ အမှန်အားဖြင့် စစ်သူကြီး ဒါဗောက်အတွက် ထိုထက် အဆများစွာ ကောင်းသော အဆောက်အအုံများရှိပါသည်။ သို့ရာတွင် မျက်နှာထား တင်းမာညှိုးပုပ်သော လူများသည် မိမိတို့၏ မျက်နှာထား တင်းမာညှိုးပုပ်ခြင်းကို တစ်ဖက်လူ မြင်သည့် အခါ၌ 'သူ့ခမျာ ဤမျှလောက် များပြားသော အလုပ်တာဝန်များကို ဤမျှ ညစ်ပတ်သော ပတ်ဝန်းကျင်တွင် နေ့မအား ညမအား ထမ်းဆောင်ရရှာပေသည်။ ထို့ကြောင့် သူတို့ခမျာ မျက်နှာထား တင်းမာညှိုးပုပ်နေရခြင်း ဖြစ်တန်ရာသည်'ဟု လက်ခံ ခွင့်လွှတ်နိုင်စေရန်အတွက် ညစ်ပတ်နံစော်သော ပတ်ဝန်းကျင်ကို တမင်ရွှေးချယ်၍ အလုပ်လုပ်တတ်ကြလေရာ စစ်သူကြီး ဒါဗောက်မှာလည်း ဤလို လူစားမျိုး ဖြစ်၏။ ဤလို အများက အထင်ခံရအောင်လည်း ထိုလူမျိုးများသည် အလုပ်ကို အပတ်တကုတ် ကြိုးစားလုပ်တတ်ကြလျက်၊ အမြဲတမ်း အရေးကြီးနေသည့် ဟန်ကိုလည်း ဆောင်ထားတတ်ကြလေသည်။ 'ဤမျှ ညစ်ပတ်သော နွားတင်းကုပ်ထဲတွင် စည်ပိုင်းပြတ်ကို ထိုင်ခုံပြု၍ အလုပ်လုပ်လျက်ရှိသော ကျွန်ုပ်လို လူမျိုး တစ်ယောက်အဖို့ မည်သို့ စိတ်ရှည်လန်းခြင်း ဖြစ်နိုင်မည်နည်း'ဟု စစ်သူကြီး ဒါဗောက်၏ မျက်နှာအမူအရာက ထုတ်ဖော်ပြောဆိုဟန် ရှိ၏။ ရုရှားစစ်ဝန်ကြီး အာရုတ်ချေ့နှင့် ပြင်သစ် စစ်သူကြီး ဒါဗောက်လို လူမျိုးသည် မိမိထံသို့ စိတ်အားထက်သန်စွာ လာရောက်တွေ့ဆုံသူတစ်ဦး ရောက်လာသည်နှင့် တစ်ပြိုင်နက် ထိုသူကို ဖုတ်လေသည့် ငါးပိ ရှိသည်ဟူ၍ပင် မအောက်မေ့ဘဲ ယား၍မျှ မကုတ်အားအောင် အလုပ်ရှုပ်လျက်ရှိသည့်ပုံမျိုးကို ဆောင်ခြင်းဖြင့် ဟိတ်ထုတ်တတ်ကြလေရာ ဤသို့ အမြဲတမ်း အရေးတကြီး အလုပ်များလျက်ရှိဟန် ဟိတ်ထုတ်ရခြင်းသည် ၎င်းတို့အဖို့ မရှိမဖြစ်သော လိုအပ်ချက်ကြီးတစ်ရပ် ဖြစ်ရုံမျှမက၊ အဓိကကျသော ဇီဝိန်ခံနည်းတစ်ခုလည်း ဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com

သည်။ တာဝန်ကျ တပ်ရေးဗိုလ်များက တပ်ရေးချုပ် ဗလရှေကို ခေါ်လာသောအခါ၌ စစ်သူကြီး ဒါဗောက် သည် ဤသို့သော ဇိမ်ခံနည်းဖြင့် အရသာခံလျက်ရှိလေသည်။ ၎င်း၏တင်းကုပ်ထဲသို့ ရုရှားတပ်ရေးချုပ် ဗလရှေ ဝင်လာသည်နှင့်တစ်ပြိုင်နက် စစ်သူကြီး ဒါဗောက်သည် အလုပ်ထဲတွင် များစွာ စိတ်ပါဝင်စားလျက် ရှိဟန်ကို ဆောင်လိုက်ပြီးနောက် မျက်မှန်ပေါ်မှ ကျော်၍ တပ်ရေးချုပ် ဗလရှေ၏မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။ နံနက်ခင်း၏ သာယာလှပခြင်းကြောင့်လည်းကောင်း၊ မူးရတ်ထံမှ မျှော်လင့်ချက်ရှိသော စကားမျိုးကို ကြားခဲ့ရခြင်းကြောင့် လည်းကောင်း တပ်ရေးချုပ် ဗလရှေ၏ မျက်နှာသည် ရွှင်လန်းထက်သန်လျက် ရှိ၏။ စစ်သူကြီး ဒါဗောက်သည် တပ်ရေးချုပ် ဗလရှေကို ကြည့်ပြီးနောက် မတ်တတ်ထခြင်းလည်း မပြု၊ လှုပ်ရှားခြင်းလည်း မရှိဘဲ မျက်မှောင်ကို ပို၍ ကုတ်ထားလိုက်ကာ မျက်နှာထားကိုလည်း ပို၍ တင်းထားလိုက်သည်။

ဤသို့ စစ်သူကြီး ဒါဗောက်၏ မထီမဲ့မြင်ပြုခြင်းကို တွေ့ရသည့်အခါ၌ တပ်ရေးချုပ် ဗလရှေ၏မျက်နှာတွင် မကျေနပ်သော အရိပ်အယောင်တို့ ပေါ်ပေါက်လာခဲ့လေပြီ။ ထိုအခြင်းအရာကို သတိပြုမိသည့်အခါတွင်မှ စစ်သူကြီး ဒါဗောက်သည် မော့ကြည့်လိုက်လျက် မည်သည့်ကိစ္စဖြင့် လာရောက်ကြောင်းကို စိတ်ပါဝင်စားခြင်း မရှိဟန်ဖြင့် မေးမြန်းစုံစမ်းခြင်း ပြုလေသည်။

မိမိသည် အလက်ဇန်းဒရား ဘုရင်မင်းမြတ်၏ တပ်ရေးချုပ်ဖြစ်ခြင်း၊ နပိုလီယန်ထံသို့ အထူးစေလွှတ်ခြင်း ခံရသော ရာဇတမန် ဖြစ်ခြင်းတို့ကို ပြင်သစ်စစ်သူကြီး ဒါဗောက် မသိသေး၍သာ မိမိအား ဤသို့ မထီမဲ့မြင် ဆက်ဆံခြင်း ဖြစ်တန်ရာသည်ဟု ယူဆသဖြင့် တပ်ရေးချုပ် ဗလရှေသည် မိမိ၏ ရာထူးအဆင့်အတန်းနှင့် လာရောက်ခြင်းကိစ္စကို ထုတ်ဖော်ပြောဆိုလိုက်သည်။ သို့ရာတွင် မျှော်လင့်သကဲ့သို့ ဖြစ်မလာဘဲ ဤသို့ ထုတ်ဖော်ပြောလိုက်ခါမှပင် စစ်သူကြီး ဒါဗောက်မှာ ပို၍ သုန်မှုန်လာကာ ပိုမိုရိုင်းပျစွာ ဆက်ဆံလာချေသေး၏။

"ဗိုလ်ချုပ်မှာ စာချွန်တော်ပါသလား" စစ်သူကြီး ဒါဗောက်က မေးသည်။ "ပါရင် ကျုပ်ဆီ ထားပစ်ခဲ့၊ ဘုန်းတော်ကြီးသော ဘုရားဆီကို ကျုပ်ပို့ပေးမယ်"

တပ်ရေးချုပ် ဗလရှေက ဤစာချွန်တော်ကို မိမိကိုယ်တိုင် နပိုလီယန် ဧကရာဇ်မင်းထံ ဆက်သရမည်ဟု အမိန့်ပါလာကြောင်းဖြင့် ပြန်ပြောလိုက်သည်။

"ဗိုလ်ချုပ်ရဲ့ ပြည့်ရှင်ဧကရာဇ်က ပေးတဲ့အမိန့်များကို ဗိုလ်ချုပ်တို့တပ်ထဲမှာသာ လိုက်နာဖို့ရှိသဗျ၊ ကျုပ်တို့ဆီမှာတော့ ကျုပ်တို့အမိန့်အတိုင်း လုပ်ရပေလိမ့်မယ်"

ထိုနောက် ပြင်သစ်စစ်သူကြီး ဒါဗောက်သည် ဤနေရာတွင် မိမိ၏စကားသာလျှင် အမိန့်အာဏာဖြစ်ကြောင်းကို ရုရှားတပ်ရေးချုပ် ဗလရှေ သိစေလိုဟန်ဖြင့် တပ်ရေးတစ်ယောက်ကို စေလွှတ်၍ တာဝန်ကျတပ်ဗိုလ်ကို အခေါ်ခိုင်းလိုက်သည်။

တပ်ရေးချုပ် ဗလရှေသည် အလက်ဇန်းဒရား ဘုရင်၏ စာချွန်တော်ပါသောစာထုပ်ကို ထုတ်၍ စားပွဲပေါ်သို့ (စားပွဲဟုဆိုရသော်လည်း စည်ပိုင်းနှစ်လုံးပေါ်တွင် ခင်းထားသော ပတ္တာများပင် မပြုတ်သေးသည့် တံခါးရွက်တစ်ချပ်သာ ဖြစ်၏။) တင်ထားလိုက်သည်။ ပြင်သစ်စစ်သူကြီး ဒါဗောက်သည် စာထုပ်ကိုဖြေ၍ စာချွန်ကို ထုတ်ဖတ်နေသည်။

"ကျုပ်ကို ရာဇတမန်တစ်ဦးအနေနဲ့ ရှိသေခန့်ညားစွာ ဆက်ဆံခြင်း ပြုမပြုကတော့ ဗိုလ်ချုပ်ဘာသာကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်" တပ်ရေးချုပ် ဗလရှေက ပြင်သစ် စစ်သူကြီး ဒါဗောက်၏ မချေမငံ ဆက်ဆံခြင်းကို ကန့်ကွက်ပြောဆိုလိုက်၏။ "ဒါပေမဲ့ ကျုပ်ဟာ ဘုန်းတော်ကြီးလှသော ဘုရင်ဧကရာဇ်ရဲ့ တပ်ရေးချုပ်ဖြစ်တယ်ဆိုတာကိုတော့ ဗိုလ်ချုပ် သဘိပြုစေလိုတယ်ဗျ"

ပြင်သစ်စစ်သူကြီး ဒါဗောက်သည် တပ်ရေးချုပ် ဗလရှေကို မျက်လုံးလှန်၍ ကြည့်လိုက်သည်။ တပ်ရေးချုပ် ဗလရှေ၏ မျက်နှာပေါ်တွင် ဒေါသထွက်သော အမူအရာကို မြင်ရခြင်းအတွက်လည်း ကျေနပ်အားရလျက် ရှိလေသည်။

"ထိုက်သည့်အားလျော်စွာ အရေးယူပြုစုခြင်းကိုတော့ ခံရမှာပဗျာ" ပြင်သစ်စစ်သူကြီး ဒါဗောက်သည် ဤသို့ ပြောဆိုကာ စာထုပ်ကို အိတ်ကပ်ထဲသို့ ထည့်၍ တင်းကုပ်အပြင်သို့ ထွက်သွားလေသည်။

တစ်မိနစ်ခန့်ကြာသောအခါ၌ စစ်သူကြီး ဒါဗောက်

www.burmeseclassic.com

www.burmeseclassic.com

၏ တပ်ရေးဖြစ်သော ဒီကက်စထရီ အမည်ရှိ တပ်ရေးဗိုလ်တစ်ဦး ရောက်လာကာ ရုရှားတပ်ရေးချုပ် ဗလရှေအား ၎င်းအတွက် သီးသန့်ပြင်ဆင်ထားသော သံတဲသို့ ခေါ်ဆောင်သွားလေသည်။

ထိုနေ့၌ ရုရှားတပ်ရေးချုပ် ဗလရှေသည် ပြင်သစ်စစ်သူကြီး ဒါဗောက်နှင့်အတူ နွားတင်းကုပ်ထဲရှိ စည်ပြတ်ထိုင်ခုံများနှင့် တံခါးရွက်စားပွဲတွင် ထိုင်ကာ ညစာစားရလေသည်။

နောက်တစ်နေ့ နံနက်စောစော၌ ပြင်သစ်စစ်သူကြီး ဒါဗောက်သည် ရုရှားတပ်ရေးချုပ် ဗလရှေကို ၎င်းထံသို့ ဆင့်ခေါ်၍ တပ်ရေးချုပ် ဗလရှေသည် ဤနေရာတွင် စောင့်ဆိုင်းနေရမည် ဖြစ်ကြောင်း၊ မကြာမီ ဝန်တင်လှည်းများ ထွက်ခွာလာရန် သက်ဆိုင်ရာမှ အမိန့်ပေးမည်ဖြစ်ရာ ထိုအခါ၌ အမိန့်အရ ထွက်ခွာလာမည်ဖြစ်သော ရိက္ခာတင် လှည်းများနှင့် လိုက်ခဲ့ရမည်ဖြစ်ကြောင်း၊ ထိုအတောအတွင်း မိမိ၏ တပ်ရေးဗိုလ်ဖြစ်သူ ဒီကက်စထရီနှင့်မှအပ အခြား မည်သူနှင့်မျှ စကားပြောရမည် မဟုတ်ကြောင်း စသဖြင့် တစ်ဖက်သား စောဒကတက်ခွင့် မရှိအောင်၊ တောင်းပန်သလိုလိုနှင့် တစ်ချက်လွတ် အမိန့်ပေးခြင်း ပြုလေသည်။ ထို့နောက်၌ကား ပြင်သစ်စစ်သူကြီး ဒါဗောက်သည် မြင်းတစ်စီးဖြင့် ထွက်ခွာသွားလေသည်။

ဤသို့ဖြင့် ရုရှားတပ်ရေးချုပ် ဗလရှေသည် အကျယ်ချုပ်ချုပ်ထားခြင်း ခံရသကဲ့သို့ အထီးတည်း စိတ်အား ညှိုးငယ်စွာ စောင့်ဆိုင်းခဲ့ရသည်။ အချိန်ကို အလဟဿ ဖြုန်းတီးခဲ့ရသည်။ ယခင်က တပ်ရေးချုပ် အနေဖြင့် ထည်ဝါခမ်းနားစွာ နေခဲ့ရသလောက် ရန်သူ၏ သံတဲစခန်းတွင် မထင်မရှား နွမ်းပါးစွာ နေခဲ့ရသည်။ ထို့နောက် ခရိုင်တစ်ခုလုံးကို သိမ်းပိုက်ထားသည့် ပြင်သစ် တပ်များ၊ စစ်သူကြီး ဒါဗောက်၏ ဝန်တင်လှည်းများနှင့် အတူ ဆင်းရဲညှိုးငယ်စွာ လိုက်ပါလာခဲ့ရပြီးနောက် လေးရက်မြောက်သောနေ့တွင် လွန်ခဲ့သော လေးရက်ခန့်က နှုပိုလီယန်ထံသို့ ရာဇတမန်အဖြစ် မိမိကိုယ်တိုင် ထွက်ခွာလာခဲ့သော မြို့တံခါးမှပင် ဝိလနာမြို့သို့ နပိုလီယန်နှင့် ဆွေးရန် ပြန်လည်ရောက်ရှိလာခဲ့လေသည်။

ဤလေးရက်အတွင်း၌ကား ဝိလနာမြို့သို့ ပြင်သစ် တပ်များက သိမ်းပိုက်ခဲ့ကြလေပြီ။

နောက်တစ်နေ့တွင် ပြင်သစ်ဧကရာဇ်မင်း၏ လူပျိုတော်သားတစ်ဦးဖြစ်သူ ပြင်သစ်မြို့စားကြီး တူရိန်းသည် တပ်ရေးချုပ် ဗလရှေထံသို့ ရောက်လာကာ ဧကရာဇ်ဘုရင် နပိုလီယန်က တပ်ရေးချုပ် ဗလရှေအား ချီးမြှောက်သောအားဖြင့် ညီလာခံသို့ ဝင်ရောက်ခစားခွင့် ပေးမည်ဖြစ်ကြောင်းဖြင့် အကြောင်းကြားလေသည်။

အချိန်စေ့သောအခါ၌ ဆိုင်ရာတို့က တပ်ရေးချုပ် ဗလရှေအား နပိုလီယန်၏ ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားရန် ယာယီစံအိမ်တော်သို့ ခေါ်ဆောင်သွားကြ၏။ လွန်ခဲ့သော လေးရက်ခန့်ကမူ တပ်ရေးချုပ် ဗလရှေကို ခေါ်ဆောင်သွားရာ စံအိမ်တော်ရှေ့၌ ရုရှား ပရီယိုဗရာဇင့် မြင်းတပ်ရင်းမှ တာဝန်ကျ အစောင့်တပ်သားများ စောင့်ကြပ်လျက်ရှိခဲ့ကြ၏။ ယခုမူကား စံအိမ်တော်ရှေ့၌ မွေးပွသံပရာခွဲဦးထုပ်ဆောင်းလျက် ရင်ဘတ်ဟထားသော အပြာရောင် ဝတ်စုံကို ဝတ်ဆင်ထားသည့် ပြင်သစ်လက်ပစ်ဗုံးကိုင် ရဲမက်နှစ်ဦး စောင့်ကြပ်လျက်ရှိကာ ပိုလန်မြင်းတပ်သားများ၊ ပြင်သစ် မြင်းတပ်သားများ၊ ခမ်းနားသပ်ရပ်စွာ ဝတ်ဆင်ထားသော ကိုယ်ရံတော်ဗိုလ်များ၊ နောက်တော်ပါများနှင့်တကွ မင်းဧကရာဇ် ထွက်တော်မူချိန်ကို စောင့်မျှော်လျက်ရှိသည့် ဗိုလ်ချုပ်ကြီးများသည် နပိုလီယန်၏ ကကြီးတန်ဆာ စုံလင်စွာ ဆင်ယင်ထားသော စီးတော်မြင်းကြီးနှင့် သက်တော်စောင့် ရပ်စတန်၏ ပတ်ပတ်လည်တွင် ဝိုင်းအုံလျက် ရှိကြလေသည်။

လွန်ခဲ့သော လေးရက်ခန့်က ရုရှားပြည့်ရှင် ဧကရာဇ် အလက်ဇန်းဒရားသည် တပ်ရေးချုပ် ဗလရှေအား ဆင့်ခေါ်၍ နပိုလီယန်ထံ စာချွန်တော်ပေးပို့ရန် စေလွှတ်သော နေရာမှာ ဝိလနာမြို့ရှိ ဤစံအိမ်ပင်ဖြစ်၍ ပြင်သစ်ဧကရာဇ် နပိုလီယန်က တပ်ရေးချုပ် ဗလရှေအား လက်ခံတွေ့ဆုံ၍ အလက်ဇန်းဒရားဘုရင်ထံမှ စာချွန်တော်ကို ကြားနာသည့် နေရာမှာလည်း ဝိလနာမြို့ရှိ ဤစံအိမ်ပင် ဖြစ်ပေသတည်း။

အခန်း ၆

တပ်ရေးချုပ် ဗလရှေသည် မင်းမူတော်ထမ်းသက် ရှင်လှပြီဖြစ်သည့်အလျောက် မင်းဧကရာဇ်တို့၏ အဆောင်

www.burmeseclassic.com

www.burmeseclassic.com

အယောင် ခမ်းနားကြီးကျယ်ခြင်းကို တွေ့မြင်ဖူးခဲ့လှပြီ ဖြစ်သော်လည်း ပြင်သစ်ဧကရာဇ် နပိုလီယန်စံမြန်းရာ ယာယီစံနန်း၏ ခမ်းနားကြီးကျယ်ခြင်း၊ ထည်ဝါခံ့ညားခြင်းကိုမူ တအံ့တသြဖြစ်လျက် ရှိလေသည်။

လူပျိုတော်သား မြို့စားကြီး တူရိန်းသည် တပ်ရေးချုပ် ဗလရှေကို ကြီးမားကျယ်ပြန့်လှသော ဧည့်ခန်းဆောင်ကြီးထဲသို့ ခေါ်ဆောင်သွားလေသည်။ ထိုဧည့်ခန်းဆောင်ထဲ၌ကား များစွာသော ဗိုလ်ချုပ်ကြီးများ၊ လူပျိုတော်သားများ၊ ပိုလန် မှူးကြီးမတ်ရာများ (၎င်းတို့အနက် အချို့မှာ ရုရှားရွှေနန်းသို့ လာရောက်ခစားဖူးကြ၍ တပ်ရေးချုပ် ဗလရှေ မြင်ဖူးနေသည်။)တို့သည် ထွက်တော်မူကြီးကို စောင့်ဆိုင်းလျက်ရှိကြ၏။ နပိုလီယန်သည် မြင်းစီးကျင့်ထွက်တော်မူခြင်း မပြုမီ ရုရှားတပ်ရေးချုပ်ကို လက်ခံတွေ့ဆုံတော်မူမည် ဖြစ်ကြောင်းဖြင့် အမတ်ချုပ် ဒူးရော့ကပြောပြလေသည်။

မိနစ်အတန်ကြာသောအခါ၌ တာဝန်ကျ လူပျိုတော်သားသည် ဧည့်ခန်းဆောင်ကြီးထဲသို့ ရောက်လာကာ ရှိသေစွာ ဦးညွတ်လျက် တပ်ရေးချုပ် ဗလရှေအား ခေါ်ဆောင်သွားလေသည်။

တပ်ရေးချုပ် ဗလရှေသည် ခပ်သေးသေး ဧည့်ခန်းဆောင်တစ်ခုထဲသို့ ဝင်လိုက်လာခဲ့သည်။ ဧည့်ခန်းဆောင်ငယ်၌ တံခါးပေါက်များစွာ ရှိသည့်အနက် တစ်ခုသော တံခါးပေါက်မှထွက်လျှင် စာကြည့်ဆောင်ထဲသို့ ရောက်၏။ ထိုစာကြည့်ဆောင်ကား ရုရှားဘုရင် ဧကရာဇ်က တပ်ရေးချုပ်ဗလရှေအား ယခုကဲ့သို့ နပိုလီယန်ထံ စာချွန်တော်ပေးပို့ရန် စေလွှတ်ခြင်းပြုသော နေရာပေတည်း။ တပ်ရေးချုပ် ဗလရှေသည် ထိုဧည့်ခန်းဆောင်ငယ်ထဲ၌ တစ်မိနစ်၊ နှစ်မိနစ်ကြာမျှ ရပ်နေမိသည်။ တစ်ဖက်ခန်းမှ လျင်မြန်စွာ လျှောက်လာသော ခြေသံများကို ကြားရပြီးနောက် တံခါးရွက်နှစ်ချပ်သည် လျင်မြန်စွာ ပွင့်လာ၏။ ထိုအချိန်၌မီးကို ရေဖြင့် သတ်လိုက်သကဲ့သို့ တိတ်ဆိတ်သွားကာ စာကြည့်ဆောင်ဖက်ဆီမှ တစ်လှမ်းချင်း ခပ်ပြင်းပြင်း လျှောက်လာသော ခြေသံများကို ကြားရ၏။ ထိုခြေသံများကား နပိုလီယန်၏ ခြေသံများပေတည်း။ နပိုလီယန်မှာ မြင်းစီးကျင့်ရန်အတွက် အဝတ်အစား လဲပြီးခါစဖြစ်သည်။ အောက်တွင် အဖြူရောင် ခါးတိုကိုယ်ကျပ်အင်္ကျီကို ဝတ်ထားလျက် အိုးစရည်းသဖွယ် လုံးဝန်းသော ဝမ်းဗိုက်ကို ဖုံးဖိရုံရှည်သော အပြာရောင်ဝတ်စုံ၊ တုတ်တို၍ ဆူဖြိုးလျက်ရှိသော ပေါင်များတွင် ကပ်နေသည့် အသားကပ် ဘူးကျပ်ဘောင်းဘီနှင့် ရွက်ဖျင်ဖိနပ်ရှည်တို့ကို ဝတ်ဆင်ထားသည်။ တိုနှဲ့နှဲ့ဆံပင်မှာ မကြာမီကပင် ဖြီးထားခဲ့သော်လည်း ဆံခွေတစ်ခွေသည် ကျယ်ပြန့်သော နဖူးအလယ်တည့်တည့်ပေါ်သို့ ကျလျက်ရှိ၏။ သေးသွယ်ဖြူဖွေးသော လည်ပင်းသည် ဝတ်စုံလည်ထောင် အနက်ရောင်ထဲမှ ထိုးထွက်လျက်ရှိ၍ ၎င်း၏ကိုယ်မှလည်း အိုဒီကလုံးရေမွှေးနံ့သည် မွှေးကြိုင်လျက် ရှိလေသည်။ စဉ်းငယ်ချွန်သော မေးရိုးနှင့်တကွ နုပျိုသယောင်ရှိသော ခပ်ဝိုင်းဝိုင်းမျက်နှာသည်ပင် သဲတမန်တို့အပေါ်၌ လှိုက်လှဲပျူငှာရှိခြင်းကို ကျက်သရေရှိစွာ ဖော်ပြလျက်ရှိလေသည်။

နပိုလီယန်သည် ခေါင်းကို အနည်းငယ်မော့၍ ခြေသံပြင်းပြင်းနင်းကာ ဧည့်ခန်းဆောင်သို့ ခပ်သုတ်သုတ် ဝင်လာလေသည်။ ကျယ်ပြန့်တောင့်တင်းသော ပခုံး၊ ရှေ့သို့ကော့လျက်ရှိသော ရင်အုပ်၊ စူထွက်လျက်ရှိသော ဘမ်းဗိုက်တို့နှင့်တကွ ခပ်ပြတ်ပြတ် ခပ်ဖိုင်ဖိုင် ပုံသဏ္ဌာန်သည် ပင်ပန်းကြီးစွာ မလုပ်ရဘဲ သက်သောင့်သက်သာ နေခဲ့ရသော အသက်လေးဆယ်ကျော် လူတစ်ယောက်တွင် တွေ့မြင်ရတတ်သည့် ခန့်ညားတင့်တယ်ခြင်းမျိုးကို ဆောင်လျက်ရှိ၏။ ထိုနေ့တွင် နပိုလီယန်သည် အထူးကြည်လင်ရွှင်ပျသော အသွင်ကို ဆောင်လျက်ရှိလေသည်။

တပ်ရေးချုပ် ဗလရှေက ရိုသေစွာ ဦးညွတ်ခစားသောအခါတွင် နပိုလီယန်သည် ခေါင်းညိတ်၍ အသိအမှတ်ပြုလိုက်လျက် အနီးသို့လျှောက်လာကာ မိမိပြောမည့် စကားသည် သင့်မသင့် လျော်မလျော်ကို စဉ်းစားခြင်းပြုရန် လိုအပ်ခြင်း မရှိလောက်အောင် မှန်ကန်လျက်ရှိသည်ဟု ယုံကြည်စိတ်ချသူ တစ်ယောက်၊ မိမိ၏အချိန်ကို များစွာ တန်ဖိုးထားသည့် လူတစ်ယောက်၏ ဟန်မျိုးဖြင့် တပ်ရေးချုပ် ဗလရှေကို မဆိုင်းမတွ နှုတ်ဆက်လိုက်သည်။

"အသင် ယူဆောင်လာသော ညီတော် အလက်ဇန်းဒရား ဘုရင်မင်းမြတ်၏ စာချွန်တော်ကို ငါရရှိသည်။ သင်နှင့် တွေ့ဆုံရခြင်းအတွက်လည်း ဝမ်းမြောက်လှသည်တပ်ရေးချုပ်" နပိုလီယန်သည် စူးရှတောက်ပြောင်သော

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးများဖြင့် တပ်ရေးချုပ် ဗလရှေ၏ မျက်နှာကို ကြည့်လိုက်ပြီးနောက် အဝေးသို့ မျှော်ကြည့်နေသည်။

ဤအပြုအမူကား နပိုလီယန်သည် တပ်ရေးချုပ် ဗလရှေအား များစွာ စိတ်ဝင်စားခြင်းမရှိဘဲ မိမိ၏ စိတ်ထဲတွင် တွေးတောလျက်ရှိသည့် အရာကိုသာ စိတ်ဝင်စားလျက် ရှိကြောင်းကို ပြသသည့် အပြုအမူဖြစ်လေသည်။ နပိုလီယန်အဖို့တွင် မိမိ၏ စိတ်ကူးအပ၌ ဖြစ်ပေါ်လျက်ရှိသော အခြင်းအရာဟူသမျှတို့သည် သေးနုပ်သောအရာများသာ ဖြစ်သည်ဟု ယူဆလျက်ရှိလေသည်။ နပိုလီယန်၏ စိတ်၌ ကမ္ဘာလောကကြီးထဲတွင် တည်ရှိသမျှသော အရာဝတ္ထု ခပ်သိမ်းတို့သည် မိမိ၏ စို့တ်၊ မိမိ၏ ဆန္ဒ၊ မိမိ၏ အလိုကို လိုက်၍ဖြစ်ကြသည်ဟု ထင်မှတ်လျက်ရှိလေသည်။

"ငါ၌ စစ်ပြုလိုသောဆန္ဒ ယခင်ကလည်း မရှိခဲ့၊ ယခုလည်း မရှိချေ" နပိုလီယန်က ဆို၏။ "သို့ရာတွင် ယခုမူ ငါ သင်တို့ဧကရာဇ်၏ အရေးတောင်းလာချေသောကြောင့် ငါစစ်မပြုဘဲ နေ၍မရပြီ။ သို့တိုင်အောင် ယခုအချိန်ထိ (နပိုလီယန်က ထိုစကားလုံးကို အလေးအနက်ပြု၍ ဆိုသည်။) သင်လျှောက်တင်ဖွယ်ရှိသော ရှင်းလင်းထုချေချက်တို့ကို ငါကြားနာရန် အဆင်သင့်ရှိသေးသည် တပ်ရေးချုပ်"

ထို့နောက် နပိုလီယန်သည် ရုရှားနိုင်ငံ အစိုးရအား မည်သည့်အတွက်ကြောင့် မကျေနပ်ခြင်းဖြစ်ရသည့် အကြောင်းများကို အကျဉ်းချုပ်၍ ရှင်းလင်းစွာ ပြောပြလျက်ရှိ၏။ ငြိမ်သက်တည်ကြည်စွာဖြင့် သာယာညင်းပျောင်း စကားဆိုခြင်းကို ထောက်သော် ပြင်သစ်ဧကရာဇ်သည် ငြိမ်းချမ်းရေးကို လိုလားလျက် စေ့စပ်ဆွေးနွေးရန် ဆန္ဒရှိဟန်တူသည်ဟု တပ်ရေးချုပ်ဗလရှေ ယူဆမိသည်။

နပိုလီယန်သည် စကားဆုံးသည်နှင့် ရုရှားရာဇတမန်ကို စူးစမ်းသော အကြည့်ဖြင့် ကြည့်၏။ တပ်ရေးချုပ် ဗလရှေသည်လည်း မိမိ၏ စိတ်ထဲတွင် အသင့်ပြင်ဆင်လာခဲ့သော စကားများကို လျှောက်တင်ခြင်း ပြုလေသည်။

"သံတော်ဦး တင်ဝံ့ပါသည် ဘုန်းတော်ကြီးလှသော ပြင်သစ်ရွှေနန်းရှင်၊ ကျေးတော်မျိုး ကျွန်တော်မျိုးတို့၏ သခင် ထီးဆောင်းမင်းတို့၏ ဘုရင်မင်းမြတ်" တပ်ရေးချုပ် ဗလရှေသည် ဧကရာဇ်ဘုရင် နပိုလီယန်၏ မျက်လုံးများကို မြင်လိုက်ရသည်၌ မည်သို့ဆက်လက် လျှောက်တင်ရမည်ကို မသိဘဲ တန့်သွား၏။ 'မောင်မင်း ကျွန်ုပ်ကိုယ်တိုင်လည်း ကျွန်ုပ်ကို သိမ်းဆည်းလေဦး' ဟု နပိုလီယန်၏ မျက်လုံးများက သတိပေးနေသကဲ့သို့ ဗလရှေထင်မိ၏။ နပိုလီယန်သည် ပြုံးသည်ဆိုရုံမျှပြုံးကာ တပ်ရေးချုပ်ဗလရှေ၏ ဗိုလ်ချုပ်ဝတ်စုံနှင့် မောလွယ်ကို ကြည့်လျက်ရှိသည်။

တပ်ရေးချုပ် ဗလရှေသည် သတိကိုဖြစ်စေလျက် ဆက်လက် လျှောက်တင်ခြင်းပြု၏။ ပါရီရွှေမြို့တော်ရှိ ရုရှားသံတော်ကြီး ကူရာဂင်က နိုင်ငံကူးလက်မှတ် လျှောက်ထား၍ နေပြည်တော်သို့ ပြန်ရန် ပြင်ဆင်ခြင်းမှာ ၎င်း၏ သဘောအရ ပြုလုပ်ခြင်းမျှသာဖြစ်၍ ဘုန်းတော်ကြီးလှသော ရုရှားရွှေနန်းရှင်၏ သဘောတူညီချက်အရ ပြုလုပ်ခြင်း မဟုတ်ကြောင်း၊ ပါရီရွှေမြို့တော်ရောက် သံတော်ကြီး ကူရာဂင် နေပြည်တော်သို့ ပြန်ရန် ပြင်ဆင်ခြင်းသည် နှစ်ပြည့်တစ်ပြည် စစ်ခင်းကြရန် ခိုင်လုံသောအကြောင်း မဟုတ်ဟု ရုရှားရွှေနန်းရှင်က ယူဆတော်မူကြောင်း၊ ဘုန်းတော်ကြီးလှသော ရုရှားရွှေနန်းရှင်သည် ပြည်ထောင်ချင်း စစ်ခင်းရန် လိုလားတော်မူခြင်း မရှိကြောင်း၊ အင်္ဂလိပ်နှင့်လည်း မည်သို့မျှ အဆက်အသွယ်မရှိကြောင်းဖြင့် တပ်ရေးချုပ် ဗလရှေက လျှောက်တင်ခြင်း ပြုလေသည်။

"သင်တို့ဘုရင်သည် အင်္ဂလိပ်နှင့် ယခု အဆက်အသွယ် မရှိသေး" နပိုလီယန်က ကြားဖြတ်၍ပြောသည်။ နပိုလီယန်သည် အမျက်ဒေါသကို ချုပ်တည်းထားရဟန်ဖြင့် မျက်မှောင်ကုတ်လိုက်ပြီးနောက် ရှေ့ဆက်၍ လျှောက်တင်ရန် ခေါင်းကို အသာအယာ ညွှတ်ပြလိုက်၏။

တပ်ရေးချုပ် ဗလရှေသည်လည်း မိမိအား စေတော်မူလိုက်သည့်အတိုင်း လျှောက်တင်ဖွယ်ရှိသည်ကို လျှောက်တင်ပြီးသည့်နောက် ရုရှားရွှေနန်းရှင် အလက်ဇန်းဒရားဘုရင်မင်းမြတ်သည် ငြိမ်းချမ်းရေးကို လိုလားတော်မူကြောင်း၊ မင်းနှစ်ပါးတို့ တွေ့ဆုံစည်းဝေး၍ စေ့စပ်ဆွေးနွေးခြင်း ပြုရန်ကိုလည်း လိုလားတော်မူကြောင်း၊ သို့ရာတွင် ဤသို့ စေ့စပ်ဆွေးနွေးရန်မှာ...။တပ်ရေးချုပ် ဗလရှေသည် ဆက်လက် လျှောက်တင်ခြင်းငှာ မဝံ့တော့ဘဲ ရပ်သွား၏။ တပ်ရေးချုပ် ဗလရှေသည် ရာဇသံထဲတွင် ထည့်သွင်း

www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြခြင်း မပြုဘဲ ချန်လှပ်ထားခဲ့သော စကားလုံးများကို အမှတ်ရလာ၏။ ဘုန်းတော်ကြီးလှသော ဘုရားသည် ထိုစကားလုံးများကို ရုရှားသံတော်ကြီး ကူရာဂင်ထံသို့ ပေးပို့သည့်စာချွန်ထဲတွင် အတိအလင်း ရေးသားဖော်ပြစေတော်မူခဲ့သော်လည်း တပ်ရေးချုပ် ဗလရှေဖြင့် ပေးပို့သည့်ရာဇသံထဲတွင်မူ ဖော်ပြထားခြင်းမပြုဘဲ တပ်ရေးချုပ် ဗလရှေကိုသာ နပိုလီယန်ထံ နှုတ်ဖြင့် လျှောက်တင်ရန် အထပ်ထပ် မိန့်မှာတော်မူလိုက်၏။ 'ရုရှားမြေပေါ်တွင် လက်နက်ကိုင်ရန်သူ တစ်စုံတစ်ယောက်ရှိနေသမျှ ကာလပတ်လုံး ငြိမ်းချမ်းရေး ဆွေးနွေးခြင်း ပြုမည်မဟုတ်'ဟူသော စကားလုံးများကို တပ်ရေးချုပ် အမှတ်ရလာ၏။ သို့ရာတွင် တပ်ရေးချုပ် ဗလရှေသည် ထိုစကားလုံးများကို လျှောက်တင်ရန် မဝံ့မရဲဖြစ်လျက် ရှိလေသည်။ ထိုစကားများကို လျှောက်တင်လိုလှသော်လည်း အာစေးထည့်ထားခြင်း ခံရဘိသို့ နှုတ်မှမထွက်နိုင်အောင် ဖြစ်လျက်ရှိလေသည်။

"မှန်လှပါ၊ ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးရန် ပြင်သစ်တပ်တော်ကြီးကို နိမင်မြစ်တစ်ဖက်ကမ်း (ၸင်းမှာ ရုရှားနယ်နိမိတ် ဖြစ်သည်။)သို့ ဆုတ်ခွာပေးမှသာလျှင် ဖြစ်နိုင်ဖွယ်ရှိကြောင်းပါ။

တပ်ရေးချုပ် ဗလရှေသည် မရဲတရဲဖြင့် တင်လျှောက်ခြင်း ပြု၏။

ဤစကားများကို လျှောက်တင်ရာ၌ တပ်ရေးချုပ် ဗလရှေ မူပျက်လျက်ရှိခြင်းကို နပိုလီယန် သတိပြုမိလေပြီ။ ထိုစဉ်၌ နပိုလီယန်၏ မျက်နှာသည် ရှုံ့မဲ့ပြုကာ လက်ဝဲဘက် ပေါင်သားများသည် တဆတ်ဆတ်တုန်စပြုလာကြလေပြီ။ နပိုလီယန်သည် ယခင် ရပ်မြဲနေရာ၌ မလှုပ်မရှားရပ်လျက် တပ်ရေးချုပ် ဗလရှေကို ပြန်ကြား၏။ သို့ရာတွင် ၎င်း၏အသံသည် ကျယ်သည်ထက် ကျယ်၍ မြန်သည်ထက် မြန်လာခဲ့လေပြီ။ အသံကျယ်လာသည်နှင့်အမျှ နပိုလီယန်၏ လက်ဝဲဘက်ပေါင်သားများသည်လည်း လှုပ်သည်ထက် လှုပ်လာခဲ့ကြလေပြီ။ တပ်ရေးချုပ် ဗလရှေသည် မျက်နှာချင်း မဆိုင်ဝံ့သည်နှင့် မျက်လွှာကို မကြာ မကြာချရာမှ ဤအခြင်းအရာကို သတိပြုလိုက်မိသည်။

"ငါသည် ငြိမ်းချမ်းရေးကို လိုလားခြင်းအရာ၌ ညီတော် အလက်ဇန်းဒရား ဘုရင်မင်းမြတ်ထက် လျော့နည်းသည် မဟုတ်။ ငြိမ်းချမ်းရေးကို လိုလားသည့် အားလျော့စွာ ငြိမ်းချမ်းရေးရရန်အတွက် တစ်ဆယ့်ရှစ်လသော ကာလပတ်လုံး ငါ အစွမ်းကုန် လုပ်ဆောင်ခဲ့ပြီ မဟုတ်လော။ ညီတော် ရုရှားရွှေနန်းရှင်ထံမှ အကြောင်းပြန်ကြားချက်ကို တစ်ဆယ့်ရှစ်လတိုင်တိုင် ငါစောင့်ခဲ့ပြီ။ ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးရန်အတွက် ငါ့အထံမှ မည်သည့် စည်းကမ်းချက်မျိုး လိုသနည်း။ ထပ်မံလျှောက်တင်ဦး တပ်ရေးချုပ်"နပိုလီယန်သည် မျက်မှောင်ကုတ်လျက် နူးညံ့ဖြူဖွေး၍ သေးငယ်သော လက်တစ်ဖက်ကို ဝှေ့ယမ်း၍ ဆိုသည်။

"မှန်လှပါ၊ အရှင်၏ တပ်မတော်များကို နိမင်မြစ်တစ်ဖက်ကမ်းသို့ ဆုတ်ခွာပေးရန် ဖြစ်ကြောင်းပါ"

"နိမင်မြစ်တစ်ဖက်ကမ်းသို့ ဆုတ်ခွာရုံမျှသာလော၊ ဤမျှသာလော၊ စဉ်းစား၍ လျှောက်တင်ဦး တပ်ရေးချုပ်" နပိုလီယန်က တပ်ရေးချုပ် ဗလရှေ၏ မျက်လုံးများကို တည့်တည့်ကြီး စိုက်ကြည့်၍ မေးသည်။

တပ်ရေးချုပ် ဗလရှေက ရိုသေစွာ ဦးညွတ်ပြ၏။

လွန်ခဲ့သည့် လေးလခန့်ကမူ ရုရှားဘုရင်သည် နပိုလီယန်၏ တပ်များကို ပိုမာရင်းနီးယား ရေလက်ကြား၏တစ်ဖက်သို့ ဆုတ်ခွာပေးရမည်ဟု တောင်းဆိုခဲ့၏။ ယခုသော် နိမင်မြစ်၏ တစ်ဖက်ကမ်းကိုသာ ဆုတ်ခွာပေးရမည်ဟု တောင်းဆိုလာခဲ့လေသည်။ ရုရှားတို့၏ တောင်းဆိုချက်သည် တစ်ထစ်လျော့၍ လာခဲ့လေပြီ။

နပိုလီယန်သည် ချာခနဲလှည့်ကာ ခန်းဆောင်တွင်းတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိ၏။

"နှစ်ပြည်ထောင်မင်းတို့ စေ့စပ်ဆွေးနွေးခြင်း မပြုမီ ငါ၏တပ်များကို နိမင်မြစ်တစ်ဖက်ကမ်းသို့ ဆုတ်ခွာပေးရမည်ဟု သင်တို့ ဧကရာဇ်က အရေးတောင်းလာခြင်းကား မသင့်။ လွန်ခဲ့သော နှစ်လကလည်း ငါ့၏တပ်များကို ဗစ်စကြူ လာမြစ်နှင့်အိုဒါမြစ်၏ တစ်ဖက်ကမ်းသို့ ဆုတ်ခွာပေးမှ စေ့စပ်ဆွေးနွေးရေး လုပ်မည်ဟု သင်တို့ ဧကရာဇ် အရေး တောင်းခဲ့ဖူးပြီ"

နပိုလီယန်သည် အခန်းထောင့်တစ်ထောင့်မှသည် အခြား ထောင့်တစ်ထောင့်သို့ တိတ်ဆိတ်စွာ လျှောက်သွားပြီး ပြန်လှည့်လာကာ တပ်ရေးချုပ် ဗလရှေ၏ ရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com

ရပ် လိုက်ပြန်သည်။ နပိုလီယန်၏ မျက်နှာသည် ကျောက်သားဖြင့် ထုထားသကဲ့သို့ တင်းမာလျက်ရှိ၍ လက်ဝဲဘက်ပေါင်သည် တဆတ်ဆတ် လှုပ်လျက်ရှိခြင်းကို တပ်ရေးချုပ် ဗလရှေ သတိထားလိုက်မိပြန်သည်။ နပိုလီယန်သည်လည်း၊ ၎င်း၏ လက်ဝဲဘက်ပေါင် တဆတ်ဆတ်လှုပ်ခြင်းကို သတိထားမိသည်။ 'တစ်စုံတစ်ခု ဝိဃသထူးသော အခြင်းအရာကို ကြုံတွေ့တော့မည်ဆိုလျှင် ငါ၏လက်ဝဲဘက် ပေါင်သည် တဆတ်ဆတ် တုန်လာတော့သည်'ဟု နောင်သောအခါတွင် နပိုလီယန်က ပြောဖူးလေသည်။

"ဗစ်စကြျူလာမြစ်နှင့် အိုဒါမြစ်တစ်ဖက်ကမ်းသို့ ဆုတ်ခွာပေးရမည်ဆိုသော တောင်းဆိုချက်မျိုးကို သင်တို့ ဧကရာဇ်သည် မထင်ရှားသော မင်းသားတစ်ပါးထံ တောင်းဆိုခြင်း ပြုနိုင်သော်လည်း ငါကဲ့သို့သော ဧကရာဇ်ကို စင်လျက် တောင်းဆိုခြင်း ပြုရာသလော" နပိုလီယန်သည် ရုတ်တရက် ဒေါသထွက်လာကာ အော်လိုက်၏။ "သင်တို့ ဧကရာဇ်သည် ပီတာစဘတ် ရွှေမြို့တော်နှင့် မော်စကိုမြို့နှစ်မြို့ကို ငါ့အား ပေးစေဦး၊ ဤတောင်းဆိုချက်မျိုးကို ငါလက်ခံမည်မဟုတ်။ ဤစစ်ပွဲကို ငါ စတင်တိုက်သည်ဟု သင်တို့ ဧကရာဇ်က ဆိုသည်။ သို့ရာတွင် ငါနှင့်သင်တို့ ဧကရာဇ်နှစ်ဦးအနက် မည်သူသည် စစ်မြေသို့ ဦးစွာ ရောက်သနည်း။ စစ်မြေသို့ ကိုယ်တော်တိုင် ဦးစွာ ချီတက်သူမှာ ငါမဟုတ်။ သင်တို့ဧကရာဇ်သာ ဖြစ်ချေသည်။ သင်တို့ဧကရာဇ်သည် အင်္ဂလိပ်နှင့် မဟာမိတ်ဖွဲ့သည် မဟုတ်လော။ ငါ၌ အင်အားကြီး၍ သင်တို့တွင် အင်အားယုတ်လျော့ကာ အခြေအနေ ဆိုးလာသည့်အခါကျမှ စေ့စပ်ဆွေးနွေးရေး စကားကမ်းလှမ်းသည် မဟုတ်လော။ သင်တို့သည် ငါနှင့် စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းခြင်း ပြုသော်လည်း ငါ့ရန်သူ အင်္ဂလိပ်နှင့် မဟာမိတ်ဖွဲ့သည် မဟုတ်လော။ သင်တို့သည် မည်သည့် ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်အား မဟာမိတ်ဖွဲ့သနည်း။ ဤသို့ မဟာမိတ်ဖွဲ့ခြင်းကြောင့် အင်္ဂလိပ်ထံမှ မည်သို့သော အကူအညီ ရသနည်း"

နပိုလီယန်သည် ဤသို့ တရစပ်ပြောလျက်ရှိ၏။ ဤသို့ ပြောဆိုရာတွင် နပိုလီယန်သည် ငြိမ်းချမ်းရေး၏ အကျိုးအာနိသင်နှင့် ငြိမ်းချမ်းရေး၏ အလာအလာများကို ပြောဆိုခြင်း မပြုတော့ဘဲ၊ မိမိ၏သဘောထား ဖြောင့်မှန်ခြင်း၊ မိမိ၏ဘုန်းလက်ရုံးတန်ခိုးတေဇော ကြီးမားခြင်းနှင့် ရုရှားဘုရင် အလက်ဇန်းဒရား၏ အမှားများ၊ နှစ်ဖက်ခွ သဘောထားများကိုသာ ထုတ်ဖော်ပြောဆိုလျက်ရှိလေသည်။

နပိုလီယန်သည် ၎င်း၏မိန့်ကြွားချက်အစဉ် မိမိသည် အင်အားအရ တစ်ပန်းသာနေပြီဖြစ်ကြောင်း၊ သို့အင်အား တစ်ပန်းသာလျက်ရှိသော်လည်း ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးရန်ကိုမူ လိုလားချက်ရှိကြောင်း ဖော်ပြလိုဟန်ရှိ၏။ သို့ရာတွင် နပိုလီယန်မှာ သူတစ်ဦးတည်းက ခိုင်ခံ့၍ အဆက်မပြတ် ပြောလျက်ရှိလေရာ စကားများလာသည်နှင့်အမျှ ၎င်း၏စကားလုံးများသည်လည်း ရင့်သီးလာခဲ့လေပြီ။

ယခုအချိန်တွင် နပိုလီယန်၏ စကားများမှာ မိမိကိုယ်ကို မိမိချီးမွှောက်၍ ရုရှားဘုရင်အား နှိမ့်ချသော စကားများသာ ဖြစ်လေသည်။

"သင်တို့ဧကရာဇ်သည် တူရကီနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့ပြီ မဟုတ်လော"

တပ်ရေးချုပ် ဗလရှေက ဦးညွှတ်ကာ

"မှန်လှပါ၊ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုတဲ့အခါမှာ"

သို့ရာတွင် နပိုလီယန်က ပြောခွင့်မပေးချေ။ နပိုလီယန်သည် 'ဗိုလ်ကျ'တတ်သူများ ဓမ္မတာအတိုင်း၎င်း တစ်ယောက်တည်းသာ ပြောလိုဟန်ဖြင့် ဒေါသကို ချုပ်တည်းခြင်းမရှိဘဲ စကားကို ဆက်တိုက်ပြောဆိုလျက်ရှိ၏။

"ငါသိသည် တပ်ရေးချုပ်၊ သင်တို့ ဧကရာဇ်သည် မော်ဒါဗီးယားနှင့် ဝေါ်ချီယ နယ်များကိုမရဘဲ တူရကီများနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့သည်။ တူရကီများနှင့် မဟုတ်ဘဲ ငါနှင့်သာ အကျေအလည် ဆွေးနွေးခဲ့လျှင် ဖင်လန်ပြည်ကို ငါပေးသကဲ့သို့ မော်ဒါဗီးယားနှင့် ဝေါ်ချီယနယ်များကိုလည်း သင်တို့ ဧကရာဇ်အား ငါပေးမည်သာ ဖြစ်သည်။ ယခုမူ သင်တို့ဧကရာဇ်သည် ငါနှင့် အပြေအလည် မရှိသည့်အတွက်ကြောင့် ဤနယ်နှစ်နယ်ကို လက်လွတ်ရလေပြီ။ သို့သော်လည်း အချိန်ရှိသေးသည်။ ငါနှင့်သာ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုလျှင် သင်တို့ ဧကရာဇ်သည် ဤနယ်နှစ်နယ်ကိုလည်း ရမည်။ ရုရှားနိုင်ငံကြီးကိုလည်း ဘော့သနီးယား ပင်လယ်ကွေ့မှသည်

www.burmeseclassic.com

www.burmeseclassic.com

ဒင်ညုမြစ်အထိ ကျယ်ပြန့်သော နိုင်ငံတော်ကြီးအဖြစ် ထူထောင်နိုင်မည်။ ဤမျှလောက် ကျယ်ပြန့်သော နိုင်ငံတော်ကြီးကို သင်တို့ ဧကရာဇ်၏ ဘွားတော် ဘေးတော် ကင်းသရင်း ဘုရင်မကြီးပင်လျှင် ထူထောင်နိုင်ခဲ့ခြင်း မရှိသည်အတွက် သင်တို့အရှင်လည်း ဘုန်းလက်ရုံးတောက် မည်သာ ဖြစ်သည်"

နပိုလီယန်သည် တစ်လဆစ် ဆွေးနွေးပွဲတွင် အလက်ဇန်းဒရား ဘုရင်အား ပြောကြားခဲ့သည့် စကား များကို တပ်ရေးချုပ် ဗလရှေကို ထပ်မံပြောဆိုပြန်၏။ ဤသို့ ပြောရင်းလည်း နပိုလီယန်သည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိလေသည်။

"ဤသို့သာ နှစ်ပြည်ထောင် မင်းနှစ်ပါး အကျေ အလည်ဖြစ်ကြလျှင် ငါတို့အချင်းချင်း ချစ်ကြည်၍ နှစ် ပြည်ထောင် သဟာယ မဟာမိတ်ဖြစ်ကြမည်။ သင်တို့ ဧကရာဇ်၏ တိုင်းနိုင်ငံတော်သည်လည်း အဘက်ဘက်မှ ပွားစည်းမည်။ ယခုမူ သင်တို့ဧကရာဇ် မဆင်မခြင် ပြု လေသောကြောင့် သင်တို့ နိုင်ငံသည် ဆီးဖြူသီး ဆန်ကော တွင် လှိမ့်သည့်ပမာ ကြီးစွာသော ဒုက္ခရောက်ကြလေ တော့မည်"

နပိုလီယန်သည် ထိုစကားများကို အဖန်တလဲလဲ ရွတ်ဆိုလျက်ရှိရာမှ ရပ်လိုက်၍ အိတ်ထဲမှ ရွှေဖြင့်ပြုလုပ် သော ဂျူဆေးဘူးကို ထုတ်ကာ အားရပါးရ ဂျူလိုက်၏။

"ငါနှင့်သာ အကြည်တဖြူဆက်ဆံက သင်တို့ ဧကရာဇ်၏ နိုင်ငံတော်သည် အဘက်ဘက်မှ ပွားစည်း မည်။ ယခုမှ သင်တို့ပြည်သားတို့ တောင်လဲရာ မြက်ပြတ် သကဲ့သို့ ရှိချေတော့မည်"

ထို့နောက် နပိုလီယန်သည် တပ်ရေးချုပ် ဗလရှေ ကို သနားကြင်နာစွာ ကြည့်လျက်ရှိ၏။ တပ်ရေးချုပ် ဗလရှေက တစ်စုံတစ်ရာ ပြောရန် ပြင်လိုက်သည်နှင့် တစ်ပြိုင်နက် နပိုလီယန်သည် စကားကို ဆက်လိုက်ပြန် သည်။

"သင်တို့ဧကရာဇ်သည် ငါနှင့်မှ မိမိအလို ပြီးနိုင် သည်ကို မသိသလော" နပိုလီယန်က ပခုံးတွန့်၍ ဆို ၏။ "ယခုမူကား သင်တို့ဧကရာဇ်သည် ငါနှင့် မဟာမိတ် ဖွဲ့ခြင်းထက် ငါ၏ရန်သူများနှင့် ပေါင်း၍ ငါ့အား လုပ် ကြံချေသည်။ ငါ၏ရန်သူများကို စုရုံးသိမ်းသွင်းချေသည်။ သင်တို့ ဧကရာဇ်၏အပါးတွင် ခစားလျက် ရှိသူများသည် ငါ၏ရန်သူများသာ ဖြစ်ချေသည်။ သင်တို့ ဧကရာဇ်သည် စတိန်း၊ အမ်းဖဲ၊ ဘင်နစ်ဆန်၊ ဝန်ဇင်ဂျီရိုဒီ စသည့် ငါ၏ ရန်သူများကို ဗိုလ်ချုပ်၊ ဗိုလ်မှူး၊ စစ်ဦး စစ်ကဲ ခန့်ကာ ငါ့ကိုတိုက်ရန် ကြဲစည်သည်။ စတိန်းကား သင်း၏ တိုင်းပြည်မှ နှင်ထုတ်ခြင်းခံရသော သစ္စာဖောက်ဖြစ်သည်။ အမ်းဖဲကား လူသွမ်းလူကြမ်းဖြစ်၍ အရှင်သခင်ကို မကောင်းကြံစည်သူ ဖြစ်သည်။ ဝန်ဇင်ဂျီရိုဒီကား ပြင်သစ် သစ္စာတော်ခံမှ ထွက်ပြေးသော ရာဇဝတ်ကောင်တစ်ဦး ဖြစ်သည်။ ဘင်နစ်ဆန်ကား အခြားသူများနှင့်စာလျှင် စစ်ရေးစစ်ရာတွင် ကျွမ်းကျင်သော စစ်သားကောင်းတစ် ယောက်ဟု ဆိုနိုင်သည်။ သို့တိုင်အောင် ၁၈၀၇-ခုနှစ် စစ်ပွဲ၌ကား စစ်ဆုတ်ခြင်းမှအပ အခြား ဘာကိုမျှ မလုပ် တတ်သူဖြစ်ရာ စစ်သူကြီးကောင်းတို့ အင်္ဂါမပြည့်စုံသူ ဖြစ်သည်။ သင်းကို သူကောင်းပြုခြင်းကြောင့် သင်တို့ ဧကရာဇ် ၁၈၀၇-ခုနှစ် စစ်ပွဲက အရေးနိမ့်ခြင်းကို တွေး မိလျှင် စိတ်ဝမ်းငယ်ခြင်း ဖြစ်ရုံသာရှိတော့သည်။ သင်း တို့သည် တစ်ဖက်ဖက်က အရည်အချင်းနှင့်ပြည့်စုံ၍ သင်တို့ ဧကရာဇ်က အသုံးပြု သူကောင်းမြှောက်သည်ဆို လျှင် ငါ ဘာမျှပြောဖွယ်မရှိ"

လူတစ်ယောက်သည် မိမိ၏နှုတ်မှ တစ်စုံတစ်ရာ ထုတ်ဖော်ပြောဆိုခြင်း ပြုရာ၌ မည်သည့်အရာကို ပြောဆို မည်ဟူသော အကြောင်းအရာကို ခေါင်းထဲတွင် ပထမ စဉ်းစားရ၏။ သို့စဉ်းစားပြီးနောက် သင့်လျော်ရာ စကား လုံးကို ရွေးချယ်ရသေးသည့်အတွက် စကားရှည်ရှည် ပြောသည့်အခါ၌ စိတ်ကူးနှင့် နှုတ်ထွက်စကားကြားတွင် ကတ္တားခြားနေသော ကာလအပိုင်းအခြားဟူ၍ ရှိတတ်၏။ နပိုလီယန်ကား ဤသို့မဟုတ်ချေ။ ခေါင်းထဲတွင် အစဉ် တစိုက် ပေါ်လျက်ရှိသည့် စိတ်ကူးများနှင့် တစ်ပြိုင်တည်း စကားကိုလည်း နှုတ်မှထွက်နိုင်သူ ဖြစ်လေသည်။ နပို လီယန်သည် ဤသို့ဖြင့် ၎င်းသည် မည်မျှမှန်ကန်ကြောင်း၊ မည်မျှ စိတ်တန်ခိုးသတ္တိအရာတွင် ထက်မြက်ကြောင်းကို သက်သေပြလျက်ရှိ၏။ (နပိုလီယန်၏အမြင်၌ စိတ်ကူး ခြင်းနှင့် ထိုစိတ်ကူးကို နှုတ်မှထွက်ခြင်းသည် တစ်ပြိုင် တည်းလုပ်၍ ရသောအလုပ်နှစ်ခုဟု ယူဆလျက်ရှိပါသည်။) နပိုလီယန်သည် အတွေးနှင့် နှုတ်ထွက်စကား ကြားထဲ

www.burmeseclassic.com

www.burmeseclassic.com

တွင် ရပ်နားချိန်မပေးဘဲ ဆက်တိုက်ပြောလျက် ရှိလေသည်။

"ယခုကား သင်တို့ဧကရာဇ်သည် မည်သည့်ဘက်ကမှ အရည်အချင်း မပြည့်ဝသူများကို သူကောင်း ပြုထားချေသည်။ သင်တို့ဧကရာဇ် လက်ရုံးတစ်ဆူသဖွယ် အားကိုး၍ သူကောင်းပြုခြင်း ခံရသူတို့ကား စစ်ဖြစ်နေချိန်၌လည်း အသုံးမကျ၊ ငြိမ်းချမ်းရေး ကာလ၌လည်း အသုံးမဂင်သူများချည်းသာ ဖြစ်ချေသည်။ သင်းတို့အနက် ဘာကလေ တစ်ဦးတည်းသာလျှင် အရည်အချင်းနှင့် ပြည့်စုံသည်ဟု ဆိုကြ၏။ သို့တိုင်အောင် ငါ့အမြင်၌ကား ယခုအခြေအထိ သင်းလည်း မပြောသလောက် မဟုတ်သေး။ သင်တို့ဧကရာဇ်၏ လက်ရုံးကြီးများအဖြစ် သူကောင်းပြုခြင်း ခံရသော သင်တို့တတွေသည် မည်သည့်အမှုတွင် ကျွမ်းကျင်သနည်း။ ဖူဝဲလ်ကား အကြေပေးရုံမျှလောက်သာ တတ်ကျွမ်းသူဖြစ်သည်။ အမ်းဖကား ငြင်းခုံခြင်း၌သာ လိမ္မာသူဖြစ်သည်။ ဘင်နစ်ဆန်ကား စဉ်းစားခြင်းကိုသာ တတ်မြောက်သူ ဖြစ်သည်။ ဘာကလေကား စေခိုင်းရုံလောက်ကိုသာ လုပ်တတ်သူဖြစ်၍ ကြံရည်ဖန်ရည် သင့်မသင့် တော်မတော်ကို တွေးချင့်ထောက်မျော်နိုင်သော အရည်အချင်း မရှိ။ အကျိုးမဲ့ အရာမထင်ဘဲ အချိန်ကို ဖြုန်းခြင်း၌သာ ကျွမ်းကျင်သူဖြစ်သည်။ သင်တို့ဧကရာဇ်၏အပါးတွင် ခစားကြသူများအနက် ဘာဂရေးရှင်းတစ်ဦးတည်းသာလျှင် ဘုန်းလက်ရုံးနှင့် ပြည့်စုံသော တော်လှစွာသော စစ်သားကောင်းတစ်ဦး ဖြစ်ချေသည်။ ဘာဂရေးရှင်းကား မဆင်မခြင်ပြုတတ်သည်မှန်စေ အတွေ့အကြုံရှိသူ ဖြစ်သည်။ ထက်မြက်သူ ဖြစ်သည်။ ရဲရဲရင့်ရင့် ဆုံးဖြတ်ဝံ့သူ ဖြစ်သည်။ သင်တို့ ဧကရာဇ်သည် ဤမျှ ကြောက်ဖွယ်ကောင်းလောက်အောင် ညံ့ဖျင်းသော အခြေအရံများ၊ ဗိုလ်ချုပ် ဗိုလ်မှူး၊ စစ်ဦး စစ်ကဲများအားကိုးဖြင့် ငါ့ကို ယှဉ်ပြိုင် စစ်ထိုးမည်ဆိုခြင်းကို ငါအံ့သြသည်။ သင်းတို့ကား စစ်မြေတွင် သူ့အသက်ကို သတ်ရဲ၍ မိမိအသက်ကို စွန့်လွှတ်ရဲသော စစ်သူကြီးများ မဟုတ်။ မင်းလိုလိုက် မင်းကြိုက်ဆောင်၍ မင်းဧကရာဇ်အား သင့်တင့်လျောက်ပတ်အောင် ခစားကာ အရေးကြီးငယ် ကြဲလာသည်နှင့် မင်းဧကရာဇ်၏ ခေါင်းပေါ်သို့ ရှိသမျှ အပြစ် စုံပုံပြီးနောက် တာဝန်မှ ရုန်းထွက်ပြေးကြသူ ကပ်ပါးများသာ ဖြစ်ချေသည်။ တပ်ရေးချုပ်၊ သင်တို့ဧကရာဇ်သည် မိမိ၏အမှားကို မသိသလော။ မင်းဧကရာဇ်တို့မည်သည် စစ်သေနာပတိချုပ်၏ အရာကို မခံယူလျှင် တပ်တော်များနှင့်အတူ စစ်မြေသို့ ကိုယ်တော်တိုင် ချီတက်ခြင်း မပြုရာဟူသော ရာဇောဝါဒ ကျမ်းလာ မင်းတို့၏ မကျင့်ရာသည်များကို သင်တို့ဧကရာဇ် မသိသလော"

နပိုလီယန်က ရုရှားဧကရာဇ် အလက်ဇန်းဒရားကို အရေးတောင်းသည့်ပမာ ပြောဆိုလိုက်၏။ အလက်ဇန်းဒရားဘုရင်သည် စစ်သေနာပတိတစ်ဦး ဖြစ်လိုလျက်ရှိခြင်းကို သိ၍ နပိုလီယန်က လှောင်ပြောင်ပြောလိုက်ခြင်းပေတည်း။

"ငါသည် လွန်ခဲ့သည့် ရက်သတ္တပတ်ခန့်ကမှ စစ်ချီလာသည်။ သို့စင်လျက် သင်တို့သည် ဝိလနာကဲ့သို့ မြို့ကလေးကိုပင် ကာကွယ်ခြင်းမပြုနိုင်ဘဲ ဆုတ်ခွာပြေးခဲ့ကြသည် မဟုတ်လော။ သင်တို့တပ်များသည် ခါးလယ်မှ ရိုက်ချိုးခြင်း ခံရသကဲ့သို့ နှစ်ပိုင်းပြတ်ကာ ပိုလန်ပြည်မှ ထွက်ပြေးကြရပြီ မဟုတ်လော။ သင်တို့ တပ်တော်ကြီးသည် ယခု အအုပ်အစည်းပျက်လျက် ရှိပြီမဟုတ်လော"

"ကျွန်တော်တို့၏ တပ်တော်များ အအုပ်အစည်းပျက်နေကြပြီဆိုခြင်းမှာ မဟုတ်ပါ" တပ်ရေးချုပ် ဗလရေက နပိုလီယန်၏ စကားအကုန်အစင်ကို သတိမရဘဲ နပိုလီယန်၏ မီးရှူးမီးပန်း ဖောက်သကဲ့သို့ ခြောက်လှန့်ကြွားဝါသော စကားခြိမ်းများကို မမှီတမီလိုက်၍ ပြော၏။ "အအုပ်အစည်း မပျက်ကြရုံမျှမက ကျွန်တော်တို့၏ တပ်မတော်များသည် စစ်သွေးစစ်မာန် ဇာတိသွေး ဇာတိမာန်ဖြင့်"

"ဥပါယ်တံမျဉ် စကားမဆိုလင့် တပ်ရေးချုပ်။ အရာခပ်သိမ်းကို ငါသိသည်သာ ဖြစ်သည်။ ငါသည် ငါ့တပ်ရင်းများ၏ အရေအတွက်ကို သိသကဲ့သို့ သင်တို့တွင် တပ်ရင်းမည်မျှ ရှိသည်ကိုလည်း ငါသိသည်။ သင်တို့၌ စစ်သည်နှစ်သိန်းပင် မရှိ။ ငါ့၌ သုံးဆများပြားသော စစ်သည်တို့ရှိပြီ။ ယခု ဝိလနာမြို့ ဘက်ကမ်းသို့ ရောက်နေသော ငါ့စစ်သည်တို့ကား ငါးသိန်းသုံးသောင်းမျှ ရှိချေသည်။ သင်တို့ တူရကီနှင့် မဟာမိတ်ဖွဲ့သော်လည်း တူရကီထံမှ မည်သည့်ကူညီ စောင်မခြင်းကိုမျှ ရဖွယ်မရှိ။ တူရကီတို့သည် မည်သည့် အရည်အချင်းမျှ ရှိသောလူမျိုး

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်။ တူရကီတို့၌ မည်သို့သော အရည်အချင်းမျှ မရှိခြင်းကို သင်တို့နှင့် လာ၍ ငြိမ်းချမ်းရေးစာချုပ်ချုပ်ခြင်းကပင် သက်သေခံလျက် ရှိပြီ။ သင်တို့၏ မဟာမိတ်ဖြစ်သော ဆွိဒင်လူမျိုး ဆိုသည်မှာလည်း ဘာမျှ တန်ဖိုးမရှိသော လူမျိုးမျှသာ ဖြစ်သည်။ ဆွိဒင်လူမျိုးသည် သူရူးကို မင်းမြှောက်တတ်သော လူမျိုးမျှသာ ဖြစ်သည်မဟုတ်လော။ ဆွိဒင်လူမျိုးတို့၏ ယခင် မင်းသည် သူရူးမဟုတ်လော။ ထို့ကြောင့် သင်တို့ ဆွိဒင်လူမျိုး နောက်မင်းတစ်ပါးကို တင်မြှောက် ကြသည် မဟုတ်လော။ သင်းတို့တင်သော ဘုရင် ဘာနာဒေါ့သည်လည်း နောက်၌ ရူးသွပ်ပြီမဟုတ်လော။ ဆွိဒင်ဘုရင်သည် သင်တို့ ဧကရာဇ်နှင့်မဟာမိတ်ဖွဲ့ခြင်းဖြင့် ရူးသွပ်ကြောင်းကို ပြခဲ့ပြီ မဟုတ်တုံလော အသင် တပ်ရေးချုပ်။ ဤအချိန်၌ သင်တို့ ဧကရာဇ်နှင့် မဟာမိတ် ပြုသူကိုမှ သူရူးဟု မခေါ်လျှင် အဘယ်သူကို သူရူးခေါ်ရ အံ့နည်း။

နပိုလီယန်သည် ဒေါသတကြီးဖြင့် အံကြိတ်၍ ပြောလိုက်ပြီးနောက် ရှူဆေးကို နှာဝတွင်တေ့၍ ရှူလိုက်ပြန်သည်။

တပ်ရေးချုပ် ဗလရှေသည် နပိုလီယန်၏ စကားလုံးတိုင်းအား မည်သို့ချေပရမည်ကို သိ၍ ပြန်လည်ချေပရန် ဟန်ပြင်လိုက်တိုင်း နပိုလီယန်က ကြားဖြတ်၍ ပြောဆိုသွားသည်သာ ဖြစ်၏။ ဆွိဒင်လူမျိုးများအား သူရူးဟုစွပ်စွဲသည့်ကိစ္စ၌လည်း ရုရှားနိုင်ငံသည် ဆွိဒင်နှင့် မဟာမိတ်ဖွဲ့ခြင်းကြောင့် မိမိ၌ အကျိုးအမြတ် မရှိ။ ဆွိဒင်နိုင်ငံမှာသာ အကျိုးကျေးဇူးရှိသည်ဟု ပြောလိုလှသော်လည်း နပိုလီယန်မှာ တပ်ရေးချုပ် ဗလရှေ၏အသံကို လွှမ်းသွားအောင် အော်ဟစ်ပြောဆိုလျက် ရှိသည့်အတွက် မပြောသာတော့ချေ။ လူတစ်ယောက်သည် မိမိပြောလျက်ရှိသော စကားများကို မှန်ကန်ခိုင်မြဲခြင်းကို မိမိဘာသာ မိမိယုံကြည်ခြင်း မရှိသည့်အခါများ၌ မိမိကိုယ်နှိုက်က ယုံကြည်လာအောင် ထိုစကားများကို ဒေါသတကြီးဖြင့် ထပ်တလဲလဲ ပြောဆိုတတ်လေ့ရှိရာ နပိုလီယန်သည်လည်း မိမိ၏ စကားများကို ဒေါသကြီးစွာဖြင့် ထပ်ပြန်တလဲလဲ ပြောဆိုလျက်ရှိ၏။ တပ်ရေးချုပ် ဗလရှေမှာ စိတ်တိုလျက်ရှိလေပြီ။ သံတမန်တစ်ဦးအနေဖြင့် ကြည့်လျှင် နပိုလီယန်ပြောသမျှကိုသာ နားထောင်နေပါက မိမိ၌ သံတမန်တို့ရှိအပ်သော ဂုဏ်သိက္ခာဟူ၍ ရှိတော့မည်မဟုတ်ခြင်းကို လည်းကောင်း၊ သံတမန်တို့၏ ထုံးတမ်းစဉ်လာအရ ဆိုရေးဆိုခွင့်ရှိသည်များကို ပြောဆိုရန် လိုအပ်ခြင်းကိုလည်းကောင်း သဘောပေါက်လာခဲ့လေသည်။ သို့သော်လည်း လူတစ်ယောက်အနေဖြင့်ကား တပ်ရေးချုပ် ဗလရှေသည် အကြောင်းမဲ့ဖြစ်သော အမျက်ဒေါသတို့ ဖုံးလွှမ်းလျက်ရှိသည့် နပိုလီယန်၏ရှေ့တွင် မည်သို့မျှ မပြောရဲဘဲ ပြားပြားဝပ်လျက်ရှိလေသည်။ ယခု အချိန်၌ နပိုလီယန်ပြောဆိုလျက်ရှိသည့်စကားများသည် များစွာ အဓိပ္ပာယ်မရှိလှတော့ဘဲ စိတ်လိုက်မာန်ပါ ပြောလျက်ရှိခြင်းမျှသာ ဖြစ်သည်ကို လည်းကောင်း၊ ခေါင်းအေးအေးဖြင့် ပြန်စဉ်းစားလိုက်သည့် အခါတွင် နပိုလီယန်သည် မိမိ၏ စကားများအတွက် အရှက်ရလျက်ရှိမည်ကို လည်းကောင်း တပ်ရေးချုပ် ဗလရှေ ကောင်းစွာသိလေသည်။ သို့ဖြင့် ဗလရှေသည် ခေါင်းငုံ့၍ မျက်လွှာကိုချလျက် နပိုလီယန်၏ တုတ်ခိုင်တိုတောင်းသော ခြေထောက်များကို ငုံကြည့်ကာ မျက်လုံးချင်း မဆိုင်မိအောင် မျက်နှာကို တမင်လွှဲထားရင်း ရပ်လျက်ရှိလေသည်။

"သင်၏ ဧကရာဇ်မင်းသည် မည်သူနှင့် မဟာမိတ်ဖွဲ့စေ၊ ငါ ဂရုမပြု။ ငါ၌လည်း မဟာမိတ်ရှိသည်သာဖြစ်သည်။ ပိုလန်လူမျိုးတို့သည် ယခု ငါ့မဟာမိတ်ဖြစ်လျက် ရှိချေပြီ။ ယခုပင် ပိုလန်စစ်သည်ရှစ်သောင်းတို့ ငါ့ကွပ်ကဲမှုအောက်တွင် ရောက်လျက်ရှိလေပြီ။ ပိုလန်တို့ကား စစ်တိုက်ခြင်းတွင် ကေသရာဇာခြေသေ့ကဲ့သို့ ရဲရင့်သည်ကို သင် သိသည်မဟုတ်လော။ ပိုလန်ပြည်မှ တပ်သားပေါင်း နှစ်သိန်းမျှ နောက်ထပ် စုဆောင်းဦးမည်ကို သင်တို့မသိသလော"

နပိုလီယန်သည် မိမိ၏ မုသားစကားကြောင့် မလုံမလဲဖြစ်လျက်ရှိခြင်း၊ မိမိရှေ့တွင် ကဲကြမ်္မာလက်သို့ ဂကွက်ထားသည့်ဟန်ဖြင့် မလှုပ်မယှက် ရပ်လျက်ရှိသော ရုရှား တပ်ရေးချုပ် ဗလရှေကို အားမလို အားမရဖြစ်ခြင်းတို့ကြောင့် ဒေါသထွက်လာကာ ချာခနဲ လှည့်လိုက်၍ တပ်ရေးချုပ် ဗလရှေ၏မျက်နှာကို ဆွဲမော့လိုက်ပြီး ဖြူဖွေးသော လက်များကို ထောင်ပြလိုက်ကာ အသံကျယ်ကျယ်ဖြင့်

"သင်တို့ ဧကရာဇ်သည် ပရပ်ရှားနိုင်ငံကို အားပေး

www.burmeseclassic.com

www.burmeseclassic.com

အား မြှောက်ပြု၍ ငါ့အား ထောင်ထားခြားနားအောင် ပြုအံ့၊ ပရပ်ရှာနိုင်ငံကို ဥရောပမြေပုံပေါ်မှ ပျောက်သွားအောင် ငါချေဖျက်ပစ်မည်ကို သတိချပ်ကြလေ" နပိုလီယန်က ကြုံးဝါးလိုက်၏။ နပိုလီယန်၏ မျက်နှာသည် ဖြူရော်လျက်ရှိ၍ ဒေါသအမျက်ဖြင့် ရှဲ့မဲ့လျက်ရှိ၏။ နပိုလီယန်သည် သေးငယ်သော လက်ဖဝါးများကို တစ်ခုနှင့်တစ်ခု ဖြန်းခနဲနေအောင် ရိုက်လိုက်ရင်း

"သင်တို့ ဧကရာဇ်ကို တင်လျှောက်လေ၊ သင်တို့အား ဒဗီနာမြစ်နှင့် ဒနီပါမြစ် တစ်ဖက်ကမ်းသို့ရောက်အောင် မောင်းထုတ်အံ့၊ ဤပိုလန်ပြည်နယ်ကြီး၏ နယ်နိမိတ်ကို ကျော်၍လာရဲလျှင် လာကြလော့။ ငါ၏တပ်များ တပ်စွဲလျက်ရှိသော ပိုလန်နယ်နိမိတ်ကို ကျူးကျော်လာသူအား ဥရောပ၏ ရာဇဝတ်ကောင်ဖြစ်စေအံ့။ ဟယ် တပ်ရေးချုပ်။ ငါ့အား ထောင်ထားခြားနားကာ အရေးတောင်းခြင်းဖြင့် သင်တို့ဧကရာဇ်သည် ဥရောပ၏ ရာဇဝတ်သားတစ်ဦးဖြစ်မည်ကို မသိသလော"

ဤသို့ ပြောဆို ကြုံးဝါးပြီးနောက် နပိုလီယန်သည် မည်သို့မျှ မပြောတော့ဘဲ ဧည့်ခန်းဆောင်ထဲတွင် အကြိမ်ပေါင်းများစွာ လမ်းလျှောက်လျက် ရှိသည်။ နပိုလီယန်၏ ဆူဖြိုးသော ပခုံးသားများသည် တဆတ်ဆတ်တုန်လျက်ရှိကြ၏။

နပိုလီယန်သည် ရှူဆေးဘူးကို ခါးပြတ် ကိုယ်ကျပ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် ပြန်ထုတ်ကာ နာဝသို့ ကြိမ်ဖန်များစွာ တော့လိုက်လျက် တပ်ရေးချုပ် ဗလရှေ၏ ရှေ့တွင် ရပ်လိုက်သည်။ နပိုလီယန်သည် ရှေ့တွင်ရပ်လျက် တပ်ရေးချုပ် ဗလရှေ၏ မျက်လုံးများဆီသို့ ခပ်လှောင်လှောင် စိုက်ကြည့်လိုက်ပြီးနောက် တည်ငြိမ်အေးဆေးသော အသံဖြင့်

"သို့တိုင်အောင် အချိန်ရှိသေးသည် တပ်ရေးချုပ်၊ သို့မဟုတ်က သင်တို့ တိုင်းသူပြည်သားတို့ တောင်လဲရာ မြက်ပြတ်သကဲ့သို့ ဖြစ်ကြမည်"

တပ်ရေးချုပ် ဗလရှေသည် သဲတမန်တို့၏ ကျင့်ဝတ်နှင့်အညီ တစ်စုံတစ်ရာ ပြန်ကြားပြောဆိုရန် ဝတ္တရားရှိသည်ဟု ယူဆသည့်အတိုင်း မိမိတို့အခြေအနေမှာ နပိုလီယန် ပြောသလောက် မဆိုးသေးကြောင်းဖြင့် ပြန်လည်ပြောဆိုခြင်း ပြုလေသည်။ နပိုလီယန်သည် တပ်ရေးချုပ် ဗလရှေ၏ စကားများကို နားထောင်ဟန်မပြုဘဲ လှောင်ပြောင်သော မျက်လုံးများဖြင့် တပ်ရေးချုပ် ဗလရှေကိုသာ စူးစိုက်ကြည့်လျက် ရှိလေသည်။ ရုရှားနိုင်ငံကမူ ဤစစ်ပွဲတွင် ရုရှားတို့နိုင်မည်ဟု ယုံကြည်လျက်ရှိကြောင်းဖြင့် တပ်ရေးချုပ် ဗလရှေက ပြောဆိုလိုက်သည်။ နပိုလီယန်သည် နိဝါတတရားကို ပြလိုသည့်ဟန်ဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်လျက်နေလေရာ ၎င်း၏အမူအရာမှာ အသင် တပ်ရေးချုပ်၊ သဲတမန်တို့မည်သည် ဤသို့ပြောမြဲမမှတ၊ သင်သည် ငါ့စကားကို ယုံကြည်လျက်နှင့် မယုံကြည်လေဟန် ပြုသည်။ သင့်ဧကရာဇ်၏အင်အားကို မယုံကြည်လျက်နှင့် ယုံကြည်လေဟန် ပြုသည်။ ဤသည်ကို ငါသိသည်'ဟု ထုတ်ဖော်ပြောဆိုသကဲ့သို့ ရှိလေသည်။

တပ်ရေးချုပ် ဗလရှေ၏စကားဆုံးသောအခါ၌ နပိုလီယန်သည် ရှူဆေးဘူးကို ထုတ်၍ ရှူလိုက်ပြန်သည်။ ထို့နောက် တစ်စုံတစ်ရာကို အချက်ပေးသည့်ဟန်ဖြင့် ကြမ်းပြင်ကို ဖနောင့်ဖြင့် နှစ်ချက်ပေါက်လိုက်သည်တွင် တံခါးပွင့်၍ လာပြီးနောက် လူပျိုတော်သားတစ်ယောက်သည် ဦးညွှတ်ခစားလျက် ဝင်ရောက်လာကာ လက်စွပ်အိတ်နှင့် ဦးထုပ်ကို နပိုလီယန်သို့ ရိုသေစွာ ဆက်သ၏။ အခြားတစ်ယောက်က ချွေးသုတ်ပဝါတစ်ထည်ကို ယူဆောင်လာလေသည်။ နပိုလီယန်သည် လူပျိုတော်သားနှစ်ဦးကို လှည့်၍မကြည့်ဘဲ တပ်ရေးချုပ် ဗလရှေဘက်သို့ လှည့်လိုက်ပြီး

"သင်၏ ဧကရာဇ်ကို လျှောက်လေ" နပိုလီယန်က ဦးထုပ်ကို လှမ်းယူလိုက်သည်။ "ငါသည် ညီတော်ဧကရာဇ်နှင့် ယခင်ကကဲ့သို့ သဟာယ မဟာမိတ်အဖြစ် ချစ်ကြည်စွာ နေလိုသည်။ နှစ်ပြည့်တစ်ပြည် မီးမသေ ရေမနှောက် ရွှေတစ်ပြားတည်းပမာ ရှိစေလိုသည်။ ဤသို့ ငါမှာကြောင်းကို လျှောက်လေ၊ ငါသည် ညီတော် အလက်ဇန်းဒရားဘုရင်မင်းမြတ်၏ စိတ်သဘောကို ကောင်းစွာသိ၍ ညီတော်၏ မြင့်မြတ်သော အရည်အချင်းတို့ကို ငါများစွာ နှစ်သက်ခြင်းဖြစ်သည် တပ်ရေးချုပ်။ သင့်ကို ဤထက်လွန်၍ကား ဆီးတားခြင်းငှာ မထိုက်ပြီ။ သင့်ဧကရာဇ်ထံ ပေးပို့သော စာချွန်ကို သင့်ထံ ငါပို့စေမည်"

ထို့နောက် နပိုလီယန်သည် တံခါးဆီသို့ လျင်မြန်စွာ ထွက်သွားလေသည်။ ထိုခဏ၌ ဧည့်ခန်းဆောင်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com

ရှိသူအပေါင်းတို့သည် အပြင်သို့ တစ်ဟုန်ထိုးထွက်ပြေးကြကာ လှေကားတစ်လျှောက်အတိုင်း ပြေးဆင်းလိုက်ပါသွားကြလေသတည်း။

အခန်း ၇

ဤသို့ဖြင့် နဝိလီယန်သည် ဒေါသအမျက်ခြောင်းခြောင်းဖြင့် ပြောဆိုခြင်း၊ 'သင့်အား ဤထက်လွန်၍ တားဆီးခြင်းငှာ မထိုက်ပြီ၊ သင့်ဧကရာဇ်ထံ ပေးပို့သော စာချွန်ကို ငါပို့စေမည်'ဟု ပြောဆိုခြင်းတို့ကို ထောက်၍ နဝိလီယန်သည် မိမိအား ထပ်မံတွေ့ဆုံလိုခြင်း မပြုလိုတော့ပြီ၊ မိမိသည် မချေမငံပြုမူခြင်း ခံရသော သံတမန်တစ်ဦးဖြစ်ခဲ့ရချေပြီဟု တပ်ရေးချုပ် ဗလရှေ၏စိတ်တွင် ထင်မှတ်လျက် ရှိလေသည်။ သို့သော်လည်း ထိုနေ့၌ပင် ပြင်သစ်ဧကရာဇ်ဘုရင် နဝိလီယန်ထံမှ မိမိနှင့်အတူ ညစာ လာရောက်စားရန် ဖိတ်ကြားချက်ကို အမတ်ချုပ် ဒူးရော့မှ တစ်ဆင့် ရရှိသောအခါ တပ်ရေးချုပ် ဗလရှေမှာ အံ့အားသင့်၍ သွားမိလေသည်။

ထိုနေ့သည် ညစာစားပွဲ၌ ပြင်သစ်စစ်သူကြီး ဘက်ဆီရေး၊ ပြင်သစ် စစ်သူကြီးဖြစ်၍ ပီတာစဘတ် ရွှေမြို့တော်၌ နဝိလီယန်၏ သံတော်ကြီးအဖြစ် အမှုတော်ထမ်းခဲ့ဖူးသူ ကော်လိန်ကူးနှင့် ပြင်သစ်စစ်သူကြီး ဘာသီးယားတို့လည်း တက်ရောက်ကြသည်။

နဝိလီယန်သည် တပ်ရေးချုပ် ဗလရှေကို ရွှင်လန်းအားရစွာ ဆီးကြို၏။ နဝိလီယန်သည် နံနက်က ဒေါသတကြီး အော်ဟစ်ပြောဆိုခဲ့ခြင်းအတွက် မျက်နှာထားတင်းခြင်း၊ အနေကျဉ်ခြင်းတို့ မရှိတော့သည့်အပြင် တပ်ရေးချုပ် ဗလရှေအား နှစ်သိမ့်မျော်းဖျသော အသွင်ကိုဆောင်လျက် ရှိလေသည်။ နဝိလီယန်သည် လောကၻ မိမိပြုသော အမှုတစ်ခုသည် မည်သည့်အခါမျှ မမှားနိုင်ဟု ယူဆထားဟန်လက္ခဏာ ရှိလေသည်။ ၎င်း၏အမြင်၌ မိမိပြုသော အမှုဟူသမျှသည် အမှန်ချည်းသာ ဖြစ်သည်။ ထိုသို့မှန်သည်ဟု ယူဆခြင်းမှာ မှားခြင်း မှန်ခြင်းဟု လူအများက ဆုံးဖြတ်ထားသော စံများနှင့် ကိုက်ညီခြင်းကြောင့် ယူဆခြင်းမဟုတ်။ မိမိပြုလုပ်ခြင်းကြောင့်သာ မှန်ခြင်းဖြစ်သည်ဟု ယူဆသောလူမျိုး ဖြစ်ချေသည်။

ထိုနေ့နံနက်၌ နဝိလီယန်သည် တပ်ရေးချုပ် ဗလရှေနှင့် တွေ့ဆုံပြီးနောက် ဝိလနာမြို့ထဲသို့ မြင်းစီးထွက်တော်မူခဲ့ရာ အလွန်အကြူး ပီတိဖြစ်လျက်ရှိသော မြို့သူမြို့သားများသည် တစ်ခဲနက်မျှ ကောင်းချီးသြဘာပေးကြလျက် နောက်မှ လိုက်ပါလာကြသည်ကို မြင်ရ၏။ ထို အချိန်ကတည်းက နဝိလီယန်မှာ ကြည်လင်ရွှင်ပျလျက် ရှိခဲ့လေသည်။ နဝိလီယန် မြင်းစီးထွက်လာသည့် လမ်းတစ်လျှောက်ရှိ အိမ်များတွင် တံခွန်များ၊ အလံများ၊ နဝိလီယန်၏ ရုပ်ပုံများကို လွှင့်ထူထားကြလျက် နဝိလီယန်အား ဆီးကြိုကြသော ပိုလန်အမျိုးသမီးများကလည်း နဝိလီယန်သွားရာ လမ်းတွင် မိမိတို့ပဝါများကို ဖြန့်ခင်းထားကြသည်။

ညစာစားပွဲ၌ နဝိလီယန်သည် တပ်ရေးချုပ် ဗလရှေအား မိမိအနီးတွင် ထိုင်စေ၏။ နဝိလီယန်သည် တပ်ရေးချုပ် ဗလရှေအား ချစ်ကြည်စွာ ပြုစုဆက်ဆံရုံမျှမက မိမိ၏ နန်းတော်သားတစ်ဦး၊ မိမိအကျိုးကို လိုလားသူတစ်ဦးကဲ့သို့ သဘောထား၍ ဆက်ဆံခြင်းကိုလည်း တွေ့ရလေသည်။ ညစာစား၍ရင်း စကားစမြည် ပြောကြရာ၌ နဝိလီယန်က မော်စကိုမြို့အဇ္ဈောင်းနှင့် ပီတာစဘတ်ရွှေမြို့တော်တို့ အကြောင်းများကိုလည်း မေးမြန်းစုံစမ်းခြင်းပြုလေသည်။ သို့ရာတွင် ဤသို့ မေးမြန်းစုံစမ်းရာ၌ နဝိလီယန်၏ မေးမြန်းစုံစမ်းပုံမှာ ခရီးသည်တစ်ဦးက မိမိသွားရောက်လည်ပတ်အံ့သော အရပ်ဒေသတစ်ခုအကြောင်းကို မေးမြန်းသကဲ့သို့သော သာမန် မေးမြန်းခြင်းမျိုးမဟုတ်ဘဲ ယခုကဲ့သို့ မိမိက အရေးတယူ မေးမြန်းခြင်းကြောင့် ရုရှားလူမျိုး တစ်ယောက်ဖြစ်သော တပ်ရေးချုပ် ဗလရှေသည် ဂုဏ်ယူဝမ်းမြောက်ခြင်း ဖြစ်မည်ဧကန်ဟူသော ယုံကြည်ချက်ဖြင့် မေးမြန်းခြင်းမျိုး ဖြစ်လေသည်။

"မော်စကိုမှာ လူဦးရေမည်မျှရှိသလဲ မောင်မင်း၊ လူနေအိမ်ခြေဦးရေကော မည်မျှလဲ၊ မော်စကိုမြို့ကို 'မြင့်မြတ်သော မော်စကို' ခေါ်သည်ဟု ငါကြားဖူးသည်။ ထိုအတိုင်း မှန်သလော။ မော်စကိုတွင် ဘုရားဝတ်ကျောင်းတို့ မည်မျှရှိသလဲ မောင်မင်း"

နဝိလီယန်က မေး၏။ မော်စကို၌ ဘုရားဝတ်ကျောင်းနှင့် သုဓမ္မာဇရုပ်ပေါင်း နှစ်ရာကျော်ရှိသည်ဟု ကြားရသောအခါ၌ နဝိလီယန်က

www.burmeseclassic.com

www.burmeseclassic.com

"အလို၊ များလှချေကလား တပ်ရေးချုပ်၊ ဘောက်မဲ့ကြောင့် ဤမျှလောက် များပြားရသတုံး"

"မှန်လှပါ၊ ရုရှားလူမျိုးများသည် ဘုရားတရား ရှိသေကိုင်းရှိုင်းသော လူမျိုးဖြစ်ပါသည် အရှင်ဘုရား"

"ဘုရားစေတီများ၊ ဘုန်းကြီးကျောင်းများ ပေါများခြင်းကား ခေတ်နောက်ကျသော လူမျိုးတစ်မျိုး၏ လက္ခဏာတစ်ခု ဖြစ်ပေသည်" နပိုလီယန်က ဤသို့ဆိုကာ ချီးမွမ်းသြဘာပေးခြင်းကို တောင်းခံသည့်အနေဖြင့် စစ်သူကြီး ကော်လိန်ကူးကို လှည့်ကြည့်လိုက်သည်။

တပ်ရေးချုပ် ဗလရှေသည် မရဲတရဲဖြင့် ပြင်သစ်ဧကရာဇ်ဘုရင် နပိုလီယန်၏စကားကို ပြန်လည်ချေပလိုက်သည်။

"မှန်လှပါ၊ နိုင်ငံတိုင်း လူမျိုးတိုင်း၌ မိမိတို့၏ သီးခြားသော အသွင်လက္ခဏာများ ရှိကြောင်းပါဘုရား"

"နို့ပေမယ့် ဥရောပမှာတော့ ဤမျှ များပြားသော စေတီပုထိုး ကျောင်းကန်ဧရပ်ရှိတဲ့ တိုင်းပြည်ဟူ၍ မရှိပေဘူး၊ တပ်ရေးချုပ်ရဲ့"

"မှန်လှပါ၊ လျှောက်ထားဝံ့ပါသည် ဘုရား" တပ်ရေးချုပ် ဗလရှေက ပြောလိုက်သည်။ "ကျွန်တော်တို့၏ ရုရှားနိုင်ငံတစ်ခုတည်းသာ မဟုတ်ပါ။ စပိန်ပြည်၌လည်း ပုထိုးစေတီ ကျောင်းကန်ဧရပ်များ ပေါများလှကြောင်းပါ ဘုရား"

တပ်ရေးချုပ် ဗလရှေက မရဲတရဲ လျှောက်လိုက်၏။ တပ်ရေးချုပ် ဗလရှေအဖို့ ဤစကားကို လျှောက်တင်ရန် မဝံ့ခြင်းကား အကြောင်းရှိလေသည်။ နပိုလီယန်သည် မကြာသေးမီက စပိန်သို့ ဝင်ရောက်တိုက်ခိုက်ရာ၌ အရေးနိမ့်လာခဲ့လေရာ 'ဘုရားစေတီပေါများသော ခေတ်နောက်ကျသည့် နိုင်ငံဖြစ်လျက် ဧကရာဇ်ဘုရင် နပိုလီယန်သည် ထိုနိုင်ငံမျိုးကိုမျှ နိုင်အောင်မတိုက်နိုင်လေ'ဟူသော သဘောမျိုးဖြင့် ပြောလိုက်ခြင်းဖြစ်၏။ မိမိက နပိုလီယန်အား ဤသို့ ပြန်လှန်ချေပခဲ့ကြောင်းကို နောင်၌ ပီတာစဘတ် ရွှေနန်းတော်တွင် ပြန်၍လျှောက်တင်သောအခါ 'တပ်ရေးချုပ် တော်ပေသည်'ဟု ချီးမွမ်းထောမနာပြုခြင်း ခံရသော်လည်း ယခု နပိုလီယန်၏ ရှေ့မှောက်တွင်ကား တပ်ရေးချုပ် ဗလရှေ၏ 'သောလုံး'ကို မည်သူကမျှ အမှတ်မထားလိုက်မိကြချေ။

တပ်ရေးချုပ် ဗလရှေက ထိုစကားများကို ခပ်သောသော လေသံဖြင့် ပြောလိုက်သောအခါ၌ ပြင်သစ် စစ်သူကြီးများသည် အဘယ်ကြောင့် ရုရှားတပ်ရေးချုပ်သည် ခပ်သောသော ပြောရပေသနည်းဟု နားလည် စိတ်ဝင်စားခြင်း မရှိသော မျက်နှာထားများဖြင့် ငေးကြည့်လျက် ရှိကြလေသည်။ 'ဘယ့်နယ်၊ တပ်ရေးချုပ် စကားကပဲ ရယ်စရာကောင်းလို့လား၊ ကျုပ်တို့ကပဲ မမြင်လို့လားတော့ မသိဘူး၊ မရယ်ရပါကလားဗျ'ဟု ၎င်းတို့၏ မျက်နှာများက ပြောပြလျက် ရှိ၏။ နပိုလီယန်ကမူ တပ်ရေးချုပ်၏ ချေပပြောဆိုချက်ကို လုံးဝပင် သတိထားမိဟန်မရှိဘဲ ဤမှမော်စကိုသို့ သွားလျှင် မည်သည့်မြို့များကို ဖြတ်သန်းသွားခြင်းက အနီးဆုံး ဖြစ်မည်နည်းဟု မေးမြန်း၏။ ညစာစားပွဲတွင် တပ်ရေးချုပ်ဗလရှေသည် အချက်ကျကျ ပြန်လည် ဖြေကြားရန် အဆင်သင့် ပြင်ထားသည့်အတိုင်း 'လမ်းဟူသမျှသည် ရောမမြို့သို့ ဦးခိုက်လျက်ရှိသည်'ဟူသော စကားပုံအရ "လမ်းအားလုံးသည် မော်စကိုသို့ ဦးခိုက်လျက် ရှိပါသည်"ဟု ပြန်လည်ဖြေကြားလိုက်သည်။ မော်စကိုသို့ သွားရာလမ်းများစွာရှိကြောင်း၊ ၎င်းတို့အနက် ပေါ်လ်တာဗာမှ ဖြတ်သန်းသွားသောလမ်းမှာ အကောင်းဆုံးဖြစ်ကြောင်း ပြောကြားလျက်ရှိစဉ် စစ်သူကြီး ကော်လိန်ကူးက ပီတာစဘတ် ရွှေမြို့တော်တွင် သံတော်ကြီးအဖြစ် မိမိအမှုထမ်းစဉ်က ကြုံတွေ့ရပုံများနှင့်တကွ မော်စကိုနှင့် ပီတာစဘတ် ရွှေမြို့တော်သွား လမ်းမကြီးမှာ ကြမ်းတမ်းဆိုးရွားလှကြောင်းဖြင့် ပြောပြလျက် ရှိလေသည်။

ညစာစားပြီးနောက်၌ ကော်ဖီသောက်ရန် နပိုလီယန်၏ စာကြည့်ဆောင်ထဲသို့ ပြောင်းရွှေ့ခဲ့ကြ၏။ ထိုစာကြည့်ဆောင်ကား လွန်ခဲ့သော လေးရက်ခန့်က ရုရှားဘုရင် အလက်ဇန်းဒရား၏ စာကြည့်ဆောင်ပေတည်း။ နပိုလီယန်သည် ထိုင်ဖုံတွင် ထိုင်လိုက်၍ ရှေ့ရှိ ဆေဗရီကော်ဖီ ပန်းကန်ကို လက်ဖြင့်လှည့်၍ ကစားနေရာမှ တပ်ရေးချုပ် ဗလရှေအား မိမိအနီးရှိ ထိုင်ဖုံတွင် ထိုင်ရန် အချက်ပြလိုက်သည်။

ယခုအချိန်၌ နပိုလီယန်မှာ ညစာ စားပြီးနောက် ဖြစ်ပေါ်တတ်သော စိတ်ကြည်လင်ချမ်းမြေ့မှုမျိုးဖြင့် ရွှင်ပျလျက်ရှိလေရာ မည်သည့်အကြောင်းကြောင့် မသိ၊ ထို့ရွှင်ပျခြင်းမျိုးသည် ကျေနပ်ရောင့်ရဲသောစိတ်၊ လူတစ်ဖက်သား

www.burmeseclassic.com

www.burmeseclassic.com

အား ချစ်ခင်ကြင်နာသော စိတ်မျိုးကို ဖြစ်ပေါ်စေသည်မှာ အမှန်ပင် ဖြစ်လေသည်။ နဝိလီယန်သည် မိမိအနီး၌ ခစားနေသူအား လုံးမှာ မိမိအား ကြည်ညိုကိုးကွယ်လျက် ရှိကြသူများသာ ဖြစ်သည်ဟု ထင်မှတ်လျက် ရှိလေသည်။ ညစာစားပြီးသည်နှင့် တစ်ပြိုင်နက် တပ်ရေးချုပ် ဗလရှေအားလည်း မိမိ၏ ရောင်းရင်း မိတ်ဆွေတစ်ဦး၊ မိမိကို ကိုးကွယ်ကြည်ညိုသူ တစ်ဦးဟု နဝိလီယန်၏ စိတ်တွင် ထင်မှတ်လျက် ရှိလေသည်။ နဝိလီယန်သည် ကြည်လင်ရွှင်ပျခြင်း ရှိသော်လည်း လှောင်ပြောင်သည့်သဘောကို ဆောင်သည့် အပြုံးဖြင့် ရုရှားတပ်ရေးချုပ် ဗလရှေကို လှည့်ကြည့်လိုက်သည်။

"ဤစာကြည့်ဆောင်သည် ညီတော် ရုရှားဧကရာဇ်အသုံးပြုခဲ့သော စာကြည့်ဆောင်ဟု ငါသိရသည်။ ယခု ငါ၏ စာကြည့်ဆောင် ဖြစ်လျက်ရှိပြီ။ ကံတရားဟူသည် ထူးဆန်းသည် မဟုတ်လော တပ်ရေးချုပ်"

နဝိလီယန်က မိမိသည် ရုရှားဘုရင် ဧကရာဇ်ထက် ဘုန်းလက်ရုံး တန်ခိုးတော်ကြီးပေသည် ဟူသော ဟန်မျိုးဖြင့် မေးလိုက်သည်။

တပ်ရေးချုပ် ဗလရှေသည် မည်သို့မျှ ပြန်လည် ချေပနိုင်ခြင်း မရှိတော့ဘဲ ခေါင်းညိတ်၍ ပြလိုက်၏။

"မှန်ပေတယ် မောင်မင်း၊ လွန်ခဲ့သော လေးရက်ခန့်က ညီတော် ရုရှားဧကရာဇ်၏ ဗိုလ်ချုပ် ဗိုလ်မှူး၊ စစ်ဦးစစ်ကဲများ ဖြစ်ကြသည့် ဝန်ဇင်ဂျီရိုဒီနှင့် စတိန်းတို့သည် စစ်ရေးစစ်ရာများကို ဤစာကြည့်ဆောင်ထဲ၌ပင် တိုင်ပင် ဆွေးနွေးခဲ့ကြသည် မဟုတ်လော" နဝိလီယန်က မိမိကိုယ်ကို မိမိယုံကြည်ခြင်း၊ တစ်ဖက်သားကို လှောင်ပြောင် နှိမ့်ချခြင်းစသည်တို့ကို ဆောင်သည့်အပြုံးဖြင့် မေးလိုက်သည်။ ထိုနောက် ဆက်၍

"ငါ နားမလည်နိုင်သော အချက်ကား ညီတော် ရုရှားဘုရင်ဧကရာဇ်သည် ငါ၏ပုဂ္ဂိုလ်ရေး ရန်သူများကို သူ၏အပါးတွင် စုရုံးသိမ်းသွင်းခစားစေခြင်း ဖြစ်သည် တပ်ရေးချုပ်၊ ဤအချက်ကား ငါနားမလည်နိုင်သော အချက်ဖြစ်သည်၊ သူက ဤသို့ပြုလျှင် ငါကလည်း သူ၏ပုဂ္ဂိုလ်ရေးရန်သူများကို ငါ့အနီးတွင် စုရုံးသိမ်းသွင်းခြင်း ပြုနိုင်သည်ကို ညီတော် ရုရှားဧကရာဇ် မစဉ်းစားရာသလော"

နဝိလီယန်သည် တပ်ရေးချုပ် ဗလရှောက်သို့ လှည့်ကြည့်လိုက်၏။ ဤကိစ္စကို စဉ်းစားမိသည်နှင့် တစ်ပြိုင်နက် နဝိလီယန်သည် နံနက်က ဒေါသအရှိန် မပြေသေးဘဲ မာန်တက်လာပြန်သည်။

"တပ်ရေးချုပ်၊ သင်၏ ဧကရာဇ်အား လျှောက်တင်လေ၊ သင့်ဧကရာဇ်သည် ငါ၏ ပုဂ္ဂိုလ်ရေးရန်သူများကို စုရုံးသိမ်းသွင်းအံ့၊ ငါသည်လည်း သင့်ဧကရာဇ်၏ ပုဂ္ဂိုလ်ရန်သူများကို စုရုံးသိမ်းသွင်းအံ့"

နဝိလီယန်သည် ရှေ့တွင်ရှိသည့် ဆေဗရီ ကာဖီပန်းကန်ကို လက်ဖြင့် တွန်းဖယ်၍ ထိုင်ရာမှ ထလိုက်၏။

"ငါသည် ဂျာမနီပြည်ရှိ ဝူတင်ဘတ် မင်းမျိုးများ၊ ဘေဒင်မင်းမျိုးများနှင့် ဝေမာမင်းမျိုးများကို ဂျာမနီမှ မောင်းထုတ်အံ့၊ သင်းတို့အား ဂျာမန်မြေပေါ်မှ မောင်းထုတ်အံ့။ သင်းတို့ ရုရှားနိုင်ငံတွင် ပြေးဝင်ခိုလှုံရန်သာ ပြင်ဆင်ထားကြစေတော့"

တပ်ရေးချုပ် ဗလရှေက မိမိသည် နဝိလီယန်၏ စကားများကို နားထောင်လိုခြင်း မရှိဘဲ နားထောင်နေရခြင်း ဖြစ်ကြောင်း၊ မိမိသည် ပြန်ချိန်တန်ပြီဖြစ်ကြောင်းကို အမူအရာဖြင့် ပြလျက် ဦးညွှတ်၍ အရိုအသေပြုလိုက်၏။ နဝိလီယန်ကား တပ်ရေးချုပ်ဗလရှေ၏ အမူအရာကို သတိမထားမိသေးချေ။ ယခုအချိန်၌ နဝိလီယန်သည် တပ်ရေးချုပ် ဗလရှေအား ရန်သူဧကရာဇ်မင်း၏ သံတမန်တစ်ဦးကဲ့သို့ စကားပြောဆိုခြင်း မရှိတော့ဘဲ မိမိအား ကြည်ညိုကိုးကွယ်လျက် အရှင်သခင်ဟောင်း အလက်ဇန်းဒရားဘုရင်၏ အရေးနိမ့်ခြင်းကို ဝမ်းသာလျက်ရှိသူ မိမိနောက်တော်ပါတစ်ဦးအား ပြောဆိုသကဲ့သို့ ပြောဆိုလျက် ရှိလေသည်။

"တပ်ရေးချုပ်၊ သင်တို့၏ ရုရှားဘုရင် အလက်ဇန်းဒရားသည် အဘယ့်ကြောင့် တပ်တော်များကို ကိုယ်တိုင် ကွပ်ကဲ ချီတက်လာသနည်း၊ ဤအခြင်းအရာကား အဘယ်နည်း၊ စစ်ထိုးခြင်းသည် ငါကဲ့သို့သော စစ်ဘုရင်၏အလုပ်ဖြစ်သည်။ သို့ရာတွင် အလက်ဇန်းဒရားဘုရင်၏ အလုပ်ကား စစ်ထိုးခြင်း မဟုတ်။ တိုင်းနိုင်ငံကို အုပ်ချုပ်ခြင်း မျှသာ ဖြစ်သည်။ ဤသည်ကို ရုရှားဘုရင် အလက်ဇန်းဒရား မသိရာသလော"

နဝိလီယန်သည် အိတ်ထဲမှ ရှူဆေးဘူးကို ထုတ်၍

www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေပြန်သည်။ ထိုနောက် ရုတ်တရက် တပ်ရေးချုပ် ဗလရှေထံသို့ လျှောက်သွားကာ တပ်ရေးချုပ် ဗလရှေအား ကျိစယ်လိုဟန်ဖြင့် ခပ်မိန့်မိန့်ပြုံးလျက် အသက်လေးဆယ် ရှိပြီဖြစ်သော ရုရှားတပ်ရေးချုပ် ဗလရှေ၏နားရွက်ကို အသာအယာ ဆွဲလိမ်လိုက်သည်။

ပြင်သစ် ရွှေနန်းတွင်း ထုံးစံကား ဘုရင်ဧကရာဇ်မင်းမြတ်က နားရွက်ကို ဆွဲလိမ်၍ ကျိစားခံရခြင်းသည် အကျိစားခံရသူအဖို့ ကြီးမြတ်သော ဂုဏ်ပုဒ်ကြီး ဖြစ်ချေသည်။

"ညီတော် အလက်ဇန်းဒရား ဘုရင်ဧကရာဇ်၏ နန်းတွင်းသားလည်းဖြစ်၊ သစ္စာရှိလှစွာသော ကျေးကျွန်လည်းဖြစ်သည့် တပ်ရေးချုပ်၊ ဘာကြောင့် စကားမဆို တိတ်တိတ်နေဘိသနည်း"

နပိုလီယန်က မိမိရှေ့မှောက်၌ ရောက်နေပါလျက် မိမိမှအပ အခြားတစ်ပါးသော မင်းဧကရာဇ်တစ်ပါး၏ သစ္စာတော်ခံ ဖြစ်နေခြင်းမှာကား ရယ်ဖွယ်ကောင်းလှသည်ဟု ဆိုလိုဟန်ဖြင့် ပြောလိုက်၏။ ထို့နောက် တပ်ရေးချုပ် ဗလရှေဘက်သို့ လှည့်၍

"တပ်ရေးချုပ်အတွက် မြင်းများ အဆင်သင့်ဖြစ်ကြပြီလော၊ တပ်ရေးချုပ်၏ အပြန်ခရီးသည် အလာခရီးထက် ဝေးချေတော့မည်"

ဤသို့ဖြင့် တပ်ရေးချုပ် ဗလရှေသည် နပိုလီယန်၏ စာချွန်ကို ယူ၍ပြန်ခဲ့လေသည်။ တပ်ရေးချုပ် ဗလရှေ ယူဆောင်ခဲ့သည့် စာချွန်ကား နပိုလီယန်က ရုရှားဧကရာဇ်သို့ နောက်ဆုံးပေးသည့် စာချွန်ဖြစ်လေသည်။ တပ်ရေးချုပ် ဗလရှေသည် တွေ့မြင်ခဲ့ရသည့် အခြင်းအရာတို့ကို ရုရှားဧကရာဇ်အား တင်လျှောက်ခြင်း ပြု၏။ ကြားနာခဲ့ရသည့် စကားတို့ကို ရုရှားဧကရာဇ်အား အသေးစိတ် တင်လျှောက်ခြင်း ပြု၏။

ထို့နောက်၌ကား စစ်ပွဲကြီး ဖြစ်ပွားလာခဲ့လေသတည်း။

အခန်း ၈

မော်စကိုမြို့တွင် ပီယာနှင့် တွေ့ဆုံပြီးသည့်နောက်၌ မင်းသားကလေး အင်ဒရေသည် ပီတာစဘတ် ရွှေမြို့တော်သို့ ထွက်လာခဲ့၏။ မင်းသားကလေး အင်ဒရေသည် ကိစ္စရှိသည်ဟု အိမ်သားများကို အကြောင်းပြခဲ့သော်လည်း အမှန်အားဖြင့်မူ မည်သည့်ကိစ္စမျှ အထွေအထူးရှိ၍ မဟုတ်ချေ။ အနာတိုလီနှင့် တော့တော့ဆိုင်ဆိုင် တွေ့ရန် လိုအပ်သည်ဟု ယူဆသည့်အတွက် အနာတိုလီနှင့် တွေ့ဆုံရန် လာခဲ့ခြင်းသာ ဖြစ်လေသည်။ ပီတာစဘတ် ရွှေမြို့တော်သို့ ရောက်သောအခါ၌ အနာတိုလီ၏အကြောင်းကို စုံစမ်းသော်လည်း အနာတိုလီမှာ ပီတာစဘတ် ရွှေမြို့တော်မှ ထွက်ခွာသွားခဲ့လေပြီ။ ဤအတောအတွင်း၌ ပီယာသည် မိမိ၏ယောက်ဖတော်အား မင်းသားကလေး အင်ဒရေက လိုက်လံရှာဖွေလျက်ရှိကြောင်းကို သတိပေးထားခဲ့၏။ ထိုသတင်းကို ကြားသည်နှင့် အနာတိုလီသည် စစ်ဝန်ကြီးဌာနမှ ရာထူးတစ်ခုကို ဆောင်ယူကာ မိမိတာဝန်ထမ်းဆောင် ရမည့် တပ်များရှိရာ မော်လ်ဒါးဗီးယားပြည်သို့ ထွက်ခွာလာခဲ့လေသည်။ ပီတာစဘတ် ရွှေမြို့တော်တွင် ရှိစဉ် မင်းသားကလေး အင်ဒရေသည် မိမိ၏စစ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်နှင့် သွားရောက်တွေ့ဆုံခဲ့၏။ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်မှာ မော်လ်ဒါးဗီးယားပြည်တွင် စစ်ဦးစီးချုပ်အဖြစ် ခန့်ထားခြင်းခံရသည့်အနက် မိမိနှင့်အတူ လိုက်ပါလာရန် မင်းသားကလေး အင်ဒရေအား ခေါ်သည်တွင် မင်းသားကလေး အင်ဒရေမှာလည်း မိမိ အလွန်တရာ တွေ့လိုသော အနာတိုလီကို တွေ့ရတော့မည်ဖြစ်သဖြင့် လက်ခံသဘောတူလိုက်၏။ သို့ဖြင့်မင်းသားကလေး အင်ဒရေသည် စစ်ဦးစီးဌာနချုပ်တွင် ရာထူးတစ်နေရာ ခန့်အပ်ခြင်းခံရသည်နှင့် တစ်ပြိုင်နက် တူရကီနိုင်ငံသို့ ထွက်လာခဲ့လေသည်။

မင်းသားကလေး အင်ဒရေသည် အနာတိုလီနှင့် နှစ်ယောက်ချင်း ယှဉ်ပြိုင်သတ်ရန် စာရေး၍ ချိန်းဆိုရလေမည်လောဟု တွေးမိသည်။ သို့ရာတွင် ယခုအခြေအနေတွင် အခြားအကြောင်းပြချက် မရှိဘဲ နှစ်ယောက်ချင်းသတ်ရန် ချိန်းဆိုပါက နာတာရှာကိစ္စကြောင့် ချိန်းဆိုခြင်းသာ ဖြစ်သည်ဟု အထင်ခံရမည်ကိုလည်း စိုးရိမ်လျက်ရှိ၏။ ဤသို့ ချိန်းသတ်ခြင်းကြောင့် မိမိနှင့် နာတာရှာတို့ ပြန်၍ ပတ်သက်နေရဦးမည့်အဖြစ်ကိုလည်း မလိုလားချေ။ ထို့ကြောင့် မင်းသားကလေး အင်ဒရေသည် ချိန်းသတ်ဖို့ နောက်ထပ် အကြောင်းပြချက်တစ်ခု ရှာရန်အတွက်

www.burmeseclassic.com

www.burmeseclassic.com

အနာတိုလီနှင့် လူချင်း တော့တော့ဆိုင်ဆိုင် တွေ့အောင်သာ ကြိုးစားလျက်ရှိခြင်း ဖြစ်လေသည်။ သို့ရာတွင် မင်းသားကလေး အင်ဒရေသည် တူရကီပြည်၌လည်း အနာတိုလီနှင့် လွဲသွားပြန်လေသည်။ မင်းသားကလေး အင်ဒရေ တူရကီပြည်သို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် အနာတိုလီမှာရုရှားပြည်သို့ ပြန်သွားခဲ့လေပြီ။ နယ်သစ် အခြေအနေသစ်ကို တွေ့လိုက်ရသည့်အတွက် မင်းသားကလေး အင်ဒရေမှာ အနည်းငယ် နေသာထိုင်သာ ရှိမည်ဟု ထင်မှတ်မိ၏။ နာတာရှာက မိမိအပေါ်၌ သစ္စာဖောက်သွားပြီး နောက်၌ ထိုဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများကို မင်းသားကလေး အင်ဒရေသည် ကြိတ်မှိတ်၍ ခံခဲ့သည်။ သို့ရာတွင် တစ်ခါက မိမိ ပျော်မြူးကြည်မွေ့ခဲ့သော ပတ်ဝန်းကျင်တွင်းကား ပျော်ပိုက်ခြင်းမရှိတော့ပြီ။ တစ်ခါက မိမိ လွန်စွာ တန်ဖိုးထားခဲ့သော လွတ်လပ်ခြင်း၊ အချုပ်အနှောင်ကင်းမဲ့ခြင်းတို့သည်လည်း ငြီးငွေ့ဖွယ်ကောင်းသော အရာဖြစ်လာခဲ့ကြလေပြီ။ ဩစတားလစ်တိုက်ပွဲအတွင်း စစ်မြေတွင် ဒဏ်ရာရ၍ လဲနေရင်း ကောင်းကင်ပြာကြီးကို မော့ကြည့်ခဲ့စဉ်က ပေါ်ပေါက်လာခဲ့သော အတွေးများ၊ ပီယာနှင့် ကူးတို့ဆိပ်တွင် ရပ်၍ စကားပြောကြစဉ်က ပေါ်ပေါက်လာခဲ့သော အတွေးများ၊ ဘိုဂူချာရိုဗို ပိုင်စားနယ်မြေတွင် တစ်ယောက်တည်း နေခဲ့စဉ်က ဖြစ်ပေါ်ခဲ့သော အတွေးများ၊ ဆွစ်ဇာလန်ပြည်နှင့် ရောမမြို့တွင် ရောက်ခဲ့စဉ်က ဖြစ်ပေါ်ခဲ့သော ကြည်နူးမှုများ စသည်တို့သည် ယခုအချိန်တွင် မင်းသားကလေး အင်ဒရေ၏ခေါင်းထဲမှ ပျောက်ကွယ်ခဲ့ကြလေပြီ။ ထိုမျှမက ထိုစဉ်က ရရှိခဲ့သော စိတ်၏ ကြည်လင်ငြိမ်းချမ်းခြင်းနှင့် ထိုစိတ်ငြိမ်းချမ်းခြင်းကြောင့် ခံစားခဲ့ရသော အရသာတို့ကိုပင် မတွေးရဲလောက်အောင် ဖြစ်လျက်ရှိလေပြီ။ ယခုအချိန်၌ မင်းသားကလေး အင်ဒရေမှာ အတိတ်ကို လုံးဝမေ့ထားလိုက်ကာ အတိတ်က ဖြစ်ရပ်များနှင့် ဆက်စပ်ခြင်းမရှိသော လောလောဆယ် လက်တွေ့ကိစ္စများလောက်ကိုသာ စိတ်ဝင်စားလျက် ရှိလေသည်။ သို့သော်လည်း မင်းသားကလေး အင်ဒရေအဖို့၌ ဤသို့သော လောလောဆယ် လက်တွေ့ ကိစ္စများကို စိတ်ထက်သန်စွာ လုပ်သည်နှင့်အမျှ အတိတ်က အဖြစ်အပျက်များသည်လည်း ပို၍ထင်ရှားစွာ ပေါ်လာကြခြင်းကို တွေ့ရ၏။ တစ်ခါက မိမိ၏ခေါင်းပေါ်တွင် အုပ်မိုးလျက် ရှိသော ဆုံးစမထင်သည့် ကောင်းကင် မျက်နှာကျက်ကြီးသည် ယခုအချိန်၌ မိမိ၏အပေါ်သို့ ပိကျလာသော ကုန်းကြီးတစ်ခုကဲ့သို့ အောက်မေ့ရလျက် လောကတွင် ထာဝရနိစ္စဖြစ်သောအရာ၊ မသိနိုင်သောအရာ တို့ဟူ၍ မရှိတော့ဘဲ အားလုံးသည် သိနိုင်သောအရာ၊ သိကောင်းသောအရာ၊ ရှင်းလင်းလွယ်ကူသောအရာဟု ထင်မှတ်လာခဲ့လေသည်။

မင်းသားကလေး အင်ဒရေ တွေ့ကြုံဖူးသော အလုပ်များအနက် စစ်မှုထမ်းခြင်းအလုပ်ကား မိမိအဖို့ အရှင်းလင်းဆုံး၊ အရိုးသားဆုံး၊ အလွယ်ကူဆုံးဟု ထင်မိ၏။ မင်းသားကလေး အင်ဒရေသည် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်၏ဌာနခွဲ ဗိုလ်ချုပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိစဉ် အလုပ်တာဝန်များကို ဇွဲကောင်းကောင်းနှင့် စိတ်အားထက်သန်စွာ ဆောင်ရွက်ခြင်းပြုလေရာ မင်းသားကလေး အင်ဒရေ၏ စိတ်အားထက်သန်ခြင်းနှင့် စေ့စပ်သေချာခြင်းတို့ကို ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်ကိုယ်တိုင်ကပင် အံ့သြချီးမွမ်းခြင်း ပြုရပေသည်။ တူရကီပြည်တွင် အနာတိုလီကို မတွေ့တော့သောအခါ၌ မင်းသားကလေး အင်ဒရေသည် ရှုရှားပြည်သို့ ပြန်ကာ အနာတိုလီကို လိုက်ရှာဖို့လိုသည်ဟု မထင်တော့ချေ။ သို့ရာတွင် မိမိသည် အနာတိုလ်အား နောင်နှစ်ပေါင်း မည်မျှကြာသည့်အခါမှ ပြန်တွေ့သည်ဖြစ်စေ၊ အနာတိုလီအပေါ်၌ နှစ်ပြားမျှ မတန်အောင် အထင်သေးသည်ဖြစ်စေ၊ အနာတိုလီလိုလူနှင့် အဖက်လုပ်၍ သတ်ပုတ်ခြင်းငှာ မထိုက်ဟု မည်မျှပင် ယူဆသည်ဖြစ်စေ၊ ငတ်ပြတ်လျက် ရှိသူတစ်ယောက်သည် အစာကိုတွေ့လျှင် လုယူစားသောက်ခြင်း မပြုဘဲ မနေနိုင်သကဲ့သို့ အနာတိုလီနှင့် တကယ် တော့တော့ဆိုင်ဆိုင် တွေ့လာသောအခါတွင် မိမိသည်လည်း အနာတိုလီအား ရမယ်ရှာကာ သတ်ဖြတ်ရန် ချိန်းဆိုခြင်းမပြုဘဲ နေနိုင်မည်မဟုတ်ကြောင်းကို မင်းသားကလေး အင်ဒရေ သိပြီးဖြစ်လေသည်။ မိမိအား စော်ကားသွားခြင်းကို ပြန်၍ လက်စားမချေရသေးဟူသော အသိ၊ မိမိ၏စိတ်ထဲ၌ မျိုသိပ်ထားရသော အမျက်ဒေါသကို ထုတ်ဖော်ဖွင့်အန်ခြင်း မပြုရသေးဟူသော အသိသည် မင်းသားကလေး အင်ဒရေ၏ နှလုံးသားပေါ်တွင် ကျောက်ခဲကြီး တင်ထားသည့်ပမာ လေးလံလျက် ရှိ၏။ ထိုအသိ

www.burmeseclassic.com

www.burmeseclassic.com

သည် မနားမနေ အလုပ်လုပ်ခြင်းကြောင့် ရရှိခဲ့သော သဘာဝမဟုတ်သည့် စိတ်ငြိမ်သက် ချမ်းမြေ့ခြင်းကိုလည်း နှောင့်ယှက်ဖျက်ဆီးလျက် ရှိလေသည်။

၁၈၁၂-ခုနှစ်၌ ရုရှားနိုင်ငံနှင့် နပိုလီယန်တို့ စစ်ဖြစ်ပြီဟူသော သတင်းသည် ဘုခါရက်မြို့သို့ ရောက်ရှိလာခဲ့၏။ ထိုအချိန်တွင် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် နှစ်လလုံးလုံး နေ့ရောညပါ ရူမေးနီးယန်း မိန်းမပျက်တစ်ယောက်နှင့် အချိန်ကုန်လျက် ရှိလေသည်။ မင်းသားကလေး အင်ဒရေသည် မိမိအား အနောက်ဘက်ကြောင်းချီ တပ်တော်ကြီးသို့ ပြောင်းရွှေ့ပေးရန် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်အား ပြောဆိုလေသည်။ ဤတွင် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည်လည်း မိမိက လေလွင့်မြူးထူးလျက်ရှိသလောက် မင်းသားကလေး အင်ဒရေက အလုပ်ကို အပတ်တကုတ် ကြိုးစားလုပ်ကိုင်လျက်ရှိသည့်အတွက် မလုံမလဲဖြစ်ကာ အနေရခက်လျက်ရှိသဖြင့် အသာတကြည် ပင် ပြောင်းရွှေ့ခွင့်ပေးလိုက်သည်။ အနောက်ဘက်ကြောင်းချီ တပ်မကြီး စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဘာကလေဒီတိုလီထံသို့လည်း စာတစ်စောင်ရေး၍ ပေးလိုက်လေသည်။

ထိုအချိန်မှာ မေလဖြစ်လျက် ဗိုလ်ချုပ်ကြီး ဘာကလေ၏ အနောက်ဘက်ကြောင်းချီ တပ်မကြီးသည် ဒရစ်ဆာမြို့တွင် တပ်စွဲထားလျက်ရှိ၏။ မင်းသားကလေး အင်ဒရေသည် အနောက်ဘက်ကြောင်းချီ တပ်မကြီးရှိ စစ်ဦးစီးဌာနချုပ်သို့ ထွက်လာခဲ့ရာ၌ စမိုးလင့်သွား ပေတစ်ရာလမ်းမကြီးမှ လာခဲ့ရခြင်းဖြစ်လေရာ လမ်းကြုံသည်နှင့် ပေတစ်ရာလမ်းမကြီး အတွင်းဘက် သုံးမိုင်ခန့်ဝေးသော ခမည်းတော်ကြီးနေထိုင်ရာ တောင်ကတုံးဒေသရှိ စံအိမ်သို့ ဝင်ရောက်ခဲ့လေသည်။ လွန်ခဲ့သော သုံးနှစ်ကာလအတွင်း၌ မင်းသားကလေး အင်ဒရေ၏ဘဝတွင် ပြောင်းလဲခြင်းအမျိုးမျိုးကို ကြုံခဲ့ရလေပြီ။ မင်းသားကလေး အင်ဒရေသည် (အရှေ့ဘက်တစ်ခွင်နှင့် အနောက်ဘက်တစ်ခွင်တွင် ပြိုပြိစင်အောင် ခရီးလှည့်လည်ခဲ့ပြီး ဖြစ်သည့်အတွက်) လူအမျိုးမျိုး အဖြစ် အထွေထွေကို တွေ့ခဲ့ခြင်းခဲ့ကြားခဲ့ဖူးလေပြီ။ သို့ရာတွင် တောင်ကတုံးစံအိမ်၌ကား မည်သို့မျှ ပြောင်းလဲခြင်း မရှိချေ။ အသေးငယ်ဆုံးသော အရာဝတ္ထုကလေးမှအစ အကြီးဆုံးသော အရာဝတ္ထုအထိ အရာရာတိုင်းသည် တည်ရှိမြဲ တည်ရှိလျက်ရှိပေသည်။ မင်းသားကလေး အင်ဒရေသည် စောင်ရန်းတိုင်အဖြစ် ကျောက်တိုင်နှစ်တိုင် တစ်ဖက်တစ်ချက်တွင် စိုက်ထူထားသည့် ဝင်းတံခါးမှ ဝင်လာခဲ့၍ သစ်ပင်များ အုပ်မိုးလျက်ရှိသော လမ်းကလေးအတိုင်း ရထားဖြင့် စံအိမ်ဝင်းထဲသို့ ဝင်လာခဲ့သည်။ သို့ဝင်လာခဲ့စဉ် မိမိသည် ပြုစားခံရ၍ နှစ်ပေါင်းတစ်ရာမျှ အိပ်ပျော်လျက်ရှိသူတို့ နေထိုင်ရာ ရှေးဒဏ္ဍာရီထဲမှ ရဲတိုက်ကြီးထဲသို့ ဝင်လာမိလေသလောဟု ပင် မင်းသားကလေး အင်ဒရေ ထင်မှတ်မိသေး၏။ ယခင်က အတိုင်းပင် ခမ်းနားခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ တိတ်ဆိတ်ငြိမ်သက်ခြင်းတို့သည် စံအိမ်ကြီးတစ်ခုလုံးကို လွှမ်းခြုံလျက်ရှိသကဲ့သို့ ထင်ရ၏။ စံအိမ်ကြီးအတွင်း၌လည်း ယခင်က အိမ်ထောင်ပရိဘောဂများ၊ ယခင်က နံရံ၊ ယခင်က အသံ၊ ယခင်က ရနံ့၊ ယခင်ကကဲ့သို့ ထိတ်လန့်စိုးရိမ်လျက်ရှိသော မျက်နှာထားများကိုသာ တွေ့ရ၏။ သို့ရာတွင် မျက်နှာများကား သုံးနှစ်စာမျှ အိုမင်းရင့်ရော်လာခဲ့ကြလေပြီ။ မင်းသမီးကလေး မေရီမှာ ယခင်ကကဲ့သို့ ခပ်ထိုင်းထိုင်း၊ ခပ်နုံနုံ၊ ကြောက်ရွံ့သော အမူအရာကို ဆောင်လျက် တဖြည်းဖြည်း ရင့်ရော်စပြုလာကာ မိမိဘဝတစ်သက်တာ၏ ပျော်စရာအကောင်းဆုံး အချိန်များကို ကုက္ကုစ္စဖြစ်ရခြင်း၊ ဗျာပါဒဖြစ်ရခြင်းတို့ဖြင့် အကျိုးမဲ့ အချည်းနှီး ကုန်လွန်စေဆဲပင် ဖြစ်၏။ ပြင်သစ်သူဘုရင်းလည်း ယခင်က ကဲ့သို့ပင် ပျံတဲ့တဲ့ နံ့တဲ့တဲ့ အမူအရာမျိုးဖြင့် ပေါ့ပေါ့နေ ပေါ့ပေါ့စားကာ မင်းသားကြီး ဘိုလကွန်စကီကို အပိုင်ချိုင့်၍ ရလိမ့်နိုးဖြင့် စိတ်ကူးဖဲရိုက်လျက် ရှိဆဲပင်ဖြစ်၏။ မင်းသားကလေး အင်ဒရေ ဆွစ်ဇာလန်နိုင်ငံမှ ငှားရမ်းလာခဲ့သော စာပြဆရာ ဒီဆေးလ်မှာ ရုရှားပုံအင်္ကျီကိုဝတ်၍ အစေခံများနှင့် ရုရှားစကားကို မပို့တပို ပြောတတ်ပြီဖြစ်သော်လည်း ယခင်ကကဲ့သို့ပင် အသိအမြင် ကျဉ်းမြောင်းလျက်၊ ဘဝင်မြင့်လျက်၊ စကြိုးပေကြိုးကို ရွတ်၍ နေရာတကာ ဆရာလုပ်လျက်ပင် ရှိသေး၏။ မင်းသားကြီး ဘိုလကွန်စကီမှာ ရှေ့သွားတစ်ချောင်း ကျိုးကာ ပါးစောင်တစ်ဖက်တွင် သွားဟောင်းလောင်းဖြင့် ရှိနေသည့်အတွက် အသွင်သဏ္ဌာန်အားဖြင့် အနည်းငယ် ပြောင်းလဲသည်ဟု ထင်ရသော်လည်း စိတ်နေစိတ်ထားအားဖြင့်မူကား ယခင်ကအတိုင်းပင် ကမ္ဘာလောကကြီးတွင် ဖြစ်ပျက်လျက်ရှိသော အခြင်းအရာများ

www.burmeseclassic.com

www.burmeseclassic.com

နှင့် ပတ်သက်လာလျှင် ကဏ္ဍကောစပြုလိုသော ဆန္ဒရှိခြင်း၊ ကန့်လန့်လုပ်လိုခြင်း စသည်တို့ကို ပြသလျက်ရှိမြဲပင် ဖြစ်၏။ ဤသို့ဖြင့် တောင်ကတုံး စံအိမ်ကြီးတစ်ခုလုံးရှိ အရာဝတ္ထုများ၊ လူများအားလုံးသည် ပြောင်းလဲခြင်းမရှိဘဲ ယခင်ကအတိုင်းပင် ရှိလေသည်။ စံအိမ်ကြီးတွင် ပြောင်းလဲခြင်းရှိသူဟူ၍ မင်းသားကလေး အင်ဒရေ၏သားငယ် ဘိုးအေချစ် မင်းသားကလေးတစ်ဦးသာ ရှိ၏။ ဘိုးအေချစ် မင်းသားကလေး၏ နှင်းဆီသွေး ပက်ဖျန်းထားသကဲ့သို့ ရှိသော စိုပြည်နီမြန်းသည့် အသားအရေ၊ နက်မှောင်သော ဆံပင်ကောက်ကလေးများနှင့်တကွ ရယ်လိုက်လျှင် လှပသော အထက်နှုတ်ခမ်းကလေး မသိမသာ ဟသွားပုံတို့သည် ကွယ်လွန်သူမိခင် မင်းသမီးကလေး လီဇာနှင့် ချွတ်စွပ်တူလျက်ရှိကာ ကိုယ်ခန္ဓာမှာလည်း အတော်ကြီးထွားလာခဲ့ပြီ ဖြစ်လေသည်။ ပြုစားခံရ၍ အိပ်ပျော်လျက်ရှိသော ရဲတိုက်ကြီးထဲ၌ ပြောင်းလဲခြင်းမရှိသော နိစ္စတရားကို ဘိုးအေချစ် မင်းသားကလေး တစ်ဦးသာလျှင် ဆန့်ကျင်သွေဖည်လျက် ရှိလေသည်။ သို့ရာတွင် အပြင်ပန်းအားဖြင့်သာ အားလုံးသည် ပြောင်းလဲခြင်းမရှိဟု ထင်ရသော်လည်း စံအိမ်ကြီးအတွင်းရှိ အိမ်သူအိမ်သားများ၏ အချင်းချင်း ဆက်ဆံရေးမှာကား မင်းသားကလေး အင်ဒရေ မရှိသည့်နောက် အကြီးအကျယ် ပြောင်းလဲခဲ့လေပြီ။ ယခုအချိန်၌ စံအိမ်ကြီးအတွင်းရှိ အိမ်သူအိမ်သားများသည် တစ်ဖက်တစ်ဖက် ချက်ကောင်းကိုစောင့်၍ အပြစ်ရှာလျက်ရှိကြသော အုပ်စုနှစ်စုအဖြစ် ကွဲလျက်ရှိလေပြီ။ အုပ်စုတစ်စုကား မင်းသားကြီး ဘိုလကွန်စကီ၊ ပြစ်သစ်သူဘုရင်းနှင့် စံအိမ်တော် ဗိသုကာကြီးတို့ ပါဝင်၍ အခြားအုပ်စုတစ်စုတွင်မူ မင်းသမီးကလေး မေရီ၊ စာပြဆရာဒီဆေးလ်၊ ဘိုးအေချစ် မင်းသားကလေး၊ အထိန်းတော်ကြီးများနှင့် အစေတော် မိန်းမများ ဖြစ်ကြ၏။ သို့သော်လည်း ထိုအုပ်စုနှစ်စုသည် မင်းသားကလေး အင်ဒရေ ရောက်ရှိနေသည့် အတောအတွင်း၌မူ မည်သို့မျှမဖြစ်ဟန် ဤနွေဆည်ထားကြကာ မျက်နှာချင်းမဆိုင်ချင်ဘဲ ဆိုင်နေကြလေသည်။ တစ်ဖက်နှင့်တစ်ဖက်ကား စကားမပြောကြချေ။

မင်းသားကလေး အင်ဒရေ တောင်ကတုံးစံအိမ်တွင် ရောက်ရှိနေသည့် အတောအတွင်း၌ အိမ်သားအားလုံး ညစာကို အတူစားကြ၏။ သို့သော်လည်း ၎င်းတို့အားလုံး၏ မျက်နှာထားများမှာ ကြည်လင်ခြင်းမရှိလှချေ။ မင်းသားကလေး အင်ဒရေကလည်း မိမိရောက်ရှိလာသည့်အတွက် ၎င်းတို့အချင်းချင်း ဤနွေမပျက် ဆက်ဆံနေကြရကြောင်းကို ရိပ်မိလိုက်၏။ မင်းသားကလေး အင်ဒရေသည် ဤအခြင်းအရာကို ရောက်သည့်နေ့ ညစာစားပွဲတွင် သတိထားလိုက်မိသည့်အတွက် ထမင်းဝိုင်းတွင် စကားတစ်ခွန်းမျှ မဟဘဲ ခပ်မဆိတ်နေလိုက်သည်။ မင်းသားကြီး ဘိုလကွန်စကီကလည်း သားတော် မင်းသားကလေး အင်ဒရေသတိပြုမိကြောင်း ရိပ်စားမိသဖြင့် စကားတစ်ခွန်းမျှ ပြောဆိုခြင်းမပြုဘဲ စားသောက်ပြီးသည်နှင့် တစ်ပြိုင်နက် မိမိအခန်းဆောင်သို့ ပြန်တက်သွား၏။ ညဉ့်ဦးပိုင်းရောက်သော် မင်းသားကလေး အင်ဒရေသည် ခမည်းတော်ကြီးထံသွားရောက်ကာ ခမည်းတော်ကြီး စိတ်ဝင်စားလို စိတ်ဝင်စားငြား မြို့စားကြီး ကာမင်စကီ၏ တိုက်ပွဲစဉ်များကို ပြောကြား၏။ ထိုအခါ၌မူ ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီက မင်းသမီးကလေး မေရီသည် ၎င်းကို များစွာ ခင်မင်သော ပြင်သစ်သူ ဘုရင်းကိုပင် တည့်အောင် မပေါင်းနိုင်ကြောင်း၊ ဥပဒါန် အစွဲအလမ်းအားကြီးလွန်ကြောင်း၊ ဘာသာတရား ကိုင်းရှိုင်းလွန်ကြောင်းဖြင့် မင်းသမီးကလေး မေရီ၏ အပြစ်အနာအဆာဟူသမျှကို စကားပလွင်မခင်းဘဲ ဟောဟောဒိုင်းဒိုင်း ပြောချလိုက်လေသည်။

အကယ်၍ မိမိ သေကောင်ပေါင်းလဲ နာမကျန်းဖြစ်ခဲ့ပါက သို့နာမကျန်းဖြစ်ခြင်းသည် မင်းသမီးကလေး မေရီအတွက်ကြောင့်မှအပ အခြား မည်သည့်အတွက်မျှ မဟုတ်နိုင်ကြောင်း၊ မင်းသမီးကလေး မေရီသည် မိမိစိတ်ကို ညှဉ်းဆဲလျက်ရှိကြောင်း၊ ဘိုးအေချစ် မင်းသားကလေးကို အလိုလိုက်ခြင်း၊ အဓိပ္ပာယ်မရှိသော အကြောင်းအရာများကို ပြောခြင်းဖြင့် ကလေးကို ဖျက်ဆီးလျက်ရှိကြောင်း စသည်ဖြင့် ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီက ပြောဆိုတိုင်တန်းခြင်း ပြုလေသည်။ မင်းသားကြီး ဘိုလကွန်စကီသည် မိမိအတွက် သမီးတော် မည်မျှစိတ်ဆင်းရဲခြင်း ဖြစ်ရကြောင်းနှင့်တကွ မင်းသမီးကလေး မေရီ၏ ဘဝမှာ မည်မျှ စိတ်မချမ်းသာစရာ ကောင်းကြောင်းကို သိ၏။ သို့ရာတွင် သမီးတော် မင်းသမီးကလေး မေရီအား စိတ်ဆင်းရဲအောင် လုပ်ခြင်းမှ ရှောင်ကြဉ်ရန်လည်း မတတ်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ချေ။ ထိုမျှမက မင်းသမီးကလေး မေရီသည် စိတ်ဆင်းရဲ ပင်ပန်းခြင်းဖြစ်ခဲ့လျှင် ဖြစ်ထိုက်သည်ဟုလည်း ယူဆထား၏။ 'မိမိ၏သားတော် မင်းသားကလေး အင်ဒရေသည် အစ်မတော်မေရီ၏ ပြစ်ချက်များကို မြင်ပါလျက်နှင့် အစ်မတော်မေရီ၏ အကြောင်းကိုမူ အဘယ့်ကြောင့် ငါ့အား တစ်ခွန်းတလေမျှ ပြောပြခြင်းမပြုလေသနည်း၊ သားတော်သည် ငါ့ကို လူဆိုးကြီးတစ်ဦး၊ သို့မဟုတ် မိမိ၏ သမီးတော်အရင်းခေါက်ခေါက်ကို မျက်နှာသာမပေးဘဲ ပြင်သစ်မကို အရေးပေးထားသော ရာဂဥမ္မတ္တကကြီးတစ်ယောက်ဟု ထင်နေချေသလော၊ သားတော်မင်းသားကလေး အင်ဒရေသည် ဤအကြောင်းများကို ဘာမျှသိဟန်မရှိ၊ ငါရှင်းပြက သင့်တော်မည်' ဟု တွေးမိကာ သမီးတော် မင်းသမီးကလေး မေရီ၏ အဆင်ခြင်ဉာဏ်ကင်းသော စိတ်နေသဘောထားကို မည်သည့်အတွက်ကြောင့် သည်းမခံနိုင်ဘဲ ဖြစ်ရကြောင်းကို မင်းသားကလေး အင်ဒရေအား ရှင်းလင်းပြောပြခြင်း ပြုလေသည်။

"ဒီကိစ္စကို ဖေဖျားက စပြောလာရင်တော့ ကျွန်တော်ကလဲ ပြောရလိမ့်မယ် ဖေဖျား" မင်းသားကလေး အင်ဒရေက မကြည့်ဘဲ ပြောလိုက်သည်။ (မင်းသားကလေး အင်ဒရေသည် သူ့တစ်သက်တွင် ပထမဆုံးအကြိမ် ခမည်းတော်ကြီးကို စက်ဆုပ် ရွံ့ရှာခြင်းဖြစ်၏။) "ဒီကိစ္စကို ကျွန်တော် မပြောချင်ဘူး ဖေဖျား၊ ဒါပေမဲ့ ဖေဖျားက စတင်ပြောလာမှတော့ ကျွန်တော်ကလဲ ပွင့်ပွင့်လင်းလင်းပဲ ပြောရပေတော့မှာပဲ၊ ဖေဖျားနဲ့ အစ်မတော် ထိပ်ထားကြားမှာ တစ်ဦးနဲ့တစ်ဦး အထင်လွဲတာ၊ စိတ်ဝမ်းကွဲတာရယ်တို့ ရှိခဲ့ရိုးမှန်ရင် ယိုသမျှချေး ပုစွန်ဆိတ်ခေါင်းစုဆိုတဲ့ စကားလို အစ်မတော် ထိပ်ထားအပေါ်မှာချည်း အပြစ်တင်လို့တော့ မဖြစ်ပေဘူး ဖေဖျား၊ အစ်မတော်ထိပ်ထားဟာ ဖေဖျားကို ဘယ်လောက်ချစ်တယ်၊ ဖေဖျားအပေါ်မှာ ဘယ်လောက် သံယောဇဉ်ကြီးတယ်ဆိုတာ ကျွန်တော် သိတယ်"

မင်းသားကလေး အင်ဒရေမှာ ပြောရင်းဆိုရင်း အသံတွေ တုန်လာလေသည်။

"တကယ်လို့ ဖေဖျားနဲ့ အစ်မတော် ထိပ်ထားကြားမှာ အထင်အမြင် လွဲမှားမှုရယ်လို့ ရှိရင် ဒီအထင်လွဲမှားမှုဟာ ဘာမှ တန်ဖိုးမရှိတဲ့ ပြင်သစ်မကြောင့်ပဲ၊ ဒီပြင်သစ်မဟာ အစ်မတော်ထိပ်ထားရဲ့ အဖော်အဖြစ် နည်းနည်းမှ မထိုက်တဲ့ မိန်းမ"

မင်းသားကြီး ဘိုလစကွန်စကီသည် အစပထမ၌ သားတော် မင်းသားကလေး အင်ဒရေကို မျက်လုံးကြီး အကြောင်သားဖြင့် ငေးကြည့်နေမိသည်။ သဘာဝမကျသော အပြုံးကို ပြုံးလိုက်သည်၌ သွားဟောင်းလောင်းဖြစ်နေသော သွားဖုံးများသည် အထင်းသား ပေါ်လာကြ၏။ ထိုအခြင်းအရာသည် မင်းသားကလေး အင်ဒရေ၏ မျက်စိ၌ အသစ်အဆန်းဖြစ်လျက် ရှိသည်။

"နေစမ်းပါဦး သားတော်ရဲ့၊ ဘာအဖော်လဲ၊ သားတော်ပြောတာတွေ ဖေဖျား တစ်ခုမှ နားမလည်ဘူး"

"ဒီမှာ ဖေဖျား၊ ကျွန်တော် လူတစ်ဖက်သားကို နှိပ်နှိပ်နယ်နယ် မပြောချင်ဘူး" မင်းသားကလေး အင်ဒရေက ခပ်ပြတ်ပြတ် ပြောလိုက်၏။ "ဒါပေမဲ့ ခု ဖေဖျားက စပြောမှတော့ ကျွန်တော်ကလဲ ပြောရတော့မှာပဲ၊ အစ်မတော် ထိပ်ထားမှာ ဘာအပြစ်မှ မရှိဘူးလို့ ကျွန်တော် အရင်တုန်းကလဲ ယူဆခဲ့တယ်၊ ခုလဲ ယူဆထားတယ်၊ အပြစ်ရှိတဲ့သူက အစ်မတော်ထိပ်ထား မဟုတ်ဘူး၊ ပြင်သစ်မ၊ နှစ်ပြားမှမတန်တဲ့ ပြင်သစ်မ"

"အလို၊ တစ်ဖက်သားကို ချိုးချိုးဖဲ့ဖဲ့ ပြောလှပါကလား ဟင်" ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီက ခပ်တိုးတိုးပြောလိုက်သည်ဟု မင်းသားကလေး အင်ဒရေထင်၏။ ထို့နောက် မင်းသားကြီး ဘိုလကွန်စကီသည် ရုတ်ချည်းထ၍ ခုန်လိုက်ကာ "သွား သွား၊ ခုထွက်သွား၊ မင်းကို ငါ့အိမ်ရိပ်ထဲမှာ ဘယ်တော့မှ မမြင်ချင်ဘူး၊ ထွက်သွား"ဟု ဒေါသတကြီး အော်လိုက်လေသည်။

မင်းသားကလေး အင်ဒရေသည် တောင်ကတုံးစံအိမ်မှ ချက်ချင်း ထွက်သွားလိုက်ချင်၏။ သို့ရာတွင် အစ်မတော် မင်းသမီးကလေး မေရီက တောင်းပန်သဖြင့် တစ်ရက်ဆိုင်းနေရလေသည်။ ထို့နောက်ခ ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီသည် မိမိ၏ ခန်းဆောင်ထဲတွင် တစ်နေကုန် အခန်းအောင်းလျက်ရှိကာ ပြင်သစ်သူဘုရင်နှင့် လက်ပါးစေ ကျွန်ယုံတော်ကြီး တီကွန်တို့မှအပ

www.burmeseclassic.com

www.burmeseclassic.com

အခြားမည်သူ့ကိုမျှ အဝင်မခံသည့်အတွက် မင်းသားကလေး အင်ဒရေသည် ခမည်းတော်ကြီးနှင့် မျက်နှာချင်းမဆိုင်ရတော့ချေ။ သို့ရာတွင် ခမည်းတော်မင်းသားကြီး ဘိုလက္ခန်စကီကမူ သားတော် မင်းသားကလေး အင်ဒရေတောင်ကတုံးစံအိမ်မှ ထွက်ခွာသွားပြီလောဟု မကြာခဏ မေးမြန်းလျက်ရှိ၏။ နောက်တစ်နေ့တွင် မင်းသားကလေး အင်ဒရေသည် တောင်ကတုံးစံအိမ်မှ ပြန်ခါနီး၌ သားတော် ဘိုးအေချစ် မင်းသားကလေး၏ခန်းဆောင်သို့ ဝင်လာခဲ့သည်။ ကွယ်လွန်သူ မိခင်ကဲ့သို့ ဆံပင်များ အထွေးထွေးကောက်လိမ်လျက် တုတ်တုတ်ခဲခဲနှင့် ချစ်စရာကောင်းလှသော သားတော်ကလေးကို ပေါင်ပေါ်တွင်တင်၍ 'မုတ်ဆိတ်ဖြူ' အကြောင်း ဒဏ္ဍာရီပုံပြင်ကို ပြောပြလျက်ရှိ၏။ သို့သော်လည်း မင်းသားကလေး အင်ဒရေသည် ပုံပြင်ကို ဆုံးအောင် မပြောနိုင်တော့ဘဲ တစ်စုံတစ်ရာကို တွေးတောနေမိသည်။ မင်းသားကလေး အင်ဒရေ တွေးတောလျက်ရှိသည့် အကြောင်းကား ပေါင်ပေါ်တွင်ထိုင်ကာ တော့တီးတော့တာ ပီယဝါစာစကားကို ဆိုလျက်ရှိသည့် မိတဆိုးသားငယ်ကလေး၏ အကြောင်းမဟုတ်ဘဲ မိမိ၏ အကြောင်းများကို တွေးတောနေမိခြင်းသာ ဖြစ်လေသည်။ ခမည်းတော်ကြီးအား ဒေါသတကြီး ပြောဆိုမိခဲ့သည့် အတွက် သနားကရုဏာဖြစ်သောစိတ်၊ မိမိ၏တစ်သက်တွင် ခမည်းတော်ကြီးနှင့် တစ်ခါမျှ စကားမများဖူးပါဘဲလျက် စကားများကာ စံအိမ်မှ ထွက်ခွာသွားရမည့် အရေးအတွက် ဖြစ်ရသော နောင်တစိတ် စသည်တို့ ဖြစ်ပေါ်လာအောင် နှလုံးသွင်းသော်လည်း ထိုစိတ်တို့သည် ဖြစ်ပေါ်လာခြင်းမရှိသည်ကို တွေ့ရသောအခါ ကြီးစွာ ထိတ်လန့်ခြင်း ဖြစ်မိလေသည်။ ထို့ထက် မိမိ၏သားငယ်ကို ပေါင်ပေါ်တွင်တင်ကာ သားနှင့်အဖ ချစ်ခင်ယုယစွာ စကားစမြည် ပြောဆိုကြမည်ဟု စိတ်ကူးခဲ့သော်လည်း ယခုအချိန်တွင် ယခင်က ကိန်းအောင်းခဲ့သော ချစ်ခင်ကြင်နာခြင်းဟူသမျှတို့သည် ပျောက်ကွယ်လျက်ရှိခြင်းကို တွေ့ရသည့်အခါ၌ မင်းသားကလေး အင်ဒရေသည် ပို၍ ထိတ်လန့်ခြင်း ဖြစ်ရသည်။

"ပြီးတော့ကော ဖေဖေ" သားငယ်က မေးလိုက်၏။

မင်းသားကလေး အင်ဒရေသည် မည်သို့မျှ ဖြေကြားခြင်း မပြုဘဲ သားငယ်ကို ပေါင်ပေါ်မှချကာ ခန်းဆောင်အပြင်သို့ ထွက်လာခဲ့လေသည်။

မင်းသားကလေး အင်ဒရေသည် မိမိ၏ နေ့စဉ်ပြုဖွယ် ဝတ္တရားများ စွန့်လွှတ်ခဲ့ချိန်၊ အထူးသဖြင့် ယခင်က မိမိပျော်ခဲ့သော တောင်ကတုံး စံအိမ်တော်၏ ပတ်ဝန်းကျင်ဟောင်းသို့ ပြန်ရောက်လာချိန်မှစ၍ ယခင်ကဲ့သို့ လူ့ဘဝကို ငြီးငွေ့စက်ဆုပ်ခြင်းတို့သည် ရင်ထဲတွင် ပေါပေါက်လာကြကုန်သည်။ ထို့ကြောင့် မင်းသားကလေး အင်ဒရေသည် ပတ်ဝန်းကျင်ဟောင်းမှ အမြန်ဆုံး ရုန်းထွက်ကာ တာဝန်ဝတ္တရားကို အမြန်ဆုံး ထမ်းဆောင်မှ ဖြစ်တော့မည်ဟု သဘောပေါက်လာခဲ့လေသည်။

"သွားတော့မလား အင်ဒရေ" အစ်မတော် မင်းသမီးကလေး မေရီက မေး၏။

"မသွားလို့ မဖြစ်ပေဘူး အစ်မတော်ထိပ်ထား၊ ကျွန်တော့်အနေနဲ့ကတော့ သံယောဇဉ်ရယ်လို့ သိပ်မရှိတော့ဘူး၊ ဒီလိုသံယောဇဉ် မဖြစ်နိုင်တဲ့အတွက်လဲ ဘုရားကို ကျေးဇူးတင်တယ်၊ သံယောဇဉ်နှောင်ကြိုးတွေထဲက မရုန်းနိုင်တဲ့ အစ်မတော်အတွက်သာ စိတ်မကောင်း ဖြစ်မိတာ တစ်ခုပဲ"

"ဘယ်လို ပြောလိုက်တာလဲ အင်ဒရေ" မင်းသမီးကလေး မေရီက ပြောလိုက်၏။ "ဒီလိုမပြောပါနဲ့ အင်ဒရေ၊ ခုလို စစ်မြေပြင်ထွက်ခါနီးမှာ မပြောကောင်း မဆိုကောင်းဆိုတော့ အစ်မတော်ထိပ်ထား ရင်တုန်လှုပ်တယ်၊ ခမည်းတော်ကြီး ခမျာမှာလဲ အသက်ကြီးရှာပြီ၊ ခမည်းတော်ကြီးခမျာ သားတော်ကို တစ်မေးတည်းမေးနေရှာတယ်လို့ ဘူရင်းက ပြောပါတယ်"

မင်းသမီးကလေး မေရီသည် ဤစကားများကို ပြောဆိုလျက်ရှိရာမှ နှုတ်ခမ်းများ တုန်ယင်စပြုလာကာ မျက်ရည်တွေ စီးကျလာလေသည်။ မင်းသားကလေး အင်ဒရေသည် မျက်နှာကို လွှဲလိုက်လျက် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိ၏။

"ခက်တယ် အစ်မတော် ခက်တယ်၊ ဒီအကြောင်းတွေကို မတွေးဘဲ နေတာပဲ ကောင်းတယ်၊ ဒီအယုတ္တအနတ္တအကြောင်းတွေကို တွေးမိတိုင်း ကျွန်တော့်မှာ ပူလောင်ရတယ်၊ သောကရောက်ရတယ်" မင်းသားကလေး အင်ဒရေ၏ ပြောဆိုပုံမှာ ပစ်ပစ်ခါခါ နှိုင်လှသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးကလေး မေရီပင် ထိတ်လန့်၍ သွားမိလေသည်။

မင်းသားကလေး အင်ဒရေသည် 'အယုတ္တ အနုတ္တ' ဆိုသောစကားလုံးကို ပြောလိုက်ရာ၌ မင်းသမီးကလေး မေရီ၏ စိတ်ဆင်းရဲခြင်းကို ဖြစ်စေသော ပြင်သစ်သူဘုရင်းကိုသာမက ၎င်း၏ စိတ်ချမ်းမြေ့မှုကို ဖျက်ဆီးလျက် ရှိသော အခြားသူတစ်ဦးကိုပါ ရည်ရွယ်ပြောဆိုလိုက်ခြင်း ဖြစ်ကြောင်းကို မင်းသမီးကလေး မေရီ နားလည်လိုက်သည်။

"အင်ဒရေ၊ တစ်ခုတော့ အစ်မတော် တောင်းပန်ပါရစေ အင်ဒရေ" မင်းသမီးကလေး မေရီက မင်းသားကလေး အင်ဒရေ၏ လက်မောင်းကို ကိုင်ကာ မျက်ရည်များ ရစ်ဝဲလျက်ရှိခြင်းကြောင့် တောက်ပလျက်ရှိသော မျက်လုံးများဖြင့် ကြည့်၍ ပြောလိုက်သည်။

"အင်ဒရေရဲ့ စိတ်သဘောကို အစ်မတော် နားလည်ပါတယ် အင်ဒရေ၊ (မင်းသမီးကလေး မေရီက မျက်လွှာကို အောက်သို့ချထားလိုက်၏။) တကယ်တော့ သောကဗျာပါရဆိုတာ လူကလုပ်တဲ့ ပစ္စည်းမဟုတ်ပေဘူး အင်ဒရေ၊ ပုထုဇဉ်လူသားမှန်သမျှ ဘုရားသခင်ရဲ့ ဖန်တီးရာကို ခံကြရတဲ့ သတ္တဝါတွေပေပဲ"

မင်းသမီးကလေး မေရီက မင်းသားကလေး အင်ဒရေ၏ ခေါင်းပေါ်မှကျော်၍ နောက်ဘက်နံရံကို ကြည့်နေသည်။ မင်းသမီးကလေး မေရီ၏ကြည့်ပုံမှာ မိမိနှင့်များစွာ ရင်းနှီးအကျွမ်းဝင်သူ တစ်ဦး၏ ဓာတ်ပုံကို ကြည့်သကဲ့သို့သော ကြည့်နည်းမျိုးဖြစ်၏။ အတန်ကြာမှ

"သောက ဗျာပါရ ဆိုတာမျိုးဟာ လူက လုပ်ချင်တိုင်း လုပ်လို့ရတဲ့ ပစ္စည်းမျိုး မဟုတ်ပါဘူး အင်ဒရေ၊ ဘုရားသခင်က ဖန်တီးပေးလိုက်တာပါ၊ လူတွေဟာ ဘုရားသခင်ရဲ့ ဖန်တီးခြင်းကို ခံကြရတဲ့ သတ္တဝါတွေ ဖြစ်လေတော့ လူတွေကိုချည်း အပြစ်ဆိုလို့ မသင့်ပေဘူး၊ အင်ဒရေရဲ့ စိတ်ထဲမှာ ကိုယ့်အပေါ်ကို တစ်ယောက်ယောက်က အမှားပြခဲ့မိတယ်လို့များ ထင်ခဲ့ရင် မေ့မေ့ပျောက်ပျောက်နဲ့ပဲ ခွင့်လွှတ်လိုက်ပါ အင်ဒရေ၊ အမှားကို ကျူးလွန်တဲ့သူများကို ဒဏ်ခတ်ဖို့၊ တုံ့ပြန်လက်စားချေဖို့ လူတွေမှာ အခွင့်အရေး မရှိပေဘူး၊ ဘုရားသခင်သာလျှင် တတ်နိုင်ပေတာပဲ၊ ကိုယ့်အပေါ် အပြစ်ရှိတဲ့လူကို ခွင့်လွှတ်လိုက်ခြင်းဟာ စိတ်ရဲ့ငြိမ်းချမ်းခြင်းကို ဖြစ်စေပါတယ် အင်ဒရေ"

"ဒီမှာ အစ်မတော်၊ ကျွန်တော်ဟာ မိန်းမသားတစ်ယောက်ဖြစ်ခဲ့ရင် အစ်မတော်ပြောသလို ခွင့်လွှတ်နိုင်ပါတယ်၊ ခွင့်လွှတ်ခြင်းဟာ မိန်းမတို့ရဲ့ ပါရမီတစ်ပါးပါပဲ၊ ဒါပေမဲ့ ကျွန်တော်က မိန်းမ မဟုတ်ဘူး အစ်မတော်၊ ယောကျ်ားသား၊ ယောကျ်ားသား ယောကျ်ားသားဆိုတာ ခွင့်လွှတ်ပြီး မေ့ပစ်လို့ရတဲ့ လူစားမျိုး မဟုတ်ဘူး၊ မရလဲ မရနိုင်ဘူး"

မင်းသားကလေး အင်ဒရေက ပြန်ပြောလိုက်၏။ မင်းသားကလေး အင်ဒရေသည် ခပ်စောစောကတည်းက ဒေါသထွက်လျက်ရှိရာ မင်းသမီးကလေး မေရီက ဤသို့ပြောလိုက်သည်နှင့် တစ်ပြိုင်နက် အနာတိုလီကို အမှတ်ရလာပြန်ကာ ဒေါသအမျက်တို့ ဗလောင်ဆူလာပြန်သည်။

'အစ်မတော်ထိပ်ထားက အစစအရာရာကို မေ့ပျောက်ပစ်လိုက်ပြီး ခွင့်လွှတ်ရမယ်တဲ့၊ ဒီလိုဆိုရင် အနာတိုလီကို ငါလက်စားမချေရတော့ဘူးလား၊ အနာတိုလီကို လက်စားချေတာ မှားတယ်လို့ ဆိုလိုချင်တာလား၊' ဟု မင်းသားကလေး အင်ဒရေ တွေးတောလျက်ရှိ၏။ မင်းသားကလေး အင်ဒရေသည် အစ်မတော် မင်းသမီးကလေး မေရီအား ပြန်၍ပြောဆိုခြင်း မပြုတော့ဘဲ တပ်ထဲတွင် အမှုထမ်းလျက်ရှိသည့် အနာတိုလီနှင့် တစ်ကွေ့တွင် တွေ့ကြဦးမည်။ သို့တွေ့ရ၍ လက်စားချေလိုက်ရပါက မည်မျှ စိတ်ချမ်းသာခြင်း ဖြစ်လေမည်နည်းဟု တွေးတောလျက် ရှိလေသည်။

ယခုကဲ့သို့ ခမည်းတော်ကြီးနှင့် ကတောက်ကဆ ဖြစ်ပြီးနောက် ပြန်လည်သင့်မြတ်ခြင်း မရှိဘဲ ပြန်သွားမည် ဆိုလျှင် ခမည်းတော်ကြီး များစွာစိတ်ထိခိုက်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် နောက်ထပ် တစ်ရက်မျှ ဆိုင်းငံ့ပါ မည်အကြောင်း မင်းသမီးကလေး မေရီက တောင်းပန်သေး၏။ သို့သော်လည်း မင်းသားကလေး အင်ဒရေက မိမိသည် မကြာခင် တပ်မှ ပြန်လာခဲ့မည်ဖြစ်ကြောင်း၊ ထိုအတောအတွင်း ခမည်းတော်ကြီးထံ စာရေးလိုက်မည် ဖြစ်ကြောင်း၊ သို့ရာတွင် ဤတွင် မိမိဆက်လက်နေထိုင်ခြင်းအားဖြင့် အကျိုးထူးမည် မဟုတ်သည့်ပြင် ပို၍ပင် စိတ်ဝမ်းကွဲစရာ အကြောင်းရှိကြောင်း ပြောဆိုကာ ထွက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ သွားပေတော့ အင်ဒရေ၊ ကံကြမ္မာဆိုတာမျိုး ဟာ လူလုပ်လို့ရတဲ့ ပစ္စည်းမဟုတ်ဘဲ ဘုရားသခင်က ဖန်ဆင်းပေးလိုက်တဲ့ အရာဖြစ်လေတော့ လူတွေကိုတော့ အပြစ်မတင်လိုက်ပါနဲ့ဆိုတဲ့ အစ်မတော်ရဲ့ စကားကိုသာ မြဲမြဲမှတ်ထားပါလို့ အစ်မတော် ပြောလိုက်ပါရစေ အင်ဒရေ"

ဤစကားများမှာ မင်းသားကလေး အင်ဒရေ သွားခါနီးတွင် အစ်မတော် မင်းသမီးကလေး မေရီ ပြောကြားလိုက်သော စကားများဖြစ်လေသည်။

'လောကကြီးဟာ ဒီလိုပဲပေါ့လေ၊ သြော် အစ်မတော် ထိပ်ထား၊ အစ်မတော်ကို သနားလိုက်ပါဘိတော့ အစ်မတော်၊ ကိုယ့်စိတ်ကို မချုပ်တည်းနိုင်တဲ့ အဖေအိုကြီးရဲ့ လက်ထဲမှာ စိတ်ဒုက္ခရောက်ရဦးတော့မယ်၊ စိတ်ဆင်းရဲရဦးတော့မယ်၊ ခမည်းတော်ကြီးမှာလဲ သူမှားမှန်း သိလျက်နဲ့ သူ့ကိုယ်သူ မပြင်နိုင်၊ ဟင်း ဒီအထဲ သားငယ်ကလေးကလဲ ကြီးလာတော့မယ်၊ လောကကြီးထဲကို ဝင်ရဦးတော့မယ်၊ လူ့ဘဝကြီးထဲမှာ လှုပ်ရှားရဦးတော့မယ်၊ လူ့ဘဝကြီးကို ရောက်လာတဲ့ တခြားလူတွေလိုပဲ ကိုယ်က သူတစ်ပါးကိုလိမ်၊ သူတစ်ပါးက ကိုယ့်ကို ပြန်လိမ်နဲ့ အလိမ်အညာ အလှိုင်းတွေ သပွတ်အုလိုက်နေတဲ့ လူ့ဘဝကြီးထဲမှာ ရုန်းကန်ရပြန်ဦးတော့မယ်၊ အင်း တကယ်တော့ လူ့ဘဝကြီးဟာ တယ်လို့ စိတ်ပျက်စရာကောင်းလှပါတကား၊ ကဲ အင်ဒရေ မင်း တပ်ကိုပြန်ရတော့မယ်၊ ဘာဖြစ်လို့ တပ်ကိုပြန်သလဲ၊ ဘာဖြစ်လို့ မင်း စစ်တိုက်သလဲ၊ မင်းကိုယ်မင်းလဲ ဘာဖြစ်မှန်း မသိပါကလား အင်ဒရေ၊ မင်း အင်မတန် ရွံ့မှန်းစက်ဆုပ်တဲ့ မင်းရန်သူကြီး အနာတိုလီနဲ့တွေ့လို့ သူက မင်းကို အနိုင်သတ်၊ မင်းအလောင်းပေါ်မှာ ခြေတင်ပြီး မင်းကို ရယ်စရာ သတ္တဝါတစ်ယောက် အမှတ်နဲ့ ဟက်ဟက်ပက်ပက် ရယ်နိုင်တဲ့အခြေကို ရောက်ရင်လဲ အကောင်းသား'

မင်းသားကလေး အင်ဒရေသည် တောင်ကတုံး စံအိမ်ဝင်းဝသို့ အထွက် သစ်ပင်များ ယှက်မိုးထားသော လမ်းကလေးတစ်လျှောက်တွင် ပြေးနေသည့် ရထားပေါ်ဝယ် လိုက်ပါလာရင်း ဤသို့ တွေးလာမိလေသည်။

မင်းသားကလေး အင်ဒရေသည် ကံအကြောင်း ဆိုးလှသော မိမိ၏ဘဝဟောင်း၌ တစ်ပတ်ပြန်လည်ခဲ့ပြန်လေပြီ။

သို့ရာတွင် ယခင်ကမှ သူ့ဘဝ၊ သူ့ပတ်ဝန်းကျင်၊ သူ့အတွေး၊ သူ့မျှော်လင့်ချက်တို့သည် တစ်လုံးတစ်စည်းတည်း ရှိ၍ တော်ပါသေးသည်။ ယခုမူ ထိုအရာအားလုံးသည်လည်း အစိတ်စိတ် အမြွှာမြွှာ ဖြစ်ခဲ့လေပြီ။ ထိုခဏ၌ တစ်ခုနှင့်တစ်ခု ဆက်စပ်၍မရသော အဓိပ္ပာယ်ကင်းမဲ့သည့် အတွေးများသည်သာ မင်းသားကလေး အင်ဒရေ၏စိတ်ထဲတွင် ဖြစ်ပေါ်လျက် ရှိလေသတည်း။

အခန်း ၉

မင်းသားကလေး အင်ဒရေသည် ဇွန်လကုန်၌ အနောက်ဘက်ကြောင်းချီ တပ်မတော်ကြီး၏ စစ်ဦးစီးဌာနချုပ်သို့ ရောက်လာခဲ့၏။ ဘုန်းတော်ကြီးသော ဘုရားကိုယ်တော်တိုင် လိုက်ပါလာသည့် ပထမတပ်မတော်ကြီးမှာ ဒရစ်ဆာမြို့တွင် တပ်ခိုင် တပ်ဖဲ့တည်၍ စွဲထားလျက် ဗိုလ်ချုပ်ကြီး မင်းသားကြီး ဘာဂရေးရှင်း ကွပ်ကဲသည့် ဒုတိယတပ်မတော်ကြီးကား ပထမတပ်မတော်ကြီးနှင့် ပေါင်းရန် အတွက် ဆုတ်ခွာလျက် ရှိလေသည်။ သို့ရာတွင် ပထမတပ်မတော်ကြီးနှင့် ဒုတိယ တပ်မတော်ကြီးမှာ ယခုအချိန်ထိ မပေါင်းမိကြသေးချေ။ အင်အားကြီးမားလှသော ပြင်သစ်တပ်များ၏ ဖြတ်တောက်ခြင်းကို ခံနေရသည်ဟုကြားရလေသည်။ တပ်ဗိုလ်၊ တပ်ကြပ်၊ တပ်သားစသည်တို့သည် မိမိတို့၏ ရုရှားတပ်မတော်ကြီးအတွင်း ဖြစ်ပေါ်လျက်ရှိသော အခြေအနေများကို မကျေမနပ်ဖြစ်လျက်ရှိကြ၏။ သို့သော်လည်း နပိုလီယန်သည် ရုရှားနိုင်ငံအစွန်အဖျား ကျေးလက် ဇနပုဒ်များကို ထိပါးတိုက်ခိုက်လိမ့်မည်ဟူ၍ကား မည်သူမျှ မမျှော်လင့်ကြချေ။ စစ်ပွဲကြီးသည် ရုရှားနိုင်ငံ အနောက်ဘက် အစွန်အဖျားနယ်များ ဖြစ်ကြသော စမိုးလင့်နယ်၏ ဤဘက်သို့ ရောက်အောင် ပျံ့နှံ့လာလိမ့်မည်ဟုလည်း မည်သူမျှ မထင်ခဲ့ကြချေ။

မင်းသားကလေး အင်ဒရေသည် မိမိ၏ စစ်ဦးစီးချုပ်သစ် ဗိုလ်ချုပ်ကြီး ဘာကလေဒီတိုလီကို ဒရစ်ဆာမြစ်ကမ်းရှိ ဌာနချုပ် တပ်စခန်းရုံးတွင် အဆင်သင့်တွေ့ရ၏။ ဗိုလ်ချုပ်ကြီး ဘာကလေ ဦးစီးသည့် အနောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com

ကြောင်းချီ တပ်တော်ကြီး တပ်စွဲထားရာ နယ်မြေဒေသမှာ မြို့ကြီး ရွာကြီးဟူ၍ အလျဉ်းမရှိသော ဒေသဖြစ်သည့် အလျောက် တပ်မတော်ကြီးနှင့်အတူ လိုက်ပါလာကြသော ဗိုလ်ချုပ်ကြီးများ၊ ရွှေနန်းတော် အမှုထမ်းများမှာ ဒရစ်ဆာ မြစ်တစ်ဖက်တစ်ချက်ကို ခွလျက် ခြောက်မိုင်ခန့် အချင်း ဝက်ရှိသော နယ်မြေအတွင်းရှိ ရွာများထဲမှ အကောင်းဆုံး အိမ်များတွင် နေထိုင်လျက်ရှိကြ၏။ ဗိုလ်ချုပ်ကြီး ဘာကလေမှာ ဘုန်းတော်ကြီးသော ဘုရား၏ ယာယီစံနန်းနှင့် သုံးမိုင်ခန့်ကွာသောနေရာတွင် စခန်းချလျက် ရှိလေသည်။ ဗိုလ်ချုပ်ကြီး ဘာကလေသည် မင်းသားကလေး အင်ဒရေကို လက်ခံရာ၌ များစွာ ဟက်ဟက်ပက်ပက် မရှိလှဘဲ ဝတ်ကျေတမ်းကျေမျှသာ လက်ခံတွေ့ဆုံလေသည်။ ထို့နောက် မင်းသားကလေး အင်ဒရေအား မည်သည့် တာဝန်တွင် ချထားရမည်ကို ဘုန်းတော်ကြီးသော ဘုရားက ဆုံးဖြတ်ပေးတော်မူရန် လျှောက်ထားမည် ဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင်မူ စစ်ဦးစီးချုပ်ရုံးတွင် ခေတ္တ တာဝန်ချ ပေးထားမည်ဖြစ်ကြောင်းနှင့် ဂျာမန်အသံဝဲဝဲဖြင့် ပြောဆိုခြင်း ပြုလေသည်။ မင်းသားကလေး အင်ဒရေသည် အနောက်ဘက်ကြောင်းချီ တပ်မတော်ကြီး၌ အနာတိုလီအား တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သေဘိလည်း အနာတိုလီမှာ ဤတပ်မတော်ကြီးတွင်လည်း မရှိတော့ချေ။ အနာတိုလီမှာ ပီတာစဘတ်ရွှေမြို့တော်သို့ ထွက်ခွာသွားခဲ့လေပြီ။ သို့ရာတွင် မင်းသားကလေး အင်ဒရေအဖို့ အနာတိုလီကို မတွေ့ရသည့်အတွက် ဝမ်းမနည်းတော့ချေ။ ဤသတင်းကို ကြားရသည့်အတွက်ပင် ဝမ်းသာမိပေသေး၏။ ယခုအချိန်တွင် မင်းသားကလေး အင်ဒရေမှာ ကြီးကျယ်သော စစ်ပွဲကြီးကို စီမံခန့်ခွဲလျက် ရှိသော စစ်ဦးစီးဌာနချုပ်ရှိ အခြင်းအရာများကို စိတ်ဝင်စားလျက် ရှိခြင်းကြောင့် အနာတိုလီအား တွေးလိုက်တိုင်း ဖြစ်ပေါ်လာသည့် ဒေါမနဿစိတ်များမှာ အခိုက်အတန့် ကင်းဝေးလျက်ရှိခြင်းကို ဝမ်းသာမိသည်။ မင်းသားကလေး အင်ဒရေသည် တာဝန်ထမ်းဆောင်ရခြင်း မပြုမီ ရောက်ခါစ လေးရက် အတောအတွင်း၌ တပ်ကြီး တပ်ခိုင် တည်ထားသော စခန်းတစ်ခုလုံးကို မြင်းတစ်စီးဖြင့် လှည့်လည် ကြည့်ရှု၏။ စစ်ပါရဂူများနှင့် ဆွေးနွေးခြင်း၊ မိမိ၏အတွေ့အကြုံကိုမှီ၍ စဉ်းစားခြင်း စသည့် နည်းလမ်းများဖြင့် လည်း တပ်စခန်း၏ အခြေအနေကို အကဲခတ်လျက်ရှိလေသည်။ သို့သော်လည်း မိမိတို့၏တပ်စခန်း တည်နေပုံသည် မိမိတို့အတွက် တစ်ပန်းသာလျက်ရှိသလော၊ ရန်သူအတွက် တစ်ပန်းသာလျက်ရှိသလောဟူသော ပြဿနာကိုမူ ဆုံးဖြတ်၍မရနိုင်အောင် ဖြစ်လျက်ရှိ၏။ မိမိ၏တိုက်ပွဲ အတွေ့အကြုံနှင့် ဩစတြီးယားတိုက်ပွဲစဉ်မှ အတွေ့အကြုံများ အရဆိုလျှင် စစ်တို့၏သဘောဌာန ကျနသေချာစွာ စဉ်းစား၍ ရေးဆွဲထားသော စစ်ဆင်ရေးစီမံကိန်းသည် အခရာမဟုတ်ချေ။ ကြုံတင်သိမြင်နိုင်စွမ်း မရှိသော ရန်သူ၏ ရုတ်ချည်း လှုပ်ရှားမှုများကို မည်သည့် နည်းပရိယာယ်ဖြင့် ရင်ဆိုင်သနည်း။ ထိုနည်းပရိယာယ်ကို မည်မျှ တတ်ကျွမ်းလိမ္မာသော စစ်သူကြီးက မည်သို့မည်ပုံ ကိုင်တွယ်အသုံးချသနည်းဆိုသည့် အချက်များအပေါ်၌သာ စစ်ပွဲ၏ အနိုင်အရှုံးသည် တည်ရှိလေသည်။ ဤအချက်ကို သေသေချာချာ ဇာစ်ဇာစ်မြစ်မြစ် သိနိုင်ရန်အတွက် မင်းသားကလေး အင်ဒရေသည် မိမိ၏ ရာထူးအဆင့်အတန်း၊ မိမိ၏မိတ်ဆွေရောင်းရင်းများကို အသုံးချကာ တပ်တော်ကြီးကို အုပ်ချုပ်လျက်ရှိသူ၏ စိတ်နေသဘောထား၊ တပ်မတော်ကြီးထဲတွင် အရေးပါသော တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ် ဗိုလ်မှူး၊ စစ်ဦး စစ်ကဲများ၏ သဘောထားများကို အပတ်တကုတ် စုံစမ်းလျက်ရှိခဲ့၏။ ယင်းသို့ စုံစမ်း၍ စေ့ငလောက်ပြီဟု ယူဆသည်နှင့်တစ်ပြိုင်နက် မင်းသားကလေး အင်ဒရေသည် အခြေအနေအရပ်ရပ်ကို အောက်ပါအတိုင်း မိမိ၏စိတ်ထဲတွင် ကောက်ချက်ဆွဲထုတ်လိုက်လေသည်။

ဘုန်းတော်ကြီးသောဘုရားသည် ဝိလနာမြို့တွင် စံမြန်းနေခဲ့စဉ်က (ယခုအချိန်၌ ဝိလနာမြို့မှာ နပိုလီယန်၏ လက်ထဲသို့ ကျရောက်သွားလေပြီ။) ရုရှားတပ်မတော်ကြီးကို စစ်ကြောင်းကြီးသုံးကြောင်း ခွဲထားခဲ့၏။ ၎င်းတို့ကား ဗိုလ်ချုပ်ကြီး ဘာကလေ ဦးစီးသည့် တပ်မတော်ကြီးတစ်ကြောင်း၊ ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်း ဦးစီးသည့် တပ်မတော်ကြီးတစ်ကြောင်း ဗိုလ်ချုပ်ကြီး တိုမာဆော့ ဦးစီးသည့် တပ်မတော်ကြီးတစ်ကြောင်းတို့ ဖြစ်ကြ၏။ ဘုန်းတော်ကြီးသော ဘုရားသည်ဗိုလ်ချုပ်ကြီး ဘာကလေ၏ တပ်မတော်ကြီးနှင့်အတူ လိုက်ပါလာခဲ့သော်လည်း စစ်သေနာပတိချုပ်အဖြစ် လိုက်ပါလာခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ချေ။ ရွှေနန်းတော်ကြီးမှ ထုတ်ပြန်သော တပ်တွင်းပြန်တမ်းများ၌လည်း ဘုန်းတော်ကြီးသော ဘုရားသည် တပ်မတော်ကြီးကို ဦးစီးကွပ်ကဲတော် မူမည်မဟုတ်ဘဲ တပ်မတော်ကြီး နှင့်အတူတကွ လိုက်ပါလာတော်မူခြင်း မျှသာ ဖြစ်သည်ဟု ဖော်ပြထား၏။ ဤသည်နှင့်အညီ ဘုန်းတော်ကြီးသော ဘုရားသည် စစ်သေနာပတိချုပ်တစ်ဦး၏ အဆောင်အယောင်များကို ခံယူခြင်းလည်းမရှိ၊ စစ်သေနာပတိချုပ် တစ်ဦး၏ ရုံးမှထမ်းရာထမ်းများကိုလည်း ခေါ်ဆောင်လာခြင်း မပြုဘဲ ရွှေနန်းတော် ရုံးအမှုထမ်းအရာထမ်းများကိုသာ ခေါ်ဆောင်လာခဲ့လေသည်။ ဘုန်းတော်ကြီးလှသော ဘုရား၏အပါးတွင် ခစားလိုက်ပါလာသည့် ရွှေနန်းတော် ရုံးအမှုထမ်း ရာထမ်းများထဲ၌ ရွှေနန်းတော် ရုံးဌာနအကြီး အကဲဖြစ်သူ တပ်ထောက်ချုပ်မင်းသားကြီး ဗော်လကွန်စကီ၊ (မင်းသားကလေးအင်ဒရေ၏ ခမည်းတော်နှင့် အမည်ချင်း ဆင်သည်။)နှင့်တကွ ဗိုလ်ချုပ်ကြီးများ၊ ရွှေ နန်းတော် ကိုယ်ရံတော် ဗိုလ်မင်းများ၊ သံတမန်ဆိုင်ရာ အမှုထမ်း ရာထမ်းများ၊ နိုင်ငံခြားသားမှုထမ်းရာထမ်းများ ပါဝင်ကြ၏။ ၎င်းတို့အား လုံးမှာ စစ်မှုတော်ထမ်းများ မဟုတ်ကြချေ။ ဤမှုထမ်းရာထမ်းများအပြင် ရာထူး အတည်တကျ ခန့်ထားခြင်း မခံရသေးသူ အများအပြားလည်း ဘုန်းတော်ကြီးသော ဘုရားကို ခစားလျက် လိုက်ပါလာကြသေး၏။ ၎င်းတို့မှာ စစ်ဝန်ကြီးဟောင်း အာရတ်ချေ့၊ မှုထမ်းသက်ရင့် အထက်တန်း ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်၊ အလက်ဇန်းဒရား ဘုရင်မင်းမြတ်၏နောင်တော် အိမ်ရှေ့ ဥပရာဇာ မင်းသားကြီး ကွန်စတင်တိုင်း ပက်ဗလိုဗစ်၊ ရွှေတိုက်ဝန်ကြီး မြို့စားကြီး ရွန်းယန်းဆက်၊ ပရပ်ရှားနိုင်ငံ ဝန်ကြီးဟောင်းတစ်ပါးဖြစ်သူ စတိန်း၊ ဆွီဒင်လူမျိုး ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သူ အမ်းဖဲ၊ လက်ရှိ စစ်ဆင်ရေးစီမံကိန်းကို ရေးဆွဲသူ ပရပ်ရှား ဗိုလ်ချုပ်ဟောင်း ဗူးဝဲလ်၊ ယခင်က ပြင်သစ် သစ္စာတော်ခံ တပ်ရေးချုပ် တစ်ဦးဖြစ်သူ မြို့စားကြီး ပေါ်လတ်ဆေ၊ ပရပ်ရှားလူမျိုး ဗိုလ်ချုပ်တစ်ဦးဖြစ်သူ ဝေါဇိုဂျင် စသည်တို့နှင့်တကွ အခြားမှုထမ်းရာထမ်းများစွာတို့ ဖြစ်၏။ ဤပုဂ္ဂိုလ်များသည် တပ်မတော်ထဲတွင် ရာထူး လက်ကိုင် မရှိကြသော်လည်း ဘုန်းတော်ကြီးလှသော ဘုရား၏ လူယုံတော်များ ဖြစ်သည့်အတွက် တန်ခိုးကြီးလျက်ရှိကြလေသည်။ ၎င်းတို့သည် တစ်ခါတစ်ရံ၌ တပ်မှူးများနှင့် တကွ စစ်ဦးစီးချုပ်ကိုပါ မေးခွန်းများထုတ်ခြင်း၊ အကြံဉာဏ်များပေးခြင်းတို့ကို ပြုလုပ်တတ်ကြသည့်အတွက် တပ်မှူးများနှင့်တကွ စစ်သေနာပတိချုပ်တို့၏ စိတ်၌ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်၊ အိမ်ရှေ့ ဥပရာဇာမင်းသားကြီး၊ စစ်ဝန်ကြီးဟောင်း အာရတ်ချေ့၊ သို့မဟုတ် တပ်ထောက်ချုပ်မင်းသားကြီး ဗော်လကွန်စကီတို့သည် မိမိတို့အား မည်သည့်အခွင့်အာဏာဖြင့် ဤသို့ မေးခွန်းများထုတ်ခြင်း၊ အကြံဉာဏ်များ ပေးခြင်းတို့ကို ပြုလုပ်ကြပေသနည်းဟု စဉ်းစား၍ မရ အောင်ဖြစ်လျက် ရှိကြလေသည်။ တစ်ခါတစ်ရံ၌လည်း ထိုပုဂ္ဂိုလ်ကြီးများသည် အကြံဉာဏ်ပေးသလိုလိုဖြင့် အမိန့်ပေးတတ်ကြ၏။ ထိုအမိန့်များသည်လည်း ထိုပုဂ္ဂိုလ်ကြီးတို့က ပေးသော အမိန့်လော၊ ဘုန်းတော်ကြီးသော ဘုရားက ပေးတော်မူသည့် အမိန့်လော၊ ထိုအမိန့်အတိုင်း လိုက်နာရအံ့လော၊ မလိုက်နာဘဲ နေရအံ့လောဟုလည်း ရှင်းလင်းစွာ မသိကြရချေ။ ဤသို့ဖြင့် စေသေနာပတိချုပ်မှအစ စစ်မှူး၊ စစ်ကဲ၊ ဗိုလ်၊ အကြပ်၊ တပ်သား အားလုံးတို့သည် တပ်မတော်ကိစ္စများ၌ ရွှေနန်းတော် မင်းမှုထမ်းများ ဝင်ရောက်စွက်ဖက်နေခြင်းကို မခံမရပ်နိုင်ဖြစ်လျက် ရှိကြ၏။ ဤသည်တို့ကား ရုရှား တပ်မတော်ထဲတွင် ဖြစ်ပျက်နေသော အပြင်ပန်းအခြေအနေဖြစ်သည်။ သို့ ရာတွင် ရွှေနန်းတော် မှုထမ်းရာထမ်းများ၏ အမြင်၌လည်း (ဤတွင်လည်း ထီးတော်မိုးကအစ ဘုရင့်အပါးတွင် ခစားသူမှန်သမျှ ရွှေနန်းတော်သားချည်း ဖြစ်နေပြန်သဖြင့် အခက်ကြုံရသည်။) တပ်မတော်ကြီးနှင့်အတူ ဘုန်းတော်ကြီးသော ဘုရားနှင့်တကွ မိမိတို့ ရွှေနန်းတော်သားများ ကိုယ်တိုင် လိုက်ပါလာရခြင်းသည် လွန်စွာ ဝိသေသထူးသော အချက်ကြီးဖြစ်သည်။ မိမိတို့မပါလျှင် မဖြစ်သည့်အတွက် လိုက်ပါလာရခြင်း ဖြစ်သည်ဟု အထင်ရောက်လျက် ရှိကြ၏။ ၎င်းတို့၏ အကြောင်းပြချက်ကား ဤသို့ ဖြစ်၏။ ဘုန်းတော်ကြီးလှသော ဘုရားသည် စစ်သေနာ ပတိချုပ်အရာကို ခံယူခြင်းမပြုသော်လည်း တပ်မတော် များကို စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်းများ ပြုလုပ် လျက်ရှိရာ ဘုန်းတော်ကြီးသော ဘုရားအပါးတွင် ခစားလိုက်ပါလာကြသော မိမိတို့ ရွှေနန်းတော် အမှုထမ်းများသည် ဘုန်းတော်ကြီးလှသော ဘုရား၏ အတိုင်ပင်ခံ

www.burmeseclassic.com

www.burmeseclassic.com

များ ဖြစ်သည့်အလျောက် မိမိတို့လည်း ဝင်ရောက်စွက်ဖက်ပြောဆိုပိုင်ခွင့်ရှိသည်။ ဝင်ရောက်စွက်ဖက်နိုင်သော အရည်အချင်းလည်း ရှိသည်ဟု ယူဆကြလေသည်။ ဥပမာအား ဖြင့် စစ်ဝန်ကြီးဟောင်း အာရတ်ချေသည် ဘုန်းတော်ကြီးလှသော ဘုရား၏ ကိုယ်ရံတော် ဗိုလ်ချုပ်တစ်ဦးမျှသာမက ဘုရင်၏ အမိန့်ပြန်တမ်းများကို မှုထမ်းရာထမ်းများက လိုက်နာဆောင်ရွက်အောင် ပြုလုပ် ရာ၌ ကွပ်ကွပ်ညှပ်ညှပ် စီမံတတ်သူတစ်ဦး ဖြစ်သည်။ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်သည် ဝီလနာနယ်သားဖြစ်သည့်အလျောက် ဘုန်းတော်ကြီးသော ဘုရားဝီလနာနယ်တွင် စံမြန်းတော်မူစဉ် လိုက်ပါခစားရမည့် ဝတ္တရားရှိ၍ လိုက်ပါလာခြင်းဖြစ်သည်။ ထိုမျှမက အစီအမံကျွမ်းသော ဗိုလ်ချုပ်ကောင်းတစ်ဦး ဖြစ်နေပြန်ကာ ဘုရင့်အတိုင်ပင်ခံအဖြစ် အသုံးဝင်လျက်ရှိသည့်ပြင် အရေးကြုံလျှင် အနောက်ဘက်ကြောင်းချီတပ်မတော်၏ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဘာကလေ၏ နေရာ၌(နယ်ကျွမ်းသူပီပီ) အစားထိုးနိုင်သေးသည်။ နောင်တော် အိမ်ရှေ့ဥပရာဇာမင်းသားကြီး လိုက်ပါခစားခြင်းကိုကား အထူးဆိုဖွယ်မရှိ။ ဘုန်းတော်ကြီးလှသော ဘုရား ကြွချီရာတွင် နောက်တော်ပါးက လိုက်ပါခစားရမည်သာ ဖြစ်သည်။ ပရပ်ရှား ဝန်ကြီးဟောင်း စတိန်း လိုက်ပါလာခြင်းမှာ စတိန်း၏အကြံဉာဏ် သည် အသုံးဝင်အဖိုးတန်၍ ဘုန်းတော်ကြီးလှသော ဘုရား ကိုယ်တော်တိုင်ကလည်း လက်ရုံးတစ်ဆူသဖွယ် အားကိုး အားထားပြုခြင်းခံရသူ တစ်ယောက်ဖြစ်သည့်အတွက် လိုက်ပါလာခြင်း ဖြစ်သည်။ ဆွီဒင် ဗိုလ်ချုပ်ကြီးတစ်ဦး ဖြစ်သူ အမ်းဖဲ လိုက်ပါလာခြင်းမှာကား ၎င်းသည် နပိုလီယန်ကို တူးတူးခါးခါး မုန်းတီးသူတစ်ယောက်ဖြစ်၍ ဘုန်းတော်ကြီးသော ဘုရား အပေါ်တွင် လွှမ်းမိုးနိုင်သည့် အရည်အချင်း တစ်ခုဖြစ်သော ကိုယ့်ကိုယ်ကို ယုံကြည်စိတ် အပြည့်အဝရှိသည့် ဗိုလ်ချုပ်တစ်ဦးဖြစ်သောကြောင့် လိုက်ပါလာခြင်း ဖြစ်သည်။ တပ်ရေးချုပ်တစ်ဦးဖြစ်သော မြို့စားကြီး ပေါ်လတ်ဆေ လိုက်ပါလာခြင်းမှာ သူရသတ္တိအရာ တွင် ပြောင်မြောက်၍ စကားအရာတွင် ရဲရင့်လိမ္မာခြင်းကြောင့် လိုက်ပါလာခြင်း ဖြစ်သည်။ တပ်ရေးချုပ်များ လိုက်ပါလာရခြင်း ဘုရင်မင်းမြတ် ကြွချီရာတွင် မပါမပြီးသူများ ဖြစ်သည့်အတွက်ကြောင့် လိုက်ပါလာရခြင်းမှာ ဖြစ်သည်။ ဖူးဝဲလ် လိုက်ပါလာခြင်း အကြောင်းကိုကား ပြောဖွယ်ပင် မလိုတော့ချေ။ ဖူးဝဲလ်သည် နပိုလီယန်ကို တိုက်ထုတ်မည့် ယခုစစ်ဆင်ရေးစီမံကိန်းကို ရေးဆွဲသူ မဟုတ်လော။ ဤစစ်ဆင်ရေးစီမံကိန်းကြီး၏ အကျိုးအာနိသင်များကို ဘုရင်မင်းမြတ် သက်ဝင်ယုံကြည်လာအောင် လျှောက်တင်ကာ လက်ရှိစစ်ပွဲကြီး၏ ကိစ္စအဝဝကို စီမံခန့်ခွဲလျက် ရှိသူ မဟုတ်လော။ ဖူးဝဲလ်နှင့်အတူ ပရပ်ရှား ဗိုလ်ချုပ်တစ်ဦးဖြစ်သူ ဝေါဒိုဂျင်လည်း လိုက်ပါ လာသေး၏။ ဝေါဒိုဂျင်ကား 'ငါလိုလူ ဇမ္ဗူမရှိ' ဆို လောက်သည်အထိ ကိုယ့်ကိုယ်ကို ယုံကြည်မှု ပြင်းထန်လျက် သေနင်္ဂဗျူဟာကျမ်းများကို ထုံးလိုချေ ရေလိုနှောက်နိုင်သော စစ်သဘော တရားရေးပါရဂူတစ်ဦး ဖြစ်ရုံမျှမက ဖူးဝဲလ်၏ စစ်ဆင်ရေး စီမံကိန်းကို အကျယ်ဝိတ္ထာရ ချဲ့ပြရှင်းလင်းခြင်းအရာတွင် ဖူးဝဲလ်ရှင်းပြသည်ထက် တစ်ဖက်သား နားလည်အောင် ရှင်းပြတတ်သူတစ်ဦး ဖြစ်သည်မဟုတ်လော။

ဤသို့ဖြင့် စစ်ဦးစီးချုပ်နှင့်တကွ တပ်မတော်ရှိ တပ်ဗိုလ်၊ တပ်ကြပ်၊ တပ်သားများက ဘုရင့်အပါးတွင် ခစားလိုက်ပါလာသူ ပုဂ္ဂိုလ်များအား တပ်မတော်ကိစ္စများတွင် စွက်ဖက်နေသူများဟု ထင်ကြသော်လည်း ထိုပုဂ္ဂိုလ်များ ကိုယ်တိုင်ကမူ မိမိတို့သည် ဘုရင်၏အတိုင်ပင်ခံများ ဖြစ်ကြသည့်အားလျော်စွာ ဘုရင်ကိုယ်တော်တိုင် တပ်မတော်နှင့် ချိတက်လိုက်ပါလာသည့်အခါတွင် စွက်ဖက်ပိုင်ခွင့် ရှိကြသည်။ စွက်ဖက်ခြင်းလည်း ပြုသင့်ကြသည်ဟု ယူဆလျက် ရှိကြလေသည်။

ရုရှားတပ်မတော်ကြီးနှင့် လိုက်ပါလာကြသူများမှာ နေ့စဉ်နှင့်အမျှ စစ်ပညာသဘောတရားသစ်များကို တိထွင်လျက် ရှိကြသော အထက်ပါ ပုဂ္ဂိုလ်ကြီးများသာ မကသေးချေ။ ထိုပုဂ္ဂိုလ်ကြီးများ၏ လက်အောက်ငယ်သား အမှုထမ်းများလည်း ပါဝင်သေးသည်။ (စစ်ပညာ သဘောတရားများကို နေ့စဉ်နှင့်အမျှ တိထွင်လျက် ရှိသူများမှာ နိုင်ငံခြားသား မင်းမှုထမ်းများသာ ဖြစ်ပေသည်။ ၎င်းတို့သည် မိမိတို့နိုင်ငံတွင် အမှုထမ်းဆောင်ကြခြင်းမဟုတ်သည့်အတွက် အကျိုးပျက်လျှင်လည်း မိမိတို့ လူမျိုးအကျိုးပျက်ခြင်း မဟုတ်ဟူသော သဘောဖြင့် စစ်ပညာသဘောတရားသစ်များကို ရဲရဲကြီး စမ်းသပ်တိထွင်လျက် ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ဘုန်းတော်ကြီးသောဘုရားအပါး တွင်ခစားလိုက်ပါလာကြသည့် စစ်ပါရဂူကြီးများသည် နေ့စဉ်နှင့်အမျှ စစ်ဗျူဟာ သဘောတရားသစ်များကို တိထွင်လျက်ရှိရုံသာမကသေး။ တစ်ဦးနှင့်တစ်ဦးလည်း မာနချင်း၊ အရည်အသွေးချင်း၊ ပညာချင်း ပြိုင်လျက်ရှိကြကာ သေနင်္ဂဗျူဟာကိစ္စများ၌ အယူအဆကွဲလျက် ရှိ၏။ ၎င်းတို့မှာ အယူအဆအလိုက် အောက်ပါအတိုင်း အုပ်စုကွဲလျက်ရှိခြင်းကို မင်းသားကလေး အင်ဒရေ တွေ့ရသည်။

ပထမအုပ်စု၌ လက်ရှိစစ်ဆင်ရေး စီမံကိန်းကို ရေးဆွဲသူ ဖူးဝဲလ်နှင့် ၎င်း၏နောက်လိုက်များ ပါဝင်ကြ၏။ ၎င်းတို့ကား စစ်ဗျူဟာ သဘောတရားရေး ပါရဂူများဖြစ်ကြ၍ သေနင်္ဂဗျူဟာ အတတ်ပညာ စည်းကမ်း ဥပဒေတို့သည် မည်သည့်အခါမျှ ပြောင်းလဲခြင်း မရှိ၊ တရားသေယူဆထားကြသူများ ဖြစ်၏။ ၎င်းတို့သည် ဝါရီဝေဂဗျူဟာခေါ် ရေယဉ်ဆင်းသည့်နယ် တပ်ဖွဲ့၍ စစ်ထိုးနည်း၊ ဒွီဇာဒီပဗျူဟာ ခေါ် ဂဠုန်တောင်သဖွယ် တပ်ဖြန့်၍ ရန်သူကို ဘေးပန်းမှ သိမ်းပိုက်စစ်ထိုးနည်း စသည့် သမားရိုးကျ စစ်ဗျူဟာကို ယုံကြည်ကြသူများ ဖြစ်သည်။ လက်ရှိအခြေအနေ၌ ရုရှားတပ်များသည် စုံ၊ ရဂုံ၊ စေးပျစ်၊ စိမ့်၊ မြေြင်း၊ ဂနိုင်း၊ ပိတ်ပေါင်းနှင့်တကွ ချောင်း၊ မြောင်း၊ ထုံးအိုင်၊ ပက္ကားတို့ ထူထပ်သော ဒေသသို့ ဆုတ်ခွာပေးကာ ရန်သူကျွဲ၍ လိုက်လာအောင် စစ်မြို့သည့်ပရိယာယ်ကို သုံးသင့်သည်။ ထိုသို့ ဆုတ်စစ် ခွာစစ်ပြု၍ ရန်သူကို ဥပါယ်တဲမျဉ်ဖြင့် စစ်မြို့စစ် ပရိယာယ်များ၊ စစ်သဘောတရားများနှင့် တစ်ညီတည်း တစ်ချက်တည်း ပြုသင့်သည်ဟု ၎င်းတို့က တင်ပြကြ၏။ ထိုသဘောတရားများမှ သွေဖည်တိမ်းစောင်းခြင်းဟူသမျှကို ရှေးလူရိုင်းတို့၏ စစ်ဆုတ်နည်း၊ မိမိစစ်သည်ရဲမက် အသေအပျောက် အရှုံးနာများအောင် မကောင်းကြံ၍ စစ်ဆုတ်နည်း၊ စစ်ပရိယာယ် မကျွမ်းသူ 'နလပိန်းတုံး' တို့၏ စစ်ဆုတ်နည်းဟု ကင်ပွန်းတပ်ကြ၏။ ထိုအုပ်စုထဲ၌ နိုင်ငံခြားသား မှူးကြီးမတ်ရာ သေနာပတိများဖြစ်သော ဝေါဇိုဂျင်၊ ဝန်ဇင်ဂျီရိုဒီ စသူတို့ ပါဝင်၍ အများစုမှာ ဂျာမန်ဗိုလ်ချုပ်များ ဖြစ်လေသည်။

ဒုတိယအုပ်စုကား ပထမအုပ်စုနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ တစ်ဖက်စွန်းကျသော အယူအဆတစ်ခုကို အခြားတစ်ဖက်စွန်းကျသော အယူအဆတစ်ခုက ဆန့်ကျင်အတိုက်အခံပြုခြင်းမှာ ဓမ္မတာဖြစ်သည့်အလျောက် ထိုအုပ်စု၏ အယူအဆသည် ပထမအုပ်စု၏ အယူအဆနှင့် တောင်မြောက် ဆန့်ကျင်လျက်ရှိ၏။ ၎င်းတို့မှာ အများအားဖြင့် သဘောတရားရေးသမားများ မဟုတ်ကြဘဲ လက်တွေ့သမားများ ဖြစ်၏။ ၎င်းတို့ အယူအဆမှာ ရုရှားတပ်များကို ဆုတ်ခွာခြင်း မပြုစေသင့်။ ရေးဆွဲပြီးဖြစ်သော ဆုတ်ခွာရေး စီမံကိန်းများကို အားလုံးဖျက်သိမ်း၍ ဝီလနာမှ ပိုလန်ပြည်ထဲသို့ ထိုးစစ်ဆင် ဝင်ရောက်သွားသင့်သည်ဟူ၍ ဖြစ်၏။ ၎င်းတို့က ခွာစစ်ကို မတိုက်လိုပြီ။ သေမြေကြီး ရှင်ရွှေထီးဆိုသကဲ့သို့ ထိုးစစ်ကိုသာ တိုက်လိုသည်။ တိုက်သင့်သည်ဟု ရှေ့နေလိုက်ကြရုံမျှမက ဇာတိမာန် ဇာတိသွေး ထက်သန်လျက် ရှိခြင်းကြောင့်လည်း အငြင်းပွားမိလျှင် တစ်ယူသန် ဇွတ်မှိတ်၍ ငြင်းတတ်ကြသူများ ဖြစ်သည်။ ထိုအုပ်စုဝင်များကား ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်း၊ ဗိုလ်ချုပ်ကြီး အာမိုလော့ (ယခုမှ စစ်မြေပြင်သို့ ချီတက်လာဆဲ ဖြစ်သည်။)နှင့် အခြားသူများဖြစ်ကြ၍ အများစုက ရုရှားဗိုလ်ချုပ်များ ဖြစ်ကြ၏။ ထိုအချိန်က ရွှေနန်းတော်ထဲ၌ ဂျာမန်တို့ တန်ခိုးထွားလွန်းကြရကား မိမိအား ဂျာမန်လူမျိုးတစ်ဦးအဖြစ်သို့ သူကောင်းပြု ချီးမြှင့်ပါမည့်အကြောင်း ဘုရင်မင်းမြတ်ထံ တင်လွှာသွင်းဖို့ ကောင်းတော့သည်ဟူသော ဗိုလ်ချုပ် အာမိုလော့၏ သောလုံးမှာ ခေတ်စားလျက်ရှိ၏။ ဒုတိယအုပ်စုဝင်များက မိမိတို့ ရုရှားများသည် ရှေးစစ်သူရဲကောင်း စစ်သူကြီး ဆူဗိုရော့၏ အစဉ်အဆက်များ ဖြစ်ကြောင်း၊ စစ်ပွဲတစ်ပွဲ၌ တပ်မှူးတို့လုပ်ရမည့် အလုပ်မှာ စဉ်းစားခြင်း၊ မြေပုံကို အပ်နှင့်ထောက်၍ စီမံကိန်းချခြင်းတို့ မဟုတ်ဘဲ စစ်မြေသို့ ထွက်၍ ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်း၊ ရန်သူကို ဗုန်းဗုန်းလဲအောင် ထိုးနှက်ခြင်း၊ မိမိနယ်မြေထဲမှ မောင်းထုတ်ခြင်း၊ မိမိ၏ တပ်သားများအား စိတ်ဓာတ်မကျဆင်းအောင် ထိန်းသိမ်း ကာကွယ်ခြင်းတို့သာ ဖြစ်ကြောင်းဖြင့် ပြောဆိုလျက်ရှိကြ၏။

တတိယအုပ်စုမှာ ပထမအုပ်စုနှင့် ဒုတိယအုပ်စုကို စေ့စပ်ပေးရန် ကြိုးစားလျက်ရှိသည့် ရွှေနန်းတော် အမှုထမ်းများ၏ 'ကြားအုပ်စု' ဖြစ်သည်။ ထိုအုပ်စုသည် ဘုန်းတော်ကြီးသော ဘုရား၏ အများဆုံး ကိုးစားယုံကြည်ခြင်း ခံရသည့် အုပ်စုဖြစ်၏။ ၎င်းအုပ်စုဝင်များမှာ စစ်မှုထမ်း

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်သူ အများဆုံး ပါဝင်၏။ စစ်ဝန်ကြီးဟောင်း အာရတ်ချေ့မှာ ထိုအုပ်စုဝင် ဖြစ်လေသည်။ ထိုအုပ်စုဝင်များသည် ယုံကြည်ချက် ခိုင်ခိုင်မာမာ မရှိသော်လည်း ရှိလေဟန် ပြုကြသည့်လူများ ထုံးစံအတိုင်း ယောင်ဝါးဝါးတွေးကာ ယောင်ဝါးဝါးပြောလျက် ရှိကြ၏။ ၎င်းတို့က စစ်ပွဲတစ်ပွဲ၊ အထူးသဖြင့် ဘိုနာပတ်ကဲ့သို့သော (၎င်းတို့သည် ယခုအချိန်၌ နပိုလီယန်ကို ဘိုနာပတ်ဟု မလိုတမာ ခေါ်နေကြပြန်လေပြီ။) စစ်ဗျူဟာအတတ်တွင် ဇတဒဂ်ရသည့် စစ်ဘုရင်တစ်ဦးနှင့် တိုက်ရသည့်စစ်ပွဲမျိုး၌ သေချာကျနစွာ ရေးဆွဲထားသည့် စစ်ဗျူဟာစီမံကိန်း၊ သိပ်ပွနည်းကျသည့် သေနင်္ဂဗျူဟာဆိုင်ရာ အသိအမြင်များရှိရန် လိုအပ်ကြောင်း၊ ဤနေရာမျိုးတွင်မူ လက်ရှိစစ်ဆင်ရေးစီမံကိန်းကို ရေးဆွဲသူ ဖူးဝဲလ်မှာ သူမတူအောင် တစ်ဖက်ကမ်းခတ်သော စစ်ပါရဂူကြီးတစ်ဦးဖြစ်ကြောင်း၊ သို့ရာတွင် တစ်ဖက်၌လည်း ဖူးဝဲလ်ကဲ့သို့ စစ်ဗျူဟာသိပ္ပံပညာများ၊ သေနင်္ဂဗျူဟာကျမ်းများကို ထုံးလိုချေ ရေလိုနှောက်နိုင်စွမ်းရှိသည့် စစ်ပါရဂူတို့ မည်သည် 'စာအုပ်ကြီး' ဆန်လှကြောင်း၊ တရားသေကျကျ တွေးခေါ်တတ်ကြောင်း၊ ဤသည်ကို သတိချပ်သင့်ကြောင်း၊ ထို့ကြောင့် ၎င်းတို့ကိုလည်း အကြွင်းမဲ့ ယုံကြည်ကိုးစားနေ၍ မဖြစ်ကြောင်း၊ ဖူးဝဲလ်ကို ဆန့်ကျင်သူ၊ စစ်တိုက်ခြင်း၌ အတွေ့အကြုံရှိသူ လက်တွေ့သမားများ၏ စကားများကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ ထိုသို့ လက်တွေ့သမားနှင့် သဘောတရားဆရာတို့၏ နှစ်ဖက်စကားကို ကြားနာပြီးမှ သင့်နိုးရာတို့ကို ပေါင်းစပ်ရောမွှေကာ မချို့မပဋိပဒါနည်းကို ရှေးချယ်သင့်ကြောင်းဖြင့် ပြောဆိုကြသည်။ ၎င်းတို့က ဖူးဝဲလ်၏ လက်ရှိစီမံကိန်းအတိုင်း ဒရစ်ဆာမြစ်ကမ်းနဖူး၌ တပ်ကြီးတပ်ခိုင်တည်၍ ခံသင့်ကြောင်း၊ သို့ရာတွင် အခြားသော တပ်မတော်များကိုမူ တပ်ခိုင် တပ်လုံစွဲ၍ မနေစေဘဲ စစ်လျင် စစ်ဖျားအဖြစ် နေရာအနှံ့အပြား လှုပ်ရှားနေစေသင့်ကြောင်းဖြင့် ဆိုကြ၏။ အမှန်အားဖြင့် ဘတိယအုပ်စု၏ မချို့မပဋိပဒါနည်းသည် မည်သည့်ဦးဌာနချက်ကိုမျှ ပြီးမြောက်စေမည့် နည်းလမ်းမဟုတ်သော်လည်း ထိုအုပ်စုဝင်တို့အဖို့ကား ၎င်းတို့၏ နည်းသာသွင် အကောင်းဆုံးဟု ယူဆလျက် ရှိကြလေသည်။

စတုတ္ထအယူအဆကို ခေါင်းဆောင်သူမှာ ဘုန်းတော်ကြီးလှသော ဘုရား၏နောင်တော် အိမ်ရှေ့ဥပရာဇာမင်းသားကြီး ဖြစ်လေသည်။ နောင်တော် အိမ်ရှေ့ဥပရာဇာမင်းသားကြီးသည် ဩစတားလစ်တိုက်ပွဲတုန်းက ဗိုလ်ရှူသဘင်တက်သကဲ့သို့ မြင်းတပ်ဗိုလ် ဝတ်စုံကိုဝတ်လျက် စစ်ရထားကို စီးနင်းကာ စစ်မြေပြင်သို့ ကိုယ်ရံတော်တပ်ဦးမှ ချီတက်ခဲ့သူဖြစ်၏။ ထိုစဉ်က မိမိတို့တပ်များသည် ပြင်သစ်တပ်များကို အောင်မြင်စွာ ချေမှုန်းနိုင်လိမ့်မည်ဟု နောင်တော် အိမ်ရှေ့ဥပရာဇာမင်းသားကြီး မျှော်လင့်ခဲ့သော်လည်း မိမိအထင်နှင့် ပါစင်အောင်လွဲပြီး ဘတစ်ပြန် ကျားတစ်ပြန်တိုက်နေသည့် ရှေ့တန်းစစ်မျက်နှာတွင် ပိတ်မိလျက်သားဖြစ်ကာ နှစ်ဖက်စစ်သည်တို့ အထွေးထွေးရှိကြသည့် ကြားထဲမှ မသေရုံတစ်မည် ရုန်းထွက်လာခဲ့ရသူဖြစ်၏။ နောင်တော် အိမ်ရှေ့ ဥပရာဇာမင်းသားကြီးသည် ဩစတားလစ်စစ်ပွဲ၌ ဤသို့ အထင်နှင့်အမြင်တခြားစီ ဖြစ်ခဲ့ရခြင်းကို မမေ့နိုင်သေးချေ။ ထိုစတုတ္ထအုပ်စုဝင်များသည် အခြေအနေအရပ်ရပ်ကို မှန်ကန်စွာ ဆင်ခြင်သုံးသပ်နိုင်ခြင်းဟူသော တော်ကွက်များ ရှိသလောက် မိမိတို့၏ ထင်မြင်ချက်ဟူသမျှကို မည်သူမတာပြောင်ပြောင်တင်းတင်း ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်ခြင်းတည်းဟူသော ညွှန်ကွက်များလည်း ရှိကြသူများဖြစ်၏။ ထိုအုပ်စုဝင်တို့သည် နပိုလီယန်ကို ကြောက်ရွံ့လျက်ရှိကာ နပိုလီယန်၏ စစ်အင်အားကြီးမားခြင်းနှင့် မိမိတို့၏ စစ်အင်အားနည်းပါးလွန်းခြင်းကို အမှန်အတိုင်း အသိအမှတ်ပြုကြသည်။ ဤသို့ ယူဆကြောင်းကိုလည်း မကွယ်မထောင့် ထုတ်ဖော်ပြောဆိုကြလေသည်။ 'ဤအတိုင်းသာ နပိုလီယန်ကို ခံချေက ငါတို့၌ ပူဆွေးရခြင်း၊ အရှက်ကွဲခြင်း၊ ပျက်စီးခြင်းတို့သာ အဖတ်တင်မည်။ ငါတို့သည် ဝိလနာနှင့် ဝိတက်မြို့များကို စွန့်လွှတ်ခဲ့ရပြီ မဟုတ်လော၊ ယခုလည်း ဒရစ်ဆာကို စွန့်လွှတ်ရဦးမည် မုချဖြစ်သည်။ ငါတို့အဖို့ ဆင်ခြင်တုံတရားနှင့်အညီပြုရန် ကျန်သော တစ်ခုတည်းသောအမှုကား နပိုလီယန်နှင့် ငြိမ်းချမ်းရေးစာချုပ်ကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ ချုပ်ဆိုခြင်းသာ ဖြစ်တော့သည်။ သို့မဟုတ်က အရေးလစ်လပ်၍ ငါတို့အားလုံး ပိတာစဘတ် ရွှေမြို့တော်မှ ထွက်ပြေးရသည့် အဖြစ်သို့ ရောက်ချိမ့်မည်။' ဤကား စတုတ္ထအုပ်စုဝင်တို့၏ အဆိုတည်း။

www.burmeseclassic.com

www.burmeseclassic.com

စတုတ္ထအုပ်စုဝင်တို့၏ အယူအဆမှာ ထိုအချိန်တွင် တပ်မတော် အထက်တန်း စစ်အရာရှိကြီးများကြား၌လည်း ပျံ့နှံ့နေပြီ ဖြစ်လေသည်။ ထိုမျှမက ပီတာစဘတ် ရွှေမြို့တော်ရှိ အရာရှိ အရာခံကြီးများကလည်း နှစ်သက်လျက်ရှိ၍ နိုင်ငံငြိမ်ဝပ်ပိပြားရေးအတွက် ငြိမ်းချမ်းရေး ချုပ်ဆိုရန် လိုလားလျက်ရှိသော ရွှေတိုက်ဝန် ရွှန်ယန်း ဆက်ကလည်း ထိုအယူအဆကို ထောက်ခံလျက် ရှိ၏။

ပဉ္စမအုပ်စုတွင်ကား အနောက်ဘက်ကြောင်းချီ တပ်မတော်ကြီး၏ ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဘာကလေး၏ နောက်လိုက်များ ပါဝင်ကြ၏။ ပဉ္စမအုပ်စုဝင်တို့က ဗိုလ်ချုပ်ကြီး ဘာကလေအား ထောက်ခံကြခြင်းမှာ ဗိုလ်ချုပ်ကြီး ဘာကလေ၏ အရည်အချင်းကို သဘောကျခြင်းထက် စစ်ဝန်ကြီးနှင့် အနောက်ဘက်ကြောင်းချီ တပ်မကြီး၏ ဦးစီးချုပ်ဖြစ်နေခြင်းဟူသော အကြောင်းများကြောင့် ဖြစ်၏။ ၎င်းတို့၏အဆိုကား 'ဗိုလ်ချုပ်ကြီး ဘာကလေသည် မည်သည့်ရာထူးတွင် ရောက်ရှိနေစေကာမူ အရေးမကြီး၊ (ထိုသူတို့သည် ဤစကားဖြင့် အစပျိုးတတ်ကြသည်။) အရေးကြီးသည်ကား ဗိုလ်ချုပ်ကြီး ဘာကလေသည် ရိုးသားဖြောင့်မတ်၍ လက်တွေ့ကျကျ ဆောင်ရွက်တတ်သူတစ်ယောက် ဖြစ်သည်ဆိုသည့် အချက်ဖြစ်သည်။ ငါတို့၌ ဗိုလ်ချုပ်ကြီး ဘာကလေထက် တော်သူမရှိ။ စစ်တို့မည်သည် တစ်မိန့်တည်း တစ်သံတည်းသာ ဦးစီးကွပ်ကဲမှုရှိမှသာ အောင်နိုင်ရာသည်။ ဦးစီးကွပ်ကဲမှုတွင် အမိန့်အသံအမျိုးမျိုး ကွဲခြေက မည်သည့်စစ်ကိုမှ တိုက်၍ မနိုင်ရာ။ ထို့ကြောင့် ဗိုလ်ချုပ်ကြီး ဘာကလေကို အရေးကုန် အာဏာအပ်နှင်း၍ တစ်သံတည်း တစ်မိန့်တည်းသော ကွပ်ကဲမှုဖြင့် တိုက်စေက ငါတို့ မုချအောင်မည်သာဖြစ်သည်။ သို့မှသာ ဗိုလ်ချုပ်ကြီး ဘာကလေသည် မိမိ၏ အစွမ်းအစကိုလည်း ပြနိုင်ချိမ့်မည်။ ဗိုလ်ချုပ်ကြီး ဘာကလေသည် ဤနည်းဖြင့် ဖင်လန်ပြည်တွင် အောင်ပွဲခံခဲ့ပြီ မဟုတ်လော။ ငါတို့ တပ်မတော်ကြီးသည် ယခုအချိန်ထိ တစ်ချက်တည်း တစ်ညီတည်း အုပ်စည်းမပျက် ရှိကြ၍ အင်အား အခိုင်အကျည်ရှိသေးလျက် အထိအခိုက်၊ အရှုံးအနာ၊ အသေအပျောက်၊ အဆုံးအရှုံး တစ်စုံတစ်ရာမရှိဘဲ ယခု တပ်စွဲထားရာ ဒရစ်ဆာမြစ်ကမ်းသို့ ဆုတ်ခွာနိုင်ခဲ့သည် ဟူသော စကားမှန်လျှင် ဤသည်မှာ ဘာကလေတစ်ဦးတည်း၏ အစီအရင်ကောင်းခြင်းကြောင့်ဖြစ်၍ သူ့ကိုသာ ကျေးဇူးတင်ရမည် ဖြစ်၏။ သို့မဟုတ်ဘဲ ဘာကလေ၏နေရာတွင်ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်ကို အစားထိုးချေက ငါတို့အားလုံး အကွဲကွဲဖြစ်ကြ၍ အရေးမလှဖြစ်ကြချိမ့်မည်။ ဘင်နစ်ဆန်သည် ၁၈၀၇-ခုနှစ် တိုက်ပွဲကတည်းက အစီအရင် အကွပ်အကဲ ညံ့ဖျင်းကြောင်းကို ပြသခဲ့ပြီ မဟုတ်လော' ဟူသတတ်။

ဆဋ္ဌမအုပ်စုမှာ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်၏အုပ်စု ဖြစ်၏။ ၎င်းတို့ကမူ ရုရှားတပ်မတော်၌ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်ထက် အတွေ့အကြုံရှိသူ၊ ထက်မြက်သူမရှိဟု ပြောကြလေသည်။ ရုရှားတပ်များ ဒရစ်ဆာသို့ ဆုတ်ခွာလာခဲ့ခြင်းမှာ ရှက်ဖွယ်လိလို ဖြစ်သော ဆုတ်ခွာရခြင်းမျိုး ဖြစ်၍ အမှားတကာ့အမှားများကို သရဖူဆောင်းလိုက်ခြင်း ဖြစ်သည်။ ထိုအမှားကို ကျူးလွန်သူမှာ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်ပင် ဖြစ်သည်ဟူသော စွပ်စွဲချက်များကိုမူကား 'ယခုအချိန်တွင် သင်းတို့တစ်တွေ မည်မျှ ဟန်ရေးပြနေကြစေကာမူ တစ်နေ့တွင် သင်းတို့အားလုံး ဘင်နစ်ဆန်၏ခြေဖဝါးအောက်သို့ ရောက်ကြရမည်သာ ဖြစ်သည်၊ ပျံလေတဲ့ငှက်ခါး နားသည့်အခါမှ သိစေအံ့' ဟု ချေပကာကြုံးဝါးလျက် ရှိကြ၏။ ထို့ပြင် 'လောကၥ အမှားကို တွေ့မှ အမှန်ရောက်သည် မဟုတ်လော၊ အမှားဆိုသည်မှာ အစဉ်မှားမြဲ မဟုတ်၊ တစ်နေ့တွင် အမှန်သို့ ရောက်ရမည်သာ ဖြစ်သည်။ ငါတို့အဖို့ လိုအပ်သူကား ဗိုလ်ချုပ်ကြီး ဘာကလေကိုသော်လည်းကောင်း၊ အခြားသူတစ်ဦးကိုသော်လည်းကောင်း မဟုတ်။ ၁၈၀၇-ခုနှစ် တိုက်ပွဲ၌ လက်ရုံးရည်ကို ထင်ရှားပြခဲ့၍ ရန်သူဧကရာဇ် နပိုလီယန်ကိုယ်တိုင် ကပင် ထုတ်ဖော် ချီးကျူးရသော ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်ပင် ဖြစ်သည်။ ငါတို့၌ လိုအပ်နေသူကား ဗိုလ်ပုံရိသတ်က မငြင်းနိုင်လောက်အောင် ထက်မြက်သည့် လက်ရုံးရည်နှလုံးရည်နှင့် ပြည့်ဝသူသာ ဖြစ်သည်။ ထိုသို့ ပြည့်စုံသူမှာ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန် တစ်ဦးသာတည်း'ဟု ၎င်းတို့က ဆိုကြ၏။

သတ္တမအုပ်စု၌မူကား ဘုန်းတော်ကြီးသောအလက်ဇန်းဒရား ဘုရင်ဧကရာဇ်ကဲ့သို့ နုနယ်ငယ်ရွယ်သည့် မင်းဧကရာဇ်များ၏ အပါးတွင် အမြဲတွေ့ရတတ်လေ့ရှိသူများ ပါဝင်ကြ၏။ ၎င်းတို့ကား အလက်ဇန်းဒရား

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မင်းမြတ်အား ဧကရာဇ်ဘုရင်တစ်ပါး အနေဖြင့် သာမကလူပုဂ္ဂိုလ်တစ်ယောက် အနေဖြင့်လည်း ဆုလာဘ် တစ်စုံတစ်ရာကို မျှော်ကိုးခြင်းကြောင့်မဟုတ်ဘဲ ရိုးသားစွာ ကြည်ညိုလေးစားကြသည့် ဗိုလ်ချုပ်များနှင့် ရွေနန်းတော် အမှုတော်ထမ်း ကိုယ်ရံတော်ဗိုလ်များ ဖြစ်ကြ၏။ ၎င်းတို့သည် အလက်ဓနဲ့ဒရား ဘုရင်အား ကြည်ညိုလေးစားရာ၌ ဘုန်းတော်ကြီးလှသော ဘုရားသည် ဘုရင်ဧကရာဇ်တစ်ပါး၏ လွန်လွန်လန်ကဏာ စသည်တို့ဖြင့် လုံးဝ ပြည့်စုံသည် သာမက လူပုဂ္ဂိုလ်တစ်ယောက်အနေဖြင့်လည်း ပြောစရာ အပြစ်တစ်ကွက်မျှ ရှာမတွေ့လောက်အောင် ခြောက်ပြစ်ကင်းပါပေသည်ဟူသော ယုံကြည်ချက်ဖြင့် လေးစား ကြည်ညိုသူများ ဖြစ်ကြလေသည်။ (၁၈၀၅–ခုနှစ်က နိုကိုလေက ဘုရင်ဧကရာဇ်အား ကြည်ညိုလေးစားပုံမှာ ဤနည်းမျိုး ဖြစ်လေသည်။) ထိုသတ္တမ အုပ်စုဝင်များသည် ဘုန်းတော်ကြီးသော ဘုရားက တပ်မတော်အား ဦးစီး ကွပ်ကဲခြင်း မပြုဟု ငြင်းပယ်ခြင်းကို နှစ်ခြိုက်ကြသော်လည်း ဘုန်းတော်ကြီးသော ဘုရားသည် ဤမျှလောက် မိမိကိုယ်ကို မိမိနှိမ့်ချခြင်းပြုရာသလောဟု အပြစ်တင်လျက် ရှိကြ၏။ မိမိတို့ ကြည်ညိုလေးမြတ်လှစွာသော ဘုန်းတော်ကြီးသော ဘုရားသည် ဤသို့သော နှောင့်နှေးဗျာပါရဖြစ်ခြင်းကို စွန့်လွှတ်လျက် 'ငါကိုယ်တော်တိုင် ငါ၏ တပ်မတော်ကို ဦးစီးကွပ်ကဲ၍ တိုက်အုံ့'ဟု ရဲရဲတင်းတင်းကြီး ကြေညာတော်မူစေချင်ကြသည်။ စစ်သေနာပတိချုပ်၏အရာကို ခံယူ၍ ထိုစစ်ဦးစီးဌာနချုပ်ကို ကိုယ်တော်တိုင် ကွပ်ကဲကာ လိုအပ်သည့်အခါတိုင်း အတွေ့ အကြုံရှိသော စစ်သဘောတရား ပါရဂူများ၊ လက်တွေ့သမားများနှင့် ညှိနှိုင်းတိုင်ပင်တော် မူစေချင်ကြသည်။ ထိုမျှမက တပ်မတော်သားတို့၏ စစ်သွေးစစ်မာန်ကို နှိုးဆွပေးရာရောက်မည် ဖြစ်သည့်အတိုင်း ကိုယ်တော်တိုင် ကွပ်ကဲဦးစီးတော် မူစေလိုကြပေသည်။

အဌမမြောက်အုပ်စုကား၊ အင်အားအကြီးဆုံး ဖြစ်၏။ အရေအတွက်အားဖြင့် ကြည့်သော် လူတစ်ရာလျှင် ကိုးဆယ့်ကိုးယောက်သည် ထိုအုပ်စုတွင် ပါဝင်လျက်ရှိကြ၏။ ထိုအုပ်စုဝင်တို့ကား စစ်ကိုသော်လည်းကောင်း၊ ငြိမ်းချမ်းရေးကိုသော် လည်းကောင်း၊ ထိုးစစ် တိုက်စစ် ပြုခြင်းကိုသော်လည်းကောင်း၊ ဆုတ်စစ် ခွာစစ်ပြုခြင်းကို သော်လည်းကောင်း၊ ဘုန်းတော်ကြီးသော ဘုရား၏ဦးစီး ကွပ်ကဲခြင်းကိုသော်လည်းကောင်း၊ ဗိုလ်ချုပ်ကြီးဘာကလေး၏ ဦးစီးကွပ်ကဲခြင်းကိုသော်လည်းကောင်း၊ ဗိုလ်ချုပ်ကြီး ဖူးပဲလ်ကိုသော်လည်းကောင်း၊ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန် ကိုသော်လည်းကောင်း မည်သည့်အရာကိုမျှ လိုလားခြင်း စိတ်ဝင်စားခြင်း မရှိကြချေ။ ၎င်းတို့ အဓိကထား၍ စဉ်းစားသောအရာမှာ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားနှင့် ၎င်းတို့၏ စိတ်ဖျော်ရွှင်ရေးတို့သာ ဖြစ်လေသည်။ ထိုသူများသည် ထိုအရာများမှအပ အခြား ဘာမျှ စိတ်ဝင်စားခြင်း မရှိသော ဘယ်သူသေသေ ငတေမာပြီးရောဆိုသည့် လူစားများ ဖြစ်ကြ၏။ ကြီးလှစွာသော ကျောက်ဆောင်ကြီးတစ်ခု အနီး၌ ဝဲဂယက်များ ထလျက်ရှိသကဲ့သို့ ဘုန်းတော်ကြီးသော ဘုရင့်အပါးတွင် သူ့အယူအဆမှန်သည်၊ ငါ့အယူအဆမှန်သည်ဟူသော ငြင်းခုံမှုများ၊ တစ်ယောက်တစ်ယောက် ကုန်းချောမှုများ၊ ခြေပုန်းခုတ်မှုများ၊ ဂယက်ထလျက်ရှိစဉ်၌ ထိုင်တောများသည် အခြားသော အချိန်ကာလများတွင် စိတ်မကူးရဲသော ရာထူးကြီးများ၊ အခွင့်အရေးများကို အချောင်ရနိုင်သည် မဟုတ်ပါလော။ အချောင်ရထားသော မိမိရာထူးတွင် တည်မြဲလိုသူတစ်ယောက်သည် ယနေ့၌ ဖူးဝဲလ်၏ အယူအဆများကို ထောက်ခံလျက်ရှိ၍ နက်ဖြန်တွင် ဖူးဝဲလ်၏ပြိုင်ဘက်ကို သြဘာပေးကာ သန်ဘက်ခါတွင်မူကား (တာဝန်ရှောင်သည့်အနေဖြင့်သော်လည်းကောင်း၊ ဘုန်းတော်ကြီးသော ဘုရားကို မျက်နှာလို အားရပြုရန်အတွက်သော်လည်းကောင်း) မိမိသည် ဤကိစ္စများနှင့်ပတ်သက်၍ မည်သည့် ထင်မြင်ချက်မျှ အခိုင်အမာမရှိပါဟု မရှက်မကြောက် ထုတ်ဖော်ကြညာတတ်ကြ၏။ အခွင့်အရေး ကိုယ်ကျိုးစီးပွားလောက်ကိုသာ မျှော်ကိုးလျက် ရှိသူများကလည်း ယမန်နေ့က ဘုန်းတော်ကြီးသော ဘုရားက အမှတ်မထင် မိန့်ကြားသွားသော စကားတစ်ခွန်းကို သံယောင်လိုက်၍ အော်ကြီးဟစ်ကျယ် ထောက်ခံပြောဆိုပြခြင်းဖြင့် ဘုရင်၏ ဘက်တော်သားမှန်း သိအောင် မဏ္ဍပ်တိုင်တက်ပြတတ်ကြ၏။ ထိုမျှမက ထိုသူများသည် ဘုရင့်ရှေ့တော်သို့ ညီလာခံဝင်လျှင်လည်း အကြောင်းမရှိ အကြောင်းရှာကာ အော်ကြီးဟစ်ကျယ် ငြင်းခုံပြခြင်း၊ ရင်ဘတ်စည်တီး ဝမ်းနည်းဟန်ပြခြင်း၊ မိမိနှင့် သဘောကွဲလွဲသူကိုတွေ့လျှင် နှစ်ယောက်ချင်း

www.burmeseclassic.com

www.burmeseclassic.com

သတ်ရန် ချိန်းဆိုပြခြင်းဖြင့် မိမိသည် အများပြည်သူ၏ ကောင်းကျိုးအတွက် မိမိအသက်ကို စွန့်လွှတ်ရန် အဆင်သင့် ရှိပါသည်ဟူသော စိတ်မာန်မျိုးကို ဆောင်တတ်ကြသေးသည်။ အချို့ကလည်း မည်သူ့ကိုမျှ အတိုက်အခံ မလုပ်ဘဲ အမှုတော်ကို သစ္စာရှိစွာ ထမ်းရွက်ခြင်းအတွက် ဆုတော်လာဘ်တော်များ တောင်းခံရန် ချက်ကောင်းကို တိတ်တဆိတ် စောင့်လျက်ရှိကြ၏။ ဘုရင်မင်းမြတ်သည် ညီလာခံတစ်ခုနှင့် တစ်ခုအကြားတွင် ဆုတော် လာဘ်တော် အဆောင်အယောင် အစီးအနင်းတို့ကို ချီးမြှင့်လေ့ရှိရာ ထိုသူများသည် ထိုအခါမျိုးကို စောင့်လျက်ရှိကြ၏။ ထို အချိန်မှာ သူသူငါငါ အလုပ်များလျက် ရှိခြင်းကြောင့် မိမိတောင်းခံသမျှကို ပေးသင့် မပေးသင့် စဉ်းစားနေချိန် မရဘဲ မငြင်းမပယ် အလွယ်တကူ ပေးလိုက်တတ်ခြင်းကို ထိုင်တေများ သိပြီးဖြစ်၏။ အချို့ကလည်း အလွန်အမင်း များပြားလှသော တာဝန်များကို ထမ်းဆောင်နေရချိန်၌ မိမိတို့ အလုပ်ကြိုးစားမှန်းသိအောင် ဘုရင်မင်းမြတ် မြင်သာလောက်သော နေရာမှ မကြာခဏ လာရောက် ခစားတတ်ကြ၏။ အချို့မှာလည်း လောကတွင် ဘုရင် မင်းမြတ်နှင့် ညစာအတူစားခွင့်ရရေးဟူသော တစ်သက်တာ ရည်မှန်းချက်ကြီး အောင်လျှင် သေပျော်ပြီဆိုသော လူစား မျိုးများဖြစ်လျက် ထိုရည်မှန်းချက်ကြီး အောင်မြင်ရေး အတွက် အသစ်ပေါ်ပေါက်လာသော ထင်မြင်ချက်များ မှားသည် မှန်သည်ကို တတ်ယောင်ကား ဝေဖန်ပြောဆို တတ်ကြကာ ၎င်းတို့ ဝေဖန်ချက်များ မှန်ကြောင်းကိုလည်း တတ်သမျှ မှတ်သမျှဖြင့် သက်သေသာဓက ထူပြတတ်ကြသည့် လူစားများဖြစ်လေသည်။

အမှန်အားဖြင့် ဤငတေ အုပ်စုဝင်များသည် ဒင်္ဂါး ဆုတံဆိပ်တော်၊ ရာထူးအဆောင်အယောင် စသည်တို့ နောက်ကို ငမ်းငမ်းတက် လိုက်နေကြသူများသာ ဖြစ်၏။ ထိုအရာများနောက်သို့ လိုက်ကြရာ၌ ထိုသူများသည် လေတိုက်ရာအရပ်ကိုသိရန် လေကြောင်းပြလေတံခွန်ကို စောင့်ကြည့်သကဲ့သို့ မင်း၏အလို မင်း၏အကြိုက်ကို သိရန် မင်း၏အရိပ်အကဲကို စောင့်ကြည့်လျက်ရှိကြ၏။ လေတံခွန်သည် မည်သည့်အရပ်သို့ မျက်နှာမူလျက်ရှိခြင်း ကိုလည်း ထိုလူ့ကပ်ပါးများသည် ချက်ချင်းသိနိုင်သော အစွမ်းသတ္တိ ရှိကြ၏။ လေတံခွန် မျက်နှာမူရာအရပ်ကို သိလိုက်သည်နှင့် တစ်ပြိုင်နက် ထိုလူ့ကပ်ပါးများသည် မျက်နှာလိုအား ရဖြင့် လေတိုက်ရာဘက်သို့ ဝိုင်း၍ ဖူးဖူးမှုတ်တတ်ကြလေရာ ၎င်းတို့လုပ်ပုံကြောင့် မင်းဧကရာဇ်ပင်လျှင် ရာဇကြွေးနွေးပျက်ရသည်အထိ ဖြစ်တတ်လေသည်။ ဤသို့ ရွှပ်ထွေးလျက်ရှိချိန် အချင်းချင်း မကောင်းကြံခြင်း၊ သက္ကာယထောင်လွှားခြင်း၊ အယူအဆများကွဲပြားခြင်း၊ တပ်တော်အမှုထမ်းထဲ၌ မျိုးဇာတ်မတူ ကွဲပြားခြားနားခြင်း စသည်တို့ကြောင့် ရုတ်ရုတ်သဲသဲ ဖြစ်လျက်ရှိချိန်၌ ကိုယ်ကျိုးစီးပွားလောက်ကိုသာ ကြည့်သော ငတေများ၏အုပ်စု ဟူ၍ ထုကြီးထည်ကြီးဖြင့် ပေါ်ပေါက်လာပြန်သည့်အခါ၌ ကား အများနှင့်သက်ဆိုင်သော အရေးကိစ္စလုပ်ငန်းဆောင် တာ ဟူသမျှတို့သည် မှေးမှိန်ပျောက်ကွယ်သွားကြကာ သပွတ်အူလိုက်သည့်နယ် အားလုံး ရွှပ်ထွေးကုန်တော့သည်။ ပြဿနာတစ်ရပ် ပေါ်လာသည်နှင့်တစ်ပြိုင်နက် ဤလူ့ကပ်ပါးတစ်အုပ်သည် ယခင်ပြဿနာဟောင်းနှင့် စပ်လျဉ်း၍ ဆူညံစွာ ငြင်းခုံပြောဆိုခြင်းကို ရပ်၍ နောက်ပြဿနာသစ်ဆီသို့ ကူးလာကာ ဆူညံစွာ ဝေဖန်ခြင်းပြုကြပြန်သည်။ ဤသို့ဖြင့် လူ့ကပ်ပါးတို့၏အသံသည် ပြဿနာကို ရှိုးသားစွာ ဆွေးနွေးဝေဖန်လျက် ရှိသူများ၏အသံကို ဖုံးလွှမ်းပစ်လိုက်တတ်ကြသည်သာ ဖြစ်လေသည်။

မင်းသားကလေး အင်ဒရေ တပ်မတော်ထဲသို့ ရောက်လာချိန်၌ ဤအုပ်စုများအပြင် နဝမမြောက်ဖြစ်သော အုပ်စုတစ်စုသည်လည်း ပေါ်ပေါက်လျက်ရှိကာ ၎င်း၏ ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုစပြုလျက် ရှိလေသည်။ ထိုအုပ်စုကား နိုင်ငံတော်အုပ်ချုပ်ရေး ကိစ္စများတွင် အတွေ့အကြုံနှင့် လုပ်ရည်ကိုင်ရည်ရှိလျက် အစစအရာရာ ရှေ့နောက် မြော်မြင် ဆင်ခြင်စဉ်းစားတတ်သော လူကြီးပိုင်းအုပ်စု ဖြစ်လေသည်။ ထိုလူကြီးပိုင်းအုပ်စုကား အတိုက်အခံဖြစ်လျက် ရှိကြသော အုပ်စုများအနက် မည်သည့်အုပ်စုတွင်မှ ပါဝင်ခြင်းမရှိဘဲ စစ်ဦးစီးဌာနချုပ်၌ ဖြစ်ပျက်နေသော အရေးကိစ္စများကို ဓမ္မဓိဋ္ဌာန်ကျကျ ကြည့်မြင်နိုင်၍ အယူအဆ အတွေးအခေါ် အမျိုးမျိုးတို့ ရောထွေးလျက် ရှိခြင်း၊ ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ခြင်း၊ မည်သည့် အစကို ကောက်ကိုင်ရမည် မသိလောက်အောင် ရွှပ်ပွလျက် ရှိခြင်း၊ အချင်းချင်း စိတ်ဝမ်းကွဲပြားလျက်ရှိခြင်း စသည့် အခြေအနေတို့မှ လွတ်ရာလွတ်ကြောင်း နည်းလမ်း

www.burmeseclassic.com

www.burmeseclassic.com

များကို စဉ်းစားတွေးခေါ်နိုင်သော အုပ်စုဖြစ်ပေသည်။

ထိုအုပ်စု၏အမြင်၌ ဘုန်းတော်ကြီးသော ဘုရားကိုယ်တိုင် စစ်မှုးစစ်ကဲများခြံရံလျက် တပ်မတော်နှင့်အတူ လိုက်ပါလာခြင်း၊ နပိုလီယန်နှင့် ဆက်ဆံရာ၌ တစ်ဖြောင့်တည်း တသမတ်တည်း မရှိခြင်း၊ ပြတ်ပြတ် သားသား မရှိခြင်း၊ အခြေအနေကိုလိုက်၍ အလျှော့အတင်း လုပ်ခြင်းများသည် အခြေအနေကို ရှုပ်ထွေးစေသော အဓိက အကြောင်းများဖြစ်သည်ဟု ယူဆကြလျက် ထိုအတိုင်းလည်း ထုတ်ဖော် ပြောဆိုကြလေသည်။

ဤသို့ လျှောချည် တင်းချည်ပြုသော ဆက်ဆံရေးမျိုးသည် ရွှေနန်းတော်ကြီး၏ သံတမန် ဆက်ဆံရေးကိစ္စများ၌ လျော်ကန်သင့်မြတ်သည် မှန်သော်လည်း တပ်မတော်တွင်း၌ အန္တရာယ်ဖြစ်စေသည်ဟု ၎င်းတို့က ယူဆကြ၏။ ထိုမျှမက မင်းဧကရာဇ်တို့မည်သည် တပ်မတော်ကို ဦးစီးကွပ်ကဲခြင်း မပြုရဘဲ နိုင်ငံကို ငြိမ်ဝပ်ပိပြားအောင်သာ အုပ်ချုပ်ရာသည်ဟု လည်းကောင်း၊ လက်ရှိအခြေအနေမှ ထွက်မြောက်ရန် တစ်ခုတည်းသော နည်းလမ်းကား ဘုရင်မင်းမြတ်နှင့်တကွ ၎င်း၏ အခြွေအရံများအား လုံးရွှေနန်းတော်ကြီးသို့ ပြန်ကြွသွားကာ တပ်မတော်ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် ဖြစ်သည်ဟုလည်းကောင်း ပြောဆိုလျက် ရှိကြသည်။ ယခုကဲ့သို့ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် တပ်မတော်နှင့် လိုက်ပါလာခြင်းကြောင့် အကျိုးမထူးရုံမျှမက ဘုရင်မင်းမြတ်၏ လုံခြုံရေးအတွက် စစ်သည်ရဲမက်ငါးသောင်းကို အသုံးပြုထားရသဖြင့် စစ်သည်အင်အားများ အချည်းနှီးဖြစ်လျက်ရှိသည်ဟုလည်းကောင်း၊ ဘုရင်မင်းမြတ်၏ အရိုန်အဝါ အာဏာစက်အောက်တွင် မရွံ့မရဲ လုပ်ကိုင်နေရသည့် အကောင်းဆုံးသော စစ်ဦးစီးချုပ်အောက်၌ အမှုထမ်းရခြင်းထက် အချုပ်အချယ်မရှိ မိမိမှန်သည်ထင်သောအရာကို လွတ်လပ်စွာ လုပ်ကိုင်နိုင်သော အညံ့ဆုံး စစ်ဦးစီးချုပ်လက်အောက်တွင် အမှုထမ်းရခြင်းကမှ ကောင်းလိမ့်မည်ဟုလည်းကောင်း ပြောဆိုလျက် ရှိကြလေသည်။

ဒရစ်ဆာတပ်စခန်း၌ မင်းသားကလေး အင်ဒရေအိပ်ဖို့ တာဝန်မရှိသေးဘဲ နေထိုင်လျက်ရှိသည့် အတောအတွင်း၌ ထိုလူကြီးပိုင်းအုပ်စု၏ ခေါင်းဆောင်တစ်ဦးဖြင်သူ ပြည်ထဲရေး အတွင်းဝန် ရှိရှကော့သည် ဤကိစ္စများနှင့်ပတ်သက်၍ ဘုန်းတော်ကြီးသော ဘုရားထံသို့ တင်လွှာတစ်စောင် တင်လိုက်၏။ ထိုတင်လွှာကို စစ်ဝန်ကြီးဟောင်း အာရတ်ချေ့နှင့် တပ်ရေးချုပ် ဗလရှေတို့ကလည်း ထောက်ခံလက်မှတ်ရေးထိုးကြသည်။ ပြည်ထဲရေးအတွင်းဝန် ရှိရှကော့သည် အခြေအနေအရပ်ရပ်နှင့် ပတ်သက်၍ မိမိ၏ ထင်မြင်ချက်ကို တင်လျှောက်ရန် ဘုန်းတော်ကြီးသော ဘုရားက ခွင့်ပြုတော်မူထားသည့်အတိုင်း ယခုအချိန်၌ ဘုန်းတော်ကြီးသော ဘုရားကိုယ်တော်တိုင် ပီတာစဘတ် ရွှေမြို့တော်သူ ရွှေမြို့တော်သားများအားစစ်စိတ်စစ်သွေး၊ ဇာတိမာန် ဇာတိသွေး ထက်သန်လာစေရန် လှုံ့ဆော်ပေးဖို့ လိုအပ်သည့်အတွက် ဘုန်းတော်ကြီးသော ဘုရားသည် တပ်မတော်နှင့်အတူ ချီတက်လိုက်ပါခြင်း မပြုဘဲ နေပြည်တော်သို့ ပြန်ကြွသင့်ကြောင်းဖြင့် ဤတင်လွှာထဲတွင် ရိုသေစွာ ဖော်ပြလျှောက်ထားလိုက်လေသည်။

ဤသို့ဖြင့် တိုင်းသူပြည်သားများအား ဇာတိမာန် ထက်သန်လာစေရန် ဘုရင်ဧကရာဇ်ကိုယ်တိုင် လှုံ့ဆော်တော်မူခြင်း၊ မိမိနိုင်ငံတော်ကြီးကို သက်စွန့်ကြိုးပမ်းကာကွယ်ကြရန် ဘုရင်ဧကရာဇ်ကိုယ်တိုင် ဆင့်ဆိုတော်မူခြင်း (ဤသို့ ဘုရင်ဧကရာဇ်ကိုယ်တိုင် ကြွရောက်နှိုးဆော်တော်မူရာတွင် မော်စကိုမြို့၌ အထူးအောင်မြင်ခဲ့သည်။) စသည်တို့ကို ဆောင်ရွက်တော်မူသင့်ကြောင်းကို လျှောက်ထား သံတော်ဦးတင်သည့်အခါတွင် ဘုန်းတော်ကြီးသော ဘုရားကိုယ်တော်တိုင်ကလည်း တပ်မတော်မှ ဣန္ဒြေမပျက်ထွက်ခွာသွားရန် အကြောင်းပြချက်ရပြီးဖြစ်သည့်အလျောက် လက်ခံလိုက်လေသတည်း။

အခန်း ၁၀

ပြည်ထဲရေးအတွင်းဝန် ရှိရှကော့၏တင်လွှာကို ဘုန်းတော်ကြီးသော ဘုရားထံ တင်ဆက်ခြင်းမပြုမီ တစ်နေ့သ၌ တူရကီနိုင်ငံအခြေအနေများကို မေးမြန်းစုံစမ်းရန်အတွက် ဘုန်းတော်ကြီးသော ဘုရားက တွေ့လိုတော်မူသည်ဟု ညစာစားပွဲတွင် ဗိုလ်ချုပ်ကြီး ဘာကလေက မင်းသားကလေး အင်ဒရေအား ပြောပြလေသည်။ မင်းသားကလေး အင်ဒရေသည် ဘုန်းတော်ကြီးသော ဘုရား၏ ယာယီစံ

www.burmeseclassic.com

www.burmeseclassic.com

နန်းတော်ဖြစ်သော ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်၏ အိမ်တော်သို့ ထိုနေ့ညနေ ခြောက်ချက်တီးခ်ိန် ဝင်ရောက်ခစားရမည်ဟု အမိန့်တော်ရှိလိုက်ကြောင်းဖြင့်လည်း ဗိုလ်ချုပ်ကြီး ဘာကလေက ပြောပြ၏။

နပိုလီယန်သည် ၎င်း၏တပ်များဖြင့် ချီတက်လာပြီဖြစ်ကြောင်း၊ ဒရစ်ဆာတပ်စခန်းကိုလည်း အန္တရာယ်ပေးကောင်းပေးမည်ဖြစ်ကြောင်း စသဖြင့် ထိုနေ့က ဘုန်းတော်ကြီးသော ဘုရား၏ ယာယီစံနန်းရုံးတော်တွင် သတင်းဖြစ်ပွားလျက် ရှိလေသည်။ သို့ရာတွင် ထိုသတင်းများမှာ အခြေအမြစ်မရှိသော သတင်းများသာဖြစ်သည်ကို မကြာမီ သိရှိရလေသည်။ ထိုနေ့နံနက်၌ ဗိုလ်မှူးကြီး မစ်ရှောသည် ဘုန်းတော်ကြီးလှသော ဘုရားအား ဒရစ်ဆာတပ်စခန်းကို လိုက်လံပြသခဲ့ကာ ဗိုလ်ချုပ်ကြီး ဖူးဝဲလ်၏ စီမံကိန်းအရ အခိုင်အမာ ဆောက်လုပ်ထားသော ဤစခန်းသည် တပ်စခန်းဟုပင် မခေါ်နိုင်လောက်အောင် အစီအရင်ညံ့ဖျင်းလှကြောင်း၊ ဤစခန်းမှသာ နပိုလီယန်ကို ခံချေက ရုရှားတပ်မတော်ကြီးတစ်ခုလုံး ပြုတ်ပြုတ်ပြုန်းသွားရန်သာ ရှိတော့ကြောင်းဖြင့် လျှောက်တင်လေသည်။ (ထိုအချိန်က ဖူးဝဲလ်မှာ စစ်ပရိယာယ်ဆိုင်ရာ သိပ္ပံပညာရှိ ဧတဒဂ်ရသူဖြစ်၍ နပိုလီယန်ကို ပြုတ်ပြုတ်ပြုန်းအောင် အလဲထိုးနိုင်မည့်သူဟု ကျော်ကြားလျက် ရှိသည်။)

ညနေ၌ မင်းသားကလေး အင်ဒရေသည် ဘုန်းတော်ကြီးသော ဘုရားစံမြန်းရာ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်၏ စံအိမ်သို့ ရောက်လာခဲ့၏။ စံအိမ်မှာ ဒရစ်ဆာမြစ်ကမ်းနဖူးတွင် တည်ရှိလျက် တောမြေပိုင်ရှင်၏ အိမ်မျိုးဖြစ်၍ အရွယ်မှာ အလတ်စားထဲက ဖြစ်သည်။ မင်းသားကလေး အင်ဒရေ ရောက်သွားသောအခါ၌ ဘုရင်မင်းမြတ်ကိုသော်လည်းကောင်း၊ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်ကိုသော်လည်းကောင်း မတွေ့ရချေ။ သို့ရာတွင် ဘုန်းတော်ကြီးသော ဘုရား၏ကိုယ်ရံတော်တပ်မှူး ချာနီရှေ့က မင်းသားကလေးအင်ဒရေအား ကောင်းစွာ ဆီးကြိုဧည့်ခံကာ ဘုန်းတော်ကြီးသော ဘုရားသည် ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်၊ မြို့စားကြီး ပေါ်လတ်ဆေနှင့်အတူ ဒရစ်ဆာတပ်စခန်းရှိ မြေလက်ရုံး၊ ကျုံး၊ မြောင်း၊ ကတုတ်၊ ရင်တား၌ တပ်တာစသည့် အစီအရင်တို့ကို ဒုတိယအကြိမ် လှည့်လည်ကြည့်ရှုစစ်ဆေးရန် ထွက်ခွာသွားတော်မူကြောင်း၊ ဘုန်းတော်ကြီးသောဘုရားသည် တပ်တော် အစီအရင်တို့ ခိုင်ခံ့ခြင်း ရှိမရှိကို များစွာစိုးရိမ်တော်မူလျက် ရှိကြောင်းဖြင့် ပြောပြ၏။

ကိုယ်ရံတော်တပ်မှူး ချာနီရှေ့သည် စံအိမ် အဝင်ဝနားမှ ခန်းဆောင်တစ်ခုထဲရှိ ပြတင်းဝတွင် ထိုင်၍ ပြင်သစ်ဝတ္ထုတစ်ပုဒ်ကို ဖတ်လျက်ရှိသည်။ ထိုခန်းဆောင်မှာ တူရိယာများ တီးမှုတ်လေ့ရှိသော ခန်းဆောင်တစ်ခု ဖြစ်ဟန်ရှိ၍ လေသွင်းစန္ဒရားတစ်လုံးကို ယခုတိုင် တွေ့ရလျက် ထိုစန္ဒရားပေါ်တွင် စောင်များ စုပုံတင်ထားသည်ကိုလည်း မြင်ရလေသည်။ အခန်းထောင့် တစ်နေရာတွင်မူ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်၏ တပ်ရေးဗိုလ် အိပ်သော ခေါက်ခုတင်တစ်လုံးရှိ၏။ တပ်ရေးဗိုလ်သည် ခေါက်ထားသော အိပ်ရာလိပ်ပေါ်တွင် ထိုင်ရင်း အိပ်ငိုက်လျက်ရှိလေသည်။ အလုပ်များသောကြောင့် ပင်ပန်းလျက်ရှိခြင်းလော၊ အပျော်ကြူးသောကြောင့် နွမ်းနယ်လျက်ရှိခြင်းလော တစ်ခုခုကြောင့်ပင် ဖြစ်တန်ရာ၏။ ထိုခန်းဆောင်တွင် အပြင်သို့ထွက်သော တံခါးနှစ်ပေါက်ရှိရာ တစ်ပေါက်မှာ ဧည့်ခန်းဆောင်သို့ တည့်တည့်ထွက်သည့် အပေါက်ဖြစ်လျက် လက်ယာဘက် အပေါက်မှာ စာကြည့်ဆောင်သို့ ကူးသော အပေါက်ဖြစ်၏။ ထိုခန်းဆောင်ထဲမှ ဂျာမန်ဘာသာ၊ တစ်ခါတစ်ရံ ပြင်သစ်ဘာသာဖြင့် စကားပြောနေသံများကို ကြားရ၏။ ထိုခန်းဆောင်ထဲ၌ကား ဘုန်းတော်ကြီးသော ဘုရား၏ ဆန္ဒအရ ဆင့်ခေါ်ထားသော မှူးကြီးမတ်ကြီးများ၊ ဗိုလ်ချုပ်၊ တပ်မှူး၊ စစ်ဦးစစ်ကဲများ အစုံအညီ ရောက်ရှိနေကြလေပြီ။ ဘုန်းတော်ကြီးသော ဘုရားသည် ဖြစ်ပေါ်လာသော အခြေအနေ အကျပ်အတည်းများနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ထင်မြင်ချက်များကို ကြားနာရန် ဆင့်ခေါ်ထားခြင်း ဖြစ်လေသည်။ သို့ရာတွင် စစ်ဦးစီးဌာနချုပ်၏ အရေးပေါ်အစည်းအဝေး မဟုတ်ချေ။ ဘုန်းတော်ကြီးသော ဘုရားကိုယ်တော်တိုင် ရှင်းလင်းခြင်းမရှိသည့် ပြဿနာများကို ဆွေးနွေးကြားနာရန် ခေါ်ယူထားသော သာမန်အစည်းအဝေးမျိုးသာ ဖြစ်လေသည်။ (ဘုန်းတော်ကြီးသောဘုရားသည် ဤသို့ မသေမချာလုပ်လေ့ရှိတော်မူသည်။) ဤသို့ဆွေးနွေးပွဲလည်းမကျ၊ ညီလာခံလည်း မမည်သော အစည်းအဝေးသို့ ဆွဲဒင် ဗိုလ်ချုပ်ကြီး အမ်းဖဲ၊ တပ်ရေးချုပ်ဝေါဇိုဂျင်၊ ဝန်ဇင်ဂျီရိုဒီ (ပြင်သစ်လက်အောက်ခံ သစ္စာဖောက်တစ်ဦးဟု နပိုလီယန်က သမုတ်ခြင်း ခံရသူ။)

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးကြီး မစ်ရှော့၊ မြို့စားကြီးတိုးလ်၊ စစ်မှုတော်ထမ်းတစ်ဦး လုံးဝ မဟုတ်သော မြို့စားကြီး ဗတိန်းနှင့်တကွ ဒရစ်ဆာတွင် တပ်ခိုင်တပ်လုံ တည်ခိုခုခံရန် အစီအမံကို ကွပ်ကဲကြီးကြပ်ရှိသည်ဆိုသူ ဗိုလ်ချုပ်ကြီး ဖူးဝဲလ်တို့ တက်ရောက်ကြ၏။ မင်းသားကလေး အင်ဒရေရောက်ပြီး မကြာမီ၌ ဖူးဝဲလ်ရောက်လာကာ ခန်းဆောင်ထဲသို့ မဝင်မီ ကိုယ်ရံတော်တပ်မှူး ချာနီရှေ့၌ ခေတ္တစကားပြောဆိုနေသဖြင့် မင်းသားကလေး အင်ဒရေသည် ဗိုလ်ချုပ်ကြီး ဖူးဝဲလ်ကို အကဲခတ်ခွင့် ရလိုက်လေသည်။

ဖူးဝဲလ်သည် ပုံပန်းမကျသော ရုရှားဗိုလ်ချုပ်ဝတ်စုံကို ဝတ်ထား၏။ ရုရှားဗိုလ်ချုပ် ဝတ်စုံသည် ၎င်း၏ကိုယ်ပေါ်၌ ဗိုလ်ချုပ်ဝတ်စုံနှင့်မတူဘဲ လူပြက်အဝတ်အစားနှင့် တူလျက်ရှိ၏။ မင်းသားကလေး အင်ဒရေသည် ဖူးဝဲလ်ကို ပထမဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်သော်လည်း မြင်ဖူးသည်ဟု စိတ်ထဲတွင် အောက်မေ့မိသည်။ မင်းသားကလေး အင်ဒရေသည် ၁၈၀၅-ခု စစ်ပွဲ၌ ဝေရိုသာ၊ မက်၊ ရှမစ်စသော ဂျာမန်စစ်ပါရဂူ ဗိုလ်ချုပ်များကို မြင်ဖူးခဲ့ရာ ဖူးဝဲလ်မှာ ထိုဂျာမန်စစ်ပါရဂူဗိုလ်ချုပ်များနှင့် နေရာခပ်များများတွင် တူညီလျက်ရှိခြင်းကို တွေ့ရ၏။ သို့ရာတွင် ဖူးဝဲလ်ကား ၎င်းတို့အားလုံးထက် စစ်ပါရဂူဂိုက် ပေါက်လျက် ရှိလေသည်။ စစ်ပါရဂူများ၌ တစ်ယောက်တစ်မျိုးစီ ထူးခြားသော ကြန်အင်လက္ခဏာများ ရှိကြရာ ထိုစစ်ပါရဂူများအားလုံး၏ ကြန်အင်လက္ခဏာများကို တမင်စုပေါင်း ထားသည်ဟု ထင်ရလောက်အောင် လက္ခဏာရှိသည့် ဖူးဝဲလ်ကဲ့သို့သော ဂျာမန်စစ်ပါရဂူမျိုးကိုကား မင်းသားကလေး အင်ဒရေ မမြင်ဖူးခဲ့သေးချေ။

ဖူးဝဲလ်မှာ အရပ်ခပ်ပြတ်ပြတ်၊ ကိုယ်လုံးကိုယ်ထည် ခပ်ပါးပါးဖြစ်၏။ သို့ရာတွင် အရိုးအဆက်ကြီးသူ ဖြစ်သည့် အလျောက် တောင့်တင်းသောပခုံး၊ တုတ်ခိုင်သော ခါးတို့ဖြင့် ကျန်းမာဖျတ်လတ်သော အသွင်ကိုဆောင်လျက် ရှိလေသည်။ ဖူးဝဲလ်၏ မျက်နှာမှာ အရေတွန့်နေပြီဖြစ်လျက် မျက်လုံးများသည် အတွင်းသို့ ချိုင့်ဝင်လျက်ရှိကြ၏။ ဖူးဝဲလ်သည် နားထင်နှစ်ဖက်ပေါ်က ဆံပင်ကို ကပျာကသီ ဖြီးလာခဲ့ဟန် ရှိသော်လည်း ခေါင်းနောက်ပိုင်းမှာမူ ကြက်လည်ဆံမွေးကဲ့သို့ ထောင်လျက်ရှိလေသည်။ ဖူးဝဲလ်သည် ကြီးမားကျယ်ပြန့်လှသော ခန်းဆောင်ကြီးထဲရှိ မြင်မြင်သမျှကို သက်ံမကင်း ဖြစ်လျက်ရှိသည့်ပမာ ကျိုးကန်းတောင်းမှောက် မျက်လုံးများဖြင့် လှမ်းကြည့်ရင်း အခန်းထဲသို့ ဒေါသတကြီး ဝင်ရောက်လာလေသည်။ ထို့နောက် ဓားလွယ်ကြီးကို ပုံပန်းမကျ ကိုင်ထားရာမှ ဘုန်းတော်ကြီးသောဘုရား အတွင်းတော်၌ ရှိမရှိ ကိုယ်ရံတော်တပ်မှူး ချာနီရှေ့ကို မေးမြန်းစုံးစမ်းခြင်း ပြု၏။ ဖူးဝဲလ်၏ဟန်မှာ ဦးညွှတ်နှုတ်ဆက်ခြင်း၊ ပဋိသန္ဓာရ စကားဆိုခြင်း စသည့် လောကဝတ်များကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ ပြီးစီးအောင် ဆောင်ရွက်ပြီးနောက် ခန်းဆောင်များထဲမှ ခပ်သုတ်သုတ်ဖြတ်ကာ မိမိအတွက် သက်သောင့်သက်သာအဖြစ်ဆုံးနေရာဖြစ်သော မြေပုံကြီးတစ်ချပ် ဖြန့်ခင်းထားသည့် စားပွဲတွင် ထိုင်လျက် ပြုဖွယ်ကိစ္စများကို အမြန်ဆုံးထိုင်၍ လုပ်လိုသောလူစားမျိုး ဖြစ်ဟန်ရှိ၏။ ဖူးဝဲလ်သည် ကိုယ်ရံတော်တပ်မှူး ချာနီရှေ့ကို ခပ်သုတ်သုတ် ခေါင်းညိတ်၍ နှုတ်ဆက်လိုက်၏။ ဘုန်းတော်ကြီးသော ဘုရားသည် မိမိကဲ့သို့သော စစ်ပါရဂူတစ်ဦးက စစ်သေနင်္ဂဗျူဟာသဘောတရားများနှင့်အညီ အခိုင်အမာ စီရင်ထားသော ဒရစ်ဆာခံတပ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးလျက်ရှိသည်ဟု ကြားရသည့်အခါ၌ ဖူးဝဲလ်သည် ခပ်လှောင်လှောင် ပြုံးပြလိုက်၏။ မိမိကိုယ်ကိုမိမိ လွန်မင်းစွာ အထင်ကြီးလေ့ရှိသော ဂျာမန်များ ထုံးစံအတိုင်း အသံသြသြကြီးဖြင့်လည်း တစ်စုံတစ်ရာကို ရေရွတ်လျက်ရှိလေသည်။ ('တယ်လဲမိုက်လုံးကြီးလုပါကလား ဟရို့'ဟုသော်လည်းကောင်း၊ 'ရှင်ဘုရင်လျှောက်ကြည့်တာနဲ့ ငါ့အစီအစဉ်တွေတော့ ပျက်ရချည်ရဲ့'ဟုလည်းကောင်း၊ 'သင်းတို့လုပ်ပုံ ဟန်မကျတာနဲ့ အကုန်အကျိုးနည်းရချည့်' ဟုလည်းကောင်း ပြောခြင်း ဖြစ်တန်ရာသည်။) မင်းသားကလေး အင်ဒရေသည် ဖူးဝဲလ်၏စကားများကို သဲကွဲစွာ မကြားလိုက်ရချေ။ မင်းသားကလေး အင်ဒရေက လှည့်ထွက်လာမည်အပြုဖြင့် ကိုယ်ရံတော်တပ်မှူး ချာနီရှေ့က မင်းသားကလေး အင်ဒရေကို ဖူးဝဲလ်နှင့် မိတ်ဆက်ပေးသည်။ မင်းသားကလေး အင်ဒရေသည် မိမိတို့တပ်တော်များ အောင်ပွဲခံခဲ့သည့် တူရကီစစ်မြေပြင်မှ မကြာသေးမီက ရောက်ရှိလာသူဖြစ်ကြောင်းဖြင့်လည်း ကိုယ်ရံတော်တပ်မှူး ချာနီရှေ့က ပြောပြ၏။ ဖူးဝဲလ်သည် မင်းသားကလေး အင်ဒရေကို ကြည့်သည်ဆိုရုံမျှသာ ကြည့်လိုက်ပြီးနောက် တစ်ချက်မျှ

www.burmeseclassic.com

www.burmeseclassic.com

ရယ်လိုက်ကာ "သြော် ဟုတ်လား၊ တူရကီစစ်ပွဲကတော့ စံနမူနာထားထိုက်တဲ့ ပရိယာယ်မြောက် အသေးစားစစ်ပွဲကလေးမျိုးပေပဲဗျ"ဟု ခပ်လှောင်လှောင်ကလေး ပြောကာ အထင်သေးသည့် မျက်နှာထားဖြင့် ဧည့်ခန်းဆောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ဖူးဝဲလ်သည် တစ်ဖက်သားကို ခနိုးခနဲ ချီးနှိမ်ပြောဆိုခြင်း မပြုရလျှင် အိပ်မပျော် စားမဝင်သည့် လူစားမျိုးဖြစ်၏။ ထိုနေ့၌ ဖူးဝဲလ်သည် မိမိကဲ့သို့သော စစ်ပါရဂူကြီးကိုယ်တိုင် ကြပ်မတ်တည်ဆောက်ထားသော ခံတပ်ကို လှည့်လည်စစ်ဆေးရပါဦးမည်လော၊ ခံတပ်တည်ပုံနှင့် စပ်လျဉ်း၍ မိမိမျက်ကွယ်တွင် ဝေဖန်ပြောဆိုခြင်း ပြုရပါမည်လောဟု အကြီးအကျယ် စိတ်ဆိုးလျက် ရှိလေသည်။ မင်းသားကလေး အင်ဒရေသည် သြစတားလစ်တိုက်ပွဲ၌ ဂျာမန်စစ်ဗိုလ်ချုပ်များနှင့် ကောင်းစွာ ဆက်ဆံခဲ့ဖူးပြီ ဖြစ်သည့်အလျောက် ဖူးဝဲလ်အား ခေတ္တ ခဏမျှသာ မြင်တွေ့လိုက်ရစေကာမူ ၎င်း၏စိတ်သဘောထားကို ကောင်းကောင်းကြီး အကဲခတ်နိုင်လိုက်လေပြီ။ ဂျာမန်လူမျိုးသည် ပရမ္ပတ္ထသစ္စာတရားဟု ဆိုသော သိပ္ပံပညာကို သိမြင်နှံ့စပ်ခြင်းအရာ၌ ကမ္ဘာပေါ်တွင် ၎င်းတို့လူမျိုးတစ်မျိုးတည်းသာ ရှိသည်ဟု သွေးနှာထင်ရောက်လျက်ရှိသည့်အလျောက် မာနနှင့်ပတ်သက်လာလျှင် အသက်ကိုသာ စွန့်ချင်စွန့်မည်၊ မာနကိုကား မစွန့်ဟု မိုက်မိုက်မဲမဲ ဘဝင်မြင့်တတ်ကြရာ ဖူးဝဲလ်မှာလည်း ဂျာမန်တို့၏ထုံးစံအတိုင်း စိတ်ပျက်ဖွယ်ကောင်းလောက်အောင် ကိုယ့်ကိုယ်ကို အထင်ကြီးသူတစ်ယောက် ဖြစ်လေသည်။ ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတွင် မာနအသီးသီး ရှိကြရာ၌ ပြင်သစ်လူမျိုးတို့ မာနကြီးခြင်းမှာ ၎င်းတို့လူမျိုးသည် စိတ်နေသဘောထားအားဖြင့် လည်းကောင်း၊ ရုပ်လက္ခဏာအားဖြင့် လည်းကောင်း၊ မြင်ရသူ ယောကျ်ားမိန်းမတို့ တိမ်းညွတ်ယိုဖိတ်စေနိုင်လောက်သော လှပပြေပြစ်ခြင်းမျိုးရှိသည်ဟူသော အချက်၌ မာနကြီးကြခြင်းဖြစ်၍ အင်္ဂလိပ်လူမျိုးတို့၏ မာနမှာ မိမိတို့သည် ကမ္ဘာပေါ်တွင် စနစ်အကျဆုံး ဖွဲ့စည်းထားသည့်နိုင်ငံမှ နိုင်ငံသားများဖြစ်သည့်အလျောက် မိမိနှင့် ထိုက်တန်သောအလုပ်ကို ကောင်းစွာ ရွေးချယ်တတ်၍ အင်္ဂလိပ်စစ်ယောက်အနေဖြင့် ပြုလုပ်သော အလုပ်တိုင်းသည်လည်း မှန်သည်ဟူသော အချက်၌ မာနကြီးကြခြင်း ဖြစ်၏။ အီတလီလူမျိုးတို့ မာနကြီးခြင်းမှာကား ၎င်းတို့လူမျိုးသည် စိတ်လှုပ်ရှားထိခိုက်လွယ်သလောက် မေ့မေ့ပျော့ပျော့ ဖြစ်လွယ်သည့်အတွက် မာနကြီးခြင်း ဖြစ်၏။ ရုရှားလူမျိုးတို့၏ မာနကြီးခြင်းမှာ ၎င်းတို့လူမျိုးသည် လောကတွင် လူတို့သိနိုင်သောအရာဟူ၍ ဘာမျှမရှိဟု ယုံကြည်သည့် အလျောက် မည်သည့်အရာကိုမျှလည်း မသိ၊ မည်သည့်အရာကိုမျှလည်း သိလိုစိတ်မရှိဘဲ 'ဆန်မရှိ အစားကြီး' ဆိုသကဲ့သို့ အခြောက်တိုက် မာနကြီးခြင်းမျိုး ဖြစ်လေသည်။ ဤသို့ဖြင့် လူမျိုးတိုင်း၌ မာနအသီးသီး ရှိကြသည့်အနက် ဂျာမန်လူမျိုး၏ မာနကား အဆိုးရွားဆုံး အပြင်းထန်ဆုံး စက်ဆုပ်ဖွယ်အကောင်းဆုံး ဖြစ်လေသည်။ ၎င်းတို့၏ မာနကား အခြားမဟုတ်။ အလုံးစုံ မှန်ကန်သော သစ္စာတရားတည်းဟူသော သိပ္ပံပညာကို စတင်တီထွင်ခဲ့ရုံမျှမက ထိုအကြောင်းကို ကောင်းစွာ နားလည်သိမြင်သူမှာ ကမ္ဘာပေါ်တွင် ၎င်းတို့ ဂျာမန်လူမျိုးတစ်မျိုးတည်းသာ ရှိသည်ဟူသော မာနဖြစ်ပေသတည်း။

ဖူးဝဲလ်ကား ဤကဲ့သို့သော ဂျာမန်တစ်ယောက်၏ အရည်အချင်းများ အပြည့်အဝရှိသူ ဖြစ်၏။ ဖူးဝဲလ်သည် သိပ္ပံပညာတစ်ရပ်ကို ယုံကြည်၏။ ထိုသိပ္ပံပညာကား အခြားမဟုတ်။ ဖရက်ဒရစ် ဘုရင်ကြီးလက်ထက်က စစ်သမိုင်းများကို လေ့လာပြီးနောက် ၎င်းကိုယ်တိုင် တီထွင်ထားသော ဝါရီဝေဂဗျူဟာခေါ် ရေယဉ်ဆင်းသကဲ့သို့ စစ်ထိုးခြင်း အတတ်ပညာဖြစ်လေသည်။ ဖူးဝဲလ်သည် မကြာမီက ဖြစ်ပွားခဲ့သော စစ်ပွဲများအပိုင်းကို လေ့လာခဲ့၏။ သို့ရာတွင် ၎င်း၏အမြင်မှာ ထိုစစ်ပွဲများမှာ နှစ်ဖက်စလုံးက စစ်အစီအရင်များကို ကျွမ်းကျင်စွာ တတ်မြောက်ခြင်းမရှိဘဲ အဟိတ် တိရစ္ဆာန်များသဖွယ် တစ်ဦးကိုတစ်ဦး စည်းလွတ် ကမ်းလွတ် သတ်ပုတ်တိုက်ခိုက်ခြင်းများသာ ဖြစ်သည်ဟု ယူဆ၏။ ဖူးဝဲလ်၏အမြင်၌ ထိုစစ်ပွဲများသည် စစ်ပွဲဟု ခေါ်ဆိုထိုက်သောအရာများ မဟုတ်။ ၎င်းတို့သည် စစ်ဗျူဟာ သဘောတရားများနှင့် ကိုက်ညီခြင်းလည်း မရှိ။ ထို့ကြောင့် ၎င်းတို့သည် သိပ္ပံပညာအတွက်လည်း တန်ဖိုးရှိသော အဖြစ်အပျက်များ မဟုတ်ဟု ယူဆလျက်ရှိလေသည်။

၁၈၀၆–ခုနှစ်၌ ရုရှားနိုင်ငံသည် စစ်အင် အလုံ:

www.burmeseclassic.com

www.burmeseclassic.com

အရင်း ခင်းကျင်း၍ ဂျီနာနှင့် ဩစတတ်ဒေသများသို့ ချီတက်တိုက်ခိုက်ခဲ့ရာ အရေးနိမ့်ခဲ့၏။ တိုက်ပွဲစဉ် စီမံကိန်းကို ရေးဆွဲသူများ၌ ဖူးဝဲလ်လည်း တစ်ဦးအပါအဝင် ဖြစ်လေသည်။ သို့သော်လည်း ဖူးဝဲလ်၏ စိတ်ထဲ၌ကား စစ်ရှုံးရခြင်းသည် မိမိ၏ သေနင်္ဂဗျူဟာ သဘောတရားများမှားယွင်းသောကြောင့်ပေလောဟု စိုးစဉ်းမျှ သံသယမဖြစ်ခဲ့ချေ။ ထိုမျှမက ထိုစစ်ပွဲရှုံးရခြင်းသည် မိမိ၏ သေနင်္ဂဗျူဟာ သဘောတရားများကို တိကျစွာ လိုက်နာကျင့်သုံးခြင်း မပြုသောကြောင့်သာ ဖြစ်သည်ဟုပင် ယူဆလိုက်ချေသေး၏။ စစ်ပျက်ပြီဟု ကြားသည်နှင့် ဖူးဝဲလ်သည် ဝမ်းသာအားရဖြင့် ၎င်း၏ထုံးစံအတိုင်း ခပ်လှောင်လှောင် ပြုံးကာ "စစ်ဗျူဟာသဘောတရားများနှင့်အညီ စီရင်ခြင်း မရှိသော စစ်ပွဲသည် မအောင်နိုင်ရာဟု အစကတည်းက ပြောခဲ့သည်မဟုတ်လော" ဟူ၍ပင် ပြောဆိုခဲ့သေးသည်။ သဘောတရားတစ်ခု၏ ရည်ရွယ်ချက်သည် ထိုသဘောတရားကို လက်တွေ့ အကောင်အထည်ဖော်ခြင်း ဖြစ်၏။ သဘောတရားရေး ပါရဂူများသည် ၎င်းတို့၏ သဘောတရားကို ခုံမင်စွဲလမ်းခြင်းအရာ၌ သဘောတရား၏ ရည်ရွယ်ချက်ဖြစ်သော လက်တွေ့ဆောင်ရွက်ခြင်းကို မျက်ခြည်ပြတ်သည်အထိ ခုံမင်စွဲလမ်းတတ်ကြလေရာ ဖူးဝဲလ်မှာလည်း ယင်းသို့လျှင် သဘောတရားထဲတွင်သာ နစ်မြုပ်လျက် လက်တွေ့ကို မေ့လျော့နေတတ်သော သဘောတရားရေး ပါရဂူမျိုး ဖြစ်လေသည်။ သဘောတရားကို စွဲလမ်းအားကြီးသည့်အတွက် ဖူးဝဲလ်သည် လက်တွေ့လုပ်ဆောင်ရမည့် ကိစ္စဟူသမျှကို ရွံမုန်းစက်ဆုပ်လျက်ရှိကာ လက်တွေ့နှင့်စပ်လျဉ်းသော စကားများကိုလည်း နားထောင်ခြင်း မပြုတော့ချေ။ ဖူးဝဲလ်သည် စစ်ပွဲတစ်ပွဲ၌ အရေးရှုံးနိမ့်လျှင် ထိုသို့ အရေးရှုံးနိမ့်ခြင်းကို ဝမ်းသာတတ်သူမျိုးဖြစ်၏။ အကြောင်းသော်ကား ဖူးဝဲလ်၏အမြင်တွင် လက်တွေ့၌ ဆုံးရှုံးခြင်းသည် သဘောတရားနှင့် ကိုက်ညီခြင်း မရှိသောကြောင့်သာ ဖြစ်သည်။ ထို့ကြောင့် ထိုဆုံးရှုံးမှုသည်ပင် သဘောတရား၏တိကျမှန်ကန်ကြောင်းကို သက်သေပြလျက်ရှိသည်ဟု ယူဆသောကြောင့်ပေတည်း။

ဖူးဝဲလ်သည် လက်ရှိစစ်ပွဲနှင့် စပ်လျဉ်းသည့် ၎င်း၏ထင်မြင်ချက်ကို မင်းသားကလေး အင်ဒရေနှင့် ကိုယ်ရံတော်တပ်မှူး ချာနီရှော့တို့ကို အရိပ်အမြွက် ပြောပြ၏။ ထိုသို့ ပြောပြရာ၌ ဖူးဝဲလ်၏ဟန်မှာ ဤစစ်ပွဲ၌ မိမိတို့ဘက်က အရေးနိမ့်မည်ဟု ကြိုတင်သိထားလျက် ထိုသို့ အရေးနိမ့်သည့်အတွက်လည်း ဝမ်းနည်းလိမ့်မည် မဟုတ်ဟူသော လူတစ်ယောက်၏အသွင်ကို ဆောင်လျက်ရှိ၏။ ခေါင်းနောက်တွင် ထောင်လျက်ရှိသော ဆံပင်များနှင့် နားထင်တစ်ဖက်တစ်ချက်တွင် သပ်ရပ်စွာ ဖြီးထားသော ဆံပင်များသည် ဖူးဝဲလ်၏မာနကို ထင်ရှားစွာ ဖော်ပြလျက် ရှိကြလေသည်။

ထိုနောက် ဖူးဝဲလ်သည် ဧည့်ခန်းဆောင်ထဲသို့ ဝင်ရောက်သွားလေရာ ၎င်း၏ အောင်မြင်ခန့်ညားသော အသံသည် ထိုခန်းဆောင်ထဲမှ ချက်ချင်း ထွက်ပေါ်လာလေသတည်း။

အခန်း ၁၁

မင်းသားကလေး အင်ဒရေသည် ခန်းမဆောင်ထဲသို့ ဝင်သွားသော ဖူးဝဲလ်ကို လှမ်းမျှော်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ ထိုအခိုက် ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်သည် ခန်းမဆောင်ထဲသို့ ရေးကြီးသုတ်ပျာ ဝင်ရောက်လာကာ မင်းသားကလေး အင်ဒရေကို ခေါင်းညိတ် နှုတ်ဆက်လိုက်သည်။ သို့ရာတွင် ရပ်တန့်ခြင်း မပြုချေ။ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်သည် လမ်းလျှောက်သွားရင်း ၎င်း၏ တပ်ရေးဗိုလ်အားညှန်ကြားချက်များပေးကာ စာကြည့်ဆောင်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွား၏။ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန် ရေးကြီးသုတ်ပျာ ဖြစ်လာရခြင်းမှာကား ဘုန်းတော်ကြီးသော ဘုရားခံတပ်ကို စစ်ဆေးလှည့်လည်ရာမှ ပြန်လည်ကြွလာတော်မူပြီ ဖြစ်သည့်အတွက် နေရာထိုင်ခင်းများ အဆင်သင့်ပြင်ထားရန် ဖြစ်လေသည်။ ကိုယ်ရံတော်တပ်မှူး ချာနီရှော့နှင့် မင်းသားကလေး အင်ဒရေတို့သည် စမုတ်ဆောင်ဘက်သို့ ထွက်လာခဲ့ကြ၏။ ပင်ပန်းနွမ်းနယ်ဟန်ဖြင့် မြင်ပေါ်မှ ဆင်းသက်လျက်ရှိသော ဘုန်းတော်ကြီးသော ဘုရားကို တွေ့ရလေသည်။ မြို့စားကြီး ပေါ်လတ်ဆေသည် များစွာ စိတ်အားထက်သန်လျက်ရှိ သော လက္ခဏာဖြင့် ဘုန်းတော်ကြီးသော ဘုရားထံ တစ်စုံတစ်ရာကို လျှောက်တင်လျက်ရှိ၍ ဘုန်းတော်ကြီးသော ဘုရား

www.burmeseclassic.com

www.burmeseclassic.com

.မှာမူကား ခေါင်းကိုစောင်းငဲ့လျက် အလိုတော်မကျသော အမူအရာမျိုးဖြင့် နားထောင်လျက်ရှိ၏။ ဘုန်းတော်ကြီးသော ဘုရားသည် နောက်ထပ် ကြားလိုဟန်မရှိသည့် လက္ခဏာနှင့် လှည့်၍ ထွက်တော်မူလာသည်တွင် မျက်နှာနီမြန်းကာ စိတ်ချောက်ချားလျက်ရှိသော အီတလီမြို့စားကြီး ပေါ်လတ်ဆေသည် ဣန္ဒြေကိုပင် မထိန်းနိုင်တော့ဘဲ နောက်ပါးမှ လိုက်ပါလာကာ ဆက်လက် လျှောက်တင်လျက် ရှိလေသည်။

"မှန်လှပါ၊ ဤဒရစ်ဆာခံတပ်ကဲ့သို့ ခံတပ်ကို တည်ဆောက်ရန် အကြံပေးသော ပုဂ္ဂိုလ်နှင့် ထိုက်တန်သော အရာမှာ"

ဘုန်းတော်ကြီးသော ဘုရားသည် လေ့ကားထစ်များကို လှမ်းတက်တော်မူလာစဉ် အီတလီမြို့စားကြီး ပေါ်လတ်ဆေကလည်း နောက်မှ တတွတ်တွတ် လျှောက်တင်လျက်ရှိ၏။ မင်းသားကလေး အင်ဒရေကို မြင်လိုက်သည်၌ မြို့စားကြီး ပေါ်လတ်ဆေသည် တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် ဣန္ဒြေမဆည်နိုင်တော့ဘဲ

"မှန်လှပါ ဤဒရစ်ဆာ တပ်စခန်းကို တည်ဆောက်ရန် အကြံပေးသော ပုဂ္ဂိုလ်နှင့် ထိုက်တန်သော အရာမှာ စိတ္တဇဆေးရုံနှင့် ကြိုးစင်တို့မှအပ အခြားဘာမျှမရှိပါဘုရား"

ဘုန်းတော်ကြီးမြတ်သော ဘုရားသည် အီတလီမြို့စားကြီး၏စကားကို ဂရုလည်းမပြု၊ ကြားဟန်လည်း မရှိဘဲ မင်းသားကလေး အင်ဒရေကို ကောင်းစွာမှတ်မိသည့်အလျောက် နှုတ်ဆက်တော်မူ၏။

"တွေ့ရတာ ဝမ်းမြောက်တော်မူသည် မောင်မင်း၊ ညီလာခံခန်းမဆောင်ထဲ သွားနှင့်၊ ယခုပင် ငါလာမည်"

ဘုရင်မင်းမြတ်သည် ဤသို့မိန့်၍ စာကြည့်ဆောင်ထဲသို့ ဝင်တော်မူ၏။ ဘုရင်မင်းမြတ်၏နောက်ပါးမှ တပ်ရေးချုပ် ဗော်လ်ကွန်စကီ၊ မြို့စားကြီး စတိန်းတို့ခစား၍ လိုက်ပါသွားကြပြီး စာကြည့်ဆောင် တံခါးပိတ်သွားလေသည်။ မင်းသားကလေး အင်ဒရေသည် ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်၏ ခွင့်ပြုချက်အရ မိမိနှင့် တူရကီနိုင်ငံတွင် သိကျွမ်းခဲ့သော အီတလီမြို့စားကြီး ပေါ်လတ်ဆေနှင့်အတူ ညီလာခံကျင်းပမည့် ခန်းဆောင်ထဲသို့ ဝင်လိုက်လာခဲ့လေသည်။

တပ်ရေးချုပ် ဗော်လ်ကွန်စကီသည် ရွှေနန်းတော်ထုံးစံအတိုင်း ဘုရင်မင်းမြတ်၏ လွတ်တော်ဌာနအကြီးအကဲအဖြစ် ဆောင်ရွက်လေသည်။ တပ်ရေးချုပ် ဗော်လ်ကွန်စကီသည် မြေပုံလိပ်များကို ကိုင်လျက် ခန်းဆောင်ထဲမှ ထွက်လာကာ မြေပုံများကို စားပွဲတစ်လုံးပေါ်၌ဖြန့်ချထားလိုက်သည်။ ထို့နောက် ပြဿနာကိုတင်ပြကာ ကြွရောက်လာသော မှူးကြီးမတ်ကြီးများ၊ စစ်မှူးစစ်ကဲများ၏ သဘောထားကို မေးမြန်းစုံစမ်းခြင်း ပြုလေသည်။ ထိုပြဿနာကား ပြင်သစ်တပ်များသည် ဒရစ်ဆာခံတပ်ကို ကင်းလက်မသဏ္ဌာန် ညှပ်ပိတ်ဝိုင်းဝန်း၍ ချီတက်လာပြီဆိုသည့် သတင်းဖြစ်လေသည်။ (ထိုသတင်းမှာ ကောလဟလဖြစ်ကြောင်း နောင်၌ သိရ၏။)

ပထမဆုံး စတင်ပြောဆိုသူမှာ ဗိုလ်ချုပ်ကြီးအမ်းဖဖြစ်၏။ ဗိုလ်ချုပ်ကြီး အမ်းဖက လက်ရှိအခြေအနေတွင် ကျွန်ုပ်တို့မှာ စစ်ကြပ်လျက်ရှိပြီဖြစ်၍ ထိုအခြေအနေမှ လွတ်မြောက်ရန် ပိတာစဘတ်ရွှေမြို့တော်သွား လမ်းမကြီးနှင့် မော်စကိုသွား လမ်းမကြီးတို့မှ ဝေးကွာသောဒေသတစ်ခုတွင် တပ်စွဲ၍ ခံသင့်ကြောင်းဖြင့် ဗြုန်းစားကြီးအကြံပေးတင်ပြခြင်း ပြုလေသည်။ ဤသို့ အကြံပေးတင်ပြရာတွင် ဗိုလ်ချုပ်ကြီး အမ်းဖသည် အကြောင်းတစ်စုံတစ်ရာ မပြသော်လည်း (မိမိသည်လည်း အခြားသူများကဲ့သို့ တတ်ကျွမ်းကြောင်း ထုတ်ဖော်ကြွားဝါလိုသည့်အခါကျမှ အကျိုးအကြောင်းများကို ရှည်လျားစွာ ရှင်းလင်းပြောလေ့ရှိသည်။) ထိုနေရာမှ တပ်များကို တစ်ပေါင်းတည်းစုရုံးစေ၍ ရန်သူ့စစ်အလာကို စောင့်ဆိုင်းသင့်ကြောင်းဖြင့် ပြောဆိုလျက်ရှိ၏။ အမှန်အားဖြင့် ဗိုလ်ချုပ်ကြီးအမ်းဖသည် ဤစီမံကိန်းကို ကာလအတန်အတော်ကြာကပင် ရေးဆွဲခဲ့ပြီးဖြစ်၍ ယခုအချိန်၌ မိမိ၏ပညာစွမ်းကို ပြရန် အချိန်ရောက်လေပြီဟု ယူဆကာ ရုတ်တရက် တင်ပြလိုက်ခြင်း ဖြစ်၏။ ဗိုလ်ချုပ်ကြီးအမ်းဖသည် တပ်ရေးချုပ် တင်ပြသော ပြဿနာကိုကား ဖြေဆိုခြင်း မပြုချေ။ (ဖြေဆိုခြင်းလည်း မပြုနိုင်ပါ။) ဗိုလ်ချုပ်ကြီးအမ်းဖ တင်ပြသည့် စစ်ဆင်မှု စီမံကိန်းမှာ စစ်ပွဲ၏လက္ခဏာကို ကောင်းစွာ ခန့်မှန်း၍မရမီ ပြုလုပ်လေ့ရှိကြသော သာမန်စီမံကိန်းမျိုးသာဖြစ်၍ ထူးခြားသည်ဟု မဆိုနိုင်ချေ။ အချို့က ဗိုလ်ချုပ်ကြီး အမ်းဖ၏ အကြံပေးချက်ကို

www.burmeseclassic.com

www.burmeseclassic.com

ကန့်ကွက်ပြောဆိုကြ၍ အချို့က ထောက်ခံကြ၏။ ၎င်းတို့အနက် မြို့စားကြီးတိုးလ်မှာ ဆွေဒင် ဗိုလ်ချုပ်ကြီး အမ်းဖ၏ အဆိုပြုချက်ကို အခြားသူများထက် ပြင်းထန်စွာ ကန့်ကွက်ငြင်းခုံလျက်ရှိရာမှ မိမိဘေးအိတ်ထဲမှ စာအုပ်အပြည့်မှတ်ထားသော မှတ်စုစာအုပ်တစ်အုပ်ကို ထုတ်ယူကာ ဖတ်ပြခွင့်ပြုရန် အခွင့်တောင်းလိုက်သည်။ မြို့စားကြီးတိုးလ်သည် ခွင့်ပြုချက်ရသည်နှင့် ၎င်း၏ ထူထဲလှသော မှတ်စုကို ဖတ်ပြကာ နောက်ထပ် စစ်ဆင်မှုစီမံကိန်းတစ်ခုကို တင်ပြပြန်သည်။ တိုးလ်၏ စီမံကိန်းကား အမ်းဖ၏ စီမံကိန်းနှင့်သော်လည်းကောင်း၊ ဖူးဝဲလ်၏ လက်ရှိ စီမံကိန်းအရသော်လည်းကောင်း လုံးဝမတူချေ။ ဤတွင် အီတလီမြို့စားကြီး ပေါ်လတ်ဆောကလည်း တိုလ်း၏ စီမံကိန်းကို ကန့်ကွက်ပြောဆိုရာမှ ထိုးစစ်တိုက်စစ် စီမံကိန်းတစ်ခုကို တင်ပြလိုက်ပြန်သည်။ မြို့စားကြီး ပေါ်လတ်ဆောက ရုရှားတပ်များအဖို့ ယခုရောက်ရှိနေသော ထောင်ချောက် (မြို့စားကြီးက ဒရစ်ဆာခံတပ်ကို ထောင်ချောက်ဟု ခေါ်သည်။)နှင့် မရေမရာ အခြေအနေများမှ လွတ်မြောက် ရန်မှာ ရန်သူကို ခံစစ် သေနင်္ဂဗျူဟာ မဆင်ဘဲ ထိုးစစ် သေနင်္ဂဗျူဟာ ဆင်ခြင်းသာလျှင် ဖြစ်သည်ဟု တင်ပြလေသည်။ ဤသို့ လူတစ်ကိုယ်လျှင် စစ်ဆင်မှုစီမံကိန်းတစ်မျိုးစီဖြင့် ငြင်းခုံလျက်ရှိသည့်အချိန်၌ ဗိုလ်ချုပ်ကြီး ဖူးဝဲလ်နှင့် ၎င်း၏ စကားပြန် ဗိုလ်ချုပ်ကြီးဝေဒိုဂျင် (ဝေဒိုဂျင် မှာ ဖူးဝဲလ်နှင့် ဘုရင်မင်းမြတ်တို့ နှစ်ဦးကြားတွင် တဲတားကြီးသဖွယ် ဖြစ်ပါသည်။)တို့သည် တိတ်ဆိတ်လျက် ရှိကြ၏။ ဖူးဝဲလ်သည် ကဲ့ရဲ့သည့်အမူအရာဖြင့် နှာခေါင်းကို တစ်ချက်ရှုံ့လိုက်ပြီးနောက် မျက်နှာလွှဲထားလိုက်သည်။ ဤအမူအရာကား မိမိသည် ဤမျှ အဓိပ္ပာယ်ကင်းမဲ့သော စကားမျိုးကို အဖက်လုပ်၍ ဖြေကြားလောက်အောင် သေးနုပ် သိမ်ဖျင်းသူ ဘစ်ယောက်မဟုတ်ဟူသော သဘောဖြစ်၏။ သဘာပတိအဖြစ် ဆောင်ရွက်သည့် တပ်ရေးချုပ် ဗော်လ် ကွန်စကီက ဖူးဝဲလ်အား ၎င်း၏ထင်မြင်ချက်ကို ထုတ်ဖော် ပြောဆိုရန် ဆိတ်ကြားသည့်အခါ၌ ဖူးဝဲလ်က

"ကျုပ်ကို မေးစရာလိုသေးသလားဗျ၊ ဗိုလ်ချုပ်ကြီး အမ်းဖက စစ်နောက်မြီးဖျားကို ဟင်းလင်းကြီး ဖွင့်ပေးထားတဲ့ အင်မတန် လျော်ကန် သင့်မြတ်တဲ့ ခံစစ်သေနင်္ဂဗျူဟာ ဦးမကိန်းကြီး တင်ထားပေတာပဲ၊ ဒါမှ မကြိုက်သေးဘူး ဆိုရင်လဲ ဟောဒီက အီတလီမြို့စားကြီး တင်ထားတဲ့ ထိုးစစ်တိုက်စစ် စီမံကိန်းကြီးကို စဉ်းစားကြပေါ့၊ ကျုပ်ကို ဘာလို့ မေးနေကြရသေးသလဲ၊ ခင်ဗျားတို့က သေနင်္ဂဗျူဟာ အရာမှာ ကျုပ်ထက် ကျွမ်းကျင်ကြပေတာပဲ"

တပ်ရေးချုပ် ဗော်လ်ကွန်စကီသည် ဖူးဝဲလ်၏ ငေါ့လုံးကို ကြားလိုက်ရသည်၌ မျက်မှောင်ကုတ်လိုက်ကာ မိမိသည် ဘုရင်မင်းမြတ်၏ကိုယ်စား မေးနေခြင်းဖြစ်ကြောင်း ပြောလိုက်သည်။ ထိုအခါကျမှ ဖူးဝဲလ်သည် မတ်တပ်ရပ်လိုက်ကာ စိတ်အားထက်သန်စွာ ပြောလေတော့သည်။

"မကွယ်မထောင့် ပြောရရင် ကျုပ်တို့ အရေးတော်ပုံက်ခဲ့ပြီဗျ၊ အားလုံး အထွေးထွေးဖြစ်ကုန်ပြီ၊ ဗိုလ်မင်းတို့ တစ်တွေဟာ သေနင်္ဂဗျူဟာအရာ၌ ကျုပ်ထက် တတ်ကျွမ်းတယ်လို့ ယူဆလို့ ထင်ရာတွေ လုပ်ခဲ့ပြီး ကြံရာမရတဲ့ အဆုံးကျမှ ကျုပ်ဆီ လာအကူအညီတောင်းရင် ကျုပ်လဲ ဘာမှ မကယ် နိုင်တော့ဘူးဗျ၊ ကျုပ်လဲ မပြင်တတ်တော့ဘူး၊ အဲ ပြင်ရန် တစ်ခုတည်းသော နည်းလမ်းကတော့ ကျုပ်ရေးဆွဲ ချမှတ်ထားတဲ့ စစ်ဆင်ရေးမူများကို တစ်သဝေမတိမ်း လိုက်နာတဲ့နည်းပဲ ရှိတော့တယ်"

ဖူးဝဲလ်သည် အရိုးငေါငေါပေါ်နေသော လက်ချောင်းများဖြင့် တဒေါက်ဒေါက် ခေါက်လျက်ရှိ၏။

"ကဲ ဗိုလ်မင်းတို့၊ ဘယ်အခက်အခဲကိုမှ ညည်းညူမနေကြနဲ့၊ ကျုပ် စစ်ဆင်ရေးမူများအတိုင်း ဆောင်ရွက်လျှင် ဘာမျှ အခက်အခဲ မရှိနိုင်တော့ပေဘူးဗျ"

ဖူးဝဲလ်သည် မြေပုံဆီသို့ လျှောက်သွားကာ ဒရစ်ဆာတပ်စခန်းကို ရန်သူတို့ မည်သည့်နည်းနှင့်မျှ ပေါက်အောင် တိုက်နိုင်မည်မဟုတ်ကြောင်း၊ ဤအတိုင်းသာ ကြံ့ကြံ့ခံက ရန်သူမဖောက်နိုင်ကြောင်း၊ အကယ်၍ ရန်သူသည် ဒရစ်ဆာတပ်စခန်းကို ကင်းလက်မသဏ္ဌာန် တပ်ဖြန့်၍ တိုက်ချေက ပြုတ်ပြုတ်ပြုန်းမည့်သူမှာ ရန်သူသာဖြစ်ကြောင်း အကိုးအကားများဖြင့် ပြောဆိုလျက် ရှိလေသည်။

အီတလီမြို့စားကြီး ပေါ်လတ်ဆောကား ဂျာမန်စကားကို နားမလည်သည့်အတွက် ဖူးဝဲလ်အား ပြင်သစ်ဘာသာဖြင့် မေးမြန်းလျက်ရှိ၏။ ဝေဒိုဂျင်သည် ပြင်သစ်စကား ကောင်းစွာ မပြောတတ်သော ၎င်း၏ဆရာ ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com

ချုပ်ကြီး ဖူးဝဲလ်၏အနီးတွင် လာရောက်ကာ စကားပြန်အဖြစ် ဆောင်ရွက်ခြင်း ပြုလေသည်။ သို့ရာတွင် ဖူးဝဲလ်မှာ မိမိတို့၏ စစ်ဆုတ်ခဲ့ရသည့် အခြေအနေ၊ ရှေ့တွင်ဖြစ် နိုင်သည့် အလားအလာ၊ မိမိ၏စီမံကိန်းအရ ကြုံတင်တွက်ချက်နိုင်သော နိမိတ်လက္ခဏာ စသည်တို့နှင့်တကွ အကယ်၍ ယခုအချိန်အထိ မိမိတို့၌ အကျပ်အတည်းတွေ့လျက်ရှိသည်ဆိုပါက ထိုသို့ စစ်ကျပ်လျက်ရှိခြင်းသည် မိမိ၏ စီမံကိန်းအတိုင်း အတိအကျ မဆောင်ရွက်သောကြောင့်သာ ဖြစ်ကြောင်းဖြင့် တရစပ် ပြောဆိုလျက်ရှိလေရာ စကားပြန်လုပ်သူ ဗိုလ်ချုပ်ကြီး ဝေဒိုဂျင်မှာ ဖူးဝဲလ်၏ စကားများကို မိအောင် မနည်းကြီး လိုက်ယူရလေသည်။ ဖူးဝဲလ်သည် ခနိုးခနဲ.ရယ်ကာ မြေပုံဖြင့် ထောက်၍ ရှင်းလင်းပြလျက်ရှိ၏။ ထိုနောက်၌ကား သချိုင်္ဂဆရာတစ်ယောက်သည် အဖြေထွက်ပြီးဖြစ်သော ပုစ္ဆာတစ်ပုဒ်ကို အခြားနည်းအမျိုးမျိုးဖြင့် သက်သေထုတ်ပြရန် ကြိုးစားခြင်း မပြုလိုတော့သကဲ့သို့ ဖူးဝဲလ်သည်လည်း ဤမျှလောက် ရှင်းလင်းလျက်ရှိသော ပုစ္ဆာတစ်ပုဒ်ကို နားမလည်ရာသလောဟူသော ကဲ့ရဲ့သည့် မျက်နှာထားမျိုးဖြင့် မြေပုံထောက်၍ သက်သေထုတ်ပြခြင်းကို ရပ်ဆိုင်းလိုက်သည်။ ဝေဒိုဂျင်သည် ဖူးဝဲလ်၏နေရာသို့ ထလာကာ ဖူးဝဲလ်၏ စကားများကို ပြင်သစ်ဘာသာဖြင့် ရှင်းလင်းပြောပြလျက်ရှိ၏။ တစ်ချိတစ်ချို၌လည်း ဖူးဝဲလ်ဘက်သို့ လှည့်ကာ "ဒီအတိုင်း ဟုတ်တယ် မဟုတ်လား ဗိုလ်ချုပ်"ဟု မေးမြန်းလျက်ရှိ၏။ သို့ရာတွင် ရန်ပွဲ၌ မွန်ထူလျက်ရှိသူသည် ကိုယ့်ဘက်သားကို ကိုယ်ပြန်၍တိုက်သကဲ့သို့ ဖူးဝဲလ်သည်လည်း ၎င်းအား ထောက်ခံလျက်ရှိသူ ဝေဒိုဂျင်ကို ဒေါသတကြီး အော်ဟစ်လျက်ရှိလေသည်။

"ဒါပေါ့ဗျ၊ ကျုပ်မပြောတဲ့ စကားကို ခင်ဗျားက ထပ်ဖြည့်ချင်သေးလို့လား"

မြို့စားကြီး ပေါလတ်ဆေနှင့် မစ်ရှောတို့သည် ဝေဒိုဂျင်ကို ပြင်သစ်ဘာသာဖြင့် အတိုက်အခံပြောလျက်ရှိကြ၏။ အမ်းဖက ဖူးဝဲလ်ကို ဂျာမန်ဘာသာဖြင့် ချေပသည်။ တိုးလ်က တပ်ရေးချုပ် ဗော်လ်ကွန်စကီကို ရုရှားဘာသာဖြင့် ရှင်းပြ၏။ မင်းသားကလေး အင်ဒရေကား ၎င်းတို့ပြောသမျှကို တိတ်ဆိတ်စွာ နားထောင်ရင်း အကဲခတ်လျက် ရှိလေသည်။

၎င်းတို့အားလုံးအနက် ဖူးဝဲလ်ကို မင်းသားကလေး အင်ဒရေ သဘောအကျဆုံး ဖြစ်လေသည်။ ဖူးဝဲလ်ကား ဒေါသကြီး၍ စိတ်ပျက်ဖွယ် ကောင်းလောက်အောင် ဘဝင်မြင့်သည် မှန်သော်လည်း မိမိမှန်သည် ထင်သော အရာကို ပြတ်သားရဲဝံ့စွာ လုပ်သူဖြစ်၏။ ညီလာခံကို တက်ရောက်လာသူများအနက် ဖူးဝဲလ်တစ်ယောက်သာလျှင် မိမိအတွက် အကျိုးအမြတ် မရှာသူဖြစ်၏။ မည်သူ့ကိုမျှ ကျေသာမစ္ဆရိယစိတ် မထားသူဖြစ်၏။ ဖူးဝဲလ်၌ အနှစ်နှစ်အလလက အပတ်တကုတ် အားထုတ်၍ ရှာဖွေတီထွင်ခဲ့သော စစ်ဗျူဟာ သဘောတရားတစ်ခုပေါ်တွင် အခြေခံ တည်ဆောက်ထားသည့် စစ်ဆင်မှု စီမံကိန်းကြီး အောင်မြင်သွားစေလိုသော ဆန္ဒတစ်ခုတည်းသာ ရှိလေသည်။ ဖူးဝဲလ်သည် လူ့ခွစာတစ်ယောက်ဖြစ်၍ တစ်ဖက်သားကို နှိပ်နှိပ်နယ်နယ် ပြောဆိုတတ်သည် မှန်သော်လည်း မိမိ၏ယုံကြည်ချက်ကို သစ္စာရှိရာ၌ကား ရှာမှရှားသူတစ်ယောက်ဖြစ်ခြင်းကြောင့် လေးစားထိုက်သည်သာ ဖြစ်လေသည်။ ထိုမျှမက ဖူးဝဲလ်မှအပ အခြားသူများ၏ ပြောဆိုချက်အားလုံးထဲ၌ ၁၈၀၅ ခု စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေးတွင် မရှိခဲ့ဖူးသော အခြင်းအရာတစ်ခု ပေါ်ပေါက်လာခြင်းကိုလည်း တွေ့ရလေသည်။ ထိုအခြင်းအရာကား နပိုလီယန်၏ သေနင်္ဂဗျူဟာစွမ်းရည်ကို ဖိန့်ဖိန့်တုန်အောင် ကြောက်လျက်ရှိခြင်း ဖြစ်၏။ ၎င်းတို့အားလုံးသည် ထိုအခြင်းအရာကို ကြိုးစား ဖုံးကွယ်ထားကြသော်လည်း ၎င်းတို့၏ စကားများထဲ၌ အထင်းသားပေါ်လျက် ရှိလေသည်။ လက္ခဏာမှာ ၎င်းတို့အားလုံးသည် နပိုလီယန်လုပ်လျှင် ဘာမဆိုဖြစ်နိုင်သည်ဟု ထင်နေကြပုံရကာ နပိုလီယန်သည် မိမိတို့အား တစ်ဖက်ဖက်မှ တိုက်ချေတော့မည်လောဟု ကျောမလုံအောင် ဖြစ်လျက်ရှိကြ၏။ တစ်ဦး၏အဆိုကို တစ်ဦးက ကန့်ကွက်လိုလျှင်လည်း နပိုလီယန်၏နာမည်နှင့် ကိုင်ပေါက်ကြ၏။ ထိုအထဲ၌ နပိုလီယန်သည်လည်း မိမိ၏စစ်ဗျူဟာ သဘောတရားကို နကန်းတစ်လုံးမျှ နားမလည်သည့် အရိုင်းအစိုင်းတစ်ယောက်မျှသာ ဖြစ်သည်ဟု သဘောထားသူမှာ ဖူးဝဲလ်တစ်ယောက်သာ ရှိလေသည်။ မင်းသားကလေး အင်ဒရေသည် ဖူးဝဲလ်အား ကြည်ညိုလေးစားရုံမျှမက သနားလည်း သနားမိလေသည်။ မှူးကြီးမတ်ကြီးများက ဖူးဝဲလ်အား ပမာမခန့်

www.burmeseclassic.com

www.burmeseclassic.com

ပြောပုံ၊ မြို့စားကြီး ပေါ်လတ်ဆေက ဘုန်းတော်ကြီးမြတ်သော ဘုရားအား ဖူးဝဲလ်အကြောင်း လျှောက်တင်ပုံ၊ ထိုမျှမက ဖူးဝဲလ်၏ မျက်နှာပေါ်တွင် စိတ်ပျက်အား‌လျော့သော အမူအရာမျိုး ပေါ်ပေါက်လျက်ရှိပုံ စသည်များကို ထောက်၍ ဖူးဝဲလ်မှာ တန်ခိုးမိုန်စပြုလျက်ရှိကြောင်း ထင်ရှားလျက်ရှိချေပြီ။ ဤအချင်းအရာကို အားလုံးက သတိထားမိကြ၍ ဖူးဝဲလ်ကိုယ်တိုင်လည်း ရိပ်မိပုံရလေသည်။ ကိုယ့်ကိုယ်ကို အထင်ကြီးခြင်း၊ ဂုဟမန်လူမျိုးတို့၏ ထုံးစံအတိုင်း တစ်ဖက်သားကို နှိပ်နှိပ်နှယ်နှယ် ပြောဆိုတတ်ခြင်း စသည်တို့ ရှိသည်မှန်သော်လည်း ဘေးခွဲ၍ နောက်ထောင်လျက်ရှိသော ဆံပင်များနှင့် ဖူးဝဲလ်ကို ကြည့်ရသည်မှာ သနားစရာပင် ဖြစ်ပေသည်။ ဖူးဝဲလ်သည် စိတ်ဆိုးခြင်း၊ တစ်ဖက်သားကို အထင်သေးဟန်ပြခြင်း စသည့် အမူအရာများနှင့် မိမိ၏ အဖြစ်ကို ဖုံးကွယ်ထားသည့်တိုင်အောင် မိမိ၏ စစ်ဗျူဟာ သဘောတရား မှန်ကန်ကြောင်းကို ဤမျှကြီးကျယ်သော စစ်ပွဲကြီးတွင် မှတ်ကျောက်တင်၍ ကမ္ဘာသိအောင် ပြသရန် အခွင့်အရေးကြီးတစ်ခု ဆုံးရှုံးရလေပြီဟု စိတ်ပျက် အားလျော့လျက် ရှိပုံရ၏။

ဤသို့ဖြင့် အချိန်အတော်ကြာသည့်တိုင်အောင် ဆက်လက် ဆွေးနွေးကြလေရာ အချိန်ညောင်းလာသည်နှင့် အမျှ အငြင်းပွားခြင်းများသည်လည်း အကြိတ်အနယ် ဖြစ်လာကာ တစ်ယောက်ကိုတစ်ယောက် အော်ဟစ်ကြိမ်းမောင်းကြသည်အထိ ဖြစ်လာကြလျက် သဘောတူညီချက် ရရန် တဖြည်းဖြည်း ဝေးလာခဲ့ကြလေပြီ။ မင်းသားကလေး အင်ဒရေသည် ဤသို့ ဘာသာစကားအမျိုးမျိုးဖြင့် တစ်ယောက်တစ်ပေါက် ငြင်းခုံကြခြင်း၊ အော်ဟစ်ကြခြင်း၊ အဆိုပြုကြခြင်း၊ ချေပကြခြင်းစသည်ကို နားထောင်ရင်း အံ့အားသင့်လျက် ရှိလေသည်။ မင်းသားကလေး အင်ဒရေသည် စစ်မှုတော်ထမ်းခဲ့ချိန်မှစ၍ လောကတွင် သေနင်္ဂဗျူဟာ အတတ်ပညာဟူ၍ ရှိလည်းမရှိ၊ ရှိလည်း မရှိနိုင်၊ ထို့ကြောင့် သေနင်္ဂဗျူဟာ အတတ်ပညာတွင် ဇတဒဂ်ရသူဟူ၍လည်း မရှိနိုင်ဟု မကြာခဏ တွေးတောခဲ့ဖူးရာ ဤစကားများကို နားထောင်ပြီးသည့်နောက်၌ကား မိမိ၏ အတွေး မှန်ချေပြီဟု တစ်ထစ်ချ ယူဆလိုက်လေတော့သည်။

'စစ်ရေးစစ်ရာဟူသည် အတိမ်အနက် အရှည် အဝေးကို ထောက်ချင့် မြော်ခေါ်ရန် ခက်ခဲလှသောကိစ္စ ဖြစ်သည်။ ပုံသေကားကျ သတ်မှတ်ရန် ခက်ခဲလှသောအမှု ဖြစ်သည်။ ရန်သူ၏ စစ်အင်အား‌ကို သေချာစွာမသိရသေးသည့် အချိန်၌ကား ဆိုဖွယ်မရှိတော့။ သို့ဖြစ်လျှင် ဤမျှ အသိရခက်၍ ဤမျှခန့်မှန်းရန် ခက်ခဲသော ကိစ္စတစ်ခုနှင့် စပ်လျဉ်း၍ ပုံသေကားကျဖြစ်သော သဘောတရား၊ တိကျသော သိပ္ပံပညာဟူ၍ အဘယ်မှာလျှင် ရှိနိုင်ဦးမည်နည်း၊ တစ်ရက်တာမျှသော ကာလအတောအတွင်းတွင် ငါတို့၏ တပ်များသည် မည်သည့်အခြေသို့ ရောက်မည်ကို မည်သူမျှ မပြောနိုင်။ ရန်သူ၏ တပ်များ မည်သို့သော အခြေသို့ ဆိုက်မည်ကိုလည်း မည်သူမျှ ကြိုတင်ပြောပြခြင်းငှာ မစွမ်း။ ဤတပ်ခွဲ၏ စစ်အင်ကား မည်ရွေ့ဟူ၍လည် မည်သူမျှ မှန်းဆနိုင်သည် မဟုတ်။ စစ်တို့၏ သဘော၌ အင်အား‌များတိုင်းလည်း နိုင်သည်မဟုတ်။ တစ်ခါတစ်ရံတွင် စစ်မြေ၌ ရန်သူကို မြင်ကာမျှဖြင့် ထွက်ပြေးတတ်သော သူရဲဘောကြောင်သူတို့ မရှိဘဲ ရန်သူကို ရွှပ်ရွှပ်ခွပ်ခွပ် ရဲရဲရင့်ရင့် ထိုးခုတ်ဖြတ်ပိုင်းသော စစ်သည် သူရဲသူဘက်တို့ဖြင့် ပြည့်စုံက စစ်သည်တပ်သားပေါင်း ငါးထောင်မျှသာ ရှိသော တပ်ခွဲတစ်ခွဲသည် စစ်သည်သုံးသောင်းမျှရှိသော တပ်မကြီးကို အောင်နိုင်သည့်အခါလည်း ရှိ၏။ ဤအခြင်းအရာကို ရွှန်ဂရာဘန်တိုက်ပွဲက သက်သေပြခဲ့ပြီ မဟုတ်လော။ တစ်ခါတစ်ရံတွင်လည်း စစ်သည် တပ်သားပေါင်း ငါးသောင်းမျှ ရှိပါလျက် ရှစ်ထောင်မျှသာ ရန်သူအင်အား‌ကြောင့် တပ်ပျက်၍ ပြေးခဲ့ရသောအခါလည်း ရှိ၏။ ဤအချက်ကိုလည်း သြစတားလစ် စစ်ပွဲက သက်သေပြခဲ့ပြီ မဟုတ်ပါလော။ စစ်ရေးမက်ရေးဟူသည် လက်တွေ့ လုပ်ဆောင်ရသောအမှု ဖြစ်ချေသည်။ လက်တွေ့ လုပ်ဆောင်ရသော အမှုဟူသရွေ့၌ မည်သည့်အရာကိုမျှ လေ့နံ့ခ‌ားထစ်စွဲမှတ်ထား၍မရ။ လက်တွေ့ကိစ္စ ဟူသမျှသည် ရေတွက်ခြင်းငှာ မစွမ်းနိုင်သော အခြေအနေများပေါ်၏ အမှီသဟဲပြုလျက် ရှိသည်။ တစ်ဖန် ထိုအခြေအနေများ၌ အရေးပါအရာရောက်ခြင်းကိုလည်း အချိန်ကာလက ဆုံးဖြတ်သည်။ တစ်ဖန် ထိုအချိန်ကာလသည်လည်း မည်သည့် အချိန်အခါတွင် ဆိုက်ရောက်မည်ဟု မည်သူမျှ ပြောနိုင်ကြသည် မဟုတ်။ စစ်တို့၏ သဘောတွင် ကာလ, ဒေသ, ပယောဂ တည်းဟူသော အကြောင်းသုံးပါးသာ အရင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်လျှင် ဤမျှ ကြိုတင်သိမြင်ခြင်းဌာ မစွမ်းနိုင်သော အမှုနှင့် စပ်လျဉ်း၍ ပုံသေကားကျဖြစ်သော သဘောတရား၊ တိကျသော သိပ္ပံပညာဟူ၍ အဘယ်မှာလျှင် ရှိနိုင်ဦးမည်နည်း။ ဗိုလ်ချုပ်ကြီး အမ်းဖဲက ငါတို့တပ်များသည် စစ်ခါးကျိုးလျက် ရှိပြီဟုဆို၏။ မြို့စားကြီး ပေါ်လတ်ဆေကမူ ငါတို့တပ်များသည် ရန်သူ ပြင်သစ်တပ်များကို ကင်းလက်မသဏ္ဌာန် နှစ်ဖက်ညပ် ပိတ်ထားမိပြီဟု ဆို၏။ ဗိုလ်ချုပ်ကြီး မစ်ရှောက ငါတို့၏ ဒရစ်ဆာခံတပ်သည် နောက်ကျောဌ ဒရစ်ဆာမြစ်ရိုး ခံလျက်ရှိခြင်းကြောင့် စစ်ရေးစစ်ရာအားဖြင့် ဘာမျှ တန်ဖိုးမရှိဟုဆို၏။ ဖူးဝဲလ်ကမူကား ဤသို့ နောက်ကျောတွင် မြစ်ရိုးခံလျက် တည်ရှိခြင်းကြောင့်ပင်လျှင် ငါတို့၏ခံတပ်သည် ရန်သူတိုး၍ မပေါက်နိုင်အောင် ခိုင်ခံ့သည်ဟု ဆိုပြန်သည်။ တစ်ဖန် မြို့စားကြီး တိုးလ်က စစ်ဆင်မှုစီမံကိန်းတစ်ခုကို တင်၍ ဗိုလ်ချုပ်ကြီး အမ်းဖဲကလည်း အခြားစီမံကိန်းတစ်ခုကို တင်ပြန်သည်။ သူတို့အားလုံး၏ စီမံကိန်းများသည် ကောင်းသည်ဟုလည်း မဆိုသာ၊ မကောင်းဟူ၍လည်း မပြောနိုင်။ တကယ်ကောင်း မကောင်းကိုကား စစ်ပွဲနှင့် ဒဋ္ဌကြိုတွေ့သည့်အခါကျမှပင် သိနိုင်ချေတော့မည်။ ဤသို့ဖြင့် ရေရာတိကျစွာ ပြောဆိုနိုင်ခြင်း မရှိဘဲလျက် သူတို့သည် အဘယ့်ကြောင့် သေနင်္ဂဗျူဟာအတတ်တွင် တစ်ဖက်ကမ်းခတ်သူဟူသော စကားကို ပြောဆိုနေကြသနည်း။ လူတစ်ယောက်သည် မိမိအတွက် စားသောက်ဖွယ်ရာတို့ကို မည်သည့်အချိန်တွင် ယူလာရမည်ဟု အမိန့်ပေးတတ်ရုံ၊ ဘယ်လှည့် ညာလှည့် အမိန့်ပေးတတ်ရုံမျှဖြင့် ထိုလူကို သေနင်္ဂဗျူဟာအရာတွင် တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်သူဟု ခေါ်ရတော့မည်လော။ စစ်ဗိုလ်များ ဤသို့ အမိန့်ပေးနိုင်ခြင်းမှာ သေနင်္ဂဗျူဟာ အတတ်တွင် တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်ခြင်းကြောင့် မဟုတ်။ ၎င်းတို့၌ အခွင့်အာဏာနှင့် ရာထူးဂုဏ်ထူး အဆောင်အယောင်များ ရှိသောကြောင့်သာ ဖြစ်သည်။ ဤတွင် ကပ်ပါးရပ်ပါးများကလည်း အာဏာရှိသူများကို မြှောက်ပင့်ကာ ဗိုလ်ချုပ်ကြီးများ တော်ပါပေသည်။ ပါရမီ ထူးချွန်သူ ဖြစ်ပါပေသည်။ သေနင်္ဂဗျူဟာအရာ၌ တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ပါပေသည်ဟု မရှိသော အရည်အချင်းကို ရှိလေဟန်ပြု၍ ပြောဆိုတတ်ကြသည်။ ငါတို့တပ်မတော်၌ ဗိုလ်ချုပ်ကြီး ဘဂရေးရှင်းသည် အတော်ဆုံးဟု ဆိုကြသည်။ ဤသည်ကို နပိုလီယန်ကိုယ်တိုင်ကလည်း ဝန်ခံထားသည်။ နပိုလီယန်သည်လည်း တော်လှစွာသော စစ်ဘုရင်တစ်ဦးဟု ကျော်ကြားလျက်ရှိသည်။ စင်စစ်၌ကား ဤသို့ မဟုတ်ပြီ။ ငါတွေ့ဖူးသည့် အတော်ဆုံးဆိုသော စစ်ဗိုလ်ချုပ်များ၌ တော်သောအရည်အချင်းများ မရှိရုံမျှမက ၎င်းတို့သည် အဆင်ခြင်ဉာဏ် ကင်းမဲ့၍ အသိတရား ခေါင်းပါးလှသူများသာ ဖြစ်ချေသည်။ နပိုလီယန်၏ အဆင်ခြင်ဉာဏ်ကင်း၍ ဘဝင်မြင့်ဟန်ရှိသော မျက်နှာထားကို ဩစတားလစ် စစ်မြေပြင်တွင် ငါမြင်ဖူးခဲ့ပြီ မဟုတ်လော။ အချုပ်၌ကား စစ်ဗိုလ်ကောင်းဆိုသူတို့၌ မည်သည့် အရည်အချင်းမျှ ရှိရန်မလို။ ၎င်းတို့အဖို့ လိုအပ်သော တစ်ခုတည်းသော အရည်အချင်းမှာ အခြားမဟုတ်။ မေတ္တာထားတတ်ခြင်း၊ ကဗျာစာပေကို ခုံမင်ခြင်း၊ ကြင်နာသနားတတ်ခြင်း၊ သင့်မသင့် တော်မတော်ကို လေးနက်စွာ တွေးခေါ်ဆင်ခြင်တတ်ခြင်း စသော အကောင်းဆုံးနှင့် အမြင့်မြတ်ဆုံးသော လူ့အရည်အသွေးများ ကင်းမဲ့ခြင်း၊ ထိုအရည်အသွေးများ မရှိခြင်း စသည့် အရည်အချင်းတစ်ခုသာလျှင် စစ်ဗိုလ်လုပ်သူတို့၏ လိုအပ်သော အရည်အချင်းကြီး ဖြစ်တော့သည်။ အကြင်စစ်ဗိုလ်တစ်ဦးသည် အသိဉာဏ်လွန်စွာ ခေါင်းပါးအံ့။ အသိအမြင် ကျဉ်းမြောင်းအံ့။ မိမိဆောင်ရွက်လျက်ရှိသော ကိစ္စသည် လွန်စွာအရေးကြီးသည်ဟု ခိုင်မြဲစွာ ယုံကြည်အံ့။ (ထိုသို့ ယုံကြည်ခြင်း မရှိလျှင် ထိုနေရာတွင် ကြာကြာ သည်းမခံနိုင်ပါ။) ထို စစ်ဗိုလ်ကို ရဲရင့်သော ပြတ်သားသော သူရဿတ္တိနှင့် ပြည့်စုံသော ခေါင်းဆောင်ဟု ခေါ်ကြသည် မဟုတ်လော။ စစ်ဗိုလ်တို့၌ ကြင်နာခြင်း၊ ချစ်ခင်ခြင်း စသည်တို့ မရှိရန် တရား၏ မတရား၏ စဉ်းစားဝေဖန်ပိုင်းခြားနိုင်သော အရည်အချင်းမရှိရန် ဘုရားသခင်က ဖန်တီးခဲ့သည် မဟုတ်လော။ စင်စစ်၌ သေနင်္ဂဗျူဟာတွင် ဇတဒဂ်ရသူဟူသော အယူအဆကို တီထွင်ခဲ့ကြခြင်းမှာ စစ်ဗိုလ်များ၌ အာဏာများ အခွင့်အရေးများ ရှိနေသောကြောင့်သာ ဖြစ်သည်။ စစ်ပွဲတစ်ပွဲ၏ အနိုင်အရှုံးသည် စင်စစ် စစ်ဗိုလ်များအပေါ်၌ မတည်။ စစ်မြေတွင် အသက်ကို ဖက်နှင့်ထုပ်တိုက်ရသော တပ်သားများအပေါ်သာ တည်ချေသည်တကား။ နောက်လိုက် တပ်သားအဖြစ် အမှုထမ်းရခြင်းသာလျှင်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံနှင့် လူမျိုးအတွက် အသုံးဝင်ချေသည်တကား'

မင်းသားကလေး အင်ဒရေသည် ဗိုလ်ချုပ်ကြီးများ ငြင်းခုံနေကြသည်ကို နားထောင်ရာက ထိုသို့ တွေးတော မိ၏။ ညီလာခံစဲ၍ အားလုံးထပြန်ကာ မြို့စားကြီး ပေါ်လတ်ဆေက ခေါ်လိုက်သည့်အခါတွင်မှ မင်းသားကလေး အင်ဒရေသည် သွတိရလာလေတော့သည်။

နောက်တစ်နေ့ ညီလာခံ၌ ဘုန်းတော်ကြီးသော ဘုရားက မည်သည့်ဌာနတွင် အမှထမ်းလိုကြောင်းဖြင့် မင်းသားကလေး အင်ဒရေအား မေးမြန်းတော်မူ၏။ မင်းသားကလေး အင်ဒရေသည် ဘုရင့်အပါးတွင် ခစားခွင့် ပြုရန် လျှောက်ထားတောင်းဆိုခြင်း မပြုဘဲ တပ်မတော်ထဲထွင် အမှုတော်ထမ်းလိုကြောင်း လျှောက်ထားလေရာ ထိုအချိန်မှစ၍ မင်းသားကလေး အင်ဒရေသည် မျက်နှာပွင့်လှသော ရွှေနန်းတော် အမှုတော်ထမ်းဘဝနှင့် ကင်းဝေးလာခဲ့လေသတည်း။

အခန်း ၁၂

စစ်မြေပြင်သို့ ချီတက်ခြင်းမပြုမီကလေး၌ နီကိုလေသည် မိဘများထံမှ စာတစ်စောင်ရရှိခဲ့၏။ ထိုစာထဲတွင် နာတာရှာ နာမကျန်းဖြစ်လျက် ရှိကြောင်းနှင့် နာတာရှာနှင့် မင်းသားကလေး အင်ဒရေတို့၏ စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းလိုက်ကြောင်း (ဤကိစ္စမှာ နာတာရှာ သဘောအရ ဖြစ်ကြောင်း)တို့ကို အတိုချုပ် ရေးသားထားလေသည်။ ထို့ပြင် နီကိုလေကိုလည်း တပ်မှ အပြီးအပိုင် နုတ်ထွက်ခဲ့၍ အိမ်သို့ ပြန်လာခဲ့ရန် ရေးသားထား၏။ နီကိုလေသည် စာကိုရရှိသည့်အခါ၌ တပ်မှ နုတ်ထွက်ရန် မဆိုထားနှင့်၊ ခွင့်ယူရန်ကိုပင် ကြိုးစားခြင်းမပြုတော့ဘဲ နာတာရှာ မကျန်းမာကြောင်းနှင့် ကြောင်းလမ်းခြင်းကို ဖျက်သိမ်းလိုက်ကြောင်း ကြားရသဖြင့် စိတ်မကောင်းကြောင်း၊ မိဘတို့၏ သဘောကျ တပ်မှနုတ်ထွက်၍ အမြန်ပြန်လာနိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားမည်ဖြစ်ကြောင်းဖြင့် စာတစ်စောင် ပြန်ကြားလိုက်သည်။ ဆွန်ယာထဲသို့ကား တစ်စောင် သတ်သတ်ရေးလိုက်လေသည်။

အသက်နဲ့ထပ်တူ ချစ်ရတဲ့ ဆွန်ယာ

အစ်ကိုရဲ့ ယောကျ်ားဂုဏ်သိက္ခာကို ငဲ့ကွက်လွန်း လို့သာ စစ်မြေပြင်မှာ အောင့်အည်းနေရပေမယ့် ကိုယ့်တိုင်းပြည်ကို ပြန်လာချင်လှပြီ ဆွန်ယာ၊ အစ်ကိုတို့တပ်လဲ ရှေ့တန်းစစ်မျက်နှာကို ချီဖို့ ပြင်နေရပြီ၊ စစ်မြေပြင်ကို ထွက်ရခါနီးမှ ခွင့်ယူပြီး အိမ်ကိုပြန်မယ်ဆိုရင် အစ်ကိုဟာ အစ်ကိုသွေးသောက်တွေရဲ့အမြင်မှာ သူရဲဘောနည်းရာ ရောက်နေလိမ့်မယ် ဆွန်ယာ၊ ဒါတွင် မကဘူး၊ အစ်ကို့ကိုယ်နှိုက်ကလဲ အဖနိုင်ငံတော်ကြီးရဲ့ အကျိုးကို မကြည့်တဲ့ ကိုယ့်တစ်ဦးတည်းရဲ့ ပျော်ရွှင်မှုလောက် ကိုသာ ကြည့်ခြင်းမျိုးကို စက်ဆုပ်တယ်၊ ရှက်လဲ ရှက်တယ်၊ ဒါပေမဲ့ ဘယ်လိုပဲဖြစ်စေ ဒီတစ်ခါဟာ ဖြင့် အစ်ကိုနဲ့ ဆွန်ယာတို့ နောက်ဆုံးခွဲခွာပြီးနေရခြင်းပဲလို့ အစ်ကို ယူဆပါတယ်၊ ဒီနောက်မှာတော့ ခွဲရဖို့အကြောင်း မရှိတော့ပါဘူး၊ တကယ်ပါ အချစ်ရယ်၊ ဟောဒီ စစ်ကြီးပြီးသွားလို့ အစ်ကိုလဲ မသေမပျောက် အသက်ရှင်နေဦးမယ်၊ ဆွန်ယာကလဲ အစ်ကို့ကို ချစ်မြဲချစ်နေဦးမယ် ဆိုရင် အစ်ကိုလေ အားလုံးကို တစ်ခါတည်း စွန့်ပြီး ငှက်ကလေးများလို အချစ်ထဲကို အရောက်ပျံခဲ့မယ် အချစ်ရေ၊ အဲဒီတော့မှ အစ်ကို့အချစ်ကလေးကို အစ်ကို့ရဲ့ အဆင်သင့်ဖြစ်နေတဲ့ ရင်ခွင်ထဲမှာ မခွာတမ်း၊ သေတစ်ပန်သက်ဆုံး ထွေးပိုက်ထားမယ် သိရဲ့လား။

နီကိုလေသည် ကတိပေးထားသည့်အတိုင်း အိမ်သို့ ပြန်ကာ ဆွန်ယာအား လက်ထပ်ရန် ဖြစ်၏။ သို့ရာတွင် စစ်မြေပြင်သို့ ချီတက်ရတော့မည် ဖြစ်သည့်အတွက် ဤအစီအစဉ်များကို အားလုံးဖျက်လိုက်ရခြင်း ဖြစ်လေသည်။ နီကိုလေသည် ထိုနှစ် ဆောင်းဦးပေါက်၌ အိုထရာနိုတွင် အမဲလိုက်မည်။ ဆောင်းတွင်း နာတာလူးပွဲတော်တွင် ပျော်ကြမည်။ မိမိချစ်သော ဆွန်ယာနှင့်လည်း အတူနေရတော့မည် စသဖြင့် ရွှင်လန်း ငြိမ်းချမ်းသော ဘဝကို တွေးတောကြည်နူးလျက် ရှိ၏။ 'တပ်က ထွက်ပြီးရင် ဇနီးကောင်းတစ်ယောက်ရယ်၊ သားလေးတွေ သမီးလေးတွေရယ်၊ တောလိုက်ခွေးကောင်းကောင်းတစ်အုပ်ရယ်၊ ခွေးဝံပုလွေကြီး တစ်ဒါဇင်လောက်ရယ်၊ စိုက်ပျိုးရေးအလုပ်ရယ်၊ အိမ်နားနီးချင်းတွေရယ် အေးအေးဆေးဆေး နေတော့

www.burmeseclassic.com

www.burmeseclassic.com

မယ်၊ ခရိုင်ထဲမှာရှိတဲ့ သူကောင်းမျိုးနွယ်တွေက ရွေးကောက်တင်မြှောက်ရင် ခရိုင်နာယကအဖြစ် အမှုတော်ထမ်းမယ်' ဟု တွေးနေမိသည်။ သို့ရာတွင် စစ်မြေသို့ ချီတက်ရတော့မည်ဖြစ်သဖြင့် တပ်ရင်းမှခွာ၍ မရတော့ချေ။ သို့တိုင်အောင် နီကိုလေသည် ရောက်လေရာဘဝတွင် ပျော်ပျော်နေတတ်သူ ဖြစ်သည့်အလျောက် တပ်ထဲ၌ နေထိုင်ရခြင်းကိုလည်း ကျေနပ် နှစ်သိမ့်လျက်ရှိပေသည်။ ဖြစ်လေရာဘဝတွင် ပျော်ပျော်နေနိုင်ရန် ပျော်စရာကိုလည်း ရှာနိုင်သူ ဖြစ်ပေသည်။

နီကိုလေ ခွင့်မပြန်လာစဉ်က ၎င်း၏သွေးသောက်များက ဝမ်းသာအား၍ ကြိုဆိုကြသည်။ ထို့နောက် တပ်ရင်းအတွက် မြင်းသစ်များ ရှာဖွေရန် စေလွှတ်ခြင်း ခံရပြန်သည်။ နီကိုလေသည် မြင်းသစ်ရှာရန်အတွက် ယူကရိန်းနယ်ဘက်သို့ ထွက်သွား၍ ပြန်လာသောအခါ၌ မိမိကြိုက်နှစ်သက်သော အကောင်းဆုံး အမျိုးအစားမြင်းများကို ရှာဖွေရရှိလာခဲ့သည်တွင် တပ်မှူးများ၏ ချီးကျူးခြင်းကို ခံရလေသည်။ နီကိုလေသည် ယင်းသို့ ယူကရိန်းနယ်သို့ မြင်းရှာထွက်ခွာလျက်ရှိစဉ် ဗိုလ်ကြီးရာထူးသို့ တိုးမြှင့်ခြင်း ခံရကာ တပ်ရင်းကို စစ်တွင်းကာလ တပ်တစ်တပ်အနေဖြင့်လည်း တပ်သားဦးရေ တိုးချဲ့ဖွဲ့စည်းလိုက်သောကြောင့် နီကိုလေမှာ ယခင်တပ်ခွဲသို့ ပြန်၍ တာဝန်ချထားခြင်း ခံရလေသည်။

သို့ဖြင့် ရုရှားတပ်များသည် စစ်မြေသို့ ချီတက်လာခဲ့ကြ၏။ နီကိုလေတို့တပ်ရင်းသည် ပိုလန်ပြည်သို့ ချီတက်လာခဲ့လေသည်။ တပ်ဗိုလ်သစ်များ၊ တပ်သားသစ်များ၊ မြင်းသစ်များလည်း ရောက်ရှိလာကြလေသည်။ ထိုမျှမက တပ်ဗိုလ်တပ်သားတိုင်းမှာလည်း စစ်ပွဲစတင်ဖြစ်ပွားချိန်တွင် ဖြစ်ပေါ်တတ်သော ရွှင်ပျမြူးထူးခြင်းဖြင့် အားတက်လျက် ရှိကြလေသည်။ ယခုအချိန်၌ နီကိုလေသည် တပ်ရင်းတွင် သြဇာရှိသောနေရာသို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် စစ်သားဘဝ၏ ပျော်မှုပါးမှုများတွင် အချိန်ကုန်လျက် ရှိလေသည်။ မိမိသည် စစ်ပြီးလျှင် တပ်က ထွက်တော့မည်ဖြစ်ရာ ဤအချိန်သည် စစ်သားဘဝ၌ အားရပါးရ ပျော်ပါးရန် အချိန်မဟုတ်ပါလော။

ရုရှားတပ်များသည် အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ စစ်ရေး စသည့် ရှုပ်ထွေးသော အကြောင်းများစွာတို့ကြောင့် ဝိလနာမြို့မှ ဆုတ်ခွာခဲ့ကြ၏။ ရုရှားတပ်မတော်ကြီးသည် နောက်သို့ တစ်လှမ်း တစ်လှမ်းဆုတ်လာတိုင်း စစ်ဦးစီးဌာနချုပ်တွင်လည်း ငြင်းခုံမှုများ၊ သဘောကွဲလွဲမှုများ၊ အတိုက်အခံဖြစ်မှုများသည် ရှုပ်ထွေးသောအသွင်ဖြင့် တစ်ခုပြီးတစ်ခု ပေါ်ပေါက်လျက်ရှိလေသည်။ သို့သော်လည်း ပါဗလိုဂရက် မြင်းတပ်အဖို့ကား ယခုကဲ့သို့ မိုးစဲလေသာဖြစ်သော နွေရာသီ၏ အသာယာဆုံးအချိန်တွင် စားနပ်ရိက္ခာ အလုံအလောက်ဖြင့် ဆုတ်ခွာလာရခြင်းဖြစ်သည့် အလျောက် ဆုတ်ခွာခဲ့ရခြင်းသည် အပန်းကြီးလှသောကိစ္စ မဟုတ်ဘဲ ပျော်စရာကောင်းလျက် ရှိလေ၏။

စိတ်ဓာတ်ကျခြင်း၊ တွေဝေခြင်း၊ တစ်ယောက်ကို တစ်ယောက် မကောင်းကြံခြင်း ဟူသမျှတို့သည် စစ်ဦးစီးဌာနချုပ်တွင်သာ ကြီးစိုးလျက် ရှိကြ၍ တပ်မတော်အတွင်း၌မူကား တပ်သားများသည် မည်သည့်အရပ်သို့ ဆုတ်ခွာနေသည်ကိုလည်းကောင်း၊ မည်သည့်အတွက် ဆုတ်ခွာလျက်ရှိခြင်း ဖြစ်သည်ကိုလည်းကောင်း အနည်းငယ်မျှ မစဉ်းစားမိကြချေ။ ဆုတ်ခွာရခြင်းအတွက် ဝမ်းနည်းကြသည်ဆိုလျှင် ထိုဝမ်းနည်းခြင်းသည် မိမိတို့နေသားကျလျက်ရှိသည့်အိမ်များ (အရပ်သူ အရပ်သားများ၏ အိမ်များကို သိမ်းပိုက်ထားခြင်း ဖြစ်သည်။)နှင့် ပိုလန်သူချောချောကလေးများကို ခွဲခွာခဲ့ရခြင်းကြောင့်သာ ဖြစ်ပေလိမ့်မည်။ အခြေအနေ ဆိုးလျက်ရှိသည်ဟူသော အသိတရားသည် ၎င်းတို့ ခေါင်းထဲသို့ မတော်တဆ ဝင်ရောက်လာပြန်လျှင်လည်း ၎င်းတို့သည် စစ်သားကောင်းများပီပီ ညှိုးငယ်ခြင်း မရှိရလေအောင် နည်းလမ်းရှာကြသည်။ ဆိုးရွားလျက်ရှိသော အခြေအနေများကို စဉ်းစားခြင်းမပြုဘဲ ချက်ချင်းလက်ငင်း လက်တွေ့လုပ်ဆောင်ရမည့် အလုပ်များကိုသာ အာရုံစူးစိုက်ခြင်း ပြုကြသည်။ ရုရှားတပ်များသည် ဝိလနာသို့ မရောက် မီ တစ်နေရာတွင် ပျော်ပျော်ပါးပါး စခန်းချကြကာ ပိုလန် အပျိုချောများနှင့် မိတ်ဖွဲ့ကြသည်။ ဘုန်းတော်ကြီးသော ဘုရား၏ ဗိုလ်ရှုခံသဘင်အတွက် ပြင်ဆင်ကြသည်။ ဘုန်းတော်ကြီးသော ဘုရားနှင့် စစ်မှုးစစ်ကဲများ၏ ဗိုလ်ရှုခံ သဘင်သို့ တက်ရောက်ဆင်နွှဲကြသည်။ မကြာမီ သယ်ဆောင်ခြင်း မပြုနိုင်သော စားနပ်ရိက္ခာများအား လုံးကို ဖျက်ဆီး၍ စဗင်စယာနိမြို့ကလေးသို့ ဆုတ်ခွာလာခဲ့ရမည် ဟူသော အမိန့်ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

စဗင်စယာနီမြို့ ကလေးကား နောင်သောအခါ၌ မြင်းတပ်သားများအဖို့ အမူးစခန်းဟု နာမည်တွင်ခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ပိုလန်အရပ်သူ အရပ်သားများထံမှ မြင်းများ၊ ရထားများ၊ ကော်ဇောများ စသည်တို့ အားလုံးကို သိမ်း ယူခဲ့ကြသဖြင့် တပ်မတော်သားများ၏ အပြုအမူနှင့် စပ်လျဉ်း၍ တိုင်ချက်အမြောက်အများ ရရှိသောကြောင့် ဖြစ်လေသည်။ နီကိုလေသည် စဗင်စယာနီမြို့ကလေးကို မမေ့နိုင်သေးချေ။ ထိုနေ့၌ နီကိုလေမှာ တပ်အသစ်ကို စတင်အုပ်ချုပ်ရသဖြင့် မိမိ၏တပ်ခွဲမှူးတပ်ကြပ်ကြီး အသစ်ပြောင်းရသည့်နေ့ ဖြစ်၏။ မိမိကို မသိသေးသော တပ်သားသစ်များဖြစ်သဖြင့် မူးယစ်သောက်စားကာ ထိန်း၍မရအောင် ဆူပူသောင်းကျန်းနေ သောကြောင့် အရက် စည်ငါးလုံး ထုတ်ပေးရသောနေ့လည်း ဖြစ်လေသည်။ နီကိုလေတို့တပ်များသည် စဗင်စယာနီမြို့ကလေးမှ တစ်ဖန် ဒရစ်ဆာမြစ်ကမ်းသို့ ဆုတ်ခွာလာခဲ့ရပြန်သည်။ ထိုမှ တစ်ဖန် ဒရစ်ဆာ မြစ်တစ်ဖက်ကမ်းကို ကူး၍ ရှရှားပြည် နိုင်ငံ နယ်စပ်အထိ ဆုတ်ခွာလာခဲ့ပြန်သည်။

ဇူလိုင်လ ၁၃ ရက်နေ့မှာ ပါဗလိုဂရက် မြင်းတပ်များ ရန်သူနှင့် ပထမဆုံး အကြီးအကျယ် တိုက်ပွဲဆင်ခွဲရသောနေ့ ဖြစ်သည်။

ထိုတိုက်ပွဲမဖြစ်ပွားမီ တစ်နေ့ဖြစ်သော ဇူလိုင်လ ၁၂ ရက်နေ့က ပြင်းထန်လှသော မိုးသက်မုန်တိုင်းကြီး တိုက်ခတ်၏။ ၁၈၁၂ ခုနှစ် နွေရာသီကား မိုးသက်မုန်တိုင်းများ မကြုံဖူးအောင် တိုက်ခတ်ခြင်းကြောင့် မေ့နိုင်ဖွယ်မရှိသော နွေရာသီ ဖြစ်ပေသည်။

ထိုစဉ်က ပါဗလိုဂရက် မြင်းတပ်ခွဲနှစ်ခုသည် ဂျုံခင်းတစ်ခင်းထဲ၌ တပ်နားလျက်ရှိကြ၏။ ဂျုံပင်များ၌ အနှံများထွက်လျက်ရှိပြီ ဖြစ်သော်လည်း မြင်းများ၊ ကျွဲနွား တိရစ္ဆာန်များ နင်းချေထားသဖြင့် ကျေမွလျက်ရှိပေ၏။ မိုးသည် သဲသဲမဲမဲ ရွာချလျက်ရှိ၏။ နီကိုလေနှင့် သူ့အချစ်တော်ဖြစ်သော အီလျင်အမည်ရှိ ဗိုလ်ကလေးတစ်ဦးသည် ကပျာကသီ ထိုးထားသော ကနဖျင်းကလေးအောက်ဘွင် ထိုင်နေကြလေသည်။ ပါးပြင်ပေါ်သို့ရောက်အောင် စီးကျလာသော နှုတ်ခမ်းမွေးကားကားနှင့် တပ်ဗိုလ်ဘစ်ယောက်သည် မိုးမိသဖြင့် နီကိုလေတို့ ကနဖျင်းအောက်သို့ ဝင်လာလေသည်။

"စစ်ဦးစီးဌာနချုပ်က ပြန်လာတာ ဗိုလ်ကြီးရဲ့ ဗိုလ်ချုပ်ကြီး ရေ့စတီ စွန့်စားပုံတွေ ကြားပြီးပလား ဗိုလ်ကြီး"

တပ်ဗိုလ်သည် စစ်ဦးစီးဌာနချုပ်မှ ကြားခဲ့ရသော ဆယ်လ်တာနော့ တိုက်ပွဲသတင်းကို နီကိုလေတို့အား ဖောက်သည်ချလျက် ရှိလေသည်။

နီကိုလေသည် ဆေးတံကို ဖွာလျက်ရှိရာမှ ကုပ်ပေါ်တွင် မိုးရေများ စီးကျလျက်ရှိသဖြင့် ခေါင်းကို လှုပ်ယမ်းရင်း စိတ်မပါတပါဖြင့် နားထောင်လျက်ရှိ၏။ တစ်ချက်တစ်ချက်၌ မိမိအနားသို့ တိုး၍တိုး၍လာသော ဗိုလ်ကလေး အီလျင်ကို လှမ်းကြည့်လိုက်သည်။ အီလျင်မှာ ဆယ့်ခြောက်နှစ်ခန့်သာ ရှိသေး၍ နီကိုလေ၏တပ်သို့ မကြာခင်က ရောက်ရှိလာခဲ့သော ဗိုလ်ကလေးတစ်ဦး ဖြစ်၏။ လွန်ခဲ့သော ခုနစ်နှစ်ခန့်က နီကိုလေသည် ဗိုလ်ကြီး ဒင်နီဆော့ဗ်၏ အချစ်တော်ကလေးတစ်ဦး ဖြစ်ခဲ့သကဲ့သို့ ယခုအခါ၌ အီလျင်သည်လည်း ဗိုလ်ကြီးနီကိုလေ၏ အချစ်တော်ကလေး ဖြစ်လျက်ရှိပေသည်။ အီလျင်သည် နီကိုလေကို အစစအရာရာတွင် လိုက်၍ အတုခိုးကာ ရည်းစားသည် မိန်းကလေးတစ်ယောက်က ၎င်း၏ရည်းစားကို ချစ်မြတ်နိုးခြင်းမျိုးဖြင့် နီကိုလေကို ချစ်ခင်မြတ်နိုးလျက် ရှိလေသည်။

နှုတ်ခမ်းမွေးကားကားနှင့် စစ်ဗိုလ်ဖြစ်သော ဒေါ်ဇင် စကီသည် ဆယ်လ်တာနော့တာတမံကြီး သိမ်းယူရာတွင် ဗိုလ်ချုပ်ကြီး ရေ့စကီ မည်မျှ စွန့်စားတိုက်ခိုက်ကြောင်း၊ ဗိုလ်ချုပ်ကြီး ရေ့စကီ၏ စွန့်စားမှုသည် ရာဇဝင်တွင် လောက်ကြောင်း၊ ရန်သူ့ကျည်တို့ ထူထပ်စွာ ကျရောက်လျက်ရှိသည့်ကြားထဲမှ ဗိုလ်ချုပ်ကြီး ရေ့စကီသည် သားနှစ်ယောက်ကို တာရီးပေါ်သို့ ခေါ်၍ တက်လာခဲ့ကြောင်း စသည်တို့ကို ပြောပြလျက်ရှိ၏။ နီကိုလေသည် ဒေါ်ဇင်စကီ၏စကားကို ငြိမ်သက်စွာ နားထောင်လျက်ရှိ၏။ သို့ရာတွင် နီကိုလေအဖို့ကား ဒေါ်ဇင်စကီ၏ စိတ်အားထက်သန်မှုကို ထောက်ခံပြောဆိုရန် ဝေးစွ၊ နားထောင်ရခြင်းကိုပင် ရွက်လျက်ရှိလေသည်။

လူများသည် တိုက်ပွဲ စွန့်စားခန်းများ၊ စစ်မြေပြင်ကိုယ်တွေ့များကို ပြန်လည်ပြောကြရာတွင် အဝိုကလေး

www.burmeseclassic.com

www.burmeseclassic.com

များ ထည့်သွင်းပြောဆိုတတ်ခြင်းကို ၁၈၀၇-ခု ဩစတားလစ် စစ်ပွဲပြီးကတည်းက နိုကိုလေသည် အတွေ့အကြုံအရ သိရှိလာခဲ့ပြီး ဖြစ်လေသည်။ မသိရှိဘဲ နေနိုင်ပါမည်လော။ မိမိကိုယ်တိုင်ပင်လျှင် မိမိတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို ထိုစဉ်က သာသာထိုးထိုးကလေး ပြောခဲ့ဖူးသည် မဟုတ်လော။ ထို့ပြင်လည်း စစ်မြေပြင်၌ တွေ့ကြုံရသော အဖြစ်အပျက်တို့သည် သူသူငါငါ တွေးထင်နိုင်သော အဖြစ်အပျက်၊ ပြောပြနိုင်သော အဖြစ်အပျက်ထက် ဘာမျှ ပို၍ ထူးထူးခြားခြား မရှိလှခြင်းကိုလည်း နီကိုလေသည် အတွေ့အကြုံအရ သိခဲ့ပြီး မဟုတ်ပါလော။ ထို့ကြောင့် နီကိုလေသည် ဇဒါဇင်စကီ၏စကားကို များစွာစိတ်မဝင်စားခြင်း ဖြစ်လေသည်။ ထိုမျှမက မိမိ၏ကနဖျင်းကလေးအတွင်းသို့ မဆန့်သာ မလွေးသာ လာရောက်မိုးခိုကာ စကားပြောလျှင် တစ်ဖက်သား၏ မျက်နှာနားကပ်၍ စကားပြောတတ်သော နှုတ်ခမ်းမွေးကြီးတကားကားနှင့် ဇဒါဇင်စကီကိုလည်း နီကိုလေ မနှစ်သက်ချေ။ နီကိုလေသည် ဇဒါဇင်စကီကို တစ်ခွန်းမျှ စကားမဆိုဘဲ ကြည့်နေမိ၏။

'လက္ခဏာကတော့ ရန်သူက အပြင်းအထန် ဝိုင်းတိုက်နေတဲ့ တာရီးပေါ်မှာ စစ်သားတွေ အထွေးထွေး ဖြစ်နေကြဟန်တူရဲ့။ တကယ်လို့ ဗိုလ်ချုပ်ကြီး ရေ့စကီဟာ သူ့သားနှစ်ယောက်ကို တစ်ဖက်တစ်ချက် ခြံရံစေပြီး ကိုယ်တိုင် တာရီးပေါ်တက်လာတယ်ပဲ ထားဦး၊ သူ ဒီလို တက်လာတာကို မြင်တဲ့လူဟာ တစ်ဒါဇင်ထက် မပိုနိုင်ပါဘူး၊ ကျန်တဲ့ တပ်သားတွေက ဗိုလ်ချုပ်ကြီးရေ့စကီကိုယ်တိုင် တာရီးပေါ် တက်လာတယ်လို့ ဘယ်လိုလုပ်သိနိုင်မှာလဲ၊ ကဲ အားလုံးက သိတယ်ပဲ ဆိုပါစို့၊ တက်လာတော့ ဘာဖြစ်သလဲ၊ ဗိုလ်ချုပ်ကြီး ရေ့စကီဟာ အန္တရာယ်ကြုံလာတော့ သူ့သားနှစ်ယောက်ကို သူ အကာအကွယ်ပေးတာ ဘာဆန်းသလဲ၊ ကိုယ့်သွေးကိုယ့်သား အန္တရာယ်ကြုံလာတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ အဖေတစ်ယောက်ရဲ့ ခံစားမှုကို မြင်ရရုံနဲ့ တပ်သားတွေမှာ ဘယ်လိုများ စိတ်ဓာတ်တက်ကြွလာစေနိုင်မှာတဲ့လဲ၊ ငါတို့ အဖနိုင်ငံတော်ကြီးရဲ့ ကံကြမ္မာဟာ ဆယ်လ်တာနော့ တာရီးတိုက်ပွဲပေါ်မှာ တည်နေတာ မဟုတ်ပါဘူး၊ အဖနိုင်ငံတော်ကြီးရဲ့ ကံကြမ္မာကို ဆုံးဖြတ်နိုင်ခြင်းမရှိတဲ့ တိုက်ပွဲဖြစ်နေမှတော့ ဘာဖြစ်လို့ အသက်ကို စွန့်လွှတ်ပြီး တိုက်နေဦးမှာလဲ၊ ဗိုလ်ချုပ်ကြီး ရေ့စကီဟာ ကိုယ့်သားတွေကို ဘာဖြစ်လို့ အသေခံနိုင်မလဲ၊ ငါသာဆိုရင် ငါ့ညီ ပီတာကို ဒီလိုတိုက်ပွဲမျိုးရှိရာ ခေါ်တောင်မလာဘူး။ ငါ့ညီမပြောနဲ့လေ၊ ငါနဲ့ ဘာမှ သွေးသားတော်စပ်ခြင်း မရှိတဲ့ အီလျင်ကိုတောင် ဒီတိုက်ပွဲမျိုးကို လွှတ်ပြီး အတိုက်မခိုင်းဘူး၊ ခပ်ဝေးဝေး လုံခြုံတဲ့နေရာကို အသွားခိုင်းမှာပဲ'

နီကိုလေသည် ဇဒါဇင်စကီ၏စကားကို နားထောင်ရင်း တွေးတောလျက်ရှိလေသည်။ သို့ရာတွင် နီကိုလေသည် အတွေ့အကြုံရပြီးဖြစ်၍ ဤလိုကိစ္စများတွင် မိမိစိတ်ထဲရှိသမျှကို ထုတ်ဖော်ပြောဆိုခြင်း မပြုတော့ဘဲ ရေလိုက်ငါးလိုက် နေတတ်ပေပြီ။ ဇဒါဇင်စကီ ပြောပြသော အဖြစ်အပျက်သည် ရုရှားတပ်မတော်၏ ဂုဏ်သိက္ခာကို အမှန်းတင်ခြင်းသာ ဖြစ်သည့်အတွက် ထိုအဖြစ်အပျက်မျိုးကို ယုံကြည်ဟန်ဆောင်ရမည်သာ ဖြစ်လေသည်။ နီကိုလေသည် ဤအတိုင်းလည်း ဟန်ဆောင်၍ နေလိုက်လေသည်။

ဗိုလ်လေး အီလျင်သည် ဇဒါဇင်စကီ စကားများလျက်ရှိခြင်းကို နီကိုလေ မနှစ်သက်မှန်း ရိပ်မိလိုက်သဖြင့်

"ဗိုလ်ကြီး၊ ကျွန်တော်တို့ ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး ထင်တယ် ဗိုလ်ကြီး၊ တစ်ကိုယ်လုံး ရွံရွံစိုနေပြီ၊ ဒီထက်လုံတဲ့နေရာ သွားရှာချေဦးမယ်၊ မိုးကတော့ တော်တော်နဲ့ စဲမှာမဟုတ်ဘူး"

အီလျင်ထွက်သွားပြီးနောက် ဇဒါဇင်စကီလည်း မြင်းစီး၍ ထွက်သွားလေသည်။

ငါးမိနစ်ကြာလျှင် အီလျင်သည် ရွံ့ဇွက်ထဲတွင် တစွက်စွက် ဖြတ်ကာ ကနဖျင်းဆီသို့ ပြန်ပြေးလာလေသည်။

"ဗိုလ်ကြီး မြန်မြန်လာဗျို့၊ တစ်နေရာတော့ တွေ့လာခဲ့ပြီ၊ ဒီနားကနေ ကိုက်နှစ်ရာလောက် ဝေးတဲ့နေရာမှာ ထမင်းဆိုင်လေးတစ်ဆိုင် ရှိတယ်၊ ကျွန်တော့်တပ်က ဗိုလ်တွေတောင် ရောက်နေကြပြီ၊ အဲဒီမှာ နည်းနည်း 'အချမ်းပြေ' ကလေး လုပ်ရတာပေါ့ ဗိုလ်ကြီးရ၊ ပြီးတော့ မေရီ ဟင်ဒရီကိုဗနာလဲ ရှိတယ် ဗိုလ်ကြီးရ"

မေရီ ဟင်ဒရီ ကိုဗနာမှာ ချောမောလှပသော ဂျာမန်မတစ်ယောက်ဖြစ်၍ တပ်ရင်းဆရာဝန်၏ မိန်းမ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ တပ်ရင်းဆရာဝန်သည် ဟင်ဒရိကိုဗနာကို ပိုလန်ပြည်တွင် လက်ထပ်ခဲ့ခြင်း ဖြစ်လေသည်။ တပ်ရင်းဆရာဝန်သည် ညားခါစဇနီးကို ခွဲမထားနိုင်၍လော၊ သို့တည်းမဟုတ် စရိတ်စက ထောက်ပံ့နိုင်ခြင်း မရှိ၍လော၊ မည်သည့်အကြောင်းကြောင့် မသိ။ မိန်းမကို တပ်ချီတက်ရာသို့ ခေါ်လာခဲ့လေသည်။ ၎င်း၏မိန်းမနှင့် ပတ်သက်လာလျှင် ဆရာဝန်မှာ များစွာ မနာလိုတတ်သူဖြစ်ရာ မြင်းတပ်သားများသည် ဆရာဝန် မနာလိုဝန်တိုဖြစ်တတ်ပုံကို ရယ်စရာ သဘောထားလျက် ရှိကြလေသည်။

နီကိုလေသည် မိုးကာအင်္ကျီကို ပခုံးပေါ်သို့ ခြုံလိုက်ပြီး တပ်လုလင် လာဗရုရှကာကို ပစ္စည်းများ သယ်ယူခဲ့ရန် အော်ဟစ်ပြောဆိုပြီးနောက် အီလျင်နှင့်အတူ ရွှံ့ဗွက်ထဲတွင် တစွက်စွက် လျှောက်၍လာခဲ့သည်။ မိုးမှာ အနည်းငယ်စဲသွားပြီဖြစ်သော်လည်း ကောင်းကင်တစ်ခုလုံးမှာ အုံ့မှိုင်းမည်းမှောင်လျက်ရှိဆဲပင် ဖြစ်၏။ ကောင်းကင်ကြီး အက်ကွဲသွားသကဲ့သို့ ထင်ရလောက်အောင် လျှပ်စီးများကလည်း တဝင်းဝင်းလက်လျက် ရှိကြ၏။

"ဗျို့ ဗိုလ်ကြီး၊ ဘယ်ကလဲဗျို့"

"ဒီကဟော့ ဒီက၊ လျှပ်စီးတွေ သိပ်လက်တယ်ဟော့"

၎င်းတို့နှစ်ဦးသည် မိုးမှောင်ကြီးအောက်တွင် တစ်ယောက်တစ်ယောက် လှမ်း၍ အော်နေကြလေသည်။

အခန်း ၁၃

ထမင်းဆိုင်ထဲ၌ တပ်ဗိုလ်ငါးယောက်ကို တွေ့ရ၏။ ထမင်းဆိုင်ရှေ့တွင်မူ မိုးကာများဖုံးထားသော ဆရာဝန်၏ ဝန်တင်လှည်းကို တွေ့ရသည်။ နနယ်ချောမောသော ကွာမန်မတစ်ဦးဖြစ်သည့် မေရီဟင်နရီကိုဗနာသည် ညဝတ် အင်္ကျီကိုဝတ်၍ ဦးထိပ်ပြားကလေးတစ်လုံးကို ဆောင်းကာ ဆိုင်ထောင့်ရှိ ခပ်ကျယ်ကျယ် ခုံကြီးတစ်လုံးပေါ်တွင် သိုင်လျက်ရှိ၏။ ၎င်းယောကျ်ား ဆရာဝန်မှာ နောက်တွင် အိပ်ပျော်လျက်ရှိလေသည်။ ဆိုင်ထဲသို့ နီကိုလေနှင့် အီလျင်တို့ ဝင်လာကြသည်တွင် အားလုံးက ဆူညံစွာ အော်ဟစ် ဆီးကြိုကြလေသည်။

"အလို၊ ကဲကောင်းတာပဲဗျို့" နီကိုလေက ရယ်၍ ပြောလိုက်၏။

"ဗျို့ ဗိုလ်ကြီး၊ ထိုင်လေဗျာ၊ ဘာဖြစ်လို့ မတ်တတ်ကြီး ရပ်နေရတာလဲ"

"ဟာ ခင်ဗျားတို့ တစ်ကိုယ်လုံး ရွှံရွှံစိုနေတာပဲ၊ ကျုပ်တို့နေရာလေးတော့ စိုကုန်တော့မှာပါပဲ"

"ဒီပြင့်နေရာ စိုချင်စိုပစေဗျာ၊ ကျုပ်တို့ ဆရာကတော်ရဲ့ အဝတ်ကိုတော့ မစိုပစေနဲ့" ဤသို့ တစ်ယောက်တစ်ပေါက် အော်ဟစ်ပြောဆိုလျက် ရှိကြလေသည်။

နီကိုလေနှင့် အီလျင်သည် ဤနေရာတွင် အဝတ်လဲက ဆရာဝန်ကတော် အနေခက်မည်စိုးသည့်အတွက် အဝတ်လဲရန် ချောင်ကောင်းကောင်းကို ရှာဖွေနေကြသည်။ နောက်ဆုံး၌ ပုဇွန်းကွယ်ကလေးတစ်ခုကို တွေ့သဖြင့် အဝတ်လဲရန် ထိုချောင်ကလေးထဲသို့ ဝင်လာခဲ့ရာ ထိုနေရာ၌ တပ်ဗိုလ်သုံးယောက်သည် သေတ္တာလွတ်တစ်လုံးပေါ်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်း၍ ဖဲရိုက်နေကြသည်ကို တွေ့ရ၏။ တပ်ဗိုလ်သုံးယောက်မှာ ၎င်းတို့နေရာကို မည်သည့်နည်းနှင့်မျှ ဖယ်ပေးမည့်ပုံ မပေါ်ကြချေ။ ဤတွင် ဆရာဝန်ကတော်က နီကိုလေတို့ အဝတ်လဲရန် အတွက် အကာအကွယ်အဖြစ် အသုံးပြုရန် ၎င်း၏ဂါဝန်တစ်ထည်ကို လှမ်းပေးသည်။ နီကိုလေနှင့် အီလျင်သည် မိမိတို့ ပစ္စည်းများကို သယ်လာသော လာဗရုရှကာ၏ အကူအညီဖြင့် ဆရာဝန်ကတော်၏ ဂါဝန်ကို အကွယ်အကာပြုလုပ်ကာ အဝတ်အစားလဲကြရသည်။

ပျက်စီးနေပြီဖြစ်သော အုတ်မီးလင်းဖိုထဲတွင် မီးဖိုကြသည်။ ထို့နောက် ပျဉ်ချပ်တစ်ချပ်ကို တွေ့သဖြင့် ထိုပျဉ်ချပ်ကို မြင်းကုန်းနှီးနှစ်ခု ထိပ်တွင်တင်ကာ အပေါ်က မြင်းဝတ်စုံဖြင့် ခင်းလိုက်သည်။ ထို့နောက် လက်ဖက်ရည်ကရားတစ်လုံး၊ စားစရာထည့်သည့် ဘူးကလေးတစ်ဘူးနှင့် ရမ်ပုလင်းတစ်ဝက်ကို တင်ထားလိုက်ကာ ဆရာဝန်ကတော်အား မိမိတို့ဝိုင်းတွင် လာရောက်သုံးဆောင်ရန် ဖိတ်ကြားပြီး ဝိုင်းထိုင်ကြသည်။ တစ်ယောက်က ဆရာဝန်ကတော်၏ ဖြူဖွေးနုနယ်သော လက်များကို သုတ်ရန်အတွက် ဖြူဖွေးလျက်ရှိသော လက်ကိုင်ပဝါတစ်ထည်ကို ထုတ်ပေးသည်။ နောက်တစ်ယောက်က ဆရာဝန်ကတော်၏ ခြေထောက်ကလေးများ ထွေးရန်အတွက် မြေကြီးပေါ်တွင် မိမိအင်္ကျီကို ချွတ်၍ ခင်းပေးသည်။ အခြားတစ်ယောက်က ဆရာဝန်ကတော်ကို မိုးပေါက်မမှန်စေရန်

www.burmeseclassic.com

www.burmeseclassic.com

မိမိအင်္ကျီကိုချွတ်၍ ပြတင်းပေါက်တွင် ကာပေးသည်။ အခြားတစ်ယောက်ကမူ ဆရာဝန်နိုးမည်စိုးသဖြင့် ဆရာဝန်၏ မျက်နှာပေါ်မှ ယင်များကို ခြောက်ပေးလျက်ရှိသည်။

"နေပစေ ဗိုလ်ကြီး၊ အိပ်ပါစေ၊ ညအိပ်ရေးပျက်ရင် သူတွေ့တဲ့နေရာမှာ ဒီလိုပဲ ဝင်အိပ်တာပဲ" ဆရာဝန်ကတော်က မလုံမလဲဖြစ်ရာက ကြည်နူးစွာ ပြုံး၍ ပြောလိုက်၏။

"ကိစ္စမရှိပါဘူး ဆရာကတော်၊ ကျွန်တော်တို့ ဆရာဝန်ကို ကျွန်တော်တို့ လုပ်ပေးရမှာပေါ့၊ ဒီတော့မှ ကျွန်တော် ဒဏ်ရာရလို့ ခြေတို့လက်တို့ ဖြတ်စရာပေါ်လာရင် သက်သက်ညာညာ လုပ်ပေးမှာခင်ဗျ" ယင်ခြောက်ပေးနေသော တပ်ဗိုလ်က ပြောလိုက်၏။

အားလုံးပေါင်းမှ ခွက်သုံးလုံးသာ ရှိ၏။ ရေမှာ ရွံ့တို့ဖြင့် နောက်ကျိလျက်ရှိသဖြင့် လက်ဖက်ရည် ဖျော်လိုက်သည့်အခါတွင် ကျဲသလော၊ ပျစ်သလောဆိုသည် ကိုပင် မပြောနိုင်ချေ။ လက်ဖက်ရည်ကရားမှာ အားလုံးမှ ခြောက်ခွက်သာ ဝင်၏။ ဆရာဝန်ကတော်သည် နီရဲသော လက်သည်းကလေးများရှိသည့် ဖြူဖွေးနုနယ်သော လက်ကလေးများဖြင့် ခွက်ကိုင်ကာ ဝိုင်းထိုင်လျက်ရှိသော တပ်ဗိုလ်များကို ရာထူးကြီးငယ်အလိုက် ခွက်လှည့်ငဲ့၍ ပေးလျက်ရှိသည်။ သို့ရာတွင် တပ်ဗိုလ်များသည် ဤသို့ ခွက်မရှိဘဲ တစ်ယောက်တစ်လှည့်စီ သောက်နေရခြင်းကို ပင် ကျေနပ်လျက် ရှိကြသည်။ တပ်ဗိုလ်များအားလုံးသည် ဆရာဝန်ကတော်နှင့် ယခုကဲ့သို့ နေရခြင်းကို ကြည်နူးလျက် ရှိကြလေသည်။ အတန်ကြာသော် ပုဏ္ဏားကွယ်ကလေး နောက်တွင် ဖဲကစားနေသည့် တပ်ဗိုလ်သုံးယောက်လည်း ထလာကာ လက်ဖက်ရည်ဝိုင်းသို့ လာထိုင်၍ ဆရာဝန်ကတော်အား 'ရိသဲ့သဲ့' လုပ်ရခြင်းအတွက် အခြားတပ်ဗိုလ်များကဲ့သို့ မြူးလျက်ရှိလေသည်။ ဆရာဝန်ကတော်ကိုယ်တိုင်မှာလည်း ယဉ်ကျေးသိမ်မွေ့၍ အထက်တန်းကျသည့် တပ်ဗိုလ်များ ဝိုင်းဝိုင်းလည် အရေးပေးခြင်းခံရသည့်အတွက် ကျေနပ်ကာ တစ်မျက်နှာလုံး ဝင်းထိန်လျက်ရှိ၏။ တစ်ချက် တစ်ချက်၌လည်း ဆရာဝန်ကတော်သည် မိမိ၏ ကြည်နူးဝမ်းသာခြင်းကို ဣန္ဒြေဆယ်၍ ဖုံးကွယ်လိုက်လျက်၊ အိပ်ပျော်ရာမှ လူးလွန့်လာတတ်သည့် ယောကျ်ားဖြစ်သူ ဆရာဝန်ကို စိတ်ပျက်စိုးရိမ်သော မျက်နှာထားဖြင့် နောက်သို့ မကြာခဏ လှည့်ကြည့်နေတတ်သည်။

ဂင်းတို့အားလုံး၌ ဒွန်းတစ်ချောင်းသာရှိ၍ လက်ဖက်ရည်ကို မွေသည့်အခါတွင် တစ်ယောက်တစ်လှည့်စီ မွေရသည်။ သို့ရာတွင် သကြားမှာ တော်တော်နှင့် အရည်မပျော်နိုင်သဖြင့် တစ်ခွက်တစ်ခွက်ကို အကြာကြီး မွေရ၏။ ထို့ကြောင့် လက်ဖက်ရည်ခွက်များကို ဆရာဝန်ကတော်က တစ်ခွက်စီ အလှည့်ကျ မွေပေးစေရန် စီစဉ်ရလေသည်။ နီကိုလေမှာ မိမိအတွက် လက်ဖက်ရည်ခွက် ရပြီးဖြစ်၍ လက်ဖက်ရည်ခွက်ထဲသို့ ရမ်အရက်လောင်းထည့်လိုက်ပြီး 'ဒွန်းကိုင်' ဆရာဝန်ကတော်ကို အမွေခိုင်းရသည်။

"အို– နေဦးလေ၊ ဗိုလ်ကြီးခွက်ထဲမှာ သကြားမှ မထည့်ရသေးဘဲ" ဆရာဝန်ကတော်က ပြုံး၍ ခပ်ခွဲခွဲ. ပြောလိုက်၏။ ဆရာဝန်ကတော်၏ စိတ်ဒဂ်ဖြစ်သော ကြည်နူးခြင်းမှာကား ဆိုဖွယ်မရှိတော့ချေ။

"ကျွန်တော် သကြားမလိုချင်ပါဘူး ဆရာကတော်၊ ဆရာကတော်ရဲ့ ဟောဒီလက်ကလေးနဲ့ မွေပေးရင် ကျေနပ်လှပါပြီ"

ဆရာဝန်ကတော်သည် နီကိုလေပြောသည့်အတိုင်း မွေပေးရန် စောစောက ချထားလိုက်သော ဒွန်းကို လိုက်ရှာနေသည်။

"ဆရာကတော်ရဲ့ လက်ချောင်းကလေးနဲ့ မွေပေးပါလား ဆရာကတော်၊ အဲဒါက ပိုပြီး အရသာရှိပါတယ်"

"ပူတယ် ဗိုလ်ကြီးရဲ့" ဆရာဝန်ကတော်က ကျေနပ်ဝမ်းမြောက်ခြင်းကြောင့် မျက်နှာကလေး နီရဲလျက်ရှိရင်း ပြောလိုက်သည်။

ဗိုလ်လေး အီလျင်က ခွက်ထဲတွင် ရမ်အရက်ကို ရေရောရှာ ယူလာခဲ့ပြီး ဆရာကတော်အား လက်နှင့် မွေပေးရန်ပြော၏။

"ကျွန်တော့်ခွက်က မပူဘူး ဆရာကတော်၊ ဟောဒီခွက်ထဲကို ဆရာကတော်ရဲ့ လက်ကလေးနဲ့ မွေပေးမယ် ဆိုရင် ကျွန်တော် တစ်ခါတည်း အကုန်မော့ချလိုက်မယ်"

လက်ဖက်ရည်သောက်ပြီးလျှင် နီကိုလေသည် ဖဲထုပ်တစ်ထုပ်ကို ယူလာကာ ဆရာဝန်ကတော်နှင့် 'ကဲစမ်းဖဲ' ကစားကြရန် အကြံပေးလေသည်။ ထိုကစားနည်းမှာ 'ကင်း' ခေါ် ကုလားဖဲ စမ်းသည့်နည်းဖြစ်၍ 'ကင်း' ဆွဲရသူက အနိုင်ဆုံးဖြစ်၏။ နီကိုလေ၏ အကြံပေးချက်အရ

www.burmeseclassic.com

www.burmeseclassic.com

လောင်းကြေးမှာ 'ကင်း'ရသူက ဆရာကတော်၏လက်ကို နမ်းခွင့်ရပြီး 'ဘူ'ကျသူက ဆရာဝန် နိုးလာသည့်အခါတွင် ရေနွေးအိုးတည်၍ လက်ဖက်ရည် ဖျော်ပေးရမည်ဖြစ်လေရာ ဤလောင်းကြေးကို အားလုံးက သဘောတူကြ၏။

"ဒါပေမယ့် ဆရာကတော်ကိုယ်တိုင်က 'ကင်း'ဆွဲလို့ရရင်ကောဗျာ"

အီလျင်က မေးသည်။

"ဆရာကတော်က 'ကင်း' ရရင်တော့ 'ကွင်း'ဖြစ်သွားတာပေါ့ဗျ၊ သူခိုင်းတာ အကုန်လုပ်ပေးရမယ်"

ဤသို့ဖြင့် 'ကင်း'ခေါ် 'ကံစမ်းဖဲ' စကစား၍ မကြာမီမှာပင် ဆရာဝန်သည် ဆံပင်ဖရိုဖရဲနှင့် ဆရာဝန်ကတော်၏နောက်မှ ထလာ၏။ ဆရာဝန်သည် ခပ်စောစောကပင် နိုးလျက်ရှိကာ ၎င်းတို့ပြောဆိုနေကြသော စကားများကို နားထောင်လျက် ရှိ၏။ ထူးထူးခြားခြား ရယ်စရာမရှိဘဲ 'ဟားတိုက်'လျက် ရှိခြင်းကိုလည်း မကျေမနပ်ဖြစ်လျက်ရှိလေသည်။ အိပ်ရာမှထလာသောအခါ၌ကား ဆရာဝန်၏ မျက်နှာမှာ သုန်မှန်လျက်ရှိလေပြီ။ ဆရာဝန်သည် တပ်ဗိုလ်များကို နှုတ်ဆက်ခြင်းမပြုဘဲ တဖျင်းဖျင်း မြည်အောင် ကုတ်လိုက်ပြီးနောက် အပြင်သို့ ထွက်လိုသဖြင့် ကျော်သွားခွင့်တောင်းလိုက်သည်။ ဆရာဝန် အပြင်သို့ ထွက်သွားသည်နှင့် တစ်ပြိုင်နက် တပ်ဗိုလ်များ အားလုံးသည် ဝါးခနဲ ရယ်လိုက်ကြလေရာ ဆရာဝန်ကတော်မှာ မျက်နှာနီမြန်းကာ မျက်ရည်ကလေးများလည်လာလေသည်။ ထိုအခါကျမှ ဆရာဝန်ကတော်မှာ ၎င်းတို့အဖို့ ပို၍ချစ်စရာကောင်းလာသည်ဟု ထင်မှတ်ရလေသည်။ အပြင်မှ ပြန်လာသောအခါ ဆရာဝန်သည် ဓနိုးသည်ဘက်သို့ လှည့်၍ (ထိုအချိန်၌ ရွှင်လန်းကြည်နူးသော အပြုံးသည် ဆရာဝန်ကတော်၏ မျက်နှာပေါ်မှ ဖျောက်ကွယ်သွားသော မိမိ၏စိရင်ချက်ကို စောင့်ဆိုင်းလျက်ရှိသည့်ပမာ ထိတ်လန့်သော အမူအရာ ဝင်ရောက်ခဲ့လေပြီ။) အပြင်တွင် မိုးစဲပြီဖြစ်ကြောင်း၊ လှည်းပေါ်တွင် ဦးနေသင့်ကြောင်းဖြင့် ပြောဆိုခြင်း ပြုလေသည်။

"နေပါစေလေ ဆရာ၊ ကျွန်တော့်တပ်သား နှစ်ယောက်ကို အစောင့်ချထားလိုက်မယ်၊ မကောင်းဘူးလား" နှဲကဲ့ဆေလက ပြောလိုက်၏။

"ကျွန်တော်ကိုယ်တိုင် သွားစောင့်ဆိုရင်လဲ စောင့်မယ်လေ" အီလျင်က ပြောလိုက်သည်။

"နေပါစေ ခင်ဗျားတို့က အိပ်ရေးဝပြီးလို့ ကိစ္စမရှိပေမယ့် ကျွန်တော်က နှစ်ညလုံးလုံး တစ်ရေးမှ မအိပ်ရသေးဘူးဗျ" ဆရာဝန်သည် ဤသို့ပြောကာ သုန်မှုန်သော မျက်နှာထားဖြင့် ဆရာဝန်ကတော်အနီးတွင် ထိုင်ချရင်း ဖဲဝိုင်းအပြီးကို စောင့်လျက်ရှိ၏။

ဆရာဝန်က သုန်မှုန်သော မျက်နှာထားဖြင့် ၎င်း၏ မိန်းမကို မျက်စောင်းထိုး၍ ကြည့်နေခြင်းကို မြင်ရသော အခါတွင် စစ်ဗိုလ်များမှာ ပို၍ပင် မြူးလာကြ၏။ တစ်ယောက် ကမူ ချုပ်တည်းခြင်းငှာ မတတ်နိုင်တော့ဘဲ အားရပါးရ ရယ်လိုက်မိလေရာ နောက်မှတစ်ခုခုကို ယိုးမယ်ဖွဲ့၍ ရယ်ခြင်းဖြစ်ဟန်မျိုး ဆောင်လိုက်ရသည်။ ဆရာဝန်က ၎င်း၏ မိန်းမကိုခေါ်၍ ထမင်းဆိုင်ရှေ့ရှိ လှည်းပေါ်တွင် သွား အိပ်နေတော့မှ တပ်ဗိုလ်များသည် စိုစွတ်လျက်ရှိသော ဝတ်ရုံအင်္ကျီကြီးများကို ခြုံ၍ လဲ့နေကြ သည်။ သို့ရာတွင် တော်တော်နှင့် အိပ်မပျော်နိုင်ကြဘဲ ဆရာဝန်၏ 'အိုးတိုးအမ်းတမ်း' ဖြစ်လျက်ရှိသော အမူအရာ၊ ဆရာဝန်ကတော်၏ 'ပြိတိတိ'ရှိလှသော မျက်နှာပေးအကြောင်းကို ပြောဆိုလျက်ရှိကြ၍ အချို့ကလည်း အပြင်ဘက်သို့ ထွက်ကြည့်ကာ ဆရာဝန် လင်မယားတို့၏ လှည်းပေါ်တွင် တွေ့မြင်ရသော အခြင်းအရာတို့ကို အော်ဟစ်ပြောဆိုလျက် ရှိကြသည်။ နီကိုလေသည် စောင်ကို ခေါင်းမြီးခြုံလျက် အိပ်ပျော်ရန် ကြိုးစားကြည့်၏။ သို့ရာတွင် ပျော်မည်ပြုလိုက်တိုင်း စကားပြောသံ၊ တဝါးဝါး ရယ်မောသံများကြောင့် အိပ်၍မရတော့ချေ။

အခန်း ၁၄

အချိန်မှာ နံနက် သုံးချက်တီးပြီဖြစ်သော်လည်း မည်သူမျှ အိပ်မပျော် ကြသေးချေ။ ဤအတောအတွင်း ဩစထရိန်နာအမည်ရှိ မြို့ကလေးတစ်မြို့သို့ တပ်ပြောင်းရမည့်ဒြစ်ကြောင်း အမိန့်စာရွက်နှင့်အတူ တပ်ထောက် ရောက်လာလေသည်။

တပ်ဗိုလ်များသည် စကားပြောရင်း နောက်ပြောင်ရယ်မောရင်းနှင့် အဆင်သင့်ပြင်ကြကာ ရွှံ့နှစ်များကြောင့် နောက်ကျိလျက်ရှိသော ရေဖြင့် လက်ဖက်ရည် တည်ကြ

www.burmeseclassic.com

www.burmeseclassic.com

ပြန်သည်။ နီကိုလေသည် ရေနွေးအိုးဆူအောင် မစောင့်တော့ဘဲ ၎င်း၏မြင်းတပ်ခွဲရှိရာသို့ထွက်လာခဲ့၏။ အရှေ့ဘက် ကောင်းကင်မှ အလင်းရောင်ပျို့စ ပြုလာလေပြီ။ မိုးတိတ်စပြုပြီဖြစ်လျက် တိမ်တိုက်များသည်လည်း တဖြည်းဖြည်း ကွဲစပြုလာပြီ ဖြစ်လေသည်။ စိုစွတ်လျက်ရှိသော အဝတ်များကို ဝတ်ထားကြသဖြင့် အားလုံး ခိုက်ခိုက်တုန်လျက် ရှိကြ၏။ အရာဏ်တက်စ၌ ထမင်းဆိုင်ကလေးထဲမှ ထွက်လာခဲ့ကြသော နီကိုလေနှင့် အီလျင်တို့သည် ထမင်းဆိုင်ရှေ့က ဆရာဝန်လင်မယား၏ လှည်းနားသို့ ရောက်သောအခါ၌ မိုးရေတို့ဖြင့် ပြောင်လက်လျက်ရှိသော အဖျားကော့ လှည်းပေါင်းမိုးထဲသို့ ငုံ့၍ကြည့်လိုက်ကြရာ ဆရာဝန်၏ခြေထောက်နှစ်ချောင်းသည် လှည်းနောက်မြီးမှ အပြင်သို့ ထိုးထွက်လျက်ရှိကြပြီး လှည်းကြမ်းအလယ်၌ ပြားလျက်ရှိသော ဆရာဝန်ကတော်၏ ဦးထုပ်ပြားကလေးကို တွေ့ရ၏။ ဆရာဝန်ကတော်၏ အသက်ပြင်းပြင်းရှူသံကိုလည်း ကြားရလေသည်။

"ငနဲမက အတော်တော့ ဖြောင့်တယ်ကွ" နီကိုလေက နောက်ကလိုက်လာသော အီလျင်ကို လှမ်းပြောလိုက်၏။

"ဟုတ်တယ် ဗိုလ်ကြီး၊ တော်တော်နိပ်တယ်" အီလျင်က ဆယ့်ခြောက်နှစ်သားတို့၏ စိတ်ဝင်စားခြင်းအပြည့်ဖြင့် ပြောလိုက်သည်။

နာရီဝက်ခန့်ကြာသောအခါ၌ကား နီကိုလေ၏ မြင်းတပ်ခွဲသည် ပေတစ်ရာလမ်းပေါ်၌ တန်းစီပြီးသားဖြစ်လျက်ရှိပေပြီ။ ထို့နောက် မြင်းပေါ်သို့တက်ရန် အမိန့်ပေးသံကြားရကာ တပ်သားများသည် မိမိတို့ မြင်းများပေါ်သို့ တက်လိုက်ကြသည်။ နီကိုလေသည် တပ်ဦးသို့ မြင်းကို စီးလာခဲ့ပြီးနောက် ချီတက် အမိန့်ပေးလိုက်သည်။ မြင်းတပ်သားများ၏ စကားသံများသည် တိတ်သွားကြကာမှ ခေါင်းလွယ်များ ရိုက်ခတ်သံပေါ်ထွက်လာလျက် ရွှံ့ဗွက်ထဲတွင် မြင်းများ တစွက်စွက် ဖြတ်လာသံများကို ကြားရ၏။ မြင်းတပ်သားများသည် လေးယောက်တစ်တွဲစီတန်းလျက် သစ်ပင်များ တစ်ဖက်တစ်ချက် ပေါက်လျက်ရှိသော ပေတစ်ရာ လမ်းမကြီးအတိုင်း ချီတက်လာခဲ့ကြလေသည်။ ၎င်းတို့ရှေ့၌ကား ခြေလျင်တပ်နှင့် အမြောက်တပ်တစ်တပ် ချီတက်လျက်ရှိလေသည်။

တစ်စစီဖြစ်လျက်ရှိသော တိမ်တိုက်များသည် အရုဏ်ခြည် ပက်ဖျန်းလိုက်သောအခါ၌ မရမ်းဧရောင်မှ ပန်းပျောသွေးသို့ ကူးလာကြကာ လေသယ်ဆောင်ရာသို့ လွင့်လာကြ၏။ တဖြည်းဖြည်း လင်းသည်ထက် လင်းလာလေပြီ။ မနေ့ညက ရွာသွန်းသော မိုးရေကြောင့် စိုစွတ်လျက်ရှိသော တောလမ်းဘေးတွင် ပေါက်လေ့ရှိသည့် မြက်ပင်ကလေးများကို လည်းကောင်း၊ လေတိုက်တိုင်း လေတွေ့ရာဘက်သို့ ရေစက်များကို တဖြန်းဖြန်း ခါချလျက်ရှိသော လမ်းဘေးတစ်ဖက်တစ်ချက်ရှိ သစ်ပင်များမှ ငိုက်ကျလျက်ရှိသည့် သစ်ကိုင်းများကိုလည်းကောင်း၊ တပ်သားများ၏ မျက်နှာများကိုလည်းကောင်း ထင်ရှားစွာ မြင်ရလေပြီ။ နီကိုလေသည် လမ်းဘေး သစ်ပင်တန်းများအနီးမှ ကပ်၍ မြင်းကို စီးလာခဲ့၏။ အီလျင်သည် ထုံးစံအတိုင်း နီကိုလေနောက်မှ ကပ်လျက် လိုက်ပါလာလေသည်။

စစ်ချီတက်လေ့ရှိသည့်အခါများ၌ နီကိုလေသည် တပ်ကမြင်းကို မစီးဘဲ မိမိ၏စိတ်ကြိုက်ဖြစ်သော ကော့ဆက်မြင်းကြီးကို စီးလေ့ရှိ၏။ မြင်းကောင်းစီးသူတစ်ဦးနှင့် တောလိုက်သမားတစ်ဦး ဖြစ်သည့်အလျောက် နီကိုလေသည် အမွေးအမှင်ကောင်းကောင်း၊ ဒေါက်ကောင်းကောင်းနှင့် စိတ်ဆတ်သော မြင်းဒိုးနက်ကြီးတစ်ကောင်ကို မကြာမီက ထပ်ယူခဲ့၏။ မြင်းကြီးမှာ စိုင်လျော်တုတ်ကျယ်ကြီးဖြစ်၍ အမြီးဖားဖား၊ လည်ဆစ်ကောင်းကောင်း ဖြစ်သည်။ ထိုမြင်းကြီးကို တကယ်စီးပြီဆိုလျှင်ကား မည်သည့်မြင်းမျှ လိုက်၍ မမီတော့ချေ။ နီကိုလေသည် ဤမြင်းစိုင်လျော်ကြီး စီးရခြင်းကို မျှားစွာ နှစ်သက်လျက်ရှိ၏။ ဤသို့ဖြင့် နီကိုလေသည် မိမိ၏ မြင်းကြီးအကြောင်းကိုလည်းကောင်း၊ နံနက်ခင်း၏ သာယာလှပုံကိုလည်းကောင်း၊ ဆရာဝန်ကတော်၏ အကြောင်းကိုလည်းကောင်း တွေးတောလျက် စီးလာလေသည်။ မကြာမီ ရင်ဆိုင်ရတော့မည့် အန္တရာယ်ကိုကား အနည်းငယ်မျှ မတွေးမိချေ။

ယခင်တုန်းကမူ နီကိုလေသည် တိုက်ပွဲသို့ သွားရတော့မည်ဆိုလျှင် ကြောက်လန့်စိုးရိမ်လျက် ရှိတတ်၏။ ယခုမူကား နည်းနည်းကလေးမျှ မဖြုန်တော့ပြီ။ ယခုကဲ့သို့ မဖြုန်ခြင်းမှာ ရန်သူကျည်ဆန်များ မိုးသီးမိုးပေါက်ပမာ ပစ်ခတ်နေခြင်းကို ကြုံတွေ့ဖန်များ၍ နေသားကျသွားသော

www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ကား မဟုတ်။ (အန္တရာယ်တစ်ခုကို ရင်ဆိုင်ရခြင်း၌ နေသားကျသည်ဟူ၍ မရှိနိုင်ပါ။) အန္တရာယ်ဆုံတွေ့လာသည့်အခါ၌ မိမိ၏စိတ်အာရုံကို မည်သို့မည်ပုံ ထိန်းချုပ်ရမည်ကို နားလည်လာသောကြောင့်သာ ဖြစ်လေသည်။ ယခုအချိန်၌ နီကိုလေသည် တိုက်ပွဲသို့ထွက်ရတိုင်း တွေ့ကြုံရလတ္တံ့သော အန္တရာယ်ကို တွေးတောမနေတော့ဘဲ အခြားစိတ်ဝင်စားဖွယ်ရာ အရာများကို နှလုံးသွင်းတတ်လျက် ရှိလေပြီ။ တပ်မတော်ထဲတွင် ဝင်ရောက် အမှုထမ်းစကဆိုလျှင် တိုက်ပွဲသို့ ထွက်ရတိုင်း ဤသို့ အာရုံပြောင်းသွားအောင် မကြာခဏ ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့သဖြင့် သူရဲဘောကြောင်လှချည့်ဟု ကိုယ့်ကိုယ်ကို အပြစ်တင်ခဲ့မိသည်။ သို့ရာတွင် အချိန်ကြာညောင်းလာ သောအခါ၌ကား အလိုလို အာရုံပြောင်းတတ်လာခဲ့လေပြီ။ နီကိုလေသည် ပေတစ်ရာလမ်းဘေးတွင် ပေါက်နေသည့် သစ်ပင်များ အောက်မှ မြင်းကို စီးလာခဲ့ရင်း တစ်ခါတစ်ခါ၌ လက်လှမ်းမီသည်အထိ ငိုက်ကျလျက် ရှိသော သစ်ကိုင်းများမှ သစ်ရွက်များကို လှမ်းချွေလိုက်သည်။ တစ်ခါတစ်ရံ၌ မိမိမြင်းကြီးများ၏နံပါးကို ခြေထောက်ဖြင့် တို့လိုက်သည်။ သို့မဟုတ်လျှင်လည်း မိမိသောက်လျက်ရှိသည့် ဆေးတံကို နောက်တွင် လိုက်လာသော တပ်သားထံ လှည့်မကြည့်ဘဲ လှမ်းပေးလိုက်သည်။ ဤသို့ဖြင့် နီကိုလေမှာ စစ်မြေပြင်သို့ ထွက်ခြင်း မဟုတ်ဘဲ မြင်းစီးထွက်လာသူ တစ်ယောက်ကဲ့သို့ အပူအပင်ကင်းမဲ့၍ အေးအေးဆေးဆေး လိုက်ပါလာခဲ့လေသည်။ အီလျင်သည်လည်း နီကိုလေ၏ဘေးမှ စီး၍လိုက်ပါလာလေသည်။ နီကိုလေသည် စိတ်တုန်လှုပ်ချောက်ချားစွာဖြင့် စကားကို တသွင်သွင်ပြောလျက် လိုက်ပါလာသော အီလျင်၏ အကဲမရသောမျက်နှာကို သနားသလို လှမ်းကြည့်လိုက်၏။ အလံကိုင် ဗိုလ်ကလေး အီလျင်သည် အလွန်အမင်း ကြောက်လန့်တုန်လှုပ် လျက်ရှိကြောင်းကို နီကိုလေသည် အတွေ့အကြုံအရ သိပြီးဖြစ်၏။ အီလျင်အား အချိန်က ကုစားပေးလိမ့်မည် ဆိုသည့်အချက်ကိုလည်း နီကိုလေ သိပြီးဖြစ်လေသည်။

နေဝန်းသည် တိမ်တိုက်များကြားမှ ထွက်ပြူလာလေသည်။ မုန်တိုင်းကျရောက်ပြီးနောက်၌ လေသည် ဆန္ဒရာသီ နံနက်ခင်း၏ လှပခြင်းကို ဖျက်ဆီးခြင်းငှာ မဝံ့တော့သည့် အလား ငြိမ်သက်လျက်ရှိ၏။ သစ်ရွက်များ ပေါ်မှ ရေစက်ရေပေါက်ကလေးများသည် အောက်သို့ ကျမြဲကျလျက်ရှိ သော်လည်း ခပ်စောစောကကဲ့သို့ လေတွေ့ရာ လွင့်ပါခြင်းမရှိတော့ဘဲ အောက်တည့်တည့်သို့ ကျလျက်ရှိလေသည်။ နေဝန်းတိမ်ကြားထဲမှ ထွက်ပေါ်လာပြီးနောက် တိမ်တိုက် တစ်ခုထဲသို့ ဝင်သွားပြန်လေသည်။ ခဏကြာသောအခါ၌ကား တိမ်စွန်းမှ ထွက်ပေါ်လာပြန်လေရာ နေရောင်သည် ပို၍ တောက်ပလျက်ရှိသည်ဟု ထင်ရလေသည်။ လောကဓာတ်တစ်ခုလုံးသည်လည်း ထွန်းလင်းတောက်ပလျက် ရှိ၏။ ဤအခိုက် ထွန်းလင်းတောက်ပလျက်ရှိသော လောကကြီးကို ကောင်းချီးပေးသကဲ့သို့ တပ်ဦးဆီမှ သေနတ်သံများသည် တရစပ် ပေါ်ထွက်လာလေသည်။

နီကိုလေသည် သေနတ်သံ၏ အကွာအဝေးကို စဉ်းစားလျက်ရှိသည့် အတောအတွင်း မြို့စားကြီး ဩစတာမန်တော်လ်စတွိုင်း၏ တပ်ရေးသည် ဒုန်းစိုင်း၍ ရောက်လာကာ မြင်းတပ်များ ရှေ့သို့ အပြင်းချီခဲ့ရမည် ဖြစ်ကြောင်း ဖြင့် အမိန့်ပေးသွားလေသည်။

နီကိုလေတို့ မြင်းတပ်သည် ရှေ့က ခြေလျင်တပ်နှင့် အမြောက်တပ်ကို ပန်း၍ တက်လာခဲ့၏။ ခြေလျင်တပ်နှင့် အမြောက်တပ်များသည်လည်း တရကြမ်းချိတက်လျက် ရှိကြလေသည်။ နီကိုလေတို့ မြင်းတပ်သည် ရှေ့က တပ်များကို ကျော်တက်ခဲ့ပြီးနောက် တောင်ကုန်းကလေးတစ်ခုအတိုင်း ဆင်းလာခဲ့ကာ တိတ်ဆိတ်ခြောက်ကပ်လျက်ရှိသော ရွာကလေးတစ်ရွာထဲသို့ ဖြတ်၍စီးလာခဲ့လေသည်။ ထိုအချိန်၌ မြင်းစီးတပ်သားများအားလုံး၏ မျက်နှာမှာ နီရဲလျက်ရှိကာ မြင်းများမှာလည်း ပါးစပ်မှ အမြှုပ်တစီစီ ထွက်လျက်ရှိပေပြီ။

"ရပ်" တပ်ရင်းမှူး၏ အမိန့်သံသည် တပ်ဦးဆီမှ ပေါ်ထွက်လာ၏။

"လက်ဝဲဘက်က အမြန်တက်" ဟူသော အသံသည် ထပ်မံထွက်ပေါ်လာပြန်သည်။

မြင်းတပ်သားများသည် ရုရှားစစ်ကြောင်း လက်ဝဲတောင်ပံမှတပ်များကို ဖြတ်ကျော်ကာ စစ်မျက်နှာ ရှေ့ဆုံးတန်းတွင် ရောက်နေသော ရုရှားအမှုထမ်း ပိုလန်တပ်များ၏ နောက်တွင် နေရာယူလိုက်ကြသည်။ လက်ယာဘက်

www.burmeseclassic.com

www.burmeseclassic.com

တောင်ပံ၌ကား အရေအတွက် များပြားလှသော ခြေလျင်တပ်များကို တွေ့ရလေသည်။ ၎င်းတို့ကား အရန်တပ်များပေတည်း။ မိုးကောင်းကင်ကြီးကို နောက်ခံပြုလျက်ရှိသည့် တောင်ကုန်းထိပ်ပေါ်၌ကား ခပ်စောင်းစောင်း ဖြာကျလျက်ရှိသော နံနက်ခင်းနေရောင်ထဲတွင် ပြိုးပြိုးပြက်ပြက် အရောင်လက်လျက်ရှိသည့် ရုရှားအမြောက်များကို မြင်ရ၏။ မျက်နှာချင်းဆိုင် တောင်ကြားထဲ၌လည်း ရန်သူတပ်များနှင့် ရန်သူအမြောက်မြတပူများကို မြင်ရလေသည်။ ရုရှားတို့၏ ရှေ့တန်းစစ်ကြောင်းမှာ တောင်ခြေလျှိုကြား ထဲရှိ ရန်သူတပ်များနှင့် စတင်တိုက်ပွဲဖြစ်ပွားလျက် ရှိပြီဖြစ်သဖြင့် သေနတ်သံများကို ကြားရခြင်း ဖြစ်လေသည်။

ဤအသံများကို နီကိုလေ မကြားခဲ့ရသည့်မှာ ကြာလေပြီ။ နီကိုလေသည် သေနတ်သံများကို ကြားလိုက်ရသည်နှင့် ဆိုင်းသံကို ကြားရသကဲ့သို့ မြူး၍ လာလေသည်။ ဒက်ဒက်၊ ဒက်ဒက်ဟူသော သေနတ်သံများသည် အဆက်မပြတ် ထွက်ပေါ်လာလိုက်၊ တစ်ချက်ပြီးတစ်ချက် ထွက်၍လာလိုက်ဖြင့် တရစပ် မြည်နေကြသည်။ ထို့နောက် အားလုံး တိတ်ဆိတ်သွားကြပြန်သည်။ ထို့နောက် တစ်ဖန် ဗျောက်အိုးများ ဖောက်လိုက်သကဲ့သို့ တရစပ် မြည်ဟည်းလာပြန်လေသည်။

မြင်းတပ်သားများသည် ထိုနေရာတွင် တစ်နာရီခန့်မျှ စောင့်နေကြရသည်။ အမြောက်မြတပူ ပစ်ခတ်သံများ ပေါ်ထွက်လာလေပြီ။ မြို့စားကြီး ဩစတာမန်သည် နောက်လိုက်နောက်ပါများနှင့်အတူ မြင်းတပ်ခွဲအနီးသို့ ရောက်လာကာ တပ်ခွဲမှူးနှင့် စကားပြောဆိုပြီးနောက် အမြောက်တပ်ရှိရာ တောင်ကုန်းထိပ်ပေါ်သို့ တက်သွားလေသည်။

မြို့စားကြီး ဩစတာမန် ထွက်သွားပြီးနောက် မကြာမီ ပိုလန်တပ်ဆိမ့ အမိန့်သံတစ်ခု ထွက်ပေါ်လာလေသည်။

"တန်းစီ။ တက်ရန် အသင့်ပြင်"

ရှေ့ဆုံးတွင်ရှိနေသော ခြေလျင်တပ်သည် မြင်းတပ် ဖြတ်ကျော်၍ တက်နိုင်ရန်အတွက် တပ်စု ကလေးများအဖြစ်ခွဲ၍ ဘေးသို့ ရှောင်ပေးလိုက်သည်။ ပိုလန်မြင်းတပ်သည် အသားကျ စီး၍ တောင်ကုန်းအောက်သို့ ဆင်းသွားကာ လက်ဝဲဘက်တွင် မြင်နေရသော ပြင်သစ်မြင်းတပ်ဆီသို့ ချီတက်သွားကြသည်။ ပိုလန် မြင်းတပ်သားများ၏ လှံထိပ်ဖျားမှ စစ်တံခွန်များသည် တဖျတ်ဖျတ် လွှင့်လျက်ရှိပေသည်။

ပိုလန်မြင်းတပ် တောင်ကုန်းအောက်သို့ ဆင်းသွားသည်နှင့် နီကိုလေတို့ မြင်းတပ်သည် တောင်ကုန်းထိပ်ရှိ အမြောက်တပ်ကို စစ်ကူပေးရန်အတွက် တောင်ကုန်းထိပ်သို့ ချီတက်လာခဲ့လေသည်။ မြင်းတပ်သည် တောင်ကုန်းထိပ်သို့ ရောက်လာပြီး စောစောက ပိုလန်မြင်းတပ် တပ်စွဲထားသည့်နေရာကို ဝင်ယူလိုက်ချိန်၌ စစ်မျက်နှာမှ ကျည်ဆန်များသည် တရှိန်ရှိမြည်ကာ အနားသို့ ကျလာကြ၏။ သို့ရာတွင် မည်သူ့ကိုမျှ ထိမှန်ခြင်း မရှိသေးချေ။

မကြာရကြာပြီဖြစ်သော နီကိုလေအဖို့ကား ဤအသံများသည် စောစောက အသံများထက် ရွှင်လန်းအားတက်စရာကောင်းလျက် ရှိပေ၏။ နီကိုလေသည် မိမိရင်ကို ကော့လိုက်ကာ တောင်ကုန်းထိပ်ပေါ်မှ စီး၍ မြင်နေရသော စစ်တလင်းကို လှမ်းမျှော်ကြည့်လိုက်ပြီးနောက် ပိုလန်မြင်းတပ်သားများကို မျက်စိတစ်ဆုံး ကြည့်လျက်ရှိလေသည်။ ပိုလန် မြင်းတပ်သားများသည် ပြင်သစ် မြင်းစီးသူရဲတပ်ကို တစ်ဟုန်ထိုး ထိုးဖောက် တိုက်ခိုက်ကြလေရာ ယမ်းခိုးများအကြားတွင် အထွေးထွေးဖြစ်လျက် ရှိကြသည်။ ငါးမိနစ်ခန့်ကြာသော် ပိုလန်မြင်းတပ်သည် ကဆုန်စိုင်း၍ ပြေးလာကြလျက် စောစောက တပ်စွဲထားသော နေရာသို့ မလာတော့ဘဲ လက်ဝဲဘက်သို့ ဆုတ်ခွာလာကြလေသည်။ အုန်းခွဲရောင် မြင်းကြီးများပေါ်၌ လိမ္မော်သွေးဝတ်စုံကို ဝတ်ထားသည့် ပိုလန်မြင်းတပ်သားများ အကြားနှင့် ၎င်းတို့၏ နောက်ဖျားခွံ ဖောင်းဝတ်ပြာရောင် မြင်းကြီးများကို စီး၍ အပြာရောင်ဝတ်စုံများကို ဝတ်ထားသော ပြင်သစ်မြင်းစီးသူရဲများကို မြင်ရလေသည်။

အခန်း ၁၅

ဤသို့ အပြာရောင် ပြင်သစ် မြင်းစီးသူရဲများက ပိုလန်မြင်းတပ်များအား အပြင်း လိုက်လံတိုက်ခိုက်လျက် ရှိပြီဖြစ်ကြောင်းကို နီကိုလေသည် စူးရှထက်မြက်သော တောလိုက်သမား၏ မျက်လုံးများဖြင့် ပထမဦးစွာ သတိပြုလိုက်မိလေသည်။ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးလာကြသော ပိုလန်မြင်းတပ်သည် တဖြည်းဖြည်း နီး၍ နီး၍လာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



၁၈၁၂ ခုနှစ်၊ နယ်လိုင်းစခန်ပွဲပြု မြေပုံကြမ်း

ပြင်သစ် မြင်းစီးသူရဲများကလည်း နောက်မှ ထက်ကြပ်လိုက်လာကြလေသည်။ တောင်ခြေလျှိုကြားထဲတွင် ရှိစဉ် ထိုမြင်းစီးသူရဲများကို မှုန်မှုန်ရေးရေးမျှသာ မြင်ခဲ့ရသော်လည်း ယခုမူကား ၎င်းတို့သည်ခပ်လှမ်းလှမ်းသို့ ရောက်လာကြကာ ဓားလွတ်များကို ဝှေ့ယမ်းလျက် ညာသံပေး၍ တက်လာကြသည်ကို သဲကွဲစွာ မြင်နေရပြီ ဖြစ်လေသည်။

နီကိုလေသည် တောလိုက်ထွက်လာသကဲ့သို့ မိမိရှေ့တွင် ဖြစ်ပျက်လျက်ရှိသော အခြင်းအရာကို ရုပ်၍ ကြည့် နေမိသည်။ ဤအချိန်၌ မိမိတို့ မြင်းတပ်က ပြင်သစ် မြင်းစီးသူရဲတပ်ကို နောက်ပိုင်းမှ ဝင်တိုက်နိုင်လျှင် ပြင်သစ်မြင်းတပ် ပျက်မည်မုချဟူသောအသိသည် နီကိုလေ၏ ခေါင်းထဲသို့ လက်ခနဲ ဝင်ရောက်လာ၏။ ရန်သူ မြင်းတပ်ကို နောက်ပိုင်းမှ ဝင်တိုက်ရန်မှာ ထို့ထက်ကောင်းသော အချိန်မရှိတော့ချေ။ သို့ရာတွင် မိမိ၌ ယခုအချိန်အထိ အမိန့်မရသေး။ အမိန့်ရမှ တိုက်မည်ဆိုလျှင်ကား အခွင့်အရေးကောင်းတစ်ခုကို လက်လွတ်ရတော့မည်သာ ဖြစ်လေသည်။ နီကိုလေသည် ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်၏။ မိမိဘေးတွင် ဗိုလ်ကြီးတစ်ယောက်သည် မိမိ

www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့ပင် တောင်ခြေရှိ မြင်းတပ်များကို ကြည့်လျက်ရှိလေသည်။

"ဗျို့ ဗိုလ်ကြီး၊ ဒီအချိန်မှာ နောက်ကနေ ဝင်ပြီး တိုက်လိုက်ရရင်တော့ အကွက်ကောင်းပဲဗျ" နိုကိုလေက ပြောလိုက်၏။

"အစစ်ပဲဗျ၊ အမိန့်မရ" မြင်းတပ်ဗိုလ်ကြီးက ပြန်ပြောလိုက်သည်။

နိုကိုလေသည် ဗိုလ်ကြီး၏ စကားဆုံးအောင် မစောင့်တော့ဘဲ မြင်းကိုတို့ကာ တပ်ခွဲရှေ့သို့ ဒုန်းစိုင်း၍ စီးလာခဲ့၏။ နိုကိုလေ၏အမိန့်ပေးသံမှ မဆုံးမီတွင် မြင်းတပ်သားများသည် မြူးကြွလာကြကာ နိုကိုလေ၏နောက်သို့ တစ်ဟုန်ထိုး လိုက်လာခဲ့ကြလေသည်။ နိုကိုလေသည် တိုက်ရန် အမိန့်ကို မည်သို့မည်ပုံ ပေးလိုက်မိသည်ကို မသိတော့ချေ။ တောလိုက်ရာတွင် မည်သည့်အကြောင်းကိုမျှ စဉ်းစားခြင်း မပြုမိတော့ဘဲ သားကောင်နောက်သို့ လိုက်လျက်ရှိသကဲ့သို့ ယခုလည်း ရန်သူမြင်းတပ်ဆီသို့ သာ တစ်ဟုန်ထိုး စီးလာခဲ့လေသည်။ တဖြည်းဖြည်း ပြင်သစ်မြင်းစီးသူရဲများနှင့် နီးလာပေပြီ။ အလုံးအရင်းနှင့် ဆင်းလာသော မိမိတို့မြင်းတပ်ကို မြင်သည်၌ ရန်သူမြင်းတပ်များသည် ပိုလန်မြင်းတပ်သားများ နောက်သို့ ဆက်၍ မလိုက်တော့ဘဲ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးလျက်ရှိသည်ကို မြင်ရလေသည်။ ရန်သူ မြင်းတပ်သည် မိမိတို့၏တိုက်စစ်ကို ခံနိုင်မည်မဟုတ်ကြောင်း၊ ရန်သူမြင်းတပ်ကို တိုက်ခိုက်ရန်မှာ ဤအချိန်သည် အကောင်းဆုံးအချိန်ဖြစ်ကြောင်း၊ အခွင့်ကောင်းကို လက်လွှတ်လိုက်ပါက နောင်တွင် ထိုထက်ကောင်းသော အခွင့်အရေးကို မည်သည့်အခါမျှ ရတော့မည်မဟုတ်ကြောင်း နိုကိုလေ သိ၏။ ထိုမျှမက ရန်သူကျည်ဆန်များကလည်း စိတ်အားတက်ကြွဖွယ်ကောင်းလောက်အောင် နိုကိုလေ၏အနီးတွင် တဝီဝီဖြတ်သန်းလျက်ရှိ၍ ၎င်း၏မြင်းကြီးကလည်း ရှေ့သို့သာ အတင်းဆွဲလျက်ရှိလေရာ နိုကိုလေသည် မချုပ်တည်းနိုင်တော့ဘဲ မြင်းကို တို့၍ တပ်သားများကို တိုက်ရန် အမိန့်ပေးကာ ပြင်သစ်မြင်းစီးသူရဲများရှိရာ တောင်ကုန်းအောက်သို့ တအားစီး၍ လာခဲ့ခြင်းဖြစ်ပေသည်။ ၎င်း၏နောက်၌ကား မြင်းတပ်သားများသည် မိုးခြိမ်းသကဲ့သို့သော ခွာသံများကို ပေးလျက် လိုက်ပါလာကြ၏။ တောင်ကုန်းအောက်လွင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရုရှားမြင်းတပ်များသည် အသော့စီးလာခဲ့ရာမှ ဒုန်းစိုင်းကာ မြန်သည်ထက်မြန်လာကြပေပြီ။ ရှေ့၌ ပိုလန်မြင်းတပ်ရှိ၍ နောက်၌ ပိုလန်မြင်းတပ်များကို ဖိ၍လိုက်နေသော ရန်သူပြင်သစ်မြင်းတပ် ဖြစ်၏။ နိုကိုလေတို့ မြင်းတပ်က ပြင်သစ်မြင်းတပ်ကို ဘေးမှ ဦးတိုက်လိုက်၍နေခြင်း ဖြစ်လေသည်။ ယခုအချိန်၌ကား နိုကိုလေတို့ မြင်းတပ်သည် ပြင်သစ်မြင်းတပ်များနှင့် လက်တစ်ကမ်းသို့ ရောက်လျက်ရှိလေပြီ။ ရုရှားမြင်းတပ်ကို မြင်လိုက်သည်၌ ရှေ့ဆုံးမှတက်လာသော ပြင်သစ်မြင်းစီးသူရဲများသည် နောက်သို့ ပြန်လှည့်ပြေးကြ၏။ နောက်ကလိုက်လာသော ရန်သူမြင်းတပ်သားများသည် တန့်နေကြ၏။ နိုကိုလေသည် ဝံပုလွေအား လမ်းမှ ဖြတ်၍လိုက်စဉ်ကကဲ့သို့သော စိတ်အားထက်သန်ခြင်းမျိုးဖြင့် ဖရိုဖရဲဖြစ်လျက်ရှိသော ရန်သူ ပြင်သစ်မြင်းစီးသူရဲစစ်ကြောင်းကို လမ်းမှဖြတ်၍ တိုက်ခိုက်ရန် မိမိ၏ဒွန်မြင်းကြီးကို ဇက်ကုန်ဆွဲ၍ စီးလာခဲ့သည်။ ပိုလန်မြင်းတပ်သားတစ်ယောက်သည် မိမိတို့ဘက်မှ စစ်ကူရောက်ရှိလာပြီကို သိသည့်အတွက် ဆက်၍မပြေးတော့ဘဲ ရပ်လိုက်သည်။ မြင်းမရှိတော့ဘဲ ခြေလျင်ပြေးနေသည့် အခြားပိုလန်တပ်သားတစ်ယောက်ကား မြင်းတိုက်မိမည်စိုးသည့်အတွက် မြေကြီးပေါ်တွင် ပစ်၍ လဲချလိုက်သည်။ ပိုလန်မြင်းတပ်မှ စီးသူမရှိတော့သော မြင်းတစ်ကောင်သည် ရုရှားမြင်းတပ်များကြားတွင် လဲကျသွား၏။ ပြင်သစ် မြင်းစီးသူရဲအားလုံးလောက်မှာ ဆုတ်ခွာထွက်ပြေးကြလေပြီ။ နိုကိုလေသည် ဖောင်းဝတ်ရောင်မြင်းကြီးကို စီးထားသည့် ရန်သူပြင်သစ်တစ်ယောက်ကို ရွေးကာ ထိုသူ၏နောက်သို့ သဲသဲမဲမဲလိုက်လာခဲ့လေသည်။ လမ်းတွင် ချုံတစ်ချုံ ကာဆီးလျက်ရှိသော်လည်း ၎င်း၏ဒိုးနက်မြင်းကြီးသည် ထိုချုံလောက်ကို မမှုဘဲ လွှားခနဲ ခုန်လိုက်လေရာ နိုကိုလေမှာ မြင်းကုန်းပေါ်မှ မြောက်တက်သွားလေသည်။ သို့ရာတွင် မြင်းကုန်းပေါ်သို့ ပြန်၍ မကျမီ၌ပင် မိမိလိုက်လဲလျက်ရှိသော ရှေ့က ရန်သူကို မီလုမီခင်ဖြစ်လျက် ရှိလေပြီ။ တပ်ဗိုလ်ဝတ်စုံကို ဝတ်ထားသည့် ထိုပြင်သစ်မြင်းစီးသူရဲကလည်း မြင်းကုန်းပေါ်တွင် ဝပ်၍ ကဆုန်စိုင်းနေရင်းက ဓားလွယ်ဖြင့် မြင်း၏နံပါးကိုရိုက်၍ ခြေကုန်စီးလျက် ရှိလေသည်။ ခဏအကြာ၌မူကား နိုကိုလေ၏မြင်းသည် ပြင်သစ်မြင်း၏

www.burmeseclassic.com

www.burmeseclassic.com

ဖင်ပိုင်းကို ရင်အုပ်နှင့် ဝင်ဆောင့်လိုက်လေရာ ပြင်သစ်မြင်းသည် လဲကျတော့မည်ကဲ့သို့ ယိုင်သွားသည်။ ထိုခဏ၌ နီကိုလေသည် ဓားလွယ်ကိုမြှောက်၍ ပြင်သစ်ဗိုလ်ကို ခုတ်ပိုင်းချလိုက်သည်။

ဤသို့ ဓားလွယ်ဖြင့် ရန်သူကို ခုတ်ပိုင်းလိုက်သည်နှင့်တစ်ပြိုင်နက် နီကိုလေ၏ စိတ်အားတက်ကြွခြင်းဟူသမျှတို့သည်တစ်မှုဟုတ်ချင်းပျောက်ကွယ်သွားကြလေပြီ။ ရန်သူတပ်ဗိုလ်သည် မြင်းပေါ်မှ လိမ့်ကျသွားလေသည်။ သို့ရာတွင် နီကိုလေ၏ဓားချက်မှာ တံတောင်ဆစ်အထက် လက်မောင်းနားကို ရှုပ်၍ထိသွားခြင်းမျှသာ ဖြစ်သဖြင့် ဓားချက်ကြောင့် လိမ့်ကျခြင်းမဟုတ်ဘဲ မြင်းလန့်၍ ခုန်လိုက်သဖြင့် လိမ့်ကျသွားခြင်းသာ ဖြစ်လေသည်။ နီကိုလေသည် မြင်းဇက်ကိုလျှောလိုက်၍ မိမိ၏ရန်သူကို ကြည့်လိုက်သည်။ ပြင်သစ်မြင်းတပ်ဗိုလ်သည် မြေကြီးပေါ်တွင် ခြေတစ်ပေါင်ကျိုးခုန်လျက်ရှိ၏။ ကျန်ခြေထောက်တစ်ဖက်ကား ခြေနင်းကွင်းထဲတွင် ချိတ်လျက်ရှိလေသည်။ ပြင်သစ်တပ်ဗိုလ်သည် နောက်တစ်ကြိမ်ကျရောက်လာမည့် နီကိုလေ၏ ဓားချက်ကို ကြောက်ရွံ့လျက်ရှိကာ နီကိုလေကို ထိတ်လန့်သော မျက်လုံးများဖြင့် မော့ကြည့်လျက် ရှိလေသည်။ ထိုတပ်ဗိုလ်၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်ကာ ရွံ့များပေကျံလျက်ရှိ၏။ ပြာလဲ့သော မျက်လုံးများ၊ ပါးချိုင့်ကလေးများနှင့်တကွ နုနယ်ပျိုမျစ်သော ထိုတပ်ဗိုလ်၏မျက်နှာကား စစ်မြေပြင်တွင် တွေ့ရတတ်သော ရန်သူ၏မျက်နှာထားမျိုးမဟုတ်ဘဲ သာမန်အရပ်သားကလေးတစ်ယောက်၏ မျက်နှာမျိုးဖြစ်၏။ နီကိုလေသည် သနရပ္ပရှိသော ပြင်သစ် တပ်ဗိုလ်ကလေးကိုကြည့်ရင်း ဘာလုပ်ရမည်မသိဘဲ ဖြစ်နေစဉ်တွင် ထိုတပ်ဗိုလ်ကလေးက "လက်နှက်ချပြီ"ဟု အော်လိုက်သည်။ ပြင်သစ်တပ်ဗိုလ်ကလေးသည် ခြေနင်းကွင်းတွင် ချိတ်ဆွဲလျက်ရှိသော ခြေထောက်တစ်ဖက်ကို ဖြုတ်ရန် ကြိုးစားသော်လည်း အချည်းနှီးဖြစ်လျက် ရှိလေသည်။ ကြောက်ရွံ့ထိတ်လန့်လျက်ရှိသော မျက်လုံးများကမူ နီကိုလေကိုသာ စိုက်ကြည့်လျက်ရှိ၏။ ဤတွင် ရုရှား မြင်းတပ်သားများရောက်လာပြီး ခြေထောက်ကို ခြေနင်းကွင်းမှ ဖြုတ်ပေးကာ သူ့ကို မြင်းပေါ်သို့ ဘင်ဆေးလိုက်ကြ၏။ ဘေးတစ်ဖက်တစ်ချက်၌ကား ရုရှားမြင်းတပ်များသည် ပြင်သစ်မြင်းစီးသူရဲများနှင့် ထိုးခုတ်တိုက်ခိုက်လျက် ရှိလေ၏။ ပြင်သစ် မြင်းစီးသူရဲတစ်ယောက်မှာ ဓားချက်မိကာ မျက်နှာတွင် သွေးတွေရဲလျက်ရှိသော်လည်း မြင်းကို အတင်းတွယ်ဖက်ထားလေသည်။ အခြားရန်သူတပ်သားတစ်ယောက်ကမူ ရုရှားမြင်းတပ်သားကို နောက်မှ ဝင်အုပ်လိုက်ကာ လည်ပင်းကို လက်မောင်းများဖြင့် ညှပ်ထားသည်။ အခြားတစ်ယောက်ကိုမူကား ရုရှားမြင်းတပ်သားများက မြင်းပေါ်သို့ ကူ၍တင်ပေးလျက်ရှိ၏။ ရှေ့မှ ပြင်သစ်ခြေလျင်တပ်များသည် ဆုတ်ပစ် ပစ်လျက်ရှိ၏။ ရုရှားမြင်းတပ်များသည် ဖမ်းဆီးရမိသော သုံ့ပန်းများကို ခေါ်ဆောင်ကာ ဒုန်းစိုင်း၍ ပြန်လာခဲ့ကြ၏။ နီကိုလေသည်လည်း မိမိမြင်းတပ်သားများနှင့်အတူ ပြန်လှည့်လာခဲ့လေသည်။ သို့ရာတွင် သူ့စိတ်ထဲ၌ကား ကြည်လင်ရွှင်ပျခြင်း မရှိတော့ဘဲ လေးလံထိုင်းမှိုင်းလျက် ရှိလေပြီ။ ရန်သူ တပ်ဗိုလ်ကလေးကို ဓားနှင့်ခုတ်၍ ဖမ်းဆီးလာခဲ့သည့်နောက်တွင် နီကိုလေ၏စိတ်သည် နောက်ကျိရှုပ်ထွေးလျက် လာခဲ့လေပြီ။ အဘယ်ကြောင့်ထိုသို့ဖြစ်ရသည်ကိုလည်း စဉ်းစား၍မရအောင် ဖြစ်လျက်ရှိလေသည်။

တပ်မှူး မြို့စားကြီး ဩစတာမန်သည် စစ်တလင်းမှ ပြန်လာသော မြင်းတပ်သားများကို ဆီးကြိုကာ နီကိုလေကို အခေါ်လွှတ်လိုက်ပြီးနောက် ကျေးဇူးတင်ကြောင်း ပြောဆိုလျက် နီကိုလေ၏ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များကို ဘုန်းတော်ကြီးသော ဘုရားထံသို့ လျှောက်တင်မည်ဖြစ်ကြောင်း၊ သူရဿတ္တိမြောက်သော ဆောင်ရွက်ချက်များအတွက် ချီးမြှင့်လေ့ရှိသော စိန့်ဂျော့ ဘွဲ့တံဆိပ်ချီးမြှင့် ရန်လည်း ထောက်ခံရေးသားမည် ဖြစ်ကြောင်းဖြင့် ပြော ဆိုခြင်းပြုလေသည်။ နီကိုလေ၏စိတ်၌မူကား မြို့စားကြီး ဩစတာမန်က အခေါ်လွှတ်လိုက်သည်ဟု ဆိုသည်နှင့် တစ်ပြိုင်နက် တိုက်ရန်အမိန့်မရှိဘဲ ဝင်ရောက်တိုက်ခိုက်ခြင်းကို အမှတ်ရကာ မိမိ၏ စည်းကမ်းဖောက်ဖျက်မှုကြောင့် အပြစ်ပေးချေတော့မည်ဟု စိုးရိမ်လျက်ရှိခဲ့ရာ ယခုကဲ့သို့ မြို့စားကြီး ဩစတာမန်၏ အားပေးချီးမြှောက်သော စကားများကို မမျှော်လင့်ဘဲ ကြားလိုက်ရသောအခါ၌ကား ဆတက်ထမ်းပိုးတိုး၍ ဝမ်းသာသွားမိလေသည်။ သို့တိုင်အောင် မိမိ၏ အကျင့်သိက္ခာကို မသတီဖြစ်လျက်ရှိခြင်းကား ပျောက်ကွယ်၍ မသွားသေးချေ။

www.burmeseclassic.com

www.burmeseclassic.com

'ငါ ဘာဖြစ်လို့ ဒီလောက် စိတ်လေးနေရတာလဲ' နီကိုလေသည် ဗိုလ်ချုပ်မြို့စားကြီး ဩစတာမန်ထံမှ မြင်းစီး၍ ပြန်လာခဲ့စဉ် ဤသို့ တွေးလာခဲ့မိလေသည်။ 'အီလျင်အတွက် စိတ်လေးတာလား၊ အီလျင်အတွက်လဲ မဖြစ်နိုင်ဘူး၊ အီလျင် ချောချောမောမော ပြန်ရောက်လာပြီပဲ၊ စိတ်လေးစရာ မလိုတော့ပါဘူး၊ ငါသိက္ခာကို ငါ ကျအောင်လုပ်ခဲ့လို့ စိတ်ထဲမှာ နောက်ကျနေတာလား၊ ဒါလဲ မဟုတ်ဘူး'

ဤသို့ အပြန်ပြန် အလှန်လှန် စဉ်းစားမိသော်လည်း အကြောင်းရင်းကို ရှာ၍မတွေ့နိုင်အောင် ဖြစ်လျက် ရှိလေသည်။

'သိပြီ၊ သိပြီ၊ ပါးချိုင့်လေးနဲ့ ပြင်သစ်တပ်ဗိုလ်လေး အတွက် စိတ်လေးနေတာ မဟုတ်လား၊ ဓားနဲ့ခုတ်မယ် လုပ်တော့ ငါ့လက်တွေဟာ အလိုလို ဆိုင်းသွားကြတယ် မဟုတ်လား'

နီကိုလေသည် သုံ့ပန်းများအား ခေါ်ဆောင်သွားသည်ကို မြင်လိုက်ရ၏။ ထို့ကြောင့် ပါးချိုင့်ကလေးနှင့် ပြင်သစ်တပ်ဗိုလ်ကလေးကို ကြည့်ရန် ၎င်းတို့နောက်သို့ ကဆုန်ချ၍ လိုက်လာခဲ့လေသည်။ ပါးချိုင့်နှင့် ပြင်သစ်တပ်ဗိုလ်ကလေးသည် ပြင်သစ်စစ်ဝတ်စုံကို ဝတ်၍ မြင်းတစ်စီးပေါ်တွင် ထိုင်လျက် လိုက်ပါသွားရင်း အေးပတ်ဝန်းကျင်ကို စိုးရိမ်တကြီး ကြည့်လျက်ရှိလေသည်။ ၎င်း၏ လက်မောင်းပေါ်မှ ဓားဒဏ်ရာမှာ ဒဏ်ရာဟု ခေါ်ထိုက်လောက်အောင် မကြီးလှသဖြင့် နီကိုလေသည် အနည်းငယ် စိတ်သက်သာရာ ရသွားသလိုရှိ၏။ ပါးချိုင့်နှင့် ပြင်သစ်တပ်ဗိုလ်ကလေးသည် ကြိုးစား၍ ပြုံးကာ နီကိုလေအား လက်ပြန့်တ်ဆက်လိုက်သည်။ နီကိုလေကား ရုက်သလိုလို မလုံသလိုလို ဝေဒနာတစ်မျိုးကို ခံစားနေရဆဲပင် ရှိပေသေး၏။

တစ်ရက်နှစ်ရက်အတွင်း၌ကား နီကိုလေသည် ရွှင်ရွှင်ပျပျမရှိလှဘဲ တစ်စုံတစ်ခုကို လေးနက်စွာ တွေးတောလျက်ရှိသည့်ပမာ ခပ်ဆိတ်ဆိတ် ဖြစ်လျက်ရှိခြင်းကို တွေ့ရ၏။ အရက်သောက်သည့်အခါ၌လည်း စိတ်ပါဟန် မရှိဘဲ တစ်ယောက်တည်း ငေးငိုင်လျက်ရှိရာက မိမိ၏ စိတ်ထဲတွင် လိပ်ခဲတည်းလည်း ဖြစ်လျက်ရှိသောအရာကို ဖြေဖျောက်ရန် ကြိုးစားလျက် ရှိလေသည်။

နီကိုလေသည် မမျှော်လင့်ဘဲနှင့် စိန့်ဂျော့သူရဲကောင်း တံဆိပ်ကြီးနှင့်တကွ သူရသတ္တိနှင့် ပြည့်စုံပါပေသည်ဟူသော ကျော်ကြားခြင်းကိုရရန် ဖန်တီးပေးလိုက်သည့် မိမိ၏စွန့်စားခန်းကိုသာ အမြဲတစေ တွေးတောနေမိလေသည်။ သို့ရာတွင် ထိုအကြောင်းများကို စဉ်းစားလိုက်တိုင်း နီကိုလေ၏ အတွေးများသည် ပို၍ ရှုပ်ထွေးလာကြလေသည်။

'ငါဟာ စိန့်ဂျော့ သူရဲကောင်းတံဆိပ်ကြီးကို ရတော့မယ်၊ ဒီသူရဲကောင်းတံဆိပ်ကို ငါ ဘာဖြစ်လို့ရသလဲ၊ အဓိပ္ပာယ်ကတော့ တခြားလူတွေဟာ ငါ့ထက်တောင် ကြောက်တယ်၊ ငါ့ထက်တောင် သူရဲဘောနည်းတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ငါကော မကြောက်ဘူးလား၊ ငါလဲ ကြောက်တာပဲ၊ ဒါပေမဲ့ ငါက အကြောက်နည်းတယ်၊ ဒါပေမဲ့ ဒါကိုပဲ သူတို့က သူရဲကောင်းလို့ ဆိုကြပြန်တယ်၊ ငါဟာ ငါ့တိုင်းပြည်နဲ့ ငါ့လူမျိုးအတွက် စစ်တိုက်နေတာကော ဟုတ်ရဲ့လား၊ မျက်လုံးပြာတွေနဲ့ ပါးချိုင့်ကလေးရှိတဲ့ ပြင်သစ်တပ်ဗိုလ်ကလေးမှာကော ဘာအပြစ်ရှိသလဲ၊ ကြည့်ရတာကတော့ ငါက သူ့ကို သတ်တော့မယ်ထင်လို့ ထင်ပါရဲ့၊ ကြောက်နေလိုက်တာ၊ ငါကကော သူ့ကို ဘာဖြစ်လို့ သတ်ရမှာလဲ၊ ဘာအကြောင်းကြောင့် သတ်ရမှာလဲ၊ ဒီတုန်းက ငါ့လက်တွေဟာ ဘာဖြစ်လို့ တုန်နေရတာလဲ၊ လူတစ်ယောက်အသက်ကို သတ်ရမှာ ဝန်လေးပြီး လက်တုန်နေတဲ့ ငါ့လို လူတစ်ယောက်ကို စိန့်ဂျော့သူရဲကောင်းတံဆိပ်ပေးကြဦးမလို့တဲ့၊ ငါ မစဉ်းစားတတ်တော့ဘူး၊ စဉ်းလဲ မစဉ်းစားချင်တော့ဘူး'

နီကိုလေသည် ဤပြဿနာများကို စဉ်းစားလျက်ရှိ၍ မိမိအား စိတ်ညစ်ကျူရုပ်ထွေးစေသော ထိုပြဿနာများ၏ အဖြေကို ရှာဖွေတွေ့ရှိနိုင်ခြင်း မရှိသော်လည်း ကံတရားတည်းဟူသော ဘီးကြီးသည် တက်စီးနိုင်ရန် မိမိဘက်သို့ လိမ့်လာလျက် ရှိလေပြီ။ ဩစထရိန်နာတိုက်ပွဲပြီးသည့်နောက်၌ နီကိုလေအား မြင်းတပ်ရင်းတစ်ရင်း၌ တပ်ရင်းမှူးအဖြစ် ခန့်အပ်လိုက်ကြောင်း အမိန့်ထွက်လာလေသည်။ ထိုမျှမက သူရသတ္တိ ပြောင်မြောက်သော တပ်ဗိုလ်တစ်ဦးကို အလိုရှိလျှင်လည်း နီကိုလေသာ ရွေးချယ်ခြင်း ခံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၆

နာတာရှာ နာမကျန်းဖြစ်လျက်ရှိသည်ဟူသော သတင်းကို ကြားရသည့်အခါ၌ မိခင်မြို့ စားကတော်ကြီးမှာ ကောင်းစွာ နာလန်ထခြင်း မရှိသေးဘဲ အားနည်းလျက်ပင် ရှိသေးသော်လည်း သားငယ်ပီတာနှင့်တကွ အခြေအရံများအား လုံးကိုပါ ခေါ်၍ မော်စကိုသို့ ရောက်လာခဲ့လေသည်။ မြို့စားကတော်ကြီး ရောက်ရှိလာပြီး မကြာမီမှာပင် မာယာဒီမီထရိယက်ဗ်နာ၏ အိမ်မှ ၎င်းတို့ပိုင် မော်စကိုအိမ်သို့ ပြောင်းရွှေ့လာခဲ့ကာ မြို့မှာပင် အခြေချလျက် ရှိလေသည်။

နာတာရှာမှာ အသည်းအသန် မကျန်းမာခြင်းဖြစ်ရကား မကျန်းမာခြင်း၏ အကြောင်းရင်းများ၊ နာတာရှာ၏ အပြုအမူများ၊ မင်းသားကလေး အင်ဒရေနှင့် စေ့စပ်ကြောင်းလမ်းမှ ဖျက်သိမ်းခြင်း စသည့်ကိစ္စများသည် ထင်ပေါ်လာခြင်း မရှိတော့ဘဲ မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြလေသည်။ ဤသို့ မေ့မေ့ပျောက်ပျောက် ဖြစ်သွားခြင်းသည်ပင် နာတာရှာနှင့်တကွ နာတာရှာ၏ မိဘများအဖို့ ကံကောင်းထောက်မခြင်း ဖြစ်သည်ဟု ဆိုရမည် ဖြစ်လေသည်။ နာတာရှာမှာ များစွာ နာမကျန်းဖြစ်လျက် ရှိသည့်အတွက် ဖြစ်ခဲ့သောကိစ္စများနှင့် ပတ်သက်၍ နာတာရှာအား ကဲ့ရဲ့သရော်ဟစ်ကားတင်းဆို၍ မသုင့်တော်အောင် ဖြစ်လျက်ရှိကြပေသည်။ နာတာရှာမှာ အစားလည်း မဝင်၊ အအိပ်အနေလည်း နည်းပါးကာ ပိန်ချုံးသည်ထက် ပိန်ချုံးလာခဲ့၏။ ချောင်းကလည်း အပြင်းအထန်ဆိုး၏။ သမားတော်များကလည်း စိုးရိမ်ရသည်ဟု ဆိုကြ၏။ ၎င်းတို့သည် နာတာရှာ၏ရောဂါ ပျောက်ကင်းရေးကိုသာ ကြံစည်စိတ်ကူးလျက် ရှိကြ၏။ တစ်ဦးချင်းသော်လည်း ကောင်း၊ စုပေါင်း၍သော်လည်းကောင်း နာတာရှာကို ဝင် ရောက်ကြည့်ရှုကြ၏။ ပြင်သစ်၊ ဂျာမန်၊ လက်တင် စသည့် စကားအမျိုးမျိုးဖြင့် တိုင်ပင်ဆွေးနွေးကြ၏။ သူ့ကုထုံးက မှားသည်၊ ငါ့ကုထုံးက မှန်သည် စသည်ဖြင့် တစ်ယောက်ကိုတစ်ယောက် အပြစ်ဖို့ကြ၏။ ၎င်းတို့သိသမျှသော ရောဂါအမျိုးအမည် အားလုံးကို တစ်မျိုးပြီးတစ်မျိုး ရှုတ်ဆို၍ ရေတွက်ခြင်းငှာ မစွမ်းနိုင်သော ဆေးအမျိုးမျိုးကို တစ်ဖုံပြီးတစ်ဖုံ တိုက်ကျွေးကြ၏။ သို့သော်လည်း အသက်ရှင်နေသော လူတစ်ယောက်တွင် စွဲကပ်သည့် ရောဂါဝေဒနာကို တကယ်နားလည် သိကျွမ်းသူဟူ၍ လောကတွင် တစ်ယောက်မျှ မရှိသည့်အလျောက် မိမိတို့သည်လည်း နာတာရှာ၏ ရောဂါနှင့်စပ်လျဉ်း၍ ဘာမျှ နားလည်သိကျွမ်းခြင်း မရှိဟူသော လွန်စွာ ရှင်းလင်းလွယ်ကူသည့် အချက်ကြီးကိုမူကား အဆိုပါ သမားတော်ကြီးများ မစဉ်းစားမိကြချေ။ ဆေးသမားဆိုသူများက လူတို့၏ ရောဂါဝေဒနာကို တတ်ကျွမ်းနားလည်၍ ပျောက်ကင်းအောင် ကုသပေးနိုင်သည်ဆိုသော စကားသည် စင်စစ်၌ အလကားစကားသာ ဖြစ်လေသည်။

အမှန်၌ကား လူ၏ခန္ဓာကိုယ် စက်ယန္တရားကြီးသည် ရှုပ်ထွေးဆန်းကြယ်သည့်အလျောက် လူတွင် စွဲကပ်သော ရောဂါဝေဒနာများကို မည်သူမျှ နားလည်ကြသည် မဟုတ်ချေ။ နားလည်သူဟူ၍လည်း တစ်ယောက်မျှ မရှိချေ။ အဘယ်ကြောင့်ဟူမူ အသက်ရှင်နေသူတိုင်း၌ တစ်ယောက်တစ်မျိုးစီ ကွဲပြားခြားနားသော ကိုယ်ခန္ဓာဖွဲ့စည်းပုံများ၊ ထူးခြားချက်များရှိကြ၍ သို့ရှိသည့်အလျောက်လည်း ထူးခြားဆန်းပြား ရှုပ်ထွေး၍ ဆေးပညာထဲတွင် ရှာမတွေ့နိုင်သော ကိုယ်ပိုင်ရောဂါ အသစ်အဆန်းများ တစ်ယောက်တစ်မျိုးစီ ရှိတတ်ကြသောကြောင့်ပေတည်း။ ထိုကိုယ်ပိုင်ရောဂါကား အဆုတ်ရောဂါ၊ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ အရေပြားရောဂါ၊ နှလုံးရောဂါ၊ အာရုံကြောရောဂါ စသည့် ဆေးကျမ်းများထဲတွင် ဖော်ပြထားသော ရောဂါတို့အနက် တစ်ခုမျှ မဟုတ်ကြဘဲ ထိုကိုယ်အင်္ဂါအစိတ်အပိုင်းဆိုင်ရာ ရောဂါအားလုံး စုပြုံပေါင်းစပ်ထားသည့် ကိုးဆယ့်ခြောက်ပါး ရောဂါပေါင်းချုပ် အမျိုးမျိုးအနက် ရောဂါပေါင်းချုပ် တစ်မျိုးသာ ဖြစ်လေသည်။ ထို့ကြောင့် လူတစ်ယောက်တွင် စွဲကပ်သော ရောဂါဝေဒနာကို တိကျ ပြည့်စုံစွာ နားလည်သူဟူ၍ လောကတွင် တစ်ယောက်မျှ မရှိနိုင်ချေ။ သို့ရာတွင် (ဂါထာမန္တရားတို့ကို မန်းမှတ် စီရင်ခြင်း၊ မပြုတတ်ဟူသော အတွေးမျိုးသည် မော်ဆရာ တစ်ဦး၏ခေါင်းထဲတွင် မပေါ်ပေါက်နိုင်သကဲ့သို့) ရောဂါဝေဒနာတို့ကို မိမိတို့ တတ်ကျွမ်းနားလည်ခြင်း မရှိဟူသော လွန်စွာ ရှင်းလင်းလွယ်ကူသည့် အတွေးသည်လည်း ဆေးသမားဆိုသူတို့၏ ခေါင်းထဲတွင် ပေါ်ပေါက်နိုင်ခြင်း မရှိချေ။ ဤမျှ လွယ်ကူရှင်းလင်းသော အတွေးမျိုးကို ဆေးသမားဆိုသူတို့ မတွေးမိခြင်းမှာလည်း စင်စစ်၌

www.burmeseclassic.com

www.burmeseclassic.com

ဘာမျှ **မဆန်းချေ**။ အကြောင်းမူကား ဆေးသမားဆိုသူတို့၏**အလုပ်သည်** (လူနာရောဂါပျောက်ရေးထက်) ဆေးကုစားရုံသက်သက်မျှသာဖြစ်၍ သို့ဆေးကုစားခြင်းဖြင့်လည်း ငွေကြေး အမြောက်အများရရှိခဲ့ကာ အချိန်အရွယ်ကောင်းတုန်းတွင် ထိုအလုပ်ဖြင့် အကြီးအကျယ် စီးပွားလမ်းဖြောင့်ခဲ့ကြပြီး ဖြစ်သောကြောင့်တည်း။ ထိုမှတစ်ပါး ဤ မျှ ရှင်းလင်းလွယ်ကူသော အချက်ကြီးကို ဆေးသမားများ မမြင်နိုင်အောင် ဖြစ်ကြရသည့် အခြားသောအကြောင်းတစ်ရပ်မှာ ၎င်းတို့သည် (မြို့စားကြီး ရောစတော့ဗ်မိသားစုအတွက် အသုံးဝင်လျက် ရှိသည့်နည်းတူ) ကမ္ဘာပေါ်ရှိ လူသားများအားလုံးအတွက် အသုံးဝင်လျက်ရှိသည်ဆိုသည့် အချက်ကို ၎င်းတို့ကိုယ်တိုင် သိမြင်နေကြသောကြောင့် ဖြစ်လေသည်။ သို့ရာတွင် ၎င်းတို့အသုံးဝင်နေကြခြင်းမှာ လူနာအား ဆေးဝါးများ တိုက်ကျွေးခြင်းကြောင့် အသုံးဝင်နေခြင်း မဟုတ်ချေ။ (စင်စစ်၌ ၎င်းတို့တိုက်ကျွေးသော ဆေးများသည် အသက်ကိုပင် ဥပါဒ်ဖြစ်စေသေးသည်။ ထိုဆေးများကို အနည်းငယ်မျှသာ တိုက်ကျွေးခြင်းကြောင့်၊ ၎င်းတို့၏ ဥပါဒ်ပေးတတ်သောသဘောကို ရုတ်တရက် သဘောမပေါက်နိုင်ကြခြင်း ဖြစ်သည်။) ဆေးသမားများသည် လူများအတွက် မရှိမဖြစ်သောအရာ၊ အသုံးဝင်သောအရာ၊ ခွဲခွာမရစေကောင်းသောအရာ ဖြစ်နေကြခြင်းမှာ ၎င်းတို့သည် လူနာနှင့်တကွ မကင်းရာမကင်းကြောင်း ပုဂ္ဂိုလ်များအား စိတ်ချမ်းသာမှု၊ နှစ်သိမ့်မှု ပေးနိုင်ခြင်းကြောင့်သာ ဖြစ်လေသည်။

ထို့ကြောင့်လည်း လောကဥ္စ သမားတု သမားယောင်များ၊ ပျောက်စေဆရာများ၊ ဓာတ်ဆရာများ၊ နတ်ကတော်များဟူ၍ ရှိနေခြင်းဖြစ်လေသည်။ ၎င်းတို့သည် နောင်၌လည်း ရှိနေဦးမည်သာ ဖြစ်လေသည်။ လူသည် ယုယကြင်နာခြင်း၊ သောကဗျာပါရကင်း၍ စိတ်ချမ်းသာစွာ နေထိုင်ရခြင်းကို တောင့်တတတ်သော သတ္တဝါဖြစ်ရာ ဆေးသမားဆိုသူများသည် ထိုတောင့်တချက်ကို ဖြည့်စွမ်းပေးတတ်ကြ၏။ နာမကျန်းဖြစ်လျက် ရှိသူ၏ဆန္ဒကို တစ်နည်းမဟုတ် တစ်နည်း နှစ်သိမ့်ပေးတတ်ကြ၏။ ကလေးတစ်ယောက်က ခိုက်မိသွားသောနေရာကို 'ဉုံဖွ' မန်းပေးစေလိုခြင်း၊ 'ကြပ်ပူထိုး' ပေးစေလိုခြင်းမှာ လူတွင် ရှိတတ်သော ကြင်နာယုယခံလိုမှု၊ စိတ်သက်သာရာရလိုမှု စသည်တို့ကို ဖော်ပြသည့် အခြေခံအကျဆုံးသော ပုံသဏ္ဌာန်ဖြစ်၏။ ကလေးတစ်ယောက်သည် မတော်တဆ ခိုက်မိသည့်အခါ၌ မိခင်ထံသို့လည်းကောင်း၊ အထိန်းထံသို့လည်းကောင်း ပြေးလာ၏။ ခိုက်မိသောနေရာကို လူကြီးက 'ကြပ်ပူထိုး' ပေးခြင်း၊ 'ဉုံဖွ' မန်းပေးခြင်းပြုသည့်အခါ၌ ၎င်း၏အနာသည် ပျောက်သွားပြီဟု ထင်မှတ်တတ်လေသည်။ တတ်သိလိမ္မာခြင်း၊ ခွန်အားကောင်းခြင်းနှင့် ပြည့်စုံသည်ဟု ကလေး၏စိတ်တွင် ယူဆထားသော လူကြီးများက မိမိ၏အနာကို ပျောက်ကင်းအောင် မလုပ်နိုင်ဟု ဆိုလျှင် ကလေးသည် ထိုစကားကို မည်သည့်နည်းနှင့်မျှ အယုံအကြည်ရှိလိမ့်မည် မဟုတ်ချေ။ မိခင်က အနာကို ကြင်နာယုယစွာ ပွတ်သပ်ပေးခြင်း၊ ပျောက်လိမ့်မည်ဟု အားပေးနှစ်သိမ့်ခြင်း ပြုကာမျှဖြင့်ပင် ကလေးအဖို့ စိတ်သက်သာရာရလျက် ရှိပေပြီ။ မိမိ၏အနာသည် ပျောက်ကင်းပြီဟု ထင်မှတ်လျက် ရှိလေပြီ။ ဆေးသမားများသည် နာတာရှည်အတွက် အသုံးဝင်လျက်ရှိသည်ဟု ဆိုခြင်းမှာလည်း ဤနည်းအတိုင်းသာ ဖြစ်လေသည်။ ၎င်းတို့သည် နာတာရှည်၏အနာကို 'ကြပ်ပူထိုး' ပေးခြင်း၊ 'ဉုံဖွ' မန်းပေးခြင်း၊ ရထားသမားကို အာရုဗတ်လမ်းရှိ ဆေးဆိုင်များသို့ လွှတ်၍ တစ်ဘူးလျှင် ငွေတစ်ကျပ်နှင့် ပြားခုနစ်ဆယ်ပေးရသော ဘူးလှလှကလေးဖြင့် ထည့်ထားသည့် ဆေးမှုန့်များ၊ ဆေးလုံးများကို သောက်လျှင် ပျောက်မည်ဟု ပြောဆိုခြင်း၊ ဆေးမှုန့်ကလေးများကို တစ်စက္ကန့်မျှ နှောက်ကျခြင်း စောခြင်းမရှိဘဲ နှစ်နာရီခြားတစ်ခါ ရေနွေးနှင့် တိုက်ရမည်ဟု ပြောဆိုခြင်း စသည့်နည်းလမ်းများဖြင့် နာတာရှည်ကို နှစ်သိမ့်မှုပေးလျက်ရှိကြ၏။ စိတ်သက်သာရာ ရအောင်ပြုလျက်ရှိကြ၏။ သို့ရာတွင် အမှန်၌ကား ဆေးသမားဆိုသူများသည် လူနာ၏ ရောဂါဝေဒနာကို တကယ်ပျောက်ကင်းအောင် စွမ်းဆောင်နိုင်သူများ မဟုတ်ကြချေ။ ထို့ကြောင့် လောကဥ္စ ဆေးသမားများ၏အသုံးဝင်ခြင်းသည် ရောဂါဝေဒနာကို ပျောက်ကင်းအောင် ကုသပေးနိုင်သောကြောင့် အသုံးဝင်ခြင်းမျိုး မဟုတ်ဘဲ လူနာနှင့်တကွ မကင်းရာမကင်းကြောင်း ပုဂ္ဂိုလ်တို့ကို စိတ်သက်သာမှုရအောင် နှစ်သိမ့်ပေးနိုင်သောကြောင့် အသုံးဝင်လျက် ရှိခြင်းမျိုးသာ ဖြစ်လေသည်။ 'ဉုံဖွ' မန်းပေးခြင်း၊ 'ကြပ်ပူ' ထိုးပေးခြင်း စသည့်နည်းလမ်းများဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ကလေးတစ်ယောက်ကို နှစ်သိမ့်ပေးသော လူကြီးတစ်ယောက်၏ အသုံးဝင်ခြင်းမျိုးသာ ဖြစ်လေသည်။ ထို့ထက် ဘာမျှမပို၍ချေ။

လူသည် တစ်နည်းမဟုတ်လျှင် တစ်နည်းဖြင့် မိမိ၏ စိတ်သက်သာမှုကို ရှာကြံတတ်လေသည်။ နှစ်သိမ့်မှုကို မျှော်လင့်တောင့်တတတ်လေသည်။ ဤနည်းအားဖြင့်သာ လူသည် အသက်ရှင်နေနိုင်ခြင်း ဖြစ်ပေသည်။ သို့ဖြစ်ခြင်းကြောင့် လူ၏စိတ်သက်သာမှုကို ဖန်တီးပေးသော အကြောင်းများသည်လည်း လောကတွင် ရှိရမည်သာ ဖြစ်လေသည်။

နာတာရှာတို့ အိမ်သားများသည် နာတာရှာအား နာရီခြား၍ တိုက်ရသောဆေးလုံးများ တိုက်ကျွေးခြင်း၊ ရေနွေးနှင့် တိုက်ရသောဆေးများ တိုက်ကျွေးခြင်း၊ သင့်လျော်သည့် ဓာတ်စာများကို ကျွေးမွေးခြင်း၊ သမားတော်များ၏ ညွှန်ကြားချက်များကို တိကျစွာလိုက်နာခြင်းဖြင့် မအားလပ်နိုင်အောင်ဖြစ်ကာ စိတ်၏သက်သာမှုကို ရှာဖွေလျက် ရှိကြပေသည်။ မြို့စားကြီး ရော့စတော့ဗ်၊ မြို့စားကတော်ကြီးနှင့် ဆွန်ယာတို့အဖို့ ဤနည်းဖြင့် စိတ်၏သက်သာမှုကို ရှာဖွေခြင်းမပြုလျှင် အခြားမည်သည့်နည်းဖြင့် ရှာဖွေရဦးမည်နည်း။

မြို့စားကြီး ရော့စတော့ဗ်သည် ချစ်လှစွာသော သမီးထွေး ကျန်းမာစေရန်အတွက် ငွေဒင်္ဂါးတစ်ထောင်ကုန်ကျခဲ့ပြီး ဖြစ်လေသည်။ အကယ်၍ ဤမျှငွေကုန်ခံ၍ ကုသသည့်တိုင် မပျောက်သေးဟုဆိုလျှင် ရှိသမျှစည်းစိမ်ပြုတ်သည့်အထိ နိုင်ငံခြားသို့ သွားရောက်ကုသရန် လိုသည်ဆိုလျှင်လည်း သွားရောက် ကုသပေးရန် အဆင်သင့်ဖြစ်လေသည်။ ၎င်း၏စိတ်၌ သမားတော်ဖရီဆီနှင့် မူဒရော့ဗ်တို့သည် သမားတော် မက်တီဗီးယားနှင့် သမားတော်ဖဲလားတို့ထက် တတ်ကျွမ်းသည်ဟု အထင်ရောက်လျက်ရှိလေသည်။ ဤသို့ဖြင့် မြို့စားကြီး ရော့စတော့ဗ်သည် ငွေကို ရေလိုဖြုန်းခြင်း၊ ဤသမားတော်က ထိုသမားတော်ထက် ကျွမ်းကျင်သည်ဟုထင်ခြင်း၊ ဤမျှ ငွေကုန်ကြေးကျခံ၍ ကုသလျှင် နာတာရှာ၏ ရောဂါပျောက်ကင်းလိမ့်မည်ဟု မျှော်လင့်ခြင်း စသည်တို့ဖြင့် စိတ်၏သက်သာမှုကို ရှာကြံလျက်ရှိလေသည်။ မြို့စားကြီး ရော့စတော့ဗ် အဖို့ ဤနည်းများဖြင့် စိတ်၏သက်သာမှုကို ရှာကြံခြင်း မပြုလျှင် အခြားမည်သည့်နည်းဖြင့် ရှာဖွေရဦးမည်နည်း။

မြို့စားကတော်ကြီးသည် နာတာရှာက ဆေးသောက်ရန် ငြင်းဆန်သည့်အခါများ၌ ဤသို့ အချိန်မှန် ဆေးသောက်ခြင်း မပြုပါက ရောဂါပျောက်မည် မဟုတ်ဟုလည်းကောင်း၊ အဆုတ်ရောင်ရောဂါ ဖြစ်လိမ့်မည်ဟုလည်းကောင်း၊ မိမိကိုယ်တိုင် နားလည်ခြင်းမရှိသော ရောဂါအမျိုးအမည်များကို ပြောဆိုခြင်း၊ လူနာအား ဆရာဝန်များ၏ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာရန် မြည်တွန်တောက်တီးခြင်း၊ ဤသို့လိုက်နာသောကြောင့် ရောဂါပျောက်လိမ့်မည်ဟု မျှော်လင့်ခြင်း စသည်တို့ဖြင့် စိတ်၏သက်သာမှုကို ရှာဖွေလျက်ရှိလေသည်။ မြို့စားကတော်ကြီးအဖို့ ဤနည်းများဖြင့် စိတ်၏ သက်သာခြင်းကို ရှာဖွေခြင်း မပြုလျှင် အခြားမည်သည့် နည်းဖြင့် ရှာဖွေရဦးမည်နည်း။

ဆွန်ယာသည် သမားတော်များ၊ ဆရာဝန်များ၏ ညွှန်ကြားချက်များအတိုင်း စောင့်ရှောက်ရန် ပထမသုံးညစလုံးပင် အဝတ်အစားပင် မလဲဘဲ ထိုင်၍စောင့်ခြင်း၊ ရွှေရောင်ဆေးဘူးကလေးများထဲမှ ဆေးလုံးကလေးများကို တိုက်ကျွေးရန် အချိန်လွဲသွားမည် စိုးသည့်အတွက် ထိုသုံးညစလုံး တစ်ရေးမျှ မအိပ်ဘဲ ကြည့်ရှုခြင်း၊ ဤသို့ ကိုယ်ဖိရင်ဖို ပြုစုသောကြောင့် မကြာမီ ပြန်၍ ကျန်းမာလာလိမ့်မည်ဟု မျှော်လင့်ခြင်းစသည်တို့ဖြင့် စိတ်၏သက်သာမှုကို ရှာဖွေလျက် ရှိလေသည်။ ဆွန်ယာ့အဖို့၌လည်း ဤနည်းလမ်းများဖြင့် စိတ်၏သက်သာခြင်းကို ရှာဖွေခြင်း မပြုရလျှင် အခြားမည်သည့်နည်းဖြင့် ရှာဖွေရဦးမည်နည်း။

ၔင်းတို့အားလုံးအဖို့တွင် ပူပန်ကြောင့်ကြခြင်းကင်း၍ စိတ်၏သက်သာမှုကို ရစေရန်မှာ ဤနည်းများမှလွဲ၍ အခြားနည်းလမ်းများ မရှိချေ။ ၔင်းတို့သည် စိတ်၏သက်သာခြင်းကို ရရှိစေရန် ဤနည်းလမ်းများဖြင့် လူမမာကို ပြုစုလျက်ရှိကြ၍ ဤသို့ပြုစုခြင်းအားဖြင့်လည်း စိတ်၏သက်သာခြင်းကို ရရှိနေကြလေသည်။

နာတာရှာအဖို့၌လည်း မိမိရောဂါအတွက် ဆေးမရှိဟု ပြောဆိုလျက်ရှိသည့်တိုင် အချိန်မှန်ဆေးသောက်ရမည်ကို သိရခြင်း၊ မိမိအတွက် အိမ်ရှိလူကုန် အအိပ်ပျက်၊ အစားပျက်ခံကာ ပြုစုကြခြင်းကို မြင်ရသည့်အတွက် ကျေနပ်လျက်ရှိလေသည်။ ထို့မျှမက သမားတော်များ၏

www.burmeseclassic.com

www.burmeseclassic.com

အညွှန်းကို လိုက်နာရန် ငြင်းပယ်ခြင်းဖြင့် မိမိ၏ရောဂါသည် ဆေးဝါးများဖြင့် ကုသနိုင်သည်ဟု မယုံကြည်ရုံမျှမက မိမိအသက်ကိုလည်း တန်ဖိုးမထားတော့ပါဟူသောသဘောဖြင့် နွံ့ဆိုး ဆိုးပြရသည့်အတွက်လည်း ကျေနပ်လျက်ရှိလေသည်။

သမားတော်သည် နေ့တိုင်းရောက်လာကာ နာတာရှာ၏ လက်ကောက်ဝတ်ကို သွေးစမ်းကြည့်ခြင်း၊ လျှာထုတ်ခိုင်း၍ ကြည့်ခြင်း စသည်တို့ကို ပြုလုပ်ပြီးနောက် နာတာရှာ၏ ညှိုးငယ်ပူဆွေးလျက်ရှိသော မျက်နှာကိုပင် ထောက်ထားခြင်းမရှိဘဲ ရယ်စရာ မောစရာများကို နောက်ပြောင် ပြောဆိုလေ့ရှိ၏။ သို့ရာတွင် လူမမာခန်းထဲမှ ထွက်လာခဲ့၍ မြို့စားကတော်ကြီးနှင့် တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် သမားတော်ကြီးသည် များစွာအရေးကြီးသော မျက်နှာထား ကို ဆောင်လိုက်၍ ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်ရင်း နာတာရှာ၏အခြေအနေမှာ စိုးရိမ်ရသေးကြောင်း၊ မိမိ နောက်ဆုံးပေးသောဆေးကို တိုက်ကျွေးလျှင် သက်သာလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ အခြေအနေကို စောင့်ကြည့်ရဦးမည် ဖြစ်ကြောင်း၊ နာတာရှာ၏ရောဂါမှာ အဓိကအားဖြင့် စိတ္တဇဖြစ်ကြောင်း၊ သို့သော် စကားမဆုံးမီ၌ မြို့စားကတော်ကြီးသည် သမားတော်ကြီး၏ လက်ထဲသို့ ရွှေဒင်္ဂါးတစ်ပြားကို မသိမသာ ထည့်လိုက်ပြီးဖြစ်လေသည်။ ထို့နောက်တွင်ကား မြို့စားကတော်ကြီးသည် သမားတော်ကြီး လက်ထဲသို့ ရွှေဒင်္ဂါးတစ်ပြား ထည့်လိုက်ခြင်းကြောင့် နာတာရှာ၏ရောဂါ ပျောက်ကင်းသွားတော့မည်ဟု များစွာ စိတ်သက်သာရသွားဟန် လက္ခဏာဖြင့် လူမမာထံသို့ ပြန်လာခဲ့လေသည်။

နာတာရှာ့ရောဂါ၏ လက္ခဏာများမှာ အစားအသောက်နည်းခြင်း၊ အအိပ်အနေနည်းခြင်း၊ ချောင်းဆိုးခြင်း၊ စိတ်အားညှိုးငယ်လျက်ရှိခြင်း စသည်တို့ဖြစ်၏။ သမားတော်ကြီးများက နာတာရှာမှာ ဆေးဝါးကုသခြင်း မပြုဘဲ ပြန်၍ ကျန်းမာလာနိုင်မည်မဟုတ်ဟု ဆိုကြသည်။ နာတာရှာအား အသက်ရှူကျပ်လှသော မော်စကိုတွင် ဆက်လက် နေထိုင်ရမည်ဟုလည်း ပြောကြသည်။ ထို့ကြောင့် မြို့စားကြီး ရော့စတော့ဗ်မိသားစုသည် ၁၈၁၂-ခု နွေရာသီတွင် ကျေးတောသို့ မပြန်နိုင်တော့ချေ။

နာတာရှာအဖို့ ဘူးကလေးများ၊ သေတ္တာကလေးများထဲမှ ဆေးလုံးများ၊ ဆေးမှုန့်များ၊ ဆေးရည်များကို သောက်ရသည်မှာလည်း များလှပေပြီ။ ဆေးသေတ္တာကလေးများ၊ ဆေးဘူးကလေးများကို စုဆောင်းလေ့ရှိသော မဒမ်ရော့မှာ သိမ်းစရာမရှိအောင် များလှလေပြီ။ နာတာရှာအဖို့ နေသားကျလျက်ရှိသော ကျေးလက်တောရွာနှင့် ဝေးခဲ့သည်မှာလည်း ကြာခဲ့လေပြီ။ သို့တိုင်အောင် နာတာရှာမှာ နှနယ်ပျိုမျစ်လျက် ရှိပါသေးသည်။ နေ့စဉ် တွေ့ကြုံလျက်ရှိသည့် အခြင်းအရာများကြောင့် နာတာရှာ၏ ပူဆွေးသောက ဖြစ်ရခြင်းတို့သည် ယခင်ကလောက် ဖိစီးနှိပ်စက်ခြင်း မရှိတော့ဘဲ တဖြည်းဖြည်း လျော့ပါးသွားကြပြီဖြစ်လေသည်။ ဤသို့ဖြင့် နာတာရှာသည် ရုပ်လက္ခဏာအားဖြင့် ထူထူထောင်ထောင် ဖြစ်လာခဲ့လေသည်။

အခန်း ၁၇

နာတာရှာမှာ တည်ငြိမ်စပြုလာပြီ ဖြစ်သော်လည်း ယခင်ကဲ့သို့ ရွှင်ရွှင်လန်းလန်း မရှိသေးချေ။ နာတာရှာသည် ကပွဲများ၊ အလှပြပွဲများ၊ ဇာတ်သဘင်များ၊ ကဇာတ်များစသော အပေါ်ယံ ပျော်ရွှင်မှုဟူသမျှကို ဝေးစွာရှောင်၏။ နာတာရှာအဖို့၌ ရယ်လျှင်လည်း ငိုသံမပါသော အခါဟူ၍ မရှိဖူးသေးချေ။ ရယ်လိုက်သည်နှင့်တစ်ပြိုင်နက် အလိုလိုမျက်ရည်တွေ လည်လာလျက် ငိုသံပါလာကာ ရင်ထဲတွင် တလိုက်လှိုက် ဖြစ်လာတတ်သည်။ သီချင်းဆိုမည်ကြဲလျှင်လည်း ထို့အတူသာ ဖြစ်သည်။ ထိုမျက်ရည်များကား နောင်တကြောင့်ဖြစ်သော မျက်ရည်၊ မည်သည့်အခါမျှ ပြန်လာတော့မည် မဟုတ်သော သန့်စင်သည့်ဘဝကို အောက်မေ့တသခြင်းကြောင့် ဖြစ်သောမျက်ရည်၊ ပျော်စရာကောင်း၍ နှနယ်ငယ်မျစ်သောဘဝကို အကျိုးမဲ့ပျက်စီးစေခဲ့လေခြင်းဟု ယူကျုံးမရခြင်းကြောင့် ဖြစ်သော မျက်ရည်တို့ပေတည်း။ ဝမ်းနည်းယူကျုံးမရ ဖြစ်လျက်ရှိသည့်အခါများ၌ အထူးသဖြင့် ရယ်မောခြင်းနှင့် သီချင်းဆိုခြင်းသည် နာတာရှာအဖို့ ဖရသဝါစာစကားကို ဆိုရသကဲ့သို့ သာယာနာပျော်ဖွယ်ကောင်းခြင်း ကင်းခဲ့လေပြီ။ ကန္တဲ့ကလျ ပြိတိတိ ပြုမူနေထိုင်လိုစိတ်တို့လည်း မရှိတော့ပြီ။ ထို့ကြောင့် ပြိတိတိဟန်မျိုးမပေါက်ရန် အထူးတလည် ချုပ်တည်းထားရန်လည်း မလိုတော့ပြီ။ နာတာရှာသည် ယောကျ်ားဟူသမျှ

www.burmeseclassic.com

www.burmeseclassic.com

ကို စိတ်နာခဲ့လေပြီ။ ၎င်း၏စိတ်၌ ယောကျ်ားဟူသည် မိန်းမလျာ ပျော်တော်ဆက် နာစတာစယာထက် ဘာမျှမပို သော သတ္တဝါများသာတကားဟု ထင်မှတ်ခဲ့လေပြီ။ နာတာရှာ၏ရင်ထဲမှ တစ်စုံတစ်ခုသော ခံစားချက် တစ်မျိုးသည် နာတာရှာအား ပျော်ရွှင်မှုဟူသမျှတို့နှင့် ကင်းဝေးအောင် တားဆီး စောင့်ကြပ်နေသကဲ့သို့ ရှိ၏။ နာတာရှာ၏ အပူအပင်ကင်းမဲ့သော အပျိုဝင်ဘဝသည် မျှော်လင့်ချက်တို့ဖြင့် ပြည့်လျှမ်းခဲ့၏။ ပျော်ရွှင်မြူးထူးဖွယ်တို့ဖြင့် အတိပြီးခဲ့၏။ ယခု ထိုအရာတို့ မရှိတော့ပြီ။ မနှစ်ဆောင်းဦး ပေါက်က ပျော်ပျော်ပါးပါးနေခဲ့ကြပုံ၊ တောလိုက်ကြပုံ၊ ဦးတော်အိမ်တွင် စခန်းချကြပုံ၊ နီကိုလေနှင့် ပြန်လာစဉ် နာတာလူး ပွဲတော်တွင် ပျော်ခဲ့ကြပုံတို့ကို မကြာခဏ ပြန်တွေးမိ၏။ သို့တွေးမိတိုင်းလည်း အဟောင်း တို့သည် အသစ်ဖြစ်ကာ ပူလောင်ကြေကွဲခြင်း ဖြစ်ရ၏။ ဤမျှ ပျော်ဖွယ်ကောင်းသော ဘဝကို တစ်နေ့တစ်ရက်မျှပင် ပြန်၍ရလျှင် မည်မျှ ကောင်းမည်နည်း။ ထိုတစ်ရက်ကို ပြန်ရမည်ဆိုက မည်သည့်အရာဖြင့် လဲလှယ်ရစေကာမူ ဘာအပန်းကြီးဦးမည် နည်းဟု တွေးမိ၏။ သို့ရာတွင် ထိုပျော်ရွှင်ဖွယ်ကောင်းသောဘဝ၊ မြူးထူးဖွယ်ကောင်းသော ဘဝ၊ သန့်စင်၍ မြတ်နိုးဖွယ်ကောင်းသော ဘဝသည် ပြန်မလာတမ်း လွန်သွားခဲ့လေပြီ။ ထိုအချိန်၌ နာတာရှာ၏ စိတ်သည် နာတာရှာကိုလည်း လိမ်လည် လှည့်စား၍ မရတော့ပြီ။ အပူအပင် မရှိ လွတ်လပ်စွာ နေထိုင်နိုင်ခြင်း၊ မည်သည့်ပျော်ရွှင်မှု မျိုးကိုမဆို အလွယ်တကူ ခံစားနိုင်ခြင်း စသည့် တန်ခိုး သတ္တိတို့လည်း နာတာရှာ၌ ပျက်ပြယ်ခဲ့ပြီ။ သို့တိုင်အောင် နာတာရှာသည် ဤနည်းဖြင့်ပင် အသက်ရှင်နေရပါဦးမည်။

ယခင်ကမူ မိမိ၏အဖြစ်သည် ဤမျှလောက် မဆိုးသေးဟု နာတာရှာ တွေးခဲ့၏။ သို့ရာတွင် ယခုမူကား နာတာရှာ ဤသို့ မတွေးတော့ပြီ။ မိမိ၏အဖြစ်သည် အဆိုးတကာ့တို့အနက် အဆိုးဆုံးသို့ ရောက်ခဲ့လေပြီ။ ဇာမ္ဘာလောကကြီးတစ်ခုလုံးရှိ အဖြစ်ဆိုးသူများကို တန်းစီကြည့်လျှင် မိမိသည် နံပါတ်တစ်နေရာကို ရလိမ့်မည်ဟု ဆွဲးကာ စိတ်လျှော့လိုက်လေပြီ။ ဤသို့ အဆိုးဆုံးထား၍ ဆွဲးလိုက်ခြင်းဖြင့် ကိုယ့်စိတ်ကိုယ် ဖြေတတ်နေလေပြီ။ ဤနောက်တွင် ဤမျှလောက် ဆိုးရုံဖြင့် နာတာရှာ မကျေနပ်သေးပါ။ မိမိ၏လျှပ်ပေါ်သောအဖြစ်၊ သစ္စာမဲ့သောအဖြစ်သည် ထိုမျှမကသော အဆိုးမျိုးကို ခံထိုက်သည်ဖြစ်ရာ ထိုထက်ပို၍ဆိုးသော အဖြစ်မျိုးကို နာတာရှာ ကြုံတွေ့လိုပါသေးသည်။ သို့သော်လည်း နောက်ထပ် ဘာမျှ ဖြစ်မလာတော့ပါ။ နာတာရှာအဖို့ လူ့ဘဝတွင် ဘာမျှပျော်ရွှင်မှုမရှိတော့သော်လည်း ၎င်း၏ဘဝသည် သွားမြဲသွားလျက် ရှိပါသည်။ နာတာရှာသည် မိမိအတွက် သူတစ်ပါးတွင် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်၊ အနှောင့်အယှက်မဖြစ်စေရန် သတိကြီးစွာထား၍ နေထိုင်၏။ မည်သည့်အရာကိုမျှလည်း လိုချင် တောင့်တခြင်း မရှိတော့ပြီ။ အိမ်သူအိမ်သားများနှင့်လည်း ခပ်ကင်းကင်း ခပ်ရှောင်ရှောင်နေထိုင်ခြင်း ပြု၏။ မောင်ငယ် ပီတာနှင့် နေရခြင်းကိုမူ ပျော်သလိုလို ရှိ၏။ အခြားသူများနှင့် နေရခြင်းထက် ပီတာနှင့်နေရခြင်းကို နှစ်သက်၏။ ၎င်းတို့ မောင်နှမနှစ်ယောက်တည်း ရှိသောအခါများ၌ တစ်ကြိမ်တလေ ရယ်မောတတ်၏။ နာတာရှာသည် အိမ်ပြင်သို့လည်း မထွက်တော့ချေ။

မိမိတို့ထံသို့ လူပေါင်းများစွာ လာရောက်လည်ပတ်ကြသည့်အနက် ပီယာတစ်ယောက်လာခြင်းကိုကား ဝမ်းသာမိသည်။ နာတာရှာအား ကြင်နာယုယစွာဆက်ဆံ၍ လေးစားစွာ ပြောဆိုရာ၌ ပီယာထက် သာလွန်မည့်သူ တစ်ယောက်မျှ မရှိသေးချေ။ နာတာရှာသည် မိမိအား ပီယာက ဤသို့ ကြင်နာယုယစွာ ဆက်ဆံခြင်းကို အလိုလို သတိထားမိကာ ပီယာနှင့် အတူနေရခြင်းကို နှစ်ခြိုက်မိ၏။ ပီယာက မိမိအား ပြုမူဆက်ဆံပုံမှာ တမင်အားထုတ်၍ ဆက်ဆံရခြင်း မဟုတ်ဟုလည်း နာတာရှာ ယူဆသည်။ ပီယာသည် လူအားလုံးကို ဤသို့ အညီအမျှ ကြင်နာယုယစွာ ဆက်ဆံခြင်း ဖြစ်သောကြောင့် မိမိအား ယခုကဲ့သို့ ကြင်နာယုယစွာ ဆက်ဆံခြင်းကို အထူးတလည် အမွှန်းတင် ချီးကျူးစရာ မလိုဟုလည်း နာတာရှာ အောက်မေ့မိသည်။ တစ်ခါတစ်ရံ မိမိနှင့်တွေ့ဆုံ၍ မိမိအား စိတ်လက်ကြည်သာလာအောင် စကားဆိုမည်ပြုသည့်အခါများ၌ ပီယာတွင် ရှက်ကြောက်သည့်လက္ခဏာဖြင့် ခပ်အမ်းအမ်း ဖြစ်နေခြင်းမျိုးကို တွေ့ရတတ်သည်။ တစ်ခါတစ်ရံ၌လည်း သူပြောလိုက်သောစကားကြောင့် နာတာရှာ စိတ်ညစ်သွားလေမည်လောဟု စိုးရိမ်သည့် လက္ခဏာမျိုးကို တွေ့ရတတ်၏။ နာတာရှာသည် ဤအခြင်းအရာကို သတိပြုမိလျက်

www.burmeseclassic.com

www.burmeseclassic.com

ထိုအခြင်းအရာသည် မိမိအပေါ်တွင်မက လူတိုင်းအပေါ်တွင် ထားရှိသော ပီယာ၏ ချစ်ခင်ကြင်နာမှုနှင့် ရှက်ကြောက်မှုတို့၏ ပြယုဂ် ဖြစ်သည်ဟု ယူဆပေသည်။ ပီယာက မိမိသည် လွတ်လပ်သူတစ်ယောက် ဖြစ်ခဲ့ပါလျှင် နာတာရှာ၏ အချစ်ကို တောင်းခံမိမည်မှာ အမှန်ဖြစ်သည်ဟု တစ်ခါက အမှတ်မထင် ပြောဆိုခဲ့ဖူးသော်လည်း နောက်၌ကား ထိုအကြောင်းနှင့် စပ်လျဉ်း၍ တစ်ခွန်းမျှ မပြောတော့ချေ။ တစာစာငိုကြွေးလျက်ရှိသော ကလေးငယ်တစ်ယောက်အား ရေရာခြင်း မရှိသောစကားများဖြင့် ချော့မော့နှစ်သိမ့်သကဲ့သို့ ပီယာသည်လည်း မိမိအား ထိုစကားများဖြင့် ချော့မော့နှစ်သိမ့်ခဲ့ခြင်းသာ ဖြစ်သည်ဟု နာတာရှာ ထင်မှတ်ခဲ့၏။ ဤသို့ ထင်ခဲ့ခြင်းမှာ ပီယာသည် မယားလက်ရှိ လူအိုတစ်ယောက် ဖြစ်နေခြင်းကြောင့် မဟုတ်ဘဲ ပီယာနှင့် ဆက်ဆံရာ၌ မိမိဘက်က ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းရမည်ဟူသော အတိတရားကြောင့်သာ ဖြစ်ပေသည်။ (အနာတိုလီနှင့် ဆက်ဆံတုန်းက နာတာရှာသည် ထိုအတိတရားကို ဘေးချိတ်ခဲ့ဖူးလေပြီ။) ဤသို့ ကိုယ်ကျင့်သိက္ခာတည်းဟူသော တံတိုင်းကြီးခြားလျက် ရှိခြင်းကြောင့်လည်း မိမိနှင့် ပီယာတို့သည် တစ်ဦးနှင့်တစ်ဦး ရိုးသားစွာ ခင်မင်လျက်ရှိရာမှ မေတ္တာသက်ဝင်သည့် အခြေမျိုးသို့ ဆိုက်ရောက်နိုင်လိမ့်မည်ဟု နာတာရှာ တစ်ခါမျှ မစဉ်းစားခဲ့ဖူးချေ။ မိန်းမနှင့်ယောကျ်ားး အများအပြားဌ တစ်ဦးကိုတစ်ဦး ချစ်ကြသော်လည်း အကြောင်းကြောင့်ကြောင့် မျိုသိပ်ထားရသဖြင့် ရိုးရိုးသားသား ခင်မင်ခြင်းလည်းမက၊ သမီးရည်းစားလည်း မကျသော နှုးညံ့သိမ်မွေ့သည့် စိတ်ကူးယဉ် မိတ်ဆွေဆက်ဆံရေးမျိုး ရှိတတ်ခြင်းကို နာတာရှာ မကြာခဏ တွေ့မြင်ဖူးရာ မိမိနှင့် ပီယာတို့၏ နှစ်ဦးကြား၌ ဤသို့သော ဆက်ဆံရေးမျိုးကိုပင် နာတာရှာ ခွင့်မပြုနိုင်ချေ။ ပီယာ့အနေနှင့်ကား ပို၍ပင် ထိန်းသိမ်းလိမ့်မည်ဟု နာတာရှာ ယူဆပေသည်။

ရှင်ပေတရုပွဲတော် မတိုင်မီ၌ မြို့စားကြီး ရော့စတော့ဗ်တို့၏ ခြံနီးချင်းဖြစ်သူ အိုင်ဗင်နိုဗနာဘီလိုဗာသည် မော်စကိုသို့ ဘုရားဖူး ရောက်လာလေသည်။ ၎င်းက နာတာရှာအား ခရစ်ယာန်ပွဲတော် နီးလာပြီဖြစ်သည့်အတွက် ဥပသံရက်ရှည်စောင့်ရန် အကြံပေးခြင်း ပြုလေသည်။ နာတာရှာကလည်း ထိုအကြံကို သဘောကျ၏။ သမားတော်များက နာတာရှာအား နံနက်စောစော အပြင်သို့ မထွက်ရန် တားမြစ်ထားသော်လည်း နာတာရှာမှာ ဥပုသ်ရက်ရှည်စောင့်ခြင်းနှင့် ခရစ်ယာန် ရေဖျန်းမင်္ဂလာပွဲတော် တက်ရောက်ခြင်းကို ခါတိုင်းကဲ့သို့ အိမ်တွင် မပြုလုပ်လိုဘဲ အိုင်ဗင်နိုဗနာဘီလိုဗာနှင့်အတူ သုဓမ္မာဇရပ်သို့ နေ့တိုင်း သွားရောက်ပြုလုပ်လိုသည်ဟု ပူဆာလျက်ရှိကာ နံနက်ဝတ်တက်ခြင်း၊ ညနေဝတ်တက်ခြင်း၊ ညဝတ်တက်ခြင်းကို တစ်ခုမျှ မပျက်ရအောင် ဆောင်ရွက်မည်ဟုလည်း ပြောဆိုလျက်ရှိ၏။

မြို့စားကတော်ကြီးမှာ နာတာရှာ ယခုကဲ့သို့ စိတ်အားထက်သန်လာခြင်းကို တွေ့ရသဖြင့် ဝမ်းမြောက်လျက်ရှိ၏။ မြို့စားကတော်ကြီးသည် ဆေးဝါးကုသခြင်းဖြင့် သမီးထွေး၏ ရောဂါများ သက်သာခြင်းကို မတွေ့ရသည်၌ ဆေးဝါးထက် ဘုရားသာလျှင် သမီးထွေး၏ ရောဂါကို ကုသနိုင်လိမ့်မည်ဟု မျှော်လင့်လျက် ရှိလေသည်။ ထို့ကြောင့်လည်း သမီးထွေး၏ဆန္ဒကို လိုက်လျောကာ ဘီလိုဗာ့ထံတွင် အပ်နှံလိုက်၏။ ဤကိစ္စကိုလည်း သမားတော်အား ဖွင့်မပြောဘဲ ထားလိုက်သည်။ ဘီလိုဗာသည် နံနက်သုံးချက်တီးအချိန်တွင် နာတာရှာကို လာရောက်နှိုးလေ့ရှိသော်လည်း အများအားဖြင့် နာတာရှာမှာ နိုး၍နေခြင်းကို တွေ့ရတတ်၏။ နာတာရှာသည် နံနက်ဝတ်တက်မမိမည်ကို စိုးရိမ်လျက်ရှိကာ အစောကြီး နိုးနေတတ်သည်။ နာတာရှာသည် အလျင်အမြန် ကိုယ်လက်သန့်စင်ပြီးနောက် အဝတ်ဟောင်းကို ဝတ်၍ ပဝါကို ခေါင်းတွင်စည်းကာ လိုက်လာတတ်သည်။ သုဓမ္မာဇရပ်သို့ ၎င်းတို့သွားသောအချိန်မှာ ဝေလီဝေလင်းအချိန် ဖြစ်၏။ နံနက်ခင်းလေသည် ခိုက်ခိုက်တုန်အောင် အေးမြလျက်ရှိသည်။ နာတာရှာတို့နှစ်ဦးသည် အရဏ်ခြည် ပက်ဖျန်း၍ထားသော တိတ်ဆိတ် ခြောက်သွေ့လျက်ရှိသည့် လမ်းမအတိုင်း သုဓမ္မာဇရပ်သို့ လာခဲ့ကြ၏။ ဘီလိုဗာ၏ အကြံပေးချက်အရ နာတာရှာသည် မိမိတို့ သုဓမ္မာဇရပ်တွင်,သီလမယူဘဲ အခြားသုဓမ္မာဇရပ်တွင် သီလယူခြင်း ပြုလေသည်။ ဘာသာတရား ကိုင်းရှိုင်းသော ဘီလိုဗာ၏အဆိုအရ ထို သုဓမ္မာဇရပ်တွင် သိက္ခာပုဒ်နှင့် ပြည့်စုံ၍ ကြည်ညိုလေးစားဖွယ်ကောင်းသော ဘုန်းတော်ကြီးတစ်ပါးက သီလပေးသည်ဟု ဆိုလေသည်။ သုဓမ္မာဇရပ်တွင် လာရောက်

www.burmeseclassic.com

www.burmeseclassic.com

သီလယူသူတို့မှာ မများလှချေ။ နာတာရှာသည် ဘီလိုဗာနှင့်အတူ မယ်တော်မာရီ၏ပုံတော်ရှေ့တွင် နေရာယူလေ့ရှိ၏။ ဤကဲ့သို့ ကြည်လင်သော နံနက်ခင်း၌ ရှေ့တွင် ထွန်းညှိပူဇော်ထားသော ဖယောင်းတိုင်မှ မီးရောင်များနှင့် ပြတင်းပေါက်မှ ဖြာကျသော အရုဏ်ခြည်တွင် သပ္ပာယ်လျက်ရှိသော မယ်တော်မာရီ၏ မျက်နှာတော်ကို ဖူးမြော်ရသည်မှာ စိတ်ထဲတွင် ငြိမ်းချမ်းခြင်းရှိလှသည်။ နာတာရှာသည် ငြိမ်းချမ်းသောနှလုံးသားဖြင့် တရားတော်လာစကားလုံးများကို နားထောင်နေမိ၏။ တရားတော်၏ အနက်ကို သိလာသည့်အချိန်၌ တရားတော်တွင် ပါရှိသည့် အမျိုးမျိုး အထွေထွေသော အနက်အဓိပ္ပာယ်များသည် နာတာရှာ၏ စိတ်ထဲတွင် ဖြစ်ပေါ်လျက်ရှိသော ခံစားချက်များနှင့် ရောထွေးယှက်တင် ဖြစ်လျက်ရှိခြင်းကြောင့် ကြည်နူးခြင်း ဖြစ်ရသည်။ နားမလည်သည့်အခါများ၌လည်း တရားတော်၏ အနက်အဓိပ္ပာယ်များကို နားလည်လိုသော ဆန္ဒသည်ပင်လျှင် ကုသိုလ်ကို ဖြစ်စေနိုင်သည်တကားဟု အောက်မေ့၍ ကြည်နူးခြင်း ဖြစ်ရသည်။ ယင်းသို့ တရားတော်၏ အနက်အဓိပ္ပာယ်ကို နားမလည်သည့်အခါမျာ်း၌ နာတာရှာသည် ခေါင်းငုံ့၍ လက်ယှက်ထားရင်းက မိမိ၏ အကုသိုလ်များလှသော ဘဝကို ကြောက်လန့်စက်ဆုပ်လာကာ မိမိပြုသော အကုသိုလ်ဒုစရိုက်များကို ခွင့်လွှတ်တော်မူရန်၊ မိမိအား ကရုဏာတော်ကို ပေးသနားရန် ဆုတောင်းမိသည်။ အထူးသဖြင့် နှောင်တနှင့် ပတ်သက်သည့် တရားတော်များကို ကြားနာရသည့်အခါတွင် နာတာရှာသည် ဘုရားသခင်ကို ပို၍ အာရုံပြုမိသည်။ နံနက်ဝတ်တက်သွားသည့်အခါများ၌လမ်းတွင် တံမြက်စည်းလှည်းသူများနှင့် အလုပ်ဆင်းလာကြသော ပန်းရန်သမားများမှအပ တစ်လောကလုံးသည် ဆိတ်မောကျလျက်ရှိသည်။ ထိုအခါမျိုး၌ကား မိမိ၏အပြစ်များကို ပြုပြင်၍ရနိုင်သည်ဟူသော အသိ၊ မိမိ၏ဘဝသည် သင်လွှင် သန့်ရှင်းသော ဖျော်ရွှင်သောဘဝသို့ ပြန်ရောက်နိုင်သေးသည်ဟူသော အသိတို့သည် နာတာရှာ၏ ခေါင်းထဲသို့ ဝင်ရောက်လာတတ်ကြလေသည်။

ဤသို့ဖြင့် နာတာရှာသည် မှန်မှန် ဝတ်တက်ခြင်း၊ ဥဝုသ်ရက်ရှည်တောင့်ခြင်းဖြင့် ရက်သတ္တပတ်တစ်ပတ်ကို ကျော်လွန်ခဲ့ရာ ထိုအသိတရားများသည်လည်း တစ်နေ့ထက်တစ်နေ့ ခိုင်မာ ရင့်သန်လာခဲ့လေသည်။ ဝတ်တက်ခြင်းကြောင့် ဖြစ်ပေါ်သော ပိတိသောမနဿ၊ ဘီလိုဗာနှင့်အတူ သွား၍ ဝတ်တက်ရသည့်အရသာ၊ တရားတော်များ၏ အနက်ကို တွေးတောခဉ်းစားခြင်းကြောင့် ဖြစ်သော ကြည်နူးခြင်းတို့သည် နာတာရှာအဖို့၌ ကြီးစွာဖြစ်ရကား မိမိသည် ယခုမှ လူ့ဘဝကြီးထဲတွင် အသစ်မွေးဖွားလာသည်ဟုပင် မှတ်ထင်မိလေသည်။

ဥပုသ်ရက်ရှည်စောင့်၍ ရက်သတ္တတစ်ပတ် ပြည့်သည့်နေ့၌ နာတာရှာသည် အဖြူရောင် ခါသာပိတ်အင်္ကျီကို ဝတ်ဆင်လျက် သုဓမ္မာဇရပ်မှ အိမ်သို့ပြန်လာခဲ့၏။ ထိုနေ့ကား နာတာရှာ၏အဖို့၌ လပေါင်းများစွာအတွင်း စိတ်၏ ငြိမ်းချမ်းခြင်းကို ပထမဆုံး အပြည့်အဝ ရသည့်နေ့ပင်တည်း။

ထိုနေ့၌ နာတာရှာကို လာရောက်ကြည့်ရှုသော သမားတော်က လွန်ခဲ့သည့် နှစ်ပတ်ခန့်က ပေးခဲ့သော ဆေးမှုန့်ကို ဆက်၍သောက်ရမည်ဟု ပြောဆိုလေသည်။

"ဒီဆေးကို မနက်တစ်ခါ ညတစ်ခါ သောက်ပါ၊ အချိန်မှန်မှန်သောက်မှ ဖြစ်မယ်နော်" သမားတော်သည် မိမိ၏ဆေးတန်ခိုးကို ရိုးသားစွာ ယုံကြည်လျက် ကျေနပ်ရောင့်ရဲဟန်ဖြင့် ဆို၏။ ထိုနောက် ရွှေဒဂါးပြားကို ဆတ်ခနဲ လှမ်းယူလိုက်ကာ

"သိပ်လဲ စိတ်ပူမနေပါနဲ့ မြို့စားကတော်ကြီး၊ မကြာခင် နေကောင်းသွားတော့မှာပါ၊ ကျွန်တော်ပေးတဲ့ နောက်ဆုံးဆေးက တယ်ခွမ်းတာကလား၊ ခု တော်တော်ကြီးကို လန်းလာပြီ"

မြို့စားကတော်ကြီးသည် ရွှင်ပျသော မျက်နှာထားဖြင့် မိမိ၏လက်သည်းများကို ငုံ့ကြည့်ကာ ညည်ခန်းဆောင်ဘက်သို့ ပြန်လာခဲ့ရင်း 'ပွဟဲ့၊ ပျောက်စေ ကင်းစေ' ဆိုသော သဘောဖြင့် (ရုဂ္ဂာလူမျိုးတို့၏ ထုံးစံအတိုင်း) တံတွေးကို ပျစ်ခနဲ ထွေးလိုက်လေသတည်း။

အခန်း ၁၈

ဂူလိုင်လဆန်းလောက်၌ စစ်နှင့်ပတ်သက်၍ စိတ်မချမ်းမြေ့ဖွယ်ကောင်းသော ကောလာဟလများသည် မော်စကိုမြို့တွင် ပျံ့နှံ့လျက်ရှိ၏။ ဘုန်းတော်ကြီးသော ဘုရားက

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံသူ နိုင်ငံသားများအား ထုတ်ပြန်သော အမိန့်တော်ပြန်တမ်းတော်နှင့်တကွ ဘုန်းတော်ကြီးသော ဘုရားကိုယ်တော်တိုင် တပ်မတော်ချီတက်ရာ စစ်မြေပြင်မှ မော်စကို မြို့သို့ ကြွရောက်မည်ဆိုသည့် သတင်းကိုလည်း အုတ်အော်သောင်းတင်း ပြောဆိုလျက် ရှိကြလေသည်။ သို့ရာတွင် ဇူလိုင်လဆန်း ၁၁-ရက်နေ့တိုင်အောင် အမိန့်တော်ပြန်တမ်းထွက်လာခြင်းမရှိသေးဘဲ ထိုအမိန့်တော်ပြန်တမ်းနှင့် ရုရှားနိုင်ငံ၏ စစ်အင်အားအခြေအနေနှင့် စပ်လျဉ်းသည့် အကြောင်းများကိုသာ ချဲ့ထွင်ပြောဆိုလျက် ရှိကြ၏။ အချို့က ဘုန်းတော်ကြီးသောဘုရား စစ်မြေပြင်တပ်မများထံမှ ပြန်လည်ထွက်ခွာတော်မူလာခြင်းမှာ တပ်မများ၌ အန္တရာယ် ပတ်လည်ဝိုင်းလျက်ရှိခြင်းကြောင့် ဖြစ်သည်ဟုလည်းကောင်း၊ အချို့ကမူ စမိုးလင့်နယ်ကြီးမှာ ရန်သူပြင်သစ်တို့ လက်အောက်သို့ ကျရောက်သွားပြီဟုလည်းကောင်း၊ အချို့ကလည်း နပိုလီယန်မှာ စစ်သည်တပ်သားတစ်သန်းမျှဖြင့် ချီတက်လာခြင်းကြောင့် ရုရှားနိုင်ငံကြီးကို နှတ်သိကြားများမှအပ အခြားမည်သူကမျှ ကယ်တင်နိုင်တော့မည် မဟုတ်ဟုလည်းကောင်း အမျိုးမျိုးပြောဆိုလျက် ရှိကြလေသည်။

ဇူလိုင်လ ၁၁-ရက်နေ့ (ထိုနေ့မှာ စနေနေ့ဖြစ်သည်။)၌ ဘုန်းတော်ကြီးသော ဘုရား၏အမိန့်တော်ပြန်တမ်းသည် မော်စကိုမြို့သို့ ရောက်ရှိလာလေသည်။ သို့တိုင်အောင် အမိန့်တော်ပြန်တမ်းမှာ ပုံနှိပ်စာ မဟုတ်သေးချေ။ ပီယာမှာ ထိုအချိန်က မြို့စားကြီး ရော့စတော့ဗ်အိမ်တွင် ရောက်ရှိနေချိန်ဖြစ်ရာ မိမိသည် ထိုအမိန့်တော်ပြန်တမ်းကို မော်စကိုမြို့ဝန် မြို့စားကြီး ရော့စတော့ဗ်ချင်ထံမှ ရရှိမည်ဖြစ်၍ နောက်တစ်နေ့ (တနင်္ဂနွေနေ့)ညစာစားလာလျှင် တစ်စောင်ယူလာခဲ့မည်ဟု ကတိပေးခဲ့လေသည်။

တနင်္ဂနွေနေ့၌ မြို့စားကြီး ရော့စတော့ဗ်တို့ အိမ်သားစုသည် ထုံးစံအတိုင်း ရာဇူမော့စကိ၏ သီးသန့်သုခမှာဧရပ်သို့သွား၍ ဝတ်တက်ခြင်း ပြုကြသည်။ ထိုနေ့မှာ ပူပြင်းလှသော ဇူလိုင်လ၏ နေ့တစ်နေ့ဖြစ်၏။ မြို့စားကြီး ရော့စတော့ဗ်တို့ သုခမှာဧရပ်သို့ ရောက်၍ ရထားပေါ်မှ ဆင်းကြသောအခါတွင် နံနက် ဆယ်ချက်တီးမျှသာ ရှိသေး၏။ သို့တိုင်အောင် ပူလောင်သောလေ၊ ဈေးသည်များ၏ အော်ဟစ်သံ၊ လမ်းသွားလမ်းလာများ၏ တောက်ပသော နွေရာသီဝတ်စုံများ၊ လမ်းတစ်ဖက်တစ်ချက်ရှိ သစ်ပင်များမှ ဖုန်မှုန့်များ အလိမ်းလိမ်းကပ်လျက်ရှိသော သစ်ရွက်များ၊ စစ်ရေးပြ အခမ်းအနားသို့ ချီတက်လျက်ရှိသော တပ်သားများ၏ အဖြူရောင်ဝတ်စုံများနှင့် ဘင်ခရာသံများ၊ ကျောက်လမ်းကို ရထားဘီးဖြင့် ကြိတ်ဝါးသော အသံများ၊ တောက်ပစူးရှ၍ ပူပြင်းသော နေရောင်ခြည်များ စသည်တို့သည် နွေရာသီ၏ပျင်းရိငြီးငွေ့ဖွယ် ကောင်းခြင်းကို ဖော်ပြလျက် ရှိကြရုံမက ပူပြင်းခြောက်သွေ့သော နေ့တစ်နေ့၌ မြို့သူမြို့သားများ၏ စိတ်ထဲတွင် ဖြစ်ပေါ်လေ့ရှိသော မိမိတို့၏ဘဝကို ကျေနပ်ခြင်း၊ မကျေနပ်ခြင်း စသည့်ဝေဒနာများကိုလည်း ထင်ရှားစွာ ဖော်ပြလျက်ရှိကြ၏။ မော်စကိမြို့ရှိ မူးမတ် သူဌေးသူကြွယ်ဟူသမျှသည်ခါတိုင်း နွေရာသီဆိုလျှင် ကျေးလက်သို့သွား၍ အပန်းဖြေလေ့ရှိကြသော်လည်း ထိုနှစ်နွေရာသီ၌ကား ဖြစ်နိုးဖျဲဆဲဆဲ အခြင်းအရာတစ်ခုကို စောင့်ဆိုင်းလျက် ရှိကြသကဲ့သို့ ကျေးလက်သို့ ထွက်ခွာသွားခြင်း မပြုကြသေးသဖြင့် မြို့မျက်နှာဖုံး ပုဂ္ဂိုလ်မှန်သမျှ၊ မြို့စားကြီး ရော့စတော့ဗ်၏ အသိမိတ်ဆွေမှန်သမျှတို့သည် ထိုနေ့တွင် ရာဇူမော့စကိ၏ သုခမှာဧရပ်သို့ စုရုံးရောက်ရှိနေကြသည်ကို တွေ့ရ၏။ မြို့စားကြီး ရော့စတော့ဗ်တို့ မိသားစု ရောက်လာပြီးနောက် လူအုပ်ကြီးဘေးသို့ ရှားစေ၍ မြို့စားကြီးတို့ မိသားစုအား ခေါ်ဆောင်သွားသည့်အခါ၌ နာတာရှာသည် မိခင်မြို့စားကတော်ကြီး၏ဘေးမှ လိုက်ပါလာခဲ့၏။

"မြို့စားကြီး တော့စတော့ဗ် သမီးလေးလေဗျာ၊ ဟိုဒင်းတဲ့"

"မြို့စားကြီး သမီးလေး အတော်ပိန်သွားရှာပါကလား၊ ဒါပေမဲ့ လှတော့ လှတုန်းပဲဗျို့"

လူရွယ်တစ်ယောက်၏ ပြောဆိုသံကို နာတာရှာကြားလိုက်ရ၏။ နာတာရှာ၏စိတ်၌မူ အနာတိုလိ၏ နာမည်နှင့် မင်းသားကလေး အင်ဒရေတို့၏ အမည်များကိုလည်း ပြောဆိုသံကြားလိုက်ရသည်ဟု ထင်လိုက်မိ၏။ ၎င်းကိုယ်နှိုက်ကလည်း ထိုအကြောင်းကိုသာ တွေးလျက်ရှိလေသည်။ နာတာရှာသည် လူတွေက မိမိကိုကြည့်တိုင်း၎င်းတို့သည် မိမိ၏အဖြစ်အပျက်များကို တွေးတောလျက်ရှိကြသည်ဟု ထင်မှတ်လျက် ရှိလေသည်။ ဤသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com

တစ်ပြိုင်နက် နာတာရှာသည် ခါတိုင်းကဲ့သို့ စိတ်ထဲတွင် မချိတင်ကဲ လှိုက်လဲ့၍လာလေသည်။ မရန်းနရောင်ဖျော့ဖျော့တွင် အနက်ရောင် ဇာနားသတ်ထားသည့် ဝတ်ခုံကို ဝတ်ထား၍ ကြောရှင်းပြေပြစ်လျက်ရှိသော နာတာရှာသည် သုခမ္မာဇရပ်ဘက်သို့ လျှောက်လာခဲ့ရင်း ဤစကားမျှားကို ကြားလိုက်သည်၌ ရင်ထဲတွင် မချိတင်ကဲ ဖြစ်လာလေသည်။ သို့ရာတွင် ရင်ထဲ မချိတင်ကဲဖြစ်လာသည်နှင့်အမျှ မိန်းမတို့၏ နူးညံ့သိမ်မွေ့ခြင်းနှင့် တင့်တယ်ခြင်းကို အစွမ်းကုန်ဆောင်၍ လျှောက်လာခဲ့လေသည်။ နာတာရှာသည် မိမိ၏ လှပပြေပြစ်ချောမောခြင်းကို သိသော်လည်း ထိုအသိသည် ယခင်ကကဲ့သို့ မိမိအား ကျေနပ်နှစ်သိမ့်ခြင်းကို မပေးနိုင်တော့ပြီ။ မပေးနိုင်တော့ရဲ့မျှမက နာတာရှာ၏ စိတ်ကို ညှဉ်းဆဲလျက်ရှိသကဲ့သို့ပင် ရှိနေပေသေးသည်။

'သြော် ဘာလိုလိုနဲ့ တနင်္ဂနွေနေ့ရောက်လာပြန်ပြီနော်၊ ဒီလိုနဲ့ပဲ ရက်သတ္တတစ်ပတ် ကုန်ရပြန်ဦးမယ်၊ နေ့တွေ ရက်တွေသာ ပြောင်းခဲ့ပေမယ့် နာတာရှာရဲ့ ဘဝကတော့ ဘာမှ ပြောင်းလဲခြင်း မရှိပါလား၊ ဒီဘဝနဲ့ ဒီပတ်ဝန်းကျင်ထဲမှ ပေါ့ပေါ့နေ ပေါ့ပေါ့စားနဲ့ ကျင်လည်နေရတာပါကလား၊ နာတာရှာဟာ လှပါသေးတယ်၊ ငယ်လဲ ငယ်ပါသေးတယ်၊ ခု နာတာရှာ လိမ္မာလာပါပြီနော်၊ အရင်တုန်းက ဆိုးခဲ့မိုက်ခဲ့ပေမယ့် ခု နာတာရှာ မမိုက်တော့ပါဘူး၊ ဒါပေမဲ့ နာတာရှာရဲ့ဘဝမှာ အကောင်းဆုံးအချိန်တွေဟာ လွန်ခဲ့ပြီ ကုန်ခဲ့ပြီ၊ အကောင်းဆုံးအချိန်ဟာ ဘယ်သူ့အတွက်မှ မဟုတ်ခဲ့တော့ဘူး'

နာတာရှာသည် မိခင်မြို့စားကတော်ကြီး အနီးတွင် ရပ်၍ တွေးတောလျက်ရှိရင်း အနီးရှိ အသိမိတ်ဆွေများကို ခေါင်းညိတ်နှုတ်ဆက်လျက်ရှိ၏။ နာတာရှာသည် ၎င်း၏ဝါသနာအတိုင်း အမျိုးသမီးများ၏ ဝတ်စုံများကို အကဲခတ်လေ့လာလျက်ရှိရာမှ အနီးတွင် ပုံမကျ ပန်းမကျဖြင့် လက်ယှက် ကန်တော့လျက်ရှိသော အမျိုးသမီးတစ်ဦး၏ ဝတ်စားဆင်ယင်ပုံကို စိတ်ထဲမှ ကဲ့ရဲ့လိုက်မိသည်။ ဤသို့ရှိနေစဉ် မိမိက သူတစ်ပါးအား တစ်ဖန် ကဲ့ရဲ့လျက် ရှိသကဲ့သို့ မိမိကိုလည်း သူတစ်ပါးက ကဲ့ရဲ့လိမ့်မည်ကို ဥဩစားမိပြန်လေသည်။ ထိုအခိုက် ဝတ်ပြုသံ ထွက်ပေါ်လာသဖြင့် နာတာရှာသည် မိမိ၏ မကောင်းမှု ဒုစရိုက်များကို ခြုံ၍ သတိရလာပြန်ကာ ကြိုးစွာသော ထိတ်လန့်ခြင်းဖြစ်လျက် မိမိဝိညာဉ်၏ သန့်စင်ခြင်းတို့သည် ပျောက်ကွယ်သွားကြပြန်လေသည်။

ကြည်လင်ခန့်ညားသော ဥပဓိရုပ်ရှိသည့် အသက်ခပ်ကြီးကြီး လူတစ်ယောက်သည် သိမ်မွေ့နူးညံ့၍ တည်ငြိမ်သော မျက်နှာထားဖြင့် ဝတ်ရွှတ်လျက်ရှိလေရာ ဝတ်ပြုသူတို့၏စိတ်၌ ထာဝရဘုရားသခင်အား ကြည်ညိုသမွှာယ်စိတ်တို့သည် တဖွားဖွား ပေါ်ပေါက်လာကြ၏။ သီလဆောရာ ဝတ်ကျောင်းတဲခါးများသည် ပိတ်ထားလျက်ရှိ၍ ကန့်လန့်ကာများ ပုံးထားသည်။ ထိုဝတ်ကျောင်းဆောင်ထဲမှ တိုးတိတ်ညင်သာ သုတိသြဘာနှင့် ပြည့်စုံသော အသံတစ်သံသည် တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်လျက်ရှိ၏။ နာတာရှာသည် အဘယ်ကြောင့် မသိ၊ မျက်ရည်တွေ စို့လာကာ ရင်အုံသည် တလှိုက်လှိုက် ခုန်လျက်ရှိ၏။ ကြည်နူးခြင်းနှင့် ဝမ်းနည်းခြင်းဟူသော ဝေဒနာနှစ်ရပ်သည် တစ်ပြိုင်တည်း ပေါ်လာကြသည်။

'တပည့်တော်မအား မကောင်းမှုမှ မြစ်တား၍ ကောင်းရာကို ညွှန်ပြတော်မူပါ ဘုရား၊ ကောင်းစွာနေ၍ အစဉ်အမြဲ ကောင်းစွာ ကျင့်ကြံနိုင်ရန် ဆုံးမတော်မူပါဘုရား'

နာတာရှာသည် ဘုရားသခင်ထံ ဝပ်တွား တောင်းပန်လျက် ရှိ၏။ သင်းထောက်ဆရာသည် တရားပလ္လင်ရှေ့ရှိ စင်မြင့်ပေါ်သို့ တက်လာကာ ဝတ်လုံကျောဘက်တွင် ဝဲကျနေသော ဆဲပင်များကို လက်ဖြင့် သိမ်းလိုက်၍ ရင်ဘတ်တွင် ကြက်ခြေခတ်သဏ္ဌာန် လက်ယှက်ဆုတောင်းလိုက်ပြီးနောက် လေးနက်တည်ငြိမ်သောအသံဖြင့် ဝတ်ပြုတရားတော်များကို ရွတ်ဆိုလိုက်၏။

"ငြိမ်းချမ်းခြင်း၌ တည်၍ ကျွန်ုပ်တို့ ဘုရားသခင်ထံ ဆုတောင်းကြကုန်အံ့"

'တပည့်တော်မတို့သည် တစ်ဦးကိုတစ်ဦး ရန်ငြိုးထားခြင်း၊ အတန်းအစားခွဲခြင်း မရှိကြဘဲ တစ်အုထုံဆင်းသော ညီရင်းအစ်ကိုတို့၏ ချစ်ခင်သောမေတ္တာဓာတ်ဖြင့် ပေါင်းစည်းမိကြသည်ဖြစ်လျက် တညီတညွတ်တည်း ဆုတောင်းကြကုန်အံ့' နာတာရှာသည် ဤသို့ ထွေးတောလျက်ရှိ၏။

"ကောင်းကင်ဘုံ၌ရှိသော ငြိမ်းချမ်းခြင်းနှင့်တကွ ကျွန်ုပ်တို့ ဝိညာဉ်များ၏ သန့်ရှင်းခြင်းအတွက် ဆုတောင်း

www.burmeseclassic.com

www.burmeseclassic.com

ကြကုန်အံ့”

‘ကျွန်ုပ်တို့၏အထက် ကောင်းကင်ဘုံတွင်ရှိသော သမ္မာဒေဝနတ်များနှင့်တကွ ကောင်းကင်တမန်တို့အတွက် ဆုတောင်းကြကုန်အံ့’

နာတာရှာသည် ဤသို့ ဆုတောင်းခြင်း ပြုလေသည်။

စစ်သည်တော်များအတွက် ဆုတောင်းသောအပိုဒ်သို့ရောက်လျှင် နာတာရှာသည် ၎င်း၏အစ်ကို နီကိုလေနှင့် ဒင်နီဆော့ဗ်တို့ကို ရည်မှန်း၍ မေတ္တာပို့သည်။ ကုန်းဌလည်းကောင်း၊ ပင်လယ်ဌလည်းကောင်း၊ ခရီးသွားလျက်ရှိသူတို့အတွက် ဆုတောင်းသောအပိုဒ်သို့ ရောက်လျှင် နာတာရှာသည် မင်းသားကလေး အင်ဒရေကို အမှတ်ရလာကာ ၎င်းကို ရည်မှန်း၍ မေတ္တာပို့သည်။ ၎င်းအပေါ်၌ ပြစ်မှားခဲ့မိခြင်းအတွက် ခွင့်လွှတ်ရန် ဘုရင်သခင်ထံ ဆုတောင်းသည်။ မိမိချစ်ခင်နှစ်သက်သူတို့အတွက် ဆုတောင်းသောအပိုဒ်သို့ရောက်လျှင် ဖခင်မြို့စားကြီး၊ မိခင်မြို့စားကတော်ကြီးနှင့် ဆွန်ယာတို့ကို ရည်မှန်း၍ မေတ္တာပို့သည်။ ထိုအခါကျမှ နာတာရှာသည် ၎င်းတို့အပေါ်တွင် ပြစ်မှားခဲ့မိသော အပြစ်များကို နောင်တရကာ ၎င်းတို့ အပေါ်မှ မည်မျှ မေတ္တာဓာတ်ကြီးမားကြောင်းကို သဘော ပေါက်လာခဲ့သည်။ မိမိအား မချစ်ခင် မနှစ်သက်သူတို့ အတွက် ဆုတောင်းသောအခါတွင် နာတာရှာသည် မိမိအား မလိုမုန်းထားသူများကို စဉ်းစားကြည့်သည်။ ထိုအထဲတွင် မြို့ရှင်များ၊ ဖခင်မြို့စားကြီးနှင့် ငွေရေးကြေးရေး ဆက်ဆံသူများ ပါဝင်ကြသည်။ နာတာရှာသည် မိမိအား မလိုမုန်းထားသူများ၊ ရန်သူများကို စဉ်းစားလိုက်တိုင်း မိမိကို ဒုက္ခပေး ခဲ့သည့် အနာတိုလီကိုလည်း အမှတ်ရလာသည်။ နာတာရှာသည် အနာတိုလီကို မမုန်းစေကာမူ ရန်သူတစ်ဦးအဖြစ် သဘောထားကာ ရန်သူတစ်ဦးအနေဖြင့် ဆုတောင်းမေတ္တာပို့သသည်။ ဤသို့ ဆုတောင်းမေတ္တာ ပို့သည့်အခါ၌သာ နာတာရှာသည် မင်းသားကလေး အင်ဒရေနှင့် အနာတိုလီတို့ နှစ်ဦး၏အကြောင်းကို တည်ငြိမ်သော စိတ်ထားဖြင့် တွေးတောမိသည်။ စင်စစ်၌ ထိုလူနှစ်ယောက်နှင့် ပတ်သက်သော နာတာရှာ၏ခံစား ချက်တို့သည် ထာဝရဘုရားသခင်အား ကြည်ညိုလေးမြတ်စွာ နှလုံးသွင်းခြင်းနှင့် စာသော် ဘာမျှ ပြောပလောက်ခြင်း မရှိသည်ကို တွေ့ရလေသည်။ ဘုန်းတော်ကြီးသောဘုရား၏ ဆွေတော်မျိုးတော်နှင့် ခရစ်ယာန်သင်္ဃာ စည်းဝေးသဘင်ကြီးအတွက် ဆုတောင်းသောအခါ၌နာတာ ရှာသည် ခေါင်းကိုညွှတ်လျက် လက်ယှက်၍ ဆုတောင်း ခြင်းပြုသည်။ နာတာရှာသည် ခရစ်ယာန် သင်္ဃာ စည်းဝေးသဘင်ကြီး၏အကြောင်းကို ကောင်းစွာ နားလည်ခြင်း မရှိသော်လည်း ၎င်းကို ကြည်ညိုလေးစားသည်သာ ဖြစ်သည့် အတွက် အောင်မြင်စေကြောင်း ဆုတောင်း၍ မေတ္တာပို့ ခြင်း ပြုလေသည်။

ခရစ်ယာန် သင်းထောက်ဆရာသည် ဤသို့ ဆုတောင်း ပတ္ထနာပြုပြီးသည့်နောက် ရင်ဘတ်ပေါ်တွင် လက်ဝါးကပ်တိုင်သဏ္ဌာန် လက်ယှက်၍ ဦးချလိုက်၏။

“ထို့နောက် ကျွန်ုပ်တို့သည် ခရစ်တော်အား ဆုတောင်းခြင်း ပြုကြကုန်အံ့”

နာတာရှာသည် ထိုဆုတောင်းကို ပါးစပ်မှ ခပ်တိုးတိုး လိုက်၍ ရွတ်ဆိုလျက်ရှိ၏။

“ထာဝရ ဘုရားသခင်၊ အရှင်ဘုရား၏ စိတ်အလိုတော်သို့ ဦးညွှတ်ဆုတောင်းခြင်း ပြုပါ၏ဘုရား၊ တပည့်တော်မသည် လောကဌ မည်သည့် စည်းစိမ်ချမ်းသာကိုမျှ လိုလားတောင့်တခြင်း မရှိပါဘုရား၊ တပည့်တော်မအား ကောင်းရာကို ညွှန်ပြတော်မူ၍ မကောင်းမှုမှ တားမြစ်တော်မူပါဘုရား”

နာတာရှာသည် များစွာ ရိုကျိုးညွှတ်နူးသောစိတ်ဖြင့် ဆုတောင်းခြင်း ပြုလေ၏။ လက်ဝါးကပ်တိုင်သဏ္ဌာန် အထိမ်းအမှတ်ပြု၍ ပူဇော်ရမည်ကိုပင် သတိမရတော့ချေ။ မမြင်ရသော တန်ခိုးရှင်တစ်ပါးသည် မိမိအား သဲဝေဂ ဖြစ်ရခြင်း ဆင်းရဲ၊ ဒေါသဖြစ်ခြင်း ဆင်းရဲ၊ လောဘဖြစ်ခြင်း ဆင်းရဲ၊ သက္ကာယဖြစ်ခြင်း ဆင်းရဲ၊ မာနဖြစ်ခြင်း ဆင်းရဲတို့မှ လွတ်မြောက်စေရန် ဝိညာဉ်ကို နုတ်၍ ခေါ်ဆောင်သွားတော့မည်လောဟု အောက်မေ့မိလျက် သေးသွယ်ပျော့ပျောင်းသော လက်မောင်းများကို ဘေးတွင် ဆန့်တန်းချထားကာ အလိုက်သင့် ရပ်နေမိလေသည်။

မိခင်မြို့စားကတော်ကြီးသည် နာတာရှာ၏ ညွှတ်နူး ပျော့ပျောင်းလျက်ရှိသော မျက်နှာနှင့် တောက်ပပြောင်လက်လျက်ရှိသော မျက်လုံးများကို မကြာခဏ လှည့်ကြည့်ကာ သမီးထွေးအား ကူညီမိုင်းမတော်မူရန် ဘုရားသခင်ထံ

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းလျက်ရှိ၏။

ခရစ်ယာန်ဘာသာဝင်တို့၏ ဝတ်ပြုခြင်း၌ ဝတ်ရွက်စဉ် မပြီးမချင်း အစဉ်တစိုက် ဆက်လက်ဝတ်ပြုကြသော ထုံးစံရှိရာ၌ ယနေ့ဝတ်ပြုပုံမှာကား တစ်မူထူးခြားလှသည်ဟု နာတာရှာ ထင်မှတ်မိ၏။ အဘယ်ကြောင့် ဆိုသော် သင်းထောက်ဆရာသည် ဝတ်ပြုခြင်းကို ရပ်၍ သေးငယ်သော ခွေးခြေကလေးတစ်လုံးကို ယူဆောင်လာကာ သီလဆေးရာ ဝတ်ကျောင်းဆောင်တံခါး၀တွင် ချထားလိုက်သောကြောင့် ဖြစ်လေသည်။ နာတာရှာသည် မမျှော်လင့်ဘဲ မြင်လိုက်ရသော သင်းထောက်ဆရာ၏ အပြုအမူကို အံ့အားသင့်လျက်ရှိစဉ် သီလဆေးရာ ဝတ်ကျောင်းဆောင်ထဲမှ ဘုန်းတော်ကြီး ထွက်လာလေသည်။ ဘုန်းတော်ကြီးသည် ဦးခေါင်းပေါ်တွင် ကြက်သွေးရောင် ကတ္တီပါအုပ်ဆောင်းကို ဆောင်းထားလျက်ရှိရာမှ ဆံပင်များကို လက်ဖြင့်သပ်လိုက်ပြီးနောက် တရားပလ္လင်ရှေ့၌ တရိတသေ ပုဆစ်တုပ်၍ ထိုင်လိုက်သည်။ ဝတ်ပြုသူအားလုံးသည်လည်း ဘုန်းတော်ကြီး ပြုလုပ်သည့်အတိုင်း လိုက်၍ပြုလုပ်ကြကာ တစ်ယောက်ကိုတစ်ယောက် အံ့အားသင့်စွာဖြင့် ကြည့်ရှုလျက်ရှိကြ၏။ ထို့နောက် သင်္ဂါယနာတင် အစည်းအဝေးကြီးမှ ရောက်ရှိလာသော ဝတ်ပြုဆုတောင်းကို စတင်ရွတ်ဆိုခြင်း ပြုလေသည်။ ထိုဝတ်ပြုဆုတောင်းကား ရုရှားနိုင်ငံအား ရန်သူ၏ ကျူးကျော်စော်ကားခြင်းမှ ကာကွယ်ပေးတော်မူရန်နှင့် စစ်အောင်စေကြောင်း ပတ္ထနာပြုသော ဝတ်ပြုဆုတောင်းပေတည်း။

"တန်ခိုးတော်အနန္တဖြင့် ပြည့်စုံတော်မူသော ထာဝရဘုရား၊ တပည့်တော်တို့၏ ကယ်တင်ခြင်းကို ပေးသနားတော်မူသော ထာဝရဘုရား"

ဘုန်းတော်ကြီးသည် ကြည်လင်ချိုအေး၍ ရုရှားလူမျိုးများ၏ စိတ်နှလုံးကို သိမ်းကျုံးယူငင်နိုင်သော ဆလပ်လူမျိုး ဘုန်းတော်ကြီးများသာ ရွတ်ဖတ်နိုင်သည့် အသံမျိုးဖြင့် ရွတ်ဖတ်ခြင်း ပြုလေသည်။

"တန်ခိုးတော် အနန္တနှင့် ပြည့်စုံသော ထာဝရဘုရား၊ တပည့်တော်တို့၏ ကယ်တင်ခြင်းကို ပေးသနားတော်မူသော ထာဝရဘုရား၊ ယနေ့၌ အရှင်ဘုရား၏ ကျိုးနွံဝပ်တွားခြင်းရှိသော တပည့်တော်တို့အား သနားကရုဏာနှင့် ကောင်းချီးမင်္ဂလာကို ပေးသနားတော်မူပါဘုရား၊ တပည့်တော်တို့၏ ဆုတောင်းပတ္ထနာစကားကို ကြင်နာသနားစွာ ကြားနာတော်မူပါ ဘုရား၊ တပည့်တော်တို့အား စောင့်ရှောက်တော်မူပါဘုရား၊ တပည့်တော်တို့အား သနားခြင်းကရုဏာကို ပေးတော်မူပါဘုရား၊ ဤရန်သူသည် အရှင်ဘုရား၏ တိုင်းပြည်ကို နှိပ်စက်ကလူပြုလျက်ရှိပါသည်ဘုရား၊ ကမ္ဘာလောကကြီးတစ်ခုလုံးအား အချည်းနှီး ပျက်ပြုန်းစေခဲ့သောငှာ တပည့်တော်တို့အား တိုက်ခိုက်လျက်ရှိပါသည်ဘုရား၊ အရှင်ဘုရား၏ နိုင်ငံတော်ကိုလည်းကောင်း၊ အရှင်ဘုရား၏ ချစ်ခင်နှစ်သက်တော်မူအပ်သော ကျေရုရွှေလင်မြို့ကိုလည်းကောင်း၊ အရှင်ဘုရား၏ ချစ်ကြည်တော်မူအပ်သော ရုရှားပြည်ကို လည်းကောင်း၊ ဖျက်ဆီး ချေမှုန်းရန်အတွက် တရားမဲ့သော လူတို့သည် အတူတကွ စုဝေးလျက် ရှိကြပါပြီ။ အရှင်ဘုရား၏ ဒေသနာတော်တို့ ပွားများရာ သုခမ္မာဇရပ်များကို ညစ်ညမ်းစေရန်လည်းကောင်း၊ ဒေသနာတို့ပေးဝေရာ တရားပလ္လင်များကို မှောက်လှန်ပစ်ရန် လည်းကောင်း၊ ဓာတ်မွေသရီတို့ကိန်းအောင်းရာ ပုထိုး များ၏ အထွတ်အမြတ်ဖြစ်ခြင်းကို ဖျက်ဆီးရန်လည်းကောင်း တရားမစောင့်သောသူတို့သည် အတူတကွစုဝေးလျက် ရှိကြပါပြီ၊ အို ထာဝရဘုရား၊ ကောက်ကျစ်စဉ်းလဲ သူတို့သည် မည်မျှ ရှည်ကြာစွာ အနိုင်ရလျက် ရှိကြဦး မည်နည်း၊ ထိုသူတို့သည် ၎င်းတို့၏ တရားမဲ့သော တန်ခိုး အာဏာစက်တွင် မည်မျှရှည်ကြာစွာ တည်ရှိကြဦး မည်နည်း။

"ထာဝရဘုရားသခင်၊ တပည့်တော်တို့သည် အရှင်ဘုရားထံ ဆုတောင်းလျက်ရှိကြသည်ဖြစ်၍ ကြားနာတော်မူပါဘုရား၊ တပည့်တော်တို့၏ ကြင်နာသနားတတ်သော ဘုန်းတော်ကြီးမြတ်သော အလက်ဇန်းဒရား ဘုရင်မင်းမြတ်အား အရှင်ဘုရင်း၏ အနန္တတန်ခိုးတော်ဖြင့် အင်အားပြည့်တင်း၍ ပေးတော်မူပါ အရှင်ဘုရား၊ အလက်ဇန်းဒရား ဘုရင်မင်းမြတ်၏ တော်တည့်မှန်ကန်ခြင်း၊ ပြည်သူအများအား ရင်ဝယ်သားကဲ့သို့ သနားချစ်ခင်ခြင်းတို့ကို ထောက်ထားလျက်၎င်း၏ တော်တည့် မှန်ကန်ခြင်းနှင့်အညီ ထိုက်တန်သော အကျိုးတရားကို ပေးတော်မူပါဘုရား၊ အရှင်ဘုရား၏ ကောင်းမြတ်သောနေရာဖြစ်သော ဣသရေပြည်အား တပည့်တော်တို့ကို စောင့်ရှောက်စေတော်မူပါ ဘုရား၊ ဘုရင်မင်းမြတ်၏ အတိုင်ပင်ခံဝန်ကြီးများ၊ ဘုရင်မင်း

www.burmeseclassic.com

www.burmeseclassic.com

မြတ်၏ တာဝန်ဝတ္တရားများ၊ အမှုများကို ကောင်းချီးပေးတော်မူပါဘုရား၊ အရှင်ဘုရား၏ ခွန်အားကြီးသော လက်တော်ဖြင့် ဘုရင်မင်းမြတ်၏ နိုင်ငံတော်ကို အင်အားဖြည့်တင်းပေးတော်မူပါ ဘုရား၊ မောရှေအား အမှာလက်ကို အောင်မြင်စေသကဲ့သို့ လည်းကောင်း၊ ဂိဒိရုန်အား မိဒိယကို အောင်စေသကဲ့သို့ လည်းကောင်း၊ ဒေဝိအား ရိလိယကို အောင်စေသကဲ့သို့ လည်းကောင်း၊ ဘုရင်မင်းမြတ်အား လည်း ၎င်း၏ရန်သူအား အောင်စေရန် မှိုင်းမတော်မူပါဘုရား၊ ကိုယ်တော်သည် ဘုရင်မင်းမြတ်၏ စစ်သည်ရဲမက်တို့ကို ထိန်းသိမ်းခြင်းဖြင့် ဘေးရန်ခပ်သိမ်းတို့မှ ကင်းဝေးစေတော်မူ၍ သာသနာတော်၏ အစီးအပွားအတွက် တိုက်ခိုက်လျက် ရှိသူတို့၏လက်သို့ ကြေးဖြင့်ပြုလုပ်သောလေးကို အပ်နှင်း တော်မူပါဘုရား၊ ရန်သူကို တိုက်နိုင်ရန်အတွက် ၎င်းတို့၏ ခါးကို ခွန်အားဗလတည်းဟူသော ခါးစည်းကြိုးဖြင့် စည်းပေးတော်မူပါဘုရား၊ ဒိုင်းနှင့်လံတံကို ကိုင်စွဲလျက် တပည့်တော်တို့အား ကူညီစောင်မရန် ထတော်မူပါဘုရား၊ တပည့်တော်တို့အား ဆိုးယုတ်သောအကြံကို ကြဲစည်ခြင်း ပြုသူတို့အား ကဲ့ရဲ့၍ အရှက်ကိုရစေအောင် ပြုတော်မူပါ ဘုရား၊ အရှင်ဘုရား၏ သစ္စာရှိလှသော စစ်သည်ရဲမက် တို့၏ ရှေ့၌ ရန်သူတို့သည် လေတိုက်ရာ၌ လွင့်ပါသော ဖုန်မှုန်ကဲ့သို့ လွင့်ပျောက်စေတော်မူပါဘုရား၊ အရှင်ဘုရား၏ ခွန်အားဖြင့် ပြည့်စုံသော ကောင်းကင်တမန်တို့ကို စေ၍ ရန်သူတို့အား ကဲ့ရဲ့ကာ ထွက်ပြေးစေအောင် ပြုတော်မူပါဘုရား၊ ရန်သူတို့အား ထောင်ချောက်ကို မသိသည်ဖြစ်၍ ထောင်ချောက်သို့ တိုးဝင်စေတော်မူပါ ဘုရား၊ လျှို့ဝှက်ပြုလုပ်အပ်သော ၎င်းတို့၏ အကြံအစည်များသည် ၎င်းတို့အား တုံ့ပြန်စေတော်မူပါဘုရား၊ ၎င်းတို့အား ဘုရား၏ကျေးကျွန်များခြေ၌ လဲကျစေတော်မူပါဘုရား၊ ထာဝရဘုရား၊ အရှင်ဘုရားသည် ကြီးသူ ကိုလည်းကောင်း၊ ငယ်သူကို လည်းကောင်း၊ ကယ်တင် နိုင်သောသူဖြစ်လျက် အရှင်ဘုရားသည် ဘုန်းတော် အနန္တနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လူသတ္တဝါသည် အရှင်ဘုရား၏ အလိုတော်ကို ဆန့်ကျင်၍ ပြုလုပ်နိုင်စွမ်းမရှိပါ ဘုရား။

"တပည့်တော်တို့ ဘိုးဘေးများ၏ အဖ ဘုရားသခင်၊ အရှင်ဘုရား၏ ကြီးလှစွာသော မဟာကရုဏာတော်နှင့် ချစ်ခင်တတ်သော ကြင်နာခြင်းကို အောက်မေ့ဆင်ခြင်တော်မူပါ ဘုရား၊ အရှင်ဘုရား၏ မျက်နှာတော်ကို တပည့်တော်တို့ထံမှ လွှဲဖယ်ခြင်း ပြုတော်မမူပါနှင့် ဘုရား၊ တပည့်တော်တို့၏ ကိုယ်တွင်း၌ စင်ကြယ်သော နှလုံးကို ဖန်ဆင်းတော်မူ၍ မှန်ကန်သော စိတ်ကို အသစ်ပြုလုပ်တော်မူပါ ဘုရား၊ အရှင်ဘုရားအား ယုံကြည်ခြင်း၌ ပိုမိုထက်သန်အောင် ပြုတော်မူပါ ဘုရား၊ တပည့်တော်တို့၏ မျှော်လင့်ခြင်းကို ခိုင်မာစေ၍ တစ်ဦးကိုတစ်ဦး စစ်မှန်သော ချစ်ခင်ခြင်း သက်ဝင်အောင် ပြုလုပ်တော်မူပါ ဘုရား၊ အရှင်ဘုရား ကိုယ်တော်တိုင် တပည့်တော်တို့အား ပေးကမ်းစွန့်ကြဲခဲ့သော ဓာတ်တော် မွေတော်တို့ကို ဖြောင့်မှန်စွာ ကာကွယ်နိုင်ရန်အတွက် စိတ်ဓာတ်၏ ညီညွတ်ခြင်း လက်နက်ကို တပ်ဆင်ပေးတော်မူပါ ဘုရား၊ စဉ်းလဲဆိုးယုတ်သူတို့၏ ရာဇလွဲတံသည် အရှင်ဘုရားကိုယ်တော်တိုင် သန့်စင်စေခဲ့သူတို့၏ ကံကြမ္မာကို စီရင်ပြဋ္ဌာန်းရန် ခွင့်ပြုတော်မူခြင်းငှာ မထိုက်ပါဘုရား။

"ကျွန်ုပ်တို့ယုံကြည်၍ သစ္စာကို အပ်နှံသော အိုတာဝရဘုရား၊ တပည့်တော်တို့သည် အရှင်ဘုရား၏ ကရုဏာတော်ကို မျှော်လင့်သည်ဖြစ်၍ နှိပ်စက်ကလူပြုခံရခြင်းမှ လွတ်ကင်းအောင် မှိုင်းမတော်မူပါ ဘုရား၊ အရှင်ဘုရား၏ ကောင်းချီးမင်္ဂလာကို ပေးသနားတော်မူပါဘုရား၊ တပည့်တော်တို့ကို မုန်းထားသူတို့အား အရှက်ကိုဖြစ်စေ၍ ပျက်စီးစေတော်မူပါ ဘုရား၊ အရှင်ဘုရားသည် တစ်ဆူတည်းသော ထာဝရ ဘုရားဖြစ်၍ တပည့်တော်တို့သည် အရှင်ဘုရား၏ တပည့်များဖြစ်ကြောင်းကို လူမျိုးအားလုံး သိစေခြင်းငှာ ပြုတော်မူပါ ဘုရား၊ ယနေ့၌ အရှင်ဘုရား၏ မဟာကရုဏာတော်ကို ပြတော်မူပါဘုရား၊ အိုထာဝရဘုရား၊ အရှင်ဘုရား၏ ကယ်တင်ခြင်းကို ပေးသနားတော်မူပါ ဘုရား၊ အရှင်၏ ကရုဏာတော်ကို ပြခြင်းဖြင့် အရှင့်ကျေးကျွန်တို့၏ နှလုံးကို ရွှင်ပြုံးစေတော်မူပါ ဘုရား၊ ရန်သူတို့ကို ပြာမှုန်ကဲ့သို့ဖြစ်စေ၍ အရှင်ဘုရား ကျေးကျွန်များ၏ ခြေဖဝါးအောက်၌ လျင်မြန်စွာ ကျေပျက်အောင် ပြတော်မူပါ ဘုရား၊ အရှင်ဘုရားသည် ယုံကြည်သူအပေါင်းတို့၏ ကာကွယ်ခြင်းလည်း ဖြစ်၊ ကူညီခြင်းလည်း ဖြစ်၍ အောင်မြင်ခြင်းလည်း ဖြစ်တော်မူပါ ဘုရား၊ အရှင်ဘုရားသည် ဘုန်းတန်ခိုးတော်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ထာဝရပြည့်စုံသည်ဖြစ်၍ ကမ္ဘာလောကကြီးသည် ထာဝရတည်စေသတည်း။ တောင်းသောဆုနှင့် ပြည့်သောကိုယ်ဖြစ်ရပါ၏ဘုရား"

နာတာရှာ၏စိတ်သည် ထိုအချိန်၌ ပျော့ပျောင်းနူးညံ့တ်လျက်ရှိသည်ဖြစ်၍ ဤဆုတောင်းသံကို ကြားလိုက်ရသည်တွင် စိတ်ထဲ၌ အကြီးအကျယ် ထိခိုက်သွားလေသည်။ နာတာရှာသည် မောရွေက အမွာလက်ကို အောင်မြင်ခန်း၊ ဂိဒိရုန်က မိဒိယကို အောင်မြင်ခန်း၊ ဒေဝိက ဂိုလိယကို အောင်မြင်ခန်း၊ ယေရှရှလင်မြို့ ပျက်စီးခန်းတို့နှင့် စပ်လျဉ်း၍ ဝတ်ပြုဆုတောင်းစကားများကို သေချာစွာ နားထောင်ကာ ကြည်နူးယိုဖိတ်သော စိတ်ဖြင့် ဆုတောင်းခြင်းအမှုကို ပြု၏။ သို့ရာတွင် ဆုတောင်းခြင်း ဝတ်စဉ်ထဲ၌ မည်သည့်အချက်များ ပါဝင်သည်ကိုကား အပြည့်အစုံ နားမလည်လိုက်ချေ။ တော်ဖြောင့်မှန်ကန်သော စိတ်ထားရှိရန်၊ ယုံကြည်ချက်နှင့် မျှော်လင့်ချက်တို့ဖြင့် မိမိ၏ စိတ်နှလုံးကို ခိုင်ကျည်စေရန်၊ တစ်ဦးနှင့်တစ်ဦး ခစ်မှန်သောချစ်ခြင်း သက်ဝင်ကြရန် ဆုတောင်းရာ၌ကား နာတာရှာသည် စိတ်ပါလက်ပါ ဆုတောင်းခြင်းပြု၏။ သို့ရာတွင် လွန်ခဲ့သော မိနစ်အနည်းငယ်ခန့်က ရန်သူများအား မေတ္တာပို့ခဲ့ပြီးနောက် ယခုတစ်ဖန် ထိုရန်သူများအား ခြေဖဝါးအောက်၌ မွှန့်မွှန့်ညက်ညက်ကျေစေရန် ဆုတောင်းခြင်းကိုကား နာတာရှာ နားမလည်နိုင်ချေ။ သို့ဖြစ်သည့်တိုင် ဝတ်ရွတ်စဉ် တရားတော်၏ မှန်ကန်ခြင်းကိုလည်း နာတာရှာ သံသယမရှိခဲ့ချေ။ ထိုခဏ၌ နာတာရှာသည် ဒုဝရိုက်ကြောင့် ခံရဆဲသော အပြစ်တို့ကို ကြောက်၍လာလေသည်။ အထူးသဖြင့် မိမိ၏ ဒုစရိုက်အတွက် ခံရဆဲသော အပြစ်တို့ကို ကြောက်၍လာမိသည်။ နာတာရှာသည် မိမိကိုလည်းကောင်း၊ လူအားလုံးကိုလည်းကောင်း ခွင့်လွှတ်ဆက်မှုရန် ဆုတောင်းခြင်း ပြု၏။ တစ်ဖန် မိမိကိုလည်းကောင်း၊ လူအားလုံးကိုလည်းကောင်း ငြိမ်းချမ်းခြင်းနှင့် ဘုန်ရွှင်ခြင်းကို ပေးသနားတော်မူရန် ဆုတောင်းခြင်းပြု၏။ ဤသို့ဖြင့် ဘုရားသခင်သည် မိမိ၏ဆုတောင်းသံကို ကြားတော်မူလိမ့်မည်ဟုလည်း နာတာရှာ၏စိတ်တွင် ဆင်မှတ်လျက် ရှိပေသတည်း။

အခန်း ၁၉

ပီယာသည် နာတာရှာ၏ ကျေးဇူးတင်ဟန်ရှိသော မျက်နှာကလေးကို မျက်စိထဲတွင် တရေးရေး မြင်ယောင်လျက်ရှိရှာရင်း မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်မှ ပြန်လာခဲ့သည်တွင် ကောင်းကင်၌ ကြယ်တံခွန်ကြီး ဝိုးဝိုးဝင်းဝင်း ပေါ်နေသည်ကို မြင်ခဲ့ရ၏။ ထိုကြယ်တံခွန်ကို ကြည့်၍ မိမိဘဝ ကောင်းကင်ပြင်ကြီး၌လည်း အသစ်ဖြစ်သောအရာတစ်ခု ပေါ်ပေါက်လာခဲ့လေပြီဟု ထင်မှတ်ခဲ့မိ၏။ ထို့နောက် ထိုအချိန်မှစ၍ မိမိအား ဆောက်တည်ရာမရ ဖြစ်စေခဲ့သည့် ပြဿနာတို့သည် ပျောက်ကွယ်ခဲ့ကြလေပြီ။ လောကီလူ့ဘုံကြီးအတွင်းရှိ အရာဟူသမျှသည် အချည်းနှီးသာတကား၊ အကျိုးမဲ့သာတကားဟူသော အသိသည် ပျောက်ကွယ်ခဲ့လေပြီ။ 'လူတွေသည် အဘယ်ကြောင့် အသက်ရှင်နေကြသနည်း၊ မည်သည့်အရပ်က လာခဲ့ကြသနည်း' ဟူသော မေးခွန်းများသည် ပီယာအား အမြဲတစေ ခြောက်လှန့်လျက်ရှိခဲ့သော်လည်း ထိုသည်နောက်၌ကား ထိုမေးခွန်းနေရာတွင် အရာဝတ္ထုတစ်ခု အစားဝင်ရောက်လာခဲ့ချေပြီ။ ထိုအရာဝတ္ထုကား ထိုမေးခွန်းကို ဖြေသည့်အဖြေလည်း မဟုတ်၊ နောက်မေးခွန်းသစ်တစ်ခုလည်း မဟုတ်ချေ။ နာတာရှာ၏ ရုပ်အဆင်းသဏ္ဌာန်ပင် ဖြစ်လေသည်။ သူများ၏စကားကို နားထောင်လျှင်သော် လည်းကောင်း၊ မိမိကိုယ်တိုင် ဝင်ရောက် ပြောဆိုသောအခါတွင်သော်လည်းကောင်း၊ အာလာပ သလ္လာပ ပြောကြသည့်အခါတွင်သော်လည်းကောင်း၊ လူတို့၏ ဆိုးယုတ်မိုက်မဲမှုများကို ကြားရသည့်အခါ သို့မဟုတ် ဖတ်ရသည့်အခါတွင်သော် လည်းကောင်း ပီယာသည် လောကကြီး၏ အနှစ်သာရကင်းမဲ့ပုံကို တွေးမိကာ ထိတ်လန့် သံဝေဂကြီးစွာ ဖြစ်ခဲ့ရ၏။ လူတို့သည် အဘယ်ကြောင့် ဤအရာများကို အငမ်းမရ မက်မောကာ ရုန်းကန်လှုပ်ရှားလေကြသနည်းဟု တွေးတောခဲ့ပူး၏။ ယခုသော် ပီယာ၌ ထိုသို့သော ထိတ်လန့်ခြင်း သံဝေဂနှင့်တကွ ထိုအတွေးတို့ မရှိတော့ပြီ။ ယခုအချိန်တွင် ပီယာသည် ထိုအရာတို့ကို မစဉ်းစားမိတော့ဘဲ နာတာရှာ၏ မျက်နှာကလေးကိုသာ တရေးရေး မြင်လျက်ရှိလေသည်။ နာတာရှာ၏ မျက်နှာကလေး မျက်စိထဲတွင် ပေါ်လာသည်နှင့် တစ်ပြိုင်နက် ထိုသံသယများ မေးခွန်းများသည် ပျောက်

www.burmeseclassic.com

www.burmeseclassic.com

ကွယ်သွားကြလေပြီ။ မိမိအား ခြောက်လှန့်လျက်ရှိသော မေးခွန်းများကို နာတာရှာက ဖြေဆိုပေးလိုက်သောကြောင့် ပျောက်ကွယ်သွားခြင်းကား မဟုတ်ပါ။ နာတာရှာ၏ ရုပ်သွင်ကို မှန်းကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် လှပခြင်း၊ ချစ်ခင်ခြင်းတို့ရှိရာ ကမ္ဘာသစ်ကြီးတစ်ခုသို့ ရောက်သွားသည့်ပမာ ထင်မှတ်ရခြင်းကြောင့် ထိုမေးခွန်းများသည် အလိုလို မှေးမှိန်ပျောက်ကွယ်သွားကြခြင်းသာ ဖြစ်ပါသည်။ တောက်ပရွှင်မြူးဖွယ် ကောင်းသော စိတ်ကူးကမ္ဘာသစ်ကြီး၌ မှန်ခြင်းလည်း မရှိ၊ မှားခြင်းလည်း မရှိ၊ ဆိုးခြင်းလည်း မရှိ၊ ကောင်းခြင်းလည်း မရှိဘဲ လူအားလုံးတို့အဖို့ နေစချင်ဖွယ်ကောင်းလျက်ရှိသည်ဟု ပီယာ ထင်မှတ်မိလေသည်။ စိတ်ပျက်စက်ဆုပ်ဖွယ်ကောင်းသည့် ပြဿနာများ ပေါ်လာတိုင်း နာတာရှာကို အောက်မေ့လိုက်ခြင်းဖြင့် ထိုအရာတို့သည် မှေးမှိန်ပျောက်ကွယ်သွားကြလေသည်။ လောကကြီးကို စိတ်ပျက်ငြီးငွေ့လာသည့် အခါမျိုး၌ ပီယာသည် ဤသို့တွေး၏။

'ကဲ– ကဲ တိုင်းပြည်ကြီးနဲ့တကွ ဘုန်းတော်ကြီးသော ဘုရားကို လိမ်လည်လှည့်ဖြားနေပေမယ့် ဘုန်းတော်ကြီးသော ဘုရားနဲ့တကွ တိုင်းပြည်က သူ့ကို အဟုတ်ထင်ပြီး ချီးမြှင့်မြောက်စားနေပြီဆိုပါတော့၊ ဒါ ဘာအရေးလဲ၊ ငါ ဘာဖြစ်လို့ ဒါတွေတွေးပြီး စိတ်ညစ်နေရမှာလဲ၊ ငါ့အဖို့ အရေးကြီးတာက နာတာရှာပဲ၊ နာတာရှာက ငါ့ကို မနေ့က ပြုံးပြုံးလေး နှုတ်ဆက်ပြီး နောက်တစ်ခေါက်လာဖို့ မှာလိုက်ရှာတယ်၊ ဟုတ်တယ်၊ ငါ့အဖို့ အရေးကြီးတာက နာတာရှာပဲ၊ နာတာရှာကို ငါချစ်တယ်၊ ငါ့အချစ်ကို ဘယ်သူမှမသိပေမယ့် နာတာရှာကို ငါချစ်တယ်၊ မြတ်နိုးတယ်"

ပီယာသည် လောကကြီးကို စိတ်ပျက် ငြီးငွေ့စရာကြံလာ၍ ဤသို့ ဖြေဖျောက်လိုက်၏။ ထိုအခါကျတော့မှ စိတ်တွင် သက်သာရာရကာ တည်ငြိမ်လာပေတော့သည်။

ပီယာသည် အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် ကျင်လည်မြဲ ကျင်လည်လျက်ရှိကာ အရက်ကိုလည်း သောက်နိုင်သမျှ သောက်သည်။ ယခင်ကကဲ့သို့ပင် သောက်သောက်စားစား လူမင်းသားဘဝဖြင့် ပျက်စီးချင်တိုင်း ပျက်စီးလျက်ရှိသည်။ ပီယာတွင် မြို့စားကြီး ရောစတော့ဗ်တို့ထံ လည်ပတ်သော အချိန်များအပြင် အခြားသောအချိန်များ ကျန်ပေသေးရာ ထိုအချိန်များကို တစ်နည်းနည်းဖြင့် ဖြုန်းတီးရမည်သာ ဖြစ်၏။ ထိုအထဲတွင် မော်စကိုမြို့၌ ပေါင်းသင်းသည့် အပေါင်းအသင်းကလည်း ပျက်စီးလေလွင့်၍နေသော အပေါင်းအသင်းမျိုးဖြစ်ရာ ပီယာသည် ပျက်စီးခြင်း ရေယဉ်ကြောတွင် အတောမသတ်နိုင်အောင် မျောလျက် ရှိပေသည်။ သို့ရာတွင် စစ်မျက်နှာမှ စိတ်မချမ်းမြေ့စရာ သတင်းများနှင့်တကွ နာတာရှာ၏ ကျန်းမာရေး အခြေအနေ ကောင်းမွန်လာပြီဆိုသည့် သတင်းများကို ကြားလာရသောအခါတွင်ကား ပီယာသည် ယခင်ကကဲ့သို့ ကြည်နူးခြင်းတို့ မရှိကြတော့ပြန်ဘဲ စိတ်ထဲတွင် ယောက်ယက်ခတ်စ ပြုလာပြန်လေသည်။ မည်သည့်အကြောင်းကြောင့်ဟူ၍ကား စဉ်းစား၍ မရချေ။ သို့ရာတွင် ဤကဲ့သို့ ဆက်လက် ပျက်စီးလေလွင့်၍ မဖြစ်တော့ဟူ၍ကား သဘောပေါက်လာ၏။ မိမိ၏ဘဝတစ်ခုလုံးကို ပြောင်းလဲပစ်မည့် ဘေးဥပဒ်အန္တရာယ်ကြီး တစ်ခုသည် တဖြည်းဖြည်း ချဉ်းကပ်လာလျက်ရှိခြင်းကိုလည်း သဘောပေါက်လာခဲ့လေသည်။ ထို့ကြောင့် ပီယာသည် ထိုဘေးဥပဒ်အန္တရာယ်ကြီး၏ နိမိတ်လက္ခဏာများကို ရှာဖွေစဉ်းစားမိသည်။ ညီအစ်ကိုတော် ဂိုဏ်းဝင်တစ်ယောက်သည် နပိုလီယန်နှင့်ပတ်သက်၍ ဗေဒင်ဟောကိန်းတစ်ခုကို ပီယာ့ထံသို့ ပေးပို့လိုက်သည်။ ၎င်းမှာ ရှင်ယောဟန်၏ ဗျာဒိတ်ကျမ်းမှ ထုတ်နုတ်ထားခြင်း ဖြစ်လေသည်။

ဗျာဒိတ်ကျမ်း အခန်း ၁၃ ပုဒ်ရေ ၁၈ တွင် အောက်ပါအတိုင်း ပါရှိသည်။

ဤအရာ၌ ပညာရှိ၏။ ဉာဏ်ရှိသောသူသည် သား၏ အရေအတွက်ကို ရေတွက်စေ။ လူ၏ အရေအတွက် ဖြစ်၏။ ခြောက်ရာခြောက်ဆယ့်ခြောက်လည်း ဖြစ်၏။

တစ်ဖန် ဗျာဒိတ်ကျမ်း အခန်း ၁၃ ပုဒ်ရေ ၅ တွင် အောက်ပါအတိုင်း ပါရှိပြန်သည်။

ထိုသားရဲသည်လည်း ကြီးစွာသော စကားကိုလည်း ကောင်း၊ ဘုရားသခင်အား ပြစ်မှားသော စကားကို လည်းကောင်း၊ ပြောတတ်သောနှုတ်ဖြင့် ပြည့်စုံ၍ လလေးဆယ့်နှစ်လပတ်လုံး စီရင်ရသော အခွင့်ကို ရ၏။

ပြင်သစ်အကွရာများသည် ဟေဗြဲအကွရာများကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

သချိုင်္ကာအရေအတွက်အားဖြင့် တန်ဖိုးရှိကြ၏။ ၎င်းတို့အနက် ပထမအကွာရာ ကိုးလုံးသည် ခုဂဏန်းများဖြစ်ကြ၍ နောက်အကွာရာများမှာ ဆယ်ဂဏန်း တန်ဖိုးအသီးသီး ရှိကြ၏။ သို့ဖြစ်ရကား ပြင်သစ်အကွာရာများကို ဂဏန်းအရေအတွက်ဖြင့် တွက်လိုက်လျှင် အောက်ပါအတိုင်း တန်ဖိုးရှိကြ၏။

A	B	C	D	E	F	G	H	I	K
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
L	M	N	O	P	Q	R	S	T	
၂၀	၃၀	၄၀	၅၀	၆၀	၇၀	၈၀	၉၀	၁၀၀	
U	V	W	X	Y	Z				
၁၁၀	၁၂၀	၁၃၀	၁၄၀	၁၅၀	၁၆၀				

ဧကရာဇ်ဘုရင် နပိုလီယန်ဟူသော အမည်ကို (ပြင်သစ်စာလုံးပေါင်းအတိုင်း) ဂဏန်းဖြင့်ရေးပါက ထို ဂဏန်းများ၏ စုစုပေါင်းကိန်းသည် ၆၆၆ ဖြစ်၏။ ထို့ကြောင့် နပိုလီယန်သည် ဗျာဒိတ်ကျမ်းထဲ၌ ဟောကြားထားသော်သားရဲဖြစ်၏။ တစ်ဖန် ကြီးစွာသော စကားကို လည်းကောင်း၊ ဘုရားသခင်အား ပြစ်မှားသော စကားကို လည်းကောင်း' ပြောဆိုခြင်းပြုသော ထိုသားရဲ၏ သက်တမ်းမှာ လေးဆယ့်နှစ်လဖြစ်လေရာ (လေးဆယ့်နှစ်)ကို ပြင်သစ်စာလုံးပေါင်းအတိုင်း ဂဏန်းဖြင့်ရေးပါက ထို ဂဏန်းများ၏ စုစုပေါင်းကိန်းသည် ၆၆၆ ပင် ရပြန်၏။ တိုက်ဆိုင်ခြင်းမှာကား နပိုလီယန် ဥရောပတွင် ဘုန်းတန်ခိုးကြီးသောနှစ်မှာ ၁၈၁၂-ခုဖြစ်၍ ထိုနှစ်၌ နပိုလီယန်မှာ အသက်လေးဆယ့်နှစ်နှစ် ရှိနေခြင်းပင် ဖြစ်သည်။ ဗျာဒိတ်ကျမ်း အလိုအရ သားရဲသည် လေးဆယ့်နှစ်နှစ် လွန်၍ စီရင်ရသော အခွင့်ကုန် ဆုံးမည်ဖြစ်ရာ နပိုလီယန်သည်လည်း ဤနှစ်ကုန်လျှင် ဘုန်းတန်ခိုးနိမ့်ချေတော့မည်ဟု ထွေးမိကာ ပီယာသည် ဗျာဒိတ်ကျမ်းတွင် ဖော်ပြထားချက်ကို ဖတ်၍ ကြည်နူးလျက်ရှိ၏။ တစ်ဖန် ဤသားရဲတိရစ္ဆာန်ဖြစ်သော နပိုလီယန်ကို မည်သို့ နှိမ်နင်းအံ့နည်းဟုလည်း ပီယာသည် ဗျာဒိတ်ကျမ်းအရ တွက်ကြည့်ပြန်သည်။ ထို့ကြောင့် ဗျာဒိတ်ကျမ်းအရဆိုသော် ထိုသားရဲကို နှိမ်နင်းမည့် ဘုန်းတန်ခိုးကြီးသူ၏ အမည်နာမသည် သင်္ချာအားဖြင့် တွက်လျှင် ၆၆၆ ပြည့်ရမည် ဖြစ်၏။ ပီယာသည် နာမည်များကို ရေးချကာ ၆၆၆ ဂဏန်းရအောင် ပေါင်းကြည့်သည်။ ပထမ 'ဧကရာဇ်ဘုရင် အလက်ဇန်းဒရား၊ ရုရှားနိုင်ငံတော်'ဟု (ပြင်သစ်စာလုံးပေါင်းအတိုင်း) ရေး၍ တွက်ကြည့်သည်။ ရလာဒ်မှာ ၆၆၆ ထက်ပိုနေပြန်၏။ တစ်ဖန် 'မြို့စား ပီယာ ဘီဇူးကော့ဗ်' ဟူသော မိမိ၏အမည်နာမကို (ပြင်သစ်စာလုံးပေါင်းအတိုင်း) ရေး၍ တွက်ပြန်သည်။ ရလဒ်မှာ ၆၆၆နှင့် မကိုက်ပြန်ချေ။ ထို့ကြောင့် မိမိ၏ နာမည်ကို (ပြင်သစ် စာလုံးပေါင်းဖြင့်ပင် တစ်မျိုးပြောင်း၍) တစ်မျိုးရေးကြည့်ပြန်သည်။ ဤအခါတွင်လည်း လိုသောကိန်းကို မရသေးချေ။ တစ်ဖန်လူမျိုး၏ အမျိုး အမည်ကို ဖော်၍ရေးလျှင် ကိုက်လေမည်လောဟု တွေးမိပြန်ကာ 'ရုရှားလူမျိုး ဘီဇူးကော့ဗ်'ဟု ရေးကြည့်ပြန်သည်။ ရလဒ်မှာ ၆၇၁ ဖြစ်၍ ၅ ပိုနေသည်။ ထို့ကြောင့် Le Russe Besuhof အစား၊ ၅ ဂဏန်းကို ကိုယ်စားပြုသော eကိုဖြုတ်ပြီးလျှင် L'Russe Besuhof ဟုရေးလိုက်၏။ ပေါင်းကြည့်လိုက်သော် လိုသောကိန်း ၆၆၆ကို ရလေသည်။ ပီယာသည် ဤတွက် ကိန်းကို ရလိုက်သည်နှင့် များစွာ ကျေနပ်သွားသည်။ တကယ်တွင်ကား ဗျာဒိတ်ကျမ်း၌ ဟောထားသည့်အတိုင်း မိမိသည် ဤကိုစွကြီးကို ဆောင်ရွက်နိုင်ခြင်း ရှိမရှိကိုမူ ပီယာမစဉ်းစားမိချေ။ သို့ရာတွင် ဤမျှ တွက်၍ရလျှင်ပင် အနည်းဆုံး စိတ်သက်သာမှုရသည်သာဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ နာတာရှာအား မေတ္တာသက်ဝင်လျက်ရှိခြင်း၊ အန္တိခရစ်ဖြစ်ခြင်း၊ နပိုလီယန်ကို နှိမ်နင်းနိုင်မည်ဟုထင်ခြင်း၊ ကြယ်တံခွန်ကြီးပေါ်ခြင်း၊ ဗျာဒိတ်ကျမ်းအရ တွက်ကိန်းမှန်လျက်ရှိခြင်း စသည်တို့သည် ပျက်စီးခြင်း ရေအယဉ်တွင် မျောပါလျက်ရှိသော ပီယာအား ကယ်တင်ကာ သတိတရား ရစေခဲ့သည်သာ ဖြစ်လေသည်။

စစ်အောင်ကြောင်း ဆုတောင်းသည့် တနင်္ဂနွေမတိုင်မီ တစ်ရက်က ပီယာသည် စစ်မြေပြင်မှ နောက်ဆုံးသတင်းများကို မိမိနှင့် ရင်းနှီးသူ မော်စကိုမြို့ဝန် မြို့စားကြီး ရော့စတော့ချင်ထံမှ မေးမြန်း စုံစမ်းလာခဲ့မည်ဟု မြို့စားကြီး ရော့စတော့ဗ်နှင့် အိမ်သားများအား ကတိပေးခဲ့၏။ ထို့ကြောင့် တနင်္ဂနွေနေ့ မနက်၌ ပီယာသည် မော်စကိုမြို့ဝန် မြို့စားကြီး ရော့စတော့ချင် စံအိမ်တော်သို့ ထွက်လာခဲ့လေသည်။ အခန့်သင့်ပင် မြို့စားကြီး ရော့စတော့ချင်၏ စံအိမ်တော်၌ စစ်မြေပြင်မှ နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာသော ခြေမြန်တော် ဆက်သားတစ်ဦးကို တွေ့ရ၏။ ထိုခြေမြန်တော်ဆက်သားမှာ မော်စကိုကပွဲများတွင် မကြာခဏ တွေ့ဖူးနေသော ပီယာ၏ အသိမိတ်ဆွေတစ်ဦး ဖြစ်လေသည်။

"ကျွန်တော့်ကိုတော့ ကျေးဇူးပြုပြီး ခွင့်ပြုဦး ရောင်းရင်းရေ၊ လူကြုံပါးလိုက်တဲ့စာတွေ တစ်ထပ်ကြီး ပါလာလို့ လိုက်ပို့ရဦးမယ်" ခြေမြန်တော်ဆက်သားက ဆို၏။

လူကြုံပါးလိုက်သည့် စာများအနက် နီကိုလေကဂင်း၏ဖခင် မြို့စားကြီး ရော့စတော့ဗ်ထံ ပေးလိုက်သည့် စာတစ်စောင်ကို တွေ့ရ၏။ ပီယာသည် ထိုစာကိုယူလိုက်၏။ ထို့နောက် မြို့စားကြီး ရော့စတော့ချင်ကလည်း ပုံနှိပ်ပြီးဖြစ်သော ဘုရင်မင်းမြတ်၏ အမိန့်တော်ပြန်တမ်း၊ နောက်ဆုံးတပ်တွင်း ပြန်တမ်းများနှင့် မိမိထုတ်ပြန်သည့် နောက်ဆုံးပြန်တမ်းများကို ပေးလိုက်၏။ တပ်တွင်းပြန်တမ်းတစ်စောင်၌ တိုက်ပွဲတွင် ကျဆုံးသူများ၊ ဒဏ်ရာရသူများ၊ ရာထူး၊ ဘွဲ့ထူး ချီးမြှင့်ခြင်းခံရသူများ၏ စာရင်းပါလာသဖြင့် ပီယာကြည့်လိုက်ရာ ဩစထရိနာတိုက်ပွဲ၌ သူရဿတ္တိ ပြောင်မြောက်စွာ တိုက်ခိုက်ခဲ့ခြင်းအတွက် စတုတ္ထတန်း စိန်ဂျော့ရွှေတံဆိပ် ချီးမြှင့်ခြင်းခံရသော နီကိုလေ၏ နာမည်နှင့် မြင်းတပ်ရင်းတစ်ခုတွင် တပ်ရင်းမှူးအဖြစ် ခန့်အပ်ခြင်းခံရသော မင်းသားကလေး အင်ဒရေတို့၏ အမည်ကို တွေ့ရ၏။ ပီယာသည် မြို့စားကြီး ရော့စတော့ဗ်တို့ အိမ်သားများအား မင်းသားကလေး အင်ဒရေအကြောင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ပြောလိုသော ဆန္ဒမရှိသော်လည်း ၎င်းတို့၏သား နီကိုလေ ဘွဲ့ထူး ဂုဏ်ထူးချီးမြှင့်ခြင်း ခံရသည့် ဝမ်းမြောက်ဖွယ်သတင်းကို သိစေလိုသည့်အတွက် ပုံနှိပ်ပြီးဖြစ်သော တပ်တွင်း အမိန့်ပြန်တမ်း နှင့် နီကိုလေ၏စာကို မြို့စားကြီး ရော့စတော့ဗ် အိမ်သို့လူလွှတ်၍ အပို့ခိုင်းလိုက်ပြီး ဘုရင်မင်းမြတ်၏ အမိန့်တော် ပြန်တမ်းနှင့်တကွ မြို့စားကြီး ရော့စတော့ချင်၏ အမိန့်ပြန်တမ်းများ၊ အခြားအမိန့်ပြန်တမ်းများကိုမူ ညနေစာစားမှ ယူသွားမည်ဟု ယူဆကာ မပေးဘဲ ချန်ထားလိုက်သည်။

မော်စကိုမြို့ဝန် မြို့စားကြီး ရော့စတော့ချင်ထံမှ ကြားရသော စကားများ၊ စိုးရိမ်ထိတ်လန့်လျက်ရှိသော မြို့စားကြီး ရော့စတော့ချင်၏အသံ၊ တပ်မတော်ထဲတွင် အခြေအနေ ဆိုးလျက်ရှိကြောင်း အမှတ်မထင် ပြောဆိုသွားသည့် ခြေမြန်တော် ဆက်သား၏စကားများ၊ မော်စကိုမြို့တွင် ပြင်သစ်သူလျှိုများ ရောက်ရှိနေပြီဆိုသည့် ကောလဟလသတင်းများ၊ နပိုလီယန်သည် ပီတာစဘတ် ရွှေမြို့တော်နှင့် မော်စကိုသို့ ဆောင်းဦးပေါက်တွင် အရောက်ချီတက်လာရန် ကြေညာထားပြီဆိုသည့် တိတ်တဆိတ် ဝင်ရောက်ရှိသော စာတမ်းများ၊ နံနက်ဖြန်တွင် ဘုန်းတော်ကြီးသောဘုရား ကိုယ်တိုင် မော်စကိုမြို့သို့ ကြွတော်မူလာမည်ဟူသော သတင်းစကားများသည် ကြယ်တံခွန်ကြီး ပေါ်ပေါက်လာပြီးချိန်၊ အထူးသဖြင့် စစ်ကြီး စတင်ဖြစ်ပွားလာချိန်မှစ၍ ပီယာ၏ရင်ထဲထွင် ယောက်ယက်ခတ်မျှ လှုပ်ရှားနေခဲ့သော ခံစားချက်များကို အသစ်ဖြစ်လာစေခဲ့ပြန်သည်။

ပီယာသည် တပ်မတော်ထဲသို့ ဝင်ရောက် အမှုထမ်းရန် ကာလအတန်ကြာကပင် စဉ်းစားခဲ့၏။ သို့သော်လည်း မိမိတို့ ညီအစ်ကိုတော်ဂိုဏ်းဝင်များမှာ ထာဝစဉ် ငြိမ်းချမ်းရေးနှင့် စစ်ပပျောက်ရေးတို့အတွက် ကြိုးပမ်းရန် ကျမ်းသစ္စာ ကျိန်ဆိုထားရသည့်အတွက် လည်းကောင်း၊ စစ်ဝတ်စုံကိုဝတ်ကာ မျိုးချစ်စိတ်စကားကို ဖောင်ဖောင်ကြီး ပြောလျက်ရှိသော မော်စကိုမြို့သားများကို တွေ့ရသည်၌ သူတို့ကဲ့သို့ 'ရောယောင်အုပ်စု' ထဲတွင် ပါဝင်သွားမည်ကို စိုးရိမ်သည့်အတွက်လည်းကောင်း ပီယာသည် တပ်မတော်ထဲသို့ မဝင်ဖြစ်တော့ချေ။ တပ်မတော်ထဲသို့ ဝင်ရောက်အမှုမထမ်းဖြစ်သည့် အဓိက အကြောင်းကား မိမိသည် ဗျာဒိတ်ကျမ်းအရ ဂဏန်းအရေအတွက် ၆၆၆ ပြည့်သော လူတစ်ယောက်ဖြစ်သည်ဟူသော မရေရာသည့်အတွေးကြောင့်ပင် ဖြစ်၏။ 'ကြီးစွာသော စကားကိုလည်းကောင်း၊ ဘုရားသခင်အား ပြစ်မှားသောစကားကိုလည်းကောင်း၊ ပြောဆိုသည့် သားရဲကို နှိမ်နင်းရန်အလုပ်သည် မိမိ၏ အလုပ်ဖြစ်သည်ဟု ဗျာဒိတ်ကျမ်းက ဟောထားလျက်ရှိသည် မဟုတ်ပါလော။ ထို့ကြောင့် ပီယာသည် မည်သည့် တာဝန်ဝတ္တရားကိုမျှ ထမ်းဆောင်ခြင်း မပြုတော့ဘဲ ဗျာဒိတ်ကျမ်းအရ ဆိုက်ရောက်လာမည့်အချိန်ကိုသာ စောင့်ဆိုင်းလျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၀

တနင်္ဂနွေနေ့များ၌ မြို့စားကြီး ရော့စတော့ဗ်သည် ရင်းနှီးသော မိတ်ဆွေတစ်သိုက်ကို ညစာစားဖိတ်လေ့ရှိရာ ထိုနေ့တွင်လည်း မိတ်ဆွေအနည်းငယ်ကို ညစာစားဖိတ်ထားပြီး ဖြစ်လေသည်။

ပီယာသည် မြို့စားကြီး ရော့စတော့ဗ် အိမ်သားစုနှင့် အေးအေးဆေးဆေး စကားပြောချိန်ရရန် ခပ်စောစော ရောက်လာလေသည်။

ပီယာသည် ယခုနှစ်တွင် ပို၍ဝလာခဲ့သည်။ သို့ရာတွင် အရပ်အမောင်းကောင်းခြင်း၊ အရိုးအဆစ်ကြီးခြင်း၊ ဤမျှလောက် လေးလံသော ကိုယ်ခန္ဓာကြီးနှင့် မလိုက်အောင် ပေါ့ပါးဖျတ်လတ်ခြင်းတို့ကြောင့် ကြည့်၍ ကောင်းရုံမျှသာ ရှိသည်။ သို့မဟုတ်ပါက ဤမျှလောက်ဝပုံမျိုးနှင့် ဆိုလျှင် များစွာ အကျည်းတန်မည်သာ ဖြစ်လေသည်။

ပီယာသည် ပါးစပ်မှ တစ်စုံတစ်ရာကို ရေရွတ်ရင်း လှေကားအတိုင်း တက်လာခဲ့၏။ ပီယာ၏ ရထားသမားသည် စောင့်ရမည်လော၊ ပြန်ရမည်လောဟုပင် မမေးတော့ချေ။ သူ့သခင်ပီယာသည် မြို့စားကြီး ရော့စတော့ဗ်အိမ်သို့ ရောက်လျှင် သန်းခေါင်သန်းလွဲအထိ နေမြဲဖြစ်သည်ကို ရထားသမားကလည်း သိပြီးဖြစ်၏။ မြို့စားကြီး ရော့စတော့ဗ်အိမ်မှ အစေတော်သည် ပီယာကိုမြင်သည်တွင် ပြေးလာကာ အပေါ်ရုံအင်္ကျီကို ချွတ်ပေးပြီး ဦးထုပ်နှင့် လက်ထဲမှ တုတ်ကောက်ကို ဆီး၍ယူလိုက်၏။ ပီယာသည် ကလပ်သို့ သွားနေကျဖြစ်သည့်အတိုင်း ဦးထုပ်နှင့် တုတ်ကောက်ကို စမုတ်ဆောင်ထဲတွင် ထားပစ်ခဲ့လေ ရှိပေသည်။

အိမ်ထဲသို့ ဝင်လိုက်သည်နှင့် ပီယာ ပထမဆုံး တွေ့ရသူမှာ နာတာရှာ ဖြစ်၏။ ပီယာသည် စမုတ်ဆောင်ထဲတွင် အပေါ်ရုံအင်္ကျီကို ချွတ်လိုက်ရှိစဉ်ကတည်းကပင် နာတာရှာ၏အသံကို ကြားနေရသည်။ နာတာရှာသည် ပွဲတက်ဆောင်ထဲ၌ ဂိတသင်္ကေတသံများကို ရွတ်ဆိုကာ အသံလေ့ကျင့်လျက်ရှိ၏။ နာတာရှာ သီချင်းမဆိုသည်မှာ ကြာခဲ့လေပြီ။ ပီယာသည် နာတာရှာ၏ အသံကိုကြားသည်၌ အံ့အားသင့်သွားကာ ဝမ်းအသာကြီး သာသွားမိသည်။ ပီယာသည် ပွဲတက်ဆောင်တံခါးကို အသာတွန်း၍ ဖွင့်ကြည့်လိုက်သည်။ နာတာရှာသည် ဝတ်တက်သွားစဉ် ဝတ်သော မရန်းစေ့ရောင်ဖျော့ဖျော့ ပိုးပျော့ဝတ်စုံကိုဝတ်လျက် ခန်းဆောင်ထဲတွင် လမ်းလျှောက်ရင်း သီချင်းဆိုလျက်ရှိသည်ကို တွေ့ရ၏။ တံခါးဖွင့်လိုက်သည့် အချိန်တွင် နာတာရှာသည် ပီယာ့ဘက်သို့ ကျောပေးလျက်ရှိ၏။ နောက်သို့လှည့်လိုက်၍ ပီယာ၏ အံ့အားသင့်လျက်ရှိသော မျက်နှာကို မြင်လိုက်ရသည်နှင့် နာတာရှာသည် မျက်နှာတွင် ရုတ်သွေးဖြာလျက်ရှိရာမှ ပီယာ့ထံသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။

"နာတာရှာ သီချင်းပြန်ဆိုဖို့ အသံကျင့်နေတာ အစ်ကိုရဲ့" နာတာရှာက အရှက်ပြေစကားဖာလိုက်၏။ "အလကားနေတာနဲ့စာရင် တစ်ခုခု လုပ်နေတာက တော်သေးတာပေါ့နော် အစ်ကို"

"အေး၊ ကောင်းတယ်"

"အစ်ကိုလာတော့ နာတာရှာ သိပ်ဝမ်းသာတာပဲ အစ်ကို၊ ဒီနေ့ နာတာရှာ သိပ်ပျော်တာပဲ" နာတာရှာက စိတ်အားထက်သန်စွာ ပြောလိုက်၏။ နာတာရှာ၌ ဤသို့စိတ်ထက်သန်လျက်ရှိခြင်းကို မတွေ့ရသည်မှာ ကြာပေပြီ။

"ကိုကိုလဲ စိန့်ဂျော့ဆုတံဆိပ်တော် ချီးမြှင့်ခြင်း ခံရတယ် အစ်ကို၊ ကြားပြီးပလား၊ နာတာရှာတို့အတွက် ဂုဏ်ယူစရာပေါ့နော်"

"အေး ကြားပြီးပါပြီ၊ ဒီသတင်းကို အစ်ကိုပဲ ပို့လိုက်တာပဲ၊ ကဲ ကဲ နာတာရှာ့အလုပ် နာတာရှာ ဆက်လုပ်ပါ၊ အစ်ကိုက အနှောင့်အယှက်ပေးသလို ဖြစ်နေပြီ ထင်တယ်" ပီယာက နာတာရှာကို ပြောလိုက်ပြီး ဧည့်ခန်းဆောင်ဘက်သို့ လှည့်ထွက်ရန် ပြင်လိုက်၏။

နာတာရှာက တားလိုက်၏။

"အစ်ကို"

နာတာရှာ၏ မျက်နှာသည် ရုတ်သွေးဖျန်းလျက်ရှိ၍ မျက်လုံးများကလည်း ပီယာကို စူးစိုက်လျက်ရှိကြသည်။

"အစ်ကို၊ နာတာရှာ ခုလို သီချင်းဆိုတာ အပြစ်ရှိသလား အစ်ကို"

"အလို ကိုယ့်ဘာသာကို သီချင်းဆိုတာ ဘာဖြစ်လို့ အပြစ်ရှိရမှာလဲ၊ ဘာအပြစ်မှ မရှိဘူး၊ နေစမ်းပါဦး အစ်ကို့ကို ဘာဖြစ်လို့ ဒီမေးခွန်းကို မေးရတာလဲ"

"ဘာမှတော့မဖြစ်ပါဘူး အစ်ကို" နာတာရှာက

www.burmeseclassic.com

www.burmeseclassic.com

ခပ်သွက်သွက် ဖြေလိုက်၏။ "ဒါပေမဲ့ နာတာရှာရဲ့စိတ်ထဲမှာ အစ်ကို သဘောမကျတဲ့ အလုပ်တစ်ခုကို နာတာရှာ မလုပ်သင့်ဘူးလို့ ထင်နေတယ်၊ အစ်ကိုတစ်ယောက်ကို နာတာရှာ ခြွင်းချက်မရှိ ယုံပါတယ် အစ်ကို၊ အစ်ကိုဟာ နာတာရှာအဖို့ အင်မတန် အရေးကြီးပါတယ်၊ အစ်ကိုဟာ နာတာရှာ့ကို ကူညီခဲ့တဲ့သူ၊ ကယ်တင်ခဲ့တဲ့သူ ဆိုရင်လဲ မမှားပါဘူး၊ အစ်ကို့ ကျေးဇူးတွေဟာလဲ နာတာရှာ့အဖို့ ဆပ်လို့ မကုန်နိုင်အောင် ကြီးမားပါတယ် အစ်ကို"

ပီယာသည် နာတာရှာ၏ စကားများကို ကြားလိုက်ရသည့်အခါ၌ မျက်နှာကြီး နီရဲလာလေသည်။ သို့ရာတွင် နာတာရှာကမူ သတိထားမိခြင်းမရှိဘဲ ဆက်၍ ပြောလျက်ရှိ၏။

"သူ သူ၊ အင်ဒရေ (နာတာရှာသည် နာမည်ကို ခပ်မြန်မြန် ရွတ်ဆိုလိုက်၏) ရှာပြည်ထဲ ပြန်ရောက်နေပြီလို့ တပ်မတော် အမိန့်ပြန်တမ်းထဲမှာ တွေ့လိုက်တယ် အစ်ကို၊ အစ်ကို ဘယ်လိုသဘောရသလဲဟင်"

နာတာရှာသည် စကားကို ခပ်ဖြည်းဖြည်းပြောနေပါက မထွက်ရဲဖြစ်နေမည် စိုးသကဲ့သို့ ခပ်သွက်သွက် မေးလျက်ရှိသည်။

"သူ သူ၊ နာတာရှာကို ခွင့်လွှတ်ပါဦးမလား အစ်ကို၊ သူ နာတာရှာ့အပေါ်မှာ အကြီးအကျယ် စိတ်နာသွားပြီ ထင်တယ်နော် အစ်ကို၊ အစ်ကို ဘယ်လိုသဘောရသလဲ ဟင်၊ အစ်ကို ဘယ်လိုထင်သလဲ"

"အစ်ကို့အထင်ကတော့" ပီယာက ပြန်ပြောလိုက်၏။ "သူ့အနေနဲ့ ဘာမှ ခွင့်မလွှတ်နိုင်စရာ မရှိပါဘူး၊ အစ်ကိုသာ သူ့နေရာရောက်ရင်"

ပီယာသည် ဤသို့ပြောရင်း နာတာရှာအား ချော့မော့နှစ်သိမ့်ခဲ့ခြင်းကို ပြန်၍ အမှတ်ရလာလေသည်။ ထိုစဉ်က မိမိသည် ယခုကဲ့သို့ သားမယားနှင့် မဟုတ်ဘဲ ကမ္ဘာလောကတွင် အတော်ဆုံးသော လူတစ်ယောက်ဖြစ်၍ လွတ်လွတ်လပ်လပ် ဖြစ်ခဲ့ပါက နာတာရှာ၏အချစ်ကို တောင်းခံမိမည်ဟု ပြောခဲ့ဖူး၏။ ပီယာ၏စိတ်ထဲတွင် ထိုစဉ်က ဖြစ်ပေါ်ခဲ့သော ကြင်နာသနားခြင်းမျိုး၊ နူးညံ့သိမ်မွေ့ခြင်းမျိုး၊ ချစ်ခြင်းမေတ္တာမျိုးသည် ပြန်၍ပေါ်လာကြကာ ထိုစဉ်က စကားများသည်လည်း နှုတ်ခမ်းဖျားဆီသို့ ရောက်လာကြ၏။ သို့ရာတွင် နာတာရှာက ထိုစကားများကို ပြောချိန်မပေးဘဲ ဆက်၍ ပြောလိုက်သည်။

"ဟုတ်တယ် အစ်ကို၊ အစ်ကိုသာ၊ အစ်ကိုသာ ဆိုရင် (နာတာရှာသည် အစ်ကိုဆိုသော စကားလုံးကို ကြည်နူးစွာ ရွတ်ဆိုလိုက်၏) ဒီလိုဖြစ်မှာ မဟုတ်ဘူး၊ အစ်ကိုဟာ တစ်ဖက်သားကို ကြင်နာတယ်၊ သနားတယ်၊ သဘောထားကြီးတယ်၊ စိတ်သဘောကောင်းတယ်၊ ဒီနေရာမှာ အစ်ကို့ထက်သာတဲ့လူကို နာတာရှာ တစ်ယောက်မှ မတွေ့ဖူးသေး ဘူး၊ အစ်ကို့ထက် သာတဲ့လူ မရှိနိုင်ဘူးလို့လဲ နာတာရှာ ယုံတယ်၊ အဲဒီတုန်းကရော၊ အခုရော အစ်ကိုများ မရှိရင်လေ နာတာရှာ့ဘဝဟာ ဘယ်အခြေထိ ရောက်သွားမလဲဆိုတာ နာတာရှာ ပြန်တောင်မတွေးရဲဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့"

နာတာရှာ၏ မျက်လုံးတွင် မျက်ရည်များ ဝဲလာကြ၏။ နာတာရှာသည် စကားကို ဆုံးအောင်မပြောတော့ဘဲ ချာခနဲ လှည့်၍ထွက်သွားကာ ဂီတလေ့ကျင့်ခန်းများကို ကြိုးစား၍ နှလုံးသွင်းကြည့်သည်။ ထို့နောက် ခပ်တိုးတိုး သီချင်းဆိုကျင့်လျက်ရှိကာ ပွဲတက်ဆောင်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိလေသည်။

ထိုအခိုက် ပီတာသည် ဧည့်ခန်းဆောင်ဘက်မှ ပြေးဝင်လာလေသည်။

ပီတာမှာ ယခုအချိန်တွင် အသက် ဆယ့်ငါးနှစ်အရွယ် လူပျိုကြီးဖားဖားဖြစ်လျက် ရှိလေပြီ။ ပြည့်ဝန်းနီရဲသော နှုတ်ခမ်းများ၊ နှင်းဆီသွေးစို့သော အသားအရေတို့ဖြင့် လှပချောမောသူဖြစ်၍ နာတာရှာနှင့် ခပ်ဆင်ဆင်တူ၏။ ပီတာမှာ တက္ကသိုလ်သို့ ဝင်ရန် စာမေးပွဲဖြေဆိုလျက်ရှိရာမှ မကြာသေးမီက ၎င်း၏သူငယ်ချင်း အိုဘိလင်စကီနှင့်အတူ မြင်းတပ်ထဲသို့ ဝင်ရောက်ရန် တိတ်တိတ်ပုန်း ကြဲစည်ထားခဲ့သည်။

ပီတာသည် ထိုအကြောင်းကို ပီယာအား ပြောဆိုရန် ဝင်လာခဲ့ခြင်းဖြစ်၏။ ပီတာသည် မိမိတို့အား မြင်းတပ်တွင် ဝင်ခွင့်ပြု မပြုကို ပီယာအား စုံစမ်းပေးရန် ပြောဆိုခြင်း ပြုလေသည်။

ပီယာသည် ဧည့်ခန်းဆောင်ထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ပီတာ၏စကားများကို နားထောင်လျက် ရှိ၏။ ပီတာသည် ပီယာကိုကြည့်၍ အားမလို အားမရဖြစ်လာကာ ပီယာ၏လက်မောင်းများကို လှုပ်ယမ်း

www.burmeseclassic.com

www.burmeseclassic.com

ရင်း မေးသည်။

"အစ်ကို လုပ်ပါဗျ၊ ကျွန်တော်တို့ ကိစ္စကို ပြော ပြစမ်းပါ၊ တပ်ထဲ ဝင်ခွင့်ရပါ့မလား၊ဟင် အစ်ကို၊ ပြောစမ်း ပါဗျာ၊ အစ်ကိုကလဲ"

"အေးပါ ညီရာ၊ အစ်ကို ဒီနေ့ စုံစမ်းကြည့်ပါဦး မယ်"

ထိုအခိုက်တွင် မြို့စားကြီး ရော့စတော့ဗ် ရောက် လာလေသည်။

"ဘယ့်နယ်လဲ တူတော်မောင်၊ ဘုန်းတော်ကြီးသော ဘုရား၏ အမိန့်တော်ပြန်တမ်းကို ရခဲ့ပြီလား၊ မြို့စား ကတော်ကြီးကတော့ ဝတ်ပြုသွားရင်း စစ်အောင်ဆုတောင်း ကို ကြားခဲ့ရပြီတဲ့၊ စစ်အောင်ဆုတောင်းက တယ်ပြီး အဓိပ္ပာယ် လေးနက်လှဆိုပါကလား တူတော်မောင်"

"ဟုတ်ကဲ့၊ ရခဲ့ပြီးပါပြီ ဦးရီးတော်၊ ဘုန်းတော်ကြီး သော ဘုရားကိုယ်တော်တိုင် မနက်ဖြန်မှာ မော်စကို ကို ကြွရောက်လာမယ်လို့လဲ ကြားရပါတယ်၊ ဘုန်းတော်ကြီး သော ဘုရား ကြွရောက်လာရင် မှူးကြီးမတ်ကြီးတွေရဲ့ စည်းဝေးသဘင်ကြီး တစ်ခုလဲ ကျင်းပဖို့ စီစဉ်ထားပါတယ်၊ ထောင်စုတစ်စုကို တပ်သားဆယ်ယောက်ကျ ဆွင်းဖို့လဲ ပြောနေကြပါတယ်၊ ဩော် ဦးရီးတော်ကိုတောင် ဝမ်း မြောက်စကား မပြောရသေးဘူး"

"အိမ်း ဝမ်းသာပါတယ်ဗျာ၊ ဒါထက် တပ်တော် များရဲ့ အခြေအနေကော ဘာများထူးသေးသတဲ့လဲ"

"တပ်တော်များကတော့ တစ်ဆုတ်တည်း ဆုတ်နေ ရတယ်လို့ ဆိုပါတယ်၊ ခုဆိုရင် ရန်သူတပ်များ စမိုးလင့် နယ်စပ်နားအထိ ရောက်လာကြပြီလို့ ကြားရပါတယ်"

ပီယာက ပြန်ပြောလိုက်၏။

"အလို၊ ဘုရား ဘုရား" မြို့စားကြီးက မြည်တမ်း လိုက်သည်။ "ဘုန်းတော်ကြီးသော ဘုရား၏ အမိန့်တော် ပြန်တမ်းကကော မှန်းစမ်းပါဦး"

"ဟုတ်ကဲ့၊ ပါပါတယ် ဦးတော်"

ပီယာသည် အိတ်များထဲသို့ နှိုက်၍ အမိန့်တော် ပြန်တမ်းစာကို လိုက်ရှာသည်။ သို့ရာတွင် မတွေ့ချေ။ ပီယာသည် မကျေနပ်သေးသဖြင့် အိတ်များကို လျှောက် စမ်းရင်းက ခန်းဆောင်ထဲသို့ ဝင်လာကာ မြို့စားကတော် ကြီး၏ လက်ခုံကို နမ်းရှုပ် နှုတ်ဆက်လိုက်ပြီးနောက် နာတာရှာများ ဝင်လာလေမည်လားဟူသော မျှော်လင့်ချက် ဖြင့် ဟိုဟိုသည်သည်ကို လှမ်းကြည့်လိုက်သည်။ နာတာရှာ မှာ သီချင်းဆို လေ့ကျင့်ခန်း ပြီးသွားပြီဖြစ်သော်လည်း ဧည့်ခန်းဆောင်ဘက်သို့ ထွက်မလာသေးချေ။

"ဩော် ဒုက္ခပါပဲ၊ သေသေချာချာ ယူလာခဲ့ရက် သားနဲ့၊ ဘယ်နားရောက်နေမှန်း မသိပြန်ဘူး"

"အင်း၊ တူတော်မောင့်မလဲ အမြဲတမ်း တစ်ခုခု တော့ ပျောက်နေတာချည်းပဲ၊ မေ့ပဲမေ့တတ်လွန်းတယ်" မြို့စားကတော်ကြီးက ပြောလိုက်၏။

နာတာရှာသည် စိတ်လှုပ်ရှားလျက်ရှိသော မျက်နှာ ထားဖြင့် ဧည့်ခန်းဆောင်ထဲသို့ ဝင်လာ၍ ထိုင်လိုက်ပြီး နောက် ပီယာကို ငေးကြည့်နေသည်။ ဧည့်ခန်းဆောင်ထဲသို့ နာတာရှာ ဝင်လာသည်နှင့်တစ်ပြိုင်နက် ညိုမှောင်လျက် ရှိသော ပီယာ၏မျက်နှာသည် ဝင်းထိန်လာ၏။ ပီယာသည် အမိန့်တော်ပြန်တမ်းကို ရှာဖွေလျက်ရှိရင်းကလည်း နာတာ ရှာကို မကြာခဏ လှမ်းကြည့်မိသည်။

"မပါလာတော့ဘူး ခင်ဗျ၊ အိမ်မှာမေ့ကျန်ရစ်ပြီ ထင်တယ်၊ ကိစ္စမရှိဘူးလေ ဦးရီးတော်၊ ကျွန်တော် အိမ် ပြန်ယူလိုက်မယ်"

"အိမ်ပြန်နေရင် တူတော်မောင် ဘယ်အချိန်မိတော့ မလဲ၊ ညစာ နောက်ကျနေတော့မှာပေါ့"

"ဩော် ဒုက္ခပါပဲ၊ ကျွန်တော့် ရထားသမားကလဲ ပြန်သွားပြီ ထင်တယ်"

ထိုအခိုက် ဆွန်ယာသည် စမုတ်ဆောင်ဘက်တွင် ပီယာ မေ့၍များ ထားခဲ့လေသလောဟု အမိန့်တော်ပြန်တမ်း စာရွက်များကို သွား၍ ရှာဖွေသည်တွင် ဦးထုပ်အနားပတ် ကြားဌ သေသေချာချာ ထိုးထည့်ထားသည့် အမိန့်တော် ပြန်တမ်း စာရွက်များကို တွေ့လာခဲ့လေသည်။ ပီယာက အမိန့်တော် ပြန်တမ်းကို ဖတ်ပြရန် ဟန်ပြင်လိုက်၏။

"နေဦး တူတော်မောင်၊ အခုမဖတ်နဲ့ဦး၊ ညစာစား ပြီးမှ" မြို့စားကြီး ရော့စတော့ဗ်က အမိန့်တော်ပြန်တမ်း ကို ဖတ်ရခြင်းကြောင့် ခံစားရမည့် ကြည်နူးရွှင်လန်းခြင်း ကို တွေးမိကာ ညစာစားပြီးမှ ဖိမ်ကျကျ နားထောင်မည် ဟူသော သဘောဖြင့် ဟန့်တားလိုက်သည်။

ညစာစားပွဲ၌ စိန့်ဂျော့ဆုတံဆိပ်တော်ကြီး ချီးမြှင့် ခြင်းခံရသည့် မော်ကွန်းဝင် သူရဲကောင်း နီကိုလေကို

www.burmeseclassic.com

www.burmeseclassic.com

ရည်မှန်းဆတောင်းသောအားဖြင့် ရှန်ပိန်အရက်ကို သောက်ကြ၏။ ကျော့ဂျီယန်မင်းသမီးကြီး နာမကျန်းဖြစ်လျက် ရှိခြင်း၊ ပြင်သစ်သမားတော် မက်တီးဗီးယား မော်စကို မြို့မှ ပျောက်ကွယ်သွားခြင်း၊ မော်စကိုမြို့ဝန် မြို့စားကြီး ရော့စတော့ချင်၏အိမ်သို့ ပြင်သစ် 'သူလျှို' ဂျာမန်လူမျိုးများကို ဖမ်းဆီးခေါ်ဆောင်လာခြင်း၊ (ဤသတင်းကို မြို့စားကြီး ရော့စတော့ချင် ကိုယ်တိုင်က ပြောခြင်းဖြစ်သည်ဆို၏။) ထို့နောက် မြို့စားကြီး ရော့စတော့ချင်က ထို ဂျာမန်အား 'သူလျှို' မဟုတ်ဟုဆိုကာ ပြန်လွှတ်လိုက်ခြင်း စသည့် မြို့ထဲတွင် ဖြစ်ပွားလျက်ရှိသော သတင်းများကို ရှင်ရှင်က ပြောပြ၏။

"အင်း ခုတလောမှာ အဖမ်းအဆီးတွေကလဲ သောက်သောက်လဲပါကလား၊ အိမ်က ကြင်ရာတော် မြို့စားကတော်ကြီးကိုတောင် ပြင်သစ်စကားမပြောဖို့ သတိပေးထားရတယ်၊ ဒီအချိန်မှာ ပြင်သစ်စကားပြောလို့ သိပ်မသင့်ပေဘူး ထင်တယ်ဗျ" မြို့စားကြီး ရော့စတော့ဗ်က ပြောလိုက်သည်။

"မင်းသားကြီး ဂိုလစ်ဆင် ရုရှားစာသင်နေတယ် ဆိုတဲ့ သတင်းကိုကော ကြားပြီးကြပြီလား၊ ရုရှားစာသင်ဖို့ ဆရာတစ်ယောက် ငှားထားတယ်ဆိုပဲ၊ ဟုတ်တယ်နော်၊ ခုအချိန်မှာက လမ်းမမှာ ပြင်သစ်စကားပြောလို့ သိပ်စိတ်ချရတဲ့အချိန် မဟုတ်ဘူး၊ မတော်တဆများ ပြင်သစ်ဘက်သားဆိုပြီး အထင်ခံရမှဖြင့်"

ရှင်ရှင်က ပြောလိုက်သည်။

"တူတော်မောင်ကော တပ်မတော်ထဲ စာရင်းမသွင်းသေးဘူးလား၊ စစ်မှုထမ်းဖို့ခေါ်ရင်တော့ တူတော်မောင်လဲ မြင်းပေါ် တက်ရပေလိမ့်မယ်ဗျ" မြို့စားကြီး ရော့စတော့ဗ်က ပီယာ့ဘက်သို့ လှည့်၍ မေးလိုက်သည်။

ပီယာသည် ညစာစားချိန်တစ်ချိန်လုံး တိတ်ဆိတ်စွာ ထိုင်ကာ တွေးလျက်ရှိ၏။ ပြောဆိုလျက်ရှိသော စကားများကို ကြားဟန်မရှိချေ။ ပီယာသည် မြို့စားကြီး ရော့စတော့ဗ်ကို ဆတ်ခနဲ မော့၍ ကြည့်လိုက်သည်။

"ညြော် စစ်မှုတော်ထမ်းဖို့လား၊ မဖြစ်ပါဘူး ဦးရီးတော်၊ ကျွန်တော့်လို လူမျိုးဟာ ဘယ်လိုလုပ်ပြီး စစ်သားကောင်းဖြစ်မှာလဲ၊ ဒါပေမဲ့ ခက်သားကလား ဦးရီးတော်၊ လောကကြီးက မထင်တာတွေချည်းပဲ ဖြစ်နေတော့ တစ်နေ့မှာ စစ်ထဲမရောက်ဘူးလို့လဲ မပြောနိုင်ပေဘူးပေါ့၊ ကျွန်တော်ဖြင့် ဘာကိုမှ မစဉ်းစားတတ်အောင် ဖြစ်နေပြီ၊ ကျွန်တော့် အလိုအရဆိုရင်တော့ စစ်တိုက်တဲ့ အလုပ်ကို နည်းနည်းလေးမှ ဝါသနာမပါလှပါဘူး၊ ဒါပေမဲ့ ခုခေတ်က ကိုယ့်ကိုယ်ကိုတောင် အပ်ချုပ်ချုပ်ပြောလို့ မရတဲ့ခေတ် မဟုတ်လား"

ညစာ စားပြီးသည့်နောက်၌ မြို့စားကြီး ရော့စတော့ဗ်သည် ပက်လက်ထိုင်ဖုံတစ်လုံးတွင် ထိုင်လျက် စာဖတ်ကောင်းသည်ဟု နာမည်ကြီးလျက်ရှိသော ဆွန်ယာကိုခေါ်၍ ဘုရင်ဧကရာဇ်၏ အမိန့်တော်ပြန်တမ်းကို ဖတ်စေသည်။

"ဘိုးလောင်းတော် ဘေးလောင်းတော်များ၏ ရာဇပူရ နန်းမချက်ချာတည်ရာဌာနဖြစ်သော မော်စကိုမြို့သူမြို့သားအပေါင်းတို့အား ဘုန်းတော်ကြီးမြတ်တော်မူသော ဘုရား သိစေအပ်သည့် အမိန့်တော်"

"ရန်သူ ပြင်သစ်တို့သည် ရုရှားနိုင်ငံတော်ကြီး၏ နယ်နိမိတ်ကို ချဉ်းနှင်းကျော်ဖြတ်ကာ တပ်လုံး တပ်ရင်းနှင့် စစ်ချီလာချေပြီ၊ ရန်သူပြင်သစ်တို့သည် ငါတို့၏ ချစ်မြတ်နိုးသော နိုင်ငံတော်ကြီးကို ထောင်းထောင်းကြေမျှ ဖျက်ဆီးရန် ယခုကဲ့သို့ စစ်ချီလာခြင်း ဖြစ်သည်"

ဆွန်ယာသည် အမိန့်တော်ပြန်တမ်းကို ဌာနကရိဏ်းကျကျ ဖတ်လျက်ရှိ၏။ မြို့စားကြီးသည် မျက်လုံးများကို မှိတ်ကာ နားထောင်လျက်ရှိရာမှ အချို့စာပိုဒ်များသို့ ရောက်သည့်အခါတွင် မကြာမကြာ သက်ပြင်းချတတ်သည်။

နာတာရှာကား ကိုယ်ကို မတ်မတ်ထား၍ ထိုင်လျက်ရှိရာမှ ဖခင်မြို့စားကြီးနှင့် ပီယာတို့ကို မကြာခဏ လှမ်းကြည့်လျက်ရှိ၏။

ပီယာသည် မိမိအား နာတာရှာက ကြည့်နေခြင်းကို သတိပြုမိသည့်အတွက် မည်သည့်အရာကိုမျှ မကြည့်ဘဲ မျက်လွှာကို ချထားလိုက်သည်။ မြို့စားကတော်ကြီးမှာမူ ခေါင်းကို ဖြည်းညင်းစွာ ယမ်းနေရာမှ အမိန့်တော်ပြန်တမ်းထဲတွင် မခံမရပ်နိုင်သော အချက်အလက်များ ပါလာတိုင်း စိတ်ဆိုးမာန်ဆိုးဖြင့် ဆတ်ခနဲ ဆတ်ခနဲ ယမ်းလိုက်သည်။ အမိန့်တော်ပြန်တမ်းပါ အချက်တို့ကို ကြည့်၍ မိမိသား နီကိုလေတို့ ရင်ဆိုင်လျက်ရှိသည့်

www.burmeseclassic.com

www.burmeseclassic.com

ဘေးအန္တရာယ်ကြီးသည် မည်မျှ ကြီးမားကြောင်းကိုလည်း သဘောပေါက်လာလေသည်။ ခပ်မဲ့မဲ့ပြုံးရင်း နားထောင်လျက်ရှိသော ရှင်ရှင်မှာ ရယ်စရာပြောရန် ချက်ကောင်းကို စောင့်လျက်ရှိ၏။ ဆွန်ယာ၏ စာဖတ်သံသည်လည်း ကောင်း၊ မြို့စားကြီး ရော့စတော့ဗ်၏ ထင်မြင်ချက်သည်လည်းကောင်း၊ အမိန့်တော်ပြန်တမ်းသည် လည်းကောင်း ရှင်ရှင်အဖို့ ရယ်ဖွယ်ဖြစ်လျက်ရှိရာ အားမနာတမ်း ရယ်ရမည်သာဆိုလျှင် ထိုအရာများထက် ရယ်ဖွယ်ကောင်းသော အရာ ရှိတော့မည် မဟုတ်ချေ။

ဤသို့ဖြင့် ရုရှားနိုင်ငံတော်ကြီးကို အန္တရာယ်များခြိမ်းခြောက်လျက်ရှိကြောင်း၊ ဘုန်းတော်ကြီးသော ဘုရားသည် မော်စကို မြို့သူမြို့သားများ အထူးသဖြင့် မော်စကို ရှိ မှူးကြီးမတ်ကြီး မင်းမျိုးမင်းနွယ်များအား များစွာ ယုံကြည်ကိုးစားတော်မူကြောင်း စသည်များကို ဖတ်ပြလျက် ရှိလေသည်။ ထို့နောက် ဆွန်ယာသည် မိမိအား အားလုံးက အထူးဂရုစိုက် နားထောင်လျက်ရှိခြင်းကို တွေ့ရသဖြင့် ပိုမို အားတက်လာကာ အသံကိုမြှင့်၍ ဆက်ဖတ်လိုက်ပြန်သည်။

"ရန်သူ၏ စစ်ကြောင်းတွင် ခုခံလျက်ရှိသော အချို့ကျ စစ်သည်ထည့်ဝင်ခြင်း၊ နောင်တွင် ပေးအံ့ဆဲဆဲဖြစ်သော အချို့ကျစစ်သည်ထည့်ဝင်ခြင်း စသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ညွှန်ကြားစီစဉ်ဖွယ် ရှိသည်များကို ညွှန်ကြားစီစဉ်ခြင်း ပြုရန်အတွက်လည်းကောင်း၊ နိုင်ငံသူ နိုင်ငံသားများနှင့် စည်းဝေးတိုင်ပင်ခြင်း ပြုရန်အတွက်လည်းကောင်း၊ ဘုန်းတော်ကြီးမြတ်သော ရွှေနန်းရှင်ဘုရားသည် မော်စကိုမြို့နှင့်တကွ နိုင်ငံတော် လေးခွင်လေးရပ်သို့ လှည့်လည်တော်မူမည်၊ ရန်သူက ငါတို့နိုင်ငံသူ နိုင်ငံသားများထံ ကျရောက်ရန် ကြိုးပမ်းလျက်ရှိသော ပျက်စီးခြင်းဘေးသည် ရန်သူ၏ ခေါင်းပေါ်သို့ ပြန်လည်သက်ရောက်စေသတည်း၊ သူ့ကျွန်အဖြစ်မှလွတ်သော ဥရောပတိုက် တစ်တိုက်လုံးသည် ရုရှားနိုင်ငံ၏ ဘုန်းတန်ခိုး တေဇော်ကို ကောင်းချီးအနုမောဒနာ ခေါ်စေသတည်း"

"ဟုတ်တယ်၊ ဒီလို စာတော်မျိုးမှ ဇာတိမာန်ကို တက်ကြွစေနိုင်တော့မပေါ့" မြို့စားကြီး ရော့စတော့ဗ်က မျက်လုံးဖွင့်ကြည့်၍ ဆိုလိုက်ပြီးနောက် နှာပြင်းပြင်း နှာဝတွင် ရှူလိုက်သကဲ့သို့ ဆက်တိုက် ချေဆတ်လျက်ရှိ၏။

"ဘုန်းတော်ကြီးသော ဘုရားကသာ အမိန့်တော်ရှိလိုက်စမ်းပါ၊ ကျုပ်တို့တစ်တွေက ဦးဆွေးဆံမြည့် အမှုတော်ထမ်းဖို့ အဆင်သင့်ပဲ၊ အသက်ကို စွန့်ရတော့ကော ဘာအရေးလဲ"

ရှင်ရှင်သည် မြို့စားကြီး ရော့စတော့ဗ်၏ ဇာတိသွေး ဇာတိမာန်ကို ကြည့်ကာ တစ်စုံတစ်ရာ ရယ်စရာပြောတော့မည်ဟု ဟန်ပြင်လိုက်၏။ သို့ရာတွင် နာတာရှာသည် ထိုင်နေရာမှ ဖခင်မြို့စားကြီးအနီးသို့ ပြေးလာလျက်

"ဟုတ်တယ်၊ ဒါမှ တို့ဖေဖျား" ဟုဆိုကာ ဖခင်မြို့စားကြီး၏ပါးကို နမ်းလိုက်ပြီးနောက် စိတ်ကြည်လင်ရွှင်ပျသည့်အခါများတွင် ဖြစ်ပေါ်တတ်သော ကနွဲ့ကျအမူအရာကလေးဖြင့် ပီယာ့ကို လှမ်းကြည့်လိုက်သည်။

"ဟုတ်ပါ့ဗျာ၊ တူမတော်အမြင်မှာတော့ တကယ့် မျိုးချစ်ကြီးပေါ့ ဟုတ်စ" ရှင်ရှင်က ပြောလိုက်၏။ နာတာရှာက မခံချင်သောအသံဖြင့်

"နာတာရှာက မျိုးချစ်ပုဂ္ဂိုလ်လို့လဲ မဆိုသေးပါဘူး ဦးရီးတော်၊ ဦးရီးတော်တစ်ယောက်ကတော့ ကျိစားဖို့လောက်ကိုပဲ စိတ်ကူးနေတော့တာပဲ၊ ဒီလို အရေးတော်ပေါ်ခိုက်မှာ ဦးရီးတော်မို့လို့ ကျိစားဖို့ စိတ်ကူးရတာတယ်"

"ကျိစားစမ်းပါစေ သမီးထွေးရဲ့၊ သူ့မှာ ဒီအလုပ်ပဲ ရှိတယ် မဟုတ်လား" မြို့စားကြီး ရော့စတော့ဗ်က ပြောလိုက်၏။

"အမိန့်တော်ပြန်တမ်းထဲမှာ 'စည်းဝေးတိုင်ပင်ခြင်း ပြုရန်အတွက်လည်းကောင်း' ဆိုတဲ့ စကားပါတယ်နော် ဦးရီးတော်" ပီယာက မေးလိုက်၏။

"ပါစမ်းပါစေ၊ ဘာအတွက်ပဲဖြစ်ဖြစ် ဘုန်းတော်ကြီးသော ဘုရားကြွလာဖို့သာ ပဓာနပါ"

ထိုအခိုက်တွင် အားလုံးက သတိမထားမိကြသော ပီတာသည် နီမြန်းလျက်ရှိသော မျက်နှာဖြင့် ဖခင်မြို့စားကြီးအနီးသို့ ရောက်လာကာ တုန်တုန်ယင်ယင်ဖြင့်

"ဖေဖျားနဲ့ မေဖျားတို့ အားလုံး စုံစုံညီညီရှိတုန်းမှာ ပြောပါရစေ၊ ကျွန်တော်တို့ တပ်မတော်ထဲ ဝင်တော့မယ်၊ ဒီလို အရေးတော်ပေါ်တုန်းမှာ"

မြို့စားကတော်ကြီးသည် အံ့အားသင့်သွားပြီးမှ ဒေါသထွက်လျက်ရှိသော အမူအရာဖြင့် မြို့စားကြီးဘက်သို့ လှည့်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ ဘယ့်နယ့်ရှိစ၊ ဖအေကြီးကိုယ်တိုင်က ဒီလောက် ဖြစ်နေတာကိုး"

မြို့စားကြီး ရော့စတော့ဗ်မှာ ယခုအချိန်၌ စောစောကလောက် စိတ်ဓာတ်ပြင်းထန်ခြင်း မရှိတော့ဘဲ ငြိမ်သက်သွားလေသည်။

"အေး၊ တိုင်းပြည်အတွက် အမှုထမ်းတယ်ဆိုတာကောင်းသကွယ်၊ ဒါပေမဲ့ သားထွေးက ငယ်ပါသေးတယ်ကွာ၊ စာသင်ပါဦး"

"မဖြစ်ဘူး ဖေဖျား၊ ကျွန်တော် မငယ်တော့ပါဘူး၊ အိုဘိုလင်စကီတောင် ကျွန်တော့်ထက် ငယ်သေးတာပဲ၊ အိုဘိုလင်စကီလဲ တပ်တော်ထဲ လိုက်တော့မယ်၊ ပြီးတော့ ကျွန်တော် စာသင်ချင်စိတ်လဲ မရှိတော့ဘူး ဖေဖျား၊ ခုလို" ပီတာ၏မျက်နှာသည် ပို၍ နီမြန်းလာကာ ချွေးသီးချွေးပေါက်တို့ စီးကျလာ၏။

"ခုလို အဖနိုင်ငံတော်ကြီးမှာ အရေးတော်ပေါ်နေချိန် ကျွန်တော် စာမသင်ချင်ဘူး"

"အို မသင်လို့ မဖြစ်ဘူးလေ၊ သင်ရမှာပေါ့"

"ဖေဖျားပဲ ခုနက ပြောတယ်မဟုတ်လား၊ နိုင်ငံတော်ကြီးအတွက် အစစအရာရာ စွန့်လွှတ်ရဲရမယ်၊ ဦးဆွေးဆံမြည့် ထမ်းရွက်ရမယ်၊ အသက်ကိုတောင် စွန့်ရမယ်ဆို"

"ပီတာ တိတ်စမ်း၊ နောက်ထပ်မပြောနဲ့" မြို့စားကြီး ရော့စတော့ဗ်က ငေါက်လိုက်ပြီးနောက် မြို့စားကတော်ကြီးကို လှမ်းကြည့်လိုက်၏။ မြို့စားကတော်ကြီးကား မျက်နှာဖြူဖပ်ဖြူရော့ ဖြစ်လျက် သားထွေးကို စိုက်ကြည့်နေသည်။

"နောက်တော့ ဖေဖျား ပြောပြမယ်၊ ဟောဒီက အစ်ကိုကလဲ ပြောပြလိမ့်မယ်၊ ဘယ့်နယ်ဗျာ၊ လူက အမေ့နို့အပ်စော်တောင် မပျောက်သေးဘူး စစ်ထဲဝင်ရမယ်လို့ပဲ၊ သွား နောက်တော့ ဘာလို့ မလိုက်ရသလဲဆိုတာကို ပြောပြမယ်"

မြို့စားကြီးသည် တစ်ရေးတမော မအိပ်ခင် ဖတ်ရန်အတွက် အမိန့်တော်ပြန်တမ်းစာများကို ကောက်ယူလိုက်ပြီး အခန်းအပြင်သို့ ထွက်ရန် ဟန်ပြင်လိုက်ရင်း

"ကဲ တူတော်မောင်၊ ဆေးလိပ်ကလေး ဘာလေး သောက်ရင်း စကားပြောကြဦးစို့"

ပီယာသည် လိုက်ရမည်လောဟု စိတ်ထဲတွင် ဝေခွဲမရအောင် ဖြစ်လျက်ရှိ၏။ နာတာရှာ၏ ထူးထူးခြားခြား တောက်ပလျက်ရှိသော မျက်လုံးများသည် သာမန်ကြည့်ပုံမျိုးထက် လွန်ကဲသောအကြည့်ဖြင့် ရွှန်းရွှန်းစားစားကြီး စူးစိုက်လျက်ရှိခြင်းကြောင့် ပီယာသည် ပြန်ရကောင်းနိုးနိုး၊ ဆက်နေရကောင်းနိုးနိုးဖြင့် ချီတုံချတုံ ဖြစ်လျက်ရှိလေသည်။

"နေပါစေတော့ ဦးရီးတော်၊ ကျွန်တော် ပြန်ဦးမှပဲ"

"အို ပြန်တော့မလို့လား၊ အေးအေးဆေးဆေးလာတာ မဟုတ်ဘူးလား၊ ခုတလော တူတော်မောင် အရင်တုန်းကလို မဟုတ်ဘူး၊ ကျုပ်တို့အိမ်ကိုလဲ သိပ်မလာတော့ဘူး၊ ဟောဒီ သမီးထွေးကဖြင့်" မြို့စားကြီးက နာတာရှာကို လက်ညှိုးထိုး၍ ပြလိုက်၏။ "သူ့အစ်ကို မလာရင် တမျှော်မျှော်နဲ့ပဲ၊ တူတော်မောင်ရောက်မှပဲ ရွှင်ရွှင်လန်းလန်း ရှိပေတော့တယ်"

"ဟုတ် ဟုတ်ကဲ့၊ ကျွန်တော့်မှာ ကိစ္စတစ်ခုရှိတာမေ့မေ့နေတယ်ခင်ဗျ ဦးရီးတော်၊ မပြန်လို့ မဖြစ်ဘူး" ပီယာက ခပ်မြန်မြန်ပြောလိုက်သည်။

"ကဲ ကိစ္စရှိရင်တော့လဲ ပြန်ရမှာပလေ၊ ဟုတ်တာပေါ့၊ ကဲ ကဲ သွားတော့" မြို့စားကြီး ရော့စတော့ဗ်သည် ပီယာကို နှုတ်ဆက်ပြီးနောက် ထွက်သွားလေသည်။

"ဘာဖြစ်လို့ အစောကြီး ပြန်တာလဲ အစ်ကို၊ မျက်နှာလဲ မကောင်းပါလား၊ ဘာဖြစ်လို့လဲ" နာတာရှာက ပီယာ၏မျက်လုံးများကို ရဲရဲကြည့်၍ မေးလိုက်၏။

'ဘာမှမဖြစ်ဘူး၊ မင်းကို ချစ်လို့၊ မင်းကိုချစ်လို့၊ သိရဲ့လား' ပီယာသည် ဤသို့ ပြောချလိုက်ချင်၏။ သို့ရာတွင် ပါးစပ်က ထွက်မလာ။ မျက်နှာတွေ ထူပူကာ မျက်ရည်တွေသာ လည်လာသည်။ ထို့ကြောင့် မျက်လွှာကို ချလိုက်သည်။

"အစ်ကို ဒီကို ခဏ ခဏမလာတာ ကောင်းလိမ့်မယ်ထင်တယ် နာတာရှာ၊ ဘာဖြစ်လို့လဲဆိုတော့ အို ဘာမှမဖြစ်ပါဘူးလေ၊ အစ်ကို့မှာ ကိစ္စတွေရှိတယ် နာတာရှာ"

"အို ဘာဖြစ်လို့ ခဏခဏမလာရမှာလဲ အစ်ကို၊ ဘာဖြစ်လို့လဲ၊ နာတာရှာ့ကို ပြောပြပါလား အစ်ကို ဟင်" နာတာရှာသည် အလောသုံးဆယ်မေးလိုက်မိပြီးမှ ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ၚင်းတို့နှစ်ဦးသည် ရှက်ကြောက် စိတ်ပျက်သော အမူအရာများဖြင့် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေမိကြသည်။ ပီယာသည် ပြုံးဖို့ကြိုးစား၏။ သို့ရာတွင် မပြုံးနိုင်။ ဤအချိန်တွင် ပြုံးသော ပီယာ၏အပြုံးသည် ရင်ထဲက ဝေဒနာကို ဖွင့်ပြသကဲ့သို့သာ ရှိပေလိမ့်မည်။ ပီယာသည် နာတာရှာ၏လက်ခုံကို နမ်းရှိုက်ပြီးနောက် ချာခနဲ လှည့်ထွက်လာခဲ့လေသည်။

ဤနေ့မှစ၍ မြို့စားကြီး ရော့စတော့ဗ်အိမ်သို့ မသွားတော့ဟုလည်း ဆုံးဖြတ်လိုက်လေသတည်း။

အခန်း ၂၁

ဖခင်မြို့စားကြီးက စစ်ထဲသို့ မလိုက်ရဟု တင်းတင်းမာမာ ငြင်းပယ်လိုက်သည့် နောက်၌ ပီတာသည် မိမိခန်းဆောင်သို့ ပြန်လာကာ တံခါးကို အတွင်းမှ ပိတ်ထားလိုက်လျက် ရှိုက်ကြီးတငင် ငိုနေမိလေသည်။ လက်ဖက်ရည်သောက်ဆင်းလာသည့်အခါ၌လည်း ပီတာသည် မျက်ရည်များဖြင့် စိုစွတ်လျက်ရှိသော မျက်နှာကို ဖူထားကာ မည်သူ့ကိုမျှ စကားမပြောဘဲ သုန်မှုန်လျက်ရှိ၏။ ပီတာ၏အခြေအနေကို ကြည့်၍ အားလုံးကလည်း မသိဟန်ဆောင်နေကြ၏။

နောက်တစ်နေ့၌ ဘုန်းတော်ကြီးသော ဘုရားသည် မော်စကိုမြို့သို့ ကြွချီတော်မူလာရာ မြို့စားကြီး ရော့စတော့ဗ်၏အိမ်မှ အစေတော်များသည် ဘုရင်မင်းမြတ်ကို သွားရောက်ဖူးမြော်ရန် ခွင့်တောင်းကြ၏။ ထိုနေ့ တစ်မနက်လုံး ပီတာသည် ဆံပင်ဖြီးခြင်း၊ အဝတ်အစားလဲခြင်း၊ လည်စီးကို ပြင်ပတ်ခြင်း စသည်ဖြင့် လူကြီးတစ်ယောက်ကဲ့သို့ ဆင်ပြင်လျက်ရှိ၏။ မှန်ထဲသို့ ကြည့်၍ မျက်မှောင်ကုတ်ချည်၊ ငေးနေဟန်ပြုချည်၊ ပခုံးတွန့်ပြချည် ဟန်ထုတ်လျက်ရှိပြီးနောက် အချိန်နီးသည်နှင့်တစ်ပြိုင်နက် ဦးထုပ်ကို ကောက်ကာ နောက်ဖေးမလွယ်တံခါးမှ တိတ်တဆိတ် ထွက်လာခဲ့လေသည်။ ပီတာ၏စိတ်ကူးမှာ ဘုရင်မင်းမြတ် စံမြန်းလျက်ရှိသည့် နေရာသို့ အရောက်သွားမည်။ ထို့နောက် ဘုရင်မင်းမြတ် နောက်တော်ပါးမှ လိုက်ပါလာသည့် လူပျိုတော်သားများ (ပီတာ၏စိတ်ထဲ၌ ဘုရင်မင်းမြတ်အနီးတွင် လူပျိုတော်သားများ အမြဲရှိသည်ဟု ထင်နေသည်။) ထဲချဉ်းကပ်ကာ မိမိသည် မြို့စားကြီး ရော့စတော့ဗ်၏သားဖြစ်ကြောင်း၊ အသက်ပင် ငယ်သော်လည်း နိုင်ငံတော်၏အကျိုးကို သယ်ပိုးထမ်းရွက်လိုကြောင်း၊ အသက်ငယ်ခြင်းသည် ဘုရင်မင်းမြတ်၏အမှုတော်ကို ထမ်းခြင်း၌ အတားအဆီး မဖြစ်နိုင်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောပြမည်ဟူ၍ ဖြစ်၏။ အဝတ်အစားလဲလျက်ရှိစဉ်၌ ပီတာသည် လူပျိုတော်သားများအား ပြောမည့်စကားများကို စိတ်ကူးလျက် ရှိလေသည်။

ပီတာ၏စိတ်၌ အသက်ငယ်ခြင်းကြောင့်ပင် ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်တွင် ဝင်ရောက် ခစားခွင့် ရလိမ့်မည်ဟု တွေးထင်လျက်ရှိ၏။ (ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်၌ မိမိကဲ့သို့ အသက်ငယ်ရွယ်သူတစ်ဦး ခစားနေသည်ကို တွေ့ရလျှင် မည်မျှ အံ့အားသင့်နေကြမည်နည်းဟူ၍ပင် စိတ်ကူးယဉ်လျက်ရှိသည်။) သို့သော်လည်း လည်စီးစည်းထားပုံ၊ ဆံပင်ဖြီးထားပုံနှင့် လမ်းလျှောက်ပုံ စသည့် ပီတာ၏အမူအရာမှာ ၎င်းအား လူလားမြောက်ပြီး သူတစ်ယောက်အဖြစ် အထင်ခံလိုဟန်ကို ဖော်ပြလျက်ရှိလေသည်။

သို့ဖြင့် ပီတာသည် ကရင်မလင် နန်းမြို့ရိုးဆီသို့ လျှောက်လာခဲ့သည်၌ တဖြည်းဖြည်း လူစုလူဝေး ထူထပ်လာခြင်းကို တွေ့ရ၏။ လူအုပ်ထဲသို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် လူကြီးတစ်ယောက် ဟန်ဖြင့် လမ်းလျှောက်ရမည့်အရေး၊ လူကြီးတစ်ယောက် 'ဂိုက်' ဖမ်းရမည့်အရေးတို့ကို စဉ်းစားမနေနိုင်တော့ဘဲ နန်းမြို့ရိုးတစ်လျှောက်၌ ကြိတ်ကြိတ်တိုးလျက်ရှိသော လူအုပ်ကြီးထဲတွင် ညှပ်ပါမသွားအောင် မနည်းကြိုး တင်းခံထားရကာ အံကြိတ်လျက် တံတောင်နှစ်ဖက်ကိုကား၍ တိုးယူရသည်။ 'ဘုရားသုံးဆူ' မြို့တံခါးမုခ်ဝထဲသို့ ရောက်သောအခါ၌ကား ရဲရဲတောက်သော ဇာတိမာန် ဇာတိသွေးဖြင့် လာရောက်သည့် ပီတာကို သတိထားမိကြဟန်မတူသော လူအုပ်ကြီးက အတင်းတိုးဝှေ့ခြင်းကြောင့် ပီတာသည် မြို့တံခါးမုခ်ဦးအုတ်ရိုးတွင် ညှပ်လျက်ရှိသဖြင့် မည်မျှပင် စိတ်အားထက်သန်စေကာမူ ဆက်၍ မတိုးနိုင်တော့ဘဲ ရပ်နေရလေသည်။ ထိုအခိုက်၌ မြို့တံခါးမုခ်ဦးထဲသို့ ကရထားများဖြတ်သန်းမောင်းလာသံကို ကြားရ၏။ ပီတာ၏အနီး၌ ကျေးတောသူမကြီးတစ်ဦး၊ သူငယ်တော်တစ်ဦး၊ သူကြွယ်နှစ်ဦး၊ စစ်သားတစ်ဦးတို့ ရပ်လျက်ရှိကြ၏။ ပီတာသည်က

www.burmeseclassic.com

www.burmeseclassic.com

ရထားများ မြို့တံခါးမုခ်ဦးမှ ထွက်သွားသည်အထိ မစောင့်နိုင်တော့ဘဲ လူကြားထဲမှ အတင်းတိုးဝှေ့၍ ထွက်လာခဲ့သည်။ ပထမဆုံး ရှေ့တွင် ရပ်လျက်ရှိသော ကျေးတောသူမကြီးကို တိုး၍ ထွက်လိုက်သည်။ ကျေးတောသူမကြီးသည် စိတ်ဆိုးလျက် နောက်သို့ လှည့်ကြည့်လိုက်၏။

"ဟဲ့ ဘာဖြစ်လို့ သည်ကလောက် တိုးနေရတာလဲ သူငယ်ရဲ့၊ အရှေ့မှာ တိုးမရလို့ ရပ်နေရတာ မမြင်ဘူးလား၊ မတိုးပါနဲ့"

"တိုးသာတိုး" အနီးရှိ သူငယ်တော်တစ်ဦးက ပြော၍ အတင်းတိုးလိုက်သည်။ သူငယ်တော်က ဆောင့်၍ တိုးလိုက်သည်တွင် ပိတာသည် ညစ်ပတ်လှသော မြို့ရိုးတံခါးကြားထဲသို့ ရောက်သွားပြန်သည်။

ပိတာသည် ချွေးသီးချွေးပေါက်တို့ ယိုစီးလျက်ရှိသော မျက်နှာကို လက်ဖြင့် သုတ်လိုက်၏။ ထို့နောက် လူကြီးဟန်ဖမ်းကာ အကျဆောင်လာခဲ့သော်လည်း ယခုအချိန်တွင် ချွေးတို့ဖြင့် စိုရွှဲကာ ပုံပျက်ပန်းပျက်ဖြစ်နေသောလည်ထောင်ကို အပေါ်သို့ ဆွဲတင်လိုက်၏။

ဤပုံပန်း ဤအဝတ်အစားဖြင့်ကား မည်သည့်နည်းနှင့်မျှ ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့ ခစားခွင့်ရတော့မည် မဟုတ်ဟု တွေးမိကာ စိတ်ပျက်သွား၏။ သို့ရာတွင် ဤမျှ ကြိတ်ကြိတ်တိုးလျက်ရှိသော လူအုပ်ကြီးထဲ၌ တစ်နေရာသို့ထွက်၍ အဝတ်အစားကို ပြင်ဆင်ရန်လည်း မဖြစ်နိုင်ချေ။ ထိုအခိုက် မြို့တံခါးမုခ်ဦးအောက်တွင် ဖြတ်သန်းမောင်းနှင်သွားသည့် ကရထားတစ်စင်းပေါ်၌ ဖခင်မြို့စား၏ ရောင်းရင်းတစ်ဦးဖြစ်သော ဗိုလ်ချုပ်ကြီးတစ်ဦးကို ပိတာ မြင်လိုက်သဖြင့် ၎င်းထံ အကူအညီတောင်းကာ နန်းမြို့ရိုးထဲအရောက် သူ့ကရထားပေါ်လိုက်သွားရလေမည်လောဟု အကြံရလာသည်။ သို့ရာတွင် သူတစ်ပါးထံ အကူအညီတောင်းခြင်းမှာ ယောကျ်ားပီသခြင်းမရှိဟု ယူဆမိပြန်သဖြင့် ထိုအကြံကို ပယ်ဖျက်လိုက်သည်။ ကရထားများအားလုံး နန်းမြို့ရိုးထဲသို့ ရောက်သွားသည့်အခါ 'ဘုရားသုံးဆူ' တံခါးမုခ်ဦးအောက်၌ ပြိုတိုးလျက်ရှိသော လူအုပ်ကြီးသည် ရှေ့သို့ ရွေ့လာခဲ့သည်တွင် ပိတာမှာ ခြေထောက်နှင့် မြေကြီး ထိလိုက်သည်ဟူ၍ပင် မထင်လိုက်ရဘဲ ညပ်ပါလာခဲ့ကာ ကရင်မလင်နန်းရင်ပြင်ထဲသို့ ရောက်လာခဲ့လေသည်။ ပိတာရောက်သွားသောအခါ၌ ကရင်မလင် နန်းရင်ပြင်ကြီးတစ်ခုလုံးမှာ ခြေချစရာမရှိလောက်အောင် လူတွေ တင်းကြမ်းပြည့်လျက်ရှိလေပြီ။ ရင်ပြင်ထဲမှာသာမက ပစ္စင်၊ ပြအိုး၊ ရင်တား၊ ပြာသာဒ်၊ သူရဲခိုစသည်တို့၌လည်း လူတွေ အခိုင်လိုက် အပြွတ်လိုက် သီးနေသကဲ့သို့ ပြည့်လျက်ရှိသည်။ ကရင်မလင်နန်းရင်ပြင်ထဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ခေါင်းလောင်းသံများ၊ အုတ်အုတ်ကျက်ကျက် အော်ဟစ်သံများသည် နန်းမြို့ရိုးထဲတွင် မြည်ဟည်းလျက် ရှိလေသည်။

လူအုပ်ကြီးသည် ခေတ္တမျှ ရဲသွားပြီးနောက် အားလုံး ဦးထုပ်များကို ချွတ်လိုက်ကြကာ တစ်နေရာသို့ စုပြုံသွားလျက်ရှိကြ၏။ လူအုပ်ကြီးက ဖိ၍တိုးလိုက်သဖြင့် ပိတာသည် အသက်ကိုပင် မရှူနိုင်အောင် ဖြစ်နေသည်။ "ဘုန်းတော်ကြီးသောဘုရား သက်တော် ရာကျော်ရှည်ပါစေ" ဟူသော ကောင်းချီးသြဘာသံကြီးသည် တစ်ခဲနက် ထွက်ပေါ်လာ၏။ ပိတာသည် ရှေ့ကလူတွေကြားထဲတိုးကာ ခြေဖျားထောက်၍ ကြည့်လိုက်သည်။ သို့ရာတွင် လူအုပ်ကြီးမှအပ ဘာမျှ မမြင်ရချေ။

လူအားလုံး၏ မျက်နှာများသည် ရွှင်မြူးထက်သန်သော အသွင်သဏ္ဌာန်ကို ဖော်ပြလျက်ရှိကြ၏။ ပိတာ့အနီး ရပ်လျက်ရှိသည့် သူကြွယ်တစ်ဦး၏ ဇနီးမှာ ကြည်နူးလွန်းသဖြင့် မျက်ရည်တွေ စီးကျကာ ငိုရှိုက်လျက်ရှိလေသည်။

"ဘုန်းတော်ကြီးသော ဘုရား၊ ဘုန်းတော်ကြီးသော ဘုရား"ဟု တတွတ်တွတ် ရွတ်ဆိုကာ မျက်ရည်များကို သုတ်လျက်ရှိ၏။

"ဘုန်းတော်ကြီးသော ဘုရား၊ သက်တော်ရာကျော်ရှည်ပါစေ"ဟူသော ကောင်းချီးသြဘာသံများကား အရပ်ရှစ်မျက်နှာမှ တစ်ခဲနက် ထွက်ပေါ်လျက်ရှိ၏။

လူထုပရိသတ်ကြီးသည် ခေတ္တမျှ ငြိမ်သက်လျက်ရှိပြီးနောက် ရှေ့ဘက်သို့ ပြိုဆင်းသွားပြန်သည်။

ပိတာသည် အလွန်အမင်း ဝမ်းမြောက်လျက်ရှိရာက "ဘုန်းတော်ကြီးသော ဘုရား၊ သက်တော်ရာကျော်ရှည်ပါစေ"ဟု သွားကိုစေ့၍ အားရပါးရ အော်ကာ ကြောက်စရာကောင်းလောက်အောင် ပြုံးကြောင်သော မျက်လုံးဖြင့် ရှေ့သို့ကြည့်လျက် အတင်းဖိ၍ တိုးလေရာ ထိုအချိန်က ပိတာ၏ သဏ္ဌာန်မှာ အရေးကြဲလာက မိမိ၏

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကိုလည်းကောင်း၊ အခြားသူများကို လည်းကောင်း သတ်ဖြတ်ရန် ဝန်လေးခြင်းမရှိသည့် အသွင်သဏ္ဌာန်ကို ဆောင်လျက်ရှိလေသည်။ ပိတာတွင်မက လူအားလုံးမှာပင် ကြောက်စရာကောင်းသော မျက်နှာထား များဖြင့် ရှေ့သို့ အတင်း ဖိတိုးလျက်ရှိကာ "ဘုန်းတော်ကြီးသော ဘုရားသက်တော်ရာကျော် ရှည်ပါစေ" ဟူသော သြဘာသံများကို တစ်ခဲနက် ဟစ်အော်လျက်ရှိကြ၏။

'ငါတော့ ဘုရင်မင်းမြတ် ရှေ့တော်ကို ဝင်ခစားပြီး တင်လွှာသွင်းနိုင်တော့မှာ မဟုတ်တော့ဘူး'ဟု ပိတာတွေးတောမိ၏။ သို့တိုင်အောင် ပိတာသည် မလျှော့ဘဲ ရှေ့သို့ တိုးမြှိတိုးလျက်ရှိလေသည်။ ပိတာသည် မိမိရှေ့ခပ်လှမ်းလှမ်း၌ ကော်ဇောနီကြီး ခင်းထားသော မင်းလမ်းမကို ရှေ့က ပရိသတ်များကြားဆီမှ ရိပ်ခနဲ လှမ်းမြင်လိုက်ရသည်။ ထိုအတောအတွင်း ရှေ့က လူအုပ်ကြီးသည် နောက်ဘက်သို့ ပြုံဆင်းလာလေသည်။ ရှေ့တော်ပြေး ရဲသားများသည် မင်းလမ်းမအနီးသို့ ကပ်လာသူများကို မောင်းထုတ်ပစ်လျက် ရှိခြင်းကြောင့် နောက်သို့ ပြုံဆင်းလာခြင်းပေတည်း။ ဘုန်းတော်ကြီးသော ဘုရားသည် နန်းမဆောင်ကြီးမှ ထွက်လာခဲ့၍ ရာဇဘိသေက ခံတော်မူရာ ဘုရားရှိခိုးကျောင်းဘက်သို့ ကြွလာလေသည်။ ထိုအခိုက် ပိတာသည် မိမိ၏နံဘေးကို တစ်စုံတစ်ယောက်က ပြင်းထန်စွာ ထိုးနှက်လိုက်သကဲ့သို့ ခံစားလိုက်ရ၏။ မိမိကိုယ်ကို တစ်ဖက်တစ်ချက်ရှိ လူအုပ်ကြီးက ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်ဟုလည်း ထင်လိုက်ရ၏။ ထို့နောက်၌ကား ပိတာသည် မျက်လုံးတွေ ပြာသွားပြီးနောက် သတိလစ်သွားလေသည်။ သတိပြန်ရလာသည့်အခါ၌ ဆံပင်ဖြူဖြူ ဘုန်းတော်ကြီး ဝတ်ရုံကို ခြုံထားသည့် သာသနာ့ဝန်ထမ်း တစ်ဦးက သူ့အား လက်တစ်ဖက်ဖြင့် တွဲ၍ ပွေ့ထားပြီး အခြားလက်တစ်ဖက်ဖြင့် ဖိ၍ တိုးလျက်ရှိသော လူအုပ်ကြီးအား တွန်းလျက်ရှိခြင်းကို တွေ့ရ၏။

"လူအုပ်ကြားထဲမှာ ညပ်သွားတယ်ကွယ်၊ လာလာ ဖြည်းဖြည်းလိုက်ခဲ့၊ လူအုပ်ကြီးထဲမှာ အနှင်းခံနေရလိမ့်မယ်"

ဘုရင်မင်းမြတ်မှာ ရာဇဘိသေကခံရာ ဘုရားရှိခိုးကျောင်းထဲသို့ ရောက်သွားပြီ ဖြစ်လေသည်။ ထိုအခါ၌ လူအုပ်ကြီးမှာ တစ်နေရာတည်းတွင် ပြုံ၍ မနေတော့ဘဲ ပြန့်ကျဲသွားပြီဖြစ်၍ အနည်းငယ် ရှင်းသွားသလိုလိုရှိ၏။ သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်သည် ဖြူဖပ်ဖြူရော်ဖြစ်ကာ အသက်မရှူနိုင်ဖြစ်နေသော ပိတာကို ရှေးဟောင်း ကြေးအမြောက်ကြီးထားရာ ကွက်လပ်ကလေးနားသို့ ခေါ်လာခဲ့၏။ လူများသည် ပိတာကိုကြည့်၍ သနားကရုဏာသက်လျက် အနီးသို့ ဝိုင်းအုံလာကြပြန်သည်။ အနီးဆုံးရောက်နေသူများက ပိတာ၏ အင်္ကျီကြယ်သီးများကို ဖြုတ်ပေးကာ ရှေးဟောင်း ကြေးအမြောက်ကြီး တင်ထားသည့်စင်ပေါ်သို့ တင်ပေးလိုက်ပြီး ပိတာအား နင်းသွားရပါမည်လောဟု ကျိန်ဆဲလျက် ရှိကြလေသည်။

"ဒီလိုနင်းတာ သေတတ်တယ်လို့ မသိကြဘူး ထင်တယ်၊ ကိုယ်ချင်းမစာဗျာ၊ လုပ်မှလုပ်ရက်ကြပလေ၊ ကြည့်စမ်းပါဦး၊ သူငယ်လေး သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်နေပြီ" တစ်ယောက်တစ်ပေါက် ပိတာကို ကြည့်၍ ပြောနေကြသည်။

ခဏကြာတော့မှ ပိတာသည် နေသာထိုင်သာ ရှိလာလေသည်။ မျက်နှာတွင် သွေးရောင်လျှမ်းစ ပြုလာသည်။ နံကြားထဲက အောင့်သော ဝေဒနာသည်လည်း ပျောက်သွား၏။ သို့ရာတွင် ပိတာမှာ ခေတ္တမျှ သတိမေ့လိုက်ခြင်းကြောင့် အမြောက်စင်တွင် နေရာကောင်းရရှိခဲ့လေပြီ။ အမြောက်စင်ပေါ်မှ ကြည့်လျှင် ဘုရင်မင်းမြတ် ပြန်၍ ထွက်လာတော်မူပုံကို မြင်ရလိမ့်မည်ဟု ထင်ရ၏။ ပိတာသည် ဘုရင်မင်းမြတ်ထံ တင်လွှာသွင်းရန် အကြံကို လက်လျှော့လိုက်လေပြီ။ ကိစ္စမရှိပါ။ ဘုရင်မင်းမြတ်ကို ဖူးမြော်လိုက်ရသည်ဆိုလျှင်ပင် ပိတာ ကျေနပ်ပါပြီ။

ရာဇဘိသေကခံရာ ဘုရားရှိခိုးကျောင်းထဲ၌ ဝတ်ပြုလျက်ရှိစဉ် (ဘုရင်မင်းမြတ် ကြွချီတော်မူလာခြင်း အထိမ်းအမှတ်နှင့် တူရကီပြည်နှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခြင်းအတွက် ကျေးဇူးတော်အောက်မေ့ခြင်း အထိမ်းအမှတ် အဖြစ် ပူးတွဲ၍ ဝတ်ပြုဆုတောင်းပွဲ ကျင်းပခြင်းဖြစ်သည်။) အပြင်ဘက်၌ လူအုပ်ကြီးသည် စောင့်လျက်ရှိ၏။ ယမကာရောင်းသူ၊ မုန့်ရောင်းသူ၊ ဘိန်းစေ့သကြားလုံး (ပိတာအကြိုက်ဆုံး သရေစာဖြစ်သည်။) ရောင်းသူတို့၏ အော်ဟစ်သံများ၊ တစ်ယောက်တစ်ပေါက် စကားပြောဆိုသံများကို အုတ်အုတ်ကျက်ကျက် ကြားနေရ၏။ သူကြွယ်တစ်ဦး၏ မိန်းမသည် မိမိခြုံလာသော ပဝါကိုပြကာ ထို

www.burmeseclassic.com

www.burmeseclassic.com

ပဝါမည်မျှပေးရကြောင်းကို ပြောဆိုလျက်ရှိ၏။ အခြားတစ်ယောက်သည် ပိုးထည်များ ဈေးကြီးလျက်ရှိခြင်းကို ပြောလျက်ရှိ၏။ ပီတာအား တွဲခေါ်လာသည့် သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်သည် ဘုရင်မင်းမြတ်၏ ကျေးဇူးတော်ဝတ်ပြုဆုတောင်း အခမ်းအနား၌ ဂိုဏ်းအုပ် ဘုန်းတော်ကြီးနှင့်အတူ ဆုတောင်း ဒေသနာတော်များကို ရွတ်ဆိုလျက်ရှိသော ဘုန်းတော်ကြီးများအကြောင်းကို ပြောဆိုလျက် ရှိသည်။ သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်သည် 'သဗ္ဗ' ဆိုသော ပီတာ နားမလည်သည့် စကားတစ်လုံးကို မကြာခဏ ပြောဆိုလျက်ရှိ၏။ မြို့ကြီးသား လူငယ်နှစ်ယောက်သည် သစ်သီး တစ်ယောက်တစ်လုံးစီ ကိုက်စားနေသော တောသူမကလေး နှစ်ဦးကို နောက်ပြောင်လျက်ရှိ၏။ ဤစကားများ အထူးသဖြင့် မိန်းကလေးများအား 'ရိသဲ့သဲ့' ပြောသော စကားများသည် ပီတာလို လူပျိုပေါက်ကလေး တစ်ယောက်အဖို့ ကြည်နူးဖွယ်ဖြစ်သော်လည်း ပီတာသည် ယခုအချိန်၌ မည်သည့်အရာကိုမျှ စိတ်မဝင်စားတော့ချေ။ အမြောက်စင်ပေါ်တွင် ထိုင်လျက်က ဘုရင်မင်းမြတ်အား ဖူးမြင်လိုသော ဆန္ဒ၊ ဘုရင်မင်းမြတ်အား ချစ်ကြည်လေးစားသော စိတ်တို့သာ ပီတာကို ဖုံးလွှမ်းလျက်ရှိလေသည်။

ထိုအခိုက် ကျူးထိပ်ဆီမှ အမြောက်တစ်ချက် ပစ်ဖောက်သံကို ကြားလိုက်ရ၏။ ထိုအမြောက်သံကား တူရကီနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးခြင်း အထိမ်းအမှတ်ပေတည်း။ လူအုပ်ကြီးသည် အမြောက်သံကြားရာ ကျူးထိပ်ဘက်သို့ ပြုံဆင်းသွားပြန်သည်။ ပီတာသည် ထိုလူအုပ်ကြီး ပြုံဆင်းရာသို့ လိုက်သွားမည်ပြုသေး၏။ သို့သော် ပီတာကို တွဲခေါ်လာသည့် သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်က တားထားလိုက်သည်။ ရာဇဘိသေကခံရာ ဘုရားရှိခိုးကျောင်းထဲမှ ရွှေနန်းတော် မင်းမှူထမ်းများ၊ ဗိုလ်ချုပ်ကြီးများ၊ လူပျိုတော်သားများ၊ ရှေ့တော်ပြေးများ ပြေးထွက်လာသည့်အချိန်ထိ အမြောက်သံများသည် မြည်ဟည်းလျက်ရှိကြ၏။ ဤတွင် အမြောက်ပစ်ရာသို့ သွားကြည့်နေသော လူအုပ်ကြီးသည် ဘုရားရှိခိုးကျောင်းဘက်သို့ ပြုံဆင်းလာပြန်သည်။ ခဏကြာလျှင် စစ်ဝတ်စုံနှင့် ရွှေစလွယ်များ ဝတ်ဆင်ထားသည့် ပုဂ္ဂိုလ်လေးဦး ဘုရားရှိခိုးကျောင်းထဲမှ ထွက်လာကြကာ မရွေးမနှောင်းမှာပင် "ဘုန်းတော်ကြီးသောဘုရား သက်တော်ရာကျော်ရှည်ပါစေ"ဟူသော အသံများသည် တစ်ခဲနက် ထွက်ပေါ်လာကြပြန်သည်။

"ဘုန်းတော်ကြီးသော ဘုရားက ဘယ်ဟာလဲ၊ ဘယ်နားက ဟာလဲ" ပီတာသည် တုန်ယင်သောအသံဖြင့် အနားက လူများကို မေးကြည့်၏။ သို့ရာတွင် အားလုံးစိတ်အားတက်ကြွလျက် ရှိကြသဖြင့် မည်သူကမျှ ပြန်ဖြေဖော်မရကြချေ။ ပီတာသည် ဝမ်းသာခြင်းကြောင့် မျက်ရည်များ ဖုံးလွှမ်းလျက်ရှိသော မျက်လုံးများဖြင့် ထိုပုဂ္ဂိုလ်လေးဦးကို လှမ်းကြည့်လိုက်ကာ "ဘုန်းတော်ကြီးသော ဘုရား သက်တော်ရာကျော်ရှည်ပါစေ"ဟု အော်ဟစ်လိုက်သည်။ နက်ဖြန်တွင် တပ်မတော်ထဲသို့ ဝင်ဖြစ်အောင် ဝင်တော့မည်ဟူ၍လည်း ပိုင်းဖြတ်လိုက်လေသည်။

လူထုပရိသတ်ကြီးသည် ရွှေနန်းတော်သို့တိုင်အောင် နောက်မှ လိုက်လာကြကာ တဖြည်းဖြည်း လူစုကွဲသွားကြသည်။ ထိုအချိန်မှာ ညနေစောင်းလေပြီ။ ပီယာမှာ ယခုအချိန်ထိ ဘာမျှမစားရသေးချေ။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးတွေ စိုရွှဲလျက်ရှိ၏။ သို့တိုင်အောင် ပီတာသည် ကျန်နေသေးသော လူထုပရိသတ်ကြီး (ကွဲစပြုပြီဖြစ်သော်လည်း အားကောင်းလျက် ရှိနေသေးသည်) နှင့်အတူ ရွှေနန်းတော် ဝင်းပြင်ဘက်တွင် ရပ်လျက် ဘုရင်မင်းမြတ်၏ ညစာစားပွဲကြီးကို လှမ်းမျှော်ကြည့်လျက် ရှိလေသည်။ တကယ်တွင်ကား ဘာကိုမျှ မြင်ရသည် မဟုတ်ချေ။ ဘုရင်မင်းမြတ်နှင့်အတူ ညစာသုံးဆောင်ရန် ဖိတ်ကြားခြင်းခံရသည့် မှူးကြီးမတ်ကြီးများသည် ကရထားကြီးများဖြင့် ရွှေနန်းတော်ဝင်းထဲသို့ ဝင်ရောက်သွားကြ၏။ ညစာပွဲတော်အုပ်ကိုပိုက်လျက်ရှိသော အဆောင်ကိုင်များကို ပြတင်းဝမှာ ရိပ်ခနဲ ရိပ်ခနဲ မြင်လိုက်ရ၏။ ပီတာသည် ၎င်းတို့ကို အားကျလျက်ရှိလေသည်။

ဘုရင်မင်းမြတ်ပွဲတော် တည်ခင်းလျက်ရှိစဉ် အမတ်ချုပ် ဗာလုယက်သည် ရွှေနန်းတော် လေသာပြတင်းဝမှ မျှော်ကြည့်ပြီးနောက်

"မှန်လှပါ၊ ဘုန်းတော်ကြီးသော ဘုရားကို ဖူးမြော်ရန်အတွက် လူထုပရိသတ်ကြီး စောင့်ဆိုင်းလျက် ရှိသေးကြောင်းပါ"ဟု လျှောက်တင်လျက်ရှိ၏။

ဘုရင်မင်းမြတ်သည် ပွဲတော်တည်ပြီးသည်နှင့် မုန့်ကျွတ်ပြားတစ်ချပ်ကို ဝါးရင်း ရွှေနန်းတော် လေသာ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ဘက်သို့ ထွက်တော်မူလာသည်။ လူအုပ်ကြီးသည် လေသာဆောင်ဘက်သို့ စုပြုံလာကြပြန်သည်။

လူအုပ်ကြီးသည် "ဘုန်းတော်ကြီးသော ဘုရား သက်တော်ရှည်ပါစေ"ဟု ကြွေးကြော်ပြန်သည်။ မိန်းမများနှင့် စိတ်အားငယ်တတ်သူ ယောကျ်ားအချို့ကား (ထိုအထဲ၌ ပီတာလည်း ပါသည်။) ဝမ်းသာလွန်းသဖြင့် ငိုကြွေးကြ၏။

ဘုရင်မင်းမြတ်၏ လက်ထဲတွင် ကိုင်ထားသော မုန့်ကြွပ်တစ်ချပ်သည် ပဲ့၍ အောက်သို့ကျလာ၏။ ရထားသမားတစ်ယောက်သည် ရှေ့သို့ပြေးကာ မုန့်ပဲ့ကို ကောက်ယူလိုက်သည်။ အချို့လူများသည် ရထားသမားလက်ထဲမှ မုန့်ကြွပ်ပဲ့ကို လိုက်၍ လုကြလေ၏။ ဤအခြင်းအရာကို မြင်သည်၌ ဘုရင်မင်းမြတ်သည် နောက်ထပ် ရောက်လာသော မုန့်ကြွပ်ပန်းကန်ထဲမှ မုန့်ကြွပ်ပြားများကို အောက်သို့ ကြဲချလိုက်သည်။ ပီတာ၏ မျက်လုံးများကား နီရဲလျက်ရှိလေပြီ။ ပီတာသည် လူအုပ်ကြီးကြားထဲတွင် ညပ်မည်ကို ကြောက်သော်လည်း မချုပ်တည်းနိုင်တော့ဘဲ မုန့်ကြွပ်ပြားများကို လိုက်၍ ကောက်လျက်ရှိလေသည်။ မည်သည့်အကြောင်းမျှကြောင့်ဟု မသိသော်လည်း ဘုရင်မင်းမြတ်၏ လက်တော်ဖြင့် ချပေးသော မုန့်ကြွပ်ပြားများကို ရဖို့ အရေးကြီးသည်ဟု ပီတာ ယူဆသည်။ ထို့ကြောင့် ပီတာသည် လူအုပ်ထဲတွင် ညပ်မည့်အရေးကိုတွေး၍ ကြောက်မနေနိုင်တော့ဘဲ ရှေ့သို့ လွှားခနဲခုန်ကာ မုန့်ကြွပ်ပြားတစ်ချပ်ကို ကုန်းကောက်လျက်ရှိသော မိန်းမကြီးတစ်ယောက်အား ကိုယ်စောင်းပစ်တိုက်လိုက်သည်။ မိန်းမကြီးသည် ပက်လက် လဲကျသွားရာက အရှုံးမပေးသေးဘဲ မုန့်ကြွပ်ပြားတစ်ချပ်ကို လှမ်းကောက်လျက်ရှိ၏။ ပီတာသည် မိန်းမကြီး၏လက်ကို ဒူးဖြင့် ခတ်ချလိုက်ပြီးနောက် မုန့်ကြွပ်ပြားကို ဆတ်ခနဲကောက်ယူလိုက်၍ "ဘုန်းတော်ကြီးသော ဘုရား သက်တော်ရာကျော်ရှည်ပါစေ"ဟု အော်ပြန်သည်။ ပီတာ့အသံမှာလည်း ကွဲအက်လျက်ရှိလေပြီ။

ဘုရင်မင်းမြတ်သည် လေသာဆောင်မှ ပြန်ကြွသွားလေသည်။ အတန်ကြာတော့မှ လူထုပရိသတ်ကြီးသည် တဖြည်းဖြည်း ကွဲစပြုလေတော့သည်။

"ကဲ မပြောဘူးလား၊ စောင့်ပါဦးလို့၊ ခုမုန့်ကြွပ်ပြား ရခဲ့ပြီ မဟုတ်လား၊ ဘုန်းတော်ကြီးသော ဘုရားလက်တော်နဲ့ ပစ်ပေးတဲ့ မုန့်ကြွပ်ပြား ရပြီမဟုတ်လား" တစ်ယောက်တစ်ပေါက် ဝမ်းသာအား၀ ပြောဆိုလာသံများကို ကြား၀၏။

ပီတာသည် ထိုနေ့တွင် အပျော်ကြီး ပျော်မိသည်။ နေ့ထူးနေ့မြတ်ကြီး ကုန်ဆုံးလေပြီဟု တွေးမိကာ အိမ်ကို မပြန်ချင်လောက်အောင် ဖြစ်လျက်ရှိ၏။ ပီတာသည် ကရင်မလင် နန်းမြို့ရိုးမှ အိမ်သို့ တိုက်ရိုက်မပြန်သေးဘဲ ၎င်း၏သူငယ်ချင်း အိုဘိုလင်စကို့ အိမ်သို့ လာခဲ့လေသည်။ အိုဘိုလင်စကီမှာ အသက် ဆယ့်ငါးနှစ်မျှသာရှိ၍ ပီတာကဲ့သို့ပင် တပ်မတော်ထဲသို့ ဝင်ရန် လျှောက်ထားသူဖြစ်၏။ အိမ်သို့ ပြန်ရောက်သောအခါ၌ မိမိအား တပ်မတော်ထဲသို့ ဝင်ခွင့်မပြုပါက ထွက်ပြေးမည်ဖြစ်ကြောင်းဖြင့် ပြတ်သားစွာ ထုတ်ဖော်ပြောဆိုလိုက်လေသည်။ ဖခင်မြို့စားကြီး ရော့စတော့ဗ်သည် (ပီတာ၏ကိစ္စကို လုံးလုံးလျားလျား သဘောမတူသေးသော်လည်း) နောက်တစ်နေ့၌ကား ပီတာ တပ်မတော်ထဲသို့ ဝင်လျှင် အန္တရာယ်ကင်းသည့်နေရာ၌ အမှုထမ်းနိုင်ရန်အတွက် မည်သို့ စီစဉ်ဆောင်ရွက်ရမည်ကို သွားရောက် စုံစမ်းခြင်းပြုရလေသတည်း။

အခန်း ၂၂

နောက်နှစ်ရက်အကြာဖြစ်သော ဇူလိုင် ၁၅ ရက်နေ့၌ ကရထားပေါင်းများစွာတို့သည် စလိုဗိုဒါ နန်းတော်ရှေ့တွင် ရပ်လျက်ရှိကြ၏။

ရွှေနန်းတော် ခန်းမဆောင်ကြီး၌ကား မှူးကြီးမတ်ရာ ဗိုလ်ပါပရိသတ်တို့ဖြင့် ပြည့်ကျပ်လျက်ရှိလေသည်။ ပထမခန်းမဆောင်၌ အဆောင်အယောင်များ၊ ရွှေစလွယ်များ ဝတ်ဆင်ထားသော မှူးကြီးမတ်ကြီးများရှိကြ၍ ဒုတိယခန်းဆောင်၌ အပြာရောင်ဝတ်စုံများကို ဝတ်၍ ဆုတံဆိပ်များ တပ်ဆင်ထားကြသည့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးပါးပါးနှင့် သူဌေးသူကြွယ်များ ရှိကြ၏။ မှူးကြီးမတ်ကြီးများ၏ ခန်းမဆောင်ထဲမှ လှုပ်ရှားသံများ၊ စကားပြောသံများသည် တသောသော ဆူညံလျက်ရှိ၏။ မှူးကြီးမတ်ရာ အစုများကို အမှူးပြုရသော အမတ်ချုပ်ကြီးများသည် ဘုန်းတော်ကြီးသော ဘုရား၏ ရုပ်ပုံတော်ချိတ်ဆွဲ

www.burmeseclassic.com

www.burmeseclassic.com

ထားသည့် နံရံအနီးရှိ စားပွဲရှည်ကြီးမှ နောက်မှိမြင့်မြင့်နှင့် ထိုင်ဖုံကြီးများတွင် ထိုင်လျက်ရှိကြသော်လည်း မှူးမတ် အများအပြားမှာကား ခန်းဆောင်ထဲတွင် ထိုမှဤမှလှည့်ပတ်သွားလာလျက် ရှိကြလေသည်။

ပိယာသည် ထိုမှူးမတ်များအားလုံးကို ကလပ်တွင်လည်းကောင်း၊ နေထိုင်ရာအိမ်များတွင်လည်းကောင်း နေ့စဉ် တွေ့မြင်နေကျဖြစ်၏။ ထိုမှူးမတ်များအားလုံးသည် အဆောင်အယောင် နန်းဝတ်နန်းစားကို ဝတ်ဆင်ထားကြလေသည်။ အချို့က ဘွားတော်ကက်သရင်း ဘုရင်မကြီး ရွှေလက်ထက်တော်က နန်းဝတ်နန်းစားများကို ဝတ်ဆင်ထားကြလျက် အချို့က ခမည်းတော် ပေါလ်ဘုရင်မင်းမြတ်၏ ရွှေလက်ထက်တော်က နန်းဝတ်နန်းစားများကို ဝတ်ဆင်ထားကြ၏။ အချို့ကလည်း ဘုန်းတော်ကြီးသော အလက်ဇန်းဒရား ဘုရင်မင်းမြတ်၏ ရွှေလက်ထက်တော် နန်းတွင်းအဝတ်အစားများကို ဝတ်ဆင်ထားကြလျက် အချို့ကမူ မှူးမတ်ဝတ်စုံရိုးရိုးကို ဝတ်ဆင်ထားလျက် ရှိကြလေရာ လူကြီးလူငယ်မရွေး ဤသို့ ဝတ်စုံအမျိုးမျိုး နန်းဝတ်နန်းစား အထွေထွေတို့ကို ဝတ်ဆင်လျက် မြင်ရခြင်းမှာ မျက်စိပသာဒတွင် ထူးခြားဆန်းကြယ်လျက် ရှိပေ၏။ အထူးသဖြင့် မျက်စိမွဲသိ ပါးရေတွန့်လိပ် ထိပ်ပြောင် သွားကျိုးလျက်ရှိသော ဇရာပိုင်းမှ မှူးကြီး မတ်ကြီးများကို ဝတ်စုံများ၊ နန်းဝတ်နန်းစားများဖြင့် မြင်ရသည်မှာ တစ်မျိုးထူးခြားလျက် ရှိလေသည်။ ဇရာအိုကြီးများသည် မိမိတို့၏ နေရာအသီးသီးတွင် တိတ်ဆိတ်စွာ ထိုင်လျက်ရှိကြ၍ အချို့ကလည်း လမ်းလျှောက်လိုက်၊ စကားပြောလိုက်ဖြင့် လူလတ်ပိုင်း မှူးမတ်များနှင့် ရောနှောလျက် ရှိကြ၏။ ထိုမှူးမတ်များအားလုံး၏ မျက်နှာပေါ်၌ကား (ကရင်မလင်နန်းရင်ပြင်တွင် ပိယာတွေ့ခဲ့ဖူးသော အညတရ လူများ၏မျက်နှာမှာကဲ့သို့) ဆန့်ကျင်ဘက်လက္ခဏာနှစ်ခုကို တွေ့ရ၏။ လက္ခဏာတစ်ခုကား အရေးကြီးသော အခြင်းအရာတစ်ခုကို စောင့်စားမျှော်လင့်လျက်ရှိသော လက္ခဏာဖြစ်၍ အခြားတစ်ခုမှာ ဘော့စတွန်ဖဲကစားခြင်းအကြောင်း၊ ထမင်းချက်ခြင်းအကြောင်း၊ မာကြောင်းသာကြောင်း စသော ကိုယ်ရေးကိုယ်တာကိစ္စများကို စိတ်ဝင်စားလျက်ရှိသည့် လက္ခဏာဖြစ်၏။

ပိယာသည် ထိုခန်းမဆောင်ထဲသို့ ရောက်လျက် ရှိ၏။ နံနက်စောစောကတည်းက ဂိယာသည် မှူးမတ်အဝတ်အစားကို ဝတ်ဆင်လျက် အဆင်သင့် ပြင်ထားသည်။ ၎င်း၏ မှူးမတ်အဝတ်အစားမှာ အတော်ပင် ကျပ်လျက်ရှိပေပြီ။ ပိယာသည် တစ်မနက်လုံး စိတ်လှုပ်ရှားလျက် ရှိလေသည်။ မှူးမတ်များသာမက သူဌေးသူကြွယ် အသည်မျိုးရိုးများအားလုံး တက်ရောက်မည့် ထိုစည်းဝေးသဘင်ကြီးသည် ပိယာ၏ခေါင်းထဲတွင် အချိန်အတန်ကြာမျှ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သော အတွေးအခေါ်များကို ပြန်၍ ပေါ်လာစေခဲ့ပေသည်။ ထိုအတွေးအခေါ်များကား ပြင်သစ်စာရေးဆရာကြီး ရူးဆူး၏ လူမှုပဋိညာဉ်ကျမ်းလာ အချက်အလက်များနှင့် ပြစ်သစ်တော်လှန်ရေးကြီး၏ အကြောင်းအရာများ ဖြစ်ကြပေသည်။ ဘုန်းတော်ကြီးသော ဘုရားသည် ပြည်သူပြည်သားများနှင့် စည်းဝေးတိုင်ပင်ခြင်းပြုရန် မော်စကိုသို့ ကြွရောက်တော်မူမည်ဟူသော အမိန့်တော်ပြန်တမ်းကို ဖတ်ရှုပြီးသည့်နောက် ၌ကား မိမိ၏ခေါင်းထဲတွင် ပေါ်ပေါက်လျက်ရှိခဲ့သော အတွေးအခေါ်များသည် ပို၍ ခိုင်မာလာခဲ့လေသည်။ ဤသို့ဖြင့် မိမိမျှော်လင့်တောင့်တလျက်ရှိသော အဖြစ်အပျက်ကြီးတစ်ရပ်သည် ဆိုက်ရောက်လာချေတော့မည်ဟု တွေးတောလျက်ရှိရင်း ပိယာသည် စကားဝိုင်းများသို့ လှည့်လည်နားထောင်လျက် ရှိ၏။ သို့ရာတွင် မိမိအတွေးအခေါ်များနှင့် ကိုက်ညီသည့် စကားဝိုင်းဆို၍ တစ်ဝိုင်းမျှ မတွေ့ရချေ။

စည်းဝေးသဘင်တွင် ဘုန်းတော်ကြီးသောဘုရား၏ အမိန့်တော်ပြန်တမ်းကို ဖတ်ကြားလေရာ တက်ရောက်သူ မှူးကြီးမတ်ရာ သူဌေးသူကြွယ်အားလုံးက စိတ်အားထက်သန်စွာ ထောက်ခံကြသည်။ ထို့နောက် မင်းပရိသတ်များသည် အမိန့်တော်ပြန်တမ်းအား ကိုယ့်အစုကလေးများနှင့် ကိုယ် ဝေဖန်ဆွေးနွေးလျက် ရှိကြလေသည်။ ဆွေးနွေးဝေဖန်ချက်များကိုသာမက ဘုရင်မင်းမြတ် ကြွတော်မူလာသောအခါတွင် သူကောင်းမျိုးနွယ်များ၏ နာယကများကမည်သည့် နေရာမှ ရပ်၍ ဆီးကြိုသင့်သည်၊ ဘုရင်မင်းမြတ်အား ဆီးကြိုသည့်အနေဖြင့် ကပွဲကို မည်သည့်နေရာတွင် ကျင်းပသင့်သည် စသည့်ကိစ္စများနှင့် မှူးမတ်များအနေဖြင့် နယ်လိုက် အုပ်စုခွဲ၍ ဆီးကြိုသင့်သလော၊ ခရိုင်အလိုက် အုပ်စုခွဲ၍ ဆီးကြိုသင့်သလော စသည့်ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com

များကိုလည်း ဆွေးနွေးပြောဆိုလျက် ရှိကြ၏။ သို့ရာတွင် စစ်နှင့် ပတ်သက်၍ဖြစ်စေ၊ မှူးကြီးမတ်ကြီးများ၏ စည်းဝေးသဘင်ကြီး ကျင်းပရသည့် အကြောင်းရင်းများနှင့်ဖြစ်စေ တစ်စုံတစ်ယောက်က စကားစလိုက်လျှင်ကား မည်သူမျှ ရေရေရာရာ မပြောနိုင်ကြတော့ဘဲ ယောင်ဝါးဝါးဖြစ်လျက် ရှိ ကြကာ တိတ်ဆိတ်သွားကြလေသည်။

ခန်းမဆောင်တစ်ခုထဲတွင် ရေတပ်မတော် အငြိမ်းစား တပ်ဗိုလ်ဝတ်စုံကို ဝတ်ဆင်ထားလျက် ယောကျ်ားပီသ၍ ခန့်ညားသော လူလတ်ပိုင်းမှ လူတစ်ယောက်သည် အာပေါင်အာရင်းသန်သန်ဖြင့် စကားပြောလျက်ရှိပြီး လူတစ်အုပ်သည် ၎င်း၏အနီးတွင် ဝိုင်းအုံနားထောင်လျက် ရှိကြ၏။ ပီယာသည် ထိုအနားသို့ ရောက်သွားကာ ထိုသူပြောသော စကားများကို နားထောင်နေမိသည်။ မြို့စားကြီး ရော့စတော့ဗ်သည် ကက်သရင်း ဘုရင်မကြီး ရွေလက်ထက်တော်က စစ်ဝတ်စုံကို ဝတ်ဆင်လျက် မိမိ၏ အသိမိတ်ဆွေများကို တပြုံးပြုံးဖြင့် လိုက်လံနှုတ်ဆက်လျက် ရှိသည်။ ခဏကြာသော် မြို့စားကြီး ရော့စတော့ဗ်သည်လည်း ထိုလူအုပ်ဘက်သို့ လျှောက်လာသည်ကို မြင်ရ၏။ မြို့စားကြီး ရော့စတော့ဗ်သည် သူတစ်ပါး ပြောစကားကို အမြဲတမ်း ခေါင်းညိတ်၍ တပြုံးပြုံးနှင့် ထောက်ခံလေ့ရှိသည့်အတိုင်း ယခုလည်း ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ပြုံးလျက်ရှိလေသည်။ ထိုအတောအတွင်း၌ ရေတပ်မတော် အငြိမ်းစားတပ်ဗိုလ်သည် တစ်စုံတစ်ရာကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုလျက်ရှိလေရာ အလွန်အေးဆေးပါသည်ဆိုသော ပုဂ္ဂိုလ်များသည်ပင် ထိုရေတပ်ဗိုလ်ဟောင်း၏ စကားကို သဘောမကျသော မျက်နှာထားများ၊ မနှစ်ခြိုက်သော အမူအရာများဖြင့် တခြားသို့ လှည့်ထွက်သွားခြင်းကို ပီယာ မြင်လိုက်ရ၏။ ပီယာသည် လူအုပ်ကြားထဲသို့ တိုးဝင်လာကာ ထိုရေတပ်ဗိုလ်ဟောင်း၏ စကားများကို နားထောင်လျက်ရှိသည်။ ထိုရေတပ်ဗိုလ်ဟောင်းမှာ လစ်ဘရယ်ဝါဒသမားတစ်ဦး ဖြစ်ခြင်းကို တွေ့ရ၏။ သို့ရာတွင် ထိုသူ၏ လစ်ဘရယ်အမြင်များမှာ ပီယာ၏ လစ်ဘရယ်အမြင်များနှင့် မတူကြချေ။ ထိုရေတပ်ဗိုလ်ဟောင်းသည် အထူးငြီးငွေ့ဖွယ်ကောင်းသော မင်းစိုးရာဇာတို့၏ အသံအောကြီးဖြင့် ဗလုံးဗထွေး ပြောဆိုလျက် ရှိ၏။ အချို့သော သရမျာနှင့်ဗျည်းများကိုကား ပီသအောင် ရွတ်ဆိုနိုင်ခြင်း မရှိချေ။ ထိုမျှမက ၎င်း၏အမြင်များသည် လစ်ဘရယ်အမြင်များဖြစ်သည့်တိုင်အောင် လေယူလေသိမ်းမှာကား ပဒေသရာဇ်ဆန်၍ နေပေသေးသည်။ ၎င်း၏ လေသံမှာ မင်းစိုးရာဇာတစ်ဦးက အစေခံတစ်ဦးကို လှမ်း၍ 'ဟေ့ ငါ့ဆေးတံယူခဲ့စမ်း' ဟု စေခိုင်းသော အသံမျိုး ဖြစ်သည်။

"ဘုန်းတော်ကြီးသော ဘုရား၏သစ္စာတော်ကို ထမ်းရွက်ဖို့အတွက် စမိုးလင်နယ်က အချိုးကျ အရေးပေါ် စစ်သည်တပ်သားတွေ အမြောက်အမြား စုဆောင်းပေးတာနဲ့ ကျုပ်တို့ မော်စကိုကကော အချိုးကျ အရေးပေါ်စစ်သည်တပ်သားတွေ စုဆောင်းပေးရတော့မှာလား။" အကယ်၍ ဘုန်းတော်ကြီးသော ဘုရား၏ သစ္စာတော်ကို ရိုသေကျိုးနွံကြောင်း ပြချင်ရင် တခြားနည်းလမ်းတွေ မရှိတော့ဘူးလား။ ၁၈၀၇-ခုနှစ်တုန်းက အရေးပေါ်စစ်သည် တပ်သားအချိုးကျ စုဆောင်းပေးခဲ့တဲ့အတွက် ကျုပ်တို့ နယ်သူနယ်သားတွေ ဘယ်ကလောက် ဒုက္ခရောက်ခဲ့ကြတယ်ဆိုတာကို ရောင်းရင်းတို့ မေ့ကြပြီလား။ အရေးပေါ် စစ်သည်တပ်သား စုဆောင်းပေးခြင်းဟာ ဘုန်းတော်ကြီး၏သားများ၊ သူခိုးများ၊ ဓားပြများကို ကျိကျိတက် ချမ်းသာစေခြင်းကလွဲလို့ နိုင်ငံတော်မှာ ဘာမှ အကျိုးအမြတ်မရှိဘူး ဆိုတာကို ရောင်းရင်းတို့ မေ့ကြပြီလား"

မြို့စားကြီး ရော့စတော့ဗ်သည် ပြုံးကာ ရောယောင်ခေါင်းညိတ်၍ ထောက်ခံနေသည်။

"ကဲ ကျုပ်တို့က အချိုးကျ အရေးပေါ် စစ်သည်တပ်သား စုဆောင်းပေးပါပြီတဲ့။ ဘုန်းတော်ကြီးသော ဘုရားမှာ ဘာများ အကျိုးထူးသလဲ။ ဘာအကျိုးမှ မထူးဘူး။ မြေကျွန်တွေကို စစ်ထဲထည့်လိုက်ရတဲ့အတွက် ကျုပ်တို့မှာ လယ်ယာအလုပ်အကိုင် ပျက်စီးခြင်းပဲ အဖတ်တင်ရုံရှိမယ်။ နိုင်ငံတော်အတွက် တကယ် စစ်သည်တပ်သားလိုတယ်ဆိုရင် နောက်ထပ်စစ်သည်တော်များကို သတ်သတ်စုဆောင်းပါ။ ခုလို မြေကျွန်တွေကို အရေးပေါ် စစ်သည်အဖြစ်နဲ့ ထည့်လိုက်ရရင် စစ်ပြီးလို့ပြန်လာတဲ့အခါ ဒီမြေကျွန်တွေဟာ စစ်တိုက်ဖို့လဲ အသုံးမကျ၊ လယ်လုပ်ဖို့လဲ အသုံးမကျ၊ တောင်မရောက် မြောက်မရောက်နဲ့ အားလုံး ဒုက္ခတွေ့ကြဖို့ပဲ ရှိမယ်။ မှူးမတ်တွေကို ကျုပ် ပြောချင်တာက ခင်ဗျားတို့ အသက်အိုးအိမ် စည်းစိမ်တွေကို

www.burmeseclassic.com

www.burmeseclassic.com

ဒါလောက် တွယ်တာမနေကြပါနဲ့။ တိုင်းပြည်အတွက် တကယ် အရေးတော်ပေါ်ပြီဆိုရင် မြေကျွန်တွေကို ကိုယ်စား ထည့်မနေကြပါနဲ့။ ကိုယ်တိုင် လိုက်ကြပါ။ ကိုယ်တိုင် စစ်မှုထမ်းကြပါ။ ဘုန်းတော်ကြီးသော ဘုရားက အမိန့်တော်သာ တစ်ခွန်းရှိလိုက်ပါ။ ကျုပ်တို့ ဘာလို့ မသေရဲစရာရှိသလဲ။ ဘာဖြစ်လို့ အသက်ကို မစွန့်လွှတ်ရဲစရာရှိသလဲ"

မြို့စားကြီး ရောစတော့ဗ်မှာ ထိုစကားများကို သဘောကျကာ သွားရည်များ စီးကျလျက်ရှိရာက ပီယာကို တံတောင်ဖြင့် တွတ်ကာ နားထောင်စေသည်။ သို့ရာတွင် ပီယာကား နားမထောင်လိုဘဲ ၎င်းကိုယ်တိုင်သာ စကားပြောချင်စိတ် ပေါက်နေသည်။ ပီယာသည် ရှေ့သို့ တိုးလာခဲ့သည်။ ၎င်း၏စိတ်ထဲတွင်လည်း လှုပ်ရှားလျက်ရှိသည်။ မည်သည့်အကြောင်းကြောင့် လှုပ်ရှား၍ မည်သည့်စကားကို ပြောရမည်ကိုလည်း မသိချေ။ ပီယာသည် စကားပြောရန် ပါးစပ်ကို ဟလိုက်သည်။ ထိုအခိုက် သွားတစ်ချောင်းမျှ မရှိတော့သည့် အတိုင်ပင်ခံ မှူးမတ်ကြီးတစ်ဦးသည် ပထမစကားပြောသူ၏အနီးတွင် ရပ်လျက်ရှိရာက ပီယာကိုဝင်၍ ဟန့်တားလိုက်၏။ ထို့နောက် စကားအချေအတင် ပြောပွဲများကို ထိန်းသိမ်းကွပ်ကဲခြင်း ငြင်းခုံခြင်း စသည့်ကိစ္စများတွင် များစွာ ကျွမ်းကျင်လျက်ရှိသူတစ်ဦး၏ဟန်ဖြင့် ရေတပ်ဗိုလ်ဟောင်းကို တစ်လုံးချင်း ချေပပြောဆိုခြင်း ပြုလေသည်။

"ကျွန်တော် တစ်ခု အစီရင်ခံပါရစေ လူကြီးမင်းများ ခင်ဗျား" ထိုအတိုင်ပင်ခံ အမတ်ကြီးသည် သွားမရှိသော ပါးစပ်ကို လှုပ်၍ပြောဆိုလျက်ရှိ၏။ "ကျွန်တော်တို့ ယနေ့ ဤနေရာကို ရောက်ရှိလာကြခြင်းဟာ ဘုန်းတော်ကြီးသော ဘုရားအနေနဲ့ စစ်သည်တပ်သား စုဆောင်းမည်လား။ အရေးပေါ်စစ်သည် အချိုးကျ ထည့်ဝင်ခြင်းကို လက်ခံမည်လားဆိုတဲ့ကိစ္စကို ဆွေးနွေးငြင်းခုံဖို့ လာကြခြင်း မဟုတ်ပေဘူးဗျ။ ကျွန်တော်တို့ လာရောက်စုဝေးခြင်းဟာ ဘုန်းတော်ကြီးသော ဘုရား၏အမိန့်တော်ပြန်တမ်းနဲ့ ပတ်သက်လို့ မည်သို့ မည်ပုံ ဆောင်ရွက်ကြမည်လဲ၊ မည်သို့ မည်ပုံ တုံ့ပြန်ကြမည်လဲဆိုတဲ့ ပြဿနာကို ဆွေးနွေးစဉ်းစားဖို့သာ ဖြစ်တယ်ဗျ။ စစ်သည်တပ်သား စုဆောင်းမည်လား၊ အရေးပေါ် စစ်သည်အချိုးကျ ထည့်ဝင်ခြင်းကို လက်ခံမည်လားဆိုတဲ့ ကိစ္စက ကျွန်တော်တို့မှာ ဆုံးဖြတ်ပိုင်ခွင့် မရှိပေဘူးဗျ။ ရွှေနန်းတော်ကြီးကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိပေတယ်"

ပီယာသည် ထိုစကားကို ကြားလိုက်ရသည်တွင် အကွက်ပေါ်ချေပြီဟု ဝမ်းသာသွားသည်။ မှူးကြီးမတ်ကြီးများအား ကျယ်ပြန့်စွာ စဉ်းစားတွေးခေါ်ခြင်း မပြုနိုင်အောင် ပေါင်ခေတ်ပေးသည့် အတိုင်ပင်ခံ အမတ်ကြီး၏ ကျဉ်းမြောင်းသော သဘောထားကို ချေပမှုဖြစ်တော့မည်ဟု သဘောပေါက်လာသည်။ ထို့ကြောင့် ပီယာသည် ပရိသတ်ကြားထဲမှ တိုးဝှေ့ကာ ရှေ့တွင်ရပ်လိုက်၏။ သို့သော်လည်း မည်သည့်စကားကို အရင်စပြောရမည် မသိချေ။ နောက်ဆုံး၌ ပီယာသည် ပါးစပ်ထဲတွင် ရောက်လာသည့်စကားများကို ပြင်သစ်စကားလုံးကလေးများ ညှပ်၍ ပြောဆိုလျက်ရှိလေသည်။

"ကျွန်တော်ကို ကြားဖြတ် ပြောခွင့်ပြုစေလိုပါတယ် အမတ်ကြီးခင်ဗျား" ပီယာက အမတ်ကြီးဘက်သို့ လှည့်ပြောလိုက်၏။ (ပီယာသည် အမတ်ကြီးနှင့် ရင်းနှီးသော်လည်း အစည်းဝေးသဘင်၌ ဘွဲ့ထူးမည်ရည်ဖြင့် ခေါ်ရန် လိုအပ်သည်ဟု ယူဆသည်။) "ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် စောစောက အချိုးကျ အရေးပေါ်စစ်သည် ထည့်ဝင်ခြင်း မပြုသင့်လို့ ပြောသွားတဲ့ ရောင်းရင်းကြီးနဲ့ သဘောထားချင်း မတူပါဘူး။ ဒါပေမဲ့ (ပီယာသည် အတန်ကြာမျှ ရပ်နေသည်။ 'လေးစား ဂုဏ်ပြုအပ်သော တစ်ဖက်က အတိုက်အခံပုဂ္ဂိုလ်ကြီး'ဟု ပြော၍ ကောင်းလေမည်လား စဉ်းစားခြင်းဖြစ်၏။) ကျွန်တော် အဲဒီပုဂ္ဂိုလ်ကိုလဲ မသိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ဒီကို လာရောက်စုဝေးကြခြင်းဟာ အမတ်ကြီး အမိန့်ရှိသွားသလို အမိန့်တော် ပြန်တမ်းကို ထောက်ခံဆန္ဒပေးဖို့ သက်သက်တွင်တော့ မဟုတ်ပေဘူး ခင်ဗျ။ ကျွန်တော်တို့ရဲ့ အဖနိုင်ငံတော်ကြီးကို မှူးမျိုး မတ်မျိုးတွေအနေနဲ့ ဘယ်ပုံဘယ်နည်း ကူညီနိုင်တယ်ဆိုတဲ့ နည်းလမ်းတွေကိုလဲ စဉ်းစားခြင်း ပြုရလိမ့်မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ဟာ ကျေးပိုင်ကျွန်ပိုင်တွေအနေနဲ့ မိမိတို့ပိုင်တဲ့ ကျေးကျွန်များကို နိုင်ငံတော် စစ်မှုထမ်းဖို့အတွက် ပေးလှူရုံ၊ အချိုးကျ ထည့်ဝင်ရုံနဲ့ မပြီးသေးပါဘူး။ ဤမျှလောက် ထည့်ဝင်ခြင်း မျိုးကိုလည်း ဘုန်းတော်ကြီးသော ဘုရားက ကျေနပ်တင်းတိမ်တော်မူမယ် မထင်ပါဘူး။ အရေးကြီးတာက

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ကိုယ်တိုင် 'အမြောက်စာ'များအဖြစ် ဤစစ်ကြီးထဲမှာ ပါဝင်တိုက်ခိုက်ဖို့ လိုပါတယ်။ ကျွန်တော်တို့ဟာ အကြေပေး ဉာဏ်ပေးသူများကို နောက်ထပ် အကြံဉာဏ်ပေးနေခြင်းနဲ့ မလုံလောက်ပါဘူး။ 'အမြောက်စာ'အဖြစ် ခံပြီးဝင်တိုက်ဖို့ လိုပါတယ်"

အချို့သူများသည် အမတ်ချုပ်ကြီး၏ လျှောင်ပြောင်သော အပြုံးနှင့် ပီယာ၏ ဖြောင်ကျလှသော ထင်မြင်ချက်များကို ကြားလိုက်ရသည့်အတွက် မသိမသာ ရှောင်ထွက်သွားကြသည်။ ပီယာ၏ စကားများကို ကျေနပ်သူမှာ ရေတပ်ဗိုလ်ဟောင်း၏ စကားများကိုလည်းကောင်း၊ အမတ်ကြီး၏ စကားများကိုလည်းကောင်း ကြားကြားသမျှကို အမြဲတမ်း ကျေနပ်သော မြို့စားကြီး ရော့စတော့ဗ်တစ်ဦးသာလျှင် ရှိလေသည်။

"ဒီတော့ ခုစည်းဝေးသဘင်မှာ ကျွန်တော်တို့ ဆွေးနွေးရမယ့် ပြဿနာက ကျွန်တော်တို့ဟာ အဖနိုင်ငံတော်ကြီးအတွက် ဘယ်ပုံဘယ်နည်း ကူညီနိုင်မယ်ဆိုတဲ့ ပြဿနာပဲ။ ဒီပြဿနာကို မဆွေးနွေးခင်မှာ ပထမ ကျွန်တော်တို့ရဲ့ တပ်တော်များမှာ စစ်သည်တပ်သားဦးရေ ဘယ်လောက်ရှိသလဲ။ ကျွန်တော်တို့ တပ်တော်များရဲ့ အခြေအနေဟာ ခုဘယ်အခြေအနေ ရောက်နေပြီလဲဆိုတဲ့ ကိစ္စများကို ဘုရင်မင်းမြတ်၊ ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်ထံ လျှောက်ထားမေးမြန်းဖို့ လိုပါလိမ့်မယ်။ ပြီးတော့"

ပီယာက ဤသို့ ပြောလိုက်သည်တွင် အများက ထိုအချက်ကို ဝိုင်းဝန်းကန့်ကွက်ကြသည်။ အပြင်းထန်ဆုံး ကန့်ကွက်သူမှာ ပီယာနှင့် ဘော့စတွန် ဖဲကစားဖက်ဖြစ်၍ ပီယာအား လေးစားသော သိဟောင်းကျွမ်းဟောင်းဖြစ်သူ စတီပန်အက်ဒရာဆင်ဆိုသူ ဖြစ်လေသည်။ အက်ဒရာဆင်သည် စစ်ဝတ်စုံကို ဝတ်ထား၏။ အက်ဒရာဆင်သည် စစ်ဝတ်စစ်စားများကို ဝတ်ထားခြင်းကြောင့်ပေလော မသိ။ ခါတိုင်းကဲ့သို့ ဖော်ရွေလေးစားသော အမူအရာမျိုး မရှိဘဲ မျက်နှာထား တင်းလျက်ရှိခြင်းကို တွေ့ရ၏။ အက်ဒရာဆင်သည် ဒေါသထွက်လျက်ရှိသော အမူအရာဖြင့် ပီယာကို အော်ဟစ်ပြောဆိုလိုက်သည်။

"ကျုပ် ကန့်ကွက်တယ်။ ပထမအချက်အားဖြင့် ကျုပ်တို့တစ်တွေမှာ တပ်မတော်များအကြောင်းနဲ့ ပတ်သက်လို့ ဘုန်းတော်ကြီးသော ဘုရားကို မေးမြန်းလျှောက်ထားခွင့် မရှိဘူး။ ဒုတိယအချက်၊ ကျုပ်တို့ မှူးမျိုးမတ်နွယ်တွေမှာ ဒီလို စုံစမ်းလျှောက်ထားခွင့် ရှိတယ်ဆိုရင်လဲ ဘုန်းတော်ကြီးသော ဘုရားအနေနဲ့ ဒီလိုကိစ္စမျိုးကို ဖြေကြားခြင်း ပြုတော်မမူနိုင်ဘူး။ ကျုပ်တို့ တပ်မတော်များဟာ ရန်သူတပ်များရဲ့ လူပ်ရှားမှုကိုတည်ပြီး လူပ်ရှားနေကြခြင်းဖြစ်တယ်။ ကျုပ်တို့ တပ်တော်များရဲ့ အရေအတွက်ဟာလဲ ကာလဒေသကိုကြည့်ပြီး တိုးခြင်း၊ လျှော့ခြင်းရှိတယ်။ ဒါတင်မကဘူး။ ဒီကိစ္စဟာ လျှို့ဝှက်ကိစ္စဖြစ်တယ်"

ထိုအခိုက် အရပ်အမောင်း သင့်သင့် အသက်လေးဆယ်ခန့်ရှိသော သူကောင်းမျိုးနွယ်တစ်ယောက် ထလာပြန်သည်။ ထိုသူကောင်းမျိုးကား ပီယာနှင့် ဂျစ်ပစီကချေသည်များအိမ်တွင် မကြာခဏ တွေ့ဖူးလျက် ဖဲကစားကြမ်းသူ တစ်ယောက်အဖြစ် ထင်ရှားသူဖြစ်၏။ ထိုသူကောင်းမျိုးသည်လည်း စစ်ဝတ်စစ်စားကို ဝတ်ထားလျက်ရှိသဖြင့် အသွင်တစ်မျိုးပြောင်းလျက် ရှိလေသည်။ သူသည် ပီယာ့အနီးသို့ ရောက်လာကာ အက်ဒရာဆင်စကားမဆုံးသေးမီ ဝင်၍ပြောလိုက်သည်။

"ဟုတ်တယ်။ ဒီအချိန်မှာ ဒီပြဿနာတွေကို ငြင်းခုံနေဖို့ အချိန်မဟုတ်ဘူး။ အလုပ်လုပ်ဖို့ အချိန်ဖြစ်တယ်။ ရုရှားနိုင်ငံကြီးထဲမှာ စစ်ဖြစ်နေတယ်ဗျ။ ရုရှားနိုင်ငံကြီးကို ဖျက်ဆီးဖို့ ကျုပ်တို့ ဘိုးဘွားဘီဘင်တွေရဲ့ သချိုင်းတွေကို မီးတိုက်ဖို့၊ ကျုပ်တို့မယားတွေ ကလေးတွေကို ခေါ်သွားဖို့ ရန်သူတွေ ချီလာနေကြပြီ။ ဒီအချိန်ဟာ စကားပြောဖို့ အချိန်မဟုတ်ဘူး။ အလုပ်လုပ်ဖို့ အချိန်၊ အလုပ်လုပ်ဖို့ အချိန်"

ထိုသူကောင်းမျိုးသည် ရင်ကိုထု၍ ပြောလျက်ရှိ၏။

"ဒီတော့ ကျုပ်တို့ မှူးမတ်တွေ ကိုယ်တိုင် လက်နက်ကိုင်ရလိမ့်မယ်။ စစ်မြေပြင်ကို သွားရလိမ့်မယ်။ ဘုန်းတော်ကြီးသော ဘုရားအတွက် အသက်ကို စွန့်ကြရမယ်"

ထိုသူသည် အော်ဟစ်ပြောဆို၍ နီရဲလျက်ရှိသော မျက်လုံးများဖြင့် မင်းပရိသတ်ကို လှမ်းကြည့်လိုက်သည်။ ပရိသတ်များကလည်း သောင်းသောင်းဖြဖြ သြဘာပေးကြ၏။

www.burmeseclassic.com

www.burmeseclassic.com

"ရုရှားဆိုတဲ့ လူမျိုးဟာ ကိုယ့်ယုံကြည်ချက်၊ ကိုယ့်ထီးကိုယ့်နန်းနဲ့တကွ အဖနိုင်ငံတော်ကြီးကို ကာကွယ်တဲ့ နေရာမှာ သွေးချောင်းစီးအောင် ကာကွယ်တဲ့လူမျိုး ဖြစ်တယ်။ ကျုပ်တို့ဟာ ရုရှားလူမျိုးတွေ ဖြစ်တယ်။ ဒါကြောင့် ကျုပ်တို့ ထီးနန်း၊ ကျုပ်တို့ ယုံကြည်ချက်၊ ကျုပ်တို့ နိုင်ငံတော်ကို သွေးနဲ့ကာကွယ်ရမယ်။ ကျုပ်တို့ဟာ အဖနိုင်ငံတော်ရဲ့ သားကောင်မှန်လို့ရှိရင် ငြင်းခုံမှုတွေကို ရပ်တန်းက ရပ်ကြပါ။ ရုရှားလူမျိုးဟာ ရုရှားနိုင်ငံကြီးကို ဘယ်လို ကာကွယ်ခဲ့သလဲဆိုတာ ဥရောပတစ်တိုက်လုံး သိအောင် ပြကြစမ်းပါ"

ပီယာသည် ၎င်း၏စကားကို ချေပလိုက်ချင်၏။ သို့ရာတွင် စကားအစကို ရှာ၍မရချေ။ ၎င်း၏အသံသည် ထိုသူကောင်းမှုး၏ အသံကို လွှမ်းမိုးခြင်း မပြုနိုင်ဟုလည်း ယူဆလျက် ရှိပေသည်။

နောက်ဆုံးသို့ ရောက်နေသော မြို့စားကြီး ရော့စတောဗ်ကား ထုံးစံအတိုင်း ခေါင်းညိတ်ထောက်ခံလျက် ရှိ၏။ မင်းပရိသတ်ကလည်း စကားတစ်ခွန်းဆုံးတိုင်း "မှန်တယ်၊ ဟုတ်တယ်"ဟု အော်ဟစ်ထောက်ခံလျက် ရှိကြသည်။

ပီယာသည် အဖနိုင်ငံတော်ကြီးအတွက် မိမိ၏ စည်းစိမ်ဥစ္စာများ ကျေးကျွန်များနှင့်တကွ မိမိကိုယ်ကိုပါ လှူဒါန်းလိုသည်ဟုပင် ပြောလိုက်ချင်သည်။ သို့ရာတွင် စကားလုံးများသည် ပါးစပ်မှ မထွက်နိုင်ဘဲ ဖြစ်နေကြသည်။ ခန်းမဆောင်၌ တစ်ရောက်တစ်ပေါက် အော်ဟစ်ပြောဆိုလျက် ရှိကြသဖြင့် မြို့စားကြီး ရော့စတောဗ်မှာလည်း မည်သူ့စကားကို ခေါင်းညိတ်ထောက်ခံရမည် မသိဘဲ ဖြစ်လျက်ရှိ၏။ မင်းပရိသတ်ထုသည် တဖြည်းဖြည်းများလာလျက် ကွဲသွားလိုက် ပြန်စုလာလိုက်ဖြင့် ရှုပ်ထွေးလျက်ရှိပြီးနောက် တစ်ယောက်တစ်ပေါက် ဆူညံစွာ ပြောဆိုကာ ခန်းမဆောင်ကြီးဘက်သို့ ရောက်သွားကြပြန်သည်။ ပီယာကား စကားပြောရန် ကြိုးစားသော်လည်း မအောင်မြင်ရုံမျှမက အချို့က ၎င်းပြောသည့်စကားကို နှောင့်ယှက်ခြင်း၊ ၎င်းအား ဘေးသို့ တွန်းပစ်ခြင်းဖြင့် နှောင့်ယှက်လျက် ရှိကြ၏။ အချို့ကလည်း အနီးသို့ ရောက်သွားသည်နှင့် ပီယာအား ရန်သူကြီးသဖွယ် စကား မပြောကြဘဲ တစ်ဖက်သို့ ရှောင်ထွက်သွားကြလေသည်။ ဤသို့ ပီယာအား ပြုမူဆက်ဆံကြခြင်းမှာ ပီယာ၏စကားကို မနှစ်သက်ကြခြင်းကြောင့်ကား မဟုတ်ချေ။ (ထိုအချိန်၌ မင်းပရိသတ်သည် ပီယာ၏စကားများနှင့်တကွ ပီယာ့နောက် ပြောဆိုသူတို့၏ စကားများအားလုံးကို မေ့သွားကြလေပြီ။) ထိုအချိန်၌ မင်းပရိသတ်ကြီးမှာ ထပ်ပြန်တလဲလဲကြားနေရသော စကားများကြောင့် ငြီးငွေ့လျက်ရှိကာ ထိုငြီးငွေ့မှုမှ ထွက်ပေါက်ရလိုလျက် ရှိကြခြင်းကြောင့်ဖြစ်၏။ နောက်ဆုံး၌ မင်းပရိသတ်သည် မိမိတို့၏ဆန္ဒနှင့် ဆန့်ကျင်လျက်ရှိသော ပီယာ့အပေါ်တွင် ဒေါသများကို စုပုံသွန်းချလိုက်ခြင်းသာ ဖြစ်လေသည်။ ထိုနောက် တစ်ယောက်ပြီးတစ်ယောက် စကားပြောကြ ပြန်သည်။

'ရုရှား တမန်တော်' အမည်ရှိ မဂ္ဂဇင်းတစ်စောင်၏ အယ်ဒီတာဖြစ်သူ ဂလင်ကာ ထ၍ စကားပြောပြန်သည်။ (ပရိသတ်ထဲမှ "စာရေးဆရာ၊ စာရေးဆရာ"ဟူသော [illegible] ထွက်ပေါ်လာသည်။) ဂလင်ကာက "ဓားကို ဓားချင်း၊ လှံကိုလှံချင်း တုံ့ပြန်ရမယ်"ဟုဆိုကာ ၎င်းသည် မိုးချုန်းသံနှင့် လျှပ်စီးလက်ခြင်းကို ပြု၍ ကြည့်နေသော ကလေးတစ်ယောက်ကို တွေ့ဖူးကြောင်း၊ မိမိတို့မှာ 'ကလေး'မဟုတ်သဖြင့် ပြု၍ ကြည့်မနေနိုင်ကြောင်းဖြင့် ပြောဆိုသွား၏။

"ဟုတ်တယ်၊ မိုးချုန်းသံကို မိုးချုန်းသံနဲ့ တုံ့ပြန်ရမယ်"ဟု နောက်တန်းမှ အော်ကြသည်။

ထိုနောက် မင်းပရိသတ်သည် စာပွဲရှည်ကြီးနားတွင် စုရုံးကြ၏။ စာပွဲရှေ့၌ကား ခေါင်းပြောင်ပြောင် ဆံပင်ဖြူဖြူနှင့် မှူးကြီးမတ်ရာအစုများကို အမှူးပြုရသော အသက်ခုနစ်ဆယ်ကျော် အမတ်ချုပ်ကြီးများ ထိုင်လျက် ရှိကြ၏။ ထိုအမတ်ချုပ်ကြီးများမှာ ကလပ်ရှိ ဘော့စတွန်ဖဲဝိုင်းများတွင်လည်းကောင်း၊ ၎င်းတို့၏အိမ်များတွင်လည်းကောင်း ပီယာ မြင်တွေ့နေကျ ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြ၏။ ပရိသတ်ကြီးသည် အုတ်အုတ်ကျက်ကျက် စကားပြောလျက်ရှိရင်း စာပွဲရှည်ကြီးနားသို့ တိုးလာကြ သည်။ အမတ်ချုပ်ကြီးများမှာ မင်းပရိသတ်ကြီးနဲ့ ထိုင်ခုံ နောက်မှကြားတွင် ညပ်တော့မည်ကဲ့သို့ ထင်ရ၏။ ထိုနောက် တစ်ယောက်ပြီးတစ်ယောက် စကားပြောကြ၏။ တစ်ခါတစ်ရံ နှစ်ယောက်ပြိုင်တူထကြသည်။ စကားပြော သူက စကားလုံးကျ ကျန်ရစ်ခဲ့လျှင် နောက်တွင် ရပ်လျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိသော ပရိသတ်အချို့က ဝင်၍ထောက်ကြသည်။ မှူးကြီးမတ်ရာ အစုများကို အမှူးပြုသော အမတ်ချုပ်ကြီးများသည် တစ်ယောက်ကိုတစ်ယောက်လှမ်းကြည့်နေကြသည်။ ပီယာသည်လည်း ပရိသတ်ကဲ့သို့ စိတ်လှုပ်ရှားလျက်ရှိလေသည်။ ပီယာသည် မိမိထင်မြင်ချက်မှန်သည်ဟု ယူဆလျက်ရှိသော်လည်း မိမိစကားပြော မှားသွားပြီကို သတိထားလိုက်မိသဖြင့် ပြင်၍ ပြောလိုက်၏။

"လူကြီးမင်းများ ခင်ဗျား။ ကျွန်တော် ဆိုလိုတဲ့ အဓိပ္ပာယ်က လျှို့ဝှက်ချက်များကို ထုတ်ဖော်ပြောဆိုဖို့ လျှောက်ထားမေးမြန်းရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ နိုင်ငံတော်အတွက် ဆတက်ထမ်းပိုးပိုပြီး စွန့်လွှတ်ခြင်းပြုနိုင်ရန်အတွက် နိုင်ငံတော်မှာ လိုအပ်နေတဲ့ အချက်များကို သိထားအောင် စုံစမ်းဖို့ ပြောခြင်းမျှသာ ဖြစ်ပါတယ်"

ပီယာ့အနီးမှ အဘိုးကြီးတစ်ယောက်သည် ပီယာကို လှမ်း၍ ကြည့်လိုက်သည်။ သို့ရာတွင် စားပွဲထိပ်မှ တစ်ယောက်က ထအော်လိုက်ပြန်သဖြင့် တစ်ဖက်သို့ လှည့်လိုက်ပြန်သည်။

"ဗျို့ လူတွေ၊ ခင်ဗျားတို့ ဒီလို ငြင်းခုံနေကြတာနဲ့ မော်စကို တစ်မြို့လုံး ရန်သူ့လက်ရောက်တော့မယ်ဗျ။ ကျုပ်တို့ ခင်ဗျားတို့ အသုံးမကျတာနဲ့ မော်စကိုမြို့ကို ရန်သူ့လက် အကျခံရတော့မှာလား"

ဤသို့ဖြင့် "ခင်ဗျားဟာ လောကကြီးရဲ့ ရန်သူ"ဟု အော်သံ၊ "ကျွန်တော် စကားပြောပါရစေ"ဟု ပြောသံ၊ "ဗျို့လူတွေ၊ ဒီလောက် တိုးရသလားဗျ၊ ညပ်သေတော့မယ်"ဟူသော အော်သံများသည် ဆူညံလျက်ရှိလေသည်။

အခန်း ၂၃

ထိုအခိုက် စစ်ဗိုလ်ချုပ်ဝတ်စုံကို ဝတ်ဆင်လျက် ရွှေစလွယ်ကို လွယ်ထားသော မော်စကိုမြို့ဝန် မြို့စားကြီး ရော့စတော့ချင်သည် ရင်ကို ခပ်ကော့ကော့ထား၍ ခန်းမ ဆောင်ထဲသို့ ဝင်လာခဲ့ပြီးနောက် စုရုံးလျက်ရှိသော မှူးကြီး မတ်ကြီးများကို တစ်ချက်မျှ လှမ်းကြည့်လိုက်ကာ မှူးကြီး မတ်ကြီးများ ရှေ့သို့ ဆွဲကလက်သော ခြေလှမ်းများဖြင့် လျှောက်လာလေသည်။

"ဘုန်းတော်ကြီးသောဘုရား ကြွလာတော်မူပါတော့မယ်။ ခုပဲ ရွှေနန်းတော်ကြီးက ထွက်လာပါပြီ။ အခြေအနေအရပ်ရပ်ကို ထောက်၍ ကျွန်တော်တို့မှာ ဆွေးနွေးငြင်းခုံစရာ အချိန်မရပါ။ ဘုန်းတော်ကြီးသောဘုရားက မှူးကြီးမတ်ရာများနှင့် သူဌေးသူကြွယ်များ၊ သူကောင်းမျိုးနွယ်များကို ဆင့်ခေါ်ထားပါပြီ။ စစ်စရိတ် ရန်ပုံငွေတော်သန်းပေါင်းများစွာဟာ ဟောဟိုဧည့်ခန်းဆောင်ထဲက ထွက်လာပါလိမ့်မယ်" မြို့စားကြီး ရော့စတော့ချင်က သူကြွယ်သူဌေးမျိုးရိုးများ စုဝေးလျက်ရှိသော ခန်းမဆောင်ကို ညွှန်ပြလိုက်၏။

"ကျွန်တော်တို့ မှူးကြီးမတ်ရာများရဲ့ တာဝန်ကထောင်စုအလိုက် အရေးပေါ်စစ်သည်တပ်သားများ ထည့်ဝင်ဖို့ပဲ ဖြစ်ပါတယ်"

ထို့နောက် မှူးကြီးမတ်ရာ အစုများကို အမှူးပြုသော အမတ်ချုပ်ကြီးများ၏ စည်းဝေးသဘင် ကျင်းပလေသည်။ စည်းဝေးသဘင်မှာ တိတ်ဆိတ်စွာ ကျင်းပလျက်ရှိလေရာ ခဏကြာလျှင် "သဘောတူပါတယ်"ဟူသော အသံ၊ "ဒီအတိုင်းပဲ သဘောကျပါတယ်"ဟူသော အသံများ ထွက်ပေါ်လာလေသည်။

ထို့နောက် စည်းဝေးသဘင်၏ စုရေးစုကိုင် အရာရှိအား မော်စကို သူကောင်းမျိုးနွယ်များ၏ ဆုံးဖြတ်ချက်ကို ရေးမှတ်စေသည်။ ဆုံးဖြတ်ချက်က သူကောင်းမျိုးနွယ်များက မြေကျွန် တစ်ထောင်စု တစ်စုလျှင် တစ်ကျိပ်ကျအရေးပေါ် စစ်သည်တပ်သား ထည့်ဝင်ရန်ဖြစ်၏။ မှူးမတ်များသည် ဤမျှလောက်နှင့် ကိစ္စပြီးသွားသည့်အတွက် စိတ်သက်သာရာရကာ ထိုင်ဖုံများကို တွန်း၍ ထလိုက်ကြပြီး လက်ဆန့် ခြေဆန့်သဘောဖြင့် လမ်းလျှောက်ရင်း ကိုယ့်အစုနှင့်ကိုယ် စကားပြောဆိုလျက် ရှိကြလေသည်။

"ဘုန်းတော်ကြီးသော ဘုရား ထွက်တော်မူလာပြီ၊ ဘုန်းတော်ကြီးသောဘုရား ထွက်တော်မူလာပြီ" ဆိုသော အသံများကို ကြားရသဖြင့် မင်းပရိသတ်သည် အဝင်တံခါးမကြီးဆီသို့ စုပြုံလာကြလေသည်။

ဘုန်းတော်ကြီးသော ဘုရားသည် ဘေးတွင် မှူးမတ်များ စီတန်းရပ်လျက်ရှိသည့် မင်းလမ်းမအတိုင်း ခန်းမဆောင်ထဲသို့ ကြွလာ၏။ ပရိသတ်၏ မျက်နှာများ၌ကား ချစ်ကြောက်ရိုသေခြင်း၊ ထူးဆန်းအံ့သြခြင်း စသည့်

www.burmeseclassic.com

www.burmeseclassic.com

အရပ်အရောင်များ ပေါ်လွင်လျက်ရှိလေသည်။ ပီယာမှာ ခပ်လှမ်းလှမ်းမှ ရပ်နေခြင်းကြောင့် ဘုရင်မင်းမြတ်၏ မိန့်ခွန်းကို အပြည့်အစုံ မကြားလိုက်ချေ။ ကြားရသလောက်ဆိုလျှင် ဘုရင်မင်းမြတ်၏ မိန့်ခွန်း၌ ရဂ္ဂား နိုင်ငံတော်ကြီးကို အန္တရာယ် ခြိမ်းခြောက်လျက်ရှိကြောင်းနှင့် မိမိသည် မော်စကို မှူးကြီးမတ်ကြီးများအား များစွာ အားထားမျှော်လင့်တော်မူကြောင်းလောက်သာ ပါရှိသည်ကို သတိပြုမိလိုက်၏။ မော်စကို မှူးမတ်များက မိမိတို့မှူးမတ်စည်းဝေးသဘင်၏ ဆုံးဖြတ်ချက်ကို ဆက်သလေသည်။

"မှူးကြီးမတ်ရာ သေနာပတိတို့" ဘုရင်မင်းမြတ်က တုန်ရင်သော အသံဖြင့် မြွက်ကြားတော်မူသည်။

ပရိသတ်ထဲမှ လှပ်လှပ်ရွရွအသံများကို ကြားလိုက်ရပြီးနောက် ငြိမ်သက်သွားသဖြင့် ဘုရင်မင်းမြတ်၏ သာယာနာပျော်ဖွယ်ရှိသော စကားသံကို ပီယာ ကောင်းစွာ ကြားနေရသည်။

"ရဂ္ဂားမှူးရိုးမတ်ရိုးတို့က နိုင်ငံတော်အား သစ္စာစောင့်သိခြင်းကို ကျွန်ုပ် ခြွင်းချက်မရှိ ယုံကြည်တော်မူခဲ့သည်။ သို့ရာတွင် ယနေ့၌ကား မှူးကြီးမတ်ကြီးတို့ သစ္စာစောင့်သိရိုသေပုံမှာ ကျွန်ုပ် ထင်သည်ထက်ပင် သာလွန်လျက်ရှိခြင်းကို တွေ့ရသည်။ အဖနိုင်ငံတော်ကြီး၏ ကိုယ်စား အချင်းတို့အား လုံးကို ကျွန်ုပ် ကျေးဇူးတင်သည်။ အချင်းတို့ အဖနိုင်ငံကြီးကို ကာကွယ်ကြကုန်အုံး။ အချိန်သည် အဖိုးထိုက်တန်လှ၏"

ဘုရင်မင်းမြတ်၏ မိန့်ခွန်းပြီးဆုံးသွားသည်နှင့် ပရိသတ်သည် အပါးတွင် ဝိုင်းအုံကာ တစ်ယောက်တစ်ပေါက် ချီးမွမ်းပြောဆိုလျက် ရှိကြသည်။

"အချိန်ဟာ သိပ်အဖိုးတန်တယ်။ မှန်လိုက်လေဗျာ။ တကယ့်ကို ရာဇဂုဏ်အင်္ဂါနဲ့ကိုက်ညီတဲ့ စကားတစ်ခွန်းပေပဲ" မြို့စားကြီး ရော့စတော့ဗ်က လှိုက်လှဲစွာ ပြောလိုက်သည်။ မြို့စားကြီး ရော့စဆောဗ်သည် နောက်ပိုင်းတွင် ရပ်လျက်ရှိခြင်းကြောင့် မိန့်ခွန်းကို မကြားလိုက်ရသော်လည်း သူ့နည်းနဲ့သူ နားလည်ကာ ၎င်း၏ထုံးစံအတိုင်း ထောက်ခံလျက်ရှိလေသည်။

ဘုန်းတော်ကြီးသော ဘုရားသည် မှူးကြီးမတ်ရာတို့၏ ခန်းဆောင်မှထွက်၍ သူကြွယ်အသည်မျိုးရိုးတို့၏ ခန်းဆောင်သို့ ကြွလာခဲ့ပြန်သည်။ ထိုခန်းဆောင်၌ ဆယ်မိနစ်ခန့် ရပ်နားတော်မူ၏။ သူကြွယ်မျိုးရိုးတို့၏ စည်းဝေး ခန်းဆောင်မှ ထွက်လာသောအခါ၌ ဘုန်းတော်ကြီးသော ဘုရားမှာ စိတ်ထိခိုက်လွန်းသဖြင့် မျက်ရည်များ ဝဲကျလျက်ရှိခြင်းကို ပရိသတ်အချို့ သတိထားလိုက်မိကြရာ ထိုအထဲထွင် ပီယာလည်း အပါအဝင်ဖြစ်လေသည်။ နောက်မှ သိရသည်ကား ဘုန်းတော်ကြီးသော ဘုရားသည် သူကြွယ်မျိုးရိုးများအား မိန့်ခွန်းပြွက်ကြား ခါနီးတွင် မျက်ရည်တွေလည်လာကာ အသံတုန်တုန်ယင်ယင်ဖြင့် နိဂုံးချုပ် စကားပြွက်ကြားသွားသည်ဟု ဆိုလေသည်။ ဘုရင်မင်းမြတ်သည် သူကြွယ်မျိုးရိုးနှစ်ဦး ခြံရံလျက် စည်းဝေးခန်းမဆောင်မှ ထွက်လာသည်ကို ပီယာ မြင်လိုက်ရာ၌ တစ်ယောက်မှာ ပီယာ၏မိတ်ဆွေ ခပ်ဝေးရောက်နှင့်သည်ကြီးတစ်ဦးဖြစ်ပြီး အခြားတစ်ဦးကား ပိန်ပိန်ပါးပါး မျက်နှာသွယ်သွယ် မုတ်ဆိတ်ဖွားဖွားနှင့် မြို့တော်ဝန်ဖြစ်သည်။ ၎င်းတို့နှစ်ဦးမှာလည်း စိတ်ထိခိုက်သဖြင့် မျက်ရည်လည်လျက်ရှိ၏။ ခပ်ပိန်ပိန် မြို့တော်ဝန်က ချွေးတည်းနိုင်သော်လည်း အရက်ကုန်သည်ကြီးမှာ ကလေးငယ်တစ်ဦးကဲ့သို့ ငိုကြွေးလျက်ရှိရာက "အသက်ကိုလည်းကောင်း၊ စည်းစိမ်ကိုလည်းကောင်း ယူတော်မူပါဘုရား၊ ယူတော်မူပါဘုရား"ဟု ရွတ်ဆိုလျက်ရှိ၏။

ထိုအချိန်တွင် ပီယာ၏ စိတ်တွင်လည်း မိမိသည် အသက်နှင့်စည်းစိမ်ကို အဖနိုင်ငံတော်အတွက် စွန့်လွှတ်လိုကြောင်း ပြလိုက်ချင်သော ဆန္ဒများသည် တဖွားဖွား ပေါ်ပေါက်လျက်ရှိသည်။ စည်းဝေးသဘင်ပွဲတုန်းက ဧကရာဇ်စနစ် ဆန့်ကျင်သယောင်ယောင် လေသံမျိုး ပြောခဲ့ခြင်းကိုပင် နောင်တရလျက်ရှိသည်။ မြို့စားကြီး မာဖိုနော့ဗ်က တပ်ရင်းတစ်ရင်းစာ လူစုဆောင်းရန် ကတိပြုသည့်အခါတွင် ပီယာသည် မိမိကလည်း ကျွန်တစ်ထောင်နှင့် ၎င်းတို့၏ စစ်စရိတ် ၆၀၀ ကို လှူမည်ဖြစ်ကြောင်း မော်စကို မြို့ဝန် မြို့စားကြီး ရော့စတော့ချင်အား စာရင်းပေလိုက်၏။

မြို့စားကြီး ရော့စတော့ဗ်သည် အိမ်သို့ပြန်ရောက်၍ ကြင်ရာတော် မြို့စားကတော်ကြီးအား ထိုအခြင်းအရာများကို ပြောပြသောအခါတွင် မချုပ်တည်းနိုင်တော့ဘဲ မျက်ရည်များ ဗီးကျလာကာ သားထွေးပီတာအား စစ်မှုထမ်းခွင် ပေးလိုက်လျက် မိမိ၏နာမည်ကိုလည်း စစ်မှု

www.burmeseclassic.com

www.burmeseclassic.com

ထမ်းစာရင်းတွင် သွားရောက် စာရင်းသွင်းထားလိုက်လေသည်။

နောက်တစ်နေ့၌ ဘုန်းတော်ကြီးသော ဘုရားသည် မော်စကိုမှ ပြန်ကြွသွား၏။ စစ်ဝတ်စစ်စား၊ နန်းဝတ်နန်းစားဖြင့် စည်းဝေးသဘင်ကြီးသို့ တက်ရောက်ခဲ့ကြသော မော်စကို မှူးကြီးမတ်ကြီးများသည်လည်း၎င်းတို့၏ အဆောင်အယောင်များကို ချွတ်၍ သိမ်းဆည်းထားကြပြန်ကာ ကလပ်များတွင် ဟော်ပါးမြူးထူး သောက်စားလျက်ရှိကြပြန်၏။ ထိုနောက် မိမိတို့၏ စာရင်းခိုင်များအား မြေကျွန်များကို အချိုးကျစစ်မှုထမ်း စာရင်းသွင်းရန် ညည်းညည်းညူညူဖြင့်ပင် အမိန့်ပေးလိုက်ကြ၏။ ဤသို့ အမိန့်ပေးရင်း မိမိတို့၏ အပြုအမူများကိုလည်း မိမိတို့ ဘာသာ အံ့သြလျက်ရှိကြချေသည်တမဲ့။

*

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း ၁၀

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁

နပိုလီယန်သည် ဒရက်စဒင်မြို့သို့ သွားရောက်ရန် ချဉ်ခြင်း ဖြစ်ခဲ့၏။ ဥရောပ ထီးဆောင်းမင်းအပေါင်းက အောက်ကျို့ ခစားကြသည်၌ 'ငါလိုလူ ဇမ္ဗူရှိသေးသလော' ဟူသော မာနကိုချိုးနှိမ်ခြင်းငှာ မစွမ်းအောင်ဖြစ်ခဲ့၏။ ပိုလန်စစ်သူကြီး ဝတ်စုံကို ဝတ်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့၏။ ဇွန်လ၏ သာယာလှပသောနံနက်ခင်းကို တွေ့မြင်ရသည်၌ စစ်ထိုးလိုသောစိတ် တဖွားဖွားပေါ်ပေါက်ခဲ့၏။ ရုရှားသံတော်ကြီး ကူရာဂင်နှင့် တပ်ရေးချုပ်ဗလရှေတို့၏ ရှေ့မှောက်၌ အမျက်ဒေါသကို မချုပ်တည်းနိုင်အောင် ဖြစ်ခဲ့ရ၏။ ဤအကြောင်းများကြောင့် နပိုလီယန်သည် ရုရှားနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်လေသည်။

ရုရှားဘုရင် အလက်ဇန်းဒရားသည် 'ငါကဲ့သို့သော ဧကရာဇ်ကိုစင်လျက် နပိုလီယန် မချေမငံပြုရာသလော' ဟု အမျက်ခြောင်းခြောင်းထွက်ခဲ့၏။ ဤအကြောင်းကြောင့် အလက်ဇန်းဒရားဘုရင်သည် နပိုလီယန်၏ စေ့စပ်ဆွေးနွေးရေးကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့ခြင်း ဖြစ်လေသည်။ ဗိုလ်ချုပ်ကြီးဘာကလေသည် မိမိ၏တာဝန်ကို ကျေပွန်စွာ ထမ်းရွက်လို၏။ စစ်သူကြီးတစ်ဦးအဖြစ် ကျော်စောလို၏။ ဤအကြောင်းကြောင့် ၎င်းသည် ရုရှားတပ်မတော်ကြီးကို အကောင်းဆုံးကွပ်ကဲရန် ကြိုးစားခဲ့ခြင်း ဖြစ်လေသည်။ နီကိုလေသည် မိမိ၏ ရှေ့တွင် ညီညာပြန့်ပြူးသောလွင်ပြင်ကို မြင်သည်၌ မြင်းကို ဒုန်းစိုင်း၍ စီးလိုစိတ်များ တဖွားဖွားပေါ်ပေါက်လာခဲ့၏။ ဤအကြောင်းကြောင့် နီကိုလေသည် တပ်မှူး၏အမိန့်မရဘဲ ပြင်သစ်စစ်တပ်များကို လိုက်လံတိုက်ခိုက်ခဲ့ခြင်း ဖြစ်လေသည်။ ဤသို့ဖြင့် ထိုစစ်ပွဲကြီးတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသော များလှစွာသော လူများသည် မိမိတို့၏အမူအကျင့် အမျိုးမျိုး၊ အလေ့အထ အထွေထွေ၊ အခြေအနေ အရပ်ရပ်၊ ရည်ရွယ်ချက်အသီးသီးနှင့် အညီ ပါဝင်တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်လေသည်။ ၎င်းတို့သည် ၎င်းတို့ပြုလုပ်သောအမှုများကို ၎င်းတို့ဘာသာ သိသည်၊ နားလည်သည်ဟု ထင်ခဲ့ကြ၏။ ၎င်းတို့စိတ်ဆန္ဒ အလျောက်လွတ်လပ်စွာလုပ်ဆောင်ခြင်း ဖြစ်သည်ဟု ယူဆခဲ့ကြ၏။ ဤအယူအဆ ဤအထင်ဖြင့်ပင် ၎င်းတို့သည် ထိတ်လန့်ခြင်း ဖြစ်ခဲ့ကြ၏။ မာနထောင်လွှားခြင်းပြုခဲ့ကြ၏။ ကြည်နူးခြင်းဖြစ်ခဲ့ကြ၏။ စဉ်းစားခြင်း ပြုခဲ့ကြ၏။ ဒေါသထွက်ခြင်း ဖြစ်ခဲ့ကြ၏။ သို့သော်လည်း စင်စစ်၌ ၎င်းတို့သည် ဤအမှုများကို ၎င်းတို့ဆန္ဒအတိုင်း လွတ်လပ်စွာ ဆောင်ရွက်ခဲ့ကြခြင်း မဟုတ်ချေ။ ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင် သိမြင်နားလည်ခြင်းငှာ မစွမ်းသော အလုပ်ကြီးတစ်ခုကို ဆောင်ရွက်ကြရသူများသာ ဖြစ်လေသည်။ ၎င်းတို့သည် ရာဇဝင်စေခိုင်းရာကို ဆင်ကန်းတောတိုး ဆောင်ရွက်နေကြရသည့် ရာဇဝင်ကျေး ကျွန်များသာ ဖြစ်ကြချေသည်။ ဤကား ဘုရင်ဧကရာဇ်၊ စစ်ဗိုလ်စစ်သား၊ နိုင်ငံရေးခေါင်းဆောင်စသည့် လက်တွေ့သမားတို့၏ ပြေး၍မလွတ်သော ကံကြမ္မာပေတည်း။ ခေါင်းဆောင်ဆိုသူတို့သည် အာဏာတည်းဟူသော ပလွင်ပေါ်သို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် ၎င်းတို့၌ လွတ်လပ်ခြင်း မရှိတော့ပြီ။ ၎င်းတို့သည် ရာဇဝင်စေခိုင်းရာ ကိုလုပ်ဆောင်ကြရမည့်ရာဇဝင်၏ ကျေးကျွန်များသာ ဖြစ်ခဲ့ကြလေပြီ။ ရာဇဝင်၏တန်ဆာပလာမျှသာ ဖြစ်ခဲ့ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

၁၈၁၂-ခု ဇာတ်ပွဲကြီးတွင် ပါဝင်ကပြခဲ့သည့် ဇာတ်ဆောင်တို့သည် ကာလကြာမြင့်စွာကပင် ဇာတ်ခုံပေါ်မှ ပျောက်ကွယ်သွားခဲ့ကြလေပြီ။ ၎င်းတို့နှင့် အတူ ၎င်းတို့၏ကိုယ်ရေးကိုယ်တာ ရည်မှန်းချက်များသည်လည်း သဲလွန်စမျှမကျန်တော့အောင် ပျောက်ကွယ်သွားခဲ့ကြလေပြီ။ ထိုခေတ်၏ အခြင်းအရာဆို၍လည်း ရာဇဝင်ဆိုင်ရာ အကျိုးသက်ရောက်မှုများမှအပ အခြား ဘာမျှမကျန်တော့ပြီ။

ထိုစစ်ပွဲကြီးတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသူများသည် မိမိတို့၏အသီးသီးသော ကိုယ်ရေးကိုယ်တာ၊ ရည်မှန်းချက်များအောင်မြင်ရေးအတွက် အပတ်တကုတ် အားထုတ်ခဲ့ကြ၏။ သို့သော်လည်း လောကနီယာမတရားကြီးသည် ၎င်းတို့အားလုံး မမျှော်လင့်သော အကျိုးတရားများကို ဖြစ်ပေါ်စေရန်သာ ၎င်းတို့ကို စေခိုင်းခဲ့ပေသည်။ ၎င်းတို့ ပြုသောအမှုမှ မည်သည့်အကျိုးတရားများ ထွက်ပေါ်လာမည်ဆိုသည့်အချက်ကို နပိုလီယန်လည်း မသိခဲ့၊ အလက်ဇန်းဒရားလည်း မသိခဲ့ချေ။ တကယ် ကိုယ်တိုင်ကိုယ်ကျ ပါဝင်တိုက်ခိုက်သူများ မသိခဲ့ခြင်းကိုကား ဆိုဖွယ်မရှိတော့ချေ။

၁၈၁၂-ခုနှစ်က ပြင်သစ်စစ်တပ်ကြီး ပျက်စီးခဲ့ရခြင်း၏အကြောင်းတရားကို ယခု ကျွန်ုပ်တို့ မျက်ဝါးထင်ထင်တွေ့မြင်နေရလေပြီ။ ထိုအကြောင်းတရားကား အခြားမဟုတ်။ တစ်ဖက်တွင် ပြင်သစ်တို့အနေဖြင့် ဆောင်းရာသီတိုက်ပွဲစဉ်အတွက် ပြင်ဆင်မှုတစ်စုံတစ်ရာမရှိဘဲ ရုရှားနိုင်ငံအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာခဲ့ခြင်းနှင့် အခြားတစ်ဖက်တွင် ရုရှားတို့က ရန်သူကို တူးတူးခါးခါးမုန်းတီးသော စိတ်ဓာတ်ဖြင့် မြို့ရွာများကို မီးရို့ဖျက်ဆီးခဲ့သောကြောင့် စစ်ပွဲ၏အသွင်လက္ခဏာ ပြောင်းလဲလာခဲ့ခြင်းတည်းဟူသော အကြောင်းတရားကြီး ဖြစ်လေသည်။ ဤအချက်ကို မည်သူမျှ ငြင်းမည် မဟုတ်ချေ။ ရုရှားစစ်တပ်ကြီးကဲ့သို့ စစ်သည်လေးသိန်းမျှသာရှိ၍ ကျွမ်းကျင်ခြင်းမရှိသော တပ်မှူးများကပင်သည် ဖရိဖရဲစစ်တပ်ကြီး တစ်တပ်အဖို့ စစ်သည်ရှစ်သိန်းရှိ၍ ကမ္ဘာတွင် အကောင်းဆုံးသော စစ်ဘုရင်တစ်ဦးကပင်သည့် ကမ္ဘာတွင် အကောင်းဆုံးသော စစ်ဟပ်ကြီးတစ်တပ်ကို ချေမှုန်းရန်မှာ ထိုနည်းလမ်းမှလွဲ၍ အခြားနည်းလမ်းလည်း မရှိတော့ချေ။ သို့သော်လည်း (ယခု ရှင်းရှင်းကြီးမြင်နေရသော) ထိုနည်းလမ်းကို ထိုစဉ်က မည်သူမျှကြိုတင်သိမြင်ခြင်း မရှိခဲ့ကြချေ။ ထိုနည်းလမ်းကို မည်သူမျှ ကြိုတင်သိမြင်ခြင်း မရှိခဲ့ရုံမျှမက ရုရှားတို့ဘက်ကဆိုလျှင် ရုရှားနိုင်ငံကြီးကို ကယ်တင်နိုင်မည့် (နပိုလီယန်အား စစ်ကျွံအောင် မြှုရေးတည်းဟူသော) ထိုတစ်ခုတည်းသောနည်းလမ်းကို အစွမ်းကုန် တားဆီးခဲ့ကြလေသည်။ ပြင်သစ်တို့ဘက်ကဆိုလျှင်လည်း (နပိုလီယန်၌ အတွေ့အကြုံရှိ၍ စစ်ဆင်စစ်တက်အရာတွင် ပါရမီထူးချွန်ခြင်း ရှိသည်ဆိုစေ) ဆောင်းအမိ မော်စကို မြို့သို့ အရောက်ချီတက်ရေးကိုသာ အစွမ်းကုန်ကြိုးစားခဲ့လေသည် (ဝါ) မုချဆတ်ဆတ် ပျက်စီးခြင်းသို့ ဆိုက်ရောက်စေမည့်နည်းလမ်းကိုသာ အစွမ်းကုန်ကြိုးပမ်း လုပ်ဆောင်ခဲ့လေသည်။

သို့တိုင်အောင် ၁၈၁၂-ခုနှစ် စစ်ပွဲနှင့် စပ်လျဉ်းသည့် ရာဇဝင်ကျမ်းများ၌ကား နပိုလီယန်သည် စစ်တိုးချဲ့ခြင်းကြောင့် ကြုံတွေ့ရမည့်အန္တရာယ်များကို ကနဦးကပင်လျှင် ကြိုတင်သိမြင်ခဲ့ကြောင်း၊ စစ်ဦးမကျွံစိမ့်သောဇာ ရုရှားတို့နှင့် ရင်ဆိုင်တိုက်ပွဲများ ဆင်နွှဲရန် ကြိုးစားခဲ့ကြောင်း၊ ၎င်း၏စစ်သူကြီးများကလည်း စမိုးလင့်တွင် စစ်နာရန်အကြံပေးခဲ့ကြကြောင်းဖြင့် ပြင်သစ်ရာဇဝင်ဆရာများက မကြာခဏထုတ်ဖော်ပါကြွားလေ့ ရှိကြသည်။ ရုရှားတိုက်ပွဲစဉ်တွင် ကြုံတွေ့ရမည့်ဘေးအန္တရာယ်ကို မူလကတည်းက ကြိုတင်သိမြင်ခဲ့သည်ဟူသောအချက်ကို သက်သေထူရန်အတွက် အလားတူအရေးအသားများကို မကြာခဏ ဖော်ထုတ်ရေးသားလေ့ရှိကြသည်။ ဤနေရာ၌ ရုရှားရာဇဝင်ဆရာများမှာ ပြင်သစ်ရာဇဝင်ဆရာများထက်ပင် 'လေလုံးထွား' တတ်ကြပေသေးသည်။ ရုရှားရာဇဝင်ဆရာတို့က ရုရှားတို့သည် တိုက်ပွဲစဉ်အစကတည်းကပင်လျှင် ဝိစ္ဆိကဗျူဟာခေါ် ဂဏန်းလက်မသဏ္ဌာန် ခံစစ်စီမံကိန်းကြီးကို ရေးဆွဲခဲ့ကြောင်း၊ ထိုစီမံကိန်းအရ နပိုလီယန်ကို ရုရှားပြည်တွင်းသို့ စစ်မြှုခေါ်လာခဲ့ခြင်းဖြစ်ကြောင်းဖြင့် ရေးသားလေ့ရှိကြသည်။ ထိုစီမံကိန်းကြီးကိုလည်း ဖူးဝဲလ် ရေးဆွဲသည်ဟုလည်းကောင်း၊ ရုရှားသစ္စာတော်ခံ ပြင်သစ် ဗိုလ်ချုပ်တစ်ဦး ရေးဆွဲသည်ဟုလည်းကောင်း၊ ဗိုလ်ချုပ်ကြီး တိုးလ် ရေးဆွဲသည်ဟုလည်းကောင်း၊ ဘုန်းတော်ကြီးသော ဘုရားကိုယ်တော်တိုင် ရေးဆွဲသည်ဟု လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုး မိန့်ဆိုကြသည်။ ထိုသို့သော အစီအမံမျိုးရှိခဲ့ကြောင်း စကားရိပ်များပါရှိသည့် မှတ်စုများ၊ စီမံကိန်းများ၊ စာချွန်များကိုလည်း ဆွဲထုတ်ကိုးကားခြင်း ပြုကြသည်။ သို့သော်လည်း ပြင်သစ်ရာဇဝင်ဆရာများနှင့် ရုရှားရာဇဝင်ဆရာများအားလုံးသည် အဖြစ်အပျက်များက ထိုအတိုင်း ဖြစ်ပျက်လာခဲ့သောကြောင့် အဖြစ်အပျက်များနှင့် ကိုက်ညီသောစကားရိပ်များကို ဆွဲထုတ်ကိုးကားလာကြခြင်း ဖြစ်လေသည်။ အကယ်၍သာ အဖြစ်အပျက်များက ထိုအတိုင်း ဖြစ်ပျက်ခဲ့ခြင်းမရှိလျှင် ၎င်းတို့သည်လည်း ထိုစကားရိပ်များကို ဆွဲထုတ်ကိုးကားကြတော့မည်မဟုတ်ဘဲ မေပျောက်ပစ်လိုက်ကြမည်သာ ဖြစ်လေသည်။ လောကၻ တကယ်ဖြစ်လာသော အဖြစ်အပျက်နှင့် ကိုက်ညီသည့် စကားရိပ်များ၊ ခန့်မှန်းချက်များလောက်ကိုသာ အသားယူ ပြောဆိုတတ်ကြ၍ အဖြစ်အပျက်နှင့် ကိုက်ညီခြင်းမရှိသော ခန့်မှန်းချက်များ ထင်မြင်ချက်များကို မေပျောက်ပစ်တတ်ကြသည်မှာ လူတို့၏ဓမ္မတာသာ မဟုတ်လော။ အဖြစ်အပျက်တစ်ခုသည် မည်သို့မည်ပုံ အဆုံးသတ်မည်ဆိုသည့်ကိစ္စနှင့် စပ်လျဉ်း၍ လူတစ်ကိုယ်လျှင် ထင်ကြေးအမျိုးမျိုးရှိတတ်ကြသည့်အလျောက် နောက်ဆုံး၌ မည်သို့အဆုံးသတ်သည်ဖြစ်စေ 'ဤသို့ဖြစ်လိမ့်မည်ဟု အစကတည်းကပြောခဲ့သည်မဟုတ်လော' ဟု ပြောတတ်ကြသည်သာ မဟုတ်ပါလော။ သို့ဖြင့် ဖြစ်လာသောအဖြစ်အပျက်များနှင့် ကိုက်ညီခြင်းမရှိဘဲ သွက်သွက်လည်အောင်မှားနေသည့် ထင်ကြေးများကို လုံးဝမေပျောက်ပစ်လိုက်တတ်ကြသည်သာ မဟုတ်လော။ ထိုအထဲမှ ကြက်ကန်းဆန်အိုးတိုးသည့်နယ် အမှန်နှင့် တိုက်ဆိုင်သွားသော ထင်ကြေးတစ်ခုတလေကိုသာ ဆောက်ပြကာ 'အစက ငါမပြောလား' ဟု ကြွားဝါတတ်ကြသည်သာ မဟုတ်လေ။

နပိုလီယန်သည် စစ်တိုးချဲ့ခြင်းကြောင့် ကြုံတွေ့ရမည့်အန္တရာယ်ကို ပကတူးကပင် သိရှိခဲ့သည် ဟူသော (ပြင်သစ်ရာဇဝင်ဆရာတို့၏) ထင်ကြေးနှင့် ရုရှားတို့သည် နှလုံးကပင် နပိုလီယန်ကို စစ်ကျွေစေရန် စစ်မြှုခဲ့သည်ဟူသော (ရုရှားရာဇဝင်ဆရာတို့၏) ထင်ကြေးများသည် ဒင်္ဂဒင်္ဂ၌ အဆိုပါထင်ကြေးမျိုးသာ ဖြစ်လေသည်။ အဖြစ်အပျက်က ထိုအတိုင်းဖြစ်လာ၍ အဖြစ်အပျက်နှင့် ကိုက်ညီအောင် နောင်ကျမှ ခဲခဲကတ်ကတ်ရှာ ဖွေလာရသည့် ထင်ကြေးမျိုးသာ ဖြစ်လေသည် (၀၊) ကြက်ကန်းဆန်အိုးတိုးသည့်နယ် မတော်တဆ တိုက်ဆိုင်သွားခြင်းမျိုးကို နဂိုကတည်းက ကြိုတင်စီမံကိန်းချထား၍ ဖြစ်လာသည့်နယ် ထင်ရအောင် ကြံဖန်ပြောသည့် ကြွားလုံးမျိုးသာ ဖြစ်လေသည်။ ရာဇဝင်ဆရာများသည် နပိုလီယန်နှင့် ၎င်း၏စစ်သူကြီးများအား ဤမျှတော်သော စစ်ပါရဂူကြီးများဖြစ်အောင်၊ ရုရှားတပ်မှူးများအား ဤမျှတော်သော စစ်မှူးကြီးများဖြစ်အောင် သက်သေပြနိုင်ဖို့အတွက် ပင်ပင်ပန်းပန်း ကြံစည်အားထုတ်ကြရှာပေလိမ့်မည်။ အမှန်၌ ၎င်းတို့ပြောသည့်အတိုင်း လားလားမျှမဟုတ်ချေ။ အချက်အလက်များသည် ၎င်းတို့၏ထင်ကြေးများ၊ အဆိုအမိန့်များနှင့်လုံးလုံးလျားလျားဆန့်ကျင်လျက် ရှိပေသည်။ တကယ်၌ကား ရုရှားတို့သည် နပိုလီယန်အား ရုရှားနိုင်ငံတွင်းသို့ စစ်ကျွေလာစေရန် စစ်မြှုခြင်းမပြုခဲ့ရုံမျှသာမက ရှေ့သို့ ဆက်လက်ခြင်းမပြုနိုင်ရန် အစွမ်းကုန်ဆီးဆို့ ဟန့်တားခဲ့ကြသည်သာ ဖြစ်လေသည်။ နပိုလီယန်သည်လည်း စစ်တိုးချဲ့ခြင်းကြောင့် ပေါ်ပေါက်လာမည့်အန္တရာယ်ကို ကြိုတင်သိမြင်ခြင်း မရှိခဲ့ရုံမျှမက ရှေ့သို့ ခြေတစ်လှမ်းလှမ်းတိုင်း ဧရာမ မဟာအောင်ပွဲကြီးတစ်ရပ်အဖြစ် ယူဆခဲ့သည်သာ ဖြစ်လေသည်။ ယခင်တိုက်ပွဲစဉ်များတွင်ကဲ့သို့ ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲခြင်းမပြုဘဲ တိုက်ပွဲကို ရှောင်ကွင်းကာ ရှေ့သို့ အခုအခံမရှိ ချီတက်နိုင်ရေးကို ကြိုးပမ်းခဲ့သည်သာ ဖြစ်လေသည်။

စစ်ပွဲအစဉ် ရုရှားတပ်များသည် အကွဲကွဲ တပ်စွဲလျက် ရှိကြ၏။ ထိုစဉ်က ရုရှားတို့၏ရည်ရွယ်ချက်မှာ ပြန့်ကျဲလျက်ရှိသောတပ်များကို တစ်နေရာတည်း တစ်ချက်တည်းတွင် စုစည်းရန် ဖြစ်၏။ သို့ရာတွင် ရုရှားတို့သည် စစ်ဆုတ်၍ ရန်သူစစ်ကျွေလာအောင် စစ်မြှုသည့်ပရိယာယ်ကို သုံးလိုသည်ဆိုလျှင် တကွဲတပြား စီဖြစ်နေသော တပ်များကို အဘယ်ကြောင့် တစ်နေရာတည်း၌ စုစည်းနေရဦးမည်နည်း။ စစ်မြှုလိုလျှင် တကွဲတပြားရှိပြီးသား တပ်များကို စုစည်းစရာ လိုသေးသလော။ ရန်သူကိုစစ်ကျွေအောင် မြှု၍ ဝိုင်းဝန်းညှပ်ပိတ်တိုက်လိုသော စစ်တပ် တစ်တပ်သည် စုစည်းပြီးသားတပ်များကိုပင် ဖြန့်ကျင်း နေရာယူထားစေရဦးမည် မဟုတ်လော။ ထို့ကြောင့် အကယ်၍သာ (ရုရှားရာဇဝင်ဆရာတို့ ဆိုမိန့်သကဲ့သို့) ခွာစစ်ပြု၍ စစ်မြှု

www.burmeseclassic.com

www.burmeseclassic.com

လိုလျှင် တပ်များကိုစုစည်းရန် အကြောင်းမရှိချေ။ ဤသို့ စုစည်းခြင်းဖြင့်လည်း အကျိုးများဖွယ် မရှိချေ။ ထိုမျှမက ရုရှားဘုရင်မင်းမြတ်ကိုယ်တော်တိုင် တပ်မတော်များနှင့် အတူ လိုက်ပါလာကာ ခွာစစ်မပြုရန် မိန့်ကြားတော်မူခဲ့သည် မဟုတ်လော။ ရုရှားမြေ တစ်လက်မမျှ ရန်သူ့လက်ကို အကျမခံဘဲ ကျားကုတ်ကျားခဲ ကာကွယ်ထိန်းသိမ်းထားရန် မိန့်ကြားတော်မူခဲ့သည် မဟုတ်လော။ ဖူးဝဲလ်၏ အစီအမံဖြင့် ဒရစ်ဆာမြစ်ကမ်းနဖူးတွင် တပ်ခိုင် တပ်လုံတည်စေ၍ စုစည်းခုခံရန် ပြင်ဆင်စေခဲ့သည် မဟုတ်လော။ ဤသည်ကိုထောက်လျှင် ရုရှားတို့သည် ဒရစ်ဆာမြစ်ကမ်းမှ နောက်သို့ဆုတ်ခွာခြင်းမပြုရန် ပိုင်းဖြတ်ထားသည်မှာ မထင်ရှားပါသလော။ ခြေလှမ်းတစ်လှမ်း ဆုတ်ခွာလာရတိုင်း ဘုန်းတော်ကြီးသော ဘုရားသည် တပ်ချုပ်၊ တပ်မှူး၊ စစ်ဦးစစ်ကဲတို့ကို ပြစ်တင်ကြိမ်းမောင်းတော်မူသည် မဟုတ်လော။ မော်စကိုမြို့ကို စွန့်ခွာဖို့ ဝေးစွ၊ ရန်သူတို့အား စမိုးလင့်နယ်ထဲသို့ ဝင်ရောက်ခွင့်ပေးခဲ့ခြင်းကိုပင် နှလုံးမကြည်ရှိတော်မူခဲ့သည် မဟုတ်လော။ ရုရှားတပ်များကို တစ်ပေါင်းတည်းဖြစ်စေပြီးနောက် စမိုးလင့်မြို့ရိုးဘေးတွင် ရင်ဆိုင်တိုက်ပွဲဆင်နွှဲခြင်းမပြုဘဲ စွန့်ခွာလာခဲ့ရမည်လောဟု အမျက်တော်ရှိသည် မဟုတ်လော။

တကယ်၌ကား ရုရှားရွှေနန်းရှင်နှင့် တကွ ရုရှားတပ်မှူးများ ရုရှားပြည်သူများအားလုံးသည် ရုရှားတို့ ဆုတ်ခွာလာခဲ့ရခြင်းအတွက် ဒေါသအမျက်ခြောင်းခြောင်း ထွက်လျက်ရှိသည် မဟုတ်လော။

ဤအချက်တို့ကိုထောက်လျှင် ရုရှားတို့သည် မူလကတည်းကပင်လျှင် စီမံကိန်းအရ ရန်သူစစ်ကွပ်အောင် စစ်မြှုပ်၍ဆုတ်ခွာပေးခဲ့ခြင်း ဖြစ်သည်ဆိုသော ရုရှားရာဇဝင်ဆရာတို့၏အဆိုအမိန့်သည် အရှုံးစကားမျှသာဖြစ်ကြောင်း ထင်ရှားလှပေသည်။

တစ်ဖန် နပိုလီယန်သည် စစ်တိုးချဲ့ခြင်းကြောင့် ပေါ်ပေါက်လာမည့်အန္တရာယ်တို့ကို ကနဦးကပင် ကြိုတင်သိခဲ့ကြောင်း၊ စစ်ဦးမကျွံစိမ့်သောငှာ ရုရှားတို့နှင့် ရင်ဆိုင်တိုက်ပွဲများဖြစ်ပွားရန် ကြိုးစားခဲ့ကြောင်းစသည်ဖြင့် ပြောဆိုကြသည့် ပြင်သစ်ရာဇဝင်ဆရာများ၏ အဆိုအမိန့်သည်လည်း အနှမ်းစကားမျှသာ ဖြစ်ချေသည်။ တကယ်၌ နပိုလီယန်သည် ရုရှားတပ်များ ဆီးဆို့ထားသောစစ်ကြောင်းကို အလယ်မှဖောက်ဝင်ခဲ့ကာ ရှေ့သို့ အလောတကြီးချီတက်ခဲ့ပြီးနောက် စစ်ကြောင်းကို တိုးချဲ့ခဲ့သည် မဟုတ်လော။ စစ်ချီလမ်းတစ်လျှောက်၌ ရုရှားတပ်များနှင့် ရင်ဆိုင်တိုက်ပွဲများဆင်နွှဲရန် အခွင့်အရေးရပါလျက် ထိုအခွင့်အရေးတို့ကို လက်လွှတ်၍ မော်စကိုမြို့သို့ အခုအခံမရှိ၊ အတားအဆီးမရှိ အဆောတလျင်ရောက်ရေးကိုသာ အာရုံစောခဲ့သည် မဟုတ်လော။ နပိုလီယန် သြဂုတ်လထဲ၌ စမိုးလင့်နယ်ကို သိမ်းပိုက်လိုက်ပြီးနောက် နောက်ထပ်ထိုးစစ်ဆင်နွှဲရေးကိုသာ အမြဲတစေကြံစည် စိတ်ကူးခဲ့သည် မဟုတ်လော။ ထို ထိုးစစ်ကြီးသည် မိမိ၏ပျက်စီးဆုံးရှုံးခြင်းကို ဖြစ်စေလိမ့်မည်ဟု မသိခဲ့ခြင်းကြောင့်သာ ဤသို့ စိတ်ကူးခဲ့ခြင်း မဟုတ်ပါလော။ ထို ထိုးစစ်သည် နပိုလီယန်ပျက်စီးခြင်း၏ အကြောင်းတရားဖြစ်ကြောင်းကို ယခု ကျွန်ုပ်တို့နှောင်းလူများကျမှသာ သိကြရခြင်း မဟုတ်ပါလော။

စင်စစ်၌ နပိုလီယန်သည် မော်စကိုမြို့ကို ချီတက်သိမ်းပိုက်ခြင်းကြောင့် မိမိကြုံတွေ့ရမည့်အန္တရာယ်ကို သိမြင်ခြင်းမရှိခဲ့ချေ။ အလက်ဇန်းဒရားဘုရင်နှင့် ရုရှားတပ်မှူးများသည်လည်း နပိုလီယန်ကို စစ်မြှုရန် စိတ်ကူးမထည့်မိခဲ့ကြချေ။ ၎င်းတို့အားလုံးသည် ရာဇဝင်ဆရာများပြောသကဲ့သို့ ကြိုတင်သိမြင်ခဲ့ခြင်း မရှိကြောင်းကို ဖြစ်ရပ်များက ထင်ရှားစွာသက်သေပြလျက် ရှိပေသည်။ နပိုလီယန် ရုရှားနိုင်ငံတွင်းသို့ စစ်ကျွံလာခဲ့ခြင်းမှာ မည်သည့်ရုရှားတပ်မှူး၏စီမံကိန်းကြောင့်မျှ မဟုတ်ချေ။ ထိုသို့ စစ်မြှုပ်၍ ရကောင်းသည်ဟုလည်း မည်သည့်ရုရှားတပ်မှူးမျှ မသိခဲ့ကြချေ။ သို့ဖြစ်လျှင် မည်သည့်စီမံကိန်း မည်သည့်အကြောင်းတရားကြောင့် နပိုလီယန် စစ်ကျွံလာခဲ့သနည်း။ နပိုလီယန် စစ်ကျွံလာခဲ့ခြင်းကား အခြားကြောင့် မဟုတ်။ ရုရှားဗိုလ်ချုပ်များသည် ရုရှားနိုင်ငံကြီးကို ကယ်တင်ရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည့် နပိုလီယန်အား စစ်မြှုပ်၍ စစ်ဦးကျွံစေသည့်ပရိယာယ်ကို တစ်ဆိတ်စာကလေးမျှ စိတ်မကူးမိခဲ့ကြဘဲ အချင်းချင်း အကောက်ကြဲလျက် ရှိကြခြင်း၊ 'ချောက်' တွန်းလျက်ရှိကြခြင်း၊ တစ်ဦးကို တစ်ဦး မနာလိုဝန်တိုဖြစ်လျက် ရှိကြခြင်း၊ မာန်စောင်တက်ကာ တစ်ဦးနှင့် တစ်ဦး ပညာစွမ်းပြိုင်လျက်ရှိကြခြင်း စသည်တို့ဖြင့် အချိန်ကုန်လျက် ရှိကြခြင်းကြောင့် နပိုလီယန်သည် ၎င်း၏အလိုအလျောက် စစ်ဦးကျွံလာခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com

သာ ဖြစ်လေသည်။ ထိုအရာအားလုံးသည် မည်သည့်စစ်ပါရဂူမည်သော စစ်ဗိုလ်ချုပ်၊ မည်သည့်စစ်သူကြီး၏ စီမံကိန်းကြောင့်မျှ မဟုတ်ဘဲ ရှောင်တခင်ဖြစ်လာကြခြင်းသာ ဖြစ်လေသည်။ တိုက်ပွဲစဉ်အစဉ် ရဂူးတပ်များသည် တကွဲတပြားပြန့်ကျဲလျက် ရှိခဲ့ကြ၏။ ရဂူးတို့သည် ရန်သူကို ခုခံတိုက်ခိုက်ရန်၊ ရန်သူ၏ချီတက်မှုကို ဟန့်တားပိတ်ဆို့ထားရန် ရည်ရွယ်ချက်ဖြင့် တပ်များကို တစ်စုတည်းပေါင်းစည်းရန် ကြိုးစားခဲ့ကြသည်။ ဤသို့စုစည်းရန် ကြိုးစားရင်း တစ်ဖက်မှလည်း မိမိထက်သာလွန် အင်အားကြီးမားသောရန်သူနှင့် ရင်ဆိုင်တိုက်ပွဲမဖြစ်အောင် ရှောင်ကွင်းခဲ့ရသည်။ တပ်မတော် စစ်ကြောင်းနှစ်ကြောင်းသည် တွေ့ဆုံရာအမှတ်၌ ထောင့်ကျဉ်းသဏ္ဌာန်ဖြစ်အောင် မျဉ်းပြိုင်ကျလုနီးပါး ဆုတ်ခွာလာခဲ့ကြရသည်။ ဤသို့စုစည်းရန် ကြိုးပမ်းနေခြင်းကြောင့်ပင် စမိုးလင့်နယ်သည် ရန်သူလက်သို့ကျခဲ့ရခြင်း ဖြစ်လေသည်။ ရဂူးစစ်ကြောင်း နှစ်ကြောင်းသည် တွေ့ဆုံရာအမှတ်တစ်ခုကို ဦးတည်ထားကာ ထောင့်ကျဉ်းသဏ္ဌာန်ဖြစ်အောင် ဆုတ်ခွာခဲ့ရခြင်းမှာ အကြောင်းနှစ်ချက် ရှိသည်။ ပထမအကြောင်းမှာ ပြင်သစ်တို့က ရဂူးစစ်ကြောင်းနှစ်ကြောင်းကြားထဲသို့ သပိရိက်၍ သွင်းသည့်နယ် အတင်းထိုးဖောက် ဝင်ရောက်လာခြင်းကြောင့် ဖြစ်သည်။ ဒုတိယအကြောင်းကား တပ်မတော်ထဲတွင် လူကြုံကြိုက်နည်းသောနိုင်ငံခြားသား စစ်သေနာပတိချုပ် ဗိုလ်ချုပ်ဘာကလေဒီတိုလီကို မင်းသားကြီးဘဂရေးရှင်းက မကျေနပ်သောကြောင့် ဖြစ်သည်။ ဖြစ်ပုံကား ဤသို့တည်း။ ရဂူးနိုင်ငံအတွင်းဘက်သို့ ပြန်ဆုတ်လာခဲ့သော စစ်ကြောင်း နှစ်ကြောင်းအနက် တစ်ကြောင်းကို ဗိုလ်ချုပ်ကြီးဘာကလေက ကွပ်ကဲ၍ အခြားတစ်ကြောင်းကို မင်းသားကြီးဘာဂရေးရှင်းက ကွပ်ကဲ၏။ တပ်ချင်းပေါင်းမိလျှင် မင်းသားကြီးဘာဂရေးရှင်းသည် ဗိုလ်ချုပ်ကြီးဘာကလေ၏ လက်အောက်တွင် အမှုထမ်းရတော့မည် ဖြစ်သည်။ ဤတွင် ဒုတိယစစ်ကြောင်းကို ကွပ်ကဲဆုတ်ခွာလာသည့် မင်းသားကြီး ဘာဂရေးရှင်းသည် တပ်ချင်းပေါင်းမိရေးကိစ္စနှင့် ဗိုလ်ချုပ်ဘာကလေ၏ ကွပ်ကဲမှုအောက်တွင် အမှုထမ်းရေးကိစ္စကို တတ်နိုင်သမျှ အချိန်ဆွဲထားလိုသည်။ ဤရည်ရွယ်ချက်ဖြင့် မင်းသားကြီးဘာဂရေးရှင်းသည် တစ်ဖက်မှ ဆုတ်ခွာလျက်ရှိသော ဗိုလ်ချုပ်ဘာကလေ၏ တပ်များနှင့် မျဉ်းပြိုင်ကျလုနီးပါး ဆုတ်လာခဲ့သည်တွင် စစ်ကြောင်းနှစ်ကြောင်း၏ တွေ့ဆုံရာ အမှတ်သည် ဝေးသည်ထက် ဝေးလာကာ၊ ထောင့်သည်လည်း ကျဉ်းသည်ထက် ကျဉ်းလာခဲ့ခြင်း ဖြစ်လေသည်။ ရဂူးစစ်ဦးစီးဌာနချုပ်၏ ရည်ရွယ်ချက်မှာ ဗိုလ်ချုပ်ဘာကလေ၏ စစ်ကြောင်းနှင့် မင်းသားကြီးဘာဂရေးရှင်း၏ စစ်ကြောင်းနှစ်ခုကို အမြန်ဆုံးပေါင်းစည်းရေး ဖြစ်၏။ သို့ရာတွင် မင်းသားကြီး ဘာဂရေးရှင်းသည် တပ်ချင်းပေါင်းရေးကိစ္စကို နှောင့်နှေးအောင်လုပ်လျက် ရှိလေသည်။ ၎င်း၏အကြောင်းပြချက်ကား စစ်ဦးစီးဌာနချုပ်၏ အဓိကအတိုင်း ဆုတ်ရမည်ဆိုလျှင် မိမိ၏စစ်ကြောင်းသည် ရန်သူတိုက်ခိုက်မှု အန္တရာယ်ကို ဟင်းလင်းဖွင့်ပေးထားသကဲ့သို့ ရှိနေမည်ဖြစ်ကြောင်း၊ မိမိအဖို့ လက်ဝဲဘက် ခပ်ကျကျတောင်ပိုင်းမှ ဆုတ်ခွာမှသာလျှင် အကောင်းဆုံး ဖြစ်မည်ဖြစ်ကြောင်း၊ ဤသို့ဆုတ်ခွာခြင်းကြောင့် ရန်သူ၏ စစ်ကြောင်းနံပါးနှင့် နောက်ဖျားကို အနှောင့်အယှက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိအဖို့လည်း ယူကရိန်းနယ်ဘက်မှ တပ်သားသစ်များ စုဆောင်းနိုင်မည် ဖြစ်ကြောင်းဖြင့် အကြောင်းပြ၏။ အမှန်၌ကား မင်းသားကြီးဘာဂရေးရှင်းသည် မိမိထက် လုပ်သက်နှစ် နိုင်ငံခြားသားတစ်ဦးလည်း ဖြစ်သော ဗိုလ်ချုပ်ကြီးဘာကလေ၏အောက်တွင် အမှုထမ်းလိုသောကြောင့် ဤအစီအမံကို ပြုလုပ်ခြင်း ဖြစ်လေသည်။

သို့ဖြစ်ရကား ရဂူးစစ်ကြောင်းနှစ်ကြောင်း ထောင့်ကျဉ်းသဏ္ဌာန်ဆုတ်ခွာမိလျက်သား ဖြစ်နေရခြင်းမှာ မည်သည့်စီမံကိန်းကြောင့်မျှမဟုတ်ဘဲ ဗိုလ်ချုပ်ဘာကလေနှင့် မင်းသားကြီးဘာဂရေးရှင်းတို့ တစ်ဦးကို တစ်ဦး မကျေမလည်ဖြစ်ရာမှ ရှောင်တခင်ဖြစ်လာခြင်းသာ ဖြစ်လေသည်။ ဤတွင် ပြင်သစ်တပ်များကို ဝိုင်းမိခြင်းမှာလည်း ရှေ့လောတကြီးချီလာသော ပြင်သစ်တပ်များက ဤစစ်ကြောင်းနှစ်ကြောင်းကြားထဲသို့ ဝင်လာသဖြင့် မတော်တဆ ဝိုင်းမိခြင်းသာ ဖြစ်လေသည်။ မည်သည့်စီမံကိန်းကြောင့်မျှ မဟုတ်ချေ။ ဤသည်ကို ဝိစ္ဆိကဗျူဟာခေါ် ဂဏန်းလက်မသဏ္ဌာန်ညပ်၍ စစ်မြို့သည့်စီမံကိန်းကြောင့် ဖြစ်သည်ဟု ရဂူးရာဇဝင်ဆရာတို့က ပြောကြခြင်းမှာ ရဂူးဗိုလ်ချုပ်တို့တွင် မရှိသောအရည်အချင်းကို သိဒ္ဓိတင်ပြော

www.burmeseclassic.com

www.burmeseclassic.com

ခြင်းမျှသာ ဖြစ်လေသည်။

ဘုန်းတော်ကြီးသောဘုရားသည် တပ်တော်များစိတ်ဓာတ်တက်ကြွစေရန် တပ်တော်ကြီးနှင့်အတူ လိုက်ပါလာခဲ့ခြင်းဖြစ်၏။ သို့သော်လည်း ဘုရင်၏လုံခြုံရေးကိုကြပ်မတ်ရခြင်း၊ ၎င်းကိုယ်နှိုက်က စစ်ဆင်စစ်တက်ကိစ္စများတွင် မကျွမ်းကျင်ခြင်း၊ ၎င်း၏ပတ်ဝန်းကျင်နှင့် အကြံပေးပုဂ္ဂိုလ်တွေ မှိုလိုပေါသလောက် စီမံကိန်းများ တောင်ပုံရာပုံများပြားခြင်းစသည့် အကြောင်းများကြောင့် ဗိုလ်ချုပ်ကြီးဘာကလေဦးစီးသည့် ပထမစစ်ကြောင်းသည်လည်း အလိုလိုအားကုန်ကာ ဆုတ်ခွာလာခဲ့လေသည်။

ရုရှားတို့၏အကြံမှာ ဒရစ်ဆာမြစ်ကမ်းနဖူးတွင် တပ်ကြီး တပ်ခိုင်တည်၍ ခုခံရန်ဖြစ်၏။ ထို့ကြောင့် ခံစစ်စီမံကိန်းကြီးတစ်ခုကို ဗိုလ်ချုပ်ဖူးဝဲလ်အား ရေးဆွဲစေ၏။ သို့ရာတွင် စစ်သေနာပတိချုပ်ရာထူးကို ချိန်လျက်ရှိသည့် ဗိုလ်ချုပ်ကြီးပေါ်လတ်ဆေ (၎င်းမှာ အီတလီလူမျိုးဖြစ်သည်။) သည် ဘုန်းတော်ကြီးသောဘုရား၏ ကိုးစားယုံကြည်မှုကို ရအောင်ယူပြီးနောက် ဖူးဝဲလ်၏စီမံကိန်းညံ့ဖျင်းပုံကို အခွင့်သာတိုင်းလျောက်၏။ ဤတွင် ဘုန်းတော်ကြီးသောဘုရားသည် ဒရစ်ဆာမြစ်ကမ်းနဖူးမှ တပ်ခိုင်တပ်လုံတည်၍ခံရန် ဖူးဝဲလ်၏ အစီအမံကို ပယ်ချလိုက်ကာ ဗိုလ်ချုပ်ကြီးဘာကလေကို စစ်သေနာပတိချုပ် ခန့်အပ်လိုက်သည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီးဘာကလေမှာလည်း ဘုန်းတော်ကြီးသောဘုရား၏ ကိုးစားယုံကြည်မှုအပြည့်အဝမရရှိသဖြင့် မိမိသဘောအတိုင်း အာဏာကုန်သုံး၍ လွတ်လပ်စွာဆောင်ရွက်ခြင်း မပြုနိုင်ပြန်ချေ။ ဤသို့ဖြင့် ရုရှားတပ်များသည် အကွဲကွဲဖြစ်လျက်ရှိကာ ဦးစီးကွပ်ကဲမှုဌာနလည်း တစ်မိန့်တည်း တစ်သံတည်းမရှိတော့ချေ။ ယင်းသို့ အုပ်စုကွဲလျက် ရှိခြင်း၊ ရာထူးလုလျက်ရှိခြင်း၊ နိုင်ငံခြားသားကို စစ်သေနာပတိချုပ်အရာနှင်းသဖြင့် မကျေမနပ်ဖြစ်လျက်ရှိခြင်း စသည်တို့ကြောင့် တပ်မတော်ထဲတွင် တွေဝေဆုတ်ဆိုင်းမှု၊ တိုက်ပွဲကို ရှောင်းကွင်းမှု (အကယ်၍ တပ်မတော်များလည်း ပေါင်းမိပြီးသားဖြစ်၍ စစ်သေနာပတိချုပ်အရာဌာနလည်း ဗိုလ်ချုပ်ကြီးဘာကလေမဟုတ်ဘဲ အခြားတစ်ဦးဖြစ်ခဲ့လျှင် ရင်ဆိုင်တိုက်ပွဲများဖြစ်ပွားမည်ဧကန် ဖြစ်သည်။) စသည်တို့အပြင် နိုင်ငံခြားသား ဗိုလ်ချုပ်များကို ဒေါသအမျက်ထွက်ခြင်း၊ ဇာတိသွေး၊ ဇာတိမာန်ထက်သန်ခြင်းစသည့် အခြင်းအရာများလည်း ပေါ်ပေါက်လျက်ရှိလေသည်။

နောက်ဆုံး၌ အလက်ဇန်းဒရားဘုရင်သည် တပ်မတော်နှင့်အတူလိုက်ပါခြင်း မပြုတော့ချေ။ အလက်ဇန်းဒရားဘုရင်သည် နိုင်ငံအဝှမ်းသို့ လှည့်လည်ကာ မြို့နေပြည်သူများနှင့် ရုရှားပြည်သူတစ်ရပ်လုံးအား မျိုးချစ်စစ်ပွဲကြီးအတွက် အဆင်သင့်ဖြစ်နေစေရန် လှည့်လည်နှိုးဆော်ခြင်းပြုရန် ဆုံးဖြတ်လိုက်လေသည်။ ဤဆုံးဖြတ်ချက်ကား တပ်မတော်မှ အလက်ဇန်းဒရားဘုရင် ပြန်လည်ထွက်ခွာသွားရန် တစ်ခုတည်းနှင့် အကောင်းဆုံးသောအကြောင်းပြချက် ဖြစ်လေသည်။ အလက်ဇန်းဒရားဘုရင် မော်စကိုမြို့သို့ကြွရောက်၍ စစ်အောင်နိုင်ရေးမိန့်ခွန်း မြွက်ကြားပြီးသည့်နောက်၌ကား ရုရှားတပ်မတော်၏ အင်အားမှာ သုံးဆမျှ တိုး၍လာခဲ့လေသည်။

အလက်ဇန်းဒရားဘုရင်သည် တပ်မတော်မှ ပြန်လည် ထွက်ခွာသွားတော်မူရာ၌ ပြည်သူများအား မိမိကိုယ်တော်တိုင် ဇာတိမာန်၊ ဇာတိသွေး တက်ကြွလာအောင် လှုံ့ဆော်တော်မူရန်ဟု အကြောင်းပြခဲ့သည်။ တကယ့်အကြောင်းရင်းမှန်ကား ဤသို့ မဟုတ်ချေ။ တကယ့်အကြောင်းရင်းကား တပ်မတော်ကို ကွပ်ကဲရာ၌ စစ်သေနာပတိချုပ်အား လွတ်လွတ်လပ်လပ် တစ်သံတည်း တစ်မိန့်တည်းဖြင့် ကွပ်ကဲနိုင်ရန် ဖြစ်လေသည်။ ဤသို့လွတ်လပ်စွာ ကွပ်ကဲခြင်းဖြင့်လည်း တပ်မတော်သည် ပြတ်သားသောခြေလှမ်းများကို လုပ်ဆောင်နိုင်လိမ့်မည်ဟု ဘုန်းတော်ကြီးသောဘုရား ယူဆတော်မူသည်။ သို့ရာတွင် ဘုန်းတော်ကြီးသောဘုရား ပြန်လည် ထွက်ခွာသွားတော်မူပြီးသည့်နောက်၌ တပ်မတော်ကို ဦးစီးကွပ်ကဲမှုမှာ ပိုမိုလျော့ကျကာ ပိုမိုအားနည်းလာခဲ့လေပြီ။ ဗိုလ်ချုပ်ကြီးဘင်နစ်ဆန်၊ အိမ်ရှေ့ဥပရာဇာကိုယ်တော်ကြီး ဇာရီဗစ်ချ်နှင့် တကွ တပ်ရေးချုပ်များမှာ ဗိုလ်ချုပ်ကြီးဘာကလေကို စောင့်ကြပ်အကဲခတ်ရန်နှင့် အားပေးကူညီရန် ကျန်ရစ်ခဲ့သေးသည်မဟုတ်ပါလော။ ဗိုလ်ချုပ်ကြီးဘာကလေသည် ဤသို့မိမိ၏အရိပ်အခြည် ကို စောင့်ကြပ်ကြည့်ရှုလျက်ရှိသော 'ဘုရင်ဧကရာဇ်၏ မျက်စိများ' ရှေ့တွင် ခါတိုင်းထက်ပင် အနေကျုံ့လျက်ရှိကာ အစစအရာရာကို သတိကြီးစွာထားလျက် မည်သည့်ကိစ္စကိုမျှ ပြတ်ပြတ်သားသား ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းမပြုဝံ့တော့ဘဲ တိုက်ပွဲများကို ရှောင်ကွင်းလျက်ရှိလေသည်။

ဤသို့ဖြင့် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးဘာကလေသည် လူတိုင်းကို မယုံသင်္ကာဖြစ်လျက်ရှိ၏။ အိမ်ရှေ့ဥပရာဇာကိုယ်တော်ကြီး ဇာရီဗစ်ချသည် ဗိုလ်ချုပ်ကြီးဘာကလေ သစ္စာဖောက်ပြီလောဟု သံသယဖြစ်ကာ တိုက်ပွဲများဆင်နွှဲရန် အတင်းအကြပ် တောင်းဆိုလျက်ရှိ၏။ လူဗိုမာစကီ၊ ဘရွန်နစ်စကီ၊ ဝါလောကီအစရှိသော ဆန့်ကျင်ဘက်ဂိုဏ်းအား ပိုလန်တပ်ရေးချုပ်များကလည်း 'သခွတ်ပင်က မီးတကျိကျိ' ဆိုသကဲ့သို့ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးဘာကလေကို အနှောင့်အယှက်ပေးလျက်ရှိကြ၏။ နောက်ဆုံး၌ ဗိုလ်ချုပ်ကြီး ဘာကလေသည် မတတ်သာတော့ဘဲ ပီတာစဘတ်ရွှေနန်းတော်ကြီးသို့ စာချွန်များ ပို့စရာရှိသည်ဟုဆိုကာ ပိုလန်တပ်ရေးချုပ်များကို တစ်ဖက်လှည့်နှင့် ပီတာစဘတ်ရွှေမြို့တော်သို့ စေလွှတ်လိုက်ပြီးနောက် ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်၊ အိမ်ရှေ့ဥပရာဇာကိုယ်တော်ကြီး ဇာရီဗစ်ချတို့နှင့် ပြောင်ပြောင်တင်းတင်း အတိုက်အခံ ပြုလေတော့သည်။

စမိုးလင့်သို့ရောက်သော် ရုရှားတပ်များသည် စုပေါင်းမိကြ၏။ ဤသည်ကား ဗိုလ်ချုပ်ကြီးဘာဂရေးရှင်း မနှစ်သက်ဆုံးသော အရာပေတည်း။

ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်းသည် စစ်သေပနာတိချုပ် ဗိုလ်ချုပ်ကြီး ဘာကလေနေထိုင်သည့်အိမ်သို့ ကရထားတစ်စီးဖြင့် ရောက်လာခဲ့၏။ ဗိုလ်ချုပ်ကြီးဘာကလေသည် ရွှေစလွယ်နှင့် တကွ စစ်သေနာပတိချုပ်၏ အဆောင်အယောင်များကို ဆင်မြန်းလျက် မိမိထက်လုပ်သက်ရင့်သော်လည်း မိမိ၏လက်အောက်အမှုထမ်းဖြစ်သော ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်းကို လက်ခံတွေ့ဆုံခြင်း ပြုလေသည်။

ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်းသည် ဗိုလ်ချုပ်ကြီး ဘာကလေထက် 'ဝါကြီး' သူဖြစ်၏။ သို့ရာတွင် ဤတစ်ပွဲ၌ကား ဗိုလ်ချုပ်ကြီး ဘာကလေနှင့် စိတ်သဘောထားကြီးခြင်းအရာတွင်ပါ ယှဉ်ပြိုင်နေရသူတစ်ဦး ဖြစ်သည့် အလျောက် ဗိုလ်ချုပ်ကြီး ဘာကလေ၏ အမိန့်ကို နာခံခြင်း ပြုရလေသည်။ စိတ်ထဲ၌ကား တနံ့နံ့ဖြစ်လျက် ရှိလေပြီ။ ဗိုလ်ချုပ်ကြီးဘာဂရေးရှင်းသည် ဘုန်းတော်ကြီးသောဘုရား၏ အမိန့်အတိုင်း စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးဘာကလေထံသို့ တိုက်ရိုက်အစီရင်ခံခြင်း ပြုရလေသည်။ ထို့နောက်၌ကား ဗိုလ်ချုပ်ကြီးဘာဂရေးရှင်းသည် ဘုန်းတော်ကြီးသောဘုရား၏ လူယုံတော် စစ်ဝန်ကြီး အာရတ်ချေထံသို့ အမှာစာချွန်တစ်စောင် ရေးလိုက်လေသည်။ 'ကျွန်ုပ်မှာ အရှင်ဧကရာဇ်၏ အမိန့်ကို မပယ်သာ၍ အမှုထမ်းနေရသော်လည်း ဤပုဂ္ဂိုလ်နှင့် (ဗိုလ်ချုပ်ကြီး ဘာကလေကို ဆိုလိုသည်။) အတူတကွ ဆက်လက်အမှုထမ်းရန် မဖြစ်တော့ပြီ။ ကျွန်ုပ်အား သက်ညှာသောအားဖြင့် အခြားတစ်နေရာသို့ ပြောင်းရွှေ့ခန့်ထားလျှင် သင့်အံ့ထင်ပါသည်။ သာမန်တပ်ရင်းမှူးကလေးအဖြစ် ပြောင်းရွှေ့ခန့်ထားမည်ဆိုလျှင်လည်း ကျွန်ုပ်အဖို့ အပန်းမကြီးပြီ။ သို့ရာတွင် ဤပုဂ္ဂိုလ်၏လက်အောက်၌ကား မည်မျှ ကြီးမားသောရာထူးတွင်ခန့်သည်ဖြစ်စေ ကျွန်ုပ် အမှုမထမ်းလိုတော့ပြီ။ စစ်ဦးစီးဌာနချုပ်၌ ဂျာမန်တို့ ဘုန်းကြီးကြသောကြောင့် ကျွန်ုပ်တို့ ရုရှားတပ်မှူးများ ခေါင်းပင် မဖော်ရဲကြပြီ။ ကျွန်ုပ်သည် အရှင်ဧကရာဇ်၏ အကျိုးနှင့် အဖနိုင်ငံတော်၏ အကျိုးကို ထမ်းရွက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆခဲ့သော်လည်း စင်စစ်၌ ဘာကလေကို အလုပ်အကျွေးပြုနေခြင်းသာဖြစ်ကြောင်း ကျွန်ုပ် သိပြီ။ ဤသူ၏လက်အောက်၌ကား ကျွန်ုပ် ဆက်လက်အမှုမထမ်းတော့ပြီ' ဟု စာတွင်ပါရှိ၏။

ဗိုလ်ချုပ် ဘရွန်နစ်စကီ၊ ဗိုလ်ချုပ် ဝန်ဇင်ကျိရိုဒီစသည့် လူတစ်သိုက်ကလည်း စစ်သေပနာတိချုပ်ကို မကျေမနပ်ဖြစ်လျက် ရှိကြ၏။ သို့ဖြင့် စစ်သေနာပတိချုပ် နှင့် တပ်မတော်ဗိုလ်ချုပ်များ၏ ဆက်ဆံရေးသည် တင်းမာလာခဲ့ကာ တပ်မတော်ညီညွတ်ရေးမှာလည်း ပျက်ပြားလာခဲ့၏။ ရုရှားတပ်မတော်သည် စမိုးလင့်မကျမီက ပြင်သစ်များနှင့် တိုက်ရန် အသင့်ပြင်ဆင်ထားခဲ့သည်။ ဗိုလ်ချုပ်တစ်ဦးကိုလွှတ်၍ပင် နယ်မြေအနေအထားကို စစ်ဆေးကြည့်ရှုစေခဲ့သည်။ ထိုစစ်ဗိုလ်ချုပ်ကား စစ်သေနာပတိချုပ် ဘာကလေကို မလိုလားသည့် ဗိုလ်ချုပ်တစ်ဦးဖြစ်သည့် အလျောက် နယ်မြေအနေအထားကို လေ့လာခြင်းမပြုဘဲ ဂင်း၏ မိတ်ဆွေတပ်မှူးတစ်ဦးထံ သွားရောက်လည်ပတ်ကာ တစ်နေကုန် အချိန်ဖြုန်း၍ ပြန်လာခဲ့ပြီးနောက် ထိုနယ်မြေဒေသမှာ မည်သည့်ရှုထောင့်ကကြည့်ကြည့် မိမိတို့အတွက် သင့်လျော်ခြင်းမရှိကြောင်းဖြင့် မိမိ မမြင်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com

စစ်တလင်းကို ရွှတ်ချရေးသား၍ အစီရင်ခံလိုက်လေသည်။

ရှရှား စစ်ဦးစီးဌာနချုပ်၌ ဤသို့ တစ်ယောက်ကို တစ်ယောက် အကောက်ကြဲလျက်ရှိချိန်၊ စစ်မျက်နှာ ရွေးချယ်ရေးနှင့် စပ်လျဉ်း၍ တစ်ယောက်တစ်ပေါက် ငြင်းခုံလျက်ရှိချိန်၊ ပြင်သစ်တို့၏အခြေအနေကို ကောင်းစွာမသိသေးဘဲ ၎င်းတို့ကိုခံတိုက်ရန် စိတ်ကူးလျက်ရှိချိန်၌ ပြင်သစ်စစ်တပ်ကြီးသည် ဘွားခနဲပေါ်လာကာ နီဗာရွှန်စကီ၏ တပ်မကြီးကို သုတ်သင်ရှင်းလင်းလိုက်ပြီးနောက် စမိုးလင့်မြို့ရိုးသို့ ရောက်လာခဲ့ကြလေသည်။

ရှရှားတပ်များ၏ ထောက်ပံ့ရေးလမ်းကြောင်းများကို ကာကွယ်ရန်မှာ စမိုးလင့်တွင် ဖြစ်သလိုခုခံတိုက်ရန်မှ တစ်ပါး အခြားလမ်းမရှိတော့ချေ။ ဤသို့ဖြင့် စမိုးလင့်နယ်တွင် ရှရှားနှင့် ပြင်သစ်တို့ ပထမဆုံးအကြိမ် တိုက်ပွဲဖြစ်ပွားခဲ့ကြရာ နှစ်ဖက်စလုံးမှ ထောင်ပေါင်းများစွာ ကျဆုံးခဲ့ကြရလေသည်။

ရှရှားဘုရင် ဧကရာဇ်နှင့် ရှရှားပြည်သူများသည် စမိုးလင့်နယ်ကို ရန်သူလက်သို့ မကျစေလိုကြသော်လည်း ရှရှားတပ်မတော်သည် စမိုးလင့်နယ်ကို စွန့်ခွာခဲ့ရ၏။ သို့ရာတွင် စမိုးလင့်မြို့ဝန်၏ လွဲမှားသော ခေါင်းဆောင်မှုကြောင့် စမိုးလင့်မြို့သူမြို့သားတို့သည် ၎င်းတို့၏မြို့ကြီးကို မီးရို့ဖျက်ဆီးခဲ့ကြသည်။ ဤသို့ဖြင့် ဖရိဖရဲဖြစ်ကာ ထိန်းမနိုင် သိမ်းမရဖြစ်လျက်ရှိသော စမိုးလင့် မြို့သူမြို့သားတို့သည် မိမိတို့၏ဆုံးရှုံးခြင်းအတွက် နာကြည်းသောစိတ်၊ ရန်သူကို ခါးခါးသီးသီး မုန်းတီးသောစိတ်တို့ဖြင့် မော်စကိုသို့ ထွက်ပြေးလာခဲ့ကြသည်။ မြို့ဝန်၏ လွဲမှားသော ခေါင်းဆောင်မှုကြောင့် မိမိတို့၏ပစ္စည်းများကို မီးတင်ရို့ခဲ့သော စမိုးလင့်မြို့သူမြို့သားတို့၏ မတော်တဆ ဖြစ်ရပ်ကြီးကို အခြားသော ရှရှားပြည်သူတို့ကလည်း အတုယူခဲ့ကြလေသည်။ ဤသို့ဖြင့် နပိုလီယန်သည် ရှေ့သို့ချီတက်လာခဲ့၍ ရှရှားတို့ကလည်း နောက်သို့ဆုတ်ပေးခဲ့ရပြီးသည်၏ နောက်၌ကား နပိုလီယန်သည် မိမိ၏ပျက်စီးခြင်းကို ဖြစ်စေသော နိဂုံးသို့ (မည်သည့်စီမံကိန်းကြောင့်မျှ မဟုတ်ဘဲ) မတော်တဆ ဆိုက်ရောက်လာခဲ့လေသတည်း။

အခန်း ၂

သားတော်မင်းသားကလေး အင်ဒရေ စိတ်ဆိုး၍ ထွက်သွားသည့်နေ့၌ မင်းသားကြီး ဘိုလကွန်စကီသည် မင်းသမီးကလေးမေရီအား စာကြည့်ဆောင်သို့ လာရန် အခေါ်ခိုင်းလိုက်သည်။

"ဘယ့်နယ်လဲ ကျေနပ်ပြီလား၊ခင်ဗျာ။ တော်လဲတော်တဲ့သမီးပဲဗျ၊ သားနဲ့အဖေ ရန်ဖြစ်အောင် လုပ်နိုင်ပေတယ်၊ ခုတော့ မယ်မင်းကြီးမ ကျေနပ်သွားပြီပေါ့၊ ဟုတ်စ၊ ခင်ဗျားစိတ်တိုင်းကျ ဖြစ်သွားပြီပေါ့၊ ဟုတ်စ၊ တယ်တော်၊ အင်း နှိပ်စက်ကြ၊ နှိပ်စက်ကြ၊ ငါသေခါနီးမှ ငါ့ကို စိတ်ဆင်းရဲအောင် နှိပ်စက်ကြ၊ ခုတော့ သေခါနီးကြီး ဒုက္ခတွေ့ပဟဲ့ဆိုပြီး ဝမ်းသာကြသပေါ့လေ၊ ဝမ်းသာကြ၊ ဝမ်းသာကြ"

မင်းသားကြီး ဘိုလကွန်စကီက ဆို၏။

ထို့နောက်၌ မင်းသမီးကလေး မေရီသည် ခမည်းတော်မင်းသားကြီးနှင့် ရက်သတ္တတစ်ပတ်လုံးလုံး မတွေ့ရတော့ချေ။ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီမှာလည်း ကောင်းစွာ မကျန်းမာလှသည့်အတွက် စာကြည့်ဆောင်ထဲတွင်သာ အချိန်ကုန်လေသည်။

ဤသို့ မကျန်းမမာဖြစ်လျက်ရှိသည့် အတောအတွင်း၌ မင်းသားကြီး ဘိုလကွန်စကီသည် မိမိတစ်ဦးတည်းကိုသာမက ပြင်သစ်သူ ဘုရင်းကိုလည်း ဝင်ခွင့်မပေးဘဲထားသည့်အတွက် မင်းသမီးကလေးမေရီမှာ အံ့အားသင့်လျက် ရှိပေသည်။ ကျွန်ယုံတော်ကြီး တိကွန်တစ်ဦးသာလျှင် မင်းသားကြီး ဘိုလကွန်စကီကို ပြုစုစောင့်ရှောက်လျက် ရှိပေသည်။

ရက်သတ္တတစ်ပတ် လွန်မြောက်သည့်နောက်တွင် မင်းသားကြီး ဘိုလကွန်စကီသည် ပြန်လည်ကျန်းမာစပြုလာကာ စာကြည့်ဆောင်အပြင်သို့ ထွက်စပြုလာသည်။ ယခင်ကဲ့သို့ ပြုဖွယ်ရှိသောကိစ္စများကို ပြုမူဆောင်ရွက်ပြန်သည်။ အထူးသဖြင့် အဆောက်အအုံများ ဆောက်လုပ်သည့်ကိစ္စများ၊ ဥယျာဉ်ပန်းမန်များ စိုက်ပျိုးသည့်ကိစ္စများတွင် ကိုယ်တိုင်ဝင်ရောက် စီမံခန့်ခွဲလျက် ရှိလေသည်။ ပြင်သစ်သူ ဘုရင်နှင့်လည်း လုံးဝအဆက်အဆံ မပြုတော့ချေ။ 'ကဲ ဘယ့်နယ်ရှိစ၊ သမီးတော်က ငါ့ကို မကောင်း

www.burmeseclassic.com

www.burmeseclassic.com

ကြဲသပေါ့လေ၊ ငါနဲ့ ပြင်သစ်သူ ဘူရင်းကို မဟုတ်တယုတ် ယိုးစွပ်ပြီး သားတော်အင်ဒရေဆီ သွားကုန်းချောတယ်ပေါ့၊ ငါ့ကို ငါသားတော်နဲ့ ရန်တိုက်သပေါ့၊ ကဲ ခုတော့ ဘယ့်နှယ်ရှိစ၊ လောကကြီးမှာ ငါ ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ ပြင်သစ်သူ ဘူရင်းလဲ မလိုဘူး၊ သမီးတော်လဲ မလိုဘူး' မင်းသားကြီး ဘိုလကွန်စကီ၏ အမူအရာနှင့် လေသံများသည် မင်းသမီးလေးမေရီအား ဤသို့ပြောနေဟန်ရှိ၏။

မင်းသမီးလေးမေရီသည် တူတော်ဘိုးအေချစ်မင်းသားကလေးအား စာသင်ပေးခြင်း၊ ရုရှားဘာသာနှင့် ဂီတသင်ခန်းစာ သင်ကြားပေးခြင်း၊ စာပြဆရာ ဒီဆေးလ်နှင့် စကားပြောခြင်း-စသည်တို့ဖြင့် နေ့တစ်ဝက်ကို ကုန်ဆုံးစေ၏။ ကျန်နေ့တစ်ဝက်ကိုမူ စာဖတ်ခြင်း၊ အထိန်းတော်များနှင့် စကားပြောခြင်း၊ တစ်ခါတစ်ရံ နောက်ဖေးပေါက်မှ တိတ်တိတ်ခိုးဝင်လာသော 'ဖုန်းတောင်းယာစကာ' များနှင့် စကားပြောဆိုခြင်းဖြင့် ကုန်ဆုံးစေသည်။

စစ်နှင့် ပတ်သက်၍ကား မင်းသမီးကလေးမေရီသည် အခြားသောမိန်းမများတွေးတောသကဲ့သို့ပင် တွေးတောခြင်းပြုလေသည်။ မင်းသမီးကလေး မေရီသည် စစ်မြေပြင်သို့ရောက်သော မောင်တော် မင်းသားကလေး အင်ဒရေအတွက် စိုးရိမ်ပူပန်ခြင်း ဖြစ်ရသည်။ တစ်ယောက်နှင့် တစ်ယောက် သတ်ဖြတ်ကြသည်အထိ ဖြစ်သော ထူးဆန်းသည့် ရက်စက်ကြမ်းကြုတ်မှုကြီးကိုလည်း အံ့သြခြင်း၊ ကြောက်ရွံ့ခြင်း ဖြစ်ရသည်။ သို့ရာတွင် ထိုစစ်ပွဲကြီး၏ အရေးကြီးပုံကိုကား မင်းသမီးကလေးမေရီ နားမလည်ချေ။ ယခင်က စစ်ပွဲများကဲ့သို့ပင် သာမန်ကာ လျှံကာမျှသာဟု အောက်မေ့လျက်ရှိလေသည်။ မင်းသမီးကလေးမေရီနှင့် နေ့စဉ်တွေ့ဆုံနေရသော စာပြဆရာ ဒီဆေးလ်သည် စစ်အခြေအနေများနှင့်တကွ ၎င်း၏ယူဆချက်များကို စိတ်အားထက်သန်စွာရှင်းပြလေ့ရှိ၍ မိမိထံသို့ ရောက်လာကြသော 'ဖုန်းတောင်းယာစကာ' များကလည်း ရုရှားပြည်အား အင်တိခရစ် (ဘုန်းတော် ဆန့်ကျင်ရေးသမား) များထင်ရောက်ကျူးကျော်လျက်ရှိကြောင်းဖြင့် ၎င်းတို့၏ အမြင်အရပြောပြကြကာ ဂျူလီ (ယခု ဘိုးရစ်စ်၏ ဇနီး) ကလည်း ၎င်နှင့် စပ်လျဉ်း၍ စာထဲတွင် မကြာခဏထုတ်ဖော် ရေးသားလေ့ရှိ၏။ သို့တိုင်အောင် မင်းသမီးကလေးမေရီမှာ ဆိုင်ခ်၏ အရေးကြီးပုံကို သဘောမပေါက်နိုင်ဘဲဖြစ်လျက် ရှိလေသည်။

'ဒီတစ်ခါတော့ ထိပ်ထားထဲကို ရုရှားလိုပဲ ရေးလိုက်ပါတယ်' ဟု ဂျူလီ၏ စာတွင် ဖော်ပြထား၏။ ရုရှားဘာသာဖြင့် ရေးသားထားခြင်းဖြစ်သော်လည်း စာစီစာကုံးမှာ ပြင်သစ်ဆန်လျက်ရှိသည်။ 'ဘာဖြစ်လို့လဲဆိုတော့ ဂျူလီဟာ ပြင်သစ်ဆိုရင် အားလုံးကို မုန်းတီးစက်ဆုပ်နေလို့ပါပဲ၊ ပြင်သစ်စာနဲ့ စကားကိုလဲ ဂျူလီ မုန်းလှပါပြီ၊ ပြင်သစ်စကားပြောတာကိုတောင် မကြားလိုတော့လောက်အောင်ဖြစ်နေပါပြီ ထိပ်ထား၊ မော်စကိုမှာတော့ ဘုန်းတော်ကြီးသောဘုရား ကြွရောက်တော်မူလာတဲ့အတွက် အားလုံးဝမ်းသာအားရဖြစ်နေကြပါတယ်။

'ခုနေအချိန်မတော့ ဂျူလီရဲ့ သနားစရာ သက်ထားတစ်ယောက်တော့ဖြင့် စစ်မျက်နှာမှာရှိတဲ့ ရေဝေတီထမင်းဆိုင်လေးထဲမှာ ဆင်းရဲဒုက္ခအမျိုးမျိုးကိုခံပြီး နိုင်ငံတော်ကြီးရဲ့အကျိုးကို ထမ်းဆောင်နေရတယ်လို့ သတင်းရပါတယ် အစ်မတော်ထိပ်ထား၊ ဘယ်လိုပဲဖြစ်ဖြစ် ခုလိုသတင်းစကားကြားရတယ်ဆိုရင်ပဲ ဂျူလီတော့ ဝမ်းသာလှပါပြီ။

'ညော် ဒါထက် ဗိုလ်ချုပ်ကြီးရေ့စကီရဲ့ စွမ်းစွမ်းတမံရှိလှတဲ့ စွန့်စားခန်းများကို အစ်မတော်ထိပ်ထား ကြားပြီးပါပြီလား၊ ဗိုလ်ချုပ်ကြီးရေ့စကီဟာ သားနှစ်ယောက် လက်ဝဲ လက်ယာရံပြီး ငါ့သားများနှင့် ငါ အတူအသေခံအံ့၊ ငါတို့သည် ဤမျှသောရန်သူကို မဖြိုလို့ဆိုပြီး ကျည်တွေ မိုးသီးမိုးပေါက်ပမာကျနေတဲ့ တိုက်ပွဲထဲကို ကိုယ်တိုင်ပါဝင်တိုက်ခိုက်တယ်ဆိုပဲ အစ်မတော်ထိပ်ထားရဲ့၊ တကယ်ပါပဲ အစ်မတော်ထိပ်ထား၊ ရန်သူပြင်သစ်များဟာ ဂျူလီတို့စစ်သည်အင်အားထက် နှစ်ဆမျှကြီးမားပေမယ့် ဂျူလီတို့စစ်သည်တပ်သားများကတော့ ရင်မြေကတုတ်လုပ်ပြီး ကာကွယ်ကြပေတာပဲ၊ ဂျူလီတို့ မော်စကိုမှာတော့ အတတ်နိုင်ဆုံး ပျော်ပျော်ရွှင်ရွှင် နေကြပါတယ်၊ ဒါပေမဲ့ စစ်ဖြစ်နေတုန်းဆိုတော့ စစ်ဖြစ်သည့်အလျောက်ပဲ ပျော်နိုင်ကြတာပေါ့လေ၊ ထိပ်ထား ဆိုဖီနဲ့ ထိပ်ထား အယ်လင်တို့လဲ ဂျူလီနဲ့ နေ့တိုင်းတွေ့ကြပါတယ်၊ အသက်ရှင်လျက်ရှိသော လင်ယောကျ်ားများရဲ့ ကဲ့ဆိုးသူ မုဆိုးမတစ်ပိုင်းဖြစ်နေကြရတဲ့ ဂျူလီတို့တစ်သိုက်မှာတော့ဖြင့် ကိုယ့်သက်ထားအကြောင်း ကိုယ်ပြောပြီး စိတ်ကို ဖြေနေကြရတော့တာပဲ၊ ဂျူလီတို့တစ်သိုက် ဆုံမိမှဖြင့် ထိပ်ထား

www.burmeseclassic.com

www.burmeseclassic.com

လေးကို အောက်မေ့လိုက်ပါဘိတော့ ထိပ်ထား‌ရယ်'

မင်းသမီးကလေး မေရီအဖို့ ဤစစ်ကြီး၏ အရေးကြီးပုံကို ကောင်းစွာနားမလည်ခြင်းမှာ ခမည်းတော်မင်းသားကြီးသည် ထိုစစ်ကြီးကို အသိအမှတ်လည်း မပြု၊ ထိုစစ်ကြီးအကြောင်းကို စကားထဲတွင် ထည့်၍လည်း ပြောဆိုခြင်းမရှိ။ တစ်ခါတစ်ရံ စာပြဆရာ ဒီဆေးလ်က ပြောဆိုသည့်အခါ၌လည်း ရယ်မောလှောင်ပြောင်တတ်သောကြောင့် ဖြစ်ပေသည်။ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီ၏ လေသံမှာ အေးအေးဆေးဆေး ရှိရုံမျှမက အရေးမကြီးဟန်ပါလှသဖြင့် မင်းသမီးကလေး မေရီသည် ခမည်းတော်ကြီး၏ စကားကို ယုံကြည်လျက် ရှိလေသည်။

ဇူလိုင်လတစ်လလုံး မင်းသားကြီးဘိုလကွန်စကီမှာ အလုပ်နှင့် လက်မပြတ်အောင်ရှိကာ အထူးတလည် ရွှင်လန်းလျက်ရှိလေသည်။ မင်းသားကြီး ဘိုလကွန်စကီသည် ဥယျာဉ်သစ်တစ်ခုစိုက်ပျိုးရန် စီစဉ်လျက်ရှိရင်း တစ်ဖက်ကလည်း စံအိမ်တော်အမှုထမ်းများ၊ အစေတော်များအတွက် အဆောက်အအုံသစ်များ ဆောက်လုပ်လျက်ရှိ၏။ ဤတွင် မင်းသမီးကလေးမေရီ၌ ခမည်းတော်ကြီးအတွက် စိုးရိမ်လျက်ရှိသော အချက်တစ်ချက် ရှိသည်။ ယင်းမှာ မင်းသားကြီး ဘိုလကွန်စကီသည် တစ်နေ့တခြား အအိပ် အနေ နည်းပါးလာကာ ခါတိုင်းကဲ့သို့ စာကြည့်ဆောင်ထဲတွင် မအိပ်ဘဲ နေ့တိုင်း အိပ်ရာနေရာပြောင်းလျက် ရှိခြင်းပင် ဖြစ်လေသည်။ ယနေ့ မှန်ခန်းဆောင်ထဲတွင် အိပ်စင်ထုတ်၍ အိပ်ပြီး နောက်တစ်နေ့ဆိုလျှင် အဝတ်အစားပင် မလဲတော့ဘဲ ည့ဉ်ခန်းဆောင်ထဲရှိ ပက်လက်ထိုင်ဖုံတွင်သော် လည်းကောင်း၊ အပန်းဖြေဖုံပေါ်တွင်လည်းကောင်း အိပ်လေ့ရှိ၏။ ယခင်က မအိပ်မီတွင် ပြင်သစ်သူ ဘူရင်းအား စာဖတ်ခိုင်းလေ့ ရှိသော်လည်း ယခုမူ အစေတော်သူငယ်တစ်ယောက်ကို ဖတ်စေသည်။ နောက်တစ်နေ့ညတွင် ထမင်းစားခန်းဆောင်ထဲသို့ ပြောင်း၍ အိပ်ပြန်သည်။ ဤသို့ဖြင့် မင်းသားကြီး ဘိုလကွန်စကီသည် အအိပ်အနေနည်းပါးလာကာ အိပ်ပြန်လျှင်လည်း တစ်နေရာတွင် စွဲစွဲမြဲမြဲ မအိပ်တော့ဘဲ ညတိုင်း နေရာပြောင်းလျက် ရှိလေသည်။

ဩဂုတ်လ ၁–ရက်နေ့တွင် မင်းသားကလေး အင်ဒရေထံမှ စာတစ်စောင် ရောက်လာလေသည်။ မင်းသားကလေးအင်ဒရေသည် ခမည်းတော်ကြီးနှင့် စကားများ၍ ထွက်သွားပြီးနောက် မကြာမီပင် ပထမစာတစ်စောင်ကို ရေးသားပေးပို့လိုက်ရာ ထိုစာထဲတွင် မိမိ၏ပြောမှားဆိုမှား ဖြစ်ခဲ့မိခြင်းများအတွက် ခွင့်လွှတ်ပါရန်၊ မိမိအားယခင်ကကဲ့သို့ ချစ်ခင်မြဲ ချစ်ခင်ပါရန် ခမည်းတော်ကြီးအား တောင်းပန်ထား၏။ မင်းသားကြီး ဘိုလကွန်စကီသည် ထိုစာကို ဖတ်ပြီးနောက် သားတော် မင်းသားကလေးအင်ဒရေထံသို့ ကြည်ကြည်သာသာပင် စာပြန်ရေးခဲ့၏။ ထိုစာကို ရသည့်နောက်တွင် မင်းသားကြီး ဘိုလကွန်စကီသည် ပြင်သစ်သူ ဘူရင်းကိုလည်း အရောမဝင်တော့ချေ။ မင်းသားကလေး အင်ဒရေ၏ ဒုတိယစာမှာ ဗီတက်မြို့ကို ပြင်သစ်တို့ ဝင်ရောက်သိမ်းပိုက်ပြီး မကြာမီ ထိုမြို့အနီး၌ရှိ တပ်စခန်းတစ်ခုမှ ပေးပို့လိုက်သောစာ ဖြစ်လေသည်။ ထိုစာထဲ၌ စစ်မျက်နှာအခြေအနေနှင့် တကွ ၎င်းကိုယ်တိုင် ရေးဆွဲထားသည့် စစ်ဆင်မှုစီမံကိန်းတစ်ခုကိုပါ ဖော်ပြထားကာ စစ်ပွဲ၏ ရှေ့အလားအလာများကိုလည်း တွက်ချက်ပြထားသည်။ ယခုအချိန်၌ ခမည်းတော်ကြီးနေထိုင်ရာ 'တောင်ကတုံး' ဒေသမှာ စစ်တလင်းနှင့် များစွာနီးကပ်ကာ စစ်လမ်းကျလျက်ရှိကြောင်း၊ ထိုဒေသတွင် ဆက်လက်နေထိုင်ခြင်းမှာ အန္တရာယ်များလှကြောင်း၊ ထို့ကြောင့် မော်စကိုသို့ ပြောင်းရွှေ့စေလိုကြောင်းဖြင့်လည်း ထိုဒုတိယစာထဲတွင် ဖော်ပြထားလေသည်။

ထိုနေ့ညစာစားပွဲ၌ စာပြဆရာ ဒီဆေးလ်က ပြင်သစ်တို့ ဗီတက်မြို့ကို သိမ်းပိုက်လိုက်ကြောင်း စကားစပ်မိ၍ ပြောကြသည့်အခါ၌ မင်းသားကြီး ဘိုလကွန်စကီသည် သားတော် မင်းသားကလေးအင်ဒရေ၏စာကို အမှတ်ရလာသည်။

"ဒီနေ့ အင်ဒရေ့ဆီက စာတစ်စောင် ရတယ်၊ သမီးတော် ဖတ်ပြီးပလား" မင်းသားကြီး ဘိုလကွန်စကီက သမီးတော် မင်းသမီးကလေး မေရီကို မေးလိုက်၏။

"မဖတ်ရသေးပါဘူး ဖေဖျား" မင်းသမီးကလေး မေရီက ခပ်ကြောက်ကြောက်ဖြင့် ပြန်ပြောလိုက်လေသည်။

စာရောက်သည်ကိုမှ မသိသေးရကား အဘယ်မှာလျှင် ထိုစာကို ဖတ်ရဦးမည်နည်း။

"အင်ဒရေ့စာထဲမှာ စစ်သတင်းတွေ ပါလာတယ်" မင်းသားကြီး ဘိုလကွန်စကီက လက်ရှိစပ္ပဲအကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com

ပြောတိုင်း လှောင်ပြောင်သည့်အပြုံးဖြင့် ပြောတတ်သည့်အတွက် ယခုလည်း ခပ်လှောင်လှောင်ပြောလိုက်သည်။

"တော်တော် စိတ်ဝင်စားစရာ ကောင်းမှာပဲနော် ကိုယ်တော်ကြီး၊ မင်းသားကလေး အင်ဒရေကတော့ စစ်ရေးစစ်ရာကို ခရေစေ့တွင်းကျ သိနိုင်နေတော့" စာပြဆရာဒီဆေးလ်က ပြောလိုက်သည်။

"ဟုတ်တယ် သိပ်စိတ်ဝင်စားစရာကောင်းတာပဲ" ပြင်သစ်သူ ဘူရင်းက ဝင်ပြောလိုက်သည်။

"သွား အဲဒီစာကို ယူခဲ့စမ်း" မင်းသားကြီး ဘိုလကွန်စကီက ပြော၏။ "စားပွဲပေါ်က စာရွက်ဖိတဲ့ ဖန်တုံးကလေးအောက်မှာ ရှိတယ်"

ပြင်သစ်သူ ဘူရင်းသည် စိတ်အားထက်သန်သော အမူအရာဖြင့် ထသွားလေသည်။

"ဟေ့ နင့်ကိုခိုင်းတာ မဟုတ်ဘူး၊ အိုင်ဗင်နိုဗစ်ချ်ကို အယူခိုင်းတာ၊ သွားယူချေစမ်း" မင်းသားကြီး ဘိုလကွန်စကီက မျက်မှောင်ကုတ်၍ ပြောလိုက်သည်။

စာကြည့်ဆောင်ဘက်သို့ ဗိသုကာ အိုင်ဗင်နိုဗစ်ချ် ထွက်သွားသည်။ သို့ရာတွင် ဗိသုကာထွက်သွားသည်နှင့် တစ်ပြိုင်နက် မင်းသားကြီး ဘိုလကွန်စကီသည် မကျေချမ်းဟန်ဖြင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်ပြီးနောက် ပေါင်ပေါ်၌ ဖြန့်ခင်းထားသော လက်သုတ်ပဝါကို လွှတ်ချလိုက်ကာ ကိုယ်တိုင်ယူရန် ထသွားပြန်သည်။

"သင်းတို့ ခိုင်းရရင် ဘာမှ သောက်ပေါက်မတည့်ဘူး" ဟုလည်း ပါးစပ်က ရေရွတ်လိုက်သေးသည်။

မင်းသားကြီး ဘိုလကွန်စကီ ထသွားသောအခါ၌ မင်းသမီးကလေး မေရီ၊ စာပြဆရာ ဒီဆေးလ်၊ ပြင်သစ်သူ ဘူရင်းနှင့် တကွ ဘိုးအေချစ်မင်းသားကလေးတို့သည် တစ်ဦးကို တစ်ဦး တိတ်ဆိတ်စွာကြည့်နေမိကြသည်။ ခဏကြာလျှင် ခြေသံတဒိုင်းဒိုင်းပေးကာ မင်းသားကြီး ဘိုလကွန်စကီ ပြန်လာလေသည်။ လက်ထဲတွင် စာနှင့် စင်ဆင်မှုစီမံကိန်းစာရွက်ကို ကိုင်လာသည်။ ဗိသုကာကြီးသည် နောက်မှ ခပ်ကုပ်ကုပ်လိုက်ပါလာ၏။ ထို့နောက် မင်းသားကြီး ဘိုလကွန်စကီသည် ညစာစားချိန်ဖြစ်သဖြင့် မည်သူ့ကိုမျှ ဖတ်ခွင့်မပေးသေးဘဲ ၎င်း၏အနီးတွင် စာရွက်များကို ချထားလိုက်လေသည်။

ညစာစားပြီး၍ ဧည့်ခန်းဆောင်ဘက်သို့ ကူးလာခဲ့ကြသည့်အခါတွင်မှ မင်းသားကြီး ဘိုလကွန်စကီသည် မင်းသားကလေး အင်ဒရေ၏စာကို မင်းသမီးကလေး မေရီထံ လှမ်းပေးကာ အသံထွက်ဖတ်စေသည်။ ၎င်းကိုယ်တိုင် မှာကား ဆောက်လုပ်ဆဲ အဆောက်အဦသစ်ပုံစံများကို ဖြန့်၍ကြည့်လျက်ရှိ၏။ မင်းသမီးကလေး မေရီသည် စာကိုဖတ်ပြီးနောက် ခမည်းတော်ကြီးကို မရဲတရဲကြည့်လိုက်သည်။ မင်းသားကြီး ဘိုလကွန်စကီသည် အဆောက်အအုံပုံစံများကို ကြည့်မြဲကြည့်လျက်ရှိ၏။

"ဘယ်လိုသဘောရပါသလဲ ကိုယ်တော်ကြီး" ဒီဆေးလ်ကအရဲစွန့်၍ မေးလိုက်သည်။

"ဟင်" မင်းသားကြီး ဘိုလကွန်စကီသည် လန့်သွားသကဲ့သို့ တစ်ခွန်းမျှသာပြောပြီး အဆောက်အအုံပုံစံကို ကြည့်မြဲကြည့်နေပြန်သည်။

"စစ်တလင်းကတော့ ကျွန်တော်တို့အနား တဖြည်းဖြည်း ရောက်လာတော့မယ်ထင်တယ်၊ ဒီတော့"

"ဟား ဟား စစ်တလင်းတဲ့၊ ဘာစစ်တလင်းလဲ၊ ဘယ်က စစ်တလင်းလဲ" မင်းသားကြီး ဘိုလကွန်စကီက ပြောလိုက်၏။ "စစ်တလင်းဟာ ဒီမှာ မဟုတ်ဘူး၊ ရုရှားပြည်မှာ မရှိဘူး၊ စစ်တလင်းက ပိုလန်ပြည်မှာ ရှိတယ်၊ ဒီစကားကို ကျုပ် အရင်တုန်းကလဲ ပြောခဲ့ဖူးတယ်၊ ခုလဲ ပြောတယ်၊ ဒီပြင်သစ်ကောင်တွေဟာ နီမင်မြစ်ရဲ့ ဒီဘက်ကမ်းကို ဘယ်တော့မှ မရောက်ဘူး၊ မသေမချင်း မှတ်ထား"

စာပြဆရာ ဒီဆေးလ်သည် မင်းသားကြီး ဘိုလကွန်စကီကို တအံ့တသြငေးကြည့်နေ၏။ စင်စစ်၌ကား ရန်သူပြင်သစ်တို့သည် ရုရှားပြည်ထဲသို့ မိုင်ပေါင်းများစွာ တိုးဝင်လာခဲ့ကာ ဒနီးပါးမြစ်ကမ်းသို့ပင် ရောက်လာခဲ့ကြလေပြီ။ သို့စင်လျက် မင်းသားကြီး ဘိုလကွန်စကီကား ရုရှားနယ်စပ်ရှိ နီမင်မြစ်ကမ်းသို့ပင် ပြင်သစ်တို့မရောက်နိုင်ဟု ပြောဆိုလျက်ရှိ၏။ မင်းသမီးကလေး မေရီမှာမူ နီမင်မြစ်၏ပထဝီအနေအထားကို ကောင်းကောင်းမမှတ်မိတော့သည့်အတွက် ခမည်းတော်ကြီး၏စကားကို အဟုတ်ထင်နေဆဲဖြစ်သည်။

"ဆောင်းကုန်လို့ ရေခဲတွေ အရည်ပျော်ချိန် ရောက်ရင် ခွေးသားပြင်သစ်ကောင်တွေ ပိုလန်ပြည်က ညှဉ်တောဗွက်တောတွေမှာ အကုန်နစ်ပြီး သေကုန်မှာကိုတော့ သင်းတို့ မမြင်ကြဘူး" မင်းသားကြီး ဘိုလကွန်စကီသည်

www.burmeseclassic.com

www.burmeseclassic.com

၁၈၀၇-ခုနှစ် စစ်ပွဲဟု ထင်မှတ်ကာ အလွဲလွဲအမှားမှား ပြောဆိုလျက် ရှိလေသည်။ ၎င်းစိတ်၌ ၁၈၀၇-ခု စစ်ပွဲနှင့် ရောထွေးလျက်ရှိသည်။

"ဘင်နစ်ဆန် ဆိုတဲ့ကောင်က သြစတြီးယားကို စောစောစီးစီးမှ မဝင်ဘဲကိုး၊ သြစတြီးယားထဲ စောစောစီးစီးဝင်မိရင် ခွေးသားပြင်သစ်ကောင်တွေ အနားတောင် မသိနိုင်ဘူး"

"ကိုယ်တော်လေးစာထဲမှာက ဗိတက်မြို့ကိုတောင် သိမ်းပြီးပြီလို့" စာပြဆရာ ဒီဆေးလ်က ကြောက်ကြောက် ရွံ့ရွံ့ ဝင်ပြောလိုက်၏။

"ဟင် အင်ဒရေ့ဆီက စာထဲမှာလား၊ အိမ်း ဟုတ်ပေသားပဲ၊ ဟုတ်တယ် ဟုတ်တယ်" မင်းသားကြီး ဘိုလကွန်စကီသည် ထိုအခါကျမှ သတိရလာသည်။ အတန်ကြာ တိတ်ဆိတ်နေပြီးနောက်

"ဟုတ်တယ် သတိများကလဲ တယ်မေ့သကိုး၊ စာထဲမှာက ဘာတဲ့၊ ပြင်သစ်တွေကို ချေမှုန်းလိုက်ပြီဆို၊ ဘယ်မြစ်နားမှာဆိုလား"

ဒီဆေးလ်သည် မျက်လွှာကို ချလိုက်၏။

"စာထဲမှာ ဒီလိုမပါဘူး ကိုယ်တော်ကြီး"

"ဗျာ စာထဲမှာ မပါရင် ကျုပ်က လုပ်ကြံပြောတယ်လို့ ဆိုချင်သေးသလား"

မည်သူမျှ ပြန်လှန်မပြောရဲကြသဖြင့် အတန်ကြာ တိတ်ဆိတ်နေကြသည်။

"အိုင်ဗင်နိုဗစ်ချ်" မင်းသားကြီး ဘိုလကွန်စကီက ဗိသုကာကြီးဘက်သို့ လှည့်လိုက်ပြီးနောက် အဆောက်အအုံပုံစံကို ထောက်ပြကာ "မင်း ဒီနေရာကို ဘယ်လို ပြင်ဆောက်မယ်လို့ စိတ်ကူးထားသလဲ ပြောပြစမ်း"

အိုင်ဗင်နိုဗစ်ချ်သည် အဆောက်အအုံပုံစံ စာရွက်နှားသို့ ကပ်သွား၏။ မင်းသားကြီး ဘိုလကွန်စကီသည် အဆောက်အအုံသစ်များအကြောင်းကို ဗိသုကာနှင့် ပြောဆိုတိုင်ပင်ပြီးနောက် ဒီဆေးလ်နှင့် သမီးတော် မင်းသမီးကလေး မေရီကို စိတ်ဆိုးမာန်ဆိုးဖြင့်ကြည့်ကာ ၎င်း၏ အခန်းဆောင်သို့ ဝင်သွားလေသည်။

ဒီဆေးလ်က ခမည်းတော်ကြီးအား ရှက်ကြောက်အံ့သြသောအမူအရာဖြင့် ကြည့်လျက်ရှိခြင်းကို မင်းသမီးကလေး မေရီ မြင်လိုက်၏။ ဒီဆေးလ်၏ တိတ်ဆိတ်လျက်ရှိခြင်းကိုလည်း သတိထားလိုက်မိ၏။ သားတော် အင်ဒရေ၏စာကို ခမည်းတော် မေ့၍ထားခဲ့ခြင်းကိုလည်း အံ့သြလျက်ရှိ၏။ သို့ရာတွင် မင်းသမီးကလေးမေရီသည် ထိုစာအကြောင်းကို စကားလည်း မစပဲ့၊ ဒီဆေးလ်အား အဘယ်ကြောင့် တုဏှိဘာဝေပြုနေရခြင်း အကြောင်းကိုလည်း မမေးဝံ့ဘဲ ငိုင်လျက်ရှိလေသည်။

ညနေပိုင်း၌ ဗိသုကာအိုင်ဗင်နိုဗစ်ချ်သည် မင်းသားကြီး ဘိုလကွန်စကီ၏ စေခိုင်းချက်အရ မင်းသမီးကလေး မေရီထံသို့ရောက်လာကာ နေ့လယ်က မေ့ကျန်ရစ်ခဲ့သော မင်းသားကလေး အင်ဒရေ၏စာကို လာရောက် တောင်းယူလေသည်။ မင်းသမီးကလေးမေရီသည် မင်းသားကလေး အင်ဒရေ၏စာကို အိုင်ဗင်နိုဗစ်ချ်၏ လက်ထဲသို့ ထည့်လိုက်ပြီးနောက် စိတ်တထင့်ထင့်နှင့်ပင် ခမည်းတော်ကြီး၏အကြောင်းကို မေးမြန်းစုံစမ်းရပြန်သည်။

"ထုံးစံအတိုင်းပေါ့ ထိပ်ထားရယ်၊ တကုတ်ကုတ် အလုပ်များနေတာပေါ့" အိုင်ဗင်နိုဗစ်ချ်က ခပ်လှောင်လှောင်ပြုံး၍ ပြောလိုက်သဖြင့် မင်းသမီးကလေး မေရီမှာ မျက်နှာပျက်သွားသည်။ "ကိုယ်တော်ကြီးက အဆောက်အအုံသစ်တွေကိုချည်းပဲ စဉ်းစားနေတယ်၊ စောစောတုန်းကတော့ စာဖတ်နေတာပဲ၊ ဒါပေမဲ့ ခုတော့"

အိုင်ဗင်နိုဗစ်ချ်သည် လေသံကို တိုးလိုက်သည်။

"ခုတော့ စားပွဲမှာထိုင်ပြီး စာရေးနေတယ်၊ ကျွန်တော့်အထင်တော့ သေတမ်းစာရေးနေတယ် ထင်တာပဲ" (မင်းသားကြီး ဘိုလကွန်စကီသည် ယခုတလာ၌ မိမိကွယ်လွန်ပြီးနောက် ထားခဲ့ရန်အတွက် 'သေတမ်းစာ' ဟု ၎င်းဘာသာ အမည်ပေးထားသောစာများ ရေးသားရခြင်းကို များစွာ နှစ်ခြိုက်လျက် ရှိသည်။)

"အယ်ပါတစ်ကို စမိုးလင့်နယ်ဘက် လွှတ်ပြီးပလား" မင်းသမီးကလေး မေရီက မေးလိုက်၏။

"မှန်ပါ သွားဖို့ အဆင်သင့်ဖြစ်နေပါပြီ၊ ဒါပေမဲ့ ကိုယ်တော်ကြီးထဲက ဘာမှ အမိန့်မရသေးလို့ မသွားရသေးပါဘူး ထိပ်ထား"

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃

မင်းသားကလေး အင်ဒရေ၏စကို ယူ၍ စကြည့်ဆောင်သို့ ဗိသုကာကြီး အိုင်ဗင်နိုဗစ်ချ် ပြန်လာသောအခါ၌ မင်းသားကြီး ဘိုလီကွန်စကီသည် မျက်မှန်ကိုတပ်လျက် အလင်းကာ လကြေးပြားကို ခေါင်းတွင် စွပ်ထားရင်း စလောင်းအုပ်ဖယောင်းတိုင်များ ထွန်းညှိထားသည့် စားပွဲတွင် ထိုင်လျက် ရှိ၏။ စာရွက်တစ်ရွက်ကို လက်တွင် ဆန့်တန်း၍ ကိုင်ထားကာ မိမိကွယ်လွန်ပြီးနောက် ဘုရင်ဧကရာဇ်ထံ ဆက်သရန်ဖြစ်သည့် စာလွှာ (၎င်းကို မင်းသားကြီးက 'မှတ်စုမှတ်တမ်း' များဟု ခေါ်သည်။) ကို လေယူလေသိမ်းဖြင့် ဌာနကရိဏ်းကျကျ ဖတ်လျက်ရှိ၏။

မင်းသားကြီး ဘိုလကွန်စကီသည် ဤစာလွှာကို ရေးပြီးသည့်အချိန်ကို စိတ်ကူးဖြင့် မျှော်မှန်းကာ မျက်ရည်တွေလည်လာသည်အထိ ကြည်နူးလျက်ရှိလေရာ အိုင်ဗင်နိုဗစ်ချ်ပြန်ရောက်လာသည်အထိ မျက်ရည်များဝဲလျက်ရှိဆဲပင်ဖြစ်၏။ မင်းသားကြီး ဘိုလကွန်စကီသည် အိုင်ဗင်နိုဗစ်ချ်၏ လက်ထဲမှာစာကိုယူ၍ အိတ်ကပ်ထဲသို့ ထည့်လိုက်ပြီး ၎င်း၏ စာရွက်စာတမ်းများကို ခေါက်၍ သိမ်းဆည်းကာ အချိန်အတော်ကြာကပင် စောင့်ဆိုင်းလျက်ရှိသည့် အယ်ပါတစ်ကို ခေါ်လိုက်၏။

မင်းသားကြီး ဘိုလကွန်စကီသည် စမိုးလင့်၌ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူရန်ရှိသည့်အတွက် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း တဲခါးဝအနီးတွင်ရပ်နေသော အယ်ပါတစ်ကို ညွှန်ကြားချက်များ ပေးလျက်ရှိသည်။

"ပထမစာရေးစက္ကူ ဝယ်ရမယ်၊ ကြေးရဲ့လား၊ စာရေးစက္ကူရွက်ထုတ်၊ ဒီအမျိုးအစားထဲက ဝယ်ခဲ့ရမယ်၊ အနှာမှာ ရွှေမင်သုတ်ထားတဲ့ စာရွက်မျိုး၊ ဒီနမူနာအတိုင်း ဖြစ်ပစေနော်၊ အရောင်တင်ဆေးရယ်၊ တံဆိပ်နှိပ်ဖို့ ချိပ်ဆောင့်ရယ်၊ နောက် အိုင်ဗင်နိုဗစ်ချ်ပေးထားတဲ့ စာရင်းထဲက ပစ္စည်းတွေရယ်"

မင်းသားကြီး ဘိုလကွန်စကီသည် အချိန်အတန်ကြာမျှ ခေါက်တုံ့ခေါက်ပြန်လျှောက်နေပြီးနောက် မှတ်ထားသည့်စာရင်းစာရွက်ကို ငုံ့ကြည့်လိုက်၏။

"ပြီးတော့ စာချုပ်ကိစ္စနှင့် ပတ်သက်လို့ စမိုးလင့်မြို့ဝန်ဆီကို စာတစ်စောင် ပေးလိုက်မယ်၊ အဲဒီစာကိုလဲ မင်းကိုယ်တိုင် သွားပေးရမယ်"

ထို့နောက် အဆောက်အအုံသစ်များအတွက် တဲခါးမင်းတုပ်များမှာရန် ကျန်နေသေးသည်။ ထိုတဲခါး မင်းတုပ်များမှာ မင်းသားကြီး ဘိုလကွန်စကီကိုယ်တိုင် ပုံစံဆွဲထားသော တဲခါးမင်းတုပ်များဖြစ်သည်။ ထို့ပြင် 'သေတမ်းစာ' ထည့်ရန်အတွက် သားရေဖြင့် ချုပ်ထားသော သေတ္တာကလေးတစ်လုံးလည်း လိုချင်သေးသည်။

မင်းသားကြီး ဘိုလကွန်စကီသည် ဤသို့အယ်ပါတစ်အား ဝယ်ရမည့်ပစ္စည်းစာရင်းနှင့် တကွ ပစ္စည်းအမျိုးအမည်များကို ပြောပြနေသည်မှာ နှစ်နာရီနီးပါး ကြာပြီဖြစ်သော်လည်း သွားခွင့်မပြုသေးချေ။ ထိုင်ဖုံတွင် ထိုင်ချကာ မျက်လုံးများကိုမှိတ်၍ စဉ်းစားလျက်ရှိရာမှ အိပ်ငိုက်နေပြန်သည်။ အယ်ပါတစ်က အသံပြုလိုက်၏။

"ဟင် အေး သွားတော့၊ ဝယ်ရမယ့်ပစ္စည်းနောက်ထပ်စဉ်းစားလို့ရရင် ငါ အခေါ်ခိုင်းလိုက်မယ်"

အယ်ပါတစ်သည် စာကြည့်ဆောင်မှ ထွက်သွား၏။ မင်းသားကြီး ဘိုလကွန်စကီသည် ဗီရိုစားပွဲကလေးနားသို့ ထသွားပြန်ကာ စာရွက်များကိုစမ်း၍ ရှာဖွေပြီးနောက် ဗီရိုကို ပြန်ပိတ်လိုက်ပြန်သည်။ ထို့နောက် စမိုးလင့်မြို့ဝန်ထံ စာရေးရန်အတွက် စားပွဲတွင် ထိုင်လိုက်၏။

စမိုးလင့်မြို့ဝန်ထံ ပေးမည့်စာကို ချိပ်ပိတ်ပြီးသည့်အချိန်၌ အတော်ညဉ့်နက်ခဲ့လေပြီ။ မင်းသားကြီး ဘိုလကွန်စကီသည် အိပ်ချင်စပြုလာ၏။ သို့သော်လည်း အိပ်၍ပျော်နိုင်ဦးမည် မဟုတ်သေးချေ။ စိတ်ညစ်ညူးဖွယ်ကောင်းလှသောအတွေးများသည် ခေါင်းထဲသို့ ဝင်ရောက်လာကြဦးမည်ဖြစ်ကြောင်း သိပြီးဖြစ်လေသည်။ ထို့ကြောင့် မင်းသားကြီး ဘိုလကွန်စကီသည် ကျွန်ယုံတော်ကြီးတီကွန်ကိုခေါ်ကာ ထိုနေ့ညအဖို့ မိမိ၏အိပ်ရာ မည်သည့်နေရာတွင် ပြင်ဆင်ရမည်ကို ကြည့်ရှုရန်အတွက် အခန်းဧည့်လျှောက် သွားနေပြန်သည်။

မင်းသားကြီး ဘိုလကွန်စကီသည် အခန်းဧ ကို လိုက်လံကြည့်ရှု၏။ သို့ရာတွင် မည်သည့်နေရာမျှ စိတ်ကြိုက်မတွေ့ချေ။ အဆိုးဆုံးကား စာကြည့်ဆောင်ထဲရှိ အိပ်နေကျ အပန်းဖြေထိုင်ဖုံကြီးဖြစ်သည်။ မင်းသားကြီး ဘိုလကွန်စကီ၏ စိတ်၌ ထိုထိုင်ဖုံကြီးသည် ကြောက်

www.burmeseclassic.com

www.burmeseclassic.com

စရာကောင်းသည်ဟု ထင်၏။ ထိုထိုင်ဖုံကြီးပေါ်သို့ လှဲလိုက်သည်နှင့် တစ်ပြိုင်နက် စိတ်ညစ်ညူးစရာအတွေးများပေါ်လာတတ်သောကြောင့်ပင် ဖြစ်တန်ရာသည်။ သို့ဖြင့် မင်းသားကြီး ဘိုလက္ခန်စကီအဖို့၌ ဤမျှကျယ်ဝန်းသောစံအိမ်ကြီးထဲတွင် အိပ်စရာနေရာကို စိတ်ကြိုက်ရာဖွေမတွေ့နိုင်အောင်ဖြစ်လျက် ရှိသည်။ နောက်ဆုံး၌ ဧည့်ခန်းဆောင်ထဲရှိ စန္ဒရားကြီးနောက်က ခြောင်ကလေးတစ်ခြောင်းကို သွားတွေ့လေသည်။ ထိုနေရာမှာ အခြားနေရာများနှင့် စာလျှင် ကောင်းသည်ဟုတွေးကာ ထိုနေရာကို ရွေးချယ်လိုက်သည်။ ထိုနေရာတွင် တစ်ခါမျှ မအိပ်ဖူးသေးချေ။

တီကွန်သည် အစေခံတစ်ယောက်၏ အကူအညီဖြင့် မင်းသားကြီး ဘိုလက္ခန်စကီ၏ခုတင်ကို မလာပြီးနေရာတကျ စီစဉ်လျက် ရှိ၏။

"ဒီလိုမဟုတ်ပါဘူးကွ၊ အိပ်ရာကို ဒီလိုမခင်းစမ်းပါနဲ့" မင်းသားကြီး ဘိုလက္ခန်စကီသည် အော်ငေါက်ကာ ၎င်းကိုယ်တိုင် ခုတင်ကို အခန်းထောင့်နှင့် ခပ်ကွာကွာသို့ ဆွဲရွှေ့လိုက်သည်။ နောက်တစ်ဖန် ပြန်ကပ်လိုက်ပြန်သည်။

"အင်း ဘာဖြစ်ဖြစ် ငါကိုယ်တိုင်လုပ်မှပဲ ပြီးတော့တယ်၊ ကဲ အိပ်မယ် အိပ်မယ်၊ ကောင်းကောင်းအိပ်မယ်' မင်းသားကြီး ဘိုလက္ခန်စကီသည် ဤသို့တွေးကာ မိမိကိုယ်ပေါ်မှ အဝတ်အစားများကို တီကွန်အား ချွတ်စေသည်။

မင်းသားကြီး ဘိုလက္ခန်စကီသည် ဧရာဖိစီးလာပြီဖြစ်သည့်အလျောက် အဝတ်အစားချွတ်ရာ၌ ကိုယ်လက်ပင်ပန်းခြင်းဖြစ်ရမည့်အရေးကို တွေးမိကာ မျက်မှောင်ကုတ်လိုက်မိသည်။ တီကွန်က အဝတ်အစားများကို ချွတ်ပေးပြီးသည့်နောက်၌လည်း မင်းသားကြီး ဘိုလက္ခန်စကီသည် အိပ်ရာပေါ်သို့ ပင်ပန်းကြီးစွာ ထိုင်ချလိုက်ကာ ရှဉ့်ပိန်ဝါကျင့်လျက်ရှိသော ခြေထောက်များကိုကြည့်ရင်း တစ်စုံတစ်ရာကို တွေးတောနေဟန် ရှိလေသည်။ အမှန်အားဖြင့် မင်းသားကြီး ဘိုလက္ခန်စကီသည် မည်သည့်အရာကိုမျှ တွေးတောနေခြင်း မဟုတ်ချေ။ ခြေထောက်များကို ခုတင်ပေါ်သို့ ပင်ပန်းကြီးစွာတင်ရမည့်အရေးကို စိတ်လေးနေခြင်းသာ ဖြစ်လေသည်။ 'အိမ်း တယ်လို့လဲ ပင်ပန်းလှပါကလား ဟရို့၊ အေးလေ သင်းတို့ခြေတွေ လက်တွေ ငါ့ကို ကြာကြာဒုက္ခပေးနိုင်တော့မှာပါ ဘူး၊ မကြာခင် ငါနဲ့ ခွဲရတော့မှာပါ' ဟု မင်းသားကြီး ဘိုလက္ခန်စကီ တွေးလျက်ရှိလေသည်။ သို့ဖြင့် မင်းသားကြီး ဘိုလက္ခန်စကီသည် နှုတ်ခမ်းကို ကိုက်လိုက်ပြီးနောက် အကြိမ်နှစ်သောင်းမြောက် ကြိုးစား၍ ခြေထောက်များကို ခုတင်ပေါ်သို့တင်လိုက်လျက် လှဲချလိုက်လေသည်။ သို့ရာတွင် ခုတင်ပေါ်သို့ လှဲလိုက်သည်နှင့် တစ်ပြိုင်နက် ခုတင်သည် အသက်ပြင်းစွာရှူလျက်ရှိသကဲ့သို့ ရှဲ့ထိုးနောက်ငင် လှုပ်ရှားနေသည်ဟု ထင်မိပြန်သည်။ ၎င်းအဖို့ ညအိပ်ရာဝင်တိုင်း ဤသို့ချည်းဖြစ်ရလေသည်။ မင်းသားကြီး ဘိုလက္ခန်စကီသည် ပိတ်လုဆဲ မျက်လုံးများကို ပြန်၍ဖွင့်လိုက်ပြန်သည်။

"အင်း ဒုက္ခ ဒုက္ခ၊ အိပ်တဲ့နေရာမှာတောင် ငြိမ်းချမ်းခြင်းကို မရပါကလား" ဟု ရေရွတ်လိုက်ကာ အလိုလိုဒေါသထွက်လာပြန်သည်။ 'အို အိပ်ရာထဲ ရောက်ခါမှ အရေးအကြီးဆုံးကိစ္စကို မေ့နေပြန်ပါပြီ၊ တံခါးမင်းတုပ်တွေဝယ်ဖို့ မမှာရသေးဘူး ထင်တယ်၊ အို မဟုတ်ပါဘူး၊ မှာပြီးပါပြီ၊ ဧည့်ခန်းဆောင်ထဲမှာ ပစ္စည်းတစ်ခု မေ့ကျန်ရစ်ခဲ့တယ်ထင်တယ်၊ သမီးတော်ကလဲ ပြောလိုက်ရင် အဓိပ္ပာယ်မရှိတဲ့ စကားချည်းပဲ၊ ဒီဆေးလိပ်ဆိုတဲ့ကောင်ကလဲ ဘာစကားတွေပြောမှန်း မသိဘူး၊ အလို ငါ့အင်္ကျီအိတ်ထဲမှာ ဘာထည့်ထားမိပါလိမ့်၊ မေ့နေပြီ' ဟု တွေးလျက် ရှိသည်။

"တီကွန် ညစာစားတုန်းက တို့ ဘာတွေပြောခဲ့သလဲ"

"မှန်ပါ မင်းသားကြီး မိုက်ကယ်အကြောင်း"

"တိတ်စမ်း၊ တိတ်စမ်း" မင်းသားကြီး ဘိုလက္ခန်စကီသည် စားပွဲကို လက်ဖြင့်ပုတ်၍ အော်လိုက်သည်။ "ငါ သတိရပြီ၊ အင်ဒရေရဲ့စာအကြောင်း မဟုတ်လား၊ သမီးတော် ဖတ်ပြတယ်လေ၊ ဒီဆေးလိပ်ကတောင် ဗီတက်မြို့နဲ့ပတ်သက်လို့ ပြောသေးတယ်၊ အဲဒီစာကို ငါ ခု ဖတ်ချင်တယ်"

မင်းသားကြီး ဘိုလက္ခန်စကီသည် အိတ်ထဲမှ စာကို ထုတ်ယူလိုက်သည်။ ထို့နောက် လိမ္မော်ယမကာရည်ပုလင်းနှင့် ပျားဖယောင်းတိုင်တင်ထားသော စားပွဲငယ်ကို အိပ်ရာအနီးသို့ တိုးစေကာ မျက်မှန်ကို တပ်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

စာဖတ်ပြန်သည်။ ယခုကဲ့သို့ တိတ်ဆိတ်လျက်ရှိသော အကာလညအချိန်၌ အစိမ်းရောင်လင်းကာ လင်းကြေးပြား အောက်ရှိ မီးရောင်မှိန်မှိန်တွင် ဖတ်ရသည့်အခါကျမှ မင်းသားကြီး ဘိုလကွန်စကီသည် စာတွင် ဖော်ပြထားသည့် အဓိပ္ပာယ်များကို သဘောပေါက်လာတော့သည်။

'ပြင်သစ်တပ်တွေ ဗီတက်ကို သိမ်းပြီးပြီ၊ နောက်လေးရက်လောက်ဆိုရင် စမိုးလင့်ကို ရောက်မယ်ဆိုပါကလား၊ ခုလောက်ဆို ရောက်များ ရောက်နေကြပလား'

မင်းသားကြီး ဘိုလကွန်စကီသည် ဤသို့တွေးမိကာ "တိကွန်" ဟု ရုတ်တရက်ခေါ်လိုက်သည်။ တိကွန်သည် ရုတ်တရက် ထလိုက်၏။

"ဘာလို့ ထခုန်ရတာလဲကွ၊ ငါ ဘာမှ ခိုင်းမလို့ မဟုတ်ဘူး"

မင်းသားကြီး ဘိုလကွန်စကီသည် စာကို ဖယောင်းတိုင်တင်ခုံအောက်၌ ဖိထားလိုက်ပြီး မျက်လုံးများကို မှိတ်လိုက်သည်။ ၎င်း၏မျက်စိထဲ၌ နေရောင်တောက်ပသော မွန်းတိမ်းအချိန်တွင် တသွင်သွင်စီးဆင်းနေသော ဒင်ညုမြစ်ကြီးကို လည်းကောင်း၊ မြစ်စပ်ကိုင်းတော ကျူတောများကို လည်းကောင်း၊ ရုရှားတပ်စခန်းကို လည်းကောင်း၊ နီရဲသောမျက်နှာပြင်တွင် အရေးအတွန့်များ မထင်သေးဘဲ ဖျတ်လတ်နုပျိုသော ဗိုလ်ချုပ်တစ်ဦးအဖြစ် မိမိကိုယ်တိုင် အမှုထမ်းခဲ့ပုံကို လည်းကောင်း၊ တပ်စခန်းရှိ စစ်သေနာပတိချုပ်ကြီး ပိုတင်ကင်၏ ရွက်ထည်တဲထဲသို့ ဝင်လာပုံကိုလည်းကောင်း၊ ဗိုလ်ချုပ်ကြီး ပိုတင်ကင်ကို အားကျခဲ့ပုံများကိုလည်းကောင်း ပြန်လည်၍ မြင်ယောင်လာလေသည်။ ဗိုလ်ချုပ်ကြီး ပိုတင်ကင်နှင့် စကားပြောခဲ့ပုံကိုလည်း ပြန်၍အမှတ်ရလာသည်။ မိမိအား ဖူးမြော်ခစားခွင့်ပေးခဲ့စဉ်က တွေ့ရသောရွှေနန်းရှင် မယ်တော်ဖုရား၏ နူးညံ့ပျော့ပျောင်း၍ ကြင်နိုင်သောကိုယ်ဟန်နှင့် တကွ ဖြူဝင်းသောမျက်နှာပေါ်မှ အပြုံးကိုလည်း မြင်ယောင်လာသည်။ ထို့နောက် ရွှေနန်းရှင် မယ်တော်ဖုရား နှတ်ရွာစ၍ အလောင်းတော်ကို ပြင်ဆင်ထားစဉ် နောက်ဆုံးသွားရောက် ခစားခဲ့ပုံ၊ အလောင်းတော်၏ဘေးတွင် မိမိနှင့် ဦးချုပ်ဇူးကော့ဗ်တို့ ရွှေနန်းရှင် မယ်တော်ဖုရား၏လက်ကို နမ်းရှုပ်ခွင့်ရခဲ့ပုံတို့ကိုလည်း သတိရလာသည်။

'အိမ်း မြန်မြန်ရောက်ပါတော့၊ မြန်မြန်ရောက်ပါတော့၊ ခုပစ္စက္ခအချိန်တွေ မြန်မြန်ကုန်ပြီး အဲဒီတုန်းက အချိန်တွေကို မြန်မြန်ရောက်ပါတော့၊ အဲဒီတုန်းက ငြိမ်းချမ်းခြင်းမျိုးတွေ မြန်မြန်ရောက်ပါတော့'

အခန်း ၄

မင်းသားကြီး ဘိုလကွန်စကီ၏ ပိုင်စားနယ်မြေဖြစ်သော 'တောင်ကတုံး' ဒေသသည် စမိုးလင့်အရှေ့ဘက် မိုင်လေးဆယ်အကွာ၊ စမိုးလင့်မှ မော်စကိုမြို့သို့သွားသော ပေတစ်ရာလမ်းမကြီး၏အတွင်းဘက် နှစ်မိုင်အကွာတွင် တည်ရှိလေသည်။

မင်းသားကြီး ဘိုလကွန်စကီက အယ်ပါတစ်အား စမိုးလင့်သို့သွားရောက်၍ ပစ္စည်းများဝယ်ယူရန် အမိန့်ပေးသည့်နေ့ညနေတွင် ဒီဆေးလ်သည် မင်းသမီးကလေး မေရီအား တွေ့ဆုံခွင့်တောင်းကာ မင်းသားကြီးမှာ ကောင်းစွာကျန်းမာခြင်း ရှိဟန်မတူကြောင်း၊ မင်းသားကလေး အင်ဒရေ၏စာအရ 'တောင်ကတုံး' စံအိမ်တွင် ဆက်လက်နေထိုင်ခြင်းမှာ အန္တရာယ်များလှကြောင်းကို သိရှိနေရပြီဖြစ်သည့်တိုင်အောင် မင်းသားကြီးသည် မိမိလုံခြုံရေးနှင့် ပတ်သက်၍ မည်သို့မျှ ပြင်ဆင်ခြင်း မရှိသေးကြောင်းတို့ကို ပြောဆိုလျက် စစ်အခြေအနေနှင့်တကွ 'တောင်ကတုံး' တွင် ဆက်လက်နေထိုင်ခြင်းဖြင့် လုံခြုံခြင်း ရှိ မရှိကို မင်းသမီးကလေး မေရီအနေဖြင့် စမိုးလင့် မြို့ဝန်ထံသို့ စာရေး၍ မေးမြန်းသင့်ကြောင်းဖြင့် အကြံပေးခြင်း ပြုလေသည်။ ထိုစာကို ဒီဆေးလ်သည် ၎င်းကိုယ်တိုင်ရေး၍ မင်းသမီးကလေး မေရီအား လက်မှတ်ထိုးစေသည်။ ထို့နောက် အယ်ပါတစ်လက်ထဲသို့ ထည့်လိုက်ကာ စမိုးလင့်မြို့ဝန်ထံ ကိုယ်တိုင်သွားရောက်ပေးရမည် ဖြစ်ကြောင်းနှင့် အခြေအနေထူးက ချက်ချင်းပြန်လာခဲ့ရန်ကိုလည်း ညွှန်ကြားချက် ပေးလိုက်သည်။

အားလုံးပြင်ဆင်ပြီးသည့်နောက် အယ်ပါတစ်သည် မင်းသားကြီး ဘိုလကွန်စကီက စွန့်ကြဲထားသည့် အဖြူရောင်ဖျံရေဦးထုပ်ကိုဆောင်းလျက် မင်းသားကြီးကဲ့သို့ပင် တုတ်ကောက်ကို ကိုင်ကာ ၎င်း၏လူသိုက်နှင့် အတူ စံအိမ်တော်ရှေ့သို့ ရောက်လာလေသည်။ သားရေပေါင်းမိုး မိုးထား၍ မြင်းနီပြောက်ကြီးသုံးကောင် ကသည့်ရထား

www.burmeseclassic.com

www.burmeseclassic.com

ကြီးသည် အဆင်သင့်စောင့်လျက်ရှိ၏။

ရထားတွင် တပ်ထားသည့် အကြီးဆုံး ခြုံကြီး တစ်လုံးကို အဝတ်ဖြင့်ပတ်ထားပြီး မြင်းများတွင် တပ်ထားသည့်ခြုံကလေးများကိုကား စက္ကူများ ဆို့ထား၏။ မင်းသားကြီး ဘိုလကွန်စကီသည် ၎င်း၏ပိုင်စားနယ်မြေ ဖြစ်သော 'တောင်ကတုံး' ဒေသတွင် မည်သည့်ရထားကိုမျှ ခြုံသုံးပေး၍ မောင်းခွင့်မပြုချေ။ အယ်ပါတစ်မှာ ခရီးရှည်သွားသည့်အခါတွင် ခြုံသုံးကိုကြားရမှ နေတတ်သူဖြစ်သည့်အတွက် ၎င်း၏ရထားတွင် ခြုံများ တပ်ထားခြင်းဖြစ်၏။ အယ်ပါတစ်၏အခြေအရံများ ဖြစ်သော တာလီစာရေး၊ မြင်းထိန်း၊ ထမင်းချက်၊ ထမင်းချက်၏ ကူဖော်လောင်ဖက် အစေခံမတစ်ဦး၊ အဘွားကြီးနှစ်ဦး၊ အခိုင်းအစေ သူငယ်ကလေးနှစ်ယောက်၊ ရထားသမားတစ်ဦးနှင့် အခြားအိမ်စေကျွန်များသည် အယ်ပါတစ်ကို နူတ်ဆက်ရန် စံအိမ်တော်ရှေ့ ရောက်လာကြ၏။

အယ်ပါတစ်၏သမီးသည် ၎င်း၏အဖေထိုင်ရန် အတွက် ပန်းပြောက်သရက်ထည်ဖုံးထားသော ထိုင်ဖုံမှိုအုံးနှစ်လုံးကို ယူလာ၏။ အယ်ပါတစ်၏မရီးသည် အထုပ်ကလေးတစ်ထုပ်ကို လာပေးပြန်သည်။

"အဲဒါ မိန်းမတွေရဲ့ ပျာလောင်ခတ်မှုတွေဗျ၊ မိန်းမတွေရဲ့ ပျာလောင်ခတ်မှုတွေ"

အယ်ပါတစ်သည် ၎င်း၏သခင် မင်းသားကြီး ဘိုလကွန်စကီပြောသကဲ့သို့ စကားကို ခပ်မြန်မြန်ပြောကာ ရထားပေါ်သို့ တက်လိုက်သည်။

အယ်ပါတစ်သည် တာလီစာရေးအား ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို မှာကြားပြီးနောက် ၎င်း၏သခင် မင်းသားကြီးကို အတုယူခြင်း မရှိတော့ဘဲ ပြောင်တင်းလျက်ရှိသောခေါင်းမှ ဦးထုပ်ကိုချွတ်ပြီးနောက် သုံးကြိမ်လက်ယှက်၍ ဆုတောင်းလိုက်သည်။

"အခြေအနေထူးရင် မြန်မြန်လာခဲ့နော် အယ်ပါတစ်၊ အိမ်က သားမယားများလဲ သတိရဦး" အယ်ပါတစ်၏ဇနီးက ရန်သူများချီတက်လာပြီဆိုသည့် သတင်းနှင့် စစ်သတင်းများကြောင့် သောကမအေးနိုင်ဘဲ ယောကျ်ားလုပ်သူကို သတိပေးလိုက်သည်။

"အဲဒါလဲ မိန်းမတွေရဲ့ ပျာလောင်ခတ်မှုတွေပဲဗျ၊ မိန်းမတွေရဲ့ ပျာလောင်ခတ်မှုလေ"

အယ်ပါတစ်သည် တစ်ကိုယ်တည်းရေရွတ်ကာ ခရီးထွက်လာခဲ့၏။ လမ်းခရီးတစ်လျှောက်၌ ရွှေဝါရောင်ဝင်းမှည့်လျက်ရှိသော ဂျုံခင်းများ၊ မြရောင်ရှိန်းကာ စိမ်းစိမ်းစိုစိုဖြင့် ရှင်သန်လျက်ရှိကြသော မြင်းစားဂျုံခင်းများ၊ သီးထပ်စိုက်ရန် နောက်တစ်ကြိမ် ထယ်ထိုးပြီးစဖြစ်၍ မည်းနက်လျက်ရှိသော ယာခင်းများကို ငေးကြည့်လိုက်ပါလာ၏။

လမ်းခရီးတစ်လျှောက်တွင် အယ်ပါတစ်သည် အနှံအောင်သော ပြောင်းခင်းများကိုကြည့်၍ ပီတိဖြစ်လျက်ရှိသည်။ ဟိုတစ်ကွက် သည်တစ်ကွက် ရိတ်သိမ်းပြီးစဖြစ်သောဂျုံခင်းများကိုကြည့်၍ ကြည်နူးလျက်ရှိသည်။ ယခုနှစ် ပျိုးကြဲချိန်၊ ကောက်ရိတ်ချိန်ကိုလည်း စိတ်ထဲတွင် ခန့်မှန်းတွက်ချက်လာခဲ့သည်။ မင်းသားကြီး မှာလိုက်သည့်ကိစ္စများကို မေ့လျော့ခြင်း ရှိမရှိကိုလည်း တွေးတောလာခဲ့လေသည်။

လမ်းတွင် မြင်းများကို နှစ်ကြိမ်မျှ အစာကျွေး၊ ရေတိုက်၍ ရပ်နားစေပြီးနောက် ဩဂုတ်လ ၄–ရက်နေ့ ညနေ ညိုအစ်ကို မသိတသိအချိန်၌ အယ်ပါတစ်သည် စမိုးလင့်မြို့ထဲသို့ ဝင်လာခဲ့လေသည်။

စမိုးလင့်သို့ မရောက်ရှိမီ လမ်းတစ်လျှောက်၌ ဝန်တင်လှည်းများ၊ စစ်သားများကို မကြာခဏတွေ့ခဲ့ရ၏။ စမိုးလင့်မြို့နားသို့ ကပ်လာသည့်အခါတွင် ခပ်ဝေးဝေးမှ ပစ်ခတ်သံများကို ကြားရလေသည်။ သို့ရာတွင် အယ်ပါတစ်သည် ထိုအသံများကို စိတ်မဝင်စားနိုင်ချေ။ အယ်ပါတစ်၏စိတ်၌ ထူးဆန်းလျက်ရှိသည့် အခြင်းအရာကား အနှံအောင်လှသော မြင်းစားဂျုံခင်းကြီးတစ်ခင်းထဲ၌ စစ်တပ်ကြီးတစ်တပ် စခန်းချလျက်ရှိ၍ စစ်သားများက မြင်းစာကျွေးရန် ရိတ်ထားသည့်လက္ခဏာဖြင့် ထိုဂျုံခင်းကြီးတစ်ခုလုံး မြင်မကောင်းအောင်ပျက်စီးကာ ပြောင်တလင်းခါနေခြင်းပင်ဖြစ်လေသည်။ လယ်သမားဖြစ်သော အယ်ပါတစ်သည် ထိုအခြင်းအရာကိုသာ စိတ်ဝင်စားလျက် ရှိလေသည်။ သို့ရာတွင် ခဏကြာလျှင် မိမိ၏လာရင်းကိစ္စကို စဉ်းစားမိကာ ထိုအခြင်းအရာသည်လည်း ခေါင်းထဲမှ ပျောက်ကွယ်သွားလေသည်။

အယ်ပါတစ်သည် မိမိ၏ကိုယ်ရေးကိုယ်တာကိစ္စ အဝဝကို မေ့ပျောက်ကာ ကျွန်ယုံတော်ကြီးပီပီ မင်းသား

www.burmeseclassic.com

www.burmeseclassic.com

ကြီး ဘိုလက္ခန်စကီ၏ ဆန္ဒဟူသမျှကို ဖြည့်စွမ်းခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ကျော်မျှ ကြာခဲ့လေပြီ။ ထိုနှစ်ပေါင်းသုံးဆယ်ကျော်အတွင်းတွင် မင်းသားကြီး၏ အလိုဆန္ဒတည်းဟူသော နယ်နိမိတ်မှ တစ်ရံတစ်ဆစ်မျှ ကျော်ထွက်ခဲ့ဖူးခြင်း မရှိသေးချေ။ မင်းသားကြီး ဘိုလက္ခန်စကီ၏ အမိန့်အတိုင်း ပြုမူဆောင်ရွက်ရမည့်ကိစ္စအဝဝနှင့် ပတ်သက်ခြင်းမရှိသောအရာဟူသမျှကို အယ်ပါတစ် စိတ်မဝင်စားရုံမျှမက ထိုအရာတို့သည် လောကဌ် မတည်ရှိဟူ၍ပင် အယ်ပါတစ် ထင်မှတ်လေသည်။

ဩဂုတ်လ ၄-ရက်နေ့ ညနေမိုးချုပ်တွင် စမိုးလင့်မြို့သို့ ရောက်လာခဲ့ပြီးနောက် အယ်ပါတစ်သည် ဒနီးပါးမြစ်တစ်ဖက်ကမ်းရှိ ဂါချီနာမည်သော ဆင်ခြေဖုံးရပ်ကွက်ကလေးတစ်ခုမှ ထမင်းဆိုင်ကလေးတစ်ဆိုင်တွင် တည်းခိုခြင်း ပြုလေသည်။ ထိုထမင်းဆိုင်ကလေးမှာ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်လုံးလုံး စမိုးလင့်သို့လာတိုင်း အယ်ပါတစ်တည်းခိုနေကျ ထမင်းဆိုင်ကလေးဖြစ်၍ ဖီရာပွန်တော့ဆိုသူတစ်ဦး ပိုင်ဆိုင်လေသည်။ လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်က ဖီရာပွန်တော့သည် အယ်ပါတစ် အကြိုပေးချက်အရ မင်းသားကြီး ဘိုလက္ခန်စကီထံမှ သစ်တောတစ်တောကို ဝယ်ယူခဲ့ကာ သစ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်တွင် ယခုအချိန်၌ အိမ်တစ်လုံး၊ ထမင်းဆိုင်တစ်ဆိုင်နှင့် ဂျုံဆိုင်တစ်ဆိုင်ကိုပိုင်ကာ ကြီးပွားလျက် ရှိလေသည်။ ဖီရာပွန်တော့မှာ အသားညိုညို၊ မျက်နှာနီနီ၊ တုတ်တုတ်ခိုင်ခိုင် ဖြစ်၏။ နှာသီးပြားပြား၊ နှုတ်ခမ်းထူထူ၊ မျက်ခုံးမွေးကြီးကြီး၊ ဗိုက်ရွဲကြီးနှင့် အသက်လေးဆယ်ခန့် ရှိ လယ်သမားကြီး ဖြစ်လေသည်။

အယ်ပါတစ်၏လှည်း ဆိုင်ရှေ့သို့ရပ်လိုက်သော အချိန်တွင် ဖီရာပွန်တော့သည် ဖျင်အင်္ကျီကိုဝတ်၍ ဆိုင်ဝတွင် မတ်တတ်ရပ်လျက် ရှိ၏။ အယ်ပါတစ်ကိုမြင်သည်၌ ဖီရာပွန်တော့သည် လှည်းနားသို့ ရောက်လာလေသည်။

"လာဗျို့ အယ်ပါတစ်၊ ခင်ဗျားကတော့ အဆန်းပဲ၊ ဒီပြင်လူတွေက မြို့စွန်ကို စွန့်ပြေးတဲ့အချိန်မှာ ခင်ဗျားက မြို့ထဲ ဝင်လာသဗျ"

"ဘာဖြစ်လို့ ထွက်ပြေးကြတာလဲဗျ" အယ်ပါတစ်က မေးလိုက်သည်။

"သိပါဘူးဗျာ လူတွေကလဲ လူတွေပါပဲ၊ ပြင်သစ်ကို ဒီလောက်ပဲ ကြောက်ရသတဲ့လား"

"အဲဒါလဲ မိန်းမတွေရဲ့ ပျာလောင်ခတ်မှုတွေဗျ၊ မိန်းမတွေရဲ့ ပျာလောင်ခတ်မှုတွေ" အယ်ပါတစ်က ဆို၏။

"ဟုတ်လိုက်လေဗျာ၊ အလကား ကြောက်စရာမရှိ ကြောက်နေကြတာ၊ တကယ်ဆိုရင် မြို့ဝန်ကလဲ မထိတ်ကြ မလန့်ကြဖို့ အမိန့်ထုတ်လိုက်ပါလားဗျ၊ ဒီလို ရုတ်ရုတ်သဲသဲ ဘယ်ဖြစ်မလဲ၊ ခုတော့ တောက လယ်သမားကလဲ ဒီနားနဲ့ ဟိုနား လှည်းတိုက်ခဆိုပြီး တစ်ခေါက်ကို ငွေဒင်္ဂါးသုံးပြားတောင် တောင်းတယ်၊ မလွန်လွန်း ဘူးလား၊ ဒါ ခရစ်ယာန်ဘာသာဝင်တွေတဲ့လားဗျ"

အယ်ပါတစ်သည် ၎င်း၏စကားများကို နားကသာ ကြားသော်လည်း စိတ်မဝင်စားချေ။ အယ်ပါတစ်သည် မိမိအတွက် လက်ဖက်ရည်၊ မြင်းအတွက် မြက်ခြောက်စသည်တို့ကို တောင်း၏။ လက်ဖက်ရည်သောက်ပြီးသော် မောမောနှင့် အိပ်လေသည်။

ထိုနေ့ညတစ်ညလုံး စစ်တပ်များသည် ထမင်းဆိုင်ရှေ့မှဖြတ်၍ ချီတက်သွားကြ၏။ နောက်တစ်နေ့နံနက် ရောက်သော် အယ်ပါတစ်သည် မြို့သွားမှ ဝတ်လေ့ရှိသော အပေါ်အင်္ကျီကိုဝတ်ဆင်ကာ ကိစ္စများကို ဆောင်ရွက်ရန်အတွက် မြို့ထဲသို့ ထွက်လာခဲ့၏။ ထိုနေ့နံနက်မှာ နေခြည်ပွင့်လျက်ရှိ၍ နံနက်ရှစ်နာရီထိုးလျှင်ပင် အတော်နေပြင်းလာခဲ့လေပြီ။ 'ဒီလိုနေသာတဲ့နေ့မျိုး ကောက်ရိတ်လိုက်ရရင် ဘယ်လောက် အရသာရှိမလဲ' ဟုပင် အယ်ပါတစ် တွေးလိုက်မိသေးသည်။

နံနက်စောစောကတည်းက မြို့အစွန်ဆီမှ ပစ်ခတ်သံများကို ကြားနေရသည်။ နံနက်ရှစ်ချက်တီးလျှင် ကျည်တစ်လုံးထိုး သေနတ်ပစ်သံများအပြင် အမြောက်မြတပူပစ်ခတ်သံများကိုပါ ကြားလာရလေသည်။ လမ်းမများပေါ်၌ကား မြို့သူ မြို့သားများသည် သုတ်သုတ်ပျာပျာသွားလာလျက်ရှိကြ၍ စစ်သားများကိုလည်း ဥဒဟို တွေ့ရ၏။ သို့ရာတွင် ယာဉ်ရထားများကား ခါတိုင်းကဲ့သို့ သွားမြဲ၊ ဈေးသည်များလည်း ဆိုင်များတွင် ရောင်းဝယ်မြဲ၊ သုခမ္မာဇရပ်များ၌လည်း ဝတ်ရွတ်မြဲပင် ရှိ၏။ အယ်ပါတစ်သည် ဈေးသို့ ပထမသွား၍ ပစ္စည်းများကို ဝယ်၏။ ထို့နောက် အဓိးရုံးများသို့ လည်းကောင်း၊ စာတိုက်သို့လည်းကောင်း သွားကာ ပြုဖွယ်ကိစ္စများကို ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com

၏။ ထို့နောက် မြို့ဝန်၏စံအိမ်ဘက်သို့ လာခဲ့လေသည်။ ထို့နောက် အစိုးရရုံးများတွင် လည်းကောင်း၊ ဈေးဆိုင်များတွင်လည်းကောင်း၊ စာတိုက်တွင်လည်းကောင်း လူများသည် ရှရှားတပ်မတော်ကြီး၏အကြောင်းနှင့် တကွ ရန်သူတို့ မြို့စွန်ကို တိုက်ခိုက်လျက်ရှိပြီ ဖြစ်ကြောင်းကို ပြောဆိုလျက်ရှိကြကာ မည်သို့မည်ပုံ စီစဉ်ကြသည်ကို တစ်ယောက်နှင့် တစ်ယောက် မေးမြန်းစုံစမ်းလျက် ရှိကြ၏။ တစ်ယောက်ကို တစ်ယောက် အားပေးနှစ်သိမ့်နေကြခြင်းကိုလည်း တွေ့ရ၏။

မြို့ဝန်၏စံအိမ်ရှေ့၌ လူများစုဝေးလျက်ရှိသည်ကို တွေ့ရ၍ မြို့ဝန်စီးသည့် ခရီးရှည်သွား ကရထားကြီးကိုလည်း တွေ့ရလေသည်။ စမုတ်ဆောင်အောက်တွင်တော့ လူကုံထံနှစ်ဦးကို တွေ့ရ၏။ တစ်ယောက်မှာ ရဲအရာရှိဟောင်းတစ်ယောက်ဖြစ်၍ ၎င်းကို အယ်ပါတစ်သိ၏။ ထိုသူသည် ဒေါသတကြီး စကားပြောလျက် ရှိသည်။

"ပေါ့ပေါ့ဆဆတော့ မအောက်မေ့နဲ့နော်၊ သားမယားမရှိ တစ်ကိုယ်ရေတစ်ကာယဆိုရင်တော့ ဘာအရေးလဲ၊ စကားပုံထဲကလို 'သေတစ်ယောက် ရှင်တစ်ယောက်' ပဲဗျ၊ ဒါပေမဲ့ ကျုပ်မှာက အိမ်သားက ဆယ့်သုံးယောက်ဗျ၊ ပစ္စည်းတွေကလဲ တစ်ပုံကြီးပဲ၊ ဒီပြင်သစ်ကောင်တွေကြောင့် ကျုပ်တို့အားလုံး ဒုက္ခရောက်ကုန်တော့မယ်၊ မြို့ဝန်ဆိုတဲ့လူတွေက ဘာတွေလုပ်နေကြတာလဲ၊ ကြိုးစင်တင် သတ်ဖို့ပဲ ကောင်းတယ်"

"လာပါဗျာ ဒီလောက်ပြောရရင် ကျေနပ်ပါတော့၊ ကြားသွားရင် မကောင်းပါဘူး"

"အို ကြားတော့ ဘာသောက်ဂရုစိုက်ရမှာလဲ၊ ကြားအောင်ပြောနေတာ၊ ခု ကျုပ်တို့ကို ခွေးသေကောင် ပစ်ထားခဲ့သလို ပစ်ထားလို့ ဘယ်သူခံနိုင်မလဲ" ရဲအရာရှိဟောင်းသည် လှည့်၍ကြည့်လိုက်သဖြင့် အယ်ပါတစ်ကို မြင်သွား၏။

"ဗျို့ အယ်ပါတစ်ပါလား၊ ဒီလောက် ရုတ်ရုတ်သဲသဲဖြစ်နေတဲ့အချိန်ကြီးမှာ ဘာကိစ္စ လာရပြန်တာတုန်း"

"ကိုယ်တော်ကြီးအမိန့်အရ မြို့ဝန်နှင့် လာတွေ့တာဗျ" အယ်ပါတစ်က မင်းသားကြီး ဘိုလကွန်စကီ၏ အမည်ကို ထုတ်ဖော်ပြောဆိုသည့်အခါတိုင်း ပြုလေ့ရှိသည့်ထုံးစံအရ ခေါင်းကိုမော့၍ ရင်ကိုကော့ကာ ခပ်ကြားကြား ပြောလိုက်သည်။ "ဒီကအခြေအနေ ဘယ်လိုရှိသလဲ ဆိုတာ ကိုယ်တော်ကြီးက စုံစမ်းခိုင်းလိုက်လို့"

"ခင်ဗျားပဲ သွားပြီး စုံစမ်းချည်ဦး၊ ကျုပ်တို့တော့ ဒီကောင်တွေလုပ်ပုံ မဟန်တာနဲ့ သောက်ဒုက္ခရောက်ကုန်ပြီ၊ ပြောင်းဖို့ရွှေ့ဖို့လဲ လှည်းတောင် ငှားလို့မရတော့ဘူး၊ ကြားလား။ အမြောက်သံတွေ နီးလာပြီ"

ရဲအရာရှိဟောင်းက အမြောက်သံများလာရာဘက်သို့ လက်ညှိုးထိုး၍ ပြောလိုက်၏။

"ဒီပြင်သစ်ကောင်တွေ ဖျက်လို့ ပျက်ရတော့မှာတဲ့လား၊ သင်းတို့ကြောင့် ကျုပ်တို့ ဒုက္ခရောက်ရတော့မှာတဲ့လား၊ ဓားပြတွေ ဓားပြတွေ" ရဲအရာရှိဟောင်းသည် မြည်တွန်ကြိမ်းမောင်း၍ စမုတ်ဆောင်လေ့ကားမှ ဆင်းသွားလေသည်။

အယ်ပါတစ်သည် ခေါင်းကိုဖြည်းလေးစွာယမ်းကာ စမုတ်ဆောင်လေ့ကားသို့ တက်လာ၏။ စမုတ်ဆောင်ထဲ၌ကား ကုန်သည်များ၊ မိန်းမများ၊ အရာရှိများသည် တစ်ယောက်ကို တစ်ယောက် တိတ်ဆိတ်စွာကြည့်၍ မြို့ဝန်နှင့် တွေ့ခွင့်ရရန် စောင့်ဆိုင်းလျက်ရှိကြ၏။ မြို့ဝန်၏ရုံးခန်းတံခါး ပွင့်လာသည့်အခါတွင် လူအုပ်ကြီးသည် မတ်တတ်ရပ်ကာ တံခါးနားသို့ စုပြုံလာကြလေသည်။ အခန်းထဲမှ အရာရှိတစ်ယောက်ထွက်လာကာ ကုန်သည်တစ်ယောက်နှင့် တီးတိုးပြောဆိုပြီးနောက် ရင်ဘတ်တွင် ဆုတံဆိပ်တော်ချိတ်ဆွဲထားသည့် ထောင်ထောင်မောင်းမောင်း အရာရှိတစ်ယောက်ကိုခေါ်ကာ မိမိအား တစ်ယောက်တစ်ပေါက် ဝိုင်းအုံမေးမြန်းကြသည်ကို စိတ်ရှုပ်ဟန်လက္ခဏာဖြင့် အခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။ အယ်ပါတစ်သည် ရှေ့သို့တိုးလာခဲ့ကာ ထိုအရာရှိနောက်တစ်ကြိမ်ထွက်လာသောအခါတွင် နှုတ်ဆက်ပြီးနောက် လက်တစ်ဖက်ဖြင့် အင်္ကျီအိတ်ထဲမှ စာနှစ်စောင်ကို ထုတ်ပေးလိုက်သည်။

"ဗိုလ်ချုပ်ကြီး မင်းသားကြီး ဘိုလကွန်စကီက မြို့ဝန်ကို ပေးလိုက်ပါတယ်" အယ်ပါတစ်က ခန့်ညားသောလေသံဖြင့် ပြောလိုက်သည့်အတွက် ထိုအရာရှိမှာ မနေသာတော့ဘဲ အယ်ပါတစ်လက်ထဲက စာနှစ်စောင်ကို လှမ်းယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ခဏကြာလျှင် မြို့ဝန်က အယ်ပါတစ်ကို ခေါ်ယူတွေ့ဆုံကာ အကျိုးအကြောင်းကို ခပ်သုတ်သုတ်ပြောပြလေသည်။

"ကိုယ်တော်ကြီးနဲ့ ထိပ်ထားလေးကို လျှောက်လိုက်ပါ၊ ကျုပ်လဲ ဘာသတင်းမှ မသိရဘူးလို့၊ အထက်ကညွှန်ကြားချက်အတိုင်း လုပ်နေရတာပဲလို့၊ ဒါပေမဲ့" မြို့ဝန်သည် စာရွက်တစ်ရွက်ကို လှမ်းပေးလိုက်၏။ "ဒါပေမဲ့ ကိုယ်တော်ကြီးက ကောင်းကောင်း ကျန်းမာတော်မူတာ မဟုတ်တဲ့အတွက် မော်စကို ကို ရွှေ့နေဖို့ အကြံပေးလိုက်တယ်လို့၊ ကျုပ်ကိုယ်တိုင်လဲ မော်စကို ကို ရွှေ့တော့မယ်လို့၊ ပြီးတော့"

မြို့ဝန်သည် စကားကို အဆုံးမသတ်ချေ။ ဖုန်အလိမ်းလိမ်းကပ်၍ ချွေးသံစိုရွှဲလျက်ရှိသော အရာရှိတစ်ယောက်သည် မြို့ဝန်၏အခန်းထဲသို့ ပြေးဝင်လာကာ ပြင်သစ်ဘာသာဖြင့် တစ်စုံတစ်ရာကို ပြောလိုက်၏။ မြို့ဝန်၏မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်သောအမူအရာတို့ ပေါ်ပေါက်လာကြလေသည်။

"အဲ အဲဒါပဲ ပြောလိုက်တော့" မြို့ဝန်သည် အယ်ပါတစ်အား လှည့်၍ပြောလိုက်ပြီး အရာရှိကို မေးမြန်းစုံစမ်းလျက် ရှိလေသည်။

မြို့ဝန်၏အခန်းမှ အယ်ပါတစ် ထွက်လာသော အခါ၌ အပြင်ခန်းတွင် စောင့်ဆိုင်းလျက်ရှိသူများသည် ထိတ်လန့်တုန်လှုပ်၍ ခိုကိုးရာမဲ့ဖြစ်လျက် စူးစမ်းသောမျက်လုံးများဖြင့် အယ်ပါတစ်ကို လှမ်းကြည့်ကြ၏။ အမြောက်ပစ်ခတ်သံများမှာ ပို၍နီးလာကာ ပို၍မြည်ဟည်းလာခဲ့လေပြီ။ အယ်ပါတစ်သည် အမြောက်သံများကို မသိမသာနားထောင်ရင်း တည်းခိုရာ ထမင်းဆိုင်သို့ ပြန်လာခဲ့သည်။ မြို့ဝန်က အယ်ပါတစ်လက်သို့ ပေးလိုက်သည့် စာရွက်၌ အောက်ပါအတိုင်း ပါရှိလေသည်။

'ယခုအချိန်၌ စမိုးလင့်မြို့အတွက် စိုးရိမ်ဖွယ်အန္တရာယ်ရှိမည်မဟုတ်သေးကြောင်း နောင်တွင်လည်း အန္တရာယ်တစ်စုံတစ်ရာ ကျရောက်ဖွယ် မရှိကြောင်း မြို့ဝန်မင်း သိစေအပ်သည်၊ ကျွန်ုပ်၏တပ်တော်နှင့်မင်းသားကြီးဘာဂရေးရှင်း၏ တပ်တော်တို့သည် စစ်ကြောင်းနှစ်ကြောင်းဖြန့်၍ အပြင်းချီတက်လာကြကာ ခမိုးလင့်တွင် တပ်များကို စုပေါင်းမည် ဖြစ်သည်။ ကျွန်ုပ်တို့တပ်တော်နှစ်တပ်သည် မတ်လ ၂၂-ရက်နေ့၌ စမိုးလင့်သို့ ရောက်ကြမည်။ ကျွန်ုပ်တို့ တပ်တော်ကြီးနှစ်တပ်သည် အဖနိုင်ငံတော်ကြီး၏ ရန်သူများကို အပြီးအပိုင် ချေမှုန်းသုတ်သင်ပြီးစီးသည်အထိ သို့မဟုတ် ကျွန်ုပ်တို့၏ သူရသတ္တိပြောင်မြောက်သော စစ်သည်တော်များ တစ်ယောက်မကျန် ကျဆုံးသည်အထိ မြို့ဝန်မင်း အုပ်ချုပ်ကွပ်ကဲလျက်ရှိသော နယ်သူနယ်သားတို့၏ အသက်စည်းစိမ် အိုးအိမ်ကို အကာအကွယ်ပေးမည်ဖြစ်သည်။ သူရသတ္တိအရာတွင် ပြောင်မြောက်သည့် တပ်တော်ကြီးနှစ်တပ်က ကြဲ့ကြဲ့ခိုင်ခိုင် ခုခံကာကွယ်မည်ဖြစ်သည့်အလျောက် စမိုးလင့်နယ်သူနယ်သားများက ယခင်ကကဲ့သို့ အခြေအနေမပျက်ဆက်လက်နေထိုင်ကြစေရန် ကောင်းစွာစီရင် အုပ်ချုပ်ရမည်ဖြစ်ကြောင်း ညွှန်ကြားလိုက်သည်။

(တပ်မတော် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဘာကလေဒီတိုလီထံမှ စမိုးလင့်မြို့ဝန် နယ်စားကြီးအက်ရှ်ထံသို့ အမိန့်ပြန်တမ်း၊ ၁၈၁၂-ခုနှစ်။)

လမ်းမများပေါ်၌ကား မြို့သူမြို့သားတို့သည် ဥဒဟိုသွားကာ လှုပ်ရှားလျက်ရှိကြ၏။

အိုးခွက်များ၊ ကုလားထိုင်များ၊ ကြောင်အိမ်များ စသည့် အိမ်ထောင်ပရိဘောဂများ အပြည့်အသိပ် တင်ဆောင်လာသည့် လှည်းများသည် လမ်းမများပေါ်၌ မောင်းနှင်လျက်ရှိကြ၏။ ဖီရာပွန်တော့၏ ထမင်းဆိုင်နှင့် ကပ်လျက် အိမ်တစ်အိမ်ရှေ့၌ ဝန်အပြည့်တင်ထားသောလှည်းများ ရပ်ထားကာ မိန်းမများသည် ငိုကြွေးလျက် ရှိကြသည်။ ခွေးငယ်တစ်ကောင်သည် လှည်းတွင်တပ်ထားသောမြင်းများကို ကွေ့ပတ်ဟောင်လျက်ရှိသည်။

အယ်ပါတစ်သည် ထမင်းဆိုင်ဝင်းထဲသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့ပြီးနောက် ၎င်း၏လှည်းဖြတ်ထားရာ နောင်းထဲသို့ ဝင်သွားခဲ့လေသည်။ လှည်းသမားမှာ အိပ်ပျော်လျက်ရှိ၏။ အယ်ပါတစ်သည် လှည်းသမားကို နှိုးကာ လှည်းတပ်ရန်ပြောခဲ့ပြီးနောက် ထမင်းဆိုင်ထဲသို့ ပြန်လာခဲ့သည်။ ထမင်းဆိုင်ရှင်၏အခန်းထဲမှ ကလေးငိုသံ၊ မိန်းမတစ်ယောက်၏ငိုရှိုက်သံနှင့် ဖီရာပွန်တော့၏ ဆူပူကြိမ်းမောင်းသံကို ကြားရ၏။ အယ်ပါတစ်ဝင်လာသည့် အချိန်၌ ထမင်းချက်မိန်းမကြီးသည် ကြောက်လန့်လျက်ရှိသော

www.burmeseclassic.com

www.burmeseclassic.com

ကြက်မတစ်ကောင်ကဲ့သို့ ဆောက်တည်ရာမရဘဲ ထိုမှ ဤမှ ကူးချည် သန်းချည် ပြုလျက်ရှိသည်။

"ဆိုင်ရှင့်မိန်းမတော့ သေတော့မှာပါပဲ၊ ရိုက်ရုံနဲ့ အားမရသေးဘူး၊ ကန်လိုက် ကျောက်လိုက်သေးတယ်" ထမင်းချက်မိန်းမကြီးက ဆို၏။

"ဘာဖြစ်လို့လဲ" အယ်ပါတစ်က မေးလိုက်သည်။

"မိန်းမက တခြားကို ရှောင်ချင်တယ်၊ မိန်းမသား ဆိုတော့လဲ ကြောက်မှာပေါ့၊ 'ကျွန်မတော့ ဒီမှာ မနေရဲတော့ဘူး၊ ကလေးကလဲ ရှိသေးတယ်၊ တခြားလူတွေလဲ ပြေးကုန်ကြပြီ၊ ကျွန်မတို့လဲပြေးရအောင်' လို့ မိန်းမက ပူဆာတာနဲ့ မိန်းမကိုမဲပြီး ရိုက်တော့တာပဲ"

အယ်ပါတစ်သည် ခေါင်းတဆတ်ဆတ်ညိတ်ပြီး နောက် နောက်ထပ် မကြားလိုတော့သည့်ဟန်ဖြင့် မိမိ၏ ပစ္စည်းများထားရာအခန်းထဲသို့ ဝင်လာခဲ့၏။

"ရှင် ကျုပ်တို့ကို သတ်မလို့လား၊ဟင်၊ သေစေချင်လို့လား" ဖြူရော်သောအသားအရေ၊ ပါးလျသောခန္ဓာကိုယ်နှင့် မိန်းမတစ်ယောက်သည် ကလေးငယ်ကို ပွေ့ချီကာ ဖီရာပွန်တော့၏အခန်းထဲမှ ထွက်လာရင်း အော်လိုက်ပြီးနောက် အောက်ထပ်သို့ ဆင်းသွား၏။

ဖီရာပွန်တော့သည် နောက်ကထွက်၍ လိုက်လာ၏။ သို့ရာတွင် အယ်ပါတစ်ကို မြင်လိုက်သည်၌ ဖရိုဖရဲဖြစ်နေသော အဝတ်အစားနှင့် ဆံပင်ကိုပြင်၍ ဣန္ဒြေဆည်လိုက်ပြီးနောက် အယ်ပါတစ်အခန်းထဲသို့ ဝင်လာလေသည်။

"ပြန်တော့မလား"

အယ်ပါတစ်သည် ၎င်း၏အမေးကိုလည်း မဖြေ၊ ၎င်းကိုလည်းမကြည့်ဘဲ အထုပ်အပိုးများကို ပြင်ဆင်နေရာက အခန်းခကို မေးမြန်းလေသည်။

"ဖြည်းဖြည်းပေါ့ဗျာ နေစမ်းပါဦး၊ မြို့ဝန်နဲ့ တွေ့ခဲ့သလား ဘာထူးသလဲ"

အယ်ပါတစ်က မြို့ဝန်၏စကားမှာ ရေရေရာရာ မရှိလှကြောင်း ပြန်ပြောလိုက်သည်။

"ခက်တာပဲဗျာ၊ ဒီမှာလဲ အလုပ်တစ်ဖက်နဲ့ဆိုတော့ အလုပ်ကိုစွန့်ပြီး ဘယ့်နယ်လုပ် သွားမလဲ၊ ဒိုရိုဂူဘွတ်ရွာလောက်ကလေးကို သွားချင်ရင်တောင် လှည်းတစ်စီးကို ဒင်္ဂါးခုနစ်ပြားလောက် တောင်းနေကြတယ်၊ ဒီလောက်မတရားသဖြင့် တောင်းတော့ ဘယ်ကောင်းမလဲဗျ၊ ခရစ်ယာန်အချင်းချင်းတွေကပဲ၊ ပြီးခဲ့တဲ့ ကြာသပတေးနေ့တုန်းက တချို့ဈေးသည်တွေ ပွလိုက်ကြတာ၊ စစ်တပ်ကဝယ်လို့ ဂျုံတစ်အိတ်ကို ဒင်္ဂါးကိုးပြား ရလိုက်ကြသတဲ့၊ လက်ဖက်ရည် သောက်ဦးမလားဗျို့"

မြင်းများကို လှည်းတွင်တပ်လျက်ရှိသည့် အတောအတွင်း၌ အယ်ပါတစ်နှင့် ဖီရာပွန်တော့သည် လက်ဖက်ရည်သောက်ရင်း ဂျုံဈေး၊ ပြောင်းဈေး၊ ကောက်နှံအထွက်နှင့် ကောက်ရိတ်ဖို့ကောင်းသည့် ရာသီဥတုအကြောင်းကို ပြောဆိုလျက်ရှိကြ၏။

"အခြေအနေတော့ တဖြည်းဖြည်းကောင်းလာပါလိမ့်မယ် ထင်ပါရဲ့" ဖီရာပွန်တော့သည် လက်ဖက်ရည်တတိယခွက်ကို ကုန်အောင်သောက်လိုက်ပြီးနောက် ထိုင်ရာမှ ထလိုက်သည်။

"အထက်က အမိန့်ကတော့ ပြင်သစ်တပ်တွေကို အပြင်းအထန်ခံရမယ်လို့ ကြားရတာပဲဗျ၊ ဟိုနေ့က ဗိုလ်ချုပ်ပလာတော့ရဲ့တပ်နဲ့ တိုက်ပွဲဖြစ်လို့ ပြင်သစ်တွေကို မရိုနာမြစ်ထဲ မောင်းချလိုက်တယ်လို့ ဆိုတာပဲ၊ တစ်နေ့တည်းတင် ပြင်သစ်သောင်းရှစ်ထောင်ကျသတဲ့"

အယ်ပါတစ်သည် အထုပ်အပိုးများကို စုဆောင်းကာ ဝင်လာသောလှည်းသမားကို ကမ်းပေးပြီးနောက် ဖီရာပွန်တော့နှင့် စာရင်းရှင်းသည်။ ခြူသဲ၊ ဘီးသဲ၊ မြင်းခွာသံများဖြင့် လှည်းတစ်စီးသည် ထမင်းဆိုင်ဝင်းအပြင်ဘက်သို့ မောင်းထွက်သွား၏။

အချိန်ကား ညနေစောင်းလျက် ရှိလေပြီ။ လမ်းတစ်ဝက်မှာ အိမ်ရိပ်များဖုံးလျက်ရှိပြီး တစ်ဝက်၌ နေရောင်ထိုးရိုက်လျက်ရှိ၏။ အယ်ပါတစ်သည် ပြတင်းမှလှမ်း၍ အပြင်သို့ကြည့်လိုက်ပြီးနောက် တံခါးဆီသို့ ထွက်လာခဲ့သည်။ ထိုအခိုက် ရှိခနဲမြည်သည့် ထူးဆန်းသောအသံကြီးတစ်ခုနှင့် အုန်းခနဲမြေကြီးပေါ်သို့ ကျလာသံကြီးတစ်ခုကို ကြားလိုက်ရသည်။ ထို့နောက် နားကွဲမတတ်မြည်ဟည်းသော ပေါက်ကွဲသံကြီးတစ်သံကို ကြားလိုက်ရကာ ပြတင်းတံခါးများသည် တဖျတ်ဖျတ်လှုပ်သွားကြသည်။

အယ်ပါတစ်သည် လမ်းမသို့ ထွက်လာခဲ့၏။ လူနှစ်ယောက်သည် ၎င်း၏ရှေ့မှဖြတ်ကာ ဒန်းပါးမြစ်

www.burmeseclassic.com

www.burmeseclassic.com

ဘဲတားဆီသို့ ပြေးကြသည်ကို မြင်ရ၏။ ရွှံခနဲ မြည်သံများ၊ အမြောက်ကျည် အုန်းခနဲကျသံများ၊ မြို့ဘက်သို့ ကူလာသောအမြောက်ကျည်ဆန်များ၏ ပေါက်ကွဲသံများကို ဆည်းစွာကြားရလေသည်။ သို့ရာတွင် မြို့သူမြို့သားများကား မြို့ထဲတွင် ပေါက်ကွဲလျက်ရှိသော အသံများဘက် မြို့ပြင်တွင်ပေါက်ကွဲလျက်ရှိသော အသံများကိုသာ အာရုံစိုက်လျက် ရှိကြသည်။ ထိုနေ့ညနေ လေးချက်တီးခေါ်ခိုက်၌ ပြင်သစ်တပ်များသည် နပိုလီယန်၏အမိန့်အရ အမြောက် မြတပူ အလက်တစ်ရာ့သုံးဆယ်ဖြင့် မြို့ကို ဝိုင်းအုံပစ်ခတ်နေကြခြင်း ဖြစ်လေသည်။ အစဆုမဲ့၌ မြို့သူ မြို့သားများသည် မိမိတို့မြို့အား အမြောက်ပြင်ပုများဖြင့် ပစ်ခတ်နေခြင်းကို မသိကြသေးချေ။

ပထမသော် မြို့သူမြို့သားများသည် တအုန်းအုန်း ကျရောက်ပေါက်ကွဲလျက်ရှိသော အမြောက်ကျည်များ၊ မီးတောက်များကို အထူးအဆန်းသဖွယ်ကြည့်လျက် ရှိကြ၏။ ဖိရာပွန်တော့၏မိန်းမသည် အငိုရပ်လျက် ခေါင်းထဲတွင် ကလေးငယ်ကိုချီ၍ ထိုင်နေရာမှ ဝင်းဝသို့ ဦးလာကာ တအုန်းအုန်းပေါက်ကွဲသံများကို နားထောင်ရင်း လမ်းသွားလမ်းလာတို့ကို ငေးမောကြည့်ရှုနေသည်။

ထမင်းချက်နှင့် ဆိုင်ထိုင်သူလည်း ဝင်းပေါက်ဘဲ့ရောက်လာကြသည်။ ၎င်းတို့အား လုံးသည် တအံ့တသြဖြင့်လျက်ရှိကာ ခေါင်းပေါ်မှ ဖြတ်သန်းသွားကြသော အမြောက်ဆန်များကို မော့ကြည့်လျက် ရှိကြသည်။ လမ်းထောင့်၌ လူများသည် စုဝေးကာ တစ်ယောက်တစ်ခွန်းခြင်းဆိုလျက်ရှိကြ၏။

"သောက်ကျိုးနည်း ပြင်းလိုက်တဲ့အရိုန်ဗျာ၊ အမိုးဟာ့လန့်ထွက်ပြီး မျက်နှာကြက်တွေ အပိုင်းပိုင်း ကျိုးကုန်ဘဲ" တစ်ယောက်က ဆို၏။

"ဝက်တူးထားတဲ့အတိုင်းပဲဗျာ၊ မြေကြီးတွေ ဖွာဟ့ကြပြီး ကျင်းကြီးဖြစ်နေလိုက်တာ မနည်းပါဘူး" တစ်သောက်က ပြောသည်။

"ကဲကောင်းလို့ဗျို့၊ ခင်ဗျားခုန်ပြီး ရောင်လိုက်ဟဲ့၊ နို့မိုရင် တစ်ခါတည်း ကိစ္စအချောပဲ" ပထမလူက ရယ်၍ ပြောလိုက်၏။

၎င်းတို့အနား၌ လူများ စုဝေးလာကြကာ မိမိအမ်းက အိမ်ပေါ်သို့ အမြောက်ကျည်များ ကျလာပုံကို ပြောပြနေကြပြန်သည်။ ထိုအတောအတွင်း အမြောက်ဆန်များသည် ပိုမိုး၍ ထူထပ်စွာကျရောက်လာပြန်ရာ အချို့မှာ ကျည်လုံးများအတိုင်း တရှိုရှိုမြည်၍ ဖြတ်သန်းသွားကာ အချို့ကား အဆန်များအဖြစ်လွင့်စဉ်၍ တရှိုးရှိုးအော်မြည်လျက် ခေါင်းပေါ်မှ အဆက်မပြတ် ဖြတ်သန်းသွားကြ၏။ သို့ရာတွင် ခေါင်းပေါ်မှဖြတ်ရုံသာ ဖြတ်သန်းသွားပြီး အနီးသို့ကျရောက်ခြင်း မရှိချေ။ အယ်ပါတစ်ကား လှည်းပေါ်တွင် ရောက်နေလေပြီ။ ဖိရာပွန်တော့သည် ဝင်းဝတွင်ရပ်လျက်ရှိ၏။

"ဟေ့ သောက်ကန်းမ၊ ဘာကြည့်နေပြန်တာလဲ" ဖိရာပွန်တော့သည် အင်္ကျီလက်ကိုပင့်၍ လူစုစုရှိရာဘက်သို့ ထွက်သွားရန် ဟန်ပြင်လိုက်သည့် ထမင်းချက်မိန်းမကြီးကို ငေါက်လိုက်၏။

"မြည်လိုက်တဲ့ဟာကြီးတွေတော် သောက်ကျိုးနည်း" ထမင်းချက်မိန်းမကြီးက တအံ့တသြပြောလိုက်၏။ သို့ရာတွင် ဖိရာပွန်တော့က လှမ်းငေါက်လိုက်သဖြင့် ပင့်တင်ထားသောအင်္ကျီလက်ကိုဖြေချကာ ဆိုင်ဝသို့ ပြန်လှည့်လာသည်။

နောက်တစ်ကြိမ် ရွှံခနဲမြည်သံကြီးကို ကြားလိုက်ရပြန်သည်။ ယခုတစ်ကြိမ်တွင် အသံသည် နီး၍လာကာ ဂွက်တစ်ကောင် ပျံဆင်းလာသကဲ့သို့ အောက်သို့ စိုက်ကျလာ၏။ လမ်းလယ်မှ မီးတောက်များပေါ်ထွက်လာကာ ပေါက်ကွဲသံကြီးကို ကြားလိုက်ရပြီးနောက် တစ်လမ်းလုံး မီးခိုးလုံးကြီးများ ပုံးအုပ်သွားလေသည်။

"ဟဲ့ကောင်မ ဘာလုပ်နေတာလဲ၊ သေချင်သလား" ဖိရာပွန်တော့သည် ထမင်းချက်မိန်းမကြီးကို အော်၍ပြောကာ ၎င်းထံသို့ ပြေးလာလေသည်။

ထိုအချိန်၌ မိန်းမများ၏ ကယ်ပါယူပါ တစာစာအော်ဟစ်သံများကား ပတ်ဝန်းကျင်တစ်ဝိုက်၌ ဆူညံလျက် ရှိလေပြီ။ ကလေးငိုသံသည်လည်း ထွက်ပေါ်လာပြန်သည်။ ဖြူဖပ်ဖြူရော်ဖြစ်လျက်ရှိသော မျက်နှာများဖြင့် လူအုပ်ကြီးသည် ထမင်းချက်မိန်းမကြီး၏အနီးတွင် ဝိုင်းအုံလျက် ရှိလေပြီ။ ထမင်းချက်မိန်းမကြီး၏ငိုကြွေးသံသည် အသံပေါင်းစုံကိုဖောက်ထွင်း၍ ထွက်ပေါ်လာသည်။

"ဘုရားသခင် ကယ်တော်မူပါ၊ သေရပါတော့

www.burmeseclassic.com

www.burmeseclassic.com

မယ်၊ ဘုရားသခင် ကယ်တော်မူပါ”

ငါးမိနစ်ခန့်ကြာသောအချိန်၌ လမ်းပေါ်တွင် လူတစ်ယောက်မျှ မရှိတော့ချေ။ ထမင်းချက်မိန်းမကြီးမှာ အမြောက်ဆန်ထိမှန်ကာ ပေါင်တစ်ဖက် သွင်သွင်ကျိုးသွားသဖြင့် ၎င်းကို မီးဖိုထဲသို့ သယ်လာခဲ့ရ၏။ အယ်ပါတစ်၊ ၎င်း၏လှည်းသမား၊ ဖိရာပွန်တော့်၏ဇနီး၊ ကလေးများနှင့် အိမ်အစေခံတစ်ဦးတို့သည် မြေတိုက်ခန်းကလေးထဲတွင်ထိုင်ကာ အပြင်ဘက်မှ အသံများကို နားစွင့်လျက် ရှိကြသည်။ အမြောက်မြတပူများ၏ မိုးချုန်းသကဲ့သို့ မြည်ဟည်းသောပစ်ခတ်သံများ၊ အမြောက်ကျည်များ တရှိရှိ ဖြတ်သန်းသွားသံများ၊ အခြားအသံများထက် ကျယ်လောင်သော ထမင်းချက်မိန်းမကြီး၏ သနားစဖွယ် ညည်းညူသံများကို ကြားနေရ၏။ ဖိရာပွန်တော့်၏မိန်းမသည် ကလေးကို ရင်ခွင်တွင်ပိုက်ထားကာ မြေတိုက်ထဲသို့ ဝင်လာသူတိုင်းထံ ၎င်း၏ယောကျ်ားအကြောင်းကို မေးမြန်းစုံစမ်းလျက်ရှိ၏။ မြေတိုက်ထဲသို့ ဝင်လာသော ဆိုင်ရောင်းသမားတစ်ယောက်ကမူ ဖိရာပွန်တော့်မှာ တန်ခိုးကြီးလှသော စမိုးလင့်စေတီတော်မှ ဆင်းတုတော်တစ်ဆူကို ပင့်ဆောင်ရန် လူတစ်အုပ်နှင့် စေတီတော်ဘက်သို့ ထွက်သွားကြောင်းဖြင့် ပြောဆိုလေသည်။

မိုးချုပ်စအချိန်လောက်၌ အမြောက်မြတပူ ပစ်ခတ်သံများ အတန်စဲ၍ သွားလေပြီ။ အယ်ပါတစ်သည် မြေတိုက်မှထွက်လာခဲ့၍ တံခါးဝတွင် ရပ်လိုက်သည်။ စောစောကကြည်လင်လျက်ရှိသော ကောင်းကင်ပြင်၌ မီးခိုးတို့ပိတ်ဖုံးလျက် ရှိ၏။ သို့ရာတွင် မီးခိုးလုံးများအလယ်၌ကား တံစဉ်ကွေးသဖွယ်ရှိသော ဆန်းစလခြမ်းကလေးသည် ခပ်မှိန်မှိန်လင်းလျက် ရှိလေ၏။ အသည်းထိတ်ဖွယ်ကောင်းလှသော ပစ်ခတ်သံများ ရပ်စဲသွားပြီးသည့်နောက်၌ တစ်မြို့လုံးသည် သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်လျက်ရှိ၍ တစ်ခါတစ်ရံ၌သာ ပြေးလွှားသံများ၊ ညည်းညူသံများ၊ ခပ်ဝေးဝေးမှ အော်ဟစ်သံများ၊ မြို့အနှံ့အပြားတွင် လောင်ကျွမ်းလျက်ရှိသော မီးတောက်များ၏ တဂျွမ်းဂျွမ်းဝါးသံများကို ကြားရ၏။ ထမင်းချက်မိန်းမကြီး၏ ညည်းညူသံမှာ တိတ်ဆိတ်သွားလေပြီ။ မြို့ထိပ်တစ်ဖက် တစ်ချက်ရှိ မီးလောင်သောရပ်ကွက်များဆီမှ မည်းမှောင်သော မီးခိုးလုံးကြီးများသည် အလိပ်လိုက်တက်လာကြ၏။ လမ်းမပေါ်၌ ဝတ်စုံအမျိုးမျိုးကို ဝတ်လျက်ရှိသော စစ်သားများသည် အုပ်ပျက်၍ ထွက်လာကြသော ခြင်္သေ့သဖွယ် ထိုမှ ဤမှ ဥဒဟိုပြေးလွှားလျက် ရှိကြ၏။ အချို့ကား အယ်ပါတစ်၏မျက်စိရှေ့မှာပင် ဖိရာပွန်တော့်၏ အိမ်ဝင်းထဲသို့ ပြေးဝင်လာကြသည်။ အယ်ပါတစ်သည် ဝင်းဝသို့ ထွက်လာခဲ့၏။ လမ်းမပေါ်၌ ဆုတ်ခွာလာသော တပ်ရင်းတစ်ရင်းကို တွေ့ရ၏။ တစ်လမ်းလုံး စစ်သားများဖြင့် ပိတ်ဆို့လျက် ရှိလေသည်။

အယ်ပါတစ်ကို မြင်သည်တွင် တပ်ဗိုလ်တစ်ယောက်က “ဟေ့လူ မြို့သူမြို့သားတွေ တစ်ယောက်မှ မရှိတော့ဘူး၊ ထွက်ပြေးကုန်ကြပြီ၊ သွားပါတော့လား၊ ဘာဖြစ်လို့ ချန်နေရစ်တာလဲ” ဟု လှမ်းပြောလိုက်သည်။ ထို့နောက် တပ်သားများဘက်သို့လှည့်ကာ ‘ဟေ့ အရေးရှိရင် အိမ်ဝင်းတွေထဲ ပြေးဝင်’ ဟု ပြောလိုက်သည်။

အယ်ပါတစ်သည် အိမ်ဆီသို့ပြန်လာခဲ့၍ လှည်းသမားကိုခေါ်ကာ လှည်းကောက်ရန် ပြောလိုက်သည်။ ဖိရာပွန်တော့်၏ အိမ်သားများသည် အယ်ပါတစ်နှင့် လှည်းသမားနောက်သို့ လိုက်လာကြလေသည်။ စောစောက တိတ်ဆိတ်လျက်ရှိသော မိန်းမများသည် ဆည်းဆာရောင်ထဲတွင် တောက်လောင်နေသော မီးတောက်များ၊ မီးခိုးများကိုမြင်သည့်အခါ၌ ငိုကြွေးကြပြန်သည်။ လမ်းပေါ်မှ ငိုကြွေးသံများထွက်ပေါ်လာကြပြန်ရာ ၎င်းတို့သည် အငိုပြိုင်ပွဲကြီးကျင်းပကဲ့သို့ ရှိကြ၏။ မြင်းဇောင်းထဲ၌ကား အယ်ပါတစ်နှင့် ၎င်း၏လှည်းသမားတို့သည် တုန်ယင်သောလက်များဖြင့် အထွေးထွေးဖြစ်နေသော မြင်းဇက်ကြိုးများ၊ ဝမ်းပတ်ကြိုးများကို ပြင်ဆင်လျက် ရှိကြလေသည်။

အယ်ပါတစ်၏လှည်း ဝင်းဝအရောက်တွင် ဖိရာပွန်တော့်၏ဈေးဆိုင်ထဲ၌ စစ်သားဆယ်ယောက်ခန့်တို့သည် တစ်ယောက်တစ်ခွန်းဆူညံစွာ အော်ဟစ်ပြောဆိုလျက်ရှိကြရင်း ဂျုံမုန့်များနှင့် နေကြာစေ့များကို ၎င်းတို့၏အိတ်များထဲသို့ အပြည့်အသိပ်ထည့်လျက် ရှိကြ၏။ ထိုအတောအတွင်း ဖိရာပွန်တော့ ပြန်ရောက်လာကာ ဆိုင်ထဲသို့ဝင်လာလေသည်။ ၎င်း၏ဆိုင်ထဲမှ ပစ္စည်းများကို ယူငင်လျက်ရှိသည့် စစ်သားများအား မြင်သောအခါ ဖိရာပွန်တော့်သည် အော်ဟစ်မောင်းထုတ်မည် ပြုသေးသော်

www.burmeseclassic.com

www.burmeseclassic.com

လည်း မအော်တော့ဘဲ ၎င်း၏ဆံပင်ကို ဆောင့်ဆွဲကာ ငိုလိုက် ရယ်လိုက်ဖြင့် ကယောင်ကတမ်းဖြစ်လျက် ရှိသည်။

"ဟေ့ ရဲဘော်တွေ အကုန်ယူ၊ အကုန်ယူ ပြင်သစ်ကောင်တွေဖို့ ချန်မထားခဲ့နဲ့" ဖီရာပွန်တော့သည် ဤသို့ အော်ကာ ၎င်းကိုယ်တိုင် ဂျုံအိတ်များကို တစ်အိတ်ပြီး တစ်အိတ် မ,လာပြီးနောက် လမ်းမပေါ်သို့သွန်ပစ်လျက် ရှိလေသည်။

အချို့စစ်သားများကား ဖီရာပွန်တော့၏ ထူးဆန်းသောအမူအရာကို ကြောက်လန့်၍ ထွက်ပြေးကြ၏။ အချို့မှာ ဂျုံမှုန့်များကို အိတ်များထဲသို့ ထည့်မြဲ ထည့်နေကြလေသည်။ အယ်ပါတစ်ကို မြင်သောအခါ ဖီရာပွန်တော့သည် လှည့်၍

"ရုရှားပြည်ကြီး ပျက်ပြီဗျ၊ ပျက်ပြီ၊ အယ်ပါတစ်ဒီမှာကြည့်ဗျ၊ ကျုပ်ကိုယ်တိုင် ကျုပ်အိမ်နဲ့ ဈေးဆိုင် ကို မီးရို့ပစ်မယ်ဗျ သိလား၊ ကျုပ်ကိုယ်တိုင် ကျုပ်အိမ်ကို မီးရို့မယ်၊ အကုန်ပျက်စီးကုန်ပြီ၊ ဘာထူးသေးသလဲ" ဖီရာပွန်တော့သည် အိမ်ဝင်းထဲသို့ ပြေးဝင်သွားလေသည်။

စစ်သားများကား လမ်းမတစ်လျှောက်၌ ရေစီးကြောင်းကြီး စီးဆင်းလာသကဲ့သို့ ဒလဟောဖြတ်သန်းဆုတ်ခွာလျက်ရှိသည်။ တိုး၍မပေါက်နိုင်အောင် ပြည့်ကျပ်လျက် ရှိသဖြင့် အယ်ပါတစ်၏လှည်းသည် ဖြတ်၍မထွက်နိုင်သေးဘဲ စောင့်နေရ၏။ ဖီရာပွန်တော့၏အိမ်သားများသည်လည်း လှည်းတစ်စီးဖြင့် လမ်းရှင်းမည့်အချိန်ကို စောင့်လျက်ရှိလေသည်။

ညဘက်သို့ ရောက်လာလေသည်။ ကောင်းကင်တွင် ကြယ်တို့ဝင်းလက်လျက်ရှိ၍ ဆန်းစလကလေးသည် ကောင်းကင်ကြီးကို ဖုံးကာထားသည့် မီးခိုးလုံးများကြားမှ မှိန်မှိန်လင်းလျက် ရှိ၏။ ဒနီးပါးမြစ်ကို ဖြတ်ကူးသည့် တံတားထိပ်တွင်ကား စစ်သားအုပ်ကြီးနှင့် အတူရောရှိ ပါလာသည့် အယ်ပါတစ်၏လှည်းနှင့် ဖီရာပွန်တော့တို့ အိမ်သားများစီးလာသည့်လှည်းသည် အချိန်အတော်ကြာ ရပ်နေရ၏။ ၎င်းတို့လှည်းများရပ်ထားရာ လမ်းဆုံအနီးတွင်ကား အိမ်တစ်အိမ်နှင့် ဈေးဆိုင်အချို့ မီးလောင်လျက် ရှိသည်။ မီးတောက်များသည် ငြိမ်းသွားကာ မီးခိုးလုံးများကြားတွင် ပျောက်ကွယ်သွားကြသည်။ တစ်ဖန် ဟုန်းခနဲပြန်၍တောက်လာပြန်ကာ လမ်းဆုံတွင် ရပ်လျက်ရှိသော လူများ၏ မျက်နှာများကို အရောင်ဟပ်လိုက်ပြန်သည်။ မီးတောက်ရှို့၌ လူးလာကူးသန်းလျက်ရှိသော လူရိပ်မည်းမည်းများကို မြင်ရ၍ မီးဝါးသံများအကြားမှလည်း ဆူညံစွာအော်ဟစ် ပြောဆိုသံများကို ကြားရလေသည်။ မိမိ၏လှည်းသည် ဤနေရာ၌ အတော်ကြာမျှရပ်၍ စောင့်နေရဦးမည်ဖြစ်သည့်အတွက် အယ်ပါတစ်သည် လှည်းပေါ်မှဆင်းကာ လမ်းမကြီးဘေး လမ်းကြားကလေးထဲသို့ မီးကြည့်ရန် ဝင်လာခဲ့၏။ ထိုအနီးတစ်ဝိုက်၌ စစ်သားများသည် သွားလိုက်ပြန်လိုက်ဖြင့် အလုပ်များလျက်ရှိကြ၏။ စစ်သားနှစ်ယောက်နှင့် ခါးတိုအင်္ကျီဝတ်လူတစ်ယောက်သည် မီးစွဲလျက်ရှိသော ထုပ်များ၊ လျောက်များကို ဆွဲလာပြီး လမ်းတစ်ဖက်ရှိ အိမ်ဝင်းတစ်ခုထဲ၌ စုပုံလျက်ရှိကြ၍ အချို့ကမူ မီးလောင်လျက်ရှိသောအိမ်ထဲမှ မြက်ခြောက်များကို ဆွဲသယ်လာကြသည်။

အယ်ပါတစ်သည် တဂျမ်းဂျမ်းမီးလောင်လျက်ရှိသော စပါးစည်ကြီးအနီးတွင် ဝိုင်းအုံနေသည့် လူအုပ်ကြီးထဲသို့ တိုးဝင်လာခဲ့၏။ စပါးစည်နံရံများမှာ မီးစွဲလျက်ရှိကာ နောက်ဘက်ကနံရံမှာ ပြုတ်ကျသွားလေပြီ။ ထုပ်များတွင် မီးစွဲလျက်ရှိသဖြင့် အမိုးများလည်း တကျွတ်ကျွတ် မြည်ကာ ပြိုကျလုလုဖြစ်လေသည်။ လူအုပ်ကြီးသည် တအိအိပြုတ်ကျနေသောအမိုးကို လှမ်းကြည့်လျက်ရှိကြ၏။ အယ်ပါတစ်သည်လည်း မီးစွဲလောင်လျက်ရှိသော စပါးစည်အမိုးကို လှမ်း၍ကြည့်နေသည်။

"အယ်ပါတစ်" နောက်မှ သူ ကြားဖူးသော အသံတစ်သံ ထွက်ပေါ်လာ၏။

"အလို ကိုယ်တော်လေးပါကလား" အယ်ပါတစ်သည် ၎င်း၏သခင် မင်းသားကလေးအင်ဒရေ၏ အသံဖြစ်ကြောင်း ချက်ချင်းသိလိုက်ကာ လှည့်ကြည့်လိုက်သည်။

မင်းသားကလေး အင်ဒရေသည် မြင်းစီးဝတ်ရုံကြီးကိုဝတ်လျက် မြင်းနက်ကြီးတစ်ကောင်ကို စီးကာ လူအုပ်နောက်နားမှရပ်၍ အယ်ပါတစ်ကို စိုက်ကြည့်လျက်ရှိသည်။

"ဘယ့်နယ်လုပ်ပြီး ဒီကို ရောက်လာတာလဲ"

"ကိုယ်တော် ကိုယ်တော်လေး၊ ကျွန်တော်တို့ ရှုံးပြီလားဟင်၊ ကျွန်တော်တို့ တကယ်ဆုတ်လာရပလား" အယ်ပါတစ်သည် စကားကို ပီသအောင်မပြောနိုင်ဘဲ

www.burmeseclassic.com

www.burmeseclassic.com

ငိုလိုက်မိလေသည်။

"ဒီကို ဘာလုပ်လာတာလဲ" မင်းသားကလေး အင်ဒရေက မေးလိုက်ပြန်သည်။

ထိုအခိုက် မီးတောက်မှအရှိန်သည် လင်း၍လာလေရာ အယ်ပါတစ်သည် အသားအရေဖြူဖျော့ကာ နားထင်နားရင်းများချောင်လျက်ရှိသော သခင်မင်းသားကလေး အင်ဒရေ၏ မျက်နှာကို မီးရောင်တွင် ထင်ရှားစွာမြင်လိုက်ရ၏။ အယ်ပါတစ်က ၎င်းအား မင်းသားကြီးက စေခိုင်းလိုက်သဖြင့် ရောက်လာပုံ၊ အပြန်လမ်းပိတ်နေပုံတို့ကို ပြောပြသည်။

"ကျွန်တော်တို့တပ်တွေ တကယ်ရှုံးလာပြီပေါ့ ကိုယ်တော်လေး" အယ်ပါတစ်က ထပ်မေးလိုက်သည်။

မင်းသားကလေး အင်ဒရေသည် အယ်ပါတစ်အား တစ်ခုတစ်ရာ ပြန်လည်ပြောဆိုခြင်းမပြုဘဲ အိတ်ထဲမှ မှတ်စုစာအုပ်ငယ်တစ်အုပ်ကို ထုတ်ကာ စာရွက်တစ်ရွက်ကို ဆုတ်ဖြဲလိုက်ပြီးနောက် ဒူးပေါ်တွင်တင်၍ စာတစ်စောင်ကိုရေးလျက် ရှိ၏။ အစ်မတော် မင်းသမီးကလေး မေရီထံသို့ရေးခြင်း ဖြစ်လေသည်။

'ကျွန်တော်တို့ တပ်တော်များ စမိုးလင့်မှ ဆုတ်ခွာလာရပြီ၊ တောင်ကတုံးကို ရန်သူတို့ ရက်တစ်ပတ်အတွင်း သိမ်းလိမ့်မည်၊ ဤစာရက ချက်ချင်း မော်စကိုသို့ ပြောင်းပါ၊ မည်သည့်ရက်တွင် မော်စကိုသို့ ပြောင်းမည်ကို အကြောင်းကြားပါ၊ ကျွန်တော် ဥဇျတ်တွင် တပ်စခန်းချနေမည်၊ ထိုနေရာသို့ လူလွှတ်၍ အကြောင်းကြားပါ။'

မင်းသားကလေး အင်ဒရေသည် ဤစာကို ရေးပြီးနောက် အယ်ပါတစ်ကိုပေးကာ ခမည်းတော် မင်းသားကြီး၊ အစ်မတော်ထိပ်ထား၊ မိမိသားငယ်နှင့်တကွ စာပြဆရာ ဒီဆေးလ်တို့ မော်စကိုသို့ ပြောင်းရွှေ့ရန် မည်သို့မည်ပုံစီစဉ်ရမည်ဖြစ်ကြောင်း၊ မိမိအား မည်သို့မည်ပုံ အကြောင်းကြားရမည်ဖြစ်ကြောင်းတို့ကို အယ်ပါတစ်အား ပြောဆိုလျက်ရှိ၏။ ဤသို့ညွှန်ကြားနေသည့် အတောအတွင်း၌ နောက်လိုက်နောက်ပါတို့ ခြံရံလာသော စစ်ဦးစီးမှူးတစ်ယောက်သည် ၎င်းတို့အနီးသို့ မြင်းကို ဒုန်းစိုင်း၍ ရောက်လာသည်။

"ဟေ့လူ ခင်ဗျား ဗိုလ်မှူးကြီးတစ်ယောက် မဟုတ်လား" ထိုစစ်ဦးစီးမှူးက မင်းသားကလေး အင်ဒရေကို ဂျာမန်သံဝဲဝဲဖြင့် လှမ်းမေးလိုက်သည်။ ထိုအသံကို မင်းသားကလေး အင်ဒရေ ကြားဖူးသည်ဟု ထင်၏။ "ဗိုလ်မှူးကြီးတစ်ယောက် လုပ်နေရက်နဲ့ အိမ်တွေ မီးတဟုန်းဟုန်း တောက်နေတာကို ဒီအတိုင်း ကြည့်နေရလား။ ဘာသဘောလဲ၊ ဒုက္ခရောက်သွားချင်သလား"

ထိုသူကား ပထမတပ်မတော်၏ ခြေလျင်တပ်လက်ဝဲတောင်ပံ တပ်မှူးချုပ်တစ်ဦးဖြစ်လျက်ရှိသူ ဘဉ်ပေတည်း။

ဘဉ်သည် 'သွားရည်ကျဖို့ ကောင်းသည့် ရာထူးတစ်ခု' ဖြစ်သည်ဟု သူ ကိုယ်တိုင်ပြောခဲ့သော ရာထူးကြီးကို ရလျက် ရှိလေသည်။

မင်းသားကလေး အင်ဒရေသည် ဘဉ်ကို တစ်ချက်မျှသာ လှမ်းကြည့်လိုက်ပြီးနောက် မည်သို့မျှ ပြန်လည်ပြောဆိုခြင်းမရှိဘဲ အယ်ပါတစ်ကိုသာ မှာကြားစရာရှိသည်များကိုသာ မှာကြားနေသည်။

"အဲဒီတော့ ၁၀ ရက်နေ့အထိ သူတို့ဆီက အကြောင်းကြားချက်ကို စောင့်မယ်၊ ၁၀ ရက်နေ့ထိအောင် သူတို့ မော်စကိုကို ပြောင်းပြီဆိုတဲ့ သတင်းမရသေးဘူးဆိုရင် ကျုပ် ဒါတွေအကုန်ပစ်ပြီး တောင်ကတုံးကို လိုက်ခဲ့မယ်လို့ ပြောလိုက် ဟုတ်လား"

"ဟင် ကိုယ်တော်လေး" ဘဉ်က မင်းသားကလေး အင်ဒရေကို ခေါ်လိုက်၏။ "ကျွန်တော် တာဝန်အရမို့ ပြောရတာပါ ကိုယ်တော်လေး၊ စိတ်မရှိပါနဲ့ ကျွန်တော် တောင်းပန်ပါတယ်" ဘဉ်သည် မင်းသားကလေး အင်ဒရေကို တောင်းပန်နေသည်။

မီးတောက်ထဲမှ တထိန်းထိန်း ပေါက်ကွဲသံများကို ကြားရ၏။ မီးတောက်များသည် ခေတ္တမျှ အရှိန်သေသွားကြကာ စပါးစည်အမိုးအောက်မှ မီးခိုးလုံးကြီး အူထွက်လာ၏။ ခဏကြာလျှင် ကြီးမားသော အရာကြီးတစ်ခု ဝုန်းခနဲပြိုကျသွားသံကို ကြားလိုက်ရသည်။

လူအုပ်ကြီးသည် စပါးစည်အမိုးကြီး ပြိုကျလာသံကြောင့် လန့်ဖျပ်၍အော်လိုက်ကြသည်။ စပါးစည်ထဲမှ ကော်ပဲသီးနှံများကို မီးလောင်သဖြင့် မုန့်ဖုတ်သကဲ့သို့ အနံ့တစ်မျိုး ပေါ်ထွက်လာ၏။ ထို့နောက် မီးတောက်များသည် အရှိန်ကောင်းလာကြပြန်ကာ မီးကြည့်သူများ၏

www.burmeseclassic.com

www.burmeseclassic.com

စိတ်အားထက်သန်လျက် ရှိ၍ ပင်ပန်းနွမ်းနယ်လျက်ရှိသော မျက်နှာများကို အရောင်ဟပ်လိုက်ပြန်သည်။

ခါးတိုအင်္ကျီဝတ်ထားသည့်လူသည် လက်နှစ်ဖက်ကို မြှောက်ကာ "ကောင်းတယ်ကွ၊ ဝမ်းသာတယ်ကွ၊ အကုန်လောင်ကွ" ဟု အော်ဟစ်လျက် ရှိလေသည်။

"အဲဒါ ပိုင်ရှင်ပေါ့ဗျ" ဟု လူအုပ်ထဲမှ အသံများ ထွက်ပေါ်လာလေသည်။

မင်းသားကလေး အင်ဒရေသည် အယ်ပါတစ်ကို ဆက်၍ ပြောနေသည်။

"ကဲ ဒါပဲ၊ ခမည်းတော်ကြီးနဲ့ အစ်မတော်ထိပ်ထားကို ကျုပ်မှာလိုက်တဲ့အတိုင်း ပြောပြလိုက် ဟုတ်လား"

မင်းသားကလေး အင်ဒရေသည် မိမိ၏အနီးတွင် တောင်းပန်တိုးလျှိုးသည့်အမူအရာဖြင့် ခပ်ကုပ်ကုပ်ရပ်နေသောဘုဂ်ကို စကားတစ်ခွန်းမျှ မပြောတော့ဘဲ မြင်းကို တို၍ လမ်းကြားထဲအတိုင်း စီးထွက်သွားလေသတည်း။

အခန်း ၅

ရှရှားတပ်များသည် စမိုးလင့်မှ ဆက်လက်ဆုတ်ခွာလျက် ရှိကြ၍ ရန်သူ ပြင်သစ်တပ်များကလည်း နောက်မှ တရကြမ်း ချီတက်လာကြလေသည်။ ဩဂုတ်လ ၁၀ ရက်နေ့၌ မင်းသားကလေး အင်ဒရေ ကွပ်ကဲသော တပ်ရင်းသည် တောင်ကတုံးသို့သွားသော လမ်းဆုံကို ဖြတ်ကျော်ကာ မော်စကိုသို့သွားသော ပေတစ်ရာလမ်းမကြီးအတိုင်း ဆုတ်ခွာလာခဲ့သည်။ ရေရှား၍ နေပူရှိန်ပြင်းခဲ့သည်မှာ ရက်သတ္တ သုံးပတ်ကျော်မျှ ရှိခဲ့လေပြီ။ တိမ်တိုက်များသည် ကောင်းကင်ပြင်၌ ဂွမ်းဆိုင်ကြီးများကဲ့သို့ ရွေ့လျားလျက်ရှိကာ တစ်ခါတစ်ရံ၌ နေမင်းကို ဖုံးလွှမ်းသွားကြ၏။ သို့ရာတွင် မွန်းတိမ်းသည်နှင့် တစ်ပြိုင်နက် တိမ်တိုက်တို့ လွင့်စဉ်သွားကြကာ နီမှောင်သော နှင်းထုကြီးထဲတွင် ပျောက်ကွယ်သွားပြန်လေသည်။ ညက နှင်းတို့ ထူထပ်စွာ ကျထားခြင်းကြောင့်သာ မြေကြီးမှာ ယခုလောက် စိမ်းလန်းစိုပြည်နေခြင်း ဖြစ်သည်။ ရိတ်သိမ်းခြင်း မပြုရသေးသည့် ကောက်နှံများသည်လည်း ပူပြင်းလှသော ဒဏ်ကြောင့် ကြွေကျ ပျက်စီးကုန်ကြသည်။ ထုံးအိုင်များ၊ ခန်းခြောက်ကုန်ကြပြီ ဖြစ်၏။ ကျွဲ၊ နွားတိရစ္ဆာန်များသည် အစာရေစာ ဝလင်စွာ မစားရသည့်အတွက် ကြုံလှိုဖျော့တော့လျက်ရှိကြကာ အပူရှိန်ကြောင့် ခြောက်သွေ့လျက်ရှိသော စားကျက်များတွင် စားစရာ စိမ်းစိမ်းစိုစိုကိုမျှ ရှာဖွေမတွေ့ဘဲ ဖြစ်လျက် ရှိကြ၏။ နှင်းတို့ ထူထပ်စွာကျသော ညအချိန်နှင့် တောအုပ်များအတွင်း၌သာ စိမ်းလန်းစိုပြည်ခြင်းကို တွေ့ရတော့သည်။ သို့ရာတွင် စစ်တပ်များ ချီတက်လျက်ရှိသည့် ပေတစ်ရာလမ်းမကြီးတစ်လျှောက်တွင်ကား ညအချိန်၌သော် လည်းကောင်း၊ တောအုပ်ထဲသို့ ဝင်သွားသည့်အခါ၌ လည်းကောင်း စိမ်းလန်းစိုပြည်ခြင်း ဟူ၍ မရှိတော့ချေ။ ဖုန်မှုန့်တို့ ခြောက်လက်မခန့် တက်လျက်ရှိသော ပေတစ်ရာလမ်းမတစ်လျှောက်တွင် နှင်းပေါက်တို့လည်း ကြာရှည်စွာတည်နိုင်ဟန် မတူတော့ချေ။ အရဏ်တက်သည်နှင့် တစ်ပြိုင်နက် စစ်တပ်များသည် ဆုတ်ခွာလာခဲ့ကြရပြန်၏။ အမြောက်ရထားများ၊ ဝန်တင်လှည်းများသည် ပုံတောင်းနစ်လုနီးပါးရှိသော ဖုန်တောထဲတွင် တရွေ့ရွေ့လှုပ်ရှားလျက် ရှိကြ၏။ ခြေလျင်တပ်များသည် ညအချိန်၌ပင် အေးမြခြင်း မရှိ၊ ပူလောင်မွန်းကျပ်လှသော ခြေကျင်းဝတ်ခန့်ရှိ ဖုန်တောထဲတွင် ချီတက်ခဲ့ကြ၏။ ဖုန်များသည် လှည်းဘီးများ၊ ခြေထောက်များအောက်၌ မှုန့်မှုန့်ညက်ညက် ကြေလျက်ရှိ၍ အချို့ဖုန်များကား တိမ်တိုက်ကြီးများကဲ့သို့ အထက်သို့ လုံး၍ တက်လာကြကာ မျက်လုံးများ၊ နားများ၊ ပါးစပ်များ၊ နှာခေါင်းများ၊ ဆံပင်များတွင် လာရောက်ခိုဝင်ကြ၏။ အဆိုးဆုံးကား တလှုပ်လှုပ်သွားလျက်ရှိကြသော တပ်သားများ၏ အဆုတ်များထဲသို့ ဝင်ရောက်ခြင်းပင် ဖြစ်သည်။ နေမြင့်လာသည်နှင့် အမျှ ဖုန်လုံးကြီးများသည်လည်း အထက်သို့ တဖြည်းဖြည်း မြင့်တက်လာကြလေရာ နေသည် ထောင်းထောင်းထလျက်ရှိသော ဖုန်လုံးကြီးထဲ၌ ကြက်သွေးရောင် အလုံးကြီးတစ်လုံးကို ချိတ်ဆွဲထားသကဲ့သို့ ရှိလျက် သာမန်မျက်စိပင် ကြည့်၍ ရနိုင်အောင် အရောင်အဝါ ဖျော့တော့လျက် ရှိ၏။ လေငြိမ်လျက်ရှိသည့်အတွက်ကြောင့်လည်း တပ်သားများမှာ ဖုန်မွှန်းလျက်ရှိလေသည်။ တပ်သားများသည် ပါးစပ်များ၊ နှာခေါင်းများကို ပဝါများ စည်း၍ ထားကြ၏။ ရွာတစ်ရွာသို့ ဖြတ်သည်နှင့် တစ်ပြိုင်နက် တပ်သားများသည် ရေတွင်းဆီသို့ပြေးကာ ရေတွင်းတွင် ရှဉ့်နှစ်သာ ကျန်တော့သည်အထိ ရေကို အလုအယက်သောက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းသားကလေး အင်ဒရေသည် ထိုတပ်ရင်းကို ကွပ်ကဲ၍ လိုက်ပါလာရလေရာ ထိုတပ်ရင်းအား အုပ်ချုပ်ခြင်း၊ တပ်သားများ၏ ကိစ္စအဝဝကို စီမံရခြင်း၊ အထက်အမိန့်များကို လက်ခံ၍ အောက်သို့ စီမံခန့်ခွဲရခြင်းစသည့် ပြဿနာများသည် ၎င်း၏ခေါင်းပေါ်တွင် လုံးလုံးပုံကျလျက် ရှိ၏။ စမိုးလင့်မြို့ မီးလောင်ပြာကျခဲ့သည့်အဖြစ်နှင့် စမိုးလင့်ကိုစွန့်ခွာခဲ့ရသည့်အဖြစ်တို့သည် မင်းသားကလေး အင်ဒရေ၏ဘဝ၌ မေ့၍မရအောင် စွဲ၍ကျန်ရစ်ခဲ့လေသည်။ ဤအခြင်းအရာကြောင့် မင်းသားကလေး အင်ဒရေသည် မိမိ၏ဝမ်းနည်းဖွယ်ကောင်းသော အဖြစ်ကို ပင်မေ့လျော့ကာ ရန်သူကို နာကြည်းသည့်စိတ်တို့ တဖွားဖွား ပေါ်ပေါက်လာကြသည်။ မင်းသားကလေး အင်ဒရေသည် မိမိတပ်ရင်း၏ကိစ္စများကိုသာ အထူးကြပ်မတ်ဆောင်ရွက်ကာ လက်အောက်တပ်ဗိုလ် တပ်သားများကို မျှတစွာဆက်ဆံလေ့ရှိသည်။ ထို့ကြောင့် တပ်ရင်းတစ်ခုလုံးက 'ကိုယ်တော်ကလေး' ဟု အမြတ်တနိုး ခေါ်ဝေါ်ကြကာ ၎င်းကို လေးစားကြသည်။ ကြည်ညိုကြသည်။ ၎င်းအတွက် ဂုဏ်ယူကြသည်။ သို့ရာတွင် မင်းသားကလေး အင်ဒရေသည် မိမိ၏လက်အောက်ငယ်သားများကို ကြင်နာသည်ဆိုရာ၌ တိမိုခင်ကဲ့သို့ မိမိ၏အတိတ်အဖြစ်အပျက်များကို မသိသူများ၊ ယခုမှစ၍ ဆက်ဆံရသူများကိုသာ ကြင်နာနူးညံ့စွာ ဆက်ဆံခြင်းဖြစ်သည်။ ယခင်က သိဟောင်းကျမ်းဟောင်းများ၊ စစ်ဦးစီးဌာနချုပ်မှ မိတ်ဆွေရောင်းရင်းဟောင်းများကို တွေ့လိုက်သည်၌ကား ၎င်း၏နူးညံ့သိမ်မွေ့ခြင်းတို့သည် ပျောက်ကွယ်သွားကာ မျက်နှာသည် တင်းမာခက်ထန်လာတတ်၏။ မလိုတမာအသွင်ကို ဆောင်လာတတ်၏။ လှောင်ပြောင်နှိမ့်ချသောအသွင်ကို ဆောင်လာတတ်၏။ မင်းသားကလေး အင်ဒရေသည် အတိတ်နှင့် ပတ်သက်လာလျှင် အရာရာကို စက်ဆုပ်မုန်းတီးဟန် ရှိပေသည်။ ထိုသူများနှင့် ပတ်သက်လာလျှင် မင်းသားကလေး အင်ဒရေသည် မိမိအနေနှင့် မတရားသဖြင့် မပြုမိအောင်သာ ရှောင်ရှားကာ ဝတ္တရားအတိုင်းပင် ဆက်ဆံခြင်း ပြုလေသည်။

မင်းသားကလေး အင်ဒရေအဖို့၌ အရာခပ်သိမ်းသည် ညစ်ကျုံနောက်ကျိဖွယ်အတိပြီးလျက် ရှိ၏။ အထူးသဖြင့် သြဂုတ်လ ၆ ရက်နေ့တွင် စမိုးလင့်မြို့ကို စွန့်ခွာရသည့်အချိန်မှစ၍ လည်းကောင်း၊ (မင်းသားကလေး အင်ဒရေ၏အမြင်တွင် စမိုးလင့်မှ ခံလျှင် ရနိုင်သည်။ ခံလည်း ခံသင့်သည်ဟု ယူဆသည်။) နာမကျန်းဖြစ်လျက် ရှိသော ခမည်းတော်ကြီးသည် ၎င်းကိုယ်တိုင် တည်ဆောက်စည်းရုံးခဲ့သော တောင်ကတုံးကို လုယက်သောင်းကျန်းသူများလက်သို့ စွန့်ပစ်ကာ မော်စကိုသို့ ထွက်ပြေး ပြောင်းရွှေ့မှ ဖြစ်တော့မည်ဟု သိခဲ့ရသည့်အချိန်မှစ၍ မင်းသားကလေး အင်ဒရေ၏စိတ်သည် ပို၍ နောက်ကျလာခဲ့လေသည်။ သို့သော်လည်း မင်းသားကလေး အင်ဒရေ၏တပ်ရင်းမှာ အခြေအနေမဆိုးလှသေးသည့်အတွက် မိမိ၏ကိုယ်ရေးကိုယ်တာများကို စဉ်းစားချိန် အနည်းငယ်ရပေသေးသည်။ ခမည်းတော်မင်းသားကြီး ဘိုလကွန်စကီ၊ အစ်မတော်ထိပ်ထား မေရီနှင့် သားငယ်တို့ မော်စကိုသို့ ထွက်ခွာသွားပြီဟူသောသတင်းကို လွန်ခဲ့သောနှစ်ရက်က မင်းသားကလေး အင်ဒရေ ရရှိခဲ့၏။ တောင်ကတုံးတွင် ကိစ္စအထူးအထွေ မရှိသော်လည်း မင်းသားကလေး အင်ဒရေသည် မိမိ၏သောကကို ဖြေဖျောက်မှ နေသာထိုင်သာရှိသူဖြစ်သည့်အတိုင်း တောင်ကတုံးသို့ မြင်းစီး၍ သွားရောက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

မင်းသားကလေး အင်ဒရေသည် မိမိ၏မြင်းကို ကုန်းတင်၍ပြင်ထားရန် အမိန့်ပေးပြီးနောက် မိမိကိုယ်တိုင်မှာမူကား ဇာတိချက်ကြွေဖြစ်၍ ကြီးပြင်းလာခဲ့ရာဖြစ်သော တောင်ကတုံးသို့ မြင်းစီးလာခဲ့လေသည်။ သို့ဖြင့် တောင်ကတုံးရှိ ကန်ကလေးအနီးသို့ ရောက်လာခဲ့၏။ တစ်ခါက မိန်းမတို့သည် ထိုကန်စပ်၌ ရယ်သံမောသံ တည်ညံဖြင့် အဝတ်လျှော်တတ်ကြ၏။ သစ်သားလက်ရိုက်တံများဖြင့် အဝတ်ဖွပ်တတ်ကြ၏။ ယခုကား ထိုကန်ပေါင်၌ လူရိပ်လူယောင်ကိုပင် မတွေ့ရတော့ချေ။ ကန်ပေါင်ရှိ အဝတ်လျှော်သော ရေစင်ကလေးသည် ကျိုးကျ၍ ကန်ထဲသို့ တစ်ဝက်မြုပ်လျက် ရှိ၏။ အချို့ ပျဉ်စတို့သည် ကန်လယ်တွင်မျောလျက် ရှိ၏။ မင်းသားကလေး အင်ဒရေသည် အစောင့်၏တဲဆီသို့ မြင်းစီး၍ လာခဲ့သည်။ စံအိမ်တော်ဝင်ဝရှိ ကျောက်တိုင်တံခါးတွင် မည်သူမျှမရှိဘဲ တံခါးပွင့်လျက်ရှိ၏။ ဥယျာဉ်စကြံတစ်လျှောက်၌ မြက်ပင်များ ဖုံးစပြုလေပြီ။ အင်္ဂလိပ်ပန်းမျိုးများ စိုက်ထားသည့် ဥယျာဉ်ထဲတွင် မြင်းများသည် ပန်းပင်များကို စားလျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိသည်ကို တွေ့ရ၏။ မင်းသားကလေး အင်ဒရေသည် အပူဒွေ့ရရန်အတွက် မှန်ချပ်များကာထားသော ပန်းခုံဆီသို့ မြင်းကို စီးလာခဲ့၏။ အချို့မှန်များမှာ ကျိုးပဲ့ပျက်စီးလျက်ရှိ၍ ပန်းအိုးများမှာ လဲကျလျက်ရှိကာ အချို့ပန်းပင်များမှာ ညှိုးရော်ခြောက်သွေ့စ ပြုကြလေပြီ။ မင်းသားကလေး အင်ဒရေသည် ဥယျာဉ်မှူးတာရာကို အော်၍ ခေါ်ကြည့်၏။ သို့ရာတွင် ထူးသံ မကြား၍။ မင်းသားကလေး အင်ဒရေသည် မှန်ကာပန်းခုံထောင့်ရှိ အလှပြပန်းခုံကလေးအနီးသို့ လာခဲ့၏။ ပန်းနွယ်ပန်းခက်သဏ္ဌာန် ရုပ်လုံးဖော်ထားသည့် ဥယျာဉ်စောင့်ရန်းတိုင်များသည် ကျိုးပဲ့လျက်ရှိ၍ အသီးများ ပြွတ်လျက်ရှိသော ဆီးတော်ခိုင်များအား ချိုင်ထားကြခြင်းကိုလည်း တွေ့ရ၏။ မင်းသားကလေးအင်ဒရေ ငယ်ငယ်က ဝင်းဝတွင် ထိုင်လေ့ရှိသော လယ်သမားအဘိုးအိုကြီး တစ်ယောက်သည် အစိမ်းရောင်သုတ်ထားသော ခုံတန်းလျားကလေးတွင်ထိုင်ကာ လျှော်ဖိနပ်တစ်ရန်ကို ထိုးလျက်ရှိ၏။

ထိုလယ်သမားအဘိုးအိုမှာ နားလေးလျက်ရှိသဖြင့် မင်းသားကလေး အင်ဒရေ၏ မြင်းခွာသံကို ကြားဟန်မတူချေ။ လယ်သမားအဘိုးအိုကြီးသည် မင်းသားကြီးဘိုလက္ခန်စကို ထိုင်လေ့ရှိသော ခုံတန်းလျားပေါ်တွင် ထိုင်လျက်ရှိ၍ ၎င်းအနီးမှ လျှော်မျှင်၊ လျှော်စကလေးများသည် ကျိုးကျဉ်းခြောက်လျက်ရှိသော တတိုင်းမွေးပင်ပေါ်သို့ ကျလျက်ရှိ၏။

မင်းသားကလေး အင်ဒရေသည် စံအိမ်ဘက်သို့ စီးလာခဲ့ပြန်သည်။ ဥယျာဉ်ဟောင်းထဲရှိ သံပရာပင်တို့မှာ ဓားဖြင့် ချိုင်ထားသဖြင့် လဲကျလျက်ရှိပြီး စာဥကွက်မြင်းမကြီးနှင့် သားငယ်သည် စံအိမ်ရှေ့ နှင်းဆီချုံကြီးများကြား၌ အစာစားလျက် ရှိကြ၏။ ပြတင်းပေါက်တစ်ပေါက်မှ လွဲ၍ စံအိမ်တံခါးများအားလုံး ပိတ်လျက်ရှိ၏။ မြေကျွန်သူငယ်ကလေးတစ်ယောက်သည် မင်းသားကလေး အင်ဒရေကို မြင်သည်တွင် စံအိမ်ထဲသို့ ဝင်ပြေးလေသည်။ အယ်ပါတစ်သည် မိမိ၏သားမယားများကို ပို့ပြီး စံအိမ်တော်တွင် တစ်ယောက်တည်း အစောင့်ကျန်ရစ်ခဲ့သည်။ ထိုအချိန်က အယ်ပါတစ်သည် စံအိမ်ထဲတွင် ထိုင်ကာ 'ထေရုပ္ပတ္တိ' ကျမ်းတစ်စောင်ကို ဖတ်လျက် ရှိသည်။ မင်းသားကလေး အင်ဒရေ ရောက်လာသည်ဟုကြားသဖြင့် အယ်ပါတစ်သည် အင်္ကျီကိုကြယ်သီးတပ်ကာ မျက်မှန်ကို နှာခေါင်းပေါ်သို့ လျှောချလျက် အိမ်ပြင်ဘက်သို့ ထွက်လာခဲ့၏။ မင်းသားကလေး အင်ဒရေကို မြင်သည်တွင် ပြေးလာကာ မည်သည့်စကားကိုမျှ မပြောတော့ဘဲ မင်းသားကလေးအင်ဒရေ၏ခြေအစုံကို ဖက်လျက် ကြူးကြူးပါအောင် ငိုလေတော့သည်။

အတန်ကြာမှ မိမိ၏ အားငယ်တတ်ခြင်းကို ရှက်သွားဟန်ဖြင့် ကျန်ခြေဆည်လိုက်ပြီး အခြေအနေကို ပြောပြ၏။ စံအိမ်ရှိ အဖိုးတန်ပစ္စည်းများကို ဘိုဂူချာရိဗိသို့ ပြောင်းရွှေ့ပြီး ဖြစ်ကြောင်း၊ စည်ထဲမှ ကောက်ပဲသီးနှံများကိုလည်း လှည်းများနှင့်တိုက်၍ ပြောင်းရွှေ့ပြီး ဖြစ်ကြောင်း၊ မြက်ခြောက်များနှင့် နွေပြောင်းဖူးများမှာမူ စစ်တပ်များက မှည့်အောင်ပင် မစောင့်တော့ဘဲ မြင်းများ လွှတ်ထားလိုက်သဖြင့် ဘာမျှမကျန်တော့ကြောင်း ပြောပြလေသည်။ ထိုနှစ်က ပြောင်းဖူးများမှာ များစွာအောင်လှသည်ဟုလည်း ပြောပြ၏။ လယ်သမားများမှာလည်း အလုပ်အကိုင် မရှိတော့ဘဲ ဒုက္ခရောက်လျက် ရှိကြ၏။ အချို့မှာ ဘိုဂူချာရိဗိသို့ လိုက်သွားသဖြင့် တောင်ကတုံးတွင် လယ်သမားအနည်းငယ်သာ ကျန်တော့သည်။

မင်းသားကလေး အင်ဒရေသည် အယ်ပါတစ်၏ စကားကို ဆုံးအောင်နားမထောင်တော့ဘဲ သူ့ခမည်းတော်ကြီးနှင့် အစ်မတော်တို့ မော်စကိုသို့ ထွက်ခွာသွားကြပြီဟု ယူဆထားသဖြင့်

"ခမည်းတော်ကြီးနဲ့ အစ်မတော် ထိပ်ထားတို့ ဘယ်နေ့က ပြောင်းသွားကြသလဲ"

အယ်ပါတစ်သည် မင်းသားကြီးနှင့် သမီးတော် ထိပ်ထားတို့ မော်စကိုသို့ ပြောင်းခြင်းမဟုတ်သေးဘဲ ဘိုဂူချာရိဗိသို့ ပြောင်းရွှေ့ခြင်းကိုမေးသည်ဟု အထင်ရှိကာ သြဂုတ်လ ၇-ရက်နေ့ကပင် ပြောင်းရွှေ့သွားကြောင်း ပြောပြ၏။ ထို့ပြင် ပိုင်စားနယ်မြေကို စောင့်ရှောက်ရေးနှင့် ပတ်သက်၍ အကျိုးအကြောင်းစုံစမ်းကာ ညွှန်ကြားချက်များကို မေးမြန်းလျက် ရှိ၏။

"တပ်တွေက မြင်းစားဂျုံတွေ လာတောင်းရင် ပေးလိုက်ရမလား ကိုယ်တော်လေး၊ သူတို့ဆီက ပြေစာတောင်းထားဖို့ လိုသေးသလား၊ စည်တွေထဲမှာတော့ မြင်းစားဂျုံ တင်း-၆၀၀ လောက် ကျန်သေးတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

မင်းသားကလေး အင်ဒရေသည် မည်သို့ဖြေကြား ရမည်မသိဘဲ နေရောင်ဖြင့် ပြောင်ဝင်းနေသော အယ်ပါတစ်၏ ခေါင်းပြောင်ပြောင်ကြီးကို ငုံ့ကြည့်လိုက်သည်။ အယ်ပါတစ်၏ မျက်နှာမှာ မိမိသည် ထိုမေးခွန်းကို မေးရန် အချိန်မဟုတ်ကြောင်း၊ သို့သော် မင်းသားကလေး အင်ဒရေ စိတ်ပြေလက်ပျောက်ဖြစ်စေရန် စကားမရှိ စကားရှာ၍ မေးခြင်းမျှသာဖြစ်ကြောင်းကို ဖော်ပြလျက် ရှိ၏။

"အင်း လာတောင်းရင်လဲ ပေးလိုက်ပေါ့ဗျာ"

"ဥယျာဉ်တွေလဲ ပျက်စီးကုန်ပြီ ကိုယ်တော်လေး၊ ကျွန်တော်လဲ မတတ်နိုင်တော့ဘူးဗျာ့ တပ်ရင်းသုံးခု လာပြီး စခန်းချသွားလိုက်တာ အကုန်ပျက်စီးတာပဲ၊ အများအားဖြင့် လက်ပစ်ဗုံးကိုင် ရဲမက်တပ်တွေဗျာ့၊ ကျွန်တော်တို့က ဆိုင်ရာကို တိုင်ရအောင်ဆိုပြီး တပ်မှူးတွေရဲ့နာမည်နဲ့ ရာထူးတော့မေးပြီး မှတ်ထားလိုက်တယ်"

"ကဲ အယ်ပါတစ်၊ ဒီမှာ ခင်ဗျား ဘာလုပ်နေဦးမှာလဲ၊ မကြာခင် ရန်သူတွေ သိမ်းတော့မယ်၊ မပြောင်းသေးဘူးလား" မင်းသားကလေး အင်ဒရေက မေးလိုက်သည်။

အယ်ပါတစ်သည် မင်းသားကလေး အင်ဒရော်ဘက်သို့ လှည့်၍ ကြည့်လိုက်ပြီးနောက် လေးနက်သောအသံဖြင့်

"မသွားဘူး ကိုယ်တော်လေး၊ ကိုယ်တော်ကြီးဟာ ကျွန်တော်ရဲ့ကိုးကွယ်ရာပဲ၊ ကိုယ်တော်ကြီးရဲ့ စိတ်ဆန္ဒအတိုင်း ဒီမှာပဲ စောင့်နေရစ်ခဲ့တော့မယ်"

ထိုအခိုက် ခေါင်းတုံးများရိတ်ထားသည့် လယ်သမားတစ်သိုက်သည် မြက်ခင်းပြင်ကိုဖြတ်၍ မင်းသားကလေး အင်ဒရေထံသို့ လာနေကြ၏။

"ကဲ သွားမယ် အယ်ပါတစ်" မင်းသားကလေး အင်ဒရေသည် အယ်ပါတစ်ကို ငုံ့ကြည့်၍ နှုတ်ဆက်လိုက်သည်။ "ခင်ဗျားလဲ ဒီမှာနေလို့ မဖြစ်ဘူး၊ သွားမှဖြစ်မယ်၊ ရတတ်သမျှ ပစ္စည်းကလေးတွေကို သယ်နိုင်သလောက် သယ်ပြီး ကျန်တာကိုတော့ ဒီအတိုင်းပဲ ပစ်ထားခဲ့ပေတော့၊ မတတ်နိုင်ဘူး၊ မြေကျွန်တွေကိုလဲ ကျုပ်တို့ ရာဇနိပိုင်စား နယ်မြေဘက်သို့ ရွှေ့ချင် ရွှေ့ပစေ။ ဒီလိုမှ မဟုတ်ရင်လဲ မော်စကိုနားက ပိုင်စားနယ်မြေကြီးကို ပြောင်းကြပစေ"

အယ်ပါတစ်သည် မင်းသားကလေး အင်ဒရေ၏ ခြေကိုဖက်၍ ငိုလျက်ရှိ၏။ မင်းသားကလေး အင်ဒရေသည် အယ်ပါတစ်၏လက်များကို ဖြည်းညင်းစွာဖြုတ်ကာ မြင်းကိုတို့၍ စံအိမ်အပြင်သို့ ဒုန်းစိုင်းထွက်လာခဲ့လေသည်။

အလှကြည့်ဥယျာဉ်ကလေးထဲ၌ နားလေးသည့် အဘိုးအိုကြီးသည် ထိုင်လျက် ချုပ်လက်စလျော်ဖိနပ်စွပ်ထားသော ဖိနပ်ပုံသစ်သားတုံးကို တဒေါက်ဒေါက် ခေါက်လျက်ရှိ၏။ မင်းသားကလေး အင်ဒရေ၏အဖို့၌ကား ပျက်စီးလျက်ရှိသော အလှကြည့်ဥယျာဉ်ထဲတွင် ထိုအဘိုးကြီး ထိုင်လျက် ရှိခြင်းမှာ မိမိချစ်ခင်မြတ်နိုးသော ကွယ်လွန်သူတစ်ဦး၏ နဖူးပြင်တွင် ယင်တစ်ကောင်နားနေခြင်းနှင့်ပင် တူတော့သည်။ သူငယ်မကလေးနှစ်ယောက်သည် အပူဓာတ်ပေးထားသည့် ဥယျာဉ်ထဲရှိ ဆီးတော်ပင်များမှ ဆီးတော်သီးများကို ခူး၍ထွက်လာကြ၏။ သခင်ဖြစ်သော မင်းသားကလေး အင်ဒရေကို မြင်သည်၌ ခပ်ကြီးကြီး သူငယ်မကလေးသည် အငယ်မကလေးကိုခေါ်ကာ သစ်ပင်တစ်ပင်နောက်တွင် ပုန်းကွယ်နေကြသည်။

မင်းသားကလေး အင်ဒရေသည် ၎င်းတို့အား မိမိကမည်သို့မျှအရေးယူမည် မဟုတ်ကြောင်းကို သိစေလိုသဖြင့် မျက်နှာကိုလွှဲ၍ မြင်းကိုစီးလာခဲ့သည်။ မိမိအား ကြောက်ရွံ့၍ သစ်ပင်နောက်တွင် ပုန်းကွယ်နေကြသည့် ကလေးမကလေးများကိုလည်း သနားသွားမိသည်။ ၎င်းတို့ ကြောက်မည်စိုး၍ မကြည့်ရန် စိတ်တင်းထားသော်လည်း သူတို့ကလေးတွေကို ကြည့်ချင်လာပြန်သည်။ ဤကလေးမနှစ်ဦးကို မြင်လိုက်သည့်အခါတွင်ကျမှ လောကတွင် လူတိုင်းလူတိုင်း၌ တစ်ယောက်တစ်မျိုးစီကွဲပြားသော စိတ်ဝင်စားမှုများ ရှိကြပေသည်တကားဟု သဘောပေါက်လာခဲ့လေသည်။ ၎င်းတို့၏စိတ်ဝင်စားမှုသည်လည်း မိမိ၏ စိတ်ဝင်စားမှုကဲ့သို့ပင် ရှိသင့်ရှိထိုက်သော စိတ်ဝင်စားမှုမျိုးဖြစ်သည်ဟု နားလည်လာခဲ့လေသည်။ ထိုသူငယ်မလေးနှစ်ဦးကား လောကကြီး၌ တစ်ခုတည်းသောအရာမှအပ အခြားဘာကိုမျှ မက်မောတောင့်တဟန် မရှိကြချေ။ ၎င်းမှာလည်း အခြားမဟုတ်။ ဆီးတော်ပင်မှ ဆီးတော်သီးကို ပိုင်ရှင်မသိအောင် တိတ်တဆိတ် ဆွတ်ယူစားခြင်းသာဖြစ်၏။ မင်းသားကလေး အင်ဒရေသည် ၎င်းတို့၏ ဆန္ဒကို နားလည်သဘောပေါက်သည့်အလျောက် 'သူတို့

www.burmeseclassic.com

www.burmeseclassic.com

ခမျာ ဆန္ဒပြည့်ကြပါစေ' ဟုပင် ကျိတ်၍ ဆုတောင်းမိသေးသည်။ မင်းသားကလေး အင်ဒရေသည် ၎င်းတို့နှစ်ဦးကို တစ်ခါ ပြန်ကြည့်လိုသေးသဖြင့် လှည့်ကြည့်လိုက်မိပြန်သည်။ ထိုအခါ၌ကား သူငယ်မကလေးနှစ်ဦးသည် အန္တရာယ်မှလွတ်ကျွတ်ပြီဟု ယူဆကြဟန်ဖြင့် ပုန်းကွယ်ရာမှ ထွက်လာကြ၍ တစာစာ စကားပြောလာကြရင်း အင်္ကျီအဖျားကို မကာ နေလောင်ထားသည့် ခြေထောက်ကလေးများကို လှုပ်ယမ်းကစားလျက် မြက်ခင်းပြင်ကို ဖြတ်ပြေးလာကြ၏။

မင်းသားကလေး အင်ဒရေသည် စစ်တပ်များ ဆုတ်ခွာလျက်ရှိခြင်းကြောင့် ဖုန်တလုံးလုံးထနေသည့် ပေတစ်ရာလမ်းမကြီးမှ ထွက်လာခဲ့ရသဖြင့် အနည်းငယ်လန်းဆန်းလာသလိုလို ရှိ၏။ သို့ရာတွင် တောင်ကတုံးမှ ထွက်လာ၍ မကြာမီမှာပင် မင်းသားကလေး အင်ဒရေသည် ပေတစ်ရာလမ်းမကြီးသို့ ပြန်ရောက်လာကာ ကန်ပေါင်ကလေးပေါ်တွင် နားနေသည့်တပ်များကို မီလာပြန်သည်။ အချိန်မှာ မွန်းတိမ်းတစ်ချက်တီး ရှိနေလေပြီ။ ဖုန်လုံးများကြားမှ နေလုံးနီနီကြီးသည် နေရောင်ခြည်များကို လွှတ်လျက်ရှိပေရာ ဝတ်ရုံအင်္ကျီကြီးကိုဝတ်ထားသည့် မင်းသားကလေး အင်ဒရေ၏ ကျောမှာ ပူစပြုလာသည်။ တပ်များနားသည့် နေရာမှ စကားပြောဆိုသံများကို ကြားရ၍ ၎င်းတို့အထက်တွင် ဖြန့်မိုးလျက်ရှိသော အလိပ်လိပ်ထနေသည့် ဖုန်လုံးကြီးကိုလည်း မြင်ရ၏။ လေကလည်း ငြိမ်လျက်ရှိ၏။ ကန်ကလေးအနီးသို့ ဖြတ်၍ စီးလာခဲ့သောအခါ၌ လန်းဆတ်သော ရေခိုးရေငွေ့အနံ့ကို ရှုရှိုက်မိသည်။ ကန်ရေမှာ ညစ်ပတ်လျက်ရှိသော်လည်း မင်းသားကလေး အင်ဒရေသည် ကန်ထဲသို့ဆင်း၍ စိမ်လိုက်ချင်သည်။ ကန်ပေါင်ပေါ်မှ တပ်သားများ၏ အော်ဟစ် ပြောဆိုသံ၊ ရယ်မောသံများကိုလည်း ကြားရလေသည်။ ကန်ထဲသို့ လှမ်းကြည့်လိုက်သောအခါ ကန်ထဲတွင် အုတ်ကြွပ်ရောင်ကဲ့သို့ နီမြန်းသောမျက်နှာ၊ လည်ပင်း၊ လက်မောင်းတို့နှင့်တကွ ဖြူဖွေးလျက်ရှိသော ခန္ဓာကိုယ်များကို ဆေးကြောသုတ်သင်နေကြသည့် တပ်သားများကို မြင်ရ၏။ တပ်သားများမှာ ကန်တစ်ကန်လုံး အခဲလိုက်၊ အစုလိုက် ပြွတ်သိပ်ပြည့်ကျပ်လျက်ရှိသဖြင့် ကန်ရေသည် တစ်ပေခန့် မောက်လာ၏။ ရယ်မောအော်ဟစ်ကာ ကိုယ်လုံးတီးဖြင့် ကန်ထဲတွင် ကူးခတ်လျက်ရှိသော စစ်သားများသည် ရေပုံးတစ်ပုံးထဲတွင် ငါးများကို ပြွတ်သိပ်ထည့်ထားသကဲ့သို့ ရှိလေရာ ဤမျှသေးငယ်လှသော ကန်ကလေးထဲ၌ ဤမျှ များပြားလှသော လူအုပ်ကြီးဆင်း၍ ငါးပိငါးချဉ်သိပ် ကူးခတ်ပျော်ရွှင်နေကြပုံကို ကြည့်ရသည်မှာ စိတ်မချမ်းသာစရာ ကောင်းလှပေသည်။

မင်းသားကလေး အင်ဒရေ သိကျွမ်းသော တတိယတပ်ခွဲမှ ဒူးကောက်ကွေးတွင် ပတ်တီးစည်းထားသည့် ဆံပင်ကောင်းကောင်း တပ်သားတစ်ယောက်သည် နောက်သို့ဆုတ်၍ အရှိန်ယူကာ ပြေးသွားပြီးနောက် ကန်ထဲသို့ ခုန်ဆင်းလိုက်သည်။ အမြဲတမ်း မုတ်ဆိတ်မွေးဖားလျားနှင့် နေတတ်သည့် အသားညိုညို အရာခံဗိုလ်ကလေးတစ်ယောက်မှာမူ ခါးလယ်ရောက်အောင် ရေထဲသို့ဆင်း၍ တောင့်တင်းကျစ်လျစ်သောခန္ဓာကိုယ်ကို တွန့်ချည်၊ လိမ်ချည်ပြုကာ လက်ခုပ်ဖြင့် ရေခပ်ယူလျက် ခေါင်းကို ရေဆွတ်နေသည်။ ကန်ထဲတွင်ကား တစ်ယောက်ကို တစ်ယောက် ပုတ်သံ ထုသံ၊ ရယ်သံ မောသံ၊ အော်သံ ဟစ်သံဖြင့် သောသောညံလျက် ရှိလေသည်။

ကန်ပေါင်ပေါ်တွင်လည်းကောင်း၊ ကန်ထဲတွင်လည်းကောင်း၊ မြောင်းထဲတွင်လည်းဒီကောင်း လူတွေ ဖွေးဖွေးလှုပ်လျက်ရှိ၏။ နှာခေါင်းနီနီဖြင့် တပ်ဗိုလ် တိမိုခင်သည် မြောင်းပေါင်ပေါ်တွင်ရပ်ကာ ကိုယ်လက်သန့်စင်ပြီးဖြစ်၍ ကိုယ်ကို မျက်နှာသုတ်ပဝါဖြင့် သုတ်လျက်ရှိ၏။ ကိုယ်လုံးတီးရှိစဉ် မင်းသားကလေး အင်ဒရေနှင့် ပက်ပင်းတိုးနေသဖြင့် အနည်းငယ်ရှက်သလိုလို ဖြစ်သွားသော်လည်း ရှောင်၍မရတော့သည့်အတွက် နှုတ်ဆက်လိုက်သည်။

"ရဲချိုးလို့ကောင်းတယ် ကိုယ်တော်လေး၊ ချိုးပါဦးလား"

"ညစ်ပတ်လှသဗျာ" မင်းသားကလေး အင်ဒရေက မျက်နှာကိုရှုံ့၍ ပြောလိုက်၏။

"ကိုယ်တော်လေး ချိုးမယ်ဆိုရင် ကျွန်တော့်တပ်သားတွေကို ခဏ အဖယ်ခိုင်းလိုက်မယ်လေ" တိမိုခင်သည် ပြောပြောဆိုဆို ကိုယ်တုံးလုံးဖြင့်ပင် ကန်ဆီသို့ သွားကာ တပ်သားများကို အဖယ်ခိုင်းလိုက်၏။

"ဟေ့ ဖယ်ကြ ကိုယ်တော်လေး ရေချိုးမလို့"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်က ကိုယ်တော်လေးလဲ၊ ကျွန်တော်တို့ ကိုယ်တော်လေးလား ဗိုလ်ကြီး"

တပ်သားများသည် မင်းသားကလေး အင်ဒရေ ရေချိုးမည်ဟုဆိုလိုက်သည်နှင့် မင်းသားကလေး အင်ဒရေတားသည်ကိုပင်မရတော့ဘဲ ဖယ်ရှားပေးကြသည်။ မင်းသားကလေး အင်ဒရေသည် စပါးစည်နောက်နားက ကမ်းစပ်တွင်ဆင်း၍ ကိုယ်ကို ရေထဲတွင် စိမ်နေလိုက်သည်။

"အင်း ဒီအသားတွေ၊ ဒီခန္ဓာကိုယ်တွေဟာ အမြောက်စာတွေပါကလား" မင်းသားကလေး အင်ဒရေသည် မိမိ၏လုံးတီးဖြစ်နေသော ခန္ဓာကိုယ်ကို ငုံ့ကြည့်၍ ဆိုလိုက်မိသည်။ မင်းသားကလေး အင်ဒရေသည် ဤသို့ ငုံ့ကြည့်ရင်း ကြက်သီးမွေးညှင်းတွေ ထလာသည်။ သို့ရာတွင် ရေ၏အအေးဓာတ်ကြောင့် မဟုတ်ချေ။ ညစ်ပတ်နောက်ကျိလျက်ရှိသော ရေကန်ထဲတွင် ကူးခတ်လှုပ်ရှားနေကြသော ကိုယ်လုံးတီးခန္ဓာကိုယ်များကို မြင်လိုက်ရသည့်အတွက် စက်ဆုပ်ရွံရှာသောကြောင့်သာ ဖြစ်သည်။ မည်သည့်အတွက်ကြောင့် ဤသို့စက်ဆုပ်ရွံရှာခြင်း ဖြစ်ရသည်ကိုကား မင်းသားကလေး အင်ဒရေကိုယ်တိုင် မသိချေ။

ဩဂုတ်လ ၇-ရက်နေ့၌ ဒုတိယတပ်မတော် ဗိုလ်ချုပ်ကြီး ဘဂရေးရှင်းသည် စမိုးလင့် ပေတစ်ရာပေါ်ရှိ မစ်ဟေလော့ကာရွာတွင် စခန်းချလျက်ရှိသော ၎င်း၏ တပ်စခန်းမှနေ၍ စစ်ဝန်ကြီး အာရတ်ချေ့ထံသို့ အောက်ပါ စာချွန်ကို ပေးပို့လိုက်လေသည်။

ချစ်ခင်လှစွာသောမြို့စားကြီး အာရတ်ချေ့ခင်ဗျား။

(ဗိုလ်ချုပ်ကြီး ဘဂရေးရှင်းသည် မိမိ၏မိတ်ဆွေ စစ်ဝန်ကြီးထံ ရေးခြင်းဖြစ်သော်လည်း ထိုစာမှာ ဘုန်းတော်ကြီးသောဘုရားထံသို့ ရောက်မည်ဟု တပ်အပ်သိထားသည့်အတွက် စကားလုံးတိုင်းကို ကျနစွာ ရွေးချယ်၍ ရေးသားခဲ့ခြင်း ဖြစ်သည်။)

စမိုးလင့်မြို့ ရန်သူတို့လက်သို့ ရွှန့်ခဲ့ရပြီ ဖြစ်ကြောင်းကို ယခုအချိန်၌ သွေးသောက်ဗိုလ်ချုပ်ကြီး ဘာကလေက အစီရင်ခံခဲ့ပြီး ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။ စမိုးလင့်ကဲ့သို့ အချက်အချာကျလှသော မြို့တစ်မြို့ကို ယခုကဲ့သို့ အလွယ်တကူ ရွှန့်ခဲ့ရခြင်းမှာ များစွာဝမ်းနည်းဖွယ် ကောင်းလှပါသည်။ ယခုကဲ့သို့ အပ်လိုက်ရခြင်းကြောင့် တပ်တော်တစ်ခုလုံးလည်း စိတ်ဓာတ်ပျက်ပြားလျက် ရှိပါသည်။ ဤသို့ရန်သူ့လက်သို့ စွန့်လွှတ်ခြင်းမပြုရန် ဗိုလ်ချုပ်ကြီး ဘာကလေထံသို့ ကျွန်ုပ်ကိုယ်တိုင် စာရေးအကြောင်းကြား၍ တတ်နိုင်သမျှ ကြိုးစားခဲ့သည်။ သို့ရာတွင် မည်မျှ ကြိုးစားစေ ဗိုလ်ချုပ်ကြီး ဘာကလေသည် ထိုအကြံကို လက်ခံခြင်းမပြုပြီ။ အကယ်၍သာ ကျွန်ုပ်အကြံပေးသည့်အတိုင်း စမိုးလင့်မှ ခံလျှင် နဂိုလီယန်သည် တစ်ခါဖူးမျှ မတွေ့ဖူးသော အကျပ်အတည်းမျိုးနှင့် တွေ့ဆုံကာ သင်း၏တပ်တစ်ဝက် ပျက်စီးဆုံးရှုံးရုံမျှမက စမိုးလင့်ကိုလည်း သိမ်းပိုက်နိုင်မည် မဟုတ်ကြောင်း ကျွန်ုပ် ကျိမ်းကျိန်၍ ပြောရဲပါသည်။ ကျွန်ုပ်တို့တပ်များသည် ပြီးခဲ့သည့်တိုက်ပွဲများတွင် အစွမ်းကုန် ကြိုးစား တိုက်ခိုက်ခဲ့ကြ၍ ယခုလည်း ကြိုးစားတိုက်ခိုက်လျက် ရှိကြပါသည်။ ကျွန်ုပ်အထင်၌ ကျွန်ုပ်တို့တပ်များသည် မည်သည့်အခါကမျှ ဤမျှလောက် စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့ကြခြင်း မရှိသေးဟု ထင်ပါသည်။ ကျွန်ုပ်သည် စစ်သည်တပ်သားသောင်းငါးထောင်ဖြင့် ရန်သူတပ်များကို အသေအလဲခုခံခဲ့ရာ သုံးဆယ့်ငါးနာရီခန့် တိုက်ပွဲ ဖြစ်ပွားပြီးနောက် ရန်သူတို့ စစ်ရွှေ့ခဲ့ကြသည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီး ဘာကလေမှာကား စမိုးလင့်၌ ဆယ့်လေးနာရီမျှ ကြာအောင်ပင် ခုခံခြင်း မရှိ။ ဤအဖြစ်မှာ ရှက်ဖွယ်လိလိ ဖြစ်ရုံမျှမက တပ်တော်ကြီး၏ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်းစေခဲ့ပြီ။ ဗိုလ်ချုပ်ဘာကလေ၏ ဂုဏ်သိက္ခာကား ဆိုဖွယ်ရာ မရှိတော့ပြီ။ ကျွန်ုပ်အမြင်အရမူ ဗိုလ်ချုပ်ကြီးဘာကလေသည် လူ့ပြည်၌ ဆက်လက်နေထိုင်ခြင်းဌာပင် မထိုက်ပြီ။ အကယ်၍ ကျွန်ုပ်တို့ အကျအဆုံး အထိအရှရများ၍ ဆုတ်ရခြင်း ဖြစ်သည်ဟု ဆိုလျှင် ထိုစကားသည် မုသားစကားသာ ဖြစ်ပါသည်။ စမိုးလင့်တွင် ကျွန်ုပ်တို့တပ်များ၏ အကျအဆုံးမှာ လေးထောင်ထက် ပိုမည် မဟုတ်ပါ။ အတိအကျပြောရလျှင် လေးထောင်ပင်ရှိမည် မဟုတ်ပါ။ ကျွန်ုပ်တို့၏ သဘောတွင်ကား လေးထောင်မပြောနှင့်၊ တစ်သောင်းကျမည်ဆိုစေ စမိုးလင့်မှ ခံမည်သာ ဖြစ်သည်။ အကျအဆုံးမရှိသော

www.burmeseclassic.com

www.burmeseclassic.com

စစ်ပွဲဟူ၍ အဘယ်မှာ ရှိမည်နည်း။ ကျွန်ုပ်တို့က ဤမျှလောက်အကျခံ၍ တိုက်လျှင် ကျွန်ုပ်တို့နိုင်မည် သာမက ရန်သူလည်း တပ်ပျက် မည် မုချဖြစ်သည်။

ကျွန်ုပ်တို့က စမိုးလင့်တွင် နောက်ထပ်နှစ်ရက် ကြာမျှ ခံနေလျှင် ကျွန်ုပ်တို့အဖို့ ဘာမျှထူး၍ ဆုံးရှုံးစရာ မရှိ။ အကယ်၍ နှစ်ရက်မျှဆက်ခံလျှင် ရန်သူ၌ လူနှင့် မြင်းများအတွက် ရေမရှိက သင်းတို့ မုချ စစ်ဆုတ်ရမည် ဖြစ်သည်။ ဗိုလ်ချုပ်ကြီး ဘာကလေသည် စမိုးလင့်မှ ခံမည်ဟု ကျွန်ုပ်ထံ အကြောင်းကြား ထားသော်လည်း ချက်ချင်းပင် ယခုညပင် ခွာတော့မည်ဖြစ်ကြောင်း ထပ်မံ အကြောင်းကြားပြန်သည်။ ဤနည်းဖြင့် ရန်သူကို ဆက်လက်ခုခံ၍ကား မဖြစ်ပြီ။ ဤသို့ဆိုလျှင် ရန်သူတို့ မကြာခင် မော်စကိုသို့ ရောက်တော့မည် ဧကန် ဖြစ်သည်။

ရောင်းရင်းတို့က နုပိုလီယန်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် စဉ်းစားလျက်ရှိကြောင်းဖြင့် ကောလာဟလများ ဖြစ်ပွားလျက် ရှိသည်။ ဤမျှ အရှုအနာများစွာဖြင့် ဤမျှ အတိမ်းတိမ်းအပါးပါး ဆုတ်ခွာခဲ့ပြီးနောက်မှ ငြိမ်းချမ်းရေးဆွေးနွေးလျှင် ကျွန်ုပ်တို့၌ အရှက်ရချိမ့်မည်။ တစ်နိုင်ငံလုံးလည်း စိတ်နှလုံးမချမ်းမသာ ရှိကြတော့မည်။ အများပြည်သူတို့ ဒေါသအမျက် ထွက်ကြမည်။ ကျွန်ုပ်တို့လည်း စစ်ဝတ်စုံကိုပင် မဝတ်ရဲအောင် အရှက်ရသည့်အဖြစ်သို့ ရောက်ကြတော့မည်။ ဤသို့ဆိုလျှင် ဖြစ်လိုရာဖြစ်စေတော့။ ကျွန်ုပ်တို့ အစွမ်းရှိသမျှ ခံနိုင်ရည်ရှိသမျှ တိုက်ခိုက်ကြရတော့မည်။

စစ်တပ်တစ်တပ်ကို ဦးစီးကွပ်ကဲရာတွင် ဦးစီးကွပ်ကဲသူ တစ်ယောက်သာ ရှိသင့်ပါသည်။ နှစ်ယောက် မရှိသင့်။ ဗိုလ်ချုပ်ကြီး ဘာကလေသည် အခြားနေရာများ၌ ကြံရည်ဖန်ရည် ပြည့်ဝသည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ကောင်း ဖြစ်မည် ဖြစ်သော်လည်း ဗိုလ်ချုပ်တစ်ယောက်အနေဖြင့်ကား ထိုက်တန်ခြင်း မရှိရုံမျှမက များစွာစက်ဆုပ်ဖွယ် ကောင်းလှပါသည်။ ဤသို့သောပုဂ္ဂိုလ်တစ်ဦး၏ လက်သို့ နိုင်ငံတော်၏ကံကြမ္မာကို ဝကွက်အပ်ရမည်ဆိုလျှင် ကျွန်ုပ်တို့ ဒုက္ခလှလှကြီးတွေ့ဖို့သာ ရှိပါတော့သည်။ ကျွန်ုပ်မှာ ဤအရေးကို တွေးလိုက်တိုင်း စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်ရသည်။ ဤသို့ ပွင့်ပွင့်လင်းလင်းရေးရခြင်းအတွက် ခွင့်လွှတ်လိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ပါသည်။ နုပိုလီယန်နှင့် ငြိမ်းချမ်းရေး ချုပ်ဆိုရန် တိုက်တွန်းသူ ဗိုလ်ချုပ်ကြီး ဘာကလေအား တပ်မတော်တွင် ဆက်လက်ကွပ်ကဲရန် ထောက်ခံသူသည် ဘုန်းတော်ကြီးသောဘုရားကို ချစ်ကြည်လေးမြတ်ခြင်း မရှိကြောင်း ထင်ရှားပါသည်။ ထိုသူမျိုးသည် ကျွန်ုပ်တို့အား လုံး၏ ပျက်စီးဆုံးရှုံးခြင်းကို လိုလားသူသာ ဖြစ်လိမ့်မည်။ ထို့ကြောင့် ရောင်းရင်းကြီးထပွင့်ပွင့်လင်းလင်း ရေးရခြင်း ဖြစ်ပါသည်။ ဤအချိန်တွင် အရေးပေါ်စစ်သည်များကို စုဆောင်းရန် အချိန်သင့်ပြီဟု ယူဆပါသည်။ ဤအတိုင်းသာ ဆိုပါက ဗိုလ်ချုပ်ကြီး ဘာကလေသည် ပြင်သစ် ဧည့်သည်များကို မော်စကိုသို့ ပင့်ဖိတ်လျက် ရှိသကဲ့သို့သာ ရှိပါတော့သည်။ တပ်မတော်ကြီးတစ်ခုလုံးကလည်း ဘုန်းတော်ကြီးသောဘုရား၏ ကိုယ်ရံတော်ဗိုလ်ချုပ်ကြီး ဝေါဇိဂျင်အား သံသယဖြစ်လျက် ရှိပါသည်။ ဝေါဇိဂျင်သည် ကျွန်ုပ်တို့ဘက်သားဖြစ်ရန်ထက် နုပိုလီယန်ဘက်သားဖြစ်ဖို့က နီးစပ်ပါသည်။ ဤကဲ့သို့ သောပုဂ္ဂိုလ်တစ်ယောက်က ဗိုလ်ချုပ်ကြီး ဘာကလေအား ကြိုးကိုင်နေသည်ဆိုလျှင် ကျွန်ုပ်တို့ အခြေအနေကို ရောင်းရင်းကြီး တွေးကြည့်နိုင်လောက်ပြီ။ ကျွန်ုပ်သည် ဗိုလ်ချုပ်ကြီး ဘာကလေထက် ဝါကြီးသူတစ်ယောက်ဖြစ်သော်လည်း ၎င်းအပေါ်တွင် ယဉ်ကျေးစွာ ဆက်ဆံရုံမျှမက တပ်ကြပ်ကလေးတစ်ယောက်၏ သစ္စာရှိခြင်းမျိုးဖြင့် အမိန့်ကို နာခံပါသည်။ ဤသို့ ကိုယ်ထက် ဝါနေသူတစ်ယောက်အောက်၌ အမှုထမ်းရခြင်းမှာ ကျွန်ုပ်အဖို့ အသည်းနာဖွယ် ဖြစ်သော်လည်း ဘုန်းတော်ကြီးသောဘုရား၏ အကျိုးတော်အတွက် ကျွန်ုပ်၏ကိုယ်ရေးကိုယ်တာခံစားချက်တို့ကို ဥပေက္ခာပြု၍ နာခံခြင်းပြုပါသည်။ ဘုန်းတော်ကြီးသောဘုရားသည် သူရသတ္တိအရာတွင် မယှဉ်သာသော ကျွန်ုပ်တို့၏ တပ်မတော်ကြီးအား ဤသို့သော ပုဂ္ဂိုလ်တစ်ယောက်လက်သို့ ဝကွက်၍ အပ်ရာသလောဟု တွေးမိ၍ စိတ်မကောင်းခြင်းသာ ဖြစ်မိပါသည်။ ကျွန်ုပ်တို့

www.burmeseclassic.com

www.burmeseclassic.com

ဆုတ်ခွာလာခဲ့ရာ၌ လမ်းတွင် စစ်သည်တို့ ပင်ပန်းနွမ်းနယ်၍ အရှုအနာ အသေအပျောက် များလှပါသည်။ ဆေးရုံတွင်လည်း စစ်သည် တပ်သား တသောင်းငါးထောင်ခန့် တင်ထားရပါသည်။ ဤအခြင်းအရာများကား ဆုတ်ခွာခဲ့ခြင်းကြောင့် ဖြစ်ပေါ်သောအကျိုးတရားများ ဖြစ်ပါသည်။ အကယ်၍သာ ရန်သူကို ခံတိုက်ခဲ့ပါက ဤအဖြစ်မျိုးကို ကျွန်ုပ်တို့ ကြုံရမည်မဟုတ်။ ကျွန်ုပ်တို့သည် ဤမျှရန်သူကို ချောက်ချားတုန်လှုပ်နေကြလျှင် ကျွန်ုပ်တို့၏အဖ ရုရှားနိုင်ငံတော်ကြီးက ကျွန်ုပ်တို့အား မည်သို့ ပြောဆိုမည် ထင်ပါသနည်း။ သားကောင်းမပီသသူများဟူ၍ ကဲ့ရဲ့မည် မဟုတ်လော။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အဖနိုင်ငံတော်ကြီးအား ဤလူဆိုး၊ ဓားပြများလက်သို့ အဘယ်ကြောင့် အပ်နှင်းရမည်နည်း။ ကျွန်ုပ်တို့ နိုင်ငံသူ နိုင်ငံသားများအား အဘယ်ကြောင့် အရှက်တကွဲ အကျိုးနည်း အဖြစ်ခံရမည်နည်း။ ကျွန်ုပ်တို့သည် မည်သည့် အရာကို ကြောက်ရွံ့စိုးရိမ်ထိတ်လန့်နေကြဘိသနည်း။ ဗိုလ်ချုပ်ကြီး ဘာကလေသည် ရဲရင့်ပြတ်သားသူ မဟုတ်။။ သူရဲဘောနည်းသူ၊ ဉာဏ်နည်းသူ၊ နှောင့်နှေးဗျာပါဖြစ်သူ၊ အရည်အချင်း အနည်းငယ်မျှပင် မရှိသူဟုဆိုလျှင် ကျွန်ုပ်အား ဘာမျှ အပြစ်ဆိုဖွယ် မသင့်။ တပ်မတော်ကြီး တစ်ခုလုံးကပင် ဤသို့ယူဆလျက် စိတ်ပျက်အားလျော့စွာဖြင့် ၎င်းကို ကျိန်ဆဲလျက် ရှိကြပြီ။

အခန်း ၆

လူ့ဘဝ၏ ရေတွက်ခြင်းငှာ မစွမ်းနိုင်သော အကြောင်းကိစ္စများအားလုံးတွင် အနှစ်သာရလွန်းမိုးသော အရာနှင့် အပေါ်ယံဟန်ဆောင်မှု လွန်းမိုးသောအရာဟူ၍ အမြဲတမ်း ရှိတတ်ကြလေသည်။

တောလက်ကျေးရွာ မြို့ငယ်နယ်ပယ် စသည်တို့မှ အခြင်းအရာများသည် အနှစ်သာရပြည့်ဝတတ်ကြ၍ မြို့ကြီး၊ ပြကြီးများမှ အခြင်းအရာများကား အပေါ်ယံဟန်ဆောင်မှုတို့ လွန်းမိုးတတ်ကြလေသည်။ ပီတာစဘတ် ရွှေမြို့တော်မှ ပေါင်းသင်းဆက်ဆံရေးဘဝ၊ အထူးသဖြင့် ရွှေမြို့တော်ဧည့်ခန်းဆောင်များမှ ပေါင်းသင်းဆက်ဆံရေးဘဝကား အပေါ်ယံ ဟန်ဆောင်မှုလွှမ်းခြင်းအရာ၌ ထိပ်ဆုံးက လိုက်တတ်ကြလေသည်။ ရွှေမြို့တော် ဧည့်ခံဆောင်များမှ ပေါင်းသင်းဆက်ဆံရေးဘဝသည် ယခင်ကကဲ့သို့ပင် ပြောင်းလဲခြင်းမရှိ ဖြစ်ပေါ်လျက် ရှိလေသည်။ ၁၈၀၅–ခုနှစ်မှစ၍ ယခုအချိန်အထိ ရုရှားနိုင်ငံသည် ဘိုနာပတ်နှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခြင်း၊ ထပ်မံ၍ ရန်စစ်ဖြစ်ခြင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေသစ်များကို ရေးဆွဲခြင်း၊ ၎င်းတို့ကို ပြန်၍ ရုပ်သိမ်းခြင်း စသဖြင့် အပြောင်းအလဲအမျိုးမျိုး တွေ့ကြုံခဲ့ရပြီ ဖြစ်သော်လည်း မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ဧည့်ခန်းဆောင်နှင့် ဟယ်လင်မင်းသမီးကလေး၏ ဧည့်ခန်းဆောင်မှ လူမှုဆက်ဆံရေး ဘဝကား ၁၈၀၅– ခုနှစ်ကကဲ့သို့ ပြောင်းလဲခြင်းမရှိဘဲ မင်းပွဲသဘင် တခြိမ့်ခြိမ့်ဖြင့် စည်ကားလျက် ရှိလေသည်။ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ဧည့်ခန်းဆောင်၌ အထက်တန်းလွှာပုဂ္ဂိုလ်တို့သည် ယခင်ကကဲ့သို့ပင် ဘိုနာပတ်၏အောင်ပွဲများအကြောင်းကို မကျေမချမ်းပြောဆိုလျက်ရှိ၏။ များစွာသော ဥရောပ ထီးဆောင်းမင်းတို့က ဘိုနာပတ်ထံ အောက်ကျို့သစ္စာခံကြခြင်း၊ နပိုလီယန် အောင်ပွဲများရနေခြင်း စသည်တို့သည် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ အမှုးပြုသော ရွှေနန်းတော်အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များအား ထိတ်လန့်ချောက်ချားခြင်း၊ စိတ်မချမ်းသာခြင်း ဖြစ်အောင် ပြုနေသကဲ့သို့ ရှိ၏။ သို့ရာတွင် နိုင်ငံခြားရေးဝန်ကြီး ရွန်ယန်းဆက်ကိုယ်တိုင် ကြွရောက်ဂုဏ်ပြုလေ့ရှိ၍ အသိဉာဏ်ပညာအရာ၌ ထက်မြက်သည့်မိန်းမတစ်ဦးဟု ၎င်းကိုယ်တိုင်က ချီးကျူးခြင်းခံရသော ဟယ်လင်မင်းသမီးကလေး၏ ဧည့်ခန်းဆောင်၌ကား ယခင်ကကဲ့သို့ပင် နပိုလီယန်ကို 'ကြီးမြတ်သော ပုဂ္ဂိုလ်ထူးကြီး' ဟုလည်းကောင်း၊ ပြင်သစ်လူမျိုးကို 'ကြီးမြတ်သော လူမျိုး' ဟုလည်းကောင်း ချီးကျူးပြောဆိုလျက်ရှိကာ ပြင်သစ်နှင့် ထပ်မံစစ်ဖြစ်ရခြင်းကို ဝမ်းပန်းတနည်းဖြစ်လျက် ရှိကြလေသည်။ ၎င်းအစုသည် ပြင်သစ်နှင့် စစ်ဖြစ်ပွားခြင်းကို ရပ်စဲ၍ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုရန် လိုလားလျက် ရှိလေသည်။

ဘုန်းတော်ကြီးသောဘုရား တပ်မတော်နှင့် ချီတက်လိုက်ပါရာမှ ပြန်ကြွတော်မူခဲ့ပြီးသည့်နောက်၌ အယူ

www.burmeseclassic.com

www.burmeseclassic.com

အဆချင်း ပဋိပက္ခဖြစ်လျက်ရှိ၍ တစ်စုနှင့် တစ်စု ရန်ငြိုးဖွဲ့လျက်ရှိသော ရွှေမြို့တော်ရှိ အထက်တန်းစား မှူးမတ်အုပ်စုများသည် လှုပ်လှုပ်ရွရွဖြစ်လာခဲ့ကြ၏။ ကိုယ့်အစုသာလျှင် မှန်ကန်သည်ဟု စွဲမြဲလျက် ရှိကြ၏။ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ အုပ်စုဝင်ကား အရိုးစွဲနေသော ဘုရင့်ဂိုဏ်းသား ပြင်သစ်လူမျိုးမှအပ ပြင်သစ်လူမျိုးဆိုလျှင် အခြားမည်သည့် ပြင်သစ်ကိုမျှ အဝင်မခံချေ၊ ထိုအုပ်စုသည် ဇာတိမာန်၊ ဇာတိသွေး တက်ကြွဖွယ်စကားများကို ပြောဆိုလျက် ပြင်သစ်ဇာတ်ပွဲများကို သပိတ်မှောက်သည်အထိ ပြင်သစ်ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းထန်လျက် ရှိကြသည်။ ရွှေနန်းတော်ကြီးတွင် ပြင်သစ်ကချေသည်များကို ခန့်ထားဖြေဖျော်စေခြင်းသည် စစ်တပ်ဖွဲ့ကြီး တစ်ဖွဲ့စာလောက် စရိတ်စကများသည်ဟု ဝေဖန်ပြောဆို လျက် ရှိကြသည်။ ထိုအုပ်စုသည် စစ်အခြေအနေကို စိတ်အားထက်သန်စွာ စောင့်ကြည့်လျက်ရှိကာ ရုရှားတပ်မတော်အား ချီးမြှောက်သည့်သတင်းစကားများကိုသာ ပြောဆိုလျက် ရှိကြ၏။ မြို့စားကတော်လေး ဟယ်လင်နှင့် နိုင်ငံခြားရေးဝန်ကြီး ရွှန်ယန်းဆက်တို့၏ ပြင်သစ်လိုလားသော အသိုင်းအဝိုင်း၌ကား ရန်သူများက ရက်စက်ကြမ်းကြုတ်စွာ ပြုမူကြသည်ဆိုသော သတင်းများနှင့် စစ်ပွဲသတင်းများကို ငြင်းဆိုလျက်ရှိကြကာ နပိုလီယန်က စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းနေသည်ဆိုသော သတင်းကိုသာ တွင်တွင်ကြီးပြောလျက် ရှိကြ၏။ ထိုအသိုင်းအဝိုင်း၌ ရွှေနန်းတော်ကြီးအား ကာဇန်ဒေသသို့ ပြောင်းရွှေ့ရန်နှင့် မိန်းကလေးကျောင်းများကို ရွှေနန်းရှင် မယ်တော်ဖုရား၏ ကြီးကြပ်မှုအောက်တွင်ထား ရှိရန် ပြောဆိုသူများကို ရှုတ်ချကဲ့ရဲ့သော မျက်နှာထားဖြင့် ကြည့်တတ်လေသည်။ မြို့စားကတော်လေး ဟယ်လင်၏အသိုင်းအဝိုင်းတွင် ယခုဖြစ်ပွားလျက်ရှိသော တိုက်ပွဲများသည် စစ်ဖြစ်နေချိန်ကာလတွင် ထုံးစံဖြစ်သည့်အလျောက် နှစ်ဖက်စလုံးက စိတ်မပါဘဲ တိုက်ခိုက်ရသော သာမန်တိုက်ပွဲများသာဖြစ်၍ ခဏကြာလျှင် ငြိမ်းချမ်းရေးရတော့မည်ဟု ယူဆလျက် ရှိလေသည်။ ထို့ပြင် 'ပြဿနာများကို ကျည်ဆန်ဖြင့် ဖြေရှင်းခြင်းပြု၍ မရ။ ကျည်ဆန်ကို လုပ်သူ လူအချင်းချင်း တွေ့ဆုံဆွေးနွေးမှ ရမည်' ဟူသော သံတော်အရာရှိ ဘီလိဘင်၏အယူအဆသည်လည်း မြို့စားကတော်လေး ဟယ်လင်၏အုပ်စုတွင်းတွင် လွှမ်းမိုးလျက် ရှိလေသည်။ ဘီလိဘင်မှာ ယခုအချိန်၌ ပီတာစဘတ်ရွှေမြို့တော်တွင် ရောက်ရှိလျက်ရှိလေရာ ပညာဉာဏ်အမြော်အမြင်ရှိသူတိုင်း သွားရောက်လည်ပတ်လေ့ရှိသော မြို့စားကတော်ကလေး ဟယ်လင်၏စံအိမ်တွင် ကိုယ့်အိမ်သဖွယ်နေသားကျလျက် ရှိလေ၏။ မြို့စားကတော်လေး ဟယ်လင်၏အုပ်စုသည် ဘုန်းတော်ကြီးသောဘုရား မော်စကိုသို့ ကြွရောက်တော်မူစဉ် မော်စကိုမြို့သူ မြို့သားတို့ စစ်စိတ်စစ်သွေး ဇာတိမာန်၊ ဇာတိသွေး အလွန်အမင်း တက်ကြွလျက်ရှိခြင်းကို ကြားသိရသည့်အခါ၌ ထိုသို့ ဇာတိမာန်တက်ကြွလျက်ရှိခြင်းကို တလွဲဆပ်ကောင်းကြသည်ဟူသော သဘောဖြင့် မသိမသာ နှာခေါင်းရှုံ့၍ ကဲ့ရဲ့ယ်ခြင်း ပြုကြလေသည်။

သို့ရာတွင် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏အုပ်စုပ်ကား မော်စကိုမြို့သူ၊ မြို့သားများက နပိုလီယန်ကို ခါးခါးသီးသီး မုန်းကာ စိတ်ဓာတ်ပြင်းထန်လျက် ရှိခြင်းကိုကြားရသည့်အခါ၌ ရွှင်လန်းအားရလျက်ရှိကြကာ ခေါမစာရေးဆရာကြီး ပလူးတပ်သည် ရှေးခေါမစစ်သည်တို့၏သူရသတ္တိကို ချီးကျူးသကဲ့သို့ မော်စကိုမြို့သူ မြို့သားတို့၏ ဇာတိသွေး၊ ဇာတိမာန်ထက်သန်ခြင်းကို ချီးကျူးခြင်းပြုကြကုန်၏။ ယခင်ကကဲ့သို့ အရေးကြီးသော ရာထူးကြီးများတွင် ဆောင်ရွက်လျက်ရှိသည့် မင်းသားကြီး ဗာစီလီကား ထိုအတိုက်အခံ အုပ်စုနှစ်စုကြားတွင် ကူးချည် သန်းချည်ပြုလျက် ရှိ၏။ မင်းသားကြီး ဗာစီလီသည် ၎င်း၏ရောင်းရင်းမိတ်ဆွေကြီးဖြစ်သော မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာထံသို့လည်း လည်ပတ်လေ့ရှိ၍ ၎င်း၏သမီးတော် မြို့စားကတော်ကလေးဟယ်လင်၏ 'သံတော်အရာရှိများစုဝေးတတ်သော ဧည့်ခန်းဆောင်' သို့လည်း မကြာခဏ သွားရောက်တတ်၏။ မင်းသားကြီး ဗာစီလီသည် ဤသို့ဖြင့် အတိုက်အခံဖြစ်လျက်ရှိသော အုပ်စုနှစ်စုကြားတွင် ကူးချည် သန်းချည် ပြုဖန်များလာသောအခါ၌ သမီးတော်မြို့စားကတော်ကလေးဟယ်လင်တို့ အုပ်စုတွင် ပြောရမည့်စကားများကို မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာတို့အုပ်စု၌ ပြောမိလျက်၊ မှန်နန်းအပျိုတော်ကြီးတို့ဝိုင်းတွင်ပြောရမည့်စကားများကို သမီးတော်ဟယ်လင်တို့ဝိုင်း၌ ပြောမိလျက်ဖြစ်ကာ အယောင်ယောင်အမှားမှားဖြစ်လျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတော်ကြီးသောဘုရား စစ်မြေပြင်မှ ရွှေမြို့တော်သို့ ပြန်လည်ရောက်ရှိလာပြီး မကြာမီတွင် မင်းသားကြီး ဗာစီလီသည် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာတို့ဝိုင်းတွင် စစ်နှင့် ပတ်သက်၍ စကားစပ်မိကြရာမှ တပ်မတော်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဘာကလေကို ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုမိလေသည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီး ဘာကလေအစား မည်သူ့အား စစ်သေနာပတိချုပ် ခန့်အပ်သင့်ကြောင်းနှင့် ပတ်သက်၍မူ မင်းသားကြီး ဗာစီလီ၏ စိတ်ထဲတွင် စိတ်ကူးထားချက် မရှိချေ။ ထိုတွင် ဧည့်ပရိသတ်ထဲမှ 'ဉာဏ်ပညာကြီးကျယ်သည့် ပုဂ္ဂိုလ်' ဟု ထင်ရှားလျက်ရှိသောပုဂ္ဂိုလ်တစ်ဦးက ပီတာစဘတ် ရွှေမြို့တော်အရေးပေါ်စစ်သည်စု၏ စစ်သေနာပတိခန့်အပ်ခြင်းခံရသော ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်အား ရွှေတိုက်တော်ဝင်းထဲ၌ အရေးပေါ်စစ်သည်စုများကို ဩဝါဒမိန့်ခွန်းမြွက်ကြားနေသည်ကို မြင်ခဲ့ရကြောင်းဖြင့် ပြန်လည်ပြောပြကာ တပ်မတော်သေနာပတိချုပ်အဖြစ် ဆောင်ရွက်နိုင်ရန် အဘက်ဘက်မှ အရည်အချင်းပြည့်ဝသည့်ပုဂ္ဂိုလ်မှာ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ် တစ်ယောက်သာလျှင် ရှိသည်ဟု မရဲတရဲပြောဆိုလိုက်သည်။

ဤတွင် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာက စိတ်ရှုပ်သည့်အပြုံးမျိုးဖြင့် ကူတူဇော့ဗ်မှာ ဘုန်းတော်ကြီးသောဘုရားအား စိတ်နှလုံးငြိုငြင်စေခြင်းမှအပ အခြားဘာမျှလုပ်တတ်သူ မဟုတ်ကြောင်းဖြင့် ပြောဆိုလိုက်၏။

"မှူးမတ်များရဲ့ ညီလာခံမှာ ကျုပ်လဲ ခဏ ခဏ ပြောခဲ့တာပဲ" မင်းသားကြီး ဗာစီလီက ဝင်ရောက်ပြောဆိုလိုက်သည်။ "ဒါပေမဲ့ ခက်တာက ကျုပ်စကားကို ဘယ်သူကမှ လက်မခံကြဘူးဗျ၊ ကူတူဇော့ဗ်ကို အရေးပေါ်စစ်သည်စုရဲ့ သေနာပတိချုပ်အဖြစ် တင်မြှောက်တာကို ဘုန်းတော်ကြီးသောဘုရားက နှစ်သက်တော်မူမယ် မဟုတ်ဘူးလို့ ကျုပ် ထပ်တလဲလဲပြောခဲ့တယ်၊ သူတို့အားလုံးက လက်မခံကြဘူး" မင်းသားကြီး ဗာစီလီက ခေတ္တနားပြီးမှ စကားဆက်လိုက်ပြန်သည်။

"ခက်တာပဲ ခုခေတ်လူတွေကလဲ ထစ်ခနဲဆိုရင် အတိုက်အခံ လုပ်ချင်နေကြတော့တာပဲ၊ ဘာကြောင့်များ ဒီလောက်အတိုက်အခံ လုပ်ချင်နေကြရသလဲ မသိပါဘူး၊ သူတို့ ကျုပ်စကားကို အတိုက်အခံလုပ်တော့ ဘာအကျိုးထူးမှာလဲ၊ မော်စကိုကလူတွေ ဘုမသိဘမသိနဲ့ အလကားနေရင်း ပုဆိုးခြုံထဲက လက်သီးပြနေတာမျိုး ကျုပ်တို့က လိုက်လုပ်ရမှာလား"

မင်းသားကြီး ဗာစီလီသည် စကားမှားသွားပြီကို မသိသေးချေ။ အမှန်အားဖြင့် မော်စကိုမြို့သူ မြို့သားများ၏ ဇာတိမန်တက်ကြွခြင်းကို ရှုတ်ချကဲ့ရဲ့ယင်းသောအုပ်စုမှာ သမီးတော်ဟယ်လင်၏ အုပ်စုသာ ဖြစ်၏။ မှန်နန်းအပျိုတော်ကြီး၏ အုပ်စုမှာ မော်စကိုမြို့သူ မြို့သားတို့၏ ဇာတိမာန်ကို ချီးကျူးသြဘာပေးနေသည့်အုပ်စု ဖြစ်လေသည်။ မင်းသားကြီး ဗာစီလီသည် ခေတ္တမေ့၍ပြောလိုက်ပြီးမှ မိမိအမှားကို ချက်ချင်းသတိရကာ ပြင်ပြောလိုက်ရ၏။

"ကြည့်စမ်းပါဦးဗျာ၊ ခုလဲ ကျုပ်တို့နိုင်ငံမှာ အအိုဆုံးဖြစ်တဲ့ ဗိုလ်ချုပ်ကိုရွေးပြီးမှ အရေးပေါ်စစ်သည်စုရဲ့ သေနာပတိချုပ် ခန့်သတဲ့၊ ဒီထက်အသက်ငယ်တဲ့ ဗိုလ်ချုပ်တွေ တစ်ပုံတစ်ခေါင်းကြီးပါ၊ ကူတူဇော့ဗ်က မြင်းပေါ်တောင် ကောင်းကောင်းမတက်နိုင်တဲ့လူ၊ အရေးပေါ်စစ်အစည်းအဝေးတွေမှာ အိပ်ငိုက်နေတဲ့လူ၊ အကျင့်စာရိတ္တဆိုတာလဲ ပျက်စီးချင်တိုင်း ပျက်စီးနေတဲ့လူ၊ ဒီလူကို အရေးပေါ်စစ်သည်စု သေနာပတိသွားခန့်တော့ ဘယ့်နယ်လုပ်သုံးတော့မှာလဲ၊ ဘူခါရက်မှာတုန်းကလဲ မိန်းမပွေနေတာနဲ့ အချိန်ကုန်နေတာပဲ မဟုတ်လား၊ စစ်ဗိုလ်ချုပ်တစ်ယောက်အနေနဲ့ အရည်အချင်းရှိတယ်ဆိုတာ ကျုပ်မငြင်းလိုပါဘူး၊ သို့သော်လဲ ခုလို သေရေးရှင်ရေးအချိန်ကြီးမှာတော့ ဒီလိုမစွမ်းမသန် အိုနာကျနေတဲ့အကန်းကို ခန့်လို့ ဘာအသုံးကျမှာလဲ၊ ဟင်း အကန်းကို ဗိုလ်ချုပ်ခန့်သတဲ့ဗျာ၊ အရပ်ရပ်နေပြည်တော် ကြားလို့မှ မတော်အောင်ဖြစ်နေပြီ၊ ကန်းတာက တကယ်ကန်းတာဗျ၊ ကန်းဆို ဘာမှကိုမြင်ရတာ မဟုတ်ဘူး၊ သူ့ကို သေနာပတိခန့်ပြီး စစ်တိုက်ခိုင်းရင် မမြင်မျက်ကန်းနဲ့ ညောင်ပင်တစ္ဆေဝေလေလေ အကစားခိုင်းသလိုပဲ ဖြစ်တော့မှာပေါ့"

မင်းသားကြီး ဗာစီလီ၏ စကားများကို မည်သူကမျှ ထင်မြင်ချက် မပေးကြချေ။

မင်းသားကြီး ဗာစီလီ၏ စကားသည် ဇူလိုင်လ ၂၄-ရက်နေ့အထိ မှန်နေသေး၏။ သို့ရာတွင် ဇူလိုင်လ ၂၉-ရက်နေ့၌ကား ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် မင်းသားကြီးဘွဲ့ထူးကို ချီးမြှင့်ခြင်း ခံရလေသည်။ ကူတူဇော့ဗ်

www.burmeseclassic.com

www.burmeseclassic.com

အား ဤသို့ မင်းသားကြီးအဆောင်အယောင်ဘွဲ့ထူးများ ပေးအပ်ခြင်းမှာ တပ်မတော်မှ တစ်ဖက်လှည့်ဖြင့် ထုတ်ခြင်းလည်းဖြစ်နိုင်သေးသဖြင့် မင်းသားကြီး ဗာစီလီသည် ယခင်ကအတိုင်းပင် ကူတူဇော်ဗ်နှင့် စပ်လျဉ်း၍ အထင်သေးမြဲသေးလျက်ရှိသေး၏။ သို့ရာတွင် ယခင်ကလောက် ပြောင်ပြောင်တင်းတင်း ထုတ်ဖော်ပြောဆိုခြင်းမျိုးကား မလုပ်တော့ချေ။ သို့ရာတွင် ဩဂုတ်လ ၈-ရက်နေ့၌ စစ်သူကြီး ဆယ်တီကော့ဗ်၊ စစ်ဝန်ကြီး အာရတ်ချေ့၊ ဗျာဇီမိတော့၊ လိုပူခင်နှင့် ကိုချူဘောဘို့ပါဝင်သည့် ကော်မတီတစ်ခုသည် စစ်အခြေအနေအရပ်ရပ်ကို စဉ်းစားဆွေးနွေးရန်အတွက် အစည်းအဝေး ကျင်းပလေ့ရှိသည်။ ထိုအစည်းအဝေးက ရုရှားတို့ အရေးနိမ့်နေရခြင်းမှာ တပ်မတော်ကွပ်ကဲမှုတွင် တစ်သွေးတည်းတစ်ညီတည်း မရှိခြင်းကြောင့် ဖြစ်သည်ဟု ကောက်ချက် ဆွဲထုတ်လိုက်လေသည်။ ထို့နောက် ဘုန်းတော်ကြီးဘုရားသည် ကူတူဇော်ဗ်ကို များစွာနှစ်သက်ခြင်း မရှိသော်လည်း ၎င်းကိုပင် တပ်မတော်၏ စစ်သေနာပတိချုပ်အဖြစ် ခန့်အပ်ရန် အချိန်အနည်းမျှ စဉ်းစားပြီးနောက် ဆုံးဖြတ်လိုက်၏။ ထို့နေ့၌ပင် အာဏာကုန်လွန်အပ်ခြင်းခံရသော တပ်ပေါင်းစုံ သေနာပတိချုပ်နှင့် တပ်တော်များသိမ်းပိုက်ထားရာ ဒေသများ၏ အာဏာကုန်လွန်အပ်ခြင်းခံရသော ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်ကြီးကူတူဇော်ဗ်အား ခန့်အပ်လိုက်လေသည်။

ဩဂုတ်လ ၉-ရက်နေ့တွင် မင်းသားကြီး ဗာစီလီသည် 'ဘဏ်ပညာကြီးမားသော ပုဂ္ဂိုလ်ကြီး' နှင့် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ဧည့်ခံပွဲတွင် တွေ့ဆုံပြန်လေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် အမျိုးသမီးပညာရေးဌာနများတွင် ညွှန်ကြားရေးဝန်အဖြစ် ခန့်အပ်ခြင်းခံရရန်အတွက် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာထံတွင် မျက်နှာသာရအောင် ကြိုးစားလျက်ရှိသည်။ မင်းသားကြီး ဗာစီလီသည် အကြံအစည်အောင်မြင်သူ တစ်ယောက်၏ ပျော်ရွှင်လျက်ရှိသော ဟန်မျိုးဖြင့် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ဧည့်ခန်းဆောင်သို့ ဝင်ရောက်လာခဲ့လေသည်။

"ဘယ်နှယ်လဲ အင်မတန်ထူးတဲ့ သတင်းထူးကြီး တစ်ခုကို ကြားပြီးကြပလား၊ မင်းသားကြီး ကူတူဇော်ဗ်ကို စစ်သေနာပတိချုပ်အဖြစ် ရွေးနန်းတော်ကြီးက ခန့်အပ်လိုက် ပြီတဲ့ဗျ၊ ဝိဝါဒကွဲပြီး အငြင်းပွားစရာ မလိုတော့ဘူးပေါ့ဗျာ၊ ကျုပ်တော့ သိပ်ဝမ်းသာသဗျ၊ ဝမ်းသာဆို အတိုင်းထက်အလွန်ပဲဗျ၊ နိုင်ငံတော်ကြီးရဲ့အကျိုးကို နင်လား ငါလား အရိုးကြေကြေ အရေခန်းခန်းဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ်မျိုးကို ရတာပဲဗျ၊ အိမ်း သင့်မြတ်ပါပေတယ်၊ သင့်မြတ်ပါပေတယ်"

မင်းသားကြီး ဗာစီလီသည် ဧည့်ခန်းဆောင်ထဲရှိ မင်းပရိသတ်တစ်ဦးစီ၏ မျက်နှာများကို လေးနက်တည်ငြိမ်သောအမူအရာဖြင့် လိုက်ကြည့်နေသည်။

'ဘဏ်ပညာကြီးမားသူ' ဟု ကင်ပွန်းတပ်ခံရသည့် ပုဂ္ဂိုလ်ကြီးသည် ညွှန်ကြားရေးဝန်ရာထူးကို ရရန်အတွက် မင်းသားကြီး ဗာစီလီ၏အကြိုက်ကို လိုက်ရမည်မှန်သော်လည်း မင်းသားကြီး ဗာစီလီ၏ ဗလောင်းဗလဲနိုင်လှသော စကားများကို အမှတ်ရလာသည်။ မင်းသားကြီး ဗာစီလီသည် မနေ့တစ်နေ့ကပင် ကူတူဇော်ဗ်အား နှိပ်နှိပ်နယ်နယ် ပြောခဲ့သည် မဟုတ်လော။ 'ဧရာအို ရွှတ်တွကြီး' ဟုလည်းကောင်း၊ 'အကန်းကြီး' ဟုလည်းကောင်း ပြောခဲ့သည် မဟုတ်လော။ 'ဘဏ်ပညာ ကြီးမားသူ' ပုဂ္ဂိုလ်ကြီး၏စိတ်၌ မင်းသားကြီး ဗာစီလီ၏ ယခင်ကထင်မြင်ချက်များကို ပြန်၍အစဖော်ပေးလိုစိတ်များ တဖွားဖွားပေါ်လာ၏။ ဤသို့ပြန်၍အစဖော်ပေးလိုက်ပါက သတင်းထူးကြီးကို ဝမ်းသာအားရပြောဆိုလျက်ရှိသည့် မင်းသားကြီး ဗာစီလီနှင့် သတင်းထူးကြီးကို ဝမ်းသာအားရနားထောင်လျက်ရှိသည့် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာတို့ကို ရိုင်းပြစော်ကားရာရောက်မည် မှန်သော်လည်း ဖွင့်ပြောလိုစိတ်ကို မချုပ်တည်းနိုင်တော့ချေ။

"နို့ နေစမ်းပါဦး မင်းသားကြီးရဲ့၊ မင်းသားကြီး ကူတူဇော်ဗ်ဟာ ဧရာအို ရွှတ်တွကြီး၊ တစ်ဖက်ကန်းကြီးလို့ တချို့က ပြောနေကြပါကလား" ထိုပုဂ္ဂိုလ်ကြီးက မင်းသားကြီး ဗာစီလီ၏စကားများကို ပြန်၍အစဖော်ပေးလိုက်သည်။

"အလိုလေးလေး ဒါက သက်သက် မလိုတမာ ပြောကြတာတွေပါ၊ ဘယ့်နှယ်ကန်းရမှာလဲ၊ မြင်လိုက်သမှ ဟိုဘက်တောင်လွန်သေး" မင်းသားကြီး ဗာစီလီက အသံသြသြကြီးဖြင့် ပြောလိုက်ရင်း ချောင်းဆိုးလိုက်သည်။ ထိုသို့ အသံကိုလုပ်၍ပြောခြင်းနှင့် ချောင်းဆိုးခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

မင်းသားကြီး ဗာစီလီ အကျပ်တွေ့နေသည့်အခါ၌ ပြုလေ့ရှိသောအပြုအမူများ ဖြစ်လေသည်။

"မြင်ပါတယ်ဗျ၊ ဘယ့်နယ် မမြင်ရမှာလဲ" မင်းသားကြီး ဗာစီလီက ဆို၏။ "ကျုပ် ဝမ်းသာရတဲ့အကြောင်းကတော့ တခြားအကြောင်း မဟုတ်ဘူးဗျို့၊ ဘုန်းတော်ကြီးသောဘုရားက ကိုယ်တော်ကြီး ကူတူဇော့ဗ်ကို အာဏာကုန်လွှဲအပ်ခြင်းခံရတဲ့ တပ်ပေါင်းစုံ သေနာပတိချုပ်ကြီးအဖြစ်နဲ့တကွ တပ်တော်များ စခန်းကျထားတဲ့ဒေသများမှာ ကိစ္စအဝဝ စီရင်အုပ်ချုပ်ပိုင်ခွင့် အာဏာများ အားလုံး နှင်းအပ်လိုက်တဲ့အတွက်ကြောင့်ပဲ၊ ဘယ်စစ်သေနာပတိမှ ဒီလောက် အာဏာကုန်အပ်နှင်းခြင်း မခံရသေးဘူးဗျ၊ ခုတော့ ကိုယ်တော်ကြီး ကူတူဇော့ဗ်ဟာ ဘုန်းတော်ကြီးသောဘုရားက လွှဲရင် ဧကရာဇ်တစ်ဆူ ဖြစ်နေပြီလို့ ဆိုရပေတော့မှာပဲဗျ"

မင်းသားကြီး ဗာစီလီက အောင်မြင်သောအပြုံးဖြင့် နိဂုံးချုပ်လိုက်သည်။

"ဘုရားသခင် စောင်မတော်မူတာပဲ ကိုယ်တော်ကြီးရေ့၊ ဘုရားသခင် စောင်မတော်မူတာပဲ" မှန်နန်းအပျိုတော်ကြီးက ဆိုသည်။

ရွှေနန်းတော်အသိုက်အဝန်းများ၌ မည်သို့ မည်ပုံ ပြုမူဆက်ဆံမည်ကို မသိသေးသော လူစိမ်းတစ်ယောက် ဖြစ်သည့် 'ဉာဏ်ပညာကြီးမားသော ပုဂ္ဂိုလ်ကြီး' မှာကား မှန်နန်းအပျိုတော်ကြီးက ကူတူဇော့ဗ်အား နှစ်သက်ခြင်း မရှိဟူ၍သိထားသည့်အလျောက် ၎င်း၏အကြိုက်ကို ဆောင်ချေဦးမှဖြစ်မည်ဟု အကြံရလျက်

"ဘုန်းတော်ကြီးသောဘုရားက ကူတူဇော့ဗ်ကို အာဏာအပ်နှင်းတဲ့ကိစ္စမှာ နှစ်သက်တော်မူခြင်း မရှိဘူးဆိုပါကလား၊ ဒီရာထူးကို ခန့်အပ်ကြောင်း မိန့်တော်မူတဲ့အချိန်မှာလဲ ဘုန်းတော်ကြီးသောဘုရား မျက်နှာတော် မသာဘူးလို့ ကြားတယ်ခင်ဗျ၊ အဲဒီတုန်းက ဘုန်းတော်ကြီးသောဘုရား၏ မျက်နှာတော်ဟာ လာဖွန်တိန်၏ ညစ်ညမ်းတဲ့ဝတ္ထုတစ်ပုဒ်ကိုဖတ်ရတဲ့ အပျိုတော်သူငယ်မလေးတစ်ယောက်၏မျက်နှာလို နီရဲနေတာပဲလို့တောင် တချို့က ပြောကြတယ်၊ 'ဘုန်းတော်ကြီးသော ဘုရားနှင့် အဖနိုင်ငံတော်ကြီးက ဤတာဝန်များကို သင့်အား ချီးမြှင့်လိုက်သည်' လို့ ဘုန်းတော်ကြီးဘုရားက မြွက်တော်မူရပေမယ့် ရွှေမျက်နှာတော် ညှိလို့တဲ့"

"ဒီစကားကို ရွှေနန်းတော် ထုံးတမ်းစဉ်လာအတိုင်း ပြောရပေမယ့် ဘုန်းတော်ကြီးသောဘုရားမှာ စိတ်လက်ကြည်သာတော်မူခြင်း ရှိဟန်မတူဘူး ထင်ပါရဲ့" မှန်နန်းအပျိုတော်ကြီးက ပြောလိုက်သည်။

"အို အို ဒီလို ဟုတ်နိုင်ရိုးလားဗျာ" မင်းသားကြီး ဗာစီလီက အလောသုံးဆယ်ကန့်ကွက်၏။ ယခုအချိန်၌ မင်းသားကြီး ဗာစီလီသည် ကူတူဇော့ဗ်ကို ထိလျှင်' မချိအောင် နာလျက်ရှိလေပြီ။ မင်းသားကြီး ဗာစီလီ၏စိတ်၌ မိမိတစ်ဦးတည်းသာမက လူအားလုံးပင် ကူတူဇော့ဗ်ကို ကြည်ညိုလေးစားလျက် ရှိသည်ဟု ထင်မှတ်လျက် ရှိလေပြီ။ "ဘုန်းတော်ကြီးသော ဘုရားက ရွှေမျက်နှာတော် မညှိတဲ့အပြင် ကူတူဇော့ဗ်လို ဘုန်းလက်ရုံးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးကို နဂိုက လေးစားချစ်ခင်တော်မူရင်းရှိသည့် အလျောက် များစွာ ဝမ်းမြောက်တော်မူသတဲ့ခင်ဗျ"

"အိမ်း ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ဟာ အပ်နှင်းခြင်းခံရတဲ့ အာဏာများကို တကယ် ကိုယ်ထိလက်ရောက် အသုံးချနိုင်ပြီး မည်သည့်ပုဂ္ဂိုလ်မျိုးကမှ နှောင့်ယှက်ဖျက်ဆီးခြင်း မရှိပါစေနဲ့လို့ ဘုရားသခင်ထံ ဆုတောင်းရပေတော့မှာပဲ" မှန်နန်းအပျိုတော်ကြီးက ပြောလိုက်သည်။

ဤတွင် မှန်နန်းအပျိုတော်ကြီးက မည်သူ့ကို ရည်ရွယ်၍ပြောလိုက်ကြောင်း မင်းသားကြီး ဗာစီလီ ရိပ်စားမိလိုက်သဖြင့် မှန်နန်းအပျိုတော်ကြီးဘက်သို့ လှည့်၍ လေသံကလေးဖြင့်

"ဒါအတွက်လဲ သိပ်ပြီး စိုးရိမ်နှောင့်လို့ ကြောင့်ကြစရာရှိတော့မှာ မဟုတ်ပါဘူး အစ်မတော်ကြီးရဲ့၊ မင်းသားကြီး ကူတူဇော့ဗ်ရာထူးကို လက်ခံတုန်းက တပ်မတော်ကိစ္စများမှာ အိမ်ရှေ့ဥပရာဇာ ကိုယ်တော်ကြီးတို့ ဝင်ရောက်စွက်ဖက်ခြင်း မပြုစေရဘူး၊ တပ်တော်များနှင့် အတူ ချီတက်လိုက်ပါစေခြင်း မပြုရဘူးဆိုတဲ့ခြွင်းချက်ကို တောင်းပြီးမှ ရာထူးကို လက်ခံတာပါ၊ ကြည့်စမ်း ကူတူဇော့ဗ်ရဲ့သတ္တိက အာဂသတ္တိဗျနော်၊ ဘုန်းတော်ကြီးသောဘုရားကိုယ်တော်တိုင်ထံမှာတောင် ဒီလိုခြွင်းချက်မျိုးကို ဝုံဝုံစားစားတောင်းရဲတဲ့ သတ္တိခင်ဗျ၊ သတ္တိကတော့ ရှာမှ ရှားပါပေတယ်ဗျာ"

ထို့နောက် မင်းသားကြီး ဗာစီလီသည် ကူတူဇော့ဗ်

www.burmeseclassic.com

www.burmeseclassic.com

က ဘုန်းတော်ကြီးသောဘုရားထံ လျှောက်တင်သည်ဆိုသောစကားလုံးများကိုပင် ရွတ်ဆိုပြနေသေး၏။ ထိုစကားရပ်များမှာ 'ဘုန်းတော်ကြီးသောဘုရား၏ နောင်တော်အမှားပြုလျှင်လည်း ကျွန်တော်မျိုး သူ့ကို အပြစ်မပေးလို။ မှန်လျှင်လည်း မချီးမြှောက်လို။ အရှင့်နောင်တော်အား ဥပေက္ခာသာပြုလိုသည်' ဟူသော စကားရပ်များ ဖြစ်၏။

"အိမ်း ကိုယ်တော်ကြီး ကူတူဇော့်ကတော့ မုန်သောက်မာတင်ကဲ့သို့ နှလုံးရည် လက်ရုံးရည် စွယ်စုံပြည့်တဲ့ ပုဂ္ဂိုလ်ကြီးပဲခင်ဗျ၊ ကျုပ် ကောင်းကောင်းသိတာပေါ့၊ မသိဘဲ နေနိုင်ရိုးလားလေ၊ ငယ်ပေါင်းကြီးဖော်တွေကပဲ"

'ပညာဥာဏ်ကြီးမားသည့်' ပုဂ္ဂိုလ်ကြီးကား ယခုတိုင် ရွှေနန်းတော်သူ ရွှေနန်းတော်သား တို့၏ ပရိယာယ်ဝေဝုစ်တို့ကို နားလည်ခြင်း မရှိ။ ပြောအပ်သည်၊ မပြောအပ်သည်တို့ကိုလည်း မစဉ်းစားနိုင်သေးဘဲ စိတ်ထဲတွင် မရှင်းလင်းသည်တို့ကို ထုတ်ဖော်ပြောဆိုနေပြန်သည်။

"နေစမ်းပါဦး မင်းသားကြီးရဲ့၊ ဗိုလ်ချုပ်ကြီး ကူတူဇော့် စစ်သေနာပတိရာထူးကို လက်ခံတုန်းက ဘုန်းတော်ကြီးသောဘုရား ကိုယ်တော်တိုင် တပ်မတော်ကိစ္စတွေထဲမှာ ဝင်ရောက်စွက်ဖက်ခြင်း မပြုရဘူး၊ တပ်မတော်နဲ့ လိုက်ပါချီတက်ခြင်းမပြုရဘူးဆိုတဲ့ စည်းကမ်းချက်ကိုလဲ အတိအလင်းတောင်းတယ်လို့ ပြောနေကြပါကလား"

ထိုစကားကိုကြားသည့် မင်းသားကြီး ဗာစီလီနှင့် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာတို့ နှစ်ယောက်စလုံးသည် တစ်ဖက်သို့ မျက်နှာလွှဲသွားကြပြီးနောက် ထီးမူနန်းလေများကို မသိရာသလောဟူသောသဘောဖြင့် သက်ပြင်းကြီး ကိုယ်စီချလိုက်ကြကာ တစ်ယောက်ကို တစ်ယောက် စိတ်ပျက်လက်ပျက် လှမ်းကြည့်လိုက်ကြလေသတည်း။

အခန်း ၇

ပီတာစဘတ် ရွှေမြို့တော်တွင် ဤအခြင်းအရာများ ဖြစ်လျက်ရှိချိန်၌ ပြင်သစ်တပ်များသည် စမိုးလင့်နယ်ကို သိမ်းပိုက်ကာ မော်စကိုမြို့အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်လာခဲ့ကြလေပြီ။ နပိုလီယန်၏ ရာဇဝင်ပညာရှိတစ်ဦးဖြစ်သော သိုင်းယာ့စ်က နပိုလီယန် မော်စကိုမြို့ရိုးအနီးသို့ ရောက်လာခဲ့ခြင်းမှာ ၎င်း၏စိတ်အလိုဆန္ဒကြောင့် ရောက်လာခြင်းမဟုတ်ဘဲ ၎င်း၏ဘုန်းကံပါရမီကြောင့် ရောက်လာခဲ့ရခြင်း ဖြစ်သည်ဟု ဆိုခဲ့၏။ ဤသို့ဖြင့် သိုင်းယာ့စ်သည် နပိုလီယန်၏အခြားသော ရာဇဝင်ပညာရှိများ နည်းတူ ၎င်းတို့၏ 'လူစွမ်းကောင်းကြီး' နပိုလီယန်အား ဘုန်းတော်အနန္တနှင့် ပြည့်စုံလေဟန် ရေးသားခဲ့လေသည်။ ရာဇဝင်အဖြစ်အပျက်တို့ကို လူစွမ်းကောင်းတို့က ဖန်တီးသည်ဟူသောစကားကို မှန်သည်ဟုဆိုလျှင် ဘုန်းကံကြောင့် နပိုလီယန် မော်စကိုမြို့ရိုးအနီးသို့ ရောက်လာခဲ့သည်ဟူသော သိုင်းယာ့စ်၏အဆိုအမိန့်ကိုလည်း မှန်သည်ဟုယူဆရတော့မည်သာ ဖြစ်ပါသည်။ တစ်ဖန် မော်စကိုမြို့ရိုးနားသို့ နပိုလီယန်ရောက်ရှိလာခဲ့ခြင်းသည် ရုရှားဗိုလ်ချုပ်၊ ဗိုလ်မှူး၊ စစ်ဦး စစ်ကဲစသော လူစွမ်းကောင်းကြီးတို့၏ စစ်မြို့ကျွမ်းကျင်ခြင်းကြောင့် ရောက်လာခြင်း ဖြစ်သည်ဟူသော ရုရှားရာဇဝင်ဆရာတို့၏ အဆိုအမိန့်ကိုလည်း မှန်သည်ဟုယူဆလျှင် သိုင်းယာ့စ်၏ အထက်ပါအဆိုအမိန့်ကိုလည်း မှန်သည်ဟု ဆိုရတော့မည်သာဖြစ်ပါသည်။ သို့ရာတွင် ရုရှားရာဇဝင်ဆရာများ၏ အဆိုအမိန့်များသည် လည်းကောင်း၊ သိုင်းယာ့စ်နှင့် တကွ ပြင်သစ်ရာဇဝင်ပညာရှိများ၏ အဆိုအမိန့်များသည်လည်းကောင်း တစ်ခုမျှ မမှန်ကြချေ။ ၎င်းတို့၏အဆိုအမိန့်များကိုသာ အမှန်ဟု လက်ခံရတော့မည်ဆိုလျှင် ပစ္စုပ္ပန်အကျိုးတရားတို့သည် အတိတ်အကြောင်းတရားများကြောင့် ပေါ်ပေါက်လာရသည် ဟူသော လောကနိယာမတရားကြီးကို ရေထဲသို့ လွှတ်ပစ်လိုက်ဖို့သာ ရှိတော့သည်။ ထိုအခါ၌ ရာဇဝင်အဖြစ်အပျက်တို့သည် အကြောင်းတရားမရှိဘဲ လူစွမ်းကောင်းများ၏ ဘုန်းတန်ခိုးကြောင့် ပေါ်ပေါက်လာရသည့်အဖြစ်သို့ ရောက်ကာ ရာဇဝင်အူပေါက် ဖြစ်ကုန်တော့မည်သာ ဖြစ်ပေသည်။ ကျွမ်းကျင်သော စစ်တုရင်သမားသည် တစ်ပွဲရုံးပြီးသော အခါ၌ ထိုသို့စစ်ရုံးရခြင်းသည် မိမိအရွေ့များသော ကြောင့် ရုံးရခြင်းဖြစ်သည်ဟု ရိုးသားစွာ သဘောပေါက်၏။ ထို့ကြောင့် နောက်တစ်ပွဲ ကစားသောအခါတွင် အကွက်မမှားရလေအောင် သတိကြီးစွာဖြင့် ရွေ့၏။ မိမိရွေ့ကွက်များသည် ပြည့်စုံလှပြီ၊ သေချာလှပြီဟု ယူဆလျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် တစ်ဖက်က မိမိအရုပ်ကို စားသွားသည့်အခါ၌ကား ဤအကြိမ်တွင်လည်း မိမိရွှေ့ကွက် မှားပြန်ပြီဟု တွေ့ပြန်လေပြီ။ သို့ဖြစ်ရကား အသက်မဲ့သော စစ်တုရင်ရုပ်များကို လူတစ်ဦးတည်း၏ဆန္ဒဖြင့် ရွှေ့ရသော စစ်တုရင်ကစားခြင်း၌ပင် ဤမျှလောက် အမှားများတွေ့ကာ ရှုပ်ထွေးလျက်ရှိသည်ဆိုလျှင် အတိုက်အခံဖြစ်လျက်ရှိသော ဆန္ဒအမျိုးမျိုးကို ပေါင်းစပ်၍ ရေတွက်ခြင်းငှာ မစွမ်းသော လူများကို ကန့်သတ်ထားသော အချိန်ပိုင်းတစ်ခုအတွင်း လှုပ်ရှားစေရသည့် စစ်ထိုးခြင်းအလုပ်ကား မည်မျှခက်ခဲ ရှုပ်ထွေးမည်ကို ပြောဖွယ် မရှိတော့ချေ။

စမိုးလင့်နယ်ကို သိမ်းပြီးသည့်နောက်တွင် နပိုလီယန်သည် ဗျာဇမာ၌လည်းကောင်း၊ ဇာရီဗိုဇေမစ်ရှေ၌လည်းကောင်း ရုရှားတပ်များနှင့် ရင်ဆိုင်ရန် ကြိုးစားခဲ့သည်။ သို့ရာတွင် အထူးထူးသောအခြေအနေများ ဆုံစည်းဖြစ်ပေါ်မှုကြောင့် ရုရှားတို့သည် ထိုတိုက်ပွဲများကို တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ကြချေ။ မော်စကိုနှင့် မိုင်ခုနစ်ဆယ်ကွာသော ဘိုရိုဒိနိုဒေသသို့ရောက်မှသာ တော့တော့ဆိုင်ဆိုင် တိုက်နိုင်ခဲ့ကြလေသည်။ နပိုလီယန်သည် ဗျာဇမာသို့ရောက်သည်နှင့် တစ်ပြိုင်နက် မော်စကိုမြို့သို့ အပြင်းချီတက် တိုက်ခိုက်ရန် ၎င်း၏တပ်များကို အမိန့်ပေးခဲ့လေသည်။

'ကြီးကျယ်သော လက်နက်နိုင်ငံတော်ကြီး၏ အာရုတိုက်ဘက်ကျသောမြို့တော်၊ အလက်ဇန်းဒရားဘုရင်၏ ပြည်သူများအထွတ်အမြတ်ထားသော မြို့တော်၊ တရုတ်စေတီများနှင့် တူသော ဘုရား၊ ဝတ်ကျောင်းများ မရေတွက်နိုင်အောင် များပြားလှသည့်မြို့တော်' ဟု နပိုလီယန်က ခေါ်ဝေါ်သမုတ်ခဲ့သော ထိုမော်စကိုမြို့ကြီးသည် နပိုလီယန်၏စိတ်ကူးကို တစ်ခဏလေးမျှ အနားမပေးခဲ့ချေ။ ဗျာဇမာမှ ဇာရီဗိုဇေမစ်ရှေသို့ ချီတက်လာခဲ့စဉ် နပိုလီယန်သည် သုံးချောင်းထောက်အပြေးကောင်းလှသော မြီးဆံပွပွ စိုင်ညိုမွေး မြင်းမကလေးကိုစီးလျက် ကိုယ်ရံတော်များ၊ သက်တော်စောင့်များ၊ အဆောင်ကိုင် ဗိုလ်များ၊ အခြွေအရံများ ခြံရံလိုက်ပါလာခဲ့သည်။ ၎င်း၏ဦးစီးချုပ် ဗိုလ်ချုပ် ဘာသီးယားမှာ ပြင်သစ်မြင်းကပ်များ ဖမ်းဆီးရမိထားသော သုံ့ပန်းတစ်ယောက်ကို စစ်ဆေးရန် နောက်တွင် ကျန်ရစ်ခဲ့သည်။ အတန်ကြာသော် ဦးစီးချုပ် ဘာသီးယား သည် စကားပြန် လီလောညဲဒီအီဒီဗီးနှင့် အတူ ရွှင်လန်းအားရသောမျက်နှာထားနှင့် နပိုလီယန်ထံ ဒုန်းစိုင်း ရောက်လာခဲ့လေသည်။

"ဆိုစမ်း မောင်မင်း" နပိုလီယန်က ဆို၏။

"မှန်လှပါ ရုရှားဗိုလ်ချုပ်ပလာတော့၏ ကော့ဆက်မြင်းတပ်သားတစ်ယောက်ကို ကျွန်တော်တို့ သုံ့ပန်းရထားပါသည်။ ၎င်း၏အဆိုအရ ဗိုလ်ချုပ်ကြီး ပလာတော့ဗ်၏ တပ်များသည် ရုရှားပင်မ စစ်တပ်ကြီးနှင့် ပေါင်းမိရန် အပြင်းချီနေသည်ဟု သိရပါသည်။ ရုရှားဘုရင်သည် ကူတူဇော့ဗ်အား သေနာပတိချုပ်အရာ အပ်နှင်းပြီ ဖြစ်သည်ဟုလည်း ဆိုပါသည်။ ကူတူဇော့ဗ်ကား စကားများသလောက် စစ်ဆင်စစ်တက် ကျွမ်းကျင်သူ ဖြစ်ပါသည်"

နပိုလီယန်သည် ပြုံး၏။ ဖမ်းမိသောကော့ဆက်သုံ့ပန်းကို မြင်းတစ်ကောင်ပေး၍ မိမိထံသို့ ခေါ်လာခဲ့ရန် ညွှန်ကြားလိုက်၏။ နပိုလီယန်သည် ကော့ဆက်သုံ့ပန်းကို ကိုယ်တိုင်စစ်ဆေးမေးမြန်းလိုသည်။ တပ်ရေးများသည် မြင်းကိုယ်စီဖြင့် တပ်နောက်ဖျားသို့ ဒုန်းစိုင်းသွားကြရာ တစ်နာရီခန့်အကြာ၌ ကော့ဆက်သုံ့ပန်းနှင့် အတူ တပ်ဦးသို့ ပြန်ရောက်လာကြသည်။ ထိုကော့ဆက်သုံ့ပန်းကား အခြားသူ မဟုတ်။ တစ်ခါက ဒင်နီဆော့ဗ်၏ တပ်လုလင်ဖြစ်၍ နောက်တွင် နီကိုလေ၏ တပ်လုလင်အဖြစ် အမှုထမ်းလျက်ရှိသော လာဗရူရှကာပေတည်း။ လာဗရူရှကာသည် ရုရှားတပ်လုလင်ဝတ်စုံကို ဝတ်၍ ပြင်သစ်ကုန်းနှီးတင်ထားသော မြင်းတစ်ကောင်ကို စီးလျက် လိုက်ပါလာ၏။ အရက်ရှိန်ကြောင့် နီမြန်းလျက်ရှိသော ၎င်း၏မျက်နှာသည် ခပ်ပြုံးပြုံး ခပ်အအသွင်ကိုဆောင်လျက်ရှိ၏။ နပိုလီယန်သည် လာဗရူရှကာအား မိမိနှင့် အတူဘေးချင်းယှဉ်၍ စီးစေပြီးနောက် သိလိုသော်အရာများကို မေးမြန်းခြင်း ပြုလေသည်။

"မောင်မင်း ကော့ဆက်လူမျိုးလော"

"မှန်ပါ့ ကော့ဆက်လူမျိုးဖြစ်ကြောင်းပါ"

'နပိုလီယန်၏ အသွင်အပြင်မှာ လွန်စွာရိုးလှသည့် အတွက် အရှေ့တိုင်းသားတစ်ယောက်၏စိတ်၌ ဇကရာဇ်တစ်ပါးဟု အထင်ရောက်နိုင်ဖွယ် မရှိချေ။ ထို့ကြောင့် ကော့ဆက်သုံ့ပန်းငယ်သည် မိမိနှင့် စကားပြောနေသူကို မည်သူ မည်ဝါဟု ခွဲခြားသိခြင်းမရှိဘဲ စစ်ပွဲအဖြစ်အပျက်

www.burmeseclassic.com

www.burmeseclassic.com

များကို အကျွမ်းတဝင်ပြောဆိုလျက် ရှိလေသည်' ဟု ထိုအဖြစ်အပျက်နှင့် စပ်လျဉ်း၍ ပြင်သစ်ရာဇဝင်ဆရာ သိုင်းယာ့စ်က ရေးသားခဲ့၏။ အဖြစ်အပျက်အမှန်ကား ဤသို့ မဟုတ်ချေ။ လာဗရူရှကာသည် ပြင်သစ်မြင်းတပ်များလက်သို့ သုံ့ပန်းမကျမီ တစ်နေ့က ၎င်း၏တပ်ဗိုလ်နှိကိုလေအတွက် ညစာမချက်မိဘဲ အရက်မူးလျက် ရှိ၏။ ဤတွင် နှိကိုလေက ၎င်း၏တပည့်ကို ရိုက်နှက်ကာ ရွာထဲသို့ ကြက်ရှာခိုင်းလိုက်သည်။ လာဗရူရှကာသည် ဤသို့ဖြင့် ရွာထဲတွင် ကြက်များကို လိုက်လံဖမ်းဆီးနေစဉ် ပြင်သစ်တပ်များဝင်လာကာ သုံ့ပန်းအဖြစ် အဖမ်းခံခဲ့ရခြင်း ဖြစ်လေသည်။ အကင်းပါးခြင်း၊ နေရာတကာတွင် လိမ်ဖို့ ကောက်ဖို့အတွက်လောက်ကိုသာ ကြည့်တတ်ခြင်း၊ သခင်၏အကြိုက်ကို မည်သည့်နည်းနှင့်မဆို ဆောင်ရန် အဆင်သင့် ရှိခြင်း၊ သခင်၏အကြိုက်၊ အထူးသဖြင့် သခင်၏ အမြောက်ကြိုက်တတ်ခြင်းကို ချက်ချင်းသိမြင်တတ်ခြင်း စသည်တို့သည် ကျွန်ပါးဝသော တစ်ပါးကျွန်တို့၏ မဟာ အရည်အချင်းကြီးများ ဖြစ်ကြရာ လာဗရူရှကာကား ထို အရည်အချင်းမျိုးအပြည့်ရှိသော လူစားမျိုး ဖြစ်လေသည်။

ဤသို့သော အရည်အချင်းမျိုးနှင့် ပြည့်စုံသည့် လာဗရူရှကာသည် နပိုလီယန်အနီးသို့ ရောက်သည်နှင့် နပိုလီယန်မှန်း ချက်ချင်းသိလိုက်လေပြီ။ ဤသည်နှင့် တစ်ပြိုင်နက် လာဗရူရှကာသည် အနည်းငယ်မျှ ကြောက်ရွံ့ဆုတ်ဆိုင်းခြင်းမရှိဘဲ သခင်သစ် နပိုလီယန်၏ မျက်နှာသာပေးခြင်းကိုခံရရုန်း အစွမ်းကုန် ကြိုးစားလျက် ရှိလေသည်။

ထို့ကြောင့် မိမိနှင့် စကားပြောနေသူမှာ နပိုလီယန်ဖြစ်ကြောင်း၊ မသိဟူသော ပြင်သစ်ရာဇဝင်ဆရာ သိုင်းယာ့စ်၏ စကားသည် မမှန်ချေ။ လာဗရူရှကာသည် အနီးသို့ ရောက်လာသည်နှင့် နပိုလီယန်မှန်း ကောင်းစွာသိလိုက်၏။ သို့ရာတွင် ၎င်းအဖို့ နပိုလီယန်၏ ရှေ့မှောက်သို့ ရောက်ရခြင်းသည် ၎င်း၏တပ်ဗိုလ် နှိကိုလေ၏ ရှေ့မှောက်သို့ ရောက်ခြင်းထက် လည်းကောင်း၊ ကုတ်ကိုင်လာသော တပ်ကြပ်ကြီးတစ်ယောက်၏ ရှေ့မှောက်သို့ ရောက်ရခြင်းထက် လည်းကောင်း ထူး၍ ကြောက်စရာကောင်းလှသည်ဟု မထင်မိချေ။ တကယ်၌ အရပ်သားများ၏ပစ္စည်းကို လုဖို့ လောက်သာသိသော လာဗရူရှကာအဖို့ နပိုလီယန်သည် လည်းကောင်း၊ တပ်ကြပ်ကြီးသည်လည်းကောင်း မိမိထံမှ မည်သည့်အရာကိုမျှ လုယူနိုင်သည်ဟု မထင်မိချေ။

သို့ဖြစ်သည့်အလျောက် လာဗရူရှကာသည် မိမိတို့ တပ်လုလင်အချင်းချင်းဆီမှ ကြားရသည့် အတင်းအဖျင်း စကားများကို နပိုလီယန်အား ကရားရေလွှတ် တတွတ်တွတ်ပြောကာ စကားဖောင်လျက် ရှိ၏။ လာဗရူရှကာ၏ အတင်းစကားများမှာ အမှန်သာဖြစ်၏။ သို့ရာတွင် နပိုလီယန်က ရှုရှားများသည် ဘိုနာပတ်အား တိုက်၍နိုင်မည်ဟု ထင်သလော၊ ရှုံးမည်ဟု ထင်သလောဟု မေးလိုက်သောအခါ၌မူကား လာဗရူရှကာသည် မျက်လုံးများကို မှေးကာ အတန်ကြာမျှ စဉ်းစားလျက် ရှိ၏။

လာဗရူရှကာကဲ့သို့သော လူစားမျိုးသည် 'အရာခပ်သိမ်းတွင် ကောက်ကျစ်စဉ်းလဲခြင်း ရှိသည်' ဟု မြင်သောလူစားမျိုးဖြစ်သည့်အတွက် ထိုမေးခွန်းထဲတွင်လည်း ပရိယာယ်ဝေဝုပါသည်ဟု သိမြင်လိုက်သဖြင့် မျက်မှောင်ကုတ်လျက် ချက်ချင်းအဖြေမပေးသေးဘဲ စဉ်းစားနေခြင်း ဖြစ်လေသည်။

"အခြေအနေမှာ ဤသို့ ရှိပါသည်" လာဗရူရှကာက ခပ်ဆိုင်းဆိုင်းပြောလိုက်၏။ "ယခု လောလောဆယ် တိုက်ပွဲဖြစ်ပွားလျှင်ကား ဗိုလ်ချုပ်ကြီးတို့ဘက်က နိုင်မည် မုချဖြစ်ပါသည်။ သို့သော်လည်း နောင်သုံးရက်ကြာမှ တိုက်လျှင်ကား ထိုတိုက်ပွဲသည် ရုတ်တရက် အလွယ်တကူ ပြီးနိုင်ဖွယ် မရှိပါ"

စကားပြန် လီလောညဲက ပြုံးကာ နပိုလီယန်ဘက်သို့ ဘာသာပြန်၍ ပြောလိုက်သည်။ စကားပြန် လီလောညဲ၏ဘာသာပြန်ချက်မှာ 'သုံးရက်အတွင်း တိုက်ပွဲဖြစ်ပွားလျှင် ပြင်သစ်ဘက်က နိုင်မည်၊ သို့ရာတွင် သုံးရက်ကျော်သွားလျှင်ကား မည်သည့်ဘက်က နိုင်မည်၊ ရှုံးမည်ကို ဘုရားသခင်သာ သိပါလိမ့်မည်' ဟူ၍ ဖြစ်၏။ နပိုလီယန်သည် ထိုအချိန်က စိတ်လက်ကြည်သာ ရွှင်ပျလျက်ရှိသော်လည်း ပြုံးရယ်ခြင်း မရှိချေ။ ဤစကားများကို ထပ်ပြန်တလဲလဲသာ ရွတ်ဆိုခိုင်းနေသည်။

လာဗရူရှကာမှာ မိမိစကားကို နပိုလီယန် သဘောမကျကြောင်း ရိပ်မိလေပြီ။ ထို့ကြောင့် နပိုလီယန်ကို မသိဟန်ဆောင်ကာ စကားကို ဖြေရပြန်သည်။

"ဗိုလ်ချုပ်ကြီး တို့ဘက်၌ ဘိုနာပတ် ရှိပါသည်၊ ဘိုနာပတ်သည် ကမ္ဘာတွင် မည်သူ့ကိုမျှ ဗိုလ်မထားဘဲ

www.burmeseclassic.com

www.burmeseclassic.com

အနိုင်ယူခဲ့ကြောင်းကို ကျွန်တော်မျိုးတို့ဘက်က သိကြသည်သာ ဖြစ်ပါသည်၊ သို့ရာတွင် ယခုစစ်ပွဲကား အခြားစစ်ပွဲများနှင့် တူနိုင်မည် မထင်ပါ"

လာဗရူရှကာသည် မည်သည့်အချက်ကြောင့်ဟူ၍ မသိဘဲ စကားအဆုံး၌ ကိုယ့်လူမျိုးကို အမွန်းတင်၍ ခပ်ကြွားကြွားကလေး ပြောမိလျက်သား ဖြစ်နေသည်။

စကားပြန် လီလောညဲသည် နောက်ဆုံးစကားပုဒ်ကို ချန်လှပ်၍ ဘာသာပြန်ပြလိုက်ပြန်သည်။ နပိုလီယန်က ပြုံးလိုက်သည်။ ဤသည်နှင့် စပ်လျဉ်း၍ ပြင်သစ်ရာဇဝင်ဆရာသိုင်းယာ့စ်က 'ကော့ဆက်သုံ့ပန်းငယ်သည် ၎င်းနှင့် စကားပြောဖက်ဖြစ်သော ကြီးမြတ်သည့် ပုဂ္ဂိုလ်ကြီးကို ပြုံးအောင်လုပ်နိုင်စွမ်း ရှိသူပေတကား' ဟု ရေးခဲ့၏။ ဤသို့ဖြင့် နပိုလီယန်သည် လာဗရူရှကာနှင့် ဘေးချင်းယှဉ်၍ တိတ်ဆိတ်စွာ စီးလာခဲ့ပြီးနောက် ဦးစီးချုပ် ဘာသီးယား ဘက်သို့လှည့်လိုက်လျက် ယခု မိမိနှင့် စကားပြောလျက်ရှိသူမှာ အခြားသူ မဟုတ်။ အိုဂျစ်ပြည် ပိရမစ်အဆောက်အအုံကြီးများပေါ်၌ မိမိ၏နာမည်ကို မော်ကွန်းရေးထိုးခဲ့သည်အထိ အောင်မြင်ခဲ့သော နပိုလီယန်ဧကရာဇ်ကိုယ်တိုင်ပင် ဖြစ်သည်ဟု သိရလျှင် 'ဒွန်မြစ်၏ သားငယ်' မည်သို့ မည်ပုံ ဖြစ်သွားမည်ကို ကြည့်လိုလှသည်ဟု ပြောလိုက်သည်။

ဦးစီးချုပ်ဘာသီးယားက ထိုအကြောင်းကို လာဗရူရှကာအား ဖွင့်ပြောလိုက်၏။

ဤသို့ ပြောလိုက်သည်တွင် မိမိအား အံ့သြထိတ်လန့်ခြင်းဖြစ်စေရန် ရည်ရွယ်ကြောင်း လာဗရူရှကာ သိလိုက်လေပြီ။ ထို့ကြောင့် လာဗရူရှကာသည် သူ့သခင်သစ်စိတ်ကျေနပ်စေရန်အတွက် များစွာအံ့သြထိတ်လန့်ဟန် ဖြင့် မျက်လုံးကြီးများကို ပြူးကာ ကြက်သေသေလျက် ရှိပြီးနောက် ကျောပြင်၌ ကြိမ်ဖြင့် ရုတ်တရက် အရိုက်ခံရသကဲ့သို့ အလန့်တကြားမျက်နှာထားမျိုးကို ဆောင်လိုက်သည်။ ဤသည်ကို ပြင်သစ်ရာဇဝင်ဆရာ သိုင်းယာ့စ်က အောက်ပါအတိုင်း ရေးသားထားလေသည်။ 'နပိုလီယန်၏ စကားပြန်က ဤသို့ ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ကော့ဆက်သုံ့ပန်းငယ်မှာ လွန်မင်းစွာအံ့အားသင့်လျက် စကားတစ်ခွန်းမျှ မဆိုနိုင်တော့ဘဲ အာရှတိုက်မြက်ခင်းလွင်ပြင်များကို ဖြတ်သန်း၍ ဘုန်းတန်ခိုးတေဇာ ပျံ့နှံ့လွှမ်းမိုးလျက်ရှိသော အောင်ပွဲရစစ်သူကြီးကို မျက်တောင်မခတ် စိုက်ကြည့်ကာ မြင်းစီး၍ လိုက်ပါလာလေသည်။ သုံ့ပန်းငယ်၏ အာဝဇ္ဇန်းရွှင်ခြင်းဟူသမျှသည် တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားကာ ကြည်ညိုလေးမြတ်သောစိတ်ထားတို့သည် ရင်တွင်း၌ တဖွားဖွားပေါ်ပေါက်လာကြကုန်သည်။ နပိုလီယန်သည် သုံ့ပန်းငယ်အား လက်ဆောင်ပဏ္ဏာ ချီးမြှင့်ပြီးနောက် ၎င်းငယ်အား ၎င်း၏ဇာတိဖြစ်သော တောစပ်လွင်ပြင်သို့ လွှတ်သင့်သို့ သုံ့ပန်းငယ်ကိုလည်း ပြန်၍လွှတ်လိုက်လေသတည်း။'

နပိုလီယန်သည် မိမိ၏စိတ်ထဲတွင် စွဲလမ်းလှသောမော်စကိုမြို့တော်အကြောင်းကို တွေးတောစဉ်းစားကာ မြင်းကို ဆက်၍စီးလာခဲ့၏။ 'ဇာတိဖြစ်သော တောစပ်လွင်ပြင်သို့ ပြန်လွှတ်ခြင်းခံရသော ၎င်းငယ်' လာဗရူရှကာသည်လည်း ရုရှားကင်းတပ်များရှိရာသို့ မြင်းကို ဒုန်းစိုင်း၍ စီးလာခဲ့လေသည်။ ဤသို့စီးလာခဲ့ရင် လမ်းတစ်လျှောက်၌ ထိုအကြောင်းအရာများကို မိမိ၏သွေးသောက်ရဲဘော်များအား မည်သို့ လုပ်ကြံချဲ့ထွင်ပြောရမည်နည်းဟု စဉ်းစား၍လာခဲ့သည်။ မိမိတွေ့မြင်ခဲ့ရသလောက်မှာမူကား ဘာမျှအထူးအဆန်းလုပ်၍ ပြောဖွယ်မရှိသဖြင့် အရင်းတိုင်း ဖောက်သည်မချလိုချေ။ လာဗရူရှကာသည် လမ်းတွင် ကော့ဆက်မြင်းတပ်သားအချို့နှင့် တွေ့သဖြင့် ပလာတော့၏တပ်မနှင့် အတူ လှုပ်ရှားလျက်ရှိသော မိမိ၏ကော့ဆက်မြင်း တပ်ရင်း စခန်းချလျက်ရှိသည့်နေရာကို မေးမြန်း၍ ခရီးဆက်ခဲ့၏။ ညနေစောင်းလျှင် ယန်ကိုဗိုဒေသ၌ စခန်းချလျက်ရှိသော ၎င်း၏သခင်နီကိုလေကို တွေ့ရလေသည်။ ထိုအချိန်၌ နီကိုလေမှာ ၎င်း၏အချစ်တော် ဗိုလ်ကလေးအီလျင်နှင့် အတူ အနီးအနားရှိ ရွာများသို့ မြင်းလျှောက်စီးရန် မြင်းပေါ်သို့ ရောက်လျက် ရှိလေပြီ။ နီကိုလေသည် လာဗရူရှကာအား မြင်းသစ်လဲစေပြီးနောက် မိမိနှင့်အတူ ခေါ်လာခဲ့လေသတည်း။

အခန်း ၈

မင်းသမီးကလေး မေရီသည် မောင်တော်မင်းသားကလေး အင်ဒရေထင်သကဲ့သို့ ဘေးအန္တရာယ်ကင်းရှင်းရာ မော်စကိုမြို့သို့ မရောက်သေးချေ။

www.burmeseclassic.com

www.burmeseclassic.com

စမိုးလင့်မှ အယ်ပါတစ်ပြန်ရောက်လာပြီးနောက်၌ကား မင်းသားကြီး ဘိုလကွန်စကီမှာ အိပ်မက်မှ လန့်နိုးလာသကဲ့သို့ ဖြစ်လျက် ရှိလေသည်။ မင်းသားကြီး ဘိုလကွန်စကီသည် မိမိ၏ပိုင်စားနယ်မြေထဲရှိ ကျေးရွာများမှ အရေးပေါ်စစ်သည်စုများကို ချက်ချင်းခေါ်ယူစေကာ လက်နက်စွဲကိုင်စေသည်။ ထို့နောက် မိမိသည် နောက်ဆုံးအချိန်အထိ 'တောင်ကတုံး' တွင်ပင် နေထိုင်ကာ ထိုဒေသမှနေ၍ ရန်သူများကို ခုခံတိုက်ခိုက်ရန်ဆုံးဖြတ်ပြီး ဖြစ်ကြောင်း၊ မိမိကဲ့သို့ ရှရှားနိုင်ငံ၏ အသက်အကြီးဆုံးသော ဗိုလ်ချုပ်ကြီးတစ်ဦးသည် ရန်သူ့လက်သို့ သုံ့ပန်းအဖြစ်ကျမည်လော၊ သို့တည်းမဟုတ် တိုက်ပွဲတွင် ကျမည်လောဟူသော အဖြေကို ရွေးချယ်ရတော့မည် ဖြစ်ကြောင်း၊ ဤကိစ္စ၌ 'တောင်ကတုံး' ဒေသ၏ ကာကွယ်ရေးအတွက် ကူညီလိုက လည်း ကူညီနိုင်ကြောင်း၊ မကူညီလိုကလည်း နေနိုင်ကြောင်းဖြင့် တပ်မတော် သေနာပတိချုပ်ထံ စာချွန်တစ်စောင်ကိုလည်း ရေးသားပေးပို့ လိုက်၏။ မိမိ၏အိမ်သူအိမ်သားများကိုလည်း မိမိသည် 'တောင်ကတုံး' မှ ပြောင်းရွှေ့မည် မဟုတ်ကြောင်းဖြင့် ထုတ်ဖော်ပြောဆိုလိုက်လေသည်။

မင်းသားကြီး ဘိုလကွန်စကီသည် မိမိသာ 'တောင်ကတုံး' တွင် ကျန်ရစ်ခဲ့မည်ဖြစ်သော်လည်း သမီးတော် မေရီ၊ မြေးတော် ဘိုးအေချစ်မင်းသားကလေးနှင့် စာပြဆရာ ဒီဆေးလ်တို့ကိုမူ ဘိုဂူချာရိုဗိုသို့ ပြောင်းရွှေ့ရမည်၊ ထိုမှတစ်ဆင့် မော်စကိုသို့ ပြောင်းရွှေ့ရမည်ဟု ညွှန်ကြားခြင်း ပြုလေသည်။ မင်းသမီးကလေး မေရီသည် ခမည်းတော် မင်းသားကြီး ဘိုလကွန်စကီ၏ ကယောင်ချောက်ချားအမူအရာများကိုမြင်၍ ထိတ်လန့်လျက်ရှိသဖြင့် တစ်ယောက်တည်းထားခဲ့ရန် စိတ်မချနိုင်လောက်အောင် ဖြစ်ပြီး ခမည်းတော်ကြီး ပြောင်းရွှေ့ခြင်းမပြုက မိမိလည်း ပြောင်းရွှေ့ခြင်းမပြုဟုဆိုကာ တစ်သက်တွင် ပထမဆုံးအကြိမ် ခမည်းတော် မင်းသားကြီး၏ အမိန့်ကို တော်လှန်ခြင်း ပြုလေသည်။ မင်းသမီးကလေး မေရီက 'တောင်ကတုံး' မှ ထွက်ခွာခြင်းမပြုဟု ငြင်းဆန်သည်ကြောင့် လေမုန်တိုင်းကြီး ပြင်းထန်စွာကျရောက်သကဲ့သို့ ခမည်းတော် မင်းသားကြီးမှာ ဒေါသအချက်ခြောင်းခြောင်း ထွက်လာခဲ့လေပြီ။ ခမည်းတော် မင်းသားကြီးသည် ယခင်ကကဲ့သို့ နှိပ်စက်ကလူ ပြုခြင်း၊ နှိပ်နှိပ်နယ်နယ် ပြောဆိုခြင်းများကို ပြုလုပ်လေတော့သည်။ သမီးတော်သည် မိမိကို တရိရိ စိတ်ဆင်းရဲစေခဲ့ကြောင်း၊ သားနှင့် အဖေကိုလည်း ကတုံးကတိုက် လုပ်ခဲ့ကြောင်း၊ မိမိ၏အေးချမ်းသောဘဝကို အမြဲတမ်း နှောင့်ယှက်ဖျက်ဆီးကာ မကောင်းကြဲလျက် ရှိကြောင်း စသဖြင့် သမီးတော်အား ပြစ်ဒဏ်ပေးသည့်အနေဖြင့် စွဲချက်အမျိုးမျိုးတင်ကာ သမီးတော်ပြောင်းသည် ဖြစ်စေ၊ မပြောင်းသည်ဖြစ်စေ၊ မိမိဆုံးဖြတ်ချက်ကို မဖျက်နိုင်ဟု ပြောဆိုပြီး စာကြည့်ဆောင်ထဲမှ မောင်းထုတ်လိုက်လေသည်။ ထိုပြင်လည်း မိမိသည် သမီးတော်အား လူ့လောကကြီးတွင် ရှိနေသေးသည်ဟူ၍ အောက်မေ့တော့မည် မဟုတ်ကြောင်းဖြင့် ပြောဆိုလျက် နောင်တွင် မိမိမျက်စိရှေ့သို့ မည်သည့်အခါမျှ ဖြတ်သန်းသွားလာခြင်း မပြုရဟု အမိန့်ထုတ်လိုက်၏။ မင်းသမီးကလေးမေရီမှာ မိမိအား ခမည်းတော်ကြီးက အတင်းအကျပ်ရွှေ့ပြောင်းခိုင်းလိမ့်မည်ဟု တွေးကာ စိုးရိမ်လျက်ရှိခဲ့ရာ ယခု မိမိမျက်စိရှေ့မှောက်သို့ လာရောက်ခြင်း မပြုရဟူ၍သာ အမိန့်ထုတ်သဖြင့် ဝမ်းသာလျက် ရှိလေသည်။ ခမည်းတော်ကြီးက ဤသို့ဆူပူကြိမ်းမောင်းခြင်းသည်ပင် မိမိက အရေးကိစ္စကြုံလျှင် ကိုယ်လွတ်ရန်သွားခြင်း မရှိ၊ သေအတူ ရှင်အတူသဘောကို ပြခြင်းကြောင့် ခမည်းတော်ကြီးစိတ်ထဲတွင် ကျိတ်၍ ကျေနပ်လျက်နေသည့် လက္ခဏာတစ်မျိုးဟု မင်းသမီးကလေးမေရီက ယူဆလျက် ရှိပေသည်။

ဘိုးအေချစ် မင်းသားကလေးအား ဘိုဂူချာရိုဗိုသို့ ပို့လိုက်သည့်နေ့နံနက်၌ မင်းသားကြီး ဘိုလကွန်စကီသည် ၎င်း၏စစ်ဝတ်စုံကို အပြည့်အစုံဝတ်ဆင်ကာ တပ်မတော် သေနာပတိချုပ်ထံ သွားရောက်တွေ့ဆုံရန် ပြင်ဆင်လျက်ရှိ၏။ မင်းသားကြီး၏ ကရထားမှာ တံခါးဝ၌ အဆင်သင့်ရောက်လျက် ရှိလေပြီ။ မင်းသားကြီးသည် စစ်ဝတ်စုံကိုဝတ်လျက် ဆုတံဆိပ်နှင့် တကွ ရင်သိုင်းဘယက်အဆောင်အယောင်များကို ချိတ်ဆွဲကာ စံအိမ်အပြင်ဘက်သို့ ထွက်သွားပြီး လက်နက်စွဲကိုင်ထားသော လယ်သမားများနှင့် မြေကျွန်များကိုစစ်ဆေးရန် ပန်းခုံထဲသို့ ဆင်းသွားသည်ကို မင်းသမီးကလေး မေရီ မြင်လိုက်ရ၏။ မင်းသမီးကလေး မေရီသည် ဥယျာဉ်ထဲ၌ အရေးပေါ်စစ်သည်စုများနှင့် ပြောဆိုလျက်ရှိသည့် ခမည်းတော် မင်းသားကြီး၏

www.burmeseclassic.com

www.burmeseclassic.com

စကားများကို ပြတင်းဝမှထိုင်၍ နားထောင်နေမိသည်။ ထိုအခိုက် လူအုပ်တစ်အုပ်သည် ကြောက်ရွံ့ထိတ်လန့်သောမျက်နှာများဖြင့် စံအိမ်အဝင်လမ်းမဘက်ဆီမှ ပြေးဝင်လာခြင်းကို မြင်လိုက်ရပြန်သည်။

မင်းသမီးကလေး မေရီသည် စမုတ်ဆောင်အဝမှ ဆင်းလာခဲ့ပြီးလျှင် ပန်းရုံကြီးများ တစ်ဖက်တစ်ချက် ရံထားသောလမ်းကလေးအတိုင်း စံအိမ်အဝင် လမ်းမဆီသို့ ပြေးလာခဲ့သည်။ အရေးပေါ် စစ်သည်စုဝင်များနှင့် မြေကျွန်အုပ်ကြီးတစ်အုပ်သည် မင်းသမီးကလေးမေရီထံသို့ ရှေ့ရှုလာလျက်ရှိ၏။ ၎င်းတို့၏အလယ်တွင် လူတစ်သိုက်သည် စစ်ဝတ်စုံနှင့် ဆုတံဆိပ်အဆောင်အယောင်များ ဆင်ယင်ထားသည့် အဘိုးကြီးတစ်ယောက်ကို ပွေ့ချီလာကြ၏။ မင်းသမီးကလေးမေရီသည် ထိုအဘိုးကြီးထံသို့ ပြေးလာခဲ့သည်။ စံအိမ်အဝင်လမ်းတွင် သံပရာပင်များ တစ်ဖက်တစ်ချက် စီတန်းပေါက်လျက်ရှိသည်ဖြစ်ရာ သံပရာရွက်များကြားမှ နေရောင်များသည် ထိုအဘိုးကြီး၏ မျက်နှာပေါ်သို့ ထိုးကျလျက် ရှိ၏။ ထိုအဘိုးကြီး၏ မျက်နှာမှာ အပြောင်းလွဲကြီး ပြုံ့ငင်းလဲလျက် ရှိလေပြီ။ ထိုအဘိုးကြီး၏ မျက်နှာပေါ်တွင် ယခင်က 'မည်သူ့ကိုမျှ ထီမထင်၊ ငါထင်ရာ ငါလုပ်သည်' ဟူသော ခက်ထန်ကြမ်းကြုတ်သည့် အသွင်သဏ္ဌာန်မျိုး ရှိခဲ့သော်လည်း ယခုအချိန်၌ ထိုအမူအရာများသည် ပျောက်ကွယ်သွားကြကာ အလွန်အမင်း ကြောက်ရွံ့ထိတ်လန့်၍ အားငယ်လျက်ရှိသော အမူအရာမျိုးသာ ထင်ရှားစွာပေါ် ပေါက်လျက်ရှိလေပြီ။ ထိုအဘိုးကြီးသည် သမီးတော်ကလေး မေရီကိုမြင်သည်တွင် နှုတ်ခမ်းကို အနိုင်နိုင်လှုပ်ရှားကာ ဗလုံးဗထွေးဖြင့် ပြောဆိုခြင်း ပြုလေသည်။ မည်သည့်အရာကိုမျှ ပီသစွာ ရွတ်ဆိုနိုင်ခြင်း မရှိတော့ပြီ။ ထို့နောက်တွင် မင်းသားကြီးဘိုလကွန်စကီကို ပွေ့ချီကာ စာကြည့်ဆောင်သို့ တင်လာခဲ့ကြပြီး နောက် ယခုတလော၌ ၎င်းအကြောက်ကြီး ကြောက်တတ်သော ထိုင်ဖုံကြီးပေါ်သို့ တင်ထားလိုက်ကြလေသည်။

ထိုနေ့ ညတွင်းချင်းပင် ပင့်ဖိတ်သဖြင့် ရောက်ရှိလာသောသမားတော်ကြီးသည် မင်းသားကြီး ဘိုလကွန်စကီ၏သွေးကို ဖောက်ထုတ်ပြီးနောက် မင်းသားကြီးမှာ လက်ယာဘက်ကိုယ်တစ်ခြမ်း သေသွားပြီဖြစ်ကြောင်း ပြောဆိုလေသည်။

'တောင်ကတုံး' ၌ ဆက်လက်နေထိုင်ရခြင်းမှာလည်း တစ်နေ့တစ်ခြား အန္တရာယ်များလာခဲ့လေပြီ။ ထို့ကြောင့် မင်းသမီးကလေး မေရီသည် နောက်တစ်နေ့၌ ခမည်းတော်ကြီးနှင့်အတူ ဘိုဂူချာရိုဗိုသို့ ပြောင်းရွှေ့ခဲ့၏။ သမားတော်လည်း လိုက်ပါလာလေသည်။

မင်းသားကြီးနှင့် မင်းသမီးကလေး မေရီတို့သည် ဘိုဂူချာရိုဗိုသို့ရောက်သောအခါတွင် စောစောက ပြောင်းရွှေ့ပြီးဖြစ်သော 'ဘိုးအေချစ်' မင်းသားကလေးနှင့် ၎င်း၏ စာပြဆရာဒီဆေးလ်တို့မှာ မော်စကိုသို့ ထွက်ခွာသွားနှင့်ကြလေပြီ။

မင်းသားကလေး အင်ဒရေသည် ဘိုဂူချာရိုဗိုတွင် ရွာသစ်တည်ထောင်၍ သူနေရန် အိမ်တစ်ဆောင်ကိုလည်း မကြာမီက ဆောက်လုပ်ခဲ့သည်ဖြစ်ရာ မင်းသားကြီး ဘိုလကွန်စကီမှာ ရက်သတ္တ သုံးပတ်လုံးလုံး ထိုအိမ်ထဲတွင် ကိုယ်တစ်ခြမ်းသေလျက် သွက်ချာပါဒရောဂါကို ခံစားနေရလေသည်။ ထိုအတောအတွင်း မင်းသားကြီး၏ရောဂါမှာ သက်သာသည်ဟူ၍လည်း မရှိ၊ တိုးသည်ဟူ၍လည်း မရှိဘဲ တန်းလျက်ရှိ၏။ မင်းသားကြီး ဘိုလကွန်စကီသည် လုံးဝ သတိလစ်လျက်ရှိကာ ရုပ်ပျက်ဆင်းပျက်ဖြစ်လျက်ရှိသော အလောင်းကောင်ကြီးသဖွယ် အိပ်ရာထဲတွင် လဲလျက် ရှိလေသည်။ ပါးစပ်ကလည်း အဆက်မပြတ် ညည်းညူလျက် ရှိသည်။ မျက်ခုံးများနှင့် နှုတ်ခမ်းများကလည်း ရွဲ့နေကြသည်။ မင်းသားကြီး ဘိုလကွန်စကီသည် မိမိပတ်ဝန်းကျင်ကိုလည်း လုံးဝသတိရဟန် မတူတော့ချေ။ သို့ရာတွင် မင်းသားကြီး၏ဟန်အမူအရာကို ထောက်၍ ၎င်းသည် ဝေဒနာကို ပြင်းစွာခံစားလျက်ရှိရုံးကပင် တစ်စုံတစ်ရာကို ပြောချင်ဟန်တူသည်ဟု ယူဆရလေသည်။ သို့ရာတွင် ပါးစပ်မှထွက်လာသမျှတို့မှာ ပီသခြင်းမရှိသည့်အတွက် မည်သူမျှ နားမလည်နိုင်ပြီ။ ရောဂါဝေဒနာပြင်းစွာခံစားနေရသည့် ငန်းဖမ်းနေသူတစ်ဦး၏ ကယောင်ကတမ်းပြောခြင်းမျိုးလော၊ တိုင်းရေးပြည်ရေးကိစ္စလော၊ အိမ်တွင်းရေးကိစ္စလော မည်သူမျှ မသိနိုင်ပြီ။

သမားတော်ကြီးကမူ ဤသို့ပြောဆိုခြင်းမျိုးမှာ ရောဂါဝေဒနာကြောင့်ဖြစ်၍ အခြားအထူးအထွေမဟုတ်ကြောင်းဖြင့် ပြောပြ၏။ သို့ရာတွင် မင်းသမီးကလေး မေရီ၏စိတ်၌မူ ခမည်းတော်ကြီးသည် မိမိအား တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com

တစ်ရာကိုပြောပြချင်သည်ဟု စိတ်ထဲတွင် ထင်မှတ်လျက်ရှိသည်။ မင်းသမီးကလေး မေရီ အနီးသို့ရောက်လာတိုင်း မင်းသားကြီးမှာ ပိုမို၍ ဗလုံးဗထွေးပြောတတ်သဖြင့် မိမိယူဆသည့်အတိုင်းဖြစ်လိမ့်မည်ဟု မင်းသမီးကလေး မေရီထင်မိသည်။

မင်းသားကြီး ဘိုလကွန်စကီသည် ကိုယ်စိတ်နှစ်ပါးစလုံး ရောဂါဝေဒနာကို ခံစားနေရလေသည်။ မင်းသားကြီး ပြန်၍ကျန်းမာလာရန်ကား မျှော်လင့်ဖွယ် မရှိတော့ချေ။ ရှေ့သို့ ဆက်လက်ခရီးသွားရန်လည်း မဖြစ်နိုင်တော့ချေ။ မင်းသမီးကလေး မေရီအဖို့လည်း လမ်းခရီးတွင် ခမည်းတော်ကြီး ပိုးစိုးပက်စက်ဖြစ်သွားမည့်အဖြစ်ကို လက်မခံနိုင်ချေ။ 'ဒီလောက် ရောဂါဝေဒနာခံစားနေရမယ့်အတူ မြန်မြန်သေသွားတာက ကောင်းပါလိမ့်ဦးမယ်" ဟုပင် တစ်ခါတစ်ရံ မင်းသမီးကလေး မေရီ တွေးမိ၏။ မင်းသမီးကလေး မေရီသည် နေ့ရောညပါ ကောင်းစွာအိပ်စက်ခြင်းမပြုဘဲ ခမည်းတော်ကြီးကိုသာ စောင့်ကြပ်ကြည့်ရှုလျက်ရှိ၏။ သို့ရာတွင် စောင့်၍သာ စောင့်ရသော်လည်း မင်းသမီးကလေး မေရီစိတ်ထဲ၌ကား ရောဂါသက်သာရန် မမျှော်လင့်တော့ဘဲ မြန်မြန်က်တော်ကုန်ပါစေဟုသာ ဆန္ဒပြုလျက် ရှိလေသည်။

မင်းသမီးကလေး မေရီသည် မိမိ၏စိတ်ထဲ၌ ဤသို့သော စေတနာမျိုးဖြစ်ပေါ်လျက်ရှိခြင်းကို တွေ့ရသည့်အတွက် ထူးဆန်းအံ့သြလျက် ရှိလေသည်။ အံ့သြသည့်တိုင် ထိုစေတနာသည် ပျောက်ကွယ်သွားခြင်းမရှိဘဲ ဆက်လက်ကိန်းဝပ်နေခြင်းကို တွေ့ရ၏။ ပို၍ အံ့သြထိတ်လန့်ဖွယ်ကောင်းသည့်အချက်ကား ခမည်းတော်ကြီး မကျန်းမာသည့်အချိန်ကစ၍ (တစ်နည်းအားဖြင့် ခမည်းတော်ကြီး ကံတော်ကုန်ပါစေဟု ဆန္ဒပြုရင်း အိပ်ရာဘေးတွင် စောင့်ကြပ်ကြည့်ရှုလျက်ရှိသည့် အချိန်မှစ၍) မင်းသမီးကလေး၏ စိတ်ထဲ၌ ကာလအတန်ကြာမျှ ပျောက်ကွယ် တိမ်မြုပ်နေသော ကိုယ်ရေးကိုယ်တာဆန္ဒများ၊ မျှော်လင့်ချက်များသည် ခေါင်းပြူ၍ ပေါ်လာကြခြင်း ဖြစ်လေသည်။ မိမိ၏ခမည်းတော်ကြီးကို ကြောက်ရွံ့ခြင်းကင်းစွာဖြင့် လွတ်လွတ်လပ်လပ်နေထိုင်လိုသောဆန္ဒ၊ ချစ်ခင်သူ အိမ်ထောင်ဖက်နှင့် အတူ သာယာသောအိမ်ထောင်သည်အဖြစ် နေထိုင်လိုသောဆန္ဒ စသည့် ကာလအတန်ကြာကတည်းက ပျောက်ကွယ်နေသောဆန္ဒများသည် မကောင်းသောနတ်များက နှိုးဆော်တိုက်တွန်းနေသကဲ့သို့ မင်းသမီးကလေး မေရီ၏စိတ်ထဲတွင် ပေါ်လာကြကုန်သည်။ မင်းသမီးကလေး မေရီသည် ဤအတွေးများကို ကြိုးစားဖျောက်ဖျက်ပစ်သော်လည်း ဤကိစ္စကြီးပြီးလျှင် မည်သို့ မည်ပုံနေထိုင်ရမည်ဆိုသည့် စိတ်ကူးသာလျှင် ခေါင်းထဲသို့ မကြာခဏ ရောက်၍ လာတတ်၏။ ဤအခြင်းအရာများကား မကောင်းသောနတ်တို့၏ သွေးဆောင်ဖြားယောင်းမှုများ ဖြစ်၏။ ထို အချက်ကိုလည်း မင်းသမီးကလေး မေရီ သိ၏။ ဤမိစ္ဆာနတ်ဆိုး၏ ဖြားယောင်းသွေးဆောင်မှုကို တွန်းလှန်ရန် တစ်ခုတည်းသောလက်နက်ကား ဆုတောင်းခြင်း ဖြစ်၏။ ထို့ကြောင့် မင်းသမီးကလေး မေရီသည် ဆုတောင်းရန် ကြိုးစား၏။ မင်းသမီးကလေး မေရီသည် မေတ္တာတရားကို နှလုံးသွင်းကာ ဆင်းတုတော်ရှေ့တွင်ရပ်လျက် ဆုတောင်း မေတ္တာပို့သ၏။ သို့ရာတွင် ဆုတောင်း၍ မရတော့ပြီ။ မင်းသမီးကလေး မေရီ၏စိတ်တွင် မိမိသည် ကမ္ဘာသစ်ကြီးတစ်ခု၊ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်သော ဘဝသစ်ကြီးတစ်ခု ယခုတိုင် မိမိနေထိုင်လျက်ရှိ၍ ဆုတောင်းခြင်းဖြင့်သာ စိတ်၏သက်သာမှုကိုရနိုင်သော နာမ်ကမ္ဘာကြီးမှ ကွဲပြားခြားနားသော လောကကြီးတစ်ခုအထဲသို့ ဝင်ရောက်နေသည်ဟု ထင်မှတ်မိ၏။ မင်းသမီးကလေး မေရီသည် ဆုတောင်း၍လည်း မရ၊ ငို၍လည်း မရဖြစ်လျက်ရှိကာ လောကီပြဿနာများသည် ၎င်းကို ရစ်ပတ်လွှမ်းခြုံလျက် ရှိကြလေသည်။

ဘိုဂျာရိုဗိုတွင် ဆက်လက်၍ နေထိုင်ရခြင်းမှာ တစ်နေ့ထက်တစ်နေ့ အန္တရာယ်များလာခဲ့လေပြီ။ ပြင်သစ်တပ်များသည် ဘိုဂျာရိုဗိုအနီးသို့ ရောက်ရှိလာကြပြီဟူသောသတင်းများကိုလည်း ကြားနေရလေပြီ။ ဘိုဂျာရိုဗိုမှ ဆယ်မိုင်ခန့်ဝေးသော ရွာတစ်ရွာတွင် ပြင်သစ်တပ်များက ပစ္စည်းများကို ဝင်ရောက်လုယူသွားသည်ဟုလည်း သတင်းဖြစ်လျက် ရှိလေသည်။

သမားတော်ကြီးသည် မင်းသားကြီး ဘိုလကွန်စကီကို မော်စကိုသို့ ပြောင်းရွေ့ ကုသသင့်ကြောင်းဖြင့် မင်းသမီးကလေး မေရီအား တိုက်တွန်းလျက်ရှိ၏။ ထိုဒေသရှိ သူကောင်းမျိုးနွယ်တို့၏ နာယကပုဂ္ဂိုလ်ကလည်း မင်းသမီးကလေး မေရီထံသို့ အရာရှိတစ်ဦးကို စေလွှတ်ကာ

www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာမှ အမြန်ဆုံးထွက်ခွာသွားရန် အပြောခိုင်းလိုက်၏။ ဒေသန္တရ ရဲဝန်ကလည်း ဘိုဂူချောရိုဗိုသို့ ရောက်လာကာ အလားတူ အကြံပေးတိုက်တွန်းခြင်း ပြုပြန်သည်။ ထိုမျှမက ပြင်သစ်တပ်များသည် နှစ်ဆယ့်ငါးမိုင်အကွာသို့ ရောက်ရှိနေကြပြီ ဖြစ်ကြောင်း၊ ပြင်သစ်ကြေညာချက်များမှာ ရွာအနှံ့ရောက်လျက်ရှိပြီ ဖြစ်ကြောင်း၊ သြဂုတ်လ ၁၅-ရက်နေ့မတိုင်မီ မင်းသားကြီး ဘိုလကွန်စကီကို ပြောင်းရွှေ့ခြင်းမပြုပါက မိမိတို့၏ တာဝန် မဟုတ်တော့ကြောင်း ဖြင့် မင်းသမီးကလေးမေရီအား ပြောဆိုခြင်း ပြုလေသည်။

မင်းသမီးကလေး မေရီသည် ဘိုဂူချာရိုဗိုမှ သြဂုတ်လ ၁၅-ရက်နေ့တွင် ထွက်ခွာရန် ဆုံးဖြတ်လိုက်၏။ ထွက်ခွာရာတွင် လိုအပ်သည့်အစီအစဉ်များကို ပြုလုပ်ရမည် ဖြစ်သဖြင့် အစေခံများအား စီမံခန့်ခွဲနေရသည့်အတွက် မင်းသမီးကလေးမေရီသည် တစ်နေ့လုံး အလုပ်များလျက်ရှိလေသည်။ သြဂုတ်လ ၁၄-ရက်နေ့တွင် မင်းသမီးလေးမေရီသည် ထုံးစံအတိုင်း အဝတ်အစားလဲခြင်း မပြုတော့ဘဲ ခမည်းတော်မင်းသားကြီး၏ ခန်းဆောင်နှင့်ကပ်လျက် အခန်းထဲတွင် အိပ်၏။ သို့ရာတွင် ကောင်းစွာအိပ်မပျော်နိုင်ဘဲ မကြာခဏနိုးလျက်ရှိရာ နိုးတိုင်းလည်း ခမည်းတော်ကြီး၏ ညည်းတွားသံ၊ အိပ်ရာမှ တကျွိကျွိမြည်သံ၊ ကျွန်ယုံတော်ကြီး တီကွန်နှင့် သမားတော်ကြီး၏ ခြေသံများကို ကြားနေရ၏။ မကြာခဏ ထ၍လည်း တံခါးအနီးသို့ ကပ်ကာ နားစွင့်ထောင်မိသည်။ ၎င်း၏စိတ်ထဲ၌ ခမည်းတော်ကြီး၏ ညည်းတွားသံသည် ယနေ့ည ခါတိုင်းညထက် ပို၍ ကျယ်လောင်သည်ဟု ထင်မှတ်မိသည်။ သမားတော်ကြီးနှင့် တီကွန်တို့သည်လည်း ခါတိုင်းထက် အလုပ်များသည်ဟု အောက်မေ့မိ၏။ မင်းသမီးကလေး မေရီသည် အိပ်မပျော်တော့ချေ။ အခန်းဝသို့သွားကာ နားထောင်ပြီး အထဲသို့ ဝင်ရောက်ကြည့်လိုသော်လည်း ချီတုံချတုံဖြစ်လျက်ရှိသည်။ ခမည်းတော်မင်းသားကြီးသည် မိမိအတွက် အခြားသူများက စိုးရိမ်ကြောင့်ကြလျက် ရှိခြင်းကို မြင်ရတိုင်း စိတ်မချမ်းမသာဖြစ်တတ်ကြောင်းကို သူကိုယ်တိုင် ပါးစပ်က ထုတ်မပြောသော်လည်း မင်းသမီးကလေး မေရီ ကောင်းစွာသိ၏။ တစ်ခါတစ်ရံ မင်းသမီးကလေး မေရီက စိုးရိမ်တကြီး ကြည့်မိသည့်အခါများတွင် ခမည်းတော်မင်းသားကြီးသည် ထိုအကြည့်မျိုးကို မနှစ်သက်သောအမူအရာဖြင့် မျက်နှာလွှဲ၍ သွားတတ်ခြင်းကို မင်းသမီးကလေး မေရီ မကြာခဏ သတိပြုမိခဲ့၏။ ယခုကဲ့သို့ အချိန်မတော်ဝင်သွားခြင်းသည် ခမည်းတော် မင်းသားကြီး၏စိတ်ကို အနှောင့်အယှက်ပြုရာ ရောက်လိမ့်မည်ဖြစ်ကြောင်း မင်းသမီးကလေးမေရီသိ၏။

မင်းသမီးကလေး မေရီ၏တစ်သက်တွင် ခမည်းတော်ကြီးအတွက် ဤတစ်ခါလောက် မည်သည့်အခါကမျှ ပူပန်သောက မဖြစ်ဖူးချေ။ ဤတစ်ခါလောက် ခမည်းတော်ကြီးနှင့် ခွဲခွာရမည်ကို စိုးရိမ်ကြောက်လန့်ခြင်း မဖြစ်ဖူးချေ။ မင်းသမီးကလေး မေရီသည် ခမည်းတော်ကြီးနှင့် နေလာခဲ့ရသည့်အချိန်များကို ပြန်တွေးမိသည်။ တွေးလိုက်တိုင်း ခမည်းတော်ကြီး၏ စကားများ၊ အပြုအမူများထဲတွင် မိမိအား ချစ်ခင်မြတ်နိုးခြင်း၏ လက္ခဏာများကို တွေ့လာရ၏။ တစ်ခါတစ်ရံ၌မူကား ဤသို့တွေးတောလျက်ရှိသည့်ကြားထဲမှပင် နတ်ဆိုး၏ ဖြားယောင်းသွေးဆောင်မှုများသည် ကြိုးကြားကြိုးကြား ပေါ်လာတတ်ကြသေးသည်။ ခမည်းတော်ကြီး ကံတော်ကုန်လျှင် မည်သို့မည်ပုံ နေထိုင်ရမည်၊ လွတ်လပ်သောဘဝသစ်ကို မည်သို့မည်ပုံ အသုံးချမည်ဆိုသည့် စိတ်ကူးတို့သည် ခေါင်းပြူလာတတ်ကြသသည်။ သို့သော်လည်း မင်းသမီးကလေး မေရီသည် ထိုအတွေးများကို လက်မခံ။ စက်ဆုပ်ရွံရှာစွာဖြင့် မောင်းနှင်ထုတ်ပစ်သည်သာ ဖြစ်လေသည်။ မင်းသားကြီး ဘိုလကွန်စကီသည် နံနက်လင်းခါနီးမှ ငြိမ်သက်သွားရာ ထိုအခါကျမှ မင်းသမီးကလေး မေရီသည်လည်း အိပ်ပျော်ခြင်းသို့ ရောက်လေသတည်း။

နောက်တစ်နေ့ နံနက်တွင် မင်းသမီးကလေး မေရီသည် နေမြင့်မှ အိပ်ရာက နိုးလာ၏။ အိပ်ရာက နိုးလာလျှင် လာချင်း ခမည်းတော်ကြီးအတွက် စိုးရိမ်ကြောင့်ကြခြင်း ဖြစ်ပေါ်လာပြန်၏။ မင်းသမီးကလေး မေရီသည် တစ်ဖက်ခန်းဆောင်ဆီသို့ နားစွင့်၍ ထောင်လိုက်သည်။ ခမည်းတော်ကြီး၏ ညည်းတွားသံကို ကြားရသည်တွင် အခြေအနေမထူးသေးသည့်အတွက် ညည်းညူကာ သက်ပြင်းကြီး ချလိုက်မိသည်။

'အင်း ငါဟာ တော်တော် စိတ်သဘောယုတ်တဲ့ မိန်းမတစ်ယောက်ပဲ၊ ငါဟာ ခမည်းတော်ကြီးကို မြန်မြန် ကံတော်ကုန်စေချင်နေတယ်၊ ငါ့အိမ်ထောင်ဖက်နဲ့ လွတ်

www.burmeseclassic.com

www.burmeseclassic.com

လွတ်လပ်လပ်နေရမယ့် အရေးလောက်ကိုသာ တွေးနေတယ်၊ ဟင် မိန်းမယုတ်၊ အဖေကို သေစေချင်နေတဲ့ မိန်းမယုတ်၊ ပိတုကာရကက် ထိုက်သင့်တဲ့ မိန်းမယုတ်' မင်းသမီးကလေးမေရီသည် မိမိကိုယ်ကို စက်ဆုပ်ရွံရှာစွာဖြင့် ကျိန်ဆဲမိသည်။

မင်းမီးကလေးမေရီသည် ကိုယ်လက်သန့်စင်ခြင်း၊ အဝတ်အစားလဲခြင်း၊ ဘုရားဝတ်ပြုခြင်း စသည့်ကိစ္စတို့ ပြီးလျှင် စမုတ်ဆောင်သို့ ထွက်လာခဲ့၏။ စမုတ်ဆောင်ရှေ့၌ ရထားများကို မြင်းဖြုတ်၍ ရပ်ထား၏။ ရထားများပေါ်၌ အထုပ်အပိုးများ တင်ပြီး ဖြစ်နေပေပြီ။

ထိုနေ့ နံနက်မှာ အနွေးဓာတ် ရစ်ပတ်လျက်ရှိ၍ ကောင်းကင်သည် အုံ့ပျလျက်ရှိ၏။ မင်းသမီးကလေးမေရီသည် စမုတ်ဆောင်ဝတွင် ရပ်လိုက်သည်။ ၎င်း၏စိတ်၌ ခမည်းတော်ကြီးအပေါ် မကောင်းသောစေတနာကို ထားခဲ့မိခြင်းအတွက် ထိတ်လန့်ကြောက်ရွံ့လျက်ရှိကာ ခမည်းတော်ကြီး ခန်းဆောင်ထဲသို့ ဝင်ရောက်ခြင်း မပြုမီ ထိုစေတနာဆိုးများကို ပယ်ဖျောက်အောင် စိတ်ကို သန့်ရှင်းစင်ကြယ်စေ၏။

သမားတော်ကြီးသည် အပေါ်ထပ်မှ ဆင်းလာကာ မင်းသမီးကလေးမေရီထံသို့ လျှောက်လာလေသည်။

"ဒီနေ့ ကိုယ်တော်ကြီး တော်တော်သက်သာလာတယ် ထိပ်ထားလေး၊ ကျုပ် ထိပ်ထားလေးကို လိုက်ရှာနေတာ၊ စကားလဲ ပီပီသသ ပြောနိုင်ပြီ၊ ခေါင်းထဲမှာလဲ တော်တော်ရှင်းသွားဟန် တူတယ်၊ ထိပ်ထားလေးကိုချည်း တစ်မေးတည်း မေးနေတယ်၊ လာ လာ"

ဤသတင်းကို ကြားလိုက်ရသည်တွင် မင်းသမီးကလေးမေရီ၏ နှလုံးသည် ပြင်းစွာခုန်စပြုလာလျက် မျက်နှာဖြူရော်သွားကာ ကိုယ်ကို လဲကျမသွားအောင် နံရံကို မှီထားလိုက်ရ၏။ မင်းသမီးကလေးမေရီသည် ခမည်းတော်ကြီးအပေါ်၌ မကောင်းသောစေတနာများ ထားခဲ့မိပြီနောက် ယခုကဲ့သို့ သွားရောက်တွေ့ဆုံ၍ စကားပြောရမည်ကို မလုံမလဲ ဖြစ်ကာ ထိတ်လန့်လျက် ရှိလေသည်။

"လာလေ" သမားတော်က ခေါ်၏။

မင်းသမီးကလေး မေရီသည် ခမည်းတော်ကြီး၏ ခန်းဆောင်ထဲသို့ ဝင်လာခဲ့ကာ အိပ်ရာအနီးသို့ ကပ်လာခဲ့သည်။ ခမည်းတော်ကြီးသည် အုံးဝန်းကိုကျောမှီ၍ အိပ်ရာပေါ်တွင် လဲလျောင်းလျက်ရှိသည်။ သေးငယ်၍ အရိုးငေါငေါထွက်နေသောလက်များသည် မွေ့ရာထက်တွင် ကျလျက်ရှိ၏။ ပြာနှမ်းသောသွေးကြောကြီးများသည် အထွေးလိုက် အထွေးလိုက် ပေါ်လျက်ရှိ၏။ မင်းသားကြီး ဘိုလကွန်စကီ၏ လက်ဝဲဘက်မျက်လုံးသည် ရှေ့တည့်တည့်သို့ စူးစိုက်ကြည့်လျက်ရှိပြီး လက်ယာဘက်မျက်လုံးသည် တစ်ဖက်စောင်းလျက် ရှိ၏။ လက်ယာဘက် မျက်ခုံးနှင့် နှုတ်ခမ်းသည်လည်း လှုပ်ရှားခြင်း မရှိတော့ချေ။ ကိုယ်ခန္ဓာသည်လည်း ကျုံ့၍ သေးငယ်သွားကာ သနားစဖွယ်ဖြစ်နေ၏။ မျက်နှာသည် တစ်ဖက်ရွဲ့လျက်ရှိ၍ လက်ဆဲခြေဆဲများသည်လည်း ကျုံ့ဝင်သွားသည်ဟု ထင်ရသည်။ မင်းသမီးကလေးမေရီသည် ခမည်းတော်ကြီးအနီးသို့ လျှောက်သွားကာ လက်ကို နှုတ်ခမ်းဖြင့် ထိလိုက်သည်။ ခမည်းတော်ကြီး၏ လက်ဝဲဘက်လက်သည် မင်းသမီးကလေးမေရီကို ဖက်ထားလိုက်၏။ ဤသည်ကို ထောက်၍ ခမည်းတော်ကြီးသည် မိမိအား အချိန်အတော်ကြာကပင် စောင့်စားလျက်ရှိကြောင်း မင်းသမီးကလေးမေရီသဘောပေါက်မိသည်။ မင်းသားကြီး ဘိုလကွန်စကီသည် သမီးတော်၏ လက်ကို ဆွဲ၍ ညှစ်ထား၏။ ၎င်း၏ မျက်ခုံးတစ်ဖက်နှင့် နှုတ်ခမ်းတစ်ဖက်ကား ဒေါသကြောင့် တဆတ်ဆတ်တုန်လျက် ရှိလေသည်။

မင်းသမီးကလေးမေရီသည် ခမည်းတော်ကြီးကို စိတ်ပျက်အားငယ်စွာ ကြည့်လိုက်ရာ မိမိအား မည်သည့်အကြောင်းကြောင့် ဒေါသထွက်နေရပြန်သနည်းဟု တွေးမိသည်။ မင်းသမီးကလေးမေရီက အနေအထားပြောင်း၍ ထိုင်လိုက်သည့်အတွက် ၎င်း၏ဝဲဘက်မျက်လုံးဖြင့် တည့်တည့်မြင်ရသည့်အခါတွင်မှ ခမည်းတော်မင်းသားကြီးသည် စိတ်တိုင်းကျသွားဟန်ဖြင့် ငြိမ်သက်သွားပြီးနောက် သမီးတော်မေရီကို စက္ကန့်အတန်ကြာမျှ စူးစိုက်ကြည့်နေလေသည်။ နှုတ်ခမ်းများနှင့် လျှာကို လှုပ်လိုက်သည်တွင် စူးစူးဝါးဝါးအသံများ ထွက်လာ၏။ ထို့နောက် ခမည်းတော်မင်းသားကြီးသည် ၎င်း၏စကားများကို နားမှ လည်ပါလေမည်လောဟု စိုးရိမ်ကြောင့်ကြဖြစ်လျက်ရှိရာက သမီးတော်မေရီအား သနားစဖွယ် တောင်းပန်တိုးလျှိုးသောအကြည့်မျိုးဖြင့် ကြည့်၍ စကားပြောလျက် ရှိလေသည်။

မင်းသမီးကလေးမေရီသည် အစွမ်းကုန် အာရုံ

www.burmeseclassic.com

www.burmeseclassic.com

စိုက်၍ ခမည်းတော် မင်းသားကြီးကို အကဲခတ်လျက်ရှိ၏။ ခမည်းတော်ကြီးက လျှာကို လှုပ်၍ စကားပြောရန် ကြိုးစားနေပုံမှာ မြင်ရသူအဖို့ ရင်ဆို့ဖွယ်ကောင်းလှသဖြင့် မင်းသမီးကလေး မေရီသည် မကြည့်ရက်တော့ဘဲ မျက်လွှာကို ချလိုက်မိသည်။ ရင်ထဲတွင်လည်း အလုံးကြီး ဆို့တက်လာသည်။ ခမည်းတော်မင်းသားကြီးသည် လျှာကိုလှုပ်ကာ တစ်စုံတစ်ရာကို ထပ်ပြန်တလဲလဲ ပြောလျက်ရှိ၏။ မင်းသမီးကလေး မေရီသည် ခမည်းတော်မင်းသားကြီး၏ စကားကို ကောင်းစွာနားမလည်ချေ။ စိတ်မှန်းဖြင့် နားထောင်နေပြီးနောက် ခမည်းတော်ကြီးကို ပြန်၍ မေးရသည်။

"စ စ စိတ် ချ ချောက် လား" ခမည်းတော် မင်းသားကြီးသည် ထိုစကားလုံးများချည်း ထပ်ပြန်တလဲလဲ ပြောဆိုလျက်ရှိ၏။

ဤသို့ ဗလုံးဗထွေးဖြစ်နေသော စကားများကို မည်သူ နားလည်နိုင်ပါမည်နည်း။ သမားတော်ကြီးကမူ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မိမိနားလည်သည်ဟု ယူဆ၏။

"သိပ်ကြောက်သလားလို့ ပြောတာလား ကိုယ်တော်ကြီး" သမားတော်ကြီးက မေးလိုက်သည်။ မင်းသားကြီး ဘိုလကွန်စကီသည် ခေါင်းကိုယမ်းလိုက်ပြီးနောက် ထပ်၍ပြောပြန်သည်။ သို့ရာတွင် ပီသခြင်း မရှိချေ။

"စိတ်ချောက်ချားတယ်လို့ ပြောတာလား ဗေဘုရား" မင်းသမီးကလေး မေရီက မေးပြန်သည်။

မင်းသားကြီး ဘိုလကွန်စကီက ဟုတ်မှန်ကြောင်းဖြင့် ဗလုံးဗထွေး အသံပြုလိုက်ပြီးနောက် သမီးတော်၏ လက်ကိုဆွဲကာ ၎င်း၏ရင်ဘတ်ပေါ်သို့ တင်စေသည်။ သို့ရာတွင် တစ်နေရာတည်း၌ တင်စေခြင်းမပြုဘဲ နေရာမှန်ကို ရှာဖွေပေးသည့်အလား ထိုမှဤမှ စမ်း၍ ရွှေ့ပေးလျက် ရှိလေသည်။

"သမီးတော် သမီးတော်အတွက် စိတ် စိတ် စိတ်ပူတယ်" မင်းသားကြီး ဘိုလကွန်စကီသည် မိမိ၏ စကားကိုနားလည်ပြီဟု အားတက်လာကာ ပိုမိုပီသစွာ ပြောစပြုလာ၏။

မင်းသမီးကလေး မေရီသည် ရင်ထဲတွင် လှိုက်၍ ဖြစ်လာသော ငိုချင်စိတ်ကို မနည်းကြီး ချုပ်တည်းထားရင်း က ခမည်းတော်ကြီး၏လက်ထဲတွင် မျက်နှာကို အပ်ထားလိုက်သည်။

မင်းသားကြီး ဘိုလကွန်စကီသည် မင်းသမီးကလေး မေရီ၏ဆံပင်များကို ပွတ်သပ်လျက် ရှိ၏။

"သမီးတော်ကို တစ်ညလုံး ဖေဖျား မေးနေတယ်" မင်းသားကြီး၏ပါးစပ်မှ ပီပီသသကြီး ထွက်ပေါ်လာသည်။

"ဟုတ်ကဲ့ ဖေဖျား၊ သမီးတော် သိပါတယ်၊ ဖေဖျား စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ သမီးတော် မလာတာပါ" မင်းသမီးကလေး မေရီ၏အသံမှာ ငိုသံပါလာသည်။

မင်းသားကြီး ဘိုလကွန်စကီသည် သမီးတော် မေရီ၏လက်ကို ဆုပ်ထားပြန်သည်။

"အိပ်လို့ ပျော်ရဲ့လား"

"သမီးတော် မအိပ်ပါဘူး ဖေဖျား" မင်းသမီးကလေး မေရီက ခေါင်းယမ်း၍ ပြောလိုက်သည်။

မင်းသမီးကလေး မေရီသည် မသိမသာဖြင့် ခမည်းတော်ကြီးကဲ့သို့ လက်ဟန် ခြေဟန်နှင့် ပြောလိုက်သည်။ မင်းသမီးကလေး မေရီ၏ လျှာမှာလည်း လေးလာသည်ဟု ထင်မှတ်ရ၏။

"ဖေဖျားရဲ့ အချစ်ဆုံး၊ အတွယ်တာဆုံး" မင်းသမီးကလေး မေရီသည် ခမည်းတော် မင်းသားကြီး၏စကားကို လုံးဝညှိနှားမလည်သော်လည်း ခမည်းတော်ကြီးသည် ယခင်တစ်ခါမျှ မရှိဖူးသော နူးညံ့ချိုသာခြင်းဖြင့် ချစ်ခင်ကြင်နာဖွယ်စကားများကို ဆိုလျက်ရှိခြင်းဖြစ်ကြောင်း ကောင်းစွာသဘောပေါက် နားလည်ပေသည်။

"ဘာဖြစ်လို့ မလာတာလဲ သမီးတော်ရယ်၊ လာခဲ့ရောပေါ့"

မင်းသမီးကလေး မေရီသည် မိမိအပေါ်တွင် တစ်သက်လုံး နှိပ်နှိပ်နယ်နယ် ပြောဆိုလေ့ရှိသော ခမည်းတော်ကြီး၏နှုတ်ဖျားမှ ကြင်နာယုယသည့်စကားများကို ကြားလိုက်ရသည့်အခါတွင် ရင်ထဲတွင် ဆို့၍ လာလေသည်။ ခမည်းတော်ကြီးကံတော်ကုန်ရန် ဆုတောင်းခဲ့သည့်အတွက်လည်း နောင်တရလျက် ရှိလေသည်။

မင်းသားကြီး ဘိုလကွန်စကီသည် အတန်ကြာမျှ တိတ်ဆိတ်လျက် ရှိ၏။

"ကျေးဇူးတင်တယ် သမီးတော်၊ ဖေဖျား သမီးတော်အပေါ်မှာ ချုပ်ချယ်ခဲ့မိတာတွေအတွက် ခွင့် ခွင့်လွှတ်

www.burmeseclassic.com

www.burmeseclassic.com

နော် သမီးတော်၊ ဘယ်လို ဘယ်လိုမှ မအောက်မေ့နဲ့နော်" မင်းသားကြီး ဘိုလကွန်စကီ၏ မျက်လုံးတွင် မျက်ရည်တွေ ရစ်ဝဲလာ၏။

"အင်ဒရေကော အင်ဒရေကို ခေါ်ပေးစမ်းပါဦး"

မင်းသားကြီး ဘိုလကွန်စကီက မရဲတရဲပြောလိုက်သည်။ ၎င်း၏စိတ်ထဲ၌ သားတော် မင်းသားကလေး အင်ဒရေကို အခေါ်သာခိုင်းရသော်လည်း သားတော်သည် မိမိအား စိတ်ဆိုးလျက်ရှိကာ လာမှ လာပါတော့မည်လော ဟု စိုးရိမ်လျက်ရှိဟန် တူလေသည်။

"အင်ဒရေ့ဆီက စာတစ်စောင်ရပါတယ် ဖေဖျား"

မင်းသားကြီး ဘိုလကွန်စကီသည် မရဲ့မရဲအံ့အား သင့်ဟန်ဖြင့် သမီးတော် မေရီကို ကြည့်လိုက်သည်။

"ခု သားတော် ဘယ်ရောက်နေသလဲ"

"တပ်တော်ကြီးနဲ့အတူ စစ်မြေကို ရောက်နေပါတယ် ဖေဖျား၊ ခု စမိုးလင့်မှာ ရှိပါတယ်"

မင်းသားကြီး ဘိုလကွန်စကီသည် မျက်လုံးများကို မှိတ်ထားကာ အတန်ကြာတိတ်ဆိတ်လျက် ရှိသည်။ ထို့နောက် အားလုံးကို သတိရလာဟန်ဖြင့် ခေါင်းကိုညိတ်၍ မျက်လုံးများကို ဖွင့်လိုက်ပြန်သည်။

"အင်း သင်းတို့ ဖျက်ဆီးကြလို့ ရုရှားနိုင်ငံတော်ကြီးလဲ ပျက်စီးတော့မယ်" မင်းသားကြီးက ခပ်တိုးတိုးပြောလိုက်သည်။

ထို့နောက် မင်းသားကြီး ဘိုလကွန်စကီသည် ရှိုက်၍ငိုလျက် ရှိလေသည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြ၏။ မင်းသမီးကလေး မေရီမှာလည်း ချုပ်တည်းခြင်းငှာ မတတ်နိုင်တော့ဘဲ ခမည်းတော်ကြီးကို ကြည့်၍ ငိုနေမိလေသည်။

ခဏကြာလျှင် မင်းသားကြီး ဘိုလကွန်စကီသည် မျက်လုံးများကို ပြန်၍မှိတ်လိုက်၏။ ငိုရှိုက်ခြင်းကိုလည်း ရပ်လိုက်၏။ ထို့နောက် ၎င်း၏မျက်လုံးများကို လက်ညှိုးဖြင့် ထိုးပြလိုက်သည်။ တိကွန်သည် သူ့သခင် မင်းသားကြီး ဆိုလိုသည့် အဓိပ္ပာယ်ကိုနားလည်ကာ မျက်ရည်များသုတ်ပေးလျက် ရှိလေသည်။

ထို့နောက် မင်းသားကြီး ဘိုလကွန်စကီသည် မျက်လုံးများကိုဖွင့်ကာ အတန်ကြာမျှ စကားပြောနေသည်။ သို့ရာတွင် ၎င်း၏စကားများကို မည်သူမျှ ကောင်းစွာနားမလည်ကြချေ။ တိကွန်တစ်ယောက်သာ ဝိုးတိုးဝါးတား နားလည်၍ အဓိပ္ပာယ်ပြန်ပြသည်။ မင်းသမီးကလေး မေရီသည် ခမည်းတော်ကြီး၏စကားများကို လည်းကောင်း၊ ထိုအချိန်၌ ခမည်းတော်ကြီး၏ရင်ထဲတွင် ဖြစ်ပေါ်နေသော ခံစားချက်များကိုလည်းကောင်း မှန်းဆတွေးတောလျက် ရှိသည်။ ခမည်းတော်ကြီးသည် ရုရှားနိုင်ငံတော်ကြီး၏ အကြောင်းကိုလည်းကောင်း၊ မင်းသားကလေး အင်ဒရေ၏ အကြောင်းကို လည်းကောင်း၊ မိမိ၏အကြောင်းကိုလည်းကောင်း၊ မြေးငယ် 'ဘိုးအေချစ်' မင်းသားကလေးအကြောင်းကိုလည်းကောင်း၊ မိမိကဲ့တော်ကုန်တော့မည့်အကြောင်းကိုလည်းကောင်း ပြောဆိုနေခြင်း ဖြစ်တန်ရာသည်ဟုသာ တွေးရတော့သည်။ စကားလုံးများကိုကား နားမလည်တော့ပြီ။

"သမီးတော်၊ သမီးတော် ဝတ်စုံအဖြူကို ဝတ်စမ်းပါ၊ အဲဒီဝတ်စုံအဖြူကို သမီးတော်ဝတ်တာ မြင်ရရင် ဖေဖျား စိတ်ကြည်လင်လွန်းလို့"

မင်းသမီးကလေး မေရီသည် ထိုစကားလုံးများကိုကား သဲကွဲစွာ နားလည်လိုက်၏။ သို့ရာတွင် ရင်ထဲ၌ မချိတော့သဖြင့် ရှိုက်၍ငိုလိုက်မိသည်။ သမားတော်သည် မင်းသမီးကလေး မေရီ၏ လက်မောင်းကိုဆွဲကာ အပြင်သို့ ခေါ်လာခဲ့၍ ချော့မော့ပြီးနောက် ခရီးထွက်ဖို့ အဆင်သင့်ပြင်ရန် ပြောလေသည်။ မင်းသမီးကလေး မေရီ ထွက်သွားသည့် နောက်၌ကား မင်းသားကြီး ဘိုလကွန်စကီသည် သားတော် မင်းသားကလေး အင်ဒရေအကြောင်းကို လည်းကောင်း၊ စစ်အကြောင်းကို လည်းကောင်း၊ ဘုရင်မင်းမြတ်အကြောင်းကိုလည်းကောင်း တတွတ်တွတ် ပြောဆိုလျက် ရှိလေသည်။ ၎င်း၏မျက်ခုံးတစ်ဖက်သည် တဆတ်ဆတ်တုန်လျက် ရှိကာ အသံသည် ကွဲအက်လျက် ရှိသည်။ ထို့နောက်၌ကား ဒုတိယနှင့် နောက်ဆုံးအကြိမ် သတိလစ်၍သွားပြန်လေသည်။

မင်းသမီးကလေး မေရီသည် ခမည်းတော်ကြီး၏ခန်းဆောင်မှ ထွက်လာခဲ့၍ အပြင်ဘက်စင်္ကြံတွင် ရပ်လျက်ရှိသည်။ ထိုနေ့၌ ကောင်းကင်တွင် မိုးတိမ်တို့ကင်းစင်လျက် နေရောင်ခြည်များသည် ဩကာသလောကကြီးပေါ်သို့ ဖြာကျလျက် ရှိ၏။ မင်းသမီးကလေး မေရီသည် မည်သည့်အရာကိုမျှ မြင်လည်း မမြင်၊ ကြားလည်း မကြား၊

www.burmeseclassic.com

www.burmeseclassic.com

သိလည်း မသိဘဲ ခမည်းတော်ကြီးအပေါ်တွင် ထားရှိသော မိမိ၏ချစ်ခြင်းမေတ္တာကိုသာ တွေးတောနေမိသည်။ မင်းသမီးကလေး မေရီ၏စိတ်၌ ခမည်းတော်ကြီးအား ဤမျှလောက် မည်သည့်အခါကမျှ ချစ်ခင်တွယ်တာခြင်းမရှိခဲ့ဟု ထင်မှတ်လျက်ရှိသည်။ မင်းသမီးကလေး မေရီသည် ငိုရှိုက်ကာ ပန်းခုံထဲသို့ ပြေးဆင်းလာခဲ့ပြီး မင်းသားကလေး အင်ဒရေ စိုက်ပျိုးထားခဲ့သည့် သံပရာပင်များအောက်က လမ်းကလေးအတိုင်း ရေကန်ကလေးနားသို့ လျှောက်လာခဲ့သည်။

"ငါဟာ စိတ်သဘောထားပုပ်တဲ့ မိန်းမ၊ ငါ့တစ်ကိုယ်ကောင်းကြည့်ပြီး ခမည်းတော်ကြီး မြန်မြန်ကံတော်ကုန်ပါစေလို့ ဆုတောင်းခဲ့တဲ့ မိန်းမ၊ ကိုယ့်စိတ်ချမ်းသာမှုလောက်ကိုသာ ကြည့်ပြီး ခမည်းတော်ကြီးအပေါ်မှာ ပြစ်မှားခဲ့တဲ့ မိန်းမ၊ ခုတော့ ဒုက္ခလှလှကြီး တွေ့ပြီ၊ အကျိုးနည်းပြီ၊ ဘယ့်နယ်လုပ်ကြတော့မလဲ ဟင်၊ ခမည်းတော်ကြီး ကံတော်ကုန်ရင် စိတ်ချမ်းသာမယ်လို့ ထင်တဲ့ မိန်းမ၊ ခုတော့ စိတ်ချမ်းသာသေးရဲ့လား၊ ပျော်သေးရဲ့လား ဟင်၊ မိန်းမယုတ်" မင်းသမီးကလေး မေရီသည် ထိုစကားများကို ရွတ်ဆို၍ ငိုရှိုက်ရင်း ရင်ကို လက်ဖြင့် ဖိထားမိသည်။

မင်းသမီးကလေး မေရီသည် ဤသို့ ပန်းခုံထဲ၌ ခြေဦးတည့်ရာလျှောက်၍ ငိုကြွေးပြီးနောက် စံအိမ်ဘက်သို့ ပြန်လာခဲ့၏။ ထိုအခိုက် ဘိုဂျာရိုဗိုတွင် နေရစ်ခဲ့မည့် ပြင်သစ်သူ ဘူရင်းသည် ဧည့်သည်တစ်ယောက်နှင့် အတူ မိမိထံသို့လာနေသည်ကို မြင်ရ၏။ ထိုသူမှာ ထိုဒေသရှိ သူကောင်းမျိုးနွယ်များ၏ နာယကဖြစ်၍ မင်းသမီးကလေး မေရီအား ဘိုဂျာရိုဗိုမှ အမြန်ဆုံးထွက်ခွာသွားဖို့ အချိန်တော်ပြဖြစ်ကြောင်း လာရောက်ပြောကြားခြင်း ဖြစ်လေသည်။ မင်းသမီးကလေး မေရီသည် ၎င်း၏စကားများကို သညာကင်းမဲ့သူကဲ့သို့ နားထောင်၏။ ထို့နောက် စံအိမ်ထဲသို့ခေါ်လာကာ ဧည့်ခံ၏။ အတန်ကြာလျှင် ခွင့်တောင်းကာ ခမည်းတော်မင်းသားကြီး၏ ခန်းဆောင်သို့ လာခဲ့၏။ သမားတော်ကြီးသည် မျက်နှာမသာမယာဖြင့် ထွက်လာကာ မင်းသမီးကလေး မေရီအား ခန်းဆောင်ထဲသို့ မဝင်ရန် တားမြစ်လေသည်။

"ထိပ်ထားလေး အပြင်ခဏသွားနေပါ"

မင်းသမီးကလေး မေရီသည် ပန်းခုံထဲသို့ ဆင်းလာခဲ့ပြန်ကာ ကန်ပေါင်ဘေးရှိ မြက်ခင်းကလေးပေါ်၌ ထိုင်ချလိုက်မိသည်။ ထိုနေရာကလေးမှာ တိတ်ဆိတ်၍ လူသူကင်းရှင်းလျက် ရှိသည်။ မည်မျှကြာအောင် ထိုင်နေမိသည်မသိ။ ပြေးလာသောခြေသံတစ်ခုကို ကြားရသည့်အခါတွင်မှ မင်းသမီးကလေး မေရီ သတိရလာသည်။ မင်းသမီးကလေး မေရီသည် ထိုင်ရာမှ ထလိုက်သည်တွင် မိမိအား လိုက်ရှာနေဟန်တူသော အစေတော် ဒွန်ယာရှာကို တွေ့ရ၏။ ဒွန်ယာရှာသည် ၎င်း၏ထိပ်ထား သခင်မလေးကို မြင်လိုက်သည်တွင် ကြက်သေသေ၍ ရပ်နေလေသည်။

"ထိပ်ထား ထိပ်ထား၊ မြန်မြန်ဖျာ့ မြန်မြန်၊ ကိုယ်တော်ကြီး ကိုယ်တော်ကြီး" ဒွန်ယာရှာသည် စကားမပြောနိုင်ဘဲ အသက်ကို ပြင်းစွာရှူလျက်ရှိ၏။

"လာပြီ ဒွန်ယာရှာ လာပြီ" မင်းသမီးကလေး မေရီသည် ဒွန်ယာရှာ၏စကားဆုံးအောင် မစောင့်နိုင်တော့ဘဲ ခပ်သုတ်သုတ်ပြန်ပြောကာ စံအိမ်ဘက်သို့ ပြေးလာခဲ့၏။

"ထိပ်ထားလေး စိတ်ခိုင်ခိုင်ထားပါ၊ ဘုရားသခင် အလိုတော်ကျ ဖြစ်ရတာပေပဲ" သူကောင်းမျိုးနွယ်များ၏ နာယက ပုဂ္ဂိုလ်က စံအိမ်ဝအရောက်တွင် ဆီး၍ပြောလိုက်သည်။

"ဘာတွေပြောနေကြတာလဲ၊ ထိပ်ထားကို ဒီစကားတွေ မပြောပါနဲ့၊ ထိပ်ထား နားမလည်ဘူး ဖယ်ကြပါ" မင်းသမီးကလေး မေရီသည် ဒေါသတကြီး အော်လိုက်သည်။

သမားတော်ကြီးသည် ရှေ့မှရပ်၍ တား၏။ မင်းသမီးကလေး မေရီသည် သမားတော်ကြီးကို အတင်းတွန်းထိုးဖယ်ရှားကာ ခမည်းတော်ကြီး၏ ခန်းဆောင်သို့ ပြေးလာခဲ့သည်။ "ဒီလူတွေဟာ ငါ့ကို ဘာကြောင့် တားထားကြတာလဲ၊ မျက်နှာတွေလဲ မကောင်းကြဘူး" ဟု တွေးကာ မင်းသမီးကလေး မေရီသည် ခန်းဆောင်တံခါးကို ဖြုန်းခနဲ တွန်းဖွင့်လိုက်၏။ ယခင်က မည်းမှောင်လျက်ရှိသည့်အခန်းထဲတွင် နေရောင် လင်းထိန်လျက်ရှိခြင်းကို မြင်လိုက်သည်၌ မင်းသမီးကလေး မေရီသည် ရုတ်တရက် လန့်၍ သွားမိ၏။ ခန်းဆောင်ထဲတွင် မိမိ၏အထိန်းတော်ကြီးနှင့် အခြားမိန်းမများကို တွေ့ရသည်။ ၎င်းတို့အားလုံးသည် မင်းသမီးကလေး မေရီကို မြင်သည်တွင် ခုတင်အနီးမှ

www.burmeseclassic.com

www.burmeseclassic.com

ဖယ်ပေးကြ၏။ ခမည်းတော်မင်းသားကြီးမှာ ခပ်စောစော ကကဲ့သို့ပင် ခုတင်ပေါ်တွင် လဲလျောင်းလျက် ရှိ၏။ သို့ရာတွင် လူပ်ရှားခြင်း မရှိတော့သော မျက်နှာပေါ်မှ ခက်ထန်တင်းမာသောအမူအရာကို မြင်လိုက်ရသဖြင့် မင်းသမီးကလေး မေရီသည် တဲ့ခါးဝတွင် တုံ့သွားလေသည်။

"မဟုတ်ဘူး ဖေဖျား မသေရဘူး၊ မသေရဘူး၊ မဖြစ်နိုင်ဘူး" မင်းသမီးကလေး မေရီသည် တစ်ယောက်တည်းရွတ်ဆိုကာ ကြောက်စိတ်ကိုချိုးနှိမ်ရင်း ရှေ့သို့ တိုးလာခဲ့ပြီးနောက် ခမည်းတော် မင်းသားကြီး၏ပါးကို နှုတ်ခမ်းဖြင့် ထိလိုက်သည်။ ထို့နောက် ချက်ချင်း နောက်သို့ ဆုတ်လိုက်မိသည်။ ယခင်က ခမည်းတော်ကြီးအပေါ်၌ ထားခဲ့သော ကြင်နာသနားခြင်းတို့သည် တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားကြကာ ရှေ့တွင်ရှိသော အသုဘကောင်ကြီးအား ကြောက်လန့်စိတ်တို့သည် ဝင်ရောက်လာကြလေသည်။

"မရှိတော့ဘူး၊ ဖေဖျား မရှိတော့ဘူး၊ ဟင် ဖေဖျား မရှိတော့ဘူး၊ ဖေဖျားရဲ့နေရာမှာ ဒီခန္ဓာကိုယ်ကြီးသာ ကျန်တော့တယ်၊ ဟုတ်တယ်၊ ဒီလိုပဲ ကြည့်နေကြတော့မှာလား ဟင်၊ ထိပ်ထားကို မကယ်နိုင်ကြတော့ဘူးလား" မင်းသမီးကလေး မေရီသည် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငိုချလိုက်ကာ လဲကျသွားသည်တွင် သမားတော်ကြီးက ဆီး၍ မွေ့လိုက်လေသည်။

သမားတော်ကြီးနှင့် ကျန်ယုံကြီး တိကွန်၏ ရှေ့၌ မိန်းမတစ်သိုက်သည် တစ်ခါက မင်းသားကြီး ဘိုလကွန်စကီဟူသော နာမပညတ်ကိုဆောင်သည့် ရုပ်အလောင်းကြီးကို ရေမိုးချိုးပေးကာ ဟလျက်ရှိသည့်ပါးစပ်ကို စေ့သွားရန် ခေါင်းကို ပဝါဖြင့် စည်းပေးကြ၏။ အခြားပဝါတစ်ထည်ဖြင့် ကားလျက်ရှိသော ခြေထောက်အစုံကို ပူး၍ ချည်ပေးကြ၏။ ထို့နောက် ဗိုလ်ချုပ်ဝတ်စုံနှင့်တကွ ရင်သိုင်းဘယက်၊ ဆုတံဆိပ်အဆောင်အယောင်များကို ဆင်ယင်ကာ သေးကွေးကြုံလိုလျက်ရှိသော ခန္ဓာကိုယ်ကို စားပွဲပေါ်သို့ တင်ထားလိုက်ကြ၏။ ဤကိစ္စများကို မည်သူက ခိုင်းစေ၍ ပြုလုပ်ကြခြင်းဖြစ်သည်ကို မသိသော်လည်း ၎င်းတို့သည် အလိုအလျောက် ဖြစ်လာသကဲ့သို့ အားလုံးပြီးစီးပြီးသား ဖြစ်နေကြသည်။ ညအချိန်၌ အလောင်း၏ ပတ်ပတ်လည်တွင် ပျားဖယောင်းတိုင်များကို ထွန်းညှိထားကာ အလောင်းပေါ်၌ အဝတ်လွှမ်းထားလိုက်ကြ၏။ ခန်းဆောင်ကြမ်းပြင်ကိုလည်း ဆေးရည်များ ပက်ဖျန်းထားလေတော့သည်။ ရှုံ့တွလျက်ရှိသော ခေါင်းအောက်တွင် ပန်းရိုက် အဝတ်စတစ်စကိုလည်း ဖြန့်ခင်းထား၏။ ခန်းဆောင်ထောင့်တစ်နေရာတွင် သူတော်တစ်ယောက်သည် ဆာလံကျမ်းကို ရွတ်ဖတ်လျက်ရှိလေသည်။

မြင်းသေကောင်တစ်ကောင်၏ အနီးတွင် မြင်းများသည် တရှူးရှူးမှုတ်ထုတ်ကာ ရစ်ဝဲရစ်ဝဲ လုပ်နေကြသည့်ပမာ စံအိမ်သူ စံအိမ်သားများနှင့် ည့်သည်များသည်လည်း ည့်ခန်းထဲ၌စုရုံးကာ အလောင်းအနီးတွင် ဝိုင်းအုံလျက် ရှိကြ၏။ သူကောင်းမျိုးနွယ်များ၏ နာယကပုဂ္ဂိုလ်၊ ရွာလူကြီးနှင့် တကွ လယ်သူမများသည် ကြောက်ရွံ့ထိတ်လန့်သောမျက်လုံးများဖြင့် စိုက်ကြည့်ကာ လက်ယှက်ဆုတောင်း၍ ဦးညွတ်ကြပြီးလျှင် မင်းသားကြီး၏ အေးစက်တောင့်တင်းနေပြီဖြစ်သောလက်ကို နမ်းရှုပ်ခြင်း ပြုကြလေသည်။

အခန်း ၉

ဘိုဂျာရိုဗို ဒေသသည် မင်းသားကြီး ဘိုလကွန်စကီ၏ ပိုင်စားနယ်မြေ ဖြစ်သော်လည်း မင်းသားကြီးသည် ထို ဒေသသို့ လာရောက်နေထိုင်ခြင်းမပြုဘဲ ကိစ္စအဝဝကို အဝေးမှသာ စီမံခန့်ခွဲအုပ်ချုပ်ခြင်း ပြုခဲ့သည်။ ထို့ကြောင့် ဘိုဂျာရိုဗို၌ မြေကျွန်များသည် ၎င်းတို့၏သခင်ကို ကောင်းစွာ သိကျွမ်းခြင်း မရှိကြချေ။ မင်းသားကလေး အင်ဒရေ ရောက်လာသည့်အခါတွင်မှ ၎င်းတို့၏သခင်ကို တွေ့ဖူးမြင်ဖူးလေတော့သည်။ ထိုဒေသရှိ မြေကျွန်များသည် တောင်ကတုံးဒေသရှိ မြေကျွန်များကဲ့သို့ မဟုတ်ဘဲ အသွင်အပြင် စိတ်သဘောထား ခြားနားကြ၏။ စကားအပြော အဆို၌ လည်းကောင်း၊ ဝတ်စားဆင်ယင်မှု၌ လည်းကောင်း၊ အပြုအမူ၌ လည်းကောင်း တစ်ဘာသာဖြစ်လျက် ရှိ၏။ ၎င်းတို့ကို အရှေ့ဘက်မြက်ခင်းလွင်ပြင်ဘက်မှ ကျေးတောသားများဟု ခေါ်ကြ၏။ ထိုမြေကျွန်များသည် ကောက်သိမ်းခြင်း၊ ရေကန်တူးခြင်း၊ တူးမြောင်းဖောက်ခြင်း စသည့် ကိစ္စများပေါ်လာလျှင် လုပ်အားကူရန်အတွက် တစ်ခါတစ်ရံ 'တောင်ကတုံး' သို့ လာရောက်လေ့ရှိကြ၍ အလုပ်ကို မခို

www.burmeseclassic.com

www.burmeseclassic.com

မကပ် ကြိုးကြိုးပမ်းပမ်း လုပ်တတ်ကြ၏။ ထိုအခါ၌ မင်းသားကြီး ဘိုလကွန်စကီသည် ထိုမြေကျွန်များကို သဘောကျ၏။ သို့ရာတွင် ထိုမြေကျွန်များမှာ အလုပ်ကို ကြိုးစားသလောက် စိတ်နေစိတ်ထား အပြောအဆို ရိုင်းစိုင်းကြမ်းကြုတ်ကြသဖြင့် မင်းသားကြီး ဘိုလကွန်စကီသည် ၎င်းတို့ကို နှစ်သက်ခြင်း မရှိလှချေ။

ဘိုဝွချာရိုဗိုသို့ မင်းသားကလေး အင်ဒရေ ရောက်လာပြီးနောက် မြေကျွန်များအတွက် ကျောင်းများနှင့် ဆေးရုံများဆောက်ပေးခြင်း၊ သီးစားခ လျှော့ပေးခြင်း စသည့် ပြုပြင်မှုများကို ပြုလုပ်ခဲ့သော်လည်း ထိုမြေကျွန်များ၏ စိတ်နေသဘောထားမှာ နူးညံ့သိမ်မွေ့ခြင်း မရှိရုံမျှမက ပို၍ပင် ရိုင်းစိုင်းကြမ်းတမ်းလာကြသေး၏။ ကောလာဟလ သတင်းအမျိုးမျိုးလည်း ထိုမြေကျွန်များကြား၌ ပေါ်ပေါက်လျက်ရှိပေ၏။ ၎င်းတို့အား လုံးကို ကော့ဆက်မြင်းတပ်ထဲတွင် စစ်သည်အဖြစ် သွတ်သွင်းတော့မည်ဟု လည်းကောင်း၊ ဘာသာတစ်ခုသို့ သွတ်သွင်းတော့မည်ဟု လည်းကောင်း၊ ၁၇၉၇-ခုနှစ် ဇာဘုရင်၏ ပြန်တမ်းနှင့် ပေါလ်ဘုရင်၏ ကျမ်းသစ္စာ ကျိန်ဆိုချက်အရ ၎င်းတို့အား မြေကျွန်အဖြစ်မှ ဘေးမဲ့လွတ်ခြင်းကို မြေရှင်များက ကန့်ကွက်လျက် ရှိသည်ဟု လည်းကောင်း၊ တတိယမြောက် ပီတာဘုရင်ကြီး (နှန်းချ၍ အသတ်ခံရသူ) သည် နှတ်ရွာစံခြင်းမရှိဘဲ ခုနစ်နှစ်အတွင်း ထီးနန်း ပြန်၍ တက်လိမ့်မည်ဟု လည်းကောင်း၊ ထိုအခါ အားလုံးကို လွတ်လပ်ခွင့်ပေးတော့မည်ဟု လည်းကောင်း၊ ကောလာဟလများ ဖြစ်ပေါ်လျက် ရှိ၏။ စစ်ပွဲကြီးနှင့် တကွ ဘိုနာပတ်အကြောင်းကိုမူကား၊ ၎င်းတို့သည် ရေရာစွာနားလည်ခြင်း မရှိကြဘဲ ဘိုနာပတ်သည် ဒိန္ဒိတက္ကတွန်းဟူ၍ လည်းကောင်း၊ အန္တိခရစ်ဟူ၍ လည်းကောင်း၊ ၎င်းသာစိုးမိုးပါက ကမ္ဘာကြီး ပျက်စီးတော့မည်ဟူ၍ လည်းကောင်း နားလည်လျက် ရှိကြ၏။

ဘိုဝွချာရိုဗို ဒေသတစ်ဝိုက်၌ ဘုရင်မင်းမြတ်၏ ပိုင်စားရွာကြီးနှင့် မြေရှင်ပဒေသရာဇ်များ၏ ပိုင်စားရွာကြီးများ ရှိကြ၍ ၎င်းဒေသမှ မြေကျွန်များသည် သီးစားခကိုလျှော့ပေါ့ပေးကြကာ လွတ်လပ်စွာ အလုပ်လုပ်နိုင်သည့် အခွင့်အရေးများ ရှိကြ၏။ မြေရှင်ပဒေသရာဇ်များသော်လည်းကောင်း၊ စာပေဗဟုသုတ အနည်းငယ်ရှိသည့် မြေကျွန်များသော်လည်းကောင်း မရှိကြသည့်အတွက် ထိုဒေသတစ်ဝိုက်ရှိ မြေကျွန်များမှာ ယခုခေတ်လူများ နားမလည်နိုင်အောင်ပင် လွန်မင်းစွာအယူသီးကြ၏။ ဥပမာပြရလျှင် လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်က ထိုဒေသရှိ မြေကျွန်များသည် မည်သို့မည်ပုံ စိတ်ကူးပေါက်လာကြသည်မသိ။ 'ရေကြည်ရာ မြက်နုရာ' ဒေသများရှိသည်ဟုဆိုကာ အရပ်တစ်ပါးသို့ အစုလိုက် အပြုံလိုက် ပြောင်းရွှေ့ခဲ့ကြဖူး၏။ ဘိုဝွချာရိုဗို မြေကျွန်များအပါအဝင် မြေကျွန် ရာပေါင်းထောင်ပေါင်းများစွာတို့သည် ၎င်းတို့ကျွဲ၊ နွား၊ တိရစ္ဆာန်များကိုရောင်းချကာ တောင်ပိုင်းသို့ အိမ်ထောင်လိုက် ပြောင်းရွှေ့သွားခဲ့ကြလေသည်။ ၎င်္ဂများသည် ပင်လယ်တစ်ဖက်ကမ်းသို့ ကူးခတ်၍ အသိုက်အအုံ ပြောင်းရွှေ့သွားကြသည့်နည်းတူ ၎င်းတို့သည်လည်း သား မယား များကို ခေါ်ဆောင်ကာ မိမိတို့ ရောက်ဖူးခြင်းမရှိသော ဒေသများသို့ လှည်းတန်းကြီးများဖြင့် ထွက်ခွာသွားခဲ့ကြလေသည်။ တချို့ကလည်း ၎င်းတို့ကိုယ်ကို ကျွန်ပိုင်ရှင်ထံတွင် ငွေနှင့်ရွေးနုတ်၍ ထွက်သွားကြသည်။ တချို့ကလည်း တိတ်တဆိတ် ထွက်ပြေးကြသည်။ အတန်ကြာသော် အချို့သည် အဖမ်းခံရကာ ပြစ်ဒဏ်စီရင်ခြင်း ခံကြရ၏။ အချို့လည်း ဆိုက်ဘေးရီယားသို့ နယ်နှင်ခြင်း ခံရ၏။ အချို့ လည်း လမ်းတွင်းပင် ဝင်္ကပ်ဘင်္ဂခြင်း၊ အဆောမိခြင်းကြောင့် သေကြေပျက်စီးကြ၏။ အချို့လည်း ၎င်းတို့ဘာသာပြန်ရောက်လာကြလေသည်။ ဤသို့ဖြင့် မည်သည့်အကြောင်းမျှ မရှိဘဲ အစုလိုက် အဲ့လိုက် ပြောင်းရွှေ့သွားကြပြီး မည်သည့် အကြောင်းမျှ မရှိဘဲ ပြန်လာခဲ့သည်။ ဤသို့သော အယူသီးမှုများသည် ယခုထက်တိုင် ဘိုဝွချာရိုဗို မြေကျွန်များထဲတွင် အမြစ်တွယ်လျက် ရှိပေသေးသည်။ ၁၈၁၂-ခုဌ ထိုအယူသီးမှုများသည် ဘိုဝွချာရိုဗို ကျေးလက် မြေကျွန်များထဲ၌ ပေါက်ကွဲ ပွင့်အန်ထွက်တော့မည်ကဲ့သို့ ရင့်မာလျက် ရှိခြင်းကို သေချာစွာလေ့လာကြည့်ရှုက တွေ့မြင်ရမည် ဖြစ်ပေသည်။

မင်းသားကြီး ဘိုလကွန်စကီ ကဲတော်မကုန်မီ ကလေးတွင် 'တောင်ကတုံး' မှ ဘိုဝွချာရိုဗိုသို့ ရောက်ရှိလာသည့် စာရင်းဝိုင်ချုပ် အယ်ပါတစ်သည် ဘိုဝွချာရိုဗို ကျေးလက်မြေကျွန်များသည် 'တောင်ကတုံး' မှ မြေကျွန်များကဲ့သို့ မဟုတ်ဘဲ တစ်မူထူးခြားကာ လူပ်လူပ်ရွရွဖြစ်လျက်ရှိခြင်းကို သတိပြုမိ၏။ မိုင်ခြောက်ဆယ်အချင်းဝက်

www.burmeseclassic.com

www.burmeseclassic.com

ရှိ 'တောင်ကတုံး' ဒေသတွင် မိုတင်းနေထိုင်ကြသော မြေကျွန်များသည် စစ်၏အန္တရာယ်ကြောင့် ရွာများမှ အစုလိုက်အအုံလိုက် ပြောင်းရွှေ့လျက် ရှိကြချိန်တွင် ဘိုဂျာရိုဗို ကျေးလက်ရှိ မြေကျွန်များကား ပြောင်းရွှေ့ခြင်းမပြုဘဲ ပြင်သစ်တပ်များနှင့် အဆက်အသွယ်ရယူကာ ပြင်သစ် စာရွက်စာတမ်းများကို ဝေငှဖြန့်ဖြူးလျက်ရှိသည်ဟု ကြားသိရလေသည်။ အယ်ပါတစ်၏ သစ္စာရှိသော တပည့်များထံမှ ကြားသိရသောသတင်းများအရ ကျေးရွာများတွင် အတော်အတန် သြဇာတိက္ကမရှိသည့် ကာ်ဆိုသူ လယ်သမားတစ်ဦးသည် ချောလှည်းလိုက်သွားရာမှ ရွာသို့ပြန်ရောက်လာပြီးနောက် ရုရှားကော့ဆက်တပ်များက ကျေးရွာများကို ဖျက်ဆီးလျက်ရှိကြောင်း၊ ပြင်သစ်တပ်များကမူ ကျေးရွာလူထုအား မည်သို့မျှ အန္တရာယ်မပေးကြောင်း ဖြင့် လှည့်လည် ဝါဒဖြန့်နေသည်ဟု ကြားသိရ၏။ တစ်နေ့ကလည်း လယ်သမားတစ်ယောက်သည် ပြင်သစ်တပ်များ သိမ်းပိုက်ထားသော ဗီလိုခိုဗိုရွာမှ ပြင်သစ်ဗိုလ်ချုပ်တစ်ဦးက ထုတ်ပြန်သောကြေညာချက်များကို ယူဆောင်လာသည်ဟု အယ်ပါတစ် ကြားသိရ၏။ ထိုကြေညာချက်၌ ပြင်သစ်တပ်များသည် ကျေးရွာလူထုကို မည်သို့မျှ အန္တရာယ်ပြုမည် မဟုတ်ကြောင်း၊ ၎င်းတို့ထံမှ ပစ္စည်းများကို အဖိုးအခပေး၍ ယူမည်ဖြစ်ကြောင်း ပါရှိသည်ဟု ဆိုလေသည်။ ထိုလယ်သမားသည် မိမိ၏မြင်းစာ ကောက်ရိုးများ ရောင်းချ၍ရသည့် ဒင်္ဂါးတစ်ရာဖိုးရှိသော ငွေစက္ကူများကိုပင် ထုတ်ပြသေးသည်။ (စင်စစ်၌ ၎င်းငွေစက္ကူများမှာ အတုများဖြစ်သည်။)

ထို့ထက် အရေးကြီးသော အချက်တစ်ရပ် ရှိသေး၏။ ထိုနေ့နံနက်က အယ်ပါတစ်သည် ကျေးရွာလူထုကြီးကို ဆင့်ဆိုကာ ထိပ်ထားသခင်မလေး မေရီ၏ ပစ္စည်းများကို ဘိုဂျာရိုဗိုမှ ရွှေ့ပြောင်းရန်အတွက် လှည်းအဆင့်ခိုင်းလေသည်။ ထိုအချိန်၌ ကျေးရွာသားများသည် အစည်းအဝေးများကျင်းပကာ ထိုနေရာမှ ပြောင်းရွှေ့ခြင်းမပြုရန် ဆုံးဖြတ်ကြသည်ဟု ကြားရ၏။ မင်းသားကြီး ဘိုလက္ခန်စကီ က်တော်ကုန်သည့် ဩဂုတ်လ ၁၅ ရက်နေ့၌ သူကောင်းမှုနွယ်များ၏ နာယကသည် ဤနေရာတွင် လုံခြုံမှု မရှိဆာ့သည့်အတွက် မင်းသမီးကလေး မေရီအား အမြန်ဆုံး ပြောင်းရွှေ့ရန် တိုက်တွန်းခဲ့လေသည်။ ထိုနေ့ ကျော်လွန်သည့်တိုင် ပြောင်းရွှေ့ခြင်းမပြုပါက မိမိတွင် တာဝန်မရှိတော့ကြောင်းဖြင့်လည်း ပြောကြားခဲ့၏။ မင်းသားကြီး ဘိုလက္ခန်စကီ က်တော်ကုန်သည့်ညနေ၌ ထိုပုဂ္ဂိုလ်သည် နောက်တစ်နေ့ စာပနအခမ်းအနားကျမှ လာတော့မည်ဟု ပြောဆိုကာ ပြန်သွားလေသည်။ သို့ရာတွင် သူကောင်းမျိုးနွယ်များ၏ နာယက ပုဂ္ဂိုလ်သည် စာပနသို့လည်း မလာနိုင်တော့ချေ။ ပြင်သစ်တပ်များသည် မမျှော်လင့်ဘဲ ချီတက်လာကြပြီဖြစ်သည့်အတွက် အဖိုးတန်ပစ္စည်းများကို သယ်ဆောင်ကာ အိမ်သူအိမ်သားများနှင့် အတူ ဒရောသောပါး ထွက်ပြေးသွားခဲ့လေပြီ။

ဘိုဂျာရိုဗို ကျေးလက်ကို နှစ်ပေါင်းသုံးဆယ်လုံးလုံး ဒရွန်အမည်ရှိ ကျေးရွာလူကြီးက အုပ်ချုပ်လာခဲ့လေ၏။ မင်းသားကြီး ဘိုလက္ခန်စကီသည် ဒရွန်အား 'ဒရွန် ရွှရွကာ' ဟု ချစ်စနိုးခေါ်လေ့ရှိသည်။

ဒရွန်မှာ အရွယ်ရောက်သည်နှင့် မုတ်ဆိတ်ဖားဖားကြီးများ ပေါက်လာခဲ့သည့် စိတ်ကြမ်းလူကြမ်း လယ်သမားကြီး ဖြစ်၏။ ဒရွန်သည် ယခု အသက်ခြောက်ဆယ်ကျော်၍ ခုနစ်ဆယ်တွင်း ရောက်လာသည်အထိ မုတ်ဆိတ်တစ်ပင်တလေမျှ ဖြူခြင်းမရှိ၊ သွားတစ်ချောင်း ကျိုးခြင်းမရှိဘဲ အသက်သုံးဆယ်အရွယ် လူတစ်ယောက်ကဲ့သို့ သန်စွမ်းကျန်းမာလျက် ရှိပေသေးသည်။

ဒရွန်သည် အခြားသောလယ်သမားများနှင့် အတူ 'ရေကြည်ရာ မြက်နုရာသို့ ရွှေ့ပြောင်းသွားခဲ့ပြီးနောက် ပြန်ရောက်လာခဲ့သည်တွင် ၎င်းအား မင်းသားကြီး ဘိုလက္ခန်စကီက ဘိုဂျာရိုဗို ကျေးရွာလူကြီး အဖြစ် လည်းကောင်း၊ စာရင်းဒိုင်အဖြစ် လည်းကောင်း ခန့်အပ်ခဲ့ရာ နှစ်ဆယ့်သုံးနှစ်လုံးလုံး အပြစ်အနာအဆာမရှိဘဲ သစ္စာရှိစွာ အမှုထမ်းခဲ့၏။ မြေကျွန်များသည် မင်းသားကြီး ဘိုလက္ခန်စကီကို ကြောက်သည်ထက်ပင် ဒရွန်ကို ကြောက်ကြသေး၏။ မင်းသားကြီး ဘိုလက္ခန်စကီသည် လည်းကောင်း၊ မင်းသားကလေး အင်ဒရေသည်လည်းကောင်း၊ စာရင်းဒိုင်ချုပ် အယ်ပါတစ်သည်လည်းကောင်း ဒရွန်ကို များစွာချစ်ခင်နှစ်သက်လေ့ရှိ၍ 'သက်တော်ရှည် ဝန်ကြီး' ဟု နောက်ပြောင်၍ ခေါ်လေ့ရှိ၏။ ဒရွန်သည် ဘိုဂျာရိုဗိုတွင် စာရင်းဒိုင်အဖြစ် အမှုထမ်းခဲ့သည့် ကာလတွင် မူးယစ်သောက်စားခြင်း၊ နာဖျားမကျန်းဖြစ်ခြင်းဟူ၍ တစ်ခါမျှ မရှိခဲ့ဖူးချေ။ အပင်

www.burmeseclassic.com

www.burmeseclassic.com

ပန်းဆုံးအလုပ်များကို လုပ်၍ ညလုံးပေါက် အိပ်ရေးပျက်ပြီးသည့်နောက်တွင်လည်း အနည်းငယ်မျှ ပင်ပန်းနွမ်းနယ်ဟန် မဖြစ်ခဲ့ဖူးချေ။ စာမဖတ်တတ်သော်လည်း ငွေစာရင်းကို လည်းကောင်း၊ မင်းသားကြီး ဘိုလက္ခန်စကီထံ ပို့သည့် ဂျုံတင်းရေများကို လည်းကောင်း၊ ဘိုဂျာရိုဗိုတွင် မည်သည့်လယ်က ကောက်နှံ မည်မျှထွက်သည်ကို လည်းကောင်း မေ့သည်ဟူ၍ မရှိဖူးချေ။ ဦးခန့် ဒေါက်ခနဲ ပြောနိုင်သည်သာ ဖြစ်လေသည်၊

စစ်တလင်းဖြစ်လျက် ရှိသော 'တောင်ကတုံး'မှ ရောက်ရှိလာပြီးနောက် အယ်ပါတစ်သည် မင်းသားကြီး ဘိုလက္ခန်စကီ၏ ဈာပနကိစ္စ ပြီးသည့်နေ့တွင် ရွာလူကြီး ဒရွန်ကိုအခေါ်လွှတ်ကာ ထိပ်ထားကလေး မေရီ၏ ရထားနှင့် ထိပ်ထားကလေး၏ ပစ္စည်းများကို တင်ဆောင်မည့် ဝန်တင်လှည်း ဆယ်နှစ်စီးအတွက် မြင်းဆယ်နှစ်ကောင်ကို အဆင်သင့်ပြင်ဆင်ထားရန် ပြောလိုက်၏။ အယ်ပါတစ်သည် အိမ်ထောင်ပေါင်း နှစ်ရာသုံးဆယ်ရှိ၍ အထိုက်အလျောက် ပြည့်ပြည့်စုံစုံရှိသော ဘိုဂျာရိုဗိုတွင် မြင်းဆယ့်နှစ်ကောင်လောက်ကို အချိန်မရွေး ရလိမ့်မည်ဟု မျှော်လင့်၏။ သို့ရာတွင် အယ်ပါတစ်၏ စကားကို ကြားသည်၌ ဒရွန်သည် အင်းမလုပ် အဲမလုပ်ဖြင့် မျက်လွှာကို ချ၍ နေ၏။ အယ်ပါတစ်က လှည်းများအတွက်လည်း မည်သူ့ လှည်းကို ခေါ်ခဲ့ရမည် ဖြစ်ကြောင်းဖြင့် ၎င်းသိကျွမ်းသောမြေကျွန်များ၏အမည်ကို ရွတ်ပြလိုက်သည်။

ဒရွန်က ထိုမြေကျွန်များ၏ မြင်းများမှာ ချောလှည်းလိုက်သွားကြ၍ မရှိကြောင်းဖြင့် ဖြေကြား၏။ ထို့ကြောင့် အယ်ပါတစ်က အခြားအမည်များကို ရွတ်ပြပြန်သည်။ သို့ရာတွင် ထိုမြေကျွန်များ၌လည်း ယခု လောလောဆယ် မြင်းမရှိဟု ဒရွန်က ပြောဆိုပြန်သည်။ အချို့က အစိုးရ ချောလှည်းဆင့်၍ လိုက်ပါသွားသည်ဟု လည်းကောင်း၊ အချို့ မြင်းများမှာ လှည်းမဆွဲနိုင်ဟု လည်းကောင်း၊ အချို့ မြင်းများမှာ အစာရေစာမရှိသဖြင့် သေကုန်ကြပြီဟု လည်းကောင်း အကြောင်းအမျိုးမျိုးပြလေသည်။ ဤပုံအတိုင်းသာဆိုလျှင် ဝန်တင်လှည်းဆွဲရန် မပြောနှင့် လူစီးကရထားဆွဲရန်မြင်းပင် ရစရာအကြောင်း မရှိတော့ချေ။

အယ်ပါတစ်သည် ဒရွန်ကို မျက်မှောင်ကုတ်ကာ စိုက်ကြည့်လျက် ရှိ၏။ ဒရွန်သည် စံပြရွာလူကြီးတစ်ယောက် ဖြစ်သကဲ့သို့ အယ်ပါတစ်သည်လည်း အနှစ်နှစ်ဆယ်လုံးလုံး သစ္စာရှိစွာထမ်းရွက်ခဲ့သည့် စံပြစာရင်းဒိုင်ချုပ်မဟုတ်ပါလော။ အယ်ပါတစ်သည် မိမိနှင့် ဆက်ဆံသူ၏ စိတ်တွင် ဖြစ်ပေါ်လျက်ရှိသည့်ဆန္ဒများနှင့် တကွ ထိုသူ၏ ပကတိစိတ်ကို အကဲခတ်ခြင်းအရာ၌ ရှာမှ ရှားလောက်အောင် ပါးနပ်ထက်မြက်သော စံပြစာရင်း ဒိုင်တစ်ယောက် ဖြစ်သည့်အလျောက် ဒရွန်ကို တစ်ချက်မျှ အကဲခတ်လိုက်ပြီးနောက် ဒရွန်၏ ခပ်အင်အင် သဘောထားများသည် ၎င်း၏ပင်ကိုသဘောထားမဟုတ်ဘဲ ဘိုဂျာရိုဗိုကျေးလက်မြေကျွန်များ၏ ဆန္ဒဖြစ်၍ ဒရွန်မှာ ထိုဆန္ဒများကို ကိုယ်စားပြုရသူသာ ဖြစ်ကြောင်း နားလည်လိုက်လေပြီ။ ဒရွန်ကိုယ်၌ကလည်း ပစ္စည်းဥစ္စာ အတော်အတန်ရှိ၍ တစ်ရွာလုံးက မုန်းတီးခံရခြင်းကြောင့် အထက်က သခင်နှင့် အောက်က ငယ်သားများအကြားတွင် မည်သည့်ဘက်က လိုက်ရမည်နည်းဟု ဝေခွဲမရဖြစ်နေဟန် တူပေသည်။ ဒရွန်၏ မျက်လုံးများသည် ဤသို့ ဝေခွဲမရဖြစ်လျက်ရှိဟန်ကို ဖော်ပြလျက်ရှိကြ၏။ ထို့ကြောင့် အယ်ပါတစ်သည် မျက်မှောင်ကြီးကုတ်လိုက်ကာ ရှေ့နားသို့ တိုးလာခဲ့သည်။

"ဒီမှာ ဒရွန် ကျုပ်ပြောနေတာကို သေသေချာချာနားထောင်ပါ၊ ကျုပ်ကို ယီးတီးယားတား စကားတွေပြောမနေနဲ့၊ ဒီပိုင်စားနယ်မြေက လယ်သမားတွေအားလုံးကို ရန်သူ့လက်ထဲ ထားမပစ်ခဲ့ရဘူး၊ ရွှေ့ပြောင်းစေရမယ်လို့ ကိုယ်တော်ကလေး အင်ဒရေကိုယ်တိုင် ကျုပ်ကို အမိန့်ပေးခဲ့တယ်၊ ဘုရင်မင်းမြတ်ကလဲ ဒီအတိုင်းပဲ အမိန့်တော်ပြန်တမ်း ထုတ်ထားတယ်၊ ဒီလိုမှ မဟုတ်ဘဲ ရန်သူ့နယ်ထဲ ချန်ရစ်ခဲ့ရင်တော့ ချန်နေရစ်တဲ့လူဟာ ဘုရင်မင်းမြတ်ရဲ့ သစ္စာတော်ကို မနာခံဘူးလို့ ယူဆရလိမ့်မယ် ကြားရဲ့လား"

"ကြားပါတယ်" ဒရွန်က မော့မကြည့်ဘဲ ဖြေလိုက်သည်။

အယ်ပါတစ်က ထိုအဖြေကို မကျေနပ်နိုင်သေးချေ။

"ကဲ ကြားရင် အဲဒါပဲ၊ နောက်တော့သာ အဆိုးမဆိုကြနဲ့" အယ်ပါတစ်က ခေါင်းကို ယမ်း၍ ပြောလိုက်၏။

"ဒါတော့ ဆရာလေး လက်ခုပ်ထဲကရေ၊ သွန်လိုသွန် မှောက်လို မှောက်ပေါ့!" ဒရွန်က ဝမ်းပန်းတနည်းနှင့် ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"တော်ဗျာ ဒါတွေ ပြောမနေနဲ့" အယ်ပါတစ်သည် လက်ကို ရင်ဘတ်ပေါ်တွင် တင်ထားရာက ရုပ်လိုက်ပြီး ဒရွန်ရပ်လျက်ရှိသောကြမ်းပြင်ကို တည့်တည့်ကြီး လက်ညှိုးထိုးထားလိုက်ကာ

"ဒီမှာ ဒရွန်၊ ကျုပ်ကို ဒီအပေါက်မျိုးတွေ မချိုးနဲ့၊ ခင်ဗျား ဗိုက်ထဲမှာ အူဘယ်နှစ်ခွေရှိတယ်ဆိုတာ သိရဲ့တင်မက်ဘူး၊ ခင်ဗျာ့အောက် မြေကြီးထဲ သုံးတောင်လောက်တူးပြီး မြင်တယ် မှတ်ထား"

ဒရွန်သည် ဣန္ဒြေပျက်သွားကာ အယ်ပါတစ်ကို တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် အောက်သို့ ငုံ့ကြည့်နေပြန်သည်။

"ကဲ ဒီတော့ အဓိပ္ပာယ်မရှိတဲ့စကားမျိုးကို နောက်ထပ် ပြောမနေနဲ့၊ ရွာသူရွာသားတွေ အားလုံးကို မော်စကို ရွှေ့ရမယ်လို့သာ ပြောလိုက်ပါ၊ ထိပ်ထားလေးအတွက်လဲ မနက်ဖြန် မြင်းတွေအားလုံး အဆင်သင့်ဖြစ်ပါစေ၊ ဘယ်အစည်းအဝေးကိုမှလဲ သွားမတက်ပါနဲ့ ဒါပဲ"

ဒရွန်သည် ဖြုန်းခနဲ ဒူးထောက်ထိုင်ချလိုက်သည်။

"အယ်ပါတစ် ကျုပ်ကို အလုပ်က ထုတ်ပစ်လိုက်ပါတော့ဗျာ၊ ကျုပ်ဆီက သော့တွေ ယူပါတော့၊ ကျုပ်ကို အလုပ်က ထုတ်ပစ်လိုက်ပါတော့"

"တော်စမ်းဗျာ" အယ်ပါတစ်က အော်လိုက်သည်။ "ကျုပ် ခင်ဗျားအောက် မြေကြီးထဲ သုံးတောင်လောက် တူးမြင်တဲ့လူပါ"

အယ်ပါတစ်မှာ ပျားမွေးခြင်းအတတ်၌ သူမတူအောင် ကျွမ်းကျင်ခြင်း၊ မည်သည့်အချိန်တွင် ကောက်ပဲသီးနှံ စိုက်ပျိုးရမည်ကို ခန့်မှန်းတွက်ချက်တတ်ခြင်း၊ မင်းသားကြီး ဘိုလကွန်စကီ၏ ယုံကြည်မှုကို နှစ်ပေါင်းနှစ်ဆယ်လုံးလုံးရရှိခြင်းကြောင့် ၎င်းကို လယ်သမားများက အောက်လမ်းပညာတတ်သည်ဟု ပြောဆိုလျက် ရှိကြ၏။ ယခုတစ်ဖန် အယ်ပါတစ်က မြေကြီးအောက်သုံးတောင်လောက်တူးပြီးမြင်သည်ဟု ဆိုနေပြန်သည့်အခါတွင်မူကား ဒရွန်သည် အယ်ပါတစ်ကို စိမ့်၍ကြောက်လာလေသည်။

ဒရွန်သည် ထိုင်ရာမှ ထကာ တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်၏။ သို့ရာတွင် အယ်ပါတစ်က တားလိုက်ကာ

"ဒရွန် ခင်ဗျားခေါင်းထဲမှာ ဘယ်လို စိတ်ကူးတွေရောက်နေတာလဲဟင် ဘယ်လိုဖြစ်နေတာလဲ"

"ခက်တာပဲဗျာ ဒီလူတွေကို ကျုပ်လဲ ထိန်းလို့မရတော့ဘူး၊ အရမ်းတွေ လျှောက်လုပ်ကုန်ကြပြီ၊ ကျုပ်ကိုယ်တိုင်လဲ ပြောပြီးပြီ"

"နောက်တစ်ခါ ထပ်ပြောဦးဗျာ၊ ဘာလဲ ခင်ဗျားလူတွေ မူးနေကြသလား"

အယ်ပါတစ်က ခပ်ဆတ်ဆတ် မေးလိုက်၏။

"မူးလိုက်တာလဲ ဝက်ဝက်ကွဲပဲ၊ ခုလဲ အရက်တစ်စည် ဖောက်ကြပြန်ပြီ"

"ဒီမှာ ဒရွန် နားထောင်စမ်း၊ ခုပုံအတိုင်းသာဆိုရင် ရဲအရာရှိကို ခေါ်ရလိမ့်မယ်၊ ခင်ဗျားလူတွေကိုလဲ ပြောလိုက်ပါ၊ ဒီအပြုအမူတွေကို ရပ်တန်းက ရပ်ပါ၊ မနက်ဖြန်လဲ လှည်းတွေ အဆင်သင့်ဖြစ်နေပါစေ ဒါပဲ"

"ဟုတ်ကဲ့"

အယ်ပါတစ်သည် နောက်ထပ် တိုက်တွန်းခြင်းမပြုတော့ချေ။ အယ်ပါတစ်သည် လူများစွာကို ကာလအတန်ကြာမျှ အုပ်ချုပ်ခဲ့ဖူးပြီ ဖြစ်၏။ ထို့ကြောင့် မိမိ၏အမိန့်တစ်ခုကို လက်အောက်ငယ်သားက လိုက်နာအောင် လုပ်ရာ၌ အထိရောက်ဆုံးသော နည်းလမ်းမှာ မိမိ၏အမိန့်ကို နာခံမှ နာခံကြပါမည်လောဟူသော မရဏ.မရဲအမူအရာမျိုးကို ၎င်းတို့ရှေ့တွင် ယောင်ရွဲ့မှု မပြမိရန်ဖြစ်ကြောင်း အတွေ့.အကြုံအရ သိပြီး ဖြစ်၏။ ဤသို့ဖြင့် အယ်ပါတစ်သည် "ဟုတ်ကဲ့" ဟူသော အာမခံချက်တစ်ခွန်းကို ဒရွန့်.ထံမှ မရအရ ညှစ်ထုတ်ခဲ့ပြီးနောက် ကိုယ့်ကိုယ်ကို အတော်ကြီးကျေနပ်သွား၏။ သို့ရာတွင် ဤလှည်းများရရေးကိစ္စမှာ ရဲအာဏာပိုင်များ၏ အကူအညီမပါဘဲ ဖြစ်နိုင်ဖွယ်မ့ရှိကြောင်းကိုကား အယ်ပါတစ် ကောင်းကောင်းကြီး သိခဲ့လေပြီ။

အယ်ပါတစ် ထင်သည့်အတိုင်းပင် ညနေစောင်းသည်အထိ လှည်းများ ရောက်မလာကြသေးချေ။ ရွာထဲရှိ ဘုံဆိုင်၌ကား မြေကျွန်များသည် အစည်းအဝေးကျင်းပကာ မြင်းများကို တောထဲတွင် ဝှက်ထားရန်၊ လှည်းများ မပေးရန် ဆုံးဖြတ်လိုက်ကြ၏။ အယ်ပါတစ်သည် ဤအခြင်းအရာကို မင်းသမီးကလေး မေရီအား ပြောမပြဘဲ 'တောင်ကတုံး' မှပါလာသော လှည်းများပေါ်မှ မိမိ၏ပစ္စည်းများကို ချစေပြီးနောက် ထိုလှည်းများမှ မြင်းများ

www.burmeseclassic.com

www.burmeseclassic.com

ကို မင်းသမီးကလေး မေရီ၏ ရထားများတွင် တပ်စေ၏။ ထို့နောက် အယ်ပါတစ်သည် ရဲအာဏာပိုင်များထံသို့ ထွက်လာခဲ့လေသည်။

အခန်း ၁၀

ခမည်းတော်ကြီး၏ ဈာပနကိစ္စ ပြီးသည့်နောက်၌ မင်းသမီးကလေး မေရီသည် အပြင်သို့ မထွက်ဘဲ အခန်းအောင်းလျက် ရှိ၏။ မည်သူ့ကိုမျှလည်း ဝင်ခွင့် မပေးတော့ချေ။ အစေခံမိန်းမတစ်ယောက်သည် တံခါးဝသို့ ရောက်လာကာ ခရီးထွက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ အယ်ပါတစ်က မည်သို့ မည်ပုံ စီစဉ်ရမည်ကို အမေးခိုင်းလိုက်ကြောင်းဖြင့် လာရောက်ပြောကြား၏။ (ထိုစဉ် အယ်ပါတစ်နှင့် ဒရွန်တို့ မတွေ့ကြသေး။) မင်းသမီးကလေး မေရီသည် ထိုင်ဖုံပေါ်တွင် လဲ့နေရာက ထထိုင်လိုက်ပြီးနောက် တံခါးကို ဖွင့်မပေးဘဲ မိမိသည် ဘိုဂျာရိုဗိုမှ ထွက်ခွာသွားမည် မဟုတ်ကြောင်း၊ ထို့ကြောင့် နောက်ထပ် အနှောင့်အယှက်မပေးစေလိုကြောင်းဖြင့် ပြောကြားလိုက်သည်။

မင်းသမီးကလေး မေရီ၏ ခန်းဆောင်မှ ပြတင်းပေါက်များသည် အနောက်ဘက်သို့ မျက်နှာမူလျက် ရှိ၏။ မင်းသမီးကလေး မေရီသည် နံရံကို မျက်နှာမူရင်း ထိုင်ဖုံပေါ်တွင် လဲ့လျောင်းလျက်ရှိရာက သိုးရေမွှေအုံးမှ ကြယ်သီးကလေးများကို လက်ချောင်းများဖြင့် ပွတ်သပ်ကစားလျက် ရှိ၏။ ၎င်း၏ မျက်စိ၌ သိုးရေမွှေအုံးကိုသာ မြင်၏။ အခြား ဘာကိုမျှ မမြင်။ ၎င်း၏ နောက်ကျူ ရှုပ်ထွေးလျက်ရှိသော အတွေးများသည်လည်း ပြဿနာတစ်ခုတည်း၌သာ ဝဲလည်လျက် ရှိ၏။ ထိုပြဿနာကား ထိတ်လန့်ဖွယ်သော မရဏတရားနှင့် ခမည်းတော်ကြီး မကျန်းမာစဉ်က ခမည်းတော်ကြီးအပေါ် မနောက်အားဖြင့် ပြစ်မှားမိခဲ့သော မိမိ၏ပြစ်မှုကြီးပင် ဖြစ်၏။ မင်းသမီးကလေး မေရီသည် မိမိအား ခွင့်လွှတ်ရန်အတွက် ဘုရားသခင်၏ ရှေ့မှောက်တွင် ဆုတောင်းမည်ဟု ကြံစည်စိတ်ကူးမိသေးသော်လည်း မိမိကဲ့သို့ စိတ်ထားယုတ်ညံ့လှသူတစ်ယောက်သည် ဘုရားသခင်၏ ရှေ့တော်မှောက်သို့ ဝပ်တွားခြင်းငှာပင် မထိုက်တော့ပြီဟု ထင်မှတ်လျက် ရှိလေသည်။ ဤသို့ဖြင့် မင်းသမီးကလေး မေရီသည် အချိန်အတော်ကြာမျှ ထိုင်ဖုံပေါ်တွင် လဲ့လျောင်းနေမိလေသည်။

ထိုအချိန်တွင် နေဝန်းသည် အနောက်ဘက်သို့ စောင်းစပြုနေပြီဖြစ်၏။ စောင်းရွေ့သော နေရောင်ခြည်များသည် ပြတင်းပေါက်မှ ဖြာကျလာသော ခန်းဆောင်ကို လင်းထိန်စေ၍ မင်းသမီးကလေး မေရီ ရုးစိုက်ကြည့်လျက်ရှိသော သိုးရေမွှေအုံးပေါ်သို့ တစ်ပိုင်းတစ်စ ထိုးကျလာ၏။ ထိုအခါကျတော့မှ မင်းသမီးကလေး မေရီ၏ အတွေးရေအလျဉ်သည် ရုပ်တန့်သွားတော့၏။ မင်းသမီးကလေး မေရီသည် ရုတ်တရက် ထထိုင်လိုက်ပြီး ဆံပင်ကို ပြင်ထုံးကာ ပြတင်းပေါက်သို့ လျှောက်လာခဲ့ပြီးလျှင် နှင်းမြူတို့ကင်းစင်လျက်ရှိသော်လည်း လေထန်သောညနေခင်း၏ သန့်စင်လန်းဆတ်ခြင်းကို ရှုရှိုက်လိုက်မိသည်။

'အို ဒီအကြောင်းတွေကို ငါ မတွေးတော့ဘူး၊ ကြည့်စမ်း၊ ဒီလိုလှပတဲ့ ညနေခင်းမျိုးမှာ စိတ်ကြည်လင်အောင် နေမယ်၊ ဖေဖျားလဲ ကဲတော်ကုန်ပြီ၊ ငါ့မှာ ဘယ်သူ့ကိုမှ တွယ်တာစရာ မရှိတော့ဘူး' မင်းသမီးကလေး မေရီသည် ဤသို့တစ်ယောက်တည်း ပြောဆိုကာ ထိုင်ခုံ၌ ထိုင်၍ ခေါင်းကို ပြတင်းပေါင်ပေါ်တွင် တင်ထားလိုက်မိသည်။

ပန်းခုံဘက်ဆီမှ မိမိ၏နာမည်ကို ခပ်တိုးတိုးခေါ်သံကြားလိုက်ရသည်ဟု မင်းသမီးကလေး မေရီ၏စိတ်တွင် ထင်မှတ်လိုက်၏။ ထို့နောက် မိမိခေါင်းကို တစ်စုံတစ်ယောက်က နမ်းရှုပ်လိုက်သည်ဟု ထင်မိပြန်၏။ မင်းသမီးကလေး မေရီသည် မော့၍ကြည့်လိုက်သည်။ ဝတ်စုံအနက်ကို ဝတ်ထားသည့် ပြင်သစ်သူ ဘူရင်းကို တွေ့ရပေ၏။ ပြင်သစ်သူ ဘူရင်းသည် မင်းသမီးကလေး မေရီအနီးသို့ ရောက်လာကာ သက်ပြင်းချ၍ မင်းသမီးကလေး မေရီကို နမ်းလိုက်ပြီးနောက် ငိုရှိုက်လျက် ရှိလေသည်။ မင်းသမီးကလေး မေရီသည် ပြင်သစ်သူ ဘူရင်းကို ငေးကြည့်နေမိသည်။ ပြင်သစ်သူ ဘူရင်းအား မနှစ်မြို့သောစိတ်၊ မနာလိုသောစိတ်တို့သည် ပြန်၍ဖြစ်ပေါ်လာကြပြန်၏။ သို့ရာတွင် ခမည်းတော်ကြီးသည် နောက်ပိုင်း၌ ပြင်သစ်သူ ဘူရင်းနှင့် အရောတဝင်နေထိုင်ခြင်း မပြုတော့ဘဲ ခပ်စိမ်းစိမ်း ဆက်ဆံခဲ့ခြင်းကိုလည်း အမှတ်ရလာပြန်သည်။ ထို့ကြောင့် ပြင်သစ်သူ ဘူရင်းအား ယခုအချိန်တွင် စက်ဆုပ်ရွံရှာခြင်း ဖြစ်နေ၍လည်း ဘာမျှ အကြောင်းမထူးတော့ဟူ

www.burmeseclassic.com

www.burmeseclassic.com

၍ သဘောပေါက်လာပြန်သည်။ 'ခမည်းတော်တစ်ယောက်လုံးကို မြန်မြန်သေပါစေလို့ ဆုတောင်းမိခဲ့တဲ့ မိန်းမမျိုးက သူများအပေါ်မှာ မကောင်းထင်နေရသလား' ဟု ကိုယ့်ကိုယ်ကိုလည်း ဆုံးမမိသည်။

မင်းသမီးကလေး မေရီသည် ပြင်သစ်သူ ဘုရင်၏ ဘဝကို တွေးမိသည်။ မိမိသည် ပြင်သစ်သူ ဘုရင်ကို ခပ်ရှောင်ရှောင်လုပ်ထားခဲ့သည်မှန်သော်လည်း စေ့စေ့တွေးလိုက်သောအခါ ပြင်သစ်သူ ဘုရင်သည် မိမိ၏အိမ်တွင်နေ၍ မိမိအရိပ်ကို မှီခိုအားထားနေရသူတစ်ဦးသာ ဖြစ်ကြောင်းတွေးမိသည့်အခါ၌ မင်းသမီးကလေး မေရီသည် ပြင်သစ်သူ ဘုရင်ကို သနားသွားကာ ကြင်နာစွာ လှမ်းကြည့်ပြီးနောက် လက်ကို ကမ်းပေးလိုက်သည်။ ပြင်သစ်သူ ဘုရင်သည် ထိုအခါကျမှ ပို၍ ဝမ်းနည်းသွားဟန်ဖြင့် ငိုချလိုက်ကာ လက်ကိုနမ်းရှုပ်ပြီးနောက် မင်းသမီးကလေး မေရီ၏ ပရိဒေဝသောကမီးကို ကူညီ၍ ငြိမ်းသတ်ပေးရာသည်။ သူကိုယ်တိုင်လည်း အေးအတူ ပူအမျှဖြစ်ပါရစေဟု ပြော၏။ ယခုအချိန်၌ မိမိမှာလည်း ပူဆွေးသောကရောက်လျက်ရှိကြောင်း၊ မိမိအတွက် သောကကို ဖြေဖျောက်ရန် တစ်ခုတည်းသောနည်းလမ်းမှာ မင်းသမီးကလေး မေရီနှင့် အတူ သောကကို မျှတခွဲဝေခံစားခြင်းသာဖြစ်ကြောင်း ယခင်က အထင်လွဲခဲ့သည်များကိုလည်း ဤပရိဒေဝ သောကမီးတောက်ကြီးထဲ၌ ဖျောက်ဖျက်ပစ်လိုက်စေလိုကြောင်း၊ မိမိအနေဖြင့်မူ မည်သူ့ကိုမျှ စိတ်ကွက်ခြင်းမရှိဘဲ ကံတရားဟုပင် အောက်မေ့ကြောင်း၊ ယခုအချိန်တွင် ကိုယ်တော်ကြီးသည် ကောင်းကင်ဘုံမှ နေ၍ မိမိ၏ချစ်ခင်မြတ်နိုးခြင်းကို သိလောက်ပြီးဖြစ်ကြောင်းဖြင့် ပြင်သစ်သူ ဘုရင်းက ပြောဆိုလျက် ရှိ၏။ မင်းသမီးကလေး မေရီသည် ပြင်သစ်သူ ဘုရင်၏စကားများကို နားရှိ၍ ကြားနေရသော်လည်း သတိထားမိခြင်း မရှိဘဲ တစ်ချက်တစ်ချက်၌ ၎င်း၏မျက်နှာကိုသာ မော့၍ ကြည့်နေမိသည်။

ပြင်သစ်သူ ဘုရင်းသည် စကားကို ဖြတ်လိုက်ပြီးနောက် အတန်ကြာမှ

"ထိပ်ထားလေးရဲ့ အဖြစ်ကတော့ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို ဖြစ်နေပြီ ထိပ်ထားလေး၊ ထိပ်ထားလေး ကြည့်ရတာ ကိုယ့်ဘေးဒုက္ခကိုတောင် ကိုယ် မစဉ်းစားနိုင်လောက်အောင် ဖြစ်နေပြီ ထင်ပါတယ်၊ ဒါပေမဲ့ ကျွန်မအနေနဲ့တော့ ထိပ်ထားလေးကို ဒီအတိုင်း ကြည့်နေလို့ မဖြစ်တော့ဘူး ထိပ်ထားလေး၊ အားလုံး ဒုက္ခရောက်လိမ့်မယ်၊ ထိပ်ထားလေးဆီကို အယ်ပါတစ် လာတွေ့ပြီးပါပြီလား၊ ပြောင်းရွှေ့ဖို့ကိစ္စကို ပြောပြီးပါပြီလား"

မင်းသမီးကလေး မေရီသည် မည်သို့မျှ ပြန်မပြောချေ။ မည်သူ့ကို ပြော၍ မည်သည့်ဒေသသို့ သွားရန်ပြောနေခြင်း ဖြစ်သည်ကိုလည်း နားမလည်ချေ။ 'ဒီအချိန်မှာ ဘာကိုမှ စိတ်မကူးချင်ပါဘူး၊ ဘယ်သွားသွား ထူးလဲ မထူးတော့ပါဘူး' ဟု စိတ်ထဲက ပြောလျက် ရှိ၏။ ပါးစပ်ကမူ မည်သို့မျှ မဆိုမိချေ။

"ကျွန်မတို့တွေ ဒုက္ခရောက်တော့မယ် ထိပ်ထားလေး၊ ပြင်သစ်တွေ ဝိုင်းထားကြပြီ၊ ခုအချိန်မှ ပြောင်းရွှေ့ရလို့လဲ မလွယ်တော့ဘူး၊ ခုနေမှ ထွက်သွားရင် လမ်းမှာ ပြင်သစ်တပ်တွေနဲ့ ဝင်တိုးပြီး သုံ့ပန်းအဖြစ် ရောက်ကြတော့မယ်၊ သူတို့လက်ထဲ သုံ့ပန်းအဖြစ် ရောက်သွားမှဖြင့်"

မင်းသမီးကလေး မေရီသည် ပြင်သစ်သူ ဘုရင်၏စကားများကို နားမလည်ဘဲ မော်၍ကြည့်လိုက်မိသည်။

"အို သုံ့ပန်းဖြစ်တော့ကော ဘာဖြစ်သလဲ၊ ခုအချိန်မှာ ထိပ်ထားတော့ ဘာပဲဖြစ်ဖြစ် ဖြစ်ချင်ရာ ဖြစ်ပစေတော့၊ မထူးတော့ဘူး၊ ထိပ်ထားလေး ခမည်းတော်ကြီးကို ဒီလို ပစ်မသွားနိုင်ဘူး၊ ဘာလဲ အယ်ပါတစ်က ပြောင်းဖို့ရွှေ့ဖို့ ပြောနေသလား၊ ပြောလိုက်ပါ၊ ထိပ်ထားလေး ဘယ်ကိုမှ မပြောင်းချင်ဘူး၊ ပြောင်းလဲ မပြောင်းနိုင်ဘူးလို့"

"ကျွန်မ အယ်ပါတစ်နဲ့ တွေ့ခဲ့ပါတယ် ထိပ်ထားလေး၊ အယ်ပါတစ်က မနက်ဖြန် ပြောင်းရမယ်လို့ ပြောပါတယ်၊ ဒါပေမဲ့ ကျွန်မသဘောကတော့ ခု အခြေရောက်မှ ဒီအတိုင်း ကျန်ခဲ့မယ်ဆိုရင် နေတာပဲ ကောင်းမယ် ထင်ပါတယ်၊ ပြောင်းရွှေ့ကာမှ လမ်းမှာ ပြင်သစ်စစ်သားတွေ လက်ထဲ ရောက်သွားရင် အခက်၊ ပြင်သစ် စစ်သားတွေ လက်ထဲ မရောက်လို့ ဒီနယ်တစ်ဝိုက်က လယ်သမားတွေ လက်ထဲ ရောက်ရင်လဲ တစ်ဒုက္ခ"

ပြင်သစ်သူ ဘုရင်းသည် အင်္ဂျာအိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ပြ၏။ ထိုစာရွက်မှာ ပြင်သစ်ဗိုလ်ချုပ်ရာမြူ၏ ထုတ်ပြန်ကြေညာချက်ဖြစ်၍ အရပ်သူ အရပ်သားများအား ထိုဒေသမှ ပြောင်းရွှေ့ခြင်း မပြုဖို့ အကြောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com

တကွ ပြင်သစ်အာဏာပိုင်များက သင့်လျော်သော အကာအကွယ်ပေးမည်ဖြစ်ကြောင်းတို့ကို ဖော်ပြထားသည်။ (ကြေညာချက်မှာ ရုရှားပြည်ဖြစ် စက္ကူပေါ်တွင် ရိုက်ထားခြင်း မဟုတ်ချေ။) ပြင်သစ်သူ ဘူရင်းသည် ဗိုလ်ချုပ်ကြီး ရာမြူ၏ ထုတ်ပြန်ကြေညာချက်ကို လှမ်းပေးလိုက်၏။

"ကျွန်မအထင်တော့ အဲဒီ ပြင်သစ်ဗိုလ်ချုပ်ဆီကို ထိပ်ထားလေးအနေနဲ့ မေတ္တာရပ်ခံရင် ကောင်းမယ်ထင်တယ်၊ ထိပ်ထားလေးကိုတော့ ကောင်းကောင်းမွန်မွန်ပြုစုကြလိမ့်မယ် ထင်တာပဲ"

ပြင်သစ်သူ ဘူရင်းက ပြောလိုက်၏။

မင်းသမီးကလေး မေရီသည် ပြင်သစ်ဗိုလ်ချုပ်၏ ထုတ်ပြန်ကြေညာချက်ကို ဖတ်လျက်ရှိ၏။ ဖတ်ရင်းဂင်း၏ မျက်နှာသည် မဲ့၍လာလေသည်။

"ဒီစာရွက်ကို ဘယ်ကရတာလဲ"

"လူတစ်ယောက် လာပေးသွားတယ်၊ ကျွန်မနာမည်ကိုကြားတော့ ပြင်သစ်လူမျိုးမှန်း သိလို့ ထင်ပါရဲ့" ပြင်သစ်သူ ဘူရင်းက မျက်နှာနီရဲလျက်ရှိရာက ပြောလိုက်သည်။

မင်းသမီးကလေး မေရီသည် လက်ထဲတွင် ပြင်သစ်ကြေညာချက်စာရွက်ကိုကိုင်လျက် ပြတင်းပေါက်အနီးမှ ထကာ သွေးမရှိတော့သောမျက်နှာဖြင့် ခန်းဆောင်ထဲမှ ထွက်သွားပြီး တစ်ခါက မင်းသားကလေး အင်ဒရေ၏ စာကြည့်ဆောင်ဖြစ်ခဲ့သော ခန်းဆောင်ထဲသို့ ဝင်သွားလေသည်။

"ဒွန်ယာရှာ၊ အယ်ပါတစ်ဖြစ်ဖြစ်၊ ဒရွန်ကို ဖြစ်ဖြစ် ထိပ်ထားလေးဆီကို ခေါ်လာခဲ့စမ်း၊ ဘူရင်းကိုလဲ ထိပ်ထားလေးအပါး မလာပါနဲ့လို့ ပြောလိုက်၊ သွားမယ် ခု ချက်ချင်းပြောင်းမယ်"

မင်းသမီးကလေး မေရီသည် ပြင်သစ်တို့ လက်တွင်းတွင် ကျန်ရစ်ခဲ့ရမည့်အရေးကို တွေး၍ ဒေါထွက်လျက်ရှိရာက ဒွန်ယာရှာကို ခိုင်းလိုက်၏။

'ထိပ်ထားတစ်ယောက် ပြင်သစ်တွေလက်ထဲမှာ ကျန်ရစ်ခဲ့ပြီဆိုတဲ့သတင်းကို အင်ဒရေများကြားရင် ဘယ်လောက်ရင်နာလိုက်မလဲ၊ မင်းသားကြီး ဘိုလကွန်စကီရဲ့ သမီးတော်ဖြစ်သူက ပြင်သစ်ဗိုလ်ချုပ် ရာမြူထဲ အကူအညီတောင်းပြီး သူတို့ပေးတဲ့ အကူအညီကို လက်ခံရမတဲ့ဟင်း ရာဇဝင် ရိုင်းလှတယ်'

မင်းသမီးကလေး မေရီသည် ဤသို့ တွေးလိုက်မိတိုင်း ကြက်သီးတွေ တဖြန်းဖြန်းထလာကာ မျက်နှာနီရဲလာသည်။ တစ်ခါမျှ မဖြစ်ဖူးသေးသော ဒေါသနှင့် မာနတို့သည်လည်း ဘွားခနဲ ပေါ်လာကြကုန်သည်။ ဤအဖြစ်မျိုးကိုကား နည်းနည်းမျှ မခံနိုင်ပြီ။ ရုက်လည်း ရုက်စရာကောင်းသည်။ အောက်ကျနောက်ကျလည်း နိုင်လွန်းလှသည်ဟု တွေးမိ၏။

"ဟင်း ဒီပြင်သစ်ကောင်တွေ ထိပ်ထားလေးတို့ စံအိမ်ထဲမှာ လာနေကြတော့မယ်ပေါ့၊ ရာမြူဆိုတဲ့ ပြင်သစ်ဗိုလ်ချုပ်က အင်ဒရေရဲ့ စာကြည့်ဆောင်ထဲ ဝင်ပြီး အင်ဒရေရဲ့ စာရွက်စာတမ်းတွေဖတ်ပြီး ရယ်နေမှာပဲ၊ ပြင်သစ်မဟာဘူရင်းဆိုတဲ့ မိန်းမကလဲ ဘိုဂူချာရိုဗို စံအိမ်ကြီးကို ပြင်သစ်ဗိုလ်ချုပ်လက်ထဲ ထိုးအပ်ပြီး ပြိတီတီလုပ်မှာပါ၊ ဒီကောင်မဟာ ဒလန်မပဲဖြစ်မှာပဲ၊ ထိပ်ထားလေးကိုတော့ အခန်းငယ်လေးတစ်ခန်း ပေးထားကြမယ်ပေါ့၊ ပြင်သစ်တပ်သားတွေကလဲ ဖေဖျားရဲ့သချိုင်းကို တူးပြီး ဖေဖျားရဲ့ ရွှေတံဆိပ်တွေ၊ ရွှေကြယ်ပွင့်တွေ၊ အဆောင်အယောင်တွေကို ဖြုတ်ယူကြတော့မှာပဲ၊ ဖေဖျားအတွက် စိတ်မကောင်းလေဟန်ဆောင်ပြကြပြီး ရုရှားတွေအပေါ်မှာ ဘယ်လို အောင်ပွဲခံခဲ့တယ်ဆိုတာတွေ ပြောကြတော့မှာပဲ"

မင်းသမီးကလေး မေရီ၏ စိတ်၌ ကိုယ်ရေးကိုယ်တာများကို မစဉ်းစားနိုင်တော့ဘဲ ခမည်းတော်ကြီးနှင့် မောင်တော် မင်းသားကလေး အင်ဒရေတို့ကဲ့သို့ ဇာတိသွေးဇာတိမာန်များသည် တဖွားဖွား ပေါ်ပေါက်လာကြလေသည်။ မိမိအတွက်မူကား စိုးစဉ်မျှပူပန်ခြင်း မဖြစ်မိချေ။ မိမိမှာ မည်သည့်နေရာမှာပင် နေရ နေရ၊ မည်သည့်အဖြစ်မျိုးကြုံကြုံ အရေးမကြီး။ သို့ရာတွင် မိမိသည် ကွယ်လွန်သူ မင်းသားကြီး ဘိုလကွန်စကီနှင့် မောင်တော် မင်းသားကလေးအင်ဒရေတို့၏သွေး မဟုတ်လော။ ခမည်းတော်ကြီးနှင့် မောင်တော်တို့၏ ဂုဏ်သိက္ခာကို ကာကွယ်ထိန်းသိမ်းရမည် မဟုတ်ပါလော။ မိမိသည် ခမည်းတော်ကြီးနှင့် မောင်တော်တို့ကို ကိုယ်စားပြုရမည် မဟုတ်ပါလော။ မင်းသမီးကလေး မေရီသည် ၎င်းတို့၏ အတွေးများကို တွေးမိလျက်သား ဖြစ်ကာ ၎င်းတို့၏ ခံစားချက်များကို ခံစားမိလျက်သား ဖြစ်နေသည်။ ဤနေရာ၌ ခမည်းတော်ကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com

မောင်တော်တို့သာ ရှိခဲ့လျှင် မည်သို့ပြုကြမည်နည်း။ ၎င်းတို့ကဲ့သို့ပင် သူ့ကျွန်မခံလိုသောစိတ်၊ အမျိုးဂုဏ်ကို ထိန်းသိမ်းသောစိတ်တို့ကို မွေးမြူရမည် မဟုတ်ပါလော။ မင်းသမီးကလေး မေရီသည် မင်းသားကလေး အင်ဒရေ၏ စကြည့်ဆောင်ထဲသို့ ဝင်လာခဲ့ပြီးနောက် ဤနေရာ၌သာ မင်းသားကလေး အင်ဒရေရှိခဲ့လျှင် မည်သို့ ပြုမူမည်နည်းဟု စဉ်းစားကာ မိမိလက်ရှိ တွေ့ကြုံနေရသည့် အခြေအနေများကို သုံးသပ်လျက် ရှိလေသည်။

မင်းသမီးကလေး မေရီအဖို့၌ ခမည်းတော်ကြီး ကံတော်ကုန်သည့်အချိန်ကစ၍ လောကီကိစ္စများတွင် စိတ်ဝင်စားမှုတို့ ပျောက်ကွယ်ခဲ့ပြီ ဖြစ်၏။ သို့ရာတွင် ယခုကဲ့သို့ အန္တရာယ်ကို ရင်ဆိုင်တွေ့နေရသည့်အချိန်၌ကား ထိုကိစ္စများသည် ယခင်ကထက် ကြီးမားသောစွမ်းအားဖြင့် ပေါ်လာကြပြန်လေသည်။

မင်းသမီးကလေး မေရီသည် စိတ်ဂနာမငြိမ်ဖြစ်လျက်ရှိသဖြင့် စာကြည့်ဆောင်ထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေရင်း ဗိသုကာမိုက်ကယ်ကို လည်းကောင်း၊ ကျွန်ယုံကြီး တီကွန်ကို လည်းကောင်း၊ ရွာလူကြီး ဒရွန်ကို လည်းကောင်း တစ်ယောက်ပြီး တစ်ယောက် အခေါ်လွှတ်လျက် ရှိ၏။ ဒွန်ယာရှာနှင့် တကွ အထိန်းတော်သည်လည်းကောင်း၊ အခြားအစေတော်မိန်းမများသည်လည်းကောင်း၊ ပြင်သစ်သူ ဘူရင်၏ ပြောဆိုချက် မှန် မမှန်ကို မည်သူမျှ ရေရေရာရာ မသိကြဘဲ ယောင်ဝါးဝါး ဖြစ်နေကြသည်။ ထိုအချိန်က အယ်ပါတစ်မှာ ရဲအာဏာပိုင်များထဲ သွားရောက်လျက်ရှိသဖြင့် စံအိမ်တွင် မရှိချေ။ ဗိသုကာ မိုက်ကယ်သည် အိပ်မှန်စုံမွှားဖြင့် ရောက်လာ၏။ သို့ရာတွင် ၎င်းသည်လည်း အခြေအနေမှန်ကို သေချာစွာ မဖြေနိုင်ချေ။ ဗိသုကာမိုက်ကယ်သည် လွန်ခဲ့သည် ဆယ့်ငါးနှစ်မှစ၍ မင်းသားကြီး ဘိုလကွန်စကိက တစ်စုံတစ်ရာ ပြောဆိုလျှင် မိမိ၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိဘဲ ပါးစပ်ကြီးဖြဲ၍ ပြုံးကာ တအင်းအင်းလိုက်တတ်သည့် အကျင့်ကို ရခဲ့ပြီးဖြစ်ရာ ယခု မင်းသမီးကလေး မေရီက မေးမြန်းစုံစမ်းသည့်အခါ၌လည်း ပါးစပ်ကြီးဖြဲကာ ယောင်ဝါးဝါးပြောလျက်ရှိသဖြင့် ၎င်း၏စကားကို အားကိုး၍ မရချေ။ ကျွန်ယုံတော်ကြီး တီကွန်မှာကား ပိန်ချုံး ညှီးလျော်သောမျက်နှာတွင် သောကအရိပ်အယောင်တို့ တဆိပ်ရိုက်နှိပ်ထားသကဲ့သို့ ထင်လျက်ရှိရာက မင်းသမီးကလေး မေရီ မေးမြန်းသမျှကို 'မှန်ပါ ထိပ်ထားလေး' ဟုသာ ဖြေဖော်ရ၍ မင်းသမီးကလေး မေရီကိုကြည့်ရင်း တအိအိငိုလျက်ရှိခြင်းကြောင့် ၎င်းထံမှလည်း မည်သည့်အရာကိုမျှ သေချာစွာ စုံစမ်းမရနိုင်ပြန်ချေ။

နောက်ဆုံးတွင် ရွာလူကြီး ဒရွန်ရောက်လာလေသည်။ ဒရွန်သည် မင်းသမီးကလေး မေရီအား ခါးတစ်ဝက်ချိုး၍ ဦးညွတ်ကာ တံခါးဝတွင် ရပ်လျက်ရှိ၏။

မင်းသမီးကလေး မေရီသည် စာကြည့်ဆောင်ထဲတွင် လမ်းလျှောက်နေရာမှ ဒရွန်ရှေ့၌ ရပ်လိုက်သည်။

"ဒရွန်"

မင်းသမီးကလေး မေရီသည် ဒရွန်ကို မိတ်ဆွေရင်းချာတစ်ဦးအဖြစ် သဘောထား၏။ ဒရွန်သည် နှစ်စဉ် ဗျာဇမာပွဲစျေးသို့ သွားတိုင်း ချင်းမုန့်များဝယ်လာကာ မင်းသမီးကလေး မေရီကို လက်ဆောင်ပေးလေ့ ရှိလေသည်။

"ဒရွန် ထိပ်ထားတို့တစ်တွေ သိပ်ကဲဆိုးတယ်နော်၊ ထိပ်ထားတို့" မင်းသမီးကလေး မေရီက ပြောလိုက်သည်။ သို့ရာတွင် ရှေ့ဆက်မပြောနိုင်ဘဲ ရပ်ထားလိုက်သည်။

"ကျွန်တော်မျိုးလဲ မကယ်နိုင်တော့ဘူး ထိပ်ထားလေး၊ ဘုရားသခင် အလိုတော်ကျ ဖြစ်ရတာပဲလို့သာ ဖြေပါတော့" ဒရွန်က သက်ပြင်းချ၍ ပြောလိုက်သည်။

၎င်းတို့နှစ်ဦးသည် အတန်ကြာမျှ တိတ်ဆိတ်လျက် ရှိကြ၏။

"ဒရွန်၊ အယ်ပါတစ်လဲ အခြားကို ကိစ္စတစ်ခုနဲ့ သွားနေရတယ် ဒရွန်၊ ထိပ်ထားမှာ တိုင်ပင်ရမယ့်လူ ဆိုလို့ ဘယ်သူမှ မရှိတော့ဘူး၊ ထိပ်ထားလေး ပြောင်းဖို့ ရွှေ့ဖို့မလွယ်တော့ဘူးလို့ ပြောနေကြတယ်၊ အဲဒါ ဟုတ်သလား ဒရွန်"

"ဘာဖြစ်လို့ မလွယ်ရမှာလဲ ထိပ်ထားလေး၊ ပြောင်းနိုင်ပါသေးတယ်"

"ကြားရတဲ့သတင်းတွေ မလှဘူး ဒရွန်၊ ရန်သူတပ်တွေကြောင့် အပြောင်းအရွှေ့လုပ်ရင် အန္တရာယ်များတယ်လို့ ကြားရတယ်၊ ထိပ်ထားလေး ဘာမှ နားမလည်ဘူး ဒရွန်၊ ထိပ်ထား ဘာမှ မလုပ်တတ်တော့ဘူး၊ ထိပ်ထား အပါးမှာလဲ ဘယ်သူမှ မရှိတော့ဘူး၊ ထိပ်ထား ဒီနေ့

www.burmeseclassic.com

www.burmeseclassic.com

ည ဖြစ်ဖြစ် မနက်စောစော ဖြစ်ဖြစ် ထွက်ချင်တယ်၊ ဘယ်နယ်လဲ ဒရွန်"

ဒရွန်သည် ခေတ္တမျှ တွေးနေသည်။ ထို့နောက် မင်းသမီးကလေး မေရီကို ကြည့်လိုက်ပြီး

"မြင်းတွေ မရှိတော့ဘူး ထိပ်ထားလေး၊ အယ်ပါတစ်ကို ပြောလိုက်ပြီးပါပြီ"

"မြင်းတွေ ဘယ်ရောက်ကုန်လို့လဲ" မင်းသမီးကလေး မေရီက မေးလိုက်သည်။

"ဘုရားသခင်က ဒဏ်ခတ်တော်မူတာပဲ ထိပ်ထားလေး၊ ရှိသမျှ မြင်းတွေအကုန် စစ်တပ်က ချောဆွဲသွားပတယ်၊ ကျန်တဲ့မြင်းတွေလဲ သေကုန်ပါပြီ၊ ဒီနှစ်များတော့ မပြောပါနဲ့တော့ ထိပ်ထားလေးရယ်၊ မြင်းတွေ မြင်းစာကျွေးဖို့ မပြောနဲ့ လူတောင်မှ မငတ်ရုံတမယ်ပဲ ကျန်တော့တယ်၊ တချို့များဆိုရင် ဘာမှ မစားရတာ သုံးလေးရက်လောက်ရှိပြီ၊ ကျွန်တော်မျိုးတို့လဲ သရောခိုင်းပြီ ထိပ်ထားလေး၊ အားလုံး ဒုက္ခရောက်ကုန်ကြပြီ"

မင်းသမီးကလေး မေရီသည် ဒရွန်၏စကားကို သေချာစွာ နားထောင်လျက် ရှိသည်။

"လယ်သမားတွေအားလုံးပဲ ငတ်ပြတ်ကုန်ကြပလား၊ ဝမ်းစာလေး ဘာလေးမှ မကျန်တော့ဘူးလား"

"မကျန်တော့ဘူး ထိပ်ထားလေး၊ တချို့လဲ ငတ်လို့ သေကုန်ကြပြီ၊ လှည်းတိုက်စားဖို့ဆိုတာတော့ မပြောနဲ့တော့"

"ဒီအကြောင်းကို စောစောက ဘာဖြစ်လို့ မပြောသလဲ ဒရွန်၊ တကယ်ဆို ထိပ်ထားလေး တတ်နိုင်သလောက် မကူညီရပါလား"

ယခုကဲ့သို့ ဒုက္ခသုက္ခရောက်နေချိန်၌ ချမ်းသာသူနှင့် ဆင်းရဲသူဟူ၍ ခွဲခြားစရာအကြောင်းမရှိတော့ဟု မင်းသမီးကလေး မေရီ ထင်သည်။ ပစ္စည်းဥစ္စာတွေ စားမကုန်သောက်မကုန်ရှိနေ၍လည်း ဘာမျှ အကျိုးမထူးတော့။ မရှိဆင်းရဲသူကို ဝေငှပေးလိုက်ခြင်းက ကောင်းသေးသည်ဟု ယူဆမိသည်။ သရောခိုင်းသည့်အခါများတွင် မြေရှင်၏ကောက်ပဲသီးနှံတို့ကို လယ်သမားများအား ဝေငှပေးရိုး ထုံးစံရှိသည်ဟု မင်းသမီးကလေး မေရီ ကြားဖူး၏။ တကယ်အရေးကြုံလာက ခမည်းတော်ကြီးသည် လည်းကောင်း၊ မောင်တော်မင်းသားကလေး အင်ဒရေသည်လည်းကောင်း ဤမရှိဆင်းရဲသားများကို ကူညီစောင်မကြမည်သာ ဖြစ်၏။ သို့ရာတွင် လယ်သမားများအား မည်သို့ခွဲဝေပေးရမည်ကို မစဉ်းစားတတ်အောင်ဖြစ်လျက် ရှိလေသည်။ မင်းသမီးကလေး မေရီသည် မိမိသောကများကို မေ့ပျောက်ထားလျက် ဤပြဿနာများကို စဉ်းစားခွင့်ကြုံလာရသည့်အတွက် ဝမ်းသာလျက် ရှိလေသည်။ ထို့ကြောင့် လယ်သမားများအတွက် ဝမ်းစာ မည်မျှလိုကြောင်း နှင့် ဘိုဂျာရိုဗိုတွင် မိမိတို့ပိုင် ကောက်နှံများ သိုလှောင်ပြီး ရှိ မရှိကို ဒရွန်အား မေးမြန်းစုံစမ်းခြင်း ပြုလေသည်။

"အင်ဒရေပိုင်တဲ့ ကောက်နှံတွေရှိတယ် မဟုတ်လား"

"မှန်ပါ ကိုယ်တော်ကလေးရဲ့ ကောက်နှံတွေတော့ ရှိပါတယ်၊ ဒါပေမဲ့ ကိုယ်တော်ကလေးက ဒီကောက်နှံတွေကို ရောင်းရမယ်လို့ အမိန့်ပေးမထားပါဘူး ထိပ်ထားလေး"

"ကိစ္စမရှိဘူး ဒရွန်၊ မောင်တော်လေးရဲ့ ကိုယ်စား ထိပ်ထားပေးမယ်၊ အဲဒီ ဝမ်းစာစပါးတွေကို လယ်သမားတွေ ခွဲဝေပေးလိုက်၊ လိုသလောက် ထုတ်ပေး"

ဒရွန်သည် မည်သို့မျှ မပြောဘဲ သက်ပြင်းကို ချလိုက်၏။

"ဝမ်းစာစပါးတွေကို ဝေသာပစ်လိုက်၊ အကုန်သာဝေ၊ တစ်စေ့မှ ချန်မထားနဲ့၊ မောင်တော်လေးကိုယ်စား ထိပ်ထား အမိန့်ပေးတယ်၊ ထိပ်ထားတို့မှာရှိတဲ့ ပစ္စည်းကို သူတို့ပစ္စည်းလို့ပဲ အောက်မေ့ပါလို့လဲ ပြောလိုက်၊ ထိပ်ထားတို့ ဘာမှ နှမြောစရာ မရှိဘူး၊ အဲဒါကို လယ်သမားတွေ နားလည်အောင် ပြောလိုက်ပါ"

မင်းသမီးကလေး မေရီက ပြောလျက်ရှိစဉ် ဒရွန်သည် မင်းသမီးကလေး မေရီကို စိုက်ကြည့်လျက်ရှိ၏။

"ထိပ်ထားလေး ကျွန်တော်မျိုးကို ဒီအလုပ်မှာ မထားပါနဲ့တော့ ထုတ်သာ ပစ်လိုက်ပါတော့၊ ကျွန်တော်မျိုးဆီက သော့တွေကိုလဲ အသိမ်းသာ ခိုင်းလိုက်ပါတော့၊ ကျွန်တော်မျိုး အမှုထမ်းလာတာ နှစ်ဆယ့်သုံးနှစ် ရှိပါပြီ၊ ဘာမှ အပြစ်အနာအဆာ မရှိခဲ့ပါဘူး၊ ဒါပေမဲ့ ကျွန်တော်မျိုးကို မထားပါနဲ့တော့ ထိပ်ထားလေး၊ ထုတ်သာ ပစ်လိုက်ပါတော့"

မင်းသမီးကလေး မေရီသည် အဘယ်ကြောင့် ဒရွန်

www.burmeseclassic.com

www.burmeseclassic.com

က အလုပ်မှထုတ်ရန် တောင်းဆိုနေသည်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။ မိမိထံမှ မည်သည့်အရာကိုလို၍ ဤစကားမျိုးကို ပြောလေသနည်းဟုလည်း စဉ်းစား၍ မရချေ။ မင်းသမီးကလေး မေရီက မိမိသည် ဒရွန်၏သစ္စာစောင့်သိရိုသေခြင်းကို မည်သည့်အခါကမျှ သံသယမရှိခဲ့ကြောင်း၊ ဒရွန်နှင့်တကွ လယ်သမားများ၏အလိုဆန္ဒအတိုင်း ဆောင်ရွက်ရန် အသင့်ဖြစ်ကြောင်းဖြင့် ပြောဆိုခြင်း ပြုလေသည်။

အခန်း ၁၁

တစ်နာရီခန့် ကြာသောအခါ အစေတော်ဒွန်ယာရှာ ရောက်လာကာ ကျေးရွာလူကြီး ဒရွန်နှင့်တကွ လယ်သမားများ စပါးစည်အနီးတွင် ရောက်ရှိနေကြကြောင်း၊ ၎င်းတို့က ထိပ်ထားလေး၏အမိန့်အရ စုရုံးခြင်းဖြစ်၍ ထိပ်ထားလေးနှင့် တွေ့ဆုံစကားပြောလိုကြောင်းဖြင့် လာရောက်ပြောကြားလေသည်။

"အလို သူတို့ကို လာပါလို့ ထိပ်ထားက မပြောရပါကလား၊ ဝမ်းစာမရှိရင် စည်ထဲက ကောက်နှံတွေကို ထုတ်ပေးလိုက်လို့သာ ဒရွန်ကို ပြောလိုက်တာပါ" မင်းသမီးကလေး မေရီက ပြောလိုက်၏။

"ထိပ်ထားလေး သွားမတွေ့ပါနဲ့ဖျာ့၊ သူတို့ကို နှင်ထုတ်လိုက်ပါဖျာ့၊ သူတို့ ထိပ်ထားလေးကို အကောက်ကြဲကြပြီ ထင်တယ်ဖျာ့၊ အယ်ပါတစ်ပြန်လာရင် ဖျားကျွန်မတို့လဲ ပြောင်းကြစို့ဖျာ့"

"သူတို့က ထိပ်ထားလေးကို ဘယ်လိုအကောက်ကြဲကြမှာတဲ့လဲ ဒွန်ယာရှာ" မင်းသမီးကလေး မေရီက အံ့အားသင့်လျက် မေးလိုက်၏။

"ဘယ်လို အကောက်ကြဲမယ်ဆိုတာတော့ ဖျာ့ကျွန်မလဲ မပြောတတ်ဘူးဖျာ့၊ ဒါပေမဲ့ သူတို့ဆီကို မသွားပါနဲ့ဖျာ့၊ ဖျာ့ကျွန်မကြားသလောက်တော့ သူတို့ ထိပ်ထားလေးအမိန့်ကို ဖီဆန်ကြမလို့တဲ့ဖျာ့၊ ဘိုဂူချာရိုဗို က မပြောင်းဘူးလို့ ပြောနေကြတယ်ဖျာ့"

"ဒွန်ယာရှာ နားကြားလွဲနေတာ ဖြစ်ပါလိမ့်မယ်ကွယ်၊ သူတို့ကို ဘိုဂူချာရိုဗိုက ပြောင်းရမယ်လို့ ထိပ်ထားကလဲ မပြောရပါလား၊ ကဲ ကဲ ဒီလောက်လဲ အထိတ်ထိတ်အပျာပျာ ဖြစ်မနေပါနဲ့၊ ဒရွန်ကို ခေါ်ချေစမ်းပါဦး"

ဒရွန်ရောက်လာကာ ဒွန်ယာရှာပြောသည့်အတိုင်း ဟုတ်မှန်ကြောင်းဖြင့် ပြောဆိုပြန်သည်။ ထိပ်ထားလေး၏အမိန့်အရ လာရောက်စုဝေးခြင်း ဖြစ်သည်ဟုလည်း ဒရွန်က ပြော၏။

"ထိပ်ထားက သူတို့ကို ခေါ်လာခဲ့ရမယ်လို့ ဘယ်တုန်းကများ ပြောဖူးလို့လဲ ဒရွန်၊ ထိပ်ထားပြောတာက တလွဲ၊ လုပ်တာက တလွဲ ဖြစ်ကုန်ပြီ ထင်တယ်၊ ထိပ်ထားပြောတာက သူတို့မှာ ဝမ်းစာမရှိရင် စည်ထဲက ကောက်နှံတွေ ထုတ်ပြီး ဝေလိုက်ပါလို့ ပြောတာ မဟုတ်လား"

ဒရွန်သည် မည်သို့မျှမပြောဘဲ သက်ပြင်းကြီးကို ရှိုက်လိုက်သည်။

"ထိပ်ထားလေးကိုယ်တိုင် ဆင်းပြောမှ သူတို့လူစုကွဲကြလိမ့်မယ် ထင်ပါတယ်၊ ကျွန်တော်မျိုး ပြောလို့တော့ နားထောင်ကြမှာ မဟုတ်ဘူး"

"ကဲ လာ လာ" မင်းသမီးကလေး မေရီသည် ဒွန်ယာရှာနှင့် အထိန်းတော်တို့တားသည့်ကြားထဲက စမုတ်ဆောင်ဝသို့ ထွက်လာခဲ့သည်။ ဒရွန်၊ ဒွန်ယာရှာ၊ အထိန်းတော်နှင့် ဗိသုကာမိုက်ကယ်တို့သည် နောက်က လိုက်လာကြ၏။

"လက်စသတ်ဟော့ ငါက ထွက်ပြေးပြီး သူတို့ကို အစောင့်ခိုင်းချင်လို့ ကောက်နှံတွေပေး မျက်နှာချိုသွေးတယ်လို့ သင်းတို့ ထင်နေကြပုံရတယ်၊ ငါ့စိတ်ကူးကတော့ သူတို့လဲပြောင်းရင် သူတို့ကို မော်စကိုပိုင်စား နယ်ထဲမှာ နေရာချပေးပြီး လစဉ်ထောက်ပံ့မယ်လို့ စိတ်ကူးထားတာ၊ အင်ဒရေသာဆိုရင် သည့်ထက်မက ထောက်ပံ့နိုင်ပေမယ့် ငါကတော့ မိန်းမသားဆိုတော့ ဒီလောက်ပဲ ထောက်ပံ့နိုင်တာ၊ ဒါကို ကျေနပ်ကြပုံ မရဘူး"

မင်းသမီးကလေး မေရီသည် ဤသို့တွေးတောလျက် ဆည်းဆာမှုန်မှုန်၌ စပါးစည်ရှေ့မြက်ခင်းပြင်တွင် စုဝေးနေကြသော လယ်သမားများထံသို့ လျှောက်လာခဲ့သည်။

မင်းသမီးကလေး မေရီကို မြင်သည်တွင် လယ်သမားများသည် လှုပ်လှုပ်ရွရွဖြစ်သွားကာ ပူးကပ်ထိုင်လိုက်ကြပြီးနောက် ဦးထုပ်များကို ချွတ်လိုက်ကြသည်။ မင်းသမီး မေရီသည် ဝတ်စုံကို စွန့်တောင်ဆွဲကာ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com

ငိုက်စိုက်ချ၍ လျှောက်လာခဲ့သည်။ မျက်လုံးအစုံပေါင်း များစွာတို့သည် မင်းသမီးကလေး မေရီကို စူးစိုက်ကြည့် လျက် ရှိကြ၏။ မျက်နှာမျိုးစုံတို့ ရောထွေးလျက်ရှိသည် ဖြစ်၍ မင်းသမီးကလေး မေရီမှာ မည်သည့်မျက်နှာကိုမျှ မှတ်မိခြင်းမရှိဘဲ ဟောဟောဒိုင်းဒိုင်း ပြောလိုစိတ်များသာ ပေါ်ပေါက်လာကြသည်။ မည်သည့်နေရာကစ၍ ပြောရ မည်ဟူ၍ကား မသိချေ။ သို့ရာတွင် မိမိသည် ခမည်းတော် ကြီးနှင့် မောင်တော်မင်းသားကလေး အင်ဒရေတို့ကို ကိုယ် စားပြုနေခြင်း ဖြစ်သည်ဟု နှလုံးသွင်းလိုက်သည်နှင့် ခွန် အားသတ္တိတို့သည် ဆတက်ထမ်းပိုးတိုးလာသည်ဟု ထင် မှတ်ရလေသည်။ ဤသို့ဖြင့် မင်းသမီးကလေး မေရီသည် တွန့်ဆုတ်ခြင်းမရှိ စကားစ၍ပြောခြင်း ပြုလေသည်။

"ခုလိုလာရောက်စုဝေးကြတဲ့အတွက် ထိပ်ထား အများကြီး ကျေးဇူးတင်ပါတယ်၊ ဝမ်းလဲ သာပါတယ်" မင်းသမီးကလေး မေရီက မျက်လွှာကို ချထား၍း ပြော လိုက်၏။ ၎င်း၏နှလုံးသည် တဆတ်ဆတ်ခုန်လျက်ရှိ၏။ "ရှင်တို့ လယ်သမားတွေဟာ ဒီစစ်ကြီးကြောင့် ဒုက္ခအကြီး အကျယ် တွေ့နေကြရတယ်လို့ ရှင်တို့ ရွာလူကြီး ဒရွန်ထံက ကြားသိရပါတယ်၊ ဒါကတော့ ထိပ်ထားတို့အား လုံးရဲ့ ကံကြမ္မာပါပဲ၊ ဒီတော့ ရှင်တို့တစ်တွေကို ထိပ်ထား အတတ် နိုင်ဆုံး ကူညီလိုပါတယ်၊ ဒီနေရာဟာ ရန်သူစစ်ကြောင်း နဲ့ နီးလို့ အန္တရာယ်များလှတဲ့အတွက် ထိပ်ထားကိုယ်တိုင် လဲ တခြားကို ပြောင်းတော့မယ်၊ ရန်သူဟာ တဖြည်းဖြည်း နီးလာပြီ၊ ဒီတော့ ထိပ်ထားတို့ပိုင်တဲ့ ပစ္စည်းတွေအားလုံးကို ရှင်တို့ကို ပေးခဲ့ချင်ပါတယ်။ ဒါကြောင့်မို့ ထိပ်ထားတို့ ပိုင်တဲ့ကောက်နှံတွေကို ရှင်တို့ အကုန်ယူကြပါလို့ ထိပ်ထား ပြောချင်ပါတယ်၊ အကယ်၍ ထိပ်ထားက ဒီလို ကောက်ပဲ သီးနှံတွေကို ဝေငှပေးတာဟာ ထိပ်ထားတို့ပိုင်စားနယ်မြေ ကို စောင့်ပေးစေချင်လို့ မျက်နှာချိုနဲ့ လာဘ်ထိုးတယ်လို့များ ကြားရရင် ဒီစကားကို လက်မခံကြပါနဲ့၊ မဟုတ်ပါဘူး၊ ရှင်တို့ကိုလဲ ရန်သူ့နယ်မြေထဲမှာ မနေရစ်စေချင်ပါဘူး၊ ရှင်တို့အားလုံး မော်စကိုနားမှာရှိတဲ့ ထိပ်ထားတို့ပိုင်စား နယ်မြေထဲကို ပြောင်းရွှေ့နေထိုင်ကြပါလို့ ထိပ်ထားပြောလို ပါတယ်၊ အဲဒီမှာဆိုရင် ထိပ်ထားကိုယ်တိုင်လဲ မကြာခဏ လာရောက်ကြည့်ရှုနိုင်ပြီး လိုအပ်တဲ့ အကူအညီများကို ပေးနိုင်ပါလိမ့်မယ်၊ အဲဒီရောက်ရင် အစားအသောက်နဲ့ နေရာထိုင်ခင်း အားလုံး စီစဉ်ပေးပါ့မယ်"

မင်းသမီးကလေး မေရီက စကားကို ရပ်လိုက်၏။ လူအုပ်ထဲမှ သက်ပြင်းချသံများကို ကြားရသည်။

"ခု ဒီစကားကို ရှင်တို့ကို ပြောနေခြင်းဟာလဲ ထိပ်ထားတစ်ယောက်တည်းအနေနဲ့ ပြောနေခြင်းမဟုတ်ပါ ဘူး၊ ရှင်တို့ရဲ့သခင်ကြီးဖြစ်တဲ့ ကွယ်လွန်သူ ခမည်းတော် ကြီးနဲ့ ခမည်းတော်ကြီးရဲ့ သားတော် ထိပ်ထားရဲ့မောင် တော် အင်ဒရေတို့ရဲ့ကိုယ်စား ပြောနေခြင်း ဖြစ်ပါတယ်"

မင်းသမီးကလေး မေရီသည် ရပ်သွားပြန်သည်။ လူအုပ်ကြီးမှာလည်း တိတ်ဆိတ်နေသည်။

"ထိပ်ထားတို့ အားလုံးဟာ ဒုက္ခကို ညီတူညီမျှ ရင်ဆိုင်နေရခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် ဒီဒုက္ခတွေကို စုပေါင်း ရင်ဆိုင်ကြရပါလိမ့်မယ်၊ ထိပ်ထားရဲ့ ပစ္စည်းဥစ္စာ တွေဟာ ရှင်တို့ရဲ့ ပစ္စည်းဥစ္စာတွေပါပဲ၊ ဒီအချိန်မှာ ခွဲခြား နေကြဖို့ အချိန်မဟုတ်တော့ပါဘူး"

မင်းသမီးကလေး မေရီသည် လယ်သမားများ၏ မျက်နှာများကို လှမ်း၍ကြည့်လိုက်၏။ ၎င်းတို့ မျက်နှာ ထားအားလုံးသည် အမှုအရာတစ်ခုတည်းကို ဖော်ပြလျက် ရှိကြ၏။ သို့ရာတွင် ထိုအမှုအရာသည် အံ့သြခြင်းလော၊ ချစ်ကြောက်ရိုသေခြင်းလော၊ ကျေးဇူးတင်ခြင်းလော၊ လက်ခံခြင်းလော၊ မယုံကြည်ခြင်းလော ဆိုသည်ကိုမူ မင်းသမီးကလေး မေရီ ခွဲခြား၍ မရချေ။

"ခုလို သဒ္ဓါတရားထက်သန်တဲ့အတွက် ကျေးဇူး တင်ပါတယ် ထိပ်ထားလေး၊ ဒါပေမဲ့ ကိုယ့်သခင်ရဲ့ ပစ္စည်းကို ယူဖို့မသင့်ပေဘူးခင်ဗျ" လူအုပ်နောက်နားဆီမှ အသံတစ်သံ ထွက်လာလေ၏။

"ဘာဖြစ်လို့" မင်းသမီးကလေး မေရီက မေးလိုက် သည်။

မည်သူကမျှ ပြန်မဖြေကြ။ မင်းသမီးကလေး မေရီ သည် လယ်သမားများကို လှမ်းကြည့်လိုက်သည်။ မျက်လုံး ချင်းဆိုင်လိုက်မိတိုင်း လယ်သမားများသည် မျက်လွှာကို ချထားလိုက်ကြ၏။

"ဆိုစမ်းပါဦး ဘာဖြစ်လို့ မယူသင့်တာလဲ" မင်းသမီးကလေး မေရီက ထပ်မေးပြန်သည်။ မည်သူကမျှ မဖြေကြ။

တိတ်ဆိတ်လျက်ရှိသောကြောင့် မင်းသမီးကလေး

www.burmeseclassic.com

www.burmeseclassic.com

မေရီသည် အနေရခက်လာသည်။ ထို့ကြောင့် လယ်သမားများဘက်ကို လှမ်းကြည့်လိုက်ပြန်သည်။

"ပြောပါလေ ဘာဖြစ်လို့ မပြောကြတာလဲ" မင်းသမီးကလေး မေရီသည် မိမိအနီးတွင် တောင်ဝှေးထောက်၍ရပ်နေသည့် လယ်သမားအဘိုးအိုကြီးကို လှမ်းမေးလိုက်သည်။ "နောက်ထပ် လိုချင်ကြသေးသလား၊ လိုချင်တာရှိသေးရင် ပြောကြပါ၊ ထိပ်ထား ပေးပါ့မယ်"

မင်းသမီးကလေး မေရီသည် ဤသို့ပြောကာ လယ်သမားကြီး၏ မျက်နှာကို လှမ်းကြည့်လိုက်၏။

လယ်သမားအဘိုးကြီးသည် ဤစကားကြောင့် ဒေါသထွက်သွားသည်ပမာ ခေါင်းကိုငုံ့လိုက်ပြီးနောက်

"ကျုပ်တို့တော့ မကြိုက်ဘူးဗျ၊ သူတစ်ပါးပစ္စည်းလဲ မလိုချင်ဘူး"

"ဟုတ်တယ် မလိုချင်ဘူး၊ မလိုက်နိုင်ဘူး၊ မပြောင်းဘူး၊ ကျုပ်တို့ ဒီနေရာက မရွှေ့နိုင်ဘူး၊ သွားချင်ရင် ထိပ်ထားလေးဘာသာ သွားပါ၊ ကျုပ်တို့ မလိုက်ချင်ဘူး" လူအုပ်ထဲမှ အော်သံများကို ကြားရ၏။

လူအားလုံး၏ မျက်နှာများသည် တစ်ခုတည်းသောအမူအရာကို ဖော်ပြလျက် ရှိကြပြန်သည်။ ထိုအမူအရာသည် မည်သို့သောအမူအရာဖြစ်သည်ကို ခပ်စောစောက မင်းသမီးကလေး မေရီ ဝေခွဲ၍မရခဲ့သော်လည်း ယခုမူ မင်းသမီးကလေး မေရီ ကောင်းကောင်းသိခဲ့လေပြီ။ ထိုအမူအရာကား အံ့သြခြင်းလည်း မဟုတ်။ ကျေးဇူးတင်ခြင်းလည်း မဟုတ်ဘဲ သူပြောတိုင်း လုပ်နိုင်ရိုးလားဟူသောသဘောကိုဆောင်သည့် အာခံသောအမူအရာသာ ဖြစ်လေသည်။

"သြော် လက်စသတ်တော့ ရှင်တို့ ထိပ်ထားရဲ့ စေတနာကို အထင်လွဲကြတာကိုး" မင်းသမီးကလေး မေရီသည် ဝမ်းနည်းစွာပြုံး၍ ပြောလိုက်သည်။ "ဘာဖြစ်လို့ ဒီနေရာက မပြောင်းချင်ကြတာလဲ ဟင်၊ ဟိုမှာ အစားအသောက်နဲ့တကွ နေရာထိုင်ခင်း ကောင်းကောင်း ရနိုင်တယ်၊ ဒီမှာနေရစ်ခဲ့ကြရင် ရှင်တို့ကို ရန်သူတွေက နှိပ်စက်ကြမှာပေါ့"

သို့ရာတွင် မင်းသမီးကလေး မေရီ၏အသံမှာ ဝိုင်း၍ အော်ကြသောလူအုပ်ကြီး၏အသံထဲတွင် ပျောက်ကွယ်သွား၏။

"အို မလိုချင်ဘူး၊ မလိုက်ချင်ဘူး၊ နှိပ်စက်ချင်လဲ နှိပ်စက်ပစေ၊ မလိုချင်ဘူး၊ ခင်ဗျားပေးတဲ့ ဝမ်းစာလဲ မလိုချင်ဘူး"

မင်းသမီးကလေး မေရီသည် လယ်သမားများ၏ မျက်နှာများကို လိုက်၍ကြည့်ပြန်သည်။ သို့ရာတွင် ၎င်းတို့အားလုံးသည် မင်းသမီးကလေး မေရီက ကြည့်လိုက်တိုင်း မျက်နှာကို လွှဲသွားကြ၏။ မျက်နှာချင်းဆိုင်လိုစိတ်ပင် ရှိဟန်မတူတော့ချေ။ မင်းသမီးကလေး မေရီသည် လယ်သမားများ၏ စိတ်ဓာတ်နှင့် အပြုအမူကို နားမလည်အောင် ဖြစ်လျက် ရှိလေသည်။

"အင်း ပရိယာယ်ကလေးကတော့ တယ်ကောင်းပါ့ဗျာ၊ တယ်သေသပ်ပါ့၊ တို့ကို ဟိုအထိလိုက်ပြီး ကျွန်ခံခိုင်းဦးမလို့ခေါ်တာကွ သိရဲ့လား၊ အိုးအိမ်ပစ်ပြီး လိုက်ကျွန်ခံရမယ်ဆိုတဲ့ သဘောပေါ့ကွ၊ ဟင်း ဝမ်းစာစပါးပေးပြီး မြှူတာဟေ့၊ သိရဲ့လား" လူအုပ်ထဲမှာ ပြောဆိုနေသံများကို ကြားရ၏။

မင်းသမီးကလေး မေရီသည် ခေါင်းကိုပင် မဖော်တော့ဘဲ အိမ်ဘက်သို့ ချာခနဲလှည့်ထွက်လာခဲ့၏။ နက်ဖြန်နံနက်စောစော ခရီးထွက်နိုင်ရန်အတွက် မြင်းများကို အဆင်သင့်ပြင်ထားရန် ဒရွန်အား မှာကြားပြီးနောက် အပေါ်ထပ်ခန်းဆောင်သို့ တက်လာခဲ့ကာ အတွေးနယ်ချဲ့လျက် ရှိလေသတည်း။

အခန်း ၁၂

ထိုနေ့ည၌ မင်းသမီးကလေး မေရီသည် မိမိ၏ခန်းဆောင်ပြတင်းဝတွင် အချိန်အတော်ကြာထိုင်လျက် ရွာထဲမှ အုတ်အုတ်ကျက်ကျက် စကားပြောသံများကို နားစွင့်နေမိသည်။ သို့ရာတွင် မင်းသမီးကလေး မေရီသည် ထိုလယ်သမားများအကြောင်းကို မတွေးတော့ချေ။ မိမိ၏စေတနာကို ဝေဒနာထင်လျက် ရှိသူများအကြောင်းကို တွေးတောနေ၍လည်း ဘာအကျိုးထူးဦးမည်နည်း။ ၎င်းတို့အကြောင်းကို မည်မျှတွေးစေကာမူ မိမိသည် ၎င်းတို့၏စိတ်သဘောကို နားမလည်နိုင်တော့ပြီဟု မင်းသမီးကလေးမေရီက ယူဆလျက် ရှိလေသည်။ မင်းသမီးကလေး မေရီသည် ယခုအချိန်၌ မည်သူ့အကြောင်းကိုမျှ တွေးတောခြင်းမရှိဘဲ မိမိ၏ပူဆွေး

www.burmeseclassic.com

www.burmeseclassic.com

သောကကိုသာ တွေးတောလျက်ရှိ၏။ နေရေးထိုင်ရေးကိစ္စ အဝဝတို့ကြောင့် သောကကို မေ့ပျောက်နေခဲ့ရာက ယခုလို အထီးတည်းရှိသည့်အခါ၌ ထိုသောကသည် ခေါင်းပြူ၍ ပေါ်ထွက်လာပြန်လေသည်။

လေသည် နေဝင်ပြီးကတည်းက တိတ်လျက်ရှိ၏။ ညသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိကာ မွေးပျံ့လျက်ရှိလေသည်။ သန်းခေါင်အချိန်လောက် အရောက်တွင် ရွာထဲမှ အုတ်အုတ်ကျက်ကျက်အသံများသည် တိတ်ဆိတ်သွားကြ၏။ ကြက်ဖတစ်ကောင်သည် တောင်ပံတဖျပ်ဖျပ်ရိုက်၍ တွန်လိုက်၏။ သံပရာပင်များကြားမှ လပြည့်ဝန်းကြီးသည် တင်ငြိမ့်ငြိမ့်ထွက်ပေါ်လာလေသည်။ နှင်းမှုန်ကလေးများလည်း တဖွဲဖွဲကျစပြုလာလေသည်။ ရွာတစ်ရွာလုံးနှင့် စံအိမ်ကြီး တစ်ခုလုံးမှာ တိတ်ဆိတ်ခြင်းသာလျှင် ကြီးစိုးလျက်ရှိ၏။

မင်းသမီးကလေး မေရီ၏စိတ်တွင် ခမည်းတော်ကြီး မကျန်းမမာဖြစ်ခဲ့ပုံ၊ ကံတော်ကုန်ခဲ့ပုံ စသည့် မကြာသေးသောအတိတ်မှ ဖြစ်ရပ်များသည် တစ်ခုပြီး တစ်ခုပေါ်လာကြ၏။ မင်းသမီးကလေး မေရီသည် ခမည်းတော်ကြီး ကံတော်ကုန်ခါနီးတွေ့မြင်ရသည့် အခြင်းအရာမှအပ အခြား အဖြစ်အပျက်များကို ပြန်၍စဉ်းစားကြည့်မိသည်။ ခမည်းတော်ကြီး ကံတော်ကုန်ခါနီးမြင်ကွင်းကိုကား ဤလို တိတ်ဆိတ်ချောက်ချားဖွယ်ကောင်းသည့် အကာလ ည အခါတွင် မတွေးရဲသဖြင့် ထိုမြင်ကွင်းပေါ်လာတိုင်း ဖျောက်ဖျက်ပစ်လိုက်သည်။ ပြန်၍ တွေးလိုက်တိုင်းလည်း ထို အခြင်းအရာများသည် ယခုပင် ဖြစ်နေသလိုလို၊ အနာဂတ်တွင်ပင် ဖြစ်တော့ မယောင်ယောင်ဟု စိတ်ထဲတွင် ဝိုးဝါးထင်လာကြကာ အကွင်းလိုက် အကွင်းလိုက် ပေါ်လာကြသည်။

မင်းသမီးကလေး မေရီသည် 'တောင်ကတုံး' ၌ ခမည်းတော်ကြီး ပထမဆုံးရောဂါ စဖောက်သည့်နေ့ကို မြင်ယောင်နေသည်။ ထိုစဉ်က အရေးပေါ်စစ်သည်စုများသည် ခမည်းတော်ကြီးကို ပန်းခုံထဲမှ တွဲခေါ်လာခဲ့ကြ၏။ ခမည်းတော်ကြီးသည် လျှာလေးကြီးဖြင့် စကားကိုမျှ ပီပီသသမပြောနိုင်တော့ဘဲ မိမိအား ထိတ်လန့်တုပ်လှုပ်စွာ ကြည့်နေပုံကို မြင်ယောင်လာလေသည်။

'အင်း ဆုံးခါနီး ပြောသွားတဲ့စကားတွေကို အဲဒီနေ့ကတည်းက ပြောချင်ဟန်တူရဲ့၊ ဖေဖျားဟာ တစ်စုံတစ်ရာပြောမယ်ကြံရင် သေသေချာချာစဉ်းစားပြီးမှ ပြောလေ့ရှိတယ်' မင်းသမီးကလေး မေရီသည် တွေးရင်း ခမည်းတော်ကြီး နောက်ဆုံးရောဂါမဖောက်ခင် တစ်ညကိုလည်း မြင်ယောင်လာပြန်သည်။ ထိုစဉ်က မင်းသမီးကလေး မေရီသည် ခမည်းတော်ကြီးက အိပ်ရန်ပြောသည်ကိုပင် အိပ်မပျော်နိုင်ဘဲ စိတ်တထင့်ထင့်နှင့် အောက်ထပ်သို့ဆင်းလာကာ တံခါးဝတွင် ချောင်း၍ နားထောင်ခဲ့သည်။ ခမည်းတော်ကြီးသည် ကရိုင်းမီးယားကျွန်းဆွယ် စစ်ပွဲများအကြောင်း၊ ရွှေနန်းရှင်မယ်တော်ဖုရားအကြောင်း၊ ကရိုင်းမီးယားကျွန်းဆွယ်မှ ပူနွေးသောညချမ်းချိန်များအကြောင်း စသည်တို့ကို ကျွန်ယုံကြီး တီကွန်အား ပင်ပန်းနွမ်းနယ်သည့်အသံဖြင့် ပြောနေသံကို ကြားယောင်မိ၏။ 'ခမည်းတော်ကြီးဟာ စကားပြောချင်ရက်သားနဲ့ ထိပ်ထားကို တော့ ဘာဖြစ်လို့များ ခေါ်ပြီး စကားမပြောသလဲ မသိဘူးနော်၊ တကယ်လို့သာ အဲဒီတုန်းက ထိပ်ထားရှိရင်လဲ ခမည်းတော်ကြီးဟာ ကံတော်ကုန်ခါနီး ပြောတဲ့စကားတွေကို ပြောမှာပဲ၊ မှတ်မိသေးတယ်၊ တီကွန်နဲ့ စကားပြောရင်း ထိပ်ထားကလေးအကြောင်းကို နှစ်ခါတောင်မေးတယ်၊ အဲဒီတုန်းက သမီးတော်ကို တွေ့ချင်ရှာဟန်တူတယ်၊ သမီးတော် အနားမှာရောက်နေတာကို မသိရှာဘူး၊ အင်း ခမည်းတော်ကြီးမှာလဲ စကားပြောစရာ လူမရှိတော့ တီကွန်နဲ့ပဲ အချိန်ကုန်ရရှာတာပဲ၊ တစ်ခါလဲ ခမည်းတော်ကြီးဟာ ချွေးမတော် လီဇာအကြောင်း၊ ချွေးမတော် လီဇာ ဘယ်ရောက်နေသလဲဆိုတဲ့အကြောင်း တီကွန်ကို မေးနေတယ်၊ သူ့ချွေးမတော် ဆုံးပြီဆိုတာကို သတိမေ့နေပုံရတယ်၊ တီကွန်က ချွေးမတော် မရှိတော့ဘူးလို့ပြောတော့ တီကွန်ကိုတောင် အော်ဟစ်ကြိမ်းမောင်းနေသေးတယ်၊ ခမည်းတော်ကြီးဟာ အိပ်ရာပေါ်ကို ပင်ပန်းကြီးစွာလဲရင်း ဘုရား၊ ဘုရားနဲ့ တနေတာကို ကြားယောင်သေးတော့တယ်၊ ဒီတုန်းက ငါ ဘာဖြစ်လို့များ ခမည်းတော်ကြီးရဲ့ခန်းဆောင်ထဲကို ဝင်မသွားမိပါလိမ့်၊ ငါသာ ရောက်သွားလို့ရှိရင် ခမည်းတော်ကြီး တော်တော် ကြည်ကြည်လင်လင်ဖြစ်ချင် ဖြစ်လာမှာပဲ'

မင်းသမီးကလေး မေရီသည် တွေးတောလျက်ရှိရာက ကံတော်ကုန်မည့်နေ့တွင် 'သမီးတော်' ဟု ကြင်နာ

www.burmeseclassic.com

www.burmeseclassic.com

ယုယစွာခေါ်သွားသဲ့ကို ကြားယောင်လာပြန်လေသည်။ မင်းသမီးကလေး မေရီသည် ထိုစကားကို ပါးစပ်မှ ထုတ်ရွတ်လိုက်ရင်း ငိုချလိုက်မိသည်။ မျက်ရည်များသည် ဝိညာဉ်ကိုပေါ့ပါးသွားစေသည်မှာ အမှန်ပင်ဖြစ်လေသည်။ ချက်ချင်းပင် ခမည်းတော်ကြီး၏ မျက်နှာသည်လည်း ရှေ့တွင် ပေါ်လာလေသည်။ သို့ရာတွင် ထိုမျက်နှာမှာ မင်းသမီးကလေး မေရီ မြင်တွေ့နေကျ မျက်နှာမျိုးမဟုတ်ဘဲ ကံတော်ကုန်ခါနီး မိမိအား 'သမီးတော်' ဟု ခေါ်လိုက်စဉ်ကဖြစ်ပေါ်ခဲ့သော ကြောက်လန့်အားငယ်လျက် အတွန့်အစင်းများ အထင်းသားပေါ်လျက်ရှိသောမျက်နှာ ဖြစ်လေသည်။

"သမီးတော်" မင်းသမီးကလေး မေရီသည် ထိုစကားကို ရွတ်လိုက်သည်။

'ဒီလိုခေါ်လိုက်တုန်းက ခမည်းတော်ကြီးဟာ ဘာတွေများ တွေးနေပါလိမ့်၊ ခုကော ဘာတွေများ တွေးနေပါလိမ့်' ဤမေးခွန်းသည် မင်းသမီးကလေး မေရီ၏ ခေါင်းထဲသို့ ရောက်လာ၏။ ထိုမေးခွန်းကို ဖြေသည့်အနေဖြင့် ပါးစပ်တွင် ပဝါစည်းလျက် ခေါင်းထဲတွင် လှဲနေသော ခမည်းတော်၏အသုဘရုပ်သည် ရှေ့တွင် ပေါ်လာ၏။ ခမည်းတော်ကြီး၏ကိုယ်ခန္ဓာကို နောက်ဆုံးထိလိုက်စဉ်က မိမိထိထားသော ခန္ဓာကိုယ်ကြီးသည် ခမည်းတော်ကြီး၏ခန္ဓာကိုယ် မဟုတ်တော့။ မင်းသားကြီး ဘိုလကွန်စကီ၏ခန္ဓာကိုယ် မဟုတ်တော့။ ရုပ်ဆောင်နေသည့် အပုပ်ကောင်ကြီး၏ အတွင်းကြီးမှသာတကားဟု ကြောက်ရွံ့ထိတ်လန့်ခဲ့ဖူးရာ ယခု ထို ထိတ်လန့်ကြောက်ရွံ့ခြင်းမျိုးသည် မင်းသမီး မေရီ၏ရင်တွင်းသို့ ဝင်ရောက်လာပြန်လေသည်။ မင်းသမီးကလေး မေရီသည် အာရုံပြောင်းကာ မေတ္တာပို့သည်။ အမျှအတန်း ဝေသည်။ သို့ရာတွင် မရတော့ပြီ။ မင်းသမီးကလေး မေရီသည် ပြုံးကျယ်သော မျက်လုံးများဖြင့် လရောင်ခြည်များကို လည်းကောင်း၊ အရိပ်များကိုလည်းကောင်း လှမ်း၍ကြည့်လိုက်၏။ ကြည့်လိုက်တိုင်း၊ ကြည့်လိုက်တိုင်း အသက်ကင်းမဲ့လျက် ရှိပြီးဖြစ်သော ခမည်းတော်ကြီး၏ မျက်နှာကိုသာ မြင်ယောင်လျက်ရှိကာ စံအိမ်ကြီးကို ဖုံးအုပ်လျက် ရှိသော တိတ်ဆိတ်ခြင်းသည် မိမိအား ဆုပ်ကိုင်ဖျစ်ညှစ်လျက်ရှိသည်ဟု ထင်မှတ်မိလေသည်။

"ဒွန်ယာရှာ ဒွန်ယာရှာ"

မင်းသမီးကလေး မေရီသည် စူးစူးဝါးဝါး အော်ဟစ်ကာ တိတ်ဆိတ်လျက်ရှိသော စံအိမ်ကြီးထဲမှ အစေခံတန်းလျားထဲသို့ ပြေးဆင်းလာခဲ့၏။ အထိန်းတော်ကြီးနှင့် အစေခံများသည် မင်းသမီးကလေး မေရီထံသို့ ပြေးလာကြလေသတည်း။

အခန်း ၁၃

ဩဂုတ်လ ၁၇ ရက်နေ့၌ နီကိုလေနှင့် ဗိုလ်ကလေးအီလျင်တို့သည် ဘိုဂူချာရိုဗိုနှင့် ဆယ်မိုင်ဝေးသော ယန်ကိုဗို တပ်စခန်းမှ မြင်းကိုယ်စီဖြင့် ထွက်လာခဲ့ကြ၏။ အီလျင်မှာ မြင်းသစ်တစ်စီး ဝယ်ထားသောကြောင့် မြင်းသစ်ကို ကုန်းကျင့်ရန်၊ ရွာထဲတွင် မြင်းစာကောက်ရိုးလည်း ရှာရန် ဟူသောရည်ရွယ်ချက်ဖြင့် ထွက်လာခဲ့ကြခြင်း ဖြစ်သည်။ ၎င်းတို့နှင့် အတူ မြင်းတပ် တပ်လုလင်တစ်ဦးဖြစ်၍ သုံ့ပန်းအဖြစ်မှ ပြန်လွတ်လာသော လာဗရူရှကာလည်း လိုက်ပါလာသည်။

လွန်ခဲ့သည့်သုံးရက်စ၍ ဘိုဂူချာရိုဗိုဒေသသည် ရန်စောင်လျက်ရှိသော စစ်တပ်ကြီးနှစ်တပ်ကြားထဲတွင် ရောက်နေခဲ့လေရာ ပြင်သစ် စစ်လျင်စစ်ဖျားအဖို့ ထိုဒေသသို့ အလွယ်တကူရောက်ရှိနိုင်သည့်နည်းတူ ရုရှားနောက်ဖျားတပ်များအဖို့လည်း ထိုဒေသသို့ အလွယ်တကူ ရောက်ရှိနိုင်လေသည်။ ရုရှားနောက်ဖျားတပ်များနှင့်အတူ ကျန်ရစ်ခဲ့သော နီကိုလေသည် စေ့စပ်သေချာသော တပ်ခွဲမှူးတစ်ယောက်ပီပီ ပြင်သစ်စစ်လျင် စစ်ဖျားတပ်များက ဘိုဂူချာရိုဗိုမှ ရိက္ခာများကို ဝင်ရောက်ယူငင်ခြင်း မပြုမီ မိမိတို့ကဦးအောင်သိမ်းဆည်းရန် စိတ်စောလျက် ရှိလေသည်။

နီကိုလေနှင့် အီလျင်တို့သည် လမ်းတစ်လျှောက်လုံး အူမြူးလျက် ရှိကြ၏။ ဘိုဂူချာရိုဗိုသည် စံအိမ်တစ်လုံး၊ ယာတော၊ အဆောက်အအုံများ စသည်တို့ဖြင့် ခမ်းနားစွာတည်ရှိကာ မင်းသားတစ်ပါး၏ပိုင်စားနယ်မြေ ဖြစ်သည့် အလျောက် ကျွန်မချောချောကလေးများ၊ လယ်သူမချောချောကလေးများကို တွေ့ရလိမ့်မည်ဟုလည်း မျှော်လင့်လျက် ရှိကြ၏။ လမ်းတစ်လျှောက်၌ ၎င်းတို့နှစ်ဦးသည် လာဗရူရှကာအား နပိုလီယန်နှင့် တွေ့ခဲ့ရပုံကို မေးမြန်း၍

www.burmeseclassic.com

www.burmeseclassic.com

လာဗရူရှကာ၏ ဇာတ်လမ်းကလေးများကို ရယ်မော နားထောင်ကြပြီးနောက် အီလျင်၏ မြင်းသစ်စမ်းရန် မြင်းစီးပြိုင်ကြသည်။

မိမိသွားရောက်မည့် ဘိုဂျာရိဗိုဒေသသည် ညီမငယ်နာတာရှာနှင့် ဧစ္စပ်ကြောင်းလမ်းခဲ့ဖူးသော မင်းသားကလေး အင်ဒရေ၏ ပိုင်စားနယ်မြေ ဖြစ်ကြောင်းကိုကား နိုကိုလေ မသိသေးချေ။

ဘိုဂျာရိဗိုမရောက်မီ ကုန်းဆင်းကလေးတစ်ခုသို့ ရောက်သော် နိုကိုလေနှင့် အီလျင်တို့သည် မိမိတို့ မြင်းများကို ဂေါ်ဆွဲကာ မြင်းချင်း ပြိုင်စီးခဲ့ကြ၏။ နိုကိုလေသည် အီလျင်ကို ဖြတ်တက်လာခဲ့ပြီး လမ်းတစ်လျှောက် ဒုန်းစိုင်း၍စီးကာ ရွှာထဲသို့ ပထမဝင်ခဲ့လေသည်။

"ဗိုလ်မှူးက သာသွားပေတာပေါ့ ခင်ဗျာ" အီလျင်က မြင်းစီးလာခဲ့ရသဖြင့် မျက်နှာနီရဲလျက်ရှိရာက ပြောလိုက်သည်။

"ငါ့ကို နိုင်အောင် မစီးနိုင်ပါဘူးကွ၊ မင်းမြင်းနဲ့ ပြိုင်ရလို့တော့ လွင်ပြင်မှာ ပြိုင်ရ ပြိုင်ရ၊ တောင်ဆင်းမှာ ပြိုင်ရ ပြိုင်ရ နိုင်ပါတယ်" နိုကိုလေက တရွှူးရွှူး နှာမှုတ်ကာ ချွေးတွေစိုရွှဲနေသော ၎င်း၏ ဒိုးနက်မြင်းကြီးကို ပွတ်သပ်၍ ပြောလိုက်သည်။

"အံမယ် ဗိုလ်မှူးမြင်းလောက်တော့ ဟောဒီကျွန်တော့်မြင်းသစ်ကြီးက အပျော့ခင်ဗျ၊ ကျွန်တော်က ဗိုလ်မှူး ရုံးရင် ရုက်နေမှာစိုးလို့ ပြိုင်မစီးတာ" လာဗရူရှကာက ၎င်း၏လှည်းဆွဲသော မြင်းပိန်ကလေးကို ရှည်ညွန်း၍ ပြော၏။

သို့နှင့် ၎င်းတို့သုံးဦးသည် စပါးစည်တစ်ခုစီသို့ တစ်လှမ်းချင်း စီးလာခဲ့ကြ၏။ စပါးစည်ရှေ့ဦးကား လယ်သမားအုပ်ကြီးတစ်အုပ် စုဝေးလျက် ရှိသည်။

နိုကိုလေတို့ လူသိုက်ကို မြင်သောအခါ၌ အချို့က ဦးထုပ်ချွတ်၍ ပြကြပြီး အချို့ကား ဦးထုပ်မချွတ်ဘဲ ၎င်းတို့ကိုငေးကြည့်လျက် ရှိကြ၏။ မုတ်ဆိတ်ကျိုးကျဲ၊ ပါးရေတွန့်လိမ်လျက်ရှိသော အရပ်ထောင်ထောင်မောင်းမောင်း လယ်သမားအဘိုးအိုနှစ်ယောက်သည် သီချင်းတကြော်ကြော်ဖြင့် လေးကွက်နင်းလျှောက်ရင်း ဘုံဆိုင်ထဲမှ ထွက်လာကြပြီးနောက် နိုကိုလေတို့အနီးသို့ ရောက်လာကြ၏။

"ဗျို့၊ အံမယ် တယ်ဇိမ်ကျနေကြပါလား၊ မြင်းစာကောက်ရိုးကလေး ဘာလေးများ မရှိကြဘူးလား" နိုကိုလေက ရယ်၍ မေးလိုက်သည်။

"အဘိုးကြီးနှစ်ယောက်က တွဲလဲ တွဲမိသဗျို့" အီလျင်က ဆို၏။

လယ်သမား အဘိုးအိုနှစ်ယောက်သည် အာလေးလျှာလေးကြီးဖြင့် သီချင်းဆိုနေကြ၏။ လူအုပ်ထဲမှ လယ်သမားတစ်ယောက် ထွက်လာကာ နိုကိုလေတို့အနီးသို့ ရောက်လာသည်။

"ဗိုလ်ကြီးတို့က ဘယ်တပ်ကလဲဗျ"

"ကျုပ်တို့က ပြင်သစ်တွေဗျ၊ ဟောဒါ နပိုလီယန်ပဲ" အီလျင်က ရယ်မောနောက်ပြောင်ကာ လာဗရူရှကာကို လက်ညှိုးထိုးပြသည်။

"ဩော် ဗိုလ်ကြီးတို့က ရုရှားတွေလား" ထိုလယ်သမားက ထပ်မေးသည်။

"ဗိုလ်ကြီးတို့ ရုရှားတပ်တွေ ဒီနားမှာ တော်တော်များသလား" ဂင်တိုတို လယ်သမားတစ်ယောက် ထွက်လာ၍ မေးပြန်သည်။

"အများကြီးပဲ နေစမ်းပါဦး၊ ဒီနားမှာ ဘာလို့ စုဝေးနေကြတာလဲ၊ ဒီနေ့ ခင်ဗျားတို့ အားလပ်ရက်လား" နိုကိုလေက မေးလိုက်သည်။

"သိပါဘူး ဗိုလ်ကြီးရာ၊ လူကြီးတွေက ကျွန်တော်တို့ လယ်သမားတွေကိစ္စကို တိုင်ပင်ဆွေးနွေးဖို့ ဆိုပြီး ခေါ်တာပဲ" လယ်သမားက လူအုပ်ထဲသို့ ပြန်သွားရင်း ပြောလိုက်သည်။

ထိုအခိုက် စံအိမ်ဘက်ဆီမှ မိန်းမနှစ်ယောက်နှင့် ဦးထုပ်ဖြူဆောင်းထားသည့် ယောကျ်ားတစ်ယောက် နိုကိုလေတို့ထံသို့ လာနေသည်ကို မြင်ရ၏။

"ဟော ဟိုပန်းရောင်လေးနဲ့ မြှာက ငါ့မြှာကွနော်၊ ငါ မှတ်ထားပြီးသား" အီလျင်က မိမိထံသို့ ပြေးလာနေသော ဒွန်ယာရှာကို မြင်သဖြင့် လှမ်းပြောလိုက်သည်။

"ကျွန်တော့်မြှာပါ ဗိုလ်လေးရ၊ မလုပ်ပါနဲ့" လာဗရူရှကာက မျက်စိတစ်ဖက်မှိတ်၍ အီလျင်ကို ပြောလိုက်သည်။

"ကျုပ်နှမက ဘာကိစ္စပါလိမ့်၊ ဆိုစမ်း" အီလျင်က ခပ်ပြုံးပြုံး မေးလိုက်သည်။

"ဗိုလ်လေးတို့ရဲ့ တပ်ရင်းနဲ့ ဗိုလ်လေးတို့ရဲ့ နာ

www.burmeseclassic.com

www.burmeseclassic.com

မည်ကို ထိပ်ထားလေးက အမေးခိုင်းလိုက်ပါတယ်”

“ဟာဒါက တပ်ခွဲမှူး မြို့စားလေး နိကိုလေတဲ့ဗျာ၊ ကျုပ်ကတော့ နှမလေးရဲ့ မောင်ကြီး၊ နှမလေးရဲ့ ကျိုးနွံလှစွာသော အစေတော်ဆိုပါစို့ ဟဲ ဟဲ”

အရက်မူးလျက်ရှိသော လယ်သမားအဘိုးအိုက အိလျင်နှင့် ဒွန်ယာရှာတို့ စကားပြောနေကြပုံကို သဘောကျ၍ အာလေးလျာလေးကြီးဖြင့် သိချင်ဆိုနေပြန်သည်။ ဒွန်ယာရှာနောက်မှ အယ်ပါတစ် လိုက်လာလေသည်။ အယ်ပါတစ်သည် ခပ်လှမ်းလှမ်းမှ နိကိုလေအား ဦးထုပ်ချွတ် အရိုအသေ ပေးလိုက်သည်။

“ဗိုလ်ကြီးတို့ကို တစ်ဆိတ် ပြောပါရစေခင်ဗျာ၊ အနှောင့်အယှက်ပေးတယ်လို့ မထင်ပါနဲ့” အယ်ပါတစ်က ရိုသေစွာ ပြောလိုက်၏။ သို့ရာတွင် မျက်နှာတွင်ကား ငယ်ရွယ်နုနယ်သော စစ်ဗိုလ် နိကိုလေကို အထင်သေးသည့်ဟန်ပေါ်လျက် ရှိသည်။ “ခုလ ၁၅-ရက်နေ့က ကံတော်ကုန်သွားတဲ့ ဗိုလ်ချုပ်ဟောင်း ဘိုလကွန်စကီရဲ့ သမီးတော်ဖြစ်တဲ့ ကျွန်တော်တို့ထိပ်ထားသခင်မလေးမှာ ဟာဒီ လယ်သမားတွေက မချေမငံပြုမူကြတဲ့အတွက် အခက်အခဲများ တွေ့နေပါတယ်၊ ဒါကြောင့်မို့ ထိပ်ထားသခင်မလေးက စံအိမ်ထဲကိုကြွဖို့ အဖိတ်ခိုင်းလိုက်ပါတယ်၊ တစ်ဆိတ်ကြွပါခင်ဗျာ၊ သူတို့ရှေ့မှာ ဒီကိစ္စကို မဆွေးနွေးလိုတဲ့အတွက်”

အယ်ပါတစ်က မြင်းတစ်ကောင်အနီးတွင် ဖြုတ်ဝဲသကဲ့သို့ မိမိအနီးတွင် ရစ်ဝဲ ရစ်ဝဲလုပ်နေသော အမူးသမားနှစ်ယောက်ကို လက်ညှိုးထိုးပြလိုက်၏။

“အယ်ပါတစ်ကလဲဗျာ အချင်းချင်း ဒီလို မလုပ်ပါနဲ့၊ ဟီး ဟီး” တစ်ယောက်ကပြုံး၍ ပြောလိုက်သည်။ နိကိုလေသည် အရက်မူးလျက်ရှိသော လယ်သမားနှစ်ယောက်ကိုကြည့်၍ ပြုံးလိုက်သည်။

“မလိုက်ချင်လို့ ဗိုလ်ကြီးတို့ ဟောဒီက မိတ်ဆွေများနဲ့ စိတ်အေးလက်အေး နေချင်သပဆိုရင်လဲ နေနိုင်ပါတယ်” အယ်ပါတစ်က လက်တစ်ဖက်ဖြင့် အမူးသမားများဘက်သို့ ညွှန်ပြလိုက်ပြီး ခပ်တည်တည် ပြောလိုက်၏။

“အို လိုက်မှာပေါ့ဗျ၊ ဒီမှာ ဘာကိစ္စရှိတာမှတ်လို့” နိကိုလေက မြင်းကို လှည့်စီးလာရင်း ပြောလိုက်သည်။

“နေစမ်းပါဦး၊ ခင်ဗျားတို့ ထိပ်ထားသခင်မလေးဘယ်လို ဖြစ်နေလို့လဲ”

“ပြောပရစေတော့ ဗိုလ်ကြီး၊ ဟောဒီက လယ်သမားတွေက သိပ်ပြီးရိုင်းပါတယ်၊ ကျွန်တော်တို့ ထိပ်ထားသခင်မလေးက စစ်အန္တရာယ်နီးလို့ ပြောင်းဖို့စီစဉ်တာကို မပြောင်းရဘူးလို့ အတင်းတားထားကြပါတယ်၊ ပြောင်းရင်မြင်းတွေကို ဖြုတ်လွတ်ပစ်မယ်လို့လဲ ခြိမ်းခြောက်နေကြပါတယ်၊ မနက်ကတည်းက ပစ္စည်းတွေ အဆင်သင့်ထုပ်ပိုးပြီးပေမယ့် သူတို့ရန်ကြောက်လို့ ထိပ်ထားသခင်မလေးမှာ ခရီးမထွက်နိုင်အောင် ဖြစ်နေပါတယ်”

“အိုး ဘာဆိုင်လို့လဲဗျ”

“ဆိုင် မဆိုင်တော့ မပြောတတ်ဘူး ဗိုလ်ကြီး၊ အဖြစ်ကတော့ ဒီအတိုင်းပါပဲ ခင်ဗျာ”

နိကိုလေသည် မြင်းပေါ်မှ ဆင်း၍ မြင်းကို တပ်လှုလင်ထဲအပ်ကာ အယ်ပါတစ်နှင့် အတူ စံအိမ်ဘက်သို့ လိုက်ပါလာရင်း အခြေအနေကို မေးမြန်းလျက်ရှိ၏။ ယမန်နေ့က မင်းသမီးကလေး မေရီက လယ်သမားများအား ဝမ်းစာများ ဝေငှပေးမည်ဟု ပြောဆိုခြင်း၊ ဒရွန်ကို ခေါ်၍ ရှင်းပြခြင်း၊ လယ်သမားများ၏အစည်းအဝေးသို့ သွားရောက်စကားပြောခြင်းတို့ကြောင့် အခြေအနေမှာ တဖြည်းဖြည်း ဆိုးလာကာ ဒရွန်ကလည်း သော့များကို ပြန်အပ်၍ လယ်သမားများဘက်သို့ ပါသွားလေသည်။ အယ်ပါတစ်က ဒရွန်ကို အခေါ်ခိုင်းသော်လည်း ဒရွန်မှာ အတွေ့မခံဘဲ ရှောင်နေလေသည်။ ယနေ့နံနက် မင်းသမီးကလေး မေရီက ခရီးထွက်ရန် မြင်းများကို အကခိုင်းလိုက်သည့်အခါတွင်မူကား လယ်သမားအုပ်ကြီးသည် စပါးစည်အနီးတွင် စုဝေးရောက်ရှိလာကာ မင်းသမီးကလေး မေရီအား ပြောင်းရွှေ့ခွင့် မပေးနိုင်ကြောင်း၊ မင်းသမီးကလေးကို ပြောင်းရွှေ့ခွင့်မပြုရဟု အမိန့်ရထားကြောင်း၊ အကယ်၍ မနာခံလျှင် မြင်းများကို လှည်းမှ အတင်းဝင်ရောက်ဖြုတ်ယူရလိမ့်မည်ဖြစ်ကြောင်းဖြင့် လူတစ်ယောက်ကိုစေလွှတ်၍ အပြောခိုင်းလိုက်၏။ အယ်ပါတစ်သည် အကြီးအကျယ် ဒေါသကာ ဆူပူကြိမ်းမောင်းရန် ထွက်သွားသော်လည်း မင်းသမီးကလေး မေရီအား ပြောင်းရွှေ့ခွင့် မပြုနိုင်ကြောင်း၊ မိမိတို့တွင် ဤသို့ပြောင်းရွှေ့ခွင့် မပြုရန် အမိန့်ရထားကြောင်း၊ အကယ်၍ ဤနေရာတွင် ဆက်လက်နေထိုင်လျှင် ယခင်ကကဲ့သို့ မင်းသမီးကလေး မေရီ၏အမိန့်ကို

www.burmeseclassic.com

www.burmeseclassic.com

နာခံကာ အလုပ် ဆက်လက်လုပ်ကိုင်ကြမည်ဖြစ်ကြောင်း ဖြင့် အကြောင်းပြန်ခဲ့ကြ၏။ (လယ်သမား တို့၏ ကိုယ်စား ကာ်ပ်ဆိုသူ လယ်သမားကဦးဆောင်၍ စကားပြော၏။ ဒရွန်မှာ ရှောင်နေသဖြင့် မတွေ့ခဲ့ရချေ။)

နီကိုလေနှင့် အီလျင်တို့ တစ်သိုက် ရွာထဲသို့ ဒုန်းစိုင်းဝင်လာသည့်အချိန်တွင် မင်းသမီးကလေး မေရီသည် ခရီးထွက်ရန်အတွက် မြင်းများကို အကခိုင်းလိုက်လေသည်။ အယ်ပါတစ်၊ အထိန်းတော်ကြီးနှင့် အစေခံများက တားသော်လည်း မရတော့ချေ။ သို့ရာတွင် ရွာထဲသို့ ဒုန်းစိုင်း၍ဝင်ရောက်လာသော နီကိုလေတို့လူသိုက်ကို ပြင်သစ်တပ်များဟု အထင်မှားကာ ရထားသမား ထွက်ပြေးဖြင့် ခရီးမထွက်ဖြစ်ဘဲ ဖြစ်ရပြန်သည်။

"ဘုရားက စေလွှတ်လိုက်တာပဲ၊ မောင် မင်းကြီးသား ရောက်လာပေလို့ပေါ့၊ ဘုရား ဘုရား" နီကိုလေ စံအိမ်ထဲသို့ဝင်လာသည့်အခါတွင် ဤသို့ တီးတိုး ပြောသံများကို ကြားလိုက်ရ၏။

နီကိုလေ ရောက်သွားသည့်အချိန်တွင် မင်းသမီးကလေး မေရီသည် ကျယ်ပြန့်သောဧည့်ခန်းဆောင်ကြီးထဲရှိ ထိုင်ဖုံတစ်ခုပေါ်၌ စိတ်ပျက်လက်ပျက်ထိုင်လျက်ရှိလေသည်။ မင်းသမီးကလေး မေရီသည် နီကိုလေကို လည်းကောင်း၊ နီကိုလေ ရောက်လာခြင်းကိုလည်းကောင်း၊ မိမိအဖြစ်ကိုလည်းကောင်း သတိမရတော့ချေ။ သို့ရာတွင် နီကိုလေ၏ မျက်နှာပေါက်ကျပုံ၊ လမ်းလျှောက်ပုံနှင့် တကွ ရည်မွန်သောနှုတ်ဆက်စကားများကို မြင်လိုက် ကြားလိုက်သည်နှင့် တစ်ပြိုင်နက် နီကိုလေသည် မိမိကဲ့သို့ အထက်တန်းစားထဲက ဖြစ်ကြောင်း သတိပြုမိလိုက်ကာ တောက်ပဝင်းလက်သောမျက်လုံးကြီးများဖြင့် တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် တုန်ယင်လျက်ရှိသော အသံဖြင့် အဖြစ်အပျက်ကို ပြောပြလေသည်။ မိမိတို့နှစ်ဦး၏ တွေ့ဆုံရပုံသည် ဝိတ်ကူးယဉ်အဖြစ်အပျက် ဆန်လွန်းလှသည်ဟု နီကိုလေ တွေးလိုက်မိသည်။ 'အင်း ခမည်းတော်ဆုံးလို့ သောကရောက်ရတဲ့အထဲ လယ်သမားတွေက အာဏာဖီဆန်လို့ အားကိုးရာမဲ့ဖြစ်နေတဲ့အချိန်မှာ ငါနဲ့ လာတွေ့ရတယ်၊ ကံတရားများ တယ်ပြီး ဆန်းကြယ်ပေတာပဲ၊ ထိပ်ထားကြည့်ရတာ မျိုးရိုးကလဲ ကောင်း၊ အမူအရာ အပြောအဆိုကလဲ သိမ်မွေ့လိုက်ပါဘိ' နီကိုလေသည် အသံခပ်တိမ်တိမ်ဖြင့် ပြောဆိုလျက်ရှိသော မင်းသမီးကလေး မေရီ၏စကားများကို နားထောင်ရင်း တွေးနေမိလေသည်။

ဤအဖြစ်အပျက်များသည် ခမည်းတော်ကြီး၏ ဈာပနအခမ်းအနားပြီးသည့် နောက်တစ်နေ့တွင် ဖြစ်ပျက်လာခြင်းဖြစ်ကြောင်း ပြောပြသည့်အခါတွင် မင်းသမီးကလေး မေရီ၏ အသံမှာ ပို၍တုန်လာလေသည်။ မင်းသမီးကလေး မေရီသည် မျက်နှာကို လွှဲလိုက်ပြီးနောက် သနားစဖွယ် ဖြစ်အောင် ပြောခြင်းဖြစ်သည်ဟု နီကိုလေစိတ်၌ အထင်ရောက်သွားမည်ကို စိုးရိမ်သည်ဟန်ဖြင့် နီကိုလေ၏ အရိပ်အခြည်ကို ကြည့်နေမိသည်။ နီကိုလေ၏ မျက်လုံးတွင်လည်း မျက်ရည်တွေဝဲလျက် ရှိသည်။ ဤအခြင်းအရာကို - မင်းသမီးကလေး မေရီကလည်း သတိထားလိုက်မိသည်။ ထို့နောက် ကျေးဇူးတင်သည့်အနေဖြင့် တောက်ပဝင်းလက်သော မျက်လုံးကြီးများဖြင့် ကြည့်လိုက်လေရာ ထိုမျက်လုံးကြီးများ၏ လှပခြင်းသည် မင်းသမီးကလေး မေရီ၏ ရိုးလှသော မျက်နှာကို ဖုံးကွယ်ပစ်လိုက်သကဲ့သို့ ရှိလေသည်။

"ကျွန်တော် ဒီနေရာကို မမျှော်လင့်ဘဲ ရောက်လာခဲ့ပြီး ထိပ်ထားရဲ့အမူကိစ္စကို သယ်ပိုးထမ်းရွက်ဖို့ အဆင်သင့်ရှိခ်ကြောင်း ပြသခွင့်ကြုံလာတဲ့အတွက် ဝမ်းသာလို့ မဆုံးနိုင်အောင်ရှိပါတယ် ထိပ်ထား၊ ထိပ်ထား အလိုရှိတာကို သာ မိန့်တော်မူပါ၊ ထိပ်ထားလေးနှစ်သက်တဲ့ နေရာကို နှစ်သက်တဲ့အချိန်မှာ ကြွနိုင်ပါတယ်၊ အကယ်၍ ထိပ်ထားရဲ့ကိုယ်ရံတော်အဖြစ် စောင့်ရှောက်လိုက်ပါဖို့ ကျွန်တော့်ကို ခွင့်ပြုမယ်ဆိုရင်လဲ လိုက်ပို့ပါရစေ၊ မဲ့တစ်ပေါက် မစွန်းစေရဘူးဆိုတာ ကျွန်တော် ဝန်ခံပါတယ်"

နီကိုလေက ထိုင်ရာမှ ထလိုက်၍ မင်းမျိုးမင်းနွယ်တစ်ဦးကို နှုတ်ဆက်သကဲ့သို့ ရိုသေစွာဦးညွှတ်နှုတ်ဆက်လျက် တံခါးဆီသို့ ထွက်လာခဲ့သည်။

နီကိုလေသည် မင်းသမီးကလေး မေရီနှင့် သိကျွမ်းရသည့်အတွက် များစွာဝမ်းသာလျက်ရှိသော်လည်း ဒုက္ခရောက်နေသော မိန်းမသားတစ်ယောက်အပေါ်တွင် အခွင့်အရေးယူသည်ဟု ထင်စရာဖြစ်နေမည်ကို စိုးရိမ်ပုံရသည်။ ထို့ကြောင့်လည်း လိုက်ပို့မည်ဟု မပြောဘဲ စကားကို မယုတ်မလွန်ပြောခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးကလေး မေရီကလည်း ဤသဘောကို ရိပ်စားမိကာ နီကိုလေ၏ ယဉ်ကျေးသိမ်မွေ့ပုံကို ကျေနပ်လျက် ရှိ၏။

"ကျေးဇူး အများကြီး တင်ပါတယ်" မင်းသမီးကလေး မေရီက ပြင်သစ်လို ပြောလိုက်၏။ "ဒါပေမဲ့ ထိပ်ထား ထင်ပါတယ်၊ ခုလို ဖြစ်ရတာတွေဟာ အထင်လွဲလို့ ဖြစ်ရတာပါ၊ သူတို့ခမျာလဲ အပြစ်ဆိုဖို့ မရှိပါဘူး" မင်းသမီးကလေး မေရီက ရှိုက်လိုက်၏။

"ထိပ်ထားကို ခွင့်လွှတ်ပါနော်၊ ထိပ်ထား ဝမ်းနည်းလွန်းလို့ပါ"

နီကိုလေသည် နောက်တစ်ကြိမ် ဦးညွှတ်နှုတ်ဆက်ပြီးနောက် စံအိမ်ထဲမှ ထွက်ခဲ့လေသည်။

အခန်း ၁၄

"ဘယ့်နယ်လဲ ဗိုလ်မှူး၊ ထိပ်ထားက ချောရဲ့လား၊ ကျွန်တော့်ပန်းရောင်ကလေးကတော့ မဲ့တယ်ဗျို့၊ အမည်ကလေးကလဲ ဒွန်ယာရှာတဲ့ဗျ ဟိ ဟိ"

အီလျင်သည် ဤသို့ပြောရာမှ နီကိုလေ၏ မျက်နှာထားကို မြင်လိုက်သည်တွင် တန့်၍သွား၏။ ၎င်း၏ သူရဲကောင်းလည်း ဖြစ်၊ တပ်မှူးလည်း ဖြစ်သော နီကိုလေသည် တစ်စုံတစ်ရာကို လေးနက်စွာ တွေးတောလာဟန် တူပေသည်။

နီကိုလေသည် အီလျင်ကို မျက်နှာထားဖြင့် ကြည့်လိုက်ပြီးလျှင် မည်သို့မျှ မပြောဘဲ ခြေလှမ်းကျဲကြီးဖြင့် ရွာဘက်သို့ ထွက်သွားလေသည်။

"ခွေးသားတွေ ဓားပြတွေ၊ အကြောင်းသိရောပေါ့ကွာ" နီကိုလေသည် ပါးစပ်ကလည်း တတွတ်တွတ် ရွတ်လျက် ရှိသည်။ အယ်ပါတစ်သည် နီကိုလေနောက်က မပြေးရုံတမယ် ခပ်သုတ်သုတ် လိုက်လာလေသည်။

"ဘယ်လို စီစဉ်ပါသလဲ ဗိုလ်မှူး" အယ်ပါတစ်က မေးလိုက်သည်။ နီကိုလေသည် ရပ်လိုက်၍ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ လှည့်ကြည့်လိုက်ပြီး

"ဘယ်လိုစီစဉ်ရမှာလဲဗျ၊ ခင်ဗျား ဘာသောက်သုံးကျသလဲ၊ လူကြည့်တော့ ကြီးလှပြီ၊ သူငယ်တောင် ပြန်တော့မယ်၊ ဒီလောက် ဆူပူနေတဲ့ လယ်သမားတွေကို နိုင်အောင် မအုပ်နိုင်တော့ဘူးလား၊ ခင်ဗျား ဘာလုပ်နေတာလဲ၊ ခင်ဗျားလဲ ကြံရာပါထဲက နေမှာပဲ၊ ကျုပ် အကုန်ရိုက်သတ်ပစ်ပြန်ရော့မယ် တောက်"

နီကိုလေသည် ရင်ထဲတွင် ချုပ်တည်းထားရသော ဒေါသအစိုင်အခဲကို အလဟဿ ဖြုန်းတီးခြင်း မပြုလိုသည့်နှယ် နောက်ထပ် ဆက်လက်မပြောတော့ဘဲ ရှေ့က စိုက်စိုက် စိုက်စိုက်နှင့် ထွက်သွားသည်။ အယ်ပါတစ်သည် ကြားထဲက အချောင်အကြိမ်းခံရသည့်အတွက် ထောင်းခနဲ ဖြစ်သွားသော်လည်း ချုပ်တည်းကာ နောက်က လိုက်သွားရင်း လယ်သမားများမှာ များစွာခေါင်းမာ၍ ရိုင်းစိုင်းကြကြောင်း၊ လက်နက်မပါဘဲ ၎င်းတို့ကို အရမ်းလုပ်၍ မရကြောင်း၊ ထို့ကြောင့် စစ်တပ်ကို အခေါ်လွှတ်လျှင် ကောင်းမည်ဖြစ်ကြောင်းဖြင့် တတွတ်တွတ်ပြော၍ လိုက်ပါလာသည်။

"စစ်တပ် ခေါ်မှာပေါ့ဗျ၊ ခင်ဗျား ပြောမှလား၊ ရမ်းမယ်၊ ဒီကောင်တွေကို 'အရမ်း' လုပ်ပြမယ်" နီကိုလေသည် ဆင်ခြင်တုံတရားကင်းသော တိရစ္ဆာန် ဒေါသစိတ်၊ ထိုဒေါသကို ချုပ်နှောင်မထားဘဲ ဖြေလွှတ်ပေးလိုသော စိတ်တို့ဖြင့် မွန်ထူလျက်ရှိရာက အသက်ပင် မှန်မှန်မရှူနိုင်လောက်အောင် ဖြစ်လျက်ရှိလေပြီ။

နီကိုလေသည် လယ်သမားများနှင့် တွေ့လျှင် မည်သို့ပြုလုပ်ရမည်ကို တွေးတောမိခြင်း မရှိသေးဘဲ ခြေလှမ်းကျဲကြီးများဖြင့် လူအုပ်ဆီသို့ လျှောက်လာခဲ့လေသည်။ အနားသို့ရောက်လာလေလေ အယ်ပါတစ်မှာလည်း ဤလို ခပ်ရမ်းရမ်းလုပ်မှ ကောင်းသည်ဟု ထင်မှတ်လာလေလေ ဖြစ်၏။ နီကိုလေ၏ တင်းမာသောမျက်နှာ၊ လျင်မြန်သော ခြေလှမ်းများကို ကြည့်၍ လယ်သမားများမှာလည်း ကြောက်လန့်စိုးရိမ်စ ပြုလာကြလေသည်။

နီကိုလေတို့တစ်သိုက် ဤသို့ ရွာထဲသို့ရောက်လာ၍ နီကိုလေနှင့် မင်းသမီးကလေး မေရီတို့ တွေ့ဆုံစကား ပြောကြသည့်အတောအတွင်း၌ကား လယ်သမားအုပ်စုထဲတွင် သဘောကွဲလွဲမှုများ ပေါ်ပေါက်လာခဲ့လေပြီ။ အချို့က ယခုမှရောက်လာသော တပ်ဗိုလ်များသည် ရုရှားတပ်ဗိုလ်များ ဖြစ်ကြောင်း၊ မင်းသမီးကလေး မေရီကို မိမိတို့က တားဆီးထားသည်ဟု တပ်ဗိုလ်များက အထင်လွဲနိုင်ကြောင်းဖြင့် ပြောဆိုကြ၏။ ထိုသို့ပြောဆိုသူများမှာ ဒရွန်

www.burmeseclassic.com

www.burmeseclassic.com

တို့ လူသိုက်ဖြစ်၏။ သို့ရာတွင် ဒရွန်က ဤသို့ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ကာ့ပ်တို့ လူသိုက်က ထ၍ ပွက်ကြလေသည်။

"ဟေ့ လူကြီး ခင်ဗျားကတော့ ဒီမြေပေါ်မှာ အံ့ခွအောင်စားလာရပြီကိုး၊ ခင်ဗျားက သူတို့ဘက်က လိုက်မှာပေါ့၊ ဒါပဲနော် ကိုယ့်လူ၊ ခင်ဗျားမပါချင်ရင် ခင်ဗျားမြှုပ်ထားတဲ့ငွေအိုးကို ခင်ဗျားဘာသာ တူးယူပြီး အေးအေးလေး ထွက်သွားပါ၊ ကျုပ်တို့အိမ်တွေ မီးလောင်လို့မကဘာကြီးဖြစ်နေနေ ခင်ဗျာ့အပူ တစ်ပြားသား မရှိဘူး"

"ဟေ့ ကိုယ့်ရွာကနေ ဘယ်မှ ထွက်မသွားရဘူးလို့ မင့်အဘ ပြင်သစ်တပ်တွေက ကြေညာချက် ထုတ်ထားတယ်ကွ၊ မသိဘူးလား" တစ်ယောက်က အော်ပြန်သည်။

"ဟေ့ကောင်၊ မင်းက ဒီမှာမနေဘဲ တခြားရွှေ့ဖို့ ပြောနေတာဟာ မင့်သား စစ်သားစုဆောင်းရေးထဲ ပါသွားချင်လို့လား ဟင်၊ ငါ့သား ပါသွားတာ မင်း မသိတော့ဘူးလား၊ အကုန်သေကုန်အောင် အပြောင်းခိုင်းနေတာလား" အဘိုးကြီးတစ်ယောက်က ဒရွန်ကို အော်၍ပြောနေပြန်သည်။

"ကျုပ်အဖို့ကတော့ အများသဘောအတိုင်းပါ၊ ကျုပ်တစ်ယောက်တည်းအတွက် ပြောနေတာ မဟုတ်ပါဘူး"

"ဟေ့ တော်ကွ၊ အများသဘောဆိုရင်လဲ ဘာမှပြောမနေနဲ့"

ခဏကြာလျှင် နီကိုလေ ရောက်လာ၏။ နီကိုလေ့နောက်၌ အီလျင်၊ လာဗရူရှကာနှင့် အယ်ပါတစ်တို့လည်း လိုက်လာကြသည်။ ကာ့ပ်သည်ခါးထောက်၍ ခပ်ပြုံးပြုံးဖြင့် ရှေ့သို့ ထွက်လာသည်။ ဒရွန်ကား လူအုပ်နောက်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ လူအုပ်ကြီးသည် ရှေ့သို့ တိုးလာ၏။

"ဟေ့ ဒီထဲက လူကြီး ဘယ်သူလဲ" နီကိုလေက အော်၍ မေးလိုက်သည်။

"ဘာကိစ္စလဲ၊ လူကြီးနဲ့ ဘာကိစ္စ တွေ့ချင်လို့လဲ" ကာ့ပ်က မေးလိုက်သည်။

သို့ရာတွင်စကားမဆုံးခင် လက်သီးတစ်လုံးသည် ကာ့ပ်၏ မေးရိုးပေါ်သို့ အရှိန်ပြင်းစွာ ရောက်လာကာ ကာ့ပ်၏ခေါင်းသည် လည်ထွက်လာပြီး ဦးထုပ်လည်း လွင့်ကျသွား၏။

"သစ္စာဖောက်တွေ အကုန် ဦးထုပ်ချွတ်၊ ဘာမှတ်နေသလဲ" နီကိုလေက သွားကြီးစေ့၍ အော်လိုက်သည်။ "ဘယ်မှာလဲ ရွာလူကြီး"

"ဟေ့ ဟေ့ ရွာလူကြီးတဲ့၊ ရွာလူကြီးကို မေးနေတယ်၊ ဒရွန် ခင်ဗျားကို ခေါ်နေတယ်" လယ်သမားများ၏ အသံများသည် ပျော့သွားကြ၏။ ဦးထုပ်များကို ချွတ်၍လည်း အရိုအသေပြုလိုက်ကြသည်။

"ကျွန်တော်တို့ အာဏာဖီဆန်တာ မဟုတ်ပါဘူး၊ အမိန့်ကို လိုက်နာပါတယ်" ကာ့ပ်က ပြောလိုက်သည်။ ထိုအချိန်၌ လယ်သမားများသည် ဆူညံစွာ စကားပြောလျက် ရှိကြလေပြီ။

"ခင်ဗျားတို့ လူကြီးတွေကမှ အဟုတ်မဟုတ်ကြဘဲကိုးဗျ၊ တစ်ယောက်က တစ်မျိုး၊ တစ်ယောက်က တစ်မျိုး အမိန့်ပေးနေကြတော့ ကျုပ်တို့ လူငယ်တွေ ဘာလုပ်ရမှာလဲ"

"ဟေ့ အကုန် တိတ်၊ သောက်စကား များမနေကြနဲ့၊ ဓားပြတွေ၊ သူပုန်တွေ" နီကိုလေသည် ၎င်း၏ပင်ကို မဟုတ်သောအသံကြီးဖြင့် ကြောက်လန့်ဖွယ် ဟိန်းလိုက်ပြီးနောက် ကာ့ပ်ကို ကုပ်မှ ဆွဲကိုင်လိုက်သည်။ "ဟေ့ ဒီကောင်ကို ကြိုးနဲ့ တုပ်ထားကြစမ်း" လာဗရူရှကာသည် ပြေးလာကာ ကာ့ပ်ကို နောက်မှ လက်ပြန်ပူး၍ ချုပ်ထားလိုက်သည်။

"ကျွန်တော်တို့ တပ်တွေကို ခေါ်လိုက်ရမလားဗိုလ်မှူး" လာဗရူရှကာက အော်၍ မေးလိုက်၏။

အယ်ပါတစ်က လယ်သမားအုပ်ကြီးဘက်သို့လှည့်ကာ လူနှစ်ယောက်နာမည်ကို ခေါ်၍ ကာ့ပ်ကို ကြိုးနှင့် အတုပ်ခိုင်းလိုက်သည်။ လူနှစ်ယောက်သည် ရှေ့သို့ ထွက်လာကာ ၎င်းတို့ခါးမှ ခါးပတ်များကို ဖြုတ်နေသည်။

"ရွာလူကြီး ဘယ်မှာလဲ၊ မေးနေတာ မကြားဘူးလား" နီကိုလေက အော်လိုက်ပြန်သည်။

ဒရွန်သည် သွေးမရှိတော့သောမျက်နှာဖြင့် မျက်မှောင်ကုတ်လျက် လူကြားထဲမှ ထွက်လာ၏။

"ဘာလဲ ခင်ဗျား ရွာလူကြီးလား၊ ဟေ့ လာဗရူရှကာ၊ သူ့ကိုလဲ ကြိုးနဲ့ တုပ်" နီကိုလေက ထပ်၍အမိန့်ပေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် လယ်သမားနှစ်ယောက် ထွက်လာကြပြန်ကာ ခါးပတ်များဖြင့် ဒရွန်ကို တုပ်နှောင်ပြီးနောက် လာဗရူရှကာလက်သို့ အပ်လိုက်သည်။

"ဒီမှာ ခင်ဗျားတို့အားလုံး နားထောင်" နီကိုလေက လယ်သမားများကိုကြည့်၍ ပြောလိုက်၏။ "ခင်ဗျားတို့ အိမ်ကို ပြန်ပါ၊ အေးအေးဆေးဆေး သွားပါ၊ ဆူဆူညံညံ တစ်ခွန်းမှ မကြားပရစေနဲ့"

"ဘာဖြစ်လို့လဲ ဗိုလ်မှူး၊ ကျွန်တော်တို့ ဘာမှ မလုပ်ရပါကလား၊ ခုကိစ္စကတော့ မသိလို့ မှားတာပါ၊ ကျွန်တော်တို့က အစကတည်းက ပြောပါတယ်" တစ်ယောက်တစ်ခွန်း ဆူညံစွာပြောဆိုလျက် ရှိကြပြန်သည်။

"ဘာ ခုမှ စကားများနေကြတာလဲ၊ အစတုန်းက ငါ မပြောဘူးလား" အယ်ပါတစ်က ဝင်၍ငေါက်လိုက်သည်။ အတန်ကြာမှ စိတ်ပြေသွားဟန်ဖြင့် "မင်းတို့ လုပ်ပုံကလဲ ဟုတ်မှ မဟုတ်ဘဲကိုးကွ"

"ကျွန်တော်တို့ မှားတာပါ အယ်ပါတစ်" လယ်သမားများသည် ဤသို့ပြောဆိုပြီးနောက် လူစုခွဲကာ ရွာထဲသို့ ပြန်သွားကြလေသည်။

ကြိုးနှင့် တုပ်ထားသော ကာ့ပ်နှင့် ဒရွန်တို့ကို စံအိမ်ဘက်သို့ ခေါ်လာခဲ့၏။ အရက်မူးသော လယ်သမားနှစ်ယောက်သည် နောက်က လိုက်လာကြသည်။

"အံမာ ကြိုးလေ၊ တုပ်ထားရက်ဆိုတော့ ကြည့်လို့ အကောင်းသားဗျ" တစ်ယောက်က လှမ်းပြောလိုက်၏။

"ဟေ့ကောင်၊ ဆရာ့ကို ဒီလိုမနောက်ပါနဲ့ကွ၊ ဘာများ အောက်မေ့နေသလဲ" တစ်ယောက်က ပြောပြန်သည်။

နှစ်နာရီခန့် ကြာသောအခါ ဘိုဂူချာရိုဗိုစံအိမ်ရှေ့တွင် လှည်းများ ရောက်လာကြလေသည်။ လယ်သမားများသည် ၎င်းတို့သခင်၏ပစ္စည်းများကို ထုပ်ပိုးကာ လှည်းများပေါ်သို့တင်လျက် ရှိကြ၏။ နီကိုလေသည် ဒရွန်ကို ဗိုရိုကြီးတွင်ထည့်၍ ပိတ်ထားစေသော်လည်း မင်းသမီးကလေး မေရီ၏တောင်းပန်ချက်ကြောင့် ပြန်လွှတ်လိုက်ပြီဖြစ်၏။ ဒရွန်သည် စံအိမ်ရှေ့တွင်ရပ်လျက် ၎င်း၏ လူများကို စီမံခန့်ခွဲလျက် ရှိနေလေသည်။

"ဟေ့ ဒီလို ပစ်စလက်ခတ် မလုပ်ပါနဲ့ကွ" မျက်နှာဝိုင်းဝိုင်းနှင့် လက်သမားတစ်ယောက်က အစေခံမိန်းမတစ်ဦးလက်မှ ကြွေတ်တစ်လုံးကို လှမ်းယူရင်း တစ်ယောက်ကို လှမ်းပြောလိုက်၏။ "ဘယ်လောက် အဖိုးတန်တယ်မှတ်သလဲ၊ ဒီအောက်ထိုးထည့်ရင် ပွန်းပဲ့ကုန်မှာပေါ့ကွ၊ ဒီလိုလုပ်တာ ငါ မကြိုက်ပါဘူး၊ မလုပ်ချင်အသာထိုင်နေပါ၊ လုပ်ရင်လဲ သေသေချာချာလုပ်ပါ၊ ဒီမှာ ကြည့်၊ လျှော်ဖျာအောက်ကို ထိုးထည့်၊ အပေါ်က ကောက်ရိုးဖုံး သိလား"

"အလိုလေး ဘုတ်အုပ်တွေဗျ၊ ဘုတ်အုပ်တွေ၊ ဟော့လူတွေ ဘုတ်အုပ်တွေက လေးတယ်နော် သတိထား" မင်းသားကလေး အင်ဒရေ၏စာကြည့်ဆောင်ထဲမှ စာအုပ်ဗီရိုများကို မ လာရင်း ပြောလိုက်သည်။

"ကြည့်စမ်းဗျာ ကိုယ်တော်လေး ဘုတ်အုပ်တွေ နည်းတာ မဟုတ်ဘူး၊ ကိုယ်တော်တို့က စာချည်းပဲ ဖတ်နေတာပဲ၊ ကစားခုန်စားရယ်လို့ကို မရှိဘူး" အရပ်မြင့်မြင့် လယ်သမားကြီးတစ်ဦးက အဘိဓာန်စာအုပ်ကြီးများကို လက်ညှိုးထိုး၍ ပြောလိုက်သည်။

နီကိုလေသည် မင်းသမီးကလေး မေရီကို အနှောင့်အယှက်မဖြစ်စေလိုသည့်အတွက် စံအိမ်ဘက်သို့ ပြန်မသွားတော့ဘဲ ရွာထဲတွင် စတည်းချကာ မင်းသမီးကလေး မေရီထွက်ခွာမည့်အချိန်ကို စောင့်လျက်ရှိလေသည်။ မင်းသမီးကလေး မေရီ၏ရထား စံအိမ်မှ ထွက်လာသည့်အခါတွင် နီကိုလေသည် မြင်းပေါ်သို့ တက်လိုက်ပြီးနောက် ဘိုဂူချာရိုဗိုမှ ရှစ်မိုင်ဝေး၍ ရှာဂျားတပ်များ သိမ်းပိုက်ထားသော ပေတစ်ရာလမ်းမကြီးအထိ မင်းသမီးကလေး မေရီနှင့်အတူ လိုက်ပါလာခဲ့သည်။ ယန်ကိုဗိုရှိ ထမင်းဆိုင်ကလေးသို့ ရောက်သည်၌ နီကိုလေသည် ရိုသေစွာနှုတ်ဆက်ကာ မင်းသမီးကလေး မေရီ၏လက်ခုံကို ပထမဆုံးအကြိမ် နမ်းရှုပ်နှုတ်ဆက်ခြင်း ပြုလေသည်။

မိမိ ဒုက္ခသုက္ခရောက်နေချိန်တွင် နီကိုလေ ရောက်နေခြင်းမှာ ဘုရားသခင်၏တမန်တော်တစ်ပါး ရောက်လာ၍ ကယ်တင်ခြင်းနှင့် တူပါကြောင်း၊ ထို့ကြောင့် အလွန်အက္ကူး ကျေးဇူးတင်ရှိပါကြောင်းဖြင့် မင်းသမီးကလေး မေရီက ထုတ်ဖော်ပြောဆိုသည့်အခါ၌ နီကိုလေ၏ မျက်နှာမှာ နီရဲသွားလေသည်။

"အထူးတလည် ကျေးဇူးတင်စရာ မလိုပါဘူး ထိပ်ထား၊ ဒီအကူအညီမျိုးလောက်ကိုတော့ ရဲအရာရှိ

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးကလဲ ပေးနိုင်တာပါပဲ၊ လယ်သမားဆိုတာ ဒီလိုပဲ၊ လယ်သမားတွေကသာ သိတတ်လို့ ရန်သူကို ခုခံခဲ့ကြရင် ရန်သူတွေ ဒီထိအောင်လာနိုင်ကြမယ် မဟုတ်ပါဘူး”

နိကိုလေက မိမိအား ချီးကျူးခြင်းဖကြောင့် ရှက်သွေးဖြာလျက်ရှိရာက စကားလွှဲလိုက်သည်။

“ကျွန်တော့်အဖို့ကတော့ ထိပ်ထားနဲ့ သိကျွမ်းခွင့်ရတဲ့အတွက်ကိုပဲ ဝမ်းသာလှပါပြီ၊ ကဲ ထိပ်ထား ကြွပေဦးတော့၊ ထိပ်ထားတစ်ယောက် စိတ္တသုခ၊ ကာယသုခနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းလိုက်ပါတယ်၊ နောက် ပြန်တွေ့ကြတဲ့အခါမှာလဲ ထိပ်ထားတစ်ယောက် ပျော်ရွှင်ချမ်းမြေ့တဲ့ အခြေအနေမျိုးမှာ ပြန်တွေ့ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ကျွန်တော် အနေခက်တာကို ထိပ်ထား မမြင်လိုဘူး ဆိုရင် ကျေးဇူးတင်စကား နောက်ထပ်မပြောပါနဲ့တော့ ထိပ်ထား”

သို့ရာတွင် မင်းသမီးကလေး မေရီသည် နိကိုလေကို ကျေးဇူးမတင်ဘဲ မနေနိုင်ပါ။ ကျေးဇူးတင်ကြောင်းကို စကားလုံးများဖြင့် ထုတ်ဖော်ခြင်း မပြုရဟုဆိုလျှင်လည်း ကြင်နာခြင်း၊ ကျေးဇူးသိတတ်ခြင်းတို့ဖြင့် ဝင်ထိန်လျက်ရှိသောမျက်နှာအမူအရာတစ်ခုလုံးဖြင့် ကျေးဇူးတင်ကြောင်းကို ဖော်ပြလျက်ပင် ရှိပါသည်။ မိမိအား ဘာမျှ အထူးတလည်ကျေးဇူးတင်ဖွယ်မရှိဆိုသော နိကိုလေ၏ စကားကို မင်းသမီးကလေး မေရီ လက်မခံနိုင်ပါ။ အကယ်၍သာ နိကိုလေ ရောက်မလာခဲ့လျှင် မိမိသည် ဆူပူသောင်းကျန်းလျက်ရှိသော လယ်သမားများနှင့် ပြင်သစ်များ၏ လက်ခုပ်တွင်းတွင် သွန်လိုသွန် မှောက်လိုမှောက်အဖြစ်မျိုးသို့ ရောက်ရတော့မည်ဟု မင်းသမီးကလေး မေရီ ထင်မှတ်လျက် ရှိပါသည်။ နိကိုလေသည် ၎င်း၏ အန္တရာယ်ကို ပမာနမထားတော့ဘဲ မိမိကို ကယ်တင်ခဲ့သည်ဟု လည်း မင်းသမီးကလေး မေရီ ထင်မှတ်လျက်ရှိပါသည်။ ထို့မှမက နိကိုလေသည် မိမိ၏ ဒုက္ခ၊ မိမိ၏ သောကတို့ကို ကိုယ်ချင်းစာတတ်သော စိတ်သဘောထား မြင့်မြတ်သူတစ်ဦး ဟူ၍လည်း မင်းသမီးကလေး မေရီ တစ်ထစ်ချ ယူဆလိုက်ပါသည်။ မိမိ၏ ဆုံးရှုံးမှုကြီးကို ငိုရှိုက်၍ ပြောပြသောအခါ၌ မျက်ရည်တို့ ဖုံးလျက်ရှိသော နိကိုလေ၏ ကြင်နာရိုးသားသည့်မျက်လုံးများကိုလည်း မင်းသမီးကလေး မေရီ မမေ့နိုင်တော့ပါ။

နိကိုလေနှင့် ခွဲလာပြီးနောက် မိမိတစ်ဦးတည်း ခရီးဆက်ခဲ့ရသောအခါ၌ကား မင်းသမီးကလေး မေရီ၏ မျက်လုံးများ၌ မျက်ရည်များဝဲလျက် ရှိလေသည်။ ၎င်း၏ စိတ်၌ ထပ်ပြန်တလဲလဲ ပေါ်ပေါက်လျက်ရှိသော ထူးဆန်းသည့်မေးခွန်းသည်လည်း ထပ်မံ ပေါ်ပေါက်လာခဲ့လေသည်။ ထိုမေးခွန်းကား မိမိသည် နိကိုလေကို မေတ္တာသက်ဝင်နေပြီလောဟူသော မေးခွန်း ဖြစ်လေသည်။

ယန်ကိုဗိမှ မော်စကိုသို့ သွားရာလမ်းသည် မင်းသမီး မေရီအဖို့ ရွှင်လန်းကြည်မွေ့ဖွယ် မရှိသော်လည်း မင်းသမီးကလေး မေရီသည် ရထားပြတင်းဝမှ မကြာခဏ ခေါင်းပြူထွက်လျက် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတို့ ရောယှက်လျက်ရှိသော အမူအရာဖြင့် တစ်စုံတစ်ရာအတွက် ပြုံးလျက် လိုက်ပါလာခြင်းကို အတူလိုက်ပါလာသော ဒွန်ယာရာသည် တစ်ကြိမ်မက သတိပြုမိ၏။

‘ငါ သူ့ကို တကယ်ချစ်နေပြီလား’ မင်းသမီးကလေး မေရီသည် ဤသို့ တွေးမိ၏။

မိမိအပေါ်၌ ချိုသည် ခါးသည် မသိရသေးသည့် လူတစ်ယောက်အား တစ်ဖက်သတ် ကျိတ်၍ ချစ်နေသော မိမိအဖြစ်ကိုတွေးမိသည့်အခါ၌ကား မင်းသမီးကလေး မေရီသည် လိပ်ပြာမလုံဖြစ်လျက် ရှိလေသည်။ သို့ရာတွင် မိမိ၏ အုံ့ပုန်းချစ်ကို မည်သူမျှ သိကြတော့မည်မဟုတ်ဟုလည်းကောင်း၊ မိမိ၏ ဘဝတွင် ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် ချစ်မိသူတစ်ယောက်အား ဤသို့သော အုံ့ပုန်းချစ်မျိုးဖြင့်ပင် သေတစ်ပန် သက်တဆုံး ချစ်ခင်သွားလျှင် မိမိ၌ ဘာမျှအပြစ်မရှိဟု လည်းကောင်း တွေးကာ ကိုယ့်ကိုယ်ကိုနှစ်သိမ့်လျက် ရှိလေသည်။

တစ်ခါတစ်ရံ နိကိုလေ၏ အမူအရာ၊ နိကိုလေ၏ ကြင်နာယုယမှုနှင့် နိကိုလေ၏ စကားများကို ပြန်ပြောင်းတွေးမိပြန်လျှင်လည်း မိမိတို့နှစ်ဦး၏ အချစ်ရေးသည် မျှော်လင့်ချက်ရှိသေးသည်ဟု တွေးမိကာ တသိမ့်သိမ့်ကြည်နူးမိပြန်သည်။ ရထားပြတင်းမှ ခေါင်းပြူ၍ ပြုံးလျက်လိုက်ပါလာသော ၎င်း၏ ထိပ်ထားသခင်မလေးကို ဒွန်ယာရာသတိပြုမိသောအချိန်မှာ ထိုသို့ ကြည်နူးလျက် ရှိချိန် ဖြစ်လေသည်။

“ကံတရားက ဖန်တီးပေးလိုက်တဲ့အခါကျတော့ ထိပ်ထားမှာ ဒုက္ခသုက္ခတွေကြုံနေတုန်း သူကလဲ ဘိုဂျာ

www.burmeseclassic.com

www.burmeseclassic.com

ရိုဗိုကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပေတာပဲနော်၊ တိုက်ဆိုင်ချင်တော့ သူ့ညီမတော်ကလဲ အင်ဒရေကိုငြင်းပြီးသား ဖြစ်နေတယ်*”

ဤအဖြစ်အပျက်အား လုံးသည် ဘုရားသခင်၏ ဖန်တီးမှုဖြစ်သည်ဟု မင်းသမီးကလေး မေရီ ယူဆသည်။

ထို့အတူ နီကိုလေသည် မင်းသမီးကလေး မေရီကို တစ်ဖက်သတ် တိမ်းညွတ်လျက် ရှိလေသည်။ မင်းသမီးကလေး မေရီအကြောင်းကို တွေးလိုက်သည်နှင့် နီကိုလေသည် ရွှင်ပျကြည်နူးလာတော့သည်။ ၎င်း၏သွေးသောက်များသည် နီကိုလေ၏ ဘိုဂျာရိုဗို ‘စွန့်စားခန်း’များကို နားထောင်ပြီးနောက် ကောင်းချီးဩဘာပေးကြကာ မြင်းစာရုံထွက်သော နီကိုလေသည် မြင်းစာမတွေ့ဘဲ ရုရှားပြည်တွင် အချမ်းသာဆုံးသော သူကြွယ်သမီးကို တွေ့ခဲ့သည်ဟု နောက်ပြောင်သည့်အခါ၌ကား နီကိုလေမှာ တရှုံးရှုံး တရားရှုံးဖြစ်လျက် ရှိလေသည်။ နီကိုလေ ဒေါပွခြင်းကား အခြားကြောင့် မဟုတ်။ မိမိအဖို့ ရုပ်ရည်ဆိုး၍လည်း ပြောစရာမရှိ၊ ဥစ္စာပစ္စည်းဆိုး၍လည်း ဆိုစရာမရှိသည့် သိမ်မွေ့နုးညံ့သော မင်းသမီးကလေး မေရီနှင့် လက်ထပ်ရန် ဟူသော စိတ်ကူးသည် ၎င်း၏အလိုကို အတင်းဆန့်ကျင်ကာ ခေါင်းထဲသို့ မကြာခဏ ချဉ်းနင်းဝင်ရောက်လာသောကြောင့် ပေတည်း။ နီကိုလေ တစ်ဦးတည်းအနေဖြင့် ကြည့်သော် လောကၼ် မင်းသမီးကလေး မေရီထက် သင့်လျော်သောကြင်ရာ ရှိနိုင်မည် မဟုတ်သည်မှာ မှန်ပါသည်။ မင်းသမီးကလေး မေရီနှင့် လက်ထပ်ခြင်းကြောင့် မိခင်မြို့စားကတော်ကြီးလည်း စိတ်ချမ်းသာမည်သာ ဖြစ်သည်။ ဖခင်မြို့စားကြီး စီးပွားရေးကိစ္စများသည်လည်း အဆင်ပြေသွားမည်သာ ဖြစ်ပါသည်။ မင်းသမီးကလေးမေရီ၏ စိတ်ချမ်းသာမှုသည်လည်း အတိုင်းထက် အလွန် ဖြစ်လိမ့်မည်ဟု နီကိုလေ ယုံကြည်ပါသည်။

သို့ရာတွင် ဆွန်ယာခမျာ မည်သို့ ရှိချိမ့်မည်နည်း။ မိမိကတိသည်လည်း မည်သို့ ရှိချိမ့်မည်နည်း။ ဤအကြောင်း ကြောင့်ပင် မိမိနှင့် မင်းသမီးကလေး မေရီတို့ကို နောက်ပြောင်ကျစယ်တိုင်း နီကိုလေ ဒေါပွလျက်ရှိခြင်း ဖြစ်ပါသတည်း။

အခန်း ၁၅

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် တပ်ပေါင်းစုံ စစ်သေနာပတိချုပ်အဖြစ် လက်ခံပြီးနောက် မင်းသားကလေး အင်ဒရေကို သတိရသဖြင့် စစ်ဦးစီးဌာနချုပ်သို့ လာရောက်အမှုထမ်းရန် အမိန့်ထုတ်လိုက်သည်။

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ် စစ်သေနာပတိချုပ်အဖြစ် ပထမဆုံးအကြိမ် တပ်ပေါင်းစုံကို စစ်ဆေးသည့်နေ့၊ စစ်ဆေးလျက်ရှိသည့်အချိန်တွင် မင်းသားကလေး အင်ဒရေသည် စစ်ဦးစီးဌာနချုပ်ရှိရာ ဇာရိုဗိုဇေမစ်ရှေ့ရွာသို့ ရောက်လာလေသည်။ ရွာထဲသို့ရောက်လျှင် မင်းသားကလေး အင်ဒရေသည် စစ်သေနာပတိချုပ်၏ ကရထားရပ်ထားသည့် ခရစ်ယာန်သင်းအုပ်ဆရာ၏ အိမ်ဝရှိ ထိုင်ခုံပေါ်တွင် ထိုင်၍ မင်းသားကြီး ကူတူဇော့ဗ်ကို စောင့်လျက်ရှိသည်။ (မင်းသားကြီးအဆောင်အယောင်များ ချီးမြှင့်ခြင်း ခံရပြီးနောက် ကူတူဇော့ဗ်ကို ဤသို့ ခေါ်လေ့ရှိကြ၏။)

ရွာအပြင်ဘက် ကွင်းပြင်ထဲမှ တပ်ရင်းတီးဝိုင်း၏ တီးမှုတ်သံများ၊ စစ်သေနာပတိချုပ်သစ်အား ကောင်းချီးဩဘာပေးသံများသည် ပျံ့လွင့်လာကြ၏။ မင်းသားကလေး အင်ဒရေနှင့် ဆယ်လှမ်းခန့်အကွာ၌ တပ်လုလင် ဗိုလ်နှစ်ဦး၊ ဆက်သားတစ်ဦးနှင့် အစေခံတစ်ဦးတို့သည် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ် မရှိသည့်အတွက်ကြောင့် လည်းကောင်း၊ ရာသီဥတုသာယာသည့်အတွက်ကြောင့် လည်းကောင်း နောက်ပြောင်ရယ်မောလျက် ရှိကြ၏။ ထိုအခိုက် အရပ်ပြတ်ပြတ်၊ အသားညှိညှိ၊ နှုတ်ခမ်းမွေးကားကားနှင့် မြင်းတပ် ဒုဗိုလ်မှူးကြီးတစ်ဦး မြင်းတစ်စီးဖြင့်ရောက်လာကာ မင်းသားကလေး အင်ဒရေကို လှမ်းကြည့်လိုက်ပြီးနောက် မင်းသားကြီး ကူတူဇော့ဗ် ဤအိမ်တွင် နေထိုင်သလော၊ မကြာခင် ပြန်ရောက်လာမည်လောဟု မေးမြန်းခြင်း ပြု၏။

မင်းသားကလေး အင်ဒရေက မိမိမှာ မင်းသားကြီး ကူတူဇော့ဗ်၏ ဌာနချုပ်က မဟုတ်ဘဲ ဧည့်သည်တစ်ယောက် မျှသာဖြစ်ကြောင်းဖြင့် ပြန်ပြောလိုက်သည်။ ဒုဗိုလ်မှူးကြီးသည် သပ်ရပ်သန့်ရှင်းစွာ ဝတ်ဆင်ထားသော တပ်လုလင်

* ရုရှားထုံးစံ၌ မောင်လှယ် နမလှယ် လက်ထပ်ခြင်းမပြုရ။ နာတာရှာနှင့် မင်းသားကလေး အင်ဒရေတို့ လက်ထပ်ဖြစ်ခဲ့လျှင် နီကိုလေနှင့် မေရီတို့ လက်ထပ်ခြင်းမပြုနိုင်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ဘက်သို့ လှမ်းမေးလိုက်ပြန်သည်။ စစ်သေနာပတိချုပ်ရုံး တပ်လုလင်ဗိုလ်များသည် အခြားတပ်ဗိုလ်များကို အဖက်မတန်လေဟန် ဆက်ဆံလေ့ရှိသည့်ထုံးစံအတိုင်း မပြောချင် ပြောချင် လေသံမျိုးဖြင့်

"ဘာလဲ ကိုယ်တော်ကြီးလား၊ မကြာခင် ပြန်ရောက်လိမ့်မယ် ဘာကိစ္စရှိလို့လဲ" ဟု သံပြတ်ဖြင့် မေးလိုက်၏။

ဒုဗိုလ်မှူးကြီးသည် တပ်လုလင်ဗိုလ်၏တင်းမာသောလေသံကြောင့် နှုတ်ခမ်းမွေးများအောက်က သွားများဖွေးခနဲပေါ်အောင် ပြုံးလိုက်ရာက မြင်းပေါ်မှ ဆင်းလိုက်ပြီးနောက် မြင်းကို ၎င်း၏နောက်ပါ ချောပို့ခြေမြန်တပ်သားတစ်ဦးအား လှမ်းပေးလိုက်သည်။ ထို့နောက် မင်းသားကလေးအင်ဒရေကို ဦးညွှတ် အရိုအသေပြုကာ အနီးသို့ လျှောက်လာလေသည်။ မင်းသားကလေးအင်ဒရေက ထိုင်ခုံပေါ်တွင် ၎င်းအတွက် နေရာဖယ်ပေးလိုက်သည်၌ ဒုဗိုလ်မှူးကြီးသည်လည်း ၎င်းဘေးတွင် ထိုင်ချလိုက်သည်။

"ရောင်းရင်းလဲ စစ်သေနာပတိချုပ်ကို တွေ့ဖို့ စောင့်နေတယ် ထင်ပါရဲ့နော်၊ ဟုတ်စ" ၎င်းက ဆို၏။ "စစ်သေနာပတိချုပ်ကတော့ လာတွေ့သမျှ အကုန် လက်ခံတွေ့နေတယ်လို့ ကြားရတာပဲဗျ၊ ကျွန်တော်တော့ ဟောဒီဝက်အူချောင်းစားတဲ့အကောင်တွေ (ဂျာမန်များကို ဆိုလိုသည်။) နဲ့ အလုပ်လုပ်ရတာ စိတ်ပျက်လှပြီဗျာ၊ ဒါကြောင့်လဲ ဗိုလ်ချုပ်ကြီး အာမိုလော့ဗ်က 'ကျွန်တော်မျိုးအား မည်သည့် ဆုတံဆိပ် အဆောင်အယောင်မျှ ချီးမြှင့်ရန် မလိုပါ၊ ဂျာမန် လူမျိုးတစ်ဦးအဖြစ် အသိအမှတ်ပြု ချီးမြှင့်တော်မူရန်သာ လိုပါသည်ဘုရား' လို့ ဘုန်းတော်ကြီးသောဘုရားကို အရွဲ့တိုက်လျှောက်တာနေမှာပဲ၊ ကျွန်တော်တို့ ရုရှားတွေကလဲ ဒီအတိုင်းပဲကြည့်နေတော့မလား မသိဘူး၊ ဒီအတိုင်း သွားလို့ကတော့ ရှေ့လျှောက် ဒုက္ခရောက်ကုန်တော့မှာပဲ၊ ကြည့်လေဗျာ ခု တစ်ဆုတ်တည်း ဆုတ်နေရပြီ မဟုတ်လား၊ ရောင်းရင်းလဲ တိုက်ပွဲမှာ ပါတယ်နော် ဟုတ်စ'

ဒုဗိုလ်မှူးကြီးက မေး၏။

"ဟုတ်ကဲ့ တစ်ဆုတ်တည်း ဆုတ်ခဲ့ရတဲ့ တိုက်ပွဲတွေထဲမှာ ပါခဲ့ရုံတင် မကဘူးခင်ဗျ၊ ဆုတ်ခွာရင်း လောကမှာ ကိုယ်အချစ်ဆုံး အမြတ်နိုးဆုံးဖြစ်တဲ့ ခမည်းတော်ကြီးကိုလဲ ဆုံးရှုံးခဲ့ရသေးတယ်ဗျ၊ ကျုပ် ပိုင်စားနယ်မြေနဲ့ချက်မြှုပ်ဖြစ်တဲ့ အိုးအိမ်တွေ ဆုံးရှုံးခဲ့ရတာကတော့ ထားပါတော့လေ၊ ကျုပ်က စမိုးလင့်နယ်စားပါ"

"အလို ရောင်းရင်းက မင်းသားကလေး အင်ဒရေလား၊ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော်က ဒုဗိုလ်မှူးကြီး ဒင်နီဆော့ဗ်ပါ၊ ဗာစကာလို့လဲ ခေါ်ကြပါတယ်"

ဒင်နီဆော့ဗ်သည် မင်းသားကလေး အင်ဒရေ၏လက်ကိုဖျစ်ညှစ်ကာ လွန်စွာကြင်နာသောအမူအရာဖြင့် ကြည့်လျက် ရှိ၏။

"ဟုတ်တယ် ကျွန်တော် သတင်းကြားတယ်" ဒင်နီဆော့ဗ်က ကရုဏာသက်စွာ ပြောလိုက်ပြီးနောက် အတန်ကြာတိတ်ဆိတ်လျက် ရှိ၏။

"ခု စစ်ဆုတ်ပုံက ကင်းလက်မသဏ္ဌာန်ဆုတ်တဲ့ ဝိစ္ဆိကဗျူဟာစစ်ဗျ၊ ဒီတော့ ကြားချောင်ကျန်ရစ်ခဲ့တဲ့ နေရာတွေမှာ သက်သာပေမယ့် စစ်ကြောင်းတည့်တည့်ကြီး ကျတဲ့နေရာတွေကတော့ တော်တော်ခံလိုက်ကြရတာပဲ၊ ရောင်းရင်းက မင်းသားကလေး အင်ဒရေ ဟုတ်တယ်နော်"

ဒင်နီဆော့ဗ်သည် ခေါင်းကို ယမ်းလိုက်၏။

"အေးဗျာ တွေ့ရတာ သိပ်ဝမ်းသာတယ်"

ဒင်နီဆော့ဗ်သည် မချိပြုံးပြုံးကာ မင်းသားကလေး အင်ဒရေ၏လက်ကို ဖျစ်ညှစ်၍ ပြောနေပြန်သည်။

မင်းသားကလေး အင်ဒရေသည် ဒင်နီဆော့ဗ်၏အကြောင်းကို နာတာရှာပြောပြ၍ သိဖူး၏။ နာတာရှာက ဒင်နီဆော့ဗ်သည် မိမိအား ပထမဆုံးစ၍ ပိုးပန်းသူဟု ပြောဖူးသည် မဟုတ်လော။ မင်းသားကလေး အင်ဒရေသည် မိမိ၏ရင်နှင့်ဖွယ်ကောင်းလှသောအဖြစ်ကို မတွေးဘဲ မေ့ပျောက်ထားခဲ့သည်မှာ ကြာခဲ့လေပြီ။ သို့ရာတွင် ဒင်နီဆော့ဗ်နှင့် တွေ့လိုက်သည်နှင့် ၎င်း၏ရင်ထဲတွင် ပုန်းခိုလျက်ရှိသော နာကြည်းသည့်ဝေဒနာသည် ခေါင်းပြူ၍ပေါ်လာကြလေသည်။ စမိုးလင့်မှ ဆုတ်ခွာခဲ့ရခြင်း၊ 'တောင်ကတုံး' ဒေသကို ပျက်စီးလျက် တွေ့ခဲ့ရခြင်း၊ ခမည်းတော်ကြီးကဲ့တော်ကုန်ပြီဟု ကြားသိခဲ့ရခြင်းစသည့် စိတ်မချမ်းမြေ့ဖွယ်အဖြစ်တို့သည် မင်းသားကလေး အင်ဒရေ၏ရင်ထဲ၌ အမျိုးအမည်များလှစွာသော ဝေဒနာမျိုးစုံတို့ကို ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် မင်းသားကလေး အင်ဒရေသည် အတိတ်၌ကျန်ရစ်ခဲ့သည့် ကိုယ်ရေးကိုယ်တာကိစ္စ

www.burmeseclassic.com

www.burmeseclassic.com

များ ကို မေ့မေ့ပျောက်ပျောက် ဖြစ်စေခဲ့သည်။ ယခုကား ထိုအဖြစ်တို့သည် အသစ်တစ်ဖန်ပြန်၍ ပေါ်လာကြပြန်လေပြီ။ သို့ရာတွင် ထိုအဖြစ်အပျက်များ၏ အရောင် ရိုက်ခတ်ချက်တို့သည် ယခင်ကလောက် ထူထည် မကောင်းလှတော့ချေ။ ဒင်နီဆော့ဗ် အဖို့၌လည်း မင်းသားကလေး အင်ဒရေအသံကို ကြားလိုက်သည်နှင့် နာတာရှာသီချင်း ဆိုပုံ၊ သီချင်းဆိုပြီးနောက် အသက်ဆယ့်ငါးနှစ်အရွယ် မြီးကောင်ပေါက်မကလေးအား ချစ်ရေးဆိုခဲ့ပုံ စသည့် စိတ်ကူးယဉ်ဆန်လှသော အတိတ်ဖြစ်ရပ်တို့သည် အသစ်ပြန်၍ ဖြစ်လာခဲ့ကြပြန်သည်။ ဒင်နီဆော့ဗ်သည် ထိုအဖြစ်ကို ပြန်၍အမှတ်ရလာရာက ပြုံးလိုက်ပြီးနောက် ထိုအတွေးကို ခေါင်းထဲမှ ဖျောက်ကာ ယခုလောလောဆယ် စိတ်ဝင်စားလျက်ရှိသောအရာကို တွေးနေမိသည်။ ထိုအရာကား အခြားမဟုတ်။ တပ်တော်များဆုတ်ခွာလာခဲ့စဉ်က ရှေ့ပြေးကင်းစခန်းများတွင် အမှုထမ်းလျက်ရှိရင်း ၎င်းကိုယ်တိုင်ရေးဆွဲခဲ့သော စစ်ဆင်ရေး စီမံကိန်းတစ်ခု အကြောင်းပေတည်း။ ဒင်နီဆော့ဗ်သည် ၎င်း၏ စစ်ဆင်ရေး စီမံကိန်းကို ဗိုလ်ချုပ်မှူးကြီး ဘာကလေဒီတိုလီထံတွင် တင်ပြခဲ့ပြီးနောက် စစ်သေနာပတိချုပ်ထံသို့ တင်ပြရန် ရောက်လာခဲ့ခြင်း ဖြစ်၏။ ဒင်နီဆော့ဗ်ရေးဆွဲသည့် စစ်ဆင်ရေး စီမံကိန်း၏ သဘောမှာ ပြင်သစ်များက ၎င်းတို့၏ ထိုးစစ်ကြောင်းကို ရှည်လျားစွာဖြန့်ထားသည့်အလျောက် ရှုရှုးတပ်များက ပြင်သစ်စစ်ကြောင်းကို ထိပ်ချင်းဆိုင်တိုက်၍ ခံစစ်ပြုမည့်အစား (သို့မဟုတ် ထိပ်ချင်းဆိုင်တိုက်နေသည်နှင့် တစ်ပြိုင်တည်း၌) နောက်ပိုင်းမှ ဝင်ရောက်ကာ ပြင်သစ်တို့၏ ထောက်ပံ့ရေးလမ်းကြောင်းများကို ဖြတ်တောက်ပစ်ရန်ပင် ဖြစ်လေသည်။ ဒင်နီဆော့ဗ်သည် ၎င်း၏ စီမံကိန်းကို မင်းသားကလေး အင်ဒရေအား ရှင်းပြလျက် ရှိ၏။

"ပြင်သစ်တွေဟာ ဒီလောက် အကျယ်ကြီး ဖြန့်ထားတဲ့စစ်ကြောင်းကြီး တစ်ခုလုံးကို လုံအောင် မထိန်းနိုင်ပေဘူး၊ ဒီတော့ ကျွန်တော်တို့က ပြင်သစ်စစ်ကြောင်းတစ်လျှောက်က အင်အားနည်းတဲ့နေရာတွေကို ဝင်ဖောက်ပြီး တိုက်ဖို့လိုတယ်၊ လူငါးရာလောက်သာရရင် ကျွန်တော် ဝင်ဖောက်ပစ်ပါတယ်ဗျာ၊ နိုင်ပါတယ်၊ ဒီကောင်တွေရဲ့ ထိုးစစ်ကို ခံဖို့ ကျွန်တော်တို့မှာ နည်းတစ်နည်းပဲ ရှိတော့တယ်ဗျ၊ အဲဒါက ဘာလဲဆိုတော့ ပြောက်ကျား စစ်ဆင်ရေးပဲ"

ဒင်နီဆော့ဗ်သည် စိတ်ပါလာကာ ထိုင်ရာမှ ထပြီး ၎င်း၏ စစ်ဆင်မှု စီမံကိန်းကို မင်းသားကလေး အင်ဒရေအား ရှင်းပြလျက် ရှိသည်။ ထို့နောက် အပြင်ဘက်ကွင်းပြင်ရှိ စစ်ရေးပြသောနေရာမှ သီချင်းသံများ၊ အော်ဟစ်သံများသည် ပို၍ ဆူညံလာကြသည်။ မြင်းခွာသံများနှင့် အသံများသည် ရွာနားသို့ ရောက်လာကြ၏။

"ဟော ပြန်လာပြီ ပြန်လာပြီ" ဝင်းဝတွင် ရပ်နေသည့် ကော့ဆက် မြင်းတပ်သားတစ်ယောက်က အော်၍ ပြောလိုက်၏။

မင်းသားကလေး အင်ဒရေနှင့် ဒင်နီဆော့ဗ်သည် ဝင်းဝသို့ လာခဲ့ကြသည်။ ဝင်းဝ၌ စစ်သားတန်းတစ်တန်း (ကိုယ်ရံတော် တပ်ဖွဲ့ ဖြစ်သည်) သတိအနေအထားဖြင့် ရပ်လျက်ရှိခြင်းကို မြင်ရ၏။ ခဏကြာလျှင် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် သေးငယ်သောရွှေပုပ်ရောင် မြင်းကလေး တစ်ကောင်ကိုစီး၍ ရွာလမ်းမတစ်လျှောက်မှ လာနေသည်ကို မြင်ရ၏။ ၎င်း၏နောက်မှ ဗိုလ်ချုပ်ကြီးများသည် မြင်းကိုယ်စီဖြင့် လိုက်ပါလာခဲ့ကြလေသည်။ ဗိုလ်ချုပ်ကြီး ဘာကလေဒီတိုလီသည် စစ်သေနာပတိချုပ်၏နောက်နား တွင် ကပ်လျက်စီးလာ၏။ ၎င်းတို့နောက်မှ တပ်ဗိုလ်များသည် ခြေလျင်ပြေးလိုက်လာကာ ကောင်းချီးသြဘာပေးလျက် ရှိကြလေသည်။

စစ်သေနာပတိချုပ်၏ တပ်ရေးဗိုလ်များသည် မြင်းများကို ဒုန်းစီးကာ အိမ်ဝင်းထဲသို့ ရှေးဦးစွာ ရောက်လာကြ၏။ စစ်သေနာပတိချုပ် ဗိုလ်မှူးကြီး ကူတူဇော့ဗ်သည် ၎င်း၏ လေးလံလှသော ခန္ဓာကိုယ်ကြီးအောက်တွင် ညွတ်ကျနေသည်ဟုထင်ရသည့် မြင်းပုကလေးကို ကြိမ်တို့ရင်း အနီရစ်တပ် မြင်းတပ်ဗိုလ်ဆောင်း ဦးထုပ်ပြားကလေးဆီသို့ လက်မြှောက်၍ ပြန်လှန် အရိုအသေပြုလျက် ခေါင်းတဆတ်ဆတ်ညိတ်လာ၏။ ကိုယ်ရံတော်တပ်ဖွဲ့မှာ ရာထူးအဆောင်အယောင်များ အပြည့်အစုံ ဝတ်ဆင်ထားသည့် ခန့်ညားသောလက်ပစ်ဗုံးကိုင် ရဲမက်တပ်သားများ ဖြစ်လေရာ စစ်သေနာပတိချုပ်သည် ကိုယ်ရံတော်တပ်ဖွဲ့ ရှေ့သို့ ရောက်သည်နှင့် ရုတ်တရက် ရပ်တန့်လိုက်၍ တပ်မှူးတစ်ဦး၏ ခန့်ညားတည်ငြိမ်သောအကြည့်မျိုးဖြင့် တစ်မိနစ်

www.burmeseclassic.com

www.burmeseclassic.com

ခန့် ကြည့်လိုက်ပြီးနောက် နောက်မှလိုက်ပါလာသော ဗိုလ်ချုပ်ကြီးများနှင့် တပ်ဗိုလ်များဘက်သို့ လှမ်းကြည့်လိုက်သည်။ စစ်သေနာပတိချုပ်၏ မျက်နှာသည် သိမ်မွေ့သော အသွင်ကို ရုတ်တရက်ဆောင်လိုက်လျက် စိတ်ရှုပ်သော အမူအရာဖြင့် ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

"ဘယ်နယ်လဲ သွေးသောက်ကြီးတို့ရဲ့၊ ဒီလိုတပ်သားကောင်းတွေ ရှိရက်နဲ့ တစ်ဆုတ်တည်း ဆုတ်နေရပါကလား၊ ကဲ နောက်မှ တွေ့ကြဦးစို့ဗျ" စစ်သေနာပတိဗိုလ်ချုပ်ကြီး ကူတူဇော်သည် မင်းသားကလေး အင်ဒရေနှင့် ဒင်နီဆော့မ်တို့အနီးမှ ဖြတ်၍ အိမ်ဝင်းထဲသို့ ဝင်လာခဲ့လေသည်။

ကောင်းချီးခြဲဘာသံများကား အိမ်ဝင်းပြင်ဘက်တွင် ဆူညံလျက် ရှိသည်။

ဗိုလ်ချုပ်ကြီး ကူတူဇော်မှာ မင်းသားကလေး အင်ဒရေနှင့် ယခင်တစ်ခေါက် တွေ့ခဲ့ရစဉ်ကထက် ဝဖြိုးဆူအစ်ကာ ပျော့တွဲလျက် ရှိ၏။ သို့ရာတွင် ပြုလျက်ရှိသော မျက်လုံးအိမ်၊ အမာရွတ်ကြီးနှင့် တကွ ပင်ပန်းနွမ်းနယ်လျက်ရှိ သည့်အမူအရာကား ယခင်ကအတိုင်းပင် ဖြစ်၏။ စစ်သေနာပတိချုပ်သည် ကိုယ်ရံတော်မြင်းတပ် ဦးထုပ်ဖြူကို ဆောင်းလျက် ဝတ်ရုံကြီးကို ဝတ်ထား၏။ ကြာပွတ်တစ်ချောင်းကို ကြိုးသေးသေးဖြင့် ပခုံးတွင် လွယ်ထားသည်။ ၎င်းသည် မြင်းပုကလေးပေါ်တွင် ပျင်းရိပျင်းတွဲထိုင်၍ လိုက်ပါလာရာ ၎င်း၏ခန္ဓာကိုယ်ကြီးသည် ဘယ်ညာယိမ်းလျက် ရှိ၏။

အိမ်ဝင်းထဲသို့ ရောက်သည်နှင့် စစ်သေနာပတိချုပ်သည် ပူးခနဲ မှတ်ထုတ်လိုက်သည်။ ၎င်း၏မျက်နှာသည် ပြကွက်တစ်ခုအပြီးတွင် တစ်ကိုယ်လုံးမှ အကြောအချဉ်များကိုလျှော့ချကာ အေးအေးဆေးဆေး အနားယူတော့မည့် လူတစ်ယောက်၏အမူအရာမျိုးကို ဆောင်လျက် ရှိ၏။ ဗိုလ်ချုပ်ကြီး ကူတူဇော်သည် လက်ဝဲဘက်ခြေထောက်ကို ခြေနင်းကွင်းမှ ချွတ်လိုက်ပြီးနောက် မျက်နှာကို ရှဲ့မဲ့လိုက်ကာ ခန္ဓာကိုယ်ကြီးကို ပင်ပန်းကြီးစွာ တိမ်းငဲ့လျက် ခြေတစ်ဖက်ကို မြင်းကုန်းပေါ်မှ ကျော်ရင်း ညည်းတွားလိုက်သည်။ ထို့နောက် အောက်မှ ကူညီရန် အဆင်သင့်စောင့်နေကြသော ကော့ဆက်မြင်းတပ်သားများနှင့် တပ်ရေးဗိုလ်များလက်ထဲသို့ လျှောဆင်းလိုက်သည်။

ဗိုလ်ချုပ်ကြီး ကူတူဇော်သည် ကိုယ်ကို သပ်ရပ်စေပြီးနောက် မျက်လုံးများကို မှေးကာ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ မင်းသားကလေး အင်ဒရေကို မြင်သော်လည်း မှတ်မိပုံမရချေ။

ထို့နောက် ဘဲသွားသကဲ့သို့ ကွတကွတဟန်ဖြင့် စမုတ်ဆောင်ဆီသို့ ထွက်သွားလေသည်။ ဗိုလ်ချုပ်ကြီး ကူတူဇော်သည် တရှုးရှုးမှုတ်ထုတ်လျက်က မင်းသားကလေး အင်ဒရေကို လှမ်းကြည့်လိုက်ပြန်သည်။ အသက်အရွယ်ကြီးသူတို့တွင် ဖြစ်တတ်သည့် ခမ္မတာအတိုင်း အတန်ကြာမှ ဗိုလ်ချုပ်ကြီး ကူတူဇော်သည် မိမိ၏အမှတ်သညာထဲတွင် ကျန်ရစ်ခဲ့သည့် မင်းသားကလေး အင်ဒရေ၏ယခင်ရုပ်နှင့် ယခုမြင်နေရသည့်ရုပ်ကို ဆက်စပ်တွေးမိကာ မှတ်မိလာပုံရသည်။

"အလို မင်းသားကလေး အင်ဒရေပါလား၊ ဘယ်နယ် ကျန်းခဲ့သလို့ မာရဲ့လား၊ ဟေ့၊ လာလာ" ဗိုလ်ချုပ်ကြီး ကူတူဇော်သည် ပတ်ဝန်းကျင်ကို ပင်ပန်းကြီးစွာ လှည့်ကြည့်လိုက်ပြီးနောက် စမုတ်ဆောင်လေကားပေါ်သို့ တက်သွား၏။ လေကားထစ်များသည် ၎င်း၏လေးလံလှသောခန္ဓာကိုယ်ကြီးအောက်တွင် တကျိကျိမြည်လျက် ရှိကြ၏။

စမုတ်ဆောင်ထဲသို့ ရောက်လျှင် ဗိုလ်ချုပ်ကြီး ကူတူဇော်သည် အင်္ဂျရင်ဘတ်ကြယ်သီးများကို ဖြုတ်ကာ ခုံတန်းလျားတစ်ခုပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ခမည်းတော်ကြီးကော ကျန်းခဲ့သလို့ မာရဲ့လား"

"ကံတော်ကုန်ပြီလို့ မနေ့ကပဲ သတင်းရောက်ပါတယ် ဗိုလ်ချုပ်" မင်းသားကလေး အင်ဒရေက ဖြုန်းစားကြီး ပြောလိုက်၏။

ဗိုလ်ချုပ်ကြီး ကူတူဇော်သည် ဝမ်းနည်းအံ့အားသင့်ဟန် မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။ ထို့နောက် ဦးထုပ်ကိုချွတ်၍ လက်ယှက်ဆုတောင်းလျက် ရှိလေသည်။

"အိမ်း ရောင်းရင်းကြီး ကောင်းရာသုဂတိ လားပါစေဗျာ၊ အမျှ အမျှ အမျှ"

ဗိုလ်ချုပ်ကြီး ကူတူဇော်သည် သက်ပြင်းရှည်ကြီးကိုချလျက် အတန်ကြာတိတ်ဆိတ်နေသည်။ ၎င်း၏ရင်အုံကြီးသည် နိမ့်တုံမြင့်တုံဖြစ်လျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်တော်ကြီးကို ငါ လေးစားတယ်၊ ချစ်လဲ ချစ်တယ်၊ အိမ်း စိတ်မကောင်းဘူးကွယ်"

ဗိုလ်ချုပ်ကြီး ကူတူဇော်မသည် မင်းသားကလေး အင်ဒရေကိုပွေ့ဖက်၍ ၎င်း၏ဆူဖြိုးသောရင်ဘတ်ကြီးတွင် အတန်ကြာမျှ ကပ်ထား၏။ လူချင်းခွာလိုက်သောအခါ၌ ၎င်း၏ထူအမ်းသော နှုတ်ခမ်းကြီးသည် တဆတ်ဆတ် တုန်လျက်ရှိ၍ မျက်လုံးတွင် မျက်ရည်ဝဲလျက်ရှိခြင်းကို မင်းသားကလေး အင်ဒရေမြင်ရ၏။ ဗိုလ်ချုပ်ကြီး ကူတူဇော်မသည် သက်ပြင်းချလိုက်ပြီးနောက် ခုံပေါ်၌ လက်နှစ်ဖက်ထောက်၍အားပြုကာ ထိုင်ရာမှ ထလိုက်သည်။

"ကဲ၊ လာ လာ၊ အေးအေးဆေးဆေး စကားပြောကြရအောင်" ဗိုလ်ချုပ်ကြီး ကူတူဇော်မက ပြောလိုက်သည်။

ထိုအခိုက် ဒင်နီဆော့ဗ်သည် ဖိနပ်သံဆူးမှ ချွတ်တချွင်ချွင်ပေးကာ စမုတ်ဆောင်လှေကားအတိုင်း တက်လာလေသည်။ တပ်ရေးဗိုလ်များက ဒေါသတကြီးဖြင့် ပြောဆိုကာ တားမြစ်ကြသော်လည်း ဒင်နီဆော့ဗ်သည် ဇွတ်အတင်း တက်လာ၏။ ဒင်နီဆော့ဗ်ကား ရန်သူကို လည်းကောင်း၊ အထက်အရာရှိကို လည်းကောင်း အမှု မထားသည့်နေရာတွင် နှစ်ယောက်မရှိသူ ဖြစ်ပေသည်။ ဗိုလ်ချုပ်ကြီး ကူတူဇော်မသည် ခုံတန်းလျားကို လက်ဖြင့် အားပြုထောက်ထားရာမှ ဒင်နီဆော့ဗ်ကို မော့ကြည့်လိုက်၏။ ဒင်နီဆော့ဗ်သည် မိမိ၏နာမည်နှင့် ရာထူးအဆင့်အတန်းကို ထုတ်ဖော်ပြောဆိုလျက် နိုင်ငံအတွက် အရေးကြီးသောကိစ္စတစ်ရပ်ဖြင့် ဗိုလ်ချုပ်ကြီး ကူတူဇော်မအား လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း ပြောပြလေသည်။ ဗိုလ်ချုပ်ကြီး ကူတူဇော်မသည် ပင်ပန်းနွမ်းနယ်စွာဖြင့် ဒင်နီဆော့ဗ်ကို ကြည့်လိုက်လျက် စိတ်ပျက်ဟန်လက္ခဏာဖြင့် လက်ကို ဝှေ့ယမ်းကာ ဗိုက်ပေါ်တွင် လက်နှစ်ဖက်ယှက်တင်လိုက်ပြီးနောက်

"နိုင်ငံတော်အတွက် အရေးကြီးတဲ့ ကိစ္စ၊ ဟုတ်စ၊ အိမ်း၊ ဆိုစမ်းပါဦး၊ ဘာတွေများ အရေးကြီးသလဲ"

ဒင်နီဆော့ဗ်မျက်နှာသည် အပျိုမကလေးတစ်ဦး၏ မျက်နှာကဲ့သို့ နီရဲသွား၏။ (ညစ်ပတ်ပေကျံကာ အရက်ဖော ဖောလျက်ရှိသော မျက်နှာပေါ်၌ အပျိုမကလေးကဲ့သို့ ရှက်သွေးဖြန်းခြင်းမျိုးကို တွေ့ရခြင်းမှာ တစ်မျိုးထူးဆန်းနေသည်။) ဒင်နီဆော့ဗ်က စမိုးလင့်နှင့် ဗျာဇမောကြားမှ ရန်သူတို့၏ထောက်ပံ့ရေးလမ်းကြောင်းကို ဖြတ်တောက်ရန် ၎င်း၏စီမံကိန်းကို တင်ပြခြင်း ပြုလေသည်။ ဒင်နီဆော့ဗ်ကား ထိုဒေသမှလွှာ၍ ထိုဒေသကို ကောင်းစွာကျွမ်းသူဖြစ်၏။ ၎င်း၏အပြောကို နားထောင်ရခြင်းဖြင့် ဒင်နီဆော့ဗ်၏စီမံကိန်းမှာ အားရဖွယ်ဖြစ်လေသည်။ ဗိုလ်ချုပ်ကြီး ကူတူဇော်မသည် မည်သို့မျှ မပြောသေးဘဲ ခြေထောက်များကို ငုံ့ကြည့်နေသည်။ တစ်ချက် တစ်ချက်၌လည်း တစ်ဖက်ခန်းထဲမှ စိတ်မချမ်းသာဖွယ်ရာ အရာတစ်ခု ဖြုန်းခနဲ ထွက်လာတော့မည်ကို စိုးရိမ်သကဲ့သို့ ထိုအခန်းဝကို မသက်မသာလှည့်၍ ကြည့်လျက်ရှိ၏။ ဒင်နီဆော့ဗ်က ၎င်း၏စစ်ဆင်ရေးစီမံကိန်းကို အားတက်သရောပြောနေသည့်အချိန်၌ ထိုအခန်းထဲမှ ဗိုလ်ချုပ်ကြီးတစ်ဦးသည် စာတွဲများကို လက်မောင်းကြားတွင် ညှပ်၍ ဘွားခနဲ ထွက်ပေါ်လာလေသည်။

"ဘာလဲဗျ၊ ပြီးပလား" ဗိုလ်ချုပ်ကြီး ကူတူဇော်မက ဒင်နီဆော့ဗ် ရှင်းပြနေသည့်ကြားထဲက ဖြတ်၍ ဗိုလ်ချုပ်ကြီးသို့ လှည့်မေးလိုက်၏။

"မှန်ပါ၊ ပြီးပါပြီ ကိုယ်တော်ကြီး" ဗိုလ်ချုပ်ကြီးက ပြန်ပြောလိုက်သည်။

ဗိုလ်ချုပ်ကြီး ကူတူဇော်မသည် ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်သည်။ ၎င်း၏အမူအရာမှာ 'လူတစ်ယောက်တည်းနဲ့ ဒီလောက်များလှတဲ့အလုပ်တွေကို ဘယ့်နယ်လုပ်နိုင်ပါ့မလဲ ကရိ' ဟု ပြောနေသကဲ့သို့ ရှိ၏။ ထို့နောက် ဒင်နီဆော့ဗ်၏ တင်ပြချက်များကို ဆက်၍ နားထောင်နေပြန်သည်။

"နဗိုလီယန်ရဲ့ ထောက်ပံ့ရေးလမ်းကြောင်းတွေကို ကျွန်တော် ဖြတ်တောက်ပစ်နိုင်ပါတယ် ဗိုလ်ချုပ်ကြီး၊ ရှရှားတပ်ဗိုလ်တစ်ယောက်အနေနဲ့ ကျွန်တော် တာဝန်ခံရဲပါတယ်"

"နေစမ်းပါဦး၊ ကိုရင်က ဒုဗိုလ်ချုပ်ကြီး အင်ဒရီဗစ် ဒင်နီဆော့ဗ်နဲ့ ဘာတော်သလဲ" ဗိုလ်ချုပ်ကြီး ကူတူဇော်မက ကြားဖြတ်၍ မေးလိုက်သည်။

"မှန်ပါ၊ တူဝရီးတော်ပါတယ် ဗိုလ်ချုပ်ကြီး"

"အိမ်း ကိုရင်ရဲ့ ဦးရီးတော်နဲ့တော့ ရောင်းရင်းကြေးတွေပဲကွယ်၊ ကောင်းပြီ ကောင်းပြီ၊ ငါ့ဌာနချုပ်မှာ

www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် နေသေးတာပ၊ မနက်ဖြန်ကျမှ အေးအေးဆေးဆေး စကားပြောကြဦးစို့"

ဗိုလ်ချုပ်ကြီး ကူတူဇော်မသည် ဒင်နီဆော့ဗ်ကို ခေါင်းညိတ်နှုတ်ဆက်လိုက်ပြီးနောက် ဗိုလ်ချုပ်ကြီး ကိုနိုနှစ်ဆင်ယူလာသည့် စာရွက်စာတမ်းများကို လက်လှမ်း၍ ယူလိုက်သည်။

"အထဲကို ကြွပါလား ကိုယ်တော်ကြီး" တာဝန်ကျ ဗိုလ်ချုပ်ကြီးက မကျေမနပ်ဖြစ်သည့် အသံမျိုးဖြင့် ပြောလိုက်၏။ "တင်ပြထားတဲ့ စစ်ဆင်ရေး စီမံကိန်းတွေကလဲ တစ်ထပ်ကြီး ရှိသေးတယ် ကိုယ်တော်ကြီး၊ လက်မှတ်ထိုးဖို့ စာရွက်စာတမ်းတွေကလဲ အများကြီး"

ထိုအခိုက် တပ်ရေးဗိုလ်တစ်ယောက် ရောက်လာကာ အခန်းထဲတွင် အားလုံးအဆင်သင့် ဖြစ်ကြောင်းဖြင့် လာရောက် ပြောဆိုလေသည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီး ကူတူဇော်သည် အလုပ်ကိစ္စများမပြီးမချင်း အခန်းထဲသို့ ဝင်လိုဟန်မရှိဘဲ မျက်နှာကို ရှဲ့လိုက်၏။

"ကိစ္စမရှိဘူး အပြင်မှာပဲနေမယ်၊ စားပွဲလေး တစ်လုံး အထုတ်ခိုင်းလိုက်စမ်း၊ ဒီအလုပ်ကိစ္စတွေကို အခန်းထဲ ယူမသွားချင်ဘူး" ဗိုလ်ချုပ်ကြီး ကူတူဇော်မက ပြောလိုက်၏။ "အို နေပါဦးလေ၊ မင်းသားကလေး"

ဗိုလ်ချုပ်ကြီး ကူတူဇော်မက ဗိုလ်ချုပ်ကြီး ကိုနိုနှစ်ဆင်၏အစီရင်ခံစာကို နားထောင်နေသည့် မင်းသားကလေး အင်ဒရေဘက်သို့ လှည့်၍ ပြောလိုက်သည်။

ဤသို့နားထောင်လျက်ရှိစဉ် အခန်းထဲမှ မိန်းမသံတစ်သံနှင့် ပိုးဝတ်စုံတရွှမ်းရွှမ်းမြည်သံကို မင်းသားကလေး အင်ဒရေ ကြားလိုက်ရသည်။ မင်းသားကလေး အင်ဒရေသည် အခန်းဆီသို့ လှမ်းကြည့်လိုက်၏။ ပန်းနုသွေးဝတ်စုံကို ဝတ်လျက် ခေါင်းတွင် မရန်းစေ့ရောင်ပဝါကို စည်းထားသည့်မိန်းမတစ်ဦးကို မြင်ရသည်။ ထိုမိန်းမမှာ နွဲ့နှောင်းကြော့ရှင်းသော ကိုယ်ဟန်၊ နှင်းဆီသွေးစို့လျက်ရှိသောမျက်နှာရှိ၍ အလွန်ချောမောလှပသော မိန်းမတစ်ယောက်ဖြစ်၏။ ၎င်းသည် လက်ထဲတွင် လင်ပန်းတစ်ချပ်ကို ကိုင်ကာ ဗိုလ်ချုပ်ကြီး ကူတူဇော်အား အခန်းဝမှ ရပ်စောင့်လျက် ရှိလေသည်။ ထိုမိန်းမမှာ အိမ်ရှင် ခရစ်ယာန်သင်းအုပ်ဆရာ၏ မိန်းမဖြစ်၍ ဗိုလ်ချုပ်ကြီး ကူတူဇော်အား ပေါင်မုန့်နှင့် ဆား*ပေးရန် စောင့်ဆိုင်းနေခြင်းဖြစ်သည်ဟု တပ်ရေးဗိုလ်တစ်ယောက်က မင်းသားကလေးအင်ဒရေကို ပြောပြ၏။

"သူ့ယောကျ်ား သင်းအုပ်ဆရာကတော့ ကိုယ်တော်ကြီးကို သုခမ္မာဇရပ်မှာ ဧည့်ခံပြီးပြီခင်ဗျာ၊ ခု သူ့မိန်းမက အိမ်မှာ ဧည့်ဝတ်ပြုဦးမယ်လေ၊ မချောဘူးလား ဗိုလ်မှူး"

တပ်ရေးဗိုလ်က ပြုံး၍ပြောလိုက်သည်။ ထိုစကားများကြောင့် ဗိုလ်ချုပ်ကြီး ကူတူဇော်သည် လှမ်းကြည့်လိုက်၏။ စစ်သေနာပတိချုပ် ကူတူဇော်သည် လွန်ခဲ့သောခုနစ်နှစ် သြစတားလစ်တိုက်ပွဲ ဖြစ်စဉ်က စစ်ဦးစီးချုပ်များ၏ အရေးပေါ်အစည်းအဝေးတွင် တင်ပြသော အစီရင်ခံစာများကိုလည်းကောင်း၊ ခပ်စောစောက ဒင်နီဆော့ဗ်၏ အစီရင်ခံချက်များကို လည်းကောင်း နားထောင်ခဲ့သည့် နည်းတူ ယခုအချိန်၌လည်း ဗိုလ်ချုပ်ကြီး ကိုနိုနှစ်ဆင် တင်ပြသော အစီရင်ခံချက်များကို စိတ်ဝင်စားခြင်း အလျဉ်းမရှိဘဲ နားထောင်လျက်ရှိ၏။ ဗိုလ်ချုပ်ကြီး ကိုနိုနှစ်ဆင်၏ အစီရင်ခံချက်မှာ ဇာရီဗိုဇေမစ်ရှေတပ်စခန်း အခြေအနေကို တစ်ဖန်သုံးသပ်ထားသော အစီရင်ခံချက်ဖြစ်လေသည်။ ဗိုလ်ချုပ်ကြီး ကူတူဇော်မှာ (နားတစ်ဖက် လေးလျက်ရှိသော်လည်း) နားနှစ်ဖက် အစုံရှိသေးသောကြောင့် နားထောင်နေရခြင်း ဖြစ်ဟန်တူလေသည်။ ဗိုလ်ချုပ်ကြီး ကိုနိုနှစ်ဆင်၏ အစီရင်ခံချက်သည် မိမိအား အံ့သြခြင်း၊ စိတ်ဝင်စားခြင်း ဖြစ်ရန် မတတ်စွမ်းနိုင်။ မိမိသည် ဗိုလ်ချုပ်ကြီး ကိုနိုနှစ်ဆင် တင်ပြမည့်အချက်များကို ကြိုတင်သိမြင်ပြီး ဖြစ်သည်ဟူသောသဘောမျိုးကိုလည်း ၎င်း၏ အမူအရာက ဖော်ပြလျက် ရှိ၏။ ၎င်း၏ အစီရင်ခံချက်ကို ကြားနာနေရခြင်းမှာလည်း ကြားနာလို၍ မဟုတ်။ လူတစ်ယောက်သည် ဘုရားရှိခိုးသံကို မလွဲသာ၍ နားထောင်နေရသည့်နည်းတူ ဗိုလ်ချုပ်ကြီး ကူတူဇော်သည်လည်း ဗိုလ်ချုပ် ကိုနိုနှစ်ဆင်၏ အစီရင်ခံချက်ကို မကောင်းတတ်၍ နားထောင်နေခြင်းဖြစ်ဟန် တူလေသည်။ ဒင်နီဆော့ဗ် တင်ပြသည့်အချက်များသည် ကျွမ်းကျင်လိမ္မာ၍ အမြော်

* ရုရှားထုံးစံ၌ ဧည့်သည်တစ်ဦးအား ပေါင်မုန့်နှင့် ဆား လက်ဆောင်ပေးလေ့ရှိသည်။ အချို့က ကိတ်မုန့်နှင့် သကြား လက်ဆောင်ပေးလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

အမြင်ရှိသော တင်ပြချက် ဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီး ကိုနိုနစ်ဆင်၏ တင်ပြချက်မှာ ထို့ထက်ပင်ပို၍ ဉာဏ်အမြော်အမြင်ရှိသော တင်ပြချက် ဖြစ်ပါသည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်၏ အမူအရာမှာ ကျွမ်းကျင်လိမ္မာခြင်း၊ ဉာဏ်အမြော်အမြင်ရှိခြင်းစသည့် အရာတို့ကို စက်ဆုပ်ရွံမုန်းသော အမူအရာမျိုး ဖြစ်လေသည်။ ဤကိစ္စ၌ ကျွမ်းကျင်လိမ္မာခြင်း၊ ဉာဏ်အမြော်အမြင်ရှိခြင်းတို့သည် ပြဿနာကို ပြေလည်အောင်ဖြေရှင်းခြင်း မပြုနိုင်ဟု ယူဆဟန်လက္ခဏာ ရှိလေသည်။ မင်းသားကလေး အင်ဒရေသည် စစ်သေနာပတိချုပ်၏ မျက်နှာကို စေ့စေ့ကြည့်နေမိသည်။ ထိုအခါ၌ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်၏ မျက်နှာတွင် ထင်ရှားစွာပေါ်လွင်ရှိသော အမူအရာတစ်ခုကို မင်းသားကလေး အင်ဒရေ သတိပြုမိသည်။ ထိုအမူအရာကား အခြားမဟုတ်။ တံခါးနောက်ကွယ်မှ တတွတ်တွတ်ပေါ်ထွက်လျက်ရှိသော မိန်းမသံကို စိတ်ဝင်စားလျက်ရှိခြင်း၊ ထိုမိန်းမ၏ ဧည့်ဝတ်ပြုမှုကို ခံယူရန် စိတ်စောလျက်ရှိခြင်း စသည့် အမူအရာများပေတည်း။ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် ကျွမ်းကျင်လိမ္မာခြင်း၊ ဉာဏ်အမြော်အမြင် ရှိခြင်းစသည့် အခြင်းအရာများနှင့် တကွ ဒင်နီဆော့ဗ်၏ ဇာတိသွေး ဇာတိမာန်ထက်သန်ခြင်း စသည်တို့ကို မုန်းတီးစက်ဆုပ်ဟန် ရှိသော်လည်း ပင်ကိုယ်စရိုက်ကြောင့် မုန်းတီးတတ်ခြင်းမျိုးမဟုတ်ဘဲ (ၚင်းကိုယ်တိုင် ဤသို့သောအခြင်းအရာများကို တစ်ခါမျှ ပြသလေ့ မရှိပါ။) အသက်ကြီးလာခြင်း၊ ဘဝအတွေ့အကြုံ ရင့်ကျက်လာခြင်းတို့ကြောင့် အလုပ်ပိုတွေဟု ထင်မှတ်ကာ ရွံမုန်းခြင်းမျိုး ဖြစ်လေသည်။ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် အစီရင်ခံချက်ကို ကြားနာလျက်ရှိစဉ် တစ်လုံးတစ်ပါဒမျှလည်း ဝင်ရောက် ပြောဆိုခြင်း မပြုချေ။ ရုရှားတပ်များက ကျေးရွာများကို ဝင်လုသည့် ကိစ္စသို့ ရောက်လာသည့်အခါကျမှသာ တစ်ခွန်း နှစ်ခွန်း ဝင်ရောက်ပြောဆိုခြင်း ပြုလေသည်။ အစီရင်ခံချက်ကို တင်ပြပြီးနောက် ဗိုလ်ချုပ်ကြီး ကိုနိုနစ်ဆင်က စစ်သေနာပတိချုပ် လက်မှတ်ရေးထိုးရန် စာရွက်တစ်ရွက်ကို ထိုးပေးလိုက်သည်။ ထိုစာရွက်မှာ ရုရှားတပ်များက မြင်းစားဂျုံများ ရိတ်သွားကြသဖြင့် မြေရှင်များက တပ်မှူးများထံ လျော်ကြေးတောင်းသည့်လျှောက်လွှာ ဖြစ်၏။

စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ထိုကိစ္စကို ကြားနာပြီးနောက် နှုတ်ခမ်းကို ကိုက်၍ ခေါင်းယမ်းလိုက်သည်။

"သွား သွား၊ ကျုပ် လက်မှတ် မထိုးနိုင်ဘူး၊ လျော်ကြေးတောင်းတဲ့ လျှောက်လွှာဆိုရင် နောင် ကျုပ်ဆီ ဘယ်တော့မှ မယူခဲ့နဲ့၊ မီးပုံထဲ ထည့်ပစ်လိုက်၊ မီးရှို့ပစ်လိုက်၊ ကျုပ်တပ်သားတွေကို ဘာမှ မချုပ်ချယ်နဲ့၊ ကောက်နှံတွေ ကြိုက်သလောက် ရိတ်ပစေ၊ သစ်တောတွေကိုလဲ ကြိုက်သလောက် ခုတ်စမ်းပစေ၊ ဒါမျိုးတွေကို ကျုပ် မကြိုက်ပါဘူး၊ ဒါပေမဲ့ လျော်ကြေးတော့ မပေးနိုင်ဘူး၊ တစ်ပြားဆို တစ်ပြားမှ မပေးနိုင်ဘူး၊ စစ်ဖြစ်နေတယ်ဗျ၊ စစ်ဖြစ်နေတယ်၊ စစ်ဖြစ်နေတုန်းမှာ ဒီလောက်တော့ အပျက်အစီးရှိကြမှာပေါ့၊ သစ်ပင်ကြီးကို ခုတ်နေတုန်းမှာ သစ်သားစ စင်မှာကို စဉ်းစားမနေနိုင်ဘူး"

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် စာတစ်ရွက်ကို ကြည့်လိုက်ပြန်သည်။

"ဟင်း၊ လာပြန်ပြီ၊ ဂျာမန်တိကျသေချာမှု၊ ဒီဂျာမန်ကောင်တွေကိုက နေရာတကာ တိကျလွန်းတယ်၊ ထွီ"

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် ဤသို့ဆိုကာ ခေါင်းကို ယမ်းလျက် ရှိပေသည်။

အခန်း ၁၆

"ကဲ နောက်ထပ် လက်မှတ်ထိုးစရာ ရှိသေးလား" ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် နောက်ဆုံးစာရွက်တစ်ရွက်ကို လက်မှတ်ထိုးလိုက်ပြီးနောက် လေးကွေးစွာ ထိုင်ရာမှ ထလိုက်၍ ဖြူဖွေးစွာ အစ်အစ်ကြီးဖြစ်နေသော လည်ကုပ်ပေါ်မှ အစင်းများကို ပွတ်သပ်ရင်း ရွှင်မြူးသောမျက်နှာထားဖြင့် အခန်းတံခါးဆီသို့ လျှောက်သွားလေသည်။

သင်းအုပ်ဆရာ၏ မိန်းမသည် ခပ်စောစောက တည်းကပင် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်ကို စောင့်ဆိုင်းလျက်ရှိသော်လည်း ရုတ်တရက် မလာနိုင်သည့်အတွက် ပေါင်မုန့်နှင့် ဆားထည့်ထားသော လင်ပန်းပြားကို ချထားရာမှ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ် ထလာသည်ကို မြင်သည်၌ မျက်နှာတွင် ရှက်သွေးဖြန်းလျက် ရှိရင်း လင်ပန်းကို ကောက်ယူလိုက်ကာ ခေါင်းကိုညွတ်၍ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်၏ လက်သို့ ကမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် မျက်လုံးများကို မှေး၍ကြည့်ကာ သင်းအုပ်ဆရာမိန်းမ၏ မေးဖျားကို ဆွဲ၍ မော့ယူလိုက်သည်။

"အလို၊ ကျုပ်နှမကဖြင့် မြင်သူငေးအောင် လှပါပေတယ်ဗျာ၊ အိမ်း ခုလို ဧည့်ခံတဲ့အတွက် ကျေးဇူးပါပဲဗျာ၊ ကျေးဇူးပါပဲ၊ ဟဲ ဟဲ"

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် ဘောင်းဘီအိတ်ထဲမှ ရွှေဒင်္ဂါးများကိုထုတ်၍ လင်ပန်းထဲသို့ ထည့်လိုက်၏။

"ဘယ်နယ်လဲ နှမလေးရဲ့၊ မောင်ကြီးတို့အတွက် အိပ်ရာနေရာကလေးများ ပြင်ပြီးပလား"

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် ပြောပြောဆိုဆို မိမိအတွက်ပြင်ဆင်ထားသော အခန်းဆီသို့ လျှောက်လာခဲ့လေသည်။ သင်းအုပ်ဆရာ၏ မိန်းမသည်လည်း နိမြန်းသောပါးပြင်တွင် ပါးချိုင့်ကလေးများပေါ်အောင် ပြုံးရင်း ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်နောက်မှ အခန်းထဲသို့ လိုက်ပါသွားလေသည်။ တပ်ရေးဗိုလ်သည် စမုတ်ဆောင်သို့ ထွက်လာကာ မင်းသားကလေး အင်ဒရေအား ၎င်းနှင့်အတူနေ့လယ်စာစားရန် ဖိတ်ခေါ်ခြင်း ပြုသည်။ နာရီတစ်ဝက်ခန့်ကြာသောအခါ မင်းသားကလေး အင်ဒရေအား ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်က အခေါ်လွှတ်လိုက်လေသည်။ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် အင်္ဂျိရင်ဘတ်မှ ကြယ်သီးကို ဖြုတ်ထားဆဲပင်ရှိလျက် လက်တင်ထိုင်ဖုံတစ်ခုတွင် ထိုင်နေသည်ကို တွေ့ရ၏။ လက်ထဲတွင် ပြင်သစ်စာအုပ်တစ်အုပ်ကို ကိုင်ထားရာမှ မင်းသားကလေး အင်ဒရေရောက်လာသောအခါတွင် စာအုပ်ကြားထဲ၌ သားလှီးဓားတစ်ချောင်းညှပ်၍ ပိတ်ထားလိုက်သည်။ ထိုစာအုပ်ကား ပြင်သစ်စာရေးဆရာမ မဒမ်ဒီဂျင်လေ ရေးသည့် ဝတ္ထုစာအုပ်တစ်အုပ် ဖြစ်၏။

"လာ လာ ထိုင်ဟေ့၊ စကားစမြည်လေး ပြောကြရအောင်" ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်က ပြောလိုက်သည်။ "ကြားရတာ စိတ်မကောင်းလိုက်ပါဘိတော့ကွယ်၊ အေးလေ တရားနဲ့ ဖြေပေါ့၊ ငါ့ကိုလဲ ခမည်းတော်လို သဘောထား၊ ကြားလား၊ ဒုတိယ အဖေပေါ့ကွယ်"

မင်းသားကလေး အင်ဒရေက ၎င်း၏ခမည်းတော်ကံတော်ကုန်ပုံကို ကြားသိရသလောက် ပြောပြကာ တောင်ကတုံးကို မိမိကိုယ်တိုင် သွားရောက်ကြည့်ရှုစဉ်က မြင်ခဲ့ရပုံများကိုလည်း ပြောပြလေသည်။

"တောက် ရိုင်းလိုက်လေကွယ်" ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်က မင်းသားကလေး အင်ဒရေ ပြောပြသည့်အတွက် ရုရှားပြည်ကြီး၏အခြေအနေကို ပြက်ပြက်ထင်ထင် သိမြင်လာသကဲ့သို့ မကျေမချမ်းဖြင့် ပြောလိုက်သည်။ "ငါ့ကို အချိန်ပေးစမ်းပါ၊ အချိန်သာ လုံလောက်အောင် ပေးစမ်းပါ၊ ဒီကောင်တွေကို လက်စားချေပြပါ့မယ်"

ထို့နောက် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် မျက်နှာထားသုန်မှုန်လျက်ရှိကာ စိတ်မချမ်းသာဖွယ်ကောင်းသော ဤစကားများကို နောက်ထပ်မပြောလိုတော့ဟန်ဖြင့် စကားလွှဲကာ

"ကိုရင်ကလေးကို ခေါ်တဲ့ကိစ္စကတော့ ငါ့ဌာနချုပ်မှာ ထားဖို့ပဲကွ"

"ကျေးဇူးတင်ပါတယ် ဗိုလ်ချုပ်ကြီး၊ ဒါပေမဲ့ ကျွန်တော်ဟာ စစ်ဦးစီးဌာနချုပ်နဲ့ မသင့်လျော်တော့ဘူးထင်ပါတယ်" မင်းသားကလေး အင်ဒရေက ခပ်ပြုံးပြုံးဖြင့် ပြန်ပြောလိုက်သည်။ ထိုအပြုံးကို ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်ကလည်း သတိထားလိုက်မိသည်။

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် မင်းသားကလေး အင်ဒရေအား စိုက်၍ကြည့်နေ၏။

"ဒီလိုရှိပါတယ် ဗိုလ်ချုပ်ကြီး" မင်းသားကလေး အင်ဒရေက ဆက်ပြောလိုက်သည်။ "ကျွန်တော့်မှာ ကျွန်တော့်တပ်ရင်းနဲ့ သိပ်ပြီး အဆင်ပြေနေပါတယ်၊ ကျွန်တော်ကလဲ တပ်ဗိုလ်တပ်သားတွေကို တော်တော်သံယောဇဉ်တွယ်နေမိပါပြီ၊ သူတို့ကလဲ ကျွန်တော့်အပေါ်မှာ တော်တော်လေး နှစ်သက်နေကြတယ်လို့ ထင်ပါတယ်၊ ဒီတော့ ကျွန်တော့်တပ်နဲ့ ကျွန်တော် မခွဲချင်လောက်အောင် ဖြစ်နေပါတယ်၊ ခုလို ဗိုလ်ချုပ်ကြီးက ချီးမြှင့် မြှောက်စားတာကို ငြင်းပယ်ရခြင်းကလဲ"

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်၏ ဝိုင်းစက်သောမျက်နှာကြီးပေါ်၌ ကြင်နာသက်ညှာသည့် အရိပ်အယောင်များ ပေါ်လာလေသည်။ သို့ရာတွင် မသိမသာလှောင်ပြောင်သည့်အမူအရာသည်လည်း ဝိုးတဝါးပေါ်လျက်ရှိ၏။ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်က ကြားဖြတ်၍ ပြောလိုက်သည်။

"အိမ်း၊ စစ်ဦးစီးဌာနချုပ်ကို မလာချင်ဘူးဆိုရင်လဲ

www.burmeseclassic.com

www.burmeseclassic.com

ငါ့အနေနဲ့တော့ စိတ်မကောင်းဘူးပေါ့လေ၊ ငါ့အနားမှာ ကိုရင်ကလေးလို လူတော်လူကောင်းတွေ ရှိစေချင်တယ်၊ အေးလေ တစ်နည်းအားဖြင့်ကြည့်ရင် ကိုရင်ကလေးပြောတာလဲ မှန်ပါပေတယ်၊ မှန်ပါပေတယ်၊ စစ်ဦးစီးဌာနချုပ်ဆိုတာ လူတော်လူကောင်း မလိုပါဘူး၊ စစ်ဦးစီးဌာနချုပ်ဆိုတာ လူတွေနေတဲ့နေရာ မဟုတ်ဘူး၊ အကြံပေးအရာရှိဆိုတဲ့ တတ်ယောင်ကားကောင်တွေနေတဲ့ နေရာပဲ၊ ခက်တာက တို့ရဲ့တပ်မတော်ထဲမှာ လူတော်လူကောင်းရှားပြီး အကြံပေးပုဂ္ဂိုလ်ဆိုတဲ့အကောင်တွေက များနေတယ်၊ တပ်ရင်းတွေမှာ ကိုရင်ကလေးတို့လို လူတော်လူကောင်းတွေ မအုပ်ချုပ်ဘဲ အကြံပေးအရာရှိတွေကို အအုပ်ချုပ်ခိုင်းရင်လဲ တပ်တွေမှာ ဒီလောက်အခြေအနေကောင်းမှာ မဟုတ်ဘူး၊ ငါကတော့ ဩစတားလစ်တိုက်ပွဲတုန်းက စစ်တံခွန်ကိုင်ပြီး ရှေ့ဆုံးကတက်သွားတဲ့ ကိုရင်ကလေးကို မြင်ယောင်နေတာပဲ၊ မျက်စိထဲက မထွက်တော့ဘူး”

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်၏ မျက်နှာမှာ ဩစတားလစ်တိုက်ပွဲအကြောင်းကိုပြောရင်း ကြည်နူးလာဟန်ဖြင့် မျက်နှာနီရဲလာ၏။ ထိုကြည်နူးခြင်းသည် မင်းသားကလေးအင်ဒရေကိုပါ ကူးစက်သွားလေသည်။

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် မင်းသားကလေးအင်ဒရေ၏လက်ကိုဆွဲ၍ ကိုယ်ကိုညွတ်စေပြီးနောက် ၎င်း၏ပါးကို ထိုးပေး၍ နမ်းရှုပ်နှတ်ဆက်စေ၏။ ၎င်း၏ မျက်လုံးတွင် မျက်ရည်များ ရစ်ဝဲလျက်ရှိခြင်းကို မင်းသားကလေး အင်ဒရေ သတိထားလိုက်မိသည်။ ကူတူဇော်ဗ်သည် မျက်ရည်လွယ်သူတစ်ယောက်ဖြစ်လျက် ခမည်းတော်ကြီး ကံတော်ကုန်ခြင်းကြောင့် မိမိအပေါ်၌ အထူးအခွင့်အရေးပေးနေခြင်းဖြစ်သည်ဟု မင်းသားကလေး အင်ဒရေသိသော်လည်း ဩစတားလစ်တိုက်ပွဲအကြောင်းကို ပြောလိုက်သည့်အခါ၌ မင်းသားကလေး အင်ဒရေမှာ စိတ်ထဲတွင် ကြည်နူးကာ သွေးကြီးသွားမိသေးသည်။

“အေးလေ၊ ကိုရင်ကလေးက စစ်ဦးစီးဌာနချုပ်ကို မလာချင်ဘဲ စစ်မြေပြင်ကို ထွက်ချင်တယ်ဆိုရင်တော့ သဘောပေါ့၊ အမှန်ကတော့ စစ်မြေပြင်ထွက်ရတာကပဲ ကောင်းပါတယ်၊ ဒါမှ သူရဲကောင်းပီသပြီး ဂုဏ်သိက္ခာရှိပေတာပဲ၊ သူရဲကောင်းတို့မည်သည် စစ်မြေပြင်မှာ သေစမြဲပဲ”

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်က ရပ်လိုက်သည်။

“ဘုခါရက်တုန်းကလဲ ကိုရင်ကလေး ပြန်သွားတော့ ငါ့အနားမှာ ကိုရင်ကလေးလို လူတော်လူကောင်းတွေရှိရင် ဘယ်လောက်ကောင်းမလဲလို့ တောင့်တမိတယ်”

ထို့နောက် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် စကားလမ်းကြောင်းပြောင်းကာ တူရကီစစ်ပွဲနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုသည့်ကိစ္စများကို ပြောဆိုနေပြန်သည်။

“အိမ်း တူရကီနဲ့ စစ်ဖြစ်တုန်းကရော၊ စစ်ပြေငြိမ်းရေးလုပ်တုန်းကရော ငါ့ကို အပြစ်တင်ခဲ့ကြတယ်၊ ဒါပေမဲ့ အချိန်တန်တော့ ငါတို့ပဲ အောင်ပွဲရခဲ့တယ် မဟုတ်လား၊ ‘အခါအခွင့်ကို စောင့်တတ်သူတစ်ဦးအဖို့ အရာခပ်သိမ်းတို့သည် အချိန်မီရောက်လာကြသည်’ ဆိုတဲ့ ပြင်သစ်စကားပုံလဲ ရှိတယ် မဟုတ်လား၊ အဲဒီတုန်းကလဲ ခုလိုပဲ ငါ့အနားမှာ အကြံပေးအရာရှိတွေ တစ်လှေကြီး ရှိခဲ့တာပဲ၊ ရိုက်သတ်လို့တောင် မကုန်ဘူး”

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် ၎င်း၏စိတ်ကို အနှောင့်အယှက် ပေးလျက်ရှိသော ‘အကြံပေးအရာရှိ’ ဆိုသူများကိစ္စကို ဆက်လက်ပြောနေပြန်သည်။

“ငါ့မှာလဲ အကြံပေးအရာရှိတွေကြောင့် တစ်မှောင့်ပဲကွ၊ ဒီကောင်တွေစကားသာ နားထောင်ရရင် တူရကီစစ်ပွဲဟာ ခုထက်ထိ ပြီးမှာ မဟုတ်သေးဘူး၊ တို့များလဲ တူရကီပြည်ထဲမှာ ရှိနေကြဦးမှာပဲ၊ အကြံပေးအရာရှိဆိုတဲ့ အကောင်တွေဟာ ဘာမှ အလုပ်မလုပ်ဘဲ စကားများဖို့လောက် တတ်ကြတာပဲကွ၊ လုပ်လိုက်ရင်လဲ သောက်တလွဲချည်းပဲ၊ ဘာမှ ထိထိရောက်ရောက်မရှိဘူး၊ ကာမင်စကီဆိုတဲ့ဗိုလ်ချုပ်လဲ မြန်မြန်သေသွားတာပဲ ကောင်းတယ်၊ မသေရင် အရှက်တကွဲအကျိုးနည်းဖြစ်ပြီး ရန်သူ့လက်ချက်နဲ့ သေရမှာပဲ၊ ဘာထူးသေးသလဲ၊ ဘယ်နှယ်ဗျာ ရန်သူကတပ်ကြီးတပ်ခိုင်တည်ထားတဲ့နေရာကို စစ်သားလေး သုံးသောင်းလောက်နဲ့ ဝိုင်းတိုက်သတဲ့ကွ၊ ရန်သူခံတပ်တစ်တပ်ကို ဝင်စီးရတဲ့ကိစ္စဟာ မခက်ပါဘူးကွ၊ စစ်ပွဲကြီးတစ်ခုလုံးကို နိုင်အောင်တိုက်ဖို့ကိစ္စကသာ ခက်တာပါ၊ စစ်ပွဲတစ်ပွဲကို နိုင်ဖို့ကိစ္စဟာ ရှေ့လောတကြီး စုပြုံတိုက်စစ်ဆင်နိုင်ခြင်းအပေါ်မှာ မတည်ဘူးကွ မှတ်ထား၊ စစ်ပွဲတစ်ပွဲကို နိုင်ရေးဟာ စိတ်ရှည်ခြင်းနဲ့ အချိန်အခါကို ရွေးချယ်တတ်ခြင်းအပေါ်မှာသာ တည်တယ်၊ ကိုရင်တို့

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကာမင်စကီဟာ စစ်သည်အင်အားများစွာနဲ့ တူရကီ ခံတပ်ကို တိုက်ခဲ့ပေမယ့် အောင်ပွဲရခဲ့သလား၊ မရခဲ့ဘူး၊ ငါက သူ့လို စစ်သည်အင်အားအများကြီးနဲ့ မတိုက်ဘဲ စိတ်ရှည်ခြင်းနဲ့ အချိန်အခါကို ရွေးချယ်တတ်ခြင်းဆိုတဲ့ လက်နက်နှစ်ခုတည်းနဲ့ တိုက်ခဲ့တယ်၊ ကိုရင်တို့ တူရကီတွေ ခံနိုင်သေးရဲ့လား၊ သင်းတို့ခံတပ်တွေ တစ်ခုပြီး တစ်ခုကျပြီး သင်းတို့တစ်တွေ မြင်းသားပုပ်စားရတဲ့ဘဝ ရောက်ခဲ့တယ် မဟုတ်လား"

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ခေါင်းကို ယမ်းလိုက်၏။ ထို့နောက် စိတ်အားထက်သန်စ ပြုလာကာ ရင်ဘတ်ကို ထုလိုက်လျက်

"ဟေ့ ဒီမှာကွ သင်းတို့ ပြင်သစ်ကောင်တွေကော ဘာသားနဲ့ ထုထားတာမို့လဲ၊ သင်းတို့လဲ မြင်းသား ပုပ်ကို စားရစေမယ် သိလား၊ သင်းတို့လဲ မြင်းသားပုပ်ကို စားရစေမယ်"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ မျက်လုံးတွင် မျက်ရည် တို့ရစ်ဝဲလျက် ရှိ၏။

"ဒါပေမဲ့ တပ်မတော်ကြီးတစ်ခုလုံးက လောလော ဆယ် တိုက်ချင်နေကြတယ် ဗိုလ်ချုပ်၊ အချိန်ဆွဲ မနေချင်ကြဘူး" မင်းသားကလေးအင်ဒရေက ပြော၏။

"အိမ်း၊ တပ်ဗိုလ်တွေ တပ်သားတွေအားလုံးက လောလောဆယ် ရင်ဆိုင်တိုက်ပွဲ တိုက်ချင်တယ်ဆိုရင်တော့ တိုက်ရမှာပလေ၊ ဘယ်ရောင်လို့ ရမလဲ၊ ဒါပေမဲ့ ငါပြောမယ် ကိုရင်လေး၊ စစ်ပွဲတစ်ပွဲမှာ စစ်သေနင်္ဂဗျူဟာ စီမံကိန်းတွေ ဘယ်လောက်ပဲကောင်းကောင်း စစ်သည်အင်အား ဘယ်လောက်ပဲများများ ဒါတွေက အကြောင်းမဟုတ်ဘူး၊ အချိန်နဲ့ စိတ်ရှည်ခြင်းကသာလျှင် စစ်ပွဲတစ်ပွဲမှာ အရာရာကို ဆုံးဖြတ်တယ် မှတ်ထား၊ ဒါပေမဲ့ အကြံပေးအရာရှိဆိုတဲ့ အကောင်တွေဟာ ဒီအချက်ကို သဘောမပေါက်ကြဘူး၊ ဒီကောင်တွေဟာ နားနဲ့ နား မထောင်ကြဘူး၊ အဲဒါ အခက်ဆုံးပဲ၊ တစ်ယောက်က စီမံကိန်းတစ်မျိုး၊ တစ်ယောက်က စီမံကိန်းတစ်မျိုးနဲ့ စီမံကိန်းဆွဲတမ်း ကစားနေကြတာပဲ၊ ကဲ ဒီတော့ လက်တွေ့ လုပ်ရတဲ့တို့များက ဘာလုပ်ရတော့မလဲ"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် မင်းသားကလေး အင်ဒရေထံမှ အဖြေတောင်းသည့်အနေ ဖြင့် မေးလိုက်၏။

"ဒီလောက် စီမံကိန်းတွေများနေရင် တို့များ ဘာ လုပ်ရမလဲဟင်"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က ဆက်၍မေးလိုက်၏။ ၎င်း၏အကောင်းပကတိကျန်သော မျက်လုံးတစ်ဖက်သည် တလက်လက်တောက်လျက် ရှိ၏။

"မှတ်ထား၊ အကြံပေးအရာရှိဆိုတဲ့ အကောင်တွေ ရွေးဉာဏ်တော်စူးရောက်တိုင်း သူတစ်မျိုး ငါတစ်ဖုံ အကြံဉာဏ်တွေ ပေးနေကြရင် ဘာလုပ်ရမလဲ၊ ငါလဲ ဘာလုပ်သလဲဆိုတာကို ငါ ပြောပြမယ် နားထောင်၊ အကြံဉာဏ်တွေများနေလို့ ဘာလုပ်ရမှန်း မသိရင်"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က စကားကို ဖြတ်ထားလိုက်၏။

"ဘာမှမလုပ်နဲ့၊ ဒီအတိုင်းသာ ပစ်ထားလိုက်၊ အဲဒါ အမှန်ဆုံးနည်းပဲကွ သိလား၊ သဲသဲယဖြစ်ရင် ဘာမှ မလုပ်ပါနဲ့ဆိုတဲ့ ပြင်သစ်စကားပုံရှိတယ် မဟုတ်လား"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က ပြင်သစ်စကားပုံကို တစ်လုံးချင်း ပီပီသသကြီး ရွတ်ပြလိုက်၏။

"ကဲ သွားပေတော့ ကိုရင်လေး၊ ကိုရင်လေး ခမည်းတော်ကြီးအတွက် ငါလဲ စိတ်မကောင်းပါဘူးကွာ၊ အဲ ငါ့ကိုတော့ စစ်သေနာပတိချုပ်လို့လဲ သဘောမထား နဲ့၊ မင်းသားကြီးလို့လဲ သဘောမထားနဲ့၊ အဖေတစ်ယောက်လို့ သဘောထား၊ ဟုတ်စ၊ အကြောင်း ကိစ္စကြီးငယ်ရှိရင်လဲ ငါ့ဆီ အချိန်မရွေး လာပြောလှည့်၊ ဟုတ်စ၊ ကဲ ကဲ သွားတော့"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် မင်းသားကလေး အင်ဒရေကို နောက်ဆုံးအကြိမ် မွေ့ဖက်နှုတ်ဆက်ပြန်သည်။ မင်းသားကလေး အင်ဒရေ အခန်းထဲမှ ထွက်ခွာမသွားမီမှာပင် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် ယခုမှ အေးအေးဆေးဆေးနေရတော့သည်ဟူသော သဘောဖြင့် သက်ပြင်းကြီး ချလိုက်ပြီးနောက် စောစောက ဖတ်လက်စ ပြင်သစ်ဝတ္ထုကို ဆက်၍ ဖတ်လျက် ရှိလေသည်။

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်နှင့် တွေ့ဆုံပြီးနောက် တပ်ရင်းသို့ ပြန်ရောက်သည့်အခါ၌မူကား မင်းသားကလေး အင်ဒရေ၏ စိတ်၌ တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့လေပြီ။ မင်းသားကလေး အင်ဒရေသည် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ ကွပ်ကဲမှုကို လည်းကောင်း၊ မိမိတို့၏ အောင်ပွဲရမည့်အရေး

www.burmeseclassic.com

www.burmeseclassic.com

ကို လည်းကောင်း ယုံကြည်လာခဲ့လေသည်။ မည်သည့်အတွက် ဤသို့ယုံကြည်လာသည်ကိုမူ အကြောင်းရှာ၍ မရချေ။ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် စိတ်လိုက်မာန်ပါ ပြောဆိုတတ်သူ ဖြစ်သည် မှန်၏။ ၎င်း၌ (အဖြစ်အပျက်များကို စုစည်းခြင်း၊ ကောက်ချက်ဆွဲခြင်းစသော) အသိဉာဏ်ပညာ နည်းပါးသည် မှန်၏။ သို့ရာတွင် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် ကိုယ်ကျိုးစွန့်သူ၊ အဖြစ်အပျက်များကို တည်ငြိမ်စွာ သုံးသပ်ဆင်ခြင်တတ်သူ ဖြစ်သည်ဆိုသည့် အချက်ကား ငြင်းမရသောအချက် ဖြစ်လေသည်။ ဤသို့ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်၏ ကွပ်ကဲမှုကို ယုံကြည်လာသည့်နှင့်အမျှ မိမိတို့ အောင်ပွဲရမည်ဟူသော ယုံကြည်ချက်သည် မင်းသားကလေး အင်ဒရေ၏ စိတ်၌ ခိုင်မာသည်ထက် ခိုင်မာလာခဲ့လေသည်။

'ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်ဟာ သူ ကိုယ်တိုင် စီမံကိန်းဆွဲတတ်သူတစ်ယောက် မဟုတ်ဘူး၊ သူကိုယ်တိုင် တီထွင်ဖန်တီးတတ်တဲ့ လူမျိုးလဲ မဟုတ်ဘူး' မင်းသားကလေး အင်ဒရေတွေး၏။ 'ဒါပေမဲ့ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်ဟာ သူများပေးတဲ့ အကြံဉာဏ်တွေ၊ သူများတင်ပြတဲ့ စီမံကိန်းတွေကိုတော့ လေးလေးစားစား ကြားနာတတ်တဲ့လူမျိုး ဖြစ်တယ်၊ ကောင်းနိုးရာရာကို ရွေးချယ်ပြီး တိတိကျကျလုပ်တတ်တဲ့ လူမျိုး ဖြစ်တယ်၊ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်ဟာ နိုင်ငံနဲ့ လူမျိုးအတွက် အသုံးဝင်မယ့်အရာမျိုးကို နှောင့်ယှက် ဖျက်ဆီးတတ်တဲ့လူမျိုး မဟုတ်ဘူး၊ နိုင်ငံနဲ့ လူမျိုး အန္တရာယ်ဖြစ်စေမယ့်အရာမျိုးကို လက်ပိုက်ကြည့်နေတတ်တဲ့ လူစားမျိုး မဟုတ်ဘူး၊ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်ဟာ ရာဇဝင်အဖြစ်အပျက်များရဲ့ လမ်းကြောင်းနဲ့ ဆန့်ကျင်ပြီး ငါ့လေ ငါထိုး ပဲခူးရောက်ရောက်ဆိုပြီး ထင်ရာလုပ်မယ့် လူစားမျိုး မဟုတ်ဘူး၊ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်ဟာ ရာဇဝင်အဖြစ်အပျက်များရဲ့ လမ်းကြောင်းကို တွေးခေါ်မြော်မြင်နိုင်စွမ်းရှိသူ ဖြစ်တယ်၊ ရာဇဝင်အဖြစ်အပျက်များရဲ့ တန်ခိုးအာနိသင်ကြီးပုံကိုလဲ သဘောပေါက်သူ ဖြစ်တယ်၊ ဒီလို သဘောပေါက်တဲ့အတွက်ကြောင့်လဲ မိမိစိတ်ဆန္ဒနှင့် မကိုက်ညီသည် မှန်စေ၊ အများရဲ့သဘောဆန္ဒ၊ အခြေအနေရဲ့တောင်းဆိုချက်နဲ့အညီ လိုက်နာ လုပ်ဆောင်သူ ဖြစ်တယ်၊ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်ဟာ ပြင်သစ်စကားပုံတွေကို ရွတ်၊ ပြင်သစ်ဝတ္ထုတွေကို ဖတ်နေသူ ဖြစ်မေမယ့် သူက ရုရှားလူမျိုးစစ်စစ်ဖြစ်တဲ့အတွက် သူ့ကို အားလုံးက ယုံကြည်ကြတယ်၊ ပြင်သစ်တွေကို မြင်းသားပုပ်ကျွေးမယ်လို့ ငိုသံပါကြီးနဲ့ ကြိမ်ဝါးပုံ၊ အမျိုးထိလျှင် မချိအောင်နာပုံတွေကို ထောက်ခြင်းအားဖြင့် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်ဟာ ဇာတိမာန်ထက်သန်သူ ဖြစ်တယ်၊ ဒီအချက်ကိုတော့ လူတိုင်းကလဲ ယုံကြည်တယ်၊ ငါလဲ ယုံကြည်တယ်'

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်အား စစ်သေနာပတိချုပ်ခန့်အပ်ခြင်းကို ရွှေနန်းတော်ကြီးက များစွာ သဘောမကျလှသော်လည်း အများစုကမူကား ထိုသို့သောအတွေးအမြင်၊ ထိုသို့သော ခံစားချက်များဖြင့် လိုက်လဲ့စွာ ထောက်ခံကြလေသည်။

အခန်း ၁၇

ဘုန်းတော်ကြီးသောဘုရား မော်စကိုမြို့သို့ ကြွရောက်လာစဉ် မော်စကိုမြို့သူမြို့သား တို့သည် ဇာတိသွေး ဇာတိမာန်ထက်သန်ခဲ့ကြသော်လည်း ဘုန်းတော်ကြီးသောဘုရား ပြန်ကြွသွားတော်မူသည့် နောက်၌ကား မော်စကို မြို့သူမြို့သား တို့၏ဘဝသည် ယခင်ကကဲ့သို့ပင် ပိုနေမြဲ ကျားနေမြဲဘဝသို့ ပြန်ရောက်ခဲ့ကြလေပြီ။ ယခုအချိန်၌ ၎င်းတို့သည် ပွဲလမ်းသဘင်များသို့ တက်ခြင်း၊ မူးယစ်သောက်စားခြင်း စသည့် ပျော်မှုပါးမှု ကြွားဝါမှုကိစ္စများ၌သာ အချိန်ကုန်လျက်ရှိကာ ဘုန်းတော်ကြီးသောဘုရားရှိစဉ်က ဇာတိသွေး ဇာတိမာန်ထက်သန်ခဲ့ခြင်းစသည့် အခြင်းအရာများကို မေ့ပျောက်သလောက်ဖြစ်လျက် ရှိကြလေပြီ။ ဘုန်းတော်ကြီးသောဘုရား ရှေ့တော်မှောက်၌ အဖနိုင်ငံတော်ကြီး အတွက် အစစအရာရာကို စွန့်လွှတ်ရန် အဆင်သင့်ရှိပါသည်ဟု အာပေါင်အာရင်းသန်သန် ပြောခဲ့သူများမှာ ထိုသူများပင်ဟုတ်ပါလေစဟု တွေးတောစရာ ဖြစ်နေခဲ့လေပြီ။ ထိုသူတို့သည် ဘုန်းတော်ကြီးသောဘုရားရှေ့၌ ဇာတိသွေး ဇာတိမာန် ထက်သန်ခဲ့ကြသလောက် ယခု ထိုဇာတိသွေး ဇာတိမာန်တို့သည် ပျောက်ကွယ်ခဲ့ကြလေပြီ။ ဇာတိသွေး ဇာတိမာန်ထက်သန်ခြင်း၏ အရိပ်အယောင်ဆို၍ ယခုအချိန်တွင် တစ်ခုသာကျန်တော့သည်။ ၎င်းမှာ အရေးပေါ် စစ်သည်များ ထည့်ဝင်ခြင်းနှင့် စစ်ရန်ပုံငွေများထည့်ဝင်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းတို့သာလျှင် ဖြစ်၏။ ထိုကိစ္စမှာလည်း ကတိပေးပြီးသည်နှင့် တရားဝင်အကောင်အထည် ဖြစ်အောင် စာချုပ်စာတမ်းနှင့် လွှဲပြောင်းအပ်နှင်းရသည့်ကိစ္စမျိုးဖြစ်၍ လွှဲရှောင်မရသောကြောင့် ဤမျှထိ တာရှည်ခံနေခြင်း ဖြစ်လေသည်။

ရန်သူများမှာ မော်စကိုမြို့အနီးသို့ ချဉ်းကပ်လာခဲ့ကြလေပြီ။ သို့ရာတွင် မော်စကို မြို့သူမြို့သားများကား အန္တရာယ်ကို လေးနက်စွာ ဆင်ခြင်စဉ်းစားခြင်း မပြုကြရုံမျှမက ပို၍ပင် ပေါ့ပေါ့လွင့်လွင့်နေထိုင်လျက် ရှိကြလေသည်။ လူများသည် ကြီးမားသောအန္တရာယ်ကြီးတစ်ခု ချဉ်းကပ်လာခြင်းကို မြင်ရသည့်အခါ၌ ဤသို့ ပေါ့ပေါ့လွင့်လွင့်နေထိုင်တတ်ကြသည်မှာ ဓမ္မတာဖြစ်လေသည်။ အန္တရာယ်ချဉ်းကပ်လာသည်၌ လူ၏ဝိညာဉ်ထဲမှ အသံနှစ်သံသည် တစ်ခုကို တစ်ခု အားကျမခံ ကျယ်လောင်စွာ စကားပြောလာတတ်လေ ရှိ၏။ ပထမအသံသည် အန္တရာယ်၏ သဘာဝနှင့်တကွ ထိုအန္တရာယ်မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းနည်းလမ်းကို ရှာဖွေရန် ကျိုးကြောင်းညီညွတ်စွာ လူကို သတိပေးနှိုးဆော်လေ့ရှိ၏။ ဒုတိယအသံကမူ လူသည် လာလတ္တံ့သော အဖြစ်အပျက်များကို ကြို့တင်သိမြင်ခြင်းငှာ မစွမ်း၊ တားဆီးခြင်းငှာလည်း မစွမ်း၊ ရှောင်လွှဲခြင်းငှာလည်း မစွမ်း။ ထိုသို့ မစွမ်းသည့်အလျောက် အန္တရာယ်ကိုတွေးတော၍ စိုးရိမ်ပူပန်ရခြင်းသည် ဒုက္ခကြီးလှသည်။ ထို့ကြောင့် စိုးရိမ်ကြောင့်ကြခြင်း မရှိဘဲ နောင်ခါလာ နောင်ခါစေးဟု သဘောထားကာ ပျော်ပျော်နေခြင်းသည်သာ အကောင်းဆုံးဖြစ်သည်ဟု ပို၍ပင် ကျိုးကြောင်းညီညွတ်စွာ တိုက်တွန်းနှိုးဆော်လေ့ရှိ၏။ လူသည် တစ်ယောက်ထီးတည်း နေသည့်အခါ၌ ပထမအသံ၏ တိုက်တွန်းနှိုးဆော်ချက်အတိုင်း ဆောင်ရွက်၍ အစုအဝေးဖြင့်နေသည့်အခါ၌ ဒုတိယအသံကို လိုက်နာခြင်း ပြုလေသည်။ ဤသို့ဖြင့် အစုအဝေးနှင့် နေထိုင်လျက်ရှိသော မော်စကိုမြို့သူ မြို့သားတို့သည် ဒုတိယအသံကို နားထောင်ကာ သောက်လား စားလား၊ ဟားလား ဝါးလားဖြင့် ပေါ့လွင့်စွာ နေထိုင်လျက် ရှိကြလေသည်။ မော်စကိုမြို့သူမြို့သားများသည် ထိုနှစ်ကလောက် မည်သည့်နှစ်ကမျှ ပျော်ပါးမြူးထူးခြင်း မရှိခဲ့ကြဖူးသေးချေ။

ထိုအတောအတွင်း မော်စကိုမြို့ဝန် မြို့စားကြီး ရော့စတော့ချင်၏ ကြော်ငြာစာရွက်များ ပေါ်ထွက်လာသည်။ ကြော်ငြာစာရွက်တွင် ဘုံဆိုင်တစ်ဆိုင်၊ အရက်သမားတစ်ဦးနှင့် ကာပွတ်ရုကာအမည်ရှိ မော်စကိုမြို့သားတစ်ယောက်၏ပုံကို ရေးဆွဲထား၍ ကဗျာဆရာကြီး ပွတ်ရုကင်၏ဇာတိမာန်ကဗျာများကို အောက်တွင် ရေးထားလေသည်။ အဓိပ္ပာယ်ကား အရက်သမားများပင်လျှင် အရေးပေါ်စစ်သည်စုအဖြစ် ဝင်ရောက်အမှုထမ်းကြကာ နပိုလီယန်အား ခုခံတိုက်ခိုက်ရန် စိတ်အားထက်သန်လျက်ရှိသည် ဟူသော သဘောဖြစ်၏။ မော်စကို မြို့သူမြို့သားများသည် ထိုအကြောင်းကို ဆွေးနွေးပြောဆိုလျက် ရှိကြလေသည်။

အင်္ဂလိပ်ကလပ်တွင်းကား ကလပ်ဝင်များသည် အခန်းထောင့်တစ်ထောင့်တွင် စုဝေးကာ ထိုကြော်ငြာစာရွက်များကိုဖတ်လျက် ရှိကြ၏။ အချို့ကလည်း 'ပြင်သစ် အလောင်းများကို ရုရှားမုန်လာဥများကဲ့သို့ စုပုံစေအံ့၊ သင်းတို့အားလုံး ဂျုံစေ့ပြုတ်တိုက်အံ့၊ မုန်လာဥရည် တိုက်အံ့၊ သင်းတို့ ပြင်သစ်တို့သည် လူပုများသာ ဖြစ်၍ ရုရှားလယ်သူမ တစ်ယောက်လျှင် သင်းတို့သုံးယောက်ကို ကောက်ဆွဖြင့် ထိုးသတ်အံ့' ဟု နောက်ပြောင်ကြိုးဝါးလျက် ရှိကြလေသည်။ မြို့စားကြီး ရော့စတော့ချင်သည် ပြင်သစ်များနှင့် နိုင်ငံခြားသားများကို မော်စကိုမှ နှင်ထုတ်လိုက်ပြီဖြစ်ကြောင်း၊ နိုင်ငံခြားသားများထဲတွင် နပိုလီယန်၏ သူလျှိုများရှိကြောင်းဖြင့်လည်း သတင်းဖြစ်ပွားလျက် ရှိလေသည်။ နိုင်ငံခြားသားများအား နစ်ဇနီသို့ သင်္ဘောဖြင့် တင်ပို့လိုက်ပြီဖြစ်ကြောင်း၊ ၎င်းတို့အား မြို့ဝန်မြို့စားကြီး ရော့စတော့ချင်က ရုရှားပြည်တွင်းတွင် ခြေမရှုပ်ကြရန် သတိပေးလိုက်ကြောင်းဖြင့်လည်း ပြောဆိုလျက်ရှိကြ၏။ အချို့ကလည်း အစိုးရရုံးများမှာ မော်စကိုမှ ရွှေ့ပြောင်းသွားကြပြီဟု ပြောဆိုကြ၏။ ရှင်ရှင်ကမူ မော်စကိုတွင် အစိုးရရုံးများ မရှိတော့သည့်အတွက် မျက်စိနောက်သက်သာသွားသဖြင့် နပိုလီယန်ကို ဤတစ်ချက်တွင် ကျေးဇူးတင်ကြောင်းဖြင့် ခပ်ရွှန်းရွှန်းကလေးပင် ပြောလိုက်သေး၏။ သူကြွယ် မာမိုနော့ဗ်မှာ အရေးပေါ်စစ်သည်စုတပ်ရင်းတစ်ရင်းစာ တာဝန်ခံထားသည့်အတွက် ဒင်္ဂါးပေါင်းရွှစ်သိန်း ကုန်ကျလျက်ရှိပြီ ဖြစ်ကြောင်း၊ မြို့စားကလေးပီယာမှာ ထို့ထက်ပင် အကုန်အကျခံလျက် ရှိ

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း၊ ထိုမျှမက ၎င်းကိုယ်တိုင်လည်း စစ်ဝတ်စုံ ဝတ်၍ လခတစ်ပြားတစ်ကျပ်မျှ မယူဘဲ ဝင်ရောက်တိုက်ခိုက်မည်ဟု ကြားသိရကြောင်းဖြင့် အမျိုးမျိုးပြောဆိုလျက်ရှိကြလေသည်။

"မြို့စားကလေးကတော့ ရက်ရက်ရောရောကြီးကို လှူဒါန်းနေတော့တာပဲ" ဂျူလီ (ဘိုးရစ်၏ဇနီး) က လက်စွပ်ဝတ်ထားသည့် သေးသွယ်သော လက်ချောင်းကလေးများဖြင့် ဂွမ်းလိပ်များထပ်ရင်း ပြောလိုက်သည်။

ဂျူလီမှာ နက်ဖြန်တွင် မော်စကိုမှ ပြောင်းရွှေ့တော့မည်ဖြစ်သဖြင့် နှုတ်ဆက်ဧည့်ခံပွဲတစ်ခု ကျင်းပလျက်ရှိလေသည်။

"မြို့စားကလေး ပီယာဆိုတဲ့ လူက တော်တော်တော့ ရယ်စရာကောင်းတဲ့လူပဲ၊ ဒါပေမဲ့ စိတ်ကောင်းသဘောကောင်းတော့ ရှိရှာပါတယ်၊ 'ဒီလို စိတ်အားထက်သန်နေရတာ' ဘာအရသာများ ရှိပါလိမ့်"

ဂျူလီက ပြင်သစ်လိုတစ်ဝက် ရုရှားလိုတစ်ဝက် ပြောလိုက်သည်။

"ဟော နှစ်ခွန်းပြောပြီခင်ဗျ၊ လျော်ရလိမ့်မယ်၊ လျော်ရလိမ့်မယ်" အရေးပေါ်စစ်သည်စုဝတ်စုံဝတ်ထားသည့် လူငယ်တစ်ဦးက ပြောလိုက်၏။ ထိုလူငယ်မှာ ဂျူလီကို နစ်ဇနီသို့ လိုက်ပို့မည့်သူဖြစ်ပြီး ဂျူလီက ၎င်းကို 'သူရဲကောင်းကြီး' ဟု ခေါ်လေ့ရှိသည်။

ထိုအချိန်က ဂျူလီ၏အသိုင်းအဝိုင်း အပါအဝင် မော်စကိုမြို့ အထက်တန်းလွှာအသိုင်းအဝိုင်းများ၌ ရုရှားစကားမှအပ အခြားမည်သည့်နိုင်ငံခြားစကားကိုမျှ ပြောဆိုခြင်း မပြုရဟူသော ခေတ်စားနေသည့် ပညတ်ချက်တစ်ခုရှိ၏။ မတော်တဆ ပြင်သစ်စကားပြောမိလျှင် လျော်ကြေးပေးရန်လည်း သတ်မှတ်ထားကြ၏။ ထိုလျော်ကြေးများကို စစ်စရိတ်ရန်ပုံငွေထဲသို့ ထည့်ဝင်ကြရန်လည်း စည်းကမ်းသတ်မှတ်ထားကြသည်။ အရေးပေါ်စစ်သည်စု ဝတ်စုံဝတ်ထားသည့်လူငယ်က လျော်ကြေးတောင်းနေခြင်းမှာ ဂျူလီပါးစပ်မှ ပြင်သစ်စကားများ မတော်တဆ ထွက်လာသောကြောင့် ဖြစ်လေသည်။

"'ဘာအရသာရှိပါလိမ့်' ဆိုတဲ့စကားကတော့ ပြင်သစ်စကား မဟုတ်ဘူးဗျ၊ ဒါပေမဲ့ ဇာတိမာန် ဇာတိသွေးတက်ကြွတာကို မကောင်းဘူးလို့ ပြောတဲ့အတွက်လဲ လျော်ကြေးပေးသင့်တယ် ထင်တယ်ခင်ဗျ" ရုရှား စာရေးဆရာတစ်ယောက်က ပြောလိုက်သည်။

"သူ့မှာဖြင့် သူများကို အမှားဖမ်းဖို့လောက်ပဲ စောင့်နေတာပဲ" ဂျူလီက ခပ်စောစောကပြောသည့် အရေးပေါ်စစ်သည်စု ဝတ်စုံနှင့် လူရွယ်ကို မျက်စောင်းကလေးထိုး၍ ခပ်နွဲ့နွဲ့ပြောလိုက်သည်၊ အတန်ကြာမှ

"ကဲပါရှင် ပြောမိတဲ့စကားလုံးအတွက် လျော်ကြေးပေးပါ့မယ်၊ ပေးပါ့မယ်၊ ဂျူလီတို့က ရုရှားစကားကို သင်ရအောင်ကလဲ မင်းသားကလေး ဂါလစ်ဆင်တို့လို ပိုက်ဆံလဲ မချမ်းသာဘူး၊ အချိန်လဲ မရဘူးရှင့်၊ ဟောပြောရင်းဆိုရင်း မြို့စားလေး ပီယာတောင် ရောက်လာပြီ၊ 'ခုပဲ' အို ယောင်လို့"

ဂျူလီသည် 'ခုပဲ' ဟူသော ပြင်သစ်စကားလုံးတစ်လုံးကို ယောင်ပြောလိုက်မိသဖြင့် အရေးပေါ်စစ်သည်စုဝတ်စုံဝတ်ထားသော လူရွယ်ဘက်သို့ လှည့်ပြောလိုက်သည်။

"ဒါပဲနော် သူများအမှားကိုချည်း စောင့်စောင့်မနေနဲ့၊ ကြွပါ မြို့စားလေး၊ ခုပဲ မြို့စားလေးအကြောင်းကို ပြောနေကြပါသေးတယ်၊ နေမင်းကြီးအကြောင်း ပြောနေတုန်း နေရောင်ခြည်လေး ဖြာကျသလိုပေါ့ရှင်၊ မြို့စားလေးရဲ့အရေးပေါ် စစ်သည်စုတပ်ရင်းကတော့ မာမိနော့်ဗတပ်ရင်းထက် သာမှာပဲလို့ ခိုးကျူးနေကြပါတယ်"

ဂျူလီက အထက်တန်းလွှာမိန်းမတို့၏ ထုံးစံအတိုင်း မုသားပြောခြင်းတွင် ကျွမ်းကျင်သောလေသံဖြင့် ပြော၏။

"အို ကျွန်တော့်တပ်ရင်းအကြောင်း မပြောစမ်းပါနဲ့ခင်ဗျာ၊ စိတ်ကုန်လွန်းလို့ပါ" ပီယာက ဂျူလီ၏ လက်ခုံကိုနမ်းရှုပ်၍ အနီးတွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။

"အို ဘယ်နှယ် စိတ်ကုန်ရမှာလဲ၊ မြို့စားလေးကိုယ်တိုင် ကွပ်ကဲဦးစီးမလို့ဆို" ဂျူလီက အရေးပေါ်စစ်သည်စုဝတ်စုံ ဝတ်ထားသော လူရွယ်ဘက်သို့ ခပ်လှောင်လှောင်ပြု၍ မေးလိုက်သည်။

အရေးပေါ်စစ်သည်စုဝတ်စုံကို ဝတ်ထားသည့် လူရွယ်သည် ပီယာရောက်လာသောအခါ၌ စောစောကလောက် အာဝဇ္ဇန်းမရှင်ရတော့ဘဲ တိတ်ဆိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

ဂျူလီက မည်သည့်အဓိပ္ပာယ်ဖြင့် ခပ်လှောင်လှောင်ပြုံးပြသည်ကိုလည်း စဉ်းစားမရအောင် ဖြစ်နေလေသည်။ ပီယာသည် နဝေတိမ်တောင်ဖြစ်တတ်၍ သဘောကောင်းသူတစ်ယောက်ဖြစ်သော်လည်း ပီယာ၏ဥပဓိရုပ်မှာ အဟန့်ကောင်းသဖြင့် ရှေ့တွင် နောက်ပြောင်ခြင်း မပြုရဲကြချေ။

"အို ကျွန်တော် ကွပ်ကဲဦးစီးလို့ ဖြစ်နိုင်ပါ့မလား" ပီယာက ၎င်း၏ဝဖြူးတောင့်တင်းသောခန္ဓာကိုယ်ကြီးကို ငဲ့ကြည့်၍ ပြောလိုက်သည်။ "ဒီခန္ဓာကိုယ်ကြီးနဲ့ စစ်မြေပြင်ထွက်ရင် ပြင်သစ်တွေအဖို့ ပစ်ကွင်းကောင်းကောင်း ပေးသလိုဖြစ်ပြီး ပစ်မလွဲဖြစ်နေမှာပေါ့၊ ပြီးတော့လဲ ဒီခန္ဓာကိုယ်ကြီးနဲ့ ဘယ်နှယ်လုပ် မြင်းပေါ်ရောက်အောင် တက်ရမလဲဆိုတာ စဉ်းစားလို့မရအောင် ဖြစ်နေတယ်ခင်ဗျ"

ဂျူလီ၏နှုတ်ဆက်စည်ခံပွဲသို့ လာရောက်သည့် မင်းပရိသတ်များသည် ပြောစရာအတင်းအဖျင်းများ မကျန်တော့သည်၌ မြို့စားကြီး ရော့စတော့ဗ်တို့ မိသားစုအကြောင်း စကားစပ်မိလာကြပြန်သည်။

"မြို့စားကြီး ရော့စတော့ဗ်တို့ခမျာလဲ စီးပွားရေးအခြေအနေ တော်တော်ဆိုးနေတယ်လို့ ကြားရပါကလား၊ ဂျူလီဖြင့် နည်းနည်းလေးမှ စိတ်မကောင်းပါဘူးရှင်" ဂျူလီက ပြောလိုက်၏။ "ခက်တာက မြို့စားကြီးကလဲ မြို့စားကြီးပါပဲ၊ လုပ်ပုံကိုင်ပုံက ဟန်မကျဘူး၊ ကြည့်လေ မော်စကိုအိမ်နဲ့ မော်စကိုနားက ပိုင်စားနယ်မြေတွေကို ရာဇမော်စကိုက ဝယ်မယ်လို့ ပြောထားတာ ကြာပါပကော၊ အဲဒါ ခုထက်ထိ အရောင်းအဝယ်မဖြစ်သေးဘူး၊ ဈေးက အဆမတန်ဆိုထားတယ်ဆိုပဲ"

"အို မကြာခင် အရောင်းအဝယ် ဖြစ်တော့မှာပါတဲ့၊ ဒါပေမဲ့ တိုင်းပြည် ဒီလောက်ဗရုတ်ဗရက်ဖြစ်နေတုန်း မော်စကိုမှာ အိမ်ဝယ်တဲ့လူကလဲ ဝယ်ပါရဲ့၊ ရွေးများ ရွေးနေသလား မသိပါဘူး" တစ်ယောက်က ဝင်ပြောလိုက်၏။

"အို မဝယ်ရတော့ဘူးလား၊ မော်စကိုမှာ ဘာများ ဖြစ်သေးလို့လဲ"

"ဘာမှ မဖြစ်သေးရင် ဂျူလီတို့ ဘာဖြစ်လို့ တခြားကိုပြောင်းဖို့ စီစဉ်နေကြသေးသလဲ"

"အို ဂျူလီပြောင်းတဲ့ကိစ္စလား၊ ဒါကတော့ အများက ပြောင်းနေကြတာကိုးရှင့်၊ အများ မိုးခါးရေသောက်တော့လဲ သောက်ရတာပေါ့၊ ပြီးတော့ ဂျူလီကလဲ ဂျူနိုးအော့်အာတို့လို အာဇာနည်အမျိုးသမီး မဟုတ်ပေဘူးရှင့်"

"ရှိပါစေတော့ဗျာ။ ရှိပါစေတော့"

"မြို့စားကြီး ရော့စတော့ဗ်တို့လဲ ဒီလိုအိမ်လေးမြေလေး ထုခွဲရောင်းချမှ အကြွေးတွေ ဆပ်နိုင်ရှာတော့မှာပဲဗျ" အရေးပေါ်စစ်သည်စုဝတ်စုံကို ဝတ်ထားသည့် လူရွယ်က ဆက်လိုက်ပြန်သည်။

"ဟုတ်ပါတယ်လေ၊ ခမျာများ သနားစရာပါ၊ မြို့စားကြီးခမျာလဲ သဘောကောင်းလွန်းလို့ ဒီအခြေဆိုက်ရရှာတာပါ၊ သူတို့လဲ ဘာဖြစ်လို့များ မော်စကိုမှာ ဒီလောက်အကြာကြီးနေသလဲ မသိဘူးနော်၊ အစတုန်းကတော့ တောကိုပဲ ချက်ချင်းပြန်တော့မလိုလိုပဲ၊ နာတာရှာလဲ တော်တော်နေကောင်းလာပြီ မဟုတ်လား၊ ဟုတ်ပါသလား မြို့စားလေး" ဂျူလီက သူသိသည်ဆိုသောအပြုံးမျိုးဖြင့် ပီယာ့ဘက်သို့ လှည့်မေးလိုက်သည်။

"သူတို့ သားအငယ်ဆုံးလေးကို စောင့်နေတယ်ထင်ပါတယ်" ပီယာက ပြောလိုက်သည်။ "သားအငယ်ဆုံးလေးက ဗိုလ်ချုပ်အိုဘိုလင်စကီရဲ့ ကော့ဆက်မြင်းတပ်ထဲ ဝင်လို့ တပ်နဲ့အတူ စစ်မြေပြင်ကို ပါသွားပါတယ်၊ ခု ကျွန်တော့်တပ်ရင်းမှာ အမှုထမ်းဖို့ သူငယ်လေးကို ပြန်ခေါ်ထားပါတယ်၊ မြို့စားကြီးကတော့ ပြန်ချင်လှပြီထင်ပါတယ်၊ မြို့စားကတော်ကြီးက သား မလာမချင်း မပြန်ဘူးဆိုလို့ ဆိုင်းနေတယ်ထင်ပါရဲ့"

"တစ်နေ့က အက်ခါရော့ရဲ့ စည်ခံပွဲမှာ မြို့စားကတော်ကြီးတို့ သားအမိနဲ့တွေ့တယ်၊ နာတာရှာကလေးက နေမကောင်းဖြစ်ပြီးခါမှ ပိုပြီး လှလာပါကလား၊ ချစ်စရာကလေး၊ အဲဒီစည်ခံပွဲမှာ သီချင်းတစ်ပုဒ်တောင် ဆိုပြသွားသေးတယ်၊ တချို့လူများကျတော့လဲ ဘာကိုပဲဖြစ်ဖြစ် ပြီးပြီးပျောက်ပျောက် ဖြစ်လွယ်တတ်ကြတာပဲ၊ အမှတ်သည်းချေ မရှိကြဘူး"

"ဘာကို ပြီးပြီးပျောက်ပျောက် ဖြစ်လွယ်တာလဲ ဂျူလီ" ပီယာက မကျေနပ်သံဖြင့် မေးလိုက်သည်။

ဂျူလီက ပြုံးလိုက်၏။

"မြို့စားလေးလို သူရဲကောင်းပီသတဲ့လူကဖြင့် မဒမ်ဒီဆူဇာရဲ့ ဝတ္ထုတွေထဲမှာသာ တွေ့နိုင်ပေတာပဲရှင်၊

www.burmeseclassic.com

www.burmeseclassic.com

တကယ်ချီးကျူးလောက်ပါပေတယ်"

"ဘာ ဘာ သူရဲကောင်းလဲ ဂျူလီ၊ ကျွန်တော် နားမလည်ဘူး" ပီယာက မျက်နှာတွင် ရုတ်ဆွေးဖြန်းလျက် ရှိရင်း ပြောလိုက်၏။

"မြို့စားကလေးကလဲရှင် အချင်းချင်းတွေပဲ၊ မော်စကိုတစ်မြို့လုံး ဥက္ကောဒေယျဖြစ်နေတဲ့ကိစ္စပဲ၊ ဂျူလီတော့ မြို့စားကလေးကို သိပ်အဲ့သြတာပဲ"

"ဟော ပြင်သစ်လို ပြောပြန်ပြီခင်ဗျ၊ လျော်ရလိမ့်မယ်နော်၊ လျော်ရလိမ့်မယ်" အရေးပေါ်စစ်သည်စု ဝတ်စုံဝတ်ထားသည့်လူရွယ်က ပြောလိုက်၏။

"လျော်ပါ့မယ်ရှင် လျော်ပါ့မယ်၊ စကားကို မပြောရဲလောက်အောင်ဖြစ်နေပြီ၊ ဂျူလီဖြင့် ပြင်သစ်လို မပြောရတာ သိပ်စိတ်ညစ်တာပဲ"

"ဘာလဲဗျ 'မော်စကိုတစ်မြို့လုံး ဥက္ကောဒေယျ' ဆိုတဲ့စကားက" ပီယာသည် စိတ်ဆိုးလာကာ မတ်တတ်ရပ်၍ မေးလိုက်သည်။

"ဘာရမလဲ မြို့စားလေး သိသားပဲ"

"ဟင့်အင်း ကျွန်တော် မသိဘူး"

"မြို့စားလေးဟာ နာတာရှာနဲ့ ဘယ်လောက်ရင်းနှီးနေကြတယ်ဆိုတာ ဂျူလီသိပါတယ် မြို့စားလေးရဲ့၊ ဒါကြောင့် အေးလေ ဒါက သိပ်တော့ မဆန်းပါဘူး၊ ဂျူလီဆိုရင်လဲ သူ့အစ်မဗီရာနဲ့ သိပ်ခင်တာကလား"

"ဒီမှာခင်ဗျား" ပီယာက မကျေနပ်သံဖြင့် ပြောလိုက်သည်။ "ကျွန်တော်ဟာ မြို့စားကြီး ရော့စတော့ဗ်ရဲ့ သမီးထွေး နာတာရှာရဲ့ သူရဲကောင်း မဖြစ်ခဲ့ဖူးပါဘူး၊ သူတို့အိမ်ကို မရောက်တာလဲ တစ်လလောက် ရှိပါပြီ၊ ဒီလို သွားပုပ်လေလွင့်ပြောတာမျိုးကတော့"

"ဟော ဟော ' အိုးမလုံ အုံပွင့်' ဆိုတဲ့ စကားပုံလို ဖြစ်နေပြီ" ဂျူလီက ပြုံး၍ပြောလိုက်ပြီးနောက် အောင်နိုင်သူ၏ဟန်ဖြင့် ဂွမ်းဖတ်ကလေးများကို လွှတ်ချလိုက်သည်။ ထို့နောက် စကားလွှဲလိုသည့်ဟန်ဖြင့်

"ဒီနေ့ သတင်းတစ်ခုကြားတယ် မြို့စားလေးရဲ့၊ မင်းသားကြီး ဘိုလကွန်စကီရဲ့ သမီးတော် မင်းသမီးကလေး မေရီ မော်စကိုကို ရောက်လာပြီတဲ့၊ မင်းသားကြီး ဘိုလကွန်စကီ ကဲတော်ကုန်တဲ့သတင်းကိုကော မြို့စားလေး ကြားပြီးပြီလား"

"ဟုတ်လား ကျွန်တော် မသိသေးဘူး၊ ခု ဘယ်မှာတည်းသတဲ့လဲ၊ သွားပြီး တွေ့ဦးမှပဲ" ပီယာက ပြောလိုက်သည်။

"မနေ့ညနေက ဂျူလီနဲ့ တွေ့တယ်လေ၊ မော်စကို နားက ပိုင်စားနယ်မြေကို ပြောင်းမလို့ ပြောတယ်၊ ဒီနေ့ပဲ သွားဖြစ်သလား၊ မနက်ဖြန်မှ သွားမလားတော့ မသိဘူး"

"သူကော နေကောင်းရဲ့ မဟုတ်လား"

"ကောင်းပါတယ်၊ ဒါပေမဲ့ သိပ်ပြီး စိတ်လက်ချမ်းသာပုံ မရဘူး၊ သြော် ပြောလိုက်ရဦးမယ်၊ သူ့ကို ဘယ်သူကယ်ဆယ်လိုက်တယ် ထင်လဲ၊ သိပ်ဝတ္ထုဆန်တာပဲ မြို့စားလေးရယ်၊ နီကိုလေ ကယ်ခဲ့တာပဲ၊ ထိပ်ထားလေးရဲ့ ပိုင်စားနယ်မြေမှာရှိတဲ့ မြေကျွန်တွေက အာဏာဖီဆန်ပြီး သူ့ကို သွားခွင့်မပေးဘဲ ဝိုင်းသတ်မယ်လို့ ဆိုပဲ၊ အဲဒီတုန်းနီကိုလေရောက်လာပြီး ကယ်ပေလို့တဲ့"

"တယ်ကောင်းတဲ့ဝတ္ထုလေးပဲ ခင်ဗျာ" အရေးပေါ်စစ်သည်စု ဝတ်စုံကို ဝတ်ထားသည့် လူရွယ်က ပြောလိုက်၏။ "ဘာပဲ ဖြစ်ဖြစ် ခု စစ်ကြီးကတော့ အပျိုကြီးတွေကို ကြင်ဖက်ရှာပေးတာတော့ အမှန်ပဲခင်ဗျ၊ ပထမ မင်းသမီးကြီး ကတာချီ၊ ဒုတိယ မင်းသမီးကလေး မေရီ"

"ဂျူလို့အထင်တော့ ထိပ်ထားလေးဟာ နီကိုလေကို တော်တော်စွဲလမ်းနေပြီထင်တယ်"

"ဟော ပြင်သစ်လို ပြောပြန်ပြီခင်ဗျ၊ လျော်ရပြန်ပြီ ခင်ဗျ၊ လျော်ရပြန်ပြီ"

"ဒီစကားကို ရုရှားလို ဘယ်လိုလုပ် ပြောရမှာလဲ ရှင့်၊ ခက်လိုက်တာနော် သိပ်စိတ်ညစ်တာပဲ"

အခန်း ၁၈

စံအိမ်သို့ ပီယာပြန်ရောက်လာသောအခါ၌ မော်စကိုမြို့ဝန် မြို့စားကြီး ရော့စတော့ချင်၏ကြော်ငြာစာရွက် နှစ်ရွက် ရောက်နေသည်ကို တွေ့ရလေသည်။

ပထမကြေညာချက်၌ မြို့ဝန် မြို့စားကြီး ရော့စတော့ချင်က မြို့သူမြို့သားများအား မော်စကိုမှ ပြောင်းရွှေ့ခြင်းမပြုရဟု အမိန့်ထုတ်ထားသည်ဟူသောသတင်းမှာ မဟုတ်ကြောင်း၊ မိမိအနေဖြင့် အမျိုးသမီးများနှင့် သူ့ဌေးသူကြွယ်ကတော်မယားများ မော်စကိုမြို့မှ ယခုကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

ကြိုတင်ထွက်ခွာသွားသည်ကိုပင် ဝမ်းမြောက်ကြောင်းဖြင့် ဖော်ပြထားလေသည်။ ဤသို့ စောစီးစွာ ပြောင်းရွှေ့သွားခြင်းကြောင့် အထိတ်တလန့် ဖြစ်ခြင်းများ၊ ကောလာဟာပြောဆိုမှုများ နည်းပါးသွားမည် ဖြစ်ပေသည်။ မည်သို့ဖြစ်စေ ပြင်သစ်လူဆိုး ဓားပြများ မော်စကိုသို့ ဝင်ရောက်ခြင်းမပြုနိုင်ရန်အတွက် ကျွန်ုပ်အနေဖြင့် သက်စွန့်ကြိုးပမ်းခုခံကာကွယ်မည်သာ ဖြစ်ပေကြောင်း စသဖြင့် မြို့ဝန်၏ ကြေညာချက်တွင် ဖော်ပြထား၏။ ပီယာသည် ဤကြေညာချက်ကို ဖတ်လိုက်ရသည်နှင့် တစ်ပြိုင်နက် ပြင်သစ်တပ်များ မော်စကိုသို့ ဝင်ရောက်တော့မည်မှာ မြေကြီး လက်ခုတ်မလွဲ ဖြစ်နေပေပြီဟု ပထမဆုံးအကြိမ် သိမြင်လာလေသည်။ မြို့ဝန် မြို့စားကြီး ရော့စတော့ချင်၏ ဒုတိယကြေညာချက်၌ ကျွန်ုပ်တို့၏ စစ်ဦးစီးဌာနချုပ်သည် ဗျာဇမာ၌ စခန်းချလျက် ရှိကြောင်း။ မြို့စားကြီး ဝပ်ဂျင်စတိန်းသည် ပြင်သစ်များကို သုတ်သင်ချေမှုန်းလျက်ရှိကြောင်း၊ သို့သော်လည်း အဖနိုင်ငံတော်ကြီး၏ အကျိုးကို သယ်ပိုးလိုသောဆန္ဒရှိပါက မော်စကိုမြို့သူ မြို့သားများကို လက်နက်တပ်ဆင်ပေးမည် ဖြစ်ကြောင်း၊ မော်စကိုမြို့သူ မြို့သားများအတွက် လက်နက်များ လက်နက်တိုက်၌ အဆင်သင့်ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ ဓားရှည်များ၊ ပြောင်းတိုသေနတ်များ၊ ကျည်တစ်လုံးထိုးသေနတ်များကို အဖိုးချိုသာစွာနှင့် ထုတ်ပေးမည် ဖြစ်ကြောင်း စသဖြင့် ဖော်ပြထားလေသည်။ သို့ရာတွင် မော်စကိုမြို့ဝန် ရော့စတော့ချင်၏ လက်ရှိကြေညာချက်များမှာ ခပ်စောစောကြေညာချက်များကဲ့သို့ 'ပြင်သစ်အလောင်းများ မုန်လာဥများကဲ့သို့ တောင်ပုံရာပုံ ဖြစ်စေအံ့' ဟူသော ကြုံဝါးချက်မျိုးမပါတော့ဘဲ လေသံပျော့လာခြင်းကို တွေ့ရ၏။ ပီယာသည် မြို့ဝန်ရော့စတော့ချင်၏ ကြေညာချက်ကို စဉ်းစား၍နေမိသည်။ သို့နှင့် တစ်ပြိုင်တည်း မိမိမျှော်လင့်ခဲ့သော နပိုလီယန်အားချေမှုန်းရန် အချိန်အခါကောင်းသည် ဆိုက်ရောက်လာချေပြီဟု ယူဆလိုက်မိလေသည်။

ပီယာသည် တပ်မတော်တွင် ဝင်ရောက်အမှုထမ်းရမည်လောဟု အပြန်အလှန်လှန် တွေးတောလျက် ရှိ၏။ ပီယာသည် စားပွဲပေါ်ရှိ ဖဲထုပ်တစ်ထုပ်ကို ဆွဲယူလိုက်ပြီး ဖဲဗေဒင်တွက်လျက် ရှိလေသည်။

'ဖဲဗေဒင် မှန်ရင်၊ ဖဲဗေဒင် မှန်ရင်' ပီယာသည် ဖဲထုပ်ကို ကုလားဖန်ထိုးရင်း တွေးတောလျက် ရှိလေသည်။ ဖဲဗေဒင်မှန်ရင် မည်သို့လုပ်ရမည်နည်းဟု ဆုံးဖြတ်၍ကား မရသေးချေ။ ဤသို့ ချီတုံချတုံဖြစ်လျက်ရှိစဉ် အခန်းဝမှ အစ်မတော် ပထမမင်းသမီးကြီး၏ အသံကို ကြားရလေသည်။

'ဖဲဗေဒင် မှန်ရင် ငါ တပ်မတော်ထဲကို ဝင်မယ်၊ ဟုတ်တယ်၊ တပ်မတော်ထဲကို ဝင်မယ်' ပီယာသည် ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် အစ်မတော် ပထမမင်းသမီးကြီးအား ဝင်လာနိုင်ကြောင်းဖြင့် လှမ်းပြောလိုက်သည်။

ပီယာ၌ အဖေစုံ အမေကွဲ အစ်မသုံးယောက် ရှိသည့်အနက် အလတ်နှင့် အငယ်မှာ အိမ်ထောင်ကျသွားပြီဖြစ်သည့်အတွက် အကြီးဆုံးဖြစ်သော ခါးရှည်ရှည် မျက်နှာလေးထောင့်နှင့် ပထမမင်းသမီးကြီးတစ်ယောက်သာလျှင် မော်စကိုစံအိမ်တွင် နေထိုင်လျက် ရှိလေသည်။

"တိုင်ပင်စရာလေးရှိလို့ လာခဲ့တာပဲ မောင်လေးရေ" ပထမမင်းသမီးကြီးက အရေးတကြီးအသံဖြင့် ပြောလိုက်သည်။ "အစ်မတော်တို့အနေနဲ့လဲ တစ်ခုခုတော့ဆုံးဖြတ်မှ ဖြစ်မယ် ထင်တယ်၊ တိုင်းပြည်ကြီးကလဲ ရုတ်ရုတ် ရုတ်ရုတ်နဲ့၊ ဘာဖြစ်မလဲ မသိသေးဘူး၊ တချို့လဲ မော်စကိုက ပြောင်းကုန်ကြပြီ၊ အဓိကရုဏ်းတွေလဲ ဖြစ်နေသတဲ့၊ အစ်မတော်တို့ ဒီမှာဆက်နေလို့ ဖြစ်ပါ့မလားဟင်း"

"အခြေအနေကောင်းပါတယ် အစ်မတော်ရဲ့" ပီယာသည် ပထမမင်းသမီးကြီးနှင့် တွေ့လျှင် ခပ်ရွတ်ရွတ်ပြောလေ့ရှိသည့်အတိုင်း ပြောလိုက်သည်။

"အလိုတော် တိုင်းပြည်ကြီး ပျက်တော့မလောက် ဖြစ်နေတာများ အခြေအနေကောင်းတယ်လို့ ပြောတာ မောင်လေးတစ်ယောက်တည်းပဲ ရှိတယ်၊ တပ်မတော်တွေကလဲ တစ်ရုံးတည်း ရုံးနေတယ်ဆိုပါကလား၊ မော်စကိုမှာလဲ သူပုန်ထကုန်ပြီတဲ့၊ တခြား မပြောနဲ့လေ၊ ဘယ်လောက်အခြေအနေဆိုးလာပြီလဲဆိုရင် အိမ်အစေခံတွေကတောင် ခု မချေမငံ ရိုင်းရိုင်းပျပျ ဆက်ဆံလာကြပြီ၊ ဒီအတိုင်းသာဆိုရင် ရှေ့မှာ အစ်မတော်တို့ကိုတောင် ရိုက်နှက်ဆုံးမကြမလား မသိဘူး၊ လမ်းတောင် ကောင်းကောင်း မထွက်ဝံ့သလောက် ဖြစ်နေပြီ၊ ဒါတွေထက် ပြင်သစ်တပ်တွေကလဲ မြို့ထဲကို နေ့ဝင်မလား ညဝင်မလား ဖြစ်နေပြီ၊

www.burmeseclassic.com

www.burmeseclassic.com

အစ်မတော်တော့ ပြောင်းမှ ဖြစ်တော့မယ်၊ အစ်မတော်ကို ပိတာစဘတ်ရွှေမြို့တော်ကို ပို့ပေးပါကွယ်၊ ဟိုမှာ ဘယ်လိုပဲ နေရ နေရ နေပါ့မယ်၊ ဘိုနာပတ် ခြေဖဝါး အောက်မှာတော့ မနေပါရစေနဲ့"

"နေစမ်းပါဦး အစ်မတော်ရဲ့၊ ဒီလောက်လဲ အစိုးရိမ်ကြီး မနေစမ်းပါနဲ့၊ ဒီသတင်းတွေကို အစ်မတော် ဘယ်က ကြားတာလဲ၊ အလကား သတင်းတွေပါ"

"အို ဘယ်လိုပဲဖြစ်ဖြစ် အစ်မတော်တော့ မောင်လေးတို့ နဂိုလီယန်ခြေဖဝါးအောက်တော့ မနေနိုင်ဘူး၊ နေချင်တဲ့သူ နေကြ၊ အစ်မတော် မနေနိုင်ဘူး၊ မောင်လေးတို့က ပို့မပေးဘူးဆိုရင်လဲ"

"ကဲ ဒီလောက်တောင် ဖြစ်နေရင်လဲ ပို့ပေးပါမယ် အစ်မတော် စိတ်သာချပါ၊ ခု ချက်ချင်း အစီအစဉ်လုပ်ခိုင်းလိုက်ပါ့မယ်"

ပထမ မင်းသမီးကြီးသည် ၎င်း၏အလိုပြည့်သွားပြီဖြစ်သဖြင့် နောက်ထပ် မည်သည့်တောင်းဆိုချက်မျိုးကို တောင်းရမည်နည်းဟု စဉ်းစားနေဟန်ရှိ၏။ ပထမမင်းသမီးကြီးသည် တဖျစ်တောက်တောက်ရေရွတ်၍ ထိုင်ဖုံတွင် ဝင်ထိုင်လိုက်သည်။

"ဒါပေမဲ့ အစ်မတော်ကြားတဲ့သတင်းတွေက သတင်းမှားတွေပါ၊ မြို့ထဲမှာ ဘာမှ မဖြစ်ပါဘူး၊ အေးအေးဆေးဆေးပါပဲ၊ ဘာမှ စိုးရိမ်စရာမရှိသေးပါဘူး၊ ကျွန်တော့် ကြည့်ပါလား:"

ပိယာက မြို့ဝန်ရော့စတော့ချင်၏ ကြော်ငြာစာရွက်များကို ထောင်ပြလိုက်၏။

"ကျွန်တော်ဆိုရင် မြို့ဝန်ရဲ့ကြော်ငြာစာရွက်တွေ ဖတ်လို့ ကျွန်တော်တို့ မြို့ဝန် မြို့စားကြီး ရော့စတော့ချင်က မော်စကိုမြို့ထဲကို ရန်သူတွေ မဝင်စေရပါဘူးတဲ့၊ သူကိုယ်တိုင် သက်စွန့်ကြိုးပမ်း ကာကွယ်ပါ့မယ်တဲ့"

"အို တော်စမ်းပါ၊ မောင်လေးတို့ မြို့ဝန်မင်းစကား အားကိုးနေလို့ မရပါဘူး၊ လူက ကြောင်သူတော်၊ ခုလဲသူ အဟုတ်မဟုတ်လို့ အဓိကရုဏ်းတွေ ဖြစ်ကုန်တာပေါ့၊ ကြည့်ပါဦး၊ ကြော်ငြာစာကလဲ 'အမိန့်ကို ဖီဆန်က ဆဲပင်ဆွဲခေါ်၍ ထိပ်တုံးခတ်ခြင်း ခံရမည်' တဲ့၊ ဟင်း ဘယ်လောက် ယုတ်မာရိုင်းစိုင်းသလဲ၊ ပြီးတော့ 'အာဏာဖီဆန်သူများကို ဖမ်းဆီးပေးက ချီးကျူးဂုဏ်ပြုခြင်း ခံရမယ်' တဲ့၊ ဒါ သက်သက် မြို့သူမြို့သားများအချင်းချင်း သွေးကွဲအောင် ရန်တိုက်ပေးပြီး မြှောက်ခိုင်းတာ မဟုတ်ဘူးလား၊ အစ်မတော်မိတ်ဆွေ အိုင်ဗင်နိုဗာတောင် ပြင်သစ်စကားတစ်ခွန်း ပြောမိလို့ လူအုပ်ကြီးက ဝိုင်းရိုက်တော့မလို့တဲ့"

"အစ်မတော်က ကောလာဟလစကားတွေကို သိပ်ယုံတာကို" ပိယာက ဤသို့ပြောကာ ဖဲချပ်များကို လှန်၍ ဖဲဗေဒင်တွက်နေသည်။

ပိယာ၏ဖဲဗေဒင်မှာ မှန်သော်လည်း ပိယာသည် တပ်မတော်ထဲသို့ ဝင်ရောက်အမှုထမ်းခြင်း မပြုချေ။ ပိယာသည် လူသူကင်းမဲ့လျက်ရှိသော မော်စကိုမြို့ကြီးထဲတွင် ကျန်ရစ်ခဲ့လေသည်။ စိတ်ချောက်ချားခြင်း၊ ဝေခွဲမရဖြစ်ခြင်း၊ ထိတ်လန့်ခြင်း၊ တစ်စုံတစ်ခုသော ကြောက်စရာအဖြစ်ကြီးကို ရင်တထိတ်ထိတ်စောင့်မျှော်လျက်ရှိခြင်း စသည့် ဝေဒနာများသည် ပိယာ၏ရင်ထဲတွင် ရှုန်းရင်းဆန်ခတ် ဖြစ်လျက် ရှိ၏။

နောက်တစ်နေ့ညနေ၌ ပထမမင်းသမီးကြီးသည် မော်စကိုမြို့မှ ထွက်ခွာသွားလေသည်။ ပိယာ၏စာရင်းဒိုင်ချုပ်သည် ပိယာ့ထံ ရောက်လာကာ အရေးပေါ်စစ်သည်စုများ ထည့်ဝင်ရေးကိစ္စအတွက် စရိတ်စက မလုံလောက်ကြောင်း၊ ပိုင်စားနယ်မြေတစ်ခုကို ရောင်းချမှ လုံလောက်နိုင်မည်ဖြစ်ကြောင်း၊ တပ်ရင်းကြီးတစ်ခု စုဆောင်းထည့်ဝင်ရခြင်းမှ များစွာ တာဝန်ကြီးလှသည့် အတွက် စီးပွားရေးပျက်ဖို့သာ ရှိတော့ကြောင်းဖြင့် ပြောဆိုခြင်းပြု၏။ ပိယာသည် စာရင်းဒိုင်ချုပ်၏စကားများကို နားထောင်လျက်ရှိရာ ချုပ်တည်းခြင်းငှာ မစွမ်းတော့ဘဲ ပြုံးလိုက်မိသည်။

"ဒီလိုဆိုလဲ ရောင်းလိုက်ပေါ့ဗျ၊ ဗိုလ်ပုံပရိသတ်အလယ်မှာ တပ်ရင်းတစ်ရင်းစာထည့်ဝင်မယ်လို့ ကျုပ်ကတိပေးခဲ့ပြီးပြီဗျ၊ ကျုပ်ကတိကို မဖျက်နိုင်ဘူး၊ ပိုင်စားနယ်မြေတစ်ခုနဲ့ မလောက်လို့ ရှိသမျှရောင်းမှ လောက်မယ်ဆိုရင်လဲ ရောင်းရမှာပဲ၊ မတတ်နိုင်ဘူး"

ပိယာသည် မိမိ၏အခြေအနေအရပ်ရပ်နှင့် တကွတိုင်းပြည်အခြေအနေ ဆိုးလာသည်နှင့်အမျှ မိမိ မျှော်လင့်တောင့်တလျက်ရှိသော တုန့်လှုပ်ချောက်ချားဖွယ် အဖြစ်အပျက်ကြီး ဆိုက်ရောက်လာတော့မည်ဟု ယူဆကာ ပိတိဖြစ်လျက် ရှိလေသည်။ ပိယာ၏အသိမိတ်ဆွေ ဟူသမျှ

www.burmeseclassic.com

www.burmeseclassic.com

မှာ မော်စကိုမှ ထွက်ခွာသွားကြလေပြီ။ ဂျူလီနှင့် မင်းသမီးကလေးမေရီတို့လည်း ထွက်ခွာသွားကြလေပြီ။ ပီယာနှင့် ရင်းနှီးသည့် အသိမိတ်ဆွေထဲကဆိုလျှင် မြို့စားကြီးရော့စတော့ဗ်တို့ မိသားစုသာလျှင် ကျန်တော့သည်။ သို့ရာတွင် ပီယာသည် ၎င်းတို့ထဲသို့လည်း မရောက်တော့ချေ။

ပီယာသည် စိတ်ပြေလက်ပျောက် သဘောဖြင့် ထိုနေ့ညနေ၌ ဗိုရွန်ဆိုဗိုရွာရှိ လက်ပစ်၏ မီးပုံးပျဉ်ကြီး ကြည့်ရှုရန် ထွက်လာခဲ့လေသည်။ ထိုမီးပုံးပျဉ်ကြီးမှာ ရန်သူကို တိုက်ရန်အတွက် လက်ပစ်ဆိုသူ ဗိသုကာတစ်ဦးက တည်ဆောက်လျက်ရှိရာ နောက်တစ်နေ့တွင် အစမ်းပျံသန်းပြမည် ဖြစ်လေသည်။ မီးပုံးပျံကား အဆင်သင့် မဖြစ်သေးချေ။ ထိုမီးပုံးပျဉ်ကြီးကို ဘုန်းတော်ကြီးသောဘုရားအမိန့်ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်ဟု ပီယာသိရ၏။ ဤကိစ္စနှင့် ပတ်သက်၍ ဘုန်းတော်ကြီးသောဘုရားက မော်စကို မြို့ဝန် မြို့စားကြီးရော့စတော့ချင်ထံ အောက်ပါအတိုင်း အမိန့်စာချွန်တော် ပေးပို့လိုက်၏။

'လက်ပစ်၏ မီးပုံးပျံ အဆင်သင့်ဖြစ်သည်နှင့် သူရသတ္တိနှင့် ပြည့်စုံ၍ ယုံကြည်စိတ်ချရသူ မီးပုံးပျံစီးသူရဲတို့ကို ရွေးချယ်ထားရမည်။ မီးပုံးပျံအဆင်သင့်ဖြစ်ကြောင်းကိုလည်း စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ထံ ဆက်သားလွှတ်၍ အကြောင်းကြားရမည်။ ဤအကြောင်းကိုလည်း စစ်သေနာပတိချုပ်ထံ ငါကိုယ်တော်တိုင် မှာကြားပြီး ဖြစ်သည်။

'မီးပုံးပျံ ဆင်းသက်ရာတွင် ဆင်းသက်မည့်နေရာကို သေချာစွာရွေးချယ်ရန် လက်ပစ်ကို သတိပေး။ အဆင်းမတော်က ရန်သူစစ်ကြောင်းနောက်သို့ ကျရောက်မည်စိုးရသည်။ ငါတို့ စစ်၌ လက်ပစ်၏ မီးပုံးများနှင့် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ ကြည်းတပ်မတော် လှုပ်ရှားမှုများကို ပူးပေါင်းပေးရန် အရေးကြီးသည်။'

ဗိုရွန်ဆိုဗိုရွာမှ အပြန်တွင် ပီယာသည် ဗိုလော့နိလူသတ်ကုန်းကို ဖြတ်၍လာခဲ့၏။ လူသတ်ကုန်း၌ လူအများစုဝေးလျက်ရှိခြင်းကို မြင်ရလေသည်။ ပီယာသည် ကရထားပေါ်မှ ဆင်းကာ လူအုပ်ထဲသို့ တိုးဝှေ့ဝင်လာခဲ့၏။ ပြင်သစ်ထမင်းချက်တစ်ယောက်ကို သူလျှိုဟု စွပ်စွဲကာ ကြိမ်ဒဏ်ပေးနေခြင်းပေတည်း။ ပီယာရောက်သွားသောအခါ၌ ကြိမ်ဒဏ်ရိုက်၍ ပြီးနေပေပြီ။ ထို့နောက် ပါးကွက်အာဏာသားတစ်ယောက်သည် ခြေအိတ်ပြာ၊ အင်္ကျီစိမ်းတို့ကိုဝတ်ထား၍ နီရဲသောနှုတ်ခမ်းမွေး ကျင်စွယ်ရှိသည့် သန်သန်မာမာလူတစ်ယောက်ကို ကြိမ်ဒဏ်ရိုက်သည့်ကားစင်ပေါ်သို့ ခေါ်လာ၏။ ထိုလူသည် သနားစဖွယ် ဝိုကြွေးလျက် ရှိလေသည်။ ခပ်ပိန်ပိန်၊ အသားအရေခပ်ဖျော့ဖျော့ရှိသည့် ရာဇဝတ်ကောင်တစ်ယောက်သည်လည်း အနီးတွင် ရပ်လျက်ရှိ၏။ ၎င်းတို့နှစ်ဦးစလုံး၏ ရုပ်ရည်ကို ကြည့်ခြင်းအားဖြင့် ပြင်သစ်လူမျိုးများ ဖြစ်ကြောင်း သိနိုင်ပေသည်။ ပီယာ၏ မျက်နှာသည် ရာဇဝတ်ကောင်၏ မျက်နှာကဲ့သို့ ထိတ်လန့်တုပ်လှုပ်သောအသွင်ကို ဆောင်လျက် ရှိလေသည်။ ပီယာသည် လူအုပ်ကြားထဲသို့ တိုးဝှေ့ဝင်လာခဲ့သည်။

"ဘာဖြစ်လို့လဲဗျ ဘယ်သူလဲ၊ ဘာဖြစ်လို့လဲဟင်" ပီယာသည် အနားကလူများကို တတွတ်တွတ် မေးမြန်းလျက် ရှိသည်။

သို့ရာတွင် အရာရှိ အရာခံများ၊ မြို့သားများ၊ ဆိုင်ရှင်များ၊ လယ်သမားများ၊ မိန်းမများစသဖြင့် ရောထွေးပြိုးပြမ်းလျက်ရှိသော လူအုပ်ကြီးသည် ပီယာ၏အမေးကို မဖြေနိုင်ဘဲ လူသတ်ကုန်းဆီသို့သာ စိတ်အားထက်သန်စွာကြည့်ရှုလျက် ရှိ၏။ သန်မာတောင့်တင်းသည့် ရာဇဝတ်ကောင်သည် မျက်မှောင်ကုတ်၍ ပခုံးတွန့်လိုက်ပြီး ပမာမထားသည့်ဟန် ဆောင်လိုက်၏။ သို့ရာတွင် ကြာကြာကွန်ဇွေ့မဆောင်နိုင်ဘဲ နှုတ်ခမ်းများ တရွရွတုန်လာကာ ငိုချလိုက်ပြန်သည်။ သန်သန်မာမာ ယောကျ်ားရင့်မကြီးတစ်ယောက်ဖြစ်ပါလျက် မျက်ရည်မထိန်းနိုင်ကောင်းလား ဟူ၍လည်း၎င်းဘာသာ ဒေါသထွက်လျက်ရှိဟန် တူလေသည်။ လူများသည် အမျိုးမျိုးဝေဖန်ပြောဆိုလျက် ရှိကြသည်။

"မင်းသားတစ်ပါးရဲ့ ထမင်းချက်ဆိုပဲ"

"အင်း ခွေးသားတွေ၊ ရုရှားချဉ်ဖတ် အရသာကို ဘယ်လိုလဲဆိုတာ သိသွားရောပေါ့ကွာ"

ပါးရေတွန့်လျက်ရှိသော စာရေးတစ်ယောက်က ငိုနေသည့်ရာဇဝတ်ကောင်ကိုကြည့်ရင်း ပြောလိုက်သည်။

စာရေးသည် ၎င်း၏စကားကို အနီးအနားမှ သဘောကျလေမည်လောဟူသော အကြည့်မျိုးဖြင့် ပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com

ကျင်ကို လှည့်ကြည့်လိုက်သည်။ အချို့က သူ့စကားကို သဘောကျ၍ ရယ်ကြ၏။ အချို့က ရာဇဝတ်ကောင်၏ အင်္ကျီကိုချွတ်နေသော ပါးကွက်အာဏာသားကို စိတ်ပျက်လက်ပျက်ဖြင့် ကြည့်နေကြသည်။

ပိယာသည် အသက်ရှူရကျပ်လာသည်။ မျက်နှာကိုလည်း ရှဲ့၍ထားလိုက်မိသည်။ ထို့နောက် ချာခနဲလှည့်လာခဲ့ကာ ပါးစပ်မှ တစ်စုံတစ်ရာကိုရွတ်ဆိုလျက် ကရထားဆီသို့ လာခဲ့လေသည်။ လမ်းတစ်လျှောက်၌လည်း ပိယာမှာ တစ်ကိုယ်လုံးကြက်သီးမွေးညင်းတွေ ထလာကာ ပါးစပ်က မြည်တွန်တောက်တီးလာသည်။

"သခင်လေး ဘာဖြစ်လို့လဲ"

"ဟေ့ကောင် ဘယ်ကို မောင်းနေတာလဲကွ" ပိယာသည် လူဖျန်ကာလမ်းဘက်သို့ မောင်းနေသော ရထားသမားကို လှမ်းအော်လိုက်သည်။

"သခင်လေးက မြို့ဝန်အိမ်ကို မောင်းရမယ်ဆို"

"သွား အိမ်ကိုမောင်း၊ အိမ်ကို မောင်းပါလို့ ငါပြောထားတယ် မဟုတ်လား၊ ဒီနေ့ မော်စကိုက ထွက်မယ်"

ပိယာသည် ပြင်သစ်လူမျိုးတစ်ယောက်အား ညှဉ်းပန်းနှိပ်စက်နေခြင်းနှင့် လူသတ်ကုန်းမှ လူအုပ်ကြီးကို မြင်လိုက်ရကတည်းက စက်ဆုပ်ရွံရှာစိတ်များ တဖွားဖွားပေါ်ပေါက်လျက် ရှိလေပြီ။ ထို့ကြောင့် ပိယာသည် မော်စကိုမှ အမြန်ဆုံးထွက်ခွာသွားပြီးနောက် တပ်မတော်ထဲသို့ဝင်ရောက်ရန် ဆုံးဖြတ်လိုက်လေသည်။ ဤအကြောင်းကို မိမိကပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ ၎င်း၏ ရထားသမားသည် အလိုအလျောက်သိသင့်သည်ဟုလည်း ယူဆလျက် ရှိလေသည်။

အိမ်သို့ပြန်ရောက်သောအခါတွင် ပိယာသည် မိမိ၏အကြောင်းကို ကောင်းကောင်းသိသော ရထားထိန်းချုပ်အက်စတေဖိကိုခေါ်ကာ မိမိသည် ယနေ့ညတွင်းချင်းပင် မော်စကိုမှ မိုဇေ့ဘ်အရပ်တွင်တပ်စွဲထားသော တပ်မတော်ဌာနချုပ်သို့ ထွက်ခွာသွားမည်ဖြစ်ကြောင်း၊ မြင်းများကို ကုန်းတင်၍ ထိုဒေသသို့ ပို့ပေးရမည်ဖြစ်ကြောင်း အမိန့်ပေးလိုက်သည်။ သို့ရာတွင် ပိယာ၏အစီအစဉ်မှာ ယနေ့ညတွင်းချင်းလုပ်၍ မဖြစ်နိုင်သည့်အတွက် တစ်နေ့ဆိုင်းကာ မြင်းထောက်များကို ကြို၍ လွှတ်လိုက်ရသည်။

ထိုနေ့မှာ ဩဂုတ်လ ၂၄ ရက်နေ့ဖြစ်၏။ မိုးတစ်ပြိုက်လောက် ရွာပြီးသည့်နောက်၌ ရာသီဥတုမှာ ကြည်လင်သာယာလျက်ရှိသည့်အလျောက် ပိယာသည် ညစာစားပြီးနောက် မော်စကိုမှ ထွက်လာခဲ့လေသည်။ ထိုနေ့ညဉ့် ပါကူရှကိုဗိုရွာသို့ ရောက်၍ မြင်းသစ်များ ဝင်လဲသည့်အခါတွင် ထိုနေ့ညနေက ရန်သူတပ်များနှင့် တိုက်ပွဲအပြင်းအထန် ဖြစ်ပွားကြောင်း သတင်းကြားရလေသည်။ (ထိုတိုက်ပွဲမှာ ရှီဗာဒိနိုတိုက်ပွဲဖြစ်၏။) သေနတ်သံများကို ပါကူရှကိုဗိုရွာမှ တအုန်းအုန်း ကြားနေကြရကြောင်း၊ မြေကြီးများပင် တုန်ခါသွားကြောင်းဖြင့် ကြားသိရ၏။ သို့ရာတွင် မည်သည့်ဘက်က အနိုင်ရသနည်းဟု မေးမြန်းသည့်အခါ၌ကား မည်သူမျှ ရေရာစွာ မဖြေနိုင်ကြချေ။ နောက်တစ်နေ့ နံနက်အရုဏ်တက်၌ ပိယာသည် မိုဇေ့ဘ်ရွာနားသို့ ချဉ်းကပ်လာခဲ့လေသည်။

မိုဇေ့ဘ်ရွာထဲ၌ကား အိမ်တိုင်းတွင် စစ်သားများဖြင့် ပြည့်လျက်ရှိ၏။ တည်းခိုခန်းတွင် ကြိုတင်ရောက်ရှိနေသော မိမိ၏မြင်းထိန်းနှင့် ရထားသမားကို ပိယာတွေ့ရ၏။ တည်းခိုခန်းတွင် နေရာလွတ် မရှိတော့ချေ။ တပ်ဗိုလ်များနှင့် ပြည့်နှက်လျက် ရှိလေပြီ။

အချို့တပ်များသည် မိုဇေ့ဘ်ရွာနှင့် ရွာနီးချုပ်စပ်၌ စခန်းချလျက်ရှိ၍ အချို့တပ်များကား စစ်မြေသို့ ခွဲတက်လျက် ရှိကြသည်။ ကော့ဆက်မြင်းတပ်များ၊ ခြေလျင်တပ်များ၊ မြင်းတပ်များ၊ ဝန်တင်လှည်းများ၊ ခဲယမ်း မီးကျောက်တင်လှည်းများ၊ အမြောက်တင် ရထားများကိုလည်း အနှံ့အပြားတွေ့ရလေသည်။ ပိယာသည် ထိုကြားထဲမှ ဖြတ်သန်းကာ ရှေ့သို့ အတင်းဝင်လာခဲ့သည်။ မော်စကိုမှ ဝေးလာခဲ့သည်နှင့်အမျှ လယ်ပြင်ကြီးကဲ့သို့ ကျယ်ပြန့်လာသော စစ်တပ်များကြားသို့ တဖြည်းဖြည်း ရောက်မှန်းမသိ ရောက်လာခဲ့လေပြီ။ ထိုသည်နှင့်အမျှ စိတ်လှုပ်ရှားလာကာ ပျော်သလိုလို ရွှင်သလိုလို ဖြစ်လာသည်။ ထိုခံစားချက်မျိုးကို စလိုဘိုဒါနန်းတော်တွင် ဘုန်းတော်ကြီးသောဘုရားကို ဖူးမြော်ခဲ့စဉ်က ခံစားခဲ့ဖူးပြီဖြစ်လေသည်။ မိမိသည် တာဝန်တစ်စုံတစ်ခု ထမ်းဆောင်ကာ တစ်စုံတစ်ရာကို စွန့်လွှတ်ရန် လိုအပ်လာပြီဖြစ်ကြောင်းကိုလည်း သဘောပေါက်လာလေသည်။ စည်းစိမ်ချမ်းသာဖြင့် နေထိုင်ရခြင်း၊ ဥစ္စာပစ္စည်းပေါများခြင်းနှင့် တကွ လူ့ဘဝတစ်ခုလုံးသည် ဤတစ်စုံတစ်ရာနှင့် နှိုင်း

www.burmeseclassic.com

www.burmeseclassic.com

ယှဉ်လိုက်သော် အသေးအဖွဲမျှသာ တကားဟု သဘောပေါက်လာသည်။ သို့ရာတွင် ထိုတစ်စုံတစ်ရာသည် အဘယ်နည်း။ ပီယာသည် ထိုမေးခွန်းကိုလည်း ဖြေဆိုနိုင်ခြင်း မရှိချေ။ အရာရာကို စွန့်လွှတ်ရခြင်းသည် မည်သူ့အတွက် မည်သည့်အရာအတွက်ဆိုသည်ကိုလည်း ပီယာ မသိချေ။ သို့ရာတွင် ထိုမေးခွန်းသည် ပီယာ့အတွက် ဘာမျှ အရေးမကြီးပါ။ ပီယာ့အတွက် အရေးကြီးသည်မှာ ယခုကဲ့သို့ စွန့်လွှတ်ရခြင်းအတွက် အသစ်ဖြစ်သော ကြည်နူးသော ဝေဒနာကို ခံစားရခြင်းသာ ဖြစ်ပါသတည်း။

အခန်း ၁၉

သြဂုတ်လ ၂၄–ရက်နေ့၌ ရှီဗာဒီနိုခံတပ် တိုက်ပွဲဖြစ်ပွားဏ်။ သြဂုတ်လ ၂၅–ရက်နေ့၌ မည်သည့်ဘက်ကမျှ ပစ်ခတ်ခြင်း မပြုကြချေ။ သြဂုတ်လ ၂၆–ရက်နေ့၌ ဘိုရိုဒီနို တိုက်ပွဲကြီး ဖြစ်ပွားလေသည်။ ရှီဗာဒီနိုခံဗာပ် တိုက်ပွဲနှင့် ဘိုရိုဒီနို တိုက်ပွဲများသည် မည်သည့်အတွက်ကြောင့် ဖြစ်ပွားခဲ့ကြသနည်း။ မည်သို့ မည်ပုံ ဖြစ်ပွားခဲ့ကြသနည်း။ ဘိုရိုဒီနိုတိုက်ပွဲကို မည်သည့်အတွက်ကြောင့် တိုက်ခိုက်ခဲ့ကြသနည်း။ ဘိုရိုဒီနိုတိုက်ပွဲသည် ပြင်သစ်တို့အဖို့လည်းကောင်း၊ ရုရှားတို့အဖို့လည်းကောင်း လားလားမျှအဓိပ္ပာယ်မရှိချေ။ ဘိုရိုဒီနိုတိုက်ပွဲမှ ရုရှားတို့ ရရှိမည့်၊ ရရှိသည့် လက်ငင်းအကျိုးတရားကား မော်စကိုမြို့ကြီး ပျက်စီးခြင်း ဖြစ်ဏ်။ (ဤသည်ကို ရုရှားတို့ အကြောက်ဆုံးဖြစ်သည်။) တစ်ဖန် ပြင်သစ်တို့ရရှိသည့် လက်ငင်းအကျိုးတရားမှာလည်း ပြင်သစ်စစ်တပ်ကြီး ပျက်စီးခြင်းဖြစ်ဏ်။ (ဤသည်ကိုလည်း ပြင်သစ်တို့ အကြောက်ဆုံးဖြစ်သည်။) ဤအကျိုးသက်ရောက်မှုများ မလွဲမသွေ ဆိုက်ရောက်လာလိမ့်မည်ဟု နှစ်ဖက်စလုံးကပင် သိရှိခဲ့ကြသော်လည်း နပိုလီယန်သည် ထိုးစစ်ပြုခဲ့၍ ရုရှားစစ်သေနာပတိချုပ် ကူတူဇော့ဗ်လည်း ၎င်းထိုးစစ်ကို ခုခံခဲ့ပေသည်။ မိုက်မဲကြလေစွ။

စစ်ဗိုလ်ချုပ်များ၌ ဆင်ခြင်တုံတရားဟူ၍ နှမ်းစေ့လောက်မျှ မရှိကြချေ။ ၎င်းတို့၌ ဆင်ခြင်တုံတရားဟူ၍ ရှိခဲ့လျှင် နပိုလီယန်သည် ရုရှားနိုင်ငံအတွင်းသို့ မိုင်ပေါင်းတစ်ထောင်သုံးရာမျှ ထိုးဖောက်ဝင်ရောက်ခြင်း ပြုခဲ့မည်မဟုတ်ချေ။ မိမိစစ်တပ်ကြီး၏ လေးပုံတစ်ပုံကို အဆုံးရှုံးခံလျက် ထိုးစစ်ဆင်နွှဲခြင်း ပြုခဲ့မည် မဟုတ်ချေ။ ဤသို့ ပြုလုပ်ခြင်းသည် ကိုယ့်သေတွင်း ကိုယ်တူးသော အလုပ်မျှသာဖြစ်ကြောင်းကို နပိုလီယန် ကောင်းစွာသဘောပေါက်မည်သာ ဖြစ်လေသည်။ အလားတူပင် ရုရှား စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည်လည်း နပိုလီယန်၏ထိုးစစ်ကို ခုခံခြင်းပြုမည် မဟုတ်ချေ။ ရုရှားစစ်တပ်ကြီး၏ လေးပုံတစ်ပုံကို အဆုံးရှုံးခံ၍ ခံစစ်ပြုခဲ့မည် မဟုတ်ချေ။ ဤသို့ ပြုလုပ်ခြင်းသည် မော်စကိုမြို့ကြီးကို ရန်သူ့လက်သို့ ထိုးအပ်ခြင်းသာဖြစ်ကြောင်းကို စစ်သေနာပတိချုပ် ကူတူဇော့ဗ် သိမြင်ခဲ့သည်သာ ဖြစ်လေသည်။ လူနှစ်ယောက် ကျားကစားကြရာ၌ ကျွန်ုပ်သည် ရန်သူ့ထက် ကျားတစ်ကောင်လျော့လျက်ရှိ၏။ ကျားချင်းလဲ၍ ကစားမည်ဆိုက ကျွန်ုပ်ရှုံးဖို့ သေချာလျက် ရှိလေပြီ။ ထို့ကြောင့် ကျွန်ုပ်အဖို့ အရေးအကြီးဆုံးမှာ ကျားချင်းလဲ၍ မကစားရန်သာဖြစ်ဏ်။ ရန်သူက ကျားတစ်ဆယ့်ခြောက်ကောင် ရှိချိန်၌ ကျွန်ုပ်တွင် ကျားတစ်ဆယ့်လေးကောင် ရှိသေးလျှင် ကျွန်ုပ်သည် ရန်သူ့ထက် ရှစ်ပုံတစ်ပုံမျှသာ အားနည်းလျက်ရှိသောကြောင့် ကျွန်ုပ်အဖို့ ကိစ္စမရှိသေး။ သို့ရာတွင် ကျွန်ုပ်က ကျားဆယ့်သုံးကောင်ကို လဲ၍ကစားမည်ဆိုက ရန်သူက သုံးကောင် ကျွန်ုပ်က တစ်ကောင်ဖြစ်သဖြင့် ရန်သူသည် ကျွန်ုပ်ထက် သုံးဆမျှအားသာသောအခြေသို့ ရောက်လာခဲ့လေပြီ။ ဤအချက်သည် တစ်နှင့် တစ်ပေါင်းလျှင် နှစ်ရသကဲ့သို့ ရှင်းရှင်းကြီး မြင်နေရသောအချက်ဖြစ်ဏ်။ သို့ရာတွင် ရုရှားစစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ဤမျှရှင်းလင်းလွယ်ကူသောအချက်ကို မမြင်ခဲ့ချေ။

ဘိုရိုဒီနိုတိုက်ပွဲ မဖြစ်မီ၌ ပြင်သစ်နှင့် ရုရှားတို့၏ခန့်မှန်းခြေအင်အား အချိုးအစားမှာ ပြင်သစ်တို့ဘက်က ခြောက်ပုံဖြစ်၍ ရုရှားတို့ဘက်က ငါးပုံဖြစ်ဏ်။ တိုက်ပွဲပြီးသည့်အခါ၌ကား ပြင်သစ်တို့ဘက်က နှစ်ပုံရှိ၍ ရုရှားတို့ဘက်၌ တစ်ပုံမျှသာ ကျန်ခဲ့လေပြီ။ တစ်နည်းကား တိုက်ပွဲမဖြစ်မီ၌ ပြင်သစ်တို့ဘက်က စစ်သည်တစ်သိန်းနှစ်သောင်းရှိ၍ ရုရှားဘက်က စစ်သည်တစ်သိန်း ရှိခဲ့ဏ်။ တိုက်ပွဲပြီးသည့်အခါ၌ ပြင်သစ်တို့ဘက်က စစ်သည်တစ်သိန်းကျန်၍ ရုရှားတို့ဘက်က စစ်သည်ငါးသောင်းသာ

www.burmeseclassic.com

www.burmeseclassic.com

လျှင် ကျန်ခဲ့လေပြီ။ ကျားကောင်ရေနည်းသူအဖို့ ကျားချင်း လဲ ကစားသောနည်းသည် အရှုံးကိုသာ ဖြစ်ကြောင်း ဗေဒင်မမေးဘဲ သိနိုင်ပါသည်။ သို့သော်လည်း အတွေ့အကြုံကြွယ်ဝ၍ ကျွမ်းကျင်လိမ္မာသော စစ်သူကြီးတစ်ဦး ဖြစ်သည့် ကူတူဇော့ဗ်သည် တိုက်ပွဲကို ရှောင်ကွင်းခြင်း မပြုဘဲ ရင်ဆိုင် ခုခံခဲ့လေသည်။ စစ်ဆင်စစ်တက်အရာ၌ ဇတေဒင်ရသည်ဆိုသော နပိုလီယန်သည်လည်း မိမိစစ်တပ်ကြီး၏ လေးပုံတစ်ပုံကို အဆုံးရှုံးခံကာ စစ်ကို ထပ်မံတိုးချဲ့ခဲ့လေသည်။ နပိုလီယန်သည် စစ်သည်လေးပုံ တစ်ပုံအပျက်ခံ၍ ဘိုရိုဒီနိုကို တရကြမ်းဝင်တိုက်ခဲ့ခြင်းမှာ မော်စကိုမြို့ကို သိမ်းပိုက်ပြီး စစ်နားလိုသောကြောင့် ဖြစ်သည်ဟု အချို့က ဆင်ခြေပေးကြ၏။ (၎င်းတို့က နပိုလီယန်သည် ၁၈၀၅-ခုနှစ်က ဗီယင်နာမြို့တော်ကို သိမ်းပြီးနောက် စစ်နားခဲ့သည့်အချက်ကို သာဓက ဆောင်ပြကြသည်။) အမှန်၌ကား ဤသို့ မဟုတ်ချေ။ နပိုလီယန်သည် မော်စကို ကို သိမ်းပြီးနောက် စစ်နားရန် ကြံရွယ်ချက် မရှိခဲ့ချေ။ ဤအချက်ကို အဖြစ်အပျက်များက သက်သေပြလျက် ရှိပေသည်။ နပိုလီယန်သည် စမိုးလင့်ကို သိမ်းပြီးနောက် စစ်နားရန် ကြံရွယ်ခဲ့ကြောင်း၊ စစ်တိုးချဲ့ခြင်းကြောင့် ပေါ်ပေါက်လာမည့် အန္တရာယ်ကိုလည်း ကြိုတင်သိမြင်ခဲ့ကြောင်း၊ သို့ရာတွင် စမိုးလင့်သို့ရောက်၍ ရုရှားများက မြို့ရွာများကို မီးရှို့ဖျက်ဆီးပစ်ခဲ့ခြင်းကို တွေ့ရသည့်နောက်၌ မော်စကို ကို သိမ်းပြီးသည့်တိုင်အောင် စစ်နား၍ မဖြစ်တော့ကြောင်းကို သဘောပေါက်လာခဲ့ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးဆွေးနွေးရန် မိမိ၏အကြိမ်ကြိမ် ကမ်းလှမ်းချက်များကိုလည်း ရုရှားဘုရင်က တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်း မရှိခဲ့ကြောင်း၊ ထိုအကြောင်းများကြောင့် ရှေ့သို့ ဆက်လက် ချီတက်ခဲ့ရခြင်းဖြစ်ကြောင်းဖြင့် နပိုလီယန်၏ ရာဇဝင်ဆရာများက ရေးသားခဲ့ကြလေသည်။

ရုရှားစစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ဘိုရိုဒီနိုတိုက်ပွဲကို တိုက်ခိုက်ခဲ့ရာတွင် အဆင်ခြင်ဉာဏ်ကင်းမဲ့စွာ ပြုလုပ်ခဲ့လေသည်။ သို့သော်လည်း နောင်သောအခါ၌ ရာဇဝင်ဆရာများသည် ရာဇဝင်၏ ကျေးကျွန်များအနက် အဆင်ခြင်ဉာဏ် အကင်းမဲ့ဆုံး၊ အသိတရား အခေါင်းပါးဆုံးဖြစ်သော ရာဇဝင်၏ မျက်ကန်းကျေးကျွန် စစ်ဗိုလ်ချုပ်ကြီးများအား အမြော်အမြင်ကြီးသူများ၊ စစ်ဆင် စစ်တက် အရာတွင် ပါရမီထူးချွန်သူများအဖြစ်သို့ ရောက်အောင် အဖြစ်အပျက်များနှင့် ကိုက်ညီသည့် သက်သေသာဓကများကို မရအရ ရှာဖွေဖော်ထုတ်ကာ ကျွမ်းကျင်စွာ လုပ်ကြံရေးသားခဲ့ကြလေသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် ရှေးခေတ်လူများ ဖွဲ့ဆိုခဲ့ကြသော သူရဲကောင်းများကို အလွန်အကျူးအမွန်း တင်ထားသည့် မော်ကွန်းသံပိုင်း သမိုင်းလင်္ကာအဖြာဖြာတို့ကိုသာ ဖတ်ရှုလေ့လာ၍ ကြီးပြင်းလာခဲ့ကြသူများ ဖြစ်လေရာ ကာလကြာမြင့်သောအခါတွင် ထိုသူရဲကောင်းများကို အမွန်းတင်ထားသော သမိုင်းလင်္ကာများသည် စစ်မှန်ခြင်းမရှိသောအရာများသာ ဖြစ်ကြောင်းကို သဘောမပေါက်နိုင်အောင် ဖြစ်လာခဲ့ကြလေသည်။

အခြား ပြဿနာတစ်ရပ်ဖြစ်သော ဘိုရိုဒီနိုတိုက်ပွဲနှင့် ၎င်း၏ ရှေ့ပြေးတိုက်ပွဲဖြစ်သည့် ရှီဗာဒီနိုခံတပ်တိုက်ပွဲတို့ မည်သို့မဲ့ပုံဖြစ်သွားသည်ဆိုခြင်းနှင့် ပတ်သက်၍လည်း ရာဇဝင်ဆရာများသည် အမှားမှားအယွင်းယွင်း ရေးသားဖော်ပြခဲ့ကြလေသည်။ အားလုံးသော ရာဇဝင်ဆရာများက ထိုတိုက်ပွဲများအကြောင်းကို အောက်ပါအတိုင်း ရေးသားခဲ့ကြလေသည်။

'ရုရှားတပ်မတော်ကြီးသည် စမိုးလင့်မှ ဆုတ်ခွာလာခဲ့စဉ်တွင် ရန်သူများနှင့် ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲရန် အကောင်းဆုံးသော ခံစစ်အနေအထားကို ရှာဖွေခဲ့ရာ ထိုအနေအထားသည် ဘိုရိုဒီနိုဒေသဖြစ်ကြောင်းကို တွေ့ရှိခဲ့လေသည်' ဟု ၎င်းတို့က ရေးသားခဲ့ကြ၏။

'ရုရှားတပ်များသည် (မော်စကို စမိုးလင့်သွား) ပေတစ်ရာလမ်းမကြီး၏ လက်ဝဲဘက်မှစ၍ ထိုလမ်းမကြီးမှ ထောင့်မှန်ခပ်ကျကျဖြစ်အောင် ဘိုရိုဒီနိုနှင့် အူတစ်ဇာတစ်လျှောက်ကို ဖြန့်၍ တပ်စွဲထားခဲ့ကြကာ ခံစစ်အနေအထားကို ပြင်ဆင်ထားခဲ့ကြသည်' ဟုလည်း ၎င်းတို့က ဆိုကြ၏။

'ရန်သူ၏ လှုပ်ရှားမှုကို ထောက်လှမ်းလေ့လာရန် အတွက် ထိုခံစစ်ကြောင်းရှေ့ရှိ ရှီဗာဒီနို တောင်ကုန်းပေါ်၌ ရှေ့ပြေးကင်းစခန်းတစ်ခုကို အခိုင်အမာတည်ခဲ့ကြ၏။ သြဂုတ်လ ၂၄ ရက်နေ့တွင် နပိုလီယန်သည် ထိုရှေ့ပြေးကင်းစခန်းကို တိုက်ခိုက်သိမ်းပိုက်လိုက်ပြီးနောက် သြဂုတ်လ ၂၆ ရက်နေ့တွင် ဘိုရိုဒီနိုမြေပြန့်တွင်

www.burmeseclassic.com

www.burmeseclassic.com

နေရာယူတပ်စွဲထားသော ရုရှားတပ်မကို ဝင်ရောက်တိုက်ခိုက်သည်' ဟူ၍လည်း၊ ၎င်းတို့က ရေးသားခဲ့ကြလေသည်။

ဤသည်တို့ကား၊ ရာဇဝင်ဆရာများ၏ ရေးသားချက်များ ဖြစ်၏။ သို့ရာတွင် ထိုတိုက်ပွဲများအကြောင်းကို ဂရုတစိုက်လေ့လာပါက ၎င်းတို့၏ရေးသားချက်များအားလုံးသည် ပါစင်အောင်လွဲလျောက်ရှိခြင်းကို တွေ့ရမည်ဖြစ်လေသည်။

အမှန်တွင်ကား၊ ရုရှားတို့သည် စမိုးလင့်မှ ဆုတ်ခွာလာခဲ့စဉ် လမ်းတစ်လျှောက်၌ အကောင်းဆုံးသော ခံစစ်အနေအထားကို ရွာဖွေခြင်းမပြုခဲ့ကြချေ။ ရွာဖွေခြင်းမပြုခဲ့ကြရုံမျှမက ဘိုရိုဒီနိုထက်ကောင်းသော ခံစစ်အနေအထားများကိုပင် စွန့်လွှတ်ခဲ့ကြလေသည်။ ထိုသို့ ဘိုရိုဒီနိုထက်ကောင်းသော ခံစစ်အနေအထားများကို စွန့်လွှတ်ခဲ့ခြင်းမှာလည်း ရုရှားစစ်သေနာပတိချုပ် ကူတူဇော့ဗ်က မိမိကိုယ်တိုင် ရွေးချယ်ခြင်းမပြုရသော ခံစစ်အနေအထားတစ်ခုတွင် တပ်စွဲလိုသောဆန္ဒ မရှိခြင်း၊ တပ်ဗိုလ်တပ်သားများ ကိုယ်၌ကလည်း ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲရန် စိတ်အားထက်သန်မှု မရှိခြင်း၊ ဗိုလ်ချုပ်ကြီး မီလိရာဒိုဗစ်ဦးစီးသည့် အရေးပေါ် အရန်စစ်သည်စုများ စစ်မြေပြင်သို့ ရောက်ရှိမလာသေးခြင်းစသောအကြောင်းများနှင့်တကွ အခြားများစွာသောအကြောင်းများကြောင့် ဖြစ်ပေသည်။ စင်စစ်တွင်ကား၊ စမိုးလင့်မှ ဆုတ်ခွာခဲ့စဉ် လမ်းတစ်လျှောက်၌ ရုရှားတပ်များ စွန့်လွှတ်ခဲ့သည့် ခံစစ်အနေအထားများသည် (တိုက်ပွဲဖြစ်ပွားသော) ဘိုရိုဒီနိုဒေသရှိ ခံစစ်အနေအထားများထက် သာလွန်ကောင်းမွန်သည်သာ ဖြစ်ပေသည်။ ဘိုရိုဒီနိုဒေသမှာ ကောင်းမွန်သောခံစစ်အနေအထားတစ်ခုမဟုတ်ရုံမျှမက ခံစစ်အနေအထားဟုပင် မပြောနိုင်သောနေရာဒေသတစ်ခု ဖြစ်သည်။ ဘိုရိုဒီနိုကဲ့သို့ ခံစစ်အနေအထားမျိုးကို ရှာလိုလျှင် ဤမျှလောက် ခဲခဲကပ်ကပ် ရှာစရာမလိုချေ။ ရုရှားနိုင်ငံမြေပုံကို မျက်စိမှိတ်၍ အပ်ဖြင့် ထောက်လိုက်လျှင်ပင် ဤမျှလောက် ခံစစ်အနေအထားမျိုးကို အလွယ်တကူ တွေ့နိုင်သည်။

ရာဇဝင်ဆရာများက ရုရှားတပ်များသည် မော်စကို စမိုးလင့် ပေတစ်ရာလမ်းမကြီး၏ လက်ဝဲဘက်၌ လမ်းမကြီးနှင့် ထောင့်မှန်ကျအောင် နေရာယူကာ ခံစစ်အနေအထားကို ပြင်ဆင်ထားခဲ့ကြသည်ဟု ရေးသားခဲ့ကြသည်။ (၎င်းတို့ပြောသောနေရာမှာ တကယ် တိုက်ပွဲဖြစ်ပွားသည့် နေရာဖြစ်၏။) သို့ရာတွင် အမှန်၌ကား ဤသို့မဟုတ်ချေ။ ရုရှားတပ်များသည် ရာဇဝင်ဆရာတို့ ပြောသကဲ့သို့ ထိုနေရာတွင် တပ်စွဲထားခြင်း၊ ခံစစ်အနေအထားကို ပြင်ဆင်ထားခြင်း မရှိခဲ့ကြချေ။ ၁၈၁၂-ခု ဩဂုတ်လ ၂၅ ရက်နေ့အထိ ရုရှားတပ်များသည် ထိုနေရာတွင် တိုက်ပွဲဖြစ်ပွားလိမ့်မည်ဟု မျှော်လင့်မထားခဲ့ကြချေ။ အောက်ပါတို့ကို ထောက်၍ ဤအချက်ကို သိနိုင်သည်။

ပထမအချက်အားဖြင့် ရုရှားတို့သည် ဩဂုတ်လ ၂၅ ရက်နေ့အထိ ထိုနေရာတွင် ကတုတ်ကျင်းများ တူးထားခြင်း မရှိသေး။ ဩဂုတ်လ ၂၅ ရက်နှင့် ၂၆ ရက်ကျမှသာ ကတုတ်ကျင်းများကို စတင်တူးခဲ့ကြသည်။ သို့ရာတွင် အပြီးမသတ်နိုင်ခဲ့ကြ။ (ရာဇဝင်ဆရာတို့ ပြောသကဲ့သို့ နဂိုကတည်းက ထိုနေရာတွင် ခံစစ်ကြောင်းပြင်ထားခဲ့သည်ဆိုလျှင် ကတုတ်ကျင်းများကို ခပ်စောစောကပင် ကြိုတင်တူးဖော် ပြင်ဆင်ထားရမည် မဟုတ်လော။)

ဒုတိယအချက်အားဖြင့် ရှီဗာဒီနိုခံတပ်အနေအထားသည် နေရာမှားလျက်ရှိသည်။ ရာဇဝင်ဆရာတို့ ပြောသည့်အတိုင်းဆိုလျှင် ရှီဗာဒီနိုခံတပ်သည် ခံစစ်ကြောင်းရှေ့တွင် ရောက်နေသည်။ ခံစစ်ကြောင်းထိပ်တည့်တည့်တွင် ထိုခံတပ်ရောက်နေခြင်းမှာ စစ်ပညာသဘောဖြင့်ကြည့်လျှင် လုံဝအဓိပ္ပာယ်မရှိ။ ရှီဗာဒီနိုခံတပ်သည် (၎င်းတို့ပြောသကဲ့သို့) ရှေ့ပြေးကင်းစခန်းတစ်ခုမျှသာ ဖြစ်သည်ဆိုလျှင် ၎င်းကို အခြားရှေ့ပြေးကင်းစခန်းများထက် အဘယ်ကြောင့် အခိုင်အမာတည်ဆောက်ထားရသနည်း။ ရှေ့ပြေးကင်းစခန်းတစ်ခုမျှသာဆိုလျှင် ထိုခံတပ်ကို ဩဂုတ်လ ၂၄ ရက်နေ့ညအထိ အဘယ်ကြောင့် စစ်ပန်းခံ၍ ကာကွယ်နေရသေးသနည်း။ ထိုခံတပ်ကို အဘယ်ကြောင့် တပ်သားခြောက်ထောင် အကျခံ၍ ကာကွယ်နေရသနည်း။ ရန်သူစစ်ကြောင်း၏ လှုပ်ရှားမှုကို ထောက်လှမ်းလိုသည်ဆိုလျှင် ကော့ဆက်ထောက်လှမ်းရေး ကင်းတပ်စုတစ်စုဖြင့် ကိစ္စပြီးနိုင်သည် မဟုတ်လော။

တတိယအချက်အားဖြင့် ဩဂုတ်လ ၂၅ ရက်နေ့အထိ ဗိုလ်ချုပ်ကြီး ဘာကလေနှင့် ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်းတို့က ရှီဗာဒီနိုခံတပ်ကို ရုရှားစစ်ကြောင်း၏ လက်ဝဲတောင်ပံအဖြစ် ယူဆထားကြသည်။ (ခံစစ်ကြောင်း ထိပ်

www.burmeseclassic.com

www.burmeseclassic.com

တည့်တည့်မှ ရှေ့ပြေးကင်းစခန်းတစ်ခုအဖြစ် မယူဆ။ ဤအချက်ကို သတိမူရမည်။) တိုက်ပွဲအပြီး ချက်ချင်းရေးပို့သော စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ အစီရင်ခံစာ၌ လည်း ရှီဗာဒီနိုခံတပ်ကို ခံစစ်ကြောင်း လက်ဝဲတောင်ပံအဖြစ် ဖော်ပြထားသည်။ (ခံစစ်ကြောင်းထိပ် ရှေ့ပြေးကင်းစခန်းတစ်ခုဟု မယူဆကြောင်းကို သတိပြုပါ။)

ဤအချက်တို့ကိုထောက်သော် ရုရှားတပ်များသည် (ရာဇဝင်ဆရာတို့ ပြောသကဲ့သို့) ဘိုရိုဒီနိုမှ အူတစ်ဇာအထိ ကျယ်ပြန့်ရှည်လျားသော ခံစစ်အနေအထားကို ကြိုတင်သိမြင်ခြင်း မရှိခဲ့ကြကြောင်း၊ ရှီဗာဒီနိုခံတပ်သည် ခံစစ်ကြောင်းထိပ်မှ ရှေ့ပြေးကင်းစခန်းတစ်ခု မဟုတ်ကြောင်း ထင်ရှားလှသည်။

သို့ရာတွင် ဘိုရိုဒီနိုတိုက်ပွဲကြီး ပြီးစီး၍ အစီရင်ခံစာရေးကြသည့်အခါ၌ကား ခံစစ်ကြောင်း လက်ဝဲဘက်တောင်ပံရှိ အခိုင်အမာတည်ဆောက်ထားသော ရှီဗာဒီနိုခံတပ်ကို ရှေ့ပြေးကင်းစခန်းတစ်ခုမျှသာ ဖြစ်လေဟန်၊ တိုက်ပွဲဖြစ်မည်ဟု ချော်လင့်ထားခြင်းလည်း မရှိ။ အခိုင်အမာခံစစ်ကြောင်းတည်ထားသောနေရာလည်းမဟုတ်သည့် ဘိုရိုဒီနို စစ်မြေပြင်ကို မူလအစကတည်းက အခိုင်အမာခံစစ်ကြောင်းတည်၍ ကြိုတင်ရွေးချယ်ထားသော စစ်မြေပြင်ဖြစ်လေဟန် အမှားမှားအယွင်းယွင်း ဖြစ်ကတတ်ဆန်း လုပ်ကြံရေးသားခဲ့ကြလေသည်။ (ဤသည်မှာ စစ်သေနာပတိချုပ်တို့မည်သည် အမှားအယွင်း အတိမ်းအစောင်း အချွတ်အချော်မရှိနိုင် ဟူသောသဘောကို ပြလိုသောကြောင့် အဖြစ်အပျက်နှင့် ကိုက်ညီအောင် တမင်လုပ်ကြံ ရေးသားခြင်းလည်း ဖြစ်နိုင်ပါသည်။)

တကယ့် အဖြစ်အပျက်မှန်ကား ဤသို့တည်း။ ရုရှားတို့သည် ကိုလိုချာမြစ်ကမ်းတစ်လျှောက်တွင်ခံစစ်အနေအထားကို ရွေးချယ်ပြင်ဆင်ခဲ့ကြခြင်း ဖြစ်၏။ ကိုလိုချာမြစ်သည် မော်စကိုစမိုးလင့် ပေတစ်ရာလမ်းမကြီးကို ထောင့်မှန်သဏ္ဌာန် မဟုတ်ဘဲ ထောင့်ကျဉ်းသဏ္ဌာန် ဖြတ်သွား၏။ ဤသို့ဖြင့် ရုရှားတို့က ကိုလိုချာမြစ်ကမ်းတစ်လျှောက်တွင် ခံစစ်ကြောင်းကို ဖြန့်လိုက်သောအခါ၌ လက်ဝဲတောင်ပံသည် ရှီဗာဒီနိုတွင်ရောက်နေပြီး လက်ယာတောင်ပံသည် နိုဗိုရွာအနီးသို့ ရောက်လျက် ရှိ၏။ ခံစစ်ကြောင်း၏ဗဟိုချက်မမှာ ဗိုညာနှင့် ကိုလိုချာမြစ်ဆုံရှိ ဘိုရိုဒီနိုဒေသ ဖြစ်လေသည်။

လက်တွေ့တိုက်ပွဲ မည်သို့ မည်ပုံဖြစ်ပွားသည်ကို အပထား၍ ဘိုရိုဒီနိုစစ်မြေပြင်၏ အနေအထားကို ရုတ်တရက်ကြည့်လိုက်မည်ဆိုပါက ရှေ့တွင် ကိုလိုချာမြစ်ကြီး ကာဆီးလျက်ရှိသည့် ခံစစ်အနေအထားသည် မော်စကိုစမိုးလင့် ပေတစ်ရာလမ်းမကြီးအတိုင်း ချိတက်လာသော ရန်သူများကို ပိတ်ဆို့ထားမည့် ရုရှားတပ်များအတွက် သင့်လျော်သော ခံစစ်အနေအထားဖြစ်ကြောင်း တွေ့ရ၏။

ဩဂုတ်လ ၂၄ ရက်နေ့တွင် နပိုလီယန်သည် မြင်းစီး၍ ဗာလူယေဗိုဒေသသို့ ရောက်လာခဲ့၏။ ရာဇဝင်ဆရာများက နပိုလီယန်သည် ဘိုရိုဒီနိုမှ အူတစ်ဇာအထိ ရှည်လျားသောခံစစ်ကြောင်းကို ကြည့်ရှုခဲ့သည်ဟု ဆိုကြသော်လည်း တကယ်၌ နပိုလီယန်သည် ခံစစ်အနေအထားကို မမြင်ခဲ့ချေ။ (ထိုနေရာ၌ ရုရှားခံစစ်ကြောင်း မရှိသဖြင့် နပိုလီယန်မမြင်ခဲ့ခြင်းမှာလည်း ဘာမျှ အံ့သြစရာ မရှိပါ။ ထိုအချက်မှာ နောက်မှ ထိုနေရာတွင် တိုက်ပွဲဖြစ်ပွားခြင်းကြောင့် ရာဇဝင်ဆရာတို့က စိတ်ကူးဖြင့် မှန်းဆရေးခဲ့ခြင်းသာ ဖြစ်ပါသည်။) ထိုမျှမက (ရာဇဝင်ဆရာတို့ ပြောသကဲ့သို့) နပိုလီယန်သည် ရုရှားရှေ့ပြေး ကင်းစခန်းကို ရှီဗာဒီနိုတောင်ကုန်းပေါ်တွင် တွေ့ခဲ့သည်ဟု ဆိုခြင်းမှာလည်း မမှန်ချေ။ နပိုလီယန်သည် ရုရှားနောက်ဖျားတပ်များကို လိုက်လံတိုက်ခိုက်ရင်း ရှီဗာဒီနိုခံတပ်ရှိ ရုရှားစစ်ကြောင်း၏ လက်ဝဲတောင်ပံကိုသာ တွေ့သွားခြင်း ဖြစ်လေသည်။ ထို့နောက် ရုရှားတပ်များ၏အငိုက်တွင် နပိုလီယန်သည် ၎င်း၏တပ်များအား ကိုလိုချာမြစ်ကို ရုတ်တရက်ဖြတ်ကူးစေခဲ့သည်။ ဤတွင် ရုရှားတို့မှာ အငိုက်မိသွားကာ ရင်ဆိုင်တိုက်ပွဲဆင်နွှဲရန် အချိန်မရတော့ဘဲ ၎င်းတို့တပ်စွဲရန် ရည်မှန်းထားသည့် ရှီဗာဒီနိုတောင်ကုန်းပေါ်မှ လက်ဝဲတောင်ပံကို ရုပ်သိမ်းလာခဲ့ရလေသည်။ ထိုသို့ လက်ဝဲတောင်ပံကို ရုပ်သိမ်းပြီးနောက် ယခင်ကကြိုတင်ရွေးချယ်ထားခြင်းလည်း မရှိ၊ ပြင်ဆင်ထားခြင်းလည်း မရှိသော နေရာသစ်တွင် ခံစစ်အနေအထားယူလိုက်ရသည်။ နပိုလီယန်သည် ကိုလိုချာမြစ် တစ်ဖက်ကမ်းကို ဖြတ်ကူးခဲ့ပြီးနောက် မော်စကို စမိုးလင့်ပေတစ်ရာလမ်းမကြီး၏ လက်ဝဲဘက်သို့ ဝင်ရောက်လာခဲ့ကာ စစ်မျက်နှာကို (ရုရှားတို့ဘက်မှ ကြည့်လျှင်) လက်ယာဘက်မှ လက်ဝဲဘက်သို့

www.burmeseclassic.com

www.burmeseclassic.com

ပြောင်းပစ်လိုက်ပြီး အူတစ်ဇာ၊ ဆင်မြီနော့နှင့် ဘိုရိုဒီနိုအကြားရှိလွင်ပြင်ကို စစ်တလင်းအဖြစ်သို့ ပြောင်းပစ်လိုက်လေသည်။ ထိုလွင်ပြင်ကား ရဂျားတပ်များအဖို့ စစ်မျက်နှာဖွင့်ရန် ထူးထူးခြားခြား ကောင်းမွန်လှသည် မဟုတ်ချေ။ ဤသို့သောလွင်ပြင်များမှာ ရဂျားပြည်တစ်ဝန်း၌ မည်သည့်နေရာမဆို တွေ့နိုင်သော လွင်ပြင်မျိုးသာ ဖြစ်လေသည်။ ဤသို့ဖြင့် ရဂျားတပ်များသည် ကြိုတင်ပြင်ဆင်ထားခြင်းမရှိသော ခံစစ်အနေအထားသို့ ရောက်ရှိလာကာ ဩဂုတ်လ ၂၆ ရက်နေ့တွင် ဘိုရိုဒီနိုတိုက်ပွဲကြီး ဖြစ်ပွားလေတော့သည်။ (ရဂျားတို့ တိုက်ခိုက်ရန် ရည်ရွယ်ထားသော စစ်မျက်နှာမြေပုံနှင့် တကယ့်တိုက်ပွဲဖြစ်ပွားသော စစ်မျက်နှာမြေပုံတို့ကို တစ်နေရာတွင် ပူးတွဲ ဖော်ပြလိုက်သည်။)

အကယ်၍သာ နပိုလီယန်သည် ဩဂုတ်လ ၂၄ ရက်နေ့ညနေက ကိုလိုချာမြစ်ကို ဖြတ်ကူးခဲ့ခြင်းလည်း မပြု၊ ရှီဗာဒီနိုခံတပ်ကို ရုတ်တရက်တိုက်ခိုက်ရန် အမိန့်ပေးခဲ့ခြင်းလည်းမရှိဘဲ နောက်တစ်နေ့နံနက်မှ စတင်၍ ထိုးစစ်ဆင်မည်ဆိုပါက ရှီဗာဒီနိုခံတပ်သည် ရဂျားခံစစ်ကြောင်း၏ လက်ဝဲဘက်တောင်ပံ ဖြစ်နေမည်သာ ဖြစ်လျက် တိုက်ပွဲသည်လည်း နဂိုကမျှော်လင့်ထားသကဲ့သို့ ကိုလိုချာမြစ်ကမ်းတစ်လျှောက်တွင် ဖြစ်ပွားမည်သာဖြစ်ပေသည်။ ဤအတိုင်းသာဖြစ်ခဲ့လျှင် ရဂျားတို့သည် ၎င်းတို့၏ လက်ဝဲတောင်ပံဖြစ်သော ရှီဗာဒီနိုခံတပ်ကို ထိုးထက်ကြာရှည်စွာ ကာကွယ်ထိန်းသိမ်းနိုင်မည်သာ ဖြစ်ပေသည်။ ထိုအခါတွင် နပိုလီယန်၏ထိုးစစ်ကြောင်း ဗဟိုချက်မကိုသော်လည်းကောင်း၊ လက်ယာဘက်တောင်ပံကိုသော် လည်းကောင်း ရဂျားတို့က အလွယ်တကူ ဝင်ရောက်တိုက်ခိုက်နိုင်မည်ဖြစ်ပြီး တိုက်ပွဲသည်လည်း ယခင်က ပြင်ဆင်ထားသော ခံစစ်ကြောင်းအတိုင်း ဩဂုတ်လ ၂၅ ရက်နေ့တွင် ဖြစ်ပွားခဲ့မည်သာဖြစ်ပေသည်။ သို့ရာတွင် နပိုလီယန်သည် ရဂျားနောက်ဖျားတပ်များ (၈ရစ်နီဗာတိုက်ပွဲအပြီး) ဆုတ်ခွာလာပြီးနောက် မကြာမီမှာပင် ရဂျားတို့၏ လက်ဝဲတောင်ပံဖြစ်သော ရှီဗာဒီနိုခံတပ်ကို ရုတ်ခြည်းဝင်ရောက်တိုက်ခိုက်ခဲ့လေသည်။ ဤတွင် ရဂျားတပ်များမှာ ထိုနေ့တွင် ရင်ဆိုင်တိုက်ပွဲဆင်ရန် ဆန္ဒမရှိသည့်အတွက် (အချိန်မရသောကြောင့်ဟုလည်း ဆိုနိုင်ပါသည်။) ဩဂုတ်လ ၂၄ ရက်နေ့တွင် ဖြစ်ပွားသော ဘိုရိုဒီနိုစစ်ပွဲ၏ အရေးကြီးဆုံး ဗွေဆော်ဦးတိုက်ပွဲတွင် ရဂျားတို့အရေးနိမ့်ကာ ဩဂုတ်လ ၂၆ ရက်နေ့တွင် ဖြစ်ပွားသည့် ရင်ဆိုင်တိုက်ပွဲကြီးတွင်လည်း မရှုမလှ ဆုတ်ခွာခဲ့ရပြန်လေသည်။

ရှီဗာဒီနိုခံတပ် ကျဆွားသည့်နောက် ဩဂုတ်လ ၂၅ ရက်နေ့နံနက်တွင်ကား ရဂျားတပ်များ၌ လက်ဝဲတောင်ပံကျိုးခဲ့လေပြီ။ ၎င်းတို့၌ လက်ဝဲတောင်ပံအတွက် ခံစစ်အနေအထား မရှိတော့ချေ။ ဤတွင် ရဂျားစစ်ကြောင်း၏ လက်ဝဲတောင်ပံကို ပြန်၍ရုပ်လာခဲ့ရကာ အနီးဆုံးနေရာတွင် ကတုတ်ကျင်းများတူး၍ ခုခံရန် ပြင်ဆင်ရလေတော့သည်။

ဤသို့ဖြင့် ဩဂုတ်လ ၂၆ ရက်နေ့တွင် ဖြစ်ပွားသော ရင်ဆိုင်တိုက်ပွဲ၌ ရဂျားတပ်မတော်သည် တစ်ဝက်တစ်ပျက်သာပြီးသည့် ကတုတ်ကျင်းများထဲမှ ခုခံခဲ့ရသည်။ ဤသို့ ရဂျားတို့၏ ခံစစ်အနေအထားမှာ တောင့်တင်းခြင်းမရှိ။ ဖရိဖရဲဖြစ်နေသည့်ကြားထဲတွင် ရဂျားတပ်မှူးများကလည်း လက်ဝဲဘက်တောင်ပံမှ ရှီဗာဒီနိုခံတပ်ကျဆွားခြင်းနှင့် စစ်မြေပြင်သည် လက်ယာဘက်မှ လက်ဝဲဘက်သို့ ရွှေ့လာခြင်းစသည့်အချက်များကို ကောင်းစွာသဘောမပေါက်ကြဘဲ ခံစစ်ကြောင်းကို နိဗိုရွာမှ အူတစ်ဇာအထိတိုးချဲ့လိုက်သဖြင့် တိုက်ပွဲအတွင်းမှာပင် တပ်များကို လက်ယာဘက်မှ လက်ဝဲဘက်သို့ ရွှေ့ပြောင်းနေရခြင်းကြောင့် တိုက်အားလျော့လျက် ရှိပြန်လေသည်။ ဤသို့ဖြင့် တိုက်ပွဲဖြစ်ပွားသည့်တစ်ချိန်လုံးတွင် ရဂျားများသည် လက်ဝဲတောင်ပံကို စုပြုံထိုးနှက်နေသော ပြင်သစ်တပ်ကြီးတစ်တပ်လုံးကို တစ်ဝက်လောက်မျှသာရှိသော တပ်သားဦးရေဖြင့် ခုခံတိုက်ခိုက်ခဲ့ရလေသည်။ (အူတစ်ဇာတစ်ဝိုက်တွင် ဗိုလ်ချုပ်ပွန်နီယာ ဘိုစကီ၏ တပ်များနှင့် လက်ယာတောင်ပံတွင် ဗိုလ်ချုပ် အူဗာရော့ဗ်၏ တပ်များက ပြင်သစ်တို့ကို တိုက်ခိုက်နေခြင်းများ ရှိသော်လည်း ၎င်းတို့တိုက်ပွဲများမှာ ပင်မတိုက်ပွဲကြီးနှင့် ဆက်စပ်ခြင်း မရှိပါ။) သို့ဖြစ်ရကား ဘိုရိုဒီနိုတိုက်ပွဲသည် ရာဇဝင်ဆရာများ ရေးသားခဲ့သကဲ့သို့ ရဂျားတို့အဖို့ ကြိုတင်ပြင်ဆင်ထားသော ခံစစ်အနေအထားတွင် ဖြစ်ပွားခဲ့ခြင်း မဟုတ်ချေ။ (ဤနေရာ၌ ရာဇဝင်ဆရာများသည် ရဂျားတပ်မတော်နှင့် ရဂျားပြည်သူတို့၏ဂုဏ်သိက္ခာကိုမှ ထောက်ထားငဲ့ညှာခြင်း မရှိဘဲ ရဂျားဗိုလ်ချုပ်များ၏ အမှားများကို ဖုံးကွယ်ပေးကာ ရာဇဝင်ကို လိမ်

www.burmeseclassic.com

www.burmeseclassic.com

ဘိုးဖိုးနှစ် တိုက်ပွဲဝင်ရပ်ကွက်များ။

www.burmeseclassic.com

www.burmeseclassic.com

လည်ရေးသားခဲ့ကြခြင်းသာ ဖြစ်လေသည်။) ဤသို့ဖြင့် ဘိုရိုဒီနိုတိုက်ပွဲသည် ကြို့တင်ရွေးချယ်ကာ ကတုတ်ကျင်းများဖြင့် အခိုင်အမာတည်ဆောက်ထားသော ခံစစ်အနေအထားတွင် ဖြစ်ပွားခဲ့ခြင်း မဟုတ်ချေ။ ရန်သူအင်အားနှင့် မတိမ်းမယိမ်းသာရှိသော စစ်သည်အင်အားဖြင့် တိုက်ခိုက်ခဲ့ရခြင်းလည်း မဟုတ်ချေ။ ရှီဇာဒီနိုခံတပ် ကျခဲ့သည့် အတွက် ရုရှားတပ်များသည် ကတုတ်ကျင်းများ လုံးဝမရှိသလောက်ဖြစ်နေသော ကွင်းပြင်ကြီးထဲတွင် ရန်သူအင်အားထက် တစ်ဝက်မျှသာရှိသော စစ်သည်အင်အားဖြင့် တိုက်ခိုက်ခဲ့ရခြင်းသာ ဖြစ်ပေသည်။ ဤသို့သော ခံစစ်အနေအထားတွင် ဤမျှသောအင်အားဖြင့် တိုက်ရခြင်းကြောင့် သုံးနာရီအတွင်း တပ်ပျက်မပြေးဘဲ ဆယ်နာရီကြာ ခုခံတိုက်ခိုက်ခဲ့ခြင်းကိုပင် တော်သေးသည်ဟု ဆိုရမည် ဖြစ်လေသည်။

အခန်း ၂၀

ဩဂုတ်လ ၂၅ ရက်နေ့ နံနက်၌ ပီယာသည် မိုဇော့ရွာမှ ထွက်ခွာလာခဲ့၏။ ခပ်စောက်စောက်ရှိသော တောင်ကုန်းပေါ်မှ အဆင်း၌ ပီယာသည် ရထားပေါ်မှ ဆင်းကာ ခြေကျင်လျှောက်၍ လာခဲ့လေသည်။ တောင်ကုန်းအောက် ခြေတွင် မြို့မှ ထွက်သော ကွေ့ကောက်သည့်လမ်းကလေးကို မြင်ရ၏။ လမ်းကလေးသည် လက်ယာဘက် ဘုရားရှိခိုးကျောင်းအနီးမှ ဝိုက်၍ မြို့ပြင်သို့ ဦးတည်လျက် ရှိလေသည်။ ဘုရားဝတ်ပြုနေကြချိန်ဖြစ်၍ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံများကို ကြားရလေသည်။ ပီယာ၏နောက်မှလည်း မြင်းတပ်ရင်းတစ်ခုသည် စစ်ချီသီချင်းများ ဆိုကာ တောင်ကုန်းအောက်သို့ ဆင်းလာလေသည်။ ယမန်နေ့ တိုက်ပွဲတွင် ဒဏ်ရာရသူများကို တင်ဆောင်လာသည့် လှည်းတန်းကြီးသည် တောင်ကုန်းအောက်ခြေမှ တက်လာသည်ကို တွေ့ရ၏။ ကျေးတောသား လှည်းသမားများသည် ဆူညံစွာအော်ဟစ်လျက် ကြာပွတ်များဖြင့် မြင်းများကို တရွှမ်းရွှမ်းရိုက်ကာ ကုန်းအတက်တွင် လှည်းများကို တရကြမ်းမောင်းလာကြ၏။ လှည်းတစ်စီးစီ၌ ဒဏ်ရာရသူသုံးလေးယောက်စီ လိုက်ပါလာကြပြီး အချို့မှာ လဲလျောင်းလျက် အချို့ကား ထိုင်လျက်ရှိကြ၏။ လှည်းဆောင့်လိုက်တိုင်း လှည်းပေါ်၌ လိုက်ပါလာသူများသည် အထက်သို့ မြောက်တက်သွားကြလေသည်။ ဒဏ်ရာရသူများမှာ အဝတ်စုတ်များဖြင့် စည်းနှောင်ထားကြကာ ဖြူရော်၍ သွေးရောင်ကင်းမဲ့လျက်ရှိသော မျက်နှာများ၊ တင်းကျပ်စွာစေ့ထားသော ပါးစပ်များ၊ တွန့်နေသော မျက်ခုံးများဖြင့် လှည်းဆောင့်လိုက်တိုင်း လှည်းရဲတိုင်ကို ကိုင်၍ လိုက်ပါလာကြ၏။ ၎င်းတို့အားလုံးသည် ဦးထုပ်ဖြူ၊ ပျံလွှားတောင်အမြီးနှစ်ခွ အင်္ကျီစိမ်းတို့ကို ဝတ်ဆင်ထားသည့် ပီယာကို အထူးအဆန်းသဖွယ် ငေးမျှကြည့်နေကြသည်။

ပီယာ၏ရထားသမားသည် လူနာတင်လှည်းများကို မောင်းလာသောလှည်းသမားများအား လမ်းတစ်ဖက်တည်းတွင် ကပ်မောင်းရန် ဒေါသတကြီး အော်ဟစ်ပြောဆိုလျက် ရှိလေသည်။ ပီယာ၏ရထားနောက်မှ သီချင်းတကြော်ကြော်ဆို၍ ဆင်းလိုက်လာသော မြင်းတပ်သားများသည် ပီယာ၏ရထားကို မီလာကြကာ ပီယာ၏ရထားအနီး၌ ဝိုင်းအုံလျက်ရှိသဖြင့် လမ်းပိတ်လျက်ရှိလေသည်။ ပီယာမှာ နောက်မှဆင်းလာသော မြင်းတပ်နှင့် ရှေ့မှတက်လာသော လူနာတင်လှည်းများကြားတွင် ညပ်နေကာ ရှေ့ဆက်သွား၍ မရတော့သဖြင့် လမ်းဘေးကမ်းပါးနားတွင် ကပ်ပြီးရပ်နေလိုက်သည်။ ကမ်းပါးအောက်တွင်ကား နေရောင်ခြည် ကျရောက်ခြင်းမရှိသဖြင့် အေးမြ စိုစွတ်လျက် ရှိ၏။ သို့ရာတွင် ပီယာ၏ခေါင်းပေါ်၌ကား ဩဂုတ်လ၏နေရောင်ခြည်သည် ထွန်းလင်းစွာ တောက်ပလျက်ရှိကာ ခေါင်းလောင်းသံများသည်လည်း ရွှင်မြူး သွက်လက်စွာမြည်ဟည်းလျက် ရှိကြသည်။ လူနာများတင်ထားသော လှည်းတစ်စီးသည် ပီယာ့အနီးကပ်လျက် လမ်းဘေးတွင် ထိုးရပ်လိုက်သည်။ လျှော်ဖိနပ်ကို စီးထားသည့် လှည်းသမားသည် နောက်မှ မောကြီးပန်းကြီး ပြေးတက်လာကာ သဲပတ်ခွေမရှိသော လှည်းဘီးနောက်တွင် ကျောက်ခဲတစ်လုံးကို ခုလိုက်ပြီးနောက် လှည်းတွင် တပ်ထားသည့် မြင်းပုကလေး၏တင်ပါးကို ပွတ်သပ်ပေးလျက်ရှိ၏။

လက်မောင်းတွင် ပတ်တီးစည်း၍ လှည်းနောက်မှ ခြေလျင်လိုက်လာသော ဒဏ်ရာရသည့် အသက်ခပ်ကြီးကြီး စစ်သားသည် မြင်းပုလေးကို ကျန်လက်တစ်ဖက်ဖြင့် လှမ်းပုတ်လိုက်ပြီး

"ဗျို့ ဆရာလေး၊ ဒီလှည်းသမားက ကျုပ်တို့ကို

www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာတွင် ချုပစ်ခဲ့တော့မှာတဲ့လား။ မော်စကို ရောက်အောင် လိုက်မပို့တော့ဘူးတဲ့လား"

ပီယာသည် ကိုယ့်အတွေးထဲတွင် နစ်မြုပ်လျက်ရှိခြင်းကြောင့် စစ်သား၏စကားကို မကြားလိုက်ချေ။ ပီယာသည် နောက်မှ ဆင်းလိုက်လာသော မြင်းတပ်များကို တစ်လှည့်၊ မိမိအနီးတွင် ရပ်လျက်ရှိသော လူနာတင်လှည်းကို တစ်လှည့် ကြည့်နေမိသည်။ လူနာတင်လှည်းပေါ်တွင်ကား ဒဏ်ရာရလာသော စစ်သားနှစ်ယောက် ထိုင်လျက်ရှိ၍ တစ်ယောက်မှာ လဲလျောင်းလျက်ရှိ၏။ ထိုင်နေသော စစ်သားနှစ်ယောက်အနက် တစ်ယောက်မှာ ပါးတွင် ဒဏ်ရာရလာဟန် တူ၏။ ခေါင်းတစ်ခုလုံးကို အဝတ်စုတ်များဖြင့် စည်းနှောင်ထားလျက်ရှိပြီး ပါးတစ်ဖက်မှာ မွေးကင်းစကလေး၏ခေါင်းပမာဏမျှ ဖူးဖူးရောင်လျက် ရှိလေသည်။ ၎င်း၏နှာခေါင်းနှင့် ပါးစပ်သည် တစ်ဖက်သို့ ရွဲ့လျက် ရှိ၏။ ထိုစစ်သားသည် ဘုရားရှိခိုးကျောင်းကို လှမ်း မျှော်ကြည့်ရှုပြီးနောက် လက်နှစ်ဖက်ကို ယှက်၍ ဆုတောင်းနေသည်။ အခြားတစ်ယောက်ကား အသက်ငယ်ငယ်၊ ဆံပင်ကောင်းကောင်းနှင့် တပ်သားသစ်ကလေးတစ်ယောက်ဖြစ်၏။ ၎င်း၏ပိန်ချုံးသောမျက်နှာသည် လုံးဝ သွေးမရှိတော့သကဲ့သို့ ဖြူလျက်ရှိ၏။ ထိုတပ်သား သစ်ကလေးသည် ပီယာကိုပြု၍ ကြည့်နေလေသည်။ တတိယတစ်ယောက်ကိုကား လှည်းပေါ်တွင် ဝမ်းလျားမှောက်လျက်ရှိခြင်းကြောင့် မျက်နှာကို မမြင်ရချေ။ မြင်းတပ်သားများသည် စစ်ချီသီချင်းကို ဆိုကာ လှည်းနားမှ ဖြတ်သွားကြ၏။

"သေသည် ရှင်သည် တို့မမှုတော့သည်၊
မိစ္ဆာမျိုးယုတ်တို့ကို အမြစ်ပါ ဖြုတ်မည်"

၎င်းတို့၏စစ်ချီသီချင်းသည် တက်ကြွရွှင်မြူးဖွယ်ကောင်း၏။ ၎င်းတို့၏တက်ကြွရွှင်မြူးခြင်းကို သြဘာပေးသည့်အနေဖြင့် ဘုရားရှိခိုးကျောင်းမှ ဒင်ဒင်မြည်သော ခေါင်းလောင်းသံများသည် ပတ်ဝန်းကျင်တွင် ပဲ့တင်ထပ်လျက်ရှိ၏။ ယူနွေးသော နေရောင်ခြည်များကလည်း တစ်ဖက်ရှိကမ်းပါးပေါ်သို့ ဖြာကျလျက် ရှိကြ၏။ သို့ရာတွင် ပီယာနှင့်တကွ ဒဏ်ရာရလာသော စစ်သားလူနာများကို တင်လာသည့်လှည်းရပ်ထားရာ တစ်ဖက်ကမ်းပါးရိပ်၌ကား စိုစွတ်အေးမြကာ စိတ်မချမ်းမြေ့ဖွယ်အသွင်ကို ဆောင်လျက်ရှိလေသည်။

ပါးတစ်ဖက် ဖူးဖူးရောင်နေသည့် တပ်သားသည် မြင်းတပ်သားများကို ဒေါသတကြီးဖြင့် လှမ်းကြည့်လိုက်ပြီးနောက် "ခွေးသားတွေ၊ ပေါ်ကြော့တွေ" ဟု လှမ်းဆဲလိုက်သည်။

"ခုစစ်ပွဲက စစ်သားတွေတင် စစ်မြေပြင်သွားရတာ မဟုတ်ဘူးဗျ၊ လယ်သမားတွေလည်း စစ်မြေပြင်သွားရတာပဲ၊ စစ်သားရယ်၊ လယ်သမားရယ် ခွဲခြားနေလို့ မရတော့ဘူး၊ ခွေးသားပြင်သစ်ကောင်တွေဟာ လူမျိုးတစ်မျိုးလုံးကို ဒုက္ခပေးနေပြီ၊ မော်စကိုကို အမြန်သိမ်းဖို့ တရကြမ်း တိုက်နေကြပြီ"

လှည်းနောက်တွင် ရပ်လျက်ရှိသော စစ်သားက ပီယာကို စိတ်မချမ်းမြေ့စွာ ပြုံးပြ၍ ပြောလိုက်၏။

ပီယာသည် စစ်သား၏စကားကို သဲကွဲစွာ မကြားလိုက်ရသော်လည်း အဓိပ္ပာယ်ကိုနားလည်သဖြင့် ခေါင်းညိတ်၍ ပြလိုက်သည်။

လမ်းမှာ အခိုက်အတန့်ရှင်း၍ သွားပြန်လေပြီ။ ထို့ကြောင့် ပီယာသည် တောင်ကုန်းပေါ်မှ ဆင်းလာကာ ရထားကို ဆက်မောင်းလာခဲ့၏။

ရထားပေါ်မှနေ၍လည်း လမ်းဘေးတစ်ဖက်တစ်ချက်ရှိ ဝတ်စုံအမျိုးမျိုး ဝတ်ထားသော စစ်သားအုပ်ကြီးထဲသို့ အသိမိတ်ဆွေ တွေ့လိုတွေ့ငြား လှမ်းမျှော်၍ ကြည့်လာခဲ့၏။ စစ်သားများကလည်း ပီယာ၏ဦးထုပ်ဖြူနှင့် အစိမ်းရောင် နှစ်ဖက်မြီးခွအင်္ကျီကို တအံ့တသြ ကြည့်သွားကြလေသည်။

သို့ဖြင့် သုံးမိုင်ခန့်သွားမိသောအခါတွင် ပီယာသည် အသိတစ်ယောက်ကို မြင်လိုက်သဖြင့် ဝမ်းသာအားရအော်ဟစ် နှုတ်ဆက်လိုက်သည်။ ထိုသူမှာ စစ်တပ်ဆရာဝန်တစ်ဦးဖြစ်၏။ စစ်တပ်ဆရာဝန်သည် ပေါင်းမိုးမိုးထားသော ရထားကလေးပေါ်တွင် လိုက်ပါလာ၏။ ၎င်း၏နောက်မှလည်း အသက်ခပ်ငယ်ငယ် အခွဲအစိတ်ဆရာဝန်တစ်ဦး ထိုင်လိုက်လာလေသည်။ ပီယာအနီးသို့ ရောက်လတ်သော် ဆရာဝန်က ရထားမောင်းသည့် ကော့ဆက်တပ်သားအား ရပ်ရန် အမိန့်ပေးလိုက်သည်။

"အလို မြို့စားလေးပါလား၊ ဘာကိစ္စ ဒီကို ရောက် လာတာလဲ" ဆရာဝန်က မေးလိုက်၏

www.burmeseclassic.com

www.burmeseclassic.com

"အေးဗျ၊ ကျွန်တော် ကျွန်တော် ကြည့်ချင်တာ ကလေးတစ်ခု"

"အဲ အဲ ကြည့်စရာတွေကတော့ တစ်ခုတောင် မကဘူးဗျ၊ အများကြီးပဲ"

ပီယာသည် ရထားမှ ဆင်းကာ မိမိသည် တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်လိုသဖြင့် စစ်မြေပြင်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ဆရာဝန်အား ရှင်းလင်းပြောပြလျက်ရှိ၏။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်ထံ တိုက်ရိုက် လျှောက်ထားရန် ဆရာဝန်က ပီယာ့ကို အကြံပေးလိုက်သည်။

"ဒီလောက်ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်နေတဲ့ ကြားထဲ လိုက်လာတာ ကျွန်တော်ဖြင့် အံ့ပါရဲ့ဗျာ" ဆရာဝန်က ၎င်း၏အဖော် အခွဲအစိတ်ဆရာဝန်ကလေးဘက်သို့ လှည့်ကြည့်၍ ပြောလိုက်သည်။ "အေးလေ မြို့စားကလေးက တိုက်ချင်တယ်ဆိုရင်တော့ စစ်သေနာပတိချုပ်ဆီကို သွားပေါ့၊ စစ်သေနာပတိချုပ်က မြို့စားကလေးကိုလဲ ကောင်းကောင်းသိနေတာပဲ၊ ခုလို ကိုယ်တိုင် ပါဝင်တိုက်ခိုက်ချင်သပဆိုရင် ဝမ်းမြောက်ဝမ်းသာ လက်ခံလိမ့်မယ် ထင်ပါတယ်"

ဆရာဝန်မှာ ပင်ပန်းနွမ်းနယ်လျက်ရှိသဖြင့် အနားယူလိုသည့်ဟန်ဖြင့် စကားကို ခပ်တိုတို ဖြတ်လိုက်၏။

"အေးဗျာ၊ စစ်သေနာပတိချုပ်က လက်ခံမယ်ဆိုရင်တော့ ဟန်ကျတာပေါ့၊ ဒါထက် နေစမ်းပါဦး ဆရာရဲ့၊ ကျွန်တော်တို့ ခံစစ်အနေအထားက ဘယ်လိုရှိနေသလဲ၊ ခံစစ်ကြောင်းက ဘယ်နားမှာလဲ"

"အဲဒီကိစ္စက ကျွန်တော်နဲ့ မဆိုင်လို့ ကျွန်တော် ကောင်းကောင်း မသိဘူးခင်ဗျ၊ ဒါပေမဲ့ ဆက်သာမောင်းသွားပါ၊ တာတာရီနိုဗို ဟိုဘက်မှာတော့ ကုတုတ်ကျင်းတွေ တူးနေတာပဲ၊ အဲဒီနားတစ်ဝိုက်မှာပဲ ဖြစ်လိမ့်မယ် ထင်တယ်၊ တောင်ပူစာကလေးပေါ်က တက်ကြည့်ရင် မြင်ရပါတယ်"

"အို ဟုတ်လား၊ ဒီတောင်ပူစာကလေးပေါ်က တက်ကြည့်ရင် မြင်ရသလား၊ ဆရာအား၊ ကျွန်တော်နဲ့"

ဆရာဝန်က စကားဖြတ်လိုက်၍ ရထားဆီသို့ လှမ်းလိုက်ရင်း

"လိုက်တော့ လိုက်ချင်ပါတယ် မြို့စားလေး၊ ဒါပေမဲ့ ကျွန်တော့်မှာ ပြဿနာတွေ ဒီဆိုက်နေပြီ" ဆရာဝန်က လည်ပင်းကို လက်ညှိုးထိုးပြသည်။ "ခု ဆေးတပ်ဖွဲ့မှူးဆီကို သွားမလို့၊ အခြေအနေကတော့ သိပ်မကောင်းဘူး မြို့စားကလေး၊ မနက်ဖြန်မှာ တိုက်ပွဲကြီးကြီးကျယ်ကျယ် ဖြစ်လိမ့်မယ်ထင်တယ်၊ ကျွန်တော်တို့ တပ်သားတစ်သိန်းရှိတဲ့အနက် အနည်းဆုံး နှစ်သောင်းလောက် ဒဏ်ရာရလိမ့်မယ်လို့ မျှော်လင့်ထားတယ်၊ ဒါပေမဲ့ ခု ကျွန်တော်တို့မှာ ဘာမှ လုံလုံလောက်လောက် မရှိဘူး၊ ထမ်းစင်တွေလဲ မရှိဘူး၊ ဆေးသေတ္တာလဲ မလုံလောက်ဘူး၊ ပတ်တီးလဲ မရှိဘူး၊ ပြီးတော့ လူခြောက်ထောင်လောက်အတွက် ဆရာဝန်လဲ မရှိဘူး၊ ခု ကျွန်တော်တို့မှာ အားလုံး လှည်းတစ်သောင်းလောက်ပဲ ရှိတယ်၊ ဒီပြင်ပစ္စည်းတွေကလဲ ဘာမှစုံစုံလင်လင် မရှိဘူး၊ အေးလေ အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားရမှာပဲ"

ထောင်ပေါင်းများစွာသော စစ်သား၊ စစ်သားပျို၊ စစ်သားကြီး၊ စစ်သားငယ်တို့သည် ပီယာ၏ဦးထုပ်ဖြူကို တအံ့တသြကြည့်သွားကြ၏။ ဤသူတို့အနက် နက်ဖြန်တွင် နှစ်သောင်းခန့်တို့သည် ဒဏ်ရာရ၍ သေကြေပျက်စီးကြရတော့မည်ဟု ကြားလိုက်ရသောအခါ ပီယာသည် အံ့အားသင့်၍ သွားလေသည်။ (ထိုအထဲတွင် မိမိမြင်လိုက်ရသူများလည်း ပါပေလိမ့်မည်။)

'အင်း မနက်ဖြန်မှာ သူတို့သေကြရတော့မယ်၊ သူတို့ဟာ မနက်ဖြန်မှာ အသက်နဲ့ ခန္ဓာ အိုးစားကွဲရတော့မယ်ဆိုတာကို လုံးလုံးထည့်ပြီး စဉ်းစားမိပုံ မရကြဘူး'

ပီယာသည် ဤသို့တွေးရင်း မိဇဟော့တောင်ကုန်းလမ်းဆင်းကိုလည်းကောင်း၊ လူနာများတင်လာသောလှည်းများကို လည်းကောင်း၊ တဒင်္ဂဒင်္ဂမြည်ဟည်းသော ခေါင်းလောင်းသံများကိုလည်းကောင်း၊ နေရောင်ခြည်များကို လည်းကောင်း၊ မြင်းတပ်သားများ၏ သီချင်းသံများကို လည်းကောင်း ကြားယောင် မြင်ယောင်လာပြန်သည်။

'အင်း မြင်းတပ်သားတွေဟာ စစ်မြေပြင်ကို ထွက်ခဲ့ကြတယ်၊ လမ်းမှာ ဒဏ်ရာရသူတွေကို တွေ့ကြပေမယ့် ရှေ့မှာ သူတို့ရင်ဆိုင်ရမယ့် အန္တရာယ်ကို တွေးမိပုံ မရကြသေးဘူး၊ ဒဏ်ရာရတဲ့သူတွေကိုတောင် မျက်စိမှိတ်ပြီး ပြောင်ပြသွားကြသေးတယ်၊ ငါဦးထုပ်ကိုတောင် ကြည့်သွားကြသေးတယ်၊ ဒါပေမဲ့ ဒီတပ်သားတွေအနက်

www.burmeseclassic.com

www.burmeseclassic.com

နှစ်သောင်းလောက်ဟာ မနက်ဖြန်မှာ သေကြရတော့မယ်၊ ပျက်စီးကြရတော့မယ်၊ သူတို့မှာ သေခြင်းတရားကို မမြင်နိုင်ကြပါကလား၊ တော်တော်တော့ ဆန်းတာပဲ'

ပီယာသည် ဤသို့တွေးရင်း တာတာရီနိုဗိုသို့ ဆက်၍လာခဲ့လေသည်။

လမ်း၏လက်ဝဲဘက်တွင် ရှိသော တောမြေပိုင်ရှင် တစ်ဦး၏ အိမ်တစ်ဆောင်ရှေ့၌ ကရထားများ၊ ဝန်တင်လှည်းများ၊ တပ်လှည်းများနှင့် အစောင့်စစ်သားများ ရပ်နေသည်ကို တွေ့ရ၏။ ထိုနေရာကား စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ် စခန်းချနေသောနေရာ ဖြစ်လေသည်။ သို့ရာတွင် ပီယာရောက်သွားသည့်အချိန်၌ စစ်သေနာပတိချုပ်သည်လည်းကောင်း၊ စစ်သေနာပတိချုပ်၏လက်အောက် အမှုထမ်းများသည် လည်းကောင်း အိမ်တွင်မရှိကြဘဲ သုခမ္မာဇရပ်သို့ သွား၍ ဘုရားဝတ်ပြုလျက် ရှိကြ၏။ ပီယာသည် ရထားကို ဂေါ်ကီရွာကလေးဘက်သို့ မောင်းလာခဲ့သည်။

တောင်ကုန်းပေါ်မှ ဆင်းခဲ့၍ ရွာလမ်းကလေးသို့ ရောက်သည်နှင့် အရေးပေါ်စစ်သည်စုများကို ပထမဆုံး အကြိမ် ပီယာမြင်ရလေသည်။ ၎င်းတို့သည် အဖြူရောင် အင်္ကျီများကို ဝတ်ထားကြ၍ ဦးထုပ်တွင် ကြက်ခြေခတ် အမှတ်အသားအား တပ်ဆင်ထားကြပြီး လမ်း၏လက်ယာဘက်ရှိ ပေါင်းမြက်ပင်တို့ ထူထပ်စွာ ပေါက်လျက်ရှိသော တောင်ပူစာတစ်လုံးကို ဖြိုချနေကြ၏။ ၎င်းတို့ကိုယ်တွင် ချွေးအလိမ်းလိမ်းကပ်လျက်ရှိ၏။ အလုပ်လုပ်ရင်းဆူညံစွာ စကားပြောကာ နောက်ပြောင်ရယ်မောလျက် ရှိကြလေသည်။

၎င်းတို့အနက် အချို့သည် ကတုတ်ကျင်းများကို တူးလျက်ရှိ၍ အချို့မှာ လက်တွန်းလှည်းကလေးများဖြင့် မြေစာများကို စုပုံသွန်ပစ်နေကြ၏။ အချို့ကား မည်သည့် အလုပ်ကိုမျှ မည်မည်ရရ မလုပ်ဘဲ ယောင်ဝါးဝါးလုပ်နေကြသည်။

တပ်ဗိုလ်နှစ်ယောက်သည် တောင်ပူစာထိပ်တွင် ရပ်၍ အရေးပေါ်စစ်သည်စုများအား စီမံခန့်ခွဲလျက် ရှိ၏။ အရေးပေါ်စစ်သည်စုများကား ယခင်က လယ်သမားများ ဖြစ်ကြ၏။ ယခုအချိန်၌ကား ၎င်းတို့သည် စစ်သားတစ်ဖြစ်လဲ ဘဝကို အသစ်အဆန်းဖြစ်လျက်ရှိကာ ရွှင်မြူးလျက် ရှိကြလေသည်။ ပီယာသည် ခပ်စောစောက မိုဇော့တောင်ကုန်းအဆင်းတွင် တွေ့ခဲ့ရသောလူနာများကို မြင်ယောင်လာပြန်သည်။ 'စစ်သားရယ် လယ်သမားရယ် ခွဲခြားနေလို့ မရတော့ဘူးဗျ' ဟူသော ဒဏ်ရာရစစ်သား၏ စကားများကိုလည်း ကြားယောင်လာပြန်သည်။ လေးလံသောခြေစွပ်ဖိနပ်ကြီးများကို စီးလျက် ကုပ်တွင် ချွေးသံအလိမ်းလိမ်းကပ်ကာ အင်္ကျီကြယ်သီးမတပ်ဘဲ နေလောင်ထားသော ရင်ဘတ်ကြီးများ ဟင်းလင်းဖော်ထားပြီး မုတ်ဆိတ်မွေးထူလုပျစ်နှင့် ဖြစ်နေသော ဤလယ်သမားကြီးများကို စစ်မြေပြင်တွင် တွေ့မြင်လိုက်ရသည့်အခါ၌ကား ပီယာ၏စိတ်တွင် လာလတ္တံ့သောတိုက်ပွဲသည် မည်မျှ အရေးကြီးသော တိုက်ပွဲဖြစ်ကြောင်း ပို၍သဘောပေါက်လာလေတော့သည်။

အခန်း ၂၁

ပီယာသည် ရထားပေါ်မှ ဆင်းကာ တလှုပ်လှုပ် တရွရွ လုပ်နေကြသော အရေးပေါ်စစ်သည်စုများကြားမှ ဖြတ်၍ တောင်ပူစာကလေးပေါ်သို့ တက်လာခဲ့၏။ ထိုတောင်ပူစာကလေးပေါ်မှ စီး၍ကြည့်လျှင် စစ်မြေပြင်ကို လှမ်းမြင်နေရသည်ဟု ဆရာဝန်က ပြောပြလေသည်။

အချိန်မှာ နံနက်ဆယ့်တစ်ချက်တီးခန့် ရှိလေပြီ။ နေဝန်းသည် ပီယာ၏နောက်ကျောဘက်သို့ ရောက်လျက်ရှိပြီး လက်ဝဲဘက်ခပ်ယွန်းယွန်းမှ ထွန်းလင်းလျက်ရှိရာ နေရောင်ခြည်များသည် ပတ်ပတ်လည်တွင် တောင်တန်းများ ကာဆီးပိတ်ဆို့လျက်ရှိသော မြင်ကွင်းကျယ်ကြီးပေါ်သို့ ဖြာကျလျက် ရှိပေ၏။

တောင်တန်းများ ပတ်ပတ်လည် ကာဆီးထားသည့် ကသိုဏ်းဝန်းကြီး၏ လက်ဝဲဘက်ခပ်ကျဉ်းကျဉ်း ကွေ့ကောက်လျက်ရှိသော စမိုးလင့် ပေတစ်ရာလမ်းမကြီးကို မြင်ရ၏။ ပေတစ်ရာလမ်းမကြီးသည် တောင်ပူစာကလေး၏ အောက်ခြေ၊ အလှမ်းဝေးရာခန့် ကွာဝေးသောနေရာရှိ ဘုရားရှိခိုးကျောင်းဖြူဖြူလေးနှင့် ရွာကလေးထဲသို့ ဖြတ်သွား၏။ ထိုရွာကလေးကား ဘိုရိုဒီနို ရွာကလေးပေတည်း။ ရွာကလေးကိုလွန်လျှင် ပေတစ်ရာလမ်းမကြီးသည် မြစ်တစ်ခုကို တံတားအတိုင်းဖြတ်ကျော်ကာ ကွေ့ကောက်နိမ့်ဆင်း

www.burmeseclassic.com

www.burmeseclassic.com

သွားပြီးမှ တဖြည်းဖြည်းမော့တက်သွားပြန်လျက် လေးမိုင်ခန့်အကွာတွင် လှမ်း၍ မြင်နေရသော ဗာလူယေဗိုရွာကလေးဆီသို့ ဦးတည်လျက်ရှိ၏။ ဗာလူယေဗိုရွာလေးမှာ နဗိုလီယန်စစခန်းချလျက်ရှိသော ရွာကလေးဖြစ်ပေသည်။ ဗာလူယေဗိုရွာကိုလွန်သော် ပေတစ်ရာလမ်းမကြီးသည် မိုးကုတ်ဝက်ဝိုင်းအောက်တွင် ရွက်ကျင်ရွက်ဟောင်းတို့ဖြင့် ဝါကြန့်လျက်ရှိသည့် တောအုပ်တစ်ခုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။ တောအုပ်ထဲရှိ ပေတစ်ရာလမ်းမကြီး၏ လက်ယာဘက်ခြံကား ကိုလိုချာတောရကျောင်းမှ ခေါင်းလောင်းစင်များနှင့် စုလစ်မွမ်းချွန်များသည် နေရောင်တွင် တောက်ပလျက်ရှိကြ၏။ တစ်ဝန်းတစ်လျားကြီးရှိနေသည့် ပြာမှိုင်းသော မိုးကုတ်ဝက်ဝိုင်းတစ်လျှောက်ခြံကား မီးခိုးတလူလူထွက်နေသည့် စခန်းမီးပုံများ၊ ရန်သူတပ်များနှင့် ရုရှားတပ်များ၏ လှုပ်ရှားမှုများကို ကွက်ကျား ကွက်ကျား မြင်နေရ၏။ လက်ယာဘက်ရှိ ကိုလိုချာမြစ်နှင့် မော်စကာဗာမြစ်ရိုးတစ်လျှောက်ကား တောတောင်၊လျှိုမြောင်၊ ခင်တန်း၊ ကမ္ဘတိုဖြင့် ပြည့်လျက်ရှိ၏။ တောင်ကုန်းများကြားမှနေ၍ အဝေးရှိ ဘီဇုဘိုဗာနှင့် ဇာခါရိနိုရွာကလေးနှစ်ရွာကို မှန်မှုန်မှုန်ပျပျမြင်ရသည်။ လက်ဝဲဘက်ရှုခင်းကား ပြန့်ပြူးညီညာသောမြေပြန့်လွင်ပြင်ကြီးဖြစ်လေသည်။ လယ်ကွင်းများနှင့်တကွ မီးရှို့ထားသဖြင့် မီးခိုးတလူလူထွက်လျက်ရှိသေးသော ဆင်မြီနော့ရွာကလေးကို မြင်ရပေသည်။

ပီယာမြင်လိုက်ရသည့်ရှုခင်းမှာ ဝါးလျက်ရှိသည်ဖြစ်၍ လက်ဝဲဘက်ကိုပင်ကြည့်ကြည့်၊ လက်ယာဘက်ကိုပင်ကြည့်ကြည့် မိမိစိတ်ကူးဖြင့် မျှော်လင့်ထားသည့် ခံစစ်အနေအထားကို မမြင်ရချေ။ စိတ်ကူးဖြင့် မျှော်လင့်ထားသော ခစ်မြေပြင်ကိုလည်း မတွေ့ရချေ။ လယ်ကွင်းများ၊ စာကျက်များ၊ စခန်တပ်များ၊ လှုပ်မြောင်ခင်တန်းများ၊ စခန်းမီးပုံများမှ မီးခိုးများ၊ ရွာကလေးများ၊ တောင်ပူစာကလေးများနှင့် ချောင်းကလေးများကိုသာ မြင်ရပေ၏။ ဝစ်သည် တပ်သားတို့ဖြင့် တင်းကြပ်ပြည့်လျက်ရှိသော 'ခစ်ကြောင်း' ဟုခေါ်နိုင်သည့် အရာဆို၍ တစ်ခုမျှ မတွေ့ရချေ။

ပီယာသည် တဝ်ယောက်ယောက်ထံ စုံစမ်းအုံဟု အကြံပြုလျက် ခစ်ဟန်စစ်မှ လုံးဝမရှိသော မိမိ၏ခန္ဓာကိုယ်ကြီးကို အထူးအဆန်းသဖွယ် ကြည့်လျက်ရှိသည့် တပ်ဗိုလ်တစ်ဦးကို လှမ်းမေးလိုက်၏။

"ဗျို့ သွေးသောက် ရှေ့က ဘာရွာလဲဗျ"

"ဘာဒိနိုရွာထင်တယ်ဗျ၊ ဟုတ်လား" ထိုတပ်ဗိုလ်က အဖော်ဘက်သို့ လှည့်၍ မေးလိုက်သည်။

"ဘိုရိုဒိနိုပါ" အဖော်က ပြန်၍ ပြောလိုက်သည်။

တပ်ဗိုလ်သည် ဝကားစမြည် ပြောခွင့်ရသည့်အတွက် ဝမ်းသာလျက်ရှိသည့်ဟန်ဖြင့် ပီယာ့အနီးသို့ ရောက်လာသည်။

"ဟိုရှေ့က မည်းမည်း မည်းမည်းဟာတွေကကော ကျွန်တော်တို့ တပ်တွေလား" ပီယာက မေးလိုက်သည်။

"ဟုတ်တယ်၊ ဟိုအဝေးကြီးက မည်းမည်း မည်းမည်းနဲ့ လှမ်းမြင်နေရတာတွေကတော့ ပြင်သစ်တွေ၊ ဟောဟော လှုပ်လှုပ် လှုပ်လှုပ်နဲ့ မြင်ရတယ် မဟုတ်လား" တပ်ဗိုလ်က ပြောလိုက်သည်။

"ဘယ်မှာလဲ ဘယ်မှာလဲ" ပီယာက မေးလိုက်သည်။

"ထင်းထင်းကြီး မြင်နေရတယ်လေဗျာ"

တပ်ဗိုလ်သည် မြစ်တစ်ဖက်ကမ်း လက်ဝဲဘက်ခပ်ကျဉ်းကျဉ်းတွင် မြင်ရသည့် မီးခိုးလုံးများဆီသို့ ညွှန်ပြ၏။ ပီယာတွေ့မြင်ခဲ့ရသူများ၏ မျက်နှာများကဲ့သို့ တင်းမာခက်ထန်သောအသွင်သည် ၎င်း၏မျက်နှာပေါ်တွင် ပေါ်လာ၏။

"ဩ အဲဒါတွေက ပြင်သစ်တပ်တွေလား၊ ဟိုဘက်မှာကော" ပီယာက လက်ဝဲဘက်ရှိ တောင်ပူစာတစ်ခုကို ညွှန်ပြ၍ မေးလိုက်ပြန်သည်။ တောင်ပူစာအနီးတစ်ဝိုက်တွင် လှုပ်လှုပ်ရွရွဖြစ်နေသော တပ်များကို မြင်ရသည်။

"အဲဒါက ကျွန်တော်တို့တပ်တွေ"

"ဩ ကျွန်တော်တို့ တပ်တွေကိုး၊ ဟိုဘက်ကကော" ပီယာက ချိုင့်ဝှမ်းထဲက ရွာကလေးတစ်ရွာအနီးရှိ အဓိကရ သစ်ပင်ကြီးတစ်ပင်ပေါက်နေသော တောင်ပူစာကလေးတစ်ခုကို ညွှန်ပြ၍ မေးလိုက်ပြန်သည်။ ထိုနေရာအနီးတစ်ဝိုက်တွင်လည်း မီးခိုးများ တလူလူထွက်လျက်ရှိကာ လှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်များကို မြင်ရ၏။

"ဒါ သူတို့တပ်တွေ" တပ်ဗိုလ်က ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

သွားပြီးမှ တဖြည်းဖြည်းမော့တက်သွားပြန်လျက် လေးမိုင်ခန့်အကွာတွင် လှမ်း၍ မြင်နေရသော ဗာလူယေဗိုရွာကလေးဆီသို့ ဦးတည်လျက်ရှိ၏။ ဗာလူယေဗိုရွာလေးမှာ နဗိုလီယန်စစခန်းချလျက်ရှိသော ရွာကလေးဖြစ်ပေသည်။ ဗာလူယေဗိုရွာကိုလွန်သော် ပေတစ်ရာလမ်းမကြီးသည် မိုးကုတ်စက်ဝိုင်းအောက်တွင် ရွက်ကျင်ရွက်ဟောင်းတို့ဖြင့် ဝါကြန့်လျက်ရှိသည့် တောအုပ်တစ်ခုထဲသို့ ဝင်ရောက်မျောက်ကွယ်သွား၏။ တောအုပ်ထဲရှိ ပေတစ်ရာလမ်းမကြီး၏ လက်ယာဘက်ခြံကား ကိုလိုချာတောရကျောင်းမှ ခေါင်းလောင်းစင်များနှင့် စုလစ်မွမ်းချန်များသည် နေရောင်တွင် တောက်ပလျက်ရှိကြ၏။ တစ်ဝန်းတစ်လျားကြီးရှိနေသည့် ပြာမှိုင်းသော မိုးကုတ်စက်ဝိုင်းတစ်လျှောက်ခြံကား မီးခိုးတလူလူထွက်နေသည့် စခန်းမီးပုံများ၊ ရန်သူတပ်များနှင့် ရုရှားတပ်များ၏ လှုပ်ရှားမှုများကို ကွက်ကျား ကွက်ကျား မြင်နေရ၏။ လက်ယာဘက်ရှိ ကိုလိုချာမြစ်နှင့် မော်စကာဗာမြစ်ရိုးတစ်လျှောက်ကား တောတောင်၊လျှိုမြောင်၊ ခင်တန်း၊ ကမ္ဘတိုဖြင့် ပြည့်လျက်ရှိ၏။ တောင်ကုန်းများကြားမှနေ၍ အဝေးရှိ ဘီဇုဘိုဗာနှင့် ဇာခါရိနိုရွာကလေးနှစ်ရွာကို မှုန်မှုန်မှုံမှုံမြင်ရသည်။ လက်ဝဲဘက် ရှုခင်းကား ပြန့်ပြူးညီညာသောမြေပြန့်လွင်ပြင်ကြီး ဖြစ်လေသည်။ လယ်ကွင်းများနှင့်တကွ မီးရှို့ထားသဖြင့် မီးခိုးတလူလူထွက်လျက်ရှိသေးသော ဆင်မြိုနော့ရွာကလေးကို မြင်ရပေသည်။

ပီယာမြင်လိုက်ရသည့်ရှုခင်းမှာ ဝါးလျက်ရှိသည်ဖြစ်၍ လက်ဝဲဘက်ကိုပင် ကြည့်ကြည့်၊ လက်ယာဘက်ကိုပင် ကြည့်ကြည့် မိမိစိတ်ကူးဖြင့် မျှော်လင့်ထားသည့် ခံစစ်အနေအထားကို မမြင်ရချေ။ စိတ်ကူးဖြင့် မျှော်လင့်ထားသော စစ်မြေပြင်ကိုလည်း မတွေ့ရချေ။ လယ်ကွင်းများ၊ စားကျက်များ၊ စစ်တပ်များ၊ လှုိမြောင်ခင်တန်းများ၊ စခန်းမီးပုံများမှ မီးခိုးများ၊ ရွာကလေးများ၊ တောင်ပူစာကလေးများနှင့် ချောင်းကလေးများကိုသာ မြင်ရပေ၏။ စစ်သည် တပ်သားတို့ဖြင့် တင်းကြပ်ပြည့်လျက်ရှိသော 'စစ်ကြောင်း' ဟုခေါ်နိုင်သည့် အရာဆို၍ တစ်ခုမျှ မတွေ့ရချေ။

ပီယာသည် တစ်ယောက်ယောက်ထံ စုံစမ်းအံ့ဟု အကြံပြုလျက် ဝစ်ဟန်စစ်မှူ လုံးဝမရှိသော မိမိ၏ခန္ဓာကိုယ်ကြီးကို အထူးအဆန်းသဖွယ် ကြည့်လျက်ရှိသည့် တပ်ဗိုလ်တစ်ဦးကို လှမ်းမေးလိုက်၏။

"ဗျို့ သွေးသောက် ရှေ့က ဘာရွာလဲဗျ"

"ဘာဒီနိုရွာထင်တယ်ဗျ၊ ဟုတ်လား" ထိုတပ်ဗိုလ်က အဖော်ဘက်သို့ လှည့်၍ မေးလိုက်သည်။

"ဘိုရိုဒီနိုပါ" အဖော်က ပြန်၍ ပြောလိုက်သည်။

တပ်ဗိုလ်သည် စကားစမြည် ပြောခွင့်ရသည့် အတွက် ဝမ်းသာလျက်ရှိသည်ဟန်ဖြင့် ပီယာ့အနီးသို့ ရောက်လာသည်။

"ဟိုရှေ့က မည်းမည်း မည်းမည်းဟာတွေကကော ကျွန်တော်တို့ တပ်တွေလား" ပီယာက မေးလိုက်သည်။

"ဟုတ်တယ်၊ ဟိုအဝေးကြီးက မည်းမည်း မည်းမည်းနဲ့ လှမ်းမြင်နေရတာတွေကတော့ ပြင်သစ်တွေ၊ ဟောဟော လှုပ်လှုပ် လှုပ်လှုပ်နဲ့ မြင်ရတယ် မဟုတ်လား" တပ်ဗိုလ်က ပြောလိုက်သည်။

"ဘယ်မှာလဲ ဘယ်မှာလဲ" ပီယာက မေးလိုက်သည်။

"ထင်းထင်းကြီး မြင်နေရတယ်လေဗျာ"

တပ်ဗိုလ်သည် မြစ်တစ်ဖက်ကမ်း လက်ဝဲဘက်ခပ်ကျဉ်းကျဉ်းတွင် မြင်ရသည့် မီးခိုးလုံးများဆီသို့ ညွှန်ပြ၏။ ပီယာတွေ့မြင်ခဲ့ရသူများ၏ မျက်နှာများကဲ့သို့ တင်းမာခက်ထန်သောအသွင်သည် ၎င်း၏မျက်နှာပေါ်တွင် ပေါ်လာ၏။

"ဩ အဲဒါတွေက ပြင်သစ်တပ်တွေလား၊ ဟိုဘက်မှာကော" ပီယာက လက်ဝဲဘက်ရှိ တောင်ပူစာတစ်ခုကို ညွှန်ပြ၍ မေးလိုက်ပြန်သည်။ တောင်ပူစာအနီးတစ်ဝိုက်တွင် လှုပ်လှုပ်ရွရွဖြစ်နေသော တပ်များကို မြင်ရသည်။

"အဲဒါက ကျွန်တော်တို့တပ်တွေ"

"ဩ ကျွန်တော်တို့ တပ်တွေကိုး၊ ဟိုဘက်ကကော" ပီယာက ချွဲငှဲ့ဝမ်းထဲက ရွာကလေးတစ်ရွာအနီးရှိ အစိုကရ သစ်ပင်ကြီးတစ်ပင်ပေါက်နေသော တောင်ပူစာကလေးတစ်ခုကို ညွှန်ပြ၍ မေးလိုက်ပြန်သည်။ ထိုနေရာအနီးတစ်ဝိုက်တွင်လည်း မီးခိုးများ တလူလူထွက်လျက်ရှိကာ လှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်များကို မြင်ရ၏။

"ဒါ သူတို့တပ်တွေ" တပ်ဗိုလ်က ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

(ထိုနေရာမှာ ရှိဗာဒီနိုခံတပ် ဖြစ်လေသည်။) "မနေ့တုန်းကတော့ အဲဒီခံတပ်က ကျွန်တော်တို့ ခံတပ်ပဲ၊ ဒီနေ့တော့ သူတို့ခံတပ် ဖြစ်သွားပြီ"

"နေစမ်းပါဦး၊ ကျွန်တော်တို့ ခံစစ်အနေအထားကကော ဘယ်လိုလဲ"

"ဩော် ကျွန်တော်တို့ ခံစစ်အနေအထားလား" တပ်ဗိုလ်က ကျေနပ်စွာပြုံး၍ ပြောလိုက်သည်။ "သိရမယ် သိရမယ်၊ ဒီနားတစ်ဝိုက်က ကတုတ်ကျင်းတွေကို ကျွန်တော်ပဲ ဦးစီးတူးခဲ့တာပဲ၊ ဟောဟိုက သစ်ပင်အုပ်အုပ်နဲ့ ရွာကလေးကို မြင်တယ် မဟုတ်လား၊ ဘုရားရှိခိုးကျောင်း ဖြူဖြူကလေးလဲ ရှိတယ်လေ၊ အဲဒါ ဘိုရိုဒီနိုရွာပဲ၊ ကျွန်တော်တို့ ခံစစ်ကြောင်းရဲ့ ဗဟိုချက်မပဲ၊ ကိုလိုချာမြစ်ကို အဲဒီနေရာက ဖြတ်ရတယ်၊ ဟိုအဝေးက လယ်ကွင်းထဲမှာ ကောက်လှိုင်းစည်းတွေ ပုံထားတာ မြင်တယ် မဟုတ်လား၊ တောင်နှစ်လုံးကြားထဲမှာလေ၊ တံတားလေးတစ်ခုလဲ ရှိတယ်၊ အဲဒါ ကျွန်တော်တို့ ခံစစ်ကြောင်းရဲ့ ဗဟိုပဲ၊ ခံစစ်ကြောင်းရဲ့ လက်ယာတောင်ပံကတော့"

တပ်ဗိုလ်သည် လက်ယာဘက် စူးစူးရှိ တောင်နှစ်လုံးကြားကို ညွှန်ပြလိုက်၏။

"အဲဒါက မော်စကာဗာ မြစ်ကမ်းနဖူးပဲ၊ လက်ယာတောင်ပံက အဲဒီကမ်းနဖူးမှာ ဖြန့်ထားတယ်၊ ခံတပ်သုံးခုလဲ တည်ထားတယ်၊ ခံတပ်တွေကတော့ စိတ်ချရပါတယ်၊ အခိုင်အခဲ့ ဆောက်ထားတာပဲ၊ လက်ဝဲတောင်ပံကတော့"

တပ်ဗိုလ်က ဆက်၍မပြောသေးဘဲ အတန်ကြာရပ်တန့်နေ၏။

"အင်း လက်ဝဲတောင်ပံ တပ်စွဲထားတဲ့နေရာကတော့ ပြောရမှာ ခပ်ခက်ခက်ပဲဗျ၊ မနေ့ကအထိတော့ ကျွန်တော်တို့ ခံစစ်ကြောင်းရဲ့ လက်ဝဲတောင်ပံက ရှိဗာဒီနိုခံတပ်မှာ တပ်စွဲထားတာပဲ၊ ဟိုသစ်ချပင်ကြီး ထီးတည်းကြီး ပေါက်နေတဲ့တောင်ကုန်းကလေးလေ၊ ဒါပေမဲ့ ခုတော့ လက်ဝဲတောင်ပံကို ကျွန်တော်တို့ ရုပ်လာခဲ့ရပြီ၊ ခုတော့ လက်ဝဲတောင်ပံကို ဟိုမီးခိုးတလူလူနဲ့ ရွာကလေးမှာ ခဏဖြန့်ထားတယ်၊ မြင်ရတယ် မဟုတ်လား၊ ဆင်မြီနေ့ဆိုတဲ့ ရွာကလေးလေ"

တပ်ဗိုလ်သည် ရေ့စကီတောင်ပူစာကလေးကို ညွှန်ပြနေသည်။

"ဒါပေမဲ့ ဒီနေရာမှာ တိုက်ပွဲမဖြစ်ပါဘူး၊ သေချာပါတယ်၊ သူတို့တပ်တွေ အဲဒီဘက်ကို စုနေတာက ဥပါယ်တံမျဉ် သက်သက်ပဲ၊ ပုံပန်းကြည့်ရတာကတော့ ရန်သူတွေဟာ မော်စကာဗာမြစ်လက်ယာဘက်က ကွေ့ပြီး ဝင်တိုက်မယ့်ပုံပဲ၊ ဒါပေမဲ့ ရန်သူက ဘယ်ဘက်ကနေပဲ ဝင်တိုက်တိုက် မနက်ဖြန်မှာတော့ တိုက်ပွဲအကြီးအကျယ် ဖြစ်ပြီး လူတွေတော့ အတုံးအရုံး သေကြမှာပဲဗျ"

ဤသို့ တပ်ဗိုလ်က ပိယဉ်အား တိုက်ပွဲအလားအလာများကို ရှင်းလင်းပြောပြနေသည့် အတောအတွင်း အသက်ခပ်ကြီးကြီး တပ်ကြပ်ကြီးတစ်ယောက် ရောက်လာကာ တပ်ဗိုလ်စကားဆုံးအောင် စောင့်နေရာမှ ကြာရှည်စောင့်ဆိုင်းခြင်း မပြုနိုင်တော့ဘဲ ဝင်၍ပြောလိုက်သည်။

"ဗိုလ်ကြီး တပ်ကူတွေ ပို့ရလိမ့်ဦးမယ် ဗိုလ်ကြီး"

တပ်ဗိုလ်၏မျက်နှာသည် ရဲတက်သွား၏။ ၎င်း၏စိတ်၌ နက်ဖြန်တိုက်ပွဲတွင် အတုံးအရုံးကျဆုံးကြဦးမည်ဆိုသော စကားသည် သိသည့်တိုင်အောင် ဖွင့်၍မပြောအပ်သောစကားမျိုးဖြစ်ကြောင်းကို ယခုမှ သတိရသွားဟန်ရှိ၏။

"အင်း အမှတ်သုံးတပ်ခွဲကို ပို့လိုက်" တပ်ဗိုလ်သည် ခပ်သွက်သွက်ပင် ပြန်ပြောလိုက်သည်။

"ဒါထက် နေစမ်းပါဦး၊ နောင်ကြီးက ဆရာဝန်လား"

"ဟင့်အင်း မဟုတ်ပါဘူး၊ ကျွန်တော်က အရပ်သားပါ" ပိယာက ပြန်ပြောလိုက်သည်။ ထို့နောက် ၎င်းတို့သည် အရေးပေါ် စစ်သည်စုများကြားမှ တိုးဝှေ့ကာ တောင်ပူစာကလေးပေါ်မှ ဆင်းလာခဲ့ကြသည်။

"ဒီခွေးသားတွေ ပိုနေတာပဲ" တပ်ဗိုလ်သည် အရေးပေါ် စစ်သည်စုများကြားမှ နှာခေါင်းကို ပိတ်၍ နောက်မှ ပြေးလိုက်လာရင်း ကျိန်ဆဲလိုက်သည်။

"ဟော ဟော ပင့်လာပြီ၊ ပင့်လာပြီ၊ ဒီနားရောက်လာပြီ"

အရေးပေါ် စစ်သည်စုများထဲမှ တစ်ယောက်တစ်ခွန်းပြောဆိုသံများ ထွက်ပေါ်လာ၏။ တပ်ဗိုလ်များ၊ တပ်သားများ၊ အရေးပေါ် စစ်သည်စုမှ တပ်သားများသည် လမ်းမဘက်သို့ ပြေးဆင်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘိုရိုဒီနိုရွာဘက်ဆီမှ ဘုရားပွဲလှည့်လာခြင်းပေတည်း။ ဘုရားပင့်လာသော လူတန်းကြီးသည် တောင်ပူစာကလေးဆီသို့ တရွေ့ရွေ့လာလျက် ရှိခြင်းကို မြင်ရ၏။ ခြေလျင်တပ်သားများသည် ရှေ့ဆုံးမှ လိုက်ပါလာကြသည်ကို ဖုန်လုံးကြီးများကြားမှ မြင်ရ၏။ ခြေလျင်တပ်သားများသည် ခေါင်းတုံးရိတ်ထားကြ၏။ ၎င်းတို့နောက်မှ ဝတ်အသင်း လိုက်ပါလာလေသည်။

ခေါင်းတုံးရိတ်ထားသော တပ်သားများနှင့် အရေးပေါ်စစ်သည်စုတပ်သားများသည် ပီယာ့အနီးမှ ဖြတ်ကျော်ကာ ဘုရားပွဲဆီသို့ ပြေးသွားကြလေသည်။

"မယ်တော်မာရီ ပင့်လာပြီ၊ မယ်တော်မာရီ ပင့်လာပြီ" တစ်ယောက်က အော်လိုက်သည်။

"ဘယ်ကလာ မယ်တော်မာရီ ရမှာလဲ၊ စမိုးလင့်မယ်တော်ပါ" ဟု တစ်ယောက်က ပြောလိုက်သည်။

ရွာထဲတွင် လည်းကောင်း၊ အမြောက်တပ်စုအနီးတွင် လည်းကောင်း၊ အလုပ်လုပ်နေကြသည့် အရေးပေါ်စစ်သည်စုတပ်သားများသည် ပေါက်ပြားများကို ပစ်ချကာ ဘုရားပွဲလှည့်လည်လာသည်ကို ပြေး၍ကြည့်ကြ၏။ ရှေ့ဆုံးမှ လိုက်ပါလာသော ခြေလျင်တပ်ရင်းနောက်တွင်ကား သင်္ကန်းရုံထားသော ဘုန်းတော်ကြီးများ လိုက်ပါလာလေသည်။ ၎င်းတို့အနက် ဒေါက်ခြာဆောင်းထားသော ဘုန်းတော်ကြီးတစ်ပါးကို ဝတ်ရွတ်သူများက ဝိုင်းရံလိုက်ပါလာကြ၏။ ၎င်းတို့နောက်တွင် တပ်ဗိုလ်များနှင့် တပ်သားများသည် ကြီးမားသောဆင်းတုတော်ကြီးတစ်ဆူကို ပင့်လာကြ၏။ ထိုဆင်းတုကြီးကား စမိုးလင့်နယ်မှ ရှရှားတပ်များ ဆုတ်လာခဲ့စဉ် ပင့်လာခဲ့သော ဆင်းတုတော်ကြီးဖြစ်ပေသည်။ ခေါင်းတုံးရိတ်ထားသော အရေးပေါ်စစ်သည်စုတပ်သားများသည် ဆင်းတုတော်ကြီး၏ ဘေးမှလည်းကောင်း၊ နောက်မှလည်းကောင်း မြေကြီးထိ ဦးညွှတ်ပူဇော်၍ လိုက်ပါလာကြ၏။

တောင်ပူစာထိပ်သို့ ရောက်သောအခါ ဆင်းတုတော်ကို ပင့်လာသူများသည် ရပ်နားလိုက်ကြ၏။ ထို့နောက် ဆင်းတုတော်ကို နောက်ထပ်လှည့်၍ ထမ်းစေသည်။ ဝတ်ရွတ်သူများသည်လည်း မီးငြိမ်းစပြုပြီဖြစ်သော အမွှေးတိုင်များကို ထပ်မံထွန်းညှိကာ ရွတ်ဖတ်သရဏဂုံယာခြင်း ပြုကြပြန်သည်။ ချစ်ချစ်တောက်ပူသော နေရောင်ခြည်များသည် တည့်တည့်ကြီး ဖြာကျလျက်ရှိ၏။ လန်းဆတ်ညှင်းညဲ့သော လေပြည်ကလေးသည် ခေါင်းတုံးရိတ်ထားသော ခေါင်းများမှ မွေးနုကလေးများနှင့် ဆင်းတုတော်တွင် ဆင်ယင်ထားသည့် ဘယက်ဒါဒရာများကို လှုပ်ယမ်းကစားလျက်ရှိ၏။ ကောင်းကင် လေဟာပြင်ကျယ်အောက်သို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် ရွတ်ဖတ်သရဏဂုံယာသံများသည် စောစောကလောက် ကျယ်လောင်ခြင်း မရှိတော့ချေ။ ခေါင်းတုံးရိတ်ထားသည့် တပ်ဗိုလ်များ၊ တပ်သားများ၊ အရေးပေါ်စစ်သည်စုတပ်သားများသည် ဆင်းတုတော်ကို ဝိုင်းအုံလျက် ရှိကြ၏။ ဘုန်းတော်ကြီးနှင့် ဝတ်ရွတ်သူများ၏ နောက်နားရှိ သီးသန့်ပြင်ဆင်ထားသောနေရာ၌ မှူးမတ်များပူဇော်လျက် ရှိကြ၏။ စိန့်ဂျော့ကြက်ခြေခတ်သူရဲကောင်းတံဆိပ်ကြီးကို ရင်ဘတ်တွင် ချိတ်ထားသည့် ခေါင်းပြောင်ပြောင်နှင့် စစ်ဗိုလ်ချုပ်ကြီးတစ်ဦးကား အခြားသူများကဲ့သို့ လက်ယှက်ပူဇော်ခြင်း မပြုဘဲ (ထိုစစ်ဗိုလ်ချုပ်ကြီးမှာ ဂျာမန်လူမျိုးတစ်ဦး ဖြစ်ဟန် တူသည်။) ဘုန်းတော်ကြီးတစ်ပါးနောက်တွင် ရပ်ရင်း ရွတ်ဖတ်သရဏဂုံယာခြင်း ပြီးဆုံးအောင် သည်းခံ၍စောင့်ဆိုင်းလျက် ရှိ၏။ ထိုဂျာမန်စစ်ဗိုလ်ချုပ်ကြီးစိတ်၌ ရုရှားလူမျိုးတို့သည် ဇာတိသွေးဇာတိမာန်ထက်သန်စေရန်အတွက် ဤသို့ ဆင်းတုတော်ရှေ့တွင် ရွတ်ဖတ်သရဏဂုံယာခြင်း ဖြစ်ဟန်တူသည်ဟု တွေးလျက်ရှိလေသည်။ အခြားစစ်ဗိုလ်ချုပ်တစ်ဦးမှာ သတိအနေအထားဖြင့် မတ်တတ်ရပ်နေရာမှ လက်နှစ်ဖက်ယှက်၍ပူဇော်ရင်း ဘေးပတ်ဝန်းကျင်ကို လမ်းမျှော်ကြည့်ရှုလျက် ရှိ၏။ ပီယာသည် အရေးပေါ်စစ်သည်စုများကြားတွင် ရပ်၍ကြည့်နေရာမှ မှူးမတ်အစုထဲတွင် သူ့မိတ်ဆွေရောင်းရင်းများကို ရိပ်ခနဲ လှမ်းမြင်လိုက်သော်လည်း ၎င်းတို့ကို စိတ်မဝင်စားနိုင်ဘဲ တင်းမာသောမျက်နှာထားဖြင့် ဆင်းတုတော်ကို ပူဇော်နေကြသည့် တပ်ဗိုလ်များ၊ တပ်သားများ၊ အရေးပေါ်စစ်သည်စု တပ်သားများကိုသာ ငေးကြည့်နေမိသည်။ ဘုရားကို ရွတ်ဖတ်သူများမှာ ယနေ့အဖို့ အကြိမ်နှစ်ဆယ်မြောက် ရွတ်ဖတ်ရခြင်း ဖြစ်ပေသည်။ "အို မယ်တော်ဘုရား၊ မယ်တော် ဘုရား၏ တပည့်တို့အား ဘေးအန္တရာယ်ခပ်သိမ်းတို့မှ ကင်း ငြိမ်းအောင် မှီငြိမ်းတော်မူပါဘုရား" ဟု လေးတွဲ့စွာ ရွတ်ဆိုသည့်အခါ၌ နံနက်ခင်းက တွေ့ရသည့်မျက်နှာများကဲ့သို့ ယခုမြင်တွေ့ရသော

www.burmeseclassic.com

www.burmeseclassic.com

တပ်ဗိုလ် တပ်သား များ၏ မျက်နှာများသည်လည်း လေးနက်တည်ငြိမ်သောအသွင် ဆောင်လာကြသည်ကို တွေ့ရ၏။ ခေါင်းများကို ညွှတ်၍ ဦးချခြင်းကို မြင်ရ၏။ သက်ပြင်းချသံများကိုလည်း ကြားရလေသည်။

ထိုအခိုက် ဆင်းတုတော်အနီးတွင် ဝိုင်းအုံနေသော လူအုပ်သည် ဘေးသို့ရွဲ့သွားကာ ပိယ်ဘက်သို့ ပြု၍ တိုးလာ၏။ ဤသို့လမ်းဖယ်ပေးလိုက်သည်ကို ထောက်ခြင်းဖြင့် အရေးကြီးသော ပုဂ္ဂိုလ်တစ်စုံတစ်ယောက် ရောက်လာခြင်းကြောင့်လောဟု ပိယာတွေးမိသည်။

ပိယာထင်သည့်အတိုင်း ခဏကြာလျှင် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ် မြင်းစီး၍ ရောက်လာလေသည်။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် ခံစစ်ကြောင်းကို လှည့်လည်ကြည့်ရှုပြီးနောက် စခန်းရုံးစိုက်ရာဖြစ်သော တာတာရီနိုဗိုရွာသို့ အပြန်ဝင်ရောက်၍ ဘုရားဝတ်ပြုခြင်း ဖြစ်လေသည်။ ပိယာသည် အခြားသူများနှင့် မတူ ထူးခြားသော ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်၏ သဏ္ဌာန်ကို ချက်ချင်း မှတ်မိလိုက်သည်။

စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် ၎င်း၏ဝဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ကြီးပေါ်တွင် ရှည်လျားသော ဝတ်ရုံအင်္ကျီတစ်ထည်ကို ဝတ်ထား၏။ ခေါင်းတွင် ဦးထုပ်ဆောင်းမထားသဖြင့် ဆံပင်ဖြူများသည် တစ်ခေါင်းလုံး ဖြူဖွေးလျက်ရှိ၏။ မျက်စိတစ်ဖက် လပ်လျက်ရှိသော မျက်နှာကြီးကလည်း နေရောင်အောက်တွင် နီရဲလျက်ရှိ၏။ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် လူအုပ်ကြားထဲမှ တိုးဝှေ့ကာ ခပ်ယိုင်ယိုင်လျှောက်လာခဲ့ပြီး ဘုန်းတော်ကြီးနောက်တွင် ရပ်လိုက်သည်။ ထို့နောက် လက်များကို ကျွမ်းကျင်စွာပူးယှက်၍ လက်အုပ်ချီကာ မြေပြင်ကို ထိလုမတတ် ညွှတ်လိုက်ပြီး ဖြူဖွေးသောခေါင်းကို ညွှတ်လိုက်၏။ စစ်သေနာပတိချုပ် ကူတူဇော်ဗ်၏နောက်တွင်လည်း ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်နှင့် ကိုယ်ရံတော်များ ရပ်လျက် ရှိလေသည်။ စစ်သေနာပတိချုပ်ကိုယ်တိုင် ရောက်ရှိလာသည့် အတွက် အထက်တန်းအရာရှိကြီးများမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသော်လည်း အရေးပေါ်စစ်သည်စု တပ်သားများနှင့် စစ်သားများမှာ စစ်သေနာပတိချုပ်ကို မကြည့်ဘဲ ဘုရားဝတ်ပြုမြဲ ပြုလျက် ရှိကြလေသည်။

ဘုရားဝတ်ပြုခြင်း ပြီးဆုံးသော် စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ဆင်းတုတော်အနီးသို့ တိုးသွားကာ ဒူးထောက်၍ မြေပြင်ရောက်အောင် ဦးညွှတ်ဝတ်ပြုလိုက်သည်။ ထို့နောက် ပြန်ထရန် ကြိုးစားသော်လည်း အသက်ကြီးလာပြီဖြစ်သည့်အတွက်ကြောင့် လည်းကောင်း၊ လေးလံသောခန္ဓာကိုယ်ကြီးကို မသယ်နိုင်သည့်အတွက် လည်းကောင်း ရုတ်တရက် ပြန်မထနိုင်ဘဲ ဖြစ်နေသည်။ ဖြူဖွေးနေသောခေါင်းသည် ထရန် ကိုယ်ကို ကြိုးစား၍ ထူလိုက်တိုင်း တုန်လျက်ရှိသည်။ အတန်ကြာမှ ပြန်၍ထနိုင်ကာ ကလေးငယ်တစ်ဦးကဲ့သို့ နှုတ်ခမ်းကိုစုလျက် ဆင်းတုတော်ကို နမ်းရှုပ်လိုက်ပြီးနောက် မြေကြီးနှင့်ထိလုနီးပါး ဦးညွှတ်ပြန်သည်။ ဤတွင် အခြားသော စစ်ဗိုလ်ချုပ်များကလည်း စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်နည်းတူ လိုက်၍ဝတ်ပြုကြသည်။ တပ်ဗိုလ်များကလည်း ထို့အတူ ဝတ်ပြုကြပြန်သည်။ ထို့နောက် စစ်သားများ၊ အရေးပေါ်စစ်သည် စုတပ်သားများကလည်း တိုးဝှေ့ကာ ရုတ်ရုတ်သဲသဲ ဝတ်ပြုကြပြန်လေသည်။

အခန်း ၂၂

ပိယာသည် ရုတ်ရုတ်သဲသဲဖြစ်လျက်ရှိသော တပ်သားများကြားတွင် ညပ်ပါမသွားအောင် အနိုင်နိုင်ရပ်လျက် ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်မိသည်။

"ဗျို့ မြို့စားလေး၊ ဒီကို ဘယ်နယ်လုပ် ရောက်လာတာလဲ" အသံတစ်သံက လှမ်းမေးလိုက်၏။

ပိယာသည် အသံလာရာသို့ လှမ်းကြည့်လိုက်သည်။ ဘိုးရစ်စ်သည် ဒူးဆစ်တွင် ပေကျံနေသော ဖုန်များကိုခါ၍ ပြုံးလျက် လျှောက်လာသည်။ (ခပ်စောစောက ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်၏ဟန်အတိုင်း ဝတ်ပြုရသောကြောင့် ဒူးဆစ်များတွင် ဖုန်များ ပေနေဟန်တူသည်။) ဘိုးရစ်စ်သည် သပ်ရပ်သန့်ရှင်းစွာ ဝတ်ဆင်ထား၏။ ၎င်း၏ဟန်မှာ ရှေ့တန်းစစ်မျက်နှာရောက် တပ်ဗိုလ်တစ်ဦးနှင့် မတူ တူအောင် တမင်ဝတ်ဆင်ထားဟန်ရှိ၏။ ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်ကဲ့သို့ ဝတ်ရုံရှည်ကြီးကို ခြုံကာ ၎င်း၏ဟန်အတိုင်း ကြာပွတ်တစ်ချောင်းကို ပခုံးတွင် စလွယ်သိုင်းထားသည်။

ထိုအတွင်း ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် ရွာထဲရှိ

www.burmeseclassic.com

www.burmeseclassic.com

အိမ်တစ်အိမ်အနီး သစ်ပင်ရိပ်တစ်ရိပ်တွင် ထိုင်ကာ အပန်းဖြေလျက်ရှိ၏။ ကော့ဆက်မြင်းတပ်သား တစ်ယောက်က ထိုင်ခုံတစ်ခုကို ပြေးယူခင်းပေးကာ အခြားတစ်ယောက်က ထိုင်ဖုံတွင် ကော်ဇောငယ်တစ်ချပ်ကို ခင်းပေး၏။ ၎င်း၏ အနီးဒ်ကား တောက်ပခမ်းနားသောဝတ်စုံများကို ဝတ်ဆင်ထားသည့် ဗိုလ်ချုပ်၊ ဗိုလ်မှူးများ ဝိုင်းအုံလျက် ရှိလေသည်။

တောင်ပူစာထိပ်မှ လူအုပ်ကြီးသည် ဆင်းတုတော်ကို အခြားတစ်နေရာသို့ ပင့်ဆောင်သွားကြပြီ ဖြစ်၏။ ပီယာနှင့် ဘိုးရစ်စ်ကား ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်နှင့် အလှမ်းသုံးဆယ်ကွာလောက်တွင် ရပ်စကားပြောနေကြခြင်း ဖြစ်လေသည်။

ပီယာက ခံစစ်ကြောင်းအနေအထားကိုကြည့်ရန် လာရောက်ခြင်းဖြစ်ကြောင်း ဘိုးရစ်စ်အား ပြောဆိုလျက်ရှိ၏။

"မြို့စားလေးကို ကျွန်တော် ဒီလိုအကြံပေးချင်တယ်" ဘိုးရစ်စ်က ပြော၏။ "ကျွန်တော်တို့ တပ်စခန်းကို လိုက်ခဲ့ပါလား၊ ကျွန်တော် ဖိတ်ပါတယ်၊ ကျွန်တော်တို့ ဗိုလ်ချုပ် မြို့စားကြီး ဘင်နစ်ဆန်ရဲ့နေရာကနေကြည့်ရင် စစ်မြေပြင်တစ်ခုလုံးကို ကောင်းကောင်းကြီး စီးမြင်နေရတာပဲ၊ သြော် ကျွန်တော်လဲ ဗိုလ်ချုပ်ဘင်နစ်ဆန်ရဲ့ကိုယ်ရံတော်အဖြစ် အမှုထမ်းနေတယ်လေ၊ ဗိုလ်ချုပ်ကို ကျွန်တော် ပြောပါ့မယ်၊ ဒီလိုမှ မဟုတ်ဘဲ ခံစစ်ကြောင်းတစ်လျှောက်ကို မြင်းနဲ့ လျှောက်ကြည့်ချင်သေးတယ်ဆို၊ ရင်လဲ ကျွန်တော်တို့နဲ့ပဲ လိုက်ခဲ့ပေါ့၊ ကျွန်တော်တို့ ခုပဲ လက်ဝဲတောင်ပံစစ်ကြောင်းကို သွားကြည့်ကြမလို့၊ လက်ဝဲတောင်ပံအနေအထားကို စစ်ဆေးပြီးရင် ပြန်လာကြမယ်၊ ဒီနေ့ည ကျွန်တော့်စခန်းမှာပဲ တည်းပါ၊ မြို့စားလေး အတွက် ဖဲဝိုင်းတစ်ဝိုင်းလောက်လဲ ကျွန်တော် စီစဉ်ပေးပါ့မယ်၊ ဒီမိထရိ ဆာဂျီဗစ်ကို မြို့စားလေးလဲ သိတယ်မဟုတ်လား။ (ဤနေရာ၌ ဘိုးရစ်စ်သည် ဗိုလ်ချုပ် ဘင်နစ်ဆန်နှင့် ရင်းနှီးကြောင်း ပီယာ သိစေလိုသဖြင့် ငယ်နာမည်ကို ခေါ်လိုက်၏။) အဲဒါ သူ့စခန်းရုံးပဲ"

ဘိုးရစ်စ်က ဂေါ်ကီရွာထဲရှိ အိမ်တစ်အိမ်ကို လက်ညှိုးထိုးပြသည်။

"နေဦးဗျ၊ ကျွန်တော်က လက်ယာတောင်ပံအနေအထားကိုလဲ ကြည့်ချင်သေးတယ်၊ လက်ယာတောင်ပံစစ်ကြောင်းကတော့ တော်တော်ကြီး ခိုင်ခံ့တယ် ကြားရတာပဲ၊ မော်စကာဗာ မြစ်ကမ်းနဖူးက ထွက်ပြီး ခံစစ်ကြောင်းကို လျှောက်ကြည့်ရင် မကောင်းဘူးလားဗျ၊ ဘယ့်နယ်လဲ"

"အို ဒါက နောက်တော့ ကြည့်နိုင်ပါတယ်ဗျ၊ ဒါပေမဲ့ အရေးအကြီးဆုံးက လက်ဝဲတောင်ပံစစ်ကြောင်းဗျ၊ သူ့ကို အရင်ကြည့်ရအောင်"

"လုပ်ပါ လုပ်ပါ၊ ကြိုက်သလိုလုပ်ပါ၊ ဒါထက် မင်းသားကလေး အင်ဒရေရဲ့ တပ်ရင်းက ဘယ်နားမှာလဲဗျ၊ ဒီကနေ ကြည့်ရင် မြင်ရသလား"

"အင်ဒရေ့ တပ်ရင်းလား၊ လက်ဝဲတောင်ပံစစ်ကြောင်းကိုသွားရင် သူ့စခန်းကို ဖြတ်သွားရမှာပဲ၊ သူနဲ့လဲ တွေ့ရပါစေမယ်လေ၊ စိတ်ချပါ"

"လက်ဝဲတောင်ပံစစ်ကြောင်း အခြေအနေကကော ဘယ်လိုနေသလဲ၊ ဟန်ရဲ့လား" ပီယာက မေးလိုက်သည်။

"အချင်းချင်း မကွယ်မထောင့် ပြောဆိုရမယ်ဆိုရင်တော့ အခြေအနေ သိပ်မကောင်းဘူးဗျ၊ ကျွန်တော်တို့ လက်ဝဲတောင်ပံ ဘယ်အခြေအနေရောက်နေသလဲ ဆိုတာကိုတော့ ကျွန်တော်လဲ မသိဘူး၊ ဘုရားသခင်မှပဲ သိတော့မှာပဲ" ဘိုးရစ်စ်က လေသံကိုနှိမ့်၍ စစ်ရေးစစ်ရာတွင် ကျွမ်းကျင်သူတို့၏ဟန်အပြည့်ဖြင့် ပြောလိုက်၏။

"ကျွန်တော့် ဗိုလ်ချုပ် ဘင်နစ်ဆန်ရဲ့ စီမံကိန်းနဲ့တော့ တခြားစီပဲ၊ ကျွန်တော့်ဗိုလ်ချုပ်က တောင်ပူစာကလေးပေါ်မှာ တပ်စွဲထားချင်တယ်၊ ဒါပေမဲ့" ဘိုးရစ်စ်က ပခုံးကို တွန့်လိုက်၏။

"ဒါပေမဲ့ စစ်သေနာပတိချုပ်က သဘောမတူဘူးခင်ဗျ၊ အဘိုးကြီး ဘယ်သူ့စကား နားယောင်နေသလဲ မသိဘူး၊ ကြည့်လေ"

ထိုအခိုက် စစ်သေနာပတိချုပ်၏ တပ်ရေး ဗိုလ်မှူး ကေရာဆော့ဗ် ၎င်းတို့အနီးသို့ ရောက်လာသဖြင့် ဘိုးရစ်စ်က စကားဖြတ်လိုက်၏။ ဘိုးရစ်စ်သည် ခပ်ပြောင်ပြောင်ပြုံးကာ

"အလို တပ်ရေးဗိုလ်မှူးပါလား၊ ဟောဒီမှာဗျာ မြို့စားလေးက ကျွန်တော်တို့ခံစစ်ကြောင်းအနေအထားကို ပြောပြပါဆိုလို့ တတ်သမျှ မှတ်သမျှ ပြောပြနေရတယ်၊ ကျွန်တော်တို့ စစ်သေနာပတိချုပ်ကတော့ တကယ်အံ့သြလောက်တဲ့ ပုဂ္ဂိုလ်ကြီးပါပဲခင်ဗျ၊ ရန်သူရဲ့ ဥပါယ်တံမျဉ်

www.burmeseclassic.com

www.burmeseclassic.com

တွေ၊ အကြံအစည်တွေကို ကြိုတင်တွက်ချက်တဲ့နေရာမှာ ဖြင့် ရှာမှ ရှားပါပေတယ်၊ ဒီဗွစက္ခုရသလား အောက်မေ့ ရတယ်"

"ဘာလဲ၊ ရောင်းရင်းက လက်ဝဲတောင်ပံ စစ်ကြောင်းဖြန့်တဲ့ကိစ္စကို ပြောတာလား:"

"ဟုတ်တာပေါ့ ခင်ဗျာ၊ ခုတော့ စစ်သေနာပတိချုပ်ရဲ့ အစီအမံကြောင့် ကျွန်တော်တို့ လက်ဝဲတောင်ပံဟာ အတော်ကြီးကို နိုင်ခဲ့နေပြီခင်ဗျ၊ ရန်သူတွေ ဘယ်လိုပဲ ဖောက်ပေမယ့် ပေါက်ဖို့ မလွယ်တော့ဘူး"

စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် စစ်ဦးစီးဌာနချုပ်မှ လူပိုများကို လျှော့ပစ်ခဲ့သော်လည်း ဘိုးရစ်စ်သည် သူ့နည်းနှင့် သူ 'အကြံအဖန်' လုပ်ကာ စစ်ဌာနချုပ်တွင် ကျန်ရစ်ခဲ့၏။ ဘိုးရစ်စ်သည် ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်ထံဝင်၍ 'ကပ်' လိုက်၏။ ဤတွင် ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်ကလည်း (ဘိုးရစ်စ်အမှုထမ်းဖူးသည့် အခြားသော ဗိုလ်ချုပ်ကြီးများနည်းတူ) ဘိုးရစ်စ်ကို 'မျက်စိကျ' ကာ အဖိုးမဖြတ်နိုင်သော လူတော်ကလေးတစ်ဦးဖြစ်သည်ဟု ယူဆကာ ချီးမြှင့်မွှောက်စားခဲ့လေသည်။

ထိုစဉ်က ရုရှားစစ်ဌာနချုပ် အာဏာပိုင်များထဲတွင် အုပ်စုနှစ်စုကွဲ လျက် ရှိ၏။ ၎င်းတို့ကား စစ်သေနာပတိချုပ် ကူတူဇော်ဗ်၏အုပ်စုနှင့် စစ်ဦးစီးချုပ် ဗိုလ်ချုပ် ဘင်နစ်ဆန်၏ အုပ်စုတို့ဖြစ်ကြ၏။ ဘိုးရစ်စ်ကား ဗိုလ်ချုပ် ဘင်နစ်ဆန်၏အုပ်စုဝင် ဖြစ်လေသည်။ ဘိုးရစ်စ်တို့၌ စစ်သေနာပတိချုပ်သည် ဘာမျှအသုံးမကျသော အဘိုးကြီးသာဖြစ်၍ တကယ်လက်တွေ့ စီမံဆောင်ရွက်နေရသူမှာ ဗိုလ်ချုပ် ဘင်နစ်ဆန်သာဖြစ်သည်ဟု ယူဆလျက် ရှိ၏။ သို့ရာတွင် ဘိုးရစ်စ်သည် စစ်သေနာပတိချုပ်နှင့် တွေ့သော အခါများ၌လည်း အများထက် ထူးကာ ပြားပြားဝပ် ရိုသေဟန်ပြလျက် ရှိလေသည်။ ဤသို့ ရှေ့တွင် တစ်မျိုး၊ ကွယ်ရာ တစ်မျိုးလုပ်ရာ၌ကား ဘိုးရစ်စ်ကို မှီသူ ရှိလိမ့်မည် မဟုတ်ချေ။ ယခုကဲ့သို့ အနိုင်အရှုံးဆုံးဖြတ်မည့် တိုက်ပွဲကြီး နီးလာချိန်၌ ဘိုးရစ်စ် 'အမြီးနန့်' လိုက်ပုံမှာ ဆိုဖွယ် မရှိတော့ချေ။ ထိုတိုက်ပွဲ၌ စစ်သေနာပတိချုပ် ကူတူဇော်ဗ် ပြုတ်ကျ၍ ဗိုလ်ချုပ်ဘင်နစ်ဆန် တက်လာမည့်အလား အလာ ရှိနေပြီ မဟုတ်လော။ အကယ်၍ စစ်သေနာပတိချုပ် ကူတူဇော်ဗ်က တိုက်ပွဲကို နိုင်အောင် တိုက်နိုင်ခဲ့သည်ထား ဦး။ ဤသို့ နိုင်ခြင်းသည် နောက်ပိုင်းက ဗိုလ်ချုပ် ဘင်နစ်ဆန် အစီအမံကောင်း၍ နိုင်သည်ဟုပင် အားလုံးက ယူဆကာ ဗိုလ်ချုပ် ဘင်နစ်ဆန် ဩဇာတက်လာမည့် အလားအလာ ရှိနေသည် မဟုတ်လော။ တိုက်ပွဲနိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ မနက်ဖြန် တိုက်ပွဲ ပြီးသည်နှင့် တပ်ဗိုလ်တပ်သားများစွာ အဖိုးတန်သည့်ဆုလာဘ်၊ ဘွဲ့ထူး ဂုဏ်ထူးများရစရာ အကြောင်းရှိသည် မဟုတ်လော။ လူသစ်များကို ရာထူးတိုးပေးမည့်အလားအလာ ရှိနေသည် မဟုတ်လော။ ဤသို့ဖြင့် ထိုနေ့တစ်နေ့လုံး ဘိုးရစ်စ်သည် ထိုရာထူး ဂုဏ်ထူးများကို 'သွားရည်ကျ' ကာ ဂနာမငြိမ်ဖြစ်လျက် ရှိလေသည်။

မကြာမီ ပီယာ၏အသိမိတ်ဆွေများ ရောက်လာကြပြန်ကာ မော်စကိုမြို့အကြောင်းကို မိုးသီးမိုးပေါက် ကြဲသည့်နှယ် တစ်ယောက်တစ်ခွန်း မေးကြပြန်၏။ ပီယာမှာ မည်သူ့စကားကိုနားထောင်၍ မည်သည့်မေးခွန်းကို ဖြေရမှန်းပင် မသိတော့ချေ။ ၎င်းတို့၏ မျက်နှာပေါ်၌လည်း စိတ်ထက်သန်ခြင်း၊ စိုးရိမ်ကြောင့်ကြဖြစ်ခြင်း စသည့် သဏ္ဌာန်များသည် ထင်ရှားစွာပေါ်လျက် ရှိကြ၏။ သို့ရာတွင် အချို့သူများ စိတ်အားထက်သန်လျက်ရှိခြင်းအကြောင်းရင်းမှာ မိမိတို့ ကိုယ်ရေးကိုယ်တာ အောင်မြင်ကျော်ကြားမှုကြောင့်ဖြစ်သည်ဟု ပီယာထင်မိ၏။ အချို့သူများ၏ မျက်နှာများကား ကိုယ်ရေးကိုယ်တာကိစ္စများကို စိတ်ဝင်စားခြင်း မရှိဘဲ ကြုံတွေ့ရအံ့ဆဲဆဲ ဖြစ်သော သေရေးရှင်ရေးပြဿနာကြီးကို စိတ်ဝင်စားလျက် ရှိကြ၏။ ပီယာသည် ထိုမျက်နှာများကို အကဲခတ်နေမိသည်။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်သည် ပီယာ၏ အရပ်မားမားကြီးနှင့် ၎င်းအနီးတွင် ဝိုင်းအုံနေကြသော လူသိုက်ကို လှမ်းမြင်လိုက်၏။

"သွား၊ သူ့ကို ခေါ်ခဲ့စမ်း" ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်က တစ်ယောက်ကို ခိုင်းလိုက်၏။

တပ်ရေးဗိုလ်တစ်ယောက်သည် ပီယာ့အနီးသို့ ရောက်လာကာ စစ်သေနာပတိချုပ်က တွေ့လိုကြောင်းဖြင့် လာရောက်ပြောဆို၏။ ပီယာသည် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်ထိုင်နေသော သစ်ပင်ရိပ်အောက် ခုံတန်းလျားဆီသို့ လာခဲ့သည်။ သို့ရာတွင် ပီယာမရောက်မီ အရေးပေါ် စစ်သည်စုတပ်ဖွဲ့ ဝင်တစ်ဦးသည် ဗိုလ်ချုပ်ကြီး ကူတူဇော်ဗ်

www.burmeseclassic.com

www.burmeseclassic.com

အနားသို့ ရောက်နှင့်နေခဲ့ဇလပြီ။ ထိုသူကား ဒိုလိုကော့ဗ် ပေတည်း။

"ဒီသတ္တဝါ ဘယ့်နယ် ဒီကို ရောက်နေတာလဲဗျ" ပိယာက မေးလိုက်၏။

"ဟာ ဒီလူတော့ ပြောမနေနဲ့ မြို့စားလေးရေ့၊ နေရာတကာ ရောက်တဲ့လူပဲ၊ ခု ရာထူးချ ခံထားရပြန်ပြီလေ" တပ်ရေးဗိုလ်က ဖြေလိုက်၏။ "ခု ရာထူးပြန်တက်အောင် အစွမ်းကုန် ကြိုးစားနေတော့တာပဲ၊ ဟိုတလောကတင် ရန်သူ့ကင်းစခန်းထဲကို ညမှာ တိတ်တဆိတ် ဝင်သွားပြီး ရန်သူတွေကို သတ်ပစ်ခဲ့သေးတယ်၊ သတ္တိကတော့ အကောင်းခင်ဗျ"

ပိယာသည် ဦးထုပ်ကိုချွတ်၍ စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကို ရိုသေစွာ ဦးညွတ် နှုတ်ဆက်လိုက်၏။ ထိုအချိန်၌ ဒိုလိုကော့ဗ်သည် စစ်သေနာပတိချုပ်ထံ တစ်စုံတစ်ရာကို အစီရင်ခံလျက် ရှိသည်။

"ဒီကိစ္စနဲ့ ပတ်သက်လို့ ဗိုလ်ချုပ်ကို အစီရင်ခံနေလို့ရှိရင် ကျွန်တော့်ကို ခွင့်မပြုမှာစိုးတာနဲ့ ကျွန်တော်လဲ နောက်မှ ပေးတဲ့အပြစ်ကို ခံမယ်ဆိုပြီး"

"အိမ်း အိမ်း"

"နောက်မှ ပေးတဲ့အပြစ်ကို ခံမယ်ဆိုပြီး ရန်သူ့စခန်းထဲ တိတ်တဆိတ်ဝင်ကြည့်ခဲ့တာပါ ဗိုလ်ချုပ်၊ တကယ်လို့ ကျွန်တော်ပြောတဲ့အတိုင်း မှန်ရင် အဖနိုင်ငံအတွက် ကျွန်တော်အမှုတော်ထမ်းပါရစေ ဗိုလ်ချုပ်၊ အသက်အသေခံပြီး အမှုတော်ထမ်းဆိုရင်လဲ ထမ်းပါ့မယ် ဗိုလ်ချုပ်"

"အိမ်း အိမ်း"

"ဒီကိစ္စကို ဆောင်ရွက်ဖို့အတွက် အသေခံလုပ်ရမယ့်လူမျိုးကို လိုရင် ကျွန်တော့်ကို ပထမဆုံး စဉ်းစားစေလိုပါတယ် ဗိုလ်ချုပ်၊ ကျွန်တော်ဟာ ဗိုလ်ချုပ်အတွက် အသုံးကျလိမ့်မယ် ထင်ပါတယ် ဗိုလ်ချုပ်"

"အိမ်း အိမ်း"

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် တအိမ်းအိမ်း လိုက်ရာမှ ပိယာကို မျက်လုံးမှေး၍ လှမ်းကြည့်လျက်ရှိ၏။

ထိုစဉ် ဘိုးရစ်စ်သည် ရွှေနန်းတော်အမှုထမ်းတို့၏ ယဉ်ကျေးသိမ်မွေ့သောဟန်ဖြင့် ပိယာ၏အနီးတွင် ဝင်ရပ်လိုက်ပြီးနောက် လက်စမသိမ်းသေးသော စကားတစ်ခွန်းကို ဆက်ပြောသည့်လေသံမျိုးဖြင့် ပိယာကို ဣန္ဒြေမပျက် လှမ်းပြောလိုက်သည်။

"ဟုတ်တယ် မြို့စားလေးရ၊ အရေးပေါ် စစ်သည်စုတပ်ဖွဲ့ဝင်တွေက စစ်ဝတ်စုံ မဝတ်ဘဲ သက်စွန့်ကြိုးပမ်းအမှုတော်ထမ်းကြပုံကဖြင့် တယ်ပြီး အားရစရာကောင်းပေတာပဲ၊ တကယ့်သူရဲကောင်း စိတ်ဓာတ်ပဲ ခင်ဗျ၊ မဟုတ်ဘူးလား ခင်ဗျာ မြို့စားလေး"

ဘိုးရစ်စ်သည် စစ်သေနာပတိချုပ်ကြားအောင် စကားမရှိ စကားရှာ၍ ပြောလိုက်ခြင်းဖြစ်၏။ ဤစကားကို စစ်သေနာပတိချုပ် သဘောကျမည်ဟု ဘိုးရစ်စ်သိပြီးဖြစ်သည်။

"ဘာကွယ့် အရေးပေါ်စစ်သည်စုတပ်ဖွဲ့ဝင်တွေက ဘာဖြစ်တယ်" စစ်သေနာပတိချုပ်က ဘိုးရစ်စ်ကို လှမ်းမေးလိုက်သည်၊

"မှန်ပါ၊ မနက်ဖြန် တိုက်ပွဲမှာ သက်စွန့်ကြိုးပမ်းအမှုတော်ထမ်းကြဖို့ စိတ်အားထက်သန်နေကြတယ်လို့ ပြောတာပါ ဗိုလ်ချုပ်"

"အိမ်း အိမ်း၊ ဟုတ်ပေတယ်၊ ဟုတ်ပေတယ်၊ အရေးပေါ်စစ်သည်စုဝင်တွေကတော့ အားကိုးလောက်ပါပေတယ်"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် မျက်လုံးများကို မှိတ်၍ ခေါင်းညိတ်လိုက်၏။

"ပြိုင်ဘက်ကင်းလောက်တဲ့ စစ်သည်စုတွေ ဖြစ်ပါပေတယ်"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် သက်ပြင်းချ၍ ထိုစကားများကို ရွတ်ဆိုနေပြန်သည်။

"ဆိုစမ်း၊ တူတော်မောင် မြို့စားကလေးကကော စစ်မြေပြင်ထွက်ပြီး ယမ်းနဲ့လာရှုတာလား" ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က ပိယာကို လှမ်းမေးလိုက်၏။ "အေးကွယ် ယမ်းနဲ့များကလဲ တကယ်ရှုကြည့်တော့ ရှုလို့ အကောင်းသား မွေးတေးတေးနဲ့၊ ဦးရီးတော်လဲ တူတော်မောင့်ကြင်ရာတော်ကို မြတ်နိုးသူတွေထဲမှာ တစ်ယောက်ပေါ့ဗျာ၊ ဘယ့်နယ်လဲ ကြင်ရာတော်ကော ကျန်းမာတယ် မဟုတ်လား၊ တူတော်မောင် တည်းခိုချင်သပဆိုရင် ဦးရီးတော်ရဲ့ စခန်းရုံးမှာလဲ တည်းနိုင်ခိုနိုင်တယ်နော် ဟုတ်စ"

အသက်ကြီးသူတို့ဖြစ်လေ့ရှိသည့်အတိုင်း ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com

ကြီး ကူတူဇော်သည် ရှေ့ဆက်ပြောရမည့်စကားကို မေ့သွားသည့်အလား အဝေးသို့ငေးကြည့်လျက် ရှိ၏။ အတန်ကြာမှ မိမိပြောလိုသည့်စကားကို အမှတ်ရလာဟန်ဖြင့် တပ်ရေးဗိုလ်မှူး ကေရာဆော့ဗ်၏ အစ်ကို အင်ဒရူး ကေရာဆော့ဗ်ကို လက်ယပ်ခေါ်လိုက်သည်။

"ဟေ့ နေစမ်းပါဦးကွယ်၊ ဗိုလ်ချုပ် ကျိရာကော့အကြောင်းစပ်ထားတဲ့ မာရင်ရဲ့ မော်ကွန်းထဲက စာပိုဒ်တွေကို ရသေးရဲ့လား၊ မှတ်မိရင် ရွတ်စမ်း ရွတ်စမ်း"

ကေရာဆော့ဗ်က မော်ကွန်းမှ စာပိုဒ်အချို့ကို ရွတ်ပြ၏။ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် ကာရန်နှင့် အညီခေါင်းကို တဆတ်ဆတ်ညိတ်လျက် ရှိလေသည်။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်အနီးမှ ပီယာပြန်ထွက်လာသောအခါတွင် ဒိုလိုကော့ဗ်သည် ပီယာ့အနီးသို့ လျှောက်လာကာ ပီယာ၏လက်ကို ဆုပ်ကိုင်လိုက်သည်။

"အေးဗျာ မြို့စားလေးကို ဒီနေရာမှာ လာတွေ့ရတာ ဝမ်းသာတယ်" ဒိုလိုကော့ဗ်က အနီးတွင် သူစိမ်းတစ်ရံဆံများရှိခြင်းကို ဂရုမထားဟန် ပြတ်သားလေးနက်သောအသံဖြင့် ခပ်ကျယ်ကျယ် ပြောလိုက်၏။ "မနက်ဖြန် တိုက်ပွဲမှာ ကျုပ်တို့နှစ်ယောက်အနက် တစ်ယောက်ယောက်တော့ ကျမှာပဲဗျ၊ ဘယ်သူသေပြီး ဘယ်သူ ကျန်ရစ်ခဲ့မယ် ဆိုတာတော့ ဘုရားသခင်မှ သိမှာပဲ၊ ခုလို အပြီးသတ်ခွဲကြရခါနီးမှာ ကျုပ်တို့နှစ်ယောက် အထင်လွဲခဲ့ကြတဲ့ကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျားကို တောင်းပန်ခွင့်ရတဲ့အတွက် ဝမ်းသာတယ်ဗျာ၊ ကျုပ်ကိုလဲ အနာဂတ် ထားမနေပါနဲ့တော့၊ ကျုပ်ကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

ပီယာသည် ဒိုလိုကော့ဗ်ကို ပြုံး၍ကြည့်နေမိ၏။ မည်သို့ပြန်ပြောရမည် မသိချေ။ ဒိုလိုကော့ဗ်သည် မျက်ရည်တွေစီးကျလာကာ ပီယာကို ဖက်ပြီးနောက် နမ်းရှုပ်လိုက်၏။

ထိုအခိုက် ဘိုးရစ်စက ၎င်း၏ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်သို့ တစ်စုံတစ်ရာပြောလိုက်သည်တွင် ဗိုလ်ချုပ် ဘင်နစ်ဆန်သည် ပီယာ့ဘက်သို့လှည့်၍ မိမိနှင့် အတူခံစစ်ကြောင်းတစ်လျှောက် လိုက်ကြည့်ရန် ဖိတ်ခေါ်မှု ပြုလေသည်။

"တူတော်မောင် စိတ်ဝင်စားလိမ့်မယ် ထင်ပါရဲ့"

"ဟုတ်ကဲ့၊ စိတ်ဝင်စားပါတယ် ဗိုလ်ချုပ်" ပီယာက ပြော၏။

နာရီဝက်ခန့်အကြာ၌ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် ၎င်း၏ဌာနချုပ် စခန်းရုံးရှိရာ တာတာရီဗိုနိုရွာသို့ ပြန်သွားလေသည်။ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်နှင့် ပီယာအပါအဝင် ၎င်း၏လူသိုက်ကား မြင်းကိုယ်စီဖြင့် ခံစစ်ကြောင်းတစ်လျှောက်သို့ ထွက်လာခဲ့ကြလေသတည်း။

အခန်း ၂၃

ဂေါ်ကီရွာကလေးသို့ ရောက်သော် ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်နှင့်အဖွဲ့သည် ပေတစ်ရာလမ်းအတိုင်း တံတားကလေး တစ်ခုဆီသို့ ဆင်းလာခဲ့ကြ၏။ ထိုတံတားကလေးမှာ တောင်ကုန်းပေါ်မှ ပီယာကြည့်ရှုခဲ့စဉ်က မြင်ခဲ့ရသော တံတားကလေးဖြစ်၏။ ထိုတံတားကလေးမှာ ရုရှားခံစစ်ကြောင်း၏ဗဟိုချက်မဖြစ်သည်ဟု တပ်ဗိုလ်တစ်ဦးက ပီယာအား ထိုစဉ်က ပြောခဲ့သေး၏။ မြစ်ကမ်းနဖူး တစ်လျှောက်၌ကား ရိုးပြတ်နှံ့သင်းလျက်ရှိသော ရိတ်ပြီးစကောက်လိုင်းစည်းများကို တွေ့ရ၏။ ပီယာတို့လူသိုက်သည် တံတားကိုဖြတ်၍ ဘိုရိုဒီနိုရွာထဲသို့ ဝင်ခဲ့ကြပြီး နောက် လက်ဝဲဘက်သို့ ချိုးလာခဲ့ကြပြန်သည်။ လမ်းတစ်လျှောက်၌ များပြားလှသော စစ်တပ်များအမြောက်အမြားကို တွေ့ရ၏။ ၎င်းတို့သည် ထိုစစ်တပ်များကို ကျော်ဖြတ်လာခဲ့ကြပြီးနောက် စဉ်းငယ်မြင့်သောတောင်ကမူကလေးတစ်ခုပေါ်သို့ ရောက်လာခဲ့ကြသည်။ ထိုကမူပေါ်၌ အရေးပေါ်စစ်သည်စုတပ်ဖွဲ့ဝင်များသည် ကတုတ်ကျင်းများ တူးလျက်ရှိကြ၏။ ထိုတောင်ကမူကလေးကား ထိုစဉ်က အမည်မရှိသေးသော်လည်း နောင်သောအခါတွင် 'ရေ့စကီခံတပ်' ဟူ၍ လည်းကောင်း၊ 'မြတပူကုန်း' ဟူ၍ လည်းကောင်း ထင်ရှားလာသည့် တောင်ကမူကလေးပေတည်း။ ပီယာကား ထိုတောင်ကမူကလေးကို စိတ်မဝင်စားလှချေ။ ထိုတောင်ကမူကလေးသည် ဘိုရိုဒီနိုစစ်မြေပြင်တစ်ခုလုံး၌ မိမိအဖို့ မေ့နိုင်ဖွယ်မရှိတော့သော နေရာကလေးဖြစ်လာလိမ့်မည်ဟုလည်း ပီယာ မသိသေးချေ။

ထို့နောက် ၎င်းတို့သည် ကွင်းပြင်တစ်ခုကိုဖြတ်၍ ဆင်မြီနော့ရွာဘက်သို့ စီးလာခဲ့ကြ၏။ ဆင်မြီနော့ရွာ

www.burmeseclassic.com

တစ်ဝိုက်၌ကား တပ်သား‌များသည် ကတုတ်ကျင်းများ လုပ်ရန်အတွက် ရွာထဲမှ စပါး‌စည့်များ၊ အိမ်များကို ဖျက်၍ သစ်တိုသစ်စများကို သယ်လျက်ရှိကြ၏။ ထို့နောက် လမ်းဆင်းကလေး‌တစ်ခုအတိုင်း ဆင်းလာခဲ့ကြပြီး ကုန်းအတက် ကလေး‌တစ်ခုကို တက်ခဲ့ကြပြန်သည်။ တစ်ဖန် လေ‌ပွေ့မွေ့သကဲ့သို့ ကောက်ပင်တို့ ကြေမွပျက်စီးလျက်ရှိသော ဂျုံခင်းတစ်ခုကို ဖြတ်စီးခဲ့ကြပြန်သည်။ ထွန်ရေးကြောင်းများ‌ပေါ်၌ကား အမြောက်များ ဆွဲသွားသဖြင့် စွပ်ကြောင်းရာကြီးများ ထင်ကျန်ရစ်ခဲ့ကြ၏။ ပီယာတို့တစ်သိုက်လည်း စွပ်ကြောင်းရာကြီးများအတိုင်း လိုက်လာခဲ့ကြရာ နောက်ဆုံး၌ တူးဖော်ဆဲ ရင်ကာ ကတုတ်များဆီသို့ ရောက်လာကြလေသည်။

ဗိုလ်ချုပ် ဘင်နစ်ဆန်သည် ရင်ကာ ကတုတ်ကျင်းများအနီး၌ ရပ်လိုက်ပြီးနောက် ယမန်နေ့က ရန်သူ့လက်သို့ ကျသွားသော မျက်နှာချင်းဆိုင်ရှိ ရှီဗာဒီနိုခံတပ်ကို လှမ်းမျော်ကြည့်ရှုလျက် ရှိလေသည်။ ရှီဗာဒီနိုခံတပ်ထဲ၌ တလှုပ်လှုပ် တရွရွရှိနေကြသော ရန်သူမြင်းတပ်သားများကို မြင်ရ၏။ ထိုခံတပ်ထဲ၌ နပိုလီယန်နှင့် ပြင်သစ်ဗိုလ်ချုပ် **မူးရတ်တို့ရှိသည်ဟု** တပ်ဗိုလ်များက ပြောပြကြ၏။ သို့ဖြင့် **ငင်းတို့သည် ရန်သူများကို** လှမ်းကြည့်လျက် ရှိကြလေသည်။ ပီယာသည် ခပ်ရေးရေးမျှသာ မြင်ရသော ရန်သူတပ်သားတို့ကို လှမ်းကြည့်လျက်ရှိရာက ငင်းတို့အနက် မည်သူသည် နပိုလီယန်ဖြစ်လေမည်နည်းဟု မှန်းဆကြည့်နေမိသည်။ ခဏကြာသော် ရန်သူများသည် မြင်းကိုယ်စီဖြင့် ရှီဗာဒီနိုတောင်ကုန်းနောက်သို့ ပျောက်ကွယ်သွားကြ၏။

ဗိုလ်ချုပ် ဘင်နစ်ဆန်သည် အနီးသို့ရောက်လာသော ဗိုလ်ချုပ်တစ်ဦးအား ရုရှားခံစစ်ကြောင်းအနေအထားကို ရှင်းပြလျက်ရှိသဖြင့် ပီယာလည်း ဝင်ရောက်နားထောင်ခြင်း ပြု၏။ ပီယာသည် နက်ဖြန် တိုက်ပွဲနှင့် စပ်လျဉ်း၍ အရေးကြီးသောအချက်များကို အစွမ်းကုန် ကြိုးစားနားထောင်၏။ သို့သော်လည်း ငင်း၏စိတ်တန်ခိုးစွမ်းအားတို့သည် စစ်ရေးစစ်ရာကိစ္စများနှင့် အပ်စပ်ခြင်းမရှိကြောင်း တွေ့ရသည့်အခါ၌ ပီယာသည် စိတ်အပျက်ကြီး ပျက်လျက် ရှိလေသည်။ ပီယာသည် ငင်းတို့စကား‌များကို တစ်လုံးမျှ နားမလည်ချေ။ ဗိုလ်ချုပ် ဘင်နစ်ဆန်သည် စကားပြောခြင်းကို ရပ်၍ ပီယာကို လှမ်းကြည့်လိုက်၏။ ပီယာနားထောင်နေခြင်းကို သတိပြုမိသည့်အခါ၌

"မြို့စားကလေးကတော့ စိတ်ဝင်စားမယ် မဟုတ်ပေဘူးဗျ" ဟု ဆို၏။

"အို မဟုတ်ပါဘူးခင်ဗျာ၊ သိပ်စိတ်ဝင်စားစရာကောင်းပါတယ်" ပီယာက အလိုက်အထိုက်ပြန်ပြောလိုက်သည်။

ပီယာတို့ လူသိုက်သည် ရှင်ကာ ကတုတ်များအနီးတွင် အတန်ကြာရပ်၍ စကားပြောဆိုနေကြပြီးနောက် လက်ဝဲဘက်အစွန်သို့ ဆက်စီးလာခဲ့ကြပြန်သည်။ ထိုနေရာတစ်ဝိုက်၌ သစ်ဖြူပင်ပေါက်ကလေးများ ထူထပ်စွာပေါက်လျက်ရှိသော တောအုပ်ကလေး‌တစ်ခုရှိလျက် လမ်းသည် ထိုတောအုပ်ကလေးထဲမှ ကွေ့ကောက်ဖြတ်သန်းသွား၏။ တောအုပ်အလယ်လောက်သို့ ရောက်သောအခါ၌ ခြေထောက်အဖြူနှင့် တောယုန်နက်ကျားကလေး‌တစ်ကောင်ကို လမ်းပေါ်တွင် တွေ့ရ၏။ တောယုန်ကလေးမှာ စကားပြောသံနှင့် မြင်းခွာသံများကြောင့် လန့်ဖျပ်ကာ လမ်းအတိုင်း ရှေ့မှထွက်ပြေးသဖြင့် တောအုပ်ကလေး‌တစ်ဝိုက် ဆီး၌ ရယ်သံ ညာသံများ သောသောညံလျက်ရှိ၏။ တောယုန်ကလေးသည် ဤသို့ဖြင့် လမ်းအတိုင်း ရှေ့မှ စွပ်ပြေးလျက်ရှိရာ အတော်ကြာတော့မှ လမ်းဘေးသို့ ခုန်ဆင်းကာ ချုံထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။ ဤသို့ဖြင့် တောအုပ်ကလေးတွင် တစ်မိုင်ခန့် ဆက်စီးလာခဲ့ပြီးသည်နောက် လွင်ပြင်သို့ ပြန်ထွက်လာခဲ့ကြသည်တွင် ရှေ့၌ ခင်တန်းညီညီ‌ကလေး‌တစ်ခုကို ဘွားခနဲ မြင်လိုက်ကြရ၏။ ထိုခင်တန်းကလေးကား လက်ဝဲဘက်တောင်ပံကို ကာကွယ်ရန် ဗိုလ်ချုပ် တူချ်ကော့၏ တပ်များ တပ်စွဲထားသည့် နေရာပေတည်း။

ထိုနေရာမှာ (ကိုလိုချာမြစ်ရိုးကို မျက်နှာချင်းဆိုင်ကာ ဓား‌လွယ်ခုတ်ပြေးနေသည့်) ရုရှားခံစစ်ကြောင်း၏ လက်ဝဲတောင်ပံစွန်း ဖြစ်၏။ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်သည် ထိုနေရာ၌ အတန်ကြာရပ်နားကာ စိတ်အား‌ထက်သန်စွာ ပြောဆိုလျက် ရှိ၏။ ဤအခြင်းအရာကို ထောက်သော် လွန်စွာအရေးကြီးသည့် စစ်ရေးစစ်ရာများနှင့် ပတ်သက်၍ ညွှန်ကြားချက်များ ပေးနေခြင်း ဖြစ်ဟန်တူသည်ဟု ပီယာ ယူဆလိုက်၏။ ဗိုလ်ချုပ် တူချ်ကော့၏ တပ်များ နေရာယူထား

www.burmeseclassic.com

www.burmeseclassic.com

သည့် ခင်တန်းရှေ့၌ ကုန်းမြင့်တစ်ခု ရှိ၏။ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်သည် ထိုအမှာကို ပြင်းထန်စွာ အပြစ်ဆိုလျက် ရှိ၏။ ပတ်ဝန်းကျင်တစ်ခုလုံးကို အပေါ်စီးရထားသည့် ကုန်းမြင့်တစ်ခုကို သိမ်းပိုက်ခြင်း မပြုဘဲ ကုန်းမြင့်အောက် ဆင်း၍ နေရာယူ တပ်စွဲထားသူများမှာ အရူးများသာ ဖြစ်ကြောင်းဖြင့်လည်း ပြောဆိုလျက် ရှိလေသည်။ ဤတွင် အချို့သော ဗိုလ်ချုပ်များကလည်း ဗိုလ်ချုပ် ဘင်နစ်ဆန်ကို ထောက်ခံပြောဆိုကြ၏။ ဗိုလ်ချုပ်တစ်ယောက်ကမူ မိမိတို့အား ဤကုန်းမြင့်အောက်ဆင်း၍ တပ်စွဲစေခြင်းမှာ အသေခံခိုင်းခြင်းပင် ဖြစ်ကြောင်းဖြင့် စစ်သားပီပီ ဒေါသတကြီး ပြောဆိုခြင်း ပြုလေသည်။ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်သည် မိမိ၏ အခွင့်အာဏာဖြင့် ထိုတပ်များကို ကုန်းမြင့်ပေါ်သို့ ပြောင်းရွှေ့ တပ်စွဲရန် အမိန့်ပေးလိုက်၏။

ရုရှားစစ်ကြောင်း လက်ဝဲတောင်ပံရှိ စစ်အင်္ဂါစဉ် အခင်းအကျင်းကို မြင့်လိုက်ရသည့်အခါ၌ကား မိမိ၌ စစ်ရေးစစ်ရာများကို နားလည်နိုင်သော အစွမ်းသတ္တိခေါင်းပါးခြင်းကို ပီယာ ပို၍သဘောပေါက်လာခဲ့လေပြီ။ ရုရှားတပ်များအား ကုန်းမြင့်အောက်ခြေတွင် တပ်စွဲထားစေခြင်းနှင့် ပတ်သက်၍ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်နှင့် အခြားအခြားသော ဗိုလ်ချုပ်များ၏ ဝေဖန်ချက်ကို ကြားရသောအခါတွင် ပီယာသည် သဘောပေါက်သလိုလို ဖြစ်လာကာ ၎င်းတို့ကဲ့သို့ပင် ယူဆမိသည်။ ဤမျှရှင်းနေပါလျက် သက်ဆိုင်ရာတာဝန်ခံတပ်ဗိုလ်သည် ဤသို့သောကြီးကျယ်သည့် အမှားမျိုး မည်သည့်အတွက် ပြုလုပ်သနည်းဟူ၍လည်း စဉ်းစားမရအောင် ဖြစ်မိသည်။

အမှန်အားဖြင့် ဤတပ်များသည် ကုန်းမြင့်နောက်ကွယ်တွင် တပ်စွဲထားခြင်းမှာ (ဗိုလ်ချုပ် ဘင်နစ်ဆန် ယူဆသကဲ့သို့) ရုရှားခံစစ်ကြောင်းကို ကာကွယ်ရန်အတွက် မဟုတ်ချေ။ အလောတကြီးဖြင့် တက်လာသောရန်သူကို ချုံခိုတိုက်ပွဲဆင်သည့်နည်းတူ လျှပ်တပြက်တိုက်ပွဲဆင်ရန် ဖြစ် ပေသည်။ ထို့ကြောင့် ဤတပ်များကို ကုန်းမြင့်နောက်ကွယ်တွင် တပ်ဖျောက်ထားခြင်း ဖြစ်၏။ ဤအချက်ကို ပီယာ မသိချေ။ ဗိုလ်ချုပ် ဘင်နစ်ဆန်လည်း မသိချေ။ ဤအချက်ကို မသိသော ဗိုလ်ချုပ် ဘင်နစ်ဆန်သည် စစ်သေနာပတိချုပ်၏ အမိန့်ကို တောင်းခံခြင်း မပြုတော့ဘဲ ၎င်း၏ သဘောဖြင့် တပ်များကို ကုန်းမြင့်ပေါ်သို့ ပြောင်းရွှေ့တပ်စွဲထားရန် အမိန့်ပေးလိုက်ခြင်း ဖြစ်ပေသတည်း။

အခန်း ၂၄

သြဂုတ်– ၂၅ ရက်နေ့၏ သာယာလှပသော ထိုညနေခင်း၌ မင်းသားကလေး အင်ဒရေသည် ၎င်း၏ တပ်ရင်းစခန်းချထားရာ တပ်စခန်းအစွန်ဖြစ်သော ညာဂေါ့ဗို့ရွာထဲရှိ တင်းကုပ်ပျက်ကလေးတစ်လုံးထဲ၌ တံတောင်ဆစ်ကို အားပြုလဲလျောင်းလျက် ရှိ၏။ ကျိုးပဲ့ပျက်စီးနေသော တဲအိုနံရံကြားမှနေ၍ သစ်သားခြံစောင့်ရန်းကို လည်းကောင်း၊ နှစ်ပေါင်းသုံးကျိပ်မျှကြာ၍ သက်ရင့် ပင်စောက်ကြီးများ ဖြစ်နေကြသော သစ်ဖြူပင်များကို လည်းကောင်း၊ အောက်သို့ ငိုက်ယွန်းလျက်ရှိသောသစ်ကိုင်းများကို လည်းကောင်း၊ မြင်းစာကျွေးတစ်ခင်းကို လည်းကောင်း၊ တပ်သားများ စခန်းမီးပုံများ ဖိုထားကြသောကြောင့် အနီးတစ်ဝိုက်တွင် မီးခိုးလုံးတို့ ရစ်ဖုံးလျက်ရှိသော တောချုံကလေးများကို လည်းကောင်း မြင်ရ၏။

ယခုအချိန်၌ မိမိ၏ဘဝသည် ကျဉ်းမြောင်းကြပ်တည်းသောဘဝ၊ လွတ်လပ်ခြင်းကင်းသော ဘဝ၊ အသုံးမကျသော ဘဝ၊ အချည်းနှီး အကျိုးမဲ့သာဖြစ်သော ဘဝဟု မင်းသားကလေး အင်ဒရေ ယူဆခဲ့လေသည်။ မင်းသားကလေး အင်ဒရေသည် တိုက်ပွဲအကြိုနေ့ဖြစ်သော ယနေ့၌ ဂနာမငြိမ်ဖြစ်ကာ စိတ်တိုလျက် ရှိလေသည်။ ဤအဖြစ်မျိုးကို လွန်ခဲ့သည့်ခုနစ်နှစ် ဩစတားလစ်တိုက်ပွဲ မဖြစ်မီ တစ်ရက်ကလည်း ကြုံတွေ့ခဲ့ဖူးလေပြီ။

မင်းသားကလေး အင်ဒရေသည် နက်ဖြန်တိုက်ပွဲနှင့် စပ်လျဉ်း၍ အထက်မှ အမိန့်များရရှိပြီးဖြစ်၍ ထိုအမိန့်များကို သက်ဆိုင်ရာတပ်မှူး တပ်ဗိုလ်အသီးသီးတို့ထံသို့ လည်း ပေးပို့လိုက်ပြီး ဖြစ်သဖြင့် နောက်ထပ် ဘာမျှ လုပ်စရာ မရှိတော့ချေ။ သို့ရာတွင် အရှင်းလင်းဆုံး၊ အကြည်လင်ဆုံး (ထို့ကြောင့် ကြောက်စရာအကောင်းဆုံးလည်း ဖြစ်သည့်) ၎င်း၏ အတွေးများသည် မင်းသားကလေး အင်ဒရေအား အနှောင့်အယှက်ပြုလျက် ရှိကြသည်မှာ နက်ဖြန်တွင် တွေ့ကြုံရအံ့သော တိုက်ပွဲကြီးသည် မိမိပါဝင်တိုက်ခိုက်ခဲ့ဖူးသော တိုက်ပွဲများအနက် အပြင်းထန်ဆုံး၊ အခက်ခဲဆုံး၊ ကြောက်မက်ဖွယ်အကောင်းဆုံးသော တိုက်ပွဲကြီး ဖြစ်လိမ့်မည်ဟု မင်းသားကလေး အင်ဒရေတွေးမိ

www.burmeseclassic.com

www.burmeseclassic.com

၏။ ဤသို့တွေးလိုက်သည်နှင့် တစ်ပြိုင်နက် သေခြင်းတရားသည်လည်း မိမိထံသို့ အချိန်မရွေး ရောက်လာနိုင်ကြောင်းကို မင်းသားကလေး အင်ဒရေ ပြက်ပြက်ထင်ထင် မြင်လာခဲ့လေပြီ။ ယခင်အခါများက သေခြင်းတရား၏ အနက်အဓိပ္ပာယ်ကို တွေးတောခဲ့ဖူးသော်လည်း ဤမျှလောက် ရှင်းရှင်းလင်းလင်းကြီး ထင်မြင်ခြင်း မရှိခဲ့။ သေခြင်းတရားကို တွေးလိုက်တိုင်း ဂုဏ်ကြီးခြင်း၊ ကျော်စောခြင်းစသည့်အရာတို့သည် ဒွန်တွဲပေါ်လာကြကာ သေခြင်းတရား၏ အဓိပ္ပာယ်သည် မှုန်ဝါးလျက်ရှိခဲ့သည်။ ယခုကား သေခြင်းတရား၏ အနက်အဓိပ္ပာယ်သည် မိမိ၏ ခန္ဓာကိုယ်ကြီးနှင့်တကွ မိမိဝိညာဉ်တို့ ချုပ်ပျောက် ပျက်စီးရတော့မည်ဟူသော အသိနှင့်အတူ ထင်းထင်းကြီး ပေါ်လာခဲ့လေပြီ။ သေခြင်းတရားတည်း ဟူသော တောင်ထွတ်ပေါ်မှ ကြည့်လိုက်သည့်အခါ၌ လောကတွင် ရှိရှိသမျှသော အရာတိုင်းသည် ဖြူဖွေးဝင်းလျှပ်သော အလင်းရောင်ထဲတွင် ကြည့်လိုက်သကဲ့သို့ အလင်းအမှောင်၊ အနိုးအဝေး၊ အနိမ့်အမြင့်တို့ မရှိကြတော့ဘဲ ပြောင်ပြောင်ထင်းထင်းကြီး ဖြစ်လာခဲ့ကြလေပြီ။ ထိုအခါ၌ လူ့ဘဝကြီးကို မြင်ရခြင်းသည် မျက်လှည့်ဆရာ၏ မီးပုံးတွင် ရေးဆွဲထားသည့် အရုပ်ကားများကို လှပသော မီးမောင်းရောင်စုံအောက်တွင် မှန်ပြောင်းဖြင့် ကြည့်မြင်ရခြင်းကဲ့သို့ အတုအယောင်အလှမျှသာ ဖြစ်ကြောင်းကို တွေ့ခဲ့ရလေပြီ။ ပုံပျက်ပန်းပျက် ဖြစ်လျက်ရှိသော လူ့ဘဝကားချပ်များကို ယခု ပကတိမျက်စိဖြင့် ပကတိအလင်းရောင်ထဲတွင် မြင်နေရလေပြီ။

'ဟုတ်တယ်၊ ဒီမီးရောင်ကို ရွှေတောင် ထင်နေကြတယ်၊ အတုအယောင်တွေကို အစစ် ထင်နေကြတယ်၊ အတုအယောင်တွေကို ကြည့်ပြီး စိတ်လှုပ်ရှားကြတယ်၊ ပျော်ကြတယ်၊ ဝမ်းနည်းကြတယ်၊ တကယ်မဟုတ်တဲ့ သရုပ်သဏ္ဌာန်တွေကိုကြည့်ပြီး ငိုကြတယ်၊ ရယ်ကြတယ်'

မင်းသားကလေး အင်ဒရေသည် မျက်လှည့်ဆရာ၏ မီးပုံးပေါ်မှ အရုပ်ကားနှင့် ပမာတူသော လူ့ဘဝ၏ အဖြစ်အပျက်များကို သေခြင်းတရားတည်းဟူသော ပကတိအလင်းရောင်၌ ဤသို့ကြည့်မြင်မိ၏။

'ဟုတ်တယ်၊ လူ့ဘဝရဲ့ အဖြစ်အပျက်တွေဟာ တစ်ခါက လှုပတယ်၊ ခမ်းနားတယ်၊ ကြီးကျယ်တယ်လို့ ထင်ခဲ့ရတယ်၊ ဒါပေမဲ့ သေခြင်းတရားတည်းဟူသော ပကတိအလင်းရောင်ကြီးအောက်မှာ ကြည့်လိုက်တဲ့အခါကျတော့ ဒါတွေဟာ အလကားပဲ၊ တစ်ခါက ခမ်းနားကြီးကျယ်တယ်လို့ ထင်ခဲ့ရတဲ့အရာတွေဟာ လက်ရာကြမ်းကြမ်းနဲ့ ရေးထားတဲ့ အရုပ်ကားတွေနဲ့ ဘာထူးသေးသလဲ။ အလင်းအမှောင် မရှိ၊ အနိုးအဝေး မရှိ၊ အနိမ့်အမြင့်၊ အမွမ်းအပြောက်စတဲ့အဆင်တန်ဆာတွေ မရှိတော့ဘူး။ ကျော်စောကိတ္တိရှိခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ ဂုဏ်ကြီးခြင်း၊ မိန်းမတစ်ယောက်ကို ချစ်ခင်စွဲလမ်းခြင်း၊ အဖနိုင်ငံတော်ကြီး၏ အကျိုးကို သယ်ပိုးခြင်းစတဲ့ကိစ္စများဟာ တစ်ခါက ငါ့အဖို့ လောကမှာ အရေးအကြီးဆုံးအရာတွေ ဖြစ်ခဲ့တယ်၊ တန်ဖိုးအထားဆုံးအရာတွေ ဖြစ်ခဲ့တယ်။ အဓိပ္ပာယ်ရှိတဲ့အရာတွေ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ငါ့အပေါ်ကို ယှက်မိုးနေတဲ့ သေခြင်းတရား၏ အလင်းရောင်ထဲမှာတော့ ဒီအရာတွေဟာ ဘာမျှ အဓိပ္ပာယ်မရှိတဲ့အရာ၊ ဘာမျှ မက်မောစရာမရှိတဲ့ အရာ၊ ဘာမျှ ဆန်းကြယ်ခြင်းမရှိတဲ့ အရာတွေ ဖြစ်ခဲ့ရပြီ'

မင်းသားကလေး အင်ဒရေသည် ဤသို့ တွေးမိ၏။ အထူးသဖြင့် မိမိဘဝတွင် ကြေကွဲဖွယ်အကောင်းဆုံးသော အဖြစ်ကြီး သုံးခုကို စဉ်းစားမိ၏။ ၎င်းတို့ကား မိန်းမတစ်ယောက်ကို ချစ်ခဲ့မိခြင်း၊ ခမည်းတော်မင်းသားကြီး ဘိလကွန်စကီ ကံတော်ကုန်ခြင်းနှင့် မိမိ၏နိုင်ငံကို ပြင်သစ်တို့ ကျူးကျော်ဝင်ရောက်ခြင်းတို့ ဖြစ်ကြ၏။

'အချစ်ဆိုတာ ဘာလဲ၊ ငါ့အဖို့ အချစ်ဟာ နာတာရှာပဲ၊ နားလည်နိုင်စွမ်းမရှိတဲ့ အင်အားစုတွေနဲ့ ဖွဲ့စည်းထားတဲ့ကလေးမလေးပဲ၊ ဟုတ်တယ်၊ ငါဟာ နာတာရှာကို ချစ်မိခဲ့တယ်၊ စွဲလမ်းခဲ့မိတယ်၊ ရူးမူးခဲ့မိတယ်၊ တစ်ဦးနဲ့တစ်ဦး အသည်းနှလုံးချင်းဖလှယ်ပြီး သေတစ်ပန် သက်တစ်ဆုံး ပျော်ရွှင်ချမ်းမြေ့စွာနေသွားကြမယ်လို့ စိတ်ကူးယဉ်ခဲ့မိတယ်၊ နာတာရှာဟာ ငါမရှိတုန်း ငါ့အပေါ်မှာ သစ္စာရှိခဲ့လိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်၊ ငါဟာ ဒီလောကကြီးမှာ သစ္စာရှိတဲ့အချစ်၊ မွန်မြတ်သန့်စင်တဲ့အချစ်ရှိလိမ့်မယ်လို့ စိတ်ကူးယဉ်ခဲ့တယ်၊ ငါနဲ့ ဝေးရင် နာတာရှာဟာ ဒဏ္ဍာရီပုံပြင်ထဲက ချိုးငှက်ကလေးလို ရင်ကွဲနာများ ကျလေမလားလို့တောင် တွေးခဲ့မိသေးတယ်၊ သြော် မိုက်လိုက်တဲ့ အင်ဒရေရယ်၊ စိတ်ကူးယဉ်လိုက်ပါဘိ၊ ဒါပေမဲ့ ခုတော့ ဒီအရာတွေအားလုံး မရှိတော့ဘူး၊ အလွန်

www.burmeseclassic.com

www.burmeseclassic.com

ရိုးပြီး အလွန်ကြောက်စရာကောင်းတဲ့ အဖြစ်မျိုးတွေကို ဖြစ်လာခဲ့ကြပြီ'

'ခမည်းတော်ကြီးဟာ တောင်ကတုံးပိုင်စားနယ်မြေကြီးကို တည်ခဲ့တုန်းက ဒီနေရာဟာ သူ့နေရာ၊ ဒီမြေဟာ သူ့မြေ၊ ဒီမြေပေါ်မှာ ဖြတ်သန်းတိုက်ခတ်တဲ့လေဟာ သူ့လေ၊ ဒီနယ်မြေမှာ မှီတင်းလုပ်ကိုင်ကြတဲ့ ကျေးလက်တောင်သူမိလက္ခူတွေဟာ သူ့လူတွေ ထင်ခဲ့တယ်၊ ဒါပေမဲ့ နပိုလီယန်ရောက်လာတဲ့အခါကျတော့ ခမည်းတော်ကြီးဟာ လွင့်စဉ်သွားခဲ့ရပြီ။ လောကမှာ မင်းသားကြီး ဘိုလကွန်စကီဆိုတဲ့ လူတစ်ယောက်ရှိပါကလား လို့တော့ နပိုလီယန် သိပုံမရဘူး။ နပိုလီယန်ဟာ သူ့လမ်းမှာတွေ့တဲ့ အမှိုက်ကလေးတစ်ပင်ကို ကောက်လွှင့်ပစ်လိုက်သလို ခမည်းတော်ကြီးကို လွှင့်စဉ်သွားအောင် လုပ်ပစ်လိုက်ပေတာပဲ။ အဲဒီလိုနဲ့ ခမည်းတော်ကြီးရဲ့ဘဝနဲ့ သူ့ရဲ့ တောင်ကတုံးပိုင်စားနယ်မြေကြီးဟာ အစိတ်စိတ်အမြွှာမြွှာ ပျက်စီးသွားခဲ့ရပြီ။ အစ်မတော်မေရီ ထိပ်ထားကတော့ ဒီအဖြစ်အပျက်တွေဟာ ကောင်းကင်ဘုံက ဘုရားသခင် အလိုတော်ကျဖြစ်ရတာတဲ့။ ဘုရားသခင်က မှတ်ကျောက်တင် စစ်ဆေးနေတာတဲ့။ ဒါပေမဲ့ ခမည်းတော်ကြီး လူ့ပြည်မှာ မရှိတဲ့နောက် ဘယ်သူ့ကို မှတ်ကျောက်တင်စစ်ဆေးပေးနေဦးမှာလဲ။ မှတ်ကျောက်တင် စစ်ဆေးတော့ကောဘာဖြစ်မှာလဲ။ ခုတော့ ခမည်းတော်ကြီးရဲ့ ပိုင်စားနယ်မြေတွင် မကတော့ဘဲ အဖနိုင်ငံကြီးပါ ပျက်စီးရတော့မယ်။ မော်စကိုမြို့ကြီးပါ ပျက်စီးရတော့မယ်။ မနက်ဖြန်ဆိုရင် ငါပါ ပျက်စီးကောင်း ပျက်စီးတော့မယ်။ တိုက်ပွဲမှာ အသတ်ခံချင် ခံရတော့မယ်။ အချင်းချင်း မတော်တဆ ပစ်မိလို့ သေတာမဟုတ်ရင် ကံကောင်းတယ်လို့တောင် ဆိုရပေဦးမယ်။ မနေ့ကပဲ ငါ့တပ်သားတစ်ယောက်ပစ်တဲ့ ကျည် ဆန်ဟာ ငါ့နားရွက်နားက သိသိကလေးပွတ်သွားဖူးပြီ မဟုတ်လား။ တိုက်ပွဲမှာ ငါကျသွားရင် ငါ့အပုပ်ကောင် အတွင်အောကြီးကို မကြည့်ချင်ကြတဲ့အတွက် ခေါင်းနဲ့ ခြေက မ,ကိုင်ပြီး ကျင်းထဲ ပစ်ချကြဦးတော့မယ်၊ အဲဒီအခါကျရင် ငါမသိတဲ့ဘဝသစ်တစ်ခုကို တွေ့ရဦးတော့မယ်၊ အဲဒီအခါကျရင် ငါဆိုတဲ့အတွင်လဲ ပျောက်ရဦးတော့မယ်'

မင်းသားကလေး အင်ဒရေသည် ဤသို့တွေးလျက် ရှိရာမှ နေရောင်ခြည်ထဲတွင် မလှုပ်မရှား ရပ်နေကြသော သစ်ဖြူပင်တန်းများကို လှမ်းကြည့်လိုက်မိသည်။ ဖြူဖွေးသောသစ်ခေါက်များ၊ မြတစ်ဝက် ရွှေတစ်ဝက်၊ စိမ်းတစ်ဝက် ဝါတစ်ဝက်၊ နီတစ်ဝက် မောင်းတစ်ဝက် အရောင်ချင်းယှက်လျက်ရှိသော သစ်ရွက်ရော်ရီများသည် နေရောင်ဖြင့်လင်းလျက် ရှိကြ၏။

'ဟုတ်တယ်၊ မနက်ဖြန်ဆိုရင် တိုက်ပွဲမှာ မကျဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး၊ ငါဆိုတဲ့ အတ္တအောကြီးဟာ မနက်ဖြန် ဒီအချိန်မှာ ရှိကောင်းမှ ရှိတော့မယ်၊ ဟောဒီ သြကာသလောကကြီးဟာ ဒီအတိုင်း ကျန်ရှိနေဦးပေမယ့် ငါတော့ ရှိချင်မှ ရှိတော့မယ်'

ဤသို့ တွေးလိုက်သည်နှင့် လင်းတစ်ဝက် မှောင်တစ်ဝက်ရှိသော သစ်ပင်များ၊ နဂါးလိမ် ခြူးအိမ်ဆိုင်းသည့် နယ်ရှိသော တိမ်တောင်တိမ်လိပ်များ၊ တလူလူလွင့်လျက်ရှိသော စခန်းမီးပုံမှ မီးခိုးများနှင့်တကွ ပတ်ဝန်းကျင်တစ်ခုလုံးသည် မင်းသားကလေး အင်ဒရေအဖို့ ကြောက်ဖွယ်သဏ္ဌာန်ကို ဆောင်လာကြသည်။ မင်းသားကလေး အင်ဒရေ၏ကျောသည် စိမ့်ခနဲဖြစ်သွားကာ ကြက်သီးဖြန်းဖြန်းထလာ၏။ မင်းသားကလေးအင်ဒရေသည် ရုတ်ခနဲထ၍ တင်းကုပ်ပြင်ဘက်သို့ ထွက်လာကာ လမ်းလျှောက်နေမိသည်။

လမ်းလျှောက်ရာမှအပြန် တင်းကုပ်ထဲတွင် ထိုင်နေစဉ် အပြင်ဘက်မှအသံတစ်သံကို ကြားလိုက်ရ၏။

"ဘယ်သူလဲဟေ့" မင်းသားကလေး အင်ဒရေကမေးလိုက်၏။

နှာခေါင်းနီနီနှင့် ဗိုလ်ကြီး တီမိုခင်သည် ရုက်အမ်းအမ်းမျက်နှာထားဖြင့် တင်းကုပ်ထဲသို့ ဝင်လာ၏။ တီမိုခင်သည် ယခင်က ဒိုလိုကော့ဗ်တို့ တပ်ခွဲမှူးဖြစ်သော်လည်း ယခုအချိန်တွင် လူရှားသဖြင့် တပ်ရင်းမှူးအဖြစ် အမှုထမ်းလျက်ရှိလေသည်။ ၎င်း၏နောက်မှ တပ်ရေးဗိုလ်တစ်ဦးနှင့် လစာထုတ်ဗိုလ်တစ်ဦးတို့ လိုက်ပါလာကြ၏။

မင်းသားကလေး အင်ဒရေသည် ထိုင်ရာမှ ထလာကာ ၎င်းတို့ကိစ္စကိုမေးမြန်းပြီးနောက် လိုအပ်သောညွှန်ကြားချက်များကို ပေးလျက်ရှိ၏။ ကိစ္စပြီး၍ ၎င်းတို့တစ်သိုက် ပြန်ခါနီး၌ တင်းကုပ်နောက်မှ အသံတစ်သံ ကြားလိုက်ရ၏။ ထိုအသံကို မင်းသားကလေး အင်ဒရေ ကြား

www.burmeseclassic.com

www.burmeseclassic.com

ဖူးသည်ဟု အောက်မေ့မိသည်။

"တောက် အရေးထဲမှာ" ထိုအသံမှာ ခလုတ်တိုက်မိ၍ ဆဲရေးတိုင်းထွာလိုက်သော လူတစ်ယောက်၏အသံဖြစ်၏။

မင်းသားကလေး အင်ဒရေ တင်းကုပ်ပြင်ဘက်သို့ ထွက်ကြည့်လိုက်သောအခါ ဝါးလုံးတန်းတစ်ခုကို တိုက်မိ၍ လဲတော့မည်ပြုရာမှ ကိုယ်ကိုဟန်ကာ တင်းကုပ်ဘက်သို့ ဆက်လျှောက်လာသော ပီယာကို မြင်လိုက်ရသည်။ မင်းသားကလေး အင်ဒရေသည် ယေဘုယျအားဖြင့် မိမိ၏ပေါင်းဟောင်းသင်းဟောင်းများနှင့် တွေ့ရခြင်းကို မနှစ်မြို့လှချေ။ အထူးသဖြင့် ပီယာနှင့် သာ၍မတွေ့လိုချေ။ အကြောင်းမူကား ပီယာကို မြင်လိုက်ရခြင်းသည် မိမိ၏အနာဟောင်းကို ဆွပေးသကဲ့သို့ ရှိသောကြောင့်တည်း။

"ညြော် ခင်ဗျားကိုး၊ အံ့သြစရာပဲဗျို့၊ ဆိုစမ်းပါဦး ဘာကိစ္စ ဒီကိုရောက်လာရတာလဲ၊ ကျုပ်တော့ ခင်ဗျားကို တွေ့ရလို့မဲ့မယ်လို့ လုံးလုံးမမျှော်လင့်ဘူး"

မင်းသားကလေး အင်ဒရေက ပြောလိုက်၏။ ဤစကားများကို ပြောလျက်ရှိစဉ် မင်းသားကလေး အင်ဒရေ၏မျက်လုံးနှင့် တကွ မျက်နှာထားသည် ဖော်ရွေခြင်း မရှိရုံမျှမက ရန်လိုသည့်အသွင်ကို ဆောင်လျက် ရှိသည်။ ဤသဘောကို ပီယာကလည်း ချက်ချင်းသတိထားလိုက်မိသည်။ ပီယာသည် မင်းသားကလေး အင်ဒရေထံ အားရဝမ်းသာရောက်လာခဲ့ခြင်း ဖြစ်သော်လည်း မင်းသားကလေး အင်ဒရေ၏မျက်နှာထားကို မြင်လိုက်ရသည့်အခါ၌ ခပ်အမ်းအမ်းဖြစ်သွား၏။

"ကျွန် ကျွန် ကျွန်တော်လာတာလား၊ ဘာဘာမှ အကြောင်းမရှိပါဘူးဗျာ၊ စိတ်ဝင်စားတာနဲ့ လာခဲ့တာပါ" ပီယာကလဲ တစ်နေ့လုံး ဖန်တစ်ရာတေအောင် ပြောလာခဲ့သည့်စကားလုံးကို ရွတ်လိုက်၏။

"တိုက်ပွဲကို ကြည့်ချင်လို့ ဆိုပါတော့"

"ညြော် ဒီလိုလား၊ ခင်ဗျားတို့ ညီအစ်ကိုတော်ဂိုဏ်းသားတွေက စစ်နဲ့ ပတ်သက်လို့ ဘယ်လိုများ အဆိုအမိန့် ရှိကြသလဲဗျ၊ ငြိမ်းချမ်းရေးရအောင် ဘယ်လိုများ လုပ်ကြဦးမှာတဲ့လဲ" မင်းသားကလေး အင်ဒရေက ခပ်လှောင်လှောင်မေးလိုက်သည်။

"ဘယ့်နယ်လဲ၊ မော်စကိုအခြေအနေကော ဘယ်လိုလဲ၊ ကျုပ်သားတော်နဲ့ အစ်မတော်များကော မော်စကိုကို ချောချောမောမော ရောက်ကြရဲ့လား"

ဤအခါ၌မူ မင်းသားကလေး အင်ဒရေက အလေးအနက် မေးလိုက်၏။

"ရောက်ပါတယ်၊ အားလုံး ချောချောမောမောပဲလို့ ဂျူလီ(ဘိုးရစ်စ်၏ဇနီး)က ပြောတာပဲ၊ ကျွန်တော်လဲ ခင်ဗျားအစ်မတော်ဆီ သွားခဲ့သေးတယ်၊ ဒါပေမဲ့ သူတို့က မော်စကိုနားက ခင်ဗျားတို့ ပိုင်စားနယ်မြေဘက် ပြောင်းသွားလို့ မတွေ့ခဲ့ရဘူးဗျ"

အခန်း ၂၅

မင်းသားကလေး အင်ဒရေ၏ တင်းကုပ်ထဲတွင် ရောက်နေသည့် တိမိုခင်တို့လူသိုက်သည် ဧည့်သည်ရောက်လာသည့်အတွက် ထပြန်ရန် ဟန်ပြင်လိုက်ကြ၏။ သို့ရာတွင် မင်းသားကလေး အင်ဒရေမှာ ပီယာနှင့် နှစ်ယောက်တည်း မနေလိုသည့်ဟန်ဖြင့် ၎င်းတို့အား လက်ဖက်ရည် သောက်ပြီးမှ ပြန်ကြရန် တားထားလိုက်သည်။ ခဏကြာလျှင် ထိုင်ဖုံများနှင့် လက်ဖက်ရည်ခွက်များ ရောက်လာ၏။ တပ်ဗိုလ်များသည် ပီယာ၏ကြီးမားတုတ်ခိုင်သည့် ခန္ဓာကိုယ်ကြီးကို တအံ့တသြငေးကြည့်ကာ မော်စကိုမြို့၏အခြေအနေနှင့်တကွ နံနက်ခင်းက တွေ့မြင်ခဲ့ရသော ခံစစ်ကြောင်းအနေအထားတို့ကို ပြောဆိုလျက်ရှိသည့် ပီယာ၏စကားများကို နားထောင်နေကြသည်။ မင်းသားကလေး အင်ဒရေမှာ တစ်ချိန်လုံး တိတ်ဆိတ်လျက်ရှိ၏။ ၎င်း၏မျက်နှာကလည်း မလိုလားသောအသွင်ကိုဆောင်လျက်ရှိသဖြင့် ပီယာမှာ သဘောကောင်းသောတပ်ရင်းမှူး တိမိုခင်ဘက်သို့သာ လှည့်၍ စကားပြောနေရသည်။

"ဒါဖြင့် ကျုပ်တို့ ခံစစ်ကြောင်းအနေအထားကို ခင်ဗျားနားလည်ပြီ ဆိုပါတော့"

မင်းသားကလေး အင်ဒရေက ကြားဖြတ်မေးလိုက်သည်။

"ဟုတ်ကဲ့ ဆိုပါတော့၊ ဒါပေမဲ့ ကျွန်တော်က စစ်သားတစ်ယောက်မဟုတ်တော့ အသေးစိတ် နားလည်တယ်လို့တော့ မဆိုနိုင်ဘူးပေါ့ဗျာ၊ ယေဘုယျပဲ ဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com

"အေးလေ၊ နားလည်တယ်လို့ပဲ ဆိုကြပါစို့၊ စစ်သားဟုတ်တာ မဟုတ်တာကတော့ ထားပါတော့" မင်းသားကလေး အင်ဒရေက ဆို၏။

"ဟာ ဒီလိုတော့လဲ မဟုတ်သေးပါဘူးလေဗျာ" ပီယာက မင်းသားကလေး အင်ဒရေကို နားမလည်နိုင်ဘဲ မျက်မှန်ပေါ်မှ ကျော်ကြည့်လိုက်၏။ "ဒါထက် ကူတူဇော့ဗ်ကို စစ်သေနာပတိချုပ်ခန့်တဲ့ကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျား ဘယ်လို သဘောရသလဲ"

"ကျုပ်ကတော့ သဘောကျတယ်ဗျ၊ ဒီလောက်ပဲ ပြောတတ်တယ်" မင်းသားကလေး အင်ဒရေက ဖြေ၏။

"ဗိုလ်ချုပ်ဘာကလေနဲ့ ပတ်သက်လို့ကော ရောင်းရင်း ဘယ်လိုသဘောထားသလဲ၊ မော်စကိုမှာတော့ သူနဲ့ ပတ်သက်လို့ ထင်မြင်ချက် မပေးတတ်အောင် ဖြစ်နေကြတယ်၊ ရောင်းရင်း ဘယ်လိုထင်သလဲ"

"သူတို့ကို မေးကြည့်လေ" မင်းသားကလေး အင်ဒရေက တပ်ဗိုလ်များဘက်သို့ မေးငေါ့ပြလိုက်၏။

ပီယာက အထင်သေးဟန် မယုံမရဲအပြုံးမျိုးဖြင့် တီမိုခင်ကို ကြည့်လိုက်၏။ တီမိုခင်ကို မြင်သူတိုင်းသည် ဤသို့ မယုံမရဲ အထင်သေးဟန်ဖြင့် ကြည့်တတ်ကြသည်။

"ကျွန်တော်တို့အဖို့တော့ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ကို စစ်သေနာပတိချုပ် ခန့်လိုက်တာဟာ ကမ္ဘာဦးသူတို့ အလင်းရောင်ကို မြင်ရတာနဲ့ အတူတူပဲခင်ဗျ" တီမိုခင်က မရဲတရဲပြုံး၍ ၎င်း၏ဗိုလ်မှူးကြီး အင်ဒရေကို ကြည့်လိုက်သည်။

"ဘာဖြစ်လို့" ပီယာက မေး၏။

"ဒီပြင်ကိစ္စကို မကြည့်နဲ့ ခင်ဗျ၊ သူ ရောက်လာတယ်ဆိုရင်ဘဲ ထင်းနဲ့ မြင်းစာကိစ္စ အဆင်ပြေသွားပြီ၊ အရင်တုန်းကဆိုရင် ထင်းတစ်ချောင်း၊ ကောက်ရိုးတစ်ပင်တောင် မထိရဘူး၊ သိပ် တင်းကျပ်တာပဲ၊ စဗင်စယာနိုက ဆုတ်ခဲ့ရတုန်းကဆိုရင် အရပ်သူ အရပ်သားပစ္စည်းကို လက်ဖျားနဲ့တောင် မထိရဘူးလို့ အမိန့်ထုတ်ထားခဲ့တယ်၊ ဒီပစ္စည်းတွေ ကျွန်တော်တို့မယူတော့ ဘာဖြစ်သလဲ၊ ရန်သူ့လက်ထဲ အကုန်ရောက်ကုန်တာပေါ့၊ မဟုတ်ဘူးလားဟင် ကိုယ်တော်လေး"

တီမိုခင်က မင်းသားကလေး အင်ဒရေဘက်သို့ လှည့်၍ ပြောလိုက်၏။

"ကျွန်တော်တို့လဲ ဘာပစ္စည်းမှ မယူရဲဘူး၊ ယူမိတဲ့ တပ်ဗိုလ်နှစ်ယောက်က စစ်ခုံရုံး တင်ခံရတယ်၊ ဟော ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ် လက်အောက်ရောက်တော့ ဒီလို ကိစ္စတွေ မရှိတော့ဘူးခင်ဗျ၊ အဆင်ကို ပြေလို့၊ ယူချင်ရာ ယူ၊ ဘာမှ မဖြစ်ဘူး၊ ကျွန်တော်တို့အဖို့တော့ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ရောက်လာခြင်းဟာ တကယ့်အလင်းရောင်ကို ရတာနဲ့ အတူတူပဲ ခင်ဗျ"

"ခုအချိန်ကျမှ ဗိုလ်ချုပ် ဘာကလေက ဘာကြောင့် အရပ်သူ အရပ်သားပစ္စည်း မယူရလို့ အမိန့်ထုတ်နေရတာလဲဗျ"

တီမိုခင်သည် ထိုမေးခွန်းကို မဖြေတတ်တော့ဘဲ အကူအညီတောင်းသည့်အနေဖြင့် တပ်ဗိုလ်များ၏မျက်နှာများကို လိုက်ကြည့်နေသည်။ ပီယာက ထိုမေးခွန်းကို မင်းသားကလေး အင်ဒရေအား ထပ်မေးလိုက်၏။

"ဘာကြောင့် ရမလဲဗျ၊ ကျုပ်တို့ စွန့်ပစ်ခဲ့တဲ့ နယ်မြေတွေကို ရန်သူဝင်သိမ်းတဲ့အခါမှာ အပျက်အစီးမရှိ အကောင်းပကတိအတိုင်း ရပါစေဆိုတဲ့ မဟာစေတနာကြောင့်ပေါ့"

မင်းသားကလေး အင်ဒရေက နာကြည်းစွာဖြင့် ခပ်လှောင်လှောင်ပြောလိုက်၏။

"မှန်ပါတယ်၊ စစ်ဗိုလ်ချုပ်တစ်ယောက်ဟာ ကိုယ် အုပ်ချုပ်တဲ့နယ်မြေထဲမှာ လုယက်ဖျက်ဆီးမှုတွေ မရှိအောင် ထိန်းသိမ်းရမယ်၊ ကိုယ့်တပ်သားတွေ လုယက်တဲ့အကျင့် ဆိုးကြီး မရှိအောင် ကွပ်ကဲရမယ်၊ စည်းကမ်းသေဝပ်အောင် ထားရမယ်၊ ဒါတွေဟာ အလွန်ကောင်းတဲ့မူတွေပါပဲ၊ ကျုပ် ဘာမှ မပြောလိုပါဘူး၊ ဗိုလ်ချုပ် ဘာကလေဟာ စစ်ဗိုလ်ချုပ်ကောင်းတစ်ယောက် ပီသစွာ ကိုယ့်တပ်သားတွေကို စည်းကမ်းတကျ ကွပ်ကဲထိန်းသိမ်းခဲ့တာပါပဲ၊ စမိုးလင့်မှာတုန်းကလဲ ရန်သူဟာ ကျုပ်တို့ထက် အင်အား အဆမတန်ကြီးတဲ့အတွက် ကျုပ်တို့ကို ကင်းလက်မသဏ္ဌာန်ညှပ်ပြီး ထိုးလိမ့်မယ်လို့ ဗိုလ်ချုပ် ဘာကလေပဲ ဟောကိန်းထုတ်ခဲ့တာပဲ၊ သူ့ဟောကိန်းဟာလဲ မှန်ခဲ့ပါတယ်၊ ဒါပေမဲ့ ဗိုလ်ချုပ် ဘာကလေ အကြီးအကျယ် နားမလည်တဲ့ အချက်ကြီး တစ်ချက် ရှိတယ်ခင်ဗျ"

မင်းသားကလေး အင်ဒရေသည် စိတ်အားထက်သန်စွာ ပြောဆိုလျက်ရှိသဖြင့် ၎င်း၏အသံသည် အမှတ်

www.burmeseclassic.com

www.burmeseclassic.com

တမဲ့ စူးထွက်လာ၏။

"အဲဒီအချက်က တခြား မဟုတ်ဘူး၊ ခုစစ်ပွဲကြီးက ကျုပ်တို့အဖို့ ရုရှားနိုင်ငံရဲ့မြေကြီးပေါ်မှာ ရုရှားနိုင်ငံကြီးရဲ့အကျိုးအတွက် ပထမဆုံးအကြိမ် တိုက်ရမယ့် စစ်ပွဲကြီးဖြစ်တယ်ဆိုတဲ့ အချက်ပဲ၊ ကျုပ်တို့ တပ်မတော်များဟာ တစ်ခါမှ မရှိဖူးတဲ့ စစ်စိတ် စစ်မာန်တွေနဲ့ တက်ကြွနေကြတယ်၊ ရန်သူကိုတိုက်ဖို့ လက်ယားနေကြတယ်၊ အင်မတန်ပြင်းထန်တဲ့ ဇာတိမာန်စိတ်ဓာတ်နဲ့ ရန်သူတွေကို ရှေ့တစ်လက်မမှ အတက်မခံဘဲ နှစ်ရက်တိုင်တိုင် ဟန့်တားထားနိုင်ခဲ့ကြတယ်၊ ဒီလိုဟန့်တားထားနိုင်ခဲ့တဲ့ အတွက်လဲ ကျုပ်တို့ရဲ့ခွန်အားသတ္တိတွေဟာ ဆယ်ပြန်လောက် တိုးလာခဲ့ကြတယ်၊ အဲဒီအချက်ကို ခင်ဗျားတို့ ဗိုလ်ချုပ်ကြီး ဘာကလေ နားမလည်ဘူးဗျ၊ နားမလည်တဲ့အတွက် တပ်တော်တွေကို အဆုတ်ခိုင်းခဲ့တာပေါ့၊ မဟုတ်ဘူးလား၊ ဒီလိုနဲ့ ကျုပ်တို့ကြိုးစားသမျှ ကျုပ်သွေးသောက်တွေ တောကြိုတောင်ကြားမှာ အသေခံခဲ့ရသမျှတွေဟာ အချည်းနီး အကျိုးမဲ့ဖြစ်ခဲ့ရတယ်ဗျ၊ ဒီလိုဆိုခြင်းအားဖြင့် ဗိုလ်ချုပ်ဘာကလေမှာ ကျုပ်တို့ကို သစ္စာဖောက်ဖို့ စိတ်ကူးမျိုးရှိတယ်လို့ ကျုပ်မဆိုလိုပါဘူး၊ မရှိတဲ့အပြင် သူ အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့တာချည်းပါပဲ၊ အစစအရာရာစဉ်းစားပြီးမှ တိကျသေချာစွာ လုပ်ခဲ့တာချည်းပါပဲ၊ ဒါပေမဲ့ ကျုပ်အမြင်မှာတော့ အဲဒီလို အစဉ်းစားကြီးလွန်း၊ တိကျလွန်း၊ သေချာလွန်းတဲ့အတွက်ကြောင့်ကိုပဲ ဗိုလ်ချုပ် ဘာကလေဟာ စစ်သေနာပတိချုပ်ရာထူးနဲ့ မသင့်လျော်ဘူးလို့ ဆိုချင်သဗျ၊ ဂျာမန်လူမျိုးပီပီ စေ့စပ်သေချာလွန်း၊ တိကျလွန်း၊ အစဉ်းစားကြီးလွန်းတဲ့ အတွက်ကြောင့်ပဲ ဗိုလ်ချုပ်ကြီး ဘာကလေဟာ ဒီအချိန်မျိုးမှာ စစ်သေနာပတိချုပ် မဖြစ်ထိုက်ဘူးဗျ၊ ရောင်းရင်း နှားရှုပ်သွားသလား၊ ဥပမာ ခင်ဗျားခမည်းတော်ကြီးမှာ ဂျာမန်လက်ပါးစေတစ်ယောက် ရှိတယ်ဆိုပါစို့၊ အဲဒီ ဂျာမန်လက်ပါးစေဟာ လက်ပါးစေကောင်းတစ်ယောက်လဲ ဖြစ်တယ်၊ ခင်ဗျား ခမည်းတော်ကြီးရဲ့ ဗာဟီရကိစ္စတွေကိုလဲ ဆောင်ရွက်တဲ့နေရာမှာ ခင်ဗျားထက် ကျွမ်းကျင်တယ်ဆိုလို့ရှိရင် ခင်ဗျား ဘာမှ လှည့်ကြည့်စရာမလိုဘူးဗျ၊ ခင်ဗျား ခမည်းတော်ကြီးကို ပြုစုဖို့ လက်ပါးစေကို စိတ်ချလက်ချကြီး တာဝန်လွှဲထားနိုင်တယ်၊ ဒါက သာမန်အချိန်မျိုးမှာ ဖြစ်သင့်တဲ့ကိစ္စ၊ ဒါပေမဲ့ ခင်ဗျားခမည်းတော်ကြီးဟာ သေကောင်ပေါင်းလဲ နာမကျန်းဖြစ်နေပြီဆိုရင်တော့ သူ့ကိုချည်း တာဝန်လွှဲထားလို့ မဖြစ်တော့ဘူး၊ ခင်ဗျား ကျွမ်းကျင်သည်ဖြစ်စေ၊ မကျွမ်းကျင်သည်ဖြစ်စေ ခင်ဗျား ကိုယ်တိုင် ကိုယ်ဖိရင်ဖိပြုစုရတော့မယ်၊ သွေးရင်းသားရင်း တစ်ယောက်ရဲ့ ပြုစုယုယခြင်းဟာ ကျွမ်းကျင်နားလည်တဲ့ သူစိမ်းတစ်ရဲတစ်ယောက်ရဲ့ ပြုစုခြင်းထက် အများကြီး တာသွားတယ်ချ၊ ဗိုလ်ချုပ်ဘာကလေကိုလဲ ကျုပ် ဒီအတိုင်းပဲ မြင်တယ်ဗျ၊ ကျုပ်တို့ အမိနိုင်ငံကြီး ကျန်းမာသန်စွမ်းနေတုန်းမှာ နိုင်ငံခြားသားတစ်ယောက်လာပြီး အမှုထမ်းနိုင်ပါတယ်၊ သူ့ကို ဝန်ကြီးသက်တော်ရှည် ခန့်ချင်သပဆိုရင်လဲ ခန့်နိုင်ပါတယ်၊ အကြောင်း မဟုတ်ပါဘူး၊ ဒါပေမဲ့ အမိနိုင်ငံကြီး မကျန်းမမာဖြစ်ပြီး ချည့်နဲ့ပြီး ရောဂါဖောက်လို့ အသက်ကို လုရမယ့်အချိန် ရောက်နေပြီဆိုရင်တော့ ဒီလူမမာ အဖေကြီးကို နိုင်ငံခြားသားလက်ထဲမှာ စိတ်ချလက်ချ အပ်မထားနိုင်တော့ဘူးခင်ဗျ၊ တတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ သွေးရင်းသားရင်းတွေထဲက ပြုစုဖို့လိုလာပြီ။ ဒါပေမဲ့ တချို့က ဗိုလ်ချုပ် ဘာကလေကို သစ္စာဖောက်လိုလို စွပ်စွဲနေကြတယ်ဗျ၊ တစ်နေ့ကျတော့ ဒီလူတွေပဲ သူ့ကို ပြန်ပြီး သူရဲကောင်းကြီး၊ စစ်ပါရဂူကြီးအဖြစ် ပြန်ချီးကျူးကြဦးမှာပဲဗျ၊ လူတစ်ယောက်ကို ချီးချီးဖဲ့ဖဲ့ ပြောလေ့ရှိတဲ့လူတွေဟာ တစ်နေ့ကျတော့ သူတို့အမှားကို သူတို့ မြင်ပြီး အမှားကို ပြန်ဖုံးတဲ့အနေနဲ့ အဲဒီလူကိုပဲ မိုးထိလုခမန်း အလွန်အကျွံ ချီးမြှောက်တတ်ကြတယ်ဗျ၊ ထို့၊ ဒါမျိုးကတော့ ရှက်စရာကောင်းလှတယ်ဗျ၊ ကိုယ့်မှာလဲ သိက္ခာမရှိရာ ကျသေးတယ်၊ တစ်ဖက်သားကိုလဲ ချီးမြှောက်ရာမရောက်ဘူး၊ ကျုပ်ဟာ ခုလို လူမမာကြီး ရောဂါဖောက်နေချိန်မှာ ဗိုလ်ချုပ် ဘာကလေလို နိုင်ငံခြားသား တစ်ယောက် စစ်သေနာပတိချုပ်ဖြစ်တာကို မနှစ်သက်မေမယ့် သူ့ကို သစ္စာဖောက်လို့တော့ မစွပ်စွဲဘူးခင်ဗျ၊ လူတစ်ယောက်အနေနဲ့ ကြည့်ရင် ဗိုလ်ချုပ် ဘာကလေဟာ အင်မတန်ရိုးဖြောင့်ပြီး ကြိုးစားတဲ့ ဂျာမန်တစ်ယောက်လို့ မြင်တယ်"

"ပြီးတော့ ဗိုလ်ချုပ် ဘာကလေဟာ သေနင်္ဂဗျူဟာအရာမှာ ကျွမ်းကျင်တဲ့ စစ်ပါရဂူတစ်ဦးဆိုတာကောဗျ ဟုတ်သလား" ပီယာက မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"'ကျွမ်းကျင်တဲ့ စစ်ပါရဂူ' ဆိုတဲ့ စကားကို ကျုပ်နားမလည်ဘူးဗျ၊ ဘာကို ဆိုလိုတာလဲ" မင်းသားကလေးအင်ဒရေက ခပ်လှောင်လှောင် မေးလိုက်သည်။

"စစ်မှုရေးရာ ကိစ္စများမှာ ရှေ့အကျပ်အတည်းအခက်အခဲတွေကို ကြိုတင်မြင်နိုင်တဲ့ အရည်အချင်း ရှိတယ်၊ တစ်ဖက်ရန်သူရဲ့ ကြံရွယ်ချက်တွေကို ကြိုတင်သိတဲ့ အရည်အချင်းရှိတယ်ဆိုတဲ့ သဘောပေါ့ဗျာ"

"မဖြစ်နိုင်ပါဘူးဗျာ ဒါထွေကတော့ တောရမ်းမယ်ဘွဲ့ ပြောတဲ့ စကားတွေပါ" မင်းသားကလေးအင်ဒရေက ကြာရှည်လေးမြင့်စွာကပင် အဖြေထွက်ပြီးသားကိစ္စတစ်ရပ်ကဲ့သို့ ခပ်ပိုင်ပိုင် ပြောလိုက်သည်။

ပီယာသည် မင်းသားကလေးအင်ဒရေကို တအံ့တသြကြည့်လိုက်သည်။

"မဟုတ်သေးဘူးလေ၊ စစ်တိုက်ခြင်းဟာ စစ်တုရင်ထိုးခြင်းနဲ့ တူတယ်လို့ ဆိုကြတယ် မဟုတ်လား"

"ဟုတ်တယ် အတူတူပဲ၊ ဒါပေမဲ့ နည်းနည်းတော့ကွာခြားချက်ရှိတယ်၊ စစ်တုရင်ထိုးတဲ့ကိစ္စမှာ တစ်ကွက်ရွေ့မယ်ကြံတိုင်း ခင်ဗျားကြိုက်သလောက် စဉ်းစားနိုင်တယ်၊ အချိန်ယူနိုင်တယ်၊ တစ်ဖက်ကလူကလဲ ခင်ဗျားရွေ့ပြီးအောင် စောင့်တယ်၊ ဒါပေမဲ့ စစ်တိုက်တဲ့ကိစ္စမှာ ရန်သူက ခင်ဗျားကို စောင့်မနေဘူးခင်ဗျ၊ ဒါက တစ်ချက်၊ နောက်ကွာခြားချက်တစ်ရပ်က စစ်တုရင်ထိုးတဲ့ကိစ္စမှာ စစ်ကဲတစ်ကောင်ဟာ နယ်ရုပ်တစ်ရုပ်ထက် အမြဲတမ်းအားသာတယ်၊ နယ်ရုပ်နှစ်ရုပ်ဟာလဲ နယ်ရုပ်တစ်ရုပ်ထက် အမြဲတမ်း အားကောင်းတယ်၊ ဒါပေမဲ့ စစ်ပွဲမှာတော့ ဒီလိုမဟုတ်ဘူးခင်ဗျ၊ တပ်ရင်းတစ်ရင်းဟာ တစ်ခါတလေကျတော့ တပ်မကြီးတစ်တပ်ထက် အားကောင်းနေတတ်ပြီး တစ်ခါတလေကျတော့လဲ တပ်ခွဲလေး တစ်ခွဲလောက်တောင် အားမရှိတဲ့အခါမျိုးလဲ ရှိတတ်တယ်၊ စစ်မြေပြင်မှာ ရင်ဆိုင်တိုက်နေတဲ့ စစ်တပ်ကြီးနှစ်တပ်အနက် ဘယ်သူကဖြင့် ဘယ်သူထက် အင်အားကောင်းတယ်လို့ ဘယ်သူမှ နှိုင်းယှဉ်ပြီး ဟောကိန်း မထုတ်နိုင်ဘူးခင်ဗျ၊ စစ်သည်အင်အားများခြင်းကြောင့် စစ်တပ်တစ်တပ်ဟာ အားကြီးပြီလို့လဲ မဆိုနိုင်ဘူး၊ ဒီမှာ ရောင်းရင်း ကျုပ်ပြောမယ်"

မင်းသားကလေးအင်ဒရေက စကားကို အမျှင်မပြတ် ပြောနေသည်။

"စစ်ပွဲတစ်ပွဲရဲ့ အနိုင်အရှုံးဟာ စစ်ဦးစီးဌာနချုပ်က ဆွဲပေးတဲ့ စီမံကိန်းတွေအပေါ်မှာသာ တည်တယ်ဆိုရင် စစ်ဦးစီးဌာနချုပ်မှာထိုင်ပြီး ဒီထက် အဆများစွာကောင်းတဲ့ စီမံကိန်းတွေကို ကျုပ်ဆွဲပြပါ့မယ်၊ တကယ်ပါ၊ စီမံကိန်းတွေကောင်းရုံနဲ့ မရဘူးဗျ၊ စီမံကိန်းကောင်းရုံနဲ့ မရဘူး၊ ဒါကြောင့် ကျုပ်ဟာ ဟောဒီက ရဲဘော်တွေ၊ သွေးသောက်တွေနဲ့ စစ်မြေပြင်ထွက်ပြီး အမှုထမ်းခြင်းဖြစ်တယ်၊ စစ်ရုံးချုပ်မှာထိုင်ပြီး စက္ကူပေါ်မှာ ကြီးကြီးကျယ်ကျယ်ရေးနေခြင်းထက် ဟောဒီသွေးသောက်တွေနဲ့ သေအတူ ရှင်အတူ တိုက်ရတာက ပိုပြီး အဓိပ္ပာယ်ရှိတယ်၊ ဂုဏ်ရှိတယ် သိရဲ့လား၊ မနက်ဖြန်တိုက်မယ့် တိုက်ပွဲရဲ့ အရှုံးအနိုင်ဟာ ကျုပ်တို့အပေါ်မှာ တည်တယ်၊ စစ်ရုံးချုပ်မှာထိုင်ပြီး ညာဝါးဖြန်းသန်းနေတဲ့ ခင်ဗျားတို့ စစ်ဦးစီးဌာနချုပ်ဗိုလ်တွေပေါ်မှာ မတည်ဘူး၊ စစ်ပွဲတစ်ပွဲရဲ့ အရှုံးအနိုင်ဟာ ခံစစ်အနေအထား၊ လက်နက်အင်အား၊ လူအင်အားစတဲ့ အရာတွေပေါ်မှာလဲ မတည်ဘူး၊ နောင်လဲ အဲဒီအရာတွေပေါ်မှာ ဘယ်တော့မှ တည်လိမ့်မယ် မဟုတ်ဘူး"

"ဒါဖြင့် ဘယ်ပေါ်မှာ တည်သလဲဗျာ"

"ကျုပ်ရင်ထဲမှာရှိတဲ့ စိတ်ဓာတ်၊ သူ့ရင်ထဲမှာရှိတဲ့စိတ်ဓာတ်" မင်းသားကလေးအင်ဒရေက တီမိုခင်ကို ညွှန်ပြလိုက်၏။ "ဟောဒီတပ်သားတွေ အားလုံးရဲ့ရင်ထဲမှာရှိတဲ့စိတ်ဓာတ်တွေပေါ်မှာ တည်တယ်၊ သိပလား"

မင်းသားကလေးအင်ဒရေသည် တီမိုခင်ကို လှမ်းကြည့်လိုက်၏။ တီမိုခင်သည် ၎င်း၏တပ်မှူး ဗိုလ်မှူးကြီးအင်ဒရေကို နားမလည်နိုင်သကဲ့သို့ ပါးစပ်အဟောင်းသားနှင့် ကြည့်လျက်ရှိသည်။ မင်းသားကလေးအင်ဒရေသည် ယခင်က စကားနည်းသလောက် ယခု ကရားရေလွှတ် ပြောလျက်ရှိလေပြီ။ မိမိ၏ရင်ထဲတွင် ကြိတ်မနိုင် ခံမရဖြစ်နေသမျှကို ယခုမှ အားရပါးရသွန်ချနေသလော မပြောတတ်ချေ။

"ဒီမှာ ရောင်းရင်း၊ တိုက်ပွဲတစ်ပွဲရဲ့ အနိုင်အရှုံးကို ဆုံးဖြတ်တဲ့အရာဟာ တိုက်ပွဲကို နိုင်အောင် တိုက်မယ်ဆိုတဲ့ သန္နိဋ္ဌာန် ဖြစ်တယ်ခင်ဗျ၊ တိုက်ပွဲကို နိုင်အောင် တိုက်မယ်လို့ သန္နိဋ္ဌာန်ချပြီး တိုက်တဲ့ဘက်ဟာ တိုက်ပွဲမှာ အနိုင်ရစမြဲပဲ၊ အဲဒါ ခင်ဗျား မှတ်ထား၊ ဩစတားလစ်

www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲမှာ ကျုပ်တို့တစ်တွေ ဘာကြောင့် ရှုံးခဲ့ရသလဲ၊ အဲဒီတိုက်ပွဲမှာ ကျုပ်တို့ အကျအဆုံးများသလို ပြင်သစ်တွေလဲ အကျအဆုံးများခဲ့တာပဲ မဟုတ်ဘူးလား၊ အကျအဆုံးများတာချင်းအတူတူ ကျုပ်တို့ ဘာကြောင့် ရှုံးခဲ့သလဲ၊ ရှုံးမှာပေါ့၊ မတိုက်ခင်ကတည်းက ကျုပ်တို့စိတ်ထဲမှာ ရှုံးမယ်ထင်နေတာကိုး ထင်တဲ့အတိုင်းလဲ ခွက်ခွက်လန်အောင် ရှုံးခဲ့တာပဲ၊ ဘာဖြစ်လို့ ရှုံးမယ် ထင်နေကြသလဲ ဆိုတာကော ခင်ဗျား သိချင်သေးသလား၊ ကျုပ်တို့မှာ ဘာယုံကြည်ချက်မှ မရှိဘဲ သူများအတွက် ဝင်တိုက်ပေးခဲ့ရလို့ ခင်ဗျ၊ သိပလား၊ ယုံကြည်မှု မရှိဘဲနဲ့ တိုက်ရတဲ့ စစ်ပွဲ တစ်ပွဲမှာ ရှုံးမယ်လို့ ထင်ခြင်းဟာ ဘာမှ အံ့သြစရာ မရှိဘူး၊ အဲဒီတုန်းက ဘယ်သူမှ စစ်မတိုက်လိုကြဘူး၊ စစ်မြေပြင်မှာ တစ်မိနစ်ကလေး မနေချင်ကြဘူး၊ စစ်မြေပြင်က တတ်နိုင်သမျှ အမြန်ဆုံး ထွက်သွားချင်ကြတယ်၊ ဒီလို ယုံကြည်ချက်မရှိဘဲ တိုက်ရမယ့်အခါကျတော့ အကျအဆုံး ရှိလာပြီဆိုရင်ပဲ 'တို့တော့ ရှုံးပဟေ့၊ ပြေးကြမှပဲ' ဆိုတဲ့ စိတ်တွေ ဝင်လာတာပဲ၊ ဒီစိတ်တွေဝင်လာတာနဲ့ တစ်ပြိုင်နက်ထဲ ပြေးကြတာပဲ၊ တကယ်လို့သာ အဲဒီတုန်းက အဲဒီစိတ်မျိုးတွေ မဝင်ခဲ့ရင် ကျုပ်တို့ နိုင်ကောင်းနိုင်ခဲ့မှာပဲ၊ မဟုတ်ဘူးလား၊ ဒါပေမဲ့ မနက်ဖြန်တိုက်ရမယ့် တိုက်ပွဲမှာတော့ ကျုပ်တို့မှာ ဒီလိုပြေးမယ်ဆိုတဲ့ စိတ်မျိုးတွေ မရှိဘူးခင်ဗျ၊ ကျုပ်တို့မှာ ယုံကြည်ချက် ရှိတယ်၊ သန္နိဋ္ဌာန် ရှိတယ်၊ ခင်ဗျားက ကျုပ်တို့ရဲ့ ခံစစ်ကြောင်း လက်ဝဲတောင်ပံဟာ မလုံဘူး၊ အားနည်းလွန်းတယ်၊ လက်ယာတောင်ပံကျတော့ ကျွံနေတယ်ဆိုပြီး ကျုပ်တို့ခံစစ်အနေအထားကို ဝေဖန်သွားတယ်"

မင်းသားကလေးအင်ဒရေက ခေတ္တငုံ့လိုက်၏။ ပြီးမှ ဆက်၍

"ဒါတွေဟာ တကယ်တော့ ဘာမှ အဓိပ္ပာယ်မရှိပါဘူးခင်ဗျ၊ ဘာမှ အရေးမကြီးဘူး၊ ဒါဖြင့် မနက်ဖြန် တိုက်ပွဲ အလားအလာ ဘယ်လိုရှိသလဲလို့ ခင်ဗျားက မေးကောင်းမေးမယ်၊ ဒါကတော့ အမျိုးမျိုး ဖြစ်နိုင်တယ်၊ ရှုံးချင်လဲ ရှုံးမယ်၊ နိုင်ချင်လဲ နိုင်မယ်၊ ဘယ်လိုအဖြေထွက်မလဲဆိုတာကတော့ အဲဒီအခိုက်အတန့်မှာ ကျုပ်တို့လူတွေ ထွက်ပြေးသလား မပြေးဘူးလား၊ သူတို့လူတွေ ထွက်ပြေးသလား မပြေးဘူးလား၊ ဆိုတဲ့ အချက်ပေါ်မှာတည်တယ်၊ ကျုပ်တို့လူတွေ အကျအဆုံးများ မများ၊ သူတို့လူတွေ အကျအဆုံးများ မများဆိုတဲ့ အချက်ပေါ်မှာ တည်တယ်။ ဘယ်သူမှ အပ်ကျမတ်ကျ ဟောကိန်းမထုတ်နိုင်ဘူးခင်ဗျ၊ အဲဒီအခိုက်အတန့်ကလေးမှာ ဖြစ်ပေါ်လာတဲ့ သန်းရာပေါင်းများစွာသော တိုက်ဆိုင် ဖြစ်ပျက်မှုတွေပေါ်မှာ တည်တယ်၊ ဒါပေမဲ့ ခု စစ်ဦးစီးဌာနချုပ်ကလူတွေ လုပ်ကိုင်နေကြပုံကတော့ ဘာမှ အဓိပ္ပာယ်မရှိဘူး ခင်ဗျ၊ သက်သက် ဟန်ရေးပြနေကြတာပဲ၊ ခင်ဗျားနဲ့ တစ်မနက်လုံး ခံစစ်ကြောင်းတစ်လျှောက်ကို လိုက်ကြည့်တဲ့ စစ်ဦးစီးဌာနချုပ်ကလူတွေဟာ ကျုပ်တို့အဖို့ ဘာအကူအညီမှ မရတဲ့အပြင် အကြီးမားဆုံးသော အနှောင့်အယှက်ကြီး ဖြစ်နေငယ် ခင်ဗျ၊ ဒီလူတွေဟာ ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားလောက်ကိုသာ ကြည့်နေကြတယ်"

"ဒီလောက် အရေးကြီးနေတဲ့ သေရေးရှင်ရေး အချိန်ကြီးမှာတောင် ကိုယ်ကျိုးစီးပွားကြည့်တဲ့လူ ရှိသေးသလား၇" ပီယာက အပြစ်တင်သံဖြင့် မေး၏။

"ဟုတ်တယ်ခင်ဗျ၊ ဒီလောက်အရေးကြီးတဲ့ သေရေးရှင်ရေးအချိန်ကြီးမှာကိုပဲ ဒီလူတွေဟာ ကိုယ်ရေးကိုယ်တာလောက်ကို ကြည့်ရှုကြတယ်၊ သူတို့အဖို့တော့ ဒီအချိန်ဟာ ကိုယ်နဲ့ ရာထူးလုဘက်၊ ကိုယ်နဲ့ ပြိုင်ဘက်ကို ခွက်စောင်းခုတ်ပစ်ခဲ့ပြီး ရင်ဘတ်ပေါ်မှာ နောက်ထပ်ရွှေတံဆိပ်တစ်ခုချိတ်နိုင်အောင်လုပ်ဖို့ အင်မတန်ကြိုးခဲတဲ့ မင်္ဂလာအချိန်ကြီးခင်ဗျ၊ ကျုပ်ကတော့ မနက်ဖြန်တိုက်ပွဲကို ဒီလိုမြင်တယ်၊ တပ်သားပေါင်း တစ်သိန်းရှိတဲ့ ရှုရှုးစစ်တပ်ကြီးနဲ့ တပ်သားပေါင်းတစ်သိန်းရှိတဲ့ ပြင်သစ်စစ်တပ်ကြီးဟာ သူပြုတ် ကိုယ်ပြုတ်ချကြဖို့ စောင့်နေကြပြီ၊ တစ်နည်းပြောရရင် လူပေါင်းနှစ်သိန်းဟာ တစ်ယောက်ကို တစ်ယောက် မလွှဲမရှောင်သာသတ်ဖို့ စောင့်နေကြပြီ၊ ရက်ရက်စက်စက် မိုက်မိုက်ကန်းကန်း သတ်နိုင်တဲ့ဘက်၊ အသေအပျောက်နည်းတဲ့ဘက်ဟာ အနိုင်ရတဲ့ဘက် ဖြစ်တော့မယ်၊ ဒီတော့ ခင်ဗျား ယုံချင်ယုံ၊ မယုံချင်နေ ကျုပ် ပြောမယ်၊ ကျုပ်တို့ဘက်ဟာ မနက်ဖြန်မှာ မိုက်မိုက်ကန်းကန်း ရက်ရက်စက်စက်သတ်ဖို့ သန္နိဋ္ဌာန်ချထားကြပြီ၊ ဒါကြောင့် ခင်ဗျားတို့ စစ်ဦးစီးဌာနချုပ်က လူတွေ ဘာလုပ်နေနေ မနက်ဖြန်မှာ ကျုပ်တို့ နိုင်ရမယ်၊ ဘာကြီးပဲဖြစ်နေနေ ကျုပ်တို့ အောင်ပွဲရရမယ်၊ မနက်ဖြန်ဟာ ကျုပ်တို့နေ့"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ကိုယ်တော်လေးပြောတာ မှန်တယ်" တီမိုခင်က ဝင်ပြော၏။ "ခုအချိန်မှာ တုံးတိုက်တိုက်၊ ကမ်းတိုက်တိုက် ချရမယ်၊ ကျွန်တော့်တပ်ရင်းက ရဲဘော်တွေဆိုရင် မနက်ဖြန် တိုက်ပွဲနိုင်မှ အရက်သောက်မယ်ဆိုပြီး ရှိတဲ့အရက်ကလေးတွေကို မသောက်ဘဲ ချန်ထားကြတယ်"

အားလုံး တိတ်ဆိတ်သွားကြ၏။

တပ်ဗိုလ်များသည် ပြန်ရန် ထလိုက်ကြသည်။ မင်းသားကလေး အင်ဒရေသည် တပ်ဗိုလ်များကို တဲပြင်ရောက်အောင်လိုက်ပို့ရင်း ညွှန်ကြားချက်များ ပေးလျက်ရှိ၏။ ၎င်းတို့ပြန်သွားပြီးသည့်နောက် ပီယာသည် မင်းသားကလေး အင်ဒရေထံလျှောက်လာကာ စကားဆက်ရန် ဟန်ပြင်လိုက်သည်။ ထိုအခိုက် တဲနှင့် မလှမ်းမကမ်းမှ မြင်းခွာသံများကို ကြားရလေသည်။ မင်းသားကလေး အင်ဒရေသည် မြင်းခွာသံလာရာသို့ လှမ်းကြည့်လိုက်ရာ မြင်းကိုယ်စီစီးလာကြသော ဂျာမန် ဗိုလ်ချုပ်ကြီးများဖြစ်သည့် ဝေါဇို ဂျင် နှင့် ကလော့ဇဝစ်တို့ကို မြင်လိုက်ရ၏။ ၎င်းတို့နောက်မှလည်း ကော့ဆက်မြင်းတပ်သားတစ်ယောက် မြင်းစီးလျက် လိုက်ပါလာလေသည်။ ၎င်းတို့သည် တဲအနီးမှ ဖြတ်စီးကာ ဂျာမန်လို ပြောဆိုလာကြ၏။ ၎င်းတို့စကားများကို တင်းကုပ်ထဲမှ ကြားနေရလေသည်။

"ကျုပ်အမြင်ကတော့ စစ်နယ်ဝှန်းကို သည်ထက်တိုးချဲ့ပေးသင့်တယ်လို့ မြင်သဗျ၊ ရဂ္ဂာ ဗိုလ်ချုပ်များရဲ့ အယူအဆကိုတော့ လက်မခံနိုင်ပေဘူး" တစ်ယောက်၏အသံ ဖြစ်၏။

"ဟုတ်လိုက်လေဗျာ၊ ကျုပ်တို့ရဲ့ ရည်ရွယ်ချက်က ရန်သူကို အားနည်းအောင်လုပ်ဖို့ ဖြစ်တယ်ဗျ၊ ဒီတော့ တစ်ဦးချင်း တစ်ယောက်ချင်းရဲ့ ထိခိုက်နစ်နာမှုလေးတွေကို ထည့်စဉ်းစားနေလို့ မဖြစ်ပေဘူးဗျ"

"မှန်လိုက်လေဗျာ" တစ်ယောက်က ထောက်ခံပြန်၏။

မင်းသားကလေး အင်ဒရေသည် တဲအနီးမှ ဖြတ်စီးသွားသော ဂျာမန် ဗိုလ်ချုပ်ကြီးများကို လှမ်းကြည့်ရာမှ နှာခေါင်းရှုံ့လိုက်သည်။

"ဟင်း စစ်နယ်ဝှန်းကို တိုးချဲ့ရမယ်တဲ့၊ သင်းတို့ တိုးချဲ့တဲ့စစ်နယ်ထဲမှာ ကျုပ်ခမည်းတော်ကြီးရော၊ သားတော်ရော၊ အစ်မတော်ရော တောင်ကတုံးပိုင်စားနယ်ကြီးရော ပါသွားပြီလေ၊ တယ်ကောင်း၊ ခင်ဗျားတို့ ဗိုလ်ချုပ်ဘာကလေကလဲ ဒီလိုလူစားပါပဲဗျ၊ ကျုပ် ပြောချင်တာ အဲဒါပဲဗျ၊ ဒီမှာ ရောင်းရင်း၊ ဒီဂျာမန်ကောင်တွေ တိုက်လို့ကတော့ မနက်ဖြန်တိုက်ပွဲမှာ ကျုပ်တို့ မနိုင်ဘူး၊ စိတ်ချ၊ ဒီကောင်တွေ ဝင်ရှုပ်လို့ ပိုတောင်ဆိုးဦးမယ်၊ ဒီဂျာမန်ကောင်တွေရဲ့ ဦးနှောက်ထဲမှာ ကြက်ဥခွဲလောက်မှ တန်ဖိုးမရှိတဲ့ တရားသေ သဘောတရားတွေကလွဲပြီး တခြားဘာမှ မရှိဘူး၊ ဒီကောင်တွေရဲ့ အညွှန်းနှလုံးထဲမှာလဲ ကျုပ်တို့ တီမိုခင်တို့ အသည်းနှလုံးထဲမှာရှိတဲ့ စိတ်ဓာတ်မျိုး တစ်စက်ကလေး မရှိဘူး၊ ဥရောပတိုက်ကြီး တစ်တိုက်လုံးကို နပိုလီယန်လက်ထဲ ထိုးအပ်ပြီး ကျုပ်တို့ကို ဆရာလာလုပ်နေတယ်လေ၊ တယ်တော်တဲ့ဆရာတွေပဲ ခင်ဗျ"

မင်းသားကလေး အင်ဒရေ၏အသံသည် ကျယ်လာပြန်၏။

"နေပါဦးဗျ၊ ခင်ဗျားကကော မနက်ဖြန်တိုက်ပွဲမှာ ကျွန်တော်တို့ နိုင်မယ်လို့ ထင်သလား" ပီယာက မေး၏။

"နိုင်ရမယ်၊ ဘာလို့ မနိုင်ရမှာလဲ" မင်းသားကလေး အင်ဒရေက လွှတ်ခနဲ ပြောလိုက်၏။ "ဒါပေမဲ့ ကျုပ်မှာ အာဏာရှိရင် ကျုပ်လုပ်ချင်တာ တစ်ခုတော့ ရှိတယ်ဗျ"

မင်းသားကလေး အင်ဒရေက ဆက်ပြောသည်။

"ကျုပ်သာဆိုရင် သုံ့ပန်း မထားဘူး၊ ဘာဖြစ်လို့ သုံ့ပန်းထားနေကြသေးသလဲ၊ သုံ့ပန်းထားခြင်းဟာ သဘောထားကြီးဟန် ဆောင်နေခြင်းသာဖြစ်တယ်ဗျ၊ လိမ်နေကြခြင်းသာဖြစ်တယ်၊ ပြင်သစ်တွေဟာ ကျုပ်အိမ်ကို ဖျက်ဆီးခဲ့တယ်၊ ခုလဲ မော်စကိုမြို့ကြီးကို ဖျက်ဆီးကြဦးမှာပဲ၊ ဒီကောင်တွေဟာ အရင်တုန်းကလဲ ကျုပ်ကို စော်ကားခဲ့ကြတယ်၊ ခုလဲ စော်ကားနေကြတယ်၊ ဒီတော့ ဒီကောင်တွေဟာ ကျုပ် ရန်သူတွေပဲဗျ၊ အားလုံး ရာဇဝတ်ကောင်တွေချည်းပဲ၊ ဒီထင်မြင်ချက်ဟာ ကျုပ်တစ်ယောက်တည်းရဲ့ ထင်မြင်ချက် မဟုတ်ဘူး၊ တီမိုခင်နဲ့ တကွ တပ်မတော်ကြီးတစ်ခုလုံးရဲ့ ထင်မြင်ချက်ပဲ ခင်ဗျ၊ ဒီတော့ ရန်သူကို ရန်သူလိုတုံ့ပြန်ရမယ်၊ ရာဇဝတ်ကောင်ကို ရာဇဝတ်ကောင်လို ဆက်ဆံရမယ်၊ ဖမ်းမိရင်လဲ သုံ့ပန်းအဖြစ် ထမင်းကျွေးမထားနိုင်ဘူး၊ သတ်ပစ်ရမယ်၊ သူတို့ ရှင်ဘုရင်အချင်း

www.burmeseclassic.com

www.burmeseclassic.com

ချင်း တစ်လဆစ်မှာ ဘယ်လိုပဲ သဘောတူညီချက်တွေ လုပ်ခဲ့ လုပ်ခဲ့၊ ကျုပ်တို့ နားမလည်ဘူး၊ ရန်သူဟာ ရန်သူပဲ၊ မိတ်ဆွေ မဖြစ်နိုင်ဘူး"

"ဟုတ်တယ် ဟုတ်တယ်၊ ကျွန်တော် သဘောတူတယ်" ပီယာက မင်းသားကလေး အင်ဒရေကို တောက်ပသော မျက်လုံးများဖြင့် ကြည့်၍ ပြော၏။

ဤစကားများကို ကြားလိုက်သည်၌ မိုဇော့ရွာမှ ထွက်လာကတည်းက တစ်နေ့လုံး မိမိ၏ဦးနှောက်ကို တီးခေါက်လျက်ရှိခဲ့သော ပြဿနာကြီးသည် ပြေလည်ရှင်းလင်းသွားခဲ့လေပြီ။ စစ်ပွဲကြီးနှင့် နက်ဖြန်တွင်ကြုံတွေ့ရအုံသော တိုက်ပွဲကြီး၏အရေးပါပုံနှင့် အနက်အဓိပ္ပာယ်ကို ပီယာ ပြက်ပြက်ထင်ထင် မြင်ခဲ့လေပြီ။ ယနေ့တစ်နေ့လုံး မြင်တွေ့ခဲ့ရသည့် အခြင်းအရာများ၊ လမ်းတစ်လျှောက်တွင် တွေ့ခဲ့ရသော တပ်ဗိုလ်တပ်သားများ၏ မျက်နှာများပေါ်မှ လေးနက်ခက်ထန်သော အမူအရာများ၏ အနက်အဓိပ္ပာယ်ကို ပီယာ ကောင်းစွာသိခဲ့လေပြီ။ မိမိတွေ့ခဲ့ရသော တပ်ဗိုလ် တပ်သားများ၏ ရင်ထဲတွင် ကိန်းဝပ်လျက်ရှိသည့် ဇာတိမာန်စိတ်ဓာတ်တည်းဟူသော (ရူပဗေဒစကားဖြင့် ပြောရလျှင်) 'ငုပ်လျှိုးအပူ' ကို ပီယာ နားလည်ခဲ့လေပြီ။ ဤ 'ငုပ်လျှိုးအပူ' ကြောင့်ပင် တပ်ဗိုလ် တပ်သားများသည် ၎င်းတို့အသက်ကို စွန့်လွှတ်ရန် စိတ်ထက်သန်နေခြင်းဖြစ်ကြောင်းကို ပီယာ သဘောပေါက်ခဲ့လေပြီ။

မင်းသားကလေး အင်ဒရေကား စကားကို အမျှင်မပြတ် ပြောလျက်ရှိ၏။

"သုံ့ပန်းတွေ ဘာတွေ ထားမနေကြပါနဲ့၊ ဒီလိုသာ တစ်ဖက်နဲ့ တစ်ဖက် သုံ့ပန်းတွေထားနေကြမယ်ဆိုရင် စစ်ရဲ့ရက်စက်ကြမ်းကြုတ်တဲ့သဘောဟာ လေးနက်ခြင်းမရှိတော့ဘဲ ဖြစ်သွားလိမ့်မယ်ခင်ဗျ၊ စစ်ဟာ ကြောက်စရာအဖြစ်ကြီးတစ်ခု၊ ရက်စက်ကြမ်းကြုတ်တဲ့အဖြစ်ကြီးတစ်ခုလို့ လူတွေက မယူဆကြတော့ဘဲ ခပ်ပေါ့ပေါ့ သဘောထားလာကြပြီး စစ်တိုက်တမ်းကစားလာကြလိမ့်မယ်၊ ကြည့်လေ ခုပဲ ကျုပ်တို့ စစ်တိုက်တမ်း ကစားနေကြပြီ မဟုတ်လား၊ ထစ်ခနဲရှိ ထတိုက်လိုက်ကြ၊ တော်တော်ကြာ မင်းနှစ်ပါးဆုံပြီး ပြေငြိမ်းရေးလုပ်လိုက်ကြနဲ့ စစ်တိုက်တမ်းကစားနေကြတာပဲ မဟုတ်ဘူးလား၊ ဘယ်လောက်စက်ဆုပ်ဖို့ ကောင်းသလဲ၊ ဒါတွင် မကဘူး၊ တစ်ယောက်နဲ့ တစ်ယောက် သဘောထားကြီးဟန်ဆောင်တမ်းကစားကြသေးတယ် ခင်ဗျ၊ တစ်ယောက်ကို တစ်ယောက်တော့ သတ်နေကြပြီး ဖမ်းမိတဲ့အခါကျတော့မှ သုံ့ပန်းအဖြစ် ပြုစုစောင့်ရှောက်ခြင်းမျိုးက ဘာအဓိပ္ပာယ်ရှိသလဲဗျ၊ ဒီလို သဘောထားကြီးခြင်းမျိုး၊ ဒီလို ယဉ်ကျေးသိမ်မွေ့ခြင်းမျိုးကတော့ နွားသတ်တာကို မြင်လို့ မူးမေ့လဲကျသွားတဲ့ နန်းတွင်းသူတွေရဲ့ ယဉ်ကျေးသိမ်မွေ့ခြင်းမျိုးသာဖြစ်တယ် ခင်ဗျ၊ နန်းတွင်းသူ မမဖုရားများဟာ အင်မတန်သိမ်မွေ့၊ အင်မတန် ကရုဏာဓာတ်ကြီးမားတဲ့အတွက် သွေးသံရဲရဲကို မမြင်ဝံ့ကြပေမယ့် အမဲဟင်းလျာအဖြစ် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးတော့ အမြိန့်သား ပွဲတော်တည်ကြတယ်ခင်ဗျ၊ ဒီတော့ တစ်ယောက်နဲ့ တစ်ယောက် ရက်ရက်စက်စက် အသေသတ်ကြပြီး မသေတဲ့အခါကျမှ သုံ့ပန်းအဖြစ် ပြုစုတဲ့ ကျုပ်တို့ရဲ့ မဟာကရုဏာဟာလဲ အမဲသားစားပြီး နွားကိုသနားတဲ့ မဟာကရုဏာမျိုးပဲ မဟုတ်ဘူးလား၊ ဘယ်မှာ အဓိပ္ပာယ်ရှိသေးသလဲ၊ တချို့ကပြောကြသေးတယ်၊ စစ်ပွဲတို့၏ စည်းကမ်းဥပဒေများကို လိုက်နာခြင်း၊ ရန်သူ့အပေါ်၌ သဘောထားကြီးခြင်း၊ စစ်ရပ်စဲရေးအလံ လွှင့်ထူလာတဲ့ရန်သူကို ကြိုဆိုခြင်း၊ အားနည်းသူကို ကြင်နာခြင်းစတဲ့ အရည်အချင်းများဟာ စစ်သားကောင်းတို့ရဲ့ အရည်အချင်းတွေလို့ ဆိုကြသေးတယ်၊ ဒါတွေကတော့ ဘာအဓိပ္ပာယ်ရှိသလဲ၊ ခေါင်းဖြတ်ပြီးမှ ဆံပင်နမြောလှချည်ရဲ့ဆိုလို . ဘာအဓိပ္ပာယ် ရှိသေးသလဲ၊ ဘာမှ အဓိပ္ပာယ်မရှိဘူးခင်ဗျ၊ လိမ်ညာနေကြခြင်းသာ ဖြစ်တယ်ဗျ၊ ရောင်းရင်း စဉ်းစားကြည့်စမ်းပါ၊ အကြီးဆုံးသော ရာဇဝတ်မှုဖြစ်တဲ့ လူသတ်မှုကိုကျူးလွန်ပါပြီဆိုတဲ့နောက်မှာတော့ စည်းကမ်းဥပဒေရယ်လို့ ထားနေရဦးမှာလား၊ ဘာလဲ မင်းတို့တစ်တွေ လူသတ်ချင်သတ်ကြ၊ ဒါပေမဲ့ ဥပဒေဘောင်ထဲက သတ်ကြလို့ပြောတာနဲ့ ဘာထူးသေးသလဲ၊ ဒီမှာ ရောင်းရင်း၊ အဲဒီလို သဘောထားကြီးမှုတွေ၊ စစ်ရပ်စဲရေး စည်းကမ်းတွေကို ၁၈၀၅-ခုနှစ် စစ်ပွဲတုန်းက မြင်ခဲ့ဖူးပြီခင်ဗျ၊ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ သူ့ ကိုယ်လိမ်၊ ကိုယ့် သူလိမ်နဲ့ အပြန်ပြန်အလှန်လှန်လိမ်နေကြခြင်းသာ ဖြစ်တယ်ဗျ၊ ဒီကောင်တွေဟာ သူ့တစ်ပါးပစ္စည်းကို လုတယ်၊ ငွေစက္ကူတုတွေ လုပ်

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ဒါတွင် မကဘူး၊ ကျုပ်ခမည်းတော်ကြီးနဲ့ ကျုပ်သား သမီးတွေကိုလဲ သတ်ခဲ့သေးတယ်၊ သူတို့က ဒီမျှလောက် ကြီးလေးတဲ့ ရာဇဝတ်မှုကြီးတွေကို ကျူးလွန်နေပါရက်နဲ့ ရန်သူကို သဘောထားကြီးခြင်း၊ စစ်ပွဲ၏ စည်းကမ်းဥပဒေ ကို လိုက်နာခြင်းစတဲ့ ကိစ္စတွေကို ဘာကြောင့် ပြောဆို နေကြဦးမှာလဲ၊ ဘာဖြစ်လို့ သဘောထားကြီးရမှာလဲ၊ ဒီမှာ ရောင်းရင်း၊ ရာဇဝတ်ကောင်လို ဆက်ဆံရမယ်ဗျ၊ ဟန် မဆောင်ကြပါနဲ့၊ မလိမ်ကြပါနဲ့၊ သုံ့ပန်းတွေ ဘာတွေ ထားမနေပါနဲ့၊ ရန်သူကိုဖမ်းမိရင် သတ်ပါ၊ ကိုယ့်အလှည့် ရောက်တော့လဲ ရဲရဲကြီး အသတ်ခံပါ၊ ကျုပ်လို ခံစားခဲ့ ကြရရင် ခင်ဗျားတို့လဲ ဒီလိုမြင်ကြမှာပဲ၊ ဒီတော့"

မင်းသားကလေး အင်ဒရေသည် လည်ချောင်းထဲတွင် တစ်ဆို့လာသဖြင့် စကားကို ဖြတ်လိုက်၏။ ၎င်း အဖို့ကား ရုရှားမြေပေါ်သို့ ရန်သူ ခြေတစ်ဖက် လှမ်းခြင်း သည် ကျူးကျော်စော်ကားခြင်းဖြစ်သည်ဟု အခိုင်အမာ ယူဆပြီး ဖြစ်၏။ မော်စကိုကျခြင်း၊ မကျခြင်းသည် ပဓာန မဟုတ်ချေ။ မင်းသားကလေး အင်ဒရေသည် တိတ်ဆိတ် စွာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိ၏။ သို့ရာ တွင် စကားဆက်လိုက်သည်နှင့် ၎င်း၏မျက်လုံးများသည် တဖျတ်ဖျတ်တောက်လာကြကာ နှုတ်ခမ်းများသည်လည်း တရွရွတုန်လာခဲ့ကြလေပြီ။

"ကျုပ် ထင်တယ်၊ စစ်တိုက်တဲ့နေရာမှာ ဒီလို သဘောထားကြီးဟန်ဆောင်မှုတွေ မရှိရင် လူတွေဟာ တော်တော့်ကိစ္စကြောင့်တော့ စစ်တိုက်ကြမှာ မဟုတ်တော့ ဘူးခင်ဗျ၊ ခုလို တကယ် အသေခံသင့်ခံထိုက်တဲ့ ကိစ္စ မျိုးတွေ ပေါ်လာကြတော့မှပဲ စစ်တိုက်ဖြစ်ကြတော့မှာပဲ၊ ဒီလို ရက်ရက်စက်စက်လုပ်ပေးရင် ငဖြူက ငမည်းကို စော်ကားလို့ တိုက်ရတဲ့စစ်မျိုး၊ ငမည်းက ငဖြူကို စော်ကား လို့ တိုက်ရတဲ့စစ်မျိုး၊ လူပုဂ္ဂိုလ်တစ်ဦး နှစ်ဦးကြောင့် တိုက်ရတဲ့စစ်မျိုးတွေ ရှိတော့မှာ မဟုတ်ဘူးဗျ၊ စစ်ဖြစ်လာ ရင်လည်း ခုလို တကယ်ဖြစ်သင့် ဖြစ်ထိုက်လို့ ဖြစ်လာရတဲ့ စစ်မျိုးပဲရှိတော့မယ် ခင်ဗျ၊ အဲဒီအခါကျရင် စစ်သားတွေ ဟာလဲ တကယ်ခိုင်မာတဲ့ ယုံကြည်ချက်၊ တကယ်ခိုင်မာ တဲ့ သန္နိဋ္ဌာန်၊ တကယ်ခိုင်မာတဲ့ စိတ်ဓာတ်နဲ့ တိုက်ကြလိမ့် မယ်၊ ဒီလိုသာ ယုံကြည်ချက်နဲ့ တိုက်ကြစတမ်းဆိုရင် ခင်ဗျား နပိုလီယန်နောက်မှာလဲ စစ်သားတစ်ယောက်မှ ရှိတော့မှာ မဟုတ်ဘူးဗျ၊ ကျုပ်တို့လဲ ဘုမသိ ဘမသိနဲ့ သြစတြီးယားနဲ့ ပရပ်ရှားဘက်က အချောင်အသေခံပြီး ဝင်တိုက်ပေးရတာမျိုး ရှိတော့မှာ မဟုတ်ဘူးခင်ဗျ၊ ဒီမှာ ရောင်းရင်း၊ စစ်တိုက်ခြင်းဟာ အပျင်းပြေကစားစရာအလုပ် မဟုတ်ဘူးဗျ၊ လူ့ဘဝမှာ စက်ဆုပ်စရာအကောင်းဆုံး၊ ကြောက်စရာအကောင်းဆုံး၊ အမိုက်မဲဆုံးအလုပ်ကြီး ဖြစ် တယ်၊ ဒီအချက်ကို ကျုပ်တို့ လေးလေးနက်နက် သတိပြု ရလိမ့်မယ်၊ စစ်တိုက်တမ်းကစားနေကြလို့ မဖြစ်ဘူး၊ စစ်ပွဲတစ်ပွဲ တိုက်သင့် မတိုက်သင့်ကိစ္စကို ပေါ့ပေါ့စဉ်းစား ပြီး ဆုံးဖြတ်လို့ မဖြစ်ဘူး၊ အလေးအနက်စဉ်းစားပြီး ဆုံး ဖြတ်ရလိမ့်မယ်၊ တစ်နည်းပြောရရင် သဘောထားကြီးဟန် ဆောင်ခြင်း၊ သုံ့ပန်းထားခြင်း၊ အပစ်အခတ်ရပ်စဲခြင်း စတဲ့နည်းတွေနဲ့ တစ်ယောက်ကို တစ်ယောက် လိမ်မနေ ကြပါနဲ့၊ ညာမနေကြပါနဲ့၊ စစ်တိုက်ခြင်းအလုပ်ကို အပျော် ကစားသလို မလုပ်ကြပါနဲ့၊ စစ်ကို စစ်နဲ့တူအောင် လုပ် ကြပါ၊ ခုတော့ ခင်ဗျားကြည့်စမ်း၊ အင်မတန်စက်ဆုပ် စရာကောင်းတဲ့ စစ်တိုက်ခြင်းအလုပ်ဟာ ဘာဖြစ်နေသလဲ၊ စစ်တိုက်ခြင်းအလုပ်ဟာ အလုပ်မရှိတဲ့ လူပျင်း လူပေါ် ကြွေ့တွေရဲ့ အနှစ်သက်ဆုံး အပျင်းပြေကစားနည်းကြီး တစ်ခု ဖြစ်နေတယ်၊ အကြီးလေးဆုံး ရာဇဝတ်မှုကြီးဖြစ် တဲ့ လူသတ်မှုကို ကျူးလွန်နေတဲ့စစ်လူတန်းစားဟာ ဂုဏ် အရှိဆုံး၊ အမြင့်မြတ်ဆုံးလူတန်းစား ဖြစ်နေတယ်၊ ထွီ"

မင်းသားကလေး အင်ဒရေက ခေတ္တငုံ့၍ ဆက် လိုက်သည်။

"စစ်ဆိုတာ ဘာလဲ၊ စစ်ပရိယာယ်ဆိုတာကကော ဘာလဲ၊ စစ်လူတန်းစားရဲ့ အမူအကျင့်တွေကကော ဘာ တွေလဲ၊ ကျုပ် ဒီလိုဖြေချင်တယ် ရောင်းရင်း၊ စစ်တိုက် ခြင်းဟာ လူသတ်မှုကျူးလွန်ခြင်း ဖြစ်တယ်ခင်ဗျ၊ စစ်ပရိ ယာယ်ဆိုသည်မှာ သူလျှိုလုပ်ခြင်း၊ သစ္စာဖောက်ခြင်း၊ အဲဒီ အမူတွေကို ကျူးလွန်အောင် အားပေးခြင်း၊ တိုင်းပြည် တစ်ပြည်ကို လုယက်ဖျက်ဆီးခြင်း၊ စစ်တပ်ကို ထောက်ပံ့ ဖို့ တိုင်းသူပြည်သားတွေရဲ့ ပစ္စည်းများကို လုယက် ခိုးယူ ခြင်း၊ လိမ်လည်ခြင်း၊ မဟုတ်မမှန် လုပ်ကြံပြောဆိုခြင်း စတဲ့ အလုပ်တွေကိုခေါ်ခြင်း ဖြစ်တယ်ခင်ဗျ၊ ဒါတွေ အားလုံးကို သေနင်္ဂဗျူဟာစစ်ပညာလို့ ခေါ်နေကြတာပဲ မဟုတ်ဘူးလား၊ ကောင်းပြီ ဒါဖြင့် စစ်လူတန်းစား၏

www.burmeseclassic.com

www.burmeseclassic.com

အမှုအကျင့်တွေကကော ဘာတွေလဲ၊ လွတ်လပ်မှု ကင်းမဲ့ခြင်း၊ အင်မတန်ကျပ်တည်းတဲ့ စည်းကမ်းဥပဒေအောက်မှာ စက်ရုပ်သဖွယ် နေထိုင်ရခြင်း၊ ပေါ်ကြော့ နေထိုင်ခြင်း၊ အသိဉာဏ် ခေါင်းပါးခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ အကျင့်စာရိတ္တပျက်ခြင်း၊ အလွန်အကျူး မူးယစ်သောက်စားခြင်း စတဲ့ အရာတွေပဲ မဟုတ်ဘူးလား၊ ဒါပေမဲ့ ဒီလောက် ပျက်စီးချင်တိုင်း ပျက်စီး၊ ဆိုးယုတ်ချင်တိုင်း ဆိုးယုတ်နေတဲ့ စစ်လူတန်းစားကို ဘယ်လို သဘောထားနေကြသလဲ၊ တိုင်းပြည်မှာ ထိပ်တန်းအကျဆုံး၊ ဂုဏ်အရှိဆုံးလူတန်းစား ဆိုပြီး လူတိုင်းက အရိုအသေပေးနေရတယ်ခင်ဗျ၊ တရုတ်ဘုရင်တွေကလွဲရင် ကမ္ဘာမှာရှိတဲ့ ဘုရင်ဧကရာဇ်တွေကလည်း စစ်သူကြီးဝတ်စုံတွေ ဝတ်ပြီး ဂုဏ်ယူနေကြတယ်ခင်ဗျ၊ လူအများဆုံးသတ်နိုင်တဲ့လူဟာ အမြင့်ဆုံးသော ဂုဏ်ထူး၊ ဘွဲ့ထူးကြီးတွေကို ရနေတယ်ခင်ဗျ၊ ရယ်စရာ မကောင်ဘူးလား ရောင်းရင်း"

"စစ်သားလို့ခေါ်တဲ့လူတွေဟာ တစ်ယောက်ကို တစ်ယောက်သတ်ဖို့ မျက်နှာချင်းဆိုင်ကြတယ်၊ ပြီးတော့ တစ်ယောက်ကို တစ်ယောက်သတ်ကြတယ်၊ ထောင်ပေါင်းများစွာသောလူတွေကို ခြေကျိုးလက်ကျိုး ခြေမဲ့လက်မဲ့ ဒုက္ခိတတွေဖြစ်အောင် ခုတ်ကြ၊ ထစ်ကြ၊ ပစ်ကြ၊ ခတ်ကြတယ်၊ လူတွေ အများကြီးသတ်နိုင်ခဲ့တဲ့အတွက် ကျေးဇူးတော် ချီးမွမ်းပူဇော်ပွဲတွေ လုပ်ကြတယ်၊ တချို့ကျတော့ လူသတ်ခဲ့တဲ့နေရာမှာတောင် အရေအတွက်ကို ပိုပြောပြီး မဟုတ်တဲ့နေရာမှာ ကြွားကြသေးတယ်၊ လူတွေများများသတ်နိုင်သည်နှင့်အမျှ ဧရာမအောင်ပွဲကြီး ရတယ်ဆိုပြီး ကြွားကြ ဝါကြသေးတယ်၊ ဒါကိုတော့ ကောင်းကင်ဘုံမှာရှိတယ်ဆိုတဲ့ ခင်ဗျားတို့ဘုရားသခင် ဘယ်လိုပြောမလဲ"

မင်းသားကလေး အင်ဒရေက စူးရှကျယ်လောင်သောအသံဖြင့် အော်လိုက်သည်။

"ခက်တယ် ရောင်းရင်း၊ ခုတလော ကျုပ်ဟာ လူ့ဘဝကြီးမှာ အသက်ရှင်နေရတာ သိပ်ပင်ပန်းတယ်၊ သိပ်စိတ်ဆင်းရဲရတယ်၊ ကျုပ်က သိပ်သိလွန်းနေတယ်၊ လောကကြီးမှာ ကောင်းခြင်းနဲ့ ဆိုးခြင်းကို ခွဲခြားပြီးသိလာရင် ဒီလူဟာ လောကကြီးနဲ့ အဆင်မပြေတော့ဘူး၊ သိပ်စိတ်ဆင်းရဲရတယ်၊ လောကကြီးမှာ ဘာမှ မသိခြင်းဟာ အကောင်းဆုံးပဲ၊ အေးလေ ကျုပ်နဲ့ ဒီလောကကြီးနဲ့ လမ်းခွဲကြဖို့ သိပ်မဝေးတော့ဘူး ထင်ပါတယ်"

မင်းသားကလေး အင်ဒရေက ဆို၏။

"ကဲ ရောင်းရင်းလဲ အိပ်ချင်နေပြီထင်တယ်၊ ကျုပ်လဲ အိပ်ချိန်ရောက်ပြီခင်ဗျ၊ ရောင်းရင်း ပြန်ပေဦးတော့" မင်းသားကလေး အင်ဒရေက ရုတ်တရက် ပြောလိုက်သည်။

"အို ကိစ္စမရှိပါဘူး၊ ကျွန်တော် မအိပ်ချင်ပါဘူး" ပီယာက ထိတ်လန့်ကြောင်နာသော မျက်လုံးများဖြင့် မင်းသားကလေးအင်ဒရေကို ကြည့်၍ ပြောလိုက်သည်။

"ခင်ဗျား မအိပ်ချင်ပေမယ့် ကျုပ် အိပ်ရလိမ့်မယ်ခင်ဗျ၊ စစ်သားဆိုတာ တိုက်ပွဲတစ်ပွဲမတိုက်ခင်မှာ ကောင်းကောင်းအိပ်ရတယ်"

မင်းသားကလေး အင်ဒရေသည် ပီယာ့ထံသို့ ခပ်သုတ်သုတ် ထလာကာ ပွေ့ဖက်နမ်းရှုပ်လိုက်၏။

"ကဲ သွားပေတော့ဗျို့" မင်းသားကလေးအင်ဒရေက ခပ်ကျယ်ကျယ် နှုတ်ဆက်၏။ "ကျုပ်တို့နှစ်ယောက် နောက်ထပ်တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ နှုတ်ဆက်ပြီးသားပဲ"

မင်းသားကလေး အင်ဒရေသည် ချာခနဲ လှည့်ကာ တင်းကုပ်ထဲသို့ ဝင်လာခဲ့သည်။

မှောင်စပျိုးလာပြီ ဖြစ်သဖြင့် မင်းသားကလေး အင်ဒရေ၏ မျက်နှာထားသည် ခက်ထန်လျက်ရှိသလော၊ နူးညံ့ချိုသာလျက်ရှိသလောဆိုသည်ကိုမူ ပီယာ သဲကွဲစွာ မမြင်ရချေ။

ပီယာသည် တင်းကုပ်ပြင်ဘက်တွင် ရပ်လျက်ရှိရာက တင်းကုပ်ထဲသို့ ပြန်လိုက်သွားရမည်လော၊ ဂေါ်ကီရွာသို့ပင် ပြန်ရမည်လောဟု ဝေခွဲမရဖြစ်လျက် ရှိ၏။

"အင်း မတွေ့ချင်တော့ဘူး ထင်ပါရဲ့၊ ငါတို့နှစ်ယောက် နောက်ဆုံးတွေ့ခြင်းများ ဖြစ်လေမလား" ပီယာသည် သက်ပြင်းချကာ ဂေါ်ကီရွာကလေးသို့ မြင်းဖြင့် ပြန်လာခဲ့သည်။

မင်းသားကလေး အင်ဒရေသည် တင်းကုပ်ထဲသို့ ပြန်ဝင်လာခဲ့ပြီးနောက် အိပ်ရာပေါ်တွင် လှဲချလိုက်မိသည်။ သို့ရာတွင် အိပ်၍မပျော်ချေ။

မင်းသားကလေး အင်ဒရေသည် မျက်လုံးများကို မှိတ်လိုက်၏။ ၎င်း၏စိတ်ကူးထဲ၌ ရုပ်ပုံကားချပ်များသည်

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုပြီး တစ်ခု အစီအရီပေါ်လာကြ၏။ ယင်းသို့ အစီအရီပေါ်လာသော ရုပ်ပုံကားချပ်များအနက် ကားချပ်တစ်ခုကား ရုတ်တရက်ပျောက်ကွယ်မသွားဘဲ အတန်ကြာမြင်နေရသည်။ ပီတာစဘတ် ရွှေမြို့တော်တွင်ရှိစဉ်က တစ်ည ချမ်းကို ထင်ရှားစွာမြင်နေရ၏။ ထိုစဉ်က နာတာရှာသည် မနှစ်နွေရာသီတွင် တောထဲသို့ မှိုသွားရှာခဲ့ပုံ၊ မှိုရှာသွားရင်း တောထဲတွင် မျက်စိလည်ပုံစသည်တို့ကို ရွှင်လန်းထက်သန်သောမျက်နှာဖြင့် ပြောပြလျက်ရှိ၏။ တောကြီးမျက်မည်းထဲ၌ စိတ်ချောက်ချားစရာကောင်းပုံ၊ ထိုစဉ်က ၎င်း၏စိတ်ထဲတွင် မည်သို့ခံစားရပုံ၊ ပျားဖွပ်သမားတစ်ယောက်နှင့် တွေ့ပုံတို့ကို စိတ်အားထက်သန်စွာ ပြောပြလျက် ရှိ၏။ တစ်ချို့ တစ်ချို့၌လည်း 'ဟင့်အင်း အစ်ကို ရယ်၊ နာတာရှာ ပြောမပြတတ်ဘူး၊ အစ်ကို့စိတ်ထဲမှာ မြင်ယောင်လာအောင် နာတာရှာ မပြောတတ်ဘူး' ဟု စိတ်ပျက်အားလျော့သောလေသံဖြင့် ဆိုတတ်သည်။ ထိုအခါ၌ မိမိက နာတာရှာကို အားပေးသည့်အနေဖြင့် နာတာရှာပြောပုံမှာ သရုပ်ပါလှကြောင်း၊ နာတာရှာပြောသမျှကို နားလည်ကြောင်းဖြင့် ပြောခဲ့သေးသည်။ (ပြောသမျှကိုသာမက နာတာရှာ့ရင်ထဲက ပြောလိုသမျှကိုလည်း တကယ်နားလည်ပါသည်။) သို့ရာတွင် နာတာရှာမှာမူ အားမလို အားမရဖြစ်လျက် ရှိ၏။ ၎င်း၏စကားများသည် ရင်ထဲတွင် ခံစားနေရသော ခံစားချက်များကို အပြည့်အစုံ ထုတ်ဖော်နိုင်စွမ်းမရှိဟု ယူဆလျက်ရှိသည်။ 'ပျားဖွပ်သမားကလေ အဘိုးကြီး အစ်ကိုရဲ့၊ အသက်တော်တော်ကြီးပြီ သိရဲ့လား၊ ပြီးတော့လေ တောကြီးကလဲ မှောင်ပိန်းနေတာပဲ၊ အဘိုးကြီးကလေ သိပ်သဘောကောင်းတာပဲ၊ ဟင့်အင်း အစ်ကိုရယ်၊ နာတာရှာ ပြောမပြတတ်ဘူး' နာတာရှာက မျက်နှာကလေး နီရဲလျက်က စိတ်အားထက်သန်စွာ ပြော၏။ မင်းသားကလေး အင်ဒရေသည် ထိုစဉ်က နာတာရှာ၏ မျက်လုံးများကို ကြည့်ရင်း ရွှင်လန်းစွာ ပြုံးခဲ့မိသကဲ့သို့ ယခုလည်း ရွှင်လန်းစွာပြုံးလိုက်မိသည်။

"အစ်ကို နားလည်ပါတယ် နာတာရှာ၊ နာတာရှာကို အစ်ကို နားလည်ပါတယ်၊ နာတာရှာရဲ့ ရင်ထဲ အသည်းနှလုံးထဲမှာရှိတဲ့ တန်ခိုးစွမ်းပကား၊ နာတာရှာရဲ့ ရိုးသားမှု၊ နာတာရှာရဲ့ ပွင့်လင်းမှုတွေကို အစ်ကို အကုန်နားလည်ပါတယ်၊ နာတာရှာရဲ့ ခန္ဓာကိုယ်နဲ့ ခွဲလို့မရတဲ့ နာတာရှာရဲ့ ဝိညာဉ်၊ နာတာရှာရဲ့ အဋ္ဌတ္တသန္တာန်ကို အကုန်နားလည်ပါတယ်၊ ဒီဝိညာဉ်ကလေးကိုပဲ အစ်ကို ချစ်ခဲ့တာပါ"

မင်းသားကလေး အင်ဒရေသည် ဤသို့တွေးမိ၏။ ဤသို့တွေးရင်းလည်း ၎င်းတို့အချစ်ဇာတ်လမ်း စခန်းသိမ်းခဲ့ရပုံကိုလည်း အမှတ်ရမိ၏။

"သြော် ပီယာ ပီယာ၊ သူ့အဖို့တော့ ဒီလိုအရာတွေ မလိုတာ့ပေဘူး၊ ဒါတွေကို သူနားမလည်ဘူး၊ သိလဲ မသိ၊ မြင်လဲ မမြင်ဘူး၊ နာတာရှာကို အင်မတန်လှပပြီး အင်မတန်အပြစ်ကင်း လန်းဆန်းတဲ့ မိန်းကလေးတစ်ယောက်အဖြစ်ပဲ ရိုးရိုးသားသား မြင်ခဲ့တယ်၊ ငါသာ တဏှာပေမအချစ်မျိုးနဲ့ ချစ်ခဲ့မိတာ၊ ဟုတ်တယ်၊ ငါဟာ တော်တော်မိုက်တယ်၊ ပီယာ့ကို ကြည့်စမ်း၊ ဘယ်လောက် ပျော်စရာကောင်းသလဲ၊ ပူစရာ မရှိ၊ ဆွေးစရာ မရှိ၊ နာကြည်းစရာ မရှိ၊ ဘယ်လောက်အပူအပင် ကင်းသလဲ"

မင်းသားကလေး အင်ဒရေသည် ဤသို့တွေးမိရာမှ မီးစဖြင့် အထိုးခံလိုက်ရသကဲ့သို့ ဖြုန်းခနဲထကာ တဲရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ရှိပေသည်။

အခန်း ၂၆

ဘိုရိုဒီနိုတိုက်ပွဲကြီး မဖြစ်မှားမီတစ်ရက်ဖြစ်သော ဩဂုတ်လ ၂၅-ရက်နေ့၌ နပိုလီယန်၏ နန်းတော်ဝင်မှူးကြီး ဒီဗျူးဆေးနှင့် ဗိုလ်မှူးကြီး ဖေဗီးယားတို့သည် ဗာလူယေဗို ရွာကလေးရှိ နပိုလီယန်၏တပ်စခန်းသို့ ရောက်လာခဲ့ကြလေသည်။ ဝင်းမှူးကြီး ဒီဗျူးဆေးမှာ ပါရီရွှေမြို့တော်မှ ရောက်လာခဲ့ခြင်းဖြစ်၍ ဗိုလ်မှူးကြီး ဖေဗီးယားမှာ စပိန်ပြည် မက်ဒရစ်ရွှေမြို့တော်မှ ရောက်လာခဲ့ခြင်းဖြစ်လေသည်။

ဝင်းမှူးကြီးအဆောင်အယောင်တို့ ဆင်ယင်ထားသည့် ဒီဗျူးဆေးသည် ဧကရာဇ်ဘုရင် နပိုလီယန်အတွက် ပါရီမှ ၎င်းကိုယ်တိုင်ယူဆောင်လာသော လက်ဆောင်သေတ္တာငယ်ကို အယူခိုင်းလိုက်ပြီးနောက် နပိုလီယန်၏ ယာယီတဲနန်း ပထမအဆောင်တွင်းသို့ ဝင်ရောက်လာခဲ့သည်။ ထိုနောက် မိမိအနီးတွင် ဝိုင်းအုံလျက်ရှိကြသော နပိုလီယန်၏ကိုယ်ရံတော်ဗိုလ်များနှင့် အာလာပ သလ္လာပ

www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုလျက်ရှိရင်း လက်ဆောင်သေတ္တာငယ်ကို ဖွင့်လျက်ရှိ၏။

ဗိုလ်မှူးကြီး ဖေဖီးယားမှာကား ယာယီတဲနန်းတွင်းသို့ ရောက်မလာသေးဘဲ မိမိ၏အသိအကျွမ်း ဗိုလ်ချုပ်ကြီးများနှင့် တဲဝတွင် စကားကောင်းကျန်ရစ်ခဲ့သည်။

ထိုအချိန်၌ ဧကရာဇ်ဘုရင် နပိုလီယန်သည် အိပ်ဆောင်တွင်းမှ ထွက်တော်မူခြင်းမရှိသေးဘဲ ကိုယ်လက်သန့်စင်ခြင်းအမှုကို ပြုလျက်ရှိ၏။ နပိုလီယန်သည် ပါးစပ်မှ တစ်စုံတစ်ရာကို ခပ်တိုးတိုးမြည်တမ်းကာ နာတရှူးရှူးမှုတ်လျက်ရှိရင်း လက်ပါးစေတစ်ယောက်က အသားတိုက်ဝက်မင်ဘီးဖြင့် ပွတ်တိုက်ပေးနေခြင်းကို ခံယူလျက်ရှိ၏။ တစ်ခါတစ်ရံ၌လည်း နပိုလီယန်သည် ၎င်း၏ကျောပြင်နှင့် အမွေးအမှင်တို့ ထူထပ်စွာပေါက်လျက်ရှိသော ဖြူဖွေးနူးညံ့သည့်ရင်ဘတ်တို့ကို အလိုက်သင့်လှည့်ပေး၏။ အခြားလက်ပါးစေတစ်ယောက်ကား ပုလင်းဝကို လက်ညှိုးဖြင့် ပိတ်ကာ နပိုလီယန်၏ အဆီအစ်၍ နူးညံ့သောခန္ဓာကိုယ်ပေါ်ကို ပြင်သစ်ပြည်ထွက် အော်ဒီကလုံးရေမွှေးကို ဆွတ်ဖျန်းလျက်ရှိ၏။ ထိုလက်ပါးစေ၏မျက်နှာထားမှာ ဧကရာဇ်ဘုရင် နပိုလီယန်၏ခန္ဓာကိုယ်ပေါ်၌ မည်သည့်နေရာ၊ မည်သည့်အစိတ်အပိုင်းကို ရေမွှေး မည်မျှပက်ဖျန်းရမည်ဟု သိသူမှာ ဤကမ္ဘာလောကကြီးတွင် မိမိတစ်ဦးတည်းသာရှိသည်ဟူသော အမူအရာကို ဆောင်လျက်ရှိ၏။ နပိုလီယန်၏တိုနှံ့နှံ့ဆံပင်သည် ဆီမွေး တို့ဖြင့် ရွှဲစိုလျက်ရှိ၍ နဖူးပေါ်တွင် ကျစ်ထား၏။ နပိုလီယန်၏မျက်နှာသည် ဖြူရော်ကာ ဖောသွတ်သွတ်ဖြစ်လျက်ရှိသော်လည်း ကျေနပ်နှစ်သိမ့်ခြင်းကို ဖော်ပြလျက်ရှိလေသည်။

"ဟဲ့ ခပ်နာနာကလေး ပွတ်စမ်းလဟဲ့" နပိုလီယန်က ၎င်း၏ကျောပြင်အား ပွတ်သပ်လျက်ရှိသည့် လက်ပါးစေကို ပြော၏။

ယမန်နေ့က တိုက်ပွဲတွင် ဖမ်းဆီးရမိခဲ့သည် ရုရှားသုံ့ပန်းများ၏အရေအတွက်ကို သံတော်ဦးတင်ရန် ရောက်လာသော ကိုယ်ရံတော်ဗိုလ်တစ်ဦးသည် ကိစ္စအဝဝကို လျှောက်တင်ပြီးသော်လည်း ဧကရာဇ်ဘုရင်၏အမိန့်မရသေးသဖြင့် မလှမ်းမကမ်းတွင် ရပ်ခစားလျက် ရှိ၏။ နပိုလီယန်သည် ကိုယ်ရံတော် တပ်ဗိုလ်ကို မျက်မှောင်ကုတ်ကြည့်လိုက်သည်။

"သုံ့ပန်းမထားနှင့် သင်းတို့အပြုအမူသည် သုံ့ပန်းများကို မသတ်သတ်အောင် ပြုနေသကဲ့သို့ ဖြစ်သည်၊ ရုရှားတပ် ဤတစ်ကြိမ်တွင် ပြုတ်ပြုတ်ပြုန်းစေရမည်၊ ဟဲ့ မောင်မင်း နာနာပွတ်စမ်းပါလဟဲ့"

နပိုလီယန်က ဤသို့ပြောရင်း အဆီအစ်နေသော ပခုံးကို လှည့်ပေးလိုက်သည်။

"ကောင်းပြီ ဒီဗျူးဆေးနဲ့ ဖေဖီးယားတို့ကို ရှေ့တော်သွင်းစေ မောင်မင်း" နပိုလီယန်က ကိုယ်ရံတော်ဗိုလ်ကို ခေါင်းညိတ်ပြလိုက်သည်။

"မှန်ပါ့ ဘုရား" ကိုယ်ရံတော်ဗိုလ်သည် ယာယီတဲနန်းတံခါးဝတွင် ပျောက်ကွယ်သွားလေသည်။

လက်ပါးစေနှစ်ဦးတို့သည် ဧကရာဇ်ဘုရင် နပိုလီယန်အား ဝတ်လဲတော်များကို လျင်မြန်စွာ ဆင်ယင်ပေးသည်။ နပိုလီယန်သည် ကိုယ်ရံတော် တပ်ဗိုလ်ချုပ်၏အပြာ၏ရောင်ဝတ်စုံကို ဝတ်ဆင်ကာ မြဲမြဲသွက်လက်သောခြေလှမ်းများဖြင့် ဧည့်ခန်းဆောင်ဘက်ဆီသို့ ထွက်လာခဲ့၏။

ထိုအတောအတွင်း၌ကား ဝင်းမှူးကြီး ဒီဗျူးဆေးမှာ မိဖုရားခေါင်ကြီးက ဆက်သလိုက်သော လက်ဆောင်ပဏ္ဏာမျိုးစုံကို ဧည့်ခန်းဆောင်ရှိ ထိုင်ခုံနှစ်လုံးပေါ်တွင် တင်၍ခင်းကျင်းရင်း အလုပ်များလုပ်လျက် ရှိ၏။ သို့ရာတွင် နပိုလီယန်မှာ ဝတ်လဲတော်ဆင်ပြီးသည်နှင့် တစ်ပြိုင်နက် ခြေလှမ်းကျဲကြီးများဖြင့် လျင်မြန်စွာရောက်ရှိလာသည့်အတွက် ဝင်းမှူးကြီး ဒီဗျူးဆေးမှာ ဘုရင်ဧကရာဇ်အား အံ့အားသင့်စေရန် ရည်ရွယ်ချက်ဖြင့် လက်ဆောင်ပဏ္ဏာများ ခင်းကျင်းခြင်းအလုပ်ကို အပြီးမသတ်လိုက်ရချေ။

နပိုလီယန်သည် မိမိအား ဝင်းမှူးကြီး ဒီဗျူးဆေးနှင့် ဗိုလ်မှူးကြီး ဖေဖီးယားတို့က အံ့အားသင့်စေရန် ကြိုတင်စီမံနေကြကြောင်းကို သတိထားမိပြီးဖြစ်ရုံမက အဆင်သင့်မဖြစ်သေးကြောင်းကိုလည်း ရိပ်စားမိလိုက်သည်။ ထို့ကြောင့် နပိုလီယန်သည် ရုတ်တရက်လက်ဆောင်ပဏ္ဏာများဆက်သ၍ မိမိအား အံ့အားသင့်စေခြင်းဖြင့် ကြည်နူးလိုသော ၎င်းတို့၏ဆန္ဒကို လိုက်လျောသည့်အနေဖြင့် ဝင်းမှူးကြီး ဒီဗျူးဆေးကို မမြင်ယောင်ပြုကာ ဗိုလ်မှူးကြီး ဖေဖီးယားကိုသာ ရှေ့တော်သို့ ဆင့်ခေါ်ပြီး ဖေဖီးယား၏

www.burmeseclassic.com

www.burmeseclassic.com

လျှောက်တင်ချက်ကို တင်းမာသောရာဇကြွေးနှိပ်နှင့် နားထောင်လျက်ရှိ၏။ ဗိုလ်မှူးကြီး ဖေဗီးယားသည် ဥရောပတိုက်၏အခြားအစွန်းတစ်ဖက်ဖြစ်သော ဆာလာမန်ကာဒေသ၌ ဘုရင်ဧကရာဇ်၏တပ်တော်များ မည်မျှ သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းကြပုံ၊ မည်မျှ သူရဿတ္တိပြောင်မြောက်စွာ အမှုတော်ထမ်းကြပုံတို့ကို လျှောက်တင်လျက်ရှိ၏။ ထိုသို့ လျှောက်တင်လျက်ရှိသည့် အတောအတွင်းတွင် ဗိုလ်မှူးကြီး ဖေဗီးယား၏စိတ်၌ မိမိ၏လျှောက်တင်ချက်များသည် ဘုန်းတော်ကြီးသော ဧကရာဇ်နပိုလီယန်ရွေနားတော်သို့ တိုက်ရိုက် လျှောက်ကြားလောက်အောင်ကြီးကျယ်ခမ်းနားသော အရေးကိစ္စကြီးတစ်ခုဖြစ်ကြောင်း ပြလိုစိတ်၊ မိမိလျှောက်တင်ချက်ကို ဧကရာဇ်ဘုရင် နပိုလီယန် အလိုတော်ကျ ဖြစ်ပါမည်လောဟူသော စိုးရိမ်စိတ်တို့သည် ဒွန်တွဲလျက် ရှိကြ၏။ ထိုစစ်ပွဲမှာ ပြင်သစ်တို့အဖို့ အသည်းနာသောစစ်ပွဲ ဖြစ်၏။ နပိုလီယန်သည် ဗိုလ်မှူးကြီး ဖေဗီးယား လျှောက်တင်နေစဉ်အတောအတွင်း၌ မိမိကိုယ်တော်တိုင် ချိတက်တိုက်ခိုက်ခြင်း မရှိကတည်းက ဤသို့အရေးနိမ့်မည်ကို သိပြီးသားဖြစ်သည် ဟူသော သဘောမျိုးဖြင့် ခပ်လှောင်လှောင် မိန့်ကြားခြင်း ပြု၏။

"အိမ်း ဆာလာမန်ကာမှာ အရေးနိမ့်ရင် မော်စကိုကျတော့ ရင်းစားပြန်ရအောင် လုပ်ရမှာပ၊ ကဲ ဗိုလ်မှူးကြီး ပင်ပန်းဟန်တူသည်၊ နောင်မှ ခစားဝင်" ဟု ဆိုကာ ဝင်းမှူးကြီး ဒီဗျူးဆေးကို ဆင့်ခေါ်စေသည်။ ထိုအချိန်၌ကား ဝင်းမှူးကြီး ဒီဗျူးဆေးမှာ မိဖုရားခေါင်ကြီးက ဆက်သလိုက်သော လက်ဆောင်ပဏ္ဏာများကို ဧကရာဇ်ဘုရင်အံ့အားသင့်စေရန်အတွက် ထိုင်ဖုံပေါ်တွင် တင်ကာ အဝတ်တစ်ခုကိုလွှမ်းထားလျက် အဆင်သင့်ခင်းကျင်းပြီး ဖြစ်နေလေပြီ။

ဝင်းမှူးကြီး ဒီဗျူးဆေးသည် ပြင်သစ်ကာဘွန်းမင်းမျိုးမင်းနွယ်ထဲတွင် ခစားဖူးသော နန်းတွင်းသားများသာပြုလုပ်တတ်သည့် လွန်စွာယဉ်ကျေးသိမ်မွေ့လှသော ပြင်သစ်ဦးညွှတ်နည်းဖြင့် ဦးညွှတ်ကာ ခပ်ယို့ယို့ဝင်ရောက်လာ၍ ခစားပြီးနောက် စာအိတ်တစ်လုံးကို လှမ်း၍ဆက်သလေသည်။

နပိုလီယန်သည် ဝင်းမှူးကြီး ဒီဗျူးဆေးဘက်သို့ လှည့်ကာ ဝင်းမှူးကြီး ဒီဗျူးဆေး၏နားရွက်ကို ဆွဲ၍ ကျီစယ်လိုက်သည်။

"ငါ့ကျေးတော်မျိုး ဝင်းမှူးကြီး ခရီးပြင်းနှင်လာရဟန် တူသည်၊ ငါ့ကျေးတော်မျိုး ဝင်းမှူးကြီးကို မြင်ရ၍ ဝမ်းသာမိသည်၊ နေပါဦး ပါရီရွှေမြို့တော်တွင် ဘာတွေပြောနေကြသနည်း"

နပိုလီယန်သည် တင်းမာသောအသံကို ဖျောက်၍ ရင်းနှီးစွာ မေးလိုက်သည်။

"မှန်လှပါ ဘုန်းတော်ကြီးသော ဘုရားကိုယ်တော်တိုင်မရှိသည့်အတွက် ပါရီရွှေမြို့တော်ကြီးသည် ဝမ်းနည်းလွမ်းဆွတ်လျက် ရှိပါကြောင်းပါ"

ဝင်းမှူးကြီး ဒီဗျူးဆေးက အလိုက်အထိုက်လျှောက်တင်လိုက်ခြင်း ပြု၏။

ဝင်းမှူးကြီး ဒီဗျူးဆေးသည် ဗောင်းတော်ညီတစ်တော်သိသူပီပီ ဤစကားမျိုးမှအပ အခြားလျှောက်တင်ရန်မရှိခြင်းကို လည်းကောင်း၊ မိမိကိုယ်တော်တိုင်အားပါရီရွှေမြို့တော်ကြီးက လွမ်းဆွတ်တမ်းတလျက်ရှိသည်ဆိုခြင်းမှာ ခေါင်းအေးအေးဖြင့်တွေးလျှင် မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်ဖွယ်မရှိသည့်အချက်ကို လည်းကောင်း နပိုလီယန်သိသော်လည်း ထိုစကားမျိုးကို ဝင်းမှူးကြီး ဒီဗျူးဆေးထံမှကြားသိလိုက်ရသောအခါ၌ကား ကျေနပ်အားရလျက် ရှိလေသည်။ ထို့ကြောင့် ဧကရာဇ်ဘုရင် နပိုလီယန်သည် ဝင်းမှူးကြီး ဒီဗျူးဆေးအား နားရွက်ဆွဲ၍ ကျီစယ်ခြင်းဖြင့် ချီးမြှင့်မြှောက်စားခြင်း ပြုပြန်သည်။

"ငါ့ကျေးတော်မျိုး ဝင်းမှူးကြီးကို ဤမျှဝေးလံသောဒေသမှ ဆင့်ခေါ်ရသည့်အတွက် ငါကိုယ်တော်မြတ် စိတ်မကောင်းဘူး မောင်မင်း"

"မှန်ပါ ဘုန်းတော်ကြီးသောဘုရားအား မော်စကိုမြို့တံခါးဝတွင် ဖူးတွေ့ရသည်ဆိုလျှင် ထိုထက်ဆယ်ပြန်ဝေးသောခရီးက လာဆိုလျှင်လည်း ပြေးလာမည်သာဖြစ်ကြောင်းပါ ဘုရား"

နပိုလီယန်က ပြုံးလိုက်ပြီးနောက် မျက်နှာကို မော့ကာ လက်ယာဘက်သို့ ကြည့်လိုက်သည်။ ကိုယ်ရံတော်ဗိုလ်တစ်ဦးသည် အပြေးရောက်လာကာ ဒူးတုပ်၍ ရွှေသားဖြင့်ပြုလုပ်သော ရှူဆေးဘူးကို ဆက်၏။ နပိုလီယန်သည် ရွှေရှူဆေးဘူးကို လှမ်းယူလိုက်သည်။

"အိမ်း ငါ့ကျေးတော်မျိုး ဝင်းမှူးကြီး ကဲကောင်း

www.burmeseclassic.com

www.burmeseclassic.com

သည်" နပိုလီယန်က ရှာဆေးဘူးကိုဖွင့်၍ နှာဝသို့ တေ့ထားလိုက်၏။ "မောင်မင်း ခရီးသွား ဝါသနာပါသည်၊ နောင် သုံးရက်အတွင်း မော်စကိုကို မြင်ရတော့မည်၊ အရှေ့တိုင်းမြို့တော်ဖြစ်သော မော်စကိုကို မမျှော်လင့်ဘဲ သင် မြင်ရတော့မည်၊ ငါ့ကျေးတော်မျိုးကြီး ဝါသနာ အလျောက် ခရီးသွားရတော့မည်"

ဝင်းမူးကြီး ဒီဗျူးဆေးသည် မိမိခရီးသွား ဝါသနာပါကြောင်းကို နပိုလီယန် အရေးတယူ ထုတ်ဖော်ပြောဆိုခြင်းကြောင့် ပိတိဖြစ်လျက် ကျေးဇူးတင်စွာဖြင့် ခေါင်းညွှတ်၍ ခစားလိုက်၏။ (မိမိ ခရီးသွားဝါသနာပါကြောင်းကို နပိုလီယန်ပြောမှပင် ဝင်းမူးကြီး ဒီဗျူးဆေး သတိထားမိပါသည်။)

"အလို မှန်းစမ်း၊ ဘာတွေများလဲ ကျေးတော်မျိုးကြီးရဲ့" နပိုလီယန်က အဝတ်စတစ်ခု ဖုံးထားသည့် အရာကို ဝိုင်းအုံကြည့်နေကြသည့် နန်းတော်သားများကို ကြည့်၍ ပြောလိုက်၏။

ဝင်းမူးကြီး ဒီဗျူးဆေးသည် နန်းတွင်းသားတို့၏ ကျွမ်းကျင်ဖျတ်လတ်ခြင်းမျိုးဖြင့် ကိုယ်ကို ချာခနဲတစ်ဝက်လှည့်ကာ နပိုလီယန်ကို ခစားရင်း နောက်သို့ ခြေလှမ်းဆုတ်၍ လာခဲ့ပြီး အဝတ်ဖုံးကို လှန်လိုက်သည်။

"မှန်လှပါ နန်းမတော်ဘုရားက ဆက်သလိုက်သော လက်ဆောင်ပဏ္ဏာပါဘုရား"

ထိုလက်ဆောင်ပဏ္ဏာကား နပိုလီယန်နှင့် (ဩစတြီးယားဘုရင်ဧကရာဇ်၏ သမီးတော်) မိဖုရားခေါင်ကြီးတို့မှ မွေးမွာသော သားတော်လေး၏ ပုံတူဖြစ်လျက် ပြင်သစ်နန်းတွင်းပန်းချီကျော် ဂျီးရတ်က ရေးဆွဲထားခြင်းဖြစ်၏။ (မည်သည့်အတွက်ကြောင့် မသိ။ ထိုသားတော်ကလေးကို 'ရောမနိုင်ငံ၏ ဘုရင်' ဟုလည်း ခေါ်ကြသည်။)

ရုပ်ပုံထဲတွင် သားတော်ကလေးမှာ ခရစ်တော်ငယ်စဉ်ကကဲ့သို့ ဆံပင်ကောက်ကလေးနှင့် ချစ်စဖွယ် သူငယ်ကလေးတစ်ယောက်ဖြစ်၍ ဘောလုံးတစ်လုံးကို တုတ်ချောင်းတစ်ချောင်းနှင့် ကစားနေဟန်ဖြစ်၏။ ဘောလုံးမှာ ကမ္ဘာလုံးပုံသဏ္ဌာန်ဖြစ်၍ တုတ်ချောင်းမှာ ရာဇလုံတံ၏ ပုံသဏ္ဌာန် ဖြစ်သည်။

နန်းတွင်းပန်းချီကျော် ဂျီးရတ်သည် ကမ္ဘာလုံးကြီးကို ရာဇလုံတံဖြင့် ကစားနေဟန် ရေးဆွဲရာ၌ မည်သည့် ရည်ရွယ်ချက်ဖြင့် ရေးဆွဲခြင်းဖြစ်ကြောင်း မသိရသော်လည်း (ပါရီရွှေမြို့တော်တစ်မြို့လုံးက ယူဆကြသကဲ့သို့ပင်) နပိုလီယန်ကမူ မိမိသားတော်သည် ကမ္ဘာကြီးကို စိုးမိုးရမည်ဟူသော အနက်အဓိပ္ပာယ်ပင်ဖြစ်သည်ဟု ယူဆကာ များစွာနှစ်ထောင်းအား ရဖြစ်လျက် ရှိလေသည်။

"အိမ်း ရောမနိုင်ငံကြီးရဲ့ ဧကရာဇ်လေးပေပဲ၊ တယ်လဲ မြတ်နိုးဖွယ်ကောင်းပါကလား၊ ကျေးတော်မျိုးကြီးရဲ့" နပိုလီယန်က ကျက်သရေရှိလှသော ဟန်အမူအရာကို ဆောင်လျက် ရုပ်ပုံကို ညွှန်ပြ ပြောလိုက်သည်။

ထိုမှ တစ်ဖန် မျက်နှာအမူအရာကို ရုတ်ခြည်းပြောင်းရာ၌ သဘာဝကျကျ ပြောင်းနိုင်စွမ်းရှိသည့် အီတလီနွယ်ဖွား နပိုလီယန်သည် ပုံတူကားချပ်အနီးသို့ လျှောက်လာကာ ကြင်နာနူးညံ့သည့်မျက်နှာထားကို ဆောင်ထားလိုက်ပြန်သည်။ ဤအချိန်အတောအတွင်း၌ မိမိပြောမည့် စကားနှင့် တကွ မိမိပြုမည့် အပြုအမူတို့သည် ရာဇဝင်တွင်ကျန်ရစ်ရမည့် စကား၊ ရာဇဝင် တွင်ကျန်ရစ်ရမည့် အပြုအမူမျိုးဖြစ်ရမည်ဟု နပိုလီယန် ယူဆဟန်တူ၏။ ထို့ကြောင့် ဤနေရာတွင် သားတော်အား ကမ္ဘာလုံးကြီးနှင့် ကစား မြူးထူးစေနိုင်လောက်အောင် ဘုန်းတန်ခိုးကြီးမားသည့် မင်းဧကရာဇ်၏ ခမ်းနားတင့်တယ်သော အမူအရာမျိုးကို ပြရန်ထက် သာမန်ဖခင်တစ်ဦးက သားကိုကြည့်၍ ကြည်နူးနေသည့်အမူအရာမျိုးကို ပြက ပို၍လေးနက်စေလိမ့်ဟု ကြံကာ မျက်လုံးများမှေး၍ ရှေ့သို့ တိုးလာခဲ့လျက် (မိမိ၏ဘုန်းတော်အလျောက် အလိုအလျောက် ရောက်လာဟန်ရှိသော) ထိုင်ဖုံကို ငုံ့ကြည့်ပြီးနောက် ထိုင်ချကာ သားတော်၏ရုပ်ပုံလွှာကို ကြီးစွာသော မြတ်နိုးခြင်းဖြင့် ရှုစားလျက် ရှိလေသည်။ အနီးရှိ ကိုယ်ရံတော်အားလုံးတို့သည်လည်း ဧကရာဇ်ဘုရင် နပိုလီယန်၏ အရိပ်အခြည်ကို မြင်ကာမျှဖြင့် သဘောကို အလိုလိုနားလည်ရကား ဝိုင်းဝန်းခစားနေကြရာမှ ကြီးမားသောပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး နပိုလီယန်အား တစ်ယောက်တည်း လွတ်လပ်စွာတွေးတောကြည်နူးနေနိုင်စေရန် ခြေဖျားထောက်၍ ထွက်လာခဲ့ကြသည်။

ဧကရာဇ်ဘုရင် နပိုလီယန်သည် ဤသို့ အတန်ကြာမျှထိုင်နေပြီးနောက် သားတော်၏ရုပ်ပုံကားချပ်ပေါ်တွင် အထင်းဆုံးဖြစ်နေသော ဆေးသားထူထူနေရာကို

www.burmeseclassic.com

www.burmeseclassic.com

လက်ဖြင့် တို့ထိလိုက်ကာ (အဘယ်ကြောင့် ဤသို့ပြုလုပ်လိုက်မိမှန်းကိုမူ နပိုလီယန်ကိုယ်တိုင်ပင် မသိပါ။) ထိုင်ရာမှ ဖြည်းညင်းစွာထ၍ ဝင်းမူးကြီး ဒီဗျူးဆေးနှင့် တာဝန်ကျကိုယ်ရံတော်ကို ဆင့်ခေါ်လိုက်သည်။ ထို့နောက် ယာယီစံနန်းကိုစောင့်ရှောက်လျက်ရှိကြသည့် တပ်ဗိုလ် တပ်သားများအား ၎င်းတို့၏ဦးထိပ်ထားအပ်သော ဘုရင်ဧကရာဇ်မင်းမြတ်၏ အရိုက်အရာကို ဆက်ခံမည့်သားတော်အားဖူးမြော်ခွင့်ရစေရန်အတွက် ရုပ်ပုံကားချပ်ကို ယာယီတဲနန်းအပြင်သို့ ယူဆောင်သွားရန် အမိန့်ပေးလိုက်သည်။

နပိုလီယန်သည် ရွှေနန်းတော်ဝင်းမှူးကြီး ဒီဗျူးဆေးအား ချီးမြှင့်မွှောက်စားသောအားဖြင့် မိမိနှင့် အတူနံနက်စာ စားသုံးစေလျက်ရှိသည့်အတောအတွင်း၌ကား မိမိမျှော်လင့်ထားသကဲ့သို့ပင် ရုပ်ပုံကားကို လာရောက်ဖူးမြော်နေကြသည့် ကိုယ်ရံတော် တပ်ဗိုလ် တပ်သားများ၏ဝမ်းသာအားရ ကြွေးကြော်ဟစ်အော်နေသံများကို ကြားရလေသည်။

"ဘုန်းတော်ကြီးသော ဘုရင်ဧကရာဇ်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ၊ ရောမနိုင်ငံ၏ ဧကရာဇ် ဘုရင်လေး သက်တော်ရာကျော် ရှည်ပါစေ၊ ဘုန်းတော်ကြီးသော ဧကရာဇ်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ"

နံနက်စာ ပွဲတော်တည်ပြီးသည့်အခါ၌ နပိုလီယန်သည် ဝင်းမူးကြီး ဒီဗျူးဆေး၏ ရှေ့၌ပင် တပ်တွင်းအမိန့်တော်ပြန်တမ်းကို နှုတ်မှ ရွတ်ပြကာ တပ်ရေးတစ်ယောက်အား လိုက်လံရေးစေသည်။

ထို့နောက် နပိုလီယန်သည် တပ်တွင်းအမိန့်တော်ပြန်တမ်းကို ပြန်ဖတ်စေ၏။ ပြင်ဆင်ချက် တစ်စုံတစ်ရာမပါဘဲ မိမိနှုတ်မှ ဆက်တိုက်ရွတ်ပြသွားသော ပြန်တမ်းကို ပြန်၍ကြားနာခြင်း ပြု၏။

"အိမ်း တိုတိုတုတ်တုတ်နဲ့ တယ်ပြီး ခွန်အားရှိတဲ့ စာပေပဲ" ဟု နပိုလီယန်က မိန့်တော်မူ၏။ အမိန့်တော်ပြန်တမ်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

'တပ်ပါ၊ ဗိုလ်၊ စစ်ကဲ၊ နာခံ၊ တပ်မှူး အမိန့်တော်၊ ဤတိုက်ပွဲသည် သင်တို့အားလုံး မျှော်လင့်စောင့်စားလျက်ရှိသောတိုက်ပွဲကြီး ဖြစ်သည်။ ဤတိုက်ပွဲ အောင်ပွဲရ မရမှာ သင်တို့အပေါ်တွင် တည်သည်။ ဤတိုက်ပွဲ၌ ငါတို့ပွဲလမ်းရရန် အရေးကြီးသည်။ ဤတိုက်ပွဲနိုင်က သူရဲ၊ သူခက်၊ ရဲမက်၊ ဗိုလ်ပါတို့ ချမ်းသာစွာနေထိုင်ကြရ၍ နေပြည်တော်သို့ အမြန် ပြန်ရောက်ကြမည်။ ဩစတားလစ်၊ ဖရိလင်း၊ ဗီတက်နှင့် စမိုးလင့်တိုက်ပွဲများ၌ နှလုံးမကွဲ တစ်စိတ်တစ်ဝမ်းတည်း အသက်ဦးလည်း မငဲ့မကွက် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းရွက်၍ တစ်ဖက်ရန်ကို အောင်မြင်ခဲ့သည့်နည်းတူ ယခုပွဲ၌လည်း အရေးတော်ရအောင် ကြိုးပမ်းကြရမည်။ ဤတိုက်ပွဲ၌ သင်တို့အရေးတော် အောင်ခဲ့ခြင်းကို သင်တို့သား၊ မြေး၊ မြစ်တို့ ဂုဏ်ယူဝင့်ကြွားနိုင်အောင် ကြိုးစားကြရမည်။ 'ငါတို့ဘိုး၊ ငါတို့ဖကား မော်စကို ရှေ့ပြေးတိုက်ပွဲတွင် ပါဝင်ခဲ့သူ' ဟု နှောင်းလူတို့ ပြောစမှတ်ပြုခြင်းခံရအောင် သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းရွက်နိုင်ကြစေ၊ အမိန့်တော်။

နပိုလီယန်သည် နောက်ဆုံးစကားလုံးကို ထပ်၍ ရွတ်ကာ ခရီးသွားဝါသနာထုံသည်ဆိုသော ဝင်းမူးကြီး ဒီဗျူးဆေးအား မိမိနှင့်အတူ မြင်းစီးလိုက်ပါရန်ခေါ်ပြီး နောက် ယာယီတဲနန်းမှ ထွက်၍ မြင်းများ အဆင်သင့်ပြင်ထားရာသို့ လာခဲ့သည်။

"မှန်ပါ ဘုန်းတော်ကြီးသော ဘုရား၊ ကြင်နာသနားတော်မူခြင်းကြောင့် လိုက်ပါရန် အဆင်သင့်ရှိကြောင်းပါ"

ဝင်းမူးကြီး ဒီဗျူးဆေးက လျှောက်တင်ခြင်း ပြု၏။ အမှန်၌ကား ဝင်းမူးကြီး ဒီဗျူးဆေးသည် ခရီးပန်း၍ အိပ်ချင်လှပေပြီ။ ထိုမျှမက မြင်းစီးတတ်သူလည်း မဟုတ်သည့်အလျောက် မြင်းစီးရမည်ကိုကြောက်လျက် ရှိလေပြီ။

သို့ရာတွင် နပိုလီယန်က ခေါင်းညိတ်ပြသည်၌ ဝင်းမူးကြီး ဒီဗျူးဆေးမှာ မနေသာတော့ဘဲ မြင်းပေါ်သို့ မရဲတရဲ တက်လိုက်လေသည်။ ယာယီတဲနန်းမှ နပိုလီယန် ထွက်တော်မူသောအခါ၌ သားတော် 'ရောမဧကရာဇ် ဘုရင်ကလေး' ၏ ရုပ်ပုံရှေ့တွင် ဟစ်အော်လျက်ရှိသော ကိုယ်ရံတော်တပ်သားများ၏ ကြွေးကြော်သံများသည် ပို၍ကျယ်လောင်လာကြ၏။ နပိုလီယန်သည် မျက်မှောင်ကုတ်၍ လွန်စွာတင့်တယ်သောအမူအရာကို ဖြစ်စေလျက် လက်ညှိုး

www.burmeseclassic.com

www.burmeseclassic.com

ညွှန်တော်မူကာ

"သားတော်၏ ရုပ်ပုံကို တခြား ယူသွားကြစမ်း ကွယ်ရို့၊ တခြားကို ယူသွားကြစမ်း၊ သားတော်လေး၏ အရွယ်သည် စစ်မြေကို မြင်ကောင်းတဲ့အရွယ် မဟုတ်သေး" ဟု မိန့်တော်မူ၏။

ဝင်းမူးကြီး ဒီဗျူးဆေးသည် မျက်လုံးများကိုမှိတ်၍ ဦးညွတ်လိုက်ပြီးနောက် သက်ပြင်းကြီးတစ်ချက် ချလိုက်သည်။ ထိုအမူအရာကား ဝင်းမူးကြီး ဒီဗျူးဆေးသည် ဧကရာဇ်ဘုရင် နပိုလီယန်၏စကားများအဓိပ္ပာယ်ကို အလေးအနက်သဘောပေါက်နားလည်၍ အလွန်အမင်း တန်ဖိုးထားကြောင်းကို ပြသလိုက်သည့်အမူအရာဖြစ်ချေသည်တမုံ့။

အခန်း ၂၇

'သြဂုတ်လ ၂၅-ရက်နေ့၌ နပိုလီယန်သည် မြင်းတစ်စီးဖြင့် နယ်မြေအနေအထားကို လှည့်လည်စစ်ဆေးခြင်း၊ စစ်သူကြီးများ တင်ပြသော စစ်ဆင်ရေးစီမံကိန်းများကို စဉ်းစားဆွေးနွေးခြင်း၊ ဗိုလ်ချုပ်များအား ကိုယ်တိုင်ကွပ်ကဲ ကြပ်မတ်၍ အမိန့်ပေးခြင်းဖြင့် တစ်နေ့လုံး အချိန်ကို ကုန်လွန်စေ၏' ဟု ၎င်း၏ရာဇဝင်ဆရာများက ရေးသားခဲ့ကြလေသည်။

သြဂုတ်လ ၂၄-ရက်နေ့၌ ရန်သူပြင်သစ်များက ရှီဗာဒီနိုခံတပ်ကို သိမ်းပိုက်လိုက်ကြသည့်အတွက် ကိုလိုချာ မြစ်ရိုးအတိုင်း မူလက စွဲထားခဲ့သော ရုရှားခံစစ်ကြောင်းမှာ ရွေ့သွားခဲ့လေပြီ။ ထိုခံစစ်ကြောင်း၏ လက်ဝဲတောင်ပံကိုလည်း ရုပ်သိမ်းခဲ့ရလေပြီ။ ရုရှားခံစစ်ကြောင်း၏ လက်ဝဲတောင်ပံသည် ကတုတ်ကျင်းများဖြင့် အခိုင်အမာ တည်ဆောက်ခြင်း မရှိခဲ့ရုံမျှမက ထိုနေရာတစ်ဝိုက်၌ မြေပြင်အနေအထားသည်လည်း အခြားသော နေရာများကဲ့သို့ ကုန်းမြင့်ကမူ၊ တောင်ဂူ တောင်စွယ်စသည့် အကွယ်အကာဟူ၍ မရှိလှဘဲ ဟင်းလင်းပွင့်လျက်ရှိသော မြေပြန့်လွင်ပြင်ကြီးများဖြစ်လျက်ရှိခြင်းကြောင့် ပြင်သစ်တို့အဖို့ ထိုနေရာကို ပထမဆုံး စတင်တိုက်ခိုက်ရမည်သာ ဖြစ်သည်။ ဤအချက်မှာ စစ်ရေးစစ်ရာကို နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ လူတိုင်းနားလည်နိုင်သောအချက်ဖြစ်သည်။ ဤအချက်ကို ရေးကြီးခွင့်ကျယ် စဉ်းစားနေဖို့ မလိုချေ။ ဘုရင်ဧကရာဇ်နှင့် စစ်သူကြီးများကိုယ်တိုင် အပတ်တကုတ်အားထုတ် စဉ်းစားနေဖို့လည်း မလိုချေ။ နပိုလီယန်တွင်ရှိသည်ဟု ပြောဆိုလျက် ရှိကြသည့် ဘုန်းတန်ခိုးပါရမီခေါ်သော အထူးကြီးကျယ်သည့် ဉာဏ်ပညာဖြင့် ဆင်ခြင်တိုင်းထွာနေဖို့လည်း မလိုချေ။ သို့သော်လည်း နောင်သောအခါတွင် ဤအဖြစ်အပျက်ကို ရေးသားကြသည့် ရာဇဝင်ဆရာများ၊ နပိုလီယန်၏အပါးတွင် ခစားလျက်ရှိသူများနှင့်တကွ နပိုလီယန်ကိုယ်တိုင်မှာမူကား ဤမျှလွယ်ကူသောအချက်ကို မမြင်နိုင်ကြရာဘဲ ရေးကြီးခွင့်ကျယ်လုပ်၍ စဉ်းစားခဲ့ကြပေသည်။

နပိုလီယန်သည် မြင်းတစ်စီးဖြင့် လွင်ပြင်တစ်ဝိုက်တွင်လှည့်ပတ်၍ လွန်စွာ အရေးကြီးဟန်ကို ဆောင်လျက် နယ်မြေအနေအထားကို စစ်ဆေးကြည့်ရှုခြင်း ပြုခဲ့၏။ တစ်ခါတစ်ခါ၌ များစွာနှစ်ခြိုက်သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍ တစ်ကြိမ် တစ်ကြိမ်တွင်လည်း သံသယရှိဟန်ဖြင့် ခေါင်းကိုဖြည်းညင်းစွာယမ်းကာ မိမိ၏စိတ်ကူးများကို အပါးတွင် ခစားလိုက်ပါလာကြသော ဗိုလ်ချုပ်ကြီးများနှင့် တိုင်ပင်ဆွေးနွေးခြင်းမရှိဘဲ မိမိဘာသာစဉ်းစားဝေဖန်၍ မိမိသဘောဖြင့် အမိန့်များကို ချမှတ်ခဲ့သည်။ မင်းသားကြီး အက်ကမူဟု အမည်တွင်လျက်ရှိသော စစ်သူကြီး ဒါဇောက်က ရုရှားခံစစ်ကြောင်း လက်ဝဲတောင်ပံအား ဝင်တိုက်ရန် အကြံပေးခြင်းကို နပိုလီယန်သည် အကျိုးအကြောင်းတစ်စုံတစ်ရာ ရှင်းလင်းပြောဆိုခြင်း မရှိဘဲ ပယ်ချလိုက်သည်။ (ရုရှားကတုတ်ကျင်းများကို တိုက်ရန် တာဝန်ကျသည့်) ဗိုလ်ချုပ်ကြီး ကင်ပန်က မိမိ၏တပ်မအား တောအုပ်ထဲမှ ဖြတ်၍ ချီတက်စေသင့်သည်ဟူသော အကြံပေးချက်ကိုမူ နပိုလီယန်က သဘောတူလိုက်သည်။ မြို့စားကြီး အယ်ချင်ဂျင်းဟု ကိုယ့်ကိုယ်ကို ကင်ပွန်းတပ်ထားသော ပြင်သစ်ဗိုလ်ချုပ်နေးက ဤသို့တောအုပ်ထဲမှ ချီတက်လှုပ်ရှားခြင်းမှာ များစွာအန္တရာယ်များသည့်ပြင် အခန့်မသင့်က စစ်ပျက်စေနိုင်ကြောင်းဖြင့် မဝံ့တဝံ့ကန့်ကွက်ပြောဆိုချက်ကို ပယ်ချလိုက်သည်။

ဤသို့ဖြင့် နပိုလီယန်သည် ရှီဗာဒီနိုခံတပ်နှင့် မျက်နှာချင်းဆိုင်ဖြစ်သော နယ်မြေအနေအထားကို စစ်ဆေးကြည့်ရှုပြီးနောက် အတန်ကြာမျှ တိတ်ဆိတ်စဉ်းစားလျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ ထိုနောက် နက်ဖြန်တွင် ရုရှားကတုတ်ကျင်းများကို တိုက်ခိုက်ရန်အတွက် ပြင်သစ်အမြောက်တပ်စုနှင့်စု တပ်စွဲထားရမည့်နေရာများနှင့် ထိုအမြောက်တပ်စုများနှင့် တစ်တန်းတည်းတွင်ပင် မြေပြင်ပစ်အမြောက်မြှောက်တပ်များ တပ်စွဲထားရမည့်နေရာများကို ညွှန်ပြခြင်းပြုလေသည်။

ဤသို့ ကိုယ်တိုင် ကြပ်မတ်ကွပ်ကဲကာ စစ်အခင်းအကျင်းတို့ကို စီရင်ပြီးနောက် နပိုလီယန်သည် ယာယီတဲနန်းသို့ပြန်လာခဲ့ကာ နက်ဖြန်တိုက်ပွဲအတွက် စစ်အင်္ဂါစဉ်ကို ပါးစပ်မှ ရွတ်ပြ၍ တပ်ရေးတစ်ယောက်ကို ရေးမှတ်ယူစေသည်။

နပိုလီယန် ထုတ်ပြန်သည့် စစ်အင်္ဂါစဉ်ကို ပြင်သစ်ရာဇဝင်ဆရာများက ကြီးကျယ်ခမ်းနားစွာ ဖော်ပြကြ၍ အခြားရာဇဝင်ဆရာများကလည်း အရေးတယူဖော်ပြကြသည်။ ထိုစစ်အင်္ဂါစဉ်မှာ အောက်ပါအတိုင်း ဖြစ်၏။

> နောက်ထပ်ရောက်လာသည့် အမြောက်တပ်စုနှစ်စုသည် မင်းသားကြီး အက်ကမူး သိမ်းပိုက်ထားသည့် မြေပြန့်လွင်ပြင်တွင် ညဦးပိုင်းကတည်းက နေရာယူ တပ်စွဲပြီးသား ဖြစ်နေစေရမည်။ နောက်တစ်နေ့ အရုဏ်တက်အချိန်၌ ထိုအမြောက်တပ်စုများက မျက်နှာချင်းဆိုင်ရှိ ရန်သူ အမြောက်တပ်စုနှစ်စုကို စတင်ပစ်ခတ်ရမည်။
>
> ဤအတောအတွင်းတွင် အမှတ်-၁ တပ်ဖွဲ့ မြေပြင်ပစ် အမြောက်တပ်၊ တပ်မှူး ဗိုလ်ချုပ်ပါနက်တီက ဗိုလ်ချုပ် ကင်ပန်၏ တပ်မကြီးမှ အမြောက်မြှောက်တပ်သုံးဆယ်၊ ဗိုလ်ချုပ် ဒက်ဆေးနှင့် ဗိုလ်ချုပ် ဖရိုင်းယန့်၏ တပ်မကြီးများမှ ဗုံးပစ်အမြောက်တိုများအားလုံးနှင့် အတူ ရှေ့သို့ ချီတက်ပစ်ခတ်၍ ရန်သူအမြောက်တပ်စုများကို အမြောက်ဆန်များဖြင့် မိုးသီးမိုးပေါက်ပမာ ကြဲလွှတ်ရမည်။

ထိုအချိန်၌

ကိုယ်ရံတော် မြေပြင်ပစ်အမြောက်တပ်မှ အမြောက် မြှောက်	၂၄
ဗိုလ်ချုပ် ကင်ပန်၏ တပ်မမှ အမြောက် မြှောက်	၃၀
ဗိုလ်ချုပ် ဖရိုင်းယန့်နှင့် ဗိုလ်ချုပ်ဒက်ဆေးတို့၏ တပ်မများမှအမြောက် မြှောက်	၈

စုစုပေါင်း အမြောက် မြှောက်ကြီး ၆၂-လက်တို့ကလည်း တစ်ပြိုင်နက် ပစ်ခတ်နေရမည်။

အမှတ်-၃ တပ်ဖွဲ့နှင့် အမှတ်-၈ တပ်ဖွဲ့များမှ ဗုံးပစ်အမြောက်တို စုစုပေါင်း တစ်ဆယ့်ခြောက်လက်ကို ရန်သူ လက်ဝဲတောင်ပံရှိ ကတုတ်ကျင်းများကို ပစ်ခတ်နေသည့် အမြောက်တပ်စု၏ ဝဲယာတစ်ဖက်တစ်ချက်၌ အမှတ်-၃ တပ်ဖွဲ့၏ တပ်မှူး ဗိုလ်ချုပ် ဖိုချိုက နေရာချထားရမည်။ ဤသို့ဖြင့် ရန်သူ လက်ဝဲတောင်ပံကို ထိုနေရာမှ အမြောက်မြှောက်တပ် အလက်ပေါင်းလေးဆယ်ဖြင့် တရစပ် ပစ်ခတ်ရမည်။

ထိုအတောအတွင်း ကိုယ်ရံတော် မြေပြင်ပစ်အမြောက်တပ်မှ ဗုံးပစ်အမြောက်တို့များနှင့် အတူ အမိန့်ရလျှင် ရချင်း ရန်သူ့ကတုတ်ကျင်းများကို ချီတက် တိုက်ခိုက်စေရန် ဗိုလ်ချုပ်ဆိုဘီးယားက အဆင်သင့်ရှိစေရမည်။

ဤသို့ အမြောက်မြှောက်တပ်များဖြင့် တရစပ် ပစ်ခတ်နေသည့်အတောအတွင်း၌ မင်းသားကြီး ပိုနီယာတိုစကီက တောထဲမှ ဖြတ်၍ ဘိုရိုဒီနိုရွာသို့ ချီတက်ကာ ရန်သူ၏ ခံစစ်ကြောင်းကို ချိုးဖောက်ပစ်ရမည်။

ဗိုလ်ချုပ် ကင်ပန်ကလည်း တောအုပ်ထဲမှ ဖြတ်၍ ရန်သူ၏ အပြင်ခံတပ်ကို သိမ်းပိုက်ရမည်။

ဤသို့ ချီတက်တိုက်ခိုက်ပြီးနောက် ရန်သူ၏ လှုပ်ရှားမှုကို မှီ၍ နောက်ထပ်အမိန့်များ ထုတ်ပြန်မည်။

လက်ယာတောင်ပံမှ အမြောက်ကြီးများ ပစ်ခတ်သံကို ကြားရသည်နှင့် တစ်ပြိုင်နက် လက်ဝဲတောင်ပံရှိ အမြောက်မြှောက်တပ်များက စတင်ပစ်ခတ်ရမည်။ လက်ယာတောင်ပံမှ ရန်သူကို စ၍ ထိုးစစ်ပြုသည်နှင့် တစ်ချက်တည်း ဗိုလ်ချုပ် မိုရန်း၏ တပ်မကြီးမှ လက်ဖြောင့်တပ်သားများနှင့် ဗိုလ်ချုပ်မူးရတ်၏ တပ်မကြီးက အမြောက် မြှောက်တပ်များ ပြင်းထန်စွာ ပစ်ခတ်ပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်မူးရတ်က တံတားသုံးခုကို ကျော်ဖြတ်၍ ဘိုရိုဒီနိုရွာကို သိမ်းပိုက်ကာ ဗိုလ်ချုပ်မိုရန်းနှင့် ဗိုလ်ချုပ်ကျိုးရတ်၏ တပ်မကြီးများနှင့် ရင်ပေါင်တန်းလျက် တောင်ကမူဘက်ဆီသို့ ချီတက်ရမည်။ ထိုနေရာတွင် တပ်အား လုံးသည် ဗိုလ်ချုပ်မူးရတ်၏ ကွပ်ကဲမှုဖြင့် ရန်သူခံတပ်ကို ဝင်ရောက်တိုက်ခိုက်ပြီးနောက် ကျန်တပ်များအား လုံးနှင့် တစ်ပြေးတည်း ရှိစေရမည်။

တပ်ကူများ အရန်သင့်ထား၍ အထက်ပါအင်္ဂါစဉ်အတိုင်း အုပ်စိုးမျက်ကွပ်ကွပ်ညှပ်ညှပ် ဆောင်ရွက်ရမည်။ အမိန့်တော်။

မိုဇော့ရွာအနီး ယာယီစံနန်းတော်။
၁၈၁၂-ခုနှစ်၊ ဩဂုတ်လ ၂၅-ရက်၊ နေ့စွဲ။

မည်မျှရှုပ်ထွေး၍ မည်မျှ ရေရာခြင်း မရှိသော စစ်အင်္ဂါစဉ်ပေနည်း။ နပိုလီယန်သည် စစ်ဆင် စစ်တက်ခြင်း အရာ၌ ဘုန်းကံပါရမီ ထူးချွန်သူ ဖြစ်သည်ဟူသော အစွဲအလမ်းကို ချွတ်ခွာ၍ ကြည့်လိုက်ပါက ဖော်ပြပါ နပိုလီယန်၏ စစ်အင်္ဂါစဉ်သည် ရေရာခြင်း မရှိရုံမျှမက ရှုပ်ထွေးလျက် ရှိခြင်းကို တွေ့ရမည်ဖြစ်၏။ ဖော်ပြပါ စစ်အင်္ဂါစဉ်၌ အရေးကြီးသောအချက်ကြီး လေးချက်နှင့် နပိုလီယန်၏ အမိန့်ကြီး လေးရပ် ပါရှိ၏။ သို့ရာတွင် ထိုအမိန့်ကြီး လေးရပ်သည် တစ်ခုမျှ လက်တွေ့ဆောင်ရွက်၍ ရနိုင်သောအရာများ မဟုတ်ကြချေ။ တစ်ခုမျှ လည်း အကောင်အထည် မပေါ်ခဲ့ကြချေ။

စစ်အင်္ဂါစဉ် ပထမအမိန့်၌ နပိုလီယန်ကိုယ်တိုင် ရွေးချယ်ပေးသည့်နေရာတွင် တပ်စွဲထားသော အမြောက်တပ်စုများသည် ၎င်းတို့နှင့် တစ်ပြေးတည်း နေရာယူထားသည့် ဗိုလ်ချုပ်ပါနက်တီနှင့် ဗိုလ်ချုပ်ဖိုချီတို့၏ တပ်မကြီးများမှ အမြောက်များအပါအဝင် စုစုပေါင်းအမြောက်မြတပူ အလက်ပေါင်း ၁၀၂-လက်ဖြင့် စတင်ပစ်ခတ်ကာ ရဂျားခံတပ်များ၊ မြေကတုတ်များကို ပေါက်ပေါက်ကြဲသကဲ့သို့ ကျည်ဆန်များဖြင့် ကြဲလွှတ်ရမည်ဟု ပါရှိသည်။ နပိုလီယန် ရွေးချယ်ပေးသည့်နေရာမှသာ ပစ်ရမည်ဆိုလျှင် ထိုအမြောက်ဆန်များသည် ရဂျားခံစစ်ကြောင်းထဲသို့ မရောက်သဖြင့် မည်သည့်နည်းနှင့်မျှ လက်တွေ့ဆောင်ရွက်၍ မဖြစ်ချေ။ တိုက်ပွဲဖြစ်ပွားသောအခါတွင် ထိုအမြောက်ကြီး ၁၀၂-လက်တို့သည် နပိုလီယန် ရွေးချယ်ပေးသည့် နေရာမှ ပစ်ခတ်ကြရာ ရဂျားခံစစ်ကြောင်းထဲသို့ မရောက်ဘဲ လေထဲတွင်သာ တဝုန်းဝုန်းပေါက်ကွဲလျက် ရှိခြင်းကြောင့် အနီးရှိ တပ်မှူးတစ်ဦးက နပိုလီယန်၏ ညွှန်ကြားချက်ကို ဆန့်ကျင်ကာ ရှေ့သို့တက်၍ပစ်ရန် အမိန့်ပေးခြင်း ပြုရသည်။ ထိုတွင်မှ အမြောက်ကျည်များ ရဂျားခံစစ်ကြောင်းထဲသို့ ကျလာကြသည်။ ဤသည်ကို ထောက်ခြင်းအားဖြင့် နပိုလီယန်၏ စစ်အင်္ဂါစဉ်သည် ဘာမျှ အသုံးမဝင်ကြောင်း ထင်ရှားသည်။

စစ်အင်္ဂါစဉ် ဒုတိယအမိန့်၌လည်း ဗိုလ်ချုပ် ပိုနီယာတိုစကီက တောအုပ်ထဲမှ ဖြတ်၍ ရွာဆီသို့ ချီတက်ကာ ရန်သူ၏ လက်ဝဲတောင်ပံကို ချိုးပစ်မည်ရဟု ပါရှိသည်။ ဗိုလ်ချုပ် ပိုနီယာတိုစကီသည် ဤအမိန့်အတိုင်း တောအုပ်ထဲမှ ဖြတ်၍ ရွာဆီသို့ ချီတက်လာခဲ့ရာ လမ်းတွင် ရဂျားဗိုလ်ချုပ် တူချ်ကော့ဗ်၏ တပ်များက ကြားဖြတ် တိုက်ခိုက်ကြသောကြောင့် ထိုအမိန့်ကို အကောင်အထည်လည်း မဖော်နိုင်ခဲ့ချေ။ အကောင်အထည်လည်း မပေါ်ခဲ့ချေ။

ထိုကြောင့် ရဂျားခံစစ်ကြောင်း၏ လက်ဝဲတောင်ပံကို မချိုးဖောက်နိုင်ခဲ့ချေ။ မချိုးလည်း မချိုးဖောက်ခဲ့ချေ။

စစ်အင်္ဂါစဉ် တတိယအမိန့်၌ ဗိုလ်ချုပ် ကင်ပန်က တောအုပ်ထဲမှ ဖြတ်သန်းချီတက်၍ ရန်သူ၏ အပြင်ခံတပ်ကို သိမ်းပိုက်ရမည်ဟု ပါရှိသည်။ လက်တွေ့၌ကား ဗိုလ်ချုပ် ကင်ပန်၏ တပ်မကြီးသည် တောအုပ်မှ လွင်ပြင်သို့ ထွက်လာသည်နှင့် တစ်ပြိုင်နက် နပိုလီယန် သတိမထားခဲ့မိသော ရဂျားကိုးလုံးကျည်အမြောက်များ၏ တရကြမ်း ပစ်ခတ်မှုကြောင့် ရဂျားအပြင်ခံတပ်ကို မသိမ်းနိုင်ရုံမျှမက တပ်ပျက်၍ ဆုတ်ခွာလာခဲ့ရသည်။

စစ်အင်္ဂါစဉ် စတုတ္ထအမိန့်၌ ဗိုလ်ချုပ်မူးရတ်က တံတားသုံးခုကို ကျော်ဖြတ်၍ ဘိုရိုဒီနိုရွာကို သိမ်းပိုက်ပြီးလျှင် ဗိုလ်ချုပ် မိုရန်းနှင့် ဗိုလ်ချုပ် ကျိုးရတ်တို့၏ တပ်မကြီးများနှင့် (နပိုလီယန်သည် ထိုတပ်မကြီးများ၏ လှုပ်ရှားမှုနှင့် စပ်လျဉ်း၍ကား မည်သည့်အမိန့်ကိုမျှ မပေးခဲ့ချေ။) ရင်ပေါင်တန်းလျက် တောင်ကမူဘက်သို့ ချီတက်ရမည်။ ထိုနေရာ၌ တပ်အား လုံးသည် ဗိုလ်ချုပ် မူးရတ်၏ ကွပ်ကဲမှုဖြင့် ရန်သူခံတပ်ကို ဝင်ရောက် တိုက်ခိုက်ပြီးနောက် အခြားတပ်များအား လုံးနှင့် တစ်ပြေးတည်း ရှိနေစေရမည်ဟု

www.burmeseclassic.com

www.burmeseclassic.com

ပါရှိသည်။

စစ်အင်္ဂါစဉ်တွင်ပါသည့် ဤစာပိုဒ်သည် ဘာမျှ အဓိပ္ပာယ် မရှိချေ။ ထိုအမိန့်အတိုင်း ဆောင်ရွက်သည့် ဗိုလ်ချုပ် မူးရတ်၏ ကြိုးပမ်းချက်များမှာလည်း ဘာမျှ အဓိပ္ပာယ် မရှိ။ လက္ခဏာမှာ နပိုလီယန်သည် မူးရတ်အား ဘိုရိုဒီနိုရွာကို ဖြတ်၍ ရုရှားခံတပ်ကို လက်ဝဲဘက်မှ ဝင်ရောက်တိုက်ခိုက်ရန်နှင့် တစ်ချက်တည်းမှာပင် ဗိုလ်ချုပ် မိုရန်းနှင့် ဗိုလ်ချုပ် ဂျီးရတ်တို့၏ တပ်မကြီးများကလည်း ရှေ့မှ ဝင်ရောက်၍ တပ်ထိပ်ကို တိုက်စေချင်ပုံ ရသည်။ သို့ရာတွင် နပိုလီယန်၏ စစ်အင်္ဂါစဉ်တွင်ပါဝင်သည့် စာပိုဒ်များကား ဘာမျှ ရှင်းရှင်းလင်းလင်း မရှိချေ။

သို့ဖြင့် စစ်အင်္ဂါစဉ်တွင်ပါသော အခြားအမိန့်များကဲ့သို့ ထိုအမိန့်သည်လည်း လက်တွေ့ဆောင်ရွက်၍ မဖြစ်နိုင်ချေ။ လက်တွေ့လည်း ဆောင်ရွက်ချိန် မရလိုက်ချေ။ ဗိုလ်ချုပ် မူးရတ်သည် အမိန့်အတိုင်း ဘိုရိုဒီနိုရွာကို ဖြတ်၍ ချီတက်လာခဲ့သော်လည်း ရုရှားတပ်များက ဆီးကြိုခုခံတိုက်ခိုက်ကြသည့်အတွက် ကိုလိုချာမြစ်ကမ်းသို့ ဆုတ်ခွာခဲ့ရကာ ထိုနေရာမှ ရှေ့သို့ ချီတက်နိုင်ခြင်း မရှိတော့ချေ။ ဗိုလ်ချုပ် မိုရန်းနှင့် ဗိုလ်ချုပ် ဂျီးရတ်တို့၏ တပ်များမှာလည်း ခံတပ်ကို သိမ်းပိုက်နိုင်ခြင်း မရှိရုံမျှမက ရုရှားတပ်၏ တွန်းလှန်တိုက်ခိုက်မှုကြောင့် တပ်ရွေ့လာခဲ့ကြရလေသည်။ စစ်ပွဲပြီးမှ ပြင်သစ်မြင်းတပ်တစ်တပ်က ခံတပ်ကို သိမ်းပိုက်နိုင်ခြင်း ဖြစ်သည်။ (မြင်းတပ်က ခံတပ်စခန်းအား သိမ်းပိုက်ခြင်းကို နပိုလီယန် မြင်ဖူးဟန်လည်း မရှိ။ ကြားဖူးဟန်လည်း မတူပါ။) ဤသို့ဖြင့် စစ်အင်္ဂါစဉ်တွင် ပါဝင်သည့်အမိန့်များအနက် မည်သည့် အမိန့်မျှ အကောင်အထည် မပေါ်ခဲ့ကြချေ။ ထိုအမိန့်များသည် အကောင်အထည်ဖော်၍ရသော အမိန့်များလည်း မဟုတ်ကြချေ။ စစ်အင်္ဂါစဉ်တွင် ဤအစီအစဉ်အရ တိုက်ပွဲစတင်ပြီးနောက် ရန်သူ၏ လှုပ်ရှားမှုကို မှီ၍ နောက်ထပ်အမိန့်များထုတ်မည်ဟု ဖော်ပြထားပေသေးရာ ဤသည်ကို ထောက်၍ နပိုလီယန်သည် လိုအပ်သောအစီအစဉ်များအား လုံးကို တိုက်ပွဲဖြစ်ပွားနေစဉ် ၎င်းကိုယ်တိုင်ပြုလုပ်ပေးရန် ရည်ရွယ်ဟန် လက္ခဏာရှိ၏။ သို့ရာတွင် နပိုလီယန်သည် တိုက်ပွဲဖြစ်ပွားစဉ်တွင် တိုက်ပွဲ၏ အခြေအနေကို သိနိုင်ခြင်းမရှိလောက်အောင် ဝေးလံသည့်နေရာတွင် ရောက်ရှိနေခဲ့လေပြီ။ ထိုအစီအစဉ်များကို ၎င်းကိုယ်တိုင် ဆောင်ရွက်ခြင်း မပြုခဲ့တော့ပြီ။ ပြုလည်း မပြုနိုင်တော့ပြီ။ သို့ဖြင့် တိုက်ပွဲအတွင်းတွင် နပိုလီယန်၏ အမိန့်များအား လုံးသည် သဲထဲရေသွန် ဖြစ်ခဲ့ရလေပြီ။

အခန်း ၂၈

ဘိုရိုဒီနိုတိုက်ပွဲ၌ ပြင်သစ်တို့ ရှုံးရခြင်းမှာ နပိုလီယန် အနေးမိနေခြင်းကြောင့်ဖြစ်သည်ဟု များစွာသော ရာဇဝင်ဆရာတို့က ရေးသားခဲ့ကြသည်။ အကယ်၍သာ နပိုလီယန်တွင် အနေးမိခြင်းမရှိခဲ့လျှင် တိုက်ပွဲမဖြစ်ပွားမီနှင့် တိုက်ပွဲအတွင်း ထုတ်ပြန်ခဲ့သော နပိုလီယန်၏ အမိန့်များသည် ၎င်း၏ဘုန်းတန်ခိုးပါရမီ ဉာဏ်အဟုန်ဖြင့် သည့်ထက်သည် ပိုမိုပြောင်မြောက်လျက် ရုရှားနိုင်ငံသည် ဗုန်းဗုန်းလဲကျဆုံးကာ ကမ္ဘာမြေကြီး၏ မျက်နှာပြင်သည်လည်း ပြောင်းလဲသွားလိမ့်မည်ဟု ၎င်းတို့က ရေးခဲ့ကြသည်။ ရုရှားနိုင်ငံ၏ ကံကြမ္မာကို (ပီတာဘုရင် ကြီးကဲ့သို့သော) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဖန်တီးသည်ဟု ယုံကြည်သော ရာဇဝင်ဆရာများ၊ ပြင်သစ်လက်နက် နိုင်ငံတော်ကြီးပေါ်ပေါက်လာခြင်းနှင့် ပြင်သစ်စစ်သားများ ရုရှားနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခြင်း စသည်တို့သည် (နပိုလီယန်ကဲ့သို့သော) လူပုဂ္ဂိုလ်တစ်ဦး၏ စိတ်ဆန္ဒအရ ဖြစ်ပေါ်လာရသည်ဟု ယူဆသော ရာဇဝင်ဆရာများအဖို့ကား ဩဂုတ်လ ၂၄–ရက်နေ့တွင် နပိုလီယန် အနေးမိခြင်းကြောင့် ရုရှားနိုင်ငံကြီး ဗုန်းဗုန်းလဲမကျဆုံးသေးခြင်း ဖြစ်သည်ဆိုသောစကားသည် ယုတ္တိရှိကောင်း ရှိပေလိမ့်မည်။

ၚင်းတို့ ပြောသကဲ့သို့ ဘိုရိုဒီနို တိုက်ပွဲကို တိုက်ရေးမတိုက်ရေးနှင့် စီမံကွပ်ကဲမှု ဟူသမျှသည် နပိုလီယန်တစ်ဦးတည်း၏ စိတ်ဆန္ဒပေါ်တွင် တည်နေသည်ဟုသာဆိုလျှင် ၎င်း၏ဆန္ဒကို အကောင်အထည်ဖော်ခြင်းမပြုနိုင်အောင် နပိုလီယန်အား စွဲကပ်ခဲ့သည့် အနေးမိသော ရောဂါကို ကျေးဇူးတင်ရတော့မည်သာ ဖြစ်လေသည်။ နပိုလီယန် အနေးမိ နေခြင်းကြောင့် ရုရှားနိုင်ငံကြီး မပျက်စီးခဲ့ရသေးခြင်းဖြစ်သည်ဟု ဆိုရတော့မည်သာ ဖြစ်ပေသည်။ ဩဂုတ်လ ၂၄–ရက်နေ့က နပိုလီယန်အား ရေခဲဖိနပ်ရှည်ကို ယူမပေးခဲ့မိသော မောင်မင်းကြီးသား လက်ပါးစေကိုပင်

www.burmeseclassic.com

www.burmeseclassic.com

ရုရှားနိုင်ငံကြီးကို နပိုလီယန်လက်မှ ကယ်တင်ပေးခဲ့သူ ကယ်တင်ရှင်ကြီးအဖြစ် ကိုးကွယ်ထားရန်သာ ရှိပါ့တော့သည်။ ပညာရှိရာဇဝင်ဆရာကြီး များ၏ တွေးခေါ်ပုံအတိုင်း တွေးခေါ်ပါက ဤသို့ ကောက်ချက်ချရန်မှ တစ်ပါး အခြား မရှိတော့ချေ။ ဤအတိုင်းဆိုလျှင် စိန့်ဘာသိုလိုမြူးတွင် လူများအစုလိုက်၊ အပြုံလိုက် အသတ်ခံရခြင်းမှာ နဝမမြောက် ချားလ်ဘုရင် လေနာထသောကြောင့် ဖြစ်ရသည်ဟူသော (ပြင်သစ်စာရေးဆရာကြီး) ဗောလ်တဲယား၏ ပြက်လုံးကဲ့သို့ (ဆရာကြီး ဗောလ်တဲယားသည် မည်သည်ကို ရည်ရွယ်၍ ပြက်လုံးထုတ်ခဲ့သည်ကိုမူ ကျွန်ုပ်မသိပါ။) ရုရှားကိုကယ်တင်ခဲ့သူ ကယ်တင်ရှင်မှာလည်း နပိုလီယန်အား ရေခဲဖိနပ်ရှည် မပေးခဲ့မိသော မောင်မင်းကြီးသားလက်ပါးစေသာဖြစ်သည်ဟု ဆိုရတော့မည်ဖြစ်ပါသည်။ သို့သော်လည်း ရုရှားပြည်၏ ကံကြမ္မာကို (ပီတာဘုရင်ကြီးကဲ့သို့သော) လူပုဂ္ဂိုလ်တစ်ဦး၏ စိတ်ဆန္ဒဖြင့် ဖန်တီးခြင်းဖြစ်သည်ဟု မယုံကြည်သူများ၊ ပြင်သစ်လက်နက်နိုင်ငံကြီး ပေါ်ပေါက်လာခြင်းနှင့် ရုရှားကိုဝင်ရောက်တိုက်ခိုက်ခြင်း စသည်တို့သည် (နပိုလီယန်ကဲ့သို့သော) လူပုဂ္ဂိုလ်တစ်ဦး၏ စိတ်ဆန္ဒအရ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု မယုံကြည်သူများ အဖို့၌ကား အဆိုပါ ပညာရှိရာဇဝင်ဆရာများ၏ အဆိုအမိန့်သည် မှန်လည်း မမှန်၊ ယုတ္တိလည်း မတန်ချေ။ ထိုမျှမက လူ့သဘာဝနှင့်လည်း ဆန့်ကျင်လျက်ရှိပေသည်။ ရာဇဝင်အဖြစ်အပျက်ကြီးများ အဘယ်ကြောင့် ပေါ်ပေါက်လာရသည်ဆိုခြင်းနှင့် ပတ်သက်၍ ၎င်းတို့၏ အမြင်၌ကား တစ်မျိုးဖြစ်ပေသည်။ ၎င်းတို့၏ အမြင်တွင် လူ့အဖြစ်အပျက်များ၏ အစည်သည် ကမ္မနိယာမတရား၏ ပြဋ္ဌာန်းချက်အရ ပေါ်ပေါက်လာရခြင်း ဖြစ်လျက် ထိုအဖြစ်အပျက်များတွင် ပါဝင်လှုပ်ရှားသူများ၏ စိတ်ဆန္ဒအချင်းချင်း မတော်တဆ တိုက်ဆိုင်မှုပေါ်တွင် တည်လျက်ရှိသည်ဟု ယူဆကြပေသည်။ ၎င်းတို့အမြင်တွင် ယခုအဖြစ်အပျက်များ၌ နပိုလီယန်ဆိုသော လူတစ်ယောက်က သြဇာလွှမ်းမိုးလျက်ရှိသည် ဆိုခြင်းမှာလည်း အပေါ်ယံပဝတ္တိ အကြောင်းတရားမျှသာ ဖြစ်လေသည်။ ဇာတိအကြောင်းတရား မဟုတ်ချေ။

ဘာသိုလိုမြူးတွင် လူများကို အစုလိုက်၊ အပြုံလိုက် သတ်ရန် အမိန့်ပေးသူမှာ ချားလ်ဘုရင်ဖြစ်၍ ၎င်း၏အမိန့်အရ လူပေါင်းများစွာကို သတ်ဖြတ်ရခြင်း ဖြစ်သည်မှန်သော်လည်း ဘာသိုလိုမြူး လူသတ်ပွဲသည် ချားလ်ဘုရင်၏ စိတ်ဆန္ဒအရ ဖြစ်ရခြင်း မဟုတ်ချေ။ အလားတူပင် ဘိုရိုဒီနိုတိုက်ပွဲကို ကွပ်ကဲသူမှာ နပိုလီယန်ဖြစ်၍ ၎င်း၏အမိန့်အရ စစ်တိုက်ရခြင်းဖြစ်သည် မှန်သော်လည်း ဘိုရိုဒီနိုပွဲ လူပေါင်းရှစ်သောင်း သတ်ဖြတ်ခဲ့ခြင်းသည် နပိုလီယန်၏ စိတ်ဆန္ဒအတိုင်း ဖြစ်ရခြင်း မဟုတ်ချေ။ ဤသို့ ဆိုလိုက်ခြင်းကြောင့် ရုတ်တရက်သော် ထူးဆန်းသယောင်ယောင် ရှိသည်။ ဆန်း၍သာ ဆန်းရမည်။ ထိုအဖြစ်အပျက်များသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဆန္ဒကြောင့် ပေါ်ပေါက်ခဲ့ရခြင်းမဟုတ်ချေ။ သို့ဖြစ်လျှင် ဤအဖြစ်အပျက်များ အဘယ်ကြောင့် ပေါ်ပေါက်ခဲ့ရသနည်း။ ထိုအဖြစ်အပျက်များ ပေါ်ပေါက်လာရခြင်းမှာ အခြားကြောင့် မဟုတ်။ (ကျွန်ုပ်တို့အားလုံးသည် နပိုလီယန်ကဲ့သို့ ထင်ရှားကြီးကျယ်သည့် ပုဂ္ဂိုလ်ကြီးထက် မသာသည့်တိုင် သူ့ထက်အောက်တန်း မကျသည့် လူအချင်းချင်းသာဖြစ်သည်ဟု ကျွန်ုပ်တို့အား ပြောဆိုလျက်ရှိသော) လူ၏ဂုဏ်သိက္ခာ၊ လူ၏မာနတရားက ဤပြဿနာကို စစ်တိုက်ခြင်းဖြင့် ဖြေရှင်းရန် တောင်းဆိုသောကြောင့် ဖြစ်လေသည်။ ရာဇဝင်ကလည်း ဤအချက်ကို အခိုင်အမာ သက်သေထူခဲ့ပြီးဖြစ်ပေသည်။

ဘိုရိုဒီနိုတိုက်ပွဲ၌ နပိုလီယန်သည် သေနတ်တစ်ချက်ကိုသော်မှ ပစ်ဖောက်ခဲ့ခြင်း မရှိချေ။ မည်သူ့ကိုမျှလည်း ကိုယ်ထိလက်ရောက် မသတ်ခဲ့ချေ။ သတ်ဖြတ်ခြင်းအမှုကို ကိုယ်ထိလက်ရောက်ပြုရသူမှာ တပ်သားများသာဖြစ်လေသည်။ ထို့ကြောင့် လူများကို သတ်ဖြတ်ခြင်းပြုခဲ့သူမှာ နပိုလီယန်မဟုတ်ချေ။

ဘိုရိုဒီနိုတိုက်ပွဲတွင် ရုရှားစစ်သားများကို ပြင်သစ်စစ်သားများက သတ်ဖြတ်ခဲ့ခြင်း၊ ၎င်း၏အသက်ကို အသေခံခဲ့ခြင်းမှာ နပိုလီယန်၏အမိန့်ကြောင့် မဟုတ်ချေ။ ၎င်းတို့၏ အကြောင်းတရားကြောင့်သာ ဖြစ်လေသည်။ နပိုလီယန်၏ စစ်တပ်ကြီးထဲ၌ ပါဝင်သော ပြင်သစ်တပ်သား၊ အီတလီ တပ်သား၊ ဂျာမန်တပ်သား၊ ပိုလန်တပ်သား၊ ဒတ်ချ်တပ်သားစသည့် တပ်သားများအားလုံးသည် အစာရေစာငတ်ပြတ်လျက် ရှိကြ၏။ အဝတ်အထည် နွမ်းပါး စုတ်ပြတ်လျက် ရှိကြ၏။ အကြီးအကျယ် စစ်ပန်းလျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိကြ၏။ ၎င်းတို့သည် ဤသို့ဖြင့် အစားအစာနှင့် နားနေအိပ်စက်ခြင်းကို မွတ်သိပ်လျက်ရှိကြလေရာ (၎င်းတို့တောင့်တလျက်ရှိသောအရာများ ရှိသည်ဟု ၎င်းတို့ဘာသာထင်လျက်ရှိသော) မော်စကိုမြို့သွား လမ်းမကြီးပေါ်တွင် ဆီးဆို့ပိတ်ထားသော ရုရှားစစ်တပ်ကြီးကို မြင်သည်၌ သေလိုလည်း သေစေတော့မထူးပြီ။ ငါတို့၏ဘဝကား သူရာခွက်ထဲသို့ လောင်းဲ့ပြီးသား သူရာ်ရည်ကဲ့သို့ ဖြစ်ခဲ့ကြပြီ။ သူရာခွက်ထဲသို့ လောင်းဲ့ပြီးသား သူရာရည်သည် ပုလင်းထဲသို့ ပြန်၍ဝင်ရိုးမရှိပြီဟု အောက်မေ့ကြလျက် ရှေ့သို့ တရကြမ်း ချီတက်ခဲ့ကြခြင်းသာ ဖြစ်လေသည်။ ၎င်းတို့အား လမ်းမှ ခေါ်ဘဏီတပ်ကြီး ပိတ်ဆို့ထားစေကာမူ အတင်းထိုးဖောက် ချီတက်ရန် စိတ်နှလုံးကို ဒုန်းဒုန်းချပြီး ဖြစ်လေသည်။ ထိုစဉ်က ရုရှားတပ်များကို တိုက်ခိုက်ခြင်း မပြုအောင် နပိုလီယန်ကိုယ်တိုင်က ဟန့်တားခြင်း ပြုခဲ့လျှင်လည်း ၎င်းတို့သည် နာခံခြင်း ပြုကြလိမ့်မည် မဟုတ်ချေ။ နပိုလီယန်ကို ပြန်သတ်ကာ ရုရှားတပ်များကို တိုက်ကြတော့မည်သာ ဖြစ်လေသည်။ ၎င်းတို့အဖို့ ထိုနည်းမှ လွဲ၍ အခြားနည်း မရှိတော့ချေ။

"ရဲမက်တို့ မော်စကို ရှေ့ပြေးတိုက်ပွဲတွင် သင်တို့ ပါဝင်ကြောင်းကို နောင်လာနောက်သားတို့ ပြောစမှတ်ပြု၍ ကျန်ရစ်ခဲ့အောင် ဆောင်ရွက်ကြကုန်" ဟု နပိုလီယန်က ၎င်း၏အမိန့်တော်ပြန်တမ်းတွင် ဖော်ပြခဲ့၏။ ဤသည်မှာ စစ်ပွဲတွင် အသက်အသေခံခြင်း၊ ခြေကျိုးလက်ပဲ့ဖြစ်ခြင်းတို့အတွက် စစ်သားများကို နပိုလီယန်က 'လျော်ကြေး' ပေးခဲ့ခြင်း ဖြစ်၏။ နှစ်သိမ့်မှုရအောင် 'ချွေးသိပ်' ပေးခြင်းမျှသာ ဖြစ်၏။ ထိုစဉ်က ပြင်သစ်တပ်သားများသည် နပိုလီယန်၏ 'ချွေးသိပ်' စကားကို အဟုတ်ကြီး ထင်ခဲ့ကြကာ 'ဘုန်းတော်ကြီးသော ဧကရာဇ် သက်တော်ရာကျော် ရှည်ပါစေ' ဟု အားရဝမ်းသာ ကြွေးကြော်ခဲ့ကြ၏။ ရာဇလှံတံဖြင့် ကမ္ဘာလုံးကို ကစားနေသော နပိုလီယန်၏သားတော်ရုပ်ပုံကို မြင်သောအခါ၌လည်း တပ်သားများသည် 'ဘုန်းတော်ကြီးသော ဧကရာဇ် သက်တော်ရာကျော် ရှည်ပါစေ' ဟု ကြွေးကြော်ခဲ့ကြ၏။

အကယ်၍ နပိုလီယန်က အဓိပ္ပာယ်မရှိသော စကားများကို ပြောဆိုခြင်းပြုလျှင်လည်း ၎င်းတို့သည် 'ဘုန်းတော်ကြီးသော ဧကရာဇ် သက်တော်ရာကျော် ရှည်ပါစေ' ဟု ကြွေးကြော်ကြဦးမည်သာ ဖြစ်ပါသည်။ ၎င်းတို့အဖို့၌ 'ဘုန်းတော်ကြီးသော ဧကရာဇ် သက်တော်ရာကျော် ရှည်ပါစေ' ဟု ကြွေးကြော်ရန်နှင့် အောင်နိုင်သူကြီးများအဖြစ် အစာရေစာ ဝလင်စွာ စားသောက်နိုင်ရေး၊ အနားယူနိုင်ရေးအတွက် စစ်ပွဲကို ဆက်လက်တိုက်ခိုက်ရန်မှ တစ်ပါး အခြား ဘာမျှ လုပ်စရာလည်း မရှိတော့ချေ။ သို့ဖြစ်ရကား ပြင်သစ်တပ်သားများက လူအချင်းချင်း သတ်ဖြတ်ခဲ့ကြခြင်းမှာ ထိုအကြောင်းများကြောင့်သာ ဖြစ်လေသည်။ နပိုလီယန်၏အမိန့်များကြောင့် မဟုတ်ချေ။

နပိုလီယန်သည် လူသတ်ခြင်းအမှုကို ပြုသူမဟုတ် ဟုဆိုလျှင် စီစဉ်ညွှန်ကြားသူလောဟု စောဒနာပြုဖွယ်ရှိပြန်၏။ စီစဉ်ညွှန်ကြားသူလည်း မဟုတ်ချေ။ တိုက်ပွဲဖြစ်ပွားချိန်၌ နပိုလီယန်၏အမိန့်များ အရာမထင်ဖြစ်ခဲ့ရခြင်း၊ ၎င်းကိုယ်တိုင် တိုက်ပွဲအခြေအနေကို ဘာမျှမသိခဲ့ခြင်းစသည့်အကြောင်းများကြောင့် နပိုလီယန်အား စစ်ပွဲကို စီစဉ်ညွှန်ကြားသူဟု မပြောနိုင်ချေ။ အလားတူပင် ရုရှားတပ်သားများနှင့် ပြင်သစ်တပ်သားများ တစ်ဦးနှင့် တစ်ဦး မည်သို့ မည်ပုံ သတ်ဖြတ်ခြင်းပြုရမည်ဆိုသည့် နည်းလမ်းကိုလည်း နပိုလီယန်က ဆုံးဖြတ်ပေးခြင်း မဟုတ်ချေ။ ၎င်းတို့သည် နပိုလီယန်၏ဆန္ဒနှင့် ကင်းလွတ် ဖြစ်ပေါ်လာခဲ့ကြခြင်းသာ ဖြစ်လေသည်။ တိုက်ပွဲတွင် ကိုယ်ထိလက်ရောက် ပါဝင်တိုက်ခိုက်ကြသည့် ထောင်ပေါင်းများစွာသော တပ်သားများ၏စိတ်ဆန္ဒအရ ဖြစ်ပေါ် လာကြခြင်းသာ ဖြစ်လေသည်။ ဘိုရိုဒီနိုတိုက်ပွဲသည် နပိုလီယန်တစ်ဦးတည်း၏အလိုဆန္ဒအရ ဖြစ်ရသည်ဟူသော အထင်မှာ နပိုလီယန်တစ်ဦးတည်း၏ အထင်မျှသာ ဖြစ်လေသည်။ ထို့ကြောင့် ရာဇဝင်သဘောဖြင့် ကြည့်လျှင် နပိုလီယန် အအေးမိခြင်း မမိခြင်းမှာ သာမန် ထောက်ပံ့ရေးတပ်သား ကလေးတစ်ဦး အအေးမိခြင်း မမိခြင်းထက် ထူး၍ စိတ်ဝင်စားဖွယ်ကောင်းလှသည် မဟုတ်ချေ။

အချို့ရာဇဝင်ဆရာများက နပိုလီယန်သည် အအေးမိနေခြင်းကြောင့် ၎င်း၏စစ်အင်္ဂါစဉ်ကို ယခင်စစ်ပွဲများကကဲ့သို့ ကောင်းစွာရေးဆွဲနိုင်ခြင်း မရှိ၊ တိုက်ပွဲအတွင်း ထုတ်ပြန်ခဲ့သော အမိန့်များသည်လည်း ယခင်စစ်ပွဲများမှာကဲ့သို့ ကောင်းမွန်ခြင်းမရှိဟု ဆိုကြပြန်သည်။ ထိုစကားသည်လည်း အခြေအမြစ်မရှိသောစကား မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com

အထက်တွင် ဖော်ပြခဲ့သည့် စစ်အင်္ဂါစဉ်များသည် (ညံ့ဖျင်း ရှုပ်ထွေးသည် မှန်သော်လည်း) နပိုလီယန်ကို အောင်ပွဲရစေခဲ့သည့် ယခင် စစ်အင်္ဂါစဉ်များထက် ညံ့ဖျင်းခြင်း မရှိရုံမျှမက ပို၍ပင် ကောင်းမွန်နေပေသေးသည်။ တိုက်ပွဲအတွင်း ထုတ်ပြန်သောအမိန့်များသည်လည်း ယခင် အမိန့်များထက် ညံ့ဖျင်းခြင်း မရှိကြချေ။ ဤစစ်အင်္ဂါစဉ်များနှင့် အမိန့်များသည် ယခင်စစ်အင်္ဂါစဉ်များနှင့် အမိန့်များထက် ညံ့ဖျင်းသည်ဟု ထင်ကြလျှင် ဤသို့ ထင်ခြင်းမှာ ဘိုရိုဒိနိုတိုက်ပွဲသည် နပိုလီယန် ပထမဆုံးရှုံးသောတိုက်ပွဲ ဖြစ်ခြင်းကြောင့်သာ ဖြစ်ပေသည်။ တိုက်ပွဲတစ်ပွဲ ရှုံးပြီဟု ဆိုသည်နှင့် တစ်ပြိုင်နက် အကောင်းဆုံး၊ စနစ်အကျဆုံးသော စစ်အင်္ဂါစဉ်များသည် အညံ့ဆုံး၊ အဖျင်းဆုံးဟု ထင်စရာဖြစ်လာတတ်ကြသည်သာ မဟုတ်လော။ ထိုအခါ၌ အတော်ဆုံး အကြားအမြင်နှင့် အပြည့်စုံဆုံးသော စစ်ပါရဂူများကလည်း ရေးကြီးခွင့်ကျယ် ဝေဖန်ပြစ်တင်တတ်ကြသည်သာ မဟုတ်လော။ တိုက်ပွဲတစ်ပွဲ နိုင်ပြီဆိုသည်နှင့် အညံ့ဆုံး၊ အဖျင်းဆုံးသောစစ်အင်္ဂါစဉ်များနှင့် အမိန့်များသည်လည်း အကောင်းဆုံးသော စစ်အင်္ဂါစဉ်များဟု ထင်စရာ ဖြစ်လာကြသည်သာ မဟုတ်လော။ ထိုအခါ၌ စစ်ပါရဂူများကလည်း ထိုမစ်အင်္ဂါစဉ်များနှင့် အမိန့်များ၏ ကောင်းခြင်းလက္ခဏာ အဖြာဖြာတို့ကို ကျမ်းကြီး ကျမ်းငယ်အသွယ်သွယ်ဖြင့် ဋီကာချဲ့ ၍ ရေးတတ်ကြသည်မှာ ဓမ္မတာသာ မဟုတ်လော။

ဩစတားလစ်စစ်ပွဲ စစ်အင်္ဂါစဉ်ကို ဗိုလ်ချုပ် ဝေရီသာရေးဆွဲခဲ့၏။ ၎င်း၏စစ်အင်္ဂါစဉ်သည် အစစအရာရာပြည့်စုံ၍ စံပြဆိုထိုက်သော စစ်အင်္ဂါစဉ်တစ်ရပ် ဖြစ်၏။ သို့ရာတွင် ဩစတားလစ်စစ်ပွဲရှုံးသည့်အခါ၌ကား ထိုသို့ပြည့်စုံလွန်းခြင်း၊ အသေးစိတ်လွန်းခြင်း၊ တိကျလွန်းခြင်းသည်ပင် အပြစ်တင်စရာဖြစ်လာခဲ့သည် မဟုတ်လော။ ဤမျှ အသေးစိတ်ရသလော၊ ဤမျှ ပြည့်စုံရသလော၊ ဤမျှ တိကျရသလောဟု ဝေဖန်ရှုတ်ချခဲ့ကြသည် မဟုတ် လော။

နပိုလီယန်သည် အခြားသော တိုက်ပွဲများမှာကဲ့သို့ပင် ဘိုရိုဒိနိုတိုက်ပွဲ၌လည်း အစွမ်းကုန်ကြိုးစားခဲ့သည်သာ ဖြစ်ပါသည်။ ပို၍ပင် ကြိုးစားခဲ့ပါသေးသည်။ ဘိုရိုဒိနိုတိုက်ပွဲအတွင်း၌ နပိုလီယန်သည် အရေးနိမ့်စေမည့် အရာဆို၍ တစ်ခုမျှ ပြုလုပ်ခဲ့ခြင်းလည်း မရှိ။ ယုတ္တိရှိသော အကြံပေးချက်ဟူသမျှကို ငြင်းပယ်ခြင်းလည်း မပြု။ အခြေအနေကို ရှုပ်ထွေးအောင်လည်း မလုပ်။ မပြတ်မသား ဆုတ်ဆိုင်း တွေဝေခြင်းလည်း မဖြစ်ခဲ့ချေ။ ကြောက်လန့် တုန်လှုပ်ခြင်းကြောင့် စစ်မြေမှ ထွက်ပြေးခဲ့ခြင်းလည်း မပြုခဲ့ချေ။ ၎င်း၏ကျွမ်းကျင် သေသပ်သော ပရိယာယ်၊ ကြွယ်ဝသော စစ်ရေးအတွေ့အကြုံကို အသုံးပြုလျက် စစ်ပွဲကို ကြီးကြပ်ကွပ်ကဲသူ၏အခန်းကဏ္ဍမှ မင်သေသေဖြင့် သရုပ်ဆောင်ခဲ့သည်သာ ဖြစ်လေသည်။

အခန်း ၂၉

နပိုလီယန်သည် စစ်ကြောင်းများကို ဒုတိယအကြိမ် သေချာစွာလေ့လာ၏။ ထို့နောက် ၎င်း၏ယာယီတဲနန်းသို့ ပြန်ခဲ့သည်။

"နယ်ရပ်များကို တင်ပြီးလေပြီ၊ မနက်ဖြန်တွင် ကစားပွဲကြီးကို စတော့အံ့"

နပိုလီယန်သည် ဤသို့မိန့်ခွန်းတော်ချွေ၏။ ထို့နောက် အမွေးအကြိုင်စပ် အရက်ချိုကို ယူခဲ့စေ၍ ဝင်းမှူးကြီး ဒီဗျူးဆေားကို ဆင့်ခေါ်၏။ ပါရီရွှေမြို့တော်၏ အကြောင်းနှင့် တကွ မိဖုရားခေါင်ကြီးအဆောင်တွင် ပြင်ဆင်မွမ်းမံလိုသောကိစ္စများကို ပြောဆိုခြင်း ပြု၏။ ရွှေနန်းတော်ကြီးရှိ အခြင်းအရာ ကိစ္စအဝဝကို အသေးစိတ်မှတ်မိကြောင်း ပြခြင်းဖြင့် ဝင်းမှူးကြီး ဒီဗျူးဆေားအား အံ့အားသင့်ခြင်း ဖြစ်စေ၏။

နပိုလီယန်သည် အသေးအဖွဲကိစ္စကလေးများ၌ စိတ်ဝင်စားကြောင်းကို ပြခြင်းဖြင့် ဝင်းမှူးကြီး ဒီဗျူးဆေားအား အံ့အားသင့်စေခြင်း၊ ဝင်းမှူးကြီး ခရီးသွား ဝါသနာပါပုံကို အရေးတယူကျီစယ်ခြင်းတို့ကို ပြုပြီးသော် အေးအေးလူလူ စကားပြောလျက်ရှိ၏။ ဤသို့ဖြင့် နက်ဖြန် တိုက်ပွဲအတွက် ပြင်ဆင်ပြီးနောက် နပိုလီယန် အေးအေးလူလူ စကားပြောဆိုနေပုံမှာ ဥပမာအားဖြင့်ဆိုရသော် မိမိအလုပ်ကို ကောင်းစွာနားလည်၍ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိသော နာမည်ကျော် ခွဲစိတ်မှုဆရာဝန်တစ်ဦးသည် လူနာကို ခွဲစိတ်ခန်းစားပွဲပေါ်သို့ တင်လျက်ရှိချိန်၌ ခွဲစိတ်ခန်းဝတ်ရုံကို ဝတ်ရင်း အေးအေးဆေးဆေး စကားပြောဆိုနေပုံမျိုးနှင့်ပင် တူလှပါဘိသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဤအရေးတော်တစ်ခုလုံး ယခု ငါ့လက်သို့ ရောက်လျက်ရှိပြီ၊ ငါ၏ခေါင်းထဲ၌ အစစအရာရာ စီမံပြီး ဖြစ်ပြီ။ အချိန်ဆိုက်လာသည်နှင့် ငါသည် ဤအရေးကိစ္စကို ငါမှအပ အခြားမည်သူမျှ လုပ်ဆောင်နိုင်စွမ်းမရှိသော အစွမ်းသတ္တိမျိုးဖြင့် လုပ်ဆောင်တော်မူမည်။ ယခုအချိန်တွင်ကား အေးအေးလူလူ နောက်ပြောင်ကျီစယ်နေလိုတော်မူသည်၊ ငါကိုယ်တော်တိုင်က တုန်လှုပ်ခြင်းကင်း၍ နှလုံးရွှင်မြူး အထူးတလည်ကျီစယ်သမှု ပြုနေသမျှ မောင်မင်းတို့လည်း နှလုံးတည်ကြည် ယုံကြည်စိတ်ချစွာ နေကြကုန်။ ငါ၏ ဘုန်းကံပါရမီ ကြီးကျယ်ခြင်းကို အံ့ချီးကြကုန်"

နပိုလီယန်၏ အမူအရာသည် ဤသို့ ဆိုသကဲ့သို့ ရှိ၏။

နပိုလီယန်သည် အမွေးနုံသင်းသော အရက်ချို တစ်ခွက်ကို နောက်ထပ်သောက်ပြီးသော် နက်ဖြန်တွင် မိမိအား လက်ကမ်းစောင့်ဆိုင်းလျက်ရှိသော တိုက်ပွဲကြီး မတိုင်မီ ကောင်းစွာ နားနေအိပ်စက်ခြင်း ပြုလေသည်။ နပိုလီယန်သည် ထိုကိစ္စကိုသာ တွေးလျက်ရှိသဖြင့် ထိုနေ့ညက ကောင်းစွာ အိပ်မပျော်ချေ။ ညဉ့်ပိုင်းက ရာသီဥတု ဆိုးရွားသဖြင့် ၎င်း၏အအေးမိရောဂါသည် အနည်းငယ်ဆိုးလာ၏။ သို့ရာတွင် နပိုလီယန်သည် အိပ်ခန်းဆောင်ထဲ၌ ကြာရှည်မနေနိုင်တော့ပြီ။ နံနက်သုံးချက်တီး၌ နပိုလီယန်သည် ပိတ်ဆို့လျက်ရှိသော နှာခေါင်းကို တရှူးရှူးမှုတ်ထုတ်ရင်း ယာယီတဲနန်း အပြင်ဆောင်သို့ ထွက်လာခဲ့သည်။ ရုရှားတပ်များ ၎င်တို့ခံစစ်ကြောင်းမှ ဆုတ်ခွာသွား မသွားမေးမြန်းကြည့်ရာ ရန်သူစခန်းမှ မီးပုံများ ယခင်နေရာအတိုင်း ရှိနေသေးကြောင်းဖြင့် သိရ၏။ နပိုလီယန်သည် ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်၏။

တာဝန်ကျတပ်ရေးဗိုလ် ရတ်ပ်သည် ယာယီရွက်ထည် တဲနန်းတွင်းသို့ ဝင်လာလေသည်။

"တပ်ရေးကြီး၊ ငါ၏တပ်တော်များ ယနေ့ အောင်မြင်မည် ထင်သလော"

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ပွဲလမ်းရမည်ဖြစ်ကြောင်းပါ" တပ်ရေးကြီး ရတ်ပ်က ဖြေ၏။

နပိုလီယန်သည် တပ်ရေးကြီး ရတ်ပ်ကို ကြည့်၏။

"လျှောက်ပုံပါသည် ဘုရား၊ 'သူရာခွက်ကို လောင်းငဲ့ပြီး သူရာရည်သည် ပုလင်းထဲသို့ ပြန်ဝင်ရိုးမရှိ' ဟု စမိုးလင့်တိုက်ပွဲပြီးချိန်၌ ဘုန်းတော်ကြီးသော ဘုရား မိန့်တော်မူဖူးပါသည်၊ မှတ်မိပါ၏လော"

နိပိုလီယန်သည် မျက်မှောင်ကုတ်၏။ ထို့နောက် နဖူးကို လက်ဖြင့်ထောက်၍ စဉ်းစားလျက် ရှိသည်။

"ဤစစ်တပ်ကြီးသည် သနားစရာကောင်းစွ" နပိုလီယန်က လွှတ်ခနဲ ပြောလိုက်၏။ "ငါ၏တပ်တော်ကြီးသည် စမိုးလင့်တိုက်ပွဲကတည်းက အထိနာခဲ့ပြီ တပ်ရေးကြီး၊ ကံတရားဟူသည် ပြည့်တန်ဆာမကဲ့သို့ အပြောင်းအလဲမြန်လှသည်တကား၊ ဤစကားကို ငါ မကြာခဏ ပြောဖူးသည်၊ ပြည့်တန်ဆာမကဲ့သို့ အပြောင်းအလဲမြန်သော ကံတရားသည် ယခု ငါ့ကို လှည့်စားပြီ ထင်သည် တပ်ရေးကြီး၊ ငါ၏ကိုယ်ရံတော်တပ်များ အရှုအနာကင်း၏လော"

"မှန်ပါ အထိအခိုက် မရှိကြောင်းပါ"

နပိုလီယန်သည် မှန်ကူကွက်ပုံ ချောင်းဆိုးပျောက်ဆေးကို ပါးစပ်ထဲသို့ ထည့်၍မြိုရင်း နာရီကို ကြည့်၏။ အရဏ်တက်လာပြီ ဖြစ်သော်လည်း နပိုလီယန် အိပ်၍ မရတော့ပြီ။ တပ်အသီးသီးသို့ အမိန့်များလည်း ထုတ်ပြန်ပြီးလေပြီ။ အချို့တပ်များကား ထိုအမိန့်များကို စတင်အကောင်အထည်ဖော်ရန် ပြင်လျက် ရှိကြလေပြီ။ အိပ်မပျော်သည့်အတူတူ အချိန်ဖြုန်းသည့်အနေဖြင့် အမိန့်များ ရေးဆွဲထုတ်ပြန်ဖို့ စိတ်ကူးသော်လည်း အမိန့်ထုတ်စရာ မရှိတော့ပြီ။

"ကိုယ်ရံတော်တပ်များအား ရိက္ခာမုန့်ကျွတ်များနှင့် ဆန်များ ထုတ်ပေးပြီးပြီလော" နပိုလီယန်က မေးလိုက်၏။

"မှန်ပါ ထုတ်ပေးပြီးကြောင်းပါ"

"ဆန်များကော ထုတ်ပေးပြီးပြီလော"

တပ်ရေးကြီး ရတ်ပ်က တပ်သားများအား ဆန်များ ဝေငှပေးရေးနှင့် စပ်လျဉ်း၍ ဘုရင်ဇကရာဇ်အမိန့်အတိုင်း ဆောင်ရွက်ပြီး ဖြစ်ကြောင်း လျှောက်တင်သော်လည်း နပိုလီယန်သည် မိမိ၏အမိန့်အတိုင်း ဆောင်ရွက်သည်ဟု မယုံကြည်သည့်ပမာ ကျေနပ်ခြင်းမရှိသေးဘဲ ခေါင်းကို ယမ်းလျက်ရှိ၏။ ထိုအတွင်း လက်ပါးစေတစ်ယောက်က အမွေးနုံသင်းသော အရက်ချိုကို လာရောက်ဆက်သ

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ နဝိလီယန်သည် တပ်ရေးကြီး ရတ်ပ်အတွက် တစ်ခွက်ယူခဲ့ရန်စေလိုက်ပြီး အရက်ချိုကို တိတ်ဆိတ်စွာ သောက်လျက် ရှိသည်။ အတန်ကြာမှ အရက်ခွက်ကို အနံ့ခံ၍ ကြည့်ရင်း

"ငါ့မှာ အနံ့ ဘာမှ မရဘူး မောင်မင်း၊ အအေးမိသောရောဂါသည် စိတ်ပျက်စရာ ကောင်းလိုက်ပါဘိတော့သည်။ လူများသည် ဆေးပညာအကြောင်းကို တအံ့တသြ ပြောဆိုကြသည်။ သို့သော်လည်း အအေးမိသောရောဂါလောက်မျှကိုပင် ပျောက်ကင်းအောင် မတတ်နိုင်သော ဆေးပညာသည် အဘယ်မှာ အသုံးဝင်မည်နည်း။ ငါ၏ သမားတော်ကြီး ကိုဗီးဆားက ဤချောင်းဆိုးပျောက်ဆေးများကို ညွှန်းသော်လည်း ယခု သင်းတို့လည်း ငါ့ရောဂါကိုပျောက်အောင် မတတ်နိုင်ပြီ။ စင်စစ် ဆေးဆရာဆိုသည်များသည်လည်း ဘာကိုမျှ ကုနိုင်ကြသည်မဟုတ်။ လောကဌ် ရောဂါဝေဒနာကို ကုနိုင်သည်ဟူ၍ မရှိ။ ငါတို့၏ရုပ်ခန္ဓာကြီးသည် အသက်ရှင် လှုပ်ရှားနေသော စက်ယန္တရားကြီးသာ ဖြစ်သည်။ အသက်ရှင်နေရန်အတွက် ဤရုပ် ဤခန္ဓာကြီး ဖွဲ့စည်းပေါ်ပေါက်လာခြင်းသာ ဖြစ်သည် မဟုတ်လော။ အသက်ရှင်လှုပ်ရှားခြင်းသည် ရုပ်ခန္ဓာကြီး၏ သဘာဝပင် ဖြစ်သည် မဟုတ်လော။ တကယ်၌ ငါတို့၏အသက်ဓာတ်အားကို ဤရုပ်ခန္ဓာထဲတွင် အထိန်းအချုပ် အတားအဆီး မရှိနေစေခြင်းသာ အကောင်းဆုံး ဖြစ်တော့သည်။ အသက်ဓာတ်အားနှင့် ရုပ်ခန္ဓာကို မည်သူကမျှ အကာအကွယ်မပေးဘဲ ငင်းတို့သဘာဝအလျောက် ကာကွယ်စေခြင်းသာ အကောင်းဆုံး ဖြစ်တော့သည်။ ခန္ဓာကိုယ်ကြီးအား ဆေးဝါးများ တိုက်ကျွေးခြင်းသည် သင်းအားကုစားရာ မရောက်ဘဲ ဖျက်ဆီးရာသာ ရောက်တော့သည်။ ငါတို့၏ရုပ်ခန္ဓာသည် တစ်စုံတစ်ခုသောအချိန်ကာလအထိ သွားလာစေရန် သံပတ်ပေးထားသော နာရီနှင့် တူ၏။ သံပတ်ကုန်က နာရီရပ်မည်သာ ဖြစ်သည်။ တတ်လှစွာသော နာရီပြင်ဆရာသည် ထိုနာရီကိုပြင်ရန် ကြိုးစားရာ၌ ထိုနာရီကို ဖွင့်ပြင်၍ရသည် မဟုတ်။ အပြင်မှ ရော်ရမ်းမှန်းဆ၍သာ စမ်းတဝါးဝါးပြင်ရသည် မဟုတ်လော။ အိမ်း၊ ငါတို့၏ရုပ်ခန္ဓာကြီးသည် အချုပ်၌ ဘာမျှမဟုတ်။ အသက်ရှင်နေသော စက်ယန္တရားကြီးတစ်ခုသာ ဖြစ်တော့သည်"

နဝိလီယန်သည် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၌ များစွာဝါသနာထုံသူဖြစ်သည့်အလျောက် ဤသို့ ရှည်လျားစွာပြောဆိုပြီးနောက် နောက်ထပ် အနက်အဓိပ္ပာယ်သစ်တစ်ခုကို ဖွင့်ဆိုခြင်း ပြုပြန်သည်။

"တပ်ရေးကြီး စစ်သေနင်္ဂဗျူဟာ အတတ်ပညာဆိုသည်မှာ အဘယ်အရာကို ခေါ်သနည်း၊ သင် သိသလော၊ စစ်သေနင်္ဂဗျူဟာ အတတ်ဆိုသည်မှာ အခြားမဟုတ်၊ တစ်စုံတစ်ခုသောအချိန်ကာလတစ်ခုအတွင်း၌ မိမိကိုယ်ကို မိမိရန်သူထက် အင်အားသာလွန်ကြီးမားစေရန် ပြုလုပ်တတ်သော အတတ်ပညာသာ ဖြစ်ချေသည်၊ ထိုမှ လွဲ၍ အခြား ဘာမျှ မဟုတ်"

တပ်ရေးကြီး ရတ်ပတ်သည် မည်သို့မျှ ပြောဆိုခြင်း မပြုချေ။

"တပ်ရေးကြီး၊ နက်ဖြန် မိုးသောက်လျှင် ရှရှားဗိုလ်ချုပ် ကူတူဇော့ဗ်နှင့် ငါတို့ ရင်ဆိုင်တွေ့ကြတော့မည်၊ ကျားနှင့် ဆင် လယ်ပြင်တွင် တွေ့ကြချေတော့မည်၊ ကူတူဇော့ဗ်သည် ဘရောနောတိုက်ပွဲ၌ ငင်း၏တပ်ကို ဦးစီးခဲ့ရာတွင် ရက်သတ္တသုံးပတ်မျှသာ ခံခဲ့သည် မဟုတ်လော၊ မိမိ၏တပ်မြို့ကို စစ်ဆေးရန် မြင်းပေါ်သို့ တစ်ခါဖူးမျှပင် မတက်ခဲ့စဖူး မဟုတ်လော"

နဝိလီယန်သည် နာရီကို ကြည့်သည်။ အချိန်မှာ နံနက်လေးချက်တီးမျှသာ ရှိသေး၏။ နဝိလီယန်သည် အိပ်၍ မပျော်တော့ချေ။ အမွေးနုံသင်းထားသော အရက်ချိုလည်း ကုန်ပြီဖြစ်ရာ ဘာမျှ လုပ်စရာမရှိတော့ချေ။ နဝိလီယန်သည် ထိုင်ရာမှ ထ၏။ ထိုမှ ဤသို့ ခေါက်တုံ့ခေါက်ပြန် လျှောက်၏။ ဦးထုပ်နှင့် အနွေးထည်ဝတ်ရုံကို ဝတ်ပြီးနောက် တဲနှုန်းအပြင်သို့ ထွက်လာခဲ့၏။ ညသည် ပိန်းပိတ်အောင် မှောင်လျက်ရှိကာ အေးမြလျက်ရှိ၏။ အေးမြသောအင်္ဂေ့အသက်သည် ကောင်းကင်မှ လျှောကျဆင်းသက်လာသည်ဟု ထင်ရ၏။ မလှမ်းမကမ်းရှိ ပြင်သစ်ကိုယ်ရံတော် တပ်စခန်း၌ကား စခန်းမီးပုံများသည် ခပ်မှိန်မှိန်တောက်လောင်လျက် ရှိကြ၏။ အဝေး၌ကား ရှရှား ခံစစ်ကြောင်းထဲမှ စခန်းမီးပုံများသည် မီးခိုးများကြားမှ တလက်လက် တောက်နေကြပေသည်။ ရာသီဥတုမှာ သာယာကြည်လင်လျက်ရှိရာ စစ်ကြောင်းများတွင် နေရာယူရန်အတွက် လူးလွန့်လှုပ်ရှားနေကြသော ပြင်သစ်

www.burmeseclassic.com

www.burmeseclassic.com

တပ်စခန်းများမှ မြင်းခွာသံများ၊ လှုပ်ရှားသံများကို ကြားနေရသည်။

နပိုလီယန်သည် ယာယီတဲနန်းရှေ့တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ ညီးညီးထိန်ထိန် တောက်လောင်လျက်ရှိသော အဝေးမှ စခန်းမီးပုံများကို လှမ်းကြည့်၏။ တပ်များ၏ လူးလွန့်လှုပ်ရှားသံများကို နားထောင်၏။ တဲနန်းရှေ့တွင် အစောင့်ကျနေရာမှ ဘုရင်ဧကရာဇ် နပိုလီယန်ကြွလာသည်ကို မြင်လိုက်သဖြင့် မည်းနက်သော ကျောက်တိုင်ကြီးတစ်တိုင်ပမာ တောင့်တောင့်ကြီး ရပ်လျက်ရှိသော မွေးပွဉီးထုပ်ဆောင်းထားသည့် ကိုယ်ရံတော်တပ်သားတစ်ဦးအနီးသို့ရောက်လျှင် နပိုလီယန်သည် တုံ့ခနဲ ရပ်လိုက်သည်။

"မောင်မင်း ဘယ်တုန်းက အမှုတော်ထမ်းသလဲ"

နပိုလီယန်က တပ်သားများကို နှုတ်ဆက်လေ့ရှိသည့်ထုံးစံအတိုင်း စစ်သားတို့၏ ပြတ်ပြတ်တောင်းတောင်းအသံဖြင့် ရင်းနှီးစွာ မေးလိုက်သည်။

တပ်သားက နပိုလီယန်၏အမေးကို ပြန်၍ ဖြေလိုက်၏။

"အိမ်း လက်စသတ်တော့ မောင်မင်းက တပ်သားဟောင်းကိုး၊ မောင်မင်းတို့တပ်ရင်းမှာ ဆန်များကော အလုံအလောက် ရပြီလား"

"မှန်ပါ ရပါပြီ ဘုရား"

နပိုလီယန်သည် ခေါင်းတဆတ်ဆတ်ညိတ်၍ လျှောက်လာခဲ့သည်။

နံနက် ငါးချက်တီးလျှင် နပိုလီယန်လည်း ရှီဗာဒိန်ရွာဘက်သို့ မြင်းစီး၍ ထွက်လာခဲ့၏။

အလင်းရောင်ပျို့လာပြီဖြစ်၍ ကောင်းကင်တစ်ခိုတွင် လင်းလျက်ရှိ၏။ အရှေ့ဘက်ကောင်းကင်ပြင်၌ တိမ်တိုက်တစ်တိုက်သာ ရှိ၏။ တပ်စခန်းချရာ နေရာများမှ မီးပုံများသည် နံနက်ခင်း၏ရောင်ခြည်ထဲတွင် ဇာဖြည်းဖြည်း မှိန်စ ပြုလာကြပေပြီ။

လက်ယာဘက်ဆီမှ အမြောက်ပစ်သံတစ်ချက် မြည်ဟည်း၍ ထွက်ပေါ်လာ၏။ ထို့နောက် တိတ်ဆိတ်သွားပြန်သည်။ ဤသို့ဖြင့် မိနစ်အနည်းငယ်ကြာသွား၏။ ဒုတိယအမြောက်သံတစ်ချက်နှင့် တတိယအမြောက်သံတစ်ချက် ထွက်ပေါ်လာပြန်သည်။ ထို့နောက် လက်ယာဘက်ဆီမှ စတုတ္ထအမြောက်သံ တစ်ချက်နှင့် ပဉ္စမအမြောက်သံတစ်ချက်တို့ မြည်ဟည်းလာပြန်သည်။

ပထမအမြောက်သံများ ပဲ့တင်မြည်ဟည်း၍ မဆုံးမီ နောက်ထပ်အမြောက်သံများ ဆက်တိုက် ရှေ့ဆင့်နောက်ဆင့် မြည်ဟည်းထွက်ပေါ်လာကြပြန်သည်။

နပိုလီယန်သည် ကိုယ်ရံတော်များနှင့်အတူ ရှီဗာဒိန်ခံတပ်သို့ စီးလာခဲ့ကာ မြင်းပေါ်မှ ဆင်းလိုက်သည်။ ဤသို့ဖြင့် ကစားပွဲကြီး စလေပြီ။

အခန်း ၃၀

မင်းသားကလေး အင်ဒရေးနှင့် တွေ့ဆုံပြီးနောက် ဂေါ်ကီရွာသို့ ပြန်ရောက်သည့်အခါ၌ ပီယာသည် ၎င်း၏ မြင်းထိန်းကိုခေါ်၍ မြင်းများကို အဆင်သင့်ကထားရန်နှင့် နံနက်စောစော အိပ်ရာမှ နှိုးရန် မှာကြားပြီးနောက် ဘိုးရစ်စ်ပေးထားသည့် အခန်းကလေးထဲတွင် အိပ်ပျော်သွားလေသည်။

နောက်တစ်နေ့နံနက် ပီယာအိပ်ရာမှ မနိုးမီ၌ကား ပီယာတည်းခိုလျက်ရှိသည့် တဲထဲမှ လူများမှာ တာဝန်အရထွက်ခွာသွားကြလေပြီ။ ပြတင်းပေါက် တံခါးများသည် တုန်ခါလျက် ရှိ၏။ ပီယာ၏မြင်းထိန်းသည် ပီယာကို အိပ်ရာမှ နှိုးလျက် ရှိလေသည်။

"သခင်လေး သခင်လေး" မြင်းထိန်းသည် ပီယာအား နှိုး၍ရတော့မည်မဟုတ်ဟု စိတ်ပျက်လက်လျှော့လျက်ရှိရာက ပီယာကို ပခုံးမှကိုင်လှုပ်၍ နှိုးနေသည်။

"ဟင် ဘာလဲ တိုက်ကုန်ကြပလား၊ အချိန်ရောက်ပလား" ပီယာက ထထိုင်၍မေးလိုက်သည်။

"သခင်လေး ပစ်သံ ခတ်သံတွေ မကြားဘူးလား၊ တပ်ဗိုလ်တွေတော့ အစောကြီးကတည်းက စစ်မျက်နှာကို ထွက်သွားကြပြီ၊ စစ်သေနာပတိချုပ်လည်း ထွက်သွားတာ ကြာလှပြီ" တပ်သားဟောင်းတစ်ဦးဖြစ်သော ပီယာ၏ မြင်းထိန်းက ပြော၏။

ပီယာသည် လျင်မြန်စွာ အဝတ်အစားလဲကာ အပြင်သို့ထွက်လာခဲ့၏။ ညက ကျထားသော နှင်းစက်များနှင့် နေရောင်ခြည်တို့ လုံးထွေးကာ လောကဓာတ်ကြီးသည် နယ်လှိုင်းဆန်းလျက် ရှိ၏။ တိမ်တိုက်တစ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

၏ နောက်မှ တစ်ခြမ်းပြူထွက်လာစပြုသော နေမင်း၏ ရောင်ခြည်များသည် အိမ်ခေါင်မိုးများပေါ်သို့ လည်းကောင်း၊ နှင်းဖျန်းထားသဖြင့် ဖုန်သိပ်နေသော လမ်းပေါ်သို့ လည်းကောင်း၊ အိမ်နံရံများပေါ်သို့ လည်းကောင်း၊ ပြတင်းပေါက်များပေါ်သို့ လည်းကောင်း၊ ခြံစည်းရိုးများပေါ်သို့ လည်းကောင်း၊ တဲရှေ့တွင် ရပ်ထားသည့် ပိယာ၏မြင်းများပေါ်သို့ လည်းကောင်း ရွှန်းလင်းစွာ ဖြာကျလျက် ရှိ၏။ အပြင်ဘက်၌ကား အမြောက်ပစ်သံများသည် ပို၍ မြည်ဟည်းနေသည်ဟု ထင်ရ၏။ ကော့ဆက်မြင်းတပ်သား တစ်ယောက် လိုက်ပါလာသည့် တပ်ရေးတစ်ယောက်သည် မြင်းကို အသားကျစီး၍ တဲရှေ့မှ ဖြတ်သွား၏။

"ဗျို့ မြို့စားလေး၊ လုပ်လေဗျာ တိုက်ကုန်ကြပြီ" တပ်ရေးက အော်၍ ပြောသွားသည်။

ပိယာသည် မြင်းထိန်းအား မြင်းများကို ယူလာခဲ့ရန် မှာကြားပြီးနောက် စစ်တလင်းအား မနေ့က ကြည့်ခဲ့ရာဖြစ်သော တောင်ပူစာကလေးဆီသို့ ထွက်လာခဲ့သည်။ တောင်ပူစာပေါ်၌ တပ်ဗိုလ်အချို့ စုရုံးလျက်ရှိကြပြီး စစ်ဦးစီးဌာနချုပ်အဖွဲ့ဝင်များသည် ပြင်သစ်စကားဖြင့် တစ်ယောက် တစ်ခွန်းပြောဆိုလျက် ရှိကြသည်။ အနီကြိုးရစ်ဦးထုပ်အောက်မှ ဖွေးဖွေးဖြူလျက်ရှိသော စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ ခေါင်းကို မြင်ရ၏။ ပြာနမ်းနမ်းရှိသောလည်ကုပ်သည် ပခုံးနှစ်ဖက်ကြားတွင် မြုပ်လျက်ရှိလေသည်။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် တောင်ပူစာပေါ်မှ စီး၍မြင်နေရသော ပေတစ်ရာလမ်းမကြီးဆီသို့ မှန်ပြောင်းတစ်လက်ဖြင့် ကြည့်လျက် ရှိလေသည်။

ပိယာသည် တောင်ပူစာပေါ်သို့ တက်လာခဲ့ကာ ရှေ့တွင်ရှိသောရှုခင်းကို လှမ်းမျော် ကြည့်လိုက်မိရာက ရှုခင်း၏ လှပတင့်တယ်ခြင်းကို မြင်ရသဖြင့် ငေးမောကြည့်ရှုနေမိသည်။ ထိုရှုခင်းမှာ ယမန်နေ့က ပိယာ လှမ်းမျော်ကြည့်ရှုခဲ့သော တစ်ဝန်းတစ်လှားကြီး တည်ရှိလျက်ရှိသည့် ရှုခင်းကျယ်ကြီး ပင်ဖြစ်သည်။ ခြားနားသည်မှာ ယနေ့ရှုခင်း၌ စစ်တပ်များ ပြည့်နှက်နေခြင်းနှင့် အမြောက်မြတပူများမှ မီးခိုးလုံးများဖုံးလွှမ်းနေခြင်းသာ ဖြစ်သည်။ စွေစွေစောင်းစောင်း ဖြာကျလျက်ရှိသော နေခြည်များသည် နံနက်ခင်းလေပြည်ကို ဖောက်ထွင်း၍ ထိုရှုခင်းကျယ်ကြီးပေါ်သို့ ဖြာကျလျက်ရှိရာ မည်းနက်ရှည်လျားသော အရိပ်များကြား၌ နှင်းဆီသွေးနှင့် ရွှေသွေးရက်ဖောက်ထားသော နေရောင်ခြည်တန်းများသည် ခုန်ပျံကွန့်မြူးနေသကဲ့သို့ ရှိ၏။ ရှုခင်းကျယ်ကြီး၏ အစွန်ဆုံးတွင်ရှိသော တောအုပ်သည် ပယင်းသားကို သွန်းလုပ်ထားသကဲ့သို့ ရွှေရွှေစိမ်းစိမ်း အရောင်တို့ဖြင့် တောက်ပလျက် ညီညာခြင်းမရှိသော သစ်ပင်ထိပ်ဖျားများသည် ပြာလဲ့သောကောင်းကင်ပြင်ကို နောက်ခံပြု၍ ထင်းထင်းကြီးပေါ် လျက် ရှိ၏။ ဗာလူယေဗိုရွာအလွန်၌ စစ်တပ်များ တင်းကြမ်းပြည့်နေသော စမိုးလင့်ပေတစ်ရာလမ်းမကြီးသည် တောအုပ်ထဲမှ ဖြတ်၍ ထွက်သွားသည်ကိုလည်း မြင်ရလေသည်။ တောင်ပူစာအောက်ခြေ၌မူ ခင်တန်းကလေးများ ကွက်ကြားကွက်ကြား ရှိနေသော ရွှေရောင်ဝင်းသည့် ကျုံးခင်းများကို မြင်ရ၏။ ရှုခင်းကျယ်ကြီး တစ်ခုလုံးမှာ မည်သည့်နေရာကိုပင် ကြည့်ကြည့် စစ်တပ်များကိုသာ မြင်နေရသည်။ ရှုခင်းကား ပီပီသသ ရှိရုံမျှမက ခမ်းလည်း ခမ်းနား၍ ရှုရှုလည်း မဝနိုင်အောင် ဖြစ်နေပေသည်။ သို့ရာတွင် ပိယာကြည့်၍ အားမရသည့်မြင်ကွင်းမှာ ကိုလိုချာမြစ် တစ်ဖက်တစ်ချက် ရှိ လွင်ပြင်များနှင့်တကွသော ဘိုရိုဒီနိုစစ်တလင်း၏မြင်ကွင်း ဖြစ်လေသည်။

ကိုလိုချာမြစ်ရိုးတစ်ဝိုက်၌လည်းကောင်း၊ ဘိုရိုဒီနိုရွာတစ်ခိုး၌ လည်းကောင်း၊ ရှဲ့စပ်စပ် ကမ်းပါးနှစ်ဘက်ကြားတွင် စီးဆင်းနေသော ဗိုညာမြစ်နှင့် ကိုလိုချာမြစ်နှစ်သွယ်တို့ပေါင်းဆုံရာတစ်ဝိုက်၌ လည်းကောင်း နှင်းမြူများသည် တဝေဝေဖွဲ့ဆိုင်းလျက် ရှိကြ၏။ နေမင်းသည် တိမ်တိုက်နောက်မှ ပြူထွက်လာကာ လောကဓာတ်အလုံးကို အံ့သြဖွယ်ဆေးစုံခြယ်၍ အရောင်မှုန်းပေးလိုက်သည့် အခါတွင်မူကား တဝေဝေဆိုင်းနေသော နှင်းများသည် တဖြည်းဖြည်းလွင့်၍ သွားကြလျက် အမြောက်များ၊ မီးခိုးလုံးများနှင့် ရောထွေးသွားကြ၏။ နေရောင်သည် နှင်းမြူများ၊ ဘိုရိုဒီနိုရွာထဲနှင့် ကိုလိုချာမြစ်ကမ်းတစ်ဖက်တစ်ချက်ရှိ တပ်သားများ၏ လုံစွပ်ဖျားများပေါ်သို့ ဖြာကျလျက်ရှိလေရာ ထိုအရာများမှ ပြန်ဟပ်သော ဝင်းဝင်းလျပ်လျပ် အရောင်များသည် ရေပြင်မှ လျပ်ပန်းလျပ်နွယ်တို့ ထင်သကဲ့သို့ လွင်ပြင်ကြီးတစ်ဝိုက်နှင့် နှင်းမြူများအကြားတွင် တဝင်းဝင်းတလက်လက် အရောင်ထွက်လျက် ရှိ

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ နှင်းမြူများအကြားမှ ဘုရားရှိခိုးကျောင်းဖြူဖြူတစ်ခုကို လည်းကောင်း၊ ဘိုရိုဒီနိုရွာထဲမှ အိမ်ခေါင်မိုးများကို လည်းကောင်း၊ ထူထပ်လှသော စစ်သားထုကြီးများကို လည်းကောင်း၊ အစိမ်းပုပ်ရောင် ခဲယမ်းမီးကျောက်သေတ္တာကြီးများနှင့် လက်နက်ပစ္စည်းများကို လည်းကောင်း မြင်ရသည်။ ပီယာမြင်တွေ့နေရသော ကသိုဏ်းဝန်းကြီးတစ်ခုလုံးသည် နှင်းမြူနှင့် မီးခိုးများ ပိတ်ဖုံးလျက် ရှိလေရာ မြင်မြင်သမျှ အရာဝတ္ထုတို့သည် တရွေ့ရွေ့လှုပ်ရှားနေကြသော မီးခိုးလုံးကြီးများအောက်တွင် လိုက်ပါရွေ့လျားနေသည်ဟု ထင်ရလေသည်။ ဘိုရိုဒီနိုရွာအနီးရှိ နှင်းမြူတို့ဆိုင်းလျက်ရှိသော မြေပြန့်လွင်ပြင်တစ်ဝိုက်နှင့် ထိုမြေပြန့်လွင်ပြင်ကြီး၏ ပတ်ဝန်းကျင်တစ်ခုဖြစ်သော လက်ဝဲဘက်ရှိ တောအုပ်များ၊ လယ်ကွင်းများဌ်ကား ယမ်းခိုး ယမ်းငွေ့များ တလူလူဝေလျက် ရှိ၏။ တစ်ခါတစ်ရံ၌ ယမ်းခိုး ယမ်းငွေ့လုံးကြီးများ တစ်လုံးချင်း တစ်လုံးချင်း ထွက်လာလျက် တစ်ကြိမ် တစ်ကြိမ်တွင်လည်း ယမ်းခိုး ယမ်းငွေ့လုံးများ စွာတို့သည် အလုံးလိုက်၊ အလိပ်လိုက် ရောထွေး ထွက်လာတတ်ကြ၏။ အချို့ယမ်းငွေ့များမှာ အငွေ့တလူလူ ထရုံသာရှိလျက် အချို့မှာလည်း ပိန်းနေအောင်မှောင်၍ ထွက်ပေါ်လာကြပြီးနောက် ယမ်းခိုး ယမ်းငွေ့ချင်း ပေါင်းစပ်ကြီးထွားသွားကြကာ မြင်ကွင်းကြီးတစ်ခုလုံးကို ဖုံးအုပ်၍ သွားတတ်လေသည်။

ဤသို့ တစ်လုံးပြီး တစ်လုံးထွက်ပေါ်လာသော ယမ်းခိုး ယမ်းငွေ့လုံးကြီးများနှင့် အမြောက်ကြီးများ၏ တအုန်းအုန်းမြည်အောင် ပစ်ခတ်နေသံများသည် ရှုခင်း၏ လှပတင့်တယ်ခြင်း (ပြောမည့်သာ ပြောရသော်လည်း မပြောစကောင်းပါ။) ကိုဆောင်လျက်ပင် ရှိတော့သည်။

ဟုတ်ခနဲ မြည်သံနှင့်အတူ နီကျင့်မည်းမှောင်သော မီးခိုးလုံးတစ်လုံးပေါ်လာပြီးနောက် ပြာနှမ်းနှမ်းအရောင်သို့ ပြောင်းသွားကာ တစ်စက္ကန့်အကြာလောက်တွင် အုန်းခနဲ မြည်ဟိန်းသံကြီး ထွက်ပေါ်လာသည်။

'ဟုတ် ဟုတ်' မြည်သံနှင့်အတူ မီးခိုးလုံးနှစ်လုံးသည် အလှအယက်တွန်းထိုးလုံးထွေးကြပြီးနောက် ပေါင်းစပ်သွားကာ 'အုန်း အုန်း' ဟူသော ဆက်တိုက်မြည်သံနှစ်ခုက မျက်စိမှ မြင်ရသော အခြင်းအရာများ မှန်ကန်ကြောင်းကို သက်သေပြလိုက်ပြန်သည်။

ပီယာသည် ထောင်းထ၍ တက်လာသော ပထမမီးခိုးလုံးကြီးကို လှမ်းကြည့်လိုက်၏။ ခဏကြာလျှင် ထိုမီးခိုးလုံးကြီးသည် ဘေးသို့ရှဲသွားပြန်ကာ 'ဟုတ်ခနဲ' မြည်သောအသံ၊ (တခဏအကြာတွင်) 'ဟုတ် ဟုတ်' ဟု မြည်သံ သုံးလေးချက် မှန်မှန်ကြီး ထွက်လာပြီးနောက် 'အုန်း အုန်း အုန်း' ဟူသော နားထောင်ချင့်စဖွယ် ကျယ်လောင်သောမြည်ဟည်းသံကြီးများ ထွက်လာပြန်သည်။ တစ်ခါ တစ်ရံတွင် မီးခိုးလုံးကြီးများက ပြေးသွားလျက်ရှိသည်ဟု ထင်မှတ်ရလျက် တစ်ခါတစ်ရံတွင်လည်း မီးခိုးလုံးကြီးများက ကောင်းကင်တွင် ပန်းဆိုင်းဆွဲသကဲ့သို့ ရပ်လျက်ရှိကြပြီး မြေပြင်ရှိ တောအုပ်များ၊ ခင်တန်းများ၊ လယ်ကွင်းများ၊ လှဲစွပ်များက ပြေးလွှားနေသည်ဟု ထင်ရပြန်သည်။ လက်ဝဲဘက်ဆီ၌လည်း ထို မီးခိုးလုံးကြီးများနှင့် ၎င်းတို့နောက်တော်ပါ ကြောက်စဖွယ်မြည်ဟည်းသံကြီးများသည် လယ်ကွင်းများ၊ ချုံပုတ်များထဲမှ ပေါ်ထွက်လျက် ရှိကြသည်။ တောင်ပူစာနှင့် မလှမ်းမကမ်းရှိ ခင်တန်းများ၊ ကွင်းပြင်များဆီ၌မူ ကျည်တစ်လုံးထိုးသေနတ်များမှ မီးခိုးငွေ့ကလေးများ တလူလူထွက်လာကြကာ မီးခိုးလုံးများအဖြစ်သို့ မရောက်မီပင် ပျောက်သွားကြ၏။ သို့ရာတွင် ထိုသေနတ်များမှ တဒက်ဒက်မြည်သံများမှာလည်း ဆူညံလျက်ပင် ရှိပေသည်။ 'ဒက် ဒက် ဒက် ဒက်၊ ဒက် ဒက် ဒက် ဒက်' ဟု မြည်သံများ ထွက်ပေါ်လျက် ရှိသော်လည်း အမြောက် မြတပူ ပစ်ခတ်သံများနှင့် နှိုင်းစာသော် အသံသေးကာ ကျိုးကျဲကျိုးကျဲမျှလောက်သာ ဖြစ်ပေသည်။

ပီယာသည် ထိုမီးခိုးလုံးများ၊ ထိုလှဲစွပ်များ၊ ထိုလှုပ်ရှားမှုများ၊ ထိုအသံများအနီးသို့ သွားချင်နေသည်။ ပီယာသည် မိမိဘေးပတ်ဝန်းကျင်ရှိလူများ မည်သို့ခံစားနေရသည်ကို သိလိုသည့်အတွက် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်နှင့် ကိုယ်ရံတော်များဆီသို့ လှမ်းကြည့်လိုက်၏။ ၎င်းတို့အားလုံးသည်လည်း စစ်တလင်းဆီသို့ ငေးမျှော်ကြည့်ကာ မိမိကဲ့သို့ စိတ်လှုပ်ရှားလျက် ရှိပုံရပေသည်။ ၎င်းတို့၏မျက်နှာအားလုံးပေါ်၌လည်း ယမန်နေ့က ပီယာတွေ့မြင်ခဲ့ရသော တပ်သားများ၏မျက်နှာများကဲ့သို့ ငုပ်လျှိုးရာမှ ကြွတက်လာသောဇာတိသွေး၊ ဇာတိမာန်နှင့် ဝင်းပြောင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ ဗိုလ်ချုပ်၊ ခင်ဗျားကိုယ်တိုင် သွားစမ်း၊ ခင်ဗျားကိုယ်တိုင် သွားစမ်း" စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် စစ်တလင်းဆီသို့ မျှော်ကြည့်ရာမှ အနီးတွင်ရပ်နေသော ဗိုလ်ချုပ်တစ်ဦးကို ပြောလိုက်သည်။

စစ်သေနာပတိချုပ်၏အမိန့်ကိုရသည်နှင့် ဗိုလ်ချုပ်တစ်ဦးသည် ပိယာ့အနီးမှ ဖြတ်၍ တောင်ပူစာအောက်သို့ ဆင်းသွားလေသည်။ ကိုယ်ရံတော် တပ်ဗိုလ်ကလေးတစ်ဦးက မည်သည့်နေရာသို့သွားကြောင်း မေးမြန်းသည်တွင် 'မြစ်ဆုံကို မြစ်ဆုံကို"ဟု ဖြေသံကြားလိုက်ရသည်။

ပိယာသည် ၎င်းတို့နှင့်အတူ လိုက်အံ့ဟု ဆုံးဖြတ်ကာ ဗိုလ်ချုပ်နောက်သို့ လိုက်လာခဲ့လေသည်။

ဗိုလ်ချုပ်သည် ကော့ဆက် မြင်းတပ်သားတစ်ယောက် ယူပေးသောမြင်းပေါ်သို့ တက်လိုက်၏။ ပိယာသည် မိမိမြင်းများကို ကိုင်ထားသည့် မြင်းထိန်းထံသွားကာ အငြိမ်ဆုံး၊ သန္ဓေအကောင်းဆုံးမြင်းကို ရွေးချယ်ပြီးနောက် လွှားခနဲတက်လိုက်လျက် မြင်းလည်ဆံကို တအားဆုပ်ကိုင်၍ မြင်း၏နံတစ်ဖက်တစ်ချက်ကို ဖနောင့်များဖြင့် တွန်းလိုက်သည်။ မြင်း စ၍ပြေးသည်နှင့် ပိယာ၏ မျက်မှန်သည် လျှောကျလာ၏။ ဤသည်ကို ပိယာလည်းသိ၏။ သို့ရာတွင် မြင်းလည်ဆံနှင့် မြင်းဇော်ကို လွှတ်၍ မဖြစ်သည့်အတွက် မျက်မှန်ကျွတ်ကျွတ်နှင့်ပင် ဗိုလ်ချုပ်ကြီးနောက်မှ ဒုန်းစိုင်းလိုက်သွားလေရာ တောင်ပူစာပေါ်မှ စစ်ဦးစီးဌာနချုပ်အဖွဲ့ဝင် တပ်ဗိုလ်များသည် ပိယာ၏ အိုးနင်းခွက်နင်း မြင်းစီးသွားပုံကိုကြည့်၍ ပြုံးကျန်ရစ်ခဲ့ကြလေသည်။

အခန်း ၃၁

တောင်ပူစာအောက်သို့ ရောက်သော် ရှေ့မှ စီးနေသည့် ဗိုလ်ချုပ်ကြီးသည် လက်ဝဲဘက်သို့ ချိုးသွားသဖြင့် ပိယာသည် ဗိုလ်ချုပ်ကြီးကို မျက်ခြည်ပြတ်သွားတော့လျက် မိမိ ရှေ့မှ ချီတက်နေသော ခြေလျင်တပ်သားများကြားတွင် မြင်းကြီးတစ်ကောင်နှင့် အထီးတည်းဖြစ်နေသည်ကို တွေ့ရလေသည်။ ပိယာသည် ခြေလျင်တပ်သားများကို လက်ဝဲဘက်မှ လည်းကောင်း၊ လက်ယာဘက်မှ လည်းကောင်း ကျော်တက်သွားရန် ကြိုးစားသေးသော်လည်း နှစ်ဖက်စလုံးတွင် တင်းမာခက်ထန်သော မျက်နှာထားကြီးများကို ဆောင်ထားသည့် တပ်သားများ ပြည့်ကျပ်လျက်ရှိခြင်းကို တွေ့ရ၏။ တပ်သားအားလုံးကပင် မိမိတို့အား မြင်းဖြင့် နင်းသတ်တော့မလောက် အရေးတကြီး ရှေ့သို့တိုးဝင်နေသော ဦးထုပ်ဖြူဆောင်းထား၍ လူလုံးလူဖန်ထွားထွား ပိယာကို မကျေနပ်သော မျက်နှာထား၊ ရူးစမ်းသောအမူအရာများဖြင့် လှမ်းကြည့်ကြသည်။

"ဗျို့ လူ၊ တပ်တွေ့ တက်နေတာ မမြင်ဘူးလား။ ဘာဖြစ်လို့ တပ်ကြားထဲ ဝင်လာရတာလဲ" တစ်ယောက်က လှမ်းအော်လိုက်သည်။

အခြားတစ်ယောက်ကမူ ပိယာ၏မြင်းကို သေနတ်ဒင်ဖြင့် လှမ်းရိုက်လိုက်၏။ ပိယာ၏မြင်းမှာ လန့်၍ခုန်ပေါက်နေပြီဖြစ်ရကား ပိယာသည် မြင်းပေါ်မှ မကျအောင် မြင်းကုန်းပေါ်တွင် ပြားဝပ်၍ ကပ်ထားရာက တပ်သားခပ်ကျဲကျဲရှိနေသောနေရာဆီသို့ အတင်းစီးလာခဲ့သည်။

ရှေ့တွင် တံတားတစ်ခုရှိရာ ထိုတံတားထိပ်၌ တပ်သားများသည် ပစ်ခတ်ခြင်းမပြုကြတော့ဘဲ ရပ်လျက်ရှိကြ၏။ ပိယာသည် တံတားထိပ်သို့ လာခဲ့သည်။ ပိယာသည် ဘာမျှမသိဘဲ မြင်းကို အရမ်းစီးလာခဲ့ရာမှ ထိုတံတားထိပ်သို့ ရောက်လာခဲ့ခြင်းဖြစ်၏။ ထိုတံတားမှာ ကိုလိုချာမြစ်တစ်ဖက်ကမ်းဆီရှိ ဘိုရိုဒီနိုရွာနှင့် ဂေါ်ကီရွာကို ကူးထားသည့်တံတားဖြစ်၍ (ယခုအချိန်တွင် ဘိုရိုဒီနိုရွာကို သိမ်းပိုက်ပြီးဖြစ်သော) ပြင်သစ်တပ်များ၏ ပထမဆုံးစတင် တိုက်ခြင်းခံနေရသောနေရာ ဖြစ်၏။ တံတားထိပ်တစ်ဖက်တစ်ချက်တွင် လည်းကောင်း၊ တံတားထိပ် ဘေးတစ်ဖက်တစ်ချက်ရှိ မြက်တော၊ ကိုင်းတောများကြားထဲတွင် လည်းကောင်း၊ စခန်းမီးပုံမှ မီးခိုးများကြောင့် မနေ့က မမြင်ခဲ့မိသော ရိတ်ပြီးစ ကောက်လိုင်းပုံများကြားတွင် လည်းကောင်း တပ်သားများသည် တလှုပ်လှုပ် လှုပ်ရှားနေကြ၏။ ဤနေရာတစ်ဝိုက်တွင် ပစ်ခတ်သံများသည် ဝက်ဝက်ကွဲမျှ ဆူညံလျက်ရှိသော်လည်း ထိုနေရာသည် အပြင်းအထန်တိုက်ပွဲဖြစ်နေသော စစ်တလင်းဖြစ်သည်ဟု ပိယာ ရိပ်စားမိခြင်း မရှိသေးချေ။ ပိယာသည် မိမိ၏အနီးမှ တရွှီရွှီဖြတ်သန်းသွားသော ကျည်ဆန်များကိုလည်း ဂရုမမူမိ။ မိမိအထက်မှ တဝီဝီပျံသန်းသွားသော အမြောက်သံများကိုလည်း မကြားမိ။ တစ်ဖက်ကမ်း တံတားထိပ်မှ မိမိ

www.burmeseclassic.com

www.burmeseclassic.com

တို့ဘက်သို့ သဲသဲမဲမဲပစ်နေကြသော ရန်သူများကိုလည်း မမြင်မိ။ မိမိအနီးမှ တပ်သားများ တဖြုတ်ဖြုတ် ကျဆုံးကုန်၍ အနီးတွင် ကျဆုံးသူ၊ ဒဏ်ရာရသူများ ပြန့်ကျဲလျက်ရှိခြင်းကိုလည်း သတိမထားမိ။ ထုံးစံအတိုင်း ခပ်ပြုံးပြုံးပင် ပတ်ဝန်းကျင်ကို လှမ်းကြည့်လျက် ရှိလေသည်။

"ဟေ့လူ သေချင်လို့လား၊ ဘာဖြစ်လို့ စစ်ကြောင်းထိပ်မှာ ပြူးပြူးကြီးရပ်နေတာလဲ" တစ်ယောက်က လှမ်းအော်ပြန်သည်။

"ဟေ့လူ၊ ဘေးဖယ်နေဗျ၊ ဘေးကို၊ သေသွားလိမ့်မယ်" ဝိုင်း၍ အော်ကြပြန်သည်။

ပီယာက လက်ယာဘက်သို့ ရှောင်ပေးလိုက်သည်တွင် ဗိုလ်ချုပ် ရေ့စကီ၏ တပ်ရေးဖြစ်သူ မိမိမိတ်ဆွေတစ်ယောက်နှင့် မမျှော်လင့်ဘဲ ပက်ပင်းတိုးနေလေသည်။ တပ်ရေးသည် ပီယာ့ကို စိတ်ဆိုးမာန်ဆိုးဖြင့် ကြည့်လိုက်ကာ အော်ထုတ်လိုက်မည်ပြုပြီးမှ မိမိမိတ်ဆွေမှန်းသိသဖြင့် ခေါင်းညိတ်၍ ခေါ်လိုက်၏။

"ဗျို့ ရောင်းရင်း၊ ဘယ်နယ် ဒီကို ရောက်လာတာလဲ" တပ်ရေးသည် ပီယာကိုနှုတ်ဆက်ကာ မြင်းကို ဒုန်းစီးသွား၏။

ပီယာသည် ထိုနေရာတွင် အနေရကျပ်ကာ ဘာမျှ လုပ်ရန်မရှိသည့်ပြင် တပ်များရှေ့တွင် ကန့်လန့်ဖြတ်နေမည်စိုးပြန်သည့်အတွက် တပ်ရေးထံသို့ မြင်းကို ဒုန်းစီး၍ လိုက်လာခဲ့သည်။

"ဒီနားမှာ ဘာဖြစ်နေကြတာလဲဗျ ရောင်းရင်း၊ ကျွန်တော်ကော ခင်ဗျားနဲ့ လိုက်လာလို့ရမလား"

"ခဏနေဦးဗျာ" တပ်ရေးသည် ပီယာအား ဤမျှသာပြောကာ စားကျက်ထဲတွင် ရပ်နေသော အရပ်ထောင်ထောင်မောင်းမောင်း ဗိုလ်မှူးကြီးတစ်ဦးထံသို့ သွားကာ သတင်းပို့ပြီးမှ ပီယာ့ထံ ပြန်လာခဲ့သည်။

"မြို့စားလေးက ဒီကို ဘာကိစ္စ ရောက်လာတာလဲ၊ ဘာလဲ ရောင်းရင်းက ဗဟုသုတ ရှာတုန်းပဲလား" တပ်ရေးက ပြုံး၍ မေးလိုက်သည်။

"ဆိုပါတော့"

တပ်ရေးသည် ၎င်း၏ တပ်သို့ပြန်ရန် မြင်းဇက်ကို ဆွဲလိုက်သည်။

"ဒီနေရာက တိုက်ပွဲ သိပ်မပြင်းထန်သေးဘူးဗျ၊ လက်ဝဲတောင်ပံက ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်းဦးစီးတဲ့ စစ်မျက်နှာမှာတော့ တိုက်ပွဲအကြီးအကျယ် ဖြစ်နေတာပဲ"

"ဟုတ်လား ဘယ်နေရာမှာလဲဗျ"

"လာ ကျွန်တော်တို့ တပ်စွဲထားတဲ့ တောင်ပူစာလေးဘက်ကို လိုက်ခဲ့၊ အဲဒီကနေကြည့်ရင် အကုန် မြင်ရတယ်၊ ကျွန်တော်တို့ အမြောက်တပ်စု စွဲထားတဲ့ နေရာမှာတော့ သိပ် အန္တရာယ် မရှိလှသေးပါဘူး၊ လိုက်ကြည့်ပါလား"

"အေးဗျာ၊ ဒါဖြင့် ကျွန်တော် လိုက်ခဲ့ဦးမယ်" ပီယာသည် ပတ်ဝန်းကျင်တွင် ၎င်း၏ မြင်းထိန်းကို လိုက်ရှာနေသည်။

ထိုအခါကျမှ ဒဏ်ရာရ၍ ဒယီးဒယိုင်လျှောက်လာပြီး လဲကျသွားသူများ ထမ်းစင်ပေါ်တွင် ပက်လက်ပါသွားသူများကို ပီယာ သတိထားမိတော့သည်။ ယမန်နေ့က မြင်းတစ်စီးဖြင့် သူ လှည့်ပတ်ကြည့်ရှုခဲ့သော စားကျက်ထဲရှိ မြက်ထုံးများကြား၌ တပ်သားတစ်ယောက်သည် ပက်လက်ကြီး လဲကျလျက်ရှိ၏။

"ဒီလူကို ဘာဖြစ်လို့ သယ်မသွားကြတာလဲဗျ" ဟု ပီယာက မေးမည်ပြုသေးသော်လည်း ထိုတပ်သားရှိရာသို့ တင်းမာခက်ထန်သော မျက်နှာထားဖြင့် ကြည့်နေသော တပ်ရေးကိုမြင်သဖြင့် မမေးတော့ဘဲ ချုပ်တည်းထားလိုက်သည်။

ပီယာသည် မြင်းထိန်းကို ရှာမတွေ့တော့သည့်အတွက် တပ်ရေးနှင့်အတူ စားကျက်ထဲမှ ဖြတ်၍ ရေ့စကီခံတပ်ဆီသို့ စီး၍လာခဲ့သည်။ ပီယာ၏မြင်းမှာ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသဖြင့် နောက်ကျ၍ ကျန်ရစ်ခဲ့လေသည်။

"မြို့စားလေးက မြင်းစီးနေကျ မဟုတ်ဘူး ထင်တယ်" တပ်ရေးက ပြောလိုက်၏။

"မဟုတ်ပါဘူးဗျာ မြင်းကြောင့်ပါ၊ မြင်းက ကောင်းကောင်းကို မသွားဘူး၊ တွန့်ဆုတ် တွန့်ဆုတ်နဲ့" ပီယာက ခပ်ရှက်ရှက်ဖြင့် ဖြေလိုက်သည်။

"အလို မြို့စားလေးမြင်းက ဘယ်မှာ ကောင်းကောင်းသွားတော့မလဲဗျ၊ လက်စသတ်တော့ ရှေ့ခြေထောက် ဒူးခေါင်းအထက်မှာ ကျည်သင့်လာတာကိုး၊ ဟဲ ဟဲ၊ မြို့စားလေးတို့တော့ ပွဲတိုးသွားပြီဗျ" တပ်ရင်းက

www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်သည်။

ၚင်းတို့နှစ်ယောက်သည် ဆဋ္ဌမမြောက်တပ်ဖွဲ့ကို လွန်ကာ မီးခိုးလုံးများကြားထဲမှ ဖြတ်၍ စီးလာခဲ့ကြပြီး ထိုမှတစ်ဖန် နားကွဲလုမတတ် မြည်ဟည်းသံကြီးများဖြင့် ရှေ့သို့တက်၍ ရန်သူစစ်ကြောင်းကို သဲသဲမဲမဲ ပစ်ခတ်နေသောအမြောက်ကြီးတပ် နောက်ဖျားမှ ဖြတ်ကာ ခင်တန်းကလေးတစ်ခုသို့ ရောက်လာခဲ့ကြ၏။ ခင်တန်းကလေးတစ်ဝိုက်တွင်ကား နွေနှောင်းရာသီ၏အနုံအသက်များကြောင့် တိတ်ဆိတ်အေးမြလျက် ရှိပေ၏။ ပီယာနှင့် တပ်ရေးသည် မြင်းပေါ်မှ ဆင်းကာ တောင်ပူစာကလေးပေါ်သို့ တက်လာခဲ့ကြသည်။

"ဟေ့ ရဲဘော်တွေ ဗိုလ်ချုပ်ကြီး ဒီမှာရှိသလား" တပ်ရေးက မေးလိုက်သည်။

"ခုနကတော့ ရှိတယ်ခင်ဗျ၊ ခုတော့ ဟိုဘက် ထွက်သွားပြီ" တပ်သားတစ်ယောက်က လက်ယာဘက် သို့ညွှန်၍ ပြောလိုက်၏။

တပ်ရေးသည် ပီယာအား ခေါ်၍ လာခဲ့ရသော်လည်း တောင်ပူစာပေါ်ရောက်လျှင် ဘာလုပ်ရမည် မသိတော့ဘဲ ပီယာကိုအားနာဟန်ဖြင့် လှမ်း၍ကြည့်လိုက်သည်။

"ကျွန်တော့်အတွက်တော့ ဘာမှ အနှောင့်အယှက် ဖြစ်မနေနဲ့နော်၊ လုပ်စရာရှိတာသာလုပ်၊ ကျွန်တော် တောင်ပူစာပေါ် တက်ကြည့်ဦးမယ်၊ တက်ကြည့်လို့ကော ရတယ်မဟုတ်လား"

"ရပါတယ် ကြည့်ချင် ကြည့်ပါ၊ အဲဒီကနေ ကြည့်ရင် ဘာမှ အန္တရာယ်မရှိဘူး၊ အကုန်လဲ မြင်ရတယ်၊ ကျွန်တော်တော့ ခဏနေမှ ပြန်လာခဲ့မယ်"

ပီယာသည် တောင်ပူစာထိပ်ရှိ အမြောက်တပ်စုစွဲထားသောနေရာသို့ လာခဲ့၏။ တပ်ရေးမှာ မြင်းနှင့် ထွက်သွားလေသည်။ ပီယာနှင့် တပ်ရေးတို့သည် နောက်ထပ် မတွေ့ကြရတော့ချေ။ တပ်ရေးမှာ ထိုနေ့က တိုက်ပွဲတွင် လက်မောင်းတစ်ဖက်ပြုတ်သွားသည်ဟု နောက်၌ သိရလေသည်။

ပီယာတက်လာခဲ့သော တောင်ပူစာမှာ နောင်တွင် ရှုရှားတပ်များအဖို့ မြတ်ပူကုန်း သို့မဟုတ် ရေ့စကီခံတပ်ဟု နာမည်ကျော်လာ၍ ပြင်သစ်တပ်များအဖို့ မဟာခံတပ်၊ သို့မဟုတ် အသေခံ ခံတပ်၊ သို့မဟုတ် ဗဟိုခံတပ်ဟု အမည်တွင်သောနေရာဖြစ်လျက် တပ်သားထောင်ပေါင်းများစွာ ကျဆုံးခဲ့သောနေရာလည်း ဖြစ်လေသည်။ ပြင်သစ်တပ်များက ထိုနေရာသည် ရုရှားခံစစ်ကြောင်းတစ်ခုလုံး၏ အချက်အချာဖြစ်သည်ဟု ယူဆကြလေသည်။

ထိုခံတပ်၌ တောင်ပူစာကလေး တစ်လုံးရှိလျက် တောင်ပူစာ၏မျက်နှာသုံးဘက်တွင် ကတုတ်ကျင်းများ တူးထား၏။ ကတုတ်ကျင်းများထဲတွင် အမြောက်ဆယ်လက်ကို နေရာချထားပြီး ကတုတ်ပေါက်မှနေ၍ ထိုအမြောက်ကြီးများဖြင့် ရန်သူများကို ပစ်ခတ်ခဲ့ခြင်း ဖြစ်လေသည်။

တောင်ပူစာ၏လက်ဝဲဘက်နှင့် လက်ယာဘက် တစ်တန်းတည်းတွင်လည်း အမြောက်မြတပူများကို နေရာချကာ ထိုအမြောက်မြတပူများဖြင့် ရန်သူများကို အဆက်မပြတ် ပစ်ခတ်ခဲ့ကြသည်။ အမြောက်များ၏နောက်၌ ခြေလျင်တပ်များက တပ်စွဲထားကြ၏။ ပီယာသည် တောင်ပူစာပေါ်သို့တက်၍ လာခဲ့စဉ်က ကတုတ်ကျင်းငယ်များ ပတ်လည်ဝိုင်းလျက် အမြောက်သံများ တအုန်းအုန်းမြည်နေသည့် ဤတောင်ပူစာကလေးသည် ဘိုရိုဒီနိုတိုက်ပွဲတွင် အရေးအကြီးဆုံးသော အချက်အချာနေရာ ဖြစ်လာလိမ့်မည်ဟု လုံးဝမမျှော်လင့်ခဲ့ချေ။

ထိုသို့ မမျှော်လင့်ရုံမျှမက ထိုနေရာသည် စစ်မြေပြင်တစ်ခုလုံးတွင် အရေးပါအရာရောက်ခြင်း မရှိသော နေရာကလေးတစ်ခုဖြစ်လိမ့်မည် ထင်မိသဖြင့် လာရောက်ခဲ့ခြင်းသာ ဖြစ်လေသည်။

တောင်ပူစာပေါ်သို့ ရောက်လျှင် ပီယာသည် အမြောက်တပ်စုပတ်ပတ်လည်တွင် တူးထားသည့် ကတုတ်ကျင်းအဝဲ၌ ဝင်ထိုင်လိုက်ပြီး အလိုလိုရွှင်မြူးလျက်ရှိသော အပြုံးမျိုးဖြင့် ဘေးပတ်ဝန်းကျင်ကို လှမ်းမျော်ကြည့်နေသည်။ တစ်ခါတစ်ရံ၌လည်း ထိုင်ရာမှ ထကာ အမြောက်များထဲသို့ ယမ်းသိပ်နေသော တပ်သားများ၊ အမြောက်များကို ဆွဲတင်နေသော တပ်သားများ၊ ယမ်းအိတ်များကို သယ်ကာ မိမိအနီးမှ ပြေးသွားကြကာ တပ်သားများကို အနှောင့်အယှက်မဖြစ်အောင် ရှောင်ရှားလျက် အမြောက်တပ်စုပတ်ဝန်းကျင်ကို ခပ်ပြုံးပြုံးပင် လျှောက်ကြည့်နေတတ်သည်။ ထိုအမြောက်တပ်စုမှ အမြောက်မြတပူကြီးများမှာ တစ်လက်ပြီး တစ်လက် နားကွဲလုမတတ် မြည်

www.burmeseclassic.com

www.burmeseclassic.com

ဟည်းသောအသံကြီးများဖြင့် အနားမပေးဘဲ တရစပ်ပစ်ခတ်လျက်ရှိလေရာ ယမ်းငွေ့ ယမ်းခိုးများသည် ထိုနေရာတစ်ဝိုက်ကို ပိတ်ဖုံးလျက် ရှိလေသည်။

တောင်ပူစာထိပ်ရှိ မိမိတို့အမြောက်တပ်စုကို ကူပစ်ပေးနေသည့် ခြေလျင်တပ်သားများမှာ တုန်လှုပ်ချောက်ချားနေကြသလောက် ကျန်တပ်သားများအားလုံးနှင့် ကတုတ်ကျင်းခြားလျက် တရစပ် ပစ်ခတ်နေကြသော ဤအမြောက်တပ်စုမှ တပ်သားအားလုံးမှာ တစ်ယောက်မကျန် စိတ်ဓာတ်ရွှင်လန်း မြူးထူးလျက်ရှိလေရာ ၎င်းတို့၏ရွှင်လန်းမြူးထူးခြင်းမှာ အေးအတူ ပူအမျှ ခွဲဝေခံစားတတ်သော အိမ်ထောင်စုတစ်ခု၏ ရွှင်လန်းမြူးထူးခြင်းနှင့်ပင် တူတော့သည်။

အစပထမတွင် တပ်သားများသည် စစ်သားရုပ် စစ်သားဟန်ဆို၍ နည်းနည်းကလေးမျှ မရှိသော ပိယာ၏သဏ္ဌာန်က မိမိတို့ကြားထဲသို့ ချဉ်းနင်းဝင်ရောက်လာခြင်းကြောင့် မကျေနပ်ဟန်ကို ပြကြ၏။ ပိယာ့အနီးမှ ဖြတ်သွားကြတိုင်း တပ်သားများသည် အံ့အားသင့်သော အမူအရာ၊ စိုးရိမ်သောမျက်နှာထားများဖြင့် စောင်းငဲ့ကြည့်ရှုသွားကြ၏။ အရပ်မြင့်မြင့် ခြေတံရှည်ရှည် ကျောက်ပေါက်မာသက်သက်နှင့် အမြောက်တပ်ဗိုလ်တစ်ယောက်သည် အစွန်ဆုံးမှ ပစ်ခတ်လျက်ရှိသော အမြောက်မြတပူကို လာရောက်ကြည့်ရှုဟန်ဖြင့် ပိယာ့အနားသို့ ရောက်လာကာ ပိယာ့ကို အကဲခတ်လျက်ရှိ၏။

အမြောက်မြတပူနှစ်လက် ကွပ်ကဲကြီးကြပ် အမိန့်ပေးလျက်ရှိ၍ ဗိုလ်သင်တန်းမှ ဆင်းပြီးစ ဖြစ်ဟန်တူလျက် လူပျိုပေါက်ကလေးမျှသာ ရှိသေးသော မျက်နှာဝိုင်းဝိုင်းနှင့် တပ်ဗိုလ်ကလေးက ပိယာ့ကို လှမ်း၍

"ဗျို့ နောင်ကြီး၊ ကျေးဇူးပြုပြီး ဘေးဖယ်ဗျ၊ ဒီနားကို မလာနဲ့" ဟု ခပ်ဆတ်ဆတ်ကလေး ပြောလိုက်သည်။

တပ်သားများသည် ပိယာ့ကိုကြည့်၍ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းယမ်းလိုက်ကြသည်။ သို့ရာတွင် ဦးထုပ်ဖြူဆောင်းထားသည့် ဤအရပ်သားသည် မိမိတို့အား ဘာမျှ အန္တရာယ်ပေးခြင်း မရှိရုံမျှမက ရုက်ကြောက်အားနာသည့်အပြုံးမျိုးဖြင့် ကတုတ်ကျင်း နှုတ်ခမ်းပေါ်တွင် ငြိမ်သက်စွာ ထိုင်နေခြင်း၊ တပ်သားများအား အလိုက်သိစွာဖြင့် လမ်းဖယ်ပေးခြင်း၊ တအုန်းအုန်း ပစ်ခတ်နေသော အမြောက်ကြီးများအောက်တွင် ညနေခင်း လေညင်းခံထွက်သည့်ပမာ အေးအေးဆေးဆေး လမ်းလျှောက်နေခြင်း စသည်တို့ကို မြင်ရသည့်အခါ တပ်သားများ၏ စိတ်ထဲ၌ ခပ်စောစောက မျက်မှန်းကျိုးသလိုလို ရှိခဲ့ခြင်းများသည် ပျောက်ကွယ်သွားခဲ့ကြလေပြီ။ တပ်ထဲတွင် မိမိတို့နှင့် အတူလိုက်ပါနေသော ခွေးကလေး၊ ကြက်ကလေးများ၊ ဆိတ်ကလေးများ စသည့် တိရစ္ဆာန်ကလေးများကို ခင်တွယ်တတ်ကြသည့် စစ်သားများ၏ထုံးစံအတိုင်း ပိယာ့ကို ခင်တွယ်သနားစ ပြုလာခဲ့ကြလေပြီ။ ခဏကြာလျှင်ကား တပ်သားများသည် ပိယာအား ၎င်းတို့လူသိုက်ထဲမှ လူတစ်ယောက်အဖြစ် အသိအမှတ်ပြု မွေးစားလိုက်ကြကာ 'ဆရာလေး' ဟူသောနာမည်သစ်ကို ပေးလိုက်ကြလျက် ပိယာ့အကြောင်းကို အချင်းချင်း ပြောဆိုရယ်မောလျက်ရှိကြလေသည်။

ရန်သူ့အမြောက်ဆန်တစ်ခုသည် ပိယာနှင့် နှစ်လှမ်းကွာလောက်တွင် ကျလာသဖြင့် မြေကြီးများ ဖွာထွက်သွား၏။ ပိယာက ၎င်းကိုယ်ပေါ်သို့ တင်လာသော ဖုန်မှုန့်များကိုခါရင်း ဘေးပတ်ဝန်းကျင်ကို ပြုံး၍ကြည့်လိုက်၏။

"ဗျို့ ဆရာလေး မကြောက်ဘူးလားဗျ" မျက်နှာနီနီ ပခုံးကျယ်ကျယ်နှင့် တပ်သားတစ်ဦးက ဖြူဖွေးသောသွားများတစ်စုံလုံးပေါ်လာအောင်ဖြီးပြ၍ မေးလိုက်၏။

"ခင်ဗျားကော ကြောက်သလား" ပိယာက ပြန်မေးလိုက်သည်။

"အတင့်မရဲနဲ့ဗျာ နော် ဆရာလေး၊ ဒီကောင်က သိပ်လူရွေးတာ မဟုတ်ဘူး၊ မကြောက်ဘဲ ရှိပါ့မလား၊ ကျွန်တော်တို့ဖြင့် ဒီကောင် တဝီဝီအော်ဆင်းလာပြီဆိုရင် အသည်းတွေ၊ ကလီစာတွေ တုန်နေတာပဲ" တပ်သားက ရယ်၍ပြောလိုက်သည်။

ဝင်ထိန်၍ ကြင်နာသောအမူအရာကို ပြလျက်ရှိသည့်မျက်နှာများဖြင့် တပ်သားများသည် ပိယာ့အနီးတွင် ဝိုင်းအုံလျက် ရှိကြသည်။ ၎င်းတို့သည် အရပ်သားတစ်ယောက်က စစ်သားများကဲ့သို့ အကြောက်အလန့်မရှိဖြစ်နေခြင်းကို အံ့သြနေကြသည်။ ယခုကဲ့သို့ အကြောက်အလန့်မရှိသော အရပ်သားတစ်ယောက်ကို စစ်သားများကြားတွင် ထူးထူးဆန်းဆန်း လာတွေ့နေရသဖြင့်လည်း

www.burmeseclassic.com

www.burmeseclassic.com

သဘောကျနေကြသည်။

"ကျွန်တော်တို့ စစ်သားဆိုတာကတော့ ထားပါတော့ဗျာ၊ ဒါပေမဲ့ အရပ်သားတစ်ယောက်က ဒီလို အကြောက်အလန့် မရှိတာမျိုးကတော့ ထူးရောဗျ၊ ထူးရော"

"ဟေ့ ရဲဘော်တွေ ကိုယ့်နေရာ ကိုယ်ပြန်ကြပါ၊ ဘာဖြစ်လို့ အဲဒီနားမှာ အုံနေရတာလဲ" တပ်ဗိုလ်ကလေးက ပီယာ့အနီးတွင် ဝိုင်းအုံနေသော တပ်သားများကို အော်လိုက်သည်။

တပ်ဗိုလ်ကလေးမှာ ဗိုလ်သင်တန်းမှ ဆင်းကာ တာဝန်ကို စတင်ထမ်းရွက်ခါစဖြစ်၍ အထက်လူကြီးများကို ဆက်ဆံရာတွင် လည်းကောင်း၊ အောက်လက်ငယ်သားများကို ဆက်ဆံရာတွင် လည်းကောင်း ထုံးစံအတိုင်း တိတိကျကျ ဆောင်ရွက်လေ့ရှိသည်။

အမြောက်မြတပူများ၏ တအုန်းအုန်း ပစ်ခတ်သံ၊ ဂျည်တစ်လုံးထိုး သေနတ်များ၏ တဖောက်ဖောက်မြည်သံများမှာ စစ်မြေပြင်တစ်ခုလုံးတွင် ပိုမိုး၍ ပြင်းထန်လာသည်။ ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်း ကွပ်ကဲ တိုက်ခိုက်လျက်ရှိသည့် လက်ဝဲတောင်ပံ ကတုတ်ကျင်းများဆီ၌ကား ဖျော်ဖျော် ပစ်ခတ်သံတို့သည် ပို၍ ပြင်းထန်၏။ သို့ရာတွင် ပီယာတို့နေရာမှ ကြည့်လျှင်ကား အမြောက်မြတပူများမှ မီးခိုးလုံးများကြောင့် မည်သည့်အရာကိုမျှ သဲကွဲစွာ မမြင်ရချေ။ ပီယာ့ကိုယ်နှိုက်ကလည်း အခြားအရာများထက် တစ်စုတည်း တသီးတခြားတည်း ဖြစ်နေသော အမြောက်တပ်စု 'အိမ်ထောင်စု' ကလေးကိုသာ စိတ်ပါဝင်စားစွာ ကြည့်နေသည်။ စစ်တလင်း၏မြင်ကွင်းများ၊ အသံဗလံများကို ကြည့်၍ ဖြစ်ပေါ်လာသော ပီယာ၏ စိတ်အားထက်သန်ခြင်းသည်လည်း စားကျက်ထဲတွင် လဲနေသည့်တပ်သားကို မြင်ခဲ့ရကတည်းက တစ်မျိုးတစ်ဖုံ ပြောင်းလဲလာခဲ့လေပြီ။ ယခုအချိန်တွင် ပီယာသည်ကတုတ်ကျင်းဝ၌ ထိုင်ကာ မိမိအနီးရှိ တပ်သားများ၏ မျက်နှာများကို တစ်လှည့်စီ ကြည့်လျက် ရှိသည်။

ဆယ်ချက်တီးအချိန်လောက်၌ကား တောင်ပူစာပေါ်ရှိ အမြောက်တပ်စု၌ လူနှစ်ဆယ်ကျဆုံးခဲ့လေပြီ။ အမြောက်ကြီးနှစ်လက်မှာလည်း လုံးလုံး ပျက်စီးသွားခဲ့လေပြီ။ ရန်သူ့အမြောက်ကျည်များမှာ အမြောက်တပ်စုပေါ်သို့ အကျစိပ်လာကာ တအုန်းအုန်းပေါက်ကွဲလျက်ရှိပြီး သေနတ်ကျည်ဆန်များကလည်း အနီးတွင် တရှိုရှိုတဝီဝီ အော်မြည်ပျံဝဲလျက် ရှိကြ၏။ သို့ရာတွင် အမြောက်တပ်သားများကား ဤအခြင်းအရာများကို အမှုထားကြဟန် မရှိဘဲ တစ်ဦးနှင့်တစ်ဦး အော်ဟစ် နောက်ပြောင်ကျီစယ်လျက် ရှိကြသည်။

"လာပြန်ပြီဟေ့ တစ်လုံး" ရန်သူ့အမြောက်ကျည်တစ်လုံး တရှိုရှိုအော်၍ ကျလာသဖြင့် တပ်သားတစ်ယောက်က အော်ပြောလိုက်သည်။

"ဟေ့ တို့အနားမှာ မကျပါဘူးကွ၊ ခြေလျင်တပ်ထဲ သွားကျမှာပါ" မိမိတို့အပေါ်ဖြတ်သန်း၍ တောင်ပူစာနောက်ရှိ ခြေလျင်တပ်ထဲသို့ ကျသွားသော အမြောက်ဆန်ကို ကြည့်နေရာက ခွက်ထိုးခွက်လှန်ရယ်ရင်း ပြောလိုက်သည်။

လယ်သမား တစ်ယောက်သည် မိမိခေါင်းထက်တွင် အမြောက်ကျည်ဆန်တစ်လုံး ဖြတ်သန်းသွားသဖြင့် ခေါင်းကို ငုံ့ထားလိုက်သည်။

"ဗျို့ ဦးကြီး ဘာလုပ်တာလဲဗျ၊ ခင်ဗျားမိတ်ဆွေကြီးကို ဦးညွတ်အရိုအသေပေးနေတာလား" တပ်သားတစ်ယောက်က လှမ်းနောက်လိုက်၏။

တပ်သားများသည် ကတုတ်ကျင်းမှ ခေါင်းပြူကာ အပြင်ကို လှမ်းကြည့်နေကြ၏။

"ဟေ့ ရှေ့တန်းစစ်ကြောင်းကို ရုပ်သွားပြီကွ၊ ခွေးသားတွေ ဆုတ်ပြီထင်တယ်" တပ်သားတစ်ယောက်က ကတုတ်ကျင်းနှုတ်ခမ်းရှိ မြေစာပုံများပေါ်မှ ကျော်၍ လက်ညှိုးထိုးပြ၏။

"ဟေ့ကောင် ကိုယ့်အလုပ် ကိုယ်လုပ်၊ မင်းအဘတွေ ဆုတ်သွားတာ အကောင်းဆုတ်သွားတာ မဟုတ်ဘူးကွ၊ အကြိတစ်ခုခုရှိလို့ သိရဲ့လား" အသက်ခပ်ကြီးကြီး တပ်ကြပ်ကြီးတစ်ဦးက ငေါက်လိုက်သည်။

တပ်ကြပ်ကြီးသည် တပ်သားတစ်ယောက်ကို ပခုံးမှ ဆွဲကိုင်၍ ဒူးဖြင့် တစ်ချက်တိုက်လိုက်သောကြောင့် ဝါးခနဲ ပွဲကျသွားကြသည်။

"ဟေ့ နံပါတ် ၅ အမြောက်ကို တင်စမ်းဟေ့" တစ်ဖက်က အော်သံများကို ကြားရသည်။

"ဟေ့ ယောကျ်ားဘသားကွ၊ ကြိတ်ပေးကွ" အမြောက်ကို ခင်တိတ်ပေါ်သို့ တင်နေသော တပ်သားများ

www.burmeseclassic.com

www.burmeseclassic.com

၏အော်သံများ ထွက်ပေါ်လာသည်။

"အလယ်လယ်၊ ကျုပ်တို့ ဆရာလေးရဲ့ဦးထုပ်ကို ထိတော့မလို့ဗျ ကဲကောင်းလို့" မျက်စိနီနီ ပခုံးကျယ်ကျယ်နှင့် ခပ်ရွတ်ရွတ်တပ်သားက သွားများဖြီး၍ ပြောလိုက်သည်။ "ဒီကောင် တော်တော်သရမ်းတဲ့ကောင်" တပ်သားသည် အမြောက်ခင်တိတ်ဘီးတစ်ဖက်နှင့် တပ်သားတစ်ယောက်ကို ထိမှန်ပေါက်ကွဲသွားသော ရန်သူ အမြောက်ကျည်တစ်လုံးကို ကြည့်၍ ပြောလိုက်သည်။

"ဟေ့ မြေခွေးတွေ၊ ဒီလောက် ကြောက်ရသလား" အရေးပေါ်စစ်သည်စု တပ်ဖွဲ့ဝင်အချို့က ဒဏ်ရာရသူကို ကောက်ရန် အမြောက်များအနီးသို့ ကြောက်ကြောက်ဖြင့် ခပ်ကုန်းကုန်းလုပ်၍ ပြေးလာကြသည့်အတွက် တပ်သားတစ်ယောက်ကရယ်ကာ ပြောဆိုလိုက်သည်။

"ဟေ့ ခွေးသားတွေ၊ ကောက်ယူသွားပါလားကွ၊ ဘာ ကြောက်ဆတ် ကြောက်ဆတ် လုပ်နေရတာလဲ" တပ်သားများက ခြေပြတ်နေသည့် တပ်သားအနီးတွင် မရဲ့မရဲရပ်နေသည့် အရေးပေါ်စစ်သည်စု တပ်ဖွဲ့ဝင်များကို မာန်နေသည်။

ခံတပ်ပေါ်သို့ ကျည်တစ်လုံး ကျလာတိုင်း၊ တပ်သားတစ်ယောက် ကျဆုံးသွားတိုင်း တပ်သားများမှာ ပိုမိုထက်သန်လာကြသည်ကို ပီယာ သတိထားမိသည်။

မည်းမှောင်ညိုမှိုင်းသော လျှပ်စစ်တိမ်တိုက်များကြားထဲတွင် ခိုအောင်းနေသော လျှပ်ပန်းလျှပ်နွယ်တို့သည် တိမ်တိုက်များ တဖြည်းဖြည်း နီးလာသည်နှင့်အမျှ တဝင်းဝင်း တလျှပ်လျှပ် ပိုမိုး၍ ပြိုးပြက်ဝင်းလက်လာကြသကဲ့သို့ တိုက်ပွဲ ပြင်းထန်လာသည်နှင့်အမျှ တပ်သားများ၏ ရင်ထဲတွင် ကိန်းဝပ်လျက်ရှိသော စိတ်အားထက်သန်ခြင်း မီးအလျှံတို့သည်လည်း ၎င်းတို့၏ မျက်နှာများပေါ်တွင် ပိုမိုပြင်းထန်စွာ တောက်ပလာကြလေသည်။

ပီယာသည် စစ်မြေပြင်သို့ လှမ်း၍ မျှော်ကြည့်ခြင်းလည်း မရှိ။ ထိုနေရာတွင် ဖြစ်ပျက်နေသော အခြင်းအရာတို့ကိုလည်း စိတ်ပါဝင်စားခြင်း မရှိတော့ဘဲ မိမိအနီးရှိ တပ်သားများ၏ မျက်နှာများပေါ်တွင် တောက်လောင်လျက်ရှိသော မီးအလျှံကိုသာ ငေးမောကြည့်ရှုကာ မိမိ၏ ရင်တွင်းတွင်လည်း ထိုသို့သောမီးလျှံသည် တဟုန်းဟုန်း တောက်လောင်စပြုနေခြင်းကို ခံစားလာမိလေသည်။

နံနက် ဆယ်ချက်တီးအချိန်၌ကား အမြောက်တပ်စု ရှေ့ခင်တန်းစရှိ ခြေလျင်တပ်များနှင့် ကာမင်ကာချောင်းရိုးတစ်လျှောက်တွင် စွဲထားသော ခြေလျင်တပ်များ ဆုတ်လာကြလေသည်။ သေနတ်များကို ထမ်းစင်သဖွယ် ပြု၍ ကျည်သင့်သူများကို ထမ်းကာ ဆုတ်ခွာပြေးလာကြသော ခြေလျင်တပ်သားများကို တောင်ပူစာပေါ်မှ မြင်ရ၏။ ဗိုလ်ချုပ်ကြီးတစ်ဦးသည် ကိုယ်ရံတော်များနှင့် အတူ အမြောက်တပ်စည်းထဲသို့ ရောက်လာလျက် အမြောက်တပ်မှူးကြီးနှင့် စကားပြောဆိုကြပြီးနောက် ပီယာကို စိတ်ဆိုးမာန်ဆိုးဖြင့်ကြည့်ကာ အမြောက်တပ်စုနောက်မှ ခြေလျင်တပ်ကူများအား အတင့်မရဲရန် သတိပေးစကားပြောကြား၍ ထွက်ခွာသွားလေသည်။ မကြာမီ အမြောက်တပ်စု၏လက်ယာဘက်ရှိ ခြေလျင်တပ်ကူများဆီမှ အမိန့်ပေးသံနှင့် ခရာသံ၊ တိုက်စည်တိုက်မောင်းသံများ ပေါ်ထွက်လာပြီးနောက် ရှေ့စစ်ကြောင်းဘက်ဆီသို့ ချီတက်သွားကြသည်ကို မြင်ရလေသည်။

ပီယာသည် ကတုတ်ကျင်းနှုတ်ခမ်းပေါ်မှ ခေါင်းပြူ၍ကြည့်လိုက်ရာ ဓားလွယ်ကို ခါးတွင်ချိတ်လျက် ပတ်ဝန်းကျင်ကို မလုံမလဲကြည့်ရင်း နောက်သို့ တစ်လှမ်းချင်းပြန်ဆုတ်လာသောအသားအရည် ဖြူရော်ဖျော့တော့လျက်ရှိသည့် တပ်ဗိုလ်ကလေးတစ်ဦးကို မြင်လိုက်ရသဖြင့် အံ့အားသင့်သွားလေသည်။

ရှေ့တန်းစစ်ကြောင်းဆီသို့ ချီတက်သွားသော ခြေလျင်တပ်များမှာ မီးခိုးလုံးများကြားတွင် ပျောက်ကွယ်သွားကြလေပြီ။ သို့ရာတွင် ၎င်းတို့၏ညာသံများနှင့် သေနတ်များ ဖျော်ဖျော် ပစ်ခတ်သံများကိုကား ကြားနေရလေသည်။ မိနစ်အနည်းငယ်ခန့်ကြာလျှင် ထိုဘက်မှ ဒဏ်ရာရသူများနှင့် ထမ်းစင်ထမ်းသူများ ပြန်လာကြ၏။ ရန်သူအမြောက်ကျည်များမှာ တောင်ပူစာပေါ်ရှိ အမြောက်တပ်စုစခန်းပေါ်သို့ ခပ်စိပ်စိပ်ကျနေဆဲပင် ဖြစ်၏။ မကောက်ရသေးသော လူနာများအနီးတွင်လည်း နောက်ထပ် ဒဏ်ရာရသဖြင့် လဲကျသူများမှာ ပုံလျက်ရှိသည်။ အမြောက်မြိတပ်များအနီး၌ရှိသူအမြောက်တပ်သားများသည် ယခင်ကထက် သွက်လက်လျင်မြန်စွာ လှုပ်ရှားလျက် ရှိကြ၏။ မည်သူမျှ ပီယာကို ဂရုမစိုက်နိုင်တော့ချေ။ ပီယာမှာ အမြောက်ပစ်လမ်းတွင် ထိုင်နေမိသဖြင့် တစ်ခါ နှစ်ခါ အငေါက်ခံလိုက်

www.burmeseclassic.com

www.burmeseclassic.com

ရသေးသည်။ အမြောက်တပ်ဗိုလ်သည် မျက်နှာထားဆိုးကြီးဖြင့် အမြောက်တစ်လက်မှ တစ်လက်သို့ ကူးသန်းလျက်ရှိသည်။ ဗိုလ်သင်တန်းမှ ဆင်းစ တပ်ဗိုလ်ကလေးကား စောစောကကဲ့သို့ နီရဲနေသောမျက်နှာဖြင့် တပ်သားများကို ခါတိုင်းထက်ပင် ဂရုတစိုက် အမိန့်ပေးလျက်ရှိသည်။ တပ်သားများသည် ကျည်လုံးများကို ကမ်းပေးခြင်း၊ အမြောက်ဆုံကို လှည့်ခြင်း၊ ကျည်သွင်းခြင်းစသည့် အလုပ်များကို သွက်လက်စွာလုပ်ဆောင်လျက် ရှိကြ၏။ တစ်နေရာမှ တစ်နေရာသို့ သွားလျှင်ပင် တစ်လှမ်းချင်း မသွားကြတော့ဘဲ စပရိန်ပေါ်တွင် လမ်းလျှောက်သကဲ့သို့ လွှားခနဲ ခုန်ပြေးကြသည်။

ယခုအခါတွင် လျှပ်စစ်တိမ်တိုက်များသည် ၎င်းတို့၏ခေါင်းပေါ်သို့ ရောက်လာခဲ့ကြပြီဖြစ်လေရာ ၎င်းတို့အား လုံးဧ၏ မျက်နှာများတွင် တောက်လောင်လျက်ရှိသော စိတ်အားထက်သန်ခြင်းမီးလျှံသည် ပို၍ အရှိန်ပြင်းလာသည် ထင်ရ၏။ ပီယာမှာ တပ်မှူး၏ဘေးတွင် ရပ်လျက်ရှိသည်။ ဗိုလ်သင်တန်းဆင်းခါစ တပ်ဗိုလ်ကလေးသည် သံပရာခွံ ဦးထုပ်ဆီသို့ လက်မြှောက်၍ အရိုအသေပေးကာ တပ်မှူးထံသို့ ပြေးလာ၏။

"ဗိုလ်မှူးခင်ဗျား၊ ကျွန်တော့်တပ်စုက အမြောက်တွေမှာ ကျည်ရှစ်လုံးပဲ ကျန်ပါတော့တယ်၊ ဆက်ပစ်ရဦးမလား ဗိုလ်မှူး"

"ကိုးလုံးကျည်တွေ လာပြီဟော့၊ ကိုးလုံးကျည်တွေလာပြီ" ဗိုလ်မှူးသည် တပ်ဗိုလ်ကလေး၏အမေးကိုပင် မဖြေနိုင်ဘဲ ကတုတ်နှုတ်ခမ်းဝသို့ ခေါင်းပြူကြည့်ရင်း အော်လိုက်သည်။

ထိုအခိုက် အဖြစ်အပျက်တစ်ရပ် ပေါ်ပေါက်လာလေသည်။ သင်တန်းဆင်းပြီးစ တပ်ဗိုလ်လေးသည် တစ်ခွန်းမျှသာ အော်ကာ တောင်ပံကို ထိမှန်ခြင်းခံရသော ငှက်တစ်ကောင်ကဲ့သို့ မြေကြီးပေါ်သို့ ဗုန်းခနဲလဲကျသွားလေသည်။ ပီယာမှာ မျက်လုံးတွေပြာသွားကာ ဘာကိုမျှ မမြင်ရတော့ဘဲ ဖြစ်သွားသည်။

ရန်သူအမြောက်ကျည်များသည် တဝီဝီအော်လျက် တစ်လုံးပြီးတစ်လုံး ကျလာကြသည်။ ကတုတ်ကျင်းနံရံကို မှန်သည့်ကျည်က မှန်သည်။ တပ်သားကိုသင့်သည့်ကျည်က သင့်သည်။ အမြောက်ကို ထိသည့်ကျည်က ထိသည်။ ကိုးလုံးကျည်များ ပေါက်ကွဲသံကို မကြားဖူးသေးသည့် ပီယာအဖို့ကား နားကွဲလုမတတ် ခံစားလိုက်ရကာ မည်သည့်အသံကိုမျှ မကြားတော့ချေ။ အမြောက်တပ်စု၏ လက်ယာဘက်ဆီမှ တပ်သားများသည် "ဟေး ဟေး" ဟု ညာသံပေး၍ တက်သွားကြသည်။ သို့ရာတွင် ပီယာ၏စိတ်၌ကား ရှေ့သို့တက်သွားကြသည်ဟု မထင်ဘဲ နောက်သို့ ပြေးနေကြသည်ဟု ထင်မှတ်လျက်ရှိ၏။

ထိုအခိုက် ရန်သူ့ဘက်မှ နောက်ထပ်စစ်လိုက်သော အမြောက်ကျည်တစ်လုံးသည် ပီယာရပ်နေသည့် ကတုတ်ကျင်း နှုတ်ခမ်းအစွန်းကို ထိမှန်သည်တွင် ကတုတ်ရိုးကြွေး ပြိုကျသွားလေသည်။ ပီယာ၏စိတ်၌လည်း မည်းမည်းအလုံးကြီးတစ်လုံးသည် ရှေ့တည့်တည့်သို့ ကျလာကာ မြေကြီးထဲသို့ စိုက်ဝင်သွားသည်ဟု ထင်လိုက်ရ၏။ လူနာကောက်ရန် အမြောက်တပ်စည်းထဲသို့ ဝင်လာကြသော အရေးပေါ်စစ်သည်စု တပ်ဖွဲ့ဝင်များမှာ ပြန်ပြေးလာလေသည်။

"ကိုးလုံးကျည်တဲ့၊ ကိုးလုံးကျည်" တပ်မှူးက အော်လိုက်သည်။

တပ်ကြပ်ကြီးသည် တပ်မှူးထံသို့ အထိတ်တလန့် ပြေးလာကာ နောက်ထပ်ကျည်မရှိတော့ကြောင်း အနီးသို့ ကပ်၍ လေသံကလေးဖြင့် ပြောလိုက်သည်။ (တပ်ကြပ်ကြီး၏အမူအရာမှာ ထမင်းစားပွဲတစ်ခုခု၌ အရက်ပြတ်သွား၍ ပေးစရာမရှိတော့ကြောင်း ဧည့်သည်များ မကြားအောင် သခင့်အနီးကပ်၍ ခပ်တိုးတိုးပြောနေသော စားပွဲထိုးတစ်ယောက်၏အမူအရာနှင့်ပင် တူပါဘိတော့သည်။)

"ဟော ဟိုမအေပေးတွေက ဘာလုပ်နေတာလဲကွ" တပ်မှူးသည် တပ်သားများကို အော်ဟစ်မာန်မဲပြီးနောက် ပီယာ့ဘက်သို့ လှည့်ကြည့်လိုက်၏။

တပ်မှူး၏မျက်နှာသည် နီရဲကာ ချွေးအလိမ်းလိမ်း ကပ်လျက်ရှိ၏။ တွန့်ထားသောမျက်ခုံးအောက်မှ မျက်လုံးများကလည်း တဖျပ်ဖျပ် တောက်နေကြ၏။

"ဟေ့ကောင်တွေ တပ်ကူတွေဆီသွားပြီး ကျည်ဆန်သေတ္တာ ထမ်းခဲ့ကြ" တပ်မှူးက ၎င်း၏ရဲဘော်များကို ထပ်၍ အော်လိုက်ပြန်သည်။

"ကျွန်တော် သွားယူမယ်ဗျာ" ပီယာက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

တပ်မှူးသည် ပီယာကို ဘာမျှ ပြန်မပြောဘဲ ကတုတ်ကျင်းဘက်သို့ ကူးသွားပြီး

"ဟေ့ နေဦး စောက်ရမ်း ပစ်မနေကြနဲ့" ဟု အော်လိုက်၏။

တပ်ကူများထံ ခဲယမ်းမီးကျောက်သွားယူရန် တာဝန်ကျသည့်တပ်သားသည် ပီယာကို ဝင်၍တိုက်မိသည်။

"ဟာ ဆရာလေး ဒီနားမနေနဲ့ဗျ" တပ်သားသည် ပီယာအား ဤသို့ပြောဆိုပြီးနောက် တောင်ပူစာအောက်သို့ ပြေးဆင်းသွား၏။

ပီယာသည် ထိုင်လျက် အသက်ပျောက်နေသော သင်တန်းဆင်းပြီးစ စစ်ဗိုလ်ကလေးကို ရှောင်ကွင်းကာ တပ်သားနောက်မှ ပြေးလိုက်လာခဲ့သည်။

ရန်သူ့အမြောက်ကျည်သုံးလုံးသည် ၎င်း၏ခေါင်းပေါ်မှ ရှေ့ဆင့်နောက်ဆင့် ဖြတ်ကျော်သွားကာ ရှေ့သို့လည်းကောင်း၊ နောက်သို့လည်းကောင်း၊ ဘေးသို့လည်းကောင်း ကျသွားကြ၏။ ပီယာသည် ရှေ့ကို စွပ်၍သာ ပြေးလာခဲ့၏။ ခဲယမ်းမီးကျောက်တင်သည့် အစိမ်းပုပ်ရောင်လှည်းများကို မြင်သည့်အခါကျတော့မှ "ငါ ဘယ်သွားနေတာပါလိမ့်" ဟူသောအမေးသည် ပီယာ၏ခေါင်းထဲတွင် ရုတ်တရက်ပေါ်လာသည်။ ပီယာသည် ရှေ့သို့သွားရအံ့လော၊ နောက်သို့ ပြန်လှည့်ရအံ့လော ဟု ဝေခွဲ၍ မရဖြစ်ကာ ဂူဂူကြီးရပ်နေမိသည်။ ထိုအခိုက် မြေကြီးသည် တုန်ဟည်းသွားကာ ၎င်း၏ကိုယ်မှာလည်း ဆောင့်တွန်းခြင်း ခံလိုက်ရသကဲ့သို့ နောက်ပြန်လဲကျသွားသည်။ ဝင်းခနဲ ပေါ်လာသောအရောင်ကြီးကြောင့် မျက်လုံးများမှာလည်း ဘာကိုမျှ မမြင်ရတော့ဘဲ ပြာသွားကာ နားကွဲလုမတတ် ပေါက်ကွဲမြည်ဟည်းသံကြီးနှင့် တရှိန်ရှိမြည်သံများ၊ တဖောက်ဖောက် မြည်သံများကို ကြားရလေရာ ပီယာ၏နားများမှာ အူနေတော့သည်။

သတိပြန်ရလာသောအခါတွင် ပီယာမှာ လက်နှစ်ဖက်နောက်ပစ်ကာ မြေကြီးပေါ်တွင် ဖင်ထိုင်လဲလျက်ရှိ၏။ စောစောကမြင်နေရသော ခဲယမ်းမီးကျောက်တင်လှည်းများမှာ မရှိတော့ချေ။ တစ်ပိုင်းတစ်စ မီးကျွမ်းသွားသော အစိမ်းပုပ်ရောင် သစ်သားစများနှင့် အဝတ်စုတ်များသာလျှင် မီးလောင်ကျွမ်းသွားသော မြက်ခင်းပြင်ပေါ်တွင် ပြန့်ကြဲလျက် ရှိ၏။ မြင်းတစ်ကောင်သည် လှည်းဝင်ရိုး ထက်ပိုင်းကျိုးကြွေးတန်းလန်းဖြင့် လန့်၍ ဦးတည်ရာ စွတ်ပြေးလျက် ရှိသည်။ အခြားတစ်ကောင်မှာကား ပီယာကဲ့သို့ပင် မြေကြီးပေါ်တွင်လဲကာ မချိမဆန့်အော်လျက် ရှိလေသည်။

အခန်း ၃၂

ပီယာသည် ကြောက်အားလန့်အားဖြင့် ထခုန်ကာ အခြားပြေးစရာ မြေမရှိတော့သကဲ့သို့ ခပ်စောစောက အမြောက်တပ်စည်းထဲသို့ ပြန်ပြေးလာခဲ့သည်။

အမြောက်တပ်စည်းထဲသို့ ပြန်ရောက်သည့်အခါ၌ ပီယာသည် ထူးဆန်းသောအခြင်းအရာတစ်ခုကို သတိပြုလိုက်မိ၏။ ယင်းကား အခြားမဟုတ်။ လူများသည် တစ်စုံတစ်ရာကို ပြုလုပ်လျက်ရှိကြခြင်း ဖြစ်၏။ အမြောက်မြတပူကြီးမှာလည်း ပစ်ခတ်ခြင်း မရှိကြတော့ချေ။ ပီယာသည် မည်သူမည်ဝါဟုလည်း ခွဲခြား၍မရနိုင်အောင် ဖြစ်လျက် ရှိ၏။ အမြောက်တပ်မှူးသည် အောက်သို့ငုံ့ကြည့်နေသကဲ့သို့ ကတုတ်ကျင်း နှုတ်ခမ်းဝတွင် ခေါင်းဆိုက်ကာ အလျား မှောက်လျက်ရှိ၏။ ခပ်စောစောက ပီယာမြင်ခဲ့ဖူးသည့် တပ်သားတစ်ယောက်ကား လက်မောင်းကို ချုပ်ကိုင်ထားသော တပ်သားတစ်စုထံမှ ရုန်းထွက်လျက် ရှိ၏။ ၎င်း၏ပါးစပ်မှလည်း "အစ်ကိုတို့၊ အစ်ကိုတို့၊ ဖယ်ကြပါ" ဟု အော်ဟစ်လျက် ရှိ၏။ မြင်ပုံ ထူးလှချည့်ဟု ပီယာ၏စိတ်တွင် အောက်မေ့မိ၏။

ပီယာ မရှိသည့်အတွင်း၌ကား အမြောက်တပ်စုကို ရန်သူတို့သိမ်းပိုက်ခဲ့ကြလေပြီ။ အမြောက်တပ်မှူးမှာလည်း ကျဆုံးခဲ့လေပြီ။ ပီယာသိသော တပ်သားမှာလည်း သုံးပန်းအဖြစ် အဖမ်းခံရကာ "အစ်ကိုတို့၊ အစ်ကိုတို့" ဟု အော်ဟစ်တောင်းပန်လျက် ရှိလေပြီ။ ၎င်း၏မျက်စိရှေ့၌လည်း တပ်သားတစ်ယောက်မှာ ကျောကို လှံစွပ်ဖြင့် ထိုးသတ်ခြင်း ခံခဲ့ရလေပြီ။ သို့ရာတွင် ပီယာသည် ထိုအခြင်းအရာအားလုံးကို သိချိန် မရလိုက်ချေ။ အကြောင်းမူကား အမြောက်တပ်စည်းထဲသို့ ပီယာ ပြေးဝင်လာခဲ့သည်နှင့် တစ်ပြိုင်နက် ပိန်ပိန်ပါးပါး မျက်နှာဝါဝါ ချွေးသံအလိမ်းလိမ်းကပ်လျက်ရှိ၍ အပြာရောင် စစ်ဝတ်စုံ ဝတ်ထားသော လူတစ်ယောက်သည် တစ်စုံတစ်ရာကို အော်ဟစ်ရင်း ဓား

www.burmeseclassic.com

www.burmeseclassic.com

လွတ်ကို ကိုင်လျက် ပီယာ့ထံသို့ ပြေးဝင်လာသောကြောင့်တည်း။ ဤတွင် ပီယာက ခံတပ်စည်းထဲသို့ ခြေကုန်သုတ်ပြေးလာသကဲ့သို့ ထိုလူကလည်း စည်းပြင်ဘက်သို့ အားကုန်ပြေးလာခဲ့ခြင်းဖြစ်သည့်အလျောက် နှစ်ဦးသား ပက်ပင်းတိုးမိနေကြသည်။ ပီယာသည် ကြောက်အားလန့်အားဖြင့် မည်သည့်အရာကိုမျှ စဉ်းစားခြင်း မပြုနိုင်တော့ဘဲ အလိုလိုခုခံပြီး ဖြစ်နေကာ ထိုလူ (၎င်းမှာ ပြင်သစ်တပ်ဗိုလ်တစ်ဦး ဖြစ်သည်။) ကို ပခုံးမှ ဖမ်းဆွဲလိုက်ပြီး လည်မျိုကို တအားညှစ်ထားလိုက်မိသည်။ ဤတွင် ပြင်သစ်တပ်ဗိုလ်ကလည်း ဓားလွတ်ကို လွတ်ချကာ ပီယာကို အင်္ကျီလည်ကုပ်မှ ကိုင်ဆွဲထားသည်။

ၔင်းတို့နှစ်ဦးသည် တစ်ယောက်ကို တစ်ယောက် ကြောက်အားလန့်အားဖြင့် ပြူးပြူးကြီး ကြည့်နေမိကြ၏။ ၔင်းတို့နှစ်ဦးစလုံး ကြက်သေသေလျက် ရှိကြ၏။ ထိုခဏ၌ မိမိကပင် သူ့ကို သုံ့ပန်းအဖြစ် ဖမ်းထားသလော၊ သူကပင် မိမိကို သုံ့ပန်းအဖြစ် ဖမ်းထားပြီလောဟူ၍လည်း နှစ်ဦးစလုံး ဝေခွဲမရဖြစ်လျက် ရှိကြ၏။ သို့ရာတွင် ကြောက်ကြောက်ဖြင့် ဖျစ်ညှစ်ထားသော ပီယာ၏လက်များသည် ပြင်သစ်တပ်ဗိုလ်၏လည်မျိုပေါ်၌ တင်းကျပ်သည်ထက် တင်းကျပ်လာသောအခါ၌မူကား သုံ့ပန်းအဖြစ် အဖမ်းခံရသူမှာ မိမိပါတကား ဟူသော အတွေးသည် ပြင်သစ်တပ်ဗိုလ်၏ခေါင်းထဲတွင် လွှမ်းမိုးလာခဲ့လေပြီ။ ဤအတွင်း ပြင်သစ်တပ်ဗိုလ်က တစ်စုံတစ်ရာပြောရန် ပါးစပ်ဟလိုက်၏။ ထိုအခိုက် အမြောက်ကျည်တစ်လုံးသည် ကြောက်မက်ဖွယ်မြည်ဟည်းကာ ၔင်းတို့ခေါင်းပေါ်မှ ဖြတ်သွား၏။ အကယ်၍သာ ပြင်သစ်တပ်ဗိုလ်၏ခေါင်းကို သွက်လက်စွာ နှိမ့်မထားလိုက်ပါက ပြင်သစ်တပ်ဗိုလ်မှာ ခေါင်းနှင့် ကိုယ် အိုးစားကွဲသွားတော့မည်သာ ဖြစ်လေသည်။

ပီယာကိုယ်တိုင်မှာလည်း ခေါင်းကို လျင်မြန်စွာငုံ့ကာ ပြင်သစ်တပ်ဗိုလ်၏လည်မျိုကို ယောင်၍လွတ်လိုက်၏။ ဤအကြိမ်တွင်ကား မည်သူက မည်သူ့ကို သုံ့ပန်းအဖြစ် ဖမ်းထားသနည်းဆိုသည်ကို မတွေးမိကြတော့ဘဲ ပြင်သစ်တပ်ဗိုလ်ကလည်း အမြောက်တပ်စည်းထဲသို့ ပြန်လှည့်ပြေး၏။ ပီယာသည် ဒဏ်ရာဖြင့် လဲနေသူများ၊ အသက်ပျောက်လဲနေသူများကို ဒရောသောပါးကျော်လွှားကာ တောင်ပူစာအောက်သို့ တစ်ဟုန်ထိုးဆင်းပြေးလာခဲ့သည်။ (ၔင်းတို့သည် မိမိ၏ခြေထောက်ကို လှမ်းဆွဲနေကြသည်ဟုပင် ပီယာ ထင်မိသေးသည်။) ဤသို့ ခံတပ်တောင်ကုန်းပေါ်မှ ဆင်းပြေးလာခဲ့စဉ် ညာသံပေးကာ ခံတပ်ကုန်းပေါ်သို့ ဇွတ်အတင်းတက်လာကြသော ရုရှားတပ်သားအုပ်ကြီးတစ်အုပ်နှင့် တိုးနေသည်။ (ၔင်းတို့က်စစ်မှာ အာမိုလော့ဗ် ဦးစီးကွပ်ကဲသည့် တိုက်စစ်ကြောင်းဖြစ်၏။ မိမိ၏ကံဇာတာမြင့်နေခြင်းနှင့် သူရသတ္တိ ရှိခြင်းကြောင့် ဤတိုက်စစ်မျိုး ဆင်နွှဲနိုင်ခြင်း ဖြစ်သည်ဟု နောင်သောအခါတွင် ဗိုလ်ချုပ် အာမိုလော့ဗ်က ဂုဏ်ယူခဲ့၏။ အဆိုပါခံတပ်သိမ်းတိုက်ပွဲတွင် ဗိုလ်ချုပ်အာမိုလော့ဗ်သည် အိတ်ကပ်နှင့် အပြည့်ပါလာသော စိန့်ဂျော့သူရဲကောင်း ရွှေတံဆိပ်များကို ခံတပ်ထဲသို့ ပစ်ကြဲပေးရ၏။ ထိုအခါကျမှ တပ်သားများသည် ခံတပ်ကို အတင်းဝင်သိမ်းကာ ရွှေတံဆိပ်များကို အလုအယက် ကောက်ကြသည်။ ဤသို့ဖြင့် တပ်သား၏စိတ်ဓာတ်ကို မြှင့်ပေးရသည်ဟု အဆိုရှိလေသည်။)

ဗိုလ်ချုပ်အာမိုလော့ဗ်တပ်များ၏ တိုက်စစ်ကြောင့် ထိုခံတပ်ကို သိမ်းပိုက်ထားသည့် ပြင်သစ်တို့ အကွဲကွဲအပြဲပြဲဆုတ်ကြရ၏။ ဤတွင် ရုရှားတို့လည်း တအားတက်ကာ အမြောက်တပ်စည်းပြင်ဘက်သို့ ကျွဲ၍ တိုက်ကြသဖြင့် အနိုင်နိုင် ပြန်၍ခေါ်ယူရလေသည်။

အမြောက်တပ်စည်းထဲမှ လက်ရဖမ်းမိသော ပြင်သစ်သုံ့ပန်းများကိုလည်း ခေါ်ဆောင်လာခဲ့၏။ ၔင်းတို့အထဲတွင် ဒဏ်ရာရသွားသော ပြင်သစ်ဗိုလ်ချုပ်တစ်ဦးလည်း ပါဝင်လေသည်။ အမြောက်တပ်စည်းမှ အောက်တောင်ပူစာခြေရင်းသို့ ဆင်းလာသည့်အခါတွင် ကျည်သင့်သော ပြင်သစ်တပ်သားများနှင့် ရုရှားတပ်သားများသည် (ပီယာသိသူလည်းရှိ၍ မသိသူလည်း ပါသည်။) ဝေဒနာကြောင့် မျက်နှာကြီးများကို ရွဲ့မဲ့လျက် ခြေလျင်လိုက်ပါလာကြ၏။ အချို့ကလည်း လေးဖက်တွား၍ လိုက်ပါလာကြ၏။ အချို့ကိုကား ထမ်းစင်များဖြင့် သယ်ယူလာခဲ့လေသည်။ ပီယာသည် တစ်နာရီမျှ အချိန်ဖြုန်းခဲ့သော အမြောက်တပ်စုရှိရာ တောင်ပူစာကလေးပေါ်သို့ နောက်တစ်ခေါက် တက်လာခဲ့ပြန်သည်။ မိမိအား အိမ်ထောင်စုသားတစ်ဦးကဲ့သို့ ဆက်ဆံခဲ့ကြသည့် အမြောက်တပ်သား

www.burmeseclassic.com

www.burmeseclassic.com

များကိုမူ တစ်ယောက်မျှ မတွေ့ကြရတော့ချေ။ မိမိနှင့် သိကျွမ်းခြင်းမရှိသော တပ်သားများစွာတို့သည် တပ်စည်းထဲတွင် အတုံးအရုံးလဲကျသေဆုံးလျက် ရှိကြ၏။ အချို့မျက်နှာများကိုမူကား ပီယာ မှတ်မိပေသည်။ သင်တန်းဆင်းပြီးစ ဗိုလ်ကလေးမှာ ကတုတ်ကျင်းထိပ်၌ ခပ်စောစောကကဲ့သို့ပင် သွေးအိုင်ထဲတွင် ထိုင်လျက်သားကျဆုံးလျက်ရှိ၏။ မျက်နှာနီနီနှင့် ခပ်ရွတ်ရွတ်တပ်သားမှာ အကြောဆွဲလျက် ရှိသည်။ ၎င်းကိုကား ကောက်မသွားကြချေ။

ပီယာသည် တောင်ပူစာအောက်သို့ ပြေးဆင်းလာခဲ့ပြန်သည်။

'သူတို့တော့ သူတို့လုပ်တာတွေ မှားပြီလို့ နောင်တရကြလောက်ပြီ ထင်တယ်၊ နောက်ထပ် တိုက်ကြ ခိုက်ကြတော့မှာ မဟုတ်ဘူး ထင်တယ်'

ပီယာသည် ဤသို့တွေးကာ စစ်တလင်းဆီမှ ထွက်လာသော ထမ်းစင်သယ်သူများဆီသို့ အမှတ်မထင် လျှောက်လာခဲ့မိသည်။

သို့ရာတွင် မီးခိုးကန့်လန့်ကာကြီးသည် ဖုံးအုပ်လျက်ရှိဆဲ ဖြစ်၏။ နေလုံးကြီးမှာ မြင့်တက်လာခဲ့လေပြီ။ ရှေ့တန်းစစ်မျက်နှာ၊ အထူးသဖြင့် လက်ဝဲဘက် တောင်ပံရှိ ဆင်မြီနှော့ရွာအနီးတစ်ဝိုက်တွင်ကား မီးခိုးလုံးများသည် ထူထပ်သိပ်သည်းလျက်ရှိ၍ အသံမျိုးစုံတို့သည် အုန်းအုန်းညံလျက်ရှိ၏။ ထိုနေရာတစ်ဝိုက်၌ အမြောက်မြတပူ ပစ်ခတ်သံများနှင့် သေနတ်သံများသည် ပျောက်ကွယ်သွားခြင်း မရှိရုံမျှမက ကြွင်းကျန်သောခွန်အားတို့ကို ရုန်းကန်ညှစ်ထုတ် အော်ဟစ်နေသော လူတစ်ယောက်ကဲ့သို့ အစွမ်းကုန်မြည်ဟည်းလျက် ရှိပေသတည်း။

အခန်း ၃၃

ဘိုရိုဒိနိုစစ်ပွဲ၌ အပြင်းထန်ဆုံးသော စစ်မျက်နှာမှာ ဘိုရိုဒိနိုရွာနှင့် ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်း၏ သစ်တပ်များအကြား ရှိ ပေခုနစ်ထောင်အဝန်းရှိသော စစ်မျက်နှာပင် ဖြစ်လေသည်။ ထိုစစ်မျက်နှာ၏ တစ်ဖက်ထိပ်ရှိ ဗိုလ်ချုပ် အူဗာရော့ဗ်၏ ရုရှားမြင်းတပ်များက မွန်းတည့်ချိန်လောက်မှစပြီး ရန်သူများကို စတင်တိုက်ခိုက်ခဲ့၍ အခြားတစ်ဖက်ထိပ်ရှိ အူတစ်ဇာရွာအနီးတွင်ကား ရုရှားဗိုလ်ချုပ် တူချ်ကော့ဗ်၏ တပ်များနှင့် ပြင်သစ်ဗိုလ်ချုပ် ပိုနီယာတိုစကီတို့၏ တပ်များတိုက်ပွဲ ဖြစ်ပွားလျက် ရှိကြ၏။ သို့ရာတွင် ထိုတိုက်ပွဲနှစ်ပွဲစလုံးမှာ ရုရှားခံစစ်ကြောင်း ဗဟိုချက်မ စစ်မျက်နှာအလယ်တည့်တည့်ရှိ ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်း၏ တပ်များ တိုက်ခိုက်ရသည့် တိုက်ပွဲလောက် ပြင်းထန်ခြင်းမရှိလှချေ။ ဘိုရိုဒိနိုရွာနှင့် ရုရှားသစ်တပ်များအကြားရှိ လယ်ကွင်းများနှင့် တကွ တောစပ်များတစ်ဝိုက်တွင် ဖြစ်ပွားသောတိုက်ပွဲကား အဓိကရတိုက်ပွဲဖြစ်လျက် တစ်ဖက်နှင့် တစ်ဖက်လှမ်းမြင်နေရသော ကွင်းပြင်ကြီးပေါ်တွင် တိုက်ရခြင်းဖြစ်ပြီး ပြောင်အကျဆုံး၊ ဖြစ်ကတတ်ဆန်း အနိုင်ဆုံးသောတိုက်ပွဲလည်း ဖြစ်ပေသည်။

တိုက်ပွဲစပြီဆိုသည်နှင့် တစ်ပြိုင်နက် နှစ်ဖက်စလုံးမှာပင် ရာပေါင်းများစွာသော အမြောက်မြတပူကြီးများဖြင့် တစ်ဖက်ကို တစ်ဖက် တရစပ် စတင်ပစ်ခတ်ခြင်း ပြုကြလေသည်။

အမြောက်ကြီးများဖြင့် ပစ်ခတ်ကြခြင်းကြောင့် ကွင်းပြင်တစ်ခုလုံးတွင် မီးခိုးလုံးကြီးများ ဖုံးအုပ်လျက်ရှိကြ၏။ မီးခိုးလုံးကြီးများအောက်တွင် ပြင်သစ်လက်ယာတောင်ပံမှ ဗိုလ်ချုပ်ကင်ပန်၏ တပ်များနှင့် ဗိုလ်ချုပ် ဒက်ဆေး၏ တပ်များက ရှေ့သို့ ရွပ်ရွပ်ခွပ်ခွပ် ချီတက် တိုက်ခိုက်ကြကာ ပြင်သစ်လက်ဝဲတောင်ပံဖြစ်သော ဘိုရိုဒိနိုရွာဘက်ဆီမှလည်း ဗိုလ်ချုပ် မူးရတ်၏ တပ်များက တရကြမ်း ချီတက်လာခဲ့ကြလေသည်။

နပိုလီယန် ရပ်ခြံကြည့်ရှုလျက်ရှိသော ရှီဗာဒီနို ခံတပ်နှင့် ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်း၏ သစ်တပ်ရိုးမှာ ပေသုံးထောင့်ငါးရာခန့် ကွာဝေး၍ ဘိုရိုဒိနိုရွာနှင့် ဆိုလျှင် ကျီးကန်းတစ်ပျံသာသာ ပေခုနစ်ထောင်ခန့် ဝေးသည့် အတွက် နပိုလီယန်သည် ဘိုရိုဒိနိုတစ်ဝိုက်တွင် ဖြစ်ပွားလျက်ရှိသောအခြင်းအရာများကို မမြင်နိုင်ချေ။ ထိုအထဲတွင် နှင်းများနှင့် မီးခိုးလုံးများကလည်း ထိုဒေသတစ်ဝိုက်ကို ဖုံးအုပ်လျက် ရှိပေသည်။ ရုရှားစစ်တပ်ကို ဝန်းရံတိုက်ခိုက်ကြသည့် ပြင်သစ်ဗိုလ်ချုပ် ဒက်ဆေး၏ တပ်များကို သစ်တပ်ရိုးရှေ့ မြေပြန့်လွင်ပြင်သို့ ရောက်လာမှ ခပ်ရေးရေး မြင်ရသည်။ သို့ရာတွင် ၎င်းတို့ မြေပြန့်သို့ ပြဲဆင်းလာသည်နှင့် တစ်ပြိုင်နက် ရုရှား သစ်တပ်ထဲမှ အမြောက်မြတပူများ၊ သေနတ်များ၏ ပစ်ခတ်သံမှာ ပို၍

www.burmeseclassic.com

www.burmeseclassic.com

ပြင်းထန်လာရကား ခဏတွင်း၌ပင် ထိုနေရာတစ်ဝိုက်တွင်လည်း မီးခိုးလုံးများ ဖုံးအုပ်သွားပြန်လေသည်။ တစ်ချီတစ်ချီတွင်မူ မှောင်မည်းလျက်ရှိသော မီးခိုးများကြားမှ လူသဏ္ဌာန် မည်းမည်းအရိပ်များနှင့် လှံစွပ်များမှ ဝင်းလက်သောအရောင်များကို မြင်လိုက်ရ၏။ သို့ရာတွင် ရှီဗာဒီနိုခံတပ်ထဲမှ လှမ်းမျှော်ကြည့်လျှင်မူကား ထိုမည်းမည်းသဏ္ဌာန်များသည် လူပ်ရှားပြေးလွှား၍ နေကြခြင်းလော၊ မလူပ်မယှက် ရပ်နေကြခြင်းလော သို့မဟုတ် ပြင်သစ်တပ်သားများလော၊ ရုရှားတပ်သားများလော ဆိုသည်ကို ခွဲခြား၍ မရချေ။

နေသည် ကျဲကျဲတောက် ပူစပြုလာလေရာ တောက်ပသောနေရောင်ခြည်များသည် နပိုလီယန်၏ မျက်နှာပေါ်သို့ ဖြာကျလာကြ၏။ နပိုလီယန်သည် မျက်လုံးများကို လက်ဝါးဖြင့်ကာလျက် ရုရှားသစ်တပ်ရိုးဆီသို့ လှမ်းမျှော်ကြည့်ရှုလျက် ရှိသည်။ ရှေ့ဆီတွင်ကား မီးခိုးလုံးများသာ ဖုံးလွှမ်းလျက်ရှိ၍ တစ်ခါတစ်ခါတွင် မီးခိုးလုံးများက ရွေ့လျားနေသည်ဟုထင်ရပြီး တစ်ချီတစ်ချီတွင် တပ်သားများက ရွေ့လျားနေသည်ဟု ထင်ရ၏။ တစ်ခါတစ်ရံ၌လည်း ပစ်ခတ်သံများကြားထဲမှ ဟစ်အော်သံများကို ကြားရ၏။ သို့သော်လည်း ထိုနေရာတွင် အခြေအနေမည်သို့ရှိနေသည်ကိုမူကား မည်သူမျှ မပြောနိုင်ချေ။

နပိုလီယန်သည် ရှီဗာဒီနို ခံတပ်ထဲရှိ တောင်ကုန်းပေါ်တွင်ရပ်ရင်း မှန်ပြောင်းဖြင့် လှမ်းကြည့်ပြန်သည်။ မှန်ပြောင်း၏သေးငယ်သော ကသိုဏ်းဝန်းထဲ၌ မီးခိုးလုံးများနှင့် တပ်သားများသည် အထင်းသားလာ၍ ပေါ်နေကြ၏။ အချို့မှာ ပြင်သစ်တပ်သားများဖြစ်၍ အချို့ကား ရုရှားတပ်သားများ ဖြစ်ကြ၏။ သို့ရာတွင် မှန်ပြောင်းကို မျက်လုံးမှ ခွာလိုက်သည်နှင့် ရူခင်းသည် ပီသခြင်းမရှိတော့ဘဲ ဝါးသွားပြန်ကာ စောစောကမြင်ခဲ့ရသောနေရာသည် မည်သည့်နေရာဖြစ်ကြောင်းကိုပင် ခွဲ၍ မရတော့ချေ။

နပိုလီယန်သည် တောင်ကုန်းကလေးပေါ်မှ ဆင်းလာကာ ခြေရင်းတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

တစ်ကြိမ် တစ်ကြိမ်၌ လမ်းလျှောက်ခြင်းကိုရပ်၍ ပစ်ခတ်သံများကို နားထောင်ကာ စစ်တလင်းဆီသို့ စူးစိုက်ကြည့်နေမိပြန်သည်။

သို့ရာတွင် နပိုလီယန်ရပ်လျက်ရှိသော တောင်ကမူအောက်ခြေမှ လည်းကောင်း၊ နပိုလီယန်၏ ဗိုလ်ချုပ်အချို့ ရပ်လျက်ရှိသော တောင်ကမူပေါ်မှ လည်းကောင်း ရုရှားသစ်တပ်ဆီသို့ မျှော်လိုက်မည်ဆိုက မည်သည့်အရာကိုမျှ သဲကွဲစွာ မမြင်ရချေ။ ထိုမျှဝေးလံသောနေရာကို မဆိုထား နှင့် သစ်တပ်ရိုးအတွင်းသို့ ဝင်ကြည့်လျှင်ပင် မည်သည့်အရာကိုမျှ သဲကွဲစွာမြင်ရမည် မဟုတ်ချေ။ ယခုအချိန်၌ ပြင်သစ်တပ်များနှင့် ရုရှားတပ်များသည် သစ်တပ်ကို သူတစ်ပြန်၊ ငါတစ်ပြန် သိမ်းပိုက်လျက် ရှိကြ၏။ တစ်ချီတစ်ချီ၌လည်း နှစ်ဖက်စလုံးက တစ်ပြိုင်တည်း ဝင်ရောက်သိမ်းပိုက်မိပြီးသား ဖြစ်နေတတ်၏။ တပ်ရိုးထဲ၌ ကျဆုံးသူက ကျဆုံးလျက်၊ ပစ်ခတ်သူက ပစ်ခတ်လျက်၊ ကျည်သင့်သူက ကျည်သင့်လျက်၊ ထိတ်လန့်သူက ထိတ်လန့်လျက်၊ သွေးပျက်သူက သွေးပျက်လျက် အထွေးထွေး ဖြစ်လျက်ရှိရာ သစ်တပ်ထဲသို့ ကိုယ်တိုင်ကိုယ်ကျ ဝင်ကြည့်လျှင်ပင် မည်သည့်အရာကိုမျှ သဲကွဲစွာ မမြင်နိုင်ချေ။ ထိုနေရာတစ်ဝိုက်၌ အမြောက် မြတပူ ပစ်ခတ်သံများ၊ တစ်လုံးထိုးသေနတ်ပစ်သံများသည် နာရီပေါင်းများစွာ တရစပ်မြည်ဟည်းလျက်ရှိကြ၍ တစ်ကြိမ် တစ်ကြိမ်တွင် ရုရှားတပ်သားများကိုချည်း မြင်ရကာ တစ်ခါ တစ်ခါ၌လည်း ပြင်သစ်တပ်သားများကိုသာ တွေ့ရတတ်၏။ တစ်ချီ တစ်ချီ၌လည်း ခြေလျင်တပ်များကို မြင်ရပြီးနောက် တစ်ခါတစ်ရံတွင်လည်း မြင်းတပ်များကို တွေ့လိုက်ရ၏။ ၎င်းတို့အားလုံးသည် တပ်စည်းထဲတွင် ဘွားခနဲ ပေါ်လာကြလျက် ပစ်ကြ၊ ခတ်ကြ၊ သတ်ကြ၊ ဖြတ်ကြ၊ လဲကြ၊ ကွဲကြ၊ တိုက်ကြ၊ ခိုက်ကြသဖြင့် ရုတ်ရုတ်သဲသဲဖြစ်လျက်ရှိကာ တစ်ဦးနှင့် တစ်ဦး ပက်ပင်းဝင်တိုက်မိကြလျှင်လည်း မည်သည့်ပြုရမည်မသိကြတော့ဘဲ အော်ဟစ်လျက် ခြေဦးတည့်ရာသို့ လှည့်ပြေးကြပြန်လေသည်။

နပိုလီယန်စေလွှတ်ထားသော တပ်ရေးများနှင့် စစ်သူကြီးများထံမှ ဆက်သားများသည် စစ်တလင်းမှ နပိုလီယန်ထံသို့ မြင်းကို ဒုန်းစိုင်းစီးလာခဲ့ကြကာ တိုက်ပွဲ၏အခြေအနေကို အဆက်မပြတ် သတင်းပို့လျက်ရှိကြ၏။ သို့ရာတွင် စစ်မျက်နှာတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်ကာ တိုက်ပွဲပြင်းထန်နေချိန်၌ အခြေအနေကို အတိအကျမသိနိုင်ခြင်း၊ တပ်ရေးများကလည်း တိုက်ပွဲဖြစ်ပွားသည့်နေရာ

www.burmeseclassic.com

www.burmeseclassic.com

သို့ ရောက်အောင်မသွားကြဘဲ တစ်ဆင့်ကြားခဲ့ရသည်များကိုသာ အစီရင်ခံကြခြင်း၊ သတင်းယူလာသည့် တပ်ရေးက နုပိုလီယန်ရှိရာသို့ မြင်းကိုဒုန်းစိုင်း၍ သတင်းပို့ရန် လာနေချိန်၌ တိုက်ပွဲ၏အခြေအနေမှာ ပြောင်းသွားကာ ၎င်းယူလာခဲ့သောသတင်းသည်လည်း လမ်းတွင်ပင် တန်ဖိုးမရှိဖြစ်လာခဲ့ခြင်းစသည့် အကြောင်းများကြောင့် နုပိုလီယန်ထံသို့ ရောက်လာသမျှသော သတင်းဟူသမျှသည် မမှန်သတင်းများသာဖြစ်ကြချေသည်။ စစ်သူကြီး မူးရတ်သည် ဘိုရိုဒီနို ကို မိမိတို့တပ်များက သိမ်းပိုက်ပြီးဖြစ်ကြောင်း၊ ကိုလိုချာ မြစ်ကို ဖြတ်ကူးထားသည့် တံတားမှာလည်း မိမိတို့လက်သို့ ကျရောက်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကိုလိုချာမြစ်အား ဖြတ်ကူးသင့် မကူးသင့်ကို ညွှန်ကြားစေလိုကြောင်းဖြင့် တပ်ရေးတစ်ယောက်ကို နုပိုလီယန်ထံသို့ သတင်းအပို့လွှတ်လိုက်၏။ နုပိုလီယန်ကလည်း မြစ်ကို မဖြတ်ကူးသေးဘဲ တပ်များကို စု၍ ဆိုင်းငံ့ထားကြရန် အမိန့်ပေး၏။ သို့ရာတွင် နုပိုလီယန်က ဤသို့ အမိန့်ပေးခြင်းမပြုမီ ဆက်သားကိုယ်တိုင် ဘိုရိုဒီနိုရွာမှ မထွက်သေးမီ၌ပင် အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းသွားခဲ့လေပြီ။ ရုရှားတပ်များသည် ကိုလိုချာတံတားကို ပြန်လည်သိမ်းပိုက်၍ မီးရှို့ဖျက်ဆီးပစ်လိုက်ကြလေပြီ။ (ရုရှားတပ်များက ထိုတံတားကို ပြန်သိမ်း၍ ဖောက်ခွဲပစ်လိုက်သည့် တိုက်ပွဲမှာ စစ်ပွဲအစတွင်ဖြစ်ပြီး ထိုစဉ်က ထိုနေရာတွင် ပီယာလည်း ရှိသည်။)

စစ်တလင်းမှ ပြင်သစ်တပ်ရေးတစ်ယောက်သည် ဖြူရော်၍ လွန်မင်းစွာတုန်လှုပ်လျက်ရှိသော မျက်နှာဖြင့် နုပိုလီယန်ထံသို့ မြင်းကို ဒုန်းစီးရောက်လာခဲ့ကာ မိမိတို့တိုက်စစ်မှာ အရေးနိမ့်၍ ဆုတ်ခွာလာခဲ့ရပြီဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကြီး ကင်ပန်မှာ ဒဏ်ရာအကြီးအကျယ်ရ၍ ဗိုလ်ချုပ်ကြီး ဒါဇောက်မှာလည်း ကျဆုံးသွားပြီဖြစ်ကြောင်းဖြင့်လည်း နုပိုလီယန်ထံ သတင်းပေးပို့ခြင်း ပြုလေသည်။ သို့သော်လည်း တစ်ချိန်တည်းမှာပင် ရုရှားတပ်များမှာ ဆုတ်ခွာသွားကြပြီ ဖြစ်ကြောင်း၊ ရုရှားခံတပ်ကိုလည်း ပြင်သစ်တို့က ပြန်လည်သိမ်းပိုက်လိုက်ကြောင်း၊ ဗိုလ်ချုပ်ကြီး ဒါဇောက်မှာ အနည်းငယ် ဒဏ်ရာရရှိရုံသာရှိကြောင်း စသည့် အခြားသတင်းတစ်ခုလည်း ရောက်လာပြန်လေသည်။ ဤသို့ဖြင့် နုပိုလီယန်သည် မည်သည့်နည်းနှင့်မျှ ယုံကြည်စိတ်ချ၍ မဖြစ်သော အစီရင်ခံချက်များကို အခြေပြု စဉ်းစားကာ အမိန့်များကို ပေးခဲ့ခြင်းဖြစ်လေရာ နုပိုလီယန်၏အမိန့်များသည် တစ်ခါတစ်ရံ၌ ထုတ်ပြန်ခြင်းမပြုမီကတည်းကပင် လက်အောက်ငယ်သားများက ကိုယ့်သဘောနှင့် ကိုယ် ဆောင်ရွက်ပြီးဖြစ်နေသော အမိန့်မျိုးများဖြစ်လျက်၊ တစ်ခါတစ်ရံ၌လည်း လက်တွေ့ဆောင်ရွက်၍ မဖြစ်သည့်ပြင် မည်သူကမျှ လိုက်နာဆောင်ရွက်ခြင်း မရှိသော အမိန့်မည်ကာမတ္တမျိုးသာ ဖြစ်လျက်ရှိလေသည်။

စစ်မျက်နှာ အနီးတစ်ဝိုက်တွင် ရောက်ရှိနေကြသည့် စစ်သူကြီးများနှင့် စစ်ဗိုလ်ချုပ်များသည်လည်း (နုပိုလီယန်ကဲ့သို့ပင်) တိုက်ပွဲ၌ ကိုယ်ထိလက်ရောက် ပါဝင်ခြင်း မရှိကြချေ။ တစ်ခါတစ်ခါ၌သာ ရန်သူနှင့် သေနတ်တစ်ပစ်အကွာသို့ ရောက်လာကြကာ နုပိုလီယန်ထံ အမိန့်တောင်းခံခြင်းမပြုကြတော့ဘဲ ၎င်းတို့ဘာသာ အစီအစဉ်ရေးဆွဲ၍ မည်သည့်စစ်ကြောင်းကို ပစ်ခတ်ရမည်၊ မြင်းတပ်က မည်သည့်ဘက်သို့ ချီတက်ရမည်၊ ခြေလျင်တပ်က မည်သို့ တက်တိုက်ရမည်ဆိုသည့်ကိစ္စများကို ၎င်းတို့သဘောဖြင့် အမိန့်ပေးသွားကြသည်သာ ဖြစ်လေသည်။ သို့ရာတွင် တိုက်ပွဲအနီးမှနေ၍ ပေးသော ၎င်းတို့၏အမိန့်များသည်လည်း နုပိုလီယန်၏ များစွာသောအမိန့်များကဲ့သို့ အရာမထင်ကြချေ၊ အရာထင်သည်ဆိုလျှင်လည်း မည်ကာမတ္တသာဖြစ်ပေသည်။ အများအားဖြင့်ကား ၎င်းတို့၏အမိန့်များနှင့် ဆန့်ကျင်၍ ဖြစ်ပေါ်လာကြသည်သာ ဖြစ်လေသည်။ အမိန့်က ရှေ့သို့ တက်ရမည်ဆိုသော်လည်း တကယ်လက်တွေ့တွင်မူ ရန်သူ့ကိုးလုံးကျည်အမြောက်ဒဏ်ကို မခံနိုင်သည်နှင့် ဆုတ်ပြေးလာခဲ့ကြသည်သာဖြစ်၏။ အမိန့်က ရှိရင်းစွဲနေရာမှ ခံရမည်ဟုဆိုသော်လည်း လက်တွေ့၌ကား ရန်သူ ရှောင်တခင် ဝင်တိုက်သည်နှင့် ရှေ့သို့တက်တိုက်သူက တိုက်၍ နောက်သို့လှည့်ပြေးသူက ပြေးသည်သာဖြစ်လေသည်။ မြင်းတပ်က ခြေဦးတည့်ရာ ထွက်ပြေးသော ရန်သူများကို အမိန့်မရဘဲ လိုက်လံတိုက်ခိုက်သည့်အခါမျိုးလည်း ရှိသေး၏။ ပြင်သစ်မြင်းတပ်နှစ်တပ်က ဆင်မြီနော့ရွာဘေး ကွင်းပြင်ထဲသို့ တရကြမ်းဆင်း၍ တိုက်ခိုက်ပြီး ကွင်းပြင်အဆုံး ကုန်းရိုးကလေးတစ်ခုသို့အရောက်တွင် အကြောင်းမဲ့ တရကြမ်းဆုတ်ပြေးကြသည့်ကိစ္စမှာ ဤသို့အမိန့်မရှိဘဲ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com

သဘောနှင့် ကိုယ် ဝင်တိုက်ကြခြင်းမျိုး ဖြစ်ပေသည်။ ထိုနည်းနှင်နှင်ပင် ခြေလျင်တပ်များကလည်း အမိန့်ပေးသောနေရာသို့ မတက်ဘဲ ခြေဦးတည့်ရာသို့ ဖရိဖရဲ တက်တိုက်ကြသည်သာ ဖြစ်၏။ အမြောက်များကို မည်သည့်အချိန်၊ မည်သည့်နေရာသို့ ပစ်ခတ်ရမည်ဆိုသည့်အမိန့်များ၊ ခြေလျင်တပ်က မည်သည့်အချိန်တွင် ဝင်တိုက်ရမည်ဆိုသည့် အမိန့်များ၊ မြင်းတပ်က မည်သည့် ရုရှားခြေလျင်တပ်ကို မည်သို့မည်ပုံ ဖောက်တိုက်ရမည်ဆိုသည့်အမိန့်များ စသည့် အမိန့်ဟူသမျှကို သက်ဆိုင်ရာတပ်ဖွဲ့အနီးရှိ တပ်ဗိုလ်များက ၎င်းတို့၏သဘောအလျောက် ချက်ချင်းပေးကြခြင်းသာ ဖြစ်သည်။ ၎င်းတပ်ဗိုလ်များသည် နပိုလီယန်ထံ အမိန့်တောင်းခံဖို့ မဆိုထားနှင့်၊ စစ်မျက်နှာတစ်ဝိုက်တွင် ရှိနေကြသော နေးလ်၊ ဒါဗောက်၊ မူးရတ်စသည့် ဗိုလ်ချုပ်များထံတွင်ပင် အမိန့်တောင်းခံကြသည် မဟုတ်ချေ။ ဤသို့အမိန့်မရှိဘဲ ကိုယ့်သဘောနှင့် ကိုယ် ဆောင်ရွက်ခြင်း၊ အမိန့်ကို မလိုက်နာခြင်းတို့ကြောင့် နောင်တွင်ကျရောက်လာမည့် အန္တရာယ်တို့ကိုလည်း တွေး၍ ကြောက်မနေနိုင်တော့ချေ။ အကြောင်းမူကား စစ်ပွဲ၌ တွေ့ကြုံရသော အန္တရာယ်မှာ ထိုအန္တရာယ်တို့ထက် အဆများစွာ ကြောက်ဖွယ်ကောင်းသော အန္တရာယ်၊ လူတွင် အဖိုးတန်ဆုံးသော အသက်တစ်ချောင်းဆုံးရှုံးမည့် အန္တရာယ် ဖြစ်သောကြောင့်တည်း။ တစ်ခါတစ်ရံ၎င်းတို့၏စိတ်၌ ဆုတ်ပြေးမှ အသက်အန္တရာယ်လုံခြုံသည်ဟု ထင်တတ်ကြသည့်အခါမျိုးလည်း ရှိ၍ တစ်ခါတစ်ရံ၌လည်း ရှေ့တိုးမှ အသက်အန္တရာယ်လုံခြုံသည်ဟု ထင်တတ်ကြသည့်အခါမျိုးလည်း ရှိတတ်၏။ ဤသို့ဖြင့် တစ်ဖက်နှင့် တစ်ဖက် ပစ်ကြ၊ ခတ်ကြ၊ ထိုးကြ၊ ခုတ်ကြဖြင့် ရှိနေသည့် တိုက်ပွဲတစ်ပွဲကြားထဲတွင် ရောက်သည့် စစ်သားများသည် ထိုအချိန်၌ မည်သူ၏အမိန့်ကိုမျှ နာခံခြင်းမပြုကြတော့ဘဲ ထိုအချိန်၊ ထိုကာလတွင် ၎င်းတို့၏ရင်ထဲ၌ ပေါ်လာသော ၎င်းတို့၏စိတ်ဆန္ဒအတိုင်း ပရမ်းပတာလုပ်တတ်ကြသည်သာ ဖြစ်လေသည်။ သို့ရာတွင် တကယ်၌ကား တိုက်ပွဲတွင် ဆုတ်ပြေးခြင်း၊ ရှေ့တက်ခြင်းစသည့် လှုပ်ရှားမှုများသည် စစ်တပ်များ၏အခြေအနေကို ပြောင်းလဲစေနိုင်သည် မဟုတ်ချေ။ ပို၍ကောင်းမွန်လာအောင် ပြုလုပ်နိုင်စွမ်းရှိသည် မဟုတ်ချေ။ စစ်ပွဲတစ်ပွဲ၌ တစ်ဖက်နှင့်တစ်ဖက် တပ်သားချင်း ပစ်ခတ်သတ်ပုတ်ကြသောကြောင့် သေကြေသူ၊ ဒဏ်ရာရသူဟူ၍ ရှားပါးလှပါသည်။ စစ်တလင်းပေါ်သို့ ပျံသန်း ကျရောက်လာသည့် အမြောက်ဆန် ကျည်ဆန်များကြောင့် သေရသည့်ဦးရေကသာ များပါသည်။ ကျည်ဆန် အမြောက်ဆန်များ မိုးသီးမိုးပေါက်သဖွယ် ကျရောက်လျက်ရှိသည့် စစ်မြေပြင်ကို တပ်သားများ ဖရိဖရဲ စွန့်ခွာပြေးကြသည်နှင့် နောက်ပိုင်းတွင်ရှိနေသော ၎င်းတို့၏အကြီးအကဲများသည် တပ်သားများကို စုစည်းကာ စည်းကမ်းများဖြင့် ကွပ်ကဲကြ၏။ ထို့နောက် ထိုစည်းကမ်းများဖြင့် အမြောက်ဆန်များ၊ ကျည်ဆန်များထဲသို့ အတင်းတိုးဝင်ကြစေပြန်၏။ အမြောက်ဆန် ကျည်ဆန်များကြားသို့ ရောက်ကြပြန်သည်နှင့်တစ်ပြိုင်နက် တပ်သားများသည် သေဘေးကို ကြောက်လန့်ကာ စည်းမဲ့ကမ်းမဲ့ ဖရိဖရဲ ဖြစ်လာကြပြန်ကာ လူစုလူဝေးတို့၏ အကွပ်အကဲမဲ့သော သဘာဝအတိုင်း ခြေဦးတည့်ရာသို့ ထွက်ပြေးကြပြန်ခြင်းဖြင့် သံသရာလည်လျက်ရှိသည်သာ ဖြစ်လေသတည်း။

အခန်း ၃၄

နပိုလီယန်၏ဗိုလ်ချုပ်များဖြစ်သော ဒါဗောက်၊ နေးလ်၊ မူးရတ်စသူတို့သည် တစ်ချိန်လုံး စစ်မျက်နှာအနီး တစ်ဝိုက်တွင်ရှိနေကြလျက် တစ်ခါတစ်ရံတွင် စစ် မျက်နှာအကန့်ထဲအထိ ဝင်ရောက်သွားကြကာ စည်းကမ်းသေဝပ်သော စစ်တပ်ကြီးများကို တစ်တပ်ပြီး တစ်တပ် စစ်မျက်နှာအကန့်ထဲသို့ စေလွှတ်ခဲ့ကြသည်။ သို့သော်လည်း ယခုတစ်ကြိမ်တွင်မူ ယခင်တိုက်ပွဲများကဲ့သို့ ရန်သူများ ဆုတ်ခွာထွက်ပြေးကြပြီ ဟူသောသတင်းကို ကြားရခြင်းမရှိဘဲ စည်းကမ်းသေဝပ်ပါသည် ဆိုသော မိမိ၏တပ်သားများသည် အကြောက်ကြောက် အလန့်လန့် အကွဲကွဲအပြဲပြဲ အသုပ်အစည်းပျက်လျက် ဆုတ်ခွာလာ ခဲ့ခြင်းကို တွေ့ရ၏။ ပြင်သစ် ဗိုလ်ချုပ်များသည် ဖရိဖရဲ ဆုတ်ခွာလာခဲ့ကြသောတပ်များကို ပြန်လည်စုစည်းခြင်း ပြုကြသော်လည်း တပ်သားများ၏အရေအတွက်မှာ နည်းသည်ထက် နည်းလာခဲ့လေပြီ။ မွန်းတည့်ချိန်တွင်ကား ဗိုလ်ချုပ်ကြီး မူးရတ်သည် တပ်ကူတောင်းရန်အတွက် မိမိတပ်ရေးကို နပိုလီယန်ထံ စေလွှတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် နပိုလီယန်သည် ရှီဗာဒီနိုတောင်ကုန်းခြေရင်းတွင် ထိုင်၍ အမွေးနုံ့သင်းသောအရက်ချိုကို သောက်လျက်ရှိ၏။ ဗိုလ်ချုပ်မူးရတ်၏ တပ်ရေးသည် မြင်းကို ကဆုန်ချ၍စီးခဲ့ကာ ဘုန်းတော်ကြီးသော ဧကရာဇ်က နောက်ထပ် တပ်မကြီးတစ်တပ်မျှ တပ်ကူဖြည့်တော်မူမည်ဆိုပါက ရုရှားတို့ စစ်ရွှေ့မည် ဖြစ်ကြောင်းဖြင့် လျှောက်တင်ခြင်း ပြုလေသည်။

"အလို တပ်ကူများ ပေးတော်မူရဦးမယ် ဟုတ်စ" နပိုလီယန်က ဗိုလ်ချုပ်မူးရတ်ကဲ့သို့ ဆဲရှည်ထားသည့် ချောမောခဲ့ညားသော လူငယ်ကလေးတစ်ဦးဖြစ်သူ တပ်ရေးကို ကြည့်၍ အံ့အားသင့်ဟန်ဖြင့် ဆိုလိုက်သည်။ အင်အားနည်းပါး၍ အကာအကွယ်ကင်းမဲ့သော ရုရှားခံစစ်ကြောင်း စစ်တောင်ပံတစ်ခုကို မိမိ၏ရှိသမျှသော စစ်သည်အင်အား တစ်ဝက်မျှဖြင့် တိုက်နေခြင်း ဖြစ်ပါလျက် အဘယ်ကြောင့် တပ်ကူတောင်းရလေသနည်းဟုလည်း နပိုလီယန် စဉ်းစား၍မရအောင် ဖြစ်နေသည်။ အတန်ကြာမှ နပိုလီယန်သည် သံပြတ်ဖြင့်

"ယခုအချိန်သည် နေမွန်းတည့်ချိန်သို့ မရောက်သေး၊ ငါသည်ပင် ငါ၏စစ်တုရင်ခုံကို ယခုအထိ ကောင်းစွာမမြင်ရသေးဟု သင်တို့ဗိုလ်ချုပ်ကို ပြောလိုက်လေ"

ရုပ်ရည်ချောမော၍ ဆံပင်များ ကုပ်ပေါ်ဝဲကျလျက်ရှိသော တပ်ရေးဗိုလ်ကလေးသည် ဦးထုပ်တွင် လက်မြှောက်၍ အရိုအသေပြုထားရင်းက သက်ပြင်းကို ချလိုက်ပြီးနောက် လူများ အစုလိုက် အပြုံလိုက် အသတ်ခံနေရသည့်စစ်မျက်နှာသို့ မြင်းကို ဒုန်းစိုင်း၍ စီးထွက်သွားလေသည်။

နပိုလီယန်သည် ထိုင်ရာမှထ၍ ပြင်သစ်စစ်သူကြီးတစ်ဦးဖြစ်သူ ဘာသီးယား၊ ပြင်သစ်ဗိုလ်ချုပ်နှင့် ပြင်သစ်သံတော်ကြီးတစ်ဦးဖြစ်သူ ကော်လာနကူးတို့ကို ရှေ့သို့ဆင့်ခေါ်၍ ၎င်းတို့နှင့်အတူ စစ်ရေးစစ်ရာနှင့် ပတ်သက်ခြင်းမရှိသော အကြောင်းအရာများကို ပြောဆိုလျက် ရှိလေသည်။

ဤသို့ စကားပြောဆိုနေကြသည်ကို နပိုလီယန်ကိုယ်တိုင် စိတ်ပါဝင်စားနေချိန်၌ နောက်လိုက် နောက်ပါများခြံရံ၍ ပါးစပ်မှ အမြဲပ်တစီစီထလျက်ရှိသော မြင်းတစ်ကောင်ကို ဒုန်းစီးကာ မိမိတို့ရှိရာ တောင်ပူစာခြေရင်းသို့ လာနေသော စစ်ဗိုလ်ချုပ်တစ်ဦးကို စစ်သူကြီး ဘားသီးယား မြင်လိုက်လေသည်။ ထိုသူကား ပြင်သစ်စစ်ဗိုလ်ချုပ်တစ်ဦး ဖြစ်သူ ဘဲလီယာ့ဒ် ပေတည်း။ ဘဲလီယာဒ်သည် မြင်းပေါ်မှ ဆင်းသက်၍ ဘုရင်ဧကရာဇ် နပိုလီယန်ရှေ့တွင် အလျင်အမြန် ဝင်ရောက်ခစားကာ တပ်ကူများ စေလွှတ်ပါမည့်အကြောင်း ကျယ်လောင်စွာလျှောက်တင်ခြင်း ပြုလေသည်။ ဘုန်းတော်ကြီးသော ဘုရင်ဧကရာဇ်က တပ်မကြီးတစ်တပ်ကို စစ်ကူလွှတ်နိုင်မည်ဆိုလျှင် ရုရှားတို့ စစ်ပျက်မည် မြေကြီး လက်ခတ်မလွဲဖြစ်ကြောင်း ပြောဆိုလေသည်။

နပိုလီယန်သည် ပခုံးကိုတွန့်၍ တစ်စုံတစ်ရာပြောဆိုခြင်း မပြုဘဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိ၏။ ဗိုလ်ချုပ် ဘဲလီယာ့ဒ်ကား ထိုအကြောင်းကို အနီးရှိ စစ်သူကြီးအား ကျယ်လောင်စွာ ပြောဆိုလျက် ရှိလေသည်။

နပိုလီယန်သည် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေရာမှ ဗိုလ်ချုပ် ဘဲလီယာ့ဒ်ထံသို့ လျှောက်လာခဲ့၏။

"ဟယ် ဘဲလီယာ့ဒ်၊ ဤမျှတုန်လှုပ်ခြင်း ဖြစ်ရာသလော၊ သင့်စကား မှားအံ့ ငါထင်သည်၊ တိုက်ပွဲတစ်ပွဲပြင်းထန်စွာဖြစ်ပွားနေချိန်တွင် အမှားအယွင်းရှိစမြဲသာဖြစ်သည်၊ သင်ကိုယ်တိုင် ထပ်မံ၍ကြည့်ချေဦး၊ သေချာစွာကြည့်ပြီးမှ ငါ့ထံ ပြန်လာခဲ့"

ဗိုလ်ချုပ် ဘဲလီယာ့ဒ် ထွက်သွား၍ မကြာမီ စစ်မျက်နှာတစ်နေရာမှ ဆက်သားတစ်ဦး ရောက်ရှိလာပြန်သည်။

"ဆိုစမ်း မောင်မင်း၊ ဘာလျှောက်တင်ချင်ပြန်ပြီလဲ"

အေးဆေးစွာ မနေရသဖြင့် စိတ်တိုလျက်ရှိသူ တစ်ဦး၏အသံမျိုးဖြင့် နပိုလီယန်က မေး၏။

"မှန်လှပါ ဗိုလ်ချုပ်မူးရတ်က" တပ်ရေးက လျှောက်၏။

"ငါ သိပြီ၊ သင်တို့ တပ်ကူ တောင်းပြန်ပြီ မဟုတ်လား" နပိုလီယန်က ဒေါသထွက်လျက် မေးလိုက်၏။

တပ်ရေးသည် ဟုတ်မှန်ကြောင်း ဦးညွတ်၍ပြလိုက်ပြီး ထပ်မံလျှောက်တင်မည်အပြုတွင် နပိုလီယန်သည် တပ်ရေးထံမှ လှည့်ထွက်လာခဲ့လေသည်။ တစ်ဖန် ပြန်သွားပြီးနောက် စစ်သူကြီး ဘာသီးယားကို ဆင့်ခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"အရန်တပ်များကို စစ်ကူ ပို့ရချေတော့မည်၊ မည်သူ့တပ်ကို စစ်ကူပို့သင့်သည် ထင်သနည်း" ဟု ဘာသီးယားကို မေးလိုက်သည်။ (ဘာသီးယားနှင့် ပတ်သက်၍ 'သင်းကို ငန်းကောင်ပေါက်ကလေးဘဝမှ လင်းယုန်ငှက်ကြီး ဖြစ်အောင် ငါ လုပ်ပေးရခြင်း ဖြစ်သည်' ဟု နုပိုလီယန်က မကြာခဏ ပြောလေ့ရှိသည်။)

"မှန်လှပါ၊ ဗိုလ်ချုပ် ကလေပါရေဒီ၏ တပ်မကြီးကိုစေလွှတ်က သင့်မြတ်ပါမည်" တပ်မကြီးများ၊ တပ်ရင်းများ၊ တပ်ခွဲများစာရင်းကို နှုတ်တိုက်ရသော ဘာသီးယားက လျှောက်၏။

နုပိုလီယန်သည် ခေါင်းကို ညိတ်လိုက်၏။

တပ်ရေးသည် ဗိုလ်ချုပ် ကလေပါရေဒီ၏ တပ်မကြီး စခန်းချရာသို့ မြင်းကို ကဆုန်စီး၍ထွက်သွားလေရာ မိနစ်အနည်းငယ်အကြာ၌ကား တောင်ကုန်းနောက်တွင် တပ်စွဲထားသော ဗိုလ်ချုပ် ကလေပါရေဒီ၏ ပျို့ရွှယ်နုနယ်သော တပ်သားများသည် စစ်မျက်နှာဆီသို့ ချီတက်လှုပ်ရှားနေခြင်းကို မြင်ရ၏။ နုပိုလီယန်သည် တပ်များ ချီတက်နေသည်ကို တိတ်ဆိတ်စွာ မျှော်ကြည့်လျက် ရှိ၏။

"မဟုတ်သေးဘူး မောင်မင်း၊ ကလေပါရေဒီ၏ တပ်မကြီးကို ငါ စေလွှတ်ခြင်း မပြုနိုင်သေး၊ သင်း၏ တပ်မကြီးအစား ဖရိုင်းယန့်၏ တပ်မကြီးကို ချီတက်စေရမည်" နုပိုလီယန်က ဘာသီးယားကို ပြောလိုက်၏။

စင်စစ်၌ ကလေပါရေဒီ၏ တပ်မကြီးအစား ဖရိုင်းယန့်၏ တပ်မကြီးကို စေလွှတ်ခြင်းဖြင့် ထူး၍ အကျိုးများလာသည် မဟုတ်ချေ။ အကျိုးမများရုံမျှမက စစ်မျက်နှာအကန့်ထဲသို့ ဝင်စပြုနေသော ကလေပါရေဒီ၏ တပ်မကြီးကို ပြန်၍ ရုပ်သိမ်းခြင်း၊ ဖရိုင်ယန့်၏ တပ်မကြီးကို နောက်ထပ်စေလွှတ်ရခြင်းတို့ကြောင့် အချိန်နှောင့်နှေးခြင်း၊ အခက်အခဲတွေ့ခြင်းတို့ပင် ရှိသေး၏။ သို့ရာတွင် နုပိုလီယန်၏ အမိန့်အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ရသည်သာ ဖြစ်လေသည်။ ဆေးသမားသည် မိမိတို့၏ ဆေးဝါးနှင့် ပတ်သက်လာလျှင် 'ငါ့ပြင်မရှိ' ဟူသော မာနမျိုးဖြင့် ဆေးအဖုံဖုံကို ရေလဲထုတ်သုံးစွဲ၍ သမားဂုဏ် ပြကြသော်လည်း နောက်ဆုံးတွင် ဘာမျှ အရာမထင်ဘဲ လူနာ၏ ရောဂါ ပျောက်ကင်းမှု ကြန့်ကြာခြင်းကို ဖြစ်စေသကဲ့သို့ (နုပိုလီယန်သည် ဆေးသမားများ၏ ဤသို့ သမားဂုဏ် ပြတတ်သောသဘာဝကို ကောင်းစွာနားလည်၍ စက်ဆုပ်ရွံ့မုန်းသူ ဖြစ်သည်။ ဤအချက်တွင်ကား နုပိုလီယန် မှန်ပါသည်။) မိမိ၏ စစ်တပ်များနှင့် ပတ်သက်လာလျှင် မိမိမှာလည်း ထိုသို့ ဆေးအဖုံဖုံဖြင့် သမားဂုဏ်ပြတတ်သော ဆေးသမား၏ အဖြစ်နှင့် ဘာမျှ ခြားနားခြင်း မရှိကြောင်း ကိုကား နုပိုလီယန်ကိုယ်တိုင် သတိထားမိဟန် မတူချေ။

ဖရိုင်းယန့်၏ တပ်မကြီးများသည် အခြားအခြား သောတပ်များကဲ့သို့ စစ်မြေပြင်ထက်တွင် ဖုံးလွှမ်းလျက်ရှိသော မီးခိုးလုံးများကြားတွင် ပျောက်ကွယ်သွား၏။ တပ်ရေးများသည် စစ်မျက်နှာအသီးသီးမှ မြင်းများဖြင့် ဒုန်းစိုင်းရောက်ရှိလာကြကာ အချင်းချင်း တိုင်ပင်ထားသည့်ပမာ တစ်မျိုးတည်းသောစကားကိုသာ ဆိုကြ၏။ ၎င်းတို့အားလုံးက စစ်ကူပို့ရန် တောင်းဆိုကြကာ ရုရှားတို့ နောက်မဆုတ်ဘဲ အပြင်းအထန် ခုခံလျက်ရှိကြောင်း၊ ၎င်းတို့က အမြောက် မြတပူများ သည်းထန်စွာပစ်လွှတ်သည်ဖြစ်၍ ပြင်သစ်တို့ အထိအရှများလှကြောင်းဖြင့် ပြောဆိုကြလေသည်။

နုပိုလီယန်ကား ရွှက်ဖျင်ခေါက် ကုလားထိုင်တွင် ထိုင်ကာ အတွေးနယ်ချဲ့လျက် ရှိလေသည်။

ခရီးသွားဝါသနာပါသည်ဟု နုပိုလီယန်၏ အရေးတယူပြောဆိုခြင်းကို ခံရသည့် ဝင်းမှူးကြီး ဒီဗျူးဆေးမှာ နံနက်ကတည်းက ဘာမျှမစားရသေးသဖြင့် ဧကရာဇ်ဘုရင် နုပိုလီယန်ရှေ့သို့ဝင်ကာ နံနက်စာသုံးဆောင်ရန် အရဲစွန့်၍ လျှောက်တင်ခြင်း ပြုလေသည်။

"မှန်လှပါ ဘုန်းတော်ကြောင့် တပ်တော်များ အောင်ပွဲခံနေသည် ထင်ပါ့ဘုရား" ဝင်းမှူးကြီး ဒီဗျူးဆေးက လျှောက်၏။

နုပိုလီယန်က မည်သို့မျှ ပြန်မပြောဘဲ ခေါင်းကို ယမ်းလိုက်သည်။ ဤတွင် နုပိုလီယန်က ခေါင်းယမ်းပြခြင်းမှာ အောင်ပွဲရခြင်းမဟုတ်ဟု ဆိုလိုခြင်းသာဖြစ်၍ နံနက်စာစားရန် ရည်ရွယ်ပြောဆိုခြင်းမဟုတ်ဟု ဝင်းမှူးကြီး ဒီဗျူးဆေးက အနက်ကောက်လိုက်ကာ နံနက်စာကို သုံးဆောင်ရန် အချိန်ရလျက်နှင့် မသုံးဆောင်ရဘဲ မနေသင့်ကြောင်းဖြင့် အရဲစွန့်ကာ ခပ်ရွင်ရွင်ကလေး လျှောက်တင်လိုက်သည်။

"သွားစမ်း မောင်မင်း" နုပိုလီယန်သည် ခက်

www.burmeseclassic.com

www.burmeseclassic.com

ထန်စွာအော်လိုက်ပြီးနောက် တစ်ဖက်သို့ လှည့်လိုက်၏။

နိုဝိလီယန် ကြိမ်းမောင်းခြင်းကို ခံရသည့်အတွက် နောင်တဖြစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ပီတိဖြစ်ခြင်း စသည့် ဝေဒနာတို့ ရောပြွမ်းဖုံးအုပ်လျက်ရှိသောအပြီးသည် ဝင်းမူးကြီး ဒီဗျူးဆေး၏ မျက်နှာတွင် အထင်းသား ပေါ်လာလေသည်။ ထို့နောက် ဝင်းမူးကြီး ဒီဗျူးဆေးသည် အခြားစစ်ဗိုလ်ချုပ်များထံသို့ ထွက်လာခဲ့လေသည်။

အမြဲတမ်း ကံကောင်းသော ကစားသမားတစ်ယောက်သည် နိုင်လိမ့်နိုးနိုးနှင့် ရှိသမျှကို ပုံအောပြီးသည့်နောက် ကစားဝိုင်း၏အလားအလာကို တွက်ကြည့်၍ မိမိသေချာပေါက် ရှုံးတော့မည်ဟု သိလိုက်ရသည့်အခါ၌ ပြင်းစွာတုန်လှုပ်ချောက်ချားခြင်း ဖြစ်လျက်ရှိသကဲ့သို့ စစ်ပွဲတိုင်း နိုင်ခဲ့သော နိုဝိလီယန်မှာလည်း ယခုအကြိမ်တွင် စိတ်ချောက်ချားလျက် ရှိလေပြီ။

မိမိ၏စစ်တပ်များ၊ စစ်ဗိုလ်ချုပ်များ၊ ပြင်ဆင်မှုများ၊ စစ်အင်္ဂါစဉ်များ၊ အမိန့်ပြန်တမ်းများသည် ယခင်ကကဲ့သို့ပင် ပြည့်စုံကောင်းမွန်သည်သာ ဖြစ်၏။ မိမိကိုယ်တိုင်လည်း ယခင်ကကဲ့သို့ပင် ကြီးကြပ်ကွပ်ကဲသည်သာ ဖြစ်၏။ ထိုမျှမက ယခင်စစ်ပွဲများကထက်ပင် အတွေ့အကြုံကြွယ်ဝကာ စစ်ရေးစစ်ရာ၌ ကျွမ်းကျင်လာခဲ့ပေသေးသည်။ ရန်သူ၏ တိုက်ရည်ခိုက်ရည်မှာ ဩစတားလစ်စစ်ပွဲနှင့် ဖရိုလင်းစစ်ပွဲများမှာကဲ့သို့ပင် ဖြစ်သည်။ ထို့ထက် ဘာမှ မထူးခြား။ သို့တိုင်အောင် နိုဝိလီယန်၏ အားခွန်ဗလကြီးမားသောလက်ရုံးကြီးသည် ယုံနိုင်စရာ မရှိလောက်အောင် လှုပ်ရှားခြင်း မပြုနိုင်တော့ဘဲ အစွမ်းသတ္တိကင်းမဲ့လျက် ရှိလေပြီ။

အမြောက်တပ်များအား တစ်နေ့ရာတည်းသို့ စုပြုံပစ်ခတ်စေခြင်း၊ ရန်သူ၏ခံစစ်ကြောင်းကို အရန်တပ်များအား ထိုးဖောက်တိုက်စေခြင်း၊ 'သံမဏိ လက်ရွေးဗိုလ်' များဟုခေါ်သော မြင်းတပ်ဖြင့် တိုက်စေခြင်း စသည့် ယခင်ယခင်စစ်ပွဲများတွင် အသုံးပြုခဲ့သော နည်းလမ်းများသည် အောင်မြင်ခြင်းသရဖူကို ဆောင်းခဲ့ကြသည်သာ ဖြစ်၏။ ယခု တိုက်ပွဲ၌ ထိုနည်းလမ်းများအား လုံးကိုလည်း အသုံးပြုပြီးခဲ့လေပြီ။ သို့တိုင်အောင် အောင်ပွဲ ရခြင်းမရှိဘဲ မိမိဗိုလ်ချုပ်များ ကျဆုံးဒဏ်ရာရသည့် သတင်းများ၊ စစ်ကူလိုသည့်သတင်းများ၊ ရုရှားတို့ခံတပ်ကို ထိုးဖောက်၍ မရနိုင်ဆိုသော သတင်းများ၊ မိမိ၏တပ်များ ဖရိုဖရဲဖြစ်လျက် အအုပ်အစည်းပျက်နေပြီဆိုသည့် သတင်းများသာ စစ်မျက်နှာအသီးသီးမှ ရောက်၍ လာခဲ့ကြလေသည်။

ယခင်ကဆိုလျှင် မိမိက အမိန့်ပြန်တမ်း နှစ်စောင်၊ သုံးစောင်ထုတ်လိုက်ရုံ၊ စကားတစ်ခွန်း နှစ်ခွန်းပြောလိုက်ရုံမျှဖြင့် စစ်သူကြီးများနှင့် တပ်ရေးများသည် ရွှင်ပြုံးသော မျက်နှာများဖြင့် ဒုန်းစိုင်း၍ ရောက်လာကြကာ ရန်သူသုံ့ပန်း မည်ရွေ့မည်မျှ ဖမ်းမိကြောင်း၊ ရန်သူစစ်တံခွန်၊ ရန်သူစစ်တလေး မည်ရွေ့မည်မျှ သိမ်းဆည်းရမိကြောင်း၊ ရန်သူ အမြောက်မြတပူများနှင့် ရိက္ခာပစ္စည်းများ မည်ရွေ့မည်မျှရရှိကြောင်း တင်ပြလျက် ဘုန်းတော်ကြောင့် နိုင်ပေသည်ဟု ချီးကျူးထောမနာပြုကြ၏။ ဗိုလ်ချုပ်မူးရတ်အဖို့လည်း လက်နက်ပစ္စည်းများကိုသယ်ရန် မြင်းတပ်ကို ဖြုတ်စေ၍ ဝန်တင်လှည်းများကိုဆွဲရန် အမိန့်ထုတ်ပြန်လိုက်ရုံသာ ရှိ၏။ လိုဒီ၊ မာရင်ဂို၊ အာကိုလာ၊ ဂျီနာ၊ ဩစတားလစ်၊ ဝါဂရမ် စသည့် စစ်ပွဲများ၌ ဤသို့ အလွယ်တကူ အောင်မြင်ခဲ့သည်သာဖြစ်၏။ သို့ရာတွင် ယခုသော်ကား မိမိ၏တပ်များသည် မကြုံစဖူး ထူးကဲသောအခြင်းအရာတို့ကို တွေ့ကြုံနေချေပြီ။

ရုရှားစစ်တပ်များကို သိမ်းပိုက်လိုက်ပြီဟူသော သတင်းများကို ရရှိသော်လည်း ထို သိမ်းပိုက်ခြင်းသည် ယခင်တိုက်ပွဲများတုန်းက သိမ်းပိုက်ခြင်းမျိုး မဟုတ်ကြောင်းကို နိုဝိလီယန် ကောင်းစွာသိ၏။ ထိုအောင်ပွဲသည် ယခင်အောင်ပွဲများနှင့် လားလားမျှ မတူကြောင်းကို နိုဝိလီယန် သဘောပေါက်၏။ မိမိ စိတ်ဓာတ် ချောက်ချားလျက် ရှိသကဲ့သို့ မိမိအပါးတွင် ခစားလျက်ရှိသော စစ်သေနင်္ဂဗျူဟာအတတ်ကို ကျွမ်းကျင်သည့်ပုဂ္ဂိုလ်များပါ စိတ်ဓာတ် ချောက်ချားလျက်ရှိခြင်းကိုလည်း နိုဝိလီယန် သိသည်။ ၎င်းတို့အားလုံး၏ မျက်နှာများသည် ညှိုးငယ်လျက်ရှိကာ တစ်ယောက်နှင့် တစ်ယောက် မျက်လုံးချင်း မဆိုင်မိအောင် ရှောင်နေကြ၏။ ဖြစ်ပျက်နေသော အခြင်းအရာများကို သဘောမပေါက်သူမှာ ဝင်းမူးကြီး ဒီဗျူးဆေး တစ်ဦးတည်းသာ ရှိပေသည်။

သို့ရာတွင် နိုဝိလီယန်သည် နလပိန်းတုံး မဟုတ်ချေ။ ရန်သူကို ရှစ်နာရီလုံးလုံး မီးကုန်ယမ်းကုန် ထိုးစစ်ဆင်ပါလျက် ထိုးစစ်ဆင်သည့်ဘက်မှ ယခုတိုင် ရန်သူ

www.burmeseclassic.com

www.burmeseclassic.com

ခံစစ်ကြောင်းကို မထိုးဖောက်နိုင်သေးခြင်းမှာ မည်သည့် အဓိပ္ပာယ်ဆောင်ကြောင်းကို နပိုလီယန်သည် စစ်အတွေ့ အကြုံကြွယ်ဝသူပီပီ ကောင်းစွာ သိရှိပေသည်။ တိုက်ပွဲ တစ်ပွဲကို ဤမျှကြာအောင်တိုက်နေရလျှင် ထိုတိုက်ပွဲသည် ရှုံးသောတိုက်ပွဲတစ်ပွဲမျှသာ ဖြစ်သည်ကို လည်းကောင်း၊ တစ်နေရာတည်း၌ ဘတစ်ပြန် ကျားတစ်ပြန် ဤမျှတိုက် နေရချိန်တွင် မိမိဘက်က ခြေလှမ်းတစ်ချက် မှားလိုက် သည်နှင့် တစ်ပြိုင်နက် မိမိနှင့်တကွ မိမိ၏စစ်တပ်ကြီး တစ်တပ်လုံး ပြုတ်ပြုတ်ပြုန်းနိုင်သည်ကို လည်းကောင်း နပိုလီယန် ကောင်းစွာသိပေသည်။

ရုရှားနိုင်ငံကြီးကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်မှာ နှစ်လမျှကြာခဲ့လေပြီ။ သို့သော်လည်း ယခုအထိ တိုက်ပွဲ တစ်ပွဲမျှ အနိုင်မရသေးချေ။ ရန်သူ၏ အလံတစ်လက်မျှ မသိမ်းခဲ့မိသေးချေ။ သုံ့ပန်းတစ်ယောက်မျှ မမိခဲ့သေးချေ။ ရန်သူအမြောက် တစ်လက်မျှ မရခဲ့သေးချေ။ ဤအခြင်း အရာများကို စဉ်းစားလိုက်မိသည့်အခါ၌ လည်းကောင်း၊ ညှိုးငယ် စိတ်ပျက်ခြင်းကို ကြိုးစားဖုံးကွယ်ထားကြသော မိမိအပါးတွင် ခစားသူများ၏ မျက်နှာများကို မြင်လိုက် ရသည့်အခါ၌ လည်းကောင်း၊ ရုရှားများက ၎င်းတို့၏ ခြေကုပ်စခန်းများမှ နောက်ဆုတ်မပေးကြဘဲ အသေအလဲ ခုခံနေသည်ဟူသော သတင်းများကို ကြားလိုက်ရသည့် အခါ၌ လည်းကောင်း နပိုလီယန်သည် ဘီလူးစီးခံရသူ ကဲ့သို့ ကြီးစွာတုန်လှုပ် ချောက်ချားခြင်းဖြစ်လျက် ပျက်စီး ခြင်းသို့ ရောက်ရချေတော့မည်ဟူသော စိုးရိမ်စိတ်များ သည်လည်း တဖွားဖွားပေါ်ပေါက်လာကြလေသည်။ ရုရှား တို့သည် မိမိခံစစ်ကြောင်း၏ လက်ဝဲတောင်ပံကို တိုက်ကြ ချေတော့မည်လော။ မိမိခံစစ်ကြောင်း ဗဟိုချက်မကို ထိုး ဖောက်ကြချေတော့မည်လော သို့တည်းမဟုတ် တစ်နေရာ ရာမှ ပစ်လိုက်သော အမြောက်ဆံတစ်ခုသည်ပင် မိမိကို လာ၍ထိမှန်ချေတော့မည်လောဟု အမျိုးမျိုး တွေးတော စိုးရိမ်လျက် ရှိပေသည်။ ဤအရာများအား လုံးသည် အချိန် မရွေးဖြစ်နိုင်ကြသည်သာ ဖြစ်ပေသည်။ ယခင်တိုက်ပွဲများ တုန်းကမူ နပိုလီယန်သည် စစ်နိုင်မည့်အလားအလာများ ကိုသာ တွေ့ခဲ့၏။ ယခုကား မိမိအား ကံဆိုးမိုးမှောင်ကျ စေမည့်နိမိတ်များသည် ထင်ရှားပြလျက် ရှိကြချေပြီ။ နပို လီယန်သည် ဤအရာများအား လုံးကို တွေးတောကာ စိုးရိမ် ထိတ်လန့်လျက် ရှိလေသည်။ မှန်ပါသည်။ ထိုအခြင်းအရာ များသည် နပိုလီယန်အဖို့ ချောက်အိပ်မက်ကဲ့သို့ ဖြစ်လျက် ရှိ၏။ ချောက်အိပ်မက်ထဲ၌ မိမိအား သတ်မည့် လူဆိုးကြီး တစ်ဦးကို ပြန်လှန်သတ်ပုတ်ရန် ကြိုးစားသော်လည်း လက် များသည် မြှောက်၍မရတော့ဘဲ အဝတ်စုတ်ဖတ်ကြီးသဖွယ် တွဲလောင်းကျကာ အားကုန်ခန်းလျက်ရှိခြင်းကို တွေ့ရသည့် အခါ၌ မိမိ အသက် ဆုံးရှုံးရတော့မည်ဟု ကြီးစွာထိတ်လန့် တုန်လှုပ်ချောက်ချားခြင်း ဖြစ်ရသကဲ့သို့ နပိုလီယန်သည် လည်း ကြီးစွာ တုန်လှုပ်ချောက်ချားလျက် ရှိလေသည်။

ပြင်သစ်စစ်ကြောင်း၏ လက်ယာတောင်ပံကို ရုရှား တပ်များက တိုက်ခိုက်လျက်ရှိကြောင်း ကြားသိရသည့် အခါ၌ကား နပိုလီယန်သည် ချောက်ချားသည်ထက် ချောက်ချားခဲ့လေပြီ။ နပိုလီယန်သည် ရှီဇာဒီနိုတောင်ကုန်း ခြေရင်းတွင် ရွှက်ဖျင်ခေါက်ကုလားထိုင်ခင်း၍ ထိုင်ကာ ခေါင်းငုံ့ထားပြီး တံတောင်ဆစ်နှစ်ဖက်ကို ဒူးတွင် တင် ထား၏။ ဗိုလ်ချုပ် ဘာသီးယားသည် ရှေ့သို့ဝင်ကာ အခြေ အနေကို အတိအကျသိနိုင်ရန် စစ်ကြောင်းတစ်လျှောက် လှည့်လည်စစ်ဆေးသင့်ကြောင်းဖြင့် လျှောက်တင်၏။

"ဘာ ဘာ ဘာပြောတယ် မောင်မင်း၊ အိမ်း၊ မောင်မင်းအကြံသင့်တယ်၊ ငါ့အတွက် မြင်းပြင်ခိုင်း လိုက်စမ်း" နပိုလီယန်က ပြော၏။

နပိုလီယန်သည် မြင်းစီးကာ ဆင်မြီနော့ရွာဘက် သို့ ထွက်လာခဲ့၏။

နပိုလီယန်သည် ယမ်းခိုးမီးခိုးများ တလူလူဖုံးအုပ် လျက်ရှိသော စစ်ကြောင်းတစ်လျှောက်ကို စီး၍လာခဲ့လေ ရာ လမ်းတစ်လျှောက်တွင် တစ်ယောက်ချင်း တစ်ယောက် ချင်းသော်လည်းကောင်း၊ အစုလိုက် အပြုံလိုက်သော်လည်း ကောင်း၊ သွေးအိုင်များထဲတွင် လဲကျသေဆုံးလျက်ရှိသော တပ်သားများ၊ မြင်းများဖြင့် တင်းကြပ်ပြည့်လျက် ရှိ၏။ ဤမျှလောက် သေးငယ်သော နေရာကလေးတစ်ဝိုက်၌ ဤမျှလောက် များပြားသော အလောင်းကောင်များ စုပုံ နေခြင်းကို နပိုလီယန်သော်လည်းကောင်း၊ ၎င်း၏ စစ် ဗိုလ်ချုပ်များသော်လည်းကောင်း ယခင်က တစ်ခါမျှ မမြင်ဖူးခဲ့သေးချေ။ ဆယ်နာရီလုံးလုံး မရပ်မနား ပစ်ခတ် လျက်ရှိသော အမြောက်ကြီးများကလည်း နားပွင့်ကွဲလု မတတ် မြည်ဟီးလျက်ရှိကြလေရာ ဂီတသံသည် ပြဇာတ်

www.burmeseclassic.com

www.burmeseclassic.com

ကြီးတစ်ခု၏ ရှုခင်းကို လေးနက်ခမ်းနားစေသကဲ့သို့ ထိုပစ်ခတ်သံများသည်လည်း စစ်တလင်း၏ ရှုခင်းကို လေးနက်ခမ်းနားခြင်း ဖြစ်စေလေ၏။ နပိုလီယန်သည် ဆင်မြီနှောရွာထိပ်ရှိကုန်းမြင့်ပေါ်သို့ တက်လာခဲ့လေရာ မိမိမြင်နေကျ မဟုတ်သော စစ်ဝတ်စုံ ဝတ်ထားသည့်တပ်များကို မီးခိုးလုံးများကြားမှ မြင်ရလေသည်။ ထိုတပ်များကား ရုရှားတပ်များပင်တည်း။

ရုရှားတပ်များသည် ဆင်မြီနှောရွာနှင့် ဆင်မြီနှောတောင်ပူစာ၏ နောက်ကျောဘက်တွင် စုရုံးလျက် ရှိကြ၍ ၎င်းတို့၏ ခံစစ်ကြောင်းတစ်လျှောက်ရှိ အမြောက်ကြီးများကလည်း မရပ်မနားပြိုင်၍ ပစ်ခတ်လျက်ရှိသဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် မီးခိုးလုံးကြီးများ ဖုံးအုပ်လျက် ရှိလေသည်။ ဤအခြင်းအရာကား စစ်ပွဲဟုပင် မခေါ်သင့်တော့ချေ။ ရုရှားများအဖို့သော်လည်းကောင်း၊ ပြင်သစ်များအဖို့သော်လည်းကောင်း မည်သူ့အဖို့မျှ အကျိုးမများသော တရစပ်လူသတ်ပွဲကြီးသာ ဖြစ်တော့သည်။ နပိုလီယန်သည် မြင်ဇက်ကိုသတ်၍ အတန်ကြာမျှ စဉ်းစားလျက်ရှိလေရာ ဗိုလ်ချုပ် ဘာသီးယားက သတိပေးမှ သတိပြန်ရလာလေသည်။ နပိုလီယန်သည် မိမိရှေ့မှောက်တွင် လည်းကောင်း၊ မိမိပတ်ဝန်းကျင်တွင်လည်းကောင်း ဖြစ်ပွားလျက်ရှိသည့် လူသတ်ပွဲကြီး၊ မိမိက စီစဉ်ညွှန်ကြား၍ မိမိအပေါ်တွင် အဆုံးအဖြတ်တည်နေသည်ဟု ထင်ရသော လူသတ်ပွဲကြီးကို တားဆီးခြင်းငှာ မတတ်နိုင်တော့ချေ။ မိမိ၏ တပ်များ အရေးနိမ့်ခြင်းကို မြင်ရသည့်အခါတွင် စစ်တိုက်ခြင်းအလုပ်သည် ကြောက်ဖွယ်လည်းကောင်း၍ လိုလားအပ်ခြင်းလည်း မရှိသော အလုပ်တစ်ခုဖြစ်ကြောင်းကို ပထမဆုံးအကြိမ် နပိုလီယန် ယူဆခဲ့လေပြီ။

ထိုအခိုက် ပြင်သစ်ဗိုလ်ချုပ်တစ်ဦးသည် မြင်းစီး၍ အပါးသို့ရောက်လာကာ ကိုယ်ရံတော်တပ်များကို ဝင်ရောက်တိုက်ခိုက်စေသင့်ကြောင်းဖြင့် အရဲစွန့်၍ လျှောက်လိုက်သည်။ နပိုလီယန်၏ အနီးတွင် ရပ်နေကြသော ဗိုလ်ချုပ် ဘာသီးယားနှင့် ဗိုလ်ချုပ် နေးလ်တို့သည် ထိုဗိုလ်ချုပ်၏ အဓိပ္ပာယ်ကင်းမဲ့သော စကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ လှောင်ပြိုး ပြုံးလိုက်ကြ၏။

နပိုလီယန်သည် ခေါင်းငိုက်စိုက်ချကာ အချိန်အတော်ကြာမျှ တိတ်ဆိတ်လျက်ရှိသည်။

"အမိ ပြင်သစ်နိုင်ငံတော်ကြီးက မိုင်ပေါင်း နှစ်ထောင်ကျော်ဝေးတဲ့ အရပ်ဒေသမှာ ငါ၏ကိုယ်ရံတော်တပ်တွေကို အပျက်အစီး အဆုံးရှုံးမခံနိုင်ဘူး မောင်မင်း"

နပိုလီယန်သည် ဤမျှသာပြောကာ မြင်းကို လှည့်၍ ရှီဗာဒီနိုခံတပ်ဘက်သို့ စီးလာခဲ့လေသတည်း။

အခန်း ၃၅

နံနက်ပိုင်းက ပိယာတွေ့မြင်ခဲ့ရသကဲ့သို့ပင် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် သစ်ပင်အောက်ရှိ ကော်ဇောခင်းထားသော ခုံတန်းပေါ်တွင် ထိုင်လျက်ရှိ၏။ ၎င်း၏ ဖြူဖွေးလျက်ရှိသောခေါင်းသည် ငိုက်စိုက်ကျလျက်ရှိ၍ လေးလံလှသော ခန္ဓာကိုယ်ကြီးမှာလည်း အရိုးအဆစ်မရှိသကဲ့သို့ ပျော့ခွေလျက်ရှိသည်။ ယခုအချိန်တွင် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် မိမိ၏ တပ်များအား အမိန့်ပေးညွှန်ကြားခြင်း မပြုတော့ချေ။ အခြားသူများ တင်ပြသည့် အကြံပေးချက်များကို သဘောတူခြင်း၊ ငြင်းဆန်ခြင်းလောက်ကိုသာ ပြုတော့သည်။

တစ်ယောက်ယောက်က အကြံပေးချက်တစ်ခု တင်ပြလိုက်သည်နှင့် "အိမ်း ဗိုလ်မင်းအကြံ သင့်ပေတယ်၊ ဒီအတိုင်းသာလုပ်၊ ဒီအတိုင်းသာလုပ်" ဟု ပြောတတ်သည်။ သို့မဟုတ်လျှင်လည်း "မဟုတ်သေးဘူး ဗိုလ်မင်းရဲ့၊ ခင်ဗျားအကြံက စောသေးတယ်" ဟု ပြောတတ်သည်။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် မိမိထံတင်ပြသောအစီရင်ခံချက်များကို တိတ်ဆိတ်စွာကြားနာလေ့ရှိကာ လက်အောက်ငယ်များက တောင်းခံမှသာလျှင် ညွှန်ကြားချက်များကိုပေးခြင်း ပြုတော့သည်။ အစီရင်ခံချက်များကို ကြားနာလျက်ရှိစဉ် အတောအတွင်း၌လည်း စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်မှာ အစီရင်ခံချက်များ၏ အနက်အဓိပ္ပာယ်ကို စိတ်ဝင်စားပုံမရဘဲ အစီရင်ခံချက်ပေးပို့သူ၏ မျက်နှာရိပ် မျက်နှာကဲနှင့် အသံနေအသံထားလောက်ကိုသာ သတိထားလျက်ရှိပုံရ၏။ သေခြင်းနှင့် နပန်းလုံးလျက်ရှိသော လူထောင်ပေါင်းများစွာကို လူတစ်ယောက်တည်းက အမိန့်ပေးညွှန်ကြားရသည့် အလုပ်သည် ဖြစ်နိုင်သောအလုပ်တစ်ခု မဟုတ်ကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကြီး ကူတူဇော်သည် ရှည်လျားသော စစ်အတွေ့အကြုံအရလည်းကောင်း၊ အသက်အရွယ်၏ အတွေ့အကြုံအရလည်းကောင်း သိရှိနားလည်ပြီး ဖြစ်ပေသည်။ စစ်ပွဲတစ်ပွဲ၏ အရှုံးအနိုင်ကို အဆုံးအဖြတ်ပြုသောအရာမှာ စစ်သေနာပတိချုပ်၏ အမိန့်များလည်း မဟုတ်၊ တပ်များ၏ အနေအထားလည်း မဟုတ်၊ လက်နက်အင်အားလည်း မဟုတ်၊ တပ်သားအကျအဆုံးလည်း မဟုတ်ဘဲ စစ်တပ်၏ စိတ်ဓာတ်ဟုခေါ်သော ဆုပ်ကိုင်၍မရသည့် စွမ်းအားစုကြီးသာ ဖြစ်ကြောင်းကိုလည်း ဗိုလ်ချုပ်ကြီး ကူတူဇော်သိပြီး ဖြစ်ပေသည်။ ထို့ကြောင့် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော်သည် ထိုစွမ်းအားစုကြီးကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ကာ ထိုစွမ်းအားစုကြီးကို အတတ်နိုင်ဆုံး လမ်းညွှန်ခြင်း ပြုလေသည်။

စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော်ဇ၏ အမူအရာမှာ တစ်စုံတစ်ရာကို အာရုံစိုက်၍ ငေးမောလျက်ရှိသော အမူအရာမျိုးဖြစ်လျက် မျက်နှာထားကား အိမင်းချည့်နဲ့လှပြိုဖြစ်သော ခန္ဓာကိုယ်ကြီးကို ပြုလဲမသွားအောင် အနိုင်နိုင် အားစိုက်နေရသကဲ့သို့ မချိသောအသွင်ကို ဆောင်လျက် ရှိလေသည်။

နံနက် ဆယ့်တစ်ချက်တီးအချိန်၌ ပြင်သစ်တို့သိမ်း ပိုက်ထားသော သစ်တပ်များကို ရုရှားတပ်များက ပြန်လည်သိမ်းပိုက်ပြီ ဖြစ်ကြောင်း၊ သို့ရာတွင် မင်းသားကြီး ဘာဂရေးရှင်းမှာ ကျည်သင့်ကြောင်းဖြင့် သတင်းရောက်ရှိလာလေသည်။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော်သည် ညည်းတွားကာ ခေါင်းကို ယမ်းလိုက်၏။

"ဟဲ့ ဟဲ့ ဗိုလ်မင်းတို့၊ မင်းသားကြီးဆီ လိုက်သွားပြီး အခြေအနေကို သွားကြည့်ချေကြစမ်း" ဗိုလ်ချုပ်ကြီး ကူတူဇော်သည် တပ်ရေးတစ်ယောက်ကို စေလွှတ်လိုက်ပြီးနောက် အပါးတွင်ရပ်လျက်ရှိသော အိမ်ရှေ့ဥပရာဇာ မင်းသားကြီးဖြစ်သော ဝါတင်ဘတ် နယ်စားကြီးဘက်သို့ လှည့်၍

"ကိုယ်တော်ကြီးက ပထမတပ်မတော်ကြီးကို ကွပ်ကဲအမိန့်ပေးရင်တော့ အတိုင်းထက် အလွန်ပဲဗျ" ဟု ပြောလိုက်လေသည်။

သို့ဖြင့် ဝါတင်ဘတ် နယ်စားကြီးသည် ပထမတပ်မတော်ကြီးနှင့် အတူ ရှေ့တန်းစစ်မျက်နှာသို့ ချီတက်သွားလေသည်။ သို့ရာတွင် နယ်စားကြီး ချီတက်သွား၍ ဆင်မြီနော့ရွာအနီးလောက်မျှ မရောက်သေးမီ နယ်စားကြီး၏ တပ်ရေးသည် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော်ထံ ပြန်ရောက်လာကာ တပ်ကူများ တောင်းလာလေသည်။

ဗိုလ်ချုပ်ကြီး ကူတူဇော်သည် မျက်နှာကို ရှုံ့လိုက်ပြီးနောက် နယ်စားကြီးလို ပုဂ္ဂိုလ်မျိုးကို ဤသို့အရေးကြီးသောအချိန်၌ မိမိအနားတွင် မရှိလျှင် မဖြစ်သေးဟု အကြောင်းပြလျက် မိမိထံသို့ပြန်လာရန် ပြောဆိုကာ ပထမတပ်မတော်ကို ကွပ်ကဲရန်အတွက် ဗိုလ်ချုပ် ဒိုတူရော့ဗ်ကို စေလွှတ်လိုက်ပြန်သည်။ ပြင်သစ်ဗိုလ်ချုပ်မူးရတ်ကို သုံ့ပန်းအဖြစ် ဖမ်းမိကြောင်း သတင်းရောက်ရှိလာသောအခါတွင် စစ်ဦးစီးဌာနချုပ်ဝင် ဗိုလ်ချုပ်များက ဗိုလ်ချုပ်ကြီး ကူတူဇော်အား ဝမ်းသာအားရ ကောင်းချီးပေးကြ၏။ ဗိုလ်ချုပ်ကြီး ကူတူဇော်က ပြုံး၍

"နေကြဦး ဗိုလ်မင်းတို့၊ သိပ်လဲ ဝမ်းအသာမစောကြနဲ့ဦးဗျ၊ စစ်ပွဲမှာ ကျုပ်တို့က အရေးသာနေတာတော့ အမှန်ပဲ၊ ဒါပေမဲ့ မူးရတ်ကို သုံ့ပန်းအဖြစ် ဖမ်းမိတာလောက်နဲ့တော့ မလွမ်းလောက်သေးဘူးဗျ၊ အခြေအနေကို စောင့်ကြည့်ကြဦးစို့"

ဗိုလ်ချုပ်ကြီး ကူတူဇော်သည် ဝမ်းသာအားရဖြစ်လျက်ရှိသော ဗိုလ်ချုပ်များကို ဟန့်လိုက်၏။ သို့ရာတွင် တပ်ရေးတစ်ယောက်စေလွှတ်၍ ထိုသတင်းကို တပ်ထဲသို့ အဖန့်ခိုင်းလိုက်လေသည်။

ထိုအခိုက် ဗိုလ်ချုပ်ကြီး ရှာဘီနင်သည် လက်ဝဲတောင်ပံစစ်ကြောင်းဘက်မှ ကဆုန်စိုင်း၍ ရောက်လာကာ ပြင်သစ်တပ်များက မိမိဝဲ့သစ်တပ်များနှင့် ဆင်မြီနော့ရွာကို သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်းဖြင့် သတင်းပို့ပြန်လေသည်။ စစ်မျက်နှာမှ ပစ်ခတ်သံများကို ထောက်ခြင်းအားဖြင့် လည်းကောင်း၊ ဗိုလ်ချုပ် ရှာဘီနင်၏ မျက်နှာကို ကြည့်ခြင်းအားဖြင့် လည်းကောင်း မိမိတို့ အခြေအနေမလှကြောင်းကို ဗိုလ်ချုပ်ကြီး ကူတူဇော် ရိပ်စားမိကာ အညောင်းဆန့်သလိုလိုဖြင့် ထိုင်ရာမှ ထလိုက်ပြီးနောက် ဗိုလ်ချုပ် ရှာဘီနင်၏ လက်မောင်းကိုဆွဲ၍ လူရှင်းရာသို့ ခေါ်လာခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်အာမိလော့ဗ်ကို ခေါ်၍

"ကဲ ဗိုလ်ချုပ်ရေ့ အရေးတောင်းပြန်ပြီဗျ၊ အခြေ

www.burmeseclassic.com

www.burmeseclassic.com

အနေကို သွားကြည့်စမ်းပါဦး" ဟု ဆိုကာ ဗိုလ်ချုပ် အာမိလေဇ်ကို လွှတ်လိုက်ပြန်သည်။

စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်မှာ ဂေါ်ကီရွာတွင် စခန်းချလျက် ရှိ၏။ ထိုနေရာကား ရုရှား ခံစစ်ကြောင်း၏ ဗဟိုချက်မနှင့် သိပ်မဝေးလှချေ။ နပိုလီယန်သည် ရုရှားစစ်ကြောင်း လက်ဝဲတောင်ပံကို ကြိမ်ဖန်များစွာ ထိုးစစ်ဆင်ရာ ရုရှားတို့က ထိုးစစ်အားလုံးကို တွန်းလှန်လိုက်ကြ၏။ စစ်မျက်နှာ ဗဟိုချက်မဒ္ဒကား ပြင်သစ်တို့ ဘိုရိုဒီနိုရွာထက် လွန်၍ မတက်နိုင်ကြချေ။ ရုရှား စစ်ကြောင်း လက်ယာတောင်ပံဒ္ဒကား ဗိုလ်ချုပ် အူဗာရော့ဗ်၏ မြင်းတပ်များက ပြင်သစ် လက်ယာတောင်ပံကို အတင်းဝင်ရောက်ချိုးဖောက်ကြသဖြင့် ပြင်သစ်တို့ အကွဲကွဲထွက်ပြေးကြရလေသည်။

ညနေ သုံးချက်တီးအချိန်လောက်၌ ပြင်သစ်တို့ တိုက်စစ်များ ရပ်သွားကြ၏။ ရှေ့တန်းစစ်မျက်နှာမှ ပြန်ရောက်လာသူများနှင့် မိမိအပါးတွင် တာဝန်ထမ်းရွက်နေသူများအား လုံး၏ မျက်နှာများမှာ များစွာ ပင်ပန်းနွမ်းနယ်သော အသွင် ဆောင်လျက်ရှိခြင်းကို ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ် သတိပြုမိ၏။ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်မှာ ထိုနေ့တိုက်ပွဲတွင် မိမိ မျှော်လင့်သည်ထက် အောင်မြင်သောကြောင့် များစွာနှစ်ထောင်းအား ရဖြစ်လျက် ရှိသည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်မှာ အသက်အရွယ်ကြီးရင့်လှပြီဖြစ်သဖြင့် ပင်ပန်းလှပေပြီ။ တစ်ချီတစ်ချီတွင် ၎င်း၏ ခေါင်းသည် ကိုယ်ပေါ်မှ ပြုတ်ဆင်းသွားတော့မည် ဟန်ဖြင့် ငိုက်ကျသွားတတ်ကာ အိပ်ငိုက်လျက် ရှိလေသည်။ ထို့နောက် ညစာရောက်လာလေသည်။

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ် ညစာစားနေသည့် အချိန်တွင် တပ်ရေးချုပ် ဗိုလ်ချုပ် ဝေါဇိုဂျင် ရောက်လာလေသည်။ ဝေါဇိုဂျင်မှာ မင်းသားကလေး အင်ဒရေ၏ တပ်စခန်းထဲမှ မြင်းဖြတ်စီးခဲ့စဉ်က 'စစ်ကို တိုးချဲ့ရမည်' ဟု ပြောခဲ့သူဖြစ်ပြီး ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်း၏ ရန်ဘက်လည်း ဖြစ်လေသည်။ ဝေါဇိုဂျင်သည် လက်ဝဲတောင်ပံ စစ်ကြောင်းမှ အခြေအနေအရပ်ရပ်ကို အစီရင်ခံရန်အတွက် ဗိုလ်ချုပ်ကြီး ဘာကလေဒီတိုလီက စေလွှတ်လိုက်သဖြင့် ရောက်လာခဲ့ခြင်း ဖြစ်လေသည်။ အကင်းပါးသော ဗိုလ်ချုပ်ကြီး ဘာကလေဒီတိုလီသည် ကျည်သင့်၍ အုပ်လိုက်ထွက်ပြေးလာကြသော တပ်သားများ ဖရိုဖရဲဖြစ်နေသော နောက်ဖျားတပ်များကို မြင်သည်၌ အခြေအနေကို ချင့်ချိန်သုံးသပ်ကာ လက်ဝဲတောင်ပံ၌ မိမိတို့ အရေးနိမ့်လေပြီဟု ကောက်ချက်ထုတ်လိုက်ပြီးနောက် မိမိ၏ လူယုံတော် တပ်ရေးချုပ် ဝေါဇိုဂျင်ကို စစ်သေနာပတိချုပ်ထံ အစီရင်ခံချက် အပို့ခိုင်းလိုက်ခြင်း ဖြစ်လေသည်။

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် ကြက်ကင်တစ်ပိုင်းကို ပင်ပန်းခက်ခဲစွာ ဝါးလျက်ရှိရာက မျက်ခွံမို့မို့ကြီးများ အောက်မှ တဖျတ်ဖျတ်တောက်ပလျက်ရှိသော မျက်လုံးများဖြင့် တပ်ရေးချုပ် ဝေါဇိုဂျင်ကို ကြည့်လိုက်၏။

ဝေါဇိုဂျင်ကလည်း လက်ကို ဦးထုပ်တွင် မထိတထိထား၍ အရိုအသေပြုရင်း ခပ်လှောင်လှောင်အပြုံးကို ပြုံးကာ ပမာမခန့်ဟန်ဖြင့် ခြေထောက်များကို ဆတ်ခနဲ ဆတ်ခနဲလှမ်း၍ လျှောက်လာသည်။

စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးကို ဆက်ဆံရာ၌ ဗိုလ်ချုပ် ဝေါဇိုဂျင်၏ အမူအရာမှာ မထီမဲ့မြင်ပြုသည့်အသွင်ကို ဆောင်လျက် ရှိ၏။ 'သင်းတို့ ရုရှားများသည် အသုံးမကျသောအဘိုးကြီးကို စစ်သေနာပတိချုပ် ထင်ထားကြသည်။ ငါကဲ့သို့သော စစ်ရေးစစ်ရာ ကျွမ်းကျင်သည့် စစ်သားများကား အဘိုးကြီးအကြောင်းကို ကောင်းကောင်း သိပြီး ဖြစ်သည်' ဟု ပြောနေသကဲ့သို့ ရှိလေသည်။ ဝေါဇိုဂျင်သည် 'သည်အဘိုးကြီး (ဝေါဇိုဂျင်တို့ ဂျာမန်ဗိုလ်ချုပ်များ အသိုင်းအဝိုင်းတွင် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ကို 'အဘိုးကြီး' ဟု ခေါ်ကြသည်။) စည်းစိမ်တွေ့နေပေသည်' တွေးကာ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်ရှေ့ရှိ စားသောက်ဖွယ်များကို မနှစ်သက်ဟန်ဖြင့် လှမ်းကြည့်လိုက်ပြီး ဗိုလ်ချုပ်ကြီး ဘာကလေ၏ အမိန့်အတိုင်း လက်ဝဲတောင်ပံ စစ်ကြောင်းမှ ကိုယ်တွေ့ မျက်မြင် အခြေအနေများကို အစီရင်ခံလျက် ရှိလေသည်။

"ကျွန်တော်တို့ ခံစစ်ကြောင်းတစ်လျှောက်ရှိ စခန်းများအား လုံး ရန်သူတို့လက်သို့ ကျရောက်ပြီ။ ကျွန်တော်တို့မှာ လူအား လည်း နည်း၊ လက်နက်ခဲ ယမ်းမီးကျောက်လည်း ပါးသဖြင့် ရန်သူတို့၏ ထိုးစစ်ကို တွန်းလှန်ရန် မလွယ်ပြီ။ တပ်တော်များသည်လည်း တားဆီး၍မရအောင် အကွဲကွဲ ထွက်ပြေးကြပြီ"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် တမြုံ့မြုံ့ဝါးခြင်းကိုရပ်၍ ဝေါဇိုဂျင်၏ စကားများကို နားမလည်သကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

အံ့အားသင့်စွာ ငေးကြည့်လျက်ရှိ၏။ ဤတွင် ဝေဒိဂျင်က လည်း 'အဘိုးကြီး' ဆိုလိုသည့် အဓိပ္ပာယ်ကို ချက်ချင်း ရိပ်မိဟန်ဖြင့် ပြုံးလျက်

"တွေ့မြင်ခဲ့သမျှကို မချန်မလွှင်း ကျွန်တော် အစီရင်ခံခြင်းဖြစ်သည်။ ဖုံးဖုံးဖိဖိပြောခြင်းမျိုး ကျွန်တော် မပြုလို။ ယခု တပ်တော်များအားလုံး အကွဲကွဲဖြစ်ကြပြီ"

"ဘာ၊ ကိုရင် မြင်ခဲ့ရတယ် ဟုတ်စ"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် မျက်မှောင်ကုတ်၍ အော်ပြောလိုက်ပြီးနောက် ဗိုလ်ချုပ် ဝေဒိဂျင်ထံသို့ ခပ်သုတ်သုတ် ထလာခဲ့ကာ ရိုက်မောင်းပုတ်မောင်းလုပ်တော့မည့်ဟန်ဖြင့် ရွယ်လိုက်လျက်

"ကိုရင် ဒီစကား ဒီမှာပဲ ရပ်ပါ၊ ဒီလိုစကားမျိုး ကျုပ်ကို မပြောပါနဲ့၊ ကိုရင် ဘာမှ နားမလည်ဘူး၊ သွား၊ 'ဒီသတင်းဟာ မမှန်ဘူး၊ စစ်ပွဲရဲ့ တကယ့်အခြေအနေကို သူ့ထက် စစ်သေနာပတိချုပ်လုပ်တဲ့ ကျုပ်က ပိုသိတယ်' လို့ ကိုရင့်ဗိုလ်ချုပ် ဘာကလေကို သွားပြောချည်"

ဗိုလ်ချုပ် ဝေဒိဂျင်က ပြန်ပြောရန် ဟန်ပြင်လိုက်၏။ သို့ရာတွင် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က ဆက်၍

"လက်ဝဲတောင်ပံမှာ ရန်သူတွေကို မောင်းထုတ်လိုက်ပြီးပြီဗျ။ လက်ယာတောင်ပံမှာလဲ ရန်သူတွေ ဆုတ်သွားပြီ။ ဒါတွေကို ခင်ဗျား မမြင်ခဲ့လို့ရှိရင် ခင်ဗျားမသိတဲ့အကြောင်းတွေကို မပြောပါနဲ့။ မနက်ဖြန်မှာ ရန်သူကို ထိုးစစ်ဆင်ဖို့ ကျုပ် ဆုံးဖြတ်ချက် ချပြီးပြီဆိုတာကိုသာ ဗိုလ်ချုပ် ဘာကလေဆို သွားပြောပါ"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က ခပ်ထန်ထန် ပြောလိုက်၏။

အားလုံး တိတ်ဆိတ်နေကြသည်။ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ ပြင်းစွာအသက်ရှူသံကိုသာ ကြားရ၏။

"စစ်မျက်နှာအားလုံးမှာ ရန်သူတွေကို မောင်းထုတ် လိုက်ပြီးပြီဗျ။ ဒီလို ရန်သူတွေကို မောင်းထုတ်လိုက်တဲ့အတွက် ဘုရားသခင်နဲ့ တကွ သူရသတ္တိပြောင်မြောက်တဲ့ ကျုပ်တို့ တပ်မတော်ကြီးကို ကျုပ် ကျေးဇူးတင်တယ်၊ မနက်ဖြန်မှာ ကျုပ်တို့ အမိနိုင်ငံရဲ့ မြေကြီးပေါ်က ရန်သူကို အပြီးအပိုင် မောင်းထုတ်ရမယ်။ ရန်သူတွေ အရေးနိမ့်နေပြီ"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် လက်ယှက် ဆုတောင်းလိုက်ကာ မျက်လုံးတွင် မျက်ရည်များဝဲကျလာရာမှ ငိုရှိုက်လျက် ရှိလေသည်။

ဗိုလ်ချုပ် ဝေဒိဂျင်သည် ပခုံးတွန့်၍ နှုတ်ခမ်းကို မဲ့ကာ ဘေးသို့ ဖယ်လိုက်သည်။ ၎င်း၏စိတ်ထဲ၌လည်း 'အဘိုးကြီး' အခြောက်တိုက် ဘဝင်မြင့်လျက်ရှိခြင်းကို အံ့သြလျက် ရှိ၏။

"ဟော လာပြီ လာပြီ၊ ဒါမှ ငါ့သူရဲကောင်းကွယ့်" ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က တောင်ပူစာပေါမှ မြင်းစီး၍ ဆင်းလာသော ဆံပင်နက်နက်၊ ဥပဓိရုပ်ကောင်းကောင်း ဗိုလ်ချုပ်တစ်ဦးကို လှမ်း၍ ပြောလိုက်သည်။

ထိုသူကား ဗိုလ်ချုပ် ရေ့စကီ ဖြစ်လေသည်။ ဗိုလ်ချုပ် ရေ့စကီမှာ ဘိုရိုဒီနို စစ်တလင်း၌ အချက်အချာအကျဆုံးသော စစ်မျက်နှာအကန့်တွင် တစ်နေ့လုံး ရန်သူများကို တိုက်ခိုက်ခဲ့သူ ဖြစ်၏။

ဗိုလ်ချုပ် ရေ့စကီက မိမိတို့တပ်များသည် ခြေကုပ်စခန်းများကို အသေအလဲ ခုခံ သိမ်းပိုက်ထားကြကြောင်း၊ ရန်သူတို့ အထိအရှများသည်ဖြစ်၍ နောက်ထပ် ထိုးစစ်များ မဆင်ဝံ့တော့ကြောင်းဖြင့် အစီရင်ခံလေသည်။

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် ဗိုလ်ချုပ် ရေ့စကီ၏ အစီရင်ခံချက်ကို ကြားနာပြီးနောက် ပြင်သစ်ဘာသာဖြင့်

"ဘယ့်နယ်လဲ ဗိုလ်မင်း၊ ဗိုလ်မင်းကကော တခြား ဗိုလ်ချုပ်များလို ဆုတ်ရမယ် ဆိုတဲ့ ဘက်ကလား"

"ကျွန်တော် ဤသို့ မယူဆပြီ ဗိုလ်ချုပ်၊ ဘတစ်ပြန် ကျားတစ်ပြန် အကြိတ်အနယ်တိုက်ရသော တိုက်ပွဲတို့၌ ဇွဲရှိသူ၊ ရေရှည်ဆွဲ၍ တိုက်နိုင်သူများသာ နောက်ဆုံး၌ အောင်ပွဲ ခံရမြဲ ဓမ္မတာဖြစ်ပါသည်။ ဗိုလ်ချုပ်သည် ကျွန်တော့်အထင်၌"

"တပ်ရေး ကေဆာရော့ဗ်" ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က တပ်ရေးကို ခေါ်လိုက်သည်။ "လာစမ်း၊ မနက်ဖြန်အတွက် အမိန့်ပြန်တမ်းတစ်စောင် ရေးစမ်း၊ ပြီးတော့ မောင်မင်းက"

ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်က အခြားတပ်ရေးတစ်ယောက်ဘက်သို့ လှည့်ပြောလိုက်သည်။

"တပ်စခန်းတွေကို မြင်းနဲ့ လှည့်၊ သူရဲ သူခက်ရဲမက်လက်နက်ကိုင် သေနတ်၊ ဆေး ခဲယမ်းမီးကျောက်များနှင့်တကွ တပ်ဦးတပ်ဖျားထား၊ ကင်းတို ကင်းရှည်

www.burmeseclassic.com

www.burmeseclassic.com

ကင်းမ အစောင့်အနေ မလစ်လပ်စေရ။ ဓားလုံ ကိုယ်ပါး အနီးထား။ နိုးကြားကြစေကြောင်း ဆော်သြချေ။ နက်ဖြန်တွင် ရန်သူကို ထိုးစစ်ကြီး ဆင်မည်"

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗမ်သည် ဗိုလ်ချုပ် ရေ့စကီနှင့် စကားပြောရင်း အမိန့်ပြန်တမ်းကို နှုတ်တိုက်ရွတ်ပြ၍ ရေးမှတ်စေ၏။ ထိုစဉ် စောစောက ထွက်သွားသော ဗိုလ်ချုပ်ဝေါဇိုဂျင်သည် ဗိုလ်ချုပ် ဘာကလေထံမှ ပြန်ရောက်လာကာ စစ်သေနာပတိချုပ်အမိန့်မှာ နှုတ်မိန့်မျှသာဖြစ်သည့်အတွက် ထိုအမိန့်ကို စာရွက်ပေါ်တွင်ရေးပေးပါရန် ဗိုလ်ချုပ် ဘာကလေက မှာကြားလိုက်ကြောင်းဖြင့် ပြောဆိုလေသည်။

ဗိုလ်ချုပ်ကြီး ကူတူဇော်ဗမ်သည် ဗိုလ်ချုပ် ဝေါဇိုဂျင်ကို မကြည့်တော့ဘဲ အမိန့်ကို စာဖြင့်ရေးပေးလိုက်ရန် တပ်ရေးတစ်ဦးအား ညွှန်ကြားလျက် ရှိသည်။ စစ်သေနာပတိချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ဘာကလေသည် တစ်စုံတစ်ခု ဖြစ်လာက မိမိတွင် တာဝန်မရှိစေရန်အတွက် အမိန့်ကို စာဖြင့်ရေးပေးရန် တောင်းဆိုခြင်း ဖြစ်လေသည်။

စစ်တပ်ကြီး တစ်တပ်ကို တစ်စိတ်တည်း တစ်ဝမ်းတည်း တစ်ချက်တည်း ဖြစ်အောင် ချည်နှောင်ထားသည့် ထူးဆန်းသောနှောင်ကြိုးကြီးတစ်ခု ရှိ၏။ ဤနှောင်ကြိုးကြီးကို 'စစ်တပ်၏ စိတ်ဓာတ်' ဟု ခေါ်ဆိုကြလေသည်။ ၎င်းသည် စစ်ပွဲတစ်ပွဲ၏ အဓိကအသက်သွေးကြောကြီးပင် ဖြစ်လေသည်။ ဤသို့ဖြင့် 'နက်ဖြန်တွင် ထိုးစစ်ဆင်အံ့" ဟူသော စစ်သေနာပတိချုပ် ကူတူဇော်ဗမ်၏ အမိန့်သည် ထိုသွေးကြောမကြီးမှ တစ်ဆင့် စီးဆင်း၍ တပ်မတော်ကြီး၏ သွေးကြော အခက်အလက် အစိတ်အမြွှာတို့သို့တိုင် ရောက်လာသတည်း။

စစ်သေနာပတိချုပ်၏ အမိန့်၊ စစ်သေနာပတိချုပ်၏စကားသည် ဤသို့ သွေးကြောမကြီးမှ တစ်ဆင့် အဝေးဆုံးသော သွေးကြောအစိတ်အမြွှာများသို့ ရောက်သည့်အခါ ထိုအမိန့် ထိုစကားအတိုင်း မဟုတ်တော့ပြီ။ ပါးစပ်တစ်ခုမှ ပါးစပ်တစ်ခုသို့ ကူးပြောင်းသွားပြီးသည့်နောက်၌ အမိန့်ချင်း၊ စကားချင်း၊ အသံချင်း ကွဲပြားခဲ့လေပြီ။ သို့ရာတွင် အနက်အဓိပ္ပာယ်ကား ကွဲပြားခြင်း မရှိချေ။ အဘယ်ကြောင့်ဆိုသော် စစ်သေနာပတိချုပ်၏ စကားများသည် စစ်ဆင်စစ်တက်၊ စစ်ဗျက် စစ်ထိုး စသည့်ကိစ္စများ၌ ကျွမ်းကျင်လိမ္မာစွာ တွက်ချက်ရာမှ ပေါ်ထွက်လာခြင်းမဟုတ်မူ ၎င်း၏ နှလုံးသားထဲရှိ ခံစားချက်များမှ ထွက်ပေါ်လာခြင်းကြောင့် ဖြစ်ကာ ထိုခံစားချက်သည်လည်း ရုရှားလူမျိုးတိုင်း၏ ခံစားချက်နှင့် ထပ်တူထပ်မျှ ဖြစ်လျက် ရှိသောကြောင့် ပေတည်း။

နက်ဖြန်တွင် ရန်သူကို ထိုးစစ်ဆင်ရတော့မည်ဟု ကြားရပြီးနောက် ထိုသတင်းကို သက်ဆိုင်ရာက အတည်ပြုလိုက်သည့်အခါ၌ မောပန်းနွမ်းနယ်လျက်ရှိသော တပ်သားများသည် ရေတစ်ဝဲ့ ရေတွင်းထဲ ကျဘိသို့ အားတက်ရွှင်လန်းလျက် ရှိကြလေသတည်း။

အခန်း ၃၆

မင်းသားကလေး အင်ဒရေ၏ တပ်မှာ တပ်ကူများကြားထဲတွင် ရောက်နေလေသည်။ အရန်တပ်ကူများသည် ဆင်မြိနော့ရွာ၏ နောက်ဖေးတွင် စခန်းချလျက်ရှိ၍ မွန်းတိမ်းတစ်ချက်တီးသည်အထိ တိုက်ပွဲတွင် ပါဝင်ခြင်းမပြုရသေးဘဲ ပြင်းထန်စွာ ပစ်ခတ်လျက်ရှိသော ရန်သူအမြောက်များ၏ ဒဏ်ကို ခံနေရလေသည်။ နှစ်ချက်တီးအချိန်လောက်တွင်ကား ရန်သူ့အမြောက်များ၏ ပစ်ခတ်မှုကြောင့် တပ်သားနှစ်ရာကျော်မျှ အကျအဆုံးရှိနေပြီဖြစ်သော မင်းသားကလေးအင်ဒရေ၏ တပ်သည် 'မြတပူကုန်း' နှင့် ဆင်မြိနော့ရွာကြား၌ ကြေမွပျက်စီးလျက်ရှိသော ပြောင်းခင်းထဲသို့ ပြောင်းရွှေ့တပ်စွဲထားလေသည်။ ထိုနေရာကား ထိုနေ့တိုက်ပွဲတွင် တပ်သားထောင်ပေါင်းများစွာ ကျဆုံးသော နေရာဖြစ်ပြီး မွန်းလွဲတစ်ချက်တီးနှင့် နှစ်ချက်အကြားတွင် ရာပေါင်းများစွာသော ရန်သူအမြောက်ကြီးများ၏ တရကြမ်းပစ်ခတ်ခြင်းကို ခံရသည့်နေရာလည်း ဖြစ်၏။

မင်းသားကလေး အင်ဒရေ၏ တပ်ရင်းသည် ထိုနေရာမှ ရွှေ့ရှားခြင်းလည်း မရှိ။ သေနတ်တစ်ချက်မျှ ပစ်ဖောက်ခြင်းလည်းမရှိဘဲ နေရင်း ထိုင်ရင်း တပ်သားသုံးပုံတစ်ပုံခန့် နောက်ထပ် ကျဆုံးခဲ့ရပြန်သည်။ တပ်ရင်း စခန်းချလျက်ရှိသည့် လယ်ကွင်းတစ်ဝိုက်တွင် မည်းမှောင်သောမီးခိုးလုံးကြီးများသည် ပိန်းပိတ်အောင် ဖုံးအုပ်လျက်ရှိကာ ထိုမီးခိုးလုံးကြီးများကြားမှ အမြောက်မြတပူ ပစ်ခတ်သံများကလည်း တစ်ရံမလပ် မြည်ဟည်းပေါ်ထွက်

www.burmeseclassic.com

www.burmeseclassic.com

လျက် ရှိ၏။ ရှေ့တူရွှန့် လက်ယာဘက် ရန်သူစစ်ကြောင်းများဘက်မှ ပစ်ခတ်လိုက်သော အမြောက်ဆန်များသည် တဝီဝီအော်မြည်၍ ကျဆင်းလာကာ သေနတ်ကျည်ဆန်များလည်း တရှိုရှိုမြည်၍ ကျရောက်လျက်ရှိ၏။ တစ်ခါတစ်ရံ၌ကား လယ်ကွင်းထဲတွင် မရှုမလှ ခံနေရသည့် မင်းသားကလေး အင်ဒရေ၏ တပ်ရင်းကို အနာပေးလိုက်သကဲ့သို့ ကျည်ဆန်များသည် တပ်သားများကြားထဲသို့ ကျမလာကြတော့ဘဲ ခေါင်းပေါ်မှ ပျံသန်းကာ နောက်ဘက်သို့ ကျသွား၏။ သို့ရာတွင် နာရီတစ်မတ်ခန့် ကြာသည်နှင့် ကျည်ဆန်များ၊ အမြောက်ဆန်များသည် တပ်သားများကြားထဲသို့ ကျလာကြပြန်ကာ တစ်မိနစ်အတွင်း တပ်သားပေါင်းများစွာတို့မှာလည်း အတုံးအရုံး လဲကျသေဆုံးကြပြန်သည်။ ကျဆုံးသူများကို အပြင်သို့ ဆွဲထုတ်သွားပြီး ဒဏ်ရာရသူများကိုလည်း စခန်းများသို့ ကောက်ယူသွားကြ၏။

ရန်သူ၏ အမြောက်သံ တစ်ချက် တစ်ချက် ထွက်ပေါ်လာတိုင်း ကျဆုံးခြင်း မရှိသေးသူတို့အဖို့ ဆက်လက် အသက်ရှင်နေနိုင်သော အခွင့်အလမ်းမှာလည်း နည်းသည်ထက် နည်းလာခဲ့လေသည်။ မင်းသားကလေး အင်ဒရေ၏ တပ်ရင်းမှာ တပ်ခွဲလိုက်စုထားပြီး တပ်ခွဲတစ်ခုနှင့် တစ်ခုကို အလှမ်းသုံးရာစီမျှ ခွာ၍ နေရာယူထား၏။ သို့ရာတွင် တပ်သားများအားလုံး၏ စိတ်ဓာတ်ကား ကောင်းမွန်လျက်ရှိပေသည်။ တပ်သားများသည် တိတ်ဆိတ်လျက် ရှိကြ၏။ အမြောက်ဆန်ကြီးတစ်ခု အုန်းခနဲ မြည်ကာ ကျရောက်ပေါက်ကွဲသွားတိုင်း 'ထမ်းစင်၊ ထမ်းစင်' ဟု အော်သံများ ပေါ်ထွက်လာကြသည်။ ဆိုင်ရာတပ်ဗိုလ်များ ၏ အမိန့်အရ တပ်သားများအားလုံးသည် မြေကြီးပေါ်တွင် ထိုင်လျက်ရှိ၏။ တချို့က ခေါင်းမှ သံပရာခွံဦးထုပ်ကို ချွတ်၍ ဦးထုပ်အနားပတ်မှ ကြိုးစကလေးကို ဆွဲချည် ဆန့်ချည် ပြုနေကြ၏။ အချို့က ရွံ့ခဲကို လက်ဖြင့်ချေကာ လုံးစွပ်ကို ချွတ်တိုက်နေကြ၏။ အချို့က ခါးပတ်ကို ဖြုတ်ကာ ကွင်းလျှောလုပ်နေကြ၏။ အချို့က ခြေပတ်များကို ဖြုတ်၍ ပြန့်အောင်ဖြေကာ ပြန်စည်းနေကြ၏။ အချို့က ထွန်ရေးများထနေသည့် ယာခင်းထဲတွင် မြက်ပင်ကလေးများဖြင့် အိမ်ဆောက်နေကြ၏။ အချို့က ကောက်ရိုးမျှင်များဖြင့် တောင်းကလေးများ ရက်နေကြ၏။ ဤသို့ဖြင့် တပ်သားအားလုံးသည် အသီးသီး ကိုယ့်ကိစ္စတွင်ကိုယ် စိတ်ဝင်စားလျက် ရှိကြလေသည်။ အခြားတပ်သားများ ဒဏ်ရာရသည့် အခါ သို့မဟုတ် ကျဆုံးသွားသည့်အခါ၌ လည်းကောင်း၊ ထမ်းစင်များအနားမှ ဖြတ်၍ သယ်သွားသည့်အခါ၌ လည်းကောင်း၊ အချို့တပ်များ ဆုတ်ခွာနေကြသောအခါ၌ လည်းကောင်း၊ ကြီးမားသော မီးခိုးလုံးကြီးများကြားထဲမှ ရန်သူတပ်သားများကို မြင်လိုက်ရသည့်အခါ၌ လည်းကောင်း၊ ငှဉ်းတို့သည် ထိုအရာများကို တစ်ယောက်မျှ ဂရုမပြုကြချေ။ သို့ရာတွင် ရုရှားခြေလျင်တပ်များ သို့မဟုတ် မြင်းတပ်များ၊ သို့မဟုတ် အမြောက်တပ်များက ရှေ့သို့ချီတက်တိုက်ခိုက်သည်ကို မြင်ရသည့်အခါများတွင်ကား ထိုတပ်သားများထဲမှ အားပေးသံများ ပေါ်ထွက်လာလေသည်။ သို့ရာတွင် တိုက်ပွဲနှင့် မသက်ဆိုင်သောကိစ္စများ၊ တိုက်ပွဲနှင့် မပတ်သက်သော အခြင်းအရာများကိုကား တပ်သားများ စိတ်အဝင်စားဆုံး ဖြစ်လေသည်။ စိတ်ပင်ပန်း နွမ်းနယ်လျက်ရှိသော တပ်သားများသည် နေ့စဉ် ကြုံတွေ့နေကျ အဖြစ်အပျက်များ၊ သာမန်အခြင်းအရာများကို ကြည့်၍ စိတ်၏ပင်ပန်းနွမ်းနယ်ခြင်းကို ဖြေဖျောက်သကဲ့သို့ ရှိပေ၏။ အမြောက်တပ်စုတစ်စုသည် တပ်ရင်းရှေ့မှ ဖြတ်၍ ချီတက်သွား၏။ ထိုတပ်စုထဲမှ ခဲယမ်းမီးကျောက် တင်လှည်းတစ်စီးကိုဆွဲသည့် မြင်းတစ်ကောင်သည် ကကြိုးတွင် ခြေထောက်ငြိလျက် ရှိ၏။ "ဟေ့ မြင်းခြေထောက်ကကြိုးထဲ ရောက်နေတယ်ကွ၊ ဆွဲထုတ်ပါဦး။ ခြေကျိုးသွားလိမ့်မယ်။ ဟော့လူတွေ မမြင်ဘူးလား" ဟု တပ်သားများက ဝိုင်းအော်ကြသည်။ တစ်ခါတွင်လည်း မည်သည့်နေရာ၊ မည်သည့်အချိန်က ရောက်လာမှန်းမသိသော အညိုရောင် ခွေးကလေးတစ်ကောင်သည် အမြီးထောင်လျက် တပ်ရင်းရှေ့မှ ခြေသုံးချောင်းထောက်၍ ပြေးလာ၏။ ထိုအခိုက် အမြောက်ဆန်တစ်ခုသည် အနီးကျရောက်ပေါက်ကွဲသွားရာ ခွေးသည် တဝုတ်ဝုတ်ဟောင်ကာ အမြီးကုတ်၍ ထွက်ပြေးသည်၌ တပ်သားများမှ တဝါးဝါးရယ်မော ကျန်ရစ်ခဲ့ကြလေသည်။ ဤသို့ဖြင့် တပ်သားများသည် စစ်ပွဲနှင့် ပတ်သက်ခြင်း မရှိသော သာမန်ကိစ္စကလေးများကို စိတ်ဝင်စားလျက် ရှိကြလေသည်။ သို့ရာတွင် ဤသို့သော အာရုံအပြောင်းအလဲများမှာ များစွာမကြာလှချေ။ အစာရေစာ စားသောက်ရခြင်းလည်း မရှိ၊ လှုပ်ရှား

www.burmeseclassic.com

www.burmeseclassic.com

ခြင်းလည်း မရှိဘဲ သေမင်းကို မျက်မှောက်ပြုနေခဲ့ရသည်မှာ ရှစ်နာရီမျှကြာခဲ့ပြီဖြစ်၍ ၎င်းတို့၏မျက်နှာမှာ နွမ်းနယ်ဖျော့တော့ကာ သုန်မှုန်လျက် ရှိကြလေပြီ။

မင်းသားကလေး အင်ဒရေမှာလည်း ၎င်း၏တပ်သားများနည်းတူ ဖျော့တော့ညှိုးနွမ်းကာ သုန်မှုန်လျက်ရှိ၏။ မင်းသားကလေး အင်ဒရေသည် ဂျုံခင်းတစ်ခင်းဘေးမှ ပေါင်းမြက်တောအစပ်ရှိ တပ်စုတစ်စုနှင့် တစ်စုအကြားတွင် လက်နှစ်ဖက်နောက်ပစ်၍ ခေါင်းငိုက်စိုက်ဖြင့် လမ်းလျှောက်လျက် ရှိသည်။ မင်းသားကလေး အင်ဒရေအဖို့ ဘာမျှ လုပ်စရာ မရှိချေ။ မည်သည့်အမိန့်မျှလည်း ပေးစရာ မရှိချေ။ အရာအားလုံးသည် သူ့အလိုအလျောက် ဖြစ်လျက် ရှိကြ၏။ ကျဆုံးသောတပ်သားများကို စစ်တလင်းထဲမှ ဆွဲထုတ်သူက ဆွဲထုတ်သွားကြ၏။ ဒဏ်ရာရသူများကို ကောက်သူက ကောက်သွားကြ၏။ တပ်သားများသည် သူ့အစုနှင့် သူ စုနေကြ၏။ အကယ်၍ စစ်မျက်နှာနောက်ဖျားသို့ ထွက်ပြေးသော တပ်သားများရှိခဲ့လျှင်လည်း ထိုတပ်သားများသည် မကြာမီပင် နဂိုနေရာသို့ ပြန်ရောက်လာကြလေသည်။ မင်းသားကလေး အင်ဒရေသည် မိမိ၏တပ်သားများအား ရဲဆေးတင်ပေးကာ မိမိက စံနမူနာပြမှ သင့်မည်ဟု စဉ်းစားမိသည့်အတွက် တပ်စုများထဲသို့ ဝင်လာခဲ့၏။ သို့ရာတွင် မိမိတပ်သားများအား ရဲဆေးတင်ပေးရန် မလို။ ၎င်းတို့အား မိမိက ဘာမျှ ပြောင်းလဲအောင် မလုပ်နိုင်ဟူ၍ ချက်ချင်း သဘောပေါက်သွား၏။ မိမိ၏စိတ်တန်ခိုးသတ္တိဟူသရွေ့တို့သည် ဤစစ်မြေပြင်ရှိ တပ်သားတိုင်း၏စိတ်တန်ခိုးသတ္တိကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသောအခြေအနေကို စဉ်းစားတွေးတောခြင်းပြုလိုဟန် မရှိဘဲ မသိမသာ ငြင်းဆန်လျက် ရှိသည်။ မင်းသားကလေးအင်ဒရေသည် ခြေကို ဒရွတ်ဆွဲကာ မြက်ပင်များကို ပွတ်တိုက်၍ ပေါင်းမြက်တောထဲတွင် လျှောက်လျက်ရှိရာမှ ဖိနပ်တွင် တင်လျက်ရှိသော ဖုန်မှုန့်များကို ကြည့်နေမိသည်။ တစ်ခါတစ်ခါ၌လည်း ခြေလှမ်းကျဲကျဲ လှမ်း၍ မြက်ရိတ်သမားများ၏ ခြေရာအတိုင်း လိုက်၍ လျှောက်၏။ တစ်ချို့ တစ်ချို့၌လည်း မိမိ၏ခြေလှမ်းများကို ရေတွက်လျက် ခရီးတစ်မိုင်ပေါက်ဖို့ စားကျက်၏ ဤဘက် ကန်သင်းရိုးနှင့် ထိုဘက် ကန်သင်းရိုးသို့ ခေါက်ရေ မည်မျှ လျှောက်ရမည်နည်းဟု တွက်လျက်ရှိ၏။ တစ်ခါတစ်ရံ၌လည်း လှည်းလမ်းဘေး ကန်သင်းရိုးတွင် ပေါက်လျက်ရှိသည့်ဒေါနပင်မှ ဒေါနပန်းများကို ခူးယူလိုက်ပြီး လက်ဖဝါးထဲတွင် ပွတ်ချေကာ နမ်းလျက်ရှိသည်။ ယခုအချိန်၌ မင်းသားကလေး အင်ဒရေ၏ခေါင်းထဲတွင် ယမန်နေ့က အတွေးများ မရှိတော့ချေ။ မည်သည့်အရာကိုမျှလည်း မတွေးတော့ချေ။ မင်းသားကလေး အင်ဒရေသည် တအုန်းအုန်း မြည်လျက်ရှိသော ပစ်ခတ်သံများကို ဂူးစိုက်နားထောင်ကာ ဤကား အမြောက်မြတပူပစ်သံ၊ ဤကား အမြောက်ဆန်များ ပျံသန်းလာသံ စသဖြင့် ခွဲခြားလျက် ရှိသည်။ တစ်ကြိမ် တစ်ကြိမ်၌လည်း နွမ်းနယ်ပင်ပန်းလျက်ရှိသော တပ်သားများ၏မျက်နှာများကို ကြည့်မိသည်။ မီးခိုးလုံးများထဲမှ တရှိရှိအော်မြည်ပျံသန်းလာသော အသံများကို နားထောင်ရင်း 'အင်း လာပြန်ပြီ၊ ဘယ်သူ့ခေါင်းပေါ် ကျဦးမလဲ" ဟု တွေးမိသည်။ မင်းသားကလေး အင်ဒရေသည် တပ်သားများဘက်သို့ လှမ်း၍ ကြည့်လိုက်၏။ အမြောက်ကျည်ဆန်တစ်ခုသည် တပ်သားများပေါ်မှ ကျော်၍ ကျသွားပြီး အခြားတစ်ခုမှာ တပ်သားများကြားထဲသို့ ကျသွား၏။ မင်းသားကလေး အင်ဒရေသည် စားကျက်ကန်သင်းရိုးကို ဆယ့်ခြောက်လှမ်းဖြင့် အရောက်လှမ်းလာခဲ့ပြန်သည်။ အမြောက်ကျည်တစ်လုံးသည် ရှိခနဲ အော်မြည်ကာ ဘုတ်ခနဲကျလာ၏။ ထိုအမြောက်ကျည်ဆန်သည် မင်းသားကလေး အင်ဒရေနှင့် ငါးလှမ်းအကွာတွင် ကျလာလျက် အုန်းခနဲ ပေါက်ကွဲသွားလေရာ ခြောက်သရောင်းလျက်ရှိသော မြေစိုင်မြေခဲများသည် လွင့်စဉ်ဖွာထွက်ကုန်ကြ၏။ မင်းသားကလေး အင်ဒရေသည် ကြက်သီးတွေဖြန်းခနဲ ထလာ၏။ ထို့နောက် တပ်သားများဘက်သို့ လှမ်းကြည့်လိုက်ပြန်သည်။ ဒုတိယ တပ်ခွဲအနီးတွင် တပ်သားများ ဝိုင်းအုံနေခြင်းကိုထောက်သော် တပ်သားများစွာ ဒဏ်ရာရဟန် တူသည်။

"တပ်ရေးကြီး ဒီအနားမှာ စုပြုံမနေပါစေနဲ့။ လူစု ခွဲပစ်လိုက်" မင်းသားကလေး အင်ဒရေက လှမ်းအော်လိုက်၏။

တပ်ရေးသည် မင်းသားကလေး အင်ဒရေ၏အမိန့်အတိုင်း ဆောင်ရွက်ပြီးနောက် ပြန်ရောက်လာ၏။ တပ်စခန်းတစ်ဖက်စွန်မှ တပ်ခွဲမှူးတစ်ယောက်သည် မင်းသားကလေး အင်ဒရေထံသို့ မြင်းစီးလာ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့လူတွေ သတိထားကြဗျို့၊ လာပြန်ပြီ" တပ်သားများ၏ စိုးရိမ်တကြီးအော်သံများ ပေါ်ထွက်လာသည်။ လျင်မြန်စွာ ပျံသန်းကာ မြေကြီးပေါ်သို့ ဝဲဆင်းလာသော ငှက်ကြီးတစ်ကောင်ကဲ့သို့ အမြောက်ကျည်တစ်လုံးသည် မင်းသားကလေး အင်ဒရေနှင့် ခြေနှစ်လှမ်းကွာတပ်ခွဲမှူး၏ မြင်းအနီးတွင် ကျလာ၏။ တပ်ခွဲမှူး၏မြင်းကြီးသည် အစပထမသော် တရွှူရွှူဖြင့် မြေကြီးကို ငုံ့နမ်းနေပြီးနောက် ပတတ်ရပ်လိုက်ကာ ပြန်လှည့်၍ ပြေးသည်တွင် မြင်းပေါ်မှ ဗိုလ်မှူးမှာ လိမ့်မကျအောင် မြင်းလည်ဆံကို ဆွဲ၍ ပါသွားလေသည်။ မြင်းလန့်သည်တွင် တပ်သားများမှာလည်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။

"ဝပ်နေ၊ ဝပ်နေ" တပ်ရေးက လှမ်းအော်လိုက်ပြီး မြေကြီးပေါ်သို့ လဲချလိုက်သည်။

မင်းသားကလေး အင်ဒရေသည် ငိုင်နေ၏။ မီးခိုးတလူလူ ထွက်နေသော အမြောက်ကျည်လုံးကြီးသည် ပြောင်းခင်းနှင့် စားကျက်ကြားရှိ ဒေါနပင်တစ်ပင်အနီးအားလျားမှောက်လျက်ရှိသော တပ်ရေးဗိုလ်နှင့် မိမိအကြားတွင် ဂျင်ကြိုးတစ်လုံးကဲ့သို့ လည်ပတ်လျက် ရှိသည်။

မင်းသားကလေး အင်ဒရေသည် မြက်ပင်များကို လည်းကောင်း၊ ဒေါနပင်ကို လည်းကောင်း၊ တဝီဝီလည်လျက်ရှိသော အမြောက်ကျည်လုံးကြီးမှ ထွက်နေသည့် မီးခိုးများကို လည်းကောင်း စူးစိုက်ကြည့်နေမိသည်။

"ဒီအမြောက်ကျည်ကြီးဟာ သေမင်းပဲ။ ငါ အသေမခံဘူး။ ငါ မသေချင်သေးဘူး။ လောကကြီးကို ငါ စွန့်ခွာမသွားနိုင်သေးဘူး။ လူ့ဘဝကြီးကို ငါ မြတ်နိုးတယ်။ ဟောဒီ မြေကြီး၊ ဟောဒီ လေ၊ ဟောဒီ မြက်ပင်တွေကို ငါ ချစ်တယ်။ ငါ မြတ်နိုးတယ်"

မင်းသားကလေး အင်ဒရေသည် ဤသို့တွေးရင်း မိမိအား တပ်သားများက လှမ်းကြည့်နေသည်ကို သတိရလာသည်။

"တပ်ရေးကြီး ဒီလောက်လဲ မကြောက်ပါနဲ့ဗျ၊ ယောကျ်ား"

မင်းသားကလေး အင်ဒရေသည် တပ်ရေးကို လှမ်းပြောလိုက်၏။ သို့ရာတွင် မင်းသားကလေး အင်ဒရေသည် စကားကို အဆုံးသတ်အောင်မပြောနိုင်တော့ချေ။ ထိုသို့ပြောလိုက်စဉ်၌ ပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာ၍ တရှိရှိမြည်သံများနှင့် အတူ အမြောက်ဆန်များသည် ပြတင်းပေါက်ပေါင်မှ အကျိုးအပဲများကဲ့သို့ ပျံဝဲကျလာကြလျက် ယမ်းခိုးများ ဖုံးသွားလေသည်။ မင်းသားကလေး အင်ဒရေမှာလည်း လက်တစ်ဖက်ကို မြှောက်ရင်း မှောက်လျက် လဲကျသွားလေသည်။ တပ်ဗိုလ်များသည် မင်းသားကလေး အင်ဒရေထံ ပြေးလာကြ၏။ မင်းသားကလေး အင်ဒရေ၏ဝမ်းဗိုက် လက်ဝဲဘက်မှ သွေးတို့သည် တရဟော စီးထွက်လျက် ရှိလေရာ မြက်ခင်းပေါ်တွင် သွေးကွက်ကြီး ထင်လျက် ရှိလေသည်။

အရေးပေါ်စစ်သည်စုတပ်ဖွဲ့ဝင်များသည် တပ်ဗိုလ်များ၏ အမိန့်အတိုင်း ထမ်းစင်များဖြင့် ရောက်လာကြ၏။ မင်းသားကလေး အင်ဒရေကား မြက်ခင်းပေါ်တွင် မျက်နှာအပ်၍ လဲလျက်ရှိရာက အသက်ကို ပြင်းစွာ ရှူရှိုက်လျက် ရှိပေသည်။

"ဟေ့ ဘာငိုင်ကြည့်နေကြတာလဲ၊ လာ၊ ကောက်လှည့်ကြ"

အရေးပေါ်စစ်သည်စုဝင်များက မင်းသားကလေး အင်ဒရေကို ရှေ့နောက်ထမ်းလိုက်ကြ၏။ သို့ရာတွင် မင်းသားကလေး အင်ဒရေသည် သနားစဖွယ် ညည်းညူလျက်ရှိသောကြောင့် ပြန်၍ ချထားလိုက်ကြပြန်သည်။

"ကောက်သွားကြလေ။ ဘာလို့ ပြန်ချထားရပြန်တာလဲ"

တစ်ယောက်က ပြောလိုက်သည်။

သို့ဖြင့် မင်းသားကလေး အင်ဒရေကိုပွေ့ကာ ထမ်းစင်ပေါ်သို့ တင်လိုက်ကြ၏။

"ဟာ ဗိုက်မှာ ဒဏ်ရာကြီးက အကြီးကြီးပါလား၊ ကျွတ် ကျွတ်၊ သနားပါတယ်ဗျာ၊ ကြည့်ရတာတော့ သေလိမ့်မယ် ထင်တယ်" တပ်ဗိုလ်တစ်ယောက်က ပြောလိုက်ပြန်သည်။

"ကျွန်တော့်အနား ဖြတ်သွားလိုက်တာများ ဝိုခနဲနေတာပဲ" တပ်ရေးက ပြောလိုက်သည်။

အရေးပေါ်စစ်သည်စု တပ်ဖွဲ့ဝင်များသည် ထမ်းစင်ကို ပခုံးထက်တွင် နေသားတကျဖြစ်အောင် ပြင်ကာ စခန်းဆောက်ရုံသို့ ခပ်သုတ်သုတ် ထမ်းသွားကြလေသည်။

"ဟေ့လူတွေ ခြေလှမ်းညီညီလှမ်းပါဗျ။ အပေါ်ကလူ သေရောပေါ့" တပ်ဗိုလ်တစ်ယောက်က မညီမညာ

www.burmeseclassic.com

www.burmeseclassic.com

ထမ်းလာသဖြင့် ထမ်းစင်လှုပ်နေသောကြောင့် အရေးပေါ်စစ်သည်စု တပ်ဖွဲ့ဝင်များ၏ပခုံးကို ဆွဲ၍ ညီအောင်တန်းစီပေးသည်။

"ဟေ့ ဖိဒေါ်၊ ခြေလှမ်းမှန်မှန် လှမ်းပါကွ" ခေါင်သူကြီးလုပ်သည့် လယ်သမားကြီးက လှမ်းပြောလိုက်သည်။

"ဟုတ်ပြီဗျ၊ ညီသွားပြီ" ခြေလှမ်း တစ်ညီတည်း ဖြစ်သွားသည့်အခါ၌ လယ်သမားကြီးတစ်ယောက်က ပြောလိုက်ခြင်း ဖြစ်၏။

"ကိုယ်တော်လေး ကိုယ်တော်လေး သတိထားနော်" အမြောက်တပ်ဗိုလ် ဗိုလ်ကြီး တီမိုခင်သည် ထမ်းစင်ဘေးမှ အပြေးလိုက်လာကာ တုန်ယင်သောအသံဖြင့် ပြောလျက် ရှိ၏။

မင်းသားကလေး အင်ဒရေသည် ချိုင့်ဝင်လျက်ရှိသော ထမ်းစင်ထဲမှနေ၍ မျက်လုံးများကိုဖွင့်ကာ တိမိုခင်ကို လှမ်းကြည့်လိုက်သည်။ ၎င်း၏မျက်လုံးများသည် ပြန်၍ မှိတ်သွားကြပြန်လေသည်။

အရေးပေါ်စစ်သည်စု တပ်ဖွဲ့ဝင်များသည် မင်းသားကလေး အင်ဒရေကို ခင်တန်းကလေးတစ်ခုအနီးရှိ စခန်းဆေးရုံသို့ သယ်လာခဲ့ကြသည်။ ထိုနေရာတစ်ဝိုက်တွင် ဝန်တင်လှည်းတပ်များ စခန်းချလျက် ရှိ၏။ စခန်းဆေးရုံဟုသာဆိုသော်လည်း သစ်ငုတ်ကို ကြိုးချည်၍ အမိုးမိုးထားသည့် ကနဖျင်းတဲသုံးလုံးသာ ဖြစ်လေသည်။ တောအုပ်ထဲ၌ကား မြင်းများနှင့် ဝန်တင်လှည်းများ ရှိ၏။ မြင်းများသည် ရွှေ့ပြောင်း၍ရသော စားခွက်ထဲမှ ပြောင်းစေ့များကို တဖြုတ်ဖြုတ်စားလျက်ရှိ၍ စာကလေးများမှာ မြေကြီးပေါ်သို့လွှင့်စဉ်ဖိတ်ကျထားသော ပြောင်းစေ့များကို ကောက်စားနေကြသည်။ သွေးနှံ့ကို ရသော ကျီးကန်းများသည် သစ်ပင်များကြားတွင် ပျံဝဲကာ တအာအာ အော်မြည်လျက်ရှိကြ၏။ ကနဖျင်းတဲ သုံးလုံး၏ ဘေးပတ်လည် ငါးဇကာကျော်ကျော်မျှ ကျယ်ဝန်းသော ကွက်လပ်ထဲ၌ကား စစ်ဝတ်စုံအမျိုးမျိုး ဝတ်ထားသည့် ဒဏ်ရာရသူတပ်သားများမှာ ထိုင်လျက်တစ်ချို့၊ လဲလျောင်းလျက် တချို့ ရှိနေကြသည်။ ဒဏ်ရာရသူများအနီး၌လည်း ထမ်းစင်ထမ်းသည့် တပ်သားများသည် စုပြုံဝိုင်းအုံလျက် ရှိကြသည်။ တပ်ဗိုလ်များက ထိုသူများကို ပြန်သွားရန် နှင်ထုတ်သော်လည်း အချည်းနှီးသာဖြစ်လေသည်။ ထမ်းစင်ထမ်းသည့် တပ်သားများသည် တပ်ဗိုလ်များ၏အမိန့်ကို နာခံခြင်းမရှိဘဲ ထမ်းစင်များကို ထောင်၍ရပ်နေကြရာက တွေ့ကြုံရအံ့ဆဲဆဲ ဖြစ်သော မိမိတို့၏ကံကြမ္မာကို တွေးတောလျက်ရှိကြသကဲ့သို့ လူနာများဖြင့် တင်းကြပ်ပြည့်နေသော ကွက်လပ်ကြီးကို မျှော်ကြည့်နေကြလေသည်။ ဒေါသတကြီး အော်ဟစ်သံများ၊ ခိုက်ရာမဲ့ညည်းညူသံများသည် ကနဖျင်းတဲများထဲမှ ပေါ်ထွက်လျက်ရှိ၏။ တစ်ခါတစ်ရံ၌ ဆေးတပ်သားများသည် ကနဖျင်းတဲထဲမှ ထွက်လာကာ ရေခပ်ကြ၏။ အချို့က ကနဖျင်းတဲဝသို့ ထွက်လာကာ နောက်ထပ်သွင်းရမည့် လူနာများကို ညွှန်ပြကြ၏။ ကနဖျင်းတဲအပြင်ဘက်၌ မိမိတို့အလှည့်ကို စောင့်လျက်ရှိကြသော လူနာများအနက် အချို့ ညည်းတွားလျက်၊ အချို့က သက်ပြင်းချလျက်၊ အချို့က ငိုလျက်၊ အချို့က အော်ဟစ်လျက်၊ အချို့က ကျိန်ဆဲလျက်၊ အချို့က အရက်တစာစာ တောင်းလျက် ရှိကြ၏။ အချို့မှာ ကယောင်ကတမ်းဖြစ်၍ နေကြ၏။ တပ်ရင်းမှူးဖြစ်သော မင်းသားကလေး အင်ဒရေကို သယ်ဆောင်လာသော အထမ်းသမားများသည် သွေးအလိမ်းလိမ်းပေကျံ၍ လက်ခြေအပိုင်းပိုင်းပြတ်လျက်ရှိသော လူနာများကို ကျော်နင်းကာ ကနဖျင်းတဲတစ်လုံးဆီသို့ ထမ်းလာခဲ့ကြပြီးနောက် တဲဝတွင်ရပ်၍ ညွှန်ကြားချက်များကို စောင့်နေကြ၏။ မင်းသားကလေး အင်ဒရေသည် မျက်လုံးကို ဖွင့်၍ ကြည့်မိ၏။ မည်သည့်နေရာကို ရောက်နေသည်ဟု ဝေခွဲ၍ မရချေ။ ၎င်း၏စိတ်၌ကား ခပ်စောစောက တွေ့ခဲ့ရသော စားကျက်ကို လည်းကောင်း၊ ဒေါနပင်ကလေးကို လည်းကောင်း၊ ပြောင်းခင်းကြီးကို လည်းကောင်း၊ ရင်တွင်း၌ ရုတ်တရက်ဖြစ်ပေါ်လာခဲ့သောလူဘဝကို ခင်မင်တွယ်တာ တမ်းတမိသောအဖြစ်တို့ကိုလည်းကောင်း ပြန်၍သတိရလာ၏။ မင်းသားကလေး အင်ဒရေ၏ထမ်းစင်နှင့် နှစ်လှမ်းကွာလောက်တွင် အရပ်မြင့်မြင့်၊ ဆံပင်နက်နက်၊ ခေါင်းတွင် ပတ်တီးစည်းထားသည့် ရုပ်ရည်ချောမောသော အရာခံဗိုလ်ကလေးတစ်ယောက်သည် ပင်စည်တစ်ခုကို မှီ၍ ရပ်ရင်း ကျယ်လောင်စွာ စကားပြောလျက် ရှိ၏။ လူနာအားလုံးသည် ၎င်း၏စကားကို စိတ်ဝင်စားလျက် ရှိ၏။ ထိုအရာခံဗိုလ်ကလေးမှာ ခေါင်းနှင့် ခြေထောက်တွင် ကျည်ဆန်ထိမှန်လာခဲ့ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့က ချက်ကောင်. ကန်ထည့်လိုက်တော့ ဒီကောင်တွေ ရုက်ရမ်းရမ်းပြီး .တရကြမ်းပစ်တာပေါ့ဗျ၊ သင်းတို့ဘုရင်တောင် ကံကောင်းလို့ လွတ်တာပဲ။ ကျုပ်တို့ တပ်ကူတွေများ ရောက်လာရင် သင်းတို့ တစ်ကောင်တစ်မြီး တောင် ကျန်မှာ မဟုတ်ဘူး"

အရာခံဗိုလ်ကလေး၏ မျက်လုံးများသည် စိတ်အား ထက်သန်ခြင်းဖြင့် တောက်ပလျက် ရှိကြ၏။

မင်းသားကလေး အင်ဒရေသည် အခြားလူနာများကဲ့သို့ပင် ထိုအရာခံဗိုလ်ကလေး၏ စကားများကို စိတ်ဝင်စားလာကာ တောက်ပသောမျက်လုံးများဖြင့် လှမ်းကြည့်၏။ ဒဏ်ရာကိုလည်း မေ့ပျောက်သွား၏။

'သေခြင်းနှင့် ရှင်ခြင်းဟာ ဘာမှ မထူးပါဘူး၊ သေခြင်း၏အခြားမဲ့မှာ ဘာတွေရှိသလဲ။ သေခြင်း၏အခြားမဲ့မှာ တွေ့ရတဲ့အရာတွေနဲ့ ခုဘဝမှာ တွေ့မြင်နေတဲ့အရာတွေဟာ အတူတူပဲလား။ ငါဟာ လူ့လောကကြီးက ခွဲခွာရမှာကို ဘာဖြစ်လို့ ဆုတ်ဆိုင်းနေရသလဲ။ ဘာဖြစ်လို့ ကြောက်ရမှာလဲ။ အင်း လူတွေ အသက်ရှင် နေထိုင်ရခြင်းရဲ့ ရည်ရွယ်ချက်ကို ငါ နားမလည်ခဲ့ဘူး။ ခုထိလဲ နားမလည်သေးဘူး' မင်းသားကလေး အင်ဒရေသည် ဤသို့ တွေးလျက် ရှိပေသတည်း။

အခန်း ၃၇

ဆရာဝန်တစ်ယောက်သည် သွေးများစွန်းပေလျက်ရှိသော ဝတ်ရုံကို ဝတ်လျက် ကနဖျင်းတဲ အပြင်သို့ ထွက်လာ၏။ သွေးစွန်းမည်စိုးသောကြောင့် ဆေးပြင်းလိပ်ကို လက်မနှင့် လက်ချောင်းကလေးတစ်ချောင်းကြားတွင် ညှပ်၍ ရွရွကလေး ကိုင်ထားသည်။ ဆရာဝန်သည် ခေါင်းမော့ကာ ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်၏။ မော့သည်ဟုသာ ဆိုရသော်လည်း ပြန့်ကြဲလျက်ရှိသော လူနာများကို ကြည့်ရုံသာ မော့ခြင်းဖြစ်၏။ ဆရာဝန်မှာ အနည်းငယ် အနားယူချင်ပုံရသည်။ ၎င်းသည် ခေါင်းကို ဘယ်ညာယမ်းပြီး နောက် သက်ပြင်းချလိုက်သည်။

"သွင်းခဲ့၊ သွင်းခဲ့" ဆရာဝန်က မင်းသားကလေး အင်ဒရေအား ကနဖျင်းတဲထဲသို့ သွင်းရမည်လောဟု မေးနေသည့် ဆေးတပ်သားတစ်ယောက်ကို ပြောလိုက်သည်။

မိမိတို့အလှည့်ကို စောင့်နေသည့် တပ်သားလူနာများသည် မကျေမနပ် ဖြစ်လာကြ၏။

"မင်းညီမင်းသားဆိုတဲ့ လူတွေကတော့ နောင်ဘဝ ရောက်တောင် အခွင့်အရေး ဦးဦးဖျားဖျား ရကြမှာ ထင်ပါရဲ့" တစ်ယောက်က ပြော၏။

မင်းသားကလေး အင်ဒရေကို ကနဖျင်းတဲထဲသို့ သွင်းလာကာ ယခုမှ လစ်လပ်သွားသော စားပွဲခုံ တစ်လုံးပေါ်တွင် တင်လိုက်ကြသည်။ ဆေးတပ်သားတစ်ယောက်က ထိုစားပွဲကို ရှေ့ဖြင့် ဆေးလျက်ပင် ရှိသေး၏။ မင်းသားကလေး အင်ဒရေသည် တဲထဲမှ အရာဝတ္ထုများကို သဲကွဲစွာ မမြင်ရသေးချေ။ မိမိ၏ဘေးမှ ထွက်ပေါ်လာသော ညည်းသံများ၊ ပေါင်မှ တဆစ်ဆစ်ကိုက်ခဲသော ဝေဒနာ၊ ဝမ်းဗိုက်မှ နာကျင်သောဝေဒနာ၊ ကျောမှ အောင့်သော ဝေဒနာတို့သည် ဝိုင်း၍ ဖိစီးလျက် ရှိကြ၏။ ၎င်း၏မျက်စိထဲ၌ မည်သူမည်ဝါဟူ၍ အကောင်အထည်၊ အလုံးအဖန် အားဖြင့် ခွဲခြား၍မရတော့ဘဲ ကနဖျင်းတဲတစ်ခုလုံး၌ သွေးအလိမ်းလိမ်းယိုစီးကပ်ငြိလျက်ရှိသော အသားတုံး၊ အသားတစ်၊ အသားစိုင်ကြီးများဖြင့် ပြည့်နှက်လျက်ရှိသည်ဟု ထင်ရ၏။ လွန်ခဲ့သည့် ရက်သတ္တပတ်အနည်း ငယ်ခန့်ပူပြင်းသော သြဂုတ်လတစ်နေ့၌ စမိုးလင့်မှတပ်များ ဆုတ်ခွာလာခဲ့စဉ် စမိုးလင့်ပေတစ်ရာဘေးရှိ ရေကန်ကလေးထဲ၌ ဗလာကျင်းလျက် အစုလိုက်အပြုံလိုက် ရေချိုးနေကြသော တပ်သားများ၏ ခန္ဓာကိုယ်များကို ပြန်၍ မြင်ယောင်လာ၏။ မှန်ပါသည်။ ယခုလည်း ဤလူများ၊ ဤတပ်သားများ၊ ဤအသားတုံးများ၊ ဤအမြောက်စာများကို မြင်ရပြန်ပါပြီ။ ဗလာကျင်းလျက်ရှိသော ခန္ဓာကိုယ်များကို အစုလိုက်အပြုံလိုက် မြင်ရခြင်းကြောင့် မင်းသားကလေး အင်ဒရေမှာ ကြက်သီးတွေ ဖြန်းခနဲထကာ စိတ်လေးလျက် ရှိ၏။

ကနဖျင်းတဲထဲ၌ စားပွဲသုံးလုံးရှိ၏။ နှစ်လုံးမှာ မအားသေးချေ။ မင်းသားကလေး အင်ဒရေကိုမူ တတိယစားပွဲပေါ်သို့ တင်လိုက်ကြ၏။ အတန်ကြာသည့်တိုင် အောင် မည်သူမျှ ပေါ်မလာသေးသောကြောင့် မင်းသားကလေး အင်ဒရေ၏ မျက်လုံးများသည် အခြားစားပွဲနှစ်လုံးဆီသို့ ရောက်သွားကြ၏။ ကပ်လျက်စားပွဲပေါ်တွင် တာတာ

www.burmeseclassic.com

www.burmeseclassic.com

ကြီးတစ်ယောက် ငုတ်တုတ်ကြီး ရှိ၏။ ၎င်း၏အနီးတွင် ပစ်ချထားသည့် စစ်ဝတ်စုံကို ကြည့်ခြင်းအားဖြင့် တာတာကြီးမှာ ကော့ဆက်မြင်းတပ်မှ ဖြစ်ဟန်ရှိ၏။ တပ်သားလေးယောက်သည် တာတာကြီးကို ဝိုင်းချုပ်ထားကြပြီး မျက်မှန် နှင့် ဆရာဝန်တစ်ယောက်က ၎င်း၏ကြွက်သားအပြိုင်းပြိုင်းထနေသော ညှိမွဲမွဲ ကျောပြင်ကြီးကို လိုးဖြတ်လျက် ရှိသည်။

"အမယ်လေးဗျ၊ အမယ်လေး" တာတာကြီးသည် အော်လိုက်ပြီးနောက် နာခေါင်းပြားပြား၊ မေးရိုးကားကား မျက်နှာကြီးကို ရုတ်တရက်မော့ကာ ဖြူဖွေးသော သွားများပေါ်အောင် ပါးစပ်ဖြဲ၍ အံကြိတ်ရင်း ရုန်းကန်တွန့်လိမ်လျက် ရှိ၏။ ပါးစပ်မှလည်း စူးစူးဝါးဝါး အော်ဟစ်လျက် ရှိပေသည်။ လူများ ဝိုင်းအုံလျက်ရှိသည့် အခြားစားပွဲတစ်လုံး၌ကား အရပ် ထောင်ထောင်မောင်းမောင်း၊ အလုံးအဖန်ကောင်းကောင်း လူတစ်ယောက်သည် ပက်လက်ကြီး လန်လျက်ရှိ၏။ ၎င်း၏ခေါင်းသည် စားပွဲအစွန်းမှ အောက်သို့ လန်ကျနေ၏။ လှိုင်းထ၍ နက်မှောင်လျက်ရှိသောဆံပင်များနှင့်တကွ ခေါင်း၏ပုံပန်းသဏ္ဌာန်ကို မြင်ဖူးသည်ဟု မင်းသားကလေး အင်ဒရေက အောက်မေ့မိသေးသည်။ ဆေးတပ်သားများသည် ၎င်း၏ရင်ဘတ်ကို ဖိ၍ ချုပ်ထားကြ၏။ ကြီးမားဖြူဖွေးသော ခြေထောက်ကြီးတစ်ချောင်းသည် တဆတ်ဆတ်တုန်လျက် ရှိ၏။ ထိုလူနာသည် ရှိုက်ကြီးတငင်ငိုလျက် ရှိလေသည်။ ဆရာဝန်နှစ်ယောက်သည် (တစ်ယောက်မှာ မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်၍ တုန်လျက်ရှိသည်။) ထိုလူနာ၏သွေးဒလဟော ထွက်လျက်ရှိသော ခြေထောက်တစ်ဖက်ကို တစ်စုံတစ်ရာ ပြုလုပ်ပေးနေကြသည်။ တာတာကြီးကို ကုသပေးနေသော မျက်မှန်နှင့် ဆရာဝန်သည် ပြီးစီးသွားပြီဖြစ်၍ ၎င်း၏လူနာကို ဝတ်ရုံအင်္ကျီ ခြုံပေးပြီးနောက် လက်သုတ်ရင်း မင်းသားကလေး အင်ဒရေ၏ စားပွဲသို့ ရောက်လာ၏။

ဆရာဝန်သည် မင်းသားကလေး အင်ဒရေ၏မျက်နှာကို ကြည့်လိုက်ပြီးနောက် ချက်ချင်း လွှဲပစ်လိုက်သည်။

"အဝတ်တွေ ချွတ်ထားပါလားကွ၊ ဘာလုပ်နေကြတာလဲ" ဆရာဝန်က ဆေးတပ်သားများကို ငေါက်လိုက်သည်။

အင်္ကျီလက် ပင့်ထားသော ဆေးတပ်သားက မင်းသားကလေး အင်ဒရေ၏အင်္ကျီကြယ်သီးများကို လျင်မြန်စွာ ဖြုတ်ကာ အဝတ်အစားများကို ချွတ်ပေးနေသည့်အခါ၌ မင်းသားကလေး အင်ဒရေသည် ငယ်ငယ်တုန်းက ဘဝကို ပြန်၍အမှတ်ရလာ၏။ ဆရာဝန်သည် မင်းသားကလေး အင်ဒရေ၏ဝမ်းဗိုက်မှ ဒဏ်ရာကို ငုံ့ကြည့် စမ်းသပ်ပြီးနောက် ပြင်းစွာ သက်ပြင်းချလိုက်သည်။ ထို့နောက် တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။ ဝမ်းဗိုက်မှ နာကျင်လှသောဝေဒနာကြောင့် မင်းသားကလေး အင်ဒရေသည် သတိမေ့သွား၏။ သတိပြန်ရလာသောအခါ၌ကား ကျည်ဆန်ထိမှန်ထားသောပေါင်မှ အရိုးကို ဖြတ်တောက်ပြီးပေပြီ။ ထွက်ကျလျက်ရှိသော အသားတစ်များကိုလည်း လှီးဖြတ်ပြီးပေပြီ။ ဒဏ်ရာကိုလည်း ချုပ်ပြီးပေပြီ။ မင်းသားကလေး အင်ဒရေ၏မျက်နှာကို ရေဖြင့် ပက်ပေးသူက ပက်ပေးကြ၏။ မင်းသားကလေး အင်ဒရေ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ၌ ဆရာဝန်သည် မင်းသားကလေး အင်ဒရေကို ငုံ့နမ်းပြီး ဘာမျှ မပြောဘဲ ခပ်သုတ်သုတ် ထွက်သွားလေသည်။

ပြင်းစွာ နာကျင်သော ဝေဒနာကို ခံစားရပြီးသည့်နောက်၌ မင်းသားကလေး အင်ဒရေသည် ကာလအတော်ကြာမျှ ခံစားရခြင်း မပြုခဲ့ရသော ပီတိမျိုးကို ခံစားရ၏။ ၎င်း၏ဘဝတစ်လျှောက်တွင် တွေ့ခဲ့ကြုံခဲ့ရသော ပျော်စရာ၊ ကြည်နူးစရာအကောင်းဆုံး အချိန်များ၊ အထူးသဖြင့် ကလေးဘဝတုန်းက အဝတ်အစားတွေချွတ်၍ အိပ်ရာဝင်ရသည့်အချိန်၊ အထိန်းတော်ကြီးက သီချင်းဆိုသိပ်စဉ် ခေါင်းကို ခေါင်းအုံးထဲတွင် နစ်သွားအောင် မြှုပ်၍ နားထောင်ရင်း အိပ်ရသည့်အချိန်များကို ပြန်ပြောင်းသတိရလာ၏။ ထိုအဖြစ်အပျက်များသည် အတိတ်က ဖြစ်ခဲ့သည့် အဖြစ်အပျက်များဟု မအောက်မေ့မိဘဲ ယခု လောလော လတ်လတ် ဖြစ်ပျက်နေသည်ဟုပင် ထင်မိသေးသည်။

ဆရာဝန်များသည် တစ်ဖက်စားပွဲပေါ်ရှိ မင်းသားကလေး အင်ဒရေ မြင်ဖူးသည်ဟု ထင်ရသော လူနာကို ခွဲစိတ်ကုသလျက် ရှိကြ၏။ ဆေးတပ်သားများက ထိုလူနာကို ပွေ့ထူကာ ချုပ်ပေးထားကြသည်။

"ကျွန်တော် ကြည့်ပါရစေဦးဗျ၊ အမယ်လေးဗျ၊ အမယ်လေး" ကြောက်ရွံ့ထိတ်လန့်စွာ အော်လိုက်သော အသံ၊ နာကျင်ပြင်းပြစွာ အော်လိုက်သောအသံကို ကြား

www.burmeseclassic.com

www.burmeseclassic.com

ရ၏။

ဤအသံများကို ကြားရသည့်အခါ၌ကား မင်းသားကလေး အင်ဒရေကိုယ်တိုင် အလိုလိုငိုချင်လာ၏။ ကျော်ကြားခြင်းမရှိဘဲ မထင်မရှားဖြင့် သေရတော့မည့်အတွက် ကြောင့်လော၊ လူ့ဘဝကြီးကို စွန့်ခွာသွားရတော့မည့်အတွက်ကြောင့်လော၊ မည်သည့်အခါမျှ ပြန်ရောက်ရဲတော့မည်မဟုတ်သော ကလေးဘဝကို အောက်မေ့ခြင်းကြောင့်လော၊ သို့တည်းမဟုတ် မိမိကိုယ်တိုင်နှင့်တကွ အခြားသူများပါ ပြင်းပြစွာ ဝေဒနာခံစားနေရခြင်းကြောင့်လော၊ မိမိအနီးရှိလူက သနားစဖွယ် ညည်းတွားနေခြင်းကြောင့်လော၊ မည်သည့်အကြောင်းကြောင့်ဟူ၍ မသိသော်လည်း မင်းသားကလေး အင်ဒရေသည် ရင်ထဲတွင် တလှိုက်လှိုက်ဖြစ်လာကာ ငိုချင်လာပေသည်။

ဆရာဝန်များက ထိုလူနာအား ဖြတ်ထုတ်လိုက်သောခြေထောက်ကို ပြ၏။ ဖြတ်ပြီးသား ခြေထောက်ကြီးမှာ သွေးတွေကျပ်ခဲကြီးဖုံးကာ ဖိနပ်ရှည်ကြီး စွပ်လျက်ပင် ရှိသေး၏။

"အမလေးဗျ ဘဝ တုံးပါပြီဗျ၊ အဟီး ဟီး ဟီး" ထိုလူသည် မိန်းမတစ်ယောက်ကဲ့သို့ ရှိုက်ကြီးတငင် ငိုလျက်ရှိလေသည်။

ထိုလူနာ၏အနီးတွင် ရပ်လျက်ရှိသည့် ဆရာဝန်သည် ထိုလူနာ၏မျက်နှာကို မင်းသားကလေး အင်ဒရေ မမြင်အောင် တစ်ဖက်သို့လှည့်ပေးလိုက်ပြီး ထွက်သွား၏။

"အလို၊ ဘုရား၊ ဘုရား၊ ဘယ်လိုဖြစ်တာပါလိမ့်။ ဘာကြောင့် သူ ဒီကိုရောက်လာပါလိမ့်" မင်းသားကလေး အင်ဒရေသည် တစ်ယောက်တည်း မြည်တမ်းလိုက်မိ၏။

ခြေထောက်တစ်ချောင်းကို ဖြတ်ထုတ်ခြင်းခံရ၍ သနားစဖွယ် ငိုကြွေးလျက်ရှိသူကား အခြားမဟုတ်။ နှစ်ယောက်ချင်း ချိန်းသတ်ရန် မင်းသားကလေး အင်ဒရေ မနားတမ်း လိုက်လံရှာဖွေနေခဲ့သော အနာတိလီပေတည်း။ သူနာပြု တပ်သားများသည် အနာတိလီကို ချိုင်းမှ မွေ့ထူကာ ရေတိုက်နေကြသည်။ သို့ရာတွင် အနာတိလီ၏ယောင်အမ်း၍ တုန်ယင်လျက်ရှိသော နှုတ်ခမ်းများသည် ရေခွက်နှုတ်ခမ်းကိုပင် မြဲမြံစွာတေ့ထားနိုင်ခြင်း မရှိတော့ချေ။ အနာတိလီသည် ငိုရှိုက်လျက် ရှိ၏။

'ဟုတ်တယ်၊ လက်စသတ်တော့ ဒီလူပဲ။ ခုတော့ ဝေဒနာခံစားရတဲ့ဘဝမှာ ငါ့အဖြစ်နဲ့ လာတူနေပါပကော လား။ ဒီလူနဲ့ ငါဟာ ဘယ်လို ပတ်သက်ခဲ့ဖူးပါလိမ့်'

မင်းသားကလေး အင်ဒရေသည် ဤသို့ တွေး၏။ အဖြေကို မတွေ့။ အတန်ကြာမှ သန့်ရှင်း၍ နှစ်လိုဖွယ်ကောင်းသော သူငယ်ဘဝက အဖြစ်အပျက်များသည် ရုတ်တရက် ပေါ်လာကြ၏။ ၁၈၁၀–ပြည့်နှစ်က ကပွဲတစ်ခုတွင် နာတာရှာနှင့် ပထမဆုံးအကြိမ် တွေ့ခဲ့ကြပုံကို အမှတ်ရလာ၏။ နာတာရှာ၏နွဲ့သောလည်တိုင်နှင့် ညှာတ်ပျောင်းသောလက်တံများသည် လည်းကောင်း၊ ရှက်ကြောက်ဟန်ရှိသော်လည်း ရွှင်လန်း၍ ကြည်စင်ဝင်းပသော မျက်နှာသည် လည်းကောင်း၊ နာတာရှာအပေါ်တွင် တိမ်းညွတ်ခဲ့မိသောမေတ္တာဓာတ်သည် လည်းကောင်း မင်းသားကလေး အင်ဒရေ၏ဝိညာဉ်အတွင်း၌ နိုးကြားလှုပ်ရှားလာကြ၏။

ထိုအခါကျတော့မှ မင်းသားကလေး အင်ဒရေသည် ယောင်အမ်း၍ တစ်ဝက်ဖုံးလုနီးပါး ဖြစ်နေသော မျက်လုံးများမှ မျက်ရည်တွေတွေ စီးကျလျက်ရှိရင်း မိမိအား မှုန်ဝါးစွာငေးကြည့်လျက်ရှိသော ထိုလူနှင့် မိမိတို့ မည်သို့ မည်ပုံပတ်သက်ခဲ့ကြခြင်းကို အမှတ်ရလာသည်။ အဖြစ်အပျက်များကို မြင်ယောင်လာသည်။ ထိုလူအား သနားကြင်နာခြင်း၊ ခင်မင်တွယ်တာခြင်းတို့သည် မင်းသားကလေး အင်ဒရေ၏နှလုံးသည်းပွတ်အတွင်း၌ ပေါ်ပေါက်လာကြသည်။

မင်းသားကလေး အင်ဒရေသည် ချုပ်တည်းခြင်းငှာ မတတ်နိုင်တော့ဘဲ မိမိနှင့်တကွသော လူများ၊ မိမိ၏အမှားနှင့် တကွသော လူများ၏အမှားများအတွက် ယူကြုံးမရ ဖြစ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်မိသည်။

'ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ မြေကြီးပေါ်မှာ မိုတင်းနေထိုင်ကြတဲ့ လူအချင်းချင်း၊ ညီအစ်ကိုအချင်းချင်း ကရုဏာတရားရှေ့ထားဖို့ သွန်သင်တော်မူခဲ့တယ်၊ ချစ်သူ မုန်းသူမဟူ၊ ရန်သူ မိတ်ဆွေမခွဲ မေတ္တာတရားပွားများဖို့ ဆုံးမတော်မူခဲ့တယ်။ အစ်မတော် ထိပ်ထားကလဲ ငါ့ကို မကြာခဏ သွန်သင်ခဲ့တယ်။ ဒါပေမဲ့ ဒီတရားရဲ့အဓိပ္ပာယ်ကို ငါ နားမလည်ခဲ့ဘူး။ ဒီတရားကို မမြင်သေးတဲ့အတွက် ငါဟာ လူ့ဘဝကြီးက စွန့်ခွာသွားရမှာကို ကြောက်နေတာပါလား။ ငါ မသေသေးလို့ရှိရင် ငါ့အဖို့ ဒီတရားသာလျှင် ရှိပါတော့ကလား။ ဒါပေမဲ့ ငါ့

www.burmeseclassic.com

www.burmeseclassic.com

အဖို့ ဒီတရားကို သဘောပေါက်ဖို့၊ ဆင်ခြင်ဖို့၊ နှလုံးသွင်းဖို့ အချိန်မရှိတော့ဘူး။ တရားကို အတွေ့နောက်ကျခဲ့ပြီ'

အခန်း ၃၈

နပိုလီယန်သည် စစ်ပွဲတွင် ဒဏ်ရာရသူ၊ ကျဆုံးသူတို့ကို ရွှန်းရွှန်းစားစားကြည့်၍ မိမိစိတ်ဓာတ်ခိုင်ကြည်မှုကို စမ်းသပ်စစ်ဆေးလေ့ရှိ၏။ သို့ရာတွင် ယခုသော်ကား ကျဆုံးသူများ၊ ဒဏ်ရာရသူများဖြင့် တင်းကြပ်ပြည့်နှက် ဖုံးလွှမ်းလျက်ရှိသည့် စစ်တလင်း၏ ထိတ်လန့်ဖွယ်ရှုခင်းသည်လည်းကောင်း၊ မိမိကိုယ်တိုင် သိကျွမ်းသည့် ပြင်သစ်ဗိုလ်ချုပ်ကြီး နှစ်ဆယ်ခန့်တို့ ကျဆုံးဒဏ်ရာရရှိသည် ဟူသောသတင်းသည်လည်းကောင်း၊ မိမိလက်ရုံးကြီးတစ်ဆူဖြစ်သော ပြင်သစ်တပ်ကြီး သွက်ချာပါဒ လိုက်လျက်ရှိပြီဟူသော အသိသည် လည်းကောင်း နပိုလီယန်၏ စိတ်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲလိုက်ချေပြီ။ မိမိအား ကျော်စောခြင်းနှင့် ကြီးကျယ်ခြင်းအဖြစ်သို့ ရောက်ရှိအောင် ပို့ဆောင်ပေးလိုက်သောအရာမှာ စိတ်ဓာတ်ကြံ့ခိုင်မှုဖြစ်သည်ဟု နပိုလီယန် အထင်ရောက်လျက် ရှိသော်လည်း ယနေ့မြင်ရသော စစ်တလင်း၏ ထိတ်လန့်တုန်လှုပ်ထဖွယ် ရှုခင်းသည် နပိုလီယန်၏ ထိုစိတ်ဓာတ်ကြံ့ခိုင်မှုကို အနိုင်ရသွားလေပြီ။ နပိုလီယန်သည် စစ်တလင်းမှ မိမိစခန်းချရာ ရှီဗာဒီနိုတောင်ကုန်းသို့ မြင်းစီး၍ ပြန်ခဲ့၏။ ရှီဗာဒီနို တောင်ကမူသို့ အရောက်တွင် နပိုလီယန်သည် ရွက်ဖျင်ကုလားထိုင်တွင် ထိုင်ကာ မျက်လွှာကိုချလျက် အဝေးမှ ပစ်ခတ်သံများကို နားစွင့်၏။ ၎င်း၏မျက်နှာသည် ဖျော့တော့ယောင်အမ်းလေးလံလျက်ရှိကာ နှာခေါင်းသည် နီရဲ၍ မျက်လုံးတို့သည် ရီဝေလျက် ရှိကြ၏။ အသံသည် ကွဲအက်လျက်ရှိ၏။ နပိုလီယန်သည် မိမိကိုယ်တိုင် ပါဝင်တိုက်ခိုက်လျက်ရှိသော်လည်း မိမိကိုယ်တိုင် နားလည်နိုင်ခြင်းမရှိဟု ယူဆသော ဘိုရိုဒီနိုတိုက်ပွဲ၏ ပြီးဆုံးချိန်ကို နာကြည်းသော စိတ်ပျက်ခြင်းဖြင့် စောင့်ဆိုင်း၏။ ထိုခဏတွင် မိမိ နှစ်ပေါင်းများစွာ ကျင်လည်ပျော်မွေ့ခဲ့သော အယောင်ဆောင်ဘဝကို ရုံ့မုန်းကာ လူ၏အကြင်နာတရား၊ ကိုယ်ချင်းစာတရားတို့သည် နပိုလီယန်၏ စိတ်တွင် ပေါပေါက်လာကြ၏။ စစ်တလင်းတွင် တွေ့မြင်ခဲ့ရသော မချိမဆန့်ဝေဒနာခံစားရသည့် အန္တရာယ်၊ သေပွဲသို့ ဝင်ရသည့်အဖြစ်တို့ကို သူကိုယ်တိုင် ခံစားတွေ့ကြုံရသကဲ့သို့ ထင်မှတ်လာ၏။ ရင်ထဲ၌ လေးလျက်ရှိခြင်း၊ ခေါင်းတွင် နောက်ကျိခြင်းတို့ကြောင့် ငါသည်လည်း သေခြင်းဆင်းရဲနှင့် ဝေဒနာခံရခြင်းဆင်းရဲခြင်းတို့မှ လွတ်ကင်းမည်မဟုတ် ဟူသော အသိတရားသည် နပိုလီယန်၏ စိတ်၌ ပြက်ပြက်ထင်လာ၏။ ထိုခဏ၌ နပိုလီယန်သည် ကြီးစွာတုန်လှုပ်ခြင်းဖြစ်လျက် မော်စကိုမြို့ကိုလည်း အလိုမရှိတော့ချေ။ စစ်နိုင်ခြင်းကိုလည်း အလိုမရှိတော့ချေ။ ဘုန်းတန်ခိုးကြီးမားခြင်းကိုလည်း အလိုမရှိတော့ချေ။ (သည့်ထက် ဘုန်းတန်ခိုးကြီးစရာကော လိုသေးသလော။) ထိုအချိန်၌ နပိုလီယန်သည် နားနေခြင်း၊ စိတ်၏ငြိမ်းချမ်းခြင်းနှင့် အနှောင်အဖွဲ့တို့မှ ကျွတ်ခြင်းကိုသာလျှင် တောင့်တမိ၏။ သို့တိုင်အောင် ဆင်မြီနော့ရွာအနီး တောင်ကုန်းထိပ်သို့ ရောက်ခဲ့စဉ် အမြောက်တပ်မှူးက ညာကိုဗိုရွာရှေ့၌ စုရုံးနေကြသော ရုရှားတပ်များကို ပစ်ခတ်လျက်ရှိသည့် အမြောက်တပ်များအား နောက်ထပ် တပ်ကူများ ပေးရန် တောင်းဆိုသောအခါ နပိုလီယန်သည် တပ်ကူဖြည့်ရန် သဘောတူခဲ့သေးသည်။ အမြောက်တပ်ကူများဖြင့် အားဖြည့်တိုက်သည့်အခါတွင် ရန်သူအခြေအနေ မည်သို့ရှိကြောင်းကို မိမိထံ အမြန်သတင်းပို့ရမည်ဟုလည်း အမိန့်ပေးခဲ့သေး၏။

တပ်ရေးတစ်ယောက်သည် နပိုလီယန်ထံ ရောက်လာကာ အမိန့်အတိုင်း မိမိတို့ဘက်က အမြောက်အလက်ပေါင်းနှစ်ရာဖြင့် ရုရှားခံစစ်ကြောင်းကို စုပြုံထိုးနှက်လျက်ရှိကြောင်း၊ သို့ရာတွင် ရုရှားတို့ နောက်မဆုတ်ဘဲ အပြင်းခံလျက်ရှိကြောင်းဖြင့် သတင်းပို့၏။

"ကျွန်တော်တို့ အမြောက်များက ရန်သူ စစ်သားတန်းများကို ကောက်ပင်ရိတ်လိုသကဲ့သို့ တစ်တန်းပြီး တစ်တန်း ဖြိုချလျက် ရှိပါသည်။ သို့ရာတွင် ရန်သူတို့ ဆုတ်ခွာခြင်းမရှိ။ ထိုနေရာမှ အပြင်းခံလျက် ရှိကြပါသည်" တပ်ရေးက လျှောက်တင်၏။

"သင်းတို့ ဤမျှသော အမြောက်ဆန်များကို အားရတင်းတိမ်ဟန် မရှိ။ နောက်ထပ် လိုချင်သေးဟန် တူသည်" နပိုလီယန်က အက်ကွဲသောအသံဖြင့် ဆိုသည်။

"ဘုရား" နပိုလီယန်၏ စကားကို ကောင်းစွာမကြားသောတပ်ရေးက ထပ်၍လျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com

"သင်းတို့ အမြောက်ကျည် နောက်ထပ် လိုချင် သေးဟန်တူသည်။ သင်းတို့ လိုချင်သေးလျှင် သင်းတို့စိတ် ကျေနပ်အောင် အမြောက်ဆန်များကို လွှတ်ဘိ" နပို လီယန်က မျက်မှောင်ကုတ်၍ ဆို၏။

နပိုလီယန်သည် ထိုအချိန်၌ ဤသို့ ပစ်ခတ်သတ် ဖြတ်ရခြင်းကို စက်ဆုပ်လျက်ရှိကာ ဤအမိန့်မျိုးကို မပေး လိုတော့ချေ။ ယခု ဤအမိန့်ကိုပေးခြင်းမှာ မိမိထံမှ ဤ အမိန့်မျိုးကို အလိုရှိသည်ဟု ထင်ခြင်းကြောင့် တပ်ဗိုလ် များ၏ ဆန္ဒအတိုင်း စက်ရုပ်ဆန်ဆန် အမိန့်ပေးရခြင်းမျိုး သာဖြစ်၏။ သို့သော်လည်း တပ်ဗိုလ်များမှာ နပိုလီယန်၏ အမိန့်ကို မရခင်ကတည်းကပင်လျှင် ၎င်းတို့သဘောနှင့် ၎င်းတို့ဆောင်ရွက်ပြီး ဖြစ်ကြလေသည်။ ဆုံ့လည်နွားသည် ဆုံကြိတ်ခြင်းကို မိမိအတွက် လုပ်ခြင်းဖြစ်သည်ဟု အထင် ရောက်ကာ ဆုံ၌ တရစပတ်ပတ်လှည့်သကဲ့သို့ နပိုလီယန် သည်လည်း အတုအယောင်မျှဖြစ်သော ကြီးကျယ်ခြင်းကို အဟုတ်ထင်ကာ ကဲကြမ်္ဘာ၏ စေခိုင်းချက်ဖြင့် ရက်စက် ကြမ်းကြုတ်၍ လူမဆန်သောအလုပ်ကို ထပ်၍ ထပ်၍သာ ပြုလုပ်လျက်ရှိ သည်။

ဤအဖြစ်အပျက်ကြီး ပေါ်ပေါက်ခြင်းအတွက် အခြားသူများထက် တာဝန်ရှိသော နပိုလီယန်သည် ထိုနေ့ ထိုအချိန်၌သာလျှင် ဆင်ခြင်တုံတရား ကင်းမဲ့ခဲ့သည် မဟုတ်သေး။ နောင်သောအခါ၌လည်း ကောင်းမွန်မြင့် မြတ်ခြင်းကို လည်းကောင်း၊ လှပတင့်တယ်ခြင်းကို လည်း ကောင်း၊ သစ္စာတရားကို လည်းကောင်း နားမလည်ခဲ့ချေ။ ကောင်းမွန်မြင့်မြတ်ခြင်း၊ တော်တည့်မှန်ကန်ခြင်း စသည့် အရာများနှင့် ဆန့်ကျင်ဘက်ဖြစ်၍ လောကပါလတရား များနှင့် လားလားမျှ မကိုက်သော ၎င်း၏ အပြုအမူများ အဓိပ္ပာယ်များကိုလည်း နားမလည်ခဲ့ချေ။ ကမ္ဘာတစ်ခြမ်း က ကောင်းချီး ဩဘာပေးခြင်းခံရသည့်အလျောက် သွေး နားထင်ရောက်ကာ အမှားကို အမှားဟု မမြင်နိုင်ခဲ့ရှာချေ။ သို့ဖြင့် နပိုလီယန်သည် တရားမှန်ကန်ခြင်း၊ ကောင်းမွန် မြင့်မြတ်ခြင်းစသည့် လောကပါလ တရားများနှင့် တကွ လောကလူ့ဘောင်ကြီးကို ဖျက်ဆီးခဲ့လေသည်။

နပိုလီယန်သည် ကျဆုံးသူများ၊ ခြေပြတ်လက်ပြတ် သူများ ပြန့်ကျဲလျက်ရှိသော စစ်တလင်းတစ်ဝိုက်သို့ ထို နေ့က မြင်းဖြင့် လျှောက်ကြည့်ခဲ့ပြီး (ထိုသို့ ကျဆုံးရခြင်း၊ ဒဏ်ရာအနာတရဖြစ်ခြင်းမှာ မိမိ၏ စိတ်တန်ခိုးကြောင့် ဖြစ်ရသည်ဟု နပိုလီယန် ယုံကြည်သည်။) ပြင်သစ်တပ် သားတစ်ယောက်ကျဆုံးတိုင်း ရုရှားတပ်သား မည်ရွေ့ မည်မျှကျဆုံးသည်ကို ရေတွက်ခဲ့၏။ ပြင်သစ်တပ်သား တစ်ယောက်ကျတိုင်း ရုရှား၀ါးယောက်ကျသည်ဟု မိမိ ကိုယ်ကို မိမိလှည့်စား၍ ရေတွက်ကာ များစွာနှစ်ထောင်း အား၍ ဖြစ်ခဲ့၏။ နပိုလီယန်သည် ထိုနေ့ ထိုအချိန်၌သာ မိမိ၏မိုက်မဲသောအပြုအမူကို နှစ်ထောင်းအား၍ဖြစ်ခဲ့သည် မဟုတ် သေး။ စစ်မြေပြင်၌ အလောင်းပေါင်း ၀ါးထောင်မျှ အထပ်လိုက်၊ အထွေးလိုက်၊ အစုလိုက်၊ အပြုံလိုက်ရှိနေ ခြင်းကို မြင်ရသည့်အခါတွင်လည်း များစွာ နှစ်သက်ရွင် လန်းလှသည်ဖြစ်၍ 'စစ်တလင်းသည် များစွာကြီးကျယ် ခမ်းနားလှသည်' ဟု ပါရီရွှေနန်းသို့ သဝဏ်လွှာပို့ခဲ့သေး သည်။ နပိုလီယန်သည် ထိုနေ့ ထိုအချိန်၌သာ မိုက်မဲစွာ ဤမျှ ရေးသားခဲ့သည် မဟုတ်သေး။ နောင် နှစ်ပေါင်းများစွာ ကြာ၍ မိမိ၏ကြီးမြတ်သောလုပ်ငန်းများကို ရေးသား တော့မည်ဟု ဧပြာဆိုကာ စိန့်ဟယ်လီနာကျွန်းပေါ်တွင် အထီးတည်းနေထိုင်ခြင်းပြုရသည့်အခါ၌လည်း အောက်ပါ အတိုင်း မိုက်မဲစွာ ရေးသားခဲ့ပေသေးသည်။

'ရုရှားစစ်ပွဲသည် ယခုခေတ်သစ် ပြည်သူများ၏ စိတ်ဆန္ဒနှင့် အညီ ဆင်နွှဲသော စစ်ပွဲတစ်ပွဲဟု ခေါ်သင့်ပေသည်။ ထိုစစ်ပွဲသည် ကောင်းမြတ်သော အဓိပ္ပာယ်ကိုဆောင်သော စစ်ပွဲဖြစ်၏။ ပြည်သူများ၏အကျိုးစီးပွားအတွက် ပြည်သူများ၏ငြိမ်ဝပ်ရေး နှင့် ပြည်သူများ၏လုံခြုံရေးအတွက် တိုက်သော စစ်ပွဲ ဖြစ်၏။ သမားရိုးကျဖြစ်၍ ငြိမ်းချမ်းသော စစ်ပွဲလည်း ဖြစ်ပေသည်။

ထိုစစ်ပွဲသည် မလုံခြုံမှုများကို အဆုံးသတ်၍ လုံခြုံရေးကို အစပျိုးလိုက်ခြင်းဟူသော ကြီးမြတ် သည့်အရေးတော်အတွက် တိုက်သည့်စစ်ပွဲလည်း ဖြစ်၏။ ထိုစစ်ပွဲကို တိုက်ခြင်းကြောင့် လူ့လောက မြေတစ်ခွင်၌ လူအားလုံး၏ နေထိုင်မှုဘ၀ ကောင်း မွန်ရေး၊ စည်ပင်သာယာရေးတို့ဖြင့် ပြည့်လျှမ်း သည့် ကမ္ဘာသစ်တစ်ရပ် ပေါ်ပေါက်လာခဲ့ပေသည်။ ဥရောပစနစ်ကြီးတစ်ရပ်ကိုလည်း ထူထောင်ပြီး ဖြစ် ခဲ့ပေသည်။ ထို ဥရောပစနစ်ကြီး တည်တံ့ခိုင်မြဲရန်

www.burmeseclassic.com

www.burmeseclassic.com

မှာ နှောင်းလူတို့၏ တာဝန်သာ ဖြစ်တော့သည်။

ကျွန်ုပ်သည် ဤအောင်မြင်ချက်ကြီးများကြောင့် များစွာနှစ်ထောင်းအားရဖြစ်ကာ ကမ္ဘာမြေပြင်၌ ငြိမ်ဝပ်ပိပြားရေးကို ထူထောင်၍ ကျွန်ုပ်၏အတိုင်ပင်ခံအဖွဲ့ကြီးနှင့် ကျွန်ုပ်၏မြင့်မြတ်သော မဟာမိတ်အဖွဲ့ကြီးကို တည်ထောင်ရန် ကြံရွယ်ခဲ့ပေသည်။ ဤသို့သော ကြီးမြတ်သည့် ရေမြေ့ရှင် ဧကရာဇ်များ၏ အဖွဲ့အစည်းကြီးထဲ၌ ကျွန်ုပ်တို့ အားလုံးသည် အိမ်ထောင်စုသားချင်းကဲ့သို့ အကျိုးတူကိစ္စများကို ဆွေးနွေးကြကာ ကျွန်ုပ်သည် အရှင်သခင်ကို လုပ်ကျွေးသကဲ့သို့ ကျွန်ုပ်သည်လည်း ပြည်သူကို အလုပ်အကျွေးပြုအံ့ဟု ရည်ရွယ်ခဲ့ပေသည်။ သို့ရာတွင် ကျွန်ုပ်၏အကြံကို တစ်ပါးသူတို့ ခိုးယူသွားခဲ့ကြလေပြီ။

ဤသို့အားဖြင့် ဥရောပတိုက်တွင် လူမျိုးတစ်မျိုးတည်းသာ ပေါ်ပေါက်ခဲ့မည်ဖြစ်ပြီး၊ ဥရောပတိုက်တွင် သွားလာသူတစ်ဦးအဖို့လည်း မည်သည့်နေရာသို့ ရောက်သည်ဖြစ်စေ၊ မိမိ၏ အဖနှိုင်ငံတော်အတွင်းသို့ သွားလာနေသကဲ့သို့ ခံစားရမည်ဖြစ်ပေသည်။ ကျွန်ုပ်သည် ကူးသန်းသွားလာနိုင်သော မြစ်များအားလုံးကို လူတိုင်း လွတ်လပ်စွာအသုံးပြုနိုင်ရန်၊ ပင်လယ်သမုဒ္ဒရာပြင်များကို လူတိုင်း လွတ်လပ်စွာ ဖြတ်သန်းနိုင်ရန်၊ ထိုမှတစ်ဆင့် အင်အားကြီးမားသော အမြဲတမ်း စစ်တပ်ကြီးများကို ရေမြေ့ရှင် ဧကရာဇ်ဘုရင်များ၏ ကိုယ်ရံတော်တပ်များအဖြစ်သို့ လျှော့ချရန် ရည်ရွယ်ခဲ့ပေသည်။

ကြီးမြတ်သော၊ ခိုင်မာတောင့်တင်းသော၊ ခမ်းနားတင့်တယ်သော၊ ငြိမ်းချမ်းသော၊ ဂုဏ်ပြောင်သောအဖနှိုင်ငံကြီးဖြစ်သည့် ပြင်သစ်နိုင်ငံသို့ ပြန်လည် ရောက်ရှိလာသောအခါတွင် ပြင်သစ်နိုင်ငံတော်၏ နယ်နိမိတ်များသည် ပြောင်းလဲခြင်း မရှိ၊ ထာဝစဉ် တည်တံ့နေရမည်ဟု ကြေညာရန် ကျွန်ုပ် ရည်ရွယ်ခဲ့သည်။ အနာဂတ်ခေတ်တွင် စစ်ပွဲများသည်လည်း ခုခံရေးစစ်ပွဲသက်သက်မျှသာ ဖြစ်စေရန် ကျွန်ုပ် ရည်ရွယ်ခဲ့သည်။ မိမိတို့ ဘုန်းတန်ခိုးအာဏာကြီးမားရေးအတွက် လုပ်ဆောင်ခြင်း ဟူသမျှကိုလည်း အမျိုးသားအကျိုးစီးပွားကို ဆန့်ကျင်သော ပြစ်မှုကြီးအဖြစ် သတ်မှတ်ရန် ရည်ရွယ်ခဲ့သည်။ ကျွန်ုပ်၏သားတော်ကို နိုင်ငံတော်နှင့် တစ်ချက်တည်းရှိစေ၍ ကျွန်ုပ်၏ အာဏာရှင်စနစ်ကို ဖျက်သိမ်းကာ သားတော်၏ တရားဥပဒေနိုင်ငံတော် ထူထောင်ရန် မျှော်မှန်းခဲ့သည်။

ထိုအခါတွင် ပါရီရွှေမြို့တော်သည် ကမ္ဘာ့မြို့တော်ဖြစ်၍ ပြင်သစ်လူမျိုးသည် ကမ္ဘာ့လူမျိုးတို့၏ စံနမူနာပြလူမျိုး ဖြစ်ပေလိမ့်မည်။

ဤသို့ လုပ်ဆောင်ပြီးသည့်နောက်၌ ကျွန်ုပ်သည် သားတော်အား ဤကိစ္စများကို သင်ကြားပေးရင်း သာမန်ကျေးတောသားများကဲ့သို့ ကျွန်ုပ်ကိုယ်ပိုင်မြင်းများ၊ လှည်းများဖြင့် နိုင်ငံတော်အနှံ့အပြားသို့ သွားရောက်လည်ပတ်ခြင်း၊ အများပြည်သူတို့၏ တိုင်ကြားချက်များကို ကြားနာခြင်း၊ နစ်နာသည်များကို မနစ်နာအောင် ဆောင်ရွက်ပြုပြင်ပေးခြင်း၊ အများပြည်သူတို့အတွက် အဆောက်အအုံများ နေရာအနှံ့အပြားဆောက်လုပ် လှူဒါန်းခြင်းတို့ကို ပြုလုပ်ခြင်းဖြင့် မိဖုရားခေါင်ကြီးနှင့်အတူ ကျွန်ုပ်၏အားလပ်ချိန်နှင့် တတိယအရွယ်ကို ကုန်လွန်စေတော့အံ့။

လူသတ်သမား၏တာဝန်ကို ထမ်းဆောင်ရန် အတွက် ဘုရားသခင်၏ စီမံဖန်တီးခြင်းကိုခံရသော နပိုလီယန်ကား ဤသို့လျှင် မိမိ၏ပြုမူဆောင်ရွက်ချက်တို့သည် အများပြည်သူတို့၏ကောင်းကျိုးအတွက် ဖြစ်သည်ဟူ၍ လည်းကောင်း၊ သန်းပေါင်းများစွာသော ပြည်သူတို့၏ကံကြမ္မာကို မိမိက ခြယ်လှယ်စီးမိုးခြင်း ပြုနိုင်သည်ဟု လည်းကောင်း ကိုယ့်ကိုယ်ကို နှစ်သိမ့်ခြင်း ပြုခဲ့လေသည်။

ရုရှားစစ်ပွဲနှင့် ပတ်သက်၍လည်း နပိုလီယန်က အောက်ပါအတိုင်း ရေးသားခဲ့၏။

ဗစ်စကြူလာမြစ်ကို ဖြတ်ကူးသော ကျွန်ုပ်၏ စစ်သည်လေးသိန်းတို့အနက် တစ်ဝက်မျှသော စစ်သည်တို့မှာ ဩစထရီးယန်း၊ ပရပ်ရှင်း၊ ဆက်ကဒို၊ ပိုလန်၊ ဘာဗေးရီးယန်း၊ ဝါတင်ဘတ်၊ မက်လင်ဘတ်၊ စပိန်၊ အီတလီ၊ စပိုလီတန် စသည့် လူမျိုး

www.burmeseclassic.com

www.burmeseclassic.com

များ ဖြစ်ကြ၏။ ဝိဂျစွာဆိုရလျှင် ပြင်သစ်ဘုရင့် တပ်တော်ကြီး၏ သုံးပုံတစ်ပုံသည် ဒတ်ချ်လူမျိုးများ၊ ဘယ်လဂျီယန်လူမျိုးများ၊ ရိုင်းနယ်၊ ပိဒမောင့်နယ်၊ ဆွစ်စ်နယ်၊ ဂျိနီဗာနယ်နှင့် တူရုကင်နယ်တစ်ဝန်းမှ လူများ၊ ရောမပြည်သားများ၊ အမှတ် ၃၂ တပ်မကြီး စစ်နယ်ဝှမ်းနှင့် တကွ ဘရီမင်း၊ ဟမ်းဘတ် စသည့် နယ်များတွင် မှီတင်းနေထိုင်ကြသူများဖြစ်ကြ၍ ပြင်သစ်စကား သုံးစွဲပြောဆိုသည့် လူဦးရေမှာ တစ်သိန်းလေးသောင်းမျှပင် မရှိချေ။ ရုရှားစစ်ပွဲတွင် ပြင်သစ်နိုင်ငံသည် လူပေါင်း ငါးသောင်းမျှပင် ဆုံးရှုံးခြင်း မရှိချေ။ ရုရှားစစ်တပ်ကား ဝိလနာမှ မော်စကိုသို့ ဆုတ်ခွာစဉ်အတောအတွင်း တိုက်ပွဲအသီးသီး၌ ပြင်သစ်တပ်မတော်၏ ဆယ့်လေးဆမျှ ဆုံးရှုံးခဲ့၏။ မော်စကိုမြို့ကို မီးလောင်ရာ၌ အစာရေစာ ငတ်မွတ်ခြင်း၊ အအေးမိခြင်းကြောင့် တောအုပ်များထဲ၌ ရုရှားလူမျိုးပေါင်း တစ်သိန်း သေကျေပျက်စီးခဲ့ရ၏။ နောက်ဆုံး မော်စကိုမှ အိုဗာဒေသသို့ ချီတက်စဉ်၌လည်း ရုရှားစစ်တပ်သည် ရာသီဥတု၏ဒဏ်ကို ခံခဲ့ရ၏။ သို့ဖြင့် ဝိလာနာသို့ ရောက်သောအခါ ရုရှားစစ်တပ်၏အင်အားသည် ငါးသောင်းမျှသာ ရှိတော့၍ ကာလစ်သို့ ရောက်သောအခါတွင်မူကား တစ်သောင်းရှစ်ထောင်ပင် မပြည့်တော့ချေ။'

ရုရှားနိုင်ငံနှင့် ဖြစ်သော စစ်ပွဲသည် မိမိဆန္ဒအလျောက်ဖြစ်ရသည်ဟု နပိုလီယန် ယူဆ၏။ ထိုစစ်ပွဲ၏ကြောက်လန့်ဖွယ်အခြင်းအရာများသည် မိမိ၏စိတ်ဓာတ်ကို ယိမ်းယိုင်စေခြင်းငှာ မစွမ်းနိုင်ဟုလည်း နပိုလီယန် ယူဆ၏။ ဤသို့ဖြင့် နပိုလီယန်သည် ဤအဖြစ်အပျက်များအား လုံးသည် မိမိကြောင့်ဖြစ်ရသည်ဟု ရဲတင်းစွာတာဝန်ယူပြီးနောက် ထိုစစ်ပွဲ၌ သေကျေပျက်စီးသော လူရာပေါင်း ထောင်ပေါင်းများစွာတို့အနက် ပြင်သစ်လူမျိုးများမှာ အနည်းငယ်သာဖြစ်၍ မက်ဆီယန်နှင့် ဘာဗေးရီးယန်းလူမျိုးများသာ အများအပြားပါဝင်ကြသည်ဟု ယုံကြည်ထင်မှတ်နေခြင်းဖြင့် ၎င်း၏နောက်ကျည်စ်ထေးသောစိတ်ကို နှစ်သိမ့်ခဲ့ချေသည်တကား။

အခန်း ၃၉

မြေပိုင်ရှင် ဒေဗိဒေါ့မိသားစုနှင့် ဘုရင့်မြေကျွန်များ ပိုင်ဆိုင်သောလယ်ကွင်းများ၊ စားကျက်များထဲ၌ကား ထောင်ပေါင်းများစွာသော စစ်သည်တပ်သားများသည် စစ်ဝတ်စုံအမျိုးမျိုးကို ဝတ်လျက် အနေအထားအမျိုးမျိုးဖြင့် လဲကျသေဆုံးလျက် ရှိကြလေသည်။ တစ်ခါကမူ ဘိုရိုဒီနို၊ ဂေါ်ကီ၊ ရှီဗာဒီနို၊ ဆင်မြီနော့စသောကျေးရွာများမှ လယ်သမားများသည် ထိုလယ်ကွင်းများ၌ ကောက်ရိတ်ခဲ့ကြ၏။ ထိုစားကျက်များ၌ မြင်း၊ နွားများကို ထိန်းကျောင်းခဲ့ကြ၏။ ယခုကား ထိုသို့ မဟုတ်တော့ပြီ။ ထိုလယ်ကွင်းများထဲ၌ စစ်ဝတ်စုံအမျိုးမျိုးကို ဝတ်ထားသည့် အရွယ်အစားစားသော စစ်သည်တပ်သားများသည် အနေအထားအဖုံဖုံဖြင့် လဲကျသေဆုံးလျက် ရှိကြလေပြီ။ စခန်းဆေးရုံများအနီးရှိ သုံးဇကပတ်လည်ခန့်ရှိသော မြေပြင်နှင့် မြက်ခင်းတစ်ဝိုက်သည် သွေးအိုင်ထွန်းကာ သွေးဗွက်ထလျက် ရှိလေပြီ။ ရုရှားစစ်တပ်ကြီးရှိ တပ်ဖွဲ့အသီးသီးမှ ဒဏ်ရာရသူ၊ ဒဏ်ရာမရသေးသူ စသည် အားလုံးသော တပ်သားများသည် ထိတ်လန့်တုန်လှုပ်သောမျက်နှာများဖြင့် မိုဇေဟ့ရွာဘက်သို့ အစုလိုက် အပြုံလိုက် အပြင်းဆုတ်ခွာလျက်ရှိကြလေသည်။ အလားတူပင် ပြင်သစ်စစ်တပ်ကြီးရှိ တပ်ဖွဲ့အသီးသီးမှ တပ်သားများသည်လည်း ဗာလူယေဗိုဘက်ဆီသို့ အထွေးလိုက်၊ အအုံလိုက် တရကြမ်းဆုတ်ခွာလျက် ရှိကြလေသည်။ လွန်စွာပင်ပန်းနွမ်းနယ်၍ လွန်စွာ ဆာလောင်မွတ်သိပ်လျက်ရှိသော လူအုပ်ကြီးအချို့သည်ကား တပ်ဗိုလ်များ၏ ခေါင်းဆောင်မှုဖြင့် ရှေ့သို့ချီတက်ဆဲ ရှိကြပြီး အခြားလူအုပ်အချို့သည်လည်း ကြဲကြဲခံကာ ဆက်လက်ပစ်ခတ်လျက် ရှိကြလေသည်။

ခပ်စောစောက စစ်မြေပြင်သည် လုံစွပ်မှ ပြိုးပြက်ဝင်းလက်သော အရောင်များ၊ အလိပ်လိပ်ထသော မီးခိုးလုံးကြီးများဖြင့် နံနက်ခင်းနေခြည်အောက်တွင် လှပတင့်တယ်ခြင်း၊ ခံ့ညားခြင်းကို ဆောင်ခဲ့သော်လည်း ယခုမူကား စိုစွတ်သောနှင်းမြူများ၊ မီးခိုးလုံးကြီးများ၊ စိမ်းရွေသောယမ်ဒွေ့များနှင့် သွေးညှိနံ့များသာ ဖုံးလွှမ်းလျက် ရှိလေသည်။ မိုးတိမ်တို့သည် ပြိုဆင်းကျလာကာ ကျဆုံးသူ၊ ဒဏ်ရာရသူ၊ ထိတ်လန့်သူ၊ အားအင်ကုန်ခန်းလျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိသူ၊ တန့်ရပ်ဆုတ်ဆိုင်းလျက်ရှိသူတို့အပေါ်သို့ ကြီးစွာသော မိုးသီးမိုးပေါက်တို့ ကျရောက်စေလျက် 'အချင်းလူသားတို့၊ ရပ်ကြကုန်လော့၊ တန့်ကြကုန်လော့၊ စဉ်းစားကြကုန်လော့၊ ဆင်ခြင်ကြကုန်လော့၊ အဓိပ္ပာယ်မရှိသော အမှုကို ဘာဇာကြောင့် ပြုကြဘိသနည်း' ဟု သတိပေးနေသကဲ့သို့ ရှိလေသည်။

အစားအစာနှင့် အိပ်စက်နားနေခြင်းကင်းမဲ့သဖြင့် အင်အားကုန်ခန်းလျက်ရှိသော နှစ်ဖက်စလုံးမှ တပ်သားများ၏ စိတ်ဒဏ်လည်း 'ငါတို့သည် တစ်ဦးကို တစ်ဦး ဆက်လက်သတ်ဖြတ်ခြင်း ပြုသင့်ပါသေး၏လော' ဟူသော သံသယသည် ကြီးစိုးစပြုလာခဲ့လေပြီ။ 'နောင်ငယ်တို့၊ ငါတို့ မည်သူ့အတွက် အချင်းချင်း သတ်ဖြတ်နေကြဘိသနည်း။ မည်သည့်ရည်ရွယ်ချက်ကြောင့် အသေခံကြဘိသနည်း။ သင်တို့နှစ်သက်က ဆက်၍ သတ်ဖြတ်ခြင်းပြုကြကုန်။ ငါမူကား ဤသို့ မပြုလိုပြီ' ဟူသော သဘောကိုလည်း တပ်သားတိုင်း၏ ရင်ထဲ၌ ကိန်းအောင်းစပြုလာခဲ့လေပြီ။ ညနေစောင်းသော် ဤစိတ်ဓာတ်သည် တပ်သားများ၏ ရင်၌ ကျောက်စွဲသကဲ့သို့ ခိုင်မာလာခဲ့လေပြီ။ ဤသို့ဖြင့် နှစ်ဖက်တပ်သားတို့သည် မိမိတို့ပြုလျက်ရှိသောအမှုကြီးကို ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်လျက် လက်နက်ခဲယမ်းမီးကျောက်တို့ကို လွှတ်ချ၍ ခြေဦးတည့်ရာသို့ ထွက်ပြေးလျက် ရှိကြလေသည်။

သို့တိုင်အောင် တိုက်ပွဲပြီးဆုံးခါနီး၌ တပ်သားများသည် မိမိတို့အပြုအမူများကို ပြန်၍ ထိတ်လန့်တုန်လှုပ်စပြုလာကြကာ စစ်မြေပြင်မှ ထွက်ခွာသွားကြသော်လည်း ဇောကပ်လျက်ရှိခြင်းကြောင့် ဖုတ်ဝင်လျက်ရှိသူများသဖွယ် ခဲယမ်းမီးကျောက်တို့ကို သယ်ယူလျက်၊ ကျည်ထိုးလျက်၊ ချိန်ရွယ်လျက်၊ ဆက်လက်ပစ်ခတ်လျက်ပင် ရှိကြသေး၏။ ထိုအချိန်၌ကား နှစ်ဖက်စလုံး၌ တပ်သားသုံးပုံလျှင် တစ်ပုံမျှသာ ကျန်ခဲ့လေပြီ။ ကျန်သမျှသောတပ်သားများမှာလည်း အသက်ကိုမျှ ကောင်းစွာ မရှုနိုင်လောက်အောင် မောဟိုက်ကာ ချွေးသီးချွေးပေါက်များ၊ သွေးစက်များ၊ ယမ်းခိုးများဖုံးအုပ်လျက် ရှိကြလေပြီ။ နှစ်ဖက်စလုံးမှ အမြောက်ကျည်များသည် တရှိန်ရှိန် အော်မြည် ပျံသန်းကာ ခန္ဓာကိုယ်များကို အပိုင်းပိုင်းအတစ်တစ်ဖြစ်အောင် ခုတ်ဖြတ်လျက် ရှိကြ၏။ ဤသို့ဖြင့် လူတစ်ယောက်၏ဆန္ဒဖြင့် မဟုတ်ဘဲ လူနှင့် ကမ္ဘာလောကကို စိုးမိုးလျက်ရှိသော ဘုရားသခင်၏ အလိုဆန္ဒဖြင့်သာ ဖြစ်နိုင်သည့်ကြောက်မက်ဖွယ်လူသတ်ပွဲကြီးသည်ဆက်လက်ဖြစ်ပွားလျက်ရှိလေသည်။

ထိုအချိန်၌ ရုရှားတပ်နောက်ဖျားသည် အအုပ်အစည်းပျက်ခဲ့လေပြီ။ ပြင်သစ်တို့က တစ်ချက်မျှအား၍ ထိုးလိုက်ရုံဖြင့် ရုရှားတပ်ကြီးသည် မုချဆတ်ဆတ်ဘုံးဘုံးလဲကျတော့မည်သာဖြစ်၏။ အလားတူပင် ပြင်သစ်တပ်နောက်ဖျားသည်လည်း အထိန်းအကွပ်မဲ့ခဲ့လေပြီ။ ရုရှားတို့က တစ်ချက်ထိုးလိုက်ရုံဖြင့် ပြင်သစ်စစ်တပ်ကြီးသည် ဧကန်မလွဲပြုတ်ပြုတ်ပြုန်းတော့မည်သာ ဖြစ်၏။ သို့ရာတွင် ပြင်သစ်တို့သည် လည်းကောင်း၊ ရုရှားတို့သည်လည်းကောင်း ထိုနောက်ဆုံးထိုးနှက်ချက်ကို ပြုလုပ်နိုင်စွမ်းမရှိတော့ပြီ။ ဤသို့ဖြင့် ဘိုရိုဒီနိုစစ်ပွဲ၏ မီးတောက်မီးလျှံများသည် တဖြည်းဖြည်းအရှိန်ပျော့ကာ ငြိမ်းခဲ့လေပြီ။

ဘိုရိုဒီနိုတိုက်ပွဲတွင် ရုရှားတို့၏ စစ်သည် တိုက်စစ်မဟုတ်။ ခံစစ်သာ ဖြစ်၏။ ထို့ကြောင့် ရုရှားတို့သည် ထိုနောက်ဆုံးထိုးနှက်ချက်ကို မပြုလုပ်ခဲ့ကြချေ။ တိုက်ပွဲအစ၌ ရုရှားတို့သည် မော်စကိုသွား ပေတစ်ရာလမ်းမကို ပိတ်၍ ခံစစ်ပြုနေခဲ့ကြခြင်း ဖြစ်၏။ တိုက်ပွဲပြီးဆုံးသောအခါ၌လည်း ၎င်းတို့သည် ခံစစ်ပြုနေရသောအခြေတွင်သာ ရှိခဲ့၏။ သို့ရာတွင် အကယ်၍ ရုရှားတို့၏ စစ်သည် ခံစစ်မဟုတ်ဘဲ တိုက်စစ်ဖြစ်သည်ပင် ထားဦး။ ရုရှားတို့သည် ထိုနောက်ဆုံး ထိုးနှက်ချက်ကို ပြုလုပ်နိုင်စွမ်း မရှိတော့ချေ။ ထိုအချိန်၌ ရုရှားစစ်တပ်ကြီးသည် အကြီးအကျယ်စစ်ပန်းကာ ပြိုကွဲခဲ့လေပြီ။ စစ်မျက်နှာအားလုံး၌ အဖိတ်အစင်၊ အထိအရှ၊ အကျအနာ များခဲ့လေပြီ။ မိမိတို့စစ်ကြောင်းကို ကာကွယ်၍သာနေရသော်လည်း စစ်တပ်ကြီး၏ တစ်ဝက်မျှ ပြုတ်ပြုတ်ပြုန်းခဲ့လေပြီ။

အလားတူပင် ပြင်သစ်တို့သည်လည်း နောက်ဆုံးထိုးနှက်ချက်ကို မပြုလုပ်ခဲ့ကြချေ။ ပြင်သစ် စစ်တပ်ကြီးသည် လွန်ခဲ့သည့် တစ်ဆယ့်ငါးနှစ်ကာလပတ်လုံး ပွဲတိုင်းအောင်ခဲ့သော စစ်တပ်ကြီး ဖြစ်၏။ မိမိတို့ဘုရင် နပိုလီယန်၏ဘုန်းလက်ရုံးစွမ်းပကားကို အကြွင်းမဲ့ ယုံကြည်သော စစ်တပ်ကြီးလည်း ဖြစ်၏။ ဤတိုက်ပွဲ၌ စစ်တလင်းတစ်ဝက်ကိုလည်း သိမ်းပိုက်ခဲ့ပြီး ဖြစ်၏။ ၎င်းတို့ဘက်၌ လေးပုံတစ်ပုံမျှသာ အကျအဆုံးရှိ၍ တိုက်ပွဲဝင်ရန် အသင့်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသော အရန်တပ်သားနှစ်သောင်းလည်း ရှိသေး၏။ ဤသို့သော ပြင်သစ်စစ်တပ်ကြီးသည် ထိုနောက်ဆုံး ထိုးနှက်ချက်ကို ပြုလုပ်မည်ဆိုက အလွယ်တကူပြုလုပ်နိုင်ဖွယ် ရှိ၏။ အလွယ်တကူ ပွဲလမ်းရဖွယ်လည်း ရှိ၏။ ရုရှားစစ်တပ်ကြီးကို မူလခံစစ်ကြောင်းမှ ရွှေ့သွားအောင် မီးကုန်ယမ်းကုန် စုပြုံတိုက်ခိုက်ခဲ့သည့် ပြင်သစ်စစ်တပ်ကြီးသည် ထိုနောက်ဆုံးထိုးနှက်ချက်ကို ပြုလုပ်သင့်သည်လည်း မှန်၏။ ယင်းသို့ထိုးနှက်ခြင်းပြုမှသာလျှင် မော်စကို သွား ပေတစ်ရာလမ်းကြီးကို ပိတ်ခံလျက်ရှိသည့် ရုရှားတို့စစ်ပျက်လျက် မိမိတို့ အရေးအောင်မည်ဖြစ်၏။ မိမိတို့ဘက်မှ တပ်သားအများ ကျဆုံးရကျိုးနပ်မည်ဖြစ်၏။ သို့ရာတွင် ပြင်သစ်တို့သည်လည်း ထိုနောက်ဆုံးထိုးနှက်ချက်ကို မပြုလုပ်ခဲ့ကြချေ။ အချို့သော ရာဇဝင်ဆရာများကမူ နပိုလီယန်သည် တိုက်ပွဲမဝင်ရသေးသော ကိုယ်ရံတော်ရဲမက်နှစ်သောင်းကို အသုံးပြုလိုက်ရုံမျှဖြင့် ဘိုရိုဒီနိုတိုက်ပွဲတွင် အနိုင်ရမည်ဟု ရေးခဲ့ကြသည်။ နပိုလီယန်က ကိုယ်ရံတော်တပ်သားနှစ်သောင်းကို အသုံးပြုလျှင် မည်သို့မည်ပုံဖြစ်မည်ဟု ခန့်မှန်းပြောဆိုခြင်းမျိုးကား မိုးဥတုသာ နွေဥတုဖြစ်ခဲ့လျှင် မည်သို့ဖြစ်မည်ဟု ပြောဆိုခြင်းမျိုးကဲ့သို့ အဓိပ္ပာယ်ကင်းမဲ့လွန်းလှချေသည်။ မိုးဥတုသည် နွေဥတုဖြစ်နိုင်ချေ။ အလားတူပင် နပိုလီယန်သည်လည်း ၎င်း၏ကိုယ်ရံတော်တပ်များကို အသုံးပြု၍ မရတော့ချေ။ အသုံးမပြုလိုသောကြောင့် မဟုတ်။ အသုံးပြု၍ မဖြစ်နိုင်သောကြောင့်သာဖြစ်လေသည်။ ဤသို့မဖြစ်နိုင်တော့ကြောင်းကို နပိုလီယန်သာမက ပြင်သစ်စစ်တပ်ကြီး တစ်တပ်လုံးရှိတပ်ချုပ်၊ တပ်မှူး၊ အကြပ်၊ တပ်သားအားလုံးကလည်း သိပြီးဖြစ်လေသည်။ အကြောင်းမူကား ပြင်သစ်တို့၏ ယိမ်းယိုင်ပြိုကွဲလျက်ရှိသော စိတ်ဓာတ်က ထိုသို့အသုံးပြုရန် ခွင့်မပြုတော့သောကြောင့်ပေတည်း။

အားခွန်ဗလနှင့် ပြည့်စုံသော လက်ရုံးကြီးသည် ဘီလူးစီးခံရသကဲ့သို့ လှုပ်ရှားနိုင်ခြင်း မရှိတော့ပြီ။ တန်ခိုးသတ္တိ ကင်းမဲ့ခဲ့လေပြီ။ ဤအချက်ကို နပိုလီယန်သာမက တပ်ဗိုလ်၊ တပ်သားအားလုံးလည်း ခံစားတွေ့ထိမိလျက်ရှိလေပြီ။ ခါတိုင်းဆိုလျှင် ယခုထက် ဆယ်ပုံတစ်ပုံမျှလောက် ခွန်အားထုတ်ရုံမျှဖြင့် ရန်သူတို့ကို အကွဲကွဲဖြစ်စေခဲ့သော ပြင်သစ်စစ်တပ်ကြီးသည် ယခုတိုက်ပွဲ၌ စစ်သည်တစ်ဝက်မျှ အကျအဆုံးခံ၍ ရွှပ်ရွှပ်ခွဲခွဲ တိုက်စစ်ပြုပါလျက် အစမှသည် အဆုံးတိုင် စစ်ခေါင်းမာလျက် ရှိသော ရန်သူကို တွေ့လိုက်ရသောအခါ၌ကား ဆောက်တည်ရာ မရအောင် ကြောက်ဒူးတုန်လျက် ရှိလေပြီ။ ထိုးစစ်ပြုသော ပြင်သစ်စစ်တပ်ကြီး၏ စိတ်ဓာတ်အားသည် ကုန်ခန်းခဲ့လေပြီ။ ရုရှားစစ်တပ်ကြီးသည် ဘိုရိုဒီနိုစစ်မြေပြင်၌ စစ်တံခွန်ဟုခေါ်သော တုတ်ချောင်းတွင် တပ်ထားသည့် အဝတ်ပိုင်းကလေးများ၊ ရန်သူသိမ်းပိုက်သော နယ်မြေများ စသည့် လက်ဆုပ် လက်ကိုင်ပြု၍ရသော ရုပ်ဝတ္ထုအောင်မြင်မှုမျိုးကို မရခဲ့သော်လည်း 'စိတ်ဓာတ်အရာ၌ ငါတို့ထက် သာပေသည်' ဟု ပြင်သစ်တို့ တစိမ်စိမ့်တွေး၍ ကြောက်ရသည့်စိတ်ဓာတ်အောင်ပွဲကို ရခဲ့လေပြီ။ ရန်သူကို ခုန်အုပ်တိုက်ခိုက်ရာ၌ ချက်ကောင်းတွင် ထိလာသဖြင့် ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် ရှိသော ကျားရဲတိရစ္ဆာန်ကြီးတစ်ကောင်ကဲ့သို့ ပြင်သစ်စစ်တပ်ကြီးသည်လည်း ပြိုလဲပျက်စီးလျက် ရှိလေပြီ။ သို့ရာတွင် ဒဏ်ရာကြောင့် ဒေါသထွက်လျက်ရှိသော ကျားနာကြီးသည် ၎င်း၏ပျက်စီးခြင်းအဖြစ်ကို သိသော်လည်း ရပ်တန့်ခြင်းငှာ မစွမ်း။ ရန်သူကို တရကြမ်းလိုက်သကဲ့သို့ ပြင်သစ်စစ်တပ်ကြီးသည်လည်း ရပ်တန့်ခြင်းငှာ မစွမ်းနိုင်ဘဲ ရန်သူ့နောက်သို့ တရကြမ်း လိုက်လာခဲ့လေသည်။ ဤသို့ဖြင့် ပြင်သစ်တို့သည် သွေးရူးသွေးတန်းလိုက်လာခဲ့ရာမှ အရှိန်လွန်ကာ မော်စကိုမြို့သို့ ရောက်လာခဲ့ကြသည်။ သို့သော်လည်း မော်စကိုသို့ရောက်လာသောအခါ၌ကား ရုရှားတို့၏ခုခံမှုမရှိဘဲနှင့်ပင် ဘိုရိုဒီနိုတိုက်ပွဲတွင်ရခဲ့သည် ဒဏ်ရာဖြင့် သွေးတရဟော ယိုစီးကာ ဗုန်းဗုန်းလဲ ကျဆုံးရတော့မည်သာ ဖြစ်လေသည်။ ဘိုရိုဒီနိုတိုက်ပွဲမှ ပေါ်ထွက်လာသော သွယ်ဝိုက်အကျိုးသက်ရောက်မှုသည် စိတ်ဓာတ်အင်အားကြီးသူက စိတ်ဓာတ်အင်အားနည်းသူကို အနိုင်ရလိုက်ခြင်းဖြစ်၍ လက်ငင်းအကျိုးတရားမှာကား မော်စကိုမှ နပိုလီယန် ကြောက်အားလန့်အား ထွက်ပြေးရခြင်း၊ စမိုးလင့် ပေတစ်ရာလမ်းဟောင်းအတိုင်း ဆုတ်ပြေးရခြင်း၊ တပ်သားငါးသိန်းရှိသော စစ်တပ်ကြီး ပျက်စီးခြင်းနှင့် နပိုလီယန်၏လက်နက်နိုင်ငံတော်ကြီး ပြိုကွဲခြင်းတို့ ဖြစ်ပေသတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း ၁၁

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁

ရုပ်၏ ပြောင်းလဲ လှုပ်ရှားဖြစ်စဉ်သည် မည်သည့်အတိုင်း အတာအထိ ဖြစ်ပေါ်လျက် ရှိသနည်း။ ပြောင်းလဲလှုပ်ရှားမှု ဖြစ်စဉ်၏ အစသည် အဘယ်နည်း။ ၎င်း၏ အဆုံးသည် အဘယ်နည်း။ ဤအချက်ကို လူ၏ အသိဉာဏ်တရားဖြင့် သိမြင်နိုင်စွမ်း မရှိချေ။ လူသည် ရုပ်ဝတ္ထုတစ်ခု၏ ပြောင်းလဲ လှုပ်ရှားမှု နိယာမများကို သိသည်ဆိုလျှင် ဤသည်မှာ ပြောင်းလဲ လှုပ်ရှားမှုတစ်ခုလုံး၏ ဖြစ်စဉ်ကြီးတစ်ခုလုံးကို သိရှိခြင်း မဟုတ်ချေ။ ထိုဖြစ်စဉ်ကြီးတစ်ခုလုံးထဲတွင် ပါဝင်လျက်ရှိသော ယူနစ်များ (ဝါ) ဧကမူများ၏ နိယာမကို သိခြင်းသာလျှင် ဖြစ်လေသည်။ သို့ရာတွင် အဆက်မပြတ် ဖြစ်ပေါ်လျက်ရှိသော ပြောင်းလဲမှု ဖြစ်စဉ်ကြီးကို ဤသို့ ဧကမူများအဖြစ် ခွဲခြမ်းစိတ်ဖြာကြည့်ရှုခြင်းကြောင့် လူ၏ အတွေးအမြင်သည် မှားယွင်းလျက်ရှိခြင်းကို တွေ့ရတတ်လေသည်။

လှုပ်ရှားပြောင်းလဲမှုဖြစ်စဉ်ကြီးကို ဧကမူများအဖြစ် တစ်စိတ်တစ်ဒေသ ခွဲခြမ်းကြည့်ရှုခြင်းကြောင့် အမှားတွေ့ရပုံနှင့် စပ်လျဉ်း၍ ရှေးဟောင်းခေါမတိုင်းသားများ၌ ထင်ရှားသည့် ဒဏ္ဍာရီပုံပြင်တစ်ခု ရှိ၏။ လူစွမ်းကောင်း အာခီလိသည် လိပ်ထက် ဆယ်ဆမြန်သော်လည်း ရှေ့ကသွား လျက်ရှိသောလိပ်ကို မည်သည့်အခါမျှ မမီဟု ထိုဒဏ္ဍာရီက ဆို၏။ သို့ဖြစ်လျှင် လူစွမ်းကောင်းအာခီလိသည် လိပ်ထက် ဆယ်ဆမြန်ပါလျက် ရှေ့ကသွားလျက်ရှိသော လိပ်ကို မည်သည့်အတွက်ကြောင့် မမီသနည်း။ ဤသည်ကို ၎င်းတို့က ဤသို့ ဖြေကြသည်။ အာခီလိနှင့် လိပ်တို့ အပြေးပြိုင်ကြရာ၌ လိပ်သည် အာခီလိ၏ ရှေ့ဆယ်ဆကွာသော နေရာမှ စ၍ တာထွက်၏။ တာလွတ်သည့်အချိန်၌ အာခီလိနှင့် လိပ်သည် တာထွက်လာခဲ့ကြ၏။ လိပ် တာထွက်သည့်နေရာသို့ အာခီလိ ရောက်လာသည့်အချိန်၌ လိပ်သည် ထိုအကွာအဝေး၏ဆယ်ပုံတစ်ပုံ ရှေ့က ရောက်နေလေပြီ။ အာခီလိက ထိုဆယ်ပုံတစ်ပုံ အကွာအဝေးကို ရောက်လာသည့်အခါ၌ လိပ်သည် ထိုခရီးအကွာအဝေး၏ အပုံတစ်ရာပုံ တစ်ပုံ ရှေ့က ရောက်နေပြန်လေပြီ။ အာခီလိက ထိုအပုံတစ်ရာပုံတစ်ပုံ အကွာအဝေးသို့ ရောက်လာသောအခါ လိပ်သည် ထိုခရီးအကွာအဝေး၏ အပုံတစ်ထောင်ပုံတစ်ပုံ ရှေ့က ရောက်နေပြန်လေပြီ။ အာခီလိက ထိုအပုံတစ်ထောင်ပုံတစ်ပုံ အကွာအဝေးသို့ ရောက်လာသောအခါ လိပ်သည် ထိုခရီးအကွာအဝေး၏ အပုံတစ်သောင်းပုံတစ်ပုံ ရှေ့က ရောက်နေပြန်လေပြီ။ အာခီလိက ထိုအပုံတစ်သောင်းပုံတစ်ပုံ အကွာအဝေးသို့ ရောက်လာပြန်သည့်အခါ လိပ်သည် ထိုခရီးအကွာအဝေး၏ အပုံတစ်သိန်းပုံတစ်ပုံ ရှေ့ကရောက်နေပြန်လေပြီ။ ကြည့်။ ဤသို့ ဆက်၍ ဆက်၍တွက်သော် လိပ်သည် အာခီလိရှေ့က အမြဲရောက်နေပြီ မဟုတ်လား။ အာခီလိသည် (လိပ်ထက် ဆယ်ဆမြန်သော်လည်း) လိပ်ကို မည်သည့်အခါမျှ မီနိုင်တော့မည် မဟုတ်ကြောင်း တွေ့ရပြီ မဟုတ်လောဟု ၎င်းတို့ကဆိုကြ၏။ ရှေးဟောင်း ခေါမတိုင်းသားတို့အဖို့ ဤပုစ္ဆာသည် ဖြေရှင်းမရနိုင်သော ပုစ္ဆာတစ်ခု ဖြစ်ခဲ့ဟန်ရှိ၏။ စင်စစ်သော်ကား ထိုအဖြေသည် ယုတ္တိရှိသောအဖြေ မဟုတ်ချေ။ ဤသို့ အဓိပ္ပာယ် ကင်းမဲ့သောအဖြေမျိုး ထွက်လာရခြင်းမှာ အခြားကြောင့် မဟုတ်။ အာခီလိနှင့်လိပ်တို့၏ ပြောင်းလဲလှုပ်ရှားမှု (ဝါ) ရွေ့လျားမှုကား အဆက်မပြတ် ဖြစ်ပေါ်လျက်ရှိစဉ် ကျွန်ုပ်တို့က ထိုပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com

လူပ်ရှားမှု (ဝါ) ရွှေ့လျားမှုကို သီးသန့်ယူနစ်များ (ဝါ) ဧကမူများအဖြစ် ခွဲခြမ်းစိတ်ဖြာ ပစ်သောကြောင့်ပင်ဖြစ်၏။ တစ်နည်းဆိုရသော် အာခိလိနှင့် လိပ်တို့၏ အဆက်မပြတ် ရွှေ့လျားမှုတည်းဟူသော ဖြစ်စဉ်ကြီးတစ်ခုလုံးကို ၎င်းတို့နှစ်ဦး၏ အကွာအဝေးတည်းဟူသော ဧကမူများအဖြစ် ခွဲခြမ်းစိတ်ဖြာကြည့် သောကြောင့်ပင် ဖြစ်၏။

မှန်ပါသည်။ ပြောင်းလဲလူပ်ရှားမှုဖြစ်စဉ် (ဝါ) ရွှေ့လျားမှုဖြစ်စဉ်ကြီးကို ဤသို့ ဧကမူများအဖြစ် ထပ်၍ ထပ်၍ ခွဲစိတ်ကြည့်သွားမည်ဆိုလျှင် အာခိလိနှင့် လိပ်၏ အကွာအဝေးသည် အပုံတစ်သန်းပုံတစ်ပုံ၊ ထိုမှတစ်ဆင့် အပုံတစ်ကုဋေပုံတစ်ပုံစသဖြင့် ဆက်၍ ဆက်၍ သွားခြင်းဖြင့် အဖြေနှင့် နီးစပ်နိုင်သည်ဟု ပြောနိုင်ပါသည်။ သို့ရာတွင် တိကျသောအဖြေကိုကား မည်သည့်အခါမျှလည်း ရလိမ့်မည်မဟုတ်ချေ။ မည်သည့်အခါမျှလည်း အဆုံးသို့ ရောက်တော့မည် မဟုတ်ချေ။ သို့ဖြစ်ရကား ထိုပုစ္ဆာ၏ အဖြေကို ရရန်မှာ တစ်နည်းသာရှိပါသည်။ ယင်းမှာ အခြားမဟုတ်။ လောကဥ္စ အဆုံးမရှိ အတိုင်းမသိသေးငယ်သောကိန်းဟူ၍ ရှိသည်။ ထိုကိန်းတို့သည်လည်း ဆယ်ဆမျှခြားနားကြသည်ဟူသော အချက်ကိုအသိအမှတ်ပြုခြင်း၊ ထိုခြားနားချက်ကို ဤသို့ဖြင့် အတိုင်းမသိသေးငယ်သောကိန်းသို့ ရောက်သည်အထိ ခွဲခြမ်းစိတ်ဖြာခြင်းစသည့် နည်းသာလျှင် ဖြစ်ပါသည်။ ဤနည်းဖြင့်သာလျှင် ထိုပုစ္ဆာကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ထိုမှလွဲလျှင် အခြားနည်း မရှိတော့ပါ။

ခေတ်သစ်သိန္ဒာပညာ၌ အဆုံးမရှိအတိုင်းမသိသေးငယ်သော ကိန်းတို့အထိ တွက်ချက်ယူနိုင်သော အတတ်ပညာ ပေါ်ပေါက်လာခဲ့လေပြီ။ ထို့ကြောင့် ဖြေရှင်းတွက်ချက်၍ မရနိုင်ဟု ထင်ခဲ့သော ပြောင်းလဲလူပ်ရှားမှု (ဝါ) ရွှေ့လျားမှု ပုစ္ဆာများကို တွက်ချက် ဖြေရှင်းနိုင်ခဲ့ပေပြီ။

ရှေးခေတ်လူများသည် ခေတ်သစ်သိန္ဒာပညာရပ်များကို တတ်မြောက်ခြင်း မရှိခဲ့ကြသေးချေ။ ထို့ကြောင့်သာလျှင် ၎င်းတို့သည် အာခိလိနှင့် လိပ်တို့၏ ရွှေ့လျားမှုပုစ္ဆာကို တွက်ချက်မရခဲ့ကြခြင်း ဖြစ်လေသည်။ ခေတ်သစ်သိန္ဒာပညာရပ်ကား ထိုသို့ မဟုတ်ချေ။ ခေတ်သစ်သိန္ဒာပညာရပ်များသည် ရွှေ့လျားမှုပုစ္ဆာများကို ကိုင်တွယ်ရာ၌ အဆုံးမရှိ အတိုင်းမသိ သေးငယ်သောကိန်းဟူ၍ ရှိကြောင်း လက်ခံခဲ့ကြ၏။ ဤသို့ဖြင့် ခေတ်သစ်သိန္ဒာပညာရပ်များသည် ပြောင်းလဲလူပ်ရှားမှု (ဝါ) ရွှေ့လျားမှု၏ အဓိကအသွင်လက္ခဏာကြီး ဖြစ်သော (အကြွင်းမဲ့ ဆက်စပ်ဖြစ်ပေါ်မှုတရား) နှင့် ကိုက်ညီလျက်ရှိကြ၏။ ဤသို့ဖြင့် အဆက်မပြတ် ပြောင်းလဲလူပ်ရှားမှုဖြစ်စဉ်ကြီးတစ်ခုလုံးကို မကြည့်ဘဲ ထိုဖြစ်စဉ်ကြီးထဲတွင် အကျုံးဝင်လျက်ရှိသော သီးသန့်ဧကမူများကိုသာ ကြည့်ခြင်းကြောင့် ပေါ်ပေါက်သည့်အဖြေများကို အဖြေမှန်သို့ ရောက်အောင် ပြုလုပ်ပေးလျက်ရှိ၏။

ရာဇဝင်ဆိုင်ရာ လူပ်ရှားမှုများ၏ နိယာမများကို လေ့လာရာ၌လည်း ထို့အတူပင်ဖြစ်လေသည်။ လူ့လောကကြီး၏ လူပ်ရှားမှုသည် အဆက်မပြတ် ဖြစ်ပေါ်လျက်ရှိသော ပြောင်းလဲမှုဖြစ်စဉ်ကြီး ဖြစ်၏။ ထိုလူပ်ရှားမှုထဲတွင် အကျုံးဝင်လျက်ရှိသည့် လူပုဂ္ဂိုလ်တစ်ဦးချင်း တစ်ဦးချင်းတို့၏ လူပ်ရှားမှုကား ယူနစ်များ (ဝါ) ဧကမူများနှင့် အလားသဏ္ဌာန် တူလေသည်။ ထို့ကြောင့် လူ့လောက ရာဇဝင်တည်းဟူသော ပြောင်းလဲမှုဖြစ်စဉ်ကြီးတစ်ခုလုံးကိုကြည့်လျှင် လူပုဂ္ဂိုလ်တစ်ဦးချင်း တစ်ဦးချင်း၏ ဆန္ဒတည်းဟူသော ယူနစ်များ (ဝါ) ဧကမူများအဖြစ် ခွဲခြမ်းစိတ်ဖြာကြည့်ရှုပါက အမှန်သို့ ရောက်နိုင်မည် မဟုတ်ချေ။

ရာဇဝင်၏ရည်ရွယ်ချက်သည် အဆက်မပြတ် ဖြစ်ပေါ်လျက်ရှိသော လူ့လောက လူပ်ရှားမှုကြီး၏ နိယာမများကို ရှာဖွေရန် ဖြစ်၏။ ဤသို့ ရှာဖွေရာ၌ ရှေးရာဇဝင်သိပ္ပံပညာသည် နည်းနှစ်နည်းကို အသုံးပြုခဲ့၏။

ပထမနည်းမှာ အဆက်မပြတ် ဖြစ်ပေါ်လျက် ရှိသော လူ့လောက၏ အဖြစ်အပျက်စဉ်ကြီးထဲမှ ဧကမူတစ်ခုဖြစ်သော အဖြစ်အပျက်တစ်ခုကို ရွေးထုတ်၍ ၎င်းတစ်ခုတည်း စ-လယ်-ဆုံး သီးခြားစစ်ဆေးသည့်နည်း ဖြစ်၏။ (စင်စစ်၌ အဖြစ်အပျက်တစ်ခုတွင် အစဟူ၍ မည်သည့်အခါမျှ မရှိခဲ့ပါ။ အဖြစ်အပျက်တစ်ခုသည် အခြားအဖြစ်အပျက်တစ်ခုမှ အလျဉ်မပြတ် စီးဆင်းထွက်ပေါ်လာခြင်းသာ ဖြစ်ပါသည်။)

ဒုတိယနည်းမှာ လူတစ်ယောက် (ရှင်ဘုရင်တစ်ပါးသို့မဟုတ် စစ်ဗိုလ်ချုပ်တစ်ဦးစသည်) ၏ ဆောင်ရွက်ချက်

www.burmeseclassic.com

www.burmeseclassic.com

များကို များစွာသော လူပုဂ္ဂိုလ်များ၏ စိတ်ဆန္ဒများအပေါ် ကိုယ်စားပြုချက်၊ ထင်ဟပ်ချက်အဖြစ် ယူဆသည့်နည်း ဖြစ်၏။ (စင်စစ်၌ ရာဇဝင်ကျော်ပုဂ္ဂိုလ်ကျော်တစ်ဦး၏ ဆောင်ရွက်ချက်တို့သည် များစွာသောလူတို့၏ဆန္ဒများကို မည်သည့်အခါမျှ ကိုယ်စားမပြုနိုင်ပါ။)

ရာဇဝင် သိပ္ပံပညာသည် အဖြေမှန် (၀၊) အမှန်တရားကို ရှာဖွေရာ၌ သေးငယ်သည်ထက် သေးငယ်သော ဧကမူများကို ရှာဖွေစစ်ဆေးတတ်၏။ သို့ရာတွင် မည်မျှ သေးငယ် သောဧကမူများကို ရှာဖွေကြစေ၊ ဧကမူတစ်ခုကို အခြား ဧကမူတစ်ခုမှ သီးခြားခွဲထုတ်၍ စစ်ဆေးခြင်း (၀၊) ဤ အရာကား ဤအဖြစ်အပျက်၏ မူလအစပင် ဖြစ်တော့သည်ဟု ဆွဲထုတ်ပြခြင်း (၀၊) ရာဇဝင်ဇာတ်ဆောင်ပုဂ္ဂိုလ်ကျော်တစ်ဦး၏ ဆောင်ရွက်ချက်များသည် လူပုဂ္ဂိုလ်တို့၏ စိတ်ဆန္ဒများကို ကိုယ်စားပြုသည်ဟု ပြောဆိုခြင်း စသည့် နည်းလမ်းများသည် မှန်ကန်သည်ဟု ကျွန်ုပ် မထင်ချေ။

ရာဇဝင်သိပ္ပံပညာက ဆွဲထုတ်ပြခဲ့သော ကောက်ချက်များ၊ အဖြေများသည် 'ဖုန်မှုန့်' များသာ ဖြစ်လေသည်။ ရာဇဝင်ကောက်ချက်များသည် 'ဖုန်မှုန့်' များ ဖြစ်ကြောင်း သက်သေပြရန်မှာလည်း အထူးတလည် အားထုတ်ဖို့ မလိုချေ။ ဧကမူတည်းဟူသော ရာဇဝင်အဖြစ်အပျက်တစ်ခုကို သီးခြားဆွဲထုတ်ပြကာ (ဝေဖန်ရေးနှင့် သက်သေခံပစ္စည်းအဖြစ် တင်ပြရေးအတွက်ကား ဤသို့ တသီးတခြား ဆွဲထုတ်ပြခွင့်ရှိသည်ဟု ထင်ပါသည်။) ရာဇဝင် သိပ္ပံပညာက လေ့လာသုံးသပ်ခဲ့သော ဧကမူ (၀၊) အဖြစ်အပျက်ဟူသမျှသည် ဤသို့ တသီးတခြားဆွဲထုတ်ပြသော ဧကမူ (၀၊) အဖြစ်အပျက်များသာ ဖြစ်သည်ဟု ထောက်ပြလိုက်ရုံမျှဖြင့် ကိစ္စပြီးနိုင်ပါသည်။ တစ်နည်း 'ခင်ဗျားတို့ ဆွဲထုတ်ပြခြင်းမျိုးလောက်ကိုကား နှပ်မစင်သေးသည့် ကလေးငယ်တစ်ဦးပင် ဆွဲထုတ်ပြတတ်ပါသည်' ဟုဆိုကာ ဆွဲထုတ်ပြလိုက်ရုံသာ ရှိပါသည်။ ထို အခါ၌ ရာဇဝင်ကျမ်းများသည် 'စက္ကူစုတ်' များသာ ဖြစ်ကြောင်း အလွယ်ကလေးဖြင့် သက်သေပြနိုင်ပါလိမ့်မည်။

ရာဇဝင်၏ နိယာမများကို ရှာဖွေရာ၌ ၎င်းတို့၏ နည်း မှားသည်ဟုဆိုလျှင် မည်သည့်နည်းသည် အမှန်နည်း။ မည်သည့်နည်းဖြင့် ရှာဖွေမည်နည်း။

ကျွန်ုပ်အထင်၌ကား အဆုံးမရှိ အတိုင်းမသိ သေးငယ်သော ဧကမူများ (တစ်နည်းဆိုရလျှင် ရာဇဝင် အဖြစ်အပျက်ကြီးထဲ၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သော ဧရာမအများစု ပြည်သူလူထုကြီး၏ စိတ်သဘောထားများ၊ ဆန္ဒများ) ကို လေ့လာပြီးနောက် ၎င်းတို့ကို ပေါင်းစပ်ဖွဲ့စည်းကြည့်ခြင်း (တစ်နည်းဆိုရသော် ထိုအဆုံးမရှိ အတိုင်းမသိ သေးငယ်သောကမူများကို စုပေါင်းဖွဲ့စည်းကြည့်ခြင်း) ဖြင့် ရာဇဝင်၏ နိယာမများကို တွေ့နိုင်ဖွယ်ရှိသည်ဟု ယူဆပါသည်။

ဆယ့်ကိုးရာစုနှစ်၏ ပထမဆယ့်ငါးနှစ်အတွင်းက ဥရောပတိုက်၌ သန်းပေါင်းများစွာသော ပြည်သူလူထုကြီး၏ ထူးခြားဆန်းကြယ်သော အဖြစ်အပျက်ကြီးတစ်ရပ် ပေါ်ပေါက်ခဲ့သည်။ လူများသည် မိမိတို့၏ နေ့စဉ်ဆောင်ရွက်နေကျ အလုပ်များကို စွန့်ပစ်လျက် ဥရောပတိုက် အနောက်ဘက်စွန်းမှ အရှေ့ဘက်စွန်းသို့ ရောက်လာခဲ့ကြပြီးနောက် တစ်ဦးကို တစ်ဦး လုယက်ခဲ့ကြသည်။ သတ်ဖြတ်ခဲ့ကြသည်။ နှိုင့်ထက်ကလူ ပြုခဲ့ကြသည်။ အောင်နိုင်ခဲ့ကြသည်။ ရှုံးနိမ့်ခဲ့ကြသည်။ ထိုသို့ဖြင့် ၎င်းတို့အားလုံး၏ ဘဝလမ်းကြောင်းကြီးတစ်ခုလုံးသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့သည်။ အစတွင် အရှိန်ပြင်းသလောက် အဆုံး၌ လေးကန်နေးကွေးသွားသော လူပ်ရှားမှုကြီးတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ထိုလူပ်ရှားမှုကြီး၏ အကြောင်းတရားသည် အဘယ်နည်း။ ထိုလူပ်ရှားမှုကြီးကို မည်သည့် နိယာမတရားက စိုးမိုးနေသနည်းဟူသော အမေးပုစ္ဆာကို လူတို့သည် ကြံစည်အား ထုတ် ရှာဖွေခဲ့ကြသည်။

ဤအမေးပုစ္ဆာကို ဖြေသည့်အနေဖြင့် ရာဇဝင်ဆရာများသည် ပါရီမြို့ရှိ တစ်ခုသော အဆောက်အအုံထဲမှ တစ်စုသော လူပုဂ္ဂိုလ်အချို့၏ ဆောင်ရွက်ချက်များ၊ ပြောဆိုချက်များကို လက်ညှိုးထိုးပြခဲ့ကြ၏။ ထိုဆောင်ရွက်ချက်၊ ပြောဆိုချက်များကို 'တော်လှန်ရေး' ဟု အမည်နာမ ပေးခဲ့ကြ၏။ နပိုလီယန်၏ အတ္ထုပ္ပတ္တိ၊ ၎င်းကို ထောက်ခံသူတို့၏ အတ္ထုပ္ပတ္တိ၊ ၎င်းကို ဆန့်ကျင်သူတို့၏ အတ္ထုပ္ပတ္တိများကို အသေးစိတ်ဖော်ပြခဲ့ကြ၏။ ထိုထိုပုဂ္ဂိုလ်များက အခြားသူများအား မည်သို့ဩဇာလွှမ်းမိုးခဲ့ကြပုံတို့ကိုလည်း လျှာထွက်မတတ် ပြောခဲ့ကြ၏။ ယင်းသို့ ထုတ်ဖော်ပြောဆို ညွှန်ပြပြီးသည်၏နောက် "ဤသည်တို့ကား ဤလူပ်

www.burmeseclassic.com

www.burmeseclassic.com

ရှားမှုကြီး၏ အကြောင်းတရားများဖြစ်၍ ဤအခြင်းအရာများကား ဤလှုပ်ရှားမှုကြီးကို စိုးမိုးနေသည့် နိယာမတရားတို့ပေတည်း" ဟု မိန့်မြွက်ခဲ့ကြလေသည်။

သို့ရာတွင် လူ၏ဆင်ခြင်တုံတရားသည် အဆိုပါ ရာဇဝင်ဆရာတို့၏ ရှင်းလင်းဖွင့်ဆိုချက်ကို လက်ခံခြင်း မပြုချေ။ ထိုမျှမက ၎င်းတို့၏တွက်နည်းသည် သွက်သွက်လည်အောင် မှားလျက်ရှိသည်ဟုလည်း ပြောင်ပြောင်တင်းတင်း ပြောဆိုလျက် ရှိလေသည်။ အကြောင်းမူကား ၎င်းတို့သည် (နပိုလီယန်နှင့် လူတစ်စုတည်းဟူသော) အသေးအဖွဲကလေးတစ်ခုကြောင့် (လူသန်းပေါင်းများစွာ သေကြေပျက်စီးရခြင်းဟူသော) အဖြစ်အပျက်ကြီးတစ်ရပ် ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ပြောဆိုလျက် ရှိကြသောကြောင့်တည်း။

စင်စစ်၌ ပြင်သစ်တော်လှန်ရေးနှင့် လူများစု၏ဆန္ဒကို နပိုလီယန်က မွေးထုတ်ပေးလိုက်ခြင်း မဟုတ်ချေ။ လူများစု၏ဆန္ဒကသာ ပြင်သစ်တော်လှန်ရေးနှင့် နပိုလီယန်ကို မွေးထုတ်ပေးလိုက်ခြင်း ဖြစ်လေသည်။ ပြင်သစ်တော်လှန်ရေးနှင့် နပိုလီယန်ကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့သူမှာလည်း လူများစု၏ဆန္ဒသာ ဖြစ်လေသည်။

'သို့ရာတွင် အောင်ပွဲရတိုင်း အောင်နိုင်သူ အာဏာနည်ဟူ၍ ရှိမြဲ မဟုတ်လား။ နိုင်ငံတစ်နိုင်ငံ၌ တော်လှန်ရေးတစ်ခုရှိတိုင်း ကြီးမြတ်၍ ထင်ရှားသည့် ခေါင်းဆောင်ပုဂ္ဂိုလ်ကျော်တို့ ရှိမြဲ မဟုတ်လော" ဟု ရာဇဝင်က စောဒကတက်၏။

'မှန်ပါသည်။ အောင်ပွဲများရှိတိုင်း အောင်နိုင်သူ အာဏာနည်ဟူ၍ ရှိမြဲ ဖြစ်ပါသည်။ သို့ရာတွင် ဤသို့ ဆိုခြင်းဖြင့် အောင်ပွဲများသည် အာဏာနည်ပုဂ္ဂိုလ်တို့ကြောင့် ပေါ်ထွက်လာသည်ဟု အဓိပ္ပာယ် မထွက်ပါ။ စစ်ပွဲတစ်ပွဲ၏ နိယာမတရားများသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးရာ ဆောင်ရွက်ချက်များပေါ်တွင် အမှီသဟဲပြုနေသည်ဟု အဓိပ္ပာယ်မထွက်ပါ' ဟု လူ့ဆင်ခြင်တုံတရားက ဖြေကြားပေသည်။ ကျွန်ုပ်သည် နာရီကို ကြည့်လိုက်၍ နာရီလက်တံများ ဆယ်နာရီရောက်နေခြင်းကို တွေ့ရသည့်အခါတိုင်း အနီးရှိ သုဓမ္မာဇရပ်မှ ခေါင်းလောင်းသံများကို ကြားရတတ်၏။ သို့ရာတွင် နာရီလက်တံများ ဆယ်ဂဏန်းသို့ရောက်သောကြောင့် ခေါင်းလောင်းမြည်သည်။ ခေါင်းလောင်းများ၏လှုပ်ရှားရိုက်ခတ်မှုသည် နာရီလက်တံများ၏ လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်ရသည်ဟုကား ယူဆ၍ မဖြစ်နိုင်ချေ။

မီးရထားခေါင်းတွဲတစ်ခု၏ ရွေ့လျားမှုကို မြင်ရသည့်အခါတိုင်း ဥဩသံကို ကြားရမြဲဖြစ်၏။ မောင်းတံများ လှုပ်ရှားခြင်း၊ ဘီးများ လည်ပတ်ခြင်းကို မြင်ရမြဲဖြစ်၏။ သို့ရာတွင် ဥဩမြည်ခြင်း၊ ဘီးများ လည်ခြင်းကြောင့် မီးရထားစက်ခေါင်းရွေ့လျားရသည်ဟု ကောက်ချက်ဆွဲ၍ မဖြစ်နိုင်ချေ။

'ဝက်သစ်ချဖူး၊ ဤနွေဦး၊ လေရူးထတတ်သည်' ဟု လယ်သမားများ ဆိုစမှတ်ပြု၏။ ၎င်းတို့ပြောသည့်အတိုင်း နွေဦးဝက်သစ်ချဖူးချိန် ရောက်လျှင် လေရူးထတတ်သည်မှာလည်း အမှန်ပင်ဖြစ်၏။ ဝက်သစ်ချဖူးတိုင်း အဘယ်ကြောင့် လေရူးထတတ်သည်ကို ကျွန်ုပ်မသိသော်လည်း ဝက်သစ်ချဖူးခြင်းသည် လေရူးတိုက်ခြင်း၏ အကြောင်းတရား ဖြစ်သည်ဆိုသော လယ်သမားကြီးများ၏အဆိုကိုမူ ကျွန်ုပ် လက်မခံနိုင်ချေ။ ဝက်သစ်ချဖူးခြင်းသည် လေတိုက်ခြင်းစွမ်းအားကို စိုးမိုးချုပ်ကိုင်နိုင်သော နိယာမတရား မဟုတ်ချေ။ ကျွန်ုပ်၏အမြင်၌ကား ထိုအခြင်းအရာသည် လောကဥစ္ဆာဖြစ်တတ်သည့် ဓမ္မတာ၊ မတော်တဆ တိုက်ဆိုင်ခြင်းသာ ဖြစ်သည်။ နာရီလက်တံများကို လည်းကောင်း၊ ခေါင်းတွဲမှ ဘီးများနှင့် မောင်းတံများကို လည်းကောင်း၊ ဝက်သစ်ချပင်တို့၏သဘာဝကို လည်းကောင်း မည်မျှနှိုက်နှိုက်ချွတ်ချွတ် လေ့လာစေကာမူ ခေါင်းလောင်းမြည်ခြင်း၊ မီးရထားစက်ခေါင်း ရွေ့လျားခြင်း၊ လေရူးတိုက်ခြင်းတို့၏ အကြောင်းတရားများကို ရှာတွေ့လိမ့်မည် မဟုတ်ချေ။ ၎င်းတို့ဖြစ်ပေါ်ခြင်း၏ အကြောင်းတရားများကို သိရန်မှာ ကျွန်ုပ်တို့၏ရှုမြင်ချက်ကို လုံးဝပြောင်း၍ ရေနွေးငွေ့တွန်းကန်ခြင်း၏ နိယာမများ၊ ခေါင်းလောင်းရိုက်ခြင်း၏ နိယာမများ၊ လေတိုက်ခတ်ခြင်း၏ နိယာမများကို လေ့လာရမည်ဖြစ်၏။ ရာဇဝင်ဆရာသည်လည်း ထို့အတူ လေ့လာရမည်ဖြစ်၏။ ဤသို့လေ့လာအားထုတ်မှုများလည်း ပေါ်ပေါက်ခဲ့ပြီး ဖြစ်လေသည်။

ရာဇဝင်၏နိယာမများကို လေ့လာသောအခါ၌ ကျွန်ုပ်တို့သည် သမားရိုးကျ လေ့လာနည်းများကို ပြောင်း

www.burmeseclassic.com

www.burmeseclassic.com

လဲပစ်ရပေလိမ့်မည်။ ဘုရင်ဧကရာဇ်များ၊ ဝန်ကြီးများ၊ စစ်ဗိုလ်ချုပ်များကို ဘေးချိတ်၍ ရာဇဝင်လှုပ်ရှားမှုကြီးများ၏ အကြောင်းတရားဖြစ်သော အတိုင်းမသိ သေးငယ်သော ရုပ်ဒြပ်စင်များဖြစ်သည့် အညတရပြည်သူများ၏ လှုပ်ရှားမှုများကို လေ့လာရပေလိမ့်မည်။ ဤသို့ လေ့လာခြင်းဖြင့် ရာဇဝင်၏ နိယာမများကို မည်သည့်အတိုင်းအတာအထိ နားလည်နိုင်သည်ဟု အပ်ချမတ်ချ မပြောနိုင်သော်လည်း ရာဇဝင်နိယာမကို လေ့လာလိုလျှင် ထိုနည်းမှ လွဲ၍ အခြားနည်းမရှိသည်မှာကား ထင်ရှားလှပေသည်။ သို့ရာတွင် ယခုအချိန်ထိကား ရာဇဝင်ဆရာများသည် ဘုရင်ဧကရာဇ်များ၊ ဝန်ကြီးများ၊ စစ်ဗိုလ်ချုပ်များ၏ ဆောင်ရွက်ချက်များကို လေ့လာခြင်း၊ ထိုဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ၎င်းတို့၏ထင်မြင်ယူဆချက်တို့ကို ဦးကာချဲ့ကြခြင်းဖြင့်သာ အချိန်ကုန်လျက် ရှိကြ၏။ ပြည်သူလူထု၏ လှုပ်ရှားမှုအကြောင်းကိုကား ထိုအရာများ၏ အပုံတစ်သန်းပုံလျှင် တစ်ပုံလောက်ကိုမျှ လေ့လာခြင်း မပြုကြချေ။

အခန်း (၂)

တစ်ဒါဇင်မျှသော ဥရောပနိုင်ငံများမှ စစ်တပ်များသည် ရုရှားနိုင်ငံတွင်းသို့ ချဉ်းနင်း ဝင်ရောက်ခဲ့ကြလေသည်။ ရုရှားစစ်တပ်နှင့် ပြည်သူများသည် ရန်သူတို့ စမိုးလင့်သို့ ရောက်သည်အထိ ထိပ်တိုက် တိုက်ခိုက်မှုများကို ရှောင်ကွင်းခဲ့ကြသည်။ တစ်ဖန် စမိုးလင့်မှ ဘိုရိုဒိနိုအထိ ဆုတ်ပေးခဲ့ကြသည်။ ပြင်သစ်စစ်တပ်ကြီးသည် ၎င်း၏ပန်းတိုင်ဖြစ်သော မော်စကိုမြို့သို့ တရကြမ်း ချီတက်လာခဲ့လေပြီ။ အမြင့်မှ ကျလာသော အရာဝတ္ထုတစ်ခုသည် မြေကြီးနှင့် နီးလာသည်နှင့်အမျှ အလျင်နှုန်းတိုး၍လာသကဲ့သို့ ပြင်သစ်စစ်တပ်ကြီးသည်လည်း ၎င်း၏ပန်းတိုင် မော်စကိုမြို့နှင့် နီးလာသည်နှင့်အမျှ အရှိန်ပြင်း၍ လာခဲ့လေပြီ။ ဤသို့ဖြင့် ပြင်သစ်စစ်တပ်ကြီးသည် အစာရေစာခေါင်းပါး၍ အန္တရာယ်များလှသော ရန်သူ့နိုင်ငံတွင်းသို့ မိုင်ငါးရာခန့် ထိုးဖောက်ဝင်လာခဲ့ပြီးနောက် မော်စကိုနှင့် မိုင်ဒါဇင် အနည်းငယ်အကွာသို့ ရောက်လာခဲ့လေသည်။ နပိုလီယန်စစ်တပ်ကြီးထဲရှိ တပ်သားတိုင်းသည် ဤအချက်ကို သိရှိကြလေ၏။ သို့သော်လည်း ပြင်သစ်စစ်တပ်ကြီး၏ ရွှေ့လျားမှုသည် အရှိန်မကုန်သေးသည့်အလျောက် ရှေ့သို့ ဆက်လက် လှုပ်ရှားလျက်သာ ရှိလေသည်။

ရုရှားတပ်များသည် နောက်သို့ ဆုတ်ခွာပေးခဲ့ရသည်နှင့် အမျှ ရန်သူကို ခါးခါးသီးသီး မုန်းတီးသောစိတ်ဓာတ်သည် ၎င်းတို့၏ရင်ထဲ၌ အလျှံညီးညီး တောက်လောင်လာခဲ့လေပြီ။ ဆုတ်ခွာလျက်ရှိစဉ်၌ ရုရှားစစ်တပ်ကြီး၏ အင်အားသည် ကြီးမားသည်ထက် ကြီးမားကာ သိပ်သည်းသည်ထက် သိပ်သည်းလာခဲ့လေပြီ။ ဘိုရိုဒိနိုသို့ ရောက်သော် အရှိန်ဖြင့် ချီတက်လာသော ပြင်သစ်စစ်တပ်ကြီးနှင့် ထုထည် သိပ်သည်းသော ရုရှားစစ်တပ်ကြီးတို့သည် ထိပ်ချင်းဆောင့်မိကြ၏။ မည်သည့်စစ်တပ်မှ ကျိုးပဲ့ပျက်စီးသွားခြင်း မရှိခဲ့ချေ။ သို့ရာတွင် ဘေလုံးကြီးတစ်လုံးသည် ၎င်းထက် အရှိန်ပြင်းထန်သည့် အခြားဘေလုံးကြီးတစ်လုံးနှင့် တိုက်မိသည်၌ နောက်သို့ တွဲ၍ လွင့်စဉ်လာသည့်နည်းတူ ရုရှားစစ်တပ်ကြီးသည် ပြင်သစ်စစ်တပ်ကြီးနှင့် ထိပ်ချင်းဆောင့်မိပြီးသည့်နောက်၌ နောက်သို့ လွင့်စဉ်လာခဲ့လေသည်။ အရှိန်ပြင်းစွာဖြင့် ဝင်ရောက်တိုက်ခိုက်သည့် အခြားဘေလုံးကြီးသည် ရှေ့ခပ်ဝေးဝေးအထိ အရှိန်ဖြင့် လိမ့်၍လာသည့်နည်းတူ ပြင်သစ်စစ်တပ်ကြီးသည်လည်း ခပ်ဝေးဝေးအထိ အရှိန်ဖြင့်လိမ့်လာခဲ့လေသည်။ သို့ရာတွင် ပြင်းထန်သောအရှိန်ဖြင့် လာခဲ့စဉ် လမ်းတွင် အခြားဘေလုံးတစ်လုံးနှင့် တိုက်မိသောကြောင့် အရှိန်လျော့သွားခဲ့လေပြီ။

ရုရှားတို့သည် မော်စကိုမြို့အလွန် မိုင်ရှစ်ဆယ်ကွာအထိ ဆုတ်ပေးခဲ့ကြရ၏။ ပြင်သစ်တပ်များမှာကား မော်စကိုအထိ ရောက်လာခဲ့ကြပြီးနောက် အရှိန်သေကာ တန့်သွားခဲ့ကြလေပြီ။ ထို့နောက် ရက်သတ္တငါးပတ်ကြာ တိုက်ပွဲတစ်ပွဲမျှ ဖြစ်ပွားခြင်း မရှိတော့ချေ။ ပြင်သစ်စစ်တပ်ကြီးသည် လှုပ်ရှားခြင်း မရှိတော့ချေ။ ကြီးစွာဒဏ်ရာရ၍ သွေးဒလဟော ယိုစီးလျက်ရှိသော တိရစ္ဆာန်ကြီးတစ်ကောင်သည် ၎င်း၏ဒဏ်ရာကို လျှာဖြင့်လျက်ကာ ငြိမ်သက်စွာဝပ်လျက်ရှိသကဲ့သို့ ပြင်သစ်စစ်တပ်ကြီးသည်လည်း မော်စကိုမြို့တွင် ရက်သတ္တငါးပတ်မျှ ငြိမ်သက်သွားခဲ့လေပြီ။ ထို့နောက်၌ကား ပြင်သစ်စစ်တပ်ကြီးသည် အကြောင်းတစ်စုံတစ်ရာမရှိဘဲ မော်စကိုမှ ရုတ်တရက် ဆုတ်ခွာထွက်ပြေးလေတော့သည်။ ပြင်သစ်စစ်တပ်များ

www.burmeseclassic.com

www.burmeseclassic.com

သည် ကာလုဂါ ပေတစ်ရာလမ်းမကြီးတစ်လျှောက် တစ်ဟုန်ထိုး ထွက်ပြေးကာ (မာလိယာရိစလာဗက် ဒေသတွင် တိုက်ပွဲတစ်ပွဲ ဖြစ်ပွားပြီးနောက်) နောက်ထပ်ပြင်းပြင်းထန်ထန် တိုက်ပွဲဆင်ခြင်း မပြုတော့ဘဲ စမိုးလင့်သို့အရောက် ဆုတ်ခွာထွက်ပြေးခဲ့လေသည်။ စမိုးလင့်မှ ဘီရဲဇီနာ၊ ဘီရဲဇီနာမှ ဝီလနာ၊ ဝီလနာမှ ရှေ့သို့ တရကြမ်းထွက်ပြေးခဲ့လေသည်။

ဘိုရိုဒိနိုတိုက်ပွဲသည် ဩဂုတ်လ ၂၅-ရက်နေ့တွင် ဖြစ်ပွား၏။

ဩဂုတ်လ ၂၆-ရက်နေ့ ညနေ၌ကား ဘိုရိုဒိနိုတိုက်ပွဲသည် မိမိတို့ အောင်ပွဲဖြစ်ကြောင်း စစ်သေနာပတိချုပ် ကူတူဇော့ဗ်နှင့် ရုရှားစစ်တပ်ကြီးတစ်ခုလုံးက သဘောပေါက်လာခဲ့ကြ၏။ စစ်သေနာပတိချုပ်သည် ထိုအတိုင်း ပင် ဘုရင်ထံ အစီရင်ခံခဲ့သည်။ ထိုမျှမက ရန်သူကို အပြီးသတ်ချေမှုန်းရေးအတွက် နောက်ထပ်တိုက်ပွဲတစ်ပွဲဆင်နွှဲရန် အဆင်သင့်ရှိကြရမည်ဟုလည်း တပ်သားများသို့ အမိန့်ထုတ်လိုက်၏။ ဤအစီအစဉ်သည် တပ်သားများ၏ စိတ်ဓာတ်ကို မြှင့်တင်ရန် ပရိယာယ်သုံးခြင်း မဟုတ်ချေ။ ဤအချိန်သည် ရန်သူတို့ ပင်ပန်းချိန်၊ ရန်သူကို အလဲထိုးရန် အကောင်းဆုံးအခိုက်အချိန်ဟု ယုံကြည်သောကြောင့် ထိုအစီအစဉ်ကို ပြုလုပ်ခြင်းဖြစ်လေသည်။ တပ်မတော်ကြီးတစ်ခုလုံးကလည်း ဤသို့ ယုံကြည်လျက် ရှိလေသည်။

သို့ရာတွင် ထိုနေ့ညနေပိုင်းနှင့် နောက်တစ်နေ့၌ ရုရှားတို့ အထိအရှ အကျအနာများကြောင်း၊ ရုရှားစစ်တပ်ကြီး၏ တစ်ဝက်ကျေမျှ ပြုတ်ပြုတ်ပြုန်းခဲ့ကြောင်း အစီရင်ခံစာများ တစ်ခုပြီး တစ်ခု ရောက်ရှိလာခဲ့သည်။ ထို့ကြောင့် ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲခြင်း မပြုနိုင်တော့ပြီ။ ရုရှားစစ်တပ်ကြီး၏ ရုပ်အခြေအနေသည် တိုက်ပွဲသစ် တိုက်ရန် ခွင့်မပြုတော့ပြီ။

နောက်ထပ် တိုက်ပွဲသစ်တစ်ရပ် ဆင်နွှဲရန်အတွက် သတင်းများ စုဆောင်းခြင်း၊ ဒဏ်ရာရသူများကို ရွှေ့ပြောင်းခြင်း၊ လက်နက်ခဲယမ်းမီးကျောက် ဖြည့်တင်းခြင်း၊ ကျဆုံးသူများကို စာရင်းကောက်ခြင်း၊ ကျဆုံးသည့် တပ်ဗိုလ်များနေရာ၌ ဗိုလ်သစ်များ အစားထိုးခန့်အပ်ခြင်း၊ တပ်သားများအား အစားအစာ ဝလင်စွာ စားစေခြင်း၊ အိပ်စက်နားနေခွင့်ပြုခြင်း စသည်တို့ကို ပြုလုပ်ရဦးမည် ဖြစ်၏။ ထိုအရာများကို မပြုလုပ်ဘဲ နောက်ထပ် ထိုးစစ်တစ်ခု ဆင်နွှဲ၍ မဖြစ်ချေ။ ထိုသို့ရှိစဉ် ပြင်သစ်စစ်တပ်ကြီးသည် ၎င်း၏အရှိန်ကို မသတ်နိုင်သေးဘဲ နောက်တစ်နေ့ လင်းအားကြီးတွင် ရုရှားစစ်တပ်ကြီးကို အဟုန်ပြင်းစွာဖြင့် တိုက်ခိုက်ခြင်း ပြုပြန်သည်။ ထိုအချိန်၌ကား ပြင်သစ်စစ်တပ်ကြီး၏ ရွှေ့လျားမှုအရှိန်အဟုန်သည် ပြင်းသည်ထက်ပြင်းလာခဲ့လေပြီ။ အရာဝတ္ထုနှစ်ခုအနက် တစ်ခုစီ၏ ဆွဲငင်ခြင်းအားသည် ထိုအရာဝတ္ထုနှစ်ခု အကွာအဝေး၏ပြောင်းပြန်အချိုးကို လိုက်၍ ကွဲပြားကြသည်ဟူသော ရူပဗေဒနိယာမအတိုင်း ဖြစ်ပေါ်သကဲ့သို့ ပြင်သစ်စစ်တပ်ကြီးသည်လည်း ၎င်း၏ မှန်းချက်ဖြစ်သော မော်စကိုမြို့နှင့် နီးလာသည်နှင့် အမျှ အရှိန်ပြင်း၍ လာခဲ့လေပြီ။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ဆန္ဒမှာ နောက်တစ်နေ့တွင် ထိုးစစ်ဆင်ရန် ဖြစ်၏။ တပ်မတော်ကြီး တစ်ခုလုံးကလည်း ဤအတိုင်း ဆန္ဒ ရှိ၏။ သို့ရာတွင် ထိုးစစ်တစ်ခု ဆင်ရေးကိစ္စသည် ဆန္ဒရှိရုံဖြင့် မလုံလောက်ချေ။ ထိုးစစ်ဆင်နိုင်သော ရုပ်အခြေအနေများ ရှိရဦးမည် ဖြစ်၏။ ယခု ရုရှားစစ်တပ်ကြီး၌ ထိုသို့သော ရုပ်အခြေအနေများ မရှိချေ။ ရုရှားစစ်တပ်ကြီး၏ ရုပ်အခြေအနေသည် တစ်ရက်ပြီး တစ်ရက် ဆုတ်ခွာပေးရမည့် အခြေအနေမျိုးသာ ဖြစ်၏။ ရုရှားစစ်တပ်ကြီးသည် တစ်ဆုတ်တည်း ဆုတ်လာခဲ့ရ၏။ သို့ဖြင့် စက်တင်ဘာလ ၁-ရက်နေ့ မော်စကိုမြို့အနီးသို့ ရောက်သည့်အခါ၌ကား (ရုရှားစစ်တပ်၏ စိတ်ဓာတ်အခြေအနေ ကောင်းမွန်လျက် ရှိစေကာမူ) မော်စကိုမှ မဆုတ်လျှင် မဖြစ်တော့သည့်အခြေသို့ ရောက်လာခဲ့လေသည်။ ဤသို့ဖြင့် ရုရှားတပ်ကြီးသည် တစ်ဆုတ်တည်း ဆုတ်လာခဲ့ရပြီးသည်၏အဆုံး၌ မော်စကိုမြို့ကို ရန်သူလက်သို့ ထိုးအပ်ခဲ့ကြလေသည်။

တိုက်ပွဲစဉ်များနှင့် စစ်ဆင်ရေးစီမံကိန်းများကို ဗိုလ်ချုပ်ကြီးများက ရေးဆွဲသည်ဟု ထင်ကြသူများအဖို့ကား စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ဤသို့ ဤနှယ် စစ်ဆုတ်ခြင်း ပြုရာသလော၊ ဖီလီဒေသသို့ မရောက်မီ ခံစစ်မပြုရာသလော။ မော်စကိုကို စွန့်ခွာပြီးနောက် ကာလုဂါ ပေတစ်ရာအတိုင်း ချက်ချင်းဆုတ်ခွာခြင်း မပြုရာသလော စသည်ဖြင့် ဝေဖန်ပြောဆိုကြ၏။ (စားပွဲတွင် ထိုင်၍ မြေပုံကို ဖြန့်ကာ ထိုတိုက်ပွဲ ဤတိုက်ပွဲ၌ ငါသာ ကွပ်ကဲ

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရလျှင် မည်သို့ရှိမည်ဟု စိတ်ကူး ဖဲရိုက်ခြင်းမျိုးကိုကား လူတိုင်း လုပ်တတ်ပါသည်။) စင်စစ်၌ကား ဤသို့ ဝေဖန်သူများသည် စစ်သေနာပတိချုပ်တစ်ဦး၏ ရှောင်လွှဲမရသော အခက်အခဲများ၊ အကျပ်အတည်းများကို မေ့လျော့နေသူများသော်လည်းကောင်း၊ မသိနားမလည်သူများသော်လည်းကောင်း ဖြစ်တန်ရာသည်။ စစ်မြေပြင်တွင် လက်တွေ့လုပ်ဆောင်နေရသည့် စစ်သေနာပတိချုပ်တစ်ဦးနှင့် နည်ခန်းတွင် ဇိမ်ဖြင့် ထိုင်ကာ မြေပုံကို ထောက်၍ စစ်ဆင်ရသူတစ်ဦးတို့သည် အခြေအနေချင်း မတူကြချေ။ စားပွဲတွင် ဇိမ်ဖြင့်ထိုင်ကာ မြေပုံကိုထောက်၍ စစ်ဆင်ရခြင်းမျိုးကား ငှက်ပျောသီး အခွံနွှာစားခြင်းလောက်မျှ ခက်ခဲသောအလုပ် မဟုတ်ချေ။ ဤဘက်၌ တပ်သား မည်မျှရှိသည်၊ ထိုဘက်၌ တပ်သား မည်မျှရှိသည်၊ ဤရွှေ့ ဤမျှသောအင်အားဖြင့် ဤနယ်မြေဒေသကို ဤအချိန် ဤကာလအတွင်း ဤသို့ ဤနှယ် တိုက်ခိုက်မည်စသဖြင့် လွယ်လွယ်တွေးကာ လွယ်လွယ်ဖြင့် စစ်ဆေးခြင်း ပြုနိုင်ပေသည်။ သို့ရာတွင် စစ်မြေပြင်၌ လက်တွေ့ဆောင်ရွက်နေရသည့် စစ်သေနာပတိချုပ် တစ်ဦးအဖို့ကား ထိုသို့ ပုံသေကားကျ မှတ်ထား၍ မရချေ။ ကျွန်ုပ်တို့ထင်သကဲ့သို့ ပုံသေကားကျအခြေအနေမျိုးနှင့် ကြုံတွေ့နေရခြင်း မဟုတ်ချေ။ စစ်မြေပြင်၌ လက်တွေ့လုပ်ရသည့် စစ်သေနာပတိချုပ်တစ်ဦးသည် လျင်မြန်စွာ ပြောင်းလဲလျက်ရှိသော အဖြစ်အပျက်များနှင့် နပူးတွေ့ ဒူးတွေ့ ရင်ဆိုင် နေရသည့် အလျောက်၊ အဖြစ်အပျက်တစ်ခုလုံး၏ အတိမ်အနက်ကို သေချာစွာ စဉ်းစားနေချိန် မရချေ။ စစ်မြေပြင်၌ အဖြစ်အပျက်များသည် စက္ကန့်နှင့် အမျှ မိနစ်နှင့် အမျှ ပြောင်းလဲလျက်ရှိကြ၍ ထိုသို့ပြောင်းလဲနေချိန်၌လည်း ၎င်း၏ပတ်ဝန်းကျင်တွင် တစ်ဦးကို တစ်ဦး အကောက်ကြိုမှုများ၊ ကုန်းချောမှုများ၊ ခြိမ်းခြောက်မှုများ၊ အာဏာဖြင့် စေခိုင်းမှုများ၊ အကျပ်အတည်းများ၊ စိတ်နောက်ကျဖွယ်များ စသည်တို့ ဝန်းရံနေတတ်သေးသည်။ ထိုမျှမက မိမိထံသို့ ရောက်လာသော ပြဿနာပေါင်းသောင်းခြောက်ထောင်ကိုလည်း ဒိုင်ခံဖြေရှင်းပေးရသေးသည်။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ၎င်း၏စစ်တပ်ကြီးကို ကာလူဂါပေတစ်ရာအတိုင်း ဖီလီဒေသသို့ ဆုတ်ခွာစေသင့်ကြောင်းဖြင့် နှောင်းဓေတ်ပညာရှိ စစ်ပါရဂူများက အလေးအနက်ဝေဖန်ခဲ့ကြ၏။ ထိုသို့ ဆုတ်ခွာခြင်းပြုရန် ဗိုလ်ချုပ်တစ်ဦးက အကြံပေးခဲ့ခြင်းကို ပယ်ချခဲ့ရာ သလောဟု ပြစ်တင်ခဲ့ကြ၏။ သို့ရာတွင် ဤသို့သော အကြံပေးချက်မျိုးမှာ တစ်ခုတည်းမဟုတ်ဘဲ တစ်ပြိုတစ်ခေါင်းကြီး ရှိတတ်လေသည်။ အထူးသဖြင့် အကျပ်အတည်းကာလမျိုး၌ ဒါဇင်ပေါင်းများစွာ ရှိတတ်လေသည်။ ၎င်းတို့အား လုံးမှာလည်း သေနင်္ဂဗျူဟာများ၊ နည်းပရိယာယ်များကို အခြေခံ၍ တင်ပြကြသည်ချည်း ဖြစ်ရုံမျှမက တစ်ခုနှင့် တစ်ခု ဆန့်ကျင် ကွဲလွဲနေတတ်ကြသေးသည်။ ထို အခါ မျိုး၌ မည်သည့်အကြံပေးချက်ကို လက်ခံရမည်ဆိုသည့်ကိစ္စများမှာ ပြောသလောက် မလွယ်ချေ။

စစ်သေနာပတိချုပ်တစ်ဦး၏ အလုပ်သည် ထိုအကြံပေးချက်များ စီမံကိန်းများအနက် ကောင်းနိုးရာရာ တစ်ခုကို ရွေးချယ်လိုက်ရုံသာရှိသည်ဟု ထင်ဖွယ်ရှိ၏။ သို့ရာတွင် လက်တွေ့၌ကား ဤအလုပ်ကို လုပ်ရန်ပင် မလွယ်လှချေ။ အဖြစ်အပျက်များနှင့် အချိန်က စောင့်ဆိုင်းနေသည် မဟုတ်ချေ။ ဥပမာအားဖြင့် ကာလူဂါ ပေတစ်ရာလမ်းမကြီးအတိုင်း ဆုတ်ခွာရန် အကြံပေးချက်ကို ဩဂုတ် လ ၂၈-ရက်နေ့က စစ်သေနာပတိချုပ်ထံ တင်ပြခဲ့၏။ ထိုအတောအတွင်း ဗိုလ်ချုပ် မီလိုရာဒိုဗစ်ချ်ထံမှ တပ်ရေးတစ်ယောက်သည် မြင်းဖြင့်ဒုန်းစီးရောက်လာကာ ပြင်သစ်တပ်များကို ခံတိုက်ရမည်လော၊ ဆုတ်ခွာရမည်လောဟု အမိန့်တောင်းလာ၏။ စစ်သေနာပတိချုပ်သည် ဗိုလ်ချုပ် မီလိုရာဒိုဗစ်ချ်အား ချက်ချင်း အမိန့်ပေးရတော့မည် ဖြစ်၏။ ဆိုင်းငံ့ထား၍ မရချေ။ သို့ဖြင့် စစ်သေနာပတိချုပ်သည် ဗိုလ်ချုပ်မီလိုရာဒိုဗစ်ချ်အား အမိန့်တစ်ခု ထုတ်ပေးလိုက်ရ၏။ ထိုသည်နှင့် တစ်ပြိုင်နက် ကာလူဂါပေတစ်ရာ ဘက်သို့ ဆုတ်ခွာရေးကိစ္စမှာ ခေါင်းထဲမှ အလိုလိုပျောက်သွားခဲ့ရလေပြီ။ ဗိုလ်ချုပ် မီလိုရာဒိုဗစ်ချ်၏ တပ်ရေး ပြန်သွားပြီးနောက် မကြာမီ တပ်ထောက်ချုပ်ရောက်လာကာ ရိက္ခာပစ္စည်းများကို မည်သည့်နေရာသို့ ပြောင်းရွှေ့ထားရမည်နည်းဟု အမိန့်တောင်းလာပြန်သည်။ တစ်ဖန် ဆေးတပ်ချုပ်ရောက်လာကာ ဒဏ်ရာရသူများကို မည်သည့်နေရာသို့ ရွှေ့ထားရမည်နည်းဟု မေးလာပြန်သည်။ တစ်ဖန် ပီတာစဘတ်ရွှေနန်းတော်ကြီးမှ မင်းချင်းလုလင်တစ်ဦး ရောက်လာပြန်ကာ မိမိတို့တပ်များကို မော်စကိုမြို့မှ

www.burmeseclassic.com

www.burmeseclassic.com

တပ်စွဲ ခုခံစေလိုသောဆန္ဒ ရှိကြောင်းဖြင့် ပါရှိသော ဘုန်းတော်ကြီးသော ဘုရား၏ အမိန့်တော်ပြန်တမ်းကို ပေးလာပြန်သည်။ ထိုအတောအတွင်း စစ်သေနာပတိချုပ်အား အကောက်ကြေလျက်ရှိသော ပြိုင်ဘက်ဗိုလ်ချုပ်ကလည်း (ဤသို့သော ပြိုင်ဘက်များမှာလည်း တစ်ယောက်တည်း မကပါ။ များစွာရှိပါသည်။) ကာလုဂါ ပေတစ်ရာလမ်းမကြီးအတိုင်း ဆုတ်ခွာရေး စီမံကိန်းနှင့် လုံးဝဆန့်ကျင်ခြားနားသော စီမံကိန်းသစ်တစ်ရပ်ကို တင်ပြပြန်သည်။ ထိုအချိန်၌ကား စစ်သေနာပတိချုပ်မှာ များစွာပင် ပန်းနွမ်းနယ်ခဲ့လေပြီ။ သို့ရာတွင် အနားမယူနိုင်သေးချေ။ ဗိုလ်ချုပ်တစ်ဦး ပေါက်လာပြန်ကာ ဆုတ်ဆိပ်တော်များ ရသင့်ပြီဖြစ်ပါလျက် ယခုတိုင် မရသေးကြောင်းဖြင့် တိုင်တန်းပြန်သည်။ ထိုစဉ် ရွာလူကြီးများ ပေါက်လာကာ ၎င်းတို့၏ နယ်လုံခြုံရေးကိစ္စကို လာရောက် ပြောဆိုပြန် သည်။ ၎င်းတို့ပြန်သွားလျှင် နယ်မြေဒေသအခြေအနေကို စစ်ဆေးကြည့်ရှုရန် လွတ်ထားသော ဗိုလ်ချုပ်တစ်ဦး ပြန်ရောက်လာကာ အခြေအနေကို အစီရင်ခံခြင်း ပြုပြန်သည်။ ၎င်း၏ အစီရင်ခံချက်မှာလည်း ခပ်စောစောက စေလွှတ်ထားသော တပ်ဗိုလ်၏ အစီရင်ခံချက်နှင့် ကွဲလွဲနေ ပြန်သည်။ ထိုတပ်ဗိုလ်ပြီးလျှင် သူလျှိုတစ်ဦး၊ သံ့ရတစ်ဦး၊ ကင်းထောက် စေလွှတ်ထားသော ဗိုလ်ချုပ်တစ်ဦး စသဖြင့် တစ်ယောက်ပြီး တစ်ယောက် လက်ခံတွေ့ဆုံကာ ရန်သူတပ်၏ အခြေအနေကို မေးမြန်းစုံစမ်းခြင်း ပြုရပြန်သည်။ ၎င်းတို့၏ အစီရင်ခံချက်မှာလည်း တစ်ယောက်တစ်မျိုးစီ ကွဲပြားလျက်ရှိပြန်သည်။ ဤကား လက်တွေ့လုပ်ရသည့် စစ်သေနာပတိချုပ်တစ်ဦးအဖို့ မလွဲမသွေ တွေ့ရသော အခက်အခဲများဖြစ်ကြရာ ဤအချက်တို့ကို နားမလည်သူ သို့မဟုတ် ထည့်သွင်းစဉ်းစားခြင်း မပြုကြသူများသာလျှင် စစ်သေနာပတိချုပ်ကို လွယ်လွယ်နှင့် အပြစ်ဖို့ကြမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် ၎င်းတို့က ဖီလီဒေသတွင် ရောက်ရှိနေသော တပ်များ၏ အခြေအနေကို ထောက်ပြကာ စစ်သေနာပတိချုပ်သည် မော်စကိုမှ ခုခံမည်လော၊ မော်စကို မှ ဆုတ်ခွာမည်လော ဆိုသည့်ကိစ္စကို လွတ်လပ်စွာ ဆုံးဖြတ်သင့်သည်ဟု ဝေဖန်ခဲ့ကြ၏။ သို့ရာတွင် ၎င်းတို့ပြောသည့် အချိန်၌ ပြင်သစ်စစ်တပ်ကြီးသည် မော်စကိုနှင့် လေးမိုင်မျှပင် မဝေးတော့ပြီ။ ထိုအချိန်၌ မော်စကိုမှ ခုခံမည်လော၊ ဆုတ်မည်လောဆိုသည့်ပြဿနာသည် မရှိတော့ပြီ။ ထိုပြဿနာသည် အဖြေထွက်ပြီးသား ဖြစ်ခဲ့လေပြီ။ ကောင်းပြီ။ သို့ဖြစ်လျှင် မော်စကိုမှ ခံရေး ဆုတ်ခွာရေးပြဿနာသည် မည်သည့်အချိန်က အဖြေထွက်ခဲ့သနည်းဟု မေးဖွယ်ရှိ၏။ ရှင်းပါသည်။ အူတစ်ဇာမှ ဆုတ်ခွာခဲ့ရချိန်ကတည်းက အဖြေထွက်ပြီးသား ဖြစ်ပါသည်။ စမိုးလင့်မှ ဆုတ်ခွာရ ကတည်းက အဖြေထွက်ပြီးသား ဖြစ်ပါသည်။ တိကျစွာ ပြောရလျှင် ဩဂုတ်လ ၂၄-ရက်နေ့ ရှီဗာဒီနိုတိုက်ပွဲ ဖြစ်ပွားချိန်၊ ဩဂုတ်လ ၂၆-ရက်နေ့ ဘိုရိုဒီနိုတိုက်ပွဲ ဖြစ်ပွားချိန် ကတည်းက အဖြေထွက်ပြီးသား ဖြစ်ပါသည်။ ထိုထက်ပို၍ တိကျစွာဆိုရလျှင်မူကား ဘိုရိုဒီနိုမှ ဖိလီသို့ ဆုတ်ခွာခဲ့ရသောနေ့၊ ဆုတ်ခွာခဲ့ရသော နာရီပိုင်း၊ ဆုတ်ခွာခဲ့ရသော မိနစ်ပိုင်းကတည်းက အဖြေထွက်ပြီးသား ဖြစ်ပါသတည်း။

အခန်း ၃

ဗိုလ်ချုပ်အာမိုလော့ဗ်သည် စစ်သေနာပတိချုပ်ကူတူဇော့ဗ်၏ အမိန့်အရ မြေပြင်အနေအထားကို စစ်ဆေးကြည့်ရှုခဲ့ပြီးနောက် မိမိတို့အဖို့ မော်စကိုမှ ခုခံ၍ ဖြစ်နိုင်မည်မဟုတ်ကြောင်း၊ ဆက်လက်ဆုတ်ခွာရမည်သာ ဖြစ်ကြောင်း ဖြင့် စစ်သေနာပတိချုပ်ထံ အစီရင်ခံလျက် ရှိလေသည်။ စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် မိမိထံ အစီရင်ခံလျက်ရှိသော ဗိုလ်ချုပ် အာမိုလော့ဗ်ကို တိတ်ဆိတ်စွာ ကြည့်လျက် ရှိ၏။

"မှန်းစမ်း၊ သွေးသောက်ကြေးလက်" စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် ဗိုလ်ချုပ်အာမိုလော့ဗ်၏ လက်ကို ကိုင်၍ သွေးစမ်းဟန် ပြု၏။ "အိမ်း၊ သွေးသောက်ကြေးကောင်းကောင်းကျန်းမာပုံ မရဘူးဗျ။ ကိုယ်ပြောတဲ့ စကားကိုလဲ ကိုယ့်ဘာသာ ကိုယ် ပြန်စဉ်းစားဦး"

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် မော်စကိုမှ အခုအခံမရှိဘဲ ဆုတ်ခွာရမည်ဆိုခြင်းကို သဘောမတူနိုင်သေးချေ။

မော်စကိုမြို့ ဒိုဂိုမီလော့တဲခါးမှ လေးမိုင်ကွာသော ပေါက္ကလုနီတောင်ကုန်းသို့ ရောက်လျှင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ကရထားမှဆင်း၍ လမ်းဘေးရှိ ခုံတန်းလျားတစ်ခုပေါ်တွင် ထိုင်လိုက်၏။ စစ်ဗိုလ်ချုပ်များ

www.burmeseclassic.com

www.burmeseclassic.com

သည် ၎င်းတို့အနီးတွင် ဝိုင်းအုံလျက် ရှိကြလေသည်။ ခဏကြာသော် မော်စကိုမြို့ထဲမှ ထွက်လာသော မော်စကိုမြို့ဝန် မြို့စားကြီး ရော့စတော့ချင်လည်း ရောက်လာလေသည်။ စစ်ဗိုလ်ချုပ်များသည် ကိုယ့်အစုကလေးနှင့် ကိုယ် ဝိုင်းဖွဲ့ကာ မြေပြင်အနေအထားကို လည်းကောင်း၊ တပ်မတော်၏ အခြေအနေကို လည်းကောင်း၊ တင်ပြထားသော စစ်ဆင်မှု စီမံကိန်းများကို လည်းကောင်း၊ မော်စကိုမြို့၏ အခြေအနေကို လည်းကောင်း၊ စစ်ရေးစစ်ရာကိစ္စများကို လည်းကောင်း ဆွေးနွေးပြောဆိုလျက် ရှိကြလေသည်။ ထိုစစ်ဗိုလ်ချုပ်များသည် ရည်ရွယ်ချက်မရှိဘဲ စစ်သေနာပတိချုပ်၏ အနီးတွင် လာရောက်စုဝေးမိကြခြင်း ဖြစ်သော်လည်း ၎င်းတို့အားလုံး၏ စိတ်တွင်မူကား ယခုကဲ့သို့ လာရောက်စုဝေးခြင်းမှာ စစ်ဦးစီးဌာနချုပ်၏ အရေးပေါ် အစည်းအဝေးတစ်ရပ်ကဲ့သို့ ထင်မှတ်လျက် ရှိကြ၏။ ၎င်းတို့အားလုံးသည် စစ်ရေးစစ်ရာများ၊ တိုင်းရေးပြည်ရေးကိစ္စများကိုသာ ပြောဆိုလျက် ရှိကြသည်။ ပုဂ္ဂိုလ်ရေးရာကိစ္စများသို့ မတော်တဆ စကားစပ်မိသွားလျှင်လည်း လေသံကလေးဖြင့် ခေတ္တမျှသာ ပြောဆိုကြကာ ချက်ချင်း စကားဖြတ်၍ တိုင်းရေးပြည်ရေးကိစ္စများသို့ ပြန်ရောက်သွားကြ သည်။ တစ်ဦးနှင့် တစ်ဦး နောက်ပြောင်ကျီစယ်ခြင်း၊ ရယ်မောခြင်း၊ ပြိုးရယ် နှုတ်ဆက်ခြင်းဟူ၍လည်း မရှိကြချေ။ ၎င်းတို့အားလုံးသည် အရေးကြီးလျက်ရှိသော အခြေအနေနှင့် လိုက်လျောအောင် တမင်အားထုတ်၍ ကျွန်ုပ်ဆောင်နေကြဟန် ရှိသည်။ ၎င်းတို့အားလုံးသည် အချင်းချင်းစကားပြောနေကြရာမှ (အလယ်တွင် ခုံရှည်ဖြင့် ထိုင်လျက်ရှိသော) စစ်သေနာပတိချုပ်နှင့် သူ့ထက်ငါနီးနိုင်သမျှ နီးအောင် တိုးဝှေ့ကာ သူတို့ပြောသမျှစကားကို မကြားကြားအောင် ပြောဆိုလျက် ရှိကြသည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် အနီးရှိဗိုလ်ချုပ်များ ပြောဆိုနေကြသည်ကို နားထောင်နေရာမှ တစ်ချက် တစ်ချက်တွင် မသဲကွဲသောစကားများကို ထပ်မံ မေးမြန်းတတ်သည်။ သို့ရာတွင် ကိုယ်တိုင်မူကား ဝင်ရောက်ပြောဆိုခြင်း မပြုချေ။ ထင်မြင်ချက်ပေးခြင်းလည်း မရှိချေ။ မိမိအနီးရှိ တစ်ယောက်တစ်ပေါက် ပြောဆိုလျက်ရှိကြသော စစ်ဗိုလ်ချုပ်များ၏ စကားများကို နားထောင်ပြီးသည့်နောက်၌ ၎င်းတို့ပြောဆိုလျက်ရှိသော စကားများထဲတွင် မိမိနားထောင်လိုသော အကြောင်းအရာမပါသကဲ့သို့ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် စိတ်ပျက်သောအမူအရာဖြင့် တစ်ဖက်သို့ လှည့်သွားတတ်သည်။ စစ်ဗိုလ်ချုပ်အချို့သည် မိမိတို့တပ်များ တပ်စွဲရန်အတွက် ရွေးချယ်ထားသော မြေပြင်အနေအထားအကြောင်းကို ဆွေးနွေးလျက် ရှိကြသည်။ သို့ရာတွင် မြေပြင်အနေအထားကို ဝေဖန်ခြင်းထက် ထိုမြေပြင်အနေအထားကို ရွေးချယ်သူအား ဝေဖန်ကြခြင်းသာ ဖြစ်သည်။ အချို့ကမူကား မိမိတို့တပ်များသည် ယခုကဲ့သို့ ဆုတ်ခွာဖို့မသင့်ကြောင်း၊ ရန်သူတို့၏ ထိုးစစ်ကို လွန်ခဲ့သော နှစ်ရက်ခန့်ကပင် ပြင်းပြင်းထန်ထန် ခုခံခဲ့သင့်ကြောင်း၊ ယင်းသို့ မခုခံခဲ့ခြင်းမှာ မိမိတို့အမှားပင် ဖြစ်ကြောင်းဖြင့် ငြင်းခုံလျက် ရှိသည်။ အချို့ စစ်ဗိုလ်ချုပ်များမှာ စပိန်စစ်ဗိုလ်ချုပ်ဝတ်စုံကို ဝတ်ထားသည့် ပြင်သစ်လူမျိုး ဗိုလ်ချုပ်ကရိုဆတ်က ဆာလာမန်ကာတိုက်ပွဲအကြောင်း ပြောပြနေသည်ကို နားထောင်လျက် ရှိ၏။ (ရုရှားတပ်မတော်တွင် အမှုထမ်းလျက်ရှိသော ပြင်သစ်ဗိုလ်ချုပ် ကရိုဆက်နှင့် ဂျာမန်မင်းသားတစ်ဦးတို့သည် ဆာရာဂိုဆာမြို့သိမ်းတိုက်ပွဲအကြောင်းကို ပြောဆိုကာ မော်စကိုမြို့ကိုလည်း အလားတူ ရန်သူလက်မှ ကာကွယ်လျှင် ဖြစ်နိုင်ကြောင်းဖြင့် ပြောဆိုလျက် ရှိလေသည်။) စတုတ္ထအစုဌ်ကား မော်စကိုမြို့ဝန် မြို့စားကြီး ရော့စတော့ချင်က မိမိသည် မော်စကိုမြို့ရိုးအတွင်း၌ မြို့စောင့်တပ်များနှင့် အတူ အသေခံကာကွယ်ရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ သို့ရာတွင် နောက်ဆုံး စစ်ရေးစစ်ရာများကို မိမိအား အသိမပေးဘဲထားသဖြင့် များစွာဝမ်းနည်းမိကြောင်း၊ မိမိသာ အခြေအနေအရပ်ရပ်ကို ကနဦးက သိခဲ့လျှင် ဤအခြေသို့ ရောက်မည်မဟုတ်ကြောင်း စသဖြင့် အာဝဇ္ဇန်းခပ်ရွဲရွဲပြောလျက် ရှိ၏။ ပဉ္စမအစုမှ စစ်ဗိုလ်ချုပ်များမှာ သေနင်္ဂဗျူဟာများကို မိမိတို့သာ တတ်ကျွမ်း နားလည်သည်ဟူသော ပလွှားခြင်းမျိုးကိုဆောင်လျက် မိမိတို့ တပ်များ မည်သည့်ဒေသဘက်သို့ ဆုတ်ခွာသင့်ကြောင်းကို ဆွေးနွေးလျက် ရှိကြ၏။ ဆဋ္ဌမအစုကား တောင်စဉ်ရေမရစကားများကို ပြောဆိုလျက် ရှိလေသည်။ မိမိအနီးတွင် ပြောဆိုလျက်ရှိသော ဗိုလ်ချုပ်အသီးသီး၏ စကားကို နားထောင်လျက်ရှိသော စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ မျက်နှာကား သုန်မှုန်သည်ထက် သုန်မှုန်လာခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ငင်းတို့ပြောဆိုနေကြသော စကားများကို ခြုံကြည့်လိုက်လျှင် အချက်တစ်ချက်သာ ထွက်ပေါ်လာ၏။ ယင်းကား မော်စကိုမြို့မှ ခုခံရေးကိစ္စသည် လုံးဝမဖြစ်နိုင်။ ပို၍ တိကျစွာဆိုရလျှင် တပ်မှူးလုပ်သူ ဉာဏ်အမြော်အမြင်ကင်းမဲ့၍ မော်စကိုမြို့မှသာ ခုခံကြစတမ်းဆိုလျှင် မိမိတို့တပ်များ ဖရိဖရဲဖြစ်ရုံသာ ရှိမည်၊ တိုက်ပွဲကား လုံးဝမဖြစ်နိုင်ဆိုသောအချက် ဖြစ်လေသည်။ တပ်မှူးများအား လုံးကပင် လက်ရှိအနေအထားသည် ရန်သူကို ခုခံနိုင်သောအနေအထားမဟုတ်ဟု ယူဆလျက် ရှိကြရုံမျှမက မော်စကိုမြို့ကို မုချဆတ်ဆတ် စွန့်လွှာရတော့မည်ဟူ၍ လည်းကောင်း၊ မော်စကိုမှ ဆုတ်ခွာပြီးနောက်တွင် အခြေအနေ မည်သို့မည်ပုံ ရှိမည်ဟူ၍ လည်းကောင်း ဆွေးနွေးလျက်ပင် ရှိကြပြီ ဖြစ်ရကား ရန်သူကို ခံတိုက်ဖို့ဆိုသည့်ကိစ္စမှာ စိတ်ကူးထည့်၍မျှပင် မဖြစ်နိုင်တော့ချေ။ စစ်ရှုံးမည်ဟု တွက်ထားသော တပ်မှူးသည် မိမိ၏ တပ်များကို မည်သို့ခေါင်းဆောင်တိုက်နိုင်ပါဦးမည်နည်း။ တပ်မှူးများသာမက တပ်ဗိုလ်များနှင့် တပ်သားများကိုယ်တိုင်ကလည်း မော်စကိုမှသာ ခံတိုက်ရလျှင် မုချရှုံးမည်ဟု ထင်မှတ်လျက်ရှိရကား (ထင်မှတ်ရုံမျှမကပါ၊ သေချာစွာ စဉ်းစားသုံးသပ်၍လည်း ပြီးကြပါပြီ။) မော်စကိုမှ ခုခံ၍ မဖြစ်နိုင်တော့ချေ။ ဗိုလ်ချုပ် ဘင်နစ်ဆန်က မော်စကိုမြို့ အနေအထားသည် ကောင်းမွန်၍ ထိုနေရာမှ ခုခံတိုက်ခိုက်ရမည်ဟု ဇွတ်အတင်း တိုက်တွန်းနေလျှင်မူကား ယင်းမှာ တကယ် ယုံကြည်၍ ပြောခြင်းမျိုးမဟုတ်ဘဲ စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကို အကျပ်အတည်းတွေ့အောင်၊ ခြေလှမ်းမှားအောင် အကောက်ကြံခြင်းမျှသာ ဖြစ်ပေလိမ့်မည်။ ဤသည်ကို စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကလည်းကောင်း စွာသိပြီး ဖြစ်ပေသည်။

ဗိုလ်ချုပ် ဘင်နစ်ဆန်သည် နယ်မြေအနေအထားကို ရွေးချယ်ပြီးနောက် မော်စကိုမြို့မှ ခုခံရန် အကြောက်အကန် ပြောဆိုခြင်းအားဖြင့် မျိုးချစ်စိတ်ဓာတ်ကြီးမားကြောင်းကို ပြလျက် ရှိ၏။ (စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် မျက်တောင်တဖျတ်ဖျတ်ခတ်၍ နားထောင်လျက် ရှိသည်။) စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ အမြင်ဌာကား ဗိုလ်ချုပ်ဘင်နစ်ဆန်၏ အကောက်ကြံမှုသည် လယ်ပြင်တွင် ဆင်သွားသကဲ့သို့ အထင်းသားပေါ်လျက် ရှိသည်။ ဘင်နစ်ဆန်၏ အကြံမှာ မော်စကိုတွင် အရေးနိမ့်လျှင် ယင်းသို့အရေးနိမ့်ရခြင်းသည် 'စာကလေးတောင်ကုန်း' အရောက် တိုက်ပွဲတစ်ပွဲမျှ မတိုက်ဘဲ ဆုတ်ခဲ့သော စစ်သေနာပတိချုပ်၏ အစီအမံကြောင့် ဖြစ်သည်ဟု အပြစ်ပုံချရန် ဖြစ်သည်။ အရေးသာလျှင် မိမိ၏ အစီအမံကြောင့် ဖြစ်သည်ဟု ဂုဏ်ယူရန် ဖြစ်သည်။ အကယ်၍ လုံးဝခုခံခြင်း မပြုလျှင်ကား မော်စကိုမှ သေနတ်တစ်ချက်မျှ မဖောက်ဘဲ ဆုတ်ခွာခဲ့ခြင်းကြောင့် ရွှေနန်းတော်ကြီးက ရာဇမာန်ရှလျှင် ထိုကိစ္စ၌ မိမိတာဝန်မရှိဟု ကိုယ်လွတ်ရန်းရန် ဖြစ်လေသည်။ သို့ရာတွင် အဘိုးအို စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ဗိုလ်ချုပ်ဘင်နစ်ဆန်၏ အကောက်ဉာဏ်ကို စိုးရိမ်ကြောင့်ကြ၍ မနေနိုင်တော့ချေ။ ၎င်း၏စိတ်တွင် လိပ်ခဲတည်းလည်းဖြစ်လျက်ရှိသော ပြဿနာမှာ တစ်ခုတည်းသာ ရှိသည်။ ထိုပြဿနာကို မည်သူမျှလည်း ယခုတိုင် ပြေလည်အောင် မဖြေရှင်းနိုင်ကြသေး။ ထိုပြဿနာကား အခြားမဟုတ်။ 'မိမိသည် မော်စကိုမြို့တွင် နပိုလီယန်အား အရှုံးပေးခဲ့ရချေပြီလော။ သို့အရှုံးပေးခဲ့ရလျှင် မည်သည့်အချိန်က အရှုံးပေးခဲ့ရချေပြီနည်း။ မည်သည့်အချိန်က ဆုံးဖြတ်ခဲ့သနည်း။ ယမန်နေ့က ဗိုလ်ချုပ်ပလာတော့ဗ်အား စစ်ဆုတ်ရန်အမိန့်ပေးခဲ့ခြင်းသည်ပင် စစ်ရှုံးခြင်း၏ အစလော။ သို့တည်းမဟုတ် ယမန်တစ်နေ့ညနေက ဗိုလ်ချုပ်ဘင်နစ်ဆန်အား ဆုတ်ခွာရန် အမိန့်များ ထုတ်ပြန်ခိုင်းခြင်းသည်ပင်စစ်ရှုံးခြင်း၏ အစလော။သို့မဟုတ် ခပ်စောစောကတည်းကပင် စစ်ရှုံးခဲ့ချေပြီလော။ ယခုအခြေ၌ကား မော်စကိုကို စွန့်လွှာရတော့မည်။ ရုရှားတပ်မတော်ကြီးသည်လည်း ဆုတ်ခွာရတော့မည်။ ယင်းသို့ ဆုတ်ခွာရန်လည်း အမိန့်ထုတ်ပြန်ရတော့မည်ဆိုသော အချက်သည် တကယ်လော' ဟူသော ပြဿနာ ဖြစ်၏။ ဤပြဿနာသည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ စိတ်၌ လိပ်ခဲတည်းလည်းဖြစ်လျက် ရှိလေသည်။ ဤသို့ ဆုတ်ခွာရန် အမိန့်ကို ထုတ်ပြန်ရလျှင် မိမိအဖို့ တပ်မတော်၏ သေနာပတိချုပ်အဖြစ်မှ နုတ်ထွက်သည်နှင့် ဘာထူးသေးသနည်း။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် အာဏာ၏ အရသာကို 'လျှာလည်' ကာ အာဏာကို ခုံမင်တွယ်တာတတ်သူ ဖြစ်၏။ (ရုရှား–တူရကီစစ်ပွဲတုန်းက မိမိ၏ ဗိုလ်ချုပ်ဖြစ်သော မင်းသားကြီး ပရိဒိုရော့စကီ ဆု

www.burmeseclassic.com

www.burmeseclassic.com

တဲ့ဆိပ်တော်များ ရရှိခဲ့ပုံကို တွေ့ခဲ့ကတည်းက ကူတူဇော်ဗ်သည် အာဏာကို မက်မောရမှန်း သိလာခဲ့သည်။) ထိုမျှမက မိမိသာလျှင် ရှရှားပြည်ကြီးကို ကယ်တင်နိုင်သူ ဖြစ်သည်ဟု လည်းကောင်း၊ ထို့ကြောင့်သာလျှင် တိုင်းသူပြည်သားများသည် ရွှေနန်းရှင်၏အလိုကို ဆန့်ကျင်လျက် မိမိအား စစ်သေနာပတိချုပ်အဖြစ် ရွေးချယ်ခဲ့ရခြင်း ဖြစ်သည်ဟု လည်းကောင်း ယူဆလျက် ရှိလေသည်။ ဤသို့သော အကျပ်အတည်းကာလ၌ တပ်မတော်ကို ကွပ်ကဲဦးစီးနိုင်သူမှာ မိမိတစ်ဦးတည်းသာ ရှိသည်ဟု လည်းကောင်း၊ စစ်သူကြီး နပိုလီယန်ကို ရဲရဲဝံ့ခုခံ တိုက်ခိုက်ဝံ့သူမှာ ကမ္ဘာတွင် မိမိတစ်ဦးတည်းသာရှိသည်ဟု လည်းကောင်း အထင်ရောက်လျက် ရှိပေသည်။ ထို့ကြောင့် စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ဆုတ်ခွာရေးအတွက် အမိန့်ပေးရန် လက်တွန့်လျက်ရှိခြင်း ဖြစ်သည်။ သို့ရာတွင် လက်တွန့်နေရုံနှင့် မပြီးချေ။ တစ်ခုခုကို ဆုံးဖြတ်ရပေတော့မည်။ မိမိအနီးတွင် 'တောရမ်းမယ်ဘွဲ့' ပြောဆိုလျက်နေခြင်းကိုလည်း ရပ်တန့်သွားအောင် ပြုလုပ်ရပေဦးမည်။

စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် အရေးကြီးသော ဗိုလ်ချုပ်များကို အပါးသို့ ခေါ်လိုက်၏။

"အိမ်း ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ငါ့ဦးနှောက်ကိုပင် ငါ အားကိုးရတော့မည်" စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ဤသို့ပြော၍ ထိုင်ရာမှ ထကာ မိမိ၏ကရထားများရှိရာ ဖီလီဒေသသို့ မြင်းစီး၍ ထွက်လာခဲ့လေသတည်း။

အခန်း ၄

စစ်ဦးစီးဌာနချုပ်၏ အရေးပေါ်အစည်းအဝေးကို မွန်းလွဲနှစ်ချက်တီးတွင် ကျင်းပလေသည်။ အရေးပေါ် အစည်းအဝေးကျင်းပရာနေရာကား အင်ဒရူးဆာဗိုစယာနော့ဆိုသူ လယ်သမားတစ်ဦး၏တဲတွင် ဖြစ်၏။ တဲမှာ အနည်းငယ်ကျယ်ဝန်း၏။ လယ်သမားအင်ဒရူး၏ အိမ်သူအိမ်သားများသည် နောက်ဖေးခန်းဘက်သို့ ရှောင်ပေးကြ၏။ ခြောက်နှစ်သမီးအရွယ်ရှိ မာလာရှာဆိုသူ အင်ဒရူး၏သမီးငယ်ကလေးသာလျှင် အစည်းအဝေးကျင်းပမည့် အိမ်ရှေ့ခန်းတွင် ကျန်ရစ်ခဲ့လေသည်။ စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် လက်ဖက်ရည်သောက်ရင်း မာလာရှာကို သကြားခဲတစ်ခဲ ပေး၍ ချော့လျက်ရှိသည်။ မာလာရှာသည် မီးလင်းဖိုကြီးအထက် ထပ်ခုံပေါ်တွင် ထိုင်ရင်း အခန်းထဲသို့ တစ်ယောက်ပြီး တစ်ယောက်ရောက်လာကာ အခန်းထောင့်ရှိ ရုပ်တုများအောက် ခုံရှည်ကြီးများပေါ်တွင် ဝင်ထိုင်ကြသော စစ်ဗိုလ်ချုပ်ကြီးများ၏ ဝတ်စုံများ၊ ဆုတံဆိပ်အဆင်အယင်များ၊ မျက်နှာများကို ရှက်ကြောက်ဝမ်းသာသော အမူအရာဖြင့် ချောင်းကြည့်လျက် ရှိ၏။ မာလာရှာသည် စစ်သေနာပတိချုပ် ကူတူဇော်ဗ်အား 'ဘဘကြီး' ဟု စိတ်ထဲက နာမည်ပေးထားလိုက်သည်။ ဘဘကြီးသည် မီးလင်းဖိုနောက် ချောင်ထဲတွင် တစ်ယောက်တည်းထိုင်လျက် ရှိသည်။ ဘဘကြီးသည် လက်တင်ကုလားထိုင်တစ်လုံးပေါ်တွင် ခေါင်းငိုက်စိုက်ချ၍ ထိုင်လျက်ရှိပြီး မကြာခဏ ချောင်းဟန့်ကာ ဝတ်ရုံအင်္ကျီလည်ထောင်ကို ဆွဲ၍ ဆန့်နေသည်။ ဝတ်ရုံအင်္ကျီမှာ ကြယ်သီးတပ်ထားခြင်း မရှိသော်လည်း လည်ပင်းတစ်ခုလုံးကို ဖုံးအုပ်လျက် ရှိသည်။ အခန်းထဲသို့ ဝင်လာကြသော ဗိုလ်ချုပ်များသည် စစ်သေနာပတိချုပ်ထံ တစ်ယောက်ပြီး တစ်ယောက် သွားရောက်နှုတ်ဆက်ကြသည်။ စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် အချို့ဗိုလ်ချုပ်များကို လက်ဆွဲနှုတ်ဆက်၍ အချို့ကို ခေါင်းညိတ်ပြ၏။ စစ်သေနာပတိချုပ်၏ တပ်ရေးကေဆာရော်ဗ်သည် စစ်သေနာပတိချုပ်ရှေ့ရှိ ပြတင်းပေါက်မှ ခန်းဆီးကို ဆွဲဖယ်လိုက်မည်ပြု၏။ သို့ရာတွင် စစ်သေနာပတိချုပ်က လက်ကို ယမ်းပြလိုက်သဖြင့် တပ်ရေးကေဆာရော်ဗ်သည် စစ်သေနာပတိချုပ်၏ ဆန္ဒကို နားလည်ကာ ပြန်ထွက်သွားလေသည်။

လယ်သမားများ စာရင်းတွက်လေ့ရှိသည့် စားပွဲခုံပေါ်၌ကား မြေပုံများ၊ ဇယားကွက်များ၊ ခဲတံများ၊ စာရွက်စာတမ်းများ စုပုံလျက်ရှိ၍ ဘေးပတ်ပတ်လည်တွင် ဗိုလ်ချုပ်များ ဝိုင်းအုံလျက်ရှိလေရာ ထိုင်စရာပင် မရှိတော့သဖြင့် တပ်လုလင်များက နောက်ထပ် ထိုင်ခုံများ လာ၍ချပေးကြ၏။ နောက်ထပ် ရောက်ရှိလာသော ဗိုလ်ချုပ်များဖြစ်သည့် ဗိုလ်ချုပ် အာမိုလော့ဗ်၊ ဗိုလ်ချုပ် ကေဆာရော့ဗ်နှင့် ဗိုလ်ချုပ် တိုးလ်တို့သည် တပ်လုလင်များ လာချပေးသော ထိုင်ခုံများတွင် ဝင်ထိုင်လိုက်ကြသည်။ ရုပ်တုစင်

www.burmeseclassic.com

www.burmeseclassic.com

များအောက်တွင် ရောက်နေသော ရှေ့ဆုံးခုံတန်း၌ကား ဗိုလ်ချုပ်ဘာကလေ ထိုင်လျက်ရှိသည်။ ဗိုလ်ချုပ်ဘာကလေ၏ နဖူးကျယ်ကြီးသည် ပြောင်တင်းသော 'ကတုံးသရဖူ' အောက်၌ ထင်းထင်းကြီးပေါ်လျက် ရှိ၏။ ဗိုလ်ချုပ် ဘာကလေသည် လည်ပင်းတွင် စိန့်ကျောကြက်ခြေ ဆုတံဆိပ်တော်ကို ဆွဲထားသည်။ မျက်နှာမှာ ဖြူရော်လျက်ရှိကာ မသာယာသောအသွင်ကို ဆောင်လျက် ရှိ၏။ ဗိုလ်ချုပ် ဘာကလေမှာ လွန်ခဲ့သောနှစ်ရက်ခန့်ကတည်းက ဖျားလျက်ရှိရာ ယခုအချိန်တွင် ကိုယ်လက်တစစ်စစ် ကိုက်ခဲကာ တုန်လျက်ရှိလေပြီ။ ဗိုလ်ချုပ် ဘာကလေ၏ဘေးတွင်မူ ဗိုလ်ချုပ်အူဗာရော့ ထိုင်လျက်ရှိပြီး ထုံးစံအတိုင်း လေသံကလေးဖြင့် နောက်ဆုံးသတင်းများကို ပြောလျက် ရှိသည်။ ဝဝဖိုင့်ဖိုင့် ဗိုလ်ချုပ် ဒိုတူရော့ကား လက်နှစ်ဖက်ကို ဝမ်းပိုက်ပေါ်တွင် ယှက်၍ တင်ထားကာ မျက်ခုံးချီ၍ ရူးစိုက်နားထောင်လျက် ရှိသည်။ ၎င်း၏ဘေးတွင်ကား ကိုယ့်အတွေးနှင့် ကိုယ် တိတ်ဆိတ်လျက်ရှိသော မြို့စားကြီး ဗိုလ်ချုပ်ဩစတာမန် ထိုင်လျက်ရှိ၏။ ဗိုလ်ချုပ်ဩစတာမန်သည် ရဲရင့်ပြတ်သားသော မျက်နှာပေါက်၊ တောက်ပြောင်ရွှန်းရှသော မျက်လုံးများနှင့် တကွ ကြီးမားသော ခေါင်းရှိသူ ဖြစ်၏။ ဗိုလ်ချုပ်ဩစတာမန်သည် မေးကို လက်ဖြင့်ထောက်၍ စဉ်းစားခန်းဝင်လျက် ရှိလေသည်။ နားပန်းဆံကို ရှေ့သို့ လိပ်ကောက်ထားလေ့ရှိသော ဗိုလ်ချုပ် ရေ့စကီမှာ စိတ်တိုလျက် ရှိသောအမူအရာဖြင့် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကို တစ်လှည့်၊ တံခါးဝဆီသို့ တစ်လှည့် မကြာခဏ လှမ်း၍ကြည့်နေသည်။ တည်ကြည်ခန့်ညားသော ဗိုလ်ချုပ် ကိုနိုနစ်ဆင်၏ မျက်နှာကား ခပ်ပြုံးပြုံးပင်။ ဗိုလ်ချုပ် ကိုနိုနစ်ဆင်သည် မာလာရှာနှင့် မျက်လုံးချင်း ဆုံမိလေရာ မာလာရှာကလည်း ဗိုလ်ချုပ် ကိုနိုနစ်ဆင်ကို ကြည့်၍ ပြုံးလျက်ရှိလေသည်။

၎င်းတို့အားလုံးမှာ ဗိုလ်ချုပ် ဘင်နစ်ဆန်ကို စောင့်နေကြခြင်း ဖြစ်သည်။ ဗိုလ်ချုပ် ဘင်နစ်ဆန်သည် မြေပြင်အနေအထားကို လှည့်လည်ကြည့်ရှုနေသည်ဟု အကြောင်းပြကာ ညစာ စားလျက် ရှိလေသည်။ ဗိုလ်ချုပ်များသည် ဗိုလ်ချုပ် ဘင်နစ်ဆန်ကို ညနေလေးချက်တီးမှ ခြောက်ချက်တီးအချိန်အထိ စောင့်ဆိုင်းလျက်ရှိကြကာ အလုပ်စခန်းကို မစနိုင်ကြသေးဘဲ အခြားကိစ္စများကို တီးတိုးပြောဆိုလျက် ရှိကြလေသည်။

ဗိုလ်ချုပ် ဘင်နစ်ဆန် ရောက်လာသော အခါကျမှ စစ်သေနာပတိချုပ် ကူတူဇော့ဗ်လည်း ချောင်ထဲမှ ထခဲ့၍ စားပွဲနားသို့ ရောက်လာလေသည်။ သို့ရာတွင် မျက်နှာကို အလင်းရောင်ထိုးမည်စိုးသည့်အတွက် ထွန်းညှိထားသော ဖယောင်းတိုင်များအနီးတွင် မထိုင်ချေ။

အစည်းအဝေး စလျှင်စချင်း ဗိုလ်ချုပ် ဘင်နစ်ဆန်က "သွေးသောက်တို့၊ ကျုပ်တို့သည် ရုရှားနိုင်ငံ၏ ရှေးဟောင်းမြို့တော်ကြီးလည်း ဖြစ်၊ အထွတ်အမြတ်ထားရာလည်း ဖြစ်သော မော်စကိုမြို့တော်ကို သေနတ်တစ်ချက်မျှ မဖောက်ဘဲ ရန်သူလက်သို့ ဝက္ကအပ်ကြမည်လော။ သို့တည်းမဟုတ် အရိုးကြေကြေ အရေခန်းခန်း ခုခံ ကာကွယ်ကြမည်လော" ဟု မေးလိုက်၏။ အားလုံး မည်သူမျှ မဖြေနိုင်ကြဘဲ တိတ်ဆိတ်လျက် ရှိ၏။ ဗိုလ်ချုပ်များအားလုံးသည် မျက်မှောင်ကုတ်လျက် ရှိကြသည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ စိတ်ဆိုးမာန်ဆိုးဖြင့် ခွဲရှင်းသံ၊ ချောင်းဟန့်သံသာလျှင် တိတ်ဆိတ်ခြင်းကို ဖြိုဖျက်လျက် ရှိလေသည်။ အားလုံးသော မျက်လုံးများသည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကိုသာ စိုက်ကြည့်လျက် ရှိကြ၏။ မီးဖိုထပ်ခိုးစင်ပေါ်မှ မာလာရှာသည်လည်း 'ဘဘကြီး'ကို လှမ်းကြည့်လျက် ရှိလေသည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် မာလာရှာနှင့် အနီးဆုံးနေရာတွင် ထိုင်လျက်ရှိရာ ရုံ့ချည်မဲ့ချည် ပြုနေသော စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ မျက်နှာကို ထင်ရှားစွာ မြင်နေရ၏။ စစ်သေနာပတိချုပ်၏ မျက်နှာသည် ဝိုတော့မည့် မျက်နှာမျိုး ဖြစ်၏။ သို့ရာတွင် ဝိုတော့မည့် မျက်နှာထားမှာ ကြောကြာမတည်ချေ။

"ရုရှားနိုင်ငံတော်ကြီး၏ ရှေးဟောင်းမြို့တော်လည်း ဖြစ်၊ အထွတ်အမြတ်ထားရာလည်း ဖြစ်သော မော်စကိုမြို့တော်တဲ့၊ ဟုတ်စ"

စစ်သေနာပတိချုပ် ကူတူဇော့ဗ်က တမင်အရွဲ့တိုက်၍ ပြောမှန်းသိအောင် အသံကို အုပ်၍ ပြောလိုက်၏။

"သွေးသောက်ကြီး ပြောသည့်စကားသည် ရုရှားလူမျိုးတစ်ဦးအဖို့ ဘာမျှ အဓိပ္ပာယ်မရှိပြီ" (စစ်သေနာပတိချုပ်သည် ၎င်း၏လေးလံလှသော ခန္ဓာကိုယ်ကြီးကို ရှေ့သို့ တိုးလိုက်သည်။) "ဤပြဿနာကို ဤနေရာတွင် လာ၍

www.burmeseclassic.com

www.burmeseclassic.com

ဆွေးနွေးနေလျှင်လည်း ဘာမျှ အရာမထင်ပြီ။ ယခု သွေးသောက်ကြီးများကို အရေးတကြီး တိုင်ပင်ဆွေးနွေးခြင်းအကြောင်းမှာ ဤသို့သော အသေးအဖွဲ ပြဿနာကို ဆွေးနွေးရန် မဟုတ်။ အရေးကြီးသော စစ်ရေးစစ်ရာများကို ဆွေးနွေးရန် ဖြစ်သည်။ ရုရှားနိုင်ငံကြီးအား မည်သို့ မည်ပုံ ကယ်တင်ရမည်ဆိုသည့်ကိစ္စကို ဆွေးနွေးရန် ဖြစ်သည်။ ယခု ကျွန်ုပ်တို့ ရင်ဆိုင်နေရသော ပြဿနာမှာ မော်စကိုမြို့အပျက်ခံ၍ ရင်ဆိုင်တိုက်ပွဲကို ရှောင်ကွင်းမည်လော၊ သို့တည်းမဟုတ် မော်စကိုမြို့နှင့်တကွ ကျုပ်တို့ တပ်မတော်ကြီးကိုပါ အပျက်ခံ၍ ရင်ဆိုင်တိုက်ပွဲ တိုက်မည်လောဆိုသည့် ပြဿနာဖြစ်သည်။ ဤပြဿနာနှင့် ပတ်သက်၍ သွေးသောက်ကြီးတို့၏ ထင်မြင်ချက်ကို သိလိုသဖြင့် ဆွေးနွေးရခြင်း ဖြစ်သည်”

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ဤသို့ပြောပြီးနောက် ကုလားထိုင်ကို မှီ၍ ထိုင်ချလိုက်သည်။

သို့ဖြင့် တစ်ယောက်တစ်ပေါက် ငြင်းခုံစ ပြုကြလေပြီ။ ဗိုလ်ချုပ် ဘင်နစ်ဆန်ကား အလျှော့မပေးသေးချေ။ ဗိုလ်ချုပ် ဘာကလေနှင့် အခြား ဗိုလ်ချုပ်များက ဖိလီဒေသမှ ခံစစ်ဆင်၍ မဖြစ်နိုင်ကြောင်း တင်ပြကြ၏။ ဗိုလ်ချုပ် ဘင်နစ်ဆန်သည် ၎င်းတို့၏အကြောင်းပြချက်များကို ငြင်းဆိုခြင်းမရှိသော်လည်း မျိုးချစ်စိတ်ဓာတ် ထက်သန်ကြောင်းနှင့် မော်စကိုမြို့ကို ခုံမင်တွယ်တာကြောင်း ပြလိုသည့်အလျောက် မိမိတို့တပ်များကို ညဉ့်အချိန်တွင် လက်ယာတောင်ပံမှ လက်ဝဲတောင်ပံသို့ တိတ်တဆိတ်ပြောင်းရွှေ့သင့်ကြောင်း၊ သို့ပြောင်းရွှေ့ပြီး နောက်တစ်နေ့ အရုဏ်တက်၌ ရန်သူ လက်ယာတောင်ပံကို တိုက်စစ်ပြုသင့်ကြောင်းဖြင့် အကြံပေးလေသည်။ ၎င်း၏အဆိုကို အချို့က ထောက်ခံ၍ အချို့က ကန့်ကွက်ကြ၏။ ဗိုလ်ချုပ် အာမိလော့ဗ်၊ ဗိုလ်ချုပ် ဒိုတူရော့ဗ်နှင့် ဗိုလ်ချုပ် ရေ့စကီတို့က ဗိုလ်ချုပ် ဘင်နစ်ဆန်ကို ထောက်ခံကြသည်။ ရန်သူနှင့် တိုက်ပွဲတစ်ပွဲလောက် တိုက်ပြီးမှ မော်စကိုကို စွန့်ခွာသင့်သည်ဟု ထိုဗိုလ်ချုပ်များက ပြောနေကြခြင်းမှာ တကယ်ယုံကြည်၍ ရိုးရိုးသားသား ပြောခြင်းလည်း ဖြစ်နိုင်သည်။ မိမိတို့ ရာထူးတက်ရေး၊ ဆုတံဆိပ်များ ရရေးစသည့် ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားကို မျှော်ကိုး၍ ပြောခြင်းလည်း ဖြစ်နိုင်သည်။ မည်သည့် အကြောင်းကြောင့် ပြောသည်ဖြစ်စေ၊ ယခု အစည်းအဝေးသည် ရာဇဝင်အဖြစ်အပျက်များ၏လမ်းကြောင်းကို ပြောင်း၍မရနိုင်ဆိုသည့်အချက်ကိုကား ထိုဗိုလ်ချုပ်များ နားလည်ဟန် မတူချေ။ လက်တွေ့၌ မော်စကိုမြို့သည် ရန်သူ့လက်သို့ ကျဆုံးသောအခြေအနေသို့ ရောက်လျက်ရှိပြီဆိုသည့်အချက်ကိုလည်း သတိထားမိဟန် မတူကြချေ။ သို့ရာတွင် အချို့သော ဗိုလ်ချုပ်များကား ဤအချက်ကို သတိထားမိပုံ ရကြ၏။ ထို့ကြောင့် ၎င်းတို့သည် မော်စကိုမှ ခံရေး မခံရေးကို စကားထဲထည့်မပြောကြတော့ဘဲ မည်သည့်ဘက်ကို ဆုတ်ခွာသင့်ကြောင်းကိုသာ ပြောဆိုလျက် ရှိကြ၏။

မီးလင်းဖိုထပ်ခိုးပေါ်မှ ချောင်းကြည့်လျက်ရှိသည့် မာလာရှာကား အရေးပေါ်အစည်းအဝေးကို တစ်မျိုးနားလည်လျက် ရှိ၏။ ၎င်းအမြင်၌ ယခု အစည်းအဝေးသည် ‘ဘဘကြီး’ (စစ်သေနာပတိချုပ် ကူတူဇော့ဗ်) နှင့် ‘အင်္ဂျရှည်ဗိုလ်ကြီး’ (ဝတ်ရုံအင်္ဂျရှည် ဝတ်ထားသော ဗိုလ်ချုပ် ဘင်နစ်ဆန်ကို မာလာရှာပေးထားသည့်အမည်။) တို့နှစ်ဦး၏ ပုဂ္ဂိုလ်ရေးတိုက်ပွဲဟု မြင်၏။ ‘ဘဘကြီး’ နှင့် ‘အင်္ဂျရှည်ဗိုလ်ကြီး’ တို့သည် ငြိုးသူရန်ဖက်ကြီးများသဖွယ် တစ်ယောက်ကို တစ်ယောက် ဒေါသတကြီးဖြင့် ပြောဆိုလျက်ရှိခြင်းကို မာလာရှာ သတိပြုမိ၏။ မာလာရှာသည် ‘ဘဘကြီး’ ကို ကြိတ်၍ အားပေးလျက် ရှိလေသည်။ ဤသို့ ၎င်းတို့နှစ်ဦး အော်ကြီးဟစ်ကျယ် ငြင်းခုန်လျက်ရှိကြစဉ် ‘ဘဘကြီး’ သည် ‘အင်္ဂျရှည်ဗိုလ်ကြီး’ ကို တစ်ချက် ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီးနောက် တစ်စုံတစ်ရာ ပြောလိုက်သည်တွင် ‘အင်္ဂျရှည်ဗိုလ်ကြီး’ ငြိမ်ကျသွားခြင်းကို တွေ့လိုက်ရသဖြင့် မာလာရှာသည် ဝမ်းသာလျက် ရှိလေသည်။ ဗိုလ်ချုပ် ဘင်နစ်ဆန်သည် မျက်နှာကြီးနီရဲကာ အခန်းထဲတွင် ဒေါသတကြီး လမ်းလျှောက်လျက် ရှိ၏။ ဗိုလ်ချုပ် ဘင်နစ်ဆန် ဒေါသထွက်ခြင်းကား အခြားကြောင့် မဟုတ်။ ပြင်သစ် လက်ယာတောင်ပံကို တိုက်ရန် မိမိတို့တပ်များအား လက်ယာတောင်ပံမှ လက်ဝဲတောင်ပံသို့ မည်သည့် အချိန်တွင် တိတ်တဆိတ်ပြောင်းရွှေ့ထားသင့်သည်ဟူသော အဆိုပြုချက်ကို မိမိက စိတ်အားထက်သန်စွာ တင်ပြသည့် စစ်သေနာပတိချုပ်က လေအေးကလေးဖြင့် ခပ်ယဉ်ယဉ် ပယ်ချလိုက်သောကြောင့် ဖြစ်၏။

“သွေးသောက်ကြီးတို့” စစ်သေနာပတိချုပ်က

www.burmeseclassic.com

www.burmeseclassic.com

ဆို၏။

"သွေးသောက် ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်က ကျုပ်တို့၏ တပ်မတော်များကို လက်ယာတောင်ပံမှ လက်ဝဲတောင်ပံသို့ တိတ်တဆိတ်ရွှေ့ပြောင်းကာ ရန်သူ့လက်ဝဲတောင်ပံကိုတိုက်ရန် အဆိုပြုခဲ့သည်။ သွေးသောက်ဗိုလ်ချုပ်ကြီး၏ အဆိုပြုချက်ကို ကျုပ် လက်မခံနိုင်ပြီ။ ရန်သူ၏ အနီးတွင် မိမိတပ်များကို ပြောင်းရွှေ့ခြင်းလောက် အန္တရာယ်များသောအရာ မရှိပြီ။ ဤအချက်ကို စစ်သမိုင်း၊ စစ်အတွေ့အကြုံက သက်သေပြခဲ့ပြီ။ ဥပမာ"

စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် အဖြစ်အပျက်ကို သာဓကဆောင်ရန်အတွက် စဉ်းစားနေဟန် ရှိ၏။ အတန်ကြာမှ ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်ကို စိမ်းစိမ်းကြီး ကြည့်လိုက်ပြီးနောက်

"ဥပမာ၊ ဖရိလင်းတိုက်ပွဲ*ကို ကြည့်လေ။ သွေးသောက်ကြီး ဘင်နစ်ဆန်သည် ထိုတိုက်ပွဲအကြောင်းကို ကောင်းကောင်းကြီး မှတ်မိသည်ဟု ကျုပ် ထင်သည်။ ဖရိလင်းတိုက်ပွဲ၌ ကျုပ်တို့ အရေးနိမ့်ခဲ့ရခြင်းမှာ အခြားကြောင့် မဟုတ်။ ရန်သူ မြင်နိုင်လောက်သောနေရာတွင် ကျုပ်တို့ တပ်မတော်များကို အပြောင်းအရွှေ့ လုပ်ခြင်းကြောင့်ပင် ဖြစ်သည်။ သို့ပြောင်းရွှေ့ခြင်းကြောင့် ကျုပ်တို့ လူပ်ရှားမှုများအား လုံးကို ရန်သူ သိခဲ့သည်။ ရန်သူက ကြိုတင်ပြင်ဆင်မှုပြုကာ လက်ဦးမှု ရယူနိုင်ခဲ့သည်"

ခေတ္တမျှ တိတ်ဆိတ်သွားကြ၏။ သို့ရာတွင် စစ်ဗိုလ်ချုပ်များအဖို့ကား တိတ်ဆိတ်ခြင်းသည် ရှည်လျားလှသည်ဟု ထင်ရသည်။

ခဏကြာလျှင် ထင်မြင်ချက်များကို ဖော်ထုတ်ဆွေးနွေးကြပြန်သည်။ သို့ရာတွင် ယခင်ကလောက် ပြင်းထန်ရှည်လျားခြင်း မရှိတော့ဘဲ မကြာခဏ အဆက်ပြတ်သွားကြ၏။ နောက်ထပ် ပြောစရာမရှိတော့ပြီဟုလည်း ယူဆနေကြဟန် ရှိ၏။

ဤသို့ မကြာမကြာ စကားပြတ်သွားကြစဉ် တစ်ခဏ၌ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် စကားပြောရန် ဟန်ပြင်သကဲ့သို့ သက်ပြင်းကြီးတစ်လုံးကို ချလိုက်၏။ စစ်ဗိုလ်ချုပ်များအားလုံးသည် စစ်သေနာပတိချုပ်ကို လှမ်းကြည့်လိုက်ကြသည်။

"ကဲ၊ သွေးသောက်ကြီးတို့ အိုးကွဲလျှင် အိုးသူကြီးလုပ်သူ ကျုပ်မှာသာ တာဝန်ရှိတော့သည်"

စစ်သေနာပတိချုပ်သည် ဖြည်းညင်းစွာ ထကာ စားပွဲနားသို့ တိုးလာ၏။

"သွေးသောက်ကြီးတို့၊ သွေးသောက်ကြီးတို့၏ ထင်မြင်ချက်အရပ်ရပ်ကို ကျုပ်ကြားနာပြီးပြီ။ သွေးသောက်ကြီးများကား ကျုပ်နှင့် သဘောတူချင်မှ တူကြမည်။ ကျုပ်အနေဖြင့်ကား"

စစ်သေနာပတိချုပ်သည် စကားကို ရပ်ထားလိုက်၏။

"ကျုပ်အနေဖြင့်ကား ဘုန်းတော်ကြီးသောဘုရားနှင့် တကွ နိုင်ငံတော်က အပ်နှင်းထားသော အမိန့်အာဏာကို သုံးစွဲလျက် ဆုတ်ခွာရန် အမိန့်ထုတ်လိုက်ပြီ"

ထို့နောက်၌ကား စစ်ဗိုလ်ချုပ်များသည် အသုဘမှ ပြန်လာသူတို့၏ ညှိုးငယ်တိတ်ဆိတ်ခြင်းမျိုးဖြင့် တစ်ယောက်ပြီး တစ်ယောက် အခန်းထဲမှ ထွက်ခွာသွားကြလေသည်။

အချို့သော ဗိုလ်ချုပ်များကား အစည်းအဝေးတွင် ပြောသကဲ့သို့ ကျယ်လောင်စွာ ပြောဆိုခြင်း မပြုကြတော့ဘဲ လေသံကလေးများဖြင့် စစ်သေနာပတိချုပ်အား တစ်စုံတစ်ရာ ပြောဆိုကျန်ရစ်ခဲ့ကြသည်။

မာလာရှာမှာ ဆာလောင်မွတ်သိပ်လျက် ရှိလေပြီ။ မာလာရှာသည် မီးဖိုထပ်ခိုးပေါ်မှ ကုတ်ကတ်ဆင်းလာခဲ့ပြီးနောက် စကားပြောလျက်ရှိသော ဗိုလ်ချုပ်ကြီးများအား တိုးဝှေ့ကာ အခန်းပြင်သို့ ထွက်လာခဲ့လေသည်။

ဗိုလ်ချုပ်များ ပြန်သွားသည့်နောက်၌ကား စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် စားပွဲပေါ်တွင် တံတောင်နှစ်ဖက် ထောက်ကာ အချိန်အတော်ကြာမျှ ခေါင်းငိုက်စိုက်ချ၍ ထိုင်နေမိသည်။ ၎င်း၏စိတ်၌ကား 'မိမိသည် နပိုလီယန်အား မော်စကိုတွင် အရှုံးပေးခဲ့ရပြီလော။ သို့ဆိုလျှင် မည်သည့်အချိန်က အရှုံးပေးခဲ့ရပြီနည်း။ နပိုလီယန်

* ပရပ်ရှားပြည် ဖရိလင်းတိုက်ပွဲ၌ ရုရှားစစ်တပ်ကို ခေါင်းဆောင်တိုက်ခဲ့သူမှာ ဗိုလ်ချုပ်ဘင်္ဂနစ်ဆန်ဖြစ်၏။ ဗိုလ်ချုပ်ဘင်္ဂနစ်ဆန်သည် ရန်သူနယ်မြေ၏အနီးတွင် တပ်အနေအထားများကို ပြောင်းရွှေ့ခဲ့ရာ ရန်သူကြိုတင် သိသွား၍ လက်ချက်ဦးသွားသဖြင့် တပ်ဖျက်ဆုတ်ခွာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အား အရှုံးပေးခဲ့ရခြင်းသည် မည်သူ့ တာဝန်နည်း' ဟူသော ကြောက်ဖွယ်မေးခွန်းသည် ထပ်တလဲလဲ ပေါ်လျက် ရှိလေသည်။

"သွေးသောက်ကြီး၊ ယခု ကျုပ်တို့ ဒုက္ခတွေ့ကြပြီ။ ဤအဖြစ်မျိုး ရောက်မည်ဟု ကျုပ် မည်သည့်အခါကမျှ မမျှော်လင့်ခဲ့။ ယခု ဒုက္ခတွေ့ကြပြီ"

ထိုနေ့ည၌ တပ်ရေးဗိုလ်တစ်ဦးဖြစ်သူ ဗိုလ်ချုပ် ရှနေဒါ မိမိထံသို့ ရောက်လာသည့်အခါ၌လည်း စစ်သေနာပတိချုပ်သည် ဤသို့ တဖွဖွမြည်တမ်းလျက် ရှိလေသည်။

"ကိုယ်တော်ကြီး ခေါင်းအေးအေး ထားပါ။ ကိုယ်တော်ကြီးအနားယူလိုက်ပါ"ဗိုလ်ချုပ် ရှနေဒါက ဖျောင်းဖျ၏။

"တောက်၊ ရိုင်းလိုက်လေဗျာ။ မနားဘူးဗျ မနားဘူး။ သင်းတို့လဲ တူရကီတွေလို မြင်းသားပုပ်စားပြီးပြေး ရစေ့မယ်။ ကြည့်ပါ။ သင်းတို့လဲ မြင်းသားပုပ်စားပြီး ခွေးပြေး ဝက်ပြေး ပြေးရစေ့မယ်"

စစ်သေနာပတိချုပ်သည် ၎င်း၏ပုတိုသော လက်သီးဆုပ်ဖြင့် စားပွဲကို ထုရင်း အော်လျက်ရှိလေသတည်း။

အခန်း ၅

ထိုအတောအတွင်း၌ကား မော်စကိုမြို့ကြီးကို ပြာပုံအတိဖြစ်အောင် မီးရှို့စွန့်ခွာသွားကြရန် စတင်ဆော်သြခဲ့သူဟု ရာဇဝင်ဆရာများက စာတင်ခဲ့ကြသော မော်စကိုမြို့ဝန် မြို့စားကြီး ရော့စတော့ချင်သည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ အပြုအမူနှင့် လုံးဝဆန့်ကျင် ကွဲလွဲသောအပြုအမူများကို ပြုလုပ်လျက် ရှိလေသည်။

ဘိုရိုဒိနို တိုက်ပွဲပြီးသည့်နောက်၌ ရုရှားစစ်တပ်ကြီးသည် မော်စကိုမှ မရှောင်မလွဲသာ ဆုတ်ခွာပေးရမည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့လေပြီ။ အလားတူပင် မော်စကိုမြို့ကိုလည်း မလွဲမရှောင်သာ မီးရှို့စွန့်ခွာခဲ့ရမည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့လေပြီ။

ဤအချက်ကို ရုရှားလူမျိုးတိုင်း သဘောပေါက်ခဲ့ကြ၏။ သို့ရာတွင် အသိတရားဖြင့် ဆင်ခြင်သုံးသပ်၍ သဘောပေါက်ခြင်းမျိုး မဟုတ်။ ရင်ထဲ၌ဖြစ်ပေါ်လာသော ခံစားချက်ဖြင့် သဘောပေါက်ခဲ့ကြခြင်းသာ ဖြစ်လေသည်။

အမှန်အားဖြင့် မိမိတို့၏မြို့ရွာကို ရန်သူ့လက်သို့ မအပ်ဘဲ မီးရှို့စွန့်ခွာခဲ့သည့်နည်းကို စတင်အသုံးပြုခဲ့သူမှာ (ပညာရှိရာဇဝင်ဆရာများ မိန့်ဆိုသကဲ့သို့) မော်စကို မြို့ဝန် မြို့စားကြီး ရော့စတော့ချင် မဟုတ်ချေ။ စမိုးလင့်နယ်မှအစ နပိုလီယန်၏ခြေဖဝါးအောက်သို့ ရောက်ခဲ့သော နယ်များမှ ရုရှားပြည်သူများသည် မြို့ဝန် ရော့စတော့ချင်၏ညွှန်ကြားချက်တစ်စုံတစ်ရာ မပါဘဲ ၎င်းတို့သဘောဖြင့် ၎င်းတို့၏ မြို့ရွာနယ်ပယ်များကို မီးရှို့စွန့်ခွာခဲ့ကြပြီး ဖြစ်လေသည်။ ရုရှားပြည်သူတို့သည် ရန်သူတို့အလာကို တည်ငြိမ်စွာ စောင့်ဆိုင်းခဲ့ကြသည်။ ရန်းရင်းဆန်ခတ်ဖြစ်ပွားခြင်း၊ တုန်လှုပ်ခြင်း၊ တစ်ဦးကို တစ်ဦး သတ်ဖြတ်လုယက်ခြင်းမရှိဘဲ မိမိတို့၏ကံကြမ္မာကို ရဲရင့်တည်ကြည်စွာ ရင်ဆိုင်ခဲ့ကြသည်။ အကြပ်တည်းဆုံး၊ အခက်ခဲဆုံးသော ထိုကာလ၌ မည်သို့ မည်ပုံ ပြုမူရမည်ကို ခေါင်းအေးအေးဖြင့် စဉ်းစားခဲ့ကြသည်။ ရန်သူတို့အနီးသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် သူ့ဌေး သူကြွယ်၊ ကြေးရတတ်လူတန်းစားများသည် မိမိတို့၏ ဥစ္စာပစ္စည်းတို့ကို စွန့်ခွာထွက်သွားကြ၍ လက်လုပ်လက်စား ဆင်းရဲသားတို့က ထိုကျန်ရစ်သော ပစ္စည်းဟူသမျှကို မီးရှို့ဖျက်ဆီးပစ်ခဲ့ကြလေသည်။

စစ်ပွဲတစ်ပွဲဖြစ်ပွား၍ ဤအခြေအနေမျိုးသို့ ဆိုက်လျှင် ဤသို့ပြုလုပ်ရမည်ဟူသော အသိသည် ရုရှားလူမျိုးတိုင်း၏အသည်းနှလုံးတွင် ယခင်ကလည်း ကိန်းအောင်းလျက် ရှိခဲ့၍၊ ယခုလည်း ကိန်းအောင်းလျက်သာ ရှိလေသည်။ မိမိတို့မြို့ကြီးသည် ရန်သူ့လက်သို့ ကျချေတော့မည်။ ရန်သူ့လက်သို့ကျလျှင် အကောင်းပကတိ အကျမခံပြီ။ ပြာပုံအဖြစ်နှင့်သာ အကျခံတော့မည်ဟူသော စိတ်ဓာတ်သည် ၁၈၁၂ ခုနှစ်က မော်စကိုမြို့သူ မြို့သားတို့၏ အသည်းနှလုံးတွင် ကိန်းအောင်းခဲ့သည်သာ ဖြစ်လေသည်။ ဇူလိုင်လနှင့် သြဂုတ်လဆန်းလောက်တွင် မော်စကိုမှ တဖွဖွ ထွက်ခွာနေသူတို့ကို ကြည့်လျှင် ဤအချက်ကို သိနိုင်သည်။ သယ်ဆောင်နိုင်သမျှ ပစ္စည်းတို့ကို သယ်ဆောင်ပြီးနောက် အိုးအိမ်များနှင့် တကွ ဥစ္စာပစ္စည်းတစ်ဝက်ကျော်ကို စွန့်ပစ်ထွက်ပြေးခဲ့ကြခြင်းမှာ ၎င်းတို့၏ ရင်ထဲတွင် မီးခဲပြာဖုံးဖြစ်နေသော ဇာတိသွေး၊ ဇာတိမာန်စိတ်၊ မျိုးချစ်စိတ်၏ နှိုးဆော်ချက်အရ ပြုလုပ်ခဲ့ကြခြင်းဖြစ်လေသည်။ မည်သူ၏နှိုးဆော်ချက်ကြောင့်မျှ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ချေ။ မျိုးချစ်စိတ်ဆိုသည်မှာ တိုင်းပြည်နှင့် လူမျိုးကို ချစ်ပါသည်ဟု အာပေါင်အာရင်းသန်သန် ပြောဆိုခြင်း၊ သားငယ်မောင်ငယ်များကို စစ်ထဲ သိုးထည့်ခြင်း၊ သဘာဝမဟုတ်သည့် စွန့်စားမှုများဖြင့် 'စတန့်' လုပ်ပြခြင်းစသည့် ကိစ္စများကို ခေါ်ခြင်း မဟုတ်ချေ။ သူ့ကျွန်မခံလိုသော စိတ်ဓာတ်ကို မိမိတို့ပြဿနိုင်သည့်နည်းဖြင့် ပြသသည့် အမှုကိစ္စမှန်သမျှကို ခေါ်ခြင်း ဖြစ်လေသည်။ မော်စကို မြို့သူမြို့သားများသည် မိမိတို့၏ မျိုးချစ်စိတ်ဓာတ်ကို အထက်ပါနည်းဖြင့် ပြသခြင်းမပြုဘဲ အိုးအိမ်များကို မီးရှို့ စွန့်ခွာသွားခြင်းစသည့် လွန်စွာ သဘာဝကျ၍ လွန်စွာ ရှင်းလင်း လွယ်ကူသည့်နည်းဖြင့် ပြသခဲ့ကြလေသည်။ ဤသို့ပြသခဲ့သည့်အလျောက်လည်း လွန်စွာထိရောက်သော အကျိုးသက်ရောက်မှုများ ပေါ်ပေါက်ခဲ့သည်သာ ဖြစ်လေသည်။

'ဘေးအန္တရာယ်ကို ရင်ဆိုင်ခြင်းမပြုဘဲ ထွက်ပြေးခြင်းသည် ရှက်ဖွယ်ကောင်းသည်။ သူရဲဘောနည်းသူများသာ မော်စကိုမှ ထွက်ပြေးကြသည်' ဟု ဂင်းတို့အားတားဆီးပိတ်ပင်သော်လည်း မရချေ။ မော်စကိုမြို့ဝန် မြို့စားကြီး ရော့စတော့ချင်သည် မော်စကိုမြို့သူမြို့သားများအား မြို့မှ ထွက်ခွာခြင်း မပြုရန် တားမြစ်၏။ ထွက်ပြေးခြင်းသည် ရှက်ဖွယ်ကောင်းကြောင်း ကြော်ငြာထုတ်၏။ မြို့သူမြို့သားများ ကိုယ်နှိုက်ကလည်း သူရဲဘောနည်းသူဟု အခေါ်ခံရမည်ကို ရှက်၏။ မြို့ကို စွန့်ခွာထွက်ပြေးရသည့်အဖြစ်ကို ရှက်၏။ သို့သော်လည်း ဂင်းတို့အားလုံးသည် ဤသို့ထွက်မပြေး၍ မဖြစ်ဟု တညီတညွတ်တည်း သဘောပေါက်ကာ ထွက်ပြေးမြို ပြေးကြသည်သာ ဖြစ်လေသည်။ မော်စကိုမြို့သူမြို့သားများသည် မည်သည့်အကြောင်းကြောင့် ထွက်ပြေးကြသနည်း။ နပိုလီယန်သည် ဂင်းသိမ်းပိုက်ထားသော တိုင်းပြည်များ၌ နှိပ်စက်ကလူပြုလျက်ရှိသည်ဟူသော မြို့ဝန်ရော့စတော့ချင်၏ ဝါဒဖြန့်ချက်ကို ယုံကြည်ကာ ကြောက်လန့်၍ ထွက်ပြေးကြခြင်းလော။ မဟုတ်ချေ။ မော်စကိုမြို့မှ ဦးစွာထွက်ပြေးကြသူများမှာ ဥစ္စာပစ္စည်းကုလုံကြွယ်ဝသော ပညာတတ်လူတန်းစားများသာ ဖြစ်ရာ နပိုလီယန်၏ခြေဖဝါးအောက်တွင် ရောက်နေသော ဘာလင်ရွှေမြို့တော်၊ ဗီယင်နာရွှေမြို့တော်တို့၌ ခါတိုင်းကဲ့သို့ သွားမြို၊ လာမြို၊ ရောင်းမြို၊ ဝယ်မြိုဖြင့် ကြော်ပျံမကျစည်ကားလျက်ရှိခြင်းကို ၎င်းတို့ကောင်းစွာသိပြီး ဖြစ်၏။ နပိုလီယန် ခြေဖဝါးအောက်၌ ထိုမြို့သူမြို့သားများသည် (ရုရှားများ၊ အထူးသဖြင့် ရုရှားအမျိုးသမီးများ အထင်ကြီးစွဲလမ်းသည့်) ပြင်သစ်အမျိုးကောင်းသားများနှင့် ဖက်လဲ့တကင်းရင်းနှီးစွာ ဆက်ဆံနေထိုင်လျက် ရှိခြင်းကိုလည်း ၎င်းတို့သိပြီး ဖြစ်၏။

သို့ဖြစ်လျှင် မော်စကိုမြို့သူမြို့သားတို့ မည်သည့်အတွက်ကြောင့် ထွက်ပြေးကြသနည်း။ အဖြေမှာ ရှင်းပါသည်။ မော်စကိုမြို့သူမြို့သားများသည် နပိုလီယန်အုပ်စိုးမှုအောက်၌ ဝလင်စွာနေထိုင်ရမည်လော၊ ချို့ငဲ့စွာနေရမည်လောဟူသော အချက်သည် ပြဿနာမဟုတ်တော့ချေ။ ဂင်းတို့ထွက်ပြေးကြခြင်းမှာ နပိုလီယန်၏ခြေဖဝါးအောက်၌ ကျွန်မခံလိုသောကြောင့်သာ ဖြစ်လေသည်။ ဂင်းတို့အဖို့ နပိုလီယန်၏ခြေဖဝါးအောက်၌ နေရခြင်းလောက် (ရွှေထမင်း၊ ငွေထမင်း စားနေရစေဦးတော့) လောကဌ ရှက်ဖွယ်ကောင်းသောအရာ မရှိတော့ပြီဟု ယူဆသောကြောင့် ဖြစ်လေသည်။ မော်စကိုမြို့သူမြို့သားများသည် ဘိုရိုဒီနိုတိုက်ပွဲ မဖြစ်မီကတည်းက မြို့မှ တသောသော ထွက်ခွာလျက်ရှိကြရာ တိုက်ပွဲပြီး၍ ရုရှားတပ်များ ဆုတ်ခွာလာခဲ့သည့်နောက်၌ကား ဆိုဖွယ်မရှိတော့ချေ။ မော်စကိုမြို့ကို ကာကွယ်ကြဟူ၍ လည်းကောင်း၊ အစ်ဗာရီယန်မယ်တော်၏ အောင်ခြင်းရပ်တုတော်ကို ပင့်၍ မိမိကိုယ်တိုင် မိစ္ဆာပြင်သစ်တို့ကို ခုခံတိုက်ခိုက်မည်ဟူ၍ လည်းကောင်း၊ ပြင်သစ်များကို နှိမ်နင်းရန် မီးပုံးပျံများ ဆောက်လုပ်ပြီးပြီဟူ၍ လည်းကောင်း၊ မော်စကိုမြို့ဝန် ရော့စတော့ချင်က အဓိပ္ပာယ်မရှိသော ကြေညာချက်အမျိုးမျိုးကို ထုတ်လျက်ရှိသော်လည်း အချည်းနှီးသာ ဖြစ်လေသည်။ မော်စကိုမြို့သူမြို့သားတို့၏ အမြင်၌ ရန်သူကို ခုခံတိုက်ခိုက်ရန်မှာ တပ်မတော်၏ တာဝန်ဟု မြင်သည်။ တပ်မတော်က ရန်သူကို မတိုက်နိုင်ခဲ့သော် အမျိုးသမီးများနှင့် မြေကျွန်တို့ကို 'တောင်သုံးလုံး' ရပ်ကွက်သို့ စေလွှတ်၍ နပိုလီယန်ကို ခုခံဖို့ကိစ္စမှာ ဖြစ်နိုင်သောကိစ္စ မဟုတ်။ ထို့ကြောင့် တပ်မတော်က ခုခံတိုက်ခိုက်ခြင်းမပြုနိုင်လျှင် မိမိတို့အဖို့ နောက်ဆုံးနည်းလမ်းမှာ အိုးအိမ်ပစ္စည်းတို့ကို စွန့်ခွာထွက်ပြေးရုံသာ ရှိတော့သည်ဟု ယူဆကြသည်။ ဤသို့ဖြင့် မော်စကိုမြို့သူ မြို့သားများသည် အစာရေစာ

www.burmeseclassic.com

www.burmeseclassic.com

ပေါများကြွယ်ဝသော မိမိတို့မြို့ကြီးကို ဤသို့ စွန့်ပစ်ခဲ့ခြင်း ကြောင့် ကြီးစွာသောအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာမည်ကို စိုးစဉ်းမျှတွေးတောမိခြင်း မရှိကြဘဲ ၎င်းတို့၏ မြို့ကြီးကို စွန့်ပစ်ထွက်ပြေးခဲ့ကြလေသည်။ ထိုအခါ၌ လူသူအပေါင်းတို့ စွန့်ခွာပြီးဖြစ်၍ သစ်သားအဆောက်အအုံတို့ဖြင့်သာပြီးသော မြို့ကြီးသည်လည်း မုချဆတ်ဆတ် မီးလောင်ပျက်စီးရတော့မည်သာ ဖြစ်လေသည်။ ဤသို့ဖြင့် မော်စကိုမြို့သူမြို့သားများသည် ၎င်းတို့၏ အသိ၊ ၎င်းတို့၏ ဆန္ဒ၊ ၎င်းတို့၏ အကြောင်းတရားများနှင့် အညီ မြို့ကြီးကို စွန့်ခွာထွက်ပြေးခဲ့ကြလေသည်။ မည်သူ၏ တိုက်တွန်းနှိုးဆော်ချက်ကြောင့်မျှ မဟုတ်ချေ။ ဤသို့ စွန့်ခွာထွက်ပြေးကြခြင်းကြောင့်လည်း ရုရှားလူမျိုးများအား ထာဝစဉ် ဂုဏ်ရောင်ပြောင်စေမည့် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်ကြီး ပေါ်ပေါက်ခဲ့ခြင်း ဖြစ်လေသည်။ မြို့ဝန် ရော့စတော့ချင်၏ ကြော်ငြာထုတ်၍ ဟန့်တားခြင်း မပြုမီကတည်းက မိမိသည် ဘိုနာပတ်ကျွန်အဖြစ် မခံပြီဟူသော ဝိုးတဝါးအသိဖြင့် မိမိ၏ ကျွန်များ၊ အခြေအရံများနှင့် ဝေးရာ ပိုင်စားနယ်မြေဘက်သို့ ပြောင်းရွှေ့သွားသော လူကုံထံ အမျိုးသမီးကြီးတစ်ယောက်၏ အပြုအမူသည် ၎င်း၏ ကိုယ်ရေးကိုယ်တာ ကိစ္စသက်သက်ကို ဆောင်ရွက်ခြင်းမျှသာဖြစ်သည်ဟု ထင်စရာရှိသော်လည်း တကယ်၌ကား ရုရှားနိုင်ငံကြီးအား ရန်သူ့လက်မှ ကယ်တင်ရေးတည်းဟူသော လုပ်ငန်းကြီးကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ခြင်းမည်ပေသည်။ သို့ရာတွင် ထိုအချိန်၌ (ရာဇဝင်ပညာရှိတို့ အမှန်းတင်ခဲ့ကြသော) မြို့ဝန် ရော့စတော့ချင်သည် မည်သို့ပြုမူနေသည် ထင်ကြသနည်း။ မော်စကို မြို့သူမြို့သားများအား မြို့မှ မပြောင်းရွှေ့ရဟု အမိန့်ထုတ်လျက် ရှိသော်လည်း အစိုးရရုံးများကိုကား ကသုတ်ကရက်ပြောင်းရွှေ့လျက် ရှိသည်။ နပိုလီယန်အား ခုခံတိုက်ခိုက်မည်ဟု ပြောလျက်ရှိသော်လည်း အရက်မူးလျက်ရှိသော လူရမ်းကားများအား မီးကျိုးမောင်းပျက် သေနတ်များကို ထုတ်ပေးလျက် ရှိသည်။ အောင်ခြင်းဆင်းတုတော်များကို မြို့တွင်းသို့ လှည့်လည်ပင့်ဆောင်ကာ 'ဘုရားကု' ကုလျက် ရှိသော်လည်း မော်စကို ဂိုဏ်းချုပ် ဘုန်းတော်ကြီး ဩဂတ်စတင်းက ဓာတ်မွေသရီများနှင့် ဆင်းတုတော်များကို ပြောင်းရွှေ့ပင့်ဆောင်ရန် စီစဉ်နေခြင်းကို ပိတ်ပင်လျက် ရှိသည်။ မော်စကို မြို့တွင်းသို့ ဝင်လာသောလှည်းမှန်သမျှကို ဆီး၍သိမ်းကာ လှည်းအစီးပေါင်း တစ်ရာသုံးဆယ့်ခြောက်စီးဖြင့် လက်ပစ်၏ မီးပုံးပျံကြီးကို သယ်ဆောင်ရန် စီစဉ်လျက် ရှိသည်။ မိမိ၏ စံအိမ်အား မိမိကိုယ်တိုင် မီးတင်ရှို့ခဲ့ပုံကို ပြောပြကာ မော်စကိုမြို့ကြီးကိုလည်း မီးတင်ရှို့မည်ဟု ကြုံးဝါးလျက် ရှိသည်။ မော်စကိုမြို့၌ မိဘမဲ့ဂေဟာကို ဖျက်ဆီးပစ်ရကောင်းလောဟု ပြင်သစ်အာဏာပိုင်များအား ပြင်းထန်စွာ ပြစ်တင်ကန့်ကွက်သော ကြေညာစာတမ်းကြီးတစ်စောင်ကို ရေးလျက် ရှိသည်။ မော်စကိုမြို့ကြီးကို မီးတင်ရှို့မည်ဟု ကြေညာခြင်းအတွက် အသားယူကာ ခဏကြာလျှင် မီးတင်ရှို့မည် မဟုတ်ဟု ရှင်းလင်းချက် ထုတ်လျက် ရှိသည်။ မြို့တွင်းရှိ သူလျှိုဟုထင်ရသူ အားလုံးကို ဖမ်းဆီးရန် အမိန့်ပေးပြီးနောက် ဖမ်းဆီးလာသောအခါ ဤသို့ ဖမ်းဆီးရကောင်းလောဟု ကြိမ်းမောင်းလျက် ရှိသည်။ မော်စကိုမြို့တွင် ပြင်သစ်အမျိုးသားမှန်သမျှ နေထိုင်ခွင့် မပြု၊ နှင်ထုတ်ပြီးနောက် မဒမ်သြဘတ်ရှယ်လမေ အမည်ရှိ ပြင်သစ်အမျိုးသမီးကြီး (၎င်းမှာ မော်စကိုတွင် နေထိုင်သည့် ပြင်သစ်လူမျိုးများအပေါ်တွင် သြဇာညောင်းသူ ဖြစ်သည်။) ကိုမူ နေထိုင်ခွင့်ပြုလျက် ရှိသည်။ မော်စကိုတစ်မြို့လုံးကလေးစားသော စာတိုက်တော်မှူး ကလူချာရေ့ကို ဖမ်းဆီးပြီးကြီးကြီးကျယ်ကျယ် အပြစ်မရှိဘဲ ပြည်နှင်ဒဏ်ပေးလျက် ရှိသည်။ ပြင်သစ်တို့ကို တိုက်ရန်ဟူသောအကြောင်းပြချက်ဖြင့် မြို့သူမြို့သားများအား စာကလေးတောင်ကုန်းတွင် စုဝေးစေပြီးနောက် မည်မည်ရရစီမံခန့်ခွဲခြင်း မပြုတတ်သောအခါ သွေးဆူနေသော လူအုပ်ကြီးလက်သို့ လူတစ်ယောက်ကို အပ်၍ စတေးခဲ့ပြီး နောက်ဖေး မြို့တံခါးမှ ထွက်၍ ရှောင်ပုန်းလျက် ရှိသည်။ ဤသို့ဖြင့် မြို့ဝန် ရော့စတော့ချင်သည် သွေးရူးသွေးတန်းဖြစ်လျက် ရှိလေသည်။ စင်စစ်၌ မြို့ဝန် ရော့စတော့ချင်သည် လူအများ၏ ရှေ့၌ 'လူစွမ်းကောင်း' ကြီးအဖြစ် အထင်ရောက်အောင်၊ လူများက သူ့ကို 'အာဇာနည်' ဟူ၍ အထင်ကြီးအောင် ဟန်ရေးပြလိုခြင်းမှ အပ၊ ဖြစ်ပျက်လျက်ရှိသောအခြေအနေကို နကန်းတစ်လုံးမျှ နားမလည်ခဲ့ချေ။ မော်စကို မြို့သူမြို့သားများသည် ၎င်းက အမိန့်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ မော်စကိုမြို့ကြီးကို မီးရှို့စွန့်ခွာသွားကြတော့

www.burmeseclassic.com

www.burmeseclassic.com

မည်သာဖြစ်ရာ မြို့ဝန် ရောစတော့ချင်သည် ကလေးငယ်တစ်ဦးသဖွယ် ထိုရှောင်လွှဲခြင်းဌာ မစွမ်းသောအဖြစ်အပျက်ကြီးနှင့် မြူးထူးကစားနေခြင်းသာ ဖြစ်လေသည်။ အချုပ်၌ကား မြို့ဝန် ရောစတော့ချင်သည် မော်စကိုမြို့ကို မီးရှို့ စွန့်ခွာရေးဟူသော ပြည်သူလူထုလှုပ်ရှားမှု ရေစီးကြောင်းကြီးထဲတွင် မျောပါနေသူ တစ်ဦးသာ ဖြစ်လျက် ၎င်း၏ သေးငယ်ချည့်နဲသော လက်ကလေးတစ်ဖက်ဖြင့် ၎င်းအား သယ်ဆောင်သွားမည့် အဟုန်ပြင်းလှသော ရေစီးကြောင်းကြီးကို တွန်းဟန်ပြုချည်၊ ဟန့်တားဟန်ပြုချည်ဖြင့် ကစားမြူးထူးနေခြင်းမျှသာ ဖြစ်လေသတည်း။

အခန်း ၆

ဟယ်လင်မင်းသမီးသည် ရွှေနန်းတော်သူများနှင့် အတူ ရွှေနန်းရှင်ဘုရား ကြွချီတော်မူရာ ဝီလနာမြို့သို့ လိုက်ပါသွားခဲ့ပြီးနောက် ပီတာစဘတ်ရွှေမြို့တော်ကို ပြန်ရောက်သောအခါ ကိုယ်ရေးကိုယ်တာပြဿနာတစ်ခုကို ကြုံတွေ့လျက် ရှိသည်။

ပီတာစဘတ် ရွှေမြို့တော်၌ ဟယ်လင်မင်းသမီးသည် ရုရှားနိုင်ငံတော်ကြီးတွင် အမြင့်မားဆုံးသော ရာထူးကြီးတစ်ခုကို ပိုင်ဆိုင်သည့် မှူးမတ်ကြီးတစ်ဦး၏ အထူးအရေးပေးခြင်းကို ခံရလျက် ရှိ၏။ ဝီလနာမြို့တွင် ရှိစဉ်ကလည်း နိုင်ငံခြားမင်းပျိုမင်းလွင်တစ်ဦးနှင့် ရည်ငံခဲ့လေသည်။ ပီတာစဘတ်မြို့တော်သို့ ပြန်ရောက်လာသောအခါ၌ကား ပြိုင်ဘက်နှစ်ဦးစလုံးပင် ပီတာစဘတ်သို့ ရောက်ရှိနေကြ၏။ ၎င်းတို့နှစ်ဦးစလုံးသည် ဟယ်လင်မင်းသမီးအား လက်ထပ်ခွင့်တောင်းလျက် ရှိကြ၏။ ဤတွင် ဟယ်လင်မင်းသမီးအဖို့ ပြဿနာသစ်တစ်ရပ် ပေါ်လာလေသည်။ ထိုပြဿနာသစ်ကား အခြားမဟုတ်။ ၎င်းတို့နှစ်ယောက်စလုံးနှင့် မည်သို့ စခန်းသွားရမည်နည်းဟူသော ပြဿနာဖြစ်လေသည်။

မျောက်မထားခြင်း၊ ပို၍တိကျစွာဆိုလျှင် လင်ကြီးငုတ်တုတ်ရှိလျက် တစ်ပြိုင်နက်တည်း လင်ငယ်နှစ်ယောက်ထားခြင်းအလုပ်သည် အခြားမိန်းမတစ်ယောက်အဖို့ ခက်ခဲသောအလုပ်တစ်ခု ဖြစ်ရုံမျှမက စိတ်ကူးမထည့်ရဲသော ကိစ္စမျိုး ဖြစ်၏။ သို့ရာတွင် ဟယ်လင်မင်းသမီးကလေးအဖို့ကား ထိုကိစ္စမျိုးသည် ထမင်းစားရေသောက်ကိစ္စတစ်ခုသဖွယ် အနည်းမျှပင် ဝန်လေးတွန့်ဆုတ်ခြင်း မရှိ အခက်အခဲ မရှိ ပြုလုပ်နိုင်သောကိစ္စမျိုးဖြစ်ရာ များစွာပါးနပ်လိမ္မာသော မိန်းမတစ်ဦးဖြစ်သည်ဟု ကျော်ကြား မည်ဆိုကလည်း ကျော်ကြားထိုက်ပါပေသည်။ ဤကိစ္စမျိုးဌ ဖုံးကွယ်ရန် ကြိုးစားခြင်း၊ အကျပ်အတည်းတွေ့လာလျှင် စဉ်းလဲဉာဏ်ဖြင့် နောက်ဆုတ်ခြင်း စသော အပြုအမူများသည် ကိုယ့်အပြစ်ကိုယ်ဝန်ခံရာ ရောက်သော အပြုအမူမျိုးဖြစ်၍ ဣန္ဒြေမပျက် နေထိုင်ခြင်း၊ မိမိလော်လီဖောက်ပြားလို၍မဟုတ်ဘဲ အခြားသူများ၏ ပယောဂကြောင့် ဖြစ်ပန်ဆောင်ခြင်းစသည့် နည်းလမ်းများသာလျှင် မိမိ၏ဂုဏ်သိက္ခာကို ကယ်တင်နိုင်သည့်နည်းလမ်းများ ဖြစ်ကြောင်းကို ဟယ်လင်မင်းသမီး ကောင်းစွာသိ၏။ ထို့ကြောင့် ဟယ်လင်မင်းသမီးသည် သူတစ်ပါး ပယောဂကြောင့် ဤအဖြစ်မျိုး ရောက်ရသည့် ဟန်ဆောင်ထားလိုက်သည်။ စိတ်ထဲကလည်း တကယ်ရိုးသားစွာ ယုံကြည်လျက် ရှိပါသည်။ ထင်ရှားကြီးကျယ်သည့် ပုဂ္ဂိုလ်တို့မည်သည် ၎င်းတို့နှစ်သက်လျှင် မည်သည့်အရာကိုမဆို ရဲဝံ့စွာလုပ်လေ့ရှိသည်ဟု ဆိုကြရာ ထိုအတိုင်း မှန်လျှင် ဟယ်လင်မင်းသမီးမှာ ဤတစ်ချက်တည်းဖြင့်ပင် ထင်ရှားကြီးကျယ်သည့် ပုဂ္ဂိုလ်များစာရင်းတွင် ထည့်သွင်းလောက်ပါပြီ။

တစ်နေ့သ၌ ဟယ်လင်မင်းသမီးနှင့် ၎င်းအား ရည်ငံလျက်ရှိသော နိုင်ငံခြားမင်းသားပျိုတို့ တွေ့ကြ၏။ မင်းသားပျိုက မှူးကြီးမတ်ကြီးနှင့် အဆက်ဖြတ်ရန် တောင်းဆိုခြင်း ပြုသည်။ ဟယ်လင်မင်းသမီးသည် လှပသောခေါင်းကို ဆတ်ခနဲမော့လိုက်ပြီးနောက် တင်းမာပြတ်သားသောလေသံဖြင့်

"ကြည့်စမ်း၊ ပြောရက်လိုက်တာ။ မောင်တို့ယောကျ်ားများဟာ တယ်လို့လဲ ရက်စက်ကြ၊ တယ်လို့လဲ ကိုယ်ကျိုးကြည့်တတ်ကြတာပဲနော်။ မိန်းမတစ်ယောက်ဟာ မောင့်အတွက် အစစအရာရာကို စွန့်လွှတ်ခဲ့ရတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲ ကိုယ်ကျိုးစွန့်ခဲ့ရ စွန့်ခဲ့ရ၊ နောက်ဆုံးတော့ အသည်းခွဲ ခံခဲ့ရတယ်။ အသည်းကွဲခဲ့ရတယ်။ မိန်းမတစ်ယောက်အဖို့ ချစ်သူအတွက် စွန့်လွှတ်ရခြင်းကြောင့်ရတဲ့ဆုလာဒ်ဟာ အဲသည်းကွဲခြင်းပဲလို့ အောက်မေ့လိုက်ပါတယ် မောင်။ နေစမ်းပါဦး မောင်။ မောင်က

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူ့ကို မိတ်ဆွေအဖြစ် ပေါင်းသင်းဆက်ဆံရမယ်၊ ဘယ်သူ့ကို ချစ်ရမယ်လို့တောင်းဆိုရအောင် မောင့်မှာ ဘာအခွင့်အရေးများ ရှိလို့လဲ။ တကယ်တော့ သူနဲ့ ဟယ်လင်ထိပ်ထားတို့ရဲ့ခင်မင်မှုဟာ ဦးရီးတော်တစ်ဦးနဲ့ တူမတော်တစ်ဦး၊ ခမည်းတော်နဲ့ သမီးတော်တစ်ဦးတို့ရဲ့ခင်မင်မှုထက် မပိုပါဘူး"

မင်းသားပျိုက တစ်စုံတစ်ရာပြောရန် ပြင်လိုက်၏။ သို့ရာတွင် ဟယ်လင်မင်းသမီးက ပြောခွင့်မပေးဘဲ ဆက်ပြောလိုက်၏။

"မှန်ပါတယ်။ သူ့အနေနဲ့ ဟယ်လင်ထိပ်ထားအပေါ်မှာ သည်ထက်သည်လွန်ကဲတဲ့ စေတနာမျိုးရှိတယ်ပဲ ထားပါဦး။ ဒီလိုရှိရဲ့နဲ့ ထိပ်ထားက သူ့ကို တခါးပိတ်လိုက်ပြီး ပြတ်ပြတ်တောင်းတောင်းကြီး ဆက်ဆံရတော့မှာတဲ့လား။ ထိပ်ထားဟာ ယောကျ်ားတစ်ယောက်မဟုတ်ဘူးမောင်။ မိန်းမသားတစ်ယောက်ဆိုတာကိုလဲ သတိရပါဦး။ ယောကျ်ားတစ်ယောက်ဟာ သနားကရုဏာကို ရက်စက်မှုနဲ့ တုံ့ပြန်တတ်ကြပေမယ့် မိန်းမသားတွေကတော့ ဒီလိုမတုံ့ပြန်နိုင်ဘူး။ ထိပ်ထားရဲ့စေတနာဟာ ဘယ်လောက်ဖြူစင်တယ်၊ သန့်ရှင်းတယ်ဆိုတာ ဘုရားသခင်နဲ့ ထိပ်ထားလိပ်ပြာက သိပါတယ်"

ဟယ်လင်မင်းသမီးသည် လှပမိုမောက်သော ရင်အုံတွင် လက်တင်ကာ ကောင်းကင်ကို မော့ကြည့်လိုက်၏။

"မောင်ဆိုလိုချင်တဲ့သဘောက ဒီလိုပါ ထိပ်ထား။ နားထောင်ပါဦး"

"မောင် ထိပ်ထားကို တကယ်ချစ်တယ်ဆိုရင် သတ္တိရှိရှိနဲ့ လက်ထပ်ပါ။ ထိပ်ထား ကျွန်မတစ်ယောက်လို နေပြပါ့မယ်"

"အို မဖြစ်နိုင်တာ ထိပ်ထားရယ်"

"ဘာလဲ၊ ထိပ်ထားကို မသတီဘူးဆိုပါတော့" ဟယ်လင်မင်းသမီးက တဟင့်ဟင့်ငိုရှိုက်၍ ပြောလိုက်သည်။

မင်းသားပျိုသည် ဟယ်လင်မင်းသမီးကို ချော့မော့နှစ်သိမ့်ခြင်း ပြု၏။ သို့ရာတွင် ဟယ်လင်မင်းသမီးသည် လွန်စွာဝမ်းနည်းပူဆွေးလျက် ရှိဟန်ဖြင့် မျက်ရည်တွေတွေစီးကျလျက်ရှိရာက မိမိနှင့်မင်းသားပျိုတို့အကြား၌ မည်မျှကြီးမားသောတံတိုင်းကြီး ကာရံထားစေ တားဆီး၍ရတော့မည် မဟုတ်ကြောင်း၊ ယခုကဲ့သို့ ကာမပိုင်ရှိလျက်လည်း လက်ထပ်ကြသောအစဉ်အလာ ရှိခဲ့ဖူးကြောင်း၊ (ထိုခေတ်က ကာမပိုင်ကို ကွာရှင်းပြီး အိမ်ထောင်သစ်ထူသောကိစ္စမျိုးမှာ အရေအတွက်အားဖြင့် မများလှချေ။ သို့ရာတွင် ဟယ်လင်မင်းသမီးကလေးကမူ နပိုလီယန်၏ အိမ်ထောင်ရေးနှင့် အခြားထင်ရှားသော ပုဂ္ဂိုလ်ကြီးများ၏ အိမ်ထောင်ရေးကိစ္စများကို ဥပမာထား၍ ပြောဆိုသွားသည်။) မိမိသည် ပီယာနှင့် အကြောင်းဆက် ပေါင်းဖက်ခဲ့ရသော်လည်း အိမ်ထောင်ရေးသုခကို နည်းနည်းမျှ မရရှိခဲ့ကြောင်း၊ အမှန်အားဖြင့် မိမိဘက်က အစစအရာဆုံးရှုံးခဲ့ရခြင်း ဖြစ်ကြောင်းဖြင့် ပြောပြ၏။

"တရားဥပဒေနဲ့ ဘာသာရေးကလဲ ရှိသေးတယ် ထိပ်ထား" မင်းသားပျိုက ပြောလိုက်၏။

"ဒီမှာ မောင်။ တရားဥပဒေနဲ့ ဘာသာရေးဆိုတာတွေဟာ လူက လုပ်တဲ့အရာတွေပါ။ လူက လုပ်တဲ့အရာတွေကို ဒီပြဿနာမျိုးမှာ အသုံးမချနိုင်ရင် ဒီအရာတွေဟာ ဘာအသုံးကျဦးမှာတဲ့လဲ"

မင်းသားပျိုသည် ဤမျှလွယ်ကူရှင်းလင်းလှသော အဖြေတစ်ရပ်ကို ရဲရဲဝံ့ဝံ့ မစဉ်းစားခဲ့မိသည့်အလျောက် ဟယ်လင်မင်းသမီး၏ ရှင်းရှင်းပြတ်ပြတ်ရှိလှသော စကားကိုကြားလိုက်ရသောအခါ များစွာအံ့အားသင့်လျက် ရှိ၏။ ထို့နောက်၌ မင်းသားပျိုသည် ထိုကိစ္စနှင့် ပတ်သက်၍ ယေရှုသခင်အသင်းတော်သို့ အကြောင်းလိုက်လေသည်။

ရက်များမကြာမီ 'ကျောက်ကျွန်း' ရှိ ကျေးလက်စံအိမ်တွင် ကျင်းပသော ဟယ်လင်မင်းသမီး၏ ဧည့်ခံပွဲသဘင်သို့ ယေရှုသခင်အသင်းတော်ဝင် ဒီ၊ ဂျိုဘေးဆိုသူ ပြင်သစ်လူမျိုးတစ်ဦး ရောက်ရှိလာလေသည်။ ဒီ၊ဂျိုဘေးမှာ အသက်အတန်ငယ်ကြီးပြီဖြစ်၍ နှင်းပွင့်ကဲ့သို့ ဆွတ်ဆွတ်ဖြူသောဆံပင်၊ တောက်ပနက်မှောင်သော မျက်လုံးတို့ဖြင့် စင်ကြယ်သန့်ရှင်းသော ဥပမိရုပ်ရှိ၏။ ဧည့်ခံပွဲကျင်းပရာ ဥယျာဉ်ထဲ၌ မီးရောင်တို့သည် ဝင်းထိန်တောက်ပလျက်ရှိ၍ ဂီတသံကလည်း ငြိမ့်ညောင်းစွာ ပေါ်ထွက်လျက် ရှိသည်။ ဒီ၊ဂျိုဘေးသည် ဟယ်လင်မင်းသမီးအား ဘုရားသခင်၏ မေတ္တာတော်၊ ခရစ်တော်၏ မေတ္တာတော်၊ မယ်တော်မာရီ၏ မေတ္တာတော်နှင့် တကွ ဗရင်ဂျီသာသနာတော်ကို ဆည်းကပ် ကိုးကွယ်ရခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com

လောကီ လောကုတ္တရာနှစ်ဖြာစလုံးဌ်အကျိုးများပုံကို ပြောဆိုကာ ဗရင်ဂျီဘာသာသို့ဝင်ရန် ပြောကြားလေသည်။ ဟယ်လင်မင်းသမီးမှာ ဗရင်ဂျီဘာသာ၏ နူးညံ့သိမ်မွေ့ပုံကို ပီတိဖြစ်ကာ မျက်ရည်များပင် ဝဲလာလေသည်။ ထို အခိုက် ဟယ်လင်မင်းသမီးနှင့် တွဲကရန် လာရောက်ဖိတ်ကြားခြင်း ပြုသဖြင့် နှစ်ယောက်သား စကားပြတ်သွားကြလေသည်။ သို့ရာတွင် နောက်တစ်နေ့နံနက်၌ ဒီဂျီဘော်သည် ဟယ်လင်မင်းသမီး၏ စံအိမ်တော်သို့ လာရောက်ကာ တစ်ယောက်ချင်း တွေ့ဆုံပြန်သည်။ ထိုနောက်၌ကား ဒီ၊ဂျီဘော်သည် ဟယ်လင်မင်းသမီး၏ စံအိမ်တော်သို့ မကြာခဏ ရောက်လာတတ်လေသည်။

တစ်နေ့၌ ဒီ၊ဂျီဘော်သည် ဟယ်လင်မင်းသမီးအား ဗရင်ဂျီသုခမှာဇရပ်တစ်ဆောင်သို့ ခေါ်သွားကာ ပလ္လင်တစ်ဆူ၏ ရှေ့တွင် ဒူးထောက်ထိုင်စေ၍ ခေါင်းကို လက်ဖြင့် ပွတ်သပ်ပေးလေသည်။ ဤသို့ ဒီ၊ ဂျီဘော်က မိမိခေါင်းကို လက်ဖြင့် ပွတ်သပ်ပေးခြင်းကို ခံရသည်မှာ မိမိ၏ဝိညာဉ်တွင်းသို့ လတ်ဆတ်သန့်ရှင်းသောလေကို မှုတ်သွင်းပေးလိုက်သကဲ့သို့ ကြည်နူးခြင်း ဖြစ်စေသည်ဟု နောင်သောအခါတွင် ဟယ်လင်မင်းသမီးက ပြောပြ၏။ ဒီ၊ ဂျီဘော်ကမူ ဤသို့ ပြုလုပ်ခြင်းသည် ဗရင်ဂျီဘာသာသို့ ကူးပြောင်းသည့်အတွက် ကျေးဇူးတင်သည့် အထိမ်းအမှတ်ဖြစ်သည်ဟု ဟယ်လင်မင်းသမီးကို ပြောပြလေသည်။

ခဏကြာလျှင် ရှည်လျားသော ဝတ်ရုံကြီးကို ဝတ်ဆင်ထားသည့် ခင်ကြီးတစ်ပါးကို ပင့်လာလေသည်။ ဟယ်လင်မင်းသမီးသည် ခင်ကြီး၏ ရှေ့၌ မိမိ၏အပြစ်ကို ထုတ်ဖော်ဝန်ခံ၍ သီလဆေးခြင်းပြုရာ ခင်ကြီးက ဟယ်လင်မင်းသမီး၏အပြစ်များကို ခွင့်လွှတ်လိုက်၏။ နောက်တစ်နေ့တွင် ခရစ်တော်၏လက်ဝါးကပ်တိုင်ပါသော သေတ္တာကလေးတစ်လုံး ဟယ်လင်မင်းသမီးထံ ရောက်ရှိလာပြီး မကြာမီမှာပင် ဟယ်လင်မင်းသမီးအား ဗရင်ဂျီဘာသာဝင်အဖြစ် လက်ခံလိုက်ပြီဖြစ်ကြောင်း၊ ရက်အနည်းငယ်အတွင်း ပုတ်ရဟန်းမင်းကြီးက ဟယ်လင်မင်းသမီးအား တွေ့ဆုံဖူးမြော်ခွင့်ပေးမည် ဖြစ်ကြောင်း၊ ထို့ပြင် ဗရင်ဂျီဘာသာဝင်တစ်ယောက်အဖြစ် အသိအမှတ်ပြုသော စာတမ်းတစ်စောင်ကိုလည်း ပေးအပ်မည် ဖြစ်ကြောင်းဖြင့် သိရလေသည်။

ဤသို့ ဗရင်ဂျီဘာသာသို့ ကူးပြောင်းရန် ပြင်ဆင်ခြင်း၊ ပီတာစဘတ်ရွှေမြို့တော်ရှိ အထက်တန်းလွှာမှ ပုဂ္ဂိုလ်များက မိမိ၏ခြေလှမ်းကို စောင့်ကြည့်နေကြခြင်း၊ ၎င်းတို့ကပင် မိမိ၏အပြုအမူများကို များစွာသိမ်မွေ့ယဉ်ကျေးလှသော စကားလုံးများဖြင့် ချီးမွမ်းပြောဆိုလျက်ရှိခြင်း၊ ဗရင်ဂျီဘာသာဝင်တစ်ဦးအနေဖြင့် လူသစ်ဖြစ်ကာ ချိုးငှက်ငယ်၏ ဖြူစင်ခြင်းမျိုးရှိသည်ဟု ထင်မှတ်လျက် ရှိခြင်းကြောင့် (ထိုအတွင်း၌ ဟယ်လင်မင်းသမီးသည် အဖြူရောင်ဝတ်စုံများနှင့် အဖြူရောင် ဖဲကြိုးများကိုသာ အသုံးပြုသည်။) ဟယ်လင်မင်းသမီးကလေးသည် ကြည်နူးလန်းဆတ်လျက် ရှိ၏။ သို့သော်လည်း ဟယ်လင်မင်းသမီးသည် ပီယာနှင့် ကွာရှင်းရန် ရည်ရွယ်ချက်ကိုကား မေ့လျော့ခြင်း မရှိချေ။ တစ်ဦးနှင့် တစ်ဦး စဉ်းလဲခြင်းပြိုင်ကြရာ၌ ထုံထိုင်းဉာဏ်နည်းသူက အနပ်လွန်သူကို နိုင်မြဲထုံးစံဖြစ်သည့်အတိုင်း ဤတစ်ချီ၌ မိမိသည် 'လူပါးပုလင်းထိသည်' ကိန်းမျိုးကို ကြုံရချေပြီဟု ဟယ်လင်မင်းသမီး ယူဆလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် ဗရင်ဂျီဘာသာသို့ မိမိအားဝင်ခွင့်ပြုလိုက်ခြင်းသည် ဗရင်ဂျီသာသနာပိုင်များက ချမ်းသာကြွယ်ဝသော သူဌေးကတော်တစ်ဦးဖြစ်သူ မိမိထံမှ ဗရင်ဂျီသာသနာရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ပေးပါမည့်အကြောင်း အလှူခံရန်ပြုလုပ်လိုက်သော အစီအမံဖြစ်သောကြောင့် ပေတည်း။ သို့ရာတွင် ဟယ်လင်မင်းသမီးကလည်း အရှုံးမခံချေ။ အလှူငွေများ ထည့်ဝင်ခြင်း မပြုမီ မိမိတို့ လင်မယားကွာရှင်းရေးကိစ္စကို ပြီးပြတ်အောင် ဆောင်ရွက်ပေးစေလိုသည်ဟု ဗရင်ဂျီသာသနာပိုင်များကို တိုက်တွန်းလျက် ရှိသည်။ ဘာသာတရားဟူသည် လူတို့၏အလိုဆန္ဒဟူသမျှကို ဖြည့်တင်းရာ၌ မှန်ကန်လျောက်ပတ်စွာ ဖြည့်တင်းနိုင်အောင် သွန်သင်ညွှန်ကြားသော အဆုံးအမမျှသာ ဖြစ်သည်ဟု ဟယ်လင်မင်းသမီးကလေး ယူဆသည်။ ဤသို့ယူဆသည့်အလျောက် တစ်နေ့တွင် မိမိအား သီလဆေးပေးသူ ခင်ကြီးနှင့် တွေ့ဆုံသည်၌ ဤသို့ ကာမဝိုင်ယောဂျဉ်းရှိလျက်နှင့် ဖောက်ပြားခြင်းအတွက် ဘာသာရေးအရ မည်မျှအပြစ်ရှိသည် မရှိသည်ကို သိလိုကြောင်းဖြင့် လျှောက်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ခင်ကြီးနှင့် ဟယ်လင်မင်းသမီးသည် စံအိမ်တော်ရှိ ဧည့်ခန်းဆောင်ပြတင်းဝအနီး ဆည်းဆာနေရောင် အောက်တွင် ထိုင်နေကြ၏။ ပန်းရန့်သည် ပြတင်းဝမှ ဝင်ရောက်လာသည်။ ဟယ်လင်မင်းသမီးသည် ဖြူဖွေး အိစက်၍ မိုမောက်သောရင်အုံနှင့် ဝင်းလက်ချောမွေ့သော ပခုံးသားများကို ဖောက်ထွင်း၍ မြင်ရလုမတတ် ပါးလွှာသည့်အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ ခင်ကြီးကား ဝဝဖိုင်းဖိုင်း။ စင်ကြယ်ချောမွေ့စွာ ရိတ်သင်ထားသော မေး၊ ကြွခိုင်သည့်ပါးစပ်ဖြင့် ခန့်ညားသောဥပဓိရုပ်ကို ဆောင်လျက် ရှိ၏။ ခင်ကြီးသည် ဖြူဖွေးသောလက်နှစ်ဖက်ကို ဒူးပေါ်တွင်တင်ထားပြီး အနီးတွင် ထိုင်လျက်ရှိသော ဟယ်လင်မင်းသမီး၏အလှကို တစိမ့်စိမ့်ကြည့်ရင်း ဟယ်လင်မင်းသမီး၏အမေးကို ဖြေ၏။ ဟယ်လင်မင်းသမီးသည် မချိပြုံး ပြုံးရာက ခင်ကြီး၏လှိုင်းထလျက်ရှိသော ဆံပင်များနှင့် စင်ကြယ်စွာရိတ်ထားသောမေးကိုကြည့်ကာ စကားစပြတ်ပါစေဟု ဆုတောင်းလျက်ရှိသည်။ သို့ရာတွင် ခင်ကြီးသည် ဟယ်လင်မင်းသမီး၏အလှကို ရှုစားရင်း တရားဦးဟောလျက် ရှိပေသတည်း။

"အိမ်၊ ဃရာဝါသတည်းဟူသော အိမ်ထောင်သားမွေးခြင်းကိစ္စ၌ တရားတော်၏အကျိုးသက်ဝင်ပုံကို ယုံကြည်ခြင်းမရှိဘဲ ထိုဃရာဝါသအမှုကို ပြုခြင်းသည် ဒုစရိုက်မည်၏လို့ တရားတော်က ဆိုတယ် ဒကာမလေးရဲ့။ ဒီတော့ ဒကာမလေးနဲ့ ခင်ပွန်းမြို့စားလေးတို့ နဖူးစာဆုံကြပုံကို တရားတော်အလိုနဲ့ ကြည့်ရင် ဒကာမလေးရဲ့ ခင်ပွန်းမြို့စားလေး ပီယာဟာ အယူလွဲသူဖြစ်တယ်။ ဃရာဝါသအမှုကို ပြုခြင်း၌ တရားတော်ရဲ့အကျိုးသက်ဝင်ပုံကို မယုံကြည်သူ ဖြစ်တယ်။ ဒါ့ကြောင့် မြို့စားလေးခမျာတော့ မကျိုးလွန်အပ်သောက်ကို ကျိုးလွန်မိရှာပြီ။ ကံကြီးထိုက်ရှာပေတော့မှာပဲ။ ဒါပေမဲ့ ဒကာမကလေးကတော့ အယူလွဲသူ တစ်ယောက်နဲ့ ပေါင်းဖော်ခြင်းအားဖြင့် မည်သို့အပြစ်ရောက်မည်ဆိုတာကို မသိလို့ ပေါင်းဖော်ခဲ့မိခြင်း ဖြစ်တဲ့အတွက် အပြစ်မရောက်နိုင်ပေဘူးလို့ ယူဆရလိမ့်မယ်။ ဒါကြောင့် ဒကာမလေးတို့နှစ်ဦးရဲ့ လက်ထပ်ထိမ်းမြားခြင်းဟာ အယူဝါဒချင်း စုံညီတဲ့ နှစ်ပါးစုံထိမ်းမြားခြင်းအရာ မရောက်ပေဘူးဗျ။ သို့သော် ဘယ်လိုပဲဖြစ်စေ ကျွန်တော် ကျွန်မတို့သည် တစ်ဦးကို တစ်ဦး ဇနီးခင်ပွန်းအဖြစ်ပေါင်းဖော်ကြပါမည်လို့ ကျိန်ဆိုပြီးဖြစ်ကြတဲ့အတွက် နှစ်ဖက်စလုံးက လင့်ဝတ် မယားဝတ်စောင့်ထိန်းကြရမယ့် ဝတ္တရားကတော့ ကျန်ပေသေးတယ်။ ခုတော့ အကြောင်းကြောင်းကြောင့် မယားဝတ်ပျက်ခဲ့ပြီ။ ဒီလို မယားဝတ်ပျက်ခြင်းကြောင့် ဒကာမလေးမှာ ဘယ်လိုအပြစ် သင်္ကာရောက်မလဲ။ ကံကြီးထိုက်မလား၊ ကံငယ်ထိုက်မလား။ အိမ်၊ ကျုပ်အမြင်မှာတော့ ဒကာမလေးဟာ မကောင်းတဲ့စေတနာမပါဘဲ ကျိုးလွန်ခဲ့မိတဲ့အတွက် ကံထိုက်ခြင်း ထိုက်ရင် ကံငယ်ပဲ ထိုက်မယ်ဗျ။ ကံကြီးတော့ မထိုက်နိုင်ပေဘူး။ ဒကာမလေးက သားသမီးရလိုတဲ့ ရည်ရွယ်ချက်နဲ့ တစ်ပင်ထူလိုက်ပြီဆိုတာနဲ့ တစ်ဖြိုင်နက် ပထမခင်ပွန်းအပေါ်မှာ မယားဝတ်ပျက်လို့ ထိုက်မယ့်အပြစ်ဟာ ပပျောက်သွားရပေမှာပဲ။ ဒါပေမဲ့ ဒီနေရာမှာ နှစ်ချက်ရှိတယ်ဗျ။ တစ်ချက်ကတော့"

ဤနေရာ၌ ဟယ်လင်မင်းသမီးမှာ ခင်ကြီး၏ရှည်လျားသော တရားဦးကို ငြိုင်သွေ့လှိုဖြိုဖြစ်ရကား ကြားဖြတ်၍

" ခုဆိုရင် တပည့်တော်မဟာ ဘာသာဟောင်းကို စွန့်ပစ်ပြီး ဘာသာသစ်ထဲသို့ ဝင်ပြီးပါပြီ။ တစ်နည်းအားဖြင့်တော့ မိစ္ဆာအယူကို စွန့်ပြီး အယူမှန်မှာ တည်နေပါပြီ။ ဒီတော့ ဘုရားတပည့်တော်မအဖို့ အရင်တုန်းက ယူခဲ့တဲ့ မိစ္ဆာအယူဝါဒအရ ပညတ်ထားတဲ့ ပညတ်ချက်များကို ဘာမျှ လိုက်နာနေစရာ မရှိ တော့ဘူး ထင်ပါတယ်။ ဒါကြောင့် သူ့အပေါ်မှာ တပည့် တော်မ ဝတ်ပျက်ခဲ့တာဟာ အရင်ဘာသာဟောင်းအရ ကြည့်ရင် ကံကြီးထိုက်မလား၊ ကံငယ်ထိုက်မလားလို့ သောကဖြစ်စရာ ရှိပေမယ့် ဒီဘာသာဟောင်းကို စွန့်ပစ် ပြီးဖြစ်တဲ့အတွက် ခုတော့ ဘယ်လိုအပြစ်မှ မရောက်နိုင် တော့ဘူး ထင်ပါတယ်။ မဟုတ်ဘူးလား ဘုရား"

ခင်ကြီးသည် ဟယ်လင်မင်းသမီး၏ပြောင်တင်းလှသောစကားများကြောင့် အံ့အားသင့်သွား၏။ ဘာသာအယူဟောင်းကို စွန့်ပစ်ရာ၌ ဟယ်လင်မင်းသမီး၏လျင်မြန်ပြတ်သားပုံကိုလည်း စိတ်ထဲမှ အံ့သြမိသည်။ သို့ရာတွင် တရားတော်၏အဆိအနှစ်ကို လေ့ရှည်ကြီးဖြင့် ပြောနေခြင်းကို မရပ်နိုင်သေးဘဲ

"အိမ်၊ ကောင်းပါလေဗျာ။ သာဓု သာဓု။ ဒကာမ

www.burmeseclassic.com

www.burmeseclassic.com

လေးက တရားတော်ရဲ့သဘောကို ပေါက်လွယ်တယ်ဆိုရင်လဲ ဝမ်းသာစရာပေပေါ့"

ခင်ကြီးသည် ပြုံး၍မိန့်ကာ ဒကာမလေး ဟယ်လင်မင်းသမီးအား လင်မယားကွာရှင်းရေးတရားကို ဆက်လက်ဟောကြားလျက် ရှိပေသတည်း။

အခန်း ၇

ဟယ်လင်မင်းသမီးနှင့် ပီယာတို့၏ကွာရှင်းရေးကိစ္စမှာ ဘာသာရေးအမြင်ဖြင့်ကြည့်လျှင် များစွာလွယ်ကူရှင်းလင်းလှသော ကိစ္စတစ်ရပ်မျှသာ ဖြစ်သော်လည်း သာသနာပိုင်များသည် ထိုကိစ္စကို ရွေနန်းတော်ကြီးမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်အောင် အချိန်ဆွဲ၍ အသေးစိတ်စီမံလျက် ရှိကြလေသည်။ ဤအချက်ကို ဟယ်လင်မင်းသမီးကလည်း နားလည်သည်။

ထို့ကြောင့် ဟယ်လင်မင်းသမီးသည် မိမိ၏ကွာရှင်းရေးကိစ္စနှင့် စပ်လျဉ်း၍ ဘာသာရေးဆိုင်ရာ အနှောင်အဖွဲ့များ ဝင်ရောက်လာမည်ကို စိုးစဉ်းမျှ စိုးရိမ်ကြောင့်ကြခြင်း မရှိတော့ဘဲ ပတ်ဝန်းကျင်၏အမြင်တွင် တင့်တယ်၍ အကြောင်းပြလွယ်ရန်ကိုသာ စိတ်ကူးလျက် ရှိလေသည်။ ဟယ်လင်မင်းသမီးသည် မိမိအပေါ်တွင် များစွာတိမ်းညွတ်လျက်ရှိသော မှူးမတ်ကြီးအား အကဲစမ်းသည့်အနေဖြင့် ပီယာနှင့် ကွာရှင်းပြတ်စဲရရန် မိမိစီစဉ်လျက် ရှိပြီဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအား တကယ်ချစ်မြတ်နိုးသည်ဆိုပါက လက်ထပ်ထိမ်းမြားယူရုံသာ ရှိတော့ကြောင်းဖြင့် ဖွင့်ပြောလိုက်သည်။ ကာမပိုင် လင်ယောကျ်ားတစ်ယောက်လုံး ငုတ်တုတ်ကြီးရှိနေသော မိန်းမတစ်ဦးက လက်ထပ်ရန် ပြောင်ပြောင်တင်းတင်း တောင်းဆိုလာသောအခါတွင် မှူးမတ်ကြီးမှာလည်း မင်းသားပျိုကဲ့သို့ အကြီးအကျယ် အံ့အားသင့်လျက် ရှိ၏။ သို့ရာတွင် ဟယ်လင်မင်းသမီး၏ညို့ဓာတ်မှာ ပြင်းထန်လွန်းလှရကား ဟယ်လင်မင်းသမီးနှင့် လက်ထပ်ထိမ်းမြားခြင်းသည် ကာမပိုင်မရှိသော အပျိုစင်မိန်းမတစ်ယောက်နှင့် လက်ထပ်ရခြင်းကဲ့သို့ ရှင်းလင်းလွယ်ကူ၍ သဘာဝကျသောကိစ္စတစ်ရပ်လည်း ဖြစ်သည်ဟု ချက်ချင်းထင်မှတ်သွားလေသည်။ ဟယ်လင်မင်းသမီးသည် ဤကိစ္စ၌ တွန့်ဆုတ်ခြင်း၊ အရှက်ကို ငဲ့ကွက်ခြင်း၊ လိပ်ပြာမလုံဖြစ်ခြင်းစသည့် အပြုအမူမျိုးကို ပြသလိုက်ပါက အများ၏တံတွေးခွက်တွင် ပက်လက်မျောရတော့မည်သာ ဖြစ်၏။ ထို့ကြောင့်ပင် ရှက်ဟန်ကိုလည်း မပြ၊ တွန့်ဆုတ်ဟန်ကိုလည်း မဆောင်၊ လိပ်ပြာမလုံဖြစ်ပုံလည်း မပြုဘဲ လွန်စွာသဘာဝကျသောအလုပ်တစ်ခုကို ပြုရိုးပြုစဉ်ပြုလုပ်နေသကဲ့သို့ ၎င်း၏အရင်းနှီးဆုံးသော မိတ်ဆွေများအား (၎င်းတို့မှာ ပီတာစဘတ် ရွှေမြို့တော်တစ်ခုလုံးပင် ဖြစ်ပေသည်။) မင်းသားပျိုနှင့် မှူးမတ်ကြီးတို့နှစ်ဦးစလုံးသည် မိမိအား လက်ထပ်ထိမ်းမြားရန် ကမ်းလှမ်းလျက် ရှိကြကြောင်း၊ မိမိသည် နှစ်ဦးစလုံးကို ချစ်ခင်မြတ်နိုးကြောင်း၊ တစ်ဦးစိတ်ဆင်းရဲမည်ကို မကြည့်ရက်သဖြင့် အရွေးရခက်လျက် ရှိကြောင်းဖြင့် ပြောဆိုလျက် ရှိလေသည်။

ထိုအတောအတွင်း၌ ပီတာစဘတ်ရွှေမြို့တော်တွင် ကောလာဟလတစ်ခု ဖြစ်လျက် ရှိ၏။ ယင်းမှာ ဟယ်လင်မင်းသမီးနှင့် ပီတာတို့ ကွာရှင်းကြမည်ဟူသော သတင်းမဟုတ်ချေ။ လင်ကဲ့မကောင်းသည့် သနားစရာ ဟယ်လင်မင်းသမီးသည် မှူးမတ်ကြီးနှင့် မင်းသားပျိုတို့နှစ်ဦးအနက် မည်သူ့ကို လက်ထပ်ရမည်ဟု စဉ်းစား၍မရအောင် ဖြစ်နေရရှာသည်ဆိုသည့် သတင်းစကားသာ ဖြစ်လေသည်။ (ပီတာစဘတ် ရွှေမြို့တော်သူ မြို့တော်သားတို့သည် ကွာရှင်းပြတ်စဲရေးကိစ္စမှာ တရားမဝင်သော ကိစ္စဖြစ်သည့် အလျောက် ထိုကောလာဟလမျိုးကို ပြောလိုကြဟန်မရှိဘဲ နောက်ဆက်တွဲကိစ္စမျိုးကိုသာ မြိန်ရေရှက်ရေ ပြောလိုကြဟန် တူပါသည်။) ထိုမျှမက ပီတာစဘတ် ရွှေမြို့တော်သူ ရွှေမြို့တော်သားတို့သည် ဟယ်လင်မင်းသမီးအိမ်ထောင်သစ် ထူထောင်ရေးကိစ္စကို ပြုသင့် မပြုသင့်၊ ဖြစ်နိုင် မဖြစ်နိုင်ကိုလည်း စဉ်းစားပြောဆိုကြခြင်း မရှိဘဲ ထိုနှစ်ဦးအနက် မည်သူ့ကို ရွေးချယ်ခြင်းက အမြတ်ထွက်သည်၊ ထိုကိစ္စကို ရွေနန်းတော်ကြီးက မည်သို့သဘောထားနိုင်သည်ဆိုသည်လောက်ကိုသာ ပြောဆိုလျက် ရှိကြ၏။ ဤကိစ္စသည် နှစ်ခြင်းသာသနာတော်လာ မြင့်မြတ်သော အိမ်ထောင်ရေးအစဉ်အလာကို ဆန့်ကျင်ဖောက်ပြန်ခြင်းဟု ယူဆသူများရှိသော်လည်း ၎င်းတို့သည် ထိုပြဿနာကို မည်သို့မျှ ဝေဖန်ပြောဆိုခြင်း မပြုဘဲ ခပ်မဆိတ်သာ နေလိုက်ကြသည်။ အများစုမှာမူကား ဟယ်လင်မင်း

www.burmeseclassic.com

www.burmeseclassic.com

သမီးသည် ဤနှစ်ယောက်၏ သဲသဲမဲမဲ ပိုးပန်းခြင်းကို ခံရသည်မှာ ကံကောင်းလေစွဟု လည်းကောင်း၊ မည်သူ့ကို ရွေးချယ်က ဟယ်လင်မင်းသမီးအဖို့ အကျိုးအမြတ်ထွက်မည်ဟု လည်းကောင်း ဂဏန်းတွက်လျက် ရှိကြလေသည်။ ကာမပိုင်လင် အသက်ထင်ရှား ရှိပါလျက် နောက်ထပ် အိမ်ထောင်သစ်ထူခြင်းသည် မှားသည် မှန်သည်ဆိုသည့် အချက်ကို ကား ထိုသူများသည် ပြောဆိုခြင်း မပြုကြချေ။ ၎င်းတို့က မှားသည်၌ မှန်သည်ဟု ဆုံးဖြတ်ရန်မှာ သူတို့ အလုပ် မဟုတ်၊ မိမိတို့ထက် ဉာဏ်အမြော်အမြင်ရှိသူများ၏ အရာသာ ဖြစ်သည်ဟု ပြောဆိုကြလေသည်။ ထိုမျှမက အထက်တန်း လွှာအသိုင်းအဝိုင်း၌ ထက်မြက်သောမိန်းမတစ်ဦးဟု ကျော်ကြားသည့် ဟယ်လင်မင်းသမီး၏ အပြုအမူကို မှားသလော၊ မှန်သလောဟု ယုံမှားသံသယရှိခြင်းသည် မိမိကိုယ်ကို မိမိထုံထိုင်းသူ၊ ခေတ်မမီသူဟူ၍ ထုတ်ပြောရာ ရောက်လိမ့်မည်။ ခေတ်ဆန်သော အသိုင်းအဝိုင်း၌ လူတောမတိုး ရာ ရောက်လိမ့်မည်ဟု ၎င်းတို့စိတ်၌ ထင်မှတ်လျက် ရှိ လေသည်။

ထိုနှစ် နွေရာသီက ပီတာစဘတ် ရွှေမြို့တော်ရှိ သားများထံ အလည်ရောက်လာသော မာယာဒီမိထရိယက်ဗ်နာတစ်ဦးသာလျှင် အများကဲ့သို့ သံယောင်မလိုက်ဘဲ ဟောဟောဒိုင်းဒိုင်းကြီး ပြောချလိုက်လေသည်။ မာယာဒီမိထရိယက်ဗ်နာသည် ဟယ်လင်မင်းသမီးကို ကပွဲတစ်ခုတွင် မြင်လိုက်မိလေရာ ကပွဲခန်းမအလယ်ရှိ ဟယ်လင်မင်းသမီးထံ တန်းတန်းမတ်မတ်ကြီး လျှောက်လာခဲ့ပြီး အသံသြကြီးဖြင့်

"ခု ကာလကြီးက ကာမပိုင်လင်ကြီး ငုတ်တုတ်ရှိရက်နဲ့လဲ အားမရသေးဘဲ နောက်လင်ယူကြသကိုးတော့်။ တူမတော်ကြီးက ဒါပြင်မိန်းမတွေ လိုက်အတုခိုးအောင် ဖက်ရှင်ထွင်လိုက်တာ ထင်ပါရဲ့၊ ဟုတ်စ။ သူများထက် အရင်ဦးအောင် အဆန်းထွင်လိုက်တာပေါ့လေ၊ ဟုတ်စ။ ဒီမယ် တူမတော်၊ ကာမပိုင်ကြီးရှိလျက်နဲ့ နောက်တစ်ယောက် ယူတယ်ဆိုတာက ပြည့်တန်ဆာတန်းလျားမှာ လုပ်တဲ့ အလုပ်မျိုးတော့်၊ သိပလား"

မာယာဒီမိထရိယက်ဗ်နာသည် ဤသို့ ဟောဟောဒိုင်းဒိုင်း ပြောဆိုပြီးနောက် အဝကျယ်သော အင်္ကျီလက်နှစ်ဖက်ကို ချာခနဲနေအောင် ယမ်းကာ ဆောင့်ဆောင့်ဆောင့်နှင့် လှည့်ထွက်သွားလေသည်။

ပီတာစဘတ် ရွှေမြို့တော်သူ ရွှေမြို့တော်သားများသည် ပြောစရာရှိလျှင် ပက်ပက်စက်စက်ပြောတတ်သော မာယာဒီမိထရိယက်ဗ်နာကို ရုံကြောက်ကြီး ဖြစ်လျက် ရှိကြသော်လည်း 'ဘွာလာ' ပြောတတ်သော မိန်းမကြီးဟု သာမန်မျှ သဘောထားကာ ဗွေယူခြင်း မပြုကြချေ။

ဟယ်လင်မင်းသမီး၏ ခမည်းတော် မင်းသားကြီး ဗာစီလီမှာ ယခုတလောတွင် သတိမေ့တတ်လျက် ပြောပြီး သားစကားကို ထပ်ပြန်တလဲလဲ ပြောတတ်၏။ မင်းသားကြီး ဗာစီလီသည် သမီးတော် ဟယ်လင်မင်းသမီးနှင့် တွေ့တိုင်း

"သမီးတော်ကို ဖေဖျား တစ်ခုပြောရဦးမယ်" ဟုဆိုကာ သမီးတော်၏လက်ကိုကိုင်လျက် ရှေ့နားသို့ ဆွဲလိုက်၏။ "သမီးတော်ကိစ္စနဲ့ ပတ်သက်လို့ ဖေဖျား တစ်ခုကြားထားတယ်။ အိမ်း၊ ဖေဖျားကတော့ သမီးတော်စိတ်ချမ်းသာတယ်ဆိုရင် အေးလေ သမီးတော်ကြည့်ရတာလဲ စိတ်စက်ကောင်းပုံ မရဘူး။ ဖေဖျား အထွေအထူး သိပ်မပြောလိုပါဘူးလေ။ အစစအရာရာ သမီးတော် ဘာသာ ရှေ့နောက် စဉ်းစားပေါ့"

မင်းသားကြီး ဗာစီလီသည် စိတ်ကိုချုပ်တည်းကာ စကားကို အဆုံးသတ်လိုက်ပြီးနောက် သမီးတော် ဟယ်လင်မင်းသမီးကို ပါးချင်းအပ်နှံတ်ဆက်၍ ထွက်သွားလေသည်။

ဟယ်လင်မင်းသမီးကဲ့သို့ ထက်မြက်သောမိန်းမမျိုး၌ ယောကျ်ားမိတ်ဆွေအများအပြားရှိကြရာတွင် အချို့မှာ သမီးရည်းစားဖြစ်နိုင်သော ယောကျ်ားမိတ်ဆွေမျိုးဖြစ်၍၊ အချို့ကား မိမိနှင့် ဉာဏ်ရည်ချင်းတူနေသောကြောင့် သမီးရည်းစားသဖွယ် ဆက်ဆံ၍မရသော ယောကျ်ားမိတ်ဆွေမျိုးဖြစ်၏။ ၎င်းတို့အထဲ၌ သံတော်ဆင့်ဝန်ထောက် ဘီလီဘင်မှာ ဒုတိယအမျိုးအစားဖြစ်သော ယောကျ်ားမိတ်ဆွေမျိုးဖြစ်၏။ တစ်ခါသော် ဘီလီဘင်နှင့် ဟယ်လင်မင်းသမီးတို့သည် မိတ်ဆွေတစ်ဦး၏ ဧည့်ခံပွဲသဘင်တစ်ခု၌ တွေ့ကြသည်တွင် ဟယ်လင်မင်းသမီး၏အိမ်ထောင်ရေးနှင့် စပ်လျဉ်း၍ ဘီလီဘင်ကလည်း ၎င်း၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုလေသည်။

"ဘီလီဘင်" ဟယ်လင်မင်းသမီးက လက်စွပ်ဝတ်ထားသော ဖြူဖွေးသည့် လက်ချောင်းကလေးများဖြင့် ဘီ

www.burmeseclassic.com

www.burmeseclassic.com

လီဘင်၏အင်္ကျီလက်ဖျားကို ဆွဲထားလိုက်သည်။ (ဟယ်လင်မင်းသမီးသည် ရင်းနှီးသူများကို နာမည်ရင်းအတိုင်း ခေါ်လေ့ရှိသည်။) "ထိပ်ထားကို ခေါင်းနင်းဆင်း နှမတော်တစ်ဦးလို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ။ သူတို့နှစ်ယောက် အနက် ဘယ်သူ့ကို ထိပ်ထားရွေးချယ်ရမလဲဟင်။"

ဘီလီဘင်သည် နဖူးကိုတွန့်၍ ခပ်ပြုံးပြုံး စဉ်းစားနေသည်။

"ဒီလိုရှိပါတယ် ထိပ်ထား၊ မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ ထိပ်ထားရဲ့အိမ်ထောင်ရေးပြဿနာကို အပြန်ပြန်အလှန်လှန် စဉ်းစားခဲ့ပါတယ်။ ကျွန်တော့်အမြင်မှာတော့ ထိပ်ထားဟာ မင်းသားကလေးကို ရွေးရင် သူနဲ့ပဲ သေတစ်ပန် သက်ဆုံး ပေါင်းဖော်ရတော့မယ်။ ထိပ်ထားတစ်သက်မှာ နောက်တစ်ယောက်ကို စဉ်းစားလို့မရတော့ဘူး။ စဉ်းစားရင် ရွေနန်းတော်ကြီးကလဲ ငြိုငြင်တော်မူပေလိမ့်မယ်။ အဲ မူးမတ်ကြီးကို ရွေးချယ်ရင်တော့ သူက သံချိုင်းကို ခြေတစ်လှမ်း လှမ်းနေပြီဖြစ်တဲ့အတွက် သူကွယ်လွန်တာနဲ့ တစ်ပြိုင်နက် တစ်ပင်လဲမှု တစ်ပင်ထူဆိုသလို မင်းသားကလေးနဲ့ လက်ဆက်နိုင်တယ်။ သေခါနီး အဘိုးကြီးတစ်ယောက်ကို စိတ်ချမ်းသာမှု ပေးခွင့်လဲ ရတယ်။ ဒီတော့ သူ့ကို လက်ဆက်ခြင်းဖြင့် ရည်ရွယ်ချက်နှစ်ခုစလုံး ပြီးမြောက်နိုင်မယ်လို့ ဆိုရလိမ့်မယ်ခင်ဗျ"

"အို ဟုတ်လိုက်လေရှင်" ဟယ်လင်မင်းသမီးသည် ဝင်းထိန်သောမျက်နှာဖြင့် ဘီလီဘင်၏အင်္ကျီလက်ဖျားကို ခပ်တင်းတင်း ဆွဲထားလိုက်ပြန်သည်။ "ဒါပေမဲ့ ခက်တာက ထိပ်ထားဟာ သူတို့နှစ်ယောက်လုံးကို ချစ်နေတယ် ဘီလီဘင်။ ဘယ်သူ့ကိုမှ စိတ်မချမ်းမသာ မဖြစ်စေချင်ဘူး။ သူတို့နှစ်ဦးစလုံး စိတ်ချမ်းသာဖို့ဆိုရင် ထိပ်ထားရဲ့အသက်ကို နှင်းအပ်ဖို့လဲ ဝန်မလေးပါဘူး"

ဘီလီဘင်သည် ပခုံးကို တွန့်လိုက်ပြီး

'အင်း၊ တော်တော်လဲ တတ်နိုင်တဲ့ မိန်းမပေပဲ။ ငါးရဲ့နှစ်ကောင်တွင် မကဘူး။ သုံးကောင်စလုံး လက်ထဲမှာ ဖမ်းထားချင်ဟန် တူရဲ့' ဟု တွေးနေမိသည်။

"နေပါဦး ထိပ်ထား၊ ဒီကိစ္စနဲ့ ပတ်သက်လို့ ထိပ်ထားရဲ့ ကြင်ယာတော်ကကော ဘယ်လိုသဘောထားသလဲ ပြောပြစမ်းပါဦး။ သဘောတူပါ့မလား။ ကြည်ဖြူပါ့မလား"

"အို မောင်မောင့်အတွက်တော့ ထည့်မစဉ်းစားပါနဲ့။ မောင်မောင်ဟာ ထိပ်ထားကို အလွန်တရာမြတ်နိုးတာပါ။ ထိပ်ထားအတွက်ဆိုရင် ဘာပဲ လုပ်ရ လုပ်ရ လုပ်မှာပါ"

ဟယ်လင်မင်းသမီးက မိမိအား ပိယာက လွန်စွာချစ်မြတ်နိုးသည်ဟု ယူဆ၍ ပြောလိုက်သည်။ ဘီလီဘင်သည် ခပ်ရွှန်းရွှန်းပြောရန် ဟန်ပြင်သကဲ့သို့ မျက်ခုံးကို ပင့်လိုက်သည်။

"ချစ်မြတ်နိုးလွန်းတဲ့အတွက် ကွာရှင်းပေးပါ ဆိုရင်လဲ ကွာပေးမယ်ပေါ့၊ ဟုတ်စ"

ဟယ်လင်မင်းသမီးက ခပ်သောသောကလေး ရယ်လိုက်သည်။

ဟယ်လင်မင်းသမီး အိမ်ထောင်သစ်ထူရေးနှင့်ပတ်သက်၍ ဘဝင်မကျသူများအနက် မယ်တော်မင်းသမီးကြီး ကူရာဂျိနာလည်း အပါအဝင်ဖြစ်လေသည်။ မယ်တော်ကြီးသည် သမီးတော်ဟယ်လင်မင်းသမီး၏ စန်းပွင့်ခြင်းကို များစွာမနာလိုဖြစ်တတ်လေရာ ယခုကဲ့သို့ နောက်အိမ်ထောင်သစ် ထူတော့မည်ဆိုသည်နှင့် တစ်ပြိုင်နက် အကြီးအကျယ် မခံမရပ်နိုင်ဖြစ်လျက် ရှိလေသည်။ မယ်တော်မင်းသမီးကြီးသည် ကာမပိုင်လင်ယောကျ်ား အသက်ထင်ရှားရှိစဉ် ထိုယောကျ်ားနှင့် ကွာရှင်းကာ နောက်အိမ်ထောင်သစ် ထူထောင်၍ ဖြစ်မဖြစ်ကို ဘုန်းတော်ကြီးတစ်ပါးထံ သွားရောက်မေးမြန်း လျှောက်ထားဖူး၏။ ထိုအခါ ဘုန်းတော်ကြီးက ဤသည်မှာ တရားတော်နှင့် ကိုက်ညီခြင်းမရှိကြောင်းကို ခရစ်ဝင်ကျမ်းမှ အကိုးအကားများပြ၍ ပြောလိုက်သဖြင့် အားတက်ပြန်လာခဲ့ဖူးလေသည်။

မယ်တော်မင်းသမီးကြီးအဖို့၌ ဤကိစ္စတွင် သမီးတော်ဘက်က စောဒကမတက်နိုင်တော့ပြီဟု တစ်ထစ်ချယူဆထားလိုက်သည်။ ထို့ကြောင့် တစ်နေ့နှံနက်၌ သမီးတော်၏စံအိမ်တော်သို့ ကရထားဖြင့် ထွက်လာခဲ့သည်။

သမီးတော်ဟယ်လင်မင်းသမီးသည် မယ်တော်ကြီး၏ ကန့်ကွက်ချက်ကို နားထောင်ပြီးနောက် ခပ်လျှောင်လျှောင် ပြုံးလိုက်သည်။

"တရားတော်ထဲမှာတော့ 'အဿမိက၊ အရှင် မရှိသောမိန်းမကို လက်ထပ်ထိမ်းမြားခြင်းသည်'

"အို မေဖျား၊ သမီးတော်ကို ဒီတရားစကားတွေ

www.burmeseclassic.com

www.burmeseclassic.com

ဘုရားစကားတွေ မပြောစမ်းပါနဲ့။ မေဖျား နားမလည်ပါဘူး။ သမီးတော် ထိပ်ထားကိစ္စကို သမီးတော် ထိပ်ထား သိပါတယ်”

ဟယ်လင်မင်းသမီးက မိမိပြဿနာကို ပြင်သစ်ဘာသာဖြင့် ပြောခြင်းက ရှင်းလင်းလွယ်ကူသည်ဟု ယူဆသည့်အတွက် ပြင်သစ်ဘာသာဖြင့် ပြောလိုက်၏။

“ဒါပေမဲ့ မေဖျားပြောချင်တာက”

“ဒီမှာ မေဖျား၊ လူသတ္တဝါတို့၏အပြစ်များကို ခွင့်လွှတ်တော်မူတဲ့ အဖဘုရားသခင်ရဲ့ အဆုံးအမကို”

ဟယ်လင်မင်းသမီး စကားမဆုံးမီ လက်စွဲတော်ကြီးတစ်ယောက် ဝင်လာကာ မင်းသားပျို့ရောက်လာကြောင်းဖြင့် ပြောဆိုခြင်းပြုလေသည်။

“လက်စွဲတော်ကြီး ပြန်ပြောလိုက်စမ်း။ မောင်ဟာ ပြောပြီးသားစကား ပြီးပြီးပျောက်ပျောက်လုပ်တဲ့အတွက် ထိပ်ထား စိတ်ဆိုးနေတယ်လို့၊ ခု မတွေ့နိုင်သေးဘူးလို့”

“ခွင့်မလွှတ်ထိုက်၊ ခွင့်မလွှတ်နိုင်တဲ့အပြစ်ရယ်လို့ မရှိပါဘူး ထိပ်ထားရယ်”

အသံနှင့်အတူ မျက်နှာသွယ်သွယ် နှာတံပေါ်ပေါ် ဆံပင်ကောင်းကောင်း မင်းသားပျို့တစ်ပါး ဝင်ရောက်လာလေသည်။

မယ်တော်မင်းသမီးကြီးသည် ယဉ်ကျေးစွာ ခွင့်တောင်း၍ ထလာခဲ့၏။ ခန်းမဆောင်ထဲသို့ ဝင်လာသော မင်းသားပျို့ကား မယ်တော်ကြီးကို မြင်ဟန် မတူချေ။ မယ်တော်မင်းသမီးကြီးသည် သမီးတော်ကို ခေါင်းညိတ်နှုတ်ဆက်ကာ အပြင်သို့ ထွက်လာခဲ့လေသည်။

မယ်တော်မင်းသမီးကြီးသည် မင်းသားပျို့ကို မြင်လိုက်သည်နှင့် ‘အိမ်၊ သမီးတော်ပြောတာလဲ ဟုတ်တုတ်တုတ်ပဲ၊ တို့များ ငယ်ငယ်တုန်းကတော့လဲ ဒီလောက် လာဘ်မမြင်ဘဲကိုး။ ကာလသမီးများ တယ်ပြီး အရှည်မြင်တတ်ပေတာပဲ’ ဟု ကျိတ်၍ ချီးမွမ်းရင်း ကရထားပေါ်သို့ တက်လိုက်လေသည်။

သြဂုတ် လဆန်းသော် ဟယ်လင်မင်းသမီး၏ ပြဿနာမှာ ပြေလည်သလောက် ရှိနေပေပြီ။ ဟယ်လင်မင်းသမီးသည် မိမိအား များစွာချစ်မြတ်နိုးသည်ဟု ထင်သော ကြင်ရာတော်ပီယာထံသို့ စာတစ်စောင် ရေးလိုက်လေသည်။ ထိုစာထဲတွင် မိမိသည် xxxအမည်ရှိ မင်းသားပျို့တစ်ပါးကို လက်ထပ်ပြီး ဖြစ်ကြောင်း၊ ကမ္ဘာလောကကြီးတွင် အမှန်ကန်ဆုံး အမွန်မြတ်ဆုံးသော ဘာသာဖြစ်သည့် ဗရင်ဂျီဘာသာသို့လည်း ဝင်ရောက်ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ကွာရှင်းရေးကိစ္စအဝဝကို ပြင်ဆင်ထားစေလိုကြောင်း၊ အကြောင်းစုံကိုမူ ယခုစာယူလာသူက ပြောပြလိမ့်မည် ဖြစ်ကြောင်းဖြင့် ဖော်ပြပါရှိ၏။

‘မြင့်မြတ်သော အဖဘုရားသခင်သည် မိတ်ဆွေကြီးအား ကူညီစောင့်ရှောက်ပါစေသတည်း။ သင်၏ မိတ်ဆွေ ဟယ်လင်” ဟု လက်မှတ်ရေးထိုးထား၏။

ထိုစာသည် ဘိုရိုဒီနိုစစ်မြေပြင်၌ ပီယာရှိနေစဉ် မော်စကိုမြို့ရှိ ပီယာ၏စံအိမ်တော်သို့ ရောက်နေခဲ့လေသတည်း။

အခန်း ၈

ဘိုရိုဒီနိုတိုက်ပွဲပြီးဆုံးခါနီးသော် ပီယာသည် မြတ်ပူကုန်းပေါ်ရှိ ရေ့စကီခံတပ် အမြောက်တပ်စုမှ ဒုတိယအကြိမ် ပြန်၍ ဆင်းပြေးလာခဲ့ကာ စစ်သားတစ်သိုက်နှင့် အတူ လျှိုရိုးကလေးတစ်ခုအတိုင်း ညာဇကိုဗိုရွာဘက်ဆီသို့ ထွက်ပြေးလာခဲ့သည်။ ညာဇကိုဗိုရွာ ဆေးပေးစခန်းသို့ရောက်လျှင် အိုင်ထွန်းလျက်ရှိသော သွေးကွက်ကြီးများနှင့် အော်ဟစ်ညည်းညူသံများကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်ကြားသိနေရပြန်သည့်အတွက် စစ်သားအုပ်စုကြီးနှင့် ရောနှောကာ ဆက်လက် ထွက်ပြေးလာခဲ့ပြန်သည်။

ယခုအချိန်တွင် ပီယာ၏စိတ်၌ ပြင်းပြစွာတောင့်တလျက်ရှိသောအရာမှာ တစ်ခုသာ ရှိတော့သည်။ ယင်းကား အခြားမဟုတ်၊ အေးဆေးငြိမ်သက်စွာနေရသော အရပ်သားတစ်ဦးအနေဖြင့် အိပ်ခန်းထဲရှိ မိမိ၏အိပ်ရာပေါ်တွင် အကြောင့်အကြမရှိ စိတ်ချလက်ချ လဲအိပ်လိုက်လိုသော ဆန္ဒဖြစ်သည်။ ဤသို့ ပူပင်ကြောင့်ကြခြင်း ကင်းသော အရပ်သားတစ်ဦးအနေဖြင့်သာ မိမိမြင်ခဲ့ကြားခဲ့ရသော အရာများနှင့်တကွ မိမိ၏ဘဝရှေ့ရေးကို မိမိ စဉ်းစားသတောပေါက်နိုင်တော့မည်ဟု ယူဆမိလေသည်။ သို့ရာတွင် ယခုလို အချိန်မျိုး၌ အပူအပင်အကြောင့်အကြကင်းသောဘဝကို အာဃာတမှာ ရနိုင်ပါမည်နည်း။

ပီယာ ထွက်ပြေးလာသည့် လမ်းတစ်လျှောက်တွင် အမြောက်ကျည်ဆန်များ၊ သေနတ်ကျည်ဆန်များ

www.burmeseclassic.com

www.burmeseclassic.com

တရှိရှိပျံဝဲခြင်း မရှိတော့သော်လည်း တဝုန်းဝုန်း တဒိုင်းဒိုင်းပေါက်ကွဲသံများကိုကား အရပ်ရှစ်မျက်နှာမှ ကြားနေရသေးသည်။ လမ်းပေါ်တွင်လည်း စစ်မြေပြင်မှာကဲ့သို့ပင် အင်အားကုန်ခန်းကာ ဝေဒနာကိုပြင်းစွာခံစားနေရသည့် မျက်နှာများ၊ ကြောက်ရလန့်ရမှန်းမသိတော့ဘဲ ထုံပေပေဖြစ်နေသော မျက်နှာများ၊ သွေးအိုင်ကြီးများ၊ ဖိုးရိုးဖားရားဖြစ်နေသော စစ်သားဝတ်ရုံကြီးများ၊ ပစ်ခတ်သံများ၊ အလိပ်လိုက် အလိပ်လိုက်ထနေသော ဖုန်လုံးကြီးများနှင့် ညစ်ပတ်နံစော်သောအနံ့များကိုသာ တွေ့ရ၊ ကြားရ၊ မြင်ရ၊ ရှုရှိုက်ရဆဲပင် ဖြစ်သည်။

မိုဇော့ရွာဘက်သို့ သွားသော လမ်းအတိုင်း မိုင်အနည်းငယ်သွားမိလျှင် ပီယာမှာ များစွာမောပန်းလှပြီဖြစ်ရကား လမ်းဘေးတွင် ပစ်၍ ထိုင်ချလိုက်မိသည်။

အချိန်မှာ ညီအစ်ကို မသိတသိအချိန် ဖြစ်၏။ သေနတ်သံများမှာ တဖြည်းဖြည်းဝေးသွားကာ ဖြောက်ဖြောက်သာ ကြားရတော့သည်။ ပီယာသည် တံတောင်ဆစ်ကို မြေကြီးတွင်ထောက်၍ လှဲချလိုက်ရင်း မိမိရှေ့အမှောင်ထဲ၌ တလှုပ်လှုပ်ဖြတ်သွားကြသော မည်းမည်းသဏ္ဌာန်များကို ငေးကြည့်နေမိသည်။ ပီယာစိတ်ထဲတွင် အမြောက်ကျည်ဆန်လုံးကြီးတစ်လုံးသည် ထိတ်လန့်စဖွယ် တရှိရှိအော်မြည်ကာ မိမိခေါင်းပေါ်သို့ ကျလာသည်ဟု ထင်မိ၏။ ထို့ကြောင့် တစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းခနဲထကာ ထထိုင်လိုက်သည်။ ဤသို့ဖြင့် ထိုနေရာတွင် ပီယာသည် အချိန်အတော်ကြာကြာ ထိုင်နေမိသည်။ သန်းခေါင်ချိန်လောက်တွင်မူ စစ်သားသုံးယောက်သည် ထင်းများကို ပွေ့၍ အနီးသို့ရောက်လာပြီး မီးဖိုနေကြသည်။

စစ်သားသုံးယောက်သည် ပီယာကို မကြာခဏ လှမ်းကြည့်ရင်း မီးမွှေးလျက်ရှိကြပြီး မီးရှိန်ရသည်နှင့် ပေါင်မုန့်ခြောက်ကိုချေ၍ မုန့်ညက်ကျိုနေကြသည်။ မီးခိုးများနှင့် အတူ မွှေးကြိုင်သော မုန့်ညက်နံ့သည် ပီယာ၏ နှာခေါင်းထဲသို့ တိုးဝင်လာ၏။ ပီယာသည် ထထိုင်ကာ သက်ပြင်းချလိုက်၏။ စစ်သားသုံးယောက်သည် ပီယာကို ဂရုမပြုဘဲ စကားတပြောပြောနှင့် စားနေ၏။

"နောင်ကြီးက ဘယ်ကလဲဗျ။ ဆာရင် မုန့်ညက်ကလေး ဘာလေး လာစားလှည့်ပါလား" စစ်သားတစ်ဦးက ပီယာ ဆာလောင်မွတ်သိပ်လျက် ရှိခြင်းကို အကဲခတ်မိဟန်ဖြင့် လှမ်းခေါ်လိုက်၏။

"ဗျာ၊ ကျုပ် ကျုပ်" ပီယာသည် စစ်သားများနှင့် ပိုမိုရင်းနှီးစွာဆက်ဆံနိုင်ရန်အတွက် မည်သူမည်ဝါဖြစ်ကြောင်းကို အမှန်အတိုင်းပြောရန် မသင့်ဟု ယူဆလိုက်သည်။ 'ဗျာ။ ကျွန်တော် အရေးပေါ်စစ်သည်စုတပ်ဖွဲ့ဝိုလ်တစ်ယောက်ပါ။ ဒါပေမဲ့ ကျွန်တော့် တပ်ဖွဲ့ဝင်တွေတော့ မပါဘူးဗျ။ ဖရိဖရဲဖြစ်ပြီး ထွက်ပြေးကုန်ပြီ"

"အဲ လာပြန်ပြီကွ တစ်ယောက်" စစ်သားတစ်ဦးက ပြောလိုက်၏။ အခြားတစ်ယောက်ကမူ ခေါင်းကို သွက်သွက်ခါအောင် ယမ်းလျက် ရှိ၏။

"လာလေဗျာ၊ မုန့်ညက် လာစားပါလား" ပထမစစ်သားက လှမ်းခေါ်လိုက်ကာ သစ်သားယောက်မမှာ မုန့်ဖတ်များစင်သွားအောင် လျှာဖြင့်လျက်လိုက်ပြီး ပီယာကို လှမ်းပေးလိုက်၏။

ပီယာသည် မီးဖိုအနီးတွင် ဝင်ထိုင်လိုက်ကာ ဒယ်အိုးထဲမှ မုန့်ညက်ကို ကော်၍ စား၏။ ပီယာသည် အရသာအရှိဆုံးဆိုသည့် အစားအစာများကို စားသောက်ခဲ့ဖူးပြီဖြစ်သော်လည်း ထိုညက စားသောက်ရသော မုန့်ညက်တစ်ကော်မှာ သူ့တစ်သက်တွင် စားခဲ့ရသည့် အစားအစာများထက် အဆထောင်ပေါင်းများစွာ အရသာရှိလှသည်ဟု ထင်မိ၏။ ပီယာသည် မုန့်ညက်များကို ယောက်မနှင့် ကော်ကာ အားရပါးရစားလျက်ရှိစဉ် စစ်သားများသည် မီးရောင်ဖြာကျလျက်ရှိသော ပီယာ့မျက်နှာကို အကဲခတ်လျက် ရှိကြလေသည်။

"နောင်ကြီးက ဘယ်ကို သွားမှာလဲ"

"မိုဇော့ရွာကို သွားမလို့ပါ"

"နောင်ကြီး ကြည့်ရတာ သူကောင်းမျိုးထဲကနဲ့တူသဗျ"

"ဆိုပါတော့ဗျာ"

"နာမည်က ဘယ်လိုခေါ်သလဲ"

"ပီယာ ကိရိလစ်ပါ"

"ကဲ ဒါဖြင့် ရှေ့ဆက်ကြဦးစို့ ပီယာ ကိရိလစ်ရေ၊ အတူတူ သွားကြတာပေါ့ဗျာ"

ပိန်းပိတ်လျက်ရှိသော အမှောင်ထုကြီးတွင် ပီယာနှင့် စစ်သားသုံးယောက်သည် မိုဇော့ရွာဘက်သို့ ဆက်၍ လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

မိဖေဟ့ရွာအနီး တောင်ရိုးကလေးပေါ်သို့ ၎င်းတို့ ရောက်သွားသောအခါ၌ လင်းကြက်များ တွန်စ ပြုလေပြီ။ ပီယာတည်းခိုလျက်ရှိသည့် ထမင်းဆိုင်ကလေးမှာ တောင်ခြေတွင် ရှိသော်လည်း ပီယာသည် မေ့လျော့ကာ ထမင်းဆိုင်ကို လွန်၍ စစ်သားများနှင့် အတူ လိုက်သွားလေသည်။ ပီယာမှာ သတိမေ့တတ်သူ ဖြစ်သည့်အလျောက် တည်းခိုရမည့်နေရာကို လွန်လာခဲ့ပြီဖြစ်ကြောင်း မသိသေးချေ။ ရွာထဲတွင် ၎င်း၏ဆရာကို လိုက်ရှာပြီး ထမင်းဆိုင်ဘက်သို့ ပြန်လာသော တပည့်မြင်းထိန်းနှင့် တွေ့တော့မှ တည်းခိုသည့်နေရာကို လွန်လာခဲ့ကြောင်း သတိရလေတော့သည်။ မြင်းထိန်းသည် အရက်တက် မှုန်တိမှုန်ဝါး အလင်းရောင်ထဲတွင် ဦးထုပ်ဖြူကြီး တကားကားဖြင့် လျှောက်လာသော ၎င်း၏ဆရာကို ချက်ချင်း မှတ်မိလိုက်၏။

"သခင်လေး၊ ဘယ်ကို သွားဦးမလို့လဲ။ ကျွန်တော် တို့ဖြင့် ရှာလိုက်ရတာ နံ့နေပြီခင်ဗျ။ ခု ခြေကျင်လာခဲ့ရတာလား သခင်လေး"

"ဟေ" ပီယာက အာမေဋိတ်သံ ပြုလိုက်၏။ စစ်သားများကလည်း ရပ်လိုက်ကြ၏။

"နောင်ကြီး၊ နောင်ကြီး အဖော်တွေ တွေ့ပလား၊ ကဲ ဒါဖြင့် နေရစ်ခဲ့ပေတော့ဗျို့။ ကျုပ်တို့တော့ ခရီးဆက်ရဦးမယ်"

"ကဲ နောင်ကြီး သွားပြီဗျို့" အခြားတစ်ယောက်က ပီယာကို လေးစားစွာ နှုတ်ဆက်သည်။

"အေးဗျာ၊ သွားကြပေတော့" ပီယာသည် မြင်းထိန်းနှင့် အတူ တည်းခိုရာထမင်းဆိုင်ဘက်သို့ ပြန်လာခဲ့သည်။

'ဩော် ငါ့နယ် သူတို့ကို ငွေစကလေး ဘာကလေး ပေးလိုက်ရ ကောင်းမှာ' ပီယာသည် သတိရကာ အိတ်ကပ် များကို စမ်းကြည့်သည်။ နောက်ဆုံး၌ 'အေးလေ၊ မေ့သွားတာကိုး။ ဘယ်တတ်နိုင်တော့မလဲ' ဟု ကိုယ့်စိတ်ကို ဖြေရသည်။

တည်းခိုရာထမင်းဆိုင်တွင်ကား အခန်းလွတ်မရှိတော့ချေ။ အခန်းအားလုံး တည်းခိုသူတွေ ပြည့်နှက်လျက်ရှိပေပြီ။ ပီယာသည် ရှေ့ကွက်လပ်တွင် ရပ်ထားသော ကရထားပေါ်သို့ တက်ကာ စောင်ကို ခေါင်းမြီးခြုံ၍ အိပ်လိုက်လေသည်။

အခန်း ၉

ခေါင်းအုံးပေါ်တွင် ခေါင်းချ၍ မပျော်တစ်ဝက် ပျော်တစ်ဝက်ဖြစ်နေချိန်တွင် တဝုန်းဝုန်း တဒိုင်းဒိုင်း ပေါက်ကွဲသံများ၊ အမြောက်ဆန်များ တအုန်းအုန်းကျလာသံများ၊ အော်ဟစ်ညည်းညူသံများကို ကြားရသည်ဟု လည်းကောင်း၊ သွေးညှီနံ့များနှင့် ယမ်းနံ့များကို ရှုရှိုက်ရသည်ဟု လည်းကောင်း ပီယာ့စိတ်ထဲတွင် ထင်လိုက်မိကာ ဇောချွေးတွေ ပြန်လာလေသည်။ ပီယာသည် ကြောက်အားလန့်အားဖြင့် မျက်လုံးကို ဖွင့်ကာ စောင်ကို လှပ်လိုက်သည်။ ထမင်းဆိုင်ရှေ့ ကွက်လပ်တစ်ခုလုံးမှာ တိတ်ဆိတ်လျက်ရှိ၏။ စစ်သားတစ်ဦးသည် ရှဲ့ဗွက်ထဲတွင် တစွက်စွက်ဖြတ်လျှောက်လာပြီး ထမင်းဆိုင်ရှင်နှင့် စကားပြောနေသံကို ကြားရ၏။ ပီယာ၏လှုပ်ရှားသံကြောင့် ထမင်းဆိုင်အဖိုးပေါ်ရှိ ခိုတစ်အုပ်သည် အတောင်တဖျတ်ဖျတ်ခတ်၍ ထပျံကြ၏။ ထမင်းဆိုင်ဝင်းတစ်ဝင်းလုံး၌ မြင်းဇောင်းမှ အနံ့များ တသင်းသင်းထွက်လျက်ရှိပေရာ ပီယာသည် ဤအချိန် ဤအခါ၌ ဤရနံ့များကို ရှုရှိုက်လိုက်ရသဖြင့် များစွာကြည်နူး၍ သွားလေသည်။ ကြည်လင်၍ ကြယ်ပွင့်တို့ ဝင်းလက်နေသော ကောင်းကင်ကြီးကို အဖိုးနှစ်ခုကြားမှ မြင်ရ၏။

'အင်း၊ ပစ်သံ ခတ်သံတွေတော့ မကြားရတော့ဘူး' ပီယာသည် ပြန်လှဲကာ ခေါင်းမြီးခြုံ၍ အိပ်ပြန်သည်။ 'ကြောက်လန့်မှု ဟာတယ်လို့လဲ ဆိုးရွားလှပါကလား၊ ငါဟာ ကြောက်လန့်မှုကို လက်မြှောက်အရှုံးပေးခဲ့ရပြီ။ ရှက်တော့ ရှက်စရာပဲ။ သူတို့များကျတော့လဲ တစ်ချိန်လုံး ဘာမှ အကြောက်အလန့် မရှိဘူးနော်' ဟု ပီယာသည် မပျော်တစ်ဝက် ပျော်တစ်ဝက်ဖြင့် ဆက်၍ တွေးနေ၏။

'သူတို့' ဆိုသည်မှာ စစ်သားများကို ဆိုလိုခြင်း ဖြစ်ပေသည်။ ရှေ့စကိုတောင်ကုန်းပေါ်တွင် တွေ့ခဲ့ရသော အမြောက်တပ်စုမှ တပ်သားများ၊ သူ့အား မုန့်ညက်တစ်ကော်ပေးခဲ့သော တပ်သားများ၊ ဆင်းတုတော်ရှေ့တွင် အေးအေးဆေးဆေး ဆုတောင်းခဲ့ကြသော တပ်သားများကို ဆိုလိုခြင်း ဖြစ်ပေသည်။ မိမိနှင့် တစ်ခါမျှ မသိခဲ့ဖူးသော အဲ့သြစရာကောင်းသည့် 'သူတို့' တစ်တွေသည် ပီယာ၏

www.burmeseclassic.com

www.burmeseclassic.com

မျက်စိထဲတွင် တစ်ယောက်ပြီး တစ်ယောက် အထင်းသားပေါ်လာကြကုန်သည်။

"အင်း၊ လူတစ်ယောက်ဟာ စစ်သားတစ်ယောက်ဖြစ်လာဖို့အတွက် အသိုက်အအုံနဲ့ နေတဲ့ဘဝကို လုံးလုံးလျားလျားကြီး နှစ်မြုပ်လိုက်ဖို့ လိုတယ်။ သူ့မှာ စစ်သားတစ်ယောက်ဖြစ်အောင် အထက်က ပုံသွင်းထားတဲ့စိတ်က လွဲလို့ တခြား ဘာစိတ်မှ မရှိဖို့လိုတယ်။ ငါဟာ သာမန်အရပ်သားတစ်ယောက်ရဲ့ အပိုအလုပ်တွေ၊ အပိုတာဝန်တွေကို ဘယ်လိုများ စွန့်စွာချရပါ့မလဲ။ ငါဟာ ဒီအပိုတာဝန်တွေ၊ အပေါ်ယံအလုပ်တွေကို စွန့်လွှတ်ဖို့ အခွင့်အရေးရခဲ့လျက်နဲ့ မစွန့်လွှတ်နိုင်ခဲ့ဘူး။ ငါဟာ ခမည်းတော်ရဲ့ သြဇာအာဏာစက်အောက်က ရုန်းထွက်နိုင်ခဲ့လျက်နဲ့ ရုန်းထွက်ခြင်း မပြုနိုင်ခဲ့ဘူး။ ဒိုလိုကော့ဗ်နဲ့ နှစ်ယောက်ချင်း ချိန်းသတ်ပြီးတဲ့နောက် စစ်ထဲကို ဝင်မယ်ဆိုရင် ဝင်ဖို့ အခွင့်အရေးရလျက်သားနဲ့ မဝင်နိုင်ခဲ့ဘူး။ ငါ ညံ့တာပဲ"

ပီယာသည် ခေါင်းမြီးခြုံ၍ လဲ့ရင်း စဉ်းစားနေသည်။ အင်္ဂလိပ်ကလပ် ညစာစားပွဲ၌ ဒိုလိုကော့ဗ်အား နှစ်ယောက်ချင်း ချိန်းသတ်ရန် စိန်ခေါ်ခဲ့ပုံကို မြင်ယောင်လာသည်။ တော့ဇော့စခန်း၌ ဥပဇ္ဈာယ်ဆရာနှင့် တွေ့ခဲ့ပုံကို မြင်ယောင်လာသည်။ ညိအစ်ကိုတော်ဂိုဏ်းသို့ အခမ်းအနားဖြင့် ဝင်ခဲ့ပုံကို အမှတ်ရလာသည်။

"အင်း၊ ငါ့ဥပဇ္ဈာယ်ဆရာတော့ သေရှာပြီ။ မရှိရှာတော့ဘူး။ ခုနေ ငါ့ဆရာများရှိရင် ဘယ်လောက်ကောင်းမလဲနော်' ဟု တောင့်တမိသည်။

ထို့နောက် အင်္ဂလိပ် ကလပ် ညစာစားပွဲ၌ သူ့အနီးတွင် အနာတိုလီ၊ ဒိုလိုကော့ဗ်၊ နက်ဗစ်စကီ၊ ဒင်နီဆော့ဗ် စသူတို့ ထိုင်နေပုံကို မြင်ယောင်လာပြန်သည်။ အနာတိုလီနှင့် ဒိုလိုကော့ဗ်တို့ တစ်ယောက်နှင့် တစ်ယောက် အော်ကြီးဟစ်ကျယ် စကားပြောဆိုနေကြသည်ကို ကြားယောင်လာသည်။ ၎င်းတို့ပြောသံတွေ ကြားထဲမှ ဥပဇ္ဈာယ်ဆရာ၏ စကားသံသည် စစ်မြေပြင်တွင် တရစပ်မြည်နေသော သေနတ်သံများကဲ့သို့ အစဉ်အမြဲကြားနေရသည်။ ဥပဇ္ဈာယ်ဆရာ၏ စကားသံကို ကြားယောင်နေရခြင်းသည် စိတ်ချမ်းမြေ့မှုကို ရစေသည်။ ပီယာသည် ဥပဇ္ဈာယ်ဆရာ ပြောနေသော စကားသံများကို သဲသဲကွဲကွဲ ကြားရခြင်း မဟုတ်သော်လည်း မင်္ဂလာရှိသောစကားကို ပြောဆိုနေခြင်း ဖြစ်ကြောင်း သိသည်။ သူ့ဆရာ၏ ဘေးဌ သူတို့သည် ရိုးသားကြင်နာ၍ တည်ကြည်ပြတ်သားသောမျက်နှာများဖြင့် ဝိုင်းထိုင်နေကြသည်။ 'သူတို့' သည် ရိုးသားကြင်နာကြသော်လည်း ပီယာကိုလည်း မကြည့်၊ သတိလည်း မထားကြချေ။ ပီယာသည် 'သူတို့' နှင့် စကားပြောလိုသဖြင့် ထလိုက်သည်တွင် အိပ်ရာမှ နိုးလာလေသည်။ ၎င်း၏ခြေထောက်များမှာ စောင်မရှိတော့ဘဲ အေးစက်လျက် ရှိလေပြီ။

ပီယာသည် အစွဲအလမ်းကြီးလှသော မိမိအဖြစ်ကို တွေး၍ ရုက်ကာ ခြေထောက်များကို စောင်ဖြင့် ထွေးလိုက်သည်။ ခြေထောက်များကို စောင်ဖြင့်ပတ်နေတုန်းလက်တွင် ခြိုထားသည့် ဝတ်ရုံအင်္ကျီက လျှောကျသွားပြန်သည်။ ထို့ကြောင့် ပီယာသည် ကိုယ်အထက်ပိုင်းကို ဝတ်ရုံအင်္ကျီဖြင့် ဖုံးလိုက်ပြီးနောက် မျက်လုံးများကို ဖွင့်လိုက်၏။ ထမင်းဆိုင်အဖိမှ အမိုးများ၊ တိုင်များနှင့် တကွ ထမင်းဆိုင်ရှေ့ကွက်လပ်ကို မြင်ရသည်။ ပတ်ဝန်းကျင်သည် ပြာနှမ်းနှမ်းအရောင်ကို ဆောင်ကာ လင်းတစ်ဝက် မှုန်တစ်ဝက် ဖြစ်လျက်ရှိပြီး နှင်းစက် နှင်းသီးတို့ ဖြင့် တောက်ပလျက် ရှိသည်။

'အလို၊ အရုဏ်တောင် လာပါပေါ့လား။ အေးလေ၊ အရုဏ်လာတာ မလာတာက အရေးမကြီးပါဘူး။ ခုနေ ငါ့ဆရာရဲ့စကားတွေကို ကြားချင်နေတာက ခက်တယ်' ဟု ပီယာ တွေးမိသည်။ ပီယာသည် ဝတ်ရုံအင်္ကျီကြီးကို ကိုယ်ပေါ်သို့ လွှမ်းလိုက်သည်။ ဤတစ်ကြိမ် ပြန်၍အိပ်သည့်အခါတွင်မူ ညိအစ်ကိုတော်ဂိုဏ်းဝင်တို့၏ ဘုံအိမ်ကို လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာကို လည်းကောင်း မမြင်ရတော့ချေ။ သို့ရာတွင် ၎င်း၏နားထဲ၌ စကားပြောသံများကို သဲကွဲစွာကြားနေရသည်။ ထိုစကားပြောသံမှာ သူကိုယ်တိုင် စကားပြောသံလိုလို၊ အနီးတွင် တစ်စုံ တစ်ယောက်က ပြောနေသလိုလို ထင်ရသည်။

နောက်တွင် ပြန်၍စဉ်းစားသည့်အခါ၌မူ ပီယာသည် ထိုစကားများကို မိမိကိုယ်တိုင် အိပ်မက်ထဲတွင် ပြောဆိုခဲ့ကြောင်း သိရလေသည်။ အိပ်မက်ထဲတွင် ပြောဆိုခြင်းဖြစ်သော်လည်း ထိုအတွေးများမှာ ဝိုးတိုးဝါးတားမဟုတ်ဘဲ ပြတ်သားကြည်လင်လှပေ၏။ အိပ်မပျော်သည့် အချိန်မှာပင် ဤမျှလောက် ကြည်လင်ပြတ်သားသော

www.burmeseclassic.com

www.burmeseclassic.com

အတွေးများကို တွေးနိုင်သည်ဟု ပီယာမထင်ချေ။

'စစ်တိုက်ခြင်းအလုပ်ဟာ လူ့လွတ်လပ်မှုဟူသမျှကို ဘုရားသခင်ထံမှ အဆုံးခံပြီး ဝကွက်အပ်လိုက်ရတဲ့ အလုပ်ပဲ။ စစ်သားရယ်လို့ ဖြစ်လာရင် ရိုးသားဖြောင့်စင်းရတယ်။ ရိုးသားဖြောင့်စင်းခြင်းဟာ ဘုရားသခင်ရဲ့အလိုတော်ကို လိုက်နာခြင်းဖြစ်တယ်။ စစ်သားဟာ ဘုရားသခင်ရဲ့အလိုတော်က ကင်းလွတ်ပြီးနေလို့ မရပေဘူး။ ဟောကြည့်၊ ငါတွေ့ခဲ့ရတဲ့ စစ်သားတွေဟာ ရိုးသားတယ်။ ဖြောင့်စင်းတယ်။ သူတို့ဟာ စကားမပြောကြဘူး။ အလုပ်ကိုပဲ လုပ်ကြတယ်၊ ပြောသောစကားသည် ငွေတန်၍၊ မပြောသောစကားသည် ရွှေတန်၏လို့ ဆိုတယ် မဟုတ်လား။ လူဟာ သေခြင်းတရားကို ကြောက်ရွံ့နေသမျှကာလပတ်လုံး ဘယ်အရာကိုမှ အောင်မြင်နိုင်မယ် မဟုတ်ဘူး။ သေခြင်းကို မကြောက်တဲ့သူကတော့ အစစအရာရာကို အောင်မြင်ပေတာပဲ။ လောကမှာ ဒုက္ခဝေဒနာရယ်လို့ မရှိရင် လူတွေဟာ သူတို့ရဲ့အချုပ်အနှောင်တွေကို နားလည်မှာလဲ မဟုတ်ဘူး။ ကိုယ့်အကြောင်းကိုလဲ သိမှာ မဟုတ်ဘူး။ လောကမှာ အခက်ခဲဆုံးအရာကတော့ အရာအားလုံးရဲ့ အနက်အဓိပ္ပာယ်ကို ပေါင်းစည်းနားလည်ဖို့ပဲ ဖြစ်တယ်။ အေးလေ၊ အရာအားလုံးကို ပေါင်းစည်းနားလည်ဖို့ဆိုတာလဲ သိပ်တော့ မဟုတ်သေးပါဘူး။ အတွေးအခေါ်တွေ အားလုံးကို နဖားကြိုး တပ်ဆင်ပေးဖို့ပဲ။ ဟုတ်တယ်။ လူရဲ့အတွေးအခေါ်တွေကို နဖားကြိုးတပ်ပြီး လူတွေအတွက် အသုံးချပေးရမယ်'

ထိုစကားလုံးများသည် မိမိပြောလိုသော အဓိပ္ပာယ်နှင့် အကိုက်ညီဆုံးဖြစ်သည်ဟု ယူဆကာ ပီယာသည် ကြည်နူးလျက် ရှိလေသည်။

'ဟုတ်တယ်၊ အတွေးအခေါ်တွေကို မြင်းများမှာ ကြိုးကပေးသလို ကပြီး ကိုယ်လိုရာကို စေခိုင်းရမယ်။ မြင်းတွေကို ကြိုးကသလို ကပေးရမယ်'

"မြင်းတွေကို ကလိုက်ရတော့မလား သခင်လေး။ မြင်းတွေကဖို့ အချိန်တော်ပြီ ထင်ပါတယ်"

အသံတစ်သံကို ကြားလိုက်ရ၏။ ထိုအသံကား ပီယာကို နှိုးလျက်ရှိသော မြင်းထိန်း၏အသံပေတည်း။ နေရောင်သည် ပီယာ့မျက်နှာပေါ်သို့ တည့်တည့်ထိုးကျလျက် ရှိ၏။ ပီယာသည် ညစ်ပတ်ပေရေလှသော ထမင်းဆိုင်ရှေ့ ကွက်လပ်ကို လှမ်းကြည့်လိုက်သည်။ လှည်းများသည် တစ်စီးပြီး တစ်စီး ထွက်သွားကြကာ စစ်သားအချို့သည် ၎င်းတို့၏ပိန်လှီသောမြင်းများကို ရေအိုင်တွင် ရေတိုက်လျက် ရှိကြ၏။ ပီယာသည် မျက်နှာကိုလွှဲကာ မျက်လုံးများကို မှိတ်လိုက်သည်။

'အင်း ဒါတွေအားလုံးဟာ အနိဋ္ဌာရုံတွေပဲ။ ဒီအနိဋ္ဌာရုံတွေအားလုံးကို ငါ မမြင်ချင်ဘူး။ အိပ်မက်ထဲမှာတွေ့ရတဲ့ ကျဋ္ဌာရုံတွေကို ငါ မြင်ချင်လိုက်ပါဘိ။ အတွေးအခေါ်တွေကို နဖားကြိုးတပ်ရမယ်ဆိုပေမယ့် ငါ ဘယ့်နယ်လုပ် နဖားကြိုးတပ်ရပါ့မလဲ။ ငါ ဘာလုပ်ရမလဲ။ ဒီလောကကြီးပေါ်က ဒီအနိဋ္ဌာရုံတွေ ပျောက်သွားအောင် ငါ ဘာလုပ်ရမလဲ'

ထိုအနိဋ္ဌာရုံများကို မြင်လိုက်ရသည့်အခါ၌ ခပ်စောစောက အိပ်မက်ထဲတွင် တွေ့မြင်ခဲ့ရသည့် ကျဋ္ဌာရုံများသည် ပျောက်ကွယ်သွားကြပြန်သည်။

မြင်းထိန်းရထားသမားနှင့် ထမင်းဆိုင်ရှင်တို့က ပြင်သစ်တပ်များသည် မိုဇော့ရွာအနီးသို့ ရောက်လာကြပြီဖြစ်ကြောင်း၊ မိမိတို့တပ်များသည် ဆုတ်ခွာနေကြပြီဖြစ်ကြောင်းဖြင့် ပြောပြကြ၏။

ပီယာသည် အိပ်ရာမှထကာ မိမိမှာ ခြေကျင်သွားနှင့်မည်ဖြစ်ကြောင်း၊ မြင်းများကို ကၡ နောက်မှ လိုက်လာခဲ့စေလိုကြောင်း ပြောကြားကာ ထွက်လာခဲ့လေသည်။

ရုရှားစစ်တပ်များသည် ဒဏ်ရာရသူတစ်သောင်းခန့်ကို စွန့်ကာ ဆုတ်ခွာလျက် ရှိကြ၏။ မိုဇော့တစ်ရွာလုံးကား ဒဏ်ရာရသူများဖြင့် တင်းကြပ်ပြည့်လျက် ရှိသည်။ ကွက်လပ်များ၊ လမ်းမများ၌ ဒဏ်ရာရသူတို့အတုံးအရုံးလဲကျ စုပုံလျက်ရှိ၏။ ဒဏ်ရာရသူများ၏အော်ဟစ်ညည်းညူသံ၊ ၎င်းတို့ကို စွန့်ပစ်ခဲ့သဖြင့် ဆဲရေးသံတို့သည် ဆူညံလျက် ရှိ၏။ ပီယာသည် မိမိရထားရောက်လာသည်နှင့် တစ်ပြိုင်နက် ဒဏ်ရာရသူ စစ်ဗိုလ်ချုပ်တစ်ဦးကို တင်ကာ မော်စကိုမြို့သို့ ထွက်လာခဲ့လေသည်။ မော်စကိုမရောက်မီ လမ်း၌ မိမိ၏ယောက်ဖအနာတိုလိနှင့် မိမိ၏ရောင်းရင်း မင်းသားကလေး အင်ဒရေတို့ ကျဆုံးသွားပြီဟူသော သတင်းကို ကြားရလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၀

ပီယာသည် ဩဂုတ်လ ၃၀-ရက်နေ့တွင် မော်စကိုမြို့သို့ ရောက်၏။ မြို့တံခါးဝသို့အရောက်၌ မြို့ဝန် ရော့စတော့ချင်၏တပ်ရေးနှင့် တွေ့လေသည်။

"အလို မြို့စားလေးပါလား။ အခန့်သင့်လိုက်လေဗျာ။ ကျွန်တော်တို့ မြို့စားလေးကို လိုက်ရှာနေကြတာဗျ။ မြို့ဝန်မင်းက မြို့စားလေးနဲ့ သိပ်တွေ့ချင်နေတယ်။ အရေးကြီးတဲ့ကိစ္စရှိလို့ အမြန်လာခဲ့ပါလို့လဲ မြို့ဝန်မင်းက အမှာတော်ရှိလိုက်တယ် ခင်ဗျ"

ပီယာသည် မိမိ၏စံအိမ်သို့ပင် မသွားတော့ဘဲ ရထားတစ်စီးဖြင့် မော်စကိုမြို့စောင့်တပ်၏ စစ်ဦးစီးချုပ်ဖြစ်သူ မြို့ဝန် ရော့စတော့ချင်ထံ လာခဲ့လေသည်။

မြို့ဝန် ရော့စတော့ချင်သည် ဆိုကိုနီကီဒေသရှိ နွေရာသီ စံအိမ်သို့ သွားရောက်နေထိုင်လျက်ရှိရာ ယနေ့ နံနက်တွင်မှ မော်စကိုသို့ ပြန်ရောက်လာခြင်း ဖြစ်၏။ မြို့ဝန်၏စံအိမ်ဧည့်ခန်းထဲ၌ အမိန့်တော်ခံရန် လာသူများ၊ ဆင့်ဆိုထားသူများဖြင့် ပြည့်နှက်လျက် ရှိ၏။ ဗိုလ်ချုပ်ဗာဆီချီကော့နှင့် ဗိုလ်ချုပ် ပလာတော့ဗ်တို့သည် မြို့ဝန် ရော့စတော့ချင်နှင့် တွေ့ဆုံကာ မော်စကိုမြို့မှ ခုခံတိုက်ခိုက်၍ မဖြစ်နိုင်တော့ကြောင်း၊ မော်စကိုမြို့ကို ရန်သူ့လက်သို့ အပ်လိုက်ရတော့မည်ဟူသော သတင်းကို ဖုံးဖိ၍ ထားသော်လည်း မင်းမူထမ်းများ၊ ဘုရင့်အစိုးရဌာနအကြီးအကဲများကမူကား မော်စကိုမြို့သည် မကြာမီ ရန်သူ့လက်တွင်းသို့ ကျရတော့မည်ဖြစ်ကြောင်းကို မြို့ဝန်မင်း သိသံကဲ့သို့ပင် သိထားပြီးဖြစ်ကြလေသည်။ ထို့ကြောင့် ၎င်းတို့သည် မိမိတို့တွင် တာဝန်မရှိစေရန် အစိုးရဌာနများကို မည်သို့မည်ပုံ ကြပ်မတ်ကွပ်ကဲရမည် ဖြစ်ကြောင်း မြို့ဝန်မင်းထံ လာရောက်၍ အမိန့်တောင်းခံလျက် ရှိကြ၏။

မြို့ဝန်၏စံအိမ်တော် ဧည့်ခန်းထဲသို့ ပီယာရောက်သွားသည်နှင့် တစ်ပြိုင်နက် တပ်မတော်စစ်ဦးစီးဌာနချုပ်မှ ဆက်သားတစ်ဦးသည် မြို့ဝန်မင်း၏သီးသန့်ခန်းဆောင်ထဲမှ ရေးကြီးသုတ်ပျာ ထွက်လာလေသည်။

ဧည့်ခန်းထဲသို့ အရောက်၌ တပ်ဗိုလ်သည် မိမိအား ဝိုင်းဝန်းနှုတ်ဆက် မေးမြန်းကြသူများကို နှုတ်ဖြင့်ပင် ပြန်ကြားခြင်း မပြုနိုင်တော့ဘဲ စိတ်ပျက်လက်ပျက်ဖြင့် လက်ကို ခါယမ်းကာ ခန်းဆောင်အပြင်သို့ ထွက်သွားလေသည်။

ပီယာသည် ဧည့်ခန်းတွင် ထိုင်လျက် ပင်ပန်းနွမ်းနယ်လျက်ရှိသော မျက်လုံးများဖြင့် ရွှေမြို့တော်အရာရှိကြီးငယ်များ၊ တပ်မတော်အရာရှိများကို လှမ်းကြည့်နေသည်။ ၎င်းတို့အား လုံးသည် ဒေါသထွက်လျက် ရှိပုံရ၏။ ပီယာသည် လူတစ်စုထဲ၌ မိမိအသိတစ်ယောက်ကို လှမ်းမြင်လိုက်သဖြင့် ထလာခဲ့သည်။ ထိုမိတ်ဆွေသည် ပီယာကို နှုတ်ဆက်ပြီးနောက် ဆက်၍ စကားပြောနေသည်။

"ခု စောစောစီးစီးက လွတ်ထားပြီး နောက်မှ ပြန်ခေါ်တန် ခေါ်ရင် ကိစ္စမရှိဘူးဗျ။ ဒါပေမဲ့ ခုလို တောင်မရောက် မြောက်မရောက်နဲ့တော့ ကျုပ်တို့လဲ တာဝန်မယူရဲဘူး"

"ဗျာ၊ ဒါကတော့ မြို့ဝန်ကိုယ်တိုင် ရေထားတာကပဲ" တစ်ယောက်က လက်ထဲတွင်ကိုင်ထားသည့် ပုံနှိပ်စာရွက်တစ်ရွက်ကို ထောင်ပြလိုက်၏။

"အဲဒါက ဘာလဲဗျ"

"နောက်ဆုံးထုတ်တဲ့ ကြော်ငြာစာလေဗျာ"

ပီယာသည် မြို့ဝန်၏ကြော်ငြာစာကို လှမ်းယူ၍ ဖတ်နေသည်။

'စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် စစ်မြေသို့ ချီတက်လာသော တပ်တော်များနှင့် တွေ့ဆုံရန်အတွက် မိဇဟော့ရွာကို ဖြတ်၍ ချီတက်ကာ ရန်သူတို့ ရုတ်တရက် တိုက်ခိုက်ခြင်း မပြုနိုင်သော စခန်းတစ်ခု၌ အခိုင်အမာတပ်စွဲပြီး ဖြစ်သည်။ အမြောက် မြတပူလေးဆယ့်ရှစ်လက်နှင့် ခဲယမ်းမီးကျောက်အမြောက်အမြှားကိုလည်း ကျွန်ုပ်တို့မြို့မှ စစ်သေနာပတိချုပ်ကိုယ်တော်တိုင် ကွပ်ကဲသော တပ်တော်များသို့ ပို့ပြီး ဖြစ်သည်။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်သည် နောက်ဆုံးသွေးစက်ကျသည်အထိ မော်စကိုမြို့မှ ကြွကြွခံမည်ဟု သိရသည်။ လမ်းကြားတိုက်ပွဲများ ဆင်နွှဲရန်ပင် ပြင်ဆင်ပြီးဖြစ်သည်။ မြို့သူမြို့သားအပေါင်းတို့၊ တရားရုံးတော်များကို ပိတ်ထားလိုက်သည့်အတွက် စိုးရိမ်ခြင်း မဖြစ်ကြကုန်လင့်။ တရားရုံးတော်များကို ပိတ်ထားသော်လည်း ရပ်ရွာအေးချမ်းရေးကို ဖျက်ဆီးနှောင့်ယှက်သူ လူဆိုးဓားပြ၊ တန္တမုဒိမ်းတို့အား ထိုက်သင့်သလို စစ်ဆေးအပြစ်ပေးမည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ အချိန်ရောက်သည်နှင့် ကျွန်ုပ်သည် မြို့နှင့် တောကျေးလက်ရှိ အရွယ်ကောင်းသူ ယောကျ်ားများအား တစ်ချက်တည်း လက်နက်စွဲကိုင်၍ ရန်သူတို့ကို ခုခံမောင်းထုတ်ကြရန် အချိန်းအချက် ပြုမည် ဖြစ်သည်။ ယခုအချိန်၌မူကား ဤသို့ပြုရန် မလိုသေး။ ထို့ကြောင့် ကျွန်ုပ်သည် မော်စကိုမြို့ကို ငြိမ်သက်အေးချမ်းစွာ အုပ်ချုပ်သွားမည်သာ ဖြစ်သည်။ အရေးတော် ပေါ်သည့်အခါ၌သာ အဆင်သင့် ဖြစ်ကြစေလိုသည်။ ထိုအခါ၌ ပုဆိန်တစ်လက်သည် သူ့နည်းနှင့် သူ အသုံးကျလိမ့်မည်။ လှံတစ်စင်း သည် လက်နက်ကောင်းတစ်ခု ဖြစ်လိမ့်မည်။ သုံးခွခက်ရင်းတစ်ချောင်းသည် ရန်သူကိုထိုးနှက်ရာ၌ အကောင်းဆုံး ဖြစ်လိမ့်မည်။ အချင်းတို့၊ ပြင်သစ်တစ်ယောက်သည် ကောက်လိုင်းတစ်စည်းလောက်မျှပင် လေးသည်မဟုတ်။ နက်ဖြန် ညစာစားပြီးချိန်၌ ကျွန်ုပ်သည် မယ်တော်အစ်ဗာရီယန်၏ အောင်ခြင်းဆင်းတုတော်ကို ဒဏ်ရာရသူများထားရာ ကက်သရင်းဆေးရုံသို့ ပင့်ဆောင်ကာ ရေသပွာယ်ခြင်းအမှုကို ပြု၍ လူနာများ ကျန်းမာစေကြောင်း ဆုတောင်းပွဲ ကျင်းပမည်။ ကျွန်ုပ်လည်း ကျန်းမာပကတိ ရှိသည်။ မျက်စိတစ်ဖက်နာလျက် ရှိသော်လည်း နှစ်ဖက်စလုံးဖြင့် ရန်သူတို့၏ လှုပ်ရှားမှုကို စောင့်ကြည့်လျက် ရှိသည်။'

"သူကသာ မြို့တွင်းက ခံမယ် ပြောတယ်။ တပ်ဗိုလ်များကကော် မြို့တွင်းမှာ တိုက်ပွဲဆင်လို့ မဖြစ်ဘူးဆိုပါကလား။ မြေပြင်အနေအထားကလဲ" ပီယာ ပြော၍ မဆုံးမီ တစ်ယောက်က

"ဟုတ်တယ်။ ကျုပ်တို့လဲ ဒါကိုပဲ ပြောနေကြတာပဲ"

"နို့ နေစမ်းပါဦး။ 'မျက်စိတစ်ဖက်နာလျက်ရှိသော်လည်း နှစ်ဖက်စလုံးဖြင့် ရန်သူတို့၏ လှုပ်ရှားမှုကို စောင့်ကြည့်နေသည်' ဆိုတာက ဘာအဓိပ္ပာယ်လဲ။ ဘာဆိုင်လို့လဲ" ပီယာက မေးလိုက်သည်။ မြို့ဝန်၏ တပ်ရေးက ပြုံးလျက်

"ဟဲ ဟဲ၊ မြို့ဝန်မင်း မျက်စိတစ်ဖက် စွန့်နေတယ်ဗျ။ လူတွေက မြို့ဝန်မင်း ဘာဖြစ်နေသလဲလို့ လာလာမေးကြတယ်လို့ ကျွန်တော်က ပြောပြတာနဲ့ ခုလို ထည့်ကြော်ငြာတာ ဖြစ်မှာပေါ့ဗျ။ ဒါထက်တပ်ရေးက ပီယာ့ဘက်သို့ ရုတ်တရက်လှည့်၍ ခပ်ပြုံးပြုံးဖြင့်

"မြို့စားလေးလဲ အိမ်ထောင်ရေး အဆင်မပြေဘူးလို့ ကြားတယ်။ မြို့စားကတော်လေးလဲ"

"ဟင့်အင်၊ ကျွန်တော်ဖြင့် ဘာမှ မသိသေးပါလား။ ဘာသတင်းတွေများ ကြားလို့လဲ" ပီယာက အရေးမကြီးဟန်ဖြင့် မေးလိုက်သည်။

"အေးဗျ၊ ကျွန်တော်လဲ သတင်းကြားကိုသာ ပြောတာပါ။ လူတွေကလဲ ခက်သားပဲ။ ကြဲဖန်ပြီး ပြောတတ်ကြတာကလား"

"ဘာတွေများ ကြားလို့လဲဗျ"

"ကြင်ရာတော် မြို့စားကတော်လေး နိုင်ငံခြားကို သွားမယ်လို့ ကြားတာပဲ။ ကျွန်တော်ကတော့ သိပ်ပြီး အယုံအကြည် မရှိလှပါဘူး"

"မသိဘူးဗျ။ ဟုတ်ချင်လဲ ဟုတ်မှာပေါ့လေ" ပီယာက ဘေးပတ်ဝန်းကျင်ကို ခပ်တွေတွေကြည့်၍ ပြောလိုက်သည်။ ထို့နောက် မျက်နှာနီနီ၊ နှုတ်ခမ်းမွေး မျက်ခုံးမွေး ဆွတ်ဆွတ်ဖြူလျက် သစ်လွင်သောဝတ်စုံကို ဝတ်ထားသည့် အရပ်ခပ်ပြတ်ပြတ် အဘိုးကြီးတစ်ယောက်ကို ညွှန်ပြကာ

"သူက ဘယ်သူလဲဗျ" ဟု မေး၏။

"ဩော် သူလား၊ ကုန်သည်ထဲကပါ။ ကုန်သည်ဆိုပျော်ပွဲစား၊ ရုံပိုင်ရှင် ဗာရက်ချာဂျင်လေဗျာ။ သူ့ကိစ္စကို မြို့စားလေး မကြားသေးဘူး ထင်တယ်။ ရန်သူ့ကြေညာစာတမ်းတွေ့တဲ့ ကိစ္စလေ"

"အို ဟုတ်လား" ပီယာသည် အဘိုးကြီး၏ တည်ကြည်ရဲရင့်သော မျက်နှာကို ငေးကြည့်ကာ သစ္စာဖောက်တစ်ယောက် ဖြစ်နိုင် မဖြစ်နိုင်ကို အကဲခတ်လျက် ရှိလေသည်။

"အမှန်ကတော့ အဘိုးကြီးက အချောင်ခံရတာပါဗျာ။ ကြေညာစာတမ်းရေးတာက သူ့သားဗျ။ သူ့သားကတော့ အကျဉ်းထောင်ထဲ ရောက်နေပြီ။ အဘိုးကြီးလဲ သိပ်တော့ သက်သာမယ် မထင်ဘူး"

ကြယ်ပွင့်ဆုတံဆိပ်တော် ဆင်ယင်ထားသည့် မြို့မျက်နှာဖုံးလူကြီးတစ်ဦး၊ အရာရှိတစ်ဦးနှင့် ကြက်ခြေခတ်တံဆိပ်တော် ဆင်ထားသည့် ဂျာမန်အမှုထမ်းတစ်ဦးသည် ရှေ့နားသို့ တိုးလာကြ၏။

"သူတို့ကိစ္စကလဲ ခပ်ရှုပ်ရှုပ်ပဲဗျ" တပ်ရေးက

www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်၏။ "ကြေညာစာတမ်းက လွန်ခဲ့တဲ့ နှစ်လ လောက်က ထွက်လာတာဗျ။ ဒီကြေညာစာတမ်းထွက်တဲ့ ကိစ္စကို မြို့ဝန်မင်းလဲ သိရော စုံစမ်းခိုင်းတော့တာပဲ။ စုံစမ်းထောက်လှမ်းတဲ့လူက ဂေဗရီယဲအီဗန်နိုဗစ်ပေါ့။ ကြေညာစာတမ်းကို သူတို့က တစ်ယောက်တစ်လှည့် ဝေတာ လူပေါင်းခြောက်ဆယ့်သုံးယောက်လက်ထဲ ရောက် ပြီးပြီတဲ့။ ဂေဗရီယဲက ဒီစာတမ်းကို တစ်ယောက်လက် ထဲမှာတွေ့တော့ ဘယ်ကရသလဲလို့ စုံစမ်းတာပေါ့။ ဟို လူကလဲ ဒီလို ဒီလိုပဲ ဒီလူ့ဆီက ရတာလို့ ဖော်ပြောတော့ အဲဒီလူဆီ လိုက်ပြန်ရောဗျို့။ ဒီလိုနဲ့ အမျှင်တန်းလိုက် လာတာ နောက်ဆုံး ဗာရက်ချာဂျင်ရဲ့သားဆီ ရောက်လာ ပါလေရော။ ဗာရက်ချာဂျင်သားကို ဘယ်ကရသလဲလို့ မေးတော့ ဒီလူက 'ဘယ်သူ့ဆီကမှ ရတာမဟုတ်ဘူး။ ကျုပ်ရေးတာ' လို့ ပြောသတဲ့။ အမှန်ကတော့ ကျွန်တော် တို့ကလဲ ဒီကြေညာစာတမ်းဟာ ဘယ်သူ့လက်ထဲက ထွက်လာတယ်ဆိုတာ သိပါတယ်။ သူ ရတာ စာတိုက် တော်မှူးကြီးဆီက ရတာပဲ။ ဒါကြောင့် ဆိုင်ရာက သူ့ကို ခြောက်လှန့်အစစ်အောက်ပြီး မေးပြန်တယ်။ ဟိုလူကလဲ ဘယ်လိုပဲ မေးမေး၊ သူ ရေးတာပဲဆိုပြီး ဇွတ်ပေခံတော့ တာပဲ။ ဒါကြောင့် ဒီကိစ္စကို မြို့ဝန်ကြီးထံ အစီရင်ခံ တော့ မြို့ဝန်ကြီးကိုယ်တိုင် ခေါ်စစ်ပြန်တယ်။ ဒီလူကလဲ ဘယ်လောက်မိုက်သလဲဆိုရင် သူ ရေးတာပဲဆိုပြီး အတင်း ဇွတ်ပြောနေတော့တာပဲ။ ဒီတွင် မြို့ဝန်မင်းကြီးလဲ ဒီလူ ဒီလောက်ခေါင်းမာရမလားဆိုပြီး ဒေါသူပုန် ထတော့ တာပဲ"

"ဘာလဲ၊ ခင်ဗျားတို့မြို့ဝန်က ဒီစာတမ်းကို စာ တိုက်တော်မှူးကြီးဆီက ရတယ်လို့ ပြောစေချင်သပေါ့"

"ဒီလိုတော့လဲ မဟုတ်ပါဘူး။ စာတိုက်တော်မှူး ကြီးက ဒီကိစ္စမပေါ်ဘဲနဲ့လဲ တခြားပြစ်မှုတွေပေါ်လို့ နယ် နှင်ဒဏ်ပေးခံပြီးပြီပဲ။ မြို့ဝန်ကြီးဒေါသထွက်တာက ဒီလူ က လိမ်ပြောလို့ပါ။ ဒီလူက အဲဒီလိုပဲ ဘူးခံရော မြို့ဝန် ကြီးကလဲ စားပွဲပေါ်ရှိတဲ့ ဟန်းဘို့သတင်းစာတမ်းကို ထိုးပြပြီး 'ဒါ မောင်မင်းရေးတာ မဟုတ်ပါဘူး။ ဒီသတင်း စာတမ်းထဲက ဘာသာပြန်တာ မဟုတ်လား။ ဘာသာ ပြန်တဲ့နေရာမှာလဲ မောင်မင်း ပြင်သစ်လို ကောင်းကောင်း မတတ်ဘဲ သောက်ရမ်းဘာသာပြန်တတ်တာပဲ' ဆိုပြီး သက် သေအထောက်အထား ပြပေမယ့်လဲ တရားခံကတော့ ဟန်းဘို့သတင်းစာတမ်းကို သူ မဖတ်ရသေးဘူး။ ဘာသာ ပြန်တာလဲ မဟုတ်ဘူး။ သူ့ဘာသာ သူ ရေးတာဆိုပြီး ငြင်းတုန်းပဲ။ နောက်ဆုံးတော့ 'ကဲ၊ ဒီလိုဆိုရင် မောင်မင်း ဟာ သစ္စာဖောက်ပဲ။ မောင်မင်းကို ခုံရုံးတင်စစ်ပြီး ကြိုး ဒဏ်ပေးရလိမ့်မယ်။ မှန်ရာကို ပြော' လို့ဆိုတော့လဲ အဘိုး ကြီးသားကတော့ သူ ရေးတာပဲဆိုပြီး အတင်းခံနေတာ ပဲ။ ဒီတွင် မြို့ဝန်ကြီးက သူ့အဖေကြီးကိုခေါ်ပြီး မေးပြန် တယ်။ ဒါပေမဲ့ သားကတော့ ဘူးခံတုန်းပဲ။ နောက်ဆုံး သူ့ကို ခုံရုံးတင်စစ်ပြီး အလုပ်ကြမ်းနဲ့ ထောင်ဒဏ် အပြစ် ပေးလိုက်တယ်လေ။ ခုတော့ အဖေကြီးက သားအတွက် လာတာ ထင်ပါရဲ့။ ဒီလူကလဲ အလကားလူပါဗျာ။ ကုန် သည်သားဆိုရင် သူတစ်ပါး သားပျို သမီးပျိုတွေကို လိုက် ဖျက်ဆီးနေတဲ့ လူပေါ်ကြော့်ကလေးတွေချည်းပဲ။ လူက တိတ်တိတ်ပုန်း သင်တန်းတွေ ဘာတွေတက်ပြီး ငါလိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လားဆိုတဲ့ အချိုးမျိုးနဲ့ ဘဝင်မြင့်နေတာ ပါ။ ခုတော့ အဖေကြီးက 'ကျောက်တံတား' နားမှာ ပျော်ပွဲစားရုံ ဖွင့်နေတယ်။ မြို့စားလေး သတိထားမိမလား မသိဘူး။ မော်စကိုမြို့ထဲမှာ ရာဇလုံတံနဲ့ ကမ္ဘာလုံးကိုင် ထားတဲ့ ဘုရားပုံတော်ရှိတယ် မဟုတ်လား။ နပိုလီယန် မှာ သူ့သား ရာဇလုံတံနဲ့ ကမ္ဘာလုံးနဲ့ ကိုင်ကစားနေတဲ့ ပုံရှိတာကို အားကျဟန် တူပါရဲ့။ အဘိုးကြီးဟာ အဲဒီ ဘုရားပုံတော်ကို ပင့်လာပြီး ခပ်ချာချာ ပန်းချီဆရာတစ် ယောက်ကို အဆွဲခိုင်းပြီး ဆိုင်မှာ ချိတ်ထားသတဲ့။ အဲဒါ ကလဲ တစ်ပြစ်ပေါ့"

အခန်း-၁၁

တပ်ရေးက ဤသို့ ဗာရက်ချာဂျင်၏ သားအကြောင်းကို ပြောလျက်ရှိစဉ် မြို့ဝန် ရောစတော့ချင်က အခေါ်လွတ် လိုက်သဖြင့် စကားပြတ်သွား၏။

မြို့ဝန်၏ အခန်းထဲသို့ ပီယာဝင်သွားသည့်အခါ၌ မြို့ဝန် ရောစတော့ချင်သည် မျက်မှောင်ကုတ်ကာ နဖူးနှင့် မျက်လုံးများကို ပွတ်လျက် ရှိသည်။ အရပ်ခပ်ပြတ်ပြတ် လူတစ်ယောက်သည် မြို့ဝန်ထံ တစ်စုံတစ်ရာ ပြောလျက် ရှိရာမှ ပီယာဝင်လာသည်ကို မြင်သည့်အခါတွင် စကား

www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ကာ အပြင်သို့ ထွက်သွားလေသည်။

"ဘယ်နယ်၊ စစ်သည်တော်ကြီး မှတ်တယ် ခင်ဗျ" မြို့ဝန် ရော့စတော့ချင်က ပီယာကို နှုတ်ဆက်လိုက်၏။

"အိမ်း၊ မြို့စားလေးရဲ့သူရဿတ္တိကတော့ ကျော်ကြားပါပေတယ်ဗျာ။ ဟဲ ဟဲ။ အေးလေ ဒါတွေက သိပ်အရေးမကြီးပါဘူး။ အရေးကြီးတာက မြို့စားလေးဟာ ညီအစ်ကို တော်ဂိုဏ်းဝင် ဟုတ် မဟုတ်ဆိုတဲ့ ပြဿနာပဲဗျ"

မြို့ဝန် ရော့စတော့ချင်က တဲ့တိုးကြီး မေးချလိုက်သည်။ ဤသို့မေးရခြင်းအတွက် စိတ်မကောင်းဖြစ်ရသော်လည်း မတတ်နိုင်ပါဟူသောသဘောမျိုးကိုလည်း ပြလျက်ရှိ၏။ ပီယာသည် ဘာမျှ မပြောဘဲ ငြိမ်နေလိုက်သည်။

"ကျုပ်လဲ ဒီလောက်တော့ မနံသေးပါဘူးဗျာ။ မော်စကိုမြို့ထဲမှာ ညီအစ်ကိုတော်ဂိုဏ်းဝင်တွေ တော်တော်များများရှိနေပြီဆိုတာလောက်တော့ ရိပ်မိပါတယ်။ လူလောကကြီး ကယ်တင်ရေးဆိုတဲ့ အရေကို ခြုံပြီး ရုရှားနိုင်ငံတော်ကြီးပျက်စီးအောင်လုပ်နေတဲ့ ညီအစ်ကိုတော်ဂိုဏ်းဝင်တွေထဲမှာတော့ မြို့စားလေးပါမယ် မထင်ပေဘူးဗျ။ ဟုတ်စ"

"ဟုတ်ပါတယ် မြို့ဝန်မင်း၊ ကျွန်တော် ညီအစ်ကို တော်ဂိုဏ်းဝင်တစ်ဦး ဖြစ်ပါတယ်" ပီယာက ဖြေလိုက်၏။

"အို ဟုတ်လား။ အိမ်း၊ ဒီလို ပွင့်ပွင့်လင်းလင်း ပြောတော့လဲ သိရပေတော့တာပေါ့ဗျာ။ ပြည်ထဲရေးဝန်စပီရန်စကီနဲ့ မဂ္ဂနစ်စကီတို့တော့ သူတို့နဲ့ ထိုက်တန်သော နေရာဖြစ်တဲ့ မဲဇာကို ရောက်နေကြပြီဗျ။ စာတိုက်တော်မှူးကြီးလဲ ထိုနည်းလည်းကောင်းပဲဗျ။ ကမ္ဘာကြီးရဲ့ လွတ်မြောက်ရေးလို့ ပြောပြီး အမိတိုင်းပြည်ကြီးကို ဖျက်ဆီးနေတဲ့ အခြားသူများဟာလဲ အလားတူ ထိန်းသိမ်းစောင့်ရှောက်ခြင်း ခံနေရပြီဗျ။ အမှန်ကတော့ စာတိုက်တော်မှူးကြီးဆိုရင် အသက်အရွယ်လဲ ကြီးလှပြီ။ အိုကြီးအိုမဖြစ်ခါမှ သူ့ကို ဒုက္ခလဲ မရောက်စေချင်တော့ပါဘူး။ ဒါပေမဲ့ မတတ်နိုင်တော့ဘူးဗျ။ အရေးယူရပေတော့မှာပဲ။ ဒါကို မြို့စားလေးလဲ နားလည်လိမ့်မယ် ထင်တယ်။ ခုနောက်ဆုံးစုံစမ်းလို့ သိရသလောက်ကတော့ စာတိုက်တော်မှူးကြီး ရာဇဝတ်ဘေးကလွတ်အောင် ထွက်ပြေးတဲ့ကိစ္စမှာ မြို့စားလေးဟာ မြို့စားလေးရဲ့ရထားကို ငှားခဲ့တယ်။ နိုင်ငံတော်သစ္စာကို တော်လှန်တဲ့ သူ့ရဲ့စာရွက်စာတမ်းများကိုလဲ မြို့စားလေးက လုံခြုံစွာသိမ်းဆည်းပေးခဲ့တယ်လို့ ကြားရသဗျ။ ဒီနည်းအားဖြင့် မြို့စားလေးဟာလဲ ကြဲရာပါ ဖြစ်နေပြီဗျ။ ကျုပ်အနေနဲ့ ပြောရရင်တော့ မြို့စားလေးကို ကျုပ် ခင်ပါတယ်။ အန္တရာယ်တစ်စုံတစ်ရာ လဲမဖြစ်စေချင်ပါဘူး။ တကယ်တော့ မြို့စားလေးဟာ ကျုပ်ရဲ့သားလောက်ပဲ ရှိသေးတယ်။ ဒီတော့ ဦးရီးတော်တစ်ယောက်အနေနဲ့၊ ဖခင်တစ်ယောက်အနေနဲ့ ကျုပ်အကြံပေးချင်တာက ဒီလူတွေနဲ့ အဆက်အသွယ်မလုပ်ဖို့နဲ့ မော်စကိုက အမြန်ဆုံး ထွက်ခွာသွားဖို့ပဲ"

"နေစမ်းပါဦး မြို့ဝန်မင်းခင်ဗျာ။ စာတိုက်တော်မှူးကြီးမှာ ဘာအပြစ်များ ရှိလို့ပါလဲ" ပီယာက မေးလိုက်သည်။

"ဒီကိစ္စက ကျုပ်သိရမယ့်ကိစ္စ ခင်ဗျ။ ခင်ဗျားမေးဖို့ကိစ္စ မဟုတ်ပါဘူး" မြို့ဝန် ရော့စတော့ချင်က ခပ်ဆတ်ဆတ် ပြောလိုက်သည်။

"စာတိုက်တော်မှူးကြီးဟာ နပိုလီယန်ရဲ့ ကြေညာစာတမ်းကို ဝေတယ်လို့ စွပ်စွဲခံရပေမယ့် သက်သေ သာဓကမရှိရင် လွတ်ပစ်ဖို့ရှိတာပဲ မဟုတ်ပါလား မြို့ဝန်မင်း။ ဗာရက်ချာဂျင်ဆိုရင်လဲ"

"ဗျို့၊ လူ တိတ်" မြို့ဝန် ရော့စတော့ချင်က မျက်မှောင်ကုတ်၍ ခပ်ကျယ်ကျယ်ကလေး အော်လိုက်သည်။ "ဒီကောင်ဟာ သစ္စာဖောက်ဗျ၊ သစ္စာဖောက်။ သစ္စာဖောက်ကို သစ္စာဖောက်နဲ့ ထိုက်တန်တဲ့အပြစ် ပေးရမယ်"

မြို့ဝန် ရော့စတော့ချင်သည် နားသယ်ကို အရိုက်ခံလိုက်ရသကဲ့သို့ ဒေါသတကြီးဖြင့် အော်လိုက်သည်။

"ကဲ မြို့စားလေးကို ဆင့်ခေါ်ရတဲ့အကြောင်းကတော့ ကျုပ်ဆောင်ရွက်ချက်တွေကို ဝေဖန်ချက်ပေးဖို့ ခေါ်ခြင်း မဟုတ်ဘူးဗျ။ ခင်ဗျားကို တခြားသွားနေဖို့ အကြံပေးရအောင်ခေါ်ခြင်း ဖြစ်တယ်။ တစ်နည်းပြောရရင် အမိန့်လို့လဲ ခေါ်နိုင်တယ်။ မြို့စားလေးအနေနဲ့ ဒီလူတွေကို အဆက်အသွယ်ဖြတ်ပါ။ နောက် ဒီမြို့က အမြန်ဆုံး ထွက်သွားပါ။ ကျုပ်အလုပ်ကတော့ လူတွေရဲ့ခေါင်းထဲမှာ စွဲနေတဲ့အဓိပ္ပာယ်မရှိတဲ့ အတွေးအခေါ်တွေကို မရမနေ ချွတ်ဖို့ပဲ။ ဒါပဲ"

မြို့ဝန် ရော့စတော့ချင်သည် ပြစ်မှုတစ်စုံတစ်ရာ

www.burmeseclassic.com

www.burmeseclassic.com

ကျူးလွန်ခြင်းဟု စွပ်စွဲ၍ မရသေးသည့် မြို့စားကလေး ပီယာအား ဒေါသတကြီး အော်ဟစ်ပြောဆိုလိုက်မိသည့် အတွက် အားနာသွားမိသည်ပမာ ပီယာ၏လက်ကို ဆွဲလိုက်ပြီး လေချိုကလေးဖြင့် ပြောလိုက်ပြန်သည်။

"ကျုပ်တို့မှာ အရေးတော်ပေါ်နေပြီ မြို့စားလေး။ ခေါင်းမီးတောက်နေပြီ။ လူတိုင်းကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံဖို့ အချိန်မရတော့ဘူး။ ဒါထက် နေစမ်းပါဦး။ မြို့စားလေးရော ဘာတွေများ လုပ်နေသလဲ"

"ဟင့်အင်း၊ ကျွန်တော် ဘာမှ မလုပ်ပါဘူး" ပီယာက မြို့ဝန် ရော့စတော့ချင်ကို မကြည့်ဘဲ ခပ်မှုန်မှုန် မျက်နှာထားဖြင့် ဖြေလိုက်သည်။

မြို့ဝန် ရော့စတော့ချင်သည် မျက်မှောင်ကုတ်လိုက်၏။

"ကဲ မြို့စားလေးကို မိတ်ဆွေရင်းချာပီပီ သတိပေးတာပဲဗျာ။ နောက်တော့ မပြောမရှိနဲ့၊ အကောင်းဆုံးကတော့ မော်စကိုက အမြန်ဆုံးထွက်သွားဖို့ပဲ။ မင်းပြစ်မင်းဒဏ်ခံရတယ်ဆိုတာ မကောင်းပါဘူး။ ကဲ သွားပေတော့" မြို့ဝန် ရော့စတော့ချင်က ပြောလိုက်သည်။ ပီယာတံခါးဝသို့ အရောက်တွင်

"ဒါထက် ကြင်ရာတော်မြို့စားကတော်လေးလဲ ဗရင်ဂျီဘာသာကို ကူးပြောင်းသွားတယ်လို့ကြားတယ်။ ဟုတ်လားဗျ"

ပီယာသည် မြို့ဝန် ရော့စတော့ချင်ကို မည်သို့မျှ မဖြေဘဲ ဝင်လာစဉ်ကထက် သုန်မှုန်သောမျက်နှာထား ဖြင့် ထွက်ခဲ့လေသည်။

စံအိမ်တော်သို့ ပီယာပြန်ရောက်သောအခါတွင် မှောင်လျက်ရှိလေပြီ။ ထိုနေ့ညနေက ပီယာအား တွေ့ဆုံရန် ဧည့်သည်ရှစ်ယောက် လာစောင့်နေကြသည်။ ၎င်းတို့ကား အသင်းတစ်ခု၏အကျိုးဆောင် ပီယာ၏အရေးပေါ် စစ်သည်စု တပ်ရင်းမှ ဗိုလ်မှူးကြီး တစ်ဦး၊ ပီယာ၏စာရင်းခိုင်ချုပ်၊ ပီယာလက်စွဲတော်ကြီးနှင့် အခြားဧည့်သည်များ ဖြစ်ကြ၏။ ၎င်းတို့အားလုံးသည် ကိစ္စအဝဝနှင့် ပတ်သက်၍ ပီယာ၏ဆုံးဖြတ်ချက်ကို လာရောက်တောင်းခံခြင်း ဖြစ်ပေသည်။ ပီယာသည် ထိုပြဿနာများကို နားလည်းမလည်၊ စိတ်လည်း မဝင်စားတော့ချေ။ ထို့ကြောင့် ၎င်းတို့ကို အတွေ့မခံဘဲ သင့်တင့်အောင်ကြည့်၍ ပြောရန် မှာကြားလိုက်သည်။ တစ်ယောက်တည်းရှိသောအခါမှ ကြင်ရာတော်ဟယ်လင်မင်းသမီး၏စာကို ဖွင့်ဖတ်သည်။

'အမြောက်တပ်စုမှ တပ်သားများ၊ မင်းသားကလေး အင်ဒရေဆုံးသည့် သတင်း၊ ဗာရက်ချာဂျင်၏ ဖခင်အိုကြီး။ ဖြောင့်မတ်ရိုးသားခြင်းသည် ဘုရားသခင်၏ အလိုတော်ကို နာခံခြင်းဖြစ်သည်ဟူသော အယူအဆ၊ ဒုက္ခဝေဒနာသည် လူ့လောကအတွက် လိုအပ်သောအရာ ဖြစ်သည်ဟူသော အတွေး၊ အတွေးအခေါ်များကို နဖား ကြီးတပ်ရမည်ဟူသော အိပ်မက်၊ ကြင်ရာတော် ဟယ်လင်မင်းသမီး အိမ်ထောင်သစ်ထူမည့်သတင်း' စသည်တို့သည် ပီယာ၏ခေါင်းထဲတွင် ရှုပ်ထွေးလျက် ရှိသည်။ ပီယာသည် အိပ်ရာသို့ လာကာ အဝတ်အစားပင် မလဲတော့ဘဲ ခြေပစ်လက်ပစ်လှဲကာ အိပ်ပျော်သွားလေသည်။

နောက်တစ်နေ့နံနက် အိပ်ရာမှနိုးသောအခါ ပီယာ၏လက်စွဲတော်ကြီး လာရောက်ကာ မြို့ဝန် ရော့စတော့ချင်က စေလွှတ်လိုက်သော ရဲအရာရှိတစ်ဦး ရောက်လာကြောင်း၊ ၎င်းက ပီယာ မော်စကိုမြို့မှ ထွက်သွားပြီလော ဟု မေးမြန်းစုံစမ်းနေကြောင်းဖြင့် ပြောကြားလေသည်။

ပီယာအား တွေ့ဆုံရန်လာသော ဧည့်သည်တစ်ဒါဇင်တို့သည် ဧည့်ခန်းထဲတွင်စောင့်လျက် ရှိ၏။ ပီယာသည် ၎င်းတို့ကို ဆင်းမတွေ့တော့ဘဲ လျင်မြန်စွာ အဝတ်အစားလဲကာ နောက်ဖေးပေါက်မှ တိတ်တဆိတ် ထွက်လာခဲ့လေသည်။

ထိုအချိန်မှစ၍ မော်စကိုမြို့ကြီး မီးလောင်ပြာကျသွားသည်အထိ မြို့စားကလေးပီယာ၏စံအိမ်၌ ကျွန်ုပ်များ အစေတော်များသည် ၎င်းတို့၏သခင်အား လိုက်လံရှာဖွေကြသော်လည်း မတွေ့ကြတော့ချေ။ မည်သည့်ဒေသသို့ ရောက်နေသည်ကိုလည်း မသိကြတော့ချေ။

အခန်း ၁၂

မော်စကိုမြို့ကို ရန်သူပြင်သစ်တပ်များ ဝင်ရောက်ခြင်း မပြုမီတစ်ရက်ဖြစ်သည့် စက်တင်ဘာလ ၁-ရက်နေ့အထိ မြို့စားကြီး ရော့စတော့ဗ်မိသားစုသည် မော်စကိုမှ ပြောင်းရွှေ့ခြင်း မပြုရသေးချေ။

မြို့စားကတော်ကြီးမှာ သားထွေးပီတာတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကြီး အိုဘိုလင်စကီ၏ ကော့ဆက်မြင်းတပ်သို့ ဝင်ရောက်ပြီးနောက် တပ်ရင်းဌာနချုပ်ရှိရာ ဗေလာယာဆားကော့ဒေသသို့ ထွက်သွားသည့်အချိန်မှစ၍ ကောင်းစွာမကျန်းမာတော့ချေ။ မိမိ၏သားနှစ်ယောက်စလုံးသည် စစ်မြေပြင်သို့ ရောက်ရှိနေကြပြီဟူသော အတွေး၊ မိမိ၏အုပ်ထိန်းမှုအောက်မှ ထွက်ခွာသွားကြပြီဟူသော အသိနှင့် မိမိမိတ်ဆွေတစ်ဦး၏ သားသုံးယောက်ကဲ့သို့ စစ်မြေပြင်တွင် တစ်နေ့မဟုတ် တစ်နေ့၌ ကျဆုံးချေတော့မည်လော ဟူသော သောကစိတ်တို့ကြောင့် မြို့စားကတော်ကြီး၏ ကျန်းမာရေးမှာ ထိုနှစ် နွေရာသီ၌ ပို၍အခြေအနေဆိုးလာခဲ့လေပြီ။ မြို့စားကြီးကတော်ကြီးသည် သားကြီးနီကိုလေကို စစ်တပ်မှ ထွက်စေပြီး ၎င်းကိုယ်တိုင် သားငယ်ပီတာထံသို့ လိုက်သွားရန် သို့မဟုတ်ကလည်း ပီတာစဘတ် ရွှေမြို့တော်သို့ ပြောင်းရွှေ့နိုင်ရန် စိတ်ကူးသော်လည်း တစ်ခုမျှ အထမမြောက်ချေ။ ပီတာမှာ တပ်ရင်းတစ်ခုလုံး ပီတာစဘတ် ရွှေမြို့တော်သို့ ပြောင်းရွှေ့မသော် လည်းကောင်း၊ အခြားတပ်ရင်းတစ်ခုတွင် ဝင်ရောက် အမှုထမ်းမှသော်လည်းကောင်း၊ ပီတာစဘတ် ရွှေမြို့တော်သို့ ရောက်ရှိရန် လမ်းရှိတော့လျက် နီကိုလေမှာလည်း စစ်မြေပြင်တစ်နေရာတွင် ရောက်ရှိနေလေသည်။ ၎င်းထံမှလည်း မင်းသမီးကလေး မေရီနှင့် တွေ့ဆုံရပုံကို အသေးစိတ်ရေးပို့လိုက်သော စာမှလွဲ၍ နောက်ထပ်စာတစ်စောင်မျှ မရတော့ချေ။ မြို့စားကတော်ကြီးသည် ညဉ့် ကောင်းစွာအိပ်မပျော်ချေ။ အိပ်ပျော်ပြန်လျှင်လည်း သားများ ကျဆုံးပြီဟူသော ကယောင်ချောက်ချားအိပ်မက်များကိုသာ မြင်မက်လျက်ရှိလေသည်။ ဤသို့ဖြင့် မြို့စားကြီး ရော့စတော့ဗ်မှာ ကြင်ရာတော်မြို့စားကတော်ကြီး၏ အခြေအနေကို မကြည့်ရက်နိုင်တော့သဖြင့် တစ်မျိုးတစ်ဖုံ စီမံခြင်း ပြုရတော့သည်။ သားငယ်ပီတာအား ဗိုလ်ချုပ် အိုဘိုလင်စကီ၏ ကော့ဆက်မြင်းတပ်ရင်းမှ မော်စကိုမြို့အနီးတွင် စစ်လေ့ကျင့်ခန်းဆင်းလျက်ရှိသော ဗိုလ်ချုပ် ဘီဇူးကော့ဗ်၏၊ တပ်ရင်းသို့ မရအရ ပြောင်းရွှေ့ယူရလေသည်။ ထိုအခါတွင်မှ မြို့စားကတော်ကြီးမှာ သားများ စစ်တပ်ထဲတွင်ရှိနေသည့်တိုင်အောင် သားတစ်ယောက်မှာမူ မိမိ၏အုပ်ထိန်းမှုအောက်တွင် ရှိနေပေသေးသည်ဟု စိတ်ဖြေနိုင်တော့သည်။ မြို့စားကတော်ကြီးသည် သားထွေးဖြစ်သူ ပီတာအား တပ်ထဲသို့ နောက်ထပ်မဝင်ဖြစ်အောင် စီစဉ်ကြံရွယ်ထားသော်လည်း ပီတာမှာ တပ်မှ မထွက်ဖြစ်သေးဘဲ တိုက်ပွဲဖြစ်ပွားခြင်း မရှိသောဒေသများသို့ မကြာခဏ ပြောင်းရွှေ့နေရလေသည်။ ဤတွင် တစ်ယောက်အတွက် စိတ်အေးရပြီ ဖြစ်သော်လည်း နီကိုလေမှာ ယခုတိုင် စစ်မြေပြင်တွင် ရှိနေပြန်သေးသည်တွင် နီကိုလေမှာ သားကြီးဩရသဖြစ်၍ အခြားသားသမီးများထက်ပင် သူ့ကို ချစ်ရသေးသည်ဟု တွေးမိပြန်ကာ ၎င်းအတွက် ရတက်မအေး ဖြစ်ရပြန်သည်။ သို့ရာတွင် အိမ်၌ အထွေးဆုံးမို့ အစစအရာရာအလိုလိုက်၍ တစ်အိမ်လုံးက ဖူးဖူးမှုတ်ထားသော သားငယ်ပီတာ တစ်ယောက် ကြမ်းကြမ်းတမ်းတမ်း စစ်သား လူကြမ်းကြီးတွေထဲတွင် ရောက်နေရရှာပြန်သည်ဟု တွေးမိပြန်သော အခါတွင်မူကား မြို့စားကတော်ကြီးမှာ ပီတာကို အခြားသားသမီးများထက် အချစ်တွေပိုကာ အကြင်နာတရားတွေ ပွားရပြန်လေသည်။ ပီတာ စစ်တပ်မှပြန်လာချန် နီးလေလေ၊ မြို့စားကတော်ကြီးမှာ ဂနာမငြိမ်လေလေ ဖြစ်လေသည်။ မိမိသည် မိမိ၏သားများနှင့် ဥမကွဲ သိုက်မပျက် နေရသည့် စိတ်ချမ်းမြေ့ခြင်းမျိုးကို မည်သည့်အခါမှရမည် မဟုတ်တော့ဟု တွေးမိကာ ဝမ်းနည်းလျက် ရှိလေသည်။ ဆွန်ယာ၊ သမီးနာတာရှာနှင့်တကွ ကြင်ရာတော်မြို့စားကြီး ရော့စတော့ဗ်တို့ ရှိသော်လည်း များစွာ မပျော်ပိုက်လှတော့ချေ။ သားထွေး ပီတာကိုသာ တမ်းတလျက် ရှိလေသည်။

ဩဂုတ်လ ကုန်ခါနီးလောက်တွင် သားကြီး နီကိုလေထံမှ စာတစ်စောင် ရောက်ရှိလာ၏။ နီကိုလေသည် စစ်တပ်အတွက် မြင်းများသိမ်းရန် ဗိုရိုနက်နယ်သို့ ရောက်လျက်ရှိရာမှ အိမ်သို့ စာရေးလိုက်ခြင်း ဖြစ်သည်။ သားကြီး နီကိုလေထံမှ စာကို ရရှိသော်လည်း မြို့စားကတော်ကြီးမှာ စိတ်မအေးနိုင်သေးချေ။ နီကိုလေ စစ်မြေပြင်တွင် မရှိတော့ဟု သိရသည့်အခါတွင် ပိတ့်အတွက် စိုးရိမ်မကင်းဖြစ်ရပြန်သည်။

ဩဂုတ်လ ၂၀-ရက်နေ့သို့ ရောက်သည့်အခါ၌ မြို့စားကြီး ရော့စတော့ဗ်၏အသိမိတ်ဆွေအားလုံးလောက်ပင် မော်စကိုမြို့မှ ထွက်ခွာသွားကြလေပြီ။ ရင်းနှီးသူများကလည်း မြို့စားကြီး ရော့စတော့ဗ်တို့ အိမ်သားစုအား အမြန်ဆုံးပြောင်းရွှေ့ရန် တိုက်တွန်းကြသည်။ သို့ရာတွင် မြို့စားကတော်ကြီးမှာ ၎င်း၏ မျက်ရှူကြေးမုံဖြစ်သော သား

www.burmeseclassic.com

www.burmeseclassic.com

ထွေးပီတာ ပြန်ရောက်မလာမချင်း မော်စကိုမှ ထွက်ခွာရန် စိတ်ကူးမထည့်သေးချေ။ ဩဂုတ်လ ၂၈-ရက်နေ့၌ ပီတာသည် မော်စကိုသို့ ပြန်ရောက်လာ၏။ အသက်တစ်ဆယ့်ခြောက်နှစ်မျှသာ ရှိသေးသော်လည်း တပ်ဗိုလ်ပေါက်စ ဖြစ်နေသည့် ပီတာကား ဤမျှလောက် မိခင်ကြီး အဖြစ်သည်းနေခြင်းကို နှစ်သက်ပုံမရချေ။ မြို့စားကတော်ကြီးက ပီတာအား တပ်မှ နုတ်ထွက်စေကာ မိမိ၏အုပ်ထိန်းမှုအောက်တွင် နေစေလိုသောဆန္ဒကို ဖွင့်ဟမပြောသော်လည်း ပီတာကမူ မိခင်အကြံအစည်ကို ရိပ်မိပုံရသည်။ ပီတာသည် မိခင်၏အလိုကို လိုက်မိမည်စိုးသည့်အတွက် (ဤသို့ မိခင်၏အလိုဆန္ဒကို လိုက်လျောရခြင်းမျိုးသည် 'မိန်းမဆန်သည်' ဟု ပီတာထင်သည်။) မိခင်ကြီးအား ခပ်ရှောင်ရှောင်လုပ်ကာ ခပ်တန်းတန်းဆက်ဆံလျက်ရှိပြီး နာတာရှည်တို့တစ်တွေနှင့်သာ အချိန်ဖြုန်းနေလေ့ ရှိသည်။

မြို့စားကြီး ရော့စတော့ဗ်မှာ နမော်မဲ့ နမာမဲ့နေလေ့ ရှိသည့်အတိုင်း ဩဂုတ်လ ၂၈-ရက်နေ့အထိ ပြောင်းရွှေ့ရေးကိစ္စများအတွက် ဘာမျှ အဆင်သင့်မဖြစ်သေးချေ။ အိမ်ထောင်ပစ္စည်းများကို ရွှေ့ပြောင်းရန်အတွက် ရာဇန် ပိုင်စားနယ်မြေများနှင့် မော်စကိုပိုင်စားနယ်မြေမှ မြေကျွန်များထံ လှည်းများ မှာထားသော်လည်း ဩဂုတ်လ ၃၀-ရက်နေ့အထိ ရောက်မလာကြသေးချေ။

ဩဂုတ်လ ၂၈-ရက်နေ့နှင့် ၃၁-ရက်နေ့အတွင်း၌ကား မော်စကိုတစ်မြို့လုံးမှာ ပြောင်းကြ ရွှေ့ကြ၊ သယ်ကြပိုးကြဖြင့် ဗြောင်းဆန်လျက် ရှိလေသည်။ ဘိုရိုဒိနိုတိုက်ပွဲတွင် ဒဏ်ရာရသူ တပ်သားထောင်ပေါင်းများစွာတို့သည် ဒိုရိုဂို မီလော့တဲခါးမှနေ၍ မြို့တွင်းသို့ နေ့စဉ်နှင့်အမျှ တစ်ဖွဖွရောက်လျက်ရှိကာ မြို့သူမြို့သားများနှင့် အိမ်ထောင်ပစ္စည်းများကို သယ်ဆောင်လာသည့် ထောင်ပေါင်းများစွာသောလှည်းများကလည်း အခြားတံခါးများမှနေ၍ မော်စကိုမြို့အပြင်သို့ တသောသောထွက်လျက် ရှိကြသည်။ မြို့ဝန်ရော့စတော့ချင်က ကြော်ငြာစာများ ပလူပျံအောင် ထုတ်ဝေလျက်ရှိသော်လည်း မြို့တွင်း၌မူ ကေလာဟလအမျိုးမျိုးဖြစ်ပေါ်လျက် ရှိလေသည်။ (မြို့ဝန်၏ကြော်ငြာစာများကြောင့် ဤသို့ ကောလာဟလများ ထွက်ပေါ်လာခြင်းလည်း ဖြစ်နိုင်ပါသည်။) အချို့ကလည်း မည်သူ့ကိုမျှ မြို့ပြင်သို့ ထွက်ခွင့်မပြုဟု ပြောကြသည်။ အချို့ကလည်း သုဓမ္မာဇရပ်များမှ ဆင်းတုတော်များကိုပင် ပြောင်းရွှေ့ပြီးလျက် မြို့တွင်းမှ အားလုံးထွက်ခွာရန် အမိန့်ထုတ်ထားသည်ဟု ပြောကြပြန်သည်။ အချို့ကလည်း ဘိုရိုဒိနိုတိုက်ပွဲပြီးသည့်နောက် နောက်ထပ်တိုက်ပွဲတစ်ခု အပြင်းအထန်ဖြစ်ပွားပြီး ပြင်သစ်တို့ တပ်ပျက်သွားကြောင်းဖြင့် ပြောဆိုကြသည်။ အချို့ကမူကား တပ်ပျက်သွားခြင်းမှာ ပြင်သစ်တို့မဟုတ်ဘဲ ရုရှားတပ်မတော်ကြီးသာဖြစ်ကြောင်းဖြင့် တစ်မျိုးတစ်ဖုံ ဆိုကြပြန်သည်။ အချို့ကလည်း ဘုန်းကြီးတစ်ပါးခေါင်းဆောင်သော မော်စကိုအရေးပေါ် စစ်သည်စုတပ်ဖွဲ့ဝင်များက ရန်သူတို့ကို 'တောင်သုံးလုံး' ဒေသမှ ခုခံရန် ပြင်ဆင်လျက် ရှိကြောင်း ပြောကြ၍ အချို့ကမူ မော်စကိုဂိုဏ်းချုပ်ကြီး ဩဂုတ်စတင်းအား မြို့မှ ထွက်ခွာခွင့်မပြုဘဲ ထားကြောင်း၊ အတွင်းသူလျှိုများနှင့် သစ္စာဖောက်များကို ဖမ်းဆီးလျက်ရှိကြောင်း၊ တောကျေးလက်များတွင် လယ်သမားများ သူပုန်ထလျက်ရှိပြီး မော်စကိုမှ ထွက်ပြေးလာသူများကို လုယက်လျက်ရှိကြောင်း စသဖြင့် အမျိုးမျိုးပြောဆိုလျက် ရှိကြလေသည်။ ဤကား မော်စကိုမြို့တွင် ဖြစ်ပွားလျက်ရှိသော ကေလာဟလများဖြစ်ပေသည်။ (ဤကောလာဟလများ ဖြစ်ပွားနေချိန်၌ မော်စကိုမြို့မှ ဆုတ်ခွာရန် ဆုံးဖြတ်သည့် စစ်ဦးစီးဌာနချုပ်၏အရေးပေါ်အစည်းအဝေးကို ဖီလီဒေသတွင် ကျင်းပရခြင်းပင် မပြုသေးချေ။) မြို့ကို စွန့်ခွာထွက်ပြေးကြသူများနှင့် တကွ မြို့တွင် ကျန်ရစ်ခဲ့သူများအားလုံးကပင် ပါးစပ်က ထုတ်ဖော်မပြောကြသော်လည်း မော်စကိုမြို့ကို စွန့်ခွာကြရတော့မည်ကို လည်းကောင်း၊ မိမိတို့ပစ္စည်းများကို ထုပ်ပိုးကာ အမြန်ဆုံးထွက်ခွာမှ ဖြစ်တော့မည်ကို လည်းကောင်း အလိုလိုခံစား သိရှိနေကြလေသည်။ အခြေအနေမှာ ရက်တရက်ပြောင်းလဲနိုင်ကြောင်း လူတိုင်းကပင် မျှော်လင့်နေကြသော်လည်း စက်တင်ဘာလ ၁-ရက်နေ့အထိ ထူးခြားသော အပြောင်းအလဲတစ်စုံတစ်ရာ မဖြစ်ပေါ်သေးချေ။ ကြီးစင်သို့သွားလျက်ရှိသည့် ရာဇဝတ်ကောင်တစ်ယောက်သည် မကြာမီအတွင်း သေရတော့မည်ကို သိသော်လည်း ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်ကာ အင်္ကျီကို ဆွဲဆန့်ခြင်း၊ ဦးထုပ်ကို ပြင်ဆင်ခြင်းစသဖြင့် ဣန္ဒြေမပျက်အောင် ကြိုးစားဟန်ဆောင်သကဲ့သို့ မော်စကို မြို့ကြီးသည်လည်း မကြာမီ ပျက်စီးတော့မည်ကို သိသော်

www.burmeseclassic.com

www.burmeseclassic.com

လည်း ခါတိုင်းကဲ့သို့ပင် စည်ကားမြဲ စည်ကားလျက်ပင် ရှိလေသည်။

မော်စကိုမြို့ကို ရန်သူပြင်သစ်တပ်များမသိမ်းမီ သုံးရက်အလိုဌ မြို့စားကြီး ရော့စတော့ဗ်၏ အိမ်သားစုမှာ အလုပ်ရှုပ်လျက် ရှိကြ၏။ အိမ်ထောင်ဦးစီးဖြစ်သော မြို့စားကြီး ရော့စတော့ဗ်သည် ရထားတစ်စီးဖြင့် မြို့တွင်းသို့ လှည့်ပတ်ကာ သတင်းများကို စုနည်းနာလျက်ရှိပြီး အိမ်သို့ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် မော်စကိုမှ ရွှေ့ပြောင်းရေးအတွက် ပြင်ဆင်ရန် ကသောကမျော စိမ်လျက်ရှိသော်လည်း ဘာမျှ အရာမရောက်လှချေ။

မြို့စားကတော်ကြီးမှာ ပစ္စည်းများ ထုပ်ပိုးပြင်ဆင်ကြသည်ကို ကြည့်လျက်ရှိရာက စိတ်တိုင်းမကျနိုင်ဘဲ အမျိုးမျိုး ပြစ်တဲ့ကြိမ်းမောင်းလျက် ရှိ၏။ ထို့နောက် မိမိအား ခပ်ရှောင်ရှောင်လုပ်နေသော ပိတာ့နောက်သို့ တကောက်ကောက်လိုက်လျက်ရှိပြီး ပိတာနှင့် တွဲဖက်ဖြစ်သည့် နာတာရှာတို့အသိုက်ကိုသာ မနာလိုဝန်တိုဖြစ်လျက် ရှိသည်။ ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်ရာ၌ တကယ်ကြီးကြပ်စိမ်ရသူမှာ ဆွန်ယာသာလျှင် ဖြစ်ပေသည်။ သို့ရာတွင် ဆွန်ယာကို ကြည့်ရသည်မှာ စကားနည်းလျက် မျက်နှာ မကောင်းလှဪေ။ ယင်းသို့ မျက်နှာမကောင်းရခြင်းမှာ နီကိုလေက ၎င်း၏စာထဲ၌ မင်းသမီးကလေးမေရီနှင့် တွေ့ပုံကို ဖော်ပြထားခြင်း၊ နီကိုလေနှင့် မင်းသမီးကလေးမေရီတို့ တစ်ဦးနှင့် တစ်ဦးတွေ့ဆုံကြပုံမှာ ဘုရားသခင်က စီမံဖန်တီးခြင်း ဖြစ်ပါပေသည်ဟု မြို့စားကတော်ကြီးသာ ဆွန်ယာရှေ့တွင် ဝမ်းပန်းတသာ ပြောဆိုနေခြင်းစသည် တို့ကြောင့် ဖြစ်လေသည်။

"နာတာရှာနဲ့ အင်ဒရေတို့ကိစ္စကို အစကတည်းက မေဖျာ သဘောမကျဘူး။ တကယ်တော့ နီကိုလေနဲ့ မေရီကမှ ရှေ့သွားနောက်လိုက်ညီတာ။ တစ်နေ့မှာ သူတို့နှစ်ယောက်နဖူးစာဆုံရမယ်လို့လဲ စိတ်ထဲမှာ ထင်နေတယ်။ ထင်တဲ့အတိုင်း ဖြစ်လာရင်တော့ အတိုင်းထက် အလွန်ပဲ"

မြို့စားကတော်ကြီးက ပြော၏။

မြို့စားကတော်ကြီးဘက်ကကြည့်လျှင် မှန်သည်ဟု ဆွန်ယာ ယူဆ၏။ မြို့စားကြီး ရော့စတော့ဗ်မိသားစုအား ချွတ်ခြုံကျဘဝမှ ကယ်တင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ နီကိုလေအား သူကြွယ်သမီးတစ်ဦးနှင့် လက်ဆက်စေသည့်နည်းသာဖြစ်၍ မင်းသမီးကလေး မေရီနှင့် ဆိုလျှင် အတိုင်းထက်အလွန် တံခွန်နှင့် ကုက္ကား ဖြစ်ပေလိမ့်မည်။ ဤအချက်ကို ဆွန်ယာ နားလည်ပါသည်။ ဤနည်းသည် မြို့စားကြီး ရော့စတော့ဗ် မိသားစုအဖို့ အသက်ရှူပေါက်ရမည့်နည်းဖြစ်သော်လည်း ဆွန့်ယာအဖို့သော်ကား အသက်ရှူပိတ်မည့်နည်း ဖြစ်ပေသည်။ ဆွန်ယာသည် ဤအကြောင်းကို မေးလိုက်တိုင်း မချိလှသော်လည်း ထိုသုံးရက်အတွင်း၌ကား ပစ္စည်းများ ထုပ်ပိုးပြင်ဆင်သည်ကို ကြီးကြပ်စိမ်ခြင်းစသည့် ပင်ပန်းခက်ခဲသော အလုပ်များကို တကုပ်ကုပ် လုပ်လျက် ရှိလေသည်။ (မချိလွန်းသောကြောင့် စိတ်ပြေလက်ပျောက် လုပ်ခြင်းလည်း ဖြစ်နိုင်ပါသည်။) မြို့စားကြီး ရော့စတော့ဗ်နှင့် မြို့စားကတော်ကြီးတို့ကား ထိုကိစ္စအဝဝကို လှည့်၍မကြည့်ကြဘဲ ခိုင်းစရာရှိမှ ဆွန်ယာကို ခေါ်ခိုင်းကြ၏။ ပိတာနှင့် နာတာရှာတို့ကား ကူညီဖို့ဝေးစွ။ အလုပ်ဖင့်နွဲအောင် နေရာတကာ ဝင်ရှုပ်လျက် ရှိကြသည်။ ပိတာနှင့် နာတာရှာသည် တစ်အိမ်လုံး ဟိုဝင်သည်ထွက်ဖြင့် ပြေးလွှားဆော့ကစားနေကြရာ တစ်အိမ်လုံး သူတို့ခြေသံသာ လွှမ်းနေတော့သည်။ ထိုမျှမက ရယ်လား မော့လား နောက်လား ပြောင်လားဖြင့် မြူးနေကြသည်။ သို့ရာတွင် ရယ်စရာရှိသောကြောင့် ရယ်ခြင်း မဟုတ်ပါ။ အူရွှင်လျက် ရှိကြခြင်းကြောင့် ရယ်မောကြခြင်းသာ ဖြစ်ပါသည်။ ထိုအချိန်ဌ မြင်မြင်သမျှ၊ ကြားကြားသမျှသည် ၎င်းတို့အဖို့ ရယ်စရာဖြစ်လျက် ရှိကြ၏။ ပိတာ အူရွှင်လျက် ရှိခြင်းမှာ အိမ်မှ ထွက်ခါစ လူလားမမြောက်တမြောက်ဖြစ်၍ အိမ်ပြန်လာသောအခါတွင် လူပျိုချော ဖားဖားကြီး ဖြစ်လာပြီဟု ဝိုင်းဝန်းချီးမွမ်းခံရခြင်း၊ အိမ်သို့ပြန်ရောက်၍ တစ်သိုက်တစ်ဝန်းတည်း နေရခြင်း၊ တိုက်ပွဲ ဖြစ်ရန် မျှော်လင့်ချက်မရှိသော ဗေလာယာဆားကော့ဒေသမှ ပြန်လာခဲ့ရခြင်း၊ မကြာမီ တိုက်ပွဲ ဖြစ်ပွားတော့မည်ဖြစ်သော မော်စကိုသို့ ရောက်ရှိနေခြင်းနှင့် အစ်မထွေး နာတာရှာနှင့် အတူ ကစားမြူးထူးရခြင်းတို့ကြောင့် ဖြစ်၏။ နာတာရှာ အူရွှင်လျက် ရှိခြင်းမှာကား ကာလကြာမြင့်စွာ စိတ်လက်မကြည်မသာ ဖြစ်ခဲ့ရခြင်း၊ ယခုအချိန်ဌ ထိုစိတ်လက်မကြည်သာစရာ အကြောင်းများကို လွယ်လွယ်ဖြင့် မေ့ပျောက်ရနေခြင်း၊ ယခင်ကကဲ့သို့ စိတ္တဇဖိစီးကာ တရောရောင့်မဖြစ်တော့ဘဲ ကျန်းမာလျက် ရှိခြင်းတို့ကြောင့် ဖြစ်ပေသည်။ ထို့ပြင်

www.burmeseclassic.com

www.burmeseclassic.com

မိမိအား များစွာချစ်သော မောင်ငယ်ပိတာတစ်ယောက် ပြန်လည်ရောက်ရှိလာခြင်းကြောင့်လည်း ဖြစ်လေသည်။ နာတာရှာ၏စိတ်စက်ယန္တရားကြီးမှာ ဘီးများကို လွတ်လပ်စွာ လည်ပတ်လှုပ်ရှားစေနိုင်သော အရာမှာ တစ်ဦးတစ်ယောက်၏ ချစ်မြတ်နိုးခြင်းဟူသော အမဲဆီဖြစ်လေရာ ယခု သော် မိမိအား မြတ်နိုးသော ပိတာတည်းဟူသော အမဲဆီကိုရရှိပြီ ဖြစ်သည့်အတွက် နာတာရှာ ယခုလို ပျော်ရွှင်မြူးထူးလျက်ရှိခြင်း ဖြစ်ပေသည်။ ထို့ပြင် ၎င်းတို့ နှစ်ဦးစလုံးအား အရွှင်စေသော အခြားအကြောင်းများလည်း ရှိသေး၏။ ယင်းတို့မှာ မော်စကိုမြို့အနီးတွင် တိုက်ပွဲဖြစ်ပွားလျက်ရှိခြင်း၊ မော်စကိုမြို့တံခါးတွင် တိုက်ပွဲများ ဖြစ်ပွားစရာ အလားအလာရှိခြင်း၊ မော်စကိုမြို့သူ မြို့သား များအား လက်နက်များ ထုတ်ပေးလျက် ရှိခြင်း၊ မော်စကို မြို့သူမြို့သားများ ထွက်ပြေးလျက် ရှိခြင်း၊ အချုပ်ဆိုရသော် ၎င်းတို့တစ်သက်တွင် တစ်ခါမျှ မဖြစ်ပေါ်ဖူးသေးသော ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်ကြီးတစ်ခု ပေါ်ပေါက်လျက်ရှိခြင်း စသည်တို့ပင် ဖြစ်ရာ ထိုသို့သော အဖြစ်အပျက်များသည် အထူးသဖြင့် လူငယ်လူရွယ်များ၏ စိတ်ကို တစ်မျိုးတစ်ဖုံ လှုပ်ရှားစေသည်သာ ဖြစ်လေသတည်း။

အခန်း ၁၃

စနေနေ့ဖြစ်သည့် ဩဂုတ်လ ၃၁–ရက်နေ့တွင် မြို့စားကြီး ရော့စတော့ဗ်၏ အိမ်တစ်အိမ်လုံးမှာ ယောက်ယက်ခတ်လျက်ရှိကြ၏။ တံခါးများ ပွင့်လျက်၊ အိမ်ထောင်ပရိဘောဂများလည်း ပြန့်ကျဲလျက်၊ မှန်များနှင့် ပန်းချီကားချပ်များလည်း ဖရိုဖရဲဖြစ်လျက်ရှိ၏။ အိမ်ထဲ၌ကား သေတ္တာများ၊ ကောက်ရိုးများ၊ စက္ကူများ၊ ကြိုးများဖြင့် ရှုပ်ပွေလျက်ရှိသည်။ ပစ္စည်းများကို သယ်ပိုးလျက်ရှိသော မြေကျွန်များနှင့် အစေတော်များသည်မှန်ကူကွက်ပုံ သစ်သားတိုင်ကလေးများ ခင်းထားသည့် ကြမ်းပြင်ပေါ်တွင် တဝုန်းဝုန်း တဒိုင်းဒိုင်းဖြင့် ဝင်ချည်ထွက်ချည် ကူးလူးလျက်ရှိကြ၏။ အိမ်ရှေ့ဝင်းထဲ၌ လှည်းများပြည့်ကျပ်လျက် ရှိ၍ အချို့ကား ပစ္စည်းတွေ နှင့်နေအောင် တင်ပြီးသားဖြစ်ကာ ထုပ်ပိုးချည်နှောင်ပြီးဖြစ်လျက် အချို့ကား အလွတ်ပင် ရှိကြသေးသည်။

တောမှ လှည်းများဖြင့် ရောက်လာသော မြေကျွန်များ၊ အစေတော်များသည် တစ်ဦးကိုတစ်ဦး အော်ဟစ်ပြောဆိုလျက် ရှိကြလေရာ အိမ်ဝင်းကြီး တစ်ခုလုံးမှာလည်း သောသောညံလျက် ရှိပေ၏။ မြို့စားကြီး ရော့စတော့ဗ်မှာ နံနက်ကတည်းက အိမ်မှထွက်သွားရာ ယခုထိ ပြန်မရောက်လာသေးချေ။ မြို့စားကတော်ကြီးမှာကား ဆူညံလျက်ရှိသော ပြောင်းရွှေ့သံ၊ လှုပ်ရှားသံများကြောင့် ခေါင်းကိုက်လျက်ရှိသဖြင့် နားထင်ကို စပျစ်ဆီလူးကာ ဧည့်ခန်းဆောင်ထဲရှိ ထိုင်ဖုံတစ်ခုပေါ်တွင် လဲလျောင်းလျက် ရှိသည်။ ထိုအချိန်တွင် သားထွေးပီတာလည်း အိမ်တွင် မရှိချေ။ ပီတာသည် အရေးပေါ်စစ်သည်စု တပ်ဖွဲ့မှတပ်မတော်သို့ ပြန်ပြောင်း၍ အမှုထမ်းလိုသည့်အတွက် မိတ်ဆွေတစ်ဦးထံသွားရောက် တွေ့ဆံလျက် ရှိသည်။ ဆွန်ယာမှာ ဧည့်ခန်းတွင် ဖန်ထည်ပစ္စည်းများ၊ ပန်းကန်ခွက်ယောက်များ သိမ်းဆည်းထုပ်ပိုးသည်ကို စီမံခန့်ခွဲနေသည်။ နာတာရှာကား၊ ၎င်း၏ခန်းဆောင်ထဲရှိ ကြမ်းပြည်ပေါ်တွင် ထိုင်ကာ အနီးတွင် ပြန့်ကျဲလျက်ရှိသော ဝတ်စုံများ၊ ရင်သိမ်းအင်္ကျီများ၊ ဖဲကြိုးများနှင့် အလုပ်ရှုပ်လျက်ရှိရာမှ ပီတာစဘတ်ရွှေမြို့တော် ပထမဆုံးကပွဲတွင် ဝတ်ခဲ့သည့် ကပွဲဝတ်စုံဟောင်း (ပုံပန်းမှာ ခေတ် မမီတော့ပြီ။) ကို ကိုင်၍ကြည့်နေသည်။

တစ်အိမ်လုံး အသီးသီးအလုပ်လုပ်နေကြချိန်တွင် မိမိတစ်ဦးတည်း တာဝန်မဲ့ဖြစ်လျက် ရှိခြင်းကြောင့် နာတာရှာသည် ရှက်သလိုလို ဖြစ်မိသည်။ ထို့ကြောင့် တစ်မနက်လုံး ဆွန်ယာကို ကူညီလုပ်ကိုင်ပေးရန် ကြိုးစားကြည့်၏။ သို့ရာတွင် နာတာရှာသည် အလုပ်ထဲ စိတ်မဝင်စား။ မည်သည့်အလုပ်မျိုးကို လုပ်ရမည်ဟုလည်း မသိချေ။ ပန်းကန်ခွက်ယောက်များကို ထုပ်ပိုးသိမ်းဆည်းနေချိန်၌ နာတာရှာသည် ဆွန်ယာ့အနီးတွင် တစ်ချိန်လုံးရပ်ကာ ကူညီလုပ်ကိုင်ပေးရန် ကြိုးစားပြန်သည်။ သို့ရာတွင် နောက်ဆုံး၌ ထိုအကြံကိုလည်း လက်လျှော့လိုက်ကာ ခန်းဆောင်သို့ ပြန်လာခဲ့ပြီး ၎င်း၏ပစ္စည်းများကို သိမ်းဆည်းနေခြင်း ဖြစ်သည်။ အစပထမသော် နာတာရှာသည် ၎င်း၏ဝတ်စုံများ၊ ဖဲကြိုးများကို အစေတော်မိန်းကလေးများအား စွန့်ကြဲရသည့်အတွက် ပျော်သလိုလို ရှိသော်လည်း စွန့်ကြဲပြီး၍ မိမိ ယူဆောင်သွားမည့် ပစ္စည်းများကို သိမ်း

www.burmeseclassic.com

www.burmeseclassic.com

ဆည်းထုပ်ပိုးသောအခါတွင်ကား ငြီးငွေ့လာပြန်သည်။

"ဒွန်ယာရှာ၊ နာတာရှာ့ပစ္စည်းတွေကို သိမ်းပါလား ဟင်" နာတာရှာက အစေတော်မိန်းမကြီး ဒွန်ယာရှာကို ခိုင်းသည်။ ဒွန်ယာရှာက ၎င်း၏ပစ္စည်းများကို သိမ်းဆည်းထုပ်ပိုးနေချိန်၌ နာတာရှာသည် ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်လျက် ကပွဲဝတ်စုံဟောင်းကြီးကို ကိုင်ကြည့်ကာ အတိတ်ကိုပြန်တွေး၍ ငိုင်နေမိသည်။ တစ်ဖက်ခန်းမှ အစေတော်များ၏ စကားပြောသံနှင့် အနောက်ဆောင်ဘက်သို့ ခပ်သုတ်သုတ်လျှောက်သွားကြသော ခြေသံများကို ကြားတော့မှ သတိပြန်ရလာသည်။ နာတာရှာသည် ထ၍ ပြတင်းမှ အပြင်သို့ လှမ်းကြည့်လိုက်၏။ ဒဏ်ရာရသူများကို တင်ဆောင်လာသည့် ဧရာမ လှည်းတန်းရှည်ကြီးသည် လမ်းမပေါ်တွင် ရပ်လျက် ရှိ၏။

အိမ်ထောင်ထိန်း မိန်းမကြီး၊ အထိန်းတော်ကြီး၊ စားတော်ကဲများ၊ ရထားသမားများ၊ အစေတော်မိန်းကလေးများ၊ အဆောင်ကိုင်များ၊ မြင်းထိန်းများသည် ဝင်းဝမှ ရပ်၍ စစ်သားလူနာများကို ငေးကြည့်နေကြသည်။

နာတာရှာသည် ခေါင်းတွင် ပဝါဖြူကိုစည်းကာ မေးအောက်မှ ပဝါမြိတ်စွန်းနှစ်ဖက်ကို လက်တစ်ဖက်စီဖြင့် ဆွဲလျက် လမ်းမသို့ ထွက်လာခဲ့၏။

အိမ်ထောင်ထိန်း မိန်းမကြီး မက်ဗရာသည် ဝင်းဝတွင်ရပ်နေသော လူအုပ်ထဲမှ ထွက်ကာ လျှောက်ဖျာများကို ပေါင်းမိုးသဖွယ် မိုးထားသည့် လှည်းတစ်စီးနားသို့ ရောက်သွားပြီး ပေါင်းမိုးအောက်တွင် လဲလျောင်းနေသည့် အသားအရေခပ်ဖျော့ဖျော့တပ်ဗိုလ်ကလေးတစ်ဦးနှင့် စကားပြောနေသည်။ နာတာရှာသည် ရှေ့နားသို့ တိုးသွားကာ ရုက်ကိုးရုက်ကန်းဖြင့် ရပ်နေပြီး မက်ဗရာနှင့် တပ်ဗိုလ်လေးတို့ စကားပြောနေကြသည်ကို နားထောင်နေသည်။

"မြို့ထဲမှာ ဘယ်သူမှ မရှိတော့ဘူး ဗိုလ်လေးရဲ့။ မြို့ထဲက အိမ်တွေပေါ်မှာ ခဏ ဝင်နားကြပါလား။ ကျုပ်တို့ အိမ်ဆိုရင် သခင်ကြီးတို့လဲ ရှိတော့မှာ မဟုတ်ဘူး။ ပြောင်းကြတော့မယ်"

"ခွင့်ပြုသလား မပြုသလားမှ မသိဘဲ။ ဖြစ်မယ် မထင်ပါဘူးခင်ဗျာ။ နေပါစေတော့။ ဟောဟော၊ ကျွန်တော်တို့ တပ်မှူး လာနေပြီ။ သူ့မေးကြည့်ပါလား" တပ်ဗိုလ်ကလေးက အသံခပ်သဲ့သဲ့ဖြင့် ပြန်ပြောကာ လှည်းကြားထဲမှ လျှောက်လာသော သန်သန်မာမာ ဗိုလ်မှူး တစ်ယောက်ကို ညွှန်ပြလိုက်၏။

နာတာရှာသည် ကြောက်ရွံ့သောမျက်လုံးများဖြင့် ဒဏ်ရာရတပ်ဗိုလ်ကလေး၏မျက်နှာကို ကြည့်လိုက်ပြီး ဗိုလ်မှူးကြီးထံသို့ လျှောက်လာခဲ့သည်။

"ဒီမှာရှင် ဗိုလ်မှူး၊ ဒဏ်ရာရတဲ့ စစ်သားတွေ ကျွန်မတို့အိမ်မှာ တည်းနိုင်ပါတယ်။ တည်းခွင့်ပေးလိုက်ပါလား" နာတာရှာလ ပြောလိုက်သည်။

ဗိုလ်မှူးသည် လက်ကို ဦးထုပ်သို့ ရောက်အောင် မြှောက်၍ အရိုအသေပြုလိုက်ပြီး ပြုံးလိုက်၏။

"ဒီထဲမှာ ခင်ဗျားတို့ တည်းခိုစေချင်တဲ့ သူများပါပါသလားခင်ဗျာ" ဗိုလ်မှူးက မျက်လုံးများကို မှေး၍ ခပ်ပြုံးပြုံး ဆိုလိုက်လေသည်။

နာတာရှာက ယခင်အတိုင်းပင် ထပ်ပြောသည်။ နာတာရှာသည်မေးအောက်တွင် ပဝါမြိတ်စွန်းနှစ်ဖက်ကို စု၍ မချည်သေးဘဲ လက်နှစ်ဖက်ဖြင့် ကိုင်ထားသော်လည်း ၎င်း၏မျက်နှာအမူအရာနှင့် ဟန်ပန်မှာ လေးနက်တည်ငြိမ်သော အမူ အရာကို ဆောင်လျက်ရှိရကား ဗိုလ်မှူးသည် နာတာရှာကို ဖြုံး၍ကြည့်နေရာမှ မျက်နှာပိုးသတ်လိုက်ပြီး နောက် အတန်ကြာ စဉ်းစားနေသည်။

"ဩော်၊ အားလုံးကို ဆိုလိုတာလား။ တည်းခိုချင်တဲ့သူပါရင် တည်းခိုနိုင်ပါတယ်။ တည်းနိုင်ပါတယ်"

နာတာရှာသည် ခေါင်းကို အသာအယာညိတ်ပြကာ လှည်းပေါ်မှ တပ်ဗိုလ်ကလေးနှင့် စကားပြောနေသော မက်ဗရာထံသို့ ပြန်လာ၏။

"မက်ဗရာ၊ ဗိုလ်မှူးက ပြောလိုက်တယ်။ တည်းခိုချင်တဲ့လူရှိရင် တည်းနိုင်တယ်တဲ့" နာတာရှာက မက်ဗရာနားသို့ ကပ်၍ တိုးတိုးကလေး ပြောသည်။

သို့ဖြင့် တပ်ဗိုလ်ကလေးကို တင်ဆောင်လာသည့် လှည်းသည် မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်ဝင်းထဲသို့ ချီးဝင်လာပြီး အခြားသော လူနာတင်လှည်းများသည်လည်း ပိဇာစကားယားလမ်းရှိ အိမ်ဝင်းအသီးသီးထဲသို့ ချီးဝင်သွားကြလေသည်။ နာတာရှာကား မြင်တွေ့နေကျ မဟုတ်သော လူသစ်များကို တွေ့ရသဖြင့် များစွာ စိတ်ဝင်စားလျက် ရှိသည်။ နာတာရှာနှင့် မက်ဗရာသည် လူနာများ၊ လှည်းများ၊ စံအိမ်ဝင်းထဲ မပြည့်မချင်း ဖိတ်ခေါ်နေ

www.burmeseclassic.com

www.burmeseclassic.com

ကြ၏။

"သခင်မလေး၊ သခင်ကြီး ဖျားကိုတော့ ပြောဦးမှပဲ ထင်တယ်။ တော်တော်ကြာ သခင်ကြီး ဆူနေလိမ့်မယ်" မက်ဗရာက သတိပေး၏။

"အို၊ ပြောနေစရာ မလိုပါဘူး မက်ဗရာရဲ့၊ ဒီကိစ္စက ဘာအပန်းကြီးတဲ့ကိစ္စ မှတ်လို့။ နာတာရှာတို့က ပြောင်းတော့မှာဆိုတော့ စံအိမ်ကြီးကလဲ အားနေတာပဲ။ မသကာရင် ဧည့်ခန်းဆောင်ထဲမှာ နာတာရှာတို့ တစ်ရက်လောက် ရွှေ့ပေးရရဲ့ ရှိတော့မှာပေါ့"

"အို သခင်မလေးသဘောနဲ့ လျှောက်လုပ်လို့ တော်တော်ကြာ မက်ဗရာတို့ပါ ဒုက္ခများကုန်ဦးမယ် သခင်မလေးရဲ့။ ဘယ်နေရာမှာပဲ ထားထား သခင်ကြီး ဖျားကိုတော့ ပြောပြဦးမှ ဖြစ်မယ် ထင်တယ်"

"ကဲ ကဲ၊ ဒါလောက်တောင် မက်ဗရာက ဖြစ်နေရင်လဲ နာတာရှာ ဖေဖျားကို သွားပြောမယ်"

နာတာရှာသည် အိမ်ထဲသို့ ပြေးဝင်သွားကာ တံခါးမဟတဟဖြစ်နေသော ဧည့်ခန်းဆောင်နားသို့ ခြေဖျားထောက်၍ လျှောက်လာခဲ့သည်။ ဧည့်ခန်းထဲ၌ စဖျစ်ဆီနှံနှင့် ဇဝက်သာနံ့မှာ စူးရှနေသည်။

"မေဖျား အိပ်ပျော်နေပြီလား ဟင်"

"ဟင် မေဖျား အိပ်ပျော်သွားသလား။ ဟုတ်လား" မြို့စားကတော်ကြီးသည် မေ့ခနဲ ဖြစ်သွားရာမှ နိုးလာသည်။

"အို၊ နာတာရှာက မေဖျား မှိန်းနေတယ်ထင်လို့ နှိုးမိတာပါနော် နော်" နာတာရှာက မြို့စားကတော်ကြီး အနီးတွင် ဒူးထောက်ထိုင်လိုက်သည်။ "နာတာရှာကို မက်ဗရာကအပြောခိုင်းလိုက်လို့ မေဖျားရဲ့။ သူတို့ ဒဏ်ရာရလာတဲ့ တပ်ဗိုလ်အချို့ကို အိမ်ထဲ ခေါ်ထားတယ်တဲ့။ အိမ်ထဲမှာ တည်းခွင့်ပေးရမလားတဲ့။ တည်းခွင့်ပေးလိုက်ပါ မေဖျားရယ်။ ဘယ်မှာမှ တည်းစရာရှိဟန် မတူပါဘူး။ သနားပါတယ်နော် မေဖျား၊ တည်းခွင့်ပြုမယ် မဟုတ်လား ဟင် မေဖျား"

"ဘာ တပ်ဗိုလ်တွေ ဟုတ်လား။ နေစမ်းပါဦး။ ဘယ်သူက ခေါ်လို့ အိမ်ထဲ ရောက်လာကြပြန်တာလဲ။ ခက်လိုက်ပါဘိနော်"

နာတာရှာက ရယ်လိုက်၏။ မြို့စားကတော်ကြီးကလည်း ပြုံးစိစိ လုပ်နေသည်။

"မေဖျားက ခွင့်ပြုမယ် မဟုတ်လား။ ခွင့်ပြုတယ်လို့ နာတာရှာပြောလိုက်တော့မယ် နော်နော် မေဖျား" နာတာရှာသည် မိခင်မြို့စားကတော်ကြီး၏ နဖူးပြင်ကို နမ်းကာ ထွက်လာခဲ့သည်။

ဧည့်ခန်းဆောင်ထဲသို့ ရောက်သော် မြို့ထဲမှ သတင်းများကို စနည်းနာ၍ ပြန်လာသည့် ဖခင်မြို့စားကြီး ရှေ့စတော့ဗ်နှင့် သွားတွေ့၏။

"အိမ်း လက်စသတ်တော့ ဖေဖျားတို့ချည်းပဲ ကျန်တော့တယ်ဟေ့။ တစ်မြို့လုံး ဘယ်သူမှ မရှိတော့ဘူး။ ကလပ်လဲ ပိတ်ထားပြီ။ ရဲတွေတောင် ပြောင်းရွှေ့ကုန်ပြီ"

"ဖေဖျား၊ နာတာရှာလေ ဒဏ်ရာရတဲ့ တပ်ဗိုလ်လေးတွေကို သနားတာနဲ့ အိမ်ထဲ ခေါ်ထားလိုက်တယ်။ ကိစ္စမရှိပါဘူးနော် ဖေဖျား"

"အို၊ အရေးထဲမှာ ဒါတွေ ပြောမနေစမ်းနဲ့ သမီးထွေး။ ကဲ အေးအေးဆေးဆေး လုပ်မနေနဲ့၊ ထုပ်ပိုးတန်တာကို ထုပ်ပိုးထားကြပေတော့။ ဖေဖျားတို့ မနက်ဖြန် ပြောင်းမယ်။ မနက်ဖြန် မနက်ဖြန်"

မြို့စားကြီး ရှေ့စတော့ဗ်သည် နာတာရှာ၏ စကားကိုပင် ကောင်းစွာ နားမထောင်နိုင်တော့ဘဲ လက်စွဲတော်ကြီးနှင့် အစေတော်များကို အမိန့်ပေးလျက် ရှိ၏။

ညစာစားချိန်ရောက်သော် ပိတာ ပြန်ရောက်လာကာ ကြားခဲ့ရသောသတင်းများကို ပြောပြ၏။ မော်စကို မြို့သူမြို့သားများအား ကရင်မလင်နန်းတော်ထဲတွင် လက်နက်များ ထုပ်ပေးနေပြီဖြစ်ကြောင်း၊ မြို့ဝန် ရှေ့စတော့ချင်က နှစ်ရက် သုံးရက်ကြိုတင်၍ အရေးပေါ်စစ်မှုထမ်းများ ခေါ်ယူမည်ဟု ကြေညာထားသော်လည်း နက်ဖြန်တွင် အရေးပေါ်မြို့စောင့်တပ်ဖွဲ့ဝင်များက ရန်သူများကို တောင်သုံးလုံးမှ ခံတော့မည်ဖြစ်ကြောင်း၊ တောင်သုံးလုံးတစ်ဝိုက်တွင် တိုက်ပွဲအကြီးအကျယ် ဖြစ်ပွားနိုင်ကြောင်းဖြင့် ပြောပြလေသည်။

စကားပြောနေစဉ် ပိတာ၏ မျက်နှာမှာ ထက်သန်ပြင်းပြသောအသွင်ကို ဆောင်လျက်ရှိရာ မိခင် မြို့စားကတော်ကြီးမှာ ပိတာ၏ မျက်နှာကို ကြည့်၍ပင် ကြောက်လန့် စိုးရိမ်လျက် ရှိလေပြီ။ ဤအချိန်၌ ပိတာအား တိုက်ပွဲသို့ မသွားရဟု ပြောလိုက်ပါက (တိုက်ပွဲသို့ သွားရန်

www.burmeseclassic.com

www.burmeseclassic.com

ဖင်တကြွ ကြွဖြစ်နေသော) ပိတာသည် ယောကျ်ားဓားသွေး ဟူသောစကားမျိုး၊ အဖနိုင်ငံကို ကာကွယ်ရင်း သေရခြင်း သည် မြတ်သည်ဟူသော စကားမျိုးမှ အစ အဓိပ္ပာယ် မရှိသော စကားများကို ပြောဆိုပေလိမ့်မည်။ ထိုအခါ၌ မိမိသာ စိတ်ဆင်းရဲခြင်းဖြစ်ရကာ ခဲလေသမျှသဲရေကျ ဖြစ်ရ တော့မည်ဟု တွေးမိသည်။ ထို့ကြောင့် တိုက်ပွဲ မဖြစ်ပွားမီ မော်စကိုမှ ထွက်ဖြစ်အောင် ထွက်၍ ပိတာကိုလည်း မိမိ တို့အား အစောင့်အရှောက်အဖြစ် မရအရ ခေါ်သွားမှ ဖြစ်မည်ဟုအောက်မေ့ကာ တိတ်တိတ်ပင်နေလိုက်သည်။ ညစာစားပြီးသည့်နောက်၌ကား မြို့စားကတော်ကြီးသည် ကြင်ရာတော် မြို့စားကြီး ရော့စတော့ဗ်ကို အပါးသို့ခေါ်ကာ မိမိအား မော်စကိုမှ ဝေးရာသို့ အမြန်ဆုံးပို့ပေးပါမည့် အကြောင်း၊ ဖြစ်နိုင်က ယနေ့ညပင် ပြောင်းရွှေ့လိုကြောင်း မျက်ရည်စမ်းစမ်းဖြင့် ပြောပြခြင်း ပြုလေသည်။ မြို့စား ကတော်ကြီးသည် ခပ်စောစောကအထိ စိုးစဉ်းမျှ ကြောက် လန့်ဟန် မပြခဲ့သော်လည်း ယခုမူကား မိန်းမတို့၏ ပဋိ သန္ဓေပါ အရည်အချင်းတစ်ခုဖြစ်သော မူယာမာယာမျိုးစုံ ကို အသုံးပြုလျက် ယနေ့ညမှ ပြောင်းရွှေ့ခြင်း မပြုလျင် လိပ်ပြာလွင့်၍ သေဖွယ်ရာသာရှိတော့ကြောင်းဖြင့် ပြော ဆိုခြင်း ပြုလေသည်။ ယခုအချိန်၌ မြို့စားကတော်ကြီးသည် မည်းမည်းမြင်သမျှကို ကြောက်လျက် ရှိလေပြီ။

အခန်း ၁၄

မြို့စားကတော်ကြီး၏ မိတ်ဆွေ မဒမ်ရော့သည် မော်စကို မြို့ရှိ သမီးထံ လာရောက်လည်ပတ်လျက်ရှိရာ ထိုနေ့က မျှာနစ္စကီလမ်းရှိ အရက်ဆိုင်၌ တွေ့ခဲ့ရသည့် ရွှင်းကို မြို့စားကတော်ကြီးအား ပြောပြသည်တွင် မြို့စားကတော် ကြီးမှာ ထိုစကားကို ကြားပြီးကတည်းက မနေနိုင် မထိုင် နိုင်ဖြစ်အောင် ကြောက်လန့်လျက် ရှိလေသည်။ ထိုနေ့ နံနက်က မဒမ်ရော့သည် မျှာနစ္စကီလမ်းအတိုင်း ကရထား စီး၍ ပြန်ခဲ့ရာ၌ အရက်ဆိုင်ရှေ့တွင် အရက်သမားတစ်စု သောင်းကျန်းလျက်ရှိသဖြင့် ရှေ့ဆက်၍ မသွားနိုင်ဘဲ လမ်းမြောင်တစ်ခုထဲသို့ ချိုးဝင်၍ ထွက်ပြေးခဲ့ရသည်။ ရထားသမား၏အဆိုအရ အရက်ဆိုင်ကို ဝင်ရောက်ဖျက် ဆီးပြီး အရက်စည်များကို ဖောက်သောက်ကုန်ကြပြီဖြစ် ကြောင်း၊ မြို့ဝန်ကလည်း ဤကိစ္စကို တားဆီးခြင်း မပြုရဲ မျှမက ဆိုင်များရှိပစ္စည်းများကို ဖောက်ယူကြရန်ပင် အမိန့်ပေးထားကြောင်းဖြင့် သိရလေသည်။

ညစာစားပြီးသည်နှင့် မြို့စားကြီး ရော့စတော့ဗ်၏ အိမ်သားများသည် လက်ကျန်ပစ္စည်းများကို ကသော ကမျော ထုပ်ပိုးကာ ပြောင်းရွှေ့ရန် ပြင်ဆင်လျက် ရှိကြ၏။ မြို့စားကြီး ရော့စတော့ဗ်မှာကား အိမ်ရှေ့နှင့် အိမ်နောက် ဝင်ချုပ်ထွက်ချည်ပြုကာ အလုပ်များလျက်ရှိသည့် အစေ တော်များအား ဩဇာအမျိုးမျိုးပေးလျက် ရှိ၏။ ပိတာသည် အိမ်ဝင်းထဲရှိ လှည်းများပေါ်သို့ ပစ္စည်းများတင်ရာတွင် စီမံခန့်ခွဲလျက် ရှိ၏။ ဆွန်ယာကား ခုတစ်မျိုး ခုတစ်မျိုး ဖြစ်နေသော မြို့စားကြီး ရော့စတော့ဗ်၏ အမိန့်များကြောင့် မည်သည့်အရာကို လုပ်ရမည်မသိတော့ဘဲ ခေါင်းရှုပ်လျက် ရှိသည်။ အစေတော်များမှာလည်း အိမ်ထဲ အိမ်ပြင် ထွက် လိုက်ဝင်လိုက်ဖြင့် ထိုပစ္စည်းတင်ရကောင်းနိုး၊ ဤပစ္စည်း ချရကောင်းနိုးဖြင့် ငြင်းခုံလျက်ရှိကြ၏။ နာတာရှာမှာလည်း အများနည်းတူပင် အလုပ်များလျက် ရှိလေသည်။ အစ ပထမသော် နာတာရှာအား သက်သက်ဝင်ရှုပ်နေသည်ထင် ကာ အယုံအကြည်မရှိဖြစ်နေကြသည်။ အစေတော်များမှာ နာတာရှာ နောက်တီးနောက်တောက် လုပ်လေ့ရှိသည့် အတွက် ခါတိုင်းကဲ့သို့ပင် ဝင်ရှုပ်နေသည်ထင်ကာ ခပ် ပေါ့ပေါ့ လုပ်နေကြသည်။ သို့ရာတွင် နာတာရှာက မိမိအား ဤသို့ မထီမဲ့မြင်ပြုနေကြသဖြင့် စိတ်ဆိုးလာကာ အော်ဟစ် ကြိမ်းမောင်းပစ်တော့မှ သူ ခိုင်းသမျှကို လုပ်ကြတော့သည်။ နာတာရှာ ပင်ပင်ပန်းပန်းလုပ်၍ စီမံခန့်ခွဲရသည့်အလုပ် မှာ ကြမ်းခင်းကော်ဇောများကို ထုပ်ပိုးရသောအလုပ် ဖြစ် ၏။ နာတာရှာတို့အိမ်၌ ဈေးကြီးပေး၍ ဝယ်ယူထားသော အဖိုးတန်ပါးရှားကော်ဇောကြီးများနှင့် ဂိုဘလင်ရွှေချည် ထိုးကန့်လန့်ကာကြီးများ ရှိ၏။ နာတာရှာက ထိုအဖိုးတန် ကော်ဇောကြီးများနှင့် ရွှေချည်ထိုးကန့်လန့်ကာကြီးများ ကို သိမ်း၍ ထည့်စေသည်။ သို့ဖြင့် ပွဲတက်ဆောင်ထဲက သေတ္တာကြီးနှစ်လုံးမှာ ကော်ဇောကြီးများ၊ ပန်းကန်ခွက် ယောက်များဖြင့် ပြည့်လျက် ရှိလေပြီ။ သို့ရာတွင် စားပွဲ ပေါ်၌ မသိမ်းရသေးသောပန်းကန်များ ကျန်နေသေးသည်။ ပစ္စည်းခန်းထဲတွင်လည်း ကျန်နေသေးသည်။ ထိုပစ္စည်း များကို ထည့်ရန် သေတ္တာ မရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

"ဆွန်ယာ၊ ဒီပစ္စည်းတွေကို ဒီသေတ္တာထဲမှာပဲ ရောထည့်ရအောင်။ နေဦး၊ နေဦး"

"ထည့်လို့ မရတော့ဘူး သခင်မလေး။ ကျွန်တော် တို့ ထည့်စမ်းကြည့်ပြီးပြီ" ဘဏ္ဍာစိုးက ပြော၏။

"အို၊ ဘာလို့ မရရမှာလဲ။ ဖယ်စမ်း" နာတာရှာသည် သေတ္တာထဲမှ ဂျပ်ဘူးဖြင့် ထည့်ထားသော ပန်းကန်များနှင့် စက္ကူဖြင့်ထုပ်ထားသော ပန်းကန်ပြားများကို ထုတ်နေပြန်သည်။

"ဒီ ပန်းကန်တွေကို ကော်ဇောတွေကြားထဲမှာ ထည့်တော့ကော မဖြစ်ဘူးလား" နာတာရှာက ဆိုသည်။

"သေတ္တာသုံးလုံးစလုံး ကော်ဇောတွေချည်းပဲ ထည့်လို့ ဘယ်ဖြစ်မလဲ သခင်မလေးရဲ့။ ဒီပြင်ပစ္စည်းတွေကော ဘယ့်နယ်လုပ်မလဲ"

"အသာနေစမ်း၊ နာတာရှာ ပြမယ်။ ဒါတွေကို သယ်လာလို့ ဘာမှ အသုံးမကျဘူး။ မလိုဘူး" နာတာရှာသည် သေတ္တာထဲမှ ကိယက်နယ်လုပ် ပန်းကန်ပြားထုပ်များကို ရွေး၍ ဖယ်ထုတ်နေသည်။ ပြင်သစ်လုပ် ဆက်ဇံနီ ပန်းကန်ချောထုပ်များကိုမူ သတ်သတ်ဖယ်ထားလိုက်၏။

"သူတို့ကို ကော်ဇောတွေကြားထဲမှာ ထည့်"

"နာတာရှာ၊ ဖယ်စမ်းကွယ်။ ဆွန်ယာတို့ဘာသာ လုပ်ပါ့မယ်" ဆွန်ယာက အပြစ်တင်သံဖြင့် ဆိုသည်။

"သခင်မလေးက တစ်မျိုးပဲဗျ" လက်စွဲတော်ကြီးက မှတ်ချက်ချ၏။

နာတာရှာမှာ ၎င်းတို့ကို ဂရုမပြုဘဲ အချို့ကို ဖယ်ထုတ်၍ အချို့ကို ပြန်ထုပ်နေသည်။ အည့ဲစား ရှရှား ကော်ဇောများနှင့် အပိုပန်းကန်ခွက်ယောက်များကို ယူရန် မလိုဟု ဆိုသည်။ ဤသို့ဖြင့် နာတာရှာသဘောကျ အချို့ကို ဖယ်ထုတ်၍ အချို့ကို ပြန်ထုပ်ကြရပြန်သည်။ အဖိုးမတန်သောပစ္စည်းများကို ဖယ်ထုတ်ပြီးနောက် အဖိုးတန် ပစ္စည်းများကို ထည့်လိုက်သောအခါ သေတ္တာနှစ်လုံး ပြည့်သွား၏။ သို့ရာတွင် ကော်ဇောထည့်ထားသော သေတ္တာကြီးမှာ မောက်နေသဖြင့် ပိတ်မရတော့ချေ။ ထို့ကြောင့် ပစ္စည်းအချို့ကို ပြန်ထုတ်ရဦးမည်ဖြစ်၏။ သို့ရာတွင် နာတာရှာကား အလျှော့မပေးချေ။ ပစ္စည်းများကို အတင်းဖိသိပ်ကာ မရအရထည့်နေသည်။ ၎င်းကိုယ်တိုင် ဖိပိတ်၍ မရသောအခါ ဘဏ္ဍာစိုးနှင့် ပိတာကို တက်၍ အဖိခိုင်းသည်။ ပိတာမှာလည်း နာတာရှာ၏အမိန့်ဖြင့် အထုပ်အပိုးပြင်သည့်နေရာသို့ ရောက်နေလေပြီ။

"တော်ပြီ၊ တော်ပြီ နာတာရှာ။ အပေါ်က ပစ္စည်းတစ်ခုလောက်ထုတ်လိုက်ရင် ရပြီ" ဆွန်ယာက ဆို၏။

"အို၊ မထုတ်ပါဘူး။ မထုတ်ဘဲ ရပါတယ်" နာတာရှာက ချွေးပြန်နေသောမျက်နှာပေါ်သို့ ကျနေသည့် ဆံပင်များကို လက်တစ်ဖက်ဖြင့် နောက်သို့ လှန်လိုက်ပြီး အခြားတစ်ဖက်ဖြင့် ကော်ဇောများကို ဖိသိပ်နေသည်။

"နာနာဖိပါ ပိတာရဲ့။ ဗာစီလစ်၊ ဖိစမ်းပါ။ ဘာလုပ်နေတာလဲ" နာတာရှာက အော်လိုက်သည်။

နောက်ဆုံး၌ ကော်ဇောများ ပိကျသွားပြီး သေတ္တာကို ပိတ်၍ ရလေတော့သည်။ နာတာရှာသည် လက်ခုပ်လက်ဝါးတီးကာ ဝမ်းသာအားရအော်၏။ မျက်လုံးတွင်လည်း မျက်ရည်တွေ ဝဲနေသည်။ ခဏကြာလျှင် နာတာရှာသည် နောက်သေတ္တာတစ်ခုတွင် ပစ္စည်းများကို ထည့်ပြန်သည်။

ဤတစ်ကြိမ်၌ကား နာတာရှာကို ယုံကြည်သွားကြပေပြီ။ နာတာရှာ၏အမိန့်ကို လက်ခံသွားကြလေပြီ။ မြို့စားကြီး ရော့စတော့ဗ်မှာ နာတာရှာက သူပြောသည့်အတိုင်း မလုပ်ဘဲ သူ့သဘောနှင့် သူလုပ်နေသည်ကို သိသော်လည်း စိတ်မဆိုးတော့ချေ။ အစေခံများကလည်း ယခုမှ နာတာရှာထံ ရောက်လာကြကာ လှည်းများပေါ်တွင် ပစ္စည်းများ နောက်ထပ်တင်ဖို့ လိုမလို၊ ကြိုးစည်းဖို့ လိုမလို လာရောက်မေးကြတော့သည်။ နာတာရှာကြောင့် ပစ္စည်းများ ထုပ်ပိုးခြင်းမှာ ချောချောမောမော ပြီးသွားလေပြီ။ အဖိုးမတန်သောပစ္စည်းများကို ဖယ်ထုတ်၍ အဖိုးတန်ပစ္စည်းများကို စုံနိုင်သလောက် စုံအောင် ထုပ်ပိုးပြီးလေပြီ။

သို့ရာတွင် ညဉ့်နက်သည့်တိုင်အောင် ထုပ်ပိုးသိမ်းဆည်းသည့်စခန်းမှာ အပြီးမသတ်သေးချေ။ မြို့စားကတော်ကြီးမှာ အိပ်ပျော်နေပေပြီ။ မြို့စားကြီး ရော့စတော့ဗ်မှာလည်း ပစ္စည်းများထုပ်ပိုး'မပြီးသေး၍ မနက်ဖြန်နံနက်ကျမှ ထွက်ခွာတော့မည်ဟု ပြောဆိုကာ အိပ်ရာဝင်ပေပြီ။

ဆွန်ယာနှင့် နာတာရှာကား အဝတ်အစားပင် မလဲနိုင်တော့ဘဲ ဧည့်ခန်းဆောင်ထဲမှာပင် မောမောနှင့် အိပ်ပျော်သွားကြသည်။

ထိုနေ့ညတွင် အခြားလူနာတစ်ယောက်ကို တင်

www.burmeseclassic.com

www.burmeseclassic.com

လာသော ကရထားတစ်စီးသည် ပိဗာစကားယားလမ်းအတိုင်း မောင်းလာလေသည်။ မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်ဝင်းဝတွင် ရပ်နေသည့် အိမ်ထောင်ထိန်း မိန်းမကြီး မက်ဗရာသည် ထိုကရထားနှင့် တကွ လူနာကို အိမ်ဝင်းထဲ ဝင်စေသည်။ မက်ဗရာ၏ အဆိုအရ ထိုလူနာမှာ အရေးကြီး သောလူနာတစ်ဦးဖြစ်ဟန်ရှိသည်ဟု ဆို၏။ ထိုလူနာကို တင်လာသည့် ကရထားမှာ မင်းညီမင်းသားများသာ စီးလေ့ရှိသော ပေါင်မိုးနှစ်ထပ်မိုးထားသည့် ကရထားဖြစ်၍ အထဲတွင် လူနာကို အဝတ်တစ်ထည်ဖြင့် ဖုံးထား၏။ ရထားလှည်း၏ အမိုး၊ ရထားသမားထိုင်ဖုံပေါ်တွင်လည်း ရထားသမားအပြင် လက်စွဲတော်တစ်ဦး လိုက်ပါလာ၏။ သမားတော်တစ်ဦးနှင့် စစ်သားနှစ်ဦးက ရထားနောက်မှ လှည်းတစ်စီးဖြင့် လိုက်ပါလာကြသည်။

"မောင်ကြီး၊ ကျုပ်တို့ဝင်းထဲ ဝင်နားပါလား။ သခင်ကြီးဘုရားတို့ မနက်ဖြန် ပြောင်းကြတော့မှာမို့ စံအိမ်ကြီးလဲ အားတော့မှာပါ" မက်ဗရာက လက်စွဲတော်အဘိုးကြီးကို လှမ်းပြောသည်။

"အိမ်၊ ကျေးဇူးပါပဲဗျာ" လက်စွဲတော်အဘိုးကြီးက သက်ပြင်းချ၏။ "လူနာကြည့်ရတာ အခြေအနေ မကောင်းဘူးဗျ။ ကျုပ်တို့စံအိမ်တော်လဲ ဒီမြို့ထဲမှာ ရှိတာပဲဗျ။ ဒါပေမဲ့ နည်းနည်းလှမ်းသေးတယ်။ ပြီးတော့ စံအိမ်တော်မှာလဲ ဘယ်သူမှ မရှိတော့ဘူး"

"ဒီလိုဆိုရင်လဲ ကျုပ်တို့စံအိမ်မှာပဲ ဝင်နားလိုက်ပေါ့ မောင်ကြီးရယ်။ သခင်ကြီးဘုရားတို့ စံအိမ်မှာ အစစအရာရာ အပြည့်အစုံရှိပါတယ်။ မယူပါနဲ့၊ လာ လာ။ လူနာက တော်တော်အခြေအနေ ဆိုးသလား"

လက်စွဲတော်အဘိုးကြီးက စိတ်ပျက်လက်ပျက် အမူအရာဖြင့် ခေါင်းယမ်းပြသည်။

"ကျုပ်တို့ စံအိမ်တော်ထိအောင် မောင်းလို့တော့ မဖြစ်ဘူး ထင်တာပဲ။ နေဦးလေ။ သမားတော်ကြီးကို မေးကြည့်ရဦးမှာပဲ"

လက်စွဲတော်အဘိုးကြီးသည် ကရထားအမိုးပေါ်မှ ဆင်းကာ နောက်လှည်းဆီသို့ လျှောက်သွား၏။

"ကောင်းသားပဲ" ဟူသော သမားတော်၏အသံကို ကြားလိုက်ရ၏။

လက်စွဲတော်အဘိုးကြီးသည် ကရထားဆီသို့ ပြန်လာကာ အထဲသို့ ငုံ့ကြည့်လိုက်ပြီးနောက် ခေါင်းကို ဖြည်းလေးစွာ ယမ်း၍ ရထားသမားအား မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်ဝင်းထဲသို့ ဝင်ရန်ပြောလျက် မက်ဗရာအနီးတွင် ရပ်နေသည်။

"ဘုရားသခင် စောင်မပါစေတော်" မက်ဗရာက ခပ်တိုးတိုး ဆုတောင်းလိုက်သည်။

လှည်းနောက်မှ စံအိမ်ထဲသို့ ပြောင်းရွှေ့ရန် မက်ဗရာက ပါလာသူများကို ပြောလိုက်သည်။

"သခင်ကြီးဘုရားက ခွင့်ပြုပါတယ်။ ရွှေ့သာ ရွှေ့ပါ"

သို့ရာတွင် လူနာများကို စံအိမ်ပေါ်သို့ တင်ခွင့် မပြုသဖြင့် လက်ဝဲဘက်အဆောင်ဆီသို့ မ,သွားကာ တစ်ခါက မဒမ်ရော့တည်းခိုခဲ့သော ခန်းဆောင်ထဲတွင် ထားလိုက်ကြ၏။

ဒဏ်ရာရလာသော လူနာကား အခြားသူ မဟုတ်။ တစ်ခါက နာတာရှာနှင့် စေ့စပ်ကြောင်းလမ်းခဲ့ဖူးသော မင်းသားကလေး အင်ဒရေပေတည်း။

အခန်း ၁၅

မော်စကိုမြို့၏ နောက်ဆုံးနေ့သည် ရောက်လာခဲ့လေပြီ။ ထိုနေ့မှာ တနင်္ဂနွေနေ့ ဖြစ်လျက် ကြည်လင်ဝင်းထိန်သော နွေနှောင်းရာသီ နေ့တစ်နေ့ ဖြစ်၏။ မြို့ထဲရှိ ဘုရားရှိခိုးကျောင်းများမှ ခေါင်းလောင်းသံများသည် ခါတိုင်း တနင်္ဂနွေများကဲ့သို့ ဆူညံစွာ မြည်ဟည်းလျက် ရှိကြ၏။ မော်စကိုမြို့သူမြို့သားများကား ၎င်းတို့မြို့ကြီးကို တဖြည်းဖြည်း ဝါးမျိုလျက်ရှိသည့် ကြမ္မာဆိုးကြီးကို ရိပ်မိပုံမရသေးချေ။

ထိုအချိန်က မော်စကိုမြို့၏ လူမှုအခြေအနေကို ထောက်ပြနေသောအရာမှာ နှစ်ခုသာ ရှိ၏။ ၎င်းတို့ကား အုပ်ဖွဲ့၍သွားလာနေကြသော ဆင်းရဲသားများနှင့် ကုန်ဈေးနှုန်းများ ဖြစ်၏။ စက်ရုံအလုပ်သမားများ၊ အစေခံများ၊ လယ်သမားများအပြင် အရာထမ်းများ၊ စာသင်တိုက်များမှ စာသင်သားများနှင့် တကွ မြေရှင်အချို့သည် စုဝေးကြကာ နံနက်စောစောကတည်းက တောင်သုံးလုံးသို့ ထွက်သွားကြ၏။ တောင်သုံးလုံး၌ မြို့ဝန် ရော့စတော့ဗ်ချင်ကို စောင့်သော်လည်း အချိန်တိုင်၍ မရောက်လာသောအခါ၌

www.burmeseclassic.com

www.burmeseclassic.com

ကား မော်စကိုမြို့ကို ရန်သူ့လက်အပ်ရတော့မည်မှာ မြေကြီးလက်ခတ်မလွဲတော့ကြောင်း သဘောပေါက်လာခဲ့ကြလေပြီ။ လူအုပ်ကြီးသည် လူစုကွဲ၍ မြို့ထဲသို့ ပြန်လာခဲ့ကြပြီး အရက်ဆိုင်များနှင့် ပျော်ပွဲစားရုံများတွင် တရှန်းရှန်းဖြစ်လျက် ရှိကြလေသည်။ ထိုနေ့က မော်စကိုဥ၌ ကုန်စျေးနှုန်းများကလည်း အခြေအနေကို ဖော်ပြလျက် ရှိပေသည်။ လက်နက်စျေးနှုန်း၊ ရွှေစျေးနှုန်း၊ မြင်းစျေးနှုန်း၊ လှည်းစျေးနှုန်းစသည့် စျေးနှုန်းများသည် ခေါက်ချိုးမက တက်လာခဲ့၏။ သို့ရာတွင် ငွေစက္ကူတန်ဖိုးနှင့် မော်စကိုမြို့သုံး ဒင်္ဂါးတန်ဖိုးမှာကား ဒလဟောကျဆင်းလျက်ရှိလေရာ မွန်းတည့်ချိန်လောက်၌ကား အထည်အလိပ်စသော အဖိုးတန်ပစ္စည်း လှည်းတစ်စီးတိုက်အတွက် ပေးရသောအခကြေးငွေမှာ လှည်းပါ ပစ္စည်းတစ်ဝက် ဖြစ်လာလေသည်။ မြင်းတစ်ကောင်၏ စျေးနှုန်းမှာလည်း ငွေဒင်္ဂါးငါးရာအထိ ဖြစ်လာခဲ့လေသည်။ အိမ်ထောင်ပရိဘောဂ၊ မှန်နှင့် ကြေးပန်း အိုးများမှာကား မလိုချင်အဆုံး ဖြစ်လျက်ရှိ၏။

မြို့စားကြီး ရော့စတော့ဗ်၏ ရေးစံအိမ်ကြီး၌ကား ထူးခြားချက် မရှိလှသေးချေ။ တစ်ခုတည်းသော ထူးခြားချက်မှာ မြောက်မြားလှစွာသော မြေကျွန်များအနက် ညစဉ်သုံးယောက်ကျ ပျောက်ပျောက်သွားကြခြင်း ဖြစ်၏။ ထိုမှလွဲ၍ ပစ္စည်းအပျောက်အရှုပ္ပ၍ မရှိသေးချေ။ မြို့စားကြီး ရော့စတော့ဗ်၏ ပစ္စည်းများ ပြောင်းရွှေ့ရေးအတွက်မှာမူ ပိုင်စားနယ်မြေများရှိ လယ်လုပ်သားများထံမှ လှည်းအစီးသုံးဆယ် ရောက်ရှိလာပြီ ဖြစ်လေသည်။ မြို့စားကြီး ရော့စတော့ဗ်သည် ထိုလှည်းအစီးသုံးဆယ်ကို ငွေကြေးအမြောက်အမြားပေးကာ ဝယ်ယူခဲ့ရခြင်း ဖြစ်၏။ မြို့စားကြီး ရော့စတော့ဗ်အဖို့ လှည်းများနှင့် မြင်းများကို ငွေကြေးအမြောက်အမြားပေး၍ ဝယ်ခဲ့ရရုံမျှမက မနေ့ညနေနှင့် စက်တင်ဘာလ ၁–ရက်နေ့ကဆိုလျှင် ဒဏ်ရာရ၍ ဆုတ်ခွာလာရသောတပ်ဗိုလ်များ၏ တပ်လုလင်များ၊ အစောင့်တပ်သားများသည် မြို့စားကြီး ရော့စတော့ဗ်၏ အိမ်ဝင်းထဲသို့ တဖွဖွရောက်လာကြလျက် မိမိ၏ အိမ်နှင့် တကွ အနီးအနားရှိအိမ်များထဲမှ ဒဏ်ရာရလျက်ရှိသော တပ်သားတပ်ဗိုလ်များသည်လည်း ဒရွတ်တိုက်၍ ဒယီးဒယိုင်ဖြင့် ထွက်လာကြကာ မိမိတို့အား မော်စကိုမြို့ပြင်သို့ တင်၍ခေါ်သွားကြရန် အစေခံများထံ တောင်းပန်လျက် ရှိကြလေသည်။ ဒဏ်ရာရတပ်သားတပ်ဗိုလ်များ ပတ်လည်ဝိုင်းလျက်ရှိသည့် မြို့စားကြီး ရော့စတော့ဗ်၏ လက်စွဲတော်ကျွန်ယုံကြီးသည် ၎င်းတို့ကို ကြည့်ကာ စိတ်မကောင်းဖြစ်လျက် ရှိသော်လည်း မိမိမှာတင်ခေါ်ဖို့ မပြောနှင့် ထိုအကြောင်းကို သခင်မြို့စားကြီးကိုပင် အသိမပေးရဲကြောင်းဖြင့် အကြောက်အကန်ငြင်းလွှတ်လျက် ရှိလေသည်။ ဒဏ်ရာရသူများကို ကြည့်ရသည်မှာ သနားစရာကောင်းသည်မှန်သော်လည်း မတတ်နိုင်တော့ချေ။ သနား၍ တစ်ယောက်ကို စတင်လိုက်မိလျှင် နောက်တစ်ယောက်ပြီး တစ်ယောက် ပေါက်လာကြကာ လှည်းတွေရော၊ ကရထားရော အားလုံး လူနာတင်လှည်းချည်း ဖြစ်မည်သာ ရှိတော့သည်။ ထိုမျှမက ဒဏ်ရာရသူအားလုံးကို လှည်းအစီးသုံးဆယ်နှင့် အပြည့် တင်သည်ပဲ ထားဦး။ ဆင့်ပါးစပ် နှမ်းပက်သကဲ့သို့ ရှိမည်။ ဤသို့ အရေးကြုံလာချိန်၌ မိမိအတွက်နှင့် တကွ သားမယားဆွေမျိုးများ၏ မျက်နှာကိုလည်း ငဲ့ရပေလိမ့်ဦးမည်။ မြို့စားကြီး ရော့စတော့ဗ်၏ လက်စွဲတော်ကျွန်ယုံကြီးသည် မြို့စားကြီး၏ ကိုယ်စား ဤသို့ တွေးမိကာ လာ၍တောင်းပန် ဒဏ်ရာရတပ်ဗိုလ် တပ်သားများအားလုံးကို အကြောက်အကန် ငြင်းလွှတ် လျက်ရှိလေသည်။

ထိုနေ့နံနက်၌ မြို့စားကြီး ရော့စတော့ဗ်သည် အိပ်ရာမှ နိုးသည်နှင့် တစ်ပြိုင်နက် နံနက်လင်းခါနီးမှ အိပ်ပျော်သွားသော မြို့စားကတော်ကြီး မနိုးစေရန် ခြေဖျားထောက်၍ အသာအယာ အိပ်ရာထဲမှ ထွက်လာခဲ့ပြီး၊ မရန်းစေ့ရောင် ညအိပ်ဝတ်ရုံကြီး ဖိုးရိုးဖားရားဖြင့် ဆင်ဝင်အောက်သို့ ထွက်လာခဲ့၏။ စံအိမ်ဝင်းထဲ၌မူ လှည်းများ ကပြိုး၍ အဆင်သင့်ပင် ဖြစ်နေလေပြီ။ ကရထားများလည်း ဆင်ဝင်အောက်သို့ ရောက်နေလေပြီ။ လက်စွဲတော်ကျွန်ယုံကြီးသည် ဆင်ဝင်ဝတွင် ရပ်လျက် အသက်ခပ်ကြီးကြီး တပ်လုလင်နှင့် လက်မောင်းတစ်ဖက်ကို ပတ်တီးစည်းထားပြီး မျက်နှာဖြူရော်နေသော ခပ်ရွယ်ရွယ် တပ်ဗိုလ်ကလေးတစ်ဦးကို စကားပြောလျက် ရှိ၏။ သခင်မြို့စားကြီး ရော့စတော့ဗ်ကို မြင်လိုက်သည်နှင့် လက်စွဲတော်ကျွန်ယုံကြီးသည် တင်းမာသောအသွင်သို့ ရုတ်ခြည်းပြောင်းလိုက်ပြီး ထိုသူများကို လက်ဟန် ခြေဟန်ဖြင့် နှင်လွှတ်နေသည်။

"ဘယ့်နယ် လက်စွဲတော်ကြီး၊ အားလုံး အဆင်

www.burmeseclassic.com

www.burmeseclassic.com

သင့် ဖြစ်ပြီလား" မြို့စားကြီး ရော့စတော့ဗ်သည် ၎င်း၏ ပြောင်တင်းသောခေါင်းကို လက်ဖြင့်ပွတ်ရင်း တပ်ဗိုလ်ကလေးနှင့် တပ်လုလင်ကို ဖော်ရွေစွာကြည့်ပြီး ခေါင်းညိတ်နှုတ်ဆက်လိုက်၏။ (မြို့စားကြီး ရော့စတော့ဗ်သည် မျက်နှာစိမ်း မြင်လျှင် အလွန်စကားပြောချင်သူ ဖြစ်သည်။)

"မှန်ပါ၊ အားလုံးအဆင်သင့်ပါ သခင်ကြီး"

"အိမ်း၊ မြို့စားကတော်ကြီး နိုးတာနဲ့ ကျုပ်တို့ သွားကြမယ်ဗျ။ ဒီက တပ်ဗိုလ်လေးများက ဘာကိစ္စတဲ့လဲ။ ဗိုလ်လေးတို့၊ ကျုပ်အိမ်မှာ စခန်းချကြမလို့လား"

မြို့စားကြီး ရော့စတော့ဗ်က တပ်ဗိုလ်ကလေးဘက်သို့ လှည့်၍ မေးလိုက်၏။

တပ်ဗိုလ်ကလေးသည် မြို့စားကြီး ရော့စတော့ဗ် အနီးသို့ ကပ်လာ၏။ ၎င်း၏ မျက်နှာသည် ဖြူရော်နေရာမှ သွေးရောင်လျှမ်းစ ပြုလာ၏။

"မြို့စားကြီး ခင်ဗျာ။ မြို့စားကြီးရဲ့ လှည်းတစ်စီးစီးပေါ်မှာ ကျွန်တော်တို့ လိုက်ပါရစေခင်ဗျာ။ လှည်းနောက်မြီးခို လိုက်ဆိုလဲ လိုက်ပါ့မယ်။ ဒီမှာ ဆွေမျိုးလဲ မရှိ၊ အသိမိတ်ဆွေလဲ မရှိပါဘူး။ ဝန်တင်လှည်းပေါ် လိုက်ဆိုလဲ"

တပ်ဗိုလ်ကလေး၏ စကားမဆုံးမီ တပ်လုလင်က လည်း မိမိ၏ တပ်ဗိုလ်ကလေးကို အလားတူ လိုက်ခွင့်ပြုပါရန် ပြောဆိုပြန်သည်။

"အို၊ အို၊ လိုက်ပါမောင်။ လိုက်ရပါတယ်၊ လိုက်ရပါတယ်" မြို့စားကြီး ရော့စတော့ဗ်က ခပ်သွက်သွက် ပြန်ပြောလိုက်သည်။ "မောင်ရင်တို့ပါရင် ကျုပ်တို့ အဖို့လဲ ဘေးကင်းတာပေါ့။ လက်စွဲတော်ကြီး၊ ကြည့်ပြီး နေရာချပေးဗျာ။ လှည်းတစ်စီးနှစ်စီးလောက်က ပစ္စည်းတွေ ချပစ်ခဲ့ပြီး သူတို့ကို ပေးလိုက်ပါ။ အဲ၊ ကောင်းသလို ကြည့်စီစဉ်လိုက်ဗျာ"

မြို့စားကြီး ရော့စတော့ဗ်က ဤသို့ မရေမရာ အမိန့်ပေးလိုက်သည်။

မြို့စားကြီး ရော့စတော့ဗ်၏ စကားကို ကြားလိုက်သည်နှင့် တပ်ဗိုလ်ကလေး၏ မျက်နှာမှာ လွန်စွာကျေးဇူးတင်ဟန်ဖြင့် ဝင်းထိန်လာလေသည်။ မြို့စားကြီး ရော့စတော့ဗ်သည် ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ပြန်သည်။ ဝင်းထဲတွင် လှည်းကောင်း၊ ဝင်းတံခါးဝတွင် လှည်းကောင်း၊ လက်ဝဲဘက် အဆောင်ပြတင်းဝတွင် လှည်းကောင်း ဒဏ်ရာရသူ တပ်ဗိုလ်များ၊ ၎င်းတို့၏ တပ်လုလင်များ တင်းကျမ်းပြည့်လျက် ရှိသည်ကို မြင်ရ၏။ ၎င်းတို့အားလုံးသည် မြို့စားကြီး ရော့စတော့ဗ်ကို လှမ်း၍ ကြည့်နေကြရာက မြို့စားကြီး ရော့စတော့ဗ်ရှိရာ ဆင်ဝင်အောက်သို့ လာနေကြသည်။

"သခင်ကြီး ဘုရား၊ ပန်းချီခန်းထဲ ဝင်ကြည့်ပါဦး ဘုရား။ ပန်းချီကားချပ်တွေကို ဘယ်လို စီမံရမှာလဲဘုရား" လက်စွဲတော် ကျွန်ယုံကြီးက ပြော၏။

မြို့စားကြီး ရော့စတော့ဗ်သည် လက်စွဲတော် ကျွန်ယုံကြီးနှင့် အတူ အိမ်ထဲသို့ ပြန်ဝင်လာ၏။ ပါးစပ်ကလည်း ဒဏ်ရာရသူများက လိုက်ပါရန် လာ၍ တောင်းပန်လျှင်မငြင်းဖို့အကြောင်း တဖွဖွပြောလာသည်။

"အေးလေဗျာ။ လိုက်မယ့်လူ သိပ်များနေရင်လဲ တချို့ ချတန်တဲ့ပစ္စည်းတွေ ချပစ်ခဲ့တာပေါ့ ဟုတ်စ" မြို့စားကြီး ရော့စတော့ဗ်က အခြားသူများ ကြားမည်ကို စိုးရိမ်သည်ဟန် လေသံကလေးဖြင့် ပြောလိုက်၏။

နံနက် ကိုးချက်တီးချိန်တွင် မြို့စားကတော်ကြီး အိပ်ရာမှ နိုးလာလေသည်။ မြို့စားကတော်ကြီး အပျိုတုန်းက အပျိုဖော်ဖြစ်ခဲ့၍ ယခုအချိန်တွင် လက်စွဲတော်ကြီး အဖြစ် ဆောင်ရွက်နေသည့် မက်ထရီနာသည် မြို့စားကတော်ကြီးထံ ရောက်လာကာ မဒမ်ရော့မှာ ဘယ့်အတွက်ကြောင့် မသိ စိတ်ဆိုးလျက်ရှိကြောင်း၊ ထို့ပြင် နာတာရှာတို့ မိန်းကလေးများ၏ ဝတ်စုံများကိုလည်း ချန်ထား၍ မဖြစ်ကြောင်းဖြင့် ပြောဆိုလေရာ မြို့စားကတော်ကြီးမှာ မက်ထရီနာ၏ စကားကို နားမလည်နိုင်ဘဲ ဖြစ်လျက် ရှိ၏။ စုံစမ်းကြည့်သောအခါတွင်ကား မဒမ်ရော့စိတ်ဆိုးရခြင်းမှာ ၎င်း၏ သေတ္တာများကို လှည်းပေါ်မှချ၍ ချန်ထားခဲ့သည့် အတွက် ဖြစ်ကြောင်း သိရ၏။ ထိုမျှမက မြို့စားကြီး ရော့စတော့ဗ်က ဒဏ်ရာရသူများကို သနားသောကြောင့် လှည်းများဖြင့် တင်ခေါ်လိုသဖြင့် ၎င်း၏ အမိန့်အရ အချို့သော ပစ္စည်းများနှင့် သေတ္တာများကိုပါ ပြန်ချနေကြောင်းဖြင့် လည်း သိရလေသည်။ မြို့စားကတော်ကြီးသည် ချက်ချင်းပင် ကြင်ရာတော် မြို့စားကြီး ရော့စတော့ဗ်ကို အခေါ်လွှတ်လိုက်သည်။

"မြို့စားကြီး ဘယ်လိုလုပ်ဓာလဲ ဟင်၊ ပစ္စည်းတွေကို လှည်းပေါ်က ပြန်အချခိုင်းတယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ ဟဲ၊ ကျုပ်၊ ကျုပ်၊ အဲ၊ မြို့စားကတော်ကြီးကို ပြောမလို့ပဲဗျ။ အိပ်ရာက မနိုးသေးတာနဲ့။ ကျုပ်ဆီတပ်ဗိုလ်တစ်ယောက်လာပြီး ဒဏ်ရာရတဲ့လူနာတွေ လိုက်ပါရစေလို့ လာတောင်းပန်တယ်ဗျ။ ကျုပ်လဲ သနားတာနဲ့ ခွင့်ပြုလိုက်သဗျ။ ဟဲ ဟဲ။ ကျုပ်တို့ ထားပစ်ရမယ့် ပစ္စည်းတွေက ပြန်ဝယ်ရင် ရပါသဗျာ။ သူတို့ခမျာ ဒဏ်ရာကြီးတွေနဲ့ သောင်ပြင်လွတ်တဲ့ခွေးလို နေရစ်ခဲ့ရမယ်ဆိုတော့၊ အဟမ်း၊ ကျုပ်တို့ပဲ အိမ်ကို တည်းခွင့်ပြုခဲ့တယ် မဟုတ်လား။ အဲဒီထဲမှာ တပ်ဗိုလ်လေးတွေပါလာတော့ အဟမ်း၊ ကျုပ်လဲ မြို့စားကတော်ကြီး သဘောတူမယ် ထင်တာနဲ့ အဟမ်း"

မြို့စားကြီး ရော့စတော့ဗ်သည် မြို့စားကတော်ကြီးနှင့် ငွေရေးကြေးရေး စီးပွားရေးကိစ္စများကို ပြောလျှင် အမြဲတမ်း မရဲတရဲပြောလေ့ရှိသည့်အတိုင်း ယခုလည်း ခပ်ရွဲ့ရွဲ့ဖြင့် မျက်နှာချိုသွေးရင်း ပြောလျက် ရှိ၏။ ဤသို့ မျက်နှာချိုသွေး၍ မရဲတရဲပြောလာပြီဆိုလျှင် မြို့စားကြီး ရော့စတော့ဗ်သည် မိမိ မနှစ်သက်သော အလုပ်တစ်ခုကို လုပ်လာပြီဟု မြို့စားကတော်ကြီးကလည်း သိပြီး ဖြစ်၏။ ဤသို့ မရဲတရဲပြောလာတိုင်းလည်း မြို့စားကတော်ကြီးသည် ကန့်ကွက် ဆူပူလေ့ရှိသည်။ ကြင်ရာတော် မြို့စားကတော်ကြီးသည် မြို့စားကြီး ရော့စတော့ဗ်က ဤမျက်နှာထား၊ ဤလေသံမျိုးဖြင့်ပြောလျှင် ကန့်ကွက်ဆူပူခြင်းပြုရန် မိမိတာဝန်ဟူ၍လည်း နားလည်လျက် ရှိ၏။

သို့ရာတွင် ဤတစ်ကြိမ်၌မူ ကန့်ကွက်ဆူပူခြင်း မပြုတော့ဘဲ သနားစဖွယ်လေသံပျော့ပျောင်းကလေးကို တမင်လုပ်၍

"အင်း၊ မြို့စားကြီးမှာလဲ ခက်တော့တာပဲနော်။ မြို့စားကြီး ဒီလိုလုပ်ပုံနဲ့ဆိုရင်တော့ ဒီပြင်ပစ္စည်း မပြောနဲ့၊ အိုးတစ်လုံး ဖျာတစ်ချပ်တောင်မှ ပါတော့မှာ မဟုတ်ဘူး။ မြို့စားကြီးမို့လို့ ကလေးတွေရဲ့မျက်နှာကို မထောက်ဘဲ သူတို့ ပစ္စည်းကလေးတွေကို လွှင့်ပစ်ရက်ခဲ့တယ်နော်။ ကျွန်မတို့အိမ်မှာ အဖိုးထိုက် အဖိုးတန်ပစ္စည်းတွေရှိတယ်လို့ မြို့စားကြီးပါးစပ်ကတော့ ပြောတာပဲ။ ဒါပေမဲ့ ကျွန်မဖြင့် နားရှိလို့သာ ကြားရတယ်။ ဘာတစ်ခုမှ အဖိုးတန်ပစ္စည်း မမြင်တော့ဘူး။ ရှင့်သဘောပဲလေ။ ရှင် စိတ်ချမ်းသာမယ်ထင်ရင် လုပ်ပေါ့။ ကျွန်မတော့ ဘာမှ မပြောလိုတော့ပါဘူး။ တကယ်တော့ ဒဏ်ရာရတဲ့စစ်သားတွေကို စောင့်ရှောက်ဖို့ဆိုတာ ကျွန်မတို့အလုပ်လဲ မဟုတ်ပါဘူး။ အစိုးရက စီစဉ်လိမ့်မပေါ့။ မျက်နှာချင်းဆိုင်က လိုပူခင်တို့များ အားကျစရာကောင်းလိုက်တာ။ အိမ်မှာ ဆန်ကောတစ်ချပ် တောင်းစုတ်တစ်လုံး မကျန်စေရဘူး။ ပစ္စည်းတွေကို လွှန်ခဲ့တဲ့ နှစ်ရက်လောက်ကတည်းက ရွှေ့ပြီးကုန်ပြီ။ ကျွန်မတို့မှာသာ ပစ္စည်းတွေ အကုန်မသယ်နိုင်ဘဲ လွှင့်ပစ်ခဲ့ရတာ။ သယ်ချိန်ရသလောက်ကလေး သယ်ပြန်တော့လဲ မြို့စားကြီးက တစ်မျိုးစီစဉ်ပြန်တော့ အေးလေ ကျွန်မကို မသနားချင်နေပါ။ ကလေးတွေကိုတော့ သနားပါဦး"

မြို့စားကြီး ရော့စတော့ဗ်သည် စိတ်ပျက်လက်ပျက်ဖြင့် လက်ကိုယမ်းကာ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

"ဖေဖျား၊ ဘာဖြစ်လို့ ပစ္စည်းတွေကို ပြန်ချတာလဲ ဟင်" အခန်းထဲသို့ နောက်က လိုက်လာသော နာတာရှာက မေး၏။

"ဘာဖြစ်ဖြစ်၊ နင်နဲ့ မဆိုင်ပါဘူး။ နေရာတကာပါတယ်" မြို့စားကြီး ရော့စတော့ဗ်က နာတာရှာကို အော်လိုက်သည်။

"ဒါဖြင့် မေဖျားက ဘာဖြစ်လို့ ဖေဖျားကို ဆူနေတာလဲ"

"နင်နဲ့ မဆိုင်ဘူး။ နင်နဲ့ မဆိုင်ဘူးလို့ ပြောနေတယ်"

နာတာရှာသည် ကုလားမနိုင် ရခိုင်မဲနေသော ဖခင်မြို့စားကြီး ရော့စတော့ဗ်အနီးမှ ထွက်လာကာ ပြတင်းပေါက်နားတွင် ရပ်၍ တွေးနေသည်။

"ဟော ဖေဖျားရေ။ အစ်ကိုကြီး လာတယ်။ အစ်ကိုကြီး" နာတာရှာက အစ်မဗီရာ၏ကြင်ရာတော် ဘုဂ်ကို မြင်သဖြင့် လှမ်းပြောလိုက်၏။

အခန်း ၁၆

မြို့စားကြီး ရော့စတော့ဗ်၏သမက် ဘုဂ်မှာ ဗလာဒီမာ နှင့် အင်နာဆုတ်ဆိပ်တော်ကြီးများကို ရရှိကာ ဗိုလ်မှူးကြီးတစ်ဦး ဖြစ်နေပေပြီ။ ထိုမျှသာမက ဒုတိယတပ်မတော် ပထမတပ်မကြီးမှ လက်ထောက်တပ်မှူး၏ ဒုတိယဦးစီး

www.burmeseclassic.com

www.burmeseclassic.com

ချုပ်ဟူသော အားကျစရာကောင်းသည့် ရာထူးကြီးတစ်ခုတွင် ဆက်လက်အမှုထမ်းလျက် ရှိလေသည်။

စက်တင်ဘာလ ၁-ရက်နေ့တွင် ဗိုလ်မှူးကြီး ဘဉ်သည် တပ်မှ ခွင့်ယူကာ မော်စကိုမြို့သို့ ရောက်လာခဲ့၏။

အမှန်အားဖြင့် ဘဉ်အဖို့ မော်စကိုတွင် ကိစ္စအထူးအထွေ မရှိချေ။ သို့ရာတွင် အချို့တပ်ဗိုလ်များက ခွင့်ယူကာ မော်စကိုရှိဆွေမျိုးများအား လာရောက်ကူညီကြသည်ကို တွေ့မြင်သောအခါတွင် ဘဉ်သည်လည်း အခြေအနေကို သွားရောက်ကြည့်ဦးမည်ဟု အကြောင်းပြကာ ရသည့်အခွင့်အရေးကို လက်လွတ်မခံဘဲ ခွင့်ယူ၍ ရောက်လာခဲ့ခြင်း ဖြစ်သည်။

ဗိုလ်မှူးကြီး ဘဉ်သည် ယောကျ်ားမြို့စားကြီး ရော့စတော့ဗ်၏ အိမ်သို့ ချောမွေ့သောမနက်ကျည်းစေ့ရောင် မြင်းနှစ်ကောင်တပ် ပက်လက်ရထားကလေးတစ်စီးဖြင့် မင်းညီမင်းသားတစ်ဦးသဖွယ် ခမ်းခမ်းနားနား ရောက်လာ၏။ ဗိုလ်မှူးဘဉ်သည် ဝင်းလုံးပြည့်ဖြစ်နေသော လှည်းများကို သေချာစွာကြည့်ပြီးနောက် ဆင်ဝင်ဘက်သို့ လျှောက်လာရင်း ဖြူဖွေးသောလက်ကိုင်ပဝါတစ်ထည်ကို ထုတ်၍ အထုံးထုံးနေသည်။

အပြင်ခန်းမသို့ ရောက်လျှင် ဘဉ်သည် ဧည့်ခန်းဆောင်ထဲသို့ ခပ်သုတ်သုတ်ဝင်လာခဲ့ပြီး မြို့စားကြီး ရော့စတော့ဗ်ကို ပွေ့ဖက်နှုတ်ဆက်၍ ဆွန်ယာနှင့် နာတာရှာတို့၏ လက်ခုံကိုလည်း နမ်းရှုပ်နှုတ်ဆက်ကာ 'မေဖျား' ၏ ကျန်းမာရေးအခြေအနေကို မေးမြန်းနေသည်။ (ဘဉ်က ၎င်း၏ ယောကျ်မများကို ဇနီးသည် ဗီရာခေါ်သည့်အတိုင်း ခေါ်သည်။)

"အေးလကွယ်။ မင်းမေဖျား ကျန်းမာရေးကို အသာထားပြီး သတင်းကလေး ဘာကလေး ပြောပြစမ်းပါဦး။ တပ်တော်ကြီးကော ဆုတ်ခွာသွားပတဲ့လား။ တိုက်ပွဲကော ဖြစ်ဦးမှာလား"

မြို့စားကြီး ရော့စတော့ဗ်က မေးသည်။

"အဖနိုင်ငံကြီးရဲ့ ကံကြမ္မာကိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသာလျှင် ဆုံးဖြတ်တော်မူနိုင်တော့မှာပဲ ဖေဖျား။ တပ်တော်ကြီးကတော့ ခေါဘဏီတပ်တွေ ချီလာစေတော့ မမှုပါဘူးဖေဖျား။ အရိုးကြေကြေ အရေခန်းခန်း တိုက်မယ်ဆိုတဲ့ အာဇာနည်စစ်စိတ် စစ်သွေးတွေ ပွက်ပွက်ဆူနေတာပါပဲ။ တပ်တော်ရဲ့ဦးစီးဦးကိုင်များကလဲ စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေး ကျင်းပနေပါတယ်။ ဘယ်လိုဆုံးဖြတ်ချက်မျိုးတွေ ထွက်လာမယ်ဆိုတာတော့ မပြောတတ်သေးပါဘူး ဖေဖျား။ သို့သော်လဲ ကျွန်တော်ယေဘုယျပြောနိုင်တာတစ်ချက်တော့ ရှိပါ တယ်။ အဲဒါကတော့ အခြားမဟုတ်ပါဘူး။ ၂၆-ရက်နေ့က ဖြစ်တဲ့ ဘိုရိုဒီနိုတိုက်ပွဲမှာ ရန်သူ့ဘက်က လက်ဖျားခါယူရလောက်အောင် ပြဿခဲ့တဲ့ ရုရှားတပ်တော်ကြီးရဲ့ အနိုင်မခံ အရှုံးမပေးတဲ့ အာဇာနည်စိတ်ဓာတ်နဲ့ ကျွန်တော်တို့ သွေးထဲမှာ စိမ့်ဝင်နေတဲ့ အဘိုးများရဲ့သူရသတ္တိကိုတော့ ဒီကောင်တွေ ကောင်းကောင်းကြီးသိသွားရမယ်ဆိုတဲ့ အချက်ပါပဲ ဖေဖျား။ ရုရှားတပ်တော်ရဲ့ အာဇာနည်စိတ်ဓာတ်နဲ့ သူရသတ္တိ ထက်မြက်ကြီးမားပုံကဖြင့် စကားလုံးရှာလို့ မရနိုင်အောင်ဘဲ ဆိုပါတော့ ဖေဖျား။ ပြီးတော့လဲ(ဗိုလ်ချုပ်တစ်ဦးသည် စကားအားရပါးရ ပြောပြီးတိုင်း ရင်ဘတ်ကို ထုတတ်သည်ဟု ဘဉ်ကြားဖူးသည်။ ထို့ကြောင့် ထိုစစ်ဗိုလ်ချုပ်ကြီးကို အားကျကာ ရင်ဘတ်ကို ထုလိုက်သည်။ သို့ရာတွင် ဂျာမန်လူမျိုးဘဉ်သည် 'ကျွန်တော်တို့ ရုရှားတပ်တော်ကြီး' ဟူသော စကားလုံးနှင့် စည်းဝါးကိုက်အောင် ရင်ဘတ်ကို မထုမိဘဲ နောက်ကျမှ ထုမိသဖြင့် ကိုယ့်ကိုယ်ကို အားမရ ဖြစ်နေသည်။) တပ်သားတွေ တပ်ဗိုလ်တွေကို ရုရှားလူမျိုးရဲ့ သူရသတ္တိကို ပြဖို့ ကျွန်တော်တို့ တပ်မှူးတွေကိုယ်၌က တိုက်တွန်းလှုံ့ဆော်ဖို့တောင် မလိုဘဲ သူတို့အသိနဲ့ သူတို့ စွမ်းစွမ်းတမံလုပ်ပြချင်ကြလွန်းလို့ အနိုင်နိုင်တားထားရပါတယ် ဖေဖျား။ ဗိုလ်ချုပ်ကြီး ဘာကလေဆိုရင် အသက်ကို ပဓာနမထားဘဲ ဘယ်သွားသွား တပ်ဦးကကိုယ်တိုင် ချီတက်တာပဲ။ ကျွန်တော်တို့ တပ်ဖွဲ့တွေလဲ တောင်ကုန်းကလေးတစ်ခုနားမှာ စခန်းချနေကြပါတယ် ဖေဖျား"

ဗိုလ်မှူးကြီး ဘဉ်သည် တပ်ထွက်စဉ် တွေ့ခဲ့၊ ကြားခဲ့၊ မြင်ခဲ့သမျှကို ဖောက်သည်ချနေသည်။ နာတာရှာသည် ဘဉ်အား ရွှန်းရွှန်းစားစားကြီး ကြည့်လျက် ရှိ၏။ နာတာရှာသည် မိမိ၏ မျက်နှာပေါ်မှ အဖြေတစ်စုံတစ်ခုကို ရှာဖွေနေသလောဟု တွေးမိကာ ဘဉ်သည် မလုံမလဲဖြစ်လျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"အို၊ ရုရှားစစ်သည်တော်များရဲ့ သူရသတ္တိ ပြောင်မြောက်ပုံကတော့ ပြောလို့လဲ မကုန်၊ စာဖွဲ့လို့လဲ မကုန်၊ တွေးလို့လဲ ကုန်နိုင်မှာ မဟုတ်ပါဘူး ဖေဖျားရယ်" ဘာ့ဂ်က နာတာရှာဘက်သို့ လှည့်ကြည့်လိုက်ပြီး နာတာရှာကျေနပ်လို့ ကျေနပ်ငြား ခပ်ပြုံးပြုံးဖြင့် ဆက်၍

"တကယ်တော့လဲ 'ရုရှားနိုင်ငံကြီးသည် မော်စကို မြို့တွင် ရှိသည် မဟုတ်၊ အဖနိုင်ငံကြီးပိုင် သားကောင်းများ၏ နှလုံးသည်းပွတ်တွင်းမှာသာ ရှိသည်' လို့ ဆိုတယ် မဟုတ်လား ဖေဖျားရဲ့"

ထိုအခိုက် မြို့စားကတော်ကြီးသည် နွမ်းနယ်၍ အလိုမကျသောမျက်နှာထားဖြင့် ဧည့်ခန်းထဲသို့ ထွက်လာလေသည်။ ဘာ့ဂ်သည် တစ်ဟုန်ထိုးပြေးသွားကာ မြို့စားကတော်ကြီး၏လက်ခုံကို ရှုပ်ခနဲမြည်အောင် နမ်း၍ ကျန်းမာရေးအခြေအနေကို အမောတကောမေးမြန်းစုံစမ်းပြီးများစွာ ကရုဏာသက်ဟန်ဖြင့် ခေါင်းယမ်းရင်း အနီးတွင် ရပ်နေလေသည်။

"ခုအချိန်ကတော့ ရုရှားလူမျိုးတိုင်းအဖို့ စိတ်နှလုံးမချမ်းမြေ့စရာကာလကြီးလို့ပဲ ဆိုရတော့မှာပဲ မေဖျားရေ့၊ မေဖျားလဲ ဒီလောက် အစိုးရိမ်ကြီးမနေပါနဲ့လေ၊ ပြောင်းမယ်ဆိုရင် အချိန်တွေအများကြီး ရပါသေးတယ်"

"ဒီအစေခံတွေကလဲ ဘာတွေ လုပ်နေကြမှန်းမသိပါဘူး" မြို့စားကတော်ကြီးက ကြင်ရာတော်ဘက်သို့ လှည့်၍ ပြောလိုက်၏။ "ခုထိ ဘာမှ ပြင်လို့ ဆင်လို့ မပြီးသေးဘူးလို့ လာပြောနေကြပြန်ပြီ။ ကြီးကြပ်စီမံမယ့်လူလဲ မရှိတော့ဘူး ထင်ပါရဲ့။ ခုအချိန်မျိုးမှာ မီတင်ကာသာရှိရင် အားလုံး မျက်နှာလွဲထားလို့ ရတယ်။ ခုတော့ ပြင်လိုက်ဆင်လိုက်ကြတာလဲ ကြာလှပြီ။ ဘာမှလဲ မပြီးကြသေးဘူး"

မြို့စားကြီး ရော့စတော့ဗ်က တစ်စုံတစ်ရာ ပြောလိုက်မည်ပြုပြီးမှ ပါးစပ်ပိတ်လိုက်သည်။ မြို့စားကြီး ရော့စတော့ဗ်သည် ထိုင်ဖုံမှ ထကာ တံခါးဝသို့ ထွက်လာ၏။

ထိုအခိုက် ဘာ့ဂ်သည် နှာချေရန် ပဝါဖြူကို ထုတ်လိုက်သည်။ ပဝါမှ အထုံးကို မြင်သည်၌ ခဏမျှ တွေနေပြီး လွန်စွာဝမ်းနည်းသည့်ဟန်ဖြင့် ခေါင်းကို ယမ်းလျက်

"သြော်၊ ကျွန်တော့်ကို တစ်ခု ပြောခွင့်ပြုပါဦး ဖေဖျား"

"ဟာ" မြို့စားကြီး ရော့စတော့ဗ်က ရပ်နေသည်။

"ခု ဒီလာတော့ ကျွန်တော် မင်းသားကြီး ယူဆုပေါ့စံအိမ်တော်ရှေ့က ဖြတ်လာခဲ့တယ်ခင်ဗျ။ စံအိမ်တော်ရှေ့ရောက်တော့ ကျွန်တော့်အသိ ဝင်းမှူးထွက်လာပြီး မင်းသားကြီးရဲ့ ပစ္စည်းတွေကို မသယ်နိုင်တဲ့အတွက် ထုခွဲရောင်းချမယ်။ ဝယ်မလားလို့ မေးတာနဲ့ ကျွန်တော်လဲ စံအိမ်တော်ထဲကို ဝင်လိုက်သွားတယ် ဖေဖျား။ အင်မတန်လှပတဲ့ မှန်တင်ခုံနဲ့ ဗီရိုကြီးတစ်လုံး တွေ့ခဲ့တယ် ဖေဖျား။ ဖေဖျားရဲ့သမီးက အဲဒီဗီရိုမျိုးနဲ့ မှန်တင်ခုံမျိုးကို လိုချင်တာနဲ့တော့ အတော်ပဲ ဖေဖျား။ ဒီလို မှန်တင်ခုံမျိုးနဲ့ ဗီရိုမျိုးရအောင် မရှာနိုင်ကောင်းလားလို့ ကျွန်တော့်ကို တဆူဆူပဲ ဖေဖျား။ (ဗီရိုအကြောင်းကို ပြောသည့်အခါတွင် ဘာ့ဂ်သည် အိမ်တွင်းရေးကိစ္စများကို များစွာ အရေးတယူပြုသူဖြစ်ကြောင်း ဂုဏ်ယူသည့်လေသံမျိုးဖြင့် ပြောသည်။) ဗီရိုကတော့ တော်တော့်ကို လှတာပဲ ဖေဖျားရဲ့။ အံတွေကလဲ တော်တော်ကောင်းတယ်။ ဖေဖျား သမီးလိုချင်နေတဲ့ ဗီရိုမျိုးပဲ။ ကျွန်တော် သူ့ဖို့ဝယ်မယ် စိတ်ကူးထားတယ်။ ဖေဖျားရဲ့ ဝင်းထဲမှာ လှည်းတွေ တော်တော်များများရှိတယ် မဟုတ်လား။ ဗီရိုနဲ့ မှန်တင်ခုံတင်ဖို့ ကျွန်တော့်ကို လှည်းတစ်စီးလောက်မျှပါလား ဖေဖျား။ စရိတ်စကကို ကျွန်တော်ပဲ ပေးလိုက်ပါ့မယ်။ ပြီးတော့"

မြို့စားကြီး ရော့စတော့ဗ်သည် မျက်မှောင်ကုတ်၍ ခွဲရှင်းလိုက်၏။

"မောင့် မေဖျားကို ပြောလေ။ သူ စိမ်နေတာပဲ"

"သိပ်ခဲယဉ်းမယ်ဆိုရင်တော့ မယူပါဘူး ဖေဖျား။ နေပါစေတော့။ ကျွန်တော်လဲ ဗီရာက သိပ်လိုချင်နေလွန်းလို့ စိတ်ကူးထည့်မိတာပါ"

"ရှုပ်တယ်ကွယ်။ မောင်တို့ကိစ္စတွေ ငါမသိဘူး။ ငါ မသိဘူး။ ငါ့မှာ ခေါင်းရှုပ်လှပြီ"

မြို့စားကြီး ရော့စတော့ဗ်သည် အော်၍ အပြင်သို့ ထွက်သွားသည်။ မြို့စားကတော်ကြီးမှာ ငိုး၍ ကျန်ရစ်ခဲ့လေသည်။

"အင်း၊ သူ စိတ်ရှုပ်မယ်ဆိုရင်လဲ ရှုပ်စရာပေါ့ မေဖျားရယ်။ ကာလကြီးက မကောင်းဘဲကိုး" ဘာ့ဂ်က

www.burmeseclassic.com

www.burmeseclassic.com

ဆို၏။

နာတာရှာသည် ဖခင်မြို့စားကြီး ရော့စတောဗ်နှင့် အတူ အပြင်သို့ ထွက်လာခဲ့၏။ နာတာရှာသည် ဘာလုပ်၍ ဘာကိုင်ရမည်မသိဘဲ ဖြစ်နေသည်။ ထို့ကြောင့် ဖခင်ကြီးအပါးမှ ခွာကာ အောက်ထပ်သို့ ပြေးဆင်းလာခဲ့ပြန်သည်။

ပီတာမှာ ဆင်ဝင်အောက်တွင် ရောက်နေကာ မော်စကိုမှ ထွက်ခွာမည့် အစေတော်များကို လက်နက်များဝေငှလျက် ရှိသည်။ ပစ္စည်းတင်ပြီးသား လှည်းများမှာ ဝင်းထဲတင် အဆင်သင့်ရှိနေကြ၏။ လှည်းနှစ်စီးမှာမူ ဝန်စည်စလယ်များ မရှိတော့ချေ။ ဒဏ်ရာရ တပ်ဗိုလ်တစ်ယောက်သည် တပ်လုလင်တစ်ဦး၏ အကူအညီဖြင့် လှည်းလွတ်နှစ်စီးအနက် တစ်စီးပေါ်သို့ တက်နေသည်။

"ခုနက ဆူညံဆူညံနဲ့ ဘာဖြစ်ကြတာလဲ"

ပီတာက မေး၏။ ပီတာက ဖခင်မြို့စားကြီး ရော့စတော့ဗ်နှင့် မိခင်မြို့စားကတော်ကြီးတို့ ခပ်စောစောက တစ်ယောက် တစ်ခွန်းပြောနေကြသည့်ကိစ္စကို မေးခြင်းဖြစ်ကြောင်း နာတာရှာ နားလည်၏။ သို့ရာတွင် ဘာမျှ ပြန်မပြောချေ။

"လက်စွဲတော်ကြီးကပြောတော့ ဖေဖျားဟာ လှည်းတွေအား‌လုံး လူနာစစ်သားတွေကို ပေးချင်နေတယ်လို့ ပြောတယ် မဟုတ်လား။ ကျွန်တော့်အထင်တော့"

နာတာရှာသည် ဒေါသထွက်လျက်ရှိသော မျက်နှာဖြင့် ပီတာဘက်သို့ လှည့်၍

"နာတာရှာ့အထင်ကတော့ လူတွေက နည်းနည်းကလေးမှ ကိုယ်ချင်းစာတရား မရှိကြဘူး။ သနားညှာတာစိတ် မရှိကြဘူး။ နည်းနည်းမှ လူစိတ်။ အို၊ မပြောချင်ပါဘူး။ နေစမ်းပါဦး ပီတာ၊ နာတာရှာတို့ဟာ ဒီလောက် ရိုင်းစိုင်းရအောင် ဂျာမန်တွေလား ဟင်၊ ဂျာမန်တွေလား"

နာတာရှာသည် ဒေါသကို ပြေပျောက်စိမ့်သောင့်သာသည်းထန်စွာ ရှိုက်လိုက်၏။ ၎င်း၏လည်ချောင်းသည် လှုပ်နေသည်။ ထို့နောက် နာတာရှာသည် အိမ်ပေါ်သို့ ပြေးတက်သွားလေသည်။

ဘဉ်မှာ မြို့စားကတော်ကြီးအနီးတွင် ထိုင်၍ သားချင်းတစ်ယောက်၏ လေးစားဂရုစိုက်ခြင်းမျိုးဖြင့် မြို့စားကတော်ကြီးကို ဖျောင်းဖျနှစ်သိမ့်လျက် ရှိ၏။ မြို့စားကြီး ရော့စတော့ဗ်သည် ဆေးတံကို လက်တွင်ကိုင်ကာ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ နာတာရှာသည် စိတ်ဆိုးလျက်ရှိသော မျက်နှာဖြင့် မိခင် မြို့စားကတော်ကြီးထံ ဒေါကြီးမောကြီး ပေါက်လာကာ

"မေဖျား၊ မေဖျားတို့ လုပ်ပုံ ကောင်းသေးရဲ့လား ဟင်။ မေဖျားတို့ ဒီလောက်မှ ကိုယ်ချင်းစာနာစိတ် မရှိတော့ဘူးလား"

ဘဉ်နှင့် မိခင်မြို့စားကတော်ကြီးသည် နာတာရှာ၏စကားကို နားမလည်နိုင်ဘဲ အလန့်တကြား ကြည့်လိုက်ကြ၏။ မြို့စားကြီး ရော့စတော့ဗ်မှာ ပြတင်းဝတွင် ရပ်၍ နားထောင်နေသည်။

"ဒီလိုတော့ မဖြစ်ဘူး မေဖျား။ မေဖျား သွားလဲကြည့်စမ်းပါဦး။ သူတို့ကို ဒီအတိုင်း ထားခဲ့လို့ ဖြစ်မလား"

"ဟဲ့ နာတာရှာ၊ ဘာဖြစ်လာတာလဲ။ ဘယ်က 'သူတို့' လဲ၊ အေးအေးသက်သာ ပြောစမ်းပါ"

"ဘယ်က 'သူတို့' ရမှာလဲ မေဖျား။ ဒဏ်ရာရတဲ့ လူနာတွေပေါ့။ ဒီအတိုင်း ပစ်ထားခဲ့လို့ ဖြစ်မှာလား။ ဒီလို မစာမနာတော့ မလုပ်ကြနဲ့။ မေဖျားတို့ မတရားဘူး။ နာတာရှာတို့ ယူသွားမယ့်ပစ္စည်းတွေက ဘယ်လောက်များတန်ဖိုးရှိလို့လဲ"

မြို့စားကြီး ရော့စတော့ဗ်သည် ပြတင်းဝတွင်ရပ်၍ နားထောင်မြဲ နားထောင်နေသည်။ နောက်သို့ကား လှည့်မကြည့်ချေ။ **မြို့စားကြီး** ရော့စတော့ဗ်သည် ရုတ်တရက် ချေဆတ်**လိုက်ပြီး မျက်နှာ**ကို ပြတင်းနား တိုးကပ်ထားလိုက်သည်။

မြို့စားကတော်ကြီးသည် နာတာရှာကို လှမ်းကြည့်လိုက်၏။ နာတာရှာ၏မျက်နှာကား မိခင်မြို့စားကတော်ကြီးအတွက် အရှက်ရလျက်ရှိပုံ ရ၏။ ဒေါသလည်း ထွက်လျက် ရှိပုံ ရ၏။ ထိုအခါကျမှ ကြင်ရာတော်မြို့စားကြီး ရော့စတော့ဗ်သည် မိမိအား အဘယ့်ကြောင့် မျက်နှာမပြဘဲနေသည်ကို ရိပ်မိတော့သည်။ မြို့စားကတော်ကြီးသည် တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး

"သဘော၊ သဘော၊ ညည်းတို့သဘော။ ငါက မလိုက်ရဘူးလို့ ဘယ်သူ့ကို ပြောလို့လဲ" ဟု မကျေမချမ်းဟန်ဖြင့် ပြောလိုက်သည်။

"မေဖျား သမီးကို စိတ်မဆိုးပါနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com

မြို့စားကတော်ကြီးသည် နာတာရှာကို တွန်းဖယ်ကာ မြို့စားကြီး ရော့စတော့ဗ်အနီးသို့ ရောက်လာပြီး

"နာတာရှာတို့ ဖေဖျားကလဲ လူနာတွေကို တင်ခေါ်မယ်ဆိုရင် စောစောက ရှင်းရှင်းလင်း ပြောပါလား။ နို့ သိမှ မသိဘဲ။ ခုတော့" မြို့စားကတော်ကြီးက ခပ်ရှက်ရှက် ဖြင့် မျက်လွှာကို ချလိုက်သည်။

"အိမ်၊ ကာလကြီးက ကြက်ဥက ကြက်မကြီးကို အစာကောက်သင်ပေးနေတဲ့ ကာလကြီးဗျ။ ကြက်ဥက ကြက်မကြီးကို အစာကောက်သင်နေတဲ့ ကာလကြီး"

မြို့စားကြီး ရော့စတော့ဗ်သည် ဝမ်းသာအားရဖြင့် ပါးစပ်က တတွတ်တွတ်ရွတ်ပြီး ကြင်ရာတော် မြို့စားကတော်ကြီးကို ပွေ့ဖက်နေသည်။ မြို့စားကတော်ကြီးက သူ့အမှား သူရှက်ကာ မျက်နှာကို မြို့စားကြီး ရော့စတော့ဗ်၏ ရင်ခွင်တွင် ဝှက်ထားလိုက်သည်။

"ဖေဖျားနဲ့ မေဖျား နာတာရှာကြည့်ပြီး စီစဉ်လိုက်မယ်နော်။ ဟုတ်လား။ သူတို့ကို တင်ပေမယ့် နာတာရှာတို့လိုတဲ့ပစ္စည်းတွေကိုလဲ တင်နိုင်ပါ့မလားတယ် မေဖျားရဲ့"

မြို့စားကြီး ရော့စတော့ဗ်က ခေါင်းညိတ်ပြလိုက်သည်။ နာတာရှာသည် ပြေးတမ်း လိုက်တမ်း ကစားစဉ် ပြေးသောခြေလှမ်းမျိုးဖြင့် ပွဲတက်ဆောင်နှင့် ပြင်ပဆောင်ကို တစ်ဟုန်ထိုး ဖြတ်သန်းကာ အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။

အစေတော်များသည် နာတာရှာ၏ အနီးတွင် စုရုံးလျက် ရှိကြ၏။ သို့ရာတွင် ရှိရှိသမျှ လှည်းများမှ သေတ္တာများကို ပစ္စည်းသိုလှောင်ခန်းသို့ ပြန်အသယ်ခိုင်းပြီး လှည်းတွေအားလုံး ဒဏ်ရာရစစ်သားများအား ပေးရမည်ဆိုသော ထူးဆန်းသည့်အမိန့်ကိုမူ မယုံကြည်နိုင်ကြသေးချေ။ နောက်ဆုံး မြို့စားကတော်ကြီးကိုယ်စား သဘောတူကြောင်း မြို့စားကြီး ရော့စတော့ဗ်က ထွက်ပြောတော့မှ ယုံကြည်သွားကြသည်။ ထိုအမိန့်သစ်ကို နားလည်သွားသည်နှင့် အစေတော်များသည် သေတ္တာများကို စိတ်အားထက်သန်စွာ ပြန်ချနေကြသည်။ ဤသို့ ကမ္ဘာမီးလောင်လျက်ရှိချိန်တွင် ကိုယ့်ပစ္စည်း ကိုယ် သယ်သွားရုံသာ ရှိဆော့သည်။ ဒဏ်ရာရစစ်သားများကိုမူကား ပေယျာလကန် ပြုရုံမှတစ်ပါး အခြား ဘာမျှ မတတ်နိုင်ဟု လွန်ခဲ့သည့် နာရီတစ်မတ်ခန့်က အစေတော်များ၏ စိတ်တွင် ဖြစ်ပေါ်ခဲ့သော်လည်း ယခုအချိန်၌မူ ပစ္စည်းများကို ချန်ကာ ဒဏ်ရာရလူနာများကို သယ်သွားရုံသာ ရှိသည်။ ထိုမှအပ အခြားနည်းမရှိဟူသော အယူအဆသည် အစေတော်များ၏ စိတ်၌ ဖြစ်ပေါ်လာကြပြန်လေသည်။

မြို့စားကြီး ရော့စတော့ဗ်၏ အိမ်သားများသည် စောစောက လုပ်ရမည့်အလုပ်ကို ယခုမှ လုပ်ရခြင်းအတွက် ၎င်းအပေါ်တွင် တင်ရှိနေသော တာဝန်ကြွေးကို ပြန်ဆပ်လိုသကဲ့သို့ ဒဏ်ရာရစစ်သားလူနာများကို လှည်းများပေါ်သို့ အားတက်သရော တင်ပေးလျက် ရှိကြ၏။ ဒဏ်ရာရလူနာများသည် လက်ဝဲအဆောင်ရှိ အခန်းများထဲမှ တရွတ်တိုက်ထွက်လာကြကာ ဖြူရော်လျက် ရှိသော်လည်း ရွှင်ပျသောမျက်နှာများဖြင့် လှည်းများအနီးတွင် ရပ်နေကြသည်။ မြို့စားကြီး ရော့စ်တော့ဗ်က မိမိ၏လှည်းများဖြင့် ဤတပ်သားများအား နိဗ္ဗာန်ကူးတို့ ပို့နေသည်ဟူသော သတင်းသည် အနီးအနားသို့ ပျံ့နှံ့သွားလေရာ အခြားအိမ်များတွင် တည်းခိုနေကြသည့် စစ်သားလူနာများလည်း အလျှိုအလျှို ထွက်လာကြလေသည်။ ဒဏ်ရာရလူနာ အများကပင် ပစ္စည်း များကို ပြန်ချဖို့ မလိုကြောင်း၊ ထိုပစ္စည်းများပေါ်မှပင် လိုက်ပါကြမည်ဖြစ်ကြောင်း ပြောကြသေးသော်လည်း ပစ္စည်းအချို့မှာ ချပြီးရကား ဆက်လက်၍သာ ချနေကြလေသည်။ ယခုအချိန်၌ကား ပစ္စည်းတစ်ခုမျှ မပါလျှင်လည်း မထူးတော့ပြီ။ မနေ့ညက ကြိုးစားပမ်းစားထုပ်ပိုးသိမ်းဆည်းခဲ့ရသော ကြွေထည်ပန်းကန်များ၊ ကြေးထည်များ၊ ပန်းချီကားများ၊ မှန်များစသည် တို့ကား ဝင်းထဲတွင်ပြန့်ကျဲလျက် ရှိလေသည်။ သို့တိုင် အောင် မြို့စားကြီး ရော့စတော့ဗ်၏ အိမ်သားများသည် မကျေနပ်ကြသေးဘဲ စစ်သားလူနာများ နောက်ထပ်တင် နိုင်ရေးအတွက် ပစ္စည်းများကိုရွေး၍ ချနေကြပြန်သည်။

"လူပြည့်တော့မယ် ခင်ဗျ။ နောက်ထပ်လေးယောက်ပဲ ရတော့မယ်။ အဲဒါတောင် ကျွန်တော့်လှည်းပေါ်မှာ တင်ရမှာ" စာရင်းဒိုင်ချုပ်က ပြောလိုက်သည်။

"ဟဲ့၊ ငါ့အဝတ်ဗီရိုတင်တဲ့ လှည်း ရှိသေးတယ် မဟုတ်လား။ ဒွန်ယာရှာက ငါ့ကရထားနဲ့ လိုက်ခဲ့" မြို့စားကတော်ကြီးက ဆိုသည်။

မြို့စားကတော်ကြီး၏ အမိန့်အရ အဝတ်ဗီရိုကြီးကို လှည်းပေါ်မှ ပြန်ချပြီးနောက် နှစ်အိမ်ခြားမှ စစ်သားလူနာ

www.burmeseclassic.com

www.burmeseclassic.com

များကို တင်ရန် လွတ်လိုက်သည်။ အစေတော်များအပါအဝင် မြို့စားကြီး ရော့စတော့ဗ်၏ အိမ်သားများကား ၎င်းတို့ ကုသိုလ်ကောင်းမှုကို ကြည့်၍ ကြည်နူးရွှင်လန်းလျက် ရှိကြ၏။ နာတာရှာကား ဆိုဖွယ်မရှိတော့ချေ။ ကာလအတန်ကြာမျှ မခံစားခဲ့သော ပီတိဟုန်ကို တသိမ့်သိမ့် ခံစားနေရပေသည်။

"ဒီဟာကြီးကို ဘယ်လှည်းမှာ တင်ရမလဲ သခင်မလေး။ လှည်းတစ်စီးသတ်သတ်မှ ရလိမ့်မယ် ထင်တယ်" အစေတော်များက ကရထားတစ်စီး၏ နောက်မြီးတွင် သေတ္တာကြီးတစ်လုံးကို ကတ်ကတ်သတ်သတ် တင်လျက်ရှိရာမှ နာတာရှာကို မေးလိုက်သည်။

"ဘာသေတ္တာလဲ"

"သခင်ကြီးဘုရား၏ စာအုပ်တွေ သခင်မလေး"

"အို၊ ထားပစ်ခဲ့စမ်းပါ။ အရေးထဲ ဒီစာအုပ်တွေ ဘာလုပ်ဖို့လဲ"

ကရထားထဲတွင် လူတွေပြည့်ကျပ်နေပြီ ဖြစ်သဖြင့် ပီတာမှာ ထိုင်စရာမရှိဘဲ ဖြစ်နေသည်။

"ပီတာ အမိုးပေါ်က ထိုင်လိုက်ခဲ့၊ အမိုးပေါ်က" နာတာရှာက လှမ်းပြောလိုက်သည်။

ဆွန်ယာမှာလည်း တစ်ချိန်လုံး အလုပ်များလျက်ရှိလေသည်။ သို့ရာတွင် နာတာရှာနှင့်ကား အလုပ်များပုံချင်း မတူကြချေ။ ဆွန်ယာသည် ချန်ထားခဲ့ရမည့်ပစ္စည်းများကို စိစိစစ်စစ်ရွေးချယ်လျက် မြို့စားကတော်ကြီး၏ ဆန္ဒအရ ယူသင့်သည့်ပစ္စည်းများကို စနစ်တကျစာရင်းလုပ် ရွေးထုတ်ကာ ပစ္စည်းများ ပါနိုင်သလောက် ပါအောင် ဝါယမစိုက်လျက် ရှိပေသတည်း။

အခန်း ၁၇

မွန်းယိမ်းနှစ်ချက်မတီးဗိဒ္ဓ မြို့စားကြီး ရော့စတော့ဗ်၏ ဝန်ပြည့်တင်ထားသော ကရထားကြီးလေးစင်းသည် မြင်းများ ကပြီးသား ဖြစ်လျက် ဆင်ဝင်အောက်တွင် အဆင်သင့်ရပ်လျက် ရှိကြ၏။ လူနာများကို တင်ထားသည့် လှည်းများသည် တစ်စီးပြီးတစ်စီး ဝင်းထဲမှ ထွက်ခွာလျက် ရှိကြသည်။

မင်းသားကလေး အင်ဒရေကို တင်ဆောင်လာသည့် ကရထားကြီး ဆင်ဝင်နားမှ ဖြတ်သွားသောအခါတွင် ဆွန်ယာသည် လှည်းတွေကြားထဲမှ ခုံညားနေသော ကရထားကြီးကို လှမ်းကြည့်လိုက်မိ၏။ ထိုအချိန်၌ ဆွန်ယာသည် အစေတော်မိန်းမတစ်ဦးနှင့် အတူ ဆင်ဝင်အောက်၌ ရပ်နေသော ကရထားကြီးထဲတွင် မြို့စားကတော်ကြီးအတွက် နေရာခင်းလျက် ရှိသည်။

"အလို ဘယ်က ကရထားကြီးပါလိမ့်" ဆွန်ယာက ကရထား၏အပြင်ဘက်သို့ ခေါင်းပြူ၍ ကြည့်ရင်း မေး၏။

"ဩော်၊ သခင်မလေး မသိသေးဘူးလား။ ကိုယ်တော်ကလေးရဲ့ ကရထားလေ။ ဒဏ်ရာရလာလို့တဲ့။ မနေ့ညက ကျွန်မတို့အိမ်မှာ တစ်ညတည်းသွား တာပဲ။ ခု ကျွန်မတို့နဲ့ အတူလိုက်မလို့"

"ဘယ်က ကိုယ်တော်လေးလဲ။ နာမည် ဘယ်သူလဲ"

"အို၊ သခင်မလေးနယ်၊ ကျွန်မတို့သခင်လေး ဘုရား မတော်လိုက်ရတဲ့ ကိုယ်တော်လေးလေ။ မင်းသားကလေး အင်ဒရေရယ်။ ကိုယ်တော်လေး ဒဏ်ရာက တော်တော်ပြင်းသတဲ့။ သေတောင်သေမလား မသိဘူးဆိုပဲ" အစေတော်မိန်းမက သက်ပြင်းချလိုက်သည်။

ဆွန်ယာသည် ကရထားပေါ်မှ ခုန်ဆင်းကာ မြို့စားကတော်ကြီးထံသို့ ပြေးလာခဲ့သည်။ ပင်ပန်းနွမ်းနယ်နေပြီဖြစ်သော မြို့စားကတော်ကြီးသည် ခရီးသွားခြုံထည်ကို ခြုံကာ ဦးထုပ်သေးလေးဆောင်းလျက် ထုံးစံအတိုင်း ခရီးမထွက်မီ တံခါးပိတ်ဆုတောင်းရန်အတွက် ဧည့်ခန်းထဲတွင် လမ်းလျှောက်နေရင်း အိမ်သားများကို စောင့်လျက်ရှိ၏။ နာတာရှာလည်း ရောက်မလာသေးချေ။

"မေဖျား၊ မေဖျား။ အင်ဒရေ အင်ဒရေလဲ ပါတယ် မေဖျား။ ဒဏ်ရာတော်တော်ကြီးသတဲ့ မေဖျား။ ခု ဆွန်ယာတို့နဲ့ အတူလိုက်မလို့တဲ့ မေဖျား"

ဆွန်ယာက အမောတကော ပြော၏။ မြို့စားကတော်ကြီးသည် အလန့်တကြားဖြင့် မျက်လုံးပြူးကြည့်လိုက်ရင်း ဆွန်ယာ၏လက်မောင်းကို ဆုပ်၍ အနီးပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

"နာတာရှာကော"

မြို့စားကတော်ကြီးက လေသံကလေးဖြင့်

www.burmeseclassic.com

www.burmeseclassic.com

မေးသည်။

ထိုသတင်းကို ကြားလိုက်ရသည့်ခဏတွင် ၎င်းတို့နှစ်ဦးစလုံး၏စိတ်ထဲတွင် စိုးရိမ်ချက်ကြီးတစ်ခု ပေါ်လာ၏။ ၎င်းတို့သည် နာတာရှာ၏အကြောင်းကို ကောင်းကောင်းကြီး သိကြ၏။ မင်းသားကလေး အင်ဒရေအတွက် စိုးရိမ်ကြောင့်ကြစိတ်များသည် ပျောက်လွင့်သွားကာ ထိုသတင်းကို နာတာရှာကြားသော် မည်သို့ဖြစ်မည်နည်းဟူသော စိုးရိမ်ထိတ်လန့်မှုသည် ဖုံးလွှမ်းလျက်ရှိ၏။

"နာတာရှာတော့ မသိသေးဘူး မေဖျား။ ဒါပေမဲ့ လမ်းကျရင်တော့ သိလိမ့်မယ် ထင်တယ်"

"ဒဏ်ရာက တော်တော်ကြီးသတဲ့လား။ သေနိုင်သတဲ့လား"

ဆွန်ယာက ခေါင်းညိတ်ပြသည်။

မြို့စားကတော်ကြီးသည် ဆွန်ယာကို ဖက်၍ ငိုလေသည်။

"အင်း၊ ဘုရားသခင်ရဲ့အလိုတော်ဟာ တစ်မျိုးမဟုတ် တစ်မျိုးတော့ ဖြစ်လာတာပဲနော်" မြို့စားကတော်ကြီးက တွေးလိုက်သည်။*

"ဟင် မေဖျား၊ အားလုံးအဆင်သင့် ဖြစ်ပြီလေ။ ဘာဖြစ်နေတာလဲ" **နာတာရှာသည် ရွှင်ပျသော မျက်နှာဖြင့် အခန်းထဲသို့ ပြေးဝင်လာသည်။**

"အို၊ ဘာမှ မဖြစ်ပါဘူး သမီးထွေးရယ်။ အားလုံး အဆင်သင့်ဖြစ်ရင်လဲ သွားကြတာပေါ့"

မြို့စားကတော်ကြီးက ဖြေလိုက်သည်။ မြို့စားကတော်ကြီးသည် ဣန္ဒြေပျက်နေခြင်းကို ဖုံးကွယ်ရန် အတွက် မျက်နှာကို အကျီလက်ဖြင့် ဖုံးထားလိုက်၏။ ဆွန်ယာက နာတာရှာကို ပွေ့၍ နမ်းသည်။

နာတာရှာမှာ တစ်မူထူးနေသော ၎င်းတို့နှစ်ဦးကို ကြည့်၍ အံ့အားသင့်နေသည်။

"ဘာဖြစ်လို့လဲ ဆွန်ယာ ဟင်။ ဘာဖြစ်နေကြတာလဲ"

"ဟင့်အင်း၊ ဘာမှ မဖြစ်ပါဘူး"

"နာတာရှာနဲ့ ပတ်သက်လို့ ပြောစရာရှိရင် ပြောပါဆွန်ယာရယ်။ ဖုံးကွယ်မထားပါနဲ့။ ဘာလဲ" အကင်းပါးသော နာတာရှာက ထပ်၍ မေး၏။

ဆွန်ယာသည် ပြန်မဖြေဘဲ သက်ပြင်းကို ချ၏။ ထိုအခိုက် မြို့စားကြီး ရော့စတော့ဗ်၊ အိမ်ထောင်ထိန်းအဘွားကြီး မက်ဗရာ၊ လက်စွဲတော် ကျွန်ယုံကြီး ဗာစီလစ်နှင့် ပိတာတို့ ဧည့်ခန်းဆောင်ထဲသို့ ဝင်လာကြသဖြင့် တဲခါးများကို ပိတ်ကာ ထိုင်၍ ဆုတောင်းကြသည်။

ခဏကြာသော် မြို့စားကြီး ရော့စတော့ဗ်က ပထမဆုံး ထလိုက်ပြီး ဆင်းတုတော်ရှေ့တွင် လက်ယှက်၍ ဆုတောင်းနေသည်။ အခြားသူများကလည်း မြို့စားကြီး ရော့စတော့ဗ်နည်းတူ ဆုတောင်းကြသည်။ ထို့နောက် မြို့စားကြီး ရော့စတော့ဗ်သည် မော်စကိုစံအိမ်တွင် အိမ်စောင့်ကျန်နေရစ်ခဲ့မည့် လက်စွဲတော် ကျွန်ယုံကြီး ဗာစီလစ်နှင့် မက်ဗရာတို့ကို နှုတ်ဆက်၏။ လက်စွဲတော်ကြီးနှင့် မက်ဗရာတို့က သူ့ပခုံးနှင့် လက်ခုံများကို နမ်းရှုပ်နေစဉ် မြို့စားကြီး ရော့စတော့ဗ်သည် ၎င်းတို့နှစ်ဦး၏ ကျောကို သပ်ကာ တိုးတိုးတိုးတိုးနှင့် ရွတ်နေသည်။ မြို့စားကတော်ကြီးသည် ဘုရားဆောင်ထဲသို့ ဝင်သွားလေသည်။ ဆွန်ယာ ဝင်လိုက်သွားသည့်အခါ၌ မြို့စားကတော်ကြီးသည် စံအိမ်တွင်ထားခဲ့သော ဆင်းတုတော် များ၊ ရုပ်ပုံတော်များရှေ့တွင် ဒူးထောက်၍ ရှိခိုးလျက် ရှိသည်။ (ဆင်းတုတော်များအနက် ဘိုးဘွားမိဘများ လက်ထက်ကတည်းက ကိုးကွယ်ခဲ့သော ဆင်းတုတော်တစ်ဆူကိုမူ အတူ ပင့်လာခဲ့သည်။)

ဆင်ဝင်အောက်နှင့် စံအိမ်ဝင်းထဲ၌ကား ပိတာက ဓားလွယ်များ၊ ဓားမြှောင်များစသည်တို့ကို ထုတ်ပေးထားသည့်အစေအပါးများသည် ခါးပတ်ကြိုးများ တင်းနေအောင် ပတ်၍ ဘောင်းဘီကို ဒူးထိ ရှည်သော ဖိနပ်ရှည်ကြီးများ ထဲသို့ သွင်းဝတ်ထားကြသည်။ ၎င်းတို့မှာ ကျန်ရစ်ခဲ့မည့်သူများကို နှုတ်ဆက်လျက် ရှိကြ၏။

ခရီးထွက်ခါနီး၌ ပစ္စည်းမေ့ကျန်ခြင်း၊ အထားမှားခြင်းစသည်တို့ ဖြစ်တတ်သည့်အလျောက် အစေတော်

---

* ရုရှားသာသနာပိုင်များ၏ ဥပဒေအရ မောင်လယ် နှမလယ် လက်ထပ်ခြင်း မပြုရချေ။ ထို့ကြောင့် အင်ဒရေနှင့် နာတာရှာ လက်ထပ်ဖြစ်လျှင်နိုကိုလေနှင့် အင်ဒရေ၏ အစ်မ မင်းသမီးကလေး မေရီတို့ လက်ထပ်၍ မဖြစ်တော့ချေ။ သို့ဆိုလျှင် မြို့စားကြီး ရော့စတော့ဗ် အိမ်ထောင်စုအဖို့ကြွေးမြီများကို ပြန်ဆပ်ရန် များစွာ ခက်ကဲပေလိမ့်မည်။ မြို့စားကတော်ကြီးက ဤလို ရည်ရွယ်၍ တွေးလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သည် မြို့စားကတော်ကြီး အလိုရှိက အသင့်ဖြစ်စေရန် ကရထားအနီးတွင် ရပ်နေကြ၏။ မိန်းမအစေတော်များမှာ ထိုင်ဖုံများနှင့် အထုပ်များကို ဆွဲကာ ကရထားဆီသို့ ပြေးလိုက်၊ မေ့ရစ်ခဲ့သောပစ္စည်းများကို ပြန်ယူလိုက်နှင့် မအားလပ်အောင် ဖြစ်နေကြသည်။

"ဒီကောင်မတွေဟာ အမြဲတမ်း သတိမေ့တတ်တယ်။ ဒီခရီးကြမ်းကြီးမှာ ဒီလို ထိုင်လိုက်လို့ ဖြစ်မလား ဟဲ့။ ငါ့ကို သတ်ကြမလို့လား ဟင်" မြို့စားကတော်ကြီးက ကြိမ်းလိုက်သည်။

ဒွန်ယာရှာသည် သွားစေ့ကာ မျက်နှာငယ်ကလေးဖြင့် ကရထားထဲသို့ ပြန်ဝင်သွားပြီး မြို့စားကတော်ကြီးအတွက် နေရာထိုင်ခင်းများကို ပြင်နေရပြန်သည်။

"ဒီကောင်မတွေကို ခိုင်းရတာ ဘာမှ အပေါက်မတည့်ဘူး" မြို့စားကတော်ကြီးက ညည်း၍ ခေါင်းယမ်းနေသည်။

မြို့စားကတော်ကြီး စိတ်အချဆုံး လက်စွဲတော်ကြီးတစ်ဦးဖြစ်သည့် ရထားသမားကြီး အီဖင်သည် ရထားအမိုးထိုင်ခုံတွင် မလှုပ်မယှက် မတ်မတ်ကြီး ထိုင်လျက်ရှိ၏။ ဘေးပတ်ဝန်းကျင်ကိုလည်း မကြည့်၊ နောက်သို့လည်း လှည့်ကြည့်ခြင်း မရှိချေ။ မြို့စားကြီး ရောစတော့မ်အိမ်၌ အီဖင်သည် ရထားမောင်းလာခဲ့သည်မှာ အနှစ်သုံးဆယ်မျှ ရှိခဲ့လေပြီ။ ရထားပေါ်သို့ လူစုံရောက်သည့်တိုင် 'ထွက်တော့'ဟူသော အမိန့်ကို ရဉီးမည် မဟုတ်သေးကြောင်း နှစ်ပေါင်းသုံးဆယ် အတွေ့အကြုံအရ အီဖင်သိပြီး ဖြစ်၏။ 'ထွက်တော့' ဟူသောအမိန့်ကို ရပြီးသည့်နောက်၌လည်း မေ့ကျန်ရစ်သော ပစ္စည်းများကို အယူခိုင်းတတ်သေးသဖြင့် အနည်းဆုံး တစ်ကြိမ် နှစ်ကြိမ်လောက် ထပ်၍ အရပ်ခိုင်းဦးမည်ကို သိပြီး ဖြစ်၏။ ဤသို့ အကြိမ်ကြိမ် ရပ်ခိုင်းပြီးသည့်နောက်၌လည်း မြို့စားကတော်ကြီးသည် ရထားပြတင်းမှ ခေါင်းပြူကာ ထပ်၍အရပ်ခိုင်းပြီး 'အီဖင်ရေ ကုန်းဆင်းတွေရောက်ရင် ဖြည်းဖြည်းမောင်းနော်' ဟု သတိပေးဦးမည်ကို သိပြီး ဖြစ်၏။ ခရီးထွက်ခါနီးတိုင်း သူ့သခင်များ ဤသို့ ကိစ္စပွေတတ်ကြောင်းကို သိပြီးဖြစ်သည့်အတွက် အီဖင်သည် သူ့မြင်းများလောက်ပင် လှုပ်ရှားခြင်းမရှိဘဲ အေးအေးဆေးဆေး ထိုင်နေခြင်းဖြစ်၏။ သို့ရာတွင် ရထား၌ တပ်ထားသည့် အီဖင်၏ မြင်းများကား ခေါင်းလည်ခါခါ ခြေတံရွရွဖြင့် လှုပ်နေကြလေပြီ။ အထူးသဖြင့် နောက်ဆုံးမှ တပ်ထားသော ဖောင်းဝတ်ပြာကြီးမှာ မြေကြီးကို ခွာဖြင့်ရှုပ်လျက် မြင်းဇက်ကို ဝါးကာ တလှုပ်လှုပ်ဖြစ်နေလေပြီ။ အိမ်ရှိလူကုန် ကရထားပေါ်သို့ ရောက်၍ ကရထားခြေနင်းခုံကို ခေါက်ကာ ရထားတံခါးများ ပိတ်ပြီး သွားလေပြီ။ သို့ရာတွင် မထွက်နိုင်သေးချေ။ ခရီးဆောင်သေတ္တာတစ်လုံး ကျန်နေသေးသဖြင့် သွားယူရပြန်သည်။ မြို့စားကတော်ကြီးကလည်း ထုံးစံအတိုင်း ရထားပြတင်းမှ ခေါင်းပြူထွက်၍ ပြောနေကျ စကားကို ပြောပြန်၏။ အီဖင်သည် ဦးထုပ်ချွတ်၍ လက်ယှက်ဆုတောင်း၏။ ဤတွင် ကရထားရှေ့ဆုံးမြင်းတွင် စီးသည့် မြင်းလမ်းပြ သူငယ်နှင့် အစေခံများကပါ အီဖင်နည်းတူ ဆုတောင်းကြ၏။ အီဖင်က ဦးထုပ်ကို ပြန်ဆောင်းပြီး "ထွက်မယ်" ဟု ဆိုတော့မှ ရှေ့ဆုံးမြင်းကို စီးသည့် မြင်းလမ်းပြက သူ့မြင်းကို ကြိမ်သွင်းလိုက်သဖြင့် ရထားကြီးသည် တကျွိကျွိမြည်ကာ လှုပ်ယမ်း၍ ထွက်လာလေသည်။ ဝင်းဝမှ ထွက်၍ ချိုင့်ကျင်းထူထပ်သော လမ်းပေါ်ရောက်မှ သူငယ်တော်ကလည်း ရှေ့ရထားခုံပေါ်သို့ ခုန်တက်လိုက်လာသည်။ ဤသို့ဖြင့် မြို့စားကြီး ရောစတော့မ်၏အိမ်သားများကို သယ်ဆောင်လာသည့် ကရထားကြီးများသည် ဝင်းထဲမှ တစ်စီးပြီးတစ်စီး ထွက်လာကာ လမ်းမပေါ်တွင် ရှေ့နောက်မောင်းနှင်လာကြ၏။ စံအိမ်နှင့် မျက်နှာချင်းဆိုင် သုဓမ္မာဇရပ်ရှေ့သို့ ရောက်လျှင် ကရထားတွင် လိုက်ပါလာသူများသည် လက်ယှက်ဆုတောင်းကြသည်။ မော်စကိုမြို့တွင် ကျန်ရစ်ခဲ့မည့်သူများသည် လမ်းဘေးတစ်ဖက်တစ်ချက်မှ လိုက်၍ နှုတ်ဆက်ကြသည်။

နာတာရှာသည် ရထားထဲ၌ မိခင်မြို့စားကတော်ကြီး ၏ဘေးတွင်ထိုင်လျက် လိုက်ပါလာရာက လူအပေါင်းတို့ ထွက်ပြေးစွန့်ပစ်ကြသော မော်စကိုမြို့ကြီးရှိ အိမ်များ၊ အဆောက်အအုံများ တရိပ်ရိပ်ကျန်ရစ်ခဲ့သည်ကို ငေးကြည့်လိုက်ပါလာ၏။ နာတာရှာ၏စိတ်တွင် ဤမျှလောက် တစ်ခါမှ မပျော်ဖူးသေးချေ။ တစ်ခါတစ်ရံတွင်လည်း နာတာရှာသည် ပြတင်းဝမှ ခေါင်းပြူကာ နောက်သို့လည်း ကောင်း၊ မိမိတို့ရှေ့ရှိ လူနာတင်လှည်း တစ်သိတစ်တန်းကြီးကို လည်းကောင်း လှမ်းကြည့်မိသည်။ လှည်းတန်းကြီး၏ထိပ်ဆုံး၌ မင်းသားကလေး အင်ရေ၏ပေါင်းမိုးနှစ်

www.burmeseclassic.com

www.burmeseclassic.com

ထပ်မိုးထားသော ကရထားကို မြင်ရ၏။ ထိုကရထားထဲတွင် မည်သူပါသည်ကို နာတာရှာ မသိသေးချေ။ သို့ရာတွင် ရှေ့က လှည်းတန်းကြီးဆီသို့ ခေါင်းပြု၍ကြည့်လိုက်တိုင်း နာတာရှာ၏မျက်လုံးများသည် နှစ်ထပ်ပေါင်းမိုးနှင့် ကရထားဆီသို့ အလိုလိုရောက်သွားကြသည်။ လှည်းတန်းကြီးထိပ်မှ နှစ်ထပ်ပေါင်းမိုးနှင့် ကရထားက ခေါင်းဆောင်မောင်းနေသည်မှာ ကြည့်၍ကောင်းသေးသည်ဟုပင် ထင်မိသေးသည်။

ကူဒရီနို့ရပ်ကွက်သို့ ရောက်သောအခါ နီကစ္စကီ၊ ပရက်စည်၊ ပူနော်ဒင် စသောလမ်းများမှ လှည်းတန်းကြီးများ ထွက်လာကြပြန်လေသည်။ ဆာဒိုဗယလမ်းသို့ ရောက်သောအခါ၌ကား ကရထားများနှင့် လှည်းတန်းကြီးမှာ လမ်းမပေါ်တွင် ရင်ပေါင်တန်း ဖြစ်နေပေပြီ။

စူခါရက်မျှော်စင်ကြီးကို ပတ်၍ မောင်းလာသည့် အခါတွင် ဘေးဝဲယာကို စူးစိုက်ကြည့်လာသည့် နာတာရှာသည် ဝမ်းသာအံ့သြသံဖြင့်

"ဟောတော့ မေဖျား မေဖျား ကြည့်စမ်း၊ ဆွန်ယာကြည့်စမ်း၊ သူမဟုတ်လား သူ သူ"

"ဘယ်သူလဲ၊ ဘယ်သူလဲ"

"ဟိုမှာလေ အစ်ကို မဟုတ်လား။ အစ်ကိုပီယာလေ"

နာတာရှာသည် ရထားပြတင်းမှ ခေါင်းထွက်၍ ရထားသမားအင်္ကျီကြီးကို ဝတ်ထားသည့် အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းလူတစ်ယောက်ကို စိုက်ကြည့်နေသည်။ ထိုလူမှာ ရထားသမားဝတ်လေ့ရှိသော အင်္ကျီရှည်ကြီးကို ဝတ်ထားသော်လည်း သွားပုံလာပုံကို ထောက်၍ ရပ်ဖျက်ထားသော လူရတတ်တစ်ယောက်မှန်း သိသာနိုင်၏။ ထိုလူသည် ခပ်သေးသေး၊ မျက်နှာသွယ်သွယ်၊ မုတ်ဆိတ်ကျင်စွယ်မရှိသော အဘိုးကြီးတစ်ဦးနှင့်အတူ စူခါရက်မျှော်စင်ကုန်းကြီးအောက်မှ ထွက်လာ၏။

"အစစ်ပေါ့ အစ်ကိုပီယာရယ်။ ရထားသမားအင်္ကျီကြီး ဝတ်လို့။ ဘေးကလဲ လူစိမ်းအဘိုးကြီးတစ်ယောက်ပါသေးတယ်။ ကြည့်စမ်း ကြည့်စမ်း"

"အို၊ ဘယ်က ဟုတ်ရမှာလဲ။ ပီယာက ဘယ်လိုလုပ် ဒီကို ရောက်နေမှာလဲ။ ကြံကြဖန်ဖန်"

"ဟုတ်တယ် မေဖျား တကယ်။ မယုံရင် နာတာရှာပြမယ်။ အီဖင် အီဖင် ခဏရပ်စမ်းပါ" နာတာရှာက အော်ပြော၏။

သို့ရာတွင် အီဖင်သည် ရထားကို ရပ်၍ မရချေ။ မက်ချန်နီလမ်းဘက်မှ နောက်ထပ်ကရထားများနှင့် လှည်းတန်းကြီး ထွက်လာပြန်သဖြင့် လမ်းမှာ ပြည့်ကျပ်လျက်ရှိပေပြီ။ အီဖင်က ခေတ္တရပ်လိုက်စဉ် လမ်းပိတ်သွားသဖြင့် နောက်လှည်းများက အော်ဟစ်နေကြပေပြီ။

သို့ဖြင့် ရထားသည် ရပ်၍မရဘဲ ဆက်၍ မောင်းလာခဲ့သည်။ အတန်ငယ်ဝေးလာပြီဖြစ်သော်လည်း ရထားထဲမှ လူများသည် ရထားသမားအင်္ကျီရှည်ကို ဝတ်ထားသည့် ပီယာ(သို့မဟုတ် ပီယာနှင့် တူသူတစ်ဦး)ကို လှမ်းမြင်နေရသည်။ ထိုသူသည် အစေတော်တစ်ဦးနှင့် တူသည့် မုတ်ဆိတ်မွေးမရှိသော သေးသေးညှက်ညှက် အဘိုးအိုကြီးဘေးမှ ခေါင်းကိုငုံ့၍ လမ်းမအတိုင်း လျှောက်လာသည်။ ထိုအဘိုးကြီးသည် ကရထားပြတင်းမှ မိမိတို့ရှိရာသို့ ထွက်ပြူကြည့်နေသောမျက်နှာတစ်ခုကို မြင်လိုက်သည်၌ ပီယာကို တံတောင်ဖြင့်တို့၍ တစ်စုံတစ်ရာပြောကာ ကရထားဘက်သို့ ညွှန်ပြနေ၏။ အတွေးနယ်ချဲ့လာဟန်တူသော ပီယာသည် အဘိုးကြီး၏စကားကို ကောင်းစွာနားမလည်ဘဲ ကြောင်ကြည့်နေသည်။ အတန်ကြာမှ ရထားဆီသို့ လှမ်းကြည့်လိုက်သည်တွင် နာတာရှာကို မြင်လိုက်ဟန်တူသည်။ နာတာရှာကို မြင်လိုက်သည်နှင့် ပထမဆုံးပေါ်လာသော စိတ်ကူး၏ဧဒေဆော်မှုဖြင့် ပီယာသည် ရထားနောက်သို့ ခပ်သုတ်သုတ်လိုက်လာ၏။ သို့ရာတွင် ဆယ်လှမ်းလောက်လှမ်းမိသောအခါ တစ်စုံတစ်ခုကို အမှတ်ရသွားဟန်ဖြင့် ဆက်မလိုက်တော့ဘဲ ရပ်နေသည်။

ရထားပြတင်းမှ ပြူထွက်နေသော နာတာရှာ၏ မျက်နှာမှာ ဝင်းထိန်နေသည်။

"အစ်ကို၊ အစ်ကို၊ အစ်ကိုပီယာ လာလေ လာ။ အစ်ကို ဒီမှာ ဘာလာလုပ်နေတာလဲဟင်။ ဝတ်စားထားလိုက်တာကလဲ ကြည့်စမ်းပါဦး။ ဘယ်လို ဖြစ်နေတာလဲ။ နာတာရှာ မှတ်မိပါတယ် အစ်ကိုရဲ့"

နာတာရှာက လက်ကို ကမ်းပေး၏။ ပီယာသည် တအိအိမောင်းလျက်ရှိသော ရထားဘေးမှ ပြေး၍ လိုက်လာကာ ရထားထဲမှ ထွက်လာသော နာတာရှာ၏ဖြူဖွေးသေးသွယ်သည့် လက်ကလေးကို ဖမ်းယူဆပ်ကိုင်၍

www.burmeseclassic.com

www.burmeseclassic.com

နမ်းလိုက်သည်။

"ဘယ်လိုဖြစ်လာတာလဲ တူတော်မောင်" မြို့စားကတော်ကြီး အံ့အားသင့်လျက် မေးလိုက်သည်။

"ခင်ဗျား။ ဟုတ် ဟုတ်ကဲ့။ ကျွန်တော် နောက်မှ ပြောပြပါ့မယ် အရီးတော်" ပီယာက ရွှင်ပြုံးဝင်းထိန်လျက် ရှိသော နာတာရှာ၏ မျက်နှာကလေး (ထိုမျက်နှာကလေး ဝင်းထိန်လျက်ရှိခြင်းကို မကြည့်ဘဲ နှင့်လည်း ပီယာ မြင်နေပါသည်။) ကို ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။

"တူတော်မောင်က မော်စကိုမှာ နေရစ်ခဲ့မလို့လား"

ပီယာက တွေနေသည်။

"ဟုတ် ဟုတ်ကဲ့။ ကျွန်တော် နေရစ်ခဲ့မလို့ခင်ဗျ။ ကဲ သွားကြပေတော့"

"အစ်ကို နာတာရှာသာ ယောကျ်ားလေးဖြစ်ရင် အစ်ကိုနဲ့ နေရစ်ခဲ့မှာပဲ။ သိလား မေဖျား။ မေဖျားခွင့်ပြုရင် နာတာရှာ နေရစ်ခဲ့မယ်လေ။ နော် မေဖျား"

ပီယာက နာတာရှာကို ကြည့်၍ တစ်စုံတစ်ရာ ပြောလိုက်မည်ပြုစဉ် မြို့စားကတော်ကြီးက

"တူတော်မောင် တိုက်ပွဲသွားနေတယ်ဆို"

"ဟုတ်ကဲ့၊ ကျွန်တော် ပြန်လာပါပြီ အရီးတော်။ မနက်ဖြန်ဆိုရင် ဒီမှာလဲ တိုက်ပွဲဖြစ်လိမ့်မယ် ထင်ပါတယ်"

ပီယာက စကားမဆက်မီ နာတာရှာက ဖြတ်၍

"အစ်ကိုလဲ ဘယ်လို ဖြစ်နေတာလဲ။ ကြည့်ရတာ တစ်မျိုးကြီးပဲ"

"နောက်တော့ သိလိမ့်မယ် ညီမရေ့။ အခုတော့ အစ်ကို့ဘာသာတောင် အစ်ကို ဘာဖြစ်နေမှန်း မသိဘူး။ ကဲ ကဲ သွားကြပေတော့။ အခြေအနေတော့ မကောင်းဘူး"

ပီယာသည် လမ်းဘေးသို့ ခုန်ဆင်း၍ ကျန်ရစ်ခဲ့သည်။

နာတာရှာသည် တော်တော်ဝေးသည်အထိ ရထားပြတင်းမှ ခေါင်းပြူ၍ထွက်ကာ ကြည့်လင်တောက်ပသော အပြုံးဖြင့် ပီယာကို နောက်ပြန်လှည့်ကြည့်၍ လိုက်ပါသွားလေသတည်း။

အခန်း-၁၈

ပီယာသည် စံအိမ်မှ တိတ်တဆိတ် ထွက်လာပြီးနောက် လွန်ခဲ့သည့် နှစ်ရက်အတွင်းက ၎င်း၏ကွယ်လွန်သူ ဥပဇ္ဈာယ်ဆရာ ဘာဇာဒီယက်၏အိမ်တွင် ခိုအောင်းနေခဲ့လေသည်။ ထိုနှစ်ရက်အတွင်း ပီယာတွေ့ကြုံရပုံမှာ ဤသို့ဖြစ်၏။

မော်စကိုသို့ပြန်ရောက်၍ မြို့ဝန် ရော့စတော့ချင်က မိမိအား မော်စကိုမှ ထွက်ခွာသွားရန် နှင်ထုတ်ခြင်းခံရပြီးသည့်နောက်၌ ပီယာသည် စိတ်မောလူမောဖြင့် အိပ်လိုက်ရာ နောက်တစ်နေ့နံနက် နေမြင့်မှ နိုးလာလေသည်။ အိပ်ရာကနိုးသော် ပီယာသည် မည်သည့်အရပ်ဒေသသို့ ရောက်နေသည်ကို ရုတ်တရက် ဝေခွဲမရနိုင်အောင် ဖြစ်နေသည်။ ထိုအခိုက် အစေတော်တစ်ယောက်က ရောက်လာ၍ မိမိအားတွေ့ဆုံရန် ဧည့်ခန်းဆောင်ထဲတွင် စောင့်ဆိုင်းနေသူများထဲ၌ ပြင်သစ်တစ်ယောက်ပါကြောင်း၊ ၎င်းထဲ၌ ကြင်ရာတော် ဟယ်လင်မင်းသမီးထံမှ စာတစ်စောင်လည်းပါကြောင်း ပြောဆိုသည့်အခါကျတော့မှ ပီယာသည် မိမိရင်ဆိုင်ရမည့် ဇာတ်ရှုပ်ကြီးကို ပြန်၍ သတိရလာသည်။ ပီယာ့အဖို့၌ ပြဿနာအားလုံးသည် ပြီးဆုံးခြင်းသို့ ရောက်လေပြီ။ မိမိ၏မျှော်လင့်ချက်တို့သည် အစိတ်စိတ်အမြွာမြွာ ပြိုကွဲပျက်စီးခဲ့လေပြီ။ လောကဌ မည်သူကမှား၍ မည်သူကမှန်သည်ဟူသော စံထားချက်တို့သည် ပျောက်ကွယ်ခဲ့လေပြီ။ အနာဂတ်ဆိုသည်မှာလည်း ဘာမျှအဓိပ္ပာယ်မရှိသောအရာ ဖြစ်လာခဲ့လေပြီ။ မိမိသည်လည်း ဤဇာတ်ရှုပ်ကြီးထဲ၌ တဝဲလည်လည်မျောလျက် ရှိလေပြီဟု ဘောပေါက်လာခဲ့သည်။ ပီယာသည် တမင်လုပ်၍ ပြုံးကာ ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။ ထို့နောက် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ဖုံပေါ်တွင် ထိုင်ချလိုက်သည်။ သို့ရာတွင် ထိုင်၍မရ။ ထို့ကြောင့် ထ၍ ဧည့်ခန်းဆောင်ဘက်သို့ လျှောက်လာကာ တံခါးကြားမှ ချောင်း၍ ကြည့်လိုက်၏။ ထို့နောက် စိတ်ပျက်စွာဖြင့် လက်ကို ဝှေ့ယမ်း၍ ပြန်လာကာ စာအုပ်တစ်အုပ်ကို ကောက်ဖတ်၏။ ပီယာ၏လက်စွဲတော်ကျွန်ယုံကြီးသည် ဒုတိယအကြိမ် ရောက်လာပြန်ကာ ကြင်ရာတော် ဟယ်လင်မင်းသမီးလေး ၏ စာကိုလာပေးသော ပြင်သစ်မိတ်ဆွေက သူ့အား ခေတ္တဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com

တွေ့လိုသည်ပြောဆိုနေကြောင်း၊ ပိယာ၏ ဥပဇ္ဈာယ်ဆရာ၏ဇနီးထံမှလည်း မိမိမှာ ကျေးလက်သို့ ပြောင်းရွှေ့မည်ဖြစ်၍ သူ့ခွင့်ပွန်းသည်၏ စာအုပ်များ၊ မှတ်တမ်းမှတ်စုများ အလိုရှိက လာရောက်သိမ်းဆည်းစေလိုသည်ဟု လူတစ်ယောက်လွတ်၍ ပြောခိုင်းလိုက်ကြောင်းဖြင့် ပြောဆိုပြန်သည်။

"အား ဟုတ်ပေသားပဲ။ ခဏစောင့်ဦးလို့ ပြောလိုက်။ အို နေပါစေတော့လေ။ ခုပဲ လာခဲ့မယ်လို့ ပြောလိုက်" ပိယာက ပြောလိုက်သည်။

သို့ရာတွင် လက်စွဲတော်ကျန်ယုံကြီး ထွက်သွားသည်နှင့် ပိယာသည် စားပွဲပေါ်ရှိဦးထုပ်ကို ကောက်ဆောင်းကာ အခြားတံခါးပေါက်မှ ထွက်လာခဲ့သည်။ စာကြည့်ဆောင်နှင့် ဧည့်ခန်းဆောင်ကို ကူးသည့် စင်္ကြံလမ်းကြားဌ လူသူတစ်ယောက်မျှ မရှိချေ။ ပိယာသည် စင်္ကြံအဆုံးလှေကားထိပ်သို့ လျှောက်လာခဲ့ပြီး မျက်မှောင်ကုတ်၍ နဖူးကို လက်နှစ်ဖက်ဖြင့် ကုတ်၏။ ထို့နောက် လှေကားရင်းရောက်အောင် ဆင်းလာခဲ့သည်။ အခန်းစောင့် အစေတော်သည် တံခါးဝတွင် ရပ်လျက် ရှိ၏။ ပိယာနှင့် မလှမ်းမကမ်းဌ အနောက်ဆောင်ဘက်သို့ ကူးသောလှေကား ရှိ၏။ ပိယာသည် ထိုလှေကားမှ ဆင်းကာ စံအိမ်နောက်ဖေးတလင်းပြင်သို့ ဆင်းလာခဲ့သည်။ ယခုအချိန်ထိ မိမိကို မည်သူမျှ မမြင်ကြသေးချေ။ အိမ်နောက်ဖေးတလင်းထဲဌ မိမိစီးလာသော ကရထားအချို့ ရပ်နေကြ၏။ ပိယာထွက်လာသည်နှင့် တစ်ပြိုင်နက် ရထားသမားများနှင့် ဝင်းစောင့်တို့က ဦးထုပ်ချွတ်၍ အရိုအသေပြုကြ၏။ မိမိအား ဝိုင်း၍ကြည့်နေကြသည်ဟု သိသည်နှင့် ပိယာသည် လူမမြင်စေရန် ခေါင်းကို ချုံထဲသို့ ငှက်ထားသည့် ငှက်ကုလားအုတ်တစ်ကောင်ကဲ့သို့ ခေါင်းငိုက်စိုက်ချ၍ လမ်းမသို့ ထွက်လာခဲ့သည်။

ယနေ့ပြုဖွယ်ရှိသည့် ကိစ္စများအနက် ပိယာ့အဖို့ အရေးအကြီးဆုံးမှာ ၎င်း၏ဥပဇ္ဈာယ်ဆရာ ဘာဇာဒီယက်၏ စာအုပ်စာတမ်းများ၊ မှတ်စုများကို ရွေးချယ်သိမ်းဆည်းရန် ဖြစ်သည်။

ပိယာသည် လမ်းတွင် တွေ့သည့် ရထားတစ်စီးကို လှမ်းခေါ်လိုက်ပြီး ဥပဇ္ဈာယ်ဆရာ ဘာဇာဒီယက်၏ဇနီး နေထိုင်ရာ ကနံတော်ကြီးသာသနာ့ရိပ်သာ ရပ်ကွက်သို့ ထွက်လာခဲ့သည်။

ပိယာသည် အိုမင်းဟောင်းနွမ်းလှပြီ ဖြစ်သော ရထားပေါ်မှ ၎င်း၏လေးလံတုတ်ခိုင်သော ခန္ဓာကိုယ်ကြီး လိမ့်ကျမသွားအောင် မတ်မတ်ထိုင်လိုက်လာရင်း မော်စကို မြို့ပြင်သို့ ထွက်ခွာနေကြသော လှည်းတန်းကြီးများကို ငေးကြည့်လာရာမှ ကျောင်းပြေးသော သူငယ်၏ ဝမ်းသာပျော်ရွှင်ခြင်းမျိုးဖြင့် ရထားသမားကို စကားပြောကြည့်သည်။

ရထားသမားက ယနေ့ မြို့သူ မြို့သားများအား ကရင်မလင်နန်းတော်ထဲတွင် လက်နက်များ ထုတ်ပေးနေကြောင်း၊ နက်ဖြန်တွင် တောင်သုံးလုံးတံခါးမှ နေ၍ ရန်သူများကို ခုခံတိုက်ခိုက်ရန် စေလွှတ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုက်ပွဲအပြင်းအထန်ဖြစ်ပွားဖွယ်ရှိကြောင်းဖြင့် ပြောပြ၏။

ကနံတော်ကြီး သာသနာ့ရိပ်သာ ရပ်ကွက်သို့ ရောက်သော် ကာလအတန်ကြာမျှ မရောက်ခဲ့သော ဥပဇ္ဈာယ်ဆရာ၏အိမ်ကို မနည်းရှာယူရ၏။ ဝင်းတံခါးသို့ အရောက်၌ လွန်ခဲ့သည့်ငါးနှစ် ဥပဇ္ဈာယ်ဆရာနှင့် ပထမဆုံးတွေ့စဉ်က အတူတွေ့ခဲ့ရသော မုတ်ဆိတ်ကျင်စွယ်မရှိသည့် အဘိုးအို ဂျိရာဆင်က တံခါးကို လာဖွင့်ပေး၏။

"ဆရာကတော်ကော"

"အခြေအနေမကောင်းတာနဲ့ ကလေးတွေကိုပါခေါ်ပြီး တောဇော့ပိုင်စားနယ်မြေဘက်ကို သွားကြပြီ မြို့စားလေး"

"အေးဗျာ၊ ကျွန်တော် အိမ်ထဲဝင်ပြီး ဆရာ့စာအုပ်တွေကို သိမ်းဆည်းထားချင်တယ်"

"ကောင်းပါတယ် မြို့စားလေး။ လာလေ ဝင်ခဲ့ပါ။ ဒီမှာတော့ ဆရာရဲ့ညီ မာကာအယ်လက်ဇီဗစ်ပဲ ရှိတော့တယ်။ အဘိုးကြီးလဲ ကောင်းကောင်းမမာဘူး"

မာကာ အယ်လက်ဇီဗစ်မှာ ပိယာ့ဆရာ၏ အဖေစုံအမေကွဲညီဖြစ်၍ အရက်ကို အလွန်အကျူးသောက်ခြင်းကြောင့် စိတ်ဖောက်ပြန် ရူးသွပ်လျက်ရှိသူ ဖြစ်၏။

"ဩော် ဟုတ်လား"

ပိယာက အိမ်ထဲသို့ ဝင်လိုက်လာခဲ့၏။

အရပ်ရှည်ရှည်၊ ခေါင်းတုံးပြောင်ပြောင်၊ နှာခေါင်း

www.burmeseclassic.com

www.burmeseclassic.com

နီနီနှင့် လူတစ်ယောက်သည် ညဝတ်ဝတ်စုံကြီးကို ဝတ်၍ ခြေထောက်တွင် ဖိနပ်ပေါ်က ထပ်စွပ်သော အဝတ်ဖိနပ်ကြီးကို ဖိနပ်မပါဘဲစွပ်ထားလျက် အပေါက်ဝတွင် မားမားကြီး ရပ်နေ၏။ ထိုသူသည် ခက်ထန်တင်းမာသော မျက်နှာထားဖြင့် ပီယာကို ကြည့်လိုက်ပြီး ဆဲရေးတိုင်းထွာကာ နောက်ဖေးသို့ ထွက်သွား၏။

"အဘိုးကြီးက ငယ်ငယ်တုန်းကတော့လဲ အတော်သား မြို့စားလေးရဲ့။ ခုတော့ သွက်သွက်လည်အောင် ဦးနှောက်ပျက်နေရှာပါပြီ" ဂျီရာဆင်က ဆို၏။ "စာကြည့်ဆောင်ထဲ ဝင်ကြည့်ပါလား မြို့စားလေး။ စာကြည့်ဆောင်ကို ချိပ်ပိတ်ထားလို့ အားလုံး ခြေရာလက်ရာမပျက် ရှိပါတယ်။ မြို့စားလေးဆီက စာအုပ်တွေ အယူလွတ်ရင် ဖွင့်ပေးလိုက်လို့ ဆရာကတော်က မှာသွားပါတယ်"

ပီယာသည် မည်းမှောင်လှသော စာကြည့်ဆောင်ထဲသို့ ဝင်လာခဲ့၏။ ၎င်း၏ဥပဇ္ဈာယ်ဆရာ ရှိစဉ်တုန်းကမူကား ပီယာသည် ထိုအခန်းကို ဝင်တိုင်း ရင်ခုန်ခဲ့ရသည်။ ၎င်း၏ဆရာ ကွယ်လွန်ပြီးကတည်းက ပိတ်ထားခဲ့သော စာကြည့်ဆောင်မှာ ယခုအချိန်တွင် ဖုန်အလိမ်းလိမ်း တက်ကာ ပို၍ မည်းမှောင်နေသည်ဟု ထင်ရ၏။

ဂျီရာဆင်သည် ပြတင်းပေါက်တစ်ပေါက်ကို ဖွင့်ပေးပြီး ခြေဖျားထောက်၍ ထွက်သွားလေသည်။ ပီယာသည် စာကြည့်ခန်းကို လျှောက်ကြည့်ပြီးနောက် မှတ်တမ်းများ ထားသော ဗီရိုကြီးအနားသို့ ကပ်လာခဲ့ပြီး တစ်ခါက အရေးကြီးသော မှတ်တမ်းတစ်ခုဖြစ်သည့် ညီအစ်ကိုတော်ဂိုဏ်းကြီး၏ မှတ်တမ်းကို ယူကြည့်သည်။ ထိုမှတ်တမ်းကြီးမှာ ညီအစ်ကိုတော်ဂိုဏ်းကြီး၏စည်းမျဉ်းဥပဒေသများကို ရေးမှတ်ထားသည့် ရှားပါးသောမှတ်တမ်းကြီး တစ်ဆူဖြစ်ပြီး ဘေးတွင် ၎င်းဆရာ၏မှတ်စုများနှင့် မှတ်ချက်များကိုလည်း တွေ့ရ၏။ ပီယာသည် ဖုန်တက်လျက် ရှိသောစားပွဲတွင် ထိုင်ကာ မှတ်တမ်းကြီးကို လှန်ကြည့်၍ ပြန်ပိတ်လိုက်ပြီး ခေါင်းငိုက်စိုက်ချလျက် စဉ်းစားနေမိသည်။

ဂျီရာဆင်သည် စာကြည့်ခန်းထဲသို့ မကြာခဏ လှမ်း၍ကြည့်၏။ ကြည့်တိုင်း ပီယာမှာ မလှုပ်မရှား ထိုင်လျက်ရှိခြင်းကို တွေ့ရသည်။

နှစ်နာရီကျော်ကျော်ကြာသည့်အခါ၌ ဂျီရာဆင်သည် အရဲစွန့်ကာ တံခါးနားသို့ကပ်၍ အသံပြုလိုက်သည်။ သို့ရာတွင် ပီယာကား တုတ်တုတ်မျှ မလှုပ်။

"ရထားသမားကို ပြန်လွှတ်လိုက်ရတော့မလား မြို့စားလေး"

"အို၊ ဟုတ်သားပဲ" ပီယာသည် ထိုင်ရာမှ ထလိုက်၏။ ထို့နောက် ဂျီရာဆင်၏အင်္ကျီရင်ဘတ်ကို ဆွဲကာ စိုစွတ်တောက်ပနေသော မျက်လုံးများဖြင့် ငုံ့ကြည့်လိုက်သည်။

"ဂျီရာဆင်"

ဂျီရာဆင်က မော့ကြည့်သည်။

"မနက်ဖြန်မှာ တိုက်ပွဲဖြစ်ကြတော့မယ်။ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကြားပါတယ် မြို့စားလေး"

"ကျွန်တော် ဘယ်သူလဲဆိုတာ ဘယ်သူ့ကိုမှ မပြောပါနဲ့။ ပြီးတော့ ကျွန်တော့်ကိုလဲ တစ်ခုခု လုပ်ပေးစမ်းပါ"

"ဟုတ်ကဲ့ မြို့စားလေး၊ အလိုရှိတာ ပြောပါ။ တစ်ခုခုစားမလား မြို့စားလေး"

"ဟင့်အင်း မစားပါဘူး။ ကျွန်တော် လယ်သမားဝတ်စုံတစ်စုံနဲ့ ပြောင်းတိုသေနတ်တစ်လက်လောက် လိုချင်တယ်၊ ရနိုင်မလား"

ပီယာက ပြော၏။

"ဟုတ်ကဲ့၊ ရပါ့မယ် မြို့စားလေး" ဂျီရာဆင်က ခေတ္တစဉ်းစားပြီးနောက် ဖြေလိုက်သည်။

ထိုနေ့တစ်နေ့လုံး ပီယာသည် ဥပဇ္ဈာယ်ဆရာ၏ အခန်းထဲတွင် တစ်နေကုန် အခန်းအောင်းနေ၏။ တစ်ခါတစ်ရံ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသံနှင့် တစ်ယောက်တည်း စကားပြောနေသံကို ဂျီရာဆင် ကြားရ၏။ ထိုနေ့ည၌လည်း ပီယာသည် ဂျီရာဆင် ပြင်ပေးသော အိပ်ရာတွင် အိပ်လေသည်။

ငယ်ငယ်ကတည်းက သစ္စာရှိသော ကျွန်ကြီးတစ်ယောက်ဖြစ်ခဲ့၍ ထူးဆန်းသောအခြင်းအရာများကို မြင်ခဲ့ဖူးပြီဖြစ်သော ဂျီရာဆင်သည် မိမိတို့ထံ ပီယာလာရောက်ခိုအောင်းနေခြင်းကို အနည်းငယ်မျှအံ့သြခြင်း မဖြစ်တော့ချေ။ ယခုကဲ့သို့ မိမိက ပြုစုစောင့်ရှောက်ပေးရမည့်သူတစ်ဦး ရောက်လာခြင်းအတွက် ကျေနပ်၍ပင် နေသေး၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ည၌ ဂျီရာဆင်သည် ပီယာ့အတွက် ရထားသမား ဝတ်စုံတစ်စုံနှင့် ဦးထုပ်တစ်လုံးကို ရှာလာခဲ့၏။ ပြောင်းတိုသေနတ်မှာမူ နက်ဖြန်မှ ရမည် ဖြစ်လေသည်။ ဂျီရာဆင်သည် ထိုပစ္စည်းများကို ပီယာက အဘယ်ကြောင့် အရှာခိုင်းသည်ဟုပင် စဉ်းစားခြင်းမပြုဘဲ အလွယ်တကူ ရှာပေးခဲ့သည်။ ညပိုင်းတွင် မာကာအလက်ဇီဗစ်သည် ခြေသံတရှပ်ရှပ်ပေး၍ အခန်း၀သို့ ရောက်လာပြီး ပီယာကို မကျေနပ်သောအမူအရာဖြင့် ကြည့်သေး၏။ သို့ရာတွင် ပီယာက ပြန်ကြည့်လိုက်သည်နှင့် မာကာသည် ရုတ်ကြောက် စိတ်ဆိုးသောမျက်နှာထားဖြင့် ဝတ်ရုံအင်္ကျီကြီးကို ကိုယ်တွင်ပတ်လိုက်ပြီး ထွက်သွားလေသည်။ ထိုသို့ ဂျီရာဆင်ရှာပေးသော ရထားသမား၀တ်စုံကြီးကို ဝတ်၍ ဂျီရာဆင်နှင့် အတူ စူခါရက်ဈေးသို့ သေနတ်၀ယ်ရန်အလာ၌ ပီယာသည် နာတာရှာနှင့် တွေ့ခဲ့ခြင်း ဖြစ်ပေသတည်း။

အခန်း ၁၉

မော်စကိုကို ဖြတ်၍ ရာဇနေပေတစ်ရာလမ်းမကြီးအတိုင်း ဆုတ်ခွာရမည်ဟူသော စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ အမိန့်ကို စက်တင်ဘာလ ၁–ရက်နေ့ညတွင် ထုတ်ပြန်လိုက်လေသည်။

ရှေ့ကြောင်းချီတပ်များသည် အမိန့်ရသည်နှင့် ချက်ချင်းဆုတ်ခွာစ ပြုကြလေသည်။ ထိုညတစ်ညလုံး တပ်များသည် ဖြည်းညင်းစွာ စနစ်တကျ ဆုတ်ခွာလာခဲ့ကြ၏။ သို့ရာတွင် အရုဏ်တက်၍ မော်စကိုမြို့ ဒိုရိုဂိုမီလော့တံခါး တံတားအနီးသို့ ရောက်လာသည့်အခါတွင် မူကား ရှေ့၌ တံတားကို တရကြမ်းစုပြုတိုးဝှေ့ ဖြတ်ကျော်နေကြသော စစ်သားထုကြီးကို တွေ့ရလေသည်။ အချို့မှာ ကျုံးတစ်ဖက်သို့ ရောက်သွားကြကာ သူ့ထက်ငါတိုးဝှေ့ဆုတ်ခွာလျက်ရှိလေရာ ရှေ့ဆက်သွား၍ မရတော့ဘဲ လမ်းများပိတ်ဆို့လျက် ရှိလေသည်။ ဤသို့ ကျုံးတစ်ဖက် ရှိလမ်းများပေါ်တွင် ပြည့်ကျပ်၍ တိုးမပေါက်အောင်ဖြစ်နေချိန်၌ နောက်ကတပ်များကလည်း ကျုံးတံတားကို ကျော်ဖြတ်၍ ရောက်လာကြပြန်ရာ နောက်ဆုံး၌ စစ်သားထုကြီးသည် ထိန်းမနိုင် သိမ်းမရလောက်အောင် အရမ်းကာရောတိုးဝှေ့လျက် ရှိကြလေသည်။ နောက်ကတပ်များကလည်း တံတားဦးဆီသို့ အတင်းပြုတိုးကာ အချို့က တံတားပေါ်တွင် ပြွတ်သိပ်တိုးလျက် ရှိပြီး အချို့ကလည်း ကျုံးထဲရှိလေ့ များဆီသို့ လည်းကောင်း၊ ရေတိမ်ရာသို့ လည်းကောင်း အလုအယက်ပြေးလျက် ရှိကြ၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကိုယ်တိုင်မှာလည်း မော်စကိုမြို့တစ်ဖက်သို့ အခြားလမ်းမှ ဖြတ်ကူးရောက်ရှိသွားပြီ ဖြစ်လေသည်။

စက်တင်ဘာလ ၂ ရက်နေ့ ဆယ်ချက်တီး အချိန်လောက်၌ ကားတပ်များအားလုံး လောက်ပင် ကျုံးတစ်ဖက်သို့ ကူးဖြတ်ပြီးဖြစ်လျက် နောက်ဖျားတပ်များသာ လျှင် ဒိုရိုဂိုမီလော့ ဆင်ခြေဖုံးရပ်ကွက်တွင် ကျန်ရစ်ခဲ့ကြလေရာ ခပ်စောစောကလောက် စုပြုတိုးဝှေ့ခြင်း မရှိတော့ချေ။ ပင်မစစ်တပ်ကြီးမှာ မော်စကိုမြို့ကို ကျော်ဖြတ်ဆုတ်ခွာသွားခဲ့လေပြီ။

စက်တင်ဘာလ ၂–ရက်နေ့နံနက် ဆယ်ချက်တီး ထိုအချိန်၌ နပိုလီယန်သည် မိမိ၏တပ်များခြံရံလျက် ပေါက္ကလုံနီ တောင်ကုန်းပေါ်မှ စီး၍ ရှေ့တွင် တစ်ဝန်းတစ်လျားကြီးရှိသော မြင်ကွင်းကြီးကို ရှုစားလျက် ရှိလေသည်။ ဘိုရိုဒီနိုတိုက်ပွဲဖြစ်ပွားသည့် ဩဂုတ်လ ၂၆–ရက်နေ့နှင့် မော်စကိုမြို့တွင်းသို့ ပြင်သစ်တပ်များ ဝင်ရောက်သည့် စက်တင်ဘာလ ၂–ရက်နေ့ ကြားကာလကား ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်း၍ မေ့နိုင်ဖွယ်မရှိသော ကာလကြီး ဖြစ်၏။ ထိုရက်သတ္တပတ်အတွင်း နွေနှောင်းရာသီဥတုသည် မသာယာစဖူး အထူးသာယာလျက် ရှိ၏။ ကောင်းကင်သည် အဖန်ဖန်ပွတ်တိုက်အပ်သော ကြေးမုံပြင်ကဲ့သို့ ကြည်စင်ဝင်းပ၏။ နေဝန်းသည် ရွှင်လန်းစွာ တောက်၍ နွေရာသီထက်ပင် နွေးထွေး၏။ ရှုခင်းကလည်း မျက်လုံးကို ဖြို၍ ကြည့်ရအောင် လှပတင့်တယ်ခြင်းကို ဆောင်၏။ သင်းပျံ့လတ်ဆတ်သော နွေနှောင်းရာသီ လေပြည်လေညင်းကလည်း အဆုတ်များ ပြည့်ဖောင်းလာသည့်တိုင် ရှူ၍မဝ၊ မွေး၍ မဝအောင် တသုန်သုန်တည်းညင်း တိုက်ခတ်၏။ ညချမ်းချိန်များသည်ပင် နွေးလျက် ရှိ၏။ ပူနွေး၍ မည်းမှောင်သော ထိုညများ၌ ရွှေကြယ်ပွင့်များသည် ဖြုတ်ခနဲ လန့်ဖျပ်ကာ ကြည့်၍ မဝနိုင်အောင် ကောင်းကင်မှ ကြွေကျသွားကြ၏။

စက်တင်ဘာလ ၂–ရက်နေ့နံနက် ဆယ်ချက်တီး အချိန်ထိ ထိုကြည်လင်သော ရာသီဥတုသည် လောက

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ကြီးတစ်ခုလုံးကို ရစ်ပတ်ထွေးခြုံထားဆဲဖြစ်သည်။

နံနက်ခင်း၏ တောက်ပရွှန်းလင်းပုံကား အံ့ဘနန်း ဖြစ်၏။ ပေါက္ကလုံနီတောင်ကုန်းထက်မှ စီးမြင်နေရသော မော်စကိုမြို့ကြီးသည် မြို့လယ်၌ ရစ်ခွေစီးဆင်းသော မော်စကာဗာမြစ်ကြီးနှင့် တကွ စိမ်းစိုမှိုင်းမိုသော ဥယျာဉ်ပန်းမန်များ၊ စုလစ်မွန်းခွန်သော သုဓမ္မာဇရပ်များဖြင့် မျှော်မဆုံးနိုင်အောင် တည်ရှိ၏။ မော်စကိုမြို့ကြီးသည် ခါတိုင်းကဲ့သို့ အသက်ဝင်လှုပ်ရှားနေသည် ထင်ရ၏။ အမိုး ထိပ်ဖျားများမှ ဘုံဆောင်များသည် နေခြည်ထဲ၌ ကြယ်ပွင့်များသဖွယ် တလက်လက်တောက်ပလျက် ရှိကြ၏။

မိမိတို့ မသိဖူး၊ မတွေ့ဖူးသော အသစ်အဆန်းတစ်ခုကို မြင်ရသည့်အခါ၌ ထိုအရာကို ခုံမင်မက်မောခြင်း၊ စိတ်ဝင်စားခြင်း၊ ဂနာမငြိမ်ခြင်းစသည့် ဝေဒနာများသည် လူတို့၏ ရင်ထဲ၌ ပေါ်ပေါက်လာတတ်စမြဲ ဖြစ်၏။ ဆန်းကြယ်သော ဗိသုကာလက်ရာတို့ဖြင့် ပြီးသော ထူးဆန်းသည့် မော်စကိုမြို့ကြီး၏ မြင်ကွင်းသည်လည်း နပိုလီယန်၏ ရင်၌ ထိုသို့သောခံစားချက်မျိုးကို ပေါ်ပေါက်စေပေ၏။ မော်စကိုမြို့ကြီး၏ အသွင်သဏ္ဌာန်သည် အသက်ဓာတ်အားအပြည့်ဖြင့် လှုပ်ရှားနေသကဲ့သို့ပင် ထင်ရတော့သည်။ အသက်ရှင်နေသော ခန္ဓာကိုယ်တစ်ခုနှင့် အသက်ကုန်နေသော ခန္ဓာကိုယ်တစ်ခုတို့သည် တစ်ခုနှင့် တစ်ခု မည်သို့ခြားနားကြောင်းကို အတိအကျဖော်ပြ၍ မရသော်လည်း ထိုအရာနှစ်ခုတို့သည် သွင်ပြင်လက္ခဏာအားဖြင့် အကြီးအကျယ်ခြားနားကြသည်ကား အမှန်ပင် ဖြစ်၏။ ၎င်းတို့ကို အဝေးမှ ကြည့်လျှင်ပင် 'ဤကား သက်ရှိ၊ ဤကား သက်မဲ့' ဟု ခွဲခြား၍ ရနိုင်လေသည်။ နပိုလီယန်သည် ပေါက္ကလုံနီတောင်ကုန်းထက်၌ ရပ်၍ ထိုသွင်ပြင် လက္ခဏာများကို မမှိတ်မသုံ လှမ်းမျှော်ကြည့်လျက်ရှိ၏။ သို့ကြည့်လိုက်သည့်အခါ၌ နပိုလီယန်သည် မော်စကိုမြို့ကြီး၏ ဝိညာဏက သဘာဝကို ရှုမြင်မိ၏။ လှုပ်ကြွားမားနေသော ခန္ဓာကြီးတစ်ခုသည် ထွက်သက် ဝင်သက် ရှူရှိုက်နေသကဲ့သို့ ထင်မှတ်မိ၏။

မော်စကိုမြို့ကြီးကို မြင်ရသော ရုရှားလူမျိုးတိုင်းသည် ထိုမြို့ကြီးကို မိမိ၏အမိသဖွယ် သဘောထားလေ့ရှိကြ၍ ထိုမြို့ကြီးကို မြင်ရသော နိုင်ငံခြားသားများမှာမူ (ထိုမြို့ကြီး၏မိခင် မြို့ကြီးအဖြစ် ထင်ရှားကျော်ကြားခြင်းကို မသိသည့်တိုင်) ၎င်း၌ မိန်းမတစ်ဦးသဖွယ် တင့်တယ်ပြေပြစ်ခြင်းမျိုးရှိသည်ဆိုသည့် အချက်ကိုကား သတိပြုမိတတ်ကြသည်ဖြစ်ရာ နပိုလီယန်သည်လည်း ထို အချက်ကို သတိပြုမိ၏။

"အာရုတိုက်၏ သွင်ပြင်လက္ခဏာကို ဆောင်သော ဤမြို့ကြီးသည် မရေမတွက်နိုင်သော သုဓမ္မာဇရပ် အဆောင်ဆောင်တို့ဖြင့် ပြီးကုန်၏။ မြတ်သော မြို့ကြီးတစ်မြို့လည်း ဖြစ်၏။ ယခု ထင်ရှားကြီးကျယ်သော မြို့ကြီးအနိုးသို့ ငါ ရောက်ခဲ့ပြီ။ ဤမြို့ကြီးတွင် ငါ၏ခြေချရန် အချိန်တန်ခဲ့ပြီ"

နပိုလီယန်သည် ဤသို့ဆိုကာ မြင်းထက်မှ ဆင်း၏။ မော်စကိုမြေပုံကို ရှေ့၌ ဖြန့်၏။ ထို့နောက် စကားပြန် လီလော်ညဲကို ရှေ့တော်သို့ ဆင့်ခေါ်၏။

'ရန်သူ သိမ်းပိုက်ခြင်းခံရသော မြို့တစ်မြို့ကား အပျိုရည်ပျက်ပြီးသော သမီးကညာနှင့်ပင် တူတော့သည်' ဟု နပိုလီယန် တွေး၏။ (စမိုးလင့်၌ ရုရှား ဗိုလ်ချုပ် တူချ်ကော့ကိုလည်း ဤအတိုင်း ပြောခဲ့ဖူးပါသည်။) နပိုလီယန်သည် ထိုနေရာမှ ထိုအမြင်ဖြင့် ယခင်က မမြင်ခဲ့ဖူးသေးသော အရှေ့တိုင်း၏ လှပတင့်တယ်ခြင်းကို ကြည့်၏။ အံ့ကောင်အထည်ဖြစ်နိုင်ဖွယ် မရှိသော၊ အနှစ်နှစ် အလလတောင့်တခဲ့သော ၎င်း၏ ဆန္ဒပြည့်ခဲ့ပြီ ဖြစ်၍လည်း မယုံနိုင်အောင် ဖြစ်လျက်ရှိ၏။ တောက်ပသော နံနက်ခင်း နေခြည်ထဲ၌ နပိုလီယန်သည် မော်စကိုမြို့ကြီးကို တစ်လှည့် မြေပုံကို တစ်လှည့်ကြည့်၍ အသေးစိတ်လေ့လာလျက်ရှိ၏။ သို့လေ့လာရင်းကလည်း ထိုမြို့ကြီးကို ငါ ပိုင်ရချေတော့မည်ဟူသောအတွေးဖြင့် ဂနာမငြိမ်ဖြစ်လျက် ရှိလေသည်။

'ဤမှ လွဲ၍ အခြားဖြစ်နိုင်သေးသလော။ ဤမြို့ကြီးသည် ယခု ငါ့ခြေဖဝါးအောက်သို့ ရောက်ပြီ မဟုတ်လော။ ယခုအချိန်၌ ရုရှားဘုရင် အလက်ဇန်းဒရားသည် ဘယ်ဆီ ဘယ်ဒေသသို့ ရောက်နေပြီနည်း။ မည်သည့် အကြောင်းကိစ္စတို့ကို တွေးတောစဉ်းစားနေဘိသနည်း။ ဤမြို့ကြီးကား ကျက်သရေမင်္ဂလာဖြင့် ပြည့်စုံ၏။ ဤအချိန် ဤအခါသည်လည်း ကျက်သရေမင်္ဂလာဖြင့် ပြည့်စုံပါပေ၏။ ငါသည် ငါ၏တပ်တော်များရှေ့၌ မည်သို့

www.burmeseclassic.com

www.burmeseclassic.com

မည်ပုံ ကိုယ်ထင်ပြရက သင့်လျော်ပေမည်နည်း'

နပိုလီယန်သည် ၎င်း၏ တပ်သားများထံသို့ စိတ်ရောက်သွားပြန်၏။ တစ်ဖန် မိမိအနီးတွင်ရှိသည့် စစ်ဗိုလ်ချုပ်များနှင့် မော်စကိုမြို့တွင်းသို့ ဝင်ရန် နေရာယူ တပ်စွဲနေသည့် တပ်များကို ကြည့်၍

'သင်းတို့ကား သရဲဘောနည်းလှ၏။ ယခု ငါ၏ ဘုန်းကံကြောင့် မော်စကိုမြို့ကြီးကို ရပေပြီ။ မော်စကိုမြို့သည် သရဲဘောကြောင်သူအား လုံးကို ငါ ချီးမြှင့်သည့် ဆုလာဘ်သဖွယ် ဖြစ်တော့သည်။ ငါ၏ ပါးစပ်မှ စကား တစ်ခွန်းပြောရုံ၊ ငါ၏ လက်တစ်ဖက် လှုပ်ရုံ၊ ငါ လက်ဖျောက်တစ်ချက် တီးလိုက်ရုံမျှဖြင့် ဇာဘုရင်တို့၏ ရှေးဟောင်းမြို့တော်ကြီးသည် ပျက်စီးသွားရချေတော့အံ့။ သို့ရာတွင် ငါကား ရှုံးနိမ့်သူတို့ကို သနားညှာတာတတ်သူ တည်း။ ငါသည် ဘုန်းရှင် ကဲ့ရှင်ပါရမီရှင်ပီပီ သဘော ထားကြီးသူတည်း။ မော်စကိုမြို့ကြီး ငါ့ခြေဖဝါးအောက်သို့ ရောက်ပြီ။ ရွှေရောင်တောက်သော စုလစ်မွန်းချွန်များ သည် နေရောင်တွင် တပြောင်ပြောင် တလက်လက် တောက်ပစွာဖြင့် တင့်တယ်လှချေ၏။ ငါသည် ဤမြို့ကြီး ကို ချမ်းသာခွင့်ပေးအံ့။ လူရိုင်းစနစ်နှင့် သက်ဦးဆံပိုင် ဧကရာဇ်စနစ်၏ အဆောက်အအုံများပေါ်၌ ငါသည် တရား မျှတခြင်းနှင့် ကြင်နာသနားခြင်းဟူသော စားလုံးများကို ရေးထွင်းပေအံ့။ ဤသို့ ပြုလုပ်ခြင်းဖြင့်သာလျှင် အလက် ဇန်းဒရားဘု ရင်အား ဆုံးမပေးအံ့။ (မိမိ ရုရှားပြည်သို့ ချီတက်တိုက် ခိုက်ခြင်းမှာ မိမိနှင့် အလက်ဇန်းဒရားဘုရင် တို့၏ ပုဂ္ဂိုလ်ရေးတိုက်ပွဲကြောင့် ဖြစ်သည်ဟု ယူဆပုံရပါ သည်။) ငါသည် ကရင်မလင်နန်းမြင့်ဆောင်ထက်မှနေ၍ ရုရှားလူမျိုးတို့ အား မှန်ကန်သောတရားဥပဒေတို့ကိုပေးအံ့။ ငါသည် သင်တို့အား စစမှန်သောယဉ်ကျေးမှုကို သင်ကြား ပေးအံ့။ ငါသည် ဇာဘုရင်၏ အဆက်ဆက်ရှိသော သက် တော်ရှည် ဝန်ကြီးများအား၎င်း၊ သင်တို့၏ အရှင်သခင် ငါ့အား ထာဝစဉ် ချစ်ကြောက်ကျိုးနွံအောင် ပြုအံ့။ သက်တော်ရှည် ဝန်ကြီးများ ငါ့ထံသို့ ကိုယ်စားလှယ်ရောက်လာသည်နှင့် တစ်ပြိုင်နက် ငါသည် စစ်ကို လိုလားခြင်းမရှိကြောင်း ပြသအံ့။ ငါစစ်တိုက်ရခြင်းသည် သင်တို့ ရွှေနန်းရှင် ဇာဘုရင်၏ မှားယွင်းသောဝါဒကြောင့် သာဖြစ်ကြောင်းကို ရှင်းပြပေအံ့။ ငါသည် အလက်ဇန်း ဒရားဘုရင်အား ချစ်ကြည်လေးစားကြောင်းကို သင်းတို့အား ရှင်းပြအံ့။ မော်စကိုသိမ်းပိုက် ပြီးသည့်နောက်တွင် ငါသည် ငါ၏ ဂုဏ်သိက္ခာ၊ ငါ့လူမျိုး၏ ဂုဏ်သိက္ခာနှင့် ထိုက်တန်သော ငြိမ်းချမ်းရေးစည်းကမ်းချက်များကို လက်ခံ အံ့။ ငါသည် အခြားလူမျိုးတို့ အထွတ်အမြတ်ထားသော ဘုရင်ဧကရာဇ် တစ်ဦးအား လက်နက်ပြ၍ နှိပ်နယ်ရှုတ်ချ ခြင်း မပြုကြောင်းကို ပြအံ့။ ရုရှားဘုရင်၏ ကိုယ်စားလှယ်အဖွဲ့ ရောက်လာသည်နှင့် 'အချင်းသက်တော်ရှည်ဝန်တို့၊ ငါသည် စစ်ကို လိုလားခြင်း မရှိ။ ငါ၏ ကျေးတော်မျိုး ကျွန်တော်မျိုး တိုင်းသားပြည်သူတို့၏ သက်သာချောင်ချိရေးနှင့် ငြိမ်းချမ်း ရေးကိုသာ အလိုရှိ၏' ဟု စကားဆိုအံ့။ ငါသည် သင်းတို့ ကိုယ်စားလှယ်အဖွဲ့ ရောက်လာသည်နှင့် မင်းကောင်း မင်းမြတ်တို့၏ ကျင့်ဝတ်နှင့် အညီ ခံ့ညား တင့်တယ်သော စကားကိုသာ ဆိုအံ့။ သို့သော်လည်း ငါသည် မော်စကိုမြို့ကို အကယ်ပင် ရောက်သည်မှန်၏ လော။ မှန်ပေ၏။ မော်စကိုမြို့သည် ငါ့ခြေဖဝါးအောက်သို့ ရောက်ချေပြီ'

"မြို့ကို အပ်ဖို့ ကိုယ်စားလှယ် သက်တော်ရှည် ဝန်တွေလာလျှင် ငါ့ထံခေါ်ခဲ့ကြ"

နပိုလီယန်သည် မိမိ၏ အနီးတွင် ခစားလျက်ရှိသော မှူးမတ်များကို စေခိုင်းလိုက်၏။

စစ်ဗိုလ်ချုပ်တစ်ဦးသည် နောက်လိုက်နောက်ပါတို့ ခြံရံလျက် မြို့ကို အပ်ရန် လာအံ့သောကိုယ်စားလှယ်အဖွဲ့ကို ကြိုဆိုရန် မြင်းကိုယ်စီဖြင့် ထွက်ခွာသွားကြလေသည်။

သို့ဖြင့် နာရီနှစ်ချက်တီးခန့် ကြာသွား၏။ နပိုလီယန်သည် နေ့လယ်စာသုံးဆောင်ပြီးနောက် ယခင်က အတိုင်း ပေါက္ကလုံနီတောင်ကုန်းထိပ်တွင် ရပ်၍ မြို့အပ် မည့်ကိုယ်စားလှယ်အဖွဲ့ကို စောင့်မျှော်လျက် ရှိလေသည်။ စိတ်ထဲ၌လည်း ကိုယ်စားလှယ်သက်တော်ရှည်ဝန်ကြီးများ အား ပြောကြားမည့်စကားများကို စဉ်းစားလျက်ရှိရာက မိမိ၏ စကားများသည် ကြီးမြတ်သော ရာဇကျွန်ုပ်နှင့် ထိုက် တန်ပေသည်ဟု ကျေနပ်လျက် ရှိပေသည်။

မော်စကိုမြို့ကို သိမ်းပိုက်ပြီးသည်နှင့် မော်စကို မြို့သူမြို့သားများအား ရင်ဝယ်သားကဲ့သို့ သနားကြင်နာ ကြောင်း မည်သို့မည်ပုံ ပြသရမည်ကို စဉ်းစားလျက် ရှိ လေသည်။ နပိုလီယန်သည် စိတ်ကူးဖြင့် ဇာဘုရင်များ၏ နန်းဆောင်များထဲတွင် ညီလာခံကြီး ကျင်းပလျက် ရှိ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ရုရှားမူးမတ်သေနာပတိများနှင့် မိမိ၏မူးမတ်သေနာပတိများ ဖက်လဲ့တကင်း ရင်းရင်းနှီးနှီးဆက်ဆံနေကြပုံကို မြင်ယောင်နေသည်။ မော်စကိုမြို့သူ မြို့သားများ စိတ်တိုင်းကျသော မြို့ဝန်တစ်ယောက်ကိုလည်း စိတ်ကူးဖြင့် ခန့်နေသည်။ မော်စကိုဥ္ဒ သာသနာရေးအဆောက်အအုံများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များ များစွာရှိသည်ဟု ကြားဖြီးဖြစ်သည့်အတွက် ထိုအဆောက်အအုံများ၊ အဖွဲ့အစည်းများကို ချီးမြှောက်အားပေးရန် စိတ်ကူးဖြင့် ဆုံးဖြတ်နေသည်။ အာဖရိကတိုက်သို့ ရောက်ခဲ့စဉ်က မွတ်ဆလင် ဘုရင်များ၏ မင်းမြောက်တန်ဆာတို့ကို ဝတ်ဆင်၍ ဗလီသို့ တက်ခဲ့သည့်နည်းတူ ရုရှားပြည်ဥ္ဒလည်း ရုရှားဘုရင်များ၏ မင်းမြောက်တန်ဆာတို့ကို ဝတ်ဆင်၍ တိုင်းသူပြည်သားတို့အား မင်းကျင့်တရားနှင့် အညီ အုပ်ချုပ်မည်ဟု စိတ်ကူးလျက် ရှိသည်။ ပြင်သစ်လူမျိုးတို့သည် 'ကျေးဇူးတော်အနန္တနှင့်ပြည့်စုံတော်မူသော မွေးသမိခင်' ကို နှလုံးမသွင်းဘဲ စိတ်ကူးယဉ်ရသည့်လူမျိုး မဟုတ်သည့်အတိုင်း နပိုလီယန်သည်လည်း မိမိလှုဒါန်းသော သာသနာရေးအဆောက်အအုံကြီးများဌ 'ကျေးဇူးတော်အနန္တနှင့် ပြည့်စုံတော်မူသော မယ်တော်ဘုရားကို ရည်မှန်း၍ လှုဒါန်းသည်' ဟူသော ကမ္ဘည်းစာတမ်း ရေးထိုးမည်။ ဤသို့ ရေးထိုးခြင်းဖြင့် ရုရှားလူမျိုးတို့သည် မိခင်၏ကျေးဇူးတော်ကို သိတတ်သောမိမိအား ကြည်ညိုလေးစားကြလိမ့်မည်ဟု စိတ်ကူးလျက် ရှိသည်။

'အလို နေစမ်းပါဦး။ ငါ တကယ်ကော မော်စကိုကို ရောက်နေခြင်း ဟုတ်၏လော။ အိမ်း၊ ဟုတ်ပေသားပဲ မော်စကိုမြို့ကြီး ငါ့ ရှေ့ရောက်နေပြီကပဲ။ ဘောက်မယ့်ကြောင့် မြို့ကို အပ်မယ့် သက်တော်ရှည်ဝန်တွေ မရောက်လာကြသေးသတုံး"

နပိုလီယန်သည် စိတ်ကူးယဉ်ယဉ်ဖြင့် ဤသို့ တွေးလျက် ရှိ၏။

ထိုအခိုက် မိမိနောက်ပါးတွင် ခစားလျက်ရှိသည့် စစ်သူကြီးများနှင့် စစ်ဗိုလ်ချုပ်များဆီမှ ရေးကြီးသုတ်ပျာတီးတိုးတိုင်ပင်နေသံများကို ကြားရလေသည်။ မြို့ကို အပ်မည့် သက်တော်ရှည်ဝန်များကို ကြိုဆိုရန် လွတ်လိုက်သော စစ်ဗိုလ်ချုပ်သည် ပြန်ရောက်လာကာ မော်စကိုမှာ လူသူတစ်ယောက်မျှ မရှိတော့ကြောင်း၊ အားလုံးထွက်ခွာသွားကြပြီဖြစ်ကြောင်းဖြင့် သတင်းပေးပို့လေ ရှိသည်။ ဤသတင်းကို ကြားလိုက်ရသည့် စစ်သူကြီးများနှင့် စစ်ဗိုလ်ချုပ်များ၏ မျက်နှာမှာ သွေးဆုတ်သကဲ့သို့ ဖြူရော်သွားကြလေပြီ။ ကြီးစွာထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်လျက် ရှိကြလေပြီ။ ၎င်းတို့ တုန်လှုပ်ခြင်းအကြောင်းကား မော်စကိုမြို့သူ မြို့သားများက ၎င်းတို့မြို့ကြီးကို စွန့်ခွာသွားကြခြင်းကြောင့် မဟုတ်။ (အမှန်အားဖြင့် ထိုအချက်မှာလည်း ၎င်းတို့အဖို့ တုန်လှုပ်ချောက်ချားဖွယ် ကောင်းသည်သာ ဖြစ်ပါသည်။) မော်စကိုမြို့ထဲတွင် အရက်သမားများမှ အပ မည်သူမျှ မရှိတော့သည့်ပြင် မြို့ကိုအပ်မည့် သက်တော်ရှည်ဝန်များလည်း ရောက်လာတော့မည်မဟုတ်သည့်အတွက် ဤအတိုင်းအဖြစ်အပျက်အမှန်ကို လျှောက်တင်ချေက စိတ်ကူးယဉ်ယဉ်ဖြင့် ကြာရှည်စွာ စောင့်ဆိုင်းလျက်ရှိသော မိမိတို့ဘုရင်ဧကရာဇ်အား မဟာအရှက်တော်ခွဲရာ ရောက်ချေတော့မည်။ မင်းဧကရာဇ်ကြီးစင်လျက် ဤမျှကြာရှည်စွာ စောင့်သော်လည်း ဤသို့ အချည်းနှီးဖြစ်ရခြင်းသည် လူရယ်စရာကြီး ဖြစ်ချေတော့မည်ဟု တွေးမိကြကာ မည်သို့မည်ပုံ လျှောက်တင်ရပါမည်နည်းဟု အကြံရခက်သောကြောင့် ထိတ်လန့်ချောက်ချားနေကြခြင်း ဖြစ်လေသည်။ အချို့ဗိုလ်ချုပ်များက သက်တော်ရှည်ဝန်များ၏ ကိုယ်စားလှယ်အဖွဲ့ မဟုတ်သည့်တိုင် ကိုယ်စားလှယ်အဖွဲ့တစ်ခုခုကို ရှာဖွေ၍ ရှေ့တော်သွင်းလျှင် မသင့်လောဟု ဆိုကြ၏။ အချို့က ဤအကြံကို ကန့်ကွက်ကာ ဘုရင်ဧကရာဇ် နပိုလီယန်ကို သွယ်ဝိုက်ဖျောင်းဖျ၍ အမှန်အတိုင်းဖွင့်ပြောသင့်သည်ဟု ဆိုကြ၏။

"ကျုပ်တို့ကတော့ မှန်ရာကို လျှောက်တင်စေချင်သဗျ။ နောက်ကျမှ အလိမ်ပေါ်လို့ ရာဇမာန်ရှရင် အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်"ဟု စစ်ဗိုလ်ချုပ်တစ်ဦးက ဆို၏။

ထိုအချိန်ဥ္ဒ နပိုလီယန်သည် ၎င်း၏စိတ်ကူးယဉ် အုပ်ချုပ်ရေးစိမ်ကိန်းကြီးကို စဉ်းစားကာ မော်စကိုမြို့မြေပုံကြီးရှေ့ချ၍ လမ်းလျှောက်ရင်း စဉ်းစားလိုက်၊ ငါ့လိုလူ ဇမ္ဗူ ရှိသေးသလောဟူသော အပြုံးမျိုးဖြင့် ကိုယ်စားလှယ်အဖွဲ့ လာမည့်လမ်းကို မှန်းကြည့်လိုက်ပြုနေပြန်သည်တွင် မှူးမတ်များမှာ အဖြစ်မှန်ကိုလျှောက်တင်ရန် အခက်တွေ့သည်ထက် တွေ့နေကြလေသည်။

"အမှန်အတိုင်း လျှောက်တင်လို့တော့ မဖြစ်ပေ

www.burmeseclassic.com

www.burmeseclassic.com

ဘူးဗျ။ မင်းဧကရာဇ်ကြီးစင်လျက် ဒီလောက် စောင့်ရက်သားနဲ့ ဒီလိုဖြစ်ရတယ်ဆိုတော့ လူရယ်စရာကြီး ဖြစ်လိမ့်မယ်” စစ်ဗိုလ်ချုပ်တစ်ဦးက ပခုံးကိုတွန့်၍ ‘လူရယ်စရာကြီး’ ဆိုသောစကားလုံးကို မရဲတရဲဖြင့် ဆို၏။

နောက်ဆုံးတွင် နပိုလီယန်သည် ဤမျှကြာရှည် စွာစောင့်ဆိုင်းရခြင်းကို ငြီးငွေ့လာခဲ့လေပြီ။ အထွတ်အထိပ် ကာလတစ်ခုသည် လွန်စွာအချိန်ကြာမြင့်လာသည်နှင့် အမျှ အထွတ်အထိပ်ရောက်ခြင်းသဘောမှ ရွေ့လျောကျဆင်း လာခဲ့တတ်သည်ဟူသောအချက်ကို သဘောပေါက်လာခဲ့ လေပြီ။ ထို့ကြောင့် နပိုလီယန်သည် လက်တစ်ဖက်ကို ဝှေ့ယမ်း၍ အချက်ပေးလိုက်သည်။ ထိုသည်နှင့် တစ်ပြိုင် နက် အချက်ပေးအမြောက်သံတစ်ချက် ထွက်ပေါ်လာကာ မော်စကိုမြို့ကို ပတ်ပတ်လည်ဝိုင်းထားသည့် ပြင်သစ်တပ် များသည် တဗာတံခါး၊ ကာလူဂါတံခါးနှင့် ဒိုရိုဂိုမီလော့ တံခါးတို့မှ အိုင်နေရာမှ ရေကာတာကျိုးပေါက်သည့်နယ် မြို့တွင်းသို့ တရဟော ဝင်ရောက်လာကြလေသည်။ ပြင်သစ်တပ်သားများသည် သူ့ထက်ငါ ဦးအောင် မော်စကိုမြို့ထဲသို့ ပြေးဝင်လာကြကာ ၎င်းတို့နောက်မှ လိမ့်တက်လာသော ဖုန်လုံးကြီးများထဲတွင် ပျောက်ကွယ် သွားကြလျက် ပတ်ဝန်းကျင်တစ်ဝိုက်၌လည်း အော်ဟစ် ကြွေးကြော်သံများသည် ကမ္ဘာပျက်သည့်ပမာ သောသော ညံလျက် ရှိလေသည်။

နပိုလီယန်သည် မြို့တွင်းသို့ ချီတက်သွားကြသော မိမိ၏တပ်များကို ကျေနပ်အားရစွာကြည့်လျက် မြင်းကို စီးကာ ဒိုရိုဂိုမီလော့တံခါးသို့ ရောက်လာခဲ့၏။ မြို့ရိုး တံခါးဝသို့ရောက်လျှင် ရပ်တန့်၍ မြင်းပေါ်မှ ဆင်းပြီး နောက် ကင်မာကိုလက်စကီခံတပ်အနီးတွင် လမ်းသလား ရင်း မော်စကိုမြို့ထဲမှ ထွက်လာအံ့သော ကိုယ်စားလှယ် အဖွဲ့ကို အချိန်အတော်ကြာမျှ စောင့်ဆိုင်းလျက် ရှိလေ သတည်း။

အခန်း ၂၀

ထိုအချိန်၌ မော်စကိုမြို့ကြီးသည် ဟင်းလင်းဖြစ်လျက် ရှိ၏။ မြို့ထဲ၌ လူများ ရှိပါသေးသည်။ အပုံငါးဆယ် ပုံလျှင် တစ်ပုံမျှသော မြို့သူမြို့သားတို့ ကျန်ရှိကောင်း ကျန်ရှိပါလိမ့်ဦးမည်။ သို့ရာတွင် မြို့ကြီးကား ဟင်းလင်း ဖြစ်လျက် ရှိလေပြီ။ မော်စကိုမြို့ ဟင်းလင်းဖြစ်လျက် ရှိပုံမှာ ပျားဘုရင်မကင်းမဲ့သော ပျားအုံတစ်အုံ၏ ဟင်း လင်းဖြစ်ပုံမျိုး ဖြစ်လေသည်။

သာမန်ကြည့်သော် ပျားဘုရင်မကင်းမဲ့သော ပျား အုံတစ်အုံသည် အခြားပျားအုံများနည်းတူ အသက်ဝင် လှုပ်ရှား နေသယောင် ထင်ရ၏။ သို့ရာတွင် တကယ်၌ ကား အသက်မရှိတော့ချေ။

မွန်းတည့်နေမင်း၏ ပူပြင်းသော နေခြည်အောက် ၌ ပျားများသည် ပျားဘုရင်မကင်းမဲ့သော ပျားအုံတစ်အုံ အနီးတွင် တဝီဝီအော်မြည်ပျံသန်းလျက် ရှိကြ၏။ ၎င်းတို့ ပျံဝဲလှုပ်ရှားပုံသည် အသက်ရှင်လျက်ရှိသော ပျားအုံတစ်အုံ အနီးတွင် ပျံဝဲနေကြသကဲ့သို့ ရှိ၏။ အဝေးမှ ကြည့်လျှင် ထိုပျားအုံသည် အခြားပျားအုံများနည်းတူ ပျားရနံ့သင်း လျက် ရှိ၏။ ပျားများသည်လည်း ဝင်တုံထွက်တုံ လူးလာ ပျံသန်းလျက် ရှိ၏။ သို့ရာတွင် အနီးကပ်၍ သေသေချာ ချာကြည့်သောအခါ၌မူကား ထိုပျားအုံ၌ အသက် မရှိတော့ ပြီ။ ပျားများ ပျံဝဲလှုပ်ရှားနေပုံသည် ယခင်ကကဲ့သို့ မဟုတ် တော့ပြီ။ ပျားအုံမှ အနံ့သည် ယခင်က အနံ့မျိုး မဟုတ် တော့ပြီ။ ပျားများ၏မြည်ပုံသည် ယခင်က မြည်ပုံမျိုး မဟုတ်တော့ပြီ။

သက်ရှိပျားအုံတစ်အုံကို တုတ်ဖြင့် ထိုးလိုက်မည် ဆိုက ထောင်ပေါင်းများစွာသောပျားကောင်တို့သည် တဝီဝီ အော်မြည်ကာ ဝမ်းဗိုက်ကိုရှုံ့လျက် ရန်သူကို တုပ်အံ့ဟု မာန်ဖီတတ်ကြ၏။ ထောင်ပေါင်းများစွာသော ပျားကောင် တို့က လျင်မြန်စွာအတောင်ခတ်လျက်ရှိခြင်းကြောင့် တဝီဝီ မြည်သံကြီးကိုလည်း ကြားရတတ်၏။ သို့ရာတွင် ပျက်စီးစ ပြုလျက်ရှိသော ပျားအုံတစ်အုံကို တုတ်ဖြင့် ထိုးလိုက် လျှင်ကား ထိုအသံမျိုးကို မကြားရတော့ပြီ။ ထိုမာန်ဖီ ခြင်းမျိုးကို မတွေ့ရတော့ပြီ။ ထိုအသံများအစား ယင်း ပျားအပေါင်းတို့ စွန့်ပျံလေပြီးသော ပျားအုံ၏ပျားသွင်း ပေါက် အချို့၌ ကျန်ရစ်ခဲ့ကြသော ပျားကောင်အချို့၏ ညည်းခြင်းမရှိ ဖျော့တော့အားနည်းသော မြည်သံကိုသာ ကြားရတော့သည်။

သက်ရှိပျားအုံတစ်အုံ၏ ပျားလပို့သည် မူးယစ် ထုံပျံ့သော ပျားရည်နံ့ဖြင့် မွှေးနေတတ်၏။ စေးပျစ်သော

www.burmeseclassic.com

www.burmeseclassic.com

ပျားဖယောင်းနဲ့ဖြင့် သင်းနေတတ်၏။ တစ်ကောင့် တစ်ကောင်ပြည့်ကျပ် ပြွတ်သိပ်လျက်ရှိသော ပျားကောင်ပေါင်းများစွာတို့၏ အနွေးဓာတ်ဖြင့် ပူနွေးလျက် ရှိတတ်၏။ သို့ရာတွင် ပျားဘုရင်မကင်းမဲ့သော ပျားအုံခွံကား ထိုသို့ မဟုတ်တော့ပြီ။ ပျားရည်နဲ့ ရောထွေးလျက်ရှိသည့် ပျက်စီးယိုယွင်းနေသောအနံ့မျိုးနှင့် ဟောင်းနွမ်းဆွေးမြည့်နေသော အနံ့မျိုးသာ ရတော့သည်။ ဝမ်းဗိုက်ကို ရှုံ့၍ ရန်သူ လာပြီဟု အချက်ပေးတတ်သော၊ အသက်ကို အသေခံ၍ မိမိတို့၏အသိုက်အအုံကို ကာကွယ်သော တိုက်ပျားတို့လည်း မရှိတော့ပြီ။ ပျားကောင်တို့၏ ရေနွေးပွက်ပွက်ဆူသံကဲ့သို့ ရှိသော ညီညာဖြဖြ တရွရွလှုပ်ရှားနေသံကိုလည်း မကြားရတော့ပြီ။ ၎င်းတို့အစား အုံပျက်သဖြင့် ဖရိုဖရဲ မညီမညာ အော်မြည်သံများကိုသာ ကြားရတော့သည်။ ပျားအုံအတွင်း အပြင်၌ ပျားရည်တို့အလိမ်းလိမ်းကပ်လျက် ရှည်လျားမည်းနက်သော ကိုယ်ခန္ဓာရှိသည့် လုပ်သားပျားများသည် မဝံ့မရဲဖြင့် ထိုမှ ဤမှ ကူးလူးလျက် ရှိကြ၏။ လုပ်သားပျားများသည် ရန်သူကို တုပ်ခြင်း မပြုတော့ဘဲ အန္တရာယ်ကင်းရာသို့ ပျံရန် အားထုတ်လျက် ရှိကြ၏။

ယခင်ကဆိုလျှင် ပျားများသည် ပျားရည်အပြည့်သယ်ဆောင်၍ အုံတွင်းသို့ ဝင်သွားကြလျက် ထိုပျားရည်တို့ကို အုံတွင်းတွင် သိုမှီးထားခဲ့ကြပြီးမှ လက်လွတ်ပျံထွက်လာတတ်ကြ၏။ ယခုကား လက်လွတ်ဝံ့သွားကြပြီး ပျားရည်တို့ကို သယ်ဆောင်၍ ထွက်လာခဲ့ကြ၏။ ပျားဖွပ်သမားသည် ပျားသလက်ကို လှန်ကြည့်၏။ ခါတိုင်းဆိုလျှင် မည်းနက်ချောမွေ့ပြောင်လက်လျက်ရှိသော လုပ်သားပျားများသည် ပျားအုံထိပ်အမိုးမှ အောက်ကြမ်းပြင်အထိ တစ်ကောင့်တစ်ကောင် ခြေချင်းချိတ် ဇောက်ထိုးဆွဲလျက်၊ ပျားဖယောင်းများကို ထုတ်လျက်၊ တစ်ရံမလပ် တဝိုဝိအော်မြည်လျက် ရှိတတ်ကြ၏။ ယခုကား လေးလံထိုင်းမှိုင်း၍ ကိုယ်ခန္ဓာကြုံလှိုဖျော့တော့သော ပျားတို့သာလျှင် ပျားအုံ၏ နံရံတွင် လည်းကောင်း၊ ကြမ်းပြင်တွင် လည်းကောင်း၊ ရည်ရွယ်ချက်ကင်းမဲ့စွာ ထိုမှ ဤမှ လူးလာနေကြခြင်းကို တွေ့ရ၏။ ပျားကောင်များက အတောင်ဖြင့် ပွတ်တိုက်ထားသဖြင့် ချောပြောင်ကာ ပျားဖယောင်းနဲ့ သင်းသော ကြမ်းပြင်သည်လည်း ပျားဖယောင်းခဲများ၊ ပျားချေးများ၊ အနိုင်နိုင်လှုပ်လျက်ရှိသော သေအံ့ဆဲဆဲ ပျားကောင်များ၊ ပျားသေကောင်များဖြင့် ပြန့်ကြဲလျက် ရှိလေပြီ။

ပျားဖွပ်သမားသည် ပျားအုံအပေါ်ပိုင်းကို လှန်ကြည့်ပြန်သည်။ ပျားသွင်းပေါက်များ၌ အတန်းလိုက် အတန်းလိုက်၊ အစီလိုက် အစီလိုက်ဝင်ကာ ပျားကောင်ပေါက်ကလေးများကို အနွေးဓာတ်ပေးကြသည့်ပျားကောင်များကို မတွေ့ရတော့ချေ။ ကျွမ်းကျင်သေသပ်စွာ ဆောက်လုပ်ထားသော ပျားသွင်းပေါက်များကိုသာ ဟာလာဟင်းလင်း တွေ့ရတော့သည်။ သို့ရာတွင် ဟင်းလင်းဖြစ်လျက် ရှိသော ထိုပျားသွင်းပေါက်များသည်လည်း ယခင်ကကဲ့သို့ သန့်ရှင်းစင်ကြယ်ခြင်း မရှိတော့ချေ။ ညစ်ထေး ပေကျန်ခဲ့လေပြီ။ မည်းနက်တောက်ပြောင်သော လုပ်သားပျားများသည် ပျားသွင်းပေါက်ထဲသို့ ထွက်တုံဝင်တုံပြုလျက် ရှိကြ၍ ရှုံ့တွကြဲလှိသော ယင်ပျားများမှာမူကား ပျားအိုကြီးများကဲ့သို့ အာရုံခံစားလိုသောဆန္ဒ ကုန်ခန်းကာ လုပ်သားပျားများကို နှောင့်ယှက်ခြင်း မရှိတော့ဘဲ တွားသွားလျက် ရှိကြ၏။ ပျားထီးများ၊ ပိတုန်းများ၊ နကျည်ကောင်များ၊ လိပ်ပြာများသည် ခိုကိုးရာမဲ့ လူးလာပျံသန်းရင်း ပျားအုံနံရံနှင့် တိုက်မိပြီး အောက်သို့ ကျလာကြ၏။ ပျားရည်နှင့် ပျားကောင်ပေါက်များထားရာဖြစ်သည့် ပျားသွင်းပေါက်များထဲမှ ဒေါသတကြီးဖြင့် ဝိခနဲ ဝိခနဲအော်မြည်သံကို ပြတ်တောင်း ပြတ်တောင်းကြား၏။ တစ်ခါတစ်ရံ၌လည်း ပျားကောင်အချို့သည် ပျားကောင်ပေါက်ကလေးများရှိရာ ပျားသွင်းပေါက်များကို သန့်ရှင်းစင်ကြယ်အောင် လုပ်လေ့ရှိကြသည့်အတိုင်း ပျားကောင်အသေများ၊ ပိတုန်းကောင်အသေများကို မနိုင့်တနိုင်ဖြင့် သယ်ဆောင်လာကြ၏။ သို့ရာတွင် ပြုရိုးပြုစဉ်ကိစ္စ ဖြစ်၍ ပြုလုပ်ခြင်းမျိုးသာ ဖြစ်ပါလျက် အဘယ့်ကြောင့် ယခုကဲ့သို့ ပြုလုပ်နေကြသည်ကိုမူကား သိကြပါသနည်း မတူတော့ချေ။ တစ်နေရာ၌ကား ပျားအိုကြီးနှစ်ကောင်သည် တစ်ကောင့်တစ်ကောင် သတ်ဖြတ်လျက် ရှိကြ၏။ နောက်တစ်နေရာ၌ ပျားနှစ်ကောင်သည် မိမိကိုယ်မှ အညစ်အကြေးများကို ဆေးကြောသန့်စင်လျက် ရှိကြ၏။ အခြားတစ်နေရာ၌မူ ပျားနှစ်ကောင်သည် တစ်ကောင့်တစ်ကောင် အစာကျွေးလျက် ရှိကြ၏။ ဤအပြုအမူများကို ပြုလုပ်၍ သာနေကြသော်လည်း ၎င်းတို့သည် တစ်ကောင့်တစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com

ရန်လိုသောသဘောဖြင့် ပြုမူနေကြခြင်းလော၊ မိတ်ဆွေသဘောဖြင့် ပြုမူနေကြခြင်းလောဆိုသည်ကို မသိကြတော့ချေ။ အခြားတစ်နေရာ၌ကား ပျားတစ်အုပ်သည် ပျားအုံထဲသို့ ကျူးကျော်ဝင်ရောက်သည့် ရန်သူ ပိုးကောင်တစ်ကောင်ကို သူ့ထက်ငါ တိုးဝှေ့ကိုက်ခဲ သတ်ဖြတ်နေကြသည်။ ခဏကြာသောအခါ ထိုပိုးကောင်သည် ခုခံစွမ်းမရှိတော့သောကြောင့်လော၊ အသက်ဆုံးရှုံးပြီဖြစ်၍လော မသိ၊ ငှက်တောင်ကလေးတစ်တောင်ကဲ့သို့ ပျားအုံကြမ်းပြင်ရှိ ပျားကောင်သေများပေါ်သို့ ကျသွား၏။

ပျားဖွပ်သမားသည် ပျားသွင်းပေါက်များကို ကြည့်ရန်အတွက် အလယ်က ပျားလပို့ကြီးကို ဆွဲဖယ်လိုက်သည်။ ယခင်ကမူ ဤနေရာ၌ ထောင်ပေါင်းများစွာသော ပျားတို့သည် တစ်ကောင့်တစ်ကောင် ကျောချင်းကပ်၍ ပြွတ်သိပ်ထိုင်ကာ လှို့ဝှက်ဆန်းကြယ်သော ပျားမျိုးဆက်ကြီးတစ်ခုလုံးအား ကာကွယ်စောင့်ရှောက်လျက်ရှိခြင်းကို တွေ့ရသော်လည်း ယခုသော်ကား ရည်ရွယ်ချက်ကင်းမဲ့၍ လေးလံထိုင်းမှိုင်းလျက်ရှိသော ပျားကောင်အချို့ကိုသာ တွေ့ရတော့သည်။ ပျားကောင်အချို့သည် ၎င်းတို့ကာကွယ်စောင့်ရှောက်ခဲ့သည့် ပျက်စီးယိုယွင်းစပြုနေပြီဖြစ်သောအဆောက်အအုံကြီးထဲတွင် အသက်ကင်းမဲ့လျက်ရှိကြလေပြီ။ ၎င်းတို့ကိုယ်မှ ပုပ်သိုးဆွေးမြည့်သည့် အနံ့သာလျှင် ထွက်ခဲ့လေပြီ။ အချို့ပျားများမှာကား မသေကြသေးဘဲ တလှုပ်လှုပ်ဖြင့် ထလာကြကာ ရန်သူပျားဖွပ်သမားများ၏လက်ပေါ်သို့ ခုန်ခုန်စွာပျံလာပြီး နားနေကြသည်။ သို့သော်လည်း ၎င်းတို့၌ ရန်သူကို တုတ်ရင်းသေမည်ဟူသော မာန်မရှိတော့ပြီ။ အချို့ပျားများမှာလည်း မူးဝေကာ ငါးအကြွေးခွံများသဖွယ် အောက်သို့ လိမ့်ကျသွားကြသည်။ ပျားဖွပ်သမားသည် ဤသို့ စစ်ဆေးကြည့်ရှုပြီး နောက် ပျားအုံကို ပြန်ပိတ်ကာ ထုံးတို့မှတ်ထားလိုက်သည်။ အချိန် ရသည်နှင့် တစ်ပြိုင်နက် ထိုပျားအုံမှ ပျားရည်တို့ကို ထုတ်ယူကာ မီးရှို့ဖျက်ဆီးလိုက်တော့မည် ဖြစ်ပေသည်။

နပိုလီယန်သည် မျက်နှာကြီးသုန်မှုန်လျက် ကင်မာကိုလက်ဇကီခံတပ်ရှေ့၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍ ကိုယ်စားလှယ်အဖွဲ့ကို စောင့်ဆိုင်းနေချိန်တွင် (နပိုလီယန်၏စိတ်တွင် အနည်းဆုံး ထုံးတမ်းစဉ်လာအရပင် ဖြစ်စေ မြို့ကိုအပ်ရန် လာရောက်သင့်သည်ဟု ထင်သည်။) မော်စကိုမြို့ကြီးကား အထက်ဖော်ပြပါအတိုင်း ယင်းပျားအပေါင်းတို့ ပျံလေပြီးသော ပျားအုံကြီးတစ်အုံသဖွယ် ဟာလာဟင်းလင်းဖြစ်လျက် ရှိလေသည်။

မော်စကိုမြို့ အကြိုအကြား၌ကား အချို့သူတို့သည် ရည်ရွယ်ချက်ကင်းမဲ့စွာ သွားလာလှုပ်ရှားလျက် ရှိကြ၏။ သို့ရာတွင် လှုပ်ရှားမြဲဖြစ်၍သာ လှုပ်ရှားနေရသော်လည်း အဘယ်ကြောင့် လှုပ်ရှားနေကြသည်ကိုမူ ၎င်းတို့ကိုယ်တိုင် သိဟန်မတူကြချေ။

မော်စကိုမြို့ကြီး၌ လူသူကင်းမဲ့ကာ ဟာလာဟင်းလင်းဖြစ်လျက်ရှိကြောင်းဖြင့် အရိပ်အခြည်ကို ကြည့်၍ လျှောက်တင်လိုက်သည့်အခါ၌မူကား နပိုလီယန်သည် လျှောက်တင်သူကို ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် ကြည့်လိုက်ပြီး ချာခနဲလှည့်သွားကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်မြဲ လမ်းလျှောက်နေပေသည်။

"ကရထား ပြင်ကြ၊ ကရထား" နပိုလီယန်က ဆို၏။

နပိုလီယန်သည် တာဝန်ကျကိုယ်ရံတော်ဘေးတွင် ဝင်ထိုင်လိုက်ပြီး မော်စကိုဆင်ခြေဖုံးသို့ ဝင်လာခဲ့၏။

"အိမ်း၊ မော်စကို ကို စွန့်ပြေးကြပြီ။ ယုံနိုင်စရာမရှိတဲ့ အဖြစ်ကြီးပါလားကွယ်တို့။ ယုံနိုင်စရာမရှိတဲ့ အဖြစ်အပျက်ကြီးပါကလား"

နပိုလီယန်သည် မြို့လယ်အထိ မဝင်ချေ။ ဒိုဂို မီလော့ဆင်ခြေဖုံးရပ်ကွက်သို့ ရောက်လျှင် တည်းခိုဂေဟာငယ်တစ်ခု၌ တည်းခိုခြင်း ပြုလေသည်။

ဇာတ်ပွဲကြီးကား မစသေးချေ။

အခန်း ၂၁

ရုရှားတပ်များသည် သန်းခေါင်ကျော် နှစ်ချက်တီးအချိန်မှစပြီး နောက်တစ်နေ့ မွန်းလွဲ နှစ်ချက်တီးအထိ မော်စကို မြို့ကိုဖြတ်၍ ဆုတ်ခွာလျက် ရှိကြ၏။ ဒဏ်ရာရသူများနှင့် မြို့မှ ထွက်ပြေးကြသူများကိုလည်း ၎င်းတို့နှင့်အတူ ခေါ်ဆောင်သွားကြလေသည်။

တပ်များဖြတ်သန်းစဉ်အတွင်း ကျောက်တံတား၊ မော့စကာဗာတံတားနှင့် ယောဇတံတားတို့တွင် ကြိတ်ကြိတ်တိုးလျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

စစ်တပ်များသည် ကရင်မလင်နန်းတော်အနီးမှ နှစ်စုခွဲ၍ ဖြတ်သန်းလာခဲ့ရာ တစ်စုမှာ ကျောက်တံတား ထိပ်နှင့် မော့စကာဗာတံတားထိပ်တွင် စုပြုံတိုးဝှေ့လျက် ရှိ၏။ ရှေ့တွင် တိုးမပေါက်အောင် ပြွတ်ကျပ်နေသော အခါ၌ များစွာသောတပ်သားများသည် တံတားထိပ်မှ ပြန်လှည့်လာခဲ့ကြပြီးနောက် ရင်ပြင်နီရှိ ဗာစီလီသုခမ္မာဇရပ်ထဲသို့ လည်းကောင်း၊ ရင်ပြင်နီနောက်ဖေး ဗိုရိဗစ်ကီနန်းမြို့ရိုးတံခါးအနီးသို့ လည်းကောင်း တိတ်တဆိတ် ရောက် လာကြသည်။ ၎င်းတို့ရောက်လာခြင်းမှာကား ၎င်းတို့ ပိုင်ဆိုင်ခြင်းမရှိသော ပစ္စည်းကိုယူရန်အတွက် ၎င်းတို့၏ ပကတိစိတ်၏ စေခိုင်းချက်အရ ရောက်လာခဲ့ကြခြင်းဖြစ်လေသည်။ အပေါစားပစ္စည်းများကို ရောင်းသည့် ဈေးများ၌ တွေ့ရသော စုတ်စုတ်ပေပေ လူများမှာလည်း ဈေးကြီး တစ်ခုလုံးပြည့်ကျပ်လျက် ရှိလေသည်။ သို့ရာတွင် ဈေးဝယ်သူများအား ဝယ်ပါ ယူပါ တစာစာဖြင့် ဟစ်အော်ရောင်းချတတ်သော် ဈေးသည်များကိုကား တစ်ယောက်မျှ မတွေ့ရ ချေ။ ပခုံးထမ်းဈေးသည်များ၊ ဈေးသို့လာနေကြ ဈေးဝယ်သူ အိမ်ရှင်မများကိုလည်း မမြင်ရချေ။ ကြည့်လိုက်တိုင်း စစ်ဝတ်စုံများ၊ စစ်ဝတ်ရုံအင်္ကျီရှည်များကို ဝတ်ထားသည့် စစ်သားများသည် ဈေးထဲသို့ လူလွတ်ဝင်သွားကြကာ အထုပ်အပိုးများကို သယ်၍ လမ်းကြိုလမ်းကြားများမှ တိတ်တဆိတ် ထွက်လာကြခြင်းကိုသာ မြင်ရ၏။ ချိတ်ကုန်တိုက် ကုန်ရောင်းသော ဆိုင်ကြီးများမှ ပိုင်ရှင်များနှင့် စာရေးများသည် (၎င်းတို့၏ အရေအတွက်မှာ နည်းပါးသည်။) စစ်သားများအလယ်၌ မျက်နှာငယ်ကလေးများဖြင့် သွားလာနေကြ၏။ ၎င်းတို့ကိုယ်တိုင်မှာလည်း ၎င်းတို့ပိုင် ကုန်တိုက်ကြီးများကိုဖွင့်၍ စာရေးများ၏ အကူအညီဖြင့် ပစ္စည်းများကို သယ်ဆောင်သွားကြ၏။ ဈေးရှေ့ကွက် လပ်ထဲ၌ကား ဘင်ခရာတီးဝိုင်းမှ တပ်သားများသည် ဘင်များကို တဒိုင်းဒိုင်းတီး၍ တပ်သားများကို ပြန်ခေါ် နေကြသည်။ သို့ရာတွင် ဘင်ခရာသံများသည် ဈေးထဲသို့ ဝင်ရောက်လုယက်လျက်ရှိသော တပ်သားများအား ၎င်းတို့ရှိရာသို့ ပြန်လာအောင် ခေါ်နိုင်စွမ်းမရှိကြတော့ဘဲ၊ လွတ်ရာကျွတ်ရာသို့ မောင်းလွှတ်နေသကဲ့သို့သာ ရှိတော့သည်။ ဆိုင်များနှင့် လမ်းကြိုလမ်းကြားများထဲ၌ စစ်သားများအပြင် ခေါင်းတုံးရိတ်ထားသော အင်္ကျီအပြာနှင့် လူများကိုလည်း မြင်ရ၏။ (၎င်းတို့မှာ ထောင်ဖွင့်လွှတ်လိုက်သဖြင့် ထောင်မှ လွတ်လာသော အကျဉ်းသားများဖြစ်သည်။) သေးကွေးကြုံလို့၍ အမွေးအတောင် မွဲခြောက်ခြောက်ရှိသော မြင်းပိန်ကလေးကို စီးထားလျက် စစ်ဝတ်စုံပေါ်တွင် လည်စည်းထပ်စည်းထားသည့် တပ်ဗိုလ် တစ်ယောက်နှင့် စစ်ဝတ်ရုံအင်္ကျီကြီးကို ဝတ်ကာ ခြေလျင် လျှောက်နေသော တပ်ဗိုလ်တစ်ယောက်တို့သည် အိလျင်ကာလမ်းထောင့်တွင် ရပ်၍ စကားပြောနေကြ၏။ အခြားတပ်ဗိုလ်တစ်ယောက်သည် ၎င်းတို့အနီးသို့မြင်းကို ဒုန်းစီး၍ ရောက်လာသည်။

"ဗျို့ တပ်သားတွေကို ဒီနေရာက ချက်ချင်း မောင်းထုတ်ပစ်ရမယ်လို့ ဗိုလ်ချုပ်ကြီးက အမိန့်ပေးလိုက်တယ်၊ ဒီလို လက်ပိုက်ကြည့်နေလို့ ဖြစ်မလား ဗျ။ တပ်သားတွေလဲ တကွဲတပြား ဖြစ်ကုန်ပြီ"

"ဟေ့ မအေပေးတွေ၊ ဘယ်သွားမလို့လဲ ဟင်။ ဘယ်လဲ။ ရပ်၊ ခုရပ်" မြင်းပေါ်မှ တပ်ဗိုလ်သည် သေနတ်မပါဘဲ စစ်သားဝတ်ရုံအင်္ကျီကြီးများကို မချွတ် ဈေးကြားထဲသို့ ဝင်မည်ပြုနေသော ခြေလျင်တပ်သားသုံးဦးအား လှမ်းအော်လိုက်သည်။

"မတတ်နိုင်ဘူးဗျ။ ကျုပ်တို့လဲ ဒီအတိုင်း ကြည့်နေရတာပဲ၊ ဒီနားမှာ ဝဲလည်ဝဲလည် လုပ်မနေစေချင်ရင် ရှေ့ကတပ်တွေက တံတားကို မြန်မြန်ပြီးအောင် ကူးကြရုံရှိတာပဲ" တပ်ဗိုလ်တစ်ဦးက ပြောသည်။

"ဘယ့်နယ်လုပ်ပြီး မြန်မြန်ပြီးအောင်ကူးလို့ ဖြစ်မလဲဗျ။ တံတားအလယ်မှာ ပြွတ်သိပ်ပြီး ရှေ့တိုးလို့ မရ၊ နောက်ဆုတ်လို့ မရဖြစ်နေတယ်။ ဒီမှာ၊ ဒီတပ်သားတွေ ထွက်မပြေးအောင် ကျုပ်တို့ လမ်းတွေကို အကုန်ပိတ်ပြီး ကင်းချထားရင် ဘယ့်နယ်လဲ"

"ကဲဗျာ ပြောနေကြာတယ်။ လာ ဒီကောင်တွေ အကုန်ပိတ်ဖမ်းမယ်" ရာထူးကြီးသော တပ်ဗိုလ်က ဆို၏။

စစ်ဝတ်စုံပေါ်တွင် လည်စည်းစည်းထားသည့် တပ်ဗိုလ်သည် ၎င်း၏မြင်းပိန်ခြောက်ကလေးပေါ်မှ ဆင်းပြီး ဘင်သမားတစ်ယောက်ကို ခေါ်ကာ ဈေးကွက်ထဲသို့ ဝင်သွား၏။ အချို့တပ်သားများမှာ အုပ်လိုက်ထွက်ပြေးကြသည်။ ပါးတွင် ဝက်ခြံထူလပျစ်ပေါက်ကာ သေးသွယ်ရှည်လျားသောမျက်နှာပေါ်၌ ဇယားစေ့သောအမှုအရာမျိုး

www.burmeseclassic.com

www.burmeseclassic.com

ကို ဆောင်ထားသည့် ဈေးသည်တစ်ယောက်သည် လက်ပြ၍ တပ်ဗိုလ်ထံ ပြေးထွက်လာ၏။

"ဗိုလ်လေး၊ ကျွန်တော်တို့ကို ကယ်ပါဦး၊ ပစ်မထားပါနဲ့။ ဗိုလ်လေးလိုချင်ရင် ကျွန်တော် အဝတ်တစ်စ ပြေးယူလိုက်ပါမယ်။ နှစ်စလိုချင်လဲ နှစ်စ ရပါ့မယ်။ ကျွန်တော်တို့ကိုတော့ ပစ်မထားပါနဲ့။ တပ်သားတွေ အကုန်ဝင်လုကုန်ပါပြီ။ ဗိုလ်လေးတို့က အစောင့်ချမပေးနိုင်ဘူးဆိုရင်လဲ ဆိုင်ပိတ်လို့ရအောင် တပ်သားတွေကို နှင်ထုတ်ပေးပါ"

ခဏကြာလျှင် တပ်ဗိုလ်အနီးသို့ ဈေးသည်များ ဝိုင်းအုံရောက်လာကြ၏။

"ဒီလောက်လဲ တွေးပူမနေကြနဲ့ဗျ။ ခေါင်းဖြတ်ခံရပြီးမှ ဆပင်နှမြောနေလို့ ဖြစ်ဦးမတဲ့လား။ ကျုပ်တို့တော့ မတားဘူး။ ကြိုက်ရာ ယူကြပစေ"

ခပ်ပိန်ပိန် မျက်နှာထားဆိုးဆိုးနှင့် လူတစ်ယောက်က ပြော၏။

"အေး၊ ပြောပေါ့ဗျာ။ ခင်ဗျားက လူလွတ်ကိုး။ ဗိုလ်လေး တပ်သားတွေကို နှင်ပေးပါဦး" ပထမကုန်တိုက်ပိုင်ရှင်က ဆို၏။

"ဘယ်က လူလွတ်ရမှာလဲဗျ။ ကျုပ်ဆိုင် သုံးဆိုင်ထဲမှာ ကုန်တစ်သိန်းဖိုး ရှိတယ်ဗျ။ သိရဲ့လား။ စစ်တပ်ဆုတ်သွားပြီး အစိုးရမရှိတဲ့နောက်မှာ သော့ခတ်ထားလို့ကော လုံခြုံမှာတဲ့လား။ တော်တော်ခက်ဦးမယ့်လူတွေပဲ။ ဘုရားသခင်ရဲ့ အားကို လူသား မဖိဆန်သာဘူးဗျ။ သိရဲ့လား"

"ဗိုလ်လေး။ ဆိုင်ထဲ ကြွပါဦးဗျ" ပထမ ကုန်တိုက်ပိုင်ရှင်က ဖိတ်ခေါ်၏။

တပ်ဗိုလ်ကလေးသည် ဝေခွဲမရသောမျက်နှာဖြင့် ရပ်နေ၏။

"ဒါ ကျွန်တော့်တာဝန် မဟုတ်ဘူးဗျ" တပ်ဗိုလ်သည် တစ်ခွန်းတည်း ခပ်ပြတ်ပြတ်ပြောကာ ဈေးလမ်းကြားတစ်ခုထဲသို့ ဝင်လာခဲ့၏။

တံခါးပွင့်လျက်ရှိသော ဆိုင်တစ်ဆိုင်ထဲမှ ရိုက်ပုတ်သံ၊ ဆဲသံများ ကြားရ၏။ တပ်ဗိုလ်သည် ထိုဆိုင်ဘက်သို့ လျှောက်လာခဲ့၏။ ဆိုင်ဝသို့အရောက် အင်္ကျီပြာခေါင်းတုံးပြောင်ပြောင်နှင့် လူတစ်ယောက်သည် ဆိုင်ပြင်သို့ ဗုန်းခနဲလွင့်ကျလာ၏။

သို့ရာတွင် ချက်ချင်းပင် တပ်ဗိုလ်၏အနီးမှ ထ၍ ထွက်ပြေးလေသည်။ တပ်ဗိုလ်သည် ဆိုင်ထဲသို့ ဝင်လာကာ တပ်သားများအား လက်ထဲတွင်ပါလာသည့် တုတ်ဖြင့် သိမ်းရိုက်ပြီး အပြင်သို့ မောင်းထုတ်နေသည်။ ထိုအခိုက် မော့စကာဗာမြစ် တံတားပေါ်မှ ထိတ်လန့်စဖွယ် ငယ်သံပါအောင် စူးစူးဝါးဝါးအော်သံများကို ကြားလိုက်ရသဖြင့် တပ်ဗိုလ်သည် ဆိုင်ပြင်သို့ ပြေးထွက်လာခဲ့သည်။

"ဗိုလ်လေး ဘာဖြစ်တာလဲဗျ။ ဘာဖြစ်တာလဲ" တပ်ဗိုလ်ကလေးသည် ၎င်း၏ရဲဘော်တပ်ဗိုလ်ကလေး တစ်ဦးကို လှမ်း၍မေး၏။ သို့ရာတွင် ထိုတပ်ဗိုလ်ကလေးမှာ ဗာစီလီသုခမ္မာဇရပ်အနီးမှ ဖြတ်၍ အော်သံထွက်ပေါ်လာရာ တံတားဘက်သို့ ဒုန်းစိုင်းသွားလေပြီ။

တပ်ဗိုလ်ကလေးသည် ၎င်း၏ မြင်းပိန်ခြောက်ကလေးပေါ်သို့ တက်စီးပြီး တံတားဆီသို့ ထွက်လာခဲ့၏။ တံတားသို့ရောက်သောအခါတွင် ခင်တိတ်ဖြူတ်ထားသော မြောက်ကြီးနှစ်လက်၊ တံတားကိုဖြတ်လျက်ရှိသော ခြေလျင်တပ်သားများ၊ ကျွမ်းထိုးမှောက်ခုံဖြစ်လျက်ရှိသော လှည်းများနှင့် ငိုအားထက် ရယ်အားသန်ဆိုသကဲ့သို့ ရယ်မောလျက်ရှိသော တပ်သားများကို တွေ့ရ၏။ အမြောက် မြတပူကြီးတစ်လက်၏အနီးတွင် မြင်းနှစ်ကောင်တပ် လှည်းတစ်စီး ရပ်လျက်ရှိ၍ လည်ပတ်တပ်ထားသော တောခွေးဝံပုလွေကြီး လေးကောင်မှာ လှည်းဘီးအနီးတွင် ကြောက်လန့်တကြား ကပ်နေကြ၏။ လှည်းမှာ ဝန်စည်အပြည့် တင်ထားလျက် ဝန်စည်များထိပ်တွင် ကလေးစီးလက်တွန်းလှည်းကလေးတစ်စီးကို ပက်လက်ထောင်ထား၏။ ကလေးစီးလှည်းဘေးတွင်မူ မိန်းမကြီးတစ်ယောက်ထိုင်၍ စူးစူးဝါးဝါးအော်ဟစ်ငိုယိုလျက် ရှိလေသည်။ အကြောင်းကို စုံစမ်းကြည့်ရာ ဗိုလ်ချုပ်ကြီးအာမိုလော့ဗ် ရောက်လာ၍ အရပ်သား စစ်ပြေးဒုက္ခိတတို့၏လှည်းများကလည်း တံတားထိပ်တွင် ပိတ်ဆို့နေခြင်း၊ တပ်သားများ အကွဲကွဲအပြားပြားဖြစ်ကာ ဈေးဆိုင်များကို ဝင်လုနေခြင်းစသည်တို့ကို သိရသည်ကြောင့် အမြောက်နှစ်လက်ကို ခင်တိတ်မှ အဖြုတ်ခိုင်းပြီး တံတားဆီသို့ပစ်ရန် ချိန်ရွယ်စေကြောင်း၊ ဤတွင် တံတားပေါ်၌ ပြွတ်သိပ်တိုးဝှေ့နေသည့် လူအုပ်ကြီးမှာ ကြောက်လန့်တကြား တိုးဝှေ့ထွက်ပြေးကြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

လဲသူလဲ၊ ကွဲသူကွဲဖြစ်ကာ လှည်းတွေ မှောက်ကုန်ကြောင်း၊ ထို့ကြောင့် ကြောက်လန့်တကြားအော်ဟစ်ကြခြင်း ဖြစ်ကြောင်း၊ ယခုမှ တဲတား၊ပေါ်တွင် ရှင်းသွားပြီဖြစ်၍ တပ်များ ဖြတ်ကူးကာ ရှေ့သို့ ချီတက်နိုင်တော့ကြောင်းဖြင့် သိရလေသည်။

အခန်း ၂၂

ထိုအတောအတွင်း၌ မော်စကိုမြို့ကြီးသည် တိတ်ဆိတ်ခြောက်ကပ်လျက် ရှိလေသည်။ လမ်းများပေါ်တွင် လူတစ်ယောက်မျှ မရှိတော့ချေ။ ဝင်းတံခါးများနှင့် စျေးဆိုင်များမှာ ပိတ်ထားကြ၏။ အချို့ဘုံဆိုင်များဆီမှ အရက်မူးမူးဖြင့် သီချင်းဆိုသံများ၊ အော်ဟစ်ပြောဆိုသံများကို ကြားရ၏။ ပိုဗာစကားယားလမ်းကြီးမှာလည်း ခြောက်သွေ့တိတ်ဆိတ်လျက် ရှိလေသည်။ မြို့စားကြီး ရော့စတော့ဗ်၏ စံအိမ်ဝင်းထဲတွင်ကား ကောက်ရိုးမျှင်များ၊ မြင်းချေးများ ပြန့်ကျဲလျက် ရှိ၏။ လူသူအရိပ်အယောင်ကို မမြင်ရချေ။ ပစ္စည်းများအပြည့်ဖြင့် ခြေရာလက်ရာမပျက်ရှိနေသော ဧည့်ခန်းဆောင်ကြီးထဲတွင် လူနှစ်ယောက် ရှိ၏။ ၎င်းတို့ကား ဥယျာဉ်စောင့်အီညက်နှင့် အစေတော်သူငယ်ကလေး မီရှကာတို့ ဖြစ်၏။ မီရှကာမှာ လက်စွဲတော်ကျွန်ယုံကြီး ဗာစီလစ်၏ မြေးဖြစ်၍ ၎င်း၏အဘိုးနှင့် အတူ မော်စကိုတွင် ကျန်ရစ်ခဲ့ခြင်း ဖြစ်လေသည်။ မီရှကာသည် ရှေးစနှစ်ရာကြီးကိုဖွင့်ကာ လက်ညှိုးဖြင့် တဒေါင်းဒေါင် တီးနေ၏။ ဥယျာဉ်စောင့် အီညက်သည် လက်နှစ်ဖက်ကို ဆန့်၍ ကြီးမားသောကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် ပြုံးပြုံးကြီး ရပ်လျက် ရှိ၏။

"ဦးလေး၊ ကျွန်တော်တို့တော့ ဇိမ်ပဲဗျ။ ဟဲ ဟဲ" မီရှကာသည် အီညက်ကို လှမ်းပြောလိုက်ပြီး လက်နှစ်ဖက်ဖြင့် ရှေးစနှစ်ရာကြီးကို စုံတီးချလိုက်သည်။

"ဟဲ ဟဲ ဇိမ်ကျတာတော့ မပြောနဲ့ဟော့" အီညက်က လှမ်းပြောလိုက်ပြီး ပါးစုံကြီးများကို ဆွဲနှက်လာအောင် ပြုံးလိုက်ရင်း မှန်ကြည့်နေသည်။

"အလိုလေးတော်။ ဒါ နင်တို့နဲ့ ဘာဆိုင်လို့လဲဟင်" ဧည့်ခန်းဆောင်ကြီးထဲသို့ တိတ်တဆိတ်ဝင်လာသော အိမ်ထောင်ထိန်း မိန်းမကြီး မက်ဗရာက အော်လိုက်၏။ "ဟိုသေနာကောင်က မှန်ကြီးကြည့်ပြီး သွားဖြီးပြနေလိုက်သေးတယ်၊ ဒါ နင်တို့နေရာလား ဟင်။ အောက်မှာ ဘာပစ္စည်းမှ မသိမ်းရသေးဘူး။ ဗာစီလစ်ဖြင့် ဖတ်ဖတ် မောနေပြီ။ သွား ကူလုပ်ကြဦး"

အီညက်သည် ခါးပတ်ကို ပြင်ပတ်၍ ရယ်ကျဲကျဲဖြင့် အခန်းပြင်ဘက်သို့ ထွက်သွားသည်။

"အသာလေး တီးတာပါ ကြီးတော်ရဲ့" မီရှကာက ဆို၏။

"အသာလေးတီးတယ်ဆိုရင် နင့်ထိပ်ကိုလဲ ငါ အသာလေးခေါက်ပြမယ် မျောက်ကလေး။ သွား၊ နင့်အဘိုးဖို့ လက်ဖက်ရည် သွားတည်ချေဦး" မက်ဗရာက လက်ကို မြှောက်၍ ခေါင်းခေါက်မည် ပြုလိုက်သည်။

မက်ဗရာသည် ရှေးစနှစ်ရာကြီးပေါ်မှ ဖုန်များကို သုတ်လိုက်ပြီး အဖုံးကို ပိတ်လိုက်၏။ ထို့နောက် သက်ပြင်းကြီး တစ်ချက်ချကာ တံခါးမကြီးကို သော့ခတ်၍ ထွက်လာခဲ့သည်။

မက်ဗရာသည် ဝင်းထဲသို့ ထွက်လာခဲ့ပြီး ဗာစီလစ်နှင့် အတူ လက်ဖက်ရည်သောက်ရမည်လော၊ ပစ္စည်းသိုလှောင်ခန်းထဲ ဝင်၍ ပစ္စည်းများကို သိမ်းရမည်လောဟု ဝေခွဲမရဘဲ စဉ်းစားနေသည်။

ထိုအခိုက် တိတ်ဆိတ်လျက်ရှိသော လမ်းမကြီးပေါ်မှ တဘုတ်ဘုတ်ပြေးလာသော ဖိနပ်သံများကို ကြား၏။ ဖိနပ်သံများသည် ဝင်းဝတွင် ရပ်သွား၏။ ဝင်းတံခါးကို တွန်းဖွင့်နေသံကိုလည်း ကြားရသည်။

မက်ဗရာသည် ဝင်းတံခါးဆီသို့ လာခဲ့၏။

"ဘယ်သူ့ကို တွေ့ချင်လို့လဲ"

"မြို့စားကြီးကို တွေ့ချင်လို့ပါ။ မြို့စားကြီး ရော့စတော့ဗ်"

"ဘယ်သူလဲ"

"ကျွန်တော် တပ်ဗိုလ်တစ်ယောက်ပါခင်ဗျာ။ မြို့စားကြီးနဲ့ တွေ့စရာကိစ္စလေးတစ်ခု ရှိလို့ပါ" ယဉ်ကျေးသိမ်မွေ့သောအသံတစ်သံက ပြော၏။

မက်ဗရာသည် ဝင်းတံခါးမကြီးကို ဖွင့်လိုက်၏။ မြို့စားကြီး ရော့စတော့ဗ်ကဲ့သို့ မျက်နှာဝိုင်းဝိုင်း၊ အသက်ဆယ့်ရှစ်နှစ်ခန့်ရှိ တပ်ဗိုလ်ကလေးတစ်ဦးသည် ဝင်းထဲသို့ ဝင်လာ၏။ တပ်ဗိုလ်ကလေးသည် ဝင်းထဲသို့ ဝင်ရ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမည်လောဟု ဝေခွဲမရသည့်လက္ခဏာဖြင့် ရပ်၍ လျှာကို အောက်နှုတ်ခမ်းနှင့် တို့ကာ ကလစ်ကလစ်မြည်အောင် ပြုနေ၏။

"သခင်ကြီး ဘုရားတို့ ပြောင်းသွားကြပြီ ဗိုလ်လေးရဲ့။ မနေ့မနက် ဝတ်တက်ချိန်လောက်ကဘဲ ထွက်သွားကြပြီ" မက်ဗရာက ဖြေ၏။

"အား၊ ခွကျတာပဲဗျာ။ ကျွန်တော် မနေ့က လာလိုက်ရင် မိမှာ။ ခုတော့ ဒုက္ခပဲ"

မက်ဗရာသည် တပ်ဗိုလ်ကလေး၏ မျက်နှာပေါ်မှ မြို့စားကြီး ရော့စတော့ဗ်နှင့် ခပ်ဆင်ဆင်ရှိသောသွင်ပြင်လက္ခဏာများကို စူးစိုက်အကဲခတ်နေ၏။ တပ်ဗိုလ်ကလေး၏ အပေါ်ရုံအင်္ကျီသည် စုတ်ပြဲကာ ဖိနပ်များလည်း ပေါက်ပြဲလျက် ရှိ၏။

"သခင်ကြီးဘုရားကို ဘာကိစ္စ တွေ့ချင်လို့လဲ ဗိုလ်လေး"

"အေးဗျာ၊ ကိစ္စမရှိပါဘူး။ နေပါစေတော့" တပ်ဗိုလ်ကလေးသည် စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်ပြီးနောက် ဝင်းတံခါးပေါင်ကို ကိုင်ကာ ပြန်ထွက်ရန် ဟန်ပြင်လိုက်သည်။

တစ်ဖန် ဝေခွဲမရသော အမူအရာဖြင့် ရပ်နေပြန်သည်။

"ကျွန်တော်က မြို့စားကြီးရဲ့တူပါ။ ဦးရီးတော် မြို့စားကြီးက ကျွန်တော့်ကို တော်တော်လေးချစ်ပါတယ်။ ခု ကျွန်တော့်(တပ်ဗိုလ်ကလေးသည် စုတ်ပြဲနေသောအင်္ကျီနှင့် ဖိနပ်ကိုငုံ၍ ခပ်ပြုံးပြုံးကြည့်လိုက်ပြီးနောက်) ကျွန်တော့် အဝတ်အစားတွေ စုတ်ပြဲနေလို့ ဝယ်စရာလဲ ပိုက်ဆံမရှိတော့ဘူး။ ဒါကြောင့် ဦးရီးတော်ဆီက ပိုက်ဆံလေးဘာလေး"

မက်ဗရာက တပ်ဗိုလ်ကလေး၏ စကားအဆုံးကို မစောင့်တော့ဘဲ ပြောလိုက်သည်။

"အို ဖြစ်မှ ဖြစ်ရလေ ဗိုလ်လေးရယ်။ ခဏလေး နေဦးနော်" မက်ဗရာသည် ဇရာဖိစီးစပြုလေပြီဖြစ်သော ခန္ဓာကိုယ်ကို အိုမင်းစပြုပြီဖြစ်သော ခြေထောက်များဖြင့် သယ်ဆောင်ကာ နောက်ဖေးတန်းလျားဆီသို့ ခပ်သုတ်သုတ် ထွက်လာခဲ့၏။

နောက်ဖေးတန်းလျားရှိ ၎င်း၏ အခန်းသို့ မက်ဗရာ ပြန်သွားစဉ်၌ တပ်ဗိုလ်ကလေးသည် ပေါက်ပြဲနေသော သူ၏ ဖိနပ်များကို ငုံကြည့်၍ စံအိမ်ဝင်းထဲသို့ လမ်းလျှောက်နေသည်။

'ဦးရီးတော်ကို မတွေ့ရတာ နာသကွာ။ အဘွားကြီးကတော့ သဘောကောင်းရှာသားပဲ။ ဘယ်များ ထွက်သွားတာပါလိမ့်။ တပ်ကိုမီအောင် ဘယ်လမ်းက လိုက်ရမလဲတောင် မသိပါဘူး။ ခုဆိုရင် ငါ့တပ်ရင်းဟာ ရိုဂိုစကီတံခါးနားတော့ ရောက်လောက်ရော့မယ်"

တပ်ဗိုလ်ကလေးသည် တွေးနေ၏။ ထိုအခိုက် မက်ဗရာသည် လက်ထဲတွင် လက်ကိုင်ပဝါတစ်ထည်ကို လိပ်ကိုင်ကာ အိမ်နောက်မှ ပေါ်လာ၏။ မက်ဗရာ၏ အမူအရာမှာ ကြောက်ရွံ့ဟန်ရှိသော်လည်း ပြတ်သားသော အသွင်ကို ဆောင်လျက် ရှိ၏။ အနီးသို့ ရောက်သော် မက်ဗရာသည် လက်ကိုင်ပဝါကို ဖြေ၍ ငွေဒင်္ဂါးနှစ်ဆယ့်ငါးပြားတန်တစ်ရွက်ကို လှမ်းပေးလိုက်သည်။

"သခင်ကြီး ဘုရားသာရှိရင်တော့ ဒီထက်မကပေးမှာပဲ ဗိုလ်လေး။ ဒါပေမဲ့"

မက်ဗရာက မရဲတရဲဖြင့် လှမ်းပေးလိုက်သည်။ တပ်ဗိုလ်ကလေးသည် ငြင်းပယ်ခြင်း မပြုဘဲ ငွေစက္ကူကို လှမ်းယူလိုက်ပြီး မက်ဗရာကို ကျေးဇူးစကား ဆို၏။

"သခင်ကြီး ဘုရားသာ ရှိရင်တော့" မက်ဗရာက အားနာသော လေသံဖြင့် ပြော၏။ "ကဲ ဗိုလ်လေး သွားပေတော့၊ ဘေးမသီ ရန်မခ ချောချောမောမော ရှိပါစေတော်။ ဘုရားသခင် ကိုယ်တော်မြတ်ကြီး စောင့်မတော်မူပါစေ"

မက်ဗရာသည် တပ်ဗိုလ်ကလေးကို ဦးညွတ်၍ နှုတ်ဆက်၏။

တပ်ဗိုလ်ကလေးသည် ခေါင်းကိုယမ်းကာ မိမိအဖြစ်ကို မိမိ ရယ်ချင်သကဲ့သို့ ပြုံးလိုက်ပြီး ၎င်း၏ တပ်ရင်းကို အမီလိုက်ရန်အတွက် ယောဇတံတားဘက်ဆီသို့ တိတ်ဆိတ်ခြောက်သွေ့သော လမ်းမကြီးအတိုင်း ခပ်သုတ်သုတ် ပြေးထွက်သွားလေသည်။

မက်ဗရာသည် ဝင်းတံခါးကို ပိတ်ကာ ထိုနေရာတွင် အတန်ကြာမျှ ရပ်နေမိသည်။ ၎င်း၏ မျက်လုံးများတွင် မျက်ရည်များ ဝိုင်းလျက် ရှိ၏။ အမည်မသိ တပ်ဗိုလ်ကလေးအား သားရင်းပမာ သနားကြင်နာသည့်စိတ်တို့

www.burmeseclassic.com

www.burmeseclassic.com

သည် ရင်ဝယ် တဖွားဖွားပေါ်လာကြ၏။ ထို့နောက် မက်ဗရာသည် ခေါင်းကို ဖြည်းညင်းစွာ ယမ်းနေမိလေသတည်း။

အခန်း ၂၃

မော်စကိုမြို့ထဲရှိ ဗာဗာရကာ မြစ်ကမ်း၌ ဆောက်လက်စ အိမ်တစ်လုံး ရှိ၏။ ထိုအိမ်အောက်ထပ်မှာ အရက်ဆိုင် ဖြစ်လေသည်။ အရက်ဆိုင်ထဲ၌ အရက်မူးဖြင့် အော်ဟစ်နေသံများ၊ သီချင်းဆိုသံများသည် ဆူညံလျက် ရှိ၏။ ညစ်ပတ်ပေရေသော အရက်ဆိုင်အခန်းကလေးတစ်ခုထဲ၌ကား အလုပ်သမားဆယ်ယောက်ခန့်ထိုင်၍ အရက်သောက်လျက် ရှိကြသည်။ ၎င်းတို့၏ မျက်နှာများသည် ချွေးအလိမ်းလိမ်း ကပ်လျက်ရှိ၍ မျက်လုံးများသည် ရီဝေလျက် ရှိကြ၏။ ၎င်းတို့သည် ပါးစပ်ကြီးများကို အစွမ်းကုန်ဖြဲကာ သီချင်းများကို တစ်ပုဒ်ပြီး တစ်ပုဒ် အော်ဆိုနေကြသည်။ သို့ရာတွင် ညီညီညာညာဆိုခြင်း မဟုတ်။ တစ်ယောက်တစ်ပေါက် စိတ်ကူးတည့်ရာကို အော်ဆိုနေကြခြင်း ဖြစ်၏။ သီချင်းဆိုချင်၍ ဆိုနေကြခြင်း မဟုတ်ဘဲ၊ အရက်၏အရှိန်ကြောင့် အူမြူးကာ တွေ့ကရာကို ဆိုနေခြင်းဖြစ်ကြောင်း ၎င်းတို့၏အမူအရာကို ကြည့်ခြင်းဖြင့် သိနိုင်၏။ အရပ်ရှည်ရှည်၊ ဆံပင်ကောင်းကောင်းနှင့် အင်္ကျီပြာကို ဝတ်ထားသောလူငယ်တစ်ယောက်သည် မတ်တတ်ရပ်လျက် ရှိ၏။ ၎င်း၏ဖြောင့်စင်းသောနှာတံသည် မျက်နှာတွင် ထင်းထင်းကြီး ပေါ်လျက် ရှိ၏။ အကယ်၍သာ နှုတ်ခမ်းများက ဤမျှလောက် ပါးလွှာခြင်း၊ ရှဲ့မဲ့ခြင်း၊ ချိုင့်ဝင်ခြင်း မရှိ၊ မျက်လုံးများကလည်း ဤမျှလောက်ပြူးကျယ်ရီဝေခြင်း မရှိပါက ၎င်း၏မျက်နှာမှာ လွန်စွာချောမောခန့်ညားမည့်မျက်နှာမျိုး ဖြစ်၏။ ထိုလူရွယ်သည် ထိုင်၍သီချင်းဆိုနေသူများကြားဌ မားမားကြီးရပ်ကာ အင်္ကျီလက်ကို တဲတောင်ဆစ်အထက်ထိ ပင့်တင်လိုက်ပြီး ဖြူဖွေးသောလက်မောင်းကို ဒ့ယမ်းကာ ညစ်ပတ်ပေရေသော လက်ချောင်းများကိုလည်း ကွေးချည်ဆန့်ချည် ပြုလျက် ရှိ၏။ အင်္ကျီလက်သည် မကြာခဏ ပြန်ကျလာတတ်၍ ထိုသို့လျှောကျလာတိုင်းလည်း ဝဲဘက်လက်ဖြင့် အင်္ကျီလက်ကို မကြာခဏ ပြန်တင်နေတတ်လေရာ ထိုအချိန်၌ အရိုးပေါ်အရေတင်လျက်ရှိသည့် ဖြူရော်သောလက်မောင်းများကို ဟာလာဟင်းလင်းဖြစ်နေစေခြင်းသည် ထိုလူရွယ်၏အရေးတကာ့ အရေးအကြီးဆုံး အလုပ်ကြီး တစ်ခုပေလောဟု ထင်မှတ်ရ၏။ ဤသို့ တစ်ယောက်တစ်ပေါက်အော်ဟစ်၍ သီချင်းဆိုနေကြစဉ်၌ ဆိုင်ရှေ့ဆီမှ တအုန်းအုန်း ရိုက်ပုတ်ထိုးကြိတ်သံများကို ကြား၏။ အရပ်ရှည်ရှည်နှင့် လူရွယ်သည် လက်ကို ယမ်းပြလိုက်သည်။

"ဟေ့၊ အားလုံး တိတ်။ ရှေ့မှာ ပွဲကြီး ပွဲကောင်းကွ" လူရွယ်သည် ဤသို့ ခပ်ကျယ်ကျယ်ပြောလိုက်ပြီးနောက် လျှောကျလာသောအင်္ကျီလက်ကို ထပ်၍ပင့်တင်ရင်း ဆိုင်ပြင်သို့ ထွက်သွားသည်။

အလုပ်သမားများသည် ၎င်း၏နောက်မှ လိုက်လာကြသည်။ အလုပ်သမားများသည် အရပ်ရှည်ရှည်နှင့် ထိုလူရွယ်ကို ဆရာတင်ကာ တစ်မနက်လုံး အရက်ဆိုင်ထဲတွင် အရက်သောက်နေခဲ့ခြင်း ဖြစ်၏။ အလုပ်သမားများသည် စက်ရုံမှ ပစ္စည်းအချို့ကို ယူလာကြကာ ဘုံဆိုင်ပိုင်ရှင်ကို ပေးကြသည့်အတွက် ဘုံဆိုင်ပိုင်ရှင်က ၎င်းတို့ကို အရက် ပြန်တိုက်ခြင်း ဖြစ်လေသည်။ ဤသို့ဖြင့် ဘုံဆိုင်ထဲ၌ တစ်မနက်လုံး အော်ဟစ်လျက် ရှိကြလေရာ အနီးရှိ ပန်းပဲဖိုတစ်ခုမှ ပန်းပဲသမားများသည် ဘုံဆိုင်ထဲမှ ဆူညံစွာအော်ဟစ်သံများကို ကြားရသည်၌ ဘုံဆိုင်ကို ဖောက်နေကြပြီဟု ထင်မှတ်လျက် ဘုံဆိုင်ထဲသို့ အတင်းဝင်လာကြ၏။ ဤတွင် ဆိုင်ရှေ့၌ ဘုံဆိုင်ပိုင်ရှင်နှင့် ပန်းပဲသမားများ ရန်ဖြစ်ကြလေသည်။

ဘုံဆိုင်ပိုင်ရှင်သည် ရှေ့ဆုံးမှ တက်လာသော ပန်းပဲသမားနှင့် လုံးထွေးသတ်ပုတ်လျက် ရှိ၏။ ပန်းပဲဖိုဘက်မှ နောက်ထပ်ပန်းပဲသမားများ ထွက်လာသည့်အခါ၌ ပန်းပဲသမားသည် ဘုံဆိုင်ပိုင်ရှင်လက်ထဲမှ အတင်းရုန်းထွက်လိုက်ရာ ကိုင်ရိုက်လိုက်သကဲ့သို့ လမ်းဘေးစင်္ကြံပေါ်သို့ မှောက်လျက် လဲကျသွားလေသည်။

အခြားပန်းပဲသမားတစ်ယောက်သည် ဘုံဆိုင်ပိုင်ရှင်ကို အတင်းတိုးကာ ဆိုင်ထဲသို့ဝင်ရန် ကြိုးစားလျက် ရှိ၏။

"လာကြဟေ့၊ ငါတို့ကို ဝိုင်းရိုက်ကုန်ကြပြီ"

အင်္ကျီလက်ပင့်ထားသည့်လူရွယ်သည် ပန်းပဲသမား၏မျက်နှာကို တစ်ချက်ဝင်၍ထိုးပြီး အော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက် စကြံပေါ်တွင် လဲကျနေသည့် ပန်းပဲသမားသည် ထလာကာ စုတ်ပြဲသွားသောမျက်နှာကို သွေးထွက်လာအောင် ကုတ်ပစ်လိုက်ပြီး

"လာကြပါဗျို့၊ ဝိုင်းသတ်နေပါတယ်၊ လာကြပါ။ လူတစ်ယောက် သေပါပြီ"ဟု အော်ပြန်သည်။

"ဘုရား ဘုရား၊ လူသတ်သွားလို့တဲ့ တော်ရေ။ ကယ်တော်မူကြပါ" အနီးရှိ အိမ်တစ်အိမ်မှ မိန်းမတစ်ယောက်ကလည်း သံယောင်လိုက်၍ အော်သည်။

သို့ဖြင့် မျက်နှာတွင် သွေးအလိမ်းလိမ်း ကပ်လျက် ရှိသော ပန်းပဲသမား၏ဘေးသို့ လူအများ ဝိုင်းအုံလာကြ၏။

"ဟေ့ကောင်၊ ဒီလောက် လုယူရ တော်ရောပေါ့ကွ။ လုလဲ လုသေးတယ်။ လူလဲသတ်သေးတယ်ဆိုရင် လွန်လှချည်လား။ ဘာဖြစ်လို့ သတ်ရတာလဲဟင် ခွေးသား" တစ်ယောက်က ဘုံဆိုင်ပိုင်ရှင်ဘက်သို့ လှည့်၍ အော်လိုက်၏။

အရပ်ရှည်ရှည်လူရွယ်သည် မှုန်မွဲပြူးကျယ်သောမျက်လုံးကြီးများဖြင့် ပန်းပဲသမားကိုတစ်လှည့်၊ ဘုံဆိုင်ပိုင်ရှင်ကို တစ်လှည့် ကြည့်နေ၏။ ၎င်း၏စိတ်ထဲ၌ မည်သူ့ဘက်က ဝင်သတ်ရမည်နည်းဟု ဝေခွဲမရဖြစ်နေပုံရလေသည်။ ထို့နောက် သူသည် ဘုံဆိုင်ပိုင်ရှင်ဘက်သို့ ရုတ်တရက်လှည့်၍

"ဟေး၊ မင်း လူသတ်သမားလားဟင်။ ဟေ့ တို့ လူတွေ လာ လာ။ ဒီကောင်ကို ဝိုင်းဖမ်းကြ"

"ဘာလဲ မင်းက ငါ့ကို ဖမ်းချင်လို့လား၊ ဟုတ်လား" ဘုံဆိုင်ပိုင်ရှင်သည် လူအုပ်ကြီးကို တိုးဝှေ့ကာ အရပ်ရှည်ရှည်လူရွယ်ရှေ့သို့ ရောက်လာပြီး ခေါင်းမှဦးထုပ်ကို ဆွဲချွတ်၍ လွှင့်ပစ်လိုက်၏။

ဘုံဆိုင်ပိုင်ရှင်၏ ရဲတင်းသောအပြုအမူကြောင့် ဘေးမှ အလုပ်သမားများသည် ရဲသွားကြပြန်သည်။

"ဟေ့ကောင်တွေ၊ ဥပဒေကို ငါ နားလည်တယ်ကွ။ ငါကလဲ မင်းတို့ကို ရဲဗိုလ်ဆီ သွားတိုင်မယ်။ ခုအချိန်မှာ လုရင် ကြီးလေးသောဒဏ် ပေးမယ်လို့ ကြေညာထားတာ မင်းတို့သိတယ် မဟုတ်လား"

ဘုံဆိုင်ပိုင်ရှင်သည် ဦးထုပ်ကို ကောက်၍ ဆောင်းလိုက်၏။

"ဟေ့ကောင်တွေ ရဲဌာနကို လိုက်ခဲ့"

ဘုံဆိုင်ပိုင်ရှင်နှင့် အရပ်ရှည်ရှည် လူရွယ်သည် တစ်ယောက်တစ်ပြန်ပြောကာ လမ်းမသို့ ထွက်လာကြ၏။ မျက်နှာတွင် သွေးအလိမ်းလိမ်းကပ်နေသော ပန်းပဲသမားလည်း လိုက်လာလေသည်။ အလုပ်သမားများနှင့် လူအုပ်ကြီးကလည်း တစ်ယောက်တစ်ပေါက်အော်ကာ နောက်မှ ဝိုင်းအုံ လိုက်လာကြလေသည်။

မိုရိစေကာလမ်းထောင့်ရှိ ဖိနပ်ထောင်တစ်ဦး၏ ဆိုင်ရှေ့၌ကား ဖိနပ်ချုပ်သမားတစ်သိုက်သည် သုန်မှုန်သောမျက်နှာထားဖြင့် ရပ်နေကြ၏။ ၎င်းတို့အား လုံးကားပိန်ချုံးလျက် ရှိကြ၏။ အင်္ကျီအဝတ်အစားများမှာလည်း စုတ်ပြတ်ညစ်ပေလျက် ရှိလေသည်။

"ခွေးသားကြီး၊ တို့ကို လုပ်ခ ကောင်းကောင်း မပေးဘူး" ပိန်ပိန်ပါးပါး မုတ်ဆိတ်မွေးထူလပျစ်နှင့် ဖိနပ်ချုပ်သမားတစ်ယောက်က ဆို၏။

"ခွေးသားကြီး တို့ကို သွေးစုပ်ပြီးတော့ ခွေးလို ဝက်လို ပစ်ထားတယ်"

လူအုပ်ကြီးနှင့် သွေးအလိမ်းလိမ်းကပ်နေသော ပန်းပဲသမားကို မြင်သည့်အခါတွင် ဖိနပ်ချုပ်သမားများသည် စကားပြတ်သွားကာ လူအုပ်ကြီးနှင့် ရောနှော လိုက်ပါလာကြလေသည်။

"ဘယ်သွားကြမလို့လဲဗျ"

"ရဲဌာနကိုဟေ့၊ ရဲဌာနကို"

လူအုပ်ကြီးထဲ၌ မေးသံဖြေသံတို့ ဆူညံလျက် ရှိ၏။ လူအုပ်ကြီးများလာသောအခါ ဘုံဆိုင်ပိုင်ရှင်သည် လူအုပ်ကြားတွင် ကိုယ်ယောင်ဖျောက်၍ နောက်ချန်နေရစ်ခဲ့ပြီး ဘုံဆိုင်သို့ ပြန်လာခဲ့လေသည်။

အရပ်ရှည်ရှည်နှင့် လူရွယ်ကား ဘုံဆိုင်ပိုင်ရှင် ပျောက်သွားသည်ကို မသိသေးဘဲ လက်သီးလက်မောင်းတန်း၍ အော်ကျယ်ဟစ်ကျယ် ပြောဆိုလျက် ရှိ၏။ အားလုံးကလည်း သူ့ကိုပင် ဂရုစိုက်ကြည့်နေကြသည်။ လူအုပ်ကြီးသည် အကျိုးအကြောင်း မေးမြန်းရန်အတွက် ထိုလူရွယ်၏အနီးတွင် ကြိတ်ကြိတ်တိုးလျက် ရှိ၏။

"မြို့ထဲမှာ အစိုးရ ရှိသေးတယ်ဗျ။ ဒီကောင်က အစိုးရမရှိဘူးထင်ပြီး ရမ်းကားနေတာ။ အစိုးရရှိနေသရွေ့ ဥပဒေကို လိုက်နာရမှာပဲ မဟုတ်ဘူးလား။ အစိုးရ

www.burmeseclassic.com

www.burmeseclassic.com

မရှိရင် ကျုပ်တို့ပစ္စည်းတွေကို လုယက်ကုန်တော့မှာပေါ့။ အစိုးရ မရှိလို့ ဘယ်ဖြစ်မလဲ”

“ဟေ့ကောင် အပိုတွေ ပြောမနေနဲ့ကွ။ မြို့ထဲမှာ အစိုးရ ရှိသေးတယ်။ စစ်တပ်တွေ ဖြတ်နေတာ မမြင်ဘူးလား။ ဟေ့ကောင် ငြိမ်၊ နောက်ထပ် မပြောနဲ့” အချို့ကလည်း အရပ်ရှည်ရှည်လူရွယ်ကို အော်ကြ၏။

တရုတ်တန်း တံတိုင်းကြီးအနီးသို့ ရောက်သော အခါ ခါးတ အင်္ကျီဝတ်လျက် လက်ထဲတွင် စာရွက်တစ်ရွက်ကိုင်ထားသည့် လူတစ်ယောက်အနီး၌ ဝိုင်းနေကြသော လူတစ်စုကို တွေ့ရ၏။

“ဟေ့ အမိန့်ကြော်ငြာစာ ထုတ်နေတယ်ကွ။ ကြော်ငြာစာထုတ်နေတယ်”

လူအုပ်ကြီးသည် အမိန့်ကြော်ငြာစာကို ဖတ်လျက် ရှိသူအနီးသို့ ဝိုင်းအုံလာသည်။

ခါးတို အင်္ကျီဝတ်ထားသူသည် ဩဂုတ်လ ၃ ရက်နေ့က ထုတ်ပြန်သော မြို့ဝန် ရော့စတော့ချင်၏ အမိန့်စာကို ဖတ်နေသည်။ အနားသို့ လူအုပ်ကြီး ဝိုင်းလာသော အခါ ထိုလူသည် စိတ်ရှုပ်သွားဟန်ဖြင့် ရပ်လိုက်၏။ အရပ်ရှည်ရှည်လူရွယ်က ရှေ့သို့ တိုးလာပြီး အတင်းအဖတ် ခိုင်းသည်တွင် အမိန့်ကြော်ငြာစာကို အသံတုန်တုန်ဖြင့် အစအဆုံး ပြန်ဖတ်နေသည်။

“နံနက်ဖြန် နံနက်စောစောတွင် မော်စကိုမြို့ဝန် ကျွန်ုပ် မြို့စားကြီး ရော့စတော့ချင်သည် စစ်သေနာပတိ ချုပ် ကိုယ်တော်ကြီး ကူတူဇော့ဗ်နှင့် သွားရောက်တွေ့ဆုံကာ ပြင်သစ် ဓားပြများကို နှိမ်နင်းရေးအတွက် ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။’ အလဲ့ ကိုယ်တော်ကြီး ဆိုပါလား။ (အရပ်ရှည်ရှည်လူရွယ်က မျက်မှောင်ကုတ်ရာမှ ပြုံး၍ ပြော၏။)‘ကျွန်ုပ်တို့ မော်စကို မြို့သူမြို့သားများသည်’ (အမိန့်ကြော်ငြာစာဖတ်သူက နားထားလိုက်၏။ “ဟေ့ကောင်တွေ ကြားရဲ့လား။ မြို့ဝန်အမိန့်” ဟု အော်သံများ ထွက်ပေါ်လာပြန်သည်။) ‘ရန်သူများအား နှိမ်နှင်းရာတွင် တပ်တော်ကြီးနှင့် အတူ ပါဝင်ဆောင်ရွက်မည်ဖြစ်လျက် ကျူးကျော်သူများကို သေတွင်းသို့ ပို့ဆောင်မည်ဖြစ်သည်။ ကိုယ်တော်ကြီး ကူတူဇော့ဗ်နှင့် တွေ့ဆုံ၍ အရေးကိစ္စများကို တိုင်ပင်ဆွေးနွေးပြီးနောက် ကျွန်ုပ်သည် မြို့သို့ ပြန်၍ ညစာစားကာ ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရန်သူစားပြတို့ကို မောင်းနှင်ထုတ်ကြမည်ဖြစ်ကြောင်း။ မြို့ဝန်မင်း အမိန့်တော်”

နောက်ဆုံး စာပိုဒ်ကို ဖတ်သောအခါ၌ လူအုပ်ကြီးသည် တိတ်ဆိတ်လျက် ရှိ၏။ အရပ်ရှည်ရှည်လူရွယ်သည် မျက်မှောင်ကြီးကုတ်၍ ခေါင်းငုံ့နေ၏။ လူအုပ်ကြီးသည် အမိန့်ကြော်ငြာစာ၏ အဓိပ္ပာယ်ကို နားလည်ပုံ မရကြချေ။ အထူးသဖြင့် ‘ကျွန်ုပ်သည် မြို့သို့ ပြန်၍ ညစာစားကာ’ ဟူသော စာပိုဒ်ကိုကား အမိန့်စာဖတ်နေသူကရော လူအုပ်ကြီးကပါ နှစ်သက်ပုံ မရကြချေ။ ထိုအချိန်၌ လူအုပ်ကြီးမှာ သွေးဆူလျက်ရှိလေရာ သွေးဆူလျက်ရှိသော လူအုပ်ကြီးအား မလိုသောစာပိုဒ်ကို ဖတ်ပြ၍ ဘာအကျိုးထူးမည်နည်း။ အာဏာအပိုင်ဆုံးသော မြို့ဝန်ရင့်မကြီး၏ အမိန့်ကြော်ငြာစာ ဖြစ်ပါလျက် ထိုအထဲ၌ ၎င်း၏ ထမင်းစားရေသောက်ကိစ္စကို အဘယ့်ကြောင့် ရေးကြီးခွင်ကျယ်လုပ်၍ ထည့်ရေးနေရ သေးသနည်း။

လူအုပ်ကြီးသည် စိတ်ပျက်လက်ပျက်ဖြင့် ငိုင်နေကြ၏။ အရပ်ရှည်ရှည်လူရွယ်သည် ပါးစပ် တရွရွလှုပ်လာကာ

“ဟေ့ ဒီလူက ဘာဆိုင်လို့ အမိန့်ကြော်ငြာစာကို ဖတ်ရတာလဲ။ သူက မြို့ဝန်လား”

“အေး ဟုတ်တယ်၊ ဒီကောင်က ဘာကောင်လဲ”

တစ်ယောက်တစ်ပေါက် အော်ဟစ်လာကြ၏။ ထိုအခိုက် လမ်းပေါ်မှ ရဲဝန်၏ ရထားသည် ဘေးတစ်ဖက် တစ်ချက်တွင် လက်ပစ်ဗုံးကိုင် ရဲသားနှစ်ဦးခြံရံ၍ မောင်းလာလေသည်။ လူအုပ်ကြီးသည် ရထားဆီသို့ အာရုံပြောင်းသွားပြန်သည်။

ရဲဝန်သည် ထိုနေ့နံနက်က မြို့ဝန် ရော့စတော့ချင်၏ အမိန့်ဖြင့် မော့စကာဗာမြစ်ထဲရှိ ဖောင်များ ကူးတို့လှေများကို သွားရောက်ဖျက်ဆီးရာမှ ပြန်လာခဲ့ခြင်း ဖြစ်၏။ ရဲဝန်၏ အိတ်ထဲတွင် လှေပိုင်ရှင်များက လာဘ်ထိုးလိုက်သဖြင့် ငွေစက္ကူများ တစ်ထပ်ကြီး ပါလာလေသည်။ မိမိရထားဆီသို့ ဝိုင်းအုံလာကြသည့် လူအုပ်ကြီးကို မြင်သည့်အခါတွင် ရဲဝန်သည် ရထားကို အရပ်ခိုင်းလိုက်၏။

“ဘာလဲဟေ့”

ရဲဝန်က မိမိရထားဆီသို့ မရဲတရဲကပ်လာသည့်

www.burmeseclassic.com

www.burmeseclassic.com

လူအုပ်ကြီးကို မေးလိုက်၏။

"ဟေ့၊ ဘာလဲလို့ မေးနေတာ မကြားဘူးလား"

လူအုပ်ကြီးက မဖြေသဖြင့် ရဲဝန်က ထပ်မေးလိုက်သည်။

"ဟုတ် ဟုတ်ကဲ့ သခင်ကြီး။ မြို့ဝန်မင်းဘုရား ရဲ့ ကြော်ငြာစာကိုဖတ်ပြီး ဟောဒီက ဟောဒီက လူတွေက ရန်သူတွေကို တိုက်ချင်တယ်လို့ ပြောနေကြလို့ပါ။ အဓိက ရုဏ်း မဟုတ်ပါဘူး။ မြို့ဝန်မင်းဘုရား ရဲ့ ကြော်ငြာစာကို ဖတ်ပြီး"

ခါးတိုအင်္ကျီဝတ်ထားသူက ဆို၏။

"အေး၊ တိုက်ချင်ရင် နေကြဦး။ မြို့ဝန် ရှိသေးတယ်။ မကြာခင် အမိန့် ထပ်ထုတ်လိမ့်မယ်။ ကဲဟေ့ မောင်းတော့" ရဲဝန်သည် ရထားကို အမောင်းခိုင်းလိုက်၏။

လူအုပ်ကြီးသည် မောင်းထွက်သွားသော ရထားကို ကြည့်ကာ တစ်ယောက် တစ်ယောက် ဝေဖန်ပြောဆိုလျက် ရှိကြ၏။

ရဲဝန်သည် နောက်တွင်ကျန်ရစ်ခဲ့သော လူအုပ်ကြီးကို ထိတ်လန့်ကြောက်ရွံ့သောအမူအရာဖြင့် လှမ်းကြည့်ပြီးနောက် ရထားသမားကို တစ်စုံတစ်ရာ လှမ်းပြောလိုက်ရာ ရထားသည် ယခင်ကထက် လျင်မြန်စွာ အရှိန်ပြင်းလာလေသည်။

"ဟေ့လူတွေ၊ ဒီရဲဝန်ကောင် တို့ကို လိမ်သွားတာကွ။ မြို့ဝန်ရော ရဲဝန်ရော ထွက်ပြေးကုန်ကြပြီ ထင်တယ်။ လိုက်ဖမ်းကြဟေ့၊ လိုက်ဖမ်းကြ။ ရဲဝန် တို့ကို မလိမ့်တပတ်လုပ်ပြီး ထွက်ပြေးတာ။ မလွတ်ပေ့စေနဲ့ ဖမ်းကြ၊ ဖမ်းကြ"

အရပ်ရှည်ရှည်လူရွယ်က အော်လိုက်သည်။ လူအုပ်ကြီးသည် ရဲဝန်၏ရထားနောက်သို့ ဝိုင်းလိုက်ကြပြန်၏။ ဤသို့ တစ်ယောက်တစ်ပေါက် အော်ဟစ်ရင်း ရဲဝန်၏ရထားနောက်သို့ လိုက်လာကြရာမှ လူအုပ်ကြီးသည် လူဗျန်ကာလမ်းအနီးသို့ ရောက်လာကြ၏။

"ဟေ့၊ မင်းမျိုးမင်းနွယ်တွေရော၊ ကုန်သည်တွေရော တို့ကိုပစ်ပြီး ထွက်ပြေးကုန်ကြပြီကွ။ မအေပေးတွေ။ တို့ကို ခွေးသေပစ်သလို ပစ်,ပစ်ခဲ့တယ်။ မအေပေး ရဲဝန်၊ မအေပေး မြို့ဝန်"

လူအုပ်ကြီးထဲမှ ဆဲဆိုသံများ ထွက်ပေါ်လာလေသည်။

အခန်း ၂၄

စစ်သေနာပတိချုပ်ကူတူဇော်နှင့် တွေ့ဆုံပြီးနောက် မြို့ဝန်ရော့စတော့ချင်သည် စက်တင်ဘာလ ၁-ရက်နေ့တွင် မော်စကိုမြို့သို့ ပြန်ရောက်လာခဲ့လေသည်။ စစ်သေနာပတိချုပ်က မိမိအား စစ်ဦးစီးဌာနချုပ်၏ အရေးပေါ်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းမပြုသည့်အတွက်ကြောင့် လည်းကောင်း၊ မော်စကိုမြို့ကာကွယ်ရေးတွင် မိမိပါဝင်ဆောင်ရွက်မည်ဟု ကမ်းလှမ်းခြင်းကို အရေးမစိုက်သည့်အတွက်ကြောင့် လည်းကောင်း ရုက်လည်း ရုက်ဒေါလည်းပွလျက် ရှိသည်။ စစ်သေနာပတိချုပ်က မော်စကိုမြို့၏ ငြိမ်ဝပ်ပိပြားရေးနှင့် ဇာတိသွေး ဇာတိမာန် ထက်သန်မှုတို့ကို သာမန်ကာလျှံကာမျှ သဘောထားရုံမက မိမိနှင့် ပတ်သက်ခြင်းမရှိသော အရေးမကြီးသည့် ကိစ္စတစ်ရပ်ဖြစ်လေဟန် ပြလိုက်ခြင်းကြောင့်လည်း အံ့သြမိသည်။ ဤသို့ဖြင့် စစ်သေနာပတိချုပ်၏စခန်းရုံးတွင် တွေ့မြင်ခဲ့ရသော ထူးဆန်းသည့် အပြုအမူများကြောင့် မြို့ဝန်ရော့စတော့ချင်သည် ဝမ်းနည်းသောစိတ်၊ နာကြည်းသောစိတ်၊ အံ့အားသင့်သောစိတ်တို့ဖြင့် မော်စကိုသို့ ပြန်လာခဲ့၏။ ညလယ်စာစားပြီးသည်နှင့် မြို့ဝန် ရော့စတော့ချင်သည် အဝတ်အစားကိုမျှပင် မလဲနိုင်ဘဲ ထိုင်ဖုံတစ်ခုပေါ်တွင် ခြေပစ်လက်ပစ် အိပ်ပျော်သွားလေရာ သန်းခေါင်ကျော်အချိန် စစ်သေနာပတိချုပ်ကူတူဇော်ထံမှ စာတစ်စောင်ကို ယူဆောင်လာသော ဆက်သားတစ်ဦး ရောက်လာသည့်အခါမှ နိုးလေတော့သည်။ စာ၌ ရာရှားတပ်များ မော်စကိုကို ဖြတ်၍ ရာဇန်ပေတစ်ရာလမ်းမကြီးအတိုင်း ဆုတ်ခွာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့တွင်း၌ တပ်များကို လမ်းပြရန် ရဲအရာရှိများ စေလွှတ်ပေးပါမည့်အကြောင်း ဖော်ပြထား၏။ ဤစာသည် မြို့ဝန် ရော့စတော့ချင်အဖို့ အဆန်း မဟုတ်တော့ချေ။ ယမန်နေ့က ပေါက္ကလုံနီတောင်ကုန်းထိပ်စခန်း၌ စစ်သေနာပတိချုပ်ကူတူဇော်နှင့် မတွေ့မီ ဘိုရိုဒီနိုတိုက်ပွဲပြီးကတည်းက မော်စကိုမြို့အား ရန်သူ့လက်သို့ စွန့်ပစ်ခဲ့ရတော့မည်ဖြစ်ကြောင်း မြို့ဝန် ရော့စတော့ချင်သိပြီး ဖြစ်၏။ ဘိုရိုဒီနိုတိုက်ပွဲ ပြီးသည့်နောက် မော်စကိုသို့ ရောက်လာသော စစ်ဗိုလ်ချုပ်များအားလုံးကလည်း မော်စကိုမှ ခုခံ၍ မဖြစ်တော့ကြောင်း တညီတညွတ်

www.burmeseclassic.com

www.burmeseclassic.com

တည်း ထုတ်ဖော်ပြောဆိုခဲ့ပြီး ဖြစ်၏။ ထိုအချိန်မှစ၍ အစိုးရပိုင်ပစ္စည်းများကို ညတိုင်း ရွှေ့ပြောင်းထားပြီးလေပြီ။ မြို့သူမြို့သားတစ်ဝက်ကျော်တို့သည်လည်း မြို့ဝန် ရော့စတော့ချင်၏ ခွင့်ပြုချက်ဖြင့် မြို့မှ ထွက်ခွာသွားကြလေသည်။ သို့သော်လည်း မြို့ဝန် ရော့စတော့ချင်သည် ဤစာကို ရသောအခါ မော်စကိုမှ ဆုတ်ခွာရတော့မည်ဆိုခြင်းကို ယခုမှ သိသကဲ့သို့ အံ့အားသင့်လျက် ရှိ၏။ မိမိကဲ့သို့ မြို့ဝန်ရင့်မကြီးတစ်ယောက်ကို စာလေးတစ်ကြောင်း နှစ်ကြောင်းလောက်မျှဖြင့် တိုတိုတောင်းတောင်း အမိန့်ပေးထားရုံမျှမက အချိန်မတော် ညဉ့်ကြီးသန်းခေါင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာသို့ နှိုး၍ လာရောက်ပေးသဖြင့်လည်း ဒေါပွလျက် ရှိလေသည်။

ထိုစဉ်က ၎င်း၏အပြုအမူနှင့် ပတ်သက်၍ နောင်သောအခါ မြို့ဝန် ရော့စတော့ချင်က မှတ်တမ်းရေးခဲ့ရာတွင် မိမိမှာ ထိုအချိန်က အရေးကြီးသော အချက်နှစ်ချက်ကိုသာ စဉ်းစားခဲ့ကြောင်း၊ ယင်းတို့မှာ မော်စကိုမြို့၏ ငြိမ်ဝပ်ပိပြားရေးနှင့် မြို့သူမြို့သားများကို အမြန်ဆုံး ပြောင်းရွှေ့နိုင်ရန် စီစဉ်ရေးဖြစ်ကြောင်းဖြင့် ဖော်ပြခဲ့လေသည်။ ၎င်း၏အဆိုပါ အကြောင်းပြချက်နှစ်ချက်သည် တကယ်အမှန်ဖြစ်လျှင် မြို့ဝန် ရော့စတော့ချင်ကို ဘာမျှ အပြစ်ဆိုဖွယ် မရှိချေ။ 'ဘုရား ဌာပနာများ၊ လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ ယမ်းအိုးများ၊ ဂျုံစပါး သိုလှောင်ရာ ဌာနများကို အဘယ့်ကြောင့် ရွှေ့ပြောင်းခြင်း မပြုသနည်း။ မော်စကိုမြို့ကို စွန့်လွှတ်ခြင်းပြုမည်မဟုတ်ဟု အဘယ်ကြောင့် မြို့သူ မြို့သားများအား လိမ်လည်ပြောဆိုထားရသနည်း။ ဤသို့ဖြင့် များစွာသောပစ္စည်းတို့ ဆုံးရှုံးရသည် မဟုတ်လော' ဟု အပြစ်တင်ကြခြင်းနှင့် ပတ်သက်၍ 'ယင်းမှာ မော်စကိုမြို့၏ ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းရန် စိမံရခြင်း ဖြစ်ပါသည်' ဟု မြို့ဝန် ရော့စတော့ချင်က ၎င်း၏မှတ်တမ်းတွင် ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရသည်။ 'အစိုးရရုံးများမှ အသုံးမဝင်သော စာရွက်စာတမ်းများ၊ လက်ပစ်၏မီးပုံးပျဲများနှင့် အခြားပစ္စည်းများကို ရေးကြီးခွင်ကျယ်လုပ်၍ ပြောင်းရွှေ့ခြင်း ပြုရာသလော' ဟု အပြစ်တင်ကြခြင်းနှင့် စပ်လျဉ်း၍မူ 'ဤသည်မှာ ရန်သူတို့ ဝင်လာသောအခါ မြို့ကို ဟောင်းလောင်းထားခဲ့လိုရ၍ ဖြစ်သည်' ဟု ၎င်း၏မှတ်တမ်းတွင် ရှင်းချက်ထုတ်ထားသည်ကို တွေ့ရပြန်သည်။ ယင်းသို့ဖြင့် မြို့ဝန် ရော့စတော့ချင်သည် မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ ရပ်ရွာငြိမ်ဝပ်ပိပြားရေးအတွက် လုပ်ရသည်ဟူသော ဓာတ်ပြားဟောင်းကြီးကို ဖွင့်ပြတတ်သည်သာ ဖြစ်ပါသည်။ အုပ်စိုးသူများသည် ရပ်ရွာငြိမ်ဝပ်ပိပြားရေးဟူသော အကြောင်းပြချက်ဖြင့် ၎င်းတို့၏ရက်စက်ကြမ်းကြုတ်မှုများကို ဖုံးကွယ်တတ်ကြသည်သာ ဖြစ်ပါသည်။

စင်စစ်၌ကား ငါ့မင်းငါချင်း အာဏာရှင်စနစ်၏ ရက်စက်ကြမ်းကြုတ်မှု ဟူသမျှသည် ရပ်ရွာငြိမ်ဝပ်ပိပြားရေးဟူသော အကြောင်းပြချက်မှ ပေါက်ဖွားလာကြခြင်းသာ ဖြစ်လေသည်။

၁၈၁၂-ခုနှစ်တုန်းက မြို့ဝန် ရော့စတော့ချင်သည် မည်သည့်အတွက်ကြောင့် မြို့ရွာငြိမ်ဝပ်ပိပြားရေးအတွက် ဤမျှ စိုးရိမ်ကြောင့်ကြ ဖြစ်နေရပါသနည်း။ မြို့ထဲတွင် မြို့သူ မြို့သားတို့ ပုန်ကန်သောင်းကျန်းကြလိမ့်မည်ဟု စိုးရိမ်ရလောက်အောင် မည်သည့်အထောက်အထားများ ရှိပါသနည်း။ ထိုအချိန်က မြို့သူ မြို့သားများသည် မြို့မှ ထွက်ခွာလျက်ရှိပြီး စစ်တပ်များလည်း တစ်မြို့လုံး တင်းကျမ်း-ပြည့်လျက်ရှိသည် မဟုတ်ပါလော။ ဤအချက်သည် ပုန်ကန်ထကြွစရာရှိသည်ဟု စိုးရိမ်စရာအကြောင်းလော။

မော်စကိုဥ၌ ဖြစ်စေ၊ ရုရှားနိုင်ငံတစ်ဝှမ်းရှိ မည်သည့် မြို့ရွာ၌ ဖြစ်စေ ပုန်ကန်ထကြွမှုနှင့် တူသည့်အရာဟူ၍ တစ်ခုမျှဖြစ်ပွားခဲ့ခြင်း မရှိချေ။ စက်တင်ဘာလ ၁-ရက်နေ့နှင့် ၂-ရက်နေ့အထိ မော်စကိုမြို့ထဲ၌ လူဦးရေတစ်သိန်းခန့်ရှိနေသေးသော်လည်း မြို့ဝန်၏ အိမ်ဝင်းထဲ၌ မြို့ဝန် ပြောင်းရွှေ့ခါနီး လာရောက်နှုတ်ဆက်ကြရင်း အနည်းငယ်ရှန်းရင်းဆန်ခတ်ဖြစ်သည်မှအပ အခြားဘာမျှ ထွေထွေထူးထူး မဖြစ်ပွားခဲ့ချေ။ ဘိုရိုဒိနိုတိုက်ပွဲပြီးသည့်နောက် မော်စကိုမြို့ကို ရန်သူ့လက်သို့ ဝက္ကြာအပ်ရန် တစ်ဝက်သေချာနေသည့်အချိန်တွင် မြို့ဝန် ရော့စတော့ချင်သည် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ လက်နက်များ ဖြန့်ဝေခြင်းစသည်တို့ကို ပြုလုပ်ခဲ့လေရာ ဤသို့ပြုလုပ်ခြင်းသည် ဘာမျှ အရာမထင်ဘဲ အများပြည်သူတို့ စိတ်ဓာတ်ချောက်ချားခြင်းကိုသာ ဖြစ်စေခဲ့လေသည်။ မြို့ဝန် ရော့စတော့ချင်သည် ဤသို့ အများပြည်သူ စိတ်ဓာတ်ချောက်

www.burmeseclassic.com

www.burmeseclassic.com

ချားစေမည့်အရာများကို မလုပ်ဘဲ အဖိုးတန်ဌာပနာများ၊ ယမ်းအိုးများ၊ ခဲယမ်းမီးကျောက်များ၊ ငွေစက္ကူများကို ပြောင်းရွှေ့ရန် ပြင်ဆင်သင့်သည်တို့ကို ပြင်ဆင်၍ မော်စကိုမြို့ကို ရန်သူ့လက်သို့ အပ်ရတော့မည်ဖြစ်ကြောင်း အများပြည်သူတို့ကို ရှင်းရှင်းလင်းလင်း အသိပေးခဲ့မည် ဆိုပါက ဤမျှလောက်ပင် ရုန်းရင်းဆန်ခတ် ဖြစ်စရာ အကြောင်း မရှိချေ။

မြို့ဝန် ရော့စတော့ချင်သည် ဇာတိသွေး ဇာတိမာန် ပြင်းထန်သူတစ်ဦး ဖြစ်သော်လည်း အထက်တန်းကျသော မင်းစိုးရာဇာအသိုင်းအဝိုင်းတွင်သာ ကျင်လည်ကျက်စားလျက် ကိုယ့်ကိုယ်ကို အထင်ကြီး၍ စိတ်နောက်ကိုယ်ပါ လုပ်တတ်သူ တစ်ယောက် ဖြစ်သည်။ သူ့ကိုယ်သူ အများပြည်သူတို့ကို လမ်းညွှန်လမ်းပြ ပြုနေသူတစ်ဦး ဖြစ်သည်ဟု အထင်ရောက်နေသော်လည်း အများပြည်သူတို့၏ အကြောင်းကို နကန်းတစ်လုံးမျှ နားမလည်သူ ဖြစ်သည်။ ရန်သူပြင်သစ်တို့ စမိုးလင့်နယ်သို့ ရောက်လာပြီဆိုကတည်းက မြို့ဝန် ရော့စတော့ချင်သည် သူ့ကိုယ်သူ ပြည်သူလူထု၏ ပြင်သစ်ဆန့်ကျင်သူစိတ်ဓာတ်ကို ပုံသွင်းဖန်တီးနေသည့် ပိသုကာကြီးအဖြစ် သွေးနှားထင်ရောက်လျက်ရှိသူ ဖြစ်သည်။ မိမိသည် မော်စကိုမြို့သူ မြို့သားများ၏ ပြင်ပဗဟိဒ္ဓသဏ္ဌာန်ဖြစ်သော နေရေးထိုင်ရေးကိစ္စအဝဝကို စီမံခန့်ခွဲ အုပ်ချုပ်လျက်ရှိသည်ဟု ထင်နေရုံမျှမက အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ နံရံကပ်ကြော်ငြာများ ဖြန့်ဝေခြင်းစသည့် နည်းလမ်းအသွယ်သွယ်တို့ဖြင့် ၎င်းတို့၏ အဏ္ဏတ္တသဏ္ဌာန်ဖြစ်သော စိတ်နေသဘောထားများကိုပါ စီမံခန့်ခွဲအုပ်ချုပ်နိုင်သည်ဟုလည်း ဘဝင်မြင့်နေသူ ဖြစ်သည်။ (အုပ်စိုးသူတိုင်းပင် ဤသို့ အထင်ကြီးတတ်ကြပါသည်။) တကယ်၌ မြို့ဝန် ရော့စတော့ချင်၏ လေသံတင်းမာလှသောအမိန့်ကြော်ငြာစာများကို လူတန်းစား အသီးသီးက စက်ဆုပ်ရွံမုန်းကြသည်ပြင် အုပ်ချုပ်ရေး ပိုင်းပုဂ္ဂိုလ်များကိုယ်၌ကပင် နားမလည်ကြချေ။ မြို့ဝန် ရော့စတော့ချင်သည် ပြည်သူလူထု၏ ရန်သူဆန့်ကျင်ရေး စိတ်ဓာတ်ကို ပုံသွင်းဖန်တီးပေးသည့် ဗိသုကာကြီးတစ်ဦး အဖြစ် မိမိကိုယ်ကို မိမိ များစွာကျေနပ် နှစ်သိမ့်လျက် ရှိရုံမျှမက ဤသို့ ကျေနပ်နှစ်သိမ့်နေရခြင်း၏ အရသာကိုလည်း 'လျှာလည်' နေပြီ ဖြစ်ရကား မိမိသည် ဗိသုကာကြီးအဖြစ်မှ လျှောကျရတော့မည်ဟု လည်းကောင်း၊ မိမိ၏ အစွမ်းအစကလေးကိုမျှ မပြလိုက်ရဘဲ မော်စကိုမှ ဆုတ်ခွာရတော့မည်ဟု လည်းကောင်း မမျှော်လင့်ဘဲ သိမြင်လာရသောအခါတွင် သူ့ခြေထောက်အောက်မှ မြေကြီးသည် တအိအိပြိုကျလျက်ရှိပြီဟု သတိရလာကာ ဘာလုပ်ရမည် မသိတော့ဘဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လျက် ရှိလေသည်။ မော်စကိုမြို့ကို စွန့်ခွာရတော့မည့်အချိန်သည် တဖြည်းဖြည်းနီးလာပြီဟု သိသော်လည်း မြို့ဝန် ရော့စတော့ချင်သည် နောက်ဆုံးအချိန်အထိ ထိုအချက်ကို စိတ်ချလက်ချ မယုံသေးချေ။ ထို့ကြောင့် ဆုတ်ခွာရေးကိစ္စအတွက် မည်သည့်ပြင်ဆင်မှုကိုမျှလည်း မပြုလုပ်ရသေးချေ။ မြို့သူ မြို့သားများမှာ ၎င်း၏ အမိန့်ကို ဖီဆန်၍ ထွက်ခွာသွားကြလေပြီ။ အစိုးရဌာနများကိုကား ပြောင်းရွှေ့ခြင်းမပြုရသေးချေ။ ပြောင်းရွှေ့ပြီးဖြစ်သည်ဆိုလျှင် ၎င်းတို့မှာ အမှုထမ်း အရာထမ်းများ၏ တောင်းဆိုချက်ကို မလွန်ဆန်သာ၍သာ စိတ်မပါ တပါ ပြောင်းရွှေ့ခြင်းမျိုးသာဖြစ်သည်။ သို့ဖြင့် မြို့ဝန် ရော့စတော့ချင်သည် ကိုယ့်ကိုယ်ကို ပြင်သစ်ဆန့်ကျင် ရေးစိတ်ဓာတ် ပိသုကာကြီး အဖြစ် စိတ်ကူးယဉ်လျက်ရှိလေသည်။ မြို့ဝန် ရော့စတော့ချင်သည် မော်စကိုမြို့မှ ထွက်ခွာရတော့မည်ဟူသော အချက်ကို မဆွကတည်းက သိခဲ့သော်လည်း (ထိုသို့ သိခြင်းမှာ လွန်စွာစိတ်ကူးယဉ်သူတို့ ဖြစ်မြဲ ဓမ္မတာအတိုင်း အသိဉာဏ်ဖြင့် သိခြင်းသာဖြစ်၍ နှလုံးသားဖြင့် ယုံကြည်ခြင်း မဟုတ်ချေ။) ပြောင်းလဲ ဖြစ်ပေါ်လာသော အခြေအနေသစ်များနှင့် အညီ လုပ်ဆောင်ရန် စိတ်ကူးမထည့်သေးချေ။

ဤနည်းများဖြင့် မြို့ဝန် ရော့စတော့ချင်သည် ပြည်သူလူထု၏ နှလုံးသားအတွင်း၌ မိမိကဲ့သို့ ဇာတိမာန် စိတ်ဓာတ်များ၊ ရန်သူဆန့်ကျင်ရေးစိတ်ဓာတ်များ တဖွားဖွား ပေါ်ပေါက်လာအောင် အပတ်တကုတ်ကြိုးစားအားထုတ် လှုံ့ဆော်လျက် ရှိလေသည်။ (၎င်း၏ လှုံ့ဆော်ချက်သည် မည်မျှအရာရောက်သည် မရောက်သည်၊ ပြည်သူများအပေါ်၌ မည်မျှစွမ်းဝင်သည် မဝင်သည်မှာ တစ်ဌာန ဖြစ်ပါသည်။)

သို့သော်လည်း မည်မျှကြိုးစားအားထုတ်လှုံ့ဆော်သည်ဖြစ်စေ အဖြစ်အပျက်များသည် ၎င်းတို့၏ စစ်မှန်သော

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းလက္ခဏာကို ဆောင်လာကြလေပြီ။ ပြင်သစ်မှန်းတီးရေးစိတ်ဓာတ်ကိုလည်း စကားဖြင့် ထုတ်ဖော်ပြသဖြင့် မလုံလောက်တော့ပြီ။ တိုက်ပွဲတစ်ပွဲလောက် တိုက်၍ ပြသရုံမျှဖြင့် မလုံလောက်တော့ပြီ။ ကိုယ့်ကိုယ်ကို အထင်ကြီးနေရုံမျှ ဖြင့်လည်း ပြဿနာကိုဖြေရှင်း၍ မဖြစ်တော့ပြီ။ မော်စကို မြို့သူ မြို့သားအားလုံးသည်လည်း မိမိတို့၏ ဇာတိမာန် စိတ်ဓာတ်ကို ဆန့်ကျင်ဘက်နည်းဖြင့် ပြသည့်အလား မိမိတို့၏အိုးအိမ်ပစ္စည်းများကို စွန့်ခွာကာ စိတ်တစ်ခုတည်း ကိုယ်တစ်ခုတည်းကဲ့သို့ မော်စကိုမှ တရှန်းရှန်းထွက်ခွာလျက် ရှိလေပြီ။ ဤသို့သောအချိန်မျိုးသို့ ဆိုက်ရောက် လာသောအခါတွင် မြို့ဝန် ရော့စတော့ချင်၏ အမျိုးသားရေးစိတ်ဓာတ် ဗီသုကာကြီးသဖွယ် ဟန်ရေးပြခြင်းဟူသမျှ တို့သည်လည်း အဓိပ္ပာယ်ကင်းမဲ့သည့်အဖြစ်သို့ ဘွားဘွားကြီး ပေါ်လာခဲ့လေပြီ။ မြို့ဝန် ရော့စတော့ချင်သည် ခါချဉ်ကောင် မာန်ဖီသကဲ့သို့ဖြစ်နေသော ရုယ်ဖွယ်ကောင်းလှ သည့် မိမိ၏နောက်သို့ လှည့်ကြည့်လျှင် အရိပ်ကိုသာ တွေ့ရတော့သည့်အဖြစ်ကို ရုတ်တရက်သိမြင်လာကာ မိမိ၌ ရပ်တည်စရာမြေကြီး မရှိတော့ချေပြီဟု သဘောပေါက်လာခဲ့လေသည်။

အိပ်ရာမှ နိုး၍ စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ တိုတောင်းသော တစ်ချက်လွှတ်အမိန့်ကို ရရှိသောအခါတွင် မြို့ဝန် ရော့စတော့ချင်သည် ပို၍ဒေါပွလာကာ ကိုယ့်ကိုယ်ကို ပို၍စိတ်ဆိုးလာ၏။ မိမိက အထူးတာဝန်ယူထိန်းသိမ်းထားရသည့် အစိုးရပစ္စည်းများအား လုံးမှာ စောစောကတည်းက ရွှေ့ပြောင်းထားရန် ဖြစ်သော်လည်း ယခုတိုင် မော်စကိုမှာပင် ရှိသေးသည်။ အားလုံး ရွှေ့ပြောင်းဖို့ဆိုသည်မှာ ယခုအချိန်၌ မဖြစ်တော့ချေ။

'ဒါ ဘယ်သူ့တာဝန်လဲ။ ဘယ်သူ့ကြောင့် ဒီလို အကျပ်အတည်းတွေ ဖြစ်ရတာလဲ။ ငါ့ကြောင့် မဟုတ်ဘူး။ ဘယ်နည်းနဲ့မှ ငါ့ကြောင့် မဟုတ်ဘူး။ ငါတစ်ယောက်လုံး မော်စကိုမြို့ကို သေသေချာချာ ကွပ်ကဲထားတာပဲ။ ခုတော့ သင်းတို့ကြောင့် ဒီလိုဖြစ်ရတာ။ သင်းတို့ကြောင့်။ သစ္စာဖောက်တွေ။ မျိုးဖျက်တွေ'

မြို့ဝန် ရော့စတော့ချင်သည် အားလုံးကို ဝါးလုံးနှင့် သိမ်း၍ ယမ်း၏။ မည်သူမည်ဝါဟုကား မခွဲခြားတတ်ချေ။ သို့ရာတွင် သူ့စိတ်ထဲတွင်ကား မိမိအား လူရယ်စရာအဖြစ်သို့ ရောက်ကာ အကျပ်အတည်းသို့ ပို့ခဲ့သူ သစ္စာဖောက်များ၊ မျိုးဖျက်များကို ခါးခါးသီးသီးဖြစ်လျက် ရှိလေသည်။

ထိုနေ့ညတစ်ညလုံး မြို့ဝန် ရော့စတော့ချင်သည် အမိန့်များကို တစ်ခုပြီး တစ်ခု ထုတ်ပြန်လျက်ရှိလေသည်။ သူ့အမိန့်ကြောင့် ကျန်ရစ်သော မြို့သူ မြို့သားများသည် မြို့ဝန်ထံသို့ ရောက်လာကြ၏။ လက်အောက်အမှုထမ်းအရာထမ်းများက ၎င်းတို့ မြို့ဝန် ဤမျှစိတ်ဆိုးခြင်းကို တစ်ခါမျှ မမြင်ကြသေးချေ။

"မှန်ပါ၊ မှတ်ပုံတင်ဌာနညွှန်ကြားရေးဝန်ဆီက ညွှန်ကြားချက် လာတောင်းနေပါတယ် မြို့ဝန်မင်းဘုရား။ ကျောင်းထိုင်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ လွတ်တော်ရုံးကြီး၊ တက္ကသိုလ်မိဘမဲ့ကလေးများဆေးရုံနဲ့၊ လက်ထောက်ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီးတို့ထံကလဲ သတင်းစနည်းများ လာရောက်စုံစမ်းနေကြပါတယ်။ နေပြည်တော် မီးသတ်တပ်ဖွဲ့အတွက်လဲ အမိန့်ထုတ်ပြန်စရာ ရှိတော်မူပါသလား မြို့ဝန်မင်းဘုရား။ ထောင်ပိုင်ဝန်နဲ့ စိတ္တဇထောင်ပိုင်တို့ထံကလဲ"

ထိုနေ့ တစ်ညလုံး အလားတူ စုံစမ်းမေးမြန်းချက်များသည် မြို့ဝန် ရော့စတော့ချင်ထံသို့ တဖွဖွရောက်နေကြ၏။

ထိုသို့ မေးမြန်းစုံစမ်းလာတိုင်း မြို့ဝန် ရော့စတော့ချင်သည် ယခုအချိန်၌ မိမိထံမှ ဘာမျှအမိန့်ထုတ်ပြန်စရာ မလိုတော့ကြောင်း၊ မိမိစီမံထားသမျှမှာ မလိုသူတို့ ဝင်ဖျက်သဖြင့် ခဲလေသမျှ သဲရေကျဖြစ်ရပြီဖြစ်ကြောင်း၊ ဖြစ်ပေါ်လာသည့်အခြေအနေအားလုံးမှာ မိမိအစီအမံကို ဝင်ရောက်ဖျက်ဆီးသူတို့၏ တာဝန်သာ ဖြစ်ကြောင်း စိတ်ဆိုးမာန်ဆိုးဖြင့် အော်လွှတ်လျက် ရှိလေသည်။

"ခွေးမသား မှတ်ပုံတင်ဝန်ကို ပြောလိုက်။ မှတ်ပုံတင်စာရင်းတွေကို တစ်ခုမှ အပျောက်အရှ မရှိပစေနဲ့လို့။ မီးသတ်တပ်ဖွဲ့အကြောင်း မေးနေရသေးသလားကွ။ သူတို့မှာ မြင်းတွေရှိသားပဲ။ မြင်းတွေအားလုံး ဗလာဒီမာသွားပြီး လွတ်ပစ်လိုက်ပစေ။ ပြင်သစ်တွေလက်ထဲ တစ်ကောင်မှ မကျစေနဲ့"

"မှန်ပါ၊ စိတ္တဇထောင်ပိုင်လဲ ရောက်နေပါတယ် ဘုရား။ ဘာအမိန့်တော် ရှိပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာအမိန့်တော် ရှိရမှာလဲ။ လွှတ်ပစ်ရမှာပေါ့။ အရူးတွေကို ပိတ်ထားပစ်ခဲ့လို့ ဖြစ်မလား။ သွား၊ အကုန်လွှတ်ပစ်လိုက်လို့ ပြောလိုက်။ ရုရှားစစ်တပ်ကို ဒီအရူးတွေ ခေါင်းဆောင်ပြီး အတိုက်ခိုင်းရတာကမှ ရေးတေးတေး ရှိဦးမယ်"

အကျဉ်းထောင်ထဲမှ အကျဉ်းသမားများကိစ္စနှင့် စပ်လျဉ်း၍ ထောင်ပိုင်ဝန်က မေးမြန်းသည်တွင် မြို့ဝန် ရော့စတော့ချင်က

"ဘာလဲ၊ စစ်တပ်တစ်တပ်မှ မရှိတော့ဘူးကွ။ အကျဉ်းသားတွေကိုစောင့်ဖို့ တပ်တွေ တောင်းဦးမလို့လား။ သွား အကုန်လွှတ်ပစ်လိုက်တော့"

"မှန်ပါ၊ နိုင်ငံရေးအကျဉ်းသားများ ကျန်နေသေးကြောင်းပါ။ မက်ရကော့တို့၊ ဗာရက်ချာဂျင်တို့ကိုကော လွှတ်ပစ်ရမလား ဘုရား"

"ဟေ၊ ဗာရက်ချာဂျင် ဟုတ်လား။ ဒီကောင်ကို ကြိုးမပေးရသေးဘူးလား" မြို့ဝန် ရော့စတော့ချင်က အော်လိုက်၏။ မြို့ဝန်သည် ထိုအခါကျမှ ဗာရက်ချာဂျင်ကို အမှတ်ရလာ၏။ "ခေါ်ခဲ့၊ ငါ့ဆီ ခေါ်ခဲ့"

အခန်း ၂၅

နံနက် ကိုးချက်တီးအချိန်လောက်တွင်ကား စစ်တပ်များသည် မော်စကိုမြို့ကို ဖြတ်သန်းဆုတ်ခွာလျက် ရှိကြလေပြီ။ ထိုအချိန်တွင် မည်သူမျှ မြို့ဝန် ရော့စတော့ချင်ထံ လာရောက်၍ အမိန့်များတောင်းခံခြင်း မပြုကြတော့ချေ။ မြို့မှ ထွက်ခွာနိုင်သူမှန်သမျှသည် ၎င်းတို့သဘောဖြင့် ထွက်ခွာလျက် ရှိကြပြီး ကျန်ရစ်ခဲ့သူတို့ကလည်း မိမိတို့ နေရေးထိုင်ရေးပြဿနာကို စဉ်းစားဆုံးဖြတ်ကြပြီး ဖြစ်လေသည်၊

မြို့ဝန် ရော့စတော့ချင်သည် ဆိုကိုနီကိုသို့ သွားမည်ဟုဆိုကာ ကရထားကို ပြင်စေပြီးနောက် လက်နှစ်ဖက်ကို ပိုက်လျက် စာကြည့်ဆောင်ထဲတွင် ထိုင်နေ၏။ မျက်နှာကြီးမည်းလျက် စကားလည်း တစ်ခွန်းမျှ မပြောတော့ချေ။

ခိုးသားဓားပြ တန္တမုဒိမ်းတို့ကင်းငြိမ်း၍ တိုင်းပြည်မြို့ရွာ အေးချမ်းသည့်အခါများ၌ မိမိတို့လက်အောက်ရှိ ပြည်သူများ ဤသို့ငြိမ်းချမ်းသာယာစွာ နေထိုင်ကြခြင်းမှာ မိမိတို့အုပ်ချုပ်မှုကောင်းသောကြောင့်ဖြစ်သည်ဟု အုပ်စိုးသူတိုင်း ထင်မှတ်လေ့ရှိကြသည်။ အုပ်စိုးသူများသည် အစိုးရနှင့် ပြည်သူကြည်ဖြူ၍ ရေပြင်ကဲ့သို့ တစ်သားတည်းရှိသည်ဟူသောအထင်ဖြင့် မိမိတို့လုပ်သမျှ ဟုတ်လှပြီ တင့်တယ်လှပြီဟု ဘဝင်မြင့်တတ်ကြသည်။ ရာဇဝင်တည်းဟူသော ပင်လယ်သမုဒ္ဒရာ၏ မျက်နှာပြင် ငြိမ်သက်လျက် ရှိချိန်၌ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများသည် မိမိတို့၏ သေးငယ်လှသော လှေကလေးကိုစီးလျက် ပြည်သူလူထုတည်းဟူသော သဘော်ကြီး၏ပဲ့တွင် ထိုးဝါးချိတ်ဖြင့် တွဲချည်လိုက်ပါလာတတ်ကြလေသည်။ ထိုအချိန်အခါမျိုး၌ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများသည် ၎င်းတို့ကိုယ်နှိုက်က သဘော်ကြီးနှင့် အတူ ရွှေ့လျားလျက်ရှိသည့် အလျောက် 'ဤသဘော်ကြီးကား ငါတို့၏ပယောဂဖြင့် ရွှေ့လျားနေခြင်းဖြစ်သည်' ဟုလည်း ထင်တတ်ကြသည်။ သို့ရာတွင် လေပြင်းမုန်တိုင်းကျ၍ ပင်လယ်တွင် လှိုင်းတံပိုးတို့ ထကြွကာ သဘော်ကြီး လှုပ်ယမ်းတိမ်းစောင်းစပြုလာသောအခါ၌ကား တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများသည် ဤသို့စိတ်ကူးမယဉ်နိုင်တော့ပြီ။ သဘော်ကြီးသည် ကြီးမားသောအရှိန်ဖြင့် ၎င်းအလိုအလျောက် လှုပ်ယမ်းလျက် ရှိလေပြီ။ ထိုးဝါးချိတ်ဖြင့် လှမ်းဆွဲသော်လည်း သွက်သွက်ခါယမ်းလျက်ရှိသော သဘော်ကြီးကို မမိတော့ပြီ။ ထိုအခါမျိုး၌ အုပ်စိုးသူသည် (မည်မျှ ပါဝါအာဏာတွေ ပြစေကာမူ) တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူ မဟုတ်တော့ပြီ။ တန်ခိုးအာဏာရှင်လည်း မဟုတ်တော့ပြီ။ မထင်ရှားသော အသုံးမဝင်သော ခိုကိုးရာမဲ့ဖြစ်သော အညတရသူတစ်ဦးမျှသာ ဖြစ်လာခဲ့လေပြီ။

မြို့ဝန် ရော့စတော့ချင်သည် ဤအချက်ကို ရိပ်မိ၏။ ထို့ကြောင့်လည်း မခံရပ်နိုင်အောင် ဒေါသထွက်လျက် ရှိခြင်း ဖြစ်လေသည်။

လမ်းတွင် လူအုပ်ကြီး၏တားဆီးပိတ်ဆို့ခြင်းကို ခံခဲ့ရသည့်ရံဝန်သည် မြို့ဝန် ရော့စတော့ချင်ထံ ရောက်လာ၏။ ထိုအတောအတွင်းမှာပင် မြို့ဝန်၏တပ်ရေးရောက်လာကာ မြင်းများ ကပြိုးကြောင်းဖြင့် အကြောင်းကြားလာသည်။ မြို့ဝန်နှင့် ရဲဝန်နှစ်ယောက်စလုံး၏ မျက်နှာများမှာ ဖြူလျက်ရှိ၏။ ရဲဝန်က မြို့ဝန်၏ညွှန်ကြားချက်အတိုင်း ပြုဖွယ်ရှိသောကိစ္စများကို ပြုလုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း အစီရင်ခံပြီးနောက် စံအိမ်ဝင်းထဲ၌ မြို့ဝန်နှင့် တွေ့ရန် ဧရာမလူအုပ်ကြီးတစ်အုပ် လာရောက်စုဝေးနေကြောင်းဖြင့် ပြောပြ၏။

မြို့ဝန် ရော့စတော့ချင်သည် မည်သို့မျှ မပြောဘဲ ထ၍ ခမ်းနားကျယ်ဝန်းလှသော ဧည့်ခန်းဆောင်ဘက်သို့ ခပ်သုတ်သုတ်လျှောက်ခဲ့ပြီးနောက် လေသာဆောင်တံခါးသို့ လာခဲ့၏။ လေသာဆောင်တံခါးကို ဆွဲဖွင့်လိုက်၍ တစ်ဖန် ပြန်ပိတ်လိုက်၏။ ထို့နောက် ပြတင်းပေါက်အနီးသို့ လျှောက်လာပြန်သည်။ ထိုနေရာမှ ကြည့်လျှင် လူအုပ်ကြီးတစ်ခုလုံးကို ကောင်းစွာမြင်ရ၏။ အရပ်ရှည်ရှည် လူရွယ်သည် လူအုပ်ကြီး၏ထိပ်မှ ရပ်ကာ လက်သီးလက်မောင်းတန်း၍ ခက်ထန်သောအမူအရာဖြင့် တရားဟောလျက် ရှိသည်။ မျက်နှာတွင် သွေးအလိမ်းလိမ်းကပ်လျက်ရှိသော ပန်းပဲသမားသည် သုန်မှုန်သောမျက်နှာထားကို ဆောင်လျက် အနီးတွင် ရပ်နေ၏။ အုတ်အုတ်ကျက်ကျက် ပြောဆိုနေသံများကိုလည်း လူအုပ်ထဲမှ ကြားရလေသည်။

"ငါ့ရထား အဆင်သင့်ဖြစ်ပလား" မြို့ဝန် ရော့စတော့ချင်က ပြတင်းပေါက်မှ နောက်သို့ ဆုတ်၍ မေးလိုက်၏။

"မှန်ပါ။ အဆင်သင့်ဖြစ်ကြောင်းပါ" တပ်ရေးက ဖြေသည်။

မြို့ဝန် ရော့စတော့ချင်သည် လေသာဆောင်ဝသို့ ရောက်လာပြန်သည်။

"သင်းတို့က ဘာကိစ္စ ကျုပ်ကို လာတိုင်းကြတာတဲ့လဲ" မြို့ဝန်ရော့စတော့ချင်သည် ရဲဝန်ကို လှမ်းမေး၏။

"မှန်ပါ။ မြို့ဝန်မင်းအမိန့်အတိုင်း ပြင်သစ်တွေကို ခံတိုက်ဖို့ လက်နက်များ လာရောက်တောင်းခံကြခြင်းဖြစ်ကြောင်းပါ။ ဒါပေမဲ့ ဒီလူတွေကို လက်နက်ပေးလို့ သင့်မယ့် မထင်ပါဘုရား။ မြို့ထဲမှာ သောင်းကျန်းဆူပူနေကြသူများ ဖြစ်ပါတယ်။ ကျွန်တော်မျိုးတောင် သင်းတို့ ဝိုင်းလိုက်လို့ လွတ်အောင် မနည်းပြေးခဲ့ရပါတယ်။ ကျွန်တော်မျိုးကြီး သဘောကတော့"

"တိတ်။ ကျုပ်ကို ညွှန်ကြားချက် ပေးစရာ မလိုဘူး။ ကျုပ် မြို့ဝန်" မြို့ဝန် ရော့စတော့ချင်သည် ရဲဝန်ကို အော်ထုတ်လိုက်၏။

မြို့ဝန်သည် လေသာဆောင်ဝမှ ရပ်၍ လူအုပ်ကြီးကို ကြည့်၏။

'မျိုးဗျက်သစ္စာဖောက်တွေကြောင့် ပြည်သူတို့ အကွပ်မဲ့ကြမ်းပမာ ပရမ်းပတာ ဖြစ်ကြပြီ။ ငါလဲ အရှက်တကွဲ အကျိုးနည်းဖြစ်ရပြီ'

မြို့ဝန် ရော့စတော့ချင်သည် ဤသို့ တွေး၏။ ဒေါသအစိုင်အခဲတို့သည် ၎င်း၏ရင်ထဲ၌ အလိပ်လိပ်တက်လာ၏။ မိမိစိတ်တိုင်းမကျတိုင်း 'သင်းတို့ကြောင့် ဤအဖြစ်မျိုး ရောက်ရသည်' ဟု တွေးကာ အခြားသူများကို ဒေါသထွက်လျက် ရှိ၏။ စိတ်နောက်ကိုယ်ပါ လုပ်တတ်သူများကို ဒေါသစိတ်က လွှမ်းမိုးလေ့ရှိသည့်အလျောက် မြို့ဝန် ရော့စတော့ချင်ကိုလည်း ဒေါသစိတ်က လွှမ်းမိုးချုပ်ကိုင်လျက် ရှိလေပြီ။ မြို့ဝန် ရော့စတော့ချင်သည် မိမိရင်ထဲတွင် အလိပ်လိပ်တက်လာသော ဒေါသအမျက်ကို ပေါက်ကွဲစေနိုင်ရန်အတွက် ဒေါသထွက်ရမည့်သူကို ရှာ၏။ ရှာ၍ မတွေ့သေး။

'ဤသူတို့ကား ဆူပူသောင်းကျန်းနေသူများ ဖြစ်၏။ လူရမ်းကားအုပ်ကြီး ဖြစ်၏။ ဤဆင်းရဲသား လူရမ်းကားတို့သည် မျိုးဗျက်သစ္စာဖောက်တို့၏အပြုအမူကြောင့် ဒေါသူပုန်ထလျက် ရှိကြပြီ။ သင်းတို့သည် ဒေါသကို ဖြေဖျောက်ရန်အတွက် ဓားစာခံမည့်သူကို လိုက်ရှာနေကြဟန် ရှိ၏။'

မြို့ဝန် ရော့စတော့ချင်သည် လက်သီးလက်မောင်းတန်း၍ တရားဟောနေသော အရပ်ရှည်ရှည်လူရွယ်ကို ကြည့်ရင်း တွေး၏။ မိမိကိုယ်တိုင်လည်း ဒေါသအမျက်ကို ဖြေဖျောက်ရန် ဓားစာခံလိုနေသည် မဟုတ်ပါလော။ သွေးဆာနေသည် မဟုတ်ပါလော။

"ရထားအဆင်သင့် ပြင်ပြီးပလား" မြို့ဝန် ရော့စတော့ချင်သည် လှည့်၍ မေးပြန်၏။

"မှန်ပါ။ အဆင်သင့်ကြောင်းပါ။ နိုင်ငံရေးအကျဉ်းသမား ဗာရက်ချာဂျင်ကိစ္စနဲ့ ပတ်သက်လို့ အမိန့်ပေးစရာရှိပါသေးသလားဘုရား။ ဗာရက်ချာဂျင်ကို ထောင်မှ ထုတ်လာပြီး ဖြစ်ကြောင်းပါ"

"ဟေ"

မြို့ဝန် ရော့စတော့ချင်သည် ဗာရက်ချာဂျင်ကို အမှတ်ရလာ၏။ ချက်ချင်းပင် တံခါးကိုဖွင့်ကာ ခြေလှမ်း

www.burmeseclassic.com

www.burmeseclassic.com

ကျဲကြီးများဖြင့် လေသာဆောင်သို့ ထွက်လာ၏။ အောက်မှ ဆူညံလျက်ရှိသော လူအုပ်ကြီးသည် မီးကို ရေနှင့် သတ်လိုက်သကဲ့သို့ ငြိမ်ကျသွားကာ ဦးထုပ်များကိုချွတ်၍ မြို့ဝန် ရော့စတော့ချင်ကို မော့ကြည့်နေကြသည်။

"အချင်းတို့။ ငါ့ကို လာရောက်နှုတ်ဆက်ကြသည့် အတွက် ကျေးဇူးတင်သည်။ ငါ ယခုပင် အိမ်တော်အောက်သို့ ဆင်းလာမည်။ သို့ရာတွင် ငါတို့သည် သစ္စာဖောက်များ၊ မျိုးဖျက်များနှင့် စာရင်းရှင်းရဦးမည်။ မော်စကိုမြို့ကြီးကို ပျက်စီးကြောင်းကြဲသည့် မျိုးဖျက်တို့ကို အပြစ်ပေးရဦးမည်။ ခဏစောင့်ကြ"

မြို့ဝန် ရော့စတော့ချင်သည် ဇည့်ခန်းဆောင်ထဲသို့ ခပ်သုတ်သုတ် ပြန်ဝင်လာကာ တံခါးကို ဂျိမ်းခနဲ မြည်အောင် ပိတ်လိုက်၏။

အောက်တွင်ရှိသော လူအုပ်ကြီးထဲမှ အားရကျေနပ်စွာ စကားပြောသံများ ထွက်ပေါ်လာ၏။

"ဟေ့ သစ္စာဖောက်တွေကို စာရင်းရှင်းမလို့တဲ့ကွ။ ကြားလား။ ဒါမှ တို့မြို့ဝန်ကွ" လူအုပ်ကြီးသည် မယုံမရဲဖြစ်နေသူအချင်းချင်း တစ်ယောက်ကို တစ်ယောက် အားပေးကြ၏။

ခဏကြာလျှင် မြို့ဝန်၏အိမ်မှ အရာရှိတစ်ဦးသည် အိမ်ရှေ့တံခါးမှ ထွက်လာကာ လက်ပစ်ဗုံးကိုင် ရဲမက်များကို တန်းစီရန် အမိန့်ပေးလိုက်သည်။ လူအုပ်ကြီးသည် လေသာဆောင်အောက်မှ ဆင်ဝင်အောက်သို့ ရွှေ့လာ၏။ မြို့ဝန် ရော့စတော့ချင်သည် ခြေကို ဆောင့်နင်း၍ ထွက်လာကာ တစ်စုံတစ်ယောက်ကို ရှာသည့်ဟန်ဖြင့် ပတ်ဝန်းကျင်ကို လှမ်းကြည့်၏။

"ဘယ်မလဲ ဒီကောင်"

မြို့ဝန် ရော့စတော့ချင်က မေးလိုက်သည်။ ထို အခိုက် လက်ပစ်ဗုံးကိုင်ရဲမက်နှစ်ယောက်သည် လူငယ် တစ်ယောက်ကို အိမ်နောက်ဖေးမှ ထုတ်လာကြ၏။ ထို လူငယ်မှာ ရှည်လျားသောလည်ပင်းရှိ၍ ခေါင်းတုံးကွက်ကျား ရိတ်ထား၏။ အထက်တန်းစားများ ဝတ်လေ့ရှိသော သားမွေးအနားကပ် အင်္ကျီပြာကို ဝတ်ထားသော်လည်း အင်္ကျီမှာ ဟောင်းနွမ်းစုတ်ပြဲလျက် ရှိလေပြီ။ ခါးတွင်မူ အကျဉ်းသားများ ဝတ်လေ့ရှိသော ညစ်ပတ်ပေရေသည့် ဖျင်ကြမ်းဘောင်းဘီကို ဝတ်ထား၍ စုတ်ပြတ်ပါးလွှာနေပြီဖြစ်သော ဖိနပ်ရှည်ကြီးကို စီးထား၏။ ညွှတ်ကျတော့မတတ် သေးကွေးချည့်နဲ့သော ခြေထောက်၌ လေးလံသော သံခြေချင်းကြီးများ ခတ်ထားသည့်အတွက် လမ်းလျှောက်ရာတွင် ဒယီးဒယိုင်ဖြစ်လျက် ရှိ၏။

"ထို" မြို့ဝန် ရော့စတော့ချင်သည် သားမွေးအနားကပ်အင်္ကျီဟောင်းကြီး ဝတ်ထားသည့် လူငယ်ထံမှ မျက်လုံးကို လွှဲလိုက်၏။ ထို့နောက် လူငယ်ကို ဆင်ဝင်လေ့ကားရင်းတွင် ရပ်စေ၏။

လူငယ်သည် သံခြေချင်းကြီးများကို တချွင်ချွင် မြည်စေလျက် မြို့ဝန် ရော့စတော့ချင် ညွှန်ပြရာသို့ ကွတကွတဖြင့်လျှောက်လာပြီး ရပ်နေ၏။ အတွင်းသို့ ခေါက်ဝင်နေသော လည်ပင်းကော်လာကို သပ်ရပ်စေပြီးနောက် ဇက်ကို တစ်ချက်နှစ်ချက်မျှ စောင်းငဲ့ချိုးလိုက်ပြီးလျှင် အလုပ်ကြမ်းလုပ်နေကျမရှိသဖြင့် သေးကွေးချည့်နဲ့နေသော လက်နှစ်ဖက်ကို စုံပိုက်ရပ်ကာ သက်ပြင်းချလိုက်၏။

ဤသို့ လူငယ်က နေရာယူ၍ ရပ်နေစဉ်အတွင်း၌ကား လူအုပ်ကြီးသည် အပ်ကျသည်ကိုပင် ကြားရတော့မတတ် ငြိမ်သက်တိတ်ဆိတ်လျက် ရှိ၏။ ရှေ့သို့ အတင်းဖိတိုးနေသော နောက်ပိုင်းတစ်စိုက်တွင်သာ သက်ပြင်းချသံ၊ စုတ်ထိုးသံ၊ ခြေထောက်ရွေ့သံများကို ကြား၏။

လူငယ်နေရာယူစဉ်တွင် မြို့ဝန် ရော့စတော့ချင်သည် မျက်မှောင်ကြီးကုတ်၍ ရပ်နေရာက အဆီပြန်နေသောမျက်နှာကို လက်ဖြင့် ပွတ်နေ၏။ ထို့နောက် သတ္တုကဲ့သို့ မာကျောသောအသံဖြင့်

"အချင်းတို့၊ ဤသူကား အခြားမဟုတ်။ မော်စကို မြို့ကြီးကို ပျက်စီးစေခဲ့သော သစ္စာဖောက် ဗာရက်ချာဂျင်ပင် ဖြစ်တော့သည်။"

သားမွေးအနားကပ်အင်္ကျီဟောင်းကြီးကို ဝတ်ထားသည့် လူငယ်သည် ကိုယ်ကို အနည်းငယ် ယို့လိုက်၏။ ဝပ်တွားခံယသည့်ဟန်ဖြင့် လက်နှစ်ဖက်ကိုလည်း ယှက်ထားလိုက်သည်။ ခေါင်းတုံးကွက်ကျားအောက်မှ ပိန်ချုံးချောင်ကျနေသောမျက်နှာကို ငုံ့ထား၏။ မြို့ဝန် ရော့စတော့ချင်၏ စကားကို ကြားသောအခါတွင် လူငယ်သည် တစ်စုံတစ်ရာ ပြန်ပြောလိုသကဲ့သို့ ခေါင်းကို ဖြည်းညင်းစွာ မော့၍ကြည့်လိုက်၏။ သို့ရာတွင် မြို့ဝန် ရော့စတော့ချင်က သူ့ကို မကြည့်။ သေးငယ်ရှည်လျားသော လည်ပင်း

www.burmeseclassic.com

www.burmeseclassic.com

၌ အကြောကြီးတစ်ခုသည် ကြိုးကြီးတစ်ချောင်းလို ထောင်တက်လာပြီး မျက်နှာသည် ရဲတက်လာ၏။

လူအုပ်ကြီးသည် လူငယ်ကို စိုက်ကြည့်လျက် ရှိ၏။ လူငယ်ကလည်း လူအုပ်ကြီးကို လှမ်းကြည့်လိုက်ပြီး အားတက်ဖွယ်အရိပ်အယောင်ကို မြင်လိုက်သကဲ့သို့ မရဲတရဲပြုံးလိုက်၍ နေရာပြင်ရပ်ကာ ခေါင်းကို ပြန့်ဲလိုက်၏။

"ဤသူကား ဘုန်းတော်ကြီးမြတ်သော ဇာဘုရင်နှင့် နိုင်ငံတော်ကို သစ္စာဖောက်သူဖြစ်သည်။ ဘိုနာပတ်ထံ သစ္စာခံသူဖြစ်သည်။ ငါတို့ ရုရှားလူမျိုးများအနက် သင်းတစ်ယောက်သာလျှင် အမျိုး၏ ဂုဏ်သိက္ခာကို ဖျက်သူ ဖြစ်သည်။ သင်းကြောင့် မော်စကိုမြို့ကြီး ပျက်စီးခဲ့ရပြီ"

မြို့ဝန် ရော့စတော့ချင်သည် တုန်ယင်ခြင်း မရှိသော အသံဖြင့် ခပ်ကျယ်ကျယ်ပြောလိုက်ပြီးနောက် သနားစဖွယ် မျက်နှာငယ်နှင့် ရပ်နေသော လူငယ်ကို ငုံ့ကြည့်လိုက်၏။ သို့ရာတွင် လူငယ်ကို မြင်သည့်အခါ၌ ပို၍ ဒေါသထွက်လာသကဲ့သို့ လူအုပ်ကြီးဘက်သို့ လှည့်၍ လက်သီးလက်မောင်းတန်းကာ

"ဤသစ္စာဖောက်ကို သင်တို့ ကြိုက်သလို စီရင်ကြလေ။ သင်းကို သင်တို့လက်သို့ ငါ အပ်လိုက်ပြီ" ဟု အော်လိုက်သည်။

လူအုပ်ကြီးသည် ငြိမ်ကျသွားကာ တစ်ယောက်တစ်ယောက် ပူးကပ်သွားကြ၏။ ဤသို့ တစ်ဦးကို တစ်ဦး ကပ်လျက် အသက်ရှူ၍ မဝလောက်အောင် ကျပ်လျက် လှုပ်ရှား၍ မရအောင် ပြွတ်သိပ်လျက်ရှိရာမှ ရင်တထိတ်ထိတ်ဖြစ်နေကြ၏။ ရှေ့ဆုံးနားမှ အဖြစ်အပျက်ကို အကုန်အစင် ကြားမြင်နေသူများမှာ မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားဖြစ်ကာ နောက်မှ ဖိတိုးနေသောလူအုပ်ကြီးကို တင်း၍ခံထားကြ၏။

"ရိုက်ကြပါတော့လား။ ဘာလုပ်နေကြတာလဲ။ သစ္စာဖောက်ကို ဆုံးမကြပါတော့လား။ အမျိုးဂုဏ် မဖျက်နိုင်အောင် စီရင်ကြပါတော့လား။ ငါ အမိန့်ပေးနေတယ်"

မြို့ဝန် ရော့စတော့ချင်၏ အသံသည် ဒေါသကြောင့် တုန်ယင်လျက်ရှိရကား လူအုပ်ကြီးသည် သဲကွဲစွာ မကြားရ၍ ရှေ့သို့ ပြိုဆင်းလာသည်။

"မြို့ဝန်မင်းခင်ဗျား"

ဗာရက်ချာဂျင်၏ ချိုသာနူးညံ့သော အသံသည် တိတ်ဆိတ်ခြင်းကို ဖောက်ထွင်း၍ ထွက်ပေါ်လာ၏။

"မြို့ဝန်မင်းခင်ဗျား။ ကျွန်တော်တို့သည် ဘုရားတစ်ဆူတည်း၏ သားများ ဖြစ်ကြပါသည်"

ဗာရက်ချာဂျင်သည် မျက်နှာကို မော့လိုက်သည်။ သွေးသည် လည်ပင်းပေါ်ရှိ သွေးကြောကြီးထဲသို့ ရောက်လာပြန်ကာ မျက်နှာသည် ရဲတက်လာပြန်၏။ သို့ရာတွင် ဗာရက်ချာဂျင်သည် စကားကိုဆုံးအောင် ပြောခွင့်မရချေ။

"ဟေ့ သင်းကို စီရင်ကြလို့ ငါ အမိန့်ပေးနေတယ်"

မြို့ဝန် ရော့စတော့ချင်က အော်ပြော၏။ ၎င်း၏ မျက်နှာသည် သားကောင်ဗာရက်ချာဂျင်၏ မျက်နှာကဲ့သို့ ဖြူရော်စ ပြုလာ၏။

"ဓားလွယ် အသင့်ပြင်"

လက်ပစ်ဗုံးကိုင် ရဲမက်ဗိုလ်သည် အမိန့်ပေးရင်း ၎င်း၏ ဓားလွယ်ကို ဓားအိမ်မှ ဆွဲချွတ်လိုက်၏။

ထိုအခိုက် နောက်က လူအုပ်ကြီးသည် ရှေ့သို့ ဖိတိုးလိုက်ပြန်ရာ ရှေ့နားက လူများသည် ဆင်ဝင်လောကားရင်းသို့ ရောက်လာကြ၏။ ကျောက်သားကဲ့သို့ တင်းမာသောမျက်နှာထားကို ဆောင်လျက်ရှိသည့် အရပ်ရှည်ရှည် အလုပ်သမားလူရွယ်သည် ဗာရက်ချာဂျင်၏ အနီးသို့ ရောက်လာသည်။

"ခုတ်" လက်ပစ်ဗုံးကိုင် ရဲမက်ဗိုလ်၏ အသံသည် မရဲတရဲ အားနည်းဖျော့တော့စွာ ပေါ်ထွက်လာ၏။

လက်ပစ်ဗုံးကိုင် ရဲမက်တစ်ဦးသည် ဒေါသကြောင့် ရုံ့မဲ့လျက်ရှိသည့် မျက်နှာကြီးဖြင့် အနီးသို့ ကပ်လာကာ ဗာရက်ချာဂျင်၏ ခေါင်းကို ဓားသွားအနောင့်ဖြင့် ရိုက်ချလိုက်သည်။

"အား"

ဗာရက်ချာဂျင်သည် ကြောက်လန့်တကြားဖြင့် ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်၏။ မိမိအား အဘယ်ကြောင့် ဤသို့ နှိပ်စက်ကလူ ပြုရလေသနည်းဟု သည်းအံ့သြလျက် ရှိ၏။ လူအုပ်ကြီးထဲမှ အံ့သြသံ၊ ထိတ်လန့်သံများ ထွက်ပေါ်လာ၏။ "ဘုရား၊ ဘုရား" ဟု ညည်းသူကညည်းကြ၏။

ဗာရက်ချာဂျင်သည် တစ်ခွန်းမျှ အသံနက်ကြီးဖြင့် အော်လိုက်၏။ ထိုအသံနက်ကြီးကား သေမင်း၏

www.burmeseclassic.com

www.burmeseclassic.com

အသံနက်ကြီး ဖြစ်ပေသည်။ ဤအသံနက်ကြီး ထွက်ပေါ်လာသည်နှင့် ခပ်စောစောက သွေးဆာနေသော လူအုပ်ကြီးကို တားဆီးထားသည့် ကိုယ်ချင်းစာတရား၊ ကြင်နာခြင်းတရားဟူသော တံတိုင်းကြီးသည် ကျိုးပေါက်သွားလေပြီ။ ရာဇဝတ်မှုတစ်ခုကို စမိသည်နှင့် အဆုံးတိုင်အောင် ကျူးလွန်ရချေတော့မည်။ စုတ်ထိုးသံတို့သည် လူအုပ်ကြီး၏ တစ်ခဲနက်အော်သံကြီးအောက်တွင် ပျောက်ကွယ်သွားခဲ့လေပြီ။ လှိုင်းလုံးများစွာတို့ သင်္ဘောကို လာရောက်ပုတ်ခတ်သဖြင့် သင်္ဘောကြီးလူးနေရာမှ နောက်ဆုံးတက်လာသော လှိုင်းလုံးတစ်လုံးကို ဒဏ်ချက်ကြောင့် သင်္ဘောဧရာပျဉ်သည် ဖြန်းဖြန်းကွဲသွားဘိသို့ နောက်ဆုံးလှိုင်းလုံးတစ်လုံးသည် လူအုပ်ကြီး၏ နောက်ဖျားမှ လိပ်တက်လာကာ ရှေ့တန်းသို့ ရောက်လာ၏။ လက်ပစ်ဗုံးကိုင် ရဲမက်က နောက်တစ်ချက် ခုတ်မည်အပြုတွင် ဗာရက်ချာဂျင်သည် ကြောက်လန့်တကြားအော်ကာ ခေါင်းကို လက်နှစ်ဖက်ဖြင့် မိုး၍ လူအုပ်ကြီးဘက်သို့ လှည့်ပြေးလာ၏။ အလှည့်လိုက်တွင် ဗာရက်ချာဂျင်သည် အရပ်ရှည်ရှည် အလုပ်သမားလူရွယ်နှင့် ဝင်တိုးမိသည်။ အရပ်ရှည်ရှည် လူရွယ်သည် သေးကွေးလှသော ဗာရက်ချာဂျင်၏ လည်ပင်းကို ညှစ်ကာ ဒေါသတကြီး အော်ဟစ် ဆဲဆိုလျက်ရှိ၏။ သို့ဖြင့် ၎င်းတို့နှစ်ဦးသည် ပြေးလွှားရန်းကန်လျက်ရှိသော လူအုပ်ကြီး၏ ခြေထောက်များအကြားသို့ လဲကျသွားလေသည်။

ဤတွင် အချို့က လဲကျနေသော ဗာရက်ချာဂျင်ကို ရိုက်ကြ၏။ အချို့က အရပ်ရှည်ရှည် လူရွယ်ကို ရိုက်ကြ၏။ အချို့မှာလည်း ရုတ်ရုတ်သဲသဲအဖြစ်၌ လူအုပ်ကြီး ကြားထဲသို့ လဲကျသွားကြ၏။ အောက်တွင် ပိနေသူတို့ အော်သံ၊ အရပ်ရှည်ရှည်လူရွယ်ကို ဆွဲထူသူတို့၏ အော်သံများကြောင့် လူအုပ်ကြီးသည် ပို၍ဒေါသထွက်လာကာ ပို၍ သောင်းကျန်းလာ၏။ နောက်ဆုံးတွင် လက်ပစ်ဗုံးကိုင် ရဲမက်များက အတင်းဆွဲထုတ်မှ အရပ်ရှည်ရှည် လူရွယ်သည်အပြင်သို့ ရောက်လာ၏။ သို့ရာတွင် သွေးချင်းချင်းနီကာ သတိလစ်လျက်ရှိလေပြီ။ လူအုပ်ကြီးသည် သွေးဆူနေပြီဖြစ်သည့်အလျောက် ဗာရက်ချာဂျင်ကို ဝိုင်း၍ ထုထောင်းရိုက်နှက်လျက်ရှိသော်လည်း သားကောင် မှာ မသေသေးချေ။ နောက်မှ လူအုပ်ကြီးက အလယ်သို့ ဖိ၍တိုးလာသည့်အတွက် ဗာရက်ချာဂျင်ကို ရိုက်နေကြသူများသည် မလှုပ်နိုင် မရှားနိုင်ဘဲ ညပ်လျက် ရှိလေသည်။

"သတ်ဟာ၊ ပုဆိန်နဲ့ ပေါက်သတ်ပါလား။ ချပါကွ။ ဘာလုပ်နေတာလဲ ခွေးသား၊ သစ္စာဖောက်။ ခုထက်ထိ မသေသေးဘူးလား။ ပေါက်တူးနဲ့ ချပါလားကွ။ မသေသေးဘူးလား။ ဘာလုပ်နေကြတာလဲ"

နောက်ဆုံး၌ သားကောင် ဗာရက်ချာဂျင်သည် ရုန်းကန်ခြင်း မပြုတော့ဘဲ ညည်းတွား၍ ငြိမ်ကျသွားတော့မှ လူအုပ်ကြီးသည် သွေးအလိမ်းလိမ်းကပ်ကာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ဗာရက်ချာဂျင်၏ အလောင်းအနီးတွင် ဝိုင်းအုံနေကြသည်။ အချို့က အုံ့အားသင့်ဟန်ဖြင့် ကြည့်ကြ၏။ အချို့က စက်ဆုပ်ရွံ့ရှာဟန်ဖြင့် ကြည့်ကြသည်။ အချို့က ထိတ်လန့်ဟန်ဖြင့် ကြည့်ကြသည်။ အချို့က သနားကရုဏာသက်ဟန်ဖြင့် ကြည့်ကြဖ၏။

"ဘုရား၊ ဘုရား လူတွေဟာ တိရစ္ဆာန်တွေနဲ့ အတူတူပါပဲကလား။ ဒီလောက် ဝိုင်းရိုက်ကြရင် မသေဘဲ နေနိုင်ပါတော့မလား"

လူအုပ်ကြီးထဲမှ တစ်ယောက်တစ်ပေါက် ပြောဆိုသံများကို ကြားရ၏။

"သနားပါတယ်နော်။ အသက်ကလဲ သိပ်မကြီးရှာသေးဘူး။ ကုန်သည်သားသမီးထဲက ထင်ပါရဲ့။ လုပ်လဲလုပ်ရက်တဲ့လူတွေပဲဗျာ။ ပြီးတော့ ဒီသူငယ်ကလေးက အချောင်အသတ်ခံရရှာတာဆိုပဲ။ ဟိုတစ်ယောက်လဲ ခံလိုက်ရတာ သေလုမြောပါးပဲ။ အင်း၊ လူတွေဟာ အပြစ်မကြောက်ကြဘူး ထင်ပါရဲ့"

စောစောက ဗာရက်ချာဂျင်ကို ဝိုင်းရိုက်ခဲ့သည့် လူအုပ်ကြီးသည် မျက်နှာတွင် သွေးနှင့် ဖုန်အလိမ်းလိမ်းကပ်၍ လည်ကုပ်ကျိုးကျနေသော ဗာရက်ချာဂျင်၏ အလောင်းကို စိတ်မချမ်းမြေ့စွာကြည့်၍ တစ်ယောက်တစ်ပေါက်ပြောလျက် ရှိကြ၏။

မြို့ဝန်မင်းဘုရား၏ အိမ်တော်ဝင်းထဲ၌ အလောင်းကြီးတစ်လောင်းရှိနေခြင်းသည် အမင်္ဂလာဖြစ်သည်ဟု ယူဆဟန်ဖြင့် ရဲအရာရှိတစ်ယောက်က အလောင်းကို သယ်သွားရန် လက်ပစ်ဗုံးကိုင် ရဲမက်များအား စေခိုင်းလိုက်၏။ လက်ပစ်ဗုံးကိုင် ရဲမက်နှစ်ုံးသည် အလောင်းကို အဆစ်ဆစ် အပိုင်းပိုင်းကျိုးနေသော ခြေထောက်နှစ်ဖက်မှ

www.burmeseclassic.com

www.burmeseclassic.com

ကိုင်၍ တရွတ်ဆွဲသွားကြ၏။ ကြေမွ၍ ဖုန်အလိမ်းလိမ်း ကပ်နေသော ခေါင်းတုံးကွက်ကျားနှင့် ခေါင်းသည် မြေကြီးပေါ်တွင် တလိမ့်လိမ့်နှင့် ပါသွားလေသည်။ ထိုအခါကျမှ လူအုပ်ကြီးသည် ရဲသွားလေသည်။

ဗာရက်ချာဂျင်အား လူအုပ်ကြီးက အော်ဟစ်ဆဲဆို၍ ရိုက်နေကြချိန်၌ မြို့ဝန် ရော့စတော့ချင်၏ မျက်နှာသည် သွေးဆုတ်သကဲ့သို့ တဖြည်းဖြည်း ဖြူရော်စ ပြုလာ၏။ မြို့ဝန် ရော့စတော့ချင်သည် ခေါင်းငိုက်စိုက်ချကာ အခန်းထဲသို့ ပြန်လှည့်ဝင်လာခဲ့၏။ ၎င်းသည် နောက်ဖေးတွင် စောင့်ဆိုင်းလျက် ရှိသည့် ကရထားဆီသို့ သွားရန်ကိုပင် အမှတ်မရတော့ဘဲ အခန်းထဲတွင် လူးလာခတ်လျက် ရှိသည်။ မျက်နှာသည် ဖြူလျက်ရှိ၍ အောက်မေးဖျားကလည်း တဆတ်ဆတ်တုန်နေသည်။ မတုန်အောင် ထိန်းချုပ်ထားသော်လည်း မရချေ။

"မှန်ပါ ဒီဘက်ကို ကြွပါဘုရား။ ဒီဘက်မှာပါ"

မြို့ဝန် ရော့စတော့ချင်၏ နောက်ပါးမှ ထိတ်လန့်တုန်လှုပ်လျက် ရှိသောအသံတစ်သံက ဆို၏။

မြို့ဝန် ရော့စတော့ချင်သည် မည်သို့မျှ ပြန်မပြောဘဲ ထိုအသံ ညွှန်ပြရာဘက်ဆီသို့ လာခဲ့၏။ အိမ်နောက်ဖေးတံခါးဝ၌ မြို့ဝန် ရော့စတော့ချင်၏ ကရထားသည် ရပ်လျက် ရှိ၏။ အဝေးမှ လူအုပ်ကြီး၏ အော်သံများကို ယခုတိုင် ကြားရဆဲ ဖြစ်လေသည်။ မြို့ဝန် ရော့စတော့ချင်သည် ရထားပေါ်သို့ ခပ်သုတ်သုတ်တက်ထိုင်လိုက်ပြီး ဆိုကိုနီကီဆင်ခြေဖုံးရှိ မိမိ၏ကျေးတောစံအိမ်သို့ ရထားကို မောင်းစေ၏။

ရထားသည် မျှာနစ္စကီလမ်းထဲသို့ ချိုးဝင်လာခဲ့လေရာ လူအုပ်ကြီး၏ အော်သံသည်လည်း တဖြည်းဖြည်း ဝေး၍ ကျန်ရစ်ခဲ့လေသည်။ ထိုအခါတွင် မြို့ဝန် ရော့စတော့ချင်သည် နောင်တရစ ပြုလေပြီ။ လက်အောက်ငယ်သားများရှေ့၌ ဣန္ဒြေမဆည်နိုင်လောက်အောင် တုန်လှုပ်ချောက်ချားခဲ့သော မိမိ၏ အဖြစ်ကိုလည်း သတိရလာ၏။ "အိမ်း၊ ပရမ်းပတာလူအုပ်ဟာ ကြောက်စရာလဲ ကောင်း၊ စက်ဆုပ်စရာလဲ ကောင်းပေတာပဲ။ ဝံပုလွေလိုပဲ။ အသားကို စားရမှ ကျေနပ်တော့တယ်" ဟု ပြင်သစ်လို ပါးစပ်က ရွတ်၏။ "မြို့ဝန်မင်းခင်ဗျား၊ ကျွန်တော်တို့ဟာ ဘုရားတစ်ဆူတည်းရဲ့ သားတွေပါ" ဟူသော ဗာရက်ချာဂျင်၏ စကားများကိုလည်း ကြားယောင်လာကာ ကြက်သီးတွေဖြန်းခနဲ ထလာ၏။ သို့ရာတွင် ဤနောင်တမှာ ခဏသာဖြစ်၏။ မြို့ဝန် ရော့စတော့ချင်သည် သတ္တိကြောင်လှသော မိမိကို ကြည့်၍ ပြုံး၏။

"ငါ့မှာ တာဝန်တွေ ရှိပါသေးကလား။ အိမ်း၊ ငါတာဝန်က တိုင်းသူပြည်သားတွေ ကျေနပ်အောင် လုပ်ဖို့ပေကပဲ။ အများကောင်းကျိုးအတွက် ဒီလို ရက်ရက်စက်စက် လုပ်တန်လဲ လုပ်ရမှာပဲ။ အများပြည်သူ ကောင်းကျိုးအတွက် များစွာသောသားကောင်တို့ကို စတေးတန်စတေးရမှာပဲ"

မြို့ဝန် ရော့စတော့ချင်သည် မိမိ၏သားမယားနှင့် မိမိ၏လုံခြုံရေးကို တွေးတောစိုးရိမ်စ ပြုလာသည်။ သို့ရာတွင် ရော့စတော့ချင်ဆိုသော လူတစ်ယောက်အနေဖြင့် စိုးရိမ်ကြောင့်ကြခြင်းမျိုး မဟုတ်။ (မြို့ဝန် ရော့စတော့ချင်သည် မိမိကိုယ်မိမိ အများပြည်သူတို့၏ကောင်းကျိုးအတွက် လှူဒါန်းပြီးဖြစ်သည်ဟု ယူဆသည့်အတွက် လူတစ်ယောက်အနေဖြင့် ဘာမျှ စိုးရိမ်ဖွယ်မရှိဟု ယူဆသည်။) မြို့ဝန် တစ်ဦး ဘုန်းတော်ကြီးသော ဇာဘုရင်မင်းမြတ်နှင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို လွှဲအပ်ခြင်းခံရသည့် ကိုယ်စားလှယ်တစ်ဦးအနေဖြင့် မိမိ၏လုံခြုံရေးကို စိုးရိမ်ခြင်း ဖြစ်လေသည်။

"အိမ်း၊ ငါဟာ မြို့ဝန် ရော့စတော့ချင် မဟုတ်ဘဲ သာမန်လူတစ်ယောက်ဆိုရင်တော့ တစ်မျိုး စဉ်းစားရပေမပေါ့လေ။ မော်စကိုမြို့ရဲ့ မြို့ဝန်တစ်ယောက်၊ မော်စကိုမြို့ရဲ့ စစ်သေနာပတိတစ်ယောက်အနေနဲ့ ဆိုရင်တော့ ငါ့ရဲ့ ဂုဏ်သိက္ခာနဲ့ ငါ့အသက်ကို ကာကွယ်ရပေလိမ့်မယ်"

မြို့ဝန် ရော့စတော့ချင်သည် ထူထဲအိစက်သော ရထားထိုင်ဖုံတွင် ဘယ်ညာယိမ်းလှုပ်လျက် လိုက်ပါလာ၏။ လူအုပ်ကြီး၏ အော်သံသည် တဖြည်းဖြည်း ဝေးကျန်ရစ်ခဲ့လေပြီ။ မြို့ဝန်မင်း၏ပြင်ပ ဗဟိဒ္ဓရုပ်သည် တည်ငြိမ်စ ပြုလာခဲ့လေပြီ။ သို့ရာတွင် အတွင်းအဒ္ဓဏ္ဍစိတ်ကား တည်ငြိမ်ခြင်း မရှိသေးချေ။ လူသည် ဗဟိဒ္ဓရုပ်၏ တည်ငြိမ်မှုကို ရသည်နှင့် အဒ္ဓဏ္ဍစိတ်၏ တည်ငြိမ်ခြင်းကို ရှာကြံဖန်တီးမြဲ ဖြစ်သည့်အတိုင်း မြို့ဝန် ရော့စတော့ချင်သည်လည်း ၎င်း၏ စိတ်ငြိမ်သက်မှုကို ဖြစ်စေမည့်အကြောင်းတရားများကို လိုက်လံရှာဖွေ ဖန်တီးလျက် ရှိ၏။ သို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

မြို့ဝန် ရော့စတော့ချင်သည် ၎င်း၏ စိတ်တည်ငြိမ်ခြင်းကို ဖြစ်စေမည့် အကြောင်းတရားများကို တစ်ခုပြီးတစ်ခု ရှာဖွေဖန်တီးလျက်ရှိရာ။ နောက်ဆုံး၌ ၎င်း၏ စိတ် တည်ငြိမ်ခြင်းကိုဖြစ်စေမည့် ပဓာနအကြောင်းတရားကြီးတစ်ခုကို တွေ့၏။ မြို့ဝန်မင်း၏စိတ်ကို တည်ငြိမ်စေသော ဖြေဆေးကား အသစ်အဆန်းမဟုတ်ချေ။ ကမ္ဘာကြီး ဖြစ်ပေါ်လာခဲ့၍ လူအချင်းချင်း တစ်ဦးကို တစ်ဦး သတ်ဖြတ်သော အလေ့အထ ပေါ်ပေါက်ခဲ့သည့်အချိန်မှစ၍ ယနေ့အထိ လူသတ်မှုကြီးများကို ကျူးလွန်ခဲ့သူတိုင်း လက်ကတုံးတောင်ဝှေးပြုခဲ့ရသော မဟာသြဿဝဆေးကြီး ဖြစ်၏။ ထိုမဟာသြဿဝဆေးကြီးကား အခြားမဟုတ်။ အများပြည်သူတို့၏ကောင်းကျိုးအတွက် လုပ်ရသည်ဟူသော အကြောင်းပြချက်ဖြင့် ကိုယ့်ကိုယ်ကို လိမ်လည်နှစ်သိမ့်ခြင်းပြုသော ဖြေဆေးကြီး ဖြစ်ပေသတည်း။

လောဘတဏှာကို သိမ်းဆည်းတတ်သူတို့အဖို့ 'အများပြည်သူတို့၏ ကောင်းကျိုး' ဟူသောစကားသည် ဘာမျှအဓိပ္ပာယ်မရှိလှသော်လည်း လောဘတဏှာ၏အလိုကို လိုက်၍ လူအချင်းချင်းသတ်ဖြတ်သည့် ရာဇဝတ်မှုကြီးကို ကျူးလွန်ကြသူများအတွက်ကား ထို 'အများပြည်သူတို့၏ ကောင်းကျိုး' ဆိုသော စကားလုံးသည် များစွာအသုံးဝင်လှပေ၏။ ယခု ထိုစကားလုံးသည် မြို့ဝန် ရော့စတော့ချင်အတွက် အသုံးဝင်လျက် ရှိလေပြီ။

မြို့ဝန် ရော့စတော့ချင်သည် ဤသို့ 'အများပြည်သူတို့၏ ကောင်းကျိုးအတွက်' ဟုထွေးလိုက်သည်နှင့် တစ်ပြိုင်နက် နောင်တတရားရခြင်း မရှိတော့ရုံမျှမက ဤသို့အခါအခွင့် သင့်ခိုက် ရာဇဝတ်ကောင် တစ်ယောက်ကို အလွယ်တကူ စီရင်နိုင်ခဲ့သည့်အတွက်ကြောင့် တစ်ကြောင်း၊ သွေးဆာ နေသောလူအုပ်ကြီးအား အဆာပြေသွားအောင် စီမံနိုင်ခဲ့ သည့်အတွက်ကြောင့်တစ်ကြောင်း ကိုယ့်ကိုယ်ကို ကျေနပ် အားရလျက် ရှိပေသည်။

'ဗာရက်ချာဂျင်ဟာ သစ္စာဖောက်မှု၊ သူလျှိုမှုနဲ့ အမှုခစ်ဆေးပြီးလို့ သေဒဏ်စီရင်ခြင်းခံထားရတဲ့ ရာဇဝတ်ကောင် တစ်ယောက်ပဲ။ (အမှန်အားဖြင့်ကား အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျခံစေရမည်ဟု လွှတ်ရုံးတော်က စီရင်ချက်ချထားခြင်း ဖြစ်၏။) ဒီလို ရာဇဝတ်ကောင်တစ်ယောက်ကို ငါက ချမ်းသာပေးခဲ့လို့ ဘယ်ဖြစ်မလဲ။ ဟော ခုတော့ ငါဟာ ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင် ပစ်ခဲ့ပြီ။ မားစာခဲတစ်ယောက် ထိုးပေးလိုက်ခြင်းအားဖြင့် သွေးဆာနေတဲ့လူအုပ်ကြီးလဲ အဆာပြေစေခဲ့ပြီ။ ရာဇဝတ်ကောင်တစ်ယောက်လဲ ပြစ်ဒဏ်ပေးပြီးသား ဖြစ်ပြီ။ အင် မတန်လျော်ကန်တဲ့ အစီအမံပေပဲ'

ဆိုကိုနီကီ ဆင်ခြေဖုံးရှိ ကျေးတောစံအိမ်သို့ ရောက်၍ စီမံဖွယ်ရှိသော အိမ်တွင်းရေးကိစ္စများကို စီမံခန့်ခွဲပြီးသော် မြို့ဝန် ရော့စတော့ချင်၏ စိတ်မှာ လုံးဝတည်ငြိမ်လျက် ရှိလေပြီ။

နာရီတစ်ဝက်ခန့်ကြာသောအခါတွင် မြို့ဝန် ရော့စတော့ချင်သည် ကရထား၌ မြန်ပေ့ဆိုသော ပထမတန်းမြင်းများကို ကစေ၍ ဆိုကိုနီကီ ကွင်းကြီးထဲသို့ ဖြတ်မောင်းလာခဲ့လေသည်။ စောစောက တွေ့ကြုံခဲ့သည်များကို စဉ်းစားခြင်းမပြုတော့ဘဲ ရှေ့တွင်ကြုံတွေ့ရမည့်အရာများကိုသာ တွေး၍ လိုက်ပါလာ၏။ မြို့ဝန် ရော့စတော့ချင်သည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ရှိသည်ဟု ကြားသိရသည့် ယောဇတ်တားဆီသို့ သွားနေခြင်း ဖြစ်၏။ စိတ်ထဲ၌လည်း စစ်သေနာပတိချုပ်ကူတူဇော့ဗ်နှင့် တွေ့ဆုံလျှင် ပြင်းပြင်းထန်ထန် ပြစ်တင်ပြောဆိုရန် စကားလုံးများကို စဉ်းစားလာခဲ့၏။ "မော်စကိုမြို့ကြီးကို ဖွန့်ဖွာခဲ့ရသောကြောင့် ဖြစ်ပေါ်လာသော အနိဋ္ဌာရုံများ၊ ရုရှားနိုင်ငံတော်ကြီး ပျက်စီးရခြင်းကြောင့် (မြို့ဝန် ရော့စတော့ချင်၏စိတ်တွင် မော်စကိုမြို့ ကျဆုံးခြင်းသည် ရုရှားနိုင်ငံကြီး ပျက်စီးခြင်း ဖြစ်သည်ဟု ထင်သည်။) ဖြစ်ပေါ်လာသောအခြေအနေများအတွက် တာဝန်ဟူသမျှသည် ငါ၏ခေါင်းပြောင်ကြီးပေါ်သို့ ကျရောက်လေပြီဟု ဤကောက်ကျစ်စဉ်းလဲ အဘိုးအိုသေနာပတိကြီး နောင်တရအောင်လုပ်အံ့" ဟု ကြုံဝါးလိုက်ပါလာ၏။ ဤသို့ဖြင့် စစ်သေနာပတိချုပ် ကူတူဇော့ဗ်အား ပြောမည့်စကားများကို စိတ်ကူးလျက် မြို့ဝန် ရော့စတော့ချင်သည် ကရထားဝဲယာကို သုန်မှုန်စွာကြည့်၍ လိုက်ပါလာလေသည်။

ဆိုကိုနီကီကွင်းကြီးမှာ တိတ်ဆိတ်ခြောက်သွေ့လျက်ရှိ၏။ ကွင်းတစ်ဖက်အဆုံးရှိ ဇရပ်နှင့် အရှေ့ထောင့်ရှိ၌ သာ အဝတ်ဖြူဝတ်ထားသောလူအချို့ကို မြင်ရ၏။ ၎င်းတို့အနက်အချို့ကား လမ်းလျှောက်လျက်၊ အချို့ကား ခုန် ပေါက်အော်ဟစ်လျက် အချို့မှာ တွေတွေရပ်လျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိ ကြ၏။

ငင်းတို့အထဲမှ တစ်ယောက်သည် မြို့ဝန် ရော့စတော့ချင်၏ရထားဆီသို့တည့်တည့်ကြီး ပြေးလာ၏။ မြို့ဝန် ရော့စတော့ချင် ငင်း၏ရထားသမား လက်နက်ကိုင် ကိုယ်ရံတော်များသည် လွတ်လာသောအရူးထောင်သားများကို ထိတ်လန့်အံ့သြဟန်ဖြင့် ကြည့်နေကြ၏။ အထူးသဖြင့် မိမိတို့ရထားရှေ့သို့ တည့်တည့်ကြီး ပြေးလာသော အရူးထောင်သားကို ကြည့်၍ ထိတ်လန့်လျက် ရှိကြသည်။

ဖိုးရိုးဖားရားအကျဉ်းသားဝတ်စုံကြီးကို ဝတ်၍ သေးကွေးချည့်နဲ့သည့်ခြေနှစ်ဖက်ကို အနိုင်နိုင်သယ်ရင်း ဒယီးဒယိုင်ဖြစ်လျက် ရှိသည့် ထိုအရူးထောင်သားသည် တအားကုန်ပြေးလာရာမှ အနီးသို့ ရောက်သည်နှင့် မြို့ဝန် ရော့စတော့ချင်၏မျက်နှာကို စိမ်းစိမ်းကြီး ကြည့်ကာ အသံနက်ကြီးဖြင့် လှမ်းအော်ပြီး ရထားကို အရပ်ခိုင်းလျက် ရှိ၏။ အရူးထောင်သား၏သုန်မှုန်သောမျက်နှာသည် ပိန်ချုံး ဖြူရော်လျက် ရှိ၏။ မုတ်ဆိတ်မွေးများကလည်း ကျိုးတိုးကျဲတဲ ပေါက်နေကြ၏။ နန္ဒင်းကဲ့သို့ ဝါထိန်နေသော မျက်သားများအလယ်မှ မည်းနက်ပြူးထွက်နေသော မျက်လုံးများသည် အောက်မျက်ခမ်းအနီ၌ ဂနာမငြိမ်လှုပ်ရှားနေကြ၏။

"ဟေ့ ရပ် ရပ်ကွ။ ပြောနေတာ မကြားဘူးလား" အရူးထောင်သားများက ရူးရူးဝါးဝါးအော်လိုက်သည်။ တစ်ဖန် ပါးစပ်ကသာမက လက်ဟန်ခြေဟန်ပြ၍ ပြောဆိုနေပြန်သည်။

ကရထားဘေးသို့ ရောက်လာသည့်အခါတွင် ထိုအရူးထောင်သားသည် ကရထားနှင့်အတူ ပြေးလိုက်လာ၏။

"မင်း ငါ့ကိုသတ်တာ သုံးခါရှိပြီ။ သုံးခါစလုံး ငါ သခ်ၤိုင်းထဲက ထလာတာကွ။ ငါ့ကို ခဲနဲ့ပေါက်၊ ကားစင်တင်သတ်တာ မင်း မဟုတ်လားကွ။ ဟေ့ မင်း ဘယ်လိုသတ်ပေမယ့် ငါ မသေဘူးကွ။ ငါ မသေဘူး။ ငါ့အရေတွေကို ဆုတ်ပစ်ပေမယ့် ငါ မသေဘူးကွ။ အရိုးတွန်ပြမယ်။ သိရဲ့လား အရိုးတွန်ပြမယ်"

အရူးထောင်သားသည် ရူးရူးဝါးဝါး အသံနက်ကြီးဖြင့် အော်၍လိုက်လာ၏။

ထိုအခါ၌ ဗာရက်ချာဂျင်အနီးသို့ လူအုပ်ကြီး ဝိုင်းလာစဉ်ကကဲ့သို့ မြို့ဝန် ရော့စတော့ချင်၏မျက်နှာမှာ တစ်မုဟုတ်ချင်း ဖြူရော်လာခဲ့လေပြီ။ မြို့ဝန် ရော့စတော့ချင်သည် ထိုအရူး၏မျက်နှာကို မကြည့်ရဲတော့ဘဲ တခြားသို့ လွဲလိုက်ပြီး "ဟေ့၊ မြန်မြန်မောင်းစမ်း၊ မြန်မြန်မောင်းစမ်း" ဟု ရထားသမားကို တုန်ယင်သော အသံဖြင့် လှမ်းအော်လိုက်၏။ ကရထားသည် ကောင်းကင်တွင် ပျံသကဲ့သို့ တစ်ဟုန်ထိုး ပြေးလျက်ရှိသော်လည်း မြို့ဝန် ရော့စတော့ချင်၏နားထဲတွင်ကား သူရူး၏ ရူးရူးဝါးဝါးအော်သံကြီးကို ဖျောက်၍ မရတော့ချေ။ မျက်စိထဲတွင်လည်း သွေးချင်းချင်းနီ၍ အထိတ်ထိတ် အလန့်လန့်ဖြစ်လျက်ရှိသော ဗာရက်ချာဂျင်၏မျက်နှာကို မြင်ယောင်မိလေသည်။

မြို့ဝန် ရော့စတော့ချင်သည် ဤအဖြစ်အပျက်ကို တွေ့မြင်ခဲ့သည်မှာ မကြာသေးရာ ထိုအဖြစ်အပျက်သည် ငင်း၏အသည်းနှလုံးကို ဓားဖြင့်မွန်းကာ သွေးတို့ကို ထုတ်ယူလိုက်သကဲ့သို့ ရှိပေ၏။ ထိုအဖြစ်အပျက်သည် ငင်း၏စိတ်ထဲမှ တော်တော်နှင့် ဖျောက်၍ ရတော့မည်မထင်ချေ။ ထိုမျှမက ထိုကြောက်စရာအဖြစ်သည် သူ့ကို သေသည်အထိ တစ္ဆေခြောက်နေဦးမည်သာ ဖြစ်ပေသည်။ 'ဒီအကောင်ကို စီရင်လိုက်ကြလို့ အမိန့်ပေးနေတယ်ကွ' ဟူသော မိမိ၏စကားများကိုလည်း ပြန်လည်၍ကြားယောင်လျက် ရှိလေသည်။

'ဘာကြောင့်များ ငါ့ပါးစပ်က ဒီစကားတွေ ထွက်သွားရတာပါလိမ့်။ ငါ့နယ်နော် မိုက်လိုက်ပါဘိ။ ငါကသာ အမိန့်မပေးရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး' ဟု တွေးမိ၏။ ဗာရက်ချာဂျင်ကို ဓားဖြင့်ခုတ်သော လက်ပစ်ဗုံးကိုင်ရဲမက်၏ထိတ်လန့်တုန်လှုပ်လျက်ရှိသော မျက်နှာနှင့် တကွ မိမိအား ကြောက်လန့်တကြား ကြည့်ရာမှ ပြစ်တင်ရှုတ်ချနေဟန် ရှိသော် ဗာရက်ချာဂျင်၏မျက်နှာကိုလည်း မြင်ယောင်လာပြန်သည်။

'အေးလေ ငါ့ကိုယ်ကျိုးအတွက် လုပ်ရတာမှ မဟုတ်ဘဲ၊ အများပြည်သူရဲ့ကောင်းကျိုးအတွက် လုပ်ရပေတာပဲ။ အင်း သူကလဲ သစ္စာဖောက်၊ လူအုပ်ကြီးကလဲ သွေးဆာ၊ တိုင်းပြည်လဲ အကျိုးရှိတယ်ဆိုတော့ ငါ့မှာလဲ မနေသာပေဘူးပေါ့'

ရုရှားတပ်များကား ယောဇတ်တားတွင် စုပြုံတိုး

www.burmeseclassic.com

www.burmeseclassic.com

ဇော့လျက်ရှိဆဲ ဖြစ်၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် စိတ်ပျက်အားငယ်ကာ မျက်မှောင်ကြီးကုတ်လျက် တံတားအနီး ခုံရှည်တွင် ထိုင်ရင်း လက်တွင်ကိုင်ထားသည့် ကြာပွတ်ဖြင့် မြေကြီးကို ထိုးဆွလျက် ရှိ၏။ ထိုအခိုက် ရထားတစ်စင်းသည် မိမိအနီးမှ တစ်ဟုန်ထိုးဖြတ်သန်းမောင်းနှင်သွားသည်ကို မြင်လိုက်ရ၏။ ခဏကြာသော် စစ်ဗိုလ်ချုပ်ဝတ်စုံကို ဝတ်၍ ဦးထုပ်တွင် ငှက်တောင်စိုက်ထားသည့်လူတစ်ယောက် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ထံသို့ လျှောက်လာကာ ပြင်သစ်ဘာသာဖြင့် တစ်စုံတစ်ရာကို လှမ်းပြောလိုက်၏။ ထိုသူကား အများကောင်းကျိုးဆောင် ပုဂ္ဂိုလ်ကြီး မြို့ဝန် ရော့စတော့ချင်ပေတည်း။ မြို့ဝန် ရော့စတော့ချင်က ရှေးဟောင်းမြို့ကြီးဖြစ်သည့် မော်စကိုမြို့ကြီး မရှိတော့ပြီဖြစ်ကြောင်း၊ စစ်တပ်များသာကျန်ရစ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိလာရောက်ရခြင်း ဖြစ်ကြောင်းဖြင့် ပြော၏။

"ရန်သူတွေနဲ့ တစ်ချီတစ်မောင်းလောက် တိုက်ပြီးမှ မော်စကိုက ဆုတ်ခွာမယ်လို့ ကိုယ်တော်ကြီးပါးစပ်ကသာ မပြောခဲ့ပေဘူးဆိုရင် အခြေအနေ တစ်မျိုးတစ်ဖုံဖြစ်မှာပဲဗျ။ ဒီလိုအဖြစ်မျိုးကိုတော့ မရောက်တန်ပေဘူး။ ခုတော့"

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ဆိုလိုသည့် အဓိပ္ပာယ်ကို နားမလည်ဟန်ဖြင့် မြို့ဝန် ရော့စတော့ချင်ကို လှမ်းကြည့်လိုက်၏။ ထိုမျှမက ထိုအချိန်တွင် မြို့ဝန်၏ မျက်နှာအမူအရာ ထူးခြားနေပုံကိုလည်း အကဲခတ်နေသည်။ မြို့ဝန် ရော့စတော့ချင်သည် မိမိအား စကားတစ်ခွန်းမျှ မပြောဘဲ စိမ်းစိမ်းကြီး ကြည့်နေသော စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကို ကြည့်၍ စိမ့်လာကာ ပါးစပ်ပိတ်သွားသည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် မြို့ဝန် ရော့စတော့ချင်၏ မျက်နှာကို စိမ်းစိမ်းကြီး ကြည့်နေရာက ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်၍

"ဟုတ်တယ်။ ရန်သူနဲ့ တိုက်ပွဲတစ်ပွဲလောက် မတိုက်ဘဲနဲ့ မော်စကိုကို ကျုပ် အကျမခံဘူး"

ဤစကားကိုပြောဆိုရာ၌ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် အခြားကိစ္စများကို တွေးနေ၍လော၊ ထိုစကားများသည် ယခုအချိန်ကျမှ ဘာမျှ အရာမထင်သော စကားဖြစ်မှန်းကို သိလျက်နှင့် တမင်တမဲ အရွဲ့တိုက်ပြောဆိုနေခြင်းလောဆိုသည်ကိုမူ မြို့ဝန် ရော့စတော့ချင် မသိချေ။ မြို့ဝန် ရော့စတော့ချင်သည် နောက်ထပ် ဘာမျှ မပြောတော့ဘဲ ခပ်သုတ်သုတ် ထွက်လာခဲ့၏။ ခဏကြာသော် လွန်စွာမာနကြီး၍ အာဏာပါဝါမပြရလျှင် အိပ်မပျော်သည့် မော်စကိုမြို့ဝန် မြို့စားကြီး ရော့စတော့ချင်သည် ကြာပွတ်တစ်ချောင်းကို ကောက်ကိုင်ကာ တံတားဆီသို့ လျှောက်လာခဲ့ပြီးနောက် တံတားဦးတွင် ပိတ်နေသော အရပ်သားလူည်းများကို ပါဝါအာဏာပြကာ မောင်းထုတ်နေချေသည်တကား။ အံ့သြဖွယ် ကောင်းလေစွ။

အခန်း ၂၆

ညနေ လေးချက်တီးအချိန်လောက်၌ ပြင်သစ် ဗိုလ်ချုပ်မူးရတ်၏ တပ်များသည် မော်စကိုမြို့တွင်းသို့ ဝင်လျက်ရှိကြလေသည်။ တပ်ဦးမှ ဝင်လာသည့် တပ်များမှာ ဝါတင်ဘတ်မြင်းတပ်များ ဖြစ်၏။ ထိုမြင်းတပ်များ၏ နောက်တွင် နေပဲပြည်၏ ဘုရင်ဘွဲ့ကို ခံယူထားသော ပြင်သစ်ဗိုလ်ချုပ်မူးရတ်သည် ကိုယ်ရံတော်တပ်များ ခြံရံ၍ လိုက်ပါလာ၏။

အာရဗတ်လမ်းလယ်ရှိ အဲ့တော်မူဆင်းတုတော်ကိန်းဝပ်ရာ သုခမ္မာဇရပ်အနီးသို့ ရောက်သော် ပြင်သစ်ဗိုလ်ချုပ် မူးရတ်သည် ခေတ္တမျှ ရပ်နား၍ တပ်ဦးမှ ချီတက်သွားသောမြင်းတပ်များထံမှ ကရင်မလင်နန်းတော်၏ အခြေအနေနှင့် ပတ်သက်သည့် သတင်းကို စောင့်ဆိုင်းနေသည်။

ပြင်သစ်ဗိုလ်ချုပ်မူးရတ်အနီး၌ကား ကျန်ရစ်ခဲ့သော မော်စကိုမြို့သူ မြို့သားများသည် ဝိုင်းအုံလျက်ရှိ၏။ ၎င်းတို့သည် ဦးထုပ်တွင် ငှက်တောင်များစိုက်လျက် ရင်ဘတ်တွင် ရွှေတံဆိပ်တွေအပြည့် ချိတ်ထားသောဆံရှည်ဗိုလ်မူးရတ်ကို အထူးအဆန်းသဖွယ် ကြည့်နေကြသည်။

"ဒါ ပြင်သစ်ဧာဘုရင်တဲ့လား။ ဂိုက်ကတော့ မဆိုးဘူးဟေ့" ဟူသော တီးတိုးသံများကို ကြား၏။

စကားပြန်တစ်ဦးသည် ခပ်လှမ်းလှမ်းမှ ဝိုင်းကြည့်နေသောလူအုပ်ကြီးဆီသို့ မြင်းစီး၍ရောက်လာကာ "နောက်ဆုတ် ခစားကြ။ နောက်ဆုတ် ခစားကြ" ဟု ပြောနေသည်။ စကားပြန်သည် လူအုပ်ထဲမှ ကူလီတစ်ယောက်ကို လှမ်း၍ ကရင်မလင်နန်းတော်နှင့် ဝေးသေးသလောဟု

www.burmeseclassic.com

www.burmeseclassic.com

မေးမြန်း၏။ ကူလီသည် စကားပြန်၏ပိုလန်သံဝဲဝဲ ရုရှားစကားကိုလည်း နားမလည်၊ ရုရှားစကားဖြင့် ပြောဆိုနေခြင်း ဖြစ်သည်ဟုလည်း မထင်မိဘဲ ကြောင်တိကြောင်တောင် ကြည့်လျက် နောက်လူအုပ်ကြီးထဲသို့ ဆုတ်၍ ပျောက်ကွယ်သွား၏။

ပြင်သစ်ဗိုလ် မူးရတ်သည် စကားပြန်အနီးသို့ ရောက်လာပြီး ရုရှားစစ်တပ်ကြီး စခန်းချသည့်နေရာကို စကားပြန်အား အမေးခိုင်းပြန်သည်။ ဤတစ်ကြိမ်တွင်မူ လူအုပ်ထဲမှ တစ်ယောက်က စကားပြန်၏စကားကို နားလည်လိုက်၏။ အားလုံးကပင် တစ်ယောက်တစ်ပေါက် ဖြေကြလေသည်။ ထိုအခိုက် တပ်ဦးမှ တက်သွားသော ပြင်သစ်တပ်ဗိုလ်တစ်ယောက်သည် ပြင်သစ်ဗိုလ် မူးရတ်ထံသို့ မြင်းစီး၍ရောက်လာကာ ကရင်မလင်နန်းတော် မြို့ရိုးတံခါးများရှေ့၌ ငြောင့်များ၊ သစ်တုံးများထောင်၍ ပိတ်ဆို့ထားကြောင်း၊ နန်းမြို့ရိုးတံခါးမှ ချောင်းမြောင်းတိုက်ခိုက်မည် ထင်ရကြောင်းဖြင့် ပြောကြား၏။

"အိမ်း"

ပြင်သစ် ဗိုလ် မူးရတ်သည် ဤသို့မိန့်ကာ ကိုယ်ရံတော်တပ်ဗိုလ်တစ်ဦးဘက်သို့ လှည့်၍ အမြောက်အသေးစားလေးလက်ကို ရှေ့သို့ ချီတက်စေကာ မြို့ရိုးတံခါးကို ပစ်၍ဖွင့်ရန် အမိန့်ပေးလိုက်သည်။

ဤတွင် ပြင်သစ်ဗိုလ် မူးရတ်၏နောက်စစ်ကြောင်းထဲမှ လိုက်ပါလာသည့်အမြောက်လေးလက်သည် ရှေ့သို့ တက်လာကာ အာရဗတ်လမ်းဆီသို့ ချီတက်သွား၏။ ဗော့ဇဗီဇင်ကာလမ်းထောင့်သို့ ရောက်လျှင် အမြောက်လေးလက်သည် ရပ်တန့်၍ ရင်ပြင်နိဘက်သို့ လှည့်လိုက်သည်။ ပြင်သစ်တပ်ဗိုလ်များသည် အမြောက်လေးလက်ကို နေရာယူစေပြီးနောက် မှန်ပြောင်းကိုယ်စီဖြင့် ကရင်မလင် နန်းမြို့ရိုးဆီသို့ မျှော်ကြည့်နေကြ၏။

ကရင်မလင်နန်းတော်ထဲမှ ဝတ်တက် ခေါင်းလောင်းသံများသည် တဒင်္ဒင်မြည်ဟည်း လျက်ရှိလေရာ ထိုအသံများသည် ပြင်သစ်တို့ကို အနှောင့်အယှက်ပေးလျက်ရှိ၏။ ပြင်သစ်တို့၏စိတ်တွင် ထိုခေါင်းလောင်းသံများသည် မိမိတို့အား ခုခံတိုက်ခိုက်ရန် အချက်ပေးသော ခေါင်းလောင်းသံများဖြစ်သည်ဟု ထင်လျက်ရှိကြသည်။ ပြင်သစ်ခြေလျင်တပ်သားအချို့သည် ကူတာဖြေ့တံခါးဆီသို့ ပြေးတက်သွားကြ၏။ ကူတာဖြေ့တံခါးရှေ့တွင် ငြောင့်များ၊ သစ်တုံးများထောင်ထားလျက်ရှိရာ ပြင်သစ်တပ်ဗိုလ်တစ်ဦးနှင့် တပ်သားအချို့ ထိုငြောင့်များ၊ သစ်တုံးများဆီသို့ ပြေးကပ်သွားသည်နှင့် တစ်ပြိုင်နက် မြို့တံခါးတောင်ဘက်ဆီမှ သေနတ်သံနှစ်ချက် မြည်ဟည်းထွက်ပေါ်လာလေသည်။ အမြောက်လေးလက်အနီးတွင် ရပ်နေသည့် ပြင်သစ်ဗိုလ်ချုပ်တစ်ဦးက ငြောင့်များအနီးသို့ ကပ်သွားသောတပ်ဗိုလ်အား အော်ဟစ်အမိန့်ပေးလိုက်သည်တွင် တပ်ဗိုလ်နှင့် တပ်သားများသည် ပြန်ပြေးလာကြ၏။

မြို့တံခါးဝမှ နောက်ထပ်သေနတ်သံသုံးချက် ထွက်ပေါ်လာပြန်သည်။

တစ်ချက်မှာ ပြင်သစ်တပ်သားတစ်ယောက်၏ ခြေထောက်ကို လာ၍ထိ၏။ ငြောင့်များ၊ သစ်တုံးများ နောက်မှ လူခပ်ကျဲကျဲဖြင့် မညီမညာအော်ဟစ်လိုက်သည့် ထူးဆန်းသောအော်သံတစ်ခု ထွက်ပေါ်လာ၏။ ထူးဆန်းသောထိုအော်သံကို ကြားရသည်နှင့် အမိန့်ပေးသံတစ်ခုကို ကြားလိုက်ရသည့်နှယ် ပြင်သစ်ဗိုလ်ချုပ်နှင့်တကွ တပ်ဗိုလ်များ တပ်သားများ၏မျက်နှာသည် ရွှဲလန်းထက်သန်သော အသွင်ကိုဆောင်ထားရာမှ ဘေးအန္တရာယ်ကို ရင်ဆိုင်ရန် အသင့်ရှိသည်ဟူသော ပြတ်သားတင်းမာသည့်အသွင်သို့ ပြောင်းသွားကြ၏။ စစ်သူကြီးအစ တပ်သားအဆုံးရှိသော ပြင်သစ်တို့၏စိတ်၌ ဤနေရာသည် မော်စကို မြို့လယ်ကောင်မဟုတ်ဘဲ သူသေကိုယ်သေ အကြိတ်အနယ်တိုက်ရမည့်စစ်တလင်းကြီးတစ်ခုဟု ထင်မှတ်လာကြ၏။ သို့ဖြင့် ပြင်သစ်များသည် တိုက်ပွဲအတွက် အဆင်သင့်ပြင်ထားကြ၏။ ထိုအခိုက် မြို့တံခါးအောက်မှ ထူးထူးဆန်းဆန်း ထွက်ပေါ်လာသော အော်သံသည် ရုတ်တရက် ပျောက်သွားပြန်၏။ ပြင်သစ်အမြောက်များသည် ရင်ပြင်နိကို ဖြတ်၍ တက်လာကြလေပြီ။ အမြောက်တပ်သားများသည် အမြောက်နားခွက်ပေါ်မှ ယမ်းများကို ရှို့ရန် မီးတုတ်များကို အဆင်သင့်ပြင်ပြီးကြလေပြီ။ 'ပစ်' ဟူသော တပ်ဗိုလ်၏ အမိန့်သံနှင့် အတူ တအုန်းအုန်းမြည်သောအမြောက်သံနှစ်ချက် ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာ၏။ အမြောက်ဆံသည် နန်းမြို့ရိုးတံခါးနှင့် ငြောင့်များ၊ ရင်ကာများကို သွားထိ၏။ မီးခိုးလုံးကြီးနှစ်လုံးသည် ရင်ပြင်နိပေါ်သို့ တက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

အမြောက်သံနှစ်ချက်၏ပဲ့တင်သံသည် ကျောက်သားတို့ဖြင့် ပြီးသော ကရင်မလင်နန်းမြို့ရိုးတစ်ဝိုက်တွင် ဟိန်းသွား၏။ ခဏအကြာတွင် ပြင်သစ်များသည် မိမိတို့အထက်မှ ထူးဆန်းသောအသံကြီးတစ်သံကို ကြားလိုက်ရ၏။ ထိုအသံကား ကျီးပြုံသံကြီးပေတည်း။ ထောင်ပေါင်းများစွာသောကျီးများသည် မြို့ရိုးဘက်သို့ ပျံတက်လာကာ အတောင်တဖျပ်ဖျပ်ခတ်၍ အော်မြည်လျက် ရှိကြ၏။ ထိုကျီးပြုံသံကြီးနှင့်အတူ နန်းမြို့ရိုးတံခါးထိပ်မှ လူတစ်ယောက်၏စူးရှစွာအော်သံသည် ထွက်ပေါ်လာကာ ကျေးတောသားအင်္ဂျကို ဝတ်ထားသည့် ခေါင်းတုံးပြောင်ကြီးနှင့် လူတစ်ယောက်၏သဏ္ဌာန်ကို မီးခိုးများကြားမှ မြင်ရ၏။ ထိုလူသည် သေနတ်တစ်လက်ကိုကိုင်၍ ပြင်သစ်များဘက်သို့ ချိန်လိုက်၏။ ထိုအခိုက် 'ပစ်' ဟူသော တပ်ဗိုလ်၏အမိန့်သံ ပေါ်လာပြန်ကာ ကျည်တစ်လုံးထိုးသေနတ်သံများနှင့် အမြောက်သံနှစ်ချက်သည် တစ်ပြိုင်နက် ထွက်ပေါ်လာ၏။ မီးခိုးလုံးကြီးများသည် နန်းမြို့ရိုးတံခါးကို ဖုံးသွားကြပြန်၏။

ငြောင့်များ၊ သစ်တုံးများ၊ ရင်ကာများအနောက်မှ လူပ်ရှားမှုတစ်ခုမျှ မရှိတော့သောအခါတွင် ပြင်သစ်ခြေလျင်တပ်သားများနှင့် တပ်ဗိုလ်များသည် နန်းမြို့ရိုးတံခါးဆီသို့ တက်လာခဲ့ကြ၏။ မြို့တံခါးဝမှ မုခ်ဦးထဲ၌ကား အလောင်းလေးလောင်းနှင့် ဒဏ်ရာရနေသူ သုံးယောက်ကို တွေ့ရ၏။ ကျေးတောသားအင်္ဂျဝတ်ထားသူ နှစ်ယောက်သည် နန်းမြို့ရိုးခြေရင်းအတိုင်း ဇနာမင်ကာလမ်းဘက်သို့ ထွက်ပြေးကြ၏။

"လမ်းရှင်းလိုက်ပေ့"

ပြင်သစ်တပ်ဗိုလ်တစ်ဦးသည် မြို့ရိုးတံခါးရှေ့မ ငြောင့်များ၊ သစ်တုံးများ၊ ရင်ကာများနှင့် အလောင်းများကို ရှင်းစေ၏။ ပြင်သစ်တပ်များသည် ဒဏ်ရာရသူများကို ပြောင်းရွေ့ကာ အလောင်းများကို ရင်တာကတုတ်ထဲသို့ ပစ်ချလိုက်ကြသည်။

ပြင်သစ်တပ်ကြီးကို ကရင်မလင် နန်းမြို့ရိုးတွင်းမှ သေနတ်ကလေးသုံးလေးလက်ဖြင့် ခုခံတိုက်ခဲ့ကြသော ထိုလူတစ်သိုက်သည် မည်သည့်လူစားများနည်း။ ၎င်းတို့အကြောင်းကို မည်သူမျှ မသိကြချေ။ ၎င်းတို့အကြောင်းနှင့် စပ်လျဉ်း၍ ရာဇဝင်ကျမ်းများ၌ တွေ့ရသမျှမှာ 'လမ်းရှင်းလိုက်ဟေ့' ဟူသော ပြင်သစ်တပ်ဗိုလ် ၏စကားလုံးများသာ ဖြစ်လေသည်။ ၎င်းတို့၏လူပ်ရှားမှုသည် ဤစကားလုံးကလေးများ၏နောက်ကွယ်၌ နိဂုံး ကမ္ဘတ်သို့ရောက်ကာ ဇာတ်မြုပ်သွားခဲ့ရလေသည်။ ပြင်သစ် တပ်သားများသည် အလောင်းများကို ရင်ကာကတုတ်များ ထဲသို့ ပစ်ချပြီး နောက် ပုပ်စော်နံမည်စိုးသည့်အတွက် နောင်တွင် တစ်နေရာသို့ ရွှေ့ပစ်လိုက်ကြ၏။ ၎င်းတို့နှင့် စပ်လျဉ်း၍ ပြင်သစ်ရာဇဝင်ဆရာ သိုင်းယာ့စ်တစ်ဦးတည်းကသာလျှင် 'ဤလူဆိုး တစ်စုသည် နန်းမြို့ရိုးကြီးကို သိမ်းပိုက်ထားကြပြီး နောက် လက်နက်တိုက်မှ လက်နက်များကို ထုတ်ယူ၍ ပြင်သစ်တပ်များကို ပစ်ခတ်ကြ၏။ အချို့မှာ ဓားလွတ်များကိုင်ထား ကြ၏။ ဤလူဆိုးတစ်သိုက်ကို နန်းတော်ထဲမ ဆေးကြော သုတ်သင်ပစ်ရလေသည်'ဟု ရေးခဲ့၏။ ၎င်းတို့နှင့် စပ်လျဉ်း ၍ အကျယ်တဝင့်ရေးသား ဖော်ပြချက်ဟူ၍ ဤသုံးလေး ကြောင်းမျှရှိသော စာပုဒ်ကလေးသာ ဖြစ်လေသည်။

ပြင်သစ်တပ်သားများသည် မြို့ရိုးတံခါးဝတွင် ရှိသော ငြောင့်များ၊ ရင်ကာများ၊ သစ်တုံးများ၊ အလောင်းများကို ဖယ်ရှားပြီးဖြစ်ကြောင်းဖြင့် ပြင်သစ်ဗိုလ်ချုပ် မူးရတ်ထံ အစီရင်ခံကြ၏။ ထို့နောက်၌ ပြင်သစ်တပ်များသည် ကရင်မလင် နန်းမြို့ရိုးထဲသို့ ဝင်ရောက်လာကြကာ လွတ်ရုံးတော်ရှေ့ကွက်လပ်တွင် တပ်စွဲလိုက်ကြသည်။ ပြင်သစ်တပ်သားများသည် ထင်းအလို့ငှာ ကုလားထိုင်များ၊ ထိုင်ခုံများကို လွတ်ရုံးပြတင်းဝမှ အောက်သို့ ပစ်ချကာ ကွက်လပ်ထဲတွင် မီးဖိုကြ၏။

အခြားတပ်များသည်လည်း ကရင်မလင်နန်းမြို့ရိုးကို ဖြတ်၍ ချီတက်လာခဲ့ကြပြီးနောက် မိုရိုစေကာလမ်း၊ လူဗျန်ကာလမ်းနှင့် ပေါက်ကရောကာလမ်းတစ်လျှောက်၌ အသီးသီး တပ်စွဲကြ၏။ တချို့တပ်များက ဗော့ဇီဇင်ကာလမ်း၊ နီကိုစကီလမ်းနှင့် ဗာစကွိုင်းလမ်းတစ်လျှောက်တွင် စခန်းချကြ၏။ အိမ်များအားလုံးမှာ အိမ်ရှင်ဟူ၍ မရှိတော့သဖြင့် ပြင်သစ်တပ်များမှာ ခါတိုင်းကဲ့သို့ လူခွဲ၍ နေရာချစရာ မလိုတော့ချေ။ တပ်စခန်းတစ်ခုတွင် စခန်းချသကဲ့သို့ ကိုယ်ကြိုက်ရာအိမ်များတွင် အမြိုင့်သား တက်နေကြသည်၊

ပြင်သစ်တပ်များမှာ စုတ်ပြတ်လျက် ရှိလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ငတ်မွတ်လျက် ရှိလေပြီ။ နွမ်းနယ်လျက် ရှိလေပြီ။ တပ်သား ဦးရေမှာလည်း သုံးပုံတစ်ပုံမျှသာ ကျန်ခဲ့လေပြီ။ သို့သော်လည်း ထိုစစ်တပ်ကြီးသည် မော်စကိုမြို့ကြီးထဲသို့ စနစ်တကျတန်းစီ ဝင်ရောက်လာခဲ့လေသည်။ ပြင်သစ်စစ်တပ်ကြီးသည် အားအင်ကုန်ခမ်း၍ အစာရေစာငတ်ပြတ်လျက်ရှိသည့်တိုင်အောင် တိုက်ပွဲဝင်နိုင်စွမ်း၊ ခြိမ်းခြောက်နိုင်စွမ်း ရှိသော စစ်တပ်ကြီးတစ်တပ်ပင် ဖြစ်နေသေးသည်။ သို့ရာတွင် ပြင်သစ်စစ်တပ်ကြီးသည် လူစုခွဲ၍ အိမ်အသီးသီးသို့ ဝင်ရောက်ရပ်နားလိုက်ကြသည်နှင့် တစ်ပြိုင်နက် ထိုစစ်တပ်ကြီးသည် စစ်တပ်ကြီးတစ်တပ်အဖြစ်မှ ရွေ့လျောခဲ့လေပြီ။ တပ်ရင်းအသီးသီးသည် လူသူကင်းမဲ့သော လူချမ်းသာများ၏အိမ်များထဲသို့ ရောက်သွားကြသည်နှင့် တစ်ပြိုင်နက် စစ်တပ်ကြီးအဖြစ်မှ စုတေခဲ့လေပြီ။ စစ်သားလည်း မမည်၊ အရပ်သားလည်းမဟုတ်တော့ဘဲ လုယက်သောင်းကျန်းသူများအဖြစ်သို့ ရောက်လာခဲ့လေပြီ။ နောက်ရက်သတ္တငါးပတ်ကြာ၍ ၎င်းတို့ မော်စကိုမှ ထွက်သွားကြသောအခါ၌ကား ပြင်သစ်များသည် စစ်တပ်ကြီးတစ်တပ်အဖြစ် ပေါင်းစည်း၍ မရတော့ချေ။ သောင်းကျန်းလုယက်လျက်ရှိသော စက်ဆုပ်ဖွယ်လူအုပ်ကြီးတစ်အုပ်ဖြစ်လာခဲ့လေပြီ။ အသုံးဝင်မည်၊ အဖိုးတန်မည်ထင်ရသော ပစ္စည်းတို့ကို သယ်ဆောင်သွားသည့် လူဆိုးဂိုဏ်းကြီးတစ်ဂိုဏ်းသာ ဖြစ်ခဲ့လေပြီ။ ၎င်းတို့၏ရည်ရွယ်ချက်သည်လည်း အလာတုန်းကကဲ့သို့ မော်စကိုမြို့ကို သိမ်းပိုက်ရေးရည်ရွယ်ချက် မဟုတ်တော့ဘဲ ဖောက်ထွင်းရသမျှ ပစ္စည်းကို သယ်ဆောင်သွားရေးသာ ဖြစ်ခဲ့လေပြီ။ မျောက်တစ်ကောင်သည် အဝကျဉ်းသောရေတစ်ကောင်းထဲသို့ လက်နှိုက်၍ သစ်သီးများကို လက်ဖြင့် ဆုပ်ယူပြီးနောက် ပြန်ထုတ်ရာ၌ လက်ကိုလည်း နှုတ်၍မရ၊ လက်သီးဆုပ်ကိုဖြေ၍ သစ်သီးများကိုလည်း လွှတ်မချရက်ဘဲ အဆုံးဌ ပျက်စီးခြင်းသို့ ရောက်ရသည့်နည်းတူ ပြင်သစ်တို့သည်လည်း မော်စကိုမြို့မှ ထွက်ခွာသောအခါ၌ လုယက်ဖောက်ထွင်းလာသည့်ပစ္စည်းများကို သယ်ယူခြင်းလည်း မပြုနိုင်၊ စွန့်ပစ်ခဲ့ရမှာကလည်း သစ်သီးများကို လွှတ်ချ၍ လက်ကို ပြန်ထုတ်ရမည့်မျောက်သဖွယ်ဖြစ်လျက်ရှိသဖြင့် အဆုံးတွင် ပျက်စီးခြင်းသို့ ရောက်ရတော့မည် ဖြစ်လေသည်။ ပြင်သစ်တပ်ရင်းအသီးသီးတို့ မော်စကိုဆင်ခြေဖုံးအသီးသီး သို့ ဝင်ရောက်လာပြီးနောက် ဆယ်မိနစ်ခန့်ကြာသောအခါ၌ကား စစ်သားဟူ၍လည်း မရှိတော့ချေ။ စစ်ဗိုလ်ဟူ၍လည်း မရှိတော့ချေ။ စစ်ဝတ်စုံဝတ်၍ စစ်ဖိနပ်စီးထားသည့် စက်ဆုပ်ဖွယ်လက်နက်ကိုင် လူအုပ်ကြီးတစ်အုပ် ဖြစ်လာခဲ့လေပြီ။ အချို့သည် အိမ်ကြီးအိမ်ကောင်းများထဲ၌ လမ်းလျှောက်ကြ၊ ရယ်မောကြ၊ နောက်ပြောင်ကြဖြင့် ဖြစ်ချင်တိုင်း ဖြစ်လျက် ရှိလေပြီ။ အချို့သည် မြေတိုက်များ၊ ပစ္စည်းသိုလှောင်ခန်းများ၌ စားနပ်ရိက္ခာများကို အငမ်းမရ ရှာဖွေလှန်လှောစားသောက်ကာ ပရမ်းပတာဖြစ်လျက် ရှိလေပြီ။ အချို့သည် ရထားတဲများ၊ မြင်းဧောင်းများကို အလုအယက်ရိုက်ချိုးဖွင့်ကာ တွေ့သမျှမြင်သမျှကို လုယက်လျက် ရှိလေပြီ။ အချို့သည် မီးဖိုများထဲ၌ အင်္ကျီလက်မောင်းကိုပင့်လျက် မီးမွှေးလျက်၊ မုန့်နယ်လျက်၊ မုန့်ဖုတ်လျက်၊ ချက်ပြုတ်လျက် စည်းမဲ့ကမ်းမဲ့ဖြစ်လျက် ရှိလေပြီ။ အချို့သည် ကလေးများကို ခြောက်လှန့်လျက်၊ မိန်းမများကို နောက်ပြောင်လျက်၊ ညစ်ညမ်းစွာ ပြောဆိုလျက်၊ အထိန်းအကွပ်မဲ့လျက် ရှိလေပြီ။ အိမ်များ၊ ဈေးဆိုင်များ၌ ဤသို့သောလူများဖြင့် ပြည့်နှက်လျက်ရှိလေပြီ။ သို့ရာတွင် စစ်တပ်ဟူ၍ မရှိတော့ချေ။

ထိုနေ့က ပြင်သစ်တပ်မှူးများသည် ၎င်းတို့တပ်သားများအား မြို့တွင်းသို့ သွားလာခြင်း မပြုကြရန်၊ မြို့သူ မြို့သားများအား နှိပ်စက်ညှဉ်းပန်းခြင်း မပြုကြရန်၊ လုယက်ခြင်း မပြုကြရန် အမိန့်များကို တစ်ခုပြီး တစ်ခု ထုတ်ပြန်တားမြစ်ထားကြ၏။ ထိုနေ့ညနေ၌ တပ်များအားလုံးတွင်လည်း အမှတ်စဉ် စာရင်းခေါ်၍ လူစစ်ဆေး၏။ သို့ရာတွင် တပ်မှူးများက ဤသို့ တင်းကျပ်စွာ ကွပ်ကဲသော်လည်း တစ်ခါက စစ်တပ်ကြီးတစ်တပ်အဖြစ် ပေါင်းစည်းခဲ့သော ပြင်သစ်များသည် များစွာသော စားနပ်ရိက္ခာများ၊ အသုံးအဆောင်များပြည့်နှက်လျက် ရှိ၍ လူသူကင်းမဲ့သော မော်စကိုမြို့ကြီးထဲ၌ ဥဒဟိုပြန့်ကျဲလျက် ရှိလေသည်။ နွားငတ်တစ်အုပ်သည် မြက်သစ်ပင်တို့ကင်းမဲ့သော ကျောက်စရစ်ကုန်းတစ်ကုန်းကို ဖြတ်သန်းသွားစဉ် တစ်စုတည်းရှိခဲ့သော်လည်း စိမ်းလန်းစိုပြည်သော စားကျက်တစ်ခုထဲသို့ ရောက်သည်၌ ထိန်းမနိုင် သိမ်းမရတော့ဘဲ တစ်ကောင်စီ တစ်စုစီ ကွဲပြားသွားသကဲ့သို့ ပြင်သစ်စစ်တပ်ကြီးများသည်လည်း အစာရေစာပေါများကြွယ်ဝသော မြို့

www.burmeseclassic.com

www.burmeseclassic.com

ကြီးထဲသို့ ရောက်သည်နှင့် တစ်စုစီ တစ်ယောက်စီ ပြန့်ကျဲသွားလေပြီ။

မော်စကိုမြို့ကြီးထဲ၌ လူသူဟူ၍ မရှိတော့ချေ။ ရေသည် သဲမြေပေါ်၌ လျင်မြန်စွာပျံ့နှံ့သွားသည့်ပမာ ပြင်သစ်တပ်သားများသည်လည်း ကရင်မလင်နန်းမြို့ရိုးထဲမှ တစ်ဆင့် တစ်မြို့လုံးသို့ စီးထွက်ပျံ့နှံ့လျက် ရှိ၏။ မြင်းတပ်များသည် လူသူကင်းမဲ့သော ကုန်သည်တစ်ဦး၏ အိမ်ထဲသို့ ဝင်ရောက်လာကြ၍ မိမိတို့မြင်းများထားနိုင်သည်ထက် ကျယ်ဝန်းသောမြင်းဧောင်းများကို တွေ့သော်လည်း ကျေနပ်တင်းတိမ်ခြင်း မရှိကြသေးဘဲ ထို့ထက်ကောင်းမွန်သောအိမ်များကို တစ်အိမ်ပြီး တစ်အိမ် ရှာဖွေလျက် ရှိကြ၏။ တပ်သားများစွာတို့သည် အိမ်ကြီး အိမ်ကောင်းများကို ခွဲဝေယူကြကာ ၎င်းတို့၏အမည်များကို ချိတ်ဆွဲထားကြ၏။ အိမ်အဝေမတည့်သဖြင့် တပ်သားချင်း၊ တပ်ခွဲချင်း သတ်ပုတ်တိုက်ခိုက်မှုများပင် ဖြစ်သေး၏။ အချို့တပ်သားများကား အိမ်များပေါ်သို့ တက်ရောက်နေထိုင်ခြင်းမပြုမီ မြို့တွင်းသို့ လှည့်လည်ကာ မြို့ထဲ၌ လူတစ်ယောက်မျှ မရှိဟု သိသည်နှင့် အဖိုးတန်ပစ္စည်းများ ရှိမည်ထင်ရသောနေရာများသို့ အပြေးအလွှားသွားရောက်၍ ယူငင်ကြသည်။ တပ်ဗိုလ်များသည် ၎င်းတို့တပ်သားများနောက်သို့ လိုက်၍ ထိန်းသိမ်းကွပ်ကဲကြသေးသော်လည်း နောက်ဆုံး၌ ၎င်းတို့ကိုယ်တိုင်ပင် လောဘဇောတိုက်ကာ ဖောက်ထွင်းလုယူကြသည်။ ရထားတန်းရှိ ရထားဆိုင်များ၌ကား ရထားအများအပြား ကျန်ရစ်ခဲ့ကြ၏။ ဗိုလ်ချုပ်များသည် ရထားတန်းသို့ စုပြုံရောက်လာကြကာ နှစ်ထပ်ပေါင်းမိုးနှင့် ရထားများ၊ ကရထားများကို စိတ်ကြိုက် ရွေးယူကြသည်။ မြို့တွင် ကျန်ရစ်ခဲ့သူအချို့ကား လုယက်ခြင်းမခံရအောင် ပြင်သစ်တပ်မှူးများကို အိမ်ပေါ်သို့ ဖိတ်ခေါ်၍ တင်ထားကြ၏။

မြို့ထဲ၌ အဖိုးတန်ပစ္စည်းအမြောက်အမြား ရှိနေသေးသဖြင့် ဖောက်ထွင်းလုယက်လိုက်ကြသည်မှာ အတောမသတ်တော့ချေ။ ပြင်သစ်တို့ တပ်စွဲထားသော ရပ်ကွက်များအပြင် တပ်စွဲခြင်း မပြုသေးသော ရပ်ကွက်များလည်း ရှိသေးရာ ပြင်သစ်တပ်သားများသည် ထိုရပ်ကွက်များ၌ သည်ထက် အဖိုးတန်ပစ္စည်းများ ရှိလိမ့်ဦးမည်ဟူသော မျှော်လင့်ချက်ဖြင့် ထိုရပ်ကွက်များထဲသို့ ရောက်သွားကြပြန်သည်။ ဤသို့ဖြင့် ပြင်သစ်စစ်တပ်များသည် မြို့စွန်၊ မြို့ဖျား၊ လမ်းကြိုလမ်းကြား၊ လမ်းသေး လမ်းမွှားသို့ တိုင် ရောက်လာခဲ့လေသည်။

သွေ့ခြောက်သောမြေကြီးပေါ်သို့ ရေသွန်လိုက်သည့်အခါ၌ သွေ့ခြောက်သောမြေကြီးလည်း ပျော်၊ ရေလည်း ပျော်၍ ရွှံ့ဖြစ်ပေါ်လာသကဲ့သို့ အစာရေစာပေါများ၍ လူသူကင်းမဲ့သော မြို့ကြီးတစ်မြို့ထဲသို့ ငတ်ပြတ်လျက်ရှိသော စစ်တပ်ကြီးတစ်တပ် ဝင်ရောက်လာသောအခါ၌ စစ်တပ်ကြီးလည်း ပျော်၊ မြို့ကြီးလည်း ပျော်ကာ မီးရှို့မှုများနှင့် လုယက်ဖောက်ထွင်းမှုများသာ ဖြစ်ပေါ်လာခဲ့လေသည်။

မော်စကိုမြို့ကြီး မီးလောင်ပြာကျရခြင်းသည် မော်စကိုမြို့ဝန် ရော့စတော့ချင်၏ ရက်စက်ပြင်းထန်သော ဝံသာနုစိတ်ဓာတ်ကြောင့်ဖြစ်သည်ဟု ပြင်သစ်များက ဆိုကြ၏။ ရုရှားများကလည်း ပြင်သစ်တို့၏ ရက်စက် ရိုင်းပြမှုကြောင့် ဤသို့ဖြစ်ရသည်ဟု ဆိုကြပြန်၏။ အမှန်၌ကား မည်သူကြောင့်မျှ မဟုတ်ချေ။ လူပုဂ္ဂိုလ်တစ်ယောက်၊ သို့မဟုတ် လူတစ်စုကြောင့် မဟုတ်ချေ။ သစ်ဝါးစသည့် လောင်စာများဖြင့် ဆောက်လုပ်သော မြို့တစ်မြို့သည် တစ်နေ့တွင် မလွဲမရှောင်သာ မီးလောင်ပြာကျသည့်အဖြစ်သို့ ရောက်ရသည့်နည်းတူ သစ်ဝါးတို့ဖြင့်သာပြီးသော မော်စကိုမြို့ကြီးသည်လည်း မရှောင်သာ မလွဲသာ လောင်ခဲ့ရခြင်း ဖြစ်လေသည်။ (အချို့ကမူ ထိုစဉ်က မော်စကိုမြို့၌ ခေတ်မမီသော မီးသတ်စက်အလုံးတစ်ရာသုံးဆယ်မျှသာ ရှိသဖြင့် မနိုင်နင်းသောကြောင့် လောင်ရသည်ဟု ဆိုကြသေးသည်။ ဤအချက်သည်လည်း အကြောင်းမဟုတ်ပါ။ မီးသတ်စက် မည်မျှရှိစေကာမူ သစ်ဝါးလောင်စာတို့ဖြင့် ပြီးသော မြို့တစ်မြို့သည် တစ်နေ့၌ လောင်ရမည်သာ ဖြစ်ပါသည်။) အမှိုက်ပုံတစ်ပုံပေါ်သို့ မီးပွားများ နေ့စဉ်ရက်ဆက် ကျဖန်များလတ်သော် ထိုအမှိုက်ပုံသည် မီးလောင်ရသကဲ့သို့ မော်စကိုမြို့ကြီးသည်လည်း ဤနည်းနှင်နှင် မီးလောင်ရခြင်းသာ ဖြစ်လေသည်။ သစ်ဝါးစသည့် လောင်စာတို့ဖြင့် ဆောက်လုပ်ထားသော မြို့တစ်မြို့သည် အိမ်စေ့တက်စေ့နေထိုင်သူတို့နှင့် အုပ်ချုပ်ရေးအဖွဲ့လည်း ရှိစဉ်အခါများ၌ပင် မီးလောင်မှုများ နေ့စဉ်နှင့်အမျှ ဖြစ်ပွားတတ်သေးရာ မော်စကိုမြို့ကဲ့သို့ မြို့သူ မြို့

www.burmeseclassic.com

www.burmeseclassic.com

သားတို့၊စွန့်ခွာထွက်ပြေးကြ၍ ဆေးတံသောက်သူ၊ ဆေးလိပ်သောက်သူ၊ လွတ်ရုံးကုလားထိုင်များကို ချိုးဖဲ့မီးဆိုက်သူ၊ လက်သရမ်းသူ၊ တစ်နေ့လျှင် နှစ်ကြိမ် သုံးကြိမ် ချက်ပြုတ်စားသောက်သူစသဖြင့် မတစ်ထောင်သား တို့ပါဝင်သော စစ်တပ်ကြီးတစ်တပ် တပ်စွဲထားသည့် မြို့တစ်မြို့အဖို့ကား ဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိမည်နည်း။ စစ်မက်ငြိမ်းချမ်းသော ကာလများ၌ပင် စစ်တပ်တစ်တပ် စခန်းချလျက်ရှိသည့် ဒေသတစ်ခုခု၌ မီးလောင်မှုများ ဆတက်ထမ်းပိုး တိုးလာတတ်သေးလျှင် လူသူကင်းမဲ့၍၊ သစ်သားအိမ်တို့ဖြင့်ပြီး နိုင်ငံခြားစစ်သားများ သိမ်းပိုက်တပ်စွဲထားသော မြို့တစ်မြို့အဖို့ အဘယ်မှာလျှင် ဆိုဖွယ်ရှိတော့မည်နည်း။ သို့ဖြစ်ရကား မော်စကိုမြို့ကြီး မီးလောင်ပြာကျရခြင်းအတွက် မြို့ဝန် ရော့စတော့ချင်၏ ရက်စက်ပြင်းထန်သော ဝံသာနုစိတ်ဓာတ်ကိုလည်း အပြစ်ဆိုဖွယ်မရှိ။ ပြင်သစ်တို့၏ ရက်စက် ရိုင်းပျမှုကိုလည်း အပြစ်ဆိုဖွယ် မရှိ။ မော်စကိုမြို့သည် စစ်သားတို့၏ ဆေးတံများ၊ မီးဖိုများ၊ မီးပုံများ၊ မိမိတို့ ပိုင်ဆိုင်ခြင်းမရှိသော အိမ်များပေါ်တွင် တက်ရောက်နေထိုင်ကြသည့် ရန်သူ စစ်သားများ၏ နမော်နမဲ့နိုင်မှုများကြောင့် မီးလောင်ပြာကျခဲ့ရခြင်းသာ ဖြစ်လေသည်။ အကယ်၍ တမင် မီးရို့မှုများ ရှိခဲ့သည်ထားဦး။ (ကျွန်ုပ်သဘောတွင်မူ တမင်မီးရို့မှုများ ရှိလိမ့်မည် မထင်ပါ။ မည်သူကမျှ အိမ်များကို တမင် တကာ မီးရို့ကြလိမ့်မည် မဟုတ်ပါ။ မီးတုတ်ပစ်ခြင်းသည်များစွာ အန္တရာယ်ကြီး၍ ဒုက္ခများလှသောအလုပ်ဖြစ်ရာ ထိုအလုပ်မျိုးကို မည်သူကမျှ ဒုက္ခခံ၍ လုပ်ကြမည် မထင်ပါ။) ထိုမီးရို့မှုများသည် မော်စကိုမြို့ မီးလောင်ရခြင်း၏ အကြောင်းရင်းဟု မယူဆနိုင်ချေ။ အများပြည်သူတို့ စိတ်ဓာတ်ချောက်ချားစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် မီးရို့မှုများ မရှိဘဲနှင့်လည်း သစ်ဝါးတို့ဖြင့် ပြီးသော မော်စကိုမြို့ကြီးသည် မီးလောင်ရမည်သာ ဖြစ်လေသည်။

ပြင်သစ်များက မော်စကိုမြို့ မီးလောင်ရခြင်းသည် မြို့ဝန် ရော့စတော့ချင်၏ ရက်စက်ကြမ်းကြုတ်မှုဟု မည်မျှ စွပ်စွဲကြသည်ဖြစ်စေ၊ ရှုရှားများကလည်း လူရမ်းကားလူဆိုးဓားပြ ဘိုနာပတ်ကြောင့် ဖြစ်ရသည်ဟု မည်မျှ စွပ်စွဲကြသည်ဖြစ်စေ နောင်တွင် ရုရှားများက မော်စကိုမြို့ကို မီးရို့ခဲ့သူမှာ အနိုင်မခံ အရှုံးမပေးသောစိတ်ဓာတ်ဖြင့် ရဲရဲတောက်သတ္တိပြောင်မြောက်ကြသော ရုရှားပြည်သူများဖြစ်သည်ဟု မည်မျှ ကြွားလုံးထုတ်ကြသည် ဖြစ်စေ ထိုအကြောင်းအရာများသည် မော်စကိုမြို့ မီးလောင်ခံရခြင်း၏ နိမိတ္တအကြောင်းတရားများ မဟုတ်ကြချေ။ ဟုတ်လည်း မဟုတ်နိုင်ချေ။ ပိုင်ရှင်ကင်းမဲ့၍ သူစိမ်းတစ်ရံဆံများ ဝင်ရောက်နေထိုင်လျက် စည်းမဲ့ကမ်းမဲ့ ချက်ပြုတ်စားသောက်ခွင့်ပြုထားသော ရွာတစ်ရွာ၊ အလုပ်ရုံတစ်ရုံသို့မဟုတ် အိမ်တစ်အိမ်သည် တစ်နေ့တွင် မီးလောင်ကျွမ်းသည့်နည်းတူ မော်စကိုမြို့သည်လည်း ဤနည်းဖြင့် မီးလောင်ပြာကျရခြင်းသာ ဖြစ်လေသည်။ မော်စကိုမြို့ကို မီးရို့သူမှာ မော်စကိုမြို့သူ မြို့သားများဖြစ်သည်ဟု ဆိုကြ၏။ မှန်ပါသည်။ မော်စကိုမြို့ကို မီးရို့သူများမှာ မော်စကိုမြို့သူ မြို့သားများပင် ဖြစ်ပါသည်။ သို့ရာတွင် မြို့တွင်း၌ ကျန်ရစ်သူတို့က မီးတင်ရို့ကြခြင်း မဟုတ်ချေ။ မြို့ကို စွန့်၍ ထွက်ပြေးသူတို့က (ဤသို့ မြို့ကို စွန့်ခွာထွက်ပြေးခြင်းဖြင့်) မီးသင့်လောင်စေခဲ့ခြင်းသာ ဖြစ်လေသည်။ ရန်သူတို့ ဝင်ရောက်သိမ်းပိုက်သည့်အချိန်တွင် မော်စကိုမြို့သည် ဘာလင်၊ ဗီယင်နာစသည့် မြို့များကဲ့သို့ အကောင်းပကတိ တည်ရှိနေသည် မဟုတ်ချေ။ မြို့သူမြို့သားများက မြို့ကိုလည်း အပ်ခြင်းမပြု၊ သပြေပန်းရေချမ်းဖြင့် ဆီးကြိုခြင်းလည်း မပြုဘဲ မြို့ကို စွန့်ခွာထွက်ပြေးကြသည့်အတွက် မော်စကိုမြို့ကြီးသည် ကြက်ပျံမကျစည်ကားသော မြို့ကြီးတစ်မြို့အဖြစ်မှ မြို့ပျက်ကြီးတစ်ခုအဖြစ်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲ ရွေ့လျောခဲ့ခြင်းသာ ဖြစ်လေသည်။

အခန်း ၂၇

ပြင်သစ်တပ်များသည် မော်စကိုမြို့ကို ကြယ်ပွင့်သဏ္ဌာန် ဝန်းရံ၍ တဖြည်းဖြည်း မျိုလာခဲ့ခြင်းဖြစ်ရာ ပီယာ နေထိုင်သည့် ဆင်ခြေဖုံးရပ်ကွက်သို့ စက်တင်ဘာလ ၂-ရက်နေ့ ညနေပိုင်းအထိ ပြင်သစ်တပ်များ ရောက်မလာကြသေးချေ။

လွန်ခဲ့သည့်နှစ်ရက်အတောအတွင်းက ပီယာသည် မရောက်ဖူးသည့်နေရာ၊ မတွေ့ဖူးသောအခြေအနေများ၌ တစ်ယောက်တည်း ဧကစာကျင့်လျက်ရှိခဲ့ရာ ထိုနှစ်ရက်

www.burmeseclassic.com

www.burmeseclassic.com

အတွင်းတွင် ပီယာမှာ ရူးမတတ်ဖြစ်ခဲ့ရ၏။ ထိုနှစ်ရက်စလုံး ပီယာသည် တစ်ခုတည်းသောအတွေးထဲ၌ နစ်မြုပ်လျက် ရှိ၏။ ဤအတွေးသည် မိမိခေါင်းထဲသို့ မည်သည့်အချိန်က မည်သို့မည်ပုံ ဝင်ရောက်လာသည်ကို မသိချေ။ ထို့မျှမက အတိတ်ကိုလည်း အမှတ်မရ။ ပစ္စုပ္ပန်ကိုလည်း အမှတ်မရတော့ချေ။ ကြားမြင် တွေ့နေရသမျှတို့သည် ၎င်း၏စိတ်ထဲတွင် အိပ်မက်ပမာသာ ဖြစ်လျက် ရှိလေသည်။

စံအိမ်မှ ပီယာထွက်လာခဲ့ခြင်းမှာ မိမိအား ပိုက်ကွန် ကြိုးသဖွယ် ရစ်ပတ်တုတ်နှောင်လျက်ရှိ၍ မိမိကိုယ်တိုင်လည်း ဖြေရှင်းခြင်းငှာ မတတ်နိုင်သော လူ့ဘောင်အရှုပ်အထွေးများကြောင့်၊ ဖြစ်၏။ ပီယာသည် ၎င်း၏ဥပဇ္ဈာယ်ဆရာ ဂျိုးဇက်အလက်ဇီဗစ်အိမ်သို့ ထွက်လာခဲ့ကာ ဆရာ၏မှတ်စုမှတ်တမ်းများကို ရှာဖွေဦးမည်ဟု အကြောင်းပြခဲ့သော်လည်း တကယ်၌ကား လူ့ဘဝ၏ရှုပ်ထွေးလှသောကိစ္စများမှ ကင်းဝေးရာကို ရှာခဲ့ခြင်းသာ ဖြစ်၏။ ပီယာ့အဖို့၌ ၎င်း၏ဥပဇ္ဈာယ်ဆရာ ဂျိုးဇက်အလက်ဇီဗစ်သည် ထာဝရဘုံကြီးတစ်ခုနှင့် ဆက်စပ်လျက်ရှိသည်ဟု ထင်၏။ မိမိမျောပါလျက်ရှိသည့် ရှုပ်ထွေးလှသော လောကကြီးသည် ကွဲပြားခြားနားသော ရိပ်ငြိမ်ချမ်းမြေ့သည့် ဘုံတစ်ခုနှင့် ဆက်စပ်လျက်ရှိသည်ဟု ထင်၏။ ထို့ကြောင့် ပီယာသည် ရိပ်ငြိမ်ချမ်းမြေ့ရာကို ရှာခဲ့၏။ ၎င်း၏ဥပဇ္ဈာယ်ဆရာ ဂျိုးဇက် အလက်ဇီဗစ်၏ စာကြည့်ဆောင်ထဲတွင် ပီယာသည် ထိုရိပ်ငြိမ်ချမ်းမြေ့မှုကို ရခဲ့လေသည်။ ပီယာသည် သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်လျက်ရှိသည့် စာကြည့်ဆောင်ထဲ၌ ဖုန်အလိမ်းလိမ်းကပ်လျက်ရှိသော စားပွဲပေါ်တွင် တံတောင်ဆစ်နှစ်ဖက်ထောက်လျက် ထိုင်နေမိသည်။ ထိုအခါကျတော့မှ လွန်ခဲ့သည့် ရက်အနည်းခန့်က တွေ့ခဲ့ရသည့် ထူးခြားဆန်းကြယ်သော အဖြစ်အပျက်များသည် ၎င်း၏ခေါင်းထဲတွင် တရေးရေးပေါ်လာကြသည်။ အထူးသဖြင့် ဘိုရိုဒီနိုတိုက်ပွဲကို လည်းကောင်း၊ စစ်သားတည်းဟူသော လူတန်းစား၏ရိုးသားမှု၊ ဖြောင့်မတ်မှု၊ ထက်သန်မှုနှင့်စာလျှင် ဘာမျှ မဟုတ်သော မိမိ၏အရည်အသွေးနှင့် အခန်းကဏ္ဍကိုလည်းကောင်း ပြန်၍တွေးနေမိသည်။ အခန်းထဲသို့ ဂျိုးဇက်ရောက်လာသည့်အခါကျမှ ပီယာသည် အတွေးမှ လန့်နိုးလာလေသည်။ မော်စကိုမြို့မှ ရန်သူတို့ကို ခုခံရန် စီစဉ်ထားသည်ဟု သိရာ မိမိလည်း မော်စကိုမြို့ကာကွယ်ရေးတွင် မြို့သူ မြို့သားများနှင့်အတူ ပါဝင်ဆောင်ရွက်တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။ ဤအကြံဖြင့်ပင် ပီယာသည် ဂျီရာဆင်အား လယ်သမားဝတ်စုံနှင့် ပြောင်းတိုသေနတ်တစ်လက်ကို အရှာခိုင်းခြင်း ဖြစ်၏။ ဤအတောအတွင်း ဤမှာပင် ဆက်လက်နေထိုင်ဦးမည်ဖြစ်ကြောင်း၊ မိမိ၏အမည်ကိုလည်း မည်သူ့ကိုမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုစေလိုကြောင်းဖြင့် ဂျီရာဆင်ကို ပြောပြထား၏။ ဤသို့ တစ်ယောက်တည်း အခန်းအောင်း၍နေစဉ်တွင် (ညီအစ်ကိုတော်ဂိုဏ်းဝင်များ၏ စာပေများ၊ မှတ်စုမှတ်တမ်းများကို ဖတ်ရန် ကြိုးစားသော်လည်း အချည်းနှီးသာ။) တစ်ခါက ပေါ်ပေါက်ခဲ့သော အကြံတစ်ခုလည်း ပေါ်ပေါက်လာခဲ့သည်။ ထိုအကြံကား 'အဟိတ်တိရစ္ဆာန်' ဘိုနာပတ်အား လုပ်ကြံရန်အကြံ ဖြစ်လေသည်။ သို့ရာတွင် ထိုအကြံသည် ခါတိုင်းကဲ့သို့ပင် ခေါင်းထဲသို့ ပြက်ခနဲဝင်လာပြီးနောက် အမှတ်မထင် ပျောက်ကွယ်သွားပြန်သည်။

ဤသို့ဖြင့် ပီယာသည် ထိုအကြံကို မေ့ပျောက်ကာ မော်စကိုမြို့မှ ခုခံတိုက်ခိုက်ရာ၌ ပါဝင်မည်ဟူသော စိတ်ကူးဖြင့် လယ်သမားဝတ်စုံ အင်္ကျီတစ်စုံကိုဝယ်၍ ပြန်အလာတွင် နာတာရှာတို့နှင့် တွေ့ခြင်း ဖြစ်လေသည်။ 'အစ်ကို မော်စကိုမှာ နေရစ်ခဲ့မလို့လား။ ပျော်စရာကြီးနော်" ဟူသော နာတာရှာ၏အသံကလေးကို ကြားယောင်လာပြန်သည်။ ပီယာ့အဖို့ကား မော်စကိုကို ရန်သူတို့ကသိမ်းပိုက်သည်ထားဦး။ မော်စကိုမြို့တွင် နေရစ်ခဲ့၍ နပိုလီယန် လုပ်ကြံရေးဟူသော မိမိအကြံအစည်ကို အကောင်အထည်ဖော်ရလျှင် ကျေနပ်နေပေပြီ။

နောက်တစ်နေ့၌ ပီယာသည် စစ်သားတစ်ယောက်ကဲ့သို့ မိမိ၏အသက်ကို စွန့်လွှတ်၍ ရန်သူတို့ကို ခုခံတိုက်ခိုက်တော့မည်ဟု ဆုံးဖြတ်လျက် တောင်သုံးလုံး တံခါးသို့ ထွက်လာခဲ့၏။ သို့ရာတွင် အိမ်သို့ပြန်ရောက်၍ မော်စကိုမြို့မှ ခုခံတော့မည်မဟုတ်ဟု သိရသောအခါ၌ကား ပီယာသည် မိမိခေါင်းထဲတွင် မိမိအကြံအစည်ကို မဖြစ်မနေ အကောင်အထည်ဖော်ရတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ မိမိသည် ရုပ်ဖျက်၍ မော်စကိုတွင် နေရစ်ခဲ့မည်။ မော်စကိုတွင်နေခဲ့ရင်း နပိုလီယန်၏အသက်ကို လုပ်ကြံ

www.burmeseclassic.com

www.burmeseclassic.com

မည်ဟု သန္နိဋ္ဌာန်ချလိုက်၏။ ပီယာ့အမြင်၌ ဥရောပတိုက်ကြီးကို ဒုက္ခပင်လယ်ဝေစေသူမှာ နပိုလီယန် ဖြစ်သည်ဟု ယူဆလျက် ရှိလေသည်။

၁၈၀၉-ခုနှစ်က ဗီယင်နာမြို့တွင် ဂျာမန်ကျောင်းသားတစ်ဦးက ဘိုနာပတ်၏အသက်ကို လုပ်ကြံခဲ့ဖူးရာ လုပ်ကြံမှုမှာ အောင်မြင်ခြင်း မရှိချေ။ ဂျာမန်ကျောင်းသားကိုလည်း စစ်ခုံရုံးက သေနတ်ဖြင့် ပစ်သတ်လိုက်၏။ ပီယာသည် ဤအဖြစ်အပျက်ကို ကောင်းကောင်းသိပြီးဖြစ်သည်။ ဤသို့ဖြင့် မိမိ၏အသက်ကို စွန့်၍ အကြံအစည်ကို အကောင်အထည် ဖော်ရတော့မည်ဟူသော အတွေးကြောင့် ပီယာမှာ ဖျတ်လတ်တက်ကြွလျက် ရှိလေသည်။

ပီယာအား ဤအကြံအစည်ကို အထမမြောက်မြောက်အောင် တိုက်တွန်းစေ့ဆော်လျက်ရှိသော အကြောင်းကြီးနှစ်ချက်ရှိ၏။ တစ်ချက်မှာ မိမိ၏အသက်ကို အများကောင်းကျိုးအတွက် စွန့်လွှတ်လိုခြင်းနှင့် ဤမျှလူတွေဗရုတ်သုတ်ဖြစ်ရခြင်းကို မခံရပ်နိုင်အောင် နာကြည်းမိခြင်းကြောင့် ဖြစ်၏။ ဤခံစားချက်ဖြင့်ပင် ပီယာသည် တိုက်ပွဲအပြင်းအထန် ဖြစ်ပွားလျက်ရှိသည့် မိုဇော့သို့ ထွက်ခွာခဲ့ခြင်း ဖြစ်၏။ ယခု ထိုခံစားချက်ကြောင့်ပင် ပီယာသည် စံအိမ်မှ ထွက်ပြေးလာကာ မိမိကျင်လည်ကျက်စားခဲ့သော စည်းစိမ်ဥစ္စာတို့ကို စွန့်ပစ်ခဲ့ပြီးနောက် ကြမ်းတမ်းမာကျောသည့် သစ်သားခုံတန်းပေါ်တွင် အဝတ်ကိုမျှ မလဲနိုင်ဘဲ အိပ်စက်ကာ အစေခံဖြစ်သူ ဂျီရာဆင် စားသကဲ့သို့ စားခဲ့၏။ အခြားတစ်ချက်ကား ရုရှားလူမျိုးတို့ ထုံးစံအတိုင်း အတုအယောင်ဖြစ်သော အယူသီးမှုများကို မုန်းတီးသောစိတ်ဓာတ်၊ ကမ္ဘာပေါ်တွင် လူအများက အမွန်မြတ်ဆုံးဟု ထင်နေသော အရာများကို မုန်းတီးသည့် စိတ်ဓာတ် ဖြစ်၏။ လောကဥ္စ လူသတ္တဝါအပေါင်းတို့ အပင်တပန်း လိုက်လံရှာဖွေကာ မက်မက်မောမောဆုပ်ကိုင်ထားကြသည့်အရာများ ဖြစ်သော အာဏာ၊ ဥစ္စာ၊ အဆွေအရံစသည်တို့သည် တကယ်၌ ဘာမျှ တန်ဖိုးမရှိ။ ၎င်းတို့၌ တန်ဖိုးရှိသည်ဆိုလျှင် ထိုတန်ဖိုးသည် ၎င်းတို့ကို နှမြောတွန့်တိုခြင်းမရှိ ရက်ရောစွာစွန့်လွှတ်နိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသော ရွှင်လန်းကြည်နူးခြင်းသာ ဖြစ်သည်ဟု ပီယာယူဆသည်။ ဤထူးဆန်းသောအတွေးသည် စလိုဗိုဒါနန်းတော်သို့ ရောက်စဉ်က ပီယာ၏ခေါင်းထဲသို့ အမှတ်မထင် ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

စင်စစ်၌ ထိုအတွေးမျိုးသည် တစ်နေ့ နှစ်ပြား ရလျှင် နှစ်ပြားဖိုး အရက်သောက်မည်ဟူသော လူတစ်ယောက်၏ အတွေးမျိုး ဖြစ်၏။ ရှိသမျှ ပိုက်ဆံအားလုံး ကုန်မည်မှန်းသိလျက် မှန်များ ဖန်ခွက်များကို အကြောင်းမဲ့သက်သက် ရိုက်ခွဲသော အရက်သမားတစ်ဦး၏အတွေးမျိုး ဖြစ်၏။ သာမန်မျက်စိဖြင့်ကြည့်လျှင် လူတစ်ယောက်အား အရူးတစ်ယောက်ဟု ထင်စေနိုင်သောအလုပ်မျိုးကို လုပ်ရန် စေ့ဆော်တိုက်တွန်းသည့် အတွေးမျိုး ဖြစ်၏။ လူတစ်ယောက်၏စိတ်တန်ခိုးနှင့် အားမာန်ကို စမ်းသပ်စစ်ဆေးသောအတွေးမျိုး ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရလျှင် လူ့ဘဝ၏မှတ်ကျောက်တွင် စမ်းသပ်အစစ်ဆေးခံခြင်းလည်းမည်ပေသည်။

စလိုဗိုဒါနန်းတော်သို့ ရောက်ခဲ့သည့်နေ့မှစ၍ ထိုအတွေးသည် ပီယာ၏ခေါင်းထဲတွင် ချာချာလည်လျက်ရှိခဲ့ရာ ယခုမူ ထိုအတွေးသည် ကြည်လင်ပြတ်သား၍ လာခဲ့လေပြီ။ ယခုအချိန်၌ မိမိသည် အခြားသူများကဲ့သို့ မော်စကိုမြို့ကို စွန့်ခွာထွက်ပြေးမည်ဆိုပါက အိမ်မှ ထွက်ပြေးလာခဲ့ခြင်း၊ လယ်သမားဝတ်စုံကို ဝတ်၍ ရပ်ဖျက်ခြင်း၊ ပြောင်းတိုသေနတ်ကို မရအရ ရှာခဲ့ခြင်း၊ မော်စကိုတွင် နေရစ်ခဲ့မည်ဟု နာတာရှာတို့အား ပြောခဲ့ခြင်း စသည်တို့သည် ဘာအဓိပ္ပာယ်ရှိပါဦးမည်နည်း။ ထိုမျှမကကြာလုံးထုတ်သူတစ်ယောက် ဖြစ်လေသည်ဟုလည်း ကဲ့ရဲယ်ကြဦးမည် မဟုတ်လော။ ပီယာသည် ဤကဲ့သို့ ကဲ့ရဲယ် အထင်သေးခြင်းကိုမူ လုံးလုံးမခံနိုင်ချေ။

ပီယာ၏ခန္ဓာကိုယ်သည်လည်း ထုံးစံအတိုင်း သူ့စိတ်နှင့် တစ်ထပ်တည်း ဖြစ်လျက် ရှိ၏။ ယခင်က မစားဖူးသောအစားကြမ်းကို စားရခြင်း၊ ထိုရက်အတွင်း အရက်ပြင်းကို သောက်ရခြင်း၊ ခါတိုင်းသောက်နေကျ အရက်ချိန်နှင့် ဆေးပြင်းလိပ်တို့ မရှိခြင်း၊ ညစ်ပတ်ပေရေနေသော အဝတ်ကြမ်းကို ဝတ်ရခြင်း၊ နှစ်ညတိုင်တိုင် တစ်ရေးမျှ မအိပ်ရဘဲ သစ်သားခုံတန်းပေါ်တွင် ငုတ်တုတ်မိုးလင်းခဲ့ရခြင်းတို့ကြောင့် ပီယာသည် အရူးတစ်ပိုင်း ဖြစ်လျက် ရှိလေပြီ။

အချိန်မှာ မွန်းတည့်နှစ်ချက်တီး ဖြစ်၏။ ပြင်သစ်

www.burmeseclassic.com

www.burmeseclassic.com

တပ်များမှာ မော်စကိုမြို့ထဲကို ဝင်ရောက်လာကြလေပြီ။ ဤအချက်ကို ပီယာ သိ၏။ သို့ရာတွင် ရန်သူတို့ကို ခုခံရန် ကြိုးစားခြင်းမပြုတော့ဘဲ မိမိ၏အကြံအစည်ကို အကောင်အထည်ဖော်ရန်အတွက်သာ စိတ်ကူးဖြင့် အကွက်ချနေသည်။ မိမိ၏လက်ချက်ဖြင့် နပိုလီယန် သေမည်မသေမည်ကို မသိရသေးသော်လည်း မိမိသေဖို့မှာ တစ်ဝက်လောက်သေချာလျက် ရှိလေပြီ။ ဤသို့ တွေးလိုက်မိတိုင်း ပီယာသည် မိမိ၏ရဲစွမ်းသတ္တိကို ပြရတော့မည်ဟု ဝမ်းနည်းဝမ်းသာဖြစ်လျက် ရှိလေသည်။

'ဟုတ်တယ်။ အများရဲ့ ကောင်းကျိုးချမ်းသာအတွက် ငါ အသက်အသေခံရမယ်။ နပိုလီယန်အနားကို ရောက်အောင် သွားမယ်။ ပြီးတော့ သေနတ်ကို ထုတ်ချိန်မယ်။ သေနတ်သုံးခွင့် မရရင်လဲ ဓားမြှောင်ပဲ သုံးမယ်။ 'ခင်ဗျားကို ကျုပ်က ဒဏ်ပေးတာ မဟုတ်ဘူး။ ဘုရားသခင်က ဒဏ်ခတ်တော်မူတာ' လို့ပြောပြီး သတ်မယ်။ ပြီးတော့ 'ကဲ ကျုပ်ကို သတ်ကြတော့' ဆိုပြီး လည်စင်းခံမယ်'

ပီယာသည် ဤသို့စိတ်ကူးလျက် ရှိသည်။ ၎င်း၏ မျက်နှာသည် ညှိုးငယ်နေလင့်ကစား လုပ်မိလျှင် မဆုတ်ဟူသော အသွင်သဏ္ဌာန်ကို ဆောင်လျက် ရှိ၏။

ပီယာသည် စာကြည့်ဆောင်ထဲ၌ ရပ်ကာ ဤသို့ တွေးတောနေလျက်ရှိစဉ် တံခါးသည် ကျိုခနဲမြည်၍ ပွင့်လာပြီးနောက် ဥပဇ္ဈာယ်ဆရာ၏ညီ အရူးမာကာသည် တံခါးဝတွင် မားမားကြီးရပ်လျက်ရှိသည်ကို မြင်ရ၏။ မာကာသည် ခါတိုင်းကဲ့သို့ မဝံ့မရဲ မျက်နှာထားကို ဆောင်ထားသော်လည်း အသွင်မှာ ပြောင်းလဲလျက်ရှိလေပြီ။

မာကာ၏ဝတ်ရုံအင်္ကျီကြီးသည် ရင်ဘတ်ဟောင်းလောင်းဖြစ်လျက် ရှိ၏။ မျက်နှာသည် နီရဲ၍ ရှဲ့မဲ့လျက်ရှိ၏။ မာကာသည် အရက်မူးလာဟန် တူသည်။ ပီယာကို မြင်သည့်အခါ၌ မာကာသည် မဝံ့မရဲဖြစ်နေသေးသော်လည်း ပီယာ ခပ်အမ်းအမ်းဖြစ်နေပုံကို မြင်သည်၌ အတင့်ရဲလာကာ ဒယီးဒယိုင်ဖြင့် အခန်းထဲသို့ ဝင်လာ၏။

"မြို့စားလေးရေ လူတွေကတော့ ကြောက်နေကြပြီဗျ။ ကျုပ်ကတော့ သင်းတို့ကို အညံ့မခံဘူးဗျ။ အရှုံးမပေးဘူးဗျ။ မဟုတ်ဘူးလား မြို့စားလေး"

မာကာက အာလေးလျှာလေးကြီးဖြင့် ပြောသည်။

မာကာသည် ရပ်လိုက်ပြီးနောက် စားပွဲမှ သေနတ်ကို မြင်သည်နှင့် ဖျတ်ခနဲ ဆွဲယူကာ အခန်းပြင်သို့ ပြေးထွက်သွားလေသည်။

ဂျီရာဆင်နှင့် အိမ်စေတစ်ယောက်သည် မာကာ့နောက်သို့ လိုက်ကြ၏။ စမုတ်ဆောင်အနီးတွင် ဖမ်းမိသဖြင့် မာကာ့လက်မှ သေနတ်ကို ပြန်လုကြ၏။ ပီယာသည် အပြင်သို့ထွက်လာကာ အရူးတစ်ပိုင်းဖြစ်နေသော မာကာကို သနားစိတ်၊ စက်ဆုပ်သည့်စိတ်တို့ဖြင့် ကြည့်မိသည်။ မာကာသည် အတင်းရုန်းကန်၍ သေနတ်ကို အပေါ်သို့ကိုင်မြှောက်ထားရာမှ မျက်နှာထားကြီးဖြင့် လှမ်းကြည့်ကာ

"ဖယ်ပါကွ၊ ငါ ဒီကောင်တွေကို ချမယ်ကွ၊ ဖယ်ကွ" ဟု အော်ဟစ်လျက် ရှိ၏။

"ချချင်ရင် ချရပါစေမယ် ဆရာ။ အေးအေးဆေးဆေး လုပ်ပါ။ အိမ်ထဲဇာ ပြန်ဝင်ပါ။ ခဏလေးရယ်၊ ခဏလေး" ဂျီရာဆင်သည် မာကာကို အိမ်ထဲသို့ တွန်းလွှတ်၏။

"မင်းက ဘယ်သူလဲ။ ဘိုနာပတ်ဆိုတဲ့ကောင်လား"

မာကာက အော်လိုက်၏။

"ဒီလို မလုပ်ပါနဲ့ ဆရာ၊ အေးအေးဆေးဆေး လုပ်ပါ။ အခန်းထဲမှာ ခဏလေးနေပါဦး။ သေနတ်ကိုလဲ ပေးထားပါ"

"သွား၊ ကျွန်စုတ်၊ ငါ့ မထိနဲ့။ ထိရင်တော့ အချလိုက်ပဲ မြင်တယ် မဟုတ်လား" မာကာက သေနတ်ကြီး တယမ်းယမ်းဖြင့် ပြောလိုက်၏။

"ဟေ့ ဝင်လုံးလေကွာ" ဂျီရာဆင်က အိမ်စေကို ပြောလိုက်၏။

ဂျီရာဆင်နှင့် အိမ်စေသည် မာကာ၏လက်နှစ်ဖက်ကို ဝင်ချုပ်လိုက်ကြပြီး အိမ်ထဲသို့ ဆွဲခေါ်လာကြ၏။

စမုတ်ဆောင်၌ကား လုံးထွေးရုန်းကန်သံများနှင့် ကြမ်းတမ်းအက်ကွဲလျက်ရှိသော အော်သံကြီးကြောင့် ဆူညံလျက် ရှိ၏။

ထိုအခိုက် နောက်ထပ်အသံတစ်ခု ပေါ်လာလေသည်။ ထိုအသံကား ဆင်ဝင်အောက်မှ စူးစူးဝါးဝါး အော်လိုက်သည့် မိန်းမတစ်ယောက်၏အသံ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

အသံနှင့် အတူ ထမင်းချက်မိန်းမကြီးသည် စမုတ်ဆောင်ထဲသို့ ပြေးဝင်လာ၏။

"လာကုန်ကြပြီတော့၊ ဘယ့်နယ် လုပ်ကြမလဲ။ မြတ်စွာဘုရားကြီး ကယ်တော်မူပါ။ မြင်းတပ်သား လေးယောက် ဝင်လာကြပြီတော့။ ဘယ့်နယ် လုပ်ကြမလဲ။ ကယ်ကြပါဦး"

ဂျီရာဆင်နှင့် အိမ်စေသည် မာကာကို အခန်းထဲသွင်း၍ သော့ပိတ်ထားလိုက်ကြ၏။ အိမ်ရှေ့တံခါးမှ တဗုန်းဗုန်း ထုနေသံများ ထွက်ပေါ်လာလေသည်။

အခန်း ၂၈

ပီယာသည် မိမိ၏အကြံအစည်အထမမြောက်မချင်း မိမိ၏ အမည်နာမကို လည်းကောင်း၊ မိမိ ပြင်သစ်ဘာသာတတ် ကျွမ်းကြောင်းကို လည်းကောင်း အသိပေးခြင်းမပြုဟု ဆုံးဖြတ်လျက် တံခါးဝတွင် ရပ်နေသည်။ ပြင်သစ်တပ်သားများ ဝင်လာလျှင် ပုန်းရန်နေရာကိုလည်း ကြည့်ထားသည်။ သို့ရာတွင် ပြင်သစ်တပ်သားများ ဝင်လာသည့် အချိန်မှာ ပီယာသည် အခြေအနေအရပ်ရပ်ကို အကဲခတ်လိုသဖြင့် မပုန်းဖြစ်တော့ဘဲ တံခါးဝမှာပင် ရပ်နေမိလေသည်။

ပထမဆုံးဝင်လာသူမှာ ပြင်သစ်နှစ်ယောက် ဖြစ်၏။ တစ်ယောက်မှာ အရပ်မြင့်မြင့်၊ ယောကျ်ားပီသ၍ ချောမောခန့်ညားသော တပ်ဗိုလ်တစ်ဦးဖြစ်ပြီး အခြားတစ်ယောက်မှာ အသားညိုညို၊ အရပ်ပုပု၊ ခပ်ပိန်ပိန် ဖြစ်လျက် ချိုင့်ဝင်နေသော ပါးများနှင့် တကွ မျက်နှာထားခပ်ဆိုးဆိုး ဖြစ်လေရာ ပုံပန်းမှာ သာမန်တပ်သားတစ်ဦးသော် လည်းကောင်း၊ တပ်ဗိုလ်၏ တပ်လုလင်တစ်ဦးသော် လည်းကောင်း ဖြစ်ဟန် ရှိ၏။ တပ်ဗိုလ်သည် တုတ်ကောက်တစ်ချောင်းကို အားပြု၍ တဒေါက်ဒေါက်ဖြင့် ထော့နဲ့ ထော့နဲ့ ဝင်လာ၏။ အခန်းထဲသို့ လေးငါးလှမ်းမျှ ဝင်လာပြီးနောက် တပ်ဗိုလ်သည် ရပ်လိုက်၏။ ဓခန်းချရန် အိမ်ကောင်း တစ်လုံးဖြစ်သည်ဟု ယူဆဟန် လက္ခဏာဖြင့် အပေါက်ဝတွင်ကျန်ရစ်ခဲ့သော တပ်သားများကို လှမ်း၍ မြင်းများကို ချည်ထားရန် အမိန့်ပေးလိုက်သည်။ ထို့နောက် တပ်ဗိုလ်သည် ခန့်ညားသော ဟန်ဖြင့် တံတောင်ဆစ်ကွေးလျက် မုတ်ဆိတ်မွေးများကို သပ်လိုက်ပြီး ဦးထုပ်ကို လက်များဖြင့် မထိတထိတို့၍ နှုတ်ဆက်လိုက်၏။

"ကောင်းသောနေ့ပါ ခင်ဗျား" တပ်ဗိုလ်က အားလုံးကို လှည့်ကြည့်ပြီး ပြင်သစ်ဘာသာဖြင့် ပြုံးရွှင်စွာ နှုတ်ဆက်လိုက်သည်။

မည်သူမျှ ပြန်၍ နှုတ်ဆက်ခြင်း မပြုကြ။

"ဦးကြီးက အိမ်ရှင်လားခင်ဗျာ" တပ်ဗိုလ်က ဂျီရာဆင်ကို မေး၏။

ဂျီရာဆင်သည် ပြင်သစ်တပ်ဗိုလ်ကို ကြောက်လန့်ကာ ကြည့်နေသည်။

"ကျွန်တော်တို့ ဒီအိမ်မှာ စခန်းချချင်ပါတယ်ခင်ဗျာ။ ပြင်သစ်တွေဟာ လူဆိုးတွေ မဟုတ်ပါဘူး။ ကျွန်တော်တို့ကို ကြောက်မနေပါနဲ့"

ပြင်သစ်တပ်ဗိုလ်က ရိုးသားစွာပြု၍ ယဉ်ကျေးသိမ်မွေ့စွာပြောရင်း ဂျီရာဆင်၏ပခုံးကို ပုတ်လိုက်သည်။

"ညောင်၊ လက်စသတ်တော့ ဘယ်သူမှ ပြင်သစ်လို မတတ်ကြဘူးထင်တယ်။ ဟုတ်စ" ပြင်သစ်တပ်ဗိုလ်က ပြင်သစ်လို ပြောပြီး လှမ်းကြည့်လိုက်ရာ ပီယာနှင့် မျက်လုံးချင်း သွားဆုံနေ၏။ ပီယာသည် တံခါးအနီးမှ ထွက်လာခဲ့သည်။

ပြင်သစ်တပ်ဗိုလ်ကား ဂျီရာဆင်အား အိမ်ထဲမှ အခန်းများကို လိုက်ပြရန် ပြောဆို ကျန်ရစ်ခဲ့၏။

"အိမ်ရှင် မရှိဘူးနော်။ ကျုပ် ပြင်သစ်လို မတတ်ဘူး။ ရှိတယ်နော်။ ကျုပ်နဲ့ ခင်ဗျား ရှိတယ်နော်" ဂျီရာဆင်က ပြင်သစ်တပ်ဗိုလ် နားလည်လေမည်လောဟူသော အတွေးဖြင့် ရှရှားစကားကို တစ်လုံးချင်း ပြောနေသည်။

ပြင်သစ်တပ်ဗိုလ်သည် ပြုံးလျက်ရှိရင်းကပင် 'ခင်ဗျားစကားကို ကျုပ် နားမလည်၊ ကျုပ်စကားကို ခင်ဗျား နားမလည်' ဟူသော သဘောဖြင့် လက်ဖဝါးကို ဖြန့်ကာ ဂျီရာဆင်၏ နှာခေါင်းရှေ့သို့ ထိုး၍ ပြလိုက်ပြီးနောက် ပီယာထံသို့ ထော့နဲ့ ထော့နဲ့ဖြင့် လျှောက်လာ၏။ ပီယာသည် ထိုနေရာမှ ထွက်သွားကာ ပုန်းနေလိုက်မည်ဟု ခိတ်ကူးမိ၏။ ထိုအခိုက် မာကာသည် သေနတ်ကြီးတကား ကားဖြင့် မီးဖိုထဲမှ ထွက်လာလေသည်။ မာကာသည် စိတ်ဖောက်ပြန်တတ်သော အရွယ်တို့၏ ထုံးစံအတိုင်း သေနတ်ကို မြှောက်၍ ပြင်သစ်တပ်ဗိုလ်ကို ချိန်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ခွေးသားတွေ၊ သေပေတော့ကွ"

မာကာသည် ကြောက်မက်ဖွယ်အသံကြီးဖြင့် အော်ကာ မောင်းကို ဖြုတ်တော့မည်ပြုလိုက်၏။ မာကာ၏ အော်သံကြောင့် ပြင်သစ်တပ်ဗိုလ်သည် ချာခနဲ လှည့်ကြည့်လိုက်သည်။ ပိယာသည် အရက်မူးနေသော အရူးကြီး မာကာကို ခုန်အုပ်လိုက်ပြီးနောက် မာကာ၏လက်မှ သေနတ်ကို လုလိုက်သည်။ သို့ရာတွင် ပိယာက သေနတ်ကို ဝင်လုလိုက်သည့်အချိန်၌ မာကာ၏လက်ညှိုးသည် သေနတ်မောင်းပေါ်သို့ ရောက်သွားလေပြီ။ သေနတ်သံသည် မြည်ဟိန်းထွက်ပေါ်လာကာ တစ်ခန်းလုံး မီးခိုးလုံးများ ဖုံးသွားလေသည်။ ပြင်သစ်တပ်ဗိုလ်သည် မျက်နှာဖြူရော်လျက် တံခါးဆီသို့ ခပ်သုတ်သုတ် ပြေးထွက်သွား၏။

ပိယာသည် မာကာ့ထံမှ သေနတ်ကို လုယူ၍ လွှင့်ပစ်လိုက်ပြီး ပြင်သစ်စကား မတတ်ယောင်ပြုနေခြင်းကို မေ့လျော့သွားကာ ပြင်သစ်တပ်ဗိုလ်အား

"ထိသွားသလား" ဟု ပြင်သစ်စကားဖြင့် မေးလိုက်၏။

"မထိဘူး ထင်တာပဲဗျ" ပြင်သစ်တပ်ဗိုလ်က သူ့ကိုယ်အနှံ့ စမ်းသပ်ကြည့်ရင်း ပြောလိုက်သည်။ ထို့နောက် နံရံမှ ကျည်ဆန်ပေါက်ကို လက်ညှိုးထိုးပြလိုက်ပြီး

"အား ဒီအချီတော့ ကံကောင်းသွားပြန်ပြီဗျ။ ဒီလူက ဘယ်သူလဲဟင်"ဟု ပိယာကို ခပ်တင်းတင်းကြည့်၍ မေးလိုက်သည်။

"အေးဗျာ။ ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူး။ အဘိုးကြီးက စိတ်ဖောက်ပြန်နေလို့ပါ" ပိယာက ပြန်ဖြေလိုက်၏။ ပိယာသည် မိမိ ပြင်သစ်စကား မတတ်ယောင်ဆောင်နေရမည့်ကိစ္စကို မေ့လျော့နေလေပြီ။

ပြင်သစ်တပ်ဗိုလ်သည် မာကာ့ထံသို့ လျှောက်သွားကာ လည်ကုတ်ကို ကိုင်ဆွဲလိုက်၏။ မာကာသည် ပါးစပ်ကြီးဟောင်းလောင်းနှင့် ရှိရာက အိပ်ပျော်ခါနီးသူကဲ့သို့ နံရံတွင်မှီရင်း ဒယီးဒယိုင်ဖြစ်လျက် ရှိသည်။

"ဘာလဲ အဘိုးကြီး သေသွားချင်သလား။ ဟုတ်လား။ ကျုပ်တို့ ပြင်သစ်တွေဟာ ရုံးတဲ့လူကို ဖိမထောင်းတတ်ပေမယ့် စော်ကားတဲ့လူကိုတော့ ခွင့်မလွှတ်တတ်ဘူးနော်။ ဘာမှတ်နေသလဲ" တပ်ဗိုလ်က မျက်နှာထားဖြင့် ပြောလိုက်ပြီး မာကာကို ပြန်လွှတ်လိုက်၏။

ပိယာကား ဤအဘိုးကြီးမှာ စိတ်ဖောက်ပြန်လျက် ရှိရုံမျှမက အရက်လည်း မူးနေကြောင်း၊ ထို့ကြောင့် ဗွေယူခြင်း မပြုသင့်ကြောင်း ပြင်သစ်လို တတွတ်တွတ်ပြောလျက် ရှိ၏။ ပြင်သစ်တပ်ဗိုလ်သည် မျက်နှာထားတင်းတင်းဖြင့် နားထောင်နေရာက ပိယာ့ဘက်သို့ ရုတ်တရက် လှည့်၍ ပြုံးလိုက်ပြီး စက္ကန့်အတော်ကြာမျှ ကြည့်နေသည်။ တပ်ဗိုလ်သည် ၎င်း၏ချောမော ခန့်ညားသည့် မျက်နှာတွင် နူးညံ့ပျော့ပျောင်းသည့်အသွင်ကို ဆောင်လိုက်လျက် ပိယာကို လက်ကမ်းပေးလိုက်၏။

"အေးဗျာ။ ကျုပ်ကို ခင်ဗျား ကယ်ပေတာပဲ။ ဧကန္တ ခင်ဗျားဟာ ပြင်သစ်လူမျိုး ဖြစ်ရမယ်"

ဤတွေးပုံခေါ်ပုံမျိုးမှာ ပြင်သစ်တို့ခေါင်းထဲတွင် သံမှိုစွဲသကဲ့သို့ စွဲနေသည့်တွေးပုံခေါ်ပုံမျိုး ဖြစ်၏။ ပြင်သစ်လူမျိုးတို့သည် မိမိတို့သာလျှင် ကြီးကျယ်မွန်မြတ်သော အလုပ်မျိုးကို လုပ်နိုင်စွမ်းရှိသည်ဟု ယူဆကြလေရာ ပြင်သစ်တပ်မတော် အမှတ်-၁၃ ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးတစ်ဦးဖြစ်သူ အင်ရမ်ဗေးအဖို့တွင်လည်း မိမိ၏အသက်ကို ကယ်ဆယ်လိုက်သော ပိယာ၏အပြုအမူသည် ကြီးကျယ်မွန်မြတ်သော အပြုအမူကြီး တစ်ခု မဟုတ်ပါလော။

သို့ရာတွင် ပြင်သစ်တို့၏ကောက်ချက်ဆွဲပုံသည် ၎င်းတို့အဖို့ မည်မျှမှန်ကန်နေသည်ဖြစ်စေ၊ ပြင်သစ်တပ်ဗိုလ်ကလည်း ဤအဆွဲကို အခြေပြု၍ ပိယာအား ပြင်သစ်လူမျိုးတစ်ယောက်ဖြစ်ရမည်ဟု မည်မျှယူဆနေသည်ဖြစ်စေ ပိယာအဖို့မူ ဤကိစ္စကို ရှင်းထားမှ ဖြစ်မည်ဟု ယူဆလိုက်သဖြင့်

"မဟုတ်ပါဘူး။ ကျုပ်က ရုရှားလူမျိုးပါ"

"သြော် ရုရှားလူမျိုးလား။ ကျွတ် ကျွတ် ကျွတ် ဖြစ်မှ ဖြစ်ရလေဗျာ။ ဟော့၊ အိမ်ရှေ့က ရဲဘော်တွေ သွားခေါ်ချည်စမ်း" တပ်ဗိုလ်က နောက်လိုက်တပ်သားအား လှည့်ပြောပြီးနောက် လက်ညှိုးကို နှာခေါင်းရှေ့တွင် ထောင်၍ပြုံးလိုက်ရာမှ

"အေးဗျာ အကျိုးအကြောင်း ပြောပြစမ်းပါဦး။ ခင်ဗျားလို မျိုးချစ်တစ်ယောက်နဲ့ တွေ့ရတာတော့ ဝမ်းသာသဗျ။ ဟဲ ဟဲ။ ဒီအဘိုးကြီးကို ကျုပ်တို့ ဘယ်လို ဆုံးမရမလဲ။ ခင်ဗျားပဲ အကြံဉာဏ်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com

ပြင်သစ်တပ်ဗိုလ်က ပီယာအား ညီရင်းအစ်ကို သဖွယ် ရင်းရင်းနှီးနှီး မေးမြန်းနေ၏။

ပီယာသည် ပြင်သစ်လူမျိုး မဟုတ်သည့်တိုင် မိမိအား ပြင်သစ်တပ်ဗိုလ်က မျိုးချစ်တစ်ဦးဟူသော အမြင့်ဆုံးသောဘွဲ့ထူးကို ပေးအပ်လိုက်ခြင်းအတွက် ကျေနပ်သွားသည်။ ပြင်သစ်တပ်ဗိုလ်၏မျက်လုံးနှင့် အသံကလည်း မိမိအား တကယ်ပင်လေးစားဟန် ပြလျက် ရှိ၏။ ပီယာသည် မာကာ့အကြောင်းနှင့် တကွ ခပ်စောစောကပင် စိတ်ဖောက်ပြန်လာကာ သေနတ်ကို ယူသွားကြောင်း၊ မိမိတို့မှာလည်း မာကာ့ထံမှ သေနတ်ကို ပြန်ယူချိန်မရလိုက်ကြောင်း စသဖြင့် ပြောပြကာ မာကာကို အရေးမယူရန် တောင်းပန်လျက် ရှိ၏။

ပြင်သစ်တပ်ဗိုလ်သည် ရင်ကော့၍ အသက်ရှူလိုက်ပြီးနောက် လက်ကို ဟန်ပါပါဝှေ့ယမ်းလိုက်ပြီး

"ကျုပ်အသက်ကို ခင်ဗျား ကယ်လိုက်တာပဲဗျ။ ဒီတော့ ခင်ဗျားက ဘယ်လောက်ပဲငြင်းငြင်း ကျုပ်ကတော့ ပြင်သစ်တစ်ယောက်လို့ပဲ ယူဆလိုက်တော့မယ်။ ဒီတော့ ခင်ဗျားလို လူတစ်ယောက်က အရေးမယူပါနဲ့လို့ ပြောတဲ့အတွက် ကျုပ် အရေးမယူတော့ပါဘူး။ ကဲ အဘိုးကြီးကို ကြည့်ခေါ်သွားကြပါစေဗျာ"

ပြင်သစ်တပ်ဗိုလ်သည် ပီယာ့လက်မောင်းကို ဆွဲကာ အခန်းထဲသို့ ခေါ်သွားလေသည်။ ပီယာမှာလည်း ပြင်သစ်တစ်ယောက်၏ အသက်ကို ကယ်လိုက်သည့်အတွက် နေ့ချင်းညချင်းပင် ပြင်သစ်လူမျိုးတစ်ဦးအဖြစ် 'ရာထူးတိုး' သွားခဲ့လေပြီ။

အိမ်ရှေ့တွင် ကျန်ရစ်ခဲ့သည့် တပ်သားများသည် သေနတ်သံကို ကြားသဖြင့် ပြေးဝင်လာကြကာ အကျိုးအကြောင်းကို လာရောက်မေးမြန်းကြ၏။ တပ်သားများက မာကာကို ရိုက်မောင်းပုတ်မောင်းလုပ်မည် ပြုကြသော်လည်း တပ်ဗိုလ်က တားထားသဖြင့် ပြန်ထွက်သွားကြလေသည်။

"ဟေ့ ရဲဘော်တွေ အပြင်မှာ စောင့်နေကွာ။ လိုတော့ ခေါ်မယ်"

တပ်သားများ ပြန်ထွက်သွားကြသောအခါ တပ်ဗိုလ်နောက်မှ ပါလာသောတပ်သားသည် မီးဖိုထဲတွင် ဝင်ရောက်ကြည့်ရှုနေရာမှ ပြန်ထွက်လာပြီး

"ဗိုလ်ကြီး၊ မီးဖိုထဲမှာတော့ ဟင်းချိုအိုးတစ်လုံးနဲ့ သိုးခြေထောက်ချက်တစ်အိုး တွေ့ထားတယ် ဗိုလ်ကြီး။ ယူခဲ့ရမလား"

"အေး ယူခဲ့ကြကွာ။ အရက်ချိုလေး ဘာလေးလဲ ရှာစမ်းပါဦးကွ"

အခန်း ၂၉

ပြင်သစ်တပ်ဗိုလ်နှင့် အတူ အခန်းထဲသို့ဝင်လာသောအခါ၌ မိမိသည် ပြင်သစ်လူမျိုးမဟုတ်ကြောင်း ပြင်သစ်တပ်ဗိုလ်အား ထပ်မံရှင်းလင်းရန် ဝတ္တရားရှိသည်ဟု ပီယာတွေးမိပြန်သည်။ ဤနေရာက အမြန်ဆုံးထွက်ခွာသွားမှဖြစ်မည်ဟုလည်း ပီယာတွေးမိသည်။ သို့ရာတွင် ပြင်သစ်တပ်ဗိုလ်ကား ပီယာ၏စကားကို ကြားဟန်မရှိချေ။ စင်စစ်၌ ပြင်သစ်တပ်ဗိုလ်မှာ လွန်စွာယဉ်ကျေးသိမ်မွေ့၍ ခင်မင်စရာကောင်းရုံမျှမက သဘောကောင်းသူတစ်ဦးလည်း ဖြစ်၏။ ပြင်သစ်တပ်ဗိုလ်သည် မိမိအသက်ကို ကယ်ဆယ်ခဲ့သည့်အတွက် ပီယာအား တကယ်ပင် လှိုက်လှိုက်လဲ့လဲ့ကျေးဇူးတင်လျက် ရှိလေရာ ပီယာမှာလည်း မငြင်းသာတော့ဘဲ ၎င်းနှင့်အတူ ဧည့်ခန်းထဲသို့ လိုက်ပါလာပြီး ထိုင်နေရလေသည်။ မိမိ ပြင်သစ်လူမျိုးတစ်ယောက် မဟုတ်ကြောင်းနှင့် ပီယာက ထပ်မံရှင်းပြသောအခါ၌ ပြင်သစ်တပ်ဗိုလ်သည် ဤမျှ သွေးနာထင်ရောက်စရာကောင်းသော ဂုဏ်ထူးဝိသေသကြီးကို ငြင်းပယ်ခြင်းအတွက် နားမလည်နိုင်ဟန်ဖြင့် ပခုံးနှစ်ဖက်ကို တွန့်လိုက်လျက် ပီယာသည် ရုရှားလူမျိုးတစ်ယောက်အဖြစ်ဖြင့်သာ အသိအမှတ်ပြုခြင်း ခံလိုလျှင်လည်း နောက်ထပ်ဘာမျှ မပြောလိုတော့ကြောင်း၊ မိမိအနေဖြင့်မူကား အသက်ကို ကယ်ခဲ့သူ တစ်ဦးအနေဖြင့် အစဉ်ကျေးဇူးတင်နေမည်ဖြစ်ကြောင်းဖြင့် ပြောပြ၏။

အကယ်၍သာ ပြင်သစ်တပ်ဗိုလ်သည် အကင်းပါးသူဖြစ်ပြီး ပီယာ၏အရိပ်အခြည်ကို နားလည်လိုက်သူမျိုးဖြစ်လျှင် ပီယာသည် ချက်ချင်းလိုပင် ဝေးရာသို့ထွက်သွားကောင်း သွားမည်ဖြစ်သော်လည်း ယခုမူ ပြင်သစ်တပ်ဗိုလ်မှာ မိမိ၏ကိစ္စမှအပ အခြားသူများကို စိတ်ဝင်စားဟန် မရှိသည့်အတွက် ပီယာသည် သတင်းအထူးအဆန်း

www.burmeseclassic.com

www.burmeseclassic.com

သိရလို သိရငြားဟူသောသဘောဖြင့် ဆက်၍ ထိုင်နေလိုက်သည်။

"အေးလေ ခင်ဗျားဟာ ပြင်သစ်တစ်ယောက်ပဲ ဖြစ်ဖြစ်၊ ရုပ်ဖျက်ထားတဲ့ ရုရှားမင်းသားတစ်ပါးပဲ ဖြစ်ဖြစ် ထားပါတော့။ ဒါက သိပ်အရေးမကြီးပါဘူး" ပြင်သစ်တပ်ဗိုလ်က ပီယာ၏ညစ်ပတ်ပေရေလျက်ရှိသော်လည်း အမျိုးကောင်းဖြစ်သည့် အင်္ဂါအတွင်းအောက်ခံစနှင့် လက်မှလက်စွပ်ကို ကြည့်၍ ပြောလိုက်၏။ "ကျုပ်အနေနဲ့ကတော့ ကျုပ်အသက်ကို ကယ်ခဲ့သူ တစ်ဦးဖြစ်တဲ့အတွက် မိတ်ဆွေလိုပဲ သဘောထားမှာပဲ။ ပြင်သစ်လူမျိုးတစ်ယောက်ဟာ မိမိအား စော်ကားခြင်းကိုသော်လည်းကောင်း၊ မိမိအား ကျေးဇူးပြုဖူးခြင်းကိုသော် လည်းကောင်း မမေ့တတ်ဘူးဆိုတာကိုတော့ သိထားစေချင်သဗျ။ ဒီတော့ ကျုပ်ကတော့ ခင်ဗျားကို မိတ်ဆွေအဖြစ် သဘောထားတာပဲ။ ကျုပ်ကို ခင်ဗျားက အလားတူပြန်ပြီးသဘောထားဖို့ မထားဖို့ကတော့ ခင်ဗျားတာဝန်ပေပဲဗျ။ ဟဲ ဟဲ"

ပြင်သစ်တပ်ဗိုလ်၏အသံ မျက်နှာအမူအရာနှင့် တကွ ကိုယ်အမူအရာတို့မှာ ၎င်း၏စိတ်သဘောကောင်းခြင်း၊ ရက်ရောမြင့်မြတ်ခြင်း(ရှုံးသူကို ဖိထောင်းခြင်းမပြုသည့်အတွက် မြင့်မြတ်သည်ဟု ၎င်းတို့ဘာသာ ယူဆလေ့ရှိရာ ဤနေရာ၌လည်း ပြင်သစ်တို့၏အဓိပ္ပာယ်အရပြောခြင်း ဖြစ်ပါသည်။) တို့ကို ဖော်ပြလျက်ရှိလေရာ ပီယာမှာ ပြင်သစ်တပ်ဗိုလ်၏အပြုံးကို မတုံ့ပြန်ဘဲ မနေနိုင်တော့သည့်အတွက် အမှတ်မထင် ပြန်၍ပြုံးပြလိုက်ရင်း ပြင်သစ်တပ် ဗိုလ်ကမ်းပေးလိုက်သည့်လက်ကို ဆွဲ၍ လှုပ်ယမ်းနေမိလေသည်။

"ကျုပ်က အမှတ် ၁၃ ခြေမြန်တပ်ရင်းက ဗိုလ်ကြီးရမ်းဗေးပါ။ ဩဂုတ်လ ၂၆-ရက်နေ့က ဖြစ်ပွားခဲ့တဲ့ ဘိုရိုဒီနိုတိုက်ပွဲမှာ ကောင်းစွာအမှတော်ထမ်းခဲ့တဲ့အတွက် သူရဘွဲ့ ရခဲ့ပါတယ်"

ပြင်သစ်တပ်ဗိုလ်က ၎င်းဘာသာ မိတ်ဆက်ရင်း ဂုဏ်ယူသောအပြုံးမျိုးဖြင့် ပြုံးပြလိုက်လေရာ ၎င်း၏နှုတ်ခမ်းများသည် နှုတ်ခမ်းမွေးများထဲမှ အထင်းသားပေါ်လာကြ၏။

"ကဲ ကျုပ် ဘယ်သူလဲဆိုတာတော့ ပြောပြီးပြီဗျ။ ကျုပ် ခန္ဓာကိုယ်ကြီးထဲ အရူးရဲ့ကျည်ဆန်ဝင်ပြီး ဆေးရုံတက်ရမယ့်အစား ခုလို ဇိမ်နဲ့ထိုင်ပြီး စကားပြောနေနိုင်အောင် ကျုပ်ကို ကယ်လိုက်တဲ့ ခင်ဗျားကော ဘယ်သူဆိုတာကို ပြောပြဖို့ကောင်းသဗျ"

ပီယာက မိမိ၏အမည်ကို ထုတ်ဖော်ပြောဆိုခြင်း မပြုနိုင်ကြောင်း ပြောပြ၏။ ပီယာသည် မျက်နှာနီရဲသွားရာမှ မိမိ၏အမည်ကို လှီးလွှဲပြောဆိုကာ အဘယ့်ကြောင့် နာမည်ဂုဏ်ထားရကြောင်းကိုလည်း ယုတ္တိရှိအောင် ပြောမည်ဟု စိတ်ကူးနေဆဲ ပြင်သစ်တပ်ဗိုလ်က ကြားဖြတ်၍

"ဩော် ဟုတ်ပြီ ဟုတ်ပြီ။ ကျုပ်နားလည်ပြီ။ ခင်ဗျားက တပ်ဗိုလ်ထင်တယ်။ အိမ်း၊ တပ်ဗိုလ်မှ ခပ်ငယ်ငယ်ထဲက မဟုတ်ဘဲ ခပ်ကြီးကြီးထဲက ဖြစ်ရမယ်ဗျာ။ လက်စသတ်တော့ ခင်ဗျားက ကျုပ်တို့ကို လက်နက်နဲ့ ခံချခဲ့တဲ့ တပ်ဗိုလ်တစ်ယောက်ကိုး။ ထားပါတော့လေ ဒါက ကျုပ် အလုပ် မဟုတ်ပါဘူး။ ကျုပ်အနေနဲ့ကတော့ ကျုပ်အသက်ကို ကယ်ခဲ့တဲ့လူတစ်ယောက်လို့ပဲ ယူဆတယ်။ ကျုပ်အဖို့ ဒါလောက်သိရင် တော်ပြီ။ အကူအညီလိုတယ်ဆိုရင်လဲ ပေးဖို့အဆင်သင့်ပဲ။ ခင်ဗျား မင်းမျိုးမင်းနွယ်ထဲကပါဗျ။ ကျွန်တော် သိပါတယ်။ မဟုတ်ဘူးလား"

ပြင်သစ်တပ်ဗိုလ်က ဝူးစမ်းသည့်အနေဖြင့် မေးလိုက်သည်။ ပီယာကား ခေါင်းငုံ့လျက် ရှိ၏။

"ကဲဗျာ မျိုးရိုး မပြောချင်နေ။ ခင်ဗျား နှစ်ခြင်း မင်္ဂလာတုန်းက ကင်ပွန်းတပ်တဲ့နာမည်ကလေးပဲ ပြောဗျာ။ အို မွန်ရှီယာပီယာ ဟုတ်လား၊ ဟုတ်ပြီ။ ဒီလောက် သိရရင် တော်ပြီ တော်ပြီ"

သိုးသားနှင့် ဥ အသားညှပ်ကြော် ရောက်လာပြီး နောက် မကြာမီ လက်ဖက်ရည်နှင့် ဗော့ဒ်ကာ အရက်ပြင်းများ ရောက်လာ၏။ ရုရှားအရက်ဖိုတစ်ခုမှ ပြင်သစ်တပ်ဗိုလ် သိမ်းလာသော အရက်ချို့များလည်း လာချလေသည်။ ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် ပီယာကို ညစာစားရန် ခေါ်၏။ ၎င်းကိုယ်တိုင်မှာလည်း ဆာလောင်မွတ်သိပ်လျက် ရှိ၍ ကျန်းမာသန်စွမ်းသည့် လူကြီးတစ်ယောက် ဖြစ်သည့်အလျောက် အစာကို ပါးစပ်ထဲသို့ လောဘတကြီးဖြင့် သွတ်လျက်ရှိပြီး ခိုင်ခံ့သောသွားများဖြင့် ဝါးရင်းက နှုတ်ခမ်းကိုလည်း တပြတ်ပြတ်လျက်နေလေသည်။ ပါးစပ်

www.burmeseclassic.com

www.burmeseclassic.com

ကလည်း "စားလို့ကောင်းလိုက်တာဗျာ။ အရသာရှိလိုက်လေဗျာ" ဟု တတွတ်တွတ် ပြောဆိုလျက်ရှိ၏။ ရမ်းဗေး၏ မျက်နှာတွင် သွေးရောင်လျှမ်းကာ ချွေးများ ယိုစီးလျက်ရှိလေသည်။ ပီယာမှာလည်း ဆာလောင်မွတ်သိပ်လျက်ရှိခြင်းကြောင့် ညစာကို အားရပါးရစားလျက် ရှိလေသည်။ နောက်လိုက်တပ်သား မိုရဲသည် ခွက်တစ်ခုထဲတွင် ရေနွေးခံ၍ ထိုခွက်ထဲ၌ ပြင်သစ်စပျစ်ရည်တစ်လုံးကို ထည့်ပြီး လာပေးပြန်သည်။ မီးဖိုထဲတွင် ရှရှားစိမ်ရည်တစ်လုံးကို တွေ့သဖြင့်လည်း ၎င်း၏ဆရာမြီးစမ်းကြည့်ရန်အတွက် ယူလာပြန်လေသည်။ ပြင်သစ်များသည် ထိုရှရှားစိမ်ရည်ကို မကြာခဏ သောက်ဖူးကြပြီး ဖြစ်ရာ ထိုအရက်ကို 'ဝက်ဘီလပ်ရည်' ဟု အမည်ပေးထားကြ၏။ မိုရဲက မီးဖိုထဲမှ သူယူလာသည့် ဝက်ဘီလပ်ရည် မည်မျှကောင်းကြောင်းကို ဦးကာချဲ့လျက် ရှိလေသည်။ သို့ရာတွင် ပြင်သစ်တပ်ဗိုလ်ရမ်ဗေးမှာ မော်စကိုမြို့ထဲမှ ဖြတ်လာခဲ့စဉ် အရက်ချိုရလာခဲ့ပြီဖြစ်သည့်အတွက် ရှရှားစိမ်ရည်ကို မိုရဲအား သောက်စေပြီး သူကိုယ်တိုင်မှာမူ ပြင်သစ်ဗော်ဒိုးအရက်တစ်လုံး ဖောက်သောက်လျက် ရှိ၏။ ရမ်ဗေးသည် ဗော်ဒိုးအရက်ပုလင်းကို လက်သုတ်ပဝါတစ်ထည်ဖြင့် ပတ်၍ကိုင်လိုက်ပြီးနောက် သူ့ခွက်ထဲသို့ လည်းကောင်း၊ ပီယာ့ခွက်ထဲသို့ လည်းကောင်း ငဲ့ပေးနေသည်။ အဆာပြေသွားပြီဖြစ်သည့်အတွက်ကြောင့် တစ်ကြောင်း၊ အရည်ကလေးဝင်သွားပြီဖြစ်သည့်အတွက်ကြောင့် တစ်ကြောင်း ရမ်ဗေးမှာ အာရှင်လျက်ရှိကာ စကားကို ကရားရေလွှတ် ပြောလျက် ရှိ၏။

"တကယ်ပြောတာ မွန်ရှီယာ ပီယာ။ ကျုပ်အသက်ကို အရူးလက်ထဲက ကယ်ခဲ့တဲ့အတွက် ကျုပ်မှာ ကျေးဇူးဆပ်ဖို့ ဝတ္တရားရှိတယ်ဗျ။ ဘာလိုလိုနဲ့ ကျုပ်ခန္ဓာကိုယ်ကြီးထဲမှာလဲ ကျည်ဆန်တွေ မနည်းတော့ဘူးဗျ ဟဲ ဟဲ။ ဟောဒီနားမှာ ကျည်ဆန်တစ်တောင့် ဝါဂရန်တိုက်ပွဲမှာ ရခဲ့တာ။ (နံဘေးကို ထောက်ပြ၏။) ဒုတိယတစ်တောင့်က ဟောဒီမှာ စမိုးလင့်တိုက်ပွဲတုန်းက ရခဲ့တာ။ (ပါးမအမာရွတ်ကို ပြသည်။) ခင်ဗျားမြင်နေရတဲ့ ဟောဒီဘက်ခြေထောက်ကလည်း ကောင်းကောင်းလမ်းမလျှောက်ချင်တော့ဘူးဗျ။ ဩဂုတ်လ ၂၆-ရက်နေ့တုန်းက ဖြစ်ခဲ့တဲ့ ဘိုရို ဒီနိုတိုက်ပွဲရဲ့ ကောင်းမှုလေဗျာ။ တိုက်ပွဲကတော့ အကြိတ် အနယ်ပဲဗျို့။ နှစ်ဖက်စလုံးက ပစ်လိုက်တဲ့ကျည်ဆန်တွေဟာ မိုးသီးမိုးပေါက်တွေ ကျနေသလိုပဲ။ ဒီတိုက်ပွဲမှာ ခင်ဗျားတို့ လုပ်လိုက်ပုံကတော့ နမူနာယူလောက်ပါပေတယ်ဗျာ။ တကယ်ပါပဲ။ ခင်ဗျားတို့ ဂုဏ်ယူမယ်ဆိုလဲ ယူသင့်ပါပေတယ်။ ကျုပ်လဲ အဲဒီတိုက်ပွဲမှာတွင် အအိပ်ပျက် အစားပျက်နဲ့ နာစေးချောင်းဆိုး ဖြစ်လာတာပဲ။ ဒါပေမဲ့ အဲဒီလို တိုက်ပွဲမျိုး တိုက်ရဦးမယ်ဆိုရင်တော့ တစ်ပွဲတစ်လမ်းလောက် နွဲလိုက်ချင်သေးသဗျာ။ ဒီတိုက်ပွဲကို ခင်ဗျား မမြင်လိုက်ရတာ နာတာပဲ"

"ကျုပ်ရှိပါတယ်" ပီယာက ပြောလိုက်၏။

"အလို ခင်ဗျားရှိတယ် ဟုတ်စ။ ဟုတ်လိုက်လေဗျာ။ အေးဗျ ခင်ဗျားတို့ကတော့ အထင်သေးလို့မရတဲ့ရန်သူမျိုးပဲ။ ရေ့စကိခံတပ်ဟာ တော်တော်နဲ့ မကျဘူး။ ကျုပ်တို့တန်ဖိုးတော်တော်ကြီးကြီး ပေးလိုက်ရတယ်။ အဲဒီခံတပ်ကို ကျုပ်တို့ သုံးကြိမ်တိုက်ရတယ်။ သုံးကြိမ်စလုံး ကျုပ်ပါတာပဲ။ သုံးကြိမ်စလုံး ခံတပ်ထဲက အမြောက်မြတပူတွေနှားအထိ ရောက်တာပဲ။ ဒါပေမဲ့ ကျုပ်တို့လူတွေ မရဘူးဗျို့။ သုံးကြိမ်စလုံး အရုပ်ကလေးတွေကို ကောက်ကောက်ပြီး လွှင့်ပစ်လိုက်သလို လန်လန်ကျလာတာချည်းပဲ။ အဲဒီတိုက်ပွဲကတော့ စံပါပဲဗျာ။ ခင်ဗျားတို့ လက်ပစ်ဗုံးကိုင် တပ်သားတွေကလဲ တော်တော်လေး တိုက်ရည်ခိုက်ရည်ရှိကြသဗျ။ လူတွေက သတ္တိလဲ မခေကြဘူး။ ကျုပ်တို့က ခံတပ်စီးမိခါနီးလို့ သူတို့ ဖရိုဖရဲဖြစ်သွားလို့၊ ဗိုလ်ရှသဘင်များတက်သလို လူစုပြီး တန်းစီတက်လာလိုက်နဲ့ ဘာတစ်ပြန် ကျားတစ်ပြန် ချလိုက်ရတာ၊ တကယ်အံ့ဖို့ကောင်းတဲ့ လူတွေပဲဗျို့။ တိုက်ရေးခိုက်ရေးကို အင်မတန်ကျွမ်းကျင်တဲ့ ကျုပ်တို့ ဗိုလ်ချုပ် မူးရတ်ကိုယ်တိုင် တက်တိုက်တော့မှပဲ ခံတပ်ကို သိမ်းမိပေတော့တယ်။ လက်စသတ်တော့ ခင်ဗျားက ကျုပ်တို့လိုစစ်သားကိုးဗျ၊ ဟား ဟား။ ကောင်းတယ်၊ ကောင်းတယ်။ ကျုပ်တို့ပြင်သစ်လူမျိုးတွေဟာ စစ်ပွဲမှာ ဝံပုလွေလိုခက်ထန်ပေမယ့် မိန်းမချော မိန်းမလှကလေးတွေနဲ့ တွေ့ရင် သိုးငယ်လို ယဉ်ပါးပါတယ်ဗျ။ မဟုတ်ဘူးလား မွန်ရှီယာ ပီယာ"

ပြင်သစ်တပ်ဗိုလ် ရမ်ဗေးက ပြုံး၍ မျက်လုံးတစ်ဖက် မှိတ်ပြလိုက်သည်။ ရမ်ဗေးမှာ နဂိုက စိတ်နှလုံးကောင်းရှိသူတစ်ဦးပီပီ အရက်ကလေး ထွေလာသောအခါ၌လည်း

www.burmeseclassic.com

www.burmeseclassic.com

ရန်မပြုတတ်ဘဲ ခပ်မြူးမြူးဖြစ်လာကာ လျှာသွက်လျက် ရှိလေပြီ။ ပီယာသည် ရွှင်မြူးလျက် ရှိသော ပြင်သစ်တပ်ဗိုလ် ရမ်ဗေးကို ကြည့်၍ ပျော်သလိုလို ဖြစ်လာကာ မျက်စိတစ်ဖက်ကိုပင် ပြန်၍ မှိတ်ပြလိုက်မိသေးသည်။ ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် မိန်းမချော မိန်းမလှဟူသောစကား ကြောင့် မော်စကိုမြို့အကြောင်းကို အမှတ်ရလာဟန်ဖြင့်

"ဒါထက် နေစမ်းပါဦးဗျ။ ခင်ဗျားတို့ ရုရှားအမျိုးသမီးတွေအား လုံး မော်စကိုမြို့က ထွက်သွားကြပြီဆိုဟုတ်လား။ အတော်ရှော်တာပဲဗျ။ ဘာများ ဒီလောက် ကြောက်နေကြရတာတဲ့လဲ"

"ကျုပ်တို့ ရုရှားတပ်တွေ ပါရီမြို့ထဲ ဝင်ရင်ကော ခင်ဗျားတို့ ပြင်သစ်အမျိုးသမီးတွေ ထွက်ပြေးကြမှာပဲ မဟုတ်လား"

"ဟား ဟား ဟား။ ခင်ဗျား ပြောတာလဲ သိပ်တော့ မရိုင်းဘူးဗျ။ ဟုတ်တယ်၊ ဟုတ်တယ်။ အင်း ပါရီ ပါရီ ပါရီဆိုတဲ့"

ပြင်သစ်တပ်ဗိုလ်သည် အူလှိုက်သည်း လှိုက်ရယ်ကာ ပီယာ၏ပခုံးကို တဖျတ်ဖျတ် ပုတ်နေ၏။

"ဟုတ်တယ်လေ၊ ပါရီ။ ကမ္ဘာ့ရွှေမြို့တော်ကြီးလို့ ခင်ဗျားတို့ခေါ်တဲ့ ပါရီ" ပီယာက ဝင်၍ထောက်လိုက်၏။

ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် ပီယာကို ကြည့်လိုက်၏။ ရမ်ဗေးသည် စကားကိုဆုံးအောင် ပြောလေ့မရှိဘဲ တစ်ဝက်တွင် ဖြတ်ထားလိုက်ပြီး ရိဝေရှင်ပြုံးသောမျက်လုံးများဖြင့် စိုက်၍ကြည့်တတ်၏။

"အင်း၊ တကယ်လို့သာ ခင်ဗျားကိုယ်တိုင်က ရုရှားလူမျိုးတစ်ယောက်ပါလို့ ထုတ်မပြောခဲ့ရင် ကျုပ်တော့ ခင်ဗျားကို တကယ့်ကို ပါရီရွှေ့မြို့တော်သားစစ်စစ် တစ်ဦးလို့ ထင်မိမှာပဲဗျ။ ခင်ဗျားရဲ့ လေယူလေသိမ်းဟန်အမူအရာ"

ပြင်သစ်တပ်ဗိုလ်သည် ဤတစ်ကြိမ်၌လည်း စကားကိုဆုံးအောင်မပြောဘဲ ဖြတ်ထားပြီး ပီယာ့ကို စိုက်ကြည့်နေပြန်သည်။

"ကျုပ် ပါရီမှာ နှစ်ပေါင်းအတော်ကြာကြာ နေဖူးသားပဲ"

"အလို ဟုတ်လှချည်လား၊ ကဲ ကျုပ်တွေးတာ မမှန်ဘူးလား။ အင်း ခင်ဗျားပြောတာနဲ့ ပါရီရွှေမြို့တော်ကြီးကိုတောင် လွမ်းလာပြီဗျ။ ဒီမှာ မွန်ရှိယာပီယာ၊ ပါရီရွှေမြို့တော်ကြီးအကြောင်းကို မသိတဲ့လူဟာ အရိုင်းအစိုင်း တောတွင်းသားတစ်ယောက်ပဲဗျ။ ပါရီရွှေမြို့တော်သားဆိုရင် နှစ်တိုင်လောက်ကနေ လှမ်းကြည့်လဲ ခွဲခြားလို့ ရတာပဲ။ ပါရီရွှေမြို့တော်ကြီးဟာ တခြားမဟုတ်ဘူးဗျို့။ ကျုပ်တို့ ရွှေနန်းရှင် ဧကရာဇ်ရဲ့ အသည်းစွဲ အလွမ်းမင်းသမီး တယ်လမာရယ်၊ ဇာတ်မင်းသမီးကြီး ဒူချယ်နိုရယ်၊ လူရွှင်တော်ကြီး ပိုတီးယားရယ်၊ ဆိုရဘွန်းတက္ကသိုလ် ကျောင်းတော်ကြီးရယ်၊ အင်မတန်မှ လှပတဲ့ရှုခင်းသာလမ်းမတွေရယ် အဲဒါတွေအား လုံး ပေါင်းလိုက်ရင် ပါရီရွှေမြို့တော်ကြီးပဲ"

ပြင်သစ်တပ်ဗိုလ် ရမ်ဗေးက ဆို၏။ သို့ရာတွင် ပါရီရွှေမြို့တော်ကြီး၏ ကြီးကျယ်ခမ်းနားလှပတင့်တယ်ပုံကို ဤမျှစာဖွဲ့ရုံမျှဖြင့် လုံလောက်ခြင်းမရှိသေးဟု ယူဆဟန်ရှိကာ

"ကမ္ဘာမှာ ပါရီရွှေမြို့တော်လို မြို့ကတော့ တစ်ခုတည်းပဲ ရှိတယ်ဗျ။ ခင်ဗျားနှယ်ဗျာ၊ ပါရီရွှေမြို့တော်ကို ရောက်ဖူးရက်သားနဲ့များ ရုရှားလူမျိုးအဖြစ် ဆက်နေချင်တယ် ရှိရသေးကိုးဗျ။ အေးလေ၊ ပါရီရွှေမြို့တော်ကို ရောက်ဖူးတယ်ဆိုရင်ပဲ ခင်ဗျားကို ကျုပ် မလေးစားလို့ မဖြစ်ပေဘူးပေါ့"

ပီယာမှာ လွန်ခဲ့သောရက်များက စိတ်ညစ်ညူးစရာများနှင့်ချည်း ကြုံတွေ့ခဲ့ရာ ယခုအချိန်၌ကား အရက်ကလေး ဝင်သွားပြီဖြစ်သည့်အတွက် စိတ်နှလုံးကောင်းရှိ၍ ပျော်ပျော်နေတတ်သော ပြင်သစ်တပ်ဗိုလ်နှင့် တဖြည်းဖြည်း အကျွမ်းဝင်ကာ စကားလက်ဆုံကျစ ပြုလာလေပြီ။

"ကဲ၊ ခင်ဗျားတို့ ရုရှားမတွေအကြောင်း ပြန်ဆက်ရဦးမယ်။ တော်တော်ချစ်စရာကောင်းဆိုဗျ။ ဟဲ ဟဲ။ ပြင်သစ်တပ်မတော်ကြီး မော်စကိုမြို့ထဲရောက်နေတဲ့အချိန်မှာ ဘယ်လိုစိတ်ကူးနဲ့များ တောကြီးမျက်မည်းထဲ သွားပုန်းနေကြတာပါလိမ့်မဗျာ။ ကျုပ်ဖြင့် အံ့သြလို့ မဆုံးဘူး။ ခုတော့ ခင်ဗျားတို့ရုရှားမတွေ အခွင့်အရေးကောင်းကြီး လက်လွတ်သွားတာပေါ့ဗျ ဟဲ ဟဲ။ တောသူတောင်သားတွေက ကျုပ်တို့ကို ကြောက်လို့ ပုန်းတယ်ဆိုရင် ထားပါတော့။ ကျုပ် ဒီလောက်မအံ့သြပါဘူး။ ဘာမှ နားမလည်ကြရှာပဲကိုး။ ဒါပေမဲ့ ခင်ဗျားတို့လို မြို့ကြီးသား

www.burmeseclassic.com

www.burmeseclassic.com

လူယဉ်ကျေးတွေကတော့ ကျုပ်တို့အကြောင်းကို သိဖို့ကောင်းသဗျ။ ခု ကျုပ်တို့ တပ်တွေက ဗီယင်နာကိုလဲ သိမ်းခဲ့ပြီဗျာ။ ဘာလင်ကိုလဲ သိမ်းခဲ့ပြီဗျာ။ မက်ဒရစ်၊ နေပယ်၊ ရောမ၊ ဝါဆောစတဲ့ ကမ္ဘာမြို့တော်ကြီးတွေမှန်သမျှကို သိမ်းခဲ့ပြီးပြီဗျာ။ ကျုပ်တို့ကို ကြောက်ပေမယ့် မမုန်းကြပါဘူးဗျ။ ကျုပ်တို့က လူရိုင်းတွေ မဟုတ်ပါဘူး။ ကျုပ်တို့ရဲ့ ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရား ဆိုရင်"

ဤတွင် ပိယာက ကြားဖြတ်၍

"ရွှေနန်းရှင် ဘုရား ဟုတ်လား" ပိယာသည် ပြင်သစ်တပ်ဗိုလ် ရမ်ဗေး၏ စကားကို သံယောင်လိုက်၍ ဆိုလိုက်သည်။ ပိယာ၏ မျက်နှာမှာ ရုတ်ခြည်း ရဲတက်လာ၏။ "နေပါဦးဗျ။ ရွှေနန်းရှင်ဘုရားက ဘာဖြစ်သလဲ"

"အို၊ ရွှေနန်းရှင်ဘုရားအကြောင်းတော့ စာဖွဲ့လို့ မကုန်ဘူး။ ရွှေနန်းရှင်ဘုရားသည် သဘောကြီးမြတ်ခြင်း၏ တည်ရာ၊ သနားကြင်နာခြင်း၏ စုဝေးရာ၊ တရားမှန်ကန်ခြင်း၏ မှီခိုရာ၊ အမိန့်အာဏာ၏ လဲလျောင်းရာ၊ ဉာဏ်ပညာပါရမီကြီးမြတ်ခြင်း၏ ကိန်းဝပ်ရာ၊ အဲဒီ ကောင်းခြင်းအဝဝတည်ရှိရာဟာ ရွှေနန်းရှင်ဘုရားပဲဗျ။ ဒီစကားကို ကျုပ် အကျယ်ချဲ့ပြီး ပြောနေတာ မဟုတ်ဘူးနော်။ ရမ်ဗေးဆိုတဲ့ ပြင်သစ်လူမျိုးတစ်ယောက်က ပြောနေတာ။ လွန်ခဲ့တဲ့ ရာစုနှစ်လောက်ကဆိုရင် ရွှေနန်းရှင်ဘုရားနဲ့ ကျုပ်ဟာ တကယ့်ရန်သူကြီးတွေပဲ။ ကျုပ် ခမည်းတော်ဟာ အညတရ ပုဂ္ဂိုလ် မဟုတ်ဘူးဗျ။ မင်းဆိုး မင်းညစ်ကို မကြိုက်လို့ ထောင်ထားခြာနားပြီး ထွက်ပြေးလာရတဲ့ မြို့စားကြီး တစ်ယောက်ပဲ။ ဒါပေမဲ့ နပိုလီယန်ကျတော့ ကျုပ်တို့ မလွန်ဆန်နိုင်တော့ဘူး။ ဒီလူက ကျုပ်တို့အပေါ်မှာ ဩဇာလွှမ်းသွားပြီ။ ဒီလောက် ကြီးကျယ်မြင့်မြတ်တဲ့ ဘုန်းလက်ရုံး၊ တန်ခိုးတေဇော် အရှိန်အဝါကို ဖြန့်ပြီး ဝါးအစည်းပြေသလိုဖြစ်နေတဲ့ ပြင်သစ်နိုင်ငံတော်ကြီးကို တစ်သွေးတည်း တစ်သားတည်းဖြစ်အောင် စုစည်းထူထောင်တာ မြင်ရတော့ ကျုပ် မကြည်ညိုဘဲ နေလို့ မရတော့ဘူး။ မလေးစားဘဲ နေလို့မရတော့ဘူး။ ကျုပ်တို့ ပြင်သစ်နိုင်ငံတော်ကြီးကို သူဦးဆောင်ပြီး ကမ္ဘာ့အောင်ပန်းကြီးကို ဆွတ်လှမ်းတာ မြင်ရတော့ 'ဒီလူဟာ ဘုန်းလက်ရုံးပြည့်စုံတဲ့ မင်းဇကာဇံတစ်ပါးပဲ' လို့ ယူဆပြီး သူ့ထံမှာ သစ္စာခံလိုက်တာပဲ။ အင်း မွန်ရှိယာပိယာရေ့၊ ရွှေနန်းရှင်ဘုရားကတော့ ခေတ်တကာ့ခေတ်တွေမှာ အကြီးမြတ်ဆုံးသော ဝိသေသထူးတဲ့ ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်ကြီးပဲဗျ။ အတိတ်မှာပဲ ဖြစ်ဖြစ်၊ ပစ္စုပ္ပန်မှာပဲ ဖြစ်ဖြစ်၊ အနာဂတ်မှာပဲ ဖြစ်ဖြစ်"

"ခု ရွှေနန်းရှင်ဘုရား မော်စကိုမှာပဲလား" ပိယာက မလုံမလဲဖြင့် မေးလိုက်သည်။

ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် ပိယာ၏ မလုံမလဲမျက်နှာကို ကြည့်၍ ပြုံးကာ

"ဟင့်အင်း၊ ရွှေနန်းရှင်ဘုရားဟာ နက်ဖြန်ကျမှ မော်စကိုမြို့ကို ဝင်တော်မူလိမ့်မယ်ဗျ"

ဤသို့ နှစ်ယောက်သား စကားလက်ဆုံကျနေစဉ်၌ ဝင်းတံခါးဆီမှ အော်သံများ ကြားရပြီးနောက် နောက်လိုက်တပ်သား မိုရဲ ရောက်လာသဖြင့် စကားပြတ်သွားကြ၏။ ဝါတင်ဘတ် မြင်းတပ်သားအချို့ ရောက်လာ၍ ၎င်းတို့ မြင်းများ ထားရန်အတွက် ရမ်ဗေး၏ မြင်းများကို မြင်းဇောင်းထဲမှ အဖယ်ခိုင်းနေကြောင်းဖြင့် မိုရဲက ပြောပြသည်။ အထူးသဖြင့် ဝါတင်ဘတ်မြင်းတပ်သားများမှာ (၎င်းတို့မှာ နပိုလီယန်၏ တပ်တွင် အမှုထမ်းနေသော ဂျာမန်မြင်းတပ်များ ဖြစ်၏။) ပြင်သစ်စကားကို နားမလည်သဖြင့် ပြင်သစ်တပ်သားများနှင့် စကားများကာ အဆင်မပြေဖြစ်လျက်ရှိ၏။

ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် ဝါတင်ဘတ်မြင်းတပ်မှ တပ်ကြပ်ကြီးတစ်ဦးကို လှမ်းခေါ်ကာ လေသံခပ်တင်းတင်းဖြင့် တပ်ရင်းအမည်၊ တပ်ရင်းမှူးအမည်များနှင့် တကွ မည်သည့်အခွင့်အာဏာဖြင့် ဤသို့စခန်းချထားသော အိမ်တစ်အိမ်ကို အတင်းတောင်းရခြင်းဖြစ်ကြောင်း မေးမြန်းလျက် ရှိ၏။ ပြင်သစ်စကား အနည်းအကျဉ်းမျှသာ တတ်သော ဂျာမန်တပ်ကြပ်ကြီးက ၎င်း၏ တပ်ရင်းနှင့် တပ်ရင်းမှူးအမည်ကို ပြောပြ၏။ သို့ရာတွင် နောက်ဆုံး မေးခွန်းကိုမူ ကောင်းစွာနားလည်ခြင်း မရှိရကား မိမိမှာ တပ်ရင်း၏ တပ်ထောက်ဖြစ်၍ တပ်ရင်းမှူးက အိမ်များ အားလုံးကို သိမ်းရမည်ဟု အမိန့်ပေးသည့်အတွက် သိမ်းရခြင်း ဖြစ်ကြောင်းကို ပြင်သစ်စကားတစ်ဝက် ဂျာမန်စကားတစ်ဝက်ဖြင့် ပြောဆိုလျက် ရှိ၏။ ပိယာမှာ ဂျာမန်စကားတတ်သူဖြစ်သည့်အတွက် ဂျာမန်တပ်ကြပ်၏ စကားကို ရမ်ဗေးအား ဘာသာပြန်ပြရပြီး ရမ်ဗေး၏ အဖြေကို

www.burmeseclassic.com

www.burmeseclassic.com

လည်း ဂျာမန်တပ်ကြပ်အား ဂျာမန်ဘာသာဖြင့် ရှင်းပြရ၏။ နောက်ဆုံး၌ ဂျာမန်တပ်ကြပ်သည် သဘောပေါက်သွားကာ အရိုအသေပြုပြီးနောက် ၎င်း၏လူများကို ခေါ်၍ ထွက်သွားလေသည်။ ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် ဆင်ဝင်အောက်သို့ ထွက်သွားကာ ၎င်း၏တပ်သားများအား တစ်စုံတစ်ရာကို အော်ဟစ်အမိန့်ပေးလျက် ရှိ၏။

အခန်းထဲသို့ ပြင်သစ်တပ်ဗိုလ် ရမ်ဗေး ပြန်ဝင်လာသည့်အချိန်၌ ပီယာသည် ယခင်ကနေရာတွင်ပင် မေးကို လက်နှစ်ဖက်ထောက်၍ ထိုင်နေ၏။ ပီယာ၏ မျက်နှာမှာ ညှိုးငယ်လျက် ရှိသည်။ ထိုအချိန်တွင် ပီယာ၏ ရင်တွင်း၌လည်း ယောက်ယက်ခတ်လျက် ရှိသည်။ ပြင်သစ်တပ်ဗိုလ် ရမ်ဗေး ပြန်ထွက်သွား၍ တစ်ယောက်တည်း ကျန်ခဲ့သော အခါကျမှ ပီယာသည် မိမိရောက်ရှိနေသောအခြေအနေကို ပြန်၍သတိရကာ ရင်နင့်လာသည်။ မော်စကိုမြို့ ကျဆုံးခြင်း၊ အောင်နိုင်သူများက မော်စကိုမြို့တွင် မင်းမူနေခြင်း၊ မိမိအား သြဘာပေးနေခြင်း စသည်တို့သည် ရင်နာစရာများ ဖြစ်သော်လည်း ပီယာသည် ထိုအခြေအနေများကို ရင်နာခြင်း မဟုတ်ချေ။ မိမိ၏ ပျော့ညံ့အားနည်းချက်ကိုသာ ရင်နာမိခြင်း ဖြစ်လေသည်။ မိမိသည် ရန်သူပေးသော အရက်ချို့ကို သောက်ခဲ့၍ ရန်သူတစ်ယောက်နှင့် စကားပြောခဲ့မိလေပြီ။ ဤအဖြစ်သည် မိမိစိတ်ထဲတွင် အပတ်တကုတ် အားထုတ်ခဲ့ရသော အကြံအစည်ကြီး အောင်မြင်ရေးအတွက် အဓိက လိုအပ်သော စိတ်ဓာတ်ကြံ့ခိုင်ခြင်းကို ဖျက်ဆီးလိုက်လေပြီဟု တွေးကာ ယူကြုံးမရ ဖြစ်မိသည်။ ပြောင်းတိုသေနတ်၊ ဓားမြှောင်နှင့် လယ်သမားဝတ်စုံမှာ ယခု အဆင်သင့်ရှိသည် မဟုတ်လော။ နပိုလီယန်သည်လည်း နက်ဖြန်တွင် မော်စကိုသို့ ဝင်တော့မည် မဟုတ်လော။ ကမ္ဘာကြီးကို ဒုက္ခပေးပေသည့် ဤဂြိုဟ်ကောင်ကို အစတုံးစေခြင်းသည် အဓိပ္ပာယ်လည်း ပြည့်စုံ၍ ဂုဏ်လည်း ရှိသည် မဟုတ်ပါလော။ သို့ရာတွင် ယခုအချိန်၌ နပိုလီယန်အား သတ်မည်ဟူသောမာန်တို့သည် ပီယာ၌ လျော့သွားခဲ့လေပြီ။ အဘယ်ကြောင့် ဤသို့ စိတ်ဓာတ်ပျက်ပြားသွားခြင်းကို ပီယာ မသိသော်လည်း မိမိ၏ အကြံအစည်မှာ အောင်မြင်တော့မည် မဟုတ်တော့ဟု ယူဆလျက် ရှိလေသည်။ ပီယာသည် မိမိ၏ စိတ်ဓာတ်ပျော့ညံ့မှုကို အတင်းနှိပ်ကွပ်ဖျောက်ဖျက်ပစ်၏။ သို့ရာတွင် ထိုပျော့ချက်ကို ကျော်လွှား၍ မရတော့ချေ။ လက်စားချေခြင်း၊ လူသတ်ခြင်း၊ အသက်ကို စွန့်ခြင်းစသည့် ယခင်က တက်ကြွလျက်ရှိသော မာန်တို့သည် ပြင်သစ်တပ်ဗိုလ် ရမ်ဗေးနှင့် ပထမဆုံးတွေ့လိုက်သည်နှင့် တစ်ပြိုင်နက် မြူမှုန်များပမာ လွင့်ပျောက်၍ သွားကြလေပြီ။

ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် လေချွန်လျက် ထော့နဲ့ထော့နဲ့ဖြင့် အခန်းထဲသို့ ပြန်ဝင်လာ၏။

ခပ်စောစောက ပြင်သစ်တပ်ဗိုလ် ရမ်ဗေး၏ စကားများကို နားထောင်ရသည်မှာ ပျော်သလိုလိုရှိသော်လည်း ယခုမူ စက်ဆုပ်ဖွယ် ကောင်းနေသည်ဟု ထင်၏။ ရမ်ဗေး လေချွန်ပုံ၊ လမ်းလျှောက်ပုံ၊ မုတ်ဆိတ်မွေးကို သပ်ပုံတို့သည် မိမိအား စော်ကားနေခြင်း ဖြစ်သည်ဟု ထင်လာ၏။

'အင်း မဖြစ်ဘူး မဖြစ်ဘူး။ ငါ သွားမှ ဖြစ်မယ်။ ငါ ဒီကောင်ကိုလဲ စကားမပြောဘဲနေမှ ဖြစ်မယ်' ဟု ပီယာတွေး၏။ ဤသို့သာ တွေးနေသော်လည်း ထိုင်ရာမှ မထသေးချေ။ ပီယာ၏ စိတ်အား ပျော့ညံ့ချက်သည် သူ့ကို ဤနေရာမှ ခွာ၍ မဖြစ်အောင် တုပ်နှောင်ထားသကဲ့သို့ ရှိ၏။ ပီယာသည် ဝေးရာသို့ ထွက်သွားလိုသော်လည်း မသွားနိုင်သေးချေ။

ပြင်သစ်တပ်ဗိုလ် ရမ်ဗေးကား အထူးရွှင်မြူးလျက် ရှိ၏။ ရမ်ဗေးသည် အခန်းထဲတွင် နှစ်ပတ်ခန့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ ၎င်း၏ မျက်လုံးများသည် တောက်ပလျက် ရှိ၏။ တစ်ယောက်တည်း သဘောကျရာမှ ပြုံးတော့မည့်ဟန်ဖြင့် နှုတ်ခမ်းမွေးများကလည်း တလှုပ်လှုပ် ဖြစ်နေကြ၏။

"ဝါတင်ဘတ်မြင်းတပ်က ဗိုလ်မှူးကြီးက လူပျော်ကြီးဗျ။ လူကတော့ ဂျာမန်ပဲ။ ဒါပေမဲ့ တော်တော် သဘောကောင်းပုံ ရတယ်။ ဒါပေမဲ့ ဂျာမန်ကြီး ဖြစ်နေတာတော့ မနိပ်ဘူးဗျ။ ဒါထက် ခင်ဗျားက ဂျာမန်လိုလဲ တတ်တယ်နော်"

ပြင်သစ်တပ်ဗိုလ် ရမ်ဗေးက မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

ပီယာသည် မည်သို့မျှ ပြန်မပြောဘဲ ရမ်ဗေးကို ကြည့်နေသည်။

"'အကာအကွယ်' ကို ဂျာမန်လို ဘယ်လို ခေါ်သလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com

"'အကာအကွယ်' လား၊ ဂျာမန်လို အန်ဒါကွန့်လို့ ခေါ်တယ်"

"ဘယ်လိုဗျ" ဟု ရမ်ဗေးက ထပ်မေးသည်။

"အန်ဒါကွန့်"

"အွန်တာကော့ ဟုတ်လား။ အွန်တာကော့" ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် အမှားမှားအယွင်းယွင်း လိုက်ဆိုကာ ပီယာကို ပြုံးရွှင်သောမျက်လုံးများဖြင့် အတန်ကြာကြည့်လျက် ရှိ၏။ "ဒီဂျာမန်ကောင်တွေက ထူတဲ့၊ အတဲ့၊ ဖျင်းတဲ့နေရာမှာတော့ နိုးတူးပဲဗျ။ မဟုတ်ဘူးလား မွန်ရှိယာ ပီယာ"

ပြင်သစ်တပ်ဗိုလ် ရမ်ဗေးက မေးလိုက်၏။ တစ်ဆက်တည်းပင်

"ကဲ ကျုပ်တို့ မော်စကို ဗော်ဒို့ အရက်တစ်လုံး လောက်တော့ ထပ်ချကြဦးစို့ဗျာ။ ဘယ့်နယ်လဲ ချမယ် မဟုတ်လား။ ကျုပ်တို့ သွေးပူလာအောင် မိုရဲက နောက်ထပ် အရက်ကလေး တစ်ပုလင်းလောက်တော့ ထုတ်ပေးပါလိမ့်ဦးမယ် ထင်ပါရဲ့ဗျာ။ မိုရဲရေ၊ မိုရဲ"

ပြင်သစ်တပ်ဗိုလ် ရမ်ဗေးက ခပ်သွက်သွက် လှမ်းခေါ်လိုက်၏။

မိုရဲသည် ဖယောင်းတိုင်အချို့နှင့် အရက်ချိုတစ်ပုလင်းကို ထုတ်လာသည်။ ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် ဖြာထွက်လျက်ရှိသော ဖယောင်းတိုင် မီးရောင်အောက်မှ ပီယာ၏ မျက်နှာကို လှမ်းကြည့်လိုက်သည်တွင် ပီယာ မျက်နှာမကောင်းသည်ကို မြင်လိုက်ရသဖြင့် အံ့အားသင့်သွားသည်။ ရမ်ဗေးသည် တကယ်ပင် ပီယာအတွက် စိတ်မကောင်းဖြစ်သွားကာ ပီယာ့အနီးသို့ လျှောက်လာပြီး ငုံ့၍ ပီယာ့လက်ကို ဆွဲလိုက်လျက်

"ဘာဖြစ်လို့လဲဗျ စိတ်ညစ်သွားသလား။ ကျုပ် ခင်ဗျား စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိသလား။ ကျုပ်အပေါ်မှာ ဘာမကျေနပ်တာ ရှိသလဲဟင်၊ ခင်ဗျားတို့ စစ်ရှုံးလို့လား"

ပီယာသည် မည်သို့မျှ ပြန်မပြောဘဲ ပြင်သစ်တပ်ဗိုလ် ရမ်ဗေး၏ မျက်လုံးများကို စိုက်ကြည့်နေသည်။ ရမ်ဗေး၏ မျက်လုံးများတွင် တကယ်ပင်ကြင်နာသည့် အရိပ်အယောင် ယှက်သန်းလျက်ရှိသည်ကို မြင်ရသဖြင့် ပီယာမှာ ကျေနပ်သလိုလို ဖြစ်သွားသည်။

"တကယ်ပြောတာပါဗျာ။ ကျုပ်အပေါ်မှာ ခင်ဗျား ကျေးဇူးရှိတာ မရှိတာ အပထားပါ။ ကျုပ် ခင်ဗျားကို မိတ်ဆွေ ရောင်းရင်းဟောင်း တစ်ယောက်လို လှိုက်လှိုက်လဲလဲ ခင်တာပါ။ ကျုပ် ဘာအကူအညီ ပေးရမလဲဟင်။ ပြောပါ အားမနာပါနဲ့။ ကျုပ် တကယ်ပြောတာပါ။ အသည်းနှလုံးထဲက ပြောတာပါ"

ရမ်ဗေးက သူ့ရင်ဘတ်ကို ပုတ်ပြသည်။

"အေးဗျာ ကျေးဇူးတင်ပါတယ်" ပီယာက ပြောလိုက်သည်။

ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် 'အွန်ဒါကွန့်' ဟူသော ဂျာမန်စကားကို သင်စဉ်ကကဲ့သို့ ပီယာ့မျက်နှာကို စိုက်ကြည့်နေရာမှ ၎င်း၏မျက်နှာသည် ချက်ချင်းဝင်းထိန်လာသည်။

"ကဲဗျာ၊ ဒါဖြင့် ကျုပ်တို့နှစ်ယောက်ရဲ့ 'ရောင်းရင်းမိတ်ဆွေ ချစ်ကြည်မှုကို ရည်စူးပြီး ထပ်နှိပ်လိုက်ကြဦးစို့ရဲ့" ပြင်သစ်တပ်ဗိုလ် ရမ်ဗေးက ခပ်ရွှင်ရွှင်ကလေးပြောကာ ဖန်ခွက်နှစ်ခွက်ထဲသို့ အရက်ချိုများကို ငဲ့လိုက်သည်။

ပီယာသည် အရက်ခွက်ကိုယူ၍ တစ်ကျိုက်တည်း သောက်ချလိုက်၏။ ပြင်သစ်ဗိုလ် ရမ်ဗေးကလည်း အလာတူမှော့ချလိုက်ကာ ပီယာ၏လက်ကိုဆုပ်၍ စားပွဲကို တံတောင်ဆစ်ဖြင့် ထောက်ရင်း ငေးနေသည်။ အတန်ကြာမှ

"ရောင်းရင်းရေ့ ကဲတရားဟာ တယ်ပြီး အလှည့်စားသန်တယ်ဗျ။ ကြည့်စမ်း ကျုပ်ဟာ ကျုပ်ရန်သူ ဘိုနာပတ် (အဲဒီတုန်းကတော့ ဒီအတိုင်းခေါ်တာပေါ့ဗျာ။) ရဲ့ လက်အောက်မှာ ခြေလျင်မြင်းစီးတပ်သား ဗိုလ်ကြီးတစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ဘယ်သူ မျှော်လင့်မလဲ။ ဟောခုတော့ ကျုပ် သူနဲ့ အတူ မော်စကိုကို ရောက်နေရပြီဗျ။ ရောင်းရင်းကြီးကို ပြောလိုက်ရဦးမယ်။ ဟင်း "ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် ဇာတ်လမ်းရှည်ကြီးကို ပြောတော့မည့် လူတစ်ယောက်ကဲ့သို့ လေးတွဲ့စွာ ညည်း၍ အစပျိုးလိုက်သည်။

"ကျုပ်တို့ အမျိုးဟာ ပြည်သစ်ပြည်မှာ ရှေးအကျဆုံး ဆွေကြီး မျိုးကြီးထဲကပဲဗျ"

ပြင်သစ်တို့၏ ရိုးသားပွင့်လင်းခြင်းဖြင့် ရမ်ဗေးသည် ၎င်း၏ မျိုးရိုးစဉ်ဆက်၊ ၎င်း၏ကလေးဘဝ၊ ၎င်း၏ ကာလသားဘဝ၊ ၎င်း၏ လူလတ်ပိုင်းဘဝနှင့်တကွ ၎င်း၏

www.burmeseclassic.com

www.burmeseclassic.com

ဆွေမျိုးများ၊ စီးပွားရေးနှင့် အိမ်တွင်းရေးများစသည်တို့ကို ပြောပြလေသည်။ အချစ်ဇာတ်လမ်းကလေးများကိုကား အထူးတလည် အလေးအနက်ပြု၍ ပြောသွားလေသည်။

"အဲ အဲဒါတွေကတော့ ကျုပ်ဘဝရဲ့ နောက်ခံကားသက်သက်ပဲလို့ ဆိုကြပါစို့ဗျာ။ အရေးကြီးဆုံးကတော့ နောက်ခံကားရှေ့မှာ ထွက်ကတဲ့ဇာတ်ဆောင်ပဲဗျ။ အဲဒီနောက်ခံကားပေါ်မှာ ထွက်ကတဲ့ ဇာတ်ဆောင်ကတော့ တခြားသူမဟုတ်ဘူး ရောင်းရင်းရေ့၊ အချစ်ဗျ အချစ်။ ကျုပ်တို့ လူ့ဘဝနောက်ခံ ကားကြီးပေါ်မှာ ထွက်ကတဲ့ ဇာတ်ဆောင်တွေအနက် အချစ်ဟာ အရေးအကြီးဆုံး ဇာတ်ဆောင်ပဲဗျ။ ကျွန်တော်ပြောတာ မဟုတ်ဘူးလား ဗျာရောင်းရင်းကြီး" ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် စကားပြောရင်း စိတ်ပါလာစပြုရာက

"ကဲ နောက်တစ်ခွက်ချကြဦးစို့ဗျ"

ပီယာသည် တစ်ခွက်ကုန်အောင် မော့ပစ်လိုက်ပြီး နောက် တစ်ခွက် ထပ်ငဲ့လိုက်သည်။

"အင်း၊ မိန်းမ မိန်းမ" ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် တောက်ပလျက်ရှိသောမျက်လုံးများဖြင့် ပီယာကို ကြည့်ရင်း အချစ်အကြောင်းနှင့်တကွ ၎င်း၏အချစ်ရေးကိစ္စများကို ပြောပြလျက်ရှိသည်။

ပြင်သစ်တပ်ဗိုလ် ရမ်ဗေး၏ အချစ်ဇာတ်လမ်းများကား များပြားလှပေ၏။ ၎င်း၏ ချောမောခန့်ညား၍ ကျေနပ်နှစ်သိမ့်နေဟန်ရှိသော မျက်နှာထားကို ကြည့်ခြင်းအားဖြင့် လည်းကောင်း၊ စိတ်အားထက်သန်စွာ ပြောပြနေသည်ကို ထောက်ခြင်းအားဖြင့် လည်းကောင်း ရမ်ဗေး၏ ဇာတ်လမ်းများမှာ 'လန်ကြူတ်' ဇာတ်လမ်းများ ဟုတ်ဟန်မတူဘဲ တကယ့်အဖြစ်အပျက်များဖြစ်ဟန် ရှိ၏။ တဏှာရာဂကိစ္စသည် အချစ်၏အထူးနှစ်လိုဖွယ်ကောင်းသော အစိတ်အပိုင်း၊ အထူးနူးညံ့သောအကိုင်းအခက်ဟု ပြင်သစ်လူမျိုးများ ယူဆလေ့ရှိကြရာ ပြင်သစ်တပ်ဗိုလ် ရမ်ဗေး၏ အချစ်ဇာတ်လမ်းများမှာလည်း ပြင်သစ်တို့ ထုံးစံအတိုင်း 'အညှိအဟောက်'နှံ့ကလေးများ ရောစွက်လျက် ရှိသည်။ သို့တိုင်အောင် ရမ်ဗေး၏ဇာတ်ကြောင်းပြန်ပုံမှာ အညှိအဟောက်ကိစ္စကို ပြောရလိမ့် ပြောရစေတော့သဘောမျိုးဖြင့် ပြောနည်းကားမျိုး မပါဘဲ လောကဥ္စ အချစ်၏ နှစ်လိုဖွယ်ကောင်းခြင်းကို မိမိတစ်ဦးသာလျှင် ခံစားတွေ့ကြုံဖူးသည်ဟု ရိုးရိုးသားသားထင်မှတ် ယုံကြည်နေသူတစ်ဦးအနေဖြင့် ပြောနေခြင်းမျိုး ဖြစ်သည်။ မိန်းမများအကြောင်းကို ပြောကြားရာ၌လည်း နားထောင်ချင့်စဖွယ် ဖြစ်အောင်ပြောပြရာ ပီယာသည် စိတ်ဝင်စားလျက် ရှိလေသည်။

ပြင်သစ်လူမျိုးတို့ များစွာတန်ဖိုးထားသည့် 'အချစ်' ဆိုသောအရာမှာ ပီယာက မိမိ၏ဇနီးဟယ်လင်မင်းသမီးပေါ်တွင် ထားခဲ့ဖူးသော ယုတ်ညံ့နိမ့်ကျသည့် တပ်မက်ခြင်းမျိုးလည်း မဟုတ်။ နာတာရှာအပေါ်တွင် ထားခဲ့သော စိတ်ကူးယဉ်အချစ်မျိုးလည်း မဟုတ်ချေ။ (ရမ်ဗေးသည် ဤသို့သော အချစ်နှစ်မျိုးစလုံးကို ရွှတ်ချသည်။ ရမ်ဗေးက ပထမအချစ်မျိုးကို 'လူသောင်းကျန်းတို့ အချစ်' ဟုခေါ်၍ ဒုတိယအချစ်မျိုးကို 'လူဖျင်း လူညံ့တို့၏အချစ်' ဟု ခေါ်သည်။) ပြင်သစ်လူမျိုးတို့ ကိုးကွယ်သော 'အချစ်'မှာ ယောကျ်ားနှင့် မိန်းမတို့၏ ဆန်းပြားပွေလီသော ဆက်ဆံရေးနှင့် ၎င်းတို့နှစ်ဦး၏အသွင်မတူမှုများ၊ ကွဲပြားခြားနားချက်များကို အဆင်ပြေအောင် ပေါင်းစပ်ပေးတတ်ခြင်းတို့မှ ထွက်ပေါ်လာသော စွဲလမ်းနှစ်သက်ဖွယ် ကောင်းသည့် ခံစားချက်တစ်မျိုး ဖြစ်၏။

ဤသို့ဖြင့် ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် စွဲမက်ဖွယ်ကောင်း၍ ကြော့ရှင်းလှပသော အသက်သုံးဆယ့်ငါးနှစ်ရွယ် မှူးမတ်ကတော်တစ်ဦးနှင့် ချစ်ခဲ့ကြပုံ၊ တစ်ပြိုင်တည်းမှာပင် ထိုချောမောလှပသည့် မှူးမတ်ကတော်၏ နုနယ်ပျိုမျစ်သော ဆယ့်ခုနစ်နှစ်သမီးကလေးနှင့်ပါ ချစ်ခဲ့ကြပုံတို့ကို အားရပါးရပြောပြလျက် ရှိ၏။ ဤတွင် မိမိကြောင့် အမေနှင့် သမီး ပဋိပက္ခဖြစ်ကြပုံ၊ သဘောထားကြီးပုံချင်း ပြိုင်ကြပုံ၊ နောက်ဆုံး၌ အမေက သမီးအတွက် နောက်ဆုတ်ပေးသွားကာ သမီးအား ချစ်သူနှင့် ပေးစားလိုက်ရပုံတို့ကို ပြောပြလေရာ ထိုအဖြစ်အပျက်သည် ရှည်ဝေးသောအတိတ်မှ အဖြစ်အပျက်တစ်ခုသာ ဖြစ်သော်လည်း ရမ်ဗေးမှာ အသစ်ပြန်ဖြစ်လာသကဲ့သို့ စိတ်ထိခိုက်လျက် ရှိလေသည်။ ထိုမျှမက မှူးမတ်ကတော်နှင့် ချစ်ကြိုက်နေစဉ် မှူးမတ်ကတော်၏ကြင်ယာတော် မှူးမတ်ကြီးမှာ ကိုယ့်ဇနီးကို ရည်းစားသည်လို ဆက်ဆံနေရပုံ၊ ရည်းစားဖြစ်သူ မိမိက လင်အဖြစ်ဆက်ဆံနေရပုံ စသည်တို့နှင့်

www.burmeseclassic.com

www.burmeseclassic.com

တကွ ဂျာမနီပြည်တွင် အကွယ်အကာကို အွန်ဒါကွန့်ဟု ခေါ်ကြောင်း၊ ဆံပင်ရွှေရောင်တောက်၍ ချစ်စရာကောင်း သောမိန်းကလေးများ ပေါများကြောင်းများအပြင် ဂျာမနီတွင် တွေ့ခဲ့သည့် ဇာတ်ကွက်ဇာတ်လမ်း အဆန်းကလေး များကို ပြောဆိုလျက် ရှိလေသည်။

ပိုလဲန်ပြည်တွင် နောက်ဆုံးတွေ့ခဲ့သည့်ဇာတ်လမ်း ကလေးမှာ ရမ်ဗေး၏စိတ်ထဲ၌ အသစ်ကဲ့သို့ လန်းဆတ် လျက် ရှိသေးသည်။ ထိုအကြောင်းကို ပြောပြသောအခါ ရမ်ဗေးမှာ ပို၍သွက်လာကာ မျက်နှာမှာလည်း ဝင်းထိန် လျက် ရှိ၏။ ပိုလန်တွင် တပ်စခန်းချစဉ် ပိုလန်မြို့စား တစ်ယောက်၏အသက်ကို ကယ်ခဲ့ပုံ (ပြင်သစ်တပ်ဗိုလ် ရမ်ဗေး၏ ဇာတ်လမ်းမှာ အားလုံးလောက်ပင် ယခုကဲ့သို့ ဝင်ကယ်သည့်အခန်းမျိုး မကြာခဏပါတတ်သည်။) ပိုလန် မြို့စားက သူ့ကို ကျေးဇူးတင်ကာ သူ့မိန်းမနှင့်ပင် လွတ်လွတ်လပ်လပ်နေခွင့်ပေးပုံ၊ သူကိုယ်တိုင်လည်း ပြင် သစ်တပ်ထဲသို့ ဝင်အမှုထမ်းပုံ၊ ပိုလန်မြို့စားကတော်က သူ့ကို ခိုးပြေးဖို့ ပူဆာပုံ၊ သို့ရာတွင် မိမိက သဘောထား ကြီးစွာဖြင့် ပိုလန်မြို့စားကတော်အား သူ့ယောကျ်ားလက် သို့ပြန်အပ်ခဲ့ပုံ၊ 'မြို့စားမင်းခင်ဗျား ကျွန်တော်ဟာ မြို့စား မင်းရဲ့အသက်ကို ကယ်ခဲ့ဖူးပါပြီ။ ဒီတစ်ခါမှာလဲ မြို့စား မင်းရဲ့ဂုဏ်သိက္ခာကို ကယ်လိုက်ပြန်ပါပြီ' ဟု ပြောခဲ့ပုံ စသည်တို့ကို ပြောပြ၏။ ပြင်သစ် တပ်ဗိုလ် ရမ်ဗေးသည် ထိုစကားလုံးများကို ရွတ်ပြပြီးနောက် မျက်လုံးကို သုတ် လိုက်ပြီး မိမိသည် မျက်ရည်လည်ရလောက်အောင် စိတ်ဓာတ်ပျော့ညံ့ရပါမည်လောဟူသော သဘောမျိုးဖြင့် ခေါင်းကို ယမ်းလျက် ရှိ၏။

ပီယာသည် ညနေတိုင်လျှင် အရက်ကလေးတမြမြ ဖြင့် ဤသို့ထိုင်၍ စကားစမြည် ပြောနေကျဖြစ်သည့် အတိုင်း ယခုလည်း ပြင်သစ်တပ်ဗိုလ် ရမ်ဗေး၏ဇာတ်လမ်း များကို စိတ်ပါဝင်စားစွာ နားထောင်လျက်ရှိကာ မိမိ၏ အဖြစ်အပျက်များသည်လည်း ခေါင်းထဲသို့ ရုတ်တရက် ပေါ်လာလေသည်။ ဤအချစ်ဇာတ်လမ်းများကို နားထောင် နေရင်း နာတာရှူအပေါ်တွင် ထားရှိခဲ့သည့် အချစ်စိတ် သည်လည်း ဘွားခနဲ ပေါ်လာလေသည်။ ပီယာသည် နာတာရှူအပေါ်တွင်ထားခဲ့သည့်အချစ်နှင့် ရမ်ဗေး၏ဇာတ် လမ်းများကို နှိုင်းယှဉ်စဉ်းစားမိသည်။ ရမ်ဗေး၏တာဝန် နှင့် အချစ်တို့ လွန်ဆွဲကြသည့် ဇာတ်လမ်းကို နားထောင် ရင်း ပီယာသည် မိမိတစ်ဖက်သတ်ချစ်နေခဲ့ရသော နာ တာရှာနှင့် စူခါရက်မျော်စင်ကြီးအောက်တွင် နောက်ဆုံး တွေ့မြင်ခဲ့ရပုံတို့ကို မြင်ယောင်လာလေသည်။ နာတာရှာ နှင့် တွေ့ခဲ့စဉ်က ဤမျှလောက် စိတ်လှုပ်ရှားခြင်း မရှိခဲ့ သော်လည်း (ထိုစဉ်က နာတာရှာကို မိမိချစ်နေသည်ဟုပင် သတိမရခဲ့ပါ။) ယခုမူ ထိုစဉ်က တွေ့ဆုံခဲ့ရပုံမှာ ရင်နင့် စရာကောင်းလှသည်ဟု ပီယာထင်မိသည်။

'အစ်ကို၊ အစ်ကို လိုက်ခဲ့လေ။ အစ်ကို့ကို နာတာ ရှာမှတ်မိပါတယ် အစ်ကိုရဲ့' ဟူသော နာတာရှာ၏စကား များကို ကြားယောင်လာသည်။ နာတာရှာ၏မျက်နှာလေး ကိုလည်းကောင်း၊ အပြုံးကိုလည်းကောင်း၊ ခေါင်းစည်းပဝါ ကလေးကိုလည်းကောင်း၊ ပဝါအောက်မှ ဖြာကျနေ သော ဆံယဉ်စကလေးများကို လည်းကောင်း မြင်ယောင် လာကာ ဆွေးသလိုလို ဖြစ်လာသည်။

ပြင်သစ်တပ်ဗိုလ် ရမ်ဗေးသည် ပိုလန်မြို့စား ကတော်နှင့် ဖြစ်ခဲ့သည့် ဇာတ်လမ်းကို ပြောပြပြီးနောက် မိမိကဲ့သို့ အချစ်အတွက် စွန့်လွှတ်ခြင်းမျိုး ရှိဖူးသလော။ တရားဝင် ကာမပိုင်လင်ကြီးကိုင့်၍ ချစ်သူကို စွန့်ပစ်လိုက် ခြင်းမျိုး တွေ့ဖူးပါသလောဟု ပီယာကို မေး၏။

ဤသို့ မေးလိုက်သည်တွင် ပီယာသည် ခေါင်းကို မော့လိုက်ပြီး မိမိ၏အယူအဆကိုလည်း ပြောမှ ဖြစ်တော့ မည်ဟု ယူဆကာ မိန်းမတစ်ယောက်ကို ချစ်သည်ဆိုရာ တွင် မိမိမှာ ပြင်သစ်တပ်ဗိုလ်နှင့် အယူအဆမတူကြောင်း၊ မိမိတစ်သက်တာတွင် မိန်းမတစ်ယောက်တည်းကိုသာ ချစ်ခဲ့ဖူး၍ ယခုတိုင်လည်း ချစ်လျက်ရှိကြောင်း၊ သို့သော် ထိုမိန်းမကို မိမိပိုင်ဆိုင်ဖို့ မရှိတော့ကြောင်းဖြင့် ပြော၏။

"ဘာ့ကြောင့်"

ပီယာက မိမိသည် ထိုမိန်းမကို ငယ်ငယ်ကတည်း က ချစ်ခဲ့ကြောင်း၊ သို့ရာတွင် မိန်းမမှာ မိမိထက် အသက် ငယ်နေသည့်အတွက် မစဉ်းစားရဲလောက်အောင် ဖြစ်လျက် ရှိကြောင်း၊ ထို့ပြင် မိမိမှာ တရားမဝင်သော ကိုဋ္ဌိတမသား တစ်ဦးဖြစ်၍ မျက်နှာမွဲဖြစ်သည်အလျောက် မလှမ်းရဲ ကြောင်း၊ နောင် မိမိမှာ တရားဝင်သားဖြစ်လာ၍ အမွေရ လာသည့်အခါတွင်လည်း ထိုမိန်းမကို လွန်စွာချစ်ခြင်တန်း လှသည့်အတွက် မတွေးရဲ မတွေးရက်လောက်အောင် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ကျတယ်”

ငင်းတို့အနီးသို့ အခြားသူများလည်း ရောက်လာကြ၏။

“မီးတောက်က တဖြည်းဖြည်း ကြီးလာပြီဗျို့။။ ဟုတ်တယ်ဗျို့။ မော်စကိုမှာ လောင်နေတာပဲ။ ရှုရှော့စကီရပ်ကွက်နဲ့ ရိုဂိုစကီရပ်ကွက်ဆီလောက်မှာ ဖြစ်လိမ့်မယ်”

မည်သူမျှ စကားမပြောကြဘဲ ကောင်းကင်တွင် တဖြည်းဖြည်း မြင့်တက်လာကာ ဘေးသို့ တဖြည်းဖြည်း ပြန့်ထွက်လာသည့် မီးရောင်များကို အတန်ကြာမျှ တိတ်ဆိတ်စွာ ငေးကြည့်နေကြသည်။

မြို့စားကြီး ရော့စတော့ဗ်၏ ကျန်ယုံကြီး ဒင်နီယဲသည် လူစုနားသို့ ရောက်လာကာ အစေတော် မိရကာဘက်သို့ လှည့်၍

“ဟေ့ကောင်၊ ကိုယ့်အလုပ် ကိုယ် သွားလုပ်ပါလား။ ဒီနားမှာ ဘာလာလုပ်နေတာလဲ။ တော်တော်ကြာ သခင်ကြီးဘုရား ခေါ်လို့ အနားမှာ တစ်ယောက်မှ မရှိရင် အထောင်းခံရဦးမယ်။ သွား၊ ညဝတ်စုံတွေ ဘာတွေ ထုတ်ပေးချေ”

“သွားမှာပါဗျ၊ အပြင် ခဏထွက်ပြီး ရေသောက်တာပါ” မိရကာက ဖြေ၏။

“ဗျို့ အဘိုးကြီး ဒင်နီယဲ။ ခုမြင်ရတဲ့ မီးတောက်ဟာ မော်စကိုလောက်ဆီက မဟုတ်လားဗျ” အစေတော်တစ်ဦးက မေးလိုက်၏။

ဒင်နီယဲက မည်သို့မျှ မဖြေ။ ဤသို့ဖြင့် ငင်းတို့သည် အတန်ကြာတိတ်ဆိတ်နေကြသည်။ ရဲရဲနီသော မီးရောင်သည် ပို၍ကြီးလာခဲ့လေပြီ။ ပို၍ မြင့်မားလာခဲ့လေပြီ။ ပို၍ ဘေးသို့ ပြန့်လာခဲ့လေပြီ။

“ဘုရား၊ ဘုရား၊ ရာသီကလဲပြင်း၊ လေကလဲထန်ဆိုတော့ ဒုက္ခပဲ”

“အလို ကြည့်စမ်းဗျို့။ ဟိုမီးတောက်တွေရဲ့ အထက် ကောင်းကင်မှာ မည်းမည်းမည်းမည်းနဲ့ လူပ်နေတာတွေက ကျီးကန်းတွေ မဟုတ်လား၊ ကြည့်စမ်း”

“အေးဗျာ၊ မီးသတ်တဲ့လူတော့ ရှိကောင်းပါရဲ့”

“ဒီကာလကြီးထဲမှာ ဘယ်သူက လာပြီး မီးသတ်နေဦးမလဲဗျ” စကားတစ်လုံးမှ မပြောဘဲ တိတ်ဆိတ်လျက် ရှိသည့် ဒင်နီယဲက ဆို၏။

“ဟုတ်တယ်ဗျ။ မော်စကိုမှာ လောင်နေပြီ။ မော်စကို မြို့ကြီး မီးလောင်နေပြီ အဟီး ဟီး” ဒင်နီယဲ၏ အသံသည် တိမ်သွားကာ ရှိက်သံထွက်ပေါ်လာသည်။

သက်ပြင်းချသံ၊ ဆုတောင်းသံ၊ ဒင်နီယဲ၏ ရှိက်သံတို့သာ ကြီးစိုးလျက် ရှိလေသည်။

အခန်း ၃၁

ဒင်နီယဲသည် တဲဆီသို့ ပြန်လာကာ မော်စကိုမြို့ကြီး မီးလောင်နေပြီဖြစ်ကြောင်း မြို့စားကြီး ရော့စတော့ဗ်ကို ပြောပြ၏။ မြို့စားကြီး ရော့စတော့ဗ်သည် ညဝတ်အင်္ကျီရှည်ကြီးကို သုတ်သီးသုတ်ပျာဝတ်ကာ တဲပြင်သို့ လိုက်လာခဲ့သည်။ အိပ်ရာဝင်အဝတ်အစား မလဲရသေးသည့် ဆွန်ယာနှင့် မဒမ်ရှော့တို့လည်း မြို့စားကြီးနှင့် အတူ တဲပြင်သို့ ထွက်လာခဲ့ကြ၏။ တဲထဲတွင် မြို့စားကတော်ကြီးနှင့် နာတာရှာတို့သာ ကျန်ရစ်ခဲ့လေသည်။ ယခုအချိန်တွင် ပိတာမှာ မိဘများနှင့် ပါမလာတော့ချေ။ ထရွိုင်ဇာသို့ ခရီးတက်လျက်ရှိသော မိမိတပ်ရင်းနှင့်အတူ လိုက်ပါသွားခဲ့လေပြီ။

မော်စကိုမြို့ကို မီးလောင်နေပြီဟု သိရသောအခါတွင် မြို့စားကတော်ကြီးမှာ ကြူးကြူးပါအောင် ငိုလျက်ရှိ၏။ နာတာရှာကား ဖြူရော်သောမျက်နှာ၊ ငေးကြောင်သောမျက်လုံးများဖြင့် ဆင်းတုတော်များအောက်ရှိ ခုံတန်းတွင် ထိုင်လျက်ရှိသည်။ နာတာရှာသည် စခန်းချကတည်းက ဤနေရာတွင်ထိုင်လျက်ရှိသည်။ ဖခင်မြို့စားကြီး ရော့စတော့ဗ်၏ စကားများကိုလည်း ကြားဟန် မတူချေ။ တဲသုံး လုံးကျော်မှ တပ်ရေး၏ တအင်အင်ညည်းသံကိုသာ နား စွင့်လျက် ရှိ၏။

“နည်းတဲ့မီးတောက်ကြီး မဟုတ်ပါဘူးကွယ်” ဆွန်ယာသည် တစ်ကိုယ်လုံး အေးစက်လျက် ထိတ်လန့်သောမျက်နှာထားဖြင့် တဲတွင်းသို့ ပြန်ဝင်လာ၏။ “ဆွန်ယာ့အထင်တော့ မော်စကိုမြို့လုံး ကျွတ်မယ် ထင်တာပဲ။ မီးတောက်က တော်တော်ကြီးတယ်။ နာတာရှာ လာကြည့်စမ်း ကြည့်စမ်း။ ပြတင်းပေါက်ကနေ ကြည့်ရင် မြင်ရတယ်”

ဆွန်ယာက နာတာရှာ အာရုံပြောင်းသွားစေလို

www.burmeseclassic.com

www.burmeseclassic.com

သဖြင့် လှမ်းခေါ်လိုက်သည်။

သို့ရာတွင် နာတာရှာသည် ဆွန်ယာ၏ စကားများကို နားလည်ခြင်းမရှိသကဲ့သို့ မျက်လုံးဝိုင်းကြီးများဖြင့် တစ်ချက်မျှသာ လှမ်းကြည့်လိုက်ပြီးနောက် တဲထောင့်ရှိ မီးဖိုဆီသို့သာ စိုက်ကြည့်နေသည်။ ဆွန်ယာသည် မည်သည့်အကြောင်းကြောင့် မသိ၊ မင်းသားကလေး အင်ဒရေဒဏ်ရာရကြောင်းနှင့် တကွ မိမိတို့လှည်းသိုက်နှင့် အတူပါလာကြောင်းကို နံနက်ခင်းက နာတာရှာကို လွှတ်ခနဲ ပြောလိုက်မိလေရာ ထိုအချိန်မှစ၍ နာတာရှာမှာ မှင်တက်မိသူကဲ့သို့ ငေးကြောင်ကြောင်ဖြစ်လျက် ရှိလေသည်။ မြို့စား ကတော်ကြီးက ဆွန်ယာကို ကြိမ်းမောင်းပုံမှာကား ဆိုဖွယ် မရှိတော့ချေ။ မြို့စားကတော်ကြီးသည် ဤမျှလောက် တစ်ခါမျှ စိတ်ဆိုးခြင်း ရှိခဲ့ဖူးဟန် မတူချေ။ ဆွန်ယာကား ကျိတ်၍ငိုကာ မိမိအမှားကို ဝန်ချတောင်းပန်ပြီးနောက် မိမိအပြစ်ကို ကျေစိမ့်သောငှာ နာတာရှာကို ဂရုတစိုက် စောင့်ကြည့်လျက် ရှိလေသည်။

"ကြည့်စမ်းပါဦး နာတာရှာရယ်။ လောင်လိုက်တဲ့မီးတွေ"

"ဘယ်မှာ လောင်နေတာလဲ" နာတာရှာက မေး၏။ "ဩော် မော်စကိုလား"

နာတာရှာသည် မိမိအား စိတ်အားထက်သန်စွာ ပြောဆိုလျက်ရှိသည့် ဆွန်ယာ စိတ်ကျေနပ်သွားစေရန် ပြတင်းပေါက်ဘက်သို့ မျက်နှာမူထားလိုက်သည်။ သို့ရာတွင် နာတာရှာ၏ မျက်လုံးများသည် မည်သည့်အရာကိုမျှ မြင်ဟန် မတူချေ။ ထို့နောက်၌ကား နာတာရှာသည် နဂို အတိုင်း မလှုပ်မယှက် ထိုင်နေပြန်သည်။

"မြင်တယ် မဟုတ်လား နာတာရှာ"

"အင်း၊ မြင်ပါတယ်" နာတာရှာက စကားရှည် နေမည်စိုးသဖြင့် ခပ်ပြတ်ပြတ် ပြောလိုက်၏။

ယခုအချိန်၌ကား နာတာရှာသည် မော်စကိုမြို့ကို သော်လည်းကောင်း၊ မော်စကိုမြို့ကြီး မီးလောင်နေခြင်းကိုသော်လည်းကောင်း စိတ်ဝင်စားဟန် မရှိတော့ချေ။ ဤအချက်ကို မြို့စားကတော်ကြီးနှင့် ဆွန်ယာတို့ကလည်း ရိပ်မိပေသည်။

မြို့စားကြီး ရောစတော့ဗ်သည် တဲတွင်းသို့ ပြန်ဝင်လာကာ အိပ်ရာထဲ ဝင်လဲနေ၏။ မြို့စားကတော်ကြီးသည် သမီးထွေး နာတာရှာအနီးသို့ ရောက်လာကာ နာတာရှာ နာမကျန်းဖြစ်နေစဉ် ကြင်နာမှုပြသကဲ့သို့ လက်ခုံကို နမ်းခြင်း၊ ဆံပင်ကို နမ်းခြင်း၊ နဖူးကို နမ်းခြင်းစသည်တို့ ပြုလုပ်လျက် ရှိသည်။

"သမီးထွေး တစ်ကိုယ်လုံး အေးစက်လို့ပါကလား ဟင်။ ပြီးတော့လဲ ခိုက်ခိုက်တုန်လို့။ လာ လာ သမီးထွေး အိပ်ရာထဲ လဲနေလိုက်"

"ဟုတ်ကဲ့ မေဖျား။ နာတာရှာ အခုပဲ လာခဲ့ပါ့မယ်"

မင်းသားကလေး အင်ဒရေ အကြီးအကျယ် ဒဏ်ရာရကြောင်း၊ မိမိတို့နှင့် အတူ လိုက်ပါလာကြောင်း စသည်တို့ကို နံနက်ခင်းက သိလိုက်ရသည့်အချိန်မှစ၍ 'သူဘယ်ကိုများ သွားမလို့ပါလိမ့်။ ဘယ်ပုံ ဘယ်နည်းများ ဒဏ်ရာရလာတာပါလိမ့်။ ဒဏ်ရာက တော်တော်ကြီးသလား။ နာတာရှာ သွားတွေ့လို့ ကောင်းပါ့မလား' စသည့် မေးခွန်းပေါင်းများစွာတို့သည် နာတာရှာ၏ခေါင်းကို လာ၍တီးခေါက်ကြ၏။ သို့ရာတွင် မင်းသားကလေး အင်ဒရေမှာ အသက်ကို မစိုးရိမ်ရသော်လည်း ဒဏ်ရာပြင်းထန်လှကြောင်း၊ ထို့ကြောင့် သွားတွေ့၍မဖြစ်ကြောင်း စသည်တို့ ကြားရပြီးသည့်နောက်၌ကား နာတာရှာသည် ၎င်းတို့ကို နောက်ထပ်လည်း မေးခွန်းထုတ်ခြင်း မပြုတော့ချေ။ စကားလည်း မပြောတော့ချေ။ မေးလျှင်လည်း ဤအဖြေကိုသာ ကြားရမည် မဟုတ်ပါလော။ ဤသို့ဖြင့် နာတာရှာသည် မျက်လုံးအကြောင်သားနှင့် တစ်လမ်းလုံး ရထားထောင်ထဲတွင် မလှုပ်မယှက် လိုက်ပါလာခဲ့လေရာ မိခင် မြို့စားကတော်ကြီးမှာလည်း နာတာရှာ၏ မျက်လုံးတွင် ဖော်ပြလျက်ရှိသော အရိပ်အယောင်များကို သတိထားမိသဖြင့် သမီးအတွက် သောကမအေးနိုင်ဘဲဖြစ်လျက် ရှိ၏။ ယခု စခန်းချသည့်နေရာ ရောက်သည့်အခါ၌လည်း နာတာရှာသည် ရထားပေါ်မှာကဲ့သို့ပင် မလှုပ်မယှက် ထိုင်နေပြန်သည်။ ရောက်ကတည်းက ထိုင်နေသည်မှာ ယခုတိုင် တုတ်တုတ်မျှ မလှုပ်သေးချေ။ နာတာရှာ၏ အမူအရာမှာ တစ်စုံတစ်ရာကို ကျိတ်၍ ကြံစည်နေဟန်၊ လုပ်သင့် မလုပ်သင့် စဉ်းစားနေဟန် ရှိ၏။ တစ်ချီ တစ်ချီတွင်လည်း မည်သို့ပင်ဖြစ်စေ လုပ်တော့မည်ဟု ဆုံးဖြတ်ပြီးဟန် လက္ခဏာကို ဖော်ပြလျက် ရှိ၏။ မြို့စားကတော်

www.burmeseclassic.com

www.burmeseclassic.com

ကြီးသည် ဤအချက်ကို ရိပ်မိသော်လည်း မည်သည့် အကြံမျိုးဖြစ်သည်ကို တွေးခေါ်မရဘဲ ဖြစ်နေသည်။ ဤသို့ဖြင့် သမီးထွေးအတွက် စိုးရိမ်ကြောင့်ကြကာ သောကမအေးနိုင်ဘဲ ဖြစ်လျက် ရှိလေသည်။

"သမီးထွေး နာတာရှာ။ အဝတ်အစားလဲပြီး မေဖျားရဲ့အိပ်ရာပေါ်မှာ လှဲနေပါလား ဟင်"

မြို့စားကတော်ကြီးအတွက် ခုတင်တစ်လုံး ခင်းခေါ်အိပ်ရာပြင်ထား၏။ ကျန်အိမ်သားများမှာ ကြမ်းပြင်တွင် ကောက်ရိုးခင်းခေါ် အိပ်ရလေသည်။

"နေပါစေ မေဖျား။ နာတာရှာ ကြမ်းပေါ်မှာပဲ အိပ်ပါ့မယ်"

နာတာရှာသည် မိမိအား အနှောင့်အယှက်ပေးကြလွန်းသဖြင့် စိတ်တိုလာကာ ပြတင်းပေါက်သို့ ထလာပြီး တံခါးကို ဖွင့်လိုက်၏။ ပြတင်းပေါက်ကို ဖွင့်လိုက်သော အခါ၌ တပ်ရေး၏ညည်းသံကို ပို၍ သဲကွဲစွာ ကြားနေရသည်။ နာတာရှာသည် အပြင်ဘက်ရှိ သိပ်သည်းစိုစွတ်သော ညလေထုထဲသို့ ခေါင်းထုတ်လိုက်၏။ ငိုရှိုက်လျက်ရှိခြင်းကြောင့် နာတာရှာ၏သေးသွယ်သောလည်တိုင်သည် လှုပ်လျက်ရှိကာ ကိုယ်ကလေးသည် တသိမ့်သိမ့် ယမ်းခါလျက် ရှိသည်ကို မြို့စားကတော်ကြီး မြင်ရ၏။ တဲသုံးလုံးကျော်မှ အစဉ်မပြတ်ထွက်ပေါ်လျက်ရှိသော ညည်းသံသည် မင်းသားကလေး အင်ဒရေ၏ညည်းသံ မဟုတ်မှန်းကို နာတာရှာသိ၏။ မင်းသားကလေး အင်ဒရေသည် ထိုတဲထဲတွင် မဟုတ်ဘဲ မိမိတို့၏အစွန်ဆုံးအခန်းတွင် ရှိခြင်းကိုလည်း နာတာရှာ သိ၏။ သို့ရာတွင် အစဉ်မပြတ်ထွက်ပေါ်လျက်ရှိ၍ ကြောက်စရာကောင်းသော ထိုညည်းသံကို ကြားရသည့်အခါတွင်ကား နာတာရှာသည် မငိုဘဲ မနေနိုင်တော့ချေ။ မြို့စားကတော်ကြီးနှင့် ဆွန်ယာသည် တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

"သမီးထွေး။ လာပါ သမီးထွေးရယ်။ လှဲနေလိုက်ပါနော်။ ဟုတ်လား" မြို့စားကတော်ကြီးသည် နာတာရှာ၏ပခုံးကို အသာအယာဖက်လိုက်၏။ "လာ အိပ်လှည့်နော် သမီးထွေး"

"ဟုတ်ကဲ့ မေဖျား။ နာတာရှာ ခုပဲ အိပ်ပါ့မယ်" နာတာရှာသည် ငင်းတို့နှောင့်ယှက်ကြဦးမည်ကို စိုးရိမ်သည့်အတွက် အဝတ်များကို ခပ်မြန်မြန် ချွတ်နေသည်။

ဝတ်စုံကို ချွတ်၍ ညဝတ်အင်္ကျီကို ဝတ်ဆင်ပြီးနောက် နာတာရှာသည် ကြမ်းပြင်ပေါ်ရှိ ၎င်း၏အိပ်ရာထက်တွင် ကျုံ့ကျုံ့ထိုင်ရင်း ဆံပင်ကို ရှေ့သို့ချကာ ပြန်၍ကျစ်နေသည်။ နာတာရှာ၏ သေးသွယ်ရှည်လျား၍ ကျင့်သားရပြီးသော လက်ချောင်းကလေးများသည် ဆံပင်ကို ကျစ်လိုက် ဖြေလိုက်၊ ကျစ်လိုက် ဖြေလိုက်နှင့် လှုပ်ရှားနေကြသည်။ သူ့ဝသီအတိုင်း ဆံပင်ကျစ်ရင်းလည်း ခေါင်းကို ဘယ်ညာယိမ်းငဲ့လျက် ရှိသည်။ သို့ရာတွင် ပြူးကျယ်ငေးကြောင်လျက်ရှိသော မျက်လုံးကြီးများကား လှုပ်ရှားခြင်းမရှိဘဲ ကြည့်မိကြည့်ရာကို ကြည့်နေကြသည်။ ဤသို့ ဆံပင်ကို ပြုပြင်ပြီးသည့်အခါတွင် နာတာရှာသည် တံခါးမအနီး ကောက်ရိုးပေါ်တွင် ဖြန့်ခင်းထားသော အိပ်ရာခင်းပေါ်သို့ အသာလှဲချလိုက်လေသည်။

"နာတာရှာ အလယ်က လာအိပ်ပါလားကွယ်" ဆွန်ယာက ဆို၏။

"ဟင့်အင်း၊ ဒီမှာပဲ အိပ်တော့မယ်။ အိပ်မှာ အိပ်စမ်းပါ ဆွန်ယာရယ်" နာတာရှာသည် စိတ်မရှည်သလို ပြောလိုက်ပြီးနောက် မျက်နှာကို ခေါင်းအုံးထဲတွင် မြှုပ်ထားလိုက်၏။

မြို့စားကတော်ကြီးနှင့် တကွ မဒမ်ရှော့နှင့် ဆွန်ယာတို့သည် ခပ်သုတ်သုတ် အဝတ်အစားလဲကာ အိပ်ရာသို့ ဝင်ကြ၏။ တဲကလေးတစ်ခုလုံး၌ အလင်းရောင်ဟူ၍ ဆင်းတုတော်ရှေ့တွင် ပူဇော်ထွန်းညှိထားသော မီးအိမ်ကလေးသာ ကျန်ရစ်ခဲ့၏။ အိမ်ရှေ့တလင်းပြင်၌ကား တစ်မိုင်ခွဲခန့်ဝေးသည့် မိတစ်ရှိမြောက်ရွာ၌ လောင်ကျွမ်းလျက်ရှိသည့် မီးတောက်များမှ မီးရောင်တို့ဖြင့် ရောင်ပြန်ဟပ်၍ လင်းနေ၏။ လမ်းတစ်ဖက်ရှိ ထမင်းဆိုင်မှ ဗိုလ်ချုပ် မာမိနော့၏ မြင်းတပ်သားများအသံသည် ဆူညံလျက် ရှိ၏။ သို့သော်လည်း တပ်ရေး၏ညည်းသံကိုကား ကြားနေရလေသည်။

နာတာရှာသည် တဲအတွင်းနှင့် အပြင်မှ အသံဗလံများကို အချိန်အတော်ကြာမျှ နားစွင့်နေသည်။ မိခင်မြို့စားကတော်ကြီး၏ ဘုရားဝတ်ပြုသံ၊ သက်ပြင်းချသံ၊ လူးလိမ့်သံ၊ မဒမ်ရှော့၏ လေချွန်သံကဲ့သို့ တရှိုက်ရှိုက်သံ၊ ဆွန်ယာ၏ အသက်မျှင်းမျှင်းရှူသံတို့ကို ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com

ခဏကြာလျှင် မြို့စားကတော်ကြီးက နာတာရှာကို လှမ်းခေါ်သည်။ နာတာရှာက ပြန်မထူးချေ။

"အိပ်ပျော်သွားပြီထင်တယ် မေဖျား" ဆွန်ယာက ခပ်တိုးတိုး ပြောလိုက်၏။

ခဏကြာလျှင် မြို့စားကတော်ကြီးထံမှ စကားသံ ထွက်ပေါ်လာပြန်သည်။ ဤတစ်ကြိမ်တွင်မူ ဆွန်ယာ့ထံမှ ပြန်ပြောသံ မကြားရတော့ချေ။

ထို့နောက်၌ကား မိခင်မြို့စားကတော်ကြီး၏ မှန်မှန်ကြီး အသက်ရှူသံကို နာတာရှာကြား၏။ စောင်အောက်မှထွက်နေသော နာတာရှာ၏ခြေထောက်ကလေးများမှာ အေးစက်နေလေပြီ။ သို့ရာတွင် နာတာရှာကား တုတ်တုတ်မျှ မလှုပ်ချေ။

ကမ္ဘာလောကကြီးအပေါ်တွင် အောင်ပွဲခံသည့် အလား ပုရစ်တစ်ကောင်သည် နံရံကြားမှ တကျီကျီအော်လျက်ရှိ၏။ အဝေးမှ ကြက်တစ်ကောင် လေးတွဲ့စွာတွန်လိုက်ရာ အနီးရှိကြက်တစ်ကောင်ကလည်း ပြန်တွန်လိုက်၏။ ထမင်းဆိုင်မှ အသံဗလံများမှာ ဆိတ်၍သွားလေပြီ။ တပ်ရေး၏ညည်းသံကိုကား ကြားရဆဲပင်ဖြစ်လေသည်။ နာတာရှာ ထထိုင်လိုက်၏။

"ဆွန်ယာ အိပ်ပျော်ပလား။ မေဖျားကော" နာတာရှာက အသံပြုလိုက်သည်။

မည်သူ့ထံကမျှ အသံမကြားရချေ။ နာတာရှာသည် အသာထကာ လက်ယှက်ဆုတောင်းပြီးနောက် သေးသွယ်နူးညံ့သောခြေထောက်တွင် ဖိနပ်ကိုမျှ မစီးနိုင်တော့ဘဲ အေးစက်၍ညစ်ပတ်ပေရေလျက်ရှိသော ကြမ်းပြင်ပေါ်တွင် ခြေဖျားထောက်၍ ထလာခဲ့သည်။ တစ်ချက်တစ်ချက်တွင် ကြမ်းခင်းသည် ကျိခနဲမြည်သွား၏။ နာတာရှာသည် ခြေလှမ်းကို သတိကြီးစွာဖြင့် လှမ်း၍ တံခါးအနီးသို့ ကြောင်မကလေးတစ်ကောင်သဖွယ် ပေါ့ပါးဖျတ်လတ်စွာ ပြေးလာခဲ့ပြီး အေးစက်လျက်ရှိသော တံခါးလက်ကိုင်ကို ကိုင်ထားလိုက်သည်။

လေးလံသော အရာဝတ္ထုကြီးတစ်ခုသည် အခန်းနံရံလေးဖက်ကြား၌ အချက်ကျကျ ခုန်လျက် ရှိသည်ဟု နာတာရှာ ထင်မိ၏။ အမှန်၌ကား ထိုအရာဝတ္ထုကြီးမှာ ကြောက်လန့်ခြင်း၊ ထက်သန်ခြင်းတို့ကြောင့် တဒိတ်ဒိတ်ခုန်နေသော သူ့နှလုံးသားများသာ ဖြစ်လေသည်။

နာတာရှာသည် တံခါးကိုဖွင့်ကာ လှေကားထစ်ကိုနင်းခဲ့ပြီး စိုစွတ်အေးမြလျက်ရှိသော စကြံအကူး မြေကြီးပေါ်သို့ ဆင်းလာခဲ့သည်။ အပြင်ဘက်မှ အအေးဓာတ်ကြောင့် နာတာရှာ၏စိတ်သည် လန်းဆတ်လာသည်ဟု ထင်ရ၏။ နာတာရှာသည် မြေကြီးပေါ်တွင် အိပ်ပျော်နေသူတစ်ဦးကို ခြေထောက်ဖြင့် ဝင်ခတ်မိသည်။ ထို့နောက် ကန့်လန့်ကြီးအိပ်ပျော်နေသော ထိုလူကို ကျော်ကာ မင်းသားကလေး အင်ဒရေရှိသည့် အစွန်ဆုံးတံခါးကို တွန်းဖွင့်လိုက်သည်။ တဲခန်းထဲ၌ကား မှောင်မည်းလျက် ရှိသည်။ အခန်းထောင့်တစ်နေရာရှိ ခုံရှည် တစ်လုံးပေါ်တွင် ပျားဖယောင်းတိုင်တစ်တိုင်သည် ခပ်မှိန်မှိန်လင်းလျက် ရှိသည်။ ထိုအနီးရှိ ခုတင်တစ်လုံးပေါ်တွင် လဲလျောင်းနေသောသဏ္ဌာန်တစ်ခုကို မြင်ရ၏။

မင်းသားကလေး အင်ဒရေ ဒဏ်ရာရ၍ မိမိတို့လှည်းသိုက်နှင့် အတူ လိုက်ပါလာကြောင်းကို သိရသည့် နံနက်ပိုင်းကတည်းက နာတာရှာသည် မင်းသားကလေး အင်ဒရေကို သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်ပြီး ဖြစ်လေသည်။ မည်သည့်အတွက်ကြောင့် သွားရောက်တွေ့ဆုံသင့်သည်ဆိုသည့်အချက်ကို နာတာရှာ မသိသော်လည်း မိမိနှင့် မင်းသားကလေး အင်ဒရေတို့ ယခုအချိန်တွင် ယခုလို ပြန်လည်တွေ့ဆုံရပုံမျိုးသည် ရင်နှင့်ဖွယ်ကောင်းသည်ကိုမူ နာတာရှာ သိပါသည်။ သို့ရာတွင် ဤသို့ သိသည့်တိုင်အောင် သွားတွေ့မှ ဖြစ်မည်ဟု နာတာရှာ ထင်မှတ်လျက် ရှိပါသည်။

ထိုနေ့ တစ်နေ့လုံး နာတာရှာသည် မင်းသားကလေး အင်ဒရေနှင့် တွေ့ရတော့မည့်အချိန်ကိုသာ စောင့်လျက် ရှိ၏။ ယခု ထိုအချိန်သည် ဆိုက်ရောက်လာခဲ့ပြီဖြစ်လေရာ နာတာရှာ၏စိတ်၌ တွေ့ရမည့်မြင်ကွင်းကိုတွေး၍ တုန်လှုပ်လျက် ရှိလေသည်။ မင်းသားကလေး အင်ဒရေသည် လူစဉ့်မမီသည့်အဖြစ်သို့ ရောက်ရှာလေပြီလော။ သူ့ခန္ဓာကိုယ်တွင် မည်သည့်အစိတ်အပိုင်းတို့ ပျက်စီး၍ မည်သည့်အစိတ်အပိုင်းတို့ ကျန်ရစ်ခဲ့ပေသနည်း။ တပ်ရေးကဲ့သို့ တအင်အင် တအယ်အယ် သနားစဖွယ်ညည်းညူ၍ နေရှာမည်လော။ သူလည်း ထို့အတူ ခံစားရရှာပေလိမ့်မည်ဟု နာတာရှာ ငေးမိ တွေးမိသည်။ နာတာရှာ၏စိတ်တွင် တပ်ရေး၏ညည်းသံသည် မင်းသားကလေး အင်ဒရေ

www.burmeseclassic.com

www.burmeseclassic.com

၏ ကိုယ်စား ညဉ်းညဲဟု အောက်မေ့မိ၏။ အခန်းထောင့် ခုတင်ပေါ်တွင် လဲလျောင်းနေသော ခပ်ဝါးဝါး သဏ္ဌာန်ကို မြင်ရသည်။ ထိုသဏ္ဌာန်ကား ထောင်၍နေသော ဒူးနှစ်လုံးဖြစ်လေရာ နာတာရှာသည် ထိုဒူးနှစ်လုံးကို ပခုံးဟု ထင်မှတ်မိရာက ထိုသဏ္ဌာန်ကို ကြောက်စရာ သဏ္ဌာန်ကြီးတစ်ခုဟု ထင်မှတ်လိုက်မိလျက် ကြက်သီးတွေ ဖြန်းခနဲ ထလာပြီးနောက် ရှေ့သို့ မတိုးရဲဘဲ ရပ်နေလိုက်မိသည်။ သို့ရာတွင် နာတာရှာ၏ စိတ်သည် နာတာရှာအား ရှေ့သို့ တွန်းပို့လျက် ရှိသည်။ ထို့ကြောင့် နာတာရှာသည် သတိကြီးစွာဖြင့် တစ်လှမ်းချင်း လှမ်းလာခဲ့ရာ မကြာမီ ဝန်စည်စလယ်များ စုပုံထားသောအခန်းငယ် တစ်ခုထဲသို့ ရောက်နေကြောင်း တွေ့ရ၏။ လူတစ်ယောက်သည် ဆင်းတုတော်များအောက်ရှိ သစ်သားခုံတန်းတစ်ခုပေါ်သို့ အိပ်လျက်ရှိ၏။ ထိုသူမှာ တပ်ဗိုလ် တီမိုခင် ဖြစ်၏။ အခြားနှစ်ယောက်မှာ ကြမ်းပြင်ပေါ်တွင် အိပ်နေကြသည်။ ၎င်းတို့ကား ဆရာဝန်နှင့် မင်းသားကလေး အင်ဒရေ၏ အပါးတော်မြိတို့ ဖြစ်လေသည်။

အပါးတော်မြသည် ထထိုင်၍ တစ်စုံတစ်ရာကို ပြောလိုက်၏။ ခြေထောက်က ဒဏ်ရာ ကိုက်ခဲလွန်းသောကြောင့် အိပ်မဆျော်သေးသည့် တပ်ဗိုလ် တီမိုခင်သည်လည်း ဝတ်ရုံဖြူကြီးဝတ်ထားသော မိန်းမပျိုတစ်ယောက်၏ ခပ်ဝါးဝါးသဏ္ဌာန်ကို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကြည့်နေသည်။

"ဘယ်သူလဲ၊ ဘာလဲ၊ ဘာကိစ္စလဲ" အပါးတော်မြသည် အိပ်ချင်မူးတူးဖြစ်နေရာမှ ကြောက်လန့်တကြား အော်လိုက်၏။ နာတာရှာသည် ၎င်း၏ အော်သံကြောင့် အခန်းထောင့် ခုတင်ပေါ်တွင် လဲလျောင်းနေသည့် သဏ္ဌာန်အနားသို့ ခပ်သုတ်သုတ်ကပ်လာခဲ့သည်။ ထိုသဏ္ဌာန်သည် လူတစ်ယောက်၏ သဏ္ဌာန်နှင့် မတူဘဲ ကြောက်စရာကောင်းလျက်ရှိသော်လည်း နာတာရှာအဖို့ကား ထိုသဏ္ဌာန်နားသို့ မရောက်မနေသွားရမည်သာ ဖြစ်လေသည်။ နာတာရှာသည် အပါးတော်မြအနီးမှ ခပ်သုတ်သုတ် ဖြတ်လာခဲ့၏။ ဖယောင်းတိုင်မှ မီးကျွမ်းနေသော မီးစာသည် ကြွေကျသွားကာ မီးရောင်သည် ပို၍လင်းလာလေရာ လက်နှစ်ဖက်ကို စောင်အပြင်ဘက်သို့ ထုတ်၍ လဲလျောင်းလျက်ရှိသော မင်းသားကလေး အင်ဒရေကို မြင်ရ၏။ ဤသို့လဲလျောင်းနေသော ပုံသဏ္ဌာန်မှာ နာတာရှာ၏ မျက်စိထဲတွင် မြင်နေကျဖြစ်သည့် မင်းသားကလေး အင်ဒရေလဲ လျောင်းနေသည့်သဏ္ဌာန်မျိုးပေတည်း။

မင်းသားကလေး အင်ဒရေ၏ ရုပ်သွင်မှာ ယခင်က အတိုင်းပင် ဖြစ်သည်။ သို့ရာတွင် အဖျားသွေးတက်နေသောမျက်နှာ၊ မိမိအား ပိတိအပြည့်ဖြင့် လှမ်းကြည့်နေသောတောက်ပသည့် မျက်လုံးများ၊ အင်္ကျီလည်စည်းကို လှန်ထားသည့်အတွက် ကလေးငယ်၏ လည်ပင်းပမာ နူးညံ့ဖြူဖွေးသောလည်ပင်းသား စသည်တို့ကြောင့် အပြစ်ကင်းသော ကလေးငယ်တစ်ယောက်နှင့် တူနေသည်။ နာတာရှာသည် မင်းသားကလေး အင်ဒရေအား ဤအသွင်သဏ္ဌာန်မျိုးဖြင့် တစ်ခါမှ မမြင်ဖူးသေးချေ။ နာတာရှာသည် သူ့ထံသို့ လျှောက်လာကာ ဖျတ်လတ်ပျော့ပျောင်းစွာဖြင့် အနီးတွင် ဒူးတုပ်၍ ထိုင်ချလိုက်သည်။

မင်းသားကလေး အင်ဒရေက ပြုံး၍ လက်ကမ်းပေးလိုက်လေသည်။

အခန်း ၃၂

ဘိုရိုဒီနို စစ်မြေပြင် ရှေ့တန်းစခန်းဆေးရုံသို့ မင်းသားကလေး အင်ဒရေရောက်လာခဲ့သည်မှာ တစ်ပတ်ခန့်ကြာခဲ့လေပြီ။ အပြင်းဖျားလျက်ရှိခြင်း၊ ဒဏ်ရာရသည့်အတွက် အူတွင် အနာဖြစ်လျက်ရှိခြင်းတို့ကြောင့် မင်းသားကလေး အင်ဒရေမှာ အသက်ရှင်ဖို့ မျှော်လင့်ချက်မရှိတော့ကြောင်း ဖြင့် ဆရာဝန်များက ယူဆကြသည်။ သို့ရာတွင် သတ္တမမြောက်နေ့တွင်ကား မင်းသားကလေး အင်ဒရေသည် ပေါင်မုန့်တစ်ဖဲ့နှင့် လက်ဖက်ရည်တစ်ခွက်ကို အားပါးတရစားသောက်စပြုလာကာ အဖျားမှာလည်း သိသိသာသာကြီး ကျသွားသည်ကို တွေ့ရ၏။ မင်းသားကလေး အင်ဒရေသည် ထိုနေ့နံနက်မှပင် သတိပြန်လည်လာလေသည်။ မော်စကိုမှ ထွက်ခွာလာခဲ့သည့်ညမှာ အတော်အသင့်နေ့၍ နေထိုင်ကောင်းသောဥတုမျိုးဖြစ်၏။ မင်းသားကလေး အင်ဒရေသည် ထိုညတစ်ညလုံး နှစ်ထပ်ပေါင်းမိုးနှင့် ကရထားထဲတွင် လိုက်ပါလာခဲ့၏။ သို့ရာတွင် မိတစ်ရှိတောင်ရှာသို့ အရောက်တွင်ကား မင်းသားကလေး အင်ဒရေသည် မိမိအား ရထားပေါ်မှချရန်နှင့် လက်ဖက်ရည်

www.burmeseclassic.com

www.burmeseclassic.com

တိုက်ရန် တစာစာတောင်းဆိုခြင်းပြုသည်။ ကရထားပေါ်မှ တဲထဲသို့အရွှေ့တွင် ဒဏ်ရာပြင်းစွာနာသည့်အတွက် မင်းသားကလေး အင်ဒရေသည် အော်ဟစ်ညည်းညူကာ တစ်ဖန် သတိလစ်၍သွားပြန်သည်။ တဲထဲတွင် ခရီးဆောင်ခေါက်ခုတင်တစ်လုံးကို ဖြန့်၍ ၎င်းကို နေရာချပေးပြီး သည့်နောက်တွင်မှ မင်းသားကလေး အင်ဒရေသည် အချိန်အတော်ကြာမျှ မှိန်းနေသည်။ လူပ်ရှားခြင်းလည်း မရှိတော့ချေ။ ထို့နောက် မျက်လုံးကိုဖွင့်၍ လက်ဖက်ရည်တောင်းပြန်သည်။ မင်းသားကလေး အင်ဒရေမှာ သတိပြန်လည်လာသည့်အခါတွင် နေ့စဉ်ကိစ္စများကို အသေးစိတ်မှတ်မိလေရာ ဆရာဝန်ကပင် ၎င်း၏သတိကောင်းပုံကို အံ့သြရသေးသည်။ ဆရာဝန်သည် မင်းသားကလေး အင်ဒရေကို သွေးစမ်းကြည့်မိ၏။ သွေးတိုးပုံမှာ များစွာတိုးတက်ကောင်းမွန်လာသည်ကို တွေ့ရလေရာ ဆရာဝန်သည် အံ့သြရုံမျှမက အကြီးအကျယ် စိတ်ပျက်ခြင်းလည်း ဖြစ်ရသည်။ စိတ်ပျက်ရခြင်းအကြောင်းကား မိမိ၏လူနာယခုအချိန်ထိ အသက်ရှင်နေခြင်းသည် နောက်များ မကြာမီထို့ထက် ဝေဒနာပြင်းစွာခံရပြီး သေဆုံးဖို့သာဖြစ်ကြောင်း အတွေ့အကြုံအရ သိပြီးဖြစ်သောကြောင့် ဖြစ်လေသည်။ မင်းသားကလေး အင်ဒရေ၏တပ်ရင်းမှ နာခေါင်းနိုနိုနှင့် ဗိုလ်မှူးတစ်ဦး ဖြစ်သူ တိမိုခင်သည် မော်စကိုမှ မိမိ၏တပ်ရင်းမှူးနှင့် အတူ လိုက်ပါလာခဲ့ခြင်း ဖြစ်၏။ တိမိုခင်မှာလည်း ဘိုရိုဒီနိုတိုက်ပွဲ၌ ခြေထောက်တွင် ဒဏ်ရာရလာခဲ့လေသည်။ လူနာနှစ်ဦးကို ဆရာဝန်၊ မင်းသားကလေးအင်ဒရေ၏အပါးတော်မြို့၊ ရထားထိန်းနှင့် တပ်လုလင်နှစ်ယောက်က စောင့်ရှောက်လိုက်ပါလာကြ၏။

လက်ဖက်ရည် တိုက်သောအခါတွင် မင်းသားကလေး အင်ဒရေသည် ရှေ့တူရွှ ရှိ တံခါးကို ချည့်နဲ့သော မျက်လုံးများဖြင့် ငေးကြည့်ကာ လက်ဖက်ရည်ကို အားရပါးရသောက်နေသည်။ ၎င်း၏အမူအရာမှာ တစ်စုံတစ်ရာကို စဉ်းစားနေသကဲ့သို့ ရှိ၏။

"တော်ပြီ။ တိမိုခင် ပါလာသလား:"

တိမိုခင်သည် ခုံတန်းလျားပေါ်တွင် ဒရွတ်တိုက်၍ ရွှေ့လာ၏။

"ရှိပါတယ် ကိုယ်တော်လေး:"

"ခင်ဗျားဒဏ်ရာ ဘယ့်နယ်နေသေးသလဲ"

"သက်သာပါတယ်။ ကိုယ်တော်လေးကော"

မင်းသားကလေး အင်ဒရေသည် တစ်စုံတစ်ရာကို စဉ်းစားနေပြန်သည်။

"စာအုပ်ကလေး တစ်အုပ်တလေလောက် မပါကြဘူးလား:ဗျ"

"ဘာစာအုပ်ဖတ်ချင်လို့လဲ ကိုယ်တော်လေး:"

"ခရစ်ဝင်ကျမ်းဖတ်ချင်တယ်ဗျာ။ ကျုပ်မှာ ပါမလာဘူး:"

ဆရာဝန်က စာအုပ်ကို သူရှာပေးမည်ဟု ပြောကာ မင်းသားကလေး အင်ဒရေ၏ဒဏ်ရာကို မေးမြန်းနေ သည်။ မင်းသားကလေး အင်ဒရေသည် ဆရာဝန်မေးသမျှ ကို ခပ်ဆိုင်းဆိုင်းစဉ်းစား၍ဖြေပြီးနောက် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲကာ မအီမသာဖြစ်နေသည့်အတွက် အောက်မှ မှိအုံးခံပေးရန် ပြောသည်။ ဆရာဝန်နှင့်အပါးတော်မြို့သည် မင်းသားကလေး အင်ဒရေကိုယ်ပေါ်မှ ဝတ်ရုံကြိုးကို ခွာလိုက်သည်တွင် ဒဏ်ရာမှ စူးဝါးသောအပုပ်နံ့ကြိုးသည် ထောင်းခနဲ ထွက်လာသဖြင့် မျက်နှာကို ရုံ့လိုက်မိကြရာက ကြောက်စရာကောင်းလှသော ဒဏ်ရာကြိုးကို ကြည့်နေကြသည်။ ဆရာဝန်မှာ မျက်နှာပျက်သွား၏။ ထို့နောက် ပတ်တီးများလဲ၍ စည်းပေးကာ လူနာကို တစ်ဖက်သို့စောင်းစေရာ နာကျင်လွန်းလှသဖြင့် လူနာသည် ညည်းတွားရာမှ တစ်ဖန်သတိလစ်သွားပြန်လျက် ယောင်ယမ်းငန်းဖမ်းလျက် ရှိလေသည်။ လူနာသည် ကျမ်းစာအုပ်ကို ယူ၍ မိမိအိပ်ရာအောက်တွင် ထားပေးရန် ပြောလျက် ရှိ၏။

"ခင်ဗျားတို့မှာ ဒီစာအုပ်ကလေး ယူပေးလို့ ဘာမှအပန်းမကြီးပါဘူးဗျာ။ ကျွန်တော့်မှာ မရှိလို့ပါ။ ယူပေးပြီး အိပ်ရာအောက် ထားပေးကြစမ်းပါ။ ခဏဖြစ်ဖြစ် ထားပေးကြပါ"

လူနာသည် သနားစဖွယ် ယောင်ယမ်းနေသည်။ ဆရာဝန်သည် အပြင်သို့ထွက်၍ လက်ဆေးနေသည်။

"ခင်ဗျားကြီးတို့ဟာ ဘာမှဥာဏ်မရှိဘူး:" ဆရာဝန်သည် လက်ကို ရေလောင်းပေးနေသော အပါးတော်မြို့အား မာန်နေ၏။ "ခု ကျုပ် ခဏမျက်နှာလွဲရုံနဲ့ ဟိုမှာခံနေရပြီ။ ဒီလောက်ပြင်းတဲ့ ဒဏ်ရာကြီးကို ဒီလောက်ကြာကြာခံနေရရင် သေရောပေါ့ဗျ"

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်ကလဲ အောက်မှာ မိအုံးခုထားသလားလို့ အသာကြည့်နေလိုက်တာပဲ ဆရာ" အပါးတော်မြိက ဆို၏။

မင်းသားကလေး အင်ဒရေသည် မိတစ်ရှိတောင်ရွာသို့ရောက်၍ ရထားပေါ်မှ ရွှေ့ပေးရန် ပြောသည့်အချိန်ကျမှ မိမိရောက်နေသည့်နေရာ၊ မိမိဖြစ်ပျက်သည့် အခြေအနေ မည်သို့မည်ပုံ ဒဏ်ရာရခဲ့ပုံစသည်တို့ကို ပထမဆုံး အကြိမ် သတိရလေသည်။ တဲထဲသို့ ရွှေ့ပြောင်းသည့် အခါ၌ မင်းသားကလေး အင်ဒရေမှာ ဒဏ်ရာပြင်းစွာ နာကျင်သည့်အတွက် မေ့မြောသွားပြီးနောက် တဲထဲသို့ ရောက်၍ အတန်ကြာမှ သတိပြန်လည်လာခဲ့ခြင်း ဖြစ်၏။ လက်ဖက်ရည်သောက်သည့်အခါ၌လည်း မင်းသားကလေး အင်ဒရေသည် မိမိ၏အဖြစ်၊ မိမိတွေ့ခဲ့ရသည့်အခြင်းအရာများကို ပြန်၍စဉ်းစားမိပြန်သည်။ သို့စဉ်းစားရင်း ဘိုရိဒီနို စစ်မြေပြင် ရှေ့တန်းဆေးရုံစခန်း၌ မိမိ ရန်ငြိုးဖွဲ့ခဲ့ဖူးသော လူတစ်ယောက်၏ ဝေဒနာခံစားရပုံကို မြင်ယောင်လာသည်။ ထိုလူကို မြင်ခဲ့ရာမှ မိမိစိတ်ချမ်းသာမှုကို ပေးခဲ့သော အတွေးသစ်များကို အမှတ်ရလာသည်။ ထိုအတွေးများသည် ပီပီပြင်ပြင်မရှိလှသေးသော်လည်း ယခုတစ်ဖန် ခေါင်းထဲတွင် ဝင်ရောက်လာကြပြန်သည်။ မင်းသားကလေး အင်ဒရေသည်ယခုအချိန်၌ စိတ်ချမ်းမြေ့မှုတစ်မျိုးကို ရနေသည်ဟု ထင်၏။ ထိုစိတ်၏ချမ်းမြေ့ခြင်းသည် ခရစ်ဝင်ကျမ်းနှင့် ပတ်သက်နေသည်ဟု ယူဆ၏။ ထို့ကြောင့် ထိုကျမ်းစာအုပ်ကို တဖွဖွတောင်းနေခြင်း ဖြစ်လေသည်။ ဆရာဝန်က မိမိအား တစ်ဖက်သို့စောင်းပေးခဲ့သည့်အခါတွင် မင်းသားကလေး အင်ဒရေ၏စိတ်ကူးများသည် ဝိုးတဝါးဖြစ်လာကြပြန်သည်။ တတိယအကြိမ် ပြန်လည်သတိရလာသည့်အခါ၌ကား ညသည် လုံးဝတိတ်ဆိတ်လျက် ရှိလေပြီ။ မိမိအနီးရှိ လူများမှာလည်း အိပ်ပျော်နေကြပေပြီ။ တဲတစ်ဖက်အစွန်းဆီမှ ပုရစ်တစ်ကောင်၏ အော်မြည်သံကို ကြားရ၏။ လမ်းမပေါ်မှ သီချင်းဆိုသံကိုလည်း ကြားရ၏။ ပိုးဟပ်များသည် စားပွဲပေါ်တွင်လည်း ကောင်း၊ ဆင်းတုတော်ပုံကားများပေါ်တွင် လည်းကောင်း၊ နံရံပေါ်တွင် လည်းကောင်း ပြေးလွှားနေကြသည်။ ယင်းမဲရိုင်းကြီး တစ်ကောင်သည် ခုတင်ခေါင်းရင်းနှင့် ခုတင်ဘေးပျားဖယောင်းတိုင်အနီးတွင် တဝီဝီပျံဝဲလျက် ရှိ၏။ ပျားဖယောင်းတိုင်မှ မီးစာမှာ ကုန်ခါနီးလေပြီ။

မင်းသားကလေး အင်ဒရေ၏စိတ်သည် တည်ငြိမ်ခြင်း မရှိတော့ချေ။ ကျန်းမာသောလူတစ်ယောက်သည် အဖြစ်အပျက် သို့မဟုတ် အကြောင်းခြင်းရာများစွာကို တစ်ပြိုင်နက်တည်း တွေးနိုင်စွမ်း၊ ခံစားနိုင်စွမ်း၊ မှတ်မိနိုင်စွမ်း ရှိ၏။ မိမိ အာရုံကျက်စားရမည့်အဖြစ်တစ်ခု သို့မဟုတ် အကြောင်းခြင်းရာတစ်ခုကိုလည်း ထိုအထဲမှ ချက်ချင်းရွေးထုတ်ကား အာရုံသို့ ဒက်ခနဲ ရောက်အောင် ပို့ဆောင်နိုင်စွမ်း ရှိ၏။ ကျန်းမာသောလူတစ်ယောက်သည် လေးနက်စွာတွေးတော စဉ်းစားနေရာမှ မိမိအနီးသို့ ရောက်လာသူတစ်ယောက်ကို ယဉ်ကျေးသိမ်မွေ့စွာ ပဋိသန္ဓာရစကားဆိုပြီးနောက် မိမိ၏အတွေးကို ဆက်လက်၍ တွေးတောနိုင်စွမ်းရှိ၏။ သို့ရာတွင် မင်းသားကလေး အင်ဒရေ၏စိတ်ကား ထိုအရာများကို လုပ်နိုင်စွမ်း မရှိတော့ချေ။ မင်းသားကလေး အင်ဒရေ၏စိတ်အာရုံများသည် ယခင်ကထက် ထက်မြက်သန်စွမ်းလာကြသော်လည်း ထိုအာရုံများသည် ၎င်း၏ဆန္ဒနှင့် ဆန့်ကျင်၍ အလုပ်လုပ်လျက် ရှိကြလေပြီ။ အမျိုးမျိုးသော အတွေးများ၊ ရုပ်ပုံများသည် ၎င်း၏ခေါင်းထဲသို့ စုပြုံဝင်ရောက်လာကြသည်။ တစ်ခါတစ်ရံ၌ ၎င်း၏ဦးနှောက်သည် ကျန်းမာစဉ်ကထက်ပင် ပို၍အလုပ်လုပ်၏။ သို့ရာတွင် ဤသို့ အလုပ်လုပ်လျက်ရှိရာမှ ဦးနှောက်သည် အာရုံတစ်ခုဆီသို့ ရုတ်တရက် ရောက်သွားပြန်သည်။ ထိုအခါ၌ မင်းသားကလေး အင်ဒရေသည် သူ့အတွေးများကို မူရင်းအာရုံသို့ပြန်ရောက်အောင် ပြုလုပ်နိုင်စွမ်း မရှိတော့ချေ။

"ဟုတ်တယ်။ လူသတ္တဝါတွေအား လုံးမှာ မရှိရင် မဖြစ်တဲ့ စိတ်၏ငြိမ်းချမ်းခြင်းကို ငါ တွေ့ပြီ။ ငါ တွေ့ပြီ"

မင်းသားကလေး အင်ဒရေသည် မှောင်တစ်ဝက် လင်းတစ်ဝက် ဖြစ်လျက်ရှိသော တဲတွင်း တစ်နေရာကို ချည့်နဲ့သောမျက်လုံးများဖြင့် စူးစိုက်ကြည့်နေသည်။

'ရုပ်အင်အားစုတွေရဲ့ ပြင်ပမှာရှိတဲ့ ငြိမ်းချမ်းခြင်းကို တွေ့ပြီ။ လူတွေကို နဖားကြီးတပ်ခိုင်းနေတဲ့ ရုပ်တရားရဲ့ ဩဇာအရှိန်အဝါတွေရဲ့ ပြင်ပမှာ ရှိတဲ့ ငြိမ်းချမ်းခြင်းကို ငါ တွေ့ရပြီ။ ဒီငြိမ်းချမ်းခြင်းဟာ စိတ်တည်းဟူသော အတွင်းအဖျူတွာရဲ့ ငြိမ်းချမ်းခြင်း ဖြစ်တယ်။ ချစ်ခင်မြတ်နိုးရခြင်းကြောင့်ဖြစ်သော ငြိမ်းချမ်းခြင်း ဖြစ်တယ်။ လူတွေ

www.burmeseclassic.com

www.burmeseclassic.com

ဟာ ဒီငြိမ်းချမ်းခြင်းသုခကို နားမလည်တာ မဟုတ်ဘူး။ နားလည်ကြတယ်။ ဒါပေမဲ့ ဒီလူတွေဟာ သိလျက်နဲ့ ဘာကြောင့်များ ငြိမ်းချမ်းခြင်းကို မရှာကြတာပါလိမ့်။ ဘုရားသခင်ဟာ တရားတော်ကို ဘယ်ပုံများ ပညတ်တော်မူပါလိမ့်"

ဤသို့တွေးရင်း မင်းသားကလေး အင်ဒရေ၏ အာရုံအစဉ်သည် ပြတ်သွား၏။ တစ်ပြိုင်နက်တည်းမှာပင် 'ဖျပ် ဖျပ် ဖျပ် ဖျပ်' ဟု ညံ့ညံ့ညင်းညင်းမြည်သော အသံတစ်ခုကိုကြား၏။ ထိုအသံသည် တိုသွားလိုက် ရှည်သွားလိုက်ဖြင့် တစ်ရံမလပ် ထွက်ပေါ်နေ၏။ (မိမိစိတ်ကကြားခြင်းလော၊ တကယ်ကြားခြင်းလော ဆိုသည်ကိုမူ ခွဲခြားမရချေ။) ထိုအသံနှင့် အတူ မိမိ၏ မျက်နှာအပေါ် အလယ်တည့်တည့်၌ သေးမျှင်သောအပ်ချောင်းကလေးများသည် တစ်ချောင်းနှင့် တစ်ချောင်း၊ တစ်ချောင်းပေါ် တစ်ချောင်း အစီအရီထပ်၍ ပြာသာဒ်သဖွယ် တည်လျက်ရှိသည်ဟု ထင်ရ၏။ 'ဖျပ် ဖျပ် ဖျပ် ဖျပ်' မြည်သံမှာ ထိုအပ်ချောင်းပြာသာဒ်မှ ထွက်ပေါ်လာသောအသံများ ဖြစ်တန်ရာ၏။ မင်းသားကလေး အင်ဒရေသည် မိမိ၏ မျက်နှာပေါ်မှ အထက်သို့ မြင့်၍ မြင့်၍တက်သွားသော အပ်ချောင်းပြာသာဒ် ပြိုလဲမသွားစေရန်အတွက် ကိုယ်ကို လှုပ်ရှားခြင်း မပြုမိအောင် မနည်းကြိုး သတိထားနေရ၏။ (ဤသို့ မလှုပ်ဘဲ နေရခြင်းအတွက်ဖြစ်သော ပင်ပန်းခြင်း ဆင်းရဲကား ကြိုးလှစွာ၏။) သို့ရာတွင် အာရုံကိုချုပ်၍ လှုပ်ရှားခြင်းမပြုဘဲ နေသည့်တိုင်အောင် အပ်ချောင်းပြာသာဒ်သည် ပြိုကျလာလိုက်၊ 'ဖျပ် ဖျပ် ဖျပ်ဖျပ်' မြည်သော အသံကို ပြု၍ အသစ်တက်လာလိုက်ဖြင့် ဖြစ်၊တည်၊ ပျက် သံသရာ၌ ဝဲလှည့်နေသည်။

'ဟော အထက်ကို တက်သွားပြန်ပြီ။ တက်သွားပြီ၊ တက်သွားပြီ။ ဟော ပြိုကျသွားပြန်ပြီ။ ဟော တက်သွားပြန်ပြီ'

မင်းသားကလေး အင်ဒရေသည် ဤသို့ တွေးမိသည်။ 'ဖျပ် ဖျပ် ဖျပ် ဖျပ်' မြည်သောအသံကို နားထောင်၍ အပ်ချောင်းပြာသာဒ်ကြီး ဖြစ်လာခြင်းကို လည်းကောင်း၊ ပျက်သွားခြင်းကို လည်းကောင်း ကြည့်ရင်း ဖယောင်းတိုင်မီးတောက် ဘေးပတ်လည်၌ ရစ်သန်းလျက်ရှိသော အလင်းရောင် စက်ဝန်းကလေးကိုလည်း မြင်မိသည်။ တရုပ်ရုပ် ပြေးသွားနေသော ပိုးဟပ်များအသံကိုလည်း ကြားမိသည်။ မိမိမျက်နှာနှင့် ခေါင်းအုံးကို လာထိ၍ တဝိုက်အော်မြည်နေသော ယုင်မမဲရိုင်းကြီး၏ အသံကိုလည်း ကြားနေသည်။ မျက်နှာပေါ်သို့ ယင်မမဲရိုင်းလာနားသည့်အခါ၌ မင်းသားကလေး အင်ဒရေ၏ မျက်နှာမှာ ယားကျိကျိဖြစ် လာသည်။ သို့ရာတွင် အပ်ချောင်းပြာသာဒ်မှာ ပြိုလဲခြင်း မရှိသည်ကို တွေ့ရသည့်အတွက် အံ့သြမိသေးသည်။ အပ်ချောင်းပြာသာဒ်တည်ရာ မျက်နှာအလယ်တည့်တည့်သို့ ယင်မည်းရိုင်းကြီးက လာနားနေသည့်အခါ၌လည်း အပ်ချောင်းပြာသာဒ် ပကတိအတိုင်း ရှိနေသည်ကို တွေ့ရသည်။ ဤအတောအတွင်း မင်းသားကလေး အင်ဒရေသည် တံခါးဝ၌ ဖြူဖြူသဏ္ဌာန်တစ်ခုကို မြင်လိုက်မိသည်။ ထိုသဏ္ဌာန်မှာ မိန်းမတစ်ပိုင်း ခြင်္သေ့တစ်ပိုင်း နတ်ရုပ်တစ်ခုဟု ထင်သည်။ မင်းသားကလေး အင်ဒရေသည် ထိုသဏ္ဌာန်ကို မြင်လိုက်သည်နှင့် နှလုံးခုန်ခြင်း ရပ်သွားသကဲ့သို့ တုံ့ခနဲ ခံစားလိုက်ရသည်။

'စားပွဲပေါ်မှာ တင်ထားတဲ့ ငါ့အင်္ကျီများလား' ဟု တွေး၏။ 'ဒါက ငါ့ခြေထောက်၊ ဒါက တံခါး၊ အိုဒီဖျပ် ဖျပ် ဖျပ်အသံကလဲ ပျောက်နိုင်ခဲလိုက်တာ။ ခုဖြစ်လိုက် ခုပျက်လိုက်နဲ့ ဆုံးပဲ မဆုံးနိုင်တော့ဘူးလား။ ဒီလောက်ဆို တော်ပါတော့။ ငါ သွားပရစေတော့"

မင်းသားကလေး အင်ဒရေသည် သနားစဖွယ် တောင်းပန်လျက် ရှိသည်။ ထိုအခိုက် အတွေးများ၊ အာရုံများသည် ကြည်လင်ပီသစွာ ပြန်၍ ပေါ်လာကြပြန်သည်၊

'ဟုတ်တယ်။ လောကမှာ ချစ်ခြင်းမေတ္တာဟာ အရေးကြီးဆုံးပဲ။ ဒါပေမဲ့ တစ်စုံတစ်ခုသောအရာကို ကပ်ငြိတဲ့ချစ်ခြင်းမေတ္တာမျိုး မဟုတ်ဘူး။ တစ်စုံတစ်ခုသော အရည်အသွေးကိုတပ်မက်တဲ့ ချစ်ခြင်းမေတ္တာမျိုး မဟုတ်ဘူး။ တစ်စုံတစ်ခုသော ရည်ရွယ်ချက်ကို စွဲလမ်းတဲ့ ချစ်ခြင်းမေတ္တာမျိုး မဟုတ်ဘူး။ တစ်စုံတစ်ခုသော အကျိုးစီးပွားကို ခုံမင်တဲ့ချစ်ခြင်းမေတ္တာမျိုး မဟုတ်ဘူး။ သေလုမြောပါး ဖြစ်နေတဲ့အချိန်မှာ ငါ့ရန်သူကို မြင်လျက်သားနဲ့ သူ့အပေါ်မှာ မေတ္တာတရားပွားများနိုင်တဲ့ ချစ်ခြင်းမေတ္တာမျိုးသာ ဖြစ်တယ်။ ဒီချစ်ခြင်းမေတ္တာကို ငါ ပထမဆုံး တွေ့ခဲ့ဖူးပြီ။ ဒီချစ်ခြင်းမေတ္တာမျိုးသာလျှင် စိတ်ရဲ့ မူလပစ္စည်း ဖြစ်တယ်။ ဟဒယရဲ့ မူလပစ္စည်း ဖြစ်တယ်။ ဒီ

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းမေတ္တာမျိုးဟာ ဘယ်အရာကိုမှ တွယ်တာနှောင်ဖွဲ့ခြင်း မရှိဘူး။ ခုတော့ ငါ တကယ့်သုခချမ်းသာအစစ်ကို ရပြီ။ မိမိ၏အိမ်နီးချင်းကို ချစ်ခင်ခြင်း၊ မိမိ၏ရန်သူကို ချစ်ခင်ခြင်း၊ ခပ်သိမ်းကုန်သော သတ္တဝါတို့ကို ချစ်ခင်ခြင်းစတဲ့ ချစ်ခြင်းမေတ္တာမျိုးလောက် မြင့်မြတ်စင်ကြယ်တဲ့ ချစ်ခြင်းမေတ္တာမျိုးဟာ လောကမှာ မရှိဘူး။ လူတစ်ယောက်ဟာ သူချစ်ခင်နှစ်သက်တဲ့ လူတစ်ယောက်ကို အနုသယကိလေသာတည်းဟူသော ကပ်ငြိတဲ့စိတ်နဲ့သာ ချစ်နိုင်တယ်။ ဒါပေမဲ့ ရန်သူတစ်ယောက်ကိုတော့ ဂွန္တန္တရဆောကပုဂ္ဂိုလ်များမှာသာ ကိန်းအောင်းနိုင်တဲ့ တကယ့်ဖြူစင်တဲ့ချစ်ခြင်းမေတ္တာမျိုးနဲ့သာ ချစ်ခင်နိုင်တယ်။ ဒါကြောင့် မို့ ငါဟာ ဒီလူကို ချစ်ခင်တယ်ဆိုတဲ့ အသိပေါ်ပေါက်လာချိန်မှာ ချမ်းသာသုခကို ခံစားရခြင်း ဖြစ်တယ်။ ခု သူ ဘယ်လိုများ ဖြစ်နေပါလိမ့်။ အသက်ချမ်းသာရာမှ ရပါလေရဲ့လား။

'ဧကဟ၊ သိတ ပေမ တဏှာမျိုးဟာ အချစ်ကနေ အမုန်းကို ကူးပြောင်းသွားနိုင်တယ်။ ဒါပေမဲ့ မေတ္တာတရားကတော့ ဘယ်တော့မှ မပြောင်းလဲဘူး။ မေတ္တာတရားကို ဘယ်အရာမှ မဖျက်ဆီးနိုင်ဘူး။ သေခြင်းတရားကလဲ မဖျက်ဆီးနိုင်ဘူး။ ဒီချစ်ခြင်းမေတ္တာမျိုးသာလျှင် စိတ်၏ မူလပစ္စည်း ဖြစ်တယ်။ ဒါနဲ့တောင်မှ ငါ့တစ်သက်မှာ ငါဟာ လူတွေတော်တော်များများအပေါ်မှာ မုန်းခဲ့ဖူးပါပကောလား။ အဲဒီအထဲမှာ ငါဟာ နာတာရှာကို ချစ်သလောက် ဘယ်သူ့ကိုမှလဲ မချစ်ခဲ့ဖူးသေးဘူး။ သူ့ကို မုန်းသလောက် ဘယ်သူ့ကိုမှလဲ မမုန်းခဲ့ဖူးသေးဘူး'

ဤသို့ တွေးရာမှ မင်းသားကလေး အင်ဒရေသည် နာတာရှာကို စိတ်ကူးဖြင့် မှန်းကြည့်သည်။ ယခင်ကမူ နာတာရှာ၏ ချစ်ခင်နှစ်လိုဖွယ်သော ရုပ်ဆင်းသဏ္ဌာန်ကို မြင်၍ စိတ်၌ကြည်နူးခြင်း ဖြစ်ခဲ့ရ၏။ ယခုကား မင်းသားကလေး အင်ဒရေသည် နာတာရှာ၏ လှပကြော့ရှင်းသောဆင်းပြင် ရုပ်ဝါကို မမြင်တော့ချေ။ နာတာရှာ၏အတွင်းစိတ်ကို မြင်ရလေပြီ။ နာတာရှာ၏ စိတ်ဝေဒနာ၊ နာတာရှာ၏ခံစားချက်၊ နာတာရှာ၏ သြတ္တပစိတ်၊ နာတာရှာ၏ နောင်တစိတ်တို့ကို မြင်ရလေပြီ။ မင်းသားကလေး အင်ဒရေသည်နာတာရှာကို စိမ်းစိမ်းကားကား ပစ်ပယ်ခဲ့ခြင်း၊ ရက်ရက် စက်စက်ပြုခဲ့ခြင်းအတွက် နောင်တရစပြုလေပြီ။

'အင်း ခုနေ နာတာရှာနဲ့ တစ်ကြိမ်လောက် တွေ့ချင်လိုက်ပါဘိ။ သူ့မျက်လုံးတွေကို ကြည့်ပြီး စကားလေးတစ်ခွန်းလောက် ပြောချင်စမ်းပါဘိ'

'ဖျပ် ဖျပ် ဖျပ် ဖျပ်' နှင့် မြည်သံသည် ထွက်ပေါ်မြဲထွက်ပေါ်လျက် ရှိ၏။ ယင်မမဲရိုင်းကြီးသည် 'ဝီခန်' အော်၍ လာနား၏။ မင်းသားကလေး အင်ဒရေ၏ စိတ်ကူးတို့သည် အမျှင်ပြတ်သွားကာ အာရုံသည် အခြားသို့ရောက်သွားပြန်၏။ အပ်ချောင်းပြာသာဒ်သည် တဖြည်းဖြည်း မြင့်တက်လာလျက် ရှိ၏။ ဖယောင်းတိုင်မီးတောက်ဘေးမှ အလင်းရောင်စက်ဝန်းသည်လည်း လင်းလျက်ရှိ၏။ မိန်းမတစ်ပိုင်း ခြင်္သေ့တစ်ပိုင်း နတ်နှင့် တူသော ဖြူဖြူသဏ္ဌာန်သည်လည်း တဲခါးဝတွင် မလှုပ်မယှက် ရပ်လျက် ရှိ၏။ ထိုအခိုက် တဲခါးသည် ကျီခနဲ မြည်လာကာ လေစိမ်းဝင်လာ၏။ ခြင်္သေ့တစ်ပိုင်း မိန်းမတစ်ပိုင်း နတ်ရုပ်နှင့် တူသော နောက်ထပ်သဏ္ဌာန်တစ်ခု တဲခါးဝတွင် ပေါ်လာ၏။ ထိုသဏ္ဌာန်၏ မျက်နှာသည် ဖြူရော်လျက် ရှိ၍ မျက်လုံးများမှာ သူ တွေးနေသော နာတာရှာ၏ မျက်လုံးများနှင့် ဆင်၏။

မင်းသားကလေး အင်ဒရေသည် ကယောင်ချောက်ချား ဖြစ်နေခြင်းကို စိတ်တိုလာကာ ထိုသဏ္ဌာန်ကို စိတ်ကူးထဲမှ ဖျောက်ပစ်၏။ သို့ရာတွင် ထိုသဏ္ဌာန်သည် တကယ့်သဏ္ဌာန်ပမာ ရပ်လျက်ရှိကာ အနားသို့ တိုးလာ၏။ မင်းသားကလေး အင်ဒရေသည် ခပ်စောစောကကဲ့သို့ ချစ်ခြင်းမေတ္တာ၏ သရုပ်သကန်ကို စဉ်းစားလိုသဖြင့် သူ့အာရုံကို ပြောင်းရန် ကြိုးစား၏။ သို့ရာတွင် အာရုံကို ပြောင်း၍ မရတော့ချေ။ 'ဖျပ် ဖျပ် ဖျပ် ဖျပ်' မြည်သံသည် တစ်ရံမလပ် ထွက်ပေါ်လျက် ရှိ၍။ အပ်ချောင်းပြာသာဒ်သည်လည်း တဖြည်းဖြည်း မြင့်လာခဲ့လေပြီ။ ထူးဆန်းသော ဖြူဖြူသဏ္ဌာန်သည်လည်း အနားသို့ ရောက်လာခဲ့လေပြီ။ မင်းသားကလေး အင်ဒရေသည် ရှိသမျှအင်အားကို စုစည်းကာ အာရုံပြောင်းအောင် ကြိုးစားသည်။ ကိုယ်ကို လှုပ်သည်။ ကိုယ်ကို လှုပ်လိုက်သည်နှင့် တစ်ပြိုင်နက် နားမှ တရှိရှိလေထွက်လာကာ မျက်လုံးများသည် မှုန်ဝါးလာကြသည်။ ထို့နောက်၌ကား ရေထဲသို့ စုပ်ခနဲ မြုပ်သွားသူကဲ့သို့ သတိလစ်သွားလေသည်။ သတိရလာသောအခါ၌ကား.....။

www.burmeseclassic.com

www.burmeseclassic.com

သတိရလာသောအခါ၌ကား ကမ္ဘာပေါ်ရှိ လူသားများအနက် အဖြူစင်ဆုံး၊ အသန့်စင်ဆုံး၊ အမွှန်မြတ်ဆုံး ချစ်ခြင်းမေတ္တာဖြင့် မိမိအချစ်လိုဆုံးသော နာတာရှာ၊ စိတ်ထင်မဟုတ်ဘဲ တကယ် အသက်ရှင် လှုပ်ရှားနေသော နာတာရှာ၊ ထိုနာတာရှာသည် သူ့အပါးတွင် ဒူးထောက်၍ ထိုင်လျက် ရှိ၏။ ထိုသဏ္ဌာန်သည် တကယ့်နာတာရှာဖြစ်ကြောင်း မင်းသားကလေး အင်ဒရေ သိ၏။ သို့ရာတွင် မင်းသားကလေး အင်ဒရေသည် အံ့သြခြင်း မဖြစ်တော့ချေ။ စိတ်ထဲ၌ ကြည်နူးလန်းဆတ်ခြင်းသာ ဖြစ်ပေါ်လာ၏။ နာတာရှာသည် ဒူးတုပ်၍ မလှုပ်မယှက်ထိုင်နေရာမှ (လှုပ်လည်း မလှုပ်နိုင်တော့ပါ။) ထိတ်လန့်စိုးရွံ့သော မျက်လုံးများဖြင့် မင်းသားကလေး အင်ဒရေကိုကြည့်ရင်း ကျိတ်၍ ငိုရှိုက်လျက် ရှိ၏။ နာတာရှာ၏ မျက်နှာသည် ဖြူရော်ကာ အသက်ကင်းမဲ့လျက် ရှိ၏။ နှုတ်ခမ်းကလေး များသာလျှင် တရွရွလှုပ်နေကြလေသည်။

မင်းသားကလေး အင်ဒရေသည် သက်မကြီးချလိုက်၍ ပြုံးကာ လက်ကို ကမ်းပေးလိုက်၏။

"နာတာရှာ" မင်းသားကလေး အင်ဒရေက ခေါ်လိုက်၏။ "လာသေးတယ်နော်"

နာတာရှာသည် ဒူးထောက်လျက်က မင်းသားကလေး အင်ဒရေ၏ အနီးသို့ တိုးလာပြီး လက်ကို ယုယစွာကိုင်၍ နှုတ်ခမ်းများဖြင့် ညင်သာစွာ နမ်းလျက် ရှိသည်။

"နာတာရှာကို ခွင့်လွှတ်ပါ အစ်ကို" နာတာရှာသည် ခေါင်းကိုမော့၍ မင်းသားကလေး အင်ဒရေကို ကြည့်ကာ လေသံဖြင့်ဆို၏။ "နာတာရှာ့ကို ခွင့်လွှတ်ပါ"

"နာတာရှာ့ကို အစ်ကိုချစ်တယ်" မင်းသားကလေး အင်ဒရေက ပြောသည်။

"နာတာရှာ့ကို ခွင့်လွှတ်"

"ဘာ့အတွက် ခွင့်လွှတ်ရမှာလဲ နာတာရှာ"

"နာတာရှာ နာတာရှာ ပြုမှားမိခဲ့သမျှ ခွင့်လွှတ်ပါ အစ်ကို" နာတာရှာသည် ကြားနိုင်ရုံမျှ လေသံသဲ့သဲ့ကလေးဖြင့် အနိုင်နိုင်ဆိုကာ မင်းသားကလေး အင်ဒရေ၏ လက်ကို နှုတ်ခမ်းများဖြင့် ထို၍ တရှုပ်ရှုပ်နမ်းနေသည်။

"နာတာရှာ့ကို အစ်ကိုချစ်တယ် နာတာရှာ။ အရင်တုန်းကထက် ပိုလို့ချစ်တယ်။ ပိုလို့ မြတ်နိုးတယ်။" မင်းသားကလေးအင်ဒရေသည် နာတာရှာ၏ မျက်နှာကို လက်ဖြင့် မယူကာ မျက်လုံးများကို ကြည့်နေသည်။

ကြည်နူးသောမျက်ရည်တို့ ဝေ့လည်လျက်ရှိသည့် နာတာရှာ၏ မျက်လုံးများသည် မင်းသားကလေး အင်ဒရေကို ရှက်ရွံ့ကြောင်နာစွာ ကြည့်နေကြသည်။ နာတာရှာ၏ သွယ်လျဖြူရော်သော မျက်နှာကလေးသည် ရိုးသား၍ အပြစ်ကင်းသောအသွင်ကို ဆောင်လျက် ရှိသည်။ သို့ရာတွင် မင်းသားကလေး အင်ဒရေသည် နာတာရှာ၏ မျက်နှာတစ်ခုလုံးကို မမြင်။ တဖျတ်ဖျတ် တောက်၍ နေသော လှုပသည့် နာတာရှာ၏ မျက်လုံးများကိုသာ မြင်နေ၏။ ထိုအခိုက် တံခါးပေါက်မှ အသံများ ကြားရ၏။

မင်းသားကလေး အင်ဒရေ၏ အပါးတော်မြဲသည် အိပ်ရာမှ နိုးကာ ဆရာဝန်ကို နှိုးလာ၏။ ခြေထောက်ကိုက်သဖြင့် အိပ်၍မပျော်သော တိမိုခင်သည် ၎င်းတို့နှစ်ဦးကို ငေးကြည့်နေရင်း ကိုယ်ကို စောင်ဖြင့်ပတ်ကာ ခုံတန်းလျားပေါ်မှ ဖင်ဒရွတ်ဆွဲ၍ တိုးလာ၏။

"ဟင် ဘယ်လိုဖြစ်တာလဲ။ ကဲ ကျေးဇူးပြုပြီး ကိုယ့်စခန်း ကိုယ်ပြန်ပါဗျာ။ ကျွန်တော် တောင်းပန်ပါတယ်" ဆရာဝန်က အိပ်ရာမှ ထလာရင်း ဆို၏။

ထိုအတောအတွင်း အိပ်ရာထဲတွင် နာတာရှာ ပျောက်နေကြောင်း တွေ့ရသဖြင့် မြို့စားကတော်ကြီး လွှတ်လိုက်သော အစေတော်မိန်းမတစ်ဦးလည်း ရောက်လာကာ တံခါးကို တဒေါက်ဒေါက်ခေါက်လျက် ရှိသည်။

နာတာရှာသည် အိပ်မွေ့ချခံရရာမှ နိုးလာသကဲ့သို့ ရုတ်ခနဲ ထကာ တဲပြင်သို့ ထွက်လာခဲ့၍ မိမိတဲသို့ ရောက်လျှင် အိပ်ရာပေါ်တွင် လဲချကာ ငိုရှိုက်လျက် ရှိလေသတည်း။

ထိုအချိန်မှစ၍ လမ်းတွင် စခန်းချတိုင်း နာတာရှာသည် မင်းသားကလေး အင်ဒရေ၏ အပါးမှ ပြုစုပုံမှာ အံ့သြဖွယ်ကောင်းလောက်အောင် ကျွမ်းကျင်ရကား ဤမျှငယ်ရွယ်သော မိန်းကလေးတစ်ယောက်က ဤမျှရဲဝင့်ကျွမ်းကျင်စွာ ပြုစုတတ်လိမ့်မည်ဟု မိမိ လုံးဝမမျှော်လင့်ကြောင်းဖြင့် ဆရာဝန်ကပင် ထုတ်ဖော်ပြောဆိုခြင်း ပြုလေသည်။

အကယ်၍ မင်းသားကလေး အင်ဒရေသည် ခရီးသွားရင်း နာတာရှာ၏ ရင်ခွင်ထဲတွင် အသက်ပျောက်သွားပါက (ဆရာဝန်ပြောပုံကို ထောက်သော် ဤအတိုင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ဖို့များသည်။) နာတာရှာ၏အခြေအနေမှာ ပို၍ဆိုးလာမည်ကို မိခင်မြို့စားကတော်ကြီး သိသော်လည်း မြို့စားကတော်ကြီးသည် နာတာရှာ၏အလိုဆန္ဒအတိုင်း မင်းသားကလေးအင်ဒရေကို ပြုစုစောင့်ရှောက်ခွင့်ပြုထားရပေသည်။ မည်သို့မျှ မပြောသာတော့ချေ။ နာတာရှာနှင့် မင်းသားကလေးအင်ဒရေတို့မှာ ယခုအချိန်တွင် များစွာရင်းနှီးလျက် ရှိပြီဖြစ်ရကား အကယ်၍ မင်းသားကလေးအင်ဒရေ ပြန်လည်ကျန်းမာလာပါက ၎င်းတို့နှစ်ဦး၏ ဧစ္ဆပ်ကြောင်းလမ်းခြင်းကိစ္စမှာ အလိုလို အဆင်ပြေသွားတော့မည်ဟု အားလုံးကတွေးမိကြသော်လည်း ထိုကိစ္စကို မည်သူကမျှ စကားမဟကြချေ။ ကာယကံရှင်နှစ်ဦးကိုယ်တိုင်ကလည်း ထိုကိစ္စကို မပြောကြချေ။ ယခုအချိန်တွင် သေမည်လော၊ ရှင်မည်လော ဟူသည့် ပြဿနာကြီးကို ကြုံတွေ့နေရသူမှာ မင်းသားကလေးအင်ဒရေတစ်ဦးတည်းသာမက ရုရှားနိုင်ငံကြီး တစ်နိုင်ငံလုံးပင် ဖြစ်ရာ ထိုပြဿနာကြီးသည် အခြားသော ကိုယ်ရေးကိုယ်တာ ပြဿနာများကို လွှမ်းခြုံထားလျက် ရှိပေသတည်း။

အခန်း ၃၃

စက်တင်ဘာလ ၃–ရက်နေ့ နံနက်တွင် ပီယာသည် နေမြင့်မှ အိပ်ရာက နိုးလာလေသည်။ တစ်ခေါင်းလုံး အုံလျက်ရှိကား ယမန်နေ့ညက အဝတ်အစားမလဲဘဲ အိပ်ပျော်သွားသည့်အတွက်ကြောင့်လည်း အိပ်ရာထတွင် သက်သောင့်သက်သာမဖြစ်ဘဲ အနေရကျပ်လျက် ရှိ၏။ ယမန်နေ့က မိမိပြုခဲ့သောအပြုအမူကို တွေး၍လည်း ရှက်သလိုလို ဖြစ်နေသည်။ ထိုအပြုအမူကား အခြားမဟုတ်။ ပြင်သစ်တပ်ဗိုလ် ရမ်ဗေးနှင့် စကားလက်ဆုံကျခဲ့ခြင်း ဖြစ်လေသည်။

အချိန်မှာ နံနက်ဆယ့်တစ်ချက်တီးလေပြီ။ သို့ရာတွင် အပြင်ဘက်၌ကား မှောင်နေဆဲပင် ဖြစ်၏။ ပီယာသည် အိပ်ရာမှ ထ၍ မျက်လုံးများကို ပွတ်ကြည့်လိုက်ရာ မနေ့က ဂျီရာဆင်ထားသွားသော ပြောင်းတိုသေနတ်ကို စားပွဲပေါ်တွင် အတိုင်းသားတွေ့ရ၏။ ထိုအခါကျမှ ပီယာသည် မိမိရောက်နေသည့်နေရာနှင့် မိမိလုပ်ရမည့် အလုပ်ကို ပြန်၍ သတိရလာလေသည်။

'သိပ်တော့ နောက်မကျသေးဘူး ထင့်ပါရဲ့။ ဟိုခွေးကောင်တော့ မွန်းလွဲမှ မြို့ထဲဝင်မယ် ထင်တယ်' ဟု ပီယာ တွေးမိသည်။

ပီယာသည် နောက်ထပ်တွေးတောငေးမောခြင်း မပြုတော့ဘဲ လုပ်စရာရှိသည်များကို ချက်ချင်း ထလုပ်သည်။

အဝတ်အစားကို သပ်ရပ်စေပြီးနောက် ပြောင်းတိုသေနတ်ကိုယူကာ ထွက်ရန် ဟန်ပြင်လိုက်၏။ ထိုအခါကျမှ လမ်းတွင် သေနတ်ကြီးကို ဖြောင်ကိုင်သွား၍ မဖြစ်ကြောင်း သတိရလာသည်။ ဤမျှကြီးမားသော ပြောင်းတိုသေနတ်ကြီးကို ဝတ်ရုံအင်္ကျီအောက် ဝှက်၍ ယူသွားလျှင်ပင် ဘွားဘွားကြီး ပေါ်နေဦးမည် ဖြစ်၏။ ခါးတွင် ချိတ်ယူသွားဖို့၊ ထိုပြင် ချိုင်းကြားတွင် ညှပ်သယူသွားဖို့ဆိုသည်ကား ဆိုဖွယ်မရှိတော့ချေ။ ချိုင်းကြားတွင် ညှပ်၍ ထွက်လျှင် ကျည်ကို ထုတ်ထားရမည်ဖြစ်ရာ အရေးရှိမှ ကျည်ထိုးနေရန်လည်း အချိန်မရချေ။ 'ကိစ္စမရှိဘူးလေ သေနတ်သုံးလို့ မဖြစ်ရင်လဲ ဓားမြှောင်ပဲ သုံးရတော့မှာပေါ့' ဟု တွေးမိသည်။ သို့ရာတွင် ထိုအင်္ကြီအစည်းကို မိမိစတင်စိတ် ကူးခဲ့စဉ်က ၁၈၀၉–ခုနှစ်က ကျောင်းသား၏အဓိကအမှားမှာ နပိုလီယန်ကို ဓားမြှောင်ဖြင့် လုပ်ကြံရန် ကြံစည်ခဲ့ခြင်း ဖြစ်သည်ဟု မိမိကိုယ်တိုင် တစ်ကြိမ်မက တွေးခဲ့ပြီးဖြစ်သည်ကိုမူ ပီယာ သတိမရတော့ချေ။ မည်သို့ဆိုစေ မိမိ၏အဓိကရည်ရွယ်ချက်မှာ ထိုအင်္ကြီအစည်းကို လက်တွေ့လုပ်ဆောင်ရေး မဟုတ်တော့ဘဲ စိတ်ကူးထည့်ထားခြင်းသာ ဖြစ်သည်ဟု ယူဆသည့်နှယ် ပီယာသည် အစိမ်းရောင်ဓားအိမ်စွပ်ထားသည့် ဓားမြှောင်တစ်ချောင်းကို ခါးကြားထဲသို့ထိုးထည့်လိုက်သည်။ ထိုဓားမြှောင်ကို သေနတ်ပြောင်းတိုနှင့်အတူ စူခါရက်ဈေးမှ ဝယ်လာခဲ့ခြင်း ဖြစ်၏။

ပီယာသည် ဝတ်ရုံအင်္ကျီကြီးပေါ်တွင် ခါးပတ်ပတ်လိုက်ပြီးနောက် ဦးထုပ်ကို ခပ်စိုက်စိုက်ဆောင်းကာ ပြင်သစ်တပ်ဗိုလ် ရမ်ဗေးနှင့် မတွေ့အောင် ရှောင်ကွင်းလျက် အိမ်အောက်သို့ ခပ်သုတ်သုတ်ဆင်း၍ လမ်းမသို့ ထွက်လာခဲ့သည်။

ပီယာသည် မော်စကိုမြို့ကြီး မီးဟုန်းဟုန်းတောက်လောင်လျက်ရှိခြင်းကို ယမန်နေ့ညနေကတည်းကပင် တွေ့

www.burmeseclassic.com

www.burmeseclassic.com

မြင်ခဲ့သော်လည်း ခပ်အေးအေးပင် သဘောထားခဲ့သည်။ မီးမှာ ညတွင်းချင်း ပျံ့နှံ့လာခဲ့လေပြီ။ မော်စကိုနေရာ အနှံ့အပြားတွင် လောင်ကျွမ်းလျက် ရှိလေပြီ။ ရထားတန်းမှ ဆိုင်များ၊ မော်စကာဗာမြစ် တစ်ဖက်ကမ်းမှ အိမ်များ၊ မြို့မဈေးကြီးနှင့် ပိုဗာစကွိုင်ရပ်ကွက်မှ အိမ်များ၊ မြစ်ထဲရှိ သစ်ဖောင်များ၊ လှေများနှင့် ဒိုရိုဂိုမိလော့တဲ့တားမှ သစ်ဆိုင်များအားလုံးမှာ မီးဟုန်းဟုန်းတောက်လျက် ရှိလေပြီ။

ပီယာသည် ပိုဗာစကွိုင်ရပ်ကွက်သို့ ပထမ လာခဲ့ပြီး ထိုမှ အာရဗတ်ပန်းခြံအနီးရှိ သျှင်နီကိုလေ သုဓမ္မာဇရပ်သို့ လာခဲ့၏။ ထိုနေရာတွင် အတန်ကြာရပ်၍ နပိုလီယန်ကို လုပ်ကြံရေးဟူသော မိမိ၏အကြံအစည်ကို အကောင်အထည်ဖော်သင့် မဖော်သင့် စဉ်းစားနေသေးသည်။ အနီးရှိ အိမ်ဝင်းများမှာ အခိုင်အလုံ သော့ခတ်ထားကြ၏။ လမ်းမကြီးများနှင့် လမ်းသွယ်ကလေးများမှာလည်း တိတ်ဆိတ်ခြောက်သွေ့လျက် ရှိ၏။ လေသည် မီးခိုးများ၊ မီးလောင်သောအနံ့များနှင့် ပြွမ်းလျက် ရှိ၏။ တစ်ခါတစ်ရံတွင် စိုးရိမ်ထိတ်လန့်သော မျက်နှာထားများနှင့် ရုရှားများကို တွေ့ရ၍။ တစ်ခါတစ်ရံ၌လည်း လမ်းမတွင် လျှောက်နေသော ပြင်သစ်စစ်သားများကို တွေ့ရ၏။ ၎င်းတို့ကား မြို့တစ်မြို့တွင် တပ်စွဲနေသော စစ်တပ်မှ တပ်သားများနှင့် မတူဘဲ ရှေ့တန်းစစ်မျက်နှာတစ်ခုတွင် စခန်းချနေသောစစ်တပ်မှ တပ်သားများနှင့်သာ တူတော့သည်။ လမ်းတွင်တွေ့သည့် ရုရှားများနှင့် ပြင်သစ်တပ်သားများအားလုံးကပင် ပီယာကို တအံ့တသြကြည့်သွားကြ၏။ ရုရှားများက ပီယာကို ကြည့်ကြခြင်းမှာ ၎င်း၏မြင့်မားသောအရပ်အမောင်း၊ တောင့်တင်းကြွှေစိုင်သော ကိုယ်လုံးကိုယ်ထည်နှင့် သုန်မှုန်လျက်ရှိသော မျက်နှာထားကြောင့်သာ မဟုတ်၊ ထိုလူသည် မည်သို့သောအတန်းအစားထဲကပေနည်းဟူ၍ သိလိုသောကြောင့်လည်း ဖြစ်လေသည်။ ပြင်သစ်များက ပီယာကို မျက်စိတစ်ဆုံး မျှော်ကြည့်၍ နေကြခြင်းမှာ ပီယာသည် အခြားရုရှားများကဲ့သို့ ပြင်သစ်တပ်သားများကို ကြောက်ရွံ့အံ့သြသောအမူအရာမျိုးဖြင့် ကြည့်ရှုခြင်း မပြုရုံမျှမက ၎င်းတို့အား အနည်းငယ်မျှ ဂရုစိုက်ဟန် မရှိသောကြောင့် ဖြစ်လေသည်။ အိမ်တစ်အိမ်ရှေ့၌ကား ပြင်သစ်တပ်သားသုံးယောက်တို့သည် ရုရှားလူမျိုးအချို့ကို တစ်စုံတစ်ရာ မေးမြန်းလျက် ရှိလေရာ ပီယာကို မြင်သည်၌ ရပ်စေ၍ ပြင်သစ်စကား တတ်မတတ် မေးမြန်းကြသည်။

ပီယာသည် ခေါင်းယမ်း၍ ဆက်လက်လျှောက်လာခဲ့၏။ လမ်းသွယ်တစ်ခုခွ အစိမ်းရောင်သုတ်ထားသော ခဲယမ်းမီးကျောက်တင် နောက်တွဲလှည်းတစ်စီးနားတွင် ရပ်နေသော အစောင့်တပ်သားတစ်ဦးသည် ပီယာကို အော်ဟစ်လျက် ရှိ၏။ နောက်ဆုံး၌ အစောင့်တပ်သားက ဒေါသသံကြီးဖြင့် ထပ်မံအော်ဟစ်ကာ ကျည်တစ်လုံးထိုးသေနတ်ကို ချက်ခနဲမောင်းတင်၍ ပစ်တော့မည်ပြုသည့်အခါကျတော့မှ ထိုလမ်းတွင်ဖြတ်သန်းသွားလာခွင့်မပြုကြောင်းကို ပီယာ သတိထားမိတော့သည်။ ပီယာသည် မိမိပတ်ဝန်းကျင်ကို မြင်လည်း မမြင်၊ ကြားလည်း မကြားတော့ချေ။ ၎င်း၏ဆုံးဖြတ်ချက်ကိုသာ စိတ်ကူးဖြင့် အကောင်အထည်ဖော်လျက် ရှိလေသည်။ ယမန်နေ့ညက အတွေ့အကြုံကြောင့် အကြံပျက်သွားမည်ကို စိုးရိမ်လျက် ရှိသည်။ သို့ရာတွင် မည်မျှပင် ၎င်း၏အကြံအစည်ကို အကောင်အထည်ဖော်လိုသည်ဖြစ်စေ ပီယာ့အဖို့ ကံမလိုက်ချေ။ ပီယာသည် လမ်းတွင် တစ်စုံတစ်ရာ အနှောင့်အယှက်မရှိဘဲ ဖြတ်သန်းလာနိုင်ခဲ့သည့်တိုင်အောင်လည်း ယခုအချိန်၌ ၎င်း၏အကြံအစည်ကို အကောင်အထည်ဖော်ရန် အချိန်နှောင်းခဲ့လေပြီ။ အကြောင်းသော်ကား နပိုလီယန်သည် ဒိုရိုဂိုမိလော့ဆင်ခြေဖုံးမှ ကရင်မလင် နန်းတော်သို့ လာခဲ့စဉ် လွန်ခဲ့သည့်လေးနာရီအချိန်ကပင်လျှင် အာရဗတ်လမ်းကို ဖြတ်သန်းသွားခဲ့ပြီး ဖြစ်ရုံမျှမက ယခုအချိန်၌ ကရင်မလင်နန်းတော်အတွင်းရှိ စာကြည့်ဆောင်ထဲတွင်များစွာ စိတ်လက်မကြည်မသာဖြင့် ထိုင်ရင်း မီးများကို ငြိမ်းသတ်ရေး၊ လုယက်ဖောက်ထွင်းမှုများ မဖြစ်အောင် ကာကွယ်ရေး၊ မြို့သူမြို့သားများကို ငြိမ်ဝပ်စေရေးစသည့် ကိစ္စအဝဝနှင့် စပ်လျဉ်း၍ လုပ်ဆောင်ဖွယ်ရှိသည်များကို လုပ်ဆောင်ရန် အမိန့်များကို တိတိကျကျ ထုတ်ပြန်လျက် ရှိသောကြောင့်ပေတည်း။ သို့ရာတွင် ပီယာသည် ဤအချက်ကို မသိသေးချေ။ မိမိတွေ့ကြုံရအံ့သော အဖြစ်အပျက်ကြီးကိုသာ စဉ်းစားလျက်ရှိရာမှ ယခုကဲ့သို့ နဖူးတွေ့ ဒူးတွေ့ တွေ့ရမည့်အချိန်တွင် ကြောက်စိတ်ဝင်ကာ ကိုယ့်ကိုယ်ကို အထင်သေးလျက်ရှိခြင်းကြောင့် (ခက်ခဲ

www.burmeseclassic.com

www.burmeseclassic.com

ပင်ပန်းခြင်း မရှိသော်လည်း မိမိ၏ပင်ကိုယ်သဘာဝနှင့် မကိုက်ညီသော အလုပ်ကြိုးတစ်ခုကို မရှောင်မလွှဲသာ ဆောင်ရွက်နေသူတစ်ဦးကဲ့သို့) အကြီးအကျယ် စိတ်ဆင်းရဲလျက် ရှိလေသည်။

ပီယာသည် ပတ်ဝန်းကျင်ကို မြင်ခြင်း ကြားခြင်း မရှိသော်လည်း မိမိသွားရမည့်လမ်းကိုကား အလိုလိုသိနေကာ တစ်ချက်ကလေးမျှ လမ်းမှားခြင်းမရှိဘဲ ပိဗာစကွိုင်ရပ်ကွက်သို့ ရောက်သွားလေသည်။

ပိဗာစကွိုင်လမ်းနားသို့ ရောက်လာသောအခါ မီးခိုးလုံးကြီးများမှာ ထူထပ်သည်ထက် ထူထပ်လာခဲ့လေပြီ။ မီးဟပ်သည့်အရှိန်ကလည်း တဖြည်းဖြည်း ပြင်း၍ လာခဲ့လေပြီ။ တစ်ခါတစ်ရံတွင် မီးတောက်ကြီးများသည် လျှာကြီးများကို လိပ်၍ ထုတ်လိုက်သည့်နှယ် ဝေါင်ကျမ်းလျက် ရှိသော အိမ်မိုးများအောက်မှ ထွက်လာကြ၏။ ထိုရပ်ကွက်၌ကား လူတော်တော်များများကို တွေ့ရပြီး ၎င်းတို့အားလုံးမှာလည်း အလွန်အမင်းထိတ်လန့် တုန်လှုပ်လျက် ရှိကြသည်။ ပီယာမှာ မိမိ၏ပတ်ဝန်းကျင်တွင် ထူးခြားသော အခြင်းအရာများ ဖြစ်လျက်ရှိခြင်းကို သိသော်လည်း တဟုန်းဟုန်းတောက်လောင်လျက်ရှိသည့် မီးတောက်များအနီးသို့ ရောက်လာသည်ကိုမူ သတိမထားသေးချေ။ သို့ဖြင့် ပိဗာစကွိုင် ရပ်ကွက်နှင့် မင်းသားကြီး ဂရူဇင်စကီ၏ ဥယျာဉ်တော်ကြား ကွက်လပ်ပေါ်ရှိ လူသွားလမ်းကလေးအတိုင်း လျှောက်လာခဲ့စဉ် မိမိအနီးမှ မိန်းမတစ်ယောက်၏ ရှိုက်ကြီးတငင်ငိုသံကို ပီယာ ရုတ်တရက်ကြားလိုက်ရ၏။ ပီယာသည် အိပ်မက်မှ လန့်နိုးလာသူကဲ့သို့ ဗြုန်းခနဲ ရပ်၍ ခေါင်းမော့ကြည့်လိုက်မိသည်။

လူသွားလမ်းဘေးရှိ ဖုန်အလိမ်းလိမ်းကပ်နေသော မြက်တောထဲ၌ ငှက်မွေးအိပ်ရာများ၊ လက်ဖက်ရည်အိုးများ၊ ဘုရားကားများ၊ သေတ္တာများစသည့် အိမ်ထောင်ပစ္စည်းများ စုပုံထားခြင်းကို မြင်ရ၏။ သေတ္တာများအနီးမှမြင်ကြီးပေါ်၌ကား ဝတ်စုံအနက်ကို ဝတ်၍ ဦးထုပ်တစ်လုံးကို ဆောင်းလျက် အသက်ခပ်ရွယ်ရွယ် ပိန်ပိန်ပါးပါးသွားခေါခေါ မိန်းမတစ်ယောက် ထိုင်လျက် ရှိ၏။ ထိုမိန်းမရွယ်သည် ကိုယ်ကို ထိုမှ ဤမှ လှုပ်ယမ်း၍ ရွတ်ဆိုမြည်တမ်းကာ ရှိုက်ကြီးတငင် ငိုကြွေးလျက် ရှိလေသည်။ ညစ်ပတ်ပေရေသည့် ခပ်တိုတိုဂါဝန်ကလေးများကို ဝတ်ဆင်ထားသော ဆယ်နှစ်ရွယ်နှင့် တစ်ဆယ့်နှစ်နှစ်ရွယ် ကလေးမလေးနှစ်ယောက်သည် ဖြူရော်ထိတ်လန့်သော မျက်နှာထားများဖြင့် ၎င်းတို့၏မိခင်ကို ငေးကြည့်နေကြသည်။ အထွေးဆုံးဖြစ်ဟန်ရှိသည့် ခုနစ်နှစ်ရွယ် သူငယ်ကလေးမှာမူ ဝတ်ရုံအင်္ကျီငယ်ကလေးကို ဝတ်လျက် ၎င်း၏ကိုယ်ပိုင်ဟုတ်ဟန် မတူသော ဦးထုပ်ကြီးတစ်လုံးကို ဆောင်းထားကာ ကလေးထိန်းအဘွားကြီး၏ ရင်ထဲတွင် တစာစာငိုကြွေးလျက် ရှိ၏။ ညစ်ပတ်ပေရေသော အခိုင်းအစေ သူငယ်မကလေးတစ်ယောက်သည် ဖိနပ်မျှပင် မပါဘဲ သေတ္တာတစ်လုံးပေါ်တွင် ထိုင်လျက်ရှိရာမှ နီကျင့်ကျင့် ကျစ်ဆံမြီးကြီးကို ဖြေချကာ မီးလောင်ကျွမ်းသွားသောဆံပင်များကို နမ်းကြည့်နေ၏။ ထိုမိန်းမရွယ်၏ ယောကျ်ားမှာ မျက်နှာသေးသေး၊ အရပ်ပုပု၊ ပခုံးဝိုင်းဝိုင်းဖြစ်၍ အုပ်ချုပ်ရေးအရာရှိဝတ်စုံကို ဝတ်ထား၏။ ၎င်း၏နှုတ်ခမ်းမွေးမှာ ဝက်အူချောင်းပုံ ဖြစ်၏။ ဦးထုပ်အောက်မှ ၎င်း၏ဆံပင်များသည် နားထင်ပေါ်သို့ ဝဲကျလျက် ရှိကြ၏။ ထိုလူသည် တစ်လုံးပေါ် တစ်လုံးဆင့်ထားသော သေတ္တာများကို ရွှေ့လျက်ရှိကာ သေတ္တာအောက်မှ မိန်းမဝတ်စုံများကို ဆွဲထုတ်လျက် ရှိသည်။

မိန်းမရွယ်သည် ပီယာကို မြင်သည့်အခါ၌ ပီယာ၏ ခြေထောက်အနီးတွင် လဲချလိုက်ကာ

"မောင်လေး၊ အစ်မကြီးတို့ကို မကယ်နိုင်တော့ဘူးလားကွယ့်။ ကယ်ကြပါဦး။ ဘယ့်နယ် လုပ်ကြရမလဲ။ ကယ်ကြပါဦး" မိန်းမရွယ်သည် ငိုရှိုက်ရင်း ပြောနေ၏။ "အစ်မကြီး သမီးလေး၊ အစ်မကြီး သမီး အငယ်ဆုံးလေး အိမ်ထဲမှာ ကျန်ရစ်ခဲ့ပြီကွယ့်။ မီးထဲမှာ ကျန်ရစ်ခဲ့ပြီကွယ့်။ မကယ်နိုင်တော့ဘူးလား။ အမယ်လေး သမီးရဲ့၊ သမီးကို မီးလောင်ဖို့ မေမေ မွေးပေးခဲ့ရသလို ဖြစ်ပါပေါ့လား သမီး လေးရဲ့"

"မေရီကလဲ၊ တော်ပါတော့ကွာ" ယောကျ်ားဖြစ်သူက လှမ်းပြောလိုက်သည်။ ပြောမည့်သာ ပြောရသော်လည်း ၎င်းကိုယ်တိုင် ဖြေဆည်နိုင်ဟန် မရှိချေ။ သူစိမ်းရှေ့တွင် ယောကျ်ားရင့်မကြီးဖြစ်၍ ချုပ်တည်းထားရဟန်ရှိလေသည်။ "မမလက်ထဲမှာ ပါသွားမှာပါ။ ဒီပြင် ဘယ်မှ မရောက်နိုင်ပါဘူး"

"ရှင်ကတော့ ပြောမှာပေါ့လေ၊ ပြောမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

မွေးထုတ်ထားရတာမှ မဟုတ်ဘဲကိုး" မိန်းမရွယ်သည် အငိုတိတ်ကာ ယောကျ်ားဘက်သို့ လှည့်၍ ရန်ထောင်၏။ "ကိုယ့်ကလေးတစ်ယောက်လုံး မီးထဲပါတာတောင် တုတ်တုတ်မှ မလှုပ်ဘူး၊ ဒီပြင့်အဖေသာဆိုရင် ကိုယ့်ကလေးကို မီးထဲ ဝင်ယူမှာပေါ့၊ ရှင်ဟာ ယောကျ်ားလဲ မဟုတ်ဘူး၊ ဖအေလဲ မဟုတ်ဘူး။ လူယုတ်မာ၊ လူယုတ်မာ သိပလား" မိန်းမရွယ်သည် ယောကျ်ားကို ရန်ထောင်၍ အားရဟန်ရှိသည့်အခါ ပိယာဘက်သို့ လှည့်လိုက်လျက်

"မောင်လေးရယ်၊ မီး မီးလို့အော်တာနဲ့ အစ်မကြီး တို့လဲ ပစ္စည်းကလေးတွေ ရနိုင်သမျှ သိမ်းပြီး ပြေးလာခဲ့ကြတာပါပဲ။ သိပ်လဲ မယူနိုင်ပါဘူး။ ဘုရားကားတွေနဲ့ အစ်မကြီး အိပ်ရာလိပ်လောက်ပဲ သယ်နိုင်ပြီး ကျန်တာတွေ အကုန်လုံး ထားပစ်ခဲ့ရတာပါပဲ၊ ကလေးတွေကို တစ်ယောက် တစ်လက်ဆွဲပြီး ပြေးခဲ့ကြတာ။ ခုတော့ အစ်မကြီး သမီးလေး မပါတော့ဘူး မောင်လေးရဲ့။ မီးထဲမှာ ကျန်ရစ်ခဲ့ပြီ။ ဒီလောက်ဆို အစ်မကြီး သမီးလေး မီးကျွမ်းပြီ မောင်လေးရဲ့။ မကယ်နိုင်တော့ဘူးလား:"

"ဘယ်နားမှာ ကျန်ရစ်ခဲ့တာလဲ အစ်မကြီး" ပိယာက မေး၏။

မိန်းမရွယ်သည် ပိယာ၏ စကားကို ကြားလိုက်ရသဖြင့် အားတက်လာပုံရကာ ပိယာ၏ ခြေထောက်ကို လှမ်းဖက်လိုက်လျက်

"အမလေး မောင်မင်းကြီးသား ဘုန်းကြီးလို့ သက်ရှည်ပါစေကွယ်။ ဟဲ့ အနီစကာ၊ သွား လိုက်ပြီးပြေချည်စမ်း" ဟု အခိုင်းအစေသူငယ်မလေးကို အော်ပြောလိုက်၏။

"ဘယ်မှာလဲ ဘယ်မှာလဲ။ လာ လာ" ပိယာက အလောသုံးဆယ် ဆို၏။

ညစ်ပတ်ပေရေသော အခိုင်းအစေ သူငယ်မကလေးသည် သေတ္တာနောက်မှ ထလာကာ ကျစ်ဆံမြီးကို ခွေလိုက်ပြီးနောက် သက်ပြင်းချလိုက်လျက် လူသွားလမ်းကလေးတစ်လျှောက် စိုက်စိုက် စိုက်စိုက်နှင့် ရှေ့က ထွက်လေသည်။ ပိယာသည် အချိန်ကြာမြင့်စွာ သတိလစ်နေရာမှ သတိရလာသူကဲ့သို့ လှုပ်ရှားလာသည်။ ပိယာသည် ခေါင်းကို မော့ထားလိုက်မိသည်။ ၎င်း၏ မျက်လုံးများသည် တောက်ပ ဝင်းလက် လာကြသည်။ ထို့နောက် သွက်လက်သော ခြေလှမ်းများဖြင့် အခိုင်းအစေ သူငယ်မကလေးနောက်သို့ အမီလိုက်လာကာ ပိဗာစကိုင်ရပ်ကွက်ထဲသို့ ဝင်လာခဲ့ကြ၏။ လမ်းတစ်လမ်းလုံးမှာ မည်းမှောင်သော မီးခိုးလုံးကြီးများ ဖုံးအုပ်လျက်ရှိ၍ ထိုမီးခိုးလုံးကြီးများထဲမှ မီးတောက်သည် ရှည်လျားသောလျှာကြီးများသဖွယ် ထိုးထွက်လာကြ၏။ လူအုပ်ကြီးတစ်အုပ်သည် မီးတောက်ကြီးတစ်ခုကို ဝိုင်းအုံကြည့်နေကြသည်။ ပြင်သစ်ဗိုလ်ချုပ်တစ်ယောက်သည် လမ်းလယ်၌ ရပ်ကာ မိမိအနီးတွင် ဝိုင်းအုံနေကြသူများကို တစ်စုံတစ်ရာ ပြောဆိုလျက် ရှိသည်။ ပိယာနှင့် အခိုင်းအစေ သူငယ်မကလေးသည် ပြင်သစ်ဗိုလ်ချုပ် ရပ်နေရာသို့ တည့်တည့်ကြီး လာခဲ့ကြရာ ပြင်သစ်တပ်သားများက တားထားကြ၏။

"ဒီလမ်းက မသွားရဘူးဗျ" တပ်သားတစ်ယောက်က ဆို၏။

"ဒီလမ်းပဲ ဦးလေး၊ လာ လာ။ လမ်းကြားထဲက ဝင်ရအောင်"

ပိယာသည် သူငယ်မကလေးနောက်သို့ လိုက်လာခဲ့၏။ သူငယ်မကလေးသည် လမ်းတစ်လမ်းကို ဖြတ်ကူးပြီးနောက် လက်ဝဲဘက် လမ်းတစ်လမ်းထဲသို့ ချိုးဝင်လာခဲ့ပြန်ကာ သုံးအိမ်ကျော်သို့အရောက်တွင် လက်ယာဘက် ဝင်းတစ်ဝင်းထဲသို့ ဝင်သွား၏။

"ဒီထဲမှာ" သူငယ်မကလေးသည် သစ်သားအိမ်တစ်အိမ်၏ လက်ယာဘက်အဆောင်တစ်ဆောင်ကို ညွှန်ပြလိုက်သည်။ ထိုအဆောင်မှာ မီးဟုန်းဟုန်းစွဲလျက် ရှိလေပြီ။ အဆောင်တစ်ခြမ်းမှာ ပြိုကျလျက် ရှိပြီး။ တစ်ဖက်တစ်ခြမ်းမှာ မီးလောင်လျက် ရှိ၏။ မီးညွှန့်များသည် အိမ်မိုးအောက်မှလည်းကောင်း ပြတင်းပေါက်များမှလည်းကောင်း အန်ထွက်လာကြသည်။

ပိယာသည် အိမ်ဝင်းထဲသို့ ရောက်လျှင် ရောက်ချင်း မီးရှို့ဖျန်းပစ်သဖြင့် ခေတ္တမျှ ရပ်နေသည်။

"ဟဲ့ ကလေးမ၊ နင်တို့အိမ်က ဘယ်အိမ်လဲ၊ ဘယ်အခန်းလဲ" ပိယာက မေး၏။

"အဲဒါပဲ ဦးလေးရဲ့။ ကေတီ၊ ကေတီလေး မရှိတော့ဘူးထင်တယ် ဦးလေးရဲ့ အဟီးဟီး" သူငယ်မလေးက လက်ယာဘက်အဆောင်ကို ညွှန်ပြရင်း ငိုနေသည်။

ပိယာသည် အဆောင်ဘက်သို့ ပြေးလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် မီးရှို့ပြင်းလွန်းသည့်အတွက် တစ်ဖက်မှ ကွေ့ကာ တစ်ခြမ်းကိုသာ စတင်စွဲလောင်လျက်ရှိသည့် အိမ်ကြီးတစ်ဆောင်ဆီသို့ ပြေးလာခဲ့ရာ စုပြုံဝိုင်းအုံနေကြသော ပြင်သစ်တပ်သားများကို တွေ့ရ၏။ အစပထမ၌ ၎င်းတို့အကြောင်းကို ပိယာ မသိသေးချေ။ သို့ရာတွင် မိမိမျက်စိရှေ့၌ ပြင်သစ်တပ်သားတစ်ယောက်က ရုရှားတစ်ယောက်ကို ဓားနှောင့်ဖြင့်ရိုက်ကာ သားမွေးအင်္ကျီတစ်ထည်ကို ယူနေသောကြောင့် တပ်သားများက လုယူနေကြောင်းကို ရေးရေးသိမြင်လာသည်။ သို့ရာတွင် ဤကိစ္စကို စဉ်းစားနေရန် အချိန်မရချေ။

အိမ်မိုးများ၊ နံရံများ၏ ဂျိုးဂျိုး ပွမ်းပွမ်းမြည်၍ ပြိုကျသံ၊ မီးတောက်မီးလျှံကြီးများ၏ တရှိုးရှိုး တရဲရဲ အော်မြည်သံ၊ လူများ၏ ကြောက်လန့်တကြား အော်ဟစ်သံနှင့် တကွ မည်းနက်ထူထပ်သော အခိုးအလိပ်ကြီးများ ဖြစ်သွားလိုက်၊ မီးပွားများ တဖျတ်ဖျတ်လွင့်၍ မြင့်တက်လာလိုက် ဖြစ်နေသော မီးခိုးလုံးကြီးများ၊ တစ်ခါတစ်ရံ နီရဲလျက် တစ်ခါတစ်ရံ၌လည်း ရွှေငါး အကြေးခွံကဲ့သို့ ဝါကျင့်သောအရောင်တို့တက်လျက်ရှိသော အလျှံညီးညီးတောက်သည့် မီးလုံးကြီးများ၊ ပြင်းထန်လှသော မီးရှို့နှင့် မီးခိုးများစသည်တို့သည် မြင်ရသူတို့အဖို့ တုန်လှုပ်ချောက်ချားစရာကြီး ဖြစ်၏။ ပိယာအဖို့တွင်ကား မီးလောင်ကွင်းကို မြင်လိုက်ရသည်၌ ခပ်စောစောက မိမိအပေါ် ဖိစီးနှိပ်စက်လျက်ရှိသော နပိုလီယန်အား လုပ်ကြံခြင်းပြုသင့်မပြုသင့်ဟူသော အတွေးများသည် ပျောက်ကွယ်သွားခဲ့ကြလေပြီ။ ပိယာသည် ငယ်ရွယ်နုပျိုလာသည်ဟု ထင်ရ၏။ ဖျတ်လတ်လျင်မြန်လာသည်ဟု ထင်ရ၏။ ပိယာသည် အိမ်တစ်ဖက်မှ ကွေ့ကာ လောင်ကျွမ်းခြင်း မရှိသေးသော အိမ်တစ်ခြမ်းထဲသို့ တစ်ဟုန်ထိုး ပြေးဝင်တော့မည် အပြုဌ် ခေါင်းပေါ်မှ အော်သံများကို ကြားလိုက်ရကာ တစ်ပြိုင်တည်းမှာပင် ဂျွတ်ဂျွတ် ဂျွတ်ဂျွတ်ဟု မြည်သံကြီးနှင့် အတူ ချွင်ချွင်မြည်သံ၊ ဝုန်းခနဲ ပြိုကျလာသံကြီးကို အနီးမှ ကြားလိုက်ရလေသည်။

ပိယာသည် မော့ကြည့်လိုက်ရာ အိမ်ကြီးတစ်အိမ်၏ ပြတင်းဝတွင် ရွှေတိုင်ငွေစများထည့်သည့် ဗီရိုကြီးတစ်လုံးကို ပစ်ချလိုက်သည့် ပြင်သစ်တပ်သားအချို့ကို မြင်၏။ အောက်မှ ရပ်နေသော တပ်သားများက ထိုဗီရိုကြီးနားသို့ ပြေးလာကြသည်။

"ဟေ့ ဟိုကောင် ဘာဖြစ်လို့ ဝင်လာတာလဲ" တစ်ယောက်က ပိယာကို မေး၏။

"အိမ်ထဲမှာ ကလေးတစ်ယောက် ကျန်ခဲ့တယ်ဗျ။ မတွေ့ဘူးလား" ပိယာကလည်း အော်၍ မေးလိုက်သည်။

"ဟေ့လူ။ ဘာတွေ လျှောက်ပြောနေတာလဲ။ ဘာလုပ်ဖို့ လာတာလဲ"ဟု ပြင်သစ်တပ်သားများက ဝိုင်းအော်ကြ၏။ တစ်ယောက်ကမူ ဗီရိုထဲရှိ ရွှေတိုင်ငွေစများကို ယူရန်လာသည်ဟု ထင်မှတ်ကာ ပိယာ့ထံသို့ ထိုးကြိတ်တော့မည့်ဟန်ဖြင့် ပြေးလာ၏။

"ဘာလဲ ကလေးလား" အိမ်ပေါ်မှ ပြင်သစ်တပ်သားတစ်ယောက်က အော်၏။ "ပန်းခြံထဲက ညည်းသံတစ်သံ ကြားတယ်ဗျ။ ဒီငနဲ သူ့ကလေးကို လိုက်ရှာတာ ထင်ပါရဲ့။ သူ့သားသမီး ကိုယ့်သားသမီး ကိုယ်ချင်းစာကြကွာ"

"ဘယ်မှာလဲဗျ။ ဘယ်နားမှာလဲ" ပိယာက မေး၏။

"ဟိုနားမှာ၊ ဟိုနားမှာ" ပြတင်းဝက ပြင်သစ်တပ်သားက အိမ်နောက်ဖေးပန်းခြံဘက်သို့ လက်ညှိုးထိုးပြ၏။ "ခဏနေဦးဗျို့။ ကျုပ် ဆင်းလာခဲ့မယ်"

ထိုတပ်သားမှာ မည်းနက်သော မျက်လုံးများရှိ၍ ပါးပေါ်တွင် အမှတ်ကြီးတစ်ခုရှိလျက် အင်္ကျီလက်ကို ပင့်ထား၏။ ပြင်သစ်တပ်သားသည် ပြတင်းပေါက်မှ တကယ်ပင် ခုန်ချလိုက်ကာ လက်ခုပ်လက်ဝါးတီး၍ ပိယာ့ထံသို့ ပြေးလာပြီး ပန်းခြံဘက်သို့ ခေါ်သွားလေသည်။

"ဟေ့ ရဲဘော်တွေ လာကြကွာ။ မီးရှို့ပြင်းတယ်" ထိုတပ်သားက အခြားတပ်သားများကို လှမ်းခေါ်လိုက်သည်။

အိမ်နောက်ဖေးရှိ ကျောက်စရစ်လမ်းကလေးပေါ်သို့ ရောက်သော် ပြင်သစ်တပ်သားသည် ဂီယာ၏လက်ကို ဆွဲ၍ ကွက်လပ်ကလေးတစ်ခုရှိ ထိုင်ခုံကလေးတစ်ခုအောက်တွင် ထိုင်နေသော ပန်းရောင်အင်္ကျီဝတ်ထားသည့် သုံးနှစ်သမီးကလေးတစ်ယောက်ကို ညွှန်ပြ၏။

"ခင်ဗျားကလေးလေး မဟုတ်လား။ အမယ်သမီး လေးဗျ။ ဟန်ကျလိုက်လေဗျာ။ တွေ့ပြီ မဟုတ်လား။ ကျုပ်တို့အားလုံး လူတွေပဲဗျာ။ ကိုယ်ချင်းစာတရား ထား

www.burmeseclassic.com

www.burmeseclassic.com

ရမှာပေါ့။ ကဲ ဘွားမယ်ဗျို့ ကိုဖက်တီး”

ပါးတွင်အမှတ်နှင့် တပ်သားသည် ပီယာကို နာမည်သစ်ပေးပြီးနောက် သူ့ရဲဘော်များဆီသို့ ထွက်သွားသည်။

ပီယာသည် အသက်ပင်မရှုနိုင်တော့ဘဲ ဝမ်းသာအားရဖြင့် ကလေးဆီသို့ ပြေးလာခဲ့ကာ ပွေ့ယူမည်ပြုလိုက်သည်။ သို့ရာတွင် သူစိမ်းတစ်ယောက်ကို မြင်လိုက်သည့်အခါ၌ ပိန်ပြီးချည့်နဲ့၍ အမေလို အရုပ်ခပ်ဆိုးဆိုး ကလေးငယ်သည် ငို၍ ထွက်ပြေးလေတော့သည်။ ပီယာသည်ကလေးကို ပွေ့ယူ၍ ချီလိုက်သည်။ ကလေးငယ်သည် စူးစူးဝါးဝါးအော်ကာ ပီယာ့လက်ထဲမှ ရုန်းထွက်နေရင်း က ပီယာ၏လက်များကို ငုံ၍ ကိုက်နေသည်။ ပီယာသည် ညစ်ပတ်ပေရေသော တိရစ္ဆာန်ကလေးတစ်ကောင်ကို ကိုင်လိုက်မိသကဲ့သို့ တွန့်သွားသော်လည်း ကလေးကို အတင်းပွေ့ချီကာ အိမ်ကြီးရှေ့သို့ ပြေးလာခဲ့၏။ သို့ရာတွင် လာလမ်းအတိုင်း ပြန်၍ မဖြစ်တော့ပြီ။ အခိုင်းအစေသူငယ်မကလေးမှာလည်း ထိုနေရာတွင် မရှိတော့ပြီ။ ပီယာသည် စက်ဆုပ်ခြင်း၊ သနားခြင်းတို့ ရောပြွမ်းလျက်ရှိရင်းက တစ်ကိုယ်လုံးချွေးရွဲကာ တစာစာငိုလျက်ရှိသော ကလေးငယ်ကို ယုယစွာပွေ့ချီလျက် ပန်းခြံထဲသို့ ပြန်လာခဲ့ပြီး ထွက်ပေါက်ရှာလျက် ရှိသည်။

အခန်း ၃၄

ပီယာသည် ကလေးငယ်ကိုထမ်း၍ အိမ်ဝင်းများ၊ လမ်းကြိုလမ်းကြားများကို ဖြတ်၍ပြေးခဲ့ရာ နောက်ဆုံး၌ ပိုဗာစကွိုင်ရပ်ကွက်နှင့် မင်းသားကြီး ဂရေဇင်စကီ၏ဥယျာဉ်တော်ကြားရှိ ကွက်လပ်ထောင့်သို့ ပြန်ရောက်လာ၏။ အစပထမတွင် ပီယာသည် ထိုနေရာကို ကောင်းကောင်းမမှတ်မိသေးချေ။ ထိုကွက်လပ်ကြီး၌ ယခုအခါ လူအုပ်များ၊ ဝန်စည်ပစ္စည်းများဖြင့် ပြည့်နှက်လျက် ရှိလေပြီ။ မီးလွတ်ရာသို့ အိမ်ထောင်ပစ္စည်းများနှင့်တကွ ပြေးလာကြသည့် ရုရှားလူမျိုးများသာမက ဝတ်စုံအမျိုးမျိုးဝတ်ထားသည့် ပြင်သစ်တပ်သားများကိုလည်း တွေ့ရ၏။ ပီယာကား ၎င်းတို့ကို ဂရုစိုက်မနေနိုင်ချေ။ ကလေးကို အပ်ရန်အတွက် ကလေး၏အိမ်ထောင်စုကိုသာ လိုက်လံရှာဖွေလျက် ရှိ၏။ နောက်ထပ်ကယ်ရန်ရှိသူတို့ကို ကယ်ရဦးမည် မဟုတ်ပါလော။ ပီယာ့စိတ်တွင် မိမိအဖို့ လုပ်စရာတွေအများကြီး ကျန်နေသေးသည်ဟု ယူဆကာ ကလေးကို မြန်မြန်ပြန်အပ်ရန်သာ စိတ်စောလျက် ရှိသည်။ ပီယာမှာ မီးရှို့ဟပ်ခြင်းခံခဲ့ရသည့်အတွက်ကြောင့် လည်းကောင်း၊ ခြေကုန်သုတ်၍ ပြေးလာခဲ့ရသည့်အတွက်ကြောင့် လည်းကောင်း မျက်နှာနီရဲလျက် ရှိ၏။ နုပျိုလန်းဆန်းခြင်း၊ စိတ်အားထက်သန်ခြင်း၊ သန့်ဌာန်စိတ် ခိုင်မာခြင်း စသည်တို့သည်လည်း ကလေးကို သွား၍ကယ်စဉ်ကထက်ပင် ကြီးမားထက်သန်လာသည်ဟု ထင်ရ၏။ ကလေးငယ်မှာ အငိုတိတ်စ ပြုကာ သေးငယ်သောလက်ကလေးဖြင့် ပီယာ၏ဝတ်စုံအင်္ကျီကြီးကို ဆုပ်ထားရာက ပီယာ၏လက်မောင်းပေါ်တွင် ထိုင်ရင်း တောတွင်းတိရစ္ဆာန်ငယ်ကလေးတစ်ကောင်သဖွယ် မိမိ၏ပတ်ဝန်းကျင်ကို မျက်လုံးကလယ်ကလယ်ဖြင့် ကြည့်နေသည်။ တစ်ခါတစ်ရံ၌လည်း ပီယာအား ခပ်ပြုံးပြုံးဖြင့် ကြည့်လျက်ရှိ၏။ ကလေးငယ်၏ဖျော့တော့ပိန်ချုံးသောမျက်နှာကလေးမှာ သနားစဖွယ် အပြစ်ကင်းလျက်ရှိခြင်းကို တွေ့ရ၏။

ကလေးအဖေနှင့် ကလေးအမေမှာ ခပ်စောစောကနေရာတွင် မရှိကြတော့ချေ။ ပီယာသည် လူတွေကြားထဲသို့ တိုးဝှေ့ကာ ခပ်သုတ်သုတ်လျှောက်လာရင်း မျက်နှာများကို ကြည့်လာသည်။ ထိုအခိုက် အပေါ် အဝတ်အုပ်၍ ချုပ်ထားသည့် သစ်လွင်တောက်ပသော သိုးရေအင်္ကျီ၊ ဖိနပ်ရှည်တို့ကို ဝတ်ထားသော အရှေ့တိုင်းသားနှင့် တူသည့် ခန့်ညားချောမောသည့် အဘိုးကြီးတစ်ဦး၊ အလားတူ အဘွားကြီးတစ်ဦးနှင့် မိန်းမပျိုတစ်ဦးပါသည့် အိမ်ထောင်စုတစ်ခုကို သွားတွေ့၏။ ၎င်းတို့မှာ အာမေးနီးယန်း၊ သို့မဟုတ် ဂျော်ဂျီယန်လူမျိုးများ ဖြစ်ဟန် ရှိသည်။ မိန်းမပျိုမှာ မည်းနက်စိမ်းဖန့်သော လေးကိုင်းသဏ္ဌာန် မျက်ခုံး၊ သေးသွယ်လှပ၍ အထူးကြည်လင်ဝင်းဝါသော မျက်နှာတို့နှင့် တကွ မြင်ရသူ ငေးလောက်အောင် ပေပြစ်အချိုးအစားကျသော ကိုယ်လုံးတို့ရှိလေရာ ထိုမိန်းမပျိုသည် အရှေ့တိုင်း၏အလှကျက်သရေကို တင်းပြည့် ကျပ်ပြည့် ဆောင်လျက်ရှိသော အလှဇာတိစစ်ပါးပေလော ပီယာ့စိတ်တွင် ထင်မိ၏။ ကွက်လပ်ကြီးထဲရှိ လူစုများ၊ ပြန့်ကျဲလျက်ရှိသော အိမ်ထောင်ပစ္စည်းပုံများကြား၌ တောက်ပ

www.burmeseclassic.com

www.burmeseclassic.com

ထိန်လက်သော ဖဝတ်စုံကို ဝတ်ထား၍ ခေါင်းတွင် မရန်းဇော်ရောင်ပဝါကို ကပိုကရို ရစ်သိုင်းထားသော ထိုမိန်းမပျိုကို ကြည့်ရသည်မှာ နှင်းခဲပြင်ကြီးထဲက လှပမွှေးကြိုင်သော ပန်းပင်ကလေးတစ်ပင် ထိုးထွက်ပေါက်နေသည်နှင့်ပင် တူသေး၏။ မိန်းမပျိုသည် အဘွားကြီးနောက်နား၌ အထုပ်များပေါ်တွင် ထိုင်လျက်ရှိရာမှ ရှည်လျားသော မျက်တောင်ကော့ကြီးများအောက်မှ ကြီးမားဝန်းစက်သော မျက်လုံးရွဲကြီးများဖြင့် ရှေ့မှ မြေကြီးကို စိုက်ကြည့်နေသည်။ မိန်းမပျိုမှာ မိမိအလှကို သတိထားမိဟန် ရှိရုံမျှမက ထိုအလှကြောင့်လည်း စိုးရိမ်ကြောက်လန့်နေဟန်ရှိလေသည်။ ဝင်းဝင်းစက်စက်ကြီး ပေါ်နေသော ထိုမျက်နှာသည် ပိယာ၏နှလုံးသားတို့ကို ညှို့ယူလိုက်သကဲ့သို့ ရှိလေရာ ပိယာသည် ထိုမျက်နှာကိုသာ မကြာခဏ လှည့်ကြည့်နေမိသည်။ ကွင်းစပ်သို့ ရောက်သည်အထိ ကလေးအမေကို ရှာမတွေ့သောအခါ ပိယာသည် ထိုနေရာတွင် ယောင်လည်လည်ဖြစ်နေသည်။

ကလေးတစ်ယောက် တိုးလိုးတွဲလောင်းနှင့် ဖြစ်နေသည့် ပိယာ၏သဏ္ဌာန်သည် ကွင်းစပ်၌ ထင်းထင်းကြီး ပေါ်နေ၏။ ရုရှားယောကျ်ား မိန်းမတစ်သိုက်သည် ပိယာ့အနီးသို့ ဝိုင်းအုံလာကြသည်။

"လူပျောက်လို့လား နောင်ကြီး။ နောင်ကြီးက သူကောင်းမျိုးထဲက ထင်တယ် ဟုတ်စ။ ကလေးက နောင်ကြီးကလေးလား" တစ်ယောက်တစ်ပေါက် ဝိုင်းအုံမေးကြ၏။

ပိယာက ကလေးမှာ ဝတ်စုံနက် ဝတ်ထားသည့် မိန်းမတစ်ယောက်၏ကလေးဖြစ်ကြောင်း ခပ်စောစောက ထိုနေရာ၌ ထိုင်နေသော်လည်း ယခု ရှာမတွေ့တော့ကြောင်း ဖြင့် ပြောပြ၏။

"ကျွတ် ကျွတ်၊ ဖြစ်မှ ဖြစ်ရလေကွယ်။ အင်ဗာနော့ရဲ့ ကလေး ထင်တယ်" ကပ္ပိယတစ်ဦးက ကျောက်ပေါက်မာသက်သက်ဖြင့် မိန်းမတစ်ယောက်ကို လှမ်းပြောလိုက်သည်။

"ဟုတ် မထင်ပါဘူးတော်။ အင်ဗာနော့တို့က မနက်ကတည်းက ထွက်သွားတာပဲ။ မဟုတ်မှလွဲရော ကျုပ် အထင်တော့ မေရီနိုကိုလေဗနာရဲ့ ကလေးလား။ အိဗန် နော့ရဲ့ ကလေးလား။ တစ်ယောက်ယောက်ရဲ့ ကလေးပဲ"

"ဘယ်က ဟုတ်ရမှာလဲ။ သူက မိန်းမတစ်ယောက်လို့ ဆိုတာပဲ။ မေရီနိုကိုလေဗနာက မင်းကတော်ပဲ" အခိုင်းအစေနှင့် တူသူတစ်ဦးက ဆို၏။

"ကလေးအမေကို မသိကြဘူးလား။ မျက်နှာရှည်ရှည်၊ သွားခေါခေါနဲ့" ပိယာက ပြောလိုက်သည်။

"ဟုတ်ပါတယ်တော်။ မေရီနိုကိုလေဗနာ ဖြစ်မှာပါ။ ဟောဒီဝဲပုလွေတွေ မောင်းထုတ်လို့ မင်းသားကြီးရဲ့ ဥယျာဉ်တော်ထဲ ပြောင်းသွားကြသတော့" မိန်းမကြီးက ပြင်သစ်တပ်သားများကို လက်ညှိုးထိုး၍ ပြောလိုက်သည်။

"ကျွတ်၊ ကျွတ်။ ဖြစ်မှ ဖြစ်ရလေကွယ်" ကပ္ပိယကြီးက ညည်းလိုက်သည်။

"သွား သွား ဟောဒီလမ်းအတိုင်း လိုက်သွား။ ဟုတ်ပါတယ်။ မေရီနိုကိုလေဗနာရဲ့ ကလေးလေးပါ။ ခပ်စောစောက ကလေးပျောက်လို့ဆိုပြီး ငိုနေတာ တွေ့သားပဲ။ သူမှ သူအစစ်ပဲ။ သွား သွား ဟောဒီလမ်းအတိုင်း လိုက်သွား" မိန်းမကြီးက ဆိုသည်။

သို့ရာတွင် ပိယာမှာ ကျောက်ပေါက်မာသက်သက်နှင့် မိန်းမကြီး၏စကားကို မကြားချေ။ ပြင်သစ်တပ်သားနှစ်ယောက်သည် ခပ်စောစောက ပိယာတွေ့ခဲ့သော အာမေးနိုးယန်း အိမ်ထောင်စုဆီသို့ ထွက်သွားသည်ကို မြင်လိုက်ရသည်။ ပိယာသည် ထိုဘက်သို့ အချိန်အတော်ကြာမျှ လှမ်းကြည့်နေသည်။ တပ်သားတစ်ယောက်မှာ ခပ်ညက်ညက် ခပ်သွက်သွက်ဖြစ်လျက် အပြာရောင်ဝတ်ရုံအင်္ကျီကို ဝတ်ထားကာ ခါးတွင် ကြိုးတစ်ချောင်းစည်းထား၏။ ခေါင်းတွင် အဝတ်ဦးထုပ်ကို ဆောင်းထား၍ ခြေထောက်၌မူ ဖိနပ်စီးထားခြင်း မရှိချေ။ အခြားတစ်ယောက်ကား အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ ပခုံးဝိုင်းဝိုင်းနှင့်ဖြစ်၍ ၎င်း၏ဆံပင်မှာ ခပ်နီနီဖြစ်၏။ ပထမလူက သွက်သလောက် ၎င်းမှာ နှေးကွေးလေးကန်လှ၏။ ထိုသူသည် မိန်းမဝတ်စုံကြီးကို ခြုံထားပြီး ဘောင်းဘီပြာဝတ်ကာ စုတ်ပြတ်နေသော စစ်ဖိနပ်ရှည်ကြီးကို စီးထား၏။ ဖိနပ်မပါသည့် ခပ်ညက်ညက်တပ်သားသည် အာမေးနိုးယန်း အိမ်ထောင်စုအနီးသို့ ကပ်ကာ တစ်စုံတစ်ရာပြောဆိုပြီးနောက် အဘိုးအိုကြီး၏ခြေထောက်ကို လှမ်းဆွဲလိုက်ပြီး ဖိနပ်ရှည်ကြီးကို ဆွဲချွတ်နေသည်။ အရပ်ရှည်ရှည် တပ်သားမှာ ကြောရှင်းလှပသည့် မိန်းမပျိုရှေ့တွင် အိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com

လက်နှိုက်၍ ရပ်ကြည့်နေသည်။

"ရော့၊ ကလေးကို ယူထားလိုက်ပြီ။ သူ့အမေကို ရှာပေးလိုက်ကြစမ်းဗျာ" ပိယာသည် ကလေးငယ်ကို မြေကြီးပေါ်သို့ ချလိုက်ပြီး ပြင်သစ်နှစ်ယောက်နှင့် မိန်းမ ပျိုဆီသို့ လှမ်းကြည့်နေ၏။ ကလေးငယ်မှာ စူးစူးဝါးဝါး ငိုလျက် ရှိလေသည်။

အာမေးနီးယန်း အဘိုးအိုကြီး၏ ခြေထောက်တွင် ဖိနပ်မရှိတော့ချေ။ အဘိုးအိုကြီး၏ ဖိနပ်သည် ခပ်ညက်ညက် ပြင်သစ်တပ်သားလက်တွင် ရောက်နေလေပြီ။ ပြင်သစ် တပ်သားသည် ဖိနပ်နှစ်ဖက်ကို တစ်ဖက်နှင့် တစ်ဖက် ရိုက်ခါချနေသည်။ အဘိုးအိုကြီးကား ငိုနေရာမှ တစ်စုံတစ်ရာကို ပြောလျက် ရှိ၏။ သို့ရာတွင် ပိယာ၏ မျက်လုံးများသည် ထိုအဘိုးကြီးထံတွင် ခေတ္တမျှသာကြာပြီး တခြား သို့ရောက်သွားကြသည်။ ပိယာမြင်ရသောရှုခင်းမှာ အရပ်ရှည်ရှည်တပ်သားက မိန်းမပျိုအနီးသို့ ကပ်လာကာ မိန်းမ ပျို၏ကုပ်ကို လှမ်းဆွဲနေသည့် မြင်ကွင်းပေတည်း။

မိန်းမပျိုသည် ယခင်ကကဲ့သို့ပင် မလှုပ်မယှက် ထိုင်လျက် ရှိ၏။ ပြင်သစ်တပ်သားကို မမြင်သကဲ့သို့ လည်းကောင်း၊ ပြင်သစ်တပ်သား၏ အပြုအမူကို မသိသကဲ့သို့ လည်းကောင်း ရှည်လျားသော မျက်တောင်ကော့ကြီးများကိုသာ အောက်သို့ ချထားသည်။

ပိယာသည် ၎င်းတို့ထံသို့ ပြေးလာခဲ့ရာ နှစ်လှမ်းသုံးလှမ်းလောက် လှမ်းလိုက်မိစဉ်မှာပင် အရပ်ရှည်ရှည် ပြင်သစ်တပ်သားက မိန်းမပျို၏ လည်တွင် ဝတ်ဆင်ထားသော ဘယက်ကို ဆွဲဖြုတ်လိုက်ခြင်းကို မြင်လိုက်ရသည်။ မိန်းမပျိုသည် မိမိ၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် သိုင်း၍ ဖက်ထားရင်း အော်နေသည်။

"ဟေ့ ဘာလုပ်နေတာလဲ လွတ်လိုက်" ပိယာက တပ်သားကို ကုပ်မှ ဆွဲဖယ်လိုက်ရင်း အော်လိုက်၏။ တပ်သားသည် မြေကြီးပေါ်တွင် ခွေကျသွားရာမှ ထ၍ ထွက်ပြေးလေတော့သည်။ သို့ရာတွင် ခပ်သွက်သွက် တပ်သားကမူ လက်တွင် ကိုင်ထားသည့် ဖိနပ်ရှည်ကြီးကို လွတ်ချလိုက်ကာ ဓားကို ချွတ်လိုက်ပြီး ခုတ်တော့မည် ဟန် ပြင်လိုက်သည်။

"မင်းက ဘာကောင်မို့လို့ ဝင်ရှုပ်တာလဲ"

ပိယာမှာ ထိုအချိန်တွင် အကြီးအကျယ် ဒေါသ ထွက်လျက်ရှိပြီ ဖြစ်ရကား မည်သည့်အရာကိုမျှ အမှတ် မရတော့ချေ။ ခွန်အားဗလသည်လည်း ဆယ်ဆမျှတိုးလာသည် ထင်လိုက်ရ၏။ ပိယာသည် ဓားကို ဓားအိမ်မှ ဆွဲချွတ်လျက်ရှိသော ခပ်ညက်ညက်တပ်သားကို ခုန်အုပ်လိုက်ကာ ကိုယ်လုံးဖြင့် ရိုက်ချလိုက်ပြီးနောက် လဲကျသွားသည့်အခါကျမှ လက်သီးဖြင့် အချက်ပေါင်းများစွာ ထိုးနေသည်။ ဘေးမှ ပရိသတ်က ပိယာကို ဝိုင်း၍ သြဘာပေးကြသည်။ သို့ရာတွင် ချက်ချင်းပင် ပြင်သစ်မြင်းစီးကင်းလှည့်တပ်သားများသည် လေးဘက်လေးတန်မှ ဝိုင်းလာကြလေသည်။ မြင်းစီးကင်းလှည့် တပ်သားများသည် ပိယာ့ထံသို့ လမ်းခုန်းစီး၍ လာကြပြီး အခြားတပ်သားများက ဝိုင်းထားကြ၏။ ထို့နောက်ကား ပိယာသည် ဘာကိုမျှ မသိတော့ချေ။ မိမိက လူတစ်ယောက်ကို ရိုက်လိုက်၍ မိမိလည်း အရိုက်ခံလိုက်ရပြီးနောက် လက်တွင် လက်ထိတ်ခတ် ခံလိုက်ရခြင်းကိုသာ သိတော့သည်။ မိမိ အနီးတွင်လည်း ပြင်သစ်တပ်သားများသည် ဝိုင်းအုံကာ အိတ်ထဲသို့ ရှာဖွေနေကြသည်ကို တွေ့ရ၏။

"ဗိုလ်လေး၊ ဓားမြှောင်တွေ တွေ့တယ်ခင်ဗျ" ပိယာသည် ထိုစကားကို ပထမဆုံး ကြားလိုက်ရ၏။

"ဘာ၊ လက်နက်တွေ့တယ်။ ဟုတ်လား" တပ်ဗိုလ်က မေး၍ ပိယာနှင့် အတူ အဖမ်းခံထားရသော ခပ်ညက်ညက် တပ်သားဘက်သို့ လှည့်ကြည့်လိုက်သည်။ "ဟေ့ ရဲဘော်၊ မင်းကိစ္စကို စစ်ခုံရုံးကျမှ ရှင်း၊ ဟုတ်လား။ ခုတော့ လိုက်ခဲ့"

တပ်ဗိုလ်သည် ပိယာ့ဘက်သို့ လှည့်လိုက်ပြန်သည်။

"ခင်ဗျား ပြင်သစ်လို တတ်သလဲဗျား"

ပိယာသည် နီရဲလျက်ရှိသော မျက်လုံးကြီးများဖြင့် ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်၏။ ဘာမျှ မဖြေ။ ပိယာ၏ မျက်နှာမှာ ခက်ထန်လျက်ရှိခြင်းကြောင့် တပ်ဗိုလ်သည် တပ်ထိန်းလေးယောက်ကို လေသံဖြင့် တစ်စုံတစ်ရာ ပြောလိုက်သည်တွင် တပ်ထိန်းလေးယောက်သည် ပိယာကို တစ်ဖက် နှစ်ယောက်စီ ညှပ်ထားလိုက်ကြ၏။

"ဟေ့လူ၊ ပြင်သစ်လို တတ်သလားလို့ မေးနေတာ မကြားဘူးလား" တပ်ဗိုလ်သည် ပိယာ့အနီးသို့ မကပ်ရဲ

www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ ခပ်လှမ်းလှမ်းမှ မေးနေ၏။ "ဟေ့ စကားပြန်ခေါ်လိုက်စမ်းဗျာ"

ရုရှားအရပ်ဝတ်အရပ်စား ဝတ်ခဲ့ကို ဝတ်ထားသည့် လူပုတစ်ယောက်သည် တန်းစီရပ်နေသော မြင်းစီး ကင်းလှည့် တပ်သားများကြား၌မှ ထွက်လာ၏။ အဝတ်အစား နှင့်စကားပြောပုံကို ထောက်ခြင်းအားဖြင့် ထိုလူမှာ မော်စကို မြို့ထဲရှိ ဆိုင်တစ်ဆိုင်မှ ပြင်သစ်ကုန်သည်တစ်ဦးဖြစ်ဟန် တူလေသည်။

"ကြည့်ရတာ လက်လုပ်လက်စား၊ ဟုတ်ပုံမရဘူး ဗိုလ်လေး" စကားပြန်က ပိယာကို အကဲခတ်ရင်း ပြောလိုက်သည်။

"ကျုပ်ကတော့ မီးတုတ်လိုက်ပစ်နေတဲ့ကောင်တွေ ထင်တာပဲ။ ခင်ဗျားလူကို မေးကြည့်ခမ်းပါဦး" တပ်ဗိုလ်က ပြောလိုက်သည်။

"ခင်ဗျားနာမည် ဘယ်သူလဲ။ ကောင်းကောင်းဖြေဗျာ" စကားပြန်က ရုရှားစကား မပို့တပိုဖြင့် မေးလိုက်၏။

"ကျုပ် ဘယ်သူလဲဆိုတာ ပြောနေဖို့ မလိုပါဘူး။ ကျုပ် ခင်ဗျားတို့ လက်ထဲက အကျဉ်းသားပဲ။ ခေါ်သွားကြပေါ့" ပိယာက ပြင်သစ်လို ပြန်ပြောလိုက်၏။

"အလဲ့ တယ်လာတဲ့လူပဲ။ ကဲ ကဲ ကြဗျား။ ကြ" တပ်ဗိုလ်က မျက်မှောင်ကြုံးကုတ်၍ ပြော၏။

လူအုပ်ကြီးမှာ မြင်းစီး ကင်းလှည့်တပ်သားများ အနီးတွင် ဝိုင်းအုံလျက် ရှိ၏။ ပိယာ၏အနီးတွင်ကား ကျောက်ပေါက်မာသက်သက်နှင့် မိန်းမကြီးသည် ပိယာ ချီလာသော ကလေးငယ်ကို ပိုက်၍ ရပ်နေ၏။ ပိယာကို အစောင့်အကြပ်များဖြင့် ခေါ်မည်ပြုစဉ် မိန်းမကြီးသည် အနား၌ တိုးလာကာ

"သူငယ်လေး၊ သူငယ်လေးကို ဘယ်ခေါ်သွားကြမလို့တဲ့လဲကွယ် ဟင်။ ဒီကလေးလေးကော ဘယ့်နယ်လုပ်မလဲ။ တကယ်လို့ ကလေးအမေနဲ့ မတွေ့ရင်ကော"

"ဒီမိန်းမကြီးက ဘာတဲ့လဲ" တပ်ဗိုလ်က ပိယာကို မေးလိုက်သည်။

ပိယာသည် အရက်မူးသကဲ့သို့ ချွေးတွေ ကျလာသည်။ မိမိကယ်ခဲ့သော ကလေးငယ်ကို မြင်လိုက်ရသည်နှင့် ပေါ့ပါးလန်းဆတ်သွားသည်။

"ဘာမှ မဟုတ်ပါဘူး။ မီးထဲက ကျုပ်ကယ်လာခဲ့တဲ့ ကျုပ်သမီးလေးကို ကျုပ်ဆီ လာပြတာပါ။ ကဲ သွားပြီ သမီးလေး"

ပိယာ ရည်ရွယ်ချက်မရှိဘဲ မုသားသုံးလိုက်မိသည်။ ထို့နောက်၌ကား ခေါင်းမော့ရင်ကော့လျက် ပြင်သစ်တပ်များကြားထဲတွင် ခပ်ကြွားကြွား လိုက်ပါသွားလေသည်။

ပြင်သစ်မြင်းစီး ကင်းလှည့်တပ်သားများမှာ မော်စကို မြို့တွင်းတွင် ဖြစ်ပေါ်လျက်ရှိသော လုယက်ဖောက်ထွင်းမှုများကို တားဆီးရန်၊ အထူးသဖြင့် မီးတုတ်တင်သူများကို ဖမ်းဆီးရန်၊ (ပြင်သစ်အထက်တန်း စစ်အရာရှိများက မော်စကိုမြို့ မီးလောင်ခြင်းမှာ လူယုတ်မာများက မီးတင်ရှို့ကြသောကြောင့် ဖြစ်သည်ဟု ယူဆကြသည်။) ပြင်သစ်ဗိုလ်ချုပ် ဂျူရောရှနေး၏ အမိန့်အရ မြို့တွင်းတွင် ကင်းလှည့်နေကြသူများ ဖြစ်လေသည်။ ထိုနေရာမှ ငါးပြခန့်အကွာသို့ ရောက်သောအခါ ပြင်သစ်ကင်းများသည် မသက်သူ ရုရှားငါးယောက်ကို ထပ်၍ဖမ်းကြပြန်သည်။ ၎င်းတို့မှာ ကုန်စုံဆိုင်ရှင်တစ်ဦး၊ စာသင်သားနှစ်ဦး၊ လယ်သမားတစ်ဦးနှင့် အခိုင်းအစေတစ်ဦးတို့ ဖြစ်၏။ လုယက်ဖောက်ထွင်းသူအချို့ကိုလည်း ဖမ်းဆီးခဲ့ကြသည်။ သို့ရာတွင် မသက်ဘရာကောင်းသူများ အားလုံးအနက် ပိယာကိုမူ မသက်ဘရာအကောင်းဆုံး လူတစ်ဦးအဖြစ် ပြင်သစ်အာဏာပိုင်များက ယူဆကြ၏။ ထိုညဥ့် ဇူဘော့ခံတပ်ထဲရှိ အချုပ်ခန်းအဖြစ် အသုံးပြုထားသော အိမ်ကြီးတစ်အိမ်ထဲသို့ အကျဉ်းသားများကို ခေါ်ဆောင်လာသည့် အခါတွင် ပိယာကို တစ်ယောက်တည်း ခွဲချုပ်ကာ အစောင့်အကြပ် ထူထပ်စွာ ချထားလိုက်ကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း ၁၂

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁

ထိုအချိန်တွင် နိုင်ငံခြားရေးဝန်ကြီး ရွှန်ယန်းဆက်၏ အုပ်စု၊ ပြင်သစ်လူမျိုးအုပ်စု၊ ရွှေနန်းရှင်မယ်ဒေတာ် မာရီယာ ဖီဒိုရီဗနာ၏ အုပ်စု၊ အိမ်ရှေ့စံကိုယ်တော်ကြီး ဇာရီဗစ်၏ အုပ်စု စသော ပိတာစဘတ်ရွှေပြို့တော် အထက်တန်းလွှာ အသိုင်းအဝိုင်းအတွင်း၌ ရှုပ်ထွေးသော တိုက်ပွဲကြီးတစ်ပွဲသည် ခါတိုင်းထက် ပြင်းထန်သော အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လျက်ရှိကာ ခါတိုင်းကဲ့သို့ပင် နန်းတွင်းကပ်ပါးတို့၏ ပွက်လောရိုက်မျှသော အတင်းအဖျင်းများကြားတွင် နစ်မြုပ်ပျောက်ကွယ်လျက် ရှိလေသည်။ သို့ရာတွင် တကယ့်အနှစ်သာရကို ဂရုမပြုဘဲ အပေါ်ယံအရိပ်အယောင်များကိုသာ အသားပေးလေ့ရှိသည့် အေးအေးလူလူ ဇိမ်ခံလျက်ရှိသော ပိတာစဘတ်ရွှေပြို့တော်၏ ဘဝကား ခါတိုင်းကဲ့သို့ပင် ရှိလျက် ရုရှားပြည်သူတို့ အန္တ ရာယ်ကြီးနှင့် ကြုံတွေ့ကာ ခက်ခဲပင်ပန်းလှသော အခြေအနေမျိုးတွင် ဆိုက်ရောက်နေရသည်ဆိုခြင်းမှာ (ကြိုးစားအားထုတ်၍ စဉ်းစားခြင်းမပြုလျှင်) ယုံနိုင်ဖွယ်မရှိအောင် ဖြစ်လျက်ရှိလေသည်။ အလွန်မြင့်မားသည့် အထက်တန်း အသိုင်းအဝိုင်းအတွင်းတွင်သာ တကယ်ကြုံတွေ့လျက်ရှိသည့် အခက်အခဲများကို နှလုံးသွင်းရန် ကြိုးပမ်းအားထုတ်ခြင်း ပြုကြလေသည်။ ဤသို့သော ဗရုတ်ဗရက်ကာလကြီးတွင် မိဖုရားနှစ်ပါး တောင်တစ်မျိုး မြောက်တစ်ဖုံပြုလျက်ရှိပုံနှင့် စပ်လျဉ်း၍လည်း တီးတိုးပြောဆိုလျက် ရှိကြလေသည်။ (အလက်ဇန်းဒရား၏ မယ်တော်) မိဖုရားခေါင်ကြီး မာရီယာသည် ၎င်းကိုယ်တိုင် နာယကအဖြစ် ဆောင်ရွက်လျက်ရှိသော လူမှုရေးနှင့် ပညာရေးအဖွဲ့အစည်းများ၏ သက်သာချောင်ချိရေးကို စိတ်ဝင်စားကာ ထိုအဖွဲ့အစည်းများအားလုံးက ကာဇန်မြို့သို့ ပြောင်းရွှေ့ရမည်ဟု အမိန့်ထုတ်လိုက်ကာ ထိုအဖွဲ့အစည်းများပိုင် ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်ပြီးလေပြီ။ သို့ရာတွင် (အလက်ဇန်းဒရားဘုရင်၏ မိဖုရား) အယ်လီဇာဘက် မိဖုရားကမူ မည်သည့် ညွှန်ကြားချက်မျိုးကို ပေးလိုတော်မူပါသနည်းဟု လျှောက်တင်လာသည့်အခါ၌ နိုင်ငံတော်အစိုးရအဆောက်အအုံများမှာ ဘုရင်မင်းမြတ်၏ ကိစ္စများဖြစ်သဖြင့် ၎င်းနှင့် ပတ်သက်၍ မည်သည့်ညွှန်ကြားချက်ကိုမျှ မပေးနိုင်ကြောင်း၊ သို့ရာတွင် မိမိတစ်ဦးတည်းအနေဖြင့် ဆိုရလျှင် မိမိသည် ပိတာစဘတ်ရွှေပြို့တော်မှ နောက်ဆုံးထွက်ခွာမည့်သူ ဖြစ်ကြောင်း ရုရှားလူမျိုးတို့၏ မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ပြန်ကြားတော်မူလိုက်လေသည်။

ဘိုရိုဒိနိုတိုက်ပွဲဖြစ်ပွားသည့် ဩဂုတ်လ ၂၆-ရက်နေ့တွင်ကား မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ စံအိမ်၌ ညနေခင်းဧည့်ခံပွဲသဘင်တစ်ရပ် ကျင်းပလျက်ရှိ၏။ ထိုဧည့်ခံပွဲသဘင်၏ အဓိက အစီအစဉ်မှာ ရှင်ဆာဂျီးယပ်စ်၏ ဆင်းတုတော်တစ်ဆူ ဘုရင်မင်းမြတ်ထံသို့ ပို့တော်မူရာတွင် ပေးပို့လိုက်သည့် သာသနာပိုင်ဆရာတော်၏ ဩဝါဒစာတမ်းကို ဖတ်ကြားရန် ဖြစ်လေသည်။ ထိုဩဝါဒစာတမ်းမှာ သာသနာရေးပုဂ္ဂိုလ်များက မျိုးချစ်စိတ်ကို ဖော်ပြရာတွင် စံနမူနာတစ်ရပ်အဖြစ် ယူဆကြ၏။ စာရွက်ရာတွင် နာမည်ကြီးလှသော မင်းသားကြီး ဗာစီလီက ထိုဩဝါဒစာရမ်းကို ဖတ်ကြားမည် ဖြစ်လေသည်။ (မင်းသားကြီး ဗာစီလီသည် မယ်တော်မိဖုရားကြီး၏ ထံ၌လည်း စာတော်ဖတ်အဖြစ် ဆောင်ရွက်လေ့ရှိ၏။) စာသားများနှင့် အဓိပ္ပာယ်ကို လုံးဝ ဖမ်းယူ၍ မရလောက်အောင် လျှာလိပ်သံပါပါဖြင့် ဖတ်တတ်ခြင်း၊ သံရည်တစ်

www.burmeseclassic.com

www.burmeseclassic.com

လှည့်၊ သံတိုတစ်လှည့်ဖြင့် နိမ့်တုံမြင့်တုံဖြစ်အောင် အသံအောကြိုးဖြင့် ဖတ်တတ်ခြင်း၊ ဤသို့ဖြင့် စကားတစ်လုံးကို ဂရုသံဖြင့် နင်းထွက်၍ အခြားတစ်လုံးကို လဟုသံဖြင့် ဖတ်တတ်ခြင်း စသည်တို့သည် မင်းသားကြီးဗာစီလီစာဖတ်ကောင်းခြင်း၏ အင်္ဂါရုပ်များ ပေလောဟု ထင်ရ၏။ မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ညှဉ်ခံပွဲသဘင်တွင် ပြုလုပ်သည့်ကိစ္စမှန်လျှင် တစ်စုံတစ်ရာ ဝိသေသထူးရမြဲဖြစ်သည့်အတိုင်း မင်းသားကြီးဗာစီလီက သာသနာပိုင်၏ ဩဝါဒစာတမ်းကို ဖတ်ကြားခြင်းမှာလည်း အရေးကြီးသော နိုင်ငံရေးကိစ္စကြီးတစ်ရပ်ဖြစ်လျက် ရှိပေသည်။ ထိုနေ့ညနေက မှန်နန်းအပျိုတော်ကြီးသည် အရေးကြီးသောပုဂ္ဂိုလ်ကြီးများကို ဖိတ်ကြားထားကာ ပြင်ဘခ်ဇာတ်ပွဲသို့ သွားရောက်ကြည့်ရှုခြင်းအတွက် အရှက်ရစေအံ့။ ၎င်းတို့၏ ဇာတိသွေးဇာတိမာန်ကို ထက်သန်လာစေအံ့ဟု အားခဲလျက် ရှိလေသည်။ မင်းပရိသတ်များမှာ အတော်စုံလင်လျက် ရှိလေပြီ။ သို့ရာတွင် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာမှာမူ ၎င်း၏ မင်းပွဲသဘင်တွင် မျှော်လင့်ထားသူအားလုံး မရောက်လာသေးသည့်အတွက် ဩဝါဒစာတမ်း ဖတ်ကြားသည့် အစီအစဉ်ကို စတင်ခြင်း မပြုသေးချေ။ အာလာပသလ္လာပပြောဆိုခြင်းတည်း ဟူသော စပရင်ကြိုးကို စတင်ဖြေလွှတ်လျက် ရှိလေသတည်း။

ထိုအချိန်က ပိတာစဘတ်ရွှေမြို့တော်အဖို့ သတင်းထူးကြီးတစ်ရပ်မှာ မြို့စားကတော်လေး ဟယ်လင်တစ်ယောက် မကျန်းမမာဖြစ်လျက် ရှိသည်ဆိုသည့် သတင်းကြီးပင် ဖြစ်လေသည်။ မြို့စားကတော်လေး ဟယ်လင်မှာ လွန်ခဲ့သည့်ရက် များမကြာမီကလေးကပင်လျှင် ရုတ်တရက် နာမကျန်းဖြစ်ကာ အဆင်အယင်တစ်ပါးသဖွယ် သူမပါလျှင် မဖြစ်သည့် မင်းပွဲသဘင်များသို့ မတက်ရောက်နိုင်ခဲ့သည်မှာ များခဲ့လေပြီ။ မည်သူ့ကိုမျှ လက်ခံတွေ့ဆုံခြင်းလည်း မပြုတော့ဟု လည်းကောင်း၊ မိမိအား အမြဲတမ်း ကုသလျက်ရှိသည့် ပိတာစဘတ်မှ နာမည်ကျော် သမားတော်များအစား ဆန်းသစ်၍ ထူးခြားသော ကုထုံးများဖြင့် ကုသလျက် ရှိသည့် အီတလီသမားတော်အချို့ကိုသာ မိမိကိုယ်ကို အပ်နှင်းထားသည်ဟု လည်းကောင်း ပြောဆိုလျက် ရှိကြလေသည်။

စွဲလမ်းနှစ်သက်ဖွယ်ကောင်းသည့် မြို့စားကတော်လေး၏ ရောဂါမှာ တစ်ချိန်တည်းတွင် လင်နှစ်ယောက်ယူထားခြင်းကြောင့် မအီမသာဖြစ်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်းကို လည်းကောင်း၊ အီတလီသမားတော်၏ ကုထုံးမှာ ထိုမအီမသာဖြစ်မှုကို ကုစားပေးခြင်း ဖြစ်ကြောင်းကို လည်းကောင်း အားလုံးက ကောင်းစွာ သိရှိနားလည်ကြ၏။ သို့ရာတွင် မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ ရှေ့မှောက်တွင်ကား ထိုအချက်ကို မည်သူမျှ တွေးတောခြင်း မပြုဝံ့ကြရုံမျှမက သိသည်ဟုပင် မထင်မခံဝံ့ကြချေ။

"မြို့စားကတော်လေးခမျာ အတော်နာမကျန်းဖြစ်နေရှာတယ်လို့ ပြောတယ်။ သမားတော်တွေ အဆိုကတော့ နှလုံးရောဂါလို့ ဆိုတာပဲ"

"နှလုံးရောဂါတဲ့လား။ ကျွတ် ကျွတ်။ ဖြစ်မှဖြစ်ရလေတယ်ဗျာ။ တော်တော်ဆိုးတဲ့ရောဂါပဲ"

"လင်နှစ်ယောက်လဲ ပြန်ပြီး သင့်မြတ်သွားကြပြီတဲ့။ နှလုံးရောဂါရဲ့ ကျေးဇူးပေါ့လေ"

၎င်းတို့က 'နှလုံးရောဂါ'ဟူသော စကားလုံးကို မြိန်ရေရှက်ရေ ပြောကြ၏။

"မြို့စားကြီးခမျာ သနားစရာပဲနော်။ သမားတော်က အသက်ဘေး စိုးရိမ်ရတယ်လို့ပြောတော့ ခမျာမှာ ကလေးလေးတစ်ယောက်လို ရှိုက်ကြီးတင်ငိုရှာတယ်ဆိုပဲ"

"အို၊ တကယ့်ကို ဆုံးရှုံးမှုကြီးတစ်ရပ်ပါပဲဗျာ။ မြို့စားကတော်ကလေးကဖြင့် တကယ်စွဲမက်စရာ မိန်းမတစ်ဦးပါပဲ"

"မြို့စားကတော်လေး ဟယ်လင်ထိပ်ထားအကြောင်းကို ပြောနေကြတယ်ထင်တယ်။ ဟုတ်စ" မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ ရောက်လာ၍ မေးလိုက်သည်။

"ခုတင်ပဲ မှန်နန်းအပျိုတော်ကြီး သတင်းမေးလွှတ်လိုက်တယ်လေ။ တော်တော်လေး နေကောင်းလာပါပြီတဲ့ကွယ်၊ တကယ်ပါ။ မြို့စားကတော်လေးကတော့ ကမ္ဘာပေါ်မှာ စွဲမက်စရာအကောင်းဆုံးမိန်းမပါပဲ"

မှန်နန်းအပျိုတော်ကြီးက ၎င်း၏ စိတ်အားထက်သန်ပုံကို သဘောကျကာ ပြုံးလိုက်၏။ ပြီးမှ–

"မှန်နန်းအပျိုတော်ကြီးနဲ့ ဟယ်လင်ထိပ်ထားဟာ အယူအဆချင်းတော့ မတူပါဘူး။ ဒါပေမဲ့ ဒီလိုအယူအဆ မတူခြင်းဟာ ဟယ်လင်ထိပ်ထားအပေါ် တားရှိတဲ့ မှန်နန်း

www.burmeseclassic.com

www.burmeseclassic.com

အပျိုတော်ကြီးရဲ့ လေးစားမြတ်နိုးမှုကို မတားဆီးနိုင်ပါဘူး။ အင်း၊ ခမျာမှာလဲ ကံဆိုးရှာပေတာပဲနော်"

မှန်နန်းအပျိုတော်ကြီးက ဤသို့ ဆိုလိုက်ခြင်းသည် မြို့စားကတော်လေး ဟယ်လင်၏ ရောဂါအခြေအနေကို ဖုံးကွယ်လျှို့ဝှက်ထားသည့် ကန့်လန့်ကာကြီးကို စ၍ မတင်လိုက်ခြင်းဖြစ်သည်ဟု ယူဆလိုက်သည့်အလျောက် မြို့စားကတော်လေး ဟယ်လင်သည် သမားကျော်များကို ပင့်ခေါ်ခြင်းမရှိဘဲ အန္တရာယ်ကြီးလှသည့် ဆေးဝါးများကို တိုက်ကျွေးမည့်သမားတု သမားယောင်များဖြင့် ကုသလျက်ရှိသည့်အတွက် အံ့သြမိကြောင်းကို လူရွယ်တစ်ယောက်က အရဲစွန့်၍ ပြောလိုက်သည်။

"တူတော်မောင်က မှန်နန်းအပျိုတော်ကြီးတို့ထက် အသိလိမ္မာ ပိုကောင်းပိုပေမှာပေါ့လေ" မှန်နန်း အပျိုတော်ကြီးက အတွေ့အကြုံနည်းပါးလှသေးသည့် လူရွယ်ကို ဆိုးဆိုးဆတ်ဆတ် ပြန်ပြောလိုက်သည်။ "ဒါပေမဲ့ ခုသမားတော်ကြီးဟာဖြင့် အလွန်နားလည်တတ်ကျွမ်းပြီး စွမ်းရည်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်ဆိုတာကိုတော့ မှန်နန်းအပျိုတော်ကြီး ခိုင်ခိုင်လုံလုံသိထားသကွယ့်။ ခုသမားတော်ကြီးဟာ စပိန်ဘုရင်မကြီးရဲ့ သမားတော်ကွယ့်"

မှန်နန်းအပျိုတော်ကြီးသည် လူရွယ်ကို ဤသို့ ချေဖျက်ပြောဆိုပြီးနောက် အခြားစကားဝိုင်းတစ်ဝိုင်းဘက်သို့ လှည့်ထွက်လာခဲ့သည်။ ထိုစကားဝိုင်း၌ကား သံတမန်အရာရှိဘီလီဘင်သည် ဩစထရီးယန်းများအကြောင်းကို ပြောဆိုလျက် ရှိ၏။ ဘီလီဘင်သည် မျက်နှာကို ရှုံ့လိုက်ပြီးနောက် ရှုံ့ထားသောအကြောများကို ပြန်ဖြေလျက် ၎င်း၏ 'သောလုံး'ကလေးများကို ပြောရန် ပြင်လိုက်သည်။

"တော်တော်လေးတော့ ရယ်ရတယ်ခင်ဗျာ့"ဟု ဘီလီဘင်က ပြောလိုက်သည်။ ဘီလီဘင်သည် စိန့်ပီတာစဘတ်မြို့တော်တွင် 'ပီထရိုပိုမြို့၏ သူရဲကောင်း'ဟု အမည်တွင်လျက်ရှိသော မြို့စားကြီး ဝပ်ဂျင်စတိန်းက ပြင်သစ်တို့ထံမှ ဖမ်းဆီးရမိခဲ့သော ဩစထရီးယား စစ်တံခွန်များနှင့်အတူ ဗီယင်နာ ရွှေမြို့တော်ကြီးသို့ ပေးပို့လိုက်သည့် သံတမန်စာကျန်တစ်စောင်အကြောင်းကို ရည်ညွှန်းပြောဆိုလျက် ရှိသည်။

"ဘာများလဲကွယ့်၊ ဘာတွေများ ရယ်နေရတာလဲ" မှန်နန်းအပျိုတော်ကြီးက ၎င်းကိုယ်တိုင် တစ်ခါကြားနာခဲ့ဖူးပြီဖြစ်သော ဘီလီဘင်၏ 'သောလုံး'ကို အားလုံးက စိတ်ဝင်စားစွာ နားထောင်စေရန်အတွက် လမ်းခင်းပေးလိုက်သည်။

ထိုအခါ ဘီလီဘင်ကလည်း ၎င်းကိုယ်တိုင် ရေးပေးလိုက်သည့် သံတမန်စာချွန်မှ စကားလုံးများကို အတိအကျ ရွတ်ပြနေသည်။

"သဟာယမဟာမိတ်တံခွန်များဖြစ်ကြသော ဩစတြီးယား ရွှေနန်းရှင်၏ တံခွန်များသည် တကွဲတပြားလွင့်ပါးကာ မှားယွင်းသော လမ်းပေါ်တွင် ကောက်ယူတွေ့ရှိပါသဖြင့် ၎င်းတို့ကို ရုရှားရွှေနန်းရှင်က ပြန်လည်ပေးပို့လိုက်ပါသည်တဲ့ခင်ဗျ"

ဗီလီဘင်က စကားလုံးများ ရွတ်ပြပြီးနောက် နဖူးပြင်ကို ရှုံ့ထားရာမှ ပြန်ဖြေလိုက်သည်။

"တယ်ပြီး ထိမိတဲ့စကားလုံးတွေပဲဗျာ။ သိပ်ထိတာပဲ" မင်းသားကြီးဗာစီလီက ထောက်လိုက်သည်။

"မှားယွင်းသော လမ်းဆိုတာ ဘာလဲဗျ။ ဝါဆောမြို့ကို သွားတဲ့ လမ်းမကြီးလား" မင်းသားကလေး ဟစ်ပိုလီတိက နိဒါန်းပျိုးခြင်းမရှိဘဲ ခပ်ကျယ်ကျယ်လှမ်းမေးလိုက်သည်။ မင်းပရိသတ်များသည် ဟစ်ပိုလီတိ၏ စကားများအနက်အဓိပ္ပာယ်ကို နားမလည်ဘဲ လှမ်းကြည့်နေကြသည်။ ဟစ်ပိုလီတိ ကိုယ်၌ကလည်း ရွှင်လန်းအံ့သြသောမျက်နှာထားဖြင့် လှမ်းကြည့်နေသည်။ ၎င်းကိုယ်နှိုက်ကလည်း ၎င်း၏စကားများ အနက်အဓိပ္ပာယ်ကို အခြားသူများထက် ထူး၍ ဘာမျှမသိချေ။ ၎င်း၏ သံတမန်အမှုထမ်းသက်တစ်လျှောက်တွင် ဤသို့ ပါးစပ်က ထွက်မိထွက်ရာ ပြောလိုက်ခြင်းကို ဇဝနဉာဏ်ထက်သန်ပေသည်ဟု ကြိုဆိုလက်ခံကြကြောင်းကို ဟစ်ပိုလီတီသည် တစ်ကြိမ်မကသတိထားခဲ့မိပြီး ဖြစ်၏။ ထို့ကြောင့်လည်း ဟစ်ပိုလီတီသည် ခေါင်းထဲသို့ ပထမဆုံးဝင်ရောက်လာသည့် စကားလုံးများကို အခါအခွင့်သင့်တိုင်း ဤသို့ ပြောခဲ့ဖူးပေါင်းများလှပေပြီ။ 'နောက်တော့ အဓိပ္ပာယ်နားလည်သွားကြမှာပေါ့လေ။ နားမလည်ရင်လဲ ဘယ်လိုအလိုက်အထိုက် နေရမယ်ဆိုတာ သူတို့ဘာသာ သိသွားကြလိမ့်မပေါ့'ဟု ဟစ်ပိုလီတီ တွေး၏။

၎င်းတွေးသည့်အတိုင်းပင် နားမလည်၍ ကြောင်အမ်းအမ်းဖြစ်နေကြသည့် အတောအတွင်း၌ လုံလောက်

www.burmeseclassic.com

www.burmeseclassic.com

စွာ မျိုးချစ်စိတ်ထက်သန်ခြင်း မရှိသေးသည့်အတွက် မှန်နန်းအပျိုတော်ကြီးက 'ချွတ်'ပေးရမည့် ပုဂ္ဂိုလ်ကြီး ဝင်ရောက်လာသည်တွင် မှန်နန်းအပျိုတော်ကြီးသည် ဟစ်ပိုလီတီကို လက်ညှိုးကလေးထောင်၍ ယမ်းပြလိုက်ပြီးနောက် မင်းသားကြီး ဗာစီလီအား စားပွဲသို့ ဖိတ်ခေါ်ကာ ဖယောင်းတိုင်နှစ်တိုင်နှင့် ဩဝါဒစာတမ်းကို ယူလာလျက် စာဖတ်ရန် တောင်းပန်ခြင်း ပြုလေသည်။ ထိုအခါ၌ အားလုံးတိတ်ဆိတ်သွားကြလေသည်။

"ဒကာတော် ရေမြေ့သခင် ရွှေနန်းရှင် ဘုရင်မင်း ဗျတ်"

မင်းသားကြီး ဗာစီလီသည် တည်ကြည်လေးနက်စွာ စတင်ဖတ်ကြားလိုက်ပြီးနောက် မိမိစာဖတ်ကောင်းခြင်းကို မည်သူက အပြစ်ပြောလိုသေးသနည်းဟု စူးစမ်းသည့်နယ် ပရိသတ်ကို လှည့်ကြည့်လိုက်သည်။ သို့ရာတွင် မည်သူကမျှ ပြောဆိုခြင်း မပြုကြချေ။

"အမိသည် ရွှင်လန်းအားတက်သော သားငယ်တို့ကို ၎င်း၏ ရင်ခွင်းတွင် ပွေ့ပိုက်ခြင်း ပြုသကဲ့သို့ ကျွန်ုပ်တို့၏ ရှေးဟောင်းမြို့တော်လည်း မည်၊ ကျေရဆလင်မြို့သစ်ကြီးလည်း မည်သော မော်စကိုမြို့ကြီးသည်လည်း ၎င်း၏ ခရစ်တော်ကို ဆီးကြို့ကြလေပြီ"

မင်းသားကြီး ဗာစီလီသည် '၎င်း၏' ဆိုသော စာလုံးကို ရုတ်တရက် အလေးအနက်ပြု၍ ရွတ်လိုက်သည်။

"ဖုံးအုပ်ရစ်ပတ်လျက် ရှိကုန်သော ဆီးနှင်းမြူတိမ်သူရိန့်မီးခိုးတို့အကြားမှ ဒကာတော်ရေမြေ့ရှင် အာဏာစက်၏ ခမ်းနားကြီးကျယ်သော ဘုန်းတန်ခိုးတေဇော်ကို ကြည့်မြင်လျက် 'လာသူ၌ အောင်မြင်ခြင်းကို ဖြစ်စေသတည်း'ဟု ကျွန်ုပ် မေတ္တာပို့ပါ၏"

မင်းသားကြီး ဗာစီလီသည် နောက်ဆုံးစကားများကို ငိုသံပါကြီးဖြင့် ရွတ်ဆိုခြင်းပြုလေသည်။

ဘီလီဘင်ကား ၎င်း၏ လက်သည်းများကို ဂရုတစိုက် ကြည့်လျက် ရှိ၏။ မင်းပရိသတ်များမှာလည်း မည်သူ့ကို အပြစ်ဆိုရမည်နည်းဟု မေးသကဲ့သို့ ထိတ်လန့်တုန်လှုပ်သောအမူအရာကို ပြလျက်ရှိကြ၏။ ဘုရားဝတ်ကျောင်းတွင် အဘွားအိုကြီးများ ဝတ်ရွတ်စဉ်ဆိုသကဲ့သို့ မှန်နန်းအပျိုတော်ကြီးသည်လည်း လာလတ္တံ့သော စကားလုံးများကို ရေ့မှ ကြို၍ ရွတ်ဖတ်လျက် ရှိသည်။

"ရိုင်းပျစ်၍ ကျူးကျော်စော်ကားသော ဂိုးလိယတ်သည်" မှန်နန်းအပျိုတော်ကြီးက ခပ်တိုးတိုးကြို၍ ရွတ်လိုက်သည်။

"ပြင်သစ်နယ်စပ်မှ ရိုင်းပျစ်၍ ကျူးကျော်စော်ကားသော ဂိုးလိယတ်သည် သခြင်းကို ဆောင်ယူသည့် ကြောက်မက်ဖွယ်တို့ဖြင့် ရုရှားနိုင်ငံတော် နယ်ပယ်အဝှန်းကို ဝန်းရံလာအံ့၊ ရုရှားလူမျိုးတည်းဟူသော ဒေဝီ၏ ယုံကြည်ခြင်းတရားဟူသော လောက်လွဲကြီးသည် သွေးဆာသောမာနတို့ဖြင့် ပြည့်လျှမ်းသည့် သင်း၏ ဥက္ကောင်းကို ရိုက်ခွဲအံ့။ ထာဝရ ဘုရားသခင်၏ သာဝကကြီးလည်းဖြစ်၊ ကျွန်ုပ်တို့နိုင်ငံတော် သာယာစည်ပင်ရေး၏ ထက်သန်သော တမန်ကြီးလည်း ဖြစ်သည့် ရှင်တော်ဆာဂျီးယပ်စ်၏ ဆင်းတုတော်ကို ဒကာတော် ရေမြေ့ရှင်အား ကိုယ်တိုင်တွေ့ဆုံရခြင်းကြောင့် ရရှိလတ္တံ့သော ဝမ်းသာရွှင်လန်းမှုကို တားဆီးလျက်ရှိသည့် ကျွန်ုပ်၏ ဆုတ်ယုတ်လျက်ရှိသော အားအင်အတွက် စိတ်မကောင်းဖြစ်မိပါသည်။ ဘုန်းတော်အန္တနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် တရားသူတို့ကို ချီးမြှောက်၍ ဒကာတော်ရေမြေ့ရှင်၏ ဆန္ဒတို့ကို သနားကရုဏာကြီးစွာ ဖြည့်ဆည်းတော်မူစေသတည်းဟု ကျွန်ုပ် ဆုတောင်းလိုက်ပါသည်။"

"တယ်ပြီးခွန်အားရှိတဲ့ စာပဲခင်ဗျ။ ဖတ်ပုံကလဲ တယ်ကောင်းပေတာပဲ"

အားလုံးက ရေးသူကိုရော ဖတ်သူကိုပါ ချီးကျူးထောမနာပြုကြ၏။

မှန်နန်းအပျိုတော်ကြီး၏ မင်းပရိသတ်သည် ဩဝါဒစာတမ်းကြောင့် စိတ်အားထက်သန်လာကြပြန်ကာ အဖနိုင်ငံကြီး၏ အခြေအနေကို အတန်ကြာမျှ ပြောဆိုလျက်ရှိကြပြီးနောက် မကြာမီရက်များအတွင်း ဖြစ်ပွားအံ့ဆဲဆဲဖြစ်သော တိုက်ပွဲကြီးနှင့် စပ်လျဉ်း၍ သူတစ်မျိုး ငါတစ်ဖုံ ထင်မြင်ချက်ပေးလျက် ရှိကြလေသည်။

"မနက်ဖြန်ဆိုရင် ဘုန်းတော်ကြီးသော ဘုရား၏ မွေးနေ့ပဲရှင့်" မှန်နန်းအပျိုတော်ကြီးက ပြောလိုက်၏။ "အဲဒီနေ့မှာ ဧကန္တ သတင်းထူးကြီးတစ်ခုခုတော့ ကြားရမှာပဲ။ စောင့်သာနားထောင်ကြပေတော့။ မင်္ဂလာရှိတဲ့သတင်းကို ကြားရလိမ့်မယ်လို့ မှန်းနန်းအပျိုတော်ကြီး 'အကြားအမြင်' ရထားတယ်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ ရရှိထားသော 'အကြားအမြင်'မှာ တကယ်မှန်နေလေပြီ။ နောက်တစ်နေ့ ရွှေနန်းတော် သုခမ္မာဇရပ်၌ ဘုန်းတော်ကြီးသော ဘုရား၏ မွေးနေ့ဆုတောင်းမင်္ဂလာပွဲကျင်းပနေစဉ်အတွင်း၌ မင်းသားကြီး ဗိုလ်ချုပ်ကြီးဘိုလကွန်စကီ (အင်ဒရေ၏ ခမည်းတော်မဟုတ်) ကို သုခမ္မာဇရပ်အတွင်းမှ ဆင့်ခေါ်ကာ စစ်သေနာပတိဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ စာချွန်ကို ပေးအပ်ခြင်းပြုလေသည်။ ထိုစာချွန်မှာ ဘိုရိုဒီနိုတိုက်ပွဲဖြစ်ပွားသွားသော နေ့တာတာ ရိုနိုဗာမှ ရေးပို့လိုက်သည့် ဗိုလ်ချုပ်ကြီးကူတူဇော့ဗ်၏ အစီရင်ခံစာချွန်ဖြစ်၏။ ရုရှားတပ်မတော်သည် ခြေတစ်လှမ်းမှ နောက်ဆုတ်ခြင်းမရှိကြောင်း၊ ပြင်သစ်တို့၏ အကျအဆုံးမှာ ကျွန်ုပ်တို့ထက် များပြားလှကြောင်း၊ ယခု စာချွန်ကို သတင်းများ အပြည့်အစုံမရသေးမီ စစ်မြေပြင်မှ အမြန်ရေးပို့လိုက်ခြင်း ဖြစ်ကြောင်းဖြင့် ထိုစာချွန်တွင် ဖော်ပြထားလေသည်။ ထိုစာချွန်ကို ထောက်လျှင် အောင်ပွဲတစ်ပွဲ ရခဲ့ပြီး ဖြစ်ဟန်တူလေသည်။ ထို့ကြောင့် သုခမ္မာဇရပ်မှ မပြန်ကြသေးဘဲ ထာဝရဘုရားသခင်၏ ကျည်စောင်မခြင်းအတွက် လည်းကောင်း၊ အောင်ပွဲအတွက် လည်းကောင်း ကျေးဇူးတော် ချီးမွမ်းပူဇော်ပွဲတစ်ရပ်ကို ချက်ချင်း စီမံကျင်းပကြသေးသည်။

မှန်နန်းအပျိုတော်ကြီး အင်နာပါဗလိုနာ၏ 'အကြားအမြင်'သည် သွေးထွက်အောင် မှန်ပါသည်။ ထိုနေ့နံနက်၌ ရွှင်လန်းမြူးထူးသော စိတ်ဓာတ်သည် မြို့တော်တစ်ခုလုံးကို ဖုံးလွှမ်းလျက် ရှိ၏။ အပြီးသတ် အောင်ပွဲကို ရပြီဟု အားလုံးက ယူဆထားကြ၏။ အချို့ကမူ နပိုလီယန်ကို ဖမ်းမိပြီဟု လည်းကောင်း၊ အရာချပြီးပြီဟု လည်းကောင်း၊ ပြင်သစ်ပြည်အတွက် ဘုရင်သစ်တစ်ပါးကို ရွေးချယ်ပြီးပြီဟုလည်းကောင်း ပြောဆိုလျက်ပင် ရှိကြသည်။

ရွှေနန်းတော်ပတ်ဝန်းကျင် အဖြစ်အပျက်များနှင့် ဝေးကွာသည့် ပတ်ဝန်းကျင်တို့တွင် အဖြစ်အပျက်များကို ပြည့်ပြည့်စုံစုံ ပြက်ပြက်ထင်ထင် သိမြင်ရန်မှာ အလွန်ခက်ခဲလှပေသည်။ အထွေထွေ အဖြစ်အပျက်များသည် တစ်စုံတစ်ခုသော အဖြစ်အပျက်တစ်ခု၏ အောက်၌ နစ်မြုပ်ပျောက်ကွယ်သွားတတ်ကြလေသည်။ ယခုလည်း ထိုနည်းအတူ ရွှေနန်းတော်သူ ရွှေနန်းတော်သားတို့သည် ဘုရင်၏ မွေးနေ့တွင် သတင်းတစ်ခုရောက်လာသည်ဆိုရုံမျှဖြင့် တကယ့်အောင်ပွဲကြီးရသည့်ပမာ အားရရွှင်လန်းလျက် ရှိကြလေသည်။ တမင်တိုက်ဆိုင်အောင် လုပ်ထားသည့်နှင့်ပင် တူတော့သည်။ ဗိုလ်ချုပ်ကြီး ကူတူဇော့ဗ်၏ အစီရင်ခံစာချွန်တွင် ရုရှားတို့ဘက်မှ အကျအဆုံးကို ဖော်ပြထားရာ ထိုအထဲ၌ ဗိုလ်ချုပ်တူကျကော့၊ ဗိုလ်ချုပ်ဘာဂရေးရှင်းနှင့် ဗိုလ်ချုပ်ကူတူဇော့ဗ်တို့၏ အမည်များကိုလည်း ဖော်ပြထားလေသည်။ စိန့်ပီတာစဘတ်ရွှေမြို့တော်၌ ဤသတင်းဆိုးကြီးနှင့် ပတ်သက်၍လည်း ဗိုလ်ချုပ်ကူတူဇော့ဗ် ကျဆုံးခြင်းကိုသာ ဥက္ကောဋေယျ ပြောဆိုလျက်ရှိကြလေသည်။ ဗိုလ်ချုပ်ကူတူဇော့ဗ်မှာ လူချစ်လူခင်ပေါ၍ ဘုန်းတော်ကြီးသော ဘုရားကလည်း နှစ်ခြိုက်သူတစ်ဦးဖြစ်သည်။ အသက်ငယ်၍ စိတ်ဝင်စားဖွယ်ကောင်းသူတစ်ဦးလည်း ဖြစ်သည်။ ထိုနေ့က တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြရာတွင် အောက်ပါစကားများဖြင့် နှုတ်ခွန်းဆက်ခြင်း ပြုကြသောဟူ၏။

"အလွန်အံ့သြစရာကောင်းတဲ့ တိုက်ဆိုင်မှုပါပဲဗျာ။ မွေးနေ့ဆုတောင်းမင်္ဂလာ ကျင်းပနေတုန်းမှာ သတင်းတွေ ရောက်လာရတယ်လို့ပဲ။ ဒါပေမဲ့ ဗိုလ်ချုပ်ကူတူဇော့ဗ် ကျဆုံးတာကတော့ ကြီးမားတဲ့ ဆုံးရှုံးမှုကြီးတစ်ရပ်ပဲခင်ဗျ။ စိတ်မကောင်းစရာကြီးပဗျာ"

"ကဲ၊ ကူတူဇော့ဗ်နဲ့ ပတ်သက်လို့ ကျုပ်မပြောဘူးလား" မင်းသားကြီး ဗာစီလီက ပုရောဟိတ်တစ်ဦး၏ ဂုဏ်ယူခြင်းမျိုးဖြင့် ပြောလိုက်သည်။ "နပိုလီယန်ကို အနိုင်တိုက်နိုင်မယ့်သူဟာ ကူတူဇော့ဗ်တစ်ဦးတည်းသာ ရှိပါတယ်လို့ ကျုပ် အမြဲပြောခဲ့တယ် မဟုတ်လား"

သို့ရာတွင် နောက်တစ်နေ့၌ကား တပ်မတော်ကြီးမှ မည်သည့်သတင်းမျှ မရောက်လာတော့ချေ။ တိုင်းသူပြည်သားတို့၏ စိတ်၌ကား စိုးရိမ်ကြောင့်ကြမှု ကြီးစိုးစပြုလာခဲ့လေပြီ။ ရွှေနန်းတော်သားတို့မှာမှ စိုးရိမ်ထိတ်လန့်ဖွယ် အခြေအနေကြောင့် ဘုန်းတော်ကြီးသော ဘုရားမအိမသာဖြစ်နေခြင်းကိုကြည့်ကာ စိတ်လက်မကြည်မသာ ဖြစ်လျက်ရှိကြလေသည်။

"ဘုန်းတော်ကြီးသောဘုရား၏ အနေအထားကို ခင်ဗျားတို့ပဲ စဉ်းစားကြည့်စမ်းပါဦးဗျာ"ဟု ၎င်းတို့က

www.burmeseclassic.com

www.burmeseclassic.com

ဆိုကြ၏။ ၎င်းတို့သည် ယမန်နေ့က ဗိုလ်ချုပ်ကြီးကူတူ ဧည့်ဝတ်ကို ချီးကျူးထောမနာပြုခဲ့ကြသော်လည်း ယခုမူ ရွေနန်းရှင်ဘုရင်အား နှလုံးမကြည်ဖြစ်အောင် ပြုရပါမည်လောဟု ဗိုလ်ချုပ်ကြီးကူတူဧည့်ဝတ်ကို ရှုတ်ချပြစ်တင်လျက် ရှိကြလေပြီ။ ထိုနေ့တွင် မင်းသားကြီး ဗာစီလီသည်လည်း ၎င်း၏ 'အချစ်တော်' ဗိုလ်ချုပ်ကူတူဧည့်ဝတ်နှင့် စပ်လျဉ်း၍ ဝါကြွားပြောဆိုခြင်းမပြုတော့ဘဲ ကူတူဧည့်ဝတ်၏အမည်ကို ကြားတိုင်း တုဏှိဘာဝပြုလျက် ရှိကြလေသည်။

ထိုနေ့ည၌ကား ပီတာစဘတ် ရွှေမြို့တော်သားတို့ကို ပို၍ နှလုံးမကြည်ဖြစ်ရန် နတ်သိကြားတို့က ဖန်ဆင်းလိုက်သည့်နှယ် အမင်္ဂလာသတင်းကြီးတစ်ခု ပေါ်ပေါက်လာပြန်လေသည်။ ထိုသတင်းကား ယခင်က မြိန်ရေရှက်ရေခေါ်ခဲ့ကြသည့် ကြောက်မက်ဖွယ်ရောဂါဆိုးကြီး၏ ဒဏ်ဖြင့် မြို့စားကတော်ကလေးဟယ်လင် ရုတ်တရက် ကွယ်လွန်သွားပြီဆိုသည့် သတင်းပင်ဖြစ်လေသည်။ ပရိသတ်စုံလင်သည့် မင်းပွဲသဘင်ကြီးများ၌ မြို့စားကတော်လေးဟယ်လင်မှာ ကြောက်မက်ဖွယ်နှလုံးရောဂါကြောင့် ကွယ်လွန်သွားခြင်း ဖြစ်သည်ဟု တရားဝင်ပြောဆိုကြသော်လည်း ရင်းနှီးသောအသိုင်းအဝိုင်းများ၌မူ စပိန်ဘုရင်မကြီး၏ သမားတော်ကြီးက တစ်စုံတစ်ရာသော အကျိုးသက်ရောက်မှုရှိစေရန် တစ်စုံတစ်ရာသော ဆေးအနည်းငယ်ကို မည်သို့မည်ပုံ တိုက်ကျွေးလိုက်ကြောင်း၊ သို့ရာတွင် မြို့စားကတော်လေးဟယ်လင်မှာ (အခြား လင်ငယ်တစ်ဦးဖြစ်သူ) အဘိုးအိုမြို့စားကြီးက ၎င်းအပေါ်တွင် သင်္ကာမကင်းဖြစ်လျက် ရှိခြင်းကြောင့်လည်းကောင်း၊ ဖြတ်စာရေးထားသည့် ၎င်း၏လင် (အကျင့်ပျက်နေသော လူဆိုးလူသွမ်းပီယာ) က အကြောင်း တစ်စုံတစ်ရာ ပြန်ကြားခြင်းမရှိသည့်အတွက်ကြောင့် လည်းကောင်း စိတ်ညစ်ကာ ဆေးများကို အလွန်အကျွံသောက်လိုက်ကြောင်း၊ ဤတွင် သမားတော်များ ရောက်မလာမီ ဝေဒနာကို ကြီးစွာခံစားကာ ကွယ်လွန်သွားရှာခြင်း ဖြစ်ကြောင်းဖြင့် အသေးစိတ် ဝေဖန် ပြောဆိုလျက် ရှိကြလေသည်။ ခမည်းတော် မင်းသားကြီးဗာစီလီနှင့် အဘိုးအိုမြို့စားကြီးတို့သည် ထိုကိစ္စအတွက် အီတလီသမားတော်နှင့် ကတောက်ကဆဖြစ်ကြသေးသော်လည်း အီတလီသမားတော်က ကဲဆိုးသူမင်းသမီးလေး၏ ရည်းစားစာများကို ထုတ်ပြသဖြင့် ထိုကိစ္စကို ကျိတ်ချေလိုက်ရသည်ဟုလည်း ပြောဆိုလျက် ရှိကြလေသည်။

အာလာပသလ္လာပစကားများမှာ စိတ်ညစ်ညူးဖွယ်ကိစ္စကြီးသုံးခုအပေါ်တွင် မဏ္ဍိုင်ပြုလျက်ရှိ၏။ ၎င်းတို့မှာ ဘုန်းတော်ကြီးသောဘုရားထံ မည်သည့်သတင်းမျှ ရောက်လာခြင်း မရှိသည့်ကိစ္စ၊ ဗိုလ်ချုပ်ကူတူဧည့်ဝတ် ကျဆုံးသည့်ကိစ္စတို့ ဖြစ်လေသည်။

စစ်သေနာပတိချုပ် ကူတူဧည့်ဝတ်ထံမှ ဘုန်းတော်ကြီးသော ဘုရားထံသို့ အစီရင်ခံစာချွန် ရောက်ပြီး သုံးရက်မြောက်သောနေ့၌ မော်စကိုမှ သူကောင်းမျိုးနွယ်တစ်ဦး ပီတာစဘတ် ရွှေမြို့တော်သို့ ရောက်ရှိလာလေရာ မော်စကိုမြို့ကို ပြင်သစ်တို့လက်သို့ အပ်လိုက်ရပြီဆိုသည့်သတင်းသည် ရွှေမြို့တော်လေးပြင်လေးရပ်တွင် ပြန့်နှံ့လျက်ရှိလေသည်။ မည်မျှ ကြောက်စရာကောင်းသော အခြေအနေပေနည်း။ ဘုန်းတော်ကြီးသော ဘုရားအဖို့ မည်မျှအနေရခက်မည်နည်း။ စစ်သေနာပတိ ကူတူဧည့်ဝတ်သည် သစ္စာဖောက်တစ်ဦး မဟုတ်လော။ ဤသို့ဖြင့် မင်းသားကြီး ဗာစီလီသည် သမီးတော်ဟယ်လင်မင်းသမီးလေး၏ အသုဘသို့ လာရောက်သူတိုင်းအား မိမိ တစ်ခါက ချီးကျူးပြောဆိုခဲ့သည့် ကူတူဧည့်ဝတ်နှင့် စပ်လျဉ်း၍ ယင်းသို့သော အကျင့်ပျက်နေသည့် တစ်ဖက်ကန်းအဘိုးကြီးထံမှ မည်သည့်အရာကိုမျှ မျှော်လင်နိုင်မည် မဟုတ်ကြောင်းဖြင့် ပြောဆိုလျက် ရှိလေသည်။ (ခမျာ သမီးဆုံးသဖြင့် ပရိဒေဝ မီးတောက်လောင်နေခြင်းကြောင့် ကိုယ်ပြောမိသားစကားကို မေ့လျော့နေရှာပေသည်ဟု ယူဆကာ မင်းသားကြီး ဗာစီလီကို ခွင့်လွှတ်မည်ဆိုလျှင်လည်း ခွင့်လွှတ်နိုင်ပါသည်။)

"ရှရှားနိုင်ငံတော်ကြီးရဲ့ ကဲကြမ်္မာကို ကူတူဧည့်ဝတ်လို လူမျိုးလက်ထဲ ယုံယုံကြည်ကြည် ပုံအပ်ထားတာကို သာ အံ့သြတာပါပဲဗျာ"ဟု မင်းသားကြီးဗာစီလီက ဆို၏။

မော်စကိုကျပြီဆိုသည့် သတင်းစကားကို တရားဝင်ကြေညာခြင်းမပြုသေးသည့်အလျောက် မယုံကြည်ဘဲ နေလျှင် နေနိုင်ပါသေးသည်။ သို့ရာတွင် နောက်တစ်နေ့၌မူ မော်စကိုမြို့ဝန် ရော့စတော့ချင်ထံမှ အောက်ပါအတိုင်း စာချွန်တစ်စောင် ရောက်လာခဲ့လေသည်။

"တပ်မတော်ကြီး ဆုတ်ခွာရာ၌ ရာဇန်ပေတရာ

www.burmeseclassic.com

www.burmeseclassic.com

လမ်းမကြီးတစ်လျှောက် လမ်းပြရန် ရဲအရာရှိများ ပေးပို့ရန် တောင်းဆိုသော စာချွန်တစ်စောင်ကို ဗိုလ်ချုပ်ကြီး ကူတူဇော်ဗဓ်၏ တပ်ရေးပေးပို့လာပါသည်။ ထိုစာချွန်၌ မိမိသည် ဝမ်းနည်းကြေကွဲစွာဖြင့် မော်စကိုမြို့ကြီးကို စွန့်ခွာခဲ့ရပြီဟုလည်း ဖော်ပြထားပါသည်။ လျှောက်ထားဝံပါသည်ဘုရား။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးကူတူဇော်ဗဓ်၏ အပြုအမူသည် ရွှေမြို့တော်ကဲ့ကြမ္မာနှင့် ဘုန်းတော်ကြီးသောဘုရား နိုင်ငံတော်၏ ကဲ့ကြမ္မာကို အဆုံးအဖြတ်ပြုလျက် ရှိပါသည်။ ဘုန်းတော်ကြီးသော ဘုရား ဘိုးဘွားများ၏ အလောင်းတော်များ ကိန်းဝပ်ရာ၊ နိုင်ငံတော်၏ ကြီးမြတ်ခြင်းဟူသမျှတို့ စုရုံးရာဖြစ်သော မော်စကိုမြို့တော်ကြီးအား စွန့်ခွာခဲ့ရပြီဟု သိလျှင် ရှုရှားနိုင်ငံတော်ကြီးသည် တုန်လှုပ် ချောက်ချားခြင်း ဖြစ်ချေတော့မည်။ ကျွန်တော်မျိုးလည်း တပ်တော်ကြီးနှင့် အတူလိုက်ပါ ထမ်းရွက်မည် ဖြစ်ပါသည်။ ပစ္စည်းများအား လုံးကိုလည်း ရွှေ့ပြောင်းပြီဖြစ်ပါသည်။ ယခုအချိန်၌ ကျွန်တော်မျိုး ပြုရန်ကိစ္စကား အဖနိုင်ငံတော်ကြီး၏ ကဲ့ကြမ္မာအတွက် ငိုကြွေးပူဆွေးရုံသာ ရှိပါတော့သည်။"

ထိုစာချွန်ကို ရသည့်နောက်၌ ဘုန်းတော်ကြီးသော ဘုရားသည် တပ်ရေးဗိုလ်ချုပ်ကြီး ဘိုလကွန်စကီကို စေလွှတ်၍ အောက်ပါစာချွန်ကို စစ်သေနာပတိ ကူတူဇော်ဗဓ်ထံ ပေးပို့လိုက်လေသည်။

"မင်းသားကြီးကူတူဇော်ဗဓ်။ ဩဂုတ်လ ၂၉-ရက်နေ့မှစ၍ သင့်ထံမှ မည်သည့်စာချွန်မျှ ရောက်လာခြင်း မရှိ။ သို့ရာတွင် သင်နှင့်တကွသော တပ်တော်ကြီးသည် မော်စကိုမြို့ကို စွန့်ခွာရန် ဆုံးဖြတ်ပြီးပြီဟူသော သတင်း-ယာရိုစလာမှတစ်ဆင့် ပေးပို့လိုက်သော မော်စကိုမြို့ဝန်ထံမှ စက်တင်ဘာလ ၁-ရက်ခန့်တွင် ကျွန်ုပ် ရရှိသည်။ ဤသတင်းကြောင့် ကျွန်ုပ် မည်မျှ စိတ်ထိခိုက်ရသည်ကို သင် တွေးကြည့်က သိနိုင်သည်။ သင့်ထံမှ စာချွန်တစ်စုံတစ်ရာ မရောက်လာသည့်အတွက် ပို၍ အံ့သြခြင်း ဖြစ်ရသည်။ တပ်တော်ကြီး၏ အခြေအနေနှင့်တကွ ဤစိတ်ညစ်ညူးဖွယ်ကောင်းသည့် ဆုံးဖြတ်ချက်ကို မည်သည့်အတွက် ချမှတ်ရကြောင်း ကြားနာရန်အတွက် ဤစာချွန်နှင့်အတူ တပ်ရေးချုပ်မင်းသားကြီး ဘိုးကွန်စကီကို ကျွန်ုပ် စေလွှတ်တော်မူလိုက်သည်"

အခန်း ၃

မော်စကိုမြို့မှ ဆုတ်ခွာပြီးနောက် ၉-ရက်အကြာ၌ ထိုအဖြစ်အပျက်ကို တရားဝင်ဖော်ပြထားသော အစီရင်ခံစာချွန်နှင့်အတူ ဗိုလ်ချုပ်ကူတူဇော်ဗဓ်ထံမှ စေတမန်တစ်ဦးသည် ပီတာစဘတ်ရွှေမြို့တော်သို့ ရောက်ရှိလာခဲ့လေသည်။ ထိုစေတမန်ကား ရုရှားစကားကို တစ်လုံးမျှမတတ်သော်လည်း 'လူက နိုင်ငံခြားသားဖြစ်စေကာမူ စိတ်နှင့် ဝိညာဉ်မှာ ရုရှားလူမျိုး ဖြစ်ပါသည်'ဟု သူ့ကိုယ်သူ ကြွေးကြော်လေ့ရှိသူ ပြင်သစ်လူမျိုး မရှောဆိုသူ ဖြစ်လေသည်။

ဘုန်းတော်ကြီးသောဘုရားသည် ကျောက်ကျွန်းရှိစံနန်းတော် စာကြည့်ဆောင်တွင် ထိုစေတမန်ကို ချက်ချင်းအခစားဝင်စေ၏။ မော်စကိုမြို့ကို ယခင်တစ်ခါမျှ မြင်ဖူးခြင်းလည်း မရှိ၊ ရုရှစကားကို တစ်လုံးမျှ နားလည်ခြင်းလည်း မရှိသည့် ပြင်သစ်လူမျိုး စေတမန် မိရှောသည် (၎င်း၏စကားအတိုင်း ပြောရလျှင်) 'မိမိလာရာလမ်းကို အလင်းရောင်ထွန်းညှိပေးသော မော်စကိုမြို့ကြီး မီးလောင်ကျွမ်းပုံသတင်းကို ယူဆောင်လာရသည့်အတွက် 'ကျွန်ုပ်တို့၏ ဘုန်းကျက်သရေ အဖြိုးဝေဆုံးသော ရွှေနန်းရှင်ဇကရာဇ်'၏ ရှေ့မှောက်သို့ ခစားသောအခါ၌ လွန်စွာ ဝမ်းနည်းပူဆွေးသော ဟူသတဲ့။

ပြင်သစ်လူမျိုး စေတမန်မိရှော ဝမ်းနည်းပူဆွေးရသည့် အကြောင်းရင်းနှင့် ရုရှားလူမျိုးများ ဝမ်းနည်းကြေကွဲရသည့် အကြောင်းရင်းတို့သည် ကွဲပြားခြားနားကြမည်ဖြစ်သော်လည်း ဘုန်းတော်ကြီးသော ဘုရား၏ ရှေ့တော်မှောက်သို့ ရောက်သည့်အခါ၌ ၎င်း၏မျက်နှာမှာ လွန်စွာပူဆွေးဝမ်းနည်းသည့်အသွင်ကို ဆောင်လျက်ရှိခြင်းကြောင့် ဘုန်းတော်ကြီးသော ဘုရားမှာ မနေသာတော့ဘဲ ချက်ချင်းစတင်မေးမြန်းခြင်း ပြုရလေသည်။

"ဗိုလ်မှူးကြီး၊ သင်ဆောင်ယူခဲ့သော သတင်းသည် ဝမ်းနည်းကြေကွဲဖွယ် သတင်းမဟုတ်လော"

"အလွန်ဝမ်းနည်းကြေကွဲဖွယ် ကောင်းလှပါသည် ဘုရား" မိရှောက မျက်လွှာကို ချ၍ သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ "မော်စကိုမြို့ကြီးကို စွန့်ခွာခဲ့ရပြီဆိုသည့် သတင်းဖြစ်ပါသည်"

"ငါ၏ ရှေးဟောင်းမြို့တော်ကြီးကို သေနက်တစ်

www.burmeseclassic.com

www.burmeseclassic.com

ချက်မျှ ပစ်ဖောက်ခြင်းမပြုဘဲ သင်းတို့စွန့်ခွာခဲ့ကြသလော”

ဘုန်းတော်ကြီးသောဘုရားက ထိုမေးခွန်းကို လျင်မြန်စွာ မေး၏။ ၎င်း၏ မျက်နှာသည် ရုတ်တရက် နီရဲတက်လာသည်။

မရှောသည် ဗိုလ်ချုပ်ကြီးကူတူဇော်ဗ်၏ စာချွန်ကို ရိုသေလေးမြတ်စွာ ဆက်သခြင်းပြုသည်။ မော်စကိုတွင် ခုခံတိုက်ခိုက်ရန် မဖြစ်နိုင်တော့ကြောင်း၊ မိမိအဖို့ တစ်ခုတည်းသော ရွေးစရာလမ်းမှာ တပ်တော်ကြီးနှင့်တကွ မော်စကိုမြို့ကြီးကို အဆုံးရှုံးခံမည်လော၊ သို့တည်းမဟုတ် မော်စကိုမြို့ကြီးတစ်ခုတည်းကို အဆုံးခံမည်လော ဟူသော လမ်းသာ ဖြစ်တော့ကြောင်း၊ မိမိသည် ဒုတိယလမ်းကို ရွေးချယ်ရန်သာ ရှိတော့ကြောင်ဖြင့် ထိုစာချွန်တွင် ဖော်ပြထားလေသည်။

ဘုန်းတော်ကြီးသော ဘုရားသည် မရှောကို ကြည့်ရှုခြင်းမပြုဘဲ ဆိတ်ဆိတ် နားထောင်တော်မူသည်။

“ရန်သူတို့ မြို့တွင်းသို့ ဝင်ကြပြီလော”

ဘုန်းတော်ကြီးသောဘုရားက မေးမြန်း၏။

“လျှောက်ဝံပါသည်ဘုရား။ ယခုအချိန်၌ မော်စကိုမြို့ကြီးသည် ပြာပုံအတိုဖြစ်လျက် ရှိပါပြီ။ မီးဟုန်းဟုန်း တောက်လောင်လျက်ရှိချိန်၌ ကျွန်တော်မျိုး မြို့က ခွာခဲ့ပါသည်”

မရှောက ပြတ်သားသောအသံဖြင့် လျှောက်ကြားခြင်းပြုသည်။ သို့ရာတွင် ဘုန်းတော်ကြီးသောဘုရားကို ဖူးမြော်ရင်းက မိမိလျှောက်တင်ချက်ကြောင့် တစိမ့်စိမ့် ကြောက်လျက်ရှိလေပြီ။

ဘုန်းတော်ကြီးသောဘုရားသည် လျင်မြန်ပြင်းပြစွာ အသက်ရှူလျက် ရှိ၏။ အောက်နှတ်ခမ်းသည် တုန်ယင်လျက်ရှိ၏။ လှပပြာလဲ့သောမျက်လုံးများ၌ မျက်ရည်များသည် လျင်မြန်စွာ ရစ်ဝဲလာကြသည်။

သို့ရာတွင် ထိုအဖြစ်မှာ တစ်ခဏမျှသာ ကြာ၏။ ဘုန်းတော်ကြီးသောဘုရားသည် ၎င်း၏ ပျော့ညံ့မှုအတွက် မိမိဘာသာ အပြစ်တင်သည့်နယ် ချက်ချင်းမျက်မှောက်ကုတ်လိုက်လျက် ဦးခေါင်းကိုမော့ကာ မရှော့အား တင်းမာသောအသံဖြင့် မိန့်မြွက်တော်မူ၏။

“ဗိုလ်မှူးကြီး ဖြစ်ပျက်နေသော အခြင်းအရာတို့ကို ထောက်သော် ငါတို့ထံမှ ကြီးစွာသော စွန့်လွှတ်မှုမျိုးကို ဘုရားသခင် တောင်းဆိုတော်မူပြီးဟု ငါထင်သည်။ ဘုရားသခင်၏ အလိုခပ်သိမ်း ဖြစ်စေရန်အတွက် ငါ၏ကိုယ်ကို အပ်နှင်းပေအံ့။ သို့ရာတွင် သေနတ်တစ်ချက်မျှ ပစ်ဖောက်ခြင်းမပြုဘဲ ငါ၏ ရှေးဟောင်းမြို့တော်ကြီး ရန်သူလက်သို့ ကျခြင်းကို မြင်ရသည့်အခါ၌ ငါ၏ တပ်တော်ကြီး အခြေအနေ မည်သို့ရှိသည်ကိုကား ငါသိလိုသေးသည်။ ဗိုလ်မှူးကြီးမရှော၊ ငါ့အား လျှောက်တင်ဘိ။ တပ်တော်များ စိတ်ဓာတ်ပျက်ပြားနေခြင်းကို သတိမပြုမိသလော”

မိမိ၏ ဘုန်းကျက်သရေ အဖြိုးဝေဆုံးသော ဘုရင်ဧကရာဇ်မင်းမြတ် ရာဇင္ကန္ဒြေကို သိမ်းဆည်းကာ တည်ငြိမ်စပြုလာသည်ကို မြင်သည်၌ မိရှောသည်လည်း တည်ငြိမ်စပြုလာ၏။ သို့ရာတွင် အဖြေကို တိုက်ရိုက်တောင်းဆိုလျက်ရှိသော ဘုရင်မင်းမြတ်၏ တိုက်ရိုက်လည်း ကျ၊ မေးလည်း မေးသင့်သော မေးခွန်းကို ဖြေဆိုရန်ကား ချက်ချင်း အဆင်သင့် မဖြစ်သေးချေ။

“လျှောက်ဝံပါသည်ဘုရား။ အရှင်၏ သစ္စာကို စောင့်သိရိုသေသော စစ်သားတစ်ဦးနှင့် ထိုက်တန်စွာ ပွင့်ပွင့်လင်းလင်း လျှောက်တင်ခွင့် ပြုတော်မူစေလိုပါသည် ဘုရား”

“ဗိုလ်မှူးကြီး ပွင့်လင်းခြင်းကို အစဉ်အမြဲ ငါအလိုရှိတော်မူသည်”ဟု ဘုန်းတော်ကြီးသောဘုရားက မိန့်၏။ “ငါ့အား ဘာမျှ သိုဝှက်ထားခြင်း မပြုနှင့်။ အခြေအနေ အရပ်ရပ်ကို ငါမခြွင်းမချန် သိလိုသည်”

‘လျှောက်ဝံပါသည်ဘုရား’ မိရှောက ၎င်း၏နှုတ်ခမ်းပေါ်တွင် မသိမသာ နှုးညံ့သိမ်မွေ့သည့်အပြုံးကို ဆောင်လျက် လျှောက်တင်ခြင်းပြုသည်။ ယခုအချိန်၌ စိစစ်ရွေးချယ်ထားသော အဖြေတစ်ခုကို မိရှော ပြင်ဆင်ပြီးလေပြီ။

“လျှောက်ဝံပါသည်ဘုရား။ ကျွန်တော်မျိုး ထွက်ခွာလာချိန်၌ ဗိုလ်ချုပ်၊ ဗိုလ်မှူးမှအစ တပ်သားအဆုံးရှိသော တပ်တော်ကြီးတစ်ခုလုံးသည် အလွန်အမင်း ပြင်းပြသည်းထန်စွာ ကြောက်လန့်စိုးရိမ်လျက်”

“ဘယ်လိုလျှောက်တင်လိုက်တာလဲ မောင်မင်း”

ဘုန်းတော်ကြီးသောဘုရားက သုန်မှုန်စွာ မျက်မှောင်ကုတ်လိုက်ရင်း ကြားဖြတ်မိန့်တော်မူ၏။ “ကြမ္မာဆိုးသည် ငါ၏ ရုရှားလူမျိုးများအား ညှဉ်းပန်းနှိမ်နယ်စိတ်ဝမ်းငယ်

www.burmeseclassic.com

www.burmeseclassic.com

အောင် ပြုနိုင်သလော။ ဤသို့ကား ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပြီ"

ပြင်သစ်လူမျိုး စေတမန်မိရှောသည် ဘုန်းတော်ကြီးသောဘုရားထံမှ ဤနှုတ်ထွက်စကားမျိုးကိုပင် စောင့်ဆိုင်းလျက် ရှိ၏။ သို့မှသာ မိမိအပတ်တကုတ် ရွေးချယ်ပြင်ဆင်ထားသောအဖြေမျိုးကို အံဝင်ခွင်ကျဖြစ်အောင် လျှောက်တင်ခြင်း ပြုနိုင်မည် မဟုတ်လော။

"လျှောက်ဝံ့ပါသည်ဘုရား" မိရှောက ချစ်ကြည်လေးမြတ်သော ကျိစယ်ခြင်းမျိုးဖြင့် ဆို၏။ "တပ်တော်ကြီးတစ်ခုလုံး အလွန်အမင်းသည်းထန် ပြင်းပြစွာ ကြောက်လန့်တုန်လှုပ်လျက်ရှိခြင်းမှာ အခြားကြောင့်မဟုတ်။ ဘုန်းတော်ကြီးသောဘုရားသည် စိတ်နှလုံးရက်ရော မြင့်မြတ်သူပီပီ ရန်သူတို့နှင့် စစ်ပွေငြိမ်းရန် အကြံပေးချက်များကို လက်ခံတော်မူမည်လောဟု တွေး၍ ကြောက်လန့်တုန်လှုပ်နေကြခြင်းသာ ဖြစ်ပါသည်။ တပ်တော်ကြီးမှာ တိုက်ပွဲဝင်ရန်ကိုသာ ပြင်းပြထက်သန်လျက် ရှိပါသည်။"

ရှရှားလူမျိုးတို့၏ ကိုယ်စားလှယ်ကြီးဖြစ်ပေသော ပြင်သစ်စေတမန် မိရောက လျှောက်တင်ခြင်းပြု၏။

"မိမိတို့၏ အသက်ကို စိုးစဉ်မျှ နှမြောတွန့်တိုခြင်းမရှိ။ ရက်ရောစွာ စွန့်လွှတ်ခြင်းဖြင့် မိမိတို့သည် အရှင်ဧကရာဇ်၏ အကျိုးကို မည်မျှ ဦးဆွေးဆံမြည့်ထမ်းရွက်ကြောင်းကို အရှင်ဘုရား သိသာအောင် သက်သေပြလိုစိတ်ဖြင့် ပြင်းထန်လျက် ရှိကြပါသည်ဘုရား"

"အိမ်း"ဟု ဘုရင်မင်းမြတ်က အလုံးကြီးကျသွားဟန်ဖြင့် မိန့်ပြီးနောက် မျက်လုံးတွင် ကြင်နာသော အရိပ်အယောင်များ ယှက်သန်းလျက်ရှိရာမှ မိရှော၏ပခုံးကို ပုတ်လိုက်သည်။

"မောင်မင်း အလျှောက်ကောင်း၍ ငါသက်သာတော့သည် ဗိုလ်မှူးကြီး"

ဘုန်းတောကြီးသော ဘုရားသည် ခေါင်းညှိတ်ကာ အတန်ကြာမျှ တိတ်ဆိတ်နေတော်မူသည်။

"သို့တပြီးကား တပ်တော်သို့ ပြန်လေ" ဘုန်းတော်ကြီးသောဘုရားသည် ကိုယ်ကို မတ်၍ တင့်တယ်ခန့်ညားသောအမူအရာကို ဖြစ်စေပြီးသော် မိရှောအား နှုတ်ဆက်ရင်း မိန့်တော်မူ၏။ "ငါ၌ တပ်သားတစ်ယောက်မျှ မကျန်တော့သောအချိန်၌ ငါ ချစ်မြတ်နိုးအပ်သော မှူးမတ် သူကောင်းမျိုးနွယ်များနှင့် ငါ၏စိတ်ထားကောင်းသော လယ်သမားများကို ဦးဆောင်လျက် ငါ့လက်နှက်နိုင်ငံတော်ကြီး၏ နောက်ဆုံးအရင်းအမြစ်တို့ကို အသုံးပြု၍ တိုက်ခိုက်မည် ဖြစ်ကြောင်းကို လမ်းတစ်လျှောက်တွင် တွေ့သည့် ငါ၏ သူရသတ္တိပြည့်စုံသော တိုင်းသူပြည်သားများနှင့် စိတ်နှလုံးကောင်းသော ခန့်မှန်းသည်ထက် များပြားသော အင်အားရှိနေသေးသည်သာ ဖြစ်သည်"

ဘုန်းတော်ကြီးသောဘုရားသည် ပြောရင်း ပို၍ စိတ်ထက်သန်စပြုလာသည်။ ပြီးမှ ဆက်၍

"သို့တိုင်အောင် ငါ၏မင်းဆက်မင်းနွယ်တို့သည် ငါ့ဘိုးဘေးများ၏ ပလ္လင်ပေါ်တွင် ထိုင်၍ အုပ်ချုပ်မင်းလုပ်ခြင်းငှာ မသင့်ပြီဟု ကောင်းကင်ဘုံမှ ဘုရားသခင်က ပြဋ္ဌာန်းတော်မူအံ့။ (ဤနေရာ၌ ဘုန်းတော်ကြီးသောဘုရားသည် စိတ်လှုပ်ရှားခြင်းကြောင့် တလက်လက် တောက်ပလျက်ရှိသော လှပသည့် မျက်လုံးများဖြင့် ကောင်းကင်ဆီသို့ လှမ်းကြည့်တော်မူသည်။) ငါ၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ရန်သူကို ခုခံတိုက်ခိုက်ပြီးနောက် ငါ၏ မုတ်ဆိတ်ကျင်စွယ်တို့ကို ဤအထိ ရှည်လျားစေလျက် (ဤနေရာ၌လည်း ဘုန်းတော်ကြီးသောဘုရားသည် ရင်ညွန့်ဆီသို့ လက်ဖြင့် ပြတော်မူသည်။) အောက်တန်းအကျဆုံးသော ကျေးလက်တောင်သူ မိလက္ခူတို့ထံ သွား၍ ၎င်းတို့နှင့်အတူ သစ်သီးသစ်ဥတို့ကို စားလျက် ခုခံတိုက်ခိုက်အံ့။ ငါ့နိုင်ငံ၏ ဂုဏ်အသရေ၊ ကြီးစွာသော စွန့်လွှတ်မှုကို ပြုခဲ့ကြသည့် ငါ့ပြည်သူတို့၏ အသရေကို ယုတ်ညံ့စေမည့် စစ်ပွေငြိမ်းရေးစာချုပ်ကိုကား ချုပ်ဆိုခြင်း မပြုလိုပြီ"

ဘုန်းတော်ကြီးသော ဘုရားသည် ဤစကားများကို လှုပ်ရှားထိခိုက်သောအသံဖြင့် မြွက်တော်မူပြီးနောက် မျက်လုံးတွင် ရစ်ဝဲလာသောမျက်ရည်များကို မိရှော မမြင်စေလိုသည့်နှယ် ရုတ်တရက် တစ်ဖက်သို့ လှည့်လိုက်ပြီး စာကြည့်ဆောင်အစွန်းတစ်ဖက်သို့ လျှောက်သွားတော်မူသည်။ ထိုနေရာတွင် အတန်ကြာရပ်နေပြီးလျှင် မိရှောထံသို့ ပြန်လှည့်လာပြန်ကာ လက်မောင်းတံတောင်ဆစ်အောက်နားကို ခပ်ဖိဖိဆုပ်ကိုင်ဖျစ်ညှစ်လိုက်၏။ ဘုန်းတော်ကြီးသောဘုရား၏ ချိုသာတင့်တယ်သောမျက်နှာသည် နီရဲလျက်ရှိ၍ မျက်လုံးများသည်လည်း ဒေါသနှင့် သိန်ဇ္ဈာန်တို့ကြောင့် တလက်လက်တောက်လျက် ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဗိုလ်မှူးကြီးမရှော၊ ဤနေရာတွင် ငါပြောခဲ့သည့် စကားကို မြဲမြံမှတ်လေ။ တစ်နေသောအခါ၌ ဤနေရာတွင် ငါ ဤသို့ ပြောခဲ့ဖူးကြောင်းကို တစ်နေ့တွင် ကြည်နူးစွာ စဉ်မြဲဖြိုနှိုင်လိမ့်မည်ဟု ငါထင်သည်။ နပိုလီယန်လော၊ သို့မဟုတ် ငါလော"

ဘုန်းတော်ကြီးသော ဘုရားသည် ၎င်း၏ရင်ညွန့်ကို ထောက်ပြ၏။

"ရွှေဂူတွင် ခြေသုံ့နှစ်ကောင် မအောင်းနိုင်သကဲ့သို့ ငါတို့နှစ်ဦးလည်း အတူတကွ မအုပ်စိုးနိုင်ပြီ။ ငါသည် သင်းအကြောင်းကို ကောင်းကောင်းသိခဲ့ပြီ။ ငါ့ကို သင် နောက်ထပ် လိမ်လည်၍ မရပြီ"

ဘုန်းတော်ကြီးသောဘုရားသည် မျက်မှောင်ကုတ်၍ ငုံ့နေသည်။

ဘုန်းတော်ကြီးသောဘုရား၏ ဤစကားများကို ကြားနာပြီး၍ ဘုန်းတော်ကြီးသော ဘုရား၏ မျက်လုံးမှ ခိုင်မာပြတ်သားသော ပိုင်းဖြတ်မှုကို မြင်ရပြီးနောက်၌ကား 'လူကသာ နိုင်ငံခြားသားဖြစ်၍ နှလုံးသားနှင့် ဝိညာဉ်က ရုရှားလူမျိုးဖြစ်သည်'ဆိုသော မိရှောသည် ထိုလေးနက် တည်ကြည်သောအချိန်၌ ကြားရသောစကားများအတွက် ဖရဏ္ဍာပီတိ ဂွမ်းဆီထိသည့်ပမာ ခံစားရလျက် (နောင်၌ မိရှောက ထိုအတိုင်း ပြောလေ့ရှိသည်။) မိမိခံစားချက်နှင့်တကွ ၎င်းကိုယ်စားပြုလျက် ရှိသည်ဟု ယူဆထားသော ရုရှားလူမျိုးတို့၏ ခံစားချက်များကို အောက်ပါစကားများဖြင့် ဖော်ထုတ်ပြသခြင်း ပြုလေသည်။

"လျှောက်ဝံ့ပါသည်ဘုရား။ ဘုန်းတော်ကြီးမြတ်တော်မူသော ဘုရင်မင်းမြတ်သည် ယခုအချိန်၌ ရုရှားလူမျိုးတို့၏ ဂုဏ်ကျက်သရေနှင့် ဥရောပတိုက်ကြီး လွတ်မြောက်ရေးတို့၏ အမှတ်လက္ခဏာပင် ဖြစ်ပါသည်ဘုရား"

ဘုန်းတော်ကြီးသောဘုရားသည် ခေါင်းညွှတ်၍ ညီလာခံကို ရုပ်သိမ်းတော်မူသတည်း။

အခန်း ၄

ရုရှားနိုင်ငံကြီး၏ တစ်ဝက်ကို ရန်သူတို့ သိမ်းပိုက်ထားချိန်၊ ရုရှားလူမျိုးတို့ တောအုံကန္တာ ဇနပုဒ်ဖျားသို့ ထွက်ပြေးတိမ်းရှောင်လျက် ရှိချိန်၊ အဖနိုင်ငံကြီး ကာကွယ်ရေးအတွက် အခွန်အကောက်များကို တစ်မျိုးပြီးတစ်မျိုး ကောက်ခံလျက် ရှိချိန်၌ ကြီးကျယ်ထင်ရှားသော ပုဂ္ဂိုလ်မှ အနုညာတပုဂ္ဂိုလ်အထိ ရှိရှိသမျှသော ရုရှားလူမျိုးတို့သည် အဖနိုင်ငံတော်ကြီးအတွက် အစစအရာရာ စွန့်လွှတ်လျက် ရှိကြလိမ့်မည်။ အဖနိုင်ငံတော်ကြီးကို ကယ်တင်လျက် ရှိကြလိမ့်မည်။ အဖနိုင်ငံကြီး ပျက်သုန်းရခြင်းအတွက် ငိုကြွေးလျက် ရှိကြလိမ့်မည်။ အခြား မည်သည့်အရာကိစ္စကိုမျှ စိတ်ဝင်စားခြင်းရှိမည် မဟုတ်ဟု ထိုခေတ်ကြီးကို သိမိလိုက်ခြင်း မရှိသော ကျွန်ုပ်တို့ နှောင်းလူများက ထင်မှတ်ကြမည်သာ ဖြစ်ပါသည်။ ထိုခေတ်ကြီးနှင့် စပ်လျဉ်းသော ပုံပြင်များ၊ အရေးအသားများတွင်လည်း ရုရှားလူမျိုးတို့ ၏ ကိုယ်ကျိုးစွန့်တတ်ပုံ၊ ဇာတိမာန်စိတ်ဓာတ်ထက်သန်ပုံ၊ စိတ်ပျက်အားငယ်ခြင်း ဖြစ်ကြရပုံ၊ ဝမ်းနည်း ပူဆွေးကြရပုံ၊ အာဇာနည်ပီသပုံတို့ကိုသာ ရွှန်းရွှန်းဝေအောင် ဖော်ပြထားခြင်းကို တွေ့ရပါသည်။ သို့ရာတွင် တကယ်၌ကား ထိုသို့မဟုတ်ချေ။ လူတို့တွင် ရှိတတ်သော ပုဂ္ဂလိက အကျိုးစီးပွားလောက်ကိုသာ ကြည့်တတ်သည့် သဘောကို မမြင်ဘဲ ထိုခေတ်ကြီးတစ်ခေတ်လုံး၏ ယေဘုယျရာဇဝင်အကျိုးစီးပွားကို ခြိုင်ခံကြည့်မြင်ခြင်းကြောင့်သာ ထိုခေတ်က လူများသည် ကိုယ်ကျိုးစွန့်ကြလိမ့်မည်၊ အဖနိုင်ငံတော်အတွက် ငိုကြွေးလျက်ရှိကြလိမ့်မည်၊ အဖနိုင်ငံတော်အတွက် ငိုကြွေးလျက်ရှိကြလိမ့်မည်ဟု ထင်မှတ်နေခြင်းဖြစ်ပါသည်။ သို့ရာတွင် တကယ်၌မူ ထိုယာယီမျှသာဖြစ်သော ပုဂ္ဂလိက အကျိုးစီးပွားလောက်ကိုသာ ကြည့်တတ်သည့်သဘောသည် ယေဘုယျအကျိုးစီးပွားကို ကြီးစွာဖုံးအုပ်လျက်ရှိရကား ပရအကျိုးစီးပွားသည် ပုဂ္ဂလိက အကျိုးစီးပွား၏အောက်တွင် စမ်းသပ်ကြည့်မြင်၍ မရနိုင်လောက်အောင် နစ်မြုပ်ပျောက်ကွယ်လျက် ရှိချေသည်။ ထိုအချိန်က အများစုကြီးသည် အဖြစ်အပျက်များ၏ ယေဘုယျဖြစ်ပေါ်မှုကို ဆိတ်စာမျှပင် သတိမမူကြဘဲ မိမိတို့၏ ကိုယ်ကျိုးကိစ္စများ၌သာ နစ်မြုပ်လျက် ရှိကြလေသည်။ သို့ရာတွင် ထိုသို့ ကိုယ်ကျိုးကိစ္စကို ကြည့်၍ လူပ်ရှားဆောင်ရွက်ကြခြင်းသည်ပင်လျှင် ထိုအချိန်တွင် နိုင်ငံအတွက် အသုံးအဝင်ဆုံး ဖြစ်လျက် ရှိလေသည်။

အဖြစ်အပျက်များ၏ ယေဘုယျလမ်းကြောင်းကို သိနားလည်ရန် ကြိုးပမ်းအားထုတ်သူများ၊ ကိုယ်ကျိုးစွန့်

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဓာတ်၊ အာဇာနည်စိတ်ဓာတ် စသည်တို့ဖြင့် အဖြစ်အပျက်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများကား လူ့အဖွဲ့အစည်းတွင် အသုံးမဝင်ဆုံးသောသူများ ဖြစ်လျက်ရှိခြင်းကို တွေ့ရလေသည်။ ၎င်းတို့သည် အရာဝတ္ထုများကို ပြောင်းပြန်ကြည့်မြင်ကြသည်။ ထို့ကြောင့် အများပြည်သူတို့၏ ကောင်းကျိုးချမ်းသာအတွက် ၎င်းတို့ဆောင်ရွက်ချက်ဟူသမျှမှာလည်း အသုံးမဝင် အချည်းနှီးဖြစ်သော မိုက်မဲသော အပြုအမူများသာ ဖြစ်လာခဲ့ကြလေသည်။ ရုရှားကျေးရွာများကို လှုယက်ဖျက်ဆီးခြင်းပြုခဲ့ကြသည့် ပီယာနှင့် မာမိုနော့တို့၏ အရေးပေါ်စစ်သည်စု တပ်ရင်းများ၏ အပြုအမူများ၊ ဒဏ်ရာရသူများထံသို့ မည်သည့် အခါမျှ ရောက်မလာတော့သော ဆေးပစ္စည်းများကို လက်ဆောင်ပါးလိုက်ကြသည့် ရုရှားလုံမငယ်တို့၏ အပြုအမူများ စသည်တို့ကို ကြည့်ခြင်းအားဖြင့် ဤအချက်ကို သိနိုင်ပေသည်။ စကားဝိုင်းတွင် အငြိမ့်သား ထိုင်ကာ သကြိုဟ် အဘိဓမ္မာ စသည်တို့ကို အာပေါင်အာရင်းသန်သန် ပြောရင်း ထိုခေတ်က ရုရှားနိုင်ငံကြီး၏ အခြေအနေကို ဝေဖန်ဆွေးနွေးကြသူတို့ကပင်လျှင် ထိုသို့ အများကောင်းကျိုးချမ်းသာကို ဆောင်ရွက်ခြင်းသည် ဟန်ရေးပြခြင်းမျှသာ ဖြစ်သည်ဟု လည်းကောင်း၊ မိုက်မဲမှုသာ ဖြစ်သည်ဟု လည်းကောင်း အကြောင်းမဲ့ အပြစ်ရှာကာ အကောင်းပြောဖော်မရကြချေ။ အသိဉာဏ်ပညာတည်းဟူသော အပင်မ အသီးကို မစားလေနှင့်ဟူသော ပညတ်ချက်သည် ရာဇဝင်အဖြစ် အပျက်များအတွက် အထူးရည်ညွှန်းပြောဆိုခဲ့လေသလောဟုပင် ထင်ရလေတော့သည်။ ရာဇဝင်အဖြစ်အပျက်များ၌ သိစိတ်မရှိဘဲ ပြုလုပ်သည့် ဆောင်ရွက်ချက်များသာ အရာထင်တော့သည်။ ရာဇဝင်အဖြစ်အပျက်များ၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်လာသည်နှင့်အမျှ ရာဇဝင် အဖြစ်အပျက်တို့၏ အရေးကြီးပုံကို နားလည်ဖို့ ခက်လေလေဖြစ်တော့သည်။ ရာဇဝင် အဖြစ်အပျက်တို့၏ အရေးကြီးပုံကို နားလည်သဘောပေါက်ရန် ကြိုးစားသည်နှင့်အမျှ ကြိုးပမ်းမှုဟူသမျှသည် အချည်းနှီး အကျိုးမဲ့သာ ဖြစ်ရတော့သည်။

ထိုစဉ်က ရုရှားနိုင်ငံတွင် ဖြစ်လျက်ရှိသော အဖြစ်အပျက်တွင် တက်ကြွထက်သန်စွာ ပါဝင်ဆောင်ရွက်လေလေ၊ ထိုသူသည် ထိုအဖြစ်အပျက်တို့၏ အဓိပ္ပာယ်ကို နားလည်ရန် ခက်လေလေ ဖြစ်တော့သည်။ ပီတာစဘတ်ရွှေမြို့တော်နှင့် မော်စကိုမှဝေးရာ တိုင်းစွန်ပြည်ဖျားဒေသများ၌ အမျိုးသမီးများ၊ အရေးပေါ်စစ်သည်စုဝတ်စုံကို ဝတ်ထားသည့် သူကောင်းမျိုးများသည် ရုရှားနိုင်ငံကြီးနှင့် ၎င်း၏ ရှေးဟောင်းမြို့တော် မော်စကိုမြို့ကြီးအတွက် မချိတင်ကဲ ဝမ်းနည်း လိုက်လဲစွာ ငိုကြွေးခြင်းပြုကြ၏။ တိုင်းပြည်နှင့် လူမျိုးအတွက် အစစအရာရာကို စွန့်လွှတ်ရမည်ဟု ပြောဆိုခြင်း ပြုကြ၏။ သို့ရာတွင် မော်စကိုမှ ဆုတ်ခွာလာခဲ့သော ရုရှားတပ်မတော်ကြီးအတွင်း၌ကား မော်စကိုမြို့ကြီး၏ ကံကြမ္မာကို တွေးတောခြင်းလည်း မပြု။ ပြောဆိုခြင်းလည်းမရှိ၊ မော်စကိုမြို့ကြီး မီးဟုန်းဟုန်းတောက်လျက် ရှိခြင်းကို မြင်ရသည့်အခါ၌ ပြင်သစ်တို့ကို လက်စားချေအံ့ဟု ကြုံးဝါးသံပပြုခြင်းလည်း မရှိကြဘဲ လစာထုတ်ရက်၊ နောက်ချရပ်မည့်တပ်စခန်း၊ တပ်ဝင်းထဲမှ ဈေးသည်အပျိုချောချောကလေးများ စသည့် ကိစ္စများလောက်ကိုသာ တွေးတောလျက် ရှိကြလေသည်။

စစ်ပွဲကြီးဖြစ်ပွားလာချိန်၌ နီကိုလေမှာ စစ်မှုထမ်းဘဝတွင် ရောက်လျက်ရှိသည့်အတွက် ရုရှားနိုင်ငံ ကာကွယ်ရေးကိစ္စတွင် ရှေ့တန်းကျသောနေရာမှ ပါဝင်ခဲ့ရလေသည်။ သို့ရာတွင် နီကိုလေ ထိုသို့ပါဝင်ခဲ့ခြင်းမှာ အမိတိုင်းပြည်ကြီးအတွက် စွန့်လွှတ်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် မဟုတ်ဘဲ မတော်တဆ ကြဲကြိုက်တိုက်ဆိုင်၍ ပါဝင်ခဲ့ခဲ့ခြင်းသာ ဖြစ်သဖြင့် ရုရှားနိုင်ငံတွင် ဖြစ်ပျက်နေသော အခြေအနေကို ကြည့်မြင်ရာ၌ စိတ်ပျက်ခြင်းလည်း မဖြစ်မိ၊ ၎င်းအတွက် ဦးနှောက်ရှုပ်ခြင်းလည်း မဖြစ်မိချေ။ ရုရှားနိုင်ငံကြီး၏ အခြေအနေနှင့် ပတ်သက်၍ မည်သို့ထင်မြင်သနည်းဟု မေးလာခဲ့လျှင်လည်း ထိုကိစ္စကို တွေးတောစဉ်းစားခြင်း ပြုရန်မှာ မိမိအလုပ်မဟုတ်ကြောင်း၊ ထိုကိစ္စမှာ ဗိုလ်ချုပ်ကူတူဇော့ဗ်နှင့် တပ်မတော်အကြီးအကဲများ၏ ကိစ္စကိုသာ ဖြစ်ကြောင်း၊ သို့ရာတွင် တပ်ရင်းများကိုမူ တပ်သားအပြည့် တိုးချဲ့မည်ဟု ကြားသိရကြောင်း၊ စစ်ပွဲမှာ ရှည်ကြာလိမ့်မည်ဟု ထင်ရကြောင်း၊ ထို့ကြောင့် ၂-နှစ်လောက်ကြာလျှင် မိမိသည်လည်း တပ်ရင်းမှူးဖြစ်ဖွယ်ရှိကြောင်း စသည်ဖြင့် ပြောဆိုခြင်း ပြုမည်သာ ဖြစ်လေသည်။

နီကိုလေသည် ပြဿနာအရပ်ရပ်ကို ဤသို့ကြည့်

www.burmeseclassic.com

www.burmeseclassic.com

မြင်သူဖြစ်ရကား မိမိ၏ တပ်မကြီးအတွက် ဗိုရိုနက်ဇ်သို့ သွားရောက်၍ မြင်းသစ်များ ဝယ်ယူရမည်ဟု ကြားသိရသည့်အခါ၌ ဖြစ်ပွားအံ့ဆဲဆဲ တိုက်ပွဲကြီးတွင် ဝင်မနွဲလိုက်ရလေခြင်းဟု ယူကျုံးမရ မဖြစ်ရုံမျှမက အလွန်အကျူးဝမ်းမြောက်လျက် ရှိလေသည်။ ထိုသို့ ဝမ်းသာလျက်ရှိခြင်းကို နီကိုလေကိုယ်တိုင်ကလည်း ဖုံးကွယ်ခြင်းမပြုသည့်ပြင် ၎င်း၏ ရဲဘော်များကလည်း ဝမ်းသာမည်ဆိုက ဝမ်းသာထိုက်ပေသည်ဟု ကောင်းစွာ နားလည်သဘောပေါက်ကြသည်သာ ဖြစ်လေသည်။

ဘိုရိဒိနိတိုက်ပွဲကြီး မဖြစ်ပွားမီ ရက်အည်းငယ်ခန့်အလို၌ နီကိုလေသည် မြင်းဝယ်ရန်အတွက် လိုအပ်သောငွေများနှင့် အမိန့်စာများကို ဆိုင်ရာမှ ရရှိခဲ့သည်။ ဤတွင် နီကိုလေသည် မြင်းတပ်သားအချို့ကို ရွေးပြီး အဖြစ် လွတ်လိုက်ပြီးနောက် မြင်းထောက်များဖြင့် ဗိုရိုနက်ဇ်သို့ ထွက်လာခဲ့လေသည်။

တပ်အသီးသီးမှ မြင်းစာရာထွက်ကြသော တပ်စုများ ရိက္ခာတင် လှည်းတန်းကြီးများ၊ တပ်စခန်းဆောရဲများဖြင့် ပြန့်ကြဲလျက်ရှိသော တပ်နယ်မြေမှ လွတ်မြောက်လာသည့်အခါတွင် နီကိုလေ ခံစားရသည့် ဝမ်းသာကြည်နူးမှုကား ဆိုဖွယ်မရှိတော့ချေ။ တိုက်ပွဲများ၊ စစ်ပွဲများ ပတ်ဝန်းကျင်တွင် ရက်ရှည်လများ နေခဲ့ဖူးသူတို့သာလျှင် နီကိုလေ၏ ခံစားမှုကို နားလည်နိုင်ပေလိမ့်မည်။ တပ်သားများ၊ ဝန်တင်လှည်းများ၊ တပ်စခန်းတစ်ခုတွင် မြင်တွေ့ရတတ်သော ညစ်ပတ်ပေကျံသည့် ရှုခင်းများကို လွန်မြောက်၍ လယ်သမားများနှင့် လယ်သူမများ၊ သူကောင်းမျိုးတို့၏ ကျေးလက်စံအိမ်ကလေးများ၊ ကျွဲနွားများလှန်ထားသည့် စားကျက်များ၊ စခန်းမူးများ အိပ်ငိုက်လျက်ရှိရာ ချောထောက်စခန်းများကို ယခုမှစတင်တွေ့ဖူးသည့် နယ် ရွှင်လန်းကြည်နူးခြင်း ဖြစ်မိ၏။ အထူးသဖြင့် နီကိုလေကို အံ့သြဝမ်းမြောက်စေသည့်အရာကား ၎င်းတို့အနီးတွင် စစ်ဗိုလ်တစ်ဒါဇင်လောက် ဝန်းရံခြင်းမခံရဘဲ လွတ်လပ်စွာ သွားလာလှုပ်ရှားနေကြသည့် ငယ်ရွယ်နုနယ်၍ ကျန်းမာသန်စွမ်းသော မိန်းမပျိုကလေးများ၊ မိမိတို့အား မြင်းဖြတ်စီးသွားသည့် တပ်ဗိုလ်တစ်ယောက်က နောက်ပြောင် ကျီစယ်သွားသည်ကို ဝမ်းသာဂုဏ်ယူလျက်ရှိသည့် မိန်းမပျိုကလေးများပင် ဖြစ်လေသည်။

နီကိုလေသည် ရွှင်ပြမြူးထူးလျက်ရှိသော စိတ်ဖြင့် ဗိုရိုနက်ဇ်မြို့ကလေးရှိ တည်းခိုခန်းတစ်ခုသို့ ညဉ့်အချိန်တွင် ရောက်၏။ တပ်စခန်းတွင် ကာလရှည်ကြာစွာ မှီဝဲသုံးဆောင်ခြင်း မပြုခဲ့ရသောအရာတို့ကို သုတ်သင်၍ ကာလအတန်ကြာမျှ ဝတ်ဆင်ခြင်းမပြုခဲ့သော တပ်ဗိုလ်ဝတ်စုံကို အပြည့်အစုံ ဆင်ယင်ပြီးသော် ဆိုင်ရာအာဏာပိုင်တို့နှင့် သွားရောက်တွေ့ဆုံခြင်း ပြုလေသည်။

ထိုနယ်ရှိ အရေးပေါ် စစ်သည်စုတပ်ဖွဲ့များ၏ တပ်မှူးမှာ အရပ်သားဗိုလ်ချုပ်တစ်ယောက်ဖြစ်၍ မိမိ၏ စစ်ဘက်ရာထူးအဆင့်အတန်းကို ကျေနပ်လျက် ရှိပုံရသော အဘိုးကြီးတစ်ဦး ဖြစ်သည်။ ထိုအရပ်သား ဗိုလ်ချုပ်သည် နီကိုလေကို ခပ်ပြတ်ပြတ် ခပ်တင်းတင်း ဆီးကြိုလက်ခံ၍ (၎င်း၏စိတ်၌ စစ်ဗိုလ်စစ်သားဟူသည် ဤသို့ဆက်ဆံရမည်ဟု ထင်နေပုံရပါသည်။) ၎င်း၏အောက်တွင် အမှုထမ်းသော တပ်ဗိုလ်တစ်ဦးသဖွယ် နီကိုလေကို အရေးတကြီး မေးမြန်းစူးစမ်းခြင်းပြုကာ တိုင်းပြည်ကြီးတစ်ခုလုံး၏ အရေးကိစ္စများကို သူဝင်ရောက်ဖြေရှင်းမှ ပြီးတော့မည်နှယ် လွန်စွာ အရေးကြီးဟန်ကို ဆောင်လျက်ရှိ၏။ နီကိုလေမှာ ထိုအချိန်က စိတ်လက်ပေါ့ပါး ရွှင်မြူးလျက်ရှိသည့်အလျောက် ထိုအရပ်သားဗိုလ်ချုပ်၏ဟန်ကို ကြည့်၍ ရယ်ချင်ပက်ကျိပင် ဖြစ်မိသေးသည်။

နီကိုလေသည် ထိုအရပ်သားဗိုလ်ချုပ်နှင့် ပြောဆိုပြီးနောက် ဗိုရိုနက်ဇ်မြို့ဝန်ထံသို့ ထွက်လာခဲ့သည်။ မြို့ဝန်မှာ အလုံးအဖန်သေးသေး၊ ခပ်သွယ်သွယ်ဖြစ်၍ ရိုးသားဖော်ရွေသူတစ်ဦး ဖြစ်သည်။ ၎င်း၏ မြင်းသစ်များ ဝယ်ယူရန်ငိုမည့် ဌာနများကို လက်ထောက်ချပြီးနောက် ဗိုရိုနက်ဇ်မြို့ထဲရှိ မြင်းကုန်သည်တစ်ဦးနှင့် မြို့မှ ဆယ့်လေးမိုင်အကွာတွင် နေသည့် မြင်းကောင်းမြင်းသန့်များ မွေးသည့် မြေပိုင်ရှင်တစ်ဦးထံသို့လည်း သွားရောက် စုံစမ်းခြင်းပြုပါရန် လမ်းညွှန်လိုက်သည်။ တတ်နိုင်သမျှ ကူညီပါမည်ဟုလည်း ကတိပြုလိုက်သည်။

"ဗိုလ်လေးက မြို့စားကြီးရော့စတော့ဗ်ရဲ့ သားကိုး။ ကျုပ်ဇနီးနဲ့ ဗိုလ်လေးရဲ့ မယ်တော်ကြီးတွေဆိုတာ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတွေပဲဗျ။ ကြာသပတေးနေ့တွေဆိုရင် ကျုပ်တို့လည်း အိမ်မှာရှိကြပါတယ်။ ဒီနေ့ ကြာသပတေးနော်။ မိတ်ဖြစ်ဆွေဖြစ် ညနေကျရင် အလည်လာ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ဗျာ။ ဟုတ်စ”

မြို့ဝန်က နီကိုလေကို နှုတ်ဆက်ရင်း ဖိတ်မန္တ က ပြုလိုက်၏။

မြို့ဝန်အိမ်မှ ပြန်ရောက်လာသည်နှင့် နီကိုလေသည် ချောက်ထောက်မြင်းများကို ငှားရမ်းကာ ၎င်း၏ တပ်ခွဲတပ်ထောက်နှင့်အတူ မြို့ပြင်ဘက် ဆယ့်လေးမိုင် အကွာရှိ မြင်းသန့်များမွေးရာ မြင်းခေါင်းသို့ ဒုန်းစီး၍ လာခဲ့ကြသည်။ ဗိုရိုနက်ဇိတွင် ရောက်ရှိနေသည့် အတောအတွင်း၌ အရာရာတိုင်းသည် နီကိုလေအတွက် အဆင်ပြေလျက် ရှိလေသည်။ စိတ်လက်ကြည်လင် ပေါ်ပါးလျက် ရှိစဉ် တွေ့ကြုံရမြဲ ထုံးစံအတိုင်း အစစအရာရာ ချောမွေ့ဖြောင့်ဖြူးလျက် ရှိလေသည်။

နီကိုလေ သွားရောက်သည့် မြေပိုင်ရှင်မှာ လူပျို ကြီးတစ်ဦးဖြစ်၏။ ၎င်းမှာ ယခင်က မြင်းတပ်ဗိုလ်ဟောင်း တစ်ဦး၊ မြင်းအလှမွေး ဝါသနာပါသူတစ်ဦး၊ တောလိုက် ဝါသနာပါသူတစ်ဦး ဖြစ်ရုံမျှမက နှစ်တစ်ရာကြာမှ သိမှီးထားသော ဘရန်ဒီနှင့် ဟန်ဂေရီဝိုင်အရက်များရှိသူ တစ်ဦး လည်း ဖြစ်၏။ ထို့ပြင် အရက်သောက်ရာ ခန်းဆောင် တစ်ခုနှင့် မျိုးသန့်မြင့်များကို ပိုင်ဆိုင်သူတစ်ဦးလည်း ဖြစ်လေသည်။

စကားတစ်ခွန်းနှစ်ခွန်း ပြောပြီးနောက် လက်ရွေး စင် စစ်မြင်းကြီးဆယ်ခြောက်ကောင်ကို ဒဂံးခြောက် ထောင်ဖြင့် ဈေးတည့်ကြသည်။ ထိုစစ်မြင်းကြီးများမှာ မြင်းသစ်များ နောက်ထပ် ဝယ်ယူရာ၌ နမူနာထားရမည့် မြင်းကြီးများ ဖြစ်သည်ဟု နီကိုလေက ဆိုလေသည်။ ညစာနှင့် ဟန်ဂေရီ ဝိုင်အရက်အတော်များများ ဝင်သွားပြီး သည်နှင့် နီကိုလေသည် တစ်မုဟုတ်ချင်း မိမိ၏ ရောင်းရင်း မိတ်ဆွေကြီး ဖြစ်လာသည့် မြေပိုင်ရှင်နှင့် အပြန် အလှန် နမ်းရှုပ်နှုတ်ဆက်ကာ အထူးတလည် စိတ်လက် ပေါ်ပါးစွာဖြင့် စိတ်ပျက်ဖွယ်ကောင်းလှသော လမ်းတစ် လျှောက် မြင်းရထားကို ဒုန်းမောင်းပြန်လာခဲ့သည်။ မြို့ဝန်၏ ညနေခင်းဧည့်ခံပွဲသို့ အမီမောင်းရန် လမ်းတွင် ရထားသမားကို တဖွဖွသတိပေးလျက် ရှိသည်။

တည်းခိုခန်းသို့ရောက်လျှင် အဝတ်အစားလဲ၊ ခေါင်းကို ရေဆွတ်၊ ကိုယ်ကို အမွေးနုံ့သာ ပက်ဖျန်းပြီး သော် နီကိုလေသည် မြို့ဝန်အိမ်သို့ နီကိုလေ ရောက် သောအခါတွင် အချိန်အနည်းငယ် နောင်းနေလေပြီ။ သို့ရာတွင် ‘မရောက်တာနဲ့စာရင် နောက်ကျတာက တော် သေးတယ်”ဟူသော စကားကိုမူ နှုတ်က မချတော့ချေ။

ထိုဧည့်ခံပွဲတွင် ကပွဲမပါချေ။ ကပွဲထည့်ရန်လည်း အစီအစဉ် မရှိချေ။ သို့ရာတွင် ကက်သရင်းပီထရိဗနာက ဝေါဇနှင့် အီကိုဆေဆီ သီချင်းကြီးများကို ရွေးစွန့်ရာ ကြီးဖြင့် တီးပြလိမ့်မည်ဟု လည်းကောင်း၊ ကပွဲဖြစ်လိမ့် မည်ဟု လည်းကောင်း အားလုံးက သိထားကြသည့် အလျောက် ကပွဲတစ်ခုသို့ တက်ရောက်သည့်နယ် ပြင်ဆင် ဝတ်စားလာကြသည်။

၁၈၁၂ ခု ရုရှားပြည် ကျေးတောဘဝကား ခါတိုင်း ကဲ့သို့ပင်ရှိသော်လည်း မော်စကိုမှ လူချမ်းသာများ စစ်ပြေး ရောက်လာကြသည့်အတွက် တောမြို့ကလေးများတွင် လှုပ်လှုပ်ရွရွဖြစ်နေခြင်း၊ ထိုခေတ်က ရုရှားပြည် နေရာ အနှံ့အပြားတွင် တွေ့ရတတ်သကဲ့သို့ “မည်သူလာလာ မျောက်လောင်း၊ မျောက်လောင်းသာ တကား”ဟူသော ရေစုန်မျှောသည့် စိတ်ဓာတ် လွှမ်းမိုးလျက်ရှိခြင်း၊ နီးစပ် ရာအစုကလေးများ စကားဝိုင်းဖွဲ့ကြရာ၌ ခါတိုင်းကဲ့သို့ ရာသီဥတုနှင့် မိတ်ဆွေသင်္ဂဟအကြောင်းများကို ပြောဆို ခြင်းမပြုကြဘဲ မော်စကိုမြို့ မီးလောင်ပုံနှင့်တကွ တပ် မတော်ကြီးနှင့် နပိုလီယန်အကြောင်းကို ဝေဖန်ပြောဆို လျက် ရှိကြခြင်း စသည့် ထူးခြားချက်ကလေးများကိုကား တွေ့ရလေသည်။

မြို့ဝန်အိမ်တွင် တွေ့ရသော မင်းပရိသတ်တို့မှာ ဗိုရိုနက်ဇိမြို့ကလေးမှ အထက်တန်းလွှာများ ဖြစ်လေသည်။

ထိုဧည့်ခံပွဲ၌ အမျိုးသမီးတော်တော်များများနှင့် မော်စကိုမှ နီကိုလေ၏ မိတ်ဟောင်းဆွေဟောင်းအချို့ကိုလည်း တွေ့ရ၏။ သို့ရာတွင် စိန့်ကျော့တဲဆိပ်တော်ကြီးကို ရရှိထားလျက် မြင်းသစ်ရှာရန် တာဝန်ကျသည့် မြင်းတပ်ဗိုလ်ကလေးတစ်ဦးဖြစ်ရုံမက စိတ်သဘောကောင်း၍ မျိုးကြီးဆွေကြီးမှ ဆင်းသက်လာသူ မြို့စားလေးနီကိုလေကို ယှဉ်ပြိုင်နိုင်သည့် ယောကျ်ားပျိုဟူ၍ကား တစ်ယောက် မျှမရှိချေ။ ယောကျ်ားပရိသတ်ထဲ၌ ပြင်သစ်တပ်မတော် အရာရှိတစ်ဦးဖြစ်သူ အီတလီလူမျိုး၊ သုံ့ပန်းတစ်ဦးလည်း ပါဝင်လေရာ ၎င်းပါဝင်နေခြင်းသည် ရုရှားလူမျိုး စစ်သူ ရဲကောင်းတစ်ဦးအဖြစ် မိမိ၏ မျက်နှာပန်းပွင့်နေပုံကို

www.burmeseclassic.com

www.burmeseclassic.com

ပို၍ လေးနက်ထင်ရှားအောင် ပြုလုပ်ပေးသည်နှယ် ရှိတော့သည်ဟူ၍ပင် နီကိုလေ ထင်လိုက်မိသေးသည်။ အမှန်အားဖြင့်လည်း အိတလိအရာရှိမှာ တိုက်ပွဲတွင် ရမိခဲ့သည့် လက်ရပစ္စည်းတစ်ခု မဟုတ်ပါလော။ နီကိုလေ၏ စိတ်၌ ထိုသို့ သဘောထားက အားလုံးကလည်း အိတလိအရာရှိကို မိမိကဲ့သို့ပင် သဘောထားသည်ဟု နီကိုလေ ထင်မိလေသည်။ ထို့ကြောင့် နီကိုလေသည် အိတလိ အရာရှိကို ဆက်ဆံရာတွင် ဖော်ရွေပျူငှာခြင်း ရှိသော်လည်း ဖက်လဲတကင်းမပြုဘဲ သိက္ခာရှိရှိ ခပ်မှန်မှန်ဆက်ဆံခြင်း ပြုလေသည်။

မိမိ၏ ပတ်ဝန်းကျင်တွင် ရေမွေးနံ့နှင့် ဝိုင်အရက်နံ့တို့ သင်းပျံ့မွှေးကြိုင်စေ၍ ပါးစပ်ကလည်း "မလာတာနဲ့ စာရင် နောက်ကျတာက တော်သေးတာပေါ့ဗျာ" ဟူသော စကားကို တဖွဖွပြောဆိုရင်း မြင်းတပ်ဗိုလ်ဝတ်စုံ အမြိုင့်သားဖြင့် နီကိုလေ ဝင်ရောက်လာသည့်အခါ၌မူ ပရိသတ်များမှာ နီကိုလေ၏ အနီးတွင် ဝိုင်းအုံလျက် ရှိကြလေပြီ။ မင်းပရိသတ်များ၏ မျက်လုံးများသည် နီကိုလေဆီသို့ ခူးခိုက်လျက် ရှိကြ၏။ ထိုအခါ၌ 'ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်' တည်းဟူသော မိမိ၏ နေရာမှန်ကို ဤတောပြိုကလေးတွင်လည်း ရရှိပြန်လေပြီဟု နီကိုလေသည် ချက်ချင်း သတိပြုလိုက်မိ၏။ ရက်ရှည်လများတပ်ထဲ၌ နေခဲ့ရပြီးနောက် ယခုကဲ့သို့ 'ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်' အဖြစ်သို့ ရောက်ရခြင်းကား လွန်စွာ ကြည်နူးဖွယ်ကောင်းရုံမျှမက ဘဝင်မြင့်မည်ဆိုကလည်း ပြင့်ထိုက်သည်သာ ဖြစ်ပါသည်။ ချောထောက်စခန်းများ၊ ထမင်းဆိုင်ကလေးများနှင့် တောမြေပိုင်ရှင်တို့၏ အရက်စခန်းဒ်အစေခံ အပျိုမကလေးများသည် ၎င်းတို့အား နီကိုလေက ဂရုတစိုက် သတိရခြင်းအတွက် ဂုဏ်ယူကျေနပ်ကြသည်နည်းတူ ပြို့ဝန်၏ ယခုဧည့်ခံပွဲဒ်လည်း မိမိ၏ အရေးယူခြင်းကို သူ့ထက်ငါ အလုအယက်ခံယူလိုကြသည့် အပျိုအအို အချောအလှတို့မှာ (နီကိုလေ့အထင်) ရိုက်သတ်၍ မကုန်နိုင်အောင် များပြားလှသည်။ လင်ရှိပိန်းမများနှင့် မိန်းပျိုကလေးများကလည်း နီကိုလေနှင့် ပလူးပလဲလုပ်ကြ၏။ နီကိုလေ ရောက်လာသည့်နေ့ကစ၍ လူကြီးပိုင်းကလည်း ဤခန့်ညားယျှဴရွယ်သော ခပ်ရမ်းရမ်း မြင်းတပ်ဗိုလ်ကလေးကို အိုးအိမ်အတည်တကျ ဖြစ်စေချင်ကြသည်။ ထိုအထဲ၌ နီကိုလေကို ဆွေမျိုးရင်းချာတစ်ဦးသဖွယ် ဆီးကြိုကာ နာမည်ကို ရင်းရင်းနှီးနှီး ခေါ်လေ့ရှိသည့် ပြို့ဝန်ကတော်လည်း ပါဝင်လေသည်။

ထိုဧည့်ခံပွဲ၌ အများမျှော်လင့်ထားသကဲ့သို့ ကက်သရင်းပီထရိုဗနာကလည်း ဝေါဖန်နှင့် အီကိုဆေဆီသီချင်းခံကြီးများကို ရွေးစနှုရာကြီးဖြင့် တီးပြလေရာ ကပွဲ ဝသည်၌ နီကိုလေမှာ ၎င်း၏သွက်လက်ဖျတ်လတ်သော ကဟန်ကြောင့် တောမြို့အထက်တန်းလွှာ မိန်းမပျိုကလေးများ၏ အသည်းနှလုံးကို ဆွဲကိုင်လှုပ်သကဲ့သို့ပင် ရှိတော့သည်။ ၎င်း၏ လွတ်လပ်သောကဟန်မှာ အံ့သြစရာပင် ကောင်းသေးတော့သည်။ ထိုနေ့ညနေက မိမိ၏ ကဟန်ကြောင့် နီကိုလေကိုယ်တိုင်လည်း အံ့သြမိသည်။ နီကိုလေသည် မော်စကိုတွင် ဤသို့ လွတ်လွတ်လပ်လပ် တစ်ခါမျှ မကဖူးခဲ့ချေ။ ထိုမျှမက ထိုသို့ စည်းလွတ်ဝါးလွတ်ကခြင်းသည် ရိုင်းဗိုင်း၍ ပုံပျက်ပန်းပျက် နိုင်လှသည်ဟု ထင်ခဲ့မည် ဖြစ်သော်လည်း ဤပွဲတွင်မူ ခပ်ဆန်းဆန်းကလေးတော့ လုပ်ပြလိုက်မည်၊ တောမြို့ကလေးတွင် အသစ်အဆန်းဖြစ်နေသော်လည်း မြို့ကြီးများတွင် ထုံးစံဖြစ်နေသည်ဟု ၎င်းတို့က လက်ခံအတုယူလာအောင် လုပ်ပြလိုက်မည်၊ သို့ဖြင့် ၎င်းတို့အား တအံ့တသြဖြစ်စေမည်ဟူသော စိတ်ကလေးကလည်း ခေါင်းပြူလာလေသည်။

ထိုတစ်ညနေလုံး နီကိုလေသည် မျက်လုံးပြာပြာကိုယ်လုံးခပ်ဖွဖွ အသားဖြူဖြူနှင့် တောမြို့အရာရှိကတော်လေးတစ်ဦးကို မျက်စိကျနေလေပြီ။ လင်ရှိမိန်းမတို့ပည်သည် မိမိတို့ အဖျင်းဖြေဖို့ ဖြစ်လာရသည်ဟူသော ခပ်မြူးမြူးလူရွယ်တို့၏ ရိုးသားစွာ ယုံကြည်ခြင်းမျိုးဖြင့် နီကိုလေသည် ထိုမိန်းမနှင့် တစ်ညနေလုံး တပူးတွဲတွဲလုပ်ကာ ထိုမိန်းမနှင့် မိမိတို့နှစ်ဦးကြားတွင် နားလည်မှုရပြီးနောက် ပျော်ပျော်ကြီး စခန်းသွားကြတော့မည်ဟု ထုတ်မပြောကြသည့်တိုင် ထိုအချက်ကို နှစ်ဦးစလုံးက သိရှိပြီးဖြစ်သည့်နှယ် လင်ကြီးကို ဖော်ရွေစွာ ဆက်ဆံခြင်း ပြုလေသည်။ သို့ရာတွင် လင်ကြီးဖြစ်သူမှာကား နှစ်သက်ဟန်မတူဘဲ နီကိုလေကို သုန်မှုန်စွာ ဆက်ဆံခြင်းပြုလေသည်။ သို့တိုင်အောင် နီကိုလေ၏ အမူအရာမှာ ရိုးသားပုံပေါက်နေသဖြင့် လင်ကြီးဖြစ်သူမှာ နီကိုလေ၏ ပြက်လုံးကလေးများကို သဘောကျကာ တစ်ခါတစ်ရံ ရော

www.burmeseclassic.com

www.burmeseclassic.com

ယောင်ရယ်မောမိသေးသည်။ သို့ရာတွင် တဖြည်းဖြည်း ညဉ့်နက်လာသောအခါ၌ကား ၎င်းတို့သုံးဦး၏ ထက်သန်ပျော်ရွှင်မှုသည် ကစားဝိုင်းတွင် အကန့်အသတ်ဖြင့် လည်ပတ်နေသည့် လောင်းကြေးသဖွယ် မယားလုပ်သူ၏ ရှေ့မှ ဝေစုက တဖြည်းဖြည်းများလာသလောက် လင်လုပ်သူ၏ ဝေစုမှာ လျော့နည်းသည်ထက် လျော့နည်းလာခဲ့လေပြီ။ မယား၏ မျက်နှာက ပို၍ နီရဲကာ ပို၍ထက်သန်မြူးထူးလာသလောက် လင်ဖြစ်သူ၏ မျက်နှာမှာ ပို၍ ညစ်မည်းကာ ပို၍ သုန်မှုန်လာခဲ့လေပြီ။

အခန်း ၁၅

နီကိုလေသည် လက်တင်ထိုင်ဖုံပေါ်တွင် ရှေ့သို့ တိုးထိုင်လျက် အသားဖြူဖြူအရာရှိကတော်ကို ငုံ့ကြည့်ရင်း နှုတ်ခမ်းပေါ်တွင် အမြဲရစ်ဝဲလျက်ရှိသော အပြုံးဖြင့် ၎င်းအား ဒဏ္ဍာရီထဲမှ အလှနတ်သမီးများနှင့် နှိုင်းယှဉ်ချီးကျူးပြောဆိုလျက် ရှိလေသည်။

တင်းကျပ်သော မြင်းစီးဘောင်းဘီထဲမှ ခြေထောက်များကို ဟန်ပါပါဖြင့် အနေအထားပြောင်းရင်း ရေမွှေးနံ့ကို သင်းပျံ့စေလျက် ၎င်း၏အဖော် အရာရှိကတော်ကို လည်းကောင်း၊ မိမိကိုယ်ကို လည်းကောင်း၊ ခြေထောက်နှင့် အနေတော်ရှိသောဖိနပ်ထဲမှ ၎င်း၏ ပုံပန်းကျသော ခြေထောက်များကို လည်းကောင်း နီကိုလေသည် ကျေနပ်နှစ်သိမ့်လျက်ရှိရာမှ မိမိသည် ဗိုရိုနက်ဇ်မြို့ကလေးမှ တစ်ယောက်သော အမျိုးသမီးတစ်ဦးနှင့် ထွက်ပြေးလိုကြောင်းဖြင့် ပြောဆိုလျက် ရှိသည်။

"ဘယ်သူနဲ့လဲ"

"အလွန်ချစ်စရာကောင်းတဲ့ အမျိုးသမီးတစ်ဦးနဲ့ ခင်ဗျ။ ဘုံကြိုးပြတ်တဲ့ နတ်မိမတ်လေးတစ်ပါးပဲ ဆိုပါတော့ သူ့မျက်လုံးတွေဟာ (နီကိုလေသည် အရာရှိကတော်ကို ကြည့်လိုက်သည်။) ပြာလဲ့လဲ့ခင်ဗျာ။ သူ့နှုတ်ခမ်းလေးတွေက သန္တာလိုရဲပြီး သွားကလေးတွေက ဆင်စွယ်လို ဖြူတယ် ခင်ဗျ။ ပြီးတော့ သူ့ကိုယ်လုံးကလဲ (နီကိုလေက အရာရှိကတော်၏ ပခုံးသားများကို ကြည့်ပြန်သည်။) ဒိုင်ယာနာ အချစ်နတ်သမီးရဲ့ ကိုယ်ဟန်လို"

ထိုအခိုက် လင်လုပ်သူ ပေါက်လာကာ မည်သည့် အကြောင်းအရာများကို ပြောဆိုနေကြသနည်းဟု သုန်မှုန်စွာ မေးလိုက်သည်။

"သြော် ကြွပါခင်ဗျာ" ၎င်းပြောပြလျက်ရှိသည့် ပြက်လုံးကလေးကို လင်လုပ်သူပါ ဝင်ရောက်နားထောင်ကြည်နူးစေလိုသည့်နှယ် နီကိုလေက ယဉ်ကျေးစွာ ထ၍ ဖိတ်မန္တ ကပြုသည်။ ထို့နောက် မိမိသည် အသားဖြူဖြူ အမျိုးသမီးတစ်ယောက်နှင့် ထွက်ပြေးချင်စိတ်ပေါက်နေကြောင်းဖြင့် ပြောဆိုလျက် ရှိသည်။

လင်လုပ်သူက ချမ်းမြေ့ခြင်းကင်းစွာ ပြုံး၍ မယားက ခပ်မြူးမြူးရယ်လိုက်သည်။ ထိုစဉ် အိမ်ရှင်မြို့ဝန်ကတော်သည် မကျေနပ်သောအမူအရာဖြင့် ရောက်လာသည်။

"တူတော်မောင်၊ မင်းကို အရီးတော် အင်နာအဂ္ဂနေယက်ဗနာက တွေ့ချင်လို့တဲ့"

မြို့ဝန်ကတော်က အင်နာအဂ္ဂနေယက်ဗနာဆိုသည့် အမျိုးသမီးကြီးမှာ အလွန်အရေးကြီးသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်း နီကိုလေ သိစေရန် ထိုအမျိုးသမီးကြီးအမည်ကို အလေးအနက်ပြု၍ ရွတ်လိုက်သည်။ ဤအချက်ကို နီကိုလေကလည်း ချက်ချင်းနားလည်လိုက်သည်။

"ကဲ သွားကြစို့ နီကိုလေ။ အရီးတော်ကို မင်းက ဒီလို ခေါ်ခွင့်ပြုပြီးသားနော်၊ ဟုတ်စ"

"ဟုတ်ကဲ့ သွားတာပေါ့ အရီးတော်။ ဒါထက် ခုကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာက ဘယ်သူပါလဲ"

"အင်နာအဂ္ဂဗေယက်ဗနာ မာလဗင်ဆီဗာလေ။ သူ့တူမတော်ကို တူမောင် ဘယ်လို ကယ်ဆယ်တယ်ဆိုတဲ့အကြောင်း တူမတော်ဆီက ကြားပြီးပါပြီတဲ့။ ကဲ၊ ဘယ်သူဖြစ်မလဲ မသိသေးဘူးလား"

"ကျွန်တော် ကယ်ခဲ့ဖူးသူတွေကတော့ အများကြီးပဲခင်ဗျ"ဟု နီကိုလေက ပြော၏။

"သူ့တူမတော်က မင်းသမီးကလေး မေရီလေ။ သူလဲ ခု ဗိုရိုနက်ဇ်မှာ သူ့အရီးတော်နဲ့ အလှိုကြည့်စမ်း။ မျက်နှာကြီး နီရဲသွားတာက ဘာဖြစ်တာလဲကွယ်။ ဘာဖြစ်လို့"

"အို ဘာဖြစ်လို့မှ မဟုတ်ပါဘူးခင်ဗျာ။ အရီးတော် ကျွန်တော့်ကို"

"ကောင်းလှပါပြီတဲ့ရှင်၊ ကောင်းလှပါပြီတဲ့။ အင်း၊

www.burmeseclassic.com

www.burmeseclassic.com

တူတော်မောင်ကတော့ စံပါပဲ”

မြို့ဝန်ကတော်က အရပ်မြင့်မြင့် ကိုယ်လုံးတောင့်တောင့်နှင့် ခေါင်းတွင် ပဝါအပြာစည်းထားသော အဘွားကြီးတစ်ဦးထံသို့ နီကိုလေကို ခေါ်သွားသည်။ ၎င်းတို့ရောက်သွားသောအခါတွင် အဘွားကြီးမှာ ဗိုရိုနက်ဖြို့ရှိ အရေးအကြီးဆုံး ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် ဖဲကစားပြီးခါစ ရှိသေးသည်။ ထိုအဘွားကြီးကား မင်းသမီးလေးမေရီ၏ မယ်တော်ဘက်မှ တော်စပ်သော အရီးဖြစ်သူ အင်နာအဂ္ဂနေယက်ဗနာဆိုသူပေတည်း။ ထိုအမျိုးသမီးကြီးမှာ ဗိုရိုနက်ဖ်တွင် အမြဲနေထိုင်၍ သားထောက်သမီးခံမရှိသော ပိုက်ဆံရှိ မုဆိုးမကြီးတစ်ဦး ဖြစ်သည်။ သူ့အနီးသို့ နီကိုလေ လျှောက်လာသောအခါတွင် ၎င်းမှာ ဝိုင်းမှထကာ ပိုက်ဆံရှင်းလျက် ရှိနေချိန်ဖြစ်၏။ အမျိုးသမီးကြီးသည် နီကိုလေကို ကြည့်လိုက်၍ မျက်နှာကိုတင်းကာ မျက်လုံးများကို မှေး၍ ထားလိုက်ပြီးနောက် ဖဲနိုင်သော ဗိုလ်ချုပ်ကြီးတစ်ဦးကို မြည်တွန်တောက်တီးလျက် ရှိသည်။

“အေး၊ တွေ့ရလို့ ဝမ်းသာသပေ့”ဟု အမျိုးသမီးကြီးက ပြောပြီးနောက် နီကိုလေကို လက်ကမ်းပေးလိုက်သည်။ “အရီးတော်အိမ်ကို လာခဲ့ပါဦးပေ့၊ ဟုတ်စ”

မင်းသမီးကလေးမေရီနှင့် ၎င်း၏ကွယ်လွန်သူ ခမည်းတော်ကြီး (အဂ္ဂနေယက်ဗနာက ၎င်းကို နှစ်သက်ပုံမရ။) အကြောင်းကို အနည်းငယ် ပြောဆိုကြ၏။ မင်းသားကလေး အင်ဒရေ (၎င်းကိုလည်း အဂ္ဂနေယက်ဗနာမကြိုက်) အကြောင်းကို ပြောဆိုပြီးသော် အရေးကြီးသည့် အမျိုးသမီးကြီးသည် နီကိုလေအား မိမိဆီသို့ လာရောက်လည်ပတ်ရန် နောက်တစ်ကြိမ် ဖိတ်ကြားခြင်းပြုပြန်သည်။

နီကိုလေက လာမည်ဟု ကတိပေးပြီး ဦးညွတ်နှုတ်ဆက်လိုက်၏။ ဦးညွတ်နှုတ်ဆက်စဉ်တွင် ၎င်း၏မျက်နှာသည် နောက်တစ်ကြိမ် နီရဲသွားပြန်သည်။ မည်သည့်အတွက်ကြောင့် မသိ။ နီကိုလေသည် မင်းသမီးကလေးမေရီ၏ အမည်ကို ကြားလိုက်တိုင်း ရုက်ကြောက်သည့် ဝေဒနာတစ်မျိုး (ထိတ်လန့်သည့် ဝေဒနာလည်း ပါသည်။) ကို ခံစားရသည်။

နီကိုလေမှာ ဂုဏ်သရေရှိ အမျိုးသမီးကြီးထံမှ ထွက်လာခဲ့ပြီးနောက် တစ်ချီတစ်မောင်းလောက် တွဲကလိုက်ချင်သေးသည်။ သို့ရာတွင် မြို့ဝန်၏ သေးသေးညှက်ညှက် ဇနီးက ၎င်း၏ ဝကစ်သော လက်ဖြင့် နီကိုလေ၏ လက်မောင်းကို လှမ်းဆွဲလိုက်ကာ နီကိုလေနှင့် စကားတစ်ခွန်းနှစ်ခွန်းပြောလိုသည်ဟုဆိုလျက် ဧည့်ခန်းဆောင်သို့ ခေါ်သွားပြန်သည်။ ဧည့်ခန်းဆောင်၌ ဧည့်သည်များသည် အနှောင့်အယှက်ဖြစ်မည်စိုးဟန်ဖြင့် ရှောင်ပေးကြ၏။

“ဘယ်လိုလဲ တူတော်မောင်” ၎င်း၏ ကြင်နာသနားတတ်သော မျက်နှာတွင် လေးနက်တည်ငြိမ်သော အသွင်ကို ဆောင်လျက် မြို့ဝန်၏ဇနီးက ဆို၏။ “တူတော်မောင်နဲ့ ဆိုရင်တော့ နေနဲ့လ ရွှေနဲ့မြပေပဲ။ ဘယ်လိုလဲ စကားထည့်လိုက်ရတော့မလား။

“ဘယ်သူ့ကို ဆိုလိုတာပါလဲ အရီးတော်”နီကိုလေက မေး၏။

“မင်းသမီးကလေးမေရီနဲ့ နေရာချဖို့ အရီးတော် စီစဉ်လိုက်မယ်လေ။ ကက်သရင်းပီထရိဗနာကတော့ လီလီနှင့် သဘောတူသတဲ့။ အရီးတော်ကတော့ သဘောမကျဘူး။ မေရီနဲ့ပဲ သဘောတူတယ်။ ဘယ့်နယ်လဲ။ အရီးတော် စီစဉ်ပေးရမလား။ တူတော်မောင့်မယ်တော် ကြီးကတော့ အရီးတော်ကို ကျေးဇူးတင်လို့ ဆုံးမှာ မဟုတ်တော့ဘူး။ မေရီက တကယ်တော်တဲ့ ကလေးမပါကွယ်။ တကယ်ပါ၊ ပြီးတော့ ဒီလောက်လဲ အရုပ်မဆိုးလှပါဘူး”

“မဆိုးလှပါဘူး၊ အရီးတော်” နီကိုလေက အရုပ်မဆိုးပါဟု ဖြေရှင်းပြနေခြင်းကို မနှစ်သက်ဟန်ဖြင့် ဆို၏။ “စစ်သားတစ်ယောက်အနေနဲ့ ပြောရရင် ကျွန်တော်ဟာ ဘယ်သူ့ကို လက်ခံရမလဲ၊ ဘယ်သူ့ကို ငြင်းရမလဲ ဆိုတာတွေ မရှိတော့ပါဘူး အရီးတော်”

နီကိုလေက မိမိဘာပြောရမည်ကို စဉ်းစားချိန်ပင် မယူတော့ဘဲ လွတ်ခနဲ ပြောလိုက်သည်။

“တကယ်ပြောတာနော် တူတော်မောင်။ ကိုယ့်စကားကို ကိုယ် မှတ်ထား။ အရီးတော်က နောက်နေတာ မဟုတ်ဘူး”

“အို တကယ်ပေါ့ အရီးတော်ရဲ့”

“အေး ဟုတ်ပြီ၊ ဟုတ်ပြီ” မြို့ဝန်ကတော်က တစ်ယောက်တည်း စကားပြောနေသည့်နယ် ရွတ်နေသည်။ “ကြော်၊ ပြောတော့ ပြောလိုက်ရဦးမယ်။ ဒီကနေ့ညနေ တူတော်မောင့်ကို ကြည့်ရတာ သိပ်အကဲမရဘူး။ ဟို အသားဖြူဖြူနဲ့ မိန်းမကို သိပ်အရေးပေးလွန်းသနော။

www.burmeseclassic.com

www.burmeseclassic.com

မလုပ်ပါနဲ့ကွယ်။ လင်ကြီးခမျာ သနားပါတယ်"

"အို ဒီလိုမလုပ်ပါဘူး အရီးတော်။ ကျွန်တော်နဲ့ ဒီလူနဲ့ ခင်ပါတယ်" နီကိုလေက ရိုးသားစွာ ပြောလိုက်သည်။ အပျင်းဖြေနည်းတစ်ခုသည် မိမိအတွက် စိတ်ဆင်းရဲခြင်း ဖြစ်ကောင်း ဖြစ်စေနိုင်သည်ဟု နီကိုလေက တစ်ခါမျှ မစဉ်းစားခဲ့သေးချေ။

'အလို မြို့ဝန်ကတော်ကို ဘယ်လိုအဓိပ္ပာယ်မရှိတဲ့ စကားတွေများ ငါပြောခဲ့မိပါလိမ့်' နီကိုလေသည် ညစာစာရင်းက ကောက်ကာငင်ကာ တွေးနေမိသည်။ 'အရီးတော်ဟာ ငါ့ကို အိမ်ထောင်ချပေးဖို့ စီစဉ်တော့မှာပဲ။ ဆဝန်ယာကို ငါဘယ်လိုလုပ်မလဲ"

မြို့ဝန်အိမ်မှ ပြန်ခါနီး နှုတ်ဆက်ကြစဉ် မြို့ဝန်ဇနီးက ပြုံးလျက် "ဒါပဲနော် တူတော်မောင်။ ကိုယ့်စကား ကိုယ်မှတ်ထား"ဟု ပြောသည့်အခါ၌ နီကိုလေသည် မြို့ဝန်ဇနီးကို အနီးသို့ လှမ်းခေါ်ကာ

"တစ်ခုတော့ ရှိတယ် အရီးတော်။ အမှန်ပြောရရင်တော့"

"အလို ဘယ်လိုဖြစ်သွားရပြန်တာလဲ။ ကဲ၊ အေးအေးဆေးဆေး ထိုင်ပြောစမ်းပါဦး" မြို့ဝန်ဇနီးက ပြောသည်။

နီကိုလေ၏ စိတ်၌ မိမိစိတ်ထဲရှိသမျှတို့ကို သူစိမ်းတစ်ရံဖြစ်သည့် မြို့ဝန်ဇနီးအား ထုတ်ပြောလိုသောဆန္ဒသည် တဖွားဖွားပေါ်ပေါက်လာ၏။ (ဤစကားများကို မိခင်ကြီးကိုသော် လည်းကောင်း၊ ညီမကိုသော် လည်းကောင်း၊ ရောင်းရင်းများကိုသော် လည်းကောင်း ပြောမိမည် မဟုတ်ချေ။) မည်သည့်အတွက်ကြောင့် ခုမှတွေ့၍ ခုမှသိရသော သူစိမ်းတစ်ရံဆံ တစ်ယောက်အား ဤမျှ ပွင့်ပွင့်လင်းလင်း ပြောလိုစိတ်ပေါ်လာရသနည်း။ (ဤသို့ ပွင့်လင်းမိသည့်အတွက် နောင်တွင် အရေးကြီးသော အကျိုးသက်ရောက်မှုများ ပေါ်ပေါက်ခဲ့သည် မဟုတ်လော။) ဟု နောင်တွင် နီကိုလေ ပြန်စဉ်းစားလိုက်သောအခါ၌ ယင်းမှာ အခြားကြောင့်မဟုတ်။ (ဤကိစ္စမျိုးတွင် သူသူငါငါ ဖြစ်လေ့ရှိသည့်အတိုင်း) ထိုစဉ်က ချက်တစ်ဖြုတ် ပေါ်ပေါက်လာသော 'စိတ်နောက်ကိုယ်ပါ' လုပ်လိုစိတ်ကလေးက ၎င်းကို လွှမ်းမိုးထားခြင်း ကြောင့် ဖြစ်ကြောင်း နီကိုလေ တွေ့ရ၏။ သို့ရာတွင် ဤသို့ ဖြုန်းစားကြီး ပွင့်လင်းခဲ့ခြင်းနှင့်တကွ အခြားသော အသေးအဖွဲ အဖြစ်အပျက်ကလေးများသည်ပင် နီကိုလေနှင့် ၎င်း၏ မိသားစုတို့အဖို့ အရေးကြီးသော ရလဒ်များကို ဖြစ်ပေါ်စေခဲ့လေသည်။

"ဒီလိုပါ အရီးတော်။ မေဖျားက ကျွန်တော်ကို သူကြွယ်သမီးတစ်ယောက်နဲ့ လက်ဆက်စေချင်နေတာ ကြာပါပြီ၊ ဒါပေမဲ့ ငွေအတွက် လက်ထပ်ရတယ်ဆိုတဲ့ အဖြစ်ကို ကျွန်တော် နည်းနည်းမှ လက်မခံနိုင်ပါဘူး"

"အို ဒါတော့ ဟုတ်တာပေါ့။ အရီးတော် နားလည်ပါတယ်"မြို့ဝန်ကတော်က ပြောသည်။

"ဒါပေမဲ့ မေရီထိပ်ထားနဲ့ ကိစ္စကတော့ တစ်ကိစ္စပါ။ ကျွန်တော် ရှင်းရှင်းပဲ ပြောပါမယ်။ မေရီထိပ်ထားကို ကျွန်တော် သဘောကျတယ်။ မေရီထိပ်ထားဟာ ကျွန်တော် စိတ်ကို တိမ်းညွတ်စေတယ်။ ဒါက အဓိကအချက်ပါ။ ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် သူ ဒုက္ခရောက်နေတုန်းမှာ ကျွန်တော်နဲ့ သွားတွေ့ရတယ်။ နဖူးစာဆိုတာ ဒါမျိုးများလားလို့တောင် ကျွန်တော် မကြာမကြာ စဉ်းစားမိပါသေးတယ်။ မေဖျားက ကျွန်တော့်ကို သူနဲ့ လက်ဆက်ပေးဖို့ စိတ်ကူးနေတာ ကြာပါပြီ။ ဒါကိုပဲ အရီးတော် သိပါလိမ့်မယ်။ အဲဒီအချိန်ထိ မေရီထိပ်ထားကို ကျွန်တော် တစ်ခါမှ မမြင်ဖူးသေးပါဘူး။ မြင်ဖို့လဲ အကြောင်းမရှိခဲ့ပါဘူး။ ကျွန်တော့်ညီမ နာတာရှာနဲ့ သူ့မောင်ဟာ စေ့စပ်ပြီးဖြစ်နေကြလေတော့ ကျွန်တော် သူ့ကို လက်ထပ်ဖို့ကိစ္စဟာ မဖြစ်နိုင်တော့ပါဘူး။ ဒါပေမဲ့ နာတာရှာတို့ ကြောင်းလမ်းထားတဲ့ကိစ္စက ပျက်သွားတဲ့အခါကျတော့မှ သူနဲ့ကျွန်တော် ကလဲ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ကြတာပါ။ နောက်တော့ အရီးတော်သိတဲ့အတိုင်းပါပဲ။ ဒီအကြောင်းတွေကို ကျွန်တော် ဘယ်သူ့ကိုမှ မပြောခဲ့သေးပါဘူး။ နောက်လဲ ပြောမှာမဟုတ်ပါဘူး။ အရီးတော်မို့လို့ ပြောတာပါ"

မြို့ဝန်ဇနီးက ကျေးဇူးတင်စွာဖြင့် နီကိုလေ၏ တံတောင်ဆစ်ကို ဖိ၍ ညှစ်လိုက်သည်။

"ကျွန်တော့်ညီမဝမ်းကွဲ ဆွန်ယာကို အရီးတော် သိပါသလား။ ကျွန်တော်နဲ့ ဆွန်ယာတို့ မေတ္တာရှိနေကြပါတယ်။ ဆွန်ယာ့ကို လက်ထပ်မယ်လို့ ကျွန်တော် ကတိပေးပြီးပါပြီ။ တကယ်လဲ လက်ထပ်ယူမှာပါပဲ။ ဒီတော့ ဒီပြဿနာဟာ"

www.burmeseclassic.com

www.burmeseclassic.com

နီကိုလေက မျက်နှာနီရဲလျက် ရှိရာမှ အဆက်အစပ်မရှိ ပြောလျက်ရှိ၏။

"အင်း၊ တူတော်မောင်မြင့်ပုံကလည်း တစ်မျိုးပေါ့လေ။ တကယ်တော့ ဆွန်ယာ့မှာ ဘာမှ မက်စရာမရှိပါဘူး တူတော်မောင်။ မောင့်မေဖျားရဲ့ စီးပွားရေးအခြေအနေကိုလဲ မောင်ကိုယ်တိုင် ပြောပြပြီးပြီ။ ဒီလိုလုပ်လိုက်ရင် မောင့်မေဖျား ဘယ်လိုနေမလဲ။ မေဖျား ဒီစိတ်နဲ့သေလိမ့်မယ်။ ဒါက တစ်ချက်။ နောက်တစ်ချက်က ဆွန်ယာကော တူတော်မောင်နဲ့ လက်ထပ်လို့ စိတ်ချမ်းသာမတဲ့လား။ သူသာ အသည်းနှလုံးရှိတဲ့ မိန်းကလေးတစ်ယောက်ဆိုရင် ဒီလိုလုပ်ရက်မလား။ မအေကြီးလဲ ဒီစိတ်နဲ့ ဒုက္ခ ရောက်။ တူတော်မောင်တို့ အားလုံးလဲ စီးပွားပျက်။ မဟုတ်သေးပါဘူး တူတော်မောင်ရယ်။ ဆွန်ယာရော၊ တူတော်မောင်ပါ ဒါကို လေးလေးနက်နက် စဉ်းစားပါ။ ဒါလောက်တော့ နားလည်ထားသင့်ပါတယ်"

နီကိုလေမှာ တိတ်ဆိတ်လျက် ရှိ၏။ မြို့ဝန်ဇနီး၏ ချေပချက်များကို ကြားလိုက်ရသည်၌ ရင်ထဲတွင် ပေါ့ပါးချောင်ချိသွားသကဲ့သို့ ရှိလေသည်။ အတန်ကြာမှ သက်ပြင်းကြီးချလိုက်လျက်

"မထူးပါဘူး အရီးတော်။ ဖြစ်နိုင်မယ် မထင်ပါဘူး။ ပြီးတော့ မေရီထိပ်ထားသဘောလဲ ရှိပါသေးတယ်။ သူလဲ ခမည်းတော်ကြီးကိစ္စနဲ့ သောကရောက်နေရတဲ့အထဲ ဒီကိစ္စတွေ ဘယ်မှာ စဉ်းစားနိုင်ပါဦးမလဲ"

"အို အရီးတော်က ဒီကိစ္စကို ခုချက်ချင်းစီစဉ်ဖို့ ပြောနေတာလဲ မဟုတ်ပါဘူး တူတော်မောင်ရဲ့ ဒီအတွက်ကတော့ အရီးတော်တို့ တာဝန်ထားပါ"

မြို့ဝန်ဇနီးက ဆို၏။

"အင်း၊ အရီးတော်တို့ကတော့ အောင်သွယ်ကောင်းပါသပါပေတယ်ခင်ဗျာ" နီကိုလေက မြို့ဝန်ဇနီး၏ ဝဝကစ်ကစ်လက်ကလေးကို နမ်းရှုပ်ရင်း ပြောလိုက်သည်။

အခန်း ၆

(ဘိုဂျာရီဗိုတွင်) နီကိုလေနှင့် တွေ့ဆုံခဲ့ပြီးနောက် မော်စကိုသို့ ရောက်သောအခါ၌ ၎င်း၏ တူတော်မောင် 'ဘိုးအေချစ်' မင်းသားကလေးနှင့် စာပြဆရာ ဒီဆေးလ်အပြင် မင်းသားကလေး အင်ဒရေထံမှ စာတစ်စောင်ကိုလည်း မင်းသမီးကလေး မေရီတွေ့ရလေသည်။ ဗိုရိုနက်ဇ်မြို့ကလေးရှိ ၎င်းတို့၏ အရီးတော် အင်နာအဂ္ဂနေယက်ဗနာထံသို့ မည်သို့ မည်ပုံသွားရမည်ကို ထိုစာတွင် ဖော်ပြထား၏။ ခမည်းတော်ကြီး နာမကျန်းဖြစ်လျက် ရှိစဉ်က သော် လည်းကောင်း၊ ခမည်းတော်ကြီး ကံတော်ကုန်ပြီး သည့်အချိန်ကတည်းကသော် လည်းကောင်း၊ အထူးသဖြင့် နီကိုလေနှင့် တွေ့ပြီးကတည်းက သော်လည်းကောင်း မိမိအား ဖိစီးလျက်ရှိသော အကုသိုလ်စိတ်နှင့် တူသည့် ထိုခံစားချက်သည် ခရီးသွားရန် ပြင်ဆင်ရခြင်း၊ မောင်တောင် မင်းသားကလေး အင်ဒရေအတွက် စိုးရိမ်ပူပန်ရခြင်း၊ အိမ်သစ်တွင် 'အထာကျ'အောင် ပြင်ဆင်ရခြင်း၊ လူသစ်များနှင့် တွေ့ကြုံရခြင်း၊ တူတော်ကလေး၏ ပညာသင်ကြားရေးကို ဂရုစိုက်ရခြင်း စသည့် ဗာဟီရကိစ္စအဝဝကြားတွင် နစ်မြုပ် ပျောက်ကွယ်သွားခဲ့လေပြီ။ မင်းသမီးကလေးမေရီသည် ဝမ်းနည်းလျက်ရှိ၏။ တိတ်ဆိတ်ငြိမ်သက်သော တောမြို့ပတ်ဝန်းကျင်တွင် တစ်လမျှ နေထိုင်ခဲ့ပြီး ဖြစ်သည့် ယခုအချိန်၌ ခမည်းတော်ကြီး တစ်ယောက် ဤလူ့လောကကြီးတွင် မရှိတော့ပြီ၊ အဆုံးကြီးဆုံးခဲ့ရပြီဟူသော ခံစားချက်သည် ၎င်း၏ရင်၌ ပို၍နက်ရှိုင်းစွာ အမြစ်တွယ်စပြုလာ၏။ ၎င်း၏စိတ်၌ ခမည်းတော်ကြီး ဆုံးရှုံးရခြင်းနှင့် ရုရှားနိုင်ငံကြီး ပျက်စီးခြင်းတို့သည် တစ်ခုနှင့်တစ်ခု ခွဲမရအောင် ဆက်စပ်လျက်ရှိကြ၏။ ယခုမူ မိမိအဖို့ လောကကြီးတွင် အရင်းနှီးဆုံး ဆို၍ မောင်တော်မင်းသားကလေး အင်ဒရေတစ်ဦးသာ ကျန်ရစ်ခဲ့လေပြီ။ လောကကြီးတွင် မိမိနှင့် အရင်းနှီးဆုံး ဖြစ်သော မောင်တော်မင်းသားကလေး အင်ဒရေ ကြုံတွေ့လျက်ရှိသော ဘေးအန္တရာယ်များကို စဉ်းစားမိတိုင်းလည်း မင်းသမီးကလေးမေရီသည် ရတက်မအေးနိုင်ဘဲ ပူဆွေးခြင်း ဖြစ်ရသည်။ ထို့ပြင် တူတော်လေး၏ ပညာသင်ကြားရေးအတွက်လည်း ပူပန်ရပြန်သေးသည်။ တူတော်လေးကို ပညာထွန်းထွန်းပေါက်ပေါက် ဖြစ်လာစေရန် လုပ်နိုင်သော အရည်အချင်းမျိုး မိမိ၌ မရှိဟုလည်း မင်းသမီးကလေးမေရီသည် တစ်ထစ်ချယူဆထားသည်။ သို့ရာတွင် ၎င်း၏ နက်ရှိုင်းသော ဝိညာဉ်ထဲ၌ကား စိတ်၏ ကြည်လင်ငြိမ်းချမ်းခြင်းတစ်မျိုးကို မင်းသမီးကလေးမေရီ ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com

ယင်းမှာ မိမိ၏ ရင်ထဲတွင် လူးလွန့်နိုးကြားစပြုလာသော နိကိုလေနှင့် ပတ်သက်သည့် ကိုယ်ရေးကိုယ်တာ အိပ်မက်များ၊ မျှော်လင့်ချက်များသည် မှန်မှေးပျောက်ကွယ်သွားကြပြီဟူသော အသိမှ ပေါ်ပေါက်လာသည့်စိတ်၏ ကြည်လင်ငြိမ်းချမ်းခြင်းမျိုး ဖြစ်လေသည်။

ဧည့်ခံပွဲပြီးသည့်နောက်တစ်နေ့၌ မြို့ဝန်ဇနီးသည် အင်နာအဂ္ဂနေယက်ဗနာထံ ရောက်လာခဲ့၏။ နိကိုလေနှင့် မင်းသမီးကလေးမေရီတို့ကို လက်ဆက်ပေးရန် ၎င်း၏ အကြံကို တင်ပြပြောဆိုပြီးနောက် ယခုလက်ရှိ အခြေအနေ၌ တရားဝင်စေ့စပ်လမ်းကြောင်းခြင်း မပြုသင့်သေးသည်မှန်သော်လည်း လူငယ်အချင်းချင်း တွေ့ဆုံကာ တစ်ဦးကိုတစ်ဦး ရင်းနှီးအောင်လုပ်ပေးသင့်သည်ဟု ထုတ်ဖော်ပြောဆိုခြင်း ပြုလေသည်။ ဤအကြံကို မင်းသမီးကလေး မေရီ၏အရီးတော် အင်နာအဂ္ဂနေ ယက်ဗနာကလည်း သဘောတူ၏။ ဤတွင် မြို့ဝန်၏ဇနီးကလည်း မင်းသမီးကလေး မေရီ၏ရှေ့တွင် နိကိုလေနှင့် စပ်လျဉ်း၍ ချီးကျူးပြီးနောက် မင်းသမီးကလေး မေရီ၏ နာမည်ကို ထုတ်ဖော်ပြောဆိုတိုင်း နိကိုလေမှာ ရုက်အမ်းအမ်းဖြစ်လျက် မျက်နှာ နီရဲနေတတ်ကြောင်းဖြင့် ပြောဆိုတတ်သည်။ သို့ရာတွင် မင်းသမီးကလေး မေရီမှာ ပျော်ရွှင်ကြည်နူးခြင်းထက် နာကျင်သောဝေဒနာတစ်မျိုးကို ခံစားရလေသည်။ နိကိုလေ့အကြောင်းကို ကြားလိုရသည်နှင့် တစ်ပြိုင်နက် ၎င်း၏စိတ်ကြည်လင်ချမ်းမြေ့မှုသည် ပြိုလဲပျက်စီးသွားကာ ဆန္ဒများ၊ သံသယများ၊ မိမိကိုယ်ကို မကျေနပ်မှုများနှင့် မျှော်လင့်ချက်များသည် ပြန်လည်နိုးကြားလာခဲ့လေပြီ။

နိကိုလေ လာရောက်လည်ပတ်ခြင်း မပြုမီ နှစ်ရက်လုံးလုံး မင်းသမီးကလေး မေရီသည် နိကိုလေနှင့် မည်သို့မည်ပုံ မျက်နှာချင်းဆိုင်ရပါမည်နည်းဟု အစဉ်အမြဲ စဉ်းစားလျက်ရှိသည်။ မိမိမှာ ခမည်းတော်ကြီးအတွက် ပူဆွေးလျက်ရှိချိန် ဖြစ်သဖြင့် ယခုအချိန်တွင် ဧည့်သည်များအား လက်ခံတွေ့ဆုံခြင်း ပြုရန် မသင့်။ ထို့ကြောင့် နိကိုလေ ရောက်လာ၍ မိမိအရီးတော်အား နှုတ်ဆက်နေချိန်တွင် ဧည့်ခန်းဆောင်ထဲသို့ ဆင်းတွေ့ခြင်းမပြုတော့ဟု ဆုံးဖြတ်လိုက်သည်။ သို့ရာတွင် နိကိုလေမှာ မိမိအား ကယ်ဆယ်ခဲ့သူဖြစ်သဖြင့် ရိုင်းရာရောက်နေမည်လောဟု စဉ်းစားမိပြန်သည်။ အရီးတော်နှင့် မြို့ဝန်ဇနီးတို့မှာ မိမိတို့နှစ်ယောက်ကို လက်ဆက်ပေးရန် ဆန္ဒရှိလေသလော (၎င်းတို့နှစ်ဦး၏ အမူအရာများ၊ စကားများက မိမိ၏ အထင်ကို ထောက်ခံနေသည်ဟု တစ်ခါတစ်ရံ ထင်မိသည်။) ဟု စဉ်းစားမိရာမှ တစ်ဖန် ဤလို အတွေးမျိုးကို မိမိကဲ့သို့ ဒုစရိုက်တွင် ပျော်မွေ့သူတို့သာ တွေးမိခြင်းဖြစ်သည်။ အရီးတော်တို့ကမူ ဤလိုအချိန်မျိုးတွင် မိမိအား လက်ထပ်ရန် စီစဉ်ခြင်းသည် မိမိကို လည်းကောင်း၊ ခမည်းတော်ကြီးကို လည်းကောင်း စော်ကားရာရောက်မည်ဟု မတွေးဘဲနေမည်ဟု တွေးမိပြန်သည်။ တစ်ဖန် နိကိုလေအား ဆင်း၍ တွေ့ဆုံမည်ဟု ဆုံးဖြတ်ကာ နိကိုလေကပြောမည့် စကားနှင့် မိမိက ပြန်ပြောရမည့်စကားတို့ကိုလည်း စဉ်းစားနေမိပြန်သည်။ ထို စကားလုံးများသည် တစ်ခါတစ်ရံတွင် အသက်ကင်းမဲ့ဟန် ပေါက်သလောက် အများကြီး တာသွားနိုင်သည်ဟုလည်း တွေးမိပြန်သည်။ နိကိုလေနှင့် တွေ့သည်နှင့် တစ်ပြိုင်နက် ဖုံးမနိုင်ဖိမရ ဂနာမငြိမ်ဖြစ်နေမည်ကိုကား မင်းသမီးကလေး မေရီ အကြောက်ဆုံး ဖြစ်လေသည်။

သို့ရာတွင် တနင်္ဂနွေနေ့နံနက် ဝတ်တက်ပြီးချိန် ရောက်၍ နိကိုလေ လာရောက်လည်ပတ်ကြောင်းဖြင့် အစေတော်က ဧည့်ခန်းဆောင်ထဲသို့ လာရောက်ပြောကြားသောအခါ၌မူ မင်းသမီးကလေးမေရီ၏ ဂနာမငြိမ်ဖြစ်နေခြင်းတို့သည် ပျောက်ကွယ်သွားကြလေပြီ။ ရုက်သွေးဖျန်းသဖြင့် ပါးပြင်တွင် အနည်းငယ်နီရဲသွားခြင်းနှင့် မျက်လုံးတွင် တောက်ပဝင်းလက်လာခြင်းတို့မှအပ အခြား ဘာမျှ ထူးခြားချက် မရှိလှချေ။

"အရီးတော်သူနဲ့ တွေ့ပြီးပြီနော်" မင်းသမီးလေးမေရီက တည်ငြိမ်သောအသံဖြင့် မေးလိုက်သည်။ မိမိ၏ အပြင်ပန်းသဏ္ဌာန်၌ ဤမျှလောက် တည်ငြိမ်၍ ဤမျှလောက် သဘာဝကျနေခြင်းကိုပင် ကိုယ့်ဘာသာကိုယ် နားမလည်နိုင်အောင် ဖြစ်ရသေးသည်။

ဧည့်ခန်းဆောင်ထဲသို့ နိကိုလေ ဝင်ရောက်လာသောအခါတွင် နိကိုလေအား အရီးတော်ကို နှုတ်ဆက်ရန် အချိန်ပေးသည့်နှယ် မင်းသမီးကလေးမေရီသည် ခေတ္တမျှ မျက်လွှာချထားလိုက်သည်။ နိကိုလေက မိမိဘက်သို့ လှည့်လိုက်သည့်အခါကျမှ မင်းသမီးကလေးမေရီသည် ခေါင်းကို မော့ကာ ရွှန်းလဲ့သော မျက်လုံးများဖြင့် နိကိုလေ

www.burmeseclassic.com

www.burmeseclassic.com

၏ အကြည့်ကို ဆိုင်လိုက်သည်။ ကျန်ခြေသိက္ခာရှိလှသော လူပျိုရွားဟန်ဖြင့် ကြည်နူးရွှင်ပျသော အပြုံးကိုဆောင်လျက် ကိုယ်ကို အသာကြွကာ သေးသွယ်နူးညံ့သောလက်ကို နီကိုလေသို့ ကမ်းပေးလိုက်သည်။ ထိုနောက် မိန်းမပီသသော အသံလှိုင်းသစ်တို့ နက်ရှိုင်းစွာ တလွင်လွင်ရိုက်ခတ်လျက်ရှိသော အသံတစ်မျိုးဖြင့် စကားပြောဆိုလျက်ရှိလေသည်။ ထိုအချိန်က ဧည့်ခန်းဆောင်ထဲတွင် အတူရှိနေသော ပြင်သစ်သူ ဘူရင်းသည် အံ့သြသော အမူအရာဖြင့် မင်းသမီးလေးမေရီကို ငေးကြည့်နေမိလေသည်။ ဘူရင်းသည် ယောကျ်ားတကာတို့၏ စိတ်ကို တိမ်းညွတ်အောင် ယိုဖိတ်အောင် မာယာဆောင်ရာ၌ ဧတဒဂ်ရသူဖြစ်သော်လည်း မိမိမြူဆွယ်လိုသော ယောကျ်ားတစ်ယောက်ကို တွေ့၍ မာယာပရိယာယ်ဆောင်ရာ၌မူ မင်းသမီးလေးမေရီကို မီနိုင်လိမ့်မည် မထင်ချေ။

"ဩော်၊ အနက်ရောင်လေးကပဲ ထိပ်ထားနဲ့ လိုက်လို့လား။ ဒါမှမဟုတ် ထိပ်ထားကိုယ်တိုင်က လှလာတာကို ငါက သတိမထားမိလို့ပဲလား။ ဘာပဲဖြစ်ဖြစ် ဒီတစ်ခါ ထိပ်ထားလုပ်လိုက်ပုံကလေးကတော့ ပရိယာယ်လဲ ကြွယ်ပါပေတယ်။ ကျန်ခြေလဲ ရှိပါပေတယ်"

ပြင်သစ်သူဘူရင်းသည် ဤသို့ တွေးလျက်ရှိလေသည်။

အကယ်၍ မိမိ၏အမူအရာကို ချက်ချင်း ပြန်လှန်တွေးတော စဉ်းစားနိုင်စွမ်းရှိခဲ့ပါလျှင် မိမိ၏ အပြောင်းအလဲမြန်ပုံကို (ပြင်သစ်သူ ဘူရင်းထက်ပင်) မင်းသမီးကလေးမေရီကိုယ်တိုင် အံ့သြမိမည် ဖြစ်လေသည်။ မိမိချစ်ရ မြတ်နိုးရပါသော ထိုမျက်နှာကို မြင်လိုက်ရသည်နှင့် ကစ်ဩင်နက် အသစ်ဖြစ်သော အသက်ဓာတ်အား တစ်ခုသည် မင်းသမီးကလေးမေရီ၏ ကိုယ်တွင်းသို့ ဝင်ရောက်လာကာ မိမိ၏အလိုနှင့် ဆန့်ကျင်သော အပြုအမူမျိုး၊ စကားမျိုးကို လုပ်ကိုင်ပြောဆိုရန် ၎င်းကို စေခိုင်းလျက် ရှိလေပြီ။ ဧည့်ခန်းဆောင်ကို နီကိုလေ ဝင်ရောက်လာသည့်အချိန်မှစ၍ ၎င်း၏ မျက်နှာအသွင်အပြင်သည် လုံးဝပြောင်းလဲသွားခဲ့လေပြီ။ ကနုတ်ပန်းနွယ်တို့ ဆင်ယင်ထား၍ အရောင်အသွေးမျိုးစုံ ခြယ်လှယ်ထားသည့် မီးအိမ်တစ်အိမ်ကို ထွန်းညှိလိုက်သောအခါ၌ ယခင်က မှောင်ပိန်းဖုထစ်၍ အဓိပ္ပာယ်မရှိဟု ထင်ရသော ကျွမ်းကျင်စွာ ရေးခြယ်ထုလုပ်ထားသည့် အနုပညာလက်ရာ အပြောက်အမွမ်း၊ အဆန်းတကြယ်တို့သည် လှပတင့်တယ် ရှုချင်စဖွယ်ကို ဆောင်လာကြသကဲ့သို့ မင်းသမီးကလေးမေရီ၏ သန့်စင်သောအတွင်းသန္တာန်၏ လှပတင့်တယ်မှုတို့သည်လည်း မျက်နှာပြင်တွင် အထင်းသားပေါ်လာကြလေသည်။ ၎င်းတစ်လျှောက်လုံး ခံစားခဲ့ရသော ခံစားမှုများ၊ ကိုယ့်ကိုယ်ကို မကျေနပ်မှုများ၊ ဝေဒနာများ၊ ကောင်းမြတ်ခြင်းအတွက် ကြိုးပမ်းအားထုတ်မှုများ၊ နူးညံ့ကြင်နာမှုများ၊ မေတ္တာ၏ တန်ခိုးအာနိသင်များ၊ ကိုယ်ကျိုးစွန့်လွှတ်တတ်သောစိတ်များ စသည်တို့သည် ၎င်း၏ တောက်ပရွှန်းလဲသော မျက်လုံးများတွင်လည်းကောင်း၊ နူးညံ့သိမ်မွေ့သော အပြုံးတွင် လည်းကောင်း၊ ချိုသာကြည်လင်သော မျက်နှာပေါ်မှ လှုပ်ရှားမှုတိုင်းတွင် လည်းကောင်း အရောင်လင်းဟပ်လျက် ရှိကြလေသည်။

နီကိုလေသည် မင်းသမီးလေးမေရီ၏ ဘဝတစ်ခုလုံးကို ကောင်းစွာသိရှိပြီး ဖြစ်သည့်နယ် ထိုအခြင်းအရာအားလုံးကို ကောင်းစွာ မြင်လိုက်၏။ မိမိရှေ့တွင် ထိုင်လျက်ရှိသည့် သတ္တဝါသည် ယခင်က မိမိတွေ့ခဲ့ဖူးသော သတ္တဝါများနှင့် လုံးဝ ခြားနား၍ ၎င်းတို့ အားလုံးထက် သာလွန်သည့် သတ္တဝါတစ်ဦးဟု ထင်မိသည်။ မိမိကိုယ်တိုင်ထက်ပင် မြင့်မြတ်သည့် သတ္တဝါတစ်ဦးဟု ထင်မိသည်။

၎င်းတို့ပြောသောစကားများမှာ ပြောရိုးပြောစဉ် အရေးမကြီးသော စကားများသာဖြစ်၏။ ၎င်းတို့သည် ဖြစ်ပွားလျက်ရှိသော စစ်ကြီးအကြောင်းကို ပြောဆိုခြင်းပြုကြ၏။ သူသူငါငါ ပြောကြသကဲ့သို့ပင် စစ်ကြီးနှင့် စပ်လျဉ်းသည့် စိတ်မချမ်းမြေ့ဖွယ်ရာများကို မသိမသာ ချဲ့ကားပြောမိလျက် ဖြစ်နေကြသည်။ ထို့နောက် ၎င်းတို့နှစ်ဦး နောက်ဆုံး တွေ့ဆုံခဲ့ကြပုံကိုလည်း ပြောကြသည်။ နီကိုလေက စကားလမ်းကြောင်းပြောင်းသည့်အနေဖြင့် တစ်ဖက်သားအပေါ်တွင် ကြင်နာတတ်သည့် မြို့ဝန်ဧနီးအကြောင်း၊ မိမိ၏ ဆွေမျိုးများအကြောင်းနှင့် မင်းသမီးလေး မေရီ၏ ဆွေမျိုးများအကြောင်းကို ပြောဆိုလျက်ရှိသည်။

မင်းသမီးလေးမေရီသည် ၎င်း၏မောင်တော် မင်းသားကလေး အင်ဒရေ၏ အကြောင်းကိုကား တစ်လုံး

www.burmeseclassic.com

www.burmeseclassic.com

တစ်ပါဒမျှ ပြောဆိုခြင်းမပြုချေ။ ၎င်း၏ အရိုးတော်က မင်းသားကလေး အင်ဒရေ၏အကြောင်းကို စတင်ပြောဆိုခြင်းပြုသည်နှင့် စကားကို လှီးလွှဲပစ်လိုက်သည်။ မင်းသမီးကလေးမေရီသည် ရုရှားနိုင်ငံကြီး၏ ကဲကြမ္မာဆိုးကို ဟန်ဆောင်၍ ပြောဆိုခြင်းပြုနိုင်သော်လည်း ၎င်း၏မောင်တော်မင်းသားကလေးကိုမူကား လွန်စွာ ချစ်ခင်မြတ်နိုးလှသည့်အတွက် ၎င်း၏အကြောင်းကို စကားစပ်၍ ပြောရမည့်ဟန် ပေါ့ပေါ့တန်တန် ပြောဆိုခြင်းမပြုရက်ချေ။ ထိုသို့လည်း ပြောဆိုခြင်းပြုလိမ့်မည် မဟုတ်ချေ။ ယခင်က တစ်ခါဖူးမျှ မရှိခဲ့ဖူးသော အကင်းပါးခြင်းမျိုးဖြင့် မင်းသမီးကလေးမေရီ၏ အလေ့အထ အားလုံးကို သတိပြုမိသကဲ့သို့ ဤတစ်ချက်ကိုလည်း နိကိုလေ သတိပြုလိုက်မိသည်။ မင်းသမီးကလေးမေရီသည် လုံးဝ ခြားနား၍ အများနှင့်မတူ တစ်မူထူးသောသတ္တဝါတစ်ဦးဖြစ် သည်ဆိုသော နိကိုလေ၏ ယုံကြည်ချက်သည်လည်း ခိုင်မာသည်ထက် ခိုင်မာလာခဲ့သည်။ (နိကိုလေ၏ အမည်ကို ကြားလျှင် မင်းသမီးကလေးမေရီ၏ မျက်နှာတွင် ရှက်သွေးများ ဖြာလာသကဲ့သို့) မင်းသမီးကလေးမေရီ၏ အမည်ကိုကြားလျှင် နိကိုလေ၏ မျက်နှာ၌လည်း ရှက်သွေးတွေဖြာလာကာ အိုးတိုးအမ်းတမ်းဖြစ်လျက် ရှိလေသည်။ ထိုမမျှမက ၎င်း၏အကြောင်းကို တွေးလိုက်မိရုံ မျှနှင့်ပင် နိကိုလေတွင် ရှက်သွေးဖြာကာ အနေရခက် လျက်ရှိတတ်သည်။ သို့ရာတွင် နှစ်ယောက်မျက်နှာချင်း ဆိုင်မိသည့်အခါတွင်မူ နိကိုလေမှာ ရှက်ရွံ့ခြင်းတို့ မရှိတော့ဘဲ သက်သောင့်သက်သာ ဖြစ်လျက်ရှိကာ ကြိုတင်စီစဉ်ခဲ့သည့် စကားလုံးများကို မပြောမိတော့ဘဲ ထိုအခိုက်အတန့်တွင် ခေါင်းထဲသို့ ဝင်ရောက်လာသော စကားလုံးများကိုသာ ပြောဆိုမိလျက်သား ဖြစ်နေတတ်သည်။

နိကိုလေ ခေတ္တအလည်ရောက်ရှိနေသည့် အတောအတွင်း စကားစပြတ်သွားစဉ်၌ ကလေးငယ်များရှိသည့် အိမ်တွင် ပြုကြမြဲထုံးစံအတိုင်း နိကိုလေသည် မင်းသားကလေးအင်ဒရေ၏ သားငယ်ဘက်သို့လှည့်ကာ တယုတယ ပွေ့ဖက်ပြီးနောက် ကြီးပြင်းလာလျှင် မြင်းတပ်သားကြီး လုပ်မည်လောဟု မေးမြန်းခြင်းပြုလေသည်။ နိကိုလေသည် ကလေးငယ်ကို ပွေ့ချီကာ ဒူးပေါ်တင်၍ ကျိစယ်ပြီးနောက် မင်းသမီးကလေးမေရီကို လှည့်ကြည့်လိုက်သည်။ မင်းသမီးကလေးမေရီသည် မိမိချစ်သော ယောကျ်ားပျို၏ ရင်ခွင်ထဲ၌ မိမိချစ်သောကလေးငယ်ကို ကြည်နူးပျော်ရွှင်သော အကြည့်မျိုးဖြင့် ကြည့်နေမိသည်။ ထို အကြည့်ကို နားလည်သဘောပေါက်သည့်နှယ် နိကိုလေကလည်း သတိပြုလိုက်မိသည်။ ထို့နောက် ကြည်နူးခြင်းကြောင့် မျက်နှာနီရဲလျက် ရှိရာက ရိုးသားစင်ကြယ်သော ကျိစယ်ခြင်းမျိုးဖြင့် ကလေးငယ်ကို နမ်းရှုပ်လျက် ရှိလေသည်။

မင်းသမီးကလေးမေရီသည် ခမည်းတော်ကြီးအတွက် ပူဆွေးလျက်ရှိချိန်ဖြစ်သဖြင့် အပြင်အပသို့ မထွက်လှချေ။ နောက်တစ်ခေါက် သွားရောက်လည်ပတ်ရန် မသင့်ဟုလည်း နိကိုလေယူဆသည်။ သို့ရာတွင် မြို့ဝန်ကတော်ကမူ မေရီက နိကိုလေအား ချီးမွမ်းပြောဆိုသည့် စကားများကို နိကိုလေထံ အရောက်ပို့၍ နိကိုလေက မေရီအား ချီးမွမ်းပြောဆိုသမျှကိုလည်း မေရီထံ ဖောက်သည်ချကာ အောင်သွယ်ခြင်းကိစ္စကို ဆောင်ရွက်လျက် ရှိလေသည်။ ထိုရည်ရွယ်ချက်ဖြင့် မြို့ဝန်ကတော်သည် လူငယ်နှစ်ဦးကို ဝတ်တက်ချိန်မတိုင်မီ သင်းအုပ်ဆရာ၏အိမ်၌ တွေ့ဆုံပေးရန် စီစဉ်ထားသည်။

မိမိသည် မင်းသမီးကလေးမေရီအား ချစ်ခင်နှစ်သက်ကြောင်း ထုတ်ဖော်ပြောဆိုခြင်း ပြုမည်မဟုတ်ဟု မြို့ဝန်ကတော်ကို ပြောလိုက်သော်လည်း ဆက်ဆက်လာရောက်ပါမည်ဟူ၍ကား နိကိုလေက ကတိပေးလိုက်၏။

နိကိုလေသည် တစ်လဆစ်တွင် မင်းနှစ်ပါးတွေ့ဆုံ၍ စစ်ပြေငြိမ်းရေးလုပ်စဉ် လူအားလုံးက အမှန်ဟုလက်ခံထားသော အရာမှန်သမျှကို သံသယဖြစ်ခဲ့ဖူး၍ စိတ်ဒုက္ခရောက်ခဲ့ဖူးပြီဖြစ်ရာ ထိုအကျိန်ကစ၍ မှန်သည်ဟု အများက လက်ခံထားသော အရာမှန်သမျှကို မှန်သည်ဟု လက်ခံကာ ရေလိုက်ငါးလိုက် နေတတ်နေလေပြီ။ ထို့ကြောင့် ယခုတစ်ကြိမ်၌လည်း မိမိ၏ဘဝကို မိမိ၏အသိဉာဏ်၊ မိမိ၏ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ပြဋ္ဌာန်းမည်လော၊ သို့မဟုတ် ပတ်ဝန်းကျင်အခြေအနေ၏ ဖန်တီးမှုအောက်တွင် ဝပ်စင်းအရှုံးပေးလိုက်မည်လောဟု နည်းနှစ်နည်းလွန်ဆွဲလာသောအခါ၌ နိကိုလေသည် ကြာရှည်စဉ်းစားခြင်းမပြုတော့ဘဲ ဒုတိယနည်းကို ရွေးချယ်လိုက်ကာ မိမိအား မသိနိုင်သော တစ်နေရာသို့ တွန်းပို့လျက်ရှိ

www.burmeseclassic.com

www.burmeseclassic.com

သည့် တန်ခိုးစွမ်းအားကို လက်မြောက်အရှုံးပေးလိုက်လေသည်။ ဆွန်ယာကို လက်ထပ်မည်ဟု ကတိပေးပြီး နောက်မှ မင်းသမီးကလေးမေရီကို ချစ်ပါသည်ဟု ဖွင့်ဟပြောဆိုခြင်းမှာ ယုတ်ညံ့သိမ်ဖျင်း၍ ယောကျ်ားမပီသရာရောက်သည်ဟု နိကိုလေ နားလည်ပါသည်။ မိမိသည် ဤသို့ ယောကျ်ားမပီသသော အလုပ်မျိုးကို လုပ်လိမ့်မည်မဟုတ်ဟု မိမိကိုယ်ကို ကောင်းစွာ သိပါသည်။ သို့သော် ပတ်ဝန်းကျင်စေ့ဆော်မှုကို လိုက်လျောလိုက်ခြင်း၊ မိမိအား ရှေ့ဆောင်လမ်းပြ ပြုနေသူတို့၏ အလိုကို လိုက်လျောလိုက်ခြင်းဖြင့်ကား မိမိသည် အမှားတစ်ခုကို ပြုလုပ်နေခြင်း မဟုတ်ရုံမျှမက မိမိတစ်သက်တွင် မိမိလုပ်ခဲ့သမျှတို့အနက် အရေးတကာ့ အရေးအကြီးဆုံး အလုပ်ကြီးတစ်ခုကို လုပ်ဆောင်နေခြင်းသာ ဖြစ်သည်ဟု နိကိုလေ ယူဆပါသည်။ (ယူဆရုံမျှမက အသည်းထဲ အူထဲကလည်း ခံစားမိပါသည်။)

မင်းသမီးလေးမေရီနှင့် တွေ့ဆုံပြီးနောက်၌ နိကိုလေ၏ ဘဝသည် အပြင်ပန်းအားဖြင့် ဘာမျှ ထူးခြားခြင်း မရှိလှသော်လည်း ယခင်က ပျော်ရွှင်ကြည်နူးခြင်းကို ဖြစ်စေခဲ့သောအရာတို့သည် ယခုအချိန်၌ ပျော်ရွှင်ကြည်နူးခြင်းကို မဖြစ်စေနိုင်တော့ပြီ။ နိကိုလေသည် မင်းသမီးကလေး မေရီအကြောင်းကိုသာ တွေးတောနေမိသည်။ သို့ရာတွင် မင်းပွဲသဘင်များတွင် မိမိတွေ့မြင်ခဲ့ရသော လုံမပျိုကလေးများ၏ အကြောင်းကို တွေးတောပုံမျိုးလည်း မဟုတ်ချေ။ တစ်ခါက ကြည်နူးမှုအပြည့်ဖြင့် အချိန်အတန်ကြာ မိမိတွေးတောခဲ့ဖူးသောဆွန်ယာ့အကြောင်းကို တွေးတောပုံမျိုးလည်း မဟုတ်ချေ။ တွေးတောစဉ်ကမူ နိကိုလေသည် ရိုးသားဖြောင့်စင်းသော လူငယ်များ တွေးတောနည်းအတိုင်း တွေးတော့ခဲ့၏။ လုံမပျိုများကို မိမိစိတ်ကူးဖြင့် ပုံသွင်းကာ အိမ်ထောင်ရှင်မလောင်းတစ်ဦး၊ ဇနီးလောင်းတစ်ဦးအဖြစ် စဉ်းစားကြည့်ခဲ့ခြင်း ဖြစ်၏။ ဝတ်ရုံဖြူဖြူလှလှကလေးဆင်ပေးမည်။ 'မတင်းတိမ်သေးတယ်၊ ထမင်းမြိန်ဆေးသဖွယ်' ဆိုသကဲ့သို့ စားပွဲတွင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ထမင်းလက်ဆုံစားကြမည်။ ဇနီးချောလေးအတွက် ကရထားကောင်းကောင်း တစ်စင်းဝယ်မည်။ သားသားလေးတွေ၊ မီးမီးလေးတွေ အမွေးခိုင်းမည်။ ၎င်းတို့အား အမေနှင့် မည်သို့ဆက်ဆံစေမည် စသည့် စဉ်းစားနည်းမျိုး ဖြစ်၏။ ထိုသို့ စဉ်းစားလိုက်တိုင်း နိကိုလေသည် ရင်တလှိုက်လှိုက်ဖြစ်အောင် ကြည်နူးခြင်း ဖြစ်ရသည်။ သို့ရာတွင် မိမိနှင့် လက်ဆက်ပေးရန် ကြိုးပမ်းနေသော မင်းသမီးကလေး မေရီအကြောင်းကို တွေးတောစဉ်းစားလိုက်တိုင်း အနာဂတ် အိမ်ထောင်ရေး၏ ရှုခင်းများသည် အဆက်အစပ်မရှိ၊ ပြေပြစ်ခြင်းမရှိ။ သဘာဝကျခြင်းမရှိဘဲ ဖြစ်လျက်ရှိလေသည်။ သို့ဖြင့် နိကိုလေသည် မင်းသမီးလေးမေရီကို ဇနီးတစ်ယောက်အဖြစ် ထားရန် စိုးရွံ့လျက် ရှိလေသတည်း။

အခန်း ၇

ကြောက်မက်ဖွယ်ကောင်းလှသော ဘိုရိုဒီနိုတိုက်ပွဲ သတင်းများ၊ ရုရှားတို့အကျအဆုံး အရှုံးအနာများသည့် သတင်းများနှင့် မော်စကို ကျဆုံးပြိုဆိုသော သာ၍ကြောက်မက်ဖွယ်ကောင်းသော သတင်းများသည် စက်တင်ဘာလအလယ်လောက်တွင် ဗိုရိုနက်ဇ်မြို့ကလေးသို့ ရောက်ရှိလာလေသည်။ မင်းသားကလေးအင်ဒရေ ဒဏ်ရာရသည်ဟူသော သတင်းကို စစ်ပြန်တမ်းများမှ သိရသော်လည်း ထိုထက်ဘာမျှ တိကျသေချာစွာ မသိရသည့်အခါ၌ မင်းသမီးကလေးမေရီသည် ၎င်း၏မောင် မင်းသားကလေးအင်ဒရေကို လိုက်လံရှာဖွေရန် ပြင်ဆင်ခြင်းပြုလေသည်။ (ဤအကြောင်းကို နိကိုလေတစ်ဆင့် ကြားရခြင်း ဖြစ်သည်။ မင်းသမီးကလေးမေရီနှင့်ကား နောက်ထပ် မတွေ့ရတော့ချေ။)

ဘိုရိုဒီနိုတိုက်ပွဲသတင်းနှင့် မော်စကိုကို စွန့်ခွာခဲ့ရပြီဆိုသည့်သတင်းကို ကြားရသည့်အခါ၌ နိကိုလေသည် စိတ်ပျက်အားငယ်ခြင်းလည်း မဖြစ်မိ။ ဒေါသအမျက် ခြောင်းခြောင်းထွက်ခြင်းလည်း မဖြစ်မိ။ ပြင်သစ်တို့ကို လက်စားချေလိုခြင်းလည်း မဖြစ်မိ။ အလားတူ ခံစားချက်မျိုးကိုလည်း မခံစားမိချေ။ သို့ရာတွင် ထိုသတင်းကို ကြားပြီးသည့်နောက် ဗိုရိုနက်ဇ်တောမြို့ကလေးတွင် နေထိုင်ရခြင်းကိုမူ ငြီးငွေ့လာခဲ့ရလေပြီ။ ရုက်သလိုလို၊ အနေရခက်သလိုလို အမည်ဖော်ပြမရသော ခံစားမှုတစ်မျိုးသည်လည်း ပေါ်ပေါက်လာခဲ့လေပြီ။ မိမိကြားနေရသော စကားများသည် အညာလှိုင်းများဟု ထင်မှတ်လာခဲ့သည်။ မိမိတွေ့ကြုံ

www.burmeseclassic.com

www.burmeseclassic.com

နေရသည့် ကိစ္စများကိုလည်း အမှားအမှန် မဝေခွဲတတ်အောင် ဖြစ်လာခဲ့ဝလသည်။ တပ်ထဲတွင် နေရခြင်းသည် ပို၍ ရှင်းလင်းလွယ်ကူသည်ဟု ထင်မှတ်လာခဲ့လေသည်။ ထို့ကြောင့် နီကိုလေသည် မြင်းဝယ်ရေးကိစ္စများကို အမြန်ပြီးပြတ်အောင် လုပ်လျက်ရှိ၏။ တပ်ခွဲတပ်ထောက်ကိုသော်လည်းကောင်း၊ မိမိတပ်လုလင်ကိုလည်းကောင်း အကြောင်းမရှိဘဲ စိတ်တိုနေတတ်သည်။

ဗိုရိုနက်ဇ်မြို့ကလေးမှ ထွက်ခွာခြင်းမပြုမီ ရက်အနည်းငယ်အလို၌ ရုရှားတပ်မတော် အောင်ပွဲများအတွက် ကျေးဇူးတော်ချီးမွမ်းပွဲတစ်ခုကို ဘုရားဝတ်ကျောင်းတွင် ကျင်းပ၏။ ထိုပွဲသို့ နီကိုလေလည်း တက်ရောက်ခြင်း ပြုလေသည်။ နီကိုလေသည် ဝတ်တက်ချိန် တစ်ချိန်လုံး စစ်သားတို့၏ ဟန်အပြည့်ဖြင့် မြို့ဝန်၏ နောက်နား ခပ်ကျကျတွင် ရပ်လျက်ရှိရင်း ရောက်တတ်ရာရာကို စဉ်းစား တွေးတောလျက် ရှိသည်။ ဝတ်တက်ပြီးသည့်အခါတွင် နီကိုလေအား မြို့ဝန်ကတော်က လက်ယပ်ခေါ်လိုက်၏။

"မေရီထိပ်ထားကို တွေ့ရဲ့လား" မျက်နှာချင်းဆိုင်တွင် ရပ်နေသူ အမျိုးသမီးတစ်ဦးကို မေးငေါ့၍ပြရင်း ၎င်းက မေးလိုက်သည်။

နီကိုလေသည် မင်းသမီးလေးမေရီကို ချက်ချင်းမှတ်မိလိုက်၏။ သို့ရာတွင် ဦးထုပ်အောက်မှ မြင်လိုက်ရသော မင်းသမီးကလေးမေရီ၏ ဘေးစောင်းမျက်နှာပုံသဏ္ဌာန်ကြောင့် မှတ်မိခြင်း မဟုတ်ပါ။ မိမိစိတ်ထဲတွင် ပေါ်ပေါက်လာသော စိုးရိမ်ပူပန်ခြင်း၊ ရုတ်ရုံခြင်း၊ သနားခြင်းတို့ကြောင့် အလိုလိုမှတ်မိလိုက်ခြင်းသာ ဖြစ်ပါသည်။ မင်းသမီးကလေး မေရီမှာလည်း တစ်စုံတစ်ခုကို စဉ်းစားလျက်ရှိဟန်ဖြင့် ဝတ်ကျောင်းမှမပြန်မီ နောက်ဆုံးတစ်ကြိမ်လက်ယှက် ဝတ်ပြုလျက်ရှိလေသည်။

နီကိုလေသည် တအံ့တသြဖြင့် မင်းသမီးလေးမေရီ၏ မျက်နှာကို ကြည့်လိုက်သည်။ မင်းသမီးလေးမေရီ၏ မျက်နှာမှာ ၎င်းမြင်ခဲ့ဖူးသော ယခင်မျက်နှာပင် ဖြစ်ပါသည်။ နူးညံ့သိမ်မွေ့သော စိတ်ခံစားမှုများကို ဖော်ပြသည့် ယခင် အမူအရာပင် ဖြစ်ပါသည်။ သို့ရာတွင် မျက်နှာဝင်း ထိန်နေပုံမှာ ထူးခြားလျက် ရှိပါသည်။ ထိုမျက်နှာအမူအရာ၌ ဝမ်းနည်းကြေကွဲခြင်း၊ မျှော်လင့်ခြင်း စသည်တို့သည် သနားစဖွယ် ထင်ဟပ်လျက် ရှိပါသည်။ မင်းသမီးလေး မေရီရောက်လာလျှင် ယခင်က မိမိပြုလေ့ ရှိသည့်အတိုင်း နီကိုလေသည် မြို့ဝန်ကတော်၏ တိုက်တွန်းချက်ကို စောင့်ဆိုင်းခြင်း၊ သုခမ္မာဇရပ်ထဲ၌ သွားရောက် နှုတ်ဆက်ရန် သင့်မသင့်ကို စဉ်းစားခြင်းမရှိတော့ဘဲ မင်းသမီး ကလေးမေရီအပါးသို့ လျှောက်လာခဲ့ကာ မင်းသားလေး အင်ဒရေ၏သတင်းကို ကြားပြီးဖြစ်ပါကြောင်း၊ ထို့နောက် မိမိ၏ ဝိညာဉ်တစ်ခုလုံးဖြင့် ကိုယ်ချင်းစာနာမိပါကြောင်းဖြင့် ပြောဆိုခြင်းပြုသည်။ နီကိုလေ၏အသံကို ကြားသည်၌ မင်းသမီးကလေးမေရီ၏ မျက်နှာသည် ဝင်းထိန်လာကာ ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်းတို့ကို တစ်ပြိုင်နက် ဖော်ပြလျက် ရှိသည်။

"ကျွန်တော် တစ်ခုတော့ ပြောချင်ပါတယ် ထိပ်ထား" နီကိုလေက ဆို၏။ "ထိပ်ထားရဲ့မောင်တော်ဟာ ဗိုလ်မှူးကြီးတစ်ဦးဖြစ်လေတော့ တကယ်ကျဆုံးသွားတာမှန်ရင် ပြန်တမ်းထဲမှာ ချက်ချင်းကြေညာလိမ့်မယ်လို့ ထင်ပါတယ်"

မင်းသမီးကလေးမေရီက နီကိုလေကို ကြည့်လိုက်သည်။ ၎င်း၏စကားများကို နားမလည်သော်လည်း နီကိုလေ၏ မျက်နှာပေါ်မှ ကိုယ်ချင်းစာနာသည့် အမူအရာကို တွေ့လိုက်ရသဖြင့် အားတက်သွားသည်။

"ကျွန်တော်သိသလောက် ပြောရမယ်ဆိုရင် ကျည်စမှန်တယ်ဆိုတာ (ပြန်တမ်းတွင် အမြောက်ဆန်ဟု ဖော်ပြထားသည်။) ပွဲချင်းပြီး ကျရင်လဲကျ၊ ပွဲချင်းပြီးမဟုတ်ရင်လဲ သိပ်ပြင်းထန်လှတာမျိုး မဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ်လေ အကောင်းဆုံးကိုတော့ မျှော်လင့်ထားရမှာပေါ့။ ပြီးတော့ ကျွန်တော် ပြောရဲပါတယ်"

မင်းသမီးလေးမေရီက ကြားဖြတ်ကာ

"အို၊ ထိပ်ထားမကြားရဲပါဘူး နီကိုလေ"

မင်းသမီးလေးမေရီမှာ စိတ်လှုပ်ရှားလာကာ စကားကို ဆက်မပြောနိုင်တော့ဘဲ ခေါင်းကို ငုံ့ထားလိုက်သည်။ နီကိုလေ၏ရှေ့တွင် မင်းသမီးလေးမေရီ ပြုသောအပြုအမူတိုင်းသည် ကျက်သရေရှိသကဲ့သို့ ခေါင်းကို ငုံ့ထားလိုက်ပုံမှာလည်း ကျက်သရေရှိလှပါသည်။ ထို့နောက် မင်းသမီးလေးမေရီသည် နီကိုလေအား ကျေးဇူးတင်သော မျက်လုံးကြီးများဖြင့် မော့ကြည့်လိုက်လျက် ၎င်း၏အရိုးတော်နှင့်

www.burmeseclassic.com

www.burmeseclassic.com

အတူ သုဓမ္မာဇရပ်အပြင်ဘက်သို့ ထွက်သွားလေသည်။

ထိုနေ့ညနေ၌ နီကိုလေသည် အပြင်သို့ မထွက်တော့ဘဲ တည်းခိုရိပ်သာတွင် မြင်းကုန်သည်များနှင့် စာရင်းရှင်းလျက်ရှိသည်။ ကိစ္စပြီးသောအခါ၌မူ အပြင်သို့ထွက်ရန် အချိန် အတော်နှောင်းကာ အိပ်ရာဝင်ရန်လည်း အတန်ငယ်စောလျက် ရှိသေးသဖြင့် အခန်းတွင်းဝယ် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကာ မိမိ၏ဘဝကို ပြန်၍ ဆင်ခြင်သုံးသပ်လျက် ရှိလေသည်။ ထိုအပြုအမူကား နီကိုလေ ပြုခဲ့လှသော အပြုအမူပေတည်း။

စမိုးလင်နယ်တွင် ပထမဆုံးအကြိမ် တွေ့ခဲ့ရစဉ်က တည်းက နီကိုလေသည် မင်းသမီးလေးမေရီကို စွဲလမ်းခဲ့သည်။ စစ်တွင်း ဗရုတ်သုတ်အခြေအနေကြီးတွင် တွေ့ဆုံခဲ့ရခြင်း၊ မိမိနှင့် မင်းသမီးလေးမေရီတို့အား လက်ဆက်ပေးရန် မိခင်မြို့စားကတော်ကြီးက တီးခေါက်ကြည့်ခဲ့ဖူးခြင်း စသည်တို့ကြောင့် နီကိုလေသည် မင်းသမီးလေးမေရီအပေါ် အထူးစိတ်ဝင်စားခဲ့ခြင်း ဖြစ်၏။ ဗိုရိုနက်ဇ်မြို့ကလေးတွင် ယခုတစ်ဖန် ပြန်လည်တွေ့ဆုံရသောအခါ၌ကား မိမိက မင်းသမီးလေးမေရီအပေါ် စိတ်ဝင်စားခြင်းမှာ ယောကျ်ားပျိုတစ်ဦးက မိန်းမပျိုတစ်ဦးကို တွေ့ရာတွင် ဖြစ်မြဲထုံးစံ သာမန်ကာလျှံကာ ကြည်နူးခြင်းမျိုးမဟုတ်ဘဲ တန်ခိုးစွမ်းအား ကြီးမားစွာဖြင့် မိမိအား ဖွဲ့နှောင်ထားခြင်းမျိုး ဖြစ်ကြောင်း တွေ့ရလေပြီ။ ဤအကြိမ်တွေ့ဆုံရာ၌ မင်းသမီးလေးမေရီ၏ ထူးထူးခြားခြားစိတ်ထားလှပခြင်းကို နီကိုလေ သတိပြုမိလေရာ နီကိုလေသည် ထိုအချက်ကို စွဲလမ်းလျက် ရှိလေပြီ။ သို့ရာတွင် တပ်သို့ပြန်ရန် ပြင်ဆင်နေရခြင်းကြောင့် မင်းသမီးလေးမေရီအား နောက်ထပ်တွေ့ရတော့မည် မဟုတ်ဟု တွေးတောလွမ်းဆွတ်နေရန် အချိန်မရလှချေ။ သို့သော်လည်း ထိုနေ့က သုဓမ္မာဇရပ်တွင် တွေ့ဆုံလိုက်ရခြင်းမျိုးကား မိမိ၏ ကြည်နူးမှုအတွက် လိုအပ်သည်ထက်ပိုကာ နီကိုလေ၏စိတ်ကို ယောက်ယက်ခတ်မှုဖြစ်အောင် ဆွဲလှုပ်လျက် ရှိလေပြီ။ ဖျော့တော့ညှိုးငယ်၍ သန့်စင်သော ထိုမျက်နှာ၊ တောက်ပဝင်းလဲ့သော ထိုအကြည့်၊ သိမ်မွေ့၍ ကျက်သရေရှိသော ထိုအမူအရာများနှင့် အထူးသဖြင့် ၎င်း၏ ကိုယ်ဟန်အသွင်အပြင်အား လုံးတွင် ထင်ဟပ်လျက် ရှိသော် နက်ရှိုင်းနူးညံ့သည့် ဝမ်းနည်း ကြေကွဲဟန်သည် နီကိုလေကို လှုပ်ရှားစေကာ ကြင်နာ သနားစိတ်တို့ကို နှိုးဆွပေးလျက် ရှိလေပြီ။ ယောကျ်ားများ၌ အသိဉာဏ်တရား မြင့်မားဟန်ရှိခြင်းကို နီကိုလေ နှစ်သက်ခြင်းမရှိလှချေ။ (ထို့ကြောင့်လည်း မင်းသားကလေး အင်ဒရေကို သဘောမတွေ့ခြင်း ဖြစ်သည်။) ယောကျ်ားများ၌ ဤသို့အသိဉာဏ်တရား မြင့်မားဟန်ရှိခြင်းကို နီကိုလေက စိတ်ကူးယဉ်ဆန်သည်။ အဘိဓမ္မာဆန်သည်ဟု ရှုတ်ချပြောလေ့ရှိသည်။ သို့ရာတွင် မိမိတွင် မရှိသောအရာဖြစ်သည့် အသိဉာဏ်တရား မြင့်မားပုံကို ဖော်ပြရာ ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်ကို မင်းသမီးလေးမေရီ၏ မျက်နှာပေါ်၌ တွေ့လိုက်ရသောအခါ၌မူ ထိုအရာသည်ပင်လျှင် နီကိုလေအား ရုန်းထွက်မရအောင် ညှို့ယူဖမ်းစားသော အရာဖြစ်လျက် ရှိလေသည်။

"မေရီထိပ်ထားဟာ ထူးခြားတဲ့ မိန်းမမြတ်တစ်ဦးဖြစ်မှာပဲ။ တကယ့်တမန်တော် နတ်သမီးတစ်ပါးပေပဲ" နီကိုလေသည် တစ်ယောက်တည်း ပြောမိ၏။ "ငါ ဘာကြောင့် ချစ်တင်းစကားပြောခွင့်မရှိရမှာလဲ။ ဘာကြောင့် ဆွန်ယာနဲ့ လက်ဆက်ဖို့ အလောသုံးဆယ် ဖြစ်နေရမှာလဲ"

နီကိုလေသည် ၎င်းတို့နှစ်ဦးကို နှိုင်းယှဉ်ကြည့်မိလျက်သား ဖြစ်နေသည်။ ဆွန်ယာ၌ အသိဉာဏ်တရား မရှိပုံ၊ မင်းသမီးလေးမေရီ၏ အသိဉာဏ်တရားကြီးမားပုံတို့ကို နှိုင်းယှဉ်စဉ်းစားမိသည်။ မင်းသမီးလေးမေရီမှာ မိမိတွင် မရှိသော အသိဉာဏ်တရားမျိုး ရှိခြင်းကြောင့်ပင် ၎င်းကို ပို၍ တန်ဖိုးထားမိသေးသည်။ ဆွန်ယာနှင့် ပြတ်ပြတ်စဲစဲဖြစ်အောင်လုပ်လျှင် မည်သို့ရှိချိမ့်မည်နည်း၊ မင်းသမီး ကလေးမေရီကို မည်သို့ ချစ်တင်းဆိုမည်နည်း၊ မိမိ၏ ဇနီးဖြစ်လျှင် မည်သို့ ရှိချိမ့်မည်နည်း။ နီကိုလေသည် ဤသို့ တွေးမိသည်။ သို့ရာတွင် နီကိုလေ ထိုသို့ စဉ်းစား၍ မရပါတကား။ နီကိုလေသည်သည် ဆွန်ယာနှင့် အိမ်ထောင်ကျလျှင် မည်သို့ရှိမည်နည်းဟု အတန်ကြာကပင် တွေးခဲ့ဖူးသည်။ သို့တွေးလိုက်တိုင်းလည်း အစမှအဆုံးတိုင် စဉ်းစားပြီးသားဖြစ်သည့်အတွက်ကြောင့် တစ်ကြောင်း၊ ဆွန်ယာတွင်ရှိသည့် အရည်အချင်းမှန်သမျှကို သိပြီးဖြစ်သည့်အတွက်ကြောင့် တစ်ကြောင်း ၎င်းတို့နှစ်ဦး၏ အနာဂတ်ရုပ်ပုံလွှာများသည် ထင်ထင်ရှားရှား ရှင်းရှင်းလင်းလင်း ပေါ်လာကြကုန်သည်။ သို့ရာတွင် မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com

လေး မေရီနှင့် တည်ဆောက်အံ့ရသော အနာဂတ်အိမ်ထောင်ရေးကို တွေးလိုက်သောအခါတွင်မူကား မိမိသည် မင်းသမီးလေးမေရီအား ချစ်ရုံမှတစ်ပါး အခြား ဘာမျှ ၎င်းတို့နှစ်ဦး၏ အနာဂတ်ရုပ်ပုံလွှာများသည် မှုန်ဝါးရွပ်ထွေးလျက် ရှိတတ်လေသည်။

ဆွန်ယာ့အကြောင်းကို တွေးလိုက်လျှင် နီကိုလေ၏ စိတ်ဒဏ်ခြည်နှူးခြင်း၊ ဝမ်းသာခြင်း ဖြစ်ရသည်။ သို့ရာတွင် မင်းသမီးလေးမေရီ၏အကြောင်းကို တွေးလိုက်သည့်အခါတွင်မူ ချောမွေ့လွယ်ကူခြင်းမရှိရုံမျှမက ထိတ်လန့်သလိုပင် ဖြစ်ရသေးသည်။

"မေရီထိပ်ထား ဆုတောင်းဝတ်ပြုနေပုံဟာ ဘယ်လောက် ကျက်သရေရှိသလဲ။ ဘယ်လောက် စိတ်ပါလက်ပါရှိသလဲ" နီကိုလေ တွေးမိသည်။ "သူ့ဝိညာဉ်တစ်ခုလုံးဟာ ဝတ်ပြုဆုတောင်းရာထဲမှာ နစ်မြုပ်မနေတော့တာပဲ။ ဟုတ်တယ်။ ဆုတောင်းခြင်းဟာ တောင်ကြီးတွေကိုတောင် ရွှေ့စေတယ်။ ဘုရားသိကြားမလို့ မေရီထိပ်ထားတစ်ယောက် ဆုတောင်းပြည့်ပါစေဗျာ။ အလို၊ ငါကော ငါလိုရာကို ဘာဖြစ်လို့ ဆုမတောင်းရမှာလဲ"

နီကိုလေသည် ရုတ်တရက် အကြံရလာသည်။

"ငါ ဘာကို ဆုတောင်းမလဲ။ ဘာကိုလိုသလဲ။ ဆွန်ယာနဲ့ ပြတ်ပြတ်စဲစဲဖြစ်ချင်တယ် မဟုတ်လား။ လွတ်လွတ်လပ်လပ်ဖြစ်ချင်တယ် မဟုတ်လား။ အင်း၊ အရီးတော်ပြောတာ မှန်ပေတာပဲ"

နီကိုလေသည် မြို့ဝန်ကတော်၏ စကားများကို အမှတ်ရလာသည်။

"ဆွန်ယာကို လက်ထပ်ရန် ဒုက္ခလှလှကြီး တွေ့ရတော့မှာပဲ။ နေရေးထိုင်ရေး အခက်အခဲတွေ တွေ့ရမယ်။ မေဖျားလဲ စိတ်ဒုက္ခရောက်ရမယ်။ ငွေရေးကြေးအတွက်လဲ ပူပင်ရဦးမယ်။ ရှုပ်တယ်။ သိပ်ရှုပ်တယ်။ ပြီးတော့ ငါကကော ဆွန်ယာကို တကယ်ချစ်တာမှ မဟုတ်ဘဲ။ ဘုရားသခင်ကိုယ်တိုင်မြတ်ကြီးဘုရား၊ တပည့်တော်အား ဤကြောက်စရာ အရှုပ်အထွေးကြီးမှ ကယ်တင် လွတ်မြောက်အောင် စောင်မတော်မူပါဘုရား"

နီကိုလေသည် ရုတ်တရက် ဆုတောင်းခြင်း ပြုလေသည်။

"ဟုတ်တယ်၊ ဆုတောင်းခြင်းဟာ တောင်ကြီးတွေကိုတောင် ရွှေ့စေတယ်။ ဒါပေမဲ့ ဆုတောင်းရာမှာ ယုံယုံကြည်ကြည်နဲ့ ဆုတောင်းရမယ်။ ငယ်ငယ်တုန်းက နှင်းပွင့်တွေကို သကြားပွင့်တွေဖြစ်အောင် လုပ်ပေးပါဘုရားလို့ ငါနဲ့ နာတာရှာ ငယ်ငယ်တုန်းက ဆုတောင်းပြီး သကြားပွင့်တွေ ဖြစ်မဖြစ် အပြင်ထွက်ကြည့်ကြဖူးတယ်။ ဒီလိုကလေးကလား ဆုတောင်းလို့တော့ မဖြစ်ဘူး။ ဟုတ်တယ်။ ငါဟာ အသေးအဖွဲကလေးတွေအတွက် ဆုတောင်းနေတာ မဟုတ်ဘူး"

နီကိုလေသည် ဤသို့တွေးကာ ဆေးတံကို အခန်းထောင့်တွင် ချလိုက်ပြီးနောက် လက်ပိုက်လျက် ဘုရားစင်ရှေ့ဘွင် ထိုင်လိုက်သည်။ မင်းသမီးကလေးမေရီကို တွေ့ရခြင်းကြောင့်ဖြစ်သော ကြည်နူးစိတ်ဖြင့် နီကိုလေသည် ဆုတောင်းခြင်း ပြုလေသည်။ ဤသို့ စိတ်ပါလက်ပါ ဆုတောင်းခြင်း မပြုသည်မှာ ကြာခဲ့ပြီ။ ၎င်း၏မျက်လုံးတွင် မျက်ရည်တွေ ဝဲလျက်ရှိလေသည်။ ထိုအခိုက်တံခါးပွင့်လာကာ ၎င်း၏ တပ်လုလင် လာဗရုရှာကာသည် စာရွက်များကိုင်လျက် ဝင်လာလေသည်။

"ဟေ့ ခွေးသား၊ မင်းကို မခေါ်ဘဲနဲ့ ဘာဖြစ်လို့ ဝင်လာတာလဲဟင်"

နီကိုလေက ကိုယ်ဟန်ကို ပြင်ရင်း အော်လိုက်သည်။ လာဗရုရှာကာက အိပ်ချင်မူးတူးအသံဖြင့်–

"မြို့ဝန်ကတော်ဆီက လူတစ်ယောက် လာပါတယ် ဗိုလ်မှူး၊ ဗိုလ်မှူးကို စာနှစ်စောင် လာပေးသွားပါတယ်"

"ကောင်းပြီ၊ ထားခဲ့"

နီကိုလေသည် စာနှစ်စောင်ကို ကောက်ယူလိုက်၏။ တစ်စောင်မှာ မိခင်မြို့စားကတော်ကြီးထံမှဖြစ်၍ နောက်တစ်စောင်မှာ ဆွန်ယာထံမှ ဖြစ်လေသည်။ နီကိုလေသည် လက်ရေးကို ကြည့်ရုံမျှဖြင့် မှတ်မိလိုက်၏။ ဆွန်ယာ့စာကို ပထမဖွင့်လိုက်သည်။ စာကြောင်းအချို့ကို ဖတ်ပြီးသည့်နောက်တွင် နီကိုလေ၏မျက်နှာသည် ဖြူရော်သွားကာ ၎င်း၏မျက်လုံးများသည် ဝမ်းမြောက်ခြင်း ထိတ်လန့်ခြင်းတို့ကြောင့် ပြူးကုန်လျက် ရှိကြ၏။

"မဖြစ်နိုင်ဘူး။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး" ဟု နီကိုလေက အော်လျက်ရှိသည်။

နီကိုလေသည် ထိုင်မနေနိုင်တော့ဘဲ ခေါက်တုံ့

www.burmeseclassic.com

www.burmeseclassic.com

ခေါက်ပြန် လမ်းလျှောက်ရင်း စာကို ဖတ်လျက် ရှိ၏။ နီကိုလေသည် စာကို တစ်ကြိမ်ဆုံးအောင် ခပ်သော့သော့ ဖတ်ပြီးနောက် တစ်ကြိမ် ထပ်ဖတ်သည်။ ထို့နောက် တစ်ကြိမ် ထပ်ဖတ်ပြန်သည်။ ထိုနောက် အခန်းအလယ်တွင် မတ်တတ်ရပ်လျက် ပခုံးနှစ်ဖက်ကို မြှင့်ကာ လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်သည်။ ၎င်း၏ပါးစပ်သည် ဟလျက်ရှိ၍ မျက်လုံးများသည် တစ်နေရာတည်းကို စူးစိုက်ကြည့်လျက် ရှိလေသည်။ ဘုရားသခင်သည် မိမိအလိုကို ဖြည့်တော်မူလိမ့်မည်ဟူသော ယုံကြည်ချက်အပြည့်ဖြင့် နီကိုလေ တောင်းခဲ့သောဆုသည် ပြည့်ခဲ့လေပြီ။ သို့တိုင်အောင် ထိုအဖြစ်သည် အံ့ဖွယ်သရဲထူးကဲသည် အဖြစ်ကြီးတစ်ခုသဖွယ် နီကိုလေသည် အံ့အားသင့်လျက် ရှိလေသည်။ ယခုလောက် မြန်မြန်ဆန်ဆန် ဆုတောင်းပြည့်လာရကြောင်းသည် ဘုရားသခင်ကြောင့်မဟုတ်ဘဲ မတော်တဆ တိုက်ဆိုင်လာသည့်နယ် ရှိတော့သည်။

ရုတ်တရက်ရောက်ရှိလာ၍ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းနှိုးဆော်ချက်ကြောင့်မျှ မဟုတ်ဘဲ ဆွန်ယာကိုယ်တိုင် လိုလိုချင်ချင်ရေးလိုက်ခြင်း ဖြစ်သည်ဟု နီကိုလေ ယူဆရသော ဆွန်ယာ့စာကား မိမိအား နှောင်တည်းထား၍ မိမိကိုယ်တိုင် ရုန်းထွက်၍ မရနိုင်တော့ဟု ယူဆထားသည့် အနှောင်အဖွဲ့ကြီးမှ နီကိုလေအား ဖြေလွှတ်လိုက်သည့် စာပင် ဖြစ်လေသည်။ မြို့စားကြီး ရော့စတာဗ်၏ မော်စကိုရှိ ပစ္စည်းများအားလုံး ဆုံးရှုံးရပုံ စသည့် စိတ်မချမ်းမြေ့ဖွယ် နောက်ဆုံး အဖြစ်အပျက်များကြောင့် တစ်ကြောင်း၊ မြို့စားကတော်ကြီးက နီကိုလေအား မင်းသမီးလေးမေရီနှင့် လက်ထပ်စေလိုသော ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုခြင်းကြောင့် တစ်ကြောင်း၊ ထိုအထဲတွင် နီကိုလေကလည်း ယခင်ကနှင့်မတူ ထူးခြားကာ အေးစက်စက်ဖြစ်နေခြင်းတို့ကြောင့် စသည်အကြောင်းအမျိုးမျိုးတို့ကြောင့် မိမိသည် နီကိုလေအား လွတ်လပ်ခွင့်ပေးရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်ပါကြောင်း၊ ဤစာရသည့် အချိန်မှ စ၍ မိမိအပေါ်တွင် မည်သည့်ကတိကဝတ်မျှ မရှိတော့ပါကြောင်းဖြင့် ထိုစာ၌ ဖော်ပြထားလေသည်။

"ဆွန်ယာရဲ့အပေါ် အစစအရာရာ လိုလေသေးမရှိအောင် စိတ်ကောင်းတားတဲ့ မိသားစုတွေအတွင်းမှာ ဆွန်ယာ့ကြောင့် အချင်းချင်း စိတ်ဝမ်းကွဲကြ၊ စိတ်ဒုက္ခရောက်ကြလေမလားလို့ တွေးမိတိုင်း ဆွန်ယာစိတ်ထိခိုက်နာကျင်ခြင်း ဖြစ်ရပါတယ် ကိုကို။ ဆွန်ယာရဲ့ အချစ်မှာ ဆွန်ယာချစ်တဲ့လူတွေရဲ့ စိတ်ချမ်းသာမှုရပါစေဆိုတဲ့ ရည်ရွယ်ချက်ကလွဲလို့ တခြားဘာရည်ရွယ်ချက်မှလဲ မရှိပါဘူး ကိုကို။ ဒါကြောင့် ကိုကိုသဘောကျရာကို လွတ်လွတ်လပ်လပ် လုပ်နိုင်ပြီလို့ သဘောထားဖို့ ဆွန်ယာ တောင်းပန်လိုက်ပါတယ် ကိုကို။ ဒါပေမဲ့ ဘယ်အခြေပဲရောက်ရောက် လောကမှာ ဆွန်ယာချစ်တာထက် ဘယ်သူမှ ပိုပြီး ချစ်နိုင်မယ် မဟုတ်ဘူးဆိုတာကိုတော့ ယုံကြည်စေချင်ပါတယ်။

ကိုကိုရဲ့ ဆွန်ယာ"

စာနှစ်စောင်လုံးမှာ ထရွိုက်ဇာမှ ရေးလိုက်သောစာများ ဖြစ်လေသည်။ နောက်တစ်စောင်မှာ ၎င်းတို့ မော်စကိုမြို့တွင် နေထိုင်ခဲ့ကြပုံ၊ ထွက်ခွာလာခဲ့ကြပုံ၊ မော်စကိုမြို့ကြီး မီးလောင်ပုံ၊ ၎င်းတို့ပစ္စည်းများ ဆုံးရှုံးပုံတို့ကို ဖော်ပြထားသည့် မြို့စားကတော်ကြီးထံမှ စာဖြစ်လေသည်။ မိမိနှင့် အတူ မော်စကိုမှ ထွက်လာခဲ့ကြသော ဒဏ်ရာရစစ်သားလူနာများတွင် မင်းသားကလေး အင်ဒရေလည်း ပါဝင်ကြောင်း၊ ၎င်းအခြေအနေမှာ စိုးရိမ်ရကြောင်း သို့ရာတွင် ယခုအချိန်၌ မျှော်လင့်စရာရှိသေးသည်ဟု သမားတော်ကြီးက ပြောပြကြောင်း၊ ၎င်းကို နာတာရှာနှင့် ဆွန်ယာတို့က ပြုစုလိုက်ပါလာကြောင်းဖြင့်လည်း ထိုစာတွင် မြို့ကစားတော်ကြီးက ဖော်ပြထားလေသည်။

နောက်တစ်နေ့၌ နီကိုလေသည် မိခင်ကြီးထံမှ စာကိုယူကာ မင်းသမီးလေး မေရီထံသို့ ထွက်လာခဲ့သည်။ 'နာတာရှာက ပြုစုလိုက်ပါလာသည်'ဟူသော စကားသည် မည်သည့် အဓိပ္ပာယ်ဆောင်ကြောင်းကိုမူ နီကိုလေကသော်လည်းကောင်း၊ မင်းသမီးကလေးမေရီကသော် လည်းကောင်း ပြောဆိုခြင်း မပြုကြချေ။ သို့ရာတွင် ထိုစာကြောင့် နီကိုလေနှင့် မင်းသမီးလေးမေရီတို့မှာ ဆွေမျိုးရင်းချာများသဖွယ် ရုတ်တရက် ရင်းနှီးလာခဲ့ကြသည်မှာ ကား အမှန်ပင် ဖြစ်လေသည်။

ထိုနောက် တစ်ရက်၌မူ နီကိုလေသည် ယာရိစလာဗာသို့ ထွက်ခွာသွားသည့် မင်းသမီးလေးမေရီအား သွားရောက်နှုတ်ဆက်ပြီးနောက် ရက်များမကြာမီတွင် တပ်ရင်းရှိရာသို့ ပြန်လည်ထွက်ခွာလာခဲ့လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၈

ထရိုက်ဇာမှ ရေးလိုက်၍ နီကိုလေ၏ ဆုတောင်းကို ပြည့်စေသော ဆွန်ယာ၏ စာဖြစ်လာပုံမှာ ဤသို့ဖြစ်၏။ နီကိုလေအား သူကြွယ်၏ သမီးတစ်ယောက်နှင့် ထိမ်းမြားလက်ထပ်ပေးမှ ဖြစ်တော့မည်ဟူသောအသိသည် မြို့စားကတော်ကြီး၏ စိတ်တွင် တစ်စတစ်စ ကြီးစိုးစပြုလာခဲ့လေသည်။ ဤကိစ္စတွင် ဆွန်ယာသည် အကြီးဆုံး အတားအဆီးကြီးဖြစ်လျက်ရှိခြင်းကို မြို့စားကတော်ကြီး သိ၏။ အထူးသဖြင့် မင်းသမီးလေးမေရီနှင့် ဘိဂူချာရိုဗိုတွင် တွေ့ဆုံခဲ့ရပုံကို ဖော်ပြထားသည့် စာတစ်စောင် နီကိုလေထံမှ ရောက်လာပြီးသည့်နောက်၌ မြို့စားကတော်ကြီး၏ အိမ်တွင် နေထိုင်ရသော ဆွန်ယာ၏ ဘဝမှာ တစ်စထက်တစ်စ ကျဉ်းမြောင်းကျပ်တည်းလာခဲ့လေသည်။ မြို့စားကတော်ကြီးသည် ဆွန်ယာအား စောင်းပါးရိုင်းခြည် နှိပ်နှိပ်နယ်နယ်ပြောဆိုခြင်း စသည်တို့ကို အချိန်ရှိသရွေ့ ပြုလုပ်လျက်ရှိသည်။

သို့ရာတွင် ၎င်းတို့ မော်စကိုမှ ထွက်ခွာခြင်း မပြုမီ ရက်အနည်းငယ်အလို၌ကား မြို့စားကတော်ကြီးသည် ဗရုတ်သုတ်ခအခြေအနေများကြောင့် အထူးစိတ်တိုလျက်ရှိကာ ဆွန်ယာကို ခေါ်ယူလိုက်ပြီးနောက် ခါတိုင်းကဲ့သို့ ပြစ်တင်မောင်းမဲခြင်း၊ တောင်းဆိုခြင်း စသည်တို့ မပြုလုပ်တော့ဘဲ မိမိတို့ တစ်သက်လုံးကျွေးမွေးစောင့်ရှောက်လာသော ကျေးဇူးကို ထောက်၍ နီကိုလေနှင့် ပြတ်ပြတ်စဲစဲဖြစ်အောင် လုပ်ရန် မိမိက အနစ်နာခံ၍ စွန့်လွှတ်ရန် မျက်ရည်စမ်းစမ်းဖြင့် တောင်းပြန်ခြင်း ပြုလေသည်။

"သမီးက ကတိမပေးမချင်း မေဗျားတော့ တရိရိစိတ်ဆင်းရဲရတော့မှာပါပဲကွယ်" ဟု မြို့စားကတော်ကြီးက ပြော၏။

ဆွန်ယာသည် ချုံးပွဲချင့်ကြွေးကာ မိမိသည် ကျေးဇူးရှင်များအတွက် မည်သည့်အရာကိုမဆို လုပ်ပေးမည်ဖြစ်ကြောင်း၊ လုပ်ပေးရန် အဆင်သင့်လည်း ရှိကြောင်းဖြင့် ရှိုက်ကြီးတငင် ပြောဆိုခြင်း ပြုလေသည်။ သို့ရာတွင် မည်သည့်ကတိကိုမျှ ပေးခြင်းမပြုချေ။ မိမိထံ တောင်းဆိုထားသော ကတိကို ပေးရန် စဉ်းစားဆုံးဖြတ်ခြင်းလည်း မပြုနိုင်ချေ။ မှန်ပါသည်။ မိမိအား ငယ်စဉ်တောင်ကျေးမှု စ၍ လူလားမြောက်ကြီးပြင်းသည်အထိ ကျွေးမွေးစောင့်ရှောက်ခဲ့ကြပေသော မြို့စားကတော်ကြီးတို့ မိသားစုအတွက် မိမိက အစစအရာရာ စွန့်လွှတ်အနစ်နာခံရမည်သာ ဖြစ်ပါသည်။ အခြားသူများ၏ အကျိုးအတွက် မိမိက စွန့်လွှတ်အနစ်နာခံရခြင်းသည်လည်း ဆွန်ယာ၏ စရိုက်ဖြစ်လျက် ရှိလေသည်။ မြို့စားကတော်ကြီး၏ အိမ်တွင် ၎င်းနေရသော အနေအထားမှာလည်း မိမိဘက်က စွန့်လွှတ်မှုကို ပြန်ပါမှ တန်ဖိုးထား၍ လူရာသွင်းခံရမည့် အနေအထားမျိုး ဖြစ်ပါသည်။ ထို့ကြောင့် ဆွန်ယာသည် ကိုယ်က အနစ်နာခံ စွန့်လွှတ်ရခြင်းကို ကျင့်သားရလျက်ရှိပါပြီ။ ဤသို့ စွန့်လွှတ် အနစ်နာခံရခြင်းမျိုးကိုလည်း ဆွန်ယာနှစ်ခြိုက်ပါသည်။ သို့ရာတွင် ယခင်ယခင် အနစ်နာခံ စွန့်လွှတ်ခဲ့ရစဉ်ကမူ ဤသို့ စွန့်လွှတ် အနစ်နာခံခြင်းကြောင့် မိမိအား ၎င်းတို့က တန်ဖိုးထားကြလေပြီ။ အထင်ကြီးကြလေပြီဟု ပိတိဖြစ်ခဲ့ရပါသည်။ ၎င်းတို့က ထိုသို့ လူရာသွင်း တန်ဖိုးထားခံရသဖြင့် မိမိသည် လောကတွင် ရှိရှိသမျှတို့အနက် အမြတ်နိုးဆုံးဖြစ်သော နီကိုလေနှင့် ထိုက်တန်လေပြီဟု တွေးကာ ဝမ်းသာခြင်းဖြစ်ခဲ့ရသည်။ သို့ရာတွင် ယခုမူကား၊ ၎င်းတို့သည် မိမိက အစစအရာရာ စွန့်လွှတ်ခဲ့ခြင်းကြောင့် ရရှိခဲ့သည့် ဆုလာဘ်ကြီးတစ်ပါးဖြစ်သော နီကိုလေ၊ မိမိအသက်ရှင်နေရခြင်း၏ အကြောင်းရင်းတစ်ပါးဖြစ်သော နီကိုလေကို စွန့်လွှတ်ရန် တောင်းဆိုလျက် ရှိကြလေပြီ။ ဆွန်ယာသည် မိမိကျေးဇူးရှင်များအားတစ်သက်တွင် ပထမဆုံးအကြိမ် နာကြည်းခြင်း ဖြစ်မိလေသည်။ ထိုသို့ နာကြည်းခြင်း ဖြစ်ရသည့်အတွက်လည်း စိတ်ဆင်းရဲခြင်း ဖြစ်ရပြန်သည်။ မိမိကဲ့သို့ တစ်ကောင်ကြွက် မျက်နှာငယ်ဘဝမျိုးကို မကြုံတွေ့ရသော နာတာရှာ၊ မည်သည့်အခါကမျှ ကိုယ်က အနစ်နာမခံရသော နာတာရှာ၊ သူ့အတွက် သူတစ်ပါးကိုသာ အနစ်နာခံစေသော နာတာရှာကို မနာလိုဝန်တို ဖြစ်မိသည်။ နီကိုလေ့အပေါ်တွင် ထားရှိသော သန့်စင်သည့် အချစ်မှတစ်ဆင့် သင့်မသင့်ကို ခွဲခြားဝေဖန်နိုင်သောဉာဏ်၊ ကောင်းရာကို ပြုလိုစိတ်၊ ဘာသာတရား စသည်တို့ထက် စွမ်းအားကြီးသော ပြင်းထန်သည့် ခံစားချက်တစ်မျိုးသည် ဆွန်ယာ၏ ရင်တဲ၌ ကြီးထွား၍ လာခဲ့လေပြီ။ သူတစ်ပါးအပေါ်တွင် မှီခိုအားထားရသော ဘဝသည် အစစအရာရာ လျှို့ဝှက်သိပ်

www.burmeseclassic.com

www.burmeseclassic.com

သည်းရန် ဆွန်ယာ့ကို သင်ကြားပေးခဲ့လေပြီ။ ထိုခံစားချက်၊ ထိုအသိဖြင့် ဆွန်ယာသည် မြို့စားကတော်ကြီးအား မရေရာသောအဖြေကို ပေးကာ မြို့စားကတော်ကြီးနှင့် မျက်နှာချင်းမဆိုင်မိရန် ရှောင်လျက် ရှိလေသည်။ ထိုမျှမက နီကိုလေ ပြန်ရောက်လာလျှင် ၎င်းအား လွတ်လပ်ခွင့်မပေးရုံမျှမက မိမိနှင့် သေတစ်ပန်သက်တဆုံး မခွဲတမ်း ချည်နှောင်ထားရန် နီကိုလေ ပြန်လာသည်အထိ စောင့်ဆိုင်းရန် ထိုအတောအတွင်း မြို့စားကတော်အား ဝေ့လည်ကြောင်ပတ်အဖြေမျိုးကိုပေးရန် ဆုံးဖြတ်ပြီး ဖြစ်လေသည်။

မြို့စားကြီးရော့စတော့ဗ်တို့မိသားစု မော်စကိုမှ ထွက်ခွာခြင်းမပြုမီ ရက်များအတွင်းတွင် ပြင်ဆင်ရခြင်း၊ ထိတ်လန့်ကြောက်ရွံ့ရခြင်းများကြောင့် ဆွန်ယာ၏ ညစ်ညူးဖွယ်အတွေးများသည် နစ်မြုပ်ပျောက်ကွယ်လျက် ရှိကြသည်။ ဤအတွေးများမှ လွတ်မြောက်ကာ လက်တွေ့လုပ်ငန်းများထဲတွင် နစ်မြုပ်နေရခြင်းကိုပင် ဆွန်ယာ ဝမ်းသာမိသေးသည်။ သို့ရာတွင် မိမိတို့ စံအိမ်ဝင်းကြီးထဲသို့ မင်းသားလေး အင်ဒရေး ရောက်ရှိနေသည်ဟု ကြားရသည့် အခါ၌ မင်းသားလေး အင်ဒရေးနှင့် နာတာရှာတို့အတွက် စိတ်မကောင်းခြင်း ဖြစ်မိသည် မှန်သော်လည်း ဘုရားသခင်သည် မိမိနှင့် နီကိုလေတို့ နှစ်ဦး ရေစက်ကုန်ကြသည့် အဖြစ်မျိုးကို ဖန်တီးတော်မမူသေးဟု ဆွန်ယာ ကြံကြံဖန်ဖန် တွေးကာ ဝမ်းမြောက်မိသေးသည်။ နာတာရှာသည် မင်းသားကလေး အင်ဒရေတစ်ဦးတည်းကိုသာ မြတ်နိုးကြောင်း၊ ၎င်း၏အပေါ်တွင် မည်သည့်အခါမျှ အချစ်ပြယ်မည်မဟုတ်ကြောင်းကို ဆွန်ယာသိ၏။ ဤသို့သော သေရေးရှင်ရေးကာလမျိုးနှင့် ၎င်းတို့နှစ်ဦးသည် ပြန်၍ဆက်မိကြဦးမည်ကို ဆွန်ယာသိ၏။ ၎င်းတို့နှစ်ဦး ပြန်ဆက်ကြခြင်းကြောင့် နီကိုလေနှင့် မင်းသမီးလေးမေရီတို့ လက်ထပ်၍ ဖြစ်နိုင်မည် မဟုတ်ကြောင်းကို ဆွန်ယာသိ၏။ ထို့ကြောင့် မော်စကိုမြို့တွင် ၎င်းတို့ နေထိုင်ခဲ့ရသည့် နောက်ဆုံးအချိန်နှင့် ခရီးထွက်ခါစ ပထမအချိန်များတွင် ထိတ်လန့်စဖွယ် ရုတ်ရုတ်သဲသဲအဖြစ်များကို ကြုံတွေ့ရသည့်တိုင် ဘုရားသခင်သည် မိမိတို့၏ ကိုယ်ရေးကိုယ်တာ ကိစ္စများတွင် ဝင်ရောက်ကယ်မလျက်ရှိသည်ဟူသော အတွေးဖြင့် ဆွန်ယာ ရွှင်လန်းလျက်ရှိခြင်း ဖြစ်လေသည်။

မြို့စားကြီးရော့စတော့ဗ်တို့ မိသားစုသည် ထရွိုက်ဇာဘုန်းကြီးကျောင်းတွင် ပထမဆုံးအကြိမ် တစ်နေ့လုံး စခန်းချရပ်နားကြ၏။

ဘုန်းတော်ကြီးကျောင်း၌ သာလာယံဇရပ်အခန်းကြီးသုံးခန်းတွင် ၎င်းတို့အား နေရာချပေးရာ တစ်ခန်းကို မင်းသားကလေး အင်ဒရေအတွက် သီးသန့်ပေးထားသည်။ မင်းသားကလေးအင်ဒရေမှာ ထိုနေ့က များစွာ ဒဏ်ရာသက်သာလျက် ရှိ၏။ နာတာရှာကလည်း အပါးတွင် ထိုင်ကာ ပြုစုလျက် ရှိလေသည်။ ကပ်လျက်အခန်းတွင်မူ မြို့စားကြီးရော့စတော့ဗ်နှင့် မြို့စားကတော်ကြီးတို့သည် ကျောင်းထိုင်ဆရာတော်ကြီးကို ကြည်ညိုကာ ၎င်းနှင့် စကားစမြည်ပြောလျက် ရှိကြသည်။ မြို့စားကြီးရော့စတော့ဗ်တို့ မိသားစုမှာ ဆတော်ကြီးနှင့် အသိအကျွမ်းများဖြစ်ရုံမျှမက ကျောင်းဒကာများလည်း ဖြစ်ကြ၏။ ဆွန်ယာသည် မြို့စားကြီး ရော့စတော့ဗ်တို့နှင့် အတူထိုင်ကာ မင်းသားကလေး အင်ဒရေနှင့် နာတာရှာတို့ ပြောဆိုလျက်ရှိသော စကားများကို သိလိုစိတ် ပြင်းထန်လျက် ရှိသည်။ ခဏကြာလျှင် တံခါးပွင့်လာကာ နာတာရှာသည် ထိတ်လန့်တုန်လှုပ်သော အမူအရာဖြင့် ထွက်လာ၏။ သင်္ကန်းကို ပြရုံရင်း မိမိအား နှုတ်ဆက်လျက်ရှိသော ဆတော်ကြီးကိုပင် သတိမပြုမိဘဲ နာတာရှာသည် ဆွန်ယာထံသို့ လျှောက်လာပြီး လက်ကို ဆွဲလိုက်သည်။

"သမီးထွေး ဘယ်သွားနေသလဲ။ ဆတော်ဘုရားကို ဝတ်ပြုဦးလေ" မြို့စားကတော်ကြီးက ပြော၏။

နာတာရှာသည် ဆတော်ဘုရားအနီးသို့ လျှောက်လာကာ ဝတ်ပြု၏။ ဆတော်ကြီးက ဘုရား တရားကို နှုတ်သွင်းရန်၊ ရှင်ဆာဂျီးယပ်စ် (၎င်းမှာ ထရွိုက်ဇာကျောင်းကြီးကို တည်ဆောက်သွားသူ ဆတော်ကြီး ဖြစ်သည်။) ကို ဆည်းကပ်ရန် မြွက်ကြားလေသည်။

ဆတော်ကြီး ကြွသွားသည်နှင့် တစ်ပြိုင်နက် နာတာရှာသည် ဆွန်ယာ့လက်ကို ဆွဲကာ အခန်းလွတ်တစ်ခုသို့ ခေါ်သွားသည်။

"သူ အသက်မှ ရှင်ပါဦးမလား ဆွန်ယာ ဟင်" နာတာရှာက မေးလိုက်သည်။ "နာတာရာ သိပ်ပျော်တာပဲ ဆွန်ယာရယ်၊ သိပ်ဝမ်းသာတာပဲဆွန်ယာ။ အားလုံး ချောချောမောမော ဖြစ်ပါလိမ့်မယ်။ ထင်ပါတယ်နော်။

www.burmeseclassic.com

www.burmeseclassic.com

သူသာ အသက်ရှင်ရင် သိပ်ကောင်းမှာပဲနော်။ ဒါပေမဲ့၊ ဒါပေမဲ့ နာတာရှာ သိပ်တော့မထင်"

နာတာရှာ မျက်ရည်များကို သွန်ချလိုက်သည်။

"သူ မသေပါဘူး၊ နာတာရှာ၊ ဆွန်ယာ သိပါတယ်။ ဘာမှမဖြစ်ပါဘူး" ဆွန်ယာက လေသံကလေးဖြင့် ပြောလိုက်သည်။

ပြောမည့်သာပြောရသည်။ ဆွန်ယာကိုယ်တိုင်မှာလည်း နာတာရှာ၏ သောကကြောင့်လည်းကောင်း၊ မိမိတစ်ဦးတည်း ကြိတ်မှိတ်ခံစားနေရသည့် ခံစားချက်များကြောင့် လည်းကောင်း များစွာ အားမရှိလှပါ။ နာတာရှာကဲ့သို့ပင် ချောက်ချားလျက် ရှိပါသည်။ ဆွန်ယာသည် ငိုရှိုက်လျက် ရှိရာမှ နာတာရှာကို နမ်းရှုပ်ကာ ချော့မော့လျက် ရှိလေသည်။ 'အင်ဒရေအသက်ရှင်ရင်တော့ အတိုင်းထက် အလွန်ပဲ'ဟုလည်း တွေးမိသည်။ ဆွန်ယာနှင့် နာတာရှာတို့ နှစ်ဦးသည် အားရအောင် ငိုကြ၏။ စကားပြောကြ၏။ မျက်ရည်များကို သုတ်ကြ၏။ ထို့နောက် မင်းသားကလေး အင်ဒရေ၏ အခန်းဘက်သို့ လာခဲ့ကြသည်။ နာတာရှာသည် သတိကြီးစွာဖြင့် တံခါးကို ဖွင့်လိုက်ပြီးနောက် အထဲသို့ လှမ်းကြည့်လိုက်သည်။ ဆွန်ယာက ခပ်ဟဟဖြစ်နေသော တံခါးအနီးရှိ နာတာရှာ့ဘေးတွင် ရပ်လျက်ရှိသည်။

မင်းသားကလေး အင်ဒရေသည် မှိအုံးသုံးလုံးကို ဆင့်ကာ ခပ်မတ်မတ်မှီရင်း လဲလျောင်းလျက် ရှိ၏။ ၎င်း၏ ဖြူဖျော့သော မျက်နှာသည် တည်ငြိမ်လျက်။ မျက်လုံးများသည် မှိတ်လျက်။

မင်းသားကလေး အင်ဒရေ ခပ်မှန်မှန် အသက်ရှူနေခြင်းကို ၎င်းတို့နှစ်ယောက် မြင်ကြရသည်။

"နာတာရှာ" ဆွန်ယာက ရုတ်တရက် အော်ကာ နာတာရှာ၏ လက်မောင်းကို ဆွဲ၍ နောက်သို့ ဆုတ်လိုက်သည်။

"ဘာလဲဆွန်ယာ၊ ဟင် ဘာလဲ" နာတာရှာက မေး၏။

"ဟို၊ ဟို အတူတူပဲ တစ်ထေရာတည်းပဲ" ဆွန်ယာက ဤမျှသော ပြောနိုင်သည်။ ၎င်း၏ မျက်နှာသည် ဖြူရော်ကာ နှုတ်ခမ်းများသည် တုန်လျက်ရှိကြ၏။

နာတာရှာသည် တံခါးကို အသာအယာပြန်ပိတ်ပြီးနောက် ဆွန်ယာနှင့်အတူ ပြတင်းဝသို့ လာခဲ့သည်။ ဆွန်ယာ၏ စကားကိုလည်း နားမလည်နိုင်အောင် ဖြစ်လျက်ရှိသည်။

"နာတာရှာ မှတ်မိသေးလားဟင်" ဆွန်ယာက လေးနက် ထိုတ်လန့်သော အမူအရာဖြင့် မေးလိုက်သည်။ "အိုထရာနို နာတာလူး ပွဲတော်တုန်းက နာတာရှာ့အတွက် ဆွန်ယာ မှန်ဗေဒင် ကြည့်ပေးခဲ့တာလေ။ အဲဒီတုန်းက ဆွန်ယာ မြင်ခဲ့ရတာကို နာတာရှာ မှတ်မိသေးလား:"

"မှတ်မိတယ်၊ မှတ်မိတယ်" နာတာရှာက မျက်လုံးအပြူးသားဖြင့် ပြောလိုက်၏။ ထိုစဉ်က မင်းသားကလေး အင်ဒရေ လဲလျောင်းလျက်ရှိခြင်းကို မှန်ထဲတွင် မြင်ရကြောင်း ဆွန်ယာက ပြောပြခဲ့ဖူးသည်ကို နာတာရှာ ဇဝေဇဝါဖြစ်လျက် ရှိ၏။

"မှတ်မိသေးတယ်နော်"ဆွန်ယာက ဆက်လိုက်သည်။ "အဲဒီတုန်းက ဆွန်ယာမြင်ခဲ့ရတာကို နာတာရှာနဲ့ ဒွန်ယာရှာကို ပြောခဲ့သေးတယ်လေ။ သူက အိပ်ရာပေါ်မှာ လဲလို့"

ဆွန်ယာက အသေးစိတ်တစ်ခုစီကို ပြန်ပြောတိုင်း လက်ချောင်းကလေးတစ်ချောင်းကို ထောင်ကာ လက်ဟန်ခြေဟန်ဖြင့် ပြော၏။

"သူက မျက်လုံးတွေကို မှိတ်ထားပြီး ပန်းရောင်စောင်ကြီးတစ်ထည်ကို ခြုံလို့။ လက်ကို ရင်ဘတ်ပေါ်တင်လို့"

ဆွန်ယာက စကားစသတ်လိုက်သည်။ ယခုတွေ့မြင်ရသော ရှုခင်းသည် မှန်ထဲတွင် မိမိမြင်ရသော ရှုခင်းနှင့် တစ်ထပ်တည်း ဖြစ်လျက်ရှိသည်ဟုလည်း ထင်နေသည်။

စင်စစ်တွင်မူ ဆွန်ယာသည် ထိုစဉ်က မည်သည့် အရာကိုမျှ မြင်ခဲ့ခြင်းမဟုတ်ချေ။ ခေါင်းထဲတွင် ပေါ်လာသမျှကို ကောက်ကာငင်ကာ ပြောလိုက်ခြင်းသာ ဖြစ်သည်။ သို့ရာတွင် ထိုစဉ်က မိမိတီထွင်ပြောခဲ့သမျှသည် တကယ် မြင်ခဲ့သည်ဟု ထင်လျက် ရှိလေသည်။ ထိုစဉ်က မင်းသားကလေးအင်ဒရေက မိမိကိုပင် လှမ်းကြည့်ကာ ပြုံးပြခဲ့သေးကြောင်း၊ နီနီရဲရဲအရာကြီးတစ်ခုကို ခြုံထားကြောင်းဖြင့် ထိုစဉ်က ပြောခဲ့ပုံကိုလည်း ဆွန်ယာမှတ်မိနေသည်။ သို့ရာတွင် ယခုမူ မင်းသားကလေးမှာ မျက်လုံးများမှိတ်ကာ

www.burmeseclassic.com

www.burmeseclassic.com

ပန်းနုရောင်စောင်ကြီး ခြုံလျက်မြင်ခဲ့ရသည်ဟု ဆွန်ယာတကယ်ယုံကြည်လျက် ရှိလေပြီ။

"ဟုတ်တယ်၊ ဟုတ်တယ်။ ပန်းရောင်စောင်ကြီးကို ခြုံလို့တဲ့" ထိုစဉ်က ပန်းနုရောင်စောင်ကို ခြုံနေသည်ဟု ဆွန်ယာက ပြောခဲ့သယောင် နာတာရှာ ထင်လာပြန်သည်။ ယခု မင်းသားကလေး အင်ဒရေ၏ အဖြစ်သည် ထိုစဉ်က ၎င်းတို့မြင်ခဲ့သည့်အတိုင်းဟု ထင်မှတ်မိသည်။

"ဒါ ဘယ်လိုနိမိတ်လဲ၊ ဟင် ဆွန်ယာ" နာတာရှာက ခပ်ငေးငေး စဉ်းစားနေရာမှ မေးလိုက်သည်။

"ဟင့်အင်း၊ ဒါတော့ ဆွန်ယာမသိဘူး။ ထူးတော့ ထူးတာပဲ" ဆွန်ယာက ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်၍ ပြောသည်။

ခဏကြာလျှင် မင်းသားကလေးအင်ဒရေက ခေါင်းလောင်းတီးခေါ်သဖြင့် နာတာရှာသည် အထဲသို့ ဝင်သွားလေသည်။ ဆွန်ယာမှာမူ ခါတိုင်းထက် စိတ်လှုပ်ရှား ထိခိုက်လျက်ရှိကာ ပြတင်းဝတွင် ရပ်ရင်း ထူးခြားဆန်းကြယ်လှသည့်အဖြစ်ကို တွေးလျက် ရှိလေသည်။

ထိုနေ့၌ တပ်သို့ စာရေးခွင့်ရလေရာ မြို့စားကတော်ကြီးသည် ၎င်း၏သား နီကိုလေထံသို့ စာရေးလျက်ရှိသည်။ အနားမှ ဆွန်ယာဖြတ်သွားသဖြင့် မြို့စားကတော်ကြီးသည် စာရေးနေရာမှ ခေါင်းမော့ကာ

"ဆွန်ယာ၊ နီကိုလေ့ဆီသို့ စာမရေးတော့ဘူးလား" ဟု ပျော့ပျောင်းတုန်ယင်သောအသံဖြင့် မေးလိုက်သည်။ မျက်မှန်ပေါ်မှ ကျော်ကြည့်လျက်ရှိသော ၎င်း၏ ပင်ပန်းနွမ်းနယ်သည့် မျက်လုံးများ၌ မြို့စားကတော်ကြီး ဆိုလိုချင်သည့်အဓိပ္ပာယ် အထင်းသားပေါ်လျက် ရှိခြင်းကို ဆွန်ယာ သတိပြုလိုက်မိ၏။ တောင်းပန်တိုးလျှိုးခြင်း၊ ဆွန်ယာ့အား ဤသို့တောင်းပန်တိုးလျှိုးရသည့်အတွက် အရှက်ရခြင်း၊ ဆွန်ယာက ငြင်းပယ်မည်ကို စိုးရိမ်လျက်ရှိခြင်း၊ ငြင်းပယ်လိုက်ပါက မိမိအား အမုန်းကြီးမုန်းရန် အဆင်သင့်ဖြစ်လျက်ရှိခြင်း စသည့် အဓိပ္ပာယ်သည် ထိုမျက်လုံးများတွင် အထင်းသား ပေါ်လျက် ရှိလေသည်။

"ဟုတ်ကဲ့ မေဖျား။ ဆွန်ယာ ရေးမှာပါ"

ဆွန်ယာသည် ထိုနေ့က အဖြစ်အပျက်များ၊ အထူးသဖြင့် မှန်ထဲတွင် မိမိမြင်ခဲ့ရသောရှုခင်းနှင့် ထူးဆန်းစွာလာ၍ တိုက်ဆိုင်လျက်ရှိသော အဖြစ်အပျက်များကြောင့် စိတ်လှုပ်ရှား ထိခိုက်လျက်ရှိကာ နူးညံ့ချိုသာလျက် ရှိလေသည်။ ယခုမူ နာတာရှာနှင့် မင်းသားကလေးအင်ဒရေတို့၏ကိစ္စ အသစ်တစ်ဖန် ပြန်ဖြစ်လာခြင်းကြောင့် နီကိုလေနှင့် မင်းသမီးကလေးမေရီတို့ လက်ထပ်ဖို့သည် မဖြစ်နိုင်တော့ကြောင်း ဆွန်ယာ သိလေပြီ။ မိမိရင်၌ကိန်းအောင်းခဲ့ဖူး၍ ယခုလည်း ကိန်းအောင်းစေလိုသော စွန့်လွှတ်အနစ်နာခံရခြင်းစိတ်ဓာတ်သည် မိမိရင်တွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့လေပြီဟူသော အသိဖြင့် ဝမ်းမြောက်လျက် ရှိလေသည်။ သို့ဖြင့် ရက်ရောသဘောထားကြီးရသော အလုပ်ကြီးတစ်ခုကို ဆောင်ရွက်ရလေပြီဟူသော ပီတိလွှမ်းသောအသိဖြင့် ၎င်း၏ ကတ္တိပါကဲ့သို့ နူးညံ့နက်မှောင်သော မျက်လုံးများတွင် မျက်ရည်များ မကြာမကြာ မှုန်မှိုင်းရစ်ဝဲလျက်ရှိရင်းက နီကိုလေအား အံ့အားသင့်စေသည့် ဖော်ပြပါရင်ထဲက ထွက်လာသော စကို ဆွန်ယာရေးခဲ့ခြင်း ဖြစ်ပါသတည်း။

အခန်း ၉

ပီယာကို ချုပ်နှောင်ထားရာ အချုပ်စခန်းတွင် ၎င်းအား ဖမ်းဆီးခဲ့ကြသည့် တပ်ဗိုလ်တပ်သားများက ငြိုးသူရန်ဘက် ပမာ ဆက်ဆံကြသော်လည်း လေးလေးစားစား ရှိဟန်ပြကြ၏။ မည်သူမည်ဝါဟု ရေရာစွာ မသိသေးခြင်း (အလွန် အရေးကြီးသည့် ပုဂ္ဂိုလ်တစ်ဦးဟုကား ယူဆထားကြပုံရ၏။) ၎င်းတို့နှင့် မကြာခင်ကမှ ပဋိပက္ခဖြစ်ခဲ့သည့်အတွက် ရန်လိုခြင်း စသည့် အသွင်နှစ်မျိုးစလုံး ၎င်းတို့၏ သဘောထားထဲ၌ ပေါ်လွင်လျက် ရှိလေသည်။

သို့ရာတွင် နောက်တစ်နေ့ နံနက်သို့ ရောက်၍ အစောင့်များ လဲသွားသည့်အခါ၌ကား အစောင့်တပ်ဗိုလ် တပ်သားသစ်များသည် မိမိကို ဖမ်းဆီးလာခဲ့သူများကဲ့သို့ မိမိအား စိတ်ဝင်စားခြင်း မရှိတော့ပြီဟု ပီယာက ယူဆလိုက်သည်။ စင်စစ်၌လည်း ဒုတိယနေ့ အစောင့်များအဖို့ လယ်သမားအင်္ကျီကြီးကို ဝတ်ထားသည့် ဤထောင်ထောင်မောင်းမောင်း ဝဝဖိုင့်ဖိုင့်ပုဂ္ဂိုလ်သည် လှယက်သူ၊ ပြင်သစ်တပ်သားများ၊ ကင်းတပ်သားများနှင့် အပြင်းအထန်သတ်သုတ်ပုတ်ခဲ့သူ၊ ကလေးတစ်ယောက်ကို မီးထဲမှ ကယ်ဆယ်ခဲ့သူဟု မသိကြတော့ချေ။ ၎င်းတို့အဖို့၌ ပီယာသည်

www.burmeseclassic.com

www.burmeseclassic.com

အထက်တန်း စစ်အာဏာပိုင်များ၏ အမိန့်အရတစ်စုံတစ်ခု သော အကြောင်းကြောင့် ဖမ်းဆီးချုပ်နှောင်ခြင်းခံရသည့် ရုရှားလူမျိုးများအနက် နံပါတ်-၁၇ဖြစ်သည်ဟုသာ သိကြ တော့သည်။ ပီယာနှင့် ပတ်သက်၍ ၎င်းတို့အမြင်၌ ထူးခြားချက်ရှိသည်ဆိုလျှင် ၎င်းမှာ ပီယာ ခပ်ငေးငေး ခပ်ဝိုင်ဝိုင်အမူအရာနှင့် ၎င်းတို့က ငေး၍ နားထောင်ရ လောက်သည့် ပြင်သစ်စကားပြောကောင်းခြင်းသာ ဖြစ်ပေ လိမ့်မည်။ သို့တစေ ပီယာတစ်ဦးတည်းကို ချုပ်နှောင်ထား သည့် အခန်းမှာ ပြင်သစ်စစ်ဗိုလ်တစ်ဦးက အလိုရှိသည့် အတွက် ထိုနေ့တွင် ပီယာကို အခြားသော အချုပ်သားများ နှင့်အတူ ရောနှောထားလိုက်ကြလေသည်။

ပီယာနှင့်အတူ အချုပ်ခံရသူများမှာ အောက်ဆုံး အလွှာ လူတန်းစားများမှ လာသူများသာ ဖြစ်ကြသည်။ ပီယာအား သူကောင်းမျိုးနွယ်တစ်ဦးဟု သိရ၍ အထူး သဖြင့် ပြင်သစ်စကားပြောဆိုသံကို ကြားရသောအခါတွင် ၎င်းတို့အားလုံးက ခပ်ရောင်ရောင် လုပ်ကြသည်။ မိမိအား ရယ်စရာလူတစ်ယောက်သဖွယ် ပြောဆိုနေကြခြင်းကို ကြားရသောအခါတွင် ပီယာသည် ဝမ်းနည်းလာလေသည်။

ဤအကျဉ်းသားများအားလုံး (မိမိလည်း ပါနိုင် သည်။) ကို မီးရှို့မှဖြင့် စစ်ဆေးမည်ဟု ထိုနေ့ညတွင် ကြားရလေသည်။ တတိယနေ့၌ အခြားသောအကျဉ်း သားများနှင့်အတူ ပီယာကို အိမ်တစ်အိမ်သို့ ခေါ်သွားကြ သည်။ မုတ်ဆိတ်မွေးဖြူဖြူ ပြင်သစ်ဗိုလ်ချုပ်တစ်ယောက် နှင့် ဗိုလ်မှူးကြီးနှစ်ယောက်အပြင် လက်ပတ်များ တပ်ဆင် ထားသည့် ပြင်သစ်အမျိုးသားအချို့ကိုလည်း ထိုအိမ်၌ တွေ့ရ၏။ အကျဉ်းသားများကို စစ်ဆေးမေးမြန်းရာတွင် တွေ့ရမြဲထုံးစံဖြစ်သည့် တိကျတင်းမာသော အမူအရာ၊ ခြောက်လှန့်သော လေသံမျိုးဖြင့် ပီယာကိုလည်း အမည်၊ နေရပ်၊ အလုပ်အကိုင်၊ အဘယ့်ကြောင့် အဖမ်းခံရသည် စသည့် မေးခွန်းများကို အခြားသူများအား မေးမြန်းသည့် နည်းတူ မေးမြန်းစစ်ဆေးကြလေသည်။

၎င်းတို့မေးသော မေးခွန်းမှန်သမျှသည် အမှုစစ် ဆေးရာတွင် မေးမြန်းလေ့ရှိသော မေးခွန်းများ ထုံးစံအတိုင်း အရေးကြီးသော အချက်အလက်ဟူသမျှကို ချန်လှပ်ထား ခဲ့ကာ သက်ဆိုင်ခြင်းမရှိသော အချက်အလက်များကို မေးမြန်းသည့် မေးခွန်းမျိုးများသာ ဖြစ်လေသည်။ ၎င်း တို့ မေးမြန်းသော မေးခွန်းများ၏ ရည်ရွယ်ချက်သည်လည်း အမှုမှန်ကို ရောက်ရေးမဟုတ်ဘဲ တရားခံထံမှ ၎င်းတို့လို ချင်သောအဖြေမျိုး၊ စီးဆင်းလာအောင် မြှောင်းဖောက်ပေး ရန်၊ သို့စီးဆင်းလာသည်နှင့် တစ်ပြိုင်နက် ၎င်းတို့၏ အဆုံးစွန် ရည်ရွယ်ချက်ဖြစ်သော ပြစ်ဒဏ်စီရင်ခြင်းဟူသည့် တာတမံကြီး တုပ်လိုက်ရန်သာ ဖြစ်လေသည်။ ထိုရည်ရွယ် ချက်ကြီးနှင့် ကိုက်ညီခြင်း မရှိသော စကားကို ပီယာက စတင်ပြောဆိုသည်နှင့် တစ်ပြိုင်နက် ၎င်းတို့ဖောက်ထား သော မြှောင်ကြီးသည် ကောသွားကာ ရေသည် မလိုရာသို့ စီးဆင်းသွားခဲ့ရလေပြီ။ ထိုမျှမက အမှုစစ်ဆေးရာတွင် တရားခံတို့ တွေ့ကြုံမြဲ ဖြစ်သည့်အတိုင်း ဤမဆီမဆိုင် မေးခွန်းများကို အဘယ်ကြောင့် မေးမြန်းခြင်း ပြုနေရသေး သနည်းဟုလည်း ပီယာ တအံ့တသြ တွေးမိသေးသည်။ ဤသို့ အာဏာပိုင်များက မဆီမဆိုင် မေးခွန်းများကို မေး၍ မြှောင်းဖောက်သည့် စနစ်ကို ကျင့်သုံးနေခြင်းမှာလည်း ယဉ်ကျေးဟန်၊ တရားဥပဒေအရ ပြုလုပ်ရဟန် ဆောင်နေ ခြင်းမျှသာ ဖြစ်သည်ဟု ပီယာ ခံစားမိသည်။ စင်စစ်၌မူ မိမိသည် အာဏာပိုင်တို့၏ လက်ခုပ်တွင်းမှ ရေမျှသာ မဟုတ်လော။ မိမိအား အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင် လာခဲ့ကြပြီ မဟုတ်လော။ မိမိအား အတင်းအကျပ်အာဏာ သုံး၍ ၎င်းတို့၏မေးခွန်းများကို အဖြေခိုင်းနေပြီ မဟုတ် လော။ ယခုကဲ့သို့ စစ်ဆေးမေးမြန်းခြင်း တစ်ခုတည်းသော ရည်ရွယ်ချက်သည် မိမိအား အပြစ်ပေးရန်သာမဟုတ်လော။ သို့ဖြစ်ရကား ၎င်းတို့၏အာဏာနှင့် အပြစ်ပေးပိုင်ခွင့် ရှိနေပြီ ဖြစ်သည့်အလျောက် ယခုကဲ့သို့ စုံစမ်းမေးမြန်းဟန်၊ အမှုစစ်ဆေးဟန်ပြုနေခြင်းသည် လိုအပ်ပါသေးသလော။ မည်သည့်အဖြေမျိုးကို ပေးသည်ဖြစ်စေ၊ မိမိအား ပြစ်ဒဏ် ပေးကြတော့မည်မှာ ထင်ရှားနေပြီ မဟုတ်ပါသလော။ အဖမ်းခံရစဉ်က ဘာလုပ်နေသနည်းဟု မေးမြန်းသောအခါ၌ မိမိသည် မီးထဲမှ ဆွဲထုတ်ခဲ့သော ကလေးငယ်တစ် ယောက်ကို ၎င်း၏ မိဘများထံ ပြန်အပ်ရန် လိုက်လံ ရှာ ဖွေလျက် ရှိကြောင်းဖြင့် ပီယာက ဝမ်းပန်းတနည်းဖြင့် ပြောလိုက်သည်။ အဘယ်ကြောင့် ပြင်သစ်တပ်သားများကို သတ်ပုတ်ခြင်း ပြုသနည်း။ 'ဤသည်မှာ အမျိုးသမီးတစ်ဦး ကို ကာကွယ်ခြင်းဖြစ်ကြောင်း၊ အစော်ကားခံရသော အမျိုးသမီးတစ်ဦးကို ကာကွယ်ခြင်းမှာ ယောကျ်ားတိုင်း၏

www.burmeseclassic.com

www.burmeseclassic.com

တာဝန်ဖြစ်ကြောင်း၊ ထို့ပြင် ' ၎င်းတို့က ပိယာ၏အဖြေကို ဟန့်တားလိုက်ကြသည်။ ဤသည်မှာ ၎င်းတို့လိုချင်သောအဖြေမဟုတ်ချေ။ အဘယ်ကြောင့် မီးလောင်လျက်ရှိသော အိမ်ဝင်းတစ်ဝင်းထဲတွင် ရောက်နေရသနည်း။ သို့ရောက်နေကြောင်းကို မျက်မြင်သက်သေရှိသည် မဟုတ်လော။ ၎င်းမှာ မော်စကိုမြို့၏ အခြေအနေကို လျှောက်ကြည့်ရန်အတွက် လာခဲ့ခြင်း ဖြစ်သည်ဟု ပိယာက ဖြေသည်။ ဤတွင်လည်း ၎င်းတို့က ဟန့်တားလိုက်ကြပြန်သည်။ ၎င်းတို့က တရားခံသည် မည်သည့်နေရာသို့ သွားနေသနည်းဟု မေးမြန်းခြင်းဖြစ်ကြောင်းဖြင့် ပြောကြပြန်သည်။ တစ်ဖန် ပိယာက ယခုတိုင် ဖြေဆိုရန် ငြင်းဆန်လျက်ရှိသော မေးခွန်းကို မေးကြပြန်သည်။ မည်သူနည်း။ ထိုမေးခွန်းကို ဖြေဆိုခြင်း မပြုနိုင်ဟု ပိယာက ငြင်းပြန်သည်။

"တော်ပြီ၊ တော်ပြီ။ သူပြောတဲ့အတိုင်းသာ မှတ်ထားလိုက်။ သောက်ဒုက္ခရောက်ချင်ပြီ ထင်တယ်"

မုတ်ဆိတ်ဖြူဖြူ၊ မျက်နှာနီနီနှင့် ဗိုလ်ချုပ်က မျက်နှာထားကြီးဖြင့် အော်လိုက်သည်။

စတုတ္ထနေ့၌ ဇူဘော့စကီခံတပ်ကို မီးစွဲလောင်လေသည်။

ပိယာနှင့် အခြားအကျဉ်းသား ဆယ့်သုံးယောက်ကို ကရိုင်းမီးယန်း တံတားအနီးရှိ ကုန်သည်တစ်ဦး၏ အိမ်ဝင်းအတွင်းမှ ရထားတဲတစ်ခုသို့ ပြောင်းရွှေ့ချုပ်နှောင်ထားလိုက်ကြလေသည်။ ပြောင်းရွှေ့လာခဲ့စဉ် လမ်းတစ်လျှောက်၌ မီးခိုးတွေ မွန်ကာ အသက်ရှူ၍ မရနိုင်အောင် ဖြစ်ရသည်။ မီးခိုးလုံးကြီးများသည် တစ်မြို့လုံးကို ဖုံးအုပ်လျက် ရှိလေသည်။ အရပ်ရှစ်မျက်နှာတွင် မီးတောက်များကိုသာ မြင်နေရပေသည်။ သို့တိုင်အောင် မော်စကိုမြို့ကြီး မီးလောင်ခြင်းသည် ဤမျှလောက် ကြီးကျယ်လိမ့်မည်ဟု ပိယာမထင်မိသေးချေ။ ပိယာသည် မီးတောက်ကြီးများကို ထိတ်လန့်တကြား ကြည့်မိသည်။

ကရိုင်းမီးယန်းတံတားအနီးရှိ ရထားတဲတွင် ပိယာသည် လေးရက်ကြာမျှအချုပ်ခံခဲ့ရသည်။ ထိုအတောအတွင်း၌ မိမိတို့၏ ပတ်သက်၍ စစ်သူကြီးထံမှ မကြာမီ အမိန့်ရောက်လာလိမ့်မည်ဟု ပြင်သစ်စစ်သားများ ပြောဆိုနေသံကို ပိယာကြားရလေသည်။ မည်သည့်စစ်သူကြီး ဖြစ်ကြောင်းကိုကား ပိယာမသိရချေ။ ပြင်သစ်စစ်သားများကမူ 'စစ်သူကြီး' သည် အလွန်မြင့်မား၍ အလွန်သိရခက်ခဲသော အာဏာစက်ကို ကိုယ်စားပြုသူဟု ထင်မှတ်နေဟန် ရှိ၏။

အကျဉ်းသားများအား ဒုတိယအကြိမ် စစ်ဆေးခြင်း ပြုသည့် စက်တင်ဘာလ ၈ ရက်မတိုင်မီ ခပ်စောစောရက်များကား ပိယာအဖို့ အဆင်းရဲဆုံးနေ့များ ဖြစ်ပေသတည်း။

အခန်း ၁၀

စက်တင်ဘာ ၈ ရက်နေ့၌ အကျဉ်းသားများထားရာ ရထားတဲသို့ တပ်ဗိုလ်တစ်ယောက် ဝင်ရောက်လာလေသည်။ အစောင့်များ ပျာပျာသလဲဖြစ်ပုံကို ထောက်လျှင် အရေးကြီးသော ပုဂ္ဂိုလ်တစ်ယောက်ပင် ဖြစ်တန်ရာသည်။ စစ်ဦးစီးဌာန အရာရှိတစ်ဦးဖြစ်ဟန်တူသော ထိုတပ်ဗိုလ်သည် စာရွက်တစ်ရွက်ကို ကိုင်ကာ ရုရှားလူမျိုးများအားလုံးကို ခေါ်ထုတ်လျက် ရှိသည်။ ပိယာ့အလှည့်သို့ ရောက်သော် 'အမည်မဖော်သူ' ဟု ခေါ်လိုက်၏။ တပ်ဗိုလ်သည် အကျဉ်းသားအားလုံးကို ကြည့်သည်ဆိုရုံမျှ ပမာမခန့် လှမ်းကြည့်လိုက်ကာ ၎င်းတို့ကို အဝတ်အစားသပ်ရပ်သန့်ရှင်းစွာ ဝတ်စေ၍ စစ်သူကြီးထံ ခေါ်လာခဲ့ရမည်ဟု တာဝန်ကျ တပ်ဗိုလ်ကို အမိန့်ပေးလိုက်သည်။ တစ်နာရီခန့်ကြာလျှင် တပ်စုကလေးတစ်စု ရောက်လာကာ ပိယာနှင့် အခြားအကျဉ်းသား တစ်ဆယ့်သုံးဦးခန့်ကို ဗာဂျင်ကွင်းပြင်ကြီးဆီသို့ ခေါ်ထုတ်လာ၏။ ထိုနေ့မှာ သာယာလျက်ရှိ၍ မိုးတစ်ပြိုက်ရွာအပြီးတွင် နေရောင်ဝင်းလျက်ရှိသည်။ လေကလည်း ခါတိုင်းထက် လတ်ဆတ်သန့်ရှင်းနေသည်။ ဇူဘော့စကီ ခံတပ်အချုပ်မှ ပိယာတို့ ပြောင်းရွှေ့ခဲ့ရသည့်နေ့ကကဲ့သို့ မီးခိုးလုံးကြီးများ ဖုံးအုပ်နေခြင်း မရှိတော့ချေ။ မီးခိုးလုံးများသည် လတ်ဆတ်သန့်ရှင်းသော လေထဲတွင် ကျောက်တိုင်ကြီးများသဖွယ် အထက်သို့ တက်လျက်ရှိလေသည်။ မီးတောက်များကို မမြင်ရတော့သော်လည်း မီးခိုးတန်းကြီးများသည် အရပ်ရှစ်မျက်နှာတွင် ဆိုင်းလျက်ရှိကြ၏။ ပိယာမျက်စိတစ်ဆုံး မြင်ရသလောက် ဆိုလျှင် မော်စကိုမြို့ကြီးမှာ မီးလောင်ကျွမ်းထားသော အပျက်အစီးလွင်ပြင်ကြီး ဖြစ်လျက် ရှိလေပြီ။ မည်သည့်နေရာကို ကြည့်ကြည့် မီးခိုးခေါင်းတိုင်များ၊ မီးလင်းဖို ကြီးများသာ

www.burmeseclassic.com

www.burmeseclassic.com

အထီးတည်းကျန်တော့သည်။ အပျက်အစီး လဟာပြင်ကြီး ဖြစ်လျက် ရှိလေပြီ။ မည်းနက်နေသော တိုက်နံ့ရဲများကို လည်း ၊ကွက်တိကွက်ကျား မြင်ရ၏။ ပီယာသည် အပျက်အစီးများကို ငေးကြည့်မိသည်။ မိမိသိကျွမ်း နှံ့စပ်သော ရပ်ကွက်များကို ပီယာ မမှတ်မိပြီ။ တစ်ခါတစ်ရံတွင် မီးကွင်းသွားသော သုဓမ္မာဇရပ်များကိုလည်း မြင်ရလေသည်။ အကောင်းပကတိ ကျန်နေသေးသော ကရင်မလင်နန်းမြို့ ရိုးကြီးသည် ပြအိုးများနှင့်တကွ အိုင်ဗင်ဘုရင်ကြီး တည်ဆောက်ခဲ့သည် ဗဟိုစည်စင်ကြီးနှင့်အတူ အဝေးတွင် ဖြူဖွေးဝင်းလက်လျက် ရှိလေသည်။ မယ်တော် မာရီကျောင်းသစ်မှ စုလစ်မွန်းချွန်များသည် နေခြည်တွင် တဖျတ်ဖျတ် အရောင်တောက်ကာ ခေါင်းလောင်းများကလည်း သာယာစွာ မြည်ဟည်းလျက် ရှိကြလေသည်။ ထိုခေါင်းလောင်းသံများကို ကြားရသည့်အခါကျမှ ယနေ့သည် တနင်္ဂနွေနေ့ ဖြစ်ကြောင်း၊ မယ်တော်မာရီ၏ ပွဲတော်နေ့ဖြစ်ကြောင်း ပီယာ သတိပြုမိတော့သည်။ သို့ရာတွင် မယ်တော်မာရိပွဲ၏ ပွဲတော်နေ့ကို ကျင်းပရန် မြို့ထဲ၌ မည်သူမျှ ရှိဟန်မတူချေ။ ကြည်လေရာရာတွင် မီးလောင်ကျွမ်းထားသော အပျက်အစီးများကိုသာ မြင်ရသည်။ မြင်တွေ့ရသော ရုရှားဟူသမျှသည် စုတ်ပြတ်ကာ ထိတ်လန့် ကြောက်ရွံ့နေကြသည်။ ပြင်သစ်စစ်သားကို မြင်သည်နှင့် အပြေးအလွှားပုန်းအောင်းကြသည်။

ရုရှားအသိုက်အမြုံကြီးသည် ပျက်စီးယိုယွင်းခဲ့လေပြီ။ သို့ရာတွင် ထိုပျက်စီးယိုယွင်းသွားသော အသိုက်အမြုံကြီးပေါ်၌ ပျက်စီးသွားသော ရုရှားလူမှု အဆောက်အအုံအစား လုံးဝ ခြားနား၍ ခိုင်မာသော ပြင်သစ်လူမှု အဆောက်အအုံ တည်ဆောက်ပြီးလေပြီဟု ပီယာ အလိုလို ခံစားမိသည်။ ညညာစွာ တန်းစီလျက် သွက်လက် ရွှင်မြူးစွာ ချီတက်ရင်း မိမိနှင့်တကွ အခြားအကျဉ်းသားကို စောင့်ကြည့်လိုက်ပါလာကြသော ပြင်သစ်သားများ၏ ဟန်အမူအရာကို ကြည့်လျှင်သော် လည်းကောင်း လမ်းတွင် မိမိတွေ့လိုက်ရသော စစ်သားတစ်ဦး မောင်းနှင်သွားသည့် မြင်းနှစ်ကောင်က ရထားကြီးကို စီးနင်းလိုက်ပါလာသူ အရေးကြီးသော ပြင်သစ်စစ်ဗိုလ်ကြီးတစ်ဦး၏ ဟန်အမူအရာကို ကြည့်လျှင်သော် လည်းကောင်း ဤအချက်ကို သိနိုင်သည်။ ထိုမျှမက ကွင်း၏လက်ဝဲဘက်မှ ပေါ်ထွက်လာသည့် တပ်ရင်းစစ်တီးဝိုင်း၏ မြူးကြွသည့် ဂီတသံကို နားထောင်လျှင်သော် လည်းကောင်း၊ အထူးသဖြင့် နံနက်က ပြစ်သစ်တပ်ဗိုလ်လာရောက် ဖတ်ပြသွားသော ရုရှားအကျဉ်းသား များ၏ အမည်စာရင်းကို နားထောင်လျှင်သော် လည်းကောင်း ဤအချက်ကို သိနိုင်သည်။ ပီယာကို ခေါ်ထုတ်လာသည့် တပ်စုမှာ တစ်စုဖြစ်၍ မိမိအား တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့လာသည့် တပ်စုမှာ အခြားတပ်စုတစ်စု ဖြစ်လေရာ ၎င်းတို့သည် မိမိအား မှတ်မိကြဟန်မတူတော့။ အခြားသူများနှင့် ရောထွေးကာ မည်သူ မည်ဝါဟု ခွဲခြားသိကြဟန်မတူတော့ဟု ပီယာ ထင်မိသည်။ သို့ရာတွင် စင်စစ်၌ ဤသို့မဟုတ်ချေ။ မိမိအား ပထမဆုံးအကြိမ် မေးမြန်းစစ်ဆေးစဉ်က မိမိ၏ အမည်ကို အမည်မဖော်လိုသူဟု ပေးခဲ့လေရာ (ပီယာသည် ထိုသို့ ဖြေခဲ့ခြင်းကို မှားသည်ဟု ထင်နေလေပြီ။) ယခု ၎င်းတို့သည် မိမိအား 'ထိုအမည်'ဖြင့်ပင် တစ်နေရာသို့ ခေါ်ထုတ်လာခဲ့ကြပြီ မဟုတ်လော။ မိမိနှင့်တကွ ၎င်းတို့ ခေါ်ထုတ်လာသူ အားလုံးသည် ၎င်းတို့အလို ရှိသူများပင် မုချဆတ်ဆတ်ဖြစ်သည်ဟု စိတ်ချလက်ချ ယုံကြည်သော မျက်နှာထားများကို ဆောင်ထားကြသည် မဟုတ်လော။ ဤသူများအား ၎င်းတို့နှင့် ထိုက်တန်သော နေရာသို့ ခေါ်ဆောင်နေခြင်း ဖြစ်သည်ဟု စိတ်ချလက်ချ ယုံကြည်သော မျက်နှာထားများကို ဆောင်ထားကြသည် မဟုတ်လော။ ထိုသို့ တွေးမိသောအခါ၌ မိမိသည် မိမိနားလည်နိုင်ခြင်းမရှိသော်လည်း မှန်မှန်ကြီး အလုပ်လုပ်လျက် ရှိသည့် စက်ယန္တရားကြီးတစ်ခု၏ ဘီးများထဲသို့ ကျရောက်သွားရသော ပိဘိသေးသေး သစ်သားစကလေးတစ်ခုမျှသာ တကား ပီယာတွေးမိလေသည်။

ပီယာနှင့် ဘဝတူ အကျဉ်းသားများအား ဗာဂျင်ကွင်းပြင်ကြီး၏ လက်ယာဘက်ရှိ အိမ်ဖြူကြီးတစ်လုံးဆီသို့ ခေါ်ဆောင်သွားကြလေသည်။ ထိုအိမ်ကြီးမှာ မယ်တော်မာရိသိလရှင်ကျောင်းသစ်အနီး၌ ရှိ၍ အိမ်ရှေ့တွင် ကြီးမားသော ပန်းဥယျာဉ်ကြီးတစ်ခု ရှိသည်။ ထိုအိမ်ကြီးကား အခြားမဟုတ်။ ယခင်က ပီယာ မကြာခဏ သွားရောက်လည်ပတ်ခဲ့ဖူးသော မင်းသားကြီး ရာဗေးတော့၏ စံအိမ်ကြီးဖြစ်၍ (ပြင်သစ်စစ်သားများ၏ စကားများအရ) ယခုအချိန်တွင် အက်ကမူး နယ်စားကြီးဟု အမည်တွင်ရှိသော

www.burmeseclassic.com

www.burmeseclassic.com

စစ်သူကြီး ဒါဗောက်ရုံးစိုက်ထားသည့် အိမ်ကြီး ဖြစ်ပေသတည်း။

စံအိမ်ဝင်းဝသို့ ရောက်လျှင် ၎င်းတို့ကို စံအိမ်ထဲသို့ တစ်ယောက်ပြီးတစ်ယောက် ခေါ်ဆောင်သွားကြ၏။ ပီယာမှာ ဆဋ္ဌမမြောက် ဖြစ်ပေသည်။ မိမိမြင်ဖူး၊ တွေ့ဖူးနေသည့် မှန်နှန်းဆောင်ကြီးတစ်ဆောင်၊ ဧည့်ခန်းဆောင်တစ်ဆောင် နှင့် ကျယ်ဝန်းသောခန်းမဆောင်ကြီးတစ်ဆောင်တို့ကို ဖြတ်သန်းခေါ်ဆောင်သွားပြီး နောက်စာကြည့်ဆောင်တစ်ဆောင်ရှေ့ထဲသို့ သွင်းလိုက်၏။ တပ်ရေးဗိုလ်တစ်ယောက်သည် တံခါးဝတွင် ရပ်လျက် ရှိလေသည်။

ပြင်သစ် စစ်သူကြီး ဒါဗောက်သည် အခန်းတစ်ဖက်စွန်းရှိ စားပွဲတွင် တကုန်းကုန်းဖြင့် အလုပ်များလျက်ရှိ၏။ ၎င်း၏ မျက်မှန်သည် နှာခေါင်းပေါ်သို့ လျှောကျလျက် ရှိသည်။ ပီယာသည် ၎င်းအနီးသို့ ချဉ်းကပ်လာခဲ့သည်။ သို့ရာတွင် ဒါဗောက်သည် ရှေ့တွင် ဖြန့်ချထားသော စာရွက်တစ်ရွက်ကို ကြည့်နေသည်။ မော်ကြည့်ခြင်း မပြုချေ။ ထို့နောက်မှ စာရွက်ကို ကြည့်မြဲကြည့်ရင်းက ခပ်တိုးတိုး လှမ်းမေးလိုက်သည်။

"နာမည် ဘယ်သူလဲ"

ပီယာသည် တိတ်ဆိတ်လျက် ရှိ၏။ အာစေးထည့်ထားခြင်း ခံရသူကဲ့သို့ စကားတစ်လုံးမျှ ထွက်မလာတော့ချေ။ ပီယာ့အမြင်၌သော်ကား ဒါဗောက်သည် ပြင်သစ်ဗိုလ်ချုပ်တစ်ဦးမျှသာမက ရက်စက်ကြမ်းကြုတ်ခြင်းအရာတွင်လည်း နာမည်ဆိုးဖြင့် ကျော်ကြားသူ ဖြစ်သည်။ ကျောင်းသားထဲမှ အဖြေကို စောင့်ဆိုင်းလျက်ရှိသည့် ခက်ထန်သော ကျောင်းဆရာတစ်ဦးကဲ့သို့ ထိုင်လျက်ရှိသော ဒါဗောက်၏ အေးစက်သုန်မှုန်သော မျက်နှာထားကို ကြည့်ရင်း စက္ကန့်တိုင်းသည် မိမိအတွက် အရေးကြီးကြောင်းကို ပီယာ သဘောပေါက်၏။ အဖြေပေးရန် နှောင့်နှေးလျက်ရှိသော တဒင်္ဂဟန် အချိန်ပိုင်းကလေးတိုင်းသည် မိမိ၏ အသက်တစ်ချောင်း ဆုံးရှုံးစေနိုင်ကြောင်းကို ပီယာ နားလည်၏။ သို့ရာတွင် မည်သို့ဖြေရမှန်းကို ပီယာ မသိချေ။ မိမိအား ပထမဆုံးအကြိမ် မေးမြန်းစစ်ဆေးစဉ်ကကဲ့သို့လည်း အဖြေမပေးရဲ။ မိမိ၏ အဆင့်အတန်းအမှန်ကို ဖွင့်ပြောရမည်ကိုလည်း ခပ်တွန့်တွန့်ဖြစ်နေသည်။ ထိုမျှမက အမှန်ကို ပြောရခြင်းသည် အန္တရာယ် များလှသည်ဟု ထင်မိ၏။ ထို့ကြောင့် ပီယာသည် တိတ် ဆိတ်နေခြင်းဖြစ်လေသည်။ သို့ရာတွင် ပီယာသည် မည်သို့ ဖြေရမည်ဟု ဆုံးဖြတ်ရခြင်းမပြုမီ ဒါဗောက်သည် ခေါင်းကို မော့၍ မျက်မှန်ကို နဖူးပေါ်သို့ မတင်လိုက်ပြီးနောက် မျက်လုံးများကို ပီယာကို တိတ်ဆိတ်စွာ စူးစိုက်ကြည့်လျက် ရှိလေသည်။

"ဒီလူ ဘယ်သူလဲဆိုတာ ကျုပ်သိတယ်" ပီယာကို ခြောက်လှန့်လိုဟန်ဖြင့် ဒါဗောက်က အေးစက်၍ တမင်လုပ်ယူရသောအသံဖြင့် ပြောလိုက်သည်။

ပီယာ၏ ကျောပြင်တစ်လျှောက် တဖြန်းဖြန်း ရက်လာသော ကြက်သီးမွေးညင်းများသည် ပီယာ၏ ခေါင်းဆီသို့ ရောက်လာသည်ဟု ထင်မှတ်လိုက်ရ၏။

"ကျွန်တော့်ကို ဗိုလ်ချုပ် မသိနိုင်ပါဘူး ခင်ဗျာ။ ကျွန်တော်ဟာ ဗိုလ်ချုပ်ကို တစ်ခါမှ မမြင်ဖူးခဲ့သေးပါဘူး"

"ဒီလူ ရုရှားသူလျှို" ဒါဗောက်က စကားဆုံးအောင် နားမထောင်ဘဲ ကြားဖြတ်၍ အနီးတွင်ရှိသည့် ဗိုလ်ချုပ်တစ်ယောက်ကို လှမ်းပြောလိုက်သည်။ ထိုအခါ ကျမှပင် အနီးတွင် အခြားဗိုလ်ချုပ်တစ်ယောက် ရှိနေခြင်းကို ပီယာ သတိပြုမိတော့သည်။

ဒါဗောက်က မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်၏။ ပီယာက အသံတုန်တုန်ဖြင့် ခပ်မြန်မြန်ပြောနေသည်။

"မဟုတ်ပါဘူး နယ်စားကြီး ခင်ဗျာ" ပီယာက ဒါဗောက်သည် နယ်စားကြီးတစ်ဦး ဖြစ်ကြောင်း ချက်ချင်း သတိရလာ၏။

"နယ်စားကြီး ကျွန်တော့်ကို မသိနိုင်ပါဘူး ခင်ဗျာ။ ကျွန်တော်ဟာ အရေးပေါ် စစ်သည်တပ်စုဖွဲ့ ဗိုလ်တစ်ဦးပါ။ မော်စကိုမှာ ကျန်နေရစ်ခဲ့တာပါ"

"နာမည်" ဒါဗောက်က မေး၏။

"ပီယာ ဘီဇူးကော့ဗ်ပါ"

"ခင်ဗျား အမှန်အတိုင်း ပြောနေတယ်လို့ ကျုပ်က ဘယ်လို ယုံရမှာလဲ"

"နယ်စားကြီး ခင်ဗျာ" ပီယာအသံမှာ တောင်းပန်တိုးလျှိုးသံပေါက်လာခဲ့လေပြီ။

ဒါဗောက်သည် ခေါင်းမော့ကာ ပီယာကို စိမ်းစိမ်းကြီး စိုက်ကြည့်လိုက်ပြန်သည်။ ၎င်းတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် စက္ကန့်အတန်ကြာမျှ စိုက်ကြည့်နေမိကြသည်။ ထိုအကြည့်သည် ပီယာ၏ အသက်

www.burmeseclassic.com

www.burmeseclassic.com

ကို ကယ်လိုက်လေသည်။ ထိုအကြည့်သည် စစ်ပွဲ၏ စည်းကမ်းချက်များနှင့် တရားဥပဒေတို့ကို ဘေးဖယ်ကာ လူနှစ်ဦး၏အကြား၌ လူလူချင်း ဆက်ဆံရေးကို ပေါ်ပေါက်လာစေ၏။ ထိုခဏ၌ အရာကိစ္စများစွာတို့သည် ထိုလူနှစ်ဦး၏ စိတ်ထဲတွင် မှုန်တိမှုန်ဝါး ပေါ်ပေါက်လာကြ၏။ မိမိတို့နှစ်ဦးသည် လူ့အနွယ်ကြီး၏ သားသမီးများ၊ ညီရင်းနောင်မယ်များသာ ဖြစ်ကြသည်ဟူသော အချက်ကို နှစ်ဦးစလုံး သဘောပေါက်လာခဲ့ကြလေသည်။

လူမှုကိစ္စများ၊ လူ၏ အသက်များကို ကိန်းဂဏန်းဖြင့် ဖော်ပြထားရာ စာရွက်ပေါ်မှ ဒါဇောက်က ခေါင်းကို မော့၍ ပီယာအား ပထမဆုံးကြည့်လိုက်စဉ်က ပီယာသည် အရာဝတ္ထုတစ်ခုမျှသာ ဖြစ်ခဲ့၏။ ထိုအချိန်က ဒါဇောက်သည် မိမိ၏ ဒုစရိုက်အတွက် စိုးစဉ်းမျှ နှောင့်နှေးဗျာပါဖြစ်ခြင်း နောင်တသံဝေဂ ဖြစ်ခြင်းတို့ မရှိဘဲ စိတ်အနှောင့်အယှက်ကင်းကင်းဖြင့် ပီယာကို ပစ်သတ်မည်ဆိုက အလွယ်တကူ ပစ်သတ်နိုင်ခဲ့မည်သာ ဖြစ်၏။ သို့ရာတွင် ယခုမူ ပီယာသည် အရာဝတ္ထုတစ်ခုမဟုတ်ဘဲ မိမိကဲ့သို့ သွေးသားနှင့် ဖွဲ့စည်းထားသော လူသားတစ်ယောက်ဖြစ်ခြင်းကို ဒါဇောက်သိမြင်ခဲ့လေပြီ။ ဒါဇောက်သည် အတန်ကြာမျှ စဉ်းစားလျက် ရှိ၏။

"ခင်ဗျားပြောသမျှ မှန်ပါတယ်လို့ ကျုပ်က ဘယ်လိုလုပ်ပြီး ယုံရမှာလဲ။ ဘာအထောက်အထား ရှိလို့လဲ" ဒါဇောက်က အေးစက်သည့်လေသံဖြင့် မေး၏။

ပီယာသည် ပြင်သစ်တပ်ဗိုလ် ရမ်ဘောကို ချက်ချင်း သတိရလိုက်သည်။ ထို့ကြောင့် ရမ်ဘော၏အမည်၊ တပ်ရင်းအမှတ်နှင့် ရမ်ဘောနေထိုင်လျက် ရှိသည့် လမ်းအမည်တို့ကို ပြောပြလိုက်သည်။

"ခင်ဗျား လိမ်တယ်" ဒါဇောက်က ပြန်ပြောသည်။

ပီယာသည် တုန်ယင်ဆုတ်ဆိုင်းလျက်ရှိသော အသံဖြင့် ၎င်း၏ပြောဆိုချက်များ မှန်ကြောင်းကို သက်သေထူလျက်ရှိသည်။

ထိုအခိုက်တွင် တပ်ရေးဗိုလ်တစ်ယောက် ဝင်လာကာ ဒါဇောက်ထံ တစ်စုံတစ်ရာကို အစီရင်ခံလျက် ရှိသည်။

တပ်ရေးဗိုလ်၏ သတင်းပို့ချက်ကို ကြားလိုက်သည်၌ ဒါဇောက်၏ မျက်နှာသည် ဝင်းထိန်လာ၏။ ၎င်းနောက် ဒါဇောက်သည် စစ်ဝတ်စုံကြယ်သီးများကို တပ်လျက် ရှိသည်။ ဒါဇောက်သည် ပီယာကို မေ့သွားဟန် တူလေပြီ။

တပ်ရေးဗိုလ်က အကျဉ်းသားရှိသေးကြောင်းကို သတိပေးလိုက်သည့်အခါကျမှ ဒါဇောက်သည် မျက်မှောင်ကြီးကုတ်ကာ ပီယာကို တစ်ချက်မျှ စောင်းကြည့်လိုက်ပြီး ခေါ်ထုတ်သွားရန် အမိန့်ပေးလိုက်သည်။ သို့ရာတွင် မည်သည့်နေရာသို့ ခေါ်ထုတ်သွားမည်ကိုကား ပီယာ မသိချေ။ ရထားထဲသို့ ပြန်ခေါ်မည်လော၊ သို့တည်းမဟုတ် ဗာဂျင်ကွင်းပြင်ကြီးကို ဖြတ်လာခဲ့စဉ်က ဘဝတူ အကျဉ်းသားများ ညှဉ်းပြခဲ့သော လူသတ်ကုန်းသို့လော။ ဤသည်ကို ပီယာ မသိချေ။

ပီယာက တစ်ဖက်သို့ လှည့်ကြည့်လိုက်ရာတွင် တပ်ရေးဗိုလ်က ဒါဇောက်အား တစ်စုံတစ်ရာ မေးမြန်းလျက် ရှိခြင်းကို မြင်ရပြန်သည်။

"အေး၊ ထုံးစံအတိုင်း လုပ်လိုက်" ဒါဇောက်က ပြန်ပြော၏။ သို့ရာတွင် ထို 'ထုံးစံအတိုင်း လုပ်လိုက်' ဆိုသော စကားသည် မည်သည့်အဓိပ္ပာယ်ဆောင်ကြောင်းကိုးကား ပီတာ မသိချေ။

ထိုနောက်၌ကား မိမိ မည်သို့မည်ပုံ လမ်းသွားနေသည်ကို လည်းကောင်း၊ မည်မျှဝေးသည်ကို လည်းကောင်း၊ မည်သည့်နေရာသို့ သွားနေသည်ကို လည်းကောင်း ပီယာ မမှတ်မိတော့ချေ။ ပီယာ၏အာရုံခံစားနိုင်စွမ်း ဟူသမျှတို့သည် ထုံထိုင်းလျက် ရှိလေပြီ။ ပီယာသည် သညာကင်းလျက် ရှိလေပြီ။ မိမိပတ်ဝန်းကျင်ရှိ မည်သည့်အရာကိုမျှ သတိပြုမိခြင်း မရှိတော့ဘဲ သူများခြေထောက် လှုပ်လျှင် လှုပ်၍ သူများ ရပ်လျှင် ရပ်လိုက်တော့သည်။ ထိုအချိန်တွင် ၎င်း၏စိတ်ထဲတွင် ရှိသည့် တစ်ခုတည်းသော အတွေးကား မိမိကို သေဒဏ်ပေးလိုက်သူသည် မည်သူနည်း ဆိုသည့်အတွေးသာ ဖြစ်တော့သည်။ မိမိအား ပထမအကြိမ် မေးမြန်းစစ်ဆေးခဲ့သူများလော။ ၎င်းတို့ကား မဟုတ်တန်ရာ။ ၎င်းတို့သည် မိမိအား သေဒဏ်ပေးလိုစိတ်လည်း ရှိဟန်မတူ။ ပေးနိုင်သော အာဏာလည်း ရှိပုံမရ။ မိမိအား လူလူချင်း စာနာစိတ်မျိုဖြင့် ကြည့်လိုက်သော ဒါဇောက်လည်း မဟုတ်တန်ရာ။ ဒါဇောက်သည် မိမိပြုမိသောအမှားကြီးအတွက် နောင်တ သံဝေဂဖြစ်အံ့ဆဲဆဲ မဟုတ်လော။ သို့ရာတွင် ထိုအချိန်ကလေးတွင် တပ်ရေး ဗိုလ်ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com

လာသဖြင့် ဒါဗောက်မှာ နောင်တသံဝေဖြစ်ရန် အချိန်မရလိုက်ပြန်ချေ။ သို့ဖြစ်လျှင် တပ်ရေးဗိုလ်လော။ ၎င်းလည်း မဟုတ်တန်ရာ။ တပ်ရေးဗိုလ် ဝင်လာခဲ့သည် ထားဦး။ ၎င်း၌ မိမိကိုမှ ရွေး၍ သေစေလိုသော ဆန္ဒရှိဟန် မတူ။ သို့ဖြစ်လျှင် မိမိ (ပိယာဆို သောလူတစ်ယောက်)ကို မည်သူသတ်သနည်း။ မည်သူ သေဒဏ်ပေးသနည်း။ စိတ်ကူးများ၊ မျှော်မှန်းချက်များ၊ မျှော်လင့်ချက်များ၊ အတွေးများနှင့် ဖွဲ့စည်းထားသော မိမိကို အသက်ဇီဝိန်နှင့် ကင်းအောင် မည်သူလုပ်သနည်း။ မည်သူလက်ချက်နည်း။ မည်သူမျှမဟုတ်။ မည်သူမျှ ၎င်း ကို သတ်ခြင်းမဟုတ်ဟု ပိယာ တွေးမိသည်။

တရားခံမှာ စနစ်ကြီးသာ ဖြစ်တော့သည်။ အခြေအနေများ၏ ဆုံစည်းတိုက်ဆိုင်မှုသာ ဖြစ်တော့သည်။

တစ်စုံတစ်ခုသော စနစ်ကြီးတစ်ခုသည် မိမိ (ပိယာဆိုသော လူတစ်ယောက်)အား အသက်ဇီဝိန်နှင့် ကင်းအောင် အရာခပ်သိမ်းနှင့် ကင်းအောင် လုပ်လျက် ရှိလေပြီ။ ဖျက်ဆီးချေမှုန်းလျက် ရှိလေပြီ။

အခန်း ၁၁

အကျဉ်းသားများအား ဒါဗောက်ရုံးစိုက်ရာ မင်းသားကြီး ရှာဗေးတော့၏ စံအိမ်မှ ဗာဂျင်ကွင်းပြင်ကြီးကို ဖြတ်လျက် သီလရှင်ကျောင်း လက်ဝဲဘက်ဆီသို့ ခေါ်ထုတ်လာခဲ့သည်။ ထိုအနီး၌ ခြံလေးတစ်ခြံရှိ၍ ထိုခြံထဲတွင် ကားစင်တစ်ခု စိုက်ထား၏။ ထိုကားစင်၏ နောက်ဘက်တွင် ကျင်းသစ်တစ်ကျင်း တူးလျက်သား ရှိပြီး ကားစင်နှင့် ကျင်းတစ်ဝိုက်တွင် လူအုပ်ကြီးတစ်အုပ်သည် စက်ဝိုင်းခြမ်းသဏ္ဌာန် ဝိုင်းအုံလျက် ရှိသည်။ လူအုပ်ထဲတွင် ရုရှားအချို့ ပါဝင်၍ အများစုမှာ ဝတ်စုံအမျိုးမျိုး ဝတ်ထားသော အာလပ်ခွင့်ရသည့် ဂျာမန်၊ အီတလီ၊ ပြင်သစ် စသည့် နဝိုလီယန်၏ တပ်သားများသာ ဖြစ်လေသည်။ ကျင်း၏ လက်ဝဲနှင့် လက်ယာဘက်တွင်မူ ဝတ်စုံပြာတွင် ပခုံးပန်းပွားများ တပ်ထားပြီး ဖိနပ်ရှည်နှင့် ဦးထုပ်ပျော့ဆောင်းထားကြသည့် ပြင်သစ်စစ်သားများ စီတန်းရပ်လျက် ရှိကြ၏။

အကျဉ်းသားများကို စာရင်းအလိုက် တန်းစီစေပြီးနောက် (ပိယာမှာ ဆဋ္ဌမမြောက် ဖြစ်သည်။) ကားစင် ဆီသို့ ခေါ်သွားကြသည်။ ထိုအခိုက် ဘေးတစ်ဖက် တစ်ချက်မှာ ဘင်ခရာတစ်ချက်မှာ ဘင်ခရာသံများ ရုတ်တရက် ထွက်ပေါ်လာလေသည်။ ထိုဘင်ခရာသံများသွင် မြင်ခြင်းသာ ရှိတော့ည် မိမိ၏ ဝိညာဉ်ကို ဖဲ့ယူဝါးမျိုသွားသည်ဟု ပိယာ ထင်လိုက်မိသည်။ ယခု အချိန်၌ ပိယာတွင် တွေးတောနိုင်သော စွမ်းအားသတ္တိ၊ သိနားလည်နိုင်သော စွမ်းအားသတ္တိတို့ မရှိတော့ပြီ။ ပိယာ၌ ကြားခြင်းနှင့် မြင်ခြင်းသာ ရှိတော့သည်။ ၎င်း၌ ဆန္ဒတစ်ခုတည်းသာ ရှိတော့သည်။ ၎င်းမှာ အခြားမဟုတ်။ မကြာမီ ဖြစ်ရတော့မည့် ကြောက်ဖွယ်အဖြစ်အပျက်ကြီး မြန်မြန်ဖြစ်ပါစေတော့ဟူသော ဆန္ဒပင် ဖြစ်ပါသတည်း။ ပိယာသည် မိမိနှင့် ဘဝတူအကျဉ်းသားများကို လှည့်ကြည့်ကာ ၎င်းတို့ကို စူးစမ်းလေ့လာမိသည်။

ပထမနှစ်ယောက်မှာ ခေါင်းတုံးရိတ်ထားသော ရာဇဝတ်အကျဉ်းသားများ ဖြစ်ကြ၏။ အသားမည်းမည်း၊ ခပ်ဝဝ၊ နှာခေါင်းပြားပြားနှင့် ဖြစ်သည်။ တတိယလူမှာ အိမ်စေတစ်ယောက်ဖြစ်၍ အသက်လေးဆယ်ခန့် ရှိလေပြီ။ ဆံပင်ကောက်ကောက်၊ ဝလင်စွာ စားသောက်ထားရသဖြင့် ၎င်း၏ ခန္ဓာကိုယ်သည် ဆူဖြိုးလျက် ရှိ၏။ စတုတ္ထတစ်ယောက်မှာ လယ်သမားတစ်ယောက်ဖြစ်၏။ ၎င်းမှာ မုတ်ဆိတ်မွေးတူထူ၊ မျက်လုံးနက်နက်နှင့် ခန့်ညားချောမောသူ ဖြစ်သည်။ ပဉ္စမလူမှာ မျက်နှာရှည်ရှည်၊ အသားဝါဝါနှင့် စက်ရုံအလုပ်သမားတစ်ယောက်ဖြစ်ပြီး ဝတ်ရုံပွပွကြီးကို ခြုံထားသည်။

၎င်းတို့အား တစ်ယောက်ချင်း ပစ်သတ်ရမည်လော။ နှစ်ယောက်တစ်တွဲစီ ပစ်သတ်ရမည်လောဟု ပြင်သစ်တပ်သားများ တိုင်ပင်နေသံကို ပိယာကြားရသည်။ တာဝန်ကျတပ်ဗိုလ်က "နှစ်ယောက်တစ်တွဲစီ"ဟု အေးစက်တည်ငြိမ်သော အသံဖြင့် ပြန်ပြောလိုက်သည်။ စစ်သားတန်းများထဲတွင် လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ ထို့နောက် ၎င်းတို့သည် သုတ်သီးသုတ်ပျာဖြစ်လျက် ရှိကြသည်။ သို့ရာတွင် ၎င်းတို့ သုတ်သီးသုတ်ပျာဖြစ်ခြင်းမျိုး မဟုတ်ဘဲ မလွဲသာသော အလုပ်ကြီးတစ်ခုကို စိတ်မချမ်းမသာ ဘုမသိဘမသိဖြင့် အမြန်ဆုံး ပြီးသွားအောင် လုပ်နေရသူတို့၏ သုတ်သီးပျာဖြစ်နည်းမျိုး ဖြစ်လေသည်။

လည်စည်း ပတ်ထားသည့် ပြင်သစ်တပ်ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်သည် တန်းစီထားသော အကျဉ်းသားများ၏ လက်ယာဘက်ထိပ်သို့ လျှောက်လာပြီး စိရင်ချက်ကို ပြင်သစ်ဘာသာ၊ ရုရှားဘာသာတို့ဖြင့် ဖတ်ပြ၏။

ထို့နောက် ပြင်သစ်တပ်သား လေးယောက်တို့သည် ရာဇဝတ်အကျဉ်းသားများအနီးသို့ ချဉ်းကပ်လာကာ တပ်ဗိုလ်က အမိန့်ပေးလိုက်သည်၌ ရှေ့ဆုံးတန်းတွင် ရပ်နေသော ရာဇဝတ်အကျဉ်းသားနှစ်ဦးကို ခေါ်ထုတ်သွားကြသည်။ ကားစင်အနီးသို့ ရောက်လျှင် ရပ်လိုက်ကြ၏။ ခေါင်းစွပ်များကို သွားယူလျက်ရှိစဉ် အကျဉ်းသားနှစ်ဦးသည် ဘေးပတ်ဝန်းကျင်ကို ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကြည့်လျက်ရှိရာ ၎င်းတို့၏ အကြည့်မှာ မိမိအနီးသို့ ချဉ်းကပ်လာသော တောလိုက်မုဆိုးကို ကြည့်လျက်ရှိသော ဒဏ်ရာရထားသည့် သားကောင်တစ်ကောင်၏ အကြည့်နှင့်ပင် တူတော့သည်။ အကျဉ်းသားတစ်ယောက်က လက်ယှက် ဆုတောင်းလျက်ရှိပြီး တစ်ယောက်မှာ ကျောကို လှမ်းကုတ်ရာက ပြုံးမလိုလိုဟန်ဖြင့် နှုတ်ခမ်းများကို တရွရွလှုပ်လျက် ရှိ၏။ စစ်သားများသည် ၎င်းတို့နှစ်ဦး၏ မျက်နှာများကို ခပ်မြန်မြန်စည်းပေးလိုက်ပြီး ခေါင်းစွပ်အိတ်များ စွပ်ပေးလိုက်ကာ ကားစင်တွင် ချည်လိုက်ကြသည်။

ကျည်တစ်လုံးထိုး သေနတ်များ ကိုင်ထားကြသည့် စစ်သားတစ်ဆယ့်နှစ်ယောက်သည် ခြေလှမ်းမှန်မှန် မြဲမြဲလှမ်းကာ စစ်သားတန်းထဲမှ ထွက်လာခဲ့ကြပြီး ကားစင်နှင့် ရှစ်လှမ်းအကွာတွင် ရပ်လိုက်ကြသည်။ ပီယာသည် မကြည့်လိုတော့သည့်အတွက် မျက်နှာကို လွှဲလိုက်သည်။ ထိုစဉ် အဆက်မပြတ်ထွက်ပေါ်လာသော သေနတ်သံများကို ကြားလိုက်ရ၏။ ပီယာ့အဖို့သော် ထိုအသံများသည် မိုးကြိုးထစ်ချန်းသံထက်ပင် ကျယ်လောင်သေးသည်ဟု ထင်မိ၏။ ပီယာသည် လှည့်၍ ကြည့်လိုက်၏။ ပတ်ဝန်းကျင်တွင် မီးခိုးတွေအလျက် ရှိ၏။ ဖြူ ရော်သောမျက်နှာ၊ တုန်ယင်သော လက်များဖြင့် ပြင်သစ်သားများသည် ကျင်းအနီးတွင် ဝိုင်းအုံကာ တစ်စုံတစ်ရာကို ပြုလုပ်လျက်ရှိကြသည်။ နောက်ထပ် အကျဉ်းသားနှစ်ယောက်မှာလည်း ယခင်နှစ်ယောက်ကဲ့သို့ပင် ပရိသတ်ကို ကျိုးကြည့် ကြောင်ကြည့် ကြည့်လျက် ရှိကြသည်။ မိမိတို့အား မကယ်နိုင်တော့ပြီလောဟူသော တောင်းပန်တိုးလျှိုးသည့် အမူအရာသည် ၎င်းတို့မျက်လုံးတွင် ပေါ်လျက်ရှိလေသည်။ ၎င်းတို့သည် မိမိတို့၏အဖြစ်ကို နားမလည်နိုင်အောင် မယုံကြည်နိုင်အောင် ဖြစ်လျက်ရှိခြင်းမှာ ကိုယ့်ဘဝ၏ အဓိပ္ပာယ်ကို ကိုယ်သာ သိသောကြောင့်လည်း ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့၏ အသက်ဇီဝိန် ကြွေရတော့မည် ဆိုခြင်းကို မယုံနိုင်အောင် နားမမလည်နိုင်အောင် ဖြစ်လျက်ရှိခြင်း ဖြစ်ပါသည်။

ဤအကြိမ်၌လည်း ပိယာသည် မကြည့်လိုသည့်အတွက် မျက်နှာကို လွှဲထားလိုက်ပြန်သည်။ သို့ရာတွင် မကြား၍ကား မရချေ။ ကြောက်ဖွယ်ပေါက်ကွဲသံများသည် ၎င်း၏ သောတအာရုံထဲကို လာ၍ ရိုက်ခတ်ကြပြန်သည်။ တစ်ပြိုင်နက်တည်းလောက်မှာပင် မီးခိုးများ၊ သွေးများ၊ ကားစင်တွင် ကတုန်ကယင်ဖြင့် တစ်စုံတစ်ရာ ပြုလုပ်လျက် ရှိသည့် ပြင်သစ်စစ်သားများ၏ ထိတ်လန့်ချောက်ချား၍ ပြုရော်လျက်ရှိသောမျက်နှာများကို မြင်ရပြန်သည်။ ပီယာသည် အသက်ကို ပြင်းစွာ ရှူလျက် ဤကား မည်သည့်အဓိပ္ပာယ်နည်းဟု မေးသည့်နှယ် ပတ်ဝန်းကျင်ကို လှည့်ကြည့်မိပြန်သည်။ ၎င်းနှင့် မျက်လုံးချင်းဆုံမိသူ၏ မျက်လုံးများတွင်လည်း ထိုမေးခွန်းသည် အထင်းသားပေါ်လျက် ရှိလေသည်။

ရုရှားအရပ်သားများ၏ မျက်နှာပေါ်၌ လည်းကောင်း၊ တပ်ဗိုလ်များ အပါဝင် ပြင်သစ်စစ်သားများ၏ မျက်နှာများပေါ်၌ လည်းကောင်း မိမိရင်ထဲတွင် ခံစားရသော စိတ်ပျက်ခြင်းမျိုး၊ ထိတ်လန့်ခြင်းမျိုးနှင့် ဝေခွဲမရ ဖြစ်ခြင်းမျိုးကို ပီယာ တွေ့ရ၏။ 'နေစမ်းပါဦး။ ဒီအလုပ်ကို ဘယ်သူတွေက လုပ်နေတာလဲ။ သူတို့လဲ ငါ့လို ချောက်ချားတုန်လှုပ်နေကြတာပဲ မဟုတ်ဘူးလား။ ဒါဖြင့် ဘယ်သူက သတ်နေတာလဲ။ ဘယ်သူ လုပ်နေတာလဲ' ဟူသော အတွေးသည် ပီယာ၏ ခေါင်းထဲသို့ လက်ခနဲ ဝင်ရောက်လာပြန်သည်။

"တပ်ရင်း-၈၆ လက်ဖြောင့်တပ်သား ရှေ့တက်" ဟု အော်လိုက်သံကို ကြားရ၏။ ပီယာနှင့် ကပ်လျက်ရှိသော ပဉ္စမမြောက်အကျဉ်းသားကို တစ်ယောက်တည်း ခေါ်ထုတ်သွားကြ၏။ မိမိအား ပစ်သတ်မည်မဟုတ်ကြောင်းကို ပီယာ မသိသေးချေ။ မိမိတို့တစ်သိုက်အား လူသတ်ပွဲသို့ လာရောက်ကြည့်ရန်အတွက် ခေါ်လာခြင်း

www.burmeseclassic.com

www.burmeseclassic.com

သာ ဖြစ်ကြောင်းကိုလည်း ပီယာ မသိသေးချေ။ ပီယာကား ဣန္ဒြေဆည်၍ မရလောက်အောင် ချောက်ချားလျက် ရှိလေပြီ။ ပီယာသည် မျက်လုံးကြီး အပြူးသားဖြင့် ငေးကြည့်နေမိသည်။ ပဥ္စမအကျဉ်းသားမှာ ဝတ်ရုံအင်္ကျီပွကြီးကို ခြုံထားသည့် စက်ရုံအလုပ်သမား လူငယ်တစ်ဦးဖြစ်သည်။ စစ်သားများက လာခေါ်သည်နှင့် တစ်ပြိုင်နက် ထိုလူငယ်သည် ကြောက်လန့်တကြားဖြင့် ပီယာကို လှမ်းဆွဲကာ အတင်းဖက်ထားသည်။ (ပီယာသည် တစ်ကိုယ်လုံး ကြက်သီးတွေ တဖြန်းဖြန်း ထလာကာ အတင်းရုန်းထွက်နေသည်။) လူငယ်မှာ လမ်းပင် မလျှောက်နိုင်တော့ပြီ။ စစ်သားများက ချိုင်းအောက်မှ လှိုု၍ တရွတ်တိုက် ဆွဲခေါ်သွားသောအခါ၌ ထိုလူငယ်သည် ငယ်သံပါအောင် အော်ဟစ်လျက် ရှိ၏။ ကားစင်သို့ ရောက်သောအခါတွင် လူရွယ်သည် တစ်စုံတစ်ရာကို ရုတ်တရက် သဘောပေါက်သွားသကဲ့သို့ ငြိမ်သက်သွားလေသည်။ ဤသို့ အော်ဟစ်နေ၍ ဘာမျှ အကျိုးမထူးဟု သိသွားသောကြောင့်လော။ သို့တည်းမဟုတ် ဤလူများသည် မိမိအား တကယ်သတ်လိမ့်မည်ဟု မထင်သောကြောင့်လော။ မည်သည့်အတွက်ကြောင့်ဟူ၍ကား မသိ။ လူရွယ်သည် ကားစင်တွင် ဣန္ဒြေရရပ်လျက် မျက်နှာကို အဝတ်စည်းခံရန် စောင့်ဆိုင်းလျက်ရှိရာ ဒဏ်ရာရသော တိရစ္ဆာန်တစ်ကောင်ကဲ့သို့ ပတ်ဝန်းကျင်ကို စူးရှ တောက်ပြောင်သော မျက်လုံးများဖြင့် ကြည့်လျက် ရှိလေသည်။

ပီယာမှာ မျက်နှာလွဲရန်ပင် အားမရှိတော့ပြီ။ ထို့ကြောင့် မျက်လုံးများကို မှိတ်ထားလိုက်လေသည်။ ပဥ္စမမြောက် လူသတ်ပွဲသို့ ရောက်လာခြိန်၌ ပီယာ၏ ထိတ်လန့်ချောက်ကျားခြင်း၊ စူးစမ်းလိုခြင်းတို့သည် အမြင်ဆုံးသော အထွတ်အထိပ်သို့ ရောက်ခဲ့လေပြီ။ ကားစင်ပေါ်၌ကား ပဥ္စမအကျဉ်းသားသည် အခြားသူများကဲ့သို့ တည်ငြိမ်လျက်ရှိလေပြီ။ ၎င်းသည် ဝတ်ရုံအင်္ကျီပွကြီးကို ခပ်တင်းတင်း ဆွဲခြုံကာ ခြေထောက်ချင်း ပွတ်လျက် ရှိလေသည်။

၎င်းတို့က မျက်နှာကို အဝတ်စည်းပေးသောအခါ၌ ထိုလူရွယ်သည် နောက်ဧတွင် ခုနေသောအထုံးကို နေရာရွှေ့၍ပင် နေလိုက်သေး၏။ သွေးများစွန်းပေလျက် ရှိသည့် တိုင်ကို ကပ်၍ ချည်နှောင်ခြင်း ပြုသည့်အခါ၌ ၎င်းသည် ကျောကို မှီ၍ ကပ်ပေးလိုက်၏။ တစ်ဖန် ထိုသို့ နေရခြင်းကို သက်သောင့်သက်သာ မရှိသည့်နှယ် ကိုယ်ကို မတ်၍ ခြေထောက်ကို ရွှေ့ပြီးမှ တိုင်ကို အသာအယာ ပြန်မှီလိုက်သည်။ ပီယာသည် ထိုလူရွယ်ကို စူးစိုက်ကြည့်ကာ ၎င်း၏ လှုပ်ရှားဟန်ကို မျက်တောင်မခတ် ကြည့်နေမိသည်။

အမိန့်ပေးသံနှင့် သေနတ်သံများ ပေါ်ထွက်လာကောင်းလာမည် ဖြစ်သော်လည်း ပြန်၍ စဉ်းစားလိုက်သော အခါ၌ ထိုအသံများကို ကြားလိုက်ရသည်ဟု ပီယာမမှတ်မိတော့ချေ။ တုပ်နှောင်သော ကြိုးများထဲတွင် အလုပ်သမား လူရွယ်ပျော့ခွေကျသွားပုံ၊ ၎င်း၏ ကိုယ်ခန္ဓာနှစ်နေရာ၌ သွေးတွေ စွန်းပေနေပုံ၊ ပျော့ခွေသွားသော လူရွယ်၏ ခန္ဓာကိုယ်အလေးချိန်ကြောင့် ကြိုးများ လျော့ကျသွားပုံ၊ ခန္ဓာကိုယ်ကြီးအောက်သို့ လျော့သွားပုံ၊ ခြေတစ်ဖက်ကွေးကာ ခေါင်းငိုက်စိုက်ကျသွားပုံတို့ကိုသာ ပီယာ မြင်လိုက်ရတော့သည်။ ပီယာသည် ကားစင်ဆီသို့ ပြေးလာခဲ့၏။ မည်သူမျှ ၎င်းကို တားဆီးခြင်းမပြုကြချေ။ ထိတ်လန့်တုန်လှုပ်၍ မျက်နှာဖြူရော်လျက်ရှိသူ တစ်စုသည် အလုပ်သမားလူရွယ်အနီးတွင် တစ်စုံတစ်ရာကို ပြုလုပ်လျက်ရှိကြ၏။ လူရွယ်ကို ကြိုးဖြေလျက်ရှိသော မုတ်ဆိတ်ထူထူနှင့် ပြင်သစ်စစ်သားအိုကြီး၏ မေးသည် တဆတ်ဆတ်တုန်လျက် ရှိသည်။ ကြိုးဖြေလိုက်သည်နှင့် ခန္ဓာကိုယ်ကြီးသည် ဗိုင်းခနဲလဲကျသွား၏။ စစ်သားများသည် အလောင်းကောင်ကြီးကို တရွတ်တိုက် ဆွဲသွားကြကာ ကျင်းထဲသို့ ပစ်ချလိုက်ကြလေသည်။

၎င်းတို့အားလုံးသည် မိမိတို့ ပြစ်မှုများကို သဲလွန်စမကျန်အောင် မြန်နိုင်သမျှ အမြန်ဆုံး ဖုံးကွယ်ဖျောက်ဖျက်နေကြသည့် ရာဇဝတ်ကောင်များ ဖြစ်ကြောင်း စစ်သားများ ကိုယ်တိုင်ကလည်း နားလည်ကြဟန်တူပေသည်။

ပီယာသည် ကျင်းထဲသို့ ငုံကြည့်လိုက်၏။ အလုပ်သမား လူရွယ်သည် ကျင်းထဲတွင် ခွေခွေကလေး လဲလျက်ရှိ၏။ ပခုံးနှစ်ဖက်သည် မှန်မှန် နိမ့်ချည် မြင့်ချည်ဖြစ်လျက် အသက်ထွက်ခါနီး နောက်ဆုံးရုန်းကန်ခြင်းအနေဖြင့် လှုပ်ရှားလျက် ရှိသည်။ သို့ရာတွင် အပေါ်မှ မြေစာများကို တူးရွင်းဖြင့် ဖို့ချနေသူက ဖို့လျက် ရှိလေပြီ။ အလွန်အမင်း စိတ်ထိခိုက်လျက်ရှိပုံရသည့် စစ်သားတစ်ဦးသည် ပီယာကို အသံဆိုးကြီးဖြင့် အော်ငေါက်မောင်း

www.burmeseclassic.com

www.burmeseclassic.com

ထုတ်လျက် ရှိသည်။ သို့ရာတွင် ပိယာသည် မိမိကို အော်ငေါက်နေမှန်း သိခြင်းမရှိဘဲ ကားစင်အနီးတွင် ရပ်မြဲ ရပ်နေသည်။ နောက်ထပ် မည်သူကမျှ မောင်းထုတ်ခြင်း မပြုတော့ချေ။

ကျင်းကို ဖို့ပြီးသော် အမိန့်သံတစ်သံပေါ်ထွလက်လာ၏။ ပိယာကိုလည်း မူလနေရာသို့ ပြန်ခေါ်သွားကြသည်။ ကားစင်တစ်ဖက်တစ်ချက်တွင် တန်းစီရပ်နေသည့် စစ်သားများသည် လှည့်၍ ခြေလှမ်းညီညီဖြင့် ချီတက်သွားကြ၏။ ပစ်ပြီးသား သေနတ်များ ကိုင်ထားသည့် လက်ဖြောင့်တပ်သား တစ်ဆယ်နှစ်ယောက်သည် စက်ဝိုင်းအလယ်ကောင်တွင် ရပ်နေရာမှ ၎င်းတို့နေရာအသီးသီးသို့ ပြန်ပြေးလာကြသည်။

ပိယာသည် စက်ဝိုင်းထဲမှ နှစ်ယောက်စီ ပြေးထွက်လာကြသော လက်ဖြောင့်တပ်သားများကို မျက်လုံးအပြူးသားဖြင့် ကြည့်မိသည်။ တစ်ယောက်မှအပ ကျန်လက်ဖြောင့်တပ်သားများသည် ချီတက်လျက်ရှိသော ၎င်းတို့တပ်စုထဲသို့ နေရာဝင်ယူကြသည်။ အသက်ခပ်ငယ်ငယ် စစ်သားလေးတစ်ယောက်မှာမူ သေနတ်ကို မြေကြီးတွင် ထောက်ကာ နဂိုနေရာတွင် မလှုပ်မရှား ရပ်လျက် ရှိသည်။ ၎င်း၏မျက်နှာသည် လူသေ၏မျက်နှာကဲ့သို့ ဖြူရော်လျက် ရှိ၏။ ဦးထုပ်ပျော့သည်ခေါင်းနောက်သို့ လန်လျက် ရှိသည်။ ထိုစစ်သားလူငယ်သည် အရက်မူးသူကဲ့သို့ ဒယီးဒယိုင်ရှိရာက ခြေထောက်များဖြင့် ကိုယ်ကို ဟန်လျက် ရှိသည်။ အသက်ကြီးကြီး အရာခံဗိုလ်တစ်ယောက်သည် တန်းစီရာမှ ပြေးထွက်လာကာ ထိုစစ်သားလူရွယ်ကို တန်းစီရာသို့ ဆွဲခေါ်သွားသည်။ တဖြည်းဖြည်းနှင့် ပွဲကြည့်ပရိသတ်တို့လည်း ကွဲစပြုလေပြီ။ ၎င်းတို့အားလုံးသည် ခေါင်းငိုက်စိုက်ဖြင့် တိတ်ဆိတ်စွာ ထွက်ခွာသွားကြလေသည်။

"မီးရှို့ချင်တဲ့ကောင်တွေကို ဒီလို ဆုံးမပေးရတယ်ကွ။ သိရဲ့လား" ပြင်သစ်စစ်သားတစ်ယောက်က ပြောလိုက်၏။

ပိယာသည် ထိုစစ်သားကို ကြည့်လိုက်သည်။ ထိုစစ်သားကား မိမိပြုခဲ့သော အမှုအတွက် စိတ်ဖြေသိမ့်ရာကို ရှာဖွေလျက်ရှိသော်လည်း ဖြေသိမ့်ရာကို ရှာမတွေ့နိုင်သည့် စစ်သားတစ်ယောက် ဖြစ်လေသည်။ ထိုစစ်သားသည် စကားကို ဆက်လက်ပြောဆိုခြင်းမရှိတော့ဘဲ စိတ်ပျက်လက်ပျက်ဖြင့် လက်တစ်ဖက်ကို ဝှေ့ယမ်း၍ ထွက်သွားလေသည်။

အခန်း ၁၂

အကျဉ်းသားများကို ပစ်သတ်ပြီးနောက် ပိယာကို အခြားအကျဉ်းသားများနှင့် ခွဲထုတ်ကာ ညစ်ပတ်လှသော သုဓမ္မာဧရပ်ပျက်ကလေးတစ်ခုတွင် တစ်ယောက်တည်း ချုပ်ထားကြပြန်သည်။

ညနေစောင်း၌ အရာခံဗိုလ်တစ်ဦးနှင့် စစ်သားနှစ်ယောက် ရောက်လာကာ မိမိအား သေဒဏ်မှ လွတ်လိုက်ကြောင်း၊ ယခု စစ်သုံ့ပန်းများထားရာတန်းလျားသို့ ပြောင်းရွှေ့ရမည် ဖြစ်ကြောင်းဖြင့် ပြောဆိုကြ၏။ ပိယာသည် ၎င်းတို့စကားကို ရေရာစွာ နားလည်ခြင်း မရှိသော်လည်း ၎င်းတို့ခေါ်ရာသို့ ထလိုက်လာခဲ့သည်။ ၎င်းတို့သည် ပိယာအား ကွင်းပြင်ထိပ်သို့ ခေါ်သွားကြ၏။ ကွင်းထိပ်၌ မီးလောင်သစ်သားစများနှင့် ဆောက်လုပ်ထားသည့် တဲအချို့ရှိသည့်အနက် ပိယာကို တဲတစ်တဲသို့ ခေါ်သွားကြ၏။ မှောင်မည်းလျက်ရှိသော တဲအတွင်းမှ လူနှစ်ဆယ်တို့သည် ပိယာ့အနီးသို့ ဝိုင်းအုံလာကြ၏။ ပိယာသည် ၎င်းတို့ကို ကြည့်လိုက်မိသည်။ မည်သူမည်ဝါဟုလည်း မသိ။ အဘယ်ကြောင့် ၎င်းတို့ တဲတွင်းသို့ ရောက်နေကြသည်ကိုလည်း မသိ။ ၎င်းတို့ မည်သည့်အကြောင်း မေးမြန်းနေသည်ကိုလည်း မသိချေ။ ၎င်းတို့စကားများကို ပိယာ ကြားပါသည်။ သို့ရာတွင် ထိုစကားများ၏ အဓိပ္ပာယ်ကိုကား ပိယာ နားမလည်ချေ။ ၎င်းတို့စကားများကို နားလည်အောင်လည်း ကြိုးစားခြင်း မပြုတော့ချေ။ ပိယာသည် ၎င်းတို့မေးမြန်းသော မေးခွန်းများကို ဖြေဆိုခြင်းပြု၏။ သို့ရာတွင် မိမိစကားများကို မည်သူက နားထောင်၍ မည်သို့ နားလည်ကြသည်ကိုလည်း မသိချေ။ ပိယာသည် ၎င်းတို့၏ မျက်နှာများ၊ ပုံပန်းသဏ္ဌာန်များကို ကြည့်၏။ သို့ရာတွင် ပိယာ့အဖို့၌ကား ၎င်းတို့အားလုံးသည် မည်သို့နားလည်ရမှန်း မသိအောင် အဓိပ္ပာယ်ကင်းမဲ့လျက် ရှိလေသည်။

ယခင်က ပိယာမြင်ခဲ့တွေ့ခဲ့ဖူးသော အရာခပ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

တို့သည် သူ့နည်းနှင့်သူ အဓိပ္ပာယ်ရှိခဲ့ကြ၏။ အသက်ရှင်လှုပ်ရှားလျက် ရှိသည်ဟု ထင်ရ၏။ သို့ရာတွင် မိမိတို့၏ ဆန္ဒမပါဘဲ ကျူးလွန်ခဲ့ကြရသော ပြင်သစ်စစ်သားများ၏ ကြောက်ဖွယ် လူသတ်ပွဲကြီးကို မြင်တွေ့ခဲ့ရသည့် နောက်၌ကား အရာခပ်သိမ်းတို့ မှိုရိုရာ အရာခပ်သိမ်းတို့ကို အသက်ရှင် လှုပ်ရှားအောင် တွန်းဆော်ပေးသည့်အရာဟု ထင်ရသော မိမိဘဝတည်းဟူသော ပင်မ စပရိန်ကြီးသည် ရုတ်တရက် ကျိုးပဲ့သွားခဲ့လေပြီ။ ထိုသည်နှင့် တစ်ပြိုင်နက် မြင်တွေ့သမျှ အရာခပ်သိမ်းတို့သည် အဓိပ္ပာယ်ကင်းမဲ့သော အပျက်အစီးပုံကြီးအဖြစ်သို့ ရောက်သွားခဲ့လေပြီ။ ပီယာသည် ထိုအချက်ကို မိမိဘာသာ သတိပြုမိခြင်း မရှိသေးသော်လည်း စကြဝဠာကြီး၌ ဒူးနေရာဒူး၊ တော်နေရာတော် ဆိုသကဲ့သို့ အရာခပ်သိမ်း စနစ်တကျ ပုံမှန်တည်ရှိနေသည်ဟူသော တရား၌ ယုံကြည်ခြင်း၊ လူ့လောကကြီးသည် ပျော်ရွှင်နှစ်လိုဖွယ်ရှိသည်ဟူသော တရား၌ ယုံကြည်ခြင်း၊ မိမိဝိညာဉ်၏ ဖြူစင်သန့်ရှင်းခြင်းကို ယုံကြည့်ခြင်း၊ ထာဝရဘုရားသခင်၌ ယုံကြည်ခြင်း စသည့် ယုံကြည်ခြင်းတရား ဟူသမျှတို့သည် ပျောက်ကွယ်ပျက်စီးခဲ့ကြလေပြီ။ ပီယာသည် ဤသို့ ယုံကြည်ခြင်းသဒ္ဓါတရား ခန်းခြောက်ခြင်းမျိုးကား တစ်ခါဖူးမျှ မတွေ့ဖူးသေးချေ။ ယခင်ယခင်အခါများက ဤသို့ ယုံကြည်ခြင်း သဒ္ဓါတရား ခေါင်းပါး၍ ဥဒ္ဓစ္စတည်းဟူသော စိတ်၏ ဆောက်တည်ရာမရ ပျံ့လွင့်ခြင်းမျိုး ကြုံရတိုင်း 'ဤကား ဘယ်သူမပြု၊ မိမိမှုဆိုသကဲ့သို့ မိမိအမှား မိမိဒုစရိုက်ကြောင့် ဖြစ်ရခြင်း ဖြစ်သည်။ ထို့ကြောင့် ဤသို့ ယုံကြည်ခြင်းတရား ခေါင်းပါးခြင်း၊ ဆောက်တည်ရာမရ ဖြစ်ခြင်းတို့မှ ဖြေသိမ့်ရာကို မိမိ၏ အတွင်းသဏ္ဌာန်၌ ရှာဖွေတွေ့ရှိနိုင်သည်'ဟု အားတင်းနိုင်ခဲ့သည်။ သို့ရာတွင် ယခုမူ မိမိကိုယ်တိုင်က ဒုစရိုက်အမှုကို ကျူးလွန်ခြင်းမရှိပါဘဲလျက် စကြဝဠာကြီးတစ်ခုလုံးသည် မိမိမျက်မှောက်၌ အစိတ်စိတ် အမြွာမြွာကွဲအက် ကြေပြုန်းသွားခဲ့လေပြီ။ အဓိပ္ပာယ်ကင်းမဲ့သော အပျက်အစီး၊ အကျိုးအပဲ့များအဖြစ်သို့ ရောက်လာခဲ့လေပြီဟု ပီယာ ခံစားမိသည်။ လူ့ဘဝတွင် အသက်ရှင်နေရခြင်းသည် အဓိပ္ပာယ်ရှိသေးသည်ဟု ပီယာ ယုံကြည်ခြင်း မရှိတော့ပြီ။ ထိုယုံကြည်ချက်မျိုး ပြန်လည်ရရှိအောင်လုပ်ရန် မိမိတွင်လည်း စွမ်းအားမရှိတော့ပြီ။

မိမိ၏ပတ်လည်အမှောင်ထဲ၌ လူအချို့သည် ရပ်လျက် ရှိကြ၏။ ၎င်းတို့သည် မိမိနှင့် ပတ်သက်၍ တစ်စုံတစ်ရာကို စိတ်ဝင်စားနေဟန် ရှိ၏။ ၎င်းတို့သည် မိမိအား တစ်စုံတစ်ရာကို ပြောဆိုလျက်ရှိ၍ တစ်စုံတစ်ရာ မေးမြန်းလျက်လည်း ရှိကြ၏။ ထို့နောက် မိမိအား တစ်နေရာသို့ ခေါ်သွားကြ၏။ နောက်ဆုံး၌ ပီယာသည် တဲထောင့် တစ်နေရာတွင် ရောက်လျက်သား ရှိနေကာ ၎င်း၏ပတ်လည်တွင် ရယ်မောလျက်၊ စကားပြောလျက် ရှိကြသူများကို တွေ့ရလေသည်။

"ကဲ–ရဲဘော်တို့ ဆက်ပြောဗျို့။ ဒါနဲ့ အီဒီမင်းသားဟာ" တဲ့၏ တစ်ဖက်ထောင့်မှ အသံတစ်သံ ထွက်လာ၏။ ထိုအသံက 'မင်းသားဟာ'ဆိုသော စကားလုံးကို အသံမြှင့်၍ ပြောလိုက်၏။

ပီယာသည် နံရံကိုမှီကာ ကောက်ရိုးပုံပေါ်တွင် မလှုပ်မယှက် တိတ်ဆိတ်စွာ ထိုင်လျက်ရှိရင်း တစ်ခါတစ်ရံတွင် မျက်လုံးများကို ဖွင့်ကြည့်လိုက်၏။ ထိုနောက် တစ်ဖန် မှိတ်လိုက်ပြန်သည်။ သို့ရာတွင် မျက်လုံးမှိတ်လိုက်သည်နှင့် တစ်ပြိုင်နက် အလုပ်သမားလူငယ်၏ ကြောက်လန့်စဖွယ် မျက်နှာကို မြင်နေမိသည်။ (ထိုမျက်နှာ၏ ရိုးသားဖြူစင်သောအသွင်ကြောင့် ပို၍ကြောက်စရာကောင်းနေခြင်း ဖြစ်ပါသည်။) တစ်ဖန် တုန်လှုပ်ချောက်ချားလျက် ရှိခြင်းကြောင့် ပို၍ ကြောက်စရာကောင်းလျက်ရှိသည့် လူသတ်သမားစစ်သားများ၏ မျက်နှာများကိုလည်း မြင်မိပြန်သည်။ ထို့နောက် ပီယာသည် မျက်လုံးများကို ဖွင့်လိုက် ပြန်လျက် မိမိပတ်ဝန်းကျင်ရှိ အမှောင်ထုကြီးထဲသို့ ငေးစိုက်ကြည့်မိပြန်သည်။

မိမိဘေးတွင် ပုပုဝိုင်းဝိုင်းလူတစ်ယောက်သည် ကုန်းကုန်းကြီး ထိုင်လျက်ရှိ၏။ လှုပ်ရှားလိုက်တိုင်း ၎င်း၏ကိုယ်မှ ပျံ့လွင့်လာသော စူးရှသည့် ချွေးနံ့ကြီးကြောင့် ပီယာသည် မိမိအနီးတွင် ထိုလူရှိနေခြင်းကို ခပ်စောစောကတည်းက သတိပြုခဲ့မိသည်။ ထိုလူသည် မှောင်ကြီးမည်းမည်းတွင် ၎င်း၏ ခြေထောက်ကို တစ်စုံတစ်ရာ ပြုလုပ်လျက်ရှိ၏။ ထိုလူ၏ မျက်နှာကို မမြင်ရသော်လည်း ထိုလူသည် မိမိအား စိုက်ကြည့်လျက် ရှိသည်ဟု ပီယာ ခံစားမိသည်။ အမှောင်ကို မျက်လုံးများ ကျင့်သားရလာသည့်အခါကျမှ ထိုလူသည် ခြေပတ်များအား ဖြေလျက်ရှိ

www.burmeseclassic.com

www.burmeseclassic.com

ခြင်းကို ပိယာ မြင်ရသည်။ ပိယာသည် ထိုလူခြောက် ထောက်မှ ခြေပတ်များ ဖြေနေပုံကို စိတ်ဝင်စားစွာ ကြည့် နေမိသည်။

ခြေထောက်တစ်ဖက်တွင် ပတ်ထားသော ခြေပတ် ပေါ်မှ ကြိုးကို ဖြေလိုက်ပြီးသည့်နောက်၌ ထိုလူသည် ခြေပတ်ကို သေသေချာချာလိပ်ကာ အခြားတစ်ဖက်မှ ခြေပတ်များကို ဆက်ဖြေရင်း ပိယာကို ကြည့်နေပြန်သည်။ ထိုလူသည် လက်တစ်ဖက်ဖြင့် ကြိုးကိုခွေရင်း အခြားတစ် ဖက်ဖြင့် တစ်ဖက်က ပတ်တီးကို ဖြေလျက်ရှိသည်။ ဤ သို့ဖြင့် ထိုလူသည် လက်ကိုဝှေ့ယမ်းကာဖြင့် ခြေပတ်ကို ကျွမ်းကျင်စွာ ဖြေကာ လိပ်လိုက်ပြီးနောက် ၎င်း၏ခေါင်း ရင်းတွင် ရှိသည့် ချိတ်တစ်ခုတွင် ထိုခြေပတ်ကို ချိတ်ထား လိုက်သည်။ ထိုနောက် မောင်းချစားတစ်ချောင်းကို ထုတ် ကာ တစ်ဖုံတစ်ရာကို လှီးပြီးလျှင် ဓားကို ပြန်ပိတ်၍ အိပ်ရာအောက်သို့ ထိုးထားလိုက်သည်။ ထို့နောက် အိပ်ရာ လိပ်ကို မှီကာ ထောင်ထားသော ဒူးနှစ်ဖက်ကို လက်ချင်း ဆက်၍ ပိုက်လိုက်ပြီးနောက် ပိယာကို စူးစိုက်ကြည့်လျက် ရှိ၏။ ထိုလူ၏ လျင်မြန်ဖျတ်လတ်သော လှုပ်ရှားပုံ ၎င်း ၏ချောင်ကလေးထဲတွင် ပစ္စည်းကလေးများကို နေရာတကျ သပ်သပ်ရပ်ရပ်ထားတ်ပုံတို့မှာ သက်သောင့်သက်သာ စိတ် အေးလက်အေးနှင့် နှစ်လိုဖွယ် ရှိပါဘိတော့သည်ဟု ပိယာ တွေးမိသည်။ ထိုလူ၏ စူးရှလှသော ချွေးနံ့ကြိုးကိုပင် ပိယာသည် ရွံစရာကောင်းသည်ဟု မထင်မိတော့ချေ။ ထိုလူ၏ လှုပ်ရှားမှုတစ်ခုလုံးသည် အမှောင်ထဲ၌ ဝိုင်းဝိုင်း အရာကြီးတစ်ခု လိမ့်လာသည်နှင့်ပင် တူတော့သည်။ ပိယာသည် ထိုလူကိုသာ စူးစိုက်ကြည့်နေမိသည်။

"ရဲဘော်ကြီး စိတ်ညစ်နေသလားဗျ" ထိုဝိုင်းဝိုင်း လူက ရုတ်တရက် မေးလိုက်သည်။

ထိုလူ၏ သီချင်းဆိုသကဲ့သို့ နာပျော်ဖွယ်ကောင်း သောအသံထဲမှ ကြင်နာသနားတတ်ခြင်း၊ ရိုးသားဖြောင့် မတ်ခြင်းဟူသော ဂုဏ်သတ္တိတို့သည် ပြည့်လျှမ်းလျက် ရှိလေရာ ပိယာသည် စကားပြန်ဖို့ ကြိုးစားသော်လည်း နှုတ်ခမ်းတွေ တုန်လာကာ မျက်ရည်တွေ ဝဲလာသည်။ ထိုပုဂ္ဂိုဝိုင်းဝိုင်းလူက ပိယာ၏ အခြေအနေကို ရိပ်မိဟန် မရှိဘဲ စောစောကကဲ့သို့ ချိုသာသောအသံဖြင့် စကားဆက် လိုက်ပြန်သည်။

"စိတ်ညစ်မနေနဲ့ ရဲဘော်ရေ၊ စိတ်ညစ်မနေနဲ့" ထိုလူက ရုရှားလယ်သမားကြီးများ ပြောလေ့ရှိသည့် အားပေးနှစ်သိမ့်သော လေသံမျိုးဖြင့် ပြောလိုက်သည်။ "ဘာမှ စိတ်ညစ်မနေနဲ့ဗျ။ တစ်နာရီခံရင် တစ်သက်စံရ သတဲ့ဗျ။ စကားပုံရှိတယ်မဟုတ်လား။ လူ့ဘဝဆိုတာ ဒီလိုပေါ့ဗျာ။ မဟုတ်ဘူးလား။ ကြည့်လေဗျာ။ ဖြစ်ချင် တော့ ကျုပ်တို့မှာ ဘာအပြစ်မှမရှိဘဲ အချောင်ခံနေကြ ရပြီ။ ဟောဒီ အကျဉ်းသားတွေထဲမှာလဲ လူကောင်းတွေ ရှိသလို လူဆိုးတွေလဲ ရှိတာပဲဗျ"

ထိုလူသည် စကားပြောရင်း ဆတ်ခနဲ ထလိုက် ပြီးနောက် ချောင်းတဟွတ်ဟွတ်ဆိုးကာ တဲတစ်ဖက်အစွန် သို့ လျှောက်သွားသည်။

"ဟေ့၊ ဆိုးတေကြီးလားကွ" ကြင်နာသနားဟန် ရှိသော ထိုအသံသည် တဲတစ်ဖက်အစွန်းမှ ပေါ်ထွက်လာ ပြန်၏။ "ဟေ့ကောင်ကြီး၊ ခုပြန်လာသပေါ့လေ ဟုတ် လား။ ဆိုးတေကြီး အံမယ် ချဲနေလိုက်တာ။ မှတ်မိလို့ လားဟင်။ တော်ပြီ တော်ပြီ "

ထိုလူသည် မိမိခြေထောက်ပေါ်သို့ ခုန်တက်နေ သော ခွေးငယ်လေးတစ်ကောင်ကို တွန်းဖယ်ရင်း ၎င်း၏ နေရာသို့ ပြန်လာကာ အိပ်ရာပေါ်တွင် ထိုင်လိုက်၏။ ၎င်း၏ လက်ထဲ၌ကား အဝတ်စုတ်ဖြင့် ထုပ်ထားသော အရာတစ်ခု ပါလာလေသည်။

"ဗျို့ရဲဘော်ကြီး နည်းနည်းစားလိုက်ပါဦးလေဗျာ" ထိုလူသည် ပိယာကို လှမ်းပြောကာ အထုပ်ဖြေ၍ အာလူး ဖုတ်တချို့ကို လှမ်းပေးနေသည်။

"ညစာအတွက် ဟင်းချိုတစ်ပန်းကန် ရတယ်ဗျ။ အာလူးကတော့ ပထမတန်းပဲဗျို့"

ပိယာသည် တစ်နေ့လုံး ဘာမျှမစားခဲ့ရသေးချေ။ အာလူးဖုတ်နံ့သည် အထူးမွှေးကြိုင်လျက် ရှိသည်ဟု ပိယာ ထင်မိ၏။ ပိယာသည် ကျေးဇူးတင်စကားဆိုကာ အာလူးဖုတ်ကို စားနေသည်။

"ဘယ်နယ်လဲ စားလို့ မကောင်းလားဗျာ" ထိုလူမ က ပြုံး၍ မေးလိုက်သည်။ "ဒီလို စားရတယ်ဗျ"

ထိုလူသည် အားလူးတစ်လုံးကို လက်ဝါးပေါ်တင် ကာ မောင်းချစားဖြင့် ထက်ခြမ်း ခြမ်းလိုက်၏။ ထို့နောက် အထုပ်ကလေးထဲမှ ဆားအနည်းငယ်ကို ယူ၍ ဖြူးလိုက်

www.burmeseclassic.com

www.burmeseclassic.com

ပြီး ပီယာကို လှမ်းပေးလိုက်သည်။

"အာလူးတွေကတော့ ပထမတန်းပဲဗျို့။ ဆားလေး ဖြူးစားတော့ ပိုတောင် အရသာရှိသေး"

ပီယာတစ်သက်တွင် ထိုမျှအရသာရှိသော အစာကို တစ်ခါမျှ စားဖူးခဲ့သည် မထင်မိချေ။

"ဟုတ်ကဲ့။ အရသာရှိပါတယ်။ ဒါထက် ဘာဖြစ်လို့ အကျဉ်းသားတွေကို ပစ်သတ်တာလဲဗျ။ နောက်ဆုံး ပစ်သတ်ခံရတဲ့လူဟာ အသက်နှစ်ဆယ်လောက်ပဲ ရှိရှာဦးမယ်"

"အင်း ဝင့်ဝေ ကွးပေါ့လေ။ စကားလုံးများသည် ပါးစပ်ထဲတွင် အဆင်သင့်ရောက်နေသည့်နှယ် အစိအရီ ထွက်လာကြပြန်သည်။

"ရဲဘော်ကြီးကကော မော်စကိုမှာ ဘယ်လိုလုပ် ကျန်ရစ်ခဲ့တာလဲ"

"ကျွန်တော်လဲ ဒီပြင်သစ်ကောင်တွေ ဒီလောက် မြန်မြန် မရောက်သေးဘူးထင်လို့ပဲ။ မတော်တဆ ကျန်နေရစ်တယ်ဆိုပါစို့" ပီယာ ပြောလိုက်၏။

"ရဲဘော်ကြီးက ဘယ်လိုအဖမ်းခံရတာလဲဗျ။ အိမ်ကို လာဖမ်းတာလား"

"မဟုတ်ပါဘူး။ ကျွန်တော် မြို့ထဲလျှောက်ပြီး မီးကြည့်နေတုန်း မီးတုတ်တင်ရှိုတယ်ဆိုပြီး ဆွဲလာတာပဲ"

"အေးလေ။ တရားဥပဒေရှိရင် မတရားဥပဒေဆိုတာလဲ ရှိရမှာပေါ့"ဟု ထိုလူဝိုင်းဝိုင်းက ပြောလိုက်သည်။

"ရဲဘော်ကြီးကကော အဖမ်းခံရတာ တော်တော်ကြာပလား" ပီယာက နောက်ဆုံးအာလူးစိတ်ကို ဝါးရင်း မေးလိုက်သည်။

"ကျုပ်လား။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က အဆွဲခံရတာလေ။ ဆေးရုံက ဆွဲလာတာ"

"ဘာဖြစ်လို့လဲ။ ရဲဘော်ကြီးက စစ်သားလား"

"အယ်ရှာရွန်တပ်ရင်းကလေ။ ဗျားလို့ ဆေးရုံတက်နေတာဗျ။ ကျုပ်တို့လဲ ဘာမှ မသိရဘူး။ ဆေးရုံမှာ မပြောဘူး။ ဘာတွေဖြစ်နေမှန်းလဲ မသိဘူး။ အချောင်အဖမ်းခံလာရတာ"

"ဒီရောက်တော့ စိတ်မညစ်ဘူးလား" ပီယာက မေး၏။

"ညစ်တော့ ညစ်တာပေါ့ ရဲဘော်ကြီးရာ။ ကျုပ်နာမည်ပလာတွန် ကာရာတာယက်ပါ။ ကာရာတာယက်ဆိုရင်လဲ ရပါတယ်" ထိုလူက ပီယာ အခေါ်ရ လွယ်စေလိုဟန်ဖြင့် နာမည်အတိုကောက်ကို ပြောလိုက်သည်။

"တပ်ထဲမှာတော့ ကျုပ်ကို 'ကျိုးသိမ်း'လို့ ခေါ်ကြပါတယ်။ မညစ်ဘူးရယ်လို့ ဘယ်ရှိမလဲဗျာ။ မော်စကိုမြို့ဟာ မြို့တကာတို့၏ မိခင်လို့ ဆိုကြသမှုလား။ ဒီလိုအခြေအနေကြီး မြင်လိုက်ရတော့ စိတ်မညစ်ဘဲ ဘယ်နေနိုင်ပါ့မလဲ။ ဒါပေမဲ့ 'ပိုးလောက်လန်းများ မုန်လာစားက မုန်လာမသေလောက်လန်းသေ၏'တဲ့ဗျ။ ရှေးကလူကြီးများပြောသံကြားဖူးတယ်"

"ဘာဗျ၊ အဓိပ္ပာယ်က ဘာတဲ့လဲ" ပီယာက မေးသည်။

"ဗျာ့" ကာရာတာယက်က ဆိုသည် "ကျုပ်တို့ ကြံစည်တိုင်း မဖြစ်း ဘုရားသခင် ဖန်တီးတဲ့အတိုင်းသာ ဖြစ်ကြရတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ဗျာ" ကာရာတာယက်က ခပ်စောစောက ငင်းပြောသည့်စကား၏ အဓိပ္ပာယ်နှင့် အတူတူဖြစ်သည်ဟု ယူဆလျက် ပီယာကို ပြန်ပြောလိုက်သည်။ ထို့နောက် ဆက်၍

"ဒါထက် နေစမ်းပါဦး။ ရဲဘော်ကြီးကကော၊ ရဲဘော်ကြီးမှာ ပိုင်စားနယ်မြေတွေ ဘာတွေ ရှိသလား။ ကိုယ့်အိုး ကိုယ့်အိမ်နဲ့ပေါ့နော်။ ဒီလိုဆို ရဲဘော်ကြီးက ဖူဖူလုံလုံပေါ့။ အိမ်ရှင်မများကော ရဲဘော်ကြီးရဲ့ မိဘများကော ရှိကြသေးသလား"

မှောင်မည်းလျက်ရှိသော်လည်း ထိုမေးခွန်းများကို မေးမြန်းလျက် ရှိချိန်၌ ထိုလူဝိုင်းဝိုင်း၏ နှုတ်ခမ်းပေါ်တွင် ကြင်နာတတ်သော အပြုံး ရစ်ဝဲနေပေလိမ့်မည်ဟု ပီယာထွေးမိ၏။ ပီယာတွင် မိဘများ မရှိတော့။ အထူးသဖြင့် မိခင်မရှိတော့ဟု ကြားရသောအခါ၌ ထိုလူဝိုင်းဝိုင်းသည်များစွာ စိတ်မကောင်း ဖြစ်သွားပုံရသည်။

"ဇနီးကို တိုင်ပင်ရဦး၏။ ယောကျ်ားမကို ကြိုဆိုရဦး၏။ အမိကို မြတ်နိုးရဦး၏တဲ့ဗျ။ မိခင်လောက် ချစ်မြတ်နိုးအပ်သူတော့ မရှိဘူးဗျ။ ဒါထက် သားသမီးများကော"

သားသမီး မရှိဟူသော ပီယာ၏ စကားကြားသော် ထိုလူဝိုင်းဝိုင်းသည် ပီယာ့အတွက် တစ်ဖန် စိတ်မကောင်းဖြစ်သွားဟန် တူပြန်သည်။ ပြီးမှဆက်၍–

www.burmeseclassic.com

www.burmeseclassic.com

"ကိစ္စမရှိပါဘူးလေ။ ရဲဘော်ကြီး ငယ်ငယ်ရှိသေးတာပဲ ရန်ိုင်ပါသေးတယ်။ အရေးကြီးတာက အိမ်ထောင်ရေးသုခ"

"ခုတော့ မထူးတော့ပါဘူးဗျာ။ အဖမ်းခံနေရပြီပဲ" ပီယာက ညည်းလိုက်သည်။

"အို ဒီလို မဟုတ်သေးဘူးလေဗျာ။ ရဲဘော်ကြီးရဲ"

ကာရာတာယက်က ပြောလိုက်သည်။ "အကျဉ်းထောင်နဲ့ သူတောင်းစားရဲ့ခွက်ကို မငြင်းပယ်ကောင်းဘူးတဲ့ဗျ"

ထိုလူဝိုင်းဝိုင်းသည် စကားရှည်ရှည် ပြောမည့်ဟန် နေရာပြင်လိုက်ပြီးနောက် ချောင်းဆိုးလိုက်သည်။

"ကျုပ်အကြောင်းကတော့ ဒီလိုရဲဘော်ကြီးရေ့" ၎င်းက စကားစလိုက်သည်။ "ကျုပ်တို့မှာ အိမ်လေးတစ်ဆောင်နဲ့ မြေကလေးယာကလေး အသင့်အတင့်ရှိသဗျ။ လယ်သမားအလျောက် ကောင်းကောင်းမွန်မွန်လေး နေနိုင်တယ်ဆိုပါတော့ဗျာ။ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ကျေးဇူးကြောင့် အဖေရယ် ကျုပ်ရယ်က လယ်လုပ်ကြတယ်ဗျ။ မွေးချင်းက ခုနစ်ယောက်။ အားလုံး၊ အေးအေးဆေးဆေးပါပဲ။ လယ်သမားပီပီပေါ့လေ။ ဒါပေမဲ့ ဖြစ်ချင်တော့"

ကာရာတာယက်က သူတစ်ပါး၏ သစ်တောထဲဝင်၍ ထင်းခုတ်မိပုံ၊ သစ်ပင်လဲစဉ် ဖမ်းမိပုံ၊ တရားစွဲခံရပုံ၊ ကြိမ်ဒဏ်ရိုက်ခံရပုံ၊ ထို့နောက် စစ်တပ်ထဲ လိုက်လာရပုံ စသည့် ၎င်း၏ အတ္ထုပ္ပတ္တိရှည်ကြီးကို ပြောပြလေသည်။

"ရဲဘော်ရေ ဖြစ်ချင်တော့" ကာရာတာယက်၏ အပြုံးသည် ၎င်း၏ အသံနေအသံထားကို ပြောင်းသွားစေသည်ဟု ထင်ရ၏။ "အစတုန်းက ဂြိုဟ်ဆိုးဝင်တယ်လို့ အောက်မေ့ခဲ့မိတာ။ နောက်တော့ လာဘ်တိုက်တာ ဖြစ်နေသဗျ။ တကယ်လို့ ကျုပ်သာ သူများတောထဲဝင်ပြီး ထင်းလဲမခုတ်မိခဲ့ဘူးဆိုရင် တရားစွဲလဲ ခံရမှာ မဟုတ်ဘူး။ စစ်တပ်ထဲလဲ ရောက်လာမှာမဟုတ်ဘူး။ ကျုပ် စစ်ထဲမရောက်ရင် ဘယ်သူရောက်မလဲ ကျုပ်ညီပဲ ရောက်ရတော့မပေါ့ဗျ။ ကျုပ်တို့မွေးချင်းထဲက စစ်ထဲကို တစ်ယောက်မဝင်ရင် တစ်ယောက်ယောက်တော့ ဝင်ရမှာပဲ။ ခုတော့ ကျုပ်လိုက်လာရတဲ့အတွက် ကျုပ်ညီ သက်သေသွားပြီလေ။ ကျုပ်ညီသာ စစ်ထဲလိုက်ရရင် ဒီကောင်မှာ ကလေးငါးယောက်နဲ့ဗျ။ ကျုပ်ကတော့ လင်ကို မယားကို။ ဘာကိုစွဲရှိမလဲ။ ကျုပ်တို့မှာ သမီးလေးတစ်ယောက်တော့ ရဖူးသဗျ။ ဒါပေမဲ့ သမီးလေး သက်ဆိုးမရှည်ရှာဘူး။ ကျုပ်စစ်ထဲမဝင်ခင်ကတည်းက ဆုံးသွားတယ်။ ဒါနဲ့ ကျုပ်လဲ တပ်ကခွင့်ယူပြီး ပြန်သွားရော။ ဘယ်လိုဖြစ်နေတယ်ထင်သလဲ။ တစ်အိမ်လုံးဟန်ကျလို့ဗျာ။ အရင်ကထက် စီးပွားရေးကောင်းလို့ ခြံထဲမှာဆိုလဲ ကျဲတွေ၊ နွားတွေနဲ့။ မိန်းမတွေဆိုတာလဲ ရွှေတွဲလဲ၊ ငွေတွဲလဲ။ ညီအငယ်ကောင် နှစ်ယောက်ကလဲ တခြားသွားအလုပ်လုပ်နေကြတယ်။ သူတို့ ဝင်ငွေကလေးနဲ့သူတို့ပေါ့လေ။ အငယ်ဆုံးကောင် မိုက်ခဲတစ်ယောက်ပဲ အိမ်မှာ အဖေနဲ့အတူ ကျန်ရစ်တယ်။ အဖေကတော့ ဘယ်သားသမီးဖြစ်ဖြစ် အတူတူချစ်တာပါပဲကွာတဲ့။ ဘယ်လက်ချောင်းကို ဖြတ်ဖြတ် နာတာချည်းပါပဲတဲ့။ မင်း စစ်ထဲလိုက်မသွားရင်လဲ မိုက်ခဲလိုက်ရမှာပါပဲတဲ့။ ကျုပ်ရောက်သွားတော့ အဖေက ကျုပ်တို့တစ်တွေကို ခေါ်ပြီး ဘုရားရှေ့မှာ သစ္စာဆိုခိုင်းတယ်။ ပြီးတော့ မိုက်ခဲရော၊ ချွေးမတွေရော၊ မြေးတွေရော ဘုရားရှေ့မှာ သစ္စာဆိုခိုင်းတယ်။ ပြီးတော့ တို့ ခုလို ကောင်းကောင်းမွန်မွန်နေနိုင်တာ ဘုရား၊ တရားဂုဏ်ကျေးဇူးကြောင့်တဲ့။ အဖြစ်ကတော့ ဒီအတိုင်းပဲ ရဲဘော်ကြီးရေ့၊ သူ့ကြမ္မာနဲ့သူ ဖြစ်လာကြတာပဲ။ ကျုပ်တို့ကြိတိုင်း ဖြစ်တာ မဟုတ်ဘူး။ မကြိဘဲနဲ့လဲ ဖြစ်ချင်ဖြစ်လာတာပဲ။ ကံဆိုတာ မျှောပိုက်ထဲက ရေလိုပဲဗျ။ မျှောထားရင် ပိုက်ထဲရေတွေဝင်ပြီးဖောင်းနေတယ်။ ဆွဲလဲ ဆွဲလိုက်ရော၊ ဘာမှမပါလာတော့ဘူး။ ဒီလိုပဲ ရဲဘော်ကြီးရေ့"

ကာရာတာယက်သည် ကောက်ရိုးအခင်းပေါ်တွင် နေရာရွေ့ထိုင်လိုက်ပြန်သည်။ အတန်ကြာ တိတ်ဆိတ်နေပြီးနောက် ထိုင်ရာမှ ထလိုက်ရင်း

"ကဲ ရဲဘော်ကြီးလဲ အိပ်ချင်ရော့မယ်"ဟု ဆိုကာ လက်နှစ်ဖက်ယှဲက်၍ ဆုတောင်းပြီးနောက် တတွတ်တွတ် ရွတ်နေသည်။

"ဘုရားသခင် ကိုယ်တော်မြတ်ကြီးနှင့်တကွ ရှင်နိကိုလတ်၊ ရှင်ဖရိုလာ၊ ရှင်လာဗရာ ကိုယ်တော်မြတ်တို့ ဘုရား။ ဘုရားသခင်ကိုယ်တော်မြတ်နှင့်တကွ ရှင်နိကိုလတ်၊ ရှင်ဖရိုလာ၊ ရှင်လာဗရာ ကိုယ်တော်မြတ်တို့ဘုရား။ ဤသို့ ဖူးမြော်ပူဇော်ကန်တော့ရသော အကျိုးကြောင့်

www.burmeseclassic.com

www.burmeseclassic.com

တပည့်တော်အား သနားစောင်မတော်မူပါဘုရား။ ဝဠုဆင်းရဲမှ လွတ်မြောက်ရပါလို၏ ဘုရား”

ကာရာတာယက်သည် မြေကြီးအထိ ဦးခိုက်ကန်တော့ပြီးနောက် ထိုင်ရာမှထပြီး သက်ပြင်းတစ်ချက်ချကာ ၎င်း၏ ကောက်ရိုးပုံပေါ်တွင် ထိုင်ချလိုက်ပြန်သည်။

“ဘုရားသိကြားမလို့ တပည့်တော်အား ညတွင်ကျောက်တုံးကြီးလို လေးလေးကြီး အိပ်ပျော်ပြီး မနက်မှာ ပေါင်မိန့်လေးလို ပေါ့ပေါ့ပါးပါး နိုးလာပါစေဗျား”

ကာရာတာယက်သည် ဤသို့ ဆုတောင်း၍ လှဲချလိုက်ကာ ၎င်း၏ ဝတ်ရုံအင်္ကျီကြီးကို ဆွဲခြုံလိုက်သည်။

“ဘာတွေ ရွတ်နေသလဲဗျ” ပီယာက မေးလိုက်သည်။

“အင်” ခပ်မှေးမှေးပျော်စပြုနေသော ကာရာတာယက်က အိပ်ချင်မူးတူးသံဖြင့် ဆိုလိုက်သည်။ “ကျုပ်လား ဆုတောင်းတာလေ။ ရဲဘော်ကြီးကော ဆုမတောင်းဘူးလား”

“ကျွန်တော်လား တောင်းပါတယ်။ ဒါပေမဲ့ ရှင် ဖရိုလာတို့၊ ရှင်လာဗရာတို့ဆိုတာ ဘာတွေလဲ”

“ဩော် ဒါတွေလား” ကာရာတာယက်က ခပ်သွက်သွက်ပြောလိုက်၏။ “မြင်းစောင့်တဲ့နတ်တွေလေ။ တိရစ္ဆာန်တွေအတွက်လဲ ဆုတောင်းရသေးတယ်ဗျ။ အံမာဆိုးတေကြီးလားကွ၊ ဟုတ်လား။ ငါ့နား လာခွေပြီး ဓိမ်ကျနေသပေါလေ။ ခွေးမသား” ကာရာတာယက်က ၎င်း၏ ခြေရင်းတွင် လာအိပ်နေသည့် ခွေးငယ်ကို ခြေဖြင့် တို့၍ ပြောလိုက်၏။ ထို့နောက် တစ်ဖက်သို့ စောင်းကာ တရှူးရှူးဖြင့် ချက်ချင်း အိပ်ပျော်သွားလေသည်။

ခပ်ဝေးဝေးမှ ငိုသံများ၊ ငယ်သံပါအောင် အော်သံများကို သဲ့သဲ့ကြားရ၏။ မီးတောက်များကို တဲနံရံစပ်ကြားမှ မြင်နေရလေသည်။ သို့ရာတွင် တဲထဲ၌ကား မည်းမှောင်တိတ်ဆိတ်လျက် ရှိ၏။ ပီယာသည် တော်တော်နှင့် အိပ်မပျော်ချေ။ မျက်လုံးအကြောင်သားဖြင့် အမှောင်ထဲသို့ စူးစိုက်ကြည့်လျက်ရှိရာမှ မိမိဘေးတွင် တရှူးရှူးနှင့် အိပ်ပျော်လျက်ရှိသည့် ကာရာတာယက်၏ ဟောက်သံကို နားထောင်လျက် ရှိလေသည်။ ပြိုကွဲပျက်စီးခဲ့သော ကမ္ဘာလောကကြီးသည် မိမိ၏ ဝိညာဉ်တွင်း၌ အသစ်ဖြစ်သော လှပတင့်တယ်ခြင်းကို ဆောင်ကာ အသစ်ဖြစ်၍ ခိုင်မြဲသော အခြေခံတစ်ခုပေါ်တွင် မွေးဖွားပေါ်ပေါက်လျက် ရှိသည်ဟု ထင်မှားလျက်ရှိပေသည်။

အခန်း ၁၃

ပီယာသည် ထိုတဲပျက်ကလေးတွင် လေးပတ်မျှ အချုပ်ခံခဲ့ရာ၌ ၎င်းနှင့်အတူ စစ်သားနှစ်ဆယ့်သုံးယောက် စစ်ဗိုလ်သုံးယောက်၊ အရပ်သားအရာရှိနှစ်ယောက်တို့နှင့် အတူနေခဲ့ရသည်။

နောက်တွင် ၎င်းတို့အကြောင်းကို ပြန်စဉ်းစားလိုက်သောအခါ၌ ကာရာတာယက်မှအပ ကျန်လူများကို ကောင်းစွာ မှတ်မိတော့ခြင်း မရှိဘဲ ခပ်ဝါးဝါးဖြစ်လျက် ရှိလေသည်။ ကာရာတာယက်ကိုကား ပီယာမမှတ်မိဘဲ မနေနိုင်ချေ။ ၎င်း၏အာရုံ၌ ကာရာတာယက်သည် အပီပြင်ဆုံး၊ မြတ်နိုးစရာ အကောင်းဆုံး ရုပ်သွင်တစ်ခု ဖြစ်လျက်ရှိသည်။ ရုရှားမူ ရုရှားဟန်မှန်သမျှကို ကိုယ်စားပြုရာ ရုပ်သွင်တစ်ခု ဖြစ်လျက်ရှိလေသည်။ နောက်တစ်နေ့ အရုဏ်တက်တန်းစီကြ၍ ၎င်းနှင့်အိပ်ရာချင်းကပ် အိပ်သူကို မြင်လိုက်ရသောအခါ၌ ကာရာတာယက်အား ဝိုင်းဝိုင်းလူတစ်ယောက်ဟု ပီယာ ယမန်နေ့ညက ထင်ခဲ့သော အထင်သည် သွေးထွက်အောင်မှန်လျက် ရှိခြင်းကို တွေ့ရလေသည်။ ပြင်သစ်ဝတ်ရုံအင်္ကျီကြီးကို ခါးစည်းဝတ်ထားလျက် စစ်သားဆောင်းဦးထုပ်နှင့် လျှော်ဖိနပ်တို့ ဆင်ယင်ထားသည့် ကာရာတာယက်၏ ပုံသဏ္ဌာန်တစ်ခုလုံးသည် ဝိုင်းဝိုင်းကြီး ဖြစ်လျက် ရှိ၏။ ၎င်း၏ခေါင်းကလည်း ပြားပြားဝိုင်းဝိုင်းကြီးဖြစ်၏။ ၎င်း၏ ကျောပြင်၊ ရင်အုပ်နှင့် တကွ တစ်စုံတစ်ခုကို ဆီးကြိုရန် အသင့်ဖြစ်နေသည့် ဟန်ရှိသော ၎င်း၏လက်မောင်းများ အားလုံးတို့သည် ဝိုင်းဝိုင်းကြီး ဖြစ်၏။

၎င်းပါဝင်တိုက်ခိုက်ခဲ့ဖူးသောတိုက်ပွဲများအကြောင်းကို စစ်သားဟောင်းကြီးလေသံဖြင့် ပြောပုံကို ထောက်လျက် ကာရာတာယက်မှာ အသက်ငါးဆယ့်ခန့် ရှိလောက်ပေပြီ။ ၎င်းကိုယ်တိုင်မှာကား အသက်မည်မျှရှိပြီကို သိလည်း မသိ။ ခန့်မှန်းခြင်းလည်း မပြုတတ်ချေ။ သို့ရာတွင် ရယ်လိုက်လျှင် စက်ဝိုင်းခြမ်းနှစ်ခု ထပ်ထားသည့်နှယ် (ကာရာတာယက်သည် မကြာခဏလည်း ရယ်မောလေ့ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com

အထင်းသား ပေါ်လာကြသည့် ဖြူဖွေးခိုင်မာသော သွားများမှာ အကောင်းပကတိရှိကြသေးသည်။ ဆံပင်နှင့် မုတ်ဆိတ်တို့တွင် အမွေးအမှင်တစ်ပင်မျှ မဖြူသေး။ ၎င်း၏ခန္ဓာကိုယ်ကလည်း ပျော့ပျော့ဟန် အထူးသဖြင့် ကြံ့ခိုင်ဟန်နှင့် အပင်ပန်းခံနိုင်ဟန်ကို ဖော်ပြလျက် ရှိလေသည်။

၎င်း၏မျက်နှာပေါ်တွင်မူ အရေးများ ထင်စပြုလေပြီ။ သို့တိုင်အောင် သူ့မျက်နှာသည် နုနယ်ပျိုမျစ်ခြင်းနှင့် သဘောဖြူ အူစင်ရှိခြင်းတို့ကို ဖော်ပြလျက်ရှိလေသည်။ ၎င်း၏အသံသည် ချိုသာ၍ နားထောင်ကောင်းသော အသံမျိုးဖြစ်၏။ စကားပြောလျှင် ပွင့်လင်း၍ အချက်ကျကျ ပြောတတ်သည်။ ကာရာတာယက်သည် မိမိ မည်သည့် စကားကို ပြောခဲ့သည်ဟုလည်း မှတ်မိပုံမရ။ မည်သည့် စကားကို ပြောအံ့ဟုလည်း ကြိုတင်စဉ်းစားဟန် မရှိချေ။ ၎င်း၏ လေယူလေသိမ်း သဘာဝသဘာဝကျတို့သည် မြန်လည်း မြန် နားထောင်၍ မငြိုးနိုင်အောင်လည်း ရှိပါသည်။

အဖမ်းခံရပြီး ခပ်စောစောရက်များ၌ ကာရာတာယက်၏ ကြံ့ခိုင်တောင့်တင်းပုံ၊ ဖျတ်လတ်သွက်လက်ပုံကား အံ့ဩစရာပင် ကောင်းတော့သည်။ မကျန်းမာခြင်းနှင့် မောပန်းနွမ်းနယ်ခြင်း စသည်တို့ကို နားမှလည်ပါလေစဟုပင် ထင်ရတော့သည် ညပိုင်း အိပ်ရာဝင်ခါနီးလောက် ဆိုလျှင် ကာရာတာယက်သည် ဘုရားရှိခိုးကာ "ဘုရား သခင်ကိုယ်တော်မြတ်ကြီးဘုရား၊ တပည့်တော်အား ညတွင်းကျောက်တုံးကြီးလို လေးလေးကြီးအိပ်ပျော်ပြီး မနက်တွင် ပေါ်မုန့်လေးလို ပေါ့ပါးနေအောင် မြှင်းမတော်မူပါဘုရား" ဟု ဆုတောင်းလေ့ရှိပြီး နံနက်လင်း၍ နိုးလာနှင့် "ကျုပ်တော့ ခွေလဲအိပ်လိုက်ပြီး ခါထလာတာပဲဗျ"ဟု ပြောလေ့ရှိသည်။ ၎င်းပြောသည့်အတိုင်းလည်း မှန်ပါသည်။ ကာရာတာယက်သည် လဲချလိုက်သည်နှင့် ကျောက်တုံးကြီးကဲ့သို့ တုတ်တုတ်မျှ မလှုပ်ဘဲ အိပ်ပျော်သွားသည်သာ ဖြစ်လေသည်။ ကလေးငယ်များသည် အိပ်ရာမှ နိုးလာသည်နှင့် တစ်ပြိုင်နက်တည်း ဆော့ရန် အဆင်သင့်ဖြစ်နေကြသကဲ့သို့ ကာရာတာယက်သည်လည်း အိပ်ရာမှ လှုပ်ခါထလာသည်နှင့် တစ်ပြိုက်နက် ချက်ချင်း အလုပ်တစ်ခုခုကို ကောက်လုပ်တတ်သည်သာ ဖြစ်လေသည်။ ကာရာတာယက်သည် စပ်စပ်စပ်စပ် အကုန်လုပ်တတ်သည်။ အကောင်းကြီး မဟုတ်သည့်တိုင်း အဆိုးကြီးလည်းမဟုတ်။ ကာရာတာယက်သည် ပေါင်မုန့်လည်းဖုတ်တတ်၏။ ဟင်းလည်း ချက်တတ်၏။ အချုပ်အလုပ်လည်းတတ်၏။ လက်သမားလည်း တတ်၏။ ဖိနပ်လည်း ချုပ်တတ်သေးသည်။ ၎င်းကိုကြည့်လျှင် အမြဲတမ်း အလုပ်များလျက်ရှိလေသည်။ ညကျမှသာလျှင် (၎င်းနှစ်သက်သော) စကားပြောခြင်း သီချင်းဆိုခြင်း စသည်တို့အတွက် အလှည့်ပေးသည်။ သို့ရာတွင် ကာရာတာယက်သီချင်းဆိုပုံမှာ မိမိအသံကို လူတွေက ဝိုင်းနားထောင်လိမ့်မည်ဟု သိနေသော အဆိုတော်တစ်ယောက်၏ ဆိုပုံမျိုးမဟုတ်ဘဲ ငှက်ကလေးများ ဘာသာဘာဝ တေးဆိုသကဲ့သို့ ၎င်းအလိုအလျောက် ဆိုခြင်းမျိုးသာဖြစ်လေသည်။ လူတစ်ယောက်သည် ညောင်းညာသောအခါ၌ ခြေဆန့်လက်ဆန့်ပြုခြင်း၊ လမ်းလျှောက်ခြင်းစသည်တို့ကို ပြုသကဲ့သို့ ကာရာတာယက်သည်လည်း ငြီးငွေ့လာသောအခါ၌ ၎င်း၏ ငြီးငွေ့ မှုကို ပြေပျောက်စေရန် သီဆိုခြင်းသာဖြစ်လေသည်။ ၎င်းသီဆိုသည့် သီချင်းများမှာ အများအားဖြင့် လှိုက်လှိုက်လဲ့လဲ့ဆိုရသော သီချင်းများသာဖြစ်သည်။ ထိုအချိန်မျိုး၌ ၎င်း၏မျက်နှာသည် လေးနက်သောအသွင်ကို ဆောင်လျက်ရှိတတ်သည်။

ကာရာတာယက်သည် အဖမ်းခံရကတည်းက မုတ်ဆိတ်ရိတ်ခြင်း မပြုတော့ဘဲ အရှည်ထားလိုက်လေပြီ။ မိမိ၏ ပင်ကိုစရိုက်နှင့် အပ်စပ်ခြင်း မရှိဘဲ မလွဲမရှောင်သာ ကျင့်သုံးနေရသည့် စစ်သားအလေ့အကျင့်၊ အပြောအဆိုအနေ အထိုင်အားလုံးကိုလည်း စွန့်လွှတ်လိုက်လေပြီ။ အချုပ်ထဲရောက်ကတည်းက ကာရာတာယက်သည် ၎င်း၏လယ်သမားစရိုက်တိုင်း ပြန်လည်နေထိုင်ခြင်း ပြုခဲ့လေသည်။

"တပ်ပြန်ရင် စစ်သား၊ အိပ်ပြန်ရင် လယ်သမားပေါ့ဗျာ"ဟု ကာရာတာယက်က ပြောလေ့ရှိသည်။

ကာရာတာယက်သည် ၎င်း၏ စစ်သားဘဝအကြောင်းကို ပြောလိုစိတ်ရှိဟန်မတူ လှချေ။ သို့ရာတွင် စစ်သားဘဝကို စိတ်ပျက်ညည်းညူခြင်းလည်းမရှိ။ မိမိစစ်မှုထမ်းဘဝတွင် တစ်ခါမျှ အရိုက်မခံဖူးကြောင်းကိုကား မကြာခဏ ပြောပြလေ့ရှိ၏။ ကာရာတာယက်သည် ၎င်းမိဘများ၏ လယ်သမားအလုပ်ကို "ဘုရားကြိုက်၊ နတ်ကြိုက်" အလုပ်ဟု ဆိုကာ လယ်သမားဘဝအကြောင်းကိုကား စိတ်ပါလက်ပါ ပြောပြတတ်သည်။ ကာရာတာ

www.burmeseclassic.com

www.burmeseclassic.com

ယက်သည် စကားပြောလျှင် စကားပုံကလေးများ ညှပ်၍ ပြောလေ့ရှိ၏၊ သို့ရာတွင် ၎င်း၏စကားပုံများမှာ စစ်သားများ ပြောလေ့ရှိသော ညစ်ညမ်းရိုင်းစိုင်းသည့်စကားပုံများ မဟုတ်ချေ။ လယ်သမားများ ပြောလေ့ရှိသည့် စကားပုံများ ဖြစ်၍ စကားချည်း သီးခြားကြည့်လျှင် ဘာမျှအဓိပ္ပာယ် မရှိ ထင်ရသော်လည်း သူ့နေရာနှင့်သူ ဆီလျော်အောင် သုံးလိုက်သည့်အခါတွင်မူ အလွန်လေးနက်သော အဓိပ္ပာယ်ကို ဆောင်လာကြလေသည်။

ကာရာတာယက်သည် ၎င်းပြောသည့်စကားကို မည်သည့်အခါမျှ မမှတ်မိချေ။ တစ်နေ့က စကားတစ်ခွန်း ပြောထား၍ နောက်တစ်နေ့တွင် ထိုစကားနှင့် ပြောင်းပြန် ပြောလာပြောတတ်သည်။ သို့ရာတွင် အားလုံး သူ့အကြောင်းပြချက်နှင့် သူ အမှန်ချည်းသာ ဖြစ်လေသည်။ ကာရာတာယက်သည် စကားလည်း အလွန်ပြောသည်။ ပြောလျှင်လည်း ပုံတိုပတ်စလေးတွေ၊ စကားပုံကလေးတွေနှင့် ဝေဝေဆာဆော ပြောတတ်လေရာ စကားပုံကလေးများကို သူ့ဘာသာ တီထွင်၍ ပြောလေသလားဟုပင် ပီယာထင်မိသေး၏။ သို့ရာတွင် ကာရာတာယက် စကားပြောကောင်းဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ အလွန်ရိုးလှသော အဖြစ်အပျက်များ(ရိုးလွန်းသည့်အတွက် ပီယာကိုယ်တိုင် တွေ့ကြုံနေရသော်လည်း စကားထဲထည့်ပြောလောက်သည်ဟုပင် မထင်မိပါ) ကို နားထောင်ချင့်စဖွယ်ဖြစ်အောင် ပြောတတ်ခြင်းပင် ဖြစ်လေသည်။ ကာရာတာယက်သည် ညနေတိုင်း စစ်သားတစ်ယောက် ပြောပြတတ်သော ပုံတိုပတ်စကလေးများ နားထောင်ရခြင်းကိုလည်း သဘောကျသည်။ (အမှန်အားဖြင့် ပုံတိုပတ်စများမှာ မည်းပြာပုဆိုးချည်း ဖြစ်ပါသည်) ၎င်းအနှစ်သက်ဆုံးကား ဘဝတွင် တကယ်ကြုံတွေ့ရသည့် အဖြစ်အပျက်များပင် ဖြစ်သည်။ ဤအရာမျိုးကို နားထောင်ရမည်ဆိုလျှင် စားရသောက်ရမှန်းမသိ တပြုံးပြုံးနှင့် ဖြစ်နေသည်။ တစ်ခါတစ်ရံတွင်လည်း ရုင်းရုင်းလင်းလင်း ရှိပါလျက်နှင့် အဖြစ်အပျက်၏ သဘာဝယုတ္တိကို ပေါ်လွင်စေလိုသည့်နှယ် မေးခွန်းများမေးခြင်း၊ ဝင်ထောက်ခြင်း စသည်တို့ကို ပြုလုပ်တတ်သည်။ ကာရာတာယက်၌ တွယ်တာမှုဟူ၍လည်း ရှိဟန်မတူ၊ ရင်းနှီးမှုဟူ၍လည်း ရှိဟန်မတူ။ ပီယာ နားလည်ထားသော ချစ်ခင်မှုမျိုး ဟူ၍လည်း ရှိဟန်မတူချေ။ သို့ရာတွင် မိမိနှင့် ပတ်သက်လာသမျှကိုကား ချစ်ခင်တတ်သည်။ အကျမ်းတဝင် ဆက်ဆံခြင်းပြုသည်။ မည်သူ့ကိုမျှ ထူး၍ ချစ်ခင်ရင်းနှီးခြင်းမရှိ။ တွေ့သမျှလူတိုင်းကို ချစ်ခင်ရင်းနှီးစွာ ဆက်ဆံလေ့ရှိသည်။ ကာရာတာယက်သည် ၎င်း၏ခွေးငယ်ကိုလည်း ချစ်သည်။ ရဲဘော်များကိုလည်း ချစ်သည်။ ပြင်သစ်စစ်သားကိုလည်း ချစ်သည်။ မိမိ၏ အိပ်ရာနီးချင်း ပီယာကိုလည်း ချစ်သည်။ သို့ရာတွင် ကာရာတာယက်သည် ပီယာအား မည်မျှခင်မင်ရင်းနှီးစေကာမူ (၎င်း၏ခင်မင်မှုကြောင့် ပီယာ့အဖို့ စိတ်သက်သာရာရက လောကကြီးတွင် နေပျော်ထိုင်ပျော် ဖြစ်လာသည်မှာကား အမှန်ပင် ဖြစ်ပါသည်။) အကြောင်းကြောင်းကြောင့် ကွဲသွားကြလျှင်လည်း နည်းနည်းလေးမျှ ဝမ်းနည်းမည့် လူစားမျိုးမဟုတ်ဟု ပီယာ ထင်မိသည်။ ပီယာကလည်း ကာရာတာယက်နှင့် ပတ်သက်လာလျှင် ထိုနည်းအတူပင် ဖြစ်ပေသည်။

အခြား အကျဉ်းသားများအမြင်၌ကား ကာရာတာယက်သည် သူလိုကိုယ်လိုလူစားသာ ဖြစ်၏။ ၎င်းတို့သည် ကာရာတာယက်ကို "ဂျိုးသိမ်း" ဟု ခေါ်ကြ၏။ နောက်ပြောင်ကျိစယ်ခြင်း ပြုကြ၏။ ခိုင်းစရာရှိလျှင် ခိုင်းကြ၏။ သို့ရာတွင် ပီယာ့အဖို့သော်ကား ကာရာတာယက်သည် မိမိရောက်စ ပထမညတွင် တွေ့ရသော နားလည်ရခက်သည့် ပုပုဝိုင်းဝိုင်းလူ၊ ရိုးသားခြင်းနှင့် မှန်ကန်ခြင်းတို့ကို ကိုယ်စားပြုသူအဖြစ်သာ စွဲကျန်ရစ်ခဲ့လေသည်။

ကာရာတာယက်သည် ဘုရားရှိခိုးမှလွဲ၍ အခြားဘာကိုမျှလည်း နှုတ်တိုက်မရချေ။ စကားပြောလျှင်လည်း မည်သို့ နိဂုံးချုပ်ရမည်ကို နားမလည်ချေ။

တစ်ခါတစ်ရံတွင် ပီယာက ၎င်း၏ စကားများကို သဘောကျသဖြင့် ထပ်အပြောခိုင်းတတ်သည်။ သို့ရာတွင် ကာရာတာယက်ကား ခပ်စောစောက ၎င်းပြောခဲ့သည့် စကားကို မမှတ်မိတော့ပြီ။ ကာရာတာယက်သည် ၎င်း၏ အသည်းစွဲ သီချင်းစာသားများကိုရသော်လည်း စာသားချည်း အလွတ်ပြောပါဆိုလျှင် မပြောတတ်တော့ချေ။ ထိုသီချင်းများထဲတွင် "မွေးရပ်ဌာနေ" သစ်ဖြူပင်" ဆွေးရတော့သည်"ဆိုသော စကားလုံးများ ပါသော်လည်း အသံမပါဘဲ စာသားချည်း ပြောပါဆိုလျှင် မပြောတတ်တော့

www.burmeseclassic.com

www.burmeseclassic.com

ချေ။ အကြောင်းအရာနှင့် ခွဲပြီး စကားလုံးချည်းဆိုလျှင် အဓိပ္ပာယ်ကို နားမလည်တော့ချေ။ ၎င်း၏စကား၊ ၎င်း၏ အမူအရာဟူသမျှသည် ၎င်းကိုယ်တိုင် နားလည်နိုင်ခြင်း မရှိသော ဘဝတည်းဟူသော လှုပ်ရှားမှုနှင့် ကင်းလျှင် ဘာမျှ အဓိပ္ပာယ်မရှိတော့ချေ။ သို့ရာတွင် ၎င်း၏ ဘဝသည်လည်း အခြားအရာများနှင့် ကင်းလျှင် အဓိပ္ပာယ် ရှိသည်ဟု မထင်မိချေ။ ၎င်း၏ ဘဝသည်အခြားအရာများနှင့် ဆက်စပ်နေခြင်းကြောင့်သာ အဓိပ္ပာယ်ကိုရှိသည်ဟု ကာရာတာယက် ယူဆသည်။ သင်းပျံ့သောရနံ့သည် ပန်းပွင့်မှ ပေါ်ထွက်လာသကဲ့သို့ ၎င်းထံမှ အလိုအလျောက် မှန်မှန်ကြီး ပေါ်ထွက်လာခြင်း ဖြစ်လေသည်။ ပတ်ဝန်းကျင်အရာများနှင့် တစ်ပြိုင်နက် စကားလုံးတစ်လုံး သို့မဟုတ် အလုပ်တစ်ခုတို့သည် ကာရာတာယက်အဖို့ အရေးမကြီးတော့ပြီ။ တန်ဖိုးမရှိတော့ပြီ။

အခန်း ၁၄

ယာရိုစလာဗာ၌ မြို့စားကြီး ရော့စတောဗ်တို့နှင့် အတူ မောင်တော်မင်းသားကလေး အင်ဒရေရှိနေသည်ဟု နီကိုလေထံမှ ကြားရသောအခါတွင် မင်းသမီးကလေးမေရီသည် ၎င်းထံလိုက်သွားရန် ချက်ချင်းပြင်ဆင်လျက် ရှိလေသည်။ တူတော် "ဘိုးအေချစ်" မင်းသားလေးကို ခေါ်ဆောင်ခြင်း မပြုရန် ၎င်းကိုယ်တိုင်လည်း မသွားရန် အရီးတော်က အတန်တန်တားမြစ်သော်လည်း မရချေ။ သွားရေးလာရေးကိစ္စ လွယ်ကူခြင်းရှိ မရှိ၊ ဖြစ်နိုင် မဖြစ်နိုင်ကိုလည်း မေးမြန်းခြင်းမပြု သိလည်း မသိလိုတော့ချေ။ မင်းသားကလေးအင်ဒရေသည် အချိန်မရွေး ဆုံးပါးနိုင်သည် မဟုတ်လော။ ဤအချိန်တွင် ပြုစုစောင့်ရှောက်ရန် မိမိ၌ ဝတ္တရားရှိသည် မဟုတ်လော။ ထိုမျှမက ၎င်း၏ သားငယ်ကို ခေါ်ဆောင်သွားရန်လည်း မိမိ၌ ဝတ္တရားရှိသည်မဟုတ်လော။ ထို့ကြောင့် မင်းသမီးလေးမေရီသည် ခရီးထွက်ရန် ပြင်ဆင်ခြင်း ဖြစ်သည်။ မင်းသားကလေး အင်ဒရေထံမှ ကျိုးကြောင်း တစ်စုံတစ်ရာ အကြောင်းကြားချက် မရခြင်းမှာ စာမရေးနိုင်လောက်အောင် အခြေအနေဆိုးရွားနေ၍သော်လည်း ဖြစ်ရမည်။ သို့မဟုတ် မိမိနှင့် ၎င်း၏ သားငယ်တို့အဖို့ ဤခရီးရှည်ကြီးသည် ခက်ခဲကြမ်းတမ်း၍ အန္တရာယ်များလှသည်ဟု ယူဆ၍သော်လည်း ဖြစ်ရမည်ဟု သမင်းသမီးလေးမေရီ တွက်လိုက်မိသည်။

ရက်အနည်းငယ်အတွင်း၌ မင်းသမီးလေးမေရီသည် ခရီးထွက်ရန် ပြင်ဆင်ပြီးလေပြီ။ ၎င်း၏ ယာဉ်များမှာ ဗိုရိုနက်ဇ်မြို့ကလေးသို့ လာခဲ့စဉ်က စီးနင်းလိုက်ပါလာသည့် မိသားစုသုံး ကရထားကြီးတစ်စင်း၊ ပေါင်းမိုးအဝတ်လှန်းထားသည့် ဘုံပြတ်တစ်စင်းနှင့် ဝန်တင်လှည်းတစ်စီးတို့ ဖြစ်ကြ၏။ ၎င်းနှင့်အတူ လိုက်ပါမည့်သူများမှာ ပြင်သစ်သူဘုရင်း၊ တူတော်မောင် "ဘိုးအေချစ်" မင်းသားလေးနှင့် ၎င်း၏ စာပြဆရာ၊ မိမိအား ငယ်စဉ်ကထိန်းခဲ့သော နို့ထိန်းသည်အဘွားကြီး၊ အစေတော် မိန်းမသုံးယောက်၊ ကျွန်ယုံကြီး တီကွန်၊ အဆောင်ကိုင်တစ်ယောက်နှင့် အရီးတော်က လိုလိုမယ်မယ် ထည့်လိုက်သော ဆက်သားတစ်ယောက်တို့ ဖြစ်ကြသည်။

သွားရိုးသွားစဉ်လမ်းအတိုင်း သွားမည်ဆိုလျှင် မော်စကိုမြို့ကို ဖြတ်သွားရမည် ဖြစ်၏။ သို့ရာတွင် ထိုလမ်းကို စဉ်းစား၍ မဖြစ်ချေ။ မင်းသမီးလေးမေရီ သွားရမည့်ခရီးမှာ လီပက်၊ ရာဇန်၊ ဗလာဒီမာ၊ ရျာယာတို့ကို ဖြတ်သွားရမည့် ဂိုးရှည်ကြီး ဖြစ်သည်။ ထိုခရီးမှာ မြင်းထောက်များ ငှားရန် မလွယ်ကူရုံမျှမက ရာဇန်အနီးတွင် ပြင်သစ်တပ်များ ရောက်နေပြီဟု ကြားနေရသည့် အတွက်ကြောင့်လည်း အလွန်အန္တရာယ်များလှသည်။ သို့ရာတွင် ထိုလမ်းမှလွဲ၍ အခြားလမ်းမရှိတော့ပြီ။

ဤမျှခက်ခဲသော ခရီးကြမ်းကြီး၌ ပြင်သစ်သူဘုရင် စာပြဆရာ ဒီဆေးလ်နှင့် အစေတော်များသည် မင်းသမီးလေးမေရီ၏ အပင်ပန်းခံနိုင်ရည်ရှိမှုနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုကို အံ့သြလျက် ရှိကြလေသည်။ ခရီးတစ်လျှောက်လုံးတွင် မင်းသမီးလေးမေရီသည် အခြားသူများထက် နောက်ကျမှ အိပ်ရာဝင်၍ စောစီးစွာ ထ၏။ မည်သည့်အခက်အခဲကိုမျှ အမှုထားဟန် မရှိချေ။ ၎င်း၏ စိတ်အားထက်သန်မှုနှင့် ပင်ပန်းခံနိုင်မှုသည် အခြားသူများသို့ ကူးစက်လာခဲ့လေရာ ၎င်းတို့သည် ခရီးထွက်၍ ၃တိယရက်သတ္တပတ်အကုန်၌ ယာရိုစလာဗာအနီးသို့ ရောက်လာခဲ့ကြသည်။

ဗိုရိုနက်ဇ်တွင် နောက်ဆုံးနေခဲ့သည့်ရက်များကား

www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးလေးမေရီ၏ဘဝတွင် အပျော်ဆုံးနေ့များ ဖြစ်ကြ၏။ နိကိုလေအပေါ်တွင် ထားရှိခဲ့မိသော အချစ်သည် ၎င်းအား စိတ်လှုပ်ရှားခြင်း၊ စိတ်ဆင်းရဲခြင်းကို မဖြစ်စေနိုင်တော့ပြီ။ ယခုအချိန်၌ ထိုအချစ်သည် မင်းသမီးလေးမေရီ၏ ဝိညာဉ်တစ်ခုလုံးကို လွှမ်းခြုံသွားခဲ့လေပြီ။ ၎င်း၏ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့လေပြီ။ နိကိုလေကို ချစ်ရအံ့လော။ မချစ်ဘဲ နေရအံ့လောဟု ဒွိဟဖြစ်စရာ မလိုတော့ပြီ။ မိမိကိုယ်ကို စကားဖြင့် ထုတ်ဖော်ပြောဆိုခြင်း မပြုဖူးသေးသော်လည်း မိမိသည် နိကိုလေအား ချစ်၍ နိကိုလေကလည်း မိမိကိုချစ်သည်ဟု မင်းသမီးလေးမေရီ မကြာမီက တစ်ထစ်ချယုံမှတ်လိုက်လေပြီ။

မင်းသားကလေး အင်ဒရေသည် မိမိ၏ဖခင်မိသားစုနှင့် အတူရှိနေသည်ဟု နိကိုလေ နောက်ဆုံးအကြိမ် တွေ့ဆုံလာရောက် ပြောဆိုစဉ်ကတည်းက မင်းသမီးကလေး မေရီသည် ထိုသို့ ယူဆခဲ့ခြင်း ဖြစ်လေသည်။ အကယ်၍ မင်းသားကလေး အင်ဒရေ ကျန်းမာလာပါက ၎င်းနှင့် နာတာရှာတို့၏ ဆက်ဆံရေးသည် အသစ်တစ်ဖန် ပြန်ဖြစ်လာနိုင်ကြောင်းကို နိကိုလေသည် ထိုစဉ်က တစ်စွန်းတစ်စမျှ လေသံမဟခဲ့သော်လည်း ထိုပြဿနာသည် နိကိုလေ၏ ခေါင်းထဲသို့ ဝင်ရောက်လျက် ရှိပြီ ဆိုသည့် အချက်ကိုကား ၎င်း၏မျက်နှာရိပ် မျက်နှာကဲကို ကြည့်၍ မင်းသမီးကလေး မေရီသိခဲ့လေပြီ။

သို့ ထိုပြဿနာကို စဉ်းစားလျက် ရှိသည့်တိုင် မိမိအပေါ်တွင် ထားရှိသော နိကိုလေ၏ နူးညံ့၍ချစ်ခင်ကြင်နာသည့် ဆက်ဆံရေးမှာ ပြောင်းလဲသွားခြင်း မရှိချေ။ ထိုမျှကမ မိမိအိမ်သားစုနှစ်စု၏ ဤသို့သော ဆက်ဆံရေးမျိုး (မင်းသားကလေးအင်ဒရေနှင့် နာတာရှာ ထို့ကြောင့် မိမိတို့နှစ်ဦးကိစ္စကို ဘေးဖယ်ထားရသော အခြေအနေမျိုး) ကြောင့် မင်းသမီးကလေးမေရီနှင့် မိတ်ဆွေသဖွယ် နိကိုလေမှာ လွတ်လွတ်လပ်လပ် ဆက်ဆံနိုင်လေပြီ။ မလုံမလဲဖြစ်စရာမလိုတော့ပြီဟု နိကိုလေတစ်ယောက် ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်ဟုပင် မင်းသမီးကလေးမေရီ တစ်ခါတစ်ရံ ထင်မိသေးသည်။ မိမိသည် တစ်သက်တွင် ပထမဆုံးအကြိမ် လူတစ်ယောက်ကို ချစ်ခဲ့လေပြီ။ လူတစ်ယောက်၏ အချစ်ကို ခံခဲ့ရလေပြီဟု မင်းသမီးကလေးမေရီ ယူဆပါသည်။ ထို့ကြောင့် နိကိုလေနှင့် မိမိတို့နှစ်ဦး၏ ဆက်ဆံရေးနှင့် ပတ်သက်၍ မင်းသမီးလေးမေရီတွင် ကြည်နူးခြင်း ဖြစ်ရပါသည်။

သို့ရာတွင် တစ်ဖက်က ဤသို့ကြည်နူးခြင်း ဖြစ်ရသော်လည်း အခြားတစ်ဖက်တွင်မူ မိမိ၏ မောင်တော် မင်းသားကလေးအင်ဒရေအတွက် ပူဆွေးသောက ဖြစ်ရပြန်သည်။ တစ်ဖက်က ကြည်နူးမှုသည် ထုကြီးထည်ကြီးဖြင့် ရှိနေသော အခြားတစ်ဖက်က သောကကို ဟန့်တားခြင်း မပြုနိုင်ချေ။ ဟန့်တားခြင်း မပြုနိုင်ရုံမျှမက ဤသို့ တစ်ဖက်တွင် စိတ်၏ငြိမ်သက်မှုကို ရှင်းသည်ပင်လျှင် မောင်တော်မင်းသားကလေးအင်အရေအတွက် ဖြစ်ရသော သောကကို လွတ်လပ် ကြီးထွားနိုင်ရန် နေရာပေးသကဲ့သို့ ဖြစ်နေသေးသည်။ ဗိုရိုနက်ဖ်မှ ထွက်ခွာခြင်း မပြုမီ မောင်တော်မင်းသားကလေး အင်အရေအတွက် ပူဆွေးသောက, ရောက်လိုက်ပုံမှာ ဆိုဖွယ်ပင် မရှိတော့ချေ။ ခရီးထွက်ခါနီးတွင် မင်းသမီးလေမေရီကို လာရောက်နှုတ်ဆက်သူ တိုင်းကပင် ၎င်း၏ ညှိုးငယ်ပူဆွေး လျက်ရှိသော မျက်နှာကို ကြည့်၍ မင်းသမီးလေးမေရီ မှာ လမ်းတွင်ပင် ဗုန်းဗုန်းလဲလိမ့်မည်ဟု ထင်ကြ၏။ သို့ရာတွင် မင်းသမီးကလေးမေရီဖြတ်သန်းခဲ့သော ထို ခရီး၏ ကြမ်းတမ်းခက်ခဲမှုသည် ၎င်းအား အခိုက်အတန့် သောက ကင်းဝေးစေ၍ ခွန်အားသတ္တိကို ပေးခဲ့သည်သာ ဖြစ်လေသည်။

ခရီးသွားလျက်ရှိစဉ် တွေ့ကြုံစမြဲ ဖြစ်သည့်အတိုင်း မင်းသမီးကလေးမေရီသည် ရည်မှန်းချက်ပန်းတိုင်ကို မေ့လျော့ကာ ခရီးလမ်းပန်းအကြောင်းကိုသာ တွေးလျက်ရှိ၏။ သို့ရာတွင် ယာရိစလာဗာအနီးသို့ ချဉ်းကပ်လာသော အခါ၌ကား ယာရိစလာဗာတွင် မည်သည့် အခြင်းအရာမျိုးများကို ကြုံပတွေ့ရမည်နည်း ဟူသော အတွေးသည် မင်းသမီးကလေးမေရီ၏ ခေါင်းထဲသို့ ဝင်ရောက်လာလေပြီ။ ထိုသည်နှင့်အမျှ ၎င်း၏ စိတ်လှုပ်ရှားမှုသည်လည်း အဆုံးစွန်သို့ ရောက်လာလေပြီ။ (ဤအတွေးသည် ယာရိစလာဗာသို့ ရောက်ခါနီး ညနေကျမှ ပေါ်လာခြင်း ဖြစ်ပါသည်။)

မြို့စားကြီး ရော့စတော့ဗ်တို့ မည်သည့်ရပ်ကွက်တွင် နေထိုင်လျက်ရှိကြောင်း၊ မင်းသားကလေး အင်ဒရေ၏ အခြေအနေ မည်သို့ရှိကြောင်း စသည်တို့ကို စုံစမ်းရန် ယာရိစလာဗာသို့ ကြိုတင်စေလွှတ်ထားသည့် ဆက်သားသည် မင်းသမီးလေးမေရီ၏ ကြီးကျယ်ခံညားလှသော

www.burmeseclassic.com

www.burmeseclassic.com

ကရထားကြီးနှင့် မြို့တံခါးတွင် ဆုံကြ၍ ရထားပြတင်းမှ ပြူထွက်ကာ မိမိကို လှမ်းကြည့်လျက်ရှိသော မင်းသမီးကလေးမေရီ၏ မျက်နှာကို မြင်လိုက်ရသောအခါ၌ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။ မင်းသမီးကလေးမေရီ၏ မျက်နှာမှာ ကြောက်စရာကောင်းလောက်အောင် ဖြူရော်လျက် ရှိလေပြီ။

"အားလုံး စုံစမ်းပြီးခဲ့ပါပြီ ထိပ်ထား။ မြို့စားကြီး ရော့စတော့ဗ်တို့ မိသားစုလဲ ပန်းခြံနားက ကုန်သည် ဘရွန်နီကော့ရဲ့ စံအိမ်ကြီးမှာ တည်းနေကြပါတယ်။ ဒီနေရာက ဆိုရင် သိပ်မဝေးတော့ပါဘူး။ ဗော်လဂါမြစ်ကမ်းနဖူးမှာပါ" ဆက်သားက ပြော၏။

မင်းသမီးကလေးမေရီသည် ဆက်သားကို ထိတ်လန့်စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်သည်။ မိမိအဓိက သိလိုသောအချက်မှာ မော်တော် မင်းသားကလေး အင်ဒရေ၏ ကျန်းမာရေးအခြေအနေဖြစ်သည်။ သို့ရာတွင် မိမိအလွန်သိလိုသော ထိုအချက်ကို ဆက်သားသည် မည်သည့် အတွက်ပြောဆိုခြင်း မပြုသနည်း။ ဤအချက်ကို မင်းသမီးကလေးမေရီ နားမလည်နိုင်ချေ။ ပြင်သစ်သူဘူးရင်းက ၎င်းအစား ထိုမေးခွန်းကို မေးလိုက်သည်။

"ကိုယ်တော်လေး ဘယ့်နယ်နေသေးသလဲ"

"ကိုယ်တော်လေးလဲ မြို့စားကြီး ရော့စတော့ဗ်တို့နဲ့အတူ ရှိနေပါတယ်"

"ဟင်၊ ဒီလိုဆို သူမသေသေးဘူးပေါ့နော်" ဟု မင်းသမီးလေးမေရီက တွေးလိုက်ကာ လေသံကလေးဖြင့်

"သူ့အခြေအနေ ဘယ့်နယ်လဲ"

"အရင်က အတိုင်းပါပဲလို့ ပြောလိုက်ပါတယ် ထိပ်ထား"

"အရင်းကအတိုင်းပါပဲ"ဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။ မင်းသမီးလေးမေရီသည် ဤသည်ကိုမူ မေးမြန်းခြင်းမပြုတော့ချေ။ မိမိရှေ့တွင် ထိုင်လျက် မြို့ပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်ပါလ်သော အသက်ခုနစ်နှစ်အရွယ် တူတော်မော်" ဘိုးအေချစ်" မင်းသားကလေးကို သာ မှတ်တမဲ့ လှမ်းကြည့်ကာ ခေါင်းငိုက်စိုင်ချ၍ လိုက်လာခဲ့မိသည်။ တကျွိကျွိမြည်လျက်၊ လှုပ်ယမ်းလျက်၊ ယိမ်းထိုးလျက် ရှိသော ကရထားကြီး ထိုးရပ်လိုက်သည့် အခါကျမှ ခေါင်းဖော်တော့သည်။ ကရထားမှ ခြေနင်းခုံများကို ချသဲ့ထွက်ပေါ်လာ၏။

ကရထားတံခါးသည် ပွင့်လာ၏။ လက်ဝဲဘက်တွင် ရေပြင်ကြီး (ဗော်လဂါမြစ်ဖြစ်သည်) နှင့် လက်ယာဘက်တွင် ဆင်ဝင်တစ်ဆောင်ကို မြင်ရ၏။ အိမ်တံခါးဝတွင် လူများစုပြုံနေသည်ကို မြင်ရ၏။ ၎င်းတို့မှာ အစေခံများနှင့် ကျစ်ဆံမြီးတွဲလောင်းချထားသည့် နှင်းဆီသွေးလွှမ်းနေသော မိန်းမပျိုတစ်ယောက်တို့ ဖြစ်ကြ၏။ ထို မိန်းမပျိုသည် ပြုံးလျက်ရှိရာ ၎င်း၏အပြုံးသည် နှစ်လိုဖွယ်ကင်းမဲ့သော ဟန်ဆောင်ပြုံးလျက် ဖြစ်သည်ဟု မင်းသမီးကလေးမေရီ ထင်လိုက်မိသည်။ (၎င်းမှာဆွန်ယာ ဖြစ်သည်။) မင်းသမီးကလေးမေရီသည် လှေကားထစ်များကို တက်လာခဲ့သည်။ "ဒီဘက်ကိုကြွပါ။ ဒီဘက်" ဟု ထို မိန်းမပျိုက ခပ်စောစောက ဟန်ဆောင်ပြုံးမျိုးဖြင့် ဆို၏။ ခန်းဆောင်ထဲသို့ ရောက်သည်နှင့် စိတ်လှုပ်ရှားလျက်ရှိသော အမူအရာဖြင့် ခပ်သုတ်သုတ်ထွက်လာသော အရှေ့တိုင်းဆံဆံ အမျိုးသမီးကြီးတစ်ဦးနှင့် ပက်ပင်တိုးမိကြသည်။ ၎င်းမှာ မြို့စားကတော်ကြီးပေတည်း။ မြို့စားကတော်ကြီးသည် မင်းသမီးကလေး မေရီကို ပွေ့ဖက်နမ်းရှုပ်ခြင်းပြု၍ ပြင်သစ်စကားဖြင့် နှုတ်ဆက်ခြင်း ပြု၏။

"မေဖျားသမီးလေးရယ်။ မေဖျားဖြင့် မျှော်လိုက်ရတာ"

မင်းသမီးလေးမေရီသည် စိတ်လှုပ်ရှားလျက်ရှိသော်လည်း မြို့စားကတော်ကြီးမှန်း သိလိုက်၏။ ပဋိသန္ဓာရ စကားဆိုရန် လိုအပ်ခြင်းကိုလည်း သိလိုက်၏။ မင်းသမီးကလေးမေရီသည် မိမိအား နှုတ်ဆက်သော ပြင်သစ်လေသံမျိုးဖြင့် ကြိုးစား၍ ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်သော်လည်း စကားလုံးများ မည်သို့ထွက်သွားသည်ကို မသိချေ။ ထို့နောက် မင်းသားကလေးအင်ဒရေ၏ အခြေအနေကို မေးမြန်း၏။

"သိပ်မစိုးရိမ်ရတော့ဘူးလို့ သမားတော်ကြီးများက ပြောပါတယ်" မြို့စားကတော်ကြီးက ဖြေလိုက်သည်။ သို့ရာတွင် စကားပြောရင်း မျက်လုံးကို လှန်ကြည့်လိုက်ပြီး သက်ပြင်းကြီးချလိုက်၏။ ၎င်းအမူအရာသည် စကားများနှင့် ကိုက်ညီခြင်း မရှိကြောင်းကို ဖော်ပြလျက်ရှိလေသည်။

"ဒါဖြင့် သူဘယ်မှာလဲဟင် အကြီးတော်၊ ထိပ်ထား သူ့ကို တွေ့လိုရမလား" မင်းသမီးလေးမေရီက

www.burmeseclassic.com

www.burmeseclassic.com

မေးဇ၏။

"ခဏလေးနေလိုက်ဦးနော်ထိပ်ထား၊ ခဏလေး။ ဒါက သူ့သားတော်လေးလား"မြို့စားကတော်ကြီးက စာပြဆရာဒီဆေးလ်နှင့်အတူ ဝင်ရောက်လာသော "ဘိုးအေးချစ်" မင်းသားလေးဘက်သို့ လှမ်း၍ မေးလိုက်သည်။ "စံအိမ်ကြီးက ကျယ်ပါတယ်။ နည်းတဲ့ စံအိမ်ကြီးမဟုတ်ဘူး။ ကြည့်စမ်းကွယ်၊ ဘွားဘွားမြေးလေးက ချစ်စရာလေး"

မြို့စားကတော်ကြီးသည် မင်းသမီးလေးမေရီကို ဧည့်ခန်းဆောင်ထဲသို့ ခေါ်လာခဲ့လေသည်။ ထိုအထဲ၌ ဆွန်ယာသည် ပြင်သစ်သူဘုရင်နှင့် စကားလက်ဆုံကျလျက် ရှိလေသည်။ မြို့စားကတော်ကြီးက 'ဘိုးအေးချစ်' မင်းသားကလေးကို တယုတယနှုတ်ဆက်နေစဉ် မြို့စားကြီး ရောစတော့ဗ်ရောက်လာကာ မင်းသမီးလေးမေရီကို နှုတ်ဆက်ပြန်သည်။ မင်းသမီးလေးမေရီနှင့် မြို့စားကြီး ရောစတော့ဗ်တို့ ကွဲကွာသွားခဲ့ကြသည်မှာ ကာလအတန်ကြာခဲ့ပြီဖြစ်၏။

ထိုအတောအတွင်း၌ကား မြို့စားကြီးရောစတော့ဗ်မှာ အကြီးအကျယ် ပြောင်းလဲသွားခဲ့လေပြီ။ ထိုစဉ်က မြို့စားကြီးရောစတော့ဗ်မှာ ဖျတ်လတ်ရွှင်လန်း၍ ကိုယ့်ကိုယ်ကို ကျေနပ်လျက်ရှိသော အဘိုးကြီးတစ်ယောက်ဖြစ်ခဲ့၏။ ယခုမူ သနားစဖွယ် စိတ်ဝမ်းအားငယ်လျက်ရှိသော လူအိုကြီးတစ်ယောက်ဖြစ်လျက် ရှိလေပြီ။ မင်းသမီးလေးမေရီနှင့် စကားစမြည်ပြောဆိုလျက်ရှိစဉ်၌ မိမိအပြောအဆို အပြုအမူများ မှားများမှားနေသလောဟု မေးမြန်းသည့်ပမာ ဘေးပတ်ဝန်းကျင်ကို မလုံမလဲလှမ်းကြည့်တတ်သည်။ မော်စကိုမြို့ကြီး မီးလောင်ပျက်စီး၍ မိမိပစ္စည်းဥစ္စာများ ဆုံးပါခဲ့ကာ မိမိကျင်လည်ကျက်စားရာသိုက်မြုံကလေးမှ လွင့်စဉ်ကျလာခဲ့ပြီးနောက်၌ မြို့စားကြီးရောစတော့ဗ်သည် မိမိကိုယ်မိမိ လူရာဝင်သည်ဟု မထင်တော့ပြီ။ လူ့ဘဝတွင် မိမိအတွက် နေရာရှိသေးသည်ဟု မထင်တော့ပြီ။

မင်းသမီးလေးမေရီသည် မောင်တော် မင်းသားကလေးအင်ဒရေကို အမြန်ဆုံး တွေ့လိုလျက်ရှိကာ မိမိကို ဧည့်ဝတ်ပြုကြခြင်း၊ တူတော် "ဘိုးအေချစ်" မင်းသားလေးအား မြတ်နိုးဟန်ဆောင်လျက် ရှိကြခြင်းတို့ကြောင့် စိတ်ရှုပ်လျက်ရှိသော်လည်း ပတ်ဝန်းကျင် အခြေအနေတစ်ရပ်လုံးကိုမူ သတိပြုမိလိုက်၏။ မိမိဝင်ရောက်လာသော ပတ်ဝန်းကျင်သစ်နှင့် အခိုက်အတန့်အားဖြင့်ဖြစ်စေ လိုက်လျောညီအောင် နေထိုင်ရန် လိုအပ်သည်ဟုလည်း ယူဆလိုက်သည်။ ရှောင်လွှဲ၍ရတော့မည် မဟုတ်ချေ။ မင်းသမီးလေးမေရီအဖို့ ဤသို့စိတ်မပါတပါဖြင့် လောကဝတ်ပြုနေရခြင်းကို စိတ်ပျက်သည့်တိုင်း ၎င်းတို့ကိုလည်း အပြစ်မဆိုသာပါ။

"ဟောဒါက ဦးရီးတော်ရဲ့ တူမကွယ်" မြို့စားကြီးက ဆွန်ယာနှင့် မိတ်ဆက်ပေးသည်။" ထိပ်ထားလေး သူ့ကိုတော့ သိမှာမဟုတ်ဘူးနော်"

မင်းသမီးလေးမေရီသည် ဆွန်ယာ့ဘက်သို့ လှည့်ကာ မိမိရင်ထဲတွင် အလုံးလိုက်တက်လာသော မနာလိုစိတ်၊ မုန်းတီးစိတ်တို့ကို မျိုသိပ်ရင်း ဆွန်ယာကို နမ်းရှုပ်နှုတ်ဆက်လိုက်သည်။ နှုတ်ဆက်၍သာဆက်ရ သာ်လည်း မိမိနှင့် ၎င်းတို့ စိတ်သဘောထားချင်း ကွဲပြားခြားနားလျက်ရှိခြင်းကြောင့် စိတ်ပျက်လျက် ရှိလေပြီ။

"ခု သူဘယ်မလဲဟင်" မင်းသမီးလေးမေရီက ၎င်းတို့ အားလုံးဘက်သို့ လှမ်းမေးလိုက်၏။

"အောက်ထပ်ခန်းဆောင်ထဲမှာပါ။ နာတာရှာလေ ရှိပါတယ်" ဆွန်ယာက မျက်နှာနီရဲလျက် ပြော၏။"ခုပဲ အောက်ထပ်ကို အပြောလွှတ်လိုက်ပါပြီ။ ထိပ်ထားလေ ခရီးပန်းလာပြီလို့ ထင်ပါတယ်"

ဝေခွဲမရခြင်းကြောင့် ဖြစ်သော မျက်ရည်တို့သည် မင်းသားမီးလေးမေရီ၏ မျက်လုံးတွင် ဝဲလာကြသည် မျက်နှာလို လွှဲလိုက်ပြီးနောက် အောက်ထပ်ခန်းဆောင်သို့ မည်သို့ သွားရမည်းနည်းဟု မြို့စားကတော်ကြီးအား မေးမည်အပြုတွင် ပေါ့ပါးဖျတ်လတ်ဟန်ရှိက ရေးကြီးသုတ်ပျာ လျှောက်လာသော ခြေသံများကို တံခါးဝဆီမှ ကြားလိုက်သည်တွင် ခပ်သုတ်သုတ်ပြေးလာသော နာတာရှာ၊ မော်စကိုတွင် တစ်ခါတွေ့ခဲ့စဉ်က မိမိ များစွာနှစ်သက်လှခြင်းမရှိသော နာတာရှာကို မြင်လိုက်ရသည်။

သို့ရာတွင် မင်းသမီးလေးမေရီသည် နာတာရှာ၏ မျက်နှာကိုမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ပူဆွေးသောက ရောက်ခြင်းအရာတွင် မိမိထက် လျော့နည်းခြင်းမရှိသော စစ်မှန်သော အဖော်တစ်ယောက်၊ မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းတစ်ယောက်ဖြစ်ခြင်းကို ချက်ချင်းသဘောပေါက်လိုက်လေပြီ။ မင်းသမီးလေးမေရီသည် နာတာရှာထံပြေးလာကာ ပွေ့ဖက်ပြီးနောက် ပခုံးထက်၌ ခေါင်းတင်၍ ငိုနေမိသည်။

မင်းသားကလေး အင်ဒရေ၏ ခေါင်းရင်းတွင်ထိုင်လျက်ရှိသော နာတာရှာသည် မင်းသမီးလေးမေရီ ရောက်လာသည်ဟု ကြားလျှင်ကြားချင်း ခန်းဆောင်ထဲမှအသာအယာထွက်လာခဲ့ကာ ပေါ့ပါးဖျတ်လတ်ဟန်ရှိသည်ဟု မင်းသမီးလေးမေရီ ယူဆမိသော ခြေလှမ်းများဖြင့် ခပ်သုတ်သုတ်တက်လာခဲ့ခြင်း ဖြစ်သည်။

ဧည့်ခန်းဆောင်ထဲသို့ အပြေးအဖြန်း ဝင်ရောက်လာသည့်အချိန်၌ နာတာရှာ၏ တုန်လှုပ်ချောက်ချားလျက်ရှိသော မျက်နှာပေါ်တွင် ဖော်ပြလျက်ရှိသော အခြင်းအရာမှာ တစ်ခုတည်းသာရှိ၏။ ၎င်းကား အချစ်၏ အရိပ်အယောင်။ မင်းသားကလေးအင်ဒရေအပေါ်တွင် ထားရှိသော အတိုင်းအဆမရှိသောအချစ်၊ မင်းသမီးလေးမေရီအပေါ်တွင် ထားရှိသောအချစ်၊ မင်းသားကလေးအင်ဒရေနှင့် ရင်းနှီးနီးစပ်သူတိုင်းအပေါ်တွင် ထားရှိသော အချစ်၏ အရိပ်အယောင်သနားကရုဏာ၏ အရိပ်အယောင်၊ အခြားသူများအား ကိုယ်ချင်းစာနာသည့် အရိပ်အယောင်၊ ထိုသူများအား တတ်စွမ်းသမျှ ကူညီလိုသော စိတ်စေတနာ၏ အရိပ်အယောင်တို့ပေတည်း။ ထိုအချိန်၌ နာတာရှာ၏ ရင်ထဲအသည်းနှလုံးထဲတွင် မိမိကိုယ်ရေးကိုယ်တာအတွက်သော် လည်းကောင်း၊ မင်းသားကလေးအင်ဒရေနှင့် မိမိတို့ကိစ္စအတွက်သော် လည်းကောင်း နည်းနည်းလေးမျှထည့် သွင်းစဉ်းစားမိဟန်မတူ ချေ။

မင်းသမီးလေးမေရီသည် နာတာရှာ၏ မျက်နှာကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် အကင်းပါသူပီပီ ဤအချက်မျှားအားလုံးကို သတိပြုမိသည့် အလျောက် နာတာရှာ၏ ပခုံးပေါ်တွင် ခေါင်းတင်ကာ ဝမ်းနည်းဝမ်းသာဖြင့် ငိုမိသည်။

မင်သမီးလေးမေရီသည် ခေါင်းကိုမော့ကာ မျက်ရည်များကို သုတ်လိုက်ပြီးနောက် နာတာရှာကို ကြည့်လိုက်သည်။ မင်းသားကလေးအင်ဒရေ၏ အကြောင်းကို နာတာရှာအား မေးလျှင် ပြည့်ပြည့်စုံစုံသိရလိမ့်မည်ဟုလည်း သဘောပေါက်လိုက်သည်။

"ဘယ့်နယ်နေ" မင်းသမီးလေးမေရီက ဆုံးအောင်မမေးနိုင်ဘဲ ရပ်ထားလိုက်သည်။

ဤအကြောင်းကို စကားလုံးများဖြင့် မေးဖို့လည်း မလွယ်၊ စကားလုံးများဖြင့် ဖြေဖို့လည်း ခက်သည်ဟု မင်းသမီးလေးမေရီ ခံစားမိပါသည်။ နာတာရှာ၏ မျက်နှာနှင့် မျက်လုံးများက စကားလုံးများထက် ပိုပြင်လေးနက်စွာပြောပြလျက်ရှိသည်ဟု မင်းသမီးလေးမေရီ ယူဆလိုက်ပါသည်။

နာတာရှာသည် မင်းသမီးလေးမေရီကို မျက်လုံးအကြောင်သားဖြင့် ငေးစိုက်ကြည့်လျက်ရှိ၏။ မိမိသိသမျှကို ပြောသင့်မပြောသင့်ကိုလည်း ဝေခွဲမရ ဖြစ်နေဟန်ရှိ၏။ မိမိ၏ အသည်းနှလုံးထဲသို့ နက်ရှိုင်းစွာ ထိုးဖောက်ကြည့်လျက်ရှိသည့် မင်းသမီးကလေးမေရီ၏ ရွှန်းမြသော မျက်လုံးရွဲကြိုးများကို ကြည့်ရင်းက မိမိတွေ့ မြင်သမျှကို ခြွင်းချန်ပြောဆိုခြင်းငှာ မသင့်ဟုလည်း ယူဆလိုက်မိသည်။ နာတာရှာသည် နှုတ်ခမ်းများကို ရုတ်တရက်မဲ့လိုက်မိလေရာ အရုပ်ဆိုးသော အရေးအတွန့်များသည် ၎င်း၏ ပါးစပ်ပတ်ဝန်းကျင်တွင် ပေါ်လာကြလေသည်။ နာတာရှာသည် မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ရှိုက်ကြီးတင်ငိုချလိုက်မိသည်။

မင်းသမီးလေးမေရီ နားလည်ပါပြီ။

သို့ရာတွင် မင်းသမီးလေးမေရီသည် ကျေနပ်ခြင်းမရှိသေးဘဲ ၎င်းကိုယ်တိုင် ယုံကြည်ကိုးစားခြင်းမပြုသော စကားလုံးများဖြင့် ထုတ်ဖော်မေးမြန်းခြင်းပြုမိသည်။

"ဒဏ်ရာက ဘယ့်နယ်နေသေးသလဲဟင်။ ဒါပြင် ကျန်းမာရေးကကော"

"ထိပ် ထိပ်ထား လိုက်ကြည့်ပါ" ဟုသာ နာတာရှာက ပြောနိုင်တော့သည်။

၎င်းတို့နှစ်ဦးသည် မင်းသားကလေး အင်ဒရေ၏ ခန်းဆောင်ပြင်ဘက်တွင် အားရအောင် ငိုပြီးမှ တည်ငြိမ်သော မျက်နှာထားကိုယ်စီဖြင့် ခန်းဆောင်ထဲသို့ ဝင်လာနိုင်ကြသည်။

သူ့ရောဂါက ဘယ်လိုဖြစ်သွားတာလဲဟင်။ အခြေအနေအခြေအနေဆိုနေတာ တော်တော်ကြာပလား။ ဘယ်တုန်းက ခုလို စဖြစ်သွားတာလဲ" မင်းသမီးလေးမေရီက အမေးမြန်းခြင်းပြု၏။

အစပထမတွင် မင်းသားကလေးအင်ဒရေမှာ ဒဏ်

www.burmeseclassic.com

www.burmeseclassic.com

ရာမှာ နာကျင်ခြင်းနှင့် အဖျားတက်ခြင်းတို့သာ ရှိခဲ့ကြောင်း သို့ရာတွင် ထရွိုင်ဇာသို့ ရောက်သည့်အခါတွင် အဖျားရောဒဏ်ရာပါ သက်သာလာသော်လည်း သမားတော်ကြီးက သွေးဆိပ်ဖြစ်မည်ထင်ကာ စိုးရိမ်လျက်ရှိကြောင်း၊ တစ်ဖန် သွေးဆိပ်ဖြစ်မည့် အန္တရာယ်လည်း မရှိတော့ကြောင်း၊ ယာရိစလာဗာသို့ ရောက်သောအခါတွင် ဒဏ်ရာမှ မန်းဝင်လာကြောင်း (နာတာရှာမှာ မန်းဝင်ခြင်း စသည့် ကိစ္စမျိုးကို နားလည်နေလေပြီ။) သမားတော်ကြီးက မန်းဝင်ခြင်းမှာ စိုးရိမ်ဖွယ်မရှိဟု ပြောကြောင်း၊ ထို့နောက် အဖျားဝင်လာပြန်ကြောင်း၊ သို့ရာတွင် သမားတော်ကြီးက အဖျားမှာ စိုးရိမ်စရာမလိုဟု ပြောဆိုကြောင်း ဖြင့် နာတာရှာ ခရေစေ့တွင်းကျ ပြောပြသည်။

"ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ရက်လောက်စပြီး ခုလို စဖြစ်လာတော့တာပါပဲ ထိပ်ထားရယ်"နာတာရှာက ငိုရှိုက်ခြင်း မပြုမိစေရန် အနိုင်နိုင်မျိုသိပ်၍ ပြောလိုက်သည်။ "ဘာ့ကြောင့် ခုလိုစဖြစ်လာသလဲတော့ မသိဘူး။ အစ်မတော် ထိပ်ထားကိုယ်တိုင်သာ အကဲခတ်ကြည့်ပေတော့"

"သူသိပ်အားနည်းနေသလား။ တော်တော်ကြီးချုံးကျသွားသလား" မင်းသမီးလေးမေရီက မေး၏။

"မဟုတ်ဘူး အစ်မတော်၊ ဒီထက်ဆိုးတယ်။ အစ်မတော်ကိုယ်တိုင်သာ ကြည့်ပေတော့ အစ်မတော်ထိပ်ထား။ အစ်ကိုဟာ သိပ်တော်တယ်နော်။ အစ်မတော် အစ်ကိုလေ အစ်ကိုနေရတော့မှာ မဟုတ်ဘူးထင်တယ် အစ်မတော်။ ဘာဖြစ်လို့လဲဆိုတော့။

အခန်း ၁၅

နာတာရှာက ပြုလုပ်နေကျဖြစ်၍ ကျွမ်းကျင်လျက်ရှိသော လူပ်ရှားမှုမျိုးဖြင့် မင်းသားကလေး အင်ဒရေ၏ ခန်းဆောင်တံခါးကို တွန်းဖွင့်လိုက်လျက် မိမိအား ခန်းဆောင်ထဲသို့ ရှေ့ကဝင်စေပြီး နောက်ကလိုက်လာသည့်အခါတွင်မူကား မင်းသမီးလေးမေရီ၏ ရင်ထဲမှအလုံးကြီးသည် လည်ချောင်းဝသို့ရှေ့က ဝင်စေပြီး နောက်ကလိုက်လာသည့်အခါတွင်မူကား မင်းသမီးလေးမေရီ၏ ရင်ထဲမှ အလုံးကြီးသည် လည်ချောင်းဝသို့ ဆောင့်တက်လာသည်ဟု ထင်လိုက်ရ၏။ မင်းသမီးလေးမေရီသည် ခန်းဆောင်ထဲသို့ မဝင်မီ ကတည်းက တည်ငြိမ်အောင် မနည်းကြိုးစားခဲ့၍ ယခုတိုင် ကြိုးစားလျက်ရှိသော်လည်း မော်တော်မင်းသားကလေးက အင်ဒရေကိုမြင်လိုက်သည်၌ မငိုမရှိက်ဘဲ နေနိုင်မည်မဟုတ်ကြောင်းကို သိလိုက်ပါပြီ။

ခပ်စောစောက "လွန်ခဲ့တဲ့နှစ်ရက်လောက်ကစပြီး ခုလို ဖြစ်လာတာပါပဲ ထိပ်ထားရယ်" ဟု နာတာရှာက သဲကလေးတိမ်တိမ်ဖြင့် ပြောခဲ့၏။ ယခု ထိုစကား၏ အဓိပ္ပာယ်ကို မင်းသမီးလေးမေရီသိလေပြီ။ မင်းသားကလေး အင်ဒရေ၏ စိတ်သံည ရုတ်တရက် နူးညံ့ပျော့ပျောင်းသွားခဲ့လေပြီ။ ဤသို့ စိတ်ဓာတ်ပျော့ပျောင်းကာ သိမ်မွေ့လာခဲ့ခြင်းသည် တဖြည်းဖြည်းနီးကပ်လာသော သေခြင်း၏ နိမိတ်လက္ခဏာများဖြစ်ကြောင်းကို မင်းသမီးလေးမေရီ နားလည်ခဲ့ပြီ။ မင်းသမီးလေးမေရီသည် ခန်းဆောင်ထဲသို့ ဝင်လိုက်သည်နှင့် ငယ်စဉ်တုန်းက မိမိမြင်ခဲ့ဖူးသကဲ့သို့ နူးညံ့ချိုသာ၍ ကြင်နာသနားဟန်ရှိသော မင်းသားကလေး၏ မျက်နှာကို မြင်လိုက်သည်။ မင်းသားကလေး အင်ဒရေ၏ ဤမျက်နှာအမူအရာကို ကာလအတန်ကြာမျှ မြင်တွေ့ခဲ့ခြင်းမရှိရာမှ ယခုတစ်ဖန်ပြန်မြင်လိုက်ရသော အခါတွင် အနည်းငယ် ထူးဆန်းလျက်ရှိသည်ဟု မင်းသမီးလေးမေရီ ထင်မိသည်။ ခမည်းတော်ကြီးကံတော်ကုန်ခါနီးတုန်းက ကဲ့သို့ပင် မင်းသားကလေး အင်ဒရေသည်လည်း မိမိအား ချိုသာနူးညံ့သော စကားများကို ပြောခြင်းပြုပေလိမ့်မည်။ မိမိသည် ထိုစကားများကို မည်သို့ ကြားရက်၊ နာရက်ပါမည်နည်း။ ထိုစကားမျိုးကို ကြားလျှင် မျက်ရည်တွေ ဘယ်က စီးကျလာသည်မသိ။ ၎င်းရှေ့၌ပင် ချုံးပွဲချင်တော့မည်သာ ဖြစ်လေသည်။ သို့ရာတွင် မတတ်နိုင်ပြီ။ ထိုအခြင်းအရာတို့ကို အနေးနှင့် အမြန် တွေ့ရတော့မည်သာ မဟုတ်ပါလော။ မင်းသမီးလေးမေရီသည် ထိုသို့တွေးကာ ရုပ်သွင်ကို ပို၍ ပီပြင်စွာ မြင်လာရ၍ မိမိ၏ မှုန်မိသော မျက်လုံးများဖြင့် ၎င်း၏ပုံသဏ္ဌာန်ကို ပို၍ ကြည်လင်အောင် ကြိုးစားမိသည်နှင့်အမျှ လည်ချောင်းတွင် တစ်ဆို့နေသည့် အလုံးကြီးသည် တဖြည်းဖြည်း အထက်သို့ တက်လာခဲ့လေပြီ။ ထို့နောက်တွင်ကား မင်းသမီးလေးမေရီသည် မင်းသားကလေး အင်ဒရေ၏ မျက်နှာကို သဲကွဲစွာ မြင်လာကာ ၎င်းနှင့် အကြည့်ချင်းဆုံမိကြသည်။

မင်းသားကလေးအင်ဒရေသည် ရှဉ့်မွေးကွပ်ထား

www.burmeseclassic.com

www.burmeseclassic.com

သည့် ညဝတ်ရုံကြီး ဝတ်လျက် မိအုံးများပတ်ပတ်လည် ဝန်းရံကာ ညောင်စောင်းပေါ်တွင် လဲလျောင်းလျက် ရှိ၏။ ၎င်း၏ ခန္ဓာကိုယ်မှာ ကြွလိုဖျော့တော့ခဲ့လေပြီ။ ပါးလွှာ၍ ဖောက်ထွင်း မြင်ရမတတ် ဖြူဖွေးလျက်ရှိသော လက်တစ်ဖက်တွင် ပဝါတစ်ထည်ကို ကိုင်ထားပြီး အခြားတစ်ဖက်ဖြင့် ရိတ်လိုးခြင်းမပြုဘဲ ထားသော နူးညံ့သည့် မုတ်ဆိတ်မွေးများကို ပွတ်သပ်လျက်ရှိသည်။ ၎င်း၏ လက်ချောင်းများသည် ဖြည်းညင်းစွာ လှုပ်ရှားလျက် ရှိကြ၏။

မင်းသားကလေးအင်ဒရေ၏ မျက်နှာကိုမြင်ရ၍ ၎င်းနှင့် မျက်လုံးချင်းဆုံမိသည့်အခါ၌ မင်းသမီးလေးမေရီ၏ ခြေလှမ်းများသည် တုံ့ခနဲဖြစ်သွားကြ၏။ ၎င်း၏ မျက်ရည်များသည် ခန်းခြောက်သွားကြကာ လည်ချောင်းတွင် တစ်ဆို့နေသော အလုံးကြီးသည် ပျောက်သွား၏။ မင်းသားကလေးအင်ဒရေ၏ မျက်နှာနှင့် မျက်လုံးများမှ အမှုအရာကို မြင်လိုက်ရသည်၌ မင်းသမီးလေး မေရီသည် မလုံမလဲဖြစ်ကာ မရွံ့မရဲဖြစ်လျက် ရှိလေသည်။

"အို ငါ့မှာ ဘာအပြစ်ရှိလို့လဲ" ဟု မင်းသမီးလေးမေရီသည် ကိုယ့်ကိုယ်ကို အားတင်းခြင်းပြု၏။ "ဘာအပြစ်မှတော့ မရှိပါဘူး။ ဒါပေမဲ့ အစ်မတော်မှာတော့ ကာယသုခနဲ့ ပြည့်စုံပြီး ကာယသုခရှိတဲ့သူတွေအကြောင်းကို တွေးလို့။ ကျွန်တော့်မှာသာ" မင်းသားကလေး အင်ဒရေ၏ အေးစက်တင်းမာသောအကြည့်က ထိုသို့ပြောနေဟန်ရှိ၏။

မိမိ၏ အစ်မတော်နှင့် နာတာရှာတို့ နှစ်ယောက်ကို ဖြည်းညင်းစွာကြည့်လျက်ရှိသော မင်းသားကလေးအင်ဒရေ၏ အကြည့်သည် ၎င်းတို့နှစ်ဦး၏ ဗဟိုဒွဿဏ္ဍာန်ကို ကျော်ကာ အတွင်းသဏ္ဌာန်ကို ထိုးဖောက်ကြည့်လျက်ရှိသည်ထင်ရ၏။ ထိုအကြည့်၌ မနာလိုဝန်တိုသော အမှုအရာသည် အထင်သားပေါ်လျက် ရှိလေသည်။

မင်သားကလေးအင်ဒရေသည် အစ်မတော်မေရီကို နမ်းရှုပ်ကာ ၎င်း၏ ထုံးစံအတိုင်း အစ်မတော်မေရီ၏ လက်ကို ကိုင်ထားသည်။

"အစ်မတော် နေကောင်းတယ်နော်။ ဒီကို ဘယ်လို လုပ်ရောက်လာကြတာလဲ" မင်းသားကလေး အင်ဒရေ၏ အသံသည် ၎င်း၏ အကြည့်ကဲ့သို့ တည်ငြိမ်လျက်ရှိ၏။ ဝမ်းနည်းသံလည်း မပါ၊ ဝမ်းမြောက်သံလည်းမရှိ၊ ဥပေက္ခာသဘောကို ဆောင်လျက် ရှိလေပြီ။

အကယ်၍သာ မင်းသားကလေး အင်ဒရေသည် မချိမဆံ့ အော်ဟစ်ညည်းညူခြင်းပြုပါက ထိုညည်းညူသံသည် ယခုအသံလောက်ပင် ကြောက်စရာကောင်းလိမ့်မည်ဟု မထင်မိချေ။

"သားကလေးကော ပါသေးသလား" မင်းသားကလေးအင်ဒရေက ယခင်ကကဲ့သို့ တည်ငြိမ်ဖြည်းညင်းသောအသံဖြင့် မေး၏။ ၎င်း၏အမှုအရာသည် အတိတ်က အခြင်းအရာများကို မှတ်မိရန် မနည်းကြိုးစားနေရသည့် အမှုအရာမျိုး ဖြစ်လေသည်။

"ခုဘယ်လိုနေသေးသလဲဟင်" မင်းသမီးလေးမေရီသည် ပါးစပ်က အလိုလိုထွက်သွား၏။ ကိုယ့်ဘာသာပင် အံ့သြမိသေးသည်။

"သမားတော်ကိုပဲ အစ်မတော် မေးကြည့်တော့လေ"ဟု ၎င်းက ဖြေ၏။ တစ်ဖန် မင်းသားကလေးအင်ဒရေသည် ချစ်ခင်မြတ်နိုးစိတ်ဝင်ရန် ကြိုးစားလျက်ရှိရာက နှုတ်ခမ်းများကို လှုပ်၍ပြောနေပြန်သည်။ (ယခုအချိန်၌ ၎င်း၏ အတွေးများနှင့် စကားများသည် ကိုက်ညီခြင်း မရှိကြတော့ချေ။)

"ခုလိုလာတဲ့အတွက် ကျေးဇူးတင်တယ် အစ်မတော်"

မင်းသမီးလေးမေရီက ၎င်း၏ လက်ကို အသာအယာ ဖျစ်ညှစ်လိုက်သည်။ မင်းသားကလေးအင်ဒရေသည် ဤမျှ ဖိအားကို နာကျင်လွန်းသည့်အတွက် ရုန့်မဲ့လိုက်ပြီးနောက် ငြိမ်နေသည်။ မင်းသမီးလေးမေရီသည် ဘာကို ဆက်ပြောရမှန်းမသိတော့ချေ။ လွန်ခဲ့သည့်နှစ်ရက်ခန့်က မိမိ၏မောင်တော်မင်းသားကလေး အင်ဒရေမည်သို့ ဖြစ်လာခဲ့သည်ကို မင်းသမီးလေးမေရီ ယခုသဘောပေါက်လေပြီ။ ၎င်း၏စကား၊ ၎င်း၏အသံ၊ အထူးသဖြင့် တည်ငြိမ်စိမ်းကားလှသော ၎င်း၏အကြည့်၌ ဤကမ္ဘာလောကကြီး၏ ရှိရှိသမျှသောအရာတို့မှ ဖယ်ခွာသော သဘောသည် ကိန်းဝပ်လျက်ရှိ၏။ ဤသဘောမျိုးကို အသက်ရှင်လျက်ရှိသော လူတစ်ယောက်တွင် တွေ့မြင်နေရခြင်းမှာ ကြောက်စရာကောင်းလှသည်။ မှန်ပါသည်။ ယခုအချိန်တွင် မင်းသားကလေးအင်ဒရေမှာ အသက်ရှင်လျက်ရှိသော အရာဝတ္ထုကို သိရှိနားလည်ရန်အတွက်

www.burmeseclassic.com

www.burmeseclassic.com

မနည်းကြိုးစားအားထုတ်ရပါသည်။ မင်းသားကလေး အင်ဒရေ နားမလည်ရခြင်းမှာ နားလည်နိုင်သော စွမ်းအားတို့ မရှိ၍ မဟုတ်ပါ။ အခြားအရာဝတ္ထုတစ်ခု၊ အသက်ရှင်လျက် ရှိသူတို့ နှာလည်ခြင်းလည်းမရှိ၊ နားလည်နိုင်သော စွမ်းအားတို့ မရှိသော အခြားအရာဝတ္ထုတစ်ခုကို သိမြင်လျက်ရှိကာ ထိုအရာဝတ္ထုက ၎င်းကို စိုးမိုးလွှမ်းခြုံလျက်ရှိခြင်းကြောင့်ပါတည်း။

"ကဲတရားဟာ တော်တော်ရက်စက်တယ်နော် အစ်မတော်။ ကြည့်စမ်း။ ကျွန်တော်တို့နှစ်ယောက်ဟာ လာပြီး ဆုံစည်းကြရသေးတယ်" မင်းသားကလေး အင်ဒရေက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းကာ နာတာရှာကို လက်ညှိုးထိုး၍ ပြောလိုက်သည်။ "သူ့ခမျာလဲ တစ်ချိန်လုံး ကျွန်တော့်ကို ပြုစုရတာနဲ့ပဲ အချိန်ကုန်နေတာပဲ"

မင်းသမီးလေးမေရီသည် ထိုစကားများကို နားထောင်ရင်း ကိုယ့်နားကိုပင် မယုံနိုင်အောင် ဖြစ်မိသည်။ အကင်းပါး၍ စိတ်နှလုံးနူးညံ့သော မင်းသားကလေး အင်ဒရေသည် မိမိကလည်း ချစ်၍ မိမိကိုလည်း ချစ်သော နာတာရှာ၏ ရှေ့တွင် အဘယ်ကြောင့် ဤစကားမျိုးကို ပြောရက်လေသနည်း။ အကယ်၍သာ အသက်ရှင်ဦးမည်ဟု မျှော်လင့်သေးလျှင် ဤစကားမျိုးကို ဤမျှနာကြည်းအေးစက်သော အသံမျိုးဖြင့် ပြောရက်မည် မဟုတ်ချေ။ မိမိသေတော့မည် ဆိုခြင်းကိုမသိခဲ့လျှင် နာတာရှာကို အဘယ်မှာလျှင် မသနားဘဲနေမည်နည်း။ အဖြေမှာ တစ်ခုတည်း ရှိပါသည်။ မင်းသားကလေး အင်ဒရေသည် လောကကြီးကို စိတ်နာလျက်ရှိလေပြီ။ ဥပေက္ခာပြုလိုက်လေပြီ။ ပို၍ အရေးကြီးသော အရာတစ်ခုကို မြင်လျက်ရှိလေပြီ။

၎င်းတို့စကားဝိုင်းသည် ပြတ်တောင်းတောင်းဖြင့် အသက်ကင်းမဲ့လှသည်။ အဆက်အစပ်မရှိဘဲ ဖြစ်လျက်ရှိသည်။

"အစ်မ့တော် မေရီထိပ်ထားက ရာဇနိုက လှည့်လာတာ" နာတာရှာက ပြောလိုက်သည်။

နာတာရှာက ၎င်း၏ အစ်မတော်အား 'မေရီထိပ်ထားဟု သုံးနှုန်းလိုက်ခြင်းကို မင်းသားကလေးအင်ဒရေ သတိမထားလိုက်မိချေ။ နာတာရှာကိုယ်တိုင်ကလည်း ပါးစပ်က ထွက်ပြီးမှ သတိထားလိုက်မိသည်။

"ဟုတ်လား" ၎င်းကဆို၏။

"မော်စကိုတစ်မြို့လုံးလဲ မီးလောင်သွားပြီတဲ့။ ပြီးတော့"

နာတာရှာက ရပ်လိုက်၏။ စကားပြော၍ မဖြစ်တော့ပြီ။ မင်းသားကလေး အင်ဒရေသည် စကားကို ကြိုးစားက နားထောင်ခြင်းပြုသော်လည်း ကြိုးစား၍ မရတော့ကြောင်း တဖြည်းဖြည်း ထင်ရှားလာခဲ့လေပြီ။

"ဟုတ်တယ်၊ မော်စကိုမြို့ကြီးကို သူတို့ မီးရှို့ပစ်ခဲ့ကြပြီ။ စိတ်မကောင်းစရာကြီး" မင်းသားကလေး အင်ဒရေက မိမိ ရှေတူရှူသို့ ရည်ရွယ်ချက်ကင်းမဲ့စွာ ပြုံးကြောင်ကြောင်ကြည့်ရင်း ပြောလိုက်ပြီးနောက် မုတ်ဆိတ်မွေးများကို လက်ချောင်းကလေးများဖြင့် ပွတ်သပ်လျက်ရှိသည်။ ခဏကြာမှ ၎င်းတို့နှင့် ကြင်နာစွာ စကားပြောလိုသေးသကဲ့သို့ မင်းသမီးလေးမေရီဘက်သို့ ရုတ်တရက် လှည့်ကာ–

"အစ်မတော်ထိပ်ထားကော နိကိုလေနဲ့ တွေ့သေးသလား။ အစ်မတော်ကို နှစ်သက်ကြောင်း ဒီကို စာရေးလိုက်သေးတယ်လေ"ဟု ရိုးသားတည်ငြိမ်စွာ ပြောလိုက်သည်။ မိမိစကားသည် အသက်ရှင်လျက်ရှိသူများအဖို့ မည်သို့ အဓိပ္ပာယ်ဆောင်သည်ကိုလည်း နားလည်နိုင်စွမ်းမရှိတော့ချေ။ အတန်ကြာမှ မိမိကာလအတန်ကြာမျှ လိုက်လံရှာဖွေလျက်ရှိသော စကားလုံးများကို တွေ့သည့်အတွက် ကျေနပ်သွားဟန်ဖြင့် ခပ်မြန်မြန် ဆက်ပြောလိုက်သည်။

"အစ်မတော် သူ့ကို နှစ်သက်ရင်လဲ အစ်မ့တော်အဖို့ လက်ထပ်လိုက်တာ အကောင်းဆုံးပဲလေ"

မင်းသမီးလေးမေရီသည် ထိုစကားများကို ကြားသော်လည်း ၎င်းအဖို့ အဓိပ္ပာယ်မရှိတော့ပြီ။ ထိုစကားများသည် အသက်ရှင်လျက်ရှိသူများ၏ မင်းသားကလေး အင်ဒရေတို့ ယခုအချိန်တွင် မည်မျှဝေးကွာနေခြင်းကို ပြသည့် သာဓကတစ်ခုသာ ဖြစ်နေလေပြီ။

"အစ်မတော်အကြောင်းကို ဘာကြောင့် ပြောနေရတာလဲ အင်ဒရေ" မင်းသမီးလေးမေရီက ခပ်တိုးတိုးပြော၍ နာတာရှာကို လှမ်းကြည့်လိုက်သည်။

နာတာရှာသည် ထိုအကြည့်ကို ခံစားမိလိုက်သော်လည်း ပြန်၍ မကြည့်ချေ။ ၎င်းတို့သုံးယောက်သည်

www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်သွားကြပြန်သည်။

"အင်ဒရေ" မင်းသမီးလေးမေရီက တုန်ယင်သော အသံဖြင့် ရုတ်တရက် ခေါ်လိုက်သည်။ "သားလေးနဲ့ တွေ့ မလားဟင်။ သားလေးက တဖွဖွမေးနေတယ်"

မင်းသားကလေးအင်ဒရေက သိသိသာသာကြီး ပြုံးလိုက်၏။ သို့ရာတွင် ထိုအပြုံးသည် ကြည်နူးခြင်း ကြောင့်သော် လည်းကောင်း၊ မိမိသားငယ်အား ချစ်ခင် ကြင်နာခြင်းကြောင့်သော် လည်းကောင်း ဖြစ်သော အပြုံး မျိုးမဟုတ်ချေ။ မိမိအား စိတ်အားထက်သန်လာအောင် နှိုးဆွရာ၌ နောက်ဆုံးနည်းလမ်းဟု ၎င်းတို့ယူဆနေသော နည်းလမ်းကို အသုံးပြုနေခြင်းဖြစ်သည်ဟု တွေးမိသည့် အတွက် ပြုံးလိုက်သော လှောင်ပြုံးသာ ဖြစ်လေသည်။ မင်းသားကလေး အင်ဒရေ၏ မျက်နှာအမူအရာကို အလွတ် ရလျက်ရှိသော မင်းသမီးကလေးမေရီသည် ဤအချက် ကို ပထမဆုံးအကြိမ် အထိတ်တလန့် မြင်လိုက်မိသည်။

"တွေ့ရရင် ကောင်းတာပေါ့ အစ်မတော်။ သူ ကော နေကောင်းရဲ့လား"

*

သားတော် 'ဘိုးအေချစ်' မင်းသားကလေးအား ခန်းဆောင် ထဲသို့ ခေါ်လာသောအခါတွင် ကြောက်ရွံ့ထိတ်လန့်သော မျက်လုံးများဖြင့် ၎င်း၏ဖခင်မင်းသားကလေး အင်ဒရေ ကို ကြည့်လျက် ရှိ၏။ မည်သူမျှ မငိုကြွေးသည့်အတွက် ၎င်းသည်လည်း ငိုကြွေးခြင်း မပြုချေ။ မင်းသားကလေး အင်ဒရေသည် သားငယ်ကို နမ်းရှုပ်လိုက်၏။ သို့ရာတွင် မည်သည့်စကားကို ပြောရမှန်း သိဟန်မတူချေ။

'ဘိုးအေချစ်' မင်းသားလေးကို ပြန်ခေါ်သွားကြ သောအခါ၌ မင်းသမီးလေးမေရီသည် မင်းသားလေး အင်ဒရေထံ ပြန်လျှောက်လာကာ နမ်းရှုပ်လိုက်၏။ ထို့ နောက် မျက်ရည်များကို ဆက်လက်ချုပ်တည်းခြင်းငှာ မစွမ်းနိုင်တော့ဘဲ ငိုကြွေးလျက် ရှိလေသည်။

မင်းသားကလေး အင်ဒရေသည် အင်မတော်မေရီ အား စူးစိုက်ကြည့်လျက် ရှိ၏။

"ဘာဖြစ်လို့လဲ။ သားလေးကြောင့်လား"ဟု မေး၏။

မင်းသမီးကလေးမေရီက ငိုလျက် ခေါင်းညိတ်ပြ လိုက်သည်။

"အစ်မတော်၊ ခရစ်ဝင်ကျမ်းကို" မင်းသားကလေး အင်ဒရေ၏ အသံသည် တိမ်ဝင်သွား၏။

"ဘာလဲ အင်ဒရေ"

"ဘာမှမဟုတ်ပါဘူး အစ်မတော်။ ကျွန်တော့် အနားမှာ မငိုပါနဲ့ အစ်မတော်" မင်းသားကလေးအင် ဒရေက အေးစက်သောအမူအရာဖြင့် မင်းသမီးလေးမေရီ ကို ကြည့်ရင်း ပြောလိုက်သည်။

မင်းသမီးကလေးမေရီ ငိုကြွေးခြင်းမှာ မိမိ၏သား ငယ် 'ဘိုးအေချစ်' မင်းသားကလေးသည် လောကအလယ် တွင် အဖမဲ့သားအဖြစ် ကျန်ရစ်ရှာတော့မည်ဟု တွေးမိ သည့်အတွက် ငိုကြွေးခြင်းဖြစ်ကြောင်း မင်းသားကလေး အင်ဒရေ နားလည်၏။ မင်းသားကလေး အင်ဒရေသည် လူ့ဘဝ၌ ပြန်လည်အသက်ရှင်ရန်၊ အဖြစ်အပျက်များကို အသက်ရှင်လျက်ရှိသူများ၏ အမြင်ဖြင့် ကြည့်ရန် ကြီးစွာ ကြိုးစားအားထုတ်ခြင်း ပြုသည်။

'ဟုတ်တယ်၊ ဒီအဖြစ်ဟာ သူတို့အဖို့ ကြေကွဲဝမ်း နည်းစရာကြီးပေပဲ။ ဒါပေမဲ့ ဒါဟာ မဆန်းပါဘူး။ ဒီ အတိုင်းပဲ ဖြစ်ရမှာပဲ'ဟု မင်းသားကလေး အင်ဒရေ တွေး မိသည်။

"လေတွင် ကျက်စားသော ငှက်ကျေးတို့သည် စိုက်ပျိုးခြင်းမပြုကြကုန်။ ရိတ်သိမ်းခြင်းလည်း မပြုကြ ကုန်။ သို့သော်လည်း အဖဘုရားသခင်သည် ၎င်းတို့အား ကျွေးမွေးစောင့်ရှောက်တော်မူ၏"

မင်းသားကလေးအင်ဒရေသည် ခရစ်ဝင်ကျမ်းမှ စာတစ်ပိုဒ်ကို တစ်ယောက်တည်း ရွတ်ကြည့်၏။ ဤ တရားတော်၏ အနက်ကို မင်းသမီးကလေးမေရီအား ပြောပြလိုက်ချင်၏။ 'အို၊ ဒါတွေကို သူတို့ နားလည်မှာလဲ မဟုတ်ပါဘူး။ သူတို့လမ်း သူတို့သွားကြမှာပါ။ သူတို့ အင်မတန် အမြတ်တနိုးထားတဲ့ ခံစားချက်တွေ၊ ငါတို့ အားလုံးရဲ့ ခံစားချက်တွေ၊ အင်မတန်အရေးကြီးတယ်လို့ ထင်တဲ့အရာတွေဟာ တကယ်တော့ မက်မောစရာမရှိပါ ဘူး။ ဒါကို သူတို့ နားမလည်နိုင်ကြဘူး။ ငါတို့ဟာ တစ်ယောက်ကို တစ်ယောက် နားမလည်နိုင်ကြပါကလား'

မင်းသားကလေးအင်ဒရေသည် ဤသို့တွေးကာ

www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်လျက် ရှိ၏။

မင်းသားကလေးအင်ဒရေ၏ သားငယ်မှာ အသက် ခုနစ်နှစ် ရှိလေပြီ။ စာကို ကောင်းစွာ မဖတ်တတ်သေး။ ဘာကိုမျှ မသိသေးချေ။ 'ဘိုးအေချစ်' မင်းသားကလေးသည် ထို့နောက်တွင် လူ့ဘဝကြီးကို ဖြတ်သန်းခဲ့ရ၏။ အသိတွေ ရလာခဲ့၏။ အတွေ့အကြုံများကို ရင်ဆိုင်ခဲ့ရ၏။ (သို့ရာတွင် ထို့နောက်၌ မိမိ၏ ဖခင်အင်ဒရေ၊ မင်းသမီးလေးမေရီနှင့် နာတာရှာသို့ သုံးဦးသား ဖြစ်ပျက် နေပုံမြင်ကွင်း၏ အဓိပ္ပာယ်လေးနက်ခြင်းကို နားလည် သဘောပေါက်ရာ၌ကား ထိုအခါကထက် မည်သည့်နည်း နှင့်မျှ ပိုနိုင်လိမ့်မည် မဟုတ်တော့ချေ။ 'ဘိုးအေချစ်' မင်းသားလေးသည် ဤရင်နင်ဖွယ်ရှခင်းကို ကောင်းစွာ နားလည်သဘောပေါက်၏။ ငိုကြွေးခြင်းမပြုဘဲ ခန်းဆောင်ထဲမှ ထွက်လာခဲ့ပြီးသည့်နောက်၌ 'ဘိုးအေချစ်' မင်းသားလေးသည် မိမိနှင့်အတူ ထွက်လိုက်လာသော နာတာရှာထံ တိတ်ဆိတ်စွာလျှောက်လာခဲ့ကာ ၎င်း၏ လှပမှုန်မှိုင်းသော မျက်လုံးများဖြင့် နာတာရှာကို ရှက်ရွံ့စွာ မော့ကြည့်လိုက်၏။ ထို့နောက် ၎င်း၏တစ်ဝက် ပွင့်၍ နီရဲလျက်ရှိသော အထက်နှုတ်ခမ်းသည် တရွရွတုန်လာရာမှ နာတာရှာ၏ ရင်ခွင်တွင် ခေါင်းအပ်ကာ ကျိတ်၍ ငိုလျက် ရှိလေသည်။

ထို့နောက်၌ကား 'ဘိုးအေချစ်' မင်းသားလေးသည် ၎င်း၏စာပြဆရာ ဒီဆေးလ်ကိုသော် လည်းကောင်း၊ မိမိအား ယုယုယယ ပွေ့ဖက်လေ့ရှိသော် မြို့စားကတော်ကြီးကို လည်းကောင်း ရှောင်ကွင်းကာ တစ်ယောက်တည်း ထိုင်နေတတ်သည်။ သို့မဟုတ်လျှင်လည်း မင်းသမီးကလေး မေရီထံသို့သော် လည်းကောင်း၊ မိမိအရီးတော်ထက်ပင် ချစ်ခင်မိနေသည့် နာတာရှာထံသို့သော် လည်းကောင်း တိတ်တဆိတ်ရောက်လာကာ ၎င်းတို့အနီးတွင် တိတ်ဆိတ် ကြောက်ရွံ့စွာ ကပ်လျက်သာ ထိုင်နေတတ်လေသည်။

မင်းသားကလေး အင်ဒရေခန်းဆောင်မှ ထွက်လာသောအခါတွင် မင်းသမီးကလေးမေရီသည် နာတာရှာ၏ မျက်နှာတွင် ဖော်ပြခဲ့သော အဓိပ္ပာယ်ကို ကောင်းစွာ နားလည်ခဲ့လေပြီ။ မင်းသားကလေးအင်ဒရေအတွက် မျှော်လင့်ချက်ရှိသေးသည်ဟူသော စကားမျိုးကိုလည်း နာတာရှာအား ပြောဆိုခြင်းမပြုတော့ချေ။ မင်းသမီးကလေး မေရီသည် မင်းသားလေးအင်ဒရေ၏ ခုတင်ဘေးတွင် နာတာရှာနှင့် တစ်လှည့်စီ ထိုင်စောင့်၏။ ငိုကြွေးခြင်းလည်း မပြုတော့ချေ။ သို့ရာတွင် လုံးပါးပါးလျက်ရှိသော မင်းသားကလေး အင်ဒရေ၏အပေါ်သို့ လွှမ်းခြုံလျက်ရှိသော 'ထာဝရဖြစ်၍ သိမြင်ခြင်းငှာ မစွမ်းသည့် ထိုအရာ' ကို အောက်မေ့နှလုံးသွင်းကာ အမြဲတစေ ဆုတောင်းလျက် ရှိပေသတည်း။

အခန်း ၁၆

မင်းသားကလေးအင်ဒရေသည် မိမိဇီဝိန်ချုပ်တော့မည်ဆိုခြင်းကို သိနေရုံမျှသာမက မိမိဇီဝိန်ချုပ်လျက်ရှိလေပြီ၊ တစ်ဝက်တစ်ပျက် ဇီဝိန်ချုပ်ခဲ့လေပြီဆိုသည်ကိုလည်း ခံစားမိလေသည်။ မိမိသည် ဤကမ္ဘာမြေလောကကြီးရှိ အရာခပ်သိမ်းမှန်သမျှနှင့် ကင်းဝေးလျက်ရှိကာ ဆန်းကြယ်၍ ရွှင်လန်းပေါ့ပါးသော အဖြစ်မျိုးကို ရလျက်ရှိသည်ဟုလည်း သိလျက် ရှိလေသည်။ မင်းသားလေးအင်ဒရေသည် အလောသုံးဆယ်ဖြစ်ခြင်း မရှိ။ စိတ်လှုပ်ရှားခြင်းလည်း မရှိဘဲ လာလတ္တံ့သောအရာကို စောင့်လင့်ခြင်းပြု၏။ မိမိခံစားသိရှိနေရသော ဆန်းကြယ်သည့် ရွှင်လန်းပေါ့ပါးမှုကြောင့် မိမိဘဝတစ်လျှောက်လုံး အမြဲတစေ ရစ်ဝဲလျက်ရှိသည်ဟု သတိပြုခဲ့မိသော ထိုအရာ၊ ဖောက်ပြန်ခြင်းမရှိသော၊ ထာဝရဖြစ်သော၊ ဝေးလံသော၊ မသိနိုင်သော ထိုအရာသည် ယခုအချိန်တွင် မိမိအနီးသို့ ရောက်လာခဲ့လေပြီ။

ယခင်တုန်းကမူ မင်းသားကလေးအင်ဒရေသည် လမ်းဆုံးကို တွေး၍ ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်ခဲ့သည်။ ကြောက်မက်ဖွယ်ကောင်းလှသည့် သေခြင်းတရားတည်း ဟူသော လမ်းဆုံးကို မိမိသည် နှစ်ကြိမ်တိုင်တိုင် တွေ့ကြုံခဲ့ဖူးပြီ မဟုတ်ပါလော။ သို့ရာတွင် ယခုတစ်ကြိမ်၌မူ မင်းသားကလေးအင်ဒရေ၌ ထိုကြောက်ရွံ့ထိတ်လန့်ခြင်း မျိုး မရှိတော့ပြီ။

မိမိရှေ့တွင် အမြောက်ကျည်လုံးကြီးတစ်ခု ကျရောက်လာကာ ဂျင်သဖွယ် တဝီဝီလည်လျက်ရှိစဉ်က မင်းသားကလေးအင်ဒရေသည် သေခြင်းတရားကို ပထမဆုံးအကြိမ် ရင်ဆိုင်ခဲ့ရဖူးသည်။ ထိုစဉ်က ၎င်းသည် ထွန်ရေးတို့ အလှိုင်းလှိုင်းထလျက်ရရှိသော လယ်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

ပြင်ကြီးကို လည်းကောင်း၊ ချုံနွယ်တို့ကို လည်းကောင်း၊ ကောင်းကင်ကြီးကို လည်းကောင်း ကြည့်ကာ မိမိသည် သေခြင်းတရားနှင့် မျက်နှာချင်းဆိုင်နေရလေပြီဟု သိခဲ့ဖူးသည်။ ဒဏ်ရာကြောင့် သတိမေ့မြော်သွားရာမှ သတိပြန်လည်လာခဲ့၍ ထာဝရလည်းဖြစ်၊ အနှောင်အဖွဲ့လည်းကင်းသည့် မေတ္တာတည်းဟူသော ပန်းဖူးပန်းပွင့် မိမိဝိညာဉ်တွင်း၌ ရုတ်ခြည်း ဖူးပွင့်လာခဲ့သည့်အခါတွင်ကား မိမိသည် ဘဝတည်းဟူသော အနှောင်အဖွဲ့မှ လွတ်မြောက်ခဲ့လေပြီဟု မင်းသားကလေးအင်ဒရေ ယူဆမိသည်။ သေခြင်းကို ထိတ်လန့်စိုးရွံ့ခြင်းလည်း မဖြစ်။ ထိုအကြောင်းကို တွေးတောခြင်းလည်း မပြုတော့ချေ။

မိမိဒဏ်ရာရခဲ့၍ အထီးကျန်ဖြစ်ခြင်း၊ နာကျင်သော ဝေဒနာကို ခံစားရခြင်း၊ ကယောင်ကတမ်း ဖြစ်ခြင်းတို့ကို ခံစားလူက် ရှိစဉ်၌ ကိုယ်ထင်ပြခဲ့သော အမျိုးအစားသစ်ဖြစ်သည့် ထာဝရမေတ္တာတရားကို ပိုမိုသက်ဝင် ယုကြည်လာသည်နှင့်အမျှ မိမိသည် လောကီလူ့ဘုံကြီးနှင့် တဖြည်းဖြည်း ဝေးကွာလာခဲ့သည်ဟု မသိမသာ ခံစားခဲ့ရသည်။ ဝေနေယျသတ္တဝါအားလုံးကို မေတ္တာထားခြင်း၊ မေတ္တာတရားအတွက် မိမိကိုယ်ကို မိမိ စွန့်လွှတ်အနစ်နာခံခြင်းဟူသည်မှာ တစ်ခုတစ်ယောက်ကို မေတ္တာထားခြင်း၊ ဤလောကီလူ့ဘုံကြီးတွင် အသက်ရှင်နေထိုင်ရခြင်း စသည့် ကိစ္စများနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်လေသည်။ အကြင်သူတစ်ဦးသည် ထိုမေတ္တာတရားမျိုးကို တိုး၍တိုး၍ ပွားများနိုင်သောကိုယ် ဖြစ်အံ့၊ ထိုသူသည် ဘဝတဏှာကို ပယ်ခွာနိုင်သောကိုယ်၊ (ဖြစ်ခြင်းနှင့် သေခြင်း) ဇာတိနှင့် မရဏကြောင့်တွင် ရှိသော ကြောက်ဖွယ်လိလိ အဆီးအတားကို ချိုးဖျက်နိုင်သောကိုယ် ဖြစ်လိမ့်မည်သာ ဖြစ်ပေသည်။ (ထိုမေတ္တာတရားမျိုး မပွားများနိုင်လျှင် ဇာတိနှင့် မရဏအကြောင်းမှ အတားအဆီးသည် အလွန်ကြီးလှပါသည်။) ထိုသို့ သေခြင်းတရားကို နှလုံးသွင်းခဲ့စဉ်က 'သေလျှင်ကော ဘာထူးသေးသနည်း။ သေရသော်မှ ကောင်းသေး၏'ဟု မင်းသားကလေးအင်ဒရေ အောက်မေ့မိခဲ့သေးသည်။

သို့ရာတွင် မိတစ်ရှိရွာတွင် ညစခန်းချကြ၍ ကယောင်ကတမ်းဖြစ်လျက်ရှိစဉ် မိမိတမ်းတမျှော်လင့်ခဲ့သူကို မိမိရှေ့တွင် တွေ့မြင်လိုက်ရလျက် ၎င်း၏လက်ခုံကို နမ်းရှုပ်ခြင်း၊ ချိုသာကြည်နူးသော မျက်ရည်တို့ ကျဆင်းခဲ့ရခြင်း စသည့် အဖြစ်တို့ကို ကြုံတွေ့ရပြန်သော အခါတွင်မူကား တစ်ခုတစ်ယောက်သော မိန်းမတစ်ဦးကို ချစ်သော အချစ်စိတ်သည် ၎င်း၏နှလုံးသည်းပွတ်ထဲ၌ မသိမသာဝင်ရောက်လာခဲ့ပြန်ကာ ဘဝကို ခုံမင်တွယ်တာသောစိတ်သည် တစ်ဖန် ပြန်၍ ပေါ်လာပြန်လေသည်။ ထိုသည်နှင့် တစ်ပြိုင်နက် ၎င်း၏စိတ်သည် ယောက်ယက်ခတ် လှုပ်ရှားလာခဲ့ပြန်သည်။ ဘိုရိုဒီနိုတိုက်ပွဲအပြီး စစ်မြေပြင်သူနာပြုစခန်းတွင် အနာတိုလီနှင့် တွေ့ခဲ့ရပုံကို အမှတ်ရလာပြန်ကာ ထိုစဉ်က ဖြစ်ပေါ်ခဲ့ဖူးသော မုဒိတာစိတ်မျိုးကို နှလုံးသွင်းကြည့်ပြန်သည်။ သို့ရာတွင် ထိုစဉ်က စိတ်မျိုးကို နှလုံးသွင်းမရတော့ပြီ။ အနာတိုလီသည် ယခုတိုင် အသက်ရှင်နေသေးသလောဟူသော အမေးသည် ၎င်းကို ဖိစီးနှိပ်စက်လျက် ရှိလေသည်။ ထိုမေးခွန်းကို ထုတ်ဖော်မေးမြန်းခြင်းကား မပြုဝံ့ချေ။

သို့ဖြင့် မင်းသားကလေးအင်ဒရေ၏ အနာရောဂါသည် ဖြစ်ရိုးဖြစ်စဉ်လမ်းစဉ်အတိုင်း ဖြစ်ပေါ်လျက်ရှိလေသည်။ သို့ရာတွင် 'ခုလို ရုတ်တရက် ဖြစ်လာတော့တာပါပဲ'ဟူသော နာတာရှာပြောသည့် အခြေအနေမျိုးကား မင်းသမီးလေးမေရီ မရောက်မီ နှစ်ရက်အလိုတွင် ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်လေသည်။ ထိုအခြေအနေကား (ဓသခြင်းနှင့် သေခြင်း) ဇာတိနှင့် မရဏတို့ သူနိုင်ငါနိုင်တိုက်ကြသော နောက်ဆုံးတိုက်ပွဲ ဖြစ်၏။ ထိုတိုက်ပွဲ၌ သေခြင်းတရားသည် တံခွန်စိုက်ခဲ့လေပြီ။ နာတာရှာအား ချစ်ခင်မြစ်နှီးခြင်းဟူသော ပုံသဏ္ဌာန်တစ်မျိုးဖြင့် ပေါ်လာသည့် လူ့ဘဝကြီးကို မိမိသည် ယခုတိုင် တွယ်တာတန်ဖိုးထားလျက် ရှိသေးသည်တကားဟု ရုတ်တရက် သဘောပေါက်လာခဲ့သော အချိန်မှာ ထိုအချိန်ပင် ဖြစ်လေသည်။ သိနားလည်နိုင်ခြင်းမရှိသော အရာကို ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်သည့် အကြိမ်မှာလည်း ထိုအကြိမ်သည် နောက်ဆုံးအကြိမ်ပင် ဖြစ်လေသည်။ (အဆုံးစွန်၌ ထိုအကြောက်တရားကို မင်းသားကလေး အောင်နိုင်ခဲ့ပါသည်။)

ညချမ်းချိန်ဖြစ်၏။ ညစာစားပြီးလျှင် ထုံးစံအတိုင်း မင်းသားကလေးအင်ဒရေမှာ အဖျားသွေးတက်လျက် ရှိသည်။ ၎င်း၏အတွေးများသည် ထူးထူးခြားခြား ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com

လျက်ရှိသည်။ ဆွန်ယာသည် ၎င်းအနီးရှိ စားပွဲတစ်လုံးတွင် ထိုင်လျက်ရှိ၏။ မင်းသားကလေးအင်ဒရေမှာ ငိုက်မျဉ်းစပြုလာခဲ့လေပြီ။ မင်းသားကလေးအင်ဒရေမှာ ထိတ်ခနဲ ဝမ်းသာသွား၏။

'ဟော သူရောက်လာပြီ' မင်းသားကလေး အင်ဒရေတွေး၏။

မှန်ပါသည်။ နာတာရှာသည် ခန်းဆောင်တွင်းသို့ တိတ်ဆိတ်စွာ ဝင်ရောက်လာပြီးနောက် ဆွန်ယာ့နေရာတွင် ဝင်ထိုင်လိုက်သည်။

နာတာရှာ စတင်ပြုစုသည့် အချိန်မှစ၍ နာတာရှာ မိမိအနီးသို့ ရောက်ရှိလာခြင်းကို မင်းသားကလေး အင်ဒရေ အလိုလို သိတတ်နေလေပြီ။ နာတာရှာသည် မင်းသားကလေးအင်ဒရေ၏ ခုတင်နှင့် ဘေးချင်းယှဉ်ချထားသော လက်တင်ထိုင်ဖုံတွင် ထိုင်လျက်ရှိကာ ဖယောင်းတိုင်မီးကို မင်းသားကလေး အင်ဒရေအပေါ် ထိုးကျခြင်း မရှိအောင် ကာပေးလိုက်ပြီး ခြေစွပ်တစ်ဖက်ကို ထိုးလျက်ရှိ၏။ ရှေးအဘွားကြီးများသည် လူနာစောင့်ရင်း ခြေစွပ်ထိုးလေ့ရှိကြကြောင်း၊ လူနာစောင့်ရာတွင် ၎င်းတို့ကို မည်သူမျှ မိမည်မထင်ကြောင်း၊ ခြေစွပ်ထိုးခြင်းသည် စိတ်တည်ငြိမ်မှုရစေကြောင်း စသဖြင့် မင်းသားကလေး အင်ဒရေ တစ်ခါက အမှတ်မထင် ပြောခဲ့ဖူးရာ ထိုအချိန်မှစ၍ နာတာရှာသည် ခြေစွပ်ထိုးတတ်လာခဲ့ခြင်း ဖြစ်လေသည်။ နာတာရှာ၏ သေးသွယ်၍ လျင်မြန်စွာ လှုပ်ရှားလျက်ရှိသော လက်ထဲမှ တက်တင်းစာအပ်နှစ်ချောင်း ပွတ်တိုက်မိသံသည် အသာအယာအပေါ်ထွက်လျက်ရှိ၏။ ငုံ့ထားရင်းက တစ်စုံတစ်ရာကို စဉ်းစားလျက် ရှိဟန်တူသော နာတာရှာ၏ မျက်နှာကို ဘေးစောင်းတိုက် ထင်ရှားစွာ မြင်နေရ၏။ နာတာရှာက ကိုယ်ကိုလှုပ်သဖြင့် သိုးမွေးလုံးသည် ဒူးပေါ်မှကျသွား၏။ နာတာရှာသည် မင်းသားကလေးအင်ဒရေကို တစ်ချက်မျှ လှမ်းကြည့်၍ ဖယောင်းတိုင်မီးကို လက်ဖြင့် ကာထားရင်း ပျော့ပျင်းသေချာသော လှုပ်ရှားမှုဖြင့် ကုန်းကာ သိုးမွေးလုံးကို ဂရုတစိုက်ကောက်ယူလိုက်ပြီးနောက် ယခင်က နေမြဲပုံဏ္ဍာန်အတိုင်း ခြေစွပ်ကို ဆက်ထိုးလျက်ရှိသည်။

မင်းသားကလေး အင်ဒရေသည် တုတ်တုတ်မျှ မလှုပ်ဘဲ နာတာရှာကို ကြည့်လျက် ရှိသည်။ နာတာရှာသည် သိုးမွေးလုံးကို ကုန်းကောက်ပြီးနောက် အသက်ပြင်းပြင်းရှူလိုဟန်ရှိသော်လည်း ချုပ်တည်းထားကာ သတိကြီးစွာထား၍ ရှူလျက်ရှိခြင်းကို မင်းသားကလေး အင်ဒရေ မြင်ရသည်။

ထရွိုင်ဇာဘုန်းကြီးကျောင်းတွင် စခန်းချခဲ့စဉ်က ၎င်းတို့နှစ်ဦးသည် အတိတ်အကြောင်းကို ပြန်ပြောင်းပြောခဲ့ပြီးကြလေပြီ။ မိမိ ဒဏ်ရာရခဲ့ခြင်းကြောင့် မိမိတို့နှစ်ဦး ယခုကဲ့သို့ ပြန်လည်ဆုံစည်းခဲ့ကြရခြင်းဖြစ်ကြောင်း ထို့ကြောင့် မိမိသာ အသက်ရှင်ခဲ့ပါလျှင် ဒဏ်ရာရအောင် လုပ်ပေးခဲ့သည့် ဘုရားသခင်ကို အမြဲတမ်း ကျေးဇူးတင်နေတော့မည်ဖြစ်ကြောင်းဖြင့် ထိုစဉ်က မင်းသားကလေး အင်ဒရေက ပြောခဲ့၏။ သို့ရာတွင် ထိုနောက်၌ကား ၎င်းတို့နှစ်ယောက်သည် အနာဂတ်အကြောင်းကို ပြောဆိုခြင်း မပြုကြတော့ချေ။

"ဒါဟာ ဖြစ်နိုင်သလား၊ မဖြစ်နိုင်တော့ဘူးလား" မင်းသားကလေး အင်ဒရေသည် နာတာရှာ့ကို ကြည့်ကာ သံမဏိအပ်များ အသာအယာ ပွတ်တိုက်သံကို နားထောင်ရင်း တွေးမိ၏။ "ငါတို့နှစ်ယောက်ဟာ တွေ့ရုံသာတွေ့ပြီး သေကွဲကွဲရတော့မယ်ဆိုတာ တကယ်ပဲလား။ ကံတရားဟာ ဒီလောက်ပဲ ရက်စက်သလား။ ဘဝရဲ့ အမှန်တရားကို ငါမြင်တာဟာ ဘဝရဲ့ အမှားတွေထဲမှာ တစ်သက်လုံး အချိန်ကုန်ခဲ့ရပါပေါ့လား လို့ သိရရုံသက်သက်ပဲလား။ ငါဟာ ကမ္ဘာလောကထဲမှာ ရှိသမျှ အရာခပ်သိမ်းထက် နာတာရှာကို ပိုပြီးချစ်ခဲ့ရတယ်။ ကဲ သူ့ကို ဒီမျှလောက် ချစ်ပါပြီတဲ့။ ငါ ဘာတတ်နိုင်ဦးမှာလဲ"

မင်းသားကလေး အင်ဒရေသည် ဤသို့တွေးကာ ရောဂါဝေဒနာကို ခံစားခဲ့ရစဉ်တစ်လျှောက်လုံး အကျင့်ပါနေပြီဖြစ်သည့်အလျောက် ယောင်၍ ညည်းလိုက်မိသည်။

၎င်း၏ ညည်းသံကို ကြားသောအခါ၌ နာတာရှာသည် ထိုးလက်စ ခြေစွပ်ကိုချကာ ၎င်း၏အနီးသို့ ကပ်လာ၏။ မင်းသားကလေးအင်ဒရေ၏ တောက်ပလျက်ရှိသော မျက်လုံးများကို မြင်သောအခါ၌ ၎င်းအနီးသို့ ရုတ်တရက် သွက်လက်စွာ လျှောက်လာခဲ့ကာ အပေါ်မှ မိုးကြည့်လိုက်သည်။

"ဟင် အစ်ကို မအိပ်သေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင် မအိပ်ပါဘူး။ တစ်ချိန်လုံး နာတာရှာကို အစ်ကိုကြည့်နေတာ နာတာရှာလာတာကို အစ်ကို အလိုလိုသိနေတယ်။ နာတာရှာရောက်လာရင် အစ်ကို့စိတ်တွေဟာ တည်ငြိမ်ပြီး နူးညံ့လာတယ်။ အလင်းရောင်ကို မြင်လိုက်ရသလိုပဲ။ အစ်ကိုဝမ်းသာတယ် နာတာရှာ။ ဝမ်းသာလွန်းလို့ ငိုချင်တယ်"

နာတာရှာသည် အနားသို့ တိုးလာ၏။ ၎င်း၏ မျက်နှာကလေးသည်လည်း ပီတိလွမ်းကာ ဝင်းထိန်လျက်ရှိလေသည်။

"နာတာရှာ၊ နာတာရှာ့ကို အစ်ကိုသိပ်ချစ်တယ် နာတာရှာ၊ ကမ္ဘာလောကကြီးမှာ ရှိရှိသမျှအားလုံးထက် ချစ်တယ်"

"နာတာရှာ့ကို ဟုတ်လား" နာတာရှာ ခေတ္တမျှ တစ်ဖက်သို့ လှည့်လိုက်သည်။ "ဘာဖြစ်လို့ ဒီလောက် ချစ်ရတာလဲဟင်"

နာတာရှာက မေးလိုက်၏။

"ဘာဖြစ်လို့မှန်းတော့ မသိဘူး နာတာရှာ။ နေပါဦး နာတာရှာ ဘယ်လိုထင်သလဲ။ နာတာရှာရဲ့ စိတ်ထဲမှာ ရှိတာပြောပြစမ်းပါ။ ဘယ်လိုခံစားရသလဲ။ လူ့လောကကြီးမှာ အစ်ကိုနေရပါဦးမလားဟင်။ ဘယ်လိုထင်သလဲ"

"အို၊ အစ်ကိုနေရမှာပေါ့။ ဘာဖြစ်လို့ မနေရမှာလဲ" နာတာရှာက စိတ်အားထက်သန်စွာဖြင့် မင်းသားကလေး အင်ဒရေ၏ လက်နှစ်ဖက်ကိုကိုင်ကာ ခပ်ကျယ်ကျယ် ကလေးပြောလိုက်သည်။

မင်းသားကလေးအင်ဒရေသည် အတန်ကြာမျှ ငြိမ်သက်သွား၏။

"နေရဦးမယ်ဆိုရင်တော့ သိပ်ကောင်းမှာပဲနော်" မင်းသားကလေး အင်ဒရေက နာတာရှာ့လက်ကို ယူကာ နမ်းလိုက်သည်

နာတာရှာသည် ဝမ်းသာစိတ်လှုပ်ရှားလျက်ရှိသည်။ သို့ရာတွင် စိတ်ကို ထိန်းကာ မင်းသားကလေး အင်ဒရေ ငြိမ်သက်စွာ နေရမည် ဆိုခြင်းကို အမှတ်ရလာသည်။

"ကဲ၊ အစ်ကို မအိပ်ရသေးဘူးနော်" နာတာရှာက ဝမ်းသာမှုကို ချုပ်တည်း၍ ပြောလိုက်၏။ "ကြိုးစားပြီး အိပ်လိုက်ဦးနော်အစ်ကို"

မင်းသားကလေးအင်ဒရေသည် နာတာရှာ့လက်ကို ညှစ်လိုက်ပြီးနောက် လွှတ်လိုက်သည်။ နာတာရှာသည် ဖယောင်းတိုင်ထွန်းထားရာသို့ ပြန်သွားကာ ယခင်အနေအထားအတိုင်း ထိုင်လျက်ရှိ၏။ နာတာရှာသည် မမ်းသားကလေး အင်ဒရောက်သို့ နှစ်ကြိမ်မျှ လှမ်းကြည့်မိသည်။ ၎င်း၏ မျက်လုံးများသည် မိမိအား ရွှန်းရွှန်းစားစားကြည့်လျက်ရှိသော မင်းသားကလေးအင်ဒရေ၏ မျက်လုံးများနှင့် ဆုံမိကြ၏။ နာတာရှာသည် တက်တင်းထိုးခြင်းကို ပြန်ကောက်ကာ မပြီးမချင်း မကြည့်တော့ဟု ဆုံးဖြတ်လိုက်သည်။

ခဏကြာလျှင် မင်းသားကလေးအင်ဒရေလည်း မျက်လုံးများကို တကယ်မှိတ်၍ အိပ်ပျော်သွားလေသည်။ မင်းသားကလေး အင်ဒရေသည် ကြာကြာအိပ်မပျော်ချေ။ ခဏကြာလျှင် အေးစက်သော ချွေးစီးကြီးတွေပြန်ကာ လန့်နိုးလာလေသည်။

အိပ်ပျော်လျက်ရှိစဉ်၌လည်း မင်းသားကလေး အင်ဒရေသည် မိမိစိတ်ကို လွှမ်းမိုးထားသော ပြဿနာကြီးကို စဉ်းစားလျက်ရှိလေသည်။ ၎င်းမှာ (ရှင်ခြင်းနှင့် သေခြင်း) ဇာတိနှင့် မရဏသဘောတို့ပင် ဖြစ်လေသည်။

"အချစ်တဲ့၊ အချစ်ဆိုတာ ဘာလဲ" မင်းသားကလေး အင်ဒရေသည် တွေးတောလျက်ရှိ၏။

"အချစ်ဟာ သေခြင်းကို ဟန့်တားထားတယ်။ အချစ်ဟာ ဘဝပဲ။ အရာအားလုံးကို အရာခပ်သိမ်းကို ငါသိနေခြင်းဟာ အချစ်ကြောင့် နားလည်သိရှိနေခြင်းသာဖြစ်တယ်။ အရာအားလုံးတည်ရှိနေကြခြင်း၊ အရာခပ်သိမ်းတည်ရှိနေခြင်းဟာ အချစ်ကြောင့် တည်ရှိနေခြင်းသာဖြစ်တယ်။ အရာအားလုံးဟာ အချစ်ကြောင့် ပေါင်းစည်းနေကြခြင်းသာဖြစ်တယ်။ ချစ်ခြင်းမေတ္တာဟာ ထာဝရဘုရားသခင်ပဲ ဖြစ်တယ်။ ဒါကြောင့် သေခြင်းဆိုတာဟာလဲ ချစ်ခြင်းမေတ္တာရဲ့ မြူမှုန်ကလေးတစ်မှုန်သာ ဖြစ်တဲ့ငါ့အဖို့ ချစ်ခြင်းမေတ္တာ ထာဝရပေါက်ဖွား ကိန်းဝပ်ရာအရပ်ကို ပြန်သွားခြင်းလို့ အဓိပ္ပာယ်ထွက်တယ်"

ထိုအတွေးများသည် မင်းသားကလေး အင်ဒရေအား စိတ်သက်သာမှုကို ပေးကြ၏။ သို့ရာတွင် ၎င်းတို့မှာ အတွေးမျှသာဖြစ်လေသည်။ ထိုအတွေးများထဲတွင် တစ်စုံတစ်ရာလိုနေသည်ဟု ထင်မှတ်မိ၏။ ကြည်လင်ခြင်းလည်း မရှိလှချေ။ ထိုအတွေးများသည် တစ်ဖက်သတ်ကျလွန်း

www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂလမိဠာန်ကျလွန်းသည်ဟု ထင်မိ၏။ အတ္တနောမတိမ္မ သာဟု ထင်မိ၏။ ထိုသည်နှင့် ယခင်ကနည်းတူ ဂနာမငြိမ် ဖြစ်ခြင်း၊ ဝိတက်ဝိစာရ ဖြစ်ရခြင်းတို့သည် အပေါ်ပေါက် လာကြပြန်သည်။ ထို့နောက် အိပ်ပျော်သွားပြန်သည်။

မင်းသားကလေးအင်ဒရေသည် အိပ်မက်တစ်ခု မြင်မက်သည်။ အိမ်မက်ထဲ၌ မိမိမှာ ကျန်းမာပကတိရှိကာ ယခုရောက်လျက်ရှိသော ခန်းဆောင်ထဲတွင် ရောက်နေသည်။ ခြားနားခြင်းမရှိ။ ပီတိသေးသေး လူများစွာတို့ သည် မိမိရှေ့တွင် ပေါ်လာကြကုန်သည်။ မိမိသည် ထို လူများနှင့် အသေးအဖွဲကိစ္စများကို ပြောဆိုဆွေးနွေးခြင်း ပြုလျက်ရှိသည်။ ၎င်းတို့သည် တစ်နေရာသို့ ခရီးထွက်ရန် ပြင်ဆင်လျက်ရှိသည်။ ၎င်းတို့နှင့် စကားပြောခြင်းမှာ သေးနပ်သိမ်ဖျင်းလှသည်။ မိမိတွင် အရေးကြီးသော အခြား ကိစ္စများစွာရှိသည်ဟု မင်းသားကလေးအင်ဒရေ ဝိုးတိုး ဝါးတာ ထင်မှတ်လျက်ရှိသည်။ သို့ရာတွင် မိမိသည် ၎င်းတို့နှင့် ဆက်လက်စကားပြောလျက်ရှိ၍ မိမိက အနှစ် သာရ ကင်းမဲ့သော "ပြက်လုံးများကို ပြောဆိုသည့်အခါ ၌ ၎င်းတို့က သဘောကျခြင်းကို တွေ့ရ၏၊ ၎င်းတို့သည် တဖြည်းဖြည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြ ကာ ပြဿနာကြီးမှာ ခန်းဆောင်တံခါးကြီးကို မည်သို့ လုံလုံခြုံခြုံဖြစ်အောင် ပိတ်မည်နည်းဆိုသည့် ပြဿနာ ဖြစ်သည်။ မင်းသားကလေး အင်ဒရေသည် တံခါးကြီးကို မင်းတုပ်ချပိတ်ရန် ထိုင်ရာမှ ထလာခဲ့၏။ အရာခပ်သိမ်း သည် ထိုတံခါးကြီးကို အချိန်မီ ပိတ်နိုင် မပိတ်နိုင်ဆိုသည့် အချက်ပေါ်တွင် တည်လျက်ရှိ၏။ မင်းသားကလေး အင် ဒရေသည် ထကာ ခပ်ကုပ်ကုပ် လျှောက်လာခဲ့သည်။ သို့ရာတွင် ခြေထောက်များမှာ လှုပ်ရှားရန် ငြင်းဆန်လျက် ရှိကြသည်။ ရှိရှိသမျှခွန်အားသတ္တိများကို စုစည်းကာ ကြိုးစားသော်လည်း ထိုတံခါးကြီးကို အချိန်မီ မပိတ်နိုင် တော့ပြီဟု မင်းသားကလေးအင်ဒရေ ယူဆမိသည်။ ထို အခါတွင် ပြင်းစွာ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်လာသည်။ ၎င်းမှာ သခြင်းတရားကို ကြောက်လန့်တုန်လှုပ်ခြင်း ဖြစ်လေသည်။ "ထိုအရာ" သည် တံခါးကြီး၏ နောက်တွင် ရပ်လျက်ရှိသည်။ မိမိက ဒယီးဒယိုင်ဖြင့် တံခါးဆီသို့ ဒရွက်ဆွဲသွားလျက် ရှိသည့်အချိန်၌ တံခါးပြင်ဘက်တွင် ရှိသော တစ်စုံတစ်ရာသော ကြောက်ဖွယ်ကြီးတစ်ခုသည် တံခါးကြီးကို အတင်းတွန်းဖွင့်ကာ အထဲသို့ ဝင်ရန် ကြိုးစား လျက်ရှိသည်။ လူသားနှင့် အပ်စပ်ခြင်းမရှိ၊ အသက်ရှင်နေ ထိုင်ခြင်းနှင့် စပ်ဆိုင်ခြင်းမရှိသော သေမင်းသည် ထိုတံခါး ကို ရိုက်ချိုးဖွင့်လျက် ရှိလေပြီ။ ၎င်းကိုမောင်းထုတ်ရချေ တော့မည်။ မင်းသားကလေးအင်ဒရေသည် တံခါးကို လှမ်းကိုင်ကာ ပြန်၍ပိတ်သွားအောင် (မင်းတုပ်ချရန်ကား မဖြစ်နိုင်တော့ပါ။ နောက်ဆုံးအကြိမ်ကြိုးစားလျက်ရှိသည်။ သို့ရာတွင် ၎င်းကြိုးစားမှုသည် အားနည်းချည့်နဲ့လာခဲ့လေ ပြီ။ ယိမ်းယိုင်လာခဲ့လေပြီ။ ထိုကြောက်ဖွယ်ကြီးက တွန်း လိုက်သည်နှင့် တံခါးကြီးသည် ပွင့်သွားကာ ပြန်ပိတ်သွား ပြန်သည်။

တစ်ဖန် ထိုအရာက အပြင်ဘက်မှ တွန်းပြန်သည်။ မင်းသားကလေးအင်ဒရေ၏ ကြိုးပမ်းအားထုတ်မှုဟူသမျှ သည် အချည်းနှီးဖြစ်ခဲ့ရလေပြီ။ တံခါးရွက်နှစ်ချပ်သည် တိတ်ဆိတ်စွာ ပွင့်သွားကာ "ထိုအရာ" သည် ဝင်ရောက် လာခဲ့လေသည်။ ထိုအရာကား သေမင်းပင်တည်း။ သို့ ဖြင့် မင်းသားကလေး အင်ဒရေသည် ဇီဝိန်ချုပ်ခဲ့လေသည်။

သို့ရာတွင် ဇီဝိန်ချုပ်သွားသည့် တဒင်္ဂ၌ မိမိသည် အိပ်ပျော်နေခြင်း ဖြစ်သည်ဟု မင်းသားကလေး အင် ဒရေ သတိရလိုက်၍ ဇီဝိန်ချုပ်သွားသည်။ ထိုတဒင်္ဂလေး ၌ပင် မင်းသားကလေး အင်ဒရေသည် ရုန်းကန်လူးလွန့် ကာ အိပ်ပျော်ရာမှ နိုးလာခဲ့သည်။

"ဟုတ်တယ်။ သေခြင်းဆိုတာ ဒါပဲ။ ငါသေသွား ပြီ ငါနိုးကြားလာတယ်။ ဟုတ်တယ် သေခြင်းဆိုတာ နိုးကြားခြင်းတစ်မျိုးသာ ဖြစ်တယ်"

ထိုအတွေးဝင်လာသည်နှင့် တစ်ပြိုင်နက် မင်းသား ကလေး အင်ဒရေ၏ ဝိညာဉ်သည် ပေါ့ပါးသွားသည်။ မသိနိုင်သောအရာကို ဖုံးအုပ်ထားသည့် ကန့်လန့်ကာကြီး သည် ၎င်း၏ စိတ်မျက်စိရှေ့တွင် ပွင့်သွားသည်။ မိမိကိုယ် တွင်းတွင် ထိုအချိန်၌ ကျန်ရှိနေသေးသော အစွမ်းသတ္တိ တို့သည် လွတ်မြောက်သွားသည်ဟု ထင်ရသည်။ ထိုအချိန် မှစ၍ ထူးခြားဆန်းကြယ်သော ပေါ့ပါးမှုတစ်မျိုးကို ခံစား ရလေသည်။

အေးစက်သော ချွေးသီးကြီးများဖြင့် နိုးလာကာ ခုတင်ပေါ်တွင် လှုပ်ရှားလာသည့်အခါ၌ နာတာရှာ ရောက် လာကာ မည်သို့ဖြစ်သနည်းဟု ဝေဖန်ခြင်းပြု၏။ မင်းသား

www.burmeseclassic.com

www.burmeseclassic.com

ကလေး အင်ဒရေသည် မည်သို့မျှ မဖြေဘဲ မျက်လုံးကြီး အကြောင်သားဖြင့် ကြည့်နေသည်။ နာတာရှား၏ အမေးကိုလည်း နားလည်ခြင်း မရှိတော့ချေ။

*

ဤကား မင်းသမီးလေးမေရီ မရောက်မီ နှစ်ရက်အလို တွင် ဖြစ်ပျက်ခဲ့သော အချင်းအရာဖြစ်သည်။ ထိုနေ့မှစ၍ မင်းသားကလေးအင်ဒရေ၏ အဖျားရောဂါမှာ ငန်းသန့်ပါတ်ဖောက်လာပြီဖြစ်ကြောင်းဖြင့် သမားတော်က ပြောပြ၏။ သို့ရာတွင် နာတာရှာသည် သမားတော်၏ စကားကို စိတ်မဝင်စားတော့ချေ။ နာတာရှာသည် ကြောက်ဖွယ်ကောင်းလှသော စိတ်ချောက်ချားမှုတို့ကို ထင်ရှားစွာ မြင်နေရလေပြီ။

ထိုနေ့အိပ်ရာမှ နိုးကြာလာချိန်မှစ၍ ဘဝမှ နိုးကြားလာခြင်းတစ်မျိုးသည်လည်း မင်းသားကလေး အင်ဒရေအဖို့ အစပြုခဲ့လေပြီ။ အိပ်ရာမှ နိုးကြားလာသော ကာလတစ်ခုသည် အိပ်မက်တစ်ခု၏ ကာလနှင့် နှိုင်းစာသော် ရှည်ကြာလွန်းလှသည်ဟု ထင်ရသည်နည်းတူ ဘဝတစ်ခုလုံးနှင့် နှိုင်းစာလျှင် ယခုကဲ့သို့ နိုးကြားလျက် ရှိခြင်းသည်လည်း ရှည်ကြာလွန်းလှသည်ဟု ထင်မိသည်။

ဤသို့ တဖြည်းဖြည်း နိုးကြားလျက်ရှိသော ကာလ၌ ထိပ်လန့်တုန်လှုပ်စရာ၊ ချောက်ချားစရာဆို၍လည်း ဘာမျှမရှိတော့ချေ။

ဤသို့ဖြင့် မင်းသားကလေးအင်ဒရေ၏ နောက်ဆုံးနေ့များနှင့် နာရီများသည် ဖြစ်ရိုးဖြစ်စဉ်အတိုင်း လွယ်ကူရှင်းလင်းစွာ ကုန်လွန်ခဲ့ကြသည်။ ၎င်း၏အပါးတွင် အမြဲရှိကြသည့် မင်းသမီးလေးမေရီနှင့် နာတာရှာတို့သည် ဤအချက်ကို ခံစားမိကြ၏။ ထိုအတွင်း၌ ၎င်းတို့နှစ်ယောက်သည် ငိုကြွေးခြင်းလည်း မပြုကြ၊ တုန်လှုပ်ချောက်ချားခြင်းလည်း မဖြစ်ကြတော့ချေ။ ဤနောက်ဆုံးရက်များအတောအတွင်း၌ ၎င်းတို့သည် မင်းသားကလေး အင်ဒရေအား ပြုစုစောင့်ရှောက်လျက်ရှိကြသည်ဟုလည်း ယူဆခြင်း မပြုကြတော့ဘဲ(တကယ်၌ မင်းသားကလေးအင်ဒရေဟူ၍ မရှိတော့ပြီ။ မင်းသားကလေးအင်ဒရေနှင့် အနီးစပ်ဆုံးဟု ၎င်းတို့ကို သတိပေ.လျက်ရှိသော အရာဖြစ်သည်။ ၎င်း၏ ရုပ်ခန္ဓာကြီးကိုသာ ပြုစုစောင့်ရှောက်လျက် ရှိသည်ဟု ခံစားမိကြလေသည်။ ၎င်းတို့နှစ်ဦးသည် ထိုတရားသဘောကို ခိုင်မြဲစွာ ဆုပ်ကိုင်မိကြသည်ဖြစ်ရကား သေခြင်းတရား၏ ပြင်ပသဏ္ဌာန်နှင့် ကြောက်မက်ဖွယ် အနက်အဓိပ္ပာယ်တို့ကို ထင်မြင်ခြင်းလည်း မရှိကြတော့။ မိမိတို့၏ သောကပရိဒေသကို ငြိမ်းသတ်ရန် လိုသည်ဟုလည်း ယူဆခြင်းမရှိကြတော့ချေ။ ၎င်းတို့နှစ်ဦးသည် မင်းသားကလေးအင်ဒရေ၏ ရှေ့တွင်သော်လည်းကောင်း၊ မျက်ကွယ်တွင်သော်လည်းကောင်း ငိုကြွေးခြင်းမပြုတော့။ မင်းသားကလေးအင်ဒရေ၏ အကြောင်းကိုလည်း တစ်ဦးတစ်ဦး ပြောဆိုခြင်း မပြုကြတော့ချေ။ ၎င်းတို့ နားလည်သဘောပေါက်ခဲ့သော အခြင်းအရာကို စကားလုံးများဖြင့် ဖော်ပြခြင်းငှာ မစွမ်းဟုလည်း ယူဆလျက်ရှိကြလေသည်။

မင်းသားကလေး အင်ဒရေသည် တိတ်ဆိတ်ငြိမ်သက်စွာ၊ နက်ရှိုင်းသည်ထက် နက်ရှိုင်းစွာ ၎င်းတို့နှင့် ဝေးရာသို့ ချုပ်ငြိမ်းပျောက်ကွယ်လျက် ရှိခြင်းကို ၎င်းတို့ မြင်နေကြရသည် ဤအတိုင်းပင်ဖြစ်ရသည်။ ဤသို့ဖြစ်ခြင်းသည် သဘာဝကျသည်ဟုလည်း သိကြပေသည်။

မင်းသားကလေးအင်ဒရေကို သရဏဂုံတင်ခြင်း ပြုလေသည်။ နောက်ဆုံး နှုတ်ဆက်ခြင်းအနေဖြင့် အားလုံးက ၎င်းကို လာရောက်ကြည့်ရှုကြသည်။ သားငယ်ကို ခေါ်ဆောင်လာကြသည့်အခါတွင် မင်းသားကလေး အင်ဒရေသည် သားငယ်ကို နမ်းရှုပ်ပြီးနောက် တစ်ဖက်သို့ မျက်နှာလွှဲထားလိုက်သည်။ ဤသို့ပြုလုပ်ခြင်းမှာ ဆင်းရဲပင်ပန်းခြင်း၊ ဝမ်းနည်းခြင်းကြောင့် မဟုတ်ပါ။ (ဤအချက်ကို မင်းသမီးလေးမေရီနှင့် နာတာရှာတို့ နားလည်ပါသည်) မိမိအား ဤသို့ပြုလုပ်စေချင်ကြသည်ဟု ထင်သောကြောင့်သာ ဖြစ်ပါသည်။ ၎င်းတို့က သားငယ်ကို ဆုပေးရန် ပြောကြသည့်အခါ၌လည်း မင်းသားကလေးအင်ဒရေသည် ၎င်းတို့ခိုင်းသည့်အတိုင်းပင် လုပ်ပါသည်။ ထို့နောက် မိမိမည်သို့ လုပ်စေချင်ကြသေးသနည်းဟု မေးမြန်းသည့်နှယ် မျက်လုံးအကြောင်သားဖြင့် လှည့်ကြည့်နေသည်။

အသက်ဇီဝိန်ချုပ်ခါနီး နောက်ဆုံးရုန်းကန်လျက် ရှိချိန်တွင် မင်းသမီးလေးမေရီနှင့် နာတာရှာတို့သည် အနီးတွင် ရှိနေကြ၏။

"ဆုံးသွားပြီနော်" မင်းသားကလေးအင်ဒရေ၏

www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ် မိနစ်အတန်ကြာလှုပ်ရှားခြင်းမရှိ၏။ ငြိမ်သက်လျက် ရှိကာ ၎င်းတို့ ရှေ့မှောက်မှာပင် အေးစက်လာစပြုလာသည့်အခါတွင် မင်းသမီးလေးမေရီက မေးလိုက်၏။ နာတာရှာသည် ထလာကာ အသက်ကင်းမဲ့သော မျက်လုံးများကို ငုံ့ကြည့်ပြီးနောက် မျက်လုံးများကို ဆွဲမှိတ်ပေးလိုက်သည်။ နာတာရှာသည် မျက်လုံးများကို မှိတ်ပေးပြီး နမ်းရှုပ်ခြင်းကာ မပြုချေ။ သို့ရာတွင် မင်းသားကလေးအင်ဒရေနှင့် အနီးစပ် အရင်းနှီးဆုံးသောအရာဟု မိမိကို သတိပေးထားနှိုးဆော်လျက်ရှိသော ၎င်း၏ရုပ်ခန္ဓာကြီးကို ဖက်ထားမိလေသည်။

"အစ်ကို ဘယ်ရောက်သွားပြီလဲဟင်။ ခုအစ်ကို ဘယ်မှာလဲ"

ရုပ်အလောင်းကို သန့်ရှင်းစင်ကြယ်စေကာ အဝတ်အစားလဲပြီးနောက် ခေါင်းတစ်ခုတွင် ထည့်၍ စားပွဲတစ်လုံးပေါ်တွင် တင်ထားလိုက်ကြသည့်အခါတွင် အားလုံးကလာရောက်နှုတ်ဆက်ကာ ငိုကြွေးကြ၏။

သားတော် "ဘိုးအေချစ်" မင်းသားလေးသည် ငိုကြွေးခြင်းပြု၏။ ၎င်းငိုကြွေးခြင်းမှာ ၎င်း၏အသည်းနှလုံးတွင် နာကျင်ပူဆွေးကာ နားမလည်နိုင်သောကြောင့် ငိုကြွေးခြင်း ဖြစ်သည်။ မြို့စားကတော်ကြီးနှင့် ဆွန်ယာတို့ ငိုကြွေးခြင်းမှာ နာတာရှာကိုသနားခြင်း မင်းသားကလေးအင်ဒရေ လူပြည့်၌မရှိတော့ခြင်းတို့ကြောင့် ဖြစ်လေသည်။ မြို့စားကြီးရော့စတောဗ်လည်း ငိုကြွေးခြင်းပြု၏။ ၎င်းငိုကြွေးခြင်းမှာ မိမိသည်လည်း မကြာမီတွင် ဤကြောက်မက်ဖွယ်ခရီးကြီးကို သွားရတော့မည်ဟု သိသောကြောင့် ငိုကြွေးခြင်းဖြစ်လေသည်။

ယခုချိန်၌ မင်းသမီးလေးမေရီနှင့် နာတာရှာတို့သည်လည်း ငိုကြွေးခြင်းပြုကြပါသည်။ သို့ရာတွင် ၎င်းတို့ငိုကြွေးခြင်းမှာ ၎င်းတို့ ကိုယ်စီ၏ ရင်ထဲတွင် တောက်လောင်လျက်ရှိသော ပရိဒေဝမီးကြောင့် ငိုကြွေးခြင်းမဟုတ်ပါ။ မိမိတို့ ရှေ့မှောက်တွင် အနိုင်ယူသွားခဲ့သည့် သေခြင်းတရား၏ ထင်သာမြင်သာသော လျှို့ဝှက်နက်နဲမှုကို သိမြင်ရသည်၌ ထိုအရာကို ကြောက်ရွံ့ခန့်ညားစိတ်ခိုက်ရာမဲ့ဖြစ်သော စိတ်စသည်တို့ ၎င်းတို့၏ ဝိညာဉ်ထဲတွင် ပေါ်ပေါက်လာသောကြောင့် ငိုကြွေးကြခြင်းသာဖြစ်ပါသတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း ၁၃

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁

လူ၏အသိဉာဏ်တရားသည် အဖြစ်အပျက်များ၏အကြောင်းတရားများကို ကုန်စင်အောင် နားလည်သိမြင်နိုင်စွမ်းမရှိချေ။ သို့ရာတွင် ထိုအကြောင်းတရားများကို ရှာဖွေလိုသောဆန္ဒကား လူ၏စိတ်တွင် ကိန်းအောင်းအမြစ်တွယ်လျက်ရှိ၏။ အဖြစ်အပျက်တစ်ခု ဖြစ်လာရခြင်း၌ ရုပ်ထွေးမြားမြောင်လှသော အချက်အလက်များ ရှိတတ်၍ ၎င်းတို့အားလုံးမှာလည်း တစ်ခုစီ သီးခြားခွဲထုတ်ကြည့်လျှင် အကြောင်းတရားဟု ထင်စရာချည်းသာ ဖြစ်လေသည်။ လူ၏အသိပညာဉာဏ်တရားသည် ဤအချက်ကို ထည့်စဉ်းစားခြင်းမပြုတော့ဘဲ အကြောင်းတရား ဖြစ်တန်ရာသည်ဟု ၎င်း၏စိတ်တွင် ပထမဆုံးပေါ်လာသော အချက်အလက်တစ်ခုကို ဆွဲထုတ်ကာ "ဤကား အကြောင်းတရားဖြစ်တော့သည်"ဟု ပြောဆိုတတ်လေသည်။ (လူများ၏ ပြုမူဆောင်ရွက်ချက်များကို လေ့လာရာဖြစ်သော) ရာဇဝင်အဖြစ်အပျက်ကြီးများ အဘယ့်ကြောင့် ပေါ်ပေါက်လာခဲ့ကြရသနည်းဟူသော အမေးပုစ္ဆာကို ဖြေဆိုရန် အားထုတ်ခဲ့ကြရာ၌ ပထမဆုံးနှင့် ရှေးဦးအကျဆုံးသော အယူအဆမှာ ၎င်းတို့သည် နတ်သိကြားမင်းများ၏ အလိုအရ ပေါ်ပေါက်လာရသည်ဟူသော အယူအဆ ဖြစ်၏။ ဒုတိယအယူအဆမှာ အထင်ရှားဆုံးနေရာတွင် ရုပ်တည်ခဲ့ကြသူ ပုဂ္ဂိုလ်များ (ရာဇဝင်ကျော်လူစွမ်းကောင်းများ)၏ အလိုဆန္ဒအရ ပေါ်ပေါက်လာရသည်ဟူသော အယူအဆ ဖြစ်လေသည်။ သို့ရာတွင် (တကယ်ကိုယ်တိုင်ကိုယ်ကျပါဝင်လုပ်ဆောင်ခဲ့ကြသော သာမန်ပြည်သူလူထုကြီး၏ လှုပ်ရှားမှုတည်းဟူသော) ရာဇဝင်အဖြစ်အပျက်တစ်ခု၏ အနှစ်သာရကို သေချာစွာ စူးစမ်း လေ့လာကြည့်မည်ဆိုပါက ရာဇဝင်ကျော် လူစွမ်းကောင်းတို့၏ အလိုဆန္ဒက ပြည်သူလူထုများကို ချုပ်ကိုင်နေခြင်းမဟုတ်ဘဲ ပြည်သူလူထုများ၏ ဆန္ဒကသာလျှင် ရာဇဝင် လူစွမ်းကောင်းတို့အား ချုပ်ကိုင်နေခြင်း ဖြစ်ကြောင်းကို တွေ့ရမည်ဖြစ်လေသည်။ ရာဇဝင်အဖြစ်အပျက်များကို နားလည်သဘောပေါက်ရာ၌ မည်သို့ မည်ပုံ သဘောပေါက်ရမည်ဆိုသည့်အချက် (နည်းလမ်း) သည် ပဓာနမဟုတ်ဟု ထင်ဖွယ်ရှိ၏။ စင်စစ်တွင် ဤအချက်သည် အရေးကြီးပါသည်။ "ကမ္ဘာမြေကြီးသည် မလှုပ်မရှား ရပ်တည်လျက်ရှိ၍ ဂြိုဟ်နက္ခတ်တာရာများက ၎င်းကို လှည့်ပတ် သွားလာနေကြခြင်း ဖြစ်သည်" ဟူသော အဆိုအမိန့်နှင့် "ကမ္ဘာမြေကြီး လှုပ်ရှားနေသလော၊ ရပ်တည်နေသလော ဆိုသည်ကိုမူ မသိ။ သို့ရာတွင် ကမ္ဘာမြေကြီးနှင့်တကွ ဂြိုဟ်နက္ခတ်တာရာများ ရှိကြောင်းကိုကား သိသည်" ဟူသော အဆိုအမိန့်တို့သည် ကွာခြားကြသကဲ့သို့ "အနောက်ဘက်မှ လူများ အရှေ့ဘက်သို့ ရောက်ရှိလာခဲ့ခြင်းသည် နပိုလီယန်၏ အလိုဆန္ဒကြောင့် ဖြစ်ရသည်" ဟူသော အဆိုအမိန့်နှင့် "ထိုအဖြစ်အပျက်ကြီး ပေါ်ပေါက်လာခြင်းမှာ ရှောင်လွှဲမရသောဆန္ဒ၏ တရားအရ ပေါ်ပေါက်လာခြင်း ဖြစ်သည်" ဆိုသော အဆိုအမိန့်တို့သည်လည်း များစွာကွာခြားလှပါသည်။ ရာဇဝင်အဖြစ်အပျက်တစ်ခု၌ အကြောင်းတရားတကာတို့၏ မူလအကြောင်းတရားကြီး တစ်ခုဟူ၍သာ ရှိ၏။ ထိုမှလွဲလျှင် အခြားတစ်ပါးသော အကြောင်းတရား မရှိနိုင်ချေ။ ရှိလည်းမရှိချေ။ သို့ရာတွင် အဖြစ်အပျက်များကို ချုပ်ကိုင်မောင်းနှင်လျက်ရှိသော နိယာမတရားများဟူ၍ကား ရှိ၏။ ၎င်းတို့အနက် အချို့သော နိယာမတရားများကို

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ နားလည်သိရှိကြသော်လည်း အချို့သော နိယာမတရားများကိုမူ ရှိသည်ဟုသာ သိရုံသာသိကြ၍ နားလည်သဘောပေါက်ခြင်းကာ မရှိကြသေးချေ။ ဂြိုဟ်နက္ခတ္တာရာများ၏ ရွေ့လျားမှုနိယာမကို သိရှိရုန်အတွက် ကမ္ဘာမြေကြီးသည် မလှုပ်မရှားရပ်တည်နေသည် ဟူသော အယူအဆကို စွန့်လွှတ်ခြင်း ပြုရသည့်နည်းတူ ဤနိယာမတရားများကို ရှာဖွေတွေ့ရှိရန်မှာလည်း ရာဇဝင်အဖြစ်အပျက်များသည် လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်၏ အလိုဆန္ဒအရ ဖြစ်သည်ဟူသော အယူအဆကို လုံးဝစွန့်လွှတ်ရလိမ့်မည် ဖြစ်ပေသည်။

ဘိုရိုဒီနိုတိုက်ပွဲဖြစ်ပွားခြင်း၊ ရန်သူပြင်သစ်တို့ မော်စကိုမြို့ကို သိမ်းပိုက်ခြင်း၊ မော်စကိုမြို့ကြီး မီးလောင်ပြာကျရခြင်း စသည့် အဖြစ်အပျက်များပြီးသည့်နောက်တွင် (ပက္ကရာမြစ်ကိုဖြတ်သန်းချီတက်သည့် တောင်ပံလှုပ်ရှားမှုဟု ခေါ်ဆိုကြသော) ရာဇနမ္မ ကာလုဂါပေတစ်ရာ၊ ကာလုဂါ ပေတစ်ရာမှတာရူတီနိုစခန်း စသည်တို့သို့ ပြောင်းရွှေ့လှုပ်ရှားသည့် ရုရှားစစ်တပ်ကြီး၏ လှုပ်ရှားမှုသည် ၁၈၁၂-ခုနှစ် စစ်ပွဲတွင် အရေးကြီးဆုံးသော အဖြစ်အပျက်ကြီးတစ်ရပ်ဖြစ်သည်ဟု ရာဇဝင်ဆရာများက ယူဆကြ၏။ ဉာဏ်ပါရမီ အဟုန်မြောက်သည့် ဤလှုပ်ရှားမှုကြီးသည် မည်သူမည်ဝါ၏ စီမံကိန်းဖြစ်သည် စသည်ဖြင့်လည်း ၎င်းတို့သည် လူပုဂ္ဂိုလ်အသီးသီးကို ချီးကျူးထောပနာပြုကြ၏။ ဤလှုပ်ရှားမှုကြီးအတွက် မည်သူ့ကို ဂုဏ်ပြုချီးကျူးသင့်သည်ဆိုသည့် ကိစ္စဥ်လည်း ရာဇဝင်ဆရာများသည် အချင်းချင်း ငြင်းခုံရန်ဖြစ်လျက် ရှိကြ၏။ ပြင်သစ်ရာဇဝင်ဆရာများ အပါအဝင် နိုင်ငံခြားရာဇဝင် ဆရာများစွာကပင်လျှင် ဤတောင်ပံလှုပ်ရှားမှုအကြောင်းနှင့် ပတ်သက်လာတိုင်း ရုရှားတပ်ချုပ်၊ တပ်မှူး၊ စစ်ဦး၊ စစ်ကဲတို့ ဉာဏ်ပါရမီ ကြီးကျယ်ကြပါပေသည်ဟု အသိအမှတ်ပြုကြ၏။ သို့ရာတွင် ဤတောင်ပံလှုပ်ရှားမှုကြီးသည် ရုရှားနိုင်ငံကို ကယ်တင်၍ နပိုလီယန်ကို ချေမှုန်းခဲ့သည်ဆိုသော လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်၏ လေးနက်ကြီးကျယ်သော စီမံကိန်းဖြစ်သည်ဟု စစ်သမိုင်းဆရာများနှင့် ၎င်းတို့၏ နောက်လိုက်များက အဘယ်ကြောင့် ရေးသားခြင်း ပြုနေကြပေသနည်း။ ပထမအားဖြင့် ဤအချက်ကို ကျွန်ုပ်တို့ နားမလည်နိုင်ချေ။ ရန်သူ၏ တိုက်ခိုက်မှုကို မခံရသည့်အချိန်၌ စစ်တပ်ကြီးတစ်တပ်အဖို့ စခန်းချရန် အကောင်းဆုံးသောနေရာမှာ ရိက္ခာအပေါများဆုံး ဒေသပင်ဖြစ်သည် မဟုတ်လော။ ဤအချက် သိရန်မှာ များစွာ အပတ်တကုတ် အားထုတ်စဉ်းစားရန် မလိုချေ။ ၁၈၁၂-ခုနှစ် မော်စကိုမြို့မှ ဆုတ်ခွာလာခဲ့ပြီးသည့်နောက် ရုရှားစစ်တပ်ကြီးအဖို့ အကောင်းဆုံးသော နေရာမှာ ကာလုဂါ ပေတစ်ရာလမ်းမကြီး ဖြစ်သည်။ ဤအချက်ကို ထုထိုင်းသော ဆယ်သုံးနှစ်သားကလေးတစ်ယောက်ပင်လျှင် အလွယ်တကူခန့်မှန်းနိုင်ပေသည်။ သို့ဖြစ်လျှင် တောင်ပံလှုပ်ရှားမှု စီမံကိန်းကို မွေးထုတ်ပေးလိုက်သည့် ပါရမီဉာဏ် ကြီးကျယ်မှုဆိုသည်မှာ အဘယ်မှာနည်း။ ဤသည်ကို ကျွန်ုပ်တို့ နားမလည်နိုင်ချေ။ ရာဇဝင်ဆရာများသည် ဤတောင်ပံလှုပ်ရှားမှုကို အလွန်လေးနက်ကြီးကျယ်သော စစ်ဆင်ရေး စီမံကိန်းကြီးတစ်ရပ်ဖြစ်သည်ဟု ဘယ်ဦးနှောက်မျိုးဖြင့် စဉ်းစားကြ၍ ကောက်ချက်ထုတ်ကြသနည်း။ ဤသည်ကိုလည်း ကျွန်ုပ်တို့ နားမလည်နိုင်ချေ။ တစ်ဖန် ဤတောင်ပံလှုပ်ရှားမှုသည် ရုရှားနိုင်ငံကို ကယ်တင်ခဲ့၍ ပြင်သစ်နိုင်ငံကို ပြိုကွဲစေသော လှုပ်ရှားမှုဖြစ်သည်ဟု ဆိုကြပြန်သောအခါ၌ကား ကျွန်ုပ်တို့အဖို့ ပို၍နားမလည်နိုင်အောင် ဖြစ်ရလေသည်။ စင်စစ်၌ ထိုတောင်ပံလှုပ်ရှားမှုသည်(အခြားသောအခြေအနေများ မရှိခဲ့ပါက၊ သို့မဟုတ် အခြားသော အခြေအနေများ ဆုံစည်းဖြစ်ပေါ်ခြင်း မရှိခဲ့ပါက၊ သို့မဟုတ် အခြားသော အခြေအနေများ နောက်ဆက်တွဲ ဖြစ်ပေါ်ခြင်း မရှိခဲ့ပါက) ရုရှားတို့ကို ဗုန်းဗုန်းလဲပျက်စီးစေနိုင်၍ ပြင်သစ်တို့အဖို့ အကျိုးပင်ရှိနိုင်သေးသည်။ အကယ်၍ ရုရှားတို့၏ အခြေအနေသည် ထိုတောင်ပံလှုပ်ရှားမှုတို့ကြောင့် တိုးတက်ကောင်းမွန်လာခြင်း မဟုတ်ချေ။

ထိုတောင်ပံလှုပ်ရှားမှုသည် ရုရှားစစ်တပ်ကြီးအဖို့ အကျိုးကျေးဇူး မများရုံမျှမက အခြားသော အခြေအနေများတွင် ရုရှားတို့၏ ပျက်စီးခြင်းကိုပင် ဖြစ်စေနိုင်သေးသည်။ မော်စကိုမြို့ကြီး မီးလောင်ပျက်စီးခြင်း မရှိခဲ့လျှင်၊ နောက်ကလိုက်သော ပြင်သစ်ဗိုလ်ချုပ်မှူးရတ်က ရုရှားတပ်များကို မျက်ခြည်ပြတ်မသွားခဲ့လျှင် ဗိုလ်ချုပ်ဘင်နစ်ဆန်နှင့် ဗိုလ်ချုပ်ဘာကလေတို့ အကြံပေးခဲ့သကဲ့သို့ ရုရှားစစ်တပ်ကြီးက ပက္ကရာမြစ်ရိုးတွင် ခုခံတိုက်ခိုက်ခြင်းပြုခဲ့လျှင် မည်သို့ရှိချိမ့်မည်နည်း။ ပက္ကရာတစ်ဖက်ကမ်းသို့ ဆုတ်ခွာလျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိသော ရုရှားတို့ကို ပြင်သစ်တို့က လိုက်လံတိုက်ခိုက်ခြင်း ပြုခဲ့လျှင် မည်သို့ရှိချိမ့်မည်နည်း။ တာရူတီနိုသို့ ရောက်ခါနီး၌ နပိုလီယန်က စမိုးလင့်ကို ဝင်တိုက်ခဲ့စဉ်က အင်အား၏ ဆယ်ပုံတစ်ပုံမျှသော အင်အားဖြင့် ရုရှားတို့ကို တိုက်ခိုက်ခြင်းပြုခဲ့လျှင် မည်သို့ ရှိချိမ့်မည်နည်း။ ပြင်သစ်တို့က ပီတာစဘက်ရွေမြို့တော်ကို ချီတက်တိုက်ခိုက်ခဲ့လျှင် မည်သို့ ရှိချိမ့်မည်နည်း။ အကယ်၍ ဆိုခဲ့သည့် အခြေအနေမျိုးများသာ ပေါ်ပေါက်ခဲ့ပါက ရုရှားနိုင်ငံလွတ်မြောက်ရေးကို ဖြစ်စေခဲ့သည့် ထိုတောင်ပံလှုပ်ရှားမှုသည် ရုရှားနိုင်ငံ ပျက်စီးဆုံးရှုံးခြင်းကို ဖြစ်စေနိုင်သည်သာ ဖြစ်လေသည်။

တတိယ ကျွန်ုပ်တို့ နားမလည်နိုင်ဆုံးသောအချက် တစ်ချက် ရှိသေးသည်။ ၎င်းမှာ ထိုတောင်ပံလှုပ်ရှားမှုသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ရွှေဥဏ်တော် စူးရောက်မှုဖြင့် ပေါ်ပေါက်လာခြင်း မဟုတ်။ ထိုတောင်ပံလှုပ်ရှားမှုကို လုပ်ရကောင်းသည်ဟု မည်သူကမှလည်း ကြိုတင် သိမြင်ခဲ့ကြခြင်းမရှိ။ ဖိလိမှ ဆုတ်ခွာခဲ့ရစဉ်ကကဲ့သို့ တောင်ပံလှုပ်ရှားမှုကို ပြုလုပ်သင့်သည်ဟု မည်သူ၏ဦးနှောက်ထဲတွင်မှ ပြက်ပြက်ထင်ထင် သိလာသည်မဟုတ်။ ထိုတောင်ပံလှုပ်ရှားမှုသည် ရေတွက်ခြင်းငှာ မစွမ်းနိုင်သော အထူးထူးသော အခြေအနေများကြောင့် တရွေ့ရွေ့ တဖြည်းဖြည်း မသိမသာ ပေါ်ပေါက်လာခြင်းဖြစ်ပြီး ပြီးဆုံးလွန်မြောက်သွားသည့်အခါကျမှ၊ အတိတ်၏ပစ္စည်းတစ်ခု ဖြစ်သွားခါမှ ဤကား တောင်ပံလှုပ်ရှားမှုဟု ဖြစ်လာရခြင်း ဖြစ်သည်ဆိုသည့်အချက်ကို ရာဇဝင်လေ့လာသူ သုတေသီပုဂ္ဂိုလ်တို့ တမင်မျက်ကွက်ပြုကာ မမြင်ယောင်ဆောင်နေခြင်းပင် ဖြစ်ပေသည်၊ ဤအချက်ကိုမူ ကျွန်ုပ်တို့ နားမလည်နိုင်ဆုံးဖြစ်ပေသည်။

ဖိလီဦးစီးဌာနချုပ် အရေးပေါ် အစည်းအဝေးတုန်းက ရုရှားတပ်မှူးများ၏ ခေါင်းထဲတွင်ရှိသည့် တစ်ခုတည်းသောအတွေးမှာ နစ်ဇနီပေတစ်ရာလမ်းမကြီးအတိုင်း ဆုတ်ခွာသင့်သည်။ ထိုလမ်းမှလွဲ၍ အခြားလမ်း မရှိဟူသော သဘာဝကျသည့်အတွေးဖြစ်၏။ အစည်းအဝေးတွင် ဗိုလ်ချုပ်အများစုက ထိုသို့ဆုတ်ခွာရန် မဲပေးခဲ့ကြခြင်းကို ထောက်လျှင် ဤအချက်ကို သိနိုင်သည်။ ထို့မျှမက စစ်သေနာပတိချုပ်နှင့် ထောက်ပံ့ရေးဌာနကို တာဝန်ယူရသော ဗိုလ်ချုပ်လန်စကွိုင်းတို့ အစည်းအဝေးတွင် ပြောဆိုကြသော လူသိရှင်ကြား စကားများကို ထောက်လျှင် ဤအချက်ကို သိနိုင်သည်။ တပ်မတော်အတွက် ရိက္ခာများကို ကျူးလွန်နှင့် ရာဇန်နယ်များရှိ ဥက္ကာမြစ်ရိုးတစ်လျှောက်တွင် အများအပြား သိုလှောင်ထားပြီး ဖြစ်ကြောင်း၊ နစ်ဇနီ ပေတစ်ရာလမ်းမကြီးအတိုင်း ဆုတ်ခွာလျှင် တပ်မတော်စစ်ကြောင်းနှင့် ရိက္ခာထောက်ပံ့ရေးဌာနအကြားတွင် ဥက္ကာမြစ်ကြီး ခြားလျက်ရှိမည်ဖြစ်ကြောင်း၊ ဆောင်းဦးပေါက် ရေခဲချိန်တွင် ဥက္ကာမြစ်ကြီးကို ဖြစ်ကူးခြင်းပြု၍ ရမည် မဟုတ်တော့ကြောင်း ဖြင့် ဗိုလ်ချုပ်လန်စကွိုင်းက စစ်သေနာပတိချုပ်ထံ ထိုစဉ်က အစီရင်ခံခဲ့သည်။ ဤသည်မှာ နစ်ဇနီ ပေတစ်ရာလမ်းမကြီးအတိုင်း ဆုတ်ခွာရေးဟူသော သဘာဝအကျဆုံးနည်းလမ်းဟု တစ်ခါက ယူဆခဲ့သည့် အယူအဆကို မလွှဲမရှောင်ရွှန့်လွှတ်ရန် ပထမဆုံး ပေါ်ပေါက်လာသည့် အကြောင်းရင်းဖြစ်၏။ ထို့ကြောင့် ရုရှားစစ်တပ်ကြီးသည် ရာဇန်ပေတစ်ရာလမ်းမကြီးတစ်လျှောက် ရိက္ခာထောက်ပံ့ရေး ဒေသများနှင့်နီးရာတောင်ဘက်သို့ ဆုတ်ခွာလာခဲ့ရသည်။ တစ်ဖန် (ရုရှားစစ်တပ်ကြီးကို မျက်ခြည်ပြတ်သွားခဲ့သော) ပြင်သစ်စစ်တပ်၏ မလှုပ်မရှား ငြိမ်သက်လျက်ရှိခြင်း၊ ကျူးလွန်ရိုက်နက်ရုံများ၏ လုံခြုံရေးအတွက် စိုးရိမ်ရခြင်း၊ အထူးသဖြင့် ရိက္ခာထောက်ပံ့ရေးဒေသများနှင့် နီးကပ်စွာ နေရသည်နှင့်အမျှ ကိုယ်က အသာစီးရလျက်ရှိခြင်း စသည့် အကြောင်းများကြောင့် ရုရှားစစ်တပ်ကြီးသည် ထို့ထက် တောင်ဘက်ကျသော ကျူးလွန်ပေတစ်ရာ လမ်းမကြီးဘက်သို့ ဆုတ်ခွာလာခဲ့ရပြန်သည်။ ရုရှားတပ်မှူးများသည် ၎င်းတို့၏စစ်လမ်းမကြီးအား ပက္ကရာမြစ်ကိုဖြတ်၍ ကျူးလွန်ပေတစ်ရာမကြီးဘက်သို့ အပြင်းချီစေပြီးနောက် ပိုဒေါ့ဒေသတွင် စခန်းချတပ်စွဲရန် ကြံရွယ်ခဲ့ကြသည်။ တာရူတီနိုတွင် တပ်စွဲရန် ထိုအချိန်အထိ စိတ်ကူးမထည့်ခဲ့ကြသေးချေ။

သို့ရာတွင် ကာလအတန်ကြာ ရုရှားတပ်များကို မျက်ခြည်ပြတ်၍ သွားခဲ့သော ပြင်သစ်စစ်တပ်ကြီး ဘွားခနဲ ပေါ်လာခြင်း၊ ရင်ဆိုင်တိုက်ပွဲအတွက် ပြင်ဆင်မှုများ၊ ပြုလုပ်ရန် လိုအပ်ခြင်း အထူးသဖြင့် ကာလူဂါနယ်တွင် ရိက္ခာများ ပေါများခြင်း စသော ရေထွက်ခြင်း မစွမ်းနိုင်သည့် အခြေအနေအရပ်ရပ်တို့ကြောင့် ရုရှားစစ်တပ်ကြီးသည် တောင်ဘက်သို့ ထပ်မံဆုတ်ခွာခဲ့ရပြန်ကာ ကျူးလွန်ကို ဖြတ်

www.burmeseclassic.com

www.burmeseclassic.com

၍ ကာလူဂါ ပေတစ်ရာလမ်းမကြီးသို့ လည်းကောင်း ထိုမှ တစ်ဖန် ရိက္ခာသိုလှောင်ရေးဌာနများရှိရာ ထိုလမ်းမကြီး နှစ်ခုအကြား၌ တာရူတီနိုသို့လည်းကောင်း ပြောင်းရွှေ့ခဲ့ရပြန်သည်။ မော်စကိုမြို့ကို စွန့်ခွာရန် မည်သည့်အချိန်က ဆုံးဖြတ်ခဲ့သည်ဟု တိကျသေချာစွာ ပြောဆိုခြင်း မပြုနိုင်သကဲ့သို့ တာရူတီနိုသို့ ပြောင်းရွှေ့ရန် မည်သည့် အချိန်ကာလတွင် မည်သူက ဆုံးဖြတ်ခဲ့သည်။ ဆိုခြင်းကိုလည်း တိကျစွာ ပြော၍မဖြစ်နိုင်ချေ။ ရေတွက်ခြင်းငှာ မစွမ်းနိုင်သော အခြေအနေ အရပ်ရပ်တို့ကြောင့် ရုရှားစစ်တပ်ကြီး ထိုနေရာသို့ ရောက်ရှိသွားပြီးသည့်အခါကျမှသာလျှင် မိမိတို့သည် မူလကတည်းက ဤသို့လှုပ်ရှားရန် ကြံရွယ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကာလကြာ မြင့်စွာကတည်းက ထိုလှုပ်ရှားမှုကြီး၏ အကျိုးတရားများကို ကြိုတင်သိမြင်ခဲ့ပြီး ဖြစ်ကြောင်းဖြင့် "အစက ငါ မပြောလား" ဟူသော မျက်နှာပေးမျိုးဖြင့် ဟန်ဓာတ်ခုတ်နေကြခြင်းသာ ဖြစ်လေသည်။

အခန်း ၂

ရာဇဝင်ဆရာတို့ တခမ်းတနား ရေးသားကြသော တောင်ပံလှုပ်ရှားမှုဆိုသည်မှာ စင်စစ်၌ ဘာမျှ အဆန်းမဟုတ်ချေ။ ထိုလှုပ်ရှားမှုဖြစ်ပေါ်လာပုံမှာ ဤသို့ဖြစ်၏။ ကျူးကျော်သူများရန်ကြောင့် တရကြမ်း ဆုတ်ခွာခဲ့ရသည့် ရုရှားစစ်တပ်ကြီးသည် သွားရိုးသွားစဉ် ပေတစ်ရာလမ်းကြောင်းပေါ်မှ ခွဲထွက်လာကာ မိမိနောက်တွင် ရန်သူတို့ ထက်ကြပ်လိုက်လာခြင်းမရှိဟု သိရသောအခါ၌ ရိက္ခာပစ္စည်း ပေါများရာဒေသသို့ အလိုအလျောက်ရောက်ရှိလာခဲ့ခြင်းသာ ဖြစ်လေသည်။

ရုရှားစစ်တပ်ကြီး၌ စစ်ဆင်စစ်တက်အရာတွင် ပါရမီ ထူးချွန်သူတပ်မှူးချုပ်တို့ မရှိစေကာမူ ခေါင်းဆောင်ဟူ၍ မရှိစေကာမူ ထိုစစ်တပ်ကြီးသည် ရိက္ခာပေါများရာဒေသ၊ အစာရေစာပေါများရာ သေသည်သို့ တုံ့ပြန်လှုပ်ရှားရမည်သာ ဖြစ်လေသည်။ ထိုနည်းမှလွဲ၍ အခြားနည်းမရှိချေ။

နှစ်ဇနီ ပေတစ်ရာလမ်းမကြီးမှ ရာဇန်၊ ကျူလာနှင့် ကာလူဂါပေတစ်ရာ လမ်းမကြီးဘက်သို့ ဦးတည်လှုပ်ရှားရမည်ဆိုသည့်အချက်သည် အလွန်သဘာဝကျ၍ ရှင်းရှင်းကြီး သိနိုင်သောကိစ္စ ဖြစ်သည်။ စစ်ဆင်စစ်တက်ရာတွင် ဉာဏ်ကြီးကျယ်သူတို့ကို မဆိုထားဘိ။ ရုရှားတပ်ပြေးများပင်လျှင် ဤသဘောမျှလောက်ကို ကောင်းကောင်းကြီး သိကြသည်။ ထို့ကြောင့်သာ ရုရှားတပ်ပြေးများသည် ထိုဒေသများဆီသို့ တသောသော ထွက်ပြေးကာ အရပ်သူအရပ်သား၏ ပစ္စည်းများကို လုယက်ခဲ့ကြသည် မဟုတ်လော။ ထို့ကြောင့်ပင်လျှင် ရုရှားစစ်တပ်ကြီးကိုလည်း တပ်ပြေးများ ဆုတ်ခွာရာ ထိုလမ်းအတိုင်း ဆုတ်ခွာရမည်ဟု ပိတာစဘတ် ရွှေနန်းတော်ကြီးက စစ်သေနာပတိချုပ် ကူတူဇော့ဗ်ထံတောင်းဆိုခဲ့သည် မဟုတ်လော။ တာရူတီနိုသို့ ရောက်သောအခါ၌ ရုရှားစစ်တပ်ကြီးအား ရာဇန်ပေတစ်ရာလမ်းမကြီးအတိုင်း ဆုတ်ခွာခဲ့သည့်အတွက် ဘုရင်ဇကရာဇ်က စစ်သေနာပတိချုပ် ကူတူဇော့ဗ်ထံသို့ ဆူပူကြိမ်းမောင်းသော စာချွန်တစ်စောင်ကို ပေးပို့ခဲ့သည် မဟုတ်လော။ ထိုစာချွန်၌ ဘုရင်ဇကရာဇ်က ကူတူဇော့ဗ် ထိုအချိန်က ရောက်ရှိတပ်စွဲနေသည့် ကာလူဂါပေတစ်ရာလမ်းမကြီးဘက်သို့ ဆုတ်ခွာရမည်ဟု ကြိုတင်ထောက်ပြခဲ့သည် မဟုတ်လော။

ဤသို့ဖြင့် တိုက်ပွဲစဉ်တစ်ခုလုံးနှင့် ဘိုရိုဒီနို တိုက်ပွဲက တွန်းပို့လိုက်သည့်အရှိန်ဖြင့် ဘောလုံးကြီးတစ်လုံးကဲ့သို့ လိမ့်လာခဲ့သော ရုရှားစစ်တပ်ကြီးသည် ထိုအရှိန်ကုန်သွား၍ နောက်ကထပ်တွန်းအား တစ်စုံတစ်ရာ မရှိတော့သည့်အခါ၌ ၎င်းရပ်တန့်မည့်နေရာ၌ အရှိန်ကုန်ကာ ရပ်တန့်သွားခဲ့ရလေသည်။

သို့ဖြစ်လျှင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ အရည်အချင်းသည် အဘယ်၌ တည်သနည်း။ သေနင်္ဂဗျူဟာမြောက် စစ်ကစားမှုတွင် ပါရမီဉာဏ် ထူးချွန်ထက်မြက်ခြင်းသည် ၎င်း၏ အရည်အချင်းလော။ မဟုတ်ချေ။ ၎င်း၏ အရည်အချင်းမှာ အခြားမဟုတ်။ ထိုစဉ်က ဖြစ်ပျက်လျက်ရှိသော အခြေအနေ၏ ဝိသေသထူးပုံကို ကောင်းစွာ နားလည်ခြင်း၊ ပြင်သစ်စစ်တပ်ကြီး မလှုပ်မရှား ငြိမ်သက်လျက်ရှိသည့် အဓိပ္ပာယ်ကို ကောင်းစွာနားလည်ခြင်း၊ ဘိုရိုဒီနိုတိုက်ပွဲသည် မိမိတို့အောင်ပွဲဖြစ်သည်ဟု ယခုထက်တိုင် အခိုင်အမာပြောဆိုလျက်ရှိခြင်း၊ စစ်သေနာပတိချုပ်တစ်ဦး ဖြစ်သည့်အလျောက် ထိုးစစ်တိုက်စစ်ပြုရန်

www.burmeseclassic.com

www.burmeseclassic.com

စိတ်အားထက်သန်ခြင်း ဖြစ်ရမည့်အစား အကျိုးမဲ့ အချည်းနှီးသော ရင်ဆိုင်တိုက်ပွဲကို ရှောင်ကွင်းရန် ရုရှားစစ်တပ်ကြီးအား ရှိသမျှသော ဉာဏ်အားဖြင့် ထိန်းချုပ်လျက် ရှိခြင်းစသည်တို့ပင် ဖြစ်လေသည်။ ဤအချက်များကို နားလည်လုပ်ဆောင်ခဲ့သူမှာ ကူတူဇော့ဗ်တစ်ဦးတည်းသာ ရှိလေသည်။ ဤသည်ပင်လျှင် ၎င်း၏ အရည်အချင်း ဖြစ်ပေသည်။

ဘိုရိဒိနိုတိုက်ပွဲတွင် ဒဏ်ရာရရှိခဲ့သော တောကောင်ကြီးသည် ထွက်ပြေးသွားသော တောလိုက်မုဆိုးထားပစ်ခဲ့သည့်နေရာ၌ပင် လဲလျက်ရှိလေပြီ။ သို့ရာတွင် တိုတောကောင်ကြီးသည် အသက်ရှင်လျက် ရှိသေးသလော၊ အားရှိသေးသလော၊ သို့တည်းမဟုတ် ဝပ်လျက်ချောင်းနေခြင်းလော၊ ဤသည်ကိုမူ တောလိုက်မုဆိုးမသိချေ။ ထိုအခိုက်၌ ထိုတောကောင်ကြီး၏ ညည်းညူးသံကြီးကို ကြားလိုက်ရသည်။

မိမိ၏ ဆိုးရွားလှသော အခြေအနေကို ဖော်ပြလျက် ရှိသည့် ဒဏ်ရာရလျက်ရှိသော ထိုတောကောင်ကြီး (ပြင်သစ်စစ်တပ်ကြီး)၏ ညည်းညူးသံကာ အခြားမဟုတ်။ ဇကရာဇ်ဘုရင် နပိုလီယန်က ၎င်း၏ကိုယ်စားလှယ် နယ်စားကြီး လောရစ္စတန်အား ငြိမ်းချမ်းရေး ဆွေးနွေးရန် ပဏာမကမ်းလှမ်းချက်နှင့်အတူ ကူတူဇော့ဗ်စခန်းသို့ စေလွှတ်လိုက်ခြင်းပင် ဖြစ်သတည်း။

မိမိ၏ခေါင်းထဲသို့ ဝင်ရောက်လာသော အရာဟူသမျှသည် မှန်သည်ဟူသော ရှိမြဲယုံကြည် စိတ်ချခြင်းမျိုးဖြင့် ဇကရာဇ် ဘုရင်နပိုလီယန်သည် ၎င်း၏စိတ်ထဲတွင် ပထမဆုံးပေါ်လာသော စကားလုံးများကို ကူတူဇော့ဗ်ထံ ရေးသားပေးပို့လိုက်လေသည်။ သို့ရာတွင် ထိုစကားလုံးများမှာ ဘာအဓိပ္ပာယ်မျှ မရှိချေ။

"မင်းသားကြီးကူတူဇော့ဗ်" ဟု အစချီသော နပိုလီယန်၏ စာချွန်မှာ အောက်ပါအတိုင်း ဖြစ်၏။

> စိတ်ဝင်စားဖွယ်ကောင်းသော ပြဿနာများကို သင်နှင့် ဆွေးနွေးရန်အတွက် ကျွန်ုပ်၏ တပ်ရေးဗိုလ်ချုပ်တစ်ယောက်ကို စေလွှတ်လိုက်သည်။ ၎င်းပြောဆိုသမျှကို စိတ်ချယုံကြည်ရန် မင်းသားကြီးအား ကျွန်ုပ် မေတ္တာရပ်လိုသည်။ အထူးသဖြင့် သင့်အပေါ်တွင် ထားရှိသော ကျွန်ုပ်၏ လေးစားချစ်ကြည်မှုကို ထုတ်ဖော်ပြောဆိုခြင်းပြုသည့်အခါတွင် ယုံကြည်စိတ်ချစေလိုသည်။ ဘုရားသခင်သည် ၎င်း၏ ကြီးမြတ်တော်မူသော ကရုဏာဌာန သင့်အား ထိန်းသိမ်းစေသတည်းဟု ကျွန်ုပ်ဆုတောင်းလိုက်သည်။ ဤစာချွန်၌ ကျွန်ုပ်၏ ချစ်ကြည်လေးမြတ်မှုကို ဖော်ပြရန် ရည်ရွယ်ချက်မှတစ်ပါး အခြားမည်သည့် ရည်ရွယ်ချက်မျှ မရှိကြောင်းကို သိစေအပ်သည်။ မင်းသားကြီး ကူတူဇော့ဗ်။

နပိုလီယန်

မော်စကို ၁၉၁၂–ခု၊ အောက်တိုဘာ ၃၀ ရက်။

နပိုလီယန်၏ အထက်ပါစာချွန်နှင့် စပ်လျဉ်း၍ စစ်သေနာပတိချုပ် ကူတူဇော့ဗ်က "တစ်စုံတစ်ခုသော ငြိမ်းချမ်းရေးစာချုပ်ကို ချုပ်ဆိုခြင်းပြုရန် ဆော်သြသူဟု အထင်ခံရလျှင် ကျွန်တော့်ကို နောင်လာနောင်သားတို့ ကျိန်ဆဲကြတော့မည်။ ဤသည်မှာ ကျွန်တော့်လူမျိုး၏ လက်ရှိ စိတ်သဘောထားဖြစ်သည်" ဟု ပြန်ကြားလိုက်သည်။ သို့သော်လည်း စစ်သေနာပတိ ကူတူဇော့ဗ်သည် ထိုးစစ်တိုက်စစ် ဆင်နွှဲခြင်းမပြုရန် ၎င်း၏တပ်များကို ဆက်လက်ထိန်းသိမ်းလျက် ရှိလေသည်။

ပြင်သစ်တပ်များ မော်စကိုမြို့ကြီးကို လုယက်ဖောက်ထွင်းလျက်ရှိချိန်နှင့် ရုရှားတပ်များ တာရူတီနိုတွင် ငြိမ်သက်စွာ စခန်းချလျက်ရှိချိန် အတောအတွင်း၌ကား စစ်တပ်ကြီးနှစ်တပ်အကြား၌ နှိုင်းယှဉ်အင်အား၊ အချိုးအစားသည် (စိတ်ဓာတ်အရလည်းကောင်း၊ လူအင်အား အရေအတွက်အရ လည်းကောင်း) ပြောင်းသွားခဲ့လေပြီ။ ဤပြောင်းလွဲမှုကြောင့် အင်အားသာလွန်မှုသည် ရုရှားတို့ဘက်သို့ ရောက်လာခဲ့လေပြီ။ ပြင်သစ်စစ်တပ်၏ အင်အားနှင့် အခြေအနေကို ရုရှားတို့ မသိရသေးသော်လည်း ထိုအင်အား အချိုးအစား ပြောင်းလဲမှု ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ရန်သူကို ချက်ချင်း ထိုးစစ်ဆင်ရန် လိုအပ်လာပြီဖြစ်ကြောင်းကို ရေတွက်ခြင်းငှာ မစွမ်းသော နိမိတ်လက္ခဏာများက ပြသလျက် ရှိလေပြီ။ ဇကရာဇ်ဘုရင် နပိုလီယန်ထံမှ သံတမန် လောရစ္စတန်ရောက်ရှိလာခြင်း၊ တာရူတီနိုတွင် စားရေရိက္ခာများ ပေါများလျက်ရှိခြင်း၊ ပြင်သစ်တို့ မလှုပ်ရှားနိုင်ဖြစ်ကာ အအုပ်အစည်း ပျက်နေပြီဆိုသည့် သတင်းများ အရပ်ရပ်မှ ရောက်ရှိလာခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

ရုရှားတပ်ရင်းများသို့ စစ်သားသစ်များ ဝင်ရောက်လာခြင်း၊ ရာသီဥတု ကောင်းမွန်ခြင်း၊ ရုရှားတပ်များအဖို့ ကြာရှည်လေးမြင့်စွာ အနားရခဲ့ခြင်း၊ တပ်နားလျက်ရှိသော စစ်တပ်တစ်တပ်တွင် ဖြစ်မြဲထုံးစံအတိုင်း တပ်သားများမှာ စစ်စိတ်စစ်သွေးများ ဆူဝေလျက်ရှိခြင်း၊ ကာလကြာမြင့်စွာ ပျောက်ကွယ်လျက် ရှိသော ပြင်သစ်စစ်တပ်ကြီး၏ အခြေအနေကို သိလိုစိတ် ပြင်းထန်လျက်ရှိခြင်း၊ တာရူတီနိုတွင် စခန်းချလျက်ရှိသော ပြင်သစ်စစ်တပ်ကြီးအနီးသို့ ရုရှားကင်းထောက်များ ရဲပုံစွာ ကင်းထိုးရှိခြင်း၊ လယ်သမားနှင့် ပြောက်ကျားများက ပြင်သစ်တို့ကို အလွယ်တကူ အောင်မြင်လျက်ရှိပြီ ဆိုသည့် သတင်းနှင့် ထိုသတင်များကို ကြား၍ သူ့ထက်ငါ တိုက်ခိုက်လိုစိတ်များ ပေါ်ပေါက်လျက်ရှိခြင်း၊ ပြင်သစ်တို့ မော်စကိုမြို့ကြီးကို သိမ်းပိုက်ထားသမျှ ကာလပတ်လုံး ရုရှားတို့၏ ရင်ထဲတွင် လက်စားချေလိုစိတ်များ တဖွားဖွား ပေါ်ပေါက်လျက်ရှိခြင်းနှင့် (ထိုအရာများအားလုံး အပြင်) စစ်တပ်နှစ်တပ်၏ အင်အားအချိုးအစားသည် ပြောင်းသွားကာ မိမိတို့က သာလွန်မှုရလျက်ရှိပြီဟု ရုရှားတပ်သားတို့ စိတ်၌ ဝိုးတဝါး သိမြင်စပြုလာခြင်း စသည်တို့ကား ထိုးစစ်ကြီးတစ်ရပ်ကို ဆင်နွဲရန် လိုအပ်လာပြီဆိုသော အချက်ကို ပြလျက်ရှိသည့် နိမိတ်လက္ခဏာရေးဖြစ်လေသည်။ စစ်တပ်နှစ်တပ်၏ နှိုင်းယှဉ်အင်အား အချိုးအစား၌ အရေးကြီးသော ပြောင်းလဲချက်ကြီးတစ်ရပ် ပေါ်ပေါက်လာခဲ့ကာ ထိုးစစ်တစ်ရပ် ဆင်နွဲရေးကိစ္စသည်လည်း လွဲရှောင်မရတော့ချေ။ ထိုသည်နှင့် တစ်ပြိုင်နက် မိနစ်လက်တံတစ်ပတ်စေ့သောအခါတွင် နာရီတစ်ခုသည် တဒင်္ဒင်မြည်လာသကဲ့သို့ ဤသို့အင်အား အချိုးအစား ပြောင်းလဲလာသည်၌ အမြဲတစေ အလုပ်များခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း၊ ငြင်းခုံခြင်းစသည်တို့သည်လည်း အတက်တန်းစစ်အာဏာပိုင်များကြားတွင် ဖြစ်ပေါ်လာခဲ့လေသတည်း။

အခန်း ၃

ရုရှားစစ်တပ်ကြီးကို ကူတူဇော့ဗ်နှင့် ၎င်း၏ စစ်ဦးစီးဌာနချုပ်တို့အပြင် ပီတာစဘတ် ရွှေမြို့တော်ကြီးမှ ဘုရင်ဧကရာဇ်တို့ကလည်း ကွပ်ကဲခြင်း ပြုလေသည်။ မော်စကိုမြို့ကြီး ကျဆုံးပြီဆိုသည့်သတင်း ပီတာစဘာဂ်ရွှေမြို့တော်သို့ ရောက်မလာသေးမီ၌ တိုက်ပွဲစဉ်ငယ်စခန့်လုံးအတွက် အသေးစိတ် စီမံကိန်းတစ်ရပ်ကို ရေးဆွဲကာ အညွှန်းအဖြစ် အသုံးပြုရန် ကူတူဇော့ဗ်ထံသို့ ပေးပို့ခဲ့ပြီး ဖြစ်လေသည်။ မော်စကိုမြို့ ကျွန်ုပ်တို့လက်ထဲတွင် ရှိသေးသည်ဟူသော ယူဆချက်ဖြင့် ထိုစီမံကိန်းကို ရေးဆွဲခဲ့ခြင်း ဖြစ်သည့်တိုင် စစ်ဦးစီးဌာနချုပ်သည် ၎င်းကိုရှေ့လုပ်ငန်းစဉ်များအတွက် အခြေခံအဖြစ် လက်ခံအတည်ပြုခဲ့လေသည်။ အဝေးမှ စီစဉ်ချမှတ်ပေးသော လှုပ်ရှားမှုတို့သည် လက်တွေ့ဆောင်ရွက်ရန် ခက်ခဲသည်ဟုသာ စစ်သေနာပတိချုပ်ကူတူဇော့ဗ်က အကြောင်းပြန်ခဲ့သည်။ ထို့ကြောင့် တွေ့ကြုံဖွယ်ရှိသော အခက်အခဲများကို ဖြေရှင်းရန် ရွေးနှုတ်တော်ကြီးက ညွှန်ကြားချက်သစ်များ ထပ်မံပေးပို့ခြင်း ပြုခဲ့လေသည်။ ထို့ပြင် ကူတူဇော့ဗ်၏ လုပ်ရပ်များကို စောင့်ကြည့်၍ အစီရင်ခံရန် အတွက်လည်း လူသစ်များကို ထပ်မံစေလွှတ်လိုက်သည်။

ထိုမျှမကသေး။ ရုရှားစစ်တပ်ကြီး၏ စစ်ဦးစီးဌာနတစ်ခုလုံးကိုလည်း ပြင်ဆင်ဖွဲ့စည်းလိုက်လေသည်။ ကျဆုံးသွားသော ဗိုလ်ချုပ်ကြီး ဘာဂရေးရှင်းနှင့် အကျဉ်းကျခံနေရသော ဗိုလ်ချုပ်ဘာဂလေတို့နေရာတွင်လည်း လူစားထိုးရတော့မည် ဖြစ်၏။ ဗိုလ်ချုပ် (က) ကို ဗိုလ်ချုပ် (ခ) ၏ နေရာတွင် အစားထိုးရမည်လော၊ ဗိုလ်ချုပ် (ခ) ၏ နေရာတွင် ဗိုလ်ချုပ်(ဃ)ကို အစားထိုးမည်လော၊ သို့တည်းမဟုတ် ဗိုက်ချုပ် (ဃ) ကို ဗိုလ်ချုပ် (က)၏ နေရာတွင် အစားထိုးမည်လောဟူသည့် ပြဿနာမျိုးကိုလည်း အလေးအနက်စဉ်းစားခြင်း ပြုကြလေသည်။ (ထိုသို့ အပြောင်းအရွှေ့လုပ်ခြင်းကြောင့် ဗိုလ်ချုပ်(က) သို့မဟုတ် ဗိုလ်ချုပ် (ခ) စသည့် သက်ဆိုင်ရာပုဂ္ဂိုလ်တို့ ကျေနပ်မှုရကောင်း ရကြမည်ဖြစ်သော်လည်း ထိုထက် ဘာမျှအကျိုးကျေးဇူး မများကြောင်းကိုကား စဉ်းစားမိကြဟန် မတူပါ။)

စစ်သေနာပတိချုပ် ကူတူဇော့ဗ်နှင့် ၎င်း၏ ဦးစီးချုပ် ဘင်နစ်ဆန်တို့ မသင့်မတင့်ဖြစ်လျက်ရှိခြင်း တပ်မတော်တွင်းသို့ ဘုရင်ဧကရာဇ်၏ လူယုံတော်များ ရောက်ရှိလာခြင်း၊ တပ်ထဲတွင် ရာထူးအပြောင်းအရွှေ့ကိစ္စများ ပေါ်ပေါက်လာခြင်း စသည်တို့ကြောင့် တပ်မတော် စစ်ဦးစီးဌာနချုပ်တွင် ခါတိုင်းထက် ရှုပ်ထွေးသော အုပ်စုတိုက်ပွဲများ ဖြစ်ပေါ်လာခဲ့လေသည်။ ဗိုလ်ချုပ် (က)က ဗိုလ်ချုပ် (ခ)ကို နှိမ်ခြင်း၊ ဗိုလ်ချုပ်(ဃ)က ဗိုလ်ချုပ် (ဂ) ကို ချောက်

www.burmeseclassic.com

www.burmeseclassic.com

တွန်းခြင်း စသည်ဖြင့် စိပ်ဖြာ၍ ရနိုင်သလောက် အပြန်ပြန် အလှန်လှန် အချင်းချင်းတိုက်ခိုက်လျက် ရှိကြ၏။ ဤသို့ ပြဿနာအရပ်ရပ်တွင် တစ်ယောက်တစ်မျိုးစီ အယူအဆ ကွဲကာ ခြေရှုပ်လျက် ရှိကြရာ ၎င်းတို့ခြေအရှုပ်ဆုံး၊ စက်ပုန်းအခုတ်ကြဆုံးပြဿနာမှာ စစ်ပွဲဆင်နွှဲရေး ပြဿနာ ဖြစ်လေသည်။ ဤ၌လည်း ၎င်းတို့အားလုံးကပင် ဤစစ်ပွဲကြီးကို မိမိဦးစီး ညွှန်ကြားနေသည်ဟု အထင်ရောက် နေကြသူများချည်း ဖြစ်နေသည်။ သို့ရာတွင် စစ်ပွဲကြီး ဆင်နွှဲရေး ပြဿနာအား ၎င်း၏ထုံးစံအတိုင်း ၎င်းတို့နှင့် သီးခြားကင်းလွတ်စွာ ဖြစ်ပေါ်လျက် ရှိလေသည်။ ထိုပုဂ္ဂိုလ်များက စီမံသည့်အတိုင်း ဖြစ်မလာဘဲ ပြည်သူလူထုများ၏ အခြေခံကျသော သဘောထားနှင့်အညီ ဖြစ်ပေါ်လျက် ရှိလေသည်။ အမြင့်ဆုံးသော စစ်အာဏာပိုင်များ၏ အဝန်းအဝိုင်းအတွင်း၌သာလျှင် ဤသို့သော စီမံကိန်းများ၊ တန်ပြစီမံကိန်းများ၊ တစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်မှုများသည် လာလတ္တံ့သော အဖြစ်အပျက်ကြီးကို မှန်ကန်စွာ ထင်ဟပ်ဖော်ပြလျက် ရှိသည်ဟု ထင်နေကြခြင်းဖြစ်လေသည်။

တာရူတီနိုတိုက်ပွဲပြီးသည့်နောက် အောက်တိုဘာလ ၂၈ရက်နေ့စွဲဖြင့် ဘုရင်ဧကရာဇ်ထံမှ ကူတူဇော့ဗ်ထံသို့ ရောက်လာသော စာချွန်တစ်စောင်၌ အောက်ပါအတိုင်း ပါရှိ၏။

ကြားရောက်လိုက်သည် မင်းသားကြီးကူတူဇော့ဗ်။

စတင်ဘာလမှစ၍ မော်စကိုမြို့ကြီးသည် ရန်သူ့လက်တွင်းသို့ ကျရောက်ခဲ့ပြီ။ သင်၏ နောက်ဆုံး အစီရင်ခံစာချွန်ကို စက်တင်ဘာ ၂၀ ရက်နေ့တွင် ရေးခဲ့ခြင်း ဖြစ်သည်။ ဤအတောအတွင်း၌ ရန်သူကို တုံ့ပြန်တိုက်ခိုက်ခြင်းလည်း မရှိ၊ ငါ၏ ရှေးဟောင်း မြို့တော်ကြီးကို ကယ်တင်ရန် ကြိုးပမ်းခြင်းလည်း မရှိရုံမျှမက သင်၏ အစီရင်ခံစာများ အရဆိုလျှင် ထပ်မံဆုတ်ခွာလျက်ရှိသည်ဟုပင် သိရသည်။ ယခု အချိန်၌ ဆာပူကော့မြို့သည် ရန်သူ့လက်တွင်းသို့ ကျရောက်လျက်ရှိ၍ တပ်မတော်ကြီးအတွက် မရှိမဖြစ်သော လက်နက်ရုံများရှိရာ ကျူလာမြို့သည်လည်း အန္တရာယ်ဝိုင်းလျက်ရှိပြီ။ ဗိုလ်ချုပ်ဝင်ဇင်ဂျိရှိဒီထံမှ အစီရင်ခံချက်များအရဆိုလျှင် တပ်သား တစ်သောင်း အင်အားရှိသော ရန်သူတပ်ဖွဲ့များသည် ပီတာစဘက်ရွှေမြို့တော်သို့ ချီတက်လျက် ရှိပြီဟု ငါကြားရသည်။ ထောင်ပေါင်းများစွာသော အခြားရန်သူတပ်ဖွဲ့များသည်လည်း၊ ဒမီထရော့သို့ ချီတက်လျက်ရှိ၍ တတိယတပ်ဖွဲ့တစ်ဖွဲ့မှာ ဗလာဒီမာ ပေတစ်ရာလမ်းမကြီးအတိုင်း ချီတက်လျက်ရှိသည်။ အင်အားအတော်အသင့်ရှိသော ရန်သူတပ်ဖွဲ့တစ်ဖွဲ့သည် ရာဇာနှင့် မိုဇေ့ဟ်ကြားတွင် တပ်စွဲလျက်ရှိသည်။ နပိုလီယန်မှာ စက်တင်ဘာလ ၂၅-ရက်နေ့အထိ မော်စကိုတွင် ရှိနေသေးသည်။ ဤသတင်းများကို ထောက်သော် နပိုလီယန်နှင့် ၎င်း၏ကိုယ်ရံတော်တပ်များက မော်စကိုတွင်ရှိ၍ ကျန်တပ်များမှာ နေရာအနှံ့အပြားတွင် ဖြန့်ကျင်းထားကြောင်းမှာ ထင်ရှားသည်။ ဤအချိန်တွင် မိမိဘက်မှ ထိုးစစ်မပြုနိုင်လောက်အောင် ကြီးမားသည့် ရန်သူ့အင်အားကို သင် ရင်ဆိုင်နေရသည်ဆိုလျှင် ဖြစ်နိုင်သလော။ သို့ရာတွင် ဤသို့မဟုတ်နိုင်ပြီ။ ယခုအချိန်၌ သင့်အားလိုက်လံလျက်ရှိသည့် တပ်မတော်ထက် အင်အားနည်းလျက်ရှိချိမ့်မည်။ ဤအခြေအနေများကို အခွင့်ကောင်းယူကာ မိမိထက် အားအင်သေးငယ်သော ရန်သူကို အကျိုးရှိရှိ တိုက်ခိုက်ချေမှုန်းခြင်း (အနည်းဆုံး) ဆုတ်ခွာစေခြင်း စသည်တို့ကို သင်ပြုလုပ်သင့်သည်။ ဤသို့ဖြင့် ရန်သူတို့ ယခုသိမ်းပိုက်ထားသည့် နယ်မြေဒေသမှ အရေးကြီးသောအစိတ်အပိုင်းများကို ထိန်းသိမ်းကာ ကျူလာမြို့နှင့် အတွင်းပိုင်းများကို အန္တရာယ်ကင်းစေနိုင်သည်။ အကယ်၍ မြို့စောင့်တပ် အလုံအလောက်မရှိသော ပီတာစဘတ် ရွှေမြို့တော်ကို အင်အား တစ်စုံတစ်ရာဖြင့် ရန်သူတို့ ခြိမ်းခြောက်ခြင်း ပြုလာလျှင် ဤအဖြစ်မျိုးရောက်က သင်၏ တာဝန်မှတစ်ပါး အခြားမည်သူ၏ တာဝန်မျှ မဟုတ်ပြီ။ မော်စကိုမြို့ကြီး ကျဆုံးခြင်းကြောင့် စိတ်နှလုံးပူ ဆွေးလျက်ရှိသော အမိတိုင်းပြည်ကြီး အပေါ်၌ သင်တာဝန်မကျေ။ တာဝန်ကြွေးဆပ်ရန် ကျန်သေးကြောင်းကို သတိရလေ။ သင်တာဝန်ကျေက ငါချီးမြှင့်မြောက်စားရန် အဆင်သင့်ရှိသည်ကို သင်သိပြီး ဖြစ်သည်။ ထိုသို့ ချီးမြှင့်မြောက်စားလိုသောဆန္ဒသည် လျော့နည်းသွားခြင်း ရှိမည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ငါနှင့်တကွသော ရဂ္ဂးနိုင်ငံကြီးသည် သင်၏ စိတ်အားထက်သန်မှု၊ ခိုင်မာပြတ်သားမှုနှင့် အောင်မြင်မှုတို့ကို မျှော်လင့်ရန် အခွင့်အရေးရှိသည်။ သင်၏ ဉာဏ်ပညာစစ်ရေးစစ်ရာ ကျွမ်းကျင်မှုနှင့် တကွ သင်ကွပ်ကဲသော တပ်တော်၏ သုရသတ္တိ ပြောင်မြောက်မှုတို့သည် ငါတို့၏ မျှော်လင့်ချက်ကို ဖြည့်စွမ်းနိုင်လိမ့်မည်ဟုလည်း ငါ ယုံကြည်တော်မူသည်။

ဘုရင်ဧကရာဇ်၏ ဖော်ပြပါစာချွန်ကိုကြည့်လျှင် စစ်တပ်နှင့် အင်အားအချိုးအစားပြောင်းလဲမှုကို ပီတာစဘတ် ရွှေနန်းတော်ကြီးကလည်း အကဲခတ်မိပုံရလေသည်။ သို့ရာတွင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ထံသို့ ဖော်ပြပါ စာချွန်ရောက်ရှိမလာမီကတည်းကပင် ထိုးစစ်တိုက်ပွဲပြုလိုသော ရဂ္ဂးတပ်မတော်တို့ကို ကူတူဇော့ဗ်လည်း ထိန်းမထားနိုင်တော့ချေ။ တိုက်ပွဲတစ်ပွဲဖြစ်ပွားခဲ့ပြီးလေပြီ။

အောက်တိုဘာလ ၂-ရက်နေ့၌ ကင်းထွက်လျက်ရှိသော ရှာပိုဗာလော့ဆိုသူ ကော့ဆက် မြင်းတပ်သားတစ်ဦးသည် ယုန်တစ်ကောင်ကို ပစ်လာခဲ့၏။ အခြားယုန်တစ်ကောင်မှာ ဒဏ်ရာရကာ ထွက်ပြေးသွားလေသည်။ ရှာပိုဗာလော့သည် ဒဏ်ရာရကာ ထွက်ပြေးသွားသော ယုန်နောက်သို့ လိုက်ရင်း တောနက်သို့ ရောက်သွားကာ ထိုတောထဲတွင် အကာအကွယ်မဲ့ စခန်းချလျက်ရှိသော ပြင်သစ်ဗိုလ်ချုပ်မှူးရတ်၏ စစ်တပ် လက်ဝဲတောင်ပံနှင့် ပက်ပင်းသွားတိုးမိသည်။ ပြင်သစ်တို့လက်မှ သီသီကလေး လွတ်လာခဲ့ရပုံကို ၎င်း၏ ရဲဘော်များအား ထိုကော့ဆက်တပ်သားက ရယ်ရယ်မောမောဖြင့် ပြောပြ၏။ ဤသတင်းကို ကြားရသည်၌ အလံကိုင် ဗိုလ်ကလေးတစ်ဦးက တပ်မှူးထံ သွားရောက်သတင်းပို့လိုက်သည်။

ဤတွင် ကော့ဆက်မြင်းတပ်သားကို အခေါ်လွတ်ကာ မေးမြန်းခြင်းပြုသည်။ ကော့ဆက်မြင်းတပ်ဗိုလ်များက ဤအခွင့်အရေးကို အရယူကာ ရန်သူ့မြင်းများကို ဝင်ဖမ်းလိုကြသည်။ သို့ရာတွင် အထက်တန်း စစ်အာဏာပိုင်များနှင့် အဆက်အသွယ်ရှိသော အထက်တန်း အရာရှိတစ်ယောက်ကို ထိုအဖြစ်အပျက်ကို စစ်ဦးဌာနရှိ ဗိုလ်ချုပ်တစ်ယောက်ထံသတင်းပို့လိုက်သည်။ စစ်ဦးဌာန၌ အခြေအနေမှာ ထိုအချိန်တွင် ရှုပ်ထွေးတင်းမာလျက် ရှိသည်။ လွန်ခဲ့သည့် ရက်များမကြာမီက ဗိုလ်ချုပ်အာမိုလော့ဗ်သည် စစ်ဦးစီးချုပ် ဘင်နစ်ဆန်ကို သွားရောက် တွေ့ဆုံကာ ထိုးစစ်တစ်ရပ် ဆင်နွှဲရေးအတွက် စစ်သေနာပတိချုပ်ကို တိုက်တွန်းရန် မေတ္တာရပ်ခံခဲ့သည်။

"ဗိုလ်ချုပ်အကြောင်းကိုသာ ကျွန်တော်မသိခဲ့ရင် ကျွန်တော့်ကို ဗိုလ်ချုပ် ချောက်တွန်းမှာပဲလို့ ထင်မိမှာပဲဗျ။ ခက်တာက ကျွန်တော် ဘာအကြံပေးပေး စစ်သေနာပတိချုပ်က ပြောင်းပြန်လုပ်မှာပဲဗျ။ အဲဒါ အလွန်သေချာတယ်" ဟု ဗိုလ်ချုပ်ဘင်နစ်ဆန်က ပြောလိုက်သည်။

ကော့ဆက်မြင်းတပ်သား၏ သတင်းပို့ချက်ကို မြင်းတပ်ကင်းထောက်များ လွတ်၍ စုံစမ်းအတည်ပြုပြီးဖြစ်ရာ ၎င်း၏သတင်းပို့ချက်သည် အခြေအနေ ရင့်မှည့်နေပြီ ဖြစ်ကြောင်းကို ပြလိုက်သည့် နောက်ဆုံးသာဓကပင် ဖြစ်၏။ တင်းကျပ်စွာ ရစ်ခွေထားသော သံပတ်ကြီးကို ဖြေလွတ်လိုက်လေပြီ။ နာရီကြီးသည် တဂျိုးဂျိုးမြည်လာကာ ဒေါင်ဒင်တီးစပြုလေပြီ။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် အပြင်အပန်းအားဖြင့် အာဏာအပိုင်ဆုံးပုဂ္ဂိုလ်ဖြစ်၏။ အမြော်အမြင်ရှိသူ။ အတွေ့အကြုံရှိသူ တပ်သားများအကြောင်းကို ကောင်းစွာ သိသူဖြစ်၏။ သို့သော်လည်း ကော့ဆက်မြင်းတပ်သား၏ သတင်းပို့ချက် ဘုရင်ဧကရာဇ်ထံ တိုက်ရိုက်အစီရင်ခံခွင့်ရှိသော ဘင်နစ်ဆန်၏ မှာကြားလွှာဘုရင်ဧကရာဇ်၏ အလိုဆန္ဒနှင့်တကွ စစ်ဗိုလ်ချုပ်များအားလုံး၏ဆန္ဒများကို ကြားနာစစ်ဆေးပြီးသည့်နောက်၌ကား စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ရှောင်လွှဲမရသောလှုပ်ရှားမှုကြီးကို တားဆီးခြင်းငှာ မစွမ်း တော့ချေ။ အကျိုးမဲ့၍ ဥပဒေများလှသည်ဟု ၎င်းယူဆသော အလုပ်ကြီးတစ်ခုကို ဆောင်ရွက်ရန် အမိန့်ပေးလိုက်ရလေပြီ။ အရှိကို အရှိအတိုင်း အသိအမှတ်ပြုလိုက်ရလေပြီ

အခန်း ၄

ပြင်သစ်တို့၏ လက်ဝဲဘက်တောင်ပံ ဟင်းလင်းပွင့်လျက်ရှိသည်ဆိုသော ဘင်နစ်ဆန်၏ မှာကြားလွှာနှင့် ကော့ဆက်မြင်းတပ်သား၏ သတင်းပို့ချက်တို့သည် ထိုးစစ်တစ်ရပ်ကို ဆင်နွှဲရန် လိုအပ်ကြောင်း ဖော်ပြသည့်အရိပ်အရောင်များ ဖြစ်လေသည်။ သို့ဖြင့် ထိုးစစ်ဆင်နွှဲရန် အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com

၅ ရက်နေ့ကို သတ်မှတ်လိုက်သည်။

အောက်တိုဘာလ ၄-ရက်နေ့ နံနက်၌ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် စစ်အင်္ဂါစဉ်များကို လက်မှတ်ရေးထိုးလိုက်လေသည်။ စစ်အင်္ဂါစဉ်များကို ဗိုလ်ချုပ်တိုးလ်က ဗိုလ်ချုပ်အာမိုလော့ဗ်အား ဖတ်ပြပြီးနောက် ကျန်ကိစ္စများကို တိုင်ပင်ဆွေးနွေးရန် ခေတ္တအစောင့်ခိုင်းထားသည်။

"တိုင်ပင်ကြသေးတာပေါ့ ဗိုလ်ချုပ် ခုလောလော ဆယ်တော့ အချိန်မရှိသေးဘူးခင်ဗျ" ဗိုလ်ချုပ်အာမိုလော့ဗ်သည် ပြောပြောဆိုဆိုနှင့် တဲပြင်သို့ ထွက်သွား၏။

ဗိုလ်ချုပ် တိုးလ် ရေးဆွဲသော စစ်အင်္ဂါစဉ်မှာ သြစတားလစ်စပွဲ စစ်အင်္ဂါစဉ်ကဲ့သို့ပင် အလွန်ကောင်းမွန်ပါသည်။ (ဤအကြိမ်တွင်မူ ဂျာမန်ဘာသာဖြင့် ရေးဆွဲထားခြင်း မဟုတ်ချေ။)

"ပထမစစ်ကြောင်းသည် ဤမှ ဤသို့ ချီတက်လာရမည်" ဒုတိယစစ်ကြောင်းများသည် သတ်မှတ်ထားသည့် နေရာသို့ သတ်မှတ်ထားသည့်အချိန်တွင် ရောက်ရှိကြကာ ရန်သူကို ချေမှုန်းပြီးသား ဖြစ်နေ၏။ စစ်အင်္ဂါစဉ်များ၏ ထုံးစံအတိုင်း အစစအရာရာ ပြည့်စုံ ကောင်းမွန်လျက် ရှိ၏။ သို့ရာတွင် ဖြစ်မြဲထုံးစံအတိုင်း မည်သည့်စစ်ကြောင်းမျှ သတ်မှတ်ထားရာသို့ အချိန်မီ ရောက်မလာကြချေ။

လိုအပ်သော စစ်အင်္ဂါစဉ် စာတမ်းအရေအတွက်ကို ရေးကူးပြီးသည့်အခါ၌ တပ်ဗိုလ်တစ်ယောက်ကို ခေါ်ကာ ဗိုလ်ချုပ် အာမိုလော့ဗ်ထံ အပို့ခိုင်းလိုက်သည်။ ကူတူဇော့ဗ်၏ ကိုယ်ရံတော်တစ်ဦးဖြစ်သော အသက်ငယ်ငယ် ကိုယ်ရံတော် မြင်းတပ်ဗိုလ်ကလေးသည် မိမိအား အရေးကြီးသော ကိစ္စကြီးတစ်ရပ် ဆောင်ရွက်ရန် လွှဲအပ်ခြင်း ခံရသည့်အတွက် ကျေနပ်နှစ်သိမ့်စွာဖြင့် ဗိုလ်ချုပ်အာမိုလော့ဗ်၏ တပ်စခန်း၌နချုပ်သို့ ထွက်လာခဲ့သည်။

"အပြင်ထွက်သွားတယ် ခင်ဗျ" ဗိုလ်ချုပ် အာမိုလော့ဗ်၏ ကိုယ်ရံတော်က ပြော၏။

ကိုယ်ရံတော်မြင်းတပ်ဗိုလ်လေးသည် ဗိုလ်ချုပ်အာမိုလော့ဗ်ရှိတတ်သော အခြားဗိုလ်ချုပ်တစ်ယောက်ထံ လာခဲ့သည်။

"မရှိဘူးခင်ဗျ။ ကျွန်တော်တို့ ဗိုလ်ချုပ်လဲ ထွက်သွားတယ်"

ဤတွင် တပ်ဗိုလ်လေးသည် မြင်းပေါ်သို့ တက်ကာ အခြားတစ်ယောက်ထံ လာခဲ့ပြန်သည်။

"မရှိဘူးခင်ဗျာ။ ဗိုလ်ချုပ် အပြင်ထွက်သွားတယ်"

"ကြာနေရင် ငါ့တာဝန်များ ဖြစ်နေမလား။ တော်တော်ခွကျတာပဲ" ဗိုလ်လေးသည် ဤသို့တွေးကာ မြင်းတစ်စီးဖြင့် တပ်စခန်းတစ်ခုလုံး နှံ့အောင်ရှာ၏။ ဗိုလ်ချုပ်အာမိုလော့ဗ်နှင့် အခြားဗိုလ်ချုပ်များ မြင်းကိုယ်စီဖြင့် ထွက်သွားသည်ကို မြင်လိုက်ကြောင်းဖြင့် တစ်ယောက်က ပြော၍ ယခုအချိန်ဆိုလျှင် ပြန်ရောက်လောက်ပြီဖြစ်သည်ဟု အခြားတစ်ယောက်က ဆိုပြန်၏။ တပ်ဗိုလ်လေးသည် ထမင်းစားခြင်းပင် မပြုတော့ဘဲ ညနေခြောက်ချက်တီး အချိန်ထိ လိုက်ရှာသည်။ ဗိုလ်ချုပ်အာမိုလော့ဗ်ကို မည်သည့်နေရာတွင်မျှ ရှာမတွေ့ချေ။ မည်သည့်နေရာတွင် ရှိသည်ဟု မည်သူမျှလည်း မသိကြချေ။ တပ်ဗိုလ်လေးသည် မိတ်ဆွေတစ်ယောက်အိမ်တွင် ထမင်း ကသောကမျောစားကာ ဗိုလ်ချုပ် မိလိုရာဒိဗစ်ချ်ကိုလည်း မတွေ့ရချေ။ သို့ရာတွင် ဗိုလ်ချုပ် မိလိုရာဒိဗစ်ချ်မှာ ဗိုလ်ချုပ်ကီကင်၏ ညစာစားပွဲနှင့် ကပွဲသို့ သွားကြောင်း ဗိုလ်ချုပ်အာမိုလော့ဗ်လည်း ထိုနေရာတွင် ရှိမည်ထင်ကြောင်းဖြင့် သိခဲ့ရ၏။

"ဒါဖြင့် ဗိုလ်ချုပ် ကီကင်ရဲ့ အိမ်က ဘယ်မှာလဲဗျ"

"ဟိုမှာ။ အက်ချ်ကီနိုရွာရဲ့ ဟိုဘက်" ကော့ဆက်မြင်းတပ်ဗိုလ်တစ်ဦးက အဝေးတွင် ပျပျမြင်ရသော ကျေးလက်စံအိမ်တစ်လုံးကို ညွှန်ပြ၏။

"အလို ကျွန်တော်တို့ ကင်းဦးမျဉ်းတွေရဲ့ အပြင်ဘက်မှာပါလားဗျ"

"ကိစ္စမရှိပါဘူးဗျ။ တပ်ရင်းနှစ်ရင်း ကင်းချထားပါတယ်။ အဲဒီမှာတော့ ပွဲကြီးပဲဗျို့။ ဇိမ်ပဲ။ တူရိယာအဖွဲနှစ်ဖွဲ့နဲ့ အဆိုတော်ကောင်မလေးတွေလဲ သုံးဖွဲ့ပါတယ်"

တပ်ဗိုလ်လေးသည် ရုရှားကင်းဦးမျဉ်းများ အပြင်ဘက်ရှိ အက်ချ်ကီနိုရွာဆီသို့ မြင်းစီးလာခဲ့၏။ အိမ်ထဲမှ ထွက်ပေါ်လာသော စစ်သားကကွက် သီချင်းများကို အဝေးမှပင် ကြားရလေသည်။

"မြက်ခင်းပေါ်မှာ ပျော်ကြတယ်။ မြက်ခင်းပေါ်မှာ ပျော်တယ်" သီချင်းသံနှင့်အတူ လေချွန်သံနှင့် လက်စွဲဘဂျာသံများကို ကြားရသည်။ တစ်ချီတစ်ချီတွင် အော်

www.burmeseclassic.com

www.burmeseclassic.com

သံများက ဖုံးလွှမ်းသွားကြ၏။ တပ်ဗိုလ်လေး၏ စိတ်မှာ တေးသံကို ကြားရသဖြင့် မြူးကြွလာခဲ့လေပြီ။ သို့ရာတွင် ဤမြှအရေးကြီးသော အမိန့်ကို အလျင်အမြန် ဆောင်ရွက်ခြင်း၊ မပြုရသေးသလောဟု ကြိမ်းမောင်းခြင်း ခံရမည်ကိုလည်း စိုးရိမ်လျက် ရှိသည်။ ထိုအချိန်၌ ညရှစ်ချက်တီးကျော်ခဲ့လေပြီ။ တပ်ဗိုလ်လေးသည် မြင်းပေါ်မှ ဆင်းကာ ပြင်သစ်တပ်နှင့် ရုရှားတပ်များအကြား၊တွင် အကောင်းပကတိ ရှိနေသေးသော ကျေးလက်စံအိမ်ကြီးတစ်လုံး၏ ဆင်ဝင်အောက်သို့ ဝင်လာခဲ့သည်။ အပန်းဖြေခန်းဆောင်၌ အဆောင်ကိုင်များသည် ဝိုင်ပုလင်းများ၊ သိုးသားကြော်ပန်ကန်များဖြင့် လူလားခတ်လျက်ရှိကြ၏။ အဆိုတော်များမှာ ပြတင်းအပြင်ဘက်တွင် အစုလိုက် ရပ်နေကြသည်။ ခန်းဆောင်ထဲသို့ ဝင်ခွင့်ရသည်အခါ၌ ဗိုလ်ချုပ် အာမိလော့ဗ်၏ ထောင်မောင်းသောအရပ်ကြီးသည် ထင်လျက်ရှိ၏။ ၎င်းတို့အား လုံးသည် စစ်ဝတ်စုံကြယ်သီးများကို ဖြုတ်ကာ ဝိုင်းဖွဲ့ရပ်လျက် ရှိကြ၏။ ၎င်းတို့၏ မျက်နှာများသည် နီမြန်းရွှင်လန်းလျက် ရှိရင်းက ကျယ်လောင်စွာ ရယ်မောလျက်ရှိကြ၏။ ခန်းဆောင်းအလယ်၌ အရပ်ပြတ်ပြတ်၊ ဥပမိရုပ်ကောင်းကောင်း ဗိုလ်ချုပ်တစ်ယောက်သည် ထရီပတ်ခေါ် အကတစ်မျိုးကို သွက်လက်ဖျတ်လတ်စွာ ကလျက်ရှိသည်။

"ဟား ဟား၊ ဗိုလ်ချုပ် အိုင်ဗန်နစ် ထပ်ကပါဦးဗျို့။ တစ်ချီလောက် ကပါဦး"

ဤမြှ အရေးကြီးသော အမိန့်ကို ဤလိုအချိန်အခါမျိုးတွင် လာရောက်ပေးရသလောဟု နှစ်ထပ်ကွမ်း အကြိမ်းခံရတော့မည်ကို တပ်ဗိုလ်လေး သိလိုက်လေပြီ။ ထို့ကြောင့် ကပွဲပြီးအောင် စောင့်တော့မည်ဟု အောက်မေ့လိုက်မိသည်။ သို့ရာတွင် ဗိုလ်ချုပ်တစ်ယောက်က ၎င်းကို လှမ်းမြင်ကာ အကျိုးအကြောင်းကို သိရသည်၌ ဗိုလ်ချုပ် အာမိလော့ဗ်ထံ သတင်းပို့လိုက်သည်။

ဗိုလ်ချုပ်အာမိလော့ဗ်သည် မျက်မှောင်ကြုံး ကုတ်၍ ရောက်လာ၏။ ဗိုလ်လေးထံမှ သတင်းကို နားထောင်ပြီးနောက် စာရွက်များကို လှမ်းယူလိုက်သည်။ မည်သို့မျှ မပြောချေ။

"ဘာလဲ၊ ဗိုလ်ချုပ် အာမိလော့ဗ် အိမ်မှာ မရှိတာ မတော်တဆဖြစ်တာလို့ ခင်ဗျားထင်သလား" ထိုနေ့ည၌ စစ်ဦးစီးဌာနချုပ်ရှိ မိတ်ဆွေတစ်ယောက် ကိုယ်ရံတော်မြင်းတပ်ဗိုလ်လေးကို လှမ်းပြောလိုက်၏။ ၎င်းတို့သည် ဗိုလ်ချုပ်အာမိလော့ဗ်အကြောင်းကို ပြောဆိုနေကြခြင်းဖြစ်သည်။

"ဒါ တမင်သက်သက် လုပ်တာဗျ။ ဗိုလ်ချုပ်ကိုနိုနစ်ဆင် ချောက်ကျအောင် တမင်သက်သက် ရှောင်နေတာ။ မနက်ဖြန်ကျရင် ဘာတွေဖြစ်ကုန်မလဲဆိုတာ စောင့်သာကြည့်ပါဗျာ တွေ့ရပါလိမ့်မယ်"

အခန်း ၅

နောက်တစ်နေ့၌ အိုးမင်းလှပြီဖြစ်သော စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် နံနက်စောစောအိပ်ရာမှထကာ ဘုရားဝတ်ပြုခြင်း၊ အဝတ်အစားလဲလှယ်ခြင်းတို့ကို ပြု၏။ ထို့နောက်၌ မိမိဘဝင်မကျသော တိုက်ပွဲတစ်ရပ်ကို ဦးစီးညွှန်ကြားရတော့မည်ဟု ရွှင်လန်းခြင်းမရှိသောစိတ်ဖြင့် ၎င်း၏ကရထားထက်သို့ တက်ကာ (တာရူတိနိုနှင့် သုံးမိုင်ခွဲခန့်ဝေးသော) လိဘာရိုကာရွာမှ တိုက်ပွဲဝင် စစ်ကြောင်းများ ဆုံတွေ့မည်နေရာသို့ လာခဲ့လေသည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ကရထားထက်တွင် အိပ်ငိုက်လာခဲ့ရာမှ တစ်ချီတစ်ချီတွင် လန့်နိုးကာ တိုက်ပွဲစတင်ဖြစ်ပွားလေပြီလောဟူသော စိုးရိမ်စိတ်ဖြင့် လက်ယာဘက်ဆီသို့ အာရုံပြုလျက် ပစ်ခတ်သံများကို နားထောင်ခြင်းပြု၏။ သို့ရာတွင် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လျက် ရှိလေသည်။ စိုစွတ်ထိုင်းမှိုင်းသော ဆောင်းဦးပေါက် နံနက်၌ လင်းရောင်ပျိုးစပြုလေပြီ။ တာရူတိနိုရွာအနီးသို့ ချဉ်းကပ်လာသောအခါ၌ မြင်းတပ်သားအချို့ မိမိလမ်းကို ဖြတ်ကျော်ကာ မြင်းရေတိုက်သွားကြခြင်းကို မြင်ရ၏။ စစ်သေနာပတိချုပ်သည် ၎င်းတို့ကို စူးစိုက်ကြည့်ကာ ၎င်း၏ ကရထားကို ရပ်စေပြီးနောက် မည်သည့် တပ်ရင်းကနည်းဟု မေးမြန်းစုံစမ်းခြင်း ပြုလေသည်။ စစ်သေနာပတိချုပ်သည် ၎င်းတပ်သားများမှာ ယခုအချိန်တွင် ရှေ့တန်းစစ်မျက်နှာ၌ ချုံခိုနေရာဟုပြောပြီးဖြစ်ရမည့် စစ်ကြောင်းမှ တပ်သားများဖြစ်ကြောင်းကို သိရ၏။ "အိမ်းတလွဲတွေဖြစ်ကုန်ပြီ ထင်ပါရဲ့" ဟု စစ်သေနာပတိချုပ် အဘိုးအို တွေး၏။ သို့ရာတွင် အတန်ကြာသွားမိသောအခါ၌ လက်

www.burmeseclassic.com

www.burmeseclassic.com

နက်များကို စုပုံထားကြသော တပ်ရင်းများကို တွေ့ရပြန်သည်။ တပ်သားများမှာ ဝတ်စုံအပြည့်အစုံပင် မဝတ်ရသေး။ အချို့က ဂျူစေ့ဆန်ပြုတ်သောက်လျက်ရှိ၍ အချို့က ထင်းများသယ်လျက် ရှိကြသည်။ စစ်သေနာပတိချုပ်သည် တပ်ဗိုလ်တစ်ယောက်ကို ခေါ်လာရန် စေလွှတ်လိုက်၏။ ထွက်မိန့်မရသေးဟု တပ်ဗိုလ်က သတင်းပို့လေသည်။

"ဘယ်လိုဖြစ်တာလဲကွ။ ခုထက်ထိ" စစ်သေနာပတိချုပ်သည် ပါးစပ်က ရုတ်တရက် ထွက်သွားပြီးမှ အရှိန်သတ်လိုက်ကာ အထက်တပ်ဗိုလ်တစ်ယောက်ကို အခေါ်ခိုင်းလိုက်ပြန်သည်။ ထို့နောက် ရထားထက်မှ ဆင်း၍ အသက်ပြင်းစွာရှူရင်း ခေါင်းငိုက်စိုက်ချကာ ခေါက်တုံ့ ခေါက်ပြန်လျှောက်လျက် ရှိလေသည်။ မိမိအခေါ်လွှတ် လိုက်သော စစ်ဦးစီးအရာရှိ အိခင်ရောက်သည့် အခါ၌ စစ်သေနာပတိချုပ်ကူတူဇော့ဗ်၏ မျက်နှာသည် နီမြန်းရာမှ ညိုပုပ်လာခဲ့လေပြီ။ ဤဒေါသအိုး ပေါက်ကွဲရခြင်းမှာ အမှားအတွက် အိခင်တွင် အပြစ်ရှိ၍ကားမဟုတ်။ မိမိ၏ဒေါသကို စုပုံသွန်ချရန်အတွက် လောလောလားလား အရေးတကြီး ပုဂ္ဂိုလ်ဆို၍ မိမိအနီးတွင် အိခင်တစ်ယောက်သာ ရှိခြင်းကြောင့် ဖြစ်လေသည်။ စစ်သေနာပတိချုပ် အဘိုးအိုသည် တစ်ခါတစ်ရံတွင် မြေကြီးပေါ်၌ လူးလိမ့်မိသည်အထိ ဖြစ်တတ်သော ပြင်းထန်လှသည့် ဒေါသမျိုးဖြင့် တစ်ကိုယ်လုံးတုန်ယင်ကာ အသက်ကိုပင် မှန်မှန်မရှူနိုင်တော့ဘဲ စစ်ဦးစီးဌာနချုပ် တပ်ဗိုလ်အိခင်ကို ခုန်အုပ်ကာ လက်နှစ်ဖက်ဖြင့် ရွယ်ရင်း အော်ဟစ်လျက် ရုန့်ရင်းကြမ်းတမ်းလှသော စကားလုံးများဖြင့် ဆဲဆိုလျက် ရှိလေသည်။ ၎င်းအနီးသို့ ရောက်လာသော ဘာမျှ သက်ဆိုင်ခြင်းမရှိသည့် ဗိုလ်ကြီးဘရိုဇင်ဆိုသူမှာလည်း အလားတူ "ဝက်ကဒ်ခံလိုက်ရသော အဖြစ်မျိုးကို "ကြုံတွေ့လိုက်ရသည်။

"ဒီမအေပေးကကော ဘယ်လိုမအေပေးလဲ။ မအေပေးတွေ အကုန်ပစ်သတ်ပစ်မယ်။ ငါရိုးမသားတွေ" စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ဒယီးဒယိုင်ဖြင့် လက်နှစ်ဖက်ကို ဝှေ့ယမ်းကာ ကြမ်းတမ်းအက်ကွဲသောအသံကြီးဖြင့် အော်ဟစ်ဆဲဆိုလျက် ရှိလေသည်။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ကိုယ်ခန္ဓာအားဖြင့်လည်း တကယ်ပင် ထိခိုက်နာကျင်လျက်ရှိလေပြီ။ ရုရှားနိုင်ငံတွင် မည်သူမျှ မရှိခဲ့သေးသော အာဏာမျိုးကို ပိုင်ဆိုင်သူဟု ပြောကြသော စစ်သေနာပတိချုပ်ရင့်မကြီး တစ်ယောက်လည်းဖြစ်၊ မင်းသားကြီးတစ်ပါးလည်း ဖြစ်သော မိမိသည် ဤအခြေအနေသို့ရောက်ရသလော။ ရုရှားစစ်တပ်ကြီးတစ်တပ်လုံး၏ ရယ်မောစရာသတ္တဝါ အလုပ်ခံသလော။ "ငါ့မှာဖြင့် ဒီနေ့ တိုက်ပွဲအတွက် အစောကြီး ထရ ဘုရားရှိခိုးရ မနေ့ညက တစ်ညလုံး စဉ်းစားရနဲ့ ခုတော့ ဒီမအေပေးတွေလုပ်တာနဲ့ အလကားဖြစ်ကုန်ပြီ" ဟု တစ်ယောက်တည်း တွေးလျက်ရှိ၏။ "တပ်ဗိုလ်ပေါက်စလေး ဖြစ်တုန်းကတော့ ငါ့ကို ဘယ်သူမှ မလှောင်ရဲကြဘူး ခုမှ"

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ကြိမ်ဒဏ်ခံရသူကဲ့သို့ တစ်ကိုယ်လုံး နာကျင်လျက်ရှိကာ ဒေါသအမျက်ထွက်ခြင်း၊ နာကျင်ပြင်းပြခြင်းတို့ကြောင့် အော်ဟစ်လျက်ရှိသည်။ သို့ရာတွင် မကြာမီမှာပင် အင်အားကုန်ခန်းလာခဲ့လေပြီ။ ထို့နောက်၌ မိမိပတ်ဝန်းကျင်ကို လှမ်းကြည့်ကာ မိမိဒေါသတကြီး အော်ဟစ်ခဲ့ခြင်းကို သတိရလျက် ရထားပေါ်သို့ ပြန်တက်ပြီးနောက် လာလမ်းအတိုင်း တိတ်ဆိတ်စွာ ပြန်လာခဲ့သည်။

၎င်းအမျက်ဒေါသသည်လည်း တစ်ကြိမ်ပေါက်ကွဲပြီးနောက် ပျောက်ကွယ်သွားလေပြီ။ စစ်သေနာပတိချုပ်သည် အကြောင်းပြချက်များ၊ ဆင်ခြေဆင်လက်များနှင့် တကွ အစီအစဉ်ပျက်သွားသော တိုက်ပွဲကို နက်ဖြန်တွင် စတင်သင့်ကြောင်းဖြင့် ပြောဆိုလျက် ရှိကြသော ဗိုလ်ချုပ်ဘင်နစ်ဆန်၊ ဗိုလ်ချုပ်ကိုနိုနစ်ဆင်နှင့် ဗိုလ်ချုပ်တိုးလ်တို့၏ တိုက်တွန်းချက်များကို (ဗိုလ်ချုပ် အာမိုလော့ဗ်မှာ နောက်တစ်နေ့ကျမှ လာရောက် တွေ့ဆုံခြင်းပြုသည်) အနိုင်နိုင် အားယူမျက်တောင်ခတ်ရင်း နားထောင်လျက် ရှိလေသည်။ ဤအကြိမ်၌လည်း စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် သဘောတူလိုက်ရသည်သာ ဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၆

နောက်တစ်နေ့ညနေ၌ ရဂျားတပ်များသည် ချိန်းဆိုထားသော နေရာတွင် စုရုံးကာ ညတွင် ချီတက်လာခဲ့ကြသည်။ ထိုညမှာ တိမ်ညိုတို့ ဖုံးအုပ်လျက်ရှိသည့် ဆောင်းဦးပေါက်ညချမ်းဖြစ်သော်လည်း မိုးရွာခြင်းမရှိချေ။ မြေပြင်သည် စိုစွတ်လျက်ရှိ၏။ သို့ရာတွင် ရွံ့ဗွက်များမရှိချေ။ သို့ဖြင့် တပ်များသည် တိတ်ဆိတ်စွာ ချီတက်လာခဲ့ကြသည်။ တစ်ခါတစ်ရံမှသာ အမြောက်တပ်မှ ခြုံသံများကို သဲ့သဲ့ကြားရသည်။ တပ်သားများကိုလည်း စာကားကျယ်ကျယ် မပြောရန်၊ ဆေးလိပ်မသောက်ရန်၊ မီးခတ် မခတ်ရန် အမိန့်ထုတ်ထား၏။ မြင်းဟီသံ မထွက်စေရန်လည်း နည်းအမျိုးမျိုးဖြင့် ကြိုစားကြ၏။ အလုပ်တစ်ခုကို လျှို့ဝှက်လုပ်ကိုင်ရခြင်းသည် ထိုအလုပ်အား ခုံမင်မက်မောစိတ်ကိုပို၍ ထက်သန်စေပေသည်။ သို့ဖြင့် ၎င်းတို့သည် ရွှင်လန်းစွာ ချီတက်ခဲ့ကြသည်။ အချို့စစ်ကြောင်းများမှာ ၎င်းတို့ သတ်မှတ်ထားသည့် နေရာသို့ ရောက်ပြီအထင်ဖြင့် တန်းဖြုတ် ရပ်နားကြသည်။ လက်နက်များကို စုပုံကြသည်။ အေးစက်သော မြေကြီးပေါ်တွင် လဲလျောင်းကြသည်။ သို့ရာတွင် တပ်အများစုကား တစ်ညလုံး ချီတက်ခဲ့ကြကာ ၎င်းတို့အတွက် သတ်မှတ်ထားခြင်း မပြုသော နေရာများသို့ ရောက်ရှိလာခဲ့ကြပေသည်။

မိမိတို့အတွက် သတ်မှတ်ထားသော နေရာသို့ အချိန်မီ ရောက်ရှိလာသူမှာ မြို့စားဩလော့ဗ်နှင့် ၎င်း၏ ကောဆက်မြင်းတပ်အချို့သာဖြစ်၏။ (စစ်စစ်၌ ထိုတပ်မှာ တပ်အုံးလုံးအနက် အရေးမကြီဆုံးတပ်ခွဲကလေး တစ်ခွဲသာ ဖြစ်ပါသည်) ထိုတပ်ခွဲသည် စထရိမီလိုဇာမှာ ဒမီထရော့ရွာသို့ သွားရာလမ်းပေါ်ရှိ တောစပ်ကလေးတစ်ခုတွင် ရပ်နားလိုက်သည်။

အရာဏ်လာခါနီး၌ ပြင်သစ်တပ်ပြေးတစ်ယောက်ကို ခေါ်ဆောင်လာကြသဖြင့် တပ်မှူးမြို့စား ဩလော့ဗ်သည် ဝိုက်မျဉ်းရာမှ နီးလာ၏။ ထိုတပ်ပြေးမှာ (နပိုလီယန်လက်အောက်တွင် အမှုထမ်းလျက်ရှိသော) ပိုလန်ဗိုလ်ချုပ်ပိုနီယာတိုစကီ၏ တပ်ဖွဲ့မှ ပိုလန်လူမျိုး တပ်ကြပ်ကြီးတစ်ဦးဖြစ်၏။ မိမိအား တပ်ထဲတွင် နှိမ်ထားခဲ့ကြကြောင်း၊ တပ်ဗိုလ်ဖြစ်သင့်သည်မှာကြာပြီဖြစ်ကြောင်း၊ မိမိသည် ပြင်သစ်တို့ထက် တိုက်ရဲခိုက်ရဲရှိကြောင်း၊ ၎င်းတို့ကို လက်စားချေလိုသဖြင့် ထွက်ပြေးလာခဲ့ခြင်း ဖြစ်ကြောင်း ဖြင့် ၎င်းက ပိုလန်စကားဖြင့် ပြောပြ၏။ ပြင်သစ်ဗိုလ်ချုပ်မူးရတ်သည် ယခုနေရာနှင့် ခရီးငါးရာတွင်းအကွာတွင် မနေ့ညက စခန်းချလျက်ရှိကြောင်း၊ မိမိအား လူတစ်ရာပေးပါက ၎င်းတို့ကို အရှင်ဖမ်းပေးမည် ဖြစ်ကြောင်းဖြင့်လည်း ပြောပြလေသည်။ ၎င်း၏စကားမှာ မစားရဝခမန်းဖြစ်၏။ အားလုံးကပင် သူလိုက်မည် ငါလိုက်မည်ဟု အလုအယက် စာရင်းပေးကာ တစ်ပွဲတစ်လမ်း စမ်းကြည့်ရန် တောင်းဆိုကြသည်။ သို့ဖြင့် အတန်ကြာ ငြင်းခုံဆွေးနွေးပြီးနောက် ဗိုလ်ချုပ်မှူး ဂရီကော့ဗ်က ကော့ဆက်တပ်ရင်းနှစ်ရင်းကို ခေါ်ကာ ပိုလန်တပ်ကြပ်ကြီးနှင့် လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

"ဟေ့ကောင် တစ်ခုတော့ ပြောလိုက်မယ်နော်" သွားခါနီးတွင် မြို့စားဩလော့ဗ်က ပိုလန်တပ်ကြပ်ကြီးကို လှမ်းပြောလိုက်သည်။ "တို့ကို တစ်ပတ်ရိုက်ရင်တော့ မင်းကို ခွေးသတ်သလို သတ်မှာ သိရဲ့လား။ သတင်းမှန်ရင်တော့ မင်းကို ရွှေစတစ်ရာ* ဆုချမယ်။ ဟုတ်လား"

ပိုလန်တပ်ကြပ်ကြီးသည် ဘာမျှမပြောဘဲပြတ်သားရဲရင့်သော အမူအရာဖြင့် မြင်းပေါ်သို့ တက်လိုက်ပြီးနောက် ဗိုလ်ချုပ်မှူး ဂရီကော့ဗ်နှင့်အတူ စီးထွက်သွားသည်။ ၎င်း၏ တပ်သားများလည်း နောက်က ထက်ကြပ်စီးလိုက်သွားကြရာ ခဏကြာလျှင် တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြ၏။ မြို့စား ဩလော့ဗ်သည် ဗိုလ်ချုပ်မှူး ဂရီကော့ဗ်ကို လိုက်၍ နှုတ်ဆက်ပြီးနောက် တပ်နားရာသို့ ပြန်လာခဲ့သည်။ အရာဏ်ဦး အအေးဒဏ်ကြောင့် ခိုက်ခိုက်တုန်လျက်ရှိ၏။ အမိန့်မရှိဘဲ မိမိသဘောနှင့် လုပ်ကိုင်မိသည့်အတွက်လည်း စိတ်လှုပ်ရှားလျက် ရှိလေသည်။ မြို့စား ဩလော့ဗ်သည် ဝေလီဝေလင်း အရာဏ်ခြည်တွင် ရေးရေးပျပျမြင်ရသော ရန်သူတပ်စခန်းနှင့် ငြိမ်းလုဆဲစခန်းမီးပုံများကို လှမ်းမျှော်ကြည့်လျက် ရှိ၏။ စစ်အင်္ဂါစဉ်အရဆိုလျှင် မိမိလက်ယာဘက်ရှိ ကုန်းဆောင်းကလေးပေါ်တွင် မိမိတို့၏ စစ်ကြောင်းများ စတင်ရောက်ရှိသင့်ကြပြီဖြစ်၏။ ထို့ကြောင့် မြို့စားဩလော့ဗ်သည် ထိုကမူ

* မြို့စားဩလော့ဗ်ပြောသည့် ရွှေစတစ်ရာဆိုသည်မှာ ရူဘဲဒင်္ဂါးသုံးပြား၊ အင်္ဂလိပ်ငွေနှင့် ၁၀ သျှိလင်ခန့်သာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ကလေးဘက်ဆီသို့ လှမ်းကြည့်မိသည်။ စစ်ကြောင်းများ ရောက်ပြီဆိုလျှင် မြင်ရလောက်ပေပြီ။ သို့ရာတွင် ဘာကိုမျှ မမြင်ရသေးချေ။ ထိုအခိုက် ပြင်သစ်တပ်စခန်းဆီတွင် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်ဟု ထင်လိုက်မိသည်။ မျက်စိလျင်သော ၎င်း၏ တပ်ရေးကလည်း ထိုအချက်ကို အတည်ပြုသည်။

"နောက်ကျသွားပြီးထင်တယ်ဟေ့" မြို့စားသြလော့ဗ်က ပြင်သစ်စခန်းဘက်သို့ လှမ်းကြည့်ရင်း ပြောသည်။

မိမိ ယုံယုံကြည်ကြည် စေခိုင်းလိုက်သူ မျက်စိအောက်မှ ကွယ်သွားသည့်အခါ ဖြစ်လေ့ရှိကြသည့်အတိုင်း တပ်ကြပ်သည် စစ်ပြေးဟန်ဆောင်လာလေသလော၊ မိမိအား လိမ်သွားလေသလော၊ ကော့ဆက် မြင်းတပ်ရင်းနှစ်ရင်းကို ထည့်လိုက်မိခြင်းကြောင့် မိမိတို့ ထိုးစစ်တစ်ခုလုံး ဖရိုဖရဲဖြစ်သွားချေတော့မည်လော ပိုလန်တပ်ကြပ်ကြီးသည် မိမိတပ်ရင်းနှစ်ရင်းကို မည်သည့်နေရာသို့ခေါ်ဆောင်သွားလေသနည်းဟူသော အတွေးတို့သည် မြို့စားသြလော့ဗ်၏ ခေါင်းထဲသို့ ရောက်လာခဲ့လေပြီ။ ဤမျှများပြားလှသော ပြင်သစ်တပ်များအလယ်ကောင်တွင် ၎င်း၏စစ်သေနာပတိချုပ်ကို ဖမ်းဆီမည်ဆိုသည်မှာ မည်သို့ဖြစ်နိုင်မည်နည်း။

"ခွေးသားတော့ တို့ကို တစ်ပတ်ရိုက်သွားပြီ ထင်တယ်" မြို့စားကြီး သြလော့ဗ်က ပြောလိုက်သည်"

"လိုက်ခေါ်မယ်ဆိုရင်တော့ မီသေးတယ်ခင်ဗျ" ပြင်သစ်တို့၏ စခန်းကို လှမ်းမျှော်ကြည့်ရင်း မြို့စား သြလော့ဗ် ကဲ့သို့ပင် မယုံမရဲဖြစ်လျက်ရှိသည့် တပ်ဗိုလ်တစ်ယောက်က ပြော၏။

"အေး ပြန်ခေါ်ရင် ဘယ်နယ်နေမလဲ။ ခေါ်ရကောင်းမလား"

"ဗိုလ်ချုပ် ပြန်ခေါ်ချင်သလား ဗိုလ်ချုပ်"

"သွားကွာ မြန်မြန်ပြန်ခေါ်ချည်၊ မြန်မြန်သွား" မြို့စားကြီး သြလော့ဗ်က လက်မှနာရီကို ငုံ့ကြည့်ရင်း ရုတ်တရက် ဆုံးဖြတ်၍ ပြောလိုက်၏။

သိပ်နောက်ကျသွားလိမ့်မယ်။ ခုတောင် တော်တော်လင်းနေပြီ"

တပ်ရေးသည် တောထဲတွင် မြင်းကို ဒုန်းရိုက်စီးကာ ဗိုလ်ချုပ်မှူး ဂရိကော့ဗ်နောက်သို့ လိုက်သွား၏။ မိမိကြွ ရွယ်ချက်ကို ဖျက်သိမ်းလိုက်ရခြင်း၊ လက်ယာဘက်ကမူစောင်းတွင် မိမိတို့စစ်ကြောင်းများ ပေါ်မလာလေခြင်း ရန်သူစခန်းနှင့် နီးကပ်လျက်ရှိခြင်းတို့ကြောင့် ဗိုလ်ချုပ်မှူး ဂရိကော့ဗ် ပြန်ရောက်လာသည့်အခါ၌ မြို့စား သြလော့ဗ် အလွန်အမင်း စိတ်လှုပ်ရှားလျက်ရှိလေပြီ။ ထို့ကြောင့် ဝင်တိုက်ရန် ဆုံးဖြတ်လိုက်သည်။ ၎င်း၏တပ်သားများမှာလည်း ထိုနည်းတူ စိတ်လှုပ်ရှားလျက် ရှိကြသည်။

"မြင်းပေါ်တက်" ၎င်း၏ ခပ်တိုးတိုး အမိန့်ပေးလိုက်သည်။ တပ်သားများသည် နေရာယူကာ လက်အုပ်ချီ ဆုတောင်းလိုက်ကြ၏။

"တက်"

"ဟူရား" ဟု အော်သံသည် တောထဲတွင် ပဲ့တင်မြည်ဟည်းသွား၏။ အိတ်ကို သွန်ချလိုက်သကဲ့သို့ ကော့ဆက်မြင်းတပ်သားများသည် လုံမျှားကို ကိုင်ကာ စီးတက်လာကြပြီးနောက် စမ်းချောင်းကို ဖြတ်ကျော်၍ ရန်သူ့စခန်းကို တဟုန်းထိုးစီနင်းတိုက်ခိုက်ခြင်း ပြုကြလေသည်။

ကော့ဆက်မြင်းတပ်တို့ကို ပထမဆုံး မြင်လိုက်သော ပြင်သစ်တပ်သား၏ ထိတ်လန့်တကြားငယ်သံ ပါအောင် အော်ဟစ်သံကြောင့် စခန်းရှိ အိပ်ရာမှ နိုးစ၊ အဝတ်အစားများ ဖရိုဖရဲနှင့် ပြင်သစ်တပ်သားများသည် အမြောက် မြှတပူများ တစ်လုံးထိုးသေနတ်များ၊ မြင်းများကို စွန့်ပစ်ကာ ခြေဦးတည့်ရာသို့ ထွက်ပြေးကြလေသည်။

အကယ်၍သာ ကော့ဆက်မြင်းတပ်သားများသည် မိမိတို့နောက်နှင့် မိမိတို့ ပတ်ဝန်းကျင် အခြင်းအရာကို လှမ်းကြည့်ခြင်းမပြုဘဲ ပြင်သစ်တို့ကို လိုက်လံတိုက်ခိုက်မည်ဆိုက ပြင်သစ်ဗိုလ်ချုပ် မူးရတ်နှင့်တကွ လက်နက်ခဲယမ်းမီးကျောက်များ အားလုံးကို လက်ရာဖမ်းဆီးမိမည်ဖြစ်၏။ ၎င်းတို့ကလည်း အလိုရှိကြ၏။ သို့ရာတွင် ရန်သူသုံးပန်းတစ်ထောင့်ငါးရာနှင့် အမြောက်ကြီး သုံးဆယ့်ရန်သူသုံ့ပန်းများနှင့် ရန်သူ့ပစ္စည်းများကို ရရှိသောအခါ၌ကား ကော့ဆက်မြင်းတပ်သားများကို ကုတ်နှင့် ကော်ထုတ်သော်လည်း ရမည်မဟုတ်တော့ချေ။ မည်သူမျှ အမိန့်ကို နာခံခြင်းမပြုကြတော့ချေ။ ထိုတိုက်ပွဲ၌ ရှုစ်လက်ကို ချက်ချင်း ရရှိလိုက်လေသည်။ ထိုမျှမက စစ်တံခွန်များ (၎င်းတို့မှာ ကော့ဆက်မြင်းတပ်များ အမြင့်၌ အရေးအကြီး

www.burmeseclassic.com

www.burmeseclassic.com

ဆုံး ပစ္စည်းများ ဖြစ်သည်။) မြင်းများ၊ ကုန်းနီးများ၊ မြင်းခြံဝတ်ရုံများ စသည်တို့ကိုလည်း ရမိလိုက်သေးသည်။ ဤပစ္စည်းများအားလုံးကို စီမံခန့်ခွဲရဦးမည် မဟုတ်လော။ ထို့ကြောင့် သုံးပန်းများအား နေရာချခြင်း၊ ဖမ်းမိပစ္စည်းများကို ခွဲဝေပေးခြင်း (ဤကိစ္စ၌ အချင်းချင်း အော်ဟစ်ငြင်းခုံခြင်း၊ အချင်းချင်းရန်ဖြစ် သတ်ပုတ်ခြင်းတို့မပါဘဲ ကိစ္စမပြီးပါ။) တို့ကို ပြုလုပ်ရသေးသည်။ ကော့ဆက်မြင်းတပ်သားများသည် ဤသို့ဖြင့် ကိုယ့်ကိစ္စနှင့်ကိုယ် အလုပ်များ ကျန်ရစ်ခဲ့ကြခြင်း ဖြစ်လေသည်။

နောက်ထပ် လိုက်လံတိုက်ခိုက်ခြင်း မခံရသည့် အခါ၌ ပြင်သစ်တို့သည် အကွဲကွဲဖြစ်နေရာမှ ပြန်စုကာ အမြောက်များဖြင့် စတင်ပစ်ခတ်ခြင်း ပြုကြလေသည်။ နောက်ထပ်စစ်ကြောင်းကို စောင့်လျက်ရှိသော မြို့စားသြလော့ဗ်သည်လည်း ရှေ့သို့ ချီတက်ခြင်း မပြုတော့ချေ။

ထိုအချိန်၌ "ပထမစစ်ကြောင်းသည် မည်သို့မည်ပုံချီရမည်" ဟု စစ်အင်္ဂါစဉ်တွင် ဖော်ပြထားသည်နှင့်အညီ နောက်ကျရောက်လာသော စစ်ကြောင်းမှ ခြေလျင်တပ်များသည် ဗိုလ်ချုပ်တိုးလ်၏ ညွှန်ကြားချက်နှင့် ဗိုလ်ချုပ်ဘင်နစ်ဆန်၏ ကွပ်ကဲမှုဖြင့် အစီအစဉ်အတိုင်း စတင်ချီတက်လာခဲ့ကြ၏။ သို့ရာတွင် ထုံးစံအတိုင်း သတ်မှတ်ထားသောနေရာသို့ မရောက်ဘဲ မလိုရာသို့ ရောက်သွားကြသည်။ ထိုအခါမျိုး၌ ဖြစ်မြဲထုံးစံအတိုင်း ရှုင်ရှုင်လန်းလန်း ချီတက်လာခဲ့ကြသော တပ်သားများသည် စိတ်ဓာတ်ကျလာကြ၏။ ညည်းညူစပြုလာကြ၏။ ရုတ်ရုတ်သဲသဲဖြစ်လာကြ၏။ နောက်သို့ ဆုတ်လာကြ၏။ တပ်ရေးများနှင့် ဗိုလ်ချုပ်များသည် မြင်းကိုယ်စီဖြင့် တပ်ထိပ်တပ်ဖျား ပြေးကာ အော်ဟစ်ကြ၏။ စိတ်ဆိုးကြ၏။ ရန်ဖြစ်ကြ၏။ လမ်းမှားပြီး နောက်ကျပြီးဟု ညည်းတွားကြ၏။ ဆဲရေးတိုင်းထွာကြ၏။ နောက်ဆုံး၌ တပ်စုကို စုစည်းကာ ချီတက်လာခဲ့ကြ၏။ သို့ရာတွင် တလွဲသို့ရောက်သွားသည်သာ ဖြစ်ပါသတည်း။ တစ်နေရာရာတော့ ရောက်လိမ့်မဟေ့" ဟု တစ်ယောက်ကို တစ်ယောက် ပြောကြ၏။ မှန်ပါသည်။ တစ်နေရာသို့ ရောက်ကြပါသည်။ သို့ရာတွင် ၎င်းတို့ရောက်လိုသော တစ်နေရာ မဟုတ်ပါ။ အလွန်သေးငယ်သော အနည်းစုကလေးကား လိုရာသို့ ရောက်သွားကြ၏။ သို့ရာတွင် နောက်ကျလေပြီ။ အသုံးမဝင်တော့ပြီ။ ရန်သူ့ အပစ်ခံရန် အချိန်မနှောင်းမီ အရောက်သွားသကဲ့သို့သာ ရှိတော့သည်။ ဩစတားလစ်စစ်ပွဲတုန်းက ဗိုလ်ချုပ်ဝေရိသာ "ဆရာကြီး" နေရာယူသကဲ့သို့ ယခုတိုက်ပွဲတွင် ဆရာကြီးနေရာကို ယူထားသော ဗိုလ်ချုပ်တိုးလ်သည် အလွန်အရေးတကြီး ကြိုးစားဟန်ဖြင့် ထိုမှဤမှမြင်းဒုန်းစီး၍ လျှောက်ကြည့်သည်။ နေရာတကာတွင် အကွဲကွဲ အပြဲပြဲ ဇောက်ထိုးမိုးမျှော်ဖြစ်လျက် ရှိခြင်းကိုသာ တွေ့ရသည်။ ဤသို့လျှင် မြင်းတစ်စီးဖြင့် အရေးကြီးလျက်ရှိသော ဗိုလ်ချုပ်တိုးလ်သည် မိုးစင်စင်လင်းသည့်အခါကျမှ ဗိုလ်ချုပ်ဘာဂိုဗတ်၏အဖွဲ့နှင့် တောအုပ်ထဲတွင် ပက်ပင်းသွားတွေ့သည်။ (စင်စစ်၌ ထိုတပ်မှာ မြို့စားသြလော့ဗ်တပ်နှင့် မိုးမလင်းမီကတည်းက ပေါင်းပြီးသား ဖြစ်နေရမည် ဖြစ်၏။) ဗိုလ်ချုပ်တိုးလ်သည်ငင်း၏ အစီအစဉ်များ ဖရိုဖရဲဖြစ်ကုန်သည့်အတွက် စိတ်ဆိုးလျက်ရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ တစ်စုံတစ်ယောက်၏ တာဝန်သာ ဖြစ်ရမည်ဟုလည်း ယူဆသည်။ ထို့ကြောင့် ဗိုလ်ချုပ်ဘာဂိုဗတ်ကို ပစ်သတ်ဖို့သာ ကောင်းတော့သည်ဟု ဆိုကာ ပြင်းထန်စွာ ပြစ်တင်မောင်းမဲခြင်း ပြုလေသည်။ ဗိုလ်ချုပ်ဘာဂိုဗတ်သည် စကားများများ ပြောလေ့မရှိ။ စစ်ကိုသာ တိုက်တတ်သော စစ်သားကောင်းလူအေးကြီးတစ်ယောက် ဖြစ်၏။ သို့ရာတွင် တပ်များချီတက်ရာ၌ နောင့်နေးကြန့်ကြာရခြင်း အရှုပ်ရှုပ်အထွေးထွေးဖြစ်ခြင်း၊ တစ်ယောက်တစ်မျိုး လုပ်နေကြခြင်းတို့ကြောင့် စိတ်တိုလျက်ရှိလေပြီ။ ဤအထဲတွင် ဗိုလ်ချုပ်တိုးလ်က သဟောက်သဟဲလုပ်လာသည့်အခါတွင်မူကား အကြီးအကျယ် ဒေါပွကာ ၎င်း၏ ပင်ကိုစရိုက်နှင့် ဆန့်ကျင်လျက်လူ တိုင်းက အံ့သြလောက်အောင် ဗိုလ်ချုပ်တိုးလ်ကို မိုက်မိုက်ရိုင်းရိုင်း ပြန်ပြောလွတ်လိုက်၏။

"ကျုပ်ကိုလာပြီး ဆရာလုပ်မနေနဲ့ဗျ။ ကျုပ်က ဘယ်သူ့ကိုမှလဲ ဆရာမလုပ်ဘူး။ ဘယ်သူ့တပည့်မှလဲ မခံဘူး။ ကျုပ်တပ်သားတွေနဲ့အတူ အသေခံရဲတဲ့ကောင်"

ဗိုလ်ချုပ်ဘာဂိုဗတ်သည် ဤသို့ဆိုကာ တပ်မကြီးတစ်တပ်တည်းနှင့် ရှေ့သို့ ဇွတ်တိုးသွား၏။

ရန်သူ ကျည်ပစ်အားများသည့် ကွင်းပြင်တစ်ခုထဲသို့အရောက်၌ သတ္တိကောင်းသော ဗိုလ်ချုပ်ဘာဂိုဗတ်သည် ရန်သူကျည် တဖျောဖျောပစ်ခတ်လျက်ရှိရာသို့ တပ်သား

www.burmeseclassic.com

www.burmeseclassic.com

များကို ရှေ့ဆုံးမှ ခေါင်းဆောင်ကာ အတင်းကိုးဝင်သွားသည်။ ဒေါပွလျက်ရှိခြင်းဖြင့် တပ်မကြီးတစ်တပ်နှင့် ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် အကျိုးရှိမရှိကို မစဉ်းစားနိုင်တော့ချေ။ သက်စွန့်ဆံဖျား အလုပ်နှင့် အမြောက်ဆန်၊ ကျည်ဆန် စသည်တို့ကား စိတ်ဆိုးလျှင် ဗိုလ်ချုပ် ဘာဂိုဗတ် အတောင့်တဆုံးအရာများ ဖြစ်ပေသည်။ ဤသို့ဖြင့် ဗိုလ်ချုပ်ဘာဂိုဗတ်၏ တပ်မသည် ရန်သူကျည်ပစ်အားအောက်တွင် အချိန်အတော်ကြာမျှ အကျိုးမဲ့ အချည်းနှီး ငုတ်တုတ်စင်းခံခဲ့ရလေသတည်း။

အခန်း ၇

ထိုအတောအတွင်း၌ အခြားသောစစ်ကြောင်းတစ်ကြောင်းက ပြင်သစ်တို့ကို ရှေ့မှ ထိပ်တိုက်ဝင်တိုက်ရန် ဖြစ်သည်။ သို့ရာတွင် စစ်သေနာပတိချုပ်ကူတူဇော့ဗ်မှာ ထိုစစ်ကြောင်းနှင့်အတူ ပါလာလေသည်။ မိမိ၏ဆန္ဒမပါဘဲ တိုက်ခိုက်ရသော ဤတိုက်ပွဲမှ ရှုပ်ထွေးမှုအပြင် အခြားအကျိုးတရား ဘာမျှ ပေါ်ပေါက်လာမည် မဟုတ်ခြင်းကို စစ်သေနာပတိချုပ် ကူတူဇော့ဗ် ကောင်းစွာသိ၏။ ထို့ကြောင့် စစ်သေနာပတိချုပ်သည် ၎င်း၏တပ်များ ချီတက်ရေးကို အတတ်နိုင်ဆုံး နှောင့်နှေးအောင် ပြုလုပ်လျက်ရှိလေသည်။ စစ်သေနာပတိချုပ်သည် ရှေ့သို့ချီတက်ခြင်း မပြုတော့ချေ။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ၎င်း၏ဖောင်းဝတ်ပြာရောင် မြင်းပုကလေးကို စီးကာ တိုက်စစ်ပြုရန် ပေးလာသော အကြံဉာဏ်များကို စိတ်မပါတပါဖြေကြားလျက်ရှိ၏။

"ခင်ဗျားတို့ ပါးစပ်ကတော့ တိုက်ပါတိုက်ပါလို့ အမြဲပြောနေကြတာပဲ။ ဒါပေမဲ့ ဒီလောက်ရှုပ်ထွေးတဲ့စစ်ဆင်ရေးစီမံကိန်းကို ဘယ်နယ်လုပ် အကောင်အထည်ဖော်မလဲဗျ။ ဒါကိုတော့ နည်းနည်းလေးမှ ထည့်မစဉ်းစားကြဘူ " စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် တိုက်စစ်ပြုရန် အမိန့်တောင်းလျက်ရှိသော ဗိုလ်ချုပ် မိလိုရာဒိုဗစ်ချ်ကို လှမ်းပြောလိုက်၏။

"မူးရတ်ကိုလဲ အရှင်ဖမ်းလို့ရမှာမဟုတ်ဘူး။ သတ်မှတ်ထားတဲ့နေရာကိုလဲ အချိန်မီရောက်မှာ မဟုတ်ဘူး။ ဘာမှဖြစ်မှာ မဟုတ်ဘူး" ဟု အခြားတစ်ယောက်ကို လှမ်းပြောလိုက်ပြန်သည်။

ပြင်သစ်စစ်တပ်နောက်ဖျားဌ ယခုအချိန်တွင် ပိုလန်တပ်ရင်းနှစ်ရင်း ရောက်နေပြီဟု ကြားရသောအခါဌ (စောစောပိုင်း ကော့ဆက်မြင်းများတပ်များ၏ သတင်းပို့ချက်အရဆိုလျှင် ပြင်သစ်တပ်နောက်ဖျားဌ ဘာမျှ မရှိ၊ ဟင်းလင်းပွင့်နေသည်ဟု ဆိုသည်။" စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် မိမိနောက်နားရှိ ဗိုလ်ချုပ်အာမိုလော့ဗ်ကို စောင်းငဲ့ကြည့်လိုက်သည်။ စစ်သေနာပတိချုပ်သည် ဗိုလ်ချုပ်အာမိုလော့ဗ်အား မနေ့ကကိစ္စဖြစ်ကတည်းက စကားမပြောသေးချေ။

"မြင်တယ်မဟုတ်လား။ စီမံကိန်းတွေ အမျိုးမျိုးဆွဲပြီး တိုက်ပါတိုက်ပါလို့သာ တဖွဖွ ပြောနေကြတာ။ ကတယ်ကျတော့ ဘာမှအဆင်သင့် ဖြစ်သေးတာ မဟုတ်ဘူး။ ရန်သူက ဒီလိုမဟုတ်ဘူးဗျ။ အကုန်လုံး ကြိုတင်သိပြီး ပြင်ဆင်ထားပြီးပြီ"

ဗိုလ်ချုပ်အာမိုလော့ဗ်သည် ထိုစကားကို ကြားသောအခါ၌ မျက်လုံမှေးလာ ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။ မုန်တိုင်းကြီးသည် မိမိအပေါ်မှ ကျော်ဖြတ်ပျောက်ကွယ်သွားကာ လေပြည်လေညင်းတိုက်ခတ်လာပြီကို ဗိုလ် ချုပ်အာမိုလော့ဗ်သိလိုက်သည်။ စစ်သေနာပတိချုပ်သည် ဤနည်းဖြင့် မိမိအပေါ်တွင် ဒေါသဖြစ်နေခြင်းကို ဖြေဖျောက်လျက်ရှိကြောင်း ဗိုလ်ချုပ်အာမိုလော့ဗ်သိလိုက်၏။

"အဘိုးကြီးက ကျုပ်ကို စောင်းပြောနေတာဗျ" ဗိုလ်ချုပ် အာမိုလော့ဗ်သည် မိမိဘေးတွင် ယှဉ်စီးလာသော ဗိုလ်ချုပ်ရေ့စကီကို ဒူးဖြင့် လှမ်းတို့၍ ပြောလိုက်သည်။

ခဏကြာလျှင် ဗိုလ်ချုပ်အာမိုလော့ဗ်သည် စစ်သေနာပတိချုပ်အနားသို့ စီးလာကာ။

"တိုက်မယ်ဆိုရင်တော့ သိပ်မနောက်ကျသေးပါဘူး။ ကိုယ်တော်ကြီး။ ရန်သူတွေ ဆုတ်မသွားသေးပါဘူး။ တိုက်ပွဲမတိုက်ရင်တော့ ကိုယ်ရံတော်တပ်တွေလဲ မီးခိုးမြင်းဖူးတော့မှာ မဟုတ်ပါဘူး"

စစ်သေနာပတိချုပ် ကူတူဇော့ဗ်က မည်သို့မျှမပြောချေ။ သို့ရာတွင် မူးရတ်၏ တပ်များဆုတ်ခွာသွားပြီဟု သတင်းပို့ကြသောအခါတွင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် တိုက်စစ်ပြုရန် အမိန့်ပေးလိုက်၏။ သို့တိုင်အောင် စစ်သေနာပတိချုပ် ခြေလှမ်းတစ်ရာရောက်တိုင်း

www.burmeseclassic.com

www.burmeseclassic.com

နာရီသုံးမောင်းခန့် နားလျက်ရှိလေသည်။

စင်စစ်၌ ထိုတိုက်ပွဲတွင် မည်မည်ရရဆို၍ မြို့စားသြလော့ဗ်၏ ကော့ဆက်မြင်းတပ်များ ဝင်တိုက်ခဲ့သည့် တိုက်ပွဲတစ်ပွဲသာ ဖြစ်ပွားခဲ့သည်။ ကျန်တိုက်ပွဲများကား လူရာပေါင်းအချို့ဆုံးရှုံးခဲ့သောအကျိုးမဲ့ တိုက်ပွဲများသာ ဖြစ်လေသည်။

ထိုတိုက်ပွဲပြီးသည့်နောက်တွင် စစ်သေနာပတိချုပ်ကူတူဇော့ဗ်မှာ စိန်ရင်သိုင်း ဘယက်တစ်သွယ် ချိုးဖြင့်ခြင်းခံရ၍ ဗိုလ်ချုပ်ဘင်နစ်ဆန်မှာ စိန်အချို့နှင့် ဆုတော်ငွေတစ်ထောင် ချီးမြှင့်ခြင်းခံရသည်။ အခြားသူများမှာလည်း ၎င်းတို့၏ အဆင့်အတန်းနှင့်အညီ ထိုက်သင့်သော ဆုတံဆိပ်ရရှိကြလေသည်။ ထိုတိုက်ပွဲပြီးသည့်နောက် စစ်ဦးစီးဌာနတွင်လည်း အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့သည်။

"ကျုပ်တို့အဖြစ်ကတော့ အဲဒါပဲကြည့်တော့ အရပ်ကတို့။ ဘယ်လောက်ကသောင်းကနင်းနိုင်သလဲ" ဟု တာရူတီနိုတိုက်ပွဲအပြီးတွင် ရုရှားဗိုလ်ချုပ်များနှင့် ရုရှတပ်များက ပြောလေ့ရှိကြ၏။ ထိုအဖြစ်ကိုကြည့်၍ ယနေ့ကျွန်ုပ်တို့ နောင်းလူများကလည်း ဤသို့ပင် ဆိုကြ၏။ ၎င်းတို့၏စိတ်၌ " ဤသို့ ဖရိဖရဲကသောင်းကနင်း ဖြစ်ရခြင်းမှာ တစ်ယောက်က တလွဲတချော်တွေ လျှောက်လုပ်၍ ဖြစ်ရခြင်း ဖြစ်သည်။ ငါတို့သာ ကွပ်ကဲလိုက်ရလျှင် ဤသို့ဖြစ်မည်မဟုတ်" ဟု ထင်မှတ်လျက် ရှိကြလေသည်။ သို့ရာတွင် ဤသို့ပြောဆိုသူများမှာ ကိုယ်ပြောသည့်စကားကို ကိုယ့်ဘာသာနားမလည်သော "နလပိန်းတုံး"များသို့မဟုတ် ကိုယ့်ကိုယ်ကို လိမ်နေသူများသာ ဖြစ်ကြပေသည်။ တာရူတီနိုတိုက်ပွဲ၊ ဘိုရိဒီနိုတိုက်ပွဲ၊ သြစတားလစ်တိုက်ပွဲ စသည့် စစ်ပွဲဟူသမျှသည် ထိုတိုက်ပွဲများကို စီမံရေးဆွဲသူတို မျှော်လင့်သကဲ့သို့ ဖြစ်လာကြသည် မဟုတ်ချေ။ ၎င်းတို့မျှော်လင့်သကဲ့သို့ ဖြစ်လာသော တိုက်ပွဲဟု၍ တစ်ပွဲမျှမရှိချေ။ ဤသည်မှာ အခြေခံတရား ဖြစ်ပေသည်။

သို့ဖြစ်လျှင် စစ်ပွဲတစ်ပွဲ မည်သို့မည်ပုံ ဖြစ်သင့်သည်ဆိုသော စစ်ပွဲ၏ လမ်းကြောင်းကို မည်သူက ဆုံးဖြတ်ပြဋ္ဌာန်းခြင်း ပြုသနည်း။

ရေတွက်ခြင်းငှာ မစွမ်းနိုင်သောဆန္ဒ လွတ်လပ်မှုရှိသည့် အင်အားစုများ (သေရေးရှင်ရေးကို ဆုံးဖြတ်ရာဖြစ်သော စစ်ပွဲတစ်ပွဲမှာလောက် လူသည် မည်သည့်အခါမျှ စိတ်ဆန္ဒ လွတ်လပ်ခြင်းမရှိပါ) ကသာ စစ်ပွဲ၏ လမ်းကြောင်းကို ဆုံးဖြတ်ပြဋ္ဌာန်းခြင်း ပြုလေသည်။ စစ်ပွဲ၏ လမ်းကြောင်းကို မည်သူမျှ ကြိုတင်သိမြင်နိုင်စွမ်း မရှိချေ။ စစ်ပွဲတစ်ပွဲ၏ လမ်းကြောင်းသည် တစ်စုံတစ်ခုသော အင်အားစု၏လားရာ ဘက်နှင့်အညီ (လူတစ်ဦး၏ညွှန်ကြားချက်နှင့်အညီ) မည်သည့်အခါမျှ ထပ်တူထပ်မျှ ဖြစ်ပေါ်ခြင်း မရှိချေ။

တစ်စုံတစ်ခုသော အရာဝတ္ထုပေါ်သို့ လားရာဘက် အသီးသီးရှိသောအားများ တစ်ပြိုင်တည်း သက်ရောက်ပါက ထိုအရာဝတ္ထုရွေ့လျားမှု၏ လားရာဘက်သည် ထိုအားတစ်ခုခု၏ လားရာဘက်နှင့် မည်သို့မျှ ကိုက်ညီခြင်းရှိနိုင်လိမ့်မည် မဟုတ်ချေ။ ထိုအားများလားရာဘက် မဟုတ်သည့် ကြားလားရာဘက်သို့ ရွေ့လျားသွားမည်သာ ဖြစ်လေသည်။ ဤသဘောကို ယန္တ ရားဗေဒ၌ အားများ၏ အနားပြိုင်စတုဂံ၏ ထောင့်ဖြတ်မျဉ်းသဘောတရားဟု ခေါ်ဆိုကြလေသည်။

ရာဇဝင်ဆရာများ၊ အထူးသဖြင့် ပြင်သစ်ရာဇဝင်ဆရာများက ၎င်းတို့၏ စစ်ပွဲများနှင့် တိုက်ပွဲများသည် ကြိုတင်ရေးဆွဲထားသော စီမံကိန်းများနှင့်အညီ ဖြစ်ပေါ်လာကြသည်ဟု မိန့်ကြားလျှင် ထိုအဆိုအမိန့်များအားလုံးသည် သွက်သွက်လည်အောင် မှားသည်ဟု ကောက်ချက်ချရန်မှတစ်ပါး အခြားမရှိတော့ချေ။

တာရူတီနိုတိုက်ပွဲ၌ တပ်များကို စစ်အင်္ဂါစဉ်များနှင့်အညီ လှုပ်ရှား တိုက်ခိုက်စေရန်ဟူသော စီမံကိန်းရေးဆွဲသူ ဗိုလ်ချုပ်တိုးလ်၏ ရည်ရွယ်ချက်သည် လည်းကောင်း၊ ပြင်သစ်ဗိုလ်ချုပ်မူးရတ်ကို အရှင်ဖမ်းလိုဟန်တူသော မြို့စားသြလော့ဗ်၏ ရည်ရွယ်ချက်သည် လည်းကောင်း၊ ရန်သူတပ်ဖွဲ့အားလုံးကို အမြန်ဆုံးချေမှုန်းလိုဟန်တူသော ဗိုလ်ချုပ်ဘင်နစ်ဆန်နှင့် အခြားဗိုလ်ချုပ်များ၏ ရည်ရွယ်ချက်သည် လည်းကောင်း၊ မိမိ၏ သတ္တိဗျတ္တိကို ပြလိုဟန်ရှိသော စစ်တိုက်ရန် လက်ယားနေဆဲသူ တပ်ဗိုလ်၏ ရည်ရွယ်ချက်သည်လည်းကောင်း၊ လက်ရပစ္စည်းကို ပို၍ ရမိလိုသော ကော့ဆက်မြင်းတပ်သား၏ ရည်ရွယ်ချက်သည် လည်းကောင်း ထိုရည်ရွယ်ချက်များအားလုံးသည် တစ်ခုမျှ အကောင်အထည်မပေါ်ခဲ့ကြချေ။ သို့ရာတွင် တိုက်ပွဲအပြီး၌

www.burmeseclassic.com

www.burmeseclassic.com

တကယ်ဖြစ်လာသော အဆုံးပိတ်ရလဒ်နှင့်တကွ (ပြင်သစ်တို့ကို ရုရှားနိုင်ငံမှ မောင်းထုတ်ရေးနှင့် ပြင်သစ်စစ်တပ်ကြီးကို ချေမှုန်းရေးဟူသော) ထိုခေတ်က ရုရှားလူမျိုးတို့တောင့်တလျက်ရှိသော အရာသည် တာရူတီနို တိုက်ပွဲတိုက်ရခြင်း၏ ရည်ရွယ်ချက် အမှန်ဖြစ်သည် ဆိုလျှင်မူကား (ထိုသို့တလွဲတချော် ကသောင်းကနင်း ဖြစ်မှုများကြောင့်ပင်လျှင်) တာရူတီနိုတိုက်ပွဲသည် တိုက်ပွဲစဉ်၏ ထိုအဆင့် ထိုကာလ၌ ၎င်းရသင့်သောအရာကို ရခဲ့ပေသည်ဟု ဆိုရမည် ဖြစ်လေသည်။ ထိုတိုက်ပွဲမှ တကယ်ထွက်လာသော ရလဒ်ထက်ပို၍ အကျိုးကျေးဇူးများသော ရလဒ်မျိုးကို မျှော်လင့်၍ ဖြစ်နိုင်ပါသေးသလား။ တာရူတီနိုတိုက်ပွဲ၌ မည်မျှ ကသောင်းကနင်း တလွဲတချော် ဖြစ်သည်ဆိုစေ ရုရှားတို့အဖို့ ဆုတ်စစ်မှ တိုက်စစ်သို့ ကူးပြောင်းလာနိုင်ခြင်း၊ ပြင်သစ်တို့၏ အားနည်းချည့်နဲ့မှု ဘွားဘွားကြီး ပေါ်လာခြင်း နပိုလီယန်၏ စစ်တပ်ကြီး ကသောကမြောထွက်ပြေးရသည့်အဖြစ်သို့ရောက်အောင် ပထမဆုံးအကြိမ် အရှိုက်ကို ထိုးလိုက်နိုင်ခြင်း စသည့် အရေးအကြီးဆုံးရလဒ်များကို များစွာ အားစိုက်ရခြင်းမရှိ။ များစွာ အကျအဆုံးမရှိဘဲ ရလိုက်သည်သာမဟုတ်ပါလော။

အခန်း ၈

ထွန်းပြောင်သော မော်စကိုအောင်ပွဲကြီးကို ရရှိပြီးသည့်နောက်၌ နပိုလီယန်သည် မော်စကိုမြို့တွင်းသို့ ဝင်လာခဲ့လေသည်။ မှန်ပါသည်။ စစ်တလင်းသည် ပြင်သစ်တို့လက်တွင် ရောက်လျက်ရှိခြင်းကြောင့် မော်စကို တိုက်ပွဲသည် နပိုလီယန်အဖို့ အောင်ပွဲကြီးဖြစ်ပါသည်။ ရုရှားများသည် ဆုတ်ခွာခဲ့ကြကာ ၎င်းတို့၏ ရှေးဟောင်းမြို့တော် မော်စကိုကို စွန့်ခွာခဲ့ကြရ၏။ ယခုသော် ရိက္ခာများ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ အဖိုးမဖြတ်နိုင်သော ဥစ္စာပစ္စည်းများဖြင့် အလျှံပယ် ကြွယ်ဝသော မော်စကိုမြို့ကြီး နပိုလီယန်၏ လက်ခုပ်တွင်းသို့ ရောက်လျက်ရှိလေပြီ။ ပြင်သစ်စစ်တပ်၏တစ်ဝက်မျှသာ အင်အားရှိသော ရုရှားစစ်တပ်သည် တိုက်စစ်ပြုရန် အားထုတ်ခြင်းမရှိဘဲ တစ်လကြာမျှ ငြိမ်သက်လျက်ရှိလေသည်။ နပိုလီယန်၏ အခြေအနေမှာ လုပ်တိုင်းတင့်တယ်သော အခြေအနေမျိုးဖြစ်၏။ နှစ်ဆမျှသော အင်အားဖြင့် ရုရှားစစ်တပ်ကြီးကို ခုန်အုပ်ချေမှုန်းလိုသလော။ မိမိအတွက် အကျိုးများသော ငြိမ်းချမ်းရေးမျိုးကို စေ့စပ်ဆွေးနွေးလိုသလော။ စေ့စပ်ဆွေးနွေးရေးကမ်းလှမ်းချက်ကို ငြင်းပယ်ကာ ပီတာစဘက် ရွှေမြို့တော်ကို ခြိမ်းခြောက်ခြင်းပြုလိုသလော သို့မဟုတ် စမိုးလင့်၊ ဝိလနာမြို့များဘက်သို့ ပြန်လည်ဆုတ်ခွာလိုသေးသလော။ ထိုမှ မဟုတ်သေးလျှင် မော်စကိုတွင် ဆက်လက်နေလိုသေးသလော။ ကြုံကြိုက်ရာကို လုပ်နိုင်ပေသည်။ အချုပ်အားဖြင့်ကား ထိုအချိန်က ပြင်သစ်တို့ရရှိနေသော လုပ်တိုင်းတင့်တယ်သော အခြေအနေမျိုးကို ဆက်ထိန်းထားရန် မည်သည့် ဘုန်းကံပါရမီမျှ မလိုချေ။ ထိုသို့ လုပ်တိုင်းတင့်တယ်သောအခြေကို ထိန်းထားရန်မှာ ပြင်သစ်တပ်များအား လုယက်ဖောက်ထွင်းခွင့်မပြုရန် ဆောင်းရာသီ အဝတ်အထည်များ ကြိုတင်စုဆောင်းရန် စသည့်အလွန်ကွယ်ကွယောသော အလုပ်များကို ဆောင်ရွက်ရုံမျှသာ ဖြစ်၏။ ဆောင်းရာသီအဝတ်အထည်များကို ကြိုတင်စုဆောင်းရေးမှာလည်း ခက်ခဲလှသည့် ကိစ္စမဟုတ်ချေ။ မော်စကိုမြို့တွင် စစ်တပ်ကြီး တစ်တပ်စာ အလုံအလောက်ရှိပြီးဖြစ်သည်။ ရိက္ခာဆိုသည်မှာလည်း (ပြင်သစ် ရာဇဝင်ဆရာများအဆိုအရ) စစ်တပ်ကြီးတစ်တပ်လုံးကို ခြောက်လစာ ထောက်ပံ့ရန် အလုံအလောက် ရှိပြီးဖြစ်သည်။ သို့သော်လည်း စစ်တပ်ကြီးတစ်တပ်လုံးကို ရုပ်သေးရုပ်ကလေးသဖွယ် ချုပ်ကိုင်နှိပ်စွမ်းရှိသည်ဟု ရာဇဝင်ဆရာများက ဆိုကြသော ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင်တကာတို့၏သခင် ရွှေနန်းရှင် နပိုလီယန်သည် ဤအရာများကို တစ်ခုမျှ မလုပ်ခဲ့ချေ။

နပိုလီယန်သည် ရွှေဥဏ်တော်စူးရောက်ကာ ဤအရာမျိုးကို တစ်ခုမျှ မလုပ်ခဲ့ရုံမျှမက ၎င်း၏ ရှေ့တွင် ပွင့်လျက်ရှိသော လမ်းများအနက် အမှိုက်မဲဆုံး အန္တရာယ်အများဆုံးလမ်းကို ရွေးချယ်ခဲ့လေသည်။ မော်စကိုတွင် ဆောင်းခိုခြင်း၊ ပီတာစဘတ်ရွှေမြို့တော်၊ သို့မဟုတ် နစ်ဇနီမြို့ဘက်သို့ ချီတက်ခြင်း၊ မြောက်ဘက်စွန်း သို့မဟုတ် တောင်ဘက်စွန်းလမ်းများ (ဥပမာ စစ်သေနာပတိ ချုပ် ကူတူဇော့ဗ်နောက်တွင် ချီတက်ရာလမ်း) အတိုင်း ဆုတ်ခွာခြင်း၊ စသည့် နည်းလမ်းအသွယ်သွယ်တို့အနက် ၎င်းရွေးချယ်ခဲ့သည့် နည်းလမ်းလောက် မိုက်တွင်းနက်လှသော နည်းလမ်းအန္တရာယ်များလှသော နည်းလမ်းဟူ၍

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုမျှမရှိချေ။ နပိုလီယန်သည် မော်စကိုတွင် အောက်တိုဘာလအထိ နေထိုင်ခြင်းပြုကာ မိမိ၏ တပ်များအား မော်စကိုမြို့ကြီးကို စိတ်ရှိလက်ရှိ လုယက်ဖျက်ဆီးခွင့် ပြုခဲ့၏။ ထို့နောက် ဆုတ်ခွာအံ့လော၊ နားနေအံ့လောဟု တွေးတောမရ ကြံဒိုဟဖြင့် မော်စကိုကို ဗွန့်ခွာသွားခဲ့၏။ တိုက်ပွဲတိုက်ရန် ရည်ရွယ်ချက်မရှိဘဲ ကူတူဇော့ဗ်နောက်သို့ လိုက်သွားခဲ့၏။ လက်ယာဘက်သို့ချိုးကာ မာလိုယာရိုစလားသို့ ဆုတ်သွား၏။ တစ်ဖန် ဖောက်ထွက်ရန် ကြိုးစားခြင်းမပြုဘဲ ကူတူဇော့ဗ်နောက်သို့ လိုက်ပြန်၏။ ထို့နောက် စစ်တလင်းဖြစ်၍ ဖွတ်ဖွတ်ကြေနေသော စမိုးလင့်ပေတစ်ရာလမ်းမကြီးအတိုင်း ဆုတ်ခွာသွားခဲ့လေသည်။ တမင် အပတ်တကုတ် အားထုတ်၍ စဉ်းစားလျှင်ပင် ထိုမျှလောက် မိုက်တွင်းနက်၍ ပြင်သစ်စစ်တပ်ကြီးအဖို့ ထိုမျှလောက် အန္တရာယ်များလှသောလမ်းကို ရှာတွေ့လိမ့်မည် မထင်ချေ။ အကယ်၍ နပိုလီယန်၏ ရည်ရွယ်ချက်သည် ၎င်း၏ ပြင်သစ်စစ်တပ်ကြီးကို ၎င်းဘာသာပြန်၍ ဖျက်ဆီးချေမှုန်း ပစ်ရန် ဖြစ်သည်ဆိုလျှင်ကား ထို ရည်ရွယ်ချက်ကြီးအား (ရုရှား စစ်တပ်ကြီး၏ တိုက်ခိုက်မှုစသော ပြင်ပယောဂများ မပါဘဲ) ဤမျှ ပြည့်ပြည့်ဝဝ အကောင်အထည်ပေါ်စေမည့် အလုပ်မျိုးကို ကမ္ဘာတွင် အကျွမ်းကျင်ဆုံးဆိုသော စစ်ပါဂူများသော်မျှ ကြံစည်စိတ်ကူးရန် တတ်နိုင်ကြလိမ့်မည်မဟုတ်ချေ။

ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင် နပိုလီယန်ကား တတ်နိုင်လေစွ။ သို့ရာတွင် ဤသို့ကား မဟုတ်တန်ရာပါ။ နပိုလီယန်သည် မိုက်မဲသောကြောင့် သို့မဟုတ် ၎င်း၏ ပျက်စီးစေလိုသော ဆန္ဒရှိခြင်းကြောင့် ၎င်း၏ စစ်တပ်ကြီးကို ပျက်စီးစေသည်ဟုဆိုလျှင် နပိုလီယန်သည် ဘုန်းကံပါရမီထူးခြင်းကြောင့် အမြော်အမြင်ကြီးခြင်းကြောင့် သို့မဟုတ် ၎င်းတွင် ဆန္ဒရှိခြင်းကြောင့် ၎င်း၏ စစ်တပ်ကြီးကို မော်စကိုမြို့သို့ ချီတက်စေနိုင်ခဲ့ခြင်း ဖြစ်သည်ဟု ပြောဆိုခြင်းမျိုးကဲ့သို့ မဲတော်မတရား ပြောရာရောက်ပါလိမ့်မည်။

ဤနှစ်ချက်စလုံး (မော်စကိုမြို့သို့ ပြင်သစ်တို့ရောက်ခြင်းနှင့် ပြင်သစ်စစ်တပ်ကြီး ပျက်ခြင်း) ၌ သာမန်စစ်သားလေးတစ်ဦး၏ ကိုယ်ပိုင်ဆောင်ရွက်ချက်ထက်ထူး၍ အရေးပါခြင်း မရှိသည့် နပိုလီယန်၏ ကိုယ်ပိုင်ဆောင်ရွက်ချက်ဟူသမျှသည် ထိုအဖြစ်အပျက်ကြီးကို ချုပ်ကိုင်စိုးပိုင်လျက်ရှိသော နိယာမတရားများနှင့် မတော်တဆတိုက် ခိုက်သွားခြင်းကြောင့်သာ ဤသို့ ဖြစ်သွားရခြင်း ဖြစ်ပါသည်။

နပိုလီယန်၏ စဉ်းစားတွေးခေါ်နိုင်စွမ်းတို့သည် မော်စကိုမြို့သို့ ရောက်သည့်အခါ၌ အားနည်းလျော့ပါးသွားကြသည်ဟု ရာဇဝင်ဆရာများက အမှောက်မှောက် အမှားမှား ဖော်ပြခဲ့ကြသည်။ ဤသို့ ပြောခြင်းမှာ နပိုလီယန်၏ ဆောင်ရွက်ချက်များက တခြား၊ ရလဒ်တခြား ဖြစ်လာသောကြောင့် လီဆယ်ပြောကြခြင်းသာ ဖြစ်လေသည်။ စင်စစ်၌ကား နပိုလီယန်သည် (ယခင်အခါများကကဲ့သို့လည်းကောင်း၊ နောင် ၁၈၁၃–နှစ်ကကဲ့သို့လည်းကောင်း) မိမိကိုယ်တိုင်နှင့်တကွ မိမိ၏ စစ်တပ်ကြီးအတွက် အကောင်းဆုံးဖြတ်ရန် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်ခဲ့သည်သာ ဖြစ်လေသည်။ ထိုစဉ်က ၎င်း၏ ဆောင်ရွက်ချက်ဟူသမျှသည် အီဂျစ်၊ အီတလီ၊ ဩစတြီးယား၊ ပရပ်ရှားနိုင်ငံများတွင် ဆောင်ရွက်ခဲ့သည့်နည်းတူ ချီးကျူးအံ့သြဖွယ်ကောင်းသည်သာ ဖြစ်လေသည်။ (၎င်း၏ ဘုန်းတန်ခိုးကြီးကျယ်မှုကို ရာစုနှစ်လေးဆယ်က ငုံကြည့်ရာအရပ်ဟု ဆိုရသော) အီဂျစ်ပြည်မှ ၎င်း၏ အံ့ဖွယ်သူရဲဆောင်ရွက်ချက်များအကြောင်းကို ပြင်သစ်တို့အပြောဖြင့်သာ မှန်း၍ 'လွမ်း'ရသောကြောင့် အီဂျစ်ပြည်၌ ဘုန်းကံပါရမီသည် မည်မျှအထိ ဒေါင်ဒေါင်မြည်အောင် စစ်မှန်ကြောင်းကို ကျွန်ုပ်တို့သေချာစွာ မသိရချေ။ အလားတူပင် ဩစတြီးယားနှင့် ပရပ်ရှားနိုင်ငံများ၌ ၎င်း၏ ဘုန်းကံပါရမီ ကြီးကျယ်ခဲ့ကြောင်းကိုလည်း ပြင်သစ်နှင့် ဂျာမန်ရာဇဝင်ကျမ်းများမှသာ သိရသဖြင့် ထိုသေဒသများ၌ ၎င်း၏ဘုန်းကံပါရမီ ကြီးကျယ်ခဲ့ခြင်းတွင် 'မဆလာ' မည်မျှရောမရောကို ကျွန်ုပ်တို့ မခန့်မှန်းနိုင်ချေ။ စင်စစ်၌ ဂျာမန်များမှာလည်း သေနတ်တစ်ချက်မျှ မဖောက်ရဘဲ မိမိတို့ တပ်အားလုံး လက်နက်ချခြင်း၊ ခံတပ်များကို အလွယ်တကူထိုးအပ်လိုက်ရခြင်းတို့ကြောင့် "အူကြောင်ကြောင်" ဖြစ်ကုန်ကြကာ ကိုယ့်အဖြစ်ကိုသော်မှ နားမလည်နိုင်ကြတော့ဘဲ 'နပိုလီယန်၏ ဘုန်းကံပါရမီကြောင့်သာတကား' (ဘုရားစူးစေ့) ကိုယ်ရှက်ဖွယ်လိလိ ညံ့ဖျင်းကြောင်းကို ဖုံးကွယ်ချင်ရုံမျှဖြင့် နပိုလီယန်၏ ဘုန်းကံပါရမီဆိုသည်ကို အသိအမှတ် မပြုလိုပါ။ ကျွန်ုပ်တို့မှာ

www.burmeseclassic.com

www.burmeseclassic.com

ပြဿနာကို ရှင်းရှင်းလင်းလင်း မကွယ်မထောက်ကြည့်ရန် အခွင့်အရေးကို တန်ရာတန်ဖိုး ပေးဝယ်ခဲ့ရပြီး ဖြစ်ရကား ထိုအခွင့်အရေးကို လက်လွှတ်လိမ့်မည် မဟုတ်ပါ။

နပိုလီယန်၏ မော်စကိုတွင် ဆောင်ရွက်ချက်များသည် အခြားနိုင်ငံများမှာကဲ့သို့ ချီးကျူးအံ့သြဖွယ်ကောင်းသည်သာ ဖြစ်ပါသည်။ 'ပါရမီဥာဏ်' နှင့် ပြည့်စုံသည်သာဖြစ်ပါသည်။ မော်စကိုမြို့ထဲသို့ ဝင်လာသည့် အချိန်မှစ၍ ထွက်သွားသည့် အချိန်အထိ နပိုလီယန်သည် အမိန့်တစ်ခုပြီးတစ်ခု စီမံကိန်း တစ်ဖုံပြီးတစ်ဖုံ ထုတ်ပြန် ရေးဆွဲခဲ့ပါသည်။ မြို့ကြီးဟောင်းလောင်း ဖြစ်နေခြင်း၊ မြို့အပ်မည့် ကိုယ်စားလှယ်အဖွဲ့ ရောက်မလာခြင်း၊ မော်စကိုမြို့ကြီးမီးလောင်ခြင်း စသည်တို့သည်ပင် ၎င်းကို စိတ်ပျက်အားငယ်ခြင်း မဖြစ်စေနိုင်ပါ။ နပိုလီယန်သည် မိမိတပ်များ သက်သာချောင်ချိရေးနှင့် ရန်သူတို့၏အပြုအမူများကို လည်းကောင်း၊ ရုရှားပြည်သူတို့၏ သက်သာချောင်ချိရေးကိုလည်းကောင်း၊ ပါရီရွှေနန်းတွင်းကိစ္စများ စီမံခန့်ခွဲခြင်းကိုလည်းကောင်း၊ မျှော်လင့်ထားသော ငြိမ်းချမ်းရေး ဆွေးနွေးပွဲစည်းကမ်းများနှင့် ပတ်သက်သည့် သံတမန်ဆိုင်ရာကိစ္စများကို လည်းကောင်း တစ်ခုကိုမျှ မျက်ခြည်ပြတ် မေ့လျော့နေခြင်း မရှိပါ။

အခန်း ၉

စစ်ရေးစစ်ရာများနှင့် ပတ်သက်၍ နပိုလီယန်သည် ၎င်းတို့နိုင်သမျှ အစွမ်းကုန် လုပ်ခဲ့လေသည်။ မော်စကိုမြို့ထဲသို့ဝင်ပြီး မကြာမီမှာပင် ရုရှားစစ်တပ်ကြီး၏ လှုပ်ရှားမှုကို စောင့်ကြည့်ရမည်ဟုလည်း ဗိုလ်ချုပ်ဆာဘတ်စတီယာနီကို တင်းကျပ်စွာ အမိန့်ပေးခဲ့သည်။ ပေတစ်ရာလမ်းမကြီး အသီးသီးသို့ ၎င်း၏ တပ်ဖွဲ့များကို စေလွှတ်ခဲ့သည်။ ကူတူဇော့ဗ်အား လိုက်လံရှာဖွေရန်လည်း မူးရတ်ကို စေလွှတ်ခြင်း ပြုခဲ့သည်။ ထို့နောက် ကရင်မလင်နန်းမြို့ရိုးခံတပ်များကို အခိုင်အမာ စီရင်ရန်လည်း ကိုယ်တိုင် ညွှန်ကြားချက်များ ပေးခဲ့သည်။ ရုရှားနိုင်ငံ မြေပုံကြီးတစ်ချပ်လုံးကို ရှေ့တွင်ချလျက် လာလတ္တံ့သော တိုက်ပွဲစဉ်အတွက် ထွန်းပြောင်သည့် စီမံကိန်းကြီးတစ်ရပ်ကိုလည်း ရေးဆွဲခဲ့ပေသေးသည်။

သံတမန်ရေးရာများနှင့် ပတ်သက်၍လည်း နပိုလီယန်သည် အစွမ်းကုန် ကြိုးပမ်းခဲ့လေသည်။ နပိုလီယန်သည် ပြင်သစ်တို့ အလုခံရ၍ အဝတ်အစား အစုတ်စုတ် အပြတ်ပြတ်နှင့် မော်စကိုမြို့ထဲတွင် ထွက်ပေါက်မရှိ ပိတ်မိနေသော ရုရှားတပ်မတော် အမှုထမ်းဗိုလ်ကြီး ယာကိုလက်ကို ရှေ့တော်သို့ ဆင့်ခေါ်ကာ ၎င်း၏ဝါဒနှင့် ၎င်း၏သဘောထားကြီးမှုကို အကျယ်တဝင့် ရှင်းပြခဲ့၏။ မော်စကိုမြို့ဝန် ရော့စတော့ချင်သည် မော်စကိုမြို့ ကိစ္စအဝဝကို ညှဉ်းစွာ ဆောင်ရွက်ခဲ့သည်ဟု မိမိ၏ 'ညီတော်'နှင့် 'အကြည်တော်'အား အကြောင်းကြားရန် တာဝန်ရှိကြောင်း ဖော်ပြပါရှိသော စာချွန်တစ်စောင်ကို အလက်ဇန်းဒရား ဧကရာဇ်ထံ ရေးသားကာ ဗိုလ်ကြီးယာကိုလက်အား ပိတာစဘတ်ရွှေနန်းတော်သို့ သွားရောက်ပေးပို့စေခဲ့၏။

မိမိ၏ သဘောထားများနှင့် မိမိ၏ သဘောထားကြီးမှုကို မိဘမဲ့ကလေးဂေဟာမှူးဖြစ်သူ တူတိုလ်မင်းအား ရှင်းပြကာ ထိုအဘိုးကြီးအား ပိတာစဘတ်သို့ စေလွှတ်၍လည်း စေ့စပ်ရေး ကမ်းလှမ်းခဲ့သေးသည်။

တရားဥပဒေရေးရာများနှင့် ပတ်သက်၍လည်း နပိုလီယန်သည် တတ်နိုင်သမျှ အားထုတ်ခဲ့သည်သာ ဖြစ်ပါသည်။ နပိုလီယန်သည် မော်စကိုမြို့ မီးလောင်ပြီးသည့်နောက် မီးရှို့သူများကို ဖမ်းဆီးပစ်သတ်ရမည်ဟု အမိန့်ထုတ်ပြန်ခဲ့သည်။ ၎င်း၏ စံအိမ်ကို မီးတင်ရှို့ရန် အမိန့်ထုတ်ခြင်းအားဖြင့် လူဆိုးလူသွမ်း မြို့ဝန် ရော့စတော့ချင်ကိုလည်း ပြစ်ဒဏ်ပေးခဲ့သေးသည်။

မြို့ပြအုပ်ချုပ်ရေးရာများနှင့် ပတ်သက်၍လည်း နပိုလီယန်သည် အစွမ်းရှိသလောက် ဆောင်ရွက်ခဲ့သည်သာ ဖြစ်လေသည်။ နပိုလီယန်သည် မော်စကို ဖွဲ့စည်းပုံဥပဒေအသစ်တစ်ရပ်ဖြင့် အုပ်ချုပ်စေခဲ့သည်။ မြူနီစီပယ်အဖွဲ့တစ်ရပ်ကိုလည်း တည်ထောင်ပေးခဲ့သည်။ အောက်ပါကြေညာချက်ကိုလည်း ထုတ်ပြန်ခဲ့လေသည်။

မော်စကိုမြို့သူမြို့သားအပေါင်းတို့

သင်တို့၏ကံကြမ္မာသည် ဆိုးရွားရက်စက်လွန်းလှသည်။ သို့ရာတွင် ရွှေနန်းရှင် ဧကရာဇ်နှင့် ရုရှားပြည် ဘုရင် ကျွန်ုပ်သည် ဤကံကြမ္မာဆိုးကို ဟန့်တားဖယ်ရှားလိုသောဆန္ဒ ရှိတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေနန်းရှင် ဧကရာဇ်သည် အာဏာဖီဆန်သူ၊ ရာဇဝတ်မှု ကျူးလွန်သူများကို ပြစ်ဒဏ်စီရင်ခြင်း ဖြင့် သင်တို့ မှတ်သားလောက်သော နမူနာများ ကို ပြသတော်မူခဲ့ပြီ။ ဥပဒေဖောက်ဖျက်မှုများကို အဆုံးသတ်၍ ရပ်ရွာငြိမ်ဝပ်ပိပြား လုံခြုံရေးကို ထူထောင်ရန်အလို့ငှာ တင်းကျပ်သော အစီအမံ များကိုလည်း ပြုလုပ်တော်မူခဲ့ပြီ။ သင်တို့ကိုယ် တိုင် ရွေးချယ်တင်မြှောက်သော အဖသဖွယ် ရှိ သည့် အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ မြို့နိုစီပယ် သို့မဟုတ် နေပြည်တော် အုပ်ချုပ်ရေးအဖွဲ့တစ်ခု ကို ထူထောင်ကြရမည်။ ထိုအဖွဲ့သည် သင်တို့ လုံခြုံရေး၊ သင်တို့ လိုလားချက်များနှင့် သင်တို့ ၏ သက်သာချောင်ချိရေးကို ကြပ်မက်ဆောင်ရွက် သွားမည်။ ထိုအဖွဲ့ဝင်များသည် ရင်သိုင်းစလွယ်နိ ကို ဝတ်ဆင်ကြရမည်။ မြို့တော်ဝန်မှာ ရင်သိုင်း စလွယ်နီအပြင် ခါးစည်းအဖြူကို ဝတ်ဆင်ရမည်။ တာဝန်မရှိသည့်အချိန်များ၌ ၎င်းတို့အား လုံး လက် ပတ်နီ ဝတ်ဆင်ကြရမည်။

နေပြည်တော်ရဲအဖွဲ့ကိုလည်း ယခင်ပုံစံအတိုင်း ပြန်လည်ဖွဲ့စည်းပြီး ဖြစ်သည်။ နေပြည်တော် ရဲ အဖွဲ့၏ ဆောင်ရွက်ချက်ကြောင့် ယခုအချိန်တွင် ရပ်ရွာငြိမ်ဝပ်ပိပြားရေး တိုးတက်ကောင်းမွန်လျက် ရှိသည်။ ဧကရာဇ် ဘုရင့်အစိုးရသည် ရဲဝန်ချုပ် နှစ်ဦးနှင့် ရဲဝန်နှစ်ဆယ်ကို နေပြည်တော် အရပ်ရပ် အုပ်ချုပ်ရန်အတွက် ခန့်အပ်ပြီး ဖြစ်သည်။ ၎င်းတို့ အား လုံး၏ လက်ဝဲလက်မောင်းတွင် ဝတ်ဆင် ထားသော လက်ပတ်ဖြူကို ကြည့်၍ ခွဲခြားသိကြ ရာသည်။ ဘာသာအယူအသီးသီးမှ သုဓမ္မာဇရပ် များကိုလည်း ပြန်လည်ဖွင့်လှစ်ပေးကာ သာသနာ့ ကိစ္စများကို အတားအဆီးမရှိ လွတ်လပ်စွာ ဆောင် ရွက်နိုင်ကြသည်။ သင်တို့ ရပ်ဆွေရပ်မျိုး မော်စကို မြို့သူမြို့သားတို့သည် နေအိမ်များသို့ နေ့စဉ်နှင့် အမျှ ပြန်လည်ရောက်ရှိလျက် ရှိကြသည်။ ၎င်း တို့ ပြန်ရောက်က လိုအပ်သော အကူအညီ အစောင့်အရှောက်တို့ကို ပေးရန် သက်ဆိုင်ရာ ဌာနများသို့ အမိန့်ထုတ်ပြန်ပြီး ဖြစ်သည်။ ဤ သည်တို့ကား တရားဥပဒေ စိုးမိုးရေးကို ပြန်လည် ထူထောင်ရန်နှင့် သင်တို့၏ သက်သာချောင်ချိ ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက် ချက်များ ဖြစ်သည်။ သို့ရာတွင် ဤရည်ရွယ်ချက် အောင်မြင်ရန်မှာ သင်တို့ကလည်း တစ်တပ် တအား အနေဖြင့် ပါဝင်ရန်လိုသည်။ သင်တို့၏ ကိုယ်ခန္ဓာကိုသော် လည်းကောင်း၊ သင်တို့၏ ဥစ္စာပစ္စည်းကို လည်းကောင်း ထိပါးသူတို့သည် တစ်နေ့တွင် အရှက်ကြီးစွာရကာ ပျက်စီးခြင်းနှင့် ကြုံတွေ့ရမည် ဖြစ်ကြောင်းကို ယုံကြည်စေလို သည်။ သင်တို့ခန္ဓာကိုယ်နှင့် ဥစ္စာပစ္စည်းတို့ကို ကာကွယ်ရေးသည် ဧကရာဇ်တကာတို့တွင် အကြီး မြတ်ဆုံး၊ တရားမျှတဆုံး အရှင်၏ အလိုဆန္ဒ ဖြစ်၍ ထိုအတိုင်း ကာကွယ်ပေးမည် ဖြစ်ကြောင်း ကို သံသယကင်းစွာ ရှိကြစေ။ စစ်သားများနှင့် ပြည်သူပြည်သားအပေါင်းတို့ အမျိုးခွဲခြားခြင်း မရှိ။ ပြည်သူလူထု၏ ကိုးစားမှုကို ရယူကြစေ။ ပြည်သူလူထု၏ ကိုးစားယုံကြည်မှုသည် နိုင်ငံစည် ပင်ဝပြောရေး၏ ရေသောက်မြစ်ဖြစ်သည်ဟု နားလည်ကြစေ။ ခေါင်းနင်းဆင်း ညီနောင်ရင်း ပမာ နေထိုင်ကြစေ။ တစ်ဦးကိုတစ်ဦး အပြန် အလှန် ရိုင်းပင်း၍ အတုံ့အလှယ် ကာကွယ်ကြ စေ။ အဖျက်သမား‌တို့၏ အကြံအစည်ကို တွန်း လှန်ရန် စည်းလုံးညီညွတ်ကြစေ။ စစ်ဘက်နှင့် မြို့ပြဘက်ဆိုင်ရာ အာဏာပိုင်များ၏ အမိန့်ကို နာခံကြစေ။ ထိုအခါ သင်တို့၏ မျက်ရည်တို့ စီးဆင်းခြင်းကို ရပ်တန့်ပေအံ့။

သာသနာရေးနှင့် ပတ်သက်၍လည်း ဘုန်းတော် ကြီးများကို ပြန်လည်ပင့်ဆောင်ရန်၊ သုဓမ္မာဇရပ်များတွင် ပြုမြဲဝတ်တက်ဝတ်ရွတ်ကိစ္စများ ဆောင်ရွက်ရန် အမိန့် ထုတ်ပြန်ခဲ့လေသည်။

ကူးသန်းရောင်းဝယ်ရေး၊ စစ်တပ်ကို ရိက္ခာဖြည့် တင်းရေးနှင့် ပတ်သက်၍လည်း နပိုလီယန်သည် အောက် ပါထုတ်ပြန်ကြေညာချက်ကို အနှံ့အပြား ကပ်စေသည်။

ထုတ်ပြန်ကြေညာချက်

အချင်းတို့။ ငြိမ်းချမ်းသော မော်စကိုမြို့သူ

www.burmeseclassic.com

www.burmeseclassic.com

မြို့သားအပေါင်းတို့၊ ကြမ္မာဆိုးကြောင့် နေပြည်တော်မှ ထွက်ပြေးကြကုန်သော လက်မှုပညာသည်များနှင့် အလုပ်သမားအပေါင်းတို့။ အခြေအမြစ်မရှိ ကြောက်လန့်ခြင်းကြောင့် လယ်ကွင်းများမှ ထွက်ခွာသွားကြကုန်သော တောင်သူလယ်သမားအပေါင်းတို့။ နားထောင်ကြကုန်။ ယခုအချိန်၌ မော်စကိုမြို့တော်တွင် ငြိမ်ဝပ်ပိပြားလျက် ရှိပြီ။ တရားဥပဒေ စိုးမိုးရေးကို ထူထောင်ပြီးပြီ။ လေးစားစောင့်ရှောက်ခြင်း ခံရသည်ကို တွေ့မြင်ရသည့် အခါ၌ သင်တို့၏ ရပ်ဆွေမျိုးအပေါင်းတို့သည် ပုန်းအောင်းရာမှ ရဲဝံ့စွာ ထွက်လာကြပြီ။ ၎င်းတို့၏ ကိုယ်ခန္ဓာနှင့် ဥစ္စာပစ္စည်းတို့ကို ထိပါးနှောင့်ယှက်မှုတိုင်းအား ချက်ချင်း စစ်ဆေး အပြစ်ပေးလျက် ရှိသည်။ ရွှေနန်းရှင် ဧကရာဇ်နှင့် ဘုရင်မင်းမြတ်သည် ၎င်းတို့ကို ရင်ဝယ်သားကဲ့သို့ ကာကွယ်စောင့်ရှောက်ခြင်း ပြုတော်မူသည်။ အမိန့်အာဏာဖီဆန်ခြင်းပြုသူမှအပ ကျန်အားလုံးကို ကျေးဇူးရင်သားမခွဲ ဆက်ဆံတော်မူသည်။ ဧကရာဇ်ဘုရင်မင်းမြတ်သည် သင်တို့၏ ကြမ္မာဆိုးကို အဆုံးသတ်၍ သင်တို့အား မိမိတို့ အိုးအိမ်များ၊ မိသားစုများထံ ပြန်လာစေလိုသောဆန္ဒရှိတော်မူသည်။ ထို့ကြောင့် ဧကရာဇ်ဘုရင်၏ ကရုဏာတော်ကို တုံ့ပြန်သောအားဖြင့် ဘုန်းတော်ရိပ်အောက်သို့ လာရောက်ခိုလှုံကြကုန်။ မြို့သူမြို့သားအပေါင်းတို့ ယုံကြည်မှုအပြည့်ဖြင့် သင်တို့၏ အိုးအိမ်များသို့ ပြန်လာကြကုန်။ သင်တို့၏ လိုလားချက်များ ပြည့်ဝသည်ကို မကြာမီ တွေ့မြင်ရအံ့။ လက်မှုပညာသည်များနှင့် အတတ်ပညာရှင်အပေါင်းတို့။ သင်တို့အလုပ်၊ သင်တို့အိမ်၊ သင်တို့ဆိုင်များသို့ ပြန်လာကြကုန်။ သင်တို့အိုးအိမ်များကို တပ်မတော်က စောင့်ရှောက်လျက် ရှိသည်။ သင်တို့၏အလုပ်နှင့် ထိုက်တန်သော ရိက္ခာလစာကို ရစေအံ့။ တောင်သူလယ်သမားအပေါင်းတို့။ သင်တို့ အထိတ်တလန့် ပုန်းအောင်းလျက်ရှိရာ တောအုံ ကန္တားမှ ထွက်လာကြကုန်။ သင်တို့၏ လယ်တဲများသို့ စိုးရိမ်ခြင်း မရှိပြန်လာကြကုန်။ သင်တို့အား ကာကွယ်စောင့်ရှောက်ပေးမည်ကို ယုံကြည်စိတ်ချကြကုန်။ နေပြည်တော်တွင် ဈေးများကို ဖွင့်လျက်ရှိပြီဖြစ်သည့်အလျောက် တောင်သူလယ်သမားတို့သည် မိမိတို့၏ ပိုလျှံသောရိက္ခာများနှင့် လယ်ယာထွက်ကုန်ပစ္စည်းများကို လာရောက်ရောင်းချနိုင်ကြသည်။ လွတ်လပ်စွာ ရောင်းဝယ်နိုင်ရန်အလို့ငှာ နိုင်ငံတော်အစိုးရသည် အောက်ပါ အစီအမံများကို ဆောင်ရွက်ပြီးဖြစ်သည်။ (၁) ယနေ့မှစ၍ မော်စကိုမြို့အနီးတွင် နေထိုင်ကြသော လယ်သမားများ၊ မွေးမြူသူများသည် သတ်မှတ်ထားသော ဈေးနှစ်ဈေးတွင် ၎င်းတို့၏ ထွက်ကုန်ပစ္စည်းများကို အစ္စရာယ်ကင်းစွာ လာရောက်ရောင်းချနိုင်သည်။ သတ်မှတ်ထားသော ဈေးတစ်ခုမှာ မော်ဗာယာလမ်းဈေးဖြစ်၍ အခြားတစ်ခုမှာ ဗဟိုကုန်ဈေးရုံကြီးအတွင်း၌ ဖြစ်သည်။ (၂) ထိုထွက်ကုန်ပစ္စည်းများကို ရောင်းသူဝယ်သူနှစ်ဦးတို့ သဘောတူသော ဈေးနှုန်းအတိုင်း ဝယ်ယူမည်။ အကယ်၍ ရောင်းသူသည် သင့်တင့်သော ဈေးနှုန်းကို မရက ၎င်း၏ပစ္စည်းများကို မိမိရွာသို့ ပြန်ယူသွားခွင့် ရှိသည်။ မည်သူက မည်သည့်အကြောင်းကြောင့်မျှ ဟန့်တားခြင်း မရှိစေရ။ (၃) ရက်သတ္တပတ်တိုင်း တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့များကို ဈေးနေ့များအဖြစ် သတ်မှတ်သည်။ ထိုသို့ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်ရန် အလို့ငှာ ဈေးလှည်းများကို အကာအကွယ်ပေးရန်အတွက် အင်္ဂါနေ့နှင့် စနေနေ့များတွင် မြို့နှင့် အလှမ်းကွာသော ပေတစ်ရာလမ်းမကြီးပေါ်၌ စစ်တပ် အလုံအလောက် တပ်စွဲပေးထားမည်။ (၄) ဈေးပြန်မြင်းများ၊ လှည်းများ စသည်တို့ အပြန်ခရီးတွင် အတားအဆီး အနှောင့်အယှက်မရှိစေရန် အလားတူ အစီအစဉ်များကို ပြုလုပ်ပေးမည်။ (၅) ပုံမှန်ကူးသန်းရောင်းဝယ်မှုကို ထူထောင်ရန်အတွက် လိုအပ်သည်များကို ချက်ချင်းဆောင်ရွက်မည်။ မြို့နှင့် တောနေပြည်သူလူထုအပေါင်းတို့။ လက်မှုပညာသည်နှင့် အလုပ်သမားအပေါင်းတို့။ ဘုရင်

www.burmeseclassic.com

www.burmeseclassic.com

ဇကရာဇမင်းမြတ်၏ အဖ ရင်ဝယ်သားပမာ ထားရှိသော စေတနာကို အကောင်အထည်ပေါ်အောင် ဆောင်ရွက်ကြစေ။ အများပြည်သူ ကောင်းကျိုးအဲတွက် ပူးပေါင်းဆောင်ရွက်ကြစေ။ လေးစားယုံကြည်စွာဖြင့် ရွှေဘွားတော်အောက်သို့ ဝင်ရောက်ကြကုန်။ လက်တွဲဆောင်ရွက်ရန်အတွက် နှောင့်နှေးခြင်း မဖြစ်ကြကုန်။

စစ်တပ်များနှင့် အရပ်သားများ၏ စိတ်ဓာတ်ကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် နုပိုလီယန်သည် စစ်ရေးပြသဘင်များ အမြဲတမ်း ခင်းကျင်းကာ ဆုတော်လာဘ်တော်။ အစီးအနင်း၊ အဆောင်အယောင်တို့ကို ချီးမြှင့်ခြင်း ပြု၏။ မြို့သူမြို့သားတို့ အားပေးနှစ်သိမ့်စေရန်အတွက် မြင်းစီး၍ တိုင်းခန်းလှည့်လည်ခြင်း ပြု၏။ နိုင်ငံကိစ္စအဝဝကြောင့် အလုပ်များလျက် ရှိသည့်ကြားမှ ၎င်းအမိန့်အရ ဖွင့်လှစ်တည်ထောင်သော ဇာတ်သဘင်များသို့ သွားရောက်ကြည့်ရှုခြင်းလည်း ပြု၏။

စေတနာဝန်ထမ်း အကျိုးဆောင်လုပ်ငန်းများနှင့် ပတ်သက်၍လည်း သရဖူဆောင်းသော ခေါင်းများအနက် အကြီးမြတ်ဆုံးသော ပါရမီရှင်ကြီးဖြစ်သူ နုပိုလီယန်သည် အစွမ်းကုန် ဆောင်ရွက်ခဲ့သည်သာ ဖြစ်လေသည်။ စေတနာဝန်ထမ်း အဆောက်အအုံများပေါ်၌ 'မယ်တော်ဘုရားကောင်းမှု'ဟူသော ကမ္ဘည်းစာတန်းများကို ရေးထွင်းစေ၏။ ဤသို့ဖြင့် ဇကရာဇ်ဘုရင်တစ်ဆူ၏ ကြီးမြတ်သော စေတနာနှင့် မိဘကျေးဇူးသိတတ်သောသဘောကို ပေါင်းစပ်ပေးခဲ့၏။ ထိုမျှမက နုပိုလီယန်သည် မိဘမဲ့ကလေးငေဟာသို့ သွားရောက်လည်ပတ်ကာ မိမိကယ်တင်ခဲ့သော မိဘမဲ့ကလေးငယ်များအား ၎င်း၏ ဖြူဖွေးသောလက်ကို နမ်းရှုပ်ခွင့်ပေးသနားတော်မူခဲ့၏။ ငေဟာမှူးကြီး တူတိုလ်မင်နှင့် ကြင်နာစွာ စကားဆို၏။ ထို့နောက် ၎င်း၏ (လူမျိုးအသီးသီး ပါဝင်သော) စစ်သားများကို လည်း မိမိပြုလုပ်ပြင်ဆင်ခဲ့သော ရုရှားဒွေစက္ကူတုများဖြင့် ရိက္ခာလစာပေးဝေ၏။ ဤသည်နှင့် ပတ်သက်၍ မိမိကိုယ်တော်တိုင်၏ ဂုဏ်သိက္ခာနှင့် လည်းကောင်း၊ ပြင်သစ်စစ်တပ်ကြီး၏ ဂုဏ်သိက္ခာနှင့် လည်းကောင်း၊ ထိုက်တန်သော အပြုအမူကို ပြသောအားဖြင့် ဘုန်းတော်ကြီးသောဘုရားသည် ဤနည်းလမ်းများကို အသုံးပြုကာ မီးလောင်ကျွမ်းပျက်စီးသူတို့၏ သက်သာချောင်ချိမှုကို ဖြစ်စေတော်မူ၏။ သို့ရာတွင် အများအားဖြင့် ရန်သူအားပေးဖြစ်ကြသော တိုင်းတစ်ပါးသား နိုင်ငံခြားသားတို့ကို ရိက္ခာတော် ချီးမြှင့်ပေးသနားတော်မူရန်ကိစ္စမှာ လွန်စွာ တန်ဖိုးကြီးလွန်းလှသည်အတွက် ဘုန်းတော်ကြီးသော ဘုရားသည် တပ်မတော်အပြင်မှ စားနပ်ရိက္ခာများ ဝယ်ယူရန်အလို့ငှာ ၎င်းတို့ကို ပိုက်ဆံကြေးငွေ ထောက်ပံ့ရန် သင့်အံ့ကြွရွယ်လျက် ၎င်းတို့ကို ရုရှားငွေစက္ကူများ ပေးသနားတော်မူ၏'ဟူ၍ ပြင်သစ်ရာဇဝင်ဆရာ သိုင်းယာ့စ်က ပြောင်မြောက်စွာ မှတ်တမ်းတင်ခဲ့လေသည်။

စစ်တပ်စည်းကမ်းများနှင့် ပတ်သက်၍လည်း စစ်ရေးတာဝန်ဝတ္တရားများ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း၊ လုယက်ခြင်းတို့ကို ပြင်းထန်စွာ နှိပ်ကွပ်ရန်နုပိုလီယန်သည် အမြဲတစေ အမိန့်များ ထုတ်ပြန်ခဲ့သည်သာ ဖြစ်လေသည်။

အခန်း ၁၀

သို့ရာတွင် အလားတူ အခြေအနေမျိုးများတွင် ထုတ်ပြန်ခဲ့သည့် အခြားသော အမိန့်များထက် ထူး၍ ညံ့ဖျင်းခြင်း၊ မရှိသော အဆိုပါ ဆောင်ရွက်ချက်များ၊ အားထုတ်မှုများ စိမ်ကိန်းများအားလုံးသည် ဘာမျှ အရာရောက်ခြင်း မရှိဘဲ အနာတခြား ဆေးတခြားဖြစ်လျက် ရှိရုံမျှမက ဖွဲ့စည်းမှုမှ ပြုတ်ထွက်လာသော နာရီလက်တံတစ်ခုကဲ့သို့ ခွေးသွားစိပ်များနှင့် အံကျခြင်း မရှိတော့ဘဲ ရည်ရွယ်ချက်ကင်းမဲစွာ ထိုမှဤမှ လှုပ်ယမ်းလျက် ရှိကြလေသည် ဆန်းကျယ်လေစွ။

စစ်ရေးစစ်ရာနှင့် စပ်လျဉ်း၍ ဆိုလျှင်လည်း ၎င်း၏ တိုက်ပွဲစဉ် စီမံကိန်းသည် တကယ့်အခြေအနေနှင့် မဟပ်မိခြင်းကြောင့် လက်တွေ့အကောင်အထည် မပေါ်ခဲ့ချေ။ ပေါ်လည်း မပေါ်နိုင်ချေ။ (ထိုစီမံကိန်းမှာ နုပိုလီယန်၏ ဉာဏ်ပါရမီကို ဖော်ပြရာဖြစ်သည်ဟု အများက ဖော်ပြခဲ့ကြသည်။ ၎င်းနှင့် စပ်လျဉ်း၍ 'နုပိုလီယန်၏ ပါရမီဉာဏ်သည် ထို့ထက် လေးနက်သော ထို့ထက် ကျွမ်းကျင်လိမ္မာသော၊ ထို့ထက် ချီးကျူးဖွယ်ကောင်းသော စီမံကိန်းမျိုးကို တစ်ခါဖူးမျှ ရေးဆွဲနိုင်ခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com

မရှိ'ဟု ၎င်း၏ ရာဇဝင်ဆရာသိုင်းယာ့စ်က ရေးသားခဲ့သည်။ ဤပါရမီ ဉာဏ်မြောက်စီမံကိန်းဟူသည်မှာ အောက်တိုဘာလ ၄ ရက်နေ့တွင် ရေးဆွဲသော စီမံကိန်းကို ဆိုလိုခြင်း မဟုတ်ဘဲ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရေးဆွဲသော စီမံကိန်းကို ဆိုလိုကြောင်းဖြင့် အခြားရာဇဝင်ပညာရှိတစ်ဦးဖြစ်သော အမ်ဖိန်းနှင့် အငြင်းပွားခဲ့ကြသေးသည်။) ဘာဆီးသုဓမ္မာဇရပ်ကြီးကို ဖြိုချကာ ဆောက်လုပ်ခဲ့သော ကရင်မလင် နန်းမြို့ရိုးကို မြေမြှုပ်ဗုံးဖြင့် ဖြိုချဖောက်ခွဲခဲ့ခြင်းသည်လည်း မိမိ မော်စကိုမှ ထွက်ခွာသွားသောအခါ၌ နန်းမြို့ရိုးကို ဖောက်ခွဲပစ်ခဲ့လိုသော နပိုလီယန်၏ ဆန္ဒအကောင်အထည်ပေါ်ရုံမှအပ အခြား ဘာမျှ အကျိုးထူးသည် မဟုတ်ချေ။ (ဤလုပ်ပုံမျိုးကား ကိုယ့်ဘာသာကိုယ် ကြမ်းပြင်ပေါ်လဲကျပြီး ကြမ်းပြင်ကို တုတ်ဖြင့် ရိုက် ဆုံးမစေလိုသော ကလေးတစ်ယောက်၏ လုပ်ပုံမျိုးနှင့် တူလှပါသည်။) နပိုလီယန် အထူးအာရုံထားသော ရုရှား စစ်တပ်ကြီးကို လိုက်လံတိုက်ခိုက်သည့်ကိစ္စသည်လည်း မကြားဖူးသော ရလဒ်များကို ပေါ်ထွက်စေခဲ့လေသည်။ ပြင်သစ်ဗိုလ်ချုပ်များသည် စစ်သည်ခြောက်သောင်းရှိသော ရုရှားစစ်တပ်ကြီးကို မျက်ခြည်ပြတ်သွားခဲ့ကြလေသည်။ (သိုင်းယာ့စ်၏ အဆိုအမိန့်အရ ပြင်သစ်ဗိုလ်ချုပ်မူးရတ်၏ ကျွမ်းကျင်မှု၊ အထူးသဖြင့် ပါရမီဉာဏ် ကြီးကျယ်မှုကြောင့် ကောက်ရိုးပုံထဲမှ အပ်တစ်ချောင်းကို ရှာတွေ့ခဲ့ သည့်နည်းတူ နောက်ဆုံးတွင် ထိုစစ်တပ်ကြီးကို ရှာတွေ့ခဲ့ရသည်ဟု ဆိုပါသည်။)

သံတမန်ရေးရာနှင့် စပ်လျဉ်း၍လည်း မိဘမဲ့ဂေဟာမှူး တူတိုလ်မင်နှင့် (နပိုလီယန်၏ကိစ္စကို ဆောင်ရွက်ရေးထက် ဆောင်းဝတ် ဝတ်ရုံရှည်ကြီးတစ်ထည် ရရေးနှင့် ပိတာစဘတ်သို့ သွားရန် ယာဉ်တစ်စင်းရရေးကို အဓိကထားသော) ဗိုလ်ကြီးယာကိုလက်တို့ကို ရှင်းပြခဲ့သည့် နပိုလီယန်၏ သဘောထားကြီးမှုနှင့် တရားမျှတမှုတို့သည် အချည်းနှီး ဖြစ်ခဲ့ရလေသည်။ ရုရှားဘုရင် အလက်ဇန်ဒရားသည် ထိုသံတမန်နှစ်ဦးကို လက်ခံတွေ့ဆုံခြင်းလည်း မပြု၊ ၎င်းတို့ ယူဆောင်လာခဲ့သော ကမ်းလှမ်းချက်ကို ပြန်ကြားခြင်းလည်း မပြုခဲ့ချေ။

တရားဥပဒေရေးနှင့် စပ်လျဉ်း၍ ဆိုရလျှင်လည်း မီးရှို့မှု မသင်္ကာထင်ရသူများကို ပစ်သတ်ပြီးသည့်နောက် မှာပင် မော်စကိုမြို့၏ ကျန်ရပ်ကွက်များအားလုံးသည် မီးလောင်ပြာကျခဲ့ကြရလေသည်။

မြို့ပြအုပ်ချုပ်ရေးရာများနှင့် စပ်လျဉ်း၍လည်း မြူနီစီပယ်အဖွဲ့တစ်ဖွဲ့ တည်ဆောက်ခြင်းသည် လုယက်မှုများကို တားဆီးနိုင်ခြင်း မရှိခဲ့ချေ။ ထိုမျှမက နပိုလီယန်၏ မြူနီစီပယ်အဖွဲ့သည် (တရားဥပဒေ စိုးမိုးရေးဟူသော အကြောင်းပြချက်ဖြင့်) မော်စကိုမြို့ကြီးကို လုယက်ခဲ့သော သို့မဟုတ် မိမိတို့၏ ကိုယ်ပိုင်ပစ္စည်းကို အလုမခံရအောင် သိုဝှက်ခဲ့ကြသော မြူနီစီပယ်အဖွဲ့ဝင် လူကြီးအချို့အတွက်သာ အသုံးဝင်ခဲ့လေသည်။

သာသနာရေးကိစ္စများနှင့် စပ်လျဉ်း၍လည်း နပိုလီယန်သည် အီဂျစ်ပြည်တွင် ဗလီတစ်ခုသို့ ဝတ်တက်ပြုလိုက်ရုံမျှဖြင့် ပြဿနာတို့ကို အလွယ်တကူ ဖြေရှင်းနိုင်ခဲ့သော်လည်း ယခုကား မည်သည့်အကျိုးတရားကိုမျှ မရခဲ့ချေ။ မော်စကိုတွင် ကျန်ရစ်ခဲ့သော ကျောင်းထိုင်ဆရာတော်သုံးလေးပါးတို့သည် နပိုလီယန်၏ ဆန္ဒအတိုင်း လုပ်ဆောင်ရန် ကြိုးစားခြင်း မပြုခဲ့ကြချေ။ ထိုမျှမက ၎င်းတို့အနက် တစ်ပါးကို သီလ ပေးနေစဉ် ပြင်သစ်စစ်သားတို့က ပါးရိုက်သွားခဲ့ကြသည်။ အခြားဆတော်တစ်ပါးနှင့် ပတ်သက်၍လည်း ပြင်သစ်တပ်ဗိုလ်တစ်ဦးက အောက်ပါအတိုင်း အစီရင်ခံခဲ့သည်။ ဆတော်တစ်ပါးအား သုဓမ္မဇရပ်တွင် သီလပေးရန် ပင့်ဖိတ်ရာက ၎င်း သုဓမ္မာဇရပ်ကို သုတ်သင်လှည်းကျင်း၍ ပိတ်ထားပါသည်။ ထို့နေ့ည၌ သုဓမ္မာဇရပ်တံခါးများကို အမည်မသိသူတို့ ချိုးဖျက်၍ သော့ခလောက်များကို ဖျက်ဆီးသွားကြပါသည်။ ကျမ်းစာအုပ်များကိုလည်း ဆုတ်ဖြဲသွားကြပါသည်။ သုဓမ္မာဇရပ်တစ်ခုလုံးကို ဗြောင်းဆန်အောင် မွှေနှောက်သွားကြပါသည်။'

ကူးသန်းရောင်းဝယ်ရေးနှင့် စပ်လျဉ်း၍လည်း လုံလဝိရိယ ထက်သန်သော အလုပ်သမားများနှင့် လယ်သမားများသို့ ထုတ်ပြန်သော ကြေညာချက်များသည် မည်သည့် တုံ့ပြန်မှုကိုမျှ မရခဲ့ချေ။ အလုပ်သမားဟူ၍လည်း မရှိချေ။ မြို့ပြင်သို့ ထွက်၍ ကြေညာချက်ဝေသော တပ်ထောက်များကို လယ်သမားများက ဖမ်းဆီးသတ်ဖြတ်ခဲ့ကြလေသည်။

ပြည်သူလူထုနှင့် စစ်တပ်များ၏ ပျော်ရွှင်ရေး

www.burmeseclassic.com

www.burmeseclassic.com

အတွက် ဖွင့်လှစ်သော ဇာတ်ရုံများမှာလည်း ကျိုးနှင့် ဖုတ်ဖုတ်ဖြစ်လျက် ရှိလေသည်။ ဇာတ်မင်းသား မင်းသမီးများ မကြာခဏ အလုခံရသောကြောင့် ကရင်မလင်နန်းတွင်းနှင့် ပိုစညာကောင်္ဘဇာတ်ရုံများတွင် ကပြသော ဇာတ်ပွဲများကို ပိတ်လိုက်ရလေသည်။

စေတနာဝန်ထမ်း အကျိုးဆောင်လုပ်ငန်းများသည် ပင်လျှင် လိုသေရလဒ်ကို မပေးနိုင်ခဲ့ကြချေ။ ငွေစက္ကူအစစ်များနှင့် မော်စကိုတစ်မြို့လုံးတွင် ဖွေးဖွေးလှုပ်နေသော ငွေစက္ကူတုများသည် တန်ဖိုးမရှိကြတော့ချေ။ လက်ရပစ္စည်းများကို စုဆောင်းလျက်ရှိသော ပြင်သစ်စစ်သားများသည် ရွှေကိုသာ ခုံမင်မက်မောကြသည်။ ဆင်းရဲဒုက္ခရောက်သူတို့အား မဟာသနားကရုဏာကြီးစွာဖြင့် နပိုလီယန်ဝေဌသော ငွေစက္ကူတုများသည် တန်ဖိုးမဲ့လျက် ရှိရုံမျှမက ငွေသားများပင်လျှင် တန်ဖိုးနှင့်ညီသော ရွှေလောက် တန်ဖိုးမရှိကြတော့ချေ။

သို့ရာတွင် အဆိုးဆုံးကား လုယက်မှုများကို ရပ်တန့်ရန်နှင့် စစ်စည်းကမ်းကို လိုက်နာရန် ထုတ်ပြန်သော နပိုလီယန်၏အမိန့်များ အရာမထင် ဖြစ်ရခြင်းပေတည်း။ ၎င်းတို့ကား ထိုအချိန်က အာဏာပိုင်များ၏ အမိန့်များ အရာမထင်ဖြစ်ရာ၌ အံ့သြစရာကောင်းသော စံနမူနာများပင် ဖြစ်လေသည်။

အောက်ပါတို့မှာ စစ်တပ်အာဏာပိုင်များ၏ အစီရင်ခံချက်များ ဖြစ်လေသည်။

အမိန့်များ ထုတ်ပြန်ထားသော်လည်း မြို့ထဲတွင် လုယက်ဖောက်ထွင်းမှုများ ဖြစ်ပွားလျက်ရှိသည်။ ငြိမ်ဝပ်ပိပြားရေး ပျက်ပြားဆဲ။ မည်သည့်ကုန်သည်မျှ တရားဥပဒေနှင့် အညီ ရောင်းဝယ်ဖောက်ကားကြောင်း မပြုကြ။ မှောင်ခိုများသာလျှင် ရောင်းဝယ်ရဲကြသည်။ ၎င်းတို့ရောင်းသော ပစ္စည်းများမှာ ခိုးရာပါပစ္စည်းများသာ ဖြစ်သည်။

ကျွန်ုပ်၏ ရပ်ကွက်အနီးသို့ အမှတ် ၃ တပ်ဖွဲ့မှ တပ်သားများ ဝင်ရောက် လုယက်ကြသည်။ ၎င်းတို့မှာ ရှိစုမဲ့စုကလေးများဖြင့် မြေတိုက်များတွင် ပုန်းခိုနေကြသော အရပ်သူ အရပ်သားများကို လုယက်ခြင်း ပြုရုံမျှမက ဓားရှည်များဖြင့် ရက်စက်စွာ ရိုက်နှက်ခြင်း ပြုကြသည်။ ဤအဖြစ်မျိုး မကြာခဏ တွေ့ရသည်။

စစ်သားများ ဆက်လက်လုယူခြင်း ပြုနေကြဆဲ။ အခြားဘာမျှ မထူးခြား။ အောက်တိုဘာလ ၉–ရက်။

လုယက်လျက်ရှိကြဆဲ။ ဤရပ်ကွက်တွင် သူခိုး ဂိုဏ်းကြီးများ သောင်းကျန်းလျက် ရှိသည်။ အင်အား ကြီးသော စစ်တပ်ဖြင့် နှိမ်မှ ရနိုင်မည်။

အောက်တိုဘာလ ၁၁ ရက်။

အမိန့်များ ထုတ်ပြန်ထားသည့်တိုင် တဖွဲဖွဲ လုယက်သောင်းကျန်းလာကြပြန်သော ကိုယ်ရံတော်တပ်များကို မြင်သဖြင့် ဘုရင်မင်းမြတ် စိတ်နှလုံးမကြည် ရှိတော်မူသည်။ ကိုယ်ရံတော်တပ်များ လုယက်သောင်းကျန်းပုံမှာ မနေ့ညနေနှင့် ညဦးပိုင်းကထက် ဆိုးလာသည်။ ကိုယ်ရံတော်တပ်များမှာ ဘုရင်ဇကရာဇ်၏ အသက်ကို ကာကွယ်ရန် လက်ရွေးစင် ခန့်အပ်ထားသူများ ဖြစ်သည့် အလျောက် စည်းကမ်းသေသပ်မှုတွင် စံပြများ ဖြစ်သင့်သည်။ သို့ရာတွင် ၎င်းတို့ အာဏာဖီဆန်ကာ တပ်မတော် ရိက္ခာသိုလှောင်ရာ ကုန်ရုံများနှင့် မြေတိုက်များကို ဖောက်ထွင်းကြသည်။ ဤသည်ကို ဘုရင်မင်းမြတ် မြင်၍ စိတ်နှလုံးမကြည်။ အချို့ကား ကိုယ်ရံတော်တပ်သားဂုဏ်သိက္ခာကို မထိန်းနိုင်ကြတော့ဘဲ တာဝန်ကျအစောင့်များ၊ တပ်ဗိုလ်များကို ဆဲရေးရိုက်နှက်ကြသည်။

နပိုလီယန်ခန့်သော မော်စကိုမြို့ဝန်ကလည်း အောက်ပါအတိုင်း အစီရင်ခံခြင်း ပြု၏။

အမိန့်များ ထပ်ပြန်တလဲလဲ ထုတ်ထားသော်လည်း စစ်သားများသည် နန်းရင်ပြင်တွင် လည်းကောင်း၊ ဘုရင်မင်းမြတ်စံရာ နန်းပြတင်းဝအောက်တွင် လည်းကောင်း မဖယ်မရာ ပြုမူကြသဖြင့် နန်းတော်ဝင်မှူးကြီး စိတ်ဓာတ်ကျကာ ညည်းညူလျက် ရှိသည်။

ဤသို့ဖြင့် မိမိအား ငတ်မွတ်သေကြေခြင်းဘေးမှ ကယ်တင်မည့် စိုက်ခင်းတစ်ခင်းကို နင်းချေ၊ ဖျက်ဆီးလျက်ရှိသော နွားရိုင်းတစ်အုပ်ကဲ့သို့ ထိုပြင်သစ်စစ်တပ်ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com

လည်း မော်စကိုတွင် နောက်ထပ် တစ်ရက်နေသည်နှင့်အမျှ ဖရိဖရဲဖြစ်ကာ ပြိုကွဲ ပျက်စီးလျက် ရှိလေပြီ။ သို့ရာတွင် ထိုစစ်တပ်ကြီးသည် ထွက်ခွာသွားခြင်း မပြုသေးချေ။

တာရူတီနို တိုက်ပွဲဖြစ်ပွားခြင်း၊ စမိုးလင့် ပေတစ်ရာလမ်းမကြီးပေါ်၌ ထောက်ပို့ဝန်တင်လှည်းများကို ရုရှား တို့က ဖမ်းဆီးလိုက်ခြင်းကြောင့် ရုတ်တရက် ကယောင်ကတမ်း ဖြစ်လာသောအခါကျမှ ပြင်သစ်စစ်တပ်ကြီးသည် စတင်ထွက်ပြေးခြင်း ပြုလေသည်။ နပိုလီယန်သည် ညီလာခံသဘင်တစ်ခုတွင် တာရူတီနိုတိုက်ပွဲသတင်းကို ရုတ်တရက် ကြားလိုက်ရသည်၌ (သိုင်းယာစ်၏ အဆိုအရ) ရုရှားတို့ကို ပြင်ထန်စွာ အပြစ်ပေးလိုသောဆန္ဒ ဖြစ်ပေါ်လာသည့်အတွက် ၎င်း၏ စစ်တပ်ကြီးတစ်တပ်လုံးကို တောင်းဆိုသော ဆုတ်ခွာရေးအမိန့်ကို ထုတ်ပြန်ခြင်း ပြုလိုက်တော်မူလေသည်။

မော်စကိုမှ ထွက်ပြေးသောအခါ၌ ပြင်သစ်စစ်သားများသည် ၎င်းတို့ ခိုးယူထားသော ပစ္စည်းမှန်သမျှကို သယ်ဆောင်သွားခဲ့ကြ၏။ နပိုလီယန်ကိုယ်တိုင်လည်း ၎င်း၏ကိုယ်ပိုင် 'ဘဏ္ဍာတော်'တို့ကို ယူဆောင်လာခဲ့လေသည်။ သို့ရာတွင် စစ်တပ်ကြီး ချီတက်မှုကို ပိတ်ဆို့လျက်ရှိသည့် ဝန်တင်လှည်းများကို မြင်သောအခါ၌ နပိုလီယန်သည် (သိုင်းယော့စ်၏ အဆိုအရ ပြင်းထန်စွာ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်တော့်မှသည်ဆို၏။ သို့ရာတွင် စစ်ပွဲအတွေ့အကြုံရှိသူပီပီ မော်စကိုမြို့သို့ အဝင်တွင် မီးရှို့စေခဲ့ဖူးသကဲ့သို့ ယခု အပိုဝန်တင်လှည်းများကိုကား မီးရှို့ထားခဲ့ရန် အမိန့်ပေးခြင်း မပြုတော့ချေ။ နပိုလီယန်သည် စစ်သားများ စီးနင်းလိုက်ပါလာသော ကရထားကြီးများ၊ နှစ်ထပ်ပေါင်းမိုးရထားကြီးများကို ငေးကြည့်ကာ ရိက္ခာ၊ လူနာနှင့် ဒဏ်ရာရ စစ်သားများကို တင်ရန် အသုံးပြုနိုင်သည့်အတွက် 'အလွန်ကောင်းသည်'ဟု မှတ်ချက်ချခြင်းပြုသော ဟူသတတ်။

ပြင်သစ်စစ်တပ်ကြီး၏ အခြေအနေသည် မိမိပျက်စီးခြင်းကို ခံစားမိသော်လည်း သွေးရူးသွေးတန်းဖြစ်လျက်ရှိသော ဒဏ်ရာရလျက်ရှိသည့် တိရစ္ဆာန်ကြီးတစ်ကောင်နှင့်သာ တူတော့သည်။ မော်စကိုမြို့သို့ ဝင်လာသည့်အချိန်မှ ဗုန်းဗုန်းလဲ ပျက်စီးသည့်အချိန်အထိ နပိုလီယန်နှင့် ပြင်သစ်စစ်တပ်ကြီး၏ ပရိယာယ်များနှင့် ရည်ရွယ်ချက်များကို လေ့လာရသည်မှာ သေကောင်ပေါင်းလဲ ဒဏ်ရာကို ရခဲ့သည့် သားရဲတိရစ္ဆာန်ကြီးတစ်ကောင်သည် ချွတ်ချွတ်မြည်သံကို ကြားရသည်၌ တောလိုက်မုဆိုး၏ သေနတ်ပြောင်းဆီသို့ မီးခိုးလျှောက် လိုက်လာပြီးနောက် တစ်ဖန် နောက်သို့ လှည့်ပြေးပြန်ကာ မိမိ၏ ပျက်စီးခြင်းကို ဖြစ်စေသကဲ့သို့ နပိုလီယန်သည်လည်း မိမိစစ်တပ်ကြီး၏ တွန်းအားဖြင့် အလားတူ ပြုမူလျက် ရှိလေသည်။ တာရူတီနိုတိုက်ပွဲတည်းဟူသော ချွတ်ချွတ်မြည်သံသည် တောကောင်ကြီးကို သွေးပျက်စေခဲ့၏။ တစ်ဖန် ပြန်လှည့်ပြေး၏။ ထို့နောက်၌ ဒဏ်ရာအနာတရ တောကောင်ကြီးတစ်ကောင်သဖွယ် အနံ့ဟောင်းရှိရာ အကျိုးအနည်းဆုံး၊ အန္တရာယ်အများဆုံး လမ်းတစ်လျှောက်အတိုင်း ပြန်လှည့်ပြေးခဲ့လေသည်။

(လေ့သင်္ကေတဗေဒမှ နယားရပ်ကြီးသည် လေ့သင်္ကေတကြီးကို လမ်းညွှန်လျက်ရှိသည်ဟု တောတွင်းသား အရိုင်းအစိုင်းတစ်ယောက်၏ စိတ်တွင် ထင်မိသကဲ့သို့) ဤလှုပ်ရှားမှုကြီးတစ်ရပ်လုံးကို ခေါင်းဆောင်လျက်ရှိသည်ဟု ကျွန်ုပ်တို့ စိတ်တွင် ထင်လျက်ရှိသော နပိုလီယန်သည် ထိုတိုက်ပွဲစဉ် ကာလတစ်လျှောက်လုံး၌ ရထားထက်တွင် ထိုင်၍ ကြိုး နှစ်ချောင်းကို ကိုင်ကာမျှဖြင့် ထိုရထားကြီးကို မိမိက မောင်းနှင်လျက်ရှိသည်ဟု အထင်ရောက်လျက်ရှိသော ကလေးငယ်တစ်ယောက်သဖွယ် ပြုမူလှုပ်ရှားခဲ့ချေသည်တကား။

အခန်း ၁၁

အောက်တိုဘာလ ၆ ရက်နေ့ နံနက်စောစော၌ ပီယာသည် တင်းကုပ်ပြင်ဘက်သို့ ထွက်လာခဲ့၏။ ပြန်အဝင်တွင် တံခါးဝ၌ရပ်ကာ မိမိနောက်သို့ ခုန်လိုက်လာသော ကိုယ်လုံးရှည်ရှည် ခြေခွင်ခွင်၊ အမွေးပြာမွဲမွဲ ခွေးငယ် တစ်ကောင်နှင့် ကစားလျက်ရှိ၏။ ထိုခွေးငယ်မှာ ၎င်းတို့ တင်းကုပ်ထဲတွင်နေ၍ ညတွင် ကာရာတာယက်၏ဘေး၌ အိပ်လေ့ရှိသည်။ ခွေးငယ်သည် တစ်ခါတစ်ရံ ပျောက်သွားကာ မြို့ထဲသို့ လျှောက်လည်နေတတ်သော်လည်း အမြဲတမ်း ပြန်ရောက်လာတတ်လေသည်။ ထိုခွေးငယ်တွင် ပိုင်ရှင်ဟူ၍လည်း ရှိဟန် မတူခဲ့။ ယခုလည်း ပိုင်ရှင်မရှိသေးချေ။

www.burmeseclassic.com

www.burmeseclassic.com

အမည်လည်း မရှိချေ။ ထိုခွေးငယ်ကို ပြင်သစ်တို့က အေဇော ဟုခေါ်ကြ၍ ပုံပြောလေ့ရှိသော စစ်သားတစ်ဦးကမူ ဖိမာဂါဟု ခေါ်လေ့ရှိသည်။ ကာရာတာယက်နှင့် အခြားသူများကမူ ၎င်းကို 'နက်ကျော်'ဟုလည်းကောင်း၊ တစ်ခါတစ်ရံ 'စုတ်ဖွား'ဟုလည်းကောင်း ခေါ်ကြလေသည်။ မိမိ၌ ပိုင်ရှင်၊ အမည်၊ အရောင်အသွေး (မည်သည့်အမျိုးဟု ခွဲခြာ.ရန်ပင် မလွယ်ပါ။) စသည်တို့ မရှိသည့်တိုင်အောင် ထိုခွေးငယ်မှာ အနည်းငယ်မျှ ပမာထားပုံ မရချေ။ ၎င်း၏ စုတ်ဖွားဖွား ဖြစ်လျက်ရှိသော အမြီးသည် ၄က်တောင်တစ်ခုသဖွယ် တောင့်ခိုင်လုံးဝန်း၍ ထောင်လျက်ရှိ၏။ ခွင်လျက်ရှိသော ခြေထောက်များမှာ ၎င်းကိုယ်နှင့် အံကျဖြစ်လျက် ရှိကာ တစ်ခါတစ်ရံတွင် ခြေလေးဖက်ကို အသုံးပြုရန် ငြီးငွေ့သည့်နယ် နောက်ခြေတစ်ချောင်းကို ကြွ၍ သုံးချောင်း ထောက်ပြေးတတ်သေးသည်။ ထိုခွေးငယ်အဖို့ အရာခပ်သိမ်းသည် ကျေနပ်နှစ်သိမ့်စရာချည်းသာ ဖြစ်၏။ တစ်ခါတစ်ရံတွင် ၎င်းသည် ပက်လက်လှန်ကာ မြူးထူး ပျော်ပါးလျက်ရှိတတ်ပြီး တစ်ခါတစ်ရံတွင်လည်း အရေးတကြီး စဉ်းစားတွေးတောလျက်ရှိဟန် ဣန္ဒြေကြီးစွာဖြင့် နေစာလှဲနေတတ်သည်။ တစ်ခါတစ်ရံတွင်လည်း သစ်သားစကလေးတစ်ခုနှင့်သော် လည်းကောင်း၊ ကောက်ရိုးမျှင်လေး တစ်မျှင်နှင့်သော် လည်းကောင်း ကစားမြူးထူးလျက်ရှိသည်။

ယခုအချိန်၌ ပီယာ၏ အဝတ်အစားမှာ ညစ်ပတ်စုတ်ပြတ်လျက်ရှိသော ရှပ်အင်္ကျီ(၎င်းမှာ တစ်ထည်တည်းသော ကိုယ်ပိုင်လက်ကျန် အဝတ်အစားဖြစ်သည်။) ကာရာတာယက်၏ အင်္ကြေပေးချက်အရ အချမ်းလုံရန် ခြေကျင်းဝတ်တွင် ကြိုးဖြင့် စည်းထားသော စစ်ဘောင်းဘီ၊ လယ်သမားဝတ် အပေါ်ရုံအင်္ကျီတစ်ထည်နှင့် ဦးထုပ်တစ်လုံးတို့သာဖြစ်၏။ ထိုအတောအတွင်း၌ ပီယာ၏ ရုပ်ဆင်းသဏ္ဌာန်မှာ များစွာပြောင်းလဲခဲ့လေပြီ။ မျိုးရိုးလိုက်သည့် အတွက် တောင့်တင်းသန်မာပုံရသေးသော်လည်း ခွန်အား မရှိတော့ပြီ။ ၎င်း၏ မျက်နှာအောက်ပိုင်းတစ်ခုလုံးသည် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ဖြင့် ဖုံးအုပ်လျက်ရှိ၍ သန်းစွဲကာ ဘုတ်သိုက် ဖြစ်လျက်ရှိသော ဆံပင်သည် ခေါင်းပေါ်၌ ဦးထုပ်ပြာတစ်လုံး ဆောင်းထားသည့်နယ် ခွေလိပ်လျက်ရှိ၏။ ၎င်း၏မျက်လုံးသည် ယခင်ကကဲ့သို့ မဟုတ်တော့ဘဲ ပြတ်သားတည်ငြိမ်ကာ ထက်သန်လျက်ရှိ၏။ ယခင်က မျက်လုံးများထဲအထိ လိုက်၍ ထင်ဟပ်ဖော်ပြလျက်ရှိသော လျှောရဲ့ပျင်းတွဲမှုသည် ပျောက်ကွယ်သွားကာ တစ်စုံတစ်ရာကို တစ်ဖွတ်ထိုးပြုလုပ်ရန် အဆင်သင့်ဖြစ်လျက်ရှိဟန် ထိလိုက်သည်နှင့် တုံ့ပြန်ရန် အဆင်သင့်ဖြစ်လျက် ရှိဟန်တို့သည် ခွန်အားအပြည့်ဖြင့် အထင်းသားပေါ်နေကြ၏။ ခြေထောက်တွင် ဖိနပ်လည်း မရှိတော့ချေ။

ပီယာသည် နံနက်က ယာဉ်ရထားများနှင့် မြင်းတပ်များ ဖြတ်သန်းသွားရာ ကွင်းပြင်ကြီးကို ကြည့်လျက်ရှိ၏။ ထို့နောက် မြစ်ကမ်းတစ်ဖက်သို့ မျှော်ကြည့်၏။ တစ်ဖန် မိမိအား ဆတ်ခနဲ ဆတ်ခနဲဆွဲကာ ကိုက်ဟန်ပြုနေသော ခွေးကို ငဲ့ကြည့်မိ၏။ ထို့နောက် တစ်ဖန် ၎င်း၏ ညစ်ပတ်ပေရေနေသော ခြေချောင်းကြီးများကို ကွေးချည်ဆန့်ချည်ပြုရင်း ဗလာသက်သက်ဖြစ်နေသော ခြေထောက်များကို အနေအထားအမျိုးမျိုးထား၍ ကြည့်မိ၏။ ၎င်း၏ ဗလာခြေထောက်များကို ငဲ့ကြည့်မိသည့် အခါတိုင်း၌လည်း ထက်သန်ကျေနပ်သော အပြုံးတစ်ခုသည် ၎င်း၏မျက်နှာပေါ်တွင် ယှက်သန်းလာတတ်လေသည်။ ဤခြေထောက်များကို ကြည့်လိုက်တိုင်း ဤအတောအတွင်း မိမိကြုံတွေ့ လေ့လာခဲ့ရသည်များကို အမှတ်ရလာ၏။ ထိုသို့ ပြန်လည် စဉ်းစားရခြင်းသည် ၎င်းအဖို့ ကြည်နူးစရာဖြစ်လျက် ရှိလေသည်။

ရာသီဥတုမှာ ငြိမ်သက်၍ နံနက်စောစောတွင် နှင်းမှုန်ဖွဲဖွဲကလေးများ ကျတတ်၏။ ထိုရာသီကား 'အဘွားအိုကြီးများ၏ နွေရာသီ'ဟု ခေါ်ကြသော ရာသီဥတုမျိုး ဖြစ်လေသည်။

နေခြည်ထဲ၌ လေသည် ပူနွေးလျက်ရှိ၍ လေထဲတွင် ပျံဝဲလျက်ရှိနေသေးသော၊ နှင်းမှုန်ကလေးများ၏ ခွန်သစ်အား သစ်ဖြစ်စေသော လန်းဆတ်သန့်ရှင်းခြင်းနှင့် ပေါင်းစပ်လိုက်သောအခါတွင် ထိုအနွေးဓာတ်သည် အထူးနွေးထွေးနှစ်လိုဖွယ်ရှိလှသည်ဟု ထင်ရပေသည်။

ဆောင်းဦးပေါက် ထိုအချိန်မျိုးတွင် တွေ့ရလေ့ရှိသော ပြိုးပြိုးပြက်ပြက် အရောင်တို့သည် အနီးအဝေး မြင်မြင်သမျှ အရာဝတ္ထုများပေါ်တွင် တလွင်လွင် လက်နေကြသည်။ ရွာကလေးတစ်ရွာ၊ သုဓမ္မာဇရပ်တစ်ဆောင်၊ အိမ်ဖြူတစ်လုံးနှင့်တကွ တည်ရှိသော 'စာကလေး' တောင်

www.burmeseclassic.com

www.burmeseclassic.com

ကုန်းကို အဝေးတွင်မြင်ရ၏။ အရိုးအရွက် မရှိတော့သော သစ်ပင်များ၊ အိမ်အုတ်ကြွပ်မိုးများ၊ စိမ်းနေသော သုဓမ္မာဇရပ်ဘုံဆောင်များ၊ အဝေးတွင်မြင်ရသည့် အိမ်ဖြူမှုန်းဆွဲများသည် ပါးလွှာသော လေထုထဲတွင် ကောက်ကြောင်းခြစ်ထားသည့်နယ် ပီဝီပြင်ပြင် ပေါ်လျက်ရှိကြ၏။ အနီးခြံကား ပြင်သစ်တို့ သိမ်းပိုက်ထားသော မီးတစ်ဝက်လောင်ထားသည့် စံအိမ်ကြီးတစ်အိမ်မှ မြင်နေကျ အပျက်အစီးတို့ကို မြင်ရသည်။ ထိုစံအိမ်ရှေ့ ခြံစည်းရိုးမှ နှင်းပန်းချုံကြီးများမှာ ယခုတိုင် စိမ်းလန်းလျက်ရှိကြသေးသည်။ အုံ့မှိုင်းလျက်ရှိသော ရာသီတွင် အရုပ်ဆိုးလှသော ထိုစံအိမ်ပျက်ကြီးသည်ပင်လျှင် ကြည်စင်ဝင်းပသော အလင်းရောင်၌ တည်ငြိမ်သောအလှကို ဆောင်လျက်ရှိသည် ထင်ရ၏။

ကုတ်အင်္ကျီကြယ်သီးကို ဖြုတ်၍ သံပရာခွံဦးထုပ်ကို ဆောင်းကာ ဆေးတံတိုတစ်ချောင်းကို ပါးစောင်တွင် ခဲထားသည့် ပြင်သစ်တပ်ကြပ်တစ်ယောက်သည် တင်းကုပ်နောက်ဖေးထောင့်စွန်းမှ ပီယာထံသို့ လျှောက်လာရင်း မျက်စိတစ်ဖက်မှိတ်ပြ၍ ပီယာကို တရင်းတနှီး နှုတ်ဆက်လိုက်သည်။

"မွန်ရှိယာ ကီရဲရေ (ငင်းတို့ကခေါ်သော ပီယာ၏ အမည်) နေရောင်ကလေးများတောင် ပွင့်လို့ဗျို့။ နွေဦးပေါက်ကလေးကျနေတာပဲ"

ပြင်သစ်တပ်ကြပ်သည် တံခါးကိုမှီ၍ ရပ်ကာ ပီယာအား ငင်း၏ဆေးတံကို ထိုးပေးသည်။ ငင်း၏ဆေးတံဖြင့် ဧည့်ခံသည့်အခါတိုင်း ပီယာကလည်း ငြင်းဆန်သည်သာ ဖြစ်ပါသည်။

"ဒီလိုရာသီမျိုး တပ်ထွက်လိုက်ရရင်ဗျာ။ တောက်" ပြင်သစ်တပ်ကြပ်က ပြော၏။

ပီယာက မိမိတို့ခရီးထွက်ခွာရေးနှင့် ပတ်သက်၍ မည်သို့ကြားသနည်းဟု မေးမြန်းခြင်းပြုသည်။ ပြင်သစ်စစ်တပ်များအားလုံး စတင်ထွက်ခွာလျက်ရှိကြောင်း၊ သုံ့ပန်းအကျဉ်းသားများနှင့် ပတ်သက်၍လည်း ယနေ့ပင် အမိန့်ရောက်သင့်ပြီဖြစ်ကြောင်းဖြင့် ငင်းက ပြောပြလေသည်။ တင်းကုပ်ထဲတွင် ပီယာနှင့်အတူ နေထိုင်လျက်ရှိသော ဆိုကိုလော့ဗ်ဆိုသူ စစ်သုံ့ပန်းတစ်ယောက်မှာ အကြီးအကျယ် နာမကျန်းဖြစ်လျက်ရှိရာ ငင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ စီစဉ်ပေးသင့်ကြောင်းဖြင့် ပီယာက ပြော၏။ ဤကိစ္စအတွက် စိုးရိမ်ဖွယ်မရှိကြောင်း၊ လူနာတင်လှည်းများနှင့် ဆေးရုံရှိကြောင်း၊ လူမမာများအတွက် အစီအစဉ်များ လုပ်ပေးလိမ့်မည် ဖြစ်ကြောင်း၊ ခြုံပြောရလျှင် အာဏာပိုင်များက အစစအရာရာ ကြိုတင်စီမံပြီး ဖြစ်ကြောင်းဖြင့် ပြင်သစ်တပ်ကြပ်က ပြောပြလေသည်။

"ဒါမှ မဟုတ်သေးရင်လဲ ခင်ဗျားကိုယ်တိုင် ဗိုလ်ကြီးကို ပြောကြည့်ပါလားဗျ။ ဗိုလ်ကြီးက အလွန်စေ့စပ်သေချာတာပါ။ ဗိုလ်ကြီး လူစစ်ဖို့ဝင်လာတဲ့အခါကျရင် ပြောကြည့်ပေါ့။ လုပ်ပေးပါလိမ့်မယ်"

(ပြင်သစ်တပ်ကြပ်ပြောသည့် ဗိုလ်ကြီးမှာ ပီယာနှင့် မကြာမကြာ လာရောက် စကားပြောတတ်၍ ပီယာကို အခွင့်အရေးအမျိုးမျိုး ပေးလေ့ရှိသည်။)

"တစ်နေ့ကတော့ငင် ဗိုလ်ကြီးက ကျွန်တော့်ကို ပြောသေးတယ်ဗျ။ ဟေ့ကောင်၊ သောမတ်စ်တဲ့။ မွန်ရှိယာကီရဲက ခေတ်ပညာတတ်နဲ့ တူတယ်တဲ့။ ပြင်သစ်စကားလဲ ကောင်းကောင်းပြောတတ်တယ်တဲ့။ သူလဲ ဒုက္ခရောက်နေတဲ့ ရုရှားတစ်ယောက်ပါကွာ။ လူလူချင်းပဲတဲ့။ သူက တော်တော်နဲ့စပ်ပုံလဲ ရတယ်ကွတဲ့။ ငါဆိုတစ်ခုခုလာတောင်းရင်တော့ ငါလဲ လုပ်ပေးမှာပါကွာတဲ့။ ပညာတတ်တစ်ယောက်ဟာ ကိုယ်လိုပညာတတ်ချင်း၊ မျိုးကောင်း ဆွေကောင်းချင်းဆိုရင် အပေါင်းအသင်းလုပ်ကြတာပဲကွလို့ ပြောတယ်ဗျ။ ရဲဘော်ကြီးမို့လို့ ကျုပ်ပြောတာနော်။ တစ်နေ့ကဖြစ်တဲ့ ကိစ္စတုန်းကလဲ ခင်ဗျားမို့လို့၊ ဒီပြင်လူဆိုရင် ဘက်သက်သာမလဲ"

ပြင်သစ်တပ်ကြပ်သည် အတန်ကြာ စကားပြောပြီးနောက် ပြန်ထွက်သွား၏။ (တပ်ကြပ်ပြောသွားသည့် ကိစ္စမှာ ရက်အနည်းငယ်က ပြင်သစ်စစ်သားများနှင့် အကျဉ်းသားများ ရန်ဖြစ်သည့်ကိစ္စဖြစ်၏။ ထိုရန်ပွဲတွင် ပီယာက ကြားဖြန်ကာ ငင်း၏ရဘော်များကို ဖျောင်းဖျခဲ့ခြင်းဖြစ်သည်။) ပီယာနှင့် ပြင်သစ်တပ်ကြပ် စကားပြောဆိုနေသံကို ကြားရသည့် အကျဉ်းသားများက ပြင်သစ်တပ်ကြပ် ဘာပြောသွားသနည်းဟု ဝိုင်းအုံမေးမြန်းကြသည်။ ပီယာက ပြင်သစ်စစ်တပ်များ မော်စကိုမှ ထွက်ခွာတော့မည့် အကြောင်းကို ပြောဆိုလျက်ရှိစဉ် ပိန်ပိန်ပါးပါး၊ အသားဝါဝါ စုတ်စုတ်ပြတ်ပြတ် ပြင်သစ်စစ်သားတစ်ယောက် တံခါးဝတွင် ပေါ်လာ၏။ ငင်းက နှုတ်ဆက်သည့်သဘော

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် လျင်မြန်ကြောက်ရွံ့စွာ ပီယာကို ဆလဲပေးလိုက်ပြီး နောက် မိမိအတွက် ရှပ်အင်္ကျီတစ်ထည်ချုပ်ပေးရန် အပ်ထားသည့် တပ်သား ပလာတိုရှိ ဤတင်းကုပ်ထဲတွင် ရှိသလောဟု မေးမြန်းခြင်းပြု၏။

လွန်ခဲ့သည့် တစ်ပတ်ခန့်က ပြင်သစ်တပ်သားများအား ဆိုင်ရာမှ ဖိနပ်သားရေနှင့် အဝတ်စများ ထုတ်ပေးခဲ့ရာ ၎င်းတို့သည် အင်္ကျီများ၊ ဖိနပ်များ ချုပ်ပေးရန် အကျဉ်းသားများကို လာရောက် အပ်နှံထားကြသည်။

"ရမယ် ရဲဘော်ကြီးရေ၊ ရမယ်။ အဆင်သင့်ပဲ" ကာရာတာယက်သည် သေသပ်စွာ ခေါက်ထားသော ရှပ်အင်္ကျီတစ်ထည်ကို ကိုင်၍ ထလာသည်။

ရာသီဥတု နွေးထွေးသည့် အတွက်ကြောင့် တစ်ကြောင်း၊ အလုပ်လုပ်ရာတွင် သက်သောင့်သက်သာ ရှိစေရန်အတွက် တစ်ကြောင်း ကာရာတာယက်သည် ဘောင်းဘီနှင့် လက်နှီးစုတ်ပမာ မည်းညစ်လျက်ရှိသော ရှပ်အင်္ကျီစုတ်တစ်ထည်ကိုသာ ဝတ်ထား၏။ အလုပ်သမားများကဲ့သို့ ၎င်း၏ဆံပင်ကို လျှော်ကြိုးတစ်ချောင်းနှင့် စည်းထား၏။ ၎င်း၏ ပြည့်ဝိုင်းသောမျက်နှာသည် ခါတိုင်း ထက်ဝိုင်းကာ ခါတိုင်းထက် ချိုသာလျက်ရှိသည်ဟု ထင်ရသည်။

'ကတိသည် အလုပ်၏ အစ်ကိုကြီးဖြစ်၏'တဲ့ဗျ။ ရဲဘော်ကြီး သောကြာနေ့ အင်္ကျီလာအပ်တုန်းက ကျုပ် ပြောခဲ့တယ် မဟုတ်လား။ ဟော ခု အဆင်သင့်ပဲဗျ" ကာရာတာယက်က ပြုံးပြောကာ ၎င်းချုပ်ထားသည့် အင်္ကျီကို ဖြန့်လိုက်သည်။

ပြင်သစ်စစ်သားသည် စိတ်မသက်မသာဖြင့် ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ပြီးနောက် စိတ်ပိုင်းဖြတ်လိုက်ဟန်ဖြင့် ၎င်း၏ စစ်ဝတ်စုံကို လျင်မြန်စွာ ချွတ်လိုက်၍ ရှပ်အင်္ကျီကို ဝတ်ကြသည့်သည်။ ၎င်း၏ ဝါကျင့်ကြံလှသော ခန္ဓာကိုယ်ပေါ်တွင် စေးထန်းလျက်ရှိသော ပန်းရိုက်ပိုးခါးတို အင်္ကျီတစ်ထည်ကို ဝတ်ထားသော်လည်း ရှပ်အင်္ကျီမပါချေ။ မိမိအား အကျဉ်းသားများ ဟားတိုက်ရယ်ကြမည်လောဟု မလုံမလဲဖြစ်လျက်ရှိရာက ရှပ်အင်္ကျီ အပေါက်ထဲသို့ ခပ်သုတ်သုတ် ခေါင်းလျှိုလိုက်သည်။ မည်သည့် အကျဉ်းသားကမျှ မပြောကြချေ။

"ကဲ၊ ကြည့်စမ်းပါဦး၊ အတော်ပဲ" ကာရာတာယက်က တဖွဖွပြောရင်း အင်္ကျီကို အောက်သို့ ဆွဲဆန့်ပေးနေသည်။

ပြင်သစ်စစ်သားသည် မျက်စိမှိတ်၍ ခေါင်းနှင့်လက်တို့ကို စွပ်လိုက်ပြီးနောက် ချုပ်ရိုးများကို ကြည့်နေသည်။

"ရဲဘော်ကြီးရေ့။ အပ်ချုပ်ဆိုင်လောက်တော့ ကောင်းမှာ မဟုတ်ဘူးဗျ။ ဘာပစ္စည်းကိရိယာမှ ရှိတာ မဟုတ်ဘူး။ ပစ္စည်းကိရိယာမရှိရင် သန်းကြီးမတစ်ကောင်တောင် သတ်လို့ မရဘူးတဲ့ဗျ" ကာရာတာယက်က ၎င်း၏လက်ရာကို ကျေနပ်လျက် ရှိဟန်ဖြင့် ၎င်း၏အပြုံးပြိုကြီးဖြင့် ပြောလိုက်သည်။

"ကောင်းတယ်။ အားကြီးကောင်းတယ်။ သိပ်ကျေးဇူးတင်တယ်" ပြင်သစ်စစ်သားက ပြင်သစ်လို ပြောလိုက်သည်။ "ဒါပေမဲ့ အစတွေ ကျန်သေးတယ် မဟုတ်လား"

"ကြည့်စမ်း။ ခင်ဗျားကိုယ်နဲ့ အတော်ပဲ။ ဒါတောင် တိုင်းချုပ်ထားတာ မဟုတ်သေးဘူး" ကာရာတာယက်က ၎င်း၏လက်ရာကို ကျေနပ်၍ မပြီးနိုင်သေးဘဲ ချီးမွမ်းခန်းဖွင့်နေပြန်သည်။ "ဒီအင်္ကျီနဲ့သာဆိုရင် ရဲဘော်ကြီးကတော့ 'ပျံ'နေတာပဲ"

"ကျေးဇူးတင်တယ်။ အားကြီး ကျေးဇူးတင်တယ်။ ဒါပေမဲ့ ပိုတဲ့အစလေးကော" ပြင်သစ်စစ်သားက ပြော၍ ပြုံးလိုက်သည်။ ပြင်သစ်စစ်သားသည် ရှုဘဲငွေစက္ကူတစ်ချပ်ကို ထုတ်၍ ကာရာတာယက်ကို ပေးလိုက်သည်။ "ပိုတဲ့အဝတ်စလေးတော့ ပြန်ပေးဦးနော"

ကာရာတာယက်သည် ပြင်သစ်စစ်သား၏ စကားကို နားမလည်ချင်ယောင်ပြုကာ 'ယီးတီးယားတား' လုပ်နေခြင်းကို ပီယာ သတိပြုလိုက်မိ၏။ ပီယာကလည်း မည်သို့မျှ ဝင်ရောက်ပြောဆိုခြင်းမပြုဘဲ အသာပင် ကြည့်နေလိုက်သည်။ ကာရာတာယက်သည် ချုပ်ခပေးသည့်အတွက် ပြင်သစ်စစ်သားကို ကျေးဇူးစကားဆိုပြီးနောက် ၎င်း၏လက်ရာကို ဆက်လက်ချီးမွမ်းပြောဆိုလျက် ရှိလေသည်။ ပြင်သစ်စစ်သားကလည်း ပိုသောအဝတ်စကို တကျိကျိတောင်းလျက်ရှိကာ မိမိစကားကို ဘာသာပြန်ပေးရန် ပီယာကို လှမ်းပြောလိုက်သည်။

"ဒီအဝတ်စ အပိုလေးကို ကတ်ကတ်သတ်သတ်လိုက်တောင်းနေရသေးတယ်ဗျာ" ကာရာတာယက်က

www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်သည်။ "ကျုပ်တို့ ခြေပတ်ကလေး ဘာကလေး လုပ်ရတာပေါ့။ အေးလေ၊ ပြန်လိုချင်ရဲလဲ ပေးရမှာပေါ့"

ကာရာတာယက်၏ မျက်နှာသည် စိတ်မကောင်းသော အမူအရာသို့ ရုတ်ခြည်းပြောင်းသွားကာ ၎င်း၏ အိတ်ထဲမှ ကြိုးဖြင့်စည်းထားသော အဝတ်စ အပိုင်းကလေးကို ထုတ်ယူ၍ ပြင်သစ်စစ်သားကို မကြည့်ဘဲ လှမ်းပေးလိုက်သည်။ "လုပ်ကြပေါ့ကွာ" ဟုဆိုကာ ကာရာတာယက်သည် လှည့်ထွက်သွား၏။ ပြင်သစ်စစ်သားသည် အပိုစအဝတ်ပိုင်းကလေးကိုကြည့်ကာ အတန်ကြာမျှ တွေနေပြီးနောက် ပီယာကို အကဲခတ်ကြည့်လျက်ရှိ၏။ ပီယာ၏ အကြည့်သည် ၎င်းအား တစ်စုံတစ်ရာပြောလိုက်သည့်နယ် ပြင်သစ်စစ်သားသည် မျက်နှာနီရဲသွားရာမှ အသံညှက်ညှက်ကလေးဖြင့် ကာရာတာယက်ကို လှမ်းခေါ်သည်။

"ပလာတိုရှီ၊ ဟေး ပလာတိုရှီ၊ လိုချင်ရင်လဲ ယူထားလိုက်လေ" ပြင်သစ်စစ်သားသည် အဝတ်ပိုင်းကလေးများကို လှမ်းပေးကာ လှည့်ထွက်သွားလေသည်။

"ဒီလိုဆိုတော့လဲ ဘယ်ဆိုးလို့လဲဗျ" ကာရာတာယက်က ခေါင်းကိုယမ်းရင်း ပြော၏။ "ဒီကောင် တွေဟာ ခရစ်ယာန်မဟုတ်ဘူးလို့ ဆိုပေမယ့် စိတ်နလုံးကောင်းတော့ ရှိပါတယ်ဗျ။ အေးလေ၊ ဒါကြောင့် 'ချွေးစိုသော လက်ဖဝါးသည် ပွင့်၍ ချွေးခြောက်သော လက်ဖဝါးသည် ပိတ်၏' လို့ လူကြီးသူမများ ပြောကြတာပဲ။ ကြည့်စမ်း၊ သူ့မှာ ခြေပတ် ပတ်စရာ မရှိပေမယ့် ပြန်ပေးခဲ့ရာသားပဲဗျ"

ကာရာတာယက်သည် စဉ်းစား၍ ပြုံးလျက်ရှိရာက အဝတ်ပိုင်းကလေးများကို ကြည့်နေသည်။

"ရဲဘော်ကြီးရေ။ ခြေပတ်ကလေး ကောင်းကောင်း တစ်စုံတော့ ရပြန်ပြီဗျ" ကာရာတာယက်သည် ဤသို့ ဆိုကာ တဲကုပ်ထဲသို့ ပြန်ဝင်သွားလေသည်။

အခန်း ၁၂

ပီယာ အကျဉ်းချခံခဲ့ရသည်မှာ ရက်သတ္တလေးပတ် ကြာခဲ့လေပြီ။ ပြင်သစ်အာဏာပိုင်တို့က ၎င်းအား တင်းကုပ်ထဲမှ အရာရှိအကျဉ်းသားများထားရာ တဲတစ်လုံးသို့ ပြောင်းရွှေ့ခွင့်ပေးသော်လည်း ပီယာသည် မိမိ ရောက်စက နေထိုင်ရာ တင်းကုပ်မှာပင် ဆက်လက်နေထိုင်ခဲ့သည်။

မီးလောင်ပျက်စီးလျက်ရှိသော မော်စကိုမြို့ကြီးထဲ၌ ပီယာသည် လူတစ်ယောက် အဆုံးစွန်ခံနိုင်သော ဒုက္ခဆင်းရဲမျိုးကို ကြုံတွေ့ခဲ့ရ၏။ သို့ရာတွင် မိမိ၏ ကျန်းမာရေး ကောင်းမွန်ခြင်း၊ ခန္ဓာကိုယ်တောင့်တင်းခြင်း (မိမိကိုယ် ခန္ဓာ ကျန်းမာတောင့်တင်းခြင်းကို ထိုအချိန်ကျမှပင် ပီယာသတိပြုမိပါသည်။)နှင့် အထူးသဖြင့် ဒုက္ခဆင်းရဲသည်မည်သည့်အချိန်က စုတင်ခဲ့သည်ဟု မပြောနိုင်လောက်အောင် တဖြည်းဖြည်း မသိမသာ ပေါ်ပေါက်လာခဲ့ခြင်းထို့ကြောင့် ပီယာသည် မိမိရောက်ရှိနေသော အခြေအနေကို အသာတကြည့်မျှမက ဝမ်းသာရွှင်လန်းစွာ ခံနိုင်ခဲ့သည်။ ထိုအခါကျမှပင် မိမိအပတ်တကုတ် ရှာဖွေအားထုတ်ခဲ့သော စိတ်၏ငြိမ်သက်ခြင်းနှင့် ချမ်းမြေ့ခြင်းတို့ကို ပီယာရရှိခဲ့သည်။ ပီယာသည် ဘိုရိုဒီနို တိုက်ပွဲတုန်းက စစ်သားများထဲတွင် တွေ့မြင်ခဲ့ဖူး၍ တောင့်တမိခဲ့သော သန္ဓိသုခဟု ဆိုအပ်သော စိတ်၏ ကြည်လင်ငြိမ်သက်ခြင်းနှင့် သမာဓိဖြစ်ခြင်းတို့ဟု ဆိုအပ်သော အတွင်း အဋ္ဌင်္ဂသန္တာန်၏ ညီညွတ်မှုကို ကာလကြာမြင့်စွာကပင် ရှာဖွေခဲ့သည်။ အများကောင်းကျိုးကို ဆောင်ရွက်ခြင်း၊ ညီအစ်ကိုတော်ဂိုဏ်း၏ တရားများကို သက်ဝင်ယုံကြည်ခြင်း၊ ရွှေမြို့တော်တွင် အသောက်အစား အပျော်အပါးတို့၌ မွေ့လျော်ခြင်း၊ အရက်သောက်ခြင်း၊ သူရဲကောင်းဆဲဆဲ ကိုယ်ကျိုးစွန့်ပြုခြင်း၊ နာတာရှာအား စိတ်ကူးယဉ်အချစ်ဖြင့် ချစ်ခဲ့ခြင်း စသည့် နည်းလမ်းတို့ဖြင့် စိတ်၏ ကြည်လင်ငြိမ်းချမ်းခြင်းကို ရှာဖွေခြင်းပြုခဲ့သည်။ ဆင်ခြင်တုံတရားဖြင့်လည်း ရှာဖွေခြင်းပြုခဲ့သည်။ သို့ရာတွင် ဤနည်းလမ်းများ၊ 'ရှာပုံတော်'များသည် အကျိုးမဲ့ အချည်းနှီးသာ ဖြစ်ခဲ့လေသည်။ ယခုသော် သေခြင်းကို ရင်ဆိုင်ရခြင်းကြောင့်လည်းကောင်း၊ ဒုက္ခဆင်းရဲကို ကြုံတွေ့ရခြင်း ကြောင့်လည်းကောင်း၊ ကာရာတာယက်၏ စိတ်နေသဘောထားကို လေ့လာခြင်းကြောင့်လည်းကောင်း ထိုစိတ်၏ ကြည်လင်ငြိမ်းချမ်းခြင်းနှင့် အဋ္ဌင်္ဂသန္တာန်၏ ညီညွတ်ခြင်းကို ရှာဖွေခြင်းမပြုရဘဲ တွေ့ရလေပြီ။

လူသတ်ကုန်းတွင် မိမိသေချေတော့မည်ဟု ရင်တထိတ်ထိတ်ဖြစ်ခဲ့ရသော ကြောက်ဖွယ်အဖြစ်သည် မိမိအဖို့ တစ်ခါက လွန်စွာ အရေးကြီးသည်ဟု ထင်ရသော

www.burmeseclassic.com

www.burmeseclassic.com

ယောက်ယက်ခတ်မှုဖြစ်သည့် အတွေးများ၊ ခံစားချက်များကို မိမိခေါင်းထဲမှ ဆေးကြောသုတ်သင်ပစ်လိုက်လေသလောဟုပင် ထင်ရတော့သည်။ ယခုအချိန်၌ ပီယာသည် ရုရှားနိုင်ငံကြီးအကြောင်းကို လည်းကောင်း၊ စစ်ပွဲကြီးအကြောင်းကို လည်းကောင်း၊ နိုင်ငံရေးအကြောင်းကို လည်းကောင်း၊ နပိုလီယန်အကြောင်းကိုလည်းကောင်း တွေးတောမိခြင်း မရှိတော့ပြီ။ ထိုအရာများသည် မိမိ၏အလုပ်လည်း မဟုတ်၊ ၎င်းတို့နှင့်ပတ်သက်၍ မိမိအားလာရောက်စဉ်းစားဆုံးဖြတ်ပါဟု မည်သူကမျှ ဖိတ်မန္တကပြုခြင်းလည်းမရှိ။ ထို့ကြောင့် ထိုကိစ္စများကို စဉ်းစားဆုံးဖြတ်ရန်လည်း မလိုဟု ပီယာပြက်ပြက်ထင်ထင် သိမြင်ခဲ့လေပြီ။ "ရုရှားပြည်ကြီးနဲ့ နွေရာသီဟာ ကြိုးနဲ့အတူ ချည်ထားတာ မဟုတ်ဘူးဗျ"ဟု ကာရာတာယက်က တစ်ခါက ပြောဖူး၏။ ပီယာသည် ထိုစကားများကို ရွတ်ဆိုမိသည်။ မည်သည့်အတွက်ကြောင့်မသိ။ ထိုစကားများသည် ၎င်း၏စိတ်ကို နှစ်သိမ့်မှုရစေလေသည်။ နပိုလီယန်ကို လုပ်ကြံမည်ဟူသော မိမိ၏ အကြံအစည်နှင့် ဗျာဒိတ်ကျမ်းလာ ဗေဒင်ဟောကိန်းတို့သည် ယခုသော် ပီယာ့အဖို့ အဓိပ္ပာယ်ကင်းမဲ့လျက်ရှိရုံမျှမက ရယ်ဖွယ်ကောင်းလျက်ရှိလေပြီ။ ဖောက်ပြားသော မိမိ၏ ကြင်ရာတော်အပေါ်တွင် ဒေါသထွက်ခဲ့ခြင်း၊ မိမိ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းမည်ကို စိုးရိမ်ကြောင့်ကြဖြစ်ခဲ့မိခြင်း စသည်တို့သည်လည်း ယခုအချိန်၌ ပီယာ့အဖို့ သေးနုပ် သိမ်ဖျင်းလျက် ရှိရုံမျှမက ရယ်ဖွယ်မျှသာ ဖြစ်ခဲ့လေပြီ။ မိမိ၏ ကြင်ရာတော်သည် ၎င်းကြိုက်နှစ်သက်သလို နေထိုင်ခြင်းပြုသည်ဆိုလျှင်လည်း မိမိအဖို့ ဘာအရေးနည်း။ မိမိ၏နာမည်သည် မြို့စား ပီယာဘီဇူးကောင့်ဟု ပြင်သစ်အာဏာပိုင်တို့ သိသွားသည်ဆိုလျှင်လည်း မည်သူ့အဖို့၊ အထူးသဖြင့် မိမိအဖို့ ဘာကိစ္စရှိသနည်း။

ယခုအချိန်၌ ပီယာသည် ၎င်း၏ရောင်းရင်းကြီး မင်းသားကလေးအင်ဒရေ ပြောဖူးသည့်စကားများကို မကြာခဏ သတိရမိသည်။ မင်းသားကလေးအင်ဒရေ၏ အတွေးအခေါ်များကို ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် နားလည်ခြင်း ဖြစ်သော်လည်း၊ ၎င်း၏စကားများသည် သွေးထွက်အောင် မှန်လေစွဟု ခြွင်းချက်မရှိ သဘောတူမိသည်။ မင်းသားကလေးအင်ဒရေက 'တောင့်တနေရခြင်းပင်လျှင် စိတ်၏ ပျော်ရွှင်ချမ်းမြေ့မှု ဖြစ်တော့သည်'ဟု ယူဆ၍ ထိုအတိုင်းလည်း ပြောခဲ့သည်။ မင်းသားကလေးအင်ဒရေသည် ထိုစကားများကို ပြောခဲ့စဉ်က 'မတောင့်မတနေရခြင်းသည် ရလေလိုလေ ဆိုသကဲ့သို့ မည်သည့်အခါမျှ ပြည့်ဝသည် မရှိသည့်အလျောက် စိတ်ဆင်းရဲပင်ပန်းခြင်းကိုသာ ဖြစ်စေသည်'ဟု တကယ်ဆိုလိုသည့်နှယ် နာကြည်း ခါးသီးစွာဖြင့် လောကကြီးကို အရွဲ့တိုက် ပြောခဲ့ခြင်းသာ ဖြစ်လေသည်။ သို့ရာတွင် ပီယာသည် ထိုအချက်ကို ခြွင်းချက်မရှိ ယုံပေသည်။ သောကကင်းစွာ နေရခြင်း၊ လူတစ်ယောက် အသက်ရှင်နေနိုင်ရန် မရှိမဖြစ်သည့် အခြေခံလိုအပ်ချက်များ ပြည့်ဝခြင်း၊ ၎င်းနှင့်အတူ မိမိ၏အလုပ်ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိခြင်း (တစ်နည်းဆိုလျှင်လည်း မိမိနှစ်သက်သလို လွတ်လပ်စွာ နေထိုင်ခွင့်ရှိခြင်း) စသည့် အချက်များသည် ယုခုသော် သံသယဖြစ်ဖွယ် မရှိလောက်အောင် ပြည့်စုံသောလူ၏ ပျော်ရွှင်ချမ်းမြေ့မှုမျိုးဖြစ်ကြောင်းကို ပီယာ သဘောပေါက်ခဲ့လေပြီ။ ဆာလောင်မွတ်သိပ်သော အခါ၌ အစာစားရခြင်း၊ ရေငတ်သောအခါ၌ ရေသောက်ရခြင်း၊ အိပ်စက်ခြင်း ပြုလိုသောအခါ၌ အိပ်စက်ရခြင်း၊ ချမ်းအေးသောအခါ၌ နွေးထွေးစွာနေရခြင်း၊ စကားပြောလိုသောအခါ၌ လူသားတစ်ယောက်၏အသံကို ကြားလိုသောအခါ၌ လူသတ္တဝါအချင်းချင်း စကားပြောရခြင်း စသည်တို့သည် မည်မျှအရသာရှိကြောင်းကို အကျဉ်းထောင်ထဲတွင် နေရစဉ် မိမိဘဝတွင် ပထမဆုံးအကြိမ် ပီယာ နားလည်ခဲ့လေပြီ။ ကောင်းမွန်စွာစားရခြင်း၊ သန့်ရှင်းစွာ နေရခြင်း၊ လွတ်လပ်စွာ နေထိုင်ရခြင်း စသည့် လူ၏အခြေခံလိုအပ်ချက် ဟူသမျှသည် ယခုအချိန်တွင် မိမိ၌ ကင်းမဲ့လျက်ရှိလေရာ ထိုအရာများ ပြည့်စုံခြင်းသည် အထွတ်အထိပ်ဖြစ်သော ပျော်ရွှင်ချမ်းမြေ့မှု ဖြစ်သည်ဟု ပီယာ ယူဆခဲ့လေပြီ။ မိမိအလုပ်ကို မိမိရွေးချယ်ပိုင်ခွင့်ရှိခြင်း ဟူသော လွတ်လပ်စွာနေပိုင်ခွင့်သည်လည်း ယခုအချိန်တွင် မိမိအဖို့ ကျဉ်းမြောင်းလျက် ရှိသည့်အလျောက် ထိုသို့ မိမိအလုပ်ကို မိမိရွေးချယ်ရသော ကိစ္စသည် လွန်စွာလွယ်ကူသော အရာဟု ပီယာ ထင်တတ်နေလေပြီ။ ပီယာသည် ထိုသို့ ရှိသမျှနှင့် တင်းတိမ်ရောင့်ရဲ လျက်ရှိရကား လူ့ဘဝ၏ စည်းစိမ်ချမ်းသာများ အလျှပယ် ပေါများလာခြင်းသည် အခြေခံလိုအပ်ချက်ကလေးများကို ရခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရသော ပျော်ရွှင်ကြည်နူးမှုကို ဖျက်စီးလျက်ရှိသည် ဆိုသည့်အချက်ကို သတိမရတော့ပြီ။ မိမိ၏ အလုပ်အကိုင်ကို ရွေးချယ်ရာ၌ လွတ်လပ်လွန်းအား ကြီးခြင်း (ဥပမာ ပိယာအဖို့ဆိုလျှင် ၎င်း၏ ပညာအဆင့်အတန်း၊ ဥစ္စာပစ္စည်း အဆင့်အတန်း၊ လူမှုရေး အဆင့်အတန်းတို့ကြောင့် မိမိ စိတ်သဘောကျ လွတ်လွတ်လပ်လပ်ကြီး နေနိုင်ခြင်းမျိုး) သည် မည်သည့်အလုပ်အကိုင်ကို လုပ်ကိုင်ရမည်ဟု လွန်မင်းစွာ အရွေးရခက်စေရုံမျှမက အလုပ်အကိုင်တစ်ခုခုကို လုပ်ကိုင်လိုသော ဆန္ဒ၊ အလုပ်အကိုင်တစ်ခု ရလိုသော အလားအလာများအား ဖျက်စီးပစ်လိုက်ကြောင်းကိုလည်း ပိယာ သတိမရတော့ပြီ။

ယခုအချိန်၌ ပိယာသည် ထောင်ကလွတ်လျှင် မည်သို့မည်ပုံ နေထိုင်မည်ဟူ၍သာ အမြဲတစေ ကြံစည် စိတ်ကူးလျက်ရှိလေသည်။ ထောင်မှ လွတ်ပြီးနောက် ၎င်း၏ ဘဝတစ်လျှောက်လုံးတွင် အဖမ်းခံခဲ့ရစဉ်က အဖြစ် အပျက်များ၊ ထိုစဉ်က ကြုံတွေ့ခဲ့ရသော၊ ပြန်မရနိုင်တော့သော၊ စွဲကျန်ရစ်ခဲ့သော၊ ရွှင်လန်းဖွယ်ကောင်းသော ခံစားမှုများအကြောင်းကို မကြာခဏ သတိရကာ စိတ်အားထက်သန်စွာ ပြောလေ့ရှိပေသည်။ အထူးသဖြင့် ထောင်ထဲတွင် နေစဉ်ကသာ ကြုံတွေ့ခဲ့ရသော စိတ်၏ ကြည်လင်ငြိမ်းချမ်းမှုနှင့် စိတ်၏ လွတ်လပ်ခွင့်ကို အမှတ်ရလေ့ရှိကာ အားပါးတရ ပြန်ပြောတတ်လေသည်။

ထောင်ထဲရောက်စ ပထမဆုံး နံနက်၌ ပိယာသည် အိပ်ရာမှ စောစွာထကာ အရာ၏တက်တွင် တင်းကုပ်ပြင်ဘက်သို့ ထွက်လာခဲ့၏။ ဝေလီဝေလင်းတွင် ခပ်ရေးရေးမျှသာ မြင်ရသည့် သီလရှင်ကျောင်းသစ်မှ ဘုံဆောင်များနှင့် လက်ဝါးကပ်တိုင်များကို မြင်ရ၏။ ဖုန်အလိမ်းလိမ်း ကပ်နေသော မြက်ပင်များပေါ်မှ နှင်းသီးများကို လည်းကောင်း၊ 'စာကလေး'တောင်ကုန်းကို လည်းကောင်း၊ အရာ၏ဦး၏ မှုန်ပြာပြာထဲတွင် ပျောက်ကွယ်သွားသည့် ရစ်ခွေစီးဆင်းသော မြစ်တစ်ဖက်ရှိ တောအုပ်တို့ဖုံးနေသော ကမ်းပါးများကိုလည်းကောင်း မြင်မိ၏။ လတ်ဆတ်သင်းပျံ့သော နံနက်ခင်းလေပြည်လေညင်း၏ အထိအတွေ့ကို ခံစားမိ၏။ မြို့ဘက်မှ ကွင်းပြင်များဘက်ဆီသို့ ပျံသန်းသွားကြသော ကျီးကန်းများ၏ တအာအာ အော်မြည်သံကို ကြားမိ၏။ ထို့နောက် အရှေ့မှ ရောင်နီပျို့လာကာ တိမ်တိုက်တစ်တိုက်၏နောက်မှ နေဝန်းကြီး ရဲရင့်တည်ကြည်စွာ ပေါ်ထွက်လာသည်ကို သတိပြုမိ၏။ ဘုံဆောင်များ၊ လက်ဝါးကပ်တိုင်များ၊ နှင်းသီးနှင်းစက်များနှင့်တကွ မြစ်ကြီးနှင့် မိုးကုတ်စက်ဝိုင်း စသည့် အရာခပ်သိမ်းတို့သည် ရွှင်လန်းသော နေခြည်အောက်၌ တဖျတ်ဖျတ် တောက်ပလျက်ရှိခြင်းကို အာရုံထား မိ၏။ ထိုအခါ၌ ပိယာသည် မိမိတစ်သက်တွင် တစ်ခါမျှ မရှိသေးသော၊ အသစ်ဖြစ်သော ကြည်နူးရွှင်လန်းခြင်းနှင့် အားမာန်သတ္တိတို့ဖြင့် ပြည့်ဖြိုးလာသည်ဟု ခံစားမိလေသည်။ ဤခံစားချက်သည် ထောင်သွင်းအကျဉ်းခံရစဉ် ကာလ၌သာကိန်းဝပ်နေသည် မဟုတ်။ အခက်အခဲကို ကြုံတွေ့လာသည်နှင့်အမျှ ထုထည်ကြီးမားလာခဲ့လေသည်။

ဖျတ်လတ်တက်ကြွခြင်း၊ တစ်စုံတစ်ခုအတွက် အဆင်သင့်ဖြစ်ခြင်း စသည့် ထိုခံစားချက်သည် မိမိ တင်းကုပ်အကျဉ်းစခန်းသို့ရောက်၍ ဘဝတူ အကျဉ်းသားများ၏ လေးစားအထင်ကြီးခြင်းခံရသည့်အခါ၌ ပို၍ ကြီးထွားလာခဲ့လေသည်။ ပြင်သစ်စကား တတ်ခြင်း၊ ပြင်သစ်တို့က လေးစားသမှု ပြကြခြင်း၊ ရိုးသားခြင်း၊ မိမိရှိသမျှကို နှမြော်တွန့်တိုခြင်းမရှိ ပေးကမ်းတတ်ခြင်း (ပိယာမှာ တပ်ဗိုလ်များကဲ့သို့ တစ်ပတ်လျှင် ဒင်္ဂါးသုံးပြားရသည်။) ဗလကောင်းခြင်း (ပိယာသည် တင်းကုပ်နံရံကို လက်ချောင်းထိပ်များဖြင့် ထိုးပြလေ့ရှိသည်။) ဘဝတူများအား ဖော်ရွေပျူငှာစွာ ဆက်ဆံခြင်း၊ ကာလအတန်ကြာအောင် တိတ်ဆိတ်စွာ လှုပ်ရှားခြင်းမရှိ ထိုင်နေတတ်ခြင်း၊ ဘာကိုမျှ မလုပ်ဘဲ စဉ်းစားလျက် ရှိတတ်ခြင်း (အဘယ်ကြောင့် ဤသို့ ကြာရှည်စွာထိုင်၍ စဉ်းစားနေနိုင်သည်ကို ၎င်းတို့ နားမလည်နိုင်ပါ။) စသည်တို့ကြောင့် ပိယာသည် ၎င်းတို့၏ အမြင်၌ ထူးဆန်း၍ မိမိတို့ထက် သာသော သတ္တဝါတစ်ယောက်ဟု ယူဆကြသည်။ ဗလကောင်းခြင်း၊ လူ့ဘဝ၏ စည်းစိမ်ချမ်းသာများကို ရွံ့မုန်းခြင်း၊ သတိမေ့တတ်ခြင်း၊ အနေအထိုင် ရိုးသားခြင်း စသည့် အပြင်လောကတွင် မိမိအတွက် အန္တရာယ်မရှိသည့် တိုင် အတားအဆီးဖြစ်လျက်ရှိသော ထိုအရည်အချင်းများသည် ထောင်ထဲရှိ ဘဝတူ အကျဉ်းသားများကြား၌ ပိယာအား သူရဲကောင်းတစ်ယောက်အဖြစ်သို့ ပို့ဆောင်ပေးလျက် ရှိလေသည်။ ၎င်းတို့ အထင်ကြီးလေးစား

www.burmeseclassic.com

www.burmeseclassic.com

သည်နှင့်အညီ ကျင့်ကြေနေထိုင်ရန် တာဝန်ရှိသည်ဟု ပီယာကလည်း ယူဆသည်သာဖြစ်ပါသည်။

အခန်း ၁၃

အောက်တိုဘာလ ၆–ရက်နှင့် ၇–ရက်အကူး ညဉ့်သန်းခေါင်၌ ပြင်သစ်တပ်များ မော်စကိုမှ စတင်ပြောင်းရွှေ့ခြင်း ပြုကြလေသည်။ မီးလင်းဖိုများ၊ တင်းကုပ်များကို ဖျက်ဆီးပစ်ခဲ့ကြ၏။ လှည်းများကို ဝန်အပြည့်တင်စေ၏။ ထို့နောက်၌ စစ်တပ်များနှင့် ဝန်တင်လှည်းများသည် စတင်ထွက်ခွာလာခဲ့ကြလေသည်။

နံနက် ၇–နာရီ၌ စစ်ချီအဝတ်အစားများကို ဝတ်ဆင်ထားကာ ဦးထုပ်တစ်လုံးကို ဆောင်းထား၍ တစ်လုံးထိုးသေနတ်များ၊ ကျောပိုးအိတ်များနှင့် ပြည့်ဖြိုးနေသော အိတ်များကို လွယ်ထားသည့် ပြင်သစ်အစောင့်တပ်စုတစ်စုသည် တဲတန်းလျားကြီးများရှေ့တွင် အမှတ်စဉ်ခေါ်တန်းစီလျက်ရှိ၏။ ၎င်းတို့ထံမှ တစ်ယောက်တစ်ခွန်း ပြင်သစ်လိုပြောသံများ၊ ဆဲရေးသံများ ပေါ်ထွက်လာလေသည်။

တင်းကုပ်များထဲ၌ကား အကျဉ်းသားများသည် အဆင်သင့်ဖြစ်လျက်ရှိကြ၏။ အဝတ်အစားလဲပြီး ခါးပတ်ပတ်ပြီး ဖိနပ်စီးပြီးဖြစ်ကာ ထွက်ခွာရန် အမိန့်ကို စောင့်လျက်ရှိကြ၏။ မျက်ကွင်းများညိုကာ ဖျော့တော့ကြဲလို့ လျက်ရှိသော အကျဉ်းသားလူမမာ ဆိုကိုလော့ဗ်သာလျှင် အဝတ်အစားလဲခြင်း၊ ဖိနပ်စီးခြင်း မရှိဘဲ ၎င်း၏နေရာတွင် ထိုင်လျက်ရှိသည်။ မျက်နှာချုံးကျလျက်ရှိခြင်းကြောင့် ပို၍ ပြုံးကျယ်နေဟန်ရှိသော ၎င်း၏မျက်လုံးကြီးများသည် ၎င်းအား ဂရုမစိုက်နိုင်ဘဲ အလုပ်များလျက်ရှိကြသည့် ၎င်း၏ ရဲဘော်များကို စူးစမ်းသောအကြည့်ဖြင့် ငေးကြည့်လျက်ရှိကြသည်။ ဆိုကိုလော့ဗ်သည် လေသံပျော့ပျော့ဖြင့် မှန်မှန်ကြီး ညည်းလျက်ရှိ၏။ ၎င်းညည်းတွားလျက်ရှိခြင်းမှာ ဝေဒနာခံရခြင်းကြောင့်ထက် (၎င်းမှာ ဝမ်းကိုက်လျက်ရှိသည်။) တစ်ယောက်တည်း ချန်နေခဲ့ရမည်ကို စိုးရိမ်ကြောက်လန့်ခြင်းကြောင့် ဖြစ်ဟန်တူသည်။

ပီယာသည် လူမမာထံသို့ ထလာကာ ၎င်း၏ဘေးတွင် ဆောင့်ကြောင့်ထိုင်လိုက်သည်။ ပီယာမှာ ခါးတွင် ကြိုးတစ်ချောင်းကို စည်းထားကာ သားရေဖိနပ်တစ်ရန်ကို စွပ်ထားသည်။ ထိုသားရေဖိနပ်ကား ပြင်သစ်စစ်သားတစ်ယောက်က လက်ဖက်ရည်ခြင်းတစ်လုံးကို ဖြဲဆုတ်ကာ ကာရာတာယက်အား ၎င်း၏ဖိနပ်ကို ပြင်အချုပ်ခိုင်းရာမှ ကျန်သော သားရေစဖြင့် ကာရာတာယက်က ချုပ်ပေးထားခြင်းဖြစ်၏။

"ဒီမှာ ရဲဘော်ကြီး။ ပြင်သစ်တွေ အကုန်ထွက်မသွားပါဘူး။ ဒီမှာ ကျန်ရစ်ခဲ့ကြဦးမှာပါ။ ဆေးရုံဘစ်ရုံလဲ ရှိသေးတယ်။ ခင်ဗျားက ကျွန်တော်တို့ထက်တောင် ဟန်ကျဦးမှာ"ဟု ပီယာက ပြောလိုက်၏။

"ဘုရားကယ်ပါ။ ကျွန်တော် သေရတော့မယ်ထင်တယ်။ ဘုရားကယ်ပါ"လူနာက အသံခပ်ကျယ်ကျယ်ဖြင့် ညည်းသည်။

"ကဲ၊ ဒီလိုဆို ကျွန်တော် တိုက်ရိုက်သွားမေးဦးမယ်ဗျာ" ပီယာသည် ထကာ တင်းကုပ်တံခါးဝဆီသို့ လာခဲ့၏။

ပီယာ တံခါးဝအရောက်တွင် ယမန်နေ့က ၎င်းအား ဆေးတံပေးသောက်စေခဲ့သော ပြင်သစ်တပ်ကြပ်သည် နောက်လိုက်စစ်သားနှစ်ဦးနှင့်အတူ ပေါက်လာ၏။ ၎င်းတို့အား လုံးမှာ ကျောပိုးအိတ်များ လွယ်ထားကာ စစ်ချီဝတ်စုံများ ဝတ်ထားကြ၏။ သတ္တုမေးသိုင်းကြိုးတပ် သံခမောက်များကြောင့် မြင်နေကျ ၎င်းတို့၏ မျက်နှာသည် အသွင်တစ်မျိုးဆောင်လျက်ရှိ၏။

တပ်ကြပ်များအမိန့်အရ တံခါးပိတ်ရန် ရောက်လာခြင်းဖြစ်၏။ အကျဉ်းသားများကို အပြင်သို့ မထုတ်မီ လူစစ်ရန် ဖြစ်လေသည်။

"တပ်ကြပ်ရဲဘော်ကြီး။ လူမမာကို ဘယ်လိုစီစဉ်မလဲ" ပီယာက စတင်မေးလိုက်၏။

သို့ရာတွင် စကားပြောနေစဉ်မှာပင် ယခုမိမိနှင့် စကားပြောနေသည့် တပ်ကြပ်ကြီးမှာ မိမိသိကျွမ်းဖူးသော တပ်ကြပ်လော၊ သို့မဟုတ် အခြားတစ်ယောက်လောဟု ပီယာ၏စိတ်တွင် သံသယဖြစ်လာခဲ့လေပြီ။ ထိုအချိန်၌ တပ်ကြပ်၏မျက်နှာသည် ခါတိုင်းကဲ့သို့ မဟုတ်ဘဲ တင်းလျက်ရှိ၏။ ပီယာစကားပြောလျက်ရှိသည့်အချိန်မှာပင် ဘင်ခရာတီးသံများ ထွက်ပေါ်လာလေသည်။ တပ်ကြပ်သည် ပီယာကို မျက်နှာထားကြီးဖြင့် ကြည့်လိုက်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

အော်ဟစ်ဆဲဆိုကာ တံခါးကို ဂျိမ်းခနဲမြည်အောင် ပိတ်၍ ထွက်သွားလေသည်။ တင်းကုပ်အတွင်း၌ ခပ်မှောင်မှောင် ဖြစ် ကျန်ရစ်ခဲ့သည်။ ဘေးတစ်ဖက်တစ်ချက်မှ ပေါ်ထွက်လာသော ဘင်ခရာသံများသည် လူမမာ၏ ညည်းသံကို ဖုံးသွားကြ၏။

"အင်း သေမင်းနဲ့ တစ်ချီတော့ တွေ့ရပြန်ပြီ" ပီယာသည် တစ်ကိုယ်တည်း ရေရွတ်မိရာမှ ၎င်း၏ ကျောပြင်တစ်လျှောက်သည် စိမ့်ခနဲ ဖြစ်သွား၏။ တင်းမာလျက်ရှိသော တပ်ကြပ်၏ မျက်နှာတွင် လည်းကောင်း၊ ၎င်း၏ လေသံတွင်လည်းကောင်း၊ နားကွဲမတတ် တဒိန်းဒိန်း မြည်လျက်ရှိသော ဘင်ခရာသံတွင် လည်းကောင်း လူအချင်းချင်း တစ်ဦးကို တစ်ဦး သတ်ဖြတ်ရန် နှိုးဆော်တိုက်တွန်းလျက်ရှိသော နားလည်ရခက်၍ ရိုင်းပျ ကြမ်းကြုတ်သည့် အင်အားစု၊ လူသတ်ကုန်းမှ ရှုမြင်၍ မကောင်းသော အခြင်းအရာတို့ကို ဖန်တီးခဲ့သော ထို အင်အားစုကို ပီယာမြင်ရ ကြားရပြန်လေပြီ။ ထိုအင်အားစုကို ကြောက်ရွံ့ထိတ်လန့်နေခြင်း၊ ထွက်ပြေးရန် ကြိုးစားခြင်း၊ ထိုအင်အားစု၏ တန်ဆာပလာများအဖြစ် အသုံးတော်ခံမည့်သူများကို တောင်းပန်တိုးလျှိုးခြင်း၊ တရားပြခြင်းသည် အကျိုးမဲ့ အချည်းနှီးသာ ဖြစ်လေသည်။ ယခုအချိန်တွင် ပီယာသည် ထိုအချက်ကို ကောင်းစွာ နားလည်ခဲ့လေပြီ။ ထိုအင်အားစုကို စောင့်ဆိုင်းရင်ဆိုင်ရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ပြီ။ ပီယာသည် လူမမာအနီးသို့လည်း မသွားတော့။ ၎င်းကိုလှမ်း၍လည်း မကြည့်တော့ချေ။ တံခါးဝတွင် မျက်မှောင်ကြီးကုတ်၍သာ ရပ်နေမိသည်။

တံခါးဖွင့်လိုက်၍ အပေါက်ဝတွင် အကျဉ်းသားများ သိုးအုပ်ကြီးပမာ တိုးဝှေ့ထွက်လျက်ရှိစဉ် ပီယာသည် လူကြားထဲမှ အတင်းတိုးထွက်ကာ မိမိအတွက် အကူအညီပေးတတ်သူဟု တပ်ကြပ်က ပြောသွားဖူးသော ပြင်သစ် ဗိုလ်ကြီးထံသို့ လာခဲ့၏။ ဗိုလ်ကြီးမှာလည်း စစ်ချီဝတ်စုံကို ဝတ်ထား၏။ ၎င်း၏ အေးစက်တင်းမာသော မျက်နှာပေါ်တွင်လည်း တပ်ကြပ်၏ မျက်နှာနှင့် ဘင်ခရာသံများ၌ မြင်ရကြားရသော 'ထိုအရာ'ကို ပီယာ သတိပြုမိလေသည်။

"သွားကြ၊ သွားကြ။ မြန်မြန်သွားကြ" ဗိုလ်ကြီးက မိမိအနီးမှ ဖြတ်လျှောက်သွားကြသော အကျဉ်းသားများကို မျက်မှောင်ကြီးကုတ်၍ သုန်မှုန်စွာ ဆို၏။

ပီယာသည် ထိုဗိုလ်ကြီးထံသို့ လျှောက်လာခဲ့သည်။ မျှော်လင့်ချက်ကား မရှိလှချေ။

"ဘာလဲ" ထိုဗိုလ်ကြီးက ပီယာကို မှတ်မိခြင်း မရှိတော့ဟန် မျက်နှာထားတင်းတင်းဖြင့် မေးလိုက်သည်။

ပီယာက လူမမာအကြောင်းကို ပြောပြသည်။

"သူ့ဘာသာ သူလျှောက်မှာပေါ့၊ ခင်ဗျား ပူစရာ မလိုပါဘူး" ဗိုလ်ကြီးက ပြောလိုက်သည်။ "ဟေ့ မြန်မြန် သွားကြလို့ ပြောနေတယ်" ဗိုလ်ကြီးက ပီယာကို မကြည့်ဘဲ အကျဉ်းသားများကို လှမ်းအော်လျက်ရှိ၏။

"လူမမာ အခြေအနေက တော်တော်ဆိုးနေတယ်" ဟု ပီယာက အကျိုးအကြောင်း ရှင်းပြရန် စကားဆက်လိုက်သည်။

"ဗျို့ လူ၊ သွားစမ်းဗျာ၊ ခင်ဗျားအလုပ်မဟုတ်" စစ်ဗိုလ်က စိတ်ဆိုးမာန်ဆိုးဖြင့် ပီယာကို အော်ထုတ်လိုက်သည်။

ဘင်ခရာသံများသည် အဆုံးမပြတ် ထွက်ပေါ်လျက်ရှိ၏။ ယခုအချိန်၌ နားလည်ရခက်သော ထိုအင်အားစုသည် ၎င်းတို့ကို ချုပ်ကိုင်ထားလျက်ရှိလေပြီ။ နောက်ထပ်ပြော၍လည်း ဘာမျှအရာရောက်ခြင်း မရှိနိုင်တော့ပြီဟု ပီယာယူဆမိသည်။

တပ်ဗိုလ်အကျဉ်းသားများကို ရိုးရိုးအကျဉ်းသားများနှင့် ခွဲထားကာ ရှေ့မှ ချီတက်စေ၏။ ပီယာအပါအဝင် တပ်ဗိုလ်အကျဉ်းသား သုံးဆယ်ခန့်ရှိ၍ စုစုပေါင်းဆိုလျှင် အကျဉ်းသား သုံးရာခန့်ရှိလေသည်။

အခြားတင်းကုပ်တစ်ခုမှ ထုတ်လာသော တပ်ဗိုလ်အကျဉ်းသားများမှာ ပီယာ့အဖို့ မျက်နှာစိမ်းများသာ ဖြစ်၏။ ၎င်းတို့အားလုံးမှာ ပီယာတို့ထက် ကောင်းကောင်း မွန်မွန် ဝတ်ဆင်ထားကြ၏။ ၎င်းတို့ကလည်း လူထူးလူဆန်းတစ်ယောက်သဖွယ် ပီယာကိုလည်းကောင်း၊ ခြေထောက်တွင် စီးထားသည့် ဖိနပ်ကို လည်းကောင်း မသင်္ကာမကင်းသော အကြည့်ဖြင့် ကြည့်ကြ၏။ ပီယာနှင့် မလှမ်းမကမ်း၌ အသားဝါဝါ၊ မျက်နှာအစိအစဉ်နှင့် သုန်မှုန်လျက်ရှိသော ဗိုလ်မှူးတစ်ယောက် ပါလာ၏။ ထိုအကျဉ်းသား ဗိုလ်မှူးသည် ကာဇန်နယ်ထွက် ဝတ်ရုံအင်္ကျီကြီးတစ်ထည်ကိုဝတ်ကာ ခါးတွင် မျက်နှာသုတ်ပဝါတစ်ထည်

www.burmeseclassic.com

www.burmeseclassic.com

ကို စည်းထား၏။ ၎င်းနှင့်ဘဝတူ အကျဉ်းသားများ၏ လေးစားခြင်းခံရသည့်အတွက် ကျေနပ်နေဟန်လည်း ရှိလေသည်။ ထိုဗိုလ်မှူးသည် ဆေးတံသောက်ဆေးတစ်အိတ်ကိုင်ထားသည့် လက်တစ်ဖက်ကို ဝတ်ရုံအင်္ကျီ ရင်ဘတ်အောက်သို့ လျှို၍ဖွက်ထားပြီး အခြားလက်တဖက်တွင် ဆေးတံရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။ ၎င်းသည် နောက်က တိုးဝှေ့နေသည်ဟု ထင်သဖြင့် အသက်ပြင်းစွာ ရှူလျက်က ညည်းညူဆဲဆိုလျက် ရှိလေသည်။ ၎င်း၏ စိတ်၌ အကျဉ်းသားများသည် အလျင်လိုစရာမရှိဘဲ အလျင်လိုနေကြသည်ဟုလည်းကောင်း၊ အံ့သြစရာမရှိဘဲ အံ့သြနေကြသည်ဟုလည်းကောင်း ထင်မှတ်လျက်ရှိပုံရ၏။ ပိန်ပိန်ပါးပါးနှင့် အခြားတပ်ဗိုလ် အကျဉ်းသားတစ်ယောက်မှာမူ မိမိတို့အား မည်သည့်နေရာသို့ ခေါ်သွားမည်ထင်ကြောင်း၊ ယနေ့ မည်မျှခရီးပေါက်မည် ထင်ကြောင်းတို့ကို လူတွေ့တိုင်း ပြောလျက်ရှိ၏။ ထောက်ပို့တပ်ဝတ်စုံကိုဝတ်၍ သက္ကလပ်ဖိနပ်ရှည်ကြီးကို စီးထားသည့် အခြားတပ်ဗိုလ်တစ်ယောက်မှာ ထိုဘက်မှ ဤဘက် ပြေးလွှားကာ ပျက်စီးလျက်ရှိသော မော်စကို မြို့ကြီးကို တအံ့တသြ ငေးမောကြည့်ရှုလျက်ရှိရာမှ မည်သည့်အဆောက်အအုံမှာ မီးလောင်သွားကြောင်း၊ ယခု မိမိတို့ မြင်နေရသည်မှာ မည်သည့်ရပ်ကွက်ဖြစ်ကြောင်း စသည်တို့ကို ကျယ်လောင်စွာ ပြောဆိုလျက် ရှိလေသည်။ လေယူလေသိမ်းကို ထောက်၍ ပိုလန်လူမျိုးတစ်မျိုးဟု ယူဆရသော တတိယတပ်ဗိုလ်တစ်ယောက်ကမူ ယခုမြင်ရသော ရပ်ကွက်များမှာ ထောက်ပို့တပ်ဗိုလ်ပြောသော ရပ်ကွက်များမဟုတ်ကြောင်း ဖြင့် ငြင်းခုံလျက်ရှိ၏။

"ဘာ သောက်စကားများနေကြတာလဲဗျ" အကျဉ်းသားဗိုလ်မှူးက လှမ်းအော်လိုက်သည်။ "ဘယ်ရပ်ကွက်ဖြစ်တော့ကော ဘာထူးဦးမှာလဲ။ တစ်မြို့လုံး မီးလောင်ထားမှပဲ။ ဟေ့ နောက်က ဘာဖြစ်လို့ ဒီလောက်တောင် တိုးနေရတာလဲ။ လမ်းအကျယ်ကြီး မြင်ဘူးလား" ဟု မိမိအား လုံးဝတိုးဝှေ့ခြင်းမပြုသော လူတစ်ယောက်ကို မာန်လိုက်သည်။

"ဟာ၊ ရက်စက်တယ်ကွာ" တစ်ဖက်မှာ အကျဉ်းသားများသည် မီးလောင်ကျွမ်းထားသော အပျက်အစီးများကိုကြည့်၍ တအံ့တသြ ဖြစ်နေကြသည်။ "မြစ်ဟိုဘက်မှာရော ဇူဘိုဗာရပ်ကွက်မှာရော၊ ကရင်မလင်မြို့ရိုးထဲမှာရော ကြည့်စမ်း။ ဘာမှမကျန်တော့ဘူး။ အေးလေ၊ ဟိုမှာ မမြင်ဘူးလား။ မြစ်ဟိုဘက်ကလဲ တစ်ရပ်ကွက်လုံးပါသွားတယ်လို့ ပြောနေရက်သားနဲ့"

"ဟေ့၊ မီးလောင်သွားမှန်းသိရက်နဲ့ ဘာလို့ သောက်စကားများနေကြတာလဲကွ" အကျဉ်းသား ဗိုလ်မှူးက အော်လိုက်ပြန်သည်။

ခါမိုနီကီရပ်ကွက်ရှိ သုဓမ္မာဇရပ်တစ်ဆောင် အနီးမှ ဖြတ်သန်းလာကြသောအခါ၌ (၎င်းရပ်ကွက်မှာ မီးမလောင်ဘဲ ကျန်သော ရပ်ကွက်အနည်းငယ်အနက် တစ်ခုဖြစ်သည်) အကျဉ်းသားထုကြီးတစ်ခုလုံးသည် လမ်းတစ်ဖက်သို့ လှမ်းကြည့်ရာမှ ကြောက်လန့်တကြားဖြစ်သံ၊ စက်ဆုပ်ရွံရှာခြင်း ဖြစ်သံတို့ ပေါ်ထွက်လာ၏။

"အယုတ်တမာတွေ၊ ကြည့်စမ်း။ သတ်ပစ်ပြီး မျက်နှာကို ဘာတွေ သုတ်ထားမှန်းမသိဘူး"

ပီယာသည် သုဓမ္မာဇရပ်အနီးသို့ကပ်ကာ ၎င်းတို့ ပြောသောအရာကို လှမ်းကြည့်လိုက်၏။ သုဓမ္မာဇရပ်ခြံဝင်းသစ်သားတန်းကို မှီလျက်ရှိသော အရာတစ်ခုကို ခပ်ဝါးဝါး မြင်ရ၏။ မိမိထက် သဲကွဲစွာ မြင်ရသူများ၏ စကားအရ ထိုအရာမှာ သစ်သားခြံဝင်းကိုမှီ၍ ထောင်ထားသော လူသေအလောင်းတစ်လောင်းဖြစ်၍ မျက်နှာတွင် အိုးမည်းများ သုတ်ထားလျက်ရှိကြောင်း သိရသည်။

"ဟေ့၊ အမေပေးတွေ။ ဘာလို့ ရပ်နေတာလဲ။ သွား၊ မြန်မြန်သွား။ မင်းတို့နောက်မှာ လူသုံးသောင်းရှိသေးတယ်" အစောင့်တပ်သားများက အော်ဟစ်ကြ၏။ ပြင်သစ်တပ်သားများသည် လူသေအလောင်းကို ရပ်ကြည့်နေကြသော အကျဉ်းသားများကို ဓားရှည်များဖြင့် ရိုက်၍ မောင်းထုတ်လျက်ရှိလေသည်။

အခန်း ၁၄

အကျဉ်းသားများသည် ခါမိုနီကီရပ်ကွက် လမ်းကြားများကိုဖြတ်၍ ချီတက်လာခဲ့ကြ၏။ ၎င်းတို့နောက်မှ အစောင့်တပ်များနှင့် ၎င်းတို့၏ ယာဉ်ရထားများ၊ ဝန်တင်လှည်းများ လိုက်ပါလာကြလေသည်။ သို့ရာတွင် ကုန်လှောင်ရုံများအနီးသို့ ရောက်သောအခါ၌ ၎င်းတို့သည် ပြည့်ကျပ်

www.burmeseclassic.com

www.burmeseclassic.com

နေသော အမြောက်တင် ရထားများ၊ ကိုယ်ပိုင် ယာဉ်ရထားများနှင့် ရောထွေးကာ ညှပ်ပူးညှပ်ပိတ်ဖြစ်လျက် ရှိကြ၏။

တံတားထိပ်သို့ ရောက်သော် ရှေ့မှလူများ၊ ယာဉ်များ ဖြတ်သန်းနေသည့်အတွက် ရပ်စောင့်နေကြရသည်။ တံတားထိပ်မှ ကြည့်လျှင် ၎င်းတို့၏ရှေ့နှင့်နောက်တွင် တအိအိသွားနေကြသော အဆုံးမရှိသည့် ဝန်တင်လှည်းတန်းကြီးကို တမျှော်တခေါ်ကြီး မြင်ရ၏။ နက်စကူနီ ရပ်ကွက် ကာလူဂါဘက်သို့ ထွက်သော ပေတစ်ရာလမ်းထိပ်တွင်မူ အဆုံးမရှိသော စစ်သားတန်ကြီးများနှင့် လှည်းတန်းကြီးကို မြင်ရပြန်သည်။ ၎င်းတို့ကား အခြားတပ်များထက် အစောဆုံးထွက်သွားသော ပြင်သစ်ဗိုလ်ချုပ် ဗျူဟာနေး၏ တပ်ဖွဲ့များဖြစ်လေသည်။ ၎င်းတို့နောက် မြစ်ကမ်းဘေးနှင့် ကျောက်တံတားတစ်ဝိုက်ရှိ တပ်များမှာ ပြင်သစ်ဗိုလ်ချုပ် နေးလ်၏ တပ်များနှင့် ပို့ဆောင်ရေးယာဉ်များ ဖြစ်လေသည်။

အကျဉ်းသားများကို တာဝန်ယူရွေ့ပြောင်းလာခဲ့သည့် ဗိုလ်ချုပ်ဒါဇောက်၏ တပ်များမှာ ကရိုင်းမီးယားတံတားကို ဖြတ်လျက်ရှိကြ၍ အချို့မှာ ကာလူဂါသို့ ထွက်သော ပေတစ်ရာလမ်းမကြီးဘက်သို့ ကွေ့ဝင်လာလျက် ရှိကြလေပြီ။ သို့ရာတွင် ဝန်တင်လှည်းတန်းကြီးမှာ ရှည်လျားလှသည့်အတွက် ဗိုလ်ချုပ်နေးလ်၏ တပ်ဦး အိုဒင်ကာ လမ်းထိပ်သို့ ပေါ်လာသည့်တိုင် ဗိုလ်ချုပ် ဗျူဟာနေး၏ တပ်မှ ဝန်တင်လှည်းတန်းများသည် မော်စကိုမြို့ပြင်သို့ မရောက်ကြသေးချေ။

အကျဉ်းသားများသည် ကရိုင်းမီးယားတံတားကို ကျော်ဖြတ်ပြီး မလှမ်းမကမ်းတွင် ရပ်လိုက်ကြ၏။ နောက်တရွေ့ရွေ့ လျှောက်လာခဲ့ကြပြန်သည်။ ဘေးတစ်ဖက်တစ်ချက်မှ ဝန်တင်လှည်းတန်းများနှင့် စစ်တပ်များမှာ ပို၍ ဖြတ်သိပ်ထူထပ်လာခဲ့လေပြီ။ ၎င်းတို့သည် ကရိုင်းမီးယားတံတားနှင့် ခြေလှမ်းတစ်ရာခန့်အကွာ ကာလူဂါပေတစ်ရာကြီး၏ အနီးသို့ ချီတက်လာခဲ့ကြ၏။ ထိုခြေလှမ်းတစ်ရာခန့်အကွာသို့ရောက်အောင် တစ်နာရီမျှ တိုးဝှေ့ချီတက်ခဲ့ရခြင်းဖြစ်သည်။ ထိုနောက်၌ ထရန်မော်စကာဗာလမ်းနှင့် ကာလူဂါပေတစ်ရာလမ်းမကြီးဆုံရာ ကွက်လပ်သို့ ရောက်ရှိလာခဲ့ကြပြီးနောက်၌ လမ်းပိတ်လျက်ရှိခြင်းကြောင့် ထိုလမ်းဆုံတွင် နာရီအတန်ကြာမျှ စောင့်ဆိုင်းနေကြရသည်။ ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ရထားဘီးသံများ၊ ခြေသံများ၊ အော်ဟစ်ဆဲဆိုသံများသည် သောသောညည်လျက်ရှိလေရာ ထိုအသံများသည် ပင်လယ်၏ အော်မြည်သံကဲ့သို့ ဆူညည်လျက်ရှိလေသည်။ ပီယာသည် မီးလောင်ကျွမ်းထားသော အိမ်တစ်ဆောင်၏ နံရံတွင် ညပ်ကာ မှီ၍ ရပ်လျက်ရှိရင်း ထိုအသံများကို နားထောင်မိ၏။ ထိုအသံများသည် ၎င်း၏စိတ်၌ ဘင်ခရာသံများနှင့် ရောထွေးလျက်ရှိလေသည်။

အချို့အရာရှိ အကျဉ်းသားများကား ကောင်းစွာမြင်နိုင်ရန် ပီယာ မှီရပ်လျက်ရှိရာ တစ်ဝက်တစ်ပျက် လောင်ကျွမ်းထားသည့် အိမ်နံရံပေါ်သို့ တက်လျက်ရှိကြ၏။

"ကြည့်စမ်းဗျာ။ လူတွေ လူတွေ နည်းတာ မဟုတ်ဘူး။ အံမယ် အမြောက်ကြီးတွေပေါ်မှာတောင် ပစ္စည်းတွေ တင်လာသေးသဗျ ကြည့်စမ်းဗျို့။ ဟိုမှာ သားမွေးတွေ မဟုတ်လား"ဟု အချို့က ဆိုကြ၏။ "မအေပေးတွေ၊ အကုန်လုယူလာတာပဲ။ ဟိုနောက်က လှည်းပေါ်က ဟာတွေက ဘာတွေလဲဗျ။ ဟာ ဘုရားစင်က ဆွဲဖြုတ်လာတဲ့ ကန့်လန့်ကာတွေဗျို့။ တော်တော် မိုက်ရိုင်းတဲ့ကောင်တွေဗျာ။ ဟိုမှာ ဟိုမှာ၊ ကောင်တစ်ကောင် ပစ္စည်းတွေ တစ်ထမ်းကြီး သယ်လာလိုက်တာ။ ခွေးသားကောင်းကောင်းတောင် မလျှောက်နိုင်တော့ဘူး။ ဟာ ကရထားကြီးတွေကိုလဲ လုလာသဗျို့။ အံမယ် ဟိုခွေးသား ဟာ သေတ္တာကြီးပေါ်မှာ မြိန့်မြိန့်ကြီးထိုင်လို့။ ဟာ အချင်းချင်း ဆော်ကုန်ပြီ၊ ဆော်ကုန်ပြီ"

"ဟော ဟော၊ ဟိုကောင် နှာနုထိသွားပြီ။ ဒီပုံနဲ့တော့ ဒီနေ့ညတောင် မော်စကိုမြို့ထဲက ထွက်ရပါဦးမလားမသိဘူး။ ကြည့်စမ်း၊ ကြည့်စမ်း။ ဟိုပစ္စည်းတွေက နပိုလီယန်ရဲ့ပစ္စည်းတွေထင်တယ်။ တောက်။ ကောင်းလိုက်တဲ့မြင်းကြီးတွေ။ အလို ပြင်သစ်စာလုံးပုံကြီးပေါ်မှာ သရဖူကြီးတင်လို့ဗျ။ အိမ်ကြီးတစ်ဆောင်လုံး မရွှေ့လာသလား အောက်မေ့ရတယ်။ ဟာ ဆော်ကုန်ကြပြန်ပြီဗျို့။ ဟော့၊ ဟိုမှာ ကလေးလေးနဲ့ မိန်းမတစ်ယောက် မဟုတ်လား။ အံမယ် မဆိုးဘူးဗျ။ တော်တော် ဖြောင့်တယ်။ ဒီအတိုင်းသာ ဆိုရင်တော့ ဘယ်လောက်ကြာကြာ လမ်းပိတ်နေဦးမယ် မသိဘူး။

"ဟင်၊ နောက်ထပ် လှည်းတန်းကြီးလာပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဟာ၊ ရုရှားဖာသယ်တွေလဲ မနည်းဘူးဟ။ အဲမယ် ကရထားကြီးတွေထဲမှာ ဇိမ်နဲ့ ထိုင်လိုက်လာလိုက်ကြတာ”

ခါမိုနီကီရပ်ကွက် သုဓမ္မာဇရပ် အနီးတုန်းကကဲ့သို့ ဤနေရာတွင်လည်း အကျဉ်းသားများသည် အထူးအဆန်း တစ်စုံတစ်ခု တွေ့သည်နှယ် ရှေ့တွင် ပြိုတိုးကာ တစ်စုံတစ်ရာကို လှမ်းကြည့်လျက်ရှိ၏။ ပီယာမှာ အရပ်အမောင်းကောင်းသူဖြစ်သည့်အတွက် ၎င်းတို့ အထူးအဆန်း လှမ်းကြည့်နေသည့်အရာကို ကောင်းစွာ မြင်ရလေသည်။ ယင်းကား အခြားမဟုတ်။ ခဲယမ်းမီးကျောက်တင် လှည်းများအကြားတွင် ညပ်နေသော ကရထားကြီးသုံးစီးပေါ်၌ မျက်နှာတွင် မျက်နှာချေအဖွေးသား အဝတ်အစား ပြိုးပြိုးပြောင်ပြောင်ဖြင့် မိန်းမအချို့ လိုက်ပါလာကြကာ အသံစူးစူးဖြင့် အော်ဟစ်လျက်ရှိခြင်းပင် ဖြစ်၏။

ပီယာသည် လျှို့ဝှက်ခက်ခဲသော အင်အားစုကို နားလည်သဘောပေါက်ခဲ့ပြီးသည့်နောက်မှစ၍ ၎င်းအဖို့ မြင်မြင်သမျှသည် အထူးအဆန်း မဟုတ်တော့ချေ။ ကြောက်စရာ မဟုတ်တော့ချေ။ တစ်ယောက်ယောက် လက်ကမြင်းသွားသဖြင့် မျက်နှာတွင် အိုးမည်းတွေ ပေကျံနေသော အလောင်းကောင်သည် လည်းကောင်း၊ ထိုမိန်းမများသည် လည်းကောင်း၊ မီးလောင်ပျက်စီးလျက်ရှိသော မော်စကိုမြို့သည်လည်းကောင်း ပီယာ့အဖို့ ကြောက်လန့်စရာမဟုတ်တော့ချေ။ အံ့သြစရာမဟုတ်တော့ချေ။ ယခုအချိန်၌ ပီယာမြင်မြင်သမျှအရာတို့သည် ၎င်း၏ စိတ်တွင် အမှတ်ထင်ထင်ဖြစ်အောင် မတတ်နိုင်ကြတော့ပြီ။ ပြင်းထန်ခက်ခဲသော အရာကြီးတစ်ခုအတွက် အဆင်သင့် ဖြစ်လျက်ရှိသော ၎င်း၏ ညာဉ်သည် ၎င်းအား အားနည်းစေမည့် ထင်ဟပ်ချက်များကို လက်ခံရန် ငြင်းဆန်လျက် ရှိလေသလောဟုပင် ထင်ရတော့သည်။

မိန်းမများ စီးနင်းလိုက်ပါသည့် ရထားများသည် ၎င်းတို့အနီးမှ ဖြတ်သန်းသွားကြ၏။ ထို့နောက်တွင် ဝန်တင်လှည်းများ၊ စစ်သားများ၊ ကရထားများ၊ စစ်သားများ၊ အမြောက်ရထားများ၊ ကရထားများ၊ စစ်သားများ၊ ခဲယမ်းမီးကျောက်လှည်းများ၊ စစ်သားများ၊ ၎င်းတို့အထဲ၌ ကြိုးကြားကြိုးကြာ မိန်းမများ စသည်တို့ ပါလာကြ၏။

ပီယာသည် ဤသူများကို လူအဖြစ် မမြင်တော့ဘဲ လှုပ်ရှားမှုကြိုးတစ်ရပ်အဖြစ်သာ မြင်တော့သည်။

ဤသူများနှင့် ဤမြင်းများသည် မြင်နိုင်စွမ်းမရှိသော တန်ခိုးတစ်ခု၏ မောင်းနှင်မှုဖြင့် ရှေ့တူရူသို့ သွားလျက်ရှိကြသည်ဟု ပီယာထင်မိ၏။ ပီယာ စောင့်ကြည့်လျက်ရှိသည့် တစ်ချိန်လုံး၌ ၎င်းတို့သည် လျင်မြန်နိုင်သမျှ လျင်မြန်စွာ ရောက်လိုဇောဖြင့် လမ်းအသွယ်သွယ်မှ စီးထွက်လာကြ၏။ ၎င်းတို့သည် တစ်ဦးကိုတစ်ဦး တိုးဝှေ့ခြင်းပြုကြ၏။ စိတ်ဆိုးမာန်ဆိုးဖြင့် သတ်ပုတ်ခြင်း ပြုကြ၏။ သွားများကို ဖြဲပြလျက် နဖူးကြီးတွေ ရှုံ့တွလျက် ရှိကြ၏။ ပြောင်းလဲခြင်းမရှိသော ဆဲရေးတိုင်းထွာသံများသည် တစ်ဖက်မှ တစ်ဖက်သို့ အပြန်အလှန် စီးဆင်းသွားကြ၏။ ၎င်းတို့၏ မျက်နှာများ အားလုံးပေါ်၌ နံနက်က တပ်ကြပ်၏ မျက်နှာပေါ်တွင် ပီယာ တွေ့မြင်ခဲ့ရသော မောက်မာဝင့်ကြွား၍ ကြမ်းကြုတ် ရက်စက်သော အမူအရာသည် ပေါ်လွင်လျက်ရှိ၏။

ညနေကျမှ အကျဉ်းသားများကို စောင့်ကြပ်လိုက်ပါလာသော အစောင့်တပ် တပ်မှူးသည် ၎င်း၏လူများကို စုကာ အော်ဟစ်ဆဲဆိုရင်း ဝန်တင်လှည်းများကြားမှ တိုးထွက်ခဲ့ရသည်။ အဘက်ဘက်မှ ညှပ်ပိတ်ခံနေရသော အကျဉ်းသားများသည် ထိုအခါကျမှ ကာလူဂါပေတစ်ရာလမ်းမကြီးပေါ်သို့ ရောက်ရှိလာခဲ့ကြလေသည်။

၎င်းတို့သည် တစ်ထောက်မျှ ရပ်နားခြင်းမရှိဘဲ အလျင်အမြန် ချီတက်ခဲ့ကြပြီးနောက် မိုးစုပ်စုပ်ချုပ်သည့် အခါကျမှ ရပ်နားကြသည်။ ဝန်တင်လှည်းများသည် တစ်နေရာတွင် စုရုပ်ကာ စစ်သားများသည် ညစခန်း ရပ်နားရန် ပြင်ဆင်ကြ၏။ ၎င်းတို့အားလုံးသည် စိတ်တိုလျက်ရှိကာ မကျေမနပ်ဖြစ်လျက်ရှိကြ၏။ ကျိန်ဆဲသံများ၊ အော်ဟစ်သံများ၊ ရန်ဖြစ်သံများသည် အချိန်အတန်ကြာမျှ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ဆူညံလျက်ရှိကြသည်။ အစောင့်လိုက်ပါလာသော ရထားတစ်စင်းက လှည်းတစ်စင်းကို ဝင်တိုက်မိသဖြင့် ရထားနှင့်ဝင်ရိုး ငြိကာ လှည်းနံရံတွင် အပေါက်ဟောင်းလောင်းကြီး ဖြစ်သွား၏။ စစ်သားများသည် လှည်းဆီသို့ ပြေးလာကြသည်။ တချို့က ရထားမြင်းများကို တဗုန်းဗုန်း ရိုက်ကြ၏။ တဖန်အချင်းချင်း သတ်ပုတ်ကြပြန်သည်။ ဂျာမန်တစ်ယောက်မှာ မည်သူ့လက်ချက်ကြောင့်မသိ။ ခေါင်းတွင် ဓားခုတ်ခံလိုက်ရခြင်းကို ပီယာ မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းဦးပေါက်၏ အေးမြသော ဆည်းဆာည ချမ်းတွင် ကွင်းပြင်ကြီးများထဲ၌ ရပ်နားလျက်ရှိသော ၎င်းတို့အားလုံးသည် ၎င်းတို့အား ခရီးအစတွင် ချုပ်ကိုင်လွှမ်းမိုးခဲ့သော မြန်မြန်ရောက်လိုစေဖြင့် ဂနာမငြိမ်နိုင်ကြဘဲ တလှုပ်လှုပ်တရွရွ ဖြစ်လျက်ရှိကြ၏။ ရပ်နားသည့် အခါတိုင်းလည်း မိမိတို့ ဘယ်ဆီဘယ်စခန်းသို့ ဆိုက်ရောက်ကြဦးမည်နည်းဟူသော အချက်ကိုလည်းကောင်း၊ လမ်းခရီးတွင် ခက်ခဲနာကျင်သော အရာများကို တွေ့ရဦးမည်ဆိုသော အချက်ကိုလည်းကောင်း အလိုလို နားလည်နေကြဟန် ရှိလေသည်။

စခန်းချ ရပ်နားစဉ်၌ကား အစောင့်များက အကျဉ်းသားများကို ဆက်ဆံပုံမှာ ခရီးထွက်ခါစကထက်ပင် ဆိုးလာသေးသည်။ အကျဉ်းသားများသည် အသားပုံစံအဖြစ် မြင်းသားကို ပထမဆုံး ရရှိကြသည်။

ပြင်သစ်များသည် ယခင်က အကျဉ်းသားများအား ဖော်ဖော်ရွေရွေ ဆက်ဆံခြင်း ပြုခဲ့ကြသော်လည်း ယခုမူ အရာရှိမှ တပ်သားအထိ အားလုံး အသာ အကျဉ်းသားများကို ပုဂ္ဂိုလ်ရေး ရန်သူကြီးများသဖွယ် ဆက်ဆံခြင်း ပြုကြလေသည်။

ထိုနေ့ညနေ လူစစ်၍ မော်စကိုမှအထွက် ရုတ်ရုတ်သဲသဲဖြစ်နေသည့်အချိန်တွင် ရူးသွပ်ဟန်ဆောင်နေသည့် ရုရှားစစ်သားတစ်ယောက် ထွက်ပြေးကြောင်းကို သိရသည့် အခါ၌ကား၊ ၎င်းတို့၏ ဆက်ဆံပုံမှာ ပို၍ ဆိုးရွားလာခဲ့လေပြီ။ ပေတစ်ရာလမ်းမကြီးမှ ဝေးဝေးသို့ ထွက်သွားရမည်လောဟု ဆိုကာ ပြင်သစ်စစ်သားတစ်ယောက်က ရုရှားအကျဉ်းသားတစ်ယောက်အား ရက်စက်စွာ ရိုက်နှက်နေခြင်းကို ပိယာမြင်ရ၏။ ၎င်း၏အသိ ပြင်သစ်ဗိုလ်ကြီးသည် အကျဉ်းသားထွက်ပြေးသည့်အတွက် အရာခံ ဗိုလ်လေးတစ်ဦးကို စစ်ခုံရုံးတင်မည်ဟု ခြိမ်းခြောက် မောင်းမဲနေခြင်းကိုလည်း ပိယာကြားလိုက်ရသည်။ အကျဉ်းသားမှာ မကျန်းမမာဖြစ်လျက်ရှိကြောင်းဖြင့် အရာခံဗိုလ်က ပြန်ပြောပြသည့်အခါ၌ မလိုက်နိုင်သူများကို ပစ်သတ်ရမည်ဟု အမိန့်ထုတ်ထားကြောင်းဖြင့် ပိယာ့အသိဗိုလ်ကြီးက ပြန်ပြောလျက်ရှိသည်။ မိမိအား လူသတ်ကုန်းတွင် ဆုပ်ကိုင်ခြေမွပစ်ခဲ့သော ထို'မရဏာအင်အား'စု'သည် အကျဉ်းထောင်ထဲတွင် ပျောက်ကွယ်နေခဲ့သော်လည်း ယခု မိမိ၏ဘဝကို စိုးမိုးချုပ်ကိုင်လျက်ရှိပြန်ပြီဟု ပိယာ အောက်မေ့မိသည်။ ထိုအင်အားစုသည် ကြောက်ဖွယ်ကောင်းသည်မှာ မှန်ပါသည်။ သို့ရာတွင် မိမိအား ခြေမွပစ်ရန် ကြိုးစားလျက်ရှိသော ထိုအင်အားစုထက် ပို၍ အားကောင်းသော 'ဘဝအင်အားစု'သည် မိမိ၏ဝိညာဉ်ထဲတွင် ကြိုးထွားလျက်ရှိခြင်းကိုလည်း ပိယာ သတိပြုမိသည်။

ပိယာသည် ဂျူစေပ္ပြုတ်ရည်၊ မြင်းသားပြုတ်တို့ဖြင့် ညစာစားပြီးနောက် ၎င်း၏ရဲဘော်များနှင့် စကားပြောလျက်ရှိလေသည်။

မော်စကိုမြို့တွင် မြင်ခဲ့ရသော အခြင်းအရာများကိုသော်လည်းကောင်း၊ မိမိတို့အပေါ်တွင် ပြင်သစ်တို့က ရိုင်းပြစွာ ဆက်ဆံပုံကိုလည်းကောင်း၊ မိမိတို့အား ပစ်သတ်ရန် အမိန့်ထုတ်ထားခြင်းကိုသော်လည်းကောင်း မည်သူကမျှ ပြောဆိုခြင်းမပြုကြချေ။ ဆိုးရွားလျက်ရှိသော မိမိတို့၏ အခြေအနေကို ပြန်လည်တုံ့ပြန်တွန်းကန်လျက်ရှိသည့်နှယ် ၎င်းတို့အားလုံးသည် အထူးရွင်ပျ ထက်သန်လျက်ရှိကြလေသည်။ ၎င်းတို့အားလုံးသည် ရှေးဟောင်းနှောင်းဖြစ် ကိုယ်တွေ့များကို ပြန်ပြောကြ၏။ စစ်ပွဲတွင်းကြုံတွေ့ခဲ့ရသော ရယ်စရာအဖြစ်အပျက်များကို ပြန်ပြောကြ၏။ လက်ရှိအခြေအနေနှင့် စပ်လျဉ်း၍ကား တစ်ခွန်းမျှ ပြောဆိုခြင်း မပြုကြချေ။

နေဝင်သွားသည်မှာ အတော်ကြာခဲ့လေပြီ။ ကောင်းကင်တစ်ခိုတွင် တောက်ပသော ကြယ်ပွင့်များသည် တရွှန်းရွှန်း လက်လျက်ရှိကြ၏။ လပြည့်ဝန်း၏ အရောင်ကြောင့် အရှေ့ကောင်းကင်တစ်ခွင်သည် မီးလောင်သည့်ပမာ နီရဲလျက်ရှိ၏။ မကြာမီမှာပင် နီရဲသော လဝန်းသည် မှိုင်းပြာသော နှင်းမြူတို့အကြားတွင် တဝိုက်ဝိုက် ထွက်ပေါ်လာလေသည်။ ညနေဆည်းဆာ ကုန်ဆုံးပြီ ဖြစ်သော်လည်း ညချမ်းသို့ မရောက်တတ်သေးချေ။ ပိယာသည် မိမိရဲဘော်များအနီးမှ ထလာခဲ့ကာ စခန်း မီးပုံများကြားမှဖြတ်၍ ပေတစ်ရာလမ်းတစ်ဖက်သို့ ကူးလာခဲ့သည်။ ထိုတစ်ဝိုက်တွင် ရိုးရိုးအကျဉ်းသားများ ရှိသည်ဟု ကြားရ၏။ ပိယာသည် ၎င်းတို့နှင့် စကားစမြည် ပြောလိုပေသည်။ ပေတစ်ရာလမ်းပေါ်အရောက်တွင် ပြင်သစ်အစောင့်တစ်ဦးနှင့်တွေ့၍ ပိယာအား ကိုယ့်နေရာကိုယ် ပြန်သွားရန် အမိန့်ပေးခြင်းပြုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပီယာသည် ပြန်လှည့်လာခဲ့၏။ သို့ရာတွင် ၎င်း၏ ရဲဘော်များဆီသို့ ပြန်မသွားတော့ဘဲ မြင်းဖြူတံထားသည့် လှည်းတစ်စီးအနီးသို့ လာခဲ့သည်။ ထိုအနီးတစ်ဝိုက်တွင် လူသူရှင်းလျက်ရှိပေသည်။ ပီယာသည် လှည်းဘီးအနီး စိုစွတ်သောမြေကြီးပေါ်တွင် မလှုပ်မရှား တင်ပျဉ်ခွေထိုင်ရင်း ခေါင်းငိုက်စိုက်ဖြင့် အချိန်အတော်ကြာမျှ တွေးလျက်ရှိ၏။ ထို့နောက် ရုတ်တရက် ကျယ်လောင်စွာ အားရပါးရ ရယ်ချလိုက်သည်။ ၎င်း၏ ရယ်သံကြောင့် ခပ်လှမ်းလှမ်းမှ လူများသည် လှမ်းကြည့်လိုက်ကြ၏။ ၎င်းတို့သည် ထူးဆန်းကြယ်လောင်သော ရယ်သံကို နားမလည်နိုင်ဘဲ ဖြစ်လျက်ရှိကြသည်။

"ဟား ဟား ဟား ဟား"

ပီယာသည် အားပါးတရ ရယ်လျက်ရှိ၏။ ထို့နောက် တစ်ယောက်တည်း ကျယ်လောင်စွာ စကားပြောလျက် ရှိလေသည်။

"ငါ့ကို ပေတစ်ရာဟိုဘက် မသွားရဘူးလို့ တားတယ်။ ငါ့ကိုဖမ်းပြီး လှောင်ထားတယ်။ ငါ့ကို အကျဉ်းချထားတယ်။ ငါဟာ ဘယ်သူလဲ။ ဘယ်မှာလဲ။ ဟေ့၊ ငါဆိုတာ ဝိညာဉ်ကွ။ ငါ့ဝိညာဉ်ကွ၊ မသေနိုင်တဲ့ ငါ့ဝိညာဉ်ကွ။ သိရဲ့လား။ ဟား ဟား ဟား ဟား"

ပီယာသည် မျက်ရည်ထွက်သည်အထိ ရယ်၏။

လူတစ်ယောက် ထလာ၍ ဤထူးဆန်းသော အလုံးအဖန်ထွားထွားသတ္တဝါသည် အဘယ်ကြောင့် တစ်ယောက်တည်း ရယ်မောလျက်ရှိသနည်းဟု ကြည့်ရှုလျက်ရှိသည်။ ပီယာသည် အားရပါးရ ရယ်ပြီးနောက် အရယ်ရပ်ကာ စပ်စုသော ထိုလူအနီးမှ ဝေးရာသို့ ထလာခဲ့ပြီး ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်မိသည်။

မီးပုံများမှ မီးဝါးသံများ၊ စကားပြောသံများဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်လျက်ရှိသော အဆုံးအစ မရှိသည့် ကွင်းစခန်းကြီးသည် တိတ်ဆိတ်သွားခဲ့လေပြီ။ နီရဲသော မီးပုံများသည် ဖျော့တော့ကာ ငြိမ်းစ ပြုကြလေပြီ။ လပြည့်ဝန်းသည် ကောင်းကင်ထက်၌ တွဲလွဲဆိုင်းလျက်ရှိ၏။ ယခင်က သဲကွဲစွာ မမြင်ခဲ့ရသော စခန်းတစ်ဖက်မှ တောအုပ်များ၊ လယ်ကွင်းများကို မြင်ရလေပြီ။ ထိုတောအုပ်များနှင့် လယ်ကွင်းများအလွန်၌ တောက်ပသော၊ ဝင်းလက်သော၊ အဆုံးမရှိသော လဟာပြင်ကြီးသည် 'မိမိထံလာလှည့်'ဟု ဖိတ်ခေါ်နေသကဲ့သို့ရှိ၏။ ပီယာသည် နက်ရှိုင်းသော မိုးပြင်ထက်မှ မှိတ်တုတ်မှိတ်တုတ် ကြယ်ပွင့်များနှင့် မိုးကောင်းကင်ကြီးကို မော်ကြည့်မိသည်။

'ဟုတ်တယ်၊ ဒါတွေအားလုံးဟာ ငါပဲ။ ဒါတွေအားလုံးဟာ ငါ့ရင်ထဲမှာ၊ ငါ့ဝိညာဉ်ထဲမှာ ရှိတယ်'ဟု ပီယာတွေး၏။ 'ဒါတွေအားလုံးကို ဖမ်းဆီးပြီး တဲတစ်လုံးထဲမှာ လှောင်ပိတ်ထားတော့ကော ဖြစ်ရောတဲ့လား"

ပီယာသည် ပြုံး၏။ ထို့နောက် လျှောက်လာခဲ့ကာ ၎င်း၏ ရဲဘော်များဘေးတွင် လဲအိပ်ချလိုက်လေသည်။

အခန်း ၁၅

အောက်တိုဘာလဆန်းစ၌ နပိုလီယန်ထံမှ ငြိမ်းချမ်းရေးဆွေးနွေးရန် အဆိုပြုချက်ပါသော စာချွန်တစ်စောင်ကို ယူဆောင်လာသည့် အခြား စေတမန်တစ်ဦး စစ်သေနာပတိချုပ် ကူတူဇော့ဗ်ထံ ရောက်ရှိလာပြန်လေသည်။ နပိုလီယန်သည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်နှင့် မလှမ်းမကမ်း ကာလူဂါ ပေတစ်ရာလမ်းဟောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်သော်လည်း မော်စကိုနေ့စွဲဖြင့် ရက်စွဲလွှဲတပ်ထား၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကလည်း ယခင်မြို့စားကြီး လောရစ္စတန် ယူဆောင်လာသည့် စာချွန်ကို ပြန်ကြားသကဲ့သို့ပင် 'ငြိမ်းချမ်းရေးဆွေးနွေးရန် ပြဿနာ မပေါ်'ဟု အကြောင်းပြန်ကြားလိုက်သည်။

ထို့နောက် မကြာမီတွင် တာရူတီနို၏ လက်ဝဲဘက်တွင် လှုပ်ရှားလျက်ရှိသော ဗိုလ်ချုပ် ဒိုရိုကော့ဗ်၏ ပြောက်ကျားတပ်ဖွဲ့မှ သတင်းပေးပို့ချက်တစ်ခု ရောက်ရှိလာခဲ့လေသည်။ ပြင်သစ်ဗိုလ်ချုပ် ဘရိုးစီးယား၏ တပ်မကြီးမှ တပ်များကို ဖိုးမင့်ဒေသတွင် တွေ့မြင်လိုက်ရကြောင်း၊ ၎င်းမှာ မဏ္ဍိုင်ပြင်သစ် စစ်တပ်ကြီးနှင့် ကွဲလျက်ရှိသည့်အလျောက် အလွယ်တကူ ချေမှုန်းနိုင်ဖွယ်ရာရှိကြောင်းဖြင့် ထိုသတင်းပို့ချက်တွင် ပါရှိ၏။ တပ်ဗိုလ်များနှင့် တပ်သားများက တိုက်စစ်ဆင်ခွဲရန် တောင်းဆိုခြင်း ပြုကြပြန်သည်။ တာရူတီနိုတွင် လွယ်လွယ်နှင့် အောင်ပွဲရခဲ့ခြင်းကြောင့် သွေးကြွလျက်ရှိသော စစ်ဦးစီးဌာန ဗိုလ်ချုပ်များကလည်း ဗိုလ်ချုပ် ဒိုရိုကော့ဗ်၏ အကြပေးချက်အတိုင်း ဆောင်ရွက်ရန် စစ်သေနာပတိချုပ် ကူတူဇော့ဗ်အား

www.burmeseclassic.com

www.burmeseclassic.com

တိုက်တွန်းကြလေသည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ် ကမူကား ယခုအချိန်တွင် ထိုးစစ်တိုက်စစ်တစ်ရပ် ဆင်နွှဲရန်မလိုဟု ယူဆလေသည်။ ဤတွင် မလွှဲမရှောင်သာ နှစ်ဖက်စေ့စပ်ကြရ၏။ သဘောတူညီချက်အရ ပြင်သစ်ဗိုလ်ချုပ် ဘရိုးစီးယားကို တိုက်ခိုက်ရန် တပ်ခွဲကလေး တစ်ခွဲကို ဖိုးမင့်သို့ စေလွှတ်လိုက်လေသည်။

ထူးဆန်းသော တိုက်ဆိုင်မှုကြောင့် အခက်အခဲဆုံးနှင့် အရေးအကြီးဆုံး အလုပ်တစ်ခုဖြစ်သော ထိုတာဝန်ကို ဗိုလ်ချုပ် ဒိုတူရော့ဗ်အား ပေးအပ်လိုက်ကြ၏။ ဗိုလ်ချုပ် ဒိုတူရော့ဗ်ကား အခြားသူမဟုတ်။ စစ်ဆင်ရေး စီမံကိန်းများကို ရေးဆွဲခဲ့သူ၊ တပ်ရင်းများရှေ့တွင် ကိုယ်တိုင် ခေါင်းဆောင်၍ တိုက်ခိုက်ခဲ့သူ။ ရန်သူအမြောက်တပ်များထဲသို့ ရွှေတံဆိပ်များ ပစ်ကြဲချ၍ မိမိတပ်သားများကို အတိုက်ခိုင်းခဲ့သူ စသည်ဖြင့် အခြားဗိုလ်ချုပ်များအကြောင်းကို အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြသလောက် ၎င်း၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရာဇဝင်ကျမ်းများတွင် အရေးတယူ ဖော်ပြခြင်းမခံခဲ့ရသော ရိုးရိုးကုပ်ကုပ်နေတတ်သည့် လူပုကလေး ဒိုတူရော့ဗ်၊ မပြတ်သားသူ၊ အရှည်မမြင်တတ်သူဟု ဝိုင်းဝန်းအပြစ်ဖို့ခြင်း ခံခဲ့ရသော်လည်း သြစတားလစ် တိုက်ပွဲမှစ၍ ၁၈၁၃-ခုနှစ်အထိ ဖြစ်ပွားခဲ့သမျှသော ရုရှား-ပြင်သစ်စစ်ပွဲများတစ်လျှောက်လုံး၌ ရေထဲမိုးထဲ အခက်အခဲရောက်တိုင်း ရှေ့ဆုံးက ထွက်တိုက်ခဲ့ရသော ဒိုတူရော့ဗ်၊ သြစတားလစ်စစ်ပွဲ သြဂတ်တာရိုးတိုက်ပွဲတွင် တပ်နောက်ဖျားမှ အခြားဗိုလ်ချုပ်များ အတုံးအရုံးကျဆုံးချိန်၊ အချို့လည်း အသားနီလန်အောင် ထွက်ပြေးကြချိန်၌ တစ်ယောက်တည်း ခံချခဲ့သော ဒိုတူရော့ဗ်၊ တဟီးဟီးတုန်အောင် ငှက်ဖျားတက်နေသည့်ကြားက တပ်သားနှစ်သောင်းလောက်မျှဖြင့် စမိုးလင့်သို့ သွားရောက်ကာ နပိုလီယန်၏ စစ်တပ်ကြီးတစ်တပ်လုံးနှင့် ဆိုင်၍ စမိုးလင့်မြို့ကို ထိန်းခဲ့ရသော ဒိုတူရော့ဗ်၊ ရန်သူက အမြောက်ကြီးများဖြင့် တဝုန်းဝုန်း ပစ်နေသည့်ကြားက ရန်သူတို့ကို စမိုးလင့်မြို့ မာလာကော့ တံခါးမှ တစ်နေကုန် ခံတိုက်ခဲ့ရသော ဒိုတူရော့ဗ်ပင် ဖြစ်ပါသတည်း။ ဘိုရိုဒိနိုတိုက်ပွဲတွင် ဗိုလ်ချုပ်ဘာဂရေးရှင်း ကျဆုံးကာ ရုရှားတို့၏ လက်ဝဲတောင်ပံမှ တပ်များ ဆယ်ပုံပုံလျှင် ကိုးပုံ ကျဆုံးလျက်ရှိချိန်၊ ပြင်သစ်အမြောက်ကြီးများအားလုံးက စုပြုံပစ်ခတ်လျက်ရှိချိန်တို့၌ ရှိစုမဲ့စုအင်အားကလေးဖြင့် ခုခံရန်စေလွှတ်ခြင်းခံရသူမှာလည်း ဤ'မပြတ်သားသော၊ အရှည်မမြင်တတ်သော' ဒိုတူရော့ဗ်ပင် ဖြစ်ပါသည်။ ထိုစဉ်က ထိုနေရာသို့ အခြားတစ်ယောက်ကိုလွှတ်ပြီးခါမှ ချက်ချင်း ပြန်ခေါ်ကာ ဒိုတူရော့ဗ်ကို စေလွှတ်ခဲ့ပါသည်။ စကားနည်းသော လူပုကလေး ဒိုတူရော့ဗ်သည် ဘိုရိုဒိနိုတိုက်ပွဲ လက်ဝဲတောင်ပံသို့ မြင်းတစ်စီးဖြင့် ထွက်လာခဲ့ပါသည်။ ထိုအခါ၌ ဘိုရိုဒိနိုတိုက်ပွဲသည် ရုရှားစစ်တပ်ကြီး၏ အကြီးမားဆုံးသော၊ ဂုဏ်အပြောင်ဆုံးသော အောင်ပွဲကြီးတစ်ခု ဖြစ်လာခဲ့ရလေသည်။ ရာဇဝင်ကျမ်းများ၊ မော်ကွန်းများသည် အခြားများစွာသော သူရဲကောင်းများအကြောင်းကို လက်ံ၊ စကားပြေနှစ်ထွေဖြင့် ခမ်းနားကြီးကျယ်စွာ အရေးတယူဖော်ပြခဲ့ကြသော်လည်း ဒိုတူရော့ဗ်နှင့် ပတ်သက်၍ကား တစ်လုံးမျှ ရေးသားဖော် မရခဲ့ကြချေ။

ဖိုးမင့်သို့ စေလွှတ်ခြင်းခံခဲ့ရသူ၊ ထိုမှတစ်ဖန် ပြင်သစ်တို့နှင့်အဆုံးပိတ် တိုက်ပွဲဖြစ်ပွားရာ၊ ပြင်သစ်တပ်ကြီး စတင်ဖရိုဖရဲဖြစ်ရာအရပ်ဖြစ်သည့် မာလိုယာရိုစလက်သို့ စေလွှတ်ခြင်းခံခဲ့ရသူမှာလည်း ဒိုတူရော့ဗ်ပင် ဖြစ်ပါသည်။ ရုရှား-ပြင်သစ် တိုက်ပွဲစဉ် ထိုကာလအတောအတွင်း ပေါ်ပေါက်ခဲ့ကြသော သူရဲကောင်းများ၊ ဘုန်းကံပါရမီရှင်များအကြောင်းကို ကျွန်ုပ်တို့ နားမဆုံအောင် ကြားခဲ့ရသော်လည်း ဗိုလ်ချုပ်ဒိုတူရော့ဗ်အကြောင်းနှင့် စပ်လျဉ်း၍ကား ဘာတစ်လုံးမျှ ပြောသံမကြား‌ရချေ။ အနည်းအကျဉ်း ပြောသံကြား‌ရသည်ဆိုလျှင်လည်း မရေမရာ ဝိုးတိုးဝါးတားမျှသာ ဖြစ်လေသည်။ ဒိုတူရော့ဗ်နှင့် ပတ်သက်၍ ရာဇဝင်ဆရာများက ဤသို့ နှုတ်ပိတ်ရေငုံလုပ်နေကြခြင်းကို ကြည့်ရုံမျှဖြင့် ဒိုတူရော့ဗ်သည် မည်မျှတော်သော စစ်ဗိုလ်ကောင်းတစ်ယောက်ဖြစ်ကြောင်း လယ်ပြင်တွင် ဆင်သွားသည့်ပမာ ထင်ရှားလှပါပြီ။

စက်ယန္တရားတစ်ခု၏ အလုပ်လုပ်ပုံကို နားမလည်သူတစ်ယောက်အမြင်၌ စက်ထဲသို့ မတော်တဆ ကျသွားကာ ထိုထိုဤဤ ညပ်ပါရင်း စက်၏ လှုပ်ရှားမှုကို အနှောင့်အယှက်ပြုလျက်ရှိသော အမှိုက်ကလေးတစ်ပင်သည် စက်၏ အရေးကြီးဆုံး အစိတ်အပိုင်းတစ်ခုဟု မှတ်ထင်နေမည်မှာ သဘာဝကျပါသည်။

စက်၏ အရေးကြီးဆုံး အစိတ်အပိုင်းသည် စက်

www.burmeseclassic.com

www.burmeseclassic.com

လူပ်ရှားမှုကို နှောင့်ယှက်ဟန့်တားခြင်း ပြုလျက်ရှိသော အမှိုက်ကလေးတစ်ပင် မဟုတ်ဘဲ တိတ်ဆိတ်စွာ လည်ပတ်လျက်ရှိသော ခွေးသွားစိပ်ကလေးတစ်ခုသာ ဖြစ်သည်ဆိုခြင်းကို စက်ယန္တရား ဖွဲ့စည်းမှုကို နားမလည်သူ တစ်ယောက်အနေဖြင့် မည်သို့မျှ သဘောပေါက်နိုင်မည် မဟုတ်ပါ။

အောက်တိုဘာလ ၁၀-ရက်နေ့တွင် ဗိုလ်ချုပ်ဒိုတူရော့ဗ်သည် ဖိုးမင့်သို့သွားရာ လမ်းတစ်ဝက်ဖြစ်သော အရစ္စတိုဗိုအမည်ရှိ ရွာကလေးတစ်ရွာတွင် ရပ်နားကာ မိမိရရှိသော အမိန့်များကို အကောင်အထည်ဖော်ရန် အတိအကျ ပြင်ဆင်လျက်ရှိ၏။ ထိုစဉ်တွင် သွေးရူးသွေးတန်းဖြင့် ရုရှားတို့ကို တိုက်ခိုက်ရန် ပြင်သစ်ဗိုလ်ချုပ်မူးရတ်၏ စခန်းသို့ ရောက်လျက်ရှိသည့် ပြင်သစ်စစ်တပ်ကြီးတစ်တပ်လုံးသည် အကြောင်းတစ်စုံတစ်ရာ မရှိဘဲ ရုတ်တရက် လက်ဝဲဘက်သို့ ကွေ့ကာ ကာလူဂါ ပေတစ်ရာ လမ်းသစ်ပေါ်တွင် ဘွားခနဲပေါ်လာပြီး ပြင်သစ်ဗိုလ်ချုပ် ဘရိုးစီးယား၏ တပ်တစ်တပ်တည်းသာ ရှိနေသော ဖိုးမင့်သို့ ရောက်လာ၏။ ထိုအချိန်၌ ရုရှားဗိုလ်ချုပ်ဒိုတူရော့ဗ်၏ ကွပ်ကဲမှုအောက်တွင် ဒိုရိုကော့ဗ်၏ တပ်ခွဲတစ်ခွဲနှင့် ဖစ်ဂနာနှင့် ဆက်စလေဗင်တို့ ဦးစီးသော ပြောက်ကျားတပ်ခွဲကလေးနှစ်ခွဲသာ ရှိ၏။

အောက်တိုဘာလ ၁၁ ရက်နေ့ညနေ၌ ပြောက်ကျားတပ်ခွဲမှူး ဗိုလ်ချုပ်ဆက်စလေဗင်သည် ဖမ်းဆီးရမိသော ပြင်သစ်ကိုယ်ရံတော်တပ်သားတစ်ဦးကို ဗိုလ်ချုပ် ဒိုတူရော့ဗ် စခန်းချရာ အရစ္စတိုဗိုစခန်းဌာနချုပ်သို့ ခေါ်လာခဲ့လေသည်။ ပြင်သစ်သုံ့ပန်း၏ အဆိုအရ ထိုနေ့က ဖိုးမင့်သို့ ဝင်ရောက်လာခဲ့သောတပ်မှာ ပြင်သစ်စစ်တပ်ကြီး၏ တပ်ဦးဖြစ်ကြောင်း၊ တပ်ဦးနှင့်အတူ နပိုလီယန်လည်း လိုက်ပါလာကြောင်း၊ ပြင်သစ်စစ်တပ်ကြီးမှာ လွန်ခဲ့သော လေးရက်ကပင် မော်စကိုမှ ဆုတ်ခွာခဲ့ကြောင်းဖြင့် သိရ၏။ ထိုနေ့ညနေ၌ပင် ဘိုရော့ဗ်မှ ရောက်လာသော အိမ်ကျွန်တစ်ဦးကလည်း အလွန်ကြီးမားသော ပြင်သစ်စစ်တပ်ကြီးတစ်တပ် ဘိုရော့ဗ်မြို့ထဲသို့ ရောက်၍လာကြောင်းဖြင့် ပြောပြ၏။ ဗိုလ်ချုပ် ဒိုတူရော့ဗ်၏ တပ်မှ ကော့ဆက်မြင်းတပ်သား အချို့ကလည်း ပြင်သစ်ကိုယ်ရံတော်တပ်များ ဘိုရော့ဗ်မြို့ဘက်ဆီသို့ ချီလာသည်ကို မြင်ခဲ့ရကြောင်းဖြင့် သတင်းပို့ကြသည်။ ဤသတင်းများကို ထောက်လျှင် (ပြင်သစ်ဗိုလ်ချုပ် ဘရိုးစီးယား၏) တပ်မကြီးတစ်တပ်မျှသာ ရှိမည်ဟု မျှော်လင့်ရသော ဖိုးမင့်ဒေသတွင် မျှော်လင့်ထားခြင်း မရှိသော ကာလူဂါပေတစ်ရာအတိုင်း မော်စကိုမှ ဆုတ်ခွာလာသော ပြင်သစ်စစ်တပ်ကြီးတစ်တပ်လုံးနှင့် ပက်ပင်းတိုးလျက် ရှိချေပြီ။ ဗိုလ်ချုပ်ဒိုတူရော့ဗ်သည် မည်သို့ပြုရမည်ကို ကောင်းစွာ မစဉ်းစားရသေးသည့် အတွက် မည်သည့် လူပ်ရှားမှုကိုမျှ မလုပ်ချင်သေးဘဲ စောင့်ကြည့်လိုက်၏။ မိမိကို ပေးလိုက်သော အမိန့်မှာ ဖိုးမင့်ကို တိုက်ရန်ဖြစ်၏။ သို့ရာတွင် ဤသည်မှာလည်း ဘရိုးစီယား၏ တပ်မကြီးတစ်ခုတည်း ရှိချိန်၌သာဖြစ်၏။ သို့ရာတွင် ယခုပြင်သစ် စစ်တပ်ကြီးတစ်တပ်လုံး ရောက်လျက်ရှိလေပြီ။ ဗိုလ်ချုပ် အာမိုလော့ဗ်ကမူ ကိုယ့်ဘာသာ ဆုံးဖြတ်၍ တိုက်လိုသည်။ သို့ရာတွင် ဗိုလ်ချုပ် ဒိုတူရော့ဗ်က စစ်သေနာပတိချုပ်၏ အမိန့်အတိုင်း လိုက်နာရမည်ဟု ဆိုသည်။ ထို့ကြောင့် နောက်ဆုံးတွင် စစ်သေနာပတိချုပ်၏ စစ်ဦးစီးဌာနချုပ်သို့ အကြောင်းကြားရန် ဆုံးဖြတ်လိုက်ကြသည်။

ထိုသတင်းကို သွားရောက်ပို့ရန်အတွက် ချက်ချက်ချာချာရှိသော ဘိုကိုဗိတိနော့ဗ်ဆိုသူ တပ်ဗိုလ်တစ်ဦးကို ရွေးချယ်လိုက်ကြ၏။ ၎င်းက ရေးသားထားသော သတင်းပို့ချက်တစ်စောင်ကို ပေးကာ နှုတ်ဖြင့်လည်း ရှင်းလင်းပြောပြရန်ဖြစ်၏။ ညဉ့်သန်းခေါင်လောက်၌ ဘိုကိုဗိတိနော့ဗ်သည် အစီရင်ခံစာနှင့် နှုတ်မိန့်ကို ရယူပြီးနောက် ကော့ဆက်မြင်းတပ်သားတစ်ဦး၊ လမ်းတွင် လဲလှယ်ရန် မြင်းပိုများနှင့်အတူ စစ်ဦးစီးဌာနချုပ်သို့ ထွက်လာခဲ့လေသည်။

အခန်း ၁၆

ထိုညမှာ ပူနွေးမည်းမှောင်သည့် နွေနှောင်းညတစ်ညဖြစ်၏။ မိုးရွာခဲ့သည်မှာ လေးရက်မျှ ရှိခဲ့လေပြီ။ ဘိုကိုဗိတိနော့ဗ်နှင့် ၎င်း၏တပ်သားသည် လမ်းတွင် နှစ်ကြိမ်မြင်းလဲကာ ခွံ့တို့ဖြင့် ချော်လျက်ရှိသည့် လမ်းတစ်လျှောက်၌ တစ်နာရီခွဲအတွင်း မိုင်နှစ်ဆယ်ခရီးပေါက်အောင် ဒုန်းစီးခဲ့ကြရာ စစ်ဦးစီးဌာနချုပ် ရုံးစိုက်ရာ လစ်တာရှိကာရွာသို့ ညတစ်

www.burmeseclassic.com

www.burmeseclassic.com

ချက်တီးအကျော်တွင် ရောက်ရှိခဲ့ကြ၏။ 'စစ်ဦးစီးဌာနချုပ်'ဟူသော ဆိုင်းဘုတ်ချိတ်ထားရာ ကြခတ်ခြစည်းရိုးအတွင်းရှိ တဲအိမ်ကလေးတစ်လုံးရှေ့တွင် မြင်းပေါ်မှ ဆင်းလိုက်၍ ဇက်ကြိုးများကို ပစ်ချခဲ့ပြီးနောက် အခန်းနှစ်ခန်းကြားရှိ မည်းမှောင်သော စကြံကလေးထဲသို့ ဝင်လာခဲ့သည်။

"တာဝန်ကျ ဗိုလ်ချုပ်၊ မြန်မြန်။ အရေးကြီးတယ်" အိပ်ရာမှ ထလာကာ စကြံလမ်းကြားကလေးထဲတွင် တခွီးခွီး ချေဆတ်လျက်ရှိသော လူတစ်ယောက်ကို ဘိုကိုဗိတီနော့ဗ်က လှမ်းပြောလိုက်သည်။

"ဗိုလ်ချုပ် ညနေကတည်းက ဖျားနေတယ်ဗျ။ မအိပ်ရတာလဲ သုံးညရှိပြီ" တပ်လုလင်က လေသံပျော့ကလေးဖြင့် ပြော၏။ "အရေးကြီးရင် ဗိုလ်ကြီးကို အရင်နှိုးကြည့်ပါလား"

"မဖြစ်ဘူးဗျ၊ သိပ်အရေးကြီးတယ်။ ဗိုလ်ချုပ် ဒိုတူရော့ဗ်ဆီက သတင်းပါတယ်"

ဘိုကိုဗိတီနော့ဗ်သည် အမှောင်ထဲတွင် စမ်းရင်းတံခါးပေါက်ကို တွေ့သဖြင့် အခန်းထဲသို့ လှမ်းဝင်လိုက်သည်။

တပ်လုလင်သည် ပြန်ဝင်သွားကာ တစ်စုံ တစ်ယောက်ကို နှိုးလျက်ရှိ၏။

"ဗိုလ်ချုပ် ခင်ဗျာ၊ ဗိုလ်ချုပ်။ ဆက်သား လာပါတယ်"

"ဘာလဲကွ။ ဘယ်သူလဲ။ ဘယ်သူ့ဆီက ဆက်သားလဲ" အိပ်ချင်မူးတူး အသံတစ်သံက ပြော၏။

"ဗိုလ်ချုပ် ဒိုတူရော့ဗ်နဲ့ ဗိုလ်ချုပ်အာမိုလော့ဗ်ဆီကပါ။ နပိုလီယန် ဖိုးမင့်မှာ ရောက်နေပါပြီ ဗိုလ်ချုပ်" ဘိုကိုဗိတီနော့ဗ်က လှမ်းပြောလိုက်သည်။ အမှောင်ထဲတွင်ဖြစ်၍ မည်သူမည်ဝါ မမြင်ရသော်လည်း အသံကိုထောက်၍ ဗိုလ်ချုပ် ကိုနိုနစ်ဆင် ဖြစ်မည်ဟု ခန့်မှန်းလိုက်သည်။

အိပ်ရာမှ နိုးလာသူသည် သမ်းဝေသော ကိုယ်ကို တွန့်လိမ်ဆန့်ထုတ်နေသည်။

"ကျွန်တော်တော့ မနှိုးချင်ဘူးဗျ" ထိုသူက မှောင်ထဲတွင် တစ်စုံတစ်ရာကို စမ်းသပ်ရှာဖွေရင်း ပြောလိုက်သည်။ "တော်တော်ဖျားနေတယ်။ သတင်းက ကောလာဟလ လားမှ မသိတာဗျာ"

"ဒီမှာ သတင်းပို့ချက်ပါတယ်ခင်ဗျ" ဘိုကိုဗိတီနော့ဗ်က ပြောလိုက်သည်။ "တာဝန်ကျ ဗိုလ်ချုပ်ကို ချက်ချင်းပေးရမယ်လို့ အမိန့်ပါတယ်"

"ခဏနေဦးဗျာ။ ကျွန်တော် ဖယောင်းတိုင် ထွန်းလိုက်ဦးမယ်။ ဟာ သောက်ရေးထဲမှာ ဒီဟာက ဘယ်ရောက်နေပြန်သလဲ မသိပြန်ဘူး"ကိုယ်ကို ဆန့်ထုတ်နေသူက တပ်လုလင်ကို လှမ်းပြောလိုက်သည်။ (ထိုသူမှာ ဗိုလ်ချုပ် ကိုနိုနစ်ဆင်၏ တပ်ရေးဗိုလ်ချုပ် ရာဘီနင် ဖြစ်သည်။) ဟော၊ ဒီမှာ။ တွေ့ပြီ၊ တွေ့ပြီ"

တပ်လုလင်က မီးခတ်ကို ခြစ်လျက်ရှိစဉ် ဗိုလ်ချုပ် ရာဘီနင်သည် ဖယောင်းတိုင်ပေါ်မှ တစ်စုံတစ်ရာကို သွားကိုင်မိရာက

"အား ဒီကောင်တွေကလဲကွာ ထွီ"ဟု စက်ဆုပ်ရွံရှာစွာ အော်လိုက်သည်။

မီးခတ်မှ မီးပွင့်များ၏အရောင်၌ ဗိုလ်ချုပ်ရာဘီနင်၏ နုနယ်ပျိုရွယ်သောမျက်နှာကို မြင်ရသည်။ ဗိုလ်ချုပ် ရာဘီနင်သည် ဖယောင်းတိုင်ကို လက်တွင်ကိုင်တွယ်လျက်ရှိသည်။ အိပ်ပျော်နေသော အခြားသူတစ်ယောက်၏ မျက်နှာကိုလည်း ဘိုကိုဗိတီနော့ဗ် မြင်ရသည်။ ထိုသူမှာ ဗိုလ်ချုပ် ကိုနိုနစ်ဆင်ဖြစ်၏။

လဲမှိုမှ မီးပွားများနှင့် ထိတွေ့သဖြင့် ကန့်ကျောက်များသည် ပြာရာမှ နီစပြုလာကာ မီးတောက်လာသော အခါ၌ ဗိုလ်ချုပ်ရာဘီနင်သည် ပျားဖယောင်းတိုင် တစ်တိုင်ကို ထွန်းလိုက်ပြီးနောက် ဆက်သားမျက်နှာကို ကြည့်လိုက်သည်။ ပျားဖယောင်းတိုင်ကို ကိုက်လျက်ရှိသော ပိုးဟပ်များသည် အဝေးသို့ ထွက်ပြေးကြ၏။ ဆက်သားဘိုကိုဗိတီနော့ဗ်မှာ တစ်ကိုယ်လုံး ရွံ့စက်တွေ ပေကျံလျက်ရှိ၏။ မျက်နှာကို အကျီလက်ဖြင့် သုတ်ထားသောကြောင့် မျက်နှာတွင်လည်း ရွံ့စက်တွေ ပေလျက်ရှိလေသည်။

"ဘယ်ကရတဲ့ သတင်းလဲ"ဗိုလ်ချုပ်ရာဘီနင်က စာအိတ်ကို လှမ်းယူရင်း မေးလိုက်သည်။

"သတင်းကတော့ ခိုင်လုံပါတယ် ဗိုလ်ချုပ်" ဘိုကိုဗိတီနော့ဗ်က ပြော၏။

"သုံ့ပန်းတွေဆီကရော၊ ကော့ဆက်မြင်းတပ်တွေဆီကရော၊ ကင်းထောက်တွေဆီကရော ရတဲ့ သတင်းက အားလုံးအတူတူပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်လဲ ဘာမှမတတ်နိုင်ဘူး။ ဗိုလ်ချုပ်ကိုနိုနစ်ဆင်ကိုပဲ နိုးရတော့မှာပဲ" ဗိုလ်ချုပ်ရှာဘီနင်သည် ထိုင်ရာမှထကာ ခပ်လှမ်းလှမ်းတွင် ညဆောင်းဦးထုပ်ကို ဆောင်းကာ ဝတ်ရုံအင်္ကျီကြိုးတစ်ထည်ကို ခြုံ၍ အိပ်ပျော်လျက်ရှိသူထံ လျှောက်သွား၏။

"ဗိုလ်ချုပ်ခင်ဗျာ၊ ဗိုလ်ချုပ်" ဗိုလ်ချုပ်ရှာဘီနင်က နှိုး၏။ (ဗိုလ်ချုပ်ကိုနိုနစ်ဆင်က တုတ်တုတ်မလှုပ်။)

"စစ်ဦးစီးဌာနချုပ်လို့ လိပ်တပ်ထားတယ်ခင်ဗျ"

ဗိုလ်ချုပ်ရှာဘီနင်က ပြုံး၍ ပြောလိုက်သည်။ ဤစကားလုံးများကို ကြားလျှင် ဗိုလ်ချုပ်ကိုနိုနစ်ဆင် ငေါက်ခနဲထလာမည်ကို သိ၍ ပြုံးလိုက်ခြင်းဖြစ်သည်။

ထင်သည့်အတိုင်းပင် ညဆောင်းဦးထုပ်ဆောင်းထားသည့်ခေါင်းသည် ချက်ချင်းထလာ၏။ ဗိုလ်ချုပ်ကိုနိုနစ်ဆင်၏ ချောမောခန့်ညား၍ ပြတ်သားရဲရင့်သော မျက်နှာသည် အဖျားသွေးကြောင့် နီရဲလျက်ရှိ၏။ လက်ရှိအံ့ရေးကိစ္စများနှင့် အလုပ်ကွာလျက်ရှိ၍ အိပ်မှုန်စုံမွှားဖြင့် ခပ်တွေတွေအမူအရာမျိုးသည် ၎င်း၏မျက်နှာပေါ်တွင် ခေတ္တမျှ ယှက်သန်းလျက်ရှိ၏။ သို့ရာတွင် ဗိုလ်ချုပ်ကိုနိုနစ်ဆင်သည် ချက်ချင်းလှုပ်ရှားလာကာ ၎င်း၏မျက်နှာသည် ခါတိုင်းကဲ့သို့ တည်ငြိမ်ပြတ်သားသော အမူအရာကို ဆောင်လာသည်။

"ဘာလဲဗျ။ ဘယ်သူ့ဆီကလဲ"ဟု ဗိုလ်ချုပ်ကိုနိုနစ်ဆင်က လျင်မြန်စွာ မေးလိုက်သည်။ သို့ရာတွင် အလောသုံးဆယ်ဖြစ်ခြင်းမျိုး မရှိချေ။ ၎င်း၏ မျက်လုံးများသည် အလင်းရောင်ကို တွေ့လိုက်သဖြင့် မျက်တောင်တဖျပ်ဖျပ် ခတ်လျက် ရှိကြ၏။

ဆက်သား ဘိုကိုဗိတီနော့ဗ်၏ သတင်းပို့ချက်ကို နားထောင်လျက်ရှိရင်း ဗိုလ်ချုပ်ကိုနိုနစ်ဆင်သည် စာအိတ်ပေါ်မှ ချိပ်ကိုခွာကာ စာကို ဖတ်လျက် ရှိသည်။ ဗိုလ်ချုပ်ကို နိုနစ်ဆင်သည် စာကိုဖတ်ပြီးလျှင်ပြီးချင်း သိုးမွေးခြေအိတ်စွပ်ထားသော ခြေထောက်နှစ်ဖက်ကို မြေကြီးပေါ်သို့ချကာ ဖိနပ်ရှည်ကြီးကို စွပ်နေသည်။ ထိုနောက် ညဆောင်းဦးထုပ်ကိုချွတ်၍ ခေါင်းဖြီးလိုက်ပြီး ဦးထုပ်ကို ပြန်ဆောင်းလိုက်သည်။

"မင်း ဒီကို ချက်ချင်းရောက်လာရဲ့လား။ လာ၊ စစ်သေနာပတိချုပ်ဆီ သွားကြမယ်"

ရောက်ရှိလာသောသတင်းသည် အလွန်အရေးကြီးသည့် သတင်းဖြစ်၏။ အချိန်ဆွဲနေ၍ မဖြစ်ဟု ဗိုလ်ချုပ်ကိုနိုနစ်ဆင် ချက်ချင်းနားလည်လိုက်သည်။ ဤသတင်းသည် ဆိုးသလော ကောင်းသလောဟူ၍ပင် မတွေးမိတော့ချေ။ သတင်းကောင်းလော၊ သတင်းဆိုးလော ဆိုသည့် အချက်ကိုလည်း ဗိုလ်ချုပ်ကိုနိုနစ်ဆင် စိတ်မဝင်စားချေ။ ဗိုလ်ချုပ် ကိုနိုနစ်ဆင်သည် စစ်ပွဲကြီးတစ်ခုလုံး၏ ကိစ္စအဝဝကို အသိဉာဏ်ဖြင့် လည်းကောင်း၊ ဆင်ခြင်တုံတရားဖြင့်သော်လည်းကောင်း ခံစားသိရှိခြင်း မဟုတ်ဘဲ ၎င်း၏ရင်ထဲရှိ တစ်စုံတစ်ရာဖြင့်သာ ခံစားသိရှိခြင်းဖြစ်လေသည်။ သတင်းကို ယုံနေ၍လည်း ကိစ္စမပြီး။ သတင်းနှင့် ပတ်သက်၍ ဆွေးနွေး ငြင်းခုံနေ၍လည်း မပြီး။ လုပ်စရာရှိသည်ကို မြန်မြန်လုပ်မှသာ ကိစ္စပြီးမည်ဟူသော ယုံကြည်ချက်သည် ဗိုလ်ချုပ်ကိုနိုနစ်ဆင်၏ ရင်ထဲတွင် နက်ရှိုင်းစွာ ကိန်းအောင်းလျက်ရှိသည်။ သို့ဖြင့် ဗိုလ်ချုပ်ကိုနိုနစ်ဆင်သည် မိမိလုပ်စရာရှိသမျှကို မြန်မြန်ထက်ထက် ခွန်စိုက်အားစိုက် လုပ်လေ့ရှိပေသည်။

ဗိုလ်ချုပ် ဘာဂလေ၊ ဗိုလ်ချုပ် ရေ့စကီ၊ ဗိုလ်ချုပ် အာမိလော့ဗ်၊ ဗိုလ်ချုပ် ပလာတော့ဗ်၊ ဗိုလ်ချုပ်မိလိုရာဒိုဗစ်ချ် အစရှိသော ၁၈၁၂-ခုနှစ် စစ်ပွဲ၏ သူရဲကောင်းဆိုသူများစာရင်းတွင် ဗိုလ်ချုပ်ကိုနိုနစ်ဆင်ကို ထည့်သွင်းထားခြင်းမှာ စင်စစ်၌ (ဗိုလ်ချုပ် ဒိုတူရော့ဗ်ကဲ့သို့ပင်) မကောင်းတတ်လွန်း၍ ထည့်ထားခြင်း ဖြစ်ဟန်တူပါသည်။ ဗိုလ်ချုပ် ဒိုတူရော့ဗ်ကဲ့သို့ပင် ဗိုလ်ချုပ်ကိုနိုနစ်ဆင်ကိုလည်း အကြားအမြင် အစွမ်းအစနည်းသူဟု ရာဇဝင်ဆရာများက ရေးသားခဲ့ကြပါသည်။ ဗိုလ်ချုပ် ဒိုတူရော့ဗ်ကဲ့သို့ပင် ဗိုလ်ချုပ်ကိုနိုနစ်ဆင်သည် မည်သည့်စစ်ဆင်ရေးစီမံကိန်းကိုမျှ ရေးဆွဲခြင်းမပြုသော်လည်း မိုးထဲရေထဲ အကျပ်အတည်း ရောက်ပြီဆိုလျှင် ၎င်းအား ရှေ့ဆုံးမှ တွေ့ရတတ်သည်သာ ဖြစ်ပါသည်။ ဗိုလ်ချုပ်ကိုနိုနစ်ဆင်သည် စစ်ဦးစီးဌာနချုပ် တာဝန်ကျ ဗိုလ်ချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည့်အချိန်မှစ၍ ရောက်လာသမျှ ဆက်သားတိုင်းအား မိမိကို အချိန်မရွေး လာရောက်နှိုးရန် ခွင့်ပြုရမည်ဟု ဆိုင်ရာသို့ အမိန့်ပေးကာ တံခါးကို အမြဲဖွင့်အိပ်ခဲ့သည်သာ ဖြစ်ပါသည်။ တိုက်ပွဲတွင်းခ်ဒ်လည်း ဗိုလ်ချုပ်ကိုနိုနစ်ဆင်သည် အပစ်အခတ် အထူထပ်ဆုံးနေရာတွင် အမြဲတမ်း ရှိတတ်သဖြင့် စစ်

www.burmeseclassic.com

www.burmeseclassic.com

သေနာပတိချုပ်ကပင် ၎င်းအား အတင့်ရဲလွန်းသည်ဆိုကာ ရှေ့တန်းစစ်မျက်နှာသို့ မလွတ်ရဲလောက်အောင် ဖြစ်ခဲ့ပါသည်။ ဗိုလ်ချုပ် ဒို့တူရော့ဗ်ကဲ့သို့ပင် ဗိုလ်ချုပ် ကိုနိုနစ်ဆင်သည် စက်ကိရိယာကြီးတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည့် အသံမမြည်သော၊ ဆူညံခြင်း မရှိသော၊ လူမသိသော ခွေးသွားစိပ်ကလေးတစ်ခု ဖြစ်ပါသည်။

ဗိုလ်ချုပ် ကိုနိုနစ်ဆင်သည် တဲထဲမှ စိုစွတ်သော ညအမှောင်ထုထဲသို့ ထွက်လာရင်း မျက်မှောင်ကုတ်လိုက်မိသည်။ ခေါင်းထဲမှ တဆစ်ဆစ်ကိုက်ခဲခြင်းကြောင့် တစ်ကြောင်း၊ စစ်ဦးစီးဌာနချုပ်တွင်ရှိသော အရေးတကြီး ပုဂ္ဂိုလ် တစ်မြို့လုံး (အထူးသဖြင့် တာရူတီနိုတိုက်ပွဲ ပြီးကတည်းက စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ ခြေလှမ်းအမှားကို စောင့်ဖမ်းရန် ချောင်းနေသော ဗိုလ်ချုပ်ဘင်နစ်ဆန်တို့ လူသိုက်) ဤသတင်းကြောင့် ယောက်ယက်ခတ် အလုပ်များဟန်ဆောင်ကြဦးမည်ကို စိတ်မချမ်းမသာ စဉ်းစားမိခြင်းကြောင့်တစ်ကြောင်း၊ ၎င်းတို့တစ်သိုက် အကြံပေးကြ၊ ငြင်းခုံကြ၊ အမိန့်များထုတ်လိုက်၊ ရုပ်သိမ်းလိုက် လုပ်ကြဦးမည်ကို မြင်ယောင်မိခြင်းကြောင့် တစ်ကြောင်း ဗိုလ်ချုပ် ကိုနိုနစ်ဆင် မျက်မှောင်ကုတ်မိခြင်း ဖြစ်လေသည်။ ဗိုလ်ချုပ်ကိုနိုနစ်ဆင်သည် ဤအခြေအနေကို မိမိအနေဖြင့် မည်သို့မျှ တတ်နိုင်မည် မဟုတ်သည်ကို သိသော်လည်း ထိုအချက်ကို မြင်ယောင်ကာ စိတ်မချမ်းမသာဖြစ်လျက် ရှိလေသည်။

ထင်သည့်အတိုင်းပင် မိမိက ထိုသတင်းကို သွားရောက်ပို့ပေးသောအခါ၌ ဗိုလ်ချုပ်တို့လ်သည် အချင်းချင်းအတူနေသူ ဗိုလ်ချုပ်တစ်ဦးအား ၎င်း၏စိမ်းကိန်းကြီးကို ချက်ချင်း ငို့ကာချဲ့ရှင်းနေသည်မှာ မပြီးနိုင်တော့ချေ။ ပင်ပန်းနွမ်းနယ်စွာ နားထောင်လျက်ရှိသည့် ဗိုလ်ချုပ် ကိုနိုနစ်ဆင်က မိမိစစ်သေနာပတိချုပ်ထံ သွားရဦးမည်ဟု ပြောတော့မှ ကိစ္စပြတ်လေတော့သည်။

အခန်း ၁၇

အသက်ကြီးသူတို့ ထုံးစံအတိုင်း စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ညညတွင် ကောင်းစွာ အိပ်မပျော်ချေ။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် နေ့လယ်နေ့ခင်းတွင် ခေတ္တမျှ မှေခနဲ အိပ်ပျော်သွားတတ်သော်လည်း ညတိုင်လျှင် အဝတ်အစားလဲခြင်း မပြုတော့ဘဲ အိပ်ရာပေါ်တွင် လှဲရုံမျှ လှဲချကာ မျက်လုံးအကြောင်သားဖြင့် တွေးမိတွေးရာကို တွေးနေတတ်သည်။

ယခုလည်း စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ကြီးမားလေးလံ၍ အမာရွတ်တိုဖြင့် ပြည့်လျက်ရှိသော ၎င်း၏ခေါင်းကို ဆူဖြိုးတုတ်တိုသော လက်တစ်ဖက်ဖြင့် ထောက်ကာ အိပ်ရာထက်တွင် တစောင်းလှဲလျက် ရှိလေသည်။ အကောင်းပကတိ ကျန်နေသော မျက်လုံးတစ်ဖက်သည် ပွင့်လျက်ရှိကာ အမှောင်ထဲသို့ စူးစိုက်လျက်ရှိ၏။

ဘုန်းတော်ကြီးသော ဘုရားနှင့် တိုက်ရိုက် ဆက်သွယ်ခွင့်ရ၍ စစ်ဦးစီးဌာနချုပ်တွင် အရေးပါဆုံး ဖြစ်သော ဗိုလ်ချုပ် ဘင်နစ်ဆန်က မိမိနှင့် မျက်နှာချင်းမဆိုင်မိအောင် ရှောင်လျက်ရှိချိန်မှစ၍ မိမိနှင့်တကွ မိမိတပ်များသည် အကျိုးမဲ့သော ထိုးစစ် တိုက်စစ် လှည့်စားမှုများကို ပြုလုပ်ရတော့မည်မဟုတ်ဟု တွေးကာ စိတ်သက်သာရာရလျက်ရှိ၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် တာရူတီနိုတိုက်ပွဲနှင့် ၎င်းမတိုင်မီ တစ်ရက်က သင်ခန်းစာများကို ပြုလုပ်ရတော့မည်မဟုတ်ဟု တွေးကာ စိတ်သက်သာရာရလျက်ရှိ၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် တာရူတီနိုတိုက်ပွဲနှင့် ၎င်းမတိုင်မီတစ်ရက်က သင်ခန်းစာများကို နာကျင်စွာ သတိရမိသည်။ အခြားသူများသည်လည်း မိမိကဲ့သို့ပင် ထိုသင်ခန်းစာကို ရကြလိမ့်မည်ဟု တွေးလျက်ရှိလေသည်။

"ထိုးစစ် တိုက်စစ်ပြု၍ မည်သို့ အကျိုးထူးမည်နည်း။ ထိုးစစ်တိုက်စစ်ပြုခြင်းကား ငါတို့၌ အရုံးကိုသာ ဖြစ်ချေသည်။ ဤသည်ကို သင်းတို့ နားလည်ဖို့ကောင်းသည်။ ယခုအချိန်၌ စိတ်ရှည်ခြင်းနှင့် အချိန်တို့သာလျှင် ငါ၏စစ်သည်၊ ငါ၏ သူရဲကောင်း ဖြစ်တော့သည်" ဟု စစ်သေနာပတိချုပ် ကူတူဇော့ဗ် တွေးမိ၏။ သစ်သီးတစ်လုံးကို မမှည့်ခင် မခူးရာ၊ ရင့်မှည့်က ထိုသစ်သီးသည် အလိုလိုကြွေကျရာ၏။ သို့ရာတွင် ရင့်မှည့်ခြင်းမရှိမီ ထိုသစ်သီးကိုခူးက သစ်သီးလည်း အရသာမရှိ။ အပင်လည်း ပျက်စီးရာ၏။ သွားများသည်လည်း ဥပဒါဖြစ်ရာ၏။ စစ်သေနာပတိချုပ်သည် ဤအချက်ကို သဘောပေါက်ပေသည်။ သားရဲတိရစ္ဆာန်ကြီးသည် ဒဏ်ရာရခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ရုရှားနိုင်ငံကြီး တစ်နိုင်ငံလုံး၏အားဖြင့်သာ ဖြစ်စေနိုင်သော ဒဏ်ရာဒဏ်ချက်မျိုးကို ရစေခဲ့လေပြီ။ ကျွမ်းကျင်သော တောလိုက်မုဆိုးကဲ့သို့ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည်လည်း ဤအချက်ကို ကောင်းစွာသိ၏။ သို့ရာတွင် ထိုဒဏ်ရာသည် သေလောက်သော ဒဏ်ရာဟုတ်မဟုတ်ကိုကား ယခုတိုင် မသိရသေးချေ။ သို့ရာတွင် နပိုလီယန်ထံမှ မြို့စားကြီး လောရစ္စတန်နှင့် မြို့စားကြီး ဗာသေလေမိတို့ ရောက်ရှိလာခြင်း၊ ပြောက်ကျားတပ်များ၏ သတင်းပို့ချက်ကို ရရှိခဲ့ခြင်း စသည်တို့ကိုထောက်သော် ထိုဒဏ်ရာသည် သေလောက်သော ဒဏ်ရာဖြစ်ကြောင်းကို စစ်သေနာပတိချုပ် ကူတူဇော့ဗ် စိတ်ချလက်ချ သဘောပေါက်ခဲ့လေပြီ။ သို့ရာတွင် ဤအချက်ကို အထောက်အကူပြုမည့် နောက်ထပ်အထောက်အထားများ လိုပေသေးသည်။ ထို့ကြောင့် အချိန်ကိုစောင့်ရန် လိုပေသေးသည်။

"သင်းတို့ကား ရန်သူ ဘယ်မျှ ဒဏ်ရာပြင်းသည်ကို သွားရောက်ကြည့်ရှုလိုကြသည်။ သို့ရာတွင် စောင့်ကြည့်ကမကြာမီ သိရမည်သာ ဖြစ်သည်။ သင်းတို့ကား ဤသို့မဟုတ်ပြီ။ စစ်ကစားရမည်၊ ထိုးစစ်တိုက်စစ်ပြုရမည်သာ တဖွဖွ ပြောနေကြသည်"ဟု စစ်သေနာပတိချုပ်ကူတူဇော့ဗ်တွေး၏။

"သင်းတို့ မည်သည့်အတွက်ကြောင့် ဤမျှ စိတ်စောနေကြသနည်း။ သင်းတို့ ရာထူးတက်လိုကြ၍၊ လူစွမ်းကောင်းလုပ်လိုကြ၍သာ ဖြစ်သည်မဟုတ်လော။ သင်းတို့ကား စစ်တိုက်ခြင်းကို ကလေးကစားစရာသဖွယ် သဘောထားကြဟန်ရှိသည်။ သင်းတို့ကား သင်းတို့မည်မျှ အတိုက်အခိုက်တော်ကြောင်းကို ပြချင်သော ကလေးတစ်ယောက်နှင့်ပင် တူတော့သည်။ ထိုသို့သော သူများထံမှ မည်သို့အဓိပ္ပာယ်ရှိသော သင်ခန်းစာကို ထုတ်ယူနိုင်မည်နည်း။ သို့ရာတွင် ယခုအချိန်ကား ထိုသို့ ကိုယ်စွမ်းကိုယ်စကို ပြလို၍ စစ်တိုက်ရမည့်အချိန် မဟုတ်ပြီ။"

"သင်းတို့သည် မည်မျှကောင်းမွန်ထက်မြက်သော စစ်ကစားမှုများကို အကြံပေးတင်ပြခြင်းပြုကြသနည်း။ အခက်အခဲကလေး သုံးလေးခုကို မြင်ကာမျှဖြင့် (ဤတွင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ပီတာစဘတ် ရွှေနန်းတော်ကြီးမှ ပေးပို့သော အထွေထွေစစ်ဆင်ရေး စီမံကိန်းကြီးကို အမှတ်ရလာသည်။) အစစအရာရာကို ကြိုတင်သိမြင်သည်ဟု ထင်မှတ်နေကြသည်။ တကယ်၌ကား အခက်အခဲ အကျပ်အတည်းဟူသည် အဆုံးမရှိပြီ"

ဘိုရိုဒီနိုတိုက်ပွဲတွင် ရရှိခဲ့သော ဒဏ်ရာသည် ပြင်သစ်တို့အဖို့ သေလောက်သည့်ဒဏ်ရာ ဟုတ်မဟုတ် ဆိုသည့် ပြဿနာသည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ ခေါင်းထဲတွင် တစ်လကြာမျှ လိပ်ခဲတည်းလည်း ဖြစ်လျက်ရှိသည်။ တစ်ဖက်၌ ပြင်သစ်တို့သည် မော်စကိုကို သိမ်းပိုက်ခဲ့ပြီး ဖြစ်သည်မှန်၏။ သို့ရာတွင် မိမိနှင့်တကွ ရုရှားပြည်သူများက အားကုန်ပစ်သွင်းလိုက်သော ကြောက်ဖွယ်ထိုးနှက်ချက်သည် သေလောက်သော ထိုးနှက်ချက်ဖြစ်ဆိုခြင်းကိုကား စစ်သေနာပတိချုပ် တူတူဇော့ဗ်သည် အသွေးထဲအသားထဲက ယုံကြည်လျက်ရှိလေသည်။ သို့ရာတွင် မည်သို့ဖြစ်စေ ဤအချက်အတွက် သက်သေအထောက်အထားများကား ရှိရမည်ဖြစ်လေသည်။ သို့ရာတွင် စောင့်ရသည်နှင့်အမျှ စိတ်မရှည်နိုင်ဖြစ်လာခဲ့လေပြီ။ ဤသို့သော အိပ်မပျော်သည့်ညများ၌ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် အိပ်ရာထဲတွင် လဲလျောင်းရင်း မိမိအပြစ်တင်ခဲ့သော လူငယ်ဗိုလ်ချုပ်များကဲ့သို့ပင် စိတ်မရှည်နိုင်ဖြစ်လျက် ရှိလေသည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ၎င်း၏လက်ထောက် လူငယ်ဗိုလ်ချုပ်များနည်းတူ ပေါ်ပေါက်လာနိုင်ဖွယ်ရှိသော အခက်အခဲ အကျပ်အတည်းများကို တွေးလျက်ရှိလေသည်။ သို့ရာတွင် ခြားနားချက်ကား ရှိပါသည်။ ယင်းမှာ လူငယ်ဗိုလ်ချုပ်များက အခက်အခဲ အကျပ်အတည်း နှစ်ခုသုံးခုလောက်ကိုသာ မြင်၍ ၎င်းကမူ အခက်အခဲ ထောင်ပေါင်းများစွာကို မြင်ခြင်းပင် ဖြစ်လေသည်။ ရေရှည်ကို မျှော်တွေးမိသည်နှင့် အမျှ အခက်အခဲအကျပ်အတည်းများကို ပို၍ တွေ့လာရလေသည်။ စစ်သေနာပတိ ကူတူဇော့ဗ်သည် နပိုလီယန်၏စစ်တပ်ကြီးကို တစ်ခုလုံးအနေဖြင့်လည်း ခြံ၍ စဉ်းစားခြင်းပြု၏။ အစိတ်အပိုင်းကလေးများအဖြစ်လည်း ခွဲခြမ်းစိတ်ဖြာ၍ စဉ်းစားခြင်းပြု၏။ ပီတာစဘတ်မြို့တော်ကို တိုက်ခိုက်သည့်အနေအထားဖြင့်သော်လည်းကောင်း၊ မိမိတို့နှင့် ဆန့်ကျင်၍သော်လည်းကောင်း၊ မိမိကို ညှပ်ပိတ်တိုက်ခိုက်သည့် အနေအထားဖြင့် သော်လည်းကောင်း အမျိုးမျိုးစဉ်းစားခြင်းပြုသည်။ နပိုလီယန်သည် မိမိကဲ့သို့ပင် 'အချိန်' နှင့် 'စိတ်ရှည်ခြင်း'ဟူသော လက်နက်ကို ကိုင်ဆွဲ၍

www.burmeseclassic.com

www.burmeseclassic.com

မိမိအား တိုက်လေမည်လော။ (ဤသည်ကို စစ်သေနာပတိချုပ် ကူတူဇော်ဗ် အကြောက်ဆုံးဖြစ်သည်။) မော်စကိုမှ စိမ်ပြေနပြေစောင့်၍ မိမိကို တိုက်လေမည်လောဟုလည်း စဉ်းစားမိ၏။ ထိုမျှမက နပိုလီယန်၏ စစ်တပ်ကြီးသည် မေဒင်နှင့် ယုနော့ဒေသတို့ကိုဖြတ်၍ မြောက်ဘက်သို့ ဝိုင်းပတ်ပြီးမှ မိမိကို ညှပ်ပိတ်လေမည်လောဟူ၍ပင် စဉ်းစားမိသေးသည်။ သို့ရာတွင် တကယ်ဖြစ်လာသည့် အချက်တစ်ချက်ကိုကား စစ်သေနာပတိချုပ် ကူတူဇော်ဗ် မတွေးမိချေ။ ယင်းမှာ အခြားမဟုတ်။ နပိုလီယန်၏ စစ်တပ်ကြီးသည် (မိမိ ထင်ထားသကဲ့သို့ တစ်ခုမျှမဟုတ်ဘဲ) မော်စကိုမှဆုတ်ခွာလာပြီးနောက် ဆယ့်တစ်ရက်အတွင်း၌ နွားရိုင်းအုပ်ကြီးတစ်အုပ်ကဲ့သို့ သွေးရူးသွေးတန်း ပြေးလွှားလှုပ်ရှားလျက်ရှိခြင်းပင် ဖြစ်လေသည်။ ပြင်သစ်တို့၏ လုံးဝပြိုကွဲပျက်စီးခြင်းဟူသော စစ်သေနာပတိချုပ် ကူတူဇော်ဗ် တွေးပင်မတွေးရဲသည့်အခြေသို့ ဆိုက်ရောက်စေခဲ့သည့် ကယောင်ကတမ်း လှုပ်ရှားမှုကြီးပင် ဖြစ်လေသည်။ ဤအချက်ကိုကား စစ်သေနာပတိချုပ် မစဉ်းစားမိချေ။ ပြင်သစ်ဗိုလ်ချုပ် ဘရိုးစီးယား၏ တပ်မကြီးနှင့် ပတ်သက်သော ဗိုလ်ချုပ်ဒိုရိုကော့ဗ်၏ သတင်းပို့ချက်၊ နပိုလီယန်၏ စစ်တပ်များ စိတ်ဓာတ်ကျဆင်းလျက်ရှိပြီဆိုသော ပြောက်ကျားတပ်များ၏ သတင်းပို့ချက်၊ မော်စကိုမှ ဆုတ်ခွာရန် ပြင်ဆင်လျက်ရှိပြီဆိုသော ကောလာဟလ သတင်းများ၊ အားလုံးက ပြင်သစ်တပ်ကြီးသည် အရေးနိမ့်ကာ ထွက်ပြေးရန် ပြင်လျက်ရှိပြီဆိုသည့် 'ထင်ကြေး' ကို အတည်ပြုလျက် ရှိလေသည်။ သို့ရာတွင် ဤသည်မှာ 'ထင်ကြေး'မျှသာဖြစ်၍ လူငယ်ဗိုလ်ချုပ်များအတွက် အရေးကြီးလျက် ရှိသော်လည်း စစ်သေနာပတိချုပ် ကူတူဇော်ဗ် အဖို့ကား ဘာမျှတန်ဖိုးမရှိချေ။ ကောလာဟလ သတင်းတို့ကို မည်မျှသာ တန်ဖိုးထားရမည် ဆိုခြင်းကို လည်းကောင်း၊ တစ်စုံတစ်ရာကို ဖြစ်စေချင်သူတို့သည် ၎င်းတို့ ဖြစ်စေချင်သောအရာနှင့် ကိုက်ညီသည့် သတင်းများကို စုဆောင်းထားလေ့ ရှိခြင်းကို လည်းကောင်း၊ မိမိတို့ ဖြစ်စေချင်သောအရာနှင့် ကိုက်ညီခြင်း မရှိသည့် သတင်းများကိုမူ ပြောဆိုခြင်း မပြုကြတော့ဘဲ ချန်လှပ်ထားလေ့ရှိခြင်းကိုလည်းကောင်း စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် စစ်မှုထမ်းသက် အနှစ်ခြောက်ဆယ်၏ အတွေ့အကြုံအရ သိခဲ့ပြီး ဖြစ်လေသည်။ စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် အရာတစ်ခုကို ဖြစ်စေလိုသည့် ဆန္ဒပြင်းသည်နှင့် အမျှ မဖြစ်နိုင်သည့် ဘက်ကချည်း ပြောင်းပြန်တွေးယူလေ့ရှိသည်။ မိမိဖြစ်စေလိုသည့်အတိုင်း ဖြစ်လာလိမ့်မည်ဟု မည်သည့်အခါမျှ မိမိကိုယ်ကို မိမိ ယုံကြည်ခွင့်မပေးချေ။ သို့ဖြင့် ထိုပြဿနာကြီးသည် စစ်သေနာပတိချုပ် ကူတူဇော်ဗ်၏ စိတ်တန်ခိုးသတ္တိ အားလုံးကို လွှမ်းခြုံဖုံးအုပ်လျက် ရှိလေသည်။ ထိုပြဿနာမှ လွဲလျှင် အခြားအရာများသည် သာမန်လုပ်ရိုးလုပ်စဉ်များဟုသာ သဘောထားလေသည်။ စစ်ဦးစီးဌာနချုပ် အရာရှိများနှင့် ဆွေးနွေးခြင်း၊ တာရူတီနိုမှနေ၍ မိမိ၏ 'မိတ်ဆွေ' အမျိုးသမီးကြီး မဒမ်ဒီစတေးလ်ထံ စာရေးခြင်း၊ ဝတ္ထုဖတ်ခြင်း၊ ဆုတော်လာဘ်တော်များ ချီးမြှင့်ခြင်း၊ ပီတာစဘတ် ရွှေနန်းတော်ကြီးသို့ အစီရင်ခံရခြင်း စသည့် ကိစ္စတို့သည် ပြင်သစ်တို့ တကယ်ပင် သေလောက်သော ဒဏ်ရာရသလော၊ မရသလောဆိုသော ပြဿနာကြီးနှင့် စာလျှင် သာမန်ကိစ္စများသာ ဖြစ်လျက် ရှိလေသည်။ သို့ရာတွင် ပြင်သစ်တို့ ဖရိုဖရဲဖြစ်နေသည် ဆိုသည်မှာ တကယ်ပင်လော၊ သို့တည်းမဟုတ် မိမိစိတ်က ဖြစ်စေချင်သည့် အရာလော။

အောက်တိုဘာလ ၁၁-ရက်နေ့ညဥ့် စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ကိုယ်တစ်စောင်းလဲကာ ထိုအခြင်းအရာများကို စဉ်းစားလျက် ရှိလေသည်။

ကပ်လျက်အခန်းမှ လှုပ်လှုပ်ရွရွ အသံများနှင့်အတူ ဗိုလ်ချုပ် တိုးလ်၊ ဗိုလ်ချုပ် ကိုနိုနစ်ဆင်နှင့် ဘိုကိုဗိတိနော့ဗ်တို့၏ ခြေသံများကို ကြားရသည်။

"ဟေ့၊ ဘယ်သူတွေလဲဟေ့။ လာကြ၊ လာကြ။ ဘာသတင်းထူးလို့လဲကွ" စစ်သေနာပတိချုပ် ကူတူဇော်ဗ်က ၎င်းတို့ကို လှမ်းခေါ်လိုက်သည်။

တပ်လုလင် တစ်ယောက်က ဖယောင်းတိုင်တစ်တိုင်ကို ထွန်းလျက်ရှိစဉ် ဗိုလ်ချုပ်တိုးလ်က သတင်းကို အတိုချုပ် အစီရင်ခံလျက်ရှိသည်။

"ဒီသတင်းကို ဘယ်သူက ပြောသလဲ" ဗိုလ်ချုပ် ကူတူဇော်ဗ်က မေးလိုက်သည်။ ဖယောင်းတိုင်မီးရောင် အောက်တွင် စစ်သေနာပတိချုပ် ကူတူဇော်ဗ်၏ မျက်နှာသည် အေးစက်တင်းမာလျက်ရှိခြင်းကို ဗိုလ်ချုပ် တိုးလ် သတိပြုလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"သေချာပါတယ် ဗိုလ်ချုပ်"

"ကဲ ခေါ်လိုက်စမ်း၊ ခေါ်လိုက်စမ်း"

စစ်သေနာပတိချုပ် ကူတူဇော်သည် ခြေထောက်တစ်ဖက်ကို ခုတင်ပေါ်မှ တွဲလောင်းချ၍ ထထိုင်လိုက်သည်။ ၎င်း၏ ဖူထွက်လျက်ရှိသော ဝမ်းဗိုက်ကြီးသည် ကွေးထားသော အခြားခြေထောက် တစ်ဖက်ပေါ်တွင် အိကျလျက်ရှိ၏။ စစ်သေနာပတိချုပ် ကူတူဇော်သည် အကောင်းပကတိကျန်နေသော မျက်လုံးတစ်ဖက်ကို မှေး၍ ဆက်သားကို သေချာစွာ ကြည့်လိုက်၏။ ဆက်သား၏ စိတ်တွင် မည်သို့ရှိသနည်းဟု အကဲခတ်လျက် ရှိသယောင် ထင်ရသည်။

"ကဲ၊ ပြောစမ်းပါဦးကွ" စစ်သေနာပတိချုပ် ကူတူဇော်က ၎င်း၏ တိမ်ဝင်နေလျက်ရှိသော သက်ရွယ်ကြီးသူတို့၏ အသံမျိုးဖြင့် ပြောလိုက်ပြီး ၎င်း၏ ရင်ဘတ်ဟပြဖြစ်နေသော ရုပ်အင်္ကျီကို ဆွဲစေ့လိုက်သည်။

"ကဲ၊ ရှေ့နားကို တိုးစမ်းပါဦး။ ရှေ့နားကို။ ဘာသတင်းတဲ့လဲကွ။ ဘာ။ နဝိလီယန် မော်စကိုက ဆုတ်သွားပြီ၊ ဟုတ်စ။ သေချာရဲ့လား။ ဟေ"

ဘိုကိုဗီတိနော့ဗ်က မိမိအား မှာကြားလိုက်သမျှကို အစမှအဆုံး အသေးစိတ် အစီရင်ခံခြင်းပြုသည်။

"တိုတိုပြောစမ်းပါကွယ်။ တိုတိုပြောစမ်းပါ။ ငါ့ကို ညှဉ်းဆဲမနေစမ်းပါနဲ့"စစ်သေနာပတိချုပ် ကူတူဇော်က ကြားဖြတ်ပြောလိုက်သည်။

ဘိုကိုဗီတိနော့ဗ်သည် တစ်လုံးမကျန်ပြောပြပြီးနောက် တိတ်ဆိတ်သွားကာ ညှန်ကြားချက်များကို စောင့်လျက်ရှိလေသည်။ ဗိုလ်ချုပ်တိုးလ်က ဘစ်စုံတစ်ရာ စပြောသည်တွင် စစ်သေနာပတိချုပ်က ဟန့်လိုက်၏။ စစ်သေနာပတိချုပ်သည် တစ်စုံတစ်ရာကို ပြောရန် ကြိုးစားကြည့်၏။ သို့ရာတွင် ၎င်း၏ မျက်နှာသည် ရုတ်တရက် ရှုံ့တွကာ မဲ့လာခဲ့လေပြီ။ ထို့နောက် ဗိုလ်ချုပ် တိုးလ်အား တခြားသို့သွားရန် လက်ဝှေ့ယမ်းပြလိုက်ကာ နောက်ကျောအခန်းနံရံဘက်သို့ လှည့်လိုက်သည်။ ဘုရားစင်ကွယ်လျက်ရှိသဖြင့် အခန်းထောင့်သည် မှောင်လျက်ရှိလေသည်။

"ထာဝရဘုရားသခင် ကိုယ်တော်မြတ်ကြီးဘုရား။ တပည့်တော်တို့ ဆုတောင်းပြည့်ပါပြီ ဘုရား"

စစ်သေနာပတိချုပ် ကူတူဇော်သည် လက်နှစ်ဖက်ကို ပိုက်ထားကာ တုန်ယင်သောအသံဖြင့် ဆိုလျက်ရှိသည်။

"ရုရှားပြည်ကြီး လွတ်မြောက်ပါပြီဘုရား။ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကြောင့် ရုရှားနိုင်ငံကြီး လွတ်မြောက်ပါပြီ ဘုရား"

စစ်သေနာပတိချုပ် ကူတူဇော်သည် ငိုကြွေးလျက်ရှိလေသတည်း။

အခန်း ၁၈

ထိုသတင်းကို ရသည့်အချိန်မှစ၍ တိုက်ပွဲစဉ်ပြီးဆုံးသည့်ကာလအထိ စစ်သေနာပတိချုပ် ကူတူဇော်၏ လှုပ်ရှားမှုဟူသမျှသည် အချည်းနှီးသော ထိုးစစ်တိုက်စစ်များ၊ စစ်ကစားမှုများကို မပြုလုပ်ရန်၊ ပြိုကွဲပျက်စီးလျက်ရှိသော ရန်သူနှင့် ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲခြင်းမပြုရန် မိမိ၏တပ်များအား ထိန်းချုပ်ထားရေးကို ဦးတည်လုပ်ဆောင်ခဲ့လေသည်။ ဤသို့ လုပ်ဆောင်ရာ၌ စစ်သေနာပတိချုပ် ကူတူဇော်သည် အာဏာသုံး၍ တစ်သွယ်၊ ပရိယာယ်ကို သုံး၍ တစ်နည်း၊ တောင်းပန်၍တစ်ဖုံ စသည်ဖြင့် နည်းမျိုးစုံသုံး၍ လုပ်ဆောင်ခဲ့လေသည်။ ဗိုလ်ချုပ် ဒိုတူရော့ဗ်သည်မာလိုယာရိစလက်သို့ ထွက်ခွာသွားပြီ ဖြစ်သော်လည်း စစ်သေနာပတိချုပ် ကူတူဇော့ဗ်မှာမူ ပင်မစစ်တပ်ကြီးနှင့် ကျန်ရစ်ကာ ကာလူဂါမြို့ကို ရွှေ့ပြောင်းရန် အမိန့်ထုတ်လိုက်လေသည်။ ကာလူဂါမြို့ တောင်ဘက်သို့ ဆက်လက်ဆုတ်ခွာရေးကိစ္စမှာ ဖြစ်နိုင်ဖွယ်ရှိသည်ဟု စစ်သေနာပတိချုပ် ကူတူဇော့ဗ် ယူဆသည်။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် စစ်မျက်နှာအသီးသီးမှ တပ်များကို ဆုတ်ခွာရန် အမိန့်ထုတ်ပြန်လျက်ရှိသည်။ သို့ရာတွင် ပြင်သစ်တို့သည်လည်း ရုရှားတို့၏ အဆုတ်ကို မစောင့်တော့ဘဲ ရုရှားတို့ ဆုတ်ခွာရာနှင့် မျက်နှာချင်းဆိုင်သို့ ထွက်ပြေးလျက် ရှိကြလေသည်။

ပြင်သစ်ရာဇဝင်ဆရာများက တာရူတီနိုနှင့် မာလိုယာရိစလက်ဒေသများတွင် ပြုလုပ်ခဲ့သော နဝိလီယန်၏ ကျွမ်းကျင်သည့် စစ်ကစားမှုများကို ဖော်ပြကြကာ အကယ်၍သာ နဝိလီယန်သည် အစာရေစာ ပေါကြွယ်သော တောင်ပိုင်းဒေသများသို့ အချိန်မီ ထိုးဖောက်ဝင်ရောက်သွားခဲ့ပါက အခြေအနေ မည်သို့မည်ပုံ ဖြစ်လိမ့်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com

ထင်ကြေးအမျိုးမျိုး ပေးခဲ့ကြသည်။

သို့ရာတွင် နပိုလီယန်အား အစာရေစာပေါကြွယ်သော တောင်ပိုင်းသို့ ထိုးဖောက်ဝင်ရောက်ခြင်း မပြုနိုင်ရန် မည်သူကမျှ တားဆီးခဲ့ပါသနည်း။ (ရုရှားစစ်တပ်ကြီးသည် နပိုလီယန်၏ လမ်းကို ပိတ်ဆို့ထားခဲ့ခြင်းမရှိပါ။) တောင်ပိုင်းသို့ ထိုးဖောက်ဝင်ရောက်သွားလျှင်လည်း နပိုလီယန်၏ စစ်တပ်ကြီးကို ကယ်နိုင်မည်ထင်ကြေးသလော။ နပိုလီယန်၏ စစ်တပ်ကြီးသည် ၎င်း၏ ဝမ်းဗိုက်ထဲတွင် မရှောင်မလွဲသာ ပျက်စီးရတော့မည့် သန္ဓေပါလာပြီးဖြစ်သည့်အလျောက် သိကြားမင်းကြီး နားကင်းဖြင့် ဆင်းလာ၍ ကယ်သော်မှ ကယ်တင်၍မရပြီ ဆိုသည့် အချက်ကိုမူ ရာဇဝင်ဆရာများ မေ့လျော့လျက် ရှိကြလေသည်။ မော်စကိုမြို့တွင် စားနပ်ရိက္ခာတို့ အလျှပယ်တွေ့ပါလျက် ၎င်းတို့ကို သိမ်းဆည်းသိမ်းထားရမည့်အစား ခြေဖြင့် နင်းချေပစ်ခဲ့သော ပြင်သစ်စစ်တပ်ကြီး၊ စမိုးလင့်သို့ အရောက်တွင် ရိက္ခာပစ္စည်းကို သိုလှောင်ထားရမည့်အစား လုယက်ဖျက်ဆီးခဲ့သော ပြင်သစ်စစ်တပ်ကြီး။ ထိုစစ်တပ်ကြီးသည် မော်စကိုမြို့တွင် နေထိုင်ခဲ့သော ရုရှားတို့ကဲ့သို့သော ရုရှားလူမျိုးများနေထိုင်ရာ မော်စကိုမှ မီးကဲ့သို့ ရှို့သမျှပစ္စည်းကို အကုန်လောင်နိုင်စွမ်းရှိသော မီးရှိရာ တောင်ပိုင်းကာလူဂါဒေသသို့ ရောက်၍ကော နာလန်ထနိုင်ပါဦးမည်လော။ ကာလူဂါဒေသက ရုရှားကကော ရုရှားမဟုတ်ပြီလော။ ကာလူဂါဒေသက မီးကကော လောင်နိုင်စွမ်း မရှိပြီလော။

ထိုစစ်တပ်ကြီးသည် မည်သည့်နေရာ ရောက်ရောက် နာလန်ထနိုင်တော့မည် မဟုတ်ချေ။ ဘိုရိုဒီနို တိုက်ပွဲဖြစ်ပွားပြီးသည့်နောက်နှင့် မော်စကိုမြို့ကို လုယက်ဖျက်ဆီးပြီးသည့်နောက်တွင် ပျက်ဆုံးကွယ်ပခြင်းဟူသော အနိစ္စတာ ရုပ်သည် ထိုစစ်တပ်ကြီး၌ မှီတွယ်ခဲ့လေပြီ။

နပိုလီယန်ကိုယ်တိုင်နှင့် ၎င်း၏ စစ်သားများတည်းဟူသော တစ်ခါက စစ်တပ်ကြီးတစ်တပ်အဖြစ် ပေါင်းစည်းခဲ့သူများသည် မိမိတို့စိတ်တွင် ဝိုးတဝါးထင်လာသော ခိုကိုးရာမဲ့အခြေအနေမှ လျင်မြန်နိုင်သမျှ လျင်မြန်စွာ လွတ်မြောက်ရေးကိုသာ စိတ်စောလျက်ရှိကြကာ မည်သည့်နေရာဌာနဟူ၍ မခွဲခြားကြတော့ဘဲ ခြေဦးတည့်ရာသို့ ထွက်ပြေးလျက် ရှိကြလေသည်။

ထို့ကြောင့်ပင်လျှင် မာလိုယာရိုစလိုဗက်တွင် နပိုလီယန်၏ စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေးကျင်းပ၍ စစ်ဗိုလ်ချုပ်များက ထင်မြင်ချက်အမျိုးမျိုးကို ထုတ်ဖော်ဆွေးနွေးဟန်ဆောင်လျက် ရှိကြချိန်၌ နားကြားပြင်းကတ်လာဟန်တူသော လူဖြောင့်စိတ်တို့ စစ်သားကြီးတစ်ဦးဖြစ်သူ ဗိုလ်ချုပ်မိုတန်က "ယခုအချိန်သည် စကားများများပြောရန် အချိန်မဟုတ်။ မိမိတို့လုပ်ရမည့် တစ်ခုတည်းသောအရာမှာ ဤနေရာမှ မြန်နိုင်သမျှ မြန်မြန်ထွက်ခွာသွားရန်သာ ဖြစ်သည်"ဟု ၎င်းတို့အား လုံး စိတ်ထဲတွင် ရှိနေသည့်အချက်ကို တစ်ခွန်းတည်း ပိတ်ပြောလိုက်သည်တွင် ပြင်သစ်ဗိုလ်ချုပ် အားလုံး ပါးစပ်ပိတ်သွားခဲ့ကြသည် မဟုတ်လော။ ၎င်းတို့အားလုံး အသိအမှတ်ပြုရသော ထိုအချက်ကို မည်သူမျှ မငြင်းနိုင်ဘဲ (နပိုလီယန်လည်း မငြင်းနိုင်တော့ပါ။) ပါးစပ်အဟောင်းသား ဖြစ်ခဲ့ကြသည် မဟုတ်လော။

မိမိတို့အဖို့ မြန်မြန်ဆုတ်ခွာသွားရန် လိုသည်ဆိုသည့် အချက်ကို အားလုံးက သဘောပေါက်ကြသော်လည်း မိမိတို့ ဤအတိုင်း ထွက်ပြေးရတော့မည်ဟု ဝန်ခံရခြင်းကိုမူ ရှက်လျက်ရှိကြသေးသည်။ ထို့ကြောင့် ထိုအချက်ကို ဖုံးကွယ်ရန်အတွက် အကြောင်းပြချက်တစ်ရပ် လိုနေသေးရာ ထိုအကြောင်းပြချက်ကိုလည်း အချိန်မီတွေ့လိုက်ကြလေသည်။ ထိုအကြောင်းပြချက်ကား 'ဟူးရား'ဟု အော်လိုက်သော ရုရှားတို့၏ တိုက်ပွဲခေါ်သံပေတည်း။

မာလိုယာရိုစလက်တွင် စစ်ဦးစီးဌာနချုပ် အရေးပေါ်အစည်းအဝေးကျင်းပပြီး နောက်တစ်နေ့၌ နပိုလီယန်သည် စစ်တပ်ကြီးကို စစ်ဆေးရန်နှင့် စစ်မြေပြင် အနေအထားကို ကြည့်ရှုရန် အကြောင်းပြချက်ဖြင့် စစ်သူကြီးများ၊ ကိုယ်ရံတော်များ ခြံရံလျက် ၎င်း၏ တပ်စခန်းတစ်လျှောက်တွင် မြင်းဖြင့် လှည့်လည်ကြည့်ရှုခြင်းပြု၏။ ဤတွင် နပိုလီယန်သည် လက်ရပစ္စည်းသိမ်းရန် ချောင်းလျက်ရှိသော ကော့ဆက်မြင်းတပ်များနှင့် ပက်ပင်းသွားတိုးကာ အဖမ်းခံရလုဆဲဆဲ ဖြစ်ခဲ့၏။ ထိုစဉ်က ကော့ဆက် မြင်းတပ်သားတို့၏ ဖမ်းဆီးခြင်းကို မခံခဲ့ရခြင်း အတွက် ရာကြဲကျေးဇူးတင်ရမည်ဆိုလျှင် ကျေးဇူးတင်ရမည့်အရာမှာ အခြားမဟုတ်။ ပြင်သစ်စစ်တပ်ကြီးကို ပျက်စီးစေခဲ့၍

www.burmeseclassic.com

www.burmeseclassic.com

ကော့ဆက်မြင်းတပ်သားတို့ ခုမင်မက်မောလေ့ရှိကြသော လက်ရပစ္စည်းများပင် ဖြစ်လေသည်။ တာရူတီနိုတိုက်ပွဲ၌ ကော့ဆက်မြင်းတပ်သားများသည် ပြင်သစ်စစ်သားများကို ဘာမျှမလုပ်ကြဘဲ ပစ္စည်းများကိုသာ အတင်းဝင်လုကြသည်။ ၎င်းတို့က နပိုလီယန်ကိုလည်း အရေးမထားကြဘဲ ပစ္စည်းများကိုသာလိုက်၍ လုလျက်ရှိချိန်တွင် နပိုလီယန်သည် သီသီကလေး လွတ်လာခဲ့ခြင်း ဖြစ်လေသည်။

'ဒွန်မြစ်၏ သားငယ်များ'က နပိုလီယန်အား ၎င်း၏ စစ်တပ်ကြီးအလယ်တွင် ကြက်ကလေး၊ ငှက်ကလေးဖမ်းသည့်နယ်ရှိအောင် ဖမ်းနိုင်သည့်အခြေအနေမျိုးသို့ ရောက်နေပြီဆိုပါက ပြင်သစ်စစ်တပ်ကြီးအဖို့ အနီးဆုံး အတိုဆုံးလမ်းအတိုင်း အမြန်ဆုံးထွက်ပြေးရန်မှတစ်ပါး တခြားနည်း မရှိသည်မှာ ထင်ရှားလျက်ရှိလေပြီ။ နပိုလီယန်သည် ဤအချက်ကို ၎င်း၏ (ယခင် ရှိမြဲဖြစ်သော တက်ကြွစိတ်၊ ရဲရင့်စိတ်တို့ဖြင့် မဟုတ်ဘဲ)အနှစ်လေးဆယ် ရှိပြီဖြစ်သော ဝမ်းဗိုက်ဖြင့် သိလိုက်လေပြီ။ ကော့ဆက်မြင်းတပ်များနှင့် ပက်ပင်းတိုးခဲ့မိပြီးသည့်နောက် ယခုတိုင် ကြောက်စိတ်အရှိန် မကုန်သေးသည့် နပိုလီယန်သည် ဗိုလ်ချုပ် မိုတန်၏ အဆိုပြုချက်ကို ချက်ချင်းသဘောတူကာ(ရာဇဝင်ဆရာများ၏အဆိုအရ) စမိုးလင့် ပေတစ်ရာလမ်းဟောင်းအတိုင်း ဆုတ်ခွာရန် အမိန့်ထုတ်လိုက်လေသည်။

နပိုလီယန်က ဗိုလ်ချုပ်မိုတန်နှင့် သဘောတူလိုက်ပြီး စစ်တပ်ကြီး ဆုတ်ခွာလာပြီဆိုခြင်းကြောင့် ဆုတ်ခွာရေးသည် နပိုလီယန်ကြောင့် ဖြစ်ရသည်ဟု အဓိပ္ပာယ်မထွက်ချေ။ နပိုလီယန် ဤသို့လုပ်ရခြင်းမှာ ပြင်သစ်စစ်တပ်ကြီးကို ချုပ်ကိုင်ထား၍ ၎င်းအား စမိုးလင့် ပေတစ်ရာလမ်းအတိုင်း မောင်းနှင်လျက်ရှိသော အင်အားစုများသည် တစ်ပြိုင်နက်တည်းမှာပင် နပိုလီယန်အပေါ်သို့ သက်ရောက်ချုပ်ကိုင်လျက်ရှိသောကြောင့်သာ ဖြစ်ပေသည်။

အခန်း ၁၉

ရွှေ့လျားလျက်ရှိသော လူတစ်ယောက်၌ သို့ရွှေ့လျားရခြင်း အတွက် ရည်မှန်းချက်တစ်ခု အမြဲထားရလေသည်။ မိုင်တစ်ထောင်အဆုံးတွင် မိမိအဖို့ ကောင်းကျိုးတစ်စုံတစ်ရာ ရှိသည်ဟု ယူဆထားမှသာလျှင် မိုင်တစ်ထောင်ခရီးကို သွားနိုင်လေသည်။ 'လိုတရ'သော ဘုံဗိမာန်တစ်ခုကို မြင်မှသာလျှင် ရွှေ့လျားနိုင်သောခွန်အား ရှိလေသည်။

ပြင်သစ်တို့ ချီတက်လာခဲ့စဉ်က ၎င်းတို့ မျှော်မှန်းရာ 'လိုတရ' ဘုံဗိမာန်သည် မော်စကိုမြို့ ဖြစ်ခဲ့၏။ ဆုတ်ခွာသွားသောအခါ၌ ၎င်းတို့၏ 'လိုတရ' ဘုံဗိမာန်သည် ၎င်းတို့၏ ဇာတိမြေဖြစ်သော ပြင်သစ်ပြည် ဖြစ်လေသည်။ သို့ရာတွင် ထိုဇာတိဌာနေသည် ဝေးလွန်းလှ၏။ မိုင်တစ်ထောင်ခရီး သွားလျက်ရှိသူတစ်ဦးအဖို့ "ယနေ့ ငါသည် မိုင်လေးဆယ် ခရီးကို အရောက်သွားအံ့" ဟုဆိုကာ မိမိ၏ နောက်ဆုံးပန်းတိုင်ကို ခေတ္တဘေးချိတ်ထားရမည်ဖြစ်၏။ ပထမနေ့ ခရီးတစ်လျှောက်လုံး၌ ညအိပ်တည်းခိုစခန်းသည် ၎င်း၏ နောက်ဆုံးပန်းတိုင်ကို ခေတ္တအားဖြင့် ဖုံးလွှမ်းသွားကာ ၎င်း၏ နောက်ဆုံးပန်းတိုင်သို့ အရောက်သွားလိုသော ဆန္ဒများ၊ မျှော်လင့်ချက်များကို ပြင်းပြထက်သန်လာစေ၏။ သို့ဖြင့် လူတစ်ယောက်၏ စိတ်တွင် ဖြစ်ပေါ်ခံစားချက်တို့သည် လူအုပ်ကြီးတစ်အုပ်တွင်လည်း အမြဲတမ်း 'အထွာကြီး'၍ ဖြစ်ပေါ်လာတတ်လေသည်။ အကြီးအငယ်သာ ကွာလေသည်။

စမိုးလင့်ပေတစ်ရာလမ်းဟောင်းအတိုင်း ဆုတ်ခွာလျက်ရှိသော ပြင်သစ်တို့အဖို့ နောက်ဆုံးပန်းတိုင်ဖြစ်သော ဇာတိပြင်သစ်ပြည်သည် အလွန်ဝေးကွာ၏။ ၎င်းတို့၏ လောလောဆယ်ပန်းတိုင်သည် စမိုးလင့် ဖြစ်လေသည်။ ၎င်းတို့၏ဆန္ဒများ၊ မျှော်လင့်ချက်များ အားလုံးသည် လူထုတစ်ခုအဖြစ် စုစည်းမိသောအခါ ပို၍ သိပ်သည်းစွာ ဖြစ်ပေါ်လာကာ ၎င်းတို့အား စမိုးလင့်သို့ မောင်းပို့လျက်ရှိလေသည်။ စားနပ်ရိက္ခာများ တပ်သားသစ်များ စမိုးလင့်တွင် ရနိုင်သည်ဟု ထင်၍ကား မဟုတ်ချေ။ ထိုသို့ရှိသည်ဟုလည်း မည်သူကမျှ ပြောထားခြင်း မရှိချေ။ (ပြောထားခြင်း မရှိရုံမျှမက စမိုးလင့်တွင် ရိက္ခာများ ရှားပါးလျက်ရှိသည်ဆိုခြင်းကို အထက်တန်းအရာရှိများနှင့် နပိုလီယန်ကိုယ်တိုင် သိကြပါသည်။) စမိုလင့်သို့ ဆုတ်ခွာခြင်းဖြင့်သာလျှင် ၎င်းတို့တွင် ရွှေ့လျားနိုင်သော ခွန်အားရှိမည်။ လက်ရှိဆင်းရဲဒုက္ခအပေါင်းကို ခံနိုင်မည်ဟု ယူဆသောကြောင့် ထိုသို့ ဆုတ်ခွာလျက် ရှိခြင်းသာ ဖြစ်လေသည်။ သို့ဖြင့် ဤအချက်ကို သိသူရော မသိသူပါ နှစ်ဦးစလုံးသည်

www.burmeseclassic.com

www.burmeseclassic.com

ငင်းတို့ကိုယ်ကို လိမ်ကာ 'လိုတရ' ဘုံဗိမာန်ကြီးတစ်ခု ဆီသို့ သွားသည့်နယ် စမိုးလင့်သို့ အတင်းတိုးဝှေ့သွားလျက် ရှိကြလေသည်။

ပေတစ်ရာလမ်းမကြီးပေါ်သို့ ရောက်လာသည့် အခါ၌ကား ပြင်သစ်တို့သည် အုံ့ဩစရာကောင်းသော ခွန်အား၊ မကြားဖူးသော လျင်မြန်မှုဖြင့် ငင်းတို့သတ်မှတ်ထားရာ ပန်းတိုင်သို့ အရောက်ပြေးလျက်ရှိကြလေသည်။ ပြင်သစ်စစ်သားအုပ်ကြီးတစ်ခုလုံးကို ထုကြီးတစ်ခုအဖြစ် စုစည်းထားနိုင်ခြင်းမှာ ငင်းတို့အသီးသီး၌ တူညီသော ရည်မှန်းချက်ရှိခြင်းကြောင့်ဖြစ်၏။ ထို့ကြောင့်ပင် တစ်စုံတစ်ခုသော ခွန်အားကို ရရှိနေကြခြင်း ဖြစ်၏။ ထိုပြင် ငင်းတို့အား ယခုကဲ့သို့ စုစည်းစေနိုင်သော အခြားအကြောင်းတစ်ရပ်လည်း ရှိပေသေးသည်။ ယင်းမှာ ငင်းတို့၏ အရေအတွက်များပြားခြင်းပင် ဖြစ်လေသည်။ ဆွဲငင်ခြင်း ရူပဗေဒ နိယာမအတိုင်း ဖြစ်ပေါ်သကဲ့သို့ ငင်းတို့၏ ကြီးမားလှသော ထုကြီးသည် လူအဏုမြူမှုန်ကလေးတစ်ခုစီ တစ်ခုစီကို လွှဲထွက်မသွားအောင် ဆွဲငင်ထားလျက် ရှိလေသည်။ သို့ဖြင့် ရာထောင်များစွာသော ပြင်သစ်စစ်သားထုကြီးသည် လူမျိုးတစ်မျိုး ပြောင်းရွှေ့သွားသည့်နယ် ရွှေ့လျားလျက် ရှိလေသည်။

ဤကြောက်မက်ဖွယ် ဘေးအန္တရာယ်ကြီးနှင့် ဆင်းရဲဒုက္ခအပေါင်းတို့မှ လွတ်မြောက်ရန်အတွက် ငင်းတို့အသီးသီးသည် လက်နက်ချ၍ သုံ့ပန်းအဖြစ် အဖမ်းခံလိုကြ၏။ သို့ရာတွင် ငင်းတို့၏ ပန်းတိုင်ဖြစ်သည့် စမိုးလင့်တည်းဟူသော ဆွဲငင်ခြင်းအားသည် ငင်းတို့အား ထိုလားရာဘက်သို့ သက်ရောက်ရန် ဆွဲငင်ထား၏။ ဤကား တစ်ချက်ဖြစ်၏။ နောက်တစ်ချက်မှာ တပ်ဖွဲ့တစ်ဖွဲ့သည် တပ်ခွဲတစ်ခွဲထံတွင် လက်နက်မချနိုင်ချေ။ ပြင်သစ်စစ်သားများသည် တပ်မှ ကွဲကျန်ရစ်ခဲ့ရန် သိက္ခာရှိသော အကြောင်းပြချက်တစ်ခုခုဖြင့် လက်နက်ချ အဖမ်းခံရန် အခွင့်အရေးကို စောင့်လျက်ရှိကြသော်လည်း ထိုအခွင့်အရေးကို မရခဲ့ကြချေ။ ထိုအကြောင်းများကြောင့် ငင်းတို့သည် လက်နက်ချလိုသော်လည်း လက်နက်ချ၍ မရဘဲ ဖြစ်လျက် ရှိကြလေသည်။ ထိုသို့ လူအရေအတွက် များပြားခြင်း၊ လှုပ်ရှားမှုလျင်မြန်ခြင်းတို့ကြောင့် ငင်းတို့အဖို့သာလျှင် လက်နက်ချရေးအတွက် အခက်အခဲ ဖြစ်လျက်ရှိရုံမက ရုရှားတို့အဖို့လည်း အားကုန်ပြေးလျက် ရှိသော ထိုလှုပ်ရှားမှုကြီးကို ရပ်တံ့ရန် အခက်အခဲကြုံလျက် ရှိလေသည်။ အရာဝတ္ထုတစ်ခု၏ ရုပ်တို့ ပျက်စီးခြင်းသည် တစ်စုံတစ်ခုသော အတိုင်းအတာအတွင်း၌သာ ဓာတ်အစုအဝေးတို့၏ ပြိုကွဲချုပ်ငြိမ်းခြင်းဖြစ်စဉ်ကို လျင်မြန်စေနိုင်သော်လည်း ထို အတိုင်းအတာမှ ကျော်လွန်လျှင် ဓာတ်အစုအဝေးတို့ ချုပ်ငြိမ်းခြင်း ဖြစ်စဉ်ကို လျင်မြန်စေခြင်းငှာ မတတ်နိုင်တော့သကဲ့သို့တည်း။

နှင်းခဲတစ်ခဲကို ချက်ချင်း အရည်ပျော်စေခြင်းငှာ မတတ်နိုင်ချေ။ တစ်စုံတစ်ခုသော အချိန်ကာလအတွင်း၌သာ အရည်ပျော်နိုင်လေသည်။ ထိုအချိန်ကာလထက် လျော့နည်းလျှင် မည်မျှအပူဓာတ် ပေးစေကာမူ ထိုနှင်းခဲသည် အရည်ပျော်လိမ့်မည် မဟုတ်ချေ။ အရည်မပျော်ရုံမျှမက အပူများလေလေ ကျန်ရှိသော နှင်းခဲသည် သိပ်သည်းလေလေ ဖြစ်မည်သာတည်း။

ရုရှားတပ်မှူးများ အားလုံးအနက် စစ်သေနာပတိချုပ် ကူတူဇော့ဗ် တစ်ဦးတည်းသာလျှင် ဤအချက်ကို သဘောပေါက်ပေသည်။ စမိုးလင့်ပေတစ်ရာလမ်းမကြီး တစ်လျှောက်၌ ပြင်သစ်စစ်တပ်ကြီး ဒရောသောပါးထွက်ပြေးလျက်ရှိပြီဟု သေချာစွာ သိရသောအခါ၌ အောက်တိုဘာ ၁၁-ရက်နေ့ညက ဗိုလ်ချုပ်ကိုနိုနစ်ဆင်ကြွတင်မှန်းဆခဲ့သော အချက်သည် သွေးထွက်အောင်မှန်လေပြီ။ အထက်တန်း အရာရှိများအားလုံးသည် 'လူစွမ်းကောင်းကြီး'တွေ လုပ်ချင်လာကြ၏။ ပြင်သစ်စစ်တပ်ကို ခါးမှ ဖြတ်တောက်လိုကြ၏။ သိမ်းပိုက်လိုကြ၏။ လက်ရဖမ်းလိုကြ၏။ တွန်းလှန်မောင်းထုတ်လိုကြ၏။ ငင်းတို့အားလုံးသည် ထိုးစစ် တိုက်စစ်ပြုရန် ဆူညံစွာ တောင်းဆိုလျက် ရှိကြလေသည်။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်တစ်ယောက်သာလျှင် ထိုးစစ် တိုက်စစ် ဆင်နွှဲခြင်း မပြုရန် ငင်း၏ အာဏာကို အသုံးပြုလျက် ရှိလေသည်။ (စင်စစ်၌ စစ်သေနာပတိချုပ် တစ်ယောက်တွင် ထိုးစစ် တိုက်စစ် ဆင်နွှဲရေးကို ဟန့်တားရန်အတွက် အာဏာသုံးရသည်ဆိုသော်လည်း များများစားစား မသုံးနိုင်ပါ။)

'အဘယ့်ကြောင့် တိုက်ခိုက်နေရဦးမည်နည်း။ အဘယ့်ကြောင့် လမ်းကို ပိတ်ဆို့ထားဦးမည်နည်း။ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com

တပ်သားကို အဘယ့်ကြောင့် အဆုံးရှုံးခံရဦးမည်နည်း။ ကဲဆိုးသူ ဒုက္ခသည်များကို အဘယ့်ကြောင့် လိုက်သတ်နေရဦးမည်နည်း။ မော်စကိုမှ ဗျာဇမောသွားရာ လမ်းတစ်လျှောက်တွင် တိုက်ပွဲတစ်ပွဲ မရှိဘဲနှင့်ပင် ၎င်းတို့၏ စစ်တပ်ကြီး သုံးပုံတစ်ပုံ ပျက်စီးခဲ့ပြီ ဖြစ်ပါလျက် ထိုးစစ်ပြုနေ၍ မည်သို့အကျိုးများမည်နည်း'ဟု ဤအဖြစ်ကို ကြည့်၍ ကျွန်ုပ်တို့ နှောင်းလူများက ယခုအချိန်၌ အလွယ်တကူ ပြောနိုင်ပါသည်။ သို့ရာတွင် စစ်သေနာပတိချုပ်တစ်ယောက်အဖို့ကား ရန်သူကို မတိုက်ရဟု အမိန့်ထုတ်ဖို့မပြောနှင့်၊ ဤသို့ပင် ပြောခွင့်မရှိပါ။ သို့တိုင်အောင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ၎င်း၏ ရင့်ကျက်သောဉာဏ်အမြော်အမြင်ဖြင့် ၎င်းတို့ နားလည်လက်ခံနိုင်လောက်အောင် ရှင်းပြအံ့ဟု ကြဲလျက် အချိန်ကို စောင့်ဖို့လိုကြောင်း၊ စိတ်ရှည်ဖို့လိုကြောင်း ပြောခဲ့ပါသေးသည်။ သို့ရာတွင် ၎င်းတို့သည် စစ်သေနာပတိချုပ်ကူတူဇော့ဗ်အား ရယ်မောလှောင်ပြောင်ခဲ့ကြသည်တကား။ ပုတ်ခတ်ဆဲရေးခဲ့ကြသည်တကား။ သေလုမြောပါး တိရစ္ဆာန်ကြီးကို ခုန်အုပ်ဆုတ်ဖြဲကာ ရွှင်လန်းအားရခဲ့ကြသည်တကား။

ဗိုလ်ချုပ် အာမိုလော့ဗ်၊ ဗိုလ်ချုပ် မီလိုရာဒိုဗစ်ချ်၊ ဗိုလ်ချုပ် ပလာတော့ဗ် စသည့် ဗျာဇမောရှိ ပြင်သစ်တို့ အနီးတစ်ဝိုက်တွင် ရောက်လျက်ရှိသော ရုရှားဗိုလ်ချုပ်များသည် ပြင်သစ်တပ်ဖွဲ့ကြီးနှစ်ဖွဲ့အား ဖြတ်တောက်ရန်နှင့် ရိုက်ချိုးရန် ဆန္ဒကို ချိုးနှိမ်ခြင်းငှာ မတတ်နိုင်ကြတော့ဘဲ ၎င်းတို့၏ ကြွရွယ်ချက်ကို စစ်သေနာပတိချုပ်ထံ သတင်းပို့သည့်အနေဖြင့် စာအိတ်တစ်လုံးတွင် ဗလာစာရွက်တစ်ရွက်ကို ထည့်၍ စစ်သေနာပတိချုပ်ထံ အပို့လွှတ်လိုက်ကြချေသည်တကား။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် မိမိ၏တပ်များအား ထိုးစစ်တိုက်စစ်ဆင်နွှဲခြင်း မပြုရန် အစွမ်းကုန် ဟန့်တားခဲ့သော်လည်း ရုရှားတပ်တို့သည် အတင်းဝင်တိုက်ကာ လမ်းကို ပိတ်ဆို့ခဲ့ကြလေသည်။ ခြေလျင်တပ်များသည် အိုးစည် ဗုံမောင်းတို့ဖြင့် ရှေ့တန်း စစ်ဖျက်နှာသို့ ထွက်ခွာသွားခဲ့ကြကာ ထောင်ပေါင်းများစွာသော ရန်သူများကို သတ်ဖြတ်ခဲ့ကြ၍ ထောင်ပေါင်းများစွာသော မိမိတပ်သားများကိုလည်း ဆုံးရှုံးစေခဲ့ကြလေသည်။

သို့ရာတွင် ၎င်းတို့သည် မည်သူ့ကိုမျှ ဖြတ်တောက်ခြင်း မပြုခဲ့ကြ။ မည်သူ့ကိုမျှလည်း တွန်းလှန်ခြင်း မပြုခဲ့ချေ။ ပြင်သစ်စစ်တပ်ကြီးမှာမူ အန္တရာယ်ကျရောက်လာသည်၌ ပို၍ စုစည်းသိပ်သည်း သွားကာ တဖြည်းဖြည်း လုံးပါးပါးရင်းဖြင့်ပင် စမိုးလင့်သို့ သွားရာ သေမင်းတမန်လမ်းမကြီးတစ်လျှောက်တွင် ဆက်လက်သွားမြဲသွားလျက် ရှိပေသတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း ၁၄

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁

ဘိုရိုဒီနိုတိုက်ပွဲ ဖြစ်ပွားခြင်း၊ ၎င်းနောက် မော်စကိုမြို့ကို ပြင်သစ်တို့ သိမ်းပိုက်ခြင်း၊ နောက်ထပ် တိုက်ပွဲတစ်ခုတစ်ရာ ဖြစ်ပွားခြင်းမရှိဘဲ ပြင်သစ်တို့ ထွက်ပြေးရခြင်း စသည်တို့သည် ရာဇဝင်တွင် သင်ခန်းစာယူဖွယ် အကောင်းဆုံး အခြင်းအရာတစ်ရပ် ဖြစ်လေသည်။

နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း ပဋိပက္ခဖြစ်ပွားလာသောအခါတွင် ထိုပဋိပက္ခများကို စစ်ပွဲများပုံသဏ္ဌာန်ဖြင့် ဖော်ပြလေ့ရှိကြပြီး စစ်ပွဲ၏ အနိုင်အရှုံးကို လိုက်၍ နိုင်ငံများနှင့် လူမျိုးများ၏ နိုင်ငံရေးအင်အားသည်လည်း အတက်အကျဖြစ်ကြရသည်။ ဤအချက်ကို ရာဇဝင်ဆရာများအားလုံးက သဘောတူကြ၏။

ဘုရင်တစ်ပါး သို့မဟုတ် ဧကရာဇ်တစ်ပါးသည် အခြားတစ်ပါးသောဘုရင်၊ သို့မဟုတ် ဧကရာဇ်နှင့် ခိုက်ရန် ဖြစ်ပွားပုံ၊ ထိုအခါ စစ်တပ်ကြီးတစ်တပ်ကို ဖွဲ့စည်း၍ ရန်သူ၏ စစ်တပ်ကြီးကို တိုက်ပုံ၊ လူပေါင်းသုံးထောင်၊ ငါးထောင်၊ သို့မဟုတ် တစ်သောင်းကို သတ်ပြီးနောက် အောင်ပွဲရပုံ၊ ထိုနောက် စစ်ရှုံးဘုရင်၏ နိုင်ငံနှင့်တကွ သန်းပေါင်းများစွာသော စစ်ရှုံးလူမျိုးတစ်မျိုးကို သူ့ကျွန်အဖြစ် သွတ်သွင်းပုံ စသည်တို့ကို ရာဇဝင်ကျမ်းများတွင် ဖတ်ရသောအခါ၌ ကျွန်ပ်တို့အဖို့ ထူးဆန်းသယောင်ယောင် ဖြစ်လျက် ရှိ၏။ လူမျိုးတစ်မျိုး၏ အပုံတစ်ရာပုံလျှင် တစ်ပုံမျှသာ ရှိသည့် စစ်တပ်တစ်တပ် ရှုံးနိမ့်ကာမျှဖြင့် အဘယ့်ကြောင့် လူမျိုးတစ်မျိုးလုံးက လိုက်၍ ကျွန်ခံရမည်နည်းဟူနား မလည်နိုင်အောင် ဖြစ်ရ၏။ သို့ရာတွင် ဆန်းခါမှဆန်းရော၊ နားမလည်နိုင်ခါမှနေရော၊ စစ်တပ်ကြီးတစ်တပ်၏ အနိုင်အရှုံးသည် လူမျိုးတစ်မျိုး၏ အင်အားအတိုးအဆုတ်ကိုဖြစ်စေသော အကြောင်းရင်း သို့မဟုတ် (အနည်းဆုံး) အခြေခံအချက်ဖြစ်သည် ဆိုသည်မှာကား ယုံမှားဖွယ်မရှိချေ။ ဤအချက်ကို (ကျွန်ပ်တို့သိသမျှသော) ရာဇဝင်အချက်အလက်များက အတည်ပြုပြီး ဖြစ်လေသည်။ စစ်တပ်ကြီးတစ်တပ်သည် အောင်ပွဲကို ရ၏။ ထိုသည်နှင့် တစ်ပြိုင်နက် ရှုံးနိမ့်သောလူမျိုးတွင် အကျိုးယုတ်ခြင်း ဖြစ်ရသလောက်အောင်နိုင်သော လူမျိုးတွင် အခွင့်အာဏာများ တိုး၍လာခဲ့လေပြီ။ စစ်တပ်ကြီးတစ်တပ်သည် ရှုံးနိမ့်ခဲ့ရ၏။ ထိုသည်နှင့် တစ်ပြိုင်နက် ဆုံးရှုံးမှု၏ ပမာဏကို လိုက်၍ ရှုံးနိမ့်သော လူမျိုးတွင် အခွင့်အရေးများ ဆုံးပါးခဲ့၏။ အကယ်၍ ၎င်း၏ စစ်တပ်ကြီးက လုံးဝ အရေးနိမ့်ခဲ့ပြီဆိုလျှင်ကား ထိုလူမျိုးသည် သူ့ကျွန်အဖြစ် သွတ်သွင်းခြင်း ခံရလေတော့သည်။

ရာဇဝင်အရပြောရလျှင် ရှေးပဝေဏီအကျဆုံးသောကာလများကလည်း ဤအတိုင်းဖြစ်ခဲ့၍ ကျွန်ပ်တို့ခေတ်တွင်လည်း ဤအတိုင်း ဖြစ်လျက်ရှိလေသည်။ နပိုလီယန်တိုက်ခဲ့သော စစ်ပွဲများ အားလုံးကလည်း ဤဥပဒေသကို အတည်ပြုလျက် ရှိလေသည်။ ဩစတြီးယားစစ်တပ်ကြီး အရေးနိမ့်ခဲ့ရသော ပမာဏကို လိုက်၍ ဩစတြေးရီးယားလူမျိုးတို့၏ ပိုင်ခွင့်များသည် ဆုံးရှုံးခဲ့ရကာ ပြင်သစ်ပြည်၏ အင်အားနှင့် ပိုင်ခွင့်များသည် တိုးတက် များပြားလာခဲ့လေသည်။ ဂျိနာနှင့် ဩစတပ်တိုက်ပွဲများတွင် ပြင်သစ်တို့ အောင်ပွဲခံခဲ့ခြင်းကြောင့် ပရပ်ရှားပြည်၏ လွတ်လပ်အမှီခိုကင်းသော ရပ်တည်မှုသည် ပျက်စီးဆုံးပါးခဲ့ရလေသည်။

သို့ရာတွင် ၁၈၁၂-ခုနှစ်၌ ပြင်သစ်တို့သည် မော်

www.burmeseclassic.com

www.burmeseclassic.com

စကိုမြို့အနီးတွင် အောင်ပွဲကြီးတစ်ခုကို ရလိုက်ကြ၏။ မော်စကိုမြို့ကို သိမ်းပိုက်ခဲ့ကြ၏။ ထို့နောက်၌ကား (တိုက်ပွဲများ ဖြစ်ပွားခြင်း မရှိတော့စေကာမူ) ပျက်စီးဆုံးရှုံးသွားရသူမှာ ရုရှားပြည်ကြီးမဟုတ်ဘဲ လူပေါင်းခြောက်သိန်းရှိသော ပြင်သစ်စစ်တပ်ကြီးနှင့် နပိုလီယန်၏ ပြင်သစ်နိုင်ငံတော်ကြီးကိုယ်တိုင် ဖြစ်လျက်ရှိလေသည်။ အဘယ်နည်း။ စစ်နိုင်သောလူမျိုးသည် အင်အားကြီးထွားလာကာ စစ်ရှုံးသောလူမျိုးသည် ပျက်စီးဆုံးရှုံးရမည်ဟူသော ရာဇဝင်၏ ဥပဒေသနှင့် ကိုက်ညီပါသေးသလား။ ရာဇဝင်၏ ဥပဒေသများနှင့် ကိုက်ညီအံကျအောင် အဖြစ်အပျက်များကို ပြောင်းပြန်လုပ်ပစ်ရန်မှာ လားလားမျှ မဖြစ်နိုင်ချေ။

ဘိုရိုဒိနိုတိုက်ပွဲတွင် ပြင်သစ်တို့ အောင်ပွဲရပြီးနောက် ရင်ဆိုင်တိုက်ပွဲကြီးများ သို့မဟုတ် ပြောစမှတ်ပြုလောက်သည့်တိုက်ပွဲများ တစ်ပွဲမျှဖြစ်ပွားခြင်း မရှိတော့ချေ။ သို့ရာတွင် ပြင်သစ်စစ်တပ်ကြီးကား အနိစ္စသဘောသို့ ရွေ့လျောသွားခဲ့လေပြီ။ ဤအခြင်းအရာသည် မည်သည့်အဓိပ္ပာယ်နည်း။ အကယ်၍ ဤအဖြစ်အပျက်သည် တရုတ်ပြည်က အဖြစ်အပျက်ဆိုလျှင် ရာဇဝင်တွင် စာဖွဲ့လောက်သော အဖြစ်အပျက် မဟုတ်ဟု ကျွန်ုပ်တို့ ပြောနိုင်ပါသည်။ (ရာဇဝင်ဆရာများသည် ၎င်းတို့သတ်မှတ်ထားသော စံထားချက်များနှင့် မကိုက်ညီလျှင် ဤစကားကို လက်သုံးပြုတတ်ကြသည် မဟုတ်လော။) တစ်ဖန် အကယ်၍ ထိုအဖြစ်အပျက်သည် စစ်သားအရေအတွက်ကလေး အနည်းငယ်မျှဖြင့်သာ တိုက်သည့် စစ်ပွဲကလေး တစ်ခုဆိုလျှင်လည်း ၎င်းကို ခြွင်းချက်ကိစ္စတစ်ရပ်အဖြစ် သဘောထားနိုင်ပါသေးသည်။ ယခုကား ထိုသို့မဟုတ်ဘဲ ထိုအဖြစ်အပျက်ကြီးသည် ကျွန်ုပ်တို့ဖခင်များ မျက်စိရှေ့တွင် ဖြစ်ခဲ့သော အဖြစ်အပျက်ကြီးတစ်ရပ် ဖြစ်ရုံမျှမက ၎င်းတို့၏ အဖတိုင်းပြည်အတွက် သေရေးရှင်ရေး ပြဿနာကြီးတစ်ရပ်လည်း ဖြစ်ခဲ့ပါသည်။ သိရသမျှသော စစ်ပွဲများတွင် အကြီးကျယ်ဆုံးစစ်ပွဲကြီးလည်း ဖြစ်ပါသည်။

စစ်ပွဲတစ်ပွဲအနိုင်ရခြင်းသည် လူမျိုးတစ်မျိုးကို အောင်နိုင်ခြင်းမဟုတ်ချေ။ အောင်နိုင်သည်ဟုပင် ပြောနိုင်သောအရာတစ်ခု မဟုတ်ချေ။ ပြည်သူများ၏ ကံကြမ္မာကို အဆုံးအဖြတ်ပြုသော အင်အားစုသည် အောင်နိုင်သူ အာဏာနည်တို့၌လည်း မတည်၊ စစ်တပ်ကြီးများနှင့် တိုက်ပွဲကြီးများ၌လည်း မတည်ဘဲ တစ်စုံတစ်ခုသောအရာ၌သာ တည်လေသည်။ ဤအချက်ကို ဘိုရိုဒိနိုတိုက်ပွဲမှ ပြင်သစ်တို့ ထွက်ပေါ်ရသည်အထိဖြစ်သော ၁၈၁၂-ခုနှစ် တိုက်ပွဲစဉ်ကာလက သက်သေပြခဲ့လေသည်။

မော်စကိုမှ ထွက်ခွာခြင်း မပြုမီ ပြင်သစ်စစ်တပ်ကြီး၏ အခြေအနေကို ဖော်ပြရာ၌ ပြင်သစ်တို့၏ မဟာစစ်တပ်ကြီးတွင် မြင်းတပ်၊ အမြောက်တပ်နှင့် ထောက်ပို့တပ်များမှ လွဲလျှင် (မြင်းများနှင့် ဝန်တင်လှည်းဆွဲတိရစ္ဆာန်များအတွက် အစာရေစာ မရှိပါ။) အစစ အရာရာ ပြည့်စုံကောင်းမွန်လျက် ရှိသည်ဟု ပြင်သစ်ရာဇဝင်ဆရာများက အတည်ပြုခဲ့ကြ၏။ (မြင်းများအတွက် အစာမရှိခြင်းကား မည်သူမျှ ကယ်နိုင်သောကိစ္စ မဟုတ်ပါ။ ထိုဒေသရှိ လယ်သမားများက ၎င်းတို့၏ မြက်ခြောက်များ၊ ကောက်ရိုးများကို ပြင်သစ်တို့ လက်သို့ အရောက်ခံမည့်အစား မီးရှို့ပစ်ခဲ့ကြသောကြောင့် ဖြစ်ပါသည်။)

ထိုအောင်ပွဲသည် ရမ်ဖြစ်သော အကျိုးသက်ရောက်မှုများကို မပေးခဲ့ချေ။ အဘယ့်ကြောင့်ဆိုသော် (ပြင်သစ်တို့ မော်စကိုမှ ပြောင်းရွေ့သွားကြပြီးနောက် မည်သည့်သူရဲကောင်းစိတ်ဓာတ်မျိုးကိုမှ ပြရန်မဟုတ်ဘဲ မြို့ကို လုယက်ဖောက်ထွင်းရန် လှည်းများဖြင့် ဝင်ရောက်လာကြသော) လယ်သမား၊ ငါးဖြူ ငမည်း စသူတို့နှင့် မရေမတွက်နိုင်သော အလားတူ ၎င်းတို့ကဲ့သို့သော လယ်သမားထုကြီးတစ်ရပ်လုံးက ဈေးကောင်းကောင်းရရန် မြက်ခြောက်များ၊ ကောက်ရိုးများကို ယူဆောင်လာကြမည့်အစား ၎င်းတို့ကို မီးရှို့ပစ်ခဲ့ကြသောကြောင့် ဖြစ်လေသည်။

လူနှစ်ယောက်သည် ဓားသိုင်းကစားနည်း ဥပဒေများနှင့်အညီ နှစ်ယောက်ချင်း ပြိုင်သတ်ရန်အတွက် ဆောင်ဓားကိုယ်စီနှင့် ထွက်လာခဲ့ကြ၏။ သို့ဖြင့် အချိန်အတော်ကြာ နှစ်ယောက် ဓားသိုင်းခုတ်ကြ၏။ ထိုအခိုက် တစ်ယောက်သည် မိမိ၌ ရန်သူဓားချက်ထိသွားပြီဟု

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် သိလိုက်သည်။ ဤတွင် ဓားသိုင်းခုတ်ခြင်းသည် အပျင်းပြေကစားခြင်း မဟုတ်ဘဲ မိမိ၏ သေရေးရှင်ရေး ပြဿနာဖြစ်ကြောင်းကို သိမြင်လာခဲ့ကာ မိမိလက်မှ ဆောင်ဓားကို လွှတ်ချလိုက်ပြီးနောက် အနီးတွင်တွေ့သည့် တင်းပုတ်ကြီးကို ကောက်ဆွဲလျက် ဝှေ့ယမ်းဝင်လာခဲ့သည်။ ထိုအခါတွင် ရန်သူကို အနိုင်ရရန် အကောင်းဆုံး၊ အလှဆုံး ဓားသိုင်းကစားသွားသည့် တစ်ဖက်လူကလည်း ဓားသိုင်းသမားတို့၏ အစဉ်အလာသဘောထားကြီးမှုကို ပြလိုသည့်အတွက်ကြောင့် တစ်ကြောင်း၊ တစ်ဖက်က တင်းပုတ်ကြီးကို ကိုင်ကာ ဝင်လာခြင်းသည် စည်းကမ်းနှင့်မညီဟု ကန့်ကွက်လိုသည့်အတွက်ကြောင့် တစ်ကြောင်း၊ မိမိသည် ဓားသိုင်းကစားနည်းဥပဒေအရကြည့်လျှင် အနိုင်ရခဲ့ပြီဟု အကြောက်အကန် ပြောဆိုလျက် ရှိလေသည်။ ဤသို့သော ဓားပွဲတစ်ပွဲအကြောင်းကို ပြန်ပြောကြစတမ်းဆိုလျှင် သန်ရာသန်ရာ တစ်ယောက်တစ်မျိုးပြောကာ မည်မျှ သပွတ်အူလိုက်အောင် ရှုပ်ထွေးလျက် ရှိမည်ကို စဉ်းစားကြည့်က သိနိုင်ပါသည်။

ယခုကိစ္စ၌ ဓားသိုင်းကစားနည်း ဥပဒေများအရ ယှဉ်ပြိုင်ရမည်ဟု တောင်းဆိုသူမှာ ပြင်သစ်စစ်တပ်ကြီးဖြစ်၍ ဆောင်ဓားကို လွှတ်ချပြီး တင်းပုတ်ကို ကောက်ကိုင်သော တစ်ဖက်ရန်သူမှာ ရုရှားပြည်သူများ ဖြစ်လေသည်။ ဓားသိုင်းကစားနည်းဥပဒေနှင့်အညီ ထိုအကြောင်းကို ရှင်းလင်းပြလျက်ရှိသူကား၊ ထိုအဖြစ်အပျက်ကြီးကို ရေးသားခဲ့ကြသည့် ရာဇဝင်ဆရာများ ဖြစ်လေသည်။

စမိုးလင့်မြို့ကို မီးလောင်ပြီးသည့်နောက်၌ စစ်ပွဲ၏ အစဉ်အလာဟောင်းများနှင့် ဆန့်ကျင်သော စစ်ပွဲတစ်ရပ်သည် ပေါ်ပေါက်ခဲ့လေသည်။ မြို့ရွာများကို မီးရှို့ခြင်း၊ တိုက်ပွဲများအပြီးတွင် ဆုတ်ခွာသွားခြင်း၊ ဘိုရိုဒိနိုတွင် ပြင်းထန်စွာ တိုက်ခဲ့ပြီးနောက် ထပ်မံ ဆုတ်ခွာသွားခြင်း၊ မော်စကိုမြို့ကို မီးရှို့ခဲ့ခြင်း၊ ပြင်သစ်တပ်ပြေးများကို ဖမ်းဆီးခဲ့ခြင်း၊ ထောက်ပို့ပစ္စည်းများကို သိမ်းဆည်းခြင်းနှင့် ပြောက်ကျားစစ်ပွဲ ဆင်နွှဲခြင်း စသည်တို့သည် စစ်ပွဲ၏ သမားရိုးကျ စည်းကမ်းဥပဒေများမှ ခွဲထွက်လာသော အခြင်းအရာများ ဖြစ်လေသည်။

နပိုလီယန်သည် ဤအခြင်းအရာကို ရိပ်စားမိ၏။ မော်စကိုမြို့တွင် မိမိက မှန်မှန်ကန်ကန် ဓားသိုင်းကစားလိုသည့် သဘောကို ပြခဲ့သော်လည်း တစ်ဖက်က ဆောင်ဓားဖြင့် မဟုတ်ဘဲ ၎င်း၏ခေါင်းပေါ်သို့ တင်းပုတ်ကြီး ဝဲ၍ ဝင်လာသောအချိန်မှစ၍ ဤစစ်ပွဲမှာ စစ်ပွဲ၏ စည်းကမ်းဥပဒေများနှင့်မညီ (စည်းကမ်းဥပဒေနှင့် ညီသော လူသတ်ခြင်း ဟူ၍ ရှိသေးသည်ဟု နပိုလီယန် ထင်သလော မပြောတတ်ပါ။)ဟု စစ်သေနာပတိချုပ် ကူတူဇော့ဗ်ထံသို့ လည်းကောင်း၊ အလက်ဇန်းဒရားဘုရင်ထံသို့ လည်းကောင်း တစ်လျှောက်လုံး ကန့်ကွက်ပြောဆိုခဲ့လေသည်။ စစ်ပွဲ၏ စည်းကမ်းဥပဒေများကို ဖောက်ဖျက်သည်ဟု ပြင်သစ်တို့က မည်မျှ စွပ်စွဲကြစေ၊ တင်းပုတ်ကြီးဖြင့် တိုက်ခိုက်သတ်ပုတ်ခြင်းသည် 'ဂိုက်ပဲ' လွန်းလှသည်၊ ဓားသိုင်းကစားနည်း ဥပဒေများနှင့် မညီ၊ 'စင်ရော့သုတ်'၊ 'သက်တင်ဆွဲ'၊ 'ပဝါကမ်း' စသည် ဓားချက်တို့ဖြင့် ဝင်သင့်သည်ဟု အလွန်အရေးကြီးသော ရုရှားအမျိုးသားကြီးများက မည်မျှ အာပေါက်အောင်ပြောကြသည်ဖြစ်စေ၊ ပြည်သူ့စစ်တည်းဟူသော တင်းပုတ်ကြီးသည် ထိတ်လန့်ဖွယ်ကောင်းလောက်အောင် ကြီးကျယ်လှသည့် အင်အားဖြင့် မြောက်တက်လာကာ မည်သူ၏ အကြိုက်၊ မည်သည့် စည်းကမ်းကိုမျှ လိုက်နာခြင်း မပြု၊ မည်သည့်အရာကိုမျှ ထောက်ထားခြင်းလည်း မရှိဘဲ 'တော်သူ့ထိပ်၊ မတော်သူ့ထိပ်' ဆိုသကဲ့သို့ ကျမိကျရာ တရစပ်ကျလာကာ ကျူးကျော်မှုကြီးတစ်ခုလုံး ထောင်းထောင်းညက်ညက် ကျေပြုန်းသွားသည်အထိ ပြင်သစ်တို့ကို ထုထောင်း ရိုက်နှက်ပစ်လိုက်လေသည်။

(၁၈၁၃-ခုနှစ်တွင် ပြင်သစ်တို့ ပြုလုပ်ခဲ့သကဲ့သို့) ဓားသိုင်းကစားနည်း ဥပဒေစည်းကမ်းများနှင့်အညီ ရက်ရောသဘောထားကြီးသော အောင်နိုင်သူကို ယဉ်ကျေးသိမ်မွေ့စွာ ဓားရိုးကမ်းလာခြင်း၊ ဦးညွှတ်နှုတ်ဆက်ခြင်း စသည်တို့ မပြုလုပ်နိုင်သည့် လူမျိုးတစ်မျိုး၊ လွယ်လွယ်နှင့် အရှုံးမပေးနိုင်သည့် လူမျိုးတစ်မျိုးအဖို့ကား ထိုအတိုင်းပင် လုပ်ရမည်သာ ဖြစ်ပါသည်။ ထိုလူမျိုးအဖို့ သေရေးရှင်ရေးကို ရင်ဆိုင်နေရစဉ်ကာလ၌ အလားတူ အခြေအနေမျိုးတွင် အခြားသူတို့ မည်သို့သော စည်းကမ်းဥပဒေမျိုးကို လိုက်နာကြသနည်းဟုလည်း မေးမြန်းခြင်း ပြုမနေနိုင်တော့ဘဲ တွေ့ရာတင်းပုတ်ကို ကောက်ဆွဲကာ မိမိတို့ရင်ထဲ၌ ရှိသည့် အခဲမကျေစိတ်နှင့် လက်စားချေစိတ်တို့၏ နေရာ

www.burmeseclassic.com

www.burmeseclassic.com

တွင် ကိုယ့်ကိုယ်ကို စက်ဆုပ်ရွံရှာခြင်း၊ စိတ်မကောင်းဖြစ်ရခြင်း စသည့် ခံစားချက်တို့ ပေါ်ပေါက်လာသည်အထိ စိတ်ရှိလက်ရှိ အားရပါးရ ရိုက်ပုတ်သတ်ဖြတ်ခြင်း ပြုရတော့မည်သာ ဖြစ်ပါသတည်း။

အခန်း ၂

စစ်ပွဲ၏ စည်းကမ်းဥပဒေများဟု ခေါ်သောအရာများမှ ခွဲထွက်လာသည့် နည်းလမ်းများအနက် အထင်ရှားဆုံးလည်းဖြစ်၊ အကျိုးအများဆုံးလည်းဖြစ်သော နည်းလမ်းတစ်ခုမှာ ထုကြိုးဖြင့် သိပ်သည်းစွာ စုစည်းထားသောလူများကို ပြန့်ကျဲလျက်ရှိသည့် အစုကလေးများဖြင့် တိုက်သည့်နည်းပင် ဖြစ်၏။ ဤသို့သော နည်းများကို အမျိုးသားလက္ခဏာ ဆောင်သော စစ်ပွဲများတွင် အသုံးပြုလေ့ရှိကြလေသည်။ ထိုတိုက်နည်းမျိုး၌ လူအုပ်ကြီးနှစ်အုပ် တစ်အုပ်နှင့်တစ်အုပ် ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုကြတော့ဘဲ လူစုခွဲကာ တစ်စုချင်း တစ်ယောက်ချင်း တိုက်လေ့ရှိကြသည်။ သာလွန်အင်အား ကြီးမားသော ရန်သူနှင့် တွေ့လျှင် ရှောင်ပြေးကြ၍ အခွင့်သာလျှင် ပြန်တိုက်ကြပြန်သည်။ ဤနည်းကို စပိန်ပြောက်ကျားများ၊ ကော့ကေးဆပ်တောင်ပေါ် လူမျိုးစုများနှင့် ၁၈၁၂–ခုနှစ်တွင် ရုရှားများက အသုံးပြုခဲ့ကြလေသည်။

ဤစစ်ပွဲမျိုးကို 'ပြောက်ကျား' စစ်ပွဲဟု ခေါ်ကြ၍ နာမည်တပ်ကပင်လျှင် အနက်အဓိပ္ပာယ်ကို ဖော်ပြပြီး ဖြစ်သည်ဟု ယူဆကြသည်။ သို့ရာတွင် ဤစစ်ပွဲမျိုးသည် သမားရိုးကျစစ်ပွဲ၏ အစဉ်အလာ စည်းကမ်းဥပဒေများနှင့် ကိုက်ညီခြင်း မရှိရုံမျှမက မမှားနိုင်ဟု ယူဆလျက်ရှိကြသော ထင်ရှားကျော်ကြားသည့် သမားရိုးကျ စစ်ပရိယာယ် စည်းကမ်းများနှင့်လည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိလေသည်။ တိုက်ပွဲဖြစ်နေချိန်ကာလ၌ တိုက်စစ်ပြုသူသည် မိမိရန်သူထက် သာလွန်ကြီးမားသော အင်အားကို စုစည်းရမည်ဟု ထိုမမှားနိုင်ဟု ယူဆထားကြသည့် စည်းကမ်းများက ဖွင့်ဆိုကြသည် မဟုတ်လော။

(ရာဇဝင်က ပြခဲ့ပြီး ဖြစ်သည့်အတိုင်း အမြဲတမ်း အနိုင်ရလေ့ရှိ၏သာ) ပြောက်ကျားစစ်ပရိယာယ်သည် ထို စည်းကမ်းကို တိုက်ရိုက်ချိုးဖောက်လိုက်လေသည်။

သို့ဖြစ်၍ သမားရိုးကျ စစ်စည်းကမ်းဥပဒေများနှင့် ပြောက်ကျားစစ်ပရိယာယ်သည် တစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်နေကြပြီ မဟုတ်လော။

ဤသို့ ပဋိပက္ခလာဖြစ်နေရခြင်းမှာ စစ်သိပ္ပံပညာသည် စစ်တပ်တစ်တပ်၏ အင်အားကို အရေအတွက်ဖြင့် သတ်မှတ်ခြင်းကြောင့် ဖြစ်လေသည်။ စစ်တပ်များလေ အင်အားကြီးလေဟု စစ်သိပ္ပံပညာက ဆိုသည်မဟုတ်လော။ တပ်ရင်းကြီးများသည် အမြဲတမ်း မှန်ကန်သည်ဟု စစ်သိပ္ပံပညာက ဆိုသည် မဟုတ်လော။

စစ်သိပ္ပံပညာက ဤသို့ဆိုခြင်းမှာ ယန္တရားဗေဒတွင် အဟုန်၏ အဓိပ္ပာယ်ကို ဒြပ်ထုတစ်ခုတည်းဖြင့် ဖော်ပြခြင်းမျိုးနှင့် တူလေသည်။ အဟုန်တစ်ခုနှင့်တစ်ခု ညီမျှခြင်း၊ သို့မဟုတ် မညီမျှခြင်းသည် ထိုအဟုန်များထဲတွင် ပါဝင်သောဒြပ်ထုများ ညီမျှခြင်း သို့မဟုတ် မညီမျှခြင်းကြောင့် ဖြစ်ရသည်ဟု ပြောခြင်းမျိုးနှင့် တူပေသည်။

ယန္တရားဗေဒ၌ အဟုန် (ရွှေ့လျားမှု၏ အရေအတွက်) သည် ဒြပ်ထုနှင့် အလျင်တို့ မြှောက်၍ရသည့် ရလဒ်ပင် ဖြစ်လေသည်။ (ဒြပ်ထု x အလျင်=အဟုန်)။

စစ်ရေးစစ်ရာ၌ စစ်တပ်တစ်တပ်၏ အင်အားသည် ဒြပ်ထုနှင့် (က)ဆိုသော မသိကိန်းတို့ မြှောက်ခြင်း၏ ရလဒ် ဖြစ်လေသည်။ (ဒြပ်ထု x က = စစ်တပ်၏အင်အား)။

ရာဇဝင်ကို ပြန်ကြည့်သောအခါ၌ စစ်တပ်တစ်တပ်၏အင်အားသည် ၎င်း၏ အရေအတွက်နှင့် အခါခပ်သိမ်း ညီမျှခြင်းမရှိခြင်းကို လည်းကောင်း၊ သေးငယ်သော တပ်ခွဲကလေးတစ်ခွဲက တပ်ရင်းကြီးတစ်ရင်းအား အနိုင်ရလိုက်ခြင်းကို လည်းကောင်း စစ်သိပ္ပံပညာသည် သွားတွေ့၏။ ထိုအခါ၌ စစ်သိပ္ပံပညာသည် စစ်တပ်ကြီးတစ်တပ်၏ အင်အားကို တွက်ချက်ရာ၌ (အရေအတွက် တစ်ခုတည်းသာမကဘဲ) အခြားမသိကိန်းတစ်ခု ပါဝင်နေခြင်းကို ဝိုးတိုးဝါးတား ဝန်ခံကာ ထိုမသိကိန်းကို ရှာဖွေရန် ကြိုးစားခြင်းပြုလေသည်။ စစ်သိပ္ပံပညာက ထိုမသိကိန်းသည် စစ်ဆင်စစ်တက်နည်းဖြစ်သည်ဟု လည်းကောင်း၊ လက်နက်ဖြစ်သည်ဟု လည်းကောင်း၊ အထူးသဖြင့် တပ်မှူးတို့၏ပါရမီဉာဏ်ဖြစ်သည်ဟု လည်းကောင်း အမျိုးမျိုး ပြောဆိုလျက် ရှိလေသည်။ သို့ရာတွင် စစ်သိပ္ပံပညာက ဖော်ထုတ်တင်ပြသော ထိုမသိကိန်း၏ အဓိပ္ပာယ်

www.burmeseclassic.com

www.burmeseclassic.com

များသည် ရာဇဝင်အဖြစ်အပျက်များနှင့် ကိုက်ညီသော ရလဒ်များကို မပေးနိုင်ချေ။

ဤမသိကိန်း၏ အရေအတွက်ကို ရှာဖွေရန်မှာ တစ်နည်းသာ ရှိပါသည်။ ယင်းမှာ အခြားမဟုတ်။ ('လူစွမ်းကောင်း' ဆိုသူများကို မျက်နှာလိုအား‌ရ လုပ်ရန် အတွက် ချမှတ်ထားသော) တပ်မှူးများက စစ်ပွဲအတွင်း ထုတ်ပြန်သည့် ညွှန်ကြားချက်များသည် အလွန်တန်ခိုးကြွဒို့ပါဒ်နှင့် ပြည့်နှဲသည်ဆိုသော မှားယွင်းသည့်အမြင်ကို ရေထဲလွှင့်ပစ်လိုက်သည့်နည်းသာလျှင် ဖြစ်ပါသည်။

သို့ဖြစ်လျှင် ထိုမသိကိန်းသည် အဘယ်နည်း။ ၎င်းမှာ အခြားမဟုတ်။ စစ်တပ်တစ်တပ်၏ စိတ်ဓာတ်ပင် ဖြစ်လေသည်။ တစ်နည်းပြောရလျှင် စစ်တပ်တစ်တပ်တွင် ပါဝင်လျက် ရှိသူများက တိုက်ခိုက်ရန် သို့မဟုတ် အန္တရာယ်ကို ရင်ဆိုင်ရန် မည်မျှအဆင်သင့်ဖြစ်သနည်းဆိုသည့် အချက်ပင် ဖြစ်လေသည်။ ပါရမီဉာဏ်ရှင်တစ်ဦး၏ ကွပ်ကဲမှုအောက်တွင် တိုက်ရခြင်းဟုတ် မဟုတ်၊ မည်သည့် စစ်ပရိယာယ်ကို အသုံးပြု မပြု၊ တင်းပုတ်များ၊ သို့မဟုတ် တစ်မိနစ်တွင် အချက်သုံးဆယ်ထွက်သော ရိုင်ဖယ်များကို အသုံးပြု မပြုဆိုသည်မှာ အခရာ မဟုတ်ချေ။ စစ်တိုက်လိုသူသည် စစ်တိုက်ရန်အတွက် အကောင်းဆုံး၊ အကျိုးကျေးဇူး အများဆုံး အခြေအနေမျိုးကို အမြဲတမ်း ဖန်တီးမည်သာ ဖြစ်လေသည်။

စစ်တပ်တစ်တပ်၏ စိတ်ဓာတ်ကို ဒြပ်ထုဖြင့် မြှောက်လျှင် အင်အားဟူသော ရလဒ်ကို ရပေသည်။ စစ်သိပ္ပံပညာသည် စစ်တပ်၏ စိတ်ဓာတ်ဟူသော မသိကိန်း၏ အရေးကြီးပုံကို ရှင်းလင်းရှာဖွေခြင်း မပြုနိုင်ချေ။ ထိုအရာသည် စစ်သိပ္ပံပညာအတွက် ခက်ခဲသော ပုစ္ဆာကြီးတစ်ရပ် ဖြစ်လျက် ရှိလေသည်။

ဤပုစ္ဆာကို ရှင်းရန်မှာ မသိကိန်းဖြစ်သော (က)၏ နေရာတွင် ဗိုလ်ချုပ်များ၏ ကွပ်ကဲမှု၊ လက်နက် စသည့် အင်အားဟု ထင်ရသောအရာတို့ကို ထည့်သွင်းတွက်ချက်ခြင်းမပြုဘဲ တပ်သားများက တိုက်ခိုက်ရန်၊ အန္တရာယ်ကို ရင်ဆိုင်ရန် မည်မျှ အဆင်သင့်ဖြစ်နေကြသနည်းဆိုသည့် အချက်ကို ထည့်သွင်းတွက်ချက်ရပေလိမ့်မည်။ သိပြီးဖြစ်သော ရာဇဝင်အချက်အလက်များကို ညီမျှခြင်းများဖြင့် ဖော်ပြ၍ ထိုမသိကိန်း၏ နှိုင်းယှဉ်ချက်အားဖြင့် အရေးကြီးပုံကို စဉ်းစားမှသာလျှင် ထိုမသိကိန်းကို ရှာဖွေနိုင်ပေလိမ့်မည်။

လူဆယ်ယောက် သို့မဟုတ် တပ်ရင်းကြီးများ သို့မဟုတ် တပ်မကြီးများသည် လူဆယ့်ငါးယောက်၊ သို့မဟုတ် တပ်ရင်းကြီးများ၊ သို့မဟုတ် တပ်မကြီးများကို အနိုင်ရလိုက်၏။ တစ်နည်းပြောရလျှင် အခြားသူများအား လုံးကို ကျဆုံးစေခဲ့၊ ဖမ်းမိခဲ့၍ မိမိတို့ဘက်တွင် လေးယောက်မျှသာ ကျဆုံးခဲ့၏။ ထို့ကြောင့် လေးယောက်သည် တစ်ဆယ့်ငါးယောက်နှင့် ညီမျှသည်ဟု အဓိပ္ပာယ်ထွက်၏။ ဤသည်ကို ညီမျှခြင်းချကြည့်လျှင် ၄က= ၁၅ခ ဟုရ၏။ ထို့ကြောင့် က/ခ=၁၅/၄ ဟု ညီမျှခြင်း ရ၏။ ဤညီမျှခြင်း ရရုံမျှဖြင့် မသိကိန်း၏ တန်ဖိုးကို ကျွန်ုပ်တို့ မသိရသေး။ က/ခဟူသော မသိကိန်းနှစ်ခု၏ နှိုင်းယှဉ်အချိုးကိုသာ သိရသေး၏။ (တိုက်ပွဲများ၊ တိုက်ပွဲစဉ်များ၊ စစ်ပွဲကာလများစသည့်) ရာဇဝင်၏ အထူးထူးသော ဧကဝုစ်ကိန်းများကို မသိကိန်းနေရာတွင် ညီမျှခြင်းချ၍ အစားထိုးတွက်မည်ဆိုက အဖြေအမျိုးမျိုးထွက်လာကာ ထိုအဖြေများနှင့် ကိုက်ညီသော တရားများကိုလည်း ကျွန်ုပ်တို့ ထူထောင်ကြရတော့မည် ဖြစ်၏။

စစ်တပ်တစ်တပ်သည် တိုက်စစ်ပြုသောအခါ၌ ထုဖြင့် လှုပ်ရှား၍ ဆုတ်ခွာသောအခါတွင် အစုကလေးများဖြင့် လှုပ်ရှားရမည်ဟူသော သမားရိုးကျစစ်ပရိယာယ်က စစ်တပ်တစ်တပ်၏ အင်အားသည် စိတ်ဓာတ်အပေါ်တွင် တည်သည်ဆိုသောတရား မှန်ကြောင်းကို မသိမသာ အတည်ပြုခဲ့ပြီး ဖြစ်လေသည်။ ရန်သူထိုးစစ်ကို ခုခံရခြင်းထက် ရန်သူပစ်ခတ်မှုအောက်သို့ တိုးဝင်၍ ကိုယ်က ထိုးစစ်ပြုရခြင်းက ပို၍ စည်းကမ်းသေဝပ်မှုရှိဖို့ လိုအပ်ပါသည်။ (ဤတွင်လည်း ထုဖြင့် လှုပ်ရှားမှုသာ စည်းကမ်းပို၍ ရှိပါသည်။) သို့ရာတွင် စစ်တပ်၏ စိတ်ဓာတ်ကို ထည့်သွင်းတွက်ချက်ခြင်း မပြုသော အဆိုပါ စည်းကမ်းဥပဒေသည် အမြဲတမ်း မှားလျက် ရှိကြောင်းကို ရာဇဝင်က သက်သေပြပြီး ဖြစ်ပါသည်။ အထူးသဖြင့် အမျိုးသားစစ်ပွဲများတွင် တွေ့ရတတ်သော စစ်တပ်၏ စိတ်ဓာတ်အတက်အကျ ဖြစ်ပေါ်လေ့ရှိသည့် ကာလမျိုးတွင် ထိုသဘောတရားသည် အချက်အလက်များနှင့် ကိုက်ညီခြင်း မရှိဘဲ ဆန့်ကျင်လျက် ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဥပမာအားဖြင့် အဆိုပါ သဘောတရားကိုသာ လိုက်နာရမည်ဆိုလျှင် ၁၈၁၂–ခုနှစ်က ဆုတ်ခွာခဲ့ကြသော ပြင်သစ်တို့သည် အစုကလေးများ ခွဲ၍ ဆုတ်ခွာခဲ့ကြသင့်သည် ဖြစ်၏။ (ထိုးစစ်ပြုရာတွင် ထုဖြင့် တိုက်၍၊ ဆုတ်စစ်ပြုရာတွင် အစုကလေးများဖြင့် ဆုတ်ခွာရမည်ဟု အစဉ်အလာ စစ်ပရိယာယ်၊ စည်းကမ်းများက ဆိုသည် မဟုတ်လော။) သို့ရာတွင် ပြင်သစ်တို့သည် ဤသို့အစုကလေးများဖြင့် ဆုတ်ခွာခြင်း မပြုဘဲ ထုကြီးဖြင့် ဆုတ်ခွာခဲ့ကြလေသည်။ အဘယ့်ကြောင့်ဆိုသော် ထုဖြင့် ရပ်တည်မှသာလျှင် စစ်တပ်ကြီးကို မကွဲအောင် ထိန်းထားနိုင်သည့် အခြေအထိ ပြင်သစ်စစ်တပ်ကြီး၏ စိတ်ဓာတ်သည် လွန်စွာ ကျဆင်းလျက် ရှိသောကြောင့် ဖြစ်ပါသည်။ ရုရှားတို့သည် ထုဖြင့် တိုက်သင့်ခဲ့ကြသည် ဖြစ်၏။ (ထိုးစစ်ပြုရာတွင် ထုဖြင့် တိုက်သင့်သည်ဟု အစဉ်အလာ စစ်ပရိယာယ်၊ စည်းကမ်းများက ဆိုသည် မဟုတ်လော။) သို့ရာတွင် ရုရှားတို့သည် ထုဖြင့် မတိုက်ဘဲ အစုကလေးများခွဲ၍ တိုက်ခိုက်ခြင်းပြုခဲ့ကြလေသည်။ အဘယ့်ကြောင့်ဆိုသော် အမိန့်မရှိဘဲ အခက်အခဲ အန္တရာယ်များကို ရင်ဆိုင်ရန် တိုက်တွန်းနှိုးဆော်ရခြင်း မရှိဘဲ တစ်စုချင်း တစ်ဦးချင်း တိုက်ခိုက်ရလောက်သည့်အခြေအထိ ရုရှားတို့၏ စိတ်ဓာတ်သည် လွန်စွာ မြင့်မားလျက် ရှိသောကြောင့် ဖြစ်ပါသတည်း။

အခန်း ၃

ပြောက်ကျားစစ်ဟု ခေါ်သောအရာသည် စမိုးလင့်သို့ ပြင်သစ်တို့ ဝင်ရောက်ခဲ့သည့်အချိန်တွင် စတင်ပေါ်ပေါက်ခဲ့လေသည်။

ပြောက်ကျားစစ်ပွဲကို အစိုးရက တရားဝင်အတည် မပြုမီ ကတည်းကပင်လျှင် ထောင်ပေါင်းများစွာသော ရန်သူတပ်ပြေးများ၊ လုယက်သူများ၊ မြင်းစာရာထွက်သော ရန်သူထောက်ပို့တပ်များကို ကော့ဆက်မြင်းတပ်များနှင့် လယ်သမားများက သတ်ဖြတ်ချေမှုန်းခဲ့ကြလေသည်။ ခွေးကောင်းတစ်အုပ်က ခွေးရူးတစ်ကောင်ကို ဝိုင်း၍ အသေကိုက်သတ်ကြသည့်နှယ် ရုရှားကော့ဆက်မြင်းတပ်သားများနှင့် လယ်သမားများသည်လည်း ရန်သူတပ်ပြေးများကို ဝိုင်း၍ သတ်ဖြတ်ချေမှုန်းခဲ့ကြလေသည်။ ဤပြောက်ကျားစစ်ဟူသော တင်းပုတ်ကြီးသည် စစ်သိပ္ပံပညာ၏ သမားရိုးကျ စည်းကမ်းများကို ဘေးချိတ်ကာ ပြင်သစ်တို့ကို ချေမှုန်းခဲ့လေသည်။ ဒင်းနစ်ဒေဗီဒေါ့ဆိုသူ ရုရှားစစ်ဗိုလ်တစ်ဦးသည် ရုရှားလူမျိုးတို့၏ ပကတိဉာဏ်ဖြင့် ဤကြောက်မက်ဖွယ် တင်းပုတ်ကြီး၏ တန်ဖိုးကို ပထမဆုံး သိမြင်ခဲ့လေသည်။ ထို့ကြောင့် ပြောက်ကျားစစ်ပွဲ နည်းပရိယာယ်ကို စနစ်တကျဖြစ်လာအောင် ပထမဆုံး ဆောင်ရွက်ခဲ့သူအဖြစ် ၎င်းကိုပင် ချီးကျူးဂုဏ်ပြုရမည် ဖြစ်လေသည်။

ဩဂုတ်လ ၁၄–ရက်နေ့တွင် ဒေဗီဒေါ့၏ ပထမဆုံးသော ပြောက်ကျားတပ်ဖွဲ့ကို ဖွဲ့စည်းလိုက်လေသည်။ ထို့နောက် အခြားသော ပြောက်ကျားတပ်ဖွဲ့များကိုလည်း အသိအမှတ်ပြုခဲ့လေသည်။ တိုက်ပွဲစဉ်သည် တိုးတက်လာသည်နှင့်အမျှ ပြောက်ကျားတပ်ဖွဲ့ အရေအတွက်သည်လည်း များပြားလာခဲ့လေသည်။

ပြောက်ကျားတပ်သားများသည် ပြင်သစ်စစ်တပ်ကြီးကို တစ်ပိုင်းစီ၊ တစ်ပိုင်းစီ ချေမှုန်းဖျက်ဆီးခဲ့ကြ၏။ ပြင်သစ်စစ်တပ်ကြီးဟူသော ခြောက်သယောင်းလျက် ရှိသည့် ပင်မကြီးမှ အလိုလိုကြွေကျလာသော သစ်ရွက်များကိုလည်း ၎င်းတို့ရှင်းလင်းပစ်ခဲ့ကြ၏။ တစ်ခါတစ်ရံတွင် သစ်ပင်ကြီးကိုလည်း ကိုင်လှုပ်ခဲ့ကြသည်။ ပြင်သစ်တို့ စမိုးလင့်သို့ ထွက်ပြေးလျက်ရှိချိန်ဖြစ်သော အောက်တိုဘာလထဲ၌ အရွယ်အစားအမျိုးမျိုး၊ လက္ခဏာအမျိုးမျိုးကို ဆောင်သော ပြောက်ကျားတပ်ဖွဲ့တို့၏ အရေအတွက်မှာ ရာချီ၍ ရှိလာခဲ့လေပြီ။ အချို့ပြောက်ကျားတပ်ဖွဲ့များကား စစ်တပ်ကြီးများကဲ့သို့ပင် ခြေလျင်တပ်၊ အမြောက်တပ်၊ ဦးစီးဌာနထောက်ပံ့ရေးဌာနတို့ပင် ရှိကြသေးသည်။ အချို့တပ်ဖွဲ့များမှာ ကော့ဆက်မြင်းတပ်သားများသာ ပါဝင်၏။ အချို့တပ်များမှာလည်း ခြေလျင်တပ်များနှင့် မြင်းတပ်သားတို့ စုပေါင်းဖွဲ့ထားကြ၏။ အချို့တပ်ဖွဲ့များတွင် အမည်မသိမြေရှင်များနှင့် လယ်သမားများ ပါဝင်ကြလေသည်။ ဘုန်းတော်ကြီးတစ်ပါးသည် ပြောက်ကျားတပ်ဖွဲ့တစ်ဖွဲ့ကို ခေါင်းဆောင်ကာ တစ်လအတွင်း သုံ့ပန်းရာပေါင်းများစွာကို ဖမ်းဆီးခဲ့သည်။ ကျေးရွာလူကြီးတစ်ဦး၏ ဇနီးဖြစ်သူ ဗာစီလီဇာဆိုသူသည် ပြင်သစ်ရာပေါင်း

www.burmeseclassic.com

www.burmeseclassic.com

များစွာကို သတ်ဖြတ်ခဲ့သည်။

ပြောက်ကျားစစ်ပွဲမီးလျှံသည် အောက်တိုဘာလ ကုန်ခါနီးရက်များတွင် အရှိန်ပြင်းစွာ တောက်လောင်ခဲ့လေသည်။ ပြောက်ကျားစစ်ပွဲ၏ ပထမပိုင်းကာလမှာ ကုန်ဆုံးသွားလေပြီ။ ထိုကာလ၌ ပြောက်ကျားများသည် ၎င်းတို့၏ အတင့်ရဲမှုကိုပင် ၎င်းတို့ဘာသာ အံ့သြလျက် ရှိကြသည်။ ပြင်သစ်များ၏ ဝိုင်းဝန်းခြင်း၊ ဖမ်းဆီးခြင်းကို ခံရမည့် အန္တရာယ်ကို အမြဲစိုးရိမ်ကာ တောအုပ်များထဲတွင် ပုန်းအောင်းခဲ့ကြသည်။ မြင်းများကို ကုန်းနိုးများပင် မဖြုတ်၊ မြင်းပေါ်မှလည်း မဆင်းကြဘဲ ရန်သူဝိုင်းလေမည်လောဟု အမြဲသတိထားလျက် ရှိခဲ့ကြသည်။ အောက်တိုဘာလကုန်၌ကား ထိုပြောက်ကျားစစ်ပွဲသည် ပီပြင်သော ပုံသဏ္ဌာန်ကို ဆောင်လာခဲ့လေပြီ။ ပြင်သစ်တပ်များကို မည်သို့ တိုက်ခိုက်ခြင်း ပြုသင့်သည်၊ မည်သို့ တိုက်ခိုက်ခြင်း မပြုသင့်ဆိုသည်ကို ပြက်ပြက်ထင်ထင် သိလာခဲ့ကြလေပြီ။ စစ်ပွဲ၏ သမားရိုးကျ စည်းကမ်းများကို လိုက်နာကာ မိမိတို့၏ စစ်ဦးစီးဌာနနှင့်အတူ ပြင်သစ်တို့နှင့် ဝေးရာတွင် လှုပ်ရှားလျက်ရှိသည့် တပ်မှူးများ ကသာလျှင် ပြောက်ကျားစစ်ပွဲကို မဖြစ်နိုင်သောအရာဟု ယူဆလျက် ရှိကြသည်။ သို့ရာတွင် ကာလအတန်ကြာကပင်လျှင် မိမိတို့သဘောနှင့် မိမိတို့ ထတိုက်ကာ ပြင်သစ်တို့အား နီးကပ်စွာ စောင့်ကြပ်လျက် ရှိခဲ့ကြသော ပြောက်ကျားတပ်စုကလေးများသည် တပ်ဖွဲ့ကြီးများမှ တပ်မှူးများ မတွေးရဲသည့်အလုပ်မျိုးကို လုပ်ကြမည်။ ဖြစ်လည်းဖြစ်နိုင်သည်ဟု ယူဆလျက် ရှိကြသည်။ ပြင်သစ်စစ်ကြောင်းထဲသို့ တိတ်တဆိတ် ဝင်ရောက်ခဲ့ကြသော ကော့ဆက်မြင်းတပ်သားများနှင့် လယ်သမားများသည် ၎င်းတို့လုပ်လျှင် မည်သည့်အရာမဆို ဖြစ်နိုင်သည်ဟု ယူဆလျက် ရှိကြလေသည်။

အောက်တိုဘာ ၂၂-ရက်နေ့၌ (ပြောက်ကျားတပ်ဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်လျက်ရှိသော) ဒင်နီဆော့ဗ်သည် ပြောက်ကျားစစ်စိတ် စစ်သွေးထက်သန်လျက် ရှိသော ၎င်း၏ တပ်ဖွဲ့နှင့်အတူ ရှိနေ၏။ ၎င်းနှင့် တပ်ဖွဲ့သည် နံနက်စောစောကတည်းက လှုပ်ရှားလျက်ရှိခဲ့ကြ၏။ ပေတစ်ရာလမ်းမကြီးနှင့် ကပ်လျက်ရှိသော တောစပ်တစ်လျှောက်မှနေ၍ ရုရှားစစ်သုပန်းများနှင့် မြင်းတပ် ဝန်တင်လှည်းများကို စောင့်ကြပ်လိုက်ပါလာသော ပြင်သစ်ထောက်ပို့တပ်ကြီးတစ်တပ်ကို စောင့်ကြပ်လိုက်ပါလာခဲ့ကြ၏။ ထိုတပ်မှာ ပင်မစစ်တပ်ကြီးနှင့် ကွဲလာသော တပ်တစ်တပ်ဖြစ်လေသည်။ ထိုတပ်မှာ အစောင့်အရှောက်အခိုင်အလုံဖြင့် စမိုးလင့်သို့ ဆုတ်လျက်ရှိသော တပ်တစ်တပ်ဖြစ်ကြောင်း၊ သူလျှိုများနှင့် သုံပန်းများထဲမှ ကြားသိရ၏။ ဒင်နီဆော့ဗ်နှင့် ဒိုလိုကော့ဗ်တို့အပြင် (ဒိုလိုကော့ဗ်မှာ ပြောက်ကျားတပ်စုကလေးတစ်စုကို ခေါင်းဆောင်ကာ ဒင်နီဆော့ဗ်၏ နယ်သို့ မကြာမီက ရောက်လာခဲ့ခြင်း ဖြစ်သည်။) တပ်မကြီးများကို ကွပ်ကဲလာသော တပ်မှူးများသည်လည်း ထိုပြင်သစ်အစောင့်တပ်ကြီးအကြောင်းကို ကြားသိပြီးဖြစ်ကာ (ဒင်နီဆော့ဗ်၏ စကားအရ ပြောရလျှင်) ပါးစပ်တပြင်ပြင်ဖြစ်လျက် ရှိကြ၏။ တပ်မကြီးများ၏ တပ်မှူးနှစ်ဦးက (တစ်ဦးမှာ ဂျာမန်လူမျိုးဖြစ်၍ အခြားတစ်ဦးမှာ ပိုလန်လူမျိုးဖြစ်သည်။) ဒင်နီဆော့ဗ်အား မိမိတို့တပ်များနှင့်အတူ ပြင်သစ်စစ်တပ်ကြီးကို လာတိုက်ရန် တစ်ချိန်တည်း ဖိတ်ခေါ်ခြင်း ပြုကြသည်။

ဒင်နီဆော့ဗ်သည် ထိုဖိတ်ကြားချက်နှစ်စောင်ကို ဖတ်ရင်း "အံမယ်၊ ငါ့ကိုများ မနေ့က မွေးလာတဲ့ကလေးလေးများ အောက်မေ့နေသလား မသိဘူး"ဟု ရွတ်ဆိုလျက် ရှိ၏။ ထို့နောက် ဤမျှရဲရင့်၍ ဤမျှကျော်ကြားသော တပ်မှူးတစ်ဦး၏ အောက်တွင် အမှုထမ်းလိုပါကြောင်း၊ သို့ရာတွင် မိမိမှာ ပိုလန်ဗိုလ်ချုပ်၏ ကွပ်ကဲမှုကို လက်ခံပြီးဖြစ်သည့်အတွက် ဤအခွင့်အရေးကြီးကို ဝမ်းနည်းစွာ လက်လွှတ်ရတော့မည် ဖြစ်ကြောင်းဖြင့် ဂျာမန်ဗိုလ်ချုပ်ထံ အကြောင်းပြန်လိုက်သည်။ ပိုလန်ဗိုလ်ချုပ်ထံသို့လည်း မိမိမှာ ဂျာမန်ဗိုလ်ချုပ်၏ ကွပ်ကဲမှုကို လက်ခံပြီးဖြစ်ကြောင်းဖြင့် အလားတူအကြောင်းပြန်ကြားလိုက်သည်။

ဒင်နီဆော့ဗ်နှင့် ဒိုလိုကော့ဗ်သည် ပြဿနာကို ဤသို့ ရှင်းလိုက်ကြပြီးနောက် စစ်မိန့်ပေးဌာနချုပ်သို့ သတင်းမပို့တော့ဘဲ မိမိတို့သဘောဖြင့် ပြင်သစ်အစောင့်တပ်ကြီးကို ဝင်တိုက်၍ ပစ္စည်းများကို သိမ်းရန် ကြံရွယ်လျက် ရှိကြသည်။ အောက်တိုဘာ ၂၂-ရက်နေ့၌ ပြင်သစ်အစောင့်တပ်ကြီးသည် မီကူလီနိမှ ရှန်ရှိဗိုရွာဘက်သို့ ရွေ့လျားလျက် ရှိလေသည်။ ထိုရွာနှစ်ရွာကြား ပေတစ်

www.burmeseclassic.com

www.burmeseclassic.com

ရာလမ်း၏ လက်ဝဲဘက်တွင် တောအုပ်ကောင်းကောင်းများရှိကြ၍ အချို့နေရာများ၌ တောစပ်သည် လမ်းဘေးတွင် ကပ်လျက်ရှိပြီး၊ အချို့နေရာများတွင်မူ တောစပ်သည် လမ်းမနှင့် တစ်မိုင်ခန့် ဝေးလျက် ရှိသည်။ ဒင်နီဆော့ဗ်နှင့် ၎င်း၏တပ်စုသည် တောထဲတွင် တစ်နေ့လုံး မြင်းစီးလိုက်လာခဲ့ကြ၏။ တစ်ခါတစ်ရံတွင် လမ်းနှင့် ခပ်လှမ်းလှမ်း တောအုပ်ထဲမှ တောရိပ်ကို ကွယ်၍ လိုက်လာခဲ့ကြပြီး တစ်ခါတစ်ရံတွင်လည်း လမ်းဘေးတောစပ်ထဲမှ ကပ်လျက် လိုက်လာကြသည်။ လူပျံရှားလျက်ရှိသော ပြင်သစ်အစောင့်တပ်ကြီးကိုမူ တစ်ချက်မျှ မျက်ခြည်ပြတ်မခံချေ။ ထိုနေ့နံနက်က ဒင်နီဆော့ဗ်၏ ပြောက်ကျားတပ်စုမှ ကောဆက်မြင်းတပ်သားများသည် ပြင်သစ်မြင်းတပ်ပစ္စည်းများကို တင်လာသော ဝန်တင်လှည်းနှစ်စီးကို ဝင်စီးကာ တောထဲသို့ ခေါ်လာခဲ့ကြသည်။ ထိုပြင်သစ်ဝန်တင်လှည်းနှစ်စီးမှာ မိကူလီနိုရွာအနီး ရွှံ့ဗွက်ထဲတွင် နစ်ကျန်ရစ်ခဲ့ကြခြင်း ဖြစ်၏။ ထိုနေရာ၌ ပေတစ်ရာလမ်းနှင့် တောစပ်မှာလည်း များစွာ မကွာလှချေ။ ထိုနေ့နံနက်မှစ၍ ညနေအထိ ဒင်နီဆော့ဗ်၏ ပြောက်ကျားတပ်စုသည် ပြင်သစ်အစောင့်တပ်ကို ဝင်ရောက်တိုက်ခိုက်ခြင်း မပြုသေးဘဲ ၎င်း၏ လှုပ်ရှားမှုကို စောင့်ကြည့်လိုက်လာကြ၏။ ပြင်သစ်အစောင့်တပ်ကြီးအား လှန့်ချီမပေးဘဲ ရှန်ရှီဗိုရွာတွင် အေးအေးဆေးဆေး စခန်းချ ရပ်နားသည်အထိ စောင့်ဆိုင်းလိုသည့်အတွက် ယခုကဲ့သို့ စောင့်ကြည့်လိုက်လာခြင်း ဖြစ်လေသည်။ ထိုနေ့ညနေ၌ ဒင်နီဆော့ဗ်သည် ရှန်ရှီဗိုရွာမှ တစ်မိုင်အကွာ တောထဲရှိ သစ်ခုတ်သမား၏ တဲကလေးတစ်လုံးတွင် ဒိုလိုကော့ဗ်နှင့် တွေ့ဆုံရန် ချိန်းဆိုထား၏။ ထိုတဲတွင် တိုင်ပင်ဆွေးနွေးပြီးနောက် အရာဏ်တက်တွင် ပြင်သစ်အစောင့်တပ်ကို နှစ်ဖက်မှ ညှပ်တိုက်ရန်၊ တစ်ချက်တည်းဖြင့် ပြင်သစ်တပ်ကို အပြုတ်ဖြုတ်ရန် ဖြစ်လေသည်။

အစီအစဉ်အရ မိကူလီနိုရွာမှ နှစ်မိုင်ဝေး၍ တောစပ်နှင့် ပေတစ်ရာကပ်လျက် ရှိသောနေရာတွင် ကောဆက်မြင်းတပ်သားခြောက်ယောက်ကို ကင်းပုန်းချရန်၊ နောက်ထပ် ပြင်သစ်တပ်များ ရောက်လာပါက ၎င်းတို့က ဒင်နီဆော့ဗ်တို့ထံသို့ လာရောက်သတင်းပို့ရန် ဖြစ်၏။

ရှန်ရှီဗိုရွာမှအလွန် ပေတစ်ရာလမ်းကို ဒိုလိုကော့ဗ်က တာဝန်ယူစောင့်ကြည့်ရန်၊ အခြားပြင်သစ်တပ်များ မည်သည့်နေရာတွင် ရှိသည်ကို စုံစမ်းရန်ဖြစ်၏။ ပြင်သစ်အစောင့်တပ်မှာ လူပေါင်းတစ်ထောင့်ငါးရာခန့် ပါမည်ဟု ၎င်းတို့က ခန့်မှန်းကြသည်။ ဒင်နီဆော့ဗ်တွင် တပ်သား နှစ်ရာမျှသာ ရှိ၍ ဒိုလိုကော့ဗ်မှာမူ ထိုထက် အရေအတွက်များ၏။ သို့ရာတွင် လူအင်အားမမျှခြင်း ကြောင့် ဒင်နီဆော့ဗ် စိတ်ပျက်ခြင်း မရှိချေ။ ဒင်နီဆော့ဗ်အဖို့ တစ်ခုသာ သိလို၏။ ယင်းမှာ မိမိတို့ဝင်တိုက်မည့် ပြင်သစ်တပ်သည် မည်သည့် တပ်နည်းဆိုသည့်အချက်ပင် ဖြစ်သည်။ ထိုအချက်ကို သိရန်အတွက် 'လျှာတစ်ချောင်း' လောက်ကို ဖမ်းမိဖို့ လိုသည်။ တစ်နည်းပြောရသော် ရန်သူစစ်သားတစ်ယောက်ကို ဖမ်းမိဖို့ လို၏။ ထိုနေ့နံနက်က ဗွက်နစ်နေသော ပြင်သစ်ဝန်တင်လှည်းနှစ်စီးကို တိုက်ရာတွင် လျှပ်တစ်ပြက်ဝင်စီးရသဖြင့် ရန်သူသုံ့ပန်းတစ်ယောက်မျှ မရလိုက်ချေ။ ပြင်သစ်ဝန်တင်လှည်းနှင့် ပါလာသော ပြင်သစ်အား‌လုံး အတုံးအရုံး ကျဆုံးကုန်ကြသည်။ ဘင်တီးပြင်သစ်စစ်သားတစ်ယောက်ကို ဖမ်းဆီးရမိခဲ့သော်လည်း ၎င်းမှာ သင်းကွဲလာသောကြောင့် မိမိတို့ တိုက်မည့် ပြင်သစ်စစ်ကြောင်းမှ တပ်များနှင့် ပတ်သက်၍ ဘာမျှ ရေရေရာရာ မသိချေ။

ဒင်နီဆော့ဗ်သည် သုံ့ပန်းရရန်အတွက်မျှဖြင့် ပြင်သစ်အစောင့်တပ်ကို ဒုတိယအကြိမ်လည်း မတိုက်လိုချေ။ သို့ဝင်တိုက်လိုက်က ပြင်သစ်အစောင့်တပ်ကို လှန့်ချီပေးလိုက်သကဲ့သို့ ဖြစ်မည်စိုး၏။ ထို့ကြောင့် မိမိပြောက်ကျားတပ်ထဲမှ ရာဇလီအမည်ရှိ လယ်သမားတစ်ယောက်ကိုခေါ်ကာ အနီးဆုံးရှေ့ပြေး ရောက်နေသည့် ပြင်သစ်တပ်ထောက်တစ်ယောက်ယောက်ကို ဖမ်းဆီးခေါ်ဆောင်ခဲ့ရန် ရှန်ရှီဗိုသို့ စေလွှတ်လိုက်လေသည်။

အခန်း ၄

ထိုနေ့မှာ ပူနွေး၍ မိုးတစွတ်စွတ် ရွာနေသည့် ဆောင်းဦးပေါက် နေ့တစ်နေ့ဖြစ်၏။ ကောင်းကင်နှင့် မိုးကုပ်စက်ဝိုင်းသည် ရွှံ့နှစ်ရောင်ထကာ မှိုင်းအုံလျက် ရှိသည်။ တစ်ခါတစ်ရံ မိုးသည် ဖွဲဖွဲကလေးမျှကျကာ တစ်ခါတစ်ရံတွင်လည်း သဲသဲမဲမဲ ရွာချလျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

ဒင်နီဆော့ဗ်သည် သက္ကလပ်ဝတ်ရုံနှင့် သိုးရေဦးထုပ်ကို ဝတ်ဆင်ထားကာ နံပါးနှစ်ဖက် ခွက်ဝင်လျက်ရှိသည့် အမျိုးကောင်း မြင်းပိန်ကလေးတစ်စီးကို စီးလာခဲ့၏။ သိုးရေဦးထုပ်မှ ရေစက်များသည် မျက်နှာပေါ်သို့ စီးကျလျက် ရှိကြသည်။ ၎င်း၏ မြင်းပိန်ကလေးသည် ခေါင်းကို ရင်အုပ်ဆီသို့ ဆွဲထားကာ နားရွက်များကို ပေထား၏။ ၎င်း၏ မြင်းပိန်ကလေးကဲ့သို့ ဒင်နီဆော့ဗ်မှာလည်း တဖျင်းဖျင်းပက်နေသော မိုးပေါက်များကြောင့် ကိုယ်ကို ကျုံ့ကာ ရှေ့တူရွှသို့ စိုးရိမ်တကြီး လှမ်းကြည့်လျက် ရှိလေသည်။ မည်းနက်သော မုတ်ဆိတ်မွေးငုတ်တိုများ ထူထပ်စွာ ဖုံးလျက်ရှိသည့် ၎င်း၏ ပိန်ချုံးသော မျက်နှာတွင် ဒေါသထွက်သည့် အရိပ်အယောင်လွှမ်းလျက် ရှိသည်။

ဒင်နီဆော့ဗ်၏ ဘေးတွင်မူ ၎င်း၏ ရဲဘော်ဖြစ်၍ ၎င်းကဲ့သို့ပင် သက္ကလတ်ဝတ်ရုံနှင့် သိုးရေဦးထုပ်ကို ဝတ်ဆင်ထားသည့် ကော့ဆက်မြင်းတပ် ဗိုလ်ကြီးတစ်ယောက်သည် ပြောင်ချောလျက်ရှိသော ကော့ဆက်မြင်းကြီးတစ်ကောင်ကို စီးနင်းလိုက်ပါလာ၏။

ကော့ဆက်မြင်းတပ်ဗိုလ်ကြီး လိုဗေစကီသည် မြားတစ်စင်းကဲ့သို့ ဖြောင့်စင်းမြင့်မားသော အရပ်အမောင်း၊ ဖြူဖျော့သောမျက်နှာ၊ လှပသောဆံပင်နှင့် ကျဉ်းမြောင်း၍ အပြာရောင်ဖျော့ဖျော့ မျက်လုံးများရှိသူ ဖြစ်၏။ ၎င်း၏ မျက်နှာနှင့် ကိုယ်ဟန်အမူအရာတို့သည် တည်ငြိမ်အေးဆေးကာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချခြင်းကို ဖော်ပြလျက်ရှိသည်။ မြင်းနှင့် မြင်းစီးသူတို့တွင် မည်သို့ ထူးခြားချက်ရှိသည်ကို မပြောနိုင်သော်လည်း ကော့ဆက်ဗိုလ်ကြီး လိုဗေစကီနှင့် ဒင်နီဆော့ဗ်တို့နှစ်ဦးကို ရုတ်တရက်ကြည့်လိုက်မည်ဆိုပါက ဒင်နီဆော့ဗ်မှာ တစ်ကိုယ်လုံးစိုရွှဲကာ မြင်းပေါ်တွင် မသက်မသာ တက်ထိုင်လာသူတစ်ယောက်မျှသာ ဖြစ်လျက်ရှိပြီး လိုဗေစကီမှာကား ခါတိုင်းကဲ့သို့ သက်သောင့်သက်သာ အေးအေးဆေးဆေးရှိရုံမျှမက ထိုလူသည် မြင်းပေါ်တွင် တက်ထိုင်လာသူတစ်ယောက်မျှသာ မဟုတ်ဘဲ မြင်းနှင့် တစ်သားတည်း ဆက်စပ်မွေးဖွားလာကာ မြင်း၏ ခွန်အားနှင့် လူ၏ ခွန်အားနှစ်ခုစလုံးကို ပိုင်ဆိုင်သော လူတစ်ယောက်ဖြစ်လေသလောဟု ထင်မှတ်ရသော လူစားမျိုးတစ်ယောက် ဖြစ်ခြင်းကို တွေ့ရလေသည်။

၎င်းတို့ရှေ့နားတွင်မူ လယ်သမားဝတ်ရုံအင်္ကျီမွဲမွဲနှင့် ချည်ဦးထုပ်တစ်လုံးကို ဆောင်းထား၍ မိုးရေကြောင့် တစ်ကိုယ်လုံး ရွှဲရွှဲစိုလျက်ရှိသည့် လယ်သမားလမ်းပြတစ်ယောက်သည် ခပ်သုတ်သုတ် လျှောက်လျက်ရှိသည်။

၎င်းတို့၏ နောက်နားတွင် ပြင်သစ်အင်္ကျီဝတ်ရုံပြာကို ဝတ်ထားသည့် ရုရှားတပ်ဗိုလ်လေးတစ်ဦးသည် မြီးဆဲလည်ဆဲဖားဖား၊ ပါးစပ်သွေးယိုလျက်ရှိသည့် ကြုံလိုပိန်ချုံးလျက်ရှိသော မြင်းငယ်လေးတစ်ကောင်ကို စီး၍ လိုက်ပါလာလေသည်။

၎င်း၏ဘေးတွင်မူ ရုရှားမြင်းတပ်သားတစ်ယောက် မြင်းတစ်စီးဖြင့် လိုက်ပါလာ၏။ ထိုမြင်းတပ်သား၏ နောက်တွင်မူ စုတ်ပြတ်လျက်ရှိသော ပြင်သစ်စစ်ဝတ်စုံနှင့် ဦးထုပ်ပြာဆောင်းထားသည့် လူငယ်တစ်ဦး ထိုင်လိုက်လာသည်။ ထိုလူငယ်သည် ရှေ့မှမြင်းတပ်သား၏ ခါးကို အေးစက်နီရဲသောလက်များဖြင့် ဖက်၍ထားရင်း မိမိ ပတ်ဝန်းကျင်ကို တအံ့တသြဖြင့် ငေးမောကြည့်ရှုလိုက်ပါလာလေသည်။ ထိုလူငယ်ကား နံနက်က ဖမ်းမိခဲ့သော ဘင်တီးပြင်သစ်စစ်သားကလေးပေတည်း။

၎င်းတို့၏နောက်တွင် ကျဉ်းမြောင်းစိုစွတ်သော တောလမ်းကလေးတစ်လျှောက်၌မူ မြင်းတပ်သားများသည် သုံးယောက်တစ်တွဲ လေးယောက်တစ်တွဲ မြင်းစီးလိုက်လာကြပြီး တစ်ဖန် ထို့နောက်မှ ကော့ဆက်မြင်းတပ်သားအချို့ လိုက်လာကြသည်။ အချို့မှာ သက္ကလတ်ဝတ်ရုံကြီးများ ခြုံလျက်၊ အချို့မှာ ပြင်သစ်ဝတ်ရုံကြီးများ ဝတ်ထားလျက်၊ အချို့ကား မြင်းစောင်ကြီးများကို ခေါင်းမြီးခြုံထားလျက် ရှိကြ၏။ မိုးရေစွတ်စိုလျက် ရှိခြင်းကြောင့် မြင်းများသည် အနက်ရောင်ထွက်လျက် ရှိကြ၏။ ဖောင်းဝတ်လော၊ မန်ကျည်းဇေရောင်လောဟု ခွဲခြားမရတော့ချေ။ စိုစွတ်လျက်ရှိ၍ ပူးကပ်တွဲကျနေသော လည်ဆံမွေးများကြောင့် မြင်းလည်ပင်းများသည် ရှည်လျားသေးသွယ်နေသည်ဟု ထင်ရ၏။ ပါးစပ်မှလည်း အငွေ့တထောင်းထောင်း ထွက်လျက်ရှိလေသည်။ အဝတ်အစားများ၊ ကုန်းနှီးများ၊ ဇက်ကြိုးများအားလုံးသည် စိုစွတ်ကာ ချောနေကြသည်။ မြေပြင်နှင့် လမ်းတစ်လျှောက်တွင် ပြန့်ကျဲလျက်ရှိသော သစ်ရွက်များသည်လည်း ထို့အတူပင် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ မိမိတို့ကိုယ်ပေါ်သို့ စီးကျလျက်ရှိသော ရေများနွေးသွားစေရန်အတွက် လည်းကောင်း၊ ဒူး၊ ကုပ်ပိုးနှင့် တင်ပါးအောက်သို့ နောက်ထပ် ရေအေးများ စီးဝင်မလာစေရန်အတွက် လည်းကောင်း မြင်းစီးယောကျ်ားအားလုံးသည် မြင်းပေါ်တွင် မလှုပ်မယှက် ခပ်ကုပ်ကုပ် လိုက်ပါလာခဲ့ကြသည်။ ဖြန့်၍ မြင်းစီးလာသည့် ကော့ဆက်မြင်းတပ်သားများအလယ်တွင် ပြင်သစ်မြင်းများနှင့် ကုန်းနှီးတင်ထားသော ကော့ဆက်မြင်းများ ဆွဲလာသည့် ဖမ်းမိသော ပြင်သစ်ဝန်တင်လှည်းနှစ်စီးသည် သစ်ငုတ်တိုများ၊ သစ်ကိုင်းများကို တဂျုံးဂျုံးတက်နင်းကာ လှည်းလမ်းကြောင်းထဲမှ ရွှံ့ဖွက်များထဲတွင် တစွတ်စွတ် မောင်းလာကြ၏။

ဒင်နီဆော့ဗ်၏ မြင်းသည် လမ်းမှ ရေအိုင်တစ်အိုင်ကို ရှောင်လိုက်သည့်အတွက် ဒင်နီဆော့ဗ်၏ ဒူးသည် သစ်ပင်နှင့် ညှပ်မိသွားသည်။

"အား၊ ဒီမအေပေးဟာ" ဒင်နီဆော့ဗ်သည် သွားစေ့ကာ စိတ်တိုတိုဖြင့် အော်လိုက်ပြီးနောက် မြင်းကို ကြာပွတ်ဖြင့် သုံးချက်ရိုက်လိုက်သည်။ ၎င်းနှင့် ရဲဘော်များအားလုံးတွင် ရွှံ့စက်တွေ စဉ်သွားလေသည်။

မိုးရွာလျက် ရှိခြင်းကြောင့် လည်းကောင်း၊ ဆာလောင်ခြင်းကြောင့် လည်းကောင်း (၎င်းတို့အားလုံး နံနက်ကတည်းက ဘာမျှ မစားခဲ့ရသေးချေ။) ထို့ထက် ဒိုလိုကော့ဗ်ထံမှ မည်သည့်သတင်းကိုမျှ မကြားရသေးသည့်အတွက်ကြောင့် လည်းကောင်း၊ 'လျှာတစ်ချောင်း' ကို ဖြတ်ယူခဲ့ရန် လွှတ်လိုက်သူ ပြန်မလာသေးသည့်အတွက် လည်းကောင်း ဒင်နီဆော့ဗ်မှာ စိတ်တိုလျက်ရှိလေပြီ။

'နောက်တစ်ခါဆိုရင် ဒီနေ့လို ထောက်ပို့တပ်တစ်တပ်နဲ့ ကြုံချင်မှ ကြုံတော့မှာ။ တို့ချည်းပဲ တိုက်ရရင်လဲ သိပ်မလွယ်ဘူး။ နောက်တစ်နေ့ထိအောင် စောင့်ရင်လဲ ဒီပြင် ပြောက်ကျားတပ်တွေက တို့မျက်စိအောက်မှာတင် ဝင်တိုက်သွားရင်အခက်' ဒင်နီဆော့ဗ်သည် ဤသို့ တွေးရင်း ဒိုလိုကော့ဗ်ထံမှ ဆက်သားတစ်စုံတစ်ယောက် လာမည်လောဟူသော မျှော်လင့်ချက်ဖြင့် ရှေ့သို့ မျှော်ကြည့်လျက် ရှိလေသည်။

သို့ဖြင့် တောထဲရှိ လမ်းကလေးတစ်ခုသို့ ရောက်လာခဲ့ကြ၏။ ထိုလမ်း၏ လက်ယာဘက်မှာ တောရှင်းလျက် ရှိသဖြင့် တော်တော်လှမ်းလှမ်းကို မြင်နေရသည်။ ဒင်နီဆော့ဗ်သည် ထိုနေရာတွင် ရပ်လိုက်၏။

"ဟေ့၊ ဟိုမှာ လူတစ်ယောက်လာနေတယ် မဟုတ်လား"

ကော့ဆက် မြင်းတပ်ဗိုလ်ကြီး လိုဗေစကီသည် ဒင်နီဆော့ဗ် ညွှန်ပြရာသို့ ကြည့်လိုက်၏။

"နှစ်ယောက်ခင်ဗျ။ တစ်ယောက်ကဗိုလ်၊ တစ်ယောက်က ကော့ဆက်မြင်းတပ်သား။ ဒါပေမဲ့ ဗိုလ်မှူး ဒိုလိုကော့ဗ်ကိုယ်တိုင် ဟုတ်တယ်လို့တော့ ခန့်မှန်းနိုင်စွမ်းမရှိဘူးခင်ဗျ" ဗိုလ်ကြီးလိုဗေစကီသည် မိမိတို့ နားမလည်သော စကားကြီးစကားကျယ်များကို သုံးလေ့ရှိသည့် ကော့ဆက်လူမျိုးတို့၏ ထုံးစံအတိုင်း စကားလုံးကြီးကြီးဖြင့် ပြောလိုက်၏။

မြင်းသမားနှစ်ယောက်တို့မှာ လျှို့ကလေးတစ်ခုထဲသို့ ဆင်းသက်ပျောက်ကွယ်သွားကြလေပြီ။ သို့ရာတွင် မိနစ်အနည်းငယ်ကြာသော် လျှို့ထိပ်သို့ ပေါ်လာကြလေသည်။ ရှေ့မှ ကြာပွတ်ကို သုံး၍ ဒုန်းစီးလာသူမှာ ဘောင်းဘီကို လိပ်တင်ထားသည့် တပ်ဗိုလ်တစ်ဦး ဖြစ်၏။ ၎င်းတစ်ကိုယ်လုံးမှာ အဝတ်အစား ဖရိုဖရဲ စိုရွှဲလျက်ရှိလေသည်။ ၎င်းနောက် ခြေနင်းကွင်းတွင် မတ်တတ်ရပ်၍ သုံးချောင်းထောက် စီးလာသူမှာ ကော့ဆက်မြင်းတပ်သားတစ်ယောက် ဖြစ်သည်။ နှင်းဆီသွေးတောက်နေသည့် မျက်နှာဝိုင်းဝိုင်း၊ တောက်ပထက်သန်သော မျက်လုံးများရှိသည့် တပ်ဗိုလ်လေးသည် ဒင်နီဆော့ဗ်ထံ ဒုန်းစီးလာကာ ရေစိုလျက်ရှိသော စာအိတ်တစ်လုံးကို လှမ်းပေးလိုက်သည်။

"ဗိုလ်ချုပ်ဆီက စာပါ ဗိုလ်မှူး" တပ်ဗိုလ်ကလေးက ဆို၏။ "စာအိတ် ရေစိုသွားတဲ့အတွက် ခွင့်လွှတ်ပါ ဗိုလ်မှူး"

ဒင်နီဆော့ဗ်က မျက်မှောင်ကုတ်လိုက်ကာ စာအိတ်ကို ယူ၍ ဖွင့်လိုက်၏။

"အန္တရာယ်များတယ်လို့ တဖွဖွ ပြောလိုက်ကြတာပဲ ခင်ဗျ" ဒင်နီဆော့ဗ်က စာကိုဖတ်လျက်ရှိစဉ် တပ်ဗိုလ်ကလေးက ကော့ဆက်ဗိုလ်ကြီးလိုဗေစကီကို လှမ်းပြောလိုက်၏။ "ဒါပေမဲ့ ကျွန်တော်နဲ့ ဟောဒီရဲဘော်ကိုမာရော့ဗ်တို့ကတော့"

www.burmeseclassic.com

www.burmeseclassic.com

ငင်းက အတူပါလာသူ ကော့ဆက်မြင်းတပ်သား ကို လက်ညှိုးထိုးပြလိုက်သည်။ ပြီးမှ ဆက်၍

"ဘယ်လိုအန္တ ရာယ်မျိုးတွေ့တွေ့ အဆင်သင့်ပဲ ခင်ဗျ။ ကျွန်တော်တို့မှာ ပြောင်းတိုသေနတ်နှစ်လက်စီ ပါတယ်။ အလို၊ သူက"

တပ်ဗိုလ်လေးသည် သုံ့ပန်းပြင်သစ် ဘင်တီး စစ်သားကလေးကို မြင်လိုက်ရာမှ မေးလိုက်၏။

"ဩော်၊ သုံ့ပန်းလား။ ဘာလဲ ဗိုလ်ကြီး၊ တိုက်ပွဲ တောင် ပြီးသွားပလား။ ကျွန်တော် သူနဲ့ စကားပြောခွင့် ရမဲ့လား"

"ဟေး ပိတာ" ဒင်နီဆော့ဗ်က စာကို ဖတ်ပြီး နောက် အားရဝမ်းသာ အော်လိုက်၏။ "ဘာဖြစ်လို့ စောစောက မပြောတာလဲကွ"

ဒင်နီဆော့ဗ်သည် ဤသို့ပြောကာ တပ်ဗိုလ်ကလေး အား လက်ကမ်းပေးလိုက်၏။

ထိုတပ်ဗိုလ်ကလေးကား မြို့စားကြီးရော့စတော့ဗ် ၏ သားထွေး ပီတာရော့စတော့ဗ်ပေတည်း။

ပီတာသည် ဒင်နီဆော့ဗ်နှင့်တွေ့လျှင် မည်သို့မည် ပုံ ဆက်ဆံမည်၊ မိမိတို့ အသိအကျွမ်း ဖြစ်ခဲ့ဖူးခြင်းကို အရိပ်အယောင်မျှ မပြဘဲ မိမိသည် တပ်ဗိုလ်တစ်ဦး၊ လူ ကြီးတစ်ဦးဖြစ်သည့်အလျောက် ဂုဏ်သိက္ခာရှိရှိ မည်သို့ မည်ပုံ ဆက်ဆံမည်ဟု လမ်းတစ်လျှောက်လုံး တွေးလာ ခဲ့သည်။ သို့ရာတွင် ဒင်နီဆော့ဗ်က ဝမ်းသာအားရ နှုတ် ဆက်လိုက်သည်နှင့် တစ်ပြိုင်နက် ပီတာ၏ မျက်နှာသည် ဝင်းထိန်တောက်ပရာက ဝမ်းသာခြင်းကြောင့် ရဲတက် လာကာ မိမိအနေဖြင့် တပ်ဗိုလ်တစ်ဦး ပီသစွာ ဆက်ဆံ မည်ဟု တွေးလာခဲ့သမျှတို့ကို မေ့လျော့သွားခဲ့လေပြီ။ ထို့နောက်၌ ပီတာသည် ဗျာဇမာအနီးတိုက်ပွဲတွင် မိမိ မည်သို့မည်ပုံ ဝင်ရောက်တိုက်ခိုက်ခဲ့ပုံ၊ ထိုတိုက်ပွဲ၌ မြင်း တပ်သားတစ်ဦးအဖြစ် မည်သို့ ရဲရင့်စွာတိုက်ခဲ့ပုံ စသည် တို့ကို ဖောင်လောက်အောင် ပြောလျက် ရှိလေသည်။

"အေးကွာ၊ တွေ့ရတာ ဝမ်းသာတယ်" ဒင်နီ ဆော့ဗ်က ကြားဖြတ်၍ပြောလိုက်၏။ ငင်း၏ မျက်နှာသည် စောစောကကဲ့သို့ပင် စိုးရိမ်သည့်အသွင်ကို ဆောင်လာပြန် လေသည်။

"ဗျို့ ဗိုလ်ကြီးလိုဗေစကီ" ဟု ကော့ဆက်ဗိုလ်ကြီး ကို ခေါ်လိုက်သည်။ "ဂျာမန်ဗိုလ်ချုပ်ဆီက စာတစ်စောင် လာပြန်ပြီဗျ။ သူက (ပီတာကို လက်ညှိုးထိုး၍) ပြလိုက် သည်။) အဲဒီ ဂျာမန်ဗိုလ်ချုပ်ရဲ့တပ်က"

ယခုရောက်ရှိလာသောစာမှာ ပြင်သစ်ထောက်ပို့ တပ်များကို တိုက်ရာတွင် ပါဝင်ရန် မိမိအား ထပ်မံအခေါ် လွှတ်လိုက်သော ဂျာမန်ဗိုလ်ချုပ်၏ စာဖြစ်ကြောင်းဖြင့် ဒင်နီဆော့ဗ်က လိုဗေစကီကို ပြောပြလျက် ရှိသည်။

"မနက်ဖြန်မှာ ကျုပ်တို့မတိုက်ရင်တော့ ဂျာမန် ဗိုလ်ချုပ်ရဲ့ ပြောက်ကျားတွေက ဝင်ချသွားတော့မှာပဲဗျ" ဟု ထပ်ပြောလိုက်သည်။

ဒင်နီဆော့ဗ်နှင့် လိုဗေစကီတို့ စကားပြောနေကြ စဉ် ဒင်နီဆော့ဗ်၏ အေးစက်တင်းမာသော လေသံနှင့် တကွ ဤသည်မှာ ပုံပျက်ပန်းပျက်ဖြစ်လျက်ရှိသော မိမိ ဘောင်းဘီကြောင့်ဟု ထင်လိုက်သဖြင့် ပီတာသည် ဝတ် ရုံအင်္ကျီကြီးအောက်သို့ လက်လျှိုကာ ဘောင်းဘီကို လူ မမြင်အောင် ဖြေချလိုက်ပြီးနောက် အတတ်နိုင်ဆုံး စစ် ဟန်ပေါက်အောင် နေလိုက်သည်။

"အမိန့်ပေးစရာ ရှိသေးသလား ဗိုလ်မှူး" ပီတာ က လက်ချောင်းနှစ်ချောင်းကို ဦးထုပ်စွန်းတွင် ကပ်၍ အရိုအသေပေးရင်း မေးလိုက်သည်။ ပီတာမှာ ငင်း၏ ဂျာမန်ဗိုလ်ချုပ်ဆီတွင် တပ်ရေးဗိုလ်ဖြစ်ရန် အလားအလာ ရှိသူဖြစ်သည့်အလျောက် ဒင်နီဆော့ဗ်ကို မေးရာတွင် လည်း တပ်ရေးဗိုလ်က ဗိုလ်ချုပ်တစ်ဦးကို မေးသည့် လေသံဟန်ပန်မျိုးဖြင့် မေးလိုက်သည်။ "ဒါမှမဟုတ်ရင် လဲ ကျွန်တော် ဗိုလ်မှူးနဲ့အတူ နေရမလား ဗိုလ်မှူး"

"အမိန့်လား" ဒင်နီဆော့ဗ်က ခပ်တွေးတွေးစဉ်းစား ရင်း ပြောလိုက်၏။ "မင်း မနက်ဖြန်အထိ နေနိုင်ပါ့ မလား"

"ဟုတ်ကဲ့ ဗိုလ်မှူး။ နေနိုင်ပါတယ်"

"မင်း ဗိုလ်ချုပ်က ဘယ်လိုမှာလိုက်သလဲ။ ချက် ချင်းပြန်လာခဲ့ရမယ်လို့ မှာလိုက်သလား" ဒင်နီဆော့ဗ် က မေးသည်။

ပီတာ၏ မျက်နှာသည် နီရဲသွား၏။

"ဘာမှ အမိန့်မပေးလိုက်ပါဘူး ဗိုလ်မှူး။ နေနိုင် ပါလိမ့်မယ်လို့ ထင်ပါတယ်" ပီတာက ဇဝေဇဝေဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အေး၊ ဒါဖြင့်လဲ မနက်ဖြန်အထိ နေဦးကွာ"

ထိုနောက် ဒင်နီဆော့ဗ်သည် ၎င်း၏လူများဘက်သို့ လှည့်ကာ တောထဲရှိ သစ်ခုတ်သမားတဲအနီးမှ သတ်မှတ်ထားရာစုရပ်တွင် သွားနေကြရမည်ဖြစ်ကြောင်း အစုတစ်စုကို လှမ်းပြောလိုက်ပြီးနောက် ကာဂျစ်မြင်းပိန်ကလေးကို စီးလာသည့် တပ်ဗိုလ်ကိုမူ (၎င်းမှာ ဒင်နီဆော့ဗ်၏ တပ်ရေးအဖြစ် ဆောင်ရွက်သည်။) ဒိုလိုကော့ဗ်ကို လိုက်ရှာရန်နှင့် ညနေတွင်လာ၊ မလာကို စုံစမ်းခဲ့ရန် မှာကြားလိုက်သည်။ ၎င်းကိုယ်တိုင်မှာလည်း ကော့ဆက်ဗိုလ်ကြီး လိုဗေစကီ၊ ပီတာတို့နှင့်အတူ ရှန်ရီဗိုရွာနားက တောစပ်သို့ သွားရန် မိမိတို့နောက်တစ်နေ့တွင် စီးနင်းရန်၊ ကြွရွယ်သည့် ပြင်သစ်ထောက်ပို့ ကွင်းစခန်းကို သွားရောက်အကဲခတ်ရန် စိတ်ကူးထားသည်။

"ဗျို့ ဦးကြီး။ ကျုပ်တို့ကို ရှန်ရီဗိုရွာဘက် ပြစမ်းဗျာ"ဟု လယ်သမားလမ်းပြကို လှမ်းပြောလိုက်လေသည်။

ဒင်နီဆော့ဗ်၊ ပီတာ၊ ကော့ဆက်ဗိုလ်ကြီး လိုဗေစကီ၊ ကော့ဆက်မြင်းတပ်သားအချို့နှင့် သုံ့ပန်းဘင်တီးစစ်သားကလေးနှင့်အတူ မြင်းတစ်စီးတည်းစီးသည့် မြင်းတပ်သားတို့သည် လျှိုကလေးတစ်ခုကို ဖြတ်ကာ လက်ဝဲဘက် တောအုပ်ဆီသို့ စီးလာခဲ့ကြသည်။

အခန်း ၅

မိုးတိတ်သွားခဲ့လေပြီ။ နှင်းမှုန်ကလေးများနှင့် သစ်ပင်မှ မိုးစက်များသာ တဖြောက်ဖြောက်ကျလျက် ရှိလေပြီ။ ဒင်နီဆော့ဗ်၊ ကော့ဆက်ဗိုလ်ကြီးနှင့် ပီတာတို့သည် ချည်ဦးထုပ်ဆောင်းထားသည့် လယ်သမားလမ်းပြနောက်မှ တိတ်ဆိတ်စွာ မြင်းစီးလိုက်လာခဲ့ကြသည်။ လယ်သမား လမ်းပြသည် ခြေဖျားများကို ကော့လှန်၍ ပေါ့ပါးသွက်လက်စွာ လှမ်းကာ သစ်မြစ်များ၊ သစ်ရွက်စိမ်းများပေါ်တွင် ၎င်း၏ လျှော်ဖိနပ်ဖြင့် အသံမမြည်အောင် ကျော်လွှားရင်း တောစပ်ဆီသို့ ၎င်းတို့ကို ခေါ်ဆောင်သွားလေသည်။

လယ်သမားလမ်းပြသည် ကမူကလေးတစ်ခုပေါ်သို့ တက်သွားပြီးနောက် ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ကာ သစ်တောပါးရာသို့ ၎င်းတို့ကို ခေါ်သွားသည်။ အရွက်မကြွေသေးသော ဝက်သစ်ချပင်အိုကြီးတစ်ပင်အနားသို့ ရောက်သည့်အခါ၌ ရပ်၍ ၎င်းတို့အား အရေးတကြီး လက်ယပ်ခေါ်လိုက်သည်။

ဒင်နီဆော့ဗ်နှင့် ပီတာတို့သည် ၎င်းထံသို့ မြင်းစီးလာခဲ့ကြသည်။ ၎င်းရပ်နေရာမှ ကြည့်လျှင် ပြင်သစ်တပ်များကို မြင်ရလေသည်။ တောစပ်မှလွန်လျှင် ကုန်းစောင်းကလေးတစ်ခုပေါ်၌ ဆောင်းဦးပေါက်ဂျုံခင်းတစ်ခင်းကို တွေ့ရ၏။ လက်ဝဲဘက်ချောက်ကမ်းပါးတစ်ခု အလွန်၌ကား ရွာကလေးတစ်ရွာနှင့် အမိုးတစ်ဝက်လန်လျက်ရှိသော မြေပိုင်ရှင်၏ အိမ်တစ်လုံးကို မြင်တွေ့ရသည်။ ရွာထဲတွင်လည်းကောင်း၊ အိမ်ထဲတွင် လည်းကောင်း၊ ခြံထဲတွင် လည်းကောင်း၊ ရေတွင်းဘေးတွင် လည်းကောင်း၊ ကန်ဘေးတွင် လည်းကောင်း၊ ကုန်းမြင့်များပေါ်တွင် လည်းကောင်း၊ ရွာဆီသို့သွားသော ကိုက်ငါးရာခန့်ဝေးသည့် တံတားအလွန် ကုန်းအတက်ကလေးတွင် လည်းကောင်း လူများ လှုပ်ရှားလျက် ရှိခြင်းကို နှင်းမှုန်ထဲတွင် မြင်နေရသည်။ ကုန်းအတက်တွင် လှည်းများကို ဆွဲနေသော မြင်းများကို ငေါက်သံ၊ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်ပြောဆိုသံများကို အတိုင်းသား ကြားနေရသည်။ ထိုအသံများမှာ ရုရှားသံများ မဟုတ်ချေ။

"သုံ့ပန်းကောင်လေးကို ခေါ်ခဲ့စမ်းဟေ့" ဒင်နီဆော့ဗ်က ပြင်သစ်များကို လှမ်းကြည့်ရင်း ခပ်တိုးတိုးပြောလိုက်သည်။

ကော့ဆက်မြင်းတပ်သားတစ်ယောက်က မြင်းမှဆင်းကာ ပြင်သစ်တပ်သားကလေးကို အောက်ချပေးလိုက်ပြီး ဒင်နီဆော့ဗ်ထံ ခေါ်လာသည်။ ဒင်နီဆော့ဗ်က ပြင်သစ်တပ်များကို လက်ညှိုးထိုးပြကာ မည်သည့်တပ်များဖြစ်ကြောင်းကို မေးမြန်းခြင်းပြုလေသည်။ ပြင်သစ်သုံ့ပန်းသည် အေးစက်လျက်ရှိသော ၎င်း၏လက်များ အိတ်ထဲသို့ သွင်းထားရင်း ဒင်နီဆော့ဗ်အား ကြောက်လန့်တကြားဖြင့် မျက်ခုံးပင့်ကြည့်လိုက်၏။ သို့ရာတွင် ရှင်းရှင်းလင်းလင်းမဖြေနိုင်ဘဲ အရှုပ်ရှုပ် အထွေးထွေးဖြစ်ကာ ဒင်နီဆော့ဗ် မေးမြန်းသမျှကို ခေါင်းလိုက်ညိတ်လျက်ရှိ၏။ ဒင်နီဆော့ဗ်သည် မျက်မှောင်ကုတ်ကာ ကော့ဆက်ဗိုလ်ကြီးဘက်သို့ လှည့်၍ မိမိ၏ ထင်မြင်ချက်များကို

www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုလျက် ရှိလေသည်။

ပီတာသည် ခေါင်းကို ဆတ်ခနဲလှည့်ကာ ဘင်တီးသမား ပြင်သစ်ကလေးကို တစ်လှည့်၊ ဒင်နီဆော့ဗ်ကို တစ်လှည့်၊ ကော့ဆက်ဗိုလ်ကြီးကို တစ်လှည့်၊ ရွာထဲနှင့် လမ်းတစ်လျှောက်ရှိ ပြင်သစ်များကို တစ်လှည့် လိုက်ကြည့်ရင်း အရေးကြီးသည့် အချက်မှန်သမျှကို ဂရုတစိုက် နားထောင်လျက် ရှိသည်။

"ဒိုလိုကော့ဗ် လာလာ မလာလာဗျာ၊ ကျုပ်တို့ချည်းပဲ ဝင်တိုက်မယ်။ ဘယ့်နယ်လဲ" ဒင်နီဆော့ဗ်က မျက်လုံးတွင် မြူးထူးထက်သန်သည့် အရောင်များ ယှက်သန်းလျက်ရှိရင်းက ပြောလိုက်၏။

"အကွက်ကတော့ အကွက်ကောင်းပဲခင်ဗျ" ကော့ဆက်ဗိုလ်ကြီး၏ အသံဖြစ်၏။

"ခြေလျင်တပ်ကို ဟိုဘက်က စိမ့်တောကြီးထဲက သွားချထားမယ်" ဒင်နီဆော့ဗ် ဆက်ပြောလိုက်သည်။ အဲဒီကနေပြီးမှ ခြံထဲကကောင်တွေကို ဝင်ချ။ ခင်ဗျားနဲ့ မြင်းတပ်တွေက ဟောဟိုဘက်က ဝင်"

ဒင်နီဆော့ဗ်က ရွာအလွန်တောအုပ်ဘက်သို့ ညွှန်ပြ၏။

"ပြီးတော့ ကျွန်တော်နဲ့ ကျွန်တော့်မြင်းတပ်က ဒီကနေ ပြီးဝင်မယ်။ ဘယ့်နယ်လဲ။ စဝင်ချိန်မှာ သေနတ်တစ်ချက်ဖောက်ပြီး အချက်ပေး"

"ဟိုဘက်နားက ချောက်က ကူးလို့မရဘူး ဗိုလ်မှူး။ ဗွက်တွေ ရှိတယ်" ကော့ဆက်ဗိုလ်ကြီးက ဆိုသည်။ "မြင်းတွေအကုန် ဗွက်နစ်ကုန်လိမ့်မယ်။ ဒီတော့ ကျွန်တော်တို့က လက်ဝဲဘက်က ကွေ့ပြီး"

ဂင်းတို့နှစ်ဦး ဤသို့ တီးတိုးတိုင်ပင်နေကြခိုက် ကမူအောက် ရေကန်ဘေးဆီမှ သေနတ်သံတစ်ချက် ထွက်လာကာ မီးခိုးတန်းတစ်ခု ထွက်လာ၏။ နောက် တစ်ချက် ထွက်လာပြန်ကာ တစ်ယောက်ကိုတစ်ယောက် ဝမ်းသာအားရဖြင့် လှမ်းအော်နေကြဟန် ရှိသည့် ပြင်သစ်သံများကို တောင်ကမူစောင်းဆီမှ ကြားလိုက်ရသည်။ ဒင်နီဆော့ဗ်နှင့် ကော့ဆက်ဗိုလ်ကြီးတို့သည် ခေတ္တဆုတ်လာခဲ့ကြ၏။ ဂင်းတို့မှာ နီးကပ်လျက်ရှိသည့်အတွက် ဂင်းတို့ကို မြင်၍ ပစ်ခတ်အော်ဟစ်နေခြင်း ဖြစ်သည်ဟု ထင်လိုက်မိ၏။ သို့ရာတွင် ပစ်ခတ်သံနှင့် အော်သံများသည် ဂင်းတို့နှင့် ပတ်သက်ခြင်း မရှိချေ။ တောင်ကမူခြေရင်း၌ အနီရောင်ကို ဝတ်ဆင်ထားသည့် လူတစ်ယောက်သည် ရွံ့စပ်စပ်ကိုင်းတောထဲတွင် ပြေးလွှားလျက်ရှိရာ ပြင်သစ်များက ဂင်းတို့ကို မြင်၍ ပစ်ခတ်အော်ဟစ်နေခြင်း ဖြစ်သည်။

"အလို ဗိုလ်မှူး၊ ကျွန်တော်တို့လူ ရှာဗေတီပါလား"

ကော့ဆက်ဗိုလ်ကြီးက ပြောလိုက်သည်။

"ဟုတ်တယ်ဗျို့၊ အစစ်ပဲ"

"ခွေးမသား လုပ်ပြီ" ဒင်နီဆော့ဗ်က ပြောလိုက်၏။

"လွတ်တော့သွားပြီ ဗိုလ်မှူးရေ" ကော့ဆက်ဗိုလ်ကြီးက မျက်လုံးများကို မှေး၍ ကြည့်ရင်း ပြောလိုက်၏။

ရှာဗေတီဟု ဂင်းတို့ခေါ်ကြသည့် အဝတ်နီနှင့် လူသည် ကိုင်းတောစပ်မှ ပြေးထွက်လာကာ ချောင်းရိုးကလေးတစ်ခုထဲသို့ ခုန်ချလိုက်၏။ ရေမြွှာကလေးများသည် လေထဲတွင် ပျံဝဲလျက်ရှိသည်။ ထိုလူသည် ရေထဲတွင် ခေတ္တမျှ မြုပ်သွားပြီးနောက် တစ်ကိုယ်လုံး စိုရွှဲလျက်ရှိခြင်းကြောင့် မည်းမည်း မည်းမည်းဖြင့် တစ်ဖက်ကမ်းသို့ လေးဘက်ထောက် တက်လာကာ ဆက်ပြေးလျက်ရှိ၏။ ဂင်းနောက်က လိုက်လာသော ပြင်သစ်များမှာ ချောင်းရိုးတစ်ဖက်ကမ်းတွင် ကျန်ရစ်ခဲ့ကြသည်။

"တော်သေးတာပေါ့ကွာ" ကော့ဆက်ဗိုလ်ကြီးက ပြော၏။

"ခွေးတိရစ္ဆာန်" ဒင်နီဆော့ဗ်က စိုးရိမ်မပြေသေးသည့် ဟန်ဖြင့် ဆဲလိုက်သည်။ "တစ်ချိန်လုံး ဘာလုပ်နေသလဲ မသိဘူး"

"သူက ဘယ်သူလဲ ဗိုလ်မှူး" ပီတာက မေး၏။

"တို့ လက်ဖြောင့်တပ်သားလေကွာ။ 'လျှာတစ်ချောင်း' ဖြတ်ယူလာဖို့ လွှတ်လိုက်တာ"

"ဩော်၊ ဟုတ်လား" ပီတာက ဒင်နီဆော့ဗ်၏ စကားများကို နားမလည်သော်လည်း နားလည်လေဟန် ခေါင်းတညိတ်ညိတ်လုပ်နေသည်။

ရှာဗေတီမှာ ဒင်နီဆော့ဗ်တို့ ပြောက်ကျားတပ်စုတွင် မပါမပြီးသည့် လူတစ်ယောက်ဖြစ်၏။ ဂင်းမှာ ဂဇော်မြစ်အနီးရှိ ပေါက္ကရိုရွာမှ လယ်သမားတစ်ဦး ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဒင်နီဆော့ဗ်၏ ပြောက်ကျားတပ်စု စတင်လှုပ်ရှားစဉ်က ထိုရွာသို့ ရောက်သွားသောအခါတွင် ထုံးစံအတိုင်း ရွာလူကြီးတစ်ယောက်ကို ဆင့်ခေါ်ကာ ပြင်သစ်တို့ ဤနေရာတစ်ဝိုက်တွင် ရှိသလောဟု မေးမြန်းခဲ့သည်။ ထိုအခါတွင် ရွာလူကြီးက ဤနေရာတစ်ဝိုက်တွင် ပြင်သစ်များရှိသည်ကို မြင်လည်း မမြင်ဖူး၊ ကြားလည်း မကြားဖူးဟု (ရွာလူကြီး၏ ထုံးစံအတိုင်း) ကိစ္စပြတ်ပြောလိုက်သည်။ ဒင်နီဆော့ဗ်က မိမိသည် ပြင်သစ်များကို တိုက်ရန်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဤနေရာတစ်ဝိုက်သို့ ပြင်သစ်တပ်များ ဖြတ်သန်းခြင်း ရှိမရှိ မေးမြန်းသည့် အခါတွင် ရွာလူကြီးက အချို့ပြင်သစ်စစ်ပြေးများ တစ်ခါတစ်ရံ ရောက်လာတတ်ကြောင်း၊ သို့ရာတွင် ဤကိစ္စများကို နားလည်သူမှာ တီကွန်ရှာဗေတီဖြစ်ကြောင်းဖြင့် ပြော၏။ ဤတွင် ဒင်နီဆော့ဗ်သည် ရှာဗေတီကို အခေါ်လွှတ်လိုက်ပြီးနောက် ရှာဗေတီအား ၎င်း၏ လုပ်ငန်းများအတွက် ချီးကျူးပြောဆိုကာ တိုင်းပြည်နှင့် ဇာတိရင်းကို သစ္စာရှိရန်လိုကြောင်း၊ ပြင်သစ်တို့ကို မုန်းတီးရွံရှာသင့်ကြောင်း၊ တိုင်းပြည်၏ သားကောင်း ရတနာတိုင်း ဤလို စိတ်ဓာတ်မျိုး မွေးသင့်ကြောင်းဖြင့် ရွာလူကြီးရှေ့တွင် ပြောကြားခြင်းပြုသည်။

"မ မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော်တို့ ပြင်သစ်တွေကို ဘာမှအန္တရာယ်မပေးပါဘူး ဗိုလ်ကြီးခင်ဗျာ" ရှာဗေတီမှာ ဒင်နီဆော့ဗ်၏ စကားများကို လန့်လျက် ရှိလေပြီ။ "တစ်ခါတလေ အရပ်က ကာလသားတွေနဲ့ အပျင်းပြေ လိုက်တိုက်ကြတာလောက်ပဲ ရှိပါတယ် ခင်ဗျာ။ ကျွန်တော်တို့ ပြင်သစ်တပ်ပြေးအချို့ကို သတ်ခဲ့တယ် ဆိုတာတော့ အမှန်ပါပဲ ခင်ဗျာ။ ဒါပေမဲ့ ကြီးကြီးကျယ်ကျယ် အန္တရာယ်တော့"

နောက်တစ်နေ့ ပေါက္ကရိုရွာမှ ထွက်လာသောအခါ၌ ဒင်နီဆော့ဗ်သည် ထိုလယ်သမားရှာဗေတီကို လုံးလုံးသတိမရတော့ချေ။ သို့ရာတွင် ရှာဗေတီသည် မိမိတို့ ပြောက်ကျားတပ်စုနှင့်အတူ ပါလာကြောင်း၊ တပ်တွင် လိုက်ပါလာခွင့် တောင်းထားကြောင်းဖြင့် ကြားသိရ၏။ ဒင်နီဆော့ဗ်သည် ရှာဗေတီကို လက်ခံရန် အမိန့်ပေးလိုက်သည်။

ပထမသော် ရှာဗေတီသည် တပ်စုထဲတွင် အလုပ်ကြမ်းလုပ်ရ၏။ စခန်းမီးဖိုခြင်း၊ ရေခပ်ခြင်း၊ မြင်းသေများကို မြှုပ်နှံခြင်း စသည့် ဗာဟီရတို့ကို ပြုလုပ်ရသည်။ နောက်တွင်မူ ရှာဗေတီသည် ပြောက်ကျားတိုက်ပွဲဆင်ရခြင်းကို နှစ်ခြိုက်ဝါသနာပါလာခဲ့လေသည်။ ညအချိန်များ၌ ရှာဗေတီသည် လက်ရပစ္စည်းယူရန် ထွက်သွားတတ်ပြီး ပြင်သစ်စစ်ဝတ်စုံများ၊ လက်နက်များကို ယူလာတတ်သည်။ စေခိုင်းခြင်း ပြုပါက ပြင်သစ်တို့ကို အရှင်ဖမ်းလာတတ်သေးသည်။ ဤတွင် ဒင်နီဆော့ဗ်သည် ရှာဗေတီအား အလုပ်ကြမ်းမလုပ်စေတော့ဘဲ တိုက်ပွဲထွက်လျှင် ခေါ်လာလေ့ရှိကာ ကော့ဆက်မြင်းတပ်များနှင့် တွဲပေးထားလိုက်သည်။

ရှာဗေတီသည် မြင်းစီးဝါသနာပါသူ မဟုတ်ချေ။ ထို့ကြောင့် အမြဲတမ်းခြေလျင်လိုက်လေ့ရှိ၏။ မြင်းတပ်နောက်တွင် ကျန်ရစ်ခဲ့သည်ဟူ၍ကား တစ်ခါမျှ မရှိဖူးချေ။ ရှာဗေတီကို တစ်လုံးထိုး သေနတ်တစ်လက် ပေးထားသော်လည်း (ရှာဗေတီသည် ထိုသေနတ်ကို နောက်ပြောင်ကျိစယ်သည့် သဘောဖြင့် ကိုင်ခြင်း ဖြစ်၏။) ထိုသေနတ်ကို သုံးလေ့မရှိဘဲ ခက်ရင်းတစ်ချောင်းနှင့် ပုဆိန်တစ်လက်ကိုသာ လက်စွဲပြုလေ့ရှိ၏။ ပုဆိန်ကို ရှာဗေတီနှိုင်နှိုင်နင်းနင်း သုံးစွဲပုံမှာ အံ့သြလောက်ပါပေသည်။မိမိ၏ အမွေးထဲမှ သန်းများကို ဖမ်းရာတွင် လည်းကောင်း၊ အရိုးကြီးများကို ကိုက်ဝါးရာတွင် လည်းကောင်း၊ ဝံပုလွေတစ်ကောင်သည် ၎င်း၏သွားများကို ကျင်လည် ဖျတ်လတ်စွာ အသုံးပြုလေ့ရှိသကဲ့သို့ ရှာဗေတီသည်လည်း ပုဆိန်ကို ကျွမ်းကျင်စွာ အသုံးပြုတတ်လေသည်။ ထိုမျှမက ရှာဗေတီသည် လက်တစ်ကမ်းအကွာမှနေ၍ သစ်တုံးများကိုလည်း မှန်းသည့်နေရာတွင် တိခနဲ ကွဲအောင် ခွဲနိုင်၏။ ပုဆိန်ခေါင်းကို ကိုင်၍ သစ်သားခွက်ပါးပါးကလေးများ၊ သစ်သားဇွန်းကလေးများလည်း ထွင်းတတ်သည်။ ဒင်နီဆော့ဗ်၏ ပြောက်ကျားတပ်စု၌ ရှာဗေတီသည် အများနှင့်မတူ ထူးခြားသော အနေအထားကို ရသူတစ်ဦး ဖြစ်လေသည်။ လှည်းကို ဗွက်ထဲမှ တစ်ယောက်တည်း ပခုံးဖြင့် ထမ်းတင်ရမည့်ကိစ္စမျိုး၊ မြင်းတစ်ကောင်ကို အမြီးဆွဲ၍ ဗွက်ထဲမှ ဆွဲတင်ရမည့်ကိစ္စမျိုး၊ မြင်းရေဆုတ်ရမည့်ကိစ္စမျိုး၊ ပြင်သစ်စခန်းထဲသို့ တိတ်တဆိတ် ဝင်ရမည့် ကိစ္စမျိုး၊ တစ်နေ့လျှင် မိုင်သုံးဆယ်လောက် ခရီးပေါက်အောင်

www.burmeseclassic.com

www.burmeseclassic.com

သွားရမည့် ကိစ္စမျိုး စသည့် ခက်ခဲ၍ ညစ်ပတ်သဖြင့် လူတိုင်းမလုပ်နိုင်သည့် ကိစ္စမျိုး ပေါ်လာသည့်အခါမျိုး၌ အားလုံးကပင် ရယ်ရယ်မောမောနှင့် ရှာဗေတီကိုပင် လက်ညှိုးထိုးပြတတ်ကြသည်။

"ရှာဗေတီတို့က ဒီလောက်တော့ အပျော့ပေါ့။ မြင်းတစ်ကောင်လောက်နီးပါးသန်တာ"ဟု ၎င်းတို့က ပြောလေ့ရှိကြသည်။

တစ်ခါက ရှာဗေတီသည် ပြင်သစ်တစ်ယောက်ကို အရှင်ဖမ်းရာတွင် ပြင်သစ်က ၎င်းအား တင်ပါးကို သေနတ်နှင့် လှမ်းပစ်၏။ ထိုဒဏ်ရာရပုံ အဖြစ်အပျက်မှာ ပြောက်ကျားတပ်စုထဲတွင် အရယ်ရဆုံးသော 'ပြက်လုံး'တစ်ခုဖြစ်လျက် ရှိသည်။ (ရှာဗေတီသည် အရက်ကို လိမ်းဆေးသောက်ဆေးအဖြစ် အသုံးပြု၍ ထိုဒဏ်ရာကို ကုသသည်။) ရှာဗေတီသည် ရယ်စရာပုံတိုပတ်စကလေးများကိုလည်း သဘောကျတတ်သည်။

"ဗျို့ ရှာဗေတီ။ ဘယ့်နယ်လဲ။ ခင်ဗျား အဆော်ခံထိလာတော့ နောက်ထပ်မဖမ်းရဲတော့ဘူး မဟုတ်လား" ဟု ကော့ဆက်မြင်းတပ်သားများက ရှာဗေတီကို စလေ့ရှိသည်။ ထိုအခါမျိုး၌ ရှာဗေတီသည် ကိုယ်ကို တွန့်လိမ်လျက်၊ မျက်နှာကြီးမဲ့လျက်ဖြင့် စိတ်ဆိုးဟန်ဆောင်ကာ ပြင်သစ်တို့ကို ရယ်စရာအကောင်းဆုံးသော စကားများဖြင့် ဆဲရေးလေ့ရှိသည်။ ဤအဖြစ်အပျက်ကြောင့် ရှာဗေတီတွင် သက်ရောက်သည့် တစ်ခုတည်းသောအကျိုးမှာ ဒဏ်ရာရပြီးနောက် ပြင်သစ်တို့ကို နောက်ထပ်သုံ့ပန်းမဖမ်းခိုင်းတော့ခြင်းသာ ဖြစ်သည်။

ရှာဗေတီသည် ပြောက်ကျားတပ်စုတွင် အရဲရင့်ဆုံး၊ အသုံးဝင်ဆုံး လူတစ်ယောက် ဖြစ်သည်။ ပြင်သစ်တို့ကို မည်သူမျှ ရှာ၍မရသည့်အခါ ပြင်သစ်တို့ကို နောက်ထပ် မည်သူဖမ်းဆီးရမိခြင်း၊ သတ်ဖြတ်ခြင်းမပြုနိုင်သည့် အခါမျိုးတွင် ကော့ဆက်များနှင့် မြင်းတပ်သားများသည် ရှာဗေတီကို 'လူပြက်'နေရာထားကာ ကျီစယ်ကြသည်။ ရှာဗေတီကလည်း ၎င်းတို့ပေးသော 'လူပြက်'နေရာကို နှစ်နှစ်ခြိုက်ခြိုက် လက်ခံသည်သာ ဖြစ်လေသည်။ ယခုသော် ဒင်နီဆော့ဗ်က ပြင်သစ်လျှာတစ်ချောင်းကို ဖြတ်ခဲ့၍ ညတွင်းချင်းပြန်ခဲ့ရမည်ဟု ၎င်းအား ရှန်ရှီဗိုရွာသို့ လွှတ်လိုက်သည်။ သို့ရာတွင် ပြင်သစ်တစ်ယောက်တည်း ဖမ်းဆီးရခြင်းကို မကျေနပ်၍လော သို့မဟုတ် မနေ့ညက တောထဲတစ်နေရာတွင် အိပ်ပျော်နေခြင်းကြောင့်လော အဘယ်အကြောင်းကြောင့် ဟူ၍ကား မသိ။ ရှာဗေတီသည် နေ့ခင်းကြောင်တောင်ကြီးတွင် ချုံကြားထဲမှ တိုး၍ ပြင်သစ်စခန်းထဲသို့ ဝင်သည်တွင် ပြင်သစ်တို့ တွေ့မြင်သွားကာ (အထက်တွင် ဒင်နီဆော့ဗ် မြင်ခဲ့ရသည့်အတိုင်း) အလိုက်ခံခဲ့ရခြင်း ဖြစ်ပေသတည်း။

အခန်း ၆

နောက်တစ်နေ့တိုက်ပွဲနှင့် ပတ်သက်၍ ကော့ဆက်ဗိုလ်ကြီးနှင့် အချိန်အတန်ကြာ ဆွေးနွေးပြီးနောက် ဒင်နီဆော့ဗ်သည် မြင်းကို ပြန်လှည့်စီးခဲ့လေသည်။ ဒင်နီဆော့ဗ်သည် မိမိတို့အနီးတွင် ပြင်သစ်များ နီးကပ်စွာ ရှိနေခြင်းကို မြင်သည်၌ နောက်တစ်နေ့တွင် တိုက်ပွဲတိုက်ရန် ဆုံးဖြတ်လိုက်ဟန် တူပေသည်။

"လာဟော့ ပိတာ၊ ခပ်နွေးနွေးကလေးဖြစ်အောင် လုပ်လိုက်ကြဦးစို့" ဒင်နီဆော့ဗ်က ပိတာသို့ လှမ်းပြောလိုက်သည်။

သစ်ခုတ်သမား၏ တဲကလေးနားသို့ ရောက်လာသည့်အခါတွင် ဒင်နီဆော့ဗ်သည် မြင်းကိုရပ်၍ တောထဲသို့ လှမ်းကြည့်နေသည်။ တောအုပ်သစ်ပင်များကြားမှ ခါးပြတ်အင်္ကျီတို့၊ လျှော်ဖိနပ်နှင့် ကာဇန်ဦးထုပ်တို့ကို ဝတ်ဆင်ထားသည့် ခြေတံလက်တံရှည်ရှည် လူတစ်ယောက်သည် ပေါ့ပါးသွက်လက်သော ခြေလှမ်းကျဲကြီးများဖြင့် ၎င်းတို့ထံ ပြေးလာလျက် ရှိ၏။ ထိုသူသည် ပခုံးပေါ်တွင် တစ်လုံးထိုး သေနတ်တစ်လက်ကို လွယ်ထားပြီး ပုဆိန်တစ်လက်ကို ခါးကြားတွင် ထိုးထား၏။ ဒင်နီဆော့ဗ်ကို မြင်သည့်အခါ၌ ထိုလူသည် တစ်စုံတစ်ခုကို ချဲထဲသို့ လှမ်းပစ်လိုက်ပြီး ရေစိုလျက် ရှိသောကြောင့် ချော်ကျိကျိဖြစ်နေသည့် ဦးထုပ်ကို အနားမှ ကိုင်ချွတ်လိုက်၍ ဒင်နီဆော့ဗ်အပါးသို့ လျှောက်လာခဲ့၏။ ထိုသူမှာ ရှာဗေတီ ဖြစ်လေသည်။ အရေရှဉ့်တွကာ ကျောက်ပေါက်မာသက်သက်ရှိသော ၎င်း၏မျက်နှာနှင့် ကျဉ်းမြောင်းသေးငယ်သော မျက်လုံးများသည် မိမိကိုယ်မိမိ ကျေနပ်နှစ်သိမ့်ခြင်းဖြင့် ရွှင်မြူးစွာ တောက်လျက်ရှိကြ

www.burmeseclassic.com

www.burmeseclassic.com

၏။ ရှာဗေတီသည် ရယ်ချင်စိတ်ကို မျိုသိပ်ထားရဟန်ဖြင့် ခေါင်းကို မတ်မတ်ထားကာ ဒင်နီဆော့ဗ်ကို ကြည့်လျက် ရှိလေသည်။

"ဟေ့ကောင်၊ ဘယ်ပျောက်နေတာလဲ ပြောစမ်း" ဒင်နီဆော့ဗ်က မေးလိုက်၏။

"ဘယ်ပျောက်ရမလဲ ဗိုလ်မှူးရ၊ ပြင်သစ်ကောင်ထွေကို သွားဖမ်းတာပေါ့" ရှာဗေတီက ခပ်အောအောရှိသော်လည်း ချိုသာနူးညံ့သည့်အသံဖြင့် ရဲဝံ့လျင်မြန်စွာ ပြောလိုက်၏။

"ဘာဖြစ်လို့ နေ့ခင်းကြောင်တောင်ကြီး ဝင်သွားရသလဲကွ၊ ခွေးသား။ ပြီးတော့ တစ်ကောင်မှလဲ ဖမ်းမလာခဲ့ဘူး"

"တစ်ကောင်ဖမ်းခဲ့တယ် ခင်ဗျ" ရှာဗေတီက ပြောသည်။

"ဘယ်မှာလဲ"

"အရုဏ်တက်လောက်မှာ တစ်ကောင်ရလာတယ် ခင်ဗျ" ရှာဗေတီက ခြေဖျားတွင် ကော့လန်လျက်ရှိသည့် ၎င်း၏ ခြေထောက်ပြားပြားကြီးကို လျှော်ဖိနပ်ထဲတွင် အပြားလိုက် နင်းချရင်း ပြောလိုက်၏။ "အဲဒီကောင်ကို သိပ်မကြိုက်သေးတာနဲ့ နောက်ထပ်ကောင်းကောင်းတစ်ကောင် သွားဖမ်းမယ်ဆိုပြီး ဝင်သွားတာခင်ဗျ"

"ကြည့်စမ်း၊ 'လျှာတစ်ချောင်း' ရရက်သားနဲ့ လွှတ်ပစ်ခဲ့တယ်။ ကျုပ်ထင်တဲ့အတိုင်း ဖြစ်တာပဲ" ဒင်နီဆော့ဗ်က ကော့ဆက်ဗိုလ်ကြီးဘက်သို့ လှည့်၍ ပြောလိုက်သည်။ "ရတာကိုပဲ ယူခဲ့ပါလားကွ"

"ဒီကောင်က မစွဲဘူး ဗိုလ်မှူး"ရှာဗေတီက စိတ်တိုလာဟန်ဖြင့် ကြားဖြတ်၍ ပြောလိုက်သည်။ "ဒီကောင် ဖမ်းလာလို့ကတော့ အလကားပဲ။ ဗိုလ်မှူးလိုချင်တဲ့ အကောင်မျိုး ကျွန်တော် မသိဘဲ နေပါ့မလား ဗိုလ်မှူး"

"ခွေးသား၊ ဘာမှ စဉ်းစားဉာဏ် မရှိဘူး။ ဒါနဲ့ ဘာဖြစ်သလဲ"

"နောက်တစ်ကောင်ဖမ်းဖို့ ဝင်သွားတယ် ခင်ဗျ" ရှာဗေတီက ဆက်ပြောလိုက်၏။ "တောထဲရောက်တော့ ဒီလိုမှောက်ပြီး ဝပ်နေလိုက်တယ်ခင်ဗျ" (ရှာဗေတီက ဖြုန်းခနဲ ဝမ်းလျားမှောက်ပြလိုက်သည်။) "အဲဒီတုန်း ပြင်သစ်ကောင်တစ်ကောင် ချောင်ထဲက ပေါ်လာတော့ ကျွန်တော်လဲ ပခုံးကို ဒီလိုလှမ်းဆွဲလိုက်တာပဲ" (ရှာဗေတီသည် လျင်မြန်ပေါ့ပါးစွာ ခုန်ထလိုက်သည်။) "'ဟေ့ကောင် ဗိုလ်မှူးဆီ လိုက်ခဲ့'လို့ ကျွန်တော်ကခေါ်တော့ ငနဲ ငယ်သံပါအောင် အော်တော့တာပဲ။ အော်တော့ ပြင်သစ်ကောင် လေးကောင်ပါလာတယ် ခင်ဗျ။ သူတို့ဓားကလေးတွေ ကိုင်ပြီး ကျွန်တော့်ဆီ ပြေးလာကြတယ်ခင်ဗျ။ ဒါနဲ့ ကျွန်တော်လဲ ခါးကြားက ပုဆိန်ကို ထုတ်ပြီး 'ဘာဝင်ရှုပ်တာလဲကွ၊ ဘုရား တရား အောက်မေ့ပေတော့ ဆိုပြီး' ဒီလို"

ရှာဗေတီသည် ပါးစပ်ကအော်ကာ ရင်ကိုကော့၍ မျက်နှာထားကြီးဖြင့် ပုဆိန်ခုတ်ဟန်လုပ်ပြသည်။

"ညော်၊ ဒါကြောင့်ကိုး ရွှံ့ဗွက်တွေထဲဖြတ်ပြီး မင်းပြေးလာခဲ့ရတာ။ မသိရင် ခက်မယ်" ကော့ဆက်ဗိုလ်ကြီးက ၎င်း၏ တောက်ပပြောင်လက်သော မျက်လုံးများကို မှေး၍ ပြောလိုက်သည်။

ပီတာမှာ ရယ်ချင်လှပေပြီ။ သို့ရာတွင် ၎င်းတို့အား လုံး ရယ်ချင်စိတ်ကို မျိုသိပ်ထားရကြောင့်း ပီတာသတိပြုလိုက်မိ၏။ ထို့နောက် ပီတာသည် ရှာဗေတီကို တစ်လှည့်၊ ကော့ဆက်ဗိုလ်ကြီးကို တစ်လှည့်၊ ဒင်နီဆော့ဗ်ကို တစ်လှည့်ကြည့်နေသည်။

"ပတ်တီးရိုက်မယ်တော့ မကြဲနဲ့နော်" ဒင်နီဆော့ဗ်က စိတ်တိုလာကာ ချောင်းတဟွတ်ဟွတ်ဆိုးရင်း ပြောလိုက်၏။ "ပထမတစ်ကောင်ကို ဘာဖြစ်လို့ ဖမ်းမလာခဲ့သလဲ"

ရှာဗေတီသည် လက်တစ်ဖက်ဖြင့် နောက်ကျောကို တဖြင်းဖြင်းမြည်အောင် ကုတ်လိုက်ပြီး အခြားလက်တစ်ဖက်ဖြင့် ခေါင်းကို ကုတ်လျက်ရှိ၏။ ထို့နောက် ပါးစုံကြီးတွေ ချွန်တက်လာအောင် ရုတ်တရက် မချိုမချဉ် ပြုံးလိုက်သည်တွင် ရှေ့သွားတစ်ချောင်း ကျိုးလျက် ရှိသည့် ၎င်း၏သွားများသည် အထင်းသားပေါ်လာကြ၏။ (ရှာဗေတီဆိုသော အမည်မှာ သွားကျိုးသည်ကို အစွဲပြု၍ ခေါ်ခြင်း ဖြစ်ပါသည်။) ဒင်နီဆော့ဗ်သည် ရှာဗေတီ၏ ပေါကြောင်ကြောင် အမူအရာကို မြင်သည်၌ ပြုံးလိုက်၏။ ပီတာသည် မအောင့်နိုင်တော့ဘဲ ခွက်ထိုးခွက်လန် ရယ်လျက်ရှိလေသည်။ ရှာဗေတီကလည်း ဘုမသိ ဘမသိ လိုက်ရယ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟာ ဒီကောင်က ဘာမှမစွဲဘူး ဗိုလ်မှူးရ" ရှာဗေတီက ပြောလိုက်၏။ "ဝတ်ထားတဲ့ အဝတ်အစားကလဲ မက်စရာမရှိဘူး။ ဒီလိုကောင်မျိုး ဘာလို့ဖမ်းလဲ ဗိုလ်မှူးရ။ ပြီးတော့ ရိုင်းလဲရိုင်းတယ် ခင်ဗျ။ 'ငါက ဗိုလ်ချုပ်ရဲ့သားကွ။ မလိုက်နိုင်ဘူး'တဲ့"

"ဟာ ခွေးသား၊ သေတော့မှာပဲ"ဒင်နီဆော့ဗ်က ပြောလိုက်လေသည်။ "နေစမ်းပါဦး၊ ငါမေးချင်လို့ပါ"

"ကျွန်တော် မေးခဲ့ပြီးပြီ ဗိုလ်မှူး။ သူ ဘာမှ ကောင်းကောင်းမသိဘူးတဲ့။ သူတို့လူတွေ အများကြီးပဲတဲ့။ ဒါပေမဲ့ အကုန်လုံး ချာတူးလန်တွေချည်းပဲတဲ့။ စစ်သားဆိုတဲ့ နာမည်လောက်ပဲ ကျန်တော့တယ်တဲ့။ တစ်ချက်လောက် ငေါက်လိုက်ရင် အကုန်ဖမ်းလို့ရတယ်တဲ့" ရှာဗေတီသည် စကားကို အဆုံးသတ်ကာ ဒင်နီဆော့ဗ်၏ မျက်လုံးများထဲသို့ စိန်းစိန်းကြီး စိုက်ကြည့်နေသည်။

"အေး၊ မင်းကိုတော့ ကြာပွတ်နဲ့ အချက်တစ်ရာလောက် စပ်စပ်ကလေးရိုက်ပေးဦးမယ်။ ဒါမှ နောင်ရူးသလို ပေါသလို မလုပ်ရဲမှာ" ဒင်နီဆော့ဗ်က ခပ်ထန်ထန် ပြောလိုက်၏။

"ဗိုလ်မှူး ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလောက်စိတ်တိုနေရတာလဲခင်ဗျာ" ရှာဗေတီက ပြန်ပြောလိုက်သည်။ "ဗိုလ်မှူးကြည့်ခိုင်းတဲ့ ပြင်သစ်တွေကိုလည်း ကျွန်တော်ကြည့်ခဲ့သားပဲ။ ဗိုလ်မှူး မကျေနပ်သေးရင် ဒီနေ့တစ်ညနေစောင့်ပါ။ ဗိုလ်မှူးလိုချင်တဲ့အကောင်မျိုး တစ်ကောင် ကျွန်တော် ဖမ်းခဲ့ပါမယ်။ သုံးကောင် လိုချင်သပဆိုရင်လဲ သုံးကောင်ရမယ်ခင်ဗျ"

"တိတ်ကွာ၊ သွားမယ်"ဟု ဆိုကာ ဒင်နီဆော့ဗ်သည် သစ်ခုတ်သမားတဲကလေးဆီသို့ တစ်လမ်းလုံး မျက်မှောင်ကြီးကုတ်၍ စီးလာသည်။ စကားလည်း တစ်လုံးမျှ မပြောတော့ချေ။

ရှာဗေတီသည် နောက်ကလိုက်လာ၏။ ကော့ဆက်မြင်းတပ်သားများသည် ရှာဗေတီနှင့်ရောကာ ရှာဗေတီအား ဝိုင်းရယ်လျက် ရှိခြင်းကို ပီတာ ကြားရသည်။ ရှာဗေတီ ချုံထဲသို့ လွှင့်ပစ်ခဲ့သော ဖိနပ်ရှည်တစ်ရန်အကြောင်းကိုလည်း ပြောဆိုရယ်မောလျက် ရှိကြလေသည်။

ပီတာသည် ခပ်စောစောက ရှာဗေတီကို ကြည့်၍ လည်းကောင်း၊ ၎င်း၏စကားများကို နားထောင်၍ လည်းကောင်း ရယ်ချင်ပက်ကျိ ဖြစ်ခဲ့သော်လည်း ဤရှာဗေတီဆိုသော လယ်သမားသည် လူတစ်ယောက်ကို သတ်ခဲ့လေပြီဟု တွေးမိသောအခါ၌ကား စိတ်မကောင်းဖြစ်လျက် ရှိလေသည်။ ပီတာသည် သုံ့ပန်းဘင်တီးသမားကလေးကို လှမ်းကြည့်ရင်းလည်း နှလုံးတွင် နာကျင်သောဝေဒနာကို ခံစားလျက်ရှိလေသည်။ သို့ရာတွင် ပီတာ စိတ်မကောင်းဖြစ်ခြင်းမှာ ခဏသာ ကြာပါသည်။ မိမိသည် ခေါင်းမော့ရင်ကော့ရမည် မဟုတ်ပါလော။ နက်ဖြန် တိုက်ပွဲနှင့် စပ်လျဉ်း၍ ကော့ဆက်ဗိုလ်ကြီးထံ အလွန်အရေးကြီးသည့် ဟန်အမူအရာမျိုးဖြင့် မေးမြန်း စုံစမ်းရဦးမည် မဟုတ်ပါလော။ မိမိရောက်လျက်ရှိသော ပြောက်ကျားတပ်ဖွဲ့ဝင်တစ်ဦး၏ ဂုဏ်သိက္ခာနှင့်အညီ ထိုက်တန်စွာ နေထိုင်ပြုမူရဦးမည် မဟုတ်ပါလော။

ဒင်းတို့သည် ဒိုလိုကော့ဗ်ထံ လွှတ်ထားသော တပ်ဗိုလ်နှင့် လမ်းတွင် ဆုံမိကြရာ ဒိုလိုကော့ဗ် ယနေ့ည နေတွင် လာမည်ဖြစ်ကြောင်း၊ အစစအရာရာ အဆင်ပြေကြောင်းဖြင့် သိရလေသည်။

ဒင်နီဆော့ဗ်သည် ရွှင်လန်းလာကာ ပီတာကို လှမ်းခေါ်လိုက်၏။

"ကဲ မင်းအကြောင်းကော ပြောစမ်းပါဦး"

အခန်း ၇

မော်စကိုမြို့မှ ထွက်ခွာပြီးနောက် ပီတာသည် ၎င်း၏ မိသားစုများနှင့် ခွဲကာ မိမိတပ်ရင်းသို့ ပြန်လာခဲ့လေသည်။ များမကြာမီမှာပင် ပြောက်ကျားတပ်ဖွဲ့ကြီးတစ်ဖွဲ့ကို ကွပ်ကဲလျက်ရှိသည့် ဗိုလ်ချုပ်တစ်ဦးထံတွင် တပ်လုလင်အဖြစ် အမှုထမ်းရလေသည်။ ပီတာသည် ပြန်တမ်းဝင်ရာထူးကို ရ၍ အထူးသဖြင့် တိုက်ပွဲဝင် တပ်ကြီးတစ်တပ်တွင် ဝင်ရောက်ကာ ဗျာဇမာတွင် တိုက်ပွဲတိုက်ပြီးခဲ့သည့် အချိန်မှစ၍ မိမိသည် လူလားမြောက်သော လူကြီးတစ်ယောက် ဖြစ်ခဲ့လေပြီဟု တွေးကာ ပီတိဖြစ်လျက် ရှိလေသည်။ တကယ်စွန့်စားရသော အခွင့်အရေးများကို လက်မလွတ်ဘဲ ဝင်နွှဲရန်လည်း စိတ်အားထက်သန်လျက် ရှိလေသည်။ ပီတာသည် တပ်ထဲတွင် မြင်ခဲ့၊ ကြုံတွေ့ခဲ့

www.burmeseclassic.com

www.burmeseclassic.com

သော အခြင်းအရာများကို နှစ်ခြိုက်သဘောကျလျက် ရှိသော်လည်း စွန့်စွန့်စားစား လုပ်ရမည့် နေရာမျိုးသို့ မရောက်ရလေခြင်း၊ နင်လား ငါလား လုပ်ရမည့်ကိစ္စ မျိုးသည် မိမိမရှိသော နေရာတွင်မှ ဖြစ်တတ်လေခြင်း ဟု တစ်ခါတစ်ရံ စဉ်းစားမိသေးသည်။ ထို့ကြောင့် ထို ကိစ္စမျိုးရှိသည့် နေရာသို့ ပိတာ အမြဲတမ်း ခြေကုန်သုတ်လာသည်သာ ဖြစ်လေသည်။

အောက်တိုဘာလ ၂၁ ရက်နေ့၌ ပိတာ၏ ဗိုလ်ချုပ်သည် ဒင်နီဆော့ဗ်၏ တပ်ဖွဲ့သို့ လူတစ်ယောက် လွှတ်လိုက်ကြောင်း ပြောပြ၏။ ဤတွင် ပိတာက မိမိအား လွှတ်ရန် သနားစဖွယ် တောင်းပန်ခြင်းပြုသည်၌ ဗိုလ်ချုပ်သည် မငြင်းသာတော့ဘဲ ပိတာကို လွှတ်လိုက်လေသည်။ သို့ရာတွင် ပိတာကို လွှတ်ခါနီး၌ ၎င်း၏ ဗိုလ်ချုပ်သည် ဗျာဇမာတိုက်ပွဲတုန်းက ပိတာ မိုက်မိုက်ကန်းကန်းလုပ်ခဲ့ခြင်းကို သတိရလာ၏။ ထိုစဉ်က ပိတာသည် မိမိစေလွှတ်သော နေရာသို့ လမ်းအတိုင်း သွားရမည့်အစား ပြင်သစ်တို့ အပစ်အခတ် ထူထပ်ရာ ရှေ့တန်းစစ်ကြောင်းထဲသို့ ဖြတ်ဝင်ကာ သေနတ်နှစ်ချက် ဖောက်ခဲ့သည်။ ထို့ကြောင့် ယခု တစ်ကြိမ်၌ ပိတာ၏ ဗိုလ်ချုပ်သည် ဒင်နီဆော့ဗ်တို့ တပ်ဖွဲ့၏ မည်သည့်တိုက်ပွဲတွင်မျှ ပါဝင်ခြင်းမပြုရန် အတိအလင်း မှာလိုက်သည်။ ဒင်နီဆော့ဗ်က မိမိအား နေနိုင်ဦးမည်လောဟု မေးသည့်အခါ၌ ပိတာ မျက်နှာရဲသွားပြီး ဝေခွဲမရဖြစ်နေခြင်းမှာ ထိုအကြောင်းကြောင့်ပင် ဖြစ်လေသည်။ မိမိသည် ပေးလိုက်သော ညွှန်ကြားချက်အတိုင်း လိုက်နာမည်၊ ကိစ္စပြီးက ချက်ချင်းပြန်မည်ဟု တောစပ်သို့ မရောက်မီအထိ ပိတာ တွေးလာခဲ့သည်။ သို့ရာတွင် ပြင်သစ်များကို လည်းကောင်း၊ ရာဗေတီကို လည်းကောင်း မြင်ပြီး၍ ယနေ့ညတွင် တိုက်ပွဲတစ်ပွဲ မုချဖြစ်မည်ဟု သိရသောအခါ၌ကား မိမိတို့၏ ထင်မြင်ချက်ကို လျင်မြန်စွာ ပြောင်းလဲလေ့ရှိသော လူငယ်တို့ ထုံးစံအတိုင်း မိမိ တစ်ခါက လေးစားခဲ့သော မိမိ၏ ဗိုလ်ချုပ်သည် အနုပ်စုတ် ကုပ်စုတ် ဂျာမန်တစ်ဦးသာ ဖြစ်သည်။ ဒင်နီဆော့ဗ်လို၊ ကော့ဆက် မြင်းတပ်ဗိုလ်ကြီး လိုဗေစကီလို၊ လယ်သမား ရာဗေတီလို လူမျိုးသာလျှင် သူရဲကောင်းဖြစ်သည်။ ဤလို အကျပ်အတည်းကာလတွင် ပြန်သွားရသည်မှာ ရှက်ဖွယ်ကောင်းလှသည်ဟု ပိတာ ထင်ခဲ့လေပြီ။

သစ်ခုတ်သမား၏ တဲကလေးသို့ ၎င်းတို့သုံး ယောက်စီးလာကြသောအခါတွင် မှောင်ရီပျိုးလျက် ရှိလေပြီ။ ကုန်းနိုးတင်ထားသော မြင်းများကို ဆည်းဆာရောင်ထဲတွင် ဝိုးတိုးဝါးတားမြင်ရ၏။ တောအုပ်ထဲတွင် အင်္ကာအကွယ်ကောင်းကောင်းလုပ်ကာ ပြင်သစ်တို့ မီးခိုးမြင်လောက်သော တောအုပ်အလယ်၌ မီးဖိုလျက်ရှိကြသော ကော့ဆက်များနှင့် မြင်းတပ်သားများကိုလည်း မှန်ဝါးဝါး မြင်ရလေသည်။ သစ်ခုတ်သမား၏ တဲကြားလမ်းမြောင်ကလေး၌ အင်္ဂျီလက်ပင့်တင်ထားသော ကော့ဆက်တပ်သားတစ်ဦးသည် သိုးသားများကို ခုတ်ထစ်လျက် ရှိ၏။ တဲတွင်း၌ကား ဒင်နီဆော့ဗ်၏ တပ်ဖွဲ့မှ တပ်ဗိုလ်သုံးဦးသည် တံခါးရွက်တစ်ချပ်ကို စားပွဲခင်းလျက် ရှိကြ၏။ ပိတာသည် ၎င်း၏ အဝတ်စိုများကို မီးကင်ရန် ချွတ်ပေးလိုက်ပြီးနောက် ညစာစားရန် စားပွဲခင်းလျက်ရှိသော တပ်ဗိုလ်များကို ဝင်ရောက်ကူညီလျက် ရှိလေသည်။

စားပွဲမှာ ဆယ်မိနစ်အတွင်း အဆင်သင့် ဖြစ်သွားသဖြင့် အဝတ်တစ်ထည်ကို အပေါ်တွင် ခင်းလိုက်ကြ၏။ စားပွဲပေါ်၌ ဗော့ဒကာအရက်တစ်ပုလင်း၊ ရမ်အရက်ဘူးတစ်ဘူး၊ ပေါင်မုန့်ဖြူ၊ သိုးသားကင်နှင့် ဆားတို့ အဆင်သင့်ဖြစ်လေပြီ။

စားပွဲတွင် တပ်ဗိုလ်များနှင့် အတူထိုင်ကာ လက်ကြားမှဆီတွေ ယိုစီးသည်အထိ သိုးသားကင်ကို ဖဲ့လျက် ရှိသော ပိတာမှာ မြင်မြင်သမျှလူကို ချစ်ခင်ကာ မိမိကိုလည်း မြင်မြင်သမျှ လူအားလုံးက ချစ်ခင်ကြလိမ့်မည်ဟု ယုံကြည်လေ့ရှိသော ကလေးငယ်တို့၏ ဝမ်းသာကြည်နူးခြင်းဖြင့် ကြည်နူးလျက် ရှိလေသည်။

"ဘယ်လိုလဲ ဗိုလ်မှူး" ပိတာက ဒင်နီဆော့ဗ်ကို လှမ်းပြော၏။ "ကျွန်တော် တစ်ရက်လောက်နေလို့ ကိစ္စမရှိတန်ကောင်းပါဘူးနော်" ပိတာသည် အဖြေကို မစောင့်တော့ဘဲ ကိုယ့်ဘာသာကိုယ် ဖြေလိုက်သည်။ "ကျွန်တော့်ကို ကြည့်ဖို့တွင် ခိုင်းလိုက်၊ အေးလေ ခုမြင်ရပြီပဲ၊ ကျွန်တော့်ကို တိုက်ပွဲသာဝင်ခွင့်၊ အရေးကြီးတဲ့နေရာ။ ကျွန်တော် ဆုလာဘ်တွေ ဘာတွေ မလိုချင်ပါဘူးဗျာ။ တိုက်ပွဲတိုက်ချင်တာ"

ပိတာသည် သွားကိုစေ့ကာ ပတ်ဝန်းကျင်ကို

www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်ပြီးနောက် ခေါင်းကိုခါလျက် လက်များကို ဝှေ့ယမ်းလျက် ရှိသည်။

"အရေးကြီးတဲ့ နေရာ" ဒင်နီဆော့ဗ်က ပြုံး၍ ဆိုလိုက်သည်။

"တကယ်ပါ ကျွန်တော်ကို တပ်စုတစ်စု ပေးပြီးသာ လွှတ်လိုက်စမ်းပါ။ ကျွန်တော် ထိန်းနိုင်ပါတယ်" ပီတာက ဆက်ပြောလျက် ရှိသည်။ "ဘာလဲ ဗိုလ်လေး ဘာလိုချင်လို့လဲ။ ဩော်...ဓားလား"

ပီတာက သိုးသားကို ဖဲ့၍ မရဘဲဖြစ်နေသော တပ်ဗိုလ်တစ်ဦးဘက်သို့ လှည့်ပြောလိုက်၏။

ပီတာသည် ၎င်း၏မောင်းချဓားကို ထုတ်ပေးလိုက်၏။ တပ်ဗိုလ်မှာ မောင်းချဓားကို သဘောကျနေသည်။

"ဗိုလ်လေး ယူထားလိုက်လေ။ ကျွန်တော့်မှာ ဒီလိုဓားတွေ အများကြီး ရှိပါတယ်" ပီတာက မျက်နှာရဲလျက် ပြောလိုက်၏။ ထို့နောက်

"အလို ကြည့်စမ်း၊ ကျွန်တော် မေ့နေတယ်။ ကျွန်တော့်မှာ စပျစ်သီးခြောက်တွေ ပါတယ်ဗျ။ တော်တော် ကောင်းတယ်။ အစေ့မပါဘူး။ ကျွန်တော်တို့ တပ်ထဲက ဈေးသည်တွေမှာ ပစ္စည်းကောင်းကောင်းတွေ ပါတယ်။ ကျွန်တော့်မှာ ဆယ်ပေါင်တောင် ပါလာတယ်။ ကျွန်တော်က အချို သိပ်ကြိုက်တာဗျ။ စားကြမလား"

ပီတာသည် တဲဘော၊ ၎င်း၏ ကော့ဆက်မြင်းတပ်သား၊ ပြေးထွက်သွားကာ စပျစ်သီးခြောက်ငါးပေါင်ခန့် ပါသော အိတ်တချို့ကို ဆွဲလာ၏။

"စားကြလေဗျာ၊ လုပ်ပါ။ စားပါ"ဟု ပြော၍ ကော့ဆက်မြင်းတပ်ဗိုလ်ကြီးဘက်သို့ လှည့်လိုက်ပြန်ကာ

"ဗိုလ်ကြီး ကော်ဖီကရားတစ်လုံးလောက် ယူမလား။ တပ်တွင်းဈေးဆိုင်က ကရားကောင်းကောင်း တစ်လုံး ဝယ်လာတယ်ဗျ။ ကျွန်တော်တို့ တပ်တွင်းဆိုင်က ပစ္စည်းသိပ်စုံတာပဲ။ ဆိုင်ရှင်က ရိုးတယ်။ အေးလေ ရိုးသားဖို့ အရေးကြီးတာပဲ။ ဗိုလ်ကြီးလိုချင်ရင် ကျွန်တော် ပို့လိုက်မယ်လေ။ ပြီးတော့ မီးခတ်ကျောက်တွေလဲ သေသေချာချာ စစ်ကြည့်ကြဦးဗျ။ တစ်ခါတလေ ကုန်ချင် ကုန်နေတတ်တယ်။ မီးမပွင့်ဘဲလဲ ဖြစ်ချင်ဖြစ်နေတတ်တယ်။ ကျွန်တော့်မှာ မီးခတ်ကျောက်တွေလဲ ပါလာတယ်" ပီတာသည် အိတ်တစ်လုံးကို ပြ၏။ "မီးခတ်ကျောက် အလုံးတစ်ရာလောက်တော့ ရှိမယ်ထင်တယ်။ ဈေးပေါတာနဲ့ ဝယ်လာတာ။ ဗိုလ်လေးတို့ သေနတ်တွေအတွက် လိုရင် ကြိုက်သလောက် ယူထားလိုက်ကြလေ"

ပီတာသည် မိမိ စကားဖောင်လျက် ရှိခြင်းကို သတိပြုမိဟန်ဖြင့် မျက်နှာနီသွားကာ စကားကို ရပ်လိုက်သည်။

မည်သည့်နေရာတွင် မိမိ ပြောမှား၊ ဆိုမှား ရှိလေသနည်းဟုလည်း တွေးလျက် ရှိသည်။ ယနေ့အဖြစ်အပျက်များကို စဉ်းစားရင်း သုံ့ပန်း ဘင်တီးသမားလေးကို အမှတ်ရလာသည်။ 'အင်း ငါတို့မှာတော့ ဒီမှာ ဇိမ်ကျလို့။ ချာတိတ်ကလေးတော့ ဘယ်လိုများ နေပါလိမ့်။ ချာတိတ်ကလေးကို ဘယ်နားမှာထားသလဲ မသိဘူး။ အစာမှ ကျွေးကြရဲ့လား။ ချာတိတ်ကလေးကို စိတ်ဆင်းရဲအောင်များ ညှဉ်းထားကြသလား'ဟု တွေးလျက် ရှိလေသည်။ သို့ရာတွင် မီးခတ်ကျောက်ကိစ္စကို တော်တော်များများ ပြောခဲ့ပြီဖြစ်သည့်အတွက် နောက်ထပ် စကားမပြောရဲတော့ချေ။

'ငါက မေးရင် ချာတိတ်ချင်းမို့လို့ ချာတိတ်အကြောင်းမေးတယ် ထင်ကြတော့မှာပဲ။ အေးလေ၊ ငါ ချာတိတ်ဟုတ်မဟုတ် မနက်ဖြန်ကျရင် သိကြမှာပေါ့။ မေးရင် ကောင်းမှ ကောင်းပါ့မလား'ပီတာသည် မိမိအား တပ်ဗိုလ်များက ခပ်လှောင်လှောင် သဘောထားလေသလောဟု စိုးရိမ်တကြီးဖြင့် ၎င်းတို့ကို လှမ်းကြည့်နေသည်။

"သုံ့ပန်း ချာတိတ်ကလေးကို တစ်ခုခု ခေါ်ကျွေးလိုက်ရင် မကောင်းဘူးလား။ ဆာများ ဆာနေမလား"

ပီတာက ပြောလိုက်၏။

"အေး ဟုတ်သားပဲ၊ ကောင်လေး သနားပါတယ်ကွာ" ဒင်နီဆော့ဗ်က ပြောလိုက်သည်။ ဒင်နီဆော့ဗ်မှာ ဤသို့ ပြောခြင်းအတွက် ရှက်စရာကောင်းသည်ဟု ထင်ပုံမရချေ။

"ကောင်လေးကို ခေါ်လိုက်ကြပါကွာ။ နာမည်က ဗင်းဆင့်တဲ့။ စားပါစေ"

"ကျွန်တော် သွားခေါ်လိုက်မယ်လေ"

"အေး သွားခေါ်ချေ။ ကောင်လေး သနားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဒင်နီဆော့ဗ်က ထပ်ပြောလိုက်ပြန်သည်။

ဒင်နီဆော့ဗ် ပြောသည့်အချိန်၌ ပီတာမှာ တံခါးဝတွင် ရပ်လျက်ရှိ၏။ ပီတာသည် တပ်ဗိုလ်များအကြားမှ ဖြတ်ကာ ဒင်နီဆော့ဗ်အနီးသို့ ရောက်လာ၍

"ဗိုလ်မှူးကို တစ်ရှုပ်လောက် နမ်းချင်တယ်ဗျာ။ ဒါမှ တို့ဗိုလ်မှူးကွ"

ပီတာသည် ရွှတ်ခနဲ နမ်းကာ အပြင်သို့ ပြေးထွက်သွားလေသည်။

"ဗင်းဆင့်ရေ၊ ဟေ့ ဗင်းဆင့်" ပီတာက တံခါးဝမှ လှမ်း၍ ခေါ်နေသည်။

"ဘာကိစ္စပါလဲ ခင်ဗျာ" မှောင်ထဲမှ အသံတစ်သံ ကမေး၏။

ပီတာက ပြင်သစ်သုံ့ပန်းလေးကို ခေါ်ခဲ့ရန် ပြောလိုက်သည်။

"ဩော် ဗင်းဆင့်နီလား" ကော့ဆက်တပ်သားတစ်ဦးက မေး၏။

သုံ့ပန်း၏အမည်မှာ ဗင်းဆင့် ဖြစ်သော်လည်း ကော့ဆက်များက 'ဗင်းဆင့်နီ' (အသား) ဟု အမည်ပေးကာ လယ်သမားများနှင့် စစ်သားများကမူ 'ဗီဆီညာ' (နွေဦး)ဟု အမည်ပေးထားကြလေပြီ။ ထိုအမည်နှစ်ခုအနက် 'ဗီဆီညာ'ဟူသောအမည်မှာ သုံ့ပန်းလေးနှင့် အလိုက်ဆုံး ဖြစ်လေသည်။

"ကောင်လေး ချမ်းလို့ မီးလှုံနေတယ် ဗိုလ်လေး။ ဟေး ဗီဆီညာ၊ ဗီဆီညာရေ"ဟု ရယ်မောသံများနှင့်အတူ အော်သံများကို အမှောင်ထဲမှ ကြားရသည်။

"ချာတိတ်ကလေးက မဆိုးဘူး ဗိုလ်လေးရ" ပီတာ့အနီးတွင် ရပ်နေသည့် မြင်းတပ်သားတစ်ယောက်က ပြောလိုက်သည်။ "စောစောက ကျွန်တော်တို့ ကျွေးထားတယ်။ ငနဲလေး ဆာနေပြီထင်တယ်"

ဖိနပ်မပါဘဲ ရှဲ့ဖွက်ထဲတွင် တစွတ်စွတ်ဖြတ်လျှောက်လာသံသည် အမှောင်ထုထဲမှ ထွက်ပေါ်လာ၏။ ခဏကြာလျှင် ဘင်တီးသမားလေးသည် တဲတံခါးဝသို့ ရောက်လာလေသည်။

"ဟေ့ ဗင်းဆင့်လား။ တစ်ခုခု စားမလား။ မကြောက်ပါနဲ့ကွ။ မင်းကို ဘာမှမလုပ်ပါဘူး" ပီတာက ပြင်သစ်လို ပြောလိုက်၏။

"လာ လာ"

ပီတာက ရုက်ကြောက်ချစ်ခင်စွာဖြင့် ပြောကာ ပြင်သစ်သုံ့ပန်းကလေး၏ လက်ကို ဆွဲခေါ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ" ပြင်သစ်သုံ့ပန်းကလေးက တုန်ယင်လျက်ရှိသော ကလေးသံကလေးဖြင့် ပြောကာ ရှဲ့ပေနေသော ခြေထောက်ကို တံခါးဝတွင် သုတ်နေသည်။

ပီတာသည် ပြင်သစ်သုံ့ပန်းကလေးကို ပြောစရာတွေ အများကြီးရှိသော်လည်း မပြောရဲဘဲ ဖြစ်နေသည်။ ပီတာသည် တံခါးဝတွင် ဝေခွဲမရဟန်ဖြင့် ရပ်လျက်ရှိ၏။ ထို့နောက် အမှောင်ထဲတွင် ပြင်သစ်သုံ့ပန်း လူရွယ်၏ လက်ကို ဆွဲကာ တင်းကျပ်စွာ ဆုပ်ထားလိုက်သည်။

"လာ လာ" ပီတာက ခပ်တိုးတိုးလေး ပြော၏။ 'ငါ သူ့အတွက် ဘာများလုပ်ပေးရပါ့မလဲ'ဟု တွေးရင်း ပီတာသည် တံခါးကိုဖွင့်ကာ သုံ့ပန်းလူငယ်ကို အလျင်ဝင်စေသည်။

တဲထဲသို့ ရောက်သည့်အခါတွင် ပီတာသည် သုံ့ပန်းအား ဂရုစိုက်လွန်းခြင်းမှာ မိမိသိက္ခာကို ထိခိုက်သည်ဟု တွေးကာ ခပ်ဝေးဝေးတွင် ထိုင်လျက် ရှိလေသည်။ သို့ရာတွင် အိတ်ထဲမှ ပိုက်ဆံကို စမ်းကာ သုံ့ပန်းလူငယ်အား ပိုက်ဆံပေးလျှင် ရယ်ဖွယ်ဖြစ်နေမည်လောဟုလည်း တွေးလျက် ရှိလေသည်။

အခန်း ၈

ဒိုလိုကော့ဗ် ရောက်သည့်အခါ၌ ပီတာမှာ သုံ့ပန်းလူငယ်ကို စိတ်မဝင်စားလှတော့ဘဲ ဒိုလိုကော့ဗ်ကို စိတ်ဝင်စားလျက် ရှိလေပြီ။ ဒင်နီဆော့ဗ်က သုံ့ပန်းလူငယ်အား အရက်တိုက်၍ သိုးသားကင်ကျွေး၏။ ထို့နောက် အခြားသုံ့ပန်းများနှင့် မထည့်ဘဲ မိမိတို့နှင့်အတူ လိုက်ပါစေရန် ရှရှားဝတ်ရုံအင်္ကျီတစ်ထည်ကိုလည်း ဝတ်စေသည်။ ပီတာသည် ဒိုလိုကော့ဗ် သတ္တိကောင်းပုံ၊ ပြင်သစ်တို့အပေါ်တွင် ရက်စက်ပုံတို့ကို တပ်ထဲ၌ မကြာခဏကြားဖူးခဲ့ရာ တဲထဲသို့ ဒိုလိုကော့ဗ် ရောက်လာသည့်အချိန်မှ စ၍ ပီတာ၏ မျက်လုံးများသည် ၎င်းထံမှ မခွာတော့ချေ။ သို့ရာတွင် ဤသို့သော အသိုက်အဝန်းနှင့် ထိုက်တန်လေအောင်ဟု

www.burmeseclassic.com

www.burmeseclassic.com

ယူဆကာ ခေါင်းကို ပို၍ မော့ထားလိုက်ပြီး ရင်ကို ပို၍ ကော့ထားလိုက်သည်။

ဒိုလိုကော့ဗ်၏ ရိုးသော ဝတ်စားဆင်ယင်ပုံကို ကြည့်၍လည်း ပိတာသည် အံ့သြလျက် ရှိလေသည်။

ဒင်နီဆော့ဗ်မှာ ကော့ဆက် မြင်းတပ်သား၀တ်ရုံကို ဝတ်၍ မုတ်ဆိတ်ထားကာ ၎င်း၏ ရင်ဘတ်ပေါ်တွင် အဆောင်အဖြစ် 'သိန္ဒိမြောက် ကိုယ်တော် နီကိုလတ်' ၏ ဆင်းတုတော်ကို ဆွဲထားလေသည်။ ၎င်း၏ ပြောပုံဆိုပုံ၊ လုပ်ပုံကိုင်ပုံ အားလုံးသည် အများနှင့်မတူ တစ်မူထူးလျက် ရှိ၏။ သို့ရာတွင် မော်စကိုၨ၌ ပါသျှန်ဝတ်ရုံကြီး တလွှားလွှားဖြင့် နေခဲ့သည့် ဒိုလိုကော့ဗ်မှာကား ကိုယ်ရုံတော် တပ်သားတစ်ဦး၏ အဝတ်အစားကို အပို အလိုမရှိ ဝတ်ဆင်ထားလေသည်။ ဒိုလိုကော့ဗ်သည် မုတ်ဆိတ်ကို စင်ကြယ်စွာ ရိတ်ထားကာ ကြယ်ဧပေါက်တွင် စိန့်ဂျော့ဆုတံဆိပ်တော်ကို ဆွဲချိတ်ထားသည့် ကိုယ်ရုံတော်တပ် ဝတ်ရုံအင်္ကျီပွကို ဝတ်ဆင်ထားလျက် မြင်းတပ်ဗိုလ်မှာ မြင်းစာရှာစဉ် ဆောင်းလေ့ရှိသည့် ဦးထုပ်တစ်လုံးကို တည့်တည့်ဆောင်းထားသည်။ ဒိုလိုကော့ဗ်သည် ရေစိုနေသော ၎င်း၏ သက္ကလတ်ဝတ်ရုံကို အခန်းထောင့်တစ်နေရာတွင် ချွတ်ခဲ့ပြီးနောက် မည်သူ့ကိုမျှ နှုတ်ဆက်ခြင်းမပြုဘဲ ဒင်နီဆော့ဗ်ထံ တည့်တည့်ကြီး လျှောက်သွားကာ ကိစ္စများကို ဆွေးနွေးလျက် ရှိလေသည်။ အခြားသော ပြောက်ကျားတပ်စုများကလည်း ပြင်သစ်ထောက်ပို့တပ်ကို ဝင်စီးရန် ကြဲလျက်ရှိကြောင်း၊ မိမိထံ ပိတာကို လွှတ်၍ ဂျာမန်ဗိုလ်ချုပ်က အခေါ်လွှတ်သေးကြောင်း၊ မိမိက ဗိုလ်ချုပ်နှစ်ဦးအား မည်သို့မည်ပုံ အကြောင်း ပြန်လိုက်ကြောင်း စသည်တို့ကို ဒင်နီဆော့ဗ်က ပြောပြလျက် ရှိလေသည်။ ထိုနောက် ပြင်သစ်တပ်၏ အခြေအနေကို မိမိသိသမျှ ပြောပြခြင်း ပြုလေသည်။

"ဒီလိုဆိုရင် ဟုတ်ပြီလေ။ ဒါပေမဲ့ အဲဒီတပ်ဟာ ဘာတပ်လဲ ဆိုတာရယ်၊ လူဘယ်လောက်ရှိသလဲဆိုတာရယ်ကိုတော့ သိဖို့လိုလိမ့်မယ်ဗျ" ဒိုလိုကော့ဗ်က ပြောလိုက်သည်။ "ဒီလိုသိဖို့အတွက် အဲဒီကို သွားကြည့်ဖို့လိုလိမ့်မယ်။ သူတို့မှာ လူဘယ်လောက်ရှိတယ်ဆိုတာကို သေသေချာချာမသိဘဲ အရမ်းသွားလုပ်လို့တော့ မဖြစ်ဘူးဗျ။ ကျွန်တော်တို့က တိတိကျကျလုပ်မှ သဘောကျတာ။ ကဲ သွေးသောက်များ ခင်ဗျား၊ သွေးသောက်တို့အထဲက ကျွန်တော်နဲ့ ပြင်သစ်တပ်စခန်းထဲ ဝင်လိုက်ကြည့်ချင်တဲ့ လူများ ရှိပါသလား။ ကျွန်တော့်မှာ ပြင်သစ်စစ်ဝတ်စုံ တစ်စုံ အပို ပါပါတယ်"

"ကျွန် ကျွန်တော်လိုက်မယ်" ပိတာက အော်လိုက်၏။

"သွားကြည့်စရာ မလိုပါဘူးဗျ" ဒင်နီဆော့ဗ်က ဒိုလိုကော့ဗ်ကို လှမ်းပြောလိုက်သည်။ "ပြီးတော့ အဲဒီဗိုလ်လေးကိုလဲ ဘယ်နည်းနဲ့မှ ကျွန်တော် လိုက်ခွင့်မပြုနိုင်ဘူး ခင်ဗျ"

"ကျွန်တော် လိုက်ချင်တယ် ဗိုလ်မှူး" ပိတာက အော်လိုက်သည်။

"ဘာဖြစ်လို့ မလိုက်ရမှာလဲ"

"အဓိပ္ပာယ်မရှိလို့ပေါ့ကွ"

"ဟာ မဖြစ်ဘူးဗိုလ်မှူး။ ဒီတစ်ခါတော့ ကျွန်တော်လိုက်မှာပဲ။ ဗိုလ်မှူး ကျွန်တော့်ကို ခေါ်မယ် မဟုတ်လား"ဟု ဒိုလိုကော့ဗ်ကို လှည့်မေးလိုက်သည်။

"အို ဘာဖြစ်လို့ မခေါ်ရမှာလဲကွ" ဒိုလိုကော့ဗ်က ပြင်သစ်သုံ့ပန်းလူငယ်၏ မျက်နှာကို ကြည့်၍ အမှတ်မထင် ဖြေလိုက်၏။ "ဗျို့လူ၊ ဒီချာတိတ် ခင်ဗျား ဖမ်းထားတာ တော်တော်ကြာပလား"ဟု တစ်ဖန် ဒင်နီဆော့ဗ်ဘက်သို့ လှည့်မေးလိုက်၏။

"ဒီနေ့မနက်ပဲ မိလာတာဗျ။ ဒီကောင် ဘာမှလဲ မသိပါဘူး။ ခု ကျုပ်နဲ့အတူ ခေါ်ထားတာလေ"

"ဒါဖြင့် ဒီပြင် သုံ့ပန်းတွေကိုကော ဘယ်မှာ ထားသလဲ" ဒိုလိုကော့ဗ်က မေးလိုက်သည်။

"ဘယ်မှာ ထားရမလဲဗျ၊ သူတို့ကို ဆိုင်ရာပို့ပြီး လက်မှတ် ယူထားတာပေါ့" ဒင်နီဆော့ဗ်က မျက်နှာနီရဲလျက် ပြောလိုက်၏။ "ဒီမှာ ကျုပ်တစ်သက်မှာ သူတစ်ပါးအသက်တစ်ချောင်းကို မသတ်ခဲ့သေးဘူးဆိုတာကိုတော့ ရဲရဲပြောလိုက်တယ် ခင်ဗျ။ သုံ့ပန်း သုံးဆယ်လောက်ကို အစောင့်အရှောက်နဲ့ ဆိုင်ရာ ပို့လိုက်ရတာ ဘာခက်သလဲဗျာ။ သုံးရာပို့ရတော့ကော ဘာခက်လို့လဲ။ သုံ့ပန်းကို သတ်ရတယ်ဆိုတာ စစ်သားဂုဏ်သိက္ခာကျလှတယ်။ တည့်တည့်ပြောရင် စစ်သားဂုဏ်ပဲလုတယ်"

"ဒီစကားမျိုးက ဟောဒီမြို့စား တပ်ဗိုလ်လေးလို

www.burmeseclassic.com

www.burmeseclassic.com

ဆယ့်ခြောက်နှစ်သားကလေးက ပြောရင်တော့ အရေးမကြီးဘူးခင်ဗျာ" ဒိုလိုကော့ဗ်က အေးစက်လှောင်ပြောင်သည့်ဟန်ဖြင့် ပြောလိုက်သည်။ "ခင်ဗျားလို စစ်ဗိုလ်ရင့်မကြီးကတော့ ဒါမျိုး ပြောဖို့မကောင်းတော့ပါဘူး"

"အို ကျွန်တော်က ဘာပြောသေးလို့လဲ။ ကျွန်တော် လိုက်မယ်လို့ ပြောထားသားပဲ" ပီယာက ခပ်ရှက်ရှက်ဖြင့် ပြောလိုက်သည်။

"ဒါပေမဲ့ ခင်ဗျားတို့လို ကျုပ်တို့လိုလူမျိုးကတော့ ဒီလိုဟာ မျိုးကို မပြောသင့်တော့ဘူးဗျ" ဒိုလိုကော့ဗ်သည် ဒင်နီဆော့ဗ် မခံချင်သည့်အရာကို ပြောရသဖြင့် အရသာရှိဟန် ဆက်ပြောနေပြန်သည်။ ပြီးမှ ခေါင်းကို ယမ်းလိုက်ရင်း

"ကဲ ဒီချာတိတ်ကို ခင်ဗျား ဘာဖြစ်လို့ ခေါ်ထားတာလဲ။ ဆိုစမ်းပါဦး။ ဘာလဲ ကောင်လေးကို သနားလို့ ဆိုပါတော့။ ဟုတ်စ။ ခင်ဗျားကို ဆိုင်ရာကပေးတဲ့ ပြေစာကကော။ ကျုပ်တို့ မသိဘူးတဲ့လား။ ခင်ဗျား သုံ့ပန်းတစ်ရာပို့လိုက်ပေမယ့် သုံးဆယ်ပဲ ဆိုင်ရာကို ရောက်တယ် မဟုတ်လား။ ကျန်တဲ့ သုံ့ပန်းတွေက လမ်းမှာတွင်ငတ်သေတဲ့လူသေ၊ အသတ်ခံရတဲ့လူ အသတ်ခံရ၊ ကဲ ဒီတော့ ခင်ဗျား ပို့တော့ကော ဘာထူးသေးသလဲ"

ကော့ဆက်ဗိုလ်ကြီးက မျက်လုံးများကို မှေးကာ ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"အို ဘယ်လောက်ပဲ ရောက်ရောက်၊ ဒါက အရေးမကြီးပါဘူးဗျ။ တော်ပြီဗျာ။ ခင်ဗျားနဲ့ ဒီကိစ္စကို မဆွေးနွေးချင်တော့ဘူး။ ကျွန်တော်ကတော့ ငါ လူသတ်မိပါကလား ဆိုတဲ့ နောင်တကြီး မရချင်ဘူး။ သူတို့ဘာသာ လမ်းမှာ သေချင်သေ၊ မသေချင်နေ။ ကျွန်တော့် ပယောဂကြောင့်တော့ မသေစေချင်ဘူး"

ဒိုလိုကော့ဗ်က တဟားဟား ရယ်နေသည်။

"နေစမ်းပါဦးဗျ၊ ကျုပ်တို့ကိုကော သူတို့က မဖမ်းဘဲ နေမှာတဲ့လား။ မဖမ်းနဲ့လို့ သူတို့ကို သူတို့ဗိုလ်တွေက တားမယ်လို့ ထင်သလား။ ဝေးသေးတယ်ဗျာ။ ခုနေ ကျွန်တော့်ကို မိကြည့်စမ်းပါလား။ ဒီကောင်တွေ ကျွန်တော့်ကို သစ်ပင်ကြိုးနဲ့ ချည်ထားမှာပေါ့။ ခင်ဗျားကိုရော သဘောထားကြီးလှချည့်ဆိုပြီး ချမ်းသာပေးမယ် ထင်သလား။ ဟင်း ဝေးသေးတယ်"

ဒိုလိုကော့ဗ်က ခေတ္တရပ်လိုက်၏။

"ကဲ ကြာတယ်ဗျာ၊ ကျုပ်တို့ အလုပ်စကြမယ်။ ကော့ဆက်တစ်ယောက်ယောက်ကို ကျုပ် စစ်လွယ်အိတ် အယူခိုင်းလိုက်စမ်းပါ။ အဲဒီထဲမှ ပြင်သစ်စစ်ဝတ်စုံနှစ်စုံ ရှိတယ်။ ဘယ်နှယ်လဲဟေ့၊ ငါနဲ့လိုက်မယ် မဟုတ်လား"

ဒိုလိုကော့ဗ်က ပီတာကို မေးလိုက်၏။

"အို လိုက်မှာပေါ့ ဗိုလ်မှူးရ။ ဘယ်နေရစ်မလဲ" ပီတာက မျက်ရည်တွေ ဝဲကျလာသည်အထိ စိတ်လှုပ်ရှားလျက် ရှိရာက ဒင်နီဆော့ဗ်ကို လှမ်းကြည့်နေသည်။

ဒိုလိုကော့ဗ်နှင့် ဒင်နီဆော့ဗ်တို့နှစ်ယောက် သုံ့ပန်းများကို မည်သို့ ပြုလုပ်ရမည်ဟု ငြင်းခုံနေကြစဉ်၌ ပီတာသည် အနေရခက်ကာ ဂနာမငြိမ် ဖြစ်လျက် ရှိလေသည်။ သို့ရာတွင် ၎င်းတို့ ပြောဆိုလျက် ရှိသည့် စကားများကို လည်း နားလည်သလို နားမလည်သလို ဖြစ်လျက်ရှိ၏။ 'အို ငါ့ထက် အသက်လဲကြီး၊ သူရသတ္တိလဲ ပြောင်မြောက်တဲ့ လူကြီးတွေက ပြောရင် ပြောသင့်လို့၊ လုပ်အပ်လို့၊ မှန်လို့ ဖြစ်မှာပေါ့'ဟု တွေးလျက် ရှိသည်။ 'နေပါဦး၊ ဒင်နီဆော့ဗ် အမိန့်ပေးတာကိုကော ငါက ဘာလို့ နာခံရမှာလဲ။ ငါ သူ့ကို နားထောင်ပြီး သူ့အမိန့်ကို လိုက်နာတယ်လို့ ဘာဖြစ်လို့ အထင်ခံရမှာလဲ။ ဟုတ်တယ်။ ငါ ဒိုလိုကော့ဗ်နဲ့ ပြင်သစ်ကင်းစခန်းထဲ လိုက်သွားမယ်။ သူတောင် သွားရဲသေးရင် ငါကော ဘာလို့ မသွားရဲရမှာလဲ"

ဒင်နီဆော့ဗ်က မလိုက်ရန် အမျိုးမျိုး ပြောဆိုသော်လည်း ပီတာကမူ မိမိသည်လည်း အလုပ်တစ်ခုကို လုပ်လျှင် တိကျသေချာမှ လုပ်တတ်ကြောင်း၊ ဖြစ်သလို မလုပ်တတ်ကြောင်း၊ မိမိ၏ အသက်အန္တရာယ်ကိုလည်း မည်သည့်အခါမျှ မစဉ်းစားခဲ့ကြောင်းဖြင့် ပြောဆိုငြင်းဆန်လျက် ရှိလေသည်။

"တကယ်လို့ ဒီကောင်တွေ အင်အားဘယ်လောက် ရှိမှန်းမသိဘဲ အရမ်းဝင်တိုက်ရင် ကျွန်တော်တို့ဘက်က လူတစ်ရာကျမယ်ဆိုလဲ ကျသွားနိုင်တာပဲ။ ဒါကို ဗိုလ်မှူးလဲ သိသားပဲ။ ခုလို သွားစုံစမ်းတော့ သေချာတာပေါ့။ ဆုံးရှုံးရင်လဲ ကျွန်တော်တို့နှစ်ယောက်တည်းပဲ။ ဒါတွင်မကဘူး။ ကျွန်တော်ကလဲ သိပ်သွားချင်နေတယ်။ သွားလဲ သွားမှာပဲ။ ဒီတော့ တားမနေနဲ့ ဗိုလ်မှူး။ တားရင် ပိုဆိုးလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၉

ဒိုလိုကော့ဗ်နှင့် ပိတာတို့နှစ်ဦးသည် ပြင်သစ်ဝတ်စုံအင်္ကျီကြီးများနှင့် ပြင်သစ်တပ်သားများ ဆောင်းလေ့ရှိသော သံပရာခွံဦးထုပ်များကို ဝတ်ဆင်ပြီးနောက် တောအုပ်အလယ်ရှိ ကွက်လပ်ကလေးတစ်ခုဆီသို့ မြင်းကိုယ်စီဖြင့် လာခဲ့ကြလေသည်။ ထိုကွက်လပ်ကလေးမှာ ခပ်စောစော က ဒင်နီဆော့ဗ်တို့ ပြင်သစ်တပ်စခန်းကို ထောက်လှမ်းကြည့်ရှုခဲ့သည့်နေရာ ဖြစ်လေသည်။ ၎င်းတို့နှစ်ဦးသည် ထိုကွက်လပ်ကလေးမှတစ်ဖန် မည်းမှောင်သော အမှောင်ထုကြီးထဲရှိ တောစပ်သို့ ထွက်လာခဲ့ကြပြီးနောက် လျှို့ကလေးတစ်ခုထဲသို့ ဆင်းခဲ့ကြ၏။ လျှို့ထဲသို့ ရောက်လျှင် ဒိုလိုကော့ဗ်သည် မိမိတို့နှင့်ပါလာသော ကော့ဆက် မြင်းတပ်သားတစ်ယောက်ကို ထိုနေရာတွင် အစောင့်ခိုင်းခဲ့၍ တာလမ်းအတိုင်း တဲတားဆီသို့ မြင်းကို အသားကျစီး၍လာခဲ့သည်။ နှလုံးပါးစပ်ထဲသို့ တက်ဆို့လုမတတ် တုန်လှုပ်ချောက်ချားလျက်ရှိသော ပိတာသည် ဒိုလိုကော့ဗ်နှင့် ဘေးချင်းယှဉ်၍ စီးလာခဲ့သည်။

"မိရင် အရှင်တော့ အမိမခံဘူး ဗိုလ်မှူး။ ပြောင်းတိုသေနတ်တစ်လက်တော့ ယူလာခဲ့တယ်" ပိတာက ခပ်တိုးတိုး ပြောလိုက်၏။

"ဟေ့ ရုရှားလို မပြောနဲ့လေကွာ" ဒိုလိုကော့ဗ်က ခပ်တိုးတိုးဖြင့်ပင် လှမ်းပြောလိုက်သည်။ ထိုအခိုက် မှောင်ထဲမှ ကျောက်ခဲနဲ့ သေနတ်မောင်းတင်သံနှင့်အတူ "ဟေ့ ဘယ်သူလဲ၊ ရပ်"ဟူသော အော်သံကို ကြားလိုက်ရ၏။

ပိတာ၏ သွေးများသည် မျက်နှာသို့ တက်လာ၏။ ပိတာသည် ပြောင်းတိုသေနတ်ကို စမ်းလိုက်မိသည်။

"အမှတ် ၆-တပ်ရင်း လှံကိုင်တပ်သားတွေ" ဒိုလိုကော့ဗ်က မြင်းကို ခပ်မှန်မှန် စီးမြိစီးရင်း ဖြေလိုက်သည်။

ပြင်သစ်အစောင့်၏ မည်းမည်းသဏ္ဌာန်သည် တဲတားပေါ်တွင် ရပ်လျက် ရှိ၏။

"စကားဝှက်"

ဒိုလိုကော့ဗ်သည် မြင်းဇက်ကို သတ်၍ တစ်လှမ်းချင်းရှေ့သို့ စီးသွား၏။

"ဟေ့ ရဲဘော်၊ ဗိုလ်မှူးကြီး ဂျရတ် ဒီနားမှာ ရှိသလားကွ" ဒိုလိုကော့ဗ်က မေး၏။

"စကားဝှက်" ပြင်သစ်အစောင့်က မည်သို့မျှမဖြေဘဲ ရှေ့မှပိတ်ရပ်၍ စကားဝှက် တောင်းနေသည်။

"ဟေ့ ရဲဘော်၊ တာဝန်ကျတပ်ဗိုလ် လိုက်စစ်တာကို အစောင့်က စကားဝှက် တောင်းနေရသေးသလားကွ။ ဗိုလ်မှူးကြီး ရှိသလားလို့ မေးတာ မကြားဘူးလား" ဒိုလိုကော့ဗ်သည် ဒေါပွလာကာ အစောင့်ဆီသို့ မြင်းကို တည့်တည့်ကြီး စီးလာခဲ့သည်။

ပြင်သစ်အစောင့်သည် ဘေးသို့ ရှောင်လိုက်၏။ ဒိုလိုကော့ဗ်သည် အစောင့်၏ အဖြေကိုပင် မစောင့်တော့ဘဲ တံတားတစ်ဖက်ရှိ ကုန်းမြင့်ကလေးဆီသို့ တစ်လှမ်းချင်း စီးသွားလေသည်။

ရှေ့တွင် လမ်းကို ဖြတ်ကူးလျက်ရှိသော မည်းမည်းသဏ္ဌာန်တစ်ခုကို မြင်လိုက်သည်တွင် ဒိုလိုကော့ဗ်က ထိုသဏ္ဌာန်ကို ရပ်တန့်စေပြန်ကာ တပ်မှူးနှင့်တကွ တပ်သားများ ဤစခန်းတွင် ရှိ မရှိ မေးမြန်းခြင်းပြုပြန်သည်။ ကျောပိုးအိတ်လွယ်ထားသည့် ထိုသဏ္ဌာန်သည် ရပ်၍ ဒိုလိုကော့ဗ်၏ မြင်းနားသို့ ကပ်လာကာ မြင်းကို လက်ဖြင့် ပုတ်လိုက်ပြီး တပ်မှူးနှင့် တပ်ဗိုလ်များမှာ ကုန်းမြင့်ထိပ် လက်ယာဘက်ဘေးက ယာတောတစ်တော ရှိ အိမ်တစ်လုံးတွင် ရှိကြောင်းဖြင့် စိတ်ရှည်လက်ရှည် ပြောပြ၏။ ၎င်းအိမ်မှာ မြေပိုင်ရှင်တစ်ဦး၏ အိမ်ဖြစ်ကြောင်းကိုလည်း ပြောပြလိုက်သေးသည်။

သို့ဖြင့် ဒိုလိုကော့ဗ်တို့နှစ်ဦးသည် တာလမ်းအတိုင်း စီး၍ လာခဲ့ကြရာ လမ်းဘေးတစ်ဖက်တစ်ချက် စခန်းမီးပုံများဆီမှ ပြင်သစ်စကားသံများကို ကြားရ၏။ ဒိုလိုကော့ဗ်သည် မြေပိုင်ရှင်၏ အိမ်ဝင်းထဲသို့ ဝင်လာခဲ့လေသည်။ အိမ်ဝင်းထဲသို့ ရောက်သော် မြင်းပေါ်မှဆင်း၍ တဟုန်းဟုန်းတောက်လျက်ရှိသော မီးပုံကြီးတစ်ခုအနီးသို့ လျှောက်သွားလေသည်။ မီးပုံအနီးတွင်မူ ပြင်သစ်တပ်ဗိုလ်များသည် ဆူညံစွာ စကားပြောလျက် ရှိကြ၏။ မီးဖိုဘေးရှိ ဒယ်အိုး ခပ်သေးသေးတစ်လုံးထဲ၌ ရေပွက်ပွက်ဆူလျက် ရှိ၏။ ရှေ့တည့်တည့်တွင် ကြက်လျှာတပ်ထားသော ဦးထုပ်ကို ဆောင်းထားသည့် တပ်သားတစ်ဦးသည် အနီး

www.burmeseclassic.com

www.burmeseclassic.com

တွင် ထိုင်လျက် သေနတ်ယမ်းထိုးတံဖြင့် ဒယ်အိုးမွေ လျက် ရှိခြင်းကို မီးပုံမှ မီးရောင်တွင် မြင်ရ၏။

"ဟား ငနဲကြီးအကြောင်းတော့ ပြောမနေနဲ့။ ဘယ်လိုလူစားကြီးမှန်း မသိဘူး" မီးဖိုဘက် မှောင်ရိပ် ခပ်ကျကျတွင် ထိုင်နေသည့် တပ်ဗိုလ်တစ်ဦးက ပြော၏။

"ငနဲကြီးတပ်က တပ်သားတွေတော့ ခံပေရော့ ထဲကပဲဗျို့။ ဟား ဟား" အခြားတပ်ဗိုလ်တစ်ယောက်က ရယ်လျက် ရှိသည်။

မြင်းကိုယ်စီဆွဲ၍ မီးပုံဆီသို့ လျှောက်လာသည့် ဒိုလိုကော့ဗ်နှင့် ပိတာတို့၏ ခြေသံများကို ကြားရသည့် အခါတွင် ပြင်သစ်တပ်ဗိုလ် နှစ်ယောက်စလုံး စကား ပြတ်သွားကြကာ အမှောင်ထဲသို့ စိုက်ကြည့်လိုက်ကြ သည်။

"ကောင်းသောညပါ သွေးသောက်တို့" ဒိုလိုကော့ဗ် က ခပ်ကျယ်ကျယ် ပြောလိုက်၏။

မီးဖိုတစ်ဖက် မှောင်ရိပ်ထဲတွင် ထိုင်နေသည့် တပ်ဗိုလ်များကြား၌ လှုပ်လှုပ်ရှားရား ဖြစ်သွားလေသည်။ အရပ်ရှည်ရှည်၊ လည်ပင်းရှည်ရှည်နှင့် တပ်ဗိုလ်တစ်ယောက် သည် မီးပုံကိုကွေ့၍ ဒိုလိုကော့ဗ်ထံ လျှောက်လာလေ သည်။

"ဗျို့ ဗိုလ်ကြီး ကလီမင်လား။ ခင်ဗျား တော်တော် ဆိုးတဲ့"

တပ်ဗိုလ်သည် လူမှားမှန်းသိသည်နှင့် စကားကို ဆုံးအောင် မပြောတော့ဘဲ မျက်နှာထား ခပ်တင်းတင်းဖြင့် ဒိုလိုကော့ဗ်ကို ပြန်၍ နှုတ်ဆက်ပြီးနောက် ကိစ္စကို မေး မြန်းစုံစမ်း၏။

ဒိုလိုကော့ဗ်က မိမိနှင့် တပ်ဗိုလ်ကလေးတစ်ဦး မှာ ရှေ့က ချီတက်သွားသော တပ်ရင်းမှ ကွဲကျန်ရစ်ခဲ့ ကြောင်း၊ ထို့ကြောင့် တပ်ရင်းကို လိုက်ရှာနေကြောင်း ဖြင့် ပြောဆိုကာ အမှတ် ၆ တပ်ရင်း မည်သည့် နေရာ သို့ ရောက်နေကြောင်းကို သိကြသလောဟု အားလုံးကို လှမ်း၍ မေးလိုက်၏။ ၎င်းတို့အနက် တစ်ယောက်မျှ အမှတ် ၆ တပ်ရင်းအကြောင်းကို မသိကြချေ။ ပိတာ၏ စိတ်တွင်မူ တပ်ဗိုလ်များသည် မိမိတို့နှစ်ဦးကို မသက်သာသောအကြည့်၊ ရန်မူလိုသော အကြည့်မျိုးဖြင့် ကြည့်နေ ကြသည်ဟု ထင်မှတ်လိုက်မိသည်။ သို့ဖြင့် စက္ကန့်အတန် ကြာမျှ တိတ်ဆိတ်နေကြလေသည်။

"ဗျို့ ရဲဘော်ကြီး ညနေစာလေး တစ်လုတ် လောက်လွှဲရမလားလို့ လိုက်ရှာတယ်ဆိုရင်တော့ နောက် ကျသွားပြီဗျ' မီးပုံနောက်မှ ရယ်ချင်ပက်ကိုဖြစ်နေသည့် အသံတစ်သံ ပေါ်လာ၏။

ဒိုလိုကော့ဗ်က မိမိတို့မှာ ဆာလောင်ခြင်း မရှိ ကြောင်း၊ ယနေ့ညပင် အမှတ် ၆ တပ်ရင်းကို ရှေ့တွင် လိုက်ရှာရဦးမည် ဖြစ်ကြောင်းဖြင့် ပြောပြ၏။

ဒိုလိုကော့ဗ်သည် ဒယ်အိုးမွေနေသည့် တပ်သားထံ မြင်းဇက်ကို ခပ်တည်တည် လှမ်းပေးလိုက်ပြီးနောက် လည်ပင်းရှည်ရှည် တပ်ဗိုလ်၏အနီး မီးပုံဘေးတွင် ခပ် တည်တည်ဆောင့်ကြောင့် ဝင်ထိုင်လိုက်သည်။ တပ်ဗိုလ် ကား မျက်လုံးများကို ဒိုလိုကော့ဗ်၏ ကိုယ်ပေါ်မှ မခွာ တမ်း စိုက်ကြည့်လျက်ရှိကာ မည်သည့်တပ်ရင်းကနည်း ဟု ထပ်၍ မေးမြန်းလျက် ရှိလေသည်။ ဒိုလိုကော့ဗ်က ထိုတပ်ဗိုလ်၏ မေးခွန်းကို မကြားဟန်ဖြင့် ဖြေဆိုခြင်း မပြုဘဲ အင်္ဂျီအိတ်ထဲမှ ပြင်သစ်ဆေးတံတိုတစ်ချောင်း ကို ထုတ်၍ မီးညှိဖွာလိုက်ပြီးနောက် ရှေ့ခရီးတွင် မိုင် မည်မျှလောက်အထိ ကော့ဆက်မြင်းတပ်တို့ရန်မှ စိတ် ချရသနည်းဟု မေးမြန်းနေပြန်သည်။

"ဟာ ခွေးသား ဓားပြတွေကတော့ နေရာတိုင်း ပဲဗျ။ စိတ်ချရတယ်လို့ မရှိဘူး" မီးပုံနောက်မှ တပ်ဗိုလ် တစ်ယောက်က ပြောလိုက်သည်။

ဒိုလိုကော့ဗ်က မိမိတို့ကဲ့သို့သော တပ်နှင့်ကွဲလာ သူများအဖို့သာ ကော့ဆက်မြင်းတပ်သားများ၏ ရန်ကို သတိထားဖို့ လိုကြောင်း ပြောပြကာ

"ဒါပေမဲ့ တပ်ခွဲကြီးတွေကျတော့ ခွေးသားတွေ ဝင်မတိုက်ရဲပါဘူးဗျ"ဟု ရေလာမြောင်းပေး စပေးလိုက် သည်။ သို့ရာတွင် မည်သူကမျှ မဖြေကြချေ။

ပိတာကား မီးဖိုအနီးတွင် ရပ်၍ စကားများကို နားထောင်ရင်း မြန်မြန်ပြန်ထွက်ရန်ကိုသာ ဆုတောင်း လျက် ရှိလေပြီ။

သို့ရာတွင် ဒိုလိုကော့ဗ်က စကားပြန်ဆက်ကာ ထိုတပ်ရင်းတွင် တပ်သားမည်မျှ ရှိသနည်း၊ ဤတစ်ဝိုက် တွင် တပ်ရင်း မည်မျှ ရှိသနည်း၊ သံ့ပန်းမည်မျှ ဖမ်းမိ ထားသနည်း စသည်ဖြင့် ပြောင်ပြောင်တင်းတင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

မေးနေပြန်သည်။ ဤတပ်ခွဲနှင့်အတူ ရောက်နေသည့် ရှရှားသုံ့ပန်းများနှင့် စပ်လျဉ်း၍ မေးမြန်းရာ၌ ဒိုလိုကော့ဗ်က

"ဒီမသာလောင်းတွေကို တပ်နဲ့အတူ ခေါ်လာရတာ အလုပ်ပိုတာပဲဗျ။ ခွေးသားတွေ ပစ်သတ်ခဲ့ရင် ပြီးတာပဲ"ဟု ဆိုကာ တဟားဟားရယ်လျက်ရှိရာ ပိတာ့အဖို့ ထိုရယ်သံမှာ များစွာ ထူးဆန်းလျက် ရှိသဖြင့် ပြင်သစ်တို့သည် မိမိတို့ ရုပ်ဖျက်လာခြင်းကို ရိပ်မိချေတော့မည်လောဟု တွေးမိကာ ခြေလှမ်းကို နောက်သို့ပင် တစ်လှမ်း ဆုတ်လိုက်မိသေးသည်။

ဒိုလိုကော့ဗ်၏ ရယ်သံကို မည်သူကမျှ တုံ့ပြန်ခြင်းမပြုကြချေ။ ထိုအခိုက် ပြင်သစ် တပ်ဗိုလ်တစ်ယောက်သည် (ၤင်းမှာ ဝတ်ရုံအင်္ကျီကြီးကို ဝတ်၍ အိပ်နေသဖြင့် ဒိုလိုကော့ဗ်တို့ သတိမထားမိကြချေ။) ထလာကာ အခြားတပ်ဗိုလ်တစ်ဦးသို့ တစ်ခုံတစ်ရာ တီးတိုးပြောလိုက်သည်။ ဒိုလိုကော့ဗ်သည် ရုတ်ခနဲ ထိုင်ရာမှထ၍ မြင်းဇက်အကိုင် ခိုင်းထားသည့် ပြင်သစ်တပ်သားကို ခေါ်လိုက်သည်။

ပိတာ၏စိတ်၌မူ မိမိတို့မြင်းများကို ပြန်မှဆွဲလာပါဦးတော့မည်လောဟု တွေးတော ထိတ်လန့်လျက်ရှိကာ ဒိုလိုကော့ဗ်အနီးသို့ မသိမသာ တိုးသွားမိသည်။

ခဏကြာသော် မြင်းများ ရောက်လာ၏။

"ကဲ ကောင်းသောညပါ သွေးသောက်တို့" ဒိုလိုကော့ဗ်က နှုတ်ဆက်၏။

ပိတာသည် ဒိုလိုကော့ဗ်ကဲ့သို့ နှုတ်ဆက်လိုသော်လည်း ပါးစပ်သည် အာစေးထည့်ထားခြင်း ခံရဘိသို့ လှုပ်၍ မရတော့ချေ။ တပ်ဗိုလ်များကား အချင်းချင်း ခပ်တိုးတိုး ပြောဆိုလျက် ရှိလေပြီ။ ဒိုလိုကော့ဗ်မြင်းမှာ လှုပ်လျက် ရှိခြင်းကြောင့် တော်တော်နှင့် တက်၍ မရချေ။ ထို့နောက်၌ကား ဒိုလိုကော့ဗ်သည် ဣန္ဒြေမပျက် မြင်းကို တစ်လှမ်းချင်း စီး၍ ထွက်သွားလေရာ ပိတာလည်း ဘေးချည်းယှဉ်၍ လိုက်လာခဲ့လေသည်။ ပိယာသည် မိမိတို့နောက်မှ ပြင်သစ်တို့ လိုက်လာလေသလောဟု လှည့်ကြည့်ချင်လှသော်လည်း မကြည့်ရဲချေ။

တာလမ်းပေါ်သို့ ရောက်သောအခါ၌ ဒိုလိုကော့ဗ်သည် လာလမ်းအတိုင်း ကွင်းပြင်ဘက်သို့ ပြန်မထွက်ဘဲ ရွာထဲက ပြန်ထွက်၏။ တစ်နေရာသို့ အရောက်တွင် ရပ်တန့်၍ နားစွင့်လိုက်ပြီး

"ကြားလားဟေ့"ဟု မေးလိုက်သည်။

ထိုအသံများမှာ ရှရှားစကားပြောသံများဖြစ်၍ စခန်းမီးပုံများအနီးတွင် မီးလှုံလျက်ရှိသော ရှရှားသုံ့ပန်းများကို တလှုပ်လှုပ်ဖြင့် မြင်ရ၏။ တံတားဆီသို့ ဆင်းလာကြ၍ ဒိုလိုကော့ဗ်က အစောင့်အနီးမှ ဖြတ်၍ စီးလာသော အခါတွင်မူ အစောင့်သည် တစ်ခွန်းမျှ မေးမြန်းခြင်း မရှိတော့ဘဲ တံတားပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိ၏။ ထို့နောက် ကော့ဆက်မြင်းတပ်သားကို အစောင့်ထားခဲ့သည့် လျှိုကလေးထဲသို့ ချောမောစွာ ပြန်ရောက်လာခဲ့ကြလေသည်။

"ကဲ ကိုရင်လေး သွားမယ်ဟေ့။ မနက်ဖြန် အရုဏ်တက် သေနတ်တစ်ချက် ဖောက်မယ်လို့ ဗိုလ်မှူး ဒင်နီဆော့ဗ်ကို ပြောလိုက်ပေတော့" ဒိုလိုကော့ဗ်က ထိုသို့ ပြော၍ ၎င်း၏ စခန်းဘက်သို့ ပြန်စီးရန် လှည့်လိုက်သည်။ သို့ရာတွင် ပိတာက လက်ကို လှမ်းဆွဲလိုက်ပြီး

"ဗိုလ်မှူးလိုလူကတော့ ရှာမှ ရှားပါပေတယ်ဗျာ။ ရှာမှ ရှားပါပဲ။ တကယ့် လူစွမ်းကောင်းပါပဲ။ ကျွန်တော် ဗိုလ်မှူးကို ချစ်လိုက်ပါဘိတော့ ဗိုလ်မှူးရယ်"

"ကောင်းပါလေဗျာ၊ ကောင်းပါလေ" ဒိုလိုကော့ဗ်က ဆို၏။ ပိတာက လက်ကို ဆုပ်မြဲ ဆုပ်ထားရာက ၎င်း၏ ခန္ဓာကိုယ်သည် မိမိဘက်သို့ ယိမ်းလာကာ နမ်းတော့မည်ပြုခြင်းကို ဒိုလိုကော့ဗ် မြင်လိုက်၏။ ဒိုလိုကော့ဗ်သည် အလျင်ဦးအောင် နမ်း၍ ရယ်လိုက်ပြီး မြင်းကို လှည့်ကာ အမှောင်ထဲတွင် ပျောက်ကွယ်သွားလေသတည်း။

အခန်း ၁၀

သစ်ခုတ်သမား၏ တဲကလေးသို့ ပြန်ရောက်လာသည့် အခါ၌ ဒင်နီဆော့ဗ်ကို တဲဝတွင် အဆင်သင့် တွေ့ရလေသည်။ ဒင်နီဆော့ဗ်သည် ပိတာကို ထည့်လိုက်မိခြင်း အတွက် ကိုယ့်ဘာသာကို အပြစ်တင်၍မဆုံးဖြစ်ကာ စိုးရိမ်တကြီးဖြင့် စောင့်လျက် ရှိလေသည်။ ပိတာက ပြင်သစ်စခန်းထဲသို့ ဝင်ရောက်ပုံကို မြိန်ရည်ရှက်ရည် ပြောပြသည်ကို နားထောင်ရင်း "တော်သေးတာပေါ့ကွာ ကံကောင်းပေလို့သာပေါ့" စသဖြင့် တဖွဖွပြောလျက် ရှိ

www.burmeseclassic.com

www.burmeseclassic.com

လေသည်။

"အေး မင်းကသာ ပျော်နေ၊ ငါ့မှာဖြင့် တစ်ညလုံး တစ်ရေးမှ မပျော်ဘူး။ ချောချောမောမော ပြန်ရောက်လာတာ တော်သေးတာပေါ့။ ကဲ ကဲ အိပ်ချည်။ တစ်ရေးလောက်တော့ အိပ်လို့ရပါသေးတယ်"

"ကျွန်တော် မအိပ်တော့ဘူး ဗိုလ်မှူး။ အိပ်လဲ မအိပ်ချင်ဘူး။ အိပ်မိရင်လဲ ကျွန်တော်က ခဏတစ်ဖြုတ် အိပ်လို့ မရဘူး။ အိပ်ပျော်သွားလို့ တိုက်ပွဲမလိုက်ရဘဲ ကျန်ရစ်နေလိမ့်ဦးမယ်။ ပြီးတော့ တိုက်ပွဲတစ်ပွဲ တိုက်တော့မယ်ဆိုရင် ဒီလိုပဲ မအိပ်ဘဲ နေနေကျနေပြီ"

ပိတာသည် တဲထဲတွင် ထိုင်ရင်း မိမိတို့ ပြင်သစ်စခန်းထဲသို့ ဝင်ရောက်ခဲ့ပုံကို တစိမ့်စိမ့် စမြဲပြန်ကာ တစ်ခါတစ်ရံ၌လည်း နံနက်ဖြန် တိုက်ပွဲအကြောင်းကို တွေးလျက် ရှိလေသည်။ ထိုနောက် ဒင်နီဆော့ဗ် အိပ်ပျော်သွားပြီကို သိသဖြင့် ထိုင်ရာမှထ၍ တဲပြင်သို့ ထွက်လာခဲ့လေသည်။

အပြင်ဘက်၌ကား ပိန်းပိတ်အောင် မှောင်နေဆဲဖြစ်၏။ မိုးတိတ်သွားပြီ ဖြစ်သော်လည်း မိုးစက်များသည် သစ်ပင်များပေါ်မှ တဖြောက်ဖြောက် ကျဆင်းလျက် ရှိသည်။ တဲအနီး၌ ကော့ဆက်မြင်းတပ်သား များ၏ ကနား ဖျင်းတဲကလေးများနှင့် ထိုတဲကုပ်ကလေးများအနီးတွင် လှန်ထားသော မြင်းများ၏ ခပ်မည်းမည်း သဏ္ဌာန်များကို မြင်ရ၏။ တဲ၏ နောက်ဖေးဘက်၌မူ ဖမ်းမိလာသော ဝန်တင်လှည်းနှစ်စီး၏ မည်းမည်းသဏ္ဌာန်များနှင့်တကွ ၎င်းတို့ဘေး၌ ဝန်တင်လှည်းဆွဲမြင်းများကို မြင်ရလေသည်။ လျှိုထဲမှ ငြိမ်းလုဆဲဆဲ စခန်းမီးပုံသည် တရဲရဲတောက်လျက်ရှိ၏။ အချို့သော ကော့ဆက်မြင်းတပ်သားများမှာ မအိပ်ကြသေးချေ။ သစ်ရွက်ပေါ်မှ မိုးစက်များ၏ တဖြောက်ဖြောက် ကျဆင်းသံများနှင့် အနီးရှိ မြင်းများ၏ တကြွပ်ကြွပ်ဝါးသံများအကြား၌ တီးတိုးပြောဆိုလျက် ရှိဟန်တူသော အသံများကို သဲ့သဲ့ကြားရလေသည်။

ပိတာသည် တဲပြင်သို့ ထွက်လာ၍ အမှောင်ထုကြီးထဲသို့ လှမ်းကြည့်ကာ ဝန်တင်လှည်းများ ထားရာသို့ လျှောက်လာခဲ့သည်။ တပ်သားအချို့သည် ဝန်တင်လှည်းအောက်တွင် တခေါခေါနှင့် ဟောက်လျက်ရှိလေပြီ။ လှည်းများဘေး၌ကား ကုန်းနီးတင်လျက်သား မြင်းများသည် ကုလားပဲဝါးနေကြသည်။ ပိတာသည် ၎င်း၏မြင်းများကို အမှောင်ထဲ၌ မှတ်မိလိုက်၏။ ၎င်း၏မြင်းကြီးမှာ ယူကရိန်းနယ်ထွက်မြင်းမျိုးဖြစ်သော်လည်း ပိတာက ထိုမြင်းကို 'ကာရာတင်' (မြင်းမျိုးကောင်းများ ထွက်ခြင်းကြောင့် ထင်ရှားသည့် ကော့ကေးဆပ်တောင်ပိုင်းနယ်တစ်နယ်၏ အမည်)ဟု အမည်ပေးထားသည်။ ပိတာသည် မြင်းကြီး ဆီသို့ လာခဲ့ကာ မြင်းကြီးနှာခေါင်းပေါက်များကို ထို၍ နမ်းလိုက်ပြီး

"ဖေသားကြီး ကာရာတင်ရေ။ မနက်ဖြန်တော့ ပွဲကြီးပွဲကောင်းပဲကွ။ တို့များ တစ်ပွဲတော့ နွဲလိုက်ကြဦးစို့ရဲ့"

"အလို ဗိုလ်လေး မအိပ်သေးဘဲကိုး" ဝန်တင်လှည်းတစ်စီးအောက်၌ ထိုင်နေသည့် ကော့ဆက်မြင်းတပ်သားတစ်ယောက်က နှုတ်ဆက်လိုက်သည်။

"မအိပ်သေးဘူးဗျ။ ဘယ်သူလဲ။ လိုက်ကာရှေ့လား။ ကျုပ်လဲ ခပ်စောစောကပဲ ပြန်ရောက်တယ်ဗျ။ ပြင်သစ် တပ်စခန်းထဲ ဝင်ကြည့်ခဲ့တယ်လေ"

ပိတာသည် ပြင်သစ်စခန်းကို ဝင်ကြည့်ရပုံ၊ ဝင်ကြည့်ရသည့် ရည်ရွယ်ချက်များနှင့်တကွ ပြီးစလွယ် လုပ်မည့်အစား ယခုလို သက်စွန့်ဆံဖျား သွားရောက်ကြည့်ခြင်းက ပို၍ ကောင်းပုံ စသည်တို့ကို အသေးစိတ် ပြောပြလေသည်။

"ဒီလိုဆိုလဲ ဗိုလ်လေး တော်တော် ပင်ပန်းလာရောပေါ့။ အိပ်ပါတော့လား" ကော့ဆက်မြင်းတပ်သားက ဆိုသည်။

"ဟင့်အင်း ကျုပ် ကျင့်သားရနေပြီ။ ဒါထက် ရဲဘော်၊ ခင်ဗျား ပြောင်းတိုသေနတ်မှာ မီးညှိဖို့ မီးခတ် ကျောက်ရှိသေးရဲ့လား။ ကျုပ်မှာ နည်းနည်းရှိတယ်။ ယူဦးမလား။ လိုချင်ယူလေ" ကော့ဆက်မြင်းတပ်သားသည် လှည်းအောက်မှ ခေါင်းပြူထွက်၍ ပိတာ့မျက်နှာကို သေချာစွာ ကြည့်၏။

"ကျုပ်က အလုပ်လုပ်ရင် တိတိကျကျ လုပ်တတ်တယ်ဗျ။ တချို့လူတွေကျတော့ ဘာမှ ပြင်ဆင်မှုမရှိဘဲ ပြီးစလွယ် လုပ်လိုက်ကြတာပဲ။ ပြီးစလွယ် လုပ်ပြီးတော့မှ နောင်တရနေလို့ကော ဘာအကျိုးထူးဦးမှာလဲ။ ကျုပ်က ဒါမျိုး မကြိုက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တာပေါ့ ဗိုလ်လေးရ"

"ဩော် ရဲဘော်၊ ခင်ဗျား မအိပ်ချင်သေးရင် ကျုပ် စားလွယ် သွေးပေးပါလား။ ကျုပ် စားလွယ်က နည်းနည်းတုံး (ပိတာသည် မုသားမပြောလိုသဖြင့် ရပ်လိုက်၏။ အမှန်၌ကား သူ့စားလွယ်ကို တစ်ခါမျှ မသွေးရသေးချေ။) ဘယ့်နယ်လဲ သွေးပေးမလား"

"သွေးတာပေါ့ ဗိုလ်လေး"

ကော့ဆက်မြင်းတပ်သား လိုက်ကာရှေ့သည် အိတ်ထဲသို့ နှိုက်နေ၏။ ခဏအကြာ၌ကား စားသွေးကျောက်နှင့် သံမဏိတို့ ပွတ်တိုက်သံသည် တဂျိုဂျို ထွက်ပေါ်လာလေသည်။ ပိတာသည် ဝန်တင်လှည်းပေါ်သို့ တက်ထိုင်နေသည်။ ကော့ဆက်မြင်းတပ်သားမှာ လှည်းအောက်တွင် စားသွေးလျက် ရှိသည်။

"ဗျို့ ရဲဘော်၊ ဒီပြင် ရဲဘော်တွေ အိပ်ပျော်နေကြပြီလား" ပိတာက မေး၏။

"တချို့လဲ အိပ်နေပြီ။ တချို့လဲ မအိပ်ကြသေးဘူး ဗိုလ်လေး"

"ဟို ချာတိတ်ကော"

"ဘယ်သူလဲ ဗင်းဆင့်နီလား။ ဟာ ဗိုလ်လေး လူတော့ တဲထဲမှာ အိပ်နေတာ သစ်တုံးပဲ။ ခပ်စောစောက တော့ ငနဲ တော်တော်ကြောက်နေတယ် ထင်ပါရဲ့။ ခုလို နေရတော့ ဝမ်းသာရှာမှာပေါ့ ဗိုလ်လေးရာ"

ထိုနောက်၌ကား ပိတာသည် အချိန်အတန်ကြာမျှ တိတ်ဆိတ်ကာ အသံများကို နားစွင့်နေမိသည်။ အမှောင်ထဲမှ ခြေသံကြားရပြီးနောက် မည်းမည်းသဏ္ဌာန်တစ်ခုပေါ်လာ၏။

"ဗျို့ ရဲဘော် ဘာသွေးနေတာလဲဗျ" ထိုလူက ဝန်တင်လှည်းနားသို့ လျှောက်လာရင်း မေးလိုက်သည်။

"ဗိုလ်လေးရဲ့ စားလွယ်ပါဗျာ"

"တယ်လဲ လုပ်လိုက်ပါလား" ပိတာ၏ စိတ်၌ မြင်းတပ်သားဟု ထင်ရသည့် ထိုသဏ္ဌာန်က ပြောလိုက်၏။

"ရဲဘော်၊ ကျုပ် ရေခွက်တစ်ခွက်များ မတွေ့မိဘူးလား"

"တွေ့တယ်၊ တွေ့တယ်။ လှည်းဘီးနားမှာ"

မြင်းတပ်သားသည် ရေခွက်ကို ကောက်ယူလိုက်၏။

"ဘာလိုလိုနဲ့ အရက်တောင် လာတော့မယ်ဗျ" မြင်းတပ်သားသည် သမ်းဝေ၍ ထွက်သွားလေသည်။

ပိတာသည် ပေတစ်ရာလမ်းမကြီးနှင့် တစ်မိုင်ခန့် ဝေးသည့် တောထဲ၌ ဒင်နီဆော့ဗ်၏ ပြောက်ကျားငယ်စုနှင့်အတူ ရောက်နေခြင်း၊ ပြင်သစ်တို့ထံမှ သိမ်းပိုက်ရမိထားသော ဝန်တင်လှည်းတစ်စီးပေါ်၌ ထိုင်လျက်ရှိခြင်း၊ ၎င်းအနီးတွင် မြင်းများလှန်ထားခြင်း၊ လှည်းနားတွင် ကော့ဆက်မြင်းတပ်သား လိုက်ကာရှေ့သည် မိမိ၏စားကို သွေးလျက်ရှိခြင်း၊ လက်ယာဘက်ရှိ မည်းမည်းသဏ္ဌာန်ကြီးသည် အစောင့်၏ တဲဖြစ်ခြင်း၊ လက်ဝဲဘက် လှမ်းရိုးထဲရှိ ရဲရဲနီသောအရာမှာ မီးငြိမ်းလုဆဲ စခန်းမီးပုံတစ်ခု ဖြစ်ခြင်း၊ လှည်းနားသို့ လာသူမှာ ရေသောက်ချင်၍ ရေခွက်လိုက်ရှာသော တပ်သားတစ်ယောက် ဖြစ်ခြင်းဆိုသည့် အခြင်းအရာများကို သတိမပြုမိတော့ချေ။ စိတ်ဝင်စားခြင်းလည်း မရှိတော့။ ပိတာသည် တကယ့်အဖြစ်အပျက်များနှင့် ကင်းဝေးသော အိပ်မက်နိုင်ငံတစ်ခုထဲသို့ ရောက်လျက်ရှိလေပြီ။ လက်ယာဘက်မှ မည်းမည်းသဏ္ဌာန်ကြီးသည် အစောင့်၏ တဲလော၊ သို့မဟုတ် ထိုအရာသည် နက်ရှိုင်းလှသော မြေကြီးထဲသို့ ဆင်းသွားသော လိုဏ်ဂူကြီးတစ်ခုလော၊ လက်ဝဲဘက်လှမ်းရိုးထဲမှ ရဲရဲနီသောအရာသည် မီးပုံကြီးလော၊ သို့တည်းမဟုတ် ကြီးမားသော သရဲသဘက်ကြီးတစ်ကောင်၏ မျက်လုံးကြီးလော၊ မိမိသည် ဝန်တင်လှည်းတစ်စီးပေါ်တွင် ထိုင်နေခြင်းလော၊ သို့တည်းမဟုတ် တစ်ရက်လုံး၊ တစ်လလုံး၊ အသရေ့် အနန္တကာလပတ်လုံး လိမ့်ကျ၍ မဆုံးနိုင်အောင် မြင့်မားလှသော မျှော်စင်ကြီးတစ်ခုပေါ်တွင် ထိုင်နေခြင်း ဖြစ်သလော၊ လှည်းနားတွင် ထိုင်နေသူသည် ကော့ဆက်မြင်းတပ်သားလိုက်ကာရှေ့ပင်လော၊ သို့တည်းမဟုတ် ကမ္ဘာပေါ်တွင် အကြင်နာဆုံး၊ အရဲရင့်ဆုံး၊ အံ့သြစရာအကောင်းဆုံး၊ အတော်ဆုံး လူတစ်ယောက် ဖြစ်သလော။ မြင်းတပ်သားသည် အကယ်ပင် ရေခွက်လာရှာ၍ အကယ်ပင် လျှိုရိုးထဲသို့ ပြန်ဆင်းသွားချေပြီလော၊ သို့တည်းမဟုတ် အခိုးအငွေ့ဖြစ်၍ ပျောက်ကွယ်သွားချေပြီလော။

ယခုအချိန်၌ တွေ့မြင်နေရသော အခြင်းအရာတို့သည် ပိတာကို အံ့သြစေခြင်းငှာ မတတ်နိုင်တော့ပြီ။ ပိတာသည် လိုတရလျက်ရှိသော အိပ်မက်နိုင်ငံသို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com

လျက် ရှိလေပြီ။

ပိတာသည် ကောင်းကင်ကြီးကို မော့ကြည့်၏။ ကောင်းကင်ကြီးသည်လည်း မြေကြီးကဲ့သို့ပင် အိပ်မက်နိုင်ငံကြီးဖြစ်လျက် ရှိလေပြီ။ ကောင်းကင်ကြီးသည် ရှင်းလျက်ရှိ၏။ တိမ်တိုက်များသည် ကြယ်ပွင့်များကို လှစ်၍ ပြသကဲ့သို့ သစ်ပင်ထိပ်ဖျားများပေါ်တွင် လျင်မြန်စွာ ရွက်တိုက်သွားကြ၏။ တစ်ခါတစ်ရံ၌ တိမ်တိုက်များသည် မိုးကောင်းကင်ကြီးလောဟု မှတ်ထင်ရ၏။ တစ်ခါတစ်ရံ၌ မိုးကောင်းကင်ကြီးသည်ပင် တိမ်တိုက်များလောဟု ထင်ရပြန်၏။ တစ်ခါတစ်ရံတွင် မိုးကောင်းကင်ကြီးသည်ပင် ဝေသီမြင့်မားလွန်းလှသည်ဟု ထင်ရ၍ တစ်ခါတစ်ရံတွင်လည်း လက်ဖြင့် လှမ်းကိုင်လိုက်လျှင် ထိတော့မတတ် နိမ့်ဆင်းလာသည်ဟု ထင်ရပြန်၏။

ပိတာ၏ မျက်လုံးများသည် တဖြည်းဖြည်း လေးလံလာကာ ခေါင်းသည် ငိုက်ကျစ ပြုလာ၏။

သစ်ပင်များသည် ရေစက်များကို ခါချလျက် ရှိကြ၏။ ခပ်တိုးတိုးစကားပြောသံသည် ထွက်ပေါ်လာ၏။ မြင်းများသည် ဟီကာ ကန်ကျောက်လျက် ရှိကြ၏။ တခေါခေါဟောက်သံသည် မှန်မှန်ကြီး ထွက်ပေါ်လျက် ရှိ၏။

ဂျိုဂျို ဂျိုဂျို ဟူသော ဓားသွေးသံသည် အဆက်မပြတ် ထွက်ပေါ်လျက်ရှိရာ ပိတာ၏ စိတ်၌ ဓမ္မသိချင်းတစ်ပုဒ်ကို ဉာဏ်တီးဝိုင်းမှ တီးမှုတ်သီဆိုနေသလောဟု ထင်မိသည်။ ပိတာသည် ၎င်း၏ အစ်မထွေး နာတာရှာကဲ့သို့ပင် ဂီတကို ဝါသနာပါ၍ သူ့အစ်ကို နီကိုလေထက် ဂီတကို နှစ်ခြိုက်သည်။ သို့ရာတွင် ဂီတကိုကား သင်လည်း မသင်ဖူး၊ တွေးတောခြင်းလည်း မပြုဖူးချေ။ ယခုမိမိ မမျှော်လင့်ဘဲ ကြားလိုက်ရသည့် ဂီတသံကား အထူးနှစ်လိုဖွယ်ကောင်းလေစွ၊ အထူးသာယာလေစွဟု ထင်မိ၏။ ဂီတသံသည် တဖြည်းဖြည်း ကျယ်လောင်လာ၏။ တေးသံသည် တူရိယာတစ်ခုမှ တစ်ခုပေါ်သို့ ကူးပြောင်းပြေးလွှားနေသည်ဟု ထင်ရ၏။ ထိုတေးသံမှာ သဖြန်ကလေးတစ်ပုဒ်နှင့် တူသည်ဟုလည်း စိတ်က ထင်၏။ (သဖြန်ဟူသည် အဘယ်နည်းဆိုသည်ကိုမူ ပိတာ နားမလည်ချေ။) တူရိယာများမှာလည်း တစ်ခါတစ်ရံ တယောသံနှင့် တူ၍ တစ်ခါတစ်ရံတွင်လည်း ခရုသင်းသံနှင့် တူသည်ဟု ထင်ရ၏။ သို့ရာတွင် ၎င်းတို့သည် သံညှင်းသံတွဲ့ဖြင့် တစ်သံစီ ထွက်ပေါ်လျက်ရှိရာမှ တေးဆုံးခါနီး၌ အခြားတူရိယာသံများနှင့် ပေါင်းစပ်၍ သွားကြ၏။ တူရိယာသံများသည် တညီတညီး ပေါင်းစပ်၍ သွားကြပြီးနောက် တစ်သံစီ ကွဲလာကြပြန်ကာ နောက် ပြန်ပေါင်းသွားကြပြန်သည်။ တစ်ခါတစ်ရံ၌ သုဓမ္မာဇရပ်မှ ဓမ္မတေးသီချင်းသံနှင့်တူ၍ တစ်ခါတစ်ရံတွင်လည်း စိတ်ဓာတ် မြူးကြွဖွယ် စစ်ချီသံနှင့် တူလေသည်။

"ဟင်၊ အိပ်မက် မက်နေတာလား။ မဟုတ်ပါဘူး။ ငါစိတ်က ထင်နေတာနဲ့ တူပါတယ်။ ဟော ဟော တေးသံပေါ်လာပြန်ပြီ"

ပိတာသည် ရှေ့သို့ ငိုက်မျဉ်းရာမှ ဆတ်ခနဲ နိုးလာလေသည်။

ပိတာသည် မျက်လုံးများကို မှိတ်လိုက်ပြန်သည်။ တေးသံများသည် အဝေးမှ ပျံသန်းလာသကဲ့သို့ နီးရာမှ ဝေးသွားချည်၊ ဝေးရာမှ နီးလာချည်၊ နိမ့်ချည် မြင့်ချည်၊ တက်ချည် သက်ချည်၊ ကွဲချည် စုချည် ပေါ်ထွက်လျက် ရှိ၏။ ပိတာ၏ စိတ်တွင် တေးသံသည် မသာယာစဖူး သာယာလှချည့်ဟု ထင်မိ၏။ ပိတာသည် ထိုဂူရိယာဝိုင်းကြီးကို ခေါင်းဆောင်လျက် ရှိလေသည်။

"ကဲ ဟုတ်ပြီ။ အသံကို တဖြည်းဖြည်း ညှင်းယူလာခဲ့" အသံသည် ညှင်းညှင်းမျှသာ ပေါ်လာ၏။ "ခပ်ကျယ်ကျယ်လေး၊ ခပ်ကျယ်ကျယ်လေး"ဟု ရွတ်ဆိုလိုက်သည်နှင့် စစ်ချီသံကဲ့သို့ မြူးကြွသော တေးသံများသည် ပေါ်ထွက်လာ၏။ အစဉ်၌ ယောကျ်ားသံများကို ကြားရ၍ နောက်တွင် မိန်းမသံများကို ကြားရ၏။ အသံများသည် ခွန်အားပြည့်၍ မာန်ဆောင်လျက် ရှိကြ၏။ ပိတာသည် တေးသံတွင် ပိတိဖြစ်လျက် ရှိလေသည်။

မြူးကြွဖွယ် တေးသံနှင့်အတူ သစ်ပင်များပေါ်မှ ရေစက်များ ကျသံ၊ တဂျိုဂျို ဓားသွေးသံတို့ကိုလည်း ကြားရသည်။ မြင်းများ ဟီသံ၊ လှုပ်ရှားသံကိုလည်း ကြားရ၏။ သို့ရာတွင် ထိုအသံများသည် ဂီတသံကို နှောင့်ယှက် ဖျက်ဆီးခြင်းမရှိဘဲ ၎င်းတို့သည်ပင် ဂီတသံများ ဖြစ်၍ လာကြလေသည်။

ဤသို့ဖြင့် ပိတာသည် မည်မျှ ကြာသွားသည် မသိချေ။ ထိုတေးသံတွင် ကြည်နူးကာ ထိုတေးသံကို

www.burmeseclassic.com

www.burmeseclassic.com

မည်သူမျှ နားမထောင်ရလေခြင်းဟု စိတ်မကောင်း ဖြစ်လျက်ရှိသည်။ လိုက်ကာရှေ့၏ ကြင်နာသည့်အသံကို ကြားရသည့်အခါကျမှ ပိတာသည် နိုးလာလေသည်။

"ဓားသွေးလို့ပြီးပြီ ဗိုလ်လေး။ ပြင်သစ်ကောင်တွေကို ခုတ်မိရင်တော့ တစ်ချက်တည်းနဲ့ တိခနဲ ပြတ်စေရမယ် ဗိုလ်လေးရေ့"

ပိတာသည် လုံးဝ နိုးလာ၏။

"ဟေ တော်တော်တောင် လင်းနေပါပကောလား" ပိတာက အလန့်တကြား ဆို၏။

စောစောက မည်းမည်းမှုသာ မြင်ရသော မြင်းများကို ယခု ထင်ရှားစွာ မြင်ရလေပြီ။ လင်းရောင်ခြည်သည် သစ်ကိုင်းများ ကြားမှ ပြူထွက်လာခဲ့လေပြီ။ ပိတာသည် သတိရကာ ဆတ်ခနဲ ထလိုက်ပြီးနောက် အိတ်ထဲမှ ဒင်္ဂါးတစ်ပြားကို ထုတ်၍ လိုက်ကာရှေ့ကို ပေး၏။ ထိုနောက် ဓားလွယ်ကို ဝှေ့၍ ဆကြည့်ကာ အသွားကို လက်ဖြင့် စမ်းကြည့်ပြီးနောက် ဓားအိမ်ထဲသို့ သွင်းလိုက်သည်။ ကော့ဆက်မြင်းတပ်သားများသည် မြင်းများကိုဖြေကာ ဝမ်းပတ်ကြိုးများကို ပြင်၍ ချည်လျက် ရှိကြသည်။

"ဟော တပ်မှူးတောင် လာနေပြီ ဗိုလ်လေးရေ့" လိုက်ကာရှေ့က ဆို၏။

ဒင်နီဆော့ဗ်သည် တဲထဲမှ ထွက်လာကာ ပိတာကို လှမ်းခေါ်၏။ ထိုနောက် တပ်သားများအား ပြင်ဆင်ရန် အမိန့်များပေးလျက် ရှိလေသည်။

အခန်း ၁၁

ပြောက်ကျားတပ်သားများသည် အမှောင်ဖျိုးဖျဉ်း မိမိတို့၏ မြင်းအသီးသီးကို လျင်မြန်စွာ ရွေးချယ်၍ ဝမ်းပတ်ကြိုးများကို ပြင်ချည်ခြင်း ပြုကြ၏။ တပ်ခွဲလိုက် တပ်ခွဲလိုက် စုကြ၏။ ဒင်နီဆော့ဗ်သည် အစောင့်တဲတံခါးဝမှ ရပ်၍ နောက်ဆုံး ညွှန်ကြားချက်များကို ပေးလျက် ရှိလေသည်။ ပြောက်ကျားတပ်ခွဲမှ ခြေလျင်တပ်စုတစ်စုသည် တောလမ်းကလေးအတိုင်း ချီတက်လာကြပြီးနောက် အရှဏ်ဦးနှင်းမြူများအောက်ရှိ သစ်ပင်များကြားတွင် ပျောက်ကွယ်သွားလေသည်။ ရွှံ့ထဲသို့ တစွက်စွက်ဖြတ်သန်းသွားသံများကို ကြားရလေသည်။ ကော့ဆက်တပ်ဗိုလ်လိုဗေစကီသည် ၎င်း၏ တပ်သားများကို အမိန့်ပေးလျက်ရှိ၏။ ပိတာသည် မြင်း၏ ဝမ်းပတ်ကြိုးကို ကိုင်ကာ မြင်းသို့တက်ရန် အမိန့်ကို စောင့်လျက် ရှိ၏။ ရေအေးဖြင့် သန့်စင်အပ်သော ပိတာ၏ မျက်နှာသည် ကြည်လင်နိမြန်းလျက်ရှိ၍ မျက်လုံးများသည် တောက်ပလျက် ရှိကြ၏။ ပိတာသည် စိမ့်ခနဲ ဖြစ်သွားရာက တစ်ကိုယ်လုံး တုန်သွားသည်။

"အားလုံး အဆင်သင့်ဖြစ်ရင် မြင်းတွေ ယူခဲ့ပေ့" ဒင်နီဆော့ဗ်က ပြောလိုက်သည်။

မကြာမီ မြင်းများ ရောက်လာ၏။ ဒင်နီဆော့ဗ်သည် ဝမ်းပတ်ကြိုးများကို လျော့တီလျော့ရဲ စည်းထားသဖြင့် ကော့ဆက်မြင်းတပ်သားကို စိတ်ဆိုးမာန်ဆိုးဖြင့် ကြိမ်းမောင်းပြီးနောက် မြင်းပေါ်သို့ တက်လိုက်သည်။

ပိတာသည် ခြေထောက်ကို ခြေနင်းကွင်းပေါ်သို့ တင်လိုက်သည်။ အကျင့်ရနေပြီဖြစ်သော ၎င်း၏မြင်းကြီးကလည်း ထိလိုက်သည်နှင့် တစ်ပြိုင်နက် ခြေကြွလိုက်သည်။ သို့ရာတွင် ပိတာသည် မိမိကိုယ်ခန္ဓာ အလေးချိန်ကိုပင် သတိမပြုမိတော့ဘဲ ကုန်းနှီးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပြီးနောက် အမှောင်ထဲတွင် မိမိနောက်မှ လိုက်ပါလာသော မြင်းတပ်သားများကို လှည့်ကြည့်လိုက်၍ ဒင်နီဆော့ဗ်အနီးသို့ စီးလာခဲ့သည်။

"ဗိုလ်မှူး ကျွန်တော့်ကို တာဝန်တစ်ခု ပေးပါလား ဗိုလ်မှူး" ပိတာက ပြောသည်။

ဒင်နီဆော့ဗ်သည် ပိတာကို မေ့လျော့နေဟန် ရှိ၏။ ပိတာ့အသံကို ကြားသည့်အခါ၌ လှည့်ကြည့်လိုက်လျက် တင်းမာသော မျက်နှာဖြင့်

"မင်းကို ငါတစ်ခုပဲ တောင်းပန်ချင်တယ်ကွာ။ ငါ့အမိန့်ကို နားထောင်ပါ။ အမိန့်မရှိဘဲ ရှေ့မတက်ပါနဲ့။ ဒါပဲ"

ဒင်နီဆော့ဗ်သည် နောက်ထပ် တစ်ခွန်းမျှ မပြောတော့ချေ။ တစ်လမ်းလုံး တိတ်ဆိတ်စွာ စီးလာခဲ့လေသည်။ တောစပ်သို့ ရောက်သည့်အခါ၌ မိုးစင်စင်လင်းခဲ့လေပြီ။ ဒင်နီဆော့ဗ်သည် လိုဗေစကီနှင့် ခေါင်းချင်းရိုက်လာကြ၏။ ကော့ဆက်မြင်းတပ်သားများသည် ပိတာနှင့် ဒင်နီဆော့ဗ်တို့ကို ကျော်၍ စီးသွားကြသည်။ ၎င်းတို့အားလုံး ရှေ့သို့ တက်သွားကြသည့်အခါ၌ ဒင်နီဆော့ဗ်

www.burmeseclassic.com

www.burmeseclassic.com

သည် မြင်းကိုတို့ကာ တောင်ကမူလေးပေါ်မှ ဆင်းလာခဲ့သည်။ မြင်းများသည် ၎င်းတို့၏ သခင်များကို သယ်ပိုးကာ ဆင်ခြေလျှောအတိုင်း ဖင်ဒရွတ်တိုက်၍ ဆင်းလာကြ၏။ ပိတာသည် ဒင်နီဆော့ဗ်နှင့် ဘေးချင်းယှဉ်၍ စီးလာရင်း ရင်တဒိတ်ဒိတ်ခုန်လျက် ရှိသည်။ တဖြည်းဖြည်း လင်းသည်ထက် လင်းလာခဲ့ပြီ ဖြစ်သော်လည်း နှင်းများ ဖုံးအုပ်လျက်ရှိခြင်းကြောင့် ခပ်ဝေးဝေးမှ အရာဝတ္ထုများကို သဲကွဲစွာ မမြင်ရသေးချေ။ မြေပြန့်သို့ ရောက်သည်၌ ဒင်နီဆော့ဗ်သည် မနောက်ပြန်လှည့်ကြည့်၍ "အချက်ပေးသေနယ်ဖောက်ဟေ့"ဟုဆိုကာ ခေါင်းညိတ်ပြလိုက်သည်။

ကော့ဆက်မြင်းတပ်သားသည် လက်တစ်ဖက်ဖြင့် သေနတ်ကို ထောင်၍ ဖောက်လိုက်၏။ ထိုအခါ၌ ရှေ့မှ တဖြောင်းဖြောင်းမြည်သော မြင်းခွာသံများနှင့်တကွ ညာသံများ၊ သေနတ်သံများ ထွက်ပေါ်လာလေသည်။

ပိတာသည် မြင်းခွာသံများနှင့် ညာသံများကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဇက်ကြိုးကို လျှော့ကာ မြင်းကို ကြိမ်သွင်း၍ ဒုန်းစီးလာခဲ့၏။ ဒင်နီဆော့ဗ်၏ ခေါ်သံကိုပင် ဂရုမစိုက်မိတော့ချေ။ ပိတာ၏ စိတ်၌ သေနတ်သံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် လောကာတာတစ်ခုလုံးသည် နေမွန်းတည့်ချိန်ကဲ့သို့ လင်းလာသည်ဟု ထင်လိုက်ရသည်။ ပိတာသည် မြင်းကို တံတားဆီသို့ ကဆုန်စီး၍ လာခဲ့၏။ ဗိမိရှေ့မှ ကော့ဆက်မြင်းတပ်သားများဂသည်း ကဆုန်စီးလျက် ရှိကြလေသည်။ တံတားပေါ်သို့ အရောက်၌ ပိတာသည် ကော့ဆက်မြင်းတပ်သားတစ်ယောက်နှင့် ဝင်တိုက်မိလေရာ ကော့ဆက်မြင်းတပ်သားမှာ မြင်းပေါ်မှ ကျွမ်းပြန်၍ ကျကျန်ရစ်ခဲ့လေသည်။ သို့ရာတွင် ပိတာသည် ဂရုမစိုက်အားဘဲ တရကြမ်း ဆက်၍ စီးလာခဲ့သည်။ ပိတာ၏ ရှေ့၌ ပြင်သစ်များနှင့်တူသော တပ်သားများသည် လက်ယာဘက်မှ လက်ဝဲဘက်သို့ လမ်းကို ကန့်လန့်ဖြတ်၍ ကူးလျက်ရှိကြ၏။ ၎င်းတို့အနက် တစ်ယောက်မှာကား ရွံ့ထဲတွင် လဲကျသွားကာ ပိတာ၏ မြင်းအောက်သို့ ရောက်သွားလေသည်။

ကော့ဆက်မြင်းတပ်သားများသည် တဲတစ်လုံးတွင် စုပြုံဝိုင်းအုံလျက် ရှိကြ၏။ ထိုလူအုပ်ကြားထဲမှ ထိတ်လန့်စဖွယ် အော်သံများကိုလည်း ကြားရသည်။ ပိတာသည် ထိုနေရာသို့ စီး၍လာခဲ့ရာ ဖြူရော်သောမျက်နှာဖြင့် မေးတဆတ်ဆတ်တုန်လျက်ရှိသော ပြင်သစ်တပ်သားဂစ်ယောက်သည် မိမိ၏ရင်ဝသို့ ချိန်ရွယ်ထားသောလုံကို ကြောက်အားလန့်အားဖြင့် တွန်းဖယ်လျက် ရှိခြင်းကို မြင်ရ၏။

"ဟေး ဟေး။ တက်ဟေ့ တက်" ပိတာသည် ဤသို့ အော်ကာ မြူးကြွလျက်ရှိသော မိမိ၏ မြင်းကြီးကို ဇက်ပုံ၍ ပေးလိုက်ပြီးနောက် ရွာလမ်းတစ်လျှောက် ဒုန်းစိုင်း၍ စီးလာခဲ့ပြန်သည်။

ရှေ့မှ သေနတ်သံများကို ပိတာ ကြားရသည်။

ကော့ဆက်မြင်းဂ၁ပ်သားများ၊ ရုရှားမြင်းတပ်သားများ၊ အစုတ်စုတ်အပြတ်ပြတ် ရုရှားသုံ့ပန်းများသည် လမ်းဘေးတစ်ဖက်တစ်ချက်မှ ပြေးထွက်လာကြကာ တစ်စုတစ်ရာကို ပလုံးပထွေး ဆူညံစွာ အော်ဟစ်လျက် ရှိကြသည်။ အပြာရောင် ဝတ်ရုံကြီးကို ဝတ်ထားလျက် ရဲရင့်ဟန်ရှိသည့် နီရဲခက်ထန်သော မျက်နှာထားကို ဆောင်ထားသည့် ပြင်သစ်တပ်သားတစ်ဦးသည် မြင်းတပ်သားများကို လှံစွပ်တစ်ချောင်းဖြင့် အကြိတ်အနယ် ခုခံတိုက်ခိုက်လျက် ရှိသည်။ ပိတာသည် အများနည်းတူ ပြင်သစ်တပ်သားကို တိုက်ခိုက်ရန် အတင်းတိုးဝှေ့၍ လာခဲ့သော်လည်း ထိုနေရာသို့ ပိတာရောက်သည့်အချိန်တွင် ပြင်သစ်တပ်သားမှာ လဲကျသွားလေပြီ။ ပိတာ၏စိတ်တွင် ဤအချိန်တွင်လည်း နောက်ကျသွားပြန်လေပြီဟု အောက်မေ့ကာ သေနတ်သံများ တရစပ် ထွက်ပေါ်လျက်ရှိရာသို့ မြင်းကို ဒုန်းစိုင်းခဲ့ပြန်သည်။ သေနတ်သံများမှာ ယမန်နေ့ညက ဒိုလိုကော့ဗ်နှင့်အတူ ဝင်ခဲ့သော မြေပိုင်ရှင်၏ အိမ်ဝိုင်းထဲမှ ပေါ်ထွက်လျက်ရှိခြင်း ဖြစ်၏။ ပြင်သစ်များသည် ချုံနွယ်များ ထူထပ်လှသော ခြံထဲမှ ကြခတ်စည်းရိုးကိုကွယ်၍ ဝင်းထဲသို့ စုပြုံဝင်လာသော ကော့ဆက်မြင်းတပ်သားများကို ပြန်လှန်ပစ်ခတ်လျက် ရှိကြလေသည်။ ပိတာ ဝင်းဝနားသို့ အရောက်တွင် ဒိုလိုကော့ဗ်ကို မီးခိုးလုံးများအကြားမှ မြင်လိုက်ရ၏။ ဒိုလိုကော့ဗ်သည် မျက်နှာဖြူရော်လျက် ရှိရင်းက ၎င်း၏ တပ်သားများကို အော်ဟစ်အမိန့်ပေးလျက် ရှိလေသည်။

"ဝိုင်းထား၊ ဝိုင်းထား၊ အရမ်းမဝင်နဲ့။ ခြေလျင်တပ်စုတွေကို စောင့်ဦး" ဒိုလိုကော့ဗ်သည် အော်ဟစ်လျက် ရှိ၏။ ပိတာသည် အနီးသို့ ရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟေး ဘာလို့ စောင့်နေရဦးမှာလဲ၊ တက်ဟေ့၊ တက်ကွ ချကွ"

ပိတာသည် မြင်းကို ဇက်သတ်ခြင်း မပြုတော့ဘဲ မီးခိုးများ အထူထပ်ဆုံး၊ ပစ်ခတ်သံ အဆူညံဆုံး နေရာဆီသို့ တောက်လျှောက် စီးချလာခဲ့လေသည်။

ထိုအခိုက် သေနတ်သံတစ်ချက် ထွက်ပေါ်လာကာ ကျည်ဆန်များသည် တရွှီရွှီ ဖြတ်သန်းသွားကြ၏။ အချို့ ကျည်ဆန်များကား တဒက်ဒက် ထိမှန်လျက် ရှိကြလေသည်။ ကော့ဆက်မြင်းတပ်သားများနှင့် ဒိုလိုကော့ဗ်သည် ရှေ့ဆုံးမှ ပိတာဝင်သွားပြီ ဖြစ်သည့်အလျောက် ဝင်းတံခါးမှ စုပြုံ၍ ဝင်လိုက်လာကြသည်။ မည်းမှောင်လျက်ရှိသော မီးခိုးလုံးကြီးများကြားတွင် အချို့ပြင်သစ်တပ်ဗိုလ်များသည် လက်နက်များကို ပစ်ချကာ ချုံထဲမှ ထွက်လာကြ၏။ အချို့ကား ကမူအောက်ခြေရှိ ကန်ကလေးဘက်ဆီသို့ ထွက်ပြေးကြလေသည်။ ပိတာသည် ဝင်းထဲတွင် မြင်းကို ဒုန်းစီးလျက် ရှိ၏။ သို့သော်လည်း ပိတာသည် မြင်းဇက်ကြိုးများကို ကိုင်ထားခြင်း မပြုတော့ချေ။ ၎င်း၏ လက်များသည် တွဲလောင်းကျကာ ထိုမှ ဤမှ ခါယမ်းလျက်ရှိ၍ ၎င်း၏ ခန္ဓာကိုယ်သည်လည်း တဖြည်းဖြည်း ယိမ်းထိုး ယိုင်ကျလာသည်။ ပိတာ၏ မြင်းသည် နံနက်ခင်းနေရောင်တွင် ငြိမ်းလုဆဲဖြစ်သော စခန်း မီးပုံကြီးတစ်ပုံအနီးသို့ ဒုန်းစိုင်းလာရာမှ အနီးသို့ အရောက်တွင် ရုတ်တရက် တန့်လိုက်သည်။ ပိတာသည် မီးပုံအနီး စိုရွဲလျက်ရှိသော မြေကြီးပေါ်သို့ အုံးခနဲ ကျသွား၏။ ပိတာ၏ ခေါင်းသည် လူပ်ရှားခြင်း မရှိတော့သော်လည်း လက်များနှင့် ခြေထောက်များသည် ဆန့်ငင်ဆန့်ငင်ဖြစ်လျက် ရှိခြင်းကို ကော့ဆက်တပ်သားများ မြင်လိုက်ကြရသည်။ ကျည်ဆန်တစ်ဆန်သည် ပိတာ၏ ခေါင်းခွံထဲသို့ ဖောက်ထွင်း ဝင်ရောက်သွားခဲ့လေပြီ။

ပြင်သစ်တပ်ဗိုလ်တစ်ယောက်သည် ဓားလွယ်တွင် ပဝါဖြူချည်၍ အိမ်ထဲမှ ထွက်လာပြီးနောက် လက်နက်ချပြီ ဖြစ်ကြောင်း အော်ပြော၏။ ဒိုလိုကော့ဗ်သည် ထိုပြင်သစ်တပ်ဗိုလ်နှင့် ခေတ္တစကားပြောပြီးနောက် မြင်းပေါ်မှ ခုန်ဆင်းကာ ပိတာ့ထံသို့ ပြေးလာခဲ့သည်။ ပိတာမှာ လက်နှစ်ဖက်ဆန့်ကာ ငြိမ်သက်လျက် ရှိလေပြီ။

"သွားပြီ" ဒိုလိုကော့ဗ်သည် မျက်မှောင်ကုတ်လိုက်ပြီးနောက် ဝင်းတံခါးဆီသို့ လျှောက်လာခဲ့သည်။ ထိုအချိန်၌ ဒင်နီဆော့ဗ်မှာ ဒိုလိုကော့ဗ်ထံသို့ မြင်းစီး၍ လာနေလေပြီ။

"ကျသွားပလား" ဒင်နီဆော့ဗ်သည် လဲကျနေသော ပိတာကို မြင်လိုက်သည့်အခါတွင် အသက်ကင်းမဲ့လျက် ရှိခြင်းကို ချက်ချင်း နားလည်လိုက်ကာ (ဤအဖြစ်မျိုးကို မကြာခဏ တွေ့ဖူးနေပြီဖြစ်သည့်အလျောက် မြင်လျှင် မြင်ချင်း နားလည်နေလေပြီ။ ဒိုလိုကော့ဗ်ကို လှမ်းမေးလိုက်၏။

"သွားပြီဗျ" ထိုစကားလုံးများကို ရွတ်ဆိုရခြင်းသည် ၎င်းအတွက် ပျော်ရွှင်ခြင်းကို ဖြစ်စေသည့်နှယ် ဒိုလိုကော့ဗ်က ထပ်၍ ပြောလိုက်သည်။ ဒိုလိုကော့ဗ်သည် ကော့ဆက်မြင်းတပ်သားများ ဝိုင်းထားသည့် ပြင်သစ်သုံ့ရများထံသို့ လျှောက်သွားပြီးနောက် ဒင်နီဆော့ဗ်ကို လှမ်းခေါ်ကာ

"ဗိုလ်မှူး သုံ့ပန်းတွေ ဘာတွေ ခေါ်မနေနဲ့ဗျာ၊ တာဝန်ကြီးတယ်"ဟု ဆိုလိုက်၏။

ဒင်နီဆော့ဗ်သည် မည်သို့မျှ မပြောဘဲ ပိတာ၏ အလောင်းအနီးသို့ စီးသွားကာ မြင်းပေါ်မှ ဆင်းသွားပြီးနောက် တုန်ယင်သော လက်များဖြင့် ပိတာ၏ မျက်နှာကို လှန်လိုက်လေသည်။ ပိတာ၏ မျက်နှာကား သွေးအလိမ်းလိမ်းကပ်လျက် ရုံ့တွေ့ ပေကျဲလျက်ရှိကာ ဖြူရော်လျက် ရှိလေပြီ။

"ကျွန်တော်က ချိုချိုချဉ်ချဉ်ကလေးလဲ ဝါးရမှဗျ။ ကျွန်တော့်မှာ စပျစ်ခြောက်တွေ ပါလာတယ်။ လိုချင်ယူထားလိုက်ကြလေဗျာ" ဒင်နီဆော့ဗ်သည် ပိတာ၏ စကားများကို ကြားယောင်မိသည်။ ဒင်နီဆော့ဗ်သည် ခွေးတစ်ကောင် ထိုး၍ ဟောင်လိုက်သကဲ့သို့ တစ်ချက်မျှ ကျယ်လောင်စွာရှိုက်ကာ လှည့်ထွက်လာခဲ့ပြီးနောက် ခြံစည်းရိုးတိုင်ကို ဆုပ်၍ ငိုလျက်ရှိလေသည်။ ကော့ဆက်မြင်းတပ်သားများသည် ဒင်နီဆော့ဗ်၏ ငိုသံကြောင့် တအံ့တသြ လှည့်၍ ကြည့်နေကြ၏။

ဒင်နီဆော့ဗ်နှင့် ဒိုလိုကော့ဗ်တို့သည် ထိုတိုက်ပွဲ၌ ရရှာသုံ့ပန်း အများအပြားကို ကယ်ဆယ်ခဲ့ရာ ၎င်းတို့ ကယ်ဆယ်လိုက်သော ရရှာသုံ့ပန်းများအနက် ပီယာတစ်ယောက်လည်း အပါအဝင် ဖြစ်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၂

မော်စကိုမှ ဆုတ်ခွာလာခဲ့သည့် လမ်းတစ်လျှောက်လုံးတွင် ပြင်သစ်အာဏာပိုင်များသည် ပီယာအပါအဝင် ရုရှားသုံ့ပန်းများနှင့် စပ်လျဉ်း၍ အမိန့်သစ် တစ်စုံတစ်ရာ ထုတ်ပြန်ခြင်း မပြုတော့ချေ။ အောက်တိုဘာလ ၂၂-ရက်နေ့၌ ရုရှားသုံ့ပန်းများကို စောင့်ကြပ်လိုက်ပါလာသော အစောင့်တပ်များနှင့် ဝန်တင်လှည်းများမှာ မော်စကိုမှ အတူပါလာသော အစောင့်တပ်များနှင့် ဝန်တင်လှည်းများ မဟုတ်တော့ချေ။ ဝန်အပြည့်တင်ထားသည့် ဝန်တင်လှည်းများအနက် တစ်ဝက်ခန့်မှာ ရှေ့သို့ရောက်နှင့်ကြပြီး ကျန်တစ်ဝက်ခန့်မှာ ကော့ဆက်မြင်းတပ်သား တို့ လက်ထဲ၌ ကျန်ရစ်ခဲ့လေပြီ။ သုံ့ပန်းများရှေ့မှ ချီတက်သွားကြသည့် မြင်းမရှိတော့သော ပြင်သစ်မြင်းတပ်သားတို့မှာလည်း တစ်ယောက်မျှမကျန်တော့ဘဲ ပျောက်ခြင်းမလှ ပျောက်သွားကြလေပြီ။ မော်စကိုမှ ထွက်ခါစက ရုရှားသုံ့ပန်းများ ရှေ့မှ ချီတက်လျက်ရှိသော ပြင်သစ်အမြောက်တပ်မကြီးမှာလည်း အရိပ်အယောင်မျှ မကျန်တော့ဘဲ ပျောက်ကွယ်သွားခဲ့ကာ ၎င်းတို့နေရာ၌ ဝက်စဖာလျှအစောင့်တပ်များ ခြံရံထားသည့် ပြင်သစ်စစ်သူကြီးဂျူနော့၏ ရှည်လျားလှသော ဝန်တင်လှည်းတန်းကြီးကို တွေ့ရလေသည်။ သုံ့ပန်းများနောက်မှ မြင်းတပ်ဝန်တင် လှည်းတန်းကြီး လိုက်ပါလာလေသည်။

ပြင်သစ်စစ်တပ်ကြီးသည် ဗျာဇမာသို့ ရောက်သည်အထိ စစ်ကြောင်းသုံးကြောင်းခွဲ၍ ဆုတ်ခွာလာခဲ့သော်လည်း ဗျာဇမာမှ လွန်သောအခါ၌မူ တစ်ပေါင်းတည်းစု၍ ဆုတ်လာခဲ့လေသည်။ ပီယာသည် မော်စကိုမှ ထွက်လာ၍ ပထမ စခန်းချ ရပ်နားကတည်းက ပြင်သစ်တပ်များအတွင်း၌ ဖရိဖရဲဖြစ်လျက်ရှိသော လက္ခဏာများကို သတိပြုမိခဲ့ရာ ဗျာဇမာမှ ထွက်သောအခါတွင်ကား ထိုလက္ခဏာများသည် အထွတ်အထိပ်သို့ ရောက်လာခဲ့လေပြီ။

လမ်းဘေးတစ်ဖက်တစ်ချက်၌ မြင်းသေကောင်များ၊ ရှေ့မှ ချီတက်သွားသော တပ်များမှ လဲကျကျန်ရစ်ခဲ့သူများသည် အတုံးအရုံး မကြည့်ချင်အဆုံး ဖြစ်လျက် ရှိ၏။ ကျန်ရစ်သူများသည် တပ်သစ်တစ်သစ်ဖြတ်လာသည်၌ ထ၍ လိုက်လာခဲ့ကြပြန်ကာ ခဏကြာလျှင် လဲကျကျန်ရစ်ခဲ့ကြပြန်သည်။

လမ်းခရီးတစ်လျှောက်၌ မကြာခဏလည်း တပ်လန့်တတ်သည်။ အစောင့်တပ်သားများသည် သေနတ်များကို ထောင်၍ ပစ်ကြပြီးနောက် တပ်ဦးနှင့် တပ်ဖျားခေါက်တုံ့ခေါက်ပြန် တိုးဝှေ့ပြေးကာ လူစစ်ခြင်း ပြုကြ၏။ ထိုနောက် နဂိုနေရာသို့ ပြန်စုကာ အကြောင်းမဲ့ တပ်လန့်ခြင်းအတွက် တစ်ယောက်ကိုတစ်ယောက် ဆဲရေးခြင်း ပြုကြပြန်သည်။

သုံ့ပန်းများနှင့်အတူ ဆုတ်ခွာလျက်ရှိသော တပ်များ၌ အစုသုံးစုပါရှိရာ ၎င်းတို့မှာ မြင်းတပ် ရိက္ခာတင်လှည်းတပ်တစ်တပ်၊ သုံ့ပန်းအစောင့်တပ်တစ်တပ်နှင့် စစ်သူကြီးဂျူနော့၏ ဝန်တင်လှည်းတပ်တို့ ဖြစ်၏။ ထိုတပ်သုံးတပ်သည် ယခုအချိန်အထိ သီးခြားတပ်များအဖြစ် ရပ်တည်ကာ စစ်တပ်ကြီးတစ်ခုအဖြစ် ပေါင်းစည်းထားနိုင်သေးသော်လည်း တပ်အသီးသီးမှာ လျင်မြန်စွာ ပြုဆင်းလျက် ရှိလေပြီ။

အမြောက်တပ် ဝန်တင်လှည်းတပ်သည် ဝန်တင်လှည်းပေါင်း တစ်ရာ့နှစ်ဆယ် ပါသည့်အနက် ယခုခြောက်ဆယ်ထက် မပိုတော့ချေ။ ကျန်လှည်းများမှာ ရုရှားတို့၏လက်သို့ ပါသွားကြလေပြီ။ အချို့လည်း နောက်တွင် ကျန်ရစ်ခဲ့ကြလေပြီ။ စစ်သူကြီး ဂျူနော့၏ ဝန်တင်လှည်းများအနက် အချို့မှာလည်း ရုရှားတို့လက်သို့ ရောက်သွားကာ အချို့ကို ဖွန့်ပစ်ခဲ့ရလေပြီ။ ၎င်းတို့အနက် ဝန်တင်လှည်းသုံးစီးကို ပြင်သစ်စစ်သူကြီး ဒါဗောက်၏ တပ်များက တိုက်ခိုက်၍ လုယူလိုက်ကြသည်။ ဂျာမန်တပ်သားများထံမှ ကြားရသည့် သတင်းအဆိုအရ မိမိတို့ သုံ့ပန်းများထက် ဝန်တင်လှည်းများကို အစောင့်တပ်များ ထူထပ်စွာ ချထားသည်ဟု ပီယာ သိရလေသည်။ ဂျာမန်တပ်သားတစ်ဦးမှာ ၎င်း၏ အိတ်ထဲတွင် စစ်သူကြီးဂျူနော့၏ ငွေဖွန်းတစ်ချောင်း တွေ့ရှိသဖြင့် စစ်သူကြီး ဂျူနော့၏ အမိန့်အရ ပစ်သတ်ခြင်း ခံရသည်ဟုလည်း ကြားသိရလေသည်။

ဆုတ်ခွာလာသော တပ်များ အသီးသီး အဖိတ်အစဉ်များကြသည့်အနက် ရုရှားသုံ့ပန်းများမှာ အဖိတ်အစဉ်

www.burmeseclassic.com

www.burmeseclassic.com

အများဆုံး ဖြစ်လေသည်။ မော်စကိုမှ စတင် ထွက်ခွာလာစဉ်က သုံးဝန်းပေါင်း သုံးရာ့သုံးဆယ်ရှိရာ ယခုအချိန်၌ တစ်ရာမဲ့မဲ့သာ ကျန်ခဲ့လေပြီ။ အစောင့်တပ်သားများအဖို့မှာကား ရုရှားသုံ့ပန်းများသည် စစ်သူကြီးဂျူနော့၏ ဝန်တင်လှည်းများနှင့် မြင်းတပ်သုံး ကုန်းနီးတင် လှည်းများထက် အနှောင့်အယှက်ဖြစ်လျက် ရှိသည်။ ဂျူနော့၏ ဝန်တင်လှည်းများမှ ပစ္စည်းများနှင့် မြင်းကုန်းနီးများသည် ၎င်းတို့အဖို့ အသုံးဝင်ကောင်းဝင်ဦးမည် ဖြစ်သော်လည်း ဆာလောင်မွတ်သိပ်၍ အသည်းခိုက်ခိုက်တုန်မတတ် ချမ်းလှသော တပ်သားများက အလားတူပင် ဆာလောင်မွတ်သိပ်၍ အသည်းခိုက်ခိုက်တုန်အောင် ချမ်းလျက်ရှိရုံမျှမက လမ်းမပေါ်တွင် သွေးခဲကာ မကြာခဏ လဲကျနေသော ရုရှားသုံ့ပန်းများကို (မလိုက်နိုင်က ပစ်သတ်ရန် အမိန့်ရပြီးဖြစ်သည်။) စောင့်ရှောက်လိုက်ပါရခြင်းကိုကား နားမလည်နိုင်ဖြစ်လျက် ရှိရုံမျှမက စက်ဆုပ်ဖွယ်ပင် ကောင်းသေးတော့သည်ဟု ထင်မှတ်လျက် ရှိသည်။ ထိုအထဲ၌ အစောင့်တပ်သားများမှာ ၎င်းတို့ကိုယ်တိုင် ကြီးစွာ ဒုက္ခကြုံနေကြရပြီဖြစ်ရကား သုံ့ပန်းများကို သနားကရုဏာသက်မိသော်လည်း မိမိတို့ကို ဒုက္ခပေးလျက်ရှိသည့် သုံ့ပန်းများကို သနားကြင်နာခြင်း မပြုမိအောင် တမင်အားတင်းထားသည့်နယ် တင်းမာသောမျက်နှာထားကြီးများကို ဆောင်လျက် ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံခြင်း ပြုကြလေသည်။

ဒိုရိုဂိုဘုဇ်အမည်ရှိသော ဒေသတစ်ခုသို့ ရောက်သည်၌ အစောင့်တပ်သားများသည် သုံ့ပန်းများကို မြင်းဇောင်းတစ်ခုထဲတွင် သော့ပိတ်၍ လှောင်ကာ ၎င်းတို့ကိုယ်တိုင်မှာမူ ၎င်းတို့တပ်များ၏ ရိက္ခာပစ္စည်းများကို ထွက်၍ လုယက်ကြလေတော့သည်။ အချို့သော သုံ့ပန်းများမှာ မြင်းဇောင်းနံရံအောက်မှ ဥမင်လိုက်ခေါင်းတူး၍ ထွက်ပြေးကြ၏။ သို့ရာတွင် ပြင်သစ်တို့၏ ပြန်လည်ဖမ်းဆီးခြင်းကို ခံရကာ ပစ်သတ်ခြင်း ခံကြရလေသည်။

မော်စကိုမှ ထွက်လာစဉ်က သုံ့ပန်းများကို တပ်ဗိုလ်တခြား၊ တပ်သားတခြား ခွဲ၍ ခေါ်ဆောင်လာခဲ့သော်လည်း ယခုမူ တခြားစီ ခွဲ၍ မထားနိုင်တော့ချေ။ တပ်ဗိုလ်ဖြစ်စေ၊ တပ်သားဖြစ်စေ လမ်းလျှောက်နိုင်သူများကို အတူ စုပြုံခေါ်လာခဲ့၍ လမ်းမလျှောက်နိုင်သူများကိုမူ စုပြုံထားပစ်ခဲ့လေသည်။ ပီယာသည် နောက်ကျ၍ ကျန်ရစ်ခဲ့သော်လည်း သုံးထောက်ခန့်နားပြီးသည့်နောက်၌ ကာရာတာယက်နှင့် ခြေခွင်ခွင် အမြီးပွပွ ခွေးကလေး 'နက်ကျော်'ကို မီလာခဲ့လေသည်။ ယခုအချိန်၌ 'နက်ကျော်'မှာ ကာရာတာယက်ကို ၎င်း၏ သခင်အဖြစ် ရွေးချယ်ခဲ့လေပြီ။

ကာရာတာယက်သည် မော်စကိုတွင်ရှိစဉ်က အဖျားကြောင့် ဆေးရုံတက်ခဲ့ရလေသည်။ မော်စကိုမှ ထွက်၍ တတိယမြောက်နေ့သို့ ရောက်သောအခါ၌ ထပ်၍ ဖျားပြန်လေသည်။ ကာရာတာယက် ခွန်အားဆုတ်ယုတ်လာသည်၌ ပီယာသည် အနားသို့ မသွားတော့ချေ။ မည်သည့်အတွက်ကြောင့်ဟူ၍ စဉ်းစားမရသော်လည်း ကာရာတာယက်အနီးသို့သွားရန် ဝန်လေးလျက် ရှိလေသည်။ စခန်းချ ရပ်နားသည့်အခါများ၌ အနီးသို့ မတော်တဆ ရောက်သွားသဖြင့် အစန့်သား လဲနေသော ကာရာတာယက်၏ ညည်းညူသံကို ကြားရသည့်အခါတွင် လည်းကောင်း၊ ပုပ်ဟောင် စူးဝါးလှသော အနံ့ကြီးကို ရသည့်အခါ၌ လည်းကောင်း ပီယာသည် ကာရာတာယက်ကို ဖဲကြဉ်ခဲ့ကာ ၎င်း၏အကြောင်းကိုလည်း စဉ်းစားတွေးတောခြင်း မပြုတော့ချေ။

လူသည် ပျော်ရွှင်ဖို့ မွေးဖွားလာခြင်း ဖြစ်လေသည်။ ပျော်ရွှင်မှုသည်လည်း မိမိကိုယ်တွင်း၌သာ တည်လေသည်။ လူ၏ အခြေခံ လိုအပ်ချက်များ ပြည့်စုံခြင်း၌သာ တည်လေသည်။ စိတ်မချမ်းသာခြင်း ဟူသမျှတို့သည် မရှိဆင်းရဲခြင်းကြောင့် ဖြစ်ရခြင်းမဟုတ်ဘဲ သုံးစွဲ၍ မကုန်နိုင်အောင် ပေါများခြင်းကြောင့် ဖြစ်ရခြင်းသာ ဖြစ်လေသည်။ ပီယာသည် သုံ့ပန်းစခန်းတွင် နေခဲ့ရစဉ် ထိုအသိတရားကို သိမြင်လာခဲ့လေသည်။ သို့ရာတွင် အသိဖြင့် သိခြင်းမဟုတ်ဘဲ ၎င်း၏အသွေး၊ ၎င်း၏အသား၊ ၎င်း၏ ခန္ဓာဖြင့် ခံစားသိရှိခဲ့ခြင်း ဖြစ်လေသည်။ ဘဝဖြင့် သိခဲ့ခြင်း ဖြစ်လေသည်။ ပြင်သစ်များခေါ်ဆောင်ရာသို့ လိုက်ပါလာရသည့် ရက်သတ္တသုံးပတ်အတွင်း၌ကား ပီယာသည် စိတ်၏ သက်သာမှုကို ဖြစ်စေသည့် တရားသစ်၊ အမြင်သစ်တစ်ခုကို ရရှိခဲ့ပြန်လေပြီ။ ထိုတရားကား အခြားမဟုတ်။ လောကဌ ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသောအရာဟူ၍ မည်သည့်အရာမျှ မရှိဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com

အချက် ဖြစ်လေသည်။ လူသည် မည်သည့်အခြေအနေ၊ မည်သည့်အခါမျိုးတွင်မှ လုံးဝလွတ်လပ်ခြင်းနှင့် ပျော်ရွှင်ခြင်းကို မရနိုင်သကဲ့သို့ မည်သည့်အခြေအနေ၊ မည်သည့်အခါမျိုးတွင်မှလည်း မလွတ်လပ်ခြင်း၊ စိတ်ဆင်းရဲခြင်းဖြစ်ရန် မလိုဟူသော အသိတရားကိုလည်း ပိယာတွေ့ရှိခဲ့လေပြီ။ လောကဌ် ပျော်ရွှင်ခြင်းနှင့် စိတ်ဆင်းရဲခြင်း၊ လွတ်လပ်ခြင်းနှင့် မလွတ်လပ်ခြင်း စသည်တို့သည် အတိုင်းအဆမရှိ တည်ရှိနေကြသည်မဟုတ်။ တစ်စုံတစ်ခုသော အတိုင်းအတာသို့ ရောက်သည်၌ ကုန်ဆုံးကြရသည်သာ ဖြစ်လေသည်။ ၎င်းတို့အသီးသီး၌ ကန့်သတ်ချက် အတိုင်းအတာရှိကြသည်သာဖြစ်၍ ၎င်းတို့သည်လည်း တစ်ခုနှင့်တစ်ခု နီးကပ်လျက် ရှိကြသည်သာ ဖြစ်လေသည်။ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းတို့သည် မိုးနှင့်မြေကြီးပမာ ဝေးကွာသည် ထင်ရသော်လည်း တကယ်၌ကား သံကြိုးတစ်ခု၏ ကွင်းဆက်များကဲ့သို့ တစ်ခုနှင့်တစ်ခု ထိစပ်လျက်သာ ရှိလေသည်။ နှင်းဆီပန်းတို့ဖြင့် ခင်းအပ်သော စက်ရာထက်၌ အိပ်စက်နေသူတစ်ဦးသည် စည်းစိမ်ချမ်းသာရှိခြင်းအရာ၌ ဆိုဖွယ်မရှိဟု ထင်ရသော်လည်း ပန်းဝတ်ပန်းလွှာကလေးတစ်ချပ် တွန့်ကျေဖုထစ်နေခြင်းကြောင့် ဆင်းရဲခြင်း ဖြစ်ရသေးသည် မဟုတ်လော။ သို့ဖြစ်လျှင် ထိုသူ၏ ဘဝသည် စွတ်စိုထိုင်းမှိုင်းသောမြေကြီးပေါ်တွင် အိပ်ရခြင်းကြောင့် ကိုယ်တစ်ခြမ်းနွေး၍ ကိုယ်တခြမ်းအေးစက်လျက်ရှိသော မိမိ၏အဖြစ်နှင့် မည်သို့ခြားနားသေးသနည်း။ ဆင်းရဲခြင်းအရာ၌ အတူတူပင် မဟုတ်ပါလော။ စည်းစိမ်ချမ်းသာ ရှိစဉ်၌ တင်းကျပ်သော ပွဲတက်ဖိနပ်ခြေနင်းကို ဝတ်ရခြင်းသည်လည်း ယခု မိမိနည်းတူ အိုင်းအနာတို့ဖြင့် ဖူးဖူးရောင်၍ (ဖိနပ်ခြေနင်းတို့စုတ်ပြတ်ခဲ့ခြင်းကြောင့်) ဗလာသက်သက်ခြေထောက်ဖြင့် ကြမ်းတမ်းသောလမ်းပေါ်တွင် လျှောက်သွားရခြင်းကဲ့သို့ ပြင်းစွာ နာကျင်ခြင်းဖြစ်ရသည်သာ မဟုတ်လော။ မိမိသည် မိမိ၏ဇနီးသည် ဟယ်လင်မင်းသမီးအား မိမိ၏စိတ်ဆန္ဒအလျောက် လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်၍ လက်ထပ်ခဲ့ခြင်း ဖြစ်သော်လည်း မလွတ်လပ်ခြင်းအရာ၌ ယခုကဲ့သို့ မြင်ဖော်ငေးထဲတွင် ပိတ်၍ အချုပ်အနှောင်ခံရခြင်းနှင့် မည်သို့ ခြားနားသေးသနည်း။ ပိယာသည် ဤတရားကိုလည်း သဘောပေါက်လာခဲ့လေပြီ။ မိမိတွေ့ကြုံနေရသည့် ဆင်းရဲဒုက္ခဟု ပိယာ ယူဆသော အရာများအနက် အကြီးဆုံးသော ဒုက္ခကား ပွန်းပဲ့ဖူးရောင်ကာ အိုင်းအနာတို့ဖြင့် ဖုံးလွှမ်းလျက်ရှိသော ဖိနပ်မပါ ဗလာသက်သက်ဖြစ်လျက်ရှိသည့် ခြေထောက်များ၏ အခြေအနေပင် ဖြစ်လေသည်။

(မြင်းသားစားရခြင်းကိုလည်း ဒုက္ခဟု မယူဆတော့ပါ။ အရသာရှိ၍ အားရှိပါသေးသည်။ ဆားအစား ယမ်းမှုန့်ကို စားရခြင်းကိုလည်း ဒုက္ခဟု မထင်တော့ပါ။ ၎င်းက ဆားထက်ပင် အနံ့အရသာ ပိုသေးသည်ဟုပင် ထင်မိပါသေးသည်။ အအေးဒဏ်ကိုလည်း မမှုပါ။ နေ့တွင်လမ်းလျှောက်ခြင်းဖြင့် သွေးပူစေနိုင်၍ ညတွင် စခန်းမီးပုံဘေးတွင် မီးလှုံခြင်းဖြင့် အချမ်းပြေစေနိုင်ပါသည်။ ကိုယ်ပေါ်တွင် သန်းကြွေးများ တရွရွတက်နေခြင်းသည်လည်း အရေးမကြီးပါ။ သွေးကို လှုပ်ရှားစေခြင်းကြောင့် အချမ်းပင် ပြေပါသေးသည်။) အဆိုးဆုံးကား ခြေထောက်များ ဖူးဖူးရောင်လျက် ရှိခြင်းဖြစ်လေသည်။

မော်စကိုမှ ထွက်လာ၍ ဒုတိယမြောက်နေ့၌ စခန်းချရာတွင် ပိယာသည် ၎င်း၏ ခြေထောက်များကို စခန်းမီးပုံမှ မီးရောင်တွင် ကြည့်မိရာက ထိုခြေထောက်များဖြင့် လမ်းလျှောက်၍ မရနိုင်တော့ပြီဟု ထင်ခဲ့မိ၏။ သို့ရာတွင် အချိန်ရောက်၍ ထွက်ခွာလာကြသောအခါ၌ကား ထော့နင်း ထော့နင်းဖြင့် လိုက်လာနိုင်ခဲ့လေသည်။ အတန်ငယ်လျှောက်မိသဖြင့် သွေးပူလာသည့်အခါတွင်မူ မည်သည့်ဝေဒနာကိုမျှ မခံစားရတော့သော်လည်း ညအချိန်ရောက်သည့်အခါတွင် ခြေထောက်များမှာ ကြည့်ရဲစရာမရှိလောက်အောင် ဆိုးရွားလာခဲ့လေပြီ။ ပိယာသည် ခြေထောက်များကို မကြည့်တော့ဘဲ အခြားကိစ္စများကိုသာ အာရုံပြုထားလိုက်လေသည်။

ထိုအခါကျမှ လူ၏ အသက်ကလေးတစ်ချောင်းသည် မည်မျှခံနိုင်စွမ်းရှိပုံ၊ လူ၏စိတ်တန်ခိုးသည် အာရုံကို ပြောင်းအောင် မည်မျှစွမ်းဆောင်နိုင်စွမ်းရှိပုံတို့ကို ပိယာသဘောပေါက်လာလေသည်။ ဒုက္ခကို ခံစားရချိန်၌ အာရုံကို တခြားသို့ရောက်အောင် ပြောင်းနိုင်စွမ်းသော စိတ်၏တန်ခိုးသတ္တိသည် ပေါင်းအိုးကြီးထဲရှိ ရေနွေးငွေ့တို့၏တွန်းကန်မှု ပြင်းထန်လာသည်တွင် ပိုလျှံနေသော အခိုးအငွေ့တို့ကို အပြင်သို့ ပျံ့လွင့်အောင် ဖွင့်ပေးသော အငွေ့

www.burmeseclassic.com

www.burmeseclassic.com

ထိန်းခလုတ်ကြီးနှင့် တူလုပါသည်။

ပြင်သစ်အာဏာပိုင်တို့သည် မလိုက်နိုင်သော သုံ့ပန်းများကို လမ်းတွင် ပစ်သတ်ခဲ့ကြ၏။ ဤသို့ဖြင့် လမ်းတွင် သုံ့ပန်းတစ်ရာကျော်တို့ သေဆုံးခဲ့ရပြီ ဖြစ်သော်လည်း ပီယာသည် ထိုကိစ္စမျိုးကို ကြည့်လည်း မကြည့်၊ နားလည်းမထောင်ခဲ့ချေ။ တစ်နေ့ထက်တစ်နေ့ ခွန်အား ဆုတ်ယုတ်လျက် ရှိပြီဖြစ်သည့်အတွက် မကြာမီ ထိုလမ်းကို သွားရတော့မည် ဖြစ်သော ကာရာတာယက်၏ အကြောင်းကိုလည်း တွေးတောခြင်း မပြုတော့ချေ။ မိမိ၏ အကြောင်းကိုလည်း တွေးတောခြင်း မပြုတော့ချေ။ မိမိ၏အကြောင်းကိုကား ပို၍ပင် တွေးတောခြင်း မပြုတော့ချေ။ ပီယာ့အဖို့၌ကား အခြေအနေဆိုးရွားကာ မိမိတို့၏ ရှေ့ရေးသည် ကြောက်စရာကောင်းလာသည်နှင့် အမျှ ထိုအကြောင်းကို စဉ်းစားခြင်း မပြုဘဲ ချုပ်တည်းနိုင်သမျှ ချုပ်တည်းလျက် ပျော်စရာ၊ စိတ်သက်သာစရာ အဖြစ်အပျက်များကိုသာ တွေးတောလျက် ရှိလေသတည်း။

အခန်း ၁၃

အောက်တိုဘာ ၂၂-ရက်နေ့ မွန်းတည့်အချိန်၌ ပီယာသည် မိမိ၏ ခြေထောက်များနှင့် လမ်းခရီးကြမ်းတမ်းပုံကို ကြည့်ရှုရင်း ရွံ့ဖြင့် ချောလျက်ရှိသော တောင်ကုန်းကလေးတစ်ခုပေါ်သို့ တက်လျက် ရှိ၏။ တစ်ခါတစ်ရံ၌လည်း မိမိဘေးပတ်ဝန်းကျင်၌ မြင်နေကျဖြစ်သော ဘဝတူရဂျားသုံ့ပန်းများနှင့် ပြင်သစ်အစောင့်တပ်သား လူအုပ်ကြီးကို လှမ်းကြည့်မိသည်။ ထိုမှတစ်ဖန် ခြေထောက်များကို ငုံ့ကြည့်မိပြန်သည်။ ယခုအချိန်၌ကား မြင်ဖန်များသဖြင့် မိမိ ပတ်ဝန်းကျင်ရှိ လူအုပ်ကြီးသည် မိမိ၏ ခြေထောက်များကဲ့သို့ပင် ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုဖြစ်လျက် ရှိသည်ဟု ပီယာထင်လျက် ရှိလေပြီ။ ခြေခွင်ခွင်၊ အမြီးပွပွ 'နက်ကျော်'သည် လမ်းဘေးမှ ခုန်ပေါက်မြူးထူး၍ လိုက်ပါလာ၏။ တစ်ခါတစ်ရံတွင် ၎င်း၏ ဗျတ်လတ်လျင်မြန်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို ဖော်ပြသည့်အလား နောက်ခြေတစ်ချောင်းကို မ လျက် သုံးချောင်း ထောက်ဖြင့် ခုန်ဆွခုန်ဆွ လုပ်၍ ပြေးရာက လေးချောင်းဖြင့် စုံချ၍ ပြေးပြန်ကာ မြင်းသေကောင်ပုပ်များ၊ လူသေကောင်ပုပ်များပေါ်တွင် နားနေသည့် ကျီးကန်းများကို ဟောင်လျက်ရှိ၏။ 'နက်ကျော်'မှာ မော်စကိုတွင် ရှိနေစဉ်ကထက် ဝဖီးလာကာ မြူးထူးလျက် ရှိလေသည်။ လမ်းဘေး တစ်ဖက်တစ်ချက်၌ကား လူသေကောင်ပုပ်မှသည် မြင်းသေကောင်ပုပ်အထိ သတ္တဝါအမျိုးမျိုး၏ အသေကောင်ပုပ်အမျိုးမျိုးသည် ပြန့်ကျဲလျက် ရှိ၏။ လူအုပ်များ ဖြတ်သန်းသွားလျက်ရှိခြင်းကြောင့် ဝံပုလွေများမှာ အနီးသို့ ရောက်လာခြင်း မပြုကြရကား 'နက်ကျော်'အဖို့ 'ပွဲတော်ကြီး'တွေ့လျက် ရှိလေသည်။

မိုးသည် နံနက်လင်းကတည်းက တဖွဲဖွဲ ရွာသွန်းလျက်ရှိ၍ တစ်ချက်တစ်ချက်တွင် တိတ်သွားကာ ကောင်းကင်သည် ကြည်လင်စ ပြုလာ၏။ သို့ရာတွင် ခဏအကြာတွင် အုံ့မှိုင်းလာပြန်လျက် မိုးသီးမိုးပေါက်များသည် သည်းထန်စွာ ကျရောက်လာကြပြန်သည်။ ထောင်ပေါင်းများစွာသော လူများ၊ မြင်းများ၊ လှည်းများ ဖြတ်သန်းသွားလာလျက် ရှိသဖြင့် မာကျစ်စပြုလာပြီဖြစ်သော မြေကြီးသည် မိုးရေကို စုပ်ယူနိုင်ခြင်း မရှိတော့ချေ။ မိုးရေများသည် လှည်းဘီးရာများ တစ်လျှောက်တွင်သာ စီးဆင်းသွားကြလေသည်။

ပီယာသည် ဝဲယာကို လှမ်းကြည့်ကာ ခြေလှမ်းများကို သုံးလှမ်းတစ်ကြိမ်ကျ လက်ချောင်း အထပ်ထပ် ချိုး၍ ရေတွက်ရင်း လိုက်ပါလာခဲ့၏။ စိတ်ထဲကလည်း 'ရွာကွ၊ ကြပ်ကြပ်ရွာကွ၊ ရွာချင်သလောက် ရွာလိုက်စမ်းကွ'ဟု မိုးကို ကျိန်ဆဲလျက် ရှိလေသည်။

ပီယာသည် မိမိဘာသာမိမိ မည်သည့်အရာကိုမျှ တွေးတောစဉ်းစားခြင်းမရှိ။ မိမိ၏ အဖျတ္တသန္တာန်အတွင်း၌ အရေးကြီး၍ စိတ်၏ ကျေနပ်ခြင်းကို ရစေသော အရာတစ်ခု ကိန်းဝပ်လျက် ရှိသည်ဟု ထင်၏။ ထိုအရာကား ယမန်နေ့က ကာရာတာယက်နှင့် စကားပြောခဲ့ကြရာမှ ၎င်း၏ ရင်ထဲတွင် ပေါ်ပေါက်လာသော နူးညံ့သိမ်မွေ့သည့် စိတ်တစ်မျိုးပေတည်း။

ယမန်နေ့ည စ၊ နှ်းမျခဲ့ကြစဉ်က ပီယာသည် ငြိမ်းအံ့ဆဲဆဲ မီးပုံအနီးတွင် မီးလှုံနေရာမှ ခိုက်ခိုက်တုန်မျှ ချမ်းအေးစပြုလာသဖြင့် အရှိန်ကောင်းလျက် ရှိဆဲဖြစ်သော မီးပုံတစ်ခုအနီးသို့ ထလာခဲ့လေသည်။ မီးပုံအနီးတွင် ဝတ်ရုံအင်္ကျီကြီးကို ခေါင်းမှ သိုင်းခြုံ၍ ထိုင်ရင်း သုံ့ နှ်း

www.burmeseclassic.com

www.burmeseclassic.com

များအား အဖြစ်အပျက်တစ်ခုကို ပြောပြလျက် ရှိသည့် ကာရာတာယက်ကို တွေ့ရလေသည်။ ကာရာတာယက်၏အသံမှာ ခါတိုင်းကဲ့သို့ ကြည်လင်ဆဲဖြစ်သော်လည်း အနည်းငယ်ဖျော့တော့ အားနည်းလျက် ရှိခြင်းကို ပီယာသတိပြုလိုက်မိသည်။ အချိန်မှာ သန်းခေါင်ကျော်ခဲ့လေပြီ။ ကာရာတာယက်သည် ထိုအချိန်များတွင် အဖျားကျလျက် အထူးရွင်လန်းနေတတ်လေသည်။ ပီယာသည် မီးပုံအနီးသို့ ရောက်သွား၍ ဝေဒနာကြောင့် ဖျော့တော့လျက်ရှိသော ကာရာတာယက်၏ အသံကို ကြားရလျက် ၎င်း၏ ဖြူဖျော့နွမ်းနယ်သော မျက်နှာကို မီးရောင်အောက်တွင် မြင်ရသည့် တစ်ခဏ၌ နှလုံးသားကို မီးဖြင့် မြိုက်ခြင်းခံရသကဲ့သို့ ပူလောင်သော ဝေဒနာကို ခံစားလိုက်ရသည်။ ကြီးစွာသနားခြင်းဖြစ်၍ ပြင်းစွာ ထိတ်လန့်ခြင်းလည်း ဖြစ်ရ၏။ ပီယာသည် ထိုနေရာမှ အမြန်ဆုံး ထသွားလိုလှသော်လည်း အခြားမီးပုံမရှိတော့သဖြင့် ထိုနေရာမှာပင် ဝင်ထိုင်လိုက်ရ၏။ ကာရာတာယက်ကို မကြည့်မိအောင်လည်း စိတ်ကို ကြိုးစားတင်းထားလိုက်သည်။

"ဘယ်နယ်နေသေးသလဲဗျို့" ပီယာက မေး၏။

"ဒီလိုပါပဲ ဆရာလေးရယ်။ မကျန်းမာခြင်းကို ညည်းတွားနေရင် ဘုရားသခင်က သေခွင့်မပေးဘူးတဲ့။ ဒီတော့ မြန်မြန်သေခွင့်ရအောင် မညည်းဘဲ နေရတာပေါ့" ကာရာတာယက်က ပြောလိုက်ပြီးနောက် သုံ့ပန်းများဘက်သို့ လှည့်၍ ဇာတ်လမ်းကို ဆက်ပြောလျက် ရှိသည်။

"ဒီလိုနဲ့ နေရောဆိုပါစို့" ကာရာတာယက်၏ ဖြူရော်ပိန်ချုံးသော မျက်နှာမှာ အထူးသဖြင့် ၎င်း၏ မျက်လုံးများထဲ၌ ကြည်လင်ရွှင်ပျခြင်း အရိပ်အယောင်များ ယှက်သန်းလာကြ၏။

ပီယာသည် ဤအဖြစ်အပျက်ကို အတန်ကြာက ပင်လျှင် ကြားခဲ့ဖူးပြီ ဖြစ်၏။ ကာရာတာယက်သည် ဤအဖြစ်အပျက်ကို ပီယာအား ခြောက်ကြိမ်ခန့်ထက် မနည်းပြောခဲ့ဖူးလေပြီ။ ပြောသည့်အခါတိုင်းလည်း ကာရာတာယက်သည် ကြည်လင်ရွှင်ပျလျက် ရှိတတ်သည်။ ပီယာသည် ထိုအဖြစ်အပျက်ကို ကြားဖူးပြီ ဖြစ်သော်လည်း ယခုတစ်ဖန် ထပ်၍ နားထောင်မိပြန်၏။ ကာရာတာယက်၏ စိတ်၌ ဖြစ်ပေါ်လျက်ရှိသော ငြိမ်းချမ်းခြင်းသည် ပီယာ၏ထံသို့ ကူးစက်လာသည်ဟု ထင်ရ၏။ ထိုအဖြစ်အပျက်မှာ အေးချမ်း၍ ရိုးသားစွာ နေထိုင်သော ကုန်သည်တစ်ဦးနှင့် ချမ်းသာသော ကုန်သည်တစ်ဦးတို့ နစ်ဇနီစျေးသို့ သွားကြသည့်အကြောင်း ဖြစ်လေသည်။

ကုန်သည်နှစ်ဦးတို့သည် ထမင်းဆိုင်တစ်ဆိုင်တွင် တည်းခို အိပ်စက်ကြ၏။ နောက်တစ်နေ နံနက်သို့ ရောက်လတ်သော် ချမ်းသာသောကုန်သည်မှာ လည်ပင်းပြတ်၍ သေဆုံးလျက် ရှိခြင်းကို တွေ့ရ၏။ ၎င်း၏ ပစ္စည်းများလည်း မရှိတော့ချေ။ ရိုးသားသော ကုန်သည်၏ ခေါင်းအုံးအောက်မှလည်း သွေးစွန်းလျက်ရှိသော ဓားမြှောင်တစ်ချောင်းကို တွေ့ရသည်။ သို့ဖြင့် ရိုးသားသော ကုန်သည်ကို စစ်ဆေး၏။ နှာရောင်ကို ရိုက်ချို၏။ နှာခေါင်းပေါက်များကို လှီးပစ်ကြ၏။ ဤသို့ဖြင့် (ကာရာတာယက်၏ အဆိုအရ) 'ထုံးစံအတိုင်း' စစ်ဆေးပြီးသော် ဆိုက်ဗေးရီးယားသို့ တစ်သက်တစ်ကျွန်း ပို့လိုက်လေသည်။

"ဒီလိုနဲ့ နေလာလိုက်တာ (ဤနေရာသို့ အရောက်တွင် ပီယာရောက်လာခြင်း ဖြစ်သည်။) ဆယ်နှစ်ကျော်လောက် ရှိသွားပြီဆိုပါစို့။ ကုန်သည်ခမျာလည်း ရာဇဝတ်အကျဉ်းသားများလို နေရရှာတာပေါ့။ သူ့စိတ်ထဲမှာ အိမ်ကိုလည်း မပြန်လိုတော့ဘူး။ မြန်မြန်သေပါစေလို့သာ ဘုရားသခင်ဆီ ဆုတောင်းနေမိသတဲ့။ ဒါနဲ့ တစ်ညကျတော့ ခု ကျုပ်တို့ စကားပြောကြသလို အကျဉ်းသားတွေ စုပြီး စကားပြောမိကြသတဲ့။ ဒီလိုနဲ့ ကိုယ့်အဖြစ်အပျက်၊ ကိုယ်ကျူးလွန်ခဲ့တဲ့ အမှုတွေကို ပြန်ပြီးပြောကြတာပေါ့လေ။ တစ်ယောက်က သူ လူတစ်ယောက်ကို သတ်ခဲ့ဖူးကြောင်း ပြောပြသတဲ့။ အခြားတစ်ယောက်ကတော့ လူနှစ်ယောက်ကို သတ်ပြီး အိမ်တစ်ဆောင်ကို မီးရှို့ခဲ့ဖူးကြောင်း ပြောပြသတဲ့။ အခြားတစ်ယောက်ကတော့ ဘာမှ ပြစ်မှုမကျူးလွန်ရဘဲ အလုပ်လက်မဲ့မို့လို့ အဖမ်းခံရကြောင်း ပြောပြသတဲ့။ ဒီလိုနဲ့ တစ်ယောက်ပြီး တစ်ယောက် ကိုယ့်အကြောင်းကိုယ် ပြောပြကြပြီးတဲ့နောက် ကုန်သည်အဘိုးကြီးကိုလည်း 'ဘကြီး ဘာဖြစ်လို့ ထောင်ကျရတာလဲ'လို့ မေးကြသတဲ့။ ဒီတော့ ကုန်သည်အဘိုးကြီးက 'ငါကတော့ ငါ့အပြစ်နဲ့ အခြားလူတွေရဲ့ အပြစ်ကြောင့် ထောင်ကျရတာပါကွယ်။ ဒါပေမဲ့ ငါ့တစ်သက်မှာ သူတစ်ပါးအသက်ကိုလဲ မသတ်ခဲ့ဖူးဘူး။ သူတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com

ဥစ္စာကိုလဲ မယူခဲ့ဖူးပါဘူး။ ကုန်သည်ဆိုတော့ ပစ္စည်းရှိတဲ့ အလျောက် မရှိဆင်းရဲသားများကိုသာ ထောက်ပံ့ခဲ့ဖူးပါတယ်'လို့ အစချီပြီး သူ့အဖြစ်အပျက်ကို ပြောပြသတဲ့။ 'ငါ့အတွက်တော့ ငါ ဝမ်းမနည်းပါဘူးကွယ်။ ကလေးတွေနဲ့ ကလေးတွေရဲ့ အမေအိုကြီးကိုသာ သနားတာပါပဲ' လို့ ပြောပြီး အဘိုးကြီးက ငိုပါလေရောတဲ့။ အဲဒီအကျဉ်းသားတွေထဲမှာ ချမ်းသာတဲ့ ကုန်သည်ကို သတ်ပြီး ပစ္စည်းတွေ လုယူခဲ့တဲ့ အကျဉ်းသားလဲ ပါသတဲ့။ ဒီတော့ အဲဒီအကျဉ်းသားက 'နေစမ်းပါဦး ဘကြီး။ ဘကြီးတို့ကိစ္စ ဘယ်တုန်းက ဖြစ်တာလဲ'လို့ မေးတော့ အဘိုးကြီးကလဲ 'ဒီနှစ် ဒီလမှာ ဖြစ်တယ်' စသည်ဖြင့် ပြောပြသတဲ့။ ဒီတွင် အကျဉ်းသားဟာ အကြီးအကျယ် ယူကျုံးမရဖြစ်ပြီး အဘိုးကြီးရဲ့ခြေကို ဖက်တောင်းပန်တော့တာပဲ။ 'ကျွန်တော့်အတွက်ကြောင့် ဘကြီး အပြစ်ခံရတာပဲ' ဆိုပြီး ရှိခိုးသတဲ့။ ပြီးတော့လည်း အကျဉ်းသားတွေဘက် လှည့်ပြီး 'ဟုတ်တယ် မိတ်ဆွေတို့၊ ဟောဒီဘကြီးဟာ အပြစ်မရှိဘဲနဲ့ ခံရတာပဲ။ ဒီအမှုကို ကျူးလွန်ခဲ့သူက တော့ ကျွန်တော်ပဲ။ ဘကြီး အိပ်ပျော်နေတုန်းမှာ ဓားကို ဘကြီးရဲ့ ခေါင်းအုံးအောက်မှာ ကျွန်တော် ထားခဲ့တာပဲ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဘကြီး'လို့ တောင်းပန်သတဲ့"

ကာရာတာယက်သည် ရပ်၍ မီးတောက်များကို ပြုံး၍ ကြည့်ရာက ထင်းစများကို ထိုးနေသည်။

"ဒီတော့ ကုန်သည်အဘိုးကြီးက 'ဘုရားသခင်ဟာ ငါ့တူကို ခွင့်လွှတ်ပါလိမ့်မယ် ငါ့တူ။ ဘုရားသခင်ရဲ့ အလိုတော်အရဆိုရင် လူမှန်သမျှဟာ ဒုစရိုက်ကို ကျူးလွန်တဲ့လူတွေချည်းပါပဲ။ ဘကြီးမှာ ဒီအပြစ်မရှိသော်လည်း အခြားအပြစ်တွေ ရှိတာပါပဲ။ မထူးပါဘူး'လို့ ဆိုပြီး ငိုသတဲ့။ ကဲ နောက်ထပ် ဘယ်လိုဖြစ်တယ် ထင်သလဲ မိတ်ဆွေတို့"

ကာရာတာယက်က မေးလိုက်၏။ ဇာတ်လမ်း၏ အရေးကြီးဆုံးသော အစိတ်အပိုင်းကို ပြောရတော့မည့် အတွက် ကျေနပ်လျက် ရှိသကဲ့သို့ ၎င်း၏မျက်နှာသည် ပိတိလွမ်းသောအပြုံးကို ဆောင်ကာ ပို၍ ဝင်းထိန်လာ၏။

"နောက်ထပ် ဘယ်လိုဖြစ်တယ် ထင်ကြသလဲ။ သိလား။ အဲဒီ လူသတ်သမားဟာ သူ့အပြစ်ကို အာဏာပိုင်တွေကို ဖွင့်ပြီး ဝန်ခံလိုက်သတဲ့။ လူသတ်မှုကိုက ခြောက်မှလောက် ရှိတယ်ဆိုပဲ။ တကယ်ရက်စက်တဲ့လူပဲဗျို့။ လူသတ်သမားက 'ကျွန်တော် သတ်တာပါ။ ကျွန်တော်ဘကြီးအတွက် စိတ်မကောင်းပါဘူး။ ကျွန်တော့် အတွက် ဘကြီးအပြစ်မခံပါစေနဲ့' ပြောသတဲ့။ အာဏာပိုင်တွေကလည်း သူ့ဝန်ခံချက်ကို စာနဲ့ ရေးမှတ်ပြီး 'ထုံးစံအတိုင်း' ဆိုင်ရာကို ပို့လိုက်သတဲ့။ တစ်ကျွန်းနဲ့ ရွှေမြို့တော်ဆိုတာကလဲ အဝေးသား မဟုတ်လား။ ဒီလိုနဲ့ အာဏာပိုင်တွေဟာ ဒီစာကိုရတဲ့အခါကျတော့ 'ထုံးစံအတိုင်း' စုံစမ်းရာ၊ စစ်ဆေးရာက အထက်က အောက်ပို့၊ အောက်က အထက်ပြန်ပို့နဲ့ လုပ်နေလိုက်ကြတာ အချိန်တွေ ကုန်သွားရောဆိုပါတော့။ နောက်ဆုံးတော့ ဒီကိစ္စဟာ ဘုရင်မင်းမြတ်ရဲ့ ရွှေနားတော်ကို ရောက်သွားရောတဲ့။ အတန်ကြာတော့မှ ဘုရင်မင်းမြတ်က ကုန်သည်အဘိုးကြီးကို လွှတ်စေ၊ နစ်နာကြေးကိုလည်း ပေးလျော်စေလို့ အမိန့်တော် ထုတ်ပြန်လိုက်သတဲ့။ ဒါနဲ့ အမိန့်စာတစ်ကျွန်းကို ရောက်လာတဲ့အခါကျတော့ အာဏာပိုင်တွေကလည်း အဘိုးကြီးကို လိုက်ရှာကြတာပေါ့။ 'ဟေ့ အပြစ်မရှိဘဲနဲ့ ပြစ်ဒဏ်ခံရတဲ့ ကုန်သည်အဘိုးကြီးကိုများ မတွေ့ကြဘူးလား။ ရွှေနန်းတော်ကြီးက လွှတ်စေ အမိန့်လာတယ်ကွ' လို့ မေးပြီး ရှာသတဲ့"

ဤနေရာ၌ ကာရာတာယက်၏ နှုတ်ခမ်းများသည် တုန်စပြုလာ၏။

"ဒါပေမဲ့ အချည်းနှီးပါပဲ။ အဘိုးကြီးကို ဘုရားသခင်က ခွင့်လွှတ်လိုက်ပြီ။ အဘိုးကြီး မရှိရှာတော့ဘူး။ ဆုံးရှာပြီ။ အဖြစ်အပျက်ကတော့ ဒါပါပဲ မိတ်ဆွေတို့"

ကာရာတာယက်သည် ဇာတ်လမ်းကို အဆုံးသတ်လိုက်ပြီးသည့်နောက် ရှေ့တည့်တည့်သို့ ပြုံး၍ စိုက်ကြည့်ရင်း အချိန်အတော်ကြာမျှ မလှုပ်မယှက် ထိုင်လျက် ရှိလေသည်။

ပိယာ၏ စိတ်သည် ထိုဇာတ်လမ်းကို နားထောင်ပြီးနောက် ကြည်နူးလျက်ရှိသည်။ ဇာတ်လမ်းကြောင့် ကြည်နူးခြင်းကား မဟုတ်ပါ။ ဇာတ်လမ်း၏ လျှို့ဝှက်ဆန်းကြယ်ခြင်း၊ ဇာတ်လမ်းပြောပြသူ၏မျက်နှာမှာ ပိတိလွမ်းသော အပြုံးဖြင့် ထိန်လျက် ရှိခြင်း၊ ထိုပိတိ၏ လျှို့ဝှက်ဆန်းကြယ်ခြင်းတို့ကြောင့်သာ ဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၄

"ကိုယ့်နေရာ ကိုယ်နေကြ၊ ကိုယ့်နေရာ ကိုယ်နေကြ" ဟူသော အသံတစ်သံသည် ရုတ်တရက် ထွက်ပေါ်လာ၏။

အစောင့်တပ်သားများ၊ သံ့ပန်းများအကြား၌ လှုပ်လှုပ်ရှားရှား ဖြစ်လာကြပြန်သည်။ အမိန့်ပေးသံများသည် နေရာအနှံ့အပြားမှ ထွက်ပေါ်လာ၏။ စစ်ဝတ်စုံများကို သပ်ရပ်စွာ ဝတ်ဆင်ထားသည့် မြင်းတပ်သားများသည် ချောမောလှပသော မြင်းကြီးများကို စီးလျက် သံ့ပန်းများ၏အနီးမှ ဖြတ်သွားကြ၏။ ၎င်းတို့အားလုံး၏ မျက်နှာမှာ အထက်အောဏာပိုင်များ ရောက်လာခါနီး၌ ဖြစ်ပေါ်လေ့ရှိသော ထုံးစံအတိုင်း တင်းမာသည့်အသွင်မျိုးကို ဆောင်လျက် ရှိကြသည်။ သံ့ပန်းများကို တစ်စုတည်းနေစေပြီး နောက် လမ်းဘေးသို့ ဆင်းနေစေ၏။ လမ်းတစ်ဖက် တစ်ချက်၌လည်း အစောင့်များ စောင့်လျက် ရှိလေသည်။

"ဘုရင်မင်းမြတ် ကြွတော်မူလာတယ်။ ရှောင်ကြ၊ ရှားကြ၊ စစ်သူကြီးလဲ ပါတယ်၊ မြို့စားကြီးလဲ ပါတယ်" ဟူသော အသံများ နှင့်တကွ ချောမွေ့သော မြင်းများကို စီးလာသည့် ကိုယ်ရံတော်တပ်သားများ ဖြတ်သွားပြီးနောက် မကြာမီမှာပင် ဖောင်းဝတ်ရောင် မြင်းခြောက်ကောင်က ရထားကြီးတစ်စီး မောင်းနှင်လာလေသည်။ ကရထားပေါ်၌ သုံးထောင့်ဦးထုပ်ချွန်ကို ဆောင်းထားသည့် လူတစ်ယောက်ကို ပိယာမြင့်လိုက်ရ၏။ ထိုသူမှာ ခန့်ညားချောမောသလောက် ၎င်း၏မျက်နှာမှာ ဖြူဖွေးနုနယ်၍ တည်ကြည်ငြိမ်သက်သော အသွင်ကို ဆောင်လျက်ရှိ၏။ ထိုလူသည် သံ့ပန်းထဲတွင် ထင်းထင်းကြီးပေါ်လျက်ရှိသော ပိယာ၏ ကြီးမားတုတ်ခိုင်သည့် ခန္ဓာကိုယ်ကြီးကို စိုက်ကြည့်နေပြီးမှ မျက်မှောင်ကုတ်၍ တစ်ဖက်သို့ လှည့်သွား၏။ ထိုမျက်နှာထား၌ တစ်ဖက်သားကို သနားကြင်နာဟန်ရှိသော်လည်း ထိုသို့ သနားကြင်နာခြင်းကို ဖုံးကွယ်လိုသည့် အမူအရာမျိုးရှိသည်ဟု ပိယာ ထင်လိုက်မိသည်။

ထိုကရထား၏နောက်၌ ရိက္ခာပစ္စည်းများကို ကွပ်ကဲ အုပ်ချုပ်လာသည့် ဗိုလ်ချုပ်တစ်ဦး လိုက်ပါလာ၏။ ကြောက်လန့်ခြင်းကြောင့် မျက်နှာတစ်ခုလုံး နီမြန်းလျက်ရှိသော ထိုဗိုလ်ချုပ်သည် အရိုးပေါ်အရေတင်လျက် ရှိသည့် မြင်း ကလေးကို ကြာပွတ်ဖြင့် တရွှမ်းရွှမ်း ရိုက်လျက်ရှိ၏။ တပ်ဗိုလ်များသည် ဝိုင်းအုံကာ အချင်းချင်းပြောဆို ကျန်ရစ်ခဲ့ကြသည်တွင် တပ်သားများကလည်း ၎င်းတို့၏ဘေးမှ စုပြုံနှာထောင်လျက် ရှိကြသည်။ ၎င်းတို့အားလုံး၏ မျက်နှာများကား စိုးရိမ်ချောက်ချားသည့်အသွင်ကို ဆောင်နေကြ၏။

"ဘုရင်မင်းမြတ်က ဘာများ မိန့်တော်မူသွားသေးသလဲ။ ဘာများ မိန့်တော်မူသွားသလဲ" ၎င်းတို့သည် အချင်းချင်း မေးမြန်းလျက် ရှိကြ၏။

စစ်သူကြီး၏ ကရထားဖြတ်သွားသည့်အခါ၌မူ သံ့ပန်းများသည် တပ်သားအုပ်ကြီးထဲတွင် ထိုင်နေရ၏။ ပိယာသည် ထိုနေ့တစ်မနက်လုံး ကာရာတာယက်ကို မမြင်ဘဲရှိခဲ့ရာ ယခုမှ မြင်ရခြင်း ဖြစ်လေသည်။ ကာရာတာယက်သည် ဝတ်ရုံအင်္ကျီကို ခြုံလျက် သစ်ပင်တစ်ပင်ကို မှီ၍ ထိုင်လျက်ရှိလေသည်။ ၎င်း၏မျက်နှာသည် ယမန်နေ့က ကုန်သည်၏ ဇာတ်လမ်းကို ပြောပြစဉ်ကကဲ့သို့ ပိတိလွမ်းသော အသွင်ကို ဆောင်လျက်ရှိသော်လည်း ယနေ့မူ ထိုအသွင်မျှသာမကတော့ဘဲ လေးနက်တည်ငြိမ်သောသဏ္ဌာန်ကိုပါ ဆောင်လျက်ရှိခြင်းကို တွေ့ရ၏။

ကာရာတာယက်သည် တစ်ဖက်သားကို ကြင်နာတတ်သော မျက်လုံးဝိုင်းကြီးများဖြင့် ပိယာကို ကြည့်လျက်ရှိ၏။ ၎င်း၏မျက်လုံးများတွင် မျက်ရည်တွေ ဝဲလျက်ရှိလေသည်။ ၎င်း၏ အမူအရာမှာ ပိယာကို တစ်စုံတစ်ရာ ပြောလိုသည့်အတွက် အနီးသို့ လာစေချင်ဟန်ရှိ၏။ သို့ရာတွင် ပိယာသည် ကာရာတာယက်၏ သဘောကို အကဲခတ်၍ မရသဖြင့် မမြင်ဟန်ပြုကာ လှည့်ထွက်လာခဲ့လေသည်။

သံ့ပန်းများ ဆက်၍ ထွက်ခွာလာသောအခါ၌ ပိယာသည် လှည့်၍ ကြည့်မိပြန်သည်။ ကာရာတာယက်သည် လမ်းဘေးသစ်ပင်အောက်တွင် ထိုင်လျက်ပင်ရှိ၍ ၎င်း၏အနီး၌ ပြင်သစ်တပ်သားနှစ်ဦး ထိုင်လျက် စကား ပြောနေကြသည်။ ပိယာသည် လှည့်၍ မကြည့်တော့ဘဲ ထော့နင်း ထော့နင်းဖြင့် ကုန်းမြင့်ကလေးပေါ်သို့ တက်လာခဲ့လေသည်။

ခဏကြာသောအခါတွင် ကာရာတာယက် ကျန်ရစ်ခဲ့သော သစ်ပင်ခြေရင်းဆီမှ သေနတ်သံတစ်ချက်

www.burmeseclassic.com

www.burmeseclassic.com

ထွက်ပေါ်လာလေသည်။ ပိယာသည် ထိုသေနတ်သံကို သေချာစွာကြားလိုက်ရ၏။ သို့ရာတွင် ထိုအချိန်၌ ပိယာမှာ စမိုးလင့်သို့အရောက် စခန်းမည်မျှ သွားရဦးမည်ကို ရေတွက်၍ မပြီးသေးကြောင်း အမှတ်ရလာသဖြင့် လက်ချိုး၍ ဆက်လက်ရေတွက်လျက် ရှိပေသည်။ ပြင်သစ်တပ်သားနှစ်ယောက်သည် ပိယာ့အနီးမှ ဖြတ်၍ ရှေ့သို့ ပြေးသွားကြ၏။ တပ်သားတစ်ယောက်၏လက်၌ ယမ်းငွေ့တလူလူထွက်လျက် ရှိသော သေနတ်တစ်လက်ကို အောက်သို့ စိုက်၍ ကိုင်ထားလေသည်။ ၎င်းတို့နှစ်ဦးစလုံး၏ မျက်နှာများသည် ဖြူရော်လျက် ရှိကြ၏။ တပ်သားတစ်ယောက်သည် ပိယာကို မလုံမလဲမျက်နှာထားဖြင့် ကြည့်သွားသည်တွင် ထိုမျက်နှာပေါ်၌ လူသတ်ကုန်းတွင် ပိယာမြင်ခဲ့ဖူးသော ပြင်သစ်တပ်သားလေး၏ မျက်နှာထားကဲ့သို့ တုန်လှုပ်ချောက်ချားလျက် ရှိခြင်းကို ပိယာ တွေ့လိုက်ရသည်။ ပိယာသည် ထိုတပ်သားကို လှမ်းကြည့်လိုက်ရာမှ ထိုတပ်သားမှာ လွန်ခဲ့သော နှစ်ရက်ခန့်က အင်္ဂျီကို မီးကင်ရာ၌ မီးလောင်သွားခြင်းကြောင့် ဝိုင်း၍ အရယ်ခံရသော တပ်သားဖြစ်ကြောင်းကို သတိပြုမိလေသည်။

ကာရာတာယက် နေရစ်ခဲ့သော သစ်ပင်ခြေရင်းမှ ခွေးကလေး 'နက်ကျော်'သည် ရှည်လျားစွာ အူလျက်ရှိသည်။ 'ဒီခွေးနယ် ဘာကြောင့်များ အူနေရတာလဲ'ဟု ပိယာ တွေးလိုက်မိသည်။

ပိယာကဲ့သို့ပင် အခြားသော သံ့ပန်းများသည်လည်း သေနတ်သံ ထွက်ပေါ်လာရာ ခွေးအူသံ ထွက်ပေါ်လာရာသို့ မကြည့်ကြဘဲ မျက်နှာလွှဲသွားကြသည်။ သို့ရာတွင် ၎င်းတို့၏ မျက်နှာထားများကား တင်းမာလျက် ရှိပေသတည်း။

အခန်း ၁၅

ရိက္ခာတင်လှည်းများ၊ သံ့ပန်းများနှင့် ပြင်သစ်စစ်သူကြီး၏ ဝန်တင်လှည်းတန်းကြီးသည် ရှမ်ရှီဗိုရွာတွင် စခန်းချကြ၏။ တပ်သားများနှင့် သံ့ပန်းများသည် စခန်းမီးပုံများ အနီး၌ ဝိုင်းအုံလျက် ရှိကြလေသည်။ ပိယာသည် မီးပုံအနီးသို့ သွားကာ မြင်းသားကင်ကို စားပြီးနောက် မီးပုံကို ကျောပေး၍ လှဲချလိုက်ရာ မကြာမီ အိပ်ပျော်သွားလေသည်။ ယခုအခါ အိပ်ရခြင်းမှာ ဘိုရိုဒီနိုတိုက်ပွဲပြီးသည့်နောက် ဆိုဖာမွေ့ရာတွင် အိပ်ရခြင်းကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက် ရှိလှပေ၏။

ဤအကြိမ် အိပ်ပျော်ရာ၌လည်း မိုဇာဟေ့မှာတုန်းကကဲ့သို့ပင် တကယ့်အဖြစ်လိုလို၊ အိပ်မက်လိုလို အရာများကို မြင်မက်လေသည်။ အတွေးများသည် ပေါ်လာကြ၏။ ထိုအတွေးများမှာ ၎င်း၏ အတွေးများလိုလို၊ အခြားလူတစ်ယောက်၏ အတွေးများလိုလိုလည်းထင်ရ၏။ ထူးဆန်းသည့်အချက်မှာ ထိုအတွေးများသည် မိုဇာဟေ့တွင် အိပ်ပျော်စဉ်က အိပ်မက်ထဲတွင် ပေါ်လာသော အတွေးများပင် ဖြစ်နေခြင်း ဖြစ်လေသည်။

"အရာရာသည် ဘဝဖြစ်၏။ ဘဝသည် ဘုရားသခင်ဖြစ်၏။ အရာတိုင်းသည် ပြောင်းလဲကြ၏။ လှုပ်ရှားကြ၏။ ထိုပြောင်းလဲလှုပ်ရှားခြင်းသည် ဘုရားသခင်ဖြစ်၏။ ဘဝဟူ၍ ရှိနေသမျှ ဘုရားသခင်၏ မြင့်မြတ်ခြင်းကို အောက်မေ့ပူဇော်ရခြင်းသည် စိတ်ချမ်းမြေ့ဖွယ်ကောင်းလှ၏။ ဘဝကို ချစ်ခင်ခြင်းသည် ဘုရားသခင်ကို ချစ်ခင်ခြင်းမည်၏။ မိမိခံစားရသော ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့ကို ချစ်ခင်ခြင်းလောက် အခက်ခဲဆုံးသော၊ အမြင့်မြတ်ဆုံးသော အရာသည် လောကဌ် မရှိ'

ဤစကားများကို ကြားယောင်ပြီးနောက် ပိယာသည် ကာရာတာယက်ကို မြင်ယောင်၏။

ထိုအခိုက် ဆွစ်ဇာလန်ပြည်တွင်နေစဉ်က မိမိအား ပထဝီသင်ခန်းစာများကို သင်ကြားပေးသည့် ကြင်နာတတ်သော ဆရာအိုကြီးကို မြင်မက်ပြန်၏။ ထိုဆရာအိုကြီးက ကမ္ဘာလုံးတစ်လုံးကို ပြ၏။ ထိုကမ္ဘာလုံးကြီးမှာ လည်ပတ်နေသော ကမ္ဘာလုံးကြီး ဖြစ်လေသည်။ ထိုကမ္ဘာလုံးကြီးပေါ်၌ အစက်အပြောက်ကလေးများ ပြည့်နှက်လျက် ရှိ၏။ ထိုအစက်အပြောက်ကလေးများသည် လှုပ်ရှားနေကြကာ တစ်ခါတစ်ရံ နေရာရွေ့သွားကြ၏။ တစ်ခါတစ်ရံ၌ ထိုအစက်အပြောက်ကလေးများသည် တစ်စုတည်း စုဝေးကာ ကြီးမားသော အစက်အပြောက်ကြီး တစ်ခုဖြစ်လာပြီး တစ်ခါတစ်ရံ၌ မရေမတွက်နိုင်သော အစက်အပြောက်ကလေးများအဖြစ် လွင့်စဉ်သွားကြပြန်၏။ တစ်ခါတစ်ရံ၌ အစက်အပြောက်များသည် ကြီးမားပြန့်ကား၍ လာကြကာ တစ်ခုနှင့်တစ်ခု နေရာလု၍

www.burmeseclassic.com

www.burmeseclassic.com

နေကြ၏။ ဤသို့ ပြန်ကားရာမှ တစ်ဖန် အချို့အစက် အပြောက်များသည် ပေါင်းသွားကြကာ အချို့အစက် အပြောက်များသည် ကြီးမားသော အစက်အပြောက်ကြီး များထဲတွင် ပျောက်ကွယ်သွားကြသည်။

"ဘဝဆိုတာ အဲဒါပဲ"လို့ ဆရာအိုကြီးက ဆို၏။

"အလို လက်စသတ်တော့ ဘဝဆိုတာ လွယ်လွယ် ရှင်းရှင်းကလေးပါလား။ အစက ဒီလောက် လွယ်မှန်းမသိ ခဲ့ဘူး' ပီယာ တွေး၏။

"ဘုရားသခင်ဟာ အဲဒီအစက်အပြောက်ကလေး များရဲ့ ဗဟိုချက်မပဲ။ ဒီအစက်အပြောက်ကလေးများဟာ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဆောင်ရွက်ဖို့အတွက် တစ်ခုထက်တစ်ခု ကြီးအောင်၊ ပြန်ကားလာအောင် ရုန်း ကန်နေကြတယ်။ ဒီလို ရုန်းကန်ရင်းနဲ့ တချို့အစက် အပြောက်ကလေးများဟာ ကြီးထွားလာကြတယ်။ တချို့ ကတော့ တစ်ခုနဲ့တစ်ခု ပေါင်းသွားကြတယ်။ တချို့က တော့ ပျောက်ကွယ်သွားကြတယ်။ တချို့က နှစ်သွားပြီး တစ်ဖန် ပြန်ပေါ်လာကြတယ်။ ဟော ခု ကြည့်စမ်း၊ ကာရာတာယက်ဆိုတဲ့ အစက်အပြောက်ကလေးဟာ ပေါ် လာပြီး ပျောက်သွားပြန်ပြီ။ ဘယ်နှယ်လဲ ကလေး။ နား လည်ရဲ့ မဟုတ်လား။ နားမလည်ဘူးလား ဟင်"

ဆရာအိုကြီးက ကြင်နာစွာ ဆို၏။

"ဟေ့၊ နားမလည်ဘူးလားကွ။ ဟင် ခွေးမသား" အသံတစ်သံက အော်လိုက်သဖြင့် ပီယာသည် လန့်နိုး လာလေသည်။

ပီယာသည် ခေါင်းထူ၍ ထထိုင်လိုက်သည်။ ပြင်သစ်တပ်သားတစ်ယောက်သည် ရုရှားသုံ့ပန်းတစ် ယောက်ကို ဘေးသို့ တွန်းထုတ်၍ မီးပုံဘေးတွင် ဝင်ထိုင် လိုက်ပြီးနောက် သေနတ်ယမ်းထိုးတံကို တံစို့သဖွယ်ပြု လျက် မြင်းသားတုံးများကို ကင်နေသည်။ အင်္ဂျီလက် များကို ပင့်တင်ထားခြင်းကြောင့် အရိုးပြိုင်းပြိုင်း အမွေး ထူထူနှင့် နီရဲသော လက်မောင်းကို မြင်ရ၏။ ထိုတပ် သားသည် ၎င်း၏ ပုတိုသော လက်ချောင်းကလေးများကို တရွရွလှုပ်၍ သေနတ်ယမ်းထိုးတံကို လှည့်ပေးနေသည်။ ညိုမည်း၍ မျက်မှောင်ကြီးကုတ်ထားသဖြင့် တင်းမာလျက် ရှိသော မျက်နှာကို မီးကျီးခဲရဲရဲမှ အရောင်ဖြင့် မြင်ရ၏။

"ခွေးသားတွေ၊ ပြောရင် ထုံပေပေနဲ့။ ဒီလိုချည်း ပဲ။ ဟေ့ သူခိုး၊ သွား၊ အနားမလာနဲ့"

တပ်သားသည် နောက်မှရပ်နေသော သုံ့ပန်းတစ် ယောက်ကို မောင်းထုတ်နေပြန်သည်။

ပြင်သစ်တပ်သားသည် သေနတ်ယမ်းထိုးတံကို လှည့်ရင်း ပီယာကို သုန်မှုန်သော မျက်နှာဖြင့် ကြည့်၏။ ပီယာသည် တစ်ဖက်သို့ လှည့်ကာ အမှောင်ထဲသို့ ငေး ကြည့်နေသည်။ ပြင်သစ်တပ်သား၏ မောင်းထုတ်ခြင်းခံရ သော ရုရှားသုံ့ပန်းသည် မီးဖိုအနီးတွင် ထိုင်ရင်း တစ်စုံ တစ်ရာကို လက်ဖြင့် ပွတ်သပ်ပေးလျက် ရှိ၏။ ပီယာသည် ထိုအရာကို သေချာစွာ ကြည့်လိုက်၏။ သုံ့ပန်းအနီးတွင်ရှိ သည့် အရာကား အမြီးနှံ့လျက်ရှိသော 'နက်ကျော်' ပေ တည်း။

"ဟေ 'နက်ကျော်'ပါလား။ ကာရာ–" ပီယာ သည် စကားကို အဆုံးမသတ်ဘဲ ရပ်ထားလိုက်၏။

ပီယာ၏ မျက်စိထဲ၌ ရုပ်ပုံကားချပ်များစွာတို့သည် ဝဲလှည့်၍ ပေါ်လာကြလေသည်။ သစ်ပင်ခြေရင်းတွင် ထိုင်ရင်း မိမိအား ငေးကြည့်နေသော ကာရာတာယက်၏ မျက်နှာ၊ ထိုနေရာမှ ပေါ်ထွက်လာသည့် သေနတ်သံ၊ ခွေးအူသံ၊ ပြင်သစ် တပ်သားနှစ်ဦး၏ မလုံမလဲဖြစ်လျက် ရှိသော မျက်နှာထားများ၊ မီးခိုးတလူလူထွက်ကာ အောက် စိုက်နေသော သေနတ်၊ ကာရာတာယက်တစ်ယောက် ယခု စခန်းတွင် မပါတော့သည့်အဖြစ်။ ပီယာသည် ဤ အဖြစ်တို့ကို မြင်ယောင်၏။ ကြားယောင်၏။ ကာရာတာ ယက်တစ်ယောက် အသတ်ခံရလေပြီဟု ဆက်၍ စဉ်းစား မည်အပြုတွင် ပီယာ၏စိတ်သည် ကိုဗ်မြို့တွင် ရှိစဉ် နွေ ရာသီ ညနေခင်းတစ်ခုခွ် မိမိ၏စံအိမ်တွင် ပိုလန်သူအမျိုး သမီးချောတစ်ဦးနှင့် တွေ့ခဲ့ကြပုံကို အမှတ်ရလာ၏။ ကာရာတာယက်သေသည့်အကြောင်းကို တွေးမည့်ဆဲဆဲ ဆက်စပ်ခြင်းမရှိဘဲ ထိုကိစ္စကို အမှတ်ရလာ၏။ ဤသို့ အဆက်အစပ်မရှိသောအကြောင်းကို မည်သည့်အတွက် ကြောင့် အမှတ်ရလာသနည်းဟုလည်း ပီယာ မသိချေ။ ပီယာသည် မျက်လုံးများကိုမှိတ်လျက် နွေရာသီတွင် ကျေး လက်၌ အေးချမ်းစွာ နေခဲ့ရပုံ၊ ရေချိုးခဲ့ရပုံ၊ ကမ္ဘာလုံးကြီးကို ကြည့်၍ စာသင်ခဲ့ရပုံတို့ကို အမှတ်ရလာကာ ကြည်နူးစရာ များကိုသာ ရွေးချယ်တွေးတောလျက် ရှိလေသည်။

အရုဏ်တက် အချိန်လောက်၌ အော်ဟစ်သံများ၊

www.burmeseclassic.com

www.burmeseclassic.com

သေနတ်သံများကြောင့် ပီယာသည် အိပ်ရာမှ လန့်နိုးလာ၏။ ပြင်သစ်တပ်သားများ ဥဒဟို ပြေးလွှားလျက် ရှိလေသည်။

"ကော့ဆက်မြင်းတပ်တွေဟော့။ ကော့ဆက်မြင်းတပ်တွေ" ပြင်သစ်တပ်သားတစ်ယောက်၏ အော်သံကို ကြားရပြီးနောက် ခဏမျှအကြာတွင် မိမိဘေးတွင် ရုရှားများ ဝိုင်းအုံလျက်ရှိခြင်းကို တွေ့ရ၏။

ပီယာသည် အခြေအနေကို နားမလည်နိုင်အောင် ဖြစ်နေသည်။ ၎င်း၏ သံ့ပန်းရဲဘော်များသည် ဝမ်းသာလွန်းသဖြင့် ငိုကြွေးလျက် ရှိကြသည်။

"ရဲဘော်တို့ လာပေလို့ဗျို့။ ရဲဘော်တို့ လာပေလို့" သံ့ပန်းများသည် ကော့ဆက်မြင်းတပ်သားများကို ပွေ့ဖက်လျက် ငိုနေကြသည်။

မြင်းတပ်များနှင့် ကော့ဆက်တပ်သားများသည် သံ့ပန်းများအနီးတွင် ဝိုင်းအုံလျက် ရှိကြ၏။ အချို့က အဝတ်အထည်များ၊ ဖိနပ်များ၊ ပေါင်မုန့်များကို ပေးကြ၏။ ပီယာသည် ၎င်းတို့ကြားထဲတွင် ထိုင်ရင်း ငိုရှိုက်နေမိသည်။ စကားတစ်ခွန်းမျှ မပြောနိုင်တော့ချေ။ ပီယာသည် မိမိအနီးသို့ ရောက်လာသော ရုရှားတပ်သားကို ပွေ့ဖက်၍ ငိုနေမိလေသည်။

ဒိုလိုကော့ဗ်သည် ပျက်စီးပြိုကျနေသော မြေပိုင်ရှင်၏ အိမ်ဝင်းဝတွင် ရပ်လျက် လက်နက်ချသောပြင်သစ်တပ်သားများကို စစ်ဆေးလျက်ရှိသည်။ ပြင်သစ်များသည် အငိုက်တွင် ခံလိုက်ရခြင်းကြောင့် ဆူညံစွာ စကားပြောလျက်ရှိကြရာက ဒိုလိကော့ဗ်၏ ရှေ့သို့ရောက်သောအခါ မီးကို ရေနှင့် သတ်လိုက်ဘိသကဲ့သို့ ငြိမ်သက်သွားကြ၏။ ဒိုလိကော့ဗ်သည် ဖိနပ်များကို ကြာပွတ်ဖြင့် တဖျပ်ဖျပ်ရိုက်၍ အေးစက်စူးရှသော မျက်လုံးများဖြင့် စိုက်ကြည့်လျက်ရှိ၏။ ထိုမျက်လုံးများကား ပြင်သစ်တို့အဖို့ မကောင်းဆိုးရွား နိမိတ်ပေတည်း။ ဒိုလိကော့ဗ်နှင့် မျက်နှာချင်းဆိုင်၌ ကော့ဆက်မြင်းတပ်သားတစ်ယောက်သည် ပြင်သစ်သံ့ပန်းများကို ရေတွက်လျက် ရှိပြီး တစ်ရာပြည့်တိုင်း ပြည့်တိုင်း ဝင်းတံခါးဝတွင် မြေဖြူဖြင့် အချောင်း တစ်ချောင်း ခြစ်လျက် ရှိ၏။

"ဘယ်လောက်ရှိသွားပလဲ ဟေ့" ဒိုလိကော့ဗ်က မေးသည်။

"နှစ်ရာရှိပြီ ဗိုလ်မှူး" ကော့ဆက်မြင်းတပ်သားက ဖြေသည်။

"သွား၊ သွား ဘာရပ်နေတာလဲ" ဒိုလိကော့ဗ်က အော်လိုက်၏။ ၎င်းမျက်လုံးများသည် သံ့ပန်းများနှင့် မျက်လုံးချင်းဆိုင်မိသည်နှင့် တစ်ပြိုင်နက် ရက်စက်ကြမ်းကြုတ်သော အရောင်ဖြင့် တဖျတ်ဖျတ် တောက်လာကြသည်။

ကော့ဆက်မြင်းတပ်သားများသည် ပီတာ၏ အလောင်းကို ခြံထဲရှိ ကျင်းတစ်ကျင်းဆီသို့ မ လာကြလေရာ ၎င်းတို့၏နောက်၌ ဒင်နီဆော့ဗ်သည် ခေါင်းတွင် ဦးထုပ်မပါ မသာယာသော မျက်နှာဖြင့် လိုက်ပါလာလေသည်။

အခန်း ၁၆

အောက်တိုဘာလ ၂၈-ရက် နှင်းပွင့်တို့ ပထမဆုံးကျသည့်နေ့၌ကား ပြင်သစ်စစ်တပ်ကြီး ဆုတ်ခွာထွက်ပြေးမှုသည် ပိုမိုဝမ်းနည်းကြေကွဲဖွယ်ကောင်းသည့် အသွင်သဏ္ဌာန်ကို ဆောင်လာခဲ့လေပြီ။ တပ်သားများ သွေးခဲလျက်၊ စခန်းမီးပုံများတွင် မီးလှုံရင်း အရှင်လိုက် မီးကင်ပြီးသားဖြစ်လျက် ရှိချိန်တွင် သားမွေးဝတ်ရုံအင်္ကျီကြီးများကို ဝတ်ဆင်ထားသူပုဂ္ဂိုလ်ကြီးများ၊ ဧကရာဇ်ဘုရင် နပိုလီယန်နှင့်တကွ ဘုရင်ငယ်များ၊ နယ်စားများ ခိုးဝှက်လုယူခဲ့ကြသော ပစ္စည်းများကို တင်ဆောင်လာသည့် ကရထားကြီးများသည် ဆက်လက်ဖြတ်သန်းသွားလျက် ရှိလေသည်။ သို့ရာတွင် ပြင်သစ်တို့၏ ထွက်ပြေးခြင်းနှင့် ပြိုကွဲပျက်စီးခြင်းဖြစ်စဉ်ကြီးကား ယခင်ကကဲ့သို့ပင် အခြေခံကျကျ ဖြစ်ပေါ်လျက် ရှိလေသည်။

မော်စကိုမှ ဗျာဇမာအထိဖြစ်သော စစ်ဆုတ်လမ်းတစ်လျှောက်၌ စစ်သည် ခုနစ်သောင်း သုံးထောင်မျှရှိသော ပြင်သစ်စစ်တပ်ကြီး၌ (ထိုအထဲတွင် စစ်ပွဲတစ်လျှောက်လုံး၌ လုယက်တိုက်ခိုက်ခြင်းမှအပ အခြား ဘာမှ မလုပ်ခဲ့သည့် ကိုယ်ရံတော်တပ်များကို ထည့်သွင်းရေတွက်ခြင်း မပြုသေးပါ။) သုံးသောင်းခြောက်ထောင်မျှသာ ကျန်ခဲ့လေပြီ။ (၎င်းတို့အနက် တိုက်ပွဲတွင် ကျသူမှာ ငါးထောင်ထက် မပိုပါ။) ထိုအချိန်မှစ၍ ပြင်သစ်စစ်တပ်

www.burmeseclassic.com

www.burmeseclassic.com

ကြီး၏ ပြုကွဲပျက်စီးမှု အရေအတွက်သည် သန်းချီနှုန်းအရ တိုး၍ လာခဲ့လေသည်။ မော်စကိုမှ ဗျာဇမာ၊ ဗျာဇမာမှ စမိုးလင့်၊ စမိုးလင့်မှ ဘီရဲဇီနာ၊ ဘီရဲဇီနာမှ ဇီလနာ စသည့် စခန်းအသီးသီးကြား၌ ရာသီဥတုအေးခြင်း၊ ရုရှားတို့က လိုက်လံ တိုက်ခိုက်ခြင်း၊ လမ်းမှ ပိတ်ဆို့ခြင်း စသည့် အရာများ မပါဘဲနှင့်လည်း ပြင်သစ်စစ်တပ်ကြီးသည် ထိုနှုန်းထားအတိုင်း ပြုကွဲပျက်စီးခဲ့ရလေသည်။ ဗျာဇမာကို လွန်သောအခါ၌ ပြင်သစ်စစ်တပ်ကြီးသည် စစ်ကြောင်းသုံးကြောင်း ဖြန့်၍ လှုပ်ရှားခြင်းမပြုတော့ဘဲ ထုကြီးအဖြစ် ဆုတ်ခွာလာခဲ့ကြရာ အဆုံးသို့ ရောက်သည်အထိ ဖြစ်လေသည်။ ပြင်သစ်စစ်သူကြီး ဘားသီးယားက ၎င်း၏ စစ်တပ်ကြီးအတွင်း၌ အခြေအနေနှင့် စပ်လျဉ်း၍ ဇကရာဇ်ဘုရင်နပိုလီယန်ထံ အောက်ပါအတိုင်း အစီရင်ခံခဲ့လေသည်။ (စစ်တပ်တစ်တပ်၏ အခြေအနေကို အစီရင်ခံရာ၌ တပ်မှူးများသည် ကိုယ်ကနိုင်နေလျှင် 'သာသာထိုးထိုး' အစီရင်ခံတတ်၍ ကိုယ်ကရှုံးလျှင် 'လျော့လျော့ပေါ့ပေါ့' အစီရင်ခံတတ်ကြောင်းကိုကား ကျွန်ုပ်တို့အားလုံး သိပြီးဖြစ်ပါသည်။)

> 'လွန်ခဲ့သည့်နှစ်ရက်၊ သုံးရက်အတွင်း ဆုတ်ခွာမှုအဆင့်အသီးသီးတွင် ကျွန်တော် ကြုံတွေ့ခွင့်ရခဲ့သော တပ်ဖွဲ့အမျိုးမျိုး၏ အခြေအနေကို ဘုန်းတော်ကြီးသော ဘုရားထံ အစီရင်ခံရန်မှာ ကျွန်တော်၏ တာဝန်ဟု ယူဆပါသည်။ ကျွန်တော် တွေ့သမျှ တပ်ဖွဲ့များမှာ တပ်ပျက်လုနီးပါး အခြေသို့ ရောက်လျက် ရှိကြပါပြီ။ တပ်ရင်းတိုင်းတွင် တပ်ရင်းအလံနှင့်အတူ ရှိနေကြသူများမှာ တပ်သား လေးပုံတစ်ပုံမျှပင် မရှိတတ်တော့ပါ။ ကျန်တပ်သားများကား အစာရေစာ ရှာဖွေရန် တပ်စည်းကမ်းမှ ရှောင်ထွက်ရန်အလို့ငှာ ခြေဦးတည့်ရာကို ၎င်းတို့၏ အလိုအလျောက် ထွက်ပြေးလျက် ရှိကြပါပြီ။ ယေဘုယျအားဖြင့် ၎င်းတို့မှာ စမိုးလင့်သို့ ရောက်လျှင် အခြေအနေကောင်းလိမ့်မည်ဟု မျှော်လင့်လျက် ရှိကြပါသည်။ လွန်ခဲ့သည့် ရက်အနည်းငယ်ခန့်က တပ်သားများစွာတို့ ၎င်း၏လက်နက်များ၊ ခဲယမ်းမီးကျောက်များအား လွှင့်ပစ်ခဲ့ကြခြင်းကို မြင်ခဲ့ရပါသည်။ ဤသို့သော အခြေအနေမျိုး၌ ဘုန်းတော်ကြီးသော ဘုရားတွင် မည်သည့်စိမ်ကိန်းမျိုးရှိပြီးဖြစ်စေ တပ်တော်ကြီးကို စမိုးလင့်တွင် ပြန်လည် စုရုံးသင့်ပါသည်။ မြင်းမရှိတော့သော မြင်းတပ်များ၊ မလိုအပ်သောပစ္စည်းဝန်ထုပ်များ၊ လက်ရှိတပ်အင်အားနှင့် မမျှအောင် များပြားလျက် ရှိသော အမြောက်တပ်ပစ္စည်းများ စသည့် အရာ မရောက်သော ဝန်ထုပ်ဝန်ပိုးများကို စွန့်လွှတ်သင့်သည်ဟု ယူဆပါသည်။ ဤသို့ ပြုလုပ်ရန်လည်း အရှင်ဘုရား၏ တပ်တော်များ အကျိုးစီးပွားကို တောင်းဆိုလျက် ရှိပါသည်။ ငတ်ပြတ်ခြင်း၊ အင်အားကုန်ခန်းခြင်းကြောင့် ပင်ပန်းနွမ်းနယ်လျက်ရှိသော တပ်တော်များအား စားနပ်ရိက္ခာနှင့် ရက်အနည်းငယ်အနားယူခွင့်တို့ကို ပေးသင့်ပါသည်။ ယခု အတောအတွင်း၌ လမ်းတစ်လျှောက်တွင် လည်းကောင်း၊ ကွင်းစခန်းများတွင် လည်းကောင်း တပ်သားတို့ အဖိတ်အစဉ်များလှပါသည်။ ဤအခြေအနေသည် တစ်စထက်တစ်စ သာ ဆိုးရွားလာခဲ့ပါသည်။ ဤအခြေအနေကို ချက်ချင်း ကုစားခြင်းမပြုလျှင်ကား ရင်ဆိုင်တိုက်ပွဲဖြစ်ပွားလာပါက တပ်တော်များအား အုပ်ထိန်း၍ ရနိုင်ဖွယ်ရာ မရှိတော့ဟု စိုးရိမ်မိကြောင်းကို ရှိခိုးသံတော်ဦးတင်ပုံပါသည် ဘုရား။

နိဝင်ဘာလ၊ ၉-ရက်နေ့။

'စမိုးလင့်မှ မိုင်သုံးဆယ်ကွာ စခန်းတစ်နေရာ။'

မိမိတို့အတွက် 'လောကနိဗ္ဗာန်' သဖွယ်ဖြစ်သော စမိုးလင့်မြို့တွင်းသို့ ဒယီးဒယိုင် ဝင်ရောက်လာခဲ့ပြီးသည့်နောက်၌ ပြင်သစ်တို့သည် စားနပ်ရိက္ခာများကို လိုက်လံရှာဖွေရင်း အချင်းချင်း သတ်ဖြတ်ခြင်း ပြုကြလေသည်။ မိမိတို့၏ ရိက္ခာဌာနများကို ဖောက်ထွင်း လုယက်ကြလေသည်။ ဤသို့ဖြင့် အကုန်အစင် လုယူပြီးနောက်၌ တစ်ဖန် ဆက်လက် ထွက်ပြေးခြင်း ပြုကြပြန်သည်။

မည်သည့်အရပ်သို့ မည်သည့်အတွက်ကြောင့် သွားလျက်ရှိသည်ကိုမူ မည်သူမျှ မသိကြချေ။ ၎င်းတို့သာမက ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင်ဆိုသော နပိုလီယန်သည်လည်း မသိချေ။ ၎င်းအား အမိန့်ပေးမည့်သူ တစ်စုံတစ်ယောက်မျှ

www.burmeseclassic.com

www.burmeseclassic.com

မရှိသည့်အတွက် သာ၍ပင် မသိချေ။ သို့တိုင်အောင် နပိုလီယန်နှင့် ၎င်း၏အပေါင်းအပါများကား၊ ၎င်းတို့၏ ဓလေ့ထုံးစံဟောင်းတို့ကို စွန့်ပစ်နိုင်ခြင်း မပြုကြသေးဘဲ ဆက်လက် ကျင့်သုံးဆဲပင် ရှိကြသေးသည်။ ၎င်းတို့သည် အမိန့်များ ထုတ်ပြန်ကြသည်။ စာချွန်များ ပို့ကြသည်။ အစီရင်ခံစာချွန်များ ရေးကြသည်။ ပြန်တမ်းများ ရေးကြသည်။ ၎င်းတို့သည် 'အရှင်ဘုရား၊ နောင်တော်၊ မင်းသားကြီး အက်ကမူး၊ နေပဲဘုရင်' စသဖြင့် ဆက်လက်ခေါ်ဝေါ်သုံးစွဲလျက်ပင် ရှိကြသေးသည်။ သို့ရာတွင် ၎င်းတို့၏ အမိန့်များ၊ အစီရင်ခံချက်များသည် စက္ကူစုတ်များသာ ဖြစ်ခဲ့ကြလေပြီ။ ထိုအမိန့်ပါ အချက်များကို မည်သူက မျှလည်း ဆောင်ရွက်ခြင်းမပြုကြတော့ပြီ။ ဆောင်ရွက်ခြင်းလည်း မပြုနိုင်ကြတော့ပြီ။ ၎င်းတို့သည် 'ဘုန်းတော်ကြီးသောဘုရား၊ ကိုယ်တော်ကြီး၊ နောင်တော်ကြီး' စသဖြင့် အချင်းချင်း ဘွဲ့မည်ရည်ပေးလျက် ရှိကြသော်လည်း ၎င်းတို့သည် မကောင်းမှုများစွာကို ကျူးလွန်ခဲ့ကြသော သနားစရာ ဒုက္ခိတများသာ ဖြစ်ကြောင်း၊ ကာလဝိပါက် နောက်ပိုးတက်လျက် ရှိကြောင်းကို ၎င်းတို့အားလုံး သိခဲ့ကြလေပြီ။ ၎င်းတို့အားလုံးသည် စစ်တပ်ကြီးတစ်တပ်လုံး၏ အရေးကို တွေးတော စဉ်းစားဟန်ဆောင်လျက် ရှိကြသော်လည်း မိမိတစ်ဦးချင်းအရေး၊ ကိုယ်စီလျင်မြန်စွာ လွတ်မြောက်ရေးနှင့် အသက်ရှင်ရေးကိုသာ စဉ်းစားလျက် ရှိကြလေပြီ။

အခန်း ၁၇

မော်စကိုမှ (ရုရှားနယ်စပ်) နီမင်မြစ်ကမ်းသို့အပြန် တိုက်ပွဲစဉ်အတွင်း ရုရှားစစ်တပ်ကြီးနှင့် ပြင်သစ်စစ်တပ်ကြီး နှစ်တပ်၏ လှုပ်ရှားမှုများသည် ရုရှားကလေးများ ကစားလေ့ရှိသော 'ညောင်ပင်တဆွေကစားခြင်း' နှင့်အလားသဏ္ဌာန်တူလေသည်။ ထိုကစားနည်း၌ ကလေးနှစ်ယောက်၏ မျက်နှာကို အဝတ်စည်းပေးပြီးနောက် ကလေးတစ်ယောက်က ခေါင်းလောင်းလှုပ်၍ 'စိန်ခေါ်'ပြီးနောက် အခြားတစ်ယောက်က လိုက်ဖမ်းရ၏။ အစ၌ ပထမ ကလေးသည် ခေါင်းလောင်းကို နာနာလှုပ်၍ 'စိန်' ခေါ်လိုက်၏။ သို့ရာတွင် မရှောင်သာသည့် အခြေအကြားသို့ ရောက်သော အခါ၌ လွတ်အောင် ခြေကို ဖော့နင်းကာ ခြေကုန်သုတ်ပြေးလာခဲ့သော်လည်း နောက်ဆုံး၌ ဖမ်းသူနှင့် ပက်ပင်းတိုးနေတတ်သည်။

ပထမ၌ ကာလူဂါ ပေတစ်ရာလမ်းမကြီးပေါ်တွင် ရွှေ့လျားလျက်ရှိသည့် နပိုလီယန်၏ စစ်တပ်များသည် မိမိတို့ နေရာကို အသိပေး၍ 'စိန်' ခေါ်ခဲ့သော်လည်း နောက် စမိုးလင့်ပေတစ်ရာပေါ်သို့ ရောက်သည့်အခါတွင်မူ ခေါင်းလောင်းမှ ဆွဲလည်းကို လက်ဖြင့် အုပ်ကိုင်ကာ လွတ်လိမ့်မည် အထင်ဖြင့် ခြေကုန်သုတ်ပြေးလာခဲ့သည်၌ ရုရှားတို့နှင့် တည့်တည့်ကြီး တိုးမိလျက်သား ဖြစ်နေလေသည်။

ပြင်သစ်တို့၏ ထွက်ပြေးမှု လျင်မြန်သလောက် ရုရှားတို့၏ လိုက်လံတိုက်ခိုက်မှု လျင်မြန်ခြင်း၊ ၎င်းနှင့် အညီမြင်းများ အားပြတ်လဲကုန်ခြင်း စသည်တို့ကြောင့် ရန်သူအနေအထားကို ခန့်မှန်းရာဖွေရေးတွင် အဓိကဖြစ်သည့် နည်းလမ်းများ (မြင်းတပ်ဖြင့် ကင်းထိုးခြင်း) ကိုလည်း အသုံးပြု၍ မရတော့ချေ။ ထိုမျှမက စစ်တပ်ကြီး နှစ်တပ်၏ စခန်းများ မကြာခဏ လျင်မြန်စွာ ပြောင်းရွှေ့လျက် ရှိခြင်းကြောင့်လည်း ရသမျှသော သတင်းကိုပင် အချိန်မီ ပေးပို့နိုင်ခြင်း မရှိတော့ချေ။ စခန်းတစ်နေရာတွင် ရန်သူရှိသည်ဟူသော မနေ့က ပေးပို့လိုက်သည့် သတင်းကို ယနေ့မှ ရရှိ၍ မနက်ဖြန်မှသာ ဆောင်ရွက်နိုင်သည်ဖြစ်ရာ ထိုအချိန်၌ ရန်သူစစ်တပ်သည် ရှေ့နှစ်ရက်ခရီးသို့ ရောက်ရှိကာ အခြားစခန်းတစ်နေရာတွင် တပ်စွဲလျက် ရှိနေလေပြီ။

သို့ဖြင့် စစ်တပ်ကြီး နှစ်တပ်တို့အနက် တစ်တပ်က ရှေ့ကပြေး၍ တစ်တပ်က နောက်မှလိုက်လျက် ရှိလေသည်။ စမိုးလင့်သို့ ရောက်သော် ပြင်သစ်တို့အတွက် လမ်းအသွယ်သွယ် ပွင့်လျက်ရှိ၏။ စမိုးလင့်တွင် လေးရက်မျှ စစ်နားလျက်ရှိသည့် အတောအတွင်း၌ ပြင်သစ်တို့သည် ရန်သူတို့၏ နေရာကို သိကြလိမ့်မည်ဟု လည်းကောင်း၊ အကျိုးများသော စီမံကိန်းကို ချမှတ်ကြလိမ့်မည်ဟု လည်းကောင်း၊ အခြေအနေသစ်တစ်ခုကို ဖန်တီးလိမ့်မည်ဟု လည်းကောင်း ထင်မှတ်ဖွယ်ရာရှိ၏။ သို့ရာတွင် လေးရက်မျှ နားနေပြီးသည့်နောက်၌လည်း ပြင်သစ်အုပ်ကြီးသည် မည်သည့်စစ်ကစားမှု၊ မည်သည့်စီမံကိန်းကိုမျှ

www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ခြင်းမရှိဘဲ လမ်းဟောင်းအတိုင်း စွတ်ပြေးကြပြန်လေသည်။ လက်ဝဲသို့လည်း မလှည့်၊ လက်ယာဘက်သို့လည်း မကွေ့ဘဲ ၎င်းတို့အတွက် အဆိုးဆုံးဖြစ်သော ကရပ်စနိ–ဩရာ ပေတစ်ရာလမ်းဟောင်းကို ရွေးခဲ့ကြလေသည်။

ပြင်သစ်တို့၏စိတ်၌ ရန်သူတို့သည် နောက်ကလိုက်လာခြင်းသာဖြစ်၍ ရှေ့တွင် တွေ့ရလိမ့်မည်ဟု မျှော်လင့်မထားကြချေ။ ဤအထင်ဖြင့် ပြင်သစ်တို့သည် ၎င်းတို့ ဆုတ်ခွာရာတစ်လျှောက်တွင် တပ်များကို ခွဲကာ ဘေးတစ်ဖက်တစ်ချက်သို့ တစ်ရက်ခရီး အကွာအဝေးအထိ တပ်ဖြန့်ဆုတ်ခဲ့ကြ၏။ ထိုတပ်များရှေ့မှ ဧကရာဇ်ဘုရင် နပိုလီယန်၊ ဘုရင်ငယ်များနှင့် ထိုနောက်မှ နယ်စားများက ထွက်ပြေးနှင့်ကြ၏။ နပိုလီယန် ဓနိပါး မြစ်တစ်ဖက်ရှိ လက်ယာဘက်လမ်းမှ ဆုတ်မည်ဟု မျှော်လင့်ထားသော (ဤလမ်းမှာ နပိုလီယန်အဖို့ ယုတ္တိရှိရှိ ရွေးရမည့် တစ်ခုတည်းသောလမ်းဖြစ်ပါသည်။) ရုရှားစစ်တပ်ကြီးသည် လက်ယာဘက်သို့ ချိုးလာကာ ပေတစ်ရာလမ်းမကြီးပေါ်၌ ကရပ်စနိတွင် ဘွားခနဲပေါ်လာခဲ့သည်။ ဤတွင် 'ညောင်ပင်တစ္ဆေ' ကစားရာမှာကဲ့သို့ ပြင်သစ်စစ်တပ်ကြီးသည် ရုရှားတပ်ဦးနှင့် ထိပ်တိုက်သွားတိုးလေသည်။ ရန်သူကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ၌ ပြင်သစ်စစ်တပ်ကြီးသည် ဖရိဖရဲဖြစ်ကာ လန့်ဖျပ်ယောင်ယမ်း၍ ရုတ်တရက် တန့်လိုက်ပြီးနောက် သတိရလာသည်နှင့် တစ်ပြိုင်နက် ဆက်လက်ထွက်ပြေးခြင်း ပြုပြန်သည်။ နောက်တွင် ကျန်ရစ်ခဲ့သော ၎င်းတို့၏ သွေးသောက်များကိုပင် မစောင့်တော့ဘဲ စွန့်ပစ်ထားခဲ့လေသည်။ ထို့နောက် ပြင်သစ်စစ်တပ်ကြီး၏ သင်းကွဲလျက်ရှိသော စစ်တပ်သုံးတပ် (ပထမ ဗိုလ်ချုပ်မူးရတ်၏ တပ်များ၊ ထို့နောက် ဗိုလ်ချုပ် ဒါဗောက်၏ တပ်များနှင့် ထို့နောက် ဗိုလ်ချုပ် နေး၏ တပ်များ) သည် တစ်တပ်ပြီးတစ်တပ် ဆိုသလို ရုရှားတို့ လက်ကြားမှ တိုးဝှေ့ ထွက်ပြေးလာကြလေသည်။ ၎င်းတို့သည် အချင်းချင်းကိုလည်း စွန့်ပစ်ခဲ့ကြ၏။ ၎င်းတို့၏ လေးလံသော ဝန်စည်စလယ်များကို လည်းကောင်း၊ အမြောက်မြတပူကြီးများကို လည်းကောင်း၊ မိမိတို့ သွေးသောက်များကို လည်းကောင်း စွန့်ပစ်ခဲ့ကာ ညအချိန်တွင် ရုရှားတို့၏ စစ်ကြောင်းများကို ဖြတ်ကျော်ပြီးနောက် လက်ယာဘက်တွင် စက်ဝိုင်းခြမ်းသဏ္ဌာန်ဖြစ်အောင် ဆုတ်ခွာထွက်ပြေးကြလေသည်။

ဗိုလ်ချုပ်နေးလ်မှာ စမိုးလင့်မြို့ရိုးကို ဖောက်ခွဲခြင်းဖြင့် အလုပ်များလျက်ရှိသောကြောင့် နောက်ဆုံးမှ ဆုတ်ခွာလာခဲ့လေသည်။ စင်စစ်၌ စမိုးလင့်မြို့ရိုးသည် ၎င်းတို့ ဆုတ်ခွာရာလမ်း၌ ဘာမျှ အတားအဆီး မဖြစ်ချေ။ ဤသို့ မိမိတို့ စစ်ဆုတ်လမ်းတွင် ဘာမျှ အနှောင့်အယှက် မဖြစ်သော စမိုးလင့်မြို့ရိုးကို ဤမျှ ဒရောသောပါး ထွက်ပြေးနေသည့်ကြားက (ဒရောသောပါး ဖြစ်နေခြင်းကြောင့် ကယောင်ကတမ်းလုပ်ခြင်းလည်း ဖြစ်နိုင်ပါသည်။) ဘာမဆိုင် ညာမဆိုင် လက်ပံသား ဓား၊ နဲ့ချိုင်ဆိုသကဲ့သို့ အခြောက်တိုက် ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ခြင်းမှာကား မိမိဘာသာ ကြမ်းပြင်ပေါ်သို့ လဲကျ၍ ခိုက်မိသောကြောင့် ကြမ်းပြင်ကို ရိုက်နှက် အပြစ်ပေးပုံမျိုးနှင့် တူလှပါသည်။ စစ်သည်တစ်သောင်းရှိသော ဗိုလ်ချုပ်နေးလ်၏ တပ်ဖွဲ့များသည် နပိုလီယန်ရှိရာ ဩရာသို့ ရောက်လာသော အခါ၌ စစ်သည်တစ်ထောင်မျှသာ ကျန်တော့သည်။ ဗိုလ်ချုပ်နေးလ်သည် ၎င်း၏ ကျန်တပ်သားများအား လုံးနှင့် အမြောက်များအား လုံးကို စွန့်ပစ်ကာ ညအချိန်တွင် တောထူရာ တစ်နေရာမှ ဓနိပါးမြစ်ကို ဖြတ်ကူးပြေးခဲ့ရခြင်းဖြစ်လေသည်။

ပြင်သစ်တို့သည် ဩရာမှ တစ်ဖန် ပေတစ်ရာအတိုင်း ဗီလနာသို့ ဆက်လက်ဆုတ်ပြေးကြပြန်သည်။ လမ်းတစ်လျှောက်၌လည်း နောက်ကလိုက်လာသော စစ်တပ်ကြီးနှင့် 'တူပုန်းတမ်းကစား'သကဲ့သို့ ရှိလေသည်။ ဘီရဲနာဇီသို့ ရောက်သော် ၎င်းတို့သည် ထပ်မံ၍ အအုပ်အစည်း ပျက်ပြိုကွဲကြပြန်သည်။ အချို့ ရေနစ်သေဆုံးကြ၍ အချို့လည်း လက်နက်ချကြသည်။ သို့ရာတွင် မြစ်တစ်ဖက်ကမ်းသို့ ရောက်သူတို့မှာ ဆက်လက်ထွက်ပြေးကြပြန်လေသည်။ ၎င်းတို့၏ ရာဇာဓိပတိကား သားမွေးဝတ်ရုံအင်္ကျီကြီးကို ဝတ်ဆင်လျက် အပေါင်းအဖော်များကို စွန့်ကာ စွတ်ဖာတစ်စီးဖြင့် တစ်ယောက်တည်း ဒုန်းစိုင်း ထွက်ပြေးလေတော့သည်။ ဤသို့ မောင်းနှင်ထွက်ပြေးနိုင်သူ အားလုံးတို့သည်လည်း ဤသို့ ထွက်မပြေးနိုင်သူအားလုံးကို ရန်သူနှင့် သေမင်းလက်သို့ ဝက္ကပ်ထားခဲ့ကာ ထွက်ပြေးကြသည်သာ ဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၈

ဤတိုက်ပွဲစဉ်ကြီးတစ်ရပ်လုံးကို ခြုံကြည့်လျှင် ၎င်းမှာ ပြင်သစ်တို့ ထွက်ပြေးကြသော ဖြစ်စဉ်ကြီးတစ်ရပ်မျှသာ ဖြစ်လေသည်။ ထိုတိုက်ပွဲစဉ်အတွင်း၌ ပြင်သစ်တို့သည် ၎င်းတို့ ကိုယ်ကို ၎င်းတို့ ပျက်စီးစေမည့် အပြုအမူများကိုသာ အစွမ်းကုန် လုပ်ဆောင်ခဲ့ကြလေသည်။ ကာလူဂါပေတစ်ရာလမ်းမကြီးပေါ်သို့ လှိမ့်ဆင်းလာသည့်နေ့မှစ၍ ၎င်းတို့၏ ခေါင်းဆောင်ကြီး နပိုလီယန်စစ်တပ်မှ ထွက်ပြေးနေ့အထိ ဖြစ်သော ကာလအတွင်း ပြင်သစ်လူအုပ်ကြီး ပြုမူခဲ့သော လူပ်ရှားမှုမှန်သမျှသည် တစ်ခုမျှ အဓိပ္ပာယ်မရှိချေ။ သို့ဖြစ်ခြင်းကြောင့် ပြည်သူလူထုကြီး၏ လူပ်ရှားမှု မှန်သမျှသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဆန္ဒကြောင့် ဖြစ်ရသည်ဟု ယူဆကြသော ရာဇဝင်ဆရာများအဖို့ ထိုတိုက်ပွဲစဉ်ကာလအကြောင်းကို ရေးသားရာ၌ အဖြစ်အပျက်များကို ၎င်းတို့၏ သဘောတရားနှင့် ကိုက်အောင် ရေးနိုင်ကြရာတော့မည် မဟုတ်ဟု အချို့က ထင်ကောင်း ထင်ကြပေလိမ့်မည်။ သို့ရာတွင် ဤသို့ မဟုတ်ပါ။ ဤတိုက်ပွဲစဉ်နှင့် စပ်လျဉ်း၍ ရာဇဝင်ဆရာများသည် ရာဇဝင်ကျမ်းများကို တောင်လိုပုံမတတ် ရေးခဲ့ကြပြီး ဖြစ်ပါသည်။ ကျမ်းတိုင်း၌ နပိုလီယန်၏ အစီအမံများ၊ စစ်ကစားမှုများ၊ ၎င်း၏ စစ်တပ်ကြီးကို မီးရှူးတန်ဆောင်သဖွယ် လမ်းညွှန်လျက်ရှိသော ၎င်း၏နက်နဲသည့် စီမံကိန်းများနှင့်တကွ ၎င်း၏စစ်သူကြီးများ စစ်ရေးစစ်ရာတွင် မည်မျှပါရမီဉာဏ် ထက်မြက်ပုံတို့ကို နေရာအနှံ့ ဖော်ပြခဲ့ကြသည်သာ ဖြစ်ပါသည်။

နပိုလီယန်သည် စားနပ်ရိက္ခာပေါများရာ ဒေသတစ်ခုသို့ ဆုတ်မည်ဆိုက ရုရှားတို့၏ အနှောင့်အယှက်မှ ကင်းဝေးနိုင်သော ဘေးကင်းရန်ကင်း ပေတစ်ရာ လမ်းမကြီးတစ်လမ်း ရှိပါလျက် ထိုလမ်းအတိုင်း မဆုတ်ခဲ့ချေ။ တစ်ဖန် ထိုလမ်းမှ မဆုတ်ချင်သေးဆိုလျှင် (နောင်တွင် စစ်သေနာပတိချုပ် ကူတူဇော့ဗ် လိုက်လာခဲ့သည့်) အခြားလမ်းတစ်လမ်းရှိသေးသည်။ နပိုလီယန်သည် ထိုလမ်းမလည်း မဆုတ်ခဲ့ချေ။ အဆိုးဆုံးသော လမ်းဖြစ်သည့် မာလိုယာရိစလက် ပေတစ်ရာအတိုင်း ဆုတ်ခွာခြင်း ပြုခဲ့လေသည်။ သို့ရာတွင် ဤသို့ ရွေးစရာလမ်းအသွယ်သွယ် ရှိပါလျက်နှင့် အဆိုးဆုံးလမ်းကိုမှ ရွေးချယ်ခြင်းနှင့် ပတ်သက်၍ ရာဇဝင်ဆရာများက နပိုလီယန်ကို မည်သို့ရေးသည် ထင်ကြသနည်း။ ဤသို့ ရွေးချယ်နိုင်ခဲ့ခြင်းမှာ နပိုလီယန်၏ ဉာဏ်အမြော်အမြင်ကြီးမှကြောင့် ဖြစ်သည်ဟု ဆိုခဲ့ကြလေသည်။ စမိုးလင့်မှ ဩရှားသို့ ဆုတ်ခွာလာခဲ့ရခြင်းကိုလည်း နပိုလီယန်၏ ဉာဏ်အမြော်အမြင်ကြီးမှုဟု ဆိုကြပြန်လေသည်။ တစ်ဖန် ရုရှားစစ်တပ်ကြီးကို ရင်ဆိုင် တိုက်ခိုက်သည်ဟု ဆိုကာ စစ်သေနာပတိချုပ် အရာကို ခံယူလျက် လက်၌ သစ်ဖြူသားတုတ်ကောက်ကို ဝှေ့ယမ်းလမ်းလျှောက်ရင်း "အချင်းတို့၊ ငါသည် ဧကရာဇ်အဖြစ် အတန်ကြာ ဆောင်ရွက်ခဲ့လေပြီ။ ယခု စစ်သေနာပတိချုပ်အရာကို ခံယူရန် အချိန်တန်ပြီ"ဟု ဆိုပြီးနောက် မိမိစစ်တပ်ကြီး၏ ပြန့်ကျဲလျက်ရှိသော အပိုင်းအစများကို ကံကြမ္မာလက်သို့ ဝက္ကွက်၍ စွန့်ပစ်ထွက်ပြေးခြင်း ပြုသော အခါ၌လည်း ဤသည်မှာ နပိုလီယန်၏ သူရသတ္တိ ပြောင်မြောက်မှုဟု ဆိုခဲ့ကြပြန်လေသည်။

တစ်ဖန် စစ်သူကြီးများ (အထူးသဖြင့် စစ်သူကြီး ဗိုလ်ချုပ်နေးလ်) ၏ စိတ်သဘောထား ကြီးမြတ်ပုံကိုလည်း အကျယ်တဝင့် ဋီကာချဲ့ကြပြန်သည်။ စစ်သူကြီးနေးလ်၏ စိတ်သဘောထား ကြီးမြတ်မှုကား အခြားမဟုတ်။ အကာလ ညအခါတွင် တောထဲမှ ဖြတ်၍ ဓနိပါးမြစ်ကို ကူးပြီးနောက် စစ်တံခွန်များ၊ အမြောက်ကြီးများနှင့် မိမိ၏ တပ်သား ဆယ်ပုံကိုးပုံကို စွန့်ပစ်ကာ ဩရှားသို့ ထွက်ပြေး လွတ်မြောက်သွားခြင်းသာ ဖြစ်ပါသည်။

ရာဇဝင်ဆရာတို့သည် ထိုမျှသာမကသေးချေ။ ၎င်း၏ သူရဲကောင်းပီသသော တပ်တော်ကြီးကို နောက်ဆုံးစွန့်ခွာသွားသည့် ကြီးမြတ်သော ဧကရာဇ် နပိုလီယန်၏ အပြုအမူကိုလည်း အလွန်ကြီးမြတ်၍ ဘုန်းရှင်၊ ကံရှင်ပါရမီရှင်တို့တွင်သာ တတ်နိုင်စွမ်းသော အမှုကြီးတစ်ခုဟု ဆိုကြပြန်သည်။ စင်စစ်၌ကား ဤသို့ ကိုယ်လွတ်ရုန်း၍ ဒရောသောပါး ထွက်ပြေးသည့် အပြုအမူမျိုးသည် သာမန်အရပ်စကားဖြင့် ပြောရလျှင် ယုတ်ညံ့ သိမ်ဖျင်းခြင်းအရာတွင် ဧတဒဂ်ရလောက်သော အပြုအမူမျိုး ဖြစ်၍ ထိုအလုပ်မျိုးသည် ရှက်ဖွယ်လိလိရှိသော အလုပ်မျိုးဖြစ်ကြောင်းကို ကလေးသူငယ်များပင်လျှင် သိပြီးဖြစ်ကြပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ပို့သော်လည်း ထိုယုတ်ညံ့မှုပင်လျှင် ရာဇဝင်ဆရာတို့၏ ကလောင်ဖျား၊ ရာဇဝင်ဆရာတို့၏ ဘာသာစကား၌ကား ဘုန်းတန်ခိုး ပါရမီရှင်ကြီးတို့၏ ကြီးမြတ်သော ဆောင်ရွက်မှုကြီးတစ်ရပ် ဖြစ်ရပြန်လေတော့သည်။ ရာဇဝင်ဆရာများသည် အံ့သြဖွယ်ကောင်းလေစွ။

ရာဇဝင်ကို ဆင်ခြင်သုံးသပ်ခြင်းသည် သားရေကြိုးကို ဆွဲရသည်နှင့် တူလေသည်။ ရာဇဝင်ဆရာများသည် ရာဇဝင်ကို ဆင်ခြင်သုံးသပ်ခြင်းတည်းဟူသော သားရေကြိုးကို လိုသလို ဆွဲဆန့်ပြီး၍ ထပ်မံဆွဲဆန့်ခြင်း မပြုနိုင်တော့သည့်အချိန်၊ ရာဇဝင်ကျော်လူစွမ်းကောင်းဆိုသူများ၏ လုပ်ဆောင်ချက်များသည် လူ့ဘောင်ကြီးက သတ်မှတ်ထားသော မှန်ကန်ခြင်း၊ တရားမျှတခြင်း စသည့်အရာတို့နှင့် ငြင်းကွယ်မရအောင် ဆန့်ကျင်လျက်ရှိသော အချိန်၌ကား ၎င်းတို့သည် 'ကြီးမြတ်ခြင်း'ဆိုသော အယူအဆတစ်ရပ်ကို ထုတ်လုပ်ဖန်တီးလာကြပြန်ကာ ရာဇဝင် လူစွမ်းကောင်းဆိုသူများကို အဖတ်ဆယ်ပေးကြပြန်လေသည်။ ၎င်းတို့စိတ်၌ 'ကြီးမြတ်ခြင်း'ဟူသော အများက သတ်မှတ်ထားသော အမှားနှင့် အမှန် 'စံ'ထားချက်များ၏ အထက်တွင် ရှိသည်ဟု ထင်မှတ်ကြပုံ ရပါသည်။ 'ကြီးမြတ်သော'ပုဂ္ဂိုလ်တို့ ပြုလုပ်သမျှသော အရာတိုင်းသည် မည်သည့်အခါမျှ မမှားဟု ၎င်းတို့ ယူဆကြပါသည်။ 'ကြီးမြတ်သော'ပုဂ္ဂိုလ်တို့၏ ရက်စက်ကြမ်းကြုတ်မှုတို့ကိုလည်း အပြစ်မဆိုစကောင်းဟု ထင်ကြပုံရပါသည်။

ရာဇဝင်ဆရာများသည် 'ကြီးမြတ်ခြင်း'ဟူသော စကားကို ရေလဲဖြင့် သုံးတတ်ကြလေရာ ၎င်းတို့အမြင်၌ ကောင်းခြင်းနှင့် ဆိုးခြင်း ဟူ၍ မခွဲခြားတတ်တော့ချေ။ 'ကြီးမြတ်ခြင်း'နှင့် 'မကြီးမြတ်ခြင်း' ဟူ၍သာ ခွဲခြားတတ်ကြတော့သည်။ 'ကြီးမြတ်ခြင်း'သည် ကောင်း၍ 'မကြီးမြတ်ခြင်း'သည် ဆိုးသည်ဟု ၎င်းတို့ ယူဆကြဟန် တူပါသည်။ ရာဇဝင်ဆရာတို့၏ အမြင်၌ 'ကြီးမြတ်ခြင်း' ဟူသည် 'လူစွမ်းကောင်း'ဟု ခေါ်သော အထူးသတ္တဝါတစ်မျိုး၏ အရည်အချင်းတစ်ခုဟု ထင်မှတ်နေကြပုံရသည်။ နပိုလီယန်သည်လည်း မိမိ၏ ရဲဘော်များလည်းဖြစ် (၎င်း၏ အထင်အရ) မိမိခေါ်ဆောင်လာသူများလည်း ဖြစ်သော စစ်သည်များကို စွန့်ပစ်လျက် နွေးထွေးသော သားမွေးဝတ်ရုံကြီးဝတ်၍ ထွက်ပြေးခြင်းကို 'ကြီးမြတ်သော အမှုကြီး'တစ်ခုဟု ထင်မှတ်လျက်ရှိကာ ကြည်နူးလျက် ရှိလေသည်။ အံ့သြဖွယ် ကောင်းလေစွ။

'မွန်မြတ်ခြင်းအဖြစ်မှ (နပိုလီယန်သည် သူ့ကိုယ်သူ မွန်မြတ်သည်ဟု ယူဆလျက်ရှိ၏။) ပြက်ရယ်ပြုခံရခြင်းအဖြစ်သို့ သွားရာလမ်း၌ ခြေတစ်လှမ်းသာ ရှိသည်'ဟု နပိုလီယန်က ပြောခဲ့ဖူး၏။ သို့ဖြင့် ကမ္ဘာကြီးသည် 'မွန်မြတ်ခြင်း'၊ 'ကြီးမြတ်ခြင်း'၊ 'နပိုလီယန်၏ ကြီးမြတ်ခြင်း'စသည်တို့ကို အနှစ်ငါးဆယ် ကာလပတ်လုံး တဖွဖွ ရွတ်ဆိုခဲ့လေသည်။

သို့ရာတွင် လောကဌ မှားခြင်း၊ မှန်ခြင်း စသည့် 'စံ'ထားချက်များနှင့် နှိုင်းယှဉ် ချိန်ထိုးမရသော 'ကြီးမြတ်ခြင်း'ဟူ၍ မရှိချေ။ ဤသို့ ရှိသည်ဟု အသိအမှတ်ပြုခြင်းသည် မိမိ၏ အသိတရား ခေါင်းပါးပုံနှင့် အတိုင်းအဆမရှိ ယုတ်ညံ့သိမ်ဖျင်းပုံကို ထုတ်ဖော်ဝန်ခံရာရောက်ကြောင်းကိုကား မည်သူမျှ မစဉ်းစားမိကြချေ။

ကျွန်ုပ်တို့အဖို့ကား အရာရာကို ကြည့်မြင်ရာ၌ ခရစ်တော်က ပေးအပ်ခဲ့တော်မူသော မှားခြင်း၊ မှန်ခြင်း 'စံ'ထားချက်တို့ဖြင့် နှိုင်းယှဉ်ချိန်ထိုး၍ ကြည့်လေသည်။ နှိုင်းယှဉ်ချိန်ထိုးခြင်း မပြုစကောင်းသော လူပုဂ္ဂိုလ်တို့၏ ဆောင်ရွက်ချက် ဟူ၍ မရှိနိုင်ချေ။ ရိုးသားဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းနှင့် မှန်ကန်ခြင်းတို့ မရှိရာအရပ်၌ ကြီးမြတ်ခြင်းဟူ၍ မရှိနိုင်ချေ။

အခန်း ၁၉

၁၈၁၂–ခုနှစ် တိုက်ပွဲစဉ်၌ နောက်ဆုံးကဏ္ဍနှင့် စပ်လျဉ်းသည့် ရာဇဝင်ကျမ်းများကို ဖတ်ရှုလေ့လာပြီးသည့်နောက်၌ မည်သည့်ရုရှားအမျိုးသားသည် နောင်တသံဝေဖြစ်ခြင်း မရှိဘဲနေမည်နည်း။ စိတ်မချမ်းမသာ မဖြစ်ဘဲ နေမည်နည်း။ ရှုပ်ထွေး မျက်စိလည်ခြင်း မဖြစ်ဘဲ နေမည်နည်း။ ရုရှားတပ်မတော်ကြီး သုံးခုက သာလွန်ကြီးမားသော အင်အားဖြင့် ဝိုင်းရံထားပါလျက်၊ ငတ်မွတ်သွေးခဲမတတ်ရှိ၍ ဖရိုဖရဲဖြစ်လျက်ရှိသော ပြင်သစ်တို့ တဖွဲဖွဲ လက်နက်ချခဲ့ကြပါလျက် (ရာဇဝင်ဆရာတို့ ပြောသည့်အတိုင်း ဆိုလျှင်) ရုရှားတို့၏ ရည်ရွယ်ချက်သည်လည်း ပြင်သစ်တို့ကို ပိတ်ဆို့ရန်၊ ဖြတ်တောက်ရန်၊ ၎င်းတို့အားလုံး

www.burmeseclassic.com

www.burmeseclassic.com

ကို လက်ရဖမ်းဆီးရန် ဖြစ်ပါလျက်နှင့် ပြင်သစ်တို့အား လုံးအာဏာအတွက်ကြောင့် ဖျက်ဆီးချေမှုန်းခြင်း မခံရသနည်း။

ရုရှားစစ်တပ်ကြီးသည် လွန်စွာ အင်အားနည်း လျက်ရှိချိန်ကပင် ပြင်သစ်တို့ကို ဘိုရိုဒီနိုတွင် ခုခံတိုက်ခိုက်နိုင်ခဲ့သေးလျှင် ယခု ပြင်သစ်စစ်တပ်ကြီးကို သုံးဘက်မှ ဝိုင်းကာ ၎င်းတို့အား လုံးကို လက်ရဖမ်းရန် ကြံရွယ်ခဲ့သည့်အချိန်၌ အဘယ်ကြောင့် ရည်ရွယ်ချက် အောင်မြင်အောင် မလုပ်နိုင်ခဲ့သနည်း။ ကျွန်ုပ်တို့က သာလွန်ကြီးမားသော အင်အားဖြင့် ဝိုင်းခန်းထားပါလျက် ၎င်းတို့ကို နိုင်အောင် မတိုက်နိုင်ခဲ့သည်မှာ ပြင်သစ်တို့ကပင် ကျွန်ုပ်တို့ထက် အတိုင်းထက်အလွန် သာလွန် အင်အားကြီးမားနေ၍လော။ မည်သို့နည်း။ မည်သည့်အတွက် ဤသို့ဖြစ်ရသနည်း။

နောင်းလူတို့သည် ဤမေးခွန်းများကို မေးလျက် ရှိကြ၏။

ရာဇဝင် (သို့မဟုတ် ရာဇဝင်ဟုခေါ်သောအရာ) က ဤမေးခွန်းများကို ဖြေကြားရာ၌ ဤသို့ ဖြစ်ရခြင်းမှာ ဗိုလ်ချုပ်ကူတူဇော်ဗ်၊ ဗိုလ်ချုပ် တိုမာဆော့ဗ်၊ ဗိုလ်ချုပ်ရှီချာဂေါ့ဗ်နှင့် တကွ ထိုထို့ဤဤ ပုဂ္ဂိုလ်တို့က ဤသို့ ဤသို့သော စစ်ကစားမှုများကို ပြုလုပ်ခြင်း မရှိသောကြောင့် ဖြစ်သည်ဟု ဖြေကြားလေ့ ရှိ၏။

သို့ဖြစ်လျှင် ထိုပုဂ္ဂိုလ်များကကော ထိုစစ်ကစားမှုများကို အဘယ်ကြောင့် မပြုလုပ်ကြသနည်း။ ကြို့တင် စီမံချက်များကို အကောင်အထည် မဖော်သည့်အတွက် အပြစ်ရှိသည်ဆိုလျှင် ၎င်းတို့အား မည်သည့်အတွက်ကြောင့် စစ်ဆေးအပြစ်ပေးခြင်း မပြုသနည်း။ ရုရှားတို့ ဤသို့ မလုပ်နိုင်ခဲ့ခြင်းမှာ ဗိုလ်ချုပ် ကူတူဇော်ဗ်၊ ဗိုလ်ချုပ် ရှီချာဂေါ့ဗ်တို့ကြောင့်ပင် ဖြစ်သည်ထားပါဦး။ ရုရှားစစ်တပ်ကြီး၏ ရည်ရွယ်ချက်သည် ပြင်သစ် စစ်တပ်ကြီးနှင့် တကွ ၎င်း၏စစ်ကြီးများ၊ ဘုရင်ငယ်များနှင့် ဧကရာဇ်ဘုရင် နပိုလီယန်ကို လက်ရဖမ်းရန် ကြံရွယ်ခဲ့သည်ဟု ဆိုလျှင် ကရပ်စနိုနှင့် ဘီရဲဇီနာတို့တွင် အဘယ်ကြောင့် ထိုသို့ မလုပ်ခဲ့သနည်း။ (ထိုဒေသနှစ်ခုစလုံး၌ ရုရှားတို့က သာလွန် အင်အား ကြီးမားခဲ့သည် မဟုတ်လော။) အဘယ်ကြောင့် လက်ရမဖမ်းနိုင်ခဲ့သနည်း။ ဤသည်ကို ကျွန်ုပ်တို့ နားမလည်နိုင်ချေ။

ဤထူးဆန်းသော အခြေအရာတို့ကို ရှင်းလင်းဖော်ပြရာ၌ ဤသို့ ဖြစ်ရသည်မှာ ရုရှားစစ်သေနာပတိချုပ် ကူတူဇော်ဗ်က ထိုးစစ်တိုက်စစ်ပြုရန် ဟန့်တားသောကြောင့် ဖြစ်သည်ဟု ရုရှား စစ်သမိုင်းဆရာများက မိန့်ဆိုကြသည်။ ဤအဆိုအမိန့်သည်လည်း အခြေအမြစ်မရှိချေ။ ကူတူဇော်ဗ်သည် ဟန့်တားခဲ့သော်လည်း အဘယ်မှာများ ဟန့်တား၍ ရခဲ့ပါသနည်း။ ဗျာဇမာနှင့် တာရူတီနိုတွင် ကူတူဇော်ဗ်တားသည့်ကြားထဲက ရုရှားတို့သည် ဝင်တိုက်ခဲ့ကြသည် မဟုတ်လော။ ဤအချက်ကို ကျွန်ုပ်တို့ သိပြီးဖြစ်သည့်အတွက် ကူတူဇော်ဗ် ဟန့်တား၍ ဤသို့ ဖြစ်ရသည်ဆိုသော စကားသည် အခြေအမြစ်မရှိချေ။

တစ်ဖန် ဘိုရိုဒီနိုတိုက်ပွဲ၌ ပြင်သစ်တို့က အင်အားအလုံးအရင်းဖြင့် ထိုးနှက်ခဲ့သည်ကို ချည့်နဲ့သော အင်အားဖြင့် ခုခံတိုက်ခိုက်ခဲ့သော ရုရှားစစ်တပ်ကြီးသည် ကရပ်စနိုနှင့် ဘီရဲဇီနာတွင် မိမိက သာလွန်အင်အား ကြီးမားပါလျက် ဖရိဖရဲဖြစ်လျက်ရှိသော ပြင်သစ်လူအုပ်ကြီးကို အဘယ့်ကြောင့် အရှုံးပေးခဲ့ရသနည်း။

အကယ်၍ ရုရှားတပ်တို့၏ ရည်ရွယ်ချက်သည် ပြင်သစ်စစ်တပ်ကြီးကို ဖြတ်တောက်ကာ နပိုလီယန်နှင့် ၎င်း၏ စစ်သူကြီးများကို လက်ရဖမ်းရန် ဖြစ်သည်ဟုဆိုလျှင် (ထိုရည်ရွယ်ချက်သည် အောင်မြင်ခြင်း မရှိခဲ့ရုံမျှမက ထိုရည်ရွယ်ချက် အောင်မြင်ရေးအတွက် ကြိုးစားမှုဟူသမျှသည်လည်း အရှက်တကွဲအကျိုးနည်းဖြစ်ခဲ့ရသည့်အတွက်) ဤတိုက်ပွဲစဉ်ကာလသည် မိမိတို့၏ အောင်ပွဲဖြစ်သည်ဟူသော ပြင်သစ်ရာဇဝင်ဆရာတို့၏ အယူအဆကို အမှန်ဟု လက်ခံ၍ မိမိတို့၏ အောင်မြင်မှုကြီး ဖြစ်သည်ဟူသော ရုရှားရာဇဝင်ဆရာတို့၏ အယူအဆကို မှားသည်ဟု ဆိုရပေလိမ့်မည်။

ရုရှားရာဇဝင်ဆရာများသည် ယုတ္တိရှိရှိ တွေးခေါ်စဉ်းစားကြသူများဖြစ်လျှင် ဤကောက်ချက်ကို ဝန်ခံရမည်သာ ဖြစ်လေသည်။ ၎င်းတို့က ရုရှား တပ်မတော်ကြီး၏ သူရဲသတ္တိ ပြောင်မြောက်ပုံ၊ သစ္စာရှိပုံတို့ကို မည်မျှခမ်းနားကြီးကျယ်စွာ မော်ကွန်းထိုးကြစေကာမူ ပြင်သစ်တို့ မော်စကိုမှ ဆုတ်ခွာသွားခြင်းသည် နပိုလီယန်အတွက် အောင်ပွဲဖြစ်၍ ကူတူဇော်ဗ်အတွက် ဆုံးရှုံးမှုဖြစ်သည်ဆို

www.burmeseclassic.com

www.burmeseclassic.com

ခြင်းကို (စိတ်မပါ့တပါဖြင့် ဖြစ်စေ) ဝန်ခံရမည်သာ ဖြစ်လေသည်။

သို့ရာတွင် (ရုရှားဖြစ်၍ ရုရှားလူမျိုးဘက်ကလိုက်သည် ထင်ကာမှထင်ရော့) လူမျိုးရေး အစွဲအလမ်းမရှိ၊ မျက်နှာလိုက်ခြင်းမရှိဘဲ ပြောရမည်ဆိုပါက ဤကောက်ချက်သည်လည်း ရှေ့နောက် ညီညွတ်ခြင်း မရှိပြန်ချေ။ ထိုတိုက်ပွဲစဉ်သည် ပြင်သစ်တို့အဖို့ အောင်ပွဲဖြစ်သည်ဆိုလျှင် အဘယ်ကြောင့် ပြင်သစ်စစ်တပ်ကြီး ဗုန်းဗုန်းလဲကျဆုံးခဲ့ရသနည်း။ ရုရှားတို့၏ ဆုံးရှုံးမှုဆိုလျှင် အဘယ်ကြောင့် ရန်သူတို့ကို လုံးဝ ပျက်ပြုန်းစေ၍ ရုရှားပြည်ကြီးကို လွတ်မြောက်စေနိုင်ခဲ့သနည်း။

ဤသို့ ရှေ့နောက်မညီမညွတ် ဖြစ်နေခြင်းမှာ အခြားကြောင့် မဟုတ်ချေ။ ရာဇဝင်ဆရာများသည် ဘုရင်ဧကရာဇ်များနှင့် စစ်ဗိုလ်များ၏ စာချွန်များ၊ မှတ်စု မှတ်တမ်းများ၊ အစီရင်ခံချက်များ၊ စီမံကိန်းများမှတစ်ဆင့် အဖြစ်အပျက်များကို လေ့လာပြီးနောက် ၁၈၁၂-ခုနှစ် ထိုတိုက်ပွဲစဉ်ကာလ၌ တကယ်မရှိသော ရည်ရွယ်ချက်ကို တကယ်ရှိလေဟန် ရေးခဲ့ကြခြင်းကြောင့် ဖြစ်လေသည်။ တစ်နည်းဆိုရလျှင် နပိုလီယန်နှင့်တကွ ၎င်း၏စစ်သူကြီးများနှင့် စစ်တပ်ကြီးတစ်ခုလုံးကို ဖြတ်တောက်ရန်၊ လက်ရဖမ်းရန် ရုရှားတို့၌ ကြိုရွယ်ချက်ရှိခဲ့သည်ဟု မရှိကို အရှိလုပ်၍ ရေးခဲ့ကြသောကြောင့် ဤသို့ ရှေ့နောက်မညီမညွတ် ဖြစ်နေရခြင်း ဖြစ်လေသည်။

စင်စစ်၌ကား ရုရှားတို့၌ အဆိုပါ ကြိုရွယ်ချက်မျိုး မရှိခဲ့ချေ။ ရှိလည်း မရှိနိုင်ချေ။ မရှိရခြင်းမှာ အဓိပ္ပာယ်မရှိသောကြောင့် ဖြစ်လေသည်။ ထိုကြိုရွယ်ချက်ကို အကောင်အထည်ဖော်ရန် မဖြစ်နိုင်သောကြောင့် ဖြစ်လေသည်။

အဓိပ္ပာယ်မရှိဟု ဆိုရခြင်းမှာ အောက်ပါအကြောင်းများကြောင့် ဖြစ်သည်။

ပထမအချက်။ ။ နပိုလီယန်၏ဖရိဖရဲ စစ်တပ်ကြီးသည် အမြန်ဆုံး နှုန်းထားဖြင့် ရုရှားပြည်တွင်းမှ ထွက်ပြေးလျက် ရှိသောကြောင့် ဖြစ်သည်။ တစ်နည်းဆိုရလျှင် ရုရှားတိုင်း တောင့်တသောအရာကို ၎င်းဘာသာ အလိုအလျောက် ပြုလုပ်နေပြီ ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် မြန်နိုင်သမျှ မြန်မြန်ထွက်ပြေးလျက် ရှိသော ပြင်သစ်စစ်တပ်ကြီးကို စစ်ဆင်ရေး အမျိုးမျိုး ပြုလုပ်ခြင်းဖြင့် မည်သို့ အကျိုးထူးဦးမည်နည်း။ ဤသို့ ပြုလုပ်ခြင်းသည် အဓိပ္ပာယ်ကင်းမဲ့မည်သာ ဖြစ်သည်။

ဒုတိယအချက်။ ။ နပိုလီယန်၏ စစ်တပ်ကြီးသည် မိမိ၏ ရှိသမျှစွမ်းအားကို အစွမ်းကုန်သုံး၍ ထွက်ပြေးရန် ဦးတည်လျက် ရှိသည်။ ဤသို့ ဦးတည်လျက်ရှိသော စစ်တပ်ကြီးကို လမ်းမှ ပိတ်ဆို့ခြင်းဖြင့် မည်သို့ အကျိုးထူးဦးမည်နည်း။ ဤသို့ ပြုလုပ်ခြင်းသည် အဓိပ္ပာယ်ကင်းမဲ့မည်သာ ဖြစ်သည်။

တတိယအချက်။ ။ ပြင်သစ်စစ်တပ်ကြီးသည် ပြင်ပ ပယောဂမပါဘဲနှင့်ပင် အလိုအလျောက်ပျက်စီးပြိုကွဲလျက် ရှိသည်။ လမ်းမှ ပိတ်ဆို့ခြင်း မပြုဘဲနှင့်ပင် နယ်စပ်ကို ဖြတ်ကျော်သောအခါ၌ ပြင်သစ်စစ်တပ်ကြီးတွင်မူလ အင်အား၏ အပုံတစ်ရာပုံ တစ်ပုံထက်ပင် ကျန်တော့မည်မဟုတ်။ (ဒီဇင်ဘာလထဲတွင် နယ်စပ်ကို တကယ်ကျော်ဖြတ် ဆုတ်ခွာသွားသောအခါ၌ ထိုမျှသာ ကျန်တော့သည်။) ဤသို့သော နှုန်းထားဖြင့် ပျက်စီးပြိုကွဲလျက်ရှိသော စစ်တပ်ကြီးကို ချေမှုန်းရန်အတွက် မိမိတပ်သားများ၏ အသက်ကို အဘယ့်ကြောင့် အလဟဿ ဆုံးရှုံးခံဦးမည်နည်း။ ဤသို့ ပြုလုပ်ခြင်းသည် အဓိပ္ပာယ်ကင်းမဲ့မည်သာ ဖြစ်သည်။

စတုတ္ထအချက်။ ။ နပိုလီယန်နှင့်တကွ ဘုရင်ငယ်များ၊ နယ်စားများကို လက်ရဖမ်းလိုသော ဆန္ဒသည်လည်း အဓိပ္ပာယ်မရှိချေ။ ၎င်းတို့ကို ဖမ်းဆီးခြင်းသည် ရုရှားတို့အဖို့ အလွန် 'ကြောင်'သော အလုပ်ကြီးတစ်ခုဖြစ်သည်။ ဤသည်ကို ထိုစဉ်က ကျွမ်းကျင်လိမ္မာဆုံးသော သံတမန်များ (ဥပမာ ဂျိုးဇက် ဒီမေတား စသည်)ကလည်း ထောက်ပြခဲ့ကြသည်။ ထိုမျှမက ပြင်သစ်တို့၏ တပ်ဖွဲ့ကြီးများကို လက်ရဖမ်းလိုသည်ဆိုခြင်းမှာ သာ၍ပင် အဓိပ္ပာယ်မရှိချေ။ ထိုအချိန်၌ ရုရှားတပ်များကိုယ်တိုင် သည်ပင်လျှင် ကရပ်စနိုသို့ မရောက်မီကတည်းက တစ်ဝက်ကျော်မျှ သေကြေပျက်စီးခဲ့ပြီးဖြစ်သည်။ ထိုမျှမက ပြင်သစ်သုံ့ပန်း တပ်ဖွဲ့ကြီးများကို စောင့်ရှောက်ရန်အတွက် တပ်မကြီး တစ်တပ်စာမျှ သုံးရဦးမည် ဖြစ်သည်။ ရုရှားတပ်များ ကိုယ်တိုင်ရိက္ခာကို အပြည့်အဝမရဘဲ မလောက်မငစားနေရချိန်လည်း ဖြစ်သည်။ လက်ရဖမ်းပြီး သုံ့ပန်းများပင်

www.burmeseclassic.com

www.burmeseclassic.com

လျှင် တော်ပြတ်သေကြေ ပျက်စီးလျက် ရှိချိန် ဖြစ်သည်။ ထို့ကြောင့် ဤအချိန်မျိုးတွင် ပြင်သစ် ဧကရာဇ်နှင့်တကွ ၎င်း၏ စစ်သူကြီးများ၊ တပ်ဖွဲ့များကို လက်ရဖမ်းဆီးမည် ဆိုခြင်းသည် လားလားမျှ အဓိပ္ပာယ် မရှိချေ။

နပိုလီယန်နှင့်တကွ စစ်တပ်ကြီး ဖြတ်တောက်ရန် ဖမ်းဆီးရန်ဆိုသည့် နက်နဲသော စီမံကိန်းများ အားလုံးသည် မိမိစိုက်ပျိုးထားသည့် ပျိုးခင်းကို ဝင်နင်းသည့် နွားအား ခြောက်လှန့် မောင်းနှင်ရာ၌ ပြေးထွက်လာသော နွား၏ ခေါင်းကို ခြံဝမှ ဆီးပိတ်ရိုက်နှက်သော ခြံသမား တစ်ယောက်၏ စီမံကိန်းမျိုးသာ ဖြစ်လေသည်။ ပြေးထွက်လာသည့်နွားသည် ခြံဝတွင် ပြေးပေါက် ပိတ်လျက် ရှိခြင်းကြောင့် ခြံထဲသို့ ပြန်လှည့်ကာ ပျိုးခင်းများကို နင်းပစ်ဦးမည်သာ ဖြစ်လေသည်။ ခြံသမားသည် မိမိပျိုးခင်း ပျက်စီးသည့်အတွက် စိတ်ဆိုးလွန်းသောကြောင့် ဤသို့ လုပ်ရခြင်း ဖြစ်သည်ဟု ပြောနိုင်ပါသေးသည်။ ခွင့်လွှတ်နိုင်ပါသေးသည်။ သို့ရာတွင် နပိုလီယန်ကို ပိတ်ဖမ်းရန် စီမံကိန်းကို ရေးဆွဲသူ နိုင်ငံခြားသားတို့အဖို့ကား ထိုစကားမျိုးကိုပင် မပြောနိုင်ချေ။ ပျိုးခင်းကို ဝင်နင်း၍ နှစ်နာဆုံးရှုံးရသူမှာ ၎င်းတို့ မဟုတ်ချေ။

နပိုလီယန်၏ စစ်တပ်ကြီးကို ဖြတ်တောက်ဖမ်းဆီးရန် အကြံသည် အဓိပ္ပာယ်မရှိကြောင်းကို ဆိုခဲ့ပြီ။ ထိုအကြံသည် အဓိပ္ပာယ်မရှိရုံမျှမက ဖြစ်လည်း မဖြစ်နိုင်ချေ။

မဖြစ်နိုင်ဟု ဆိုရခြင်းမှာ အောက်ပါအကြောင်းများကြောင့် ဖြစ်သည်။

ပထမအချက်။ ။ စစ်တလင်းတစ်ခုတွင် သုံးမိုင် မျှရှည်သော စစ်ကြောင်းများ၏ လူပ်ရှားမှုသည် မည်သည့် အခါမျှ စီမံကိန်းများအတိုင်း ဖြစ်မလာသောကြောင့် ဖြစ်သည်။ ဤသည်ကို အတွေ့အကြုံက ပြသခဲ့ပြီး ဖြစ်လေသည်။ ဗိုလ်ချုပ် ရီချာဂေါ်ဗ်၊ ဗိုလ်ချုပ် ကူတူဇော့ဗ်နှင့် ဗိုလ်ချုပ် ဝပ်ဂျင်စတိန်းတို့ သတ်မှတ်ထားသော နေရာတွင် သတ်မှတ်ထားသော အချိန်အတွင်း တွေ့ဆုံကြရန် ဆိုသည့်ကိစ္စသည် ရေထဲ အရုပ်ရေးရသည့်နယ် မဖြစ်နိုင်သော ကိစ္စဖြစ်သည်။ ထိုစီမံကိန်းကို ရရှိသောအခါ၌ အဝေးမှ ဆွဲပေးသော စီမံကိန်းများသည် တကယ့်ပကတိ ရုပ်နှင့် ကွာဟလှသည့်အတွက် လိုရာခရီးသို့ ရောက်ခဲလှသည်ဟု စစ်သေနာပတိချုပ် ကူတူဇော့ဗ်ယူဆ၍ ထိုအတိုင်းလည်း ထုတ်ဖော်ပြောခဲ့သည်။ ဤအကြောင်းကြောင့် မဖြစ်နိုင်ဟု ဆိုရခြင်း ဖြစ်သည်။

ဒုတိယအချက်။ ။ နပိုလီယန်စစ်တပ်ကြီး၏ ဆုတ်ခွာမှုအရှိန်အဟုန်ကို ရပ်တန့်တားဆီးရန်မှာ ရုရှားတို့အဖို့ လက်ရှိ အင်အားထက် မနှိုင်းယှဉ်သာအောင်ကြီးမားသော အင်အားကို လိုအပ်သည့်အတွက်ကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် မဖြစ်နိုင်ဟု ဆိုရခြင်း ဖြစ်သည်။

တတိယအချက်။ ။ 'ဖြတ်တောက်ရန်' ဟူသော စစ်ဝေါဟာရသည် အဓိပ္ပာယ် မရှိချေ။ လူတစ်ယောက်သည် ပေါင်မုန့်တစ်လုံး၊ သို့မဟုတ် ကြိုးတစ်ချောင်းကို ဖြတ်တောက်ခြင်းပြုနိုင်ပါသည်။ သို့ရာတွင် စစ်တပ်ကြီးတစ်တပ်ကိုမူ ဖြတ်တောက်ခြင်း မပြုနိုင်ချေ။ ဖြတ်တောက်ခြင်း ဟူသည် ထိုစစ်တပ်ကြီးကို ပိတ်ဆို့ခြင်းဟု အဓိပ္ပာယ်ထွက်ရာ ထိုစစ်တပ်ကြီး၏ လမ်းကို မည်သို့ပိတ်ဆို့နိုင်မည်နည်း။ ထိုလမ်းအပြင် အခြားခြေချစရာမြေကြီး မရှိတော့ပြီလော။ အကာလ ညအခါ အမှောင်ထုထဲ၌ တိတ်တဆိတ် ချီတက်ခြင်း မပြုနိုင်တော့ပြီလော။ ရှောင်ကွင်းသွား၍ မရတော့ပြီလော။ ကရပ်စနိုနှင့် ဘီရဲဇီနာတို့တွင် ပြင်သစ်တို့ တောထဲမှ ညအချိန် ထွက်ပြေးကြခြင်းကို စစ်ပါရဂူဆိုသူတို့ မသိတော့ပြီလော။ ပျံလွှားငှက်တစ်ကောင်ကို ဖမ်းလိုလျှင် မိမိလက်ပေါ်သို့ လာနားသည့်အခါကျမှ ဖမ်း၍ ရနိုင်သည့်နည်းတူ သုံ့ပန်းများကို ဖမ်းလိုသည်ဆိုလျှင်လည်း ၎င်းတို့ကိုယ်နှိုက်က အဖမ်းခံရန် သဘောတူမှသာ ဖြစ်နိုင်လေသည်။ ဂျာမန်များ လုပ်လေ့ရှိကြသကဲ့သို့ သေနင်္ဂဗျူဟာများ၊ နည်းပရိယာယ်များနှင့် အညီ လက်နက်ချခြင်းပြုမှသာ သုံ့ပန်းများကို ဖမ်းဆီးခြင်း ပြုနိုင်ပေသည်။ သို့ရာတွင် ပြင်သစ်တို့ကား ဤသို့ သုံ့ပန်းအဖြစ် အဖမ်းခံရခြင်းကို မိမိတို့ ဂုဏ်သိက္ခာနှင့် ထိုက်တန်သည် မထင်ကြချေ။ ဤသို့ ၎င်းတို့က ယူဆကြခြင်းမှာလည်း မှန်ပါသည်။ ၎င်းတို့အဖို့ ထွက်ပြေးသည်ဖြစ်စေ၊ အဖမ်းခံသည်ဖြစ်စေ၊ သေခြင်း၊ ဝတ်မွတ်ခြင်းနှင့် သွေးခဲအောင် အေးမြခြင်းတို့ကို ကြုံတွေ့ရမည့် အတူတူ မည်သည့်အတွက် ရန်သူထံ ဒူးထောက် အဖမ်းခံကြဦးမည်နည်း။ ထို့ကြောင့် မဖြစ်နိုင်ဟု ဆိုရခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

စတုတ္ထနှင့် အရေးအကြီးဆုံးအချက်။ ။ ၁၈၁၂–ခုနှစ်တွင် တိုက်သော စစ်ပွဲသည် အဆိုးရွားဆုံး၊ ကြောက်ဖွယ်အကောင်းဆုံးသော အခြေအနေများအောက်တွင် တိုက်ရသည့်စစ်ပွဲဖြစ်သည့်အတွက်ကြောင့်လည်း ဖြစ်သည်။ ကမ္ဘာကြီးဖြစ်ပေါ်လာချိန်မှစ၍ ထိုစစ်ပွဲလောက် အခြေအနေဆိုးများအောက်တွင် တိုက်ရသည့် စစ်ပွဲဟူ၍ တစ်ပွဲမျှ မရှိခဲ့သေးချေ။ ရုရှားစစ်တပ်ကြီးသည် ပြင်သစ်စစ်တပ်ကြီးကို လိုက်လံ တိုက်ခိုက်ရာ၌ ၎င်း၏ ရှိသမျှအင်အားကို အစွမ်းကုန် ဖျစ်ညှစ်ထုတ်၍ တိုက်ခဲ့ရခြင်း ဖြစ်လေရာ ထို့ထက် ခွန်အားထုတ်ရမည်ဆိုလျှင် ၎င်းလည်း ဗုန်းဗုန်းလဲ ကျဆုံးဖို့သာ ရှိလေသည်။ ဤအကြောင်းကြောင့် မဖြစ်နိုင်ဟု ဆိုရခြင်း ဖြစ်သည်။

တာရူတိနိုမှ ကရပ်စနိုသို့ ချီတက်လှုပ်ရှားခဲ့သည့် အတောအတွင်း၌ ရုရှားစစ်တပ်ကြီးတွင် ကျဆုံးသူ၊ ပျောက်ဆုံးသူ၊ ဒဏ်ရာရသူ ဦးရေမှာ ငါးသောင်းမျှ ရှိလေရာ ထိုဦးရေသည် ခရိုင်မြို့ကြီးတစ်မြို့၏ လူဦးရေနှင့် ညီမျှပေသည်။ ရုရှားစစ်တပ်ကြီး၏ တပ်သားတစ်ဝက်ကျော်တို့သည် တိုက်ပွဲတစ်ပွဲမျှ မတိုက်ရဘဲနှင့် ဆုံးရှုံး ပျက်စီးခဲ့ရလေသည်။

တိုက်ပွဲစဉ်၏ ထိုကာလသည် ရုရှားစစ်တပ်ကြီးအဖို့ အခြေအနေအဆိုးဝါးဆုံးသော ကာလဖြစ်လေသည်။ တပ်သားများ၌ အအေးဒဏ်ကို ကာကွယ်ရန် စစ်ဖိနပ်ရှည်များ၊ သိုးရေအင်္ကျီများလည်း မရှိတော့ချေ။ အရက်လည်း မရှိတော့ချေ။ စားနပ်ရိက္ခာလည်း မရှိတော့ချေ။ ညအခါများ၌လည်း သုညအောက် နှစ်ဒီဂရီမျှရှိသော နှင်းခဲများထဲ၌ လပေါင်းများစွာ စခန်းချခဲ့ကြရသည်။ ထိုကာလ၌ အလင်းရောင်ကို မြင်ရသည့်အချိန်မှာ ခုနစ်နာရီ၊ ရှစ်နာရီမျှသာ ဖြစ်၍ ကျန်အချိန်များမှာ စည်းကမ်းကို ကွပ်ကဲထိန်းသိမ်းရန် ခက်ခဲသော ညဉ့်အချိန်များ ဖြစ်နေတတ်သေးသည်။ အကွပ်အထိန်းမဲ့သည့် ကာလမှာလည်း တိုက်ပွဲတစ်ပွဲမှာကဲ့သို့ နာရီအနည်းငယ်မျှသာ မဟုတ်ဘဲ လပေါင်းများစွာ ကြာရှည်ကာ သေမင်းကို ရင်ဆိုင်နေကြချိန် ဖြစ်သည်။ ငတ်မွတ်ခြင်း၊ အအေးမိခြင်း စသည့် အန္တရာယ်များကိုလည်း မိနစ်၊ စက္ကန့်နှင့်အမျှ တိုက်ခိုက်နေရသေးသည်။ တပ်သားတစ်ဝက်ကျော်မျှသည် တစ်လအတွင်း ပျက်စီးဆုံးရှုံးခဲ့ရသည်။ သို့တိုင်အောင် ရာဇဝင်ဆရာများသည် ဤအချက်များ အားလုံးကို မခြင်ယောင်ပြုလျက် ဗိုလ်ချုပ် မီလိုရာဒိုဗစ်ချ်က ဤနေရာသို့ တောင်ပံလှုပ်ရှားမှုပြုသင့်သည်ဟု လည်းကောင်း၊ ဗိုလ်ချုပ်တိုမာဆော့ဗ်က ထိုနေရာသို့ တောင်ပံလှုပ်ရှားမှု ပြုသင့်သည်ဟု လည်းကောင်း၊ ဗိုလ်ချုပ်ရှီချာဂျဲဗ်က အခြားတစ်နေရာသို့ ဖြတ်ကူးသင့်သည်ဟု လည်းကောင်း (ဆီးနှင်းပြင်ကြီး ပေါင်လယ်လောက် ရှိနေသည်ကိုမူ စဉ်းစားမိကြပုံ မရပါ။) ပြင်သစ်တပ်များ မည်သို့မည်ပုံ 'ဖြတ်တောက်'၍ မည်သို့မည်ပုံ 'တပ်ပြို'သွားအောင် လုပ်သင့်သည်ဟု လည်းကောင်း စသည် စသည်ဖြင့် ဝေဖန်ပြောဆိုလျက် ရှိကြချေသည် တကား။

တကယ်၌ကား ရုရှားစစ်တပ်ကြီးသည် တပ်သားတစ်ဝက်ကျော်မျှ အကျအဆုံးခံကာ ရုရှားလူမျိုး၏ ဂုဏ်သိက္ခာနှင့် ထိုက်တန်အောင် ပြုလုပ်သင် ပြုလုပ်နိုင်သော အရာအားလုံးကို ပြုလုပ်ခဲ့လေပြီ။ နွေးထွေးသော ဇည့်ခန်းဆောင်များထဲတွင် 'ဇိမ်'ဖြင့် ထိုင်လျက်ရှိသူ အခြား ရုရှားများ၏ ပါးစပ်က မဖြစ်နိုင်သောအရာများကို မလုပ်ရကောင်းလားဟု ပြောဆိုနေသံကို ကြားရရုံမျှဖြင့်ကား ထိုရုရှားစစ်သားများကို အပြစ်မဆိုထိုက်ချေ။

ကျွန်ုပ်တို့ နောင်းလူများသည် တကယ့်အဖြစ်အပျက်များနှင့် ရာဇဝင်အဆိုအမိန့်များ ထူးဆန်းစွာ ကွဲလွဲလျက် ရှိခြင်းကို တွေ့ရသည့်အခါ၌ နားမလည်အောင် ဖြစ်လျက်ရှိကြလေသည်။ တကယ့်အဖြစ်အပျက်များနှင့် ရာဇဝင်အဆိုအမိန့်များ၊ ဤသို့ ထူးဆန်းစွာ ကွဲလွဲချက်ရှိခြင်းမှာ အခြားကြောင့်မဟုတ်။ ပြဿနာကို ကိုယ်တွယ်လျက်ရှိသော ရာဇဝင်ဆရာများသည် အဖြစ်အပျက်များ၏ ရာဇဝင်ကို ရေးသားနေကြခြင်း မဟုတ်ဘဲ စစ်ဗိုလ်ချုပ်များ၏ စိတ်နေသဘောထားများ၊ လှပသော စကားလုံးများ၏ ရာဇဝင်ကို ရေးသားနေကြခြင်းကြောင့်သာ ဖြစ်လေသည်။

ၚင်းတို့အဖို့၌ကား ဗိုလ်ချုပ် မီလိုရာဒိုဗစ်ချ်၏ စကားများ၊ ၎င်း၏ ကောက်ချက်များ၊ ထိုဗိုလ်ချုပ်၊ ဤဗိုလ်ချုပ်တို့ ရရှိသည့် ဆုတော်၊ လာဘ်တော်များကိုသာ စိတ်ဝင်စား၍ စာဖွဲ့လောက်ဟု ထင်ကြပုံရပါသည်။ ဆေးရုံများ၊ သချိုင်းများထဲတွင် ကျန်ရစ်ခဲ့ကြသော လူပေါင်း ငါးသောင်းလောက်၏ ကိစ္စကိုကား ရာဇဝင်၌

www.burmeseclassic.com

www.burmeseclassic.com

'အရာသွင်း' လောက်သည် မထင်သောကြောင့် စိတ်ဝင်စားဖော်မျှပင် မရကြချေ။

သို့ရာတွင် ဖြေရှင်း၍ မရနိုင်ဟု ထင်ရသော ရာဇဝင် ပြဿနာများ အားလုံးနှင့် ပတ်သက်၍ အမြန်ဆုံးနှင့် အသေချာဆုံးသော အဖြေကို အလွယ်ကူဆုံးနှင့် အရှင်းလင်းဆုံး ရရန်မှာ တစ်နည်းသာ ရှိပါသည်။ ယင်းမှာ ခက်ခက်ခဲခဲ မဟုတ်ပါ။ စစ်ဗိုလ်ချုပ်များ၏ အစီရင်ခံချက်များ၊ ယေဘုယျ စီမံကိန်းများအား အပတ်တကုတ် လေ့လာခြင်းကို စွန့်လွှတ်ကာ အဖြစ်အပျက်များတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ကြသော လူထုကုဋေကုဋာတို့၏ လှုပ်ရှားမှုကို ထည့်သွင်းစဉ်းစားခြင်း ပြုရုံမျှသာ ဖြစ်ပါသည်။

နပိုလီယန်နှင့် ၎င်း၏ စစ်တပ်ကြီးကို ဖြတ်တောက်ရန်ဟူသော ရည်ရွယ်ချက်သည် တစ်ဒါဇင်မျှလောက်သော လူအချို့၏ စိတ်ကူးထဲမှအပ အခြား ဘယ်တွင်မျှ မရှိပါ။ ရှိလည်း မရှိနိုင်ပါ။ အကြောင်းမူ ထိုရည်ရွယ်ချက်သည် အဓိပ္ပာယ်ကင်းမဲ့ရုံမျှမက ဖြစ်လည်းမဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။

ပြည်သူလူထု၌ ရည်ရွယ်ချက် တစ်ခုတည်းသာ ရှိပါသည်။ ယင်းမှာ မိမိတို့နိုင်ငံကို ကျူးကျော်မှုမှ လွတ်မြောက်စေရန်ပင် ဖြစ်သည်။ ပထမအချက်အားဖြင့်ပြင်သစ်တို့အလိုအလျောက် ထွက်ပြေးကြပြီ ဖြစ်သဖြင့် ထိုရည်ရွယ်ချက်သည် ပြီးမြောက်ခဲ့ပါပြီ။ ပြင်သစ်တို့၏ ထွက်ပြေးခြင်းကို ရပ်တန့်ဆီးဆို့ခြင်းမပြုရန်သာ လိုပါသည်။ ဒုတိယအားဖြင့် ပြင်သစ်တို့အား ချေမှုန်းလျက်ရှိသော ပြောက်ကျားစစ်ပွဲကြောင့် ထိုရည်ရွယ်ချက်သည် ပြီးမြောက်ခဲ့ပါပြီ။ တတိယအားဖြင့် ကြီးမားသော ရုရှားစစ်တပ်ကြီးသည် ပြင်သစ်တို့နောက်မှ ထက်ကြပ်လိုက်ကာ ၎င်းတို့၏ထွက်ပြေးခြင်း ရပ်တန့်သွားပါက အားစိုက်၍ တွန်းရန် အဆင်သင့်ဖြစ်နေသည့်အတွက် ထိုရည်ရွယ်ချက်သည် ပြီးမြောက်ခဲ့ပါပြီ။

ရုရှားစစ်တပ်ကြီးသည် ပြေးသွားလျက်ရှိသော တိရစ္ဆာန်တစ်ကောင်ကို ရိုက်အံ့ဟု ခြိမ်းခြောက်သော နှင်တံကဲ့သို့ ကျင့်ရာသည်။ ပြေးသွားလျက်ရှိသော နွားကို ပိုမို လျင်မြန်စွာ ပြေးသွားစေရာ၌ နွား၏ဦးခေါင်းကို ရိုက်ခြင်းထက် နှင်တံကို မြှောက်၍ ရိုက်အံ့ကဲ့သို့ ခြိမ်းခြောက်ခြင်းက ပိုမို ထိရောက်ကြောင်းကို ကျွမ်းကျင်လှစွာသော လှည်းသမားသည် ကောင်းစွာ သိသည်သာ ဖြစ်ပါသတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း ၁၅

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁

လူတစ်ယောက်သည် သတ္တဝါတစ်ခု သေဆုံးသွားခြင်းကို မြင်ရသည့်အခါ၌ ထိတ်လန့်တုန်လှုပ်သော ဝေဒနာတစ်မျိုးကို ခံစားရလေသည်။ မိမိကဲ့သို့ အသွေးအသားဖြင့် ဖွဲ့စည်းထားသည့် ရုပ်တစ်ခုသည် မိမိမျက်စိရှေ့ မှောက်မှာပင် ချုပ်ငြိမ်းကွယ်ပျောက်ခဲ့ရလေပြီ။ သို့ရာတွင် ထိုသေဆုံးသွားသောအရာသည် မိမိချစ်မြတ်နိုး၍ ရင်းနှီးကျွမ်းဝင်အပ်သော လူသတ္တဝါတစ်ဦး ဖြစ်သည်ဆိုလျှင်ကား သေခြင်းတရားကို ထိတ်လန့်တုန်လှုပ်သော ဝေဒနာမျှသာမကတော့ချေ။ အဆုံးကြီးဆုံးရလေပြီ၊ ကွေကွင်းရလေပြီဟူသော (စေတသိကဝေဒနာ) စိတ်၏ ဒဏ်ရာတစ်မျိုးကိုလည်း ခံစားရလေသည်။ စိတ်၏ ဒဏ်ရာသည် (ကာယိကဝေဒနာဟု ဆိုအပ်သော) ကိုယ်၏ ဒဏ်ရာကဲ့သို့ပင် တစ်ခါတစ်ရံ၌ သေလုမျောပါးကြီးကျယ်၍ တစ်ခါတစ်ရံ၌ အပေါ်ယံတွင် ပျောက်ကင်းသွားတတ်သည့်တိုင် အတွင်း၌ မြဲလျက်ရှိကာ တစ်စုံတစ်ခုနှင့် ထိခိုက်မိသည်နှင့် တစ်ပြိုင်နက် အသည်းခိုက်အောင် နာကျင်ခြင်း ဖြစ်ရလေသည်။

မင်းသားကလေးအင်ဒရေ ကွယ်လွန်ပြီးသည့်နောက်၌ နာတာရှာနှင့် မင်းသမီးလေးမေရီတို့သည် ထိုအတိုင်းပင် ခံစားကြရမိသည်။ ၎င်းတို့နှစ်ဦးသည် စိတ်ဝမ်းအားငယ်လျက်ရှိကာ ၎င်းတို့ ခေါင်းပေါ်တွင် ဖုံးအုပ်ခြောက်လှန့်လျက်ရှိသော သေခြင်းတရားဟူသည့် တိမ်တိုက်ကြီးကို မမြင်ရဲအောင် ဖြစ်လျက်ရှိကြ၏။ ဘဝကို ရဲရဲမကြည့်ရဲအောင် ဖြစ်လျက် ရှိကြ၏။ ၎င်းတို့သည် ဟင်းလင်းပွင့်လျက်ရှိသော ၎င်းတို့၏ ဒဏ်ရာကို ကြမ်းတမ်း နာကျင်သောအရာနှင့် ခိုက်မိခြင်းမရှိစေရန် အထူးသတိပြု ကာကွယ်ကြ၏။ လမ်းမမှ လျင်မြန်စွာ ဖြတ်မောင်းသွားသော ကရထားတစ်စင်း၏အသံ၊ ထမင်းစားခေါ်သံ၊ မည်သည့်အဝတ်ကို ထုတ်ပေးရမည်နည်းဟု အစေတော်များက လာရောက်မေးမြန်းသံ၊ အထူးသဖြင့် ရိုးသားလှိုက်လှဲခြင်းမရှိသော ဖျောင်းဖျနှစ်သိမ့်သံ စသည့် မြင်သမျှ ကြားသမျှ အရာတိုင်းသည် ၎င်းတို့အား စော်ကား နှောင့်ယှက်လျက်ရှိသည်ဟု ထင်မိကြ၏။ ထိုအသံများသည် ၎င်းတို့ဒဏ်ရာကို အပ်ဖြင့် ဆွသကဲ့သို့ နာကျင်စေ၏။ ၎င်းတို့သည် ၎င်းတို့၏ ရင်ထဲတွင် ယခုတိုင် ပဲ့တင် ရိုက်ခတ်လျက်ရှိသော လေးနက ကြောက်ဖွယ်ကောင်းသည့် ဘဝနာတေးကို နားထောင်ရန်အတွက် တိတ်ဆိတ် ငြိမ်သက်ခြင်းကို အလိုရှိကြရာ ထိုအသံများသည် ချိုးဖောက်ဖျက်ဆီးလျက် ရှိကြ၏။ မိမိတို့ရှေ့တွင် လှစ်ခနဲ မြင်လိုက်ရသော သေခြင်းတရား၏ လျှို့ဝှက်ဆန်းကြယ်၍ ဆုံးစမထင်သည့် ချောက်ကမ်းပါးကြီးကို ငုံ့ကြည့်လျက် ရှိသော ၎င်းတို့အား ထိုအသံများက နှောင့်ယှက်ဟန့်တားလျက် ရှိကြ၏။

၎င်းတို့နှစ်ဦးတည်းရှိသည့်အခါကျမှသာလျှင် ၎င်းတို့သည် ထိုအနှောင့်အယှက်များ၊ နာကျင်မှုများမှ ကင်းဝေးကာ ငြိမ်းချမ်းခြင်းကို ရတော့သည်။ ၎င်းတို့သည် တစ်ယောက်နှင့် တစ်ယောက် စကားပင် များစွာမပြောမိကြချေ။ ပြောသည်ဆိုလျှင်လည်း အလွန်အရေးမကြီးသည့် ကိစ္စများကိုသာ ပြောဆိုခြင်း ပြုကြပေသည်။

၎င်းတို့သည် အနာဂတ်အကြောင်းကိုလည်း တွေးတောပြောဆိုမိခြင်း မပြုရန် ရှောင်ကြဉ်ကြလေသည်။ အနာဂတ်အကြောင်းကို တွေးတောပြောဆိုခြင်းသည် ကွယ်လွန်သူ မင်းသားကလေး အင်ဒရေအား အောက်မေ့တသရသော အဖြစ်ကို စော်ကားရာရောက်သည်ဟု ထင်

www.burmeseclassic.com

www.burmeseclassic.com

မိကြသည်။ ကွယ်လွန်လေပြီးဖြစ်သော မင်းသားကလေး အင်ဒရေနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုမိရန်လည်း၊ ၎င်းတို့နှစ်ဦးသည် ကြီးစွာသတိထား၍ ရှောင်ကြဉ်ခြင်း ပြုကြသည်။ ၎င်းတို့၏စိတ်၌ ၎င်းတို့နှစ်ဦး ဖြတ်သန်း ကြုံတွေ့ခဲ့ရသော အရာတို့ကို စကားလုံးများဖြင့် ဖော်ပြခြင်းငှာ မရနိုင်ဟူ၍လည်း၊ ယူဆလျက်ရှိကြသည်။ သေလွန်ပြီးသူ၏ မသေလွန်မီက အသေးစိတ်အဖြစ်အပျက်များကို ပြန်ပြောင်းပြောဆိုခြင်းသည် မိမိတို့ရှေ့မှောက်တွင် ပြီးမြောက်အဆုံးတိုင်ခဲ့သော လျှို့ဝှက်ဆန်းကြယ်သည့် မရဏတရား၏ ခမ်းနားကြီးကျယ်မှု၊ အထွတ်အမြတ်ဖြစ်မှုတို့ကို သေးနုပ်သိမ်ဖျင်းအောင် ဖျက်ဆီးရာ ရောက်သည်ဟုလည်း၊ ထင်မိကြလေသည်။

ဤသို့စကားမဆိုဘဲ တုဏှိဘာဝပြုလျက်ရှိကြခြင်း၊ ထိုကိစ္စနှင့်နီးနွယ်သွားမည့် အရာများကို ပြောဆိုခြင်း မပြုမိရန် အမြဲတစေ ရှောင်ကြဉ်ခြင်းစသည့် နည်းလမ်းများဖြင့် ၎င်းတို့သည် ၎င်းတို့ပြောဆိုလိုခြင်းမရှိသော ကိစ္စကြီးကို အဘက်ဘက်မှ ကာရံထားခဲ့ကြသည်။ သို့ဖြင့် ၎င်းတို့ အောက်မေ့နလုံးသွင်းလျက်ရှိသော အရာတို့သည် ၎င်းတို့၏ စိတ်၌ ပို၍ကြည်လင်၊ ပို၍ ထက်မြက်လာခဲ့လေသည်။

သို့ရာတွင် လောကဥ္စ အနောင့်အယှက်မရှိ ပြည့်စုံသော ပျော်ရွှင်ခြင်းဟူသည် မရှိနိုင်သကဲ့သို့ အနောင့်အယှက်မရှိ ပြည့်စုံသော ဝမ်းနည်းကြေကွဲမှုဟူ၍လည်း မရှိနိုင်ချေ။ မင်းသမီးလေးမေရီသည် ယခုအခါ၌ မိမိက်ကြမ္မာကို မိမိဘာသာ ဆုံးဖြတ်ဖန်တီးရမည့် တစ်ဦးတည်းသော အရှင်သခင်၊ မိမိတူတော်လေးကို စောင့်ရှောက်ရမည့် တစ်ဦးတည်းသော အုပ်ထိန်းသူ ဖြစ်လာခဲ့လေပြီ။ ထို့ကြောင့် မင်းသမီးလေးမေရီသည် ရက်သတ္တပတ်နှစ်ပတ်လုံးလုံး မိမိခိုအောင်းလျက်ရှိရာ ကြေကွဲဝမ်းနည်းခြင်းနိုင်ငံမှ လူ့ဘဝကြီးသို့ ပထမဆုံး ပြန်လည်ဝင်ရောက်ခဲ့ရပြန်လေသည်။ မင်းသမီးလေးမေရီသည် ဆွေမျိုးများဆီမှ စာများရရှိခဲ့ရာ ထိုစာများကို ပြန်ရဦးမည်။ တူတော်မင်းသားလေး၏ အခန်းမှာ စွတ်စိုလျက်ရှိသဖြင့် တူတော်လေးမှာ ချောင်းဆိုးလျက် ရှိသည်။ ကျွန်ယုံကြီး အယ်ပါတစ် ရောက်လာကာ မိမိတို့၏ စီးပွားရေးကိစ္စများကို လာရောက် ပြောဆိုခြင်း ပြုသည်ပြင် တစ်စုံတစ်ရာ ပျက်စီးခြင်းမရှိ၊ အနည်းငယ် ပြင်ဆင်မွမ်းမံဖို့သာ လိုသည့် မော်စကို ဗော်ဗီဇင်ကာလမ်း စံအိမ်ကြီးသို့ ပြန်လည် ပြောင်းရွှေ့ နေထိုင်ခြင်း ပြုရန် အကြံပေးလျက်ရှိသည်။ လူ့ဘဝကြီးသည် ငြိမ်သက်လျက်ရှိသည် မဟုတ်သည့်အတွက် ထိုလူ့ဘဝကြီးတွင် နေထိုင်လှုပ်ရှားခြင်း ပြုရဦးတော့မည်။ မင်းသမီးလေးမေရီသည် မိမိ ယခုတိုင် စီးဖြန်းလျက်ရှိသော ဘဝနာကမ္မဋ္ဌာန်းကို စွန့်လွှတ်ကာ နာတာရှာအား တစ်ယောက်တည်း ထားခဲ့ရမည်ကို ဝမ်းနည်းခြင်း၊ ရှက်ခြင်း ဖြစ်မိသော်လည်း အမှုပွေလှသော လူ့ဘဝ၏ ကိစ္စဝိစ္စများက ၎င်းအား တောင်းဆိုလျက်ရှိလေပြီ။ သို့ဖြင့် မင်းသမီးလေးမေရီသည် စိတ်မပါတပါဖြင့် လူမှုကိစ္စများ အလိုသို့ လိုက်ခဲ့ရလေသည်။ မင်းသမီးလေးမေရီသည် အယ်ပါတစ်နှင့် စာရင်းရှင်းရ၏။ မိမိ၏ တူတော်လေးအတွက် စာပြဆရာ ဒီဆေးလ်နှင့် တိုင်ပင်ရ၏။ မော်စကိုသို့ ထွက်ခွာရန် အမိန့်ပေးကာ ပြင်ဆင်မှုများ ပြုလုပ်ရ၏။

နာတာရှာမှာ တစ်ယောက်တည်းသာ နေလေ့ရှိလေသည်။ မင်းသမီးလေးမေရီ ခရီးထွက်ဖို့ ပြင်ဆင်သော အခါ၌ ၎င်းနှင့်လည်း ခပ်ခွာခွာ လုပ်လျက်ရှိလေသည်။

မင်းသမီးလေးမေရီကား နာတာရှာအား မိမိနှင့် အတူ မော်စကိုသို့ ထည့်လိုက်ရန် မြို့စားကတော်ကြီးကို ပြောသည့်အခါ၌ မိဘနှစ်ပါးလုံးကပင် ဝမ်းမြောက်ဝမ်းသာ လက်ခံကြ၏။ သမီးထွေးနာတာရှာမှာ တစ်နေ့တခြား အားအင်ကုန်ခန်းလျက်ရှိရာ 'ရေပြောင်း မြေပြောင်း' သဘောမျိုး ပြောင်းရွှေ့ နေထိုင်ခြင်း၊ မော်စကို၌ သမားတော်ကြီးများကို ပြသခြင်း စသည်တို့ လိုအပ်သည်ဟု ၎င်းတို့နှစ်ဦးစလုံးက ယူဆကြသည်။

"ဟင်းအင်း မေဖျား၊ နာတာရှာ ဘယ်ကိုမှ မသွားချင်ဘူး။ နာတာရှာဘာသာ နာတာရှာ အေးအေးပဲနေပါရစေ မေဖျား"

မော်စကိုသို့ လိုက်သွားရန် ပြောသည့်အခါတွင် နာတာရှာသည် ခန်းဆောင်ထဲမှ ပြေးထွက်သွား၏။ မျက်ရည်များကိုလည်း မနည်းထိန်းချုပ်ထား၏။ သို့ရာတွင် ထိုမျက်ရည်များမှာ ဝမ်းနည်းခြင်းထက် ဝေခွဲမရဖြစ်ခြင်း၊ အနောင့်အယှက်ဖြစ်ခြင်းတို့ကြောင့်ဖြစ်သော မျက်ရည်များသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးလေးမေရီသည် မိမိအား ခွဲခွာသွားလေပြီ။ ယခုအချိန်တွင် ပူဆွေးသောက ရောက်ရသူမှာ မိမိတစ်ယောက်တည်းသာ ရှိတော့သည်ဟု သိရှိခံစားမိသည့် အချိန်မှစ၍ နာတာရှာသည် မိမိအိပ်ခန်းဆောင်အတွင်း တစ်ယောက်တည်း အချိန်ကို ကုန်လွန်စေခဲ့သည်။ ထိုင်ဖုံပေါ်တွင် ကျုံ့ကျုံ့ထိုင်လိုက်၊ ထလိုက်၊ သေးသွယ်တုန်ယင်သော လက်ချောင်းကလေးများဖြင့် တွေ့ရာကို ဆုတ်ဖြဲချေမွှလိုက်၊ ကြည့်မိကြည့်ရာကို မျက်လုံးကြီးများ အကြောင်သားဖြင့် ကြည့်လိုက်ဖြင့် ဆောက်တည်ရာမရ ဖြစ်လျက်ရှိ၏။ ဤသို့ အထီးကျန်နေရခြင်းသည် နာတာရှာ၏ ခွန်အားကို ယုတ်လျော့စေ၍ စိတ်ကို တရိရိနွမ်းစေ၏။ သို့သော်လည်း နာတာရှာအဖို့ အထီးကျန်မနေ၍ မဖြစ်ပါ။ အထီးကျန်ဘဝသည် နာတာရှာအဖို့ လုံးဝလိုအပ်သောအရာ ဖြစ်ပါသည်။ ခန်းဆောင်ထဲသို့ တစ်ဦးတစ်ယောက် ချဉ်းနင်းဝင်းရောက်လာသည်နှင့် တစ်ပြိုင်နက် နာတာရှာသည် ဖျတ်ခနဲထသွားကာ မျက်နှာထားကို လည်းကောင်း၊ အမူအရာကိုလည်းကောင်း ပြောင်းပစ်လိုက်တတ်၏။ ထို့နောက် ထိုသူပြန်ထွက်သွားမည့် အချိန်ကို အောင့်အည်းစောင့်စားကာ စာအုပ်တစ်အုပ်ကို ဖတ်ဟန်ပြုနေတတ်သည်။ သို့မဟုတ် တက်တင်းထိုးဟန်ပြုနေတတ်သည်။

နာတာရှာသည် ၎င်း၏ ခွန်အားနှင့်မမျှအောင် ကြီးလေးလှသည့် ကြောက်ဖွယ်မေးခွန်းကြီးနှင့် နပန်းလုံးလျက် ရှိရင်း ၎င်းစီးဖြန်းလျက်ရှိရာ ဘဝနာကမ္မဋ္ဌာန်း၌ ပျောက်ကွယ်နစ်မြုပ်သွားတော့မည်လောဟုပင် အမြဲတစေခံစားမိသည်။

ဒီဇင်ဘာလ ကုန်ခါနီးတစ်နေ့၌ ဖျော့တော့ ပိန်ချုံးလျက် ရှိသော နာတာရှာသည် အနက်ရောင် သိုးမွေးဝတ်စုံကို ဝတ်၍ ကျစ်ဆံမြီးကို လျော့ရိလျော့ရဲ ထိုးထားကာ အိမ်ခန်းဆောင်ထဲရှိ ထိုင်ဖုံတွင် ကျုံ့ကျုံ့ထိုင်လျက်ရှိသည်။ ၎င်း၏ မျက်လုံးများသည် တံခါးထောင့် တစ်နေရာကို စူးစိုက်ကြည့်လျက်ရှိ၍ တုန်ယင်သော လက်ချောင်းကလေးများသည် ပိုးခါးစည်းကြိုးများကို ချေမွှလိုက် ဖြန့်လိုက်ပြုနေကြသည်။

နာတာရှာသည် မင်းသားကလေး အင်ဒရေထွက်သွားရာ ဖြစ်သော တံခါးဝသို့ စိုက်ကြည့်လျက်ရှိ၏။ တံခါး၏ အပြင်ဘက်၌ကား လူ့ဘဝ၏ ထိုမှာဘက်ကမ်းရှိပေသည်။ နာတာရှာသည် လူ့ဘဝ၏ ထိုမှာဘက်ကမ်းကို ယခင်က တစ်ခါမျှ တွေးတောခြင်း မပြုဘူးခဲ့ချေ။ ထိုမှာဘက်ကမ်းသည် ယခင်က မိမိနှင့် ဝေးကွာလွန်းလှသည်ဟု ထင်ခဲ့၏။ မရောက်နိုင်ဟုထင်၏။ ယခုကား ထိုမှာဘက်ကမ်းသည် မိမိနှင့် နီးကပ်လျက်ရှိလေပြီ။ မိမိနှင့် လက်တစ်ကမ်းသို့ ရောက်လျက် ရှိချေပြီ။ ထိုမှာဘက်ကမ်းသည် အနှစ်အရသာ ကင်းမဲ့ခြင်း၊ အထီးကျန် ဖြစ်ရခြင်း၊ ပူပန်သောကဖြစ်ရခြင်း၊ သိက္ခာကင်းခြင်း စသည်တို့ဖြင့် ပြီးသော လူ့ဘဝ၏ ဤမှာဘက်ကမ်းကို မြင်ရခြင်းထက်ပင် ထင်ရှားလျက်ရှိသေးတယ်။

နာတာရှာသည် မင်းသားကလေး အင်ဒရေရှိရာ ထိုမှာ ဘက်ကမ်းသို့ ငေးစိုက်ကြည့်လျက်ရှိ၏။ သို့ရာတွင် စိတ်ထဲ၌ကား မင်းသားကလေး အင်ဒရေသည် မိမိ၏ အနီးတွင်ပင်ရှိသည်ဟု ထင်မိ၏။ မိတစ်ရှိရွာစခန်း၊ ထရွိုက်ဇာ ဘုန်းကြီးကျောင်းစခန်း၊ ယာကိုစလာဗာစခန်းများတွင် မိမိကိုယ်တိုင်ပြုစောင့်ရှောက်ခဲ့ပုံများကို မြင်ယောင်လာသည်။

နာတာရှာသည် မင်းသားကလေး အင်ဒရေ၏ မျက်နှာကို မြင်မိ၏။ မင်းသားကလေး အင်ဒရေ၏အသံကိုလည်း ကြားမိ၏။ မိမိတို့နှစ်ဦး ပြောဆိုခဲ့ကြသော စကားများကိုလည်း ပြန်၍ပြောမိ၏။ တစ်ခါတစ်ရံတွင်လည်း မိမိတို့ နှစ်ဦး၏ ရင်ထဲတွင် ရှိ၍ တစ်နေ့တွင် မလွဲမရှောင်သာ ပွင့်အန်ထွက်လာမည့် စကားလုံးများကို ရွတ်ဆိုကြည့်မိ၏။

မင်းသားကလေး အင်ဒရေသည် ကတ္တီပါဝတ်ရုံကို ခြုံလျက် အရိုးငေါငေါထွက်၍ ဖြူရော်သော လက်ပေါ်တွင် ခေါင်းတင်ကာ လက်တင်ထိုင်ဖုံပေါ်တွင် လှဲလျက်ရှိ၏။ ၎င်း၏ ရင်သည် ကြည့်ရက်စရာမရှိလောက်အောင် ပြားချပ်လျက်ရှိကာ ပခုံးများသည် မြင့်တက် ထောင်ထနေကြ၏။ ၎င်း၏ နှုတ်ခမ်းများသည် တင်းကျပ်စွာ စေ့လျက်၊ မျက်လုံးများသည် တောက်ပလျက် ရှိကြ၏။ တစ်ခါတစ်ရံတွင်လည်း နဖူးပေါ်တွင် အစွန်းများ ထင်လာကြကာ တစ်ခါတစ်ရံတွင် ပျောက်ကွယ်သွားကြ၏။ ခြေတစ်ဖက်သည် တစ်ချီတစ်ချီတွင် ဆတ်ခနဲ ဆတ်ခနဲ တွန့်သွားတတ်၏။ မင်းသားလေး အင်ဒရေသည် ဝေဒနာကို

www.burmeseclassic.com

www.burmeseclassic.com

ကြိတ်မှိတ်ခံလျက် ရှိကြောင်း နာတာရှာ သိပါသည်။

'ဘယ်လို ဝေဒနာများပါလိမ့်နော်။ ဒီဝေဒနာကို ဘာကြောင့်များ ခံစားနေရတာပါလိမ့်။ ဘယ်လိုများ ခံစားရပါလိမ့်။ ဘယ်လောက်များ ခံစားနေရသလဲ မသိဘူး' နာတာရှာသည် မင်းသားကလေး အင်ဒရေကို ကြည့်၍ တွေးမိသည်။ မင်းသားကလေး အင်ဒရေသည် နာတာရှာ ကြည့်နေကြောင်းကို သတိပြုမိသဖြင့် မျက်လုံးကို လှန်ကြည့်၍

"ဒုက္ခိတ လူမမာကြီးတစ်ယောက်အနားမှာ ထိုင်ပြီး ဒီလူမမာကြီးကို တစ်သက်လုံး ဆေးပေးမီးယူ စောင့်ရှောက်သွားရတဲ့ လူတစ်ယောက်ရဲ့ ဒုက္ခဟာ လူမမာဒုက္ခထက် ကြီးပါတယ် နာတာရှာ။ စိတ်ချမ်းသာစရာဆိုလို့ ဘယ်မှာ ရှိပါတော့မလဲ။ ထာဝရငရဲဘုံကြီးနဲ့ အတူတူပါပဲ"

မင်းသားကလေး အင်ဒရေသည် နာတာရှာ၏ အရိပ်အကဲကို ကြည့်နေ၏။ ထိုအခါမျိုး၌ ထုံးစံအတိုင်း နာတာရှာကလည်း ဘာပြောရမည်ဟု စဉ်းစားခြင်းပင် မပြုရသေးဘဲ မဆိုင်းမတွ အဖြေပေးပြီးသား ဖြစ်နေတတ်သည်။

"အို ဒီလိုလဲမဟုတ်ပါဘူး အစ်ကိုရယ်။ အစ်ကိုလဲ ဒီအတိုင်း ဘယ်နေမလဲ။ တစ်နေ့တော့ ပျောက်မှာပေါ့။ ရှင်းရှင်းကြီး ကောင်းသွားမှာပေါ့"

နာတာရှာသည် ဤစကားများကို ပြောစဉ်က မြင်ကွင်းကို အမှတ်ရလာကာ ထိုစဉ်က ခံစားချက်များကို ပြန်ခံစားမိသည်။ ဤစကားများကို ပြောရင်း ဝမ်းနည်းကြေကွဲသည့်အသွင်ကို ဆောင်လျက် ရှိသည့် မင်းသားကလေး အင်ဒရေ၏ မျက်နှာကို မြင်ယောင်လာသည်။ မိမိစကားများ၏ အဓိပ္ပာယ်နှင့် မင်းသားကလေး အင်ဒရေ၏ ညှိုးငယ်သော မျက်နှာက ဖော်ပြလျက်ရှိသော အဓိပ္ပာယ်ကို နားလည်စပြုလာသည်။

နာတာရှာသည် ထိုစကားများကို ကြားယောင်ကာ ယခုအချိန်၌ ကိုယ့်ဘာသာကိုယ် ပြောမိသည်။

"ဟုတ်ပါတယ် အစ်ကို။ အစ်ကိုဟာ ဒီဝေဒနာကြီးကို သေတစ်ပန် သက်တစ်ဆုံး ခံစားသွားရမယ်ဆိုရင် ဒုက္ခကြီးလှတယ်လို့ အစ်ကိုပြောတာကို နာတာရှာ သဘောတူပါတယ်။ ဒီတုန်းက နာတာရှာက 'မကြာခင် ပျောက်သွားမှာပါ အစ်ကို'လို့ နာတာရှာ ပြောခဲ့တယ်။ နာတာရှာပြောတဲ့ အဓိပ္ပာယ်က အစ်ကို့ဒုက္ခ ကြီးလွန်းတဲ့အတွက် အစ်ကို့အတွက် စိုးရိမ်လို့ ပြောတာပါ အစ်ကို။ အစ်ကို့အနားမှာ ဆေးပေးမီးယူ လုပ်ရမယ့် နာတာရှာ့ဒုက္ခအတွက် စိုးရိမ်လို့ ပြောတာမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီစကားကို အစ်ကိုကတော့ တစ်မျိုး နားလည်ခဲ့တယ်။ သူ့ဒုက္ခအတွက် မစိုးရိမ်ဘဲ နာတာရှာ့ဒုက္ခအတွက် စိုးရိမ်ခဲ့တယ်။ အဲဒီတုန်းက အစ်ကိုဟာ မသေချင်ရှာသေးဘူး။ လူ့ဘဝကြီးမှာ နေချင်ရှာသေးတယ်။ နာတာရှာပြောတဲ့ စကားကလဲ အားမရစရာ ကောင်းလိုက်တာ။ မိုက်မဲလိုက်တာ။ တွေးတော့ တခြား ပြောတော့တခြား။ နာတာရှာ ပြောချင်တဲ့စကားက ဒီလိုမဟုတ်ပါဘူး အစ်ကို။ နာတာရှာ ပြောချင်တာက အစ်ကိုနာတာရှာ့ရှေ့မှောက်မှာ ဘယ်လောက် ဒုက္ခတွေကို ခံစား၊ ခံစားရသည် ဖြစ်စေခုလို အစ်ကိုမရှိတော့တာနဲ့ နှိုင်းစာရင် အဲဒီအဖြစ်ကမှ နာတာရှာ့အဖို့ တော်သေးတယ်လို့ ပြောတာပါ။ အစ်ကို သေသွားတာနဲ့စာရင် ဒုက္ခဝေနာ့ကို ခံစားနေရတာကမှ နာတာရှာ့အဖို့ စိတ်ချမ်းသာဦးမယ်လို့ ပြောတာပါ။ တကယ်လို့ အစ်ကို သေသွားရင်လဲ နာတာရှာရဲ့ မျက်စိအောက်မှာ နာတာရှာရဲ့ အပြုအစုကို ခံပြီး သေသွားတာကို မြင်ရရင် နာတာရှာ ဒီဒုက္ခတွေကို ခံရကျိုးနပ်ပါပြီလို့ ပြောခဲ့ဖို့ ကောင်းတယ်။ ခုတော့ အစ်ကိုမရှိတော့ဘူး။ ဘာမှ မရှိတော့ဘူး။ ဘယ်သူမှ မရှိတော့ဘူး။ နာတာရှာရဲ့ အချစ်ကို အစ်ကို သိမသွားတော့ဘူး။ နာတာရှာရဲ့ တောင်းပန်သံကို အစ်ကို ကြားမသွားရတော့ဘူး။ နာတာရှာဟာ ကိုယ့်အပြစ်တွေကို ကျေအောင် ဘယ်လို ကြိုးစားဆပ်ခဲ့တယ်ဆိုတာ အစ်ကို ဘယ်တော့မှ သိတော့မှာ မဟုတ်ဘူး။ အစ်ကိုမရှိတဲ့နောက်မှာ နာတာရှာရဲ့ အမှားတွေကို ဘယ်တော့မှ အမှန်ဖြစ်အောင် လုပ်လို့ရတော့မှာ မဟုတ်တော့ဘူး"

နာတာရှာသည် ပါးစပ်က အသံထွက်ပြောမိ၏။ ၎င်း၏ စိတ်ထဲတွင် မင်းသားကလေး အင်ဒရေကလည်း ထိုစကားများကို ပြန်ပြောနေသည်ဟု ထင်၏။ နာတာရှာသည် မင်းသားကလေး အင်ဒရေ၏ စကားများကို စိတ်ကူးဖြင့် ပြောကြားနေမိသည်။

'နာတာရှာ့ ဒုက္ခက အစ်ကို့ဒုက္ခနဲ့စာရင် ပင်လယ်

www.burmeseclassic.com

www.burmeseclassic.com

သမုဒ္ဒရာကြီးနဲ့ နွားခြေရာခွက်လို ကွာခြားပါတယ် အစ်ကို။ မပြောပလောက်ပါဘူး။ နာတာရှာရဲ့ ဘဝမှာ အစ်ကိုက လွဲလို့ တခြား ဘာမှမရှိပါဘူးအစ်ကို။ ဒါ့ကြောင့် အစ်ကိုနဲ့အတူ ဒုက္ခကို အတူတကွ ခံရခြင်းသည်ပင်လျှင် နာတာရှာအဖို့ အကြီးဆုံးသော ပျော်ရွှင်ခြင်း ဖြစ်ပါတယ်။ အကြီးဆုံးသော သုခ ဖြစ်ပါတယ် အစ်ကို'

မင်းသားကလေး အင်ဒရေသည် မကွယ်လွန်မီ လေးရက်ခန့်က နာတာရှာ၏ လက်ကလေးများကို ဆွဲယူ ဖျစ်ညှစ်နေသကဲ့သို့ ယခုလည်း ဖျစ်ညှစ်လျက် ရှိသည်ဟု နာတာရှာ ထင်၏။ စိတ်ထဲမှာလည်း ယခင်က မပြောခဲ့ရသော စကားများကို ယခုမှ ဖွင့်အန်နေမိသည်။

"အစ်ကို့ကို နာတာရှာ ချစ်ပါတယ် အစ်ကို။ နာတာရှာ အသည်းခိုက်အောင် ချစ်ပါတယ်"

နာတာရှာသည် လက်နှစ်ဖက်ကို ဖျစ်ညှစ်ကာ အံကို ကြိတ်၍ ဆို၏။

နာတာရှာသည် ရင်တလှိုက်လှိုက် ဖြစ်လာရာမှ မျက်ရည်များသည် စီးကျလာကြသည်။ ထိုအခါကျမှ မိမိသည် ဤစကားများကို မည်သူ့အား ပြောဆိုနေသနည်း။ မင်းသားလေး အင်ဒရေသည် ဤလူ့လောကကြီးတွင် မရှိတော့ပြီ မဟုတ်လောဟူသော အသိတရား သည် ဝင်ရောက်လာကာ မင်းသားကလေး အင်ဒရေရှိရာ လူ့ဘဝ၏ ထိုမှာဘက်ကမ်းသို့ -အား စိုက်၍ မျက်မှောင်ကုတ်ကြည့်မိပြန်သည်။ ထိုအခါ၌ကား မိမိသည် လျှို့ဝှက်ဆန်းကြယ်၍ သိနိုင် သိနားလည်ရန်ခက်သော ဘုံကြီးထဲ၌ တဖြည်းဖြည်း နှစ်မြုပ်မျောက်ကွယ်သွားလေပြီဟု ထင်ရသည်။ ဤသို့ရှိစဉ်တွင် ကျောက်ခဲနဲ့ တံခါးဖွင့်သံကို ကြားလိုက်ရပြီးနောက် (ထိုအသံသည် နာတာရှာ၏ စိတ်၌ ကျယ်လောင်လွန်းလှသည်ဟု ထင်မိ၏။) အစေတော်ကြီး ဒွန်ယာရှာသည် ကျွန်ုပ်ကိုမျှ မဆည်နိုင်ဘဲ မျက်စိမျက်နှာပျက်လျက် ခန်းဆောင်ထဲသို့ ခပ်သုတ်သုတ် ဝင်လာ၏။

"သခင်မလေး၊ သခင်မလေး။ သခင်ကြီးက ခေါ်တယ်ဖျာ့။ သတင်းကတော့ မကောင်းဘူးဖျာ့။ သခင်လေး ပီတာနဲ့ ပတ်သက်လို့ စာတစ်စောင် ရောက်လာတယ်ဖျာ့"

အစေတော်ကြီးသည် ငိုရှိုက်၍ စကားကို အဆုံးသတ်လိုက်သည်။

အခန်း ၂

နာတာရှာသည် ခန်းဆောင်ထဲတွင် အထီးကျန်ဖြစ်လျက် ရှိရုံမျှမက အိမ်သူအိမ်သားများကိုလည်း သူစိမ်းတစ်ရံ ဆန်များသဖွယ် သဘောထားလျက် ရှိလေသည်။ ဖခင် မြို့စားကြီး ရော့စတော့ဗ်၊ မိခင် မြို့စားကတော်ကြီးနှင့် ဆွန်ယာတို့ အားလုံးသည် နာတာရှာနှင့် အမြဲတစေ ထိတွေ့ ဆက်ဆံနေရသူများဖြစ်ရာ ၎င်းတို့၏ အပြောအဆို စိတ်သဘောထားများသည် ဧကစာကျင့်လျက်ရှိသော မိမိ၏အဖြစ်ကို နှောင့်ယှက်ဖျက်ဆီးလျက် ရှိသည်ဟု နာတာရှာ ယူဆမိသည်။ အစပထမ၌ နာတာရှာသည် ၎င်းတို့အား လုံးကို ဥပေက္ခာပြုထားလိုက်သော်လည်း နောက်၌ကား ၎င်းတို့အား မိမိ၏ ခံစားချက်များကို လှောင်ပြောင်လျက်ရှိသည့် ငြိုးသူရဲဘက်ကြီးများသဖွယ် ထင်မှတ်လာခဲ့သည်။ မောင်ငယ်ပီတာနှင့် ပတ်သက်၍ မကောင်းသတင်းဟု အစေတော်ကြီး လာပြောသွားသော်လည်း နာတာရှာသည် အဓိပ္ပာယ်ကို ကောင်းစွာ နားမလည်သေးချေ။

'ဘာများ မကောင်းသတင်း ဖြစ်ရပြန်ပလဲ။ သူတို့မှာ မကောင်းသတင်းရယ်လို့များ ရှိသေးလို့လား။ ဒီလိုပဲ မသိလိုက် မသိဘာသာ အေးချမ်းနေတဲ့ သူတို့ဘဝမှာ မကောင်းသတင်းရယ်လို့ ဘာများရှိသေးလို့လဲ' နာတာရှာသည် ဤသို့ တွေး၏။

ပွဲတက်ဆောင်ထဲသို့ နာတာရှာ ဝင်လာသောအခါ၌ ဖခင် မြို့စားကြီး ရော့စတော့ဗ်သည် မြို့စားကတော်ကြီး၏ ခန်းဆောင်ထဲမှ သုတ်သီးသုတ်ပျာ ထွက်လာ၏။ မြို့စားကြီးရော့စတော့ဗ်၏ မျက်နှာသည် မဲ့လျက်ရှိကာ မျက်လုံးတွင် မျက်ရည်များ စိုရွဲလျက် ရှိသည်။ မြို့စားကြီး ရော့စတော့ဗ်သည် မိမိ၏စိတ်ကို ထိန်းသိမ်းခြင်းငှာ မတတ်နိုင်တော့ဘဲ ရင်ထဲ၌ ရှိက်၍ငိုချင်လာသဖြင့် ခန်းဆောင်အပြင်သို့ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။ နာတာရှာကို မြင်သည့်အခါ၌ မြို့စားကြီး ရော့စတော့ဗ်သည် စိတ်ပျက်လက်ပျက်ဖြင့် လက်ခါပြပြီးနောက် ရှိုက်ကြီးတငင် ငိုလျက်ရှိလေရာ ၎င်း၏ ကြင်နာသနားတတ်သော မျက်နှာပုံပုံဝိုင်းဝိုင်းကြီးသည် ရှုံ့မဲ့လျက် ရှိပေ၏။

"ပီ ပီတာ၊ ပီတာ။ သွား သွား၊ သမီးထွေးကို

www.burmeseclassic.com

www.burmeseclassic.com

မေဖျားခေါ်နေတယ်" မြို့စားကြီး ရောစတော့ဗ်သည် ကလေးငယ်တစ်ယောက်သဖွယ် ငိုလျက်ရှိရာက ထိုင်ဖုံ တစ်လုံးပေါ်တွင် ထိုင်ချလိုက်ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားသည်။

ထိုအခါ နာတာရှာ၏ တစ်ကိုယ်လုံးသည် လျှပ်စစ်ဓာတ် စီးဝင်သွားသကဲ့သို့ တုန်လှုပ်သွား၏။ နှလုံး၌ ပြင်းစွာ နာကျင်ခြင်းကို ခံစားလိုက်ရ၏။ မိမိ၏ နှလုံးသားသည် ဆုတ်ဖြဲချေမွခြင်း ခံလိုက်ရသကဲ့သို့ နာကျင်ကိုက်ခဲကာ ချက်ချင်းပင် ဗုန်းဗုန်းလဲကျတော့မည်လောဟု ထင်လိုက်ရ၏။ သို့ရာတွင် ထိုဝေဒနာကြောင့် နာတာရှာသည် လောကီကိစ္စများတွင် ဝင်ရောက် စွက်ဖက်ခြင်း မပြုဘဲ ဧကစာကျင့်နေခြင်းမှ လွတ်မြောက်သည့်အဖြစ်သို့ ရောက်လာခဲ့ရပြန်လေသည်။ ဖခင်မြို့စားကြီး ရောစတော့ဗ် ဖြစ်ပျက်နေပုံနှင့်တကွ ခန်းဆောင်ထဲမှ မိခင် မြို့စားကတော်ကြီး၏ တစာစာငိုကြွေးသံကို မြင်ရ ကြားရသည့်အခါ၌ နာတာရှာသည် သူ့ကိုယ်သူ မေ့လျော့ကာ မိမိရင်တွင်း၌ ပရိဒေဝ သောကမီး တောက်လောင်လျက် ရှိခြင်းကိုလည်း မေ့ပျောက်သွားခဲ့လေပြီ။

နာတာရှာသည် ဖခင် မြို့စားကြီး ရောစတော့ဗ် ထံသို့ ပြေးလာခဲ့၏။ သို့ရာတွင် မြို့စားကြီးရောစတော့ဗ်က လက်ခါပြကာ မြို့စားကတော်ကြီး၏ ခန်းဆောင်ကို လက်ညှိုးထိုးပြလိုက်သည်။ မင်းသမီးလေးမေရီသည် မျက်နှာ ဖြူရော်ကာ နှုတ်ခမ်းများ တဆတ်ဆတ်တုန်လျက် မြို့စားကတော်ကြီး၏ ခန်းဆောင်ထဲမှ ထွက်လာပြီးသော် နာတာရှာ၏ လက်မောင်းကို ဆွဲ၍ တစ်စုံတစ်ခုကို ခပ်တိုးတိုးပြောလိုက်၏။ နာတာရှာသည် မင်းသမီးလေး မေရီကို မြင်လည်းမမြင်၊ ငင်း၏ စကားများကို ကြားလည်း မကြားမိချေ။ နာတာရှာသည် ခန်းဆောင်ဆီသို့ ခပ်သုတ်သုတ်သွားကာ အားတင်းသည့်ဟန်ဖြင့် တံခါးဝတွင် ခေတ္တရပ်နေလိုက်ပြီးနောက် မိခင် မြို့စားကတော်ကြီးထံသို့ ပြေးလာခဲ့၏။

မြို့စားကတော်ကြီးသည် ပက်လက်ထိုင်ဖုံတစ်ခုပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လျက်ရှိရင်းက ခေါင်းကို နံရံနှင့် ဆောင့်လျက် ရှိလေသည်။ ဆွန်ယာနှင့် အစေတော်များက လက်မောင်းကို ဖမ်းချုပ်ထားကြ၏။

"သမီးထွေး လာစမ်း၊ လာစမ်း။ သင်းတို့ မေဖျားကို မဟုတ်တာတွေ ပြောနေကြတယ်။ မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး။ သွား ငါ့အနားတစ်ယောက်မှ မလာကြနဲ့။ တိုက်ပွဲကျသတဲ့။ ဟား၊ ဟား၊ ဟား။ တိုက်ပွဲကျသတဲ့"

မြို့စားကတော်ကြီးသည် အော်လျက်ရှိ၏။

နာတာရှာသည် ထိုင်ဖုံတွင် ဒူးတစ်ဖက်ထောက်လျက် မိခင်မြို့စားကတော်ကြီးကို ငုံ့၍ ဖက်ထား၏။ ထို့နောက် မိခင်မြို့စားကတော်ကြီးကို ထူမ၍ ပါးချင်းအပ်ထားလိုက်သည်။

"မေဖျား၊ မေဖျား၊ သတိထားလေ။ သမီးထွေးရှိတယ်" နာတာရှာက တတွတ်တွတ်ပြော၏။

နာတာရှာသည် မိခင် မြို့စားကတော်ကြီးကို အတင်းဖက်ထားရာမှ မှိအုံးတစ်လုံးနှင့် ရေနွေးတစ်ကရား အယူခိုင်းလိုက်ပြီးနောက် မြို့စားကတော်ကြီး၏ ဝတ်ရုံကြယ်သီးများကို ဖြုတ်လျက် အင်္ကျီကို ချွတ်ပေးနေသည်။

"မေဖျား၊ မေဖျား၊ သတိထားလေ" နာတာရှာသည် ပါးစပ်မှ တဖွဖွရွတ်လျက် မိခင် မြို့စားကတော်ကြီး၏ ခေါင်းကို လည်းကောင်း၊ လက်ကို လည်းကောင်း၊ မျက်နှာကို လည်းကောင်း နမ်း၏။ ၎င်း၏ မျက်လုံးများမှလည်း မျက်ရည်တွေ စီးကျလာလေသည်။

မြို့စားကတော်ကြီးသည် နာတာရှာ၏ လက်ကို ဖျစ်ညှစ်ထားရာက မျက်လုံးများကို မှိတ်၍ အတန်ကြာ ငြိမ်သက်သွားသည်။ ထို့နောက် ရုတ်ခနဲ ထထိုင်လိုက်ကာ ပတ်ဝန်းကျင်ကို ကြောင်ကြောင်ကြီး ကြည့်နေသည်။ နာတာရှာကို မြင်သောအခါတွင် နာတာရှာ၏ ခေါင်းကို ဖမ်းကိုင်ကာ လွတ်ထွက်သွားမည် စိုးသကဲ့သို့ အားကုန် ဖိထားသည်။ နာတာရှာမှာ နာကျင်လွန်းလှသဖြင့် မျက်စိမှိတ်၍ ရှဲ့မဲ့လျက် ရှိလေသည်။ မြို့စားကတော်ကြီးသည် နာတာရှာ၏ မျက်နှာကို ဆွဲမော့၍ စိန်းစိန်းကြီး ကြည့်နေပြန်သည်။

"သမီးထွေး မေဖျားကို ချစ်ရဲ့လားဟင်။ မေဖျားကို လိမ်မပြောနဲ့နော်။ မှန်မှန်ပြောစမ်း" မြို့စားကတော်ကြီးက ခပ်တိုးတိုး မေး၏။

နာတာရှာသည် မျက်ရည်ပြည့်လျှမ်းသော မျက်လုံးအစုံဖြင့် မိခင်မြို့စားကတော်ကြီးကို ကြည့်၏။ နာတာရှာ၏ အကြည့်မှာ ချစ်ခြင်းနှင့် ခွင့်လွှတ်ရန် တောင်းပန်တိုးလျှိုးခြင်းကို ဖော်ပြသောအကြည့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"မေဖျား" နာတာရှာသည် မိခင်မြို့စားကတော်ကြီးကို ဖိစီးနှိပ်စက်လျက်ရှိသည့် သောကများကို ကိုယ်စားဝင်၍ ယူရန်ရှိသမျှ ချစ်ခြင်းမေတ္တာ အပြည့်အဝဖြင့် လှိုက်လဲစွာ ခေါ်လိုက်သည်။

သို့ရာတွင် မြို့စားကတော်ကြီးမှာကား အညွှန့်တလူလူတက်ဆဲ တိုက်ပွဲတွင် ကျဆုံးသွားသော သားငယ်ပီတာမရှိသည့်နောက်တွင် မိမိသည်လည်း ဤလောကကြီးတွင် အသက်ရှင် ကျန်ရစ်တော့မည် မဟုတ်ဟု ထင်မှတ်လျက် သတိရနေရာမှ တစ်ဖန် ကယောင်ကတမ်း ပြောဆိုနေပြန်သည်။

ဤသို့ဖြင့် နာတာရှာအဖို့ ထိုနေ့၊ ထိုည၊ နောက်နေ့၊ နောက်ညများသည် မည်သို့မည်ပုံ ကုန်ဆုံးသွားသည်ကို ကောင်းစွာပင် မမှတ်မိတော့ချေ။ နာတာရှာသည် အိပ်လည်း မအိပ်၊ မိခင်မြို့စားကတော်ကြီး၏ အပါးမှလည်း မခွာတော့ချေ။ နာတာရှာသည် မြို့စားကတော်ကြီး အား နှစ်သိမ့်အားပေးခြင်း မပြုတော့ဘဲ သတိလက်မလွတ် စေရန်သာ စိတ်စောလျက် ရှိလေသည်။ မြို့စားကတော်ကြီး၏အနီး၌ နာတာရှာ၏ သည်းခံနိုင်စွမ်းရှိသော အချစ်စိတ်သည် အမြဲတစေ စောင့်ကြပ်ဝန်းရံလျက် ရှိသည်ဟု ထင်ရပေ၏။

တတိယည၌ မြို့စားကတော်ကြီးမှာ အတန်ကြာမှ ငြိမ်သက်လျက် ရှိသည့်အလျောက် နာတာရှာသည် ထိုင်ဖုံလက်တင်တွင် ခေါင်းတင်ကာ မှေခနဲပျော်သွား၏။ သို့ရာတွင် အိပ်ရာဘက်မှ တကျိကျိမြည်သံကြောင့် နာတာရှာသည် လန့်နိုးလာပြန်လေသည်။ မိခင်မြို့စားကတော်ကြီးသည် အိပ်ရာထက်တွင် ထိုင်ကာ တစ်ယောက်တည်း တိုးတိုးစကားပြောနေလေသည်။

"သားလေး၊ သားလေး ပြန်လာပြီနော်။ မေဖျား ဝမ်းသာလိုက်တာကွယ်။ ညော်၊ သားလေး ပင်ပန်းလာသလား။ ဟုတ်မှာပေါ့။ သားလေး လက်ဖက်ရည်သောက်မလား"

နာတာရှာသည် ခုတင်ဆီသို့ ထလာခဲ့သည်။

"ကြည့်စမ်း ထွားလာလိုက်တာ၊ နည်းတဲ့ကိုယ်လုံးကိုယ်ထည်ကြီး မဟုတ်ဘူး။ တကယ့်ယောကျ်ားကြီး ကျနေတာပဲ"

မြို့စားကတော်ကြီးသည် နာတာရှာ၏ လက်ကို ဖမ်းဆုပ်၍ တိုးတိုးပြောလျက် ရှိ၏။

"မေဖျား၊ မေဖျား။ ဘာတွေပြောနေတာလဲဟင်"

"ဟင်၊ သမီးထွေး၊ သမီးထွေး၊ မေဖျားရဲ့ သားလေး မရှိတော့ဘူး သမီးထွေးရဲ့။ သားလေး မရှိတော့ဘူး"

မြို့စားကတော်ကြီးသည် နာတာရှာကို ဖက်၍ ပထမဆုံးအကြိမ် စတင်ငိုကြွေးခြင်း ပြုလေသည်။

အခန်း ၃

မင်းသမီးလေးမေရီသည် မော်စကိုသို့ ပြောင်းရွှေ့မည့် အစီအစဉ်ကို ဆိုင်းထားလိုက်၏။ မြို့စားကြီး ရော့စတော့ဗ်နှင့် ဆွန်ယာတို့သည် မြို့စားကတော်ကြီး စိတ်ပြေလက်ပျောက် ဖြစ်လိုဖြစ်ငြား နာတာရှာကို မိခင်အပါးတွင် နေစေသော်လည်း အချည်းနှီးသာ ဖြစ်လေသည်။ ၎င်းတို့အထင်၌ မြို့စားကတော်ကြီးကို အကျိုးမဲ့ ပူဆွေးသောကရောက်ခြင်းမှ တားဆီးနိုင်သူမှာ နာတာရှာတစ်ဦးတည်းသာ ရှိသည်ဟု ထင်၏။ နာတာရှာသည်လည်း ရက်သတ္တသုံးပတ်မျှ မိခင်မြို့စားကတော်ကြီးအနီးမှ တစ်ဖဝါးမှမခွာဘဲ စောင့်ကြည့်၏။ အိပ်လျှင်လည်း အနီးရှိ ပက်လက်ထိုင်ဖုံတွင် အိပ်သည်။ မြို့စားကတော်ကြီးကို ကိုယ်တိုင် အစာကျွေးခြင်း၊ ရေတိုက်ခြင်းတို့ကို ပြုသည်။ မိမိ၏ ချိုသာနူးညံ့သော ချော့မော့နှစ်သိမ့်သံသာလျှင် မိခင်မြို့စားကတော်ကြီး၏ စိတ်သက်သာခြင်းကို ဖြစ်စေသည့်အတွက် အပါးမှ ထိုင်၍ စကားစမြည်ပြောနေတတ်သည်။

သို့သော်လည်း မိခင်မြို့စားကတော်ကြီး၏ စိတ်အနာသည် မကျက်တော့ချေ။ ပီတာ သေဆုံးခြင်းသည် မြို့စားကတော်ကြီး၏ ဘဝကို တစ်ဝက်ခွဲ၍ ယူသွားခဲ့လေပြီ။ ပီတာ သေဆုံးကြောင်းကို ကြားရသည့်အချိန်၌ မြို့စားကတော်ကြီးသည် ကျန်းမာသန်စွမ်း၍ လန်းဆန်းလျက်ရှိသေးသော အသက်ငါးဆယ်ရွယ် မိန်းမကြီးတစ်ဦး ဖြစ်၏။ သို့ရာတွင် တစ်လကြာ၍ ခန်းဆောင်အပြင်သို့ ထွက်လာသည့်အခါ၌ကား လောကီကိစ္စများကို စိတ်မဝင်စားတော့သော သတိအယွင်းယွင်း အချွတ်ချွတ် ဖြစ်လျက် ရှိသည့် အဘွားအိုကြီးတစ်ယောက် ဖြစ်လာခဲ့လေပြီ။ သို့သော်လည်း မြို့စားကတော်ကြီးကို မသေရုံတစ်မည်သာ

www.burmeseclassic.com

www.burmeseclassic.com

ကျန်ရစ်ခဲ့အောင် ရိုက်ပုတ်ခဲ့သည့် လောကဓံတရား၏ ဤရိုက်ပုတ်ချက်ကြီး။ ထိုဒုတိယ ရိုက်ပုတ်ချက်ကြီးသည် နာတာရှာကိုကား ပြန်လည် ရှင်သန်လာအောင် မြေတောင်မြှောက်ပေးလိုက်သကဲ့သို့ ရှိလေသည်။

စိတ်ခန္ဓာကြီး ကျိုးပဲ့ပျက်စီးသွားခြင်းကြောင့် ဖြစ်ပေါ်လာသောစိတ်၏ အနာသည် ရုပ်ခန္ဓာကိုယ်၏ အနာနှင့် တူပေသည်။ ခန္ဓာကိုယ်ပေါ်မှ နက်သော ဒဏ်ရာတစ်ခုသည် အချိန်တန်သောအခါ၌ ကျက်စပြုလာကာ အနာဝသည် တဖြည်းဖြည်း ပိတ်သွားနိုင်သည်သာ ဖြစ်၏။ စိတ်၏ အနာသည်လည်း ထိုနည်းအတူပင် ဖြစ်လေသည်။ သို့ရာတွင် ကိုယ်၌ဖြစ်သော အနာဖြစ်စေ၊ စိတ်၌ဖြစ်သော အနာဖြစ်စေ 'အသားနုတက်ခြင်း'တည်းဟူသော အတွင်းမှ အသက်ဓာတ်အား၏ ရှင်သန်နိုးကြားခြင်းဖြင့်သာ ပျောက်ကင်းနိုင်ပေသည်။

နာတာရှာ၏ စိတ်အနာသည် ဤနည်းဖြင့် ကျက်လာခဲ့၏။ မင်းသားကလေး အင်ဒရေ ဆုံးပြီးသည့်နောက်၌ မိမိ၏ ဘဝသည် ဆုံးခန်းတိုင်သို့ ရောက်ခဲ့လေပြီဟု နာတာရှာ ထင်ခဲ့၏။ သို့ရာတွင် မိခင်မြို့စားကတော်ကြီး အပေါ်၌ ဖွဲ့နှောင်အပ်သော ချစ်ခြင်းမေတ္တာသည် တစ်မှုတ်ချင်း ပြန်လည်ပေါ်ပေါက်လာခဲ့လေရာ (ချစ်ခြင်းမေတ္တာတည်းဟူသော) လူ့ဘဝ၏အနှစ်သည် ခန္ဓာကိုယ်တွင်း၌ လည်ပတ်လှုပ်ရှားလာပြန်သည်။ ချစ်ခြင်းမေတ္တာသည် ရှင်သန်နိုးကြားလာသည်၌ ဘဝသည်လည်း ရှင်သန်နိုးကြားလာလေတော့သည်။

နာတာရှာနှင့် မင်းသမီးလေးမေရီတို့သည် မင်းသားကလေးအင်ဒရေ ကွယ်လွန်ခါနီးတွင် တစ်ဦးနှင့်တစ်ဦး ပို၍ ရင်းနှီးလာခဲ့ကြ၏။ ယခုတစ်ဖန် ပိတာ ကွယ်လွန်သည့်အခါ၌ကား ထိုရင်းနှီးမှုသည် ပို၍ ခိုင်မာလာပြန်ပေသည်။ မင်းသမီးလေးမေရီသည် မော်စကိုသို့ ပြောင်းရွှေ့ရန် ကိစ္စကို ဆိုင်းထားလိုက်ပြီးနောက် ရက်သတ္တသုံးပတ်မျှလုံး ကလေးသူငယ်တစ်ဦးကို ပြုစုစောင့်ရှောက်သည့်နယ် နာတာရှာကို ကြည့်ရှုစောင့်ရှောက်လျက်ရှိလျက် ရှိ၏။ ယခုအချိန်၌ နာတာရှာမှာ မိခင်မြို့စားကတော်ကြီး၏ အပါးတွင် မအိပ်မနေ ပြုစုစောင့်ရှောက်ခဲ့ရခြင်းကြောင့် သိသိသာသာကြီး ချုံးကျသွားခဲ့လေပြီ။

တစ်ညနေ၌ မင်းသမီးလေးမေရီသည် နာတာရှာ တစ်ယောက် ခိုက်ခိုက်တုန်၍ အဖျားတက်လျက် ရှိခြင်းကို မြင်သည်၌ နာတာရှာကို မိမိ၏ ခန်းဆောင်သို့ တွဲခေါ်လာခဲ့ကာ အိပ်ရာပေါ်တွင် လှဲစေ၏။ နာတာရှာသည် အိပ်ရာတွင် လှဲ၏။ သို့ရာတွင် မင်းသမီးလေးမေရီက ကန့်လန့်ကာများကို ဆွဲစေ့ပြီးနောက် ခန်းဆောင်အပြင်သို့ ပြန်ထွက်မည်အပြုဌ် နာတာရှာသည် မင်းသမီးလေးမေရီကို လှမ်းခေါ်လိုက်မိသည်။

"မအိပ်ချင်ဘူး အစ်မတော်ထိပ်ထား။ နာတာရှာ့အနာ ခဏလောက်ထိုင်ပါလား"

"ညီမ ပင်ပန်းလှပါပြီကွယ်။ အိပ်ပါတော့လား"

"မအိပ်ချင်သေးဘူး အစ်မတော်။ ဘာဖြစ်လို့ အစ်မတော် ထိပ်ထား၏ ခန်းဆောင်ထဲ ခေါ်လာတာလဲဟင်။ မေဖျားမေးနေလိမ့်မယ်ထင်တယ်"

"အရီးတော် သက်သာသွားပါပြီကွယ်။ ကိစ္စမရှိတော့ပါဘူး။ သတိမလွတ်ဘဲ စကားကောင်းကောင်းပြောနိုင်နေပြီပဲ"

နာတာရှာသည် အိပ်ရာထက်တွင် လှဲလျက် အမှောင်တစ်ဝက် အလင်းတစ်ဝက်ထဲ၌ မင်းသမီးလေးမေရီ၏ မျက်နှာကို ငေးကြည့်လျက်ရှိ၏။

"အစ်မတော်ထိပ်ထားဟာ အစ်ကိုလိုပဲလား" ဟု နာတာရှာ တွေးမိ၏။ "ဟုတ်တယ် အစ်ကိုနဲ့တူတဲ့အချက်တွေလဲရှိတယ်။ မတူတဲ့ အချက်တွေလဲ ရှိတယ်။ ဒါပေမဲ့ အစ်မတော်ထိပ်ထားက သိပ်ပြီး ကျမ်းတတ်စာတတ်ရှိဟန်မတူဘူး။ ကိုယ်ပိုင်အတွေး ရှိတယ်။ ထူးဆန်းတယ်။ နားလည်ဖို့ ခက်တယ်။ အစ်မတော်ထိပ်ထားဟာ ငါ့ကို ချစ်ရှာသားပဲ။ အစ်မတော်ရဲ့ နှလုံးသားထဲမှာ ဘယ်လိုများနေပါလိမ့်။ စိတ်သဘောကောင်းတာတွေချည်းပဲ ရှိလေမလား။ အစ်မတော်ရဲ့ စိတ်ထားကကော ဘယ်လိုလဲ။ ငါ့ကို ဘယ်လိုများထင်သလဲ။ ဟုတ်ပါတယ်လေ။ အစ်မတော် ထိပ်ထားဟာ စိတ်ကောင်း နှလုံးကောင်းရှိသူ တစ်ယောက်ပါ"

"အစ်မတော်ထိပ်ထား" နာတာရှာသည် မင်းသမီးကလေးမေရီ၏လက် ဆွဲ၍ မရဲတရဲခေါ်လိုက်၏။ "အစ်မတော်ထိပ်ထား နာတာရှာ့ကို စိတ်နှလုံးမကောင်းတဲ့ မိန်းကလေးတစ်ယောက်လို့ မထင်လိုက်ပါနဲ့နော်။ မထင်ဘူး မဟုတ်လားဟင် အစ်မတော်ထိပ်ထား။ နာတာရှာ

www.burmeseclassic.com

www.burmeseclassic.com

လေ အစ်မတော် ထိပ်ထားကို သိပ်ချစ်တာပဲ။ နာတာရှာတို့ နှစ်ယောက် တကယ့်မိတ်ဆွေရင်းချာတွေအဖြစ် နေကြရအောင်နော်။ နော် အစ်မတော်ထိပ်ထား"

နာတာရှာသည် မင်းသမီးလေး မေရီကိုဖက်၍ မျက်နှာနှင့်လက်များကို နမ်းရှုပ်၏။ မင်းသမီးလေးမေရီသည် ရုက်သလိုလိုရှိသော်လည်း နာတာရှာက ၎င်း၏ အချစ်ကို ဤသို့ ပြလိုက်သောအခါတွင် ကြည်နူးလျက်ရှိလေသည်။

ထိုနေ့မှစ၍ မိန်းမများ အချင်းချင်းကြား၌သာ ဖြစ်ပေါ်တတ်သော နူးညံ့ပြင်းထန်သော အချစ်စိတ်တစ်မျိုးသည် မင်းသမီးလေး မေရီနှင့် နာတာရှာတို့ နှစ်ဦး၏ကြား၌ ပေါ်ပေါက်လာခဲ့လေသည်။ ယင်းတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး အမြဲတမ်းပွေ့ဖက်နမ်းရှုပ်လျက်၊ ချိုသာနူးညံ့သော စကားများကိုဆိုလျက် မခွဲနိုင် မခွာရက်လောက်အောင် တပူးတွဲတွဲဖြစ်လျက် ရှိကြလေသည်။ တစ်ယောက် မရှိလျှင် တစ်ယောက်က မနေတတ် မထိုင်တတ်အောင် ဖြစ်ကာ နောက်က တကောက်ကောက်လိုက်နေတတ်သည်။ ၎င်းတို့နှစ်ဦးစလုံးအဖို့၌ မိမိတစ်ယောက်တည်း နေလျှင် သင့်တင့်ညီညွတ်ခြင်း ရှိချင်မှ ရှိဦးမည်။ ယခုကဲ့သို့ နှစ်ယောက် အတူနေရခြင်းကား တစ်ယောက်တည်း နေရသည်ထက်ပင် သင့်တင့်ညီညွတ်လျက်ရှိသည်ဟု ထင်လျက်ရှိကြလေသည်။ မိတ်ဆွေရင်းချာသဘောထက် သာလွန်သော ခံစားမှုမျိုးသည် ၎င်းတို့ရင်းတွင်း၌ ပေါပေါက်လာခဲ့ကြလေသည်။ ထိုခံစားချက်မှာ အခြားမဟုတ်။ ၎င်းတို့၏ ဘဝသည် နှစ်ဦးပေါင်းထားမှသာ ဘဝအဖြစ် လုံးဝပြည့်စုံမည်ဟူသော ခံစားချက်ပင် ဖြစ်လေသည်။

တစ်ခါတစ်ရံ၌ ၎င်းတို့နှစ်ဦးသည် နာရီပေါင်းများစွာ ငြိမ်သက်ငေးမောနေတတ်ကြလေသည်။ တစ်ခါတစ်ရံ၌လည်း အိမ်ရာထဝင်သည့် အချိန်မှစ၍ နံနက်မိုးစင်စင်လင်းသည်အထိ စကားအမျှင်မပြတ် ပြောကြသည်။ အများအားဖြင့်ကား ယေယေတုန်းက အကြောင်းများကိုသာ ပြောလေ့ရှိကြ၏။ မင်းသမီးလေးမေရီက ၎င်းယေယေက နေထိုင်ခဲ့ရပုံနှင့်တကွ ခမည်းတော် မင်းသားကြီးအကြောင်း၊ မယ်တော်အကြောင်း၊ ၎င်း၏ စိတ်ကူးမျှော်မှန်းချက်များအကြောင်းကို ပြောပြတတ်၏။ ထိုအခါတွင် နှိမ့်ချခြင်း၊ ရိုကျိုးခြင်း၊ ချစ်ခင်ခြင်း၊ ခရစ်ယာန်သာသနာတော်၏ အဆုံးအမဖြစ်သော ကိုယ်ကျိုးမငဲ့ခြင်း စသည့် တရားများမှ အတန်ကြာ ဝေးနေခဲ့သော နာတာရှာသည် မင်းသမီးလေး မေရီအား ချစ်ခင်ကြင်နာခြင်းတည်းဟူသော မေတ္တာ၏ အဟုန်ဖြင့် မင်းသမီးလေးမေရီ၏ ယေစဉ်က ဘဝကိုပါ မြတ်နိုးရကောင်းမှန်း သိလာခဲ့လေပြီ။ မိမိသိနားလည်ခြင်း မရှိခဲ့သောဘဝ၏ အခြားဘက်တစ်ဖက်ကို နားလည်ရကောင်းမှန်း သိလာခဲ့လေပြီ။ ယခင်က နာတာရှာသည် အခြားပျော်ရွှင်မှုမျိုးလောက်ကိုသာ နားလည်ခဲ့သည့်အတွက် ရိုးကျိုးနှိမ့်ချခြင်း၊ ခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ပျော်ရွှင်ချမ်းမြေ့ခြင်းကို နားမလည်ခဲ့ချေ။ စာနာထောက်ထားရ ကောင်းမှန်းလည်း မသိခဲ့ချေ။ ယခုသော် နာတာရှာသည် ထိုအရည်အချင်းများကို နားလည်ခဲ့လေပြီ။ ဤသို့သော အရည်အချင်းများကို နှစ်သက်မြတ်နိုးရကောင်းမှန်း သိလာခဲ့လေပြီ။ မင်းသမီးလေးမေရီအဖို့၌လည်း နာတာရှာ၏ ယေစဉ်တောင်ကျေးက အဖြစ်အပျက်များနှင့် လူလားမမြောက်တမြောက် အရွယ်က အဖြစ်အပျက်များကို ကြားပြီးသည်၏အဆုံး၌ ယခင်က မိမိနားလည်ခဲ့ခြင်းမရှိသော ဘဝ၏ အခြားဘက်တစ်ဖက်ကို နားလည်လာခဲ့လေပြီ။ လူ့ဘဝကြီးကို ယုံကြည်သက်ဝင်ခြင်း၊ လူ့ဘဝကြီး၏ ရိပ်ငြိမ်ချမ်းသာကို ခံစားတတ်ခြင်း စသည့် အရည်အချင်းများကို နှစ်သက်မြတ်နိုးရကောင်းမှန် သိမြင်လာခဲ့လေပြီ။

သို့သော်လည်း ၎င်းတို့နှစ်ဦးသည် ယခင်ကကဲ့သို့ပင် သူ့အကြောင်းကိုကား မပြောကြချေ။ (၎င်းတို့၏ အထင်၌) သူနှင့်ပတ်သက်၍ ၎င်းတို့နှစ်ယောက်၏ ရင်ထဲ၌ ဖြစ်ပေါ်နေသော ခံစားချက်များကို စကားဖြင့် ထုတ်ဖော်ပြောဆိုခြင်းသည် ထိုခံစားချက်များ၏ ကြီးမားခြင်းကို သေးငယ်ယုတ်ညံ့အောင် ပြုရာရောက်သည်ဟု ထင်ကြ၏။ သို့ရာတွင် ဤသို့ သူ့အကြောင်းကို တစ်ခွန်းတစ်ပါဒမျှ မပြောဘဲနေကြခြင်းဖြင့် သူ့ကို တဖြည်းဖြည်း မေ့မေ့ပျောက်ပျောက်ဖြစ်စပြုလာခြင်းကိုမူ ၎င်းတို့ သတိမထားမိကြချေ။

နာတာရှာမှာ ပိန်ချုံးကာ အသားအရေ ဖြူရော်စပြုလာခဲ့လေသည်။ နာတာရှာ၏ ကျန်းမာရေး အခြေအနေမှာ ဤသို့ဖြင့် တဖြည်းဖြည်းဆုတ်ယုတ်စ ပြုလာရကား တစ်အိမ်လုံးကပင် နာတာရှာ၏ ကျန်းမာရေးကို ဂရုတစိုက်

www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုကြ၏။ နာတာရှာကမူ ဤသို့ မိမိ၏ ကျန်းမာရေးကို အရေးတယူလုပ်၍ ပြောဆိုခြင်းအတွက် ကျေနပ်မိသေး၏။ သို့ရာတွင် တစ်ခါတစ်ရံလည်း နာတာရှာသည် သေခြင်းတရားကိုမျှသာမက နာမကျန်းဖြစ်ခြင်း၊ အားအင်ဆုတ်ယုတ်ခြင်း၊ အလုပျက်ခြင်းတို့ကို ကြောက်ရွံ့စိုးရိမ်ခြင်းလည်း ဖြစ်ပေါ်လာမိလေသည်။ ထိုအခါများ၌ နာတာရှာသည် ဗလာကျင်းလျက်ရှိသော မိမိ၏ လက်မောင်းများကို အမှတ်မထင် ကြည့်မိရာက ၎င်းတို့၏ သေးကွေးကြုံလှိုခြင်းကို တွေ့ရသည်တွင် အံ့သြခြင်း ဖြစ်မိသည်။ နံနက် အိပ်ရာထ၌လည်း ချောင်ကျလျက်ရှိသော မျက်နှာကို မှန်ထဲတွင် သတိပြုမိသည်။ (၎င်း၏ မျက်နှာသည် ယခုလို ချောင်ကျလျက် ရှိစဉ်တွင် သနားစရာကောင်းသည်ဟု စိတ်တွင် ထင်မိပါသေးသည်။) လောကဌ ရှိရှိသမျှသော အရာတိုင်းသည် ဝမ်းနည်းစရာကောင်းသည် မှန်သော်လည်း တစ်နေ့တွင် ဤသို့ပင် ဖြစ်ရတော့မည်ဟု ဆင်ခြင်မိလေသည်။

တစ်နေ့သ၌ နာတာရှာသည် အိမ်ပေါ်ထပ်လေကားသို့ ပြေးတက်လာခဲ့သည်တွင် အသက်ရှူ၍ မရလောက်အောင် ရင်ထဲ၌ မွန်းကျပ်လျက် ရှိသည့် ဝေဒနာကို ခံစားလိုက်ရ၏။ နာတာရှာသည် ထိုအချက်ကို သတိမပြုမိသေးဘဲ အကြောင်းတစ်ခုရှာကာ အောက်ထပ်သို့ ဆင်းခဲ့ပြီးမှ မိမိ၏ အားကို စမ်းသပ်သည့်သဘောဖြင့် လေကားသို့ ပြေးတက်ခဲ့ပြန်သည်။ ထိုအချိန်၌ကား အသက်ရှူ၍ မဝအောင် ဖြစ်နေခြင်းကို သတိပြုမိခဲ့လေပြီ။

တစ်ခါ၌လည်း နာတာရှာသည် အစေတော်ကြီး ဒွန်ယာရှာကို အော်ခေါ်သည့်အခါ၌ အသံတုန်လျက် ရှိခြင်းကို သတိပြုလိုက်မိ၏။ ထို့ကြောင့် သူ မကျေနပ်သေးဘဲ ဒွန်ယာရှာ လာနေပြီကို သိလျက်နှင့် ထပ်၍ အော်ခေါ်ပြန်သည်။ ယခင်က သီချင်းဆိုခဲ့စဉ်က အသံမျိုးရအောင် ရင်တွင်းမှလှိုက်၍ အသံကို ညှစ်အော်လိုက်ပြီးနောက် ကိုယ့်အသံကို ကိုယ်သတိထား နားထောင်၍ ကြည့်၏။

နာတာရှာသည် ထိုအချက်ကို သိကောင်းမှသိ၍ ယုံကောင်းမှ ယုံမည်ဖြစ်သော်လည်း ၎င်း၏ ဝိညာဉ်ကို ဖုံးအုပ်လျက်ရှိ၍ ထိုးဖောက်မရနိုင်ဟု ထင်ရသော (သောကတည်းဟူသော) အပေါ်ယံမြေလွှာအောက်၌ကား စိမ်းစိုနူးညံ့သော အညှန့်အညောက်တို့ တလူလူပြူထွက်လာခဲ့ကြလေပြီ။ ထိုအညှန့်အညောက်တို့သည် အမြစ်သွယ်ကာ နာတာရှာကို ဖိစီးနှိပ်စက်လျက်ရှိသည့် သောကပရိဒေဝတို့ကို ခုက်လက်ညှန့်ရှင်တို့ဖြင့် ဖုံးလွှမ်းသွားစေတော့မည်သာ ဖြစ်လေသည်။ ထိုအခါ၌ နာတာရှာ၏ သောကတို့သည် ထိုအညှန့်အညောက်များအောက်တွင် ပျောက်ကွယ်သွားကြလေတော့မည်။ နာတာရှာ၏ စိတ်ဒဏ်ရာသည် ကျက်စပြုလာခဲ့လေပြီ။

ဇနနဝါရီလကုန်၌ မင်းသမီးလေးမေရီသည် မော်စကိုမြို့သို့ ပြောင်းရွှေ့လာခဲ့လေရာ မြို့စားကြီး ရော်စတော့ဗ်သည် သမားတော်များကို ပြသရန်အတွက် သမီးထွေးနာတာရှာကို မင်းသမီးလေးမေရီနှင့်အတူ ထည့်လိုက်လေသည်။

အခန်း ၄

ရုရှားစစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ဗျာဇမာသို့ အရောက်၌ ရန်သူများကို စုပြုံထိုးနှက်၍ လက်ရဖမ်းဆီးရန်၊ ရန်သူတို့ကို ဖြတ်တောက်ရန် ပြင်းစွာ စိတ်အားထက်သန်လျက်ရှိသော ၎င်း၏တပ်များကို ထိန်းသိမ်းတားဆီးခြင်းငှာ မတတ်နိုင်တော့ချေ။ သို့ရာတွင် ဗျာဇမာတိုက်ပွဲပြီးသည့်နောက်၌ကား ထွက်ပြေးလျက်ရှိသော ပြင်သစ်စစ်တပ်ကြီးနှင့် နောက်ကလိုက်လာသော ရုရှားစစ်တပ်ကြီးတို့သည် တိုက်ပွဲတစ်ပွဲမျှ ဆက်၍ ဖြစ်ပွားခြင်း မရှိတော့ဘဲ ကရပ်စနိုသို့ ရောက်လာခဲ့ကြလေသည်။ ပြင်သစ်တို့၏ ထွက်ပြေးပုံမှာ နှုန်းထား လျင်မြန်လွန်းသည့်အတွက် နောက်က လိုက်လျက်ရှိသော ရုရှားစစ်တပ်ကြီးသည် ပြင်သစ်စစ်တပ်ကြီးကို မမှီနိုင်တော့ချေ။ ရုရှားမြင်းတပ်နှင့် အမြောက်တပ်မှ မြင်းများသည် လမ်း၌ အတုံးအရုံး လဲကျသေဆုံးခဲ့ကြလေသည်။ ပြင်သစ်တို့၏ လူပ်ရှားမှုနှင့် ပတ်သက်သော သတင်းများမှာလည်း မည်သည့်အခါမျှ ခိုင်လုံခြင်းမရှိချေ။

တစ်နေ့လျှင် နှစ်ဆယ့်ခုနစ်မိုင်နှုန်းဖြင့် အပြင်းချီတက်ခဲ့ရသော ရုရှားတပ်သားများမှာလည်း စစ်ပန်းလျက်ရှိလေပြီ။ ၎င်းတို့မှာ အားအင်ကုန်ခန်းနွမ်းနယ်လျက်ရှိပြီ ဖြစ်ရကား ထိုထက်ခရီးပေါက်ရန်လည်း မတတ်

www.burmeseclassic.com

www.burmeseclassic.com

နိုင်တော့ပြီ။

တာရူတီနိုတိုက်ပွဲပြီးသည့်အချိန်၌ ရုရှားစစ်တပ်ကြီး၏ အဆုံးအရှုံးမှာ ကျဆုံး ဒဏ်ရာရသူအပေါင်း ငါးထောင်ခန့်နှင့် သုံ့ပန်းအဖြစ် အဖမ်းခံရသူပေါင်း တစ်ရာမဲ့မဲ့မျှသာ ဖြစ်၍ ထိုမှ ရှေ့သို့ ဆက်လက်ချီတက်လာသောအခါတွင် တပ်သားတစ်သိန်း ရှိခဲ့သေး၏။ သို့သော် ကရပ်စနိုသို့ ရောက်သည့်အချိန်တွင်မူ ငါးသောင်းမျှသာ ကျန်ခဲ့လေပြီ။ ဤအချက်ကို ကြည့်ခြင်းဖြင့် ရုရှားစစ်တပ်ကြီးသည် (တာရူတီနိုနှင့် ကရပ်စနိုကြားတွင် တိုက်ပွဲတစ်ပွဲမျှ မတိုက်ရဘဲနှင့်ပင်) မည်မျှ အားအင်ကုန်ခန်းနွမ်းနယ်လျက် ရှိကြောင်းကို သိနိုင်ပေသည်။

ပြင်သစ်တို့ ဆုတ်ခွာထွက်ပြေးခြင်းသည် ၎င်းတို့၏ ပျက်စီးခြင်းကိုသာ ဖြစ်စေသကဲ့သို့ ရုရှားတို့၏အရှိန်ပြင်းလှသော လိုက်လံတိုက်ခိုက်မှုသည်လည်း ရုရှားစစ်တပ်ကြီး၏ ပျက်စီးခြင်းကိုသာ ဖြစ်စေခဲ့ပေရာ အကျိုးသက်ရောက်မှုခြင်္ကာ အတူတူပင် ဖြစ်ပေသည်။ ခြားနားချက်မှာ ပြင်သစ်တို့က နောက်က အန္တရာယ်ကြောင့် ထွက်ပြေးရခြင်းနှင့် ရုရှားတို့က နောက်ကအန္တရာယ်မရှိဘဲ ချီတက်ရခြင်း၊ နာမကျန်းဖြစ်သော ပြင်သစ်တို့အဖို့ ရန်သူ့လက်တွင်းသို့ သက်ဆင်းရခြင်းနှင့် နာမကျန်းဖြစ်သော ရုရှားတို့အဖို့ မိမိတို့၏ တိုင်းသူပြည်သားများလက်တွင် နေရစ်ခဲ့ရ ခြင်းတို့သာလျှင် ဖြစ်ပေသည်။ နပိုလီယန်၏ စစ်တပ်ကြီး အချည်းနှီးအကျိုးမဲ့ ပျက်စီးရခြင်း၏ အဓိကအကြောင်းရင်းမှာ ထိုစစ်တပ်ကြီး၏ လှုပ်ရှားမှု လျင်မြန်ခြင်းပင်ဖြစ်ရာ ဤအချက်မှန်ကြောင်းကို နောက်မှ လိုက်လံတိုက်ခိုက်သော ရုရှားစစ်တပ်ကြီး၏ အလားတူ ပျက်စီးခြင်းကလည်း သက်သေပြလျက် ရှိပေသည်။

ပီတာစဘတ် ရွှေနန်တော်ကြီးနှင့် ရုရှားတပ်မှူး၊ ဗိုလ်ချုပ်များ၏ ဆန္ဒမှာ ပြင်သစ်စစ်တပ်ကြီး၏ လှုပ်ရှားမှုကို လမ်းမှ ပိတ်ဆို့ရန် ဖြစ်သော်လည်း ရုရှားစစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ထိုသို့ ပိတ်ဆို့ရန် ကြိုးစားခြင်းမပြုခဲ့ချေ။ ပိတ်ဆို့ရန် ကြိုးစားခြင်း မပြုရုံမျှမက (ဗျာဇမာနှင့် တာရူတီနိုဒေသများတွင် ပြုလုပ်ခဲ့သကဲ့သို့) ပြင်သစ်စစ်တပ်ကြီး၏ လှုပ်ရှားမှုကို မြန်သည်ထက်မြန်အောင် ရုရှားစစ်တပ်ကြီး၏ လှုပ်ရှားမှုကို နှေးသည်ထက်နှေးအောင်သာ အစွမ်းကုန် ပြုလုပ်ခဲ့လေသည်။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်က ရန်သူစစ်တပ်ကြီး၏ လှုပ်ရှားမှုကို ပိတ်ဆို့မှုမပြုခဲ့ခြင်း၊ ရုရှားတပ်များ၏ ချီတက်မှုကို နှေးကွေးစေခဲ့ခြင်းမှာ ချီတက်မှုနှုန်းထား လျင်မြန်သည့်အလျောက် မိမိ၏ တပ်များ စစ်ပန်းလျက် ရှိခြင်း၊ အဖိတ်အစဉ်များခြင်းတို့ကြောင့် ဖြစ်ပေသည်။ ထို့ပြင် အခြားအခြားအကြောင်းတစ်ရပ်လည်း ရှိသေး၏။ ရုရှားစစ်တပ်ကြီး၏ အဓိကရည်ရွယ်ချက်မှာ ပြင်သစ်တို့ကို လိုက်လံမောင်းနှင်ထုတ်ရန် ဖြစ်၏။ ပြင်သစ်တို့မည်သည့် လမ်းက ဆုတ်ခွာမည်ဆိုသည့် အချက်ကို ရုရှားတို့ သေချာစွာ မသိရချေ။ ထို့ကြောင့် ၎င်းတို့နောက်သို့သာ ဖဝါးခြေထပ် ထက်ကြပ်လိုက်၍ နေရမည်ဆိုလျှင် မဆုံးနိုင်အောင် သဲသရာရှည်၍ နေမည်သာဖြစ်၏။ နောက်ခပ်လှမ်းလှမ်းမှ လိုက်ပါလာခြင်းဖြင့်သာလျှင် ကွေ့ကောက်လျက်ရှိသော ပြင်သစ်တို့၏ စစ်ဆုတ်လမ်းကို ဖြတ်လမ်းမှလိုက်နိုင်သော အခွင့်အရေးရမည်ဖြစ်၏။ ရုရှားတပ်မှူး၊ ဗိုလ်ချုပ်များ တင်ပြသော ပရိယာယ်ကြွယ်ဝလှသည့် စစ်ကစားမှုများ အတိုင်းသာ လှုပ်ရှားရမည်ဆိုလျှင် ရုရှားစစ်တပ်ကြီးသည် နောက်ထပ် လှုပ်ရှားမှုသစ်များကို ပြုလုပ်ရဦးမည်သာမက ထိုထက် ရှည်လျားသော ချီတက်မှုများကိုလည်း ပြုလုပ်ရဦးမည်သာ ဖြစ်လေသည်။ ထိုအချိန်၌ ရုရှားစစ်တပ်ကြီးအဖို့ အလိုအပ်ဆုံးဖြစ်သော အရာကား ပြင်သစ်တို့ကို အတိုဆုံး လမ်းမှ ဖြတ်၍ လိုက်ရန် ဖြစ်လေသည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် မော်စကိုမှသည် ဗီလနာအထိ တိုက်ပွဲစဉ်တစ်လျှောက်လုံး၌ ထိုအတိုင်း ဆောင်ရွက်ခဲ့သည်။ တပ်သား အကျအဆုံးလည်း နည်းစေ၊ ခရီးလည်း တိုစေ၊ လိုရာလည်း ရောက်စေဟူသော ရည်ရွယ်ချက်ဖြင့် ထိုရည်ရွယ်ချက်အောင်မြင်ရေးအတွက်သာ ရှေးရှုခဲ့သည်။ သို့ဖြစ်ရကား စစ်သေနာပတိချုပ် ကူတူဇော့ဗ်က ရုရှားစစ်တပ်ကြီး၏ လှုပ်ရှားမှုကို နှေးကွေးစေခဲ့ခြင်း၊ ပြင်သစ်တို့နောက်မှ ထက်ကြပ်မလိုက်ဘဲ မလှမ်းမကမ်းမှ တစေ့တစောင်းအကဲခတ်၍ လိုက်လာခဲ့ခြင်းမှာ တစ်ခါတစ်ရံမှ စိတ်ကူးရ၍ ထလုပ်ခြင်း မတော်တဆ လုပ်ခြင်းမျိုး မဟုတ်ပေ။ အစမှ အဆုံးတိုင် တစ်ကြိမ်တစ်ခါမျှ သွေဖည်ခြင်းမရှိစေရန် အထူးသတိပြုလျက် တစ်သမတ်တည်း ဆောင်ရွက်ခဲ့သော အပြုအမူသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြင်သစ်တို့သည် ဒရောသောပါး ထွက်ပြေးလျက်ရှိကာ စစ်ပျက်လျက် ရှိပြီဆိုသည့်အချက်နှင့်တကွ ၎င်းတို့သည် ဗုန်းဗုန်းလဲကျဆုံးရမည်ဆိုသည့်အချက်ကို ရုရှားတပ်သားတိုင်း သိသကဲ့သို့ စစ်သေနာပတိချုပ် ကူတူဇော့ဗ်လည်း သိပေသည်။ (ဆင်ခြင်တုံတရားဖြင့် စဉ်းစားခြင်း၊ စက်မူသိပ္ပံပညာဖြင့် လေ့လာသုံးသပ်ခြင်းတို့ကြောင့် သိခြင်းမဟုတ်ပါ။ ရုရှားလူမျိုး တစ်ယောက်၏ဘဝ၊ ရုရှားလူမျိုး တစ်ယောက်၏ ခံစားချက်ဖြင့် သိခြင်း ဖြစ်ပါသည်။) တစ်ချိန်တည်းမှာပင် ရာသီဥတုဒဏ်ကြောင့် စစ်သည်တပ်သားတို့ အထိအရှ အဖိတ်အစဉ်များ၍ သွားလမ်းလာလမ်း ကြမ်းတမ်းခက်ခဲကြောင်းကိုလည်း တပ်သားတိုင်းကဲ့သို့ပင် စစ်သေနာပတိချုပ် ကူတူဇော့ဗ် သိပေသည်။

သို့သော်လည်း အခြားသော ဗိုလ်ချုပ်များ၊ အထူးသဖြင့် ရုရှားစစ်တပ်ထဲတွင် အမှုထမ်းလျက်ရှိသော နိုင်ငံခြားသားဗိုလ်ချုပ်များမှာမူကား မိမိတို့ကိုယ်ကိုမိမိ ထင်ပေါ်ကျော်ကြားအောင်လုပ်ရန်၊ 'လူစွမ်းလူစ'ပြရန် မိမိတို့တက်လမ်းကို ရှာသောအားဖြင့် ဘုရင်ငယ်တစ်ပါး သို့မဟုတ် နယ်စားတစ်ပါးကို လက်ရဖမ်းပြရန်လောက်ကိုသာ စိတ်စောလျက် ရှိသည့်အလျောက် ဤအချက်ကို နားမလည်ကြချေ။ မိမိတို့တပ်များ စစ်ပန်းလျက်ရှိသည့်အချိန်၌ စစ်တိုက်ခြင်းသည် အကျိုးမရှိ အရာမထင်ရုံမျှမက အန္တရာယ်များလှသော်လည်း ထိုသူတို့၏ စိတ်၌ကား ထိုအချိန်သည် ရန်သူကို တိုက်ခိုက်၍ အောင်ပွဲခံရန် မင်္ဂလာအခါတော်ကြီး ဖြစ်သည်ဟု ထင်မှတ်နေကြပုံရပေသည်။ ထိုအချိန်၌ ရုရှားစစ်တပ်ကြီးမှာ အဝတ်အထည်၊ ဖိနပ်၊ စားနပ်ရိက္ခာမှစ၍ အစစအရာရာ ချို့တဲ့လျက် ရှိပေသည်။ တစ်လအတွင်း တိုက်ပွဲတစ်ပွဲမျှ မတိုက်ရဘဲ တပ်သားတစ်ဝက်ကျော်မျှ ဆုံးရှုံးခဲ့ရလေပြီ။ ဤသို့သော စစ်တပ်ကြီးမျိုးဖြင့် နောက်ထပ်နှစ်ပြန်မကဝေးသည့် ဒေသများသို့ ဆက်လက်ချီတက်ကာ စစ်ကစားမှုများ ပြုလုပ်သင့်ကြောင်းဖြင့် ထိုဗိုလ်ချုပ်များက စီမံကိန်းအမျိုးမျိုး ရေးဆွဲ၍ တင်ပြလာသောအခါ၌ကား စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် မည်သို့မျှမပြောတော့ဘဲ ပခုံးကိုသာ တွန့်ပြခြင်း ပြုလေတော့သည်။

ထိုစစ်ဗိုလ်ချုပ်များ၏ ထင်ပေါ်လိုသောဆန္ဒ၊ စစ်ကစားလိုသောဆန္ဒ၊ ရင်ဆိုင်တိုက်ပွဲဆင်လိုသောဆန္ဒ၊ ရန်သူ့စစ်ဆုတ်လမ်းကို ဖြတ်တောက်လိုသောဆန္ဒ၊ 'လူစွမ်းကောင်း' လုပ်ပြလိုသောဆန္ဒ စသည်တို့သည် ပြင်သစ်စစ်တပ်ကြီးနှင့် မမျှော်လင့်ဘဲ သွားတိုးမိသည့်အခါတိုင်း ဖုံး၍ ဖိ၍ မရနိုင်အောင် အထင်းသား ပေါ်လာတတ်ကြလေသည်။

ဤအချက်ကို ကရပ်စနိုတိုက်ပွဲ၌ တွေ့နိုင်လေသည်။ ရုရှားစစ်တပ်ကြီးသည် ကရပ်စနိုဒ်၌ ပြင်သစ်စစ်ကြောင်းသုံးကြောင်းအနက် စစ်ကြောင်းတစ်ကြောင်းနှင့်သာ တွေ့လိမ့်မည်ဟု ယူဆထားခဲ့သော်လည်း စစ်သည်တပ်သားတစ်သောင်းခြောက်ထောင်ဖြင့် နပိုလီယန်ကိုယ်တိုင်ဦးဆောင် ကွပ်ကဲလာသော ပြင်သစ်စစ်တပ်ကြီးနှင့် ပက်ပင်းသွားတိုးမိလျက်သား ဖြစ်နေသည်။ စစ်သေနာပတိချုပ်ကူတူဇော့ဗ်၏အမြင်၌ ဤတိုက်ပွဲသည် မိမိ၏ ပျက်စီးရာ ပျက်စီးကြောင်းကိုသာ ဖြစ်စေမည်ဟု ယူဆသည့်အလျောက် တိုက်ပွဲကို ရှောင်ကွင်းရန်၊ ဤသို့ ရှောင်ကွင်းခြင်းဖြင့် မိမိ၏ တပ်များကို အထိအရှမရှိစေရန် အစွမ်းကုန် ကြိုးစားခဲ့သေး၏။ သို့ရာတွင် မောပန်းနွမ်းနယ်လျက်ရှိသော ရုရှားတပ်များက 'ချွတ်ခြုံကျ'လျက်ရှိသော ပြင်သစ်တပ်သားများကို အစုလိုက် အပြုံလိုက် ဝိုင်းဝန်းသတ်ဖြတ်ကြသည်မှာ ကရပ်စနိုတွင် သုံးရက်တိုင်တိုင် ကြာခဲ့လေသည်။

ဤတွင် ဗိုလ်ချုပ်ကြီး တိုးလ်ကလည်း "ပထမစစ်ကြောင်းသည် ဤနေရာမှ ထိုနေရာသို့ ချီတက်ရမည်" စသည်ဖြင့် စစ်အင်္ဂါစဉ်တစ်ခုကို ရေးဆွဲ၏။ သို့ရာတွင် ခါတိုင်းကဲ့သို့ပင် စစ်အင်္ဂါစဉ်အတိုင်း တစ်ခုမျှ ဖြစ်မလာခဲ့ချေ။ ဗိုလ်ချုပ်ကြီး ဗာတင်ဘတ်သည် အပြေးပြေး အလွှားလွှားဖြစ်လျက်ရှိသော ပြင်သစ်တို့ကို တောင်ကုန်းတစ်ခုပေါ်မှ စီး၍ ပစ်၏။ ထို့နောက် တပ်ကူတောင်း၏။ သို့ရာတွင် ထုံးစံအတိုင်း ထိုတပ်ကူများသည် လိုရာသို့ ရောက်မလာခဲ့ကြချေ။ ပြင်သစ်တို့သည် ရုရှားတို့ကို ရှောင်ကွင်းကာ အစုစုခွဲပြီး ညအချိန်တွင် တောထဲ၌ ပုန်းအောင်းကာ ဝေးနိုင်သမျှ ဝေးဝေးကွေ့၍ ဆုတ်ခွာသွားကြပြီးနောက် ဆက်လက် ထွက်ပြေးကြပြန်သည်။

မိမိတပ်များ၏ ထောက်ပံ့ရေးကိစ္စများကို စိတ်ဝင်စားခြင်းမရှိဟု မကြာခဏ ထုတ်ဖော်ပြောတတ်၍ အရေးကြုံလျှင် ရှာ၍ မတွေ့အောင် စုပ်စမြုပ်စပျောက်

www.burmeseclassic.com

www.burmeseclassic.com

ချက်သားကောင်းတတ်သော ဗိုလ်ချုပ်မိလိုရာဒိဗစ်ချ်သည် (၎င်းမှာ 'ကြောက်ရွံ့ခြင်းကင်း၍ အစွန်းအထင်းမရှိသော သူရဲကောင်းကြီးတစ်ဦး'သဖွယ် ဟန်ရေးပြလေ့ရှိသည်။) ပြင်သစ်များနှင့် မျက်နှာချင်းဆိုင် ဆွေးနွေးရခြင်းကို သဘောကျသူဖြစ်သည့်အလျောက် သံတမန်များစေလွှတ်၍ လက်နက်ချ အညံ့ခံခိုင်းခြင်းဖြင့် အချိန်ဖြုန်းလျက် ရှိသည်။ အမိန့်ပေးထားသည့်အတိုင်းကား တစ်ခုမျှ ဆောင်ရွက်ခြင်း မရှိချေ။

"ရဲဘော်တို့ သင်တို့အား ဤစစ်ကြောင်းကို ငါအပိုင်စားပေးအံ့" ဗိုလ်ချုပ် မိလိုရာဒိဗစ်ချ်သည် မိမိ၏မြင်းတပ်ရှေ့တွင် မြင်းတစ်စီးဖြင့် ခေါက်တုံ့ခေါက်ပြန် ဟန်ရေးပြပြီးနောက် ပြင်သစ်တပ်တစ်တပ်ကို လက်ညှိုးညွှန်၍ ဆို၏။

ဤတွင် မိလိုရာဒိဗစ်ချ်၏ မြင်းတပ်သားများသည် ယဲ့ယဲ့မျှသာ ကျန်တော့သော မြင်းများကို သံဆူးများ၊ ဓားလွယ်များဖြင့် အတင်းရိုက်ပုတ်ထိုးနှက်၍ မိမိတို့အား အပိုင်စားပေးထားသည်ဟူသော ပြင်သစ်စစ်ကြောင်းဆီသို့ အစွမ်းကုန်ကြိုးစား၍ လှုပ်လှုပ်ယဲ့ယဲ့ ချီတက်ခဲ့ကြ၏။ (ပြင်သစ်စစ်ကြောင်းမှာ စစ်ကြောင်းဟုသာ ဆိုရသော်လည်း အစာရေစာ ငတ်ပြတ်လျက်ရှိ၍ ဆီးနှင်းဒဏ်ကြောင့် လက်များခြေများပြတ်နေသော ဒုက္ခိတပြင်သစ်လူမျိုးတစ်အုပ်သာ ဖြစ်ပါသည်။) ထိုအခါတွင် အပိုင်စားပေးခြင်း ခံရသော ထိုပြင်သစ်စစ်ကြောင်းသည်လည်း ကြာရှည်လေးမြင့်စွာ ဆောင့်ဆိုင်းလာခဲ့သော အခွင့်အရေးကြီးတစ်ခုကို ရသည့်နှယ် အလျင်အမြန် လက်နက်ချ၍ အညံ့ခံကြလေသည်။

ဤသို့ဖြင့် ရုရှားစစ်တပ်ကြီးသည် ကရပ်စနိုဠ် သုံ့ပန်းနှစ်သောင်းခြောက်ထောင်၊ အမြောက်မြတပူ ရာပေါင်းများစွာနှင့် 'စစ်သူကြီး၏ ဆောင်ဇာ'ဟု ခေါ်သော လက်ကိုင်တုတ်ကလေးတစ်ချောင်းကို သိမ်းဆည်းခဲ့ကာ မိမိတို့၏ အောင်ပွဲကြီးအတွက် ဝမ်းမြောက်မဆုံး ဂုဏ်ယူမဆုံး ဖြစ်လျက် ရှိကြ၏။ ဤတိုက်ပွဲ၌ သူက အစွမ်းထက်သည်၊ ငါက အစွမ်းထက်သည် စသည်ဖြင့် ငြင်းခုံလျက် ရှိကြ၏။ နပိုလီယန်ကိုသော်လည်းကောင်း၊ စစ်သူကြီးတစ်ဦးကိုသော် လည်းကောင်း ဖမ်းဆီးနိုင်ခြင်း မရှိသဖြင့် တစ်ယောက်ကိုတစ်ယောက် အပြစ်ဖို့လျက်လည်း ရှိကြလေသည်။ အထူးသဖြင့် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကို အပြစ်ဖို့လျက် ရှိကြလေသည်။

စင်စစ်၌ကား စိတ်၏ စေ့စားရာသို့ လိုက်ပါနေကြရသည့် ထိုလူများသည် နောက်ကျဖွယ်ကောင်းသော ရှောင်လွှဲမရခြင်း နိယာမတရား၏ ကျေးကျွန်မျက်နှားသာ ဖြစ်ကြပေသည်။ သို့ရာတွင် ၎င်းတို့ကိုယ်ကို ၎င်းတို့ကား 'လူစွမ်းကောင်း'ကြီးများသဖွယ် ထင်မှတ်ကာ လောကၻ အမြင့်မြတ်ဆုံး၊ ဂုဏ်အရှိဆုံးသော အမှုကြီးတစ်ခုကို ပြုလုပ်နေကြသည်ဟု ထင်လျက် ရှိကြလေသည်။ ၎င်းတို့က စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကို အပြစ်တင်ကြလျက် မိမိတို့က နပိုလီယန်ကို နိုင်အောင်တိုက်သော်လည်း ကူတူဇော့ဗ်သည် တိုက်ပွဲစတင်သည့်အချိန်မှစ၍ မိမိတို့ကို ဟန့်တားနှောင့်ယှက်ခဲ့သည်ဟုလည်းကောင်း၊ ကူတူဇော့ဗ်သည် ကိုယ်ကျိုးမှအပ အခြားမည်သည့်အရာကိုမျှ ကြည့်သူမဟုတ်ဟု လည်းကောင်း၊ လိုင်နင်ဒေသတွင် စည်းစိမ်ယစ်လျက်ရှိခြင်းကြောင့် ၎င်းဒေသမှ ရှေ့သို့ ဆက်လက် ချီတက်ခြင်းမပြုဟု လည်းကောင်း၊ ကရပ်စနိုဠ်လည်း နပိုလီယန်နှင့် ရင်ဆိုင်တွေ့မည်ဟု သိရကတည်းက ကယောင်ကတမ်းဖြစ်ကာ တပ်များကို ရှေ့သို့ ဆက်လက်ချီတက်ခြင်း မပြုနိုင်ရန် ဟန့်တားခဲ့ကြောင်း၊ ကူတူဇော့ဗ်သည် နပိုလီယန်နှင့် နားလည်မှုရကာ နပိုလီယန်ထံမှ လာဘ်ယူခဲ့လိမ့်မည် ထင်ရသည်ဟုလည်းကောင်း အမျိုးမျိုး ပြောဆိုခဲ့ကြလေသည်။

ဤသို့ဖြင့် အမှောင့်ပယောဂ ပူးလျက်ရှိသော ထိုခေတ်က ပုဂ္ဂိုလ်များသည် လည်းကောင်း၊ နောင်လာနောက်သားများသည် လည်းကောင်း၊ ရာဇဝင်သည် လည်းကောင်း နပိုလီယန်အား ကြီးမြတ်ပါပေသည်ဟု ကောင်းချီးသြဘာပေးခဲ့ကြလေသည်။ ကူတူဇော့ဗ်ကိုမူကား မည်သူကမျှ ကောင်းချီးသြဘာမပေးခဲ့ကြချေ။ ထိုမျှမက နိုင်ငံခြားသား ရာဇဝင်ဆရာတို့က ကူတူဇော့ဗ်သည် စဉ်းလဲသော၊ မပြတ်သားသော၊ အားနည်းသော၊ မင်းမြောင်စိုးကပ် အဘိုးအိုတစ်ဦးမျှသာ ဖြစ်သည်ဟု သမုတ်ခဲ့ကြ၍ ရုရှား ရာဇဝင်ဆရာများကမူကား ကူတူဇော့ဗ်သည် ရုရှားအမည် မှည့်ထားခြင်းအပ အခြားမည်သည့် အရည်အချင်းမျှ မရှိသည့် ရုပ်သေးရုပ်ကြီးတစ်ရုပ်မျှသာ ဖြစ်သည်ဟု ပြစ်တင်ရှုတ်ချလျက်ရှိကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၅

စစ်သေနာပတိချုပ် ကူတူဇော်သည် ကြီးစွာသော အမှားများကို ကျူးလွန်ခဲ့ကြောင်းဖြင့် ၁၈၁၂–ခုနှစ်နှင့် ၁၈၁၃–ခုနှစ်များတွင် လူသိရှင်ကြား စွပ်စွဲလာခဲ့ကြလေသည်။ ဧကရာဇ်ဘုရင်မင်းမြတ်ကလည်း ကူတူဇော်ကို အလိုတော်မကျဖြစ်လာခဲ့လေသည်။ ရွှေနန်းတော်ကြီး၏ အမိန့်အရ စီရင်ပြုစုအပ်သော မှန်နန်းရာဇဝင်ကျမ်းတစ်စောင်၌မူ ကူတူဇော်သည် ကောက်ကျစ်စဉ်းလဲသော နန်းတွင်းလူလိမ်ကြီးတစ်ဦးဟုလည်းကောင်း၊ နပိုလီယန်၏ အမည်ကို ကြားရုံမျှဖြင့် ကြောက်ဒူးတုန်တတ်သူဟု လည်းကောင်း၊ ၎င်း၏ အမှားများကြောင့် ရုရှားစစ်တပ်ကြီးသည် ပြင်သစ်တို့ကို လုံးဝ အောင်ပွဲမခံနိုင်ဘဲ ဂုဏ်သိက္ခာပျက်ခဲ့ရသည်ဟု လည်းကောင်း ဖော်ပြထားလေသည်။ (ထိုရာဇဝင်ကျမ်းမှာ ဘိုဂါဒါနိုဗစ် စီရင်ပြုစုသော '၁၈၁၂–ခုနှစ်ရာဇဝင်။ ။ စစ်သေနာပတိချုပ် ကူတူဇော်၏ စိတ်သဘောထား၊ နှင့် ကရပ်စနိုတိုက်ပွဲကို ဝေဖန်သုံးသပ်ချက်များ' အမည်ရှိ ကျမ်းဖြစ်သည်။)

ဤသည်မှာ ဘုရားသခင်၏ အလိုတော်ကို မြင်၍ ဘုရားသခင်၏ အလိုတော်ကျ ဆောင်ရွက်တတ်သူတို့၏ ကဲကြမ်းပင် ဖြစ်ပါသည်။ စိတ်နောက်ကိုယ်ပါ မပြုမူ၍ အရာရာကို ရှေ့နောက် တွေးခြော်ဆင်ခြင် လုပ်ဆောင်တတ်သူတို့၏ ကဲကြမ်းပင် ဖြစ်ပါသည်။ နောက်လိုက် တပည့်မမွေးတတ်သော ရှားပါးလှသည့် ခေါင်းဆောင်ကောင်းတို့၏ ကဲကြမ်းပင် ဖြစ်ပါသည်။ (ကြီးမြတ်သော ပုဂ္ဂိုလ်ထူးတို့၏ ကဲကြမ်းဟုကား ကျွန်ုပ်တို့ မပြောလိုပါ။ ရုရှားလူမျိုးတို့၏ စိတ်ဓာတ်ကလည်း လောကၻ ကြီးမြတ်သော ပုဂ္ဂိုလ်ဟူ၍ ရှိကြောင်း အသိအမှတ်မပြုပါ။) ပရမ်းပတာ လူအုပ်၏ ပြင်းထန်ခါးသီးသော ဒေါသစိတ်သည် မွန်မြတ်သော လောကနီယာမတရားများကို မြင်သူတို့အား ဤသို့ အပြစ်ပေးလေ့ ရှိသည်သာ ဖြစ်ပေသည်။

လူ့ဂုဏ်သိက္ခာဆို၍ မည်သည့်နေရာ၊ မည်သည့် အချိန်တွင်မျှ တစ်ရွေးသား မရှိခဲ့ဖူးသည့် နပိုလီယန်၊ ရာဇဝင်၏ မထင်ရှားဆုံး၊ အညတရ အဖြစ်ဆုံးသော ကျေးကျွန်မျှသာ ဖြစ်သည့် နပိုလီယန်ကို ဘုန်းတော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံသူ၊ ကြီးမြတ်သူ၊ ဝိသေသထူးသူအဖြစ် ရုရှားရာဇဝင်ဆရာများက တရားလွန် မြှောက်ပင့်ပြောဆိုလျက် ရှိကြသော်လည်း အစမှအဆုံးတိုင် ဘိုရိုဒီနိုမှသည် ဗီလနာအထိ မနောက်အားဖြင့် လည်းကောင်း၊ ဝစီက်အားဖြင့် လည်းကောင်း၊ ကာယက်အားဖြင့် လည်းကောင်း ရုရှားပြည်သူတို့၏ အကျိုးစီးပွားမှ ဆံခြည်တစ်မျှင်မျှ သွေဖည်ခြင်းမရှိခဲ့သည့် ကူတူဇော်၊ ကိုယ်ကျိုးစွန့်ခြင်း၊ ရှေ့နောက်မြော်မြင်ဆင်ခြင်တိုင်းထွာခြင်းအရာ၌ ရာဇဝင်တွင် ရှာမှရှားလောက်အောင် စံနမူနာထူခဲ့သည့် ကူတူဇော်ကိုမူကား ၎င်းတို့က မရေရာသူ၊ မပြတ်သားသူ၊ သနားစရာ သတ္တဝါတစ်ဦးဟု ထင်မှတ်ကြလျက် ၎င်း၏အကြောင်းနှင့်တကွ ၁၈၁၂–ခု စစ်ပွဲအကြောင်းကို ပြောဆိုတိုင်း ပါးစပ်သနသည် ယူဆလျက်ရှိကြသည်မှာ အံ့သြဖို့လည်း ကောင်း၊ ကြောက်ဖို့လည်း ကောင်းလှပေသည်။

သို့ရာတွင် ကူတူဇော်ကဲ့သို့ ရည်ရွယ်ချက်တစ်ခု ပြည့်မြောက်ရေးအတွက် သွေဖည်ခြင်းမရှိ၊ စိုက်လိုက်မတ်တတ်လုပ်ဆောင်ခဲ့သော ရာဇဝင်ကျော် ပုဂ္ဂိုလ်တစ်ယောက်ကို လိုက်ရှာကြစတမ်းဆိုလျှင် စိတ်ကူးထဲတွင်သော်မှ တွေ့ဖို့ မလွယ်ပါ။ ကူတူဇော်၏ ရည်ရွယ်ချက်ကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့် ကိုက်ညီသော၊ သို့မဟုတ် ထိုက်တန်သော ရည်ရွယ်ချက်မျိုးကို ရှာကြစတမ်းဆိုလျှင်လည်း စိတ်ကူးထဲတွင်သော်မှ တွေ့ဖို့မလွယ်လှပါ။ ထိုထက် ၁၈၁၂–ခုက ကူတူဇော်၏ လုပ်ဆောင်ချက်များကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံး၏ဆန္ဒနှင့် ကိုက်ညီသော ရည်ရွယ်ချက်လည်း ရှိ၊ ထိုရည်ရွယ်ချက်ကို သွေဖည်ခြင်းမရှိ စိုက်လိုက်မတ်တတ် အကောင်အထည်ဖော်ခြင်းလည်း ပြုသည့် လုပ်ဆောင်ချက်မျိုးကား ရာဇဝင်တွင် ပို၍ပင် ရှာမှရှားလိမ့်မည် ထင်ပါသည်။

နပိုလီယန်သည် အီဂျစ်ကို တိုက်ခဲ့စဉ်က "အနှစ်လေးထောင်တည်ခဲ့သော ဤပိရမစ်အဆောက်အအုံကြီးများကပင် ငါ၏ ဘုန်းတန်ခိုးကို ငုံ့၍ကြည့်စေအံ့"ဟု ကြိုးဝါးခဲ့၏။ ကူတူဇော်သည် တစ်ခါဖူးမျှ ဤသို့ 'ဟန်ရေး'မပြုခဲ့ချေ။ အဖနိုင်ငံကြီးအတွက် မည်မျှ သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့ပြီဟုလည်း ကိုယ့်ကိုယ်ကို ဂုဏ်မတင်ချေ။ သို့မဟုတ် အံ့ဖွယ်သူရဲဘော၊ ထူးကဲသော ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com

ချက်ကြီးကို စွမ်းစွမ်းတမံ ဆောင်ရွက်မည်ဟုလည်း 'ကြွားလုံး' မထုတ်ခဲ့ချေ။ ယေဘုယျပြောရလျှင် ကူတူဇော်မသည် ကိုယ့်ကိုယ်ကိုလည်း အမွန်းမတင်၊ လူအထင်ကြီးအောင် ဟန်ရေးလည်းမပြ၊ အရိုးသားဆုံး၊ သာမန်အကျဆုံးသော လူတစ်ဦးအဖြစ်သာ အမြဲတမ်းနေထိုင်ခဲ့၍ အရိုးသားဆုံး၊ သာမန်အကျဆုံးသော အကြောင်းအရာများကိုသာ ပြောခဲ့သည်။ ကူတူဇော်မသည် သမီးများထံ စာရေးခြင်း ပြု၏။ မဒမ်ဒီစတေးလ်ထံ စာရေးခြင်း ပြု၏။ (မဒမ်ဒီစတေးလ်မှာ နပိုလီယန်၏ ရန်သူတော် အမျိုးသမီးကြီး တစ်ဦးဖြစ်၍ နပိုလီယန်၏ ရန်ကြောင့် ပီတာစဘတ် ရွှေမြို့တော်သို့ ထွက်ပြေးလာသူဖြစ်သည်။) ဝတ္ထုဖတ်၏။ မိန်းမချော မိန်းမလှများနှင့် နေရခြင်းကို နှစ်သက်၏။ ဗိုလ်ချုပ်များ၊ တပ်ဗိုလ်များ၊ တပ်သားများနှင့် နောက်ပြောင်ကျီစယ်ခြင်းပြု၏။ စောဒကတက်လာသော တစ်ဖက်လူကို မည်သည့်အခါမျှ ဆန့်ကျင်ခြင်းမပြုဘဲ အလိုက်အထိုက် စကားဆို၏။ ထို့ကြောင့် မဟုတ်လော။ မော်စကိုမြို့ဝန် ရော့စတော့ချင်သည် ယောဇတံတားအနီးတွင် စစ်သေနာပတိချုပ် ကူတူဇော်မထံ ဒုန်းစီး၍ ရောက်လာကာ မော်စကိုမြို့ကို မီးလောင်ခြင်းအတွက် အပြစ်ဆိုသည့်အနေဖြင့် "မော်စကိုကို တိုက်ပွဲတစ်ပွဲမျှ မတိုက်ဘဲ မည်သည့်အခါမျှ ငါမစွန့်ဟူသော ကိုယ်တော်ကြီး၏ ကတိကို မေ့ပြီလော"ဟု မေးသည့်အခါ၌ "မှန်၏၊ မော်စကိုကို တိုက်ပွဲတစ်ပွဲမျှ မတိုက်ဘဲ ကျုပ်မစွန့်"ဟု မော်စကိုမြို့ကို စွန့်ခွာလာခဲ့ပြီ ဖြစ်သည့်တိုင် အလိုက်အထိုက် ပြန်ပြောသည် မဟုတ်လော။ ထို့ပြင် ရွှေနန်းရှင်အမိန့်ဖြင့် စစ်ဝန်ကြီး အာရပ်ချေ.ရောက်လာကာ ဗိုလ်ချုပ်အာ မိုလော့ဗ်ကို အမြောက်တပ် ဦးစီးချုပ်ခန့်ရန် ပြောလာသည့်အခါ၌ သဘောမတူသည့်တိုင် "ကျုပ်လည်း ထိုကိစ္စကို စဉ်းစားနေသည်"ဟု အထိုက်အလျောက် ဖြေခဲ့သည် မဟုတ်လော။ ၎င်းအဖို့ ထိုသို့ အထိုက်အလျောက်ပြောဆိုခြင်း မပြုလျှင်လည်း မည်သို့အကျိုးထူးမည်နည်း။ ရေလိုက်ငါးလိုက်ပြောရုံသာ ရှိတော့သည် မဟုတ်လော။ အဆင်ခြင်ဉာဏ်ကင်းမဲ့၍ ပရမ်းပတာဖြစ်လျက်ရှိသည့် လူအုပ်တစ်အုပ်ကြား၌ ရှေ့နောက် ဆင်ခြင်တိုင်းထွာသူ ဟူ၍ ပြီး၍ ရေလျှင် မိမိတစ်ယောက်သာ ရှိတော့သော အခြေသို့ ရောက်နေပြီ ဖြစ်ရကား မြို့ဝန် ရော့စတော့ချင်က အပြစ်ဟူသမျှ မိမိအပေါ်တွင် ပုံချခြင်းကို ပြန်လှန်ချေပနေလျှင်လည်း မည်သို့ အကျိုးထူးဦးမည်နည်း။ မည်သူ့အားအမြောက်တပ် ဦးစီးချုပ် ခန့်စေဟူသော အမိန့်ကို စောဒကတက်နေလျှင်လည်း မည်သို့ အကျိုးထူးဦးမည်နည်း။

လူတို့သည် လူတစ်ယောက်ကို တန်ဖိုးဖြတ်ရာ၌ ထိုလူ၏ အတွေးအခေါ် မည်မျှရင့်သန်သည်၊ မရင့်သန်သည်ကို မကြည့်ကြတော့ပြီ။ ထိုလူ၏ အတွေးအခေါ်တို့ကို ဖော်ပြရာဖြစ်သော ထိုလူ၏စကားသည် မည်မျှ တန်ဖိုးရှိသည်ကိုလည်း မကြည့်ကြတော့ပြီ။ ကူတူဇော်မသည် ဘဝ၏ အတွေ့အကြုံအရ ဤအချက်ကို သိမြင်လာခဲ့လေသည်။ သို့ဖြင့် လူတစ်ယောက်၏ အတွေးအခေါ်နှင့် စကားတို့သည် ဤသူတို့အဖို့ မည်သို့မျှ အဓိပ္ပာယ်မရှိကြောင်းကို ဘဝအတွေ့အကြုံအရ သိရှိလာခဲ့သည့် ထိုအဘိုးကြီးသည် ထိုနောက်၌ သင့်မသင့်၊ ရာမရာ၊ ရှေ့နောက် ညီမညီ၊ အဓိပ္ပာယ်ရှိမရှိ စသည်တို့ကို စဉ်းစားခြင်းမပြုတော့ဘဲ ခေါင်းထဲတွင် ပေါ်လာသမျှစကားလုံးကို လက်လွတ်စပယ်ပြောတတ်သည့် အကျင့်ကြီးတစ်ခုကို ရလာခဲ့လေတော့သည်။

သို့တိုင်အောင် စကားကို ဤသို့ 'လက်လွတ်စပယ်' ပြောလေ့ရှိသည့် ထိုအဘိုးကြီးသည် တိုက်ပွဲစဉ်တစ်လျှောက်လုံး၌ မိမိမှန်းထားခဲ့သော တစ်ခုတည်းသော ရည်ရွယ်ချက်နှင့် ဆန့်ကျင်သွေဖည်သည့် စကားမျိုးကိုကား တစ်ခါဖူးမျှ မပြောခဲ့ဖူးချေ။ ဤမျှ အခြင်ဆင်ဉာဏ်ကင်းမဲ့သော ဗိုလ်ချုပ်တစ်စုံ၏ အလယ်၌ မိမိပြောသောစကားသည် သဲထဲရေသွန် ဖြစ်ရမည်ကို သိသော်လည်း မိမိ၏ တကယ့် ယုံကြည်ချက်များကိုမူ အခါအားလျော်စွာ ထပ်တလဲလဲ ထုတ်ဖော်ပြောဆိုခဲ့သည်သာ ဖြစ်လေသည်။ စစ်သေနာပတိချုပ် ကူတူဇော်မသည် ဘိုရိုဒီနိုတိုက်ပွဲဖြစ်ပွားသည့်အချိန်မှ စ၍ မိမိအပါးရှိ ဗိုလ်ချုပ်များနှင့် စတင်သဘောကွဲလွဲခဲ့၏။ ထိုအချိန်က ဗိုလ်ချုပ်အားလုံးက ဘိုရိုဒီနိုတိုက်ပွဲသည် မိမိတို့ အရေးနိမ့်ခြင်းဖြစ်သည်ဟု ဆိုခဲ့ကြ၏။ 'ဘိုရိုဒီနိုတိုက်ပွဲသည် မိမိတို့ အရေးနိမ့်ခြင်းမဟုတ်၊ အောင်ပွဲခံခြင်း ဖြစ်သည်'ဟု ပြောခဲ့သူမှာ စစ်သေနာပတိချုပ် ကူတူဇော်မတစ်ဦးတည်းသာ ဖြစ်ပေသည်။ စစ်သေနာပတိချုပ် ကူတူဇော်မသည် ထိုစကားများကို နှုတ်ဖြင့်လည်း ထပ်တလဲလဲ ပြောခဲ့သည်။ စာချွန်များ၊ အစီရင်ခံစာများ

www.burmeseclassic.com

www.burmeseclassic.com

ထဲတွင်လည်း ထပ်တလဲလဲ ရေးခဲ့သည်။ ထိုယုံကြည်ချက်၊ ထိုစကားကို သေရွာအထိ တစ်သမတ်တည်း သယ်ဆောင်သွားခဲ့သည်သာ ဖြစ်ပေသည်။ 'မော်စကိုကျဆုံးခြင်းသည် ရုရှားနိုင်ငံကြီး ကျဆုံးခြင်းမဟုတ်' ဟု အားလုံးသော ဗိုလ်ချုပ်များနှင့် ဆန့်ကျင်ပြောဆိုခဲ့သူမှာလည်း ကူတူဇော့ဗ်တစ်ယောက်သာ ရှိပေသည်။ နပိုလီယန်က လောရွာ့တန်ကို စေလွှတ်၍ ငြိမ်းချမ်းရေး ကမ်းလှမ်းသည့်အခါ၌ 'ပြည်သူတို့၏ ဆန္ဒမှာ စစ်ပြေငြိမ်းရေးမဟုတ်။ ထို့ကြောင့် စစ်ပြေငြိမ်းရေး ငါမပြုနိုင်' ဟု ပြောခဲ့သူမှာလည်း ကူတူဇော့ဗ်သာ ဖြစ်ပေသည်။ ပြင်သစ်တို့ ဆုတ် ခွာသောအခါ၌ 'ငါတို့၏ စစ်ကစားမှုများသည် အချည်းနှီး အကျိုးမဲ့သာတည်း။ ငါတို့ ပြုသည်ထက်ပင် အခြေအနေအရပ်ရပ်သည် သူ့အလိုအလျောက် တိုးတက်ကောင်းမွန်လျက်ရှိသည်' ဟု လည်းကောင်း၊ 'ရန်သူတို့ကို ပိတ်ဆို့ခြင်း မပြုရာ။ သင်းတို့ ငါတို့နိုင်ငံတွင်းမှ လျင်မြန်စွာ ထွက်သွားနိုင်စေရန် 'ရွေတံတား၊ ငွေတံတား'ခင်း၍ပင် ပေးသင့်သည်' ဟု လည်းကောင်း၊ 'ငါတို့သည် တာရူတီနိုတိုက်ပွဲကိုသော် လည်းကောင်း၊ ဗာဇမာတိုက်ပွဲကိုသော် လည်းကောင်း၊ ကရပ်စနိုတိုက်ပွဲကိုသော် လည်းကောင်း တိုက်ရန်မလို' ဟု လည်းကောင်း၊ စစ်အင်အားကို လမ်းခရီးတွင် မဖြုန်းတီးရာ။ နယ်စပ်သို့ အရောက်ချီနိုင်အောင် သိမ့်ိုးရာသည်' ဟု လည်းကောင်း၊ 'ပြင်သစ်ဆယ်ယောက်နှင့် ငါတပ်သားတစ်ယောက်ကို မလဲနိုင်' ဟု လည်းကောင်း ပြောခဲ့သူမှာလည်း ကူတူဇော့ဗ်တစ်ဦးတည်းသာ ဖြစ်ပေသည်။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် တစ်ပါးကျွန်ပီပီ ရွှေနန်းရှင် အလိုတော်ကျ ဗောင်းတော်ညိတ်၊ စိတ်တော်သိလုပ်မည့် လူစားကြီး ဖြစ်သည်ဟု လည်းကောင်း၊ ရှင်ဘုရင်ပြောတိုင်း "မှန်ပါ့ဘုရား" လုပ်တတ်သူ လူ့ကပ်ပါးကြီးတစ်ဦး ဖြစ်သည်ဟု လည်းကောင်း၊ အာရတ်ချေ့ကို လိမ်လည်ခဲ့သည့် နန်းတွင်းလူလိမ်ကြီး ဖြစ်သည်ဟု လည်းကောင်း ရာဇဝင်ဆရာများက ရေးခဲ့ကြ၏။ သို့သော်လည်း 'ရုရှားနိုင်ငံ နယ်နိမိတ်ကို ကျော်လွန်၍ စစ်ကို တိုးချဲ့ခြင်းသည် အဓိပ္ပာယ်လည်း ကင်းမဲ့၍ အန္တရာယ်လည်း များလှသည်' ဟု ရွှေနန်းရှင်အလိုကို ဆန့်ကျင်၍ ပြောဆိုခဲ့သူမှာ ဤ 'နန်းတွင်းလူလိမ်'ကြီးတစ်ဦးသာ ရှိသည် မဟုတ်လော။

၁၈၁၂–ခု စစ်ပွဲအတွင်း ရုရှားတို့ဘက်၌ ရှေ့နောက်ဆင်ခြင်တိုင်းထွာတတ်သူဆို၍ စစ်သေနာပတိချုပ် ကူတူဇော့ဗ် တစ်ဦးတည်းသာ ရှိပါသည်။ ဤအချက်မှန်ကြောင်းကို ဖော်ပြပါ ၎င်း၏ စကားများက သက်သေပြလျက် ရှိပါသည်။ စကားများကသာ သက်သေပြသည်မဟုတ်ပါ။ ၎င်း၏ ဆောင်ရွက်ချက်များကလည်း သက်သေပြလျက် ရှိပါသည်။ ကူတူဇော့ဗ်၏ ဆောင်ရွက်ချက်ဟူသမျှသည် (၁)ပြင်သစ်တို့နှင့် ရင်ဆိုင်တိုက်ခိုက်ရန် အတွက် ရှိသမျှ စစ်သည်လက်နက်၊ ရိက္ခာအင်အားကို စုဆောင်းသိမ့ိုးရေး၊ (၂) ပြင်သစ်တို့အပေါ်၌ အောင်ပွဲခံရေး၊ (၃) ရုရှားစစ်တပ်ကြီးနှင့် ပြည်သူများအဖို့ အဆုံးအရှုံးနည်းနိုင်သမျှဖြင့် ရန်သူတို့ကို ရုရှားနိုင်ငံတွင်းမှ မောင်းထုတ်ရေးတည်းဟူသော သံတူကြောင်းကွဲ ရည်ရွယ်ချက်သုံးရပ်မှ ဆံခြည်တစ်မျှင်မျှ သွေဖည်တိမ်းစောင်းခြင်း မရှိခဲ့ချေ။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် 'စိတ်ရှည်ခြင်းနှင့်အချိန်'သာလျှင် ရန်သူကို အောင်ကြောင်းမည်၏ ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုသူ၊ လေးကန်ဖင့်နွှဲသူ၊ လျင်မြန်ပြတ်သားခြင်း၏ ရန်သူဟု ရာဇဝင်ဆရာများက ရေးခဲ့ကြ၏။ သို့သော်လည်း သူမတူသော လျင်မြန်ထက်သန်ခြင်းဖြင့် ဘိုရိုဒီနိုကို ဝိုင်းဝန်းကာ ရာဇဝင်တွင်သော တိုက်ပွဲကြီးကို ဆင်နွှဲခဲ့သူမှာ ဤ'လေးကန်ဖင့်နွှဲသူ'ပင် မဟုတ်လော။ ဩစတားလစ် တိုက်ပွဲတွင် မိမိတို့ အရေးနိမ့်လိမ့်မည်ဟု မုချ ဆတ်ဆတ် ကြိုတင်သတိပေးခဲ့သူမှာလည်း ဤကူတူဇော့ဗ် မဟုတ်လော။ ၎င်း၏ နိမိတ်ဖတ်ချက်အတိုင်း ရုရှားတို့ ဖနောင့်နှင့် တင်ပါးတစ်သားတည်းကျအောင် ပြေးခဲ့ရသည်မဟုတ်လော။ ဘိုရိုဒီနိုတိုက်ပွဲသည် ရုရှားတို့အဖို့ အရေးနိမ့်ခြင်း ဖြစ်သည်ဟု ရုရှားစစ်ဗိုလ်ချုပ်များက မည်မျှညည်ညာဖျဖျ ဆိုကြရုံမျှမက 'စစ်သေနာပတိချုပ်ကသာ ဘိုရိုဒီနိုတိုက်ပွဲကို နိုင်သည်ဆိုသည်။ တကယ်တွင်ကား ငါတို့တပ်တော်ကြီးမှာ ကစဉ့်ကရဲ ဆုတ်ခွာလာခဲ့ကြရသည်။ အောင်မြင်လျက်နှင့် ဆုတ်ခွာခဲ့ရသော စစ်တပ်ဟူ၍ ရာဇဝင်တွင် သွေးသောက်တို့ ကြားဖူးကြ၏လော' ဟု ပြက်ရယ်ပြုကြသည့်တိုင် ဘိုရိုဒီနိုတိုက်ပွဲသည် ရုရှားတို့အဖို့ အောင်ပွဲဖြစ်သည်ဟု သေသည်အထိ တစ်သမတ်တည်း အခိုင်အမာ

www.burmeseclassic.com

www.burmeseclassic.com

ရပ်တည်ခဲ့သူမှာ ကူတူဇော်ဗ်တစ်ဦးတည်းသာ ရှိသည် မဟုတ်လော။ နောက်ဆုံး၌လည်း ဘိုရိုဒီနိုတိုက်ပွဲသည် နပိုလီယန်ကျဆုံးခြင်း၏အစဖြစ်၍ ရုရှားအောင် ပွဲ၏ နိဒါန်း မဟုတ်လော။ ဘိုရိုဒီနိုမှ ဆုတ်စစ်ပြုလာသည့် အခါတွင်လည်း ထိုစဉ်က ရုရှားတို့အဖို့ အကျိုးမထူးသည့် အလျောက် တိုက်ပွဲများကို ရှောင်ကွင်းရန် တစ်သမတ်တည်း တိုက်တွန်းခဲ့သူမှာ ကူတူဇော်ဗ်တစ်ဦးတည်းသာ ရှိသည် မဟုတ်လော။ စစ်ပွဲသစ်တစ်ရပ်ကို ဆင်နွှဲခြင်း မပြုသင့်ဟု အခိုင်အမာဆိုခဲ့သူ ရုရှားတပ်များသည် နပိုလီယန်နောက်သို့ လိုက်ရာ၌ ရုရှားနယ်စပ်ထက် ကျော်လွန်၍ မသင့်ဟု တစ်ဖြောင့်တည်းဆိုခဲ့သူမှာလည်း ကူတူဇော်ဗ်တစ်ဦးတည်းသာ ရှိသည် မဟုတ်လော။

တစ်ဒါဇင်လောက်မျှသာ အရေအတွက်ရှိသော စစ်ဗိုလ်ချုပ်များ၏ ခေါင်းထဲတွင်သာ ရှိသည့် အသရေါ်အနှစ်များပြားလှသော ရည်ရွယ်ချက်များ၊ စိမ်ကိန်းများကို ဘေးဖယ်၍ ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားလျှင် ကူတူဇော်ဗ်၏ ရည်ရွယ်ချက်များ၊ လုပ်ဆောင်ချက်များနှင့်တကွ ထိုရည်ရွယ်ချက်များ၊ လုပ်ဆောင်ချက်များ၏ အကျိုးတရားကြီးမား များပြားပုံကို ယခုအချိန်တွင် ကျွန်ုပ်တို့ အလွယ်တကူ နားလည်နိုင်သည်သာ ဖြစ်လေသည်။

ပြည်သူ့ထင်မြင်ချက်များ၏ အရေးကြီးပုံကို ကြည့်မြင်ရာ၌ ကူတူဇော်ဗ်တစ်ဦးတည်းသာလျှင် နဂိုပကတိ အတိုင်း မြင်ခဲ့ပေသည်။ ထိုသို့ မြင်သည့်အလျောက် နှမ်းလုံးတစ်ထောက်မျှ သွေဖည်တိမ်းစောင်းခြင်း မရှိဘဲ ပြည်သူတို့၏ အကျိုးစီးပွားကိုလည်း ဆောင်ခဲ့လေသည်။ သို့ရာတွင် မိမိ၏ ပတ်ဝန်းကျင်ရှိ ဗိုလ်ချုပ်များ၏ ထင်မြင်ချက်များ သွက်သွက်လည်အောင် မှားလျက်ရှိချိန်၌ မည်သည့်အတွက်ကြောင့် ထိုအဘိုးကြီးတစ်ဦးသာလျှင် အမှန်ကို မြင်ခဲ့ရသနည်း။ မည်သည့်အတွက်ကြောင့် သွေဖည်ခြင်းမရှိ၊ ပြည်သူတို့၏ အကျိုးစီးပွားကို ဆောင်ခဲ့သနည်း။ ထိုအဘိုးကြီးသည် ခပ်သိမ်းကုန်ကို သိမြင်နိုင်သောဉာဏ် ရရှိနေခြင်းကြောင့်လော။

ကူတူဇော်ဗ်သည် ဖြစ်ပျက်လျက်ရှိသော အဖြစ်အပျက်များ၏ အဓိပ္ပာယ်ကို ဖောက်ထွင်း သိမြင်နိုင်စွမ်း ရှိခဲ့ခြင်းမှာ အခြားကြောင့် မဟုတ်ချေ။ ၎င်း၏ ကိုယ်တိုင် နှလုံးသားတွင်း၌ သန့်ရှင်းခြင်း၊ ခိုင်မာခြင်း အပြည့်အဝရှိသော အမျိုးသားရေးစိတ်ဓာတ် ကိန်းဝပ်နေခြင်းကြောင့်သာ ဖြစ်လေသည်။

ပြည်သူများသည် ဤခိုင်မာသန့်ရှင်းသော အမျိုးသားရေးစိတ်ဓာတ်ကို အသိအမှတ်ပြုခဲ့ကြခြင်းကြောင့်သာ ဤအဘိုးကြီးကို အမျိုးသားစစ်ပွဲ၌ ၎င်းတို့၏ ကိုယ်စားလှယ်အဖြစ် ဇာဘုရင်၏အလိုကို ဆန့်ကျင်လျက် ထူးထူးဆန်းဆန်း ရွေးချယ်ခဲ့ကြခြင်း ဖြစ်လေသည်။ ဤအမျိုးသားရေးစိတ်ဓာတ်ကြောင့်သာ ကူတူဇော်ဗ်သည် စစ်သေနာပတိချုပ်ဟူသော အမြင့်ဆုံးသောနေရာသို့ ရောက်ရှိခဲ့ကာ ထိုနေရာမှ နေ၍ လူအချင်းချင်း သတ်ဖြတ်ဖျက်ဆီးခြင်း မပြုရန်၊ လူအချင်းချင်း သနားကရုဏာထား၍ ကယ်ဆယ်ကြရန် ၎င်း၏အာဏာကို အသုံးပြုနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

လူစွမ်းကောင်းဆိုသူများသည် လူ့လောကကို စိုးမိုးအုပ်ချုပ်လျက်ရှိသည်ဟူသော အယူအဆကို ရာဇဝင်က တိထွင်ခဲ့၏။ သို့ဖြစ်သည့်အလျောက် လူစွမ်းကောင်းမည်သည် ဤသို့ ထိုသို့သော အရည်အချင်းများဖြင့် ပြည့်စုံရမည်ဟုဆိုကာ လူစွမ်းကောင်းနှင့် ပတ်သက်သည့် စံချိန်မှားကြီးကို ရာဇဝင်က ပြုလုပ်ခဲ့၏။ စစ်သေနာပတိချုပ် ကူတူဇော်ဗ်ကား ရိုးသား၏။ မိမိကိုယ်ကို မိမိနှိမ့်ချ၏။ ထို့ကြောင့် တကယ် ကြီးမြတ်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မွန်မှန်ပေသည်။ ဤသို့ ကြီးမြတ်သောပုဂ္ဂိုလ်ထူး တစ်ဦးသည် ရာဇဝင်က သွန်းလုပ်ခဲ့သည့် လူစွမ်းကောင်းဟူသော စံချိန်မှားကြီးနှင့် မည်သည့်နည်းနှင့်မျှ ဘောင်ဝင်အံကျနိုင်မည် မဟုတ်ချေ။

ကပ်ပါးတို့အဖို့ လောကတွင် ကြီးမြတ်သော ပုဂ္ဂိုလ်ဟူ၍ မရှိနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ကပ်ပါးတို့မည်သည် ကြီးမြတ်ခြင်းကို ကပ်ပါးတို့၏ စံချိန်ဖြင့်သာ တိုင်းထွာတတ်သောကြောင့် ဖြစ်လေသည်။

အခန်း ၆

နိဝင်ဘာလ ၅– ရက်နေ့ကား ကရပ်စနိုတိုက်ပွဲဟု ခေါ်သော လူသတ်ပွဲ၏ ပထမဆုံးနေ့ပေတည်း။ ထိုနေ့ညနေတွင် ရုရှားဗိုလ်ချုပ်များသည် တာဝန်ကျရာ ဒေသများသို့ ထွက်ခွာခြင်း မပြုကြဘဲ အချင်းချင်း ငြင်းခုံလျက်ရှိခြင်း၊ အမှားများကို ကျူးလွန်လျက် ရှိခြင်းဖြင့် အချိန်ဖြုန်းလျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိကြ၏။ တပ်ရေးများကို စေလွှတ်ကာ ဗိုလ်ချုပ်တစ်ဦးနှင့် တစ်ဦး အပြန်အလှန် အမိန့်ပေးလျက် ရှိကြ၏။ ၎င်းတို့က ဤသို့ ငြင်းခုံ၍ကောင်းလျက်ရှိစဉ်၊ အပြန်အလှန် အမိန့်ပေးလျက်ရှိစဉ် ပြင်သစ်တို့မှာ စစ်မြေပြင်အနှံ့အပြားမှ ဆုတ်ခွာထွက်ပြေးလျက် ရှိကြပေပြီ။ ထို့ကြောင့် ၎င်းတို့ မည်မျှပင် အားခဲထားသော်လည်း တိုက်ပွဲဖြစ်တော့မည် မဟုတ်ချေ။ ဖြစ်လည်း မဖြစ်နိုင်တော့ချေ။ ထိုအချိန်၌ စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ကရပ်စနိမ့် ဒိဗရိသို့ ထွက်ခွာလာခဲ့လေသည်။ စစ်သေနာပတိချုပ်၏ စစ်ဦးစီးဌာနချုပ်ကို ထိုနေ့မှာပင် ဒိဗရိသို့ ပြောင်းရွှေ့ပြီး ဖြစ်လေသည်။

ထိုနေ့မှာ မိုးသားတိမ်တိုက်တို့ ကင်းသော်လည်း ဆီးနှင်းပေါက်တို့ တဖြောက်ဖြောက် ကျဆင်းလျက် ရှိ၏။ စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ၎င်း၏ အဖြူရောင် ပိန်ပိန်ပုပုမြင်းကလေးကို စီး၍ ဒိဗရိသို့ ထွက်လာခဲ့၏။ ၎င်း၏နောက်မှလည်း မကျေမချမ်းဖြစ်လျက်ရှိသော ဗိုလ်ချုပ်များသည် တသီတတန်းကြီး လိုက်ပါလာကြ၏။ ၎င်းတို့သည် စစ်သေနာပတိချုပ် ကူတူဇော်ဗ်၏ အကြောင်းကို တီးတိုးပြောဆိုလာကြလေသည်။ လမ်းတစ်လျှောက်၌ကား ထိုနေ့တွင် ဖမ်းဆီးရမိသော ပြင်သစ်သုံ့ပန်းများသည် (အားလုံးခုနစ်သောင်းရှိသည်။) စခန်းမီးပုံများတွင် စုပြုံ၍ မီးလှုံလျက်ရှိကြ၏။ ဒိဗရိအနီးသို့ ရောက်သော အခါတွင် စုတ်ပြတ်လျက်ရှိ၍ ရှိသမျှကို ရစ်ပတ်လွှမ်းခြုံထားကြသော ကြီးမားသည့် ပြင်သစ်သုံ့ပန်းအုပ်ကြီး တစ်အုပ်သည် လမ်းဘေးသေနတ်ပုံကြီးများကြား၌ ရပ်လျက်ရှိခြင်းကို တွေ့ရ၏။ စစ်သေနာပတိချုပ် ကူတူဇော်ဗ် ရောက်လာသည့်အခါ၌ သုံ့ပန်းအုပ်ကြီးသည် မီးကို ရေနှင့်သတ်လိုက်သည့်ပမာ ငြိမ်သက်သွားလေသည်။ ၎င်းတို့သည် ဖဲကြိုးအနီရစ် ဦးထုပ်ဖြူ၊ ရင်ဘတ်တွင် ဖောင်းဖောင်းကြီးဖြစ်လျက်ရှိသော ဝမ်းကပ်ဝတ်ရုံတို့ကို ဝတ်ဆင်လျက် မြင်းဖြူကလေးကို တအိအိစီးလာသည့် စစ်သေနာပတိချုပ် ကူတူဇော်ဗ်ကို ငေးကြည့်လျက် ရှိကြလေသည်။ ရုရှားစစ်ဗိုလ်ချုပ်တစ်ယောက်က ထိုသုံ့ပန်းများနှင့် လက်နက်များကို မည်သည့်နေရာတွင် ဖမ်းဆီးရမိခဲ့ကြောင်း စစ်သေနာပတိချုပ် ကူတူဇော်ဗ်ကို အစီရင်ခံလျက် ရှိလေသည်။

စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် စစ်ဗိုလ်ချုပ်ပြောသည့်စကားများကို ကြားဟန်မတူဘဲ တစ်စုံတစ်ရာကို တွေးလျက် လိုက်ပါလာ၏။ စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ရစရာမရှိအောင် စုတ်ပြတ်လျက်ရှိသော သုံ့ပန်းများကို မျက်မှောင်ကုတ်၍ ကြည့်လာသည်။ ၎င်း၏ မျက်လုံးများ၌ မကျေနပ်သော အရိပ်အယောင်များ ဖုံးလွှမ်းလျက်ရှိ၏။ သုံ့ပန်းများစွာတို့မှာ ဆီးနှင်းဒဏ်ကြောင့် နှာခေါင်းများ၊ ပါးများ မဲရွဲ့ပြတ်သတ်လျက်ရှိကာ ၎င်းတို့၏ မျက်လုံးများမှာလည်း နီရဲဖူးရောင်၍ မျက်ခမ်းစပ်များ စုတ်ပြတ်လျက် ရှိကြလေပြီ။

ပြင်သစ်သုံ့ပန်း အစုစုသည် လမ်းအနှိုင်၌ ရပ်လျက်ရှိ၏။ ထိုအစုထဲမှ ပြင်သစ်သုံ့ပန်းနှစ်ယောက်သည် အသားတစ် တစ်တစ်ကို လုယက်လျက် ရှိကြ၏။ ထိုနှစ်ယောက်အနက် တစ်ယောက်မှာ မျက်နှာတစ်ခုလုံး အနာပိမ့်ကြီးများ အပြင်လိုက် အပြင်လိုက် ထွက်လျက် ရှိလေသည်။ ၎င်းတို့သည် မြင်းကိုယ်စီ စီးလာသည့် စစ်သေနာပတိချုပ်နှင့်အဖွဲ့ကို အစိမ်းလိုက် ဝါးစားတော့မတတ် ပြုံးကြည့်လျက် ရှိကြ၏။ မျက်နှာတွင် အနာပိမ့်များ ထွက်လျက်ရှိသည့် သုံ့ပန်းသည် စစ်သေနာပတိချုပ် ကူတူဇော်ဗ်ကို တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် များစွာစက်ဆုပ်ရွံမုန်းသော မျက်နှာထားဖြင့် တစ်ဖက်သို့ လှည့်သွားကာ အသားတစ်ကို လိုက်လုနေပြန်သည်။

စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ထိုသုံ့ပန်းတပ်သားနှစ်ဦးကို အတန်ကြာမျှ စူးစိုက်ကြည့်နေသည်။ ထို့နောက် နဖူးကို တွန့်လျက် မျက်မှောင်ကုတ်ကာ ခေါင်းကို ဖြည်းညင်းစွာ ယမ်းလျက် ရှိလေသည်။ အခြား တစ်နေရာ၌ကား ရုရှားတပ်သားတစ်ယောက်က ပြင်သစ်သုံ့ပန်းတစ်ဦး၏ ကျောကိုပုတ်ကာ ရယ်ရယ်မောမော စကားပြောလျက် ရှိခြင်းကို မြင်ရ၏။ ထိုအခါ၌ စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ယခင်မျက်နှာထားဖြင့်ပင် ခေါင်းကို ယမ်းမိပြန်သည်။

"ဘာပြောလိုက်တယ်ဗျ သွေးသောက်ကြီး။ ဆိုစမ်းပါဦး" စစ်သေနာပတိချုပ် ကူတူဇော်ဗ်က မေး၏။ နောက်က ဗိုလ်ချုပ်သည် ပြင်သစ်တို့၏ စစ်တံခွန်များကို လက်ရသိမ်းပိုက်ခဲ့ကြောင်း၊ ၎င်းတို့ကို ရှေ့မလှမ်းမကမ်း ပရိရိဗရာဇင် မြင်းတပ်ရင်းရှေ့တွင် ထောင်ထားကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အစီရင်ခံလျက် ရှိသည်။

"အလို စစ်တံခွန်တွေလား။ ဟုတ်စ" စစ်သေနာပတိချုပ် ကူတူဇော်ဗ်က တွေးလက်စ အတွေးများကို ဖြတ်၍ ဆိုလိုက်သည်။

စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ပတ်ဝန်းကျင်ကို လှည့်ကြည့်၏။ ၎င်း၏ ပတ်ဝန်းကျင်မှ ထောင်ပေါင်းများစွာသော မျက်လုံးများသည် စစ်သေနာပတိချုပ်ကို ရူးစိုက်ကြည့်လျက် ရှိကြ၍ ၎င်း၏ နှုတ်မှထွက်လာအံ့သော စကားတစ်ခွန်းကို စောင့်လင့်ကြ၏။

စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ပရိရိုဗရာဇင့် မြင်းတပ်ရင်းရှေ့သို့ ရောက်သည်၌ မြင်းကို ရပ်၏။ သက်ပြင်းရှိုက်၍ မျက်လုံးများကို မှိတ်၏။ နောက်မှ လိုက်ပါလာသော ဗိုလ်ချုပ်တစ်ဦးသည် ပြင်သစ်စစ်တံခွန်များကို ကိုင်ထားသည့် တပ်များကို ရှေ့သို့ တက်စေ၍ စစ်သေနာပတိချုပ်၏ ဘေးပတ်ပတ်လည်တွင် ဝိုင်းရံအလေးပြုရန် အချက်ပြလိုက်သည်။ ကူတူဇော်ဗ်သည် စက္ကန့်အတန်ကြာမျှ တိတ်ဆိတ်နေပြီးနောက် စစ်သေနာပတိချုပ်၏ ဝတ္တရားအတိုင်း ခေါင်းကို မော့၍ မိန့်ခွန်းမြွက်ကြား၏။ ဝတ္တရားဖြစ်၍သာ ပြောရသော်လည်း စိတ်မပါလှချေ။ တပ်ဗိုလ်များသည် ၎င်း၏အနီးတွင် ဝိုင်းအုံလျက် ရှိကြ၏။ စစ်သေနာပတိချုပ်သည် တပ်ဗိုလ်များ၏ မျက်နှာများကို စေ့စေ့လိုက်ကြည့်၏။ မှတ်မိသော မျက်နှာများလည်း အများအပြား ပါလေသည်။

"သွေးသောက်တို့၊ သွေးသောက်တို့ အားလုံးကို ငါ ကျေးဇူးတင်သည်" စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် တပ်သားများဘက်သို့ လှည့်၍ဆို၏။ နောက်တပ်ဗိုလ်များဘက်သို့ လှည့်ပြန်၏။ တပ်သား၊ တပ်ဗိုလ်အားလုံးသည် အပ်ကျသည်ကိုပင် ကြားရမလောက် ငြိမ်သက်လျက်ရှိရာ တစ်လုံးချင်း ခပ်တိုးတိုး ပြောဆိုလျက်ရှိသော စစ်သေနာပတိချုပ် ကူတူဇော်ဗ်၏ စကားများကို ပီသစွာ ကြားရလေသည်။

"သွေးသောက်တို့၊ ဤမျှ ပြင်းထန်ခက်ခဲသည့် အခြေအနေ၌ သစ္စာရှိစွာ အမှုတော်ထမ်းခြင်းအတွက် သွေးသောက်တို့ကို ငါကျေးဇူးတင်သည်။ ငါတို့၏ အောင်ပွဲသည် ဆုံးခန်းသို့ ရောက်လေပြီ။ အမိရုရှားနိုင်ငံကြီးသည် သင်တို့အား မည်သည့်အခါမျှ မေ့နိုင်တော့မည် မဟုတ်။ ထာဝစဉ်ဂုဏ်ပြုလျက်ရှိနေမည်သာ ဖြစ်သည်"

စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် စကားကို ရပ်တန့်၍ ပတ်ဝန်းကျင်ကို လှည့်ကြည့်ပြန်သည်။ ပရိရိုဗရာဇင့်တပ်ရင်း စစ်တံခွန်များ၊ စစ်တလင်းများရှေ့၌ တပ်သားတစ်ယောက်သည် လင်းယုန်ငှက်ရေးထိုးထားသည့် ပြင်သစ်စစ်တံခွန်ကို ထောင်၍ ကိုင်ထားရာမှ မတော်တဆ အောက်သို့ ယိုင်ကျသွား၏။

"အိမ်း၊ အိမ်း၊ သင်းတို့ စစ်တံခွန်ကို လွဲထား၊ လွဲထား။ အိမ်း၊ ဟုတ်ပြီ။ အရေးတော်ကြီး အောင်ပြီ၊ အောင်ပြီ"

စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ပြင်သစ်စစ်တံခွန်လဲကျခြင်းကို မြင်သည်၌ စိတ်အားတက်ကြွလာလျက် ခေါင်းကို ဆတ်ခနဲ မော့၍ ကြွေးကြော်လိုက်၏။

"အောင်ပြီ၊ အောင်ပြီ" ထောင်ပေါင်းများစွာ အသံများသည် မြည်ဟည်း၍ ပေါ်ထွက်လာ၏။

တပ်သားများက ကြွေးကြော်သံများကို အော်ဟစ်လျက်ရှိချိန်၌ စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ကိုယ်ကို ရှေ့သို့ ကိုင်း၍ ခေါင်းညွှတ်၏။ ၎င်း၏ မျက်လုံးများ၌ လှောင်ပြောင်သရော်သည့် အရိပ်အယောင်များ မသိမသာ ယှက်သန်းလာကြ၏။

တပ်သားများ၏ ကြွေးကြော်သံများသည် တိတ်သွားကြ၏။

"နောင်ငယ်တို့"

စစ်သေနာပတိချုပ် ကူတူဇော်ဗ်၏ အသံနှင့်မျက်နှာထားသည် တစ်မုဟုတ်ချင်း ပြောင်းသွား၏။ ၎င်း၏ မျက်နှာထား၊ ၎င်း၏အသံ၌ စစ်သေနာပတိချုပ်တစ်ဦး၏ အမူအရာ၊ လေယူလေသိမ်းတို့ မရှိတော့ချေ။ သာမန်အဘိုးကြီးတစ်ဦးက ၎င်း၏ သွေးသောက်များအား အရေးကြီးသည့်ကိစ္စတစ်ခုကို ရင်းရင်းနှီးနှီးပြောဆိုလျက်ရှိသည့် အသွင်ကို ဆောင်လျက် ရှိလေသည်။

တပ်ဗိုလ်များနှင့် တပ်သားများသည် စစ်သေနာပတိချုပ်ကူတူဇော်ဗ်၏ စကားများကို သဲကွဲစွာ ကြားနိုင်ရန် ရှေ့သို့ တိုးလာကြသဖြင့် လူအုပ်ထဲတွင် လှုပ်လှုပ်ရွရွဖြစ်သွား၏။

"နောင်ငယ်တို့၊ ယခုအခြေအနေသည် များစွာကျပ်တည်း ခက်ခဲသော အခြေအနေဖြစ်သည်။ နောင်ငယ်

www.burmeseclassic.com

www.burmeseclassic.com

တို့ များစွာပင်ပန်းကြလိမ့်မည်ကို ငါသိသည်။ သို့ရာတွင် ငါ မတတ်နိုင်ပြီ။ ဖြစ်သမျှကို ခါးစည်း၍ ရင်ဆိုင်ကြရုံသာ ရှိတော့သည်။ ဤအခက်အခဲ အကျပ်အတည်းသည် ကြာရှည်တော့မည် ငါမထင်။ ငါတို့ မဖိတ်မပင့်ဘဲ ရောက်လာသော ငါတို့၏ ဧည့်သည်ကြီးများ ပြန်သွားကြသည့်အခါ၌သာ ငါတို့ငြိမ်းချမ်းစွာ နေထိုင်ကြတော့မည်။ ဘုန်းတော်ကြီးသော ရွှေနန်းရှင်ဇာဘုရင်မင်းမြတ်သည် နောင်ငယ်တို့၏ သက်စွန့်ကြိုးပမ်းအမှုတော်ထမ်းခြင်းကို မေ့တော်မူမည်မဟုတ်။ နောင်ငယ်တို့၏ အခြေအနေသည် ပင်ပန်းကျပ်တည်းလှသည် မှန်စေ၊ အမိနိုင်ငံ၏ မြေကြီးပေါ်တွင် နေရသေးသည်။ သင်းတို့ကား သူတစ်ပါး၏ မြေပေါ်သို့ လာ၍ ဤအခြေမျိုးသို့ ရောက်ကြရသေးသည် မဟုတ်လော”

စစ်သေနာပတိချုပ် ကူတူဇော်ဗသည် ပြင်သစ်သံ့ပန်းများကို လက်ညှိုးထိုးပြ၏။

“သင်းတို့ကား အဆင်းရဲဆုံး ဖုန်းတောင်းယာစကာလောက်မျှ လူလုံးမလှဖြစ်ကြရသေးသည်။ သင်းတို့အင်အားကြီးခိုင်စဉ်ကာလ၌ ငါတို့သည် အသက်ကို ပဓာနမထားဘဲ ရဲရဲဝံ့ဝံ့ တွန်းလှန်တိုက်ခိုက်ခဲ့ကြ၏။ ယခုကား သင်းတို့၌ အားမရှိပြီ။ သင်းတို့ကား သနားဖွယ်ပင် ကောင်းလှတော့သည်။ သင်းတို့လဲ လူသားများပင် မဟုတ်လော”

စစ်သေနာပတိချုပ် ကူတူဇော်ဗသည် ပတ်ဝန်းကျင်ကို လှည့်ကြည့်မိပြန်၏။ မိမိအား အံ့သြလေးစားခြင်းဖြင့် စူးစိုက်ကြည့်လျက်ရှိသော မျက်လုံးများ၌ မိမိစကားကို နားလည်သဘောပေါက်သည့် အရိပ်အယောင်များလည်း မြင်ရ၏။ စစ်သေနာပတိချုပ် ကူတူဇော်ဗ၏ မျက်နှာသည် အဘိုးအိုတစ်ယောက်၏ အပြုံးမျိုးဖြင့် ထိန်လင်းလာ၏။ မျက်လုံးထောင့်နှင့် နှုတ်ခမ်းထောင့်များ၌ အရေတွန့်များ အထင်းသား ပေါ်လာကြ၏။ စစ်သေနာပတိချုပ် ကူတူဇော်ဗသည် စကားပြောခြင်းကို ရပ်၍ ခေါင်းကို ငုံ့၏။

“နောင်ငယ်တို့၊ သင်းတို့ကို ဤမြေပေါ်သို့ မည်သူက ဖိတ်ပင့်လာသနည်း။ ၎င်းတို့အလိုအလျောက်လာကြခြင်း ဖြစ်သည်။ ထို့အတူလည်း သင်းတို့အား ထုံးစံအတိုင်း ပြုစုစောင့်ရှောက်ကြကုန်”

စစ်သေနာပတိချုပ် ကူတူဇော်ဗသည် ခေါင်းကို ဆတ်ခနဲ မော့၏။ ထို့နောက် ကြာပွတ်ကို ဝင့်လျက် မြင်းကို ဒုန်းစီး၍ ထွက်သွားလေသည်။ ဤအကြိမ်သည် ကူတူဇော်ဗအဖို့ ထိုတိုက်ပွဲစဉ်အတွင်း ပထမဆုံးအကြိမ် မြင်းကို အသော့စီးခြင်း ဖြစ်လေသည်။ တပ်သားများသည် ကြွေးကြော်သံများ ဇောပတ်ကျန်ရစ်ခဲ့ကြလေသည်။

အမှန်၌ကား စစ်သေနာပတိချုပ် ကူတူဇော်ဗ၏ စကားများကို မည်သည့်တပ်သားမျှ လုံးဧ့ပတ်ဧ့ မမှတ်မိလိုက်ကြချေ။ စစ်သူကြီး၏ စကားများသည် အစပထမ၌ လေးနက်သောသဘောကို ဆောင်ခဲ့သော်လည်း နောက်၌ကား စစ်သေနာပတိချုပ်တစ်ဦး၏ စကားနှင့် မတူတော့ဘဲ သာမန်အဘိုးကြီးတစ်ယောက်က စိတ်ကောင်း နှလုံးကောင်းဖြင့် ဆုံးမသွားသော စကားမျိုးနှင့်သာ တူတော့သည်။ သို့ရာတွင် ထိုအဘိုးကြီး၏ စကားများသည် ရိုးသားခြင်း၊ ရန်သူတို့ကို အောင်နိုင်၍ ဝမ်းသာသော်လည်း ရန်သူတို့ကို ကြင်နာသနားခြင်း၊ ရုရှားလူမျိုးတို့၏ အရေးတော်ကြီး မှန်ကန်ခြင်းကို ဖော်ပြလျက်ရှိသည့် အလျောက် ထိုအဓိပ္ပာယ်များကိုကား တပ်သားအားလုံး ကောင်းစွာ နားလည်လိုက်ကြပေသည်။ နားလည်ရုံမျှမက ထိုသဘောများသည် ၎င်းတို့၏ ရင်ထဲတွင်လည်း အလားတူ ကိန်းအောင်းလျက်သာ ရှိလေသည်။ ထို့ကြောင့် ပဲ့တင်ထပ်မျှ ကောင်းချီးညြဘာပေးလျက် ကြွေးကြော် ကျန်ရစ်ခဲ့ကြခြင်း ဖြစ်လေသည်။ စစ်သေနာပတိချုပ် ကူတူဇော်ဗမှာကား ထိုနေ့တွင် အထူးစိတ်လှုပ်ရှားလျက် ရှိလေသည်။ သို့ကြောင့် က ရထားပြင်ရမည်လောဟု ဗိုလ်ချုပ်တစ်ဦးက လာမေးသည့်အခါ၌ စစ်သေနာပတိချုပ်သည် အဖြေကို မျှ မပေးနိုင်ဘဲ ရှိုက်ကြီးတငင် ငိုကြွေးလျက် ရှိခြင်း ဖြစ်လေသတည်း။

အခန်း ၇

နိုဝင်ဘာလ ၈–ရက်နေ့မှာ ကရပ်စနိုတိုက်ပွဲ၏ နောက်ဆုံးနေ့ ဖြစ်၏။ ညစခန်းချရန် သတ်မှတ်ထားသည့် နေရာ၌ ရုရှားတပ်များ ရောက်လာသည့်အခါတွင် မှောင်စပျိုး၍ နေလေပြီ။ ထိုနေ့ တစ်နေ့လုံး နှင်းမြူတို့ အုံ့ဆိုင်းလျက်ရှိပြီး တစ်ခါတစ်ရံတွင် ဆီးနှင်းဖွဲဖွဲကလေးများ ကျလျက်ရှိ၏။ ညနေပိုင်း၌ကား ရာသီဥတုမှာ ကြည်လင်စပြုလာ

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ နက်ပြာသောကောင်းကင်ကြီးသည် တဖွဲဖွဲကျလျက်ရှိသော ဆီးနှင်းများကြားမှ ဘွားခနဲ ပေါ်ထွက်လာ၏။ နှင်းမှုန်များကား တဝေဝေကျဆဲပင် ဖြစ်လေသည်။

ထိုနေ့ည တပ်စခန်းချရန် သတ်မှတ်ထားသည့် နေရာမှာ ပေတစ်ရာလမ်းနှင့် ကပ်လျက်ရှိသော ရွာကလေးတစ်ရွာဖြစ်၏။ စခန်းသို့ ပထမဆုံး ရောက်လာသောတပ်မှာ ခြေလျင်တပ်တစ်တပ်ဖြစ်၏။ ထိုတပ်သည် တာရူတီနိုမှ ထွက်လာခဲ့စဉ်က တပ်သားသုံးထောင်ရှိသော်လည်း ယခု အချိန်၌ ကိုးရာမျှသာ ရှိတော့သည်။ ခြေလျင်တပ်ကို ဆီးကြိုလာသော တပ်ထောက်ဗိုလ်များက ရွာထဲတွင် တဲလွတ်များ မရှိတော့ကြောင်း၊ တဲများအားလုံးမှာ နာမကျန်းဖြစ်လျက်ရှိသော ပြင်သစ်မြင်းတပ်သားများ၊ စစ်ဦးစီးဌာနချုပ် အမှုထမ်းများ၊ အလောင်းများဖြင့် ပြည့်နှက်လျက်ရှိကြောင်း ပြောကြားကြ၏။ တဲလွတ်တစ်လုံးသာ ကျန်တော့ရာ ထိုတဲကို ခြေလျင်တပ်ရင်း တပ်မှူးကို ပေးလိုက်လေသည်။

တပ်မှူးသည် တဲဆီသို့ မြင်းစီး၍ လာခဲ့၏။ တပ်ရင်းကြီးသည် ရွာကို ဖြတ်၍ ချီတက်လာခဲ့ပြီးနောက် ရွာအစွန်ရှိ တဲများရှေ့တွင် လက်နက်များကို စုပုံထားလိုက်သည်။

တပ်ရင်းကြီးသည် ခြေလက်အင်္ဂါများစွာ ပါရှိသည့် တိရစ္ဆာန်ကြီးတစ်ကောင်ကဲ့သို့ အိပ်စက်နားနေရန်နှင့် အံစာစားရန် ပြင်ဆင်လျက် ရှိလေသည်။ အချို့တပ်သားများသည် လူစုခွဲကာ ဒူးဆစ်လောက်ရှိသော ဆီးနှင်းပြင်ကြီးကို ဖြတ်၍ ရွာ၏ လက်ယာဘက်ရှိ တောထဲသို့ ထွက်သွားကြ၏။ ခဏကြာလျှင် တောထဲမှ ပုဆိန်ခုတ်သံများ၊ ဓားခုတ်သံများ၊ သစ်ကိုင်းချိုင်သံများ၊ စကားပြောသံများကို ကြားရ၏။ အခြားတပ်သားစုတစ်စုမှာ တစ်စုတည်း ဖြုတ်ထားသော တပ်ရင်းလှည်းများ၊ မြင်းများကြားတွင် တလှုပ်လှုပ်သွားလာလျက် သဲခွက်များ၊ ဂျုံမှုန့်ဆုပ်များကို ထုတ်၍ ချက်ပြုတ်ရန် ပြင်ဆင်လျက် ရှိကြ၏။ အချို့က မြင်းများကို အစာကျွေးကြ၏။ အခြားတပ်သားစုတစ်စုကား တပ်ရင်းအရာရှိများအတွက် ရွာထဲတွင် တဲလွတ်များကို လိုက်လံ ရှာဖွေလျက် ရှိကြ၏။ တဲထဲမှ ပြင်သစ်အလောင်းများကို ဆွဲထုတ်သူက ဆွဲထုတ်လျက် စခန်းမီးပုံဖို့ရန်၊ ပျဉ်တိုပျဉ်စများ၊ သစ်ကိုင်းခြောက်များ၊ သက်ငယ်မိုးများကို စုသူက စုကြ၏။ ကနဖျင်းထိုးရန် အတွက် ခြံစည်းရိုးများကို ဆွဲဖျက်သူက ဖျက်ကြ၏။

တပ်သား ဆယ့်ငါးယောက်တို့သည် ညာသံပေးလျက် တဲတစ်လုံးမှ မြေစိုက်နံရံကို ဆွဲဖျက်နေကြ၏။ ထိုတဲမှ အမိုးမှာ အခြားတပ်သားတို့ ဆွဲဖြုတ်သွားသဖြင့် မရှိတော့ချေ။

"ကဲဟေ့၊ တူးလိုက်ကြဦးစို့ဟေ့။ ယောကျ်ားဘသားကွ"

အော်သံများ ပေါ်ထွက်လာ၏။ နှင်းခဲများ တင်လျက်ရှိသော မြေစိုက်နံရံကြီးသည် တဖြည်းဖြည်းနဲ့၍ ယိမ်းယိုင်စပြုလာခြင်းကို အမှောင်ထဲတွင် ဝိုးတဝါး မြင်ရ၏။ နံရံအောက်ခြေမှ ဂျုတ်ဂျုတ်မြည်သံများ ပေါ်ထွက်လာကာ ခဏအကြာ၌ နံရံကြီးသည်လဲကျလာ၏။ ရယ်သံများ၊ အော်ဟစ်သံများလည်း ပေါ်ထွက်လာလေသည်။

"ကဲ နှစ်ယောက်စီတွဲပြီး မ,ကြ။ အပေါ်ကို နည်းနည်းမြှောက်ပါကွ။ ဟုတ်ပြီ ဟုတ်ပြီ။ ဟေ့ ဟိုခွေးသားက ဘာလုပ်နေတာတုံး"

"ကဲ မ,ဟေ့ နေဦးကွ။ ဘေးက သီချင်းလေးဘာလေးတော့ ဆိုပေးဦး။ ဒါမှ အားရှိမှာပေါ့"

အသံတစ်သံက သီချင်းဆို၏။ တတိယအပိုဒ် အရောက်၌ကား "ဟေးလားယောကျ်ား ယောကျ်ားဘသား"ဟူသော အသံများ ပေါ်ထွက်လာလေသည်။ သို့ရာတွင် ကြီးမားထူထဲသော နံရံကြီးမှာ တုတ်တုတ်မျှ မလှုပ်ချေ။ ခဏကြာသောအခါ အနားယူဟန်ဖြင့် တိတ်ဆိတ် ငြိမ်သက်သွားကာ ပြင်းစွာ အသက်ရှူသံများကိုသာ ကြားရ၏။

"ဗျို့ အမှတ် ၆ တပ်ခွဲက သွေးသောက်တွေ လာကူကြပါဦးဗျ။ တစ်လှည့်စီပေါ့"

ရွာထဲသို့ ဝင်လာသည့် အမှတ် ၆ တပ်ခွဲမှ တပ်သားနှစ်ဆယ်ခန့်သည် ဝင်၍ ကူကြ၏။ ထိုအခါကျမှ အလှားသုံးဆယ့်ငါးပေ၊ အမြင့် ခုနစ်ပေခန့်ရှိ နံရံကြီးသည် ဟောဟဲလိုက်လျက်ရှိသော တပ်သားများ၏ ပခုံးပေါ်မှ အခဲ့သားလိုက်ပါလာကာ ရွာလယ်လမ်းတစ်လျှောက်တွင် တရွေ့ရွေ့လှုပ်ရှားလျက် ရှိလေသည်။

"ဟေ့ ရှေ့က မ ပါကွ။ လွတ်ကျလိမ့်ဦးမယ်။ ဘာဖြစ်လို့ ရပ်နေရတာလဲ။ ဒီမှာဖြင့် သေတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဆူသံ၊ အော်သံ၊ ဆဲသံတို့သည် ဆူညံစွာ ထွက်ပေါ်လာကြပြန်၏။

"ဟေ့ ဘာဖြစ်နေကြတာလဲ" တပ်ကြပ်ကြီးတစ်ယောက်၏ တင်းမာသောအသံကို ကြားရ၏။ တပ်ကြပ်ကြီးသည် နံရံကြီးကို မ ရွေ့လာသော တပ်သားများအနီးသို့ ရောက်လာသည်။

"ဒီမှာ လူကြီးတွေ ရှိတယ်ကွ။ တဲထဲမှာ ဗိုလ်ချုပ် ရှိတယ်။ သိပ်ဆူမနေကြနဲ့။ တိုးတိုးပြောလို့ မရဘူးလား။ ကဲ ဒီလောက်တောင် ဆူချင်တဲ့ကောင်တွေ"

တပ်ကြပ်ကြီးသည် လက်လှမ်းမီရာလူကို တစ်ချက်ရိုက်လိုက်၏။

အားလုံး တိတ်ဆိတ်သွားကြသည်။ အရိုက်ခံရသော တပ်သားသည် ညည်းတွားရင်း မျက်နှာကို သုတ်နေသည်။ တပ်သားမှာ နံရံနှင့် ခြစ်မိ၍ မျက်နှာစုတ်သွားလေသည်။

"ဘယ်နယ်လဲဟေ့။ တော်တော် အရသာရှိလိုက်ရဲ့လား" တစ်ယောက်က ရယ်၍ မေးလိုက်သည်။ သို့ဖြင့် တပ်သားများသည် ယခင်ကလောက် ဆူညံခြင်း မရှိတော့ဘဲ နံရံကြီးကို ရွေ့သွားကြ၏။

ရွာပြင်သို့ ရောက်သည့်အခါ၌ကား ခပ်စောစောက ကဲ့သို့ 'ဗလွတ်ရွတ်တ' ပြောဆိုကာ ဆူညံလာကြပြန်သည်။

တပ်ကြပ်ကြီး ထွက်၍ ရိုက်သည့် တဲထဲ၌ကား ဗိုလ်ချုပ်များသည် လက်ဖက်ရည်သောက်ရင်း ယနေ့တွေ့ကြုံခဲ့ရပုံများ၊ နက်ဖြန်တွင် ပြုလုပ်မည့် စစ်ကစားမှုများနှင့် စပ်လျဉ်း၍ တစ်ယောက်တစ်ပေါက် ပြောဆိုလျက် ရှိကြ၏။ ၎င်းတို့၏ တပ်များသည် နက်ဖြန်တွင် တောင်ပံလှုပ်ရှားမှု ပြုလုပ်ကာ ပြင်သစ်ဗိုလ်မူးရတ်၏ တပ်ကို ဖြတ်တောက်ပြီးနောက် မူးရတ်ကို လက်ရဖမ်းရန် ဖြစ်လေသည်။

နံရံကိုဖြုတ်၍ သယ်လာသည့် တပ်သားများ၎င်းတို့နေရာသို့ ပြန်ရောက်သောအချိန်၌ စခန်းမီးပုံများ ဖိုပြီး ဖြစ်နေလေပြီ။ ညစာချက်ပြုတ်ရန် ပြင်ဆင်လျက် ရှိကြပေပြီ။ သစ်ကိုင်းများသည် မီးပုံထဲတွင် တဂျွတ်ဂျွတ်မြည်လျက် ရှိကြ၏။ နှင်းခဲများသည် အရည်ပျော်လျက်ရှိ၏။ နှင်းခဲများ သိပ်လျက်ရှိသော ကွက်လပ်၌ကား တပ်သားများ၏ မည်းမည်းသဏ္ဌာန်များသည် လှုပ်ရှားလျက် ရှိကြလေသည်။

ပုဆိန်များ၊ ဓားများသည် တစ်နေရာတွင် စုပုံနေကြ၏။ မည်သည့်အမိန့်မျှမရဘဲ တပ်သားများသည် အားလုံး ပြင်ဆင်ပြီး ဖြစ်ကြ၏။ ထိုနေ့ညအတွက် ထင်းများ ခုတ်ခဲ့ကြပြီး ဖြစ်၏။ တပ်ဗိုလ်များအတွက် ကနဖျင်းများ ထိုးပြီးဖြစ်၏။ ညစာကို ချက်ပြုတ်ပြီးဖြစ်၏။ သေနတ်များ၊ လက်နက်ကိရိယာများကို သူ့နေရာနှင့်သူ ထားပြီး ဖြစ်၏။

တပ်သားများသည် သယ်ယူလာခဲ့သော နံရံကြီးကို အမှတ် ၈ တပ်ခွဲ၏ မြောက်ဘက်တွင် ထောင်ထားကာ သေနတ်များဖြင့် ထောက်ကန်ထားကြ၏။ နံရံအနီးတွင် စခန်းမီးပုံတစ်ခုကိုလည်း ဖိုထား၏။ အိပ်တန်းဝင် ခရာမှုတ်ခြင်း၊ တပ်သားစာရင်းခေါ်ခြင်း၊ ညစာစားခြင်းတို့ကို ပြုပြီးနောက်၌ကား မီးပုံအနီးတွင် ဝိုင်းထိုင်ကြကာ ဖိနပ်ချုပ်သူက ချုပ်၍ ဆေးအိုးရှူသူက ရှူကာ ကိုယ်တုံးလုံးဖွတ်၍ သန်းရှာသူက ရှာလျက် ရှိကြလေသည်။

အခန်း ၈

ထိုအချိန်၌ ရုရှားတပ်များမှာ ဖိနပ်များ၊ သိုးရေအင်္ကျီများ၊ အပေါ်ရုံအင်္ကျီများ ရှားပါးလျက်ရှိ၏။ ညဉ့် သုည အောက် တစ်ဆယ့်ရှစ်ဒီဂရီထိ စီးဆင်းနေသော နှင်းခဲပြင်ကြီးထဲ၌ အမိုးအကာမရှိ စခန်းချကြရ၏။ စားနပ်ရိက္ခာ မလုံမလောက်ဖြစ်လျက် ရှိ၏။ (တပ်ထောက်ရုံးသည် ထိုပြဿနာကို မည်သည့်အခါမျှ မဖြေရှင်းနိုင်ပါ။) ဤသို့ မယုံနိုင်အောင် ဆိုးရွားလှသော အခြေအနေများ၌ ရုရှားတပ်များကို မြင်ရခြင်းသည် လွန်စွာ စိတ်ပျက်နောက်ကျဖွယ် ကောင်းလိမ့်မည်ဟု ထင်ကြပေလိမ့်မည်။

သို့ရာတွင် ဤသို့မဟုတ်ချေ။ ရုရှားစစ်တပ်ကြီးသည် အပြည့်စုံဆုံး၊ အကောင်းဆုံးသော အခြေအနေများ၌ပင် ယခုအခါလောက် ရွှင်လန်းတက်ကြွခြင်း မရှိခဲ့ဖူးချေ။ ဤသို့ ဖြစ်ရခြင်းမှာ ယခုအချိန်၌ စိတ်ဓာတ်ပျက်ပြားသူ။ အားမာန်မရှိတော့သူ ဟူသမျှတို့သည် ရုရှားစစ်တပ်ကြီးမှ နေ့စဉ်နှင့်အမျှ အစုလိုက် အဖုပ်လိုက် လွင့်စဉ်ကျန်ရစ်ခဲ့ကြခြင်းကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ခွန်အားငယ်သူ၊ စိတ်အားငယ်သူ ဟူသမျှတို့သည် ကျန်ရစ်ခဲ့ကြပြီဖြစ်ရာ စစ်တပ်ကြီး၌ 'ဒေါင်ဒေါင်မြည်' လက်ရွေးစင်များသာ ကျန်ရစ်ခဲ့ကြလေသည်။

နံရံကြီးထောင်ထားသည့် အမှတ် ၈ တပ်ခွဲအနီးတစ်ဝိုက်ကား ထိုနေ့ညတပ်စခန်း၌ လူအစည်ဆုံးနေရာဖြစ်၏။ ထိုအနီးတွင် တပ်ကြပ်ကြီးနှစ်ယောက်လည်း ထိုင်လျက်ရှိရာ ၎င်းတို့၏ စခန်းမီးပုံသည် အခြားမီးပုံများထက် လင်းလျက်ရှိ၏။ တပ်ကြပ်ကြီးနှစ်ယောက်သည် ၎င်းတို့မီးပုံတွင် လာ၍ မီးလှုံလိုက တစ်ယောက်လျှင် ထင်းမည်မျှ ယူခဲ့ရမည်ဟု စည်းကမ်းသတ်မှတ်ထားလေသည်။

"ဟေ့ မာကေယက်၊ ဘာအချောင်ခိုတာလဲကွ။ ခွေးသား၊ သွား ထင်းရှာချည်။ တောထဲမှာ လမ်းမှားလို့ ဝံပုလွေစာလဲ ဖြစ်နေဦးမယ်" မျက်နှာနီနီ၊ ဆံပင်နီနီနှင့် တပ်သားတစ်ယောက်က မီးခိုးသဖြင့် မျက်လုံး များကို မှိတ်ထားရင်း ပြောလိုက်သည်။ အခြားသူဦးသွား မည်စိုးသဖြင့် ထိုနေရာမှကား မထရဲချေ။ "ဟေ့ 'ဟို ခွေးအ' ကော။ သွား၊ ထင်းရှာချည်ဦး"

ဆံပင်နီနီနှင့် တပ်သားသည် အခြားတစ်ယောက်ကို လှမ်းအော်ပြန်၏။ ထိုတပ်သားသည် တပ်ကြပ်ကြီးတစ်ယောက်လည်း မဟုတ်။ တပ်ကြပ်ကလေးတစ်ယောက်လည်း မဟုတ်ချေ။ မိမိ၏ အားခွန်ဗလအားကိုးဖြင့် အားနည်းသူများကို အမိန့်ပေးနေခြင်းသာ ဖြစ်လေသည်။ 'ခွေးအ'ဟု အခေါ်ခံရသူ နာခေါင်းရွှန်ရွှန်၊ ပိန်ပိန်ပါးပါး တပ်သားသည် အမိန့်ကို မလွန်ဆန်ရဲဟန်ဖြင့် ထိုင်ရာမှ ထ၏။ ထိုအခိုက် ကိုယ်လုံးကိုယ်ထည်သွယ်သွယ်၊ ခန့်ညားသည့် တပ်သားကလေးတစ်ယောက်သည် ထင်းစည်းတစ်စည်းကို ထမ်း၍ မီးရောင်ထဲသို့ ရောက်လာ၏။

"အေး၊ ဟုတ်ပြီဟေ့။ ဒီကိုယူခဲ့"

တပ်သားများသည် ထင်းတုံးများကို ခွဲ၍ မီးထဲသို့ ထိုးထည့်ပြီးနောက် တဟူးဟူးမှုတ်ကြ၏။ အင်္ကျီများဖြင့် ယပ်ခတ်ပေးကြ၏။ မီးတောက်များသည် တရှိုးရှိုးမြည်၍ တောက်စပြုလာ၏။ တပ်သားများသည် ရှေ့သို့ တိုးကာ ဆေးတံများကို ညှိကြ၏။ ထင်းစည်းထမ်းလာသည့် တပ်သားလေးသည် လက်နှစ်ဖက်ကို ဆန့်တန်းကာ ခြေထောက်များကို သွက်လက်စွာ လှုပ်ရှားရင်း သီချင်းတစ်ပုဒ်ကို ဆိုလျက် ရှိ၏။

"မွေးမေ့မေတ္တာ ကြီးမားပါပေသည်၊ နှင်းပေါက်တွေ သွန်းကာဖြိုးပေစီ၊ ကျွန်တော် တစ်ယောက်တော့ တိုင်းပြည်တာဝန် ထမ်းဆောင်မည်"

"ဟေ့၊ မင်း ဖိနပ်က ခွာပြုတ်နေပါပကောလား ကွ။ တော်တော်အကကောင်းတဲ့ ငနဲပဲဟေ့"

ဆံပင်နီနီနှင့် တပ်သားက တပ်သားလေး၏ ဖိနပ်ခွာတစ်ဖက် ပြုတ်နေခြင်းကို လှမ်း၍အော်၏။ တပ်သားလေးသည် ဖိနပ်တွင် ဒရွတ်ဆွဲနေသော ဖိနပ်ခွာကို ဆွဲဖြုတ်၍ မီးထဲသို့ ပစ်ထည့်လိုက်သည်။

"ကဲ ခုကောင်းသွားပြီ မဟုတ်လား" တပ်သားလေးသည် မီးပုံဘေးတွင် ထိုင်ချကာ ၎င်း၏ ကျောပိုးအိတ်ထဲမှ အဖြူရောင် ပြင်သစ်အထည်စတစ်စကို ထုတ်ယူကာ ခြေထောက်ကို စည်းပြီးနောက် ခြေထောက်များကို မီးကင်နေသည်။

"မကြာခင် ဖိနပ်သစ်တွေ၊ ခြေပတ်သစ်တွေ ထုတ်ပေးတော့မယ် ပြောတာပဲဗျ။ ပြင်သစ်ကောင်တွေကို တိုက်နိုင်ခဲ့လို့ ကျောပိုးအိတ်အသစ်တွေလဲ တစ်ယောက်နှစ်လုံးစီ ထုတ်ပေးမယ်တဲ့"

"ဒါထက် ဟိုခွေးသား ပီထရော့ဗ်လဲ ကျန်ရစ်ခဲ့ပြီ ထင်တယ်။ မမြင်ဘူး" တပ်ကြပ်ကြီးက ဆို၏။

"အို၊ ဒီကောင် ကျန်ရစ်ခဲ့မှာလို့ ကျုပ် အစောကြီးကတည်းက ပြောထားသားပဲ"

"အဲ့ပါကွာ။ ဒီလို ပျော့နဲ့နဲ့ကောင်ကများ စစ်ထဲဝင်ရသေးတယ်လို့ပဲ"

"မနေ့က အမှတ် ၃ တပ်ခွဲက လူကိုးယောက် ပျောက်ခဲ့သတဲ့"

"ပျောက်မှာပေါ့။ ခြေထောက် သွေးခဲနေတဲ့နောက်တော့ ဘယ့်နယ်လုပ်ပြီး လမ်းလျှောက်လို့ ရတော့မှာလဲ"

"အို ဘာဆိုင်လဲကွ" တပ်ကြပ်ကြီးက ဆို၏။

"ဘာလဲ၊ မင်းကော သွေးခဲလို့ မလျှောက်နိုင်တော့ဘူး ဆိုပြီး နေရစ်ခဲ့ချင်လို့လား" အသက် ခပ်ကြီးကြီး တပ်သားတစ်ယောက်က ဝင်၍ မာန်လိုက်သည်။

"ဒါတော့ဗျာ။ ဘယ်တူမလဲ" 'ခွေးအ' အခေါ်ခံရသူတပ်သားက မီးပုံကိုကျော်၍ အသံသေးသေးကလေးဖြင့် ပြောလိုက်သည်။ "ဒီလောက်ပင်ပန်းတော့လဲ ဘယ်

www.burmeseclassic.com

www.burmeseclassic.com

ခံနိုင်မလဲ။ ဝတဲ့လူကတော့ ဘာအရေးလဲ။ ပိန်သွားရုံပေါ့။ ဒါပေမဲ့ ကျုပ်တို့လို ပိန်ပိန်ကလေးကျတော့ သေရုံပဲ ရှိတော့တာပေါ့။ ဒီမှာဆရာ၊ ကျုပ်တော့ ဘာပြောပြော မတတ်နိုင်တော့ဘူးဗျ" သူသည် တပ်ကြပ်ကြီးဘက်သို့ လှည့်၍ ပြောဏ်။ "ဆေးရုံတင်ပစ်ခဲ့ဖို့ တပ်ဗိုလ်ကို ပြောပေးပါ။ တစ်ကိုယ်လုံးလဲ ကိုက်နေပြီ။ ရှေ့ဆက်လိုက်ရင်တော့ သေမှာ မုချပဲ"

"ပြောတာပေါ့ကွာ၊ ဖြည်းဖြည်းပေါ့" တပ်ကြပ်ကြီးက ခပ်အေးအေး ပြောဏ်။

ဤသို့ဖြင့် အခြားစကားသို့ ရောက်သွားကြပြန်သည်။

"ဒီနေ့ ပြင်သစ်ကောင်တွေ မနည်းဘူး၊ ဖမ်းမိခဲ့တာပဲဗျ။ ဒါပေမဲ့ ဖိနပ်စီးထားတဲ့ကောင်ဆိုလို့ တစ်ကောင်မှ မပါဘူး။ တချို့လဲ အဝတ်တွေ ကြပ်စည်းသလို စည်းထားကြတယ်။ တချို့ကတော့ ခြေထောက်မှာ ဘာဆိုဘာမှ မရှိဘူး။ ကျုပ်တော့ အံ့လို့မဆုံးဘူး"

"ဘယ်ရှိမလဲဗျ။ ရှိသမျှ ဖိနပ်တွေကို ကော့ဆက်မြင်းတပ်သားတွေ အကုန်ချွတ်ယူသွားတာကိုး။ ကော့ဆက်မြင်းတပ်သားတွေက သူတို့ ဗိုလ်မှူးကြီးအတွက် တဲတစ်လုံး ဝင်ရှင်းတော့ လားလား၊ ခင်ဗျား ပြင်သစ်ကောင်အလောင်းတွေ တုံးလုံးပက်လက်တဲ့။ မြင်လို့တောင် မကောင်းဘူးတဲ့။ တချို့လဲ မသေသေးဘူးတဲ့။ တချို့များ စကားတောင် ပြောနိုင်သေးသတဲ့" ထင်းစည်းထမ်းခဲ့သည့် တပ်သားလေးက ပြောဏ်။

"အမယ်၊ ပြင်သစ်ကောင်တွေသေတော့ အလောင်းတွေက မပုပ်ဘူးတဲ့ဗျ။ ဖြူဖွေးလို့တဲ့ဗျ။ တယ်သန့်ရှင်းဆိုကိုး။ အချို့လဲ ရုပ်ချောချောကောင်တွေ ပါသတဲ့။ ကြည့်ရတာကတော့ သူကောင်းမျိုးထဲကလဲ ပါချင်ပါလာမှာပေါ့လေ" ပထမတပ်သားက ဆို၏။

"ဒီကောင်တွေ ကျွန်တော်တို့စကားလဲ နားမလည်ဘူးဗျ၊ ကျွန်တော် ပြင်သစ်ကောင်တစ်ကောင်နဲ့ တွေ့လို့ 'မင်း ဘယ်သူ့သစ္စာကိုခံသလဲ'လို့ မေးတော့ ငနဲသားဝူးဝါး ဝူးဝါးနဲ့ ပြန်ပြောတယ်။ ဘာတွေ ပြောမှန်းတော့ မသိဘူး"

"အေးဗျ။ ဒီကောင်တွေ အလောင်းတွေ ဘာကြောင့် ဖြူဖွေးနေသလဲ မသိဘူး။ တော်တော်တော့ ဆန်းတယ်" တပ်သားတစ်ယောက်က စဉ်းစားနေရာမှ ဆို၏။ "မိုဇော့ရောက်တုန်းကလဲ အဲဒီက လယ်သမားတွေက ဒီလိုပဲ ပြောကြတယ်။ လယ်သမားတွေက အလောင်းတွေ မြှုပ်ရတာကိုး။ တိုက်ပွဲကလဲ အကြီးအကျယ်ပဲလေ။ အဲဒီအလောင်းတွေဟာ မမြှုပ်ဘဲ ပိုးလိုးပက်လက်နဲ့ တစ်လလောက် ကြာသတဲ့။ ဒါပေမဲ့ အလောင်းတွေ ကြည့်လိုက်ရင် စက္ကူချပ်များလို ဖြူဖွေးနေတာပဲတဲ့။ ပုပ်လည်း မပုပ်ဘူးတဲ့"

"ဧကန္တ အေးလို့ မပုပ်တာနဲ့တူတယ်" တစ်ယောက်က ဆိုသည်။

"မှန်လိုက်လေဗျာ။ အေးလို့ မပုပ်တာပေါ့။ အပူထဲပစ်ထားကြည့်စမ်းပါလား။ ချက်ချင်း ပုပ်စော်နံလာမှာပဲ။ အေးလွန်းရင် ဘယ်အလောင်းဖြစ်ဖြစ် ဘယ်ပုပ်တော့မလဲဗျ။ ဒါပေမဲ့ ခင်ဗျားပြောသလို 'ကျုပ်တို့ ရုရှားတွေ အလောင်းကျတော့ ပုပ်လွန်းလို့ နှာခေါင်းကို ပဝါစည်းပြီး ဆွဲထုပ်ရတယ်။ မျက်နှာလွှဲထားရတယ်။ သူတို့အလောင်းတွေကျတော့ 'စက္ကူလို ဖြူဖွေးပြီး ယမ်းနံ့လောက်မှ မနံဘူး'ဆိုတာတော့ မဟုတ်ဘူးထင်တယ်"

အားလုံး တိတ်ဆိတ်နေကြဏ်။

"အစားအသောက်တွေ ကောင်းလွန်းလို့ မပုပ်မသိုးဘဲ နေတာလားမှ မသိဘဲ" တပ်ကြပ်ကြီးက ဆိုသည်။ "ပြင်သစ်ကောင်တွေ စားတဲ့ အစာက တို့ဆီက သူကောင်းမျိုးတွေ စားတဲ့ အစာမျိုးကွ"

မည်သူကမျှ ငြင်းခုံခြင်း မပြုကြ။

"မိုဇော့ တိုက်ပွဲဖြစ်တုန်းက အနားမှာရှိတဲ့ ရွာပေါင်းဆယ်ရွာက လယ်သမားတွေကို ဆင့်ပြီး အလောင်းတွေကို လှည်းနဲ့ အကောက်ခိုင်းတာပဲ။ သောက်ကျိုးနဲ့ အလောင်းတွေကို ဆယ်ရက်လောက်လှည်းနဲ့ တိုက်ထုတ်တာတောင် မကုန်ဘူးတဲ့။ ဝံပုလွေတွေဆိုရင်"

"ဟာ မိုဇော့ တိုက်ပွဲမျိုးကမှ တကယ့်စစ်ပွဲကွ" စစ်သားအိုကြီးတစ်ဦးက ဝင်ပြောဏ်။ "ဒီလို တိုက်ပွဲမျိုးကတော့ ငါဖြင့် တစ်သက်မှာ မမေ့တော့ဘူး။ အဲဒီတိုက်ပွဲနောက် တိုက်ပွဲတွေကတော့ အလကားသက်သက် လူတွေကို ညှဉ်းဆဲနေတာနဲ့ အတူတူပါပဲကွာ"

"အမယ်၊ အဘရေ၊ တစ်နေ့က ပြင်သစ်ကောင်တွေ လက်နက်ချပုံကတော့ အဆန်းဗျို့။ ကျုပ်တို့လဲ သူ

www.burmeseclassic.com

www.burmeseclassic.com

တို့အနားကပ်သွားရော ပထမ အကပ်မခံဘူးဗျို့။ သိလား။ အဲငနဲတွေ လက်နက်တွေ ပစ်ချ ဒူးထောက် ပြီးတော့မှ လာခဲ့ဆိုပြီး လက်ယပ်ခေါ်ပြတယ်။ လွတ်ငြိမ်းခွင့်ပေးဖို့ တောင်းပန်တဲ့ ကောင်ကလဲ ရှိသေးတယ်။ ဗိုလ်ချုပ် ပလာတော့ဗ်ကိုယ်တိုင် နပိုလီယန်ကို နှစ်ခါတောင် ဖမ်းမိသတဲ့ဗျ။ ဒါပေမဲ့ နပိုလီယန် ဖမ်းမိတာ ဘာမှ အကျိုးမရှိဘူးဆိုပြီး နှစ်ခါစလုံး ပြန်လွှတ်လိုက်သတဲ့။ တောက် နာသဗျာ။ ကိုယ့်လက်ထဲရောက်ပြီးသား ငှက်ကို ပြန်လွှတ်ရတယ်လို့ပဲ။ သုံးပန်းထုံးစံက သူ့ကိုလဲ မသတ်ရဘူးတဲ့ဗျ"

"အိုး၊ ဘယ်က ဖမ်းမိရမှာလဲ သောက်ဖြီး"

"တကယ်ပြောတာဗျ"

"ငါသာ နပိုလီယန်ကို ဖမ်းမိရင်တော့ သပ်ရိုက်သွင်းသလို မြေကြီးထဲကို အရှင်လတ်လတ် ရိုက်သွင်းပြီးသတ်မယ်။ ဘယ့်နယ်ကွာ၊ ဒီအကောင် ဂြိုဟ်မွေလို့ လူတွေ သောက်သောက်လဲ သေခဲ့ရပြီ မဟုတ်လား"

"အိမ်း၊ စစ်ပွဲကြီး ပြီးတော့မှာပါကွာ။ ဒီစစ်ပွဲပြီးရင် ဒီကောင် နောက်တစ်ခေါက် လာရဲတော့မှာ မဟုတ်တော့ပါဘူး" တပ်သားအိုကြီးက သမ်းဝေ၍ ပြောလိုက်သည်။

သို့ဖြင့် အခြားစကားများသို့ ရောက်သွားကြပြန်၏။ အချို့တပ်သားများမှာ အိပ်ရန် ပြင်ဆင်နေကြလေပြီ။

"အလို၊ ကြယ်တွေ ကြည့်စမ်းဗျို့။ သိပ်တောက်တာပဲ။ ကြည့်စမ်း နဂါးငွေ့တန်းကြီးကလဲ ဘယ်လောက် လှသလဲ။ မိန်းမများ ငွေချည်ထိုးပဝါကို ဖြန့်ထားသလိုပဲဗျ"

တစ်ယောက်က တုံးလုံးလွဲနေရာမှ နဂါးငွေ့တန်းကြီးကို ငေးကြည့်၍ ပြောလိုက်သည်။

"အဲဒါ နောက်နှစ်မှာ ကောက်ထွက်ကောင်းမယ် နိမိတ်ပဲဗျ"

"ဟောဗျ ထင်းကုန်သွားပြီ။ နောက်ထပ် ဘယ်သွားပြီး ထင်းရှာရဦးမလဲ မသိဘူး"

"သောက်ကျိုးနဲ့ အေးဗျာ။ နောက်ကျောလှုံရင် ရှေ့ကချမ်း၊ ရှေ့ကလှုံရင် နောက်ကချမ်း၊ တောက်"

"ဘုရား ဘုရား"

"ဟေ့ ဘာဖြစ်လို့ ဒီလောက် တိုးနေရတာလဲကွ။ မီးဖိုကြီးတစ်ခုလုံး မင်းအတွက်ချည်းပဲ အောက်မေ့နေသလား။ ညြော် ဟိုဘက်ကကောင်က တိုးပြန်ပြီ"

ထို့နောက် တိတ်ဆိတ်သွားကြပြန်သည်။ ထို အတောအတွင်း အိပ်ပျော်သွားသူများဆီမှ ဟောက်သံများကို ကြားရ၏။ တချို့ကား ထိုမှ ဤမှ လှည့်၍ မီးလှုံနေကြသည်။ တစ်ခါတစ်ရံ၌လည်း စကားလှမ်းပြောနေကြသည်။ စခန်းမှ ခြေလှမ်းတစ်ရာ အကွာဆီမှ တဝါးဝါး ပွဲကျနေသံများကို ကြားရသည်။

"ဟိုဘက်နားက အမှတ် ၅ တပ်ခွဲက ဘာတွေများ သဘောကျနေကြသလဲ မသိဘူး။ တဝါးဝါးနဲ့။ လူတွေကလဲ မနည်းဘူးဗျ။ ပုံနေတာပဲ"

တပ်သားတစ်ယောက်သည် ထ၍ အမှတ် ၅ တပ်ခွဲဆီသို့ ထသွား၏။

"ဟိုလူတွေ ပွဲကြီးပွဲကောင်း တွေ့နေတယ်ဗျ။ ပြင်သစ်နှစ်ကောင် ဝင်လာပြီး လက်နက်ချလို့။ တစ်ယောက်ကတော့ အအေးမိလို့ ပက်လက်ကြီး။ ကျန်တဲ့ တစ်ယောက်ကတော့ တကယ့်ကို သောက်ကြွားပဲ။ စကားများလိုက်တာက လွန်လို့။ သီချင်းတွေ ဘာတွေဆိုပြီး ကခုန်တောင် နေလိုက်သေး"

"အေးဟေ့ တို့များလဲ သွားကြည့်ဦးမယ်"

တပ်သားအချို့သည် အမှတ် ၅ တပ်ခွဲစခန်းဘက်ဆီသို့ ထွက်သွားကြ၏။

အခန်း ၉

အမှတ် ၅ တပ်ခွဲသည် တောစပ်ကွင်းပြင်ထဲ၌ စခန်းချတပ်နှာလျက် ရှိ၏။ နှင်းခဲပြင်ကြီးအလယ်၌ စခန်းမီးပုံကြီးသည် အရှိန်ပြင်းစွာတောက်လျက်ရှိရာ နှင်းခဲများ ဖုံးအုပ်လျက်ရှိသော တောစပ်မှ သစ်ပင်များသည် မီးရောင် ဟပ်ခြင်းကြောင့် လင်းထိန်လျက် ရှိ၏။

ညသန်းခေါင်လောက်၌ကား တောထဲရှိ နှင်းခဲပြင်ထဲမှ တစွက်စွက်လျှောက်သွားသော ခြေသံများနှင့် သစ်ကိုင်းခြောက် နင်းလာသံများကို ကြားရ၏။

"ဟေ့ တောစပ်က ခြေသံကြားတယ်။ ဝက်ဝံထင်တယ်ကွ" တစ်ယောက်က ဆို၏။

မီးလှုံနေသော တပ်သားများသည် တောစပ်ဘက်ဆီသို့ လှမ်းကြည့်လိုက်ကြ၏။ ထူးဆန်းစွာ ဝတ်ဆင်ထား

www.burmeseclassic.com

www.burmeseclassic.com

သည့် မည်းမည်းသဏ္ဌာန်နှစ်ခုသည် တစ်ခုကိုတစ်ခုတွဲလျက် တောစပ်မှ မီးရောင်ထဲသို့ ဝင်လာကြလေသည်။

ထိုသဏ္ဌာန်နှစ်ခုကား တောထဲတွင် ပုန်းအောင်းလျက်ရှိသော ပြင်သစ်နှစ်ဦး ဖြစ်လေသည်။ ၎င်းတို့သည် ရဂျားတပ်သားများ နားမလည်သောစကားတစ်မျိုးကို ပြောဆိုကာ မီးပုံနားသို့ ကပ်လာကြ၏။ တစ်ယောက်မှာ အရပ်ရှည်ရှည်ဖြစ်၍ တပ်ဗိုလ်ဦးထုပ်ကို ဆောင်းထားသည်။ ထိုလူမှာ လုံးဝ အားပြတ်လျက် ရှိသည်ဟု ထင်ရ၏။ မီးပုံနားသို့ ရောက်၍ ထိုင်မည်အပြုတွင်ကား ထိုလူသည် မဟန်နိုင်တော့ဘဲ လဲကျသွားလေသည်။ တခြားတစ်ယောက်မှာမူ အရပ်ပုပု ကိုယ်လုံးတောင့်တောင့်နှင့် ဖြစ်၍ ခေါင်းတွင် ပဝါစည်းထား၏။ ထိုသူမှာ တောင့်တင်းကျန်းမာလျက် ရှိသေးသည်။ ထိုပုပုလူသည် အဖော်ကို ထူမကာ တစ်စုံတစ်ရာပြော၏။ ၎င်း၏ ပါးစပ်ကိုလည်း လက်ညှိုးထိုးပြ၏။ တပ်သားများသည် ပြင်သစ်နှစ်ဦးအနီးသို့ ဝိုင်းအုံလာကြကာ လူမမာအတွက် မြေကြီးပေါ်တွင် ဝတ်ရုံအင်္ကျီကို ဖြန့်ခင်းပေး၏။ ဂျုံစေ့ပြုတ်နှင့် အရက်များကိုလည်း ယူလာကြလေသည်။

အားပြတ်လျက်ရှိသည့် ပြင်သစ်တပ်ဗိုလ်ကား အခြားသူမဟုတ် (မော်စကိုသို့ ပြင်သစ်တို့ ဝင်ရောက်ခဲ့စဉ်က ပီယာ၏ မိတ်ဆွေဖြစ်ခဲ့ဖူးသူ) ဗိုလ်ကြီးရဲမဲဖြစ်၍ ခေါင်းတွင် ပဝါစည်းထားသူမှာ ၎င်း၏ တပ်လုလင်ကြီး မိုရဲဖြစ်လေသည်။

မိုရဲသည် အရက်အနည်းငယ် မော့၍ ဂျုံစေ့ပြုတ်ကို သောက်၏။ ထို့နောက်၌ကား အထူးရွှင်မြူးလာကာ ၎င်းတို့စကားများကို နားမလည်သော ရဂျားတပ်သားများအား ကရားရေလွှတ် တတွတ်တွတ်ပြောလျက် ရှိလေသည်။ ရမ်ဗေးမှာ အစာမစားဘဲ မီးပုံဘေးတွင် လက်ထောက်၍ လှဲရင်း ရဂျားတပ်သားများကို နီရဲသော မျက်လုံးများဖြင့် ငေးကြည့်လျက်ရှိသည်။ တစ်ခါတစ်ရံတွင်လည်း တဟင်းဟင်း ညည်းတွားလျက်ရှိ၍ တစ်ခါတစ်ရံ၌လည်း မလှုပ်မယှက် ငြိမ်သက်နေပြန်၏။ မိုရဲက ရမ်ဗေးသည် တပ်ဗိုလ်တစ်ယောက်ဖြစ်၍ ၎င်းကို ဂရုတစိုက် ပြုစုစေလိုသည့် ဟန်ဖြင့် ပခုံးရို ရာထူးတံဆိပ်တပ်သော နေရာကို လက်ဖြင့် ထောက်ပြ၍ ပြောပြလျက် ရှိသည်။ မီးပုံအနီးသို့ ရောက်လာသည့် ရဂျားတပ်ဗိုလ်တစ်ဦးသည် တပ်သားတစ်ယောက်ကို ဗိုလ်မှူးကြီးထံသို့ စေလွှတ်၍ ပြင်သစ်တပ်ဗိုလ်တစ်ဦးမှာ အသည်းအသန်ဖြစ်လျက် ရှိကြောင်း၊ ထို့ကြောင့် ၎င်း၏ တဲတွင် ထားခွင့်ပြုမည် မပြုမည်ကို သိလိုကြောင်းဖြင့် အစုံစမ်းခိုင်းလိုက်၏။ ခဏကြာသော် တပ်သားပြန်ရောက်လာ၍ ဗိုလ်မှူးကြီးက ခွင့်ပြုကြောင်း ပြောသည့်အတွက် ရမ်ဗေးကို ထိုတဲဆီသို့ ပို့ရ၏။ ရမ်ဗေးသည် ထိုင်ရာမှထ၍ လမ်းလျှောက်မည် ပြု၏။ သို့ရာတွင် မလျှောက်နိုင်တော့ချေ။ ယိုင်လဲကျလာမည်ပြုသည့်အတွက် တပ်သားတစ်ယောက်က ဆီးဖမ်းထားလိုက်ရ၏။

"ဘယ်နယ်လဲကွ ပြင်သစ်ဗိုလ်၊ နောက်လာရဲပါဦးမလား"

တပ်သားတစ်ယောက်က မျက်စိတစ်ဖက် မှိတ်ပြကာ ရမ်ဗေးကို နောက်ပြောင်၏။

"ဟေ့ကောင်၊ တစ်ဖက်သား ဒုက္ခရောက်နေချိန်မှာ ဒီလိုမလုပ်ပါနဲ့ကွ ခွေးသား" အားလုံးက နောက်ပြောင်သည့် တပ်သားကို ဝိုင်း၍ မာန်ကြ၏။

တပ်သားများသည် ရမ်ဗေးကို ဝိုင်းအုံလျက် ရှိကြ၏။ တပ်သားနှစ်ယောက်က လက်ချင်းဆက်၍ ခံထားပြီး အခြားတပ်သားများက ရမ်ဗေးကို ပွေ့တင်ပေးကြ၏။ ထို့နောက် တဲဆီသို့ ယူသွားကြ၏။ ရမ်ဗေးသည် တပ်သားနှစ်ယောက်၏ လည်ပင်းကို တစ်ဖက်တစ်ချက် သိုင်းလျက် ညည်းတွား၍ လိုက်ပါသွားလေသည်။

"သွေးသောက်တို့ ကျေးဇူးကြီးပါပေတယ်ဗျာ။ ရန်သူလို့သာ ပြောရတာ မိတ်ဆွေတွေပါပဲ။ မောင်မင်းကြီးသားများ လူစိတ်ရှိပါပေတယ်။ ကိုယ်ချင်းစာစိတ်ရှိပါပေတယ်" ရမ်ဗေးသည် ကလေးတစ်ယောက်ကဲ့သို့ ခေါင်းကို တပ်သားတစ်ယောက်၏ ပခုံးတွင်မှီကာ တတွတ်တွတ် ရွတ်ဆိုလျက် ရှိသည်။

ထိုအတောအတွင်း၌ကား မိုရဲသည် မီးပုံအနီးတွင် အကောင်းဆုံးနေရာ၌ ထိုင်လျက်ရှိ၏။ ၎င်း၏ ဘေးမှလည်း တပ်သားများ ဝိုင်းအုံလျက် ရှိသည်။

မိုရဲသည် အရပ်ပုပု၊ ကိုယ်လုံးတောင့်တောင့်ဖြစ်၏။ ၎င်း၏ မျက်လုံးများသည် နီရဲလျက်ရှိကြ၏။ မိုရဲသည် မိန်းမဝတ်ရုံတစ်ထည်ကို ဝတ်ထားကာ ခေါင်း၌လည်း မိန်းမများကဲ့သို့ ပဝါကို မေးသိုင်း၍ ချည်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုအချိန်တွင် မိုရဲမှာ အတော် 'ထွေ' လျက်ရှိသည့် အလျောက် ပြင်သစ်သီချင်းတစ်ပုဒ်ကို အသံကွဲကြီးဖြင့် ဆိုလျက်ရှိသည်။ လက်တစ်ဖက်ကလည်း အနီးရှိ တပ်သား တစ်ဦး၏ ပခုံးကို ဖက်ထားသည်။ တပ်သားများသည် မိုရဲကို ဝိုင်းကြည့်လျက် ရှိကြ၏။

"ဆိုပါဦးကွ၊ ဟော့လူဆိုပါဦး။ တို့များလဲ ဆိုတတ်ချင်လို့ပါ။ ရတော့မယ်ကွ။ ရခါနီးနေပြီ" သီချင်းဆို ဝါသနာပါသည့် တပ်သားတစ်ယောက်က တိုက်တွန်း၏။

"စတုတ္ထမြောက် ဟင်နရီဘုရင်ကြီးသည် ရဲစွမ်းသတ္တိအရာမှာ စံရှားလောက်ပေသည်"ဟူသော ပြင်သစ်သီချင်းကို မိုရဲသည် ဆိုလျက်ရှိ၏။ မျက်လုံးကိုလည်း မှိတ်ပြ၏။ သီချင်းဆို ဝါသနာပါသော တပ်သားသည် ထိုသီချင်းကို လိုက်ဆို၏။ တကယ်ပင် တေးသွားကို ရခါနီးနေပေပြီ။

"ဟုတ်ပြီကွ ကြိတ်လိုက်ကွ။ ဟား ဟား" ရယ်သံများ ပေါ်ထွက်လာ၏။

မိုရဲသည် မျက်နှာကို ရှုံ့ပြကာ ရယ်၏။

"အေး ဆိုပါကွ ဆိုပါ"

"အသောက်လဲ ရသည်။ အတိုက်လဲ ရသည်။ ရဲရင့်သတ္တိလဲ ပြည့်စုံသည်။ ထိသုံးပါးနှင့် ညီညွတ်ပေသည်"

"ဟုတ်ပြီ၊ ရပြီ၊ ဆိုကွ။ ဟေ့ ဇလာတိ၊ ဆိုပါကွ"

"ဒါဒီ ဒါဒါ၊ လာဒီ ဒါဒါ၊ ဒီဒီ ဒီဒါ" ဇလာတိ ဆိုသူ တပ်သားက ဆိုပြ၏။

"နိပ်တယ်မောင့်။ တကယ့် ပြင်သစ်များ ဆိုနေသလား အောက်မေ့ရတယ်။ ဗျို့သွေးသောက်၊ ဘာစားဦးမလဲ"

"ဂျုံစေ့ပြုတ်နည်းနည်း ထပ်ပေးပါဦးကွ။ အစာတော်ပြတ်ပြီးရင် ဘယ်လောက်ပဲ စားရ စားရ မဝဘူး"

တပ်သားများသည် မိုရဲကို ဂျုံစေ့ပြုတ်များ ထပ်ပေးကြ၏။ မိုရဲသည် တဟဲဟဲရယ်ကာ တတိယမြောက် ခွက်ဖြစ်သော ဂျုံစေ့ပြုတ်ကို သောက်လျက်ရှိ၏။ တပ်သားလေးများသည် အားရပါးရ စားသောက်နေသော မိုရဲကို ပြုံးကြည့်နေကြသည်။ အသက်ခပ်ကြီးကြီးတပ်သားများကား 'ကလေးကလား' ကိစ္စမျိုးတွင် ပါဝင်ဖို့ မသင့်ဟု ယူဆဟန်ဖြင့် မီးပုံတစ်ဖက်တွင် လှဲနေကြ၏။ သို့ရာတွင် အချင်းချင်း လက်တို့၍ မိုရဲကို ပြုံးကြည့်နေကြသည်။

"အိမ်း၊ သူတို့လဲ လူတွေပဲ မဟုတ်လား။ ဒန့်ကျဲပင်တောင်မှ သူ့အမြစ်ကလေးနဲ့ သူရှိသေးတယ် မဟုတ်လား" တစ်ယောက်က ဝတ်ရုံအင်္ကျီကို ပြင်ခြုံ၍ ပြော၏။

"အလို၊ ကြည့်စမ်းဗျာ။ ကြယ်တွေ တော်တော်စုံတာပဲ။ နည်းတဲ့ကြယ်တွေ မဟုတ်ဘူး။ ကြယ်စုံပုံထောက်ရင် ဒီနှစ်တော့ နှင်းခါးကြီး ကျလိမ့်မယ် ထင်တယ်"

ဌင်းတို့သည် တိတ်ဆိတ်စပြုလာကြ၏။ ကြယ်ပွင့်များသည် မိမိတို့အား မည်သူကမျှ စောင့်ကြည့်နေခြင်း မပြုသည်ကို သိသကဲ့သို့ နဲ့က်မှောင်သော ကောင်းကင်ကြီးထဲ၌ ကစားမြူးထူးလျက် ရှိကြ၏။ ဝင်းခနဲ လက်သွားချည်၊ မှိန်ခနဲ ဖြစ်သွားချည်၊ မှိတ်တုတ်မှိတ်တုတ်ပြုချည် ဖြစ်လျက်ရှိကြ၏။ ကြယ်ပွင့်ကလေးများသည် ဝမ်းသာဖွယ် သတင်းထူးကြီးတစ်ခုကို တစ်ဦးနှင့်တစ်ဦး တီးတိုးပြောဆိုနေကြသကဲ့သို့ ရှိလေသည်။

အခန်း ၁၀

ပြင်သစ်စစ်တပ်ကြီးသည် ဂဏန်းသခင်္ချာ တိုးတက်မှုနှုန်းထားအတိုင်း ပြုကွဲပျက်စီးလျက် ရှိ၏။ ဘီရဲဇီနာမြစ်ကို ဖြတ်ကူးခြင်းသည် ပြင်သစ်စစ်တပ်ကြီး၏ ကံကြမ္မာကို အဆုံးအဖြတ်ပြုသည့် နောက်ဆုံးအဆင့်ဖြစ်သည်ဟု ရာဇဝင်ကျမ်းက ဖော်ပြကြလေသည်။ သို့ရာတွင် ဘီရဲဇီနာတိုက်ပွဲသည် နောက်ဆုံးအဆင့် မဟုတ်သေးချေ။ လမ်းခုလတ်မှ အဆင့်တစ်ဆင့်သာ ဖြစ်လေသည်။ သို့ဖြစ်လျှင် ဘီရဲဇီနာတိုက်ပွဲကို ရာဇဝင်ဆရာများက မည်သည့်အတွက်ကြောင့် ရေးကြီးခွင်ကျယ်လုပ်၍ ဖော်ပြခဲ့ကြသနည်း။ မည်သည့်အတွက်ကြောင့် ယခုတိုင် ဝိတ္တာရရဲ့၍ ရေးသားကြသနည်း။ ပြင်သစ်ရာဇဝင်ဆရာများနှင့် ရုရှားရာဇဝင်ဆရာများက ထိုတိုက်ပွဲအကြောင်းကို အကျယ်တဝင့် ရေးသားကြခြင်းမှာ သူတို့အကြောင်းနှင့် သူတို့ဖြစ်လေသည်။ ပြင်သစ်စစ်တပ်ကြီးအခြေအနေဆိုး အမျိုးမျိုးကို တစ်လျှောက်လုံး တစ်မျိုးပြီးတစ်မျိုး ကြိတ်မှိတ်ကျော်လွှားခဲ့သော်လည်း ဘီရဲဇီနာမြစ်ကို ဖြတ်ကူးသည့် တံတားပျက်အနိုင်၌ကား အခြေအနေဆိုးဟူသမျှသည် တစ်သက်တွင်

www.burmeseclassic.com

www.burmeseclassic.com

မမေ့နိုင်လောက်အောင် စုပြုံကျရောက်ခဲ့လေသည်။ ထို့ကြောင့် ပြင်သစ်ရာဇဝင်ဆရာများက ထိုတိုက်ပွဲကို အကျယ်ဝိတ္ထာရ ချဲ့နေကြခြင်း ဖြစ်လေသည်။ ရုရှား ရာဇဝင်ဆရာတို့က ထိုတိုက်ပွဲအကြောင်းကို အကြီးအကျယ် ရေးသားကြခြင်းမှာ ထိုတိုက်ပွဲသည် နပိုလီယန်ကို လက်ရဖမ်းမည်ဟု အားခဲထားသော တိုက်ပွဲဖြစ်သောကြောင့် ဖြစ်လေသည်။ ထိုစီမံကိန်းကြီးကို (ၚ်းစီမံကိန်းကို စီမံကိန်းရေးစားသူ ဗိုလ်ချုပ်ဖူးဝဲလ်ပင် ရေးဆွဲပါသည်။) စစ်တလင်းနှင့် အလှမ်းကွာသော ပိတာစဘတ်ရွှေပြို့တော်တွင် ရေးဆွဲခဲ့ခြင်း ဖြစ်လေသည်။ ရုရှား စစ်ဗိုလ်ချုပ်များ အားလုံးသည် စီမံကိန်းအတိုင်း တစ်သဝေမတိမ်း ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားကြ၏။ ထို့ကြောင့် ဘီရဲဇီနာမြစ်ကို ဖြတ်ကူးခြင်းသည် ပြင်သစ်စစ်တပ်ကြီး၏ ကံကြမ္မာကို အဆုံးအဖြတ်ပြုသော အဖြစ်အပျက်ဖြစ်သည်ဟု လိုရာကို ဆွဲ၍ ပြောနေကြခြင်း ဖြစ်လေသည်။ အမှန်ဌာကား ဘီရဲဇီနာတိုက်ပွဲ၌ ပြင်သစ်တို့၏ အဆုံးအရှုံးမှာ ကရပ်စနိုတိုက်ပွဲလောက်ပင် (လူအင်အားရော၊ လက်နက်ပါ) အဆုံးအရှုံးများပြားခြင်းမရှိချေ။ ဤအချက်ကို စာရင်းများက ပြသလျက် ရှိပေသည်။

မှန်ပါသည်။ ဘီရဲဇီနာတိုက်ပွဲ၏ အရေးကြီးခြင်းကို ကျွန်ုပ်လက်ခံပါသည်။ သို့ရာတွင် ကျွန်ုပ်လက်ခံပုံမှာ ပြင်သစ်ရာဇဝင်ဆရာများနှင့် မတူပါ။ ရုရှားရာဇဝင်ဆရာများနှင့်လည်း မတူပါ။ ဘီရဲဇီနာ တိုက်ပွဲကို အရေးကြီးသည့် တိုက်ပွဲကြီးတစ်ခုဟု ကျွန်ုပ် ယူဆခြင်းမှာ အခြားကြောင့် မဟုတ်။ ထိုတိုက်ပွဲသည် ရန်သူ၏ ဆုတ်စစ်ကြောင်းကို ဖြတ်တောက်ရမည်ဟူသော စီမံကိန်းမှာ သွက်သွက်လည်အောင် မှားနေခြင်းကို အခိုင်အမာပြလိုက်သော တိုက်ပွဲတစ်ခုဖြစ်သောကြောင့် ဖြစ်ပါသည်။ ရန်သူကို ဖြတ်တောက်ခြင်းမပြုဘဲ နောက်က အရောင်ပြ၍ လိုက်ခြင်းသည်သာ အကောင်းဆုံးသော ထိုးစစ်ဖြစ်သည်ဟူသော စစ်သေနာပတိချုပ် ကူတူဇော့ဗ်နှင့် ရုရှားတပ်သားထုကြီး (ဗိုလ်ချုပ်များမပါ)၏ လုပ်ငန်းစဉ် မှန်ကြောင်းကို အခိုင်အလုံပြသလိုက်သော တိုက်ပွဲဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။ ထိုအချက်များကြောင့်သာ ဘီရဲဇီနာတိုက်ပွဲသည် အရေးကြီးသော တိုက်ပွဲဖြစ်သည်ဟု ကျွန်ုပ် ယူဆခြင်း ဖြစ်ပါသည်။ ပြင်သစ်အုပ်ကြီးသည် သည့်ထက်သည် လျင်မြန်သော နှုန်းထားဖြင့် ထွက်ပြေးလျက်ရှိကာ ၎င်းရည်ရွယ်ချက်အောင်မြင်ရေးအတွက် ရှိသမျှ စွမ်းအားထုတ်လျက် ရှိပေသည်။ ပြင်သစ်စစ်တပ်ကြီးသည် ဒဏ်ရာရသော တိရစ္ဆာန်ကြီးတစ်ကောင်သဖွယ် တစ်ဟုန်ထိုး ထွက်ပြေးလျက် ရှိခြင်းကြောင့် ၎င်းကို လမ်းမှ ဆီးပိတ်၍ ရနိုင်မည် မဟုတ်ချေ။ ရုရှားတို့သည် လမ်းမှ ဖြတ်တောက်ရန် အကြိုးဖြင့် ဘီရဲဇီနာမြစ်ကို ဖြတ်ကူးသည့် တံတားများကို ဖောက်ခွဲပစ်ကြ၏။ သို့ရာတွင် အချည်းနှီးသာ ဖြစ်လေသည်။ တံတားများ၊ ပျက်စီးလျက်ရှိခြင်းကို တွေ့သည်၌ လက်နက်မပါသော ပြင်သစ်တပ်သားများ၊ မော်စကိုမှ လိုက်ပါလာသော ပြင်သစ်တပ်များ၊ သားသည်အမေ ပြင်သစ် အမျိုးသမီးများသည် အညုံခံခြင်း မပြုကြဘဲ တွေ့ရာလေ့များကို လှော်ခတ်၍ လည်းကောင်း၊ ရေခဲလျက်ရှိသောနေရာများမှ လည်းကောင်း၊ မြစ်ကိုဖြတ်ကူး၍ ဆက်လက်ထွက်ပြေးကြသည်သာ ဖြစ်လေသည်။ ဤအချက်ကိုထောက်သော် ဒဏ်ရာရလာသော တိရစ္ဆာန်ကို လမ်းမှ ဆီးပိတ်၍ မနိုင်ကြောင်းကို သိနိုင်လောက်ပေပြီ။

ပြင်သစ်တို့ ဤသို့ အညုံမခံဘဲဖြစ်သည့်နည်းဖြင့် ဘီရဲဇီနာမြစ်ကို ထွက်ပြေးကြခြင်းမှာလည်း သူတို့အကြောင်းနှင့် သူတို့ ခိုင်လုံသည်သာ ဖြစ်လေသည်။ ထိုအချိန်၌ ပြေးသူ (ပြင်သစ်) နှင့် လိုက်သူ (ရုရှား)တို့၏ အခြေအနေမှာ 'ပိန်မသာ၊ လိန်မသာ' ဖြစ်ပေသည်။ ပြင်သစ်တို့အဖို့ မိမိတို့အစုအအုပ်မပျက်ဘဲ နေနိုင်ကမိမိတို့အချင်းချင်း တစ်ဦးမှတစ်ဦး အကူအညီ ရနိုင်သေးသည်ဟု မျှော်လင့်နိုင်ပေသေးသည်။ ကံတူအကျိုးပေးခြင်းဖြစ်၍ နှစ်သိမ့်နိုင်ပေသေးသည်။ သို့ရာတွင် ရုရှားတို့ထံ လက်နက်ချ အညုံခံလျှင်ကား ငတ်ပြတ်ခြင်း၊ အအေးဒဏ်ခံစားရခြင်း စသည့် အခြေအနေဆိုးများနှင့်ပင် အလားတူ ရင်ဆိုင်ရရုံမျှမက ရန်သူသုံ့ပန်းဆိုကာ 'လူစာရင်း' မသွင်းဘဲ အထားခံရမည့် အရေးကလည်း ရှိပေသေးသည်။ ရုရှားတို့လက်သို့ သုံ့ပန်းအဖြစ် အဖမ်းခံလျှင် အစာရေစာ ဝလင်စွာ စားသောက်ရ၍ နွေးနွေးထွေးထွေး နေရလိမ့်မည်ဟု မျှော်လင့်၍ မဖြစ်နိုင်ချေ။ (ရုရှားတို့ ကိုယ်တိုင်ပင် ဤခြေအနေဆိုးများကို ရင်ဆိုင်နေရသည် မဟုတ်လော။) ရုရှားတို့သည် ပြင်သစ်သုံ့ပန်းများကို သုံ့ပန်းတို့၏ ထုံးတမ်းစဉ်လာနှင့်အညီ စောင့်ရှောက်လိုသောဆန္ဒ

www.burmeseclassic.com

www.burmeseclassic.com

ရှိသော်လည်း မည်သို့မျှ မတတ်နိုင်ကြောင်းကို ပြင်သစ်တို့ သိပြီး ဖြစ်ပေသည်။ ရုရှားတို့လက်၌ ပြင်သစ်သုံ့ပန်း တစ်ဝက်ကျော် ငတ်ပြတ်၍ လည်းကောင်း၊ အအေးမိ၍ လည်းကောင်း၊ သေဆုံးခဲ့ကြောင်းကို ပြင်သစ်တို့ သိပြီး ဖြစ်ပေသည်။ သို့ဖြစ်ရကား ထွက်ပြေးသည်ဖြစ်စေ၊ အဖမ်းခံသည်ဖြစ်စေ ငတ်ပြတ်၍ အအေးမိသေတော့မည့်အတူတူ မည်သည့်အတွက်ကြောင့် ရုရှားတို့ထံ အည့်ခံတော့မည်နည်း။ ရုရှားတပ်မှူးများအနက် သနားကြင်နာတတ်သော တပ်မှူးများ၊ ပြင်သစ်တို့ကို မျက်နှာသာပေးသူများနှင့် တကွ ရုရှားစစ်တပ်တွင် အမှုထမ်းနေသည့် ပြင်သစ်များကိုယ်တိုင် ပြင်သစ်သုံ့ပန်းများအတွက် မည်သည့်အကူအညီမျှ မပေးနိုင်တော့ချေ။ ဤသို့ဖြင့် ရုရှားစစ်တပ်ကြီး ကြုံတွေ့နေရသော ငတ်မွတ်ခြင်း၊ အေးမြခြင်း စသည့် အန္တရာယ်တို့ကို ပြင်သစ်တို့လည်း ရင်ဆိုင်နေရလေသည်။ ဆာလောင်မွတ်သိပ်လျက်ရှိသော ရုရှားတပ်များထံမှ ပေါင်မုန့်များ၊ အဝတ်အထည်များကို ပြင်သစ်သုံ့ပန်းများသို့ ခွဲပေး၍လည်း မဖြစ်တော့ချေ။ မုန်း၍ အန္တရာယ်ကြီး၍ အပြစ်ရှိ၍ မပေးနိုင်ခြင်း မဟုတ်ပါ။ မိမိတို့ ကိုယ်တိုင် လောက်ငခြင်း မရှိတော့သည့်အတွက်ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့ကို ဥပေက္ခာပြုရတော့မည်သာ ဖြစ်လေသည်။ အချို့သော ရုရှားတပ်မှူးများက မိမိတို့တပ်မှ အဝတ်အထည်များ၊ ရိက္ခာများကို သုံ့ပန်းများအား ဝေခွဲပေးပါသေးသည်။ သို့ရာတွင် ၎င်းတို့မှာ အနည်းစုသာ ဖြစ်ပေသည်။

ပြင်သစ်တို့အဖို့ နောက်တွင် ချန်နေရစ်လျှင် ပျက်စီးခြင်း အမျိုးမျိုးနှင့် တွေ့ခဲ့ရပြီ ဖြစ်သော်လည်း ရှေ့သို့ ဆက်လက်သွားလျှင်ကား မျှော်လင့်ချက် ရှိပေသေးသည်။ ၎င်းတို့၏ လေ့များကို မီးရှို့ဖျက်ဆီးပြီးခဲ့လေပြီ။ ပြင်သစ်တို့အဖို့ ဤသို့ တစုတပြုတည်း ထွက်ပြေးခြင်းမှ အပ အခြားလွတ်မြောက်ကြောင်း လမ်းမရှိတော့ချေ။ ထို့ကြောင့်လည်း ပြင်သစ်တို့သည် အားကုန်ဖျစ်ညှစ်၍ ထွက်ပြေးလျက် ရှိကြခြင်း ဖြစ်လေသည်။

ပြင်သစ်တို့ ဆက်၍ပြေးသည်နှင့်အမျှ ၎င်းတို့၏ အခြေအနေမှာလည်း ဆိုး၍ဆိုး၍သာ လာခဲ့၏။ အထူးသဖြင့် (ပီတာစဘတ်ရွှေမြို့တော်မှ ချမှတ်သည့် စီမံကိန်းကြီး အကောင်အထည်ပေါ်လိမ့်မည် အထင်ဖြင့်) ရုရှားဗိုလ်ချုပ်များ အထူးအာသီသထားနေကြသော ဘီရဲဇီနာတိုက်ပွဲပြီးသည့်နောက်၌ ပြင်သစ်တို့ အခြေအနေမှာ ဆိုးသည်ထက် ဆိုးလာခဲ့လေသည်။ ပြင်သစ်တို့ အခြေအနေဆိုးလာသည်နှင့်အမျှလည်း ရုရှားဗိုလ်ချုပ်များအဖို့ နပိုလီယန်ကို လက်ရဖမ်းလိုသော ဆန္ဒသည် ကြီးမားသည်ထက် ကြီးမားလာခဲ့၏။ ထင်ကြေးမကိုက်သည့်အခါ၌ကား ထိုဗိုလ်ချုပ်များသည် တစ်ဦးကိုတစ်ဦး အပြင်ဖို့ကြ၏။ နောက်ဆုံးတွင် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကိုသာ ဝိုင်း၍ အပြစ်ဖို့ကြလေသည်။ ပီတာစဘတ် ရွှေနန်းတော်ကြီးက ချမှတ်ပေးလိုက်သော နပိုလီယန်ကို ဖမ်းရေး စီမံကိန်းကြီး မအောင်မြင်ရခြင်းမှာ စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကြောင့်သာ ဖြစ်သည်ဟု ယူဆကာ ၎င်းကို မကျေမနပ် ဖြစ်ကြလေသည်။ ကဲ့ရဲ့ခြင်း ပြုကြလေသည်။ လှောင်ပြောင်ခြင်း ပြုကြလေသည်။ ရင့်ရင့်သီးသီး ထုတ်ဖော်ပြောဆိုခြင်း ပြုကြလေသည်။ သို့ရာတွင် လေးစားမှု မပျက်ဟန်ပြ၍ သွယ်ဝိုက်သည့်နည်းဖြင့် ပြောင်လှောင်ကဲ့ရဲ့ယ်ကြခြင်း ဖြစ်ရကား စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် မရိပ်မိရှာချေ။ စစ်ဗိုလ်ချုပ်များသည် ကူတူဇော့ဗ်ကို လေးနက်စွာ စကားပြောဆိုခြင်း မပြုတော့ချေ။ ၎င်းထံ အစီရင်ခံသည့်အခါတွင် လည်းကောင်း စစ်ဗိုလ်ချုပ်များ၏ အမူအရာမှာ ဝတ္တရားရှိ၍သာ ပြုလုပ်နေရသော်လည်း စိတ်မပါသည့် အမူအရာမျိုးကို ပြလျက် ရှိကြ၏။ ကွယ်ရာ၌ကား စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကို ကဲ့ရဲ့သဘြိုပ်ပြုလျက် ရှိကြလေသည်။

စစ်ဗိုလ်ချုပ်များသည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကို နားလည်နိုင်ကြမည် မဟုတ်ချေ။ ၎င်းတို့၏ စိတ်၌ ထိုအဘိုးကြီးနှင့် စကားပြော၍ မည်သို့မျှ အကျိုးမထူးဟု ယူဆကြပုံရ၏။ ထိုအဘိုးကြီးသည် မိမိတို့ စီမံကိန်းများ၏ အဓိပ္ပာယ် လေးနက်ကြီးကျယ်ခြင်းကို မည်သည့်အခါမျှ သဘောပေါက်မည် မဟုတ်ဟုလည်း ၎င်းတို့ ထင်ကြပုံရသည်။ မည်မျှ အရေးကြီးသော စီမံကိန်းကို တင်ပြစေကာမူ ထိုအဘိုးကြီးသည် 'ရွှေတံတား၊ ငွေတံတားခင်းပေးခြင်း'ဟူသော စကားစု (၎င်းတို့စိတ်၌ အဓိပ္ပာယ်မရှိသော စကားစုသက်သက်ဟုသာ ထင်၏။) ကိုသာ ပြောလိမ့်မည်ဟု ၎င်းတို့ ထင်ကြပုံရသည်။ ဤသို့သော ငတ်ပြတ်စုတ်ချာလျက်ရှိသော လူအုပ်ကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com

ရုရှားနယ်စပ်တစ်ဖက်သို့ လိုက်တိုက်၍ မဖြစ်ကြောင်း ပြောဆိုလိမ့်မည်ဟု ၎င်းတို့ ယူဆကြပုံရသည်။ စစ်ဗိုလ်ချုပ်များသည် ယခင်ကလည်း ထိုစကားများကို ကြားခဲ့ဖူးလေပြီ။ မိမိတို့က ကျွမ်းကျင်လိမ္မာ၍ 'ပညာသားပါ'သော စီမံကိန်းများကို တင်ပြချိန်၌ ထိုအဘိုးကြီးသည် (စားနပ်ရိက္ခာများရောက်အောင် စောင့်ရမည်။ တပ်သားများတွင် ဖိနပ်များ မရှိ။) ဟူသော ရိုးအ၍ 'ပညာသားမပါ'သည့် စကားများကိုသာ ထပ်တလဲလဲ ပြောဆိုလျက် ရှိသည်ဟု ၎င်းတို့စိတ်၌ ထင်နေကြပုံရသည်။ (ဤအဘိုးကြီးကား အိုမင်းမစွမ်းရှိကာ ဆင်ခြင်တုံတရား ကင်းမဲ့လျက်ရှိလေပြီ။ ငါတို့မှာ အကြောင်းကဲ့ မသင့်၍ သေနာပတိချုပ်ရာထူးအာဏာကို မရသော်လည်း သေနင်္ဂဗျူဟာအတတ်ပညာ၌ ဇတဒဂ်ရသူများ ဖြစ်သည်။) ဟုလည်း ၎င်းတို့စိတ်၌ ထင်နေကြပုံရလေသည်။

ရုရှားစစ်တပ်ကြီးသို့ ရွှေနန်းတော်ကြီးမှ အထူးစေလွှတ်လိုက်သော ဗိုလ်ချုပ်ဝပ်ဂျင်စတိန်း ရောက်ရှိလာသည့်အခါ၌ကား စစ်ဦးစီးဌာနချုပ်၌ ဤသို့သော 'အတင်းအဖျင်းစကားများ'နှင့် ကူတူဇော့ဗ် ဆန့်ကျင်ရေးစိတ်ဓာတ်သည် အထွတ်အထိပ်သို့ ရောက်လာခဲ့လေပြီ။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ဤအခြေအရာကို မြင်သောအခါ သက်ပြင်းချရုံမျှသာချ၍ ပခုံးကို တွန့်မိ၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် တိုက်ပွဲစဉ်တစ်လျှောက်လုံး အေးဆေးစွာ နေခဲ့သော်လည်း ဘီရဲဇီနာ တိုက်ပွဲပြီးသည့်နောက်၌ကား ပထမဆုံးအကြိမ် ဒေါသထွက်လျက် ဗိုလ်ချုပ်ဘင်နစ်ဆန်ထံသို့ (၎င်းမှာ ရွှေနန်းတော်ကြီးနှင့် တိုက်ရိုက် အဆက်အသွယ် ပြုလုပ်နေသူဖြစ်သည်။) အောက်ပါစာကို ရေးသားကာ တပ်တော်မှ အခြားသို့ ပြောင်းရွှေ့ပစ်လိုက်လေသည်။

"သွေးသောက်ကြီး၏ ကျန်းမာရေး အခြေအနေကောင်းမွန်ခြင်း မရှိသည့်အလျောက် ဤစာချွန်ကို ရလျှင်ရခြင်း ကာလူဂါသို့ ထွက်ခွာသွားစေလိုသည်။ ဘုန်းတော်ကြီးသော ရွှေနန်းရှင်ဘုရားက သင့်အား မည်သည့်ရာထူး ဘွဲ့ခန့်အပ်ခြင်း ပြုတော်မူမည်ကို မသိရသေး။ နောက်ထပ် အမိန့်ကို ကာလူဂါမှ စောင့်ဆိုင်းစေလိုသည်"ဟူ၍ ထိုစာချွန်၌ ပါရှိ၏။

သို့ရာတွင် ဗိုလ်ချုပ်ကြီး ဘင်နစ်ဆန်ကို ရာထူးပယ်ရုပ်လိုက်ပြီးသည့်နောက် ၎င်း၏နေရာတွင် အိမ်ရှေ့ ဥပရာဇာမင်းသားကြီး ဇာရီဇစ် ရောက်ရှိလာလေသည်။ အိမ်ရှေ့ ဥပရာဇာ မင်းသားကြီးဇာရီဇစ်သည် တိုက်ပွဲအစတွင် ပါဝင်ခဲ့သော်လည်း ထိုနောက်၌ စစ်သေနာပတိချုပ် ကူတူဇော့ဗ်၏ နုတ်ပယ်ခြင်းကို ခံခဲ့ရ၏။ ယခုတစ်ဖန် ရုရှား တပ်မတော်ကြီးသို့ ပြန်လည်ရောက်ရှိလာသည့်အခါ၌ကား ရွှေနန်းတော်ကြီးသည် တပ်မတော်ကြီး အောင်ပွဲအရနည်းခြင်းနှင့် တပ်မတော်များ၏ ချီတက်မှု နှေးကွေးခြင်းကြောင့် များစွာ စိတ်မချမ်းမြေ့ဖြစ်လျက် ရှိကြောင်းဖြင့် အိမ်ရှေ့မင်းသားကြီး ဇာရီဇစ်က စစ်သေနာပတိချုပ်ကူတူဇော့ဗ်အား ပြောပြလေသည်။ ဘုန်းတော်ကြီးသော ရွှေနန်းရှင်ဘုရား ကိုယ်တော်တိုင်လည်း မကြာမီအတောအတွင်း တပ်တော်ကြီးရှိရာသို့ ကြွချီလာတော်မူမည် ဖြစ်ကြောင်း ကြားသိရလေသည်။

ကူတူဇော့ဗ်ကား နန်းမှုရေးရာများ၌လည်းကောင်း၊ စစ်ရေးစစ်ရာများ၌လည်းကောင်း အတွေ့အကြုံရှိပြီး ဖြစ်သည့် အဘိုးကြီးဖြစ်၏။ ဘုန်းတော်ကြီးသော ဘုရား၏ အလိုတော်နှင့် ဆန့်ကျင်လျက် စစ်သေနာပတိချုပ် ရာထူးသို့ ရောက်ရှိလာခဲ့သူ ဖြစ်၏။ အိမ်ရှေ့ ဥပရာဇာမင်းသားကြီးကိုအရာမှ နှုတ်ပယ်ခဲ့သူ ဖြစ်၏။ ရွှေနန်းရှင်၏ အလိုတော်နှင့် ဆန့်ကျင်လျက် မိမိ၏ သဘောဖြင့် မော်စကိုမြို့ကို စွန့်ခွာခဲ့သူ ဖြစ်၏။ ယခုမူကား မိမိ၏ နေ့သည် ဆုံးခန်းတိုင် ရောက်ခဲ့ပြီး ဖြစ်ကြောင်းကို စစ်သေနာပတိချုပ် ကူတူဇော့ဗ် သိခဲ့လေပြီ။ မိမိ၏ အခန်းကဏ္ဍသည် နိဂုံးသို့ ရောက်ခဲ့ပြီဖြစ်ကြောင်းကို စစ်သေနာပတိချုပ် ကူတူဇော့ဗ် သိခဲ့လေပြီ။ မိမိလက်တွင် ရောက်ရှိနေသည်ဟု ထင်ရသော အာဏာသည် မိမိအာဏာမဟုတ်တော့ကြောင်းကိုလည်း စစ်သေနာပတိချုပ် ကူတူဇော့ဗ် သိခဲ့လေပြီ။ ဤအချက်ကို ရွှေနန်းတော်ကြီး၏ သဘောထားကို ထောက်၍ သိနိုင်သည်။ ထိုမျှသာမက မိမိပါဝင် ဆောင်ရွက်ခဲ့သော စစ်ရေးစစ်ရာကိစ္စများကို ထောက်၍လည်း သိနိုင်ပေသည်။ မိမိပါဝင်ဆောင်ရွက်ခဲ့သော စစ်ရေးကိစ္စသည် အဆုံးသို့ ရောက်ခဲ့လေပြီ။ မိမိ၏တာဝန်သည် ပြီးဆုံးခဲ့လေပြီ။ တချိန်တည်းမှာပင် စစ်သေနာပတိချုပ်ကူတူဇော့ဗ်သည် အိုမင်းချည့်နဲ့ပြီဖြစ်သော မိမိ၏ ခန္ဓာကိုယ်ကြီး မောပန်းနွမ်းနယ်လျက်ရှိခြင်းကိုလည်း သတိပြုမိခဲ့လေပြီ။ မိမိ၏ ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com

ကြီးအား အနားပေးရန် လိုခြင်းကိုလည်း သတိပြုမိခဲ့လေပြီ။

နိဝင်ဘာလ ၂၉-ရက်နေ့တွင် ကူတူဇော်ဗ်သည် ဗီလနာမြို့တွင်းသို့ ဝင်ခဲ့လေသည်။ (ကူတူဇော်ဗ်က ၎င်းကို 'ကျွန်ုပ်ချစ်သော ဗီလနာမြို့'ဟု ခေါ်လေ့ရှိသည်။) ကူတူဇော်ဗ်သည် ၎င်း၏ တစ်သက်၌ ဗီလနာမြို့ဝန်အဖြစ် နှစ်ကြိမ်အမှုတော်ထမ်းခဲ့ဖူးသည်။ စစ်ဘေး၊ စစ်ဒဏ်ကို မခံလိုက်ရသော စည်ပင်ဝပြောသည့် ဗီလနာမြို့တွင်းသို့ ဝင်သည့်အခါ၌ စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ကာလအတန်ကြာ ကင်းဝေးခဲ့ပြီဖြစ်သော လူ့ဘဝ၏ သာယာမှုများကို တွေ့ရ၏။ ထိုမျှမက မိတ်ဆွေဟောင်း ရောင်းရင်းဟောင်းများကိုလည်း တွေ့ရလေသည်။ ဗီလနာမြို့သို့ ရောက်သည်နှင့် စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ရာဇဝင်တွင် ဖြစ်ပေါ်ခဲ့၊ ဖြစ်ပေါ်ဆဲ၊ ဖြစ်ပေါ်လတ္တံ့သော အဖြစ်အပျက်များသည် မိမိနှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့သည်ပမာ တိုင်းရေး ပြည်ရေးကိစ္စများ တပ်မတော်ကိစ္စများကို လုံးဝ မေ့ပျောက်ထားလိုက်လျက် ယခင် မိမိနေမြဲအတိုင်း အေးချမ်းစွာ နေထိုင်ခြင်း ပြုလေသည်။

ရန်သူများကို 'ဖြတ်တောက်ရန်' သို့မဟုတ် 'ပြုကွဲစေရန်' စိတ်စောလျက်ရှိသူ ဗိုလ်ချုပ် ရှီချာဂေါ့ဗ်ကား ခေါမတိုင်းနှင့် ပိုလန်ပြည်တို့အထိ စစ်ပွဲကို တိုးချဲ့လိုသော်လည်း အရိုးကြေကြေ အရေခန်းခန်း တာဝန်ထမ်းဆောင်ရမည့်အခါသို့ ရောက်လာသောအခါ၌ တာဝန်ကျရာဒေသသို့ သွားလိုသောဆန္ဒ မရှိတော့ချေ။ ဗိုလ်ချုပ်ရှီချာဂေါ့ဗ်မှာ ဘုန်းတော်ကြီးသော ရွှေနန်းရှင်ဘုရားကို အလျှောက်ရဲသူဟု နာမည်ကြီးသူဖြစ်၏။ ၁၈၁၁-ခုနှစ်က တူရကီသို့ သွားရောက်ပြီးနောက် စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆို၍ အောင်မြင်ခဲ့သည့်အခါ၌ ဤသို့ အောင်မြင်ခြင်း မဟာစစ်သေနာပတိချုပ် ကူတူဇော်ဗ်၏လုံ့လနှင့် အမြော်အမြင်ကြီးမှုတို့ကြောင့် ဖြစ်ပါသည်ဟု ရွှေနန်းရှင်ဘုရားထံ လျှောက်တင်ခဲ့ဖူးသဖြင့် မိမိသည် ကူတူဇော်ဗ်ကို ကျေးဇူးပြုဖူးသည်ဟု သူ့ကိုယ်သူ အထင်ရောက်နေသူလည်း ဖြစ်၏။ ယခု ထိုဗိုလ်ချုပ်ရှီချာဂေါ့ဗ်သည် ကူတူဇော်ဗ်တည်းခိုမည့် ဗီလနာမြို့ရှိ ရဲတိုက်ကြီးမှနေ၍ ကူတူဇော်ဗ်အား စောင့်ကြိုလျက် ရှိလေသည်။ ဗိုလ်ချုပ် ရှီချာဂေါ့ဗ်သည် ရေတပ်စစ်ဗိုလ်ချုပ်၏ ဝတ်စုံကို ဝတ်ဆင်ကာ မားမြှောင်တစ်ချောင်းကို ခါးတွင် ချပ်လျက် ဦးထုပ်ကို လက်တွင် ပိုက်ထားရင်းက မြို့စောင့်တပ် အစီရင်ခံစာနှင့် မြို့တော်ခန်းမ သော့များကို စစ်သေနာပတိချုပ် ကူတူဇော်ဗ်လက်သို့ အပ်၏။ လူငယ်ဗိုလ်ချုပ်များသည် သူငယ်ပြန်စပြုနေပြီဖြစ်သော စစ်သေနာပတိချုပ် ကူတူဇော်ဗ်အား လွန်လွန်ကဲကဲ ရိုသေလေးစားဟန်ပြခြင်းဖြင့် မထေ့တထေ့ ဆက်ဆံပြုမူလေ့ရှိကြရာ ထိုဆက်ဆံပုံမျိုးသည် ဗိုလ်ချုပ်ရှီချာဂေါ့ဗ်၏ အပြုအမူ၌ အထင်ရှားဆုံးပေါ်လွင်လျက် ရှိ၏။ ဗိုလ်ချုပ် ရှီချာဂေါ့ဗ်သည် စစ်သေနာပတိချုပ်အား ရွှေနန်းတော်ကြီးက မကျေမနပ်ဖြစ်လျက် ရှိခြင်းကိုလည်း သိပြီး ဖြစ်လေသည်။

၎င်းတို့နှစ်ယောက်သား အာလာပသလ္လာပပြောဆိုနေစဉ်၌ ဗိုရစ်ဆော့ဗ်ဒေသ၌ မိမိထံမှ ပြင်သစ်တို့ လုယူသွားသော ပန်းကန်ခွက်ယောက်အသုံးအဆောင် ပစ္စည်းများ တင်ထားသည့် ဝန်တင်လှည်းများကို ပြန်လည် ရရှိပြီဖြစ်ကြောင်း၊ ထို့ကြောင့် မိမိပိုင်ပစ္စည်းများကို မိမိ ပြန်ယူရဦးမည် ဖြစ်ကြောင်းဖြင့် စစ်သေနာပတိချုပ် ကူတူဇော်ဗ်က အမှတ်မထင် ပြောလိုက်မိ၏။

"ကျွန်တော့်မှာ ထည့်စားစရာ ပန်းကန်ခွက်ယောက်တောင် မရှိတော့ဘူးလို့ ဆိုလိုပါသလား ကိုယ်တော်ကြီး။ ဒါအတွက်တော့ မပူပါနဲ့ ကိုယ်တော်ကြီး။ ကျွန်တော် အစစအရာရာ ရှာဖွေပေးပါ့မယ်။ ညစာစားပွဲကြီးများ တည်ခင်းကျွေးမွေးချင်တယ်ဆိုရင်လဲ ဖြစ်အောင် စီစဉ်ပေးနိုင်ပါတယ်"

ဗိုလ်ချုပ် ရှီချာဂေါ့ဗ်က ၎င်း၏ စေတနာကို စကားလုံးတိုင်းဖြင့် သက်သေပြရန် ကြိုးစားလျက်ရှိသည့် အလျောက် စစ်သေနာပတိချုပ် ကူတူဇော်ဗ်က ညစာစားပွဲ တည်ခင်းလိုသည် ထင်သဖြင့် ပြောလိုက်၏။

စစ်သေနာပတိချုပ် ကူတူဇော်ဗ်က ပခုံးကို တွန့်လိုက်၍ ခပ်ပြုံးပြုံးဖြင့်

"သွေးသောက်ကြီး၊ ကျုပ်ပြောတဲ့စကားက အဓိပ္ပာယ်အရှင်းကြီးဗျ"ဟု ပြောလိုက်သည်။

ထိုအချိန်၌ ရွှေနန်းတော်ကြီး၏ ဆန္ဒမှာ ဂုဏ်ထူးတပ်များကို နပိုလီယန်တပ်များ၏ နောက်သို့ ထက်ကြပ်လိုက်စေလိုသည်။ သို့ရာတွင် စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် ရွှေနန်းတော်ကြီး၏ အလိုနှင့် ဆန့်ကျင်လျက် စစ်သည်တပ်သားအများစုကို ဗီလနာမြို့တွင် ရပ်နား

www.burmeseclassic.com

www.burmeseclassic.com

နေစေ၏။ ကူတူဇော့ဗ်သည် ဗီလနာတွင် နေထိုင်စဉ် အတောအတွင်း၌ များစွာ လျော့ရဲလျော့ရဲ နေထိုင်ကာ ကျန်းမာရေးမှာလည်း ချွတ်ယွင်းလာသည်ဟု ၎င်း၏ အပါးတွင်ရှိသည့် ဗိုလ်ချုပ်များက ဆိုကြ၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် တပ်မတော်ကိစ္စများကို စိတ်မပါ့တပါ ဆောင်ရွက်ခြင်း၊ လက်အောက်ဗိုလ်ချုပ်များသို့ လွှဲထားခြင်း၊ ဘုန်းတော်ကြီးသော ရွှေနန်းရှင် ဘုရားကြွရောက်လာမည့်အချိန်ကို စောင့်ဆိုင်းရင်း သောက်စား ပျော်ပါးလျက် ရှိခြင်းဖြင့် အချိန်ကို ကုန်လွန်စေ၏။

ဘုန်းတော်ကြီးသော ရွှေနန်းရှင်ဘုရားသည် မြို့စားကြီးတော်လစတွိုင်း၊ မင်းသားကြီး ဘိုလကွန်စကီ၊ စစ်ဝန်ကြီး အာရပ်ချေ့တို့ ခြံရံလိုက်ပါလျက် ဒီဇင်ဘာလ ၇-ရက်နေ့က ပီတာစဘတ် ရွှေမြို့တော်မှ ထွက်တော်မူခဲ့ရာ ၁၁-ရက်နေ့၌ ဗီလနာမြို့သို့ ရောက်လေသည်။ ဘုန်းတော်ကြီးသော ဧကရာဇ်သည် ဗီလနာသို့ ရောက်လျှင် ရောက်ချင်း ခရီးရှည်သွား စွက်ဖက်ကို စီးလျက်ပင် ရဲတိုက်သို့ တောက်လျှောက်ကြွလာခဲ့၏။ ထိုနေ့က ဆီးနှင်းထူထပ်စွာ ကျရောက်လျက် ရှိသော်လည်း ရာပေါင်းများစွာသော စစ်ဗိုလ်ချုပ်များ၊ စစ်ဦးစီးအဖွဲ့ဝင် တပ်ဗိုလ်များနှင့် တကွ ဆင်မြီနော့ တပ်ရင်းမှ ကိုယ်ရံတော် တပ်ဖွဲ့များသည် စစ်ဝတ်စုံအပြည့် ဝတ်ဆင်လျက် ရဲတိုက်ရှေ့မှ စောင့်ကြိုလျက် ရှိကြ၏။

ရှေ့တော်ပြေးတစ်ဦးသည် ပါးစပ်တွင် အမြဲပ တစီစီထွက်လျက်ရှိသော မြင်းသုံးကောင်တပ် စွတ်ဖားကို စီးလျက် "ကြွတော်မူလာပြီ၊ ကြွတော်မူလာပြီ"ဟု အော်ဟစ် ပြောဆို၍ ရှေ့က စီးသွား၏။ ဗိုလ်ချုပ် ကိုနိုနစ်ဆင့်သည် စစ်သေနာပတိချုပ်ကို အကြောင်းကြားရန် စမုတ်ဆောင်ထဲသို့ ပြေးဝင်လာခဲ့သည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်မှာ စမုတ်ဆောင်ထဲတွင် မရှိဘဲ ရဲတိုက်စောင့်၏ တဲကလေးထဲသို့ ရောက်နေလေသည်။

တစ်မိနစ်ခန့်ကြာသော် စစ်ဝတ်စုံ အပြည့်အစုံ ဝတ်ဆင်၍ ခါးတွင် ပဝါစည်းလျက် ရင်ဘတ်တွင် ဆုတံဆိပ်တော် ရင်သိုင်းဘယက်များ ချိတ်ဆွဲထားသော အဘိုးကြီး၏ ဝဝဖိုင့်ဖိုင့် ကိုယ်လုံးကြီးသည် စရည်းအိုးကြီးတစ်လုံးကဲ့သို့ ဆင်ဝင်ဆောင်အောက်သို့ တလိမ့်လိမ့် ထွက်လာ၏။ ၎င်းသည် ဦးထုပ်ကို ဘေးခပ်စောင်းစောင်းဆောင်း၍ လက်အိတ်များကို လက်တွင်ကိုင်ကာ အုတ်လှေကားတစ်လျှောက်မှ ဘေးတိုက် တဖြည်းဖြည်း ဆင်း၍ လာ၏။ လက်တစ်ဖက်တွင်လည်း ရွှေနန်းရှင် ဘုရားထံ ဆက်သရန်အတွက် အစီရင်ခံစာကို ကိုင်ထားလေသည်။

လှုပ်ရှားသံ၊ တီးတိုးစကားပြောသံများ ပေါ်ထွက်လာ၏။ မြင်းသုံးကောင်တပ် စွတ်ဖားတစ်စီးသည် ကိုယ်ရံတော်တပ်ဖွဲ့များ၊ ဗိုလ်ချုပ်များရှေ့မှ ဖြတ်၍ ရဲတိုက်ဆီသို့ တရကြမ်း မောင်းသွား၏။ ထိုနောက် မျက်လုံးများ အားလုံးသည် နောက်ကလိုက်ပါလာသော စွတ်ဖားတစ်စီးဆီသို့ ရောက်သွားကြလေသည်။ ထိုစွတ်ဖားပေါ်၌ကား ဘုန်းတော်ကြီးသောဘုရားနှင့် မင်းသားကြီး ဘိုလကွန်စကီတို့ကို မြင်ရလေသည်။

နှစ်ပေါင်းငါးဆယ်မျှ အကျင့်ဖြစ်လာခဲ့ပြီ ဖြစ်သည့် အလျောက် ထိုစစ်သေနာပတိချုပ် အဘိုးကြီးသည် ဤရှုခင်း၊ ဤလှုပ်ရှားမှုများကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် အိပ်ရာမှ နိုးလာသကဲ့သို့ သတိပြန်ရလာ၏။ စစ်သေနာပတိချုပ်သည် မိမိကိုယ်ကို မိမိ လျင်မြန်စွာ စမ်းသပ်၍ သပ်ရပ်စေပြီးနောက် ဦးထုပ်ကို ပြင်ဆောင်း၏။ ကိုယ်ကို တောင့်တောင့်တင်းတင်းဖြစ်အောင် ဆန့်လိုက်ပြီး ရင်ကို ကော့လိုက်၏။ ထိုနောက်၌ကား ရွှေနန်းရှင်ဘုရား စွတ်ဖားပေါ်မှ ဆင်းတော်မူ၍ မျက်လုံးဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် အစီရင်ခံစာကို လှမ်း၍ ဆက်သပြီး ဖြစ်သော ချိုသာနူးညံ့သောအသံဖြင့် ပြောဆိုလျက် ရှိလေသည်။

ဘုန်းတော်ကြီးသော ရွှေနန်းရှင်ဘုရားသည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကို ခြေဆုံးခေါင်းဆုံး တစ်ချက်မျှ ကြည့်လိုက်ပြီး ခေတ္တမျှ မျက်မှောင်ကုတ်လိုက်သည်။ ထို့နောက် ဣန္ဒြေကို သိမ်းဆည်းလျက် အဘိုးအိုကြီးထံ သွားကာ လက်များကို ဆန့်၍ ပွေ့ဖက်ခြင်း ပြု၏။ ရွှေနန်းရှင်ဘုရားက ဤသို့ ပွေ့ဖက်နှုတ်ဆက်ခြင်းသည်လည်း စစ်သေနာပတိချုပ် ကူတူဇော့ဗ်အဖို့ ထုံးစံအတိုင်း စိတ်ထိခိုက်စေသည်ဖြစ်ရာ ဤတွင် စစ်သေနာပတိချုပ်သည်လည်း ငိုကြွေးခြင်း ပြုပြန်သည်။

ရွှေနန်းရှင်ဘုရားသည် တပ်ဗိုလ်များနှင့် ဆင်မြီနော့ကိုယ်ရံတော်တပ်၏ အလေးပြုခြင်းကို ခံယူ၍ အဘိုးအို

www.burmeseclassic.com

www.burmeseclassic.com

ကြီးကို တစ်ဖန် လက်ဆွဲနှုတ်ဆက်ပြီးနောက် ၎င်းနှင့်အတူ ရဲတိုက်ဆီသို့ ကြွမြန်းတော်မူသည်။

စစ်သူကြီးနှင့် နှစ်ဦးချင်း ရှိသည့်အခါကျမှ ရွှေနန်းရှင်ဘုရားသည် နဂိုလိမ္မာတပ်များကို လိုက်လံ တိုက်ခိုက်ရာတွင် ယခုကဲ့သို့ နှေးကွေး ဆုတ်ဆိုင်းခြင်း၊ ကရပ်စနိုနှင့် ဘီရဲဇီနာဒေသတို့တွင် အမှာများပြုလုပ်ခြင်းကြောင့် ကျေနပ်ခြင်း မရှိကြောင်းကို မိန့်တော်မူ၏။ ထို့ပြင် တိုင်းတစ်ပါးထိ လိုက်၍ တိုက်ခိုက်ခြင်းပြုရန် ရည်ရွယ်ကြောင်းကိုလည်း မိန့်တော်မူ၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် မည်သို့မျှ ထင်မြင်ချက်လည်း မပေး၊ စောဒကလည်း မတက်ချေ။ လွန်ခဲ့သည့် ၇-နှစ်ခန့်က သြစတားလစ် စစ်မြေပြင်တွင် ရွှေနန်းရှင်ဘုရား၏ အမိန့်ကို နာခံစဉ်ကကဲ့သို့ ယခုလည်း ၎င်း၏ မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်၍ ထက်သန်မှုကင်းသော အသွင်ကို ဆောင်လျက်ရှိလေသည်။

ခဏကြာသော် စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ခေါင်းငိုက်စိုက်ဖြင့် စာကြည့်ဆောင်မှ ပွဲတက်ဆောင်ဘက်သို့ လေးကန်စွာ ထွက်လာ၏။ စစ်သေနာပတိချုပ်သည် အသံတစ်သံကြောင့် တန့်ခနဲ ဖြစ်သွား၏။

"ကိုယ်တော်ကြီး ကိုယ်တော်ကြီး"

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ခေါင်းကို မော့၍ ဘုရင်မင်းမြတ်၏ တပ်ရေးချုပ်ဖြစ်သူ အသံရှင် မြို့စားကြီးတော်လစတွိုင်း၏ မျက်လုံးများကို အတန်ကြာစိုက်ကြည့်နေ၏။ မြို့စားကြီး တော်လစတွိုင်းသည် ငွေကလပ်တစ်ခုကို ကိုင်ထား၏။ ငွေကလပ်ပေါ်တွင် ပစ္စည်းတစ်ခုကို တင်ထား၏။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် နားမလည်နိုင်သော အမူအရာဖြင့် ကြည့်နေသည်။

အတန်ကြာမှ ရုတ်တရက် အမှတ်ရလာဟန်ဖြင့် ၎င်း၏ ထူအမ်းအမ်း မျက်နှာပေါ်တွင် ပြုံးရောင်သန်းစပြုလာ၏။ ထို့နောက် ဦးညွှတ်၍ ငွေကလပ်ပေါ်ရှိ အရာကို ရိုသေစွာ လှမ်းယူလိုက်သည်။ ထိုအရာကား ပထမတန်းစိန့်ဂျော့ဆုတံဆိပ်တော်ကြီးပေတည်း။

အခန်း ၁၁

နောက်တစ်နေ့၌ စစ်သူကြီး ကူတူဇော့ဗ်သည် ညစာစားပွဲနှင့် ကပွဲကြီးတစ်ခု ကျင်းပ၏။ ထိုညစာစားပွဲသို့ ဘုန်းတော်ကြီးသော ဘုရားကိုယ်တော်တိုင် ကြွရောက်ချီးမြှင့်တော်မူလေသည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ပထမတန်း စိန့်ဂျော့ဆုတံဆိပ်တော်ကြီးကို ချီးမြှင့်ခြင်း ခံရပြီဖြစ်ရာ ဘုန်းတော်ကြီးသော ဘုရားသည် ၎င်းအား အမြင့်ဆုံး ချီးကျူး ဂုဏ်ပြုလိုက်ခြင်း ဖြစ်ပေသည်။ သို့ရာတွင် ဘုန်းတော်ကြီးသောဘုရားသည် စစ်သေနာပတိချုပ် ကူတူဇော့ဗ်ကို အလိုတော်မကျဖြစ်လျက် ရှိကြောင်း ကိုကား အားလုံးကပင် ရိပ်မိကြလေပြီ ပထမတန်း ဆုတံဆိပ်တော်ကြီးကို ချီးမြှင့်ခြင်းခံရသူ စစ်သေနာပတိချုပ်အား ထုံးတမ်းစဉ်လာအတိုင်း ချီးကျူးကြသော်လည်း ၎င်းအား ဘာမျှ အသုံးမကျသော အဘိုးအိုကြီးတစ်ဦးဟု ထင်မှတ်နေကြလေပြီ။ ရွှေနန်းရှင်ဘုရား ကြွချီတော်မူလာသည့်အခါ၌ သိမ်းဆည်းရမိသော ရန်သူစစ်တဲခွန်များ၊ စစ်တလေးများကို ရွှေနန်းရှင်ဘုရား၏ ခြေတော်ရင်းသို့ နှိမ့်ချရန် စစ်သေနာပတိချုပ်က အမိန့်ပေး၏။ ရွှေနန်းရှင်ဘုရားသည် ဤ အခြင်းအရာကို မြင်သည်တွင် မျက်နှာကို မဲ့တော်မူ၍ တစ်ဖုံတစ်ရာကို ရေရွတ်တော်မူ၏။ "လူပြက်အဘိုးကြီး" ဟူသော စကားလုံးကိုမူ ခပ်လှမ်းလှမ်းမမသဲမကွဲကြားလိုက်ရသည်ဟု အဆိုရှိလေသည်။

စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် စစ်ကို ဆက်လက်တိုးချဲ့ရန် သဘောမတူချေ။ သဘောလည်း မတူနိုင်ချေ။ ဤသို့ စစ်သေနာပတိချုပ်က အနာဂတ်တိုက်ပွဲစဉ်ကို သဘောမကျနိုင်သည်နှင့်အမျှ ရွှေနန်းရှင်ဘုရားမှာလည်း စစ်သေနာပတိချုပ်အား အလိုတော်မကျဖြစ်သည်ထက် ဖြစ်လာခဲ့လေပြီ။

နောက်တစ်နေ့နံနက်တွင် ရွှေနန်းရှင်ဘုရားက မိမိအား လာရောက်ခစားကြသော စစ်ဗိုလ်ချုပ်များအား "အချင်းတို့၊ အချင်းတို့ကား ရုရှားနိုင်ငံကြီး တစ်နိုင်ငံလုံးကို ကယ်တင်ခဲ့ရုံမျှမက ဥရောပတိုက်ကြီးတစ်တိုက်လုံးကိုလည်း ကယ်တင်ခဲ့လေပြီ" ဟု မိန့်၏။ ဤစကားကို ထောက်၍ ယခု စစ်ပွဲသည် ပြီးဆုံးခြင်းသို့ မရောက်သေးဟု အားလုံးက နားလည်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် စစ်သေနာပတိချုပ် ကူတူဇော်ဗ်ကား ထိုအချက်ကို နားမလည်ချေ။ နားမလည်ရုံမျှမက နောက်ထပ် စစ်ပွဲသစ်တစ်ခုသည် အခြေအနေကို တိုးတက်စေမည် မဟုတ်ကြောင်း၊ ရုရှားနိုင်ငံကြီး၏ ဂုဏ်သိက္ခာကိုလည်း ထပ်မံတိုးတက်စေတော့မည် မဟုတ်ကြောင်း၊ အခြေအနေကို ဆိုးရွားစေ၍ ရုရှားနိုင်ငံကြီး၏ ပြောင်မြောက်သော ဂုဏ်သိက္ခာကိုသာ ကျဆုံးစေလိမ့်မည် ဖြစ်ကြောင်းဖြင့် ငင်း၏ ထင်မြင်ချက်ကို အတိအလင်း ထုတ်ဖော် လျှောက်တင်ခဲ့သည်။ ထိုမျှမက နောက်ထပ် စစ်သည်တပ်သား စုဖို့မှာလည်း လွယ်ကူခြင်းမရှိကြောင်း၊ ပြည်သူလူထုမှာလည်း အကျပ်အတည်းများ၊ အခက်အခဲများကို ခံခဲ့ရ၍ ထောင်းထောင်းကြေမျှ စစ်ပန်းလျက်ရှိကြောင်း၊ ဤအခြေအနေတွင် စစ်ကို တိုးချဲ့ပါက အရှုံးနှင့်သာ ရင်ဆိုင်ဖွယ်ရာသာ ရှိကြောင်းဖြင့် လျှောက်တင်ခြင်း ပြုလေသည်။

စစ်သေနာပတိချုပ်၏ သဘောထားမှာ အထက်ပါအတိုင်း ဖြစ်၏။ ထို့ကြောင့် အားလုံး၏ အမြင်၌ စစ်သေနာပတိချုပ် ကူတူဇော်ဗ်သည် အနာဂတ်စစ်ပွဲတွင် အတားအဆီး အနှောင့်အယှက်ကြီးသဖွယ် ဖြစ်လျက်ရှိလေသည်။

သို့ဖြစ်ရကား၊ ထိုအဘိုးအိုကြီးနှင့် မလိုလားအပ်သော အတိုက်အခံဖြစ်မှုများကို ရှောင်ရှားရန်အတွက် သဘာဝကျသော နည်းလမ်းမှာ တစ်ခုသာ ရှိ၏။ ၎င်းမှာ အခြားမဟုတ်။ ဩစတားလစ်စစ်ပွဲမှာကဲ့သို့ပင် ၎င်းအား တာဝန်မှ ဖယ်ရှား၍ (ရုရှားတိုက်ပွဲစဉ် အစတွင်လည်း စစ်သေနာပတိချုပ် ဗိုလ်ချုပ်ဘာကလေကို ဤသို့ ဖယ်ရှားခဲ့ရပါသည်။) စစ်သေနာပတိချုပ်အရာကို ရွှေနန်းရှင်ဘုရားကိုယ်တော်တိုင် ခံယူရန် ဖြစ်လေသည်။ ဤသို့ဖြင့်သာ အဘိုးအို စစ်သေနာပတိချုပ်၏ ခြေထောက်အောက်မှ မြေကြီးကို ၎င်းစိတ်မကောင်း မဖြစ်စေဘဲ ပြုကျပြီးသား ဖြစ်စေမည် မဟုတ်လော။

ဤသို့ဖြင့် ရွှေနန်းရှင်ဘုရားသည် စစ်ဦးစီးချုပ်အဖွဲ့ကို တဖြည်းဖြည်း ပြင်ဆင်ဖွဲ့စည်းစေပြီးနောက် စစ်သေနာပတိချုပ် အာဏာကို ယူလိုက်လေသည်။ တိုးလ်၊ ကိုနိုနှစ်ဆင်၊ အာမိုလော့ဗ် စသော ဗိုလ်ချုပ်များမှာလည်း ရာထူးသစ်များ အသီးသီး ရရှိကြလေသည်။ စစ်သေနာပတိချုပ် ကူတူဇော်ဗ်ကိုမူကား ကျန်းမာရေး ချွတ်ယွင်းနေပြီဟု အားလုံးက ကျယ်လောင်စွာ ပြောဆိုလျက် ရှိကြလေသည်။

ဤသို့ဖြင့် စစ်သေနာပတိချုပ် ကူတူဇော်ဗ်၏ ကျန်းမာရေး အခြေအနေသည် အရာမှ ဖယ်ပေးရလောက်အောင် ချွတ်ယွင်းပေးရသည့်အဖြစ်သို့ ရောက်ခဲ့ရပြန်လေသည်။ တကယ်လည်း ကျန်းမာရေး အခြေအနေမှာ ဆိုးရွားစပြုနေပေပြီ။

စစ်သေနာပတိချုပ်ကူတူဇော်ဗ်သည် တူရကီစစ်မြေပြင်မှ ပြန်လာခဲ့ကာ ပီတာစဘတ် ရွှေနန်းတော် ရွှေတိုက်တော်၌ အမှုထမ်းခဲ့ရ၏။ ထို့နောက် အရေးပေါ်စစ်သည်စုများကို စည်းရုံး စုဆောင်းခဲ့ရ၏။ ထိုနောက် သူမရှိလျှင် မဖြစ်သည့်အလျောက် တပ်တော်ကြီး ဦးစီးကွပ်ကဲ၍ တိုက်ခိုက်ခဲ့ရ၏။ ဤသို့ဖြင့် ကူတူဇော်ဗ်သည် သေနာပတိအရာသို့ တဖြည်းဖြည်းရောက်ခဲ့ခြင်း ဖြစ်လေသည်။ လမ်းအိုလမ်းဟောင်းအတိုင်း ရောက်ခဲ့ခြင်း ဖြစ်လေသည်။ မှန်မှန်ကန်ကန် ရောက်ခဲ့ခြင်း ဖြစ်လေသည်။ ယခုမူကား ၎င်း၏အခန်းကဏ္ဍသည် ပြီးဆုံးလေပြီ။ ကူတူဇော်ဗ်၏ နေရာကို ဇာတ်ဆောင်သစ်က ဝင်ရောက်ကပြလေပြီ။

၁၈၁၂–ခုနှစ်စစ်ပွဲသည် ရုရှားလူမျိုးတိုင်း၏ အသည်းတွင် မေ့နိုင်ခြင်း မရှိလောက်သည့် အမျိုးသားရေးလက္ခဏာကို ဆောင်၏။ ယခု ထိုစစ်ပွဲသည် ဥရောပတိုက်နှင့်ဆိုင်သော ဝိသေသလက္ခဏာကိုလည်း ဆောင်ရလိမ့်ဦးမည် မဟုတ်လော။

အနောက်မှ ပြည်သူများ အရှေ့ဘက်သို့ စစ်ချီလာခြင်း (နပိုလီယန်ချီတက်မှု) ပြီးသည့်နောက်၌ အရှေ့မှ ပြည်သူများက အနောက်ဘက်သို့ ချီတက် တိုက်ခိုက်သော စစ်ပွဲ (ရုရှားက နပိုလီယန်ကို လိုက်လံတိုက်ခိုက်သည့် စစ်ပွဲ) ကြီးသည် ပေါ်ပေါက်လာခဲ့၏။ ထိုစစ်ပွဲသစ်ကြီးအတွက် စစ်သေနာပတိချုပ် ကူတူဇော်ဗ်နှင့် အမြင်ချင်း၊ အရည်အသွေးခင်း၊ ရည်ရွယ်ချက်ချင်း ခြားနားသောခေါင်းဆောင်တစ်ယောက်သည် လိုအပ်လာခဲ့လေပြီ။

ရုရှားနိုင်ငံကြီး ကယ်တင်ရေးနှင့် ရုရှားနိုင်ငံကြီး၏ဂုဏ်သိက္ခာကို ကယ်တင်ရေး၌ ကူတူဇော်ဗ်ကို လိုအပ်သကဲ့သို့ အရှေ့မှ အနောက်သို့ ချီတက်တိုက်ခိုက်သော စစ်ပွဲကြီးနှင့် ရုရှားနိုင်ငံကြီး၏ နယ်နိမိတ်များကို ပြန်လည်သတ်မှတ်ရေးကိစ္စ၌ အလက်ဇန်းဒရားဇာဘုရင်သည်လည်း

www.burmeseclassic.com

www.burmeseclassic.com

လိုအပ်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာခဲ့ရလေပြီ။

ဥရောပတိုက်သည် မည်သည့် အဓိပ္ပာယ်ဆောင်ကြောင်းကို ကူတူဇော်ဗ် နားမလည်ခဲ့ချေ။ အာဏာစက်ချင်းညီအောင် ချိန်ခွင်လျှာတည့်ပေးရမည်ဆိုသည့် သဘောကိုလည်း နားမလည်ခဲ့ချေ။ နပိုလီယန်၏ ရည်ရွယ်ချက်ကိုလည်း နားမလည်ခဲ့ချေ။ နားလည်း မလည်နိုင်ချေ။ ရုရှားပြည်သူများ၏ ကိုယ်စားလှယ်ဖြစ်သော ကူတူဇော်ဗ်သည် ရန်သူကို မောင်းထုတ်ပြီးခဲ့လေပြီ။ ရုရှားနိုင်ငံကြီးကို ကယ်တင်ပြီးခဲ့လေပြီ။ ရုရှားနိုင်ငံကြီး၏ဂုဏ်သိက္ခာကို မြှင့်တင်ပြီးခဲ့လေပြီ။ ထိုနောက်တွင် ၎င်းအဖို့ ရုရှားလူမျိုးအနေနှင့် ဘာမျှ လုပ်စရာ မကျန်တော့ပြီ။ အမျိုးသားစစ်ပွဲ၏ ကိုယ်စားလှယ်တော်ကြီးအဖို့ သေတွင်းသို့ ဆင်းရန် မှတစ်ပါး အခြားလမ်း မရှိတော့ပြီ။ ဤသို့ဖြင့် ကူတူဇော်ဗ်သည် သေတွင်းသို့ ဆင်းခဲ့ရလေသတည်း။

အခန်း ၁၂

ဖြစ်မြဲ ထုံးစံအတိုင်း အကျဉ်းသမားဘဝက ခံစားခဲ့ရသော ကိုယ်၏ ဒဏ်ရာဒဏ်ချက်တို့သည် ထောင်ထဲတွင် ဆင်းဆင်းရဲရဲနေရစဉ်က ဘာမျှ မထောင်းတာလှသော်လည်း အကျဉ်းသမားအဖြစ်မှ လွတ်မြောက်လာသည့်အချိန်၌ကား ထိုဆင်းရဲခြင်းဒုက္ခ၏ ဒဏ်ရာဒဏ်ချက်သည် အစွမ်းကုန်တန်ခိုး ပြကြစမြဲ ဖြစ်လေသည်။ ပီယာ့အဖို့လည်း ထို့အတူသာ ဖြစ်ပေ၏။ သုံ့ပန်းဘဝမှ လွတ်မြောက်ပြီးသည့်နောက် ပီယာသည် အိုရဲဒေသသို့ ရောက်လာခဲ့၏။ အိုရဲတွင် သုံးရက်မျှ နေပြီးနောက် ကိယက်သို့ ခရီးဆက်ရန် ပြင်ဆင်လျက်ရှိစဉ် ပီယာမှာ ထိုဒဏ်ရာဒဏ်ချက်တို့ တန်ခိုးပြသည်နှင့် အကြိုးအကျယ် နာမကျန်းဖြစ်ကာ သုံးလတာမျှ လဲနေလေသည်။ ပီယာ၏ ရောဂါမှာ သမားတော်များက 'အူရောင်ငန်းဖျား'ဟု ခေါ်ကြသော ရောဂါဖြစ်၏။ သမားတော်များသည် ပီယာကို ကုသကြ၏။ သွေးဖောက်ထုတ်ကြ၏။ သောက်ဆေးအမျိုးမျိုးကို ပေးကြ၏။ သို့သော်လည်း မောင်မင်းကြီးသား သမားတော်များ ဤသို့ ဝိုင်း၍ 'နှိပ်စက်'ကြသည့် ကြားထဲက ပီယာသည် ကံအားလျော်စွာ ပြန်၍ ကျန်းမာလာခဲ့လေသည်။

ပီယာသည် သုံ့ပန်းဘဝက လွတ်မြောက်လာခဲ့သည့် အချိန်မှစ၍ နာမကျန်းဖြစ်သည့်အချိန်ထိ တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို ကောင်းစွာ မမှတ်မိတော့ချေ။ ဆီးနှင်းကျချည်၊ မိုးစွေချည်ဖြစ်နေသော အုံမှိုင်းသည့် ရာသီဥတု၊ ကိုယ်၏ ဆင်းရဲပင်ပန်းခြင်း၊ ခြေထောက်များနှင့် ကျောများ နာကျင်ကိုက်ခဲလျက်ရှိခြင်း စသည်တို့ လောက်ကိုသာ မှတ်မိတော့သည်။ ဤစစ်ကြီးကြောင့် လူအများ ဆင်းရဲဒုက္ခရောက်ကြပုံ၊ ပူဆွေးသောက ရောက်ကြရပုံ၊ မိမိအား စစ်ဆေးကြသော ပြင်သစ် ဗိုလ်ချုပ်များနှင့် တပ်ဗိုလ်များကြောင့် စိတ်ညစ်ရပုံ၊ မိမိအား တင်ခေါ်မည့် လှည်းကလေးတစ်စီးလောက်ကိုမျှ ရှာမတွေ့လောက်အောင် အသွားအလာခဲယဉ်းပုံ၊ ထိုအချိန်က မိမိတွင် တွေးတောခံစားနိုင်သော စွမ်းအားသတ္တိ ဟူ၍ မရှိတော့လောက်အောင် ဖြစ်နေပုံတို့ကိုလည်း မှတ်မိသလောက်ရှိ၏။ မိမိလွတ်မြောက်လာသည့်နေ့၌ ပီယာသည် ပီတာရော့စတော့ဗ်၏အလောင်းကိုလည်း တွေ့ခဲ့ရ၏။ မင်းသားကလေးအင်ဒရေသည် ဘိုရိုဒီနိုတိုက်ပွဲပြီးသည့် နောက် တစ်လကြာမျှ ဝေဒနာခံစားရကာ ယာရိစလာဗာရှိ မြို့စားကြီး ရော့စတော့ဗ်တို့အိမ်တွင် မကြာမီက ကွယ်လွန်အနိစ္စရောက်သွားရှာပြီ ဖြစ်ကြောင်းကိုလည်း ပီယာသည် ထိုနေ့မှာပင် သိခဲ့ရ၏။ ဤသတင်းများကို ဒင်နီဆော့ဗ်ထံမှ သိရခြင်း ဖြစ်၏။ ဒင်နီဆော့ဗ်သည် ပီယာသိပြီးသား အထင်ဖြင့် ပီယာ၏ ကြင်ရာတော် ဟယ်လင်မင်းသမီးလေး ကွယ်လွန်အနိစ္စရောက်ကြောင်းကိုလည်း ပြောသွားခဲ့၏။ ထိုအချိန်က ထိုသတင်းများအားလုံး၊ အဖြစ်အပျက်များအားလုံးသည် ပီယာ့အဖို့ အိပ်မက်သဖွယ်သာ ဖြစ်ခဲ့လေသည်။ ၎င်းတို့၏ အဓိပ္ပာယ်ကို သေချာစွာ နားမလည်ခဲ့ချေ။ ယခုအချိန်ကျတော့မှ ပီယာသည် လူအချင်းချင်း ရက်စက်စွာ သတ်ဖြတ်လျက်ရှိသော အရပ်ကို အမြန်ဆုံး ဖဲကြဉ်ကာ ရိပ်ငြိမ် ချမ်းမြေ့သည့်အရပ်တွင် အေးဆေးစွာ ခိုလှုံနေထိုင်လိုသော ဆန္ဒများ တဖွားဖွားပေါ်လာခဲ့သည်။ ထို့နေရာ၌ အပန်းဖြေကာ မိမိကြားခဲ့ရသည့် အိပ်မက်သဖွယ် အဖြစ်အပျက်များကို စမြဲ့ပြန်၍ စဉ်းစားလိုခဲ့သည်။ သို့ရာတွင် အိုရဲသို့ ရောက်သည့်အခါ၌ ပီယာမှာ ဗုန်းဗုန်းလဲခဲ့လေပြီ။ နာလန်ထလာသည့် အချိန်၌ကား မိမိ၏ ကျွန်ယုံတော်ကြီးနှစ်ဦးဖြစ်သော တီရင်တီနှင့် ဗာစကာ

www.burmeseclassic.com

www.burmeseclassic.com

တို့နှစ်ဦးသည် အပါးတွင် ဝတ်ကြီးဝတ်ငယ် ပြုစုလျက်ရှိခြင်းကို ပီယာ တွေ့ရလေသည်။ ၎င်းတို့နှစ်ဦးမှာ မော်စကိုမှ ရောက်လာကြခြင်း ဖြစ်၏။ ၎င်းတို့သာမက ပီယာ၏ အစ်မဝမ်းကွဲ ပထမမင်းသမီးကြီးကိုလည်း တွေ့ရလေသည်။ ပထမ မင်းသမီးကြီးသည် လက်ရှိ ပီယာ၏ ပိုင်စားနယ်မြေကြီးတွင် နေထိုင်လျက်ရှိရာက ပီယာ လွတ်မြောက်လာပြီး နာမကျန်းဖြစ်လျက်ရှိသည်ဟု ကြားသိရသဖြင့် လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

နာလန်ထစပြုလာသည့် အချိန်ကျမှသာ ပီယာ၏ စိတ်ထဲတွင် ထင်ကျန်ရစ်ခဲ့သည် အကျဉ်းထောင်ထဲတွင် နေခဲ့စဉ်က အဖြစ်အပျက်များ၊ အတွေးများ၊ အလေ့အကျင့်များသည် တဖြည်းဖြည်း ပျောက်ကွယ်သွားကြ၏။ ထိုအခါကျမှ မိမိအား နက်ဖြန်တွင် မည်သည့်ဒေသသို့ သွားရမည်ဟု အမိန့်ပေးမည့်သူ မရှိတော့ပြီ။ မိမိအား ပူနွေးသော အိပ်ရာထဲမှ ဆွဲထုတ်မည့်သူ မရှိတော့ပြီ။ မိမိသည် ညစာကိုလည်းကောင်း၊ ညလယ်စာကို လည်းကောင်း၊ လက်ဖက်ရည်ကို လည်းကောင်း၊ မှန်မှန်သောက်ရစားရ တော့မည်ဟူသော အသိတရားသည် တဖြည်းဖြည်းဝင်လာလေသည်။ သို့တိုင်အောင် မိမိသည် ယခုတိုင် အဖမ်းခံနေရဆဲ ဖြစ် သည်ဟူ၍ကား အိပ်မက်ထဲတွင် မကြာခဏ မြင်မက်နေတတ်သေး၏။ ဤသို့ဖြင့် ပိတာကျဆုံးသည့် သတင်း၊ မင်းသားကလေး အင်ဒရေ ကွယ်လွန်သည့် သတင်း၊ ကြင်ယာတော် ဟယ်လင်မင်းသမီးလေး ကွယ်လွန်သည့်သတင်း၊ ပြင်သစ်တို့ စစ်ပျက်သည့် သတင်းစသည့် လွတ်လာခါစက ကြားခဲ့ရသော သတင်းပေါင်းစုံတို့၏ အဓိပ္ပာယ်ကိုလည်း တဖြည်းဖြည်းကျမှ နားလည်သဘောပေါက်စ ပြုလာခဲ့လေသည်။

လူသည် စိတ်၏ လွတ်လပ်ခြင်းကို မြတ်နိုးသည်မှာ ဓမ္မတာဖြစ်လေသည်။ စိတ်၏ လွတ်လပ်ခြင်းကို မည်သည့်အရာနှင့်မျှ လဲ၍မရချေ။ မည်သူ့ထံမှ ချေးငှားဝယ်ယူ၍လည်း မရချေ။ ပီယာသည် မော်စကိုမှ ထွက်ခွာလာစဉ်က စိတ်၏ လွတ်လပ်ခြင်းအရသာကို တသိမ့်သိမ့်ခံစားခဲ့ရဖူး၏။ ယခုတစ်ဖန် နာလန်ထစဉ်လည်း လွတ်လပ်ခြင်း၏ အရသာကို တသိမ့်သိမ့် ခံစားရပြန်ချေပြီ။ ပြင်ပ ပယောဂတို့မှ ကင်းဝေးသော စိတ်လွတ်လပ်ခြင်းသည် ကိုယ်လွတ်လပ်ခြင်း၏ အဓိက ကျောရိုးကြီး သဖွယ် ဖြစ်ကြောင်းကိုလည်း ပီယာ တအံ့တသြ တွေ့ရှိလာခဲ့လေသည်။ ပီယာသည် အသိမိတ်ဆွေဟူ၍ တစ်ယောက်မျှ မရှိသော တစ်ရပ်တစ်ပါးသို့ ရောက်ရှိလျက်ရှိ၏။ မိမိထံမှ တောင်းဆိုမည့်သူ၊ မိမိအား တစ်နေရာသို့ သွားရန် အမိန့်ပေးမည့်သူ ဟူ၍လည်း တစ်စုံတစ်ယောက်မျှ မရှိတော့ချေ။ မိမိလိုသော အရာမှန်သမျှကိုလည်း ရရှိနေလေပြီ။ ကြင်ရာတော် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီ ဖြစ်သည့်အတွက် သူ့ကြောင့် ဖြစ်ရသော ဝိတက် ဝိစာရတို့လည်း မရှိတော့ပြီ။

မွေးကြိုင်သော အမဲပြုတ်ရည်ခွက်နှင့်တကွ သန့်ရှင်းစင်ကြယ်သော စားမြိန်ခဲဖွယ်တို့ မိမိရှေ့သို့ ရောက်လာသော အခါ၌လည်းကောင်း၊ နူးညံ့သန့်ရှင်းသော အိပ်ရာထက်တွင် လဲလျောင်းသည့်အခါ၌ လည်းကောင်း၊ ပြင်သစ်တို့ စစ်ပျက်ပြီဟု သတိရသည့်အခါ၌ လည်းကောင်း၊ မိမိ၏ ကြင်ရာတော် မရှိတော့ပြီဟု သတိရလာသည့်အခါ၌ လည်းကောင်း ပီယာသည် "ကောင်းလေစွ၊ ချမ်းသာစွ" ဟု နှုတ်မှ မြည်တမ်းမိသည်။

တစ်ခါတစ်ရံ၌လည်း အကျင့်ပါနေပြီဖြစ်သည့်အတိုင်း "ကဲ နောက်ထပ် ဘာဖြစ်ဦးမလဲ၊ ငါဘာလုပ်မလဲ"ဟု ကိုယ့်ကိုယ်ကို ပြန်၍ မေးခွန်းထုတ်ပြီး ချက်ချင်းပင် "အို၊ ငါ အသက်ရှင်မယ်၊ လူ့လောကကြီးမှာ နေမယ်။ ဒီထက် ကောင်းတဲ့အရာ ဘာရှိသေးသလဲ"ဟု အဖြေပေးမိသည်။

ပီယာသည် ယခင်က လူ့ဘဝ၏ ရည်ရွယ်ချက်၊ အသက်ရှင် နေထိုင်ရခြင်း၏ ရည်ရွယ်ချက်ကို အထပ်ထပ် အပြန်ပြန် စဉ်းစား ရှာဖွေခဲ့သည်။ သို့သော်လည်း အဖြေကို ရှာ၍ မရဘဲ စိတ်ဆင်းရဲခြင်းကိုသာ ခံစားခဲ့ရ၏။ ယခုမူကား ပီယာသည် လူ့ဘဝ၏ ရည်ရွယ်ချက်၊ အသက်ရှင်နေထိုင်ရခြင်း၏ ရည်ရွယ်ချက်ကို မစဉ်းစားတော့ချေ။ ထိုပြဿနာသည် မရှိတော့ချေ။ အသက်ရှင်နေထိုင်ရခြင်း ရည်ရွယ်ချက်ကို ရှာဖွေရေးကိစ္စသည် ခေတ္တအားဖြင့် ကွယ်ပျောက်သွားခဲ့ရုံမျှသာမက မိမိအဖို့ ထိုပြဿနာသည် မရှိတော့ဟု လည်းကောင်း၊ ထိုပြဿနာများကို တွေ့နိုင်တော့မည် မဟုတ်ဟု လည်းကောင်း ယူဆလာခဲ့လေသည်။ ဤသို့ စိတ်တွင် ရည်ရွယ်ချက်တစ်ခုကင်းမဲ့နေခြင်းသည်ပင်လျှင် ပီယာအား စိတ်လွတ်လပ်

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၏အရသာကို အပြည့်အဝခံစားရပေသည်။ ထို လွတ်လပ်ခြင်း၏ အရသာကြောင့်ပင် နာလန်ထစေအတွင်း၌ ပီယာသည် ပျော်ရွှင်ခြင်းကို ရခဲ့ပေသည်။

ယခုအချိန်တွင် ပီယာ၌ ရည်ရွယ်ချက်ကို ရှာ၍ မတွေ့တော့ချေ။ အကြောင်းမူ ပီယာ၌ ယခုအချိန်တွင် ယုံကြည်ချက်ရှိလာခဲ့လေပြီ။ ထိုယုံကြည်ချက်ကား အုပ်ချုပ်ရေးစနစ်တစ်ခု သို့မဟုတ် တရားတော်များ၊ အတွေးအခေါ်များကို ယုံကြည်ခြင်း မဟုတ်ဘဲ ထာဝရတည်သော ထာဝရ ထင်ရှားသော ဘုရားသခင်၌ ယုံကြည်ခြင်း ဖြစ်လေသည်။ ယခင်ကမူ ပီယာသည် မိမိဘာသာမိမိ ရည်မှန်းထားသော ရည်ရွယ်ချက်များထဲ၌ ဘုရားသခင်ကို ရှာခဲ့သည်။ ၎င်းအဖို့ ရည်ရွယ်ချက်တစ်ခုကို ရှာခြင်းသည် ဘုရားသခင်ကို ရှာခြင်းဖြစ်၏။

သို့ရာတွင် ဘုရားသခင်သည် နေရာတိုင်းတွင် ရှိသည်။ အနီးကလေးတွင် ရှိသည်ဟု ၎င်းယေယေက အထိန်းတော်ကြီး ပြောခဲ့ဖူးသော စကားများကို ပီယာသည် အဖမ်းခံခဲ့ရစဉ်အတွင်း ရုတ်တရက် သဘောပေါက်ခဲ့လေပြီ။ ထိုအနက်အဓိပ္ပာယ်ကို တရားတော်ဖြင့် လည်းကောင်း၊ ဆင်ခြင်တုံတရားဖြင့် လည်းကောင်း မဟုတ်ဘဲ ကိုယ်တိုင်ခံစားချက်ဖြင့်၊ ဘဝဖြင့် နှာလည်သဘောပေါက်ခဲ့လေပြီ။

ညီအစ်ကိုတော် ဂိုဏ်းဝင်တို့က စကြဝဠာကြီး၏ ဗီသုကာဟုခေါ်သော ပုဂ္ဂိုလ်၏ ကိုယ်တွင်းတွင် ဘုရားသခင်တည်ရှိသည်ဟု ယုံကြည်ကြ၏။ သို့ရာတွင် ပီယာ့အဖို့ကား ကာရာတာယက်၏ ကိုယ်တွင်းတွင် တွေ့ရသော ဘုရားသခင်သည် စကြဝဠာကြီး၏ ဗီသုကာ၏ ကိုယ်ထဲ၌ တွေ့ရသော ဘုရားသခင်ထက် အဆအသိန်း အသန်းမက မွန်မြတ်သည်ဟု ယူဆခဲ့လေပြီ။ အသိန်းအသန်းမက ကြီးမြတ်သည်ဟု ယူဆခဲ့လေပြီ။ မိမိအဖြစ်သည် ခြေထောက်အနီးတွင် ရှိသောအရာကို အဝေးကြီးသို့ လှမ်းမျှော်အားစိုက်၍ ရှာဖွေနေသူတစ်ဦး၏ အဖြစ်နှင့် တူလေစွဟု ပီယာ အောက်မေ့မိလေသည်။ ၎င်းဘဝတစ်လျှောက်လုံး၌ ပီယာသည် မိမိ ပတ်ဝန်းကျင်ရှိ လူများ၏ ခေါင်းပေါ်မှကျော်၍ အဝေးသို့ လှမ်းမျှော်ကြည့်ခဲ့သည်။ တကယ်၌ကား ၎င်းရှာဖွေနေသော အရာသည် အနီးကလေးတွင်ပင် ရှိကြောင်းကို ပီယာ ယခု သိခဲ့လေပြီ။

ယခင်က ပီယာသည် အဆုံးအစမရှိသော ထိုတစ်စုံတစ်ခုကို ရှာဖွေခြင်းငှာ မစွမ်းဖြစ်ခဲ့၏။ ထိုအရာသည် တစ်နေရာရာတွင် ရှိမည်ဟုသာ သိထားပြီး ထိုအရာကိုသာ လိုက်လံရှာဖွေခဲ့၏။ မိမိလက်လှမ်းမီသမျှ၌ တွေ့ရသော အရာများမှာ ကျဉ်းမြောင်းသောအရာများ၊ သေးဖွဲသောအရာများ၊ သာမန်အရာများ၊ အဓိပ္ပာယ်ကင်းမဲ့သော အရာများဖြစ်ကြောင်းကိုသာ တွေ့ခဲ့ရ၏။ ထို့ကြောင့် ပီယာသည် စိတ်တည်းဟူသော မှန်ပြောင်းဖြင့် အဝေးကို လှမ်းမျှော်ကြည့်ပြန်၏။ ထိုအခါ၌ အဝေးတွင်ရှိသော သေးဖွဲသည့် လောကီအရာကိစ္စများသည် ဝေးကွာခြင်းတည်းဟူသော နှင်းမြူကြီး ဖုံးထားခြင်းကြောင့် ကြီးကျယ်သည်ဟု ထင်ရ၏။ သဲကွဲစွာ မမြင်ရသောကြောင့် အဆုံးအစမရှိဟု ထင်ရ၏။ ဥရောပလူနေမှုစနစ်၊ နိုင်ငံရေးကိစ္စ၊ ညီအစ်ကိုတော်ဂိုဏ်းသား၏ ဝါဒ၊ အဘိဓမ္မာ၊ ပရဟိတလုပ်ငန်း စသည်တို့သည် ကြီးကျယ်သောကိစ္စကြီးများဟု ပီယာ ထင်ခဲ့၏။ သို့တိုင်အောင် ထိုအရာများသည်လည်း အနီးကပ်ကြည့်ရှုသောအခါ၌ သေးဖွဲခြင်း၊ ကျဉ်းမြောင်းခြင်း၊ အဓိပ္ပာယ်မရှိခြင်းတို့ကိုသာ တွေ့ရ၏။ ယခုမူကား ပီယာသည် တကယ်မွန်မြတ်သော၊ ထာဝရဖြစ်သော၊ အဆုံးအစမရှိသော အရာကို အနီးမှာပင် တွေ့ရလေပြီ။ ထို့ကြောင့် ပီယာသည် လူတွေ ခေါင်းပေါ်မှ ကျော်ကြည့်နေသော မှန်ပြောင်းကို လွတ်ချကာ မိမိပတ်ဝန်းကျင်၌ ထာဝရ ပြောင်းလဲလျက်ရှိသော၊ ထာဝရ မွန်မြတ်သော၊ နက်ရှိုင်း၍ အဆုံးအစမရှိသော လူ့ဘဝကို ပကတိမျက်လုံးဖြင့် ဝမ်းမြောက်စွာ ငုံကြည့်မိ၏။ ဤသို့ နီးကပ်စွာ ကြည့်သည်နှင့်အမျှ ပီယာ၏ စိတ်သည် ပျော်ရွှင်ခြင်း၊ တည်ငြိမ်ခြင်းကို ရသည်ထက် ရလာခဲ့၏။ 'မည်သည့် ရည်ရွယ်ချက်ဖြင့် အသက်ရှင်နေကြသနည်း' ဟူသော ပြဿနာသည် ယခင်က ပီယာ၏ စိတ်တည်းဟူသော ဘုံထွတ်ဘုံဆောင်တို့ကို ပျက်စီးစေခဲ့၏။ ယခုကား ထိုပြဿနာ မရှိတော့ပြီ။ ထိုအမေးပုစ္ဆာကို ဖြေနိုင်သော ရှင်းလင်းလွယ်ကူသည့် အဖြေသည်လည်း ရင်ထဲတွင် အဆင်သင့် ရှိလေပြီ။ ထိုအဖြေကား 'ငါတို့သည် ဘုရားသခင်အတွက် အသက်ရှင်နေကြသည်။ သခင်အလိုတော်မပါဘဲ ဆံခြည်တစ်မျှင်သော်မျှ ခေါင်းမှ မကျတ်နိုင်'ဟူသော အဖြေတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၃

ပိယာ၏ အတွင်းသန္ဓာန်သည် ပြောင်းလဲခဲ့ပြီ ဖြစ်သော်လည်း ပြင်ပသဏ္ဌာန်ကား ပြောင်းလဲသည်ဟု မဆိုနိုင်သေးချေ။ ပိယာ၏ အင်္ဂါလက္ခဏာမှာ ယခင်ကကဲ့သို့ပင် ဖြစ်၏။ ယခင်ကကဲ့သို့ပင် ပိယာမှာ သတိချွတ်ယွင်းတတ်လျက် ပတ်ဝန်းကျင်ကို သတိမပြုမိဘဲ သူ့အတွေးနှင့်သူ နစ်မြုပ်နေတတ်သည်။ သို့ရာတွင် ယခင် ပိယာနှင့် ယခု ပိယာတို့၌ ကွာခြားချက်ကား ရှိ၏။ ယခင်က ဆိုလျှင် ပိယာသည် မိမိ၏ ပတ်ဝန်းကျင်ကို နားမလည်နိုင်လျှင် သို့မဟုတ် မိမိအား ပြောစကားကို နားမလည်နိုင်လျှင် နဖူးကို ရုံ့၍ မျက်လုံးကို မှေးကာ အဝေးကြီးသို့ မျှော်ကြည့်တတ်၏။ ယခုမူ မိမိရှေ့မှ အရာကို မမြင်သည့်တိုင် မိမိအား ပြောစကားကို မေ့လျော့သည့်တိုင် အဝေးကြီးသို့ လှမ်းမျှော်ကြည့်ခြင်းမရှိတော့ဘဲ မသိမသာ အပြုံးဖြင့် မိမိရှေ့ကို တည့်တည့်ကြည့်တတ်လာပြီး မိမိအား ပြောစကားကို ဂရုတစိုက် နားထောင်တတ်လာသည်။ သို့ရာတွင် တစ်မျိုးမြင်၍ တစ်မျိုးကြားသည့် အကျင့်မျိုးကား မပျောက်တတ်သေးချေ။ ယခင်က ပိယာသည် သနားကြင်နာတတ်သော်လည်း အမြဲတမ်း စိတ်ညစ်လျက်ရှိသူတစ်ဦး ဖြစ်သည့်အလျောက် တော်တော်တန်တန်ဆိုလျှင် ပိယာကို ရှောင်ကွင်းသွားကြသည်သာ ဖြစ်၏။ ယခုကား လူ့ဘဝတွင် ပျော်ပျော်ကြီးနေမည်ဟူသော သဘောကို ဆောင်သည့် အပြုံးသည် ပိယာ၏ နှုတ်ခမ်းတွင် အစဉ် ဝဲလျက် ရှိ၏။ တစ်ဖက်သားကို သနားကြင်နာခြင်းသည် ၎င်း၏ မျက်လုံးများ၌ အစဉ်တောက်ပလျက် ရှိ၏။ အခြားသူများသည် မိမိကဲ့သို့ပင် လူ့ဘဝကြီး၌ ရောင့်ရဲကျေနပ်ကြ၏လော၊ ပျော်ရွှင်ကြ၏လော ဟူသော စူးစမ်းသည့် အကြည့်မျိုးသည် အမြဲပေါ်လွင်လျက် ရှိ၏။ ထို့ကြောင့် ပိယာရောက်လာလျှင် အားလုံးပင် ပျော်ရွှင်ကျေနပ်လျက် ရှိကြလေသည်။

ယခင်ကမူ ပိယာသည် စကားများများပြော၏။ စကားပြောတိုင်းလည်း စိတ်လိုက်မာန်ပါ ပြောလေ့ရှိ၏။ တစ်ဖက်သား၏ စကားကို နားထောင်သည့်အခါ ဟူ၍ မရှိလှချေ။ ယခုမူ ပိယာသည် စကားများများ မပြောတော့ချေ။ တစ်ဖက်သား၏ စကားကို နားထောင်ရကောင်းမှန်း သိလာခဲ့လေပြီ။ ထိုအခါတွင် လူများကလည်း ၎င်းတို့၏ အတွင်းအကျဆုံး လျှို့ဝှက်ချက်များကို အလွယ်တကူ ပြောပြကြသည်သာ ဖြစ်လေသည်။

ပိယာ၏ အစ်မတော်ဝမ်းကွဲဖြစ်သူ ပထမမင်းသမီးကြီးမှာ ပိယာကို များစွာ မနှစ်သက်လှချေ။ ပိယာ၏ ခမည်းတော်မြို့စားကြီး ဘီးဇူးကော့ဗ် ကွယ်လွန်ပြီးသည့်နောက်၌ကား မိမိသည် ပိယာ၏ ကျေးဇူးခံ ကျေးဇူးစား ဘဝသို့ ရောက်ခဲ့ရလေပြီဟု စိတ်တွင် စွဲကာ ပိယာကို ပို၍ မုန်းတီးစက်ဆုပ်လာခဲ့၏။ သို့ရာတွင် မည်မျှပင် မုန်းတီးစေကာမူ ပိယာအား ပြုစုစောင့်ရှောက်ရန် ဝတ္တရားရှိသည်ဟု ယူဆကာ အိုရဲသို့ ရောက်လာခဲ့သည်။ ထိုအခါ၌ကား ပထမမင်းသမီးကြီးမှာ ပိယာအား ယခင်ကလို မုန်းတီးခြင်းမရှိတော့ဘဲ အချစ်ဝင်လာခဲ့လေပြီ။ ပထမ မင်းသမီးကြီးသည် ဤအဖြစ်ကို ကြည့်၍ အံ့သြခြင်း ဖြစ်ရသေး၏။ ပိယာကလည်း ပထမ မင်းသမီးကြီးအပေါ်တွင် ဆိုးသွမ်းခြင်း မရှိတော့ဘဲ စိတ်ဝင်စားစွာဖြင့် အကဲခတ်လျက် ရှိ၏။ ယခင်ကမူ ပိယာသည် မိမိအား သူစိမ်းပြင်ပြင်သဖွယ် ဆက်ဆံကာ မထီမဲ့မြင်ပြုသည်ဟု ထင်သည့်အလျောက် ပထမ မင်းသမီးကြီးသည် ပိယာအား အမြဲတမ်း ရန်လိုခဲ့၏။ ငြူစူခဲ့၏။ သို့ရာတွင် ပိယာသည် မိမိ၏ အရည်အချင်းများထဲမှ အဆိုးကို ဥပေက္ခာပြု၍ အကောင်းကိုသာ ရှေ့ရှုရှာဖွေလျက် ရှိသည်။ မိမိနှလုံးသားအတွင်းမှ အမွန်မြတ်ဆုံးသော အရာများကို လိုက်လံရှာဖွေနေသည်ဟု သတိထားမိသည့်အခါ၌ကား ပထမမင်းသမီးကြီးသည် (အစတွင် သံသယ ရှိနေသေးသော်လည်း နောင်တွင် ကျေးဇူးတင်စွာဖြင့်) သိုဝှက်ဖုံးကွယ်ထားသော မိမိ၏ စိတ်နေ သဘောထားများကို ဖွင့်ထုတ်ပြလိုက်လေသည်။

ပထမမင်းသမီးကြီးကဲ့သို့ မိန်းမမျိုးသည် များစွာ နားလည်ရခက်သော မိန်းမမျိုး ဖြစ်၏။ သူတစ်ပါးကို မယုံသင်္ကာဖြစ်တတ်၏။ ငြူစူတတ်၏။ သို့ရာတွင် ယခုမူ ပိယာသည် ပထမမင်းသမီးကြီး၏ ယုံကြည်မှုကို ရခဲ့လေပြီ။ အချစ်ဝင်ခြင်းကို ခံခဲ့ရလေပြီ။ ဤနေရာ၌ကား ပေါင်းသင်းဆက်ဆံရေး၌ အကျွမ်းကျင်ဆုံးဆိုသော လူတစ်ယောက်သည်ပင် ပိယာလောက် စွမ်းဆောင်နိုင်မည်မထင်ချေ။ ဤမျှခက်ထန်မာကျောလျှက် မာနကြီးသည့် ပထမမင်းသမီးကြီး၏ ယုံကြည်မှုကိုရအောင် ပိယာ စွမ်းဆောင်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ခြင်းမှာ အခြားကြောင့်မဟုတ်။ ပထမမင်းသမီးကြီး၏ ကြင်နာသနားတတ်သော အရည်အချင်းများ၊ ကောင်းမွန်သော အရည်အချင်းများကိုသာ ကြည့်တတ်ခြင်းကြောင့် ဖြစ်လေသည်။

'အင်း တကယ်ဆိုတော့ မောင်တော်လေးဟာ စိတ် ရင်းကောင်းရှာပေသားပဲ။ သူ့ခမျာ အပေါင်းအသင်း မကောင်းလို့ ဒီလိုဖြစ်နေရရှာတာပဲ။ ငါ့လိုလူမျိုးတွေနဲ့ သာနေရရင် သူ့ခမျာ ဒီလိုလူဆိုးတစ်ယောက် ဖြစ်ခဲ့မှာ မဟုတ်ဘူး'ဟု ပထမမင်းသမီးကြီးကလည်း တွေးမိ၏။

ပိယာ၏ ပြောင်းလဲချက်များကို ပိယာ၏ ကျွန်ယုံတော်ကြီးများဖြစ်သော တီရန်တီနှင့် ဗာစကာတို့ကလည်း ၎င်းတို့၏ ရှုထောင့်မှ ၎င်းတို့၏ အမြင်သစ်ဖြင့် သတိပြုမိကြ၏။ ၎င်းတို့စိတ်၌ သခင်လေးပိယာသည် ယခင်ကထက် ဟန်ဆောင်မှုကင်းသည်ဟု ထင်၏။ ရိုးသားသည်ဟု ထင်၏။ တီရန်တီသည် သခင်လေး ပိယာအား ညအိပ်အဝတ်အစားလဲ ပေး၍ နှုတ်ဆက်ပြီးနောက် ဖိနပ်များ၊ အဝတ်များကို သိမ်းဆည်းခြင်း မပြုနိုင်သေးဘဲ ပိယာက စကားလမ်းကြောင်းပေးမည့် အချိန်ကို စောင့်နေတတ်သည်။ ပိယာကလည်း ၎င်း၏ ကျွန်ယုံတော်ကြီး တီရန်တီ စကားပြောလိုသေးသည်ကို သတိပြုမိသည့် အခါ၌ စကားလမ်းကြောင်း ပေးတတ်သည်။

"ဘယ့်နယ်လဲဗျို့၊ ရန်သူလက်အောက်မှာ နေခဲ့ရတုန်းက အစားအသောက်များကော ဝဝလင်လင် စားခဲ့ကြရရဲ့လား"ဟု ပိယာက မေးတတ်သည်။

ထိုအခါ၌ တီရန်တီက မော်စကိုမြို့ကြီး ပျက်စီးပုံကို လည်းကောင်း၊ မြို့စားကြီး ဘီဇူးကော့ဗ်အကြောင်းကို လည်းကောင်း ပြောပြတတ်၏။ တစ်ခါတစ်ရံ၌လည်း ပိယာ ချွတ်ပေးသည့် ဖိနပ်နှင့် အဝတ်အစားများကို လက်တွင် တန်းလန်းကိုင်ထားရင်း ပိယာတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို နားထောင်နေတတ်သည်။ ထို့နောက် မိမိ၏သခင်နှင့် ရင်းနှီးစွာ ဆက်ဆံရခြင်းကြောင့် ဖြစ်သော ကြည်နူးသည့်စိတ်၊ သခင်ကို ပို၍ မြတ်နိုးသည့် စိတ်တို့ ရင်ဝယ် တဖွားဖွားဖြစ်ပေါ်လာရင်းက နှုတ်ဆက်၍ ထွက်ခွာသွားတတ်လေသည်။

ပိယာအား နေ့စဉ် လာကြည့်၍ ဆေးကုပေးသော သမားတော်ကြီးပင် (သတ္တဝါဝေနေယျတို့အား ကယ်တင်ရေးအတွက် မိနစ်နှင့်အမျှ အရေးကြီးနေသော လူတစ်ယောက်၏အသွင်ကို ဆောင်ခြင်းသည် ဆေးသမားတို့၏ မဟာဝတ္တရားကြီးဖြစ်သည်ဟု ယူဆသည့်အလျောက် ပြန်မည်တကဲကဲဖြင့် ဖင်တကြွကြွလုပ်တတ်သည့်တိုင်) ပိယာနှင့်အတူ နာရီပေါင်းများစွာ ထိုင်၍ ရယ်စရာ အဖြစ်အပျက်များ၊ လူနာများ၊ အထူးသဖြင့် မိန်းမလူနာများ၏ စိတ်သဘောထားများကို ပြောပြတတ်လေသည်။

"မြို့စားလေးလို လူနဲ့စကားပြောရတာ ပျော်စရာအကောင်းသားဗျ။ ကျုပ်တို့တောက မြို့စားတွေနဲ့တော့ ကွာဘိခြင်းဗျာ"ဟု သမားတော်ကြီးက ပြောတတ်၏။

ပြင်သစ်စစ်တပ်ကြီးမှ ဖမ်းဆီးရမိခဲ့သော သုံ့ပန်းများလည်း အိုရဲတွင် ရောက်ရှိနေရာ သမားတော်ကြီးသည် အီတလီလူမျိုးတပ်ဗိုလ်တစ်ဦးကို တစ်နေ့တွင် ပိယာထံသို့ ခေါ်လာခဲ့လေသည်။

အီတလီတပ်ဗိုလ်မှာ ပိယာနှင့် တွေ့ရခြင်းကြောင့် များစွာ ပျော်ရွှင်လျက် ရှိပုံရ၏။ ထိုတပ်ဗိုလ်သည် ၎င်း၏ အဖြစ်အပျက်များ၊ အချစ်ကိစ္စများနှင့်တကွ ပြင်သစ်များနှင့် နပိုလီယန်ကို မုန်းတီးစက်ဆုပ်ကြောင်းကိုပါ ဖွင့်ပြောတတ်၏။

"ရုရှားလူမျိုးတွေ အားလုံးသာ မြို့စားလေးလို ပုဂ္ဂိုလ်မျိုးချည်းဆိုရင်တော့ ဒီလိုလူမျိုးတစ်မျိုးကို စစ်ပြုရခြင်းဟာ တိတ္ထိတက္ကတွန်းတွေရဲ့ သာသနာဖျက်လုပ်ငန်းကို လုပ်ခြင်းနဲ့ ဘာမှ မခြားဘူးဗျ။ ကြည့်စမ်းပါဦးဗျာ၊ မြို့စားလေးဟာ ပြင်သစ်တွေကြောင့် ဒုက္ခသုက္ခတွေ ရောက်ခဲ့လျက်သားနဲ့ သင်တို့အပေါ်မှာ အာဃာတစိတ်မျိုး မရှိအောင် ထားနိုင်တာကဖြင့် တကယ်အံ့စရာပါပဲ"

အီတလီတပ်ဗိုလ်က ပိယာကို ပြောပြ၏။

အီတလီတပ်ဗိုလ်က ပိယာအား ဤမျှ ချစ်ခင်လေးစားနေခြင်းမှာ အခြားကြောင့် မဟုတ်။ ပိယာသည် အီတလီတပ်ဗိုလ်၏ အကောင်းဆုံးသော သဘာဝများကို ဖော်ထုတ်ချီးကျူးနိုင်ခြင်းကြောင့် ဖြစ်လေသည်။

အိုရဲမှ ပိယာပြန်ခါနီး၌ ပိုလန်မြို့စား ဝီလာစွာကီလည်း ပိယာ့ထံသို့ လာရောက်လည်ပတ်၏။ မြို့စား ဝီလာစွာကီမှာ ၁၈၀၇-နှစ်က ပိယာအား ညီအစ်ကိုတော်ဂိဏ်းသို့ သွတ်သွင်းပေးခဲ့သူ ဖြစ်သည်။ ဝီလာစွာကီ၏ ကြင်ရာတော်မှာ ရုရှားသူကြွယ်တစ်ဦး၏ သမီးဖြစ်၍ အိုရဲ

www.burmeseclassic.com

www.burmeseclassic.com

တွင် ပိုင်စားနယ်မြေကြီးတစ်ခု ရှိ၏။ ယခုမူ ဝိလာစွာကိုသည် အိုရဲတွင် အခြေချကာ ထောက်ပံ့ရေးဌာနတွင် ယာယီအမှုထမ်းလျက် ရှိပေ၏။

ဝိလာစွာကိုသည် ပိယာနှင့် ယခင်က များစွာ ရင်းနှီးခြင်း မရှိချေ။ သို့ရာတွင် အိုရဲသို့ ပိယာရောက်နေသည်ဟု ကြားသည်၌ လူသူမနီး သဲကန္တာရကြီးတစ်ခုထဲတွင် လူတစ်ဦးနှင့်တစ်ဦး တွေ့ကြသည့်အခါ ဖြစ်ပေါ်လေ့ရှိသော ခင်မင်ရင်းနှီးခြင်းမျိုး၊ ဝမ်းသာခြင်းမျိုးဖြင့် ပိယာ့ထံ လာရောက်တွေ့ဆုံခြင်း ပြုလေသည်။ ဝိလာစွာကိုသည် အိုရဲတွင် နေထိုင်ရသည်မှာ ငြီးငွေ့လျက် ရှိပြီဖြစ်ရကား ယခုကဲ့သို့ မိမိ၏ အသိုင်းအဝိုင်း (ငင်း၏အထင်) မိမိနှင့် ဝါသနာချင်းတူသော ပိယာနှင့် တွေ့ရသည့်အခါတွင် များစွာ ဝမ်းသာလျက် ရှိလေသည်။

သို့ရာတွင် ပိယာမှာ ခေတ်နောက်ကျ၍ ကျန်ရစ်ခဲ့ကာ အရာရာကို ဥပေက္ခာပြုတတ်လွန်းသည်ဟု ဝိလာစွာကိုး၏ စိတ်၌ ထင်မိ၏။

"အိမ်၊ ရောင်းရင်းကတော့ ဖြစ်ကထတ်ဆန်းကို နေတော့တာပဲနော"ဟု ဝိလာစွာကိုက ဆို၏။

မည်သို့ဆိုစေ ဝိလာစွာကိုမှာ ပိယာနှင့် တွေ့ဆုံရခြင်းကို ယခင်ကထက် ကျေနပ်လျက်ရှိကာ နေ့စဉ်နေ့တိုင်း လာရောက်လည်ပတ်လျက် ရှိလေသည်။ ပိယာအဖို့ကား ဝိလာစွာကိုး၏ စကားများကို နားထောင်ရင်း ဝိလာစွာကိုမှာ ယခင်နှင့် မည်သို့မျှ ပြောင်းလဲခြင်းမရှိဟု ထင်မှတ်လျက် ရှိလေသည်။

ဝိလာစွာကိုသည် အိမ်ထောင်နှင့် လူတစ်ယောက် ဖြစ်သည့်အတွက် ငင်း၏ အိမ်ထောင်တာဝန်များ၊ ကြင်ရာတော်၏ကိစ္စများ၊ အလုပ်ဝတ္တရားများနှင့် အမြဲတမ်း အလုပ်များနေတတ်သည်။ ဤတာဝန်များသည် ငင်း၏ ဘဝတွင် အဟန့်အတား၊ အနှောင့်အယှက် ဖြစ်လျက်ရှိသည်ဟု ဝိလာစွာကို ထင်၏။ ဤတာဝန်များသည် မိမိတစ်ဦးတည်းနှင့်တကွ မိမိ၏ သားမယားကောင်းစားရေးအတွက်မျှသာ ဖြစ်ခြင်းကြောင့် စက်ဆုပ်ဖွယ်ကောင်းသည်ဟုလည်း ထင်၏။ ဝိလာစွာကိုသည် စစ်ရေးကိစ္စများ၊ အုပ်ချုပ်ရေးကိစ္စများ၊ နိုင်ငံရေးကိစ္စများနှင့် ညီအစ်ကို တော်ဂိုဏ်း၏ ကိစ္စများကိုသာ စိတ်ဝင်စားလျက် ရှိသည်။ ပိယာသည် အခြားသူများ၏ ထင်မြင်ချက်များကို ပြောင်းလဲခြင်းပြုရန်လည်း မကြိုးစား၊ ထိုသို့ ထင်မြင်ချက်ရကောင်းလားဟု ရှုတ်ချပြစ်တင်ခြင်းလည်း မလုပ်ဘဲ ၎င်း၀သိအတိုင်း ခပ်ပြုံးပြုံးဖြင့် ကြည့်ကာ မိမိအဖို့ ထူးဆန်းလျက်ရှိသည့် အခြင်းအရာများကိုသာ စိတ်ဝင်စားနေမိသည်။ ယခုသော် ထိုအရာများသည် ပိယာ့အဖို့ ထူးဆန်းလျက် ရှိလေပြီ။

ဝိလာစွာကို၊ ပထမမင်းသမီးကြီး၊ သမားတော်ကြီး စသည့် လူများအားလုံးနှင့် ဆက်ဆံရာတွင် ပိယာ၏ အသွင်အပြင်မှာ ပြောင်းလဲလာခဲ့သည်။ ထိုသို့ ပြောင်းလဲလာခဲ့ခြင်းကြောင့်လည်း အများ၏ ချစ်ကြည်လေးစားခြင်းကို ခံခဲ့ရသည်။ တိုက်တွန်းဩဝါဒပေးရုံမျှဖြင့် လူတစ်ယောက်၏ ယုံကြည်ချက်ကိုပြောင်းလဲစေခြင်းငှာ မတတ်နိုင်ဟု ပိယာသဘောပေါက်လာခဲ့သည်။ လူတိုင်းလူတိုင်းသည် မိမိတို့၏ ရှုထောင့်အသီးသီးမှ ရပ်၍ တွေးကြ၊ မြင်ကြ၊ ခံစားကြပေလိမ့်မည်ဟုလည်း သဘောပေါက်လာခဲ့၏။ ယခင်ကဆိုလျှင် ပိယာသည် မိမိနှင့် အယူအဆ အတွေးအခေါ် မတူသူများအား ငြိုးသူရန်ဘက် ကြီးပမာ သဘောထားခဲ့သည်။ ယခုမူကား ထိုသို့မဟုတ်တော့ပြီ။ ငင်းတို့သည်လည်း ငင်းတို့ ရှုထောင့်မှ မြင်ခွင့်၊ တွေးခွင့်နှင့် ခံစားခွင့်ရှိပေသည်ဟု သိမြင်လာခဲ့ကာ သနားခြင်း၊ စိတ်ဝင်စားခြင်း ဖြစ်လာခဲ့လေပြီ။ လူများ၏ ထင်မြင်ချက်ချင်း ခြားနားကြပုံ၊ ပဋိပက္ခဖြစ်ကြပုံ၊ ဘဝချင်း ကွာခြားကြပုံ၊ ဆန့်ကျင်ကြပုံကို မြင်သည့်အခါ၌ ပိယာသည် ကျေနပ်နှစ်သိမ့်ကာ တစိမ့်စိမ့်ပြုံးလျက် ရှိနေတတ်ပေသည်။

ပိယာသည် လက်တွေ့ဆောင်ရွက်ရမည့်ကိစ္စများကို ယခင်က စိတ်မဝင်စားခဲ့ချေ။ ယခုမူ ထိုအလုပ်များကို စိတ်ဝင်စားလာခဲ့လေပြီ။ ယခင်ကဆိုလျှင် ကျိကျိတက်ချမ်းသာ ကြွယ်ဝသူတစ်ဦးတို့ ကြုံတွေ့မြဲ ဓမ္မတာအတိုင်း ပိယာထံသို့ ငွေရေးကြေးရေးကိစ္စနှင့် ပတ်သက်၍ လာရောက် အကူအညီတောင်းသူများ ဒုနှင့်ဒေး ရှိခဲ့၏။ ထို အခါမျိုး၌ ပိယာသည် မိမိထံ လာရောက်အကူအညီတောင်းသူအား 'ပေးရအံ့လော၊ မပေးဘဲ နေရအံ့လော'ဟု ဝေခွဲမရဖြစ်ခဲ့သည်။ 'သူတို့တောင်းသော အကူအညီသည် သူတို့၌ လို၏။ ငါ၌လည်း ပေးနိုင်သော အရည်အချင်း ရှိ၏။ သို့ရာတွင် လောကဌ၌ လူလိမ်များသာ ပေါများ၏။

www.burmeseclassic.com

www.burmeseclassic.com

ငါ မည်သူ့စကားကို ယုံရမည်နည်း' စသဖြင့် ဝေခွဲမရ ဖြစ်ရ၏။ သို့သော်လည်း နောက်ဆုံးတွင် မည်သူမည်ဝါဟု ခွဲခြားခြင်း မပြုနိုင်တော့ဘဲ လာရောက်တောင်းခံသူမှန် သမျှကို အိတ်သွန်ဖာမှောက်ပေးလိုက်သည်ချည်းသာ ဖြစ်၏။ မိမိ၏ ပစ္စည်းဥစ္စာများနှင့် ပတ်သက်၍လည်း တစ်ယောက်တစ်မျိုး အကြံပေးကြသည်၌ မည်သည့်အကြံကို လိုက်နာရမှန်းမသိခဲ့အောင် ဖြစ်ကာ မည်သို့ စီမံခန့်ခွဲရမည်ကို ဝေခွဲမရအောင် ဖြစ်ခဲ့ရသည်။

ယခုသော်ကား ဤကိစ္စများနှင့် စပ်လျဉ်း၍ ဝေခွဲမရဖြစ်ခြင်း၊ အကြံခက်ခြင်း စသည်တို့ မရှိတော့ချေ။ သင့်မသင့်၊ ရာမရာ၊ ကောင်းမကောင်းကို ပိုင်းခြားဆုံးဖြတ်နိုင်သည့် အတတ်သည် ပီယာ၏ ကိုယ်တွင်း၌ ကိန်းဝပ်လျက် ရှိလေပြီ။

ငွေရေးကြေးရေးကိစ္စများ၌မူ ပီယာသည် ယခင်ကကဲ့သို့ ဥပေက္ခာပြုထားမြဲပင် ဖြစ်၏။ သို့ရာတွင် မည်သည့်အရာကို လုပ်သင့်၍၊ မည်သည့်အရာကို မလုပ်သင့်ဟူ၍ကား ပီယာ ကောင်းစွာ သိခဲ့လေပြီ။ တစ်ခါက ဗိုလ်မှူးကြီး အဆင့်အတန်းရှိ ပြင်သစ် သံ့ပန်းတစ်ယောက်သည် ပီယာ့ထံသို့ ရောက်လာ၏။ ၎င်းက ၎င်း၏ စွန့်စားမှုများကို ရှည်လျားစွာ ပြောပြပြီးသည့် အဆုံး၌ ၎င်း၏ သားမယားများအတွက် ဖရန့်ငါးလေးထောင်ပေးရန် တောင်းလေသည်။ ပီယာသည် ခါတိုင်းကဲ့သို့ နူတ်လေးခြင်းမရှိ၊ အားနာခြင်း မရှိဆော့ဘဲ မပေးနိုင်ဟု ပြောင်ပြောင်တင်းတင်း ငြင်းလွှတ်လိုက်ပုံး၏။ ပီယာသည် ယခင်က ဤသို့ ငြင်းပယ်ရမည်ကို အားနာသလောက်၊ ယခုလွယ်ကူစွာ ငြင်းပယ်လိုက်နိုင်ခြင်းအတွက် မိမိကိုယ်ကို မိမိပင် အံ့ဩရသေး၏။ ထိုကတည်းက ပီယာသည် တကယ်လိုသူကိုသာ အကူအညီပေး၍ တကယ် မလိုသူကို အကူအညီ ပေးခြင်း မပြုမိရန် သင်ခန်းစာ ရခဲ့လေသည်။ ဤသို့ ပြင်သစ်သံ့ပန်းကို ငြင်းပယ်လိုက်သည်နှင့် တစ်ချိန်တည်း မှာပင် တကယ်အသုံးလိုနေသော အိတလီသံ့ပန်းကို လိုသမျှ အကူအညီပေးရန်လည်း ဆုံးဖြတ်လိုက်လေသည်။ မော်စကိုမြို့ထဲနှင့် အနီးတစ်ဝိုက်ရှိ စံအိမ်များကို ပြန်လည် ပြင်ဆင်ရေး၊ ကွယ်လွန်သူ ကြင်ရာတော်၏ ကြွေးမြီများကို ဆပ်ရေးကိစ္စများ၌လည်း ပီယာသည် ပြတ်ပြတ်သားသားပင် ဆုံးဖြတ်ခဲ့လေသည်။

ပီယာရှိနေသည့် အတောအတွင်း ပီယာ၏ စာရင်းဒိုင်ချုပ်သည် အိုရဲသို့ ရောက်ရှိလာ၏။ ပီယာသည် မိမိ၏ လယ်ထောက်ခဝင်ငွေများ လျော့သည့်ကိစ္စနှင့် ပတ်သက်၍ စာရင်းဒိုင်ချုပ်နှင့် တိုင်ပင်ခြင်း ပြု၏။ စာရင်းဒိုင်ချုပ်တွက်ချက်ပြသည့်အတိုင်းဆိုလျှင် မော်စကိုမြို့ကို မီးလောင်စဉ်က ပီယာ ဆုံးရှုံးလိုက်သည့် ပစ္စည်းများ၏ တန်ဖိုးမှာ ငွေဒင်္ဂါးနှစ်သန်းခန့် ရှိပေသည်။

ကွယ်လွန်သူ ကြင်ရာတော်၏ ကြွေးမြီများကို ပေးဆပ်ခြင်း မပြုလျှင် ဝင်ငွေများများ လျော့မည် မဟုတ်သည်ပြင် တိုးရပင် လာဦးမည်ဖြစ်ကြောင်း၊ ကြင်ရာတော်၏ ကြွေးမြီများကို ပေးဆပ်ရန် ပီယာ၌ မည်သည့်တာဝန်မျှ မရှိကြောင်း၊ မော်စကိုမြို့ထဲနှင့် အနီးတစ်ဝိုက်ရှိ စံအိမ်များကို ပြန်လည်မွမ်းမံဆောက်လုပ်၍လည်း အကျိုးမထူးကြောင်း၊ ထိုစံအိမ်များအတွက် တစ်နှစ် တစ်နှစ်လျှင် ငွေဒင်္ဂါးရှစ်သောင်းမျှ ကုန်ကျနေကြောင်းဖြင့် စာရင်းဒိုင်ချုပ်က အကြံပေး၏။

"အိမ်း၊ စာရင်းဒိုင်ချုပ်ပြောတာကတော့ အမှန်ပဲဗျ" ပီယာက ခပ်ပြုံးပြုံးဖြင့် ဆို၏။

"ကဲ၊ ဒီလိုဆိုလဲ ဒီအတိုင်း လုပ်ဗျာ။ ကျုပ်မှာလဲ ဒီစံအိမ်တွေ လိုမှ မလိုဘဲ။ ကျုပ်တော့ ဒီလိုပျက်စီးတဲ့ကြားထဲက ပိုပြီး ချမ်းသာလာပြန်ပေတာပေါ့"

သို့ရာတွင် ဇန်နဝါရီလထဲ၌ မိမိ၏ ကျွန်ယုံတော်ကြီးတစ်ဦးဖြစ်သူ ဆာဗေလစ် ရောက်လာပြန်ကာ ငွေစာရင်းရှင်းတမ်းများကို တင်ပြ၏။ မော်စကိုမြို့ရှိ စံအိမ်နှင့် တောစံအိမ်ကို ပြင်ရန် ကုန်ကျမည့် ငွေစာရင်းကို ဗီသုကာတစ်ဦးက တွက်ပြထားသည့်အတိုင်း တင်ပြကာ ပြင်ဆင်ရန် အစစအရာရာ စီမံပြီး ဖြစ်ကြောင်းဖြင့်လည်း ပြောပြ၏။ ထိုအချိန်လောက်မှာပင် ယောကျ္ဃမဖြစ်သူ မင်းသားကြီး ဗာစီလီနှင့်တကွ ပီတာစဘတ် ရွှေမြို့တော်ရှိ အခြားမိတ်ဆွေများထံမှလည်း ပီယာသည် ကြင်ရာတော်၏ ကြွေးများကို ဆပ်သင့်ကြောင်းဖြင့် စာများ ရောက်လာ၏။ ဤတွင် မိမိကျေကျေနပ်နပ် လက်ခံခဲ့သော စာရင်းဒိုင်ချုပ်၏ အကြံပေးချက်များသည် မှားသည်ဟု ယူဆကာ ပီတာစဘတ် ရွှေမြို့တော်သို့ သွားရောက်၍ ကြင်ရာတော်၏ ကြွေးမြီများကို ပေးဆပ်ရန် ဆုံးဖြတ်လိုက်ပြန်သည်။ မော်စကိုမြို့ရှိ စံအိမ်ကိုလည်း ပြင်ဆင်ရန်

www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်လိုက်သည်။ ပိယာသည် မည်သည့်အတွက်ကြောင့် ဆုံးဖြတ်ချက်ပြောင်းရကြောင်းကို စဉ်းစားမရသော်လည်း မပြောင်း၍ မဖြစ်ဟု ယူဆမိလေသည်။ ပိယာ၏ ဝင်ငွေမှာ ကြင်ရာတော်၏ ကြွေးမြီများ ပေးဆပ်ရခြင်း၊ စံအိမ်ကို ပြင်ဆင်ရခြင်းတို့ကြောင့် လေးပုံသုံးပုံမျှ လျော့သွားတော့မည် ဖြစ်သော်လည်း မတတ်နိုင်တော့ချေ။

ဝိလာစွာကိမှာ မော်စကိုမြို့သို့ သွားရန် ကြိုရွယ်လျက်ရှိရာ ပိယာသည် ဝိလာစွာကိနှင့်အတူ မော်စကိုသို့ သွားရန် ဆုံးဖြတ်လိုက်လေသည်။

အိုရဲ၌ နာလန်ထစဉ် နေထိုင်သည့် အတောအတွင်း ပိယာမှာ လွတ်လပ်ခြင်း၊ ပျော်ရွှင်ခြင်း၊ လူ့အဖြစ်သို့ ရောက်လာရခြင်းတို့၏ အရသာကို ခံစားရ၏။ ခရီးထွက်လာခဲ့၍ မျက်နှာစိမ်းများကို မြင်ရသည့်အခါ၌ကား ပိယာ၏ ပျော်ရွှင်ခြင်းမှာ ဆိုဖွယ်မရှိတော့ချေ။ ခရီးတစ်လျှောက်လုံး၌ ပိယာသည် အားလပ်ရက်ရသော ကျောင်းသားငယ် တစ်ယောက်သဖွယ် မြူးထူးလျက် ရှိ၏။ ရထားမောင်းသူ၊ စခန်းထောက်ကြီးကြပ်ရေးမှူးများ၊ လမ်းတစ်လျှောက်တွင် တွေ့မြင်ခဲ့ရသော လယ်သမားများ စသည့် မြင်မြင်သမျှတို့သည် ပိယာ့အဖို့ အသစ်အဆန်းဖြစ်လျက် ရှိကြ၏။ ဝိလာစွာကိမှာ ရုရှားနိုင်ငံကြီး အသိပညာခေါင်းပါးပုံ၊ ဆင်းရဲပုံ၊ ဥရောပနှင့် နှိုင်းစာသော် ခေတ်နောက်ကျပုံတို့ကို တစ်လမ်းလုံးပြောဆိုလာခဲ့ရာ ပိယာသည် ၎င်း၏ စကားများကို နားထောင်ရင်း ကြည်နူးစွာ လိုက်ပါလာခဲ့သည်။ ဝိလာစွာကိက မကောင်းသည့်အရာများကိုသာ မြင်နေသည့် အခါ၌ ပိယာမှာ ကောင်းသည့်အရာ၊ မျှော်လင့်ချက်ရှိသည့်အရာတို့ကိုသာ မြင်နေသည်။ တဝန်းတလျားကြီး ရှိသော နှင်းခဲပြင်ကြီးထဲ၌ ရိုးသားသော၊ ထူးခြားသော ရုရှားလူမျိုးများအား နေ၍ ဖြစ်အောင် ဖန်တီးပေးသော ရုရှားလူမျိုး၏ ခွန်အားသတ္တိကိုသာ မြင်နေသည်။ သို့ရာတွင် ပိယာသည် ဝိလာစွာကိအား မည်သို့မျှ ငြင်းခုံခြင်း မပြုချေ။ ငြင်းခုံ၍လည်း မည်သို့မျှ အကျိုးထူးမည် မဟုတ်သည့်အတွက် သဘောတူသည့်ပမာ ဆိတ်ဆိတ် နားထောင်ရင်း ပြုံးလျက် လိုက်ပါလာလေသတည်း။

အခန်း ၁၄

အုပ်ချုပ်သည့်အခါ၌ ပိုးပုရွက်များသည် ထိုမှတ်ချက်ပြေးသွားကြ၏။ မည်သည့်အတွက်ကြောင့် ပြေးသွားကြသနည်း။ မည်သည့်နေရာကို ပြေးသွားကြသနည်း။ ထိုပုစ္ဆာတို့ကို ဖြေဖို့ မလွယ်ချေ။ အချို့ပိုးပုရွက်တို့သည် အသေကောင်များ၊ ဥများ၊ အစာများကို ကိုက်ချီ၍ အုံမှထွက်လာကြ၏။ အချို့ကား အုံသို့ သွားကြ၏။ ၎င်းတို့သည် မည်သည့်အတွက်ကြောင့် တစ်ကောင့်တစ်ကောင် တိုးဝှေ့နေကြသနည်း။ မည်သည့်အတွက်ကြောင့် ကျော်တက်ကြသနည်း။ မည်သည့်အတွက်ကြောင့် ခေါင်းချင်းဆိုင်နေကြသနည်း။ ဤပုစ္ဆာများကို ဖြေဆိုရန်မလွယ်သည့်နည်းတူ ပြင်သစ်တို့ ဆုတ်ခွာသွားသည့်နောက်၌ ရုရှားလူမျိုးများသည် တစ်ခါက မော်စကိုမြို့ကြီး တည်ရှိခဲ့ဖူးသောနေရာသို့ မည်သည့်အတွက်ကြောင့် စုပြုံလာရောက်နေကြခြင်း ဖြစ်သနည်းဟူသော အချက်ကိုလည်း ဖြေဆိုရန် မလွယ်လှချေ။ သို့ရာတွင် ကျွန်ုပ်တို့သည် အုံပျက်အနီး၌ လှုပ်ရှားနေသော ပိုးပုရွက်တို့ကို စောင့်ကြည့်သည့်အခါ၌ ၎င်းတို့တွင် ပုရွက်အုံကြီး ပျက်စီးသွားခဲ့သော်လည်း ဖျက်ဆီး မရနိုင်သည့်အရာတစ်ခုသည် ဆက်လက်တည်ရှိနေသေးကြောင်းကို တွေ့ရမည်ဖြစ်ပေသည်။ ယင်းသည်သာလျှင် ပိုးပုရွက်တို့၏ တကယ့်အင်အား ဖြစ်ပေသည်။ ထောင်ပေါင်းများစွာသော ပိုးပုရွက်များ၏ လှုပ်ရှားမှု၊ ၎င်းတို့၏ စွမ်းရည်သတ္တိကလည်း ဤအချက်ကို ပြသလျက် ရှိလေသည်။ အလားတူပင် အောက်တိုဘာလထဲသို့ ရောက်သောအခါ မော်စကိုမြို့တွင် အစိုးရ ဟူ၍ မရှိတော့ချေ။ သာသနာရေးအဆောက်အအုံ၊ စေတီပုထိုးများ၊ အိုးအိမ်များ ဟူ၍လည်း မရှိတော့ချေ။ သို့သော်လည်း မော်စကိုမြို့သည် ရန်သူတို့ မသိမ်းပိုက်သေးမီ သြဂုတ်လထဲတုန်းကကဲ့သို့ပင် လှုပ်ရှားစည်ကားလျက် ရှိလေသည်။ မော်စကိုတစ်မြို့လုံးမှာ ပျက်စီးခဲ့လေပြီ။ သို့တိုင်အောင် စမ်းသပ်ဆုပ်ကိုင်၍ မရသော်လည်း တန်ခိုးစွမ်းပကားနှင့် ပြည့်စုံလျက် ဖျက်ဆီး၍ မရနိုင်သော အာရာတစ်ခုကား ကျန်ရစ်ခဲ့ပေသေးသည်။

ရန်သူတို့ မော်စကိုမှ ဆုတ်ခွာသွားသည့် အချိန်၌ မြို့တွင်းသို့ အစုလိုက် အပြုံလိုက် ဝင်ရောက်လာသူ

www.burmeseclassic.com

www.burmeseclassic.com

တို့မှာ အမျိုးအမည်များပြားလှသလောက် ရည်ရွယ်ချက်များလည်း ကွဲပြားခြားနားကြ၏။ အများစု၏ ရည်ရွယ်ချက်ကား လုယက် ယူငင်ရန် ဖြစ်လေသည်။ သို့ရာတွင် ၎င်းတို့အား လုံးဝ၌ တူညီသော ရည်ရွယ်ချက်တစ်ခုလည်း ရှိသေး၏။ ယင်းမှာ အခြားမဟုတ်။ မော်စကိုဟု ခေါ်သော နေရာသို့ အမြန်ဆုံး ရောက်ရှိကာ ထိုနေရာတွင် လူပ်ရှားသွားလာရန်ပင် ဖြစ်ပေသည်။

ရက်သတ္တတစ်ပတ်အတွင်း မော်စကိုမြို့၏ လူဦးရေမှာ တစ်သောင်းငါးထောင် ရှိလာ၍ ရက်သတ္တနှစ်ပတ်ကြာသောအခါ နှစ်သောင်းငါးထောင် ဖြစ်လာခဲ့လေပြီ။ ဤသို့ဖြင့် လူဦးရေသည် တစ်နေ့တခြား များပြားလာခဲ့၏။ ၁၈၁၃ ခု ဆောင်းဦးပေါက်၌ကား မော်စကိုမြို့၏ လူဦးရေမှာ ၁၈၁၂ ခုနှစ်ကထက်ပင် များပြားလာခဲ့လေပြီ။ သို့တိုင်အောင် တိုးပွားမြဲ တိုးပွားလျက် ရှိသေး၏။

မော်စကိုမြို့ထဲသို့ ပထမဆုံးဝင်လာသော ရုရှားလူမျိုးများမှာ ဗိုလ်ချုပ်ဝန်ဇင်ဂျိရိုဒီ၏ တပ်ခွဲမှ ကော့ဆက်မြင်းတပ်သားများ၊ ဆင်ခြေဖုံးရွာများမှ လယ်သမားများနှင့် မော်စကိုမှ ထွက်ပြေးကာ အနီးပတ်ဝန်းကျင်တွင် ခိုလှုံနေသူများ ဖြစ်လေသည်။ မော်စကိုမြို့တွင်းသို့ ဝင်လာသော ရုရှားလူမျိုးများသည် မော်စကိုမြို့ကြီးကို ပြင်သစ်တို့ လုယက်ဖျက်ဆီးသွားခဲ့သည့် အဖြစ်ကို မြင်သည်၌ ချမ်းသာမပေးကြဘဲ အကြွင်းအကျန်တို့ကို လုယက်ဖျက်ဆီးကြပြန်သည်။ ဤသို့ဖြင့် ပြင်သစ်တို့ အစပျိုးထားခဲ့သော လုယက်ခြင်းအမှုကို ရုရှားတို့က အမွေဆက်ခံ၍ ဆက်လက်လုပ်ဆောင်ကြပြန်သည်။ လယ်သမားတို့၏ ရှည်လျားလှသော လှည်းတန်းကြီးများသည် မော်စကိုမြို့တွင်းသို့ လိမ့်ဆင်းလာကြကာ အိမ်ပျက်များထဲတွင် လည်းကောင်း၊ လမ်းမများပေါ်တွင် လည်းကောင်း စွန့်ပစ်ကျန်ရစ်ခဲ့သည့် ပစ္စည်းများကို သယ်ဆောင်လျက် ပြန်လည် ထွက်ခွာသွားကြလေသည်။ ကော့ဆက်မြင်းတပ်များကလည်း သယ်ဆောင်နိုင်သမျှကို သယ်ဆောင်၍ စခန်းသို့ ယူသွားကြလေသည်။ အိမ်ရှိသူများကလည်း အခြားအိမ်များမှ တွေ့သမျှပစ္စည်းများကို သိမ်းယူကာ မိမိတို့ပိုင်ပစ္စည်း ဖြစ်လေဟန်ဖြင့် မိမိတို့အိမ်သို့ ပြောင်းရွှေ့ ယူငင်ခြင်းပြုကြလေသည်။

ဤသို့ဖြင့် ပထမအသုတ် လုယက်သူများ ရောက်ရှိ၍ မကြာမီ ဒုတိယအသုတ် လုယက်သူများ ရောက်လာကြ၏။ ဒုတိယအသုတ် ရောက်ပြီးလျှင် တတိယအသုတ် ရောက်လာပြန်၏။ လုယက်သူ ဦးရေသည် များသည်ထက် များလာကာ လုယက်ခြင်း အလုပ်ပင်လျှင် လွယ်လွယ်နှင့် ပြုလုပ်၍ မရတော့ဘဲ ပုံစံအမျိုးမျိုးကို ဆောင်လာလေတော့သည်။

ပြင်သစ်တို့သည် လူသူစွန့်ခွာလေပြီးသော မော်စကိုမြို့ကြီးကိုသာ တွေ့ခဲ့ကြ၏။ သို့သော်လည်း ကူးသန်းရောင်းဝယ်ရေးဌာနများ၊ အစိုးရ အဆောက်အအုံများ၊ သာသနာရေး အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများ စသည်တို့ကို တွေ့ရသေး၏။ ၎င်းတို့သည် အသက်ကင်းမဲ့လျက် ရှိကြသော်လည်း တည်ရှိမြဲ တည်ရှိနေကြသေး၏။ ဈေးများ၊ ဆိုင်ကန်နှားကြီးများ၊ ကုန်ရုံများ၊ ဈေးဆိုင်များ၊ စပါးစည်းများ(၎င်းတို့အား လုံးမှာ ပစ္စည်းအပြည့်ရှိသည်။)အပြင် စက်ရုံများ၊ အလုပ်ရုံများ၊ နန်းတော်များ၊ လူသုံးပစ္စည်း အသုံးအဆောင်တို့ဖြင့် ပြည့်လျက်ရှိသော သူကြွယ်အိမ်များ၊ ဆေးရုံများ၊ အကျဉ်းထောင်များ၊ အစိုးရ အဆောက်အအုံများ၊ သုဓမ္မာဇရပ်များ၊ ဘုရားရှိခိုးကျောင်းများ စသည်တို့ကို တွေ့ရ၏။ ပြင်သစ်တို့ အနေကြာလာသည်နှင့်အမျှ မြို့ကြီး၏ ပုံမှန်အခြေအနေသည် တဖြည်းဖြည်း ပျက်စီးလာခဲ့ကာ နောက်ဆုံး၌ ဗရုတ်ဗရက် လုယက်သောင်းကျန်းမှု၏ ရှုခင်းကြီးတစ်ခုအဖြစ်သို့ ပြောင်းလဲလာခဲ့၏။

ပြင်သစ်တို့က ဆက်လက်လုယက် သောင်းကျန်းကြသည်နှင့်အမျှ မော်စကိုမြို့၏ ဥစ္စာဓနနှင့် လုယက်သောင်းကျန်းသူ ပြင်သစ်တို့၏ အင်အားသည်လည်း ပို၍ပျက်စီးလာခဲ့လေသည်။ သို့ရာတွင် မော်စကိုမြို့ကြီးထဲသို့ ပြန်လည်ဝင်ရောက်လာသော ရုရှားများ၏ လုယက်သောင်းကျန်းမှုကား အကျိုးသက်ရောက်မှုတစ်မျိုး ဖြစ်ပေသည်။ ရုရှားတို့ လုယက်သောင်းကျန်းကြသည်နှင့်အမျှ လုယက်သောင်းကျန်းသူ ရုရှားဦးရေတိုးလာသည်နှင့်အမျှ မော်စကိုမြို့ကြီး၏ ဥစ္စာဓနသည် တိုးပွားသည်ထက် တိုးပွားလာကာ မြို့ကြီး၏ ပုံမှန်အခြေအနေသည် လျင်မြန်စွာ ဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းလာခဲ့လေသည်။

လုယက်သောင်းကျန်းသူများအပြင် အမျိုးမျိုးသော လူများသည် မော်စကို မြို့ထဲသို့ ဝင်ရောက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com

အချို့ကား အထူးအဆန်းသဖွယ် ကြည့်လိုစေဖြင့် ဝင်လာခဲ့ကြ၏။ အချို့ကား အစိုးရဝတ္တရားဖြင့် ရောက်ရှိလာကြ၏။ အချို့မှာ ကိုယ်ရေးကိုယ်တာကိစ္စဖြင့် လာခဲ့ကြ၏။ ၎င်းတို့အထဲ၌ အိမ်ပိုင်ရှင်များ၊ ဘုန်းတော်ကြီးများ၊ အစိုးရအမှုထမ်း အရာထမ်းများ၊ ဈေးသည်များ၊ လက်လုပ်လက်စားများ၊ လယ်သမားများ စသည်တို့ ဖြစ်ကြ၏။ ခန္ဓာကိုယ်တွင် လည်ပတ် သွားလာလျက်ရှိသော သွေးတို့သည် နှလုံးသို့ စီးဝင်သကဲ့သို့ ၎င်းတို့သည်လည်း မော်စကိုမြို့ထဲသို့ စီးဝင်လာကြလေသည်။

ရက်သတ္တပတ်အတွင်း၌ ပစ္စည်းများကို ဖောက်ထွင်းလုယက်ရန် လှည်းလွတ်များဖြင့် မော်စကိုမြို့ထဲသို့ ဝင်လာသော လယ်သမားများကို အာဏာပိုင်များက ရပ်တန့်စေ၏။ ထို့နောက် ထိုလှည်းများဖြင့် အလောင်းများကို မြို့ပြင်သို့ ဖယ်ထုတ်စေ၏။ ဤသို့ ပစ္စည်းတင်သွားသော လယ်သမားများကို အာဏာပိုင်များက အလောင်းကောက်ခိုင်းသည်ဟု ကြားသည့်အခါ၌ အခြားလယ်သမားများသည်၊ ဂျူး၊ ပြောင်း၊ ကောက်ရိုး စသည်တို့ကို တင်ဆောင်၍ မော်စကိုမြို့တွင်းသို့ ရောက်လာခဲ့ကာ အပြိုင်အဆိုင်ဈေးလျှော့၍ ရောင်းကြ၏။ လက်သမားများသည် လုပ်ခများများ ရလိမ့်မည်အထင်ဖြင့် မော်စကိုမြို့တွင်းသို့ နေ့စဉ်နှင့်အမျှ အစုလိုက် အစုလိုက် ရောက်ရှိလာကြ၏။ တစ်မြို့လုံး၌လည်း သစ်ခွဲသူ၊ အိမ်ဆောက်သူ၊ မီးလောင်ကျွမ်းသော အိမ်ဟောင်းကို ပြင်သူ စသည်ဖြင့် ပျားပန်းခပ်မျှဖြစ်လျက်ရှိကြ၏။ ဈေးသည်များသည် ဈေးဆိုင်များ၌ စတင်၍ အရောင်းအဝယ်ပြုလုပ်လျက် ရှိကြ၏။ တစ်ဝက်တစ်ပျက် လောင်ကျွမ်း ထားသည့်အိမ်များ၌ အစားအသောက်ဆိုင်များကို ပြန်လည်ဖွင့်လှစ်စ ပြုကြ၏။ မီးလောင်ကျွမ်းခြင်းမရှိသော သုခမ္မာဇရပ်များ၌ ဘုန်းတော်ကြီးများသည် သုခမ္မာ အစည်းအဝေးများ စတင်ကျင်းပကြ၏။ သုခမ္မာဇရပ်များမှ ပျောက်ဆုံးသွားသော ပစ္စည်းများအတွက် ဒါယကာ ဒါယိကာမများက လျှုဒါန်းကြ၏။ အစိုးရအမှုထမ်းများသည် ၎င်းတို့၏ ရုံးခန်းများ၌ စားပွဲများ၊ ဗီရိုများကို ပြန်လည်ခင်းကျင်း နေရာချကြ၏။ အုပ်ချုပ်ရေးအာဏာပိုင်များနှင့် ရဲအဖွဲ့များသည် ပြင်သစ်တို့ ယူမသွားနိုင်၍ ချန်ထားခဲ့သောပစ္စည်းများကို မြို့သူမြို့သားများသို့ ခွဲဝေပေးကြ၏။ အိမ်ရှင်များသည် အခြားအိမ်များမှ ပစ္စည်းများကို ၎င်းတို့အိမ်ပေါ်သို့ ယူတင်ကြ၏။ ကရင်မလင်နန်းတော်ထဲမှ ပစ္စည်းများကို ယူသွားကြခြင်းအတွက် အပြစ်တင်ကြ၏။ အချို့က ပြင်သစ်တို့မှာ အိမ်အသီးသီးမှ ရှိသမျှပစ္စည်းများကို လိုက်လံသိမ်းဆည်းကာ တစ်အိမ်တည်း၌ စုဆောင်းခဲ့သဖြင့် ၎င်းပစ္စည်းများကို အရှိအတိုင်း ပြန်လာသော အိမ်ရှင်အား ပေးရမည်ဆိုလျှင် တရားမျှတမည် မဟုတ်ကြောင်း ပြောဆိုလျက် ရှိကြ၏။ အိမ်ရှင်များသည် ရဲအဖွဲ့ဝင်များကို ဆဲရေးကြ၏။ လာဘ်ထိုးကြ၏။ မီးလောင်ကျွမ်းသော အစိုးရပစ္စည်းများ၏ တန်ဖိုးကို ဆယ်ဆတိုး၍ ခန့်မှန်းကြ၏။ ၎င်းတို့အား ကယ်ဆယ်ထောက်ပံ့ခြင်း ပြုရန် အစိုးရထံ တောင်းဆိုကြ၏။ မြို့သူမြို့သားများသည် ဤသို့ ပြုမြဲအမှုများကို ပြုလျက်ရှိသည့်နည်းတူ မော်စကိုမြို့ဝန် ရော့စတော့ချင်သည်လည်း ၎င်း၏ပြုမြဲဖြစ်သော အမိန့်ပြန်တမ်းများကို တစ်စောင်ပြီးတစ်စောင် ရေးထုတ်ခြင်းအမှုကို ပြုလျက်ရှိလေသတည်း။

အခန်း ၁၅

ဇန်နဝါရီလကုန်၌ ပီယာသည် မော်စကိုမြို့သို့ ရောက်ရှိလာခဲ့ပြီးနောက် မိမိစံအိမ်တော်၌ မီးလောင်ကျွမ်းခြင်း မခံရသော အဆောင်တစ်ဆောင်တွင် နေထိုင်လျက်ရှိလေသည်။ မြို့ဝန်ရော့စတော့ချင်နှင့်တကွ မော်စကိုမြို့သို့ ပြန်လည်ရောက်ရှိလာသော အသိအကျွမ်းများကိုလည်း လိုက်လံနှုတ်ဆက်လေသည်။ နောက်နှစ်ရက်ခန့်အကြာ၌ ပီတာစဘတ်ရွှေမြို့တော်သို့သွားရန်လည်း ကြိုရွယ်လျက်ရှိလေသည်။ မော်စကိုမြို့သူမြို့သားအားလုံးသည် အောင်ပွဲအထိမ်းအမှတ်များ ကျင်းပလျက်ရှိလေရာ အသက်ဝင်စပြုလာသော မြို့ပျက်ကြီးသည် လူးလွန့်လှုပ်ရှားလျက်ရှိလေသည်။ ပီယာကို တွေ့လျှင် အားလုံးက ဝမ်းသာကြ၏။ ပီယာကို လာတွေ့ကြ၏။ ပီယာ၏အဖြစ်အပျက်များကို မေးမြန်းစုံစမ်းကြ၏။ ပီယာသည် ၎င်းတို့အားလုံးကို ဖော်ရွေစွာ ဆက်ဆံသော်လည်း စကားအလွန်အကျွံ မပြောမိအောင် များစွာ သတိထားလျက်ရှိ၏။ မည်သည့်နေရာတွင် နေမည်နည်း၊ စံအိမ်တော်များကို ပြန်၍ဆောက်ဦးမည်လော၊ ပီတာစဘတ် ရွှေမြို့တော်ကို မည်သည့်ရက်

www.burmeseclassic.com

www.burmeseclassic.com

လောက်တွင် သွားမည်နည်း၊ မည်သူ့အတွက် လက်ဆောင်ထုပ်ကလေးတစ်ထုပ် ယူသွားနိုင်သလော စသည့်သေးဖွဲသော မေးခွန်းများကအစ ကြီးကျယ်သော မေးခွန်းများအထိ ပီယာသည် မည်သည့် မေးခွန်းကိုမျှ အတိအကျ မဖြေဘဲ "ဟုတ်ကဲ့၊ ဖြစ်ပါလိမ့်မယ်" သို့မဟုတ် "ကျွန်တော်လည်း ဒီအတိုင်း ထင်ပါတယ်" စသည်ဖြင့် မယုတ်မလွန် သာ ဖြေကြားခြင်းပြုလေသည်။

မြို့စားကြီး ရော့စတော့ဗ်တို့ မိသားစုမှာ ကိုစထရိမာတွင် ရောက်ရှိနေသည်ဟု ပီယာ ကြားရ၏။ သို့ရာတွင် ပီယာသည် နာတာရှာအကြောင်းကို များစွာ မတွေးမိတော့ချေ။ အကယ်၍ တွေးမိပြန်လျှင်လည်း ထိုအတွေးသည် ရှည်ဝေးသော အတိတ်ကာလက ကြည်နူးဖွယ် အဖြစ်အပျက်တစ်ရပ်ကို ပြန်လည်တွေးခြင်းမျိုးသာ ဖြစ်လေသည်။ ပီယာသည် သူ့ကိုယ်သူ လူမှုကိစ္စများ၊ လူမှုဝတ္တရားများမှ ကင်းဝေးလျက်ရှိသည်ဟု ထင်ရုံမျှမက ကိုယ့်ဒုက္ခ ကိုယ်ရှာသည့် အဖြစ်မျိုးဟု သူထင်သော အချစ်ကိစ္စမျိုးမှလည်း ကင်းဝေးလျက်ရှိသည်ဟု ထင်လျက်ရှိလေသည်။

မော်စကိုမြို့သို့ ရောက်ပြီးနောက် တတိယမြောက်နေ့၌ မင်းသမီးလေးမေရီလည်း မော်စကိုတွင် ရှိနေသည်ဟူသော သတင်းကို ပီယာသည် မင်းသမီးကြီး ဒရွာဘက်စကားယားထံမှ ကြားသိရ၏။ မင်းသားကလေးအင်ဒရေကွယ်လွန်ခြင်းနှင့်တကွ မင်းသားက အင်ဒရေ၏ ကြေကွဲဖွယ်ကောင်းလှသော ဖြစ်ရပ်များသည် ပီယာ၏ခေါင်းထဲ၌ စွဲငြိလျက်ရှိခဲ့ရာ မင်းသမီးလေး မေရီ၏သတင်းကို ကြားရသည်နှင့် ပီယာအဖို့ ထိုအတွေး၊ ထိုအဖြစ်တို့သည် အသစ်ပြန်ဖြစ်လာကြ၏။ မင်းသမီးဇေးမေရီမော်စကိုတွင် ရောက်ရှိနေကြောင်း၊ ဗော့ဇ်ဗီဇင်ကာလမ်းရှိ စံအိမ်မှာ မီးလောင်ကျွမ်းခြင်း မရှိကြောင်း၊ ယခု ထိုစံအိမ်၌ နေထိုင်လျက်ရှိကြောင်းကို ညစာစားပွဲတစ်ခုတွင် ကြားရသည်၌ ပီယာသည် ထိုနေ့ညမှာပင် မင်းသမီးလေး မေရီထံသို့ ကရတားတစ်စီးဖြင့် ထွက်လာခဲ့၏။

လမ်းတစ်လျှောက်၌လည်း မင်းသားကလေး အင်ဒရေ၏ အကြောင်းနှင့် တကွ မိမိတို့နှစ်ဦး ရင်းနှီးကြပုံ၊ မိမိတို့နှစ်ဦးသား တွေ့လျှင် စကားလက်ဆုံကျတတ်ပုံတို့ကို တွေးလာခဲ့၏။ ဘိုရိုဒီနိုတိုက်ပွဲ၌ နှစ်ယောက် တွေ့ကြစဉ် စကားပြောခဲ့ကြပုံကို အထူးအမှတ်ရမိလေသည်။

'ဘိုရိုဒီနိုတိုက်ပွဲမှာ တွေ့တုန်းကတော့ မင်းသားကလေး အင်ဒရေရဲ့ စိတ်ဓာတ်ဟာ သိပ်ပြင်းထန်လွန်းတယ်။ သူ့အယူအဆတွေဟာလည်း ခါးသီး လွန်းတယ်။ သူ့ခမျာ သေသွားတော့လည်းပဲ ဒီခါးသီးပြင်းထန်တဲ့ စိတ်တွေ ရှိတုန်းပဲလား။ မသေခင်မှာ လူ့ဘဝကြီးရဲ့ အဓိပ္ပာယ်ကိုမှ သိသွားပါလေရဲ့လား' ပီယာသည် ဤသို့တွေး၏။ ထိုနောက် ကာရာတာယက် အကြောင်းကိုလည်း အမှတ်ရလာ၏။ လာရာတာယက် သေဆုံးခဲ့ရပုံကိုလည်း မြင်ယောင်လာ၏။ ပီယာသည် မင်းသားကလေးအင်ဒရေနှင့် ကာရာတာယက်တို့ နှစ်ဦးကို နှိုင်းယှဉ်ကြည့်မိသည်။ ၎င်းတို့နှစ်ယောက်ကား အစစအရာရာ ကွဲပြား ခြားနားကြသော်လည်း ၎င်းတို့နှစ်ဦး အသက်ရှင်နေထိုင်ခဲ့ကြပုံချင်း၊ သေခဲ့ကြပုံချင်း၊ ပီယာ၏ ချစ်ကျွမ်းဝင်မှုကို ခံခဲ့ကြရပုံချင်းမှာကား အတူတူပင်ဖြစ်ပေသည်။

ပီယာသည် ရွှင်လန်းခြင်းမရှိသော နှလုံးဖြင့် မင်းသားကြီး ဘိုလကွန်စကီ၏ စံအိမ်တော်သို့ ကရတားကို မောင်းလာခဲ့သည်။ စံအိမ်ကြီးမှာ မီးကွင်း၍ ကျန်ရစ်ခဲ့၏။ အပျက်အစီး အနည်းငယ်ရှိသော်လည်း အသွင်အပြင်မှာကား ပြောင်းလဲခြင်း မရှိချေ။ တံခါးဝမှ အစေတော်တစ်ယောက်က ပီယာကို ဆီးကြိုခြင်းပြုလေသည်။ မင်းသားကြီး ဘိုလကွန်စကီ မရှိသော်လည်း ဤစံအိမ်ကြီးတွင် ယခင်အစဉ်အလာများသည် ဆက်လက်တည်ဆဲပင် ဖြစ်သည်ဟု ထိုအစေတော်၏ သုန်မှုန်တင်းမာသော မျက်နှာထားက ပြောပြသကဲ့သို့ ရှိ၏။ ထိပ်ထားလေးမေရီသည် ၎င်း၏အဆောင်သို့ ဝင်ပြီဖြစ်ကြောင်း၊ ဧည့်သည်များကို တနင်္ဂနွေနေ့များ၌သာ လက်ခံတွေ့ဆုံခြင်းပြုကြောင်းဖြင့် အစေတော်က ပြောပြ၏။

"ငါလာတယ်လို့ ပြောပါကွာ။ ထိပ်ထားလေးဆင်းတွေ့ချင်တွေ့မှာပါ" ပီယာက ဆို၏။

"မှန်ပါ။ ပုံတူကားများ ထားရာ ခန်းဆောင်ထဲကြွပါ"

ခဏအကြာ၌ အစေတော်သည် စာပြဆရာ ဒီဆေးလ်နှင့်အတူ ထွက်လာလေသည်။ မင်းသမီးလေးမေရီသည် ပီယာကို တွေ့လိုလှကြောင်း၊ အပေါ်ထပ်ရှိ မိမိ၏ခန်းဆောင်သို့ ကြွစေလိုကြောင်း၊ ယခုကဲ့သို့ အပေါ်ထပ်

www.burmeseclassic.com

www.burmeseclassic.com

သို့ ဖိတ်ခေါ်ခြင်းကို ခွင့်လွှတ်စေလိုကြောင်းဖြင့် မင်းသမီးလေး မေရီက မှာလိုက်သည်ဟု ဒီဆေးလ်က ပြောပြ၏။

ဖယောင်းတိုင်တစ်တိုင်သာ ထွန်းညှိထားသည့် ခန်းဆောင်ထဲ၌ မင်းသမီး လေးမေရီသည် ထိုင်စောင့်လျက်ရှိ၏။ ၎င်းနှင့်အတူ ဝတ်ရုံအနက်ကို ဝတ်ထားသူတစ်ဦးလည်း ရှိလေသည်။ မင်းသမီးလေးမေရီသည် မိမိအပါး၌ မိန်းမဖော်တစ်ယောက် အမြဲတမ်းထားလေ့ရှိခြင်းကို ပီယာသတိရ၏။ သို့ရာတွင် ထိုမိန်းမဖော်များမှာ မည်သူမည်ဝါဖြစ်၍ မည်သည့်အသွင်သဏ္ဌာန်ရှိကြောင်းကိုကား ပီယာသည် မည်သည့်အခါကမျှ သတိမထားခဲ့ဘူးချေ။ သိလည်း မသိခဲ့ချေ။ ပီယာသည် ဝတ်ရုံနက်ဝတ်ထားသည့် မိန်းမကိုကြည့်ကာ 'ဧကန္တ ထိပ်ထားလေးရဲ့ မိန်းမဖော်တစ်ဦးဖြစ်မှာပဲ'ဟု သာမန်မျှသာ တွေးလိုက်မိသည်။

မင်းသမီးလေး မေရီသည် ထ၍ ဆီးကြိုကာ လက်ကမ်းလိုက်၏။ ပီယာက မင်းသမီးလေးမေရီ၏ လက်ခုံကို နမ်း၍ နှုတ်ဆက်သည်။ မင်းသမီးလေးမေရီသည် ပီယာ၏တစ်မျိုးတစ်ဖုံ ပြောင်းလဲနေသောမျက်နှာကို ကြည့်လျက်

"အင်း၊ မသေလို့ တွေ့ကြရပြန်ပြီနော်။ အင်ဒရေကတော့ သေတဲ့ အချိန်အထိ မြို့စားလေးအကြောင်းကို ပြောလိုက်ရတာ တဖွဖွပဲ"

မင်းသမီးလေးမေရီသည် ပီယာကိုကြည့်ရာမှ မိန်းမဖော်ကို ရုက်စနိုးဖြင့် လှမ်းကြည့်လိုက်သည်။ ပီယာပင်လျှင် မင်းသမီးလေးမေရီ၏ ရုက်စနိုးဟန်ကြောင့် အံ့အားသင့်သွား၏။

"မြို့စားလေး ချောချောမောမော လွတ်လာတယ်လို့ ကြားရတော့ ထိပ်ထားဖြင့် ဝမ်းသာလိုက်ရတာ။ ထိပ်ထားလေးအဖို့တော့ ဒီသတင်းဟာ ပထမဆုံးကြားရတဲ့ မင်္ဂလာသတင်းပါပဲ"

မင်းသမီးလေးမေရီသည် မသာယာသော အမူအရာဖြင့် မိန်းမဖော်ကို ထပ်၍ကြည့်ပြန်သည်။ ထို့နောက် ပီယာကို တစ်ခုတစ်ရာ ပြောတော့မည်ဟု ပီယာ့ဘက် လှည့်လိုက်၏။ ပီယာက ကြားဖြတ်၍

"ကျွန်တော်လည်း ဘာမှမသိရဘူး ထိပ်ထားလေး" ပီယာက ဆို၏။ "တိုက်ပွဲမှာ ကျသွားပြီလို့ပဲ ကြားရတာပဲ။ ကြားရတဲ့သတင်းကလည်း တစ်ဆင့်စကားတစ်ဆင့်ကြားပဲ။ နောက်တော့ မြို့စားကြီး ရော့စတော့ဗ် မိသားစုနဲ့ သွားတွေ့လို့ သူတို့ကပဲ ပြုစုထားသလိုလို ကြားရတာပဲ။ ကြဲကြဲဖန်ဖန် ဆုံစည်းမှ ဆုံစည်းတတ်ပလေနော်"

ပီယာက ခပ်သွက်သွက်ပြော၏။ ပီယာသည် မိန်းမဖော်၏ မျက်နှာကို လှမ်းကြည့်မိပြန်၏။ မိန်းမဖော်သည် အာရုံစူးစိုက်လျက် မိမိအား သနားကြင်နာသော မျက်လုံးများဖြင့် ကြည့်လျက်ရှိခြင်းကို ပီယာ သတိပြုမိ၏။ ထိုသို့ သတိပြုမိရာက စကားပြောနေစဉ် ပတ်ဝန်းကျင်ကို လှည့်၍ အကဲခတ်ကြည့်တတ် သူတို့ခံစားရမြဲ ဓမ္မတာအတိုင်း ဝတ်ရုံနက်ဝတ်ထားသည့် မိန်းမဖော်သည် တစ်ဖက်သားကို သနားကြင်နာတတ်၍ စိတ်ကောင်းနှလုံးကောင်းရှိသော သတ္တဝါတစ်ဦးဖြစ်ကြောင်း ပီယာ နားလည်လိုက်၏။ မိမိနှင့် မင်းသမီးလေး မေရီတို့ စကားပြောဆိုရာတွင် အတားအဆီးဖြစ်မည့်သူ မဟုတ်ကြောင်း ပီယာ သိလိုက်၏။

သို့ရာတွင် ပီယာက မြို့စားကြီး ရော့စတော့ဗ် မိသားစု နာမည်ကို ထုတ်ပြောလိုက်သည်နှင့် မင်းသမီးလေးမေရီ၏ မျက်နှာထားမှာ သာ၍ ရုက်ကြောက်အားနာသော အသွင်ကို ဖော်ပြလျက်ရှိခြင်းကို ပီယာ သတိပြုလိုက်မိသည်။ တစ်ဖန် မင်းသမီးလေးမေရီသည် ပီယာ၏မျက်နှာနှင့် ဝတ်ရုံနက် ဝတ်ထားသည့် မိန်းမဖော်၏ မျက်နှာကို တစ်လှည့်စီကြည့်လျက်ရှိ၏။ ပြီးမှ

"မြို့စားလေး သူ့ကို တကယ် မမှတ်မိဘူးလား"

ပီယာသည် ဝတ်ရုံနက်နှင့် မိန်းမဖော်၏ နက်မှောင်သော မျက်လုံး၊ လှပသော နှုတ်ခမ်းနှင့်တကွ ဖျော့တော့နုးညံ့သော မျက်နှာကို တစ်ခါထပ်၍ ကြည့်မိပြန်သည်။ ထိုအခါ၌ ပီယာနှင့် နီးစပ်ရင်းနှီးသော အရာတစ်ခု ပီယာမေ့လျော့နေသော အရာတစ်ခု၊ ချိုသာနှစ်လို ဖွယ်ကောင်းခြင်းထက် ပိုမိုသောအရာတစ်ခုသည် တောက်ပသော ျက်လုံးရွဲကြီးများထဲမှ မိမိအား စိုက်ကြည့်လျက်ရှိသည်ဟု ပီယာထင်မှတ်လိုက်မိသည်။

'မဖြစ်နိုင်ဘူး။ ဒီမျက်နှာထားက နည်းနည်းမှုန်တယ်။ မျက်နှာက သွယ်လွန်းတယ်။ အသားကလည်း ခပ်ဖျော့ဖျော့ဖြစ်နေတယ်။ နည်းနည်းလည်း ရင့်ရော်နေတယ်။ သူတော့ မဟုတ်နိုင်ဘူး။ နည်းနည်း ဆင်သလိုလို

www.burmeseclassic.com

www.burmeseclassic.com

တော့ရှိရဲ့'

ပီယာသည် ဤသို့ တွေးလျက်ရှိ၏။

"နာတာရာလေ" မင်းသမီးလေးမေရီက ပြောလိုက်သည်။

ထိုအခါ ပီယာအား စိုက်ကြည့်လျက်ရှိသည့် မျက်လုံးများနှင့်တကွသော မျက်နှာပေါ်၌ အပြုံးတစ်ခုသည် ယှက်သန်းစပြုလာလေသည်။ ထိုအပြုံးသည် ခက်ခဲစွာ ပြုံးရသော အပြုံး၊ ကြိုးစား၍ ပြုံးရသော အပြုံး၊ အား စိုက်၍ ပြုံးရသော အပြုံးမျိုးဖြစ်၍ ပတ္တာသံချေးတက် နေသော တံခါးနှစ်ရွက်၏ ပွင့်လာပုံမျိုးနှင့် တူလေသည်။ သို့ရာတွင် ဟလာသော ထိုတံခါးကြားမှ မွေးထုံသင်းပျံ့သော လေပြည်လေညင်းသည် ဝင်ရောက်လာခဲ့လေရာ ထိုလေပြည် လေညင်းသည် ပီယာ၏တစ်ကိုယ်လုံးကို လန်းဆန်းသွားစေလေသည်။ ပီယာသည် ထိုလေပြည် လေညင်းကို မေ့လျော့နေခဲ့သည်မှာ ကြာခဲ့ပြီဖြစ်၏။ ယခုကဲ့သို့သော အချိန်မျိုးတွင် ထိုလေပြည်လေညင်းသည် တိုက်ခတ်လာလိမ့်မည်ဟု ပီယာ လုံးဝမထင်ခဲ့ချေ။ ထိုလေပြည်လေညင်းသည် ပီယာ၏တစ်ကိုယ်လုံးကို ဝေ့ယမ်းကာ အမွှေးရနံ့ဖြင့် ပက်ဖြန်းမွှမ်းထုံ၏။ ထိုသို့ ပြုံးသည့်အခါ၌ကား ပီယာ၌ မည်သည့်သံသယမျှ မရှိတော့ချေ။ ရှိလည်းမရှိနိုင်တော့ချေ။ ကိုဝတ်ရုံနက်နှင့် မိန်းမဖော်သည် နာတာရာပင် ဖြစ်ပါ၏။ နာတာရာကို ပီယာချစ်၏။

ထိုတဒင်္ဂ ပီယာ၏ ရင်ထဲတွင်ရှိသော လျှို့ဝှက်ချက်တစ်ခုသည် မင်းသမီးလေး မေရီ၏ ရှေ့တွင် လည်းကောင်း၊ နာတာရာ၏ ရှေ့တွင် လည်းကောင်း၊ နောက်ဆုံး ၎င်းကိုယ်တိုင်၏ ရှေ့တွင်လည်းကောင်း အထင်းသားပေါ်လာ၏။ ပီယာကိုယ်နှိုက်ပင် ထိုလျှို့ဝှက်ချက်သည် ၎င်း၏ရင်ထဲတွင် ကိန်းဝပ်နေခဲ့သည်ကို သတိမထားခဲ့မိချေ။ ပီယာသည် ဝမ်းသာလွန်းသဖြင့် မျက်နှာတွင် နီရဲလာ၏။ ရင်၌ နာကျင်ခြင်းကိုလည်း ခံစားရ၏။ ပီယာသည် ကျန်ခဲ့ပျက်နေသော မိမိ၏အဖြစ်ကို ဖုံးကွယ်ရန် ကြိုးစား၏။ သို့ရာတွင် မည်မျှဖုံးကွယ်ရန် ကြိုးစားစေကာမူ မိမိသည် နာတာရာကို ချစ်နေပြီဆိုသည့် အချက်ကား မိမိကိုယ်တိုင်၏ ရှေ့တွင်လည်းကောင်း၊ နာတာရာ၏ ရှေ့တွင် လည်းကောင်း၊ မင်းသမီးလေး မေရီ၏ ရှေ့တွင် လည်းကောင်း ဘွားဘွားကြီး ပေါ်လာခဲ့လေပြီ။ စကား လုံးဖြင့် ထုတ်ဖော်ပြောဆိုခြင်းသည်ပင်လျှင် ဤမျှ ထင်ရှား၍ ဤမျှပေါ်လွင်နိုင်လိမ့်မည် မထင်ချေ။

'အို မမျှော်လင့်ဘဲ တွေ့ရလို့ ထင်ပါရဲ့'ဟု ပီယာသည် ကိုယ့်ကိုယ်ကို ပြန်၍ နှစ်သိမ့်သေး၏။ သို့ရာတွင် မင်းသမီးလေးမေရီနှင့် ပြောလက်စ စကားကို ဆက်လက်ပြောဆိုသည့်အခါ၌ကား ပီယာသည် နာတာရာကိုသာ မကြာခဏ ကြည့်နေမိသည်။ ပီယာ၏ မျက်နှာသည်လည်း ရဲသည်ထက် ရဲလာ၏။ ကြောက်ရွံ့ခြင်းနှင့် ပျော်ရွှင်ခြင်းတို့ ရောထွေးလျက်ရှိသော စိတ်လှုပ်ရှားမှုသည်လည်း ပြင်းထန်သည်ထက် ပြင်းထန်လာခဲ့သည်။ တစ်ခါတစ်ရံတွင် ပီယာသည် စကားအဆက်အစပ်မရှိဘဲ ပြောဆိုလျက်ရှိကာ တစ်ခါတစ်ရံ၌လည်း ရှေ့ဆက်ပြောရမည့် စကားကို မေ့လျက်ရှိလေသည်။

နာတာရာကို ပီယာ သတိမထားခဲ့မိခြင်းမှာ နာတာရာသည် ဤနေရာသို့ ရောက်ရှိနေလိမ့်မည်ဟု မမျှော်လင့်ခဲ့ခြင်းကြောင့်ဖြစ်၏။ နာတာရာကို မမှတ်မိခဲ့ခြင်းမှာ ယခု နာတာရာနှင့် ယခင် သူ နောက်ဆုံးတွေ့ခဲ့သော နာတာရာတို့ အပြောင်းလဲကြီး ပြောင်းလဲနေခြင်းကြောင့်ဖြစ်၏။ နာတာရာသည် ပိန်ချုံးကာ အသားအရေ ဖျော့တော့လျက်ရှိ၏။ သို့ရာတွင် ထိုသို့ ပိန်ချုံးဖျော့တော့နေခြင်းကြောင့် မမှတ်မိခြင်းမဟုတ်ချေ။ ပီယာ မမှတ်မိခြင်း ဖြစ်ရသည့်အကြောင်းမှာ လူ့ဘဝကို ကျေနပ်ပျော်ရွှင်သည့် အပြုံးဖြင့် တောက်ပလျက်ရှိသည့် မျက်လုံးများနှင့်တကွ ဖြစ်သော နာတာရာ၏ မျက်နှာပေါ်၌ ပီယာဝင်လာသည့် အချိန်က အပြုံးဆို၍ အရိပ်အယောင်မျှ မတွေ့ရသောကြောင့်သာ ဖြစ်လေသည်။ ထိုစဉ်က နာတာရာ့မျက်လုံးများသည် သနားကြင်နာတတ်သော အရိပ်အယောင်၊ ဝမ်းနည်းကြေကွဲစွာ ရူးစမ်းလျက်ရှိသော အရိပ်အယောင် တို့ဖြင့်သာ ဖုံးလွှမ်းနေခဲ့လေသည်။ ပီယာသည် စကား ပြောနေစဉ်၌ ကျန်ခဲ့ပျက်လျက်ရှိသော်လည်း နာတာရာကမူ ကျန်ခဲ့မပျက်ချေ။ မျက်နှာတစ်ခုလုံးကို ဝင်းထိန်တောက်ပလာစေသော ရွှင်လန်းခြင်းဖြင့်သာ ပီယာကို တုံ့ပြန်လျက်ရှိလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၆

"ညီမလည်း ထိပ်ထားနဲ့ ခဏလာနေပါတယ် မြို့စားလေး" မင်းသမီးလေး မေရီက ဆို၏။ "ဦးရီးတော် မြို့စားကြီးနဲ့ မြို့စားကတော်ကြီးတို့လည်း မကြာခင်ပဲ မော်စကိုကို ရောက်လာကြတော့မှာပါ။ မြို့စားကတော်ကြီးခမျာလည်း တော်တော့်ကို ချုံးကျသွားရှာတယ်။ ဒီအထဲမှာ ညီမကလည်း ကောင်းကောင်းမကျန်းမာတော့ သမားတော်ကြီးများကို ပြရအောင်ဆိုပြီး လိုက်လာခဲ့တာပဲ။ ဦးရီးတော် မြို့စားကြီးနဲ့ မြို့စားကတော်ကြီးတို့ နှစ်ယောက်စလုံးက ညီမကို ထိပ်ထားနဲ့အတူ ထည့်လိုက်တယ်လေ"

"အင်း၊ ခုအချိန်မှာတော့ စိတ်မကောင်းစရာနဲ့ မကြုံရတဲ့ အိမ်ထောင်ရယ်လို့ မရှိပါဘူးလေ" ပီယာက နာတာရှာဘက်သို့ လှည့်၍ ပြော၏။ "ပီတာ ကျဆုံးတာက အစ်ကိုတို့ကို ရှရှားပြောက်ကျားတပ်တွေ လာကယ်တဲ့နေ့ပေါ့။ အစ်ကိုကိုယ်တိုင် မြင်လိုက်ရတယ်။ အင်မတန်ပျော့တတ်ရှာတဲ့ သူငယ်ကလေး"

နာတာရှာသည် ပီယာကိုကြည့်၏။ ပီယာ၏ စကားကို တုံ့ပြန်သောအားဖြင့် နာတာရှာ၏ မျက်လုံးများသည် တောက်ပပြူးကျယ်လာကြ၏။

"အေးလေ၊ ဘယ်လိုပဲပြောပြော ဘယ်လိုပဲဖြေဖြေ ပြေနိုင်စရာတော့ မရှိဘူးပေါ့။ ဒီလောက်သဘောကောင်းပြီး ဒီလောက်ပျော်ပျော်နေတတ်တဲ့ သူငယ်ကလေးမှ ရွေးပြီး သေရတယ်လို့ပဲ"

"ဒီခေတ်ကြီးထဲမှာ ယုံကြည်ချက်မရှိဘဲ နေလို့လည်း ခက်ပါတယ်လေ"

မင်းသမီးလေး မေရီက ဆို၏။

"ဟုတ်တယ်၊ ဟုတ်တယ်။ အမှန်ပဲ"

ပီယာက ခပ်သွက်သွက် ဝင်ပြောလိုက်သည်။

"ဘာဖြစ်လို့ မှန်တာလဲ အစ်ကို"

နာတာရှာက ပီယာ၏ မျက်လုံးများကို စူးစိုက်ကြည့်၍ မေး၏။

"ဘာဖြစ်လို့ မှန်ရမလဲ ညီမရယ်" မင်းသမီးလေး မေရီက ပြော၏။ "လူ့ဘဝကြီးကို ကျောခိုင်းသွားပြီးတဲ့နောက်"

နာတာရှာသည် မင်းသမီးလေးမေရီ၏ စကားအဆုံးကို မစောင့်တော့ဘဲ ပီယာဘက်သို့ လှမ်းကြည့်လိုက်ပြန်သည်။

"ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုတို့ကို အုပ်စိုးနေတဲ့ ဘုရားသခင်တစ်ပါး ရှိတယ်ဆိုတာကို လက်ခံယုံကြည်သူများမှသာလျှင် ထိပ်ထားတို့ညီမတို့ရဲ့ ဆုံးရှုံးမှုမျိုးကို တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်နိုင်လို့ပဲ"

နာတာရှာသည် စကားပြောရန် ပါးစပ်ကို ပြင်လိုက်ပြီးမှ ရပ်လိုက်၏။ ပီယာသည် မင်းသမီးလေးမေရီဘက်သို့ လှည့်၍ မင်းသားကလေး အင်ဒရေ ကွယ်လွန်အနိစ္စရောက်ပုံကို မေးမြန်းလျက်ရှိသည်။

ပီယာသည် ဣန္ဒြေပျက်ခြင်း မရှိတော့ဘဲ တည်ငြိမ်စပြုလာပြီဖြစ်၏။ သို့ရာတွင် မိမိ၏ လွတ်လပ်ခြင်းသည် တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားခဲ့လေပြီဟု စိတ်တွင် ထင်မှတ်မိသည်။ ယခုအချိန်၌ မိမိ၏ စကားတစ်ခွန်း၊ အလုပ်တစ်ခုသည် အရာရာကို ဆုံးဖြတ်သည်ဟု ထင်၏။ ထိုဆုံးဖြတ်ချက်သည် ကမ္ဘာလောကကြီး၌ အခြားသူများအဖို့ အရေးမကြီးလှသော်လည်း မိမိအဖို့ သေရေးရှင်ရေးတမျှ အရေးကြီးသည်ဟုလည်း ထင်၏။ ထို့ကြောင့် ပီယာသည် စကားပြောရင်း မိမိ၏စကားများကို နာတာရှာက မည်သို့ ခံယူလေမည်နည်းဟု တွေးတောလျက် ရှိလေသည်။ ပီယာသည် နာတာရှာ့အလိုကျ၊ နာတာရှာသဘောကျစကားမျိုးကို ပြောဆိုခြင်း မရှိသော်လည်း မိမိပြောသမျှစကားကို နာတာရှာ၏ ရှုထောင့်မှနေ၍ တွေးကြည့်နေမိသည်။

မင်းသမီးလေး မေရီသည် မိမိရောက်သွားသည့် အချိန်တွင် တွေ့ရသော မင်းသားကလေး အင်ဒရေ၏ ဝေဒနာအခြေအနေကို ပြောပြလျက်ရှိသည်။ (ဤကိစ္စမျိုးကို ပြန်ပြောရာ၌ ဝန်လေးတတ်ကြသည့် ဓမ္မတာအတိုင်း မင်းသမီးလေး မေရီသည် မပြောချင့်ပြောချင် ပြောလျက်ရှိ၏။) သို့ရာတွင် စိတ်မကောင်းသဖြင့် ရှုံ့မဲ့လျက်ရှိသော ပီယာ၏ မျက်နှာထား၊ ပီယာ၏ မေးခွန်းများ၊ စိတ်အားထက်သန်စွာ စုံစမ်းမေးမြန်းလျက်ရှိသော အမူအရာတို့ကြောင့် မင်းသမီးလေး မေရီမှာလည်း မိမိကိုယ်တိုင် ပြန်လှန်မတွေးလိုတော့သော ရှုခင်းမြင်ကွင်းကို အသေးစိတ် ပြောပြနေသည်။

"အို၊ ဟုတ်လား။ ကျွတ်ကျွတ်။ ဖြစ်မှ ဖြစ်ရလေ"

www.burmeseclassic.com

www.burmeseclassic.com

ပီယာသည် ကိုယ်ကို ရှေ့သို့ ညွှတ်ကိုင်း၍ နားထောင်ရင်းက တဖွဖွ ပြောလျက်ရှိ၏။ "ဒါဖြင့် အဲဒီအချိန်လောက်ကစပြီး သူ့ကိုယ်သူ အားလျော့လိုက်ပြီဆိုပါတော့။ အင်း၊ ရောင်းရင်းဟာ ကမ္ဘာလောကကြီးမှာ လုံးဝ ကောင်းမွန် မြင့်မြတ်ခြင်းကို ရှာခဲ့တယ်။ ဒါကြောင့် သေခြင်းတရားကို မကြောက်တော့ဘူး။ တကယ်လို့ သူ့မှာ မကောင်းမှုရယ်လို့ ရှိလာရင်၊ ဒုစရိုက်ရယ်လို့ ရှိခဲ့ရင်လည်း ဒါဟာ သူ့ပယောဂကြောင့် ဖြစ်ရတာ မဟုတ်ဘူး။ သူ စိတ်လျော့လိုက်ပြီးတဲ့ နောက်တော့ အစ်မတော်ထိပ်ထားကို မြင်လိုက်ရတော့ သူ့ခမျာ ဘယ့်ကလောက်များ ဝမ်းသာရှာလိုက်မလဲနော်"

ပီယာသည် ဤသို့ပြောရာမှ မျက်ရည်လျှမ်းလျက် ရှိသော မျက်လုံးများဖြင့် နာတာရှာကို ကြည့်လိုက်၏။

နာတာရှာ၏ မျက်နှာသည် မဲ့လျက်ရှိ၏။ နာတာရှာသည် မျက်မှောင် ကုတ်ပြီးနောက် မျက်လွှာကို အောက်သို့ ချထားလိုက်သည်။ ၎င်း၏စိတ်တွင် စကားပြောရမည်လော၊ မပြောဘဲ နေရမည်လောဟု ဝေခွဲမရအောင် ဖြစ်လျက် ရှိလေသည်။

"ဟုတ်ပါတယ်အစ်ကို၊ သေခြင်းတရားကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်ခြင်းဟာ ပျော်ရွှင်ခြင်းပါပဲ" နာတာရှာက ရင်တွင်းမှ လှိုက်၍ ထွက်လာသော အသံဖြင့် တည်ငြိမ်စွာဆို၏။ "နာတာရှာအဖို့တော့ သူဒီလို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်သွားတာကို မြင်ရတာ သိပ်ပြီး စိတ်ချမ်းသာတာပဲ" နာတာရှာက ခေတ္တ ရပ်လိုက်၏။ "ပြီးတော့ နာတာရှာ ခန်းဆောင်ထဲ ဝင်သွားတော့ သူက၊ သူက ဒီလို အချိန်မျိုးကို စောင့်နေတာ ကြာပါပြီတဲ့"

နာတာရှာ၏ အသံသည် တိမ်သွား၏။ နာတာရှာ၏ မျက်နှာသည် နီရဲလာ၏။ နာတာရှာသည် ဒူးပေါ်တွင် တင်၍ ပတ္တာဆက်သကဲ့သို့ ဆက်ထားသော လက်နှစ်ဖက်ကို ညှစ်၍ အနိုင်နိုင်ချုပ်တည်းထားရာက မျက်နှာကို မော့၍ စကား ဆက်ပြန်သည်။

"မော်စကိုက ထွက်လာခါစတုန်းတော့ နာတာရှာလည်း ဘာမှ မသိခဲ့ပါဘူး။ သူ့အကြောင်းလည်း မမေးရဲဘူး။ နာတာရှာတို့ လူညီးတိုက်နဲ့အတူ ပါလာတယ်ဆိုတာ ဆွန်ယာ လာပြောမှ သိရတော့တာပဲ။ ရောဂါအခြေအနေက ဘယ်လောက်အထိ ဖြစ်နေတယ်ဆိုတာလည်း မသိဘူး။ ဘာလုပ်ရမှန်းလည်း မသိဘူး။ သူ့ကို သွားတွေ့ပြီး သူ့အပါးမှာ ပြုစုချင်တာပဲရှိတယ်" နာတာရှာက အသံတုန်တုန်နှင့် ပြော၏။ နာတာရှာ၏ အသက်ရှူသံသည် လျင်မြန်လျက်ရှိ၏။

ထိုနောက် လမ်းခရီးတစ်လျှောက်၌ ရက်သတ္တသုံးပတ်လုံးလုံး မင်းသားကလေး အင်ဒရေအပါးမှ စောင့်ရှောက်ပြုစုခဲ့ပုံ၊ ယာရိစလာဗာတွင် ပြုစုခဲ့ပုံ စသည်များကို ပြောပြလျက်ရှိသည်။ နာတာရှာသည် ဤအကြောင်းများကို မည်သူ့မျှ မပြောဖူးသေးချေ။

ပီယာသည် မျက်လုံးတွင် မျက်ရည်အဝဲသား၊ ပါးစပ်အဟောင်းသားဖြင့် နားထောင်နေသည်။ နာတာရှာ၏ စကားများကို နားထောင်လျက်ရှိသည့် အတောအတွင်း၌ကား ပီယာသည် မင်းသားကလေးအင်ဒရေ၏ အကြောင်းကို လည်းကောင်း၊ သေခြင်းတရားအကြောင်းကိုလည်းကောင်း၊ နာတာရှာပြောဆိုသည့် အကြောင်းအရာများကို လည်းကောင်း မတွေးမိတော့ချေ။ နာတာရှာ၏ စကားများကို နားထောင်ရင်း နာတာရှာကို သနားနေမိသည်။ အရွယ်နှင့် သောကကို မမျှအောင် တွေ့ရသည့် နာတာရှာ့အဖြစ်ကိုသာ ကရုဏာသက်နေမိသည်။

မင်းသမီးလေး မေရီသည် မျက်ရည်များကို ချုပ်တည်းရာက မျက်မှောင် ကုတ်လိုက်လျက် နာတာရှာ၏ အပါးတွင် ဝင်ထိုင်လိုက်သည်။ မင်းသမီးလေး မေရီသည် သူ့မောင်တော် မင်းသားကလေး အင်ဒရေ ကွယ်လွန်ရပုံနှင့်တကွ နာတာရှာ၏အချစ်ကို နာတာရှာထံမှ ယခုအကြိမ်ပထမဆုံး ကြားရခြင်း ဖြစ်လေသည်။

နာတာရှာကလည်း ဤအကြောင်းကို ဖွင့်ပြောမှ ဖြစ်မည်ဟု ယူဆကာ ဖွင့်ပြောခြင်းဖြစ်ဟန် တူလေသည်။ ဤသို့ ဖွင့်ပြောရခြင်းကြောင့် နာကျင်သော ဝေဒနာကို ခံစားရသော်လည်း ရင်ထဲမှာ ပေါ့ပါးသွားသည်ကား အမှန်ပင် ဖြစ်လေသည်။

နာတာရှာသည် နှလုံးသားထဲတွင်ရှိသော လှို့ဝှက်ချက်များနှင့်တကွ အသေးစိတ် အခြင်းအရာများကို ပြောပြလျက်ရှိရာ နာတာရှာ၏ စကားမှာ ဆုံးမှ ဆုံးပါဦးမည်လောဟုပင် အောက်မေ့ရ၏။ ပြောပြီးသားကို ထပ်ပြောသည့် အခါပေါင်းလည်း မရေနိုင်ပြီ။

ထိုအခိုက် တူတော်မောင် 'ဘိုးအေချစ်' မင်းသား

www.burmeseclassic.com

www.burmeseclassic.com

လေး အိပ်ချိန်ရောက်ပြီ ဖြစ်၍ နှုတ်ဆက်ဖို့ လွတ်လိုက်ရမည်လောဟူသော စာပြဆရာ ဒီဆေးလ်၏ အသံသည် တံခါးဝမှ ပေါ်ထွက်လာ၏။

"နာတာရှာ သိသလောက်ကတော့ ဒါပါပဲ" နာတာရှာက ဆို၏။

'ဘိုးအေချစ်'မင်းသားကလေး ဝင်လာသည့်အခါ၌ နာတာရှာသည် ရုတ်ခနဲ ထကာ တံခါးဆီသို့ ထွက်သွား၏။ တံခါးမှာ ခန်းဆီးဖုံးထားသဖြင့် နာတာရှာသည် တံခါးကို ခေါင်းနှင့်ဝင်ဆောင့်မိသေး၏။ ထို့နောက်၌ကား နာတာရှာသည် နာကျင်၍လော၊ ဝမ်းနည်း၍လော မပြောတတ်။ ရှိုက်သံနှင့်အတူ ခန်းဆောင်အပြင်သို့ ထွက်သွားလေသည်။

ပီယာသည် နာတာရှာ ပျောက်ကွယ်သွားသော တံခါးဝကို ငေးကြည့်ကျန်ရစ်ခဲ့၏။ နာတာရှာ ထွက်သွားသည့်နောက်၌ ပီယာသည် ကမ္ဘာလောကကြီးတွင် တစ်ယောက်တည်း နေရသူကဲ့သို့ ဟာလာဟင်းလင်း ဖြစ်၍ ကျန်ရစ်ခဲ့သည်။ မည်သည့်အတွက်ကြောင့် ဤသို့ဖြစ်ရသည်ကိုမူ စဉ်းစား၍ မရချေ။

မင်းသမီးလေး မေရီက ခန်းဆောင်ထဲသို့ ဝင်လာသော 'ဘိုးအေချစ်' မင်းသားလေးကို နှုတ်ဆက်၍ ချောင်းဟန့်သံ ပြုသည့်အခါကျမှ ပီယာသည် သတိပြန်ရလာ၏။

ဤသို့ စိတ်ဝမ်းကြေကွဲနေသည့် အခိုက်အတန့်၌ ဖအေတူ 'ဘိုးအေချစ်' မင်းသားလေး၏ မျက်နှာကို မြင်လိုက်ရသည်တွင် ပီယာမှာ ရင်ထဲတွင် ဆို့နစ်လာလေသည်။ ထို့ကြောင့် ပီယာသည် 'ဘိုးအေချစ်'မင်းသားလေးကို နမ်းပြီးနောက် အိတ်ထဲက လက်ကိုင်ပဝါကို ထုတ်လျက် ပြတင်းပေါက်ဆီသို့ ထလာခဲ့သည်။ ပီယာသည် မင်းသမီးလေးမေရီကို နှုတ်ဆက်၍ ပြန်သွားလိုသော်လည်း မင်းသမီးလေးမေရီက တားထားသည်။

"နေပါဦး မြို့စားလေးရယ်၊ ထိပ်ထားနဲ့ နာတာရှာဟာ တစ်ခါတစ်ခါဆိုရင် နှစ်ချက်တီးကျော်အထိ အိပ်လို့ မပျော်ကြဘူး။ မသွားပါနဲ့ဦး။ ထိပ်ထား ညလယ်စာ အပြင်ခိုင်းလိုက်ပါဦးမယ်။ အောက်ထပ်ကို ဆင်းနှင့်ပါ။ ထိပ်ထားတို့လည်း လာခဲ့ပါ့မယ်"

ခန်းဆောင်ထဲမှ ပီယာထွက်ခွာခါနီး၌ မင်းသမီးလေးမေရီက–

"နာတာရှာဟာ သူ့အကြောင်းနဲ့ ပတ်သက်လို့ ဒီလောက်ကြာကြာ တစ်ခါမှ မပြောဖူးဘူး။ ပထမဆုံးအကြိမ် ပြောခြင်းပဲ"ဟု လှမ်းပြောလိုက်သည်။

အခန်း ၁၇

ပီယာသည် ထိန်လင်းလျက်ရှိသော ထမင်းစားခန်းဆောင်ထဲသို့ ဝင်လာခဲ့လေသည်။ ခဏအကြာ၌ ခြေသံများကြားရကာ မင်းသမီးလေး မေရီနှင့် နာတာရှာတို့ ရောက်လာကြသည်။ နာတာရှာမှာ တည်ငြိမ်လျက်ပင် ရှိသော်လည်း သုန်မှုန်တင်းမာသည့် မျက်နှာထားကို ဆောင်လျက်ပင် ရှိသေးသည်။ လှိုက်လဲ့ လေးနက်သော စကားများကို ပြောဆိုပြီးနောက် 'ရှိုးတိုးရှန့်ဟန့်' ဖြစ်မြဲထုံးစံအတိုင်း ၎င်းတို့သုံးဦးသားသည် ရှိုးတိုးရှန့်တန့် ဖြစ်လျက် ရှိကြ၏။ ယခုအချိန်တွင် မည်သည့်စကားကို ပြောရမည်နည်း။ ခပ်စောစောကအကြောင်းကို ပြန်ကောက်ရန်လည်း မဖြစ်တော့ချေ။ အသေးအဖွဲကလေးများကို ပြောခြင်းမှာလည်း အဓိပ္ပာယ်မရှိလှချေ။ သို့ရာတွင် စကားပြော၍ကား အားမရကြသေး။ တိတ်ဆိတ်နေခြင်းသည် စကားပြောရန် သွေးဆောင်သကဲ့သို့ ရှိလေသည်။ ၎င်းတို့သုံးဦးသည် ထမင်းစားပွဲဆီသို့ တိတ်ဆိတ်စွာ ထလာခဲ့ကြ၏။ အဆောင်ကိုင်များက ထိုင်ဖုံများကို နောက်သို့ဆွဲ၍ ဖယ်ပေးပြီး နေရာ ပြင်ပေးကြ၏။ ပီယာသည် ပဝါခေါက်ကို ဖြေကာ ပေါင်ပေါ်၌ ခင်းလိုက်ပြီးနောက် တိတ်ဆိတ်ခြင်းကို ဖြိုဖျက်ရန် ဆုံးဖြတ်လျက် မင်းသမီးလေး မေရီနှင့် နာတာရှာကို ကြည့်လိုက်၏။ ၎င်းတို့နှစ်ဦးမှာလည်း တိတ်ဆိတ်ခြင်းကို ဖြိုခွင်းရန် ဆုံးဖြတ်ထားပုံရ၏။ ၎င်းတို့နှစ်ဦး၏ မျက်လုံးများသည် တဖျပ်ဖျပ် တောက်ပလျက်ရှိကြကာ ကျေနပ်နှစ်သိမ့်ခြင်းကို ဖော်ပြလျက် ရှိကြလေသည်။ လူ့ဘဝ၌ ကြေကွဲဝမ်းနည်းခြင်းအပြင် ပျော်ရွှင်ခြင်းလည်း ရှိသေးသည် ဆိုသည့်အချက်ကိုလည်း ထိုမျက်လုံးများက ဝန်ခံလျက်ရှိကြလေသည်။

"မြို့စားလေး၊ ဗော့ဒကာ သောက်မယ်လား" မင်းသမီးလေး မေရီက မေးလိုက်၏။ ထိုစကားများသည် အတိတ်မှ အရိပ်များကို ချေဖျက်ပစ်လိုက်သကဲ့သို့ ရှိလေသည်။ "ကဲ၊ ထိပ်ထားတို့ အတွေ့အကြုံတွေကိုတော့

www.burmeseclassic.com

www.burmeseclassic.com

ပြောပြလို့ ပြီးပြီ၊ မြို့စားလေးရဲ့ အဖြစ်အပျက်ကို ပြောပြစမ်းပါဦး။ ထိပ်ထားတို့များဖြင့် တစ်ဆင့်စကား တစ်ဆင့်ကြားနဲ့ပဲ အံ့သြလို့မဆုံးနိုင်အောင် ဖြစ်နေပြီ”

“ဟုတ်ကဲ့”ပီယာက ဝသီပါနေသည့်အတိုင်း သရော်သည့်အပြုံးမျိုးဖြင့် ပြောလိုက်သည်။ “လူတွေကတော့ ကျွန်တော်ကိုယ်တိုင် အိပ်မက်မမက်ဖူးတဲ့ အကြောင်းတွေကို ကျွန်တော့်အကြောင်းဆိုပြီး ပြောနေကြတာပဲ။ မေရီ အဗ္ဗရာဖိုဗနာကဆိုရင် ကျွန်တော့်ကို သူ့အိမ်မှာ သိပ်ပြီးတော့ ကျွန်တော့်အတွေ့ အကြုံတွေ၊ အဖြစ်အပျက်တွေကို သူကချည်း ပြောပြတယ်လေ။ ကျွန်တော်က မပြောရဘူး။ ဟားဟား။ စတီပန်က ဆိုရင်လည်း ကျွန်တော့်အကြောင်းကို ပြန်ပြောတဲ့နေရာမှာ လူတွေ စိတ်ဝင်စားအောင် ဘယ်လိုတန်ဆာဆင်ပြီး ပြောရမယ်ဆိုတာ ပြောပြတယ်။ လက်စသတ်တော့ လူအများ စိတ်ဝင်စားစရာကောင်းတဲ့ လူတစ်ယောက်ဖြစ်အောင်လုပ်တဲ့ ကိစ္စဟာ အလွယ်ကလေးပါလားဆိုတာ ကျွန်တော်သိပြီလေ။ (ခုဆိုရင် စိတ်ဝင်စားစရာ လူတစ်ယောက်လည်း ဖြစ်နေပြီ။) အဲဒီနည်းကတော့ တခြားမဟုတ်ဘူး ထိပ်ထားရေ့။ လူတွေ ဖိတ်မန္တန်ကပြုတာကို လက်ခံ၊ ကိုယ့်အကြောင်း သူတို့ပြောပြတာကို ထိုင်နာ:ထောင်ရုံပဲခင်ဗျ”

နာတာရှာက ပြုံးလိုက်ပြီးနောက် စကားပြောရန် ဟန်ပြင်လိုက်၏။ မင်းသမီးလေး မေရီက ကြားဖြတ်လျက်

“မြို့စားလေးမှာ မော်စကိုတွင်ပဲ ဌေဒဂိါးနှစ်သန်းဖိုးလောက် ပျက်စီးသွားတယ်လို့ ထိပ်ထားတို့ ကြားတယ် အမှန်ပဲလား”

“ပျက်စီးပေမဲ့ ကျွန်တော့်မှာတော့ သုံးဆလောက် ချမ်းသာသွားတယ် ခင်ဗျ” ပီယာက ပြန်ပြော၏။

ပီယာသည် ကွယ်လွန်သူ ကြင်ရာတော်၏ ကြွေးမြီများကို ပြန်ဆပ်ရန်နှင့် မော်စကို စံအိမ်များကို ပြင်ဆင်ရန် ဆုံးဖြတ်ပြီးဖြစ်၏။ သို့ရာတွင် ၎င်း၏စိတ်၌မူ ယခင်ကထက် သုံးဆလောက် ချမ်းသာလာသည်ဟု ထင်မှတ်လျက် ရှိလေသည်။

“ကျွန်တော် သေသေချာချာ ရလိုက်တာကတော့ လွတ်လပ်ခြင်းပဲ” ပီယာက အတည်ပြောလိုက်သည်။ သို့ရာတွင် ဤစကားမျိုးသည် မိမိ အတ္တစွဲကြီးပုံကို ဖော်ပြရာ ရောက်လေမည်လောဟု အကဲခတ်ဟန်ဖြင့် စကားကို မဆက်သေးဘဲ ရပ်ထားလိုက်၏။

“စံအိမ်တော်တွေကိုကော ပြန်ပြင်သေးသလား”

“ဟုတ်ကဲ့၊ ကျွန်ယုံတော်ကြီးကတော့ မပြင်ရင် မဖြစ်ဘူးလို့ အကြံပေးထားပါတယ်”

“နေစမ်းပါဦး မြို့စားလေးရဲ့။ မြို့စားလေး မော်စကိုမှာ နေရစ်မယ်လို့ ဆုံးဖြတ်တဲ့အချိန်တုန်းက ကြင်ရာတော်ထိပ်ထား ကွယ်လွန်အနီစွရောက်တာကို မသိသေးဘူးလား” မင်းသမီးလေး မေရီက မေးလိုက်သည်။ သို့ရာတွင် ပီယာက လွတ်လပ်ခြင်းအကြောင်းကို ပြောဆိုလျက်ရှိစဉ် ဤမေးခွန်းကို မေးလိုက်မိသည့်အတွက် အဖြေရ ခက်သွားလေမည်လောဟု အားတုံ့အားနာဖြစ်သွားသည်။

“ဟုတ်ကဲ့ ကျွန်တော် မသိသေးပါဘူး ထိပ်ထား” ပီယာက မင်းသမီးလေး မေရီ၏အမေးကြောင့် မိမိအဖြေရခက်သည့် အခြေသို့ ရောက်သွားခြင်းကို လုံးဝ သတိထားမိဟန် မတူဘဲ ဖြေလိုက်သည်။ “ကျွန်တော် ဒီသတင်းကို အိုရဲရောက်တော့မှ ကြားရပါတယ်။ တော်တော်လည်း စိတ်ထိခိုက်လိုက်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးဟာ စံပြအိမ်ထောင်ရေးတော့ မဟုတ်ပါဘူး။ အိမ်ထောင်ရေးမှာ နှစ်ယောက်လုံး ကဲမကောင်းကြပါဘူး” ပီယာသည် နာတာရှာကို ဖျပ်ခနဲ လှမ်းကြည့်လိုက်၏။ နာတာရှာသည် ပီယာက ၎င်း၏ကြင်ရာတော်အကြောင်းကို မည်သို့ ပြောဆိုလေမည်နည်းဟု စိတ်ဝင်စားလျက် ရှိ၏။ “ဒါပေမဲ့ သူဆုံးတယ်ဆိုတဲ့ သတင်းကြားရတော့ ကျွန်တော် တော်တော်လေးစိတ်ထိခိုက်သွားတယ်။ လူနှစ်ယောက် ရန်ဖြစ်ကြတဲ့အခါမှာ နှစ်ယောက်လုံး အပြစ်ရှိကြတာပါပဲ။ အဲဒီတုန်းမှာ တစ်ယောက်မရှိတဲ့အခါကျတော့ ကျန်တဲ့ တစ်ယောက်ရဲ့ အပြစ်ဟာ ပိုပြီး ကြီးလေးတယ်လို့ ရုတ်တရက် ထင်လာရတယ်။ အင်း သူ့ခမျာလည်း သေကံတော့ မကောင်းရှာပါဘူး။ မိတ်ဆွေရောင်းရင်း မရှိ၊ အားပေးနှစ်သိမ့်မယ့်လူမရှိနဲ့ သေသွားရရှာတာပဲ။ ကျွန်တော်သူ့အတွက် စိတ်မကောင်းပါဘူး”

ပီယာက နိဂုံးချုပ်လိုက်၏။ ၎င်း၏စကားကို ဝမ်းမြောက်စွာ ထောက်ခံသည့် အမူအရာကို နာတာရှာ၏ မျက်နှာပေါ်တွင် မြင်လိုက်ရခြင်းကြောင့် ကျေနပ်လျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိလေသည်။

"ခုတော့ မြို့စားလေးလဲ လူပျိုကြီးစာရင်း ဝင်သွားပြန်ပြီပေါ့" မင်းသမီး လေး မေရီက ပြောလိုက်၏။

ပီယာ၏ မျက်နှာသည် နီရဲသွား၏။ ပီယာသည် နာတာရှာကို မကြည့်ဘဲ မျက်နှာလွှဲထားလိုက်သည်။ အတန်ကြာမှ နာတာရှာဘက်သို့ မရဲတရဲ လှမ်းကြည့်လိုက်သည်တွင် နာတာရှာ၏ မျက်နှာမှာ ခပ်မှန်မှန်ဖြစ်လျက် ရှိခြင်းကို တွေ့ရသည်။

"ဒါထက် နပိုလီယန်နဲ့တွေ့ပြီး စကားပြောခဲ့ရတယ်လို့ ကြားပါတယ်။ အဲဒါကော ဟုတ်သလား" မင်းသမီးလေးမေရီက မေး၏။

ပီတာက ရယ်လိုက်သည်။

"ကြဲကြဲဖန်ဖန် ထိပ်ထားရယ်။ တစ်ခါမှ မတွေ့ခဲ့ပါဘူး။ သုံ့ပန်းအဖြစ် အဖမ်းခံရတုန်းကို နပိုလီယန်ရဲ့ ဆည့်သည်တော် ဖြစ်ရတယ်လို့ လူတွေက ထင်ကြတယ်။ နပိုလီယန်နဲ့ တွေ့ဖို့မပြောနဲ့ သူ့အကြောင်း ပြောသံတောင် မကြားရဘူး။ ကျွန်တော်တို့ကို ထားတာက အောက်တန်းအကျဆုံးဆိုတဲ့ တပ်သားတွေကြားထဲမှာ ထားတာပဲ"

ညလယ်စာ စား၍ ပြီးသွားကြ၏။ အစပထမ၌ အဖမ်းခံရပုံအကြောင်းကို ပြောရန် ပီယာက ငြင်းသေးသော်လည်း နောက်ဆုံး၌ မငြင်းသာတော့ဘဲ ဖွင့်ပြောရလေသည်။

"နပိုလီယန်ကို သတ်ဖို့ အစ်ကို မော်စကိုမှာ နေရစ်ခဲ့တယ် ဆိုတာကော ဟုတ်သလား" နာတာရှာက ခပ်ပြုံးပြုံးဖြင့် မေး၏။ "စူခါရက် မျော်စင်ကြီး နားမှာ တွေ့တုန်းက နာတာရှာ ရိပ်မိပါတယ် အစ်ကိုရဲ့၊ မှတ်မိသေးလား"

ပီယာက နပိုလီယန်ကို သတ်ရန် ကြံစည်ခဲ့သည်မှာ မှန်ကြောင်းဖြင့် ဝန်ခံ၏။ ထို့နောက်၌ကား မင်းသမီးလေးမေရီ တဖွဖွမေးမြန်းခြင်း၊ အထူးသဖြင့် နာတာရှာက တတွတ်တွတ် မေးမြန်းလျက် ရှိခြင်းကြောင့် ပီယာမှာ မနေသာတော့ဘဲ ၎င်း၏ အဖြစ်အပျက်များကို ခရေစေ့တွင်းကျ ပြောပြရလေသည်။

အစပထမတွင် ပီယာသည် ပတ်ဝန်းကျင်နှင့်တကွ မိမိကိုယ်ကိုမိမိ လှောင်ပြောင်ရယ်မောလိုသည့် ဝသီစွဲကပ်လျက်ရှိသည့်အလျောက် ခပ်ပြုံးပြုံးဖြင့် ပြောပြ၏။ သို့ရာတွင် မိမိတွေ့မြင်ခဲ့ရသော ဒုက္ခများ၊ ကြောက်ခမန်းလိလိ သေကြောက်စိုးခဲ့ပုံများကို ပြောပြသည့်အခါ၌ကား ပီယာမှာ မသိမသာ စိတ်အားထက်သန်လာခဲ့လေပြီ။ လူများသည် မိမိကိုယ်တိုင် နာနာကြည်းကြည်း တွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်လည်ပြောပြသည့်အခါ၌ ထို အဖြစ်မျိုးကို ထပ်မံတွေ့ကြုံခဲ့စားလျက် ရှိသကဲ့သို့ အသစ်တစ်ဖန် ပြန်လည်ခံစားရကာ စိတ်အားထက်သန်ခြင်း ဖြစ်လေ့ရှိရာ ပီယာသည်လည်း ဤစိတ်အားထက်သန်ခြင်းမျိုးဖြင့် ပြောပြလျက်ရှိလေသည်။

မင်းသမီးလေးမေရီသည် သိမ်မွေ့စွာပြုံးလျက် ပီယာကို တစ်လှည့် နာတာရှာကိုတစ်လှည့် ကြည့်လျက် ရှိ၏။ ပီယာပြောပြသည့် စကားများထဲတွင် ပီယာနှင့် ပီယာ၏ စိတ်သဘောထားမြင့်မြတ်ခြင်းကိုသာ မင်းသမီးလေးမေရီ မြင်ရ၏။ နာတာရှာသည် တံတောင်ဆစ်ကို ထောက်၍ နားထောင်လျက်ရှိ၏။ နာတာရှာ၏ မျက်နှာသည် ထိတ်လန့်စရာကို ကြားရလျှင် ထိတ်လန့်သော အမူအရာ၊ ဆဲ့သြစရာကို ကြားရလျှင် ဆဲ့သြသည့်အမူအရာ စသဖြင့် တစ်မျိုးပြီးတစ်မျိုး အမူအရာပြောင်းလျက်ရှိ၏။ ထိုမျှမက ပျံ့လွင့်ခြင်း မရှိသော အာရုံဖြင့် စူးစိုက်နားထောင်လျက် ရှိလေရာ ပီယာပြောပြသမျှ အဖြစ်အပျက်များကို သူကိုယ်တိုင် တွေ့ကြုံခဲ့စားနေရသကဲ့သို့ ထင်မှတ်မိလေသည်။ နာတာရှာသည် တစ်ချီတစ်ချီ၌လည်း ကြားဝင်မေးမြန်းခြင်း၊ အာမေဋိတ်ပြုခြင်း စသည်တို့ကို ပြုလုပ်တတ်ရာ ပီယာဆိုလိုသည့်အဓိပ္ပာယ်ကို ကောင်းစွာနားလည်ပုံရ၏။ နာတာရှာသည် ပီယာပြောဆိုလျက်ရှိသည့် စကားများကိုသာမက စကားဖြင့် ထုတ်ဖော်ပြောလိုသော်လည်း ပြောဆိုနိုင်ခြင်း မရှိသော ပီယာ၏ ခံစားချက်များကိုပါ နားလည်ပုံရပေသည်။ ပီယာက ကလေးတစ်ယောက်ကို ကယ်ခဲ့ပုံ၊ မိန်းမပျိုတစ်ဦးအား ပြင်သစ်တို့က စော်ကားမည်အပြုတွင် ကာကွယ်ပေးခဲ့ပုံတို့ကို ပြောပြ၏။

"အို၊ ကြည့်ရက်စရာ မရှိပါဘူး ထိပ်ထားရယ်။ တချို့ကလေးတွေ ဆိုရင်လည်း လမ်းပေါ်မှာ၊ တချို့လည်း မီးထဲမှာ ဒီအတိုင်းပဲ စွန့်ပစ်ခဲ့ကြတာပဲ။ ကလေးတစ်ယောက်တော့ ကျွန်တော့်ရှေ့တွင် မီးပုံထဲက ဆွဲထုတ်ခဲ့ရတယ်။ မိန်းမတွေဆိုရင်လည်း ပါသမျှ ပစ္စည်းလေးတွေ အလုခံလိုက်ရတာပဲ။ တချို့များ နားကနားဆွဲကို ဆွဲဖြုတ်

www.burmeseclassic.com

www.burmeseclassic.com

သွားတာ နားရွက်တစ်ခြမ်း ပါသွားကြတယ်။ အဲဒီတုန်းပြင်သစ်ကင်းတွေ ရောက်လာကြပြီး လူကောင်းတွေ အားလုံးကို သိမ်းကျုံးဖမ်းသွားတာပဲ။ ကျွန်တော်လည်း ဒီလိုပါသွားတာပါပဲ"

"အစ်ကိုဟာ တစ်ခုခုတော့ လုပ်ခဲ့ဦးမှာပဲ။ တချို့ဟာတွေကို မပြောသေးဘဲ တမင်ချန်ထားတယ်လို့ ထင်တယ်" နာတာရှာက ဆို၏။

ပီယာက ဆက်၍ပြောပြ၏။ လူသတ်ကုန်းတွင် ကားစင်တင်၍ သေနတ်နှင့် ပစ်သတ်သည့်အကြောင်းကို ပြောပြရာ၌ ပီယာသည် စိတ်နှလုံး ချောက်ချားစရာ မြင်ကွင်းများကို မပြောဘဲ ချန်ထားလိုက်၏။ သို့ရာတွင် နာတာရှာက ခရေစေ့တွင်းကျ ပြောပြရန် ပူဆာလျက် ရှိလေသည်။

ပီယာသည် ကာရာတာယက်အကြောင်းကိုလည်း စတင်ပြောဆိုပြီးနောက် ခေတ္တရပ်လိုက်သည်။ ပီယာသည် ထိုင်ရာမှထကာ ခန်းဆောင်ထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသည်။ အတန်ကြာမှ

"ကာရာတာယက်ဟာ စာတစ်လုံးမှ တတ်တဲ့လူ တစ်ယောက် မဟုတ်ဘူး။ ဒါပေမဲ့ အဲဒီလို စာတစ်လုံးမှ မတတ်တဲ့ တောသားလယ်သမားကြီးတစ်ယောက်ဆီက ကျွန်တော့်အဖို့ ပညာတွေ အများကြီးရတယ်ဆိုရင် ထိပ်ထားတို့ အံ့သြလိမ့်မယ်"

"ပြောပါ အစ်ကိုရဲ့။ နားထောင်ရတာပေါ့။ ခု အဲဒီအဘိုးကြီးကော"

"လမ်းမှာ ပစ်သတ်ခံရလို့ သေရှာပါပြီကွယ်။ အစ်ကို့မျက်စိရှေ့တွင် ဆိုတော့ စိတ်မကောင်းလိုက်တာ"

ပီယာသည် မိမိတို့မော်စကိုမှ ဆုတ်ခွာလာရပုံ၊ ကာရာတာယက်နာမကျန်း ဖြစ်ပုံ၊ ပစ်သတ်ခြင်း ခံရပုံတို့ကို တုန်ရင်သော အသံဖြင့် ပြောပြ၏။

ပီယာက ၎င်း၏ စွန့်စားခန်းများကို ပြောပြ၏။ ထိုအကြောင်းများကို ၎င်းကိုယ်တိုင်ပင် တစ်ခါမျှ ပြန်၍ မတွေးခဲ့ဖူးသေးချေ။ ယခုမူကား မိမိဖြတ်သန်းလာခဲ့ရသည့် အတွေ့အကြုံများ၊ အဖြစ်အပျက်များထဲမှ အဓိပ္ပာယ်သစ် တစ်ခုကို တွေ့လေပြီ။ ယောကျ်ားတစ်ယောက်သည် မိမိ စကားပြောလျက်ရှိစဉ် မိန်းမများက စိတ်ဝင်စားစွာ နားထောင်လျက် ရှိခြင်းကို တွေ့ရသည်၌ များစွာ ကြည်နူးခြင်း ဖြစ်တတ်လေရာ ပီယာသည်လည်း နာတာရှာက မိမိ၏ စကားများကို စိတ်ပါဝင်စားစွာ နားထောင်လျက်ရှိခြင်းကို တွေ့ရသည်၌ ကြည်နူးခြင်းမက ကြည်နူးလျက်ရှိလေသည်။ ယောကျ်ားတစ်ဦး၏ အနီးတွင်ထိုင်၍ ထိုယောကျ်ား၏ စကားများကို နားထောင်ကြသည့် မိန်းမများ၌ ရည်ရွယ်ချက် အမျိုးမျိုး ရှိတတ်ကြသည်တွင် အချို့မှာ စိတ်ကူးဉာဏ်ကို ရင့်သန်ကြွယ်ဝအောင် နားထောင်ကြခြင်း ဖြစ်၏။ အချို့ကား အခွင့်ကြုံလျှင် တစ်ဆင့် 'ဖောက်သည်ချရန်' နားထောင်ကြခြင်းဖြစ်၏။ အချို့ကား တစ်ပါးသူ ပြောပြသော အဖြစ်အပျက်များကို မိမိစိတ်ကူးဖြင့် ဟပ်၍ စဉ်းစားရင်း နားထောင်တတ်ကြ၏။ အချို့ကား ၎င်းတို့၏ သေးငယ်သော 'စိတ်အလုပ်ရုံ'ကလေးထဲတွင် ပြုလုပ်ပြင်ဆင်ထားသော စကားလှကလေးများဖြင့် 'အလိမ္မာ' လုပ်၍ ထင်မြင်ချက်ပေးရန် နားထောင်ကြခြင်း ဖြစ်လေသည်။ သို့ရာတွင် နာတာရှာကား အဆိုပါ မိန်းမစားမျိုး မဟုတ်ချေ။ နာတာရှာသည် ယောကျ်ားတစ်ယောက်၏ စကားထဲမှ ထိုယောကျ်ား၏ အကောင်းဆုံး အရည်အချင်း၊ အမွန်မြတ်ဆုံး အရည်အချင်း၊ အတော်ဆုံး အရည်အချင်းကို ရွေးထုတ်တတ်ခြင်း၊ ထိုအရည်အချင်းတို့ကို စိတ်ဝင်စားတတ်ခြင်း စသည့် အရည်အသွေးတို့ဖြင့် ပြည့်စုံသော မိန်းမပီသသည့် မိန်းမတစ်ဦး ဖြစ်လေသည်။ ထို့ကြောင့် ပီယာ ရရှိသော ကြည်နူးမှုသည်လည်း အဆိုပါ မာယာပရိယာယ်များလှသော မိန်းမများနှင့် စကားပြောရခြင်းကြောင့် ဖြစ်သော ကြည်နူးမှုမျိုး မဟုတ်ဘဲ မိန်းမပီသသော မိန်းမများသာ ပေးနိုင်စွမ်းရှိသည့် ကြည်နူးမှုမျိုး ဖြစ်လေသည်။ နာတာရှာကား ဤအချက်များကို သတိထားမိဟန်မရှိဘဲ ပီယာ၏ စကားများထဲ၌သာ နစ်မြုပ်လျက် ရှိ၏။ နာတာရှာသည် ပီယာ၏ စကားလုံးတိုင်းကို လည်းကောင်း၊ အသံတုန်ခြင်းကို လည်းကောင်း၊ မျက်နှာကို လည်းကောင်း၊ မဲ့ရွဲ့ခြင်းကို လည်းကောင်း တဒင်္ဂကလေးမျှ အလွတ်မခံဘဲ နားထောင်၏။ ကြည့်၏။ မပြီးသေးသော စကားတစ်လုံးကို ဖမ်းယူကာ ၎င်း၏ အသည်းနှလုံးထဲသို့ ထည့်သွင်း၏။ ပီယာ၏ စေတသိကဒုက္ခဟူသမျှကို ပီယာနှင့် ထပ်တူလိုက်၍ ခံစား၏။

မင်းသမီးလေး မေရီသည်လည်း ပီယာ၏ အဖြစ်အပျက်ကို နားလည်သဘောပေါက်ကာ ပီယာကို ကရုဏာ

www.burmeseclassic.com

www.burmeseclassic.com

သက်ခြင်း ဖြစ်မိ၏။ မိမိ၏စိတ်ကို ပို၍ ဝင်စားစေသော အခြင်းအရာသစ်တစ်ခုကိုလည်း တွေ့၏။ နာတာရှာနှင့် ပိယာတို့ တစ်ဦးကိုတစ်ဦး မေတ္တာသက်ဝင်ကြလျက် ဇနီးမောင်နှံအဖြစ်နေထိုင်လျှင် မည်မျှကြည်နူးဖွယ် ကောင်းလေမည်နည်းဟု တွေးမိ၏။ ဤသို့ တွေးမိရင်းလည်း ကြည်နူးခြင်း ဖြစ်မိသည်။

နံနက် သုံးချက်တီးခန့် ရှိလေပြီ။ အဆောင်ကိုင် များသည် အိပ်မှုန်စုံမွှား အမှုအရာဖြင့် ဖယောင်းတိုင်များကို လဲ၍ ထွန်းညှိပေးကြ၏။ သို့ရာတွင် ဤအချက်ကို မည်သူမျှ သတိမပြုမိကြချေ။

ပိယာသည် ၎င်း၏အဖြစ်အပျက်ကို နိဂုံးချုပ်၏။ နာတာရှာသည် တောက်ပဝင်းလက်သော မျက်လုံးများဖြင့် ပိယာကို ရွှန်းရွှန်းစားစားကြီး ကြည့်လျက်ရှိသည်။ ပိယာ၏ ရင်ထဲ၌ မပြောဘဲ ခြွင်းချန်ထားသော စကားများ ရှိလိမ့်ဦးမည်အထင်ဖြင့် ထိုစကားများ၏ အနက်အဓိပ္ပာယ်ကို စဉ်းစားနေဟန်ရှိလေသည်။ ပိယာသည် ပေါ့ပါးရွှင်လန်းသွားသော်လည်း 'အိုးတိုးအမ်းတမ်း' မျက်နှာထားဖြင့် နာတာရှာကို မကြာခဏ လှမ်းကြည့်လျက်ရှိရာက နောက်ထပ် မည်သည့်အကြောင်းအရာမျိုးကို ပြောဆိုရမည်နည်းဟု စဉ်းစားလျက်ရှိသည်။ မင်းသမီးလေး မေရီမှာလည်း တိတ်ဆိတ်လျက်ရှိ၏။ သုံးချက်တီး၍ အိပ်ချိန်သို့ ရောက်ပြီဖြစ်ကြောင်းကို မည်သူမျှ သတိထားမိပုံ မရကြချေ။

"လူတွေဟာ ဆင်းရဲဒုက္ခနဲ့ ကံတရားအကြောင်းကို မကြာခဏ ပြောတတ်ကြတယ်" ပိယာက ပြောလိုက်၏။ "ဒါပေမဲ့ ခုအချိန်မှာ (မင်း သုံ့ပန်းအဖြစ် အဖမ်းမခံရခင် တုန်းကလို ချမ်းချမ်းသာသာ နေချင်သလား။ သုံ့ပန်း ဘဝမျိုးကို ပြန်တွေ့ချင်သေးသလား။)လို့ ကျွန်တော့်ကို လာမေးရင် ကျွန်တော်တော့ သုံးပန်းပြန်အဖြစ်ခံပြီး မြင်းသားကို စားနေချင်တယ်လို့ပဲ ပြောမှာပဲ။ တကယ်ပဲ။ အရင်ကလို မနေချင်တော့ဘူး။ ခက်တာက လူတွေဟာ ကိုယ်သွားရိုးသွားစဉ် လမ်းကြောင်းကျဉ်းကျဉ်းကလေး ပေါ်က ဘေးကို လွှင့်စဉ် သွားတယ်ဆိုရင်ပဲ တစ်သက်မှာ ဘဝဆုံးပြီလို့ ထင်တတ်ကြတယ်။ ကျွန်တော့် အမြင်ကတော့ အဲဒီ သွားမြဲလမ်းကလေးပေါ်က လွှင့်စဉ်သွားခြင်းဟာ ဘဝသစ်ရဲ့ အစပဲ၊ ကောင်းမွန်ခြင်းရဲ့ အစပဲလို့ ထင်တယ်။ လောကမှာ အသက်ရှင်သန်ခြင်းဆိုတဲ့ ဘဝရှိနေသေးရင် ပျော်ရွှင်ခြင်းဆိုတာလည်း ရှိတာပါပဲ။ ကျွန်တော်တို့ဟာ ခုအသက်ရှင်နေကြတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ရှေ့မှာ ပျော်စရာတွေ တပုံကြီး ရှိသေးတယ်။ အများကြီး ရှိသေးတယ်လို့ ထင်တယ်။ မဟုတ်ဘူးလား ညီမ"

ပိယာက နာတာရှာကိုလှည့်၍ မေးလိုက်၏။

"ဟုတ်တယ် အစ်ကို၊ ဟုတ်တယ်" နာတာရှာက အားတက်သရော ထောက်ခံ၏။ "နာတာရှာကတော့ လောကကြီးမှာ ဘယ်ဒင်းကိုမှ မလိုချင်ဘူး။ လူ့ဘဝကို အစက ပြန်ပြီး အသစ်ပြန်နေချင်တာ တစ်ခုပဲ"

ပိယာသည် နာတာရှာကို စိုက်ကြည့်၏။

"ဒါကလွဲလို့ တခြားဘာမှ ထပ်မလိုချင်ဘူး" နာတာရှာက ထပ်ဆို၏။

"ဒီလိုတော့လည်း မဖြစ်နိုင်သေးဘူးပေါ့ နာတာရှာ" ပိယာက ဆို၏။ "ဘဝဆိုတာ အစ်ကိုတို့ နာတာရှာတို့ ဖြစ်ချင်တိုင်းလည်း ဖြစ်ကြတာမှ မဟုတ်ဘဲ"

နာတာရှာသည် ခေါင်းကို ငုံ့လိုက်၏။ ထို့နောက် မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် ငိုနေလေသည်။

"ဘာဖြစ်လို့လဲ ညီမ" မင်းသမီးလေး မေရီက မေး၏။

"ဘာမှ မဖြစ်ပါဘူး အစ်မတော်ထိပ်ထား။ အိပ်ကြစို့။ ညဉ့်နက်လှပြီ" နာတာရှာက မျက်ရည်များကြားမှ ပြုံး၍ ပိယာကို ကြည့်၏။

ပိယာသည် နှုတ်ဆက်၍ ထလာခဲ့လေသည်။

မင်းသမီးလေး မေရီနှင့် နာတာရှာတို့သည် ထုံးစံအတိုင်း အိပ်ခန်းဆောင်တွင်း၌ ဆုံကြ၏။ ပိယာပြောသွားသည့် စကားများကို ပြန်ပြောကြ၏။ မင်းသမီးလေး မေရီက ပိယာနှင့်ပတ်သက်၍ မည်သို့မျှ ထင်မြင်ချက် မပေး။ နာတာရှာလည်း ပိယာ့အကြောင်းကို စကားမစချေ။

"ကဲ၊ အိပ်ပေတော့ အစ်မတော်ထိပ်ထား" နာတာရှာက ဆို၏။ "ဩော် အစ်မတော်ထိပ်ထား မှတ်မိသေးသလား။ နာတာရှာတို့ ရင်ထဲမှာ ခံစားနေရတဲ့ ခံစားချက်တွေကို စကားနဲ့ပြောလို့ ရနိုင်မှာမဟုတ်တဲ့အတွက် သူ့အကြောင်း (မင်းသားကလေး အင်ဒရေကို ဆိုလိုခြင်းဖြစ်၏။)ကို မပြောကြစတမ်းဆိုရင် နာတာရှာတို့ တစ်တွေဟာ သူ့ကို မေ့သွားကြတော့မှာပဲလို့ နာတာရှာ ပြောဖူးတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးလေး မေရီသည် နာတာရှာ၏စကား များကို ထောက်ခံသည့်အနေဖြင့် သက်ပြင်းကို ရှိုက်လိုက်၏။ သို့ရာတွင် ပါးစပ်ကမူ ထုတ်ဖော်ပြောဆိုခြင်းမပြုချေ။

"မေ့နိုင်ပါ့မလား ညီမရယ်" မင်းသမီးလေး မေရီက ဆို၏။

"ဒီနေ့ သူ့အကြောင်းတွေကို အစ်ကို့ကို ဖွင့်ပြောလိုက်တာပဲ ထိပ်ထားရေ့။ ပြောနေတုန်းမှာ ရင်နာရပေမယ့် ပြောပြီးတဲ့အခါကျတော့ ရင်ထဲမှာ ပေါ့သွားတယ်။ သိပ်ကို ပေါ့သွားတယ်။ အစ်ကိုဟာ သူ့ကို တော်တော်ချစ်ရာသား ပဲ။ ဒါကြောင့်မို့လည်း သူ့အကြောင်းကို ခရေစေ့တွင်းကျ ပြောပြလိုက်တယ်။ နာတာရှာ မမှားပါဘူးနော်" နာတာရှာက မျက်နှာနီရဲလာရင်း ပြော၏။

"မြို့စားလေးကို ပြောလို့ ကိစ္စမရှိပါဘူးကွယ်။ မြို့စားလေးဟာ စိတ်ကောင်းနှလုံးကောင်းရှိသူ တစ်ယောက်ပဲ" မင်းသမီးလေး မေရီကဆို၏။

"အစ်မတော်ထိပ်ထား သတိထား မိရဲ့လား" နာတာရှာက နောက်သလို ပြုံး၍ဆို၏။ နာတာရှာသည် ဤသို့ ပြုံးသည်ကို မင်းသမီးလေး မေရီ မမြင်ရသည်မှာ ကြာပြီဖြစ်၏။ "အစ်ကို့ကို ကြည့်ရတာ အတော် သပ်သပ်ရပ်ရပ် ဖြစ်လာတယ်နော်။ လူလည်း တော်တော်နသွားတယ်။ ရေနွေးနဲ့စိမ် ရေချိုးသန့်စင်လာသလို သန့်သန့်ရှင်းရှင်းလည်း ဖြစ်လာတယ်။ ညီမဆိုလိုတာ နားလည်မလား မသိဘူး။ ဟို ဟိုလေ စိတ်ဓာတ်ကို သန့်ရှင်းပစ်လိုက်သလို လုံးလုံးကြီးပြောင်းသွားတာပဲ။ မဟုတ်ဘူးလား ဟင် အစ်မတော်ထိပ်ထား"

"ဟုတ်တာပေါ့ ညီမရယ်။ တော်တော်ကြီးကို စိတ်ပြောင်းသွားတာပဲ"

"အဲမယ် အင်္ဂါကလည်း ဝတ်ရုံတိုနဲ့။ ဆံပင်တွေဘာတွေညှပ်ပြီး သပ်သပ်ရပ်ရပ်ဖြီးလို့။ တကယ့်ကို ရေချိုးသန့်စင်ပြီး ထွက်လာတဲ့ လူတစ်ယောက်လိုပဲ။ မေဖျားလည်း"

"ဒါကြောင့်လည်း သူက(မင်းသားကလေး အင်ဒရေ) မြို့စားလေးကို ခင်တာပေါ့ ညီမရဲ့။ မြို့စားလေးကို အခင်ဆုံးပဲ"

"သူတို့နှစ်ယောက်ဟာ အသွင်အပြင် စိတ်သဘော ထားချင်းသာ မတူကြပေမယ့် တော်တော်ချစ်ကြသားနော်။ ဒါကြောင့် ယောကျ်ားတစ်ဦးနဲ့တစ်ဦး အသွင်မတူ ခြားနားကြရင် အဆွေခင်ပွန်း ဖြစ်တတ်ကြတယ်လို့ ပြောကြတာကိုး။ ဟုတ်မှာပဲ။ တကယ်ပဲ ထိပ်ထား။ သူတို့နှစ်ယောက်ဟာ စိတ်သဘောထားမှာရော အသွင်အပြင် အမူအရာမှာရော အစစအရာရာ လုံးဝမတူကြဘဲနဲ့ သိပ်တည့်ကြတာပဲ"

"ဒါပေမဲ့ကွယ် မြို့စားလေးကတော့ အံ့ဩစရာကောင်းပါတယ်"

"ကဲ အိပ်ကြစို့ အစ်မတော်ထိပ်ထား" နာတာရှာက ဆို၏။

နောက်ရွာတ်ရွာတ် အပြုံးသည် ပိုင်ရှင်မေ့၍ ကျန်ရစ်ခဲ့သော ပစ္စည်းကလေး တစ်ခုသဖွယ် နာတာရှာ၏ မျက်နှာပေါ်၌ အချိန်အတန်ကြာမျှ ပျောက်ကွယ်ခြင်း မရှိဘဲ ကျန်ရစ်ခဲ့လေသည်။

အခန်း ၁၈

ထိုနေ့ည၌ ပီယာသည် တော်တော်နှင့် အိပ်မပျော်ချေ။ ပီယာသည် ခန်းဆောင်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိ၏။ တစ်ခါတစ်ရံ၌လည်း အလွန်ခက်ခဲသော ပြဿနာကြီးတစ်ခုကို မျက်မှောင်ကုတ်၍ စဉ်းစား၏။ တစ်ခါတစ်ရံ၌လည်း မျက်တောင် ပေကလပ် ပေကလပ်ပြုရင်း ပခုံးကိုတွန့်၏။ တစ်ခါတစ်ရံ၌လည်း ရွှင်လန်စွာ ပြုံးလျက် ရှိလေသည်။

ပီယာသည် မင်းသားကလေး အင်ဒရေ၏ အကြောင်းကိုလည်း တွေးမိ၏။ နာတာရှာ၏ အကြောင်းကိုလည်း တွေးမိ၏။ တစ်ဖန် ၎င်းတို့နှစ်ဦး၏ အချစ်ကိစ္စကို တွေးမိရာမှ နာတာရှာ၏အတိတ်က အဖြစ်အပျက်အတွက် မနာလိုဝန်တိုခြင်းလည်း ဖြစ်မိ၏။ ထိုနောက်မှသာ ဤသို့ မနာလိုဖြစ်မိခြင်းအတွက် ကိုယ့်ကိုယ်ကို ဆုံးမရလေသည်။ နံနက် ခြောက်ချက်တီးပြီ ဖြစ်သော်လည်း ပီယာမှာ ခန်းဆောင်ထဲတွင် လမ်းလျှောက်လျက်ပင် ရှိလေသည်။

"ကဲ ရှောင်လို့မရဘူးဆိုရင် ဘာလုပ်မလဲ။ ဘယ်လို ဖြေရှင်းမလဲ ပီယာ။ ကဲတရားကတော့ ဖန်တီးလာပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com

ပီယာသည် ကိုယ့်ကိုယ်ကို မေးမိ၏။ ထို့နောက် လျင်မြန်စွာ အဝတ်အစား လဲပြီးနောက် ဝမ်းသာကြည်နူး ခြင်းဖြင့် အိပ်ရာပေါ်သို့ လဲလိုက်သည်။ သို့သော်လည်း တွေဝေခြင်း ဆုတ်ဆိုင်းခြင်းတို့ မရှိတော့ချေ။

"သူနဲ့ငါ ဘဝခရီးဖော်တွေအဖြစ် လျှောက်ကြရ မယ်ဆိုရင် ဘယ်လို အလုပ်ကိုပဲ လုပ်ရလုပ်ရ ငါမကြောက် ပါဘူး။ ပျော်ပျော်ကြီး လုပ်ရဲပါတယ်"ပီယာသည် တစ် ယောက်တည်း ပြောမိ၏။

ပီယာသည် ပီတာစဘတ် ရွှေမြို့တော်သို့ သော ကြာနေ့တွင် ထွက်ခွာသွားရန် လွန်ခဲ့သည့် ရက်အနည်း ငယ်က ဆုံးဖြတ်ခဲ့၏။ ကြာသပတေးနေ့နံနက် အိပ်ရာမှ နိုးချိန်သို့ ရောက်သောအခါ ကျွန်ယုံကြီး ဆာလီဗစ် ရောက်လာကာ ခရီးသွားဖို့ ပြင်ဆင်ရမည်လောဟု မေး မြန်းခြင်း ပြုလေသည်။

'ဘာလဲ ပီတာစဘတ်ကို သွားဖို့လား။ ပီတာ စဘတ်က ဘာလဲ။ ပီတာစဘတ်မှာ ဘယ်သူရှိလို့ သွား ရမှာလဲ'ပီယာသည် စိတ်ထဲတွင် ကိုယ့်ကိုယ်ကို ပြန်မေး မိ၏။ 'အို သူနဲ့မတွေ့ခင်ကတည်းက ပီတာစဘတ် ကိုသွားဖို့ ဆုံးဖြတ်ထားတာပါကလား'ဟု အမှတ်ရလာ၏။ 'ကြည့်စမ်း ကျွန်ယုံတော်ကြီးဟာ သတိကောင်းပေသားပဲ။ သူ သတိရပေလို့ပေါ့။ ကြည့်စမ်း၊ ကြည့်စမ်း။ ကျွန်ယုံ တော်ကြီးက ငါ့ကို ကြည့်နေလိုက်တာ ပြီး'လို့'ပီယာသည် ကျွန်ယုံတော် အဘိုးကြီး၏ မျက်နှာကို ကြည့်၍ တွေး၏။

"ကဲ ကျွန်ယုံတော်ကြီး ကျွန်အဖြစ် ကင်းလွတ် ခွင့်ပေးတာကို ခုထက်ထိ လက်မခံသေးဘူးလား။ ဆိုစမ်း" ပီယာက မေး၏။

"ကျွန်တော်တို့အဖို့ ကျွန်စာရင်းက လွတ်တော့ ကော ဘာအကျိုးထူးဦးမှာလဲ သခင်လေးရဲ့။ ကျွန်တော်တို့ တစ်တွေ ဟိုသခင်ကြီးလက်ထက်ကတည်းက အမှုထမ်း ခဲ့ကြတယ်။ ခု သခင်လေး လက်ထက်မှာလည်း ဆက်ပြီး အမှုထမ်းတယ်။ ကျွန်တော်တို့မှာ ဘာမှ နစ်နာဆုံးရှုံးခြင်း မရှိခဲ့ဖူးဘူး"

"ခင်ဗျားရဲ့ သားသမီးတွေ လက်ထက်ကျတော့ ကော"

"ကျွန်တော့်ရဲ့ သားသမီးတွေ လက်ထက်လည်း အမှုထမ်းမြဲ ထမ်းမှာပဲ။ ဒီလို သခင်မျိုးဆိုမှာ ကျွန်စာရင်းခံ ရလို့တော့ ဆယ်သက်ခံရပါစေ သခင်လေးရယ်"

"ကဲ ကောင်းပါပြီဗျာ။ ကျုပ်သားသမီးတွေ လက် ထက်ကျတော့ကော။ ဆိုပါစို့။ ကျုပ်က နောက်အိမ်ထောင် ပြုလို့ သားတွေ သမီးတွေ ရပြီး"ပီယာက ခပ်ပြုံးပြုံးဖြင့် မေး၏။

"မကွယ်မထောက် ပြောရရင်တော့ ကျွန်တော်တို့ ကလည်း သခင်လေးကို ဒီလိုတစ်ယောက်တည်းနေတာ မကြည့်ရက်ဘူးဗျာ။ အကောင်းဆုံးပဲ"

'ကြည့်စမ်း၊ သူတို့များတော့လည်း တယ်လွယ်ပါ ကလား'ဟု ပီယာ တွေးမိ၏။ 'အိမ်ထောင်ခြင်း အမှုဟာ ဘယ့်ကလောက် ကြောက်ဖွယ်ကောင်းပြီး ဘယ့်ကလောက် အန္တရာယ်များတယ်ဆိုတာ မသိရှာဘဲကိုး။ အိမ်ထောင်ခြင်း ဆိုတာ စောသည်ဖြစ်စေ၊ နောင်းသည်ဖြစ်စေ တယ် ကြောက်စရာကောင်းတာပဲ"

"နက်ဖြန် ခရီးထွက်ဖို့ ပြင်ရတော့မလား။ အမိန့် ရှိပါသခင်လေး" ကျွန်ယုံတော်ကြီးက မေး၏။

"နေဦးဗျို့။ ဆိုင်းထားလိုက်ဦး။ နောက်များမှ ကျုပ်ပြောမယ်။ ဒုက္ခပေးတယ်လို့တော့ မအောက်မေ့နဲ့ဗျာ" ပီယာက ဆို၏။ ကျွန်ယုံတော်ကြီး၏ အပြုံးကို မြင်သည်၌ 'အိမ်း သူ့ခမျာ ငါပီတာစဘတ်ရွှေမြို့တော်ကို မသွားတဲ့ အကြောင်း မသိရှာသေးဘူး။ ဒီကိစ္စကို အရင်ရှင်းရဦး မယ်ဆိုတာ မသိသေးဘူး။ သိရင်တော့ အတော်အံ့သြသွား မှာပဲ။ အေးလေ သိရက်သားနဲ့ မသိယောင်ပြုနေတာ ဖြစ်ချင်လည်း ဖြစ်မှာပါ။ ငါ သူ့ကို ဖွင့်ပြောပြီး သူ့ထင် မြင်ချက်ကို နားထောင်ရမလား'ဟု တွေး၏။ နောက်မှ 'အို နောက်မှ ပြောပါတော့မယ်လေ'ဟု စိတ်ကူးလိုက် မိသည်။

ထိုနေ့ နံနက်စာစားချိန်၌ ယမန်နေ့က မင်းသမီး လေး မေရီထံ သွားတွေ့ကြောင်းဖြင့် အစ်မတော် ဝမ်းကွဲ ပထမမင်းသမီးကြီးကို ပီယာက ပြောပြ၏။

"မြို့စားကြီး ရော့စတော့ဗ်ရဲ့ သမီး နာတာရှာကို အစ်မတော် သိသလား"

ပထမ မင်းသမီးကြီးက မည်သို့မျှ ထူးခြားဟန် မပြချေ။

"သိတယ် မဟုတ်လား အစ်မတော်"

"ထိပ်ထားလေးကိုတော့ မြင်ဖူးပါရဲ့" ပထမ

www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးကြီးက ဖြေ၏။ "ထိပ်ထားလေးနဲ့ မြို့စားကြီးရော့စတော့ဗ်ရဲ့သားကြီး နီကိုလေနဲ့လဲ စေ့စပ်ကြောင်း လမ်းမလို့ဆိုပါကလား။ အေးလေ မြို့စားကြီးတို့ခမျာ အခြေပျက်အနေပျက် ဖြစ်နေရှာတုန်း ထိပ်ထားလေးနဲ့ လက်ဆက်ဖြစ်တယ်ဆိုရင် အသက်ရှူချောင်သွားပေတာပေါ့"

"ထိပ်ထားလေးကို ပြောတာ မဟုတ်ပါဘူး အစ်မတော်ရဲ့။ နာတာရှာကို သိသလားလို့ မေးတာပါ"

"သူတို့ကိစ္စကို တစ်ခါတုန်းကတော့ ကြားလိုက်ပါရဲ့။ သနားပါတယ်ကွယ်"

ပိယာသည် အစ်မတော် ပထမ မင်းသမီးကြီး မသိယောင်ပြုနေသလော၊ တကယ်ပင် မသိ၍လောဟု စဉ်းစားမရအောင် ဖြစ်လျက်ရှိ၏။ ထို့ကြောင့် ၎င်းကိုလည်း ဖွင့်ပြောခြင်း မပြုတော့ဟု ဆုံးဖြတ်လိုက်သည်။

ပထမ မင်းသမီးကြီးမှာလည်း ပိယာခရီးထွက်မည်ဆိုသည့်အတွက် လမ်းတွင် စားသောက်ရန် ရိက္ခာများကို ထုပ်ပိုးပြင်ဆင်လျက် ရှိလေသည်။

'အင်း အစ်မတော်ကြီးခမျာ ငါ့ကို ဂရုတော့ စိုက်ရှာပါပေတယ်။ အင်းလေ သူတို့လည်း ငါ့အတွက် သိပ်ဒုက္ခခံရတော့မှာ မဟုတ်တော့ပါဘူး။ ခု အတောအတွင်းတွင်ပါ'ဟု ပိယာတွေးပြန်၏။

ထိုနေ့၌ မော်ခကို ရဲဝန်ချုပ်သည် ပိယာ့ထံသို့ ရောက်လာကာ ကရင်မလင် နန်းတော်တွင် တွေ့ရသော ပစ္စည်းများကို ပိုင်ရှင်များသို့ ပြန်ပေးမည် ဖြစ်သည့်အတွက် ကိုယ်စားလှယ် တစ်ဦးလွှတ်ရန် ပြောကြား၏။

ပိယာသည် ရဲဝန်ချုပ်မျက်နှာကို စေ့စေ့ကြည့်၍ 'အင်း ဒီအဘိုးကြီးလည်း ငါမိန်းမယူတော့မယ်ဆိုတာ သိဟန်မတူသေးဘူး။ အဘိုးကြီးဟာ သဘော ကောင်းပုံရပါရဲ့။ ဒီအသေးအဖွဲကိစ္စလေးတွေကို ဒီအချိန်မှာ လုပ်နေရရှာတုန်း ပဲနော်။ တချို့ကတော့လည်း အဘိုးကြီးဟာ တော်တော် လာဘ်ယူတယ်လို့ ပြောကြတယ်။ ဟုတ်ဟန် မတူပါဘူး။ ဟုတ်တော့ကော ဘာဖြစ်သလဲ။ သူတို့ တစ်တွေဟာ ဒီပတ်ဝန်းကျင်မှာ ကြီးပြင်းလာပြီး ဒီလိုပဲ လူတိုင်းလာဘ်ယူ နေကြပေတာပဲ။ သူ့ကျမှ အပြစ်ဆိုလို့ ဘယ်တရားမလဲ။ ဘယ်သူတွေ ဘာပြောပြော အဘိုးကြီးမျက်နှာဟာ သနားကြင်နာတတ်ပုံရတယ်။ ချိုတယ်။ ကြည့်စမ်း။ ငါ့ကို ပြုံးပြုံးကြီး ကြည့်နေလိုက်တာ'

ပိယာသည် ညစာစားရန် မင်းသမီးလေးမေရီ၏ စံအိမ်တော်သို့ လာခဲ့လေသည်။

လမ်းတစ်လျှောက်တွင် ကရထားကို မောင်းလာခဲ့ရာ၌ မီးလောင်ကျွမ်း၍ ပျက်စီးလျက်ရှိသော အိမ်များကို မြင်ရ၏။ သာမန်အားဖြင့် အပျက်အစီးဟူသည် အနိဋ္ဌာရုံကို ဆောင်လျက်ရှိမြဲဖြစ်သော်လည်း ထိုနေ့၌ကား ဤအပျက်အစီးများသည်ပင် ထူးခြားသည့် အလှကျက်သရေကို ဆောင်လျက်ရှိခြင်းကို တွေ့သည်၌ ပိယာသည် အံ့သြမိသေး၏။ မီးလောင်ကျွမ်းသော ရပ်ကွက်များ၌ တစ်ဝက်တစ်ပျက် ကျိုးပဲ့နေသော မီးခိုးခေါင်းတိုင်များ၊ ပြိုကျနေသော နံရံများသည် တစ်ခုကိုတစ်ခု ဖုံးကွယ်၍ တဝန်းတလျားကြီး တည်ရှိနေလေရာ ၎င်းတို့သည် ပန်းချီရေးထားသကဲ့သို့ ရှုမငြီးဖွယ်ပင်ဖြစ်၏။ ပိယာသည် ထိုရှုခင်းကို မြင်ရသည်၌ ရိုင်းမြစ်ကမ်းနံဘေးမှ အဆောက်အအုံများကို သတိရမိ၏။ လမ်းတွင် တွေ့ရသော ရထားသမားများ၊ ရထားစီးခရီးသည်များ၊ အိမ်ဆောက်ရန်အတွက် သစ်ရွေနေကြသော လက်သမားများ၊ ဈေးသည်များ၊ ဆိုင်ရှင်များ အားလုံးသည် ၎င်း၏ ရွှင်လန်းတောက်ပသော မျက်လုံးများဖြင့် ကြည့်ကာ "ဟော သတိုးသားလာပြီဟေ့ ကြည့်ကြ၊ ကြည့်ကြ"ဆိုနေသည်ဟု ထင်မှတ်မိ၏။

မင်းသမီးလေးမေရီ၏ စံအိမ်တော်အဝင်ဝသို့ အရောက်တွင် မိမိသည် ယမန်နေ့က ဤစံအိမ်သို့ ရောက်ခဲ့၍ နာတာရှာနှင့် တွေ့ဆုံစကားပြောခဲ့ခြင်းမှာ တကယ်မှ ဟုတ်ပါ၏လော၊ အိပ်မက်မက်ခြင်းများ ဖြစ်လေသလောဟု သံသယ ဖြစ်မိသေး၏။ ငါ့ဘာသာ ငါ စိတ်ကူးနဲ့ ရူးနေတာများလား။အထဲမှာ လူသူမှ ရှိပါလေရဲ့လားဟုလည်း တွေးမိ၏။ သို့ရာတွင် ခန်းဆောင်ထဲသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် နာတာရှာကို မြင်လိုက် ရ၏။ ထိုခဏတွင် မိမိ၌ရှိသော လွတ်လပ်ခြင်း ဟူသမျှသည် ပျောက်ကွယ်သွားလေပြီဟု ထင်လိုက်ရ၏။ နာတာရှာသည် ယမန်နေ့ကကဲ့သို့ပင် ပန်းတွန့်အနားသတ် ဝတ်ရုံနက်ကို ဝတ်ဆင်ထား၏။ ဆံပင်ထုံးဖွဲ့ပုံမှာလည်း ယမန်နေ့ကကဲ့သို့ပင် ဖြစ်၏။ သို့ရာတွင် တစ်မူထူးခြားလျက် ရှိလေသည်။ ယမန်နေ့ကသာ ဤထူးခြားချက်မျိုးဖြင့် တွေ့ရလျှင် ပိယာသည် နာတာရှာ့ကို မမှတ်မိဘဲ နေမည်မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com

ယနေ့တွေ့ရသော နာတာရှာသည် ငယ်စဉ်က ပီယာတွေ့ခဲ့ရသော နာတာရှာ၊ ထို့နောက် မင်းသားကလေး အင်ဒရေ၏ ကြင်ရာလောင်းအဖြစ် တွေ့ရသော နာတာရှာဖြစ်၏။ စူးစမ်းသောလက္ခဏာဖြင့် မျက်လုံးများသည် ဝင်းလက်တောက်ပလျက် ရှိကြ၏။ ၎င်း၏ မျက်နှာထား သည် နှစ်လိုဖွယ်သော အသွင်ကိုဆောင်လျက် ရှိလေသည်။

ပီယာသည် ၎င်းတို့နှင့်အတူ ညစာစားပြီးနောက် တစ်ညနေလုံးနေရန် စိတ်ကူးခဲ့၏။ သို့ရာတွင် မင်းသမီးလေးမေရီမှာ ဝတ်တက်သွားရန်ရှိသဖြင့် ပီယာလည်း မင်းသမီးလေးမေရီနှင့်အတူ ထွက်လာခဲ့လေသည်။

နောက်တစ်နေ့၌ ပီယာသည် ခပ်စောစော ရောက်လာပြန်ကာ ၎င်းတို့နှင့်အတူ ညစာစားပြီးနောက် တစ်ညနေလုံး အချိန်ကုန်လွန်စေ၏။ မင်းသမီးလေးမေရီနှင့် နာတာရှာတို့သည် ပီယာအလည်လာခြင်းအတွက် များစွာ ဝမ်းမြောက်ကြလျက် ပီယာကလည်း မိမိ၏ စိတ်အာရုံ ဟူသမျှကို ဤစံအိမ်ကြီးထဲသို့ လွှတ်ထားလေသည်။ ညနေစောင်း၍ ပြောစရာ စကားကုန်သည့်အခါ၌ ၎င်းတို့သည် အသေးအဖွဲများကို ပြောကြပြန်သည်။ တစ်ခါတစ်ခါ၌လည်း စကားပြတ်သွားကြ၏။ ပီယာကား မပြန်သေးချေ။ ပြန်ချိန်တန်၍ ပီယာ မပြန်သေးအခါ မင်းသမီးလေးမေရီနှင့် နာတာရှာသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြီး ပြန်ခဲလှချည့်ဟု တွေးလျက် ရှိကြ၏။ ဤအချက်ကို ပီယာကလည်း ရိပ်မိ၏။ သို့ရာတွင် ပီယာ မပြန်နိုင်သေးချေ။ ပီယာသည် အားနာလှသော်လည်း မပြန်ချင်လောက်အောင် ဖြစ်နေသည့်အတွက် ထိုင်မြဲထိုင် လျက်သာရှိလေသည်။

နောက်ဆုံး၌ မိမိက စကားစဖြတ်မှ ဖြစ်တော့မည်ဟု သိသဖြင့် မင်းသမီးလေး မေရီက ထိုင်ရာမှ ထလိုက်ပြီးနောက် ခေါင်းကိုက်သည်ဟု ဆိုကာ နှုတ်ဆက်ခြင်း ပြုလေသည်။

"ဒါထက် မြို့စားလေး မနက်ဖြန် ရွှေမြို့တော်ကို သွားဖြစ်တယ်နော်"

"မသွားဖြစ်ဘူးခင်ဗျ" ပီယာက ခပ်သွက်သွက် ဖြေလိုက်၏။ "ဟုတ် ဟုတ်ကဲ့။ အို မ မဟုတ်ဘူးခင်ဗျ။။ သြော် ရွှေမြို့တော်ကိုလား။ မနက်ဖြန်၊ အလို၊ ကျွန်တော် နှုတ်တောင် မဆက်ရသေးပါကလား။ ထိပ်ထားတို့ ညိမ တို့ မှာလိုတာရှိရင် မှာလိုက်ကြလေ။ ကျွန်တော် ဆောင်ကြည်းခဲ့ပါ့မယ်"

ပီယာက မင်းသမီးလေး မေရီ၏ရှေ့တွင် ရပ်ရင်း ပြော၏။ ပီယာ၏မျက်နှာသည် နီရဲလျက်ရှိသည်။ ပီယာမှာ မပြန်သေးချေ။

နာတာရှာသည် ပီယာကို လက်ကမ်း၍ နှုတ်ဆက်ပြီးနောက် အပေါ်ထပ် အိပ်ခန်းဆောင်သို့ တက်သွား၏။ မင်းသမီးလေး မေရီမှာ ထွက်ခွာသွားခြင်း မပြုသေးဘဲ လက်တင်ထိုင်ဖုံတစ်ခုပေါ်တွင် ထိုင်လိုက်ပြီးနောက် နက်ရှိုင်းတောက်ပသော မျက်လုံးကြီးများဖြင့် ပီယာ့ကို စိုက်ကြည့်နေသည်။ ခပ်စောစောက နွမ်းနယ်ပင်ပန်းဟန် ရှိသော်လည်း ယခု ထိုပင်ပန်းနွမ်းနယ်သည့် အသွင် သဏ္ဌာန်များ ပျောက်ကွယ်သွားကြလေပြီ။ မင်းသမီးလေး မေရီသည် သက်ပြင်းတစ်ချက်ကို ရှိုက်၏။ ပီယာနှင့် နှစ်ယောက်တည်း စိမ်ပြေနပြေ စကားပြောရန် ပိုင်းဖြတ်ထားပုံလည်း ရလေသည်။

နာတာရှာ ထွက်သွားပြီးနောက် ပီယာမှာလည်း 'အိုးတိုးအမ်းတမ်း'ဖြစ်ခြင်း၊ ရှက်ကြောက်ခြင်းတို့ ပျောက်ကွယ်သွားကာ စိတ်အားထက်သန်၍ လာလေသည်။ ပီယာသည် ထိုင်ဖုံတစ်လုံးကို မင်းသမီးလေး မေရီအနီးသို့ ရွှေ့ယူ၍ ထိုင်လိုက်၏။

"ဟုတ်တယ် ကျွန်တော် ထိပ်ထားလေးကို စကားပြောချင်နေတာ ကြာလှပြီ" စကားမပြောသော်လည်း ပြောနေသကဲ့သို့ရှိသော မင်းသမီးလေး မေရီ၏ မျက်လုံးများကို ကြည့်၍ ပီယာက ပြောလိုက်၏။ "ကျွန်တော့်ကို တစ်ဆိတ် ကူညီပါဦးထိပ်ထား။ ကျွန်တော် ဘာလုပ်ရမလဲ။ မျှော်လင့်ချက်ရှိသေးသလား။ ထိပ်ထားလေးဟာ ကျွန်တော်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေပါထိပ်ထား။ ထိပ်ထား ကူညီပြီး စဉ်းစားပေးစမ်းပါဦး။ ကျွန်တော် အားလုံးသိပါတယ် ထိပ်ထား။ ကျွန်တော်ဟာ သူနဲ့ မထိုက်တန်ပါဘူး။ ဒီအချိန်မှာ ဒီစကားမျိုး သူ့ဖွင့်ပြောလို့လည်း မဖြစ်ဘူး။ ကျွန်တော်သူ့ကို ညိမလေးတစ်ဦးလိုပဲ ချစ်ချင်တယ်။ ဒါပေမဲ့ ကျွန်တော် မျိုသိပ်ထားလို့မရဘူး ထိပ်ထား။ ကျွန်တော် မျိုသိပ်မထားနိုင်ဘူး"

ပီယာသည် စကားဖြတ်လိုက်၍ မျက်နှာနှင့် မျက်လုံးများကို လက်ဖြင့် ပွတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"အေးလေ ပြောရတာတော့ ခက်သားပဲ"ပိယာက ဣန္ဒြေဆည်လိုက် ပြီးနောက် အားယူ၍ ဆက်ပြော၏။ "ကျွန်တော်သူ့ကို ဘယ်အချိန်လောက်က စပြီး ချစ်ခဲ့တယ် ဆိုတာတော့ မသိဘူး။ ဒါပေမဲ့ သူ့ကို ချစ်တာတော့ အမှန်ပဲ။ ကျွန်တော့်ဘဝ၊ ကျွန်တော့်တစ်သက်မှာ သူ့ တစ်ယောက်ကိုပဲ တကယ် နှစ်နှစ်ကာကာ ချစ်ဖူးသေးတယ်။ သူမရှိရင် ကျွန်တော့်ဘဝဟာ မပြည့်စုံဘူး၊ အဓိပ္ပာယ်မရှိဘူးလို့လည်း ကျွန်တော်ထင်တယ်။ ခုလောလောဆယ်တော့ သူ့ကို ဖွင့်ပြောဖို့ စိတ်မကူးသေးပါဘူး။ ဒါပေမဲ့ တစ်နေ့မှာ သူနဲ့ ကျွန်တော်ဟာ အကြင်လင်မယားအဖြစ် နေထိုင်သွားမယ်လို့တော့ ကျွန်တော်စိတ်ကူးထားတယ်။ ဒီစိတ်ကူးအတိုင်း မဖြစ်မှာကို ကျွန်တော် တွေးကြောက်တယ်။ ကျွန်တော်မျှော်လင့် သလို မဖြစ်ရင်တော့ ကျွန်တော် ရင်ကွဲမှာပဲ ထိပ်ထား။ ထိပ်ထားသဘောကကော ဘယ်လို ထင်ပါသလဲ။ ကျွန်တော့်မှာ မျှော်လင့်ချက်ရှိသေးရဲ့လား။ ကျွန်တော် ဘာလုပ်ရမလဲ ထိပ်ထား။ အကြံပေးစမ်းပါဦး" ပိယာက ဆက်ပြော၏။ မင်းသမီးလေးမေရီက မည်သို့မျှ ဖြေကြားခြင်း မပြုသည့်အတွက် အားမလိုအားမရ ဖြစ်ကာ မင်းသမီးလေးမေရီ၏ လက်ကိုပင် ဆုပ်ကိုင်လိုက်မိသည်။

"ထိပ်ထားလည်း မြို့စားလေး မပြောခင်ကတည်းက စဉ်းစားနေပါတယ် မြို့စားလေး" မင်းသမီးလေး မေရီက ပြော၏။

"ထိပ်ထားလေးပြောရင်လည်း ဒီစကားတွေကိုပဲ ပြောမလို့ပါပဲ။ ဟုတ်ပါတယ်။ မြို့စားလေး ပြောတဲ့ အတိုင်း ခုအချိန်မှာ ဖွင့်ပြောဖို့ မသင့်တော်သေးဘူး ဆိုတာကတော့"

မင်းသမီးလေး မေရီက ဆက်မပြောသေးဘဲ ရပ်လိုက်၏။ မင်းသမီးလေး မေရီ၏ စိတ်ကူးထဲ၌ ဤအချိန်တွင် ဖွင့်ပြောခြင်းငှာ မသင့်ဟု ယူဆကာ ထိုအတိုင်း ပြောလိုက်ပြီး ဆက်မပြောသေးဘဲ ရပ်ထားလိုက်၏။ လွန်ခဲ့သည့် နှစ်ရက်အတွင်းက နာတာရှာ၏ အမူအရာရုတ်တရက် ပြောင်းလာခဲ့၏။ နာတာရှာသည် ဤအချိန်တွင် ဖွင့်ပြောခြင်းကြောင့် စိတ်ထိခိုက်ခြင်း၊ မဖြစ်ရုံမျှမက ထိုစကားသည်ပင် နာတာရှာ အကြားချင်ဆုံးသော စကား ဖြစ်လေသည်။ ဤအချက်ကို အမှတ်ရ၍ မင်းသမီးလေး မေရီက ရှေ့ဆက်မပြောဘဲ ရပ်ထားလိုက်ခြင်း ဖြစ်လေသည်။

"အေးလေ ဒီအချိန်မှာတော့ မပြောသေးဘဲ ထားတာက ပိုကောင်း ပါတယ်" မင်းသမီးလေး မေရီက ဆက်၍ပြောလိုက်၏။

"ဒါဖြင့် ကျွန်တော် ဘာလုပ်ရမလဲ ထိပ်ထား"

"ထိပ်ထား ကြည့်ပြောပါ့မယ်လေ"

မင်းသမီးလေး မေရီက ဆို၏။ "ထိပ်ထား သိ"

ပိယာသည် မင်းသမီးလေးမေရီ၏ မျက်လုံးများကို စိုက်ကြည့်နေ၏။

"ဒီလိုဆိုရင် အတိုင်းထက်အလွန်ပေါ့ ထိပ်ထား။ ပိုကောင်းတာပေါ့"

"ထိပ်ထားသိပါတယ်။ နာတာရှာဟာ မြို့စားလေးကို ချစ်နေတယ်။ အဲလေ ချစ်လိမ့်မယ်လို့ ထင်ပါတယ်" မင်းသမီးလေး မေရီက စကားကို ပြင်ပြောလိုက်၏။

မင်းသမီးလေး မေရီ၏ စကားမဆုံးမီမှာပင် ပိယာသည် ဝမ်းသာအားရ ထလိုက်လျက် မင်းသမီးလေး မေရီ၏ လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက် မိသည်။

"ထိပ်ထားဘာကြောင့် ဒီလို ပြောနိုင်သလဲဟင်။ ဒီလိုဆို ကျွန်တော့်အဖို့ မျှော်လင့်ချက်ရှိတယ်လို့ ဆိုနိုင်တာပေါ့။ ဟုတ်လား ထိပ်ထား။ ဟင်"

"ဟုတ်ကဲ့၊ ထိပ်ထား ဒီလိုပဲ ထင်ပါတယ်" မင်းသမီးလေးမေရီက ပြုံး၍ပြော၏။ "မြို့စားလေးအနေနဲ့သာ သူ့မိဘများကို ကမ်းလှမ်းကြည့်ပါ။ ကျန်တဲ့ကိစ္စကတော့ ထိပ်ထားတာဝန်ထားပါ။ အခွင့်သာတဲ့နေ့မှာ ထိပ်ထားပြောကြည့်ပါ့မယ်။ အောင်မြင်ပါစေလို့လဲ ဆုတောင်းပါတယ်။ အောင်မြင်လိမ့်မယ်လို့လည်း ထိပ်ထား စိတ်ထဲမှာ ထင်နေပါတယ်"

"ဖြစ်တော့မဖြစ်နိုင်ဘူးထင်တယ် ထိပ်ထား။ ဖြစ်ရင်တော့ လောကကြီးမှာ ကျွန်တော်ဟာ အပျော်ဆုံး လူတစ်ယောက်ဖြစ်မှာပဲ။ ဖြစ်ရင်တော့ ကျွန်တော့်လောက် ပျော်တဲ့လူ ကမ္ဘာမှာရှိမယ် မထင်တော့ဘူး။ ဒါပေမဲ့ မဖြစ်နိုင်တာက ခက်တယ်" ပိယာသည် ပါးစပ်မှ တဖွဖွ ပြောရင်း မင်းသမီးလေး မေရီ၏လက်ခုံကို နမ်းရှုပ်နေ၏။

"ပိတာစဘတ်ရွှေမြို့တော်ကို သွားဖို့ကိစ္စရှိရင် သွားသာသွားပါလေ။ သွားတာ အကောင်းဆုံးပဲလို့ ထိပ်ထားထင်ပါတယ်။ ဟိုရောက်တော့မှ အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com

အရပ်ရပ်ကို ထိပ်ထား စာရေးအကြောင်းကြားလိုက်ပါ့မယ်"မင်းသမီးလေး မေရီက ဆို၏။

"ဘာလဲ ထိပ်ထား၊ ကျွန်တော် ရွှေမြို့တော်ကို သွားရမလား ဟုတ်လား။ ဒီလိုဆို ကျွန်တော် သွားမယ်လေ။ ဒါပေမဲ့ မနက်ဖြန်တော့ ကျွန်တော်တစ်ခေါက် လာခဲ့ဦးမယ်ထိပ်ထား"

နောက်တစ်နေ့တွင် ပီယာသည် နှုတ်ဆက်ရန် ရောက်လာပြန်၏။ နာတာရှာမှာ ယမန်နေ့ကလောက် ရွှင်လန်းခြင်း မရှိလှချေ။ ပီယာသည် နာတာရှာကိုကြည့်ရင်း မိမိနှင့်တကွ နာတာရှာတို့နှစ်ဦး လူ့လောကကြီးမှ ပျောက်ကွယ်သွားကာ ပျော်ရွှင်ခြင်းဟူသော အရာသာ ကျန်ရစ်ခဲ့သည်ဟု စိတ်၌ ထင်မိ၏။ "သူနဲ့ငါ တကယ်မှ ဖြစ်နိုင်ပါ့မလား။ မဖြစ်နိုင်ဘူးထင်တယ်" ပီယာသည် နာတာရှာ၏အကြည့် နာတာရှာ၏ အမူအရာမှန်သမျှကို ကြည့်၍ တွေးမိ၏။

နာတာရှာ၏ သေးသွယ်ပျော့ပျောင်းသော လက်တစ်ဖက်ကိုဆွဲ၍ နှုတ်ဆက်သည့်အခါ၌ ပီယာသည် ရုတ်တရက် ပြန်မလွှတ်သေးစဲ့ အတန်ကြာမျှ ဆုပ်ကိုင်ထားမိသည်။

"ဒီလက်၊ ဒီမျက်နှာ၊ ဒီမျက်လုံးနဲ့တကွ မိန်းမတို့ရဲ့ စွဲမက်ဖွယ် ကောင်းသော ရုတနာမှန်သမျှဟာ ငါ့အဖို့ ထူးဆန်းနေသေးပေမဲ့ တစ်နေ့မှာ ဒီရုတနာတွေကို ငါပိုင်ရတော့မယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား။ ဒီမျက်လုံး၊ ဒီလက်၊ ဒီမျက်နှာတွေဟာ တစ်နေ့မှာ ငါ့လက်၊ ငါ့မျက်လုံး၊ ငါ့မျက်နှာလို့ ထင်မှတ်ရလောက်အောင် နီးစပ်ရတော့မယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား။ မဖြစ်နိုင်ဘူး ထင်တယ်"

"ကဲ အစ်ကို သွားတော့နော်" နာတာရှာက နှုတ်ဆက်၏။ "အစ်ကို ပြန်လာမယ့်ရက်ကို နာတာရှာ မျှော်နေမယ်နော် အစ်ကို" နာတာရှာက နှစ်ကိုယ်ကြားလေသံကလေးဖြင့် ဆို၏။

နာတာရှာ၏ ဤနှုတ်ခွန်းဆက် စကားလုံးလေးများနှင့်တကွ နာတာရှာ၏ အမူအရာ၊ နာတာရှာ၏ အကြည့်တို့သည် ပီယာ၏ အသည်းထဲ၌ ဖျောက်ဖျက်၍ မရအောင် စွဲ၍ ကျန်ရစ်ခဲ့လေသည်။ ရွှေမြို့တော်သို့ ရောက်ရှိနေသည့် နှစ်လ အတောအတွင်း ပီယာသည် ထို စကားလုံးများနှင့်တကွ ထိုအကြည့် ထိုအမူအရာတို့ကို တသက်သက်တွေးမိ၏။ အဓိပ္ပာယ်အမျိုးမျိုး ကောက်၏။ တစိမ့်စိမ့် အောက်မေ့၍ ကြည်နူး၏။ "အစ်ကို ပြန်လာမဲ့ရက်ကို နာတာရှာ မျှော်နေမယ်နော်"တဲ့၊ ကြည့်စမ်း ပြောတတ်လိုက်တာ အလိမ္မာအိုးမကလေး။ 'အစ်ကို ပြန်လာမဲ့ရက်ကို မျှော်နေမယ်'တဲ့ အစ်ကို ကြည်နူးလိုက်ပါဘိ နာတာရှာရယ်။ အစ်ကို ပျော်လိုက်ပါဘိ"

အခန်း ၁၉

ပီယာသည် ကွယ်လွန်သူ ကြင်ရာတော် ဟယ်လင်မင်းသမီးလေးကို ပိုးပန်းခဲ့စဉ်က စိတ်သောကရောက်ခဲ့ရသော်လည်း ယခုထိသို့ စိတ်သောကရောက်ခြင်း မဖြစ်ရတော့ချေ။ ယခင်အခါများကဲ့သို့ ဤစကားကို ပြောခဲ့မိလေခြင်း၊ ထိုစကားကို မပြောခဲ့မိလေခြင်း ဟူ၍လည်း နောင်တရခြင်း မဖြစ်ရတော့ချေ။ ၎င်း၏ စိတ်ထဲ၌ မိမိနှင့် နာတာရှာတို့ ပြောခဲ့ကြသည့် စကားများကိုသာ အမှတ်ရလျက်ရှိ၏။ နာတာရှာ၏ မျက်နှာအမူအရာများနှင့်တကွ နာတာရှာ၏ အပြုံးတို့ကို အသေးစိတ် မြင်ယောင်လျက်ရှိ၏။ ထိုအပြုံးနှင့် ထိုမျက်နှာကို မျက်စိထဲမှ အပျောက်လည်းမခံလို စိတ်ကူးဖြင့် နောက်ထပ်ဖြည့်စွက်၍လည်း မမြင်လို၊ သူမြင်ခဲ့သည့် နဂိုပကတိအတိုင်းသာ မြင်လိုပေသည်။ ယခုအချိန်၌ မိမိဆုံးဖြတ်ချက်သည် မှားသည်လော၊ မှန်သည်လောဟူ၍လည်း ဒွိဟဖြစ်ခြင်း မရှိတော့ချေ။ သို့ရာတွင် 'မိမိ အိပ်မက်မက်နေတာများလား၊ မင်းသမီးလေးမေရီရဲ့ ထင်မြင်ချက်များ မှားနေသလား၊ ငါဟာ ငါ့ကိုယ်ငါ သိပ်အထင်ကြီးပြီး ကိန်းသေများ တွက်ထားလွန်းသလား။ အေးလေ။ ဖြစ်တန်ကောင်းပါရဲ့။ ခုအချိန်လောက်ဆိုရင် မင်းသမီးလေးမေရီက မြို့စားကြီး ဖွင့်ပြောလိုက်မိလို့ နာတာရှာကများ ပြုံးနေမလား။ စိတ်ထိခိုက်နေမလား' ဟူသော သံသယကား တစ်ခါတစ်ရံ၌ ဝိုးတဝါး ပေါ်လာတတ်၏။

ပီယာအား ဒုက္ခပေးနေသော အချက်မှာ ဤသံသယသာ ဖြစ်၏။ ယခုအချိန်၌ ပီယာသည် ရှေ့ရေးကိုလည်း များစွာ မတွေးတော့ချေ။ ပီယာ့အဖို့ ထိုပျော်ရွှင်မှုသည် အတိုင်းအဆမရှိ ကြီးမားလှ၏။ ဤပျော်ရွှင်မှုကို

www.burmeseclassic.com

www.burmeseclassic.com

ရရှိပါက အခြားအရာများအားလုံး မေ့ပျောက်သွားတော့မည်သာ ဖြစ်၏။

ပီယာသည် အပျော်ကြီးပျော်လျက်ရှိ၏။ ၎င်း၏ တစ်သက်၌ ထိုသို့သော ပျော်ရွှင်ခြင်းကို ရလိမ့်မည်ဟု တစ်ခါမျှ မထင်ခဲ့ဖူးချေ။ မိမိ၏ ဘဝအဓိပ္ပာယ်၊ ကမ္ဘာလောကကြီး၏ ဘဝအဓိပ္ပာယ်တို့သည် မိမိက နာတာရှာကို ချစ်ခြင်းနှင့် နာတာရှာ၏ အချစ်တုံ့ပြန်မှုကို ရရှိခြင်းသာ ဖြစ်သည်ဟု ထင်မိ၏။ လူများသည် ၎င်းတို့၏ အနာဂတ် ပျော်ရွှင်ရေး၊ စိတ်ချမ်းသာရေး တစ်ခုတည်းကိုသာ အာရုံပြုကြသည်ဟု တစ်ခါတစ်ရံတွင် ထင်၏။ တစ်ခါတစ်ရံတွင်လည်း လူများသည် မိမိကဲ့သို့ပင် ကျေနပ်ပျော်ရွှင်လျက်ရှိကာ အလုပ်များဟန်၊ အခြားကိစ္စများကို စိတ်ဝင်စားဟန် ပြုလျက် ထိုပျော်ရွှင်မှုကို ဖုံးကွယ်ထားကြသည်ဟု ထင်မိ၏။ လူအများ၏ စကားလုံးများ၊ အပြုအမူများသည် မိမိ၏ ပျော်ရွှင်ခြင်းကို ကောင်းချီးဩဘာပေးလျက်ရှိသည်ဟု ထင်မိ၏။ ပီယာ၏ ရွှင်လန်းသော အမူအရာနှင့် အပြုံးသည် မြင်ရသူတိုင်းကို အံ့အားသင့်စေ၏။ ကြည်နူးစေ၏။ ထိုအပြုံးနှင့် ထိုအမူအရာတို့သည် ပီယာနှင့် ပတ်ဝန်းကျင်ရှိ လူများအကြား၌ ရှိသော လျှို့ဝှက်သည့် နားလည်မှုတစ်ရပ်ကို ဖော်ပြလျက်ရှိသည်ဟု ထင်ရ၏။ ပီယာသည် ၎င်း၏ ပျော်ရွှင်ခြင်းကို သတိမမူမိသည့် လူများကို တွေ့သည့်အခါ၌ ၎င်းတို့ကို သနား၏။ ၎င်းတို့သည် အသေးအဖွဲကလေးများကို အာရုံစိုက်လျက် ရှိကြကြောင်းကို ရှင်းပြကာ မိမိကဲ့သို့ပင် ပျော်ရွှင်ကြည်နူးစေလို၏။

တစ်ခါတစ်ရံတွင် ပီယာ၏ မိတ်ဆွေများက မင်းမူထမ်းရန် အကြံပေးကြ၏။ သို့မဟုတ်လျှင်လည်း ပြောရလျှင် တိုင်းပြည်ကြီး ပျက်တော့မလောက် တိုင်းရေးပြည်ရေး၊ နိုင်ငံရေးကိစ္စများကို ပီယာ့ရှေ့တွင် ပြောကြ၏။ ထိုအခါ၌ ပီယာသည် သနားစရာ သတ္တဝါများသာတကား ဟူသော အပြုံးဖြင့် နားထောင်ကာ ထူးထူးဆန်းဆန်း မှတ်ချက်ချတတ်လေသည်။ သို့ရာတွင် ယခုတစ်ကြိမ်၌မူကား ပီယာသည် မြင်မြင်သမျှ လူတိုင်း (ယခု မိမိခံစားနေရသကဲ့သို့ တကယ့်ဘဝ၏ အဓိပ္ပာယ်အနှစ်သာရကို သိသူများရော မသိရှာကြသူများပါ)သည်မိမိကဲ့သို့ ကြည်နူးခြင်း၏ အရသာကို ခံစားနေရသည်ဟု ထင်မိ၏။ မြင်မြင်သမျှ လူတိုင်းသည် ကောင်းမွန်ခြင်းနှင့် ပြည့်စုံသည်ဟု ထင်၏။ ချစ်ခင်နှစ်လိုဖွယ်ကောင်းခြင်းရှိသည်ဟု ထင်၏။

ကွယ်လွန်သူ ကြင်ရာတော် ဟယ်လင်မင်းသမီးလေး၏ စာချုပ်စာတမ်းများ၊ ကြွေးမြီကိစ္စများကို စာရင်းရှင်းသောအခါ၌လည်း ပီယာ၌ သနားကရုဏာ သက်ခြင်းမှအပ အခြားမည်သည့်စိတ်မျိုးမှ မဖြစ်ပေါ်တော့ချေ။ ကွယ်လွန်သူ ကြင်ရာတော်သည် မိမိကဲ့သို့ စိတ်၏ချမ်းသာသုခကို သိမသွားရလေခြင်းဟုသာ သနားမိတော့သည်။ ယောကျ်ားဖြစ်သူ မင်းသားကြီး ဗာစီလီမှာ ရာထူးသစ်ရကာ ဆုတ်ဆိပ်တော်များ ထပ်မံချီးမြှင့်ခြင်း ခံရသည့်အတွက် သွေးနားထင်ရောက်လျက်ရှိရာ ပီယာသည် ၎င်းကိုကြည့်၍လည်း သနားမိသည်။

ပီယာသည် ဤမျှ မိုးမမြင် လေမမြင် ဖြစ်နေသော ပျော်ရွှင်ခြင်းမျိုးကို နောင်ဘဝရောက်သည်အထိ မေ့ပျောက်နိုင်လိမ့်မည် မထင်ချေ။ ထိုအချိန်တွင် ဖြစ်ပေါ်သည့် ပီယာ၏ အတွေးများသည် ၎င်းအဖို့ အမြဲမှန်ကန်နေလိမ့်မည်သာဖြစ်၏။ ပီယာသည် ထိုအချိန်က ဖြစ်ပေါ်သော အတွေးအမြင်များကို စွန့်လွှတ်ခြင်း မပြုရုံမျှသာမက တစ်စုံတစ်ခုကို မှန်မမှန် သံသယဖြစ်လာလျှင် သို့မဟုတ် မှန်မမှန် ဝေခွဲမရ ဖြစ်လာလျှင် ထိုစဉ်က ဖြစ်ပေါ်ခဲ့သော အတွေးများ အယူအဆများကို စံထား၍ ချိန်ကိုက်ညှိနှိုင်းကြည့်၏။ ထိုသို့ စံချိန်ကိုက်၍ ညှိတိုင်းလည်း ထိုအတွေးများသည် မှန်ကြောင်းကို တွေ့မည်သာ ဖြစ်သည်။

'သူတို့အမြင်မှာတော့ ငါဟာ လူထူးလူဆန်းတစ်ယောက် ဖြစ်နေမှာပဲ'ဟု ပီယာတွေး၏။ 'ဒါပေမဲ့ ငါဟာ သူတို့ထင်သလို စိတ်ရူးပေါက်နေတဲ့ လူတစ်ယောက်မဟုတ်ဘူး။ ခုအချိန်မှာ ငါ့အတွေးတွေ၊ ငါ့အသိဉာဏ်တွေဟာ ခါတိုင်းထက် ပိုပြီးတောင် ထက်မြက်လို့ နေသေးတယ်။ ငါဟာ လူ့ဘဝကြီးမှာ နားလည်သဘောပေါက်သင့်တဲ့ အရာမှန်သမျှကို နားလည်သဘောပေါက်တယ်။ ဘာကြောင့်လဲ။ တခြားကြောင့် မဟုတ်ဘူး။ ငါဟာ ပျော်ရွှင်ခြင်းကို ရနေလို့ပဲ'

ယခင်အခါကဆိုလျှင် ပီယာသည် လူတစ်ယောက်ကို ချစ်ခင်ခြင်း မပြုမီ ထိုလူ၏ အရည်အချင်းကောင်းများကို ရှာဖွေလေ့ရှိ၏။ ယခု ထိုသို့ စောင့်ဆိုင်းရှာဖွေခြင်း

www.burmeseclassic.com

www.burmeseclassic.com

မပြုတော့ချေ။ ယခုအချိန်၌ ပီယာ၏ နှလုံးသားသည် ချစ်ခြင်းမေတ္တာဖြင့် ပြည့်လျှမ်းလျက်ရှိကာ လူများအား အကြောင်းမဲ့ ချစ်ခင်နှစ်သက်ခြင်း ဖြစ်တတ်၏။ ထိုသို့ အကြောင်းမရှိ ချစ်ခင်ခြင်းသည်ပင် ၎င်းတို့ကို ချစ်ခင်ခြင်း၏ မူလအကြောင်းတရားစစ်ကြီး ဖြစ်တော့သည်ဟု ယူဆလျက် ရှိလေသည်။

အခန်း ၂၀

ပီယာ လာရောက်လည်ပတ်သည့်နေ့က နာတာရှာသည် ပီယာပြန်သွားလျှင် ပြန်သွားချင်း နောက်ရွှတ်ရွှတ် ပြီးလျက် "အစ်ကို့ကို ကြည့်ရတာ တော်တော် သပ်ရပ်လာတယ်နော်။ ဝတ်ရုံအင်္ကျီတို့နဲ့ ဆံပင်ကိုလည်း အကျဖြီးလို့။ ရေနွေးစိမ်ပြီး ကိုယ်လက်သန့်စင်လာသလိုပဲ" ဟု ပြောခဲ့၏။ ထိုသို့ပြောပြီးသည့် တစ်ခဏ၌ နာတာရှာ၏ ရင်ထဲတွင် နာတာရှာ မသိအောင် တိတ်တဆိတ် ပုန်းကွယ်လျက်ရှိသော အရာ တစ်ခုသည် ဘွားခနဲ ပေါ်လာခဲ့လေသည်။

နာတာရှာ၏ မျက်နှာ၊ လမ်းလျှောက်ပုံ၊ အမူအရာ၊ အသံ စသည်အရာ အားလုံးတို့သည် တစ်မှုဟုတ်ချင်း ပြောင်းသွားကြလေသည်။ ရှင်သန်ခြင်း၏ တန်ခိုးသတ္တိနှင့် ပျော်ရွှင်ခြင်းအတွက် မျှော်လင့်ချက်တို့သည် မျက်နှာပြင်ထက်သို့ တက်လာကြလေသည်။ ထိုနေ့ညနေမှစ၍ နာတာရှာသည် အတိတ်က အဖြစ်အပျက်များကို မေ့ပျောက်ပစ်လိုက်ပုံရလေသည်။ နာတာရှာသည် ယခင်ကကဲ့သို့လည်း မိမိကိုယ်ကို မိမိစိတ်ပျက်ခြင်း မဖြစ်။ အတိတ်အကြောင်းကိုလည်း တစ်ခွန်းမျှမဟ၊ ရှေ့တွင် ပျော်အောင် မည်သို့ နေထိုင်ရမည်ဟုလည်း ကြံစည်စိတ်ကူးခြင်း မပြုတော့ချေ။ နာတာရှာသည် ပီယာ့အကြောင်းကို ပြောလေ့မရှိသော်လည်း မင်းသမီးလေးမေရီက စကားစလာလျှင်ကား ကြာမြင့်စွာက ငြိမ်းခဲ့ပြီးဖြစ်သော အလင်းရောင်တစ်ခုသည် မျက်လုံးများထဲတွင် ပြန်လည်တောက်ပလာကြကာ နှုတ်ခမ်းကလေး၌လည်း ပြုံးရိပ်သန်းလျက်ရှိ၏။

မင်းသမီးလေး မေရီသည် နာတာရှာ၏ ပြောင်းလဲခြင်းကြောင့် အံ့အားသင့်မိသေး၏။ သို့ရာတွင် ပြောင်းလဲခြင်း၏ အကြောင်းကို ရိပ်စားမိသည့်အခါ၌ကား ပူဆွေးခြင်း ဖြစ်ရလေသည်။ 'နာတာရှာဟာ မောင်တော်လေးကို မချစ်လို့ ဒီလောက် မေ့လွယ်ပျောက်လွယ်ဖြစ်တာ ထင်ပါရဲ့'ဟု တွေးမိ၏။ သို့ရာတွင် နာတာရှာကို မြင်လိုက်သည့် အခါ၌မူ မင်းသမီးလေး မေရီသည် ဤသို့ ဒွိဟဖြစ်ခြင်း မရှိတော့ချေ။ နာတာရှာကိုလည်း အပြစ်မတင်တော့ချေ။ နာတာရှာတွင် ဖြစ်ပေါ်လျက်ရှိသည့် ရှင်သန်နိုးကြားသော တန်ခိုးသတ္တိသည် များစွာ အရှိန်ပြင်းထန်ရကား မင်းသမီးလေးမေရီသည် နာတာရှာအပေါ်၌ စိတ်ထဲမှပင် အပြစ်မတင်ရက်တော့ချေ။

နာတာရှာကလည်း ယခင်ကကဲ့သို့ ပူဆွေးခြင်း မရှိ၊ ရွှင်လန်းကြည်လင် လျက်ရှိသည်ဟူသော သဘောကို ဖုံးကွယ်ခြင်း မပြုချေ။ ထိုမျှမက ထိုခံစားချက်ကို အစွမ်းကုန် လွှတ်ပေးထားလိုက်လေသည်။

မင်းသမီးလေး မေရီသည် ပီယာနှင့် စကားပြောပြီးနောက် အိပ်ခန်းဆောင်သို့ ပြန်လာခဲ့ရာ ခန်းဆောင်ဝတွင် နာတာရှာနှင့် တွေ့ရ၏။

"ဘာလဲ ထိပ်ထား၊ သူက ဖွင့်ပြောတယ် ဟုတ်လား ထိပ်ထား။ ဖွင့်ပြောသလား" နာတာရှာသည် အထပ်ထပ် မေး၏။ နာတာရှာ၏မျက်နှာပေါ်၌ ကြည်နူးခြင်း၏ အရိပ်သည် ထင်လာ၏။ သို့ရာတွင် ထိုသို့ကြည်နူးခြင်းကြောင့် မိမိအား ခွင့်လွှတ်ရန် အသနားခံသော အမူအရာကလေးလည်း စွက်လျက် ရှိလေသည်။

"နာတာရှာ တံခါးဝက ချောင်းပြီး နားထောင်မလို့တော့ စိတ်ကူးမိသား။ ဒါပေမဲ့ အစ်မတော် ထိပ်ထား ပြောပြမှာပဲလေဆိုပြီး အပေါ်ထပ်ကို တက်လာခဲ့တာ"

မင်းသမီးလေး မေရီသည် နာတာရှာ၏ ကြည်လင်ရွှင်ပျလျက်ရှိခြင်းကို နားလည်နိုင်သော်လည်း ထိုအမူအရာကို ကြည့်၍ စိတ်မကောင်း ဖြစ်မိ၏။ နာတာရှာ၏ စကားများသည် နာကျင်ခြင်းကို ဖြစ်စေ၏။ မင်းသမီးလေး မေရီသည် မောင်တော် မင်းသားလေးကို အမှတ်ရ၏။ မင်းသားကလေး အင်ဒရေက နာတာရှာအား အသည်းနှင့်အောင် ချစ်ခဲ့ပုံကို တွေးမိ၏။

"အေးလေ၊ သေတဲ့လူက သေပြီပဲ။ သူ့ခမျာလည်း အချစ်ကို တောင့်တ ရှာပေမပေါ့" ဟု မင်းသမီးလေးမေရီ တွေးမိသည်။

မင်းသမီးလေး မေရီသည် ဝမ်းနည်းသော အမူအရာ၊ ပြုံးရယ်ခြင်းမရှိ တည်ကြည်သော မျက်နှာထား

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ပိယာ၏ စကားများကို ပြန်၍ပြောပြ၏။ ပိတာစဘတ် ရွှေမြို့တော်သို့ ပိယာသွားမည်ဟု ကြားရသောအခါတွင် နာတာရှာသည် အံ့အားသင့်သွား၏။

"ရွှေမြို့တော်ကို သွားမလို့တဲ့ ဟုတ်လား အစ်မတော် ထိပ်ထား" နာတာရှာသည် နားမလည်နိုင်သကဲ့သို့ လိုက်၍ ရွတ်ဆိုမိ၏။

သို့ရာတွင် မင်းသမီးလေးမေရီ၏ ပူဆွေးကြေကွဲဟန်ရှိသော မျက်နှာကို မြင်လိုက်သည့်အခါ၌ နာတာရှာသည် ပူဆွေးရခြင်းအကြောင်းကို ရိပ်စားမိသဖြင့် ချုံးပွဲချ၍ ငိုမိ၏။

"အစ်မတော် ထိပ်ထား" နာတာရှာက ခေါ်၏။ "ညီမ ဘာလုပ်ရမလဲ ပြောပါဦး အစ်မတော်ထိပ်ထားရယ်။ ညီမ ဘာလုပ်ရမလဲ။ ညီမဟာ မိန်းမဆိုး မိန်းမရိုင်းတစ်ယောက် မဖြစ်ချင်ဘူး အစ်မတော်။ ဒီတော့ ညီမ ဘာလုပ်ရမလဲ ဆိုတာကိုသာ အစ်မတော်က ပြောပါ။ အစ်မတော် ပြောတဲ့အတိုင်း လုပ်ပါ့မယ်။ ညီမ ဘာလုပ်ရမလဲ။ ဟင် အစ်မတော်ထိပ်ထား ပြောပါဦး"

"ညီမ သူ့ကို ချစ်တယ်မဟုတ်လား"

"ချစ်တယ် အစ်မတော်" နာတာရှာက ခပ်တိုးတိုး ပြော၏။

"ဒါဖြင့်လည်း ဘာဖြစ်လို့ ငိုနေရသေးသလဲ ညီမရယ်။ အစ်မတော်တောင် ကြားထဲက ညီမအတွက် ဝမ်းသာမိသေးတယ်" မင်းသမီးလေး မေရီကဆို၏။ မင်းသမီးလေး မေရီသည် နာတာရှာ၏ မျက်ရည်များကို မြင်ရသည်၌ နာတာရှာ၏ ကြည်လင်ရွှင်ပျခြင်း ဟူသမျှတို့ကို လုံးဝ ခွင့်လွှတ်လိုက်လေပြီ။

"ခု ဝမ်းသာဖို့ မဟုတ်သေးပါဘူး ထိပ်ထားရယ်။ နောက်တစ်နေ့ကျမှ ဝမ်းသာရမှာပါ။ နာတာရှာက သူ့ဇနီးအဖြစ်နေ၊ အစ်မတော် ထိပ်ထားက ကိုကိုနဲ့လက်ထပ်အဲဒီအခါကျရင်တော့ သိပ်ပျော်စရာကောင်းမှာပဲနော် အစ်မတော်ထိပ်ထား"

"နာတာရှာ၊ အစ်မတော်ကို ဒီလို မကျီစားနဲ့ကွယ်။ အစ်မတော် ပြောထားသားနဲ့, နာတာရှာတို့အကြောင်းကိုပဲ ပြောကြရအောင်ပါ"

ၦင်းတို့နှစ်ဦးသည် တိတ်ဆိတ်နေကြ၏။

"နေစမ်းပါဦး ထိပ်ထား ရဲ့။ ဒီအစ်ကိုက ဘာဖြစ်လို့ ရွှေမြို့တော်ကြီးကို သွားရဦးမှာတဲ့လဲ" နာတာရှာက လွတ်ခနဲ မေးလိုက်ပြီးနောက် သူ့ဘာသာသူ ပြန်ဖြေလိုက်သည်။ "အို အို ယောင်လို့ပါလေ။ နာတာရှာနဲ့ ဘာဆိုင်တာမှတ်လို့။ သူသွားတာပဲ ကောင်းပါတယ်နော် ထိပ်ထား။ သူသွားတာပဲ ကောင်းပါတယ်"

*

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁

ရာဇဝင်ဟူသည် လူမျိုးများနှင့် လူ့လောကကြီး တစ်ခုလုံး၏ဘဝကို ခေါ်ဆိုခြင်း ဖြစ်သည်။ လူ့လောကကြီး၏ဘဝသို့မဟုတ် လူမျိုးတစ်မျိုး၏ဘဝကို စာဖြင့် အပြည့်အစုံ ရေးသားဖော်ပြခြင်းပြုရန်မှာ ဖြစ်နိုင်ဖွယ်မရှိဟုထင်ရပေသည်။

ရှေးဟောင်း ရာဇဝင်ဆရာများသည် ဤသို့ စာဖြင့် ရေးသားဖော်ပြရန် ခက်ခဲသည်ဟု ထင်ရသော လူမျိုးတစ်မျိုး၏ ဘဝကို ရေးသားဖော်ပြခဲ့ကြရာ၌ တစ်ခုတည်းသောနည်းလမ်းကို အသုံးပြုခဲ့ကြသည်။ ယင်းတို့က ပြည်သူများကိုအုပ်စိုးသော လူပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို အသေးစိတ် ရေးသားဖော်ပြကြပြီးနောက် ဤသည်တို့ကား လူမျိုးတစ်မျိုးလုံး၏ ဘဝပင်ဖြစ်သည်ဟု မိန့်ဆိုခဲ့ကြသည်။

ဤတွင် အမေးပုစ္ဆာ ပေါ်ပေါက်လာခဲ့သည်။ အုပ်စိုးသူ လူပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များသည် မည်သည့်အတွက်ကြောင့် လူမျိုးတစ်မျိုးလုံး၏ ဆောင်ရွက်ချက်များကို ကိုယ်စားပြုသည်ဟု ယူဆရသနည်း။ အုပ်စိုးသူ လူပုဂ္ဂိုလ်တစ်စု၏ ဆန္ဒကို ပြည်သူများက မည်သည့်အတွက်ကြောင့် လိုက်နာခြင်းပြုကြသနည်း။ ထိုအုပ်စိုးသူ လူပုဂ္ဂိုလ်တစ်စု၏ ဆန္ဒကိုလည်း မည်သည့်အရာက ဦးဆောင်လမ်းညွှန်ခြင်းပြုသနည်း။

ပြည်သူလူထုများသည် အုပ်စိုးသူ လူပုဂ္ဂိုလ်တစ်စု၏ ဆန္ဒကို ဘုရားသခင်၏ စေခိုင်းချက်အရ လိုက်နာကြရသည်။ အုပ်စိုးသူ လူပုဂ္ဂိုလ်များ၏ ဆန္ဒကိုလည်း ဘုရားသခင်က လမ်းညွှန်ခြင်း ပြတော်မူသည်ဟု ၎င်းတို့က ဖြေဆိုကြလေသည်။

ဤသို့ဖြင့် ရှေးဟောင်းရာဇဝင်ဆရာများသည် လောကီလူမှုကိစ္စများတွင် ဘုရားသခင် ကိုယ်တော်တိုင် ဝင်ရောက်စွက်ဖက်လျက် ရှိသည်ဟူသော အယူအဆကို အခြေခံ၍ အထက်ပါ အမေးပုစ္ဆာကို ဖြေဆိုခြင်း ပြုကြလေသည်။

သို့ရာတွင် ခေတ်သစ်ရာဇဝင်သည် အယူအဆကို မူအားဖြင့် လက်မခံချေ။ လောကီကိစ္စများ၌ ဘုရားသခင် ကိုယ်တော်တိုင် ဝင်ရောက်စွက်ဖက်လျက်ရှိ၍ ဤသို့ဖြင့် ပြည်သူများသည် ဘုရားသခင်၏ စေခိုင်းချက်အရ အုပ်စိုးသူ လူပုဂ္ဂိုလ်တစ်ဦး၏ဆန္ဒကို လိုက်နာရသည်ဟူသော ရှေးဟောင်းရာဇဝင်သဘောတရားကို၊ ခေတ်သစ်ရာဇဝင်သဘောတရားကို ခေတ်သစ်ရာဇဝင်က ယုံကြည်ခြင်းမပြုဟုဆိုလျှင် မည်သို့ ယုံကြည်သနည်း။ ခေတ်သစ်ရာဇဝင်သည် တန်ခိုးအာဏာဟူသောအရာကို အပေါ်ယံမျှသာလေ့လာခြင်း မပြုဘဲ အတွင်းကျကျ လေ့လာခြင်း ပြုပေလိမ့်မည်ဟု ထင်ဖွယ်ရှိ၏။ သို့ရာတွင် ခေတ်သစ်ရာဇဝင်သည် ဤသို့လည်း အသစ်ထွင်၍ စူးစမ်းရှာဖွေခြင်း မပြုခဲ့။ ခေတ်သစ်ရာဇဝင်သိပ္ပံပညာသည် ရှေးဟောင်းရာဇဝင် အယူအဆကို မူအားဖြင့် ပစ်ပယ်သည်ဆိုသော်လည်း လက်တွေ့၌ကား ထိုသဘောတရားအတိုင်း လိုက်နာကျင့်သုံးလျက် ရှိလေသည်။

စင်စစ်၌ ရှေးဟောင်း ရာဇဝင်သိပ္ပံပညာနှင့် ခေတ်သစ် ရာဇဝင်သိပ္ပံပညာတို့သည် ကွဲပြားသည်ဟု ဆိုသော်လည်း သဘောမှာ အတူတူပင် ဖြစ်လေသည်။ ရှေးဟောင်းရာဇဝင်သိပ္ပံပညာက ဘုရားသခင်က ပြဋ္ဌာန်းသည့် အခွင့်အာဏာများကို ပိုင်ဆိုင်သည့် အုပ်စိုးသူများကို ဖန်တီးပေး

www.burmeseclassic.com

www.burmeseclassic.com

ခဲ့၍ ခေတ်သစ်ရာဇဝင် သိပ္ပံပညာက လူတို့တွင် မရရှိနိုင်သော အရည်အချင်းများနှင့် ပြည့်စုံသည့် လူစွမ်းကောင်းများ၊ ဘုရင်ဇကာရာဇာများ၊ သတင်းစာဆရာ၊ ပညာရှိများကို ဖန်တီးပေးခဲ့ကာ ဤသူတို့ကား ပြည်သူလူထုကို လှုပ်ရှားစေနိုင်သူများ ဖြစ်သည်ဟု ဆိုခဲ့လေသည်။ ဘာခြားနားသေးသနည်း။ ရှေးဟောင်းရာဇဝင် သိပ္ပံပညာက ရေဝတီလူမျိုး၊ ရောမလူမျိုး စသည်တို့၏ ဘုရားသခင် အလိုတော်ကျဖြစ်သော ရည်ရွယ်ချက်များကြောင့် လူ့လောကကြီး တိုးတက်လာခဲ့သည်ဟု ဆို၏။ ခေတ်သစ် ရာဇဝင် သိပ္ပံပညာက ပြင်သစ်လူမျိုး၊ ဂျာမန်လူမျိုး၊ အင်္ဂလိပ်လူမျိုး စသည်တို့၏ သာယာဝပြောရေး ရည်ရွယ်ချက်များကြောင့် လူ့လောကကြီး ဖြစ်ပေါ်တိုးတက်လာရသည်ဟု ဆိုလေသည်။ ဘာခြားနားသေးသနည်း။ စင်စစ်၌ကား၊ ၎င်းတို့ပြောသော ရည်ရွယ်ချက်များသည် လူ့လောကကြီးတစ်ခုလုံး၏ တိုးတက်ရေးအတွက် မဟုတ်ချေ။ ဥရောပတိုက်တည်းဟူသော ပထဝီတိုက်ကြီး တစ်တိုက်၏ အနောက်မြောက်ထောင့်ရှိ လူမျိုးအချို့၏ တိုးတက်ရေးသာ ဖြစ်လေသည်။

သို့ဖြစ်ရကား၊ ပြည်သူများ၊ မည်သည့်အတွက်ကြောင့် လှုပ်ရှားရသည်၊ တန်ခိုးအာဏာဆိုသော အရာသည် မည်သည့်အရာဖြစ်သည် ဆိုသည့်ပြဿနာများ၌ ခေတ်သစ်ရာဇဝင် သိပ္ပံပညာသည် ရှေးဟောင်းရာဇဝင် သိပ္ပံပညာ၏ သဘောတရားဟောင်း၊ အယူအဆဟောင်းများကို ငြင်းပယ်သည်ဟုဆိုသော်လည်း သဘောတရားသစ်၊ အယူအဆသစ်ကို အစားမထိုးနိုင်ခဲ့ချေ။ ဤသို့တစ်ဖက်က အယူအဆဟောင်းကိုလည်း လက်မခံ၊ တစ်ဖက်က အယူအဆသစ်ကိုလည်း အစားမထိုးတတ်သည့် အခါ၌ကား ခေတ်သစ်ရာဇဝင် သိပ္ပံပညာ၏အဖို့ 'ဘူတာဟောင်းသို့' တခြားလမ်းဖြင့် ပြန်သွားရန်မှတစ်ပါး အခြားနည်း မရှိတော့ချေ။ တစ်နည်းကား (၁) ပြည်သူလူထုများကို တစ်ဦးချင်းပုဂ္ဂိုလ်များက ခေါင်းဆောင် လမ်းညွှန်ခြင်း ပြုသည်။ (၂) လူမျိုးများနှင့် လူ့လောကကြီးတစ်ခုလုံးသည် ကျွန်ုပ်တို့ သိနိုင်မြင်နိုင်သော ရည်ရွယ်ချက်ပန်းတိုင်တစ်ခုသို့ ချီတက်လျက်ရှိသည်ဟူသော အချက်ကို အသိအမှတ်ပြုရန်မှတစ်ပါး တခြားနည်း မရှိတော့ချေ။

ဤသို့ဖြင့် ခေတ်သစ်ရာဇဝင်ဆရာများသည် ရှေးဟောင်း ရာဇဝင်ဆရာများနှင့် တွေးခေါ်မှု ပုံသဏ္ဌာန်သာခြားနားကြသော်လည်း အနှစ်သာရမူကား အတူတူပင် ဖြစ်လျက်ရှိလေသည်။

ရာဇဝင်ဆရာကြီး ဂစ်ဘွန်အစ၊ ဘတ်ကယ် အဆုံးရှိသော ခေတ်သစ်ရာဇဝင်ဆရာများ၏ ရာဇဝင်ကျမ်းများအားလုံးသည် အပေါ်ယံအားဖြင့် ကြည့်လျှင် ရှေးဟောင်း ရာဇဝင်ကျမ်းများနှင့် နှိုင်းယှဉ်လျှင် ကွဲပြားခြားနားသယောင်၊ ဆန်းသစ်သယောင် ရှိသော်လည်း အခြေခံ၌ကား လွဲရှောင်မရသော ဖော်ပြပါ အယူအဆဟောင်း နှစ်ချက်ပေါ်၌သာ အမှီပြုလျက်ရှိသည်။

ပထမအချက်အားဖြင့် ရာဇဝင်ဆရာများသည် လူ့လောကကြီးကို ဦးစီးဦးဆောင် ပြုလျက်ရှိသူများဟု ၎င်းတို့က ယူဆထားသော တစ်ဦးချင်းပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို ဖော်ပြကြလေသည်။ (ဤနေရာ၌လည်း မည်သည့်ပုဂ္ဂိုလ်မျိုးသည် လူ့လောကကြီးကို ဦးစီးဦးဆောင်ပြုသူ ဖြစ်သည်ဆိုသည့်ကိစ္စ၌ ရာဇဝင်ဆရာတို့က လူ့လောကကြီးကို ဦးစီးဦးဆောင် ပြုသူများမှာ ဘုရင်ဇကာရာဇာများ၊ စစ်ဗိုလ်ချုပ်များနှင့် ဝန်ကြီးများ စသည့် ပုဂ္ဂိုလ်များ ဖြစ်ကြသည်ဟု ဆိုကြ၍ အချို့ကမူ အပြောအဟောကောင်းသူများ၊ စစ်ဗိုလ်ချုပ်များနှင့် ဝန်ကြီးများ စသည့်ပုဂ္ဂိုလ်များ ဖြစ်ကြသည်ဟု ဆိုကြ၍ အချို့ကမူ အပြောအဟောကောင်းသူများ၊ ပညာရှိ သုခမိန်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ အဘိဓမ္မာပညာရှင်များ၊ ကဗျာဆရာများ စသည့်ပုဂ္ဂိုလ်မျိုး ဖြစ်ကြသည်ဟုဆိုကြ၏။) ဒုတိယအချက်အားဖြင့် လူ့လောကကြီးသည် မည်သည့်ပန်းတိုင်သို့ ရှေ့ရှုချီတက်လျက်ရှိသည်ဆိုသည့် အချက်ကိုလည်း ၎င်းတို့သိသည်ဟု ရာဇဝင်ဆရာများသည် တစ်ယောက်တစ်မျိုး ပြောလျက်ရှိကြသည်။ အချို့က လူ့လောကကြီး ရှေ့ရှုချီတက်လျက်ရှိသည့် ပန်းတိုင်သည် အခြားမဟုတ်။ ရောမလူမျိုးတို့ အထွတ်အထိပ်သို့ ရောက်ရေးဖြစ်သည်ဟုဆိုကြ၍ အချို့ကလည်း စပိန်လူမျိုးတို့ အထွတ်အထိပ်သို့ ရောက်ရေးဟုလည်းကောင်း၊ ပြင်သစ်လူမျိုးတို့ အထွတ်အထိပ်သို့ ရောက်ရေးဟုလည်းကောင်း ဆိုကြ၏။ အချို့ကလည်း ထိုအရာများမဟုတ်။ လူလူချင်းတန်းတူညီမျှခွင့်ရရှိရေး၊ လူသားအားလုံး လွတ်လပ်ခွင့်ရရှိရေးနှင့် ဥရောပတိုက်ဟုခေါ်သော ကမ္ဘာကြီး၏ ထောင့်ကလေးတစ်ထောင့်မှ ယဉ်ကျေးမှုသစ်တစ်ခု တိုးတက်

www.burmeseclassic.com

www.burmeseclassic.com

ဖွံ့ဖြိုးရေးဖြစ်သည်ဟု ဆိုကြပြန်သည်။

၁၇၈၉ – ခုနှစ်တွင် ပါရီမြို့တော်၌ ထကြွလူပ်ရှားမှုကြီးတစ်ခု ဖြစ်ပေါ်လာခဲ့လေသည်။ ထိုထကြွလူပ်ရှားမှုကြီးသည် ကြီးထွားပြန့်ပွားလာခဲ့ကာ အနောက်မှလူများအရှေ့သို့ချီတက်သော 'လူပ်ရှားမှုကြီး' တစ်ခုအဖြစ်သို့ ရောက်လာခဲ့သည်။ ထိုထကြွ 'လူပ်ရှားမှုကြီး'သည် အကြိမ်ပေါင်းများစွာ အရှေ့ဘက်သို့ ရွေ့လျားလာခဲ့ပြီးနောက် အရှေ့မှအနောက်သို့ ရွေ့လျားလာသော 'တံ့ပြန်လူပ်ရှားမှုကြီး'နှင့် ထိပ်တိုက် တိုက်မိခဲ့သည်။ ၁၈၁၂ – ခုနှစ်၌ အနောက်မှ အရှေ့သို့ ရွေ့လျားလာသော 'လူပ်ရှားမှုကြီး' သည် ၎င်း၏ အဆုံးစွန်သော ပန်းတိုင်ဖြစ်သည့် မော်စကိုမြို့သို့ ရောက်လာခဲ့၏။ ထိုနောက်၌ကား အရှေ့မှ အနောက်သို့ ရွေ့လျားသော 'တံ့ပြန်လူပ်ရှားမှုကြီး' ပေါ်ပေါက်လာခဲ့လေသည်။ အရှေ့မှအနောက်သို့ ရွေ့လျားသော 'တံ့ပြန်လူပ်ရှားမှုကြီး'ကဲ့သို့ပင် အတိုင်းအတာပမာဏ ကြီးထွား၏။ အချိုးအစား တူညီ၏။ အနောက်မှ အရှေ့သို့ ရွေ့လျားလာသော 'လူပ်ရှားမှုကြီး'သည်လည်း ဥရောပ အလယ်ပိုင်းမှ လူမျိုးများကို စုရုံးခေါ်ဆောင်လာသကဲ့သို့ အရှေ့မှအနောက်သို့ ရွေ့လျားလာသော 'တံ့ပြန်လူပ်ရှားမှုကြီး'သည် ပထမ 'လူပ်ရှားမှုကြီး' ပေါ်ပေါက်ခဲ့ရာ ဖြစ်သော အနောက်ဘက်ရှိ ပါရီမြို့တော်သို့ ရောက်ရှိသွားခဲ့ပြီးနောက် ပြန်၍ ဆုတ်လာခဲ့လေသည်။

ဤသို့ဖြင့် အနောက်မှ အရှေ့သို့ ရွေ့လျားသော 'လူပ်ရှားမှုကြီး'နှင့် အရှေ့မှ အနောက်သို့ ရွေ့လျားသော 'တံ့ပြန်လူပ်ရှားမှုကြီး'တို့ ဖြစ်ပေါ်ခဲ့သည့် အချိန်ကာလသည် အနှစ် ၂၀ မျှ ကြာခဲ့သည်။ ထိုအနှစ် ၂၀ ကာလအတွင်း၌ များလှစွာသော လယ်ကွင်းတို့သည် ထွန်ယက်မည့်သူမရှိဘဲ တိမ်ကောခဲ့ရသည်။ များလှစွာသော တိုက်တာ အိမ်ခြေတို့သည် မီးလောင်ပျက်စီးခဲ့ရသည်။ ကုန်သွယ်ရေးကိစ္စများသည် လမ်းကြောင်းပြောင်းသွားခဲ့ရသည်။ သန်းပေါင်းများစွာသော လူများသည် တစ်ရပ်မှ တစ်ရပ်သို့ ပြောင်းရွှေ့ခြင်းပြုခဲ့ကြသည်။ အချို့သည် ချွတ်ခြုံကျ မွဲတေသည့်အဖြစ်သို့ ဆိုက်ရောက်ခဲ့ကြ၍ အချို့သည် ကျိကျိတက်ချမ်းသာသည့်အဖြစ်သို့ ရောက်ခဲ့ကြသည်။ လူလူချင်း ချစ်ခင်ခြင်းဟူသောတရားကို လက်ကိုင်ပြုသည်ဆိုသည့် သန်းပေါင်းများစွာသော ခရစ်ယာန်ဘာသာဝင်တို့သည်လည်း အချင်းချင်း သွေးချောင်းစီးအောင် သတ်ဖြတ်ခဲ့ကြလေသည်။

ဤအခြင်းအရာများသည် မည်သည့်အဓိပ္ပာယ်ဆောင်သနည်း။ ထိုအခြင်းအရာများသည် မည်သည့်အတွက်ကြောင့် ပေါ်ပေါက်လာခဲ့ကြသနည်း။ မည်သည့်အတွက်ကြောင့် ထိုသူများသည် အချင်းချင်း သတ်ဖြတ်ကြ၍ အိုးအိမ်များကို မီးတိုက်ခြင်း ပြုခဲ့ကြသနည်း။ ထိုအဖြစ်အပျက်များ၏ အကြောင်းရင်းများသည် မည်သည့်အရာများနည်း။ လူများအား ဤအမှုများကို ကျူးလွန်ရန် မည်သည့် အင်အားစုက စေခိုင်းခြင်းပြုသနည်း။ ဤသည်တို့ကား ထိုခေတ်က အစဉ်အလာများ၊ အမှတ်အသားများကို တွေ့ရသည့်အခါ၌ လူ့လောကကြီးက မေးမြန်းလျက်ရှိသော မေးခွန်းများ ဖြစ်ကြပေသည်။ မေးမြန်းထိုက်သော မေးခွန်းများလည်း ဖြစ်ပေသည်။

ရာဇဝင်သိပ္ပံပညာ၏ ရည်ရွယ်ချက်မှာ လူမျိုးများနှင့်တကွ လူ့လောကကြီးအား ၎င်းတို့အကြောင်းကို ၎င်းတို့ဘာသာ သိနားလည်ရေးအတွက် သင်ကြားပေးရန် ဖြစ်၏။ ထို့ကြောင့် လူ့လောကကြီး၏ အသိဉာဏ်တရားသည် ထိုမေးခွန်းများကိုဖြေဆိုရန် ရာဇဝင်သိပ္ပံပညာထံ မေးမြန်းခြင်းပြု၏။

ရာဇဝင်သည် ရှေးဟောင်း အစွဲအလမ်းများကို လက်ခံခြင်းပြုလျှင် ဘုရားသခင်သည် မိမိ၏ လူသားများကိုအပြစ်ပေးရန် သို့မဟုတ် ကောင်းချီးပေးရန်အတွက် နပိုလီယန်ကို တန်ခိုးအာဏာ အပ်နှင်းလိုက်သည်။ မိမိပြဋ္ဌာန်းထားသော ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ဘုရားသခင်သည် နပိုလီယန်၏ စိတ်ဆန္ဒကို ဦးဆောင်လမ်းညွှန်ခြင်း ပြုတော်မူသည်။ ထို့ကြောင့် ဤအခြင်းအရာများသည် ဘုရားသခင် အလိုတော်အရ ပေါ်ပေါက်လာရခြင်းဖြစ်သည်ဟု ဖြေဆိုမည်။ ဤသို့ ဖြေဆိုခြင်းပြုလျှင် ထိုအဖြေသည် (မှန်သည် မှားသည်၊ ယုံကြည်သည် မယုံကြည်သည်ကို အပထား၍) သူ့အကြောင်းနှင့်သူ ပြည့်စုံသည်သာ ဖြစ်၏။ ရှေ့နောက် ညီညွတ်သည်သာ ဖြစ်၏။ ရှင်းလင်းသည်သာဖြစ်၏။ ထိုအဖြေကို ကြားရသူတို့သည် နပိုလီယန်၌ ဘုရားသခင်က ပြဋ္ဌာန်းအပ်နှင်းထားသော တန်ခိုးအာဏာရှိသည်ဆိုသော အချက်ကို ယုံလိုက်လည်း ယုံကြည်နိုင်၏။ မယုံလိုကလည်း နေနိုင်

www.burmeseclassic.com

www.burmeseclassic.com

၏။ သို့ရာတွင် ထိုအဆိုအဓိပ္ပာယ်ကို လက်ခံသူတို့အဖို့၌ကား ထိုအဖြေသည် ပြည့်စုံလျက်ရှိလေပြီ။ ရှင်းလျက်ရှိလေပြီ။ ဒွိဟဖြစ်စရာ မလိုတော့ပြီ။

သို့ရာတွင် ခေတ်သစ်ရာဇဝင်အဖို့ ဤအဖြေမျိုးကို မပေးနိုင်ချေ။ လောကီလူမှုကိစ္စများတွင် ဘုရားသခင်ကိုယ်တော်တိုင် ဝင်ရောက်စွက်ဖက်လျက်ရှိသည်ဟူသော ရှေးဟောင်းအယူအဆကို သိပ္ပံပညာကလည်း လက်မခံချေ။ ထို့ကြောင့် ခေတ်သစ်ရာဇဝင်သည် အခြားသော အဖြေများ ပေးရပေလိမ့်မည်။

သို့ဖြစ်လျှင် ခေတ်သစ်ရာဇဝင်သည် အထက်ပါ မေးခွန်းများကို မည်သို့ ဖြေဆိုသနည်း။ ခေတ်သစ်ရာဇဝင်၏ အဖြေမှာ အောက်ပါအတိုင်း ဖြစ်၏။

'ဤလူပ်ရှားမှုကြီးသည် မည်သည့်အဓိပ္ပာယ်ကို ဆောင်သနည်း။ ၎င်း၏ အကြောင်းတရားများသည် အဘယ်နည်း။ ၎င်းအဖြစ်အပျက်များသည် မည်သည့် အင်အားစုများ၏ စေခိုင်းချက်ကြောင့် ပေါ်ပေါက်လာသနည်းဟု သင်တို့က မေးကြသည်။ ငါဖြေအံ့။ နားထောင်ကြလော့။'

'ပြင်သစ်နိုင်ငံ၏ ဧကရာဇ် ၁၄ ကြိမ်မြောက် လူဝီ ဘုရင်သည် လွန်စွာမာနကြီး၍ ဘဝမြင့်သူတစ်ဦးဖြစ်၏။ ၎င်း၌ ထိုထိုဤဤသော မောင်းမကိုယ်လုပ်တော်များ ရှိ၍ ထိုထိုဤဤသော ဝန်ကြီးများရှိ၏။ ၎င်းသည်ပြင်သစ်နိုင်ငံကြီးကို ကောင်းစွာအုပ်ချုပ်ခြင်းမပြုဘဲ ကာမဂုဏ်စည်းစိမ်ကိုသာ ခံစားလျက်ရှိ၏။ ၎င်း၏သားစဉ် မြေးဆက်များသည်လည်း ညံ့ဖျင်းနုံနဲ့သူများသာ ဖြစ်ကြ၏။ ၎င်းတို့သည်လည်း ပြင်သစ်နိုင်ငံကြီးကို ကောင်းစွာ မအုပ်ချုပ်နိုင်။ ၎င်းတို့၌လည်း ထိုထိုဤဤသော လက်သပ်မွေး ကျွန်ယုံများ၊ ထိုထိုဤဤသော မောင်းမကိုယ်လုပ်တော်များရှိကြ၏။ ထိုအချိန်၌ အချို့သော ပုဂ္ဂိုလ်များက အချို့သော စာအုပ်များကို ရေးသားပြုစုကြ၏။ ၁၈ ရာစုနှစ် အကုန်လောက်တွင်ကား ပြင်သစ် နိုင်ငံ၊ ပါရီမြို့တော်၌ ဒါဇင်အနည်းငယ်သော လူတစ်စုတို့ ပေါ်ပေါက်လာခဲ့ကာ လူလူချင်းတန်းတူညီမျှ ပိုင်ခွင့် ရှိကြသည်ဟုလည်းကောင်း၊ လူအားလုံးသည် လွတ်လပ် ခွင့် ရှိကြသည်ဟုလည်းကောင်း ပြောဆိုလာခဲ့ကြ၏။ ၎င်းတို့၏ ဟောပြောချက်များကြောင့် ပြင်သစ်နိုင်ငံတစ်ဝန်းရှိ လူများသည် အချင်းချင်း ထိုးခုတ်သတ်ဖြတ်ကြ၏။ ၎င်းတို့သည် ဘုရင်နှင့်တကွ လူပေါင်းများစွာကို သတ်ဖြတ်ခဲ့ကြ၏။ ထိုအချိန်၌ ပြင်သစ်နိုင်ငံတွင် ဘုန်းကံပါရမီနှင့် ပြည့်စုံသည့် နပိုလီယန်ဟူသော လူတစ်ယောက် ရှိသတတ်။ ထိုလူသည် ရောက်လေရာအရပ်၌ လူအပေါင်းတို့ကို အောင်မြင်၏၊ (၀၀) တစ်နည်းကား ထိုလူသည် ရောက်လေရာအရပ်၌ လူများစွာတို့ကို သတ်ဖြတ်၏။ အကြောင်းမူကား ထိုလူသည် ကြီးမြတ်သော ဘုန်းကံပါရမီရှင် ဖြစ်သောကြောင့်ပေတည်း။ တစ်စုံတစ်ခုသော အကြောင်းကြောင့် ထိုလူသည် အာဖရိလူမျိုးများကို ကောင်းစွာ သတ်ဖြတ်နိုင်ခဲ့ခြင်းကြောင့် များစွာကျွမ်းကျင်လိမ္မာသည်ဟု ကောင်းချီးညြဘာ ပေးခြင်းခံရ၏။ ထိုလူသည် ပြင်သစ်နိုင်ငံသို့ ပြန်ရောက်သောအခါ၌ နိုင်ငံသူနိုင်ငံသားအားလုံးအား ၎င်း၏ညြဇာကို နာခံရန် အမိန့်ပေး၏။ နိုင်ငံသူ နိုင်ငံသားများကလည်း ထိုလူ၏ အမိန့်ကို နာခံကြ၏။ ထိုလူသည် ပြင်သစ်နိုင်ငံကြီး၏ ဧကရာဇ် ဖြစ်သောအခါ၌ အီတလီ၊ ညြစတေးရီးယားနှင့် ပရပ်ရှားနိုင်ငံများသို့ သွားရောက်၍ လူများကို သတ်ဖြတ်ခြင်း ပြုပြန်၏။ ထိုဒေသ၌လည်း ထိုလူသည် လူပေါင်းများစွာကို သတ်ဖြတ်ခဲ့၏။ ထိုအခါ ရုရှားနိုင်ငံတွင် အလက်ဇန်းဒရား မည်သော ဧကရာဇ်တစ်ပါး အုပ်စိုးလျက်ရှိ၏။ အလက်ဇန်းဒရားဘုရင်သည် ဥရောပတွင် ငြိမ်ဝပ်ပိပြားရေးကို ထူထောင်မည်ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ နပိုလီယန်ကို ခုခံစစ်ပြု၏။ ၁၈၀၇ – ခုနှစ်၌ကား အလက်ဇန်းဒရားဘုရင်သည် နပိုလီယန်နှင့် ရုတ်တရက် မိတ်ဆွေဖွဲ့လိုက်ကြ၏။ သို့ရာတွင် ၁၈၁၁ ခုနှစ်၌မူ ၎င်းတို့သည် ရန်ဖြစ်ကြပြန်ကာ လူပေါင်းများစွာကို သတ်ဖြတ်ခြင်း ပြုကြပြန်၏။ နပိုလီယန်သည် စစ်သည်ခြောက်သိန်းဖြင့် ရုရှားနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့ကာ မော်စကို မြို့ကို သိမ်းပိုက်လိုက်၏။ ထို့နောက် နပိုလီယန်သည် မော်စကို မြို့မှ ရုတ်တရက်ထွက်ပြေး၏။ အလက်ဇန်းဒရားဘုရင်သည် စတိန်း စသော ပုဂ္ဂိုလ်များ၏ အကြံပေးချက်အရ ဥရောပတိုက်ကြီးကို စည်းရုံးကာ ဥရောပငြိမ်း ချမ်းရေးကို ဖျက်ဆီးသူအား လက်နက်ဖြင့် ယှဉ်ပြိုင်တိုက် ခိုက်၏။ နပိုလီယန်၏ မဟာမိတ်ဆိုသူတို့တွင် တစ်မှုဟုတ်ချင်း နပိုလီယန်၏ ရန်သူများ ဖြစ်လာကြ၏။ ၎င်းတို့သည် နပိုလီယန် နောက်ထပ်စုဆောင်းသော စစ်သည်များကို

www.burmeseclassic.com

www.burmeseclassic.com

တိုက်ခိုက်ကြ၏။ ဤသို့ဖြင့် မဟာမိတ်တို့သည် နပိုလီယန်ကို အောင်မြင်စွာ နှိမ်နင်းကာ ပါရီမြို့တော်သို့ ဝင်ရောက်လာခဲ့ကြ၏။ နပိုလီယန်ကို နန်းမှချကြ၏။ ထို့နောက် နပိုလီယန်ကို ဧကရာဇ် အဆောင်အယောင်တို့ကို နုတ်သိမ်းခြင်းမပြုဘဲ ချစ်ကြည်လေးမြတ်စွာ ဆက်ဆံကြတာ အယ်လဘာကျွန်းသို့ ပို့လိုက်ကြ၏။ ထိုသူတို့သည် နပိုလီယန်ကို လွန်ခဲ့သောငါးနှစ်က လူဆိုး၊ ဓားပြ၊ ရာဇဝတ်ကောင်အဖြစ် သဘောထားခဲ့ကြ၏။ ထိုကျွန်းသို့ ပို့ပြီး တစ်နှစ်အကြာ၌လည်း ထိုသို့ သဘောထားကြ၏။ ထို့နောက်၌ ပြင်သစ်နိုင်ငံကြီးကို ၁၈ ကြိမ်မြောက် လူဝီ ဘုရင်က အုပ်စိုး၏။ ပြင်သစ်နိုင်ငံသူ နိုင်ငံသားများနှင့် မဟာမိတ်များသည် ၁၈ ကြိမ်မြောက် လူဝီဘုရင်ကို ရယ် စရာသတ္တဝါတစ်ဦး အဖြစ် သဘောထားကြ၏။ ထိုအခါ နပိုလီယန်သည် မိမိ၏ အစောင့်တပ်သားများရှေ့၌ သည်းထန်စွာ ငိုကြွေးပြီး နောက် ထီးနန်းကိုစွန့်ကာ တိုင်းခြားသို့ ထွက်ခွာသွားရ၏။ များမကြာမီ လိမ္မာကျွမ်းကျင်သော တိုင်းပြည်ခေါင်းဆောင်များ သံတမန်များသည် (ထိုအထဲ၌ တာလေရန်းဆိုသူ ခေါင်းဆောင်ကြီးတစ်ဦးမှာ ၎င်းအတွက် သီးသန့်ထားသော ကုလားထိုင်တစ်လုံးတွင်ထိုင်၍ ပြင်သစ်နိုင်ငံကြီး နယ်နိမိတ်များကို တိုးချဲ့တတ်သည်။ ဗီယင်နာမြို့တွင် တွေ့ဆုံဆည်းဝေးကြ၏။ ၎င်းတို့ စည်းဝေးပွဲကြောင့် အချို့သော လူမျိုးများမှာ အနိုင်ရ၍ ပျော်ရွှင်ကြ၏။ အချို့သော လူများမှာရှုံးသဖြင့်စိတ်ညစ်ကြ၏။ တစ်ဖန် သံတမန်များနှင့် ဧကရာဇ်များသည် စကားများကြပြန်ကာ စစ်တပ်ကြီးများဖြင့် တစ်ဖက်ကို တစ်ဖက်သတ်ဖြတ်ကြတော့မည့် အခြေသို့ ရောက်လာခဲ့ပြန်၏။ ဤသို့ဖြစ်လျက် ရှိချိန်၌ နပိုလီယန်သည် တပ်ခွဲတစ်ခွဲဖြင့် ပြင်သစ်နိုင်ငံ ပြန်ရောက်လာ၏။ ထိုအခါ၌ နပိုလီယန်ကို မုန်းတီးလျက်ရှိသော ပြင်သစ်တို့သည် ၎င်း၏ ခြေဖဝါးအောက်သို့ ဝင်ရောက်၍ သစ္စာခံကြပြန်၏။ သို့ရာတွင် မဟာမိတ် ဧကရာဇ်များသည် နပိုလီယန်ပြန်၍ စခန်းထလာခြင်းကို ပြင်းစွာ အမျက်ထွက်ကြသည်ဖြစ်၍ ပြင်သစ်နိုင်ငံကြီးကို ၃တိယအကြိမ် တိုက်ခိုက်ကျပြန်၏။ နောက်ဆုံး၌ ၎င်းတို့သည် ဘုန်းကံပါရမီရှင်နပိုလီယန်ကို နှိမ်နင်းကာ လူဆိုး၊ ဓားပြအဖြစ် သတ်မှတ်ပြီးနောက် စိန်ဟယ်လီနာအမည်ရှိသော ကျွန်းကလေးတစ်ကျွန်းသို့ ပို့လိုက်ကြပြန်၏။ ဤသို့ဖြင့်နယ်ခြားလူဆိုးဗိုလ်ကြီး နပိုလီယန်သည် ၎င်းချစ်မြတ်နိုးသော ပြည်သစ်နိုင်ငံကြီးမှ လွန်စွာဝေးကွာသော ကျောက်ဆောင်ကလေးတစ်ဆောင်ပေါ်၌ ကွယ်လွန် အနိစ္စရောက်ခဲ့လေသည်။ ၎င်း၏ကြီးမြတ်သောလုပ်ငန်း ကြီးများကို နောင်လာနောင်သားများအား အမွေပေးခဲ့လေသည်။ သို့ရာတွင် ဥရောပတိုက်၌ ဖောက်ပြန်ရေးကာလ (၀၀) ဆုတ်ကပ်ကာလကြီးတစ်ခုသည် ဆိုက်ရောက်လာပြန်ကာ ပြည့်ရှင်ဘုရင်မင်းများသည် ၎င်တို့၏လက်အောက်ခံ ပြည်သူပြည်သားများကို နှိပ်စက်ကလူ ပြုမူကြလေသည်။'

ဤကား ရာဇဝင်အဖြစ်အပျက်များ၏ ပုံကြမ်းတည်း။ ဤရာဇဝင်အဖြစ်အပျက်များ၏ပုံကြမ်းကိုရယ်စရာဟု သင်တို့ထင်ကြသလော။ ရယ်စရာဟု ထင်လျှင်မှားပေလိမ့်မည်။ စင်စစ်၌ ဤဖော်ပြချက်မှာ အတ္ထုပ္ပတ္တိကျမ်းပြုဆရာများနှင့် နိုင်ငံတစ်နိုင်ငံ၏ အခြင်းအရာများကို ဖော်ပြသော ရာဇဝင်ကျမ်းပြုဆရာများအစ အထွေထွေ ရာဇဝင်ကျမ်းများနှင့် ထိုခေတ်ယဉ်ကျေးမှု၏ အကြောင်းကို ဖော်ပြသော ယဉ်ကျေးမှုသမိုင်းကျမ်းပြုသူအများအဆုံး၊ ရာဇဝင်ဆရာများအားလုံးက တစ်ယောက်တစ်ပေါက် ဖြေဆိုကြသော အဖြေများကို အသက်ညှာဆုံး ဖော်ပြထားခြင်းသာ ဖြစ်လေသည်။ စင်စစ်၌ကား၊ ၎င်းတို့၏အဖြေများသည် မေးခွန်းနှင့် တခြားစီ ဖြစ်လျက်ရှိပေသည်။

ခေတ်သစ်ရာဇဝင်သည် နားမကြားသူ တစ်ယောက်ကဲ့သို့ မည်သူကမျှ မေးမြန်းခြင်းမရှိသော မေးခွန်းများကို ဖြေဆိုလျက် ရှိလေသည်။ ဤသို့ မေးခွန်းနှင့် တလွဲဖြေဆိုခြင်းကြောင့်လည်း ထိုအဖြေများသည် အဲ့သြစရာကောင်းလောက်အောင် အဓိပ္ပာယ်ကင်းမဲ့လျက်ရှိဖြစ်ပေသည်။

ရာဇဝင်၏ ရည်ရွယ်ချက်သည် လူ့လောကကြီးနှင့် လူမျိုးများ၏ လှုပ်ရှားမှုများကို ဖော်ပြရန် ဖြစ်၏။ ထို့ကြောင့် လူ့လောကကြီးက ရာဇဝင်ကို မေးမြန်းသော ပထမဆုံးမေးခွန်းမှာ 'ပြည်သူများကို လှုပ်ရှားစေသော တန်ခိုးအာဏာဆိုသည်မှာ မည်သည့်အရာနည်း' ဟူသော မေးခွန်းဖြစ်သည်။ (ထိုမေးခွန်းကိုမှစ၍ မဖြေနိုင်လျှင် ကျန်မေးခွန်းများ ဖြေနိုင်ဖို့မလွယ်ပါ။) လူ့လောကကြီးက ဤသို့ မေးမြန်းသောအခါ၌ ခေတ်သစ်ရာဇဝင်သည် တတ်သမျှမှတ်သမျှ အပတ်တကုတ်အားထုတ်၍ ဖြေရာ

www.burmeseclassic.com

www.burmeseclassic.com

၏။ ထိုအဖြေကား နဝိုလီယန်သည် ဘုန်းတန်ခိုးပါရမီရှင် ဖြစ်သည်။ သို့မဟုတ် ၁၄ ကြိမ်မြောက် လူဝီဘုရင်သည် လွန်စွာမာနကြီးသည်။ သို့မဟုတ် အချို့သော စာရေးဆရာများသည် အချို့သောကျမ်းဂန်များကို ရေးခဲ့သည် ဟူသတတ်။

ဤအခြင်းအရာများသည် ဟုတ်ကောင်း ဟုတ်ပါလိမ့်မည်။ လူ့လောကကြီးကလည်း သဘောတူရန် အဆင်သင့်ရှိပါသည်။ သို့ရာတွင် ၎င်းတို့သည်လည်း အဖြေမဟုတ်သေးချေ။ လူ့လောကကြီးက မေးမြန်းသော မေးခွန်းနှင့် ခေတ်သစ်ရာဇဝင်က ဖြေဆိုသည့်အဖြေသည် ဘာဆိုင်သနည်း။ ခေတ်သစ်ရာဇဝင်၏ အဖြေများသည် မေးခွန်းနှင့် တခြားစီဖြစ်လျက် ရှိသည်တကား။ မည်သူကမျှ မေးမြန်းခြင်းမရှိသော မေးခွန်းကို ဖြေဆိုလျက်ရှိသည် တကား။

ကျွန်ုပ်တို့သည် ဘုရားသခင်က ပြဋ္ဌာန်းအပ်နှင်းသော တန်ခိုးအာဏာကို ယုံကြည်လျက် ဘုန်းတန်ခိုးပါရမီဉာဏ်ဆိုသည့်အရာကို ယုံကြည်ခဲ့လျှင် ခေတ်သစ်ရာဇဝင်၏ အဖြေများသည် စိတ်ဝင်စားဖွယ် ကောင်းဦးမည် ဖြစ်ပေသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်က ပြဋ္ဌာန်းအပ်နှင်းသော တန်ခိုးအာဏာဆိုသည့် အရာကိုလည်း မယုံကြည်ချေ။ ဘုန်းတန်ခိုးပါရမီဉာဏ် ဆိုသည့် အရာကိုလည်း မယုံကြည်ချေ။ ထို့ကြောင့် နဝိုလီယန်၊ လူဝီဘုရင်နှင့်တကွ စာရေးဆရာများ၌ ဘုန်းတန်ခိုးပါရမီဉာဏ်ဆိုသည့်အရာ ရှိမရှိ၊ ဘုရားသခင်က အပ်နှင်းထားသော တန်ခိုးအာဏာဆိုသည့်အရာ ရှိမရှိ ဆိုသည့် အချက်မဟုတ်။ ထိုပုဂ္ဂိုလ်များနှင့် ပြည်သူလူထုများ၏ လှုပ်ရှားမှုများ မည်သို့ဆက်စပ်လျက်ရှိသည် ဆိုသည့် အချက်သာ ဖြစ်လေသည်။

ခေတ်သစ်ရာဇဝင်သည် ဘုရားသခင်က အပ်နှင်းထားသော အကြွင်းမဲ့ဖြစ်သော တန်ခိုးအာဏာဆိုသည့် အရာကို (ကျွန်ုပ်တို့ကဲ့သို့) မယုံကြည်ဟုဆိုလျှင် ပြည်သူလူထုများကို လှုပ်ရှားစေသောအရာသည် မည်သည့် အင်အားစု ဖြစ်သည်ဆိုသည့်အချက်ကို ဖော်ပြရလိမ့်မည် ဖြစ်ပေသည်။ ရာဇဝင်၏အလုပ်သည် ထိုအင်အားစုကို ရှာဖွေရန် ဖြစ်ပေသည်။

ထိုအင်အားစုသည် မည်သည့်အရာဖြစ်ကြောင်းကို အားလုံးသိပြီးသား ဖြစ်သည်။ အထင်အရှားဖြစ်သည်ဟု ခေတ်သစ်ရာဇဝင်က ယူဆပုံရ၏။ သို့သော်လည်း ရာဇဝင်ကျမ်းများကို ဖတ်ရှုလေ့လာသောအခါ၌ကား ထိုအင်အားစုသည် မည်သည့်အရာဖြစ်သည်ဆိုသည့်ကိစ္စတွင် ရာဇဝင်ဆရာများကိုယ်တိုင် တစ်ယောက်တစ်မျိုး 'ပေါက်တတ်ကရ' ပြောဆိုလျက်ရှိခြင်းကို တွေ့ရသောအခါ ၎င်းတို့၏ အဆိုအမိန့်များကို ကျွန်ုပ်တို့ သံသယ ဖြစ်လာခဲ့လေပြီ။

အခန်း ၂

မည်သည့် အင်အားစုက လူမျိုးများကို လှုပ်ရှားစေသနည်း။

ရာဇဝင်ဆရာ အမျိုးမျိုးက အမျိုးမျိုး ဖြေဆိုကြသည်။ ပထမအမျိုးအစားမှာ (၁) အတ္ထုပ္ပတ္တိ ကျမ်းပြုရာဇဝင်ဆရာများနှင့် (၂) လူမျိုးတစ်မျိုးအကြောင်းကို ရေးသားကြသော အမျိုးသားရာဇဝင်ဆရာများ ဖြစ်၏။ ၎င်းတို့က ပြည်သူလူထုကို လှုပ်ရှားစေသော အင်အားစုသည် လူစွမ်းကောင်းများ၊ အုပ်စိုးသူများ၏ ဇာတိပဋိသန္ဓေပါ ဘုန်းတန်ခိုးအာဏာဖြစ်သည်ဟု ဆိုကြ၏။ ရာဇဝင်အဖြစ်အပျက်များသည် နဝိုလီယန်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး၊ အလက်ဇန်းဒရား ကဲ့သို့သော ပုဂ္ဂိုလ်မျိုး၊ သို့မဟုတ် အလားတူ ဘုန်းတန်ခိုးပါရမီဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်မျိုးတို့၏ စိတ်ဆန္ဒအရ ဖြစ်ပျက်ကြရသည်ဟု ၎င်းတို့က ဆိုကြ၏။ အဖြစ်အပျက်တစ်ခုစီ တစ်ခုစီက သတ်သတ်ဖော်ပြခြင်းဖြစ်ဘိမူ ၎င်းတို့၏အဖြေကို လက်ခံနိုင်ဖွယ်ရှိသေး၏။ သို့ရာတွင် ယခုကား ဤသို့မဟုတ်ချေ။ အဖြစ်အပျက်တစ်ခုတည်းကိုပင် လူမျိုးအသီးသီးမှ အမြင်အမျိုးမျိုးရှိသောရာဇဝင်ဆရာတို့က သူတစ်မျိုး ငါတစ်ဖုံ ဝိုင်းဝန်းရေးသားကြလေရာ ၎င်းတို့၏ အဖြေများသည် အဓိပ္ပာယ်ကင်းမဲ့သောအဖြစ်သို့ ရောက်ရပေတော့သည်။ အဖြစ်အပျက်တစ်ခုသည် မည်သည့်အင်အားစုကြောင့် ဖြစ်သည်ဆိုသည့်အချက်၌ ၎င်းတို့အားလုံးကပင် ဘုန်းတန်ခိုးပါရမီဉာဏ်နှင့် ပြည့်စုံသော လူစွမ်းကောင်းတစ်ဦး၏ တန်ခိုးအာဏာကြောင့် ပေါ်ပေါက်လာရသည်ဟု ဆိုကြ၏။ သို့ရာတွင် မည်သူသည် ဘုန်းတန်ခိုး ပါရမီဉာဏ်နှင့် ပြည့်စုံသူနည်း၊ မည်သူသည် လူစွမ်းကောင်းနည်းဟု ဆက်၍ ရှာဖွေသောအခါ၌ကား ၎င်းတို့အချင်းချင်း ဝိဝါဒ

www.burmeseclassic.com

www.burmeseclassic.com

ကွဲပြားလာခဲ့ကြလေပြီ။ အဖြေတစ်ခုနှင့် တစ်ခု ဆန့်ကျင်လာကြလေပြီ။ ရာဇဝင်ဆရာတစ်ယောက်က အဖြစ်အပျက်တစ်ခုသည် နပိုလီယန်၏ ဇာတိပဋိသန္ဓေပါ ဘုန်းတန်ခိုးအာဏာကြောင့် ဖြစ်ရသည်ဟုဆို၏။ အခြား တစ်ယောက်က အလက်ဇန်းဒရားဘုရင်၏ ဘုန်းတန်ခိုးအာဏာကြောင့် ဖြစ်ရသည်ဟုဆို၏။ အခြားတစ်ယောက်က နပိုလီယန်ကြောင့်လည်း မဟုတ်။ အလက်ဇန်းဒရားကြောင့်လည်း မဟုတ်၊ အခြားသော ပုဂ္ဂိုလ်တစ်ဦး၏ ဘုန်းတန်ခိုးအာဏာကြောင့် ဖြစ်ရသည်ဟု ဆိုပြန်၏။ ထိုသို့ ကွဲပြားခြားနား ဆန့်ကျင်လျက် ရှိကြရုံမျှသာမကသေးချေ။ အဆိုပါ ပထမအမျိုးအစားဖြစ်သော ရာဇဝင် ဆရာတို့သည် ထိုပုဂ္ဂိုလ်၏ တန်ခိုးအာဏာသည် မည်သည့်နေရာက ဆင်းသက်လာသနည်းဟူသော ကိစ္စ၌လည်း ထပ်မံ၍ ကွဲလွဲလျက်ရှိကြပြန်လေသည်။ ဥပမာအားဖြင့် ပြင်သစ်ရာဇဝင်ဆရာနှစ်ဦးဖြစ်သော သိုင်းယာစ်နှင့် လန်ဖရီတို့သည် နပိုလီယန်၏ ဘုန်းတန်ခိုးအာဏာကြောင့် ဥရောပအဖြစ်အပျက်များ ပေါ်ပေါက်လာရသည်ဆိုသောအချက်၌ တူညီကြသော်လည်း နပိုလီယန်၏အာဏာသည် မည်သည့်နေရာက ဆင်းသက်လာသနည်းဟူသောကိစ္စ၌ တစ်မျိုးစီ ပြောဆိုလျက်ရှိကြ၏။ နပိုလီယန်ဂိုဏ်းသား ရာဇဝင်ဆရာဖြစ်သော သိုင်းယာစ်က နပိုလီယန်၏ ဘုန်းတန်ခိုးအာဏာသည် နပိုလီယန်၏ ကောင်းမြတ်သောကျင့်စဉ်နှင့် နပိုလီယန်၏ ဘုန်းတန်ခိုးပါရမီဉာဏ်တို့မှ ဆင်းသက်ပေါက်ဖွားလာသည်ဟုဆို၏။ သမ္မတဂိုဏ်းသား ရာဇဝင်ဆရာ လန်ဖရီက နပိုလီယန်၏ဘုန်းတန်ခိုးအာဏာသည် ၎င်း၏ ကောက်ကျစ်စဉ်းလဲခြင်း၊ ပြည်သူများကို လိမ်လည်ခြင်းတို့မှ ဆင်းသက်ပေါက်ဖွားလာသည်ဟုဆိုပြန်၏။ ဤသို့ဖြင့် အဆိုပါ ပထမအမျိုးအစားဖြစ်သော ရာဇဝင်ဆရာတို့သည် တစ်ဦး၏အဆိုအမိန့်ကို တစ်ဦးကလိုက်၍ချေဖျက်လျက်ရှိကြ၏။ အဖြစ်အပျက်များကို မည်သည့် အင်အားစုက ဖြစ်ပေါ်စေသည်ဆိုသည့်အချက်ကို နားလည်ရေး၌ တစ်ယောက်ကို တစ်ယောက် နှောင့်ယှက် ဖျက်ဆီးလျက်ရှိကြ၏။ ဤသို့ဖြင့် ၎င်းတို့အားလုံးသည် ရာဇဝင်၏ အဓိကမေးခွန်းကြီးကို ဖြေဆိုခြင်းမပြုဘဲ ဤနည်းဖြင့် 'ဝေ့လည် ကြောင်ပတ်' လုပ်လျက် ရှိကြလေသည်။

ဒုတိယအမျိုးအစားကား လူမျိုးများအား လုံး အကြောင်းကို ရေးသားဖော်ပြကြသည့် ကမ္ဘာ့ရာဇဝင် ဆရာများဖြစ်လေသည်။ မည်သည့်အတွက်ကြောင့် ရာဇဝင် အဖြစ်အပျက်များ ပေါ်ပေါက်လာရသနည်းဆို သည့်ကိစ္စ၌ ၎င်းတို့သည် အမျိုးသားရာဇဝင်များနှင့် ကွဲလွဲဟန်ပြုကြ၏။ ၎င်းတို့က ရာဇဝင်အဖြစ်အပျက်များသည် လူစွမ်းကောင်းများ၊ အုပ်စိုးသူ ဧကရာဇ်များ၏ဇာတိပဋိသန္ဓေပါ တန်ခိုးအာဏာကြောင့် ပေါ်ပေါက်လာ ကြခြင်းမဟုတ်။ လားရာဘက် အသီးသီးရှိသော အင်အားစုများ၏ စုပေါင်းဆုံစည်းမှုကြောင့်ဖြစ်သည်ဟု ဆိုကြ၏။ စစ်ပွဲတစ်ပွဲ ဖြစ်ပွားခြင်း၊ လူမျိုးတစ်မျိုး ကျွန်ဖြစ်ရခြင်း စသည်တို့သည် လူပုဂ္ဂိုလ်တစ်ဦး၏ တန်ခိုးအာဏာကြောင့် မဟုတ်။ ထိုအဖြစ်အပျက်နှင့် ဆက်စပ်လျက်ရှိသော လူပုဂ္ဂိုလ်များစွာတို့၏ အပြန်အလှန် ဆောင့်ရွက်ချက်များကြောင့် ဖြစ်သည်ဟုလည်း ၎င်းတို့က ဆိုကြ၏။

၎င်းတို့ပြောသည့်အတိုင်းဆိုလျှင် ကမ္ဘာ့ရာဇဝင်ဆရာများ၊ ရာဇဝင်ကျော် ပုဂ္ဂိုလ်များ၏ တန်ခိုးအာဏာကြောင့် ရာဇဝင်အဖြစ်အပျက်များ ပေါ်ပေါက်လာသည်ဆိုခြင်းကို လက်မခံဟု ဆိုရာရောက်ပေသည်။ သို့ရာတွင် လက်တွေ့၌ကား ၎င်းတို့သည်လည်း 'ထူးမခြားနား'သာ ဖြစ်လေသည်။ ၎င်းတို့သည် အဆိုပါ သဘောတရားကို လက်မခံဟု ဝစီကံမြောက် ပြောဆိုလျက်ရှိကြသော်လည်း ကာယကံမြောက်အားဖြင့် လက်ခံလျက်ရှိကြလေသည်။ ဥပမာအားဖြင့် ကမ္ဘာ့ရာဇဝင်ဆရာများဖြစ်သော ဂျာဗီးနှစ်၊ ရှလိုဇာ စသူတို့က နပိုလီယန်ကြောင့် ပြင်သစ်တော်လှန်ရေးကြီး ပေါ်ပေါက်ခြင်းမဟုတ်။ ပြင်သစ်တော်လှန်ရေးကြီးနှင့်တကွ ၁၇၈၉ ခု တော်လှန်ရေးအတွေးအခေါ်များကြောင့်သာ နပိုလီယန်ဆိုသည့် ပုဂ္ဂိုလ်တစ်ဦး ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်ဟု တစ်နေ့တွင် ဆို၏။ သို့ရာတွင် ၁၈၁၃ ခု စစ်ပွဲဖြစ်ပွားခြင်း စသည့် ၎င်းတို့ မနှစ်သက်သော အဖြစ်အပျက်များ ပေါ်ပေါက်လာရသည့်ကိစ္စနှင့် စပ်လျဉ်း၍ကား ဤသည်မှာ နပိုလီယန်၏ ရေလိုက်လွဲသောဆန္ဒကြောင့်ဟု တခြားတစ်နေရာတွင် ဆိုကြပြန်လေသည်။ ၎င်းတို့၏ စကားသည် ရှေ့နောက် ညီညွတ်ပါသေး၏လော။

တော်လှန်ရေး အတွေးအခေါ်များနှင့် ခေတ်၏ ယေဘုယျရေစီးကြောင်းက နပိုလီယန်၏ တန်ခိုးအာဏာ

www.burmeseclassic.com

www.burmeseclassic.com

ကို ထုတ်လုပ်ပေးခဲ့ခြင်း ဖြစ်လေသည်။ သို့ရာတွင် နပိုလီယန်၏ အာဏာစက်သည် တော်လှန်ရေး အထွေးအခေါ်များနှင့် ခေတ်၏ ယေဘုယျ ရေစီးကြောင်းကို နှိပ်ကွက်ခဲ့လေသည်။

ဤထူးဆန်းသည့် ရှေ့နောက်မညီညွတ်သော စကားများသည် မတော်တဆပေါ်ပေါက်လာခြင်း မဟုတ်ချေ။ ဤဆင်ခြေလိမ်မျိုးကို ၎င်းတို့၏ ရေးသားချက်များ၌ တစ်ရံတစ်ခါမှသာ တွေ့ရသည်လည်း မဟုတ်ချေ။ အတိုချုပ်ဆိုရလျှင်ကား ၎င်းတို့၏ ရေးသားချက်များသည် အလားတူ ဆင်ခြေလိမ်မျိုး၊ အလားတူ ယုတ္တိကင်းမဲ့သော စကားမျိုးဖြင့် တင်းကြိမ်းပြည့်လျက်သာ ရှိလေသည်။ ဤသို့ ရှေ့နောက် မညီမညွတ်ဖြစ်ရခြင်းမှာ အခြားကြောင့် မဟုတ်။ ကမ္ဘာရာဇဝင်ဆရာများသည် လူတတ်လုပ်၍ ရာဇဝင်ကို စစ်တမ်းထုတ်ကြည့်ကြပြီး အစွမ်းကုန်သော အခါ၌ ရှေ့သို့ ဆက်လက် စစ်တမ်းထုတ်ကြည့်ခြင်း မပြုတတ်တော့ဘဲ လမ်းတစ်ဝက်တွင် တန်းလန်းရပ်ပစ်ခဲ့သောကြောင့် ဖြစ်လေသည်။

ယန္တရားဗေဒ၌ ထင်ရှားသော ဥပဒေသတစ်ရပ် ရှိ၏။ ၎င်းဥပဒေ၏အဆိုမှာ ရလဒ်အားကြီးတစ်ခုနှင့် ညီမျှသော အစိတ်အပိုင်းအားငယ်များကို ရှာဖွေလိုလျှင် အဆိုပါ အစိတ်အပိုင်းအားငယ်များ၏ စုစုပေါင်းသည် ရလဒ်အားကြီးနှင့် ညီမျှမည်ဟူ၍ ဖြစ်၏။ ရာဇဝင်ဆရာများသည် ထိုဥပဒေကို သတိမပြုမိကြချေ။ ၎င်းတို့သည် ရလဒ်အားကြီးတစ်ခုကို ဖော်ပြသောအခါ၌ အစိတ်အပိုင်းအားငယ်များကို ရှာဖွေကြ၏။ သို့ရာတွင် ရှာဖွေတွေ့ရှိသော အစိတ်အပိုင်းအားငယ်များ၏ စုစုပေါင်းသည် ရလဒ်အားကြီးနှင့် ညီမျှခြင်းမရှိသောအခါ၌ ၎င်းတို့သည် ရလဒ်အားကိုဖြစ်စေသည့် မသိသေးသော အခြားအစိတ်အပိုင်းအားများ ရှိသေးသည်ဟု ယူဆလာကြလေသည်။

၁၈၁၃ ခုနှစ် တိုက်ပွဲစဉ်နှင့် ပြင်သစ်ပြည်တွင် မင်းဆက်ပြန်လည် နန်းတက်ခြင်းသည် အလက်ဇန်းဒရား ဘုရင်၏ တန်ခိုးအာဏာကြောင့် ဖြစ်ရသည်ဟု အမျိုးသား ရာဇဝင်ဆရာတို့က ဆိုကြ၏။ သို့ရာတွင် ကမ္ဘာ့ရာဇဝင်ဆရာဂျာဗီးနာ့စ်ကမူ ဤအချက်ကို လက်မခံချေ။ ဤအဖြစ်အပျက်များဖြစ်ရခြင်းသည် အလက်ဇန်းဒရား ဘုရင်တစ်ဦး၏ တန်ခိုးအာဏာကြောင့် မဟုတ်။ စတိန်း၊ မက်တားနစ်၊ မဒမ်ဒီစတေးလ်၊ ဖစ်ချ်တီ၊ တယ်လေရန်း၊ ရှာတိုဘရိုင်းယန် စသည့် ဩဇာတိက္ကမရှိသူ ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကြောင့်ဖြစ်သည်ဟု ၎င်းက ဆင်ခြင်တတ်၏။ တစ်နည်းဆိုရသော် ၁၈၁၁ ခုနှစ် တိုက်ပွဲစဉ်နှင့် ဘာဘွန်မင်းဆက် နန်းတက်ခြင်းဟူသော ရလဒ်အားကြီးတစ်ခု ဖြစ်ပေါ်ရခြင်းသည် အလက်ဇန်းဒရား၏ တန်ခိုးအာဏာတည်းဟူသော အစိတ်အပိုင်းအားငယ် တစ်ခုတည်းကြောင့် မဟုတ်။ ဖော်ပြပါ ဩဇာတိက္ကမရှိသူ ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်တည်း ဟူသော အစိတ်အပိုင်းအားငယ်ကလေးများကြောင့် ဖြစ်ရသည်ဟု ဆို၏။ သို့ရာတွင် ၎င်းတို့ပြသော အစိတ် အပိုင်း အားငယ်ကလေးများသည် ရလဒ်အားကြီးနှင့် ညီမျှခြင်း မရှိသေးချေ။ တစ်နည်းဆိုရသော် ဘာဘွန်မင်းဆက် နန်းတက်ခြင်းသည် ထိုပုဂ္ဂိုလ်တို့ကြောင့်ဟု ပြောရုံဖြင့် မလုံလောက်သေးချေ။ ရှာတိဘရိုင်ယန်၊ မဒမ်ဒီစ တေးလ် စသည့် ပုဂ္ဂိုလ်များသည် ဆောင်ရွက်ချက်များ ပြုခဲ့ကောင်း ပြုခဲ့မည်ဖြစ်၏။ ၎င်းတို့ ဆောင်ရွက်ချက်များကြောင့် ၎င်းတို့အချင်းချင်း၏ ဆက်ဆံရေးသည်လည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲကောင်း ပြောင်းလဲမည် ဖြစ်၏။ သို့ရာတွင် ၎င်းတို့ ဆောင်ရွက်ချက်ကြောင့် သန်းပေါင်း များစွာသော ပြင်သစ်တို့က ဘာဘွန်မင်းဆက်ကိုပြန်၍ နန်းတင်ရသည့်အဖြစ်သို့ ရောက်ရသည်ဆိုခြင်းမှာကား ယုတ္တိမရှိချေ။ မဖြစ်နိုင်ချေ။ ဤသို့ ပြောဆိုခြင်းသည် 'က' နှင့် ညီမျှသော အစိတ်အပိုင်းအားငယ်များက 'က' အဆတစ်ထောင်နှင့် ညီမျှသော ရလဒ်အားကြီးတစ်ခုကို ဖြစ်စေသည်။ က x ၁ = က x ၁၀၀၀ဟု ဆိုခြင်းကဲ့သို့ အဓိပ္ပာယ် ကင်းမဲ့လှပေသည်။ သေးငယ်သော အဖြစ် အပျက်ကလေးတစ်ခုက ၎င်းထက် အဆတစ်ထောင်ကြီးကျယ်သော အဖြစ်အပျက်ကြီးတစ်ခုကို ဖြစ်စေနိုင်သည်ဟု ဆိုခြင်းကဲ့သို့ ယုတ္တိကင်းမဲ့လှပေသည်။ ထို အခါ၌ ဂျာဗီးနာ့စ် ကဲ့သို့သော ကမ္ဘာ့ရာဇဝင်ဆရာများသည် တန်ခိုးအာဏာကြောင့် ဖြစ်ရသည်ဟု ဆိုကြပြန်လေသည်။ ဤသို့ဖြင့် ၎င်းတို့သည် အမျိုးသားရာဇဝင်ဆရာများကို ဆန့်ကျင်လျက်ရှိရုံမျှမက ၎င်းတို့ဘာသာ ၎င်းတို့လည်း ပြန်၍ ဆန့်ကျင်လျက်ရှိလေသည်။

မိုးရွာခြင်း၏ အကြောင်းရင်းကို နားမလည်သော လယ်သမားကြီးများသည် ၎င်းတို့ မိုးရွာစေချင်တုန်း

www.burmeseclassic.com

www.burmeseclassic.com

မိုးရွာလျှင် မိုးတိမ်တို့ကို လေက သယ်ဆောင်လာသဖြင့် မိုးရွာခြင်း ဖြစ်သည်ဟု ဆိုကြ၏။ ၎င်းတို့ မိုးရွာစေချင်တုန်း မိုးမရွာပြန်လျှင် မိုးတိမ်တို့ လေတွေ့ရာပါသွားသဖြင့် မိုးမရွာခြင်းဖြစ်သည်ဟု ဆိုကြပြန်သည်။ ကမ္ဘာရာဇဝင် ဆရာများသည်လည်း ထိုနည်းတူ ဖြစ်လေသည်။ ၎င်းတို့ စိတ်လိုရှိ၍ ၎င်းတို့၏ သဘောတရားနှင့် ကိုက်ညီလျှင် အဖြစ်အပျက်များကြောင့် တန်ခိုးအာဏာဟူ၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု တစ်ခါတစ်ရံ ဆိုတတ်ကြ၏။ ၎င်းကို စိတ်ကြိုက်မတွေ့၍ ၎င်းတို့ သဘောတရားနှင့် ကိုက်ညီခြင်း မရှိသောအခါ၌ကား အဖြစ်အပျက်ကြောင့် တန်ခိုးအာဏာဟူ၍ ပေါ်ပေါက်လာခြင်းမဟုတ်။ တန်ခိုးအာဏာကြောင့်သာ အဖြစ်အပျက်များ ပေါ်ပေါက်လာရခြင်းဖြစ်သည်ဟု ဆိုကြပြန်လေသည်။

တတိယအမျိုးအစားဖြစ်သော ရာဇဝင်ဆရာများမှာ ယဉ်ကျေးမှု ရာဇဝင်ဆရာဆိုသူများ ဖြစ်၏။ ၎င်းတို့သည် စာရေးဆရာများ၊ ထက်မြက်သော မိန်းမများကြောင့် ရာဇဝင်အဖြစ်အပျက်များ ပေါ်ပေါက်ခြင်း ဖြစ်သည်ဟု (တစ်ခါတစ်ရံ စိတ်ရလျှင်) လက်ခံတတ်ကြသော ကမ္ဘာရာဇဝင်ဆရာများ၏ အယူအဆနှင့် နီးစပ်၏။ သို့ရာတွင် လုံးလုံးလျားလျား တူညီခြင်း မဟုတ်ချေ။ ၎င်းတို့ကလည်း ရာဇဝင်အဖြစ်အပျက်များ ပေါ်ပေါက်လာခြင်းမှာ ယဉ်ကျေးမှုဟုခေါ်သော အသိပညာဖွံ့ဖြိုးမှုကြောင့် ဖြစ်သည်ဟု တစ်ဘာသာ ကြွေးကြော်ကြပြန်လေသည်။

အဆိုပါ ယဉ်ကျေးမှု ရာဇဝင်ဆရာများသည် ၎င်းတို့၏ ဘိုးဘေးများဖြစ်သော ကမ္ဘာရာဇဝင်ဆရာများ၏ အယူအဆကို ခြေရာခံ၍ တိုးချဲ့လာခဲ့ကြ။ ၎င်းတို့က အချို့ချို့သော လက်တစ်ဆုပ်စာ လူပုဂ္ဂိုလ်တစ်စု၏ ဆောင်ရွက်ချက်ကြောင့် ရာဇဝင်အဖြစ်အပျက်များ ပေါ်ပေါက်ခဲ့ရသည်ဆိုလျှင် အချို့ချို့သော စာရေးဆရာများ၏ စာပေများကြောင့်လည်း ရာဇဝင်အဖြစ်အပျက်များ မပေါ်ပေါက်နိုင်တော့ပြီလောဟု ဆိုကြ၏။ ရာဇဝင်အဖြစ်အပျက်တစ်ခု၏ အကြောင်းအရာများ၊ ထောင်သောင်းမက အသိပညာ ဖွံ့ဖြိုးတိုးတက်မှုကိုသာ တစ်ခုတည်းသော အကြောင်းတရားအဖြစ် ရွေးထုတ်ပြောဆိုခဲ့ကြလေသည်။ အသိပညာဖွံ့ဖြိုးတိုးတက်ခြင်းကြောင့် ရာဇဝင်အဖြစ်အပျက်များ ပေါ်ပေါက်ရခြင်းဖြစ်သည်ဟု လည်း သာဓကထုတ်ပြရန် ကြိုးစားကြသည်။ ၎င်းတို့က မည်မျှကြိုးစားစေကာမူ အသိပညာဖွံ့ဖြိုးမှုကြောင့် ထိုအသိတရားနှင့်အညီ ပြည်သူလူထုများ လှုပ်ရှားရသည်ဟု လူနားလည်အောင် လက်ဆုပ်လက်ကိုင် သက်သေပြရန်မှာ မလွယ်ကူလှချေ။ အသိပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ပြည်သူလူထုများ၏ လှုပ်ရှားမှုကို ချုပ်ကိုင်လျက်ရှိသည်ဆိုသည့်အချက်ကိုလည်း မည်သူကမျှ လက်ခံကြလိမ့်မည်မဟုတ်ချေ။ ဤအယူအဆကို အထောက်အကူပြုသော အဖြစ်အပျက်မျိုးလည်း ရာဇဝင်၌ မရှိခဲ့သေးချေ။ လူအချင်းချင်း တန်းတူညီမျှအခွင့်အရေးရှိရမည်ဟု တဖွဖွ အသိပညာ ပေးလျှက်မဆုံးမီ ပြင်သစ်တော်လှန်ရေးကြီးအတွင်း အရက်စက်ဆုံးသော လူသတ်ပွဲကြီးများ ဖြစ်ပွားခဲ့သည် မဟုတ်လော။ လူအချင်းချင်း မေတ္တာထားရမည်ဟု တစာစာ ဟောပြောပညာပေးလျှက်မဆုံးမီ ကြောက်ခမန်း လိလိ စစ်ပွဲကြီးများနှင့် လူသတ်ပွဲကြီးများ ပေါ်ပေါက်ခဲ့သည် မဟုတ်လော။ ဤသည်တို့ကို ထောက်သော် ၎င်းတို့၏ အဆိုအမိန့်သည်လည်း ယုတ္တိမရှိသေးချေ။

ကောင်းပြီ။ ၎င်းတို့ကျမ်းကျင်သော လုပ်ကြံတိထွင်ထားသော ဆင်ခြေများသည် မှန်သည်ဟုပင်ထားပါဦး။ ၎င်းတို့ပြောသကဲ့သို့ လူမျိုးများ၊ ပြည်သူများကို အတွေးအခေါ်အယူအဆများက ချုပ်ကိုင်ထားသည်ဟုပင် ထားပါဦး။ ၎င်းတို့၏အဖြေသည်လည်း ရာဇဝင်ကမေးမြန်းလျက် ရှိသော အဓိကရမေးခွန်းကို လိပ်ပတ်လည်အောင် ဖြေဆိုခြင်း မပြုနိုင်သေးချေ။ (ပြေလည်အောင် ဖြေဆိုခြင်း မပြုနိုင်ရုံမျှမက ရာဇဝင်အဖြစ်အပျက်များ ပေါ်ပေါက်လာခြင်းမှာ ဧကရာဇ်တို့၏ တန်ခိုးအာဏာကြောင့် ဖြစ်သည်ဟုဆိုသူ အမျိုးသားရာဇဝင်ဆရာတို့၏ အဆိုအမိန့်က တစ်မျိုး၊ တတ်ပွန် လိမ္မာသော ပုဂ္ဂိုလ်အချို့၏ ဆောင်ရွက်မှုကြောင့် ဖြစ်သည်ဟုဆိုသော ကမ္ဘာရာဇဝင်ဆရာတို့၏ အဆိုအမိန့်ကတစ်မျိုး စသဖြင့် အဆိုအမိန့်နှစ်ရပ် ကွဲပြားနေသည့်အထဲ၌ ယဉ်ကျေးမှုရာဇဝင်ဆရာ၏ အဆိုအမိန့်တစ်ရပ်က ထပ်၍ တိုးလာပြန်သဖြင့် ပို၍ပင် ရှုပ်ထွေးလာချေသေး၏။) ထိုမျှမကသေးချေ။ ထိုအတွေးအခေါ် အယူအဆများသည် ပြည်သူလူထုနှင့် မည်သို့မည်ပုံ ဆက်စပ်နေသည်။ ပြည်သူလူထုကို မည်သို့မည်ပုံ ချုပ်ကိုင်လျက်ရှိသည်ကို ရှင်းလင်းရန်လည်းလို

www.burmeseclassic.com

www.burmeseclassic.com

ပေသေးသဲ့သည်။ နပိုလီယန်၌ ဇာတိပဋိသန္ဓေပါ တန်ခိုးအာဏာရှိသည်။ ထိုတန်ခိုးအာဏာကြောင့် ရာဇဝင်အဖြစ်အပျက်များ ပေါ်ပေါက်ရသည်ဟု အမျိုးသားရာဇဝင်ဆရာတို့ကဆိုကြရာ ကျွန်ုပ်တို့သည် အဆိုအမိန့်ကို (မယုံကြည်သည့်တိုင်အောင်) နားလည်နိုင်သေး၏။ ကတ်ကတ် သတ်သတ် စဉ်းစားကြည့်မည်ဆိုက ရာဇဝင်အဖြစ်အပျက်များသည် နပိုလီယန်နှင့်တကွ အခြားသော အကြောင်းများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ယုံကြည်မည်ဆိုလျှင် ယုံကြည်နိုင်သေး၏။ သို့ရာတွင် ရူးဆိုး၏ 'လူမှုပဋိညာဉ်ကျမ်း'ဟူသော စာအုပ်တစ်အုပ်ကြောင့် ပြင်သစ်လူမျိုးအချင်းချင်း သတ်ဖြတ်သည့် ပြင်သစ်တော်လှန်ရေးကြီး ပေါ်ပေါက်ရသည့်အဖြစ်သို့ ရောက်ရသည်ဆိုသည့် ယဉ်ကျေးမှု ရာဇဝင်ဆရာများ၏ အဆိုအမိန့်ကိုကား ကျွန်ုပ်တို့ မည်သည့်နည်းနှင့်မျှ နားမလည်နိုင်ချေ။ ထိုစာအုပ်နှင့် ထိုအဖြစ်အပျက် မည်သို့မည်ပုံဆက်စပ်နေပုံ ခိုင်ခိုင်မာမာ သက်သေထူနိုင်လျှင်ကား ယုံကောင်း ယုံပေလိမ့်မည်။

မှန်ပါသည်။ ခေတ်တစ်ခေတ်တွင် တစ်ချိန်တည်း ဖြစ်ပေါ်နေသော အရာများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိကြပါသည်။ ဤအချက်ကို ကျွန်ုပ် မငြင်းလိုချေ။ ထို့ကြောင့် အသိပညာတိုးတက်ရေးနှင့် စပ်လျဉ်းသော ဆောင်ရွက်ချက်များနှင့် ရာဇဝင် အဖြစ်အပျက်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသည် ဆိုခြင်းမှာလည်း မှန်ပါသည်။ လူ့လောကကြီး၏ အဖြစ်အပျက်များထဲ၌ ကူးသန်းရောင်းဝယ်ရေးကိစ္စ၊ လက်မှုအတတ်ပညာကိစ္စ၊ လယ်ယာစိုက်ပျိုးရေးကိစ္စ စသဖြင့် ကိစ္စပေါင်းများစွာ အကျုံးဝင် ဆက်စပ်နေသည်သာ ဖြစ်၏။ ဤအချက်ကိုလည်း ကျွန်ုပ်နားလည်နိုင်ပါသည်။ သို့ရာတွင် ရာဇဝင်အဖြစ်အပျက်ကြီးတစ်ခုလုံး ပေါ်ပေါက်လာရခြင်းမှာ အသိပညာတိုးတက်ရေးနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကြောင့်သာ ဖြစ်သည်ဟု ယဉ်ကျေးမှု ရာဇဝင်ဆရာများက ပြောဆိုနေကြခြင်းကိုကား ကျွန်ုပ် နားမလည်နိုင်ချေ။ ယဉ်ကျေးမှုရာဇဝင်ဆရာများက ဤသို့ ယူဆကြခြင်းမှာ အောက်ပါအကြောင်းတို့ကြောင့်သာ ဖြစ်တန်ရာသည်။ (၁) ရာဇဝင်ကို ရေးသူများမှာ ပညာရှိများ ဖြစ်ကြသည့် အလျောက် မိမိတို့ပညာရှိ လူတန်းစား၏ ဆောင်ရွက်ချက်များကြောင့်သာ လူ့လောကကြီးတစ်ခုလုံး ပြောင်းလဲလှုပ်ရှားရသည်ဟု ၎င်းတို့စိတ်၌ ထင်မှတ်ကြဟန်ရှိခြင်း။ (ဤသို့ ထင်မှတ်ခြင်းမှာလည်း သဘာဝကျပါသည်။ ကုန်သည်၊ လယ်သမား၊ စစ်သား စသည့် ကမ္ဘာလောကကြီးတွင် မှီတင်းနေထိုင်သူ လူတန်းစားအသီးသီးကလည်း မိမိတို့သာ ကမ္ဘာလောကကြီးကို ပြောင်းလဲလှုပ်ရှားစေနိုင်သည်ဟု ထင်မှတ်ကြသည်သာ ဖြစ်ပါသည်။ အတိအလင်း ထုတ်ဖော်မပြောကြလျှင် ဤသို့ ဖွင့်မပြောကြခြင်းမှာ ၎င်းတို့သည် ရာဇဝင်ကျမ်းစာအုပ်များကို ရေးသားခြင်း မပြုသောကြောင့်သာ ဖြစ်ပါသည်။) (၂) အသိပညာတိုးတက်ရေး ဆောင်ရွက်မှု၊ ဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု၊ အတတ်ပညာပြုစုပျိုးထောင်မှု၊ အတွေးအခေါ် စသည့်စကားလုံးများသည် တိကျရေရာခြင်းမရှိသော လက်ဆုပ်လက်ကိုင် ပြန့်မရသော ခံယူချက်များဖြစ်သည့်အလျောက် ထိုခေါင်းစဉ်များအောက်၌ ထိုထက်ပိုမို၍ တိကျရေရာခြင်းမရှိသော စကားလုံးများကို ရောမွှေထည့်သွင်းရန် လွယ်ကူခြင်း၊ ဤသို့ဖြင့် မိမိအလိုရှိသော သဘောတရား၊ အယူအဆတစ်ရပ်ကို အဆင်သင့် တီထွင်နိုင်ခြင်း စသည့်အကြောင်းနှစ်ရပ်ကြောင့် ဖြစ်ဟန်တူပေသည်။

သို့ဖြစ်ရကား ယဉ်ကျေးမှုရာဇဝင် ဆိုသည့်အရာကို တစ်ခုတည်း သီးခြားခွဲထုတ်၍ ကြည့်လျှင် ၎င်း၌ ကိုယ်ပိုင်တန်ဖိုးဟူ၍ ဘာမျှမရှိချေ။ (အချို့သော သူများအတွက်ကား အချို့သော အကြောင်းများကြောင့် အသုံးကျကောင်း ကျပါလိမ့်မည်။ ၎င်း၌ ကိုယ်ပိုင်တန်ဖိုးရှိဖို့ မဆိုထားနှင့်။ ၎င်းကြောင့်ပင် အခြားအထွေထွေရာဇဝင်များ၏ တန်ဖိုးပင် ပျက်စီးရသေးသည်။ ယဉ်ကျေးမှု ရာဇဝင်ဆိုသောအရာ၌ ဝိသေသထူးခြားချက်ဟူ၍ရှိခဲ့လျှင် ၎င်းမှာ အခြားမဟုတ်။ အမျိုးမျိုးသောဘာသာရေး၊ အဘိဓမ္မာရေးနှင့် နိုင်ငံရေးသဘောတရားများကို ရာဇဝင်အဖြစ်အပျက်များ ပေါ်ပေါက်စေသည့် တကယ့်အကြောင်းရင်းကြီးများသဖွယ် 'ဟုတ္တိပတ္တိ' လေ့လာပြီးသည်၏ အခြားမဲ့၌ ကမ္ဘာတွင် တကယ်ဖြစ်ပျက်သည့် ရာဇဝင်အဖြစ်အပျက်တစ်ခု (ဥပမာ ၁၈၁၂-ခုနှစ် စစ်ပွဲ) ကို ဖော်ပြသည့်အခါတွင် ထိုအဖြစ်အပျက်သည် တန်ခိုးအာဏာကြောင့် ပေါ်ပေါက်ခြင်းဖြစ်သည်။ ထိုစစ်ပွဲသည် နပိုလီယန်၏ တန်ခိုး

www.burmeseclassic.com

www.burmeseclassic.com

အာဏာကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်ဟု တလွဲကို ဖော်ပြတတ်ခြင်းသာလျှင် ယဉ်ကျေးမှုရာဇဝင်၏ ထူးခြားသော ဂုဏ်ဒြပ်များပင်ဖြစ်လေသည်။ ဤသို့ ဟိတ်နှင့် ဟန်နှင့် အစပျိုးလာပြီးနောက် ''အဖျားရှူး'' သွားခြင်းအားဖြင့် ယဉ်ကျေးမှုရာဇဝင်ဆရာများသည်လည်း၊ ၎င်းအဆိုအမိန့်ကို ၎င်းတို့ပြန်၍ ဆန့်ကျင်လျက်ရှိပြန်လေသည်။ ၎င်းတို့ တီထွင်ဖန်တီးထားသည့် အသိပညာ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်ဟူသောအရာတို့သည် ရာဇဝင်၌ ဘာမျှ အသုံးမကျကြောင်းကို ဖော်ပြလျက်ရှိလေသည်။ ရာဇဝင်အဖြစ်အပျက်ဟူသည် ၎င်းတို့ အသိအမှတ်မပြုဟု ဆိုထားသော တန်ခိုးအာဏာဆိုသည့်အရာကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဆိုရာရောက်လျက် ရှိလေသည်။

အခန်း ၃

မီးရထားတစ်စင်းသည် ရွှေ့လျားလျက်ရှိ၏။ ဤတွင် ထိုမီးရထားသည် မည်သည့်အရာကြောင့် ရွှေ့လျားသနည်းဟု တစ်ယောက်က မေး၏။ လယ်သမားတစ်ယောက်က နတ်တို့၏ တန်ခိုးကြွင်္ခပါဒ်ကြောင့် ဖြစ်သည်ဟု ဖြေ၏။ အခြားလယ်သမားတစ်ယောက်က ဘီးများလည်ပတ်သောကြောင့်ဖြစ်သည်ဟု ဖြေ၏။ တတိယ လယ်သမားကမူ လေထဲတွင် တလူလူလွင့်လျက်ရှိသော စက်ခေါင်းမှမီးခိုးများကြောင့် ရွှေ့လျားခြင်းဖြစ်သည်ဟု ဖြေ၏။

ပထမလယ်သမား၏အဖြေသည် ရှင်း၏။ ခိုင်လုံ၏။ ၎င်းအဖြေသည် ပြည့်စုံသောအဖြေတစ်ခု ဖြစ်၏။ ၎င်း၏အဖြေကို မကျေနပ်လျှင် လောကၠ နတ်တို့၏ တန်ခိုးကြွင်္ခပါဒ်ဟူသည် မရှိဟု သက်သေပြရမည် ဖြစ်၏။ ဤသို့သက်သေပြရာ၌ မီးရထား ရွှေ့လျားခြင်းမှာ နတ်တို့၏ တန်ခိုးကြွင်္ခပါဒ်ကြောင့် မဟုတ်ကြောင်း၊ စက်ခေါင်းမောင်းသည့် ဂျာမန်ကြီးကြောင့်သာ ဖြစ်ကြောင်းဖြင့် သက်သေပြနိုင်၏။ ထိုအခါတွင် ၎င်းတို့နှစ်ဦး အငြင်းပွားကြ၏။ အငြင်းပွားပြီးသည့်နောက်မှသာ ၎င်းတို့နှစ်ဦးစလုံးမှာကြောင်း သိလာကြလိမ့်မည် ဖြစ်ပေသည်။ သို့ရာတွင် မီးရထား ရွှေ့လျားရခြင်းမှာ ဘီးများ လည်ပတ်ခြင်းကြောင့် ဖြစ်သည်ဟုဆိုသော ဒုတိယလယ်သမား၏ အဖြေကား ပထမလယ်သမား၏ အဖြေမျှလောက်မျှပင် ခိုင်လုံခြင်း မရှိချေ။ ၎င်းသည် အစပျိုးမိသည်နှင့် တစ်ပြိုင်နက် 'ရေဆုံးရေဖျား' လိုက်ရတော့မည်ဖြစ်၏။ ဘီးများလည်ပတ်ခြင်းကြောင့် ဖြစ်သည်ဆိုလျှင် ထိုဘီးများ မည်သည့်အတွက်ကြောင့် လည်ပတ်ရသည်ကို ဆက်လက်ဖော်ပြရမည် ဖြစ်၏။ ဤသို့ဖြင့် နောက်ဆုံး၌ ရေနွေးအိုးထဲရှိ ရေနွေးငွေ့များ၏ ဖိနှိပ်ခြင်းအားကြောင့် ရွှေ့လျားရခြင်းဖြစ်သည်ဟူသော အဆုံးစွန်သော အကြောင်းတရားသို့ ရောက်သည်အထိ ဆက်လက်ဖော်ပြရမည်ဖြစ်၏။ ၎င်းသည် 'ဟုတ်တိပတ်တိ' အစပျိုးလာပြီးမှ လမ်းခုလတ်တွင် ရပ်တန့်နေ၍ မဖြစ်တော့ချေ။ မီးရထား ရွှေ့လျားခြင်းသည် လေတိုက်ရာသို့လွင့်ပါသွားသော မီးခိုးများကြောင့် ဖြစ်သည်ဆိုသော တတိယလယ်သမားကား ဘီးများ လည်ပတ်ခြင်းသည် မီးရထားကို ရွှေ့လျားစေသော အကြောင်းတရား မဟုတ်တန်ရာဟု သိဟန်တူ၏။ ထို့ကြောင့် ၎င်း၏အလှည့်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မျက်စိထဲတွင် 'ကွက်ခနဲ' မြင်လိုက်ရသောအရာကို ရမ်းသန်း၍ပြောလိုက်ခြင်း ဖြစ်လေသည်။

စင်စစ်၌ကား ၎င်းတို့၏ အဖြေများသည် တစ်ခုမျှ မဟုတ်ကြချေ။ မီးရထားရွှေ့လျားခြင်းမှာ မီးရထား၏ ရွှေ့လျားမှုနှင့် ပမာဏချင်းညီမျှသော အားတစ်ခု၏ တွန်းမှုကြောင့်သာ ဖြစ်လေသည်။

ပြည်သူလူထုများ၏ လှုပ်ရှားမှုကိုလည်း အလားတူ ဖော်ပြရမည်သာ ဖြစ်လေသည်။ ပြည်သူလူထုများ၏ လှုပ်ရှားမှု ဖြစ်ပေါ်လာခြင်းမှာ ၎င်းတို့၏ လှုပ်ရှားမှုကြီးတစ်ခုလုံးနှင့် ပမာဏချင်းညီမျှသော အင်အားစုတစ်ခု၏ တွန်းမှုကြောင့်သာ ဖြစ်လေသည်။

အမျိုးမျိုးသော ရာဇဝင်ဆရာတို့သည် ပြည်သူလူထုလှုပ်ရှားမှုကြီး၏ အကြောင်းတရားများကို ဖော်ပြကြရာ၌ အကြောင်းအမျိုးမျိုး၊ အင်အားစုအမျိုးမျိုးကို တွက်ချက်ပြကြလေသည်။ အချို့က လူစွမ်းကောင်းများ၏ တန်ဖိုးအာဏာကြောင့်ဟု ဆို၏။ ဤအဖြေသည် နတ်တို့၏ တန်ခိုးကြွင်္ခပါဒ်ကြောင့် မီးရထား ရွှေ့လျားဖြစ်သည်ဟူသော ပထမလယ်သမား၏အဖြေနှင့် တူ၏။ အချို့က အခြားအခြားသော ပုဂ္ဂိုလ်တို့၏ ဆောင်ရွက်ချက်များကြောင့်ဖြစ်သည်ဟု ဆိုကြ၏။ ဤအဖြေသည် ဘီးများလည်ပတ်ခြင်းကြောင့် မီးရထားရွှေ့လျားခြင်း ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com

ဟူသော ဒုတိယလယ်သမား၏ အဖြေနှင့်တူ၏။ အချို့က အသိပညာတိုးတက်ရေး ဆောင်ရွက်ချက်ကြောင့်ဟု ဆိုကြ၏။ ဤအဖြေကား လေတိုက်ရာ လွင့်ပါသွားသော မီးခိုးများကြောင့် မီးရထားရွေ့လျားခြင်း ဖြစ်သည်ဟူသော တတိယလယ်သမား၏ အဖြေနှင့် တူလေသည်။ စင်စစ်၌ကား ၎င်းတို့ဖော်ပြသော အကြောင်းတရားများ၊ အင်အားစုများသည် ပြည်သူလူထု၏ လှုပ်ရှားမှုကြီးနှင့် ပမာဏချင်း မတူကြချေ။ ၎င်းတို့ပြသော အကြောင်းတရားများက ပမာဏသေးငယ်လျက် ပြည်သူလူထု လှုပ်ရှားမှုကြီးက ပမာဏကြီးထွားလျက် ရှိလေသည်။

ဂျူးလီယက်ဆီဇာ၊ အလက်ဇန်းဒရား၊ မာတင် လူသာ၊ ဗောလ်တဲယား စသည့် ပုဂ္ဂိုလ်များအကြောင်း လောက်ကိုသာ စာတစ်စောင် ပေတစ်ဖွဲ့ ပြုစုရေးသားလျက် ရှိသမျှကာလပတ်လုံး အဖြစ်အပျက်တစ်ခုတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်သူတို့ အားလုံးအကြောင်းကို တစ်လုံးတစ်ပါဒမျှ ရေးသားဖော်ပြခြင်းမပြုသမျှ ကာလပတ်လုံး လူ့လောကကြီး၏ လှုပ်ရှားမှုကို ယထာဘူတကျစွာ၊ မှန်ကန်စွာ ဖော်ပြနိုင်လိမ့်မည် မဟုတ်ချေ။ ဖော်ပြပြန်လျှင်လည်း ၎င်းတို့သည် တစ်စုံတစ်ခုသော အင်အားစု၏ စေ့ဆော်ချက်ကြောင့်သာ လူ့လောကကြီးတွင် လှုပ်ရှားမှုဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု အမှားမှားအယွင်းယွင်း ဖော်ပြကြလိမ့်မည်သာ ဖြစ်ပေသည်။ ထိုအင်အားစုမှာလည်း အခြားမဟုတ်။ တန်ခိုးအာဏာသာဖြစ်သည်ဟု ဆိုကြလိမ့်မည်သာ ဖြစ်ပေသည်။ ရာဇဝင်ဆရာများသည် တန်ခိုးအာဏာဆိုသော အင်အားစုမှအပ အခြား မည်သည့်အရာကိုမျှ မသိကြချေ။

ရာဇဝင်ဆရာများသည် ဤအယူအဆကို 'လက်ကတုံးဇောင်ဝေး'ပြုကာ ရာဇဝင်ကျမ်းများကို ရေးသားပြုစုခဲ့ကြခြင်း ဖြစ်၏။ ဘတ်ကယ်ကဲ့သို့သော ရာဇဝင်ဆရာများသည် ဤ 'တောင်ဝေး'ကို ရိုက်ချိုးပစ်ခဲ့ကြလေသည်။ သို့ရာတွင် 'တောင်ဝေး'သစ် အစားမရှာနိုင်သောအခါ၌ကား ၎င်းတို့အဖို့ တစ်ချောင်းတည်းသော ရှိပြီးသော 'တောင်ဝေး' ဆုံးရှုံးခြင်းသာ အဖတ်တင် ကျန်ရစ်ခဲ့ကြရာလေသည်။ ကမ္ဘာ့ရာဇဝင်ဆရာများနှင့် ယဉ်ကျေးမှု ရာဇဝင်ဆရာများသည် တန်ခိုးအာဏာကြောင့် ရာဇဝင်အဖြစ်အပျက်များ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟူသော အယူအဆကို လက်မခံဟု ပါးစပ်က တဖွဖွအော်ကြသော်လည်း နောက်ထပ် အယူအဆသစ် အစားမဆိုးနိုင်သောအခါ ထိုအယူအဆဟောင်းကိုပင် ပြန်၍လက်ခံကြရသည်သာ ဖြစ်လေသည်။ ဤသို့ဖြင့် ရာဇဝင်အဖြစ်အပျက်များကို ဖော်ပြရာ၌ ထိုအယူအဆဟောင်းသည် မည်မျှအရေးကြီး၍မည်မျှလိုအပ်ကြောင်းကို ၎င်းတို့ကိုယ်တိုင် အကောင်းဆုံး သက်သေခံလျက် ရှိကြပေသည်။

လူ့လောကကြီး၏ မေးခွန်းကို ဖြေဆိုရာ၌ ယနေ့အထိ ပေါ်ပေါက်ခဲ့သော ရာဇဝင်သိပ္ပံပညာသည် လှည့်ပတ်သုံးစွဲလျက်ရှိသော ပိုက်ဆံနှင့် အလားသဏ္ဌာန် တူလေသည်။ လှည့်ပတ်သုံးစွဲလျက်ရှိသော ပိုက်ဆံ၌ ဒွေစက္ကူနှင့် ဒင်္ဂါးဟူ၍ နှစ်မျိုးရှိ၏။ အတ္ထုပ္ပတ္တိများကို ဖော်ပြသည့် ရာဇဝင်ကျမ်းများနှင့် လူမျိုးတစ်မျိုးအကြောင်းကို သီးသန့်ဖော်ပြသည့် ရာဇဝင်ကျမ်းများသည် ဒွေစက္ကူနှင့်တူပေသည်။ ဒွေစက္ကူ၏ နောက်ကွယ်၌ မည်သည့်ကျောထောက်နောက်ခံမျိုး၊ မည်သည့်အာမခံမျိုးရှိသည်ကို မသိကြသေးသမျှ ထိုဒွေစက္ကူသည် အသုံးဝင်သည်သာ ဖြစ်၏။ တန်ဖိုးရှိသည်သာဖြစ်၏။ ရောင်းရေးဝယ်တာကိစ္စများကို ပြီးမြောက်နိုင်သည်သာဖြစ်၏။ ထို့အတူ လူစွမ်းကောင်းများ၏ တန်ခိုးအာဏာကြောင့် ရာဇဝင်အဖြစ်အပျက်များ ပေါ်ပေါက်လာသည်ဆိုလျှင် မည်သို့မည်ပုံ ပေါ်ပေါက်စေနိုင်သနည်းဟု ဆက်လက်စူးစမ်းခြင်းမပြုကြသေးသမျှ သိုင်းယှဉ်စ် ရာဇဝင်ကျမ်းကဲ့သို့သော အတ္ထုပ္ပတ္တိဆိုင်ရာ ရာဇဝင်ကျမ်းများနှင့် လူမျိုးတစ်မျိုးအကြောင်းကို ဖော်ပြသော ရာဇဝင်ကျမ်းများသည် စိတ်ဝင်စားဖွယ်ကောင်းသည်သာ ဖြစ်၏။ လေ့လာမှတ်သားဖွယ်ကောင်းသည်သာ ဖြစ်၏။ ထိုမျှမက လက်ံရရသနှင့် ပြည့်စုံသည်သာ ဖြစ်၏။ သို့ရာတွင် ဒွေစက္ကူသည် လုပ်ရလွယ်ခြင်း၊ ဒွေစက္ကူများ အများအပြားထုတ်ဝေသဖြင့် ဒွေစက္ကူဖောင်းပွလာခြင်း၊ ဒွေစက္ကူလက်ဝယ်ရှိသူများက ထိုဒွေစက္ကူကို ရွှေဖြင့်လဲလှယ်လျက်ရှိခြင်း စသည့် အခြင်းအရာတစ်ခုခုကို ကျွန်ုပ်တို့သိမြင်လာသည့် အခါ၌ကား ကျွန်ုပ်တို့သည် ထိုဒွေစက္ကူ၏ တန်ဖိုးကို သံသယ ဖြစ်လာခဲ့လေပြီ။ ထို့အတူပင် အဆိုပါရာဇဝင်ကျမ်းများ ပလူပျံအောင် ပေါများလျက်ရှိခြင်း၊ ရာဇဝင်လေ့လာလိုက်စားသူတို့၏ စိတ်၌လည်း 'နပိုလီယန်သည်

www.burmeseclassic.com

www.burmeseclassic.com

မည်သည့်တန်ဖိုးအာဏာဖြင့် ဤအဖြစ်အပျက်များကို ပေါ်ပေါက်စေသနည်း'ဟု စူးစမ်းလာခြင်း၊ ဤသို့ဖြင့် ဌေးစက္ကူတည်းဟူသော 'တောရမ်းမယ်ဘွဲ့' ရာဇဝင်ကျမ်းအဆိုအမိန့်များကို ရွေတည်းဟူသော လေးနက်သည့်အဆင်ခြင်ဉာဏ်ဖြင့် လဲလှယ်ခြင်း စသည့် အခြင်းအရာတစ်ခုခုသို့ ပေါ်ပေါက်လာသည့်အခါ၌ကား ကျွန်ုပ်တို့သည် ထိုရာဇဝင်ကျမ်းများ၏ တန်ဖိုးကို သံသယ ဖြစ်လာခဲ့ကြသည်သာ ဖြစ်လေသည်။

ကမ္ဘာရာဇဝင်ဆရာနှင့် ယဉ်ကျေးမှုရာဇဝင်ဆရာများသည် အမျိုးသားရာဇဝင်ဆရာများ ရေးသားပြုစုသည့် ရာဇဝင်ကျမ်းများ၏ အပြစ်အနာများကို မြင်သည်၌ ယဉ်ကျေးမှုရာဇဝင်ကျမ်းများနှင့် ကမ္ဘာရာဇဝင်ကျမ်းဆိုသည့် အရာများကို ရေးသား၍ အစားထိုးကြ၏။ ၎င်းတို့သည် ဌေးစက္ကူစနစ်၏ ချွတ်ယွင်းချက်ကို မြင်သည်၌ ဌေးစက္ကူစနစ်ကို ရုပ်သိမ်းပြီးနောက် ရွှေအလေးချိန် မပါသည့် သတ္တုတစ်မျိုးကို ဒင်္ဂါးသွန်းလုပ်၍ ပိုက်ဆံအဖြစ် သုံးစွဲစေသော ပိုက်ဆံထုတ်လုပ်သူများနှင့် အလားသဏ္ဌာန်တူပေသည်။ သတ္တုများဖြင့် အစားထိုးသွန်းလုပ်သော ဒင်္ဂါးသည် ချွင်ချွင်မြည်သံကို ပြုမည်ဖြစ်သော်လည်း ထိုသို့ ချွင်ချွင်မြည်သံပြုခြင်းမှအပ အခြားဘာမှ အသုံးမဝင်ချေ။ မသိနားမလည်သူတို့သည် ဌေးစက္ကူကို အဟုတ်ထင်ကောင်း ထင်ကြဦးမည်ဖြစ်သော်လည်း ချွင်ချွင်မြည်သံကို ပြုခြင်းမှအပ အခြားဘာမျှ အသုံးကျခြင်းမရှိသော သတ္တုပြားကလေးကိုမူ မည်သူကမျှ အဟုတ်ထင်ကြမည်မဟုတ်ချေ။ သို့ဖြစ်ရကား ရွှေသည် ပစ္စည်းအချင်းချင်း ဖလှယ်ရေးတွင်သာမက ၎င်းကိုယ်နှိုက်က အသုံးကျမှသာ ရွှေဖြစ်သကဲ့သို့ ကမ္ဘာရာဇဝင်ဆရာများသည်လည်း တန်ခိုးအာဏာဟူသောအရာသည် မည်သည့်အရာနည်းဟူသော ရာဇဝင်၏အဓိက မေးခွန်းကြီးကို ဖြေဆိုနိုင်မှသာလျှင် တန်ဖိုးရှိလိမ့်မည် ဖြစ်ပေသည်။ ထိုအမေးကို ဖြေဆိုကြရာ၌ ကမ္ဘာရာဇဝင်ဆရာများသည် တစ်ယောက် တစ်ပေါက် ဖြေဆိုကြ၍ ယဉ်ကျေးမှုရာဇဝင်ဆရာများက ထိုအဖြေကို ဖြေဆိုခြင်းမပြုဘဲ တလွဲဖြေဆိုလျက် ရှိကြလေသည်။ လောကဌ္ဌ ရွှေတု၊ ရွှေလိမ်၊ ရွှေရည်စိမ်များသည် ရွှေအကြောင်း ကောင်းစွာမသိသူများအဖို့၌သာ အသုံးဝင်လိမ့်မည်ဖြစ်ပေသည်။ သို့မဟုတ်လျှင်လည်း ရွှေဟု အသိအမှတ်ပြုရန် နှစ်ဖက်သဘောတူမှသာ အသုံးဝင်လိမ့်မည်ဖြစ်ပေသည်။ အလားတူပင် လူ့လောကကြီး၏ အဓိကမေးခွန်းကို ဖြေဆိုခြင်းမရှိသော ကမ္ဘာရာဇဝင်ဆရာများနှင့် ယဉ်ကျေးမှုရာဇဝင်များသည်လည်း တက္ကသိုလ်ကျောင်းနှင့် 'လေးနက်စွာ စဉ်းစားရသော စာပေကျမ်းဂန်'ဆိုသည့်အရာများကို ဖတ်လိုသည်ဟုဆိုသော ပညာတတ်ဟန်ဆောင်သူလူ့အချို့အဖို့သာ အသုံးဝင်လိမ့်မည် ဖြစ်ပေသတည်း။

အခန်း ၄

ရှေးဟောင်း ရာဇဝင်ဆရာတို့၏အမြင်၌ လူမျိုးတစ်မျိုးကလူတစ်ယောက်၏ ဩဇာအာဏာကို နာခံခြင်းမှာ ဘုရားသခင်၏ စေခိုင်းချက်ကြောင့်ဖြစ်သည်။ ထိုလူ၏ တန်ခိုးအာဏာကိုလည်း ဘုရားသခင်က ဖန်ဆင်းပေးခဲ့သည်ဟု ယူဆခဲ့ကြသည်။ ခေတ်သစ်ရာဇဝင်သည် ဤရှေးဟောင်းရာဇဝင်အယူအဆကို ပယ်ခဲ့ပြီးဖြစ်၏။ သို့ရာတွင် ၎င်းကိုယ်တိုင်ကား ရာဇဝင်အယူအဆသစ်တစ်ရပ်ကို အစားမထိုးနိုင်ခဲ့သေးချေ။ သို့ဖြစ်လျှင် ခေတ်သစ်ရာဇဝင်သည် ရာဇဝင်ပြဿနာများကို မည်သို့ကိုယ်တွယ်မည်နည်း။ မည်သို့သုံးသပ်မည်နည်းဟူသောမေးခွန်း ပေါ်လာ၏။ ကျွန်ုပ်၏အမြင်၌ကား ခေတ်သစ်ရာဇဝင်အဖို့ လမ်းနှစ်လမ်းသာရှိပါသည်။ တစ်လမ်းမှာ ရှေးဟောင်း အယူအဆကို ပြန်၍လက်ခံရန် ဖြစ်၏၊ (ဝါ) ဘုရားသခင်သည် လူမှုလောကီကိစ္စများတွင် တိုက်ရိုက် ဝင်ရောက်စွက်ဖက်လျက်ရှိသည်ဟူသော အယူအဆသို့ နောက်ကြောင်းပြန်ရန်ဖြစ်၏။ အခြားလမ်းကား ရာဇဝင်အဖြစ်အပျက်များကို ပေါ်ပေါက်စေသည်ဟုဆိုသော 'တန်ခိုးအာဏာ' ဟူသော အင်အားစု၏အဓိပ္ပာယ်ကို ရှင်းလင်း ပြတ်သားစွာ ဖွင့်ဆိုရန် ဖြစ်လေသည်။

ခေတ်သစ်ရာဇဝင်သည် ပထမလမ်းသို့ ပြန်လိုက်ရန် မဖြစ်တော့ချေ။ ၎င်း၏လက်ချက်ကြောင့် အယူအဆဟောင်းသည် 'ဖွတ်ဖွတ်ကျေ'သည့်အဖြစ်သို့ ရောက်ခဲ့ရလေပြီ။ သို့ဖြစ်ရကား ၎င်း၏ တစ်ခုတည်းသော လမ်းကား တန်ခိုးအာဏာဆိုသောအရာသည် မည်သည့်အရာနည်းဟု ရှင်းလင်းစွာ အဓိပ္ပာယ်ဖော်ပြရန်သာ ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

နပိုလီယန်သည် စစ်တပ်ကြီးတစ်တပ်ကို ဖွဲ့စည်းရန် အမိန့်ပေးပြီးနောက် စစ်ကြီးချီခဲ့၏။ ကျွန်ုပ်တို့သည် ဤအဆိုအမိန့်မျိုးကို 'နားယဉ်'လျက် ရှိပြီဖြစ်၏။ ဤအတွေးအခေါ်မျိုးသည် ကျွန်ုပ်တို့၌ 'အရိုးစွဲ'လျက် ရှိပြီဖြစ်၏။ ထို့ကြောင့် နပိုလီယန်က စကားအနည်းငယ် ပြောရုံမျှဖြင့် မည်သည့်အတွက်ကြောင့် လူပေါင်း ခြောက်သိန်းတို့က စစ်ထွက်ကြသနည်းဟူသော မေးခွန်းမျိုးကို ကြားလိုက်ရသည့်အခါ၌ ထိုမေးခွန်းသည်ပင် အဓိပ္ပာယ် မရှိသယောင်ထင်ကြပေလိမ့်မည်။ "ဟယ် လူမိုက်၊ ညံ့ဖျင်းစွတကား။ နပိုလီယန်၌ တန်ဖိုးအာဏာရှိ၏။ ထို့ကြောင့် ငင်းစေခိုင်းသမျှပြုရ၏။ သင်နားလည်သလော" ဟုပင် ပြစ်တင်ရှုတ်ချမိကြလိမ့်မည်။

နပိုလီယန်၌ ဘုရားသခင်ပေးသော တန်ခိုးအာဏာရှိသည်ဟူသော ရှေးဟောင်းအယူအဆ ယုံကြည်ကြလျှင်ကား အထက်ပါအဖြေသည် ရှင်း၏။ မည်သို့မျှ ပြောဖွယ်မရှိတော့ချေ။ သို့ရာတွင် နပိုလီယန်၌ ဘုရားသခင်ပေးသော အာဏာရှိသည်ဟူ၍ ကျွန်ုပ်တို့ မယုံကြည်ချေ။ သို့ဖြစ်လျှင် လူတစ်ယောက်က အခြားလူပေါင်းများစွာကို လွှမ်းမိုးစေနိုင်သည့်အာဏာဆိုသော အရာသည် မည်သည့်အရာနည်း။

လူပျော့တစ်ယောက်ကို အလွယ်ကလေး အနိုင်ယူနိုင်သည့် လူသန်ကြီးတစ်ယောက်ကဲ့သို့ ခွန်အားဗလကောင်းခြင်း၊ ဟာကျူလိစ်၏ ခွန်အားဗလမျိုးဖြင့် အနိုင်အထက် ခြိမ်းခြောက်လွှမ်းမိုးခြင်းကို အာဏာဟု ခေါ်မည်လော၊ မဟုတ်ချေ။ သို့မဟုတ်လျှင် အချို့ရာဇဝင်ဆရာတို့တွေးကြ၊ ရေးကြသကဲ့သို့ ထူးခြားသော စိတ်တန်ခိုးသတ္တိ၊ ဘုန်းတန်ခိုး ပါရမီဉာဏ် စသည်တို့နှင့် ပြည့်စုံသည့် ရာဇဝင် လူစွမ်းကောင်းဆိုသူများ၏ စာရိတ္တဗလအရာတွင် သာလွန်ခြင်းကိုသာ အာဏာဟု ခေါ်မည်လော။ ဤသို့လည်း မဟုတ်နိုင်သေးချေ။ အာဏာရှိခြင်း မရှိခြင်းသည် စာရိတ္တအရာ၌ သာလွန်ခြင်း၊ ညံ့ဖျင်းခြင်းအပေါ်တွင် မတည်ချေ။ စာရိတ္တဗလအရာ၌ သာလွန်ခြင်းကြောင့် အာဏာရှိသည်ဟုသာ ပြောကြစတမ်းဆိုလျှင် သန်းပေါင်းများစွာသော ပြည်သူတို့ကို အုပ်စိုးခဲ့သည့် ၁၁ – ကြိမ်မြောက် လူဝိဘုရင်နှင့် မက်တားနစ် စသူတို့သည် စာရိတ္တအရာ၌ ခြောက်ပြစ်ကင်း သဲလဲစင်တွေချည်း ဖြစ်နေကြပေလိမ့်မည်။ ယခုကား ၎င်းတို့သည်လည်း ခြောက်ပြစ်ကင်း သဲလဲစင်များ မဟုတ်ကြချေ။ ထူးခြားသည့် စာရိတ္တအရည်အချင်းဟူ၍ မရှိရုံမျှမက ၎င်းတို့သည် သန်းပေါင်းများစွာသော အခြေအလှယ်ခံ၊ အအုပ်စိုးခံ၊ ပြည်သူလူထုထဲက ပြည်သူတစ်ယောက်ထက်ပင် စာရိတ္တအရာ၌ ညံ့ဖျင်းနုံနဲ့လျက်ရှိခြင်းကို တွေ့ရပေသည်။ ဤသည်ကို ရာဇဝင်က ပြသခဲ့ပြီး ဖြစ်လေသည်။ ခု နပိုလီယန်ကဲ့သို့ ပုဂ္ဂိုလ်မျိုးကိုကား ဆိုဖွယ်မရှိတော့ချေ။ ၎င်း၏ အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍ ကောင်းသည် ဆိုးသည် စသဖြင့် ယခုတိုင် ဝိဝါဒကွဲပြားလျက်ရှိသည် မဟုတ်လော။

အာဏာဟူသည် ခွန်အားဗလ ကြီးထွားခြင်း၌လည်း မတည်။ စာရိတ္တဗလ သာလွန်ခြင်း၌လည်းမတည်။ အုပ်စိုးသူနှင့် အုပ်စိုးခြင်းခံရသူတို့၏ ဆက်ဆံရေး၌တည်သည်ဟု တရားဥပဒေဆိုင်ရာ သိပ္ပံပညာက ဆိုပြန်၏။ တရားဥပဒေသိပ္ပံပညာသည် အာဏာနှင့် စပ်လျဉ်းသည့် ရာဇဝင်၏ ရှုမြင်ချက်တည်းဟူသော ငွေစက္ကူကို ရွေစစ်၊ ရွေမှန်နှင့် လဲလှယ်ပေးသော လဲလှယ်ရေးဘဏ်တိုက်ကြီးသဖွယ် ဟန်ရေးပြလေ့ရှိ၏။

တရားဥပဒေ သိပ္ပံပညာ၏ အလိုအရ အာဏာဟူသည်အခြားမဟုတ်။ ပြည်သူလူထုများက ၎င်းတို့ရွေးချယ်ထားသော အုပ်စိုးသူများထံ ထုတ်ဖော်၍ဖြစ်စေ၊ ထုတ်ဖော်ခြင်းမပြုဘဲဖြစ်စေ သဘောတူညီချက်ဖြင့် နှင်းအပ်ထားသော ပြည်သူလူထု၏ဆန္ဒကို ခေါ်ဆိုခြင်းဖြစ်လေသည်။

တရားဥပဒေဆိုင်ရာ သိပ္ပံပညာ၏ အလုပ်မှာ နိုင်ငံအစိုးရတစ်ဖွဲ့နှင့် အာဏာဆိုသည့်အရာတို့ကို မည်သို့မည်ပုံ စီမံခန့်ခွဲသင့်ကြောင်း တင်ပြဆွေးနွေးရန်ဖြစ်၏။ ထို့ကြောင့် အာဏာသည် မည်သည့်အရာနည်းဆိုသည့် ပြဿနာသည် တရားဥပဒေဆိုင်ရာ သိပ္ပံပညာ၏ နယ်ပယ်၌ အလွန်ရှင်းလင်း၏။ သို့ရာတွင် ရာဇဝင်သိပ္ပံပညာ၏ နယ်ပယ်၌ကား အာဏာဟူသော ထိုစကား၏ အနက်အဓိပ္ပာယ်ကို ရှင်းလင်းဖော်ပြရန် လိုအပ်လာပေသည်။

တရားဥပဒေဆိုင်ရာ သိပ္ပံပညာသည် နိုင်ငံအစိုးရနှင့်အာဏာကို ပြောင်းလဲခြင်း မရှိသောအရာ၊ ဖောက်ပြန်ခြင်းမရှိသောအရာ၊ ထာဝရမှန်ကန်သောအရာ၊ အကြွင်းမဲ့တင်ရှိသောအရာဟု ယူဆ၏။ ၎င်း၏ယူဆပုံမှာ ကမ္ဘာဦး

www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် မီးကို ယုံကြည်ကိုးကွယ်ကြပုံမျိုး ဖြစ်၏။ သို့ရာတွင် ရာဇဝင်သိပ္ပံပညာ၏ အမြင်၌ကား နိုင်ငံအစိုးရနှင့် အာဏာသည် ခေတ်၏အခြေအနေကိုလိုက်၍ ပြောင်းလဲလျက်ရှိသော အခြင်းအရာတစ်ခုဟု ယူဆလေသည်။ ခေတ်သစ်ရူပဗေဒ၌ မီးသည် ပြောင်းလဲဖောက်ပြန်ခြင်း မရှိသော မူလဘူတဓာတ်ကြီးတစ်ပါး မဟုတ်မူ၍ အမြဲတစေ ပြောင်းလဲလျက်ရှိသော ရုပ်၏အခြင်းအရာတစ်ရပ် အဖြစ် ယူဆသကဲ့သို့တည်း။

အစိုးရနှင့် အာဏာကို ကြည့်မြင်ရာ၌ တရားဥပဒေဆိုင်ရာ သိပ္ပံပညာနှင့် ရာဇဝင်သိပ္ပံပညာတို့သည် ဤသို့ အခြေခံအားဖြင့် ကွဲပြားလျက် ရှိကြ၏။ အာဏာဟူသော အရာသည် ခေတ်ကို လိုက်လျောခြင်းမရှိ။ ပတ်ဝန်းကျင်ကို သြဇာခံခြင်းလည်း မရှိ။ ပြောင်းလဲခြင်းလည်း မရှိကြောင်း၊ အာဏာ၌ မည်သည့်တရားဥပဒေဆိုင်ရာ သိပ္ပံပညာသည် အသေးစိတ် ရှင်းလင်းဖော်ပြ၏။ ထို့ကြောင့် အာဏာသည် ခေတ်နှင့်အညီ လိုက်၍ပြောင်းလဲရသည် မဟုတ်လောဟု အချက်အလက်တို့ကို ထောက်ပြ၍ မေးမြန်းသော ရာဇဝင်၏မေးခွန်းကို အဆိုပါ တရားဥပဒေသိပ္ပံပညာသည် ဖြေဆိုနိုင်ခြင်းမရှိချေ။

အာဏာသည် ရွေးချယ်တင်မြှောက်ထားသော အုပ်စိုးသူများထံ ပြည်သူများက အပ်နှင်းထားသည့် ပြည်သူတို့၏ တစ်ခဲနက်သောဆန္ဒဟု တရားဥပဒေဆိုင်ရာ သိပ္ပံပညာက ဆို၏။ ထိုအတိုင်းသာဆိုလျှင် အာဏာရသူတိုင်းသည် ပြည်သူတို့၏ ဆန္ဒနှင့်ကိုက်ညီသော ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်ဟု မှတ်ယူရတော့မည်လော။ အာဏာရသူတိုင်းသည် ပြည်သူလူထု၏ ကိုယ်စားလှယ်များဟု ဆိုရတော့မည်လော။ သို့ဖြစ်လျှင် ကတ်သင်းဘုရင်မကြီး၏ လက်ထက်တော်၌ ပုန်ကန်ထကြွ၍အာဏာသိမ်းခဲ့ပြီးနောက် ပြည်သူများကို နှိပ်စက်သတ်ဖြတ်ခဲ့သော ကော့ဆက်လယ်သမားသူပုန်ခေါင်းဆောင် ပူဂါရှေ့သည် ပြည်သူတို့၏ ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါသလော။ တစ်ပါးနိုင်ငံများကို ကျူးကျော်စော်ကား ကျွန်ပြုခဲ့သော နပိုလီယန်သည်လည်း အကျူးကျော်ခံ ပြည်သူများ၏ ကိုယ်စားလှယ်တစ်ဦး ဖြစ်နိုင်ပါသေးသလော။ အာဏာသည် ပြောင်းလဲခြင်းမရှိ၊ ဖောက်ပြန်ခြင်း မရှိဟုဆိုလျှင် မည်သည့်အတွက်ကြောင့် တတိယမြောက် နပိုလီယန်သည် ဘုရင်ဧကရာဇ်ဘဝမှ ရာဇဝတ်ကောင် ဖြစ်ခဲ့ရသနည်း။ တတိယမြောက် နပိုလီယန်၏လက်၌ အကျဉ်းခံနေရသော ရာဇဝတ်သားများသည်လည်း မည်သည့်အတွက်ကြောင့် အုပ်စိုးသူများ ဖြစ်လာခဲ့ကြသနည်း။

လူနှစ်ယောက်၊ သုံးယောက်ဖြင့်သာ အာဏာသိမ်းလေ့ရှိသော နန်းတွင်းတော်လှန်ရေးများသည် ပြည်သူလူထု၏ ဆန္ဒနှင့် ကိုက်ညီပါသလော။ နန်းတွင်းတော်လှန်ရေးများဖြင့် အာဏာသိမ်းနိုင်သူတို့အား ပြည်သူလူထု၏ ဆန္ဒကိုကိုယ်စားပြုနေမည်ဟု ဆိုရတော့မည်လော။ အခြားလူမျိုးတစ်မျိုး၏ လက်အောက်၌ စစ်ရှုံး၍ ကျွန်ခံရခြင်း မျိုးကို ပြည်သူလူထု၏ဆန္ဒနှင့် ကိုက်ညီသည်ဟု ပြောကြမည်လော။ ၁၈၀၈ – ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော ရိုင်းမြစ်ဝှမ်းပြည်ထောင်စုနယ်များသည် နပိုလီယန်ကို ပြည်သူလူထုက တစ်ခဲနက်ဆန္ဒပြသဖြင့် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်ဟု ဆိုကြမည်လော။ ၁၈၀၉ – ခုနှစ်၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များသည် နပိုလီယန်ကို ရုရှားပြည်သူများက တစ်ခဲနက်ဆန္ဒပေးလိုက်၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ဆိုကြမည်လော။

ဤမေးခွန်းနှင့် စပ်လျဉ်း၍ ရာဇဝင်ဆရာတို့က သုံးမျိုးသုံးစား ဖြေကြ၏။

(၁) ပြည်သူလူထုသည် မိမိတို့ ရွေးချယ်ထားသော အုပ်စိုးသူ (သို့မဟုတ် အုပ်စိုးသူများ) ကို ခြွင်းချက်မရှိ ဆန္ဒအပ်နှင်းပြီး ဖြစ်သည်။ ထို့ကြောင့် အာဏာဟောင်းကို ဖြိုချခြင်း၊ အာဏာသစ်တက်လာခြင်း၊ ထိုအာဏာကို ထောင်ထားခြားနားခြင်း မှန်သမျှတို့ကို တကယ်စစ်မှန်သော အာဏာကို ဖီဆန်တော်လှန်ခြင်းဟူ၍ အကြင်းမဲ့ မှတ်ယူအပ်သည်။

(၂) ပြည်သူလူထုသည် အုပ်စိုးသူများကို ခြွင်းချက်ဖြင့် ဆန္ဒအပ်နှင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့ သိပြီးသားဖြစ်သော တိကျသော စည်းကမ်းများသတ်မှတ်၍ ဆန္ဒအပ်နှင်းခြင်းဖြစ်သည်။ ဤသို့ဖြင့် ထိုစည်းကမ်းများကို အုပ်စိုးသူများက ဖောက်ဖျက်ခြင်း ရှိမရှိ၊ အာဏာကို အလွဲသုံးစား ပြုမပြုစောင့်ကြည့်သည်။

(၃) ပြည်သူလူထုသည် အုပ်စိုးသူများကို စည်းကမ်းများကို ကျွန်ုပ်တို့ နားလည်နိုင်စွမ်းမရှိ၊ တိကျစွာဖော်ပြခြင်းငှာ မစွမ်း။ စင်ပြိုင်အာဏာများ ပေါ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com

လာခြင်း၊ အာဏာလုပွဲများ ဖြစ်ပွားခြင်း၊ အုပ်စိုးသူများ ပြုတ်ကျခြင်း စသည့်ကိစ္စများသည် ကျွန်ုပ်တို့ နားလည် နိုင်စွမ်းမရှိသော၊ အတိအကျဖော်ပြခြင်း မပြုနိုင်သော ထိုခြွင်းချက် စည်းကမ်းများကို အုပ်စိုးသူများက မည်မျှ လိုက်နာသည်၊ မလိုက်နာသည် ဆိုသည့်အချက်ပေါ်တွင် တည်၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဤကား အုပ်စိုးသူများနှင့် အုပ်စိုးခြင်းခံရသူ ပြည်သူများ မည်သို့မည်ပုံ ဆက်သွယ်နေကြောင်းကို ဖော်ပြသည့် ရာဇဝင်ဆရာတို့၏ အဆိုအမိန့်သုံးမျိုးတို့ ဖြစ်၏။

အချို့သော ရာဇဝင်ဆရာများသည် (ၜင်းတို့မှာ အထက်တွင် ဖော်ပြခဲ့သည့် အတ္ထုပတ္တိရာဇဝင်ဆရာများနှင့် အမျိုးသားရာဇဝင်ဆရာတို့ ဖြစ်၏။) အာဏာ၏ အဓိပ္ပာယ်ကို တကယ်ပင် ရေရာစွာနားလည်ခြင်း မရှိကြချေ။ ၜင်းတို့စိတ်၌ ရာဇဝင်ကျော် ပုဂ္ဂိုလ်များထံတွင် ပြည်သူလူထု၏ တစ်ခဲနက်ဆန္ဒကို ခြွင်းချက်မရှိ အပ်နှင်းလိုက်ခြင်းကို အာဏာဟု ယူဆနေကြရာ၏။ ထို့ကြောင့် နိဒါန်းအစိုးရတစ်ခု၏အကြောင်းကို ဖော်ပြသောအခါ၌ ၜင်းတို့သည် တစ်စုံတစ်ခုသော အာဏာကိုသာ တကယ်စစ်မှန်သော အာဏာ၊ အကြွင်းမဲ့ဖြစ်သော အာဏာ၊ တစ်ခုတည်းသော အာဏာအဖြစ် အထင်ရောက်လျက်ရှိကာ ထိုအာဏာကို ဆန့်ကျင်သည့် အင်အားစုမှန်သမျှကို အာဏာဟု မယူဆတော့ဘဲ အာဏာကိုဖီဆန်သည့် အင်အားစု၊ အဖျက်အင်အားစုဟုသာ သဘောထားကြသည်။

စင်စစ်၌ကား'အာဏာသည် တစ်ခုတည်း ဖြစ်သည်။ အကြွင်းမဲ့ဖြစ်သည်'ဟူသော ၜင်းတို့၏ သဘောတရားသည် လူပေါ်စခေတ်နှင့်သာ သင့်တော်ပေသည်။ ငြိမ်းချမ်းသော ရာဇဝင်ခေတ်တစ်ခုနှင့်သာ သင့်တော်ပေသည်။ စစ်ပြိုင်အာဏာများ 'မှီလိုပေါက်' လျက်ရှိ၍ တစ်ဖက်နှင့် တစ်ဖက် သူနိုင်ငါနိုင် အာဏာအလုပြိုင်ကြသော ရှုပ်ထွေးပြင်းထန်သည့် ရာဇဝင်၏ မုန်တိုင်းကာလမျိုး၌ကား ၜင်းတို့၏ သဘောတရားသည် ခေတ်မမီတော့ချေ။ ဘာဘွန်းမင်းဆက်နှင့်တကွ ပြင်သစ်ဧကရာဇ်နိုင်ငံကြီးသာလျှင် တကယ်စစ်မှန်သောအာဏာစက်ဖြစ်သည်ဟု တရားဥပဒေသမား ရာဇဝင်ဆရာတစ်ယောက်က စစ်မှန်သော အာဏာစက် ဖြစ်သည်ဟု အခြားသမ္မတနိုင်ငံဘက်သား ရာဇဝင်ဆရာတစ်ယောက်က တစ်နည်းရေးသား လာကြပြန်သောအခါ၌ကား ထိုသဘောတရားသည်လည်း 'ခွ'ကျလျက်ရှိပြန်လေသည်။ ဤသဘောတရားကို အခြေခံ၍ ရာဇဝင်အဖြစ်အပျက်များကို သူတစ်မျိုးငါတစ်ဖုံ ရှင်းတမ်းထုတ်နေကြမည်ဆိုလျှင် အဆိုပါ ရာဇဝင်ဆရာတို့၏ ရှင်းတမ်းကို သူငယ်နှပ်စားများကသာ ယုံကြည်ကြလိမ့်မည် ဖြစ်ပေသည်။

အချို့သောရာဇဝင်ဆရာတချို့ကမူ အထက်ပါ ရာဇဝင်သုံးသပ်ချက်ကို မှားယွင်းကြောင်း လက်ခံ၏။ အဆိုပါ ရှုမြင်ချက်ကို ငြင်းပယ်၏။ ၜင်းတို့က အာဏာဟူသည် ပြည်သူတို့က ၜင်းတို့၏ တစ်ခဲနက်ဆန္ဒကို အုပ်စိုးသူများထံ ခြွင်းချက်ဖြင့်အပ်နှင်းခြင်းကို ခေါ်သည်ဟု ဆိုကြ၏။ ရာဇဝင်ဆရာကျော် ပုဂ္ဂိုလ်ကျော်များသည် ပြည်သူလူထုများက ထုတ်ဖော်ပြောဆိုခြင်းမရှိဘဲ သဘောတူညီချက်ဖြင့် ပြဋ္ဌာန်းပေးလိုက်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်း ပြုရမည်ဟူသော ခြွင်းချက်ကို လိုက်နာမှသာ အာဏာရှိသော ပုဂ္ဂိုလ်များအဖြစ်သို့ ရောက်လာကြသည် ဆိုကြ၏။ သို့ရာတွင် ထိုလုပ်ငန်းစဉ်များသည် မည်သို့သောလုပ်ငန်းစဉ်များ ဖြစ်သည်ကိုမူ ရာဇဝင်ဆရာများက ထုတ်ဖော်ပြောဆိုခြင်း မပြုကြချေ။ ထုတ်ဖော်ပြောဆိုသည့်အခါ၌လည်း တစ်ယောက်တစ်မျိုး ကွဲပြားလျက် ရှိလေသည်။

အချို့သော ထိုလုပ်ငန်းစဉ်များသည် လူမျိုး၏ ဘုန်းလက်ရုံးကြီးကျယ်ရေးဖြစ်သည်ဟု ဆိုကြ၏။ အချို့က တိုင်းပြည် စည်ပင်ဝပြောရေးဟု ဆိုကြ၏။ အချို့က လွတ်လပ်ရေးဟု ဆိုကြ၏။ အချို့က အသိပညာတိုးတက်ရေးဟု ဆိုကြ၏။ ဤသို့ဖြင့် ရာဇဝင်ဆရာများသည် လူမျိုးတစ်မျိုး၏ တိုးတက်ရေးနှင့် စပ်လျဉ်း၍ မည်သည့် လုပ်ငန်းစဉ်သာ မှန်သည်ဟု အယူအဆကွဲလျက် ရှိကြပြန်လေသည်။ ကောင်းပြီ။ ရာဇဝင်ဆရာအားလုံးတို့သည် လူမျိုးတစ်မျိုး၏ တိုးတက်ရာ တိုးတက်ကြောင်း လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ တစ်သံတည်း တစ်ညီတည်း ရှိသည်ပင် ထားပါဦး။ ယေဘုယျလုပ်ငန်းစဉ်တစ်ခုခု၌ ၜင်းတို့ပြောသည့် အချက်အလက်များအားလုံး ပါဝင်သည် ထားပါဦး။ ၜင်းတို့၏ သဘောတရားသည် မမှန်သေးချေ။ မှားယွင်းလျက်ရှိကြောင်းကို ရာဇဝင်အဖြစ်အပျက်များက သက်သေ

www.burmeseclassic.com

www.burmeseclassic.com

ပြခဲ့ပြီး ဖြစ်လေသည်။ ၎င်းတို့ပြောသည့်အတိုင်း ပြည်သူလူထုများ စည်ပင်ဝပြောရေး၊ လွတ်လပ်ရေး၊ အသိပညာတိုးတက်ရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဟူသော စည်းကမ်းချက်များ၊ ခြွင်းချက်များဖြင့် အပ်နှင်းလိုက်သော လူထု၏ဆန္ဒကို အာဏာဟုခေါ်လျက် ဤလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့သော ၁၆-ကြိမ်မြောက် ပြင်သစ် လူဝီဘုရင်နှင့် ပထမအကြိမ်မြောက် အင်္ဂလိပ်ချားလ်ဘုရင်တို့ကို မည်သည့်အတွက်ကြောင့် ပြည်သူများက သတ်ဖြတ်ခဲ့ကြသနည်း။ ရက်စက်စွာ အုပ်စိုးခဲ့သော ၁၄-ကြိမ်မြောက် လူဝီဘုရင်နှင့် ရုရှားဘုရင် ပျိုတို့ကိုမူ မည်သည့်အတွက်ကြောင့် သတ်ဖြတ်ခြင်း မပြုကြသနည်း။ ထိုအခါတွင် ရာဇဝင်ဆရာများက ၁၄-ကြိမ်မြောက် လူဝီဘုရင်၏ ဆောင်ရွက်ချက်များသည် လုပ်ငန်းစဉ်များနှင့် ဆန့်ကျင်သဖြင့် ၎င်း၏ တုံ့ပြန်လက်စားချေသည့်အနေဖြင့် ၁၆-ကြိမ်မြောက် လူဝီဘုရင်ကို သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်ဟုဆိုကြပြန်၏။ သို့ဖြစ်လျှင် ပြည်သူလူထု၏ တုံ့ပြန် လက်စားချေမှုသည် မည်သည့်အတွက်ကြောင့် ကာယကံရှင် ၁၄-ကြိမ်မြောက် လူဝီဘုရင်အပေါ်သို့ မသက်ရောက်ခဲ့သနည်း။ သို့မဟုတ် ၁၅-ကြိမ်မြောက် လူဝီဘုရင်အပေါ်သို့ သက်ရောက်ခဲ့သနည်း။ ပြည်သူလူထု၏ တုံ့ပြန်မှုသည် မည်သည့်အတွက်ကြောင့် ၁၆-ကြိမ်မြောက် လူဝီဘုရင်ကိုမှ ရွေးချယ်သက်ရောက်ခြင်း ပြုရသနည်း။ ထိုသို့သော တုံ့ပြန်မှုမျိုးကို မည်သို့ခေါ်ဆိုကြမည်နည်း။ ဤမေးခွန်းများကိုကား ရာဇဝင်ဆရာများသည် ဖြေဆိုခြင်း မပြုကြတော့ချေ။ ဖြေဆိုနိုင်စွမ်း မရှိကြတော့ချေ။ အာဏာသည် အုပ်စိုးသူများထံ အပ်နှင်းထားသော ပြည်သူလူထု၏ တစ်ခဲနက်ဆန္ဒ ဖြစ်သည်ဟုဆိုလျှင် ထို တစ်ခဲနက်ဆန္ဒသည် မည်သည့်အတွက်ကြောင့် အချို့သော အုပ်စိုးသူများနှင့် ၎င်းတို့၏ သားစဉ်မြေးဆက်များထံ နှစ်ရာစုပေါင်းများစွာတည်နေသနည်း။ အုပ်စိုးသူ မင်းဆက်တစ်ခုတည်း၌ ပြည်သူလူထု၏ တစ်ခဲနက်ဆန္ဒသည် ဤမျှ နှစ်ပေါင်းများစွာကြာအောင် မည်သည့်အတွက်တည်ရှိနေသနည်း။ ဤမျှ ရှည်ကြာစွာတည်ရှိပြီးခါမှ အနှစ်ငါးဆယ်အတွင်း မည်သည့်အတွက်ကြောင့် အာဏာသည် တစ်ယောက်တစ်လက် ချက်ချင်း ပြောင်းသွားရပြန်သနည်း။ တစ်ခါ၌ မင်းဆက်တစ်ဆက်တွင် နှစ်ပေါင်းများစွာတည်ရှိ၍သာ ပြင်သစ်နိုင်ငံ၏ အာဏာသည် အခြားအချိန်၌ အနှစ်ငါးဆယ်အတွင်းမှာပင် အမျိုးသားလွတ်တော်၏ လက်သို့လည်းကောင်း၊ ထိုမှတစ်ဖန် ငါးဦးအဖွဲ့သို့လည်းကောင်း၊ ထိုမှတစ်ဖန် နပိုလီယန်လက်သို့လည်းကောင်း၊ ထိုမှတစ်ဖန် အလက်ဇန်းဒရား လက်သို့လည်းကောင်း၊ ထိုမှတစ်ဖန် နပိုလီယန်လက်သို့လည်းကောင်း၊ ထိုမှတစ်ဖန် ၁၈-ကြိမ်မြောက် ချားလ်ဘုရင် လက်သို့လည်းကောင်း၊ ထိုမှတစ်ဖန် လူဝီဘုရင် လက်သို့လည်းကောင်း၊ ထိုမှတစ်ဖန် သမ္မတဂိုဏ်းအစိုးရ လက်သို့လည်းကောင်း၊ ထိုမှတစ်ဖန် တတိယ နပိုလီယန်လက်သို့လည်းကောင်း မည်သည့်အတွက်ကြောင့် မကြာခဏ ပြောင်းလဲနေသနည်း။ ပြည်သူလူထု၏ ဆန္ဒဆိုသည်မှာ တစ်ချိန်၌ လူတစ်ဦးနှင့်တကွ ၎င်း၏ သားစဉ်မြေးဆက် လက်ထဲ၌ နှစ်ပေါင်းများစွာတည်၍ အခြားတချိန်၌ နှစ်ပေါင်း ငါးဆယ်မျှသော တိုတောင်းသည့်ကာလအတွင်း လူအမျိုးမျိုးလက်သို့ မကြာခဏ ကူးပြောင်းတတ်သည့်သဘာဝ ရှိသလော။ ရာဇဝင်ဆရာများသည် ဤမေးခွန်းများကိုလည်း ကျေနပ်အောင် ဖြေဆိုနိုင်ခြင်းမရှိချေ။ ဤတွင် ဤသို့အာဏာ အပြောင်းအလဲများဖြစ်ရခြင်း၊ စစ်ပွဲများဖြစ်ပွားခြင်း၊ မဟာမိတ်အဖွဲ့များ ပေါ်ပေါက်ရခြင်းတို့သည် ပြည်သူလူထု၏ ဆန္ဒကို နည်းမှန်လမ်းမှန် နှင်းအပ်ခြင်းကြောင့် ပေါ်ပေါက်ခြင်းမဟုတ်ကြောင်း၊ ကောက်ကျစ်စဉ်လဲခြင်း၊ ခြေလှမ်းမှားခြင်း သံတမန်များ၊ အုပ်စိုးသူများ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၏ ညှဉ်ဖျင်းခြင်းတို့ကြောင့် မတော်တဆ ပေါ်ပေါက်လာသော အဖြစ်အပျက်မျိုးသာ ဖြစ်ကြောင်းဖြင့် ရာဇဝင်ဆရာများကဆိုကြ၏။ ပြည်တွင်းစစ်များ၊ တော်လှန်ရေးများ၊ တစ်ပါးနိုင်ငံကို ကျွန်ပြုအုပ်စိုးသူများ စသည့် ရာဇဝင်အဖြစ်အပျက်များသည် ပြည်သူတို့က ၎င်းတို့၏ ဆန္ဒကို လွတ်လပ်စွာအပ်နှင်းခြင်းကြောင့် ပေါ်ပေါက်လာခြင်းမဟုတ်။ လူတစ်ယောက် သို့မဟုတ် လူတစ်စု၏ မကောင်းသော စိတ်ထားကြောင့်လည်းကောင်း၊ အာဏာအလွဲသုံးစားလုပ်ခြင်းကြောင့်လည်းကောင်း ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ၎င်းတို့က ဆိုကြပြန်လျက် ဤအဖြစ်အပျက်မျိုးများကို မိမိသဘောတရားတွင် အကျုံးမဝင်စေသင့်၊ ခြွင်းချက်အဖြစ်ထားသင့်သည်ဟု ဆိုကြပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အဆိုပါ ရာဇဝင်ဆရာများသည် အစေ့ရွက်နှစ်ရွက် ရှိသည့် သစ်စေ့မှပေါက်သော အပင်တစ်မျိုးကို မြင်ကာ မျှဖြင့် သစ်ပင်များအားလုံးသည် ဤသို့ အစေ့ရွက်နှစ်ရွက်မှ ပေါက်လာကြခြင်းဖြစ်သည်ဟူသော ရက္ခဗေဒသဘော တရားကို ချမှတ်ပြီးနောက် အစေ့ရွက်တစ်ရွက်တည်းမှ ပေါက်လာသော အုန်းပင်၊ ဝက်သစ်ချပင်နှင့် မို့ပွင့် စသည် တို့ကိုမြင်သောအခါ၌ကား၎င်းတို့သည် ရက္ခဗေဒ သဘော တရားများနှင့်အညီ ပေါက်လာသောအပင်များ မဟုတ်ဟု 'ကျားကျားမီးယပ်' လုပ်ကြသည့် ရက္ခဗေဒ ပညာရှင်များ နှင့် အလားသဏ္ဌာန်တူလေသည်။

တတိယအမျိုးအစားဖြစ်သော ရာဇဝင်ဆရာများ ကမူကား အာဏာဟူသည် ရာဇဝင်ကျော် ပုဂ္ဂိုလ်များထံ ခြင်းချက် စည်းကမ်းများဖြင့် အပ်နှင်းထားသော ပြည်သူ လူထု၏ တစ်ခဲနက်ဆန္ဒဟုဆိုကြ၏။ သို့ရာတွင် မည်သည့် ခြင်းချက်စည်းကမ်းမျိုးဖြစ်သည် ဆိုခြင်းကိုကား ဖော်ပြ ခြင်းမပြုကြချေ။ ရာဇဝင်ကျော် ပုဂ္ဂိုလ်များ၌ အာဏာရှိ ခြင်းမှာ ၎င်းတို့သည် မိမိတို့ထံအပ်နှင်းထားသော ပြည်သူ လူထု၏ ဆန္ဒကို လိုက်နာသောကြောင့်သာဖြစ်သည်ဟု 'တုံးတိ'ကြီး ဖြေဆိုကြလေသည်။

တစ်ဖန် ရာဇဝင်ကျော်ပုဂ္ဂိုလ်တို့ အာဏာရှိခြင်းမှာ ၎င်းတို့သည် ပြည်သူလူထု၏ဆန္ဒကို လိုက်နာသည်ဟု ဆိုလျှင် ပြည်သူလူထုကို လှုပ်ရှားစေသော အင်အားစုသည် ရာဇဝင်ကျော်ပုဂ္ဂိုလ်တို့၌ မတည်။ ပြည်သူလူထုအတွင်း၌ သာတည်သည်ကို ဆို့ရာမရောက်ပါလော။ သို့ဖြစ်လျှင် ထိုခေါင်းဆောင် ထိုသူတို့၌ မည်သည့်ထူးခြားချက် ရှိသေး သနည်း။ ဤသို့ဆိုလျှင် လောကခ္ခ ခေါင်းဆောင်ဖြစ်ရခြင်း သည် ဘာအသုံးကျသေးသနည်း။

ထိုအခါ ခေါင်းဆောင်ဟူသည် ပြည်သူလူထု၏ ဆန္ဒကို ဖော်ပြကြသည်ဟုလည်းကောင်း၊ ခေါင်းဆောင် များ၏ ဆောင်ရွက်ချက်များသည် ပြည်သူလူထု၏ ဆန္ဒ ပြည်သူလူထု၏ ဘဝကို ကိုယ်စားပြုသည်ဟုလည်းကောင်း ၎င်းတို့က ဆိုကြ၏။

ကောင်းပြီ။ ခေါင်းဆောင်များ၏ ဆောင်ရွက်ချက် များသည် ပြည်သူလူထု၏ဆန္ဒ၊ ပြည်သူလူထု၏ ဘဝကို ဖော်ပြသည်ဆိုလျှင် ခေါင်းဆောင်များ၏ ဆောင်ရွက်ချက် အားလုံးကိုဆိုလိုသလော၊ 'တစ်စိတ်တစ်ဒေသ' ကို ဆိုလို သလော။ အချို့သော ရာဇဝင်ဆရာတို့က ဆောင်ရွက်ချက် များ 'အားလုံး'ဟု ဖြေဆိုကြ၏။ ဤသို့ဖြစ်လျှင် နပိုလီယန် နှင့် ကက်သရင်းဘုရင်မကြီးတို့၏ အတ္ထုပတ္တိကျမ်းများ တွင် ဖော်ပြပါရှိသော မျောက်မထားခြင်း၊ ကာမဂုဏ်ကျူး ခြင်း စသည့် 'နန်းတွင်းဇာတ်ရှုပ်'များသည် ပြည်သူလူထု ၏ ဘဝကို ဖော်ပြလျက်ရှိသည်ဟု ဆိုရတော့မည်သာ ဖြစ်လေသည်။ ဤသို့ဆိုလျှင်ကား လားလားမျှ အဓိပ္ပါယ် မရှိချေ။ အချို့သော 'အဘိဓမ္မာ' ရာဇဝင်ဆရာဆိုသူတို့ ကမူ ခေါင်းဆောင်များ၏ဆောင်ရွက်ချက် 'တစ်စိတ် တစ်ဒေသ'ကိုသာ ဆိုလိုကြောင်းဖြင့် ပြောဆိုကြ၏။ သို့ဖြစ်လျှင် မည်သည့် 'တစ်စိတ်တစ်ဒေသ'နည်း။ ခေါင်း ဆောင်တို့၏ ဆောင်ရွက်ချက်များစွာရှိသည့်အနက် မည် သည့်ဆောင်ရွက်ချက်မျိုးကိုသာ ပြည်သူတို့၏ ဘဝကို ကိုယ်စားပြုသော ဆောင်ရွက်ချက်များဟု ယူဆရမည် နည်း။ ထိုမေးခွန်းကို ဖြေဆိုရန်မှာ ပြည်သူတို့၏ဘဝ၊ လူမျိုးတစ်မျိုး၏ ဘဝ၌ မည်သည့်အရာများ အကျုံးဝင် လျက်ရှိသည်ကို ဦးစွာသိထားရလိမ့်မည် ဖြစ်လေသည်။

ဤတွင် အဆိုပါ 'အဘိဓမ္မာ' ရာဇဝင်ဆရာဆိုသူ များသည် ရှင်းရှင်းပြတ်ပြတ် ဖြေဆိုနိုင်ခြင်း မရှိကြတော့ ဘဲ လွန်စွာယေဘုယျသော ပြဿနာများကို ထောက်ပြ ကာ ဤပြဿနာများသည်ပင် လူ့လောကကြီး၏ ဘဝ ဖြစ်သည်ဟု ၎င်းတို့ထောက်ပြသော ယေဘုယျ ပြဿနာ များမှာ လွတ်လပ်ရေး၊ တန်းတူညီမျှရေး၊ အသိပညာ ဖွံ့ဖြိုးရေး၊ တိုးတက်ရေး၊ ယဉ်ကျေးမှု ထွန်းကားရေး စသည့်ပြဿနာများ ဖြစ်လေသည်။ ဤသို့ဖြင့် အဆိုပါ ရာဇဝင်ဆရာများသည် လွန်စွာ ယေဘုယျကျသော ပြ ဿနာများထောက်ပြလျက် ဤသည်တို့ကား လူလောက ကြီး၏ ပြဿနာများဖြစ်သည်ဟု ဝိတ္တာရချဲ့၍ မိန့်ဆိုကြပြီး နောက် အထိမ်းအမှတ်ကျောက်ရုပ်များ၊ အများအပြား ကျန်ရစ်ခဲ့သည့် ဘုရင်ဧကရာဇ်များ၊ ဝန်ကြီးများ၊ စစ် ဗိုလ်ချုပ်များ၊ နိုင်ငံပြုပုဂ္ဂိုလ်များ၊ သာသနာပြုပုဂ္ဂိုလ်များ၊ သတင်းစာဆရာများ စသည့် (၎င်းတို့စိတ်တွင် တိုးတက် မှုကို ရှေ့ရှုသူ၊ သို့မဟုတ် ဟန့်တားသူဟု အထင်ရှိသော) လူပုဂ္ဂိုလ်တစ်စု၏ အကြောင်းလောက်ကိုသာ မဆီမဆိုင် အပတ်တကုတ် အားထုတ်လေ့လာခြင်းပြုကြသည်။ သို့ရာ တွင် လူလောကကြီး၏ ဘဝလွတ်လပ်ရေး၊ တန်းတူညီမျှ

www.burmeseclassic.com

www.burmeseclassic.com

ရေး၊ အသိပညာဖွံ့ဖြိုးရေး၊ ယဉ်ကျေးမှုတိုးတက်ရေး စသည့်ကိစ္စများ ဖြစ်သည်ဟူသောအချက်ကို ၎င်းတို့၏ လေ့လာမှုကြောင့် ထွက်ပေါ်လာသည့် အကျိုးတရားမှာ ၎င်းတို့ပြုစုရေးသားသော ရာဇဝင်ကျမ်းများထဲ၌ စစ်ဘေးဒဏ်ကြောင့် ပြောင်းရွှေ့ထွက်ပြေးကြရသော၊ အိုးအိမ်များကို မီးတိုက်ကြရသော လယ်သမားများကို စွန့်ပစ်ခဲ့ရသော တစ်ဦးကိုတစ်ဦး ထိုးခုတ်သတ်ဖြတ်ခြင်းပြုရသော၊ သန်းပေါင်းများစွာသော ပြည်သူလူထုများ၏ အကြောင်းဆို၍ တစ်လုံးတစ်ပါဒမျှမပါရှိဘဲ ကိုယ်တိုင် မီးရှို့ခြင်းမပြုရသော၊ ကိုယ်တိုင်လယ်ထွန်ခြင်း မပြုရသော၊ ကိုယ်တိုင် သတ်ဖြတ်ခြင်းအမှုကို မပြုရသော ဒါဇင်အနည်းငယ်မျှသော လူပုဂ္ဂိုလ်တို့၏ အကြောင်းများလောက်သာပါရှိခြင်း ဖြစ်လေသည်။

ဤအချက်ကို ရာဇဝင်အဖြစ်အပျက်တိုင်းက သက်သေပြလျက်ရှိပေသည်။ ၁၈ – ရာစုအကုန်၌ အနောက်ဘက်ပါရီမြို့တွင် မည်သည့်အတွက်ကြောင့် လူထုများ၏ထကြွမှုကြီးပေါ်ပေါက်ခဲ့သနည်း။ ထိုလှုပ်ရှားမှုကြီးသည် အရှေ့ဘက်မော်စကိုမြို့သို့ မည်သည့်အတွက်ကြောင့် ရွှေ့လျားလာခဲ့ရသနည်း။ ဤမေးခွန်းတို့ကိုဖြေဆိုရာ၌ ၁၄–ကြိမ်မြောက်၊ ၁၅–ကြိမ်မြောက်နှင့် ၁၆–ကြိမ်မြောက် လူဝိဘုရင်များနှင့်တကွ ၎င်းတို့၏ ဝန်ကြီးများ၊ ၎င်းတို့၏ မောင်းမငယ်များ၊ ကိုယ်လုပ်တော်များ၏ ဆောင်ရွက်ချက်တို့ကို ရေးပြ၍ဖြေဆိုခြင်းဖြင့် ပြေလည်နိုင်ပါသလော။ နပိုလီယန်၊ ရူးဆူး၊ ဒီဒေရော့၊ ဗျူမာခေးနှင့်တကွသော ပုဂ္ဂိုလ်ကျော်တို့၏ဘဝကို ရေးပြ၍ ဖြေဆိုခြင်းဖြင့် ပြေလည်နိုင်ပါသလော။

ရုရှားပြည်သူများသည် အရှေ့ဘက် ကာဇန်ဒေသမှ ပြည်သူများနှင့် ဆိုက်ဗေးရီးယားမှ ပြည်သူများကို မည်သည့်အတွက်ကြောင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြသနည်း။ ဤမေးခွန်းကိုဖြေဆိုရာ၌ ဂျွန်ဘုရင်၏ ဆိုးသွမ်းယုတ်ညံ့သော စိတ်သဘောထားများနှင့်တကွ ၎င်းနှင့် သူပုန်ခေါင်းဆောင် ကာစတီတို့ မည်သို့မည်ပုံ ခွန်းတုံ့ပြန် စာအလဲအလှယ်ပြုကြသည် စသည့် အကြောင်းအရာများကို အသေးစိတ်ရေးပြ၍ ဖြေဆိုခြင်းဖြင့် ပြေလည်နိုင်ပါသလော။

တစ်ဆယ့်တစ်ရာစုအကုန် ကရူးဆိတ်စစ်ပွဲများ မည်သည့်အတွက်ကြောင့် ပေါ်ပေါက်ခဲ့ရသနည်း။ ဤမေးခွန်းကို ဖြေဆိုရာ၌ ပထမ ကရူးဆိတ်ခေါင်းဆောင်ဆိုသူ ဂေါဖရီနှင့်တကွ ၎င်း၏မယားငယ်များ၏ဘဝနှင့် ဆောင်ရွက်ချက်များကို ရေးပြ၍ ဖြေဆိုခြင်းဖြင့် ပြေလည်နိုင်ပါသလော။ သူတော်စင် ပီတာ၊ ခေါင်းဆောင် ဂေါဖရီတို့ကဲ့သို့ သာသနာပြုပုဂ္ဂိုလ်တို့၏ လှုံ့ဆော်ချက်များကြောင့် ဖြစ်ပွားခြင်းဖြစ်သည်ဟု ပြောဆိုကြသလော။ သို့ ဖြစ်လျှင် ကရူးဆိတ်စစ်ပွဲများ၏ ရည်ရွယ်ချက်သည် ခရစ်သာသနာ၏ ဘုမိနက်သန်ဖြစ်သော ဂျေရုဆလင်မြို့ကို သိမ်းပိုက်ရန် ဖြစ်သည်ဟု ထိုရာဇဝင်ကျော်ပုဂ္ဂိုလ်တို့က မိန့်ခွန်းခြွေသည့် အခါကျမှ ကရူးဆိတ်စစ်ပွဲများသည် မည်သည့်အတွက်ကြောင့် ရုတ်တရက် ရပ်စဲသွားသနည်း။ ကျွန်ုပ်တို့သည် ကရူးဆိတ်စစ်ပွဲများဖြစ်ပွားခြင်းအကြောင်း တရားများကို နားမလည်ချေ။ ထို့ထက် ခေါင်းဆောင်တို့က စစ်ပွဲ၏ ရည်ရွယ်ချက်ကို ထုတ်ဖော်ကြေညာခြင်းပြုသည့်အခါကျမှ စစ်ပွဲကြီးရပ်စဲသွားခြင်းကိုကား သာ၍ပင် နားမလည်နိုင်ချေ။ ရဟန်းမင်းကြီးများ၊ ဘုရင်ဧကရာဇ်များ၊ သူရဲကောင်းများသည် ၎င်းတို့၏ သာသနာ့အောင် မြေဖြစ်သော ဂျေရုဆလင်မြို့ကိုကယ်တင်ရန် ပြည်သူတို့ကို လှုံ့ဆော်ကြ၏။ ထိုသို့ လှုံ့ဆော်သည့်အခါမှပင် တစ်လျှောက်လုံး စစ်တိုက်ခဲ့ကြသော ကရူးဆိတ်စစ်သားများသည် စစ်မတိုက်ဘဲ တပ်ခေါက်၍ သွားခဲ့ကြလေသည်။ အကြောင်းမူကား ၎င်းတို့၌ ဤနေရာသို့အရောက် ချီတက်အောင် လှုံ့ဆော်ခဲ့သည့် မသိနိုင်သောအကြောင်းတရားများ မရှိတော့ပြီဖြစ်သောကြောင့်တည်း။ သို့ဖြစ်ရကား ခေါင်း ဆောင်တို့က လှုံ့ဆော်သဖြင့် ခေါင်းဆောင်တို့၏ ဆန္ဒကြောင့် ပြည်သူလူထုတို့ လှုပ်ရှားရသည်ဟူသော အဆိုအမိန့်သည် ပါစင်အောင်မှာ်းလျက်ရှိခြင်းကို ကရူးဆိတ် စစ်ပွဲများကလည်း သက်သေပြခဲ့ပြီ မဟုတ်လော။ ကရူးဆိတ်စစ်ပွဲကို လှုံ့ဆော်ခဲ့သည်ဟုဆိုသော ဂေါဖရီနှင့် ကရူးဆိတ်သူရဲကောင်းများ၏ ရာဇဝင်သည် ပြည်သူလူထုများ၏ဘဝတစ်ခုလုံးကို ဖော်ပြခြင်းမပြနိုင်ချေ။ ဂေါဖရီနှင့် သူရဲကောင်းများ၏ ရာဇဝင်သည် ဂေါဖရီနှင့် သူရဲကောင်းများ၏ ရာဇဝင်မျှသာ ဖြစ်လေသည်။ ပြည်သူ လူထုများ၏ ရာဇဝင် မဟုတ်ချေ။ ပြည်သူလူထုများ၏ ဘဝကိုဖော်ပြခြင်းမဟုတ်ချေ။ ပြည်သူလူထုများ၏ ခံစားချက်များကို ဖော်ပြခြင်းမဟုတ်ချေ။

စာရေးဆရာများနှင့် တိုင်းပြည်ပြု ပုဂ္ဂိုလ်များ၏

www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်များကား ပြည်သူလူထု၏ဘဝကို သာ၍ပင်ဖော်ပြခြင်း မပြုနိုင်ချေ။

ယဉ်ကျေးမှုရာဇဝင်သည် စာရေးဆရာတစ်ယောက်သို့မဟုတ် တိုင်းပြည်ပြုပုဂ္ဂိုလ်တစ်ယောက်၏ဘဝ၊ ၎င်း၏ အတွေးအခေါ်၊ ၎င်း၏ခံစားချက်တို့ကို ဖော်ပြ၏။ ယဉ်ကျေးမှု ရာဇဝင်ကျမ်းကိုဖတ်၍ သာသနာပြုပုဂ္ဂိုလ်မာတင်လူသာသည် စိတ်တိုသူဖြစ်ကြောင်း၊ ၎င်းက ထိုသို့ဤသို့ ပြောခဲ့ဖူးကြောင်း စသည်ဖြင့် ကျွန်ုပ်တို့သိရ၏။ ရှူးဆူးသည် မယုံသင်္ကာစိတ် အားကြီးကြောင်း၊ ထိုထိုဤဤသော စာအုပ်များကို ရေးခဲ့ကြောင်း စသည်ဖြင့် ကျွန်ုပ်တို့သိရ၏။ သို့သော်လည်း ထိုယဉ်ကျေးမှု ရာဇဝင်ကျမ်းများကို ဖတ်ခြင်းအားဖြင့် မာတင်လူသာ၏ သာသနာပြုပြင်ပြောင်းလဲရေး ပြီးသည့်နောက်တွင် မည်သည့်အတွက်ကြောင့် တစ်ဦးကိုတစ်ဦး သတ်ဖြတ်ရခြင်းဖြစ်ကြောင်း၊ ပြင်သစ်တော်လှန်ရေးအတွင်း၌ မည်သည့်အတွက်ကြောင့် တစ်ဦးကိုတစ်ဦး ခေါင်းဖြတ် သတ်ကြခြင်းဖြစ်ကြောင်းကိုကား ကျွန်ုပ်တို့မသိရချေ။

ယခုခေတ်ပေါ် ရာဇဝင်ဆရာများသည် ဤအထက်ပါ ရာဇဝင်နှစ်မျိုးနှစ်စားကို စုပေါင်းရောမွှေလျက် ရှိကြ၏။ ကျွန်ုပ်တို့သည် ၎င်းတို့ကဲ့သို့ အဆိုပါ ရာဇဝင်နှစ်မျိုးကို စုပေါင်းရောမွှေခြင်း ပြုမည်ဆိုပါက ဘုရင်ဧကရာဇ်များနှင့် စာရေးဆရာများ၏ရာဇဝင်ကို ရရှိမည် ဖြစ်၏။ ပြည်သူများ၏ ရာဇဝင်ကိုကား ရလိမ့်မည် မဟုတ်ချေ။

အခန်း ၅

လက်တစ်ဆုပ်စာမျှသော လူနည်းစု ပုဂ္ဂိုလ်များနှင့် ပြည်သူလူထုများသည် မည်သို့မည်ပုံ ဆက်စပ်လျက်ရှိခြင်းကို ရှာဖွေမတွေ့ရှိနိုင်ချေ။ ထို့ကြောင့် ပြည်သူလူထု၏ဘဝများသည် လက်တစ်ဆုပ်စာမျှသော လူနည်းစုတို့၏ဘဝတွင် အကျုံးဝင်ခြင်း မရှိချေ။ ပြည်သူတို့က ၎င်းတို့၏ တခဲနက်ဆန္ဒကို လူနည်းစု ပုဂ္ဂိုလ်တို့ကို အပ်နှင်းထားခြင်းကြောင့် ပြည်သူလူထုနှင့် ခေါင်းဆောင်တို့၏ ဘဝနှစ်ခုသည် နီးကပ်စွာ ဆက်သွယ်နေကြသည်ဟူသော သဘောတရားကား မှန်းဆ၍ပြောခြင်းသာ ဖြစ်လေသည်။ ထိုသဘောတရားကို ရာဇဝင်အတွေ့အကြုံက ထောက်ခံခြင်းမပြုချေ။

ပြည်သူလူထုများက ၎င်းတို့၏ တခဲနက် ဆန္ဒကို ရာဇဝင်ကျော် ပုဂ္ဂိုလ်များထံနှင်းအပ်ထားခြင်းသည် အာဏာဖြစ်သည်ဟူသော သဘောတရားသည် တရားဥပဒေဆိုင်ရာ ၃သိပ္ပံပညာ၌ အဓိပ္ပာယ်ရှိကောင်း ရှိမည်ဖြစ်၏။ တရားဥပဒေဆိုင်ရာ သိပ္ပံပညာ၏ ရည်ရွယ်ချက်များအတွက် အရေးကြီးကောင်း ကြီးမည်ဖြစ်၏။ သို့ရာတွင် ရာဇဝင်သိပ္ပံပညာ၌ ထင်ဟပ်ကြည့်လိုက်၍ တော်လှန်ရေးများအခြားသော လူမျိုးများကို ကျွန်ုပြုအုပ်စိုးမှုများ၊ ပြည်တွင်းစစ်များ ပေါ်ပေါက်လာသောအခါ (၀၊) ရာဇဝင် အစပြုလာသောအခါ၌ကား ထိုသဘောတရားသည် ဘာမျှ အဓိပ္ပာယ်မရှိချေ။

ထိုသဘောတရားသည် ရုတ်တရက်ကြည့်သော်ခိုင်လုံသည်ဟု ထင်ရ၏။ အဘယ်ကြောင့်ဆိုသော် ပြည်သူလူထုများ၏ဆန္ဒကို အပ်နှင်းခြင်းဆိုသည့် ကိစ္စမျိုးသည် မှန်မမှန် စစ်ဆေး၍မရသောကိစ္စမျိုး ဖြစ်သောကြောင့်တည်း။ ဤသို့ မှန်မမှန် စစ်ဆေး၍ မရခြင်းမှာလည်း လောကဌ ပြည်သူလူထုများ၏ ဆန္ဒကို အပ်နှင်းခြင်းဟူသော ကိစ္စဟူ၍ မည်သည့်အခါကမျှ မရှိခဲ့ဘူးသောကြောင့် ဖြစ်လေသည်။

ထိုသဘောတရားသည် ရာဇဝင် အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာ၍ ထိုအဖြစ်အပျက်၏ ထိပ်ပိုင်း၌ ရပ်လျက်ရှိသော ပုဂ္ဂိုလ်တစ်ဦးကိုမြင်တိုင်း ထိုထိုဤဤသော ပုဂ္ဂိုလ်သည် ထိုအဖြစ်အပျက်ကို ခေါင်းဆောင်သည်၊ ယင်းသို့ ခေါင်းဆောင်နိုင်ခြင်းမှာ ပြည်သူလူထုများက ၎င်းတို့၏ တခဲနက်ဆန္ဒကို အပ်နှင်းလိုက်ခြင်းဖြစ်သည်ဟု အလွယ်တကူ ပြောဆိုတတ်သည်သာ ဖြစ်လေသည်။

ရာဇဝင်၏မေးခွန်းများကို ဖြေကြားသော အဆိုပါသဘောတရား၏ အဖြေများသည် ကွင်းတစ်ခုၦ ထိုမှဤမှ သွားလာနေသော နွားတစ်အုပ်ကို မြင်သည်ၦ ထိုနွားအုပ်ကြီးသည် ရှေ့ဆောင်နွားသွားရာသို့ လိုက်ပါနေခြင်းဖြစ်သည်ဟုပြောသော လူတစ်ယောက်၏ အဖြေနှင့်တူသည်။ စင်စစ်ၦ ထိုနွားအုပ်ကြီးသည် ကွင်းထဲၦ စိမ်းလန်းသော စားကျက်များရှိရာသို့လည်းကောင်း၊ သို့မဟုတ် နွားကျောင်းသား မောင်းနှင်ရာသို့လည်းကောင်း သွားနေခြင်းဖြစ်သည်ကိုမူ ထိုလူသည် သတိမထားမိဟန်

www.burmeseclassic.com

www.burmeseclassic.com

မတူချေ။

"ရှေ့နွားက ဦးစီးခေါင်းဆောင် ပြုလျက်ရှိခြင်းကြောင့်လည်းကောင်း၊ ၎င်း၏ တခဲနက်ဆန္ဒကို ရှေ့ဆောင်နွားထံတွင် နှင်းအပ်ထားခြင်းကြောင့်လည်းကောင်း၊ ထိုနွားအုပ်ကြီးသည် ထိုအရပ်ဒေသသို့ ရှေ့ရှုသွားနေခြင်းဖြစ်သည်။" ဤသည်ကား အာဏာဟူသည် ခေါင်းဆောင်ထံ 'ခြွင်းချက်မရှိ' နှင်းအပ်ထားသော ပြည်သူ၏ဆန္ဒကို ခေါ်ဆိုခြင်းဖြစ်သည်ဟု ယူဆကြသော ပထမအမျိုးအစားဖြစ်သည့် ရာဇဝင်အဆိုအမိန့်၏ သဘောနှင့် တူ၏။

'ရှေ့မှ ဦးစီးဦးဆောင် ပြုလျက်ရှိသည့် နွားများတစ်ကောင်ပြီး တစ်ကောင် အပြောင်းအလဲဖြစ်ခြင်းမှာ အခြားကြောင့်မဟုတ်။ နွားအုပ်ကြီးသည် ၎င်း၏ တခဲနက်ဆန္ဒကို ရှေ့ဆောင်နွားတစ်ကောင်ထံမှ အခြား ရှေ့ဆောင်နွားတစ်ကောင်ထံသို့ ပြောင်းလဲ နှင်းအပ်ခြင်းကြောင့်ဖြစ်သည်။ ဤသို့ ပြောင်းလဲ နှင်းအပ်ရခြင်းမှာလည်း ရှေ့ဆောင်နွားက နောက်နွားအုပ်ကြီး သွားလိုသောလမ်းကို ခေါ်ဆောင်မသွားခြင်းကြောင့်ဖြစ်သည်။ ဤကား အာဏာဟူသည် ခေါင်းဆောင်ထံ 'ခြွင်းချက် စည်းကမ်းများ' နှင်းအပ်ထားသော ပြည်သူတို့၏ တခဲနက်ဆန္ဒဖြစ်သည်ဟု ယူဆကြသော ဒုတိယအမျိုးအစား ရာဇဝင်ဆရာတို့၏ အဆိုအမိန့်နှင့် တူ၏။ (အဖြစ်အပျက်တစ်ခုကို ဤသို့ လေ့လာ အကဲခတ်ရာတွင် အကဲခတ်သူ ကိုယ်ရှိုက်က 'ဘက်လိုက်'လျက် ရှိခြင်းကြောင့် ပြည်သူလူထုကြီး၏ လှုပ်ရှားမှုလမ်းကြောင်း ပြောင်းသွားသည်နှင့်အမျှ ဘေးသို့လည်းကောင်း၊ တစ်ခါတရံ နောက်ဆုံးသို့လည်းကောင်း ရောက်သွားတတ်သူများကိုလည်း ခေါင်းဆောင်ဟု ထင်တတ်ကြသည်။)

'ရှေ့ဆောင်နွားများ မကြာခဏ ပြောင်းလဲနေခြင်း၊ နွားအုပ်ကြီး၏ ဦးတည်ရာလမ်းကြောင်း မကြာခဏ ပြောင်းလဲနေခြင်းမှာ အခြားကြောင့်မဟုတ်။ ရှေ့ဆောင်နွားသည် နောက်နွားအုပ်ကြီး လမ်းကြောင်းပြောင်းလိုသော အခါ၌ အဆင်သင့် ပြောင်းနိုင်စေရန် အရပ်လေးမျက်နှာ၌ အရံရှေ့ဆောင်နွားများကို လိုက်ပါစေခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် နွားအုပ်ကြီး၏ သွားလားလှုပ်ရှားပုံကို လေ့လာလိုလျှင် ကျွန်ုပ်တို့သည် ထိုနွားအုပ်ကြီး၏ ပတ်ပတ်လည်တွင် ခြံရံလိုက်ပါလာသော ထင်ရှားသည့် နွားများ၏ သွားလာလှုပ်ရှားမှုကို လေ့လာအပ်ပေသည်။' ဤကား ဧကရာဇ်များအစ သတင်းစာဆရာအဆုံးရှိသော ရာဇဝင်ကျော်ပုဂ္ဂိုလ်တို့သည် ခေတ်ကို ကိုယ်စားပြုသူများဖြစ်သည်ဟု ယူဆကြသော တတိယအမျိုးအစား ရာဇဝင်ဆရာများ၏ အဆိုအမိန့်နှင့် တူနေသည်။

စင်စစ်၌ကား ရာဇဝင်ပုဂ္ဂိုလ်ကျော်များထံ နှင်းအပ်ထားသော ပြည်သူများ၏ ဆန္ဒသည် အာဏာဖြစ်သည်ဟူသော သဘောတရားသည် ရာဇဝင်က မေးမြန်းလျက်ရှိသော မေးခွန်းကို ဖြေကြားသည့်အဖြေ မဟုတ်ချေ။ ၎င်းသည် မေးခွန်းကို အခြားစကားလုံးများဖြင့် ပြန်၍ ရေးခြင်းသာ ဖြစ်လေသည်။ မေးခွန်းကို စကားပြေဖြင့် ပြန်ရေးခြင်းသာ ဖြစ်လေသည်။

ရာဇဝင်အဖြစ်အပျက်များသည် မည်သည့်အတွက်ကြောင့် ပေါ်ပေါက်လာကြသနည်း။ အာဏာကြောင့် ပေါ်ပေါက်လာကြ၏။ အာဏာဆိုသည်မှာ မည်သည့်အရာနည်း။ အာဏာဟူသည် လူတစ်ယောက်ထံတွင် နှင်းအပ်ထားသော ပြည်သူတို့၏ တခဲနက်ဆန္ဒကို ခေါ်ခြင်းဖြစ်သည်။ မည်သည့်ခြွင်းချက် စည်းကမ်းများဖြင့် လူထု၏ ဆန္ဒကို လူတစ်ယောက်ထံတွင် အပ်နှင်းထားသနည်း။ အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်သည် အပ်နှင်းခြင်းပြုသော ပြည်သူလူထု၏ ဆန္ဒကို ကိုယ်စားပြု ထုတ်ဖော်ရမည်ဟူသော ခြွင်းချက်စည်းကမ်းများဖြင့် အပ်နှင်းထားခြင်းဖြစ်သည်။ ဤကား ရာဇဝင်တို့၏ အဖြေဖြစ်၏။ သို့ဖြစ်ရကား ရာဇဝင်ဆရာတို့၏ အဖြေကို ချုပ်၍ကြည့်လိုက်သော် အာဏာသည် ကျွန်ုပ်တို့ နားမလည်သော စကားတစ်လုံးသာ ဖြစ်သည်ဟုသာ အဓိပ္ပာယ်ထွက်လေသည်။ အခြား မည်သည့်အဓိပ္ပာယ်မျှ မရှိချေ။

လူ့လောကဌ လက်ဆုပ်လက်ကိုင် ပြု၍မရသော ရုပ်ဒြပ်မဲ့ တွေးခေါ်မှုမျိုးဖြင့် အရာရာကို စဉ်းစားဆုံးဖြတ်၍ မရချေ။ လူသည် အချို့သော ကိစ္စများကို ရုပ်ဒြပ်မဲ့တွေးခေါ်မှုဖြင့် စဉ်းစားဝေဖန်ခြင်းပြုရသည် မှန်သော်လည်း အချို့သော ကိစ္စများကိုကား လက်ဆုပ်လက်ကိုင်ပြု၍ရသော အတွေ့အကြုံများကို အမှီပြု၍ စဉ်းစားဆုံးဖြတ်ရ၏။ လူ့လောကတွင် အရာရာကို ရုပ်ဒြပ်မဲ့တွေးခေါ်မှုမျိုးဖြင့်သာ စဉ်းစားဆုံးဖြတ်ရမည်ဆိုပါက တရားဥပဒေ

www.burmeseclassic.com

www.burmeseclassic.com

သိပ်ပံပညာက ဖွင့်ဆိုပြခဲ့သည့် အာဏာဟူသောအရာသည် စကားလုံးတစ်လုံးအဖြစ် တည်ရှိနေသော အရာတစ်ခုမျှသာ ဖြစ်နေပေလိမ့်မည်။ အဟုတ်တကယ် တည်ရှိခြင်း မပြုသောအရာတစ်ခုမျှသာ ဖြစ်မေလိမ့်မည်။ သို့သော်လည်း အာဏာဟူသောအရာသည် စကားလုံးတစ်လုံး အဖြစ်သာ တည်ရှိသော အရာတစ်ခု မဟုတ်ချေ။ အဟုတ် ရှိ၊ တကယ်ရှိနေသော ရုပ်၏အခြင်းအရာတစ်ခု ဖြစ်မေသည်။ ဤသည်ကို အတွေ့အကြုံက ပြသခဲ့ပြီး ဖြစ်မေသည်။

အာဏာဟူသောအရာသည် အဟုတ်ရှိ၊ တကယ်ရှိသော ရုပ်အခြင်းအရာတစ်ခုဖြစ်ကြောင်းကို ရာဇဝင်က သက်သေပြခဲ့ပြီး ဖြစ်မေသည်။ ယနေ့ ဖြစ်ပျက်လျက်ရှိသော အဖြစ်အပျက်များကလည်း သက်သေပြလျက် ရှိမေသည်။ ထို့ကြောင့်ပင် ပြည်သူလူထု၏ စုပေါင်းဆောင်ရွက်ချက်များကို အာဏာဟု အမည်နာမပေးနေကြရမည် မဟုတ်လော။

အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာတိုင်း လူတစ်ယောက် သို့မဟုတ် လူတစ်စုသည် ပေါက်ပေါက်လာစမြဲ ဖြစ်၏။ ထိုအခါ၌ ထိုအဖြစ်အပျက်သည် ထိုလူတို့၏ စိတ်ဆန္ဒကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ထင်မှတ်ရလေသည်။ တတိယအကြိမ်မြောက် နုပိုလီယန်က အမိန့်ပြန်တမ်းတစ်စောင် ထုတ်ပြန်ပြီးသည့် နောက်၌ ပြင်သစ်တို့ မက္ကဆီကိုနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည် မဟုတ်လော။ ပရပ်ရှားဘုရင်နှင့် နန်းရင်းဝန်ကြီး ဘစ်စမတ်တို့က အမိန့်ပြန်တမ်းများ ထုတ်ပြန်ပြီးသည့် နောက်၌ ဩစတေးရီးယားနှင့် ပရပ်ရှားနိုင်ငံတို့ စစ်မက် ဖြစ်ပွားခဲ့သည် မဟုတ်လော။ နုပိုလီယန် ဘိုနာပတ်က အမိန့်ပြန်တမ်းတစ်စောင် ထုတ်ပြန်ပြီးသည့် နောက်၌ ပြင်သစ်စစ်တပ်ကြီး ရုရှားနိုင်ငံသို့ ဝင်ရောက်ခဲ့သည် မဟုတ်လော။ ရုရှားဘုရင် အလက်ဇန်းဒရားက အမိန့်ပေးပြီးသည့်နောက်၌ ပြင်သစ်တို့ ဘာဘွန်းမင်းဆက်ကို ပြန်လည် နန်းတင်ခဲ့ရသည် မဟုတ်လော။ ဤသို့ဖြင့် အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာတိုင်း ထိုအဖြစ်အပျက်သည် ပြန်တမ်းထုတ်ပြန်သူ၊ အမိန့်ပေးသူ လူတစ်ယောက် သို့မဟုတ် လူတစ်စု၏စိတ်ဆန္ဒနှင့် တစ်စုံတစ်ရာ ပတ်သက်လျက်ရှိခြင်းကို တွေ့ရ၏။ ဤသည်ကို အတွေ့အကြုံက ပြသခဲ့ပြီးဖြစ်၏။

ဘုရားသခင်သည် လောကီလူမှုကိစ္စများ၌ ဝင်ရောက်စွက်ဖက်လျက် ရှိသည်ဟူသော အယူအဆကို လက်ခံသည့် ရာဇဝင်ဆရာများကမူကား ထိုအဖြစ်အပျက်များပေါ်ပေါက်လာရသည်ဟု ယူဆလိုကြ၏။ သို့ရာတွင် ၎င်းတို့၏ အယူအဆကို လူ၏ ဆင်ခြင်တုံတရားက သော်လည်းကောင်း၊ အတွေ့အကြုံကသော်လည်းကောင်း ထောက်ခံခြင်း မပြုချေ။

လူတစ်ယောက်၏ စိတ်ဆန္ဒ၊ သို့မဟုတ် ၎င်း၏ စကားများသည် စစ်ပွဲတစ်ပွဲ သို့မဟုတ် တော်လှန်ရေးတစ်ခု စသည့် ယေဘုယျ အဖြစ်အပျက်ကြီးတစ်ခု၌ တစ်စိတ်တစ်ဒေသအားဖြင့် အကျုံးဝင်လျက်ရှိသည်ဆိုခြင်းမှာ မှန်ပါသည်။ ဤအချက်ကို ကျွန်ုပ် အငြင်းမပွားလိုချေ။ သို့ရာတွင် ထိုလူတစ်ယောက်၏ စိတ်ဆန္ဒ၊ ၎င်း၏ စကားများစသည်တို့သည် သန်းပေါင်းများစွာသောလူများ၏ လှုပ်ရှားမှုကြီး၏ အဓိကအကြောင်းရင်း ဖြစ်သည်။ လောလော ဆယ် အကြောင်းရင်းဖြစ်သည်ဆိုခြင်းကိုကား ကျွန်ုပ် လက်မခံနိုင်ချေ။ (ထိုပုဂ္ဂိုလ်သည် လူမဟုတ်။ မိုးပေါက နတ်သိကြားဆိုလျှင်ကား ကျွန်ုပ် မပြောတတ်ပါ။) ကောင်းပြီ။ ထိုပုဂ္ဂိုလ်၏ စကားများကြောင့် အဖြစ်အပျက်များ ပေါ်ပေါက်လာသည်ဟူသော ၎င်းတို့၏စကားတို့ကို ကျွန်ုပ်တို့ လက်ခံသည်ဟုပင်ထားပါဦး။ ရာဇဝင်က လက်မခံချေ။ ရာဇဝင်ကို ပြန်ကြည့်လျှင် ရာဇဝင် ပုဂ္ဂိုလ်ကျော်တို့၏ စကားများပြောတိုင်း အဖြစ်အပျက်များ ပေါ်ပေါက်လာခြင်း မဟုတ်သည်ကို တွေ့ရမည်သာ ဖြစ်လေသည်။ ၎င်းတို့၏ ဆန္ဒ၊ ၎င်းတို့၏ အမိန့်များနှင့် ပြောင်းပြန်ဖြစ်ပျက်သော အဖြစ်အပျက်များ ရာဇဝင်တွေ ဒုနဲ့ဒေး ရှိခဲ့သည် မဟုတ်လော။

သို့ဖြစ်ရကား ဘုရားသခင်သည် လောကီလူမှုကိစ္စများတွင် ဝင်ရောက် စွက်ဖက်လျက်ရှိသည်ဆိုသော အယူအဆကို မယုံကြည်သူများအဖို့၌ကား 'အာဏာ' ကြောင့် ရာဇဝင်အဖြစ်အပျက်များ ပေါ်ပေါက်ခဲ့ရသည်ဆိုသော စကားသည် အဓိပ္ပာယ်မရှိချေ။ လက်ခံနိုင်သော အကြောင်းပြချက် မဟုတ်ချေ။

ရာဇဝင်အတွေ့အကြုံဖြင့် ပြောရလျှင် အာဏာဆိုသည်မှာ အခြားမဟုတ်။ လူပုဂ္ဂိုလ်တစ်ဦး၏ စိတ်ဆန္ဒနှင့် ထိုစိတ်ဆန္ဒကို လက်တွေ့ အကောင်အထည်ဖော်သူများ

www.burmeseclassic.com

www.burmeseclassic.com

အကြားတွင် တည်ရှိသော ဆက်ဆံရေး ပုံစံတစ်မျိုးသာ ဖြစ်လေသည်။

သို့ဖြစ်လျှင် ထိုဆက်ဆံရေးသည် မည်သို့သော ဆက်ဆံရေးမျိုးနည်း။ ဤအချက်ကို နားလည်ရန်မှာ ထိုစိတ်ဆန္ဒသည် မည်သူ၏ စိတ်ဆန္ဒနည်း။ မည်သူ၏ အမိန့်နည်း။ လူတစ်ယောက်ထံတွင် ဘုရားသခင်က ပြဋ္ဌာန်းပေးလိုက်သော ဘုရားသခင်၏ အလိုတော်၊ ဘုရားသခင်၏ အမိန့်တော်ကို ဆိုလိုသလော။ သို့တည်းမဟုတ် ထိုလူပုဂ္ဂိုလ်၏ ခေါင်းထဲမှ ပေါ်ထွက်လာသော စိတ်ဆန္ဒလော။

ရှေးဟောင်း ရာဇဝင်ဆရာများ ပြောသကဲ့သို့ ထိုအမိန့်၊ ထိုစိတ်ဆန္ဒသည် ဘုရားသခင်၏ အလိုတော် ဖြစ်သည်ဟုဆိုလျှင် ၎င်းသည် အချိန်နှင့် အကြောင်းတရားကြောင့် ပေါ်ပေါက်လာခြင်း မဟုတ်နိုင်ချေ။ ၎င်း၏ အလိုအလျောက် ပေါ်ပေါက်လာခြင်းသာ ဖြစ်ရပေလိမ့်မည်။ အကြောင်းမှု ဘုရားသခင်၏ အလိုတော်ကို မည်သည့်အချိန်ကာလ၊ မည်သည့်ပယောဂကမျှ လွှမ်းမိုးချုပ်ကိုင်ခြင်း မပြုနိုင်သော့ကြောင့်ပေတည်း။ တဖန် ထိုအမိန့်၊ ထိုစိတ်ဆန္ဒသည် အချိန်ကာလနှင့် ပယောဂစသည်တို့နှင့် ဆက်စပ်ဖြစ်ပေါ်လာသော လူ၏ အမိန့်၊ လူ၏ဆန္ဒ ဖြစ်သည်ဆိုလျှင် ထိုစိတ်ဆန္ဒ၊ ထိုအမိန့်နှင့် အဖြစ်အပျက်များ မည်သို့မည်ပုံ ဆက်စပ်နေသည်ကို ဖော်ပြရန်အတွက် (၁) အဖြစ်အပျက်များ အခြေအနေ (တစ်နည်းအားဖြင့် အဖြစ်အပျက်နှင့် ထိုအဖြစ်အပျက်များကို ဖြစ်စေသူတို့ အချိန်ကာလအားဖြင့် လှုပ်ရှားမှုခြင်း ဆက်သွယ် ယှက်နွယ်နေကြပုံ။) (၂) အမိန့်ပေးသူများနှင့် ထိုအမိန့်ကို လက်တွေ့လုပ်ဆောင်ရသူများတို့၏ ဆက်သွယ်မှု (တစ်နည်းအားဖြင့် အမိန့်ပေးသူများနှင့် အမိန့်ကို လက်တွေ့ ဆောင်ရွက်သူများ မည်သို့မည်ပုံ ဆက်သွယ်နေကြပုံ) တို့ကို ကျွန်ုပ်တို့ ထည့်သွင်း စဉ်းစားရလိမ့်မည် ဖြစ်ပေသည်။

အခန်း ၆

အချိန်ကာလတည်းဟူသော အကြောင်းတရားတစ်ပါးကို မှီခြင်း တည်ခြင်းမပြုသော ဘုရားသခင်၏ အလိုတော်သာ လျှင် ထိုအဖြစ်အပျက်တို့ကို တည်စေ၊ ဤအဖြစ်အပျက်တို့ကို မတည်စေနှင့် စသည်ဖြင့် နိမိတ်စကားပေးနိုင်ပေလိမ့်မည်။ အကြောင်းတရားအားလုံးတို့ကို မှီခြင်း တည်ခြင်း မရှိဘဲ တန်ခိုး ကုဒ္ဓပါဒ် အလုံးစုံတို့ရှိသည့် ဘုရားသခင်၏ အလိုတော်သာလျှင် လူ့လောကကြီး၏ လှုပ်ရှားမှုကို လမ်းညွှန်ခြင်း ပြုနိုင်ပေလိမ့်မည်။ သို့ရာတွင် ပုထုဇဉ် လူသားတို့ကား အချိန်ကာလအတွင်း၌ မှီတင်းနေထိုင်ကြရ၍ လောကထုပ္ပတ်ကြီးထဲ၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နေကြရသူများသာ ဖြစ်လေသည်။

သို့ဖြစ်ရကား အမိန့်တစ်ခု (၀၊) စိတ်ဆန္ဒတစ်ခုသည် အချိန်ကာလမှ ကင်းလွတ်တည်ရှိနေသော ဘုရားသခင်၏အလိုတော်၊ ဘုရားသခင်၏နှုတ်ထွက်စကားတစ်ခု မဟုတ်ခဲ့လျှင် (၀၊) သာမန်လူသားတို့၏ အမိန့်တစ်ခုသာ ဆိုလျှင် ထိုအမိန့်တစ်ခု မဖြစ်နိုင်ချေ။ တစ်စုံတစ်ခုသော အကြောင်းတရားကြောင့် ပေါ်ပေါက်လာရသော အမိန့်သာ ဖြစ်ရပေလိမ့်မည်။ အမိန့်တစ်ရပ်၌ မူလအမိန့်တစ်ရပ် တည်းဟူသော အကြောင်းတရား တစ်ခုမရှိဘဲ မဖြစ်ပေါ်နိုင်ချေ။

လောကဌ အကြောင်းတရားဟူ၍ မရှိတော့သည်နှင့် အကျိုးတရားလည်း ထင်နိုင်တော့မည် မဟုတ်ချေ။ အကျိုးတရားမရှိလျှင် အကြောင်းတရားလည်း မရှိတော့ချေ။ တစ်ဖန် ထိုအကျိုးတရားသည် အကြောင်းတရားဖြစ်ကာ ဒုတိယအကျိုးဆက်ကို ဖြစ်ပေါ်စေပြန်သည်။ တစ်ဖန် ဒုတိယ အကျိုးဆက်သည် အကြောင်းတရားအဖြစ် ပြောင်းလဲကာ တတိယအကျိုးတရားဆက်ကို ဖြစ်စေပြန်လေသည်။ ဤသို့ဖြင့် ဆက်၍ ဆက်၍ ဖြစ်ပေါ်ခြင်းဖြစ်လေသည်။ အလားတူပင် လူ၏စိတ်ဆန္ဒကို ဖော်ပြချက် တစ်ရပ် (၀၊) အမိန့်တစ်ရပ်သည်လည်း မူလစိတ်ဆန္ဒကို ဖော်ပြချက် တစ်ရပ် (၀၊) မူလအမိန့်တစ်ရပ်တည်းဟူသော အကြောင်းတရားတစ်ခုမရှိဘဲ မဖြစ်ပေါ်နိုင်ချေ။

အမိန့်တစ်ရပ်သည် အကြောင်းတရားမရှိဘဲ အလိုအလျောက် ပေါ်လာခြင်း မဟုတ်ချေ။ အမိန့်တစ်ရပ်တည်း ဖြင့် ဖြစ်စဉ်ကြီးတစ်ခုလုံးကို ဆက်၍ဆက်၍ ဖြစ်ပေါ်စေခြင်းငှာ မတတ်နိုင်ချေ။ အမိန့်တစ်ရပ်ကြောင့်သာ နောက်ထပ်အမိန့်တစ်ရပ် ထွက်ပေါ်လာခြင်း ဖြစ်လေသည်။ ထို အမိန့်တစ်ရပ်သည်လည်း ဖြစ်စဉ်ကြီးတစ်ခုနှင့် မသက်

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ချေ။ ဖြစ်စဉ်ကြီးထဲရှိ အဖြစ်အပျက်တစ်ခုနှင့်သာ သက်ဆိုင်လေသည်။

ဥပမာအားဖြင့် နပိုလီယန်သည် ၎င်း၏ စစ်တပ်များကို စစ်တိုက်ရန် အမိန့်ပေးသည်ဟု ကျွန်ုပ်တို့ပြောလေ့ရှိကြ၏။ ဤသည်မှာ နားလည်လွယ်အောင် တစ်ခုနှင့် တစ်ခု ဆက်စပ်လျက် တစ်ခုမှ တစ်ခု ပေါ်ထွက်လာသော အမိန့်များကို ပေါင်းရုံး၍ တစ်ပြိုင်နက်တည်း ဖော်ပြခြင်းသာ ဖြစ်၏။ စင်စစ်၌ကား နပိုလီယန်သည် ရုရှားနိုင်ငံကြီးကို ချီတက်တိုက်ခိုက်ရန် တစ်ချက်တည်း အမိန့်ပေးနိုင်သည် မဟုတ်ချေ။ ထိုအတိုင်းလည်း အမိန့်မပေးခဲ့ချေ။ အစပထမ၌ နပိုလီယန်သည် ဗီယင်နာရွှေမြို့တော်၊ ဘာလင်ရွှေမြို့တော်၊ ပီတာစဘတ်ရွှေမြို့တော် စသည့် နေရာများသို့ စာချွန်များ ရာဇသံများ ပေးပို့ရန် အမိန့်ပေးရ၏။ ထို့နောက် ကြည်းတပ်၊ ရေတပ်၊ ထောက်ပံ့ရေးတပ် စသည့် တပ်အသီးသီးသို့ ထိုထို ဤကြသော ပြန်တမ်းများ၊ အမိန့်များ ထုတ်ပြန်ရ၏။ ဤသို့ သန်းပေါင်းများစွာသော အမိန့်များကို တစ်ခုပြီးတစ်ခု ထုတ်ပြန်ပြီးနောက်မှ အမိန့်စဉ်ကြီးတစ်ခု ဖြစ်လာကာ ထိုအမိန့်စဉ်ကြီးနှင့် အညီ ရုရှားနိုင်ငံကို ပြင်သစ်တို့ ဝင်ရောက် တိုက်ခိုက်ခြင်း တည်းဟူသော ဖြစ်စဉ်ကြီးတစ်ခု ဖြစ်လာခဲ့ခြင်း ဖြစ်လေသည်။

နပိုလီယန်သည် ဘုန်းမီးနေလ တောက်ပခဲ့စဉ်က အင်္ဂလန်ကျွန်းကို ဝင်ရောက် တိုက်ခိုက်ရန်အတွက် ထူးကဲသော လုံ့လဖြင့် ထူးကဲသော ပြင်ဆင်မှုများကို လုပ်ခဲ့၏။ အင်္ဂလန်ကျွန်းကို ဝင်ရောက်တိုက်ခိုက်ရေးနှင့် ပတ်သက်၍လည်း အမိန့်အမျိုးမျိုးကို ထုတ်ပြန်ခဲ့၏။ သို့ရာတွင် ၎င်း၏တစ်သက်၌ ထိုကြွရွယ်ချက်ကို အကောင်အထည် ဖော်ရန် တစ်ကြိမ်မျှ ကြိုးစားခြင်း မရှိခဲ့ချေ။ နောက်ဆုံး၌ ၎င်းကြွရွယ်သည့် အင်္ဂလန်ကျွန်းကို မတိုက်ဘဲ ၎င်းကြွရွယ်ခြင်းမရှိသည့် ၎င်းကိုယ်တိုင် မဟာမိတ်ဖွဲ့လိုသည်ဟု ကမ်းလှမ်းထားသည့် (ဤကမ်းလှမ်းချက်ကို မကြာခဏ ထုတ်ဖော်ပြောဆိုလေ့ ရှိပါသည်။) ရုရှားနိုင်ငံကို ဝင်ရောက် တိုက်ခိုက်ခဲ့လေသည်။ ဤသို့ အင်္ဂလန်ကျွန်းကို ကြွရွယ်ထားသည့်အတိုင်း မတိုက်နိုင်ခဲ့ခြင်းမှာ အခြားကြောင့် မဟုတ်။ ၎င်း၏ အမိန့်များသည် အဖြစ်အပျက်များ၏ ဖြစ်ပေါ်တိုးတက်မှု လမ်းကြောင်းနှင့် ကိုက်ညီခြင်း မရှိသောကြောင့် ဖြစ်လေသည်။ ကြွရွယ်ခြင်းမရှိသည့် ရုရှားနိုင်ငံကို ဝင်ရောက်တိုက်ခိုက်နိုင်ခဲ့ခြင်းမှာ ၎င်း၏အမိန့်များသည် အဖြစ်အပျက်များ၏ ဖြစ်ပေါ်တိုးတက်မှု လမ်းကြောင်းနှင့် ကိုက်ညီခြင်းကြောင့် ဖြစ်လေသည်။

အမိန့်တစ်ရပ်ကို လက်တွေ့ အကောင်အထည် ပေါ်စေလိုလျှင် လက်တွေ့အကောင်အထည် ဖော်နိုင်သော အမိန့်မျိုးသည် လက်တွေ့ဆောင်ရွက်၍ရသော အမိန့်မျိုးဟုတ်မဟုတ်ကို ခွဲခြားသိရန်ကား မဖြစ်နိုင်ချေ။ လူသန်းပေါင်းများစွာ ပါဝင်တိုက်ခိုက်သည့် နပိုလီယန်စစ်ပွဲကဲ့သို့သော အဖြစ်အပျက်မျိုးကို မဆိုထားနှင့်၊ အလွယ်ကူဆုံးသော သာမန် အဖြစ်အပျက်ကလေးတစ်ခု၌ပင် အမိန့်တစ်ခုသည် လက်တွေ့ဆောင်ရွက်၍ ရသည်၊ မရသည်ကို ခွဲခြား၍ မရနိုင်ချေ။ သန်းပေါင်းများစွာသော အတားအဆီး အခက်အခဲများသည် ပေါ်ပေါက်လာကြမြဲ ဖြစ်လေသည်။ လက်တွေ့ အကောင်အထည်ဖြစ်ခဲ့သော အမိန့်တိုင်းသည် လက်တွေ့အကောင်အထည် ဖြစ်မလာခဲ့သော များပြားလှစွာသော အမိန့်များအနက်မှ တစ်ခုသာ ဖြစ်လေသည်။ မဖြစ်နိုင်သော အမိန့်များသည် အဖြစ်အပျက်များ၏ ဖြစ်ပေါ်တိုးတက်မှုလမ်းကြောင်းနှင့် ကိုက်ညီခြင်း မရှိသောကြောင့် အကောင်အထည် မဖြစ်ဘဲ တိမ်မြုပ် ပျောက်ကွယ်သွားခဲ့ကြ၏။ အမိန့်စဉ်ကြီး တစ်ခုလုံးနှင့် ဆက်စပ်လျက် ရှိသော ဖြစ်နိုင်သည့် အမိန့်များသာလျှင် အဖြစ်အပျက်များ၏ ဖြစ်ပေါ်တိုးတက်မှုလမ်းကြောင်းနှင့် ကိုက်ညီခြင်းကြောင့် အကောင်အထည် ဖြစ်လာခဲ့ကြလေသည်။

အကြင် အကြောင်းတရားတစ်ခုကြောင့် ထိုအကျိုးတရားတစ်ခုသည် ပေါ်ပေါက်လာရသည်ဟု ကျွန်ုပ်တို့ လွဲမှားစွာ ယူဆလေ့ရှိကြ၏။ စင်စစ်၌ကား ထိုသို့မဟုတ်ချေ။ အကျိုးတစ်ခု ပေါ်လာရန်အတွက် အကြောင်းများစွာ ရှိပေသည်။ အလားတူပင် အကြင်သို့သော အမိန့်တစ်ခုကြောင့် ထိုသို့သော အဖြစ်အပျက်တစ်ခုသည် ပေါ်ပေါက်လာရသည်ဟု လွဲမှားစွာ ယူဆလေ့ရှိကြလေသည်။ ဤသို့ယူဆကြခြင်းမှာ အခြားကြောင့် မဟုတ်။ ကျွန်ုပ်တို့သည် ထိုအဖြစ်အပျက်နှင့်အညီ အကောင်အထည် ပေါ်လာခဲ့သော အမိန့်လောက်ကိုသာမြင်၍ အဖြစ်အပျက်နှင့် မကိုက်ညီသဖြင့် အကောင်အထည်မဖြစ်လာသော အမိန့်များကို

www.burmeseclassic.com

www.burmeseclassic.com

သတိမထားမိသောကြောင့် ဖြစ်လေသည်။ ထိုမျှမက ရာဇဝင်ကျမ်းများ၌ အရေအတွက် များပြားလှစွာသော အမျိုးမျိုးသော အဖြစ်အပျက်စဉ်များ (ဥပမာ ပြင်သစ်တို့အား ရုရှားနိုင်ငံကို ဝင်ရောက် တိုက်ခိုက်စေအောင် စေ့ဆော်ခဲ့သော အဖြစ်အပျက်စဉ်များ)ကို အဖြစ်အပျက်ကြီး တစ်ခုအဖြစ် ယေဘုယျအား ခြုံ၍ ဖော်ပြတတ်လေရာ ထိုအခါ၌ များပြားလှစွာသောအမိန့်များကိုလည်း တစ်ခုတည်းသော အမိန့်တစ်ရပ်ကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ လွဲမှားစွာယူဆနေကြခြင်း ဖြစ်လေသည်။

နပိုလီယန်သည် ရုရှားနိုင်ငံကို ဝင်ရောက်တိုက်ခိုက်လိုသော ဆန္ဒရှိသောကြောင့် ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ ပြောဆိုလေ့ရှိကြ၏။ စင်စစ်၌ကား နပိုလီယန်၏ ဆောင်ရွက်ချက်များအား လုံး၌ ရုရှားနိုင်ငံကို တိုက်လိုသော ရည်ရွယ်ချက်မျိုး တစ်စုံတစ်ရာကိုမျှ မတွေ့ရချေ။ နပိုလီယန်၏ အမိန့်များသည် ထိုရည်ရွယ်ချက်နှင့် တခြားစီသာ ဖြစ်လေသည်။ ရုရှားနိုင်ငံကို နပိုလီယန် ဝင်ရောက်တိုက်ခိုက်သည့် အဖြစ်အပျက်သည် လက်တွေ့လုပ်ဆောင်ခြင်းမရှိသော နပိုလီယန်၏ အမိန့်များစွာအနက်မှ အကောင်အထည် ဖြစ်လာသော အမိန့်တစ်ခုသာ ဖြစ်လေသည်။ ဤအမိန့် အကောင်အထည်ပေါ်လာခြင်းမှာလည်း ၎င်းသည် အခြားသောအမိန့်များထက် ထူးခြားခြင်းကြောင့် မဟုတ်။ ဖြစ်ပေါ်လာသော အဖြစ်အပျက်များနှင့် တိုက်ဆိုက်နေခြင်းကြောင့်သာ ဖြစ်လေသည်။ ပမာဆိုရသော် စာလုံးများ ထွင်းထားသော သံပြားတစ်ချပ်ဖြင့် စာတန်းရေးရာ၌ စာလုံးများ လှပနေခြင်းမှာ ရေးသူ၏ ကျွမ်းကျင်မှုကြောင့် မဟုတ်ဘဲ သံပြားတွင် ထွင်းထားသောစာလုံးများ ကိုယ်နှိုက်က လှပလျက် ရှိခြင်းကြောင့် ဖြစ်သကဲ့သို့တည်း။

သို့ဖြစ်ရကား အမိန့်များနှင့် အဖြစ်အပျက်များ၏ အချိန်ကာလအားဖြင့် ဆက်သွယ်မှုကို လေ့လာကြည့်သော အခါတွင် အဖြစ်အပျက်တစ်ခုသည် အမိန့်တစ်ရပ်ကြောင့် ပေါ်ပေါက်လာခြင်း မဟုတ်ကြောင်း၊ ထိုအဖြစ်အပျက်နှင့် ထိုအမိန့်ကြား၌ တစ်စုံတစ်ခုသော ဆက်သွယ်မှုမျိုး ရှိကြောင်းကို ကျွန်ုပ်တို့ တွေ့ရပေသည်။

သို့ဖြစ်လျှင် ထိုတစ်စုံတစ်ခုသော ဆက်သွယ်မှုသည် မည်သို့သော ဆက်သွယ်မှုမျိုး ဖြစ်သနည်း။ ထိုအချက်ကို နားလည်ရန်အတွက် အမိန့်ဟူသည် ဘုရားသခင်ထံမှ ဆင်းသက်လာခြင်း မဟုတ်၊ လူပုဂ္ဂိုလ်တစ်ဦးထံမှ ဆင်းသက်လာခြင်းဖြစ်သည်။ ထိုအမိန့်ကို ပေးသူ လူပုဂ္ဂိုလ်သည်လည်း အဖြစ်အပျက်ထဲတွင် ကိုယ်တိုင် ကိုယ်ကျ ပါဝင် လှုပ်ရှားနေရသည်ဟူသော အချက်ကို စဉ်းစားရန် လိုအပ်လာပေသည်။

အမိန့်ပေးသူက အမိန့်ပေးခြင်း ခံရသူတို့အား ဆက်ဆံပုံမျိုးကို အာဏာဟု ခေါ်ဆိုကြ၏။ အမိန့်ပေးသူက အမိန့်ပေးခံရသူများကို ဆက်ဆံပုံမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

တစ်စုံတစ်ခုသော တူညီသည့် အလုပ်တစ်ခုကို ပြုလုပ်ရန်အတွက် လူများသည် အချင်းချင်း အစုကလေးများ စု၍ စုစည်းကြ၏။ ထိုအလုပ်ကို ပြုလုပ်ရာ၌ လူအသီးသီးတွင် ရည်ရွယ်ချက်အမျိုးမျိုး ရှိကြလိမ့်မည်။ သို့ရာတွင် ထိုအလုပ်ကို ဝိုင်းဝန်းပြုလုပ်လျက်ရှိသော လူများ၏ ဆက်ဆံရေးမှာ အားလုံးအတူတူပင် ဖြစ်၏။

ဤသို့ အစုကလေးများဖွဲ့လျက် ဝိုင်းဝန်းစုပေါင်း လုပ်ကြသောအခါ၌ အစုကြီးမှာ လူများက ၎င်းတို့သည် တိုက်ရိုက်ပါဝင်ဆောင်ရွက်သည်ဟု ထင်ကြ၍ အစုသေးကလေးများမှာ သွယ်ဝိုက်၍ ပါဝင် ဆောင်ရွက်ကြသည်ဟု ထင်တတ်ကြသည်။

ဤသို့ အစုများဖွဲ့၍ အလုပ်တစ်ခုကို ပြုလုပ်သည့် စုစည်းမှုမျိုးအနက် စစ်တပ်တစ်တပ်၏ သာဓကသည် ထင်ရှားသောသာဓက ဖြစ်လေသည်။

စစ်တပ်တစ်တပ်၌ တပ်သားများပါဝင်၏။ ၎င်းတို့၏ အရေအတွက်သည် အများဆုံးဖြစ်၏။ ထို့နောက် အကြပ်၊ အရာခံဗိုလ် စသည့် ရာထူးအဆင့်မြင့်သော ပုဂ္ဂိုလ်များ ပါဝင်၏။ ၎င်းတို့အရေအတွက်သည် ပို၍ နည်း၏။ သို့ဖြင့် နောက်ဆုံး၌ အမြင့်ဆုံးသော စစ်ဦးချုပ် ပါဝင်၏။ ၎င်း၏ အရေအတွက်မှာ တစ်ယောက်တည်းသာ ဖြစ်လေသည်။

စစ်အဖွဲ့အစည်းတစ်ရပ်သည် ကတော့်တစ်ခု မှောက်ထားသည့်နှင့် တူပေသည်။ ကတော့်အောက်ခြေသည် အချင်းအားဖြင့် အကျယ်ဆုံး ဖြစ်၏။ ထိုအောက်ခြေ၌ တပ်သားများ ပါဝင်၏။ ကတော့်၏ နောက်တစ်ရစ်

www.burmeseclassic.com

www.burmeseclassic.com

တွင် တပ်သားထက် အဆင့်မြင့်သော တစ်ကြပ်၊ စစ်ဗိုလ်များ ပါဝင်၏။ နောက်ဆုံး ကတော့ထိပ်၌ကား စစ်သေနာပတိချုပ် ရှိလေသည်။

သို့ဖြစ်ရကား အရေအတွက် အများဆုံးဖြစ်သော တပ်သားများသည် ကတော့ကြီး၏ အောက်ခြေအဖြစ် တည်ရှိကြ၏။ တပ်သားများသည် သတ်ဖြတ်ခြင်း၊ ထိုးခုတ်ပစ်ခတ်ခြင်း၊ မီးရှို့ခြင်း၊ လုယက်ခြင်း စသည့် အမှုများကို ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ကြရ၏။ ထိုသို့ ပြုလုပ်ရန် အတွက် အထက်ပုဂ္ဂိုလ်များ၏ အမိန့်ကို အမြဲ နာခံရ၏။ ၎င်းတို့ကိုယ်တိုင်မှာမူ မည်သည့်အခါမျှ အမိန့်မပေးချေ။ (၎င်းတို့ထက် အရေအတွက်နည်းသော) အရာခံဗိုလ်များမှာ အဆိုပါအမှုများကို စစ်သားများလောက် ကြိမ်ဖန်များစွာ မပြုရတော့ချေ။ သို့ရာတွင် အမိန့်ပေးနိုင်သော အခွင့်ကို ရရှိလာခဲ့ကြပေပြီ။ စစ်ဗိုလ်များမှာမူ ထို့ထက်ပင် အလုပ်နည်းသေး၏။ အမိန့်ပေးရသည့်အကြိမ်မှာလည်း ပိုလာခဲ့လေပြီ။ စစ်ဗိုလ်ချုပ်များကား အမိန့်ပေးခြင်း၊ စစ်ပွဲ၏ ရည်ရွယ်ချက်ကို ညွှန်ဆိုခြင်းတို့မှအပ မည်သည့် အလုပ်ကိုမျှ မလုပ်ကြချေ။ လက်နက်ကိုပင် ကိုယ်တိုင် ကိုင်တွယ်ခြင်း မပြုတော့ချေ။ စစ်သေနာပတိချုပ်မှာမူကား ဆိုဖွယ် မရှိတော့ပြီ။ စစ်တပ်များ ပြောင်းရွှေ့ခြင်းနှင့် ပတ်သက်၍ ယေဘုယျ အမိန့်ပေးခြင်းမှအပ မည်သည့် အခါမှ တိုက်ပွဲတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခြင်း မပြုတော့ချေ။ အခြား မည်သည့်အလုပ်ကိုမျှလည်း မရှိတော့ချေ။ အလားတူပင် (လယ်ယာ စိုက်ပျိုးရေး၊ ကူးသန်းရောင်းဝယ်ရေး၊ အုပ်ချုပ်ရေး စသည့်) တူညီသော လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့တိုင်း၌ အလားတူ ဆက်ဆံရေးပုံစံမျိုးကို တွေ့မြင်ရသည်သာ ဖြစ်၏။

ဤသို့ဖြင့် ကတော့ကြီးတစ်ခု၏ အရစ်များသဖွယ် တည်ရှိနေသော စစ်တပ်ကြီး တစ်တပ်၏ အဆင့်တိုင်း အုပ်ချုပ်ရေး အဖွဲ့တစ်ခု၏ အဆင့်တိုင်း အများပြည်သူ လုပ်ငန်းနှင့် ဆိုင်သော အဖွဲ့ကြီးတစ်ခု၏ အဆင့်တိုင်းကို အနိမ့်ဆုံးမှသည် အမြင့်ဆုံးအထိ အထူးအထွေ လေ့လာခြင်းမပြုဘဲ တစ်ဆင့်လောက်ကို လေ့လာရုံမျှနှင့်ပင် ထိုကတော့ကြီး၏ ဖွဲ့စည်းမှု ဥပဒေတရားများကို ကျွန်ုပ်တို့ နားလည်နိုင်ပေသည်။ ဤသို့ဖြင့် အလုပ်တစ်ခုကို လူအများ ဝိုင်းဝန်း လုပ်ဆောင်ကြရာ၌ ၎င်းတို့သည် အလုပ်တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်သည်နှင့် အမျှ အမိန့်ပေးနိုင်သော အခွင့်အရေးများလည်း နည်းပါးလာကြသည်။ အရေအတွက်လည်း များပြားလာကြသည်။ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခြင်းမပြုသည်နှင့်အမျှ အမိန့်ပေးနိုင်သော အခွင့်အရေးလည်း များပြားလာကြကာ အရေအတွက် နည်းပါးလာကြသည်။ အဖွဲ့အစည်းတစ်ခု၌ ပါဝင်လုပ်ဆောင်သူများသည် ဤနိယာမတရားအရ တစ်ဦးကိုတစ်ဦး ဆက်သွယ်လျက်ရှိကြလေသည်။ ဤနည်းဖြင့် အောက်ခြေမှ ထိပ်ဆုံးသို့ တဖြည်းဖြည်း တက်လာခဲ့ပြီးနောက် အမိန့်ပေးနိုင်သောအခွင့်အရေး ဟူသမျှသည် လုပ်ငန်းတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခြင်းမရှိသည့် ပုဂ္ဂိုလ်တစ်ဦးလက်ထဲတွင် စုပြုံ ရောက်ရှိနေကြသည်။

အမိန့်ပေးသော ထိပ်ဆုံးမှလူနှင့် အမိန့်ပေးခြင်းခံရသော အောက်ဆုံးမှ လူများ၏ ဤသို့ဆက်သွယ်တည်ရှိနေပုံသည် အာဏာဟု ခေါ်ဝေါ်သမုတ်လျက်ရှိသော စကား၏ အနှစ်သာရပင် ဖြစ်လေသည်။

အဖြစ်အပျက်တို့ မည်သည့် အချိန်ကာလတစ်ခု၏ အတွင်း၌ ဖြစ်ပျက်ကြရခြင်း ဖြစ်၏။ ထို့ကြောင့် အချိန်ကာလတည်းဟူသော စည်းကမ်းချက်ဖြင့် ကြည့်သော် အမိန့်တစ်ရပ်သည် ၎င်းနှင့် ဆီလျော်ညီညွတ်သော အဖြစ်အပျက်များ ရှိမှသာလျှင် လက်တွေ့ အကောင်အထည် ဖော်၍ ရကြောင်းကို ကျွန်ုပ်တို့ တွေ့ရလေသည်။ အမိန့်ပေးသူနှင့် အမိန့်ပေးခံရသူတို့၏ ဆက်ဆံရေးတည်းဟူသော စည်းကမ်းချက်ဖြင့်ကြည့်သော် အမိန့်ပေးသူသည် လုပ်ငန်းတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်ခြင်း မရှိသလောက် နည်း၍ ၎င်း၏အလုပ်သည် အမိန့်ပေးသော အလုပ်မျှသာဖြစ်ကြောင်း တွေ့ရလေသည်။

အခန်း ၇

အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာသောအခါ၌ လူများသည် ထိုအဖြစ်အပျက်နှင့် စပ်လျဉ်း၍ မိမိတို့ ထင်မြင်ချက်များ၊ ဆန္ဒများကို ထုတ်ဖော်ပြောဆိုလေ့ ရှိကြ၏။ အဖြစ်အပျက်တစ်ခုသည် လူပေါင်းများစွာ၏ စုပေါင်း

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်ချက်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ရာ ထိုအခါ၌ ထုတ်ဖော်ပြောဆိုခြင်း ပြုကြသော ဆန္ဒများ ထင်မြင်ချက်များအနက် တစ်ခုသည် ထိုအဖြစ်အပျက်နှင့် ကိုက်ညီနေတတ်၏။ သို့ကိုက်ညီသောအခါ၌ကား ထိုထင်မြင်ချက်၊ ထိုဆန္ဒသည် အဖြစ်အပျက်နှင့် ဆက်စပ်သွားကာ အဖြစ်အပျက်ကို ဖြစ်ပေါ်စေသော အမိန့်တစ်ရပ်သဖွယ် ဖြစ်လာလေတော့သည်။

လူတစ်စုသည် သစ်တုံးကြီးတစ်တုံးကို ဆွဲလျက်ရှိကြ၏။ ၎င်းတို့အားလုံးသည် ထိုသစ်တုံးကို မည်သို့မည်ပုံဆွဲသင့်သည်ဟူ၍လည်း အသီးသီး ထင်မြင်ချက်ပေးကြ၏။ သို့ဖြင့် သစ်တုံးကြီးကို ဆွဲသွားကြ၏။ ထိုသို့ဖြင့် ထိုသစ်တုံးကြီးကို ဆွဲသွားပုံမှာ ၎င်းတို့အထဲမှ လူတစ်ယောက်၏ ပြောဆိုချက်နှင့် ကိုက်ညီလျက်ရှိ၏။ ထိုအခိုက်၌ ထိုသူအမိန့်ပေးသူ ဖြစ်လာလေတော့သည်။ ဤကား အမိန့်နှင့် အာဏာတို့၏ မူလအကျဆုံးသော ပုံသဏ္ဌာန် ဖြစ်၏။ ခွန်တိုက်အား‌တိုက် ပြုလုပ်လျက်ရှိသူ တစ်ယောက်သည် ၎င်း၏အလုပ်ကို ကောင်းစွာ စဉ်းစားဝေဖန်ချိန်မရချေ။ ဤသို့ စုပေါင်းဆောင်ရွက်ခြင်းဖြင့် မည်သို့သော အကျိုးတရားထွက်ပေါ်လာလိမ့်မည်ဟူ၍လည်း စိမ်ခန့်ခွဲ၍၌ မရချေ။ သို့ရာတွင် စိမ်ခန့်ခွဲသူ၊ အမိန့်ပေးသူကား၊ ၎င်းတွင် ဝစီကံဖြင့် အလုပ်လုပ်နေရခြင်းကြောင့် ကာယကံအားဖြင့် အလုပ်လုပ်ချိန် နည်းသွားလိမ့်မည် ဖြစ်ပေသည်။

တစ်စုံတစ်ခုသော တူညီသည့် အလုပ်တစ်ခုကို အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူစုလူဝေးကြီး တစ်ခုခု၌ကား ဤသို့ အမိန့်ပေးခြင်း၊ စိမ်ခန့်ခွဲ ခြင်း စသည့် အမှုတို့ကို ဆောင်ရွက်နေရခြင်းကြောင့် ကာယကံအားဖြင့် ဝင်ရောက်ဆောင်ရွက်နိုင်ခြင်း မရှိသူတို့၏ တသီးတခြား ဖြစ်လျက်ရှိသော အဖြစ်ကို ပိုမိုထင်ရှားစွာ မြင်ရလေသည်။

လူတစ်ယောက်သည် တစ်ယောက်တည်း အလုပ်တစ်ခုကို ပြုလုပ်သည့်အခါ၌ ၎င်းပြုလုပ်ဆောင်ရွက်ပြီးစီးခဲ့သည့် အမှုကို ဝေဖန်၏။ ရှေ့လုပ်ဆောင်မည့်အမှုကို ကြိုတင်တွေးတော၏။ အလားတူပင် လူစုလူဝေးကြီးတစ်ခုသည်လည်း မိမိတို့ပြုလုပ်သည့် စုပေါင်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ စဉ်းစားခြင်း၊ ဝေဖန်ခြင်း၊ တွေးခေါ်မြော်မြင်ခြင်း စသည့်ကိစ္စများကို ဆောင်ရွက်ရန် လက်တွေ့ ပါဝင်ဆောင်ရွက်ခြင်း မရှိသူများအား နှင်းအပ်ထားကြလေသည်။

ကျွန်ုပ်တို့သိသော သို့မဟုတ် ကျွန်ုပ်တို့ မသိသော အကြောင်းအမျိုးမျိုးကြောင့် ပြင်သစ်များသည် အချင်းချင်း သတ်ဖြတ်ခဲ့ကြ၏။ (ပြင်သစ်တော်လှန်ရေးကို ဆိုလိုသည်။) ထိုအခါ၌ ထိုအဖြစ်အပျက်သည် ပြင်သစ်နိုင်ငံကြီး ဝင်ပြောစည်ပင်ရေး၊ လွတ်လပ်ရေးနှင့် တန်းတူညီမျှရေးတို့အတွက် ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်ဟူသော ယုံကြည်ချက်သည် ပြည်သူလူထု၏ စိတ်ထဲသို့ ထိုအဖြစ်အပျက်နှင့်အညီ ပေါ်ပေါက်ခဲ့ရ၏။ ဤသို့ဖြင့် ထိုအဖြစ်အပျက်သည် မှန်ကန်သည်ဟု လူများက လက်ခံခဲ့ကြလေသည်။ ထို့နောက် ပြင်သစ်ပြည် လူသတ်ပွဲကြီးသည် ရပ်စဲသွားခဲ့၏။ (နပိုလီယန် အာဏာထူထောင်ခြင်းကို ဆိုလိုသည်။) ထိုအခါ၌ ထိုအဖြစ်အပျက်သည် ပြင်သစ်နိုင်ငံကြီး၏ အာဏာကို ပြန်လည် ထူထောင်ရေး၊ ဥရောပအနှံ့ ရာယ်များကို ခုခံကာကွယ်ရေးအတွက် လိုအပ်သည်သာ ဖြစ်သည်ဟု ပြည်သူလူထုများက ယူဆခဲ့ကြပြန်၏။ ဤသို့ဖြင့် ဤအဖြစ်အပျက်သည် ဖြစ်သင့်ဖြစ်ထိုက်သည်ဟု လူအများက လက်ခံခဲ့ကြပြန်၏။ တစ်ဖန် အနောက်မှ လူများသည် အရှေ့ဘက်သို့ ချီတက်လာကြကာ လူအချင်းချင်း သတ်ဖြတ်ကြပြန်၏။ (နပိုလီယန် စစ်ပွဲများကို ဆိုလိုသည်။) ထိုအခါ၌ ဤအဖြစ်အပျက်သည် ပြင်သစ်နိုင်ငံကြီး၏ ဘုန်းလက်ရုံးကြီးမားရေးနှင့် အင်္ဂလန်၏ မာန်စွယ်ကို ချိုးပစ်ရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်ပါပေသည်ဟု ဆိုလာကြပြန်လေသည်။ ဤသို့ဖြင့် ၎င်းတို့သည် ၎င်းတို့လုပ်သမျှ နည်းလမ်းမှန်ကန်ကြောင်း ပြရန် အကြောင်းအမျိုးမျိုးပြလျက် ရှိကြလေသည်။

ဤအကြောင်းပြချက်များအားလုံးသည် အဓိပ္ပာယ်မရှိရုံမျှမက ရှေ့နောက်ညီညွတ်ခြင်းမရှိကြောင်းကို ရာဇဝင်က ပြသခဲ့လေသည်။ လူ၏ လွတ်လပ်ရေး၊ တန်းတူညီမျှရေး စသည့် လူ့အခွင့်အရေးများ၊ လူ၏ ပိုင်ခွင့်များကို ထူထောင်ရန်အတွက် လူသတ်ရသလော။ အင်္ဂလန်ကို ဦးချိုးလိုသည့်အတွက် ရုရှားပြည်တွင်းသို့ ဝင်ရောက်တိုက်ခိုက်၍ လူသန်းပေါင်းများစွာကို သတ်ဖြတ်ခြင်း ပြုရသေလော။ ဘာဆိုင်သနည်း။ သို့ရာတွင် ဆိုင်သည်ဖြစ်စေ မဆိုင်သည်ဖြစ်စေ၊ အဓိပ္ပာယ်ရှိသည်ဖြစ်စေ မရှိ

www.burmeseclassic.com

www.burmeseclassic.com

သည်ဖြစ်စေ ထိုအကြောင်းပြချက်များကား သူ့ခေတ်နှင့် သူ အရေးကြီးသော အဓိကအကြောင်းပြချက်ကြီးများ ဖြစ်ခဲ့ကြလေသည်။

ဤအကြောင်းပြချက်သည် တာဝန်ရှိသူ ခေါင်းဆောင်တို့အား အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရအောင် ဆောင်ရွက်ပေးလိုက်သကဲ့သို့ ရှိပေသည်။ ဤအကြောင်းပြချက်များသည် ရထားလမ်းပေါ်မှ နှင်းခဲများကို ရှင်းလင်းရန်အတွက် မီးရထားခေါင်းတွဲရှေ့တွင် တပ်ဆင်ထားသော နှင်းခဲရှင်းသည့် တံမြက်စည်းနှင့် အလားသဏ္ဌာန်တူ၏။ ထိုအကြောင်းပြချက်များသည် တာဝန်ရှိသူ ခေါင်းဆောင်ပုဂ္ဂိုလ်များ၏ ကြီးပွားရေး လမ်းတစ်လျှောက်တွင် စုပြုံလျက်ရှိသော ၎င်းတို့၏ ပြစ်တင်ချက်များကို ရှင်းလင်းပေးလိုက်လေသည်။

ဤအကြောင်းပြချက်များသည် မရှိခဲ့လျှင်လည်း သန်းပေါင်းများစွာသောလူများသည် စစ်ပွဲများ၊ လူသတ်ပွဲများ စသည့် ရာဇဝတ်မှုကြီးများကို မည်သည့်အတွက်ကြောင့် စုပေါင်း ကျူးလွန်ခဲ့ရသနည်းဟူသော အရှင်းဆုံး အလွယ်ဆုံး မေးခွန်းကို ဖြေကြားနိုင်မည် မဟုတ်ချေ။

ဥရောပတိုက်၏ နိုင်ငံရေးနှင့် ဆက်ဆံရေး အခြေအနေသည် များစွာ ရှုပ်ထွေးလျက်ရှိ၏။ ထိုအခြေအနေ၌ ဧကရာဇ်များ၊ ဝန်ကြီးများ၊ လွှတ်တော်များ၊ သတင်းစာများ၏ အမိန့်ပေးခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း စသည်တို့ မရှိဘဲ မည်သည့်အဖြစ်အပျက်မျှ ပေါ်ပေါက်နိုင်မည် မဟုတ်ဟု ထင်မှတ်ကြမည်သာ ဖြစ်လေသည်။ ပေါ်ပေါက်လာသမျှသော အဖြစ်အပျက်များသည်လည်း နိုင်ငံရေးညီညွတ်မှု၊ အမျိုးသားစည်းလုံးရေး၊ အာဏာ ချိန်ခွင်ညှာကို အညီညီရေး၊ ယဉ်ကျေးမှုတိုးတက်ရေး စသည်တို့ကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်သည်ဟု အကြောင်းပြမည်သာ ဖြစ်ပေသည်။

စင်စစ်၌ကား ဤသို့မဟုတ်ချေ။ အဖြစ်အပျက်များသည် မလွဲမရှောင်သာသော အကြောင်းတရားများကြောင့် ပေါ်ပေါက်လာခြင်းသာ ဖြစ်လေသည်။ ထိုအခါ၌ ထိုအဖြစ်အပျက်များသည် တစ်စုံတစ်ယောက်က ထုတ်ဖော်ပြောဆိုထားသော ဆန္ဒနှင့် ကိုက်ညီနေတတ်၏။ .အကြောင်းပြချက်များ ပေါ်ပေါက်လာ၏။ ထိုအခါ၌ ထိုအဖြစ်အပျက်သည် ထိုသူ၏ဆန္ဒအရ ဖြစ်ပေါ်လာသကဲ့သို့ ဖြစ်ရလေတော့သည်။ ထိုသူသည် အမိန့်ပေးသူသဖွယ် ဖြစ်လာရလေတော့သည်။ သင်္ဘောတစ်စင်းသည် ခုတ်မောင်းလျက်ရှိ၏။ သင်္ဘောဦးမှ လှိုင်းလုံးများသည် ဘေးတစ်ဖက်တစ်ချက်သို့ ဖြာထွက်လျက်ရှိ၏။ မည်သည့်ဒေသသို့ ရှေ့ရှုခုတ်မောင်းသည်ဖြစ်စေ သင်္ဘောဦးမှ ဖြာထွက်လျက်ရှိသော လှိုင်းလုံးများကို မြင်နေရမည်သာ ဖြစ်၏။ သင်္ဘောပေါ်တွင် စီးနင်းလိုက်ပါလာသူအဖို့၌ကား မိမိတို့က လှုပ်ရှားနေသည်ဟု ထင်ရသည်။

သို့ရာတွင် ထိုလှိုင်းလုံးများ၏ လှုပ်ရှားမှုကို သေသေချာချာ ဂရုစိုက်ကြည့်ရှုပြီးနောက် လှိုင်းလုံးများ၏ လှုပ်ရှားမှုနှင့် သင်္ဘော၏ ရွေ့လျားမှုတို့ကို သတိပြု၍ကြည့်လိုက်မိသောအခါ၌ကား ထိုလှိုင်းလုံးတို့သည် သင်္ဘောဦး၏ ရွေ့လျားမှုကြောင့် လှုပ်ရှားနေခြင်းသာဖြစ်ကြောင်း၊ လှိုင်းလုံးများကသာ လှုပ်ရှားနေသည်ဟု ထင်ရခြင်းမှာ မိမိတို့ကိုယ်တိုင် လှုပ်ရှားလျက်ရှိခြင်းကို မသိသောကြောင့်ဖြစ်ကြောင်းကို သိမြင်လာလိမ့်မည် ဖြစ်ပေသည်။

သင်္ဘောသည် အရပ်တစ်ခုတည်းသို့ ဦးတည်ခုတ်မောင်းလျက်ရှိစဉ်၌ သင်္ဘောဦးတွင်ရှိသော လှိုင်းလုံးသည်လည်း ထိုလှိုင်းလုံးသာ ဖြစ်လေသည်။ သို့ရာတွင် သင်္ဘောဦးကို လှည့်လိုက်သည်နှင့် တစ်ပြိုင်နက် သင်္ဘောဦးမှ လှိုင်းလုံးသည်လည်း ပြောင်းသွားခဲ့လေသည်။ ယခင်လှိုင်းလုံး မဟုတ်တော့ပြီ။ သင်္ဘောဦး လှည့်လိုက်သည်နှင့် တစ်ပြိုင်နက် ၎င်း၏ရှေ့တွင် လှိုင်းလုံးသစ်များ ပေါ်လာကြလေပြီ။

သင်္ဘောသည် မည်သည့်ဒေသသို့ ရှေ့ရှု ခုတ်မောင်းသည်ဖြစ်စေ ရေလှိုင်းများသည် ရှေ့တွင် ဖြာထွက်မြဲသာ ဖြစ်ပေသည်။ ထိုရေလှိုင်းများသည် ၎င်းတို့ အလို အလျောက် ပေါ်ပေါက်လာသည်ဟု ထင်မှတ်ရုံမက သင်္ဘော၏ လှုပ်ရှားမှုကို ဖြစ်စေသည်ဟု ထင်မှတ်ရ၏။ စင်စစ်၌ကား သင်္ဘောဦးမှ ဖြာထွက်သော လှိုင်းတို့သည် သင်္ဘော၏ လှုပ်ရှားမှုကို ဦးဆောင်ခြင်းလည်း မပြုနိုင်။ သင်္ဘော၏ အရှိန်ကို လျှင်မြန်အောင်လည်း မတတ်နိုင်ချေ။ ၎င်းတို့သည်ပင်လျှင် သင်္ဘောကြောင့် ပေါ်ထွက်လာရခြင်းသာ ဖြစ်လေသည်။

ရာဇဝင်ဇာတ်ဆောင်များကို ကြည့်သည့်အခါ၌လည်း ဤအတိုင်း မြင်ရမည် ဖြစ်လေသည်။ အဖြစ်အပျက်

www.burmeseclassic.com

www.burmeseclassic.com

များ၊ ပြည်သူများသည် သင်္ဘောကြီးနှင့်တူ၍ ရာဇဝင်ဇာတ်ဆောင်များကား လှိုင်းလုံးများနှင့် တူပေသည်။ ၎င်းတို့သည် ပြည်သူလူထု၏ ရှေ့တွင် ရောက်နေသောကြောင့် ပြည်သူလူထုကို ရှေ့ဆောင်လျက်ရှိသည်ဟု ထင်မှတ်ရသော်လည်း၊ ၎င်းတို့သာလျှင် ပြည်သူလူထု၏ လှုပ်ရှားမှုကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်လေသည်။ ၎င်းတို့သည် ပြည်သူလှုပ်ရှားမှုကို ဦးဆောင်ခြင်းလည်း မပြုနိုင်။ ပြည်သူလူထု၏ လှုပ်ရှားမှုအရှိန်ကို လျင်မြန်အောင်လည်း မတတ်နိုင်ချေ။

ရာဇဝင်ဆရာများသည် အဖြစ်အပျက်များနှင့် ဆက်စပ်၍ ပေါ်ပေါက်လာသော ရာဇဝင်ကျော်၊ ပုဂ္ဂိုလ်ကျော်များ၏ **ဆန္ဒဖော်ပြချက်**များကို အမိန့်အဖြစ် ယူဆကြ၏။ **ထိုအမိန့်**များကြောင့် အဖြစ်အပျက်များ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟုလည်း ထင်မှတ်ကြလေသည်။ သို့ရာတွင် **အဖြစ်အပျက်**များနှင့်တကွ ရာဇဝင်ကျော် ပုဂ္ဂိုလ်များနှင့် ပြည်**သူလူထု**များ၏ ဆက်သွယ်မှုကို သေချာစွာလေ့လာကြည့်သောအခါ၌ကား အဖြစ်အပျက်များကြောင့်သာ ထိုပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ အမိန့်များ ပေါ်လာခြင်းဖြစ်ကြောင်း**ကို ကွဲနပ်**တို့ တွေ့ရလေသည်။ အမိန့်များမည်မျှ များပြားစွာ **ထုတ်ပြန်**စေကာမူ အဖြစ်အပျက်တစ်ခုသည် အခြား**သော အကြောင်း**များ မရှိခဲ့လျှင် မည်သည့်နည်းနှင့်မျှ **ပေါ်ပေါက်**နိုင်မည် မဟုတ်ချေ။ သို့ရာတွင် အဖြစ်**အပျက်တင်ခဲ့ ပေါ်ပေါက်**လာသည်နှင့် လူအမျိုးမျိုးက ထင်မြင်**ချက်အမျိုးမျိုး၊ ဆန္ဒ**အမျိုးမျိုးကို ထုတ်ဖော်လာကြကာ ၎င်း**တို့အနက်မှ ဆန္ဒ**တစ်ခုသည် ကာလအားဖြင့်လည်းကောင်း၊ **အဓိပ္ပာယ်**အားဖြင့်လည်းကောင်း ထိုအဖြစ်အပျက်နှင့် **ကိုက်ညီနေ**တတ်**ကာ** အမိန့်တစ်ရပ်သဖွယ် ဖြစ်လာတတ်**လေသည်။ ဤ**သည်ကိုထောက်လျှင် ခေါင်းဆောင်များ**၏ အမိန့်**ကြောင့် အဖြစ်အပျက်များကို အမှီပြု၍သာ **အမိန့်**များ **ပြဋ္ဌေါ်လာ**ခြင်းဖြစ်ကြောင်း သိသာနိုင်လေသည်။

ဤသို့ **နိဂုံးချုပ်နိုင်လျှင်** ရာဇဝင်၏ အဓိကမေးခွန်းကြီးနှစ်ရပ်ကို **ကွဲနပ်တို့ ရှင်းလင်း**ပြတ်သားစွာ ဖြေဆိုနိုင်လေသည်။

(၁) **အာဏာ**ဆိုသည်**မှာ** မည်သည့်အရာနည်း။

(၂) မည်သည့်**အင်အား**ငယ်**ကြောင့်** ပြည်သူလူထုများ၏ လှုပ်ရှားမှုများ ပေါ်ပေါက်လာရသနည်း။

(၁) အာဏာဟူသည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်နှင့် အခြားသောလူများ၏ ဆက်ဆံရေးကို ခေါ်ဆိုခြင်းဖြစ်သည်။ ထိုဆက်ဆံရေးအရ ထိုပုဂ္ဂိုလ်သည် လူအများ၌ စုပေါင်းလုပ်ရသော အလုပ်တစ်ခုတွင် ထင်မြင်ချက်များ၊ နိမိတ်ဖတ်ချက်များ၊ အကြောင်းပြချက်များကို များများပြောဆို၍ လက်တွေ့အလုပ်ကို နည်းနည်းလုပ်သည်။ ထိုဆက်ဆံရေးမျိုးကို အာဏာဟု ခေါ်သည်။

(၂) ပြည်သူလူထုများ၏ လှုပ်ရှားမှုများသည် အာဏာကြောင့် ပေါ်ပေါက်လာခြင်း မဟုတ်။ အသိဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကြောင့်လည်း မဟုတ်။ (ရာဇဝင်ဆရာတို့ ပြောသကဲ့သို့) အာဏာနှင့် အသိပညာ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်တို့ နှစ်ခုပေါင်းစပ် စေ့ဆော်ချက်ကြောင့် ပေါ်ပေါက်လာခြင်းလည်း မဟုတ်။ အဖြစ်အပျက်များတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်သော အားလုံးသော ပြည်သူလူထုများ၏ ဆောင်ရွက်ချက်ကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အများဆုံး ပါဝင်လုပ်ဆောင်သော်လည်း အနည်းဆုံး အခွင့်အရေးရှိသူများနှင့် အနည်းဆုံး လုပ်ဆောင်ရသော်လည်း အများဆုံးအခွင့်အရေးရသူ နှစ်မျိုးနှစ်စား၏ ပူးပေါင်းဆောင်ရွက်ချက်များကြောင့် ဖြစ်ပေါ်လာသည်။

အဖြစ်အပျက်များ ပေါ်ပေါက်လာပုံကို ကြည့်လျှင် သဘောတရားအားဖြင့် အာဏာလက်ကိုင် ရှိသူများ၏ စိတ်ပိုင်းဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ထင်ရ၏။ လက်တွေ့အားဖြင့်ကား အာဏာကို လိုက်နာသူတို့၏ ရုပ်ပိုင်းဆောင်ရွက်ချက်များကြောင့်ဟု ထင်မှတ်ရလေသည်။ သို့ရာတွင် ရုပ်ပိုင်းဆိုင်ရာ ဆောင်ရွက်ချက်မရှိဘဲ စိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်ချက် မရှိနိုင်ချေ။ ကမ္မပိုင်းဆိုင်ရာ ဆောင်ရွက်ချက်မရှိဘဲ ကတ္တားပိုင်းဆိုင်ရာ ဆောင်ရွက်ချက် မရှိနိုင်ချေ။ ထို့ကြောင့် အဖြစ်အပျက်တစ်ခုဖြစ်ပေါ်ခြင်းအကြောင်းရင်းသည် ကတ္တားပိုင်းဆိုင်ရာ တစ်ခုတည်းအပေါ်၌လည်း မတည်၊ ကမ္မပိုင်းဆိုင်ရာ ဆောင်ရွက်ချက်တစ်ခုတည်းအပေါ်၌လည်း မတည်ချေ။ ကတ္တားပိုင်းနှင့် ကမ္မပိုင်းဆိုင်ရာ ဆောင်ရွက်ချက်နှစ်ခုစလုံးအပေါ်တွင် တည်ပေသည်။

တစ်နည်းဆိုရသော် အကြောင်းတရားတစ်ခုသည်

www.burmeseclassic.com

www.burmeseclassic.com

လူပုဂ္ဂိုလ်တစ်ယောက် သို့မဟုတ် တစ်စုကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ချေ။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် အဆုံးမရှိ၊ အစမရှိသော သံသရာစက်ဝိုင်းသို့ ပြန်ရောက်ရမည်သာ ဖြစ်၏။ အပျင်းပြေ တွေးခေါ်စဉ်းစားခြင်း မဟုတ်လျှင် လူ၏ ဆင်ခြင်တုံတရားသည် ထိုနိဂုံးသို့ ဆိုက်ရောက်ရမည်သာ ဖြစ်လေသည်။ လျှပ်စစ်ဓာတ်သည် အပူကို ထုတ်၍ အပူသည် လျှပ်စစ်ဓာတ်ကိုထုတ်၏။ အနုမြူများသည် တစ်ခုနှင့် တစ်ခု ဆွဲငင်ခြင်းကိုပြုကြ၍ တွန်းလှန်ခြင်းကိုလည်း ပြုကြသည်သာ ဖြစ်ပေသည်။

လျှပ်စစ်ဓာတ်နှင့် အပူသည် မည်သည့်အတွက်ကြောင့် ဤသို့ အပြန်အလှန် ဆက်သွယ်နေကြသနည်း။ ဤသည်ကို ကျွန်ုပ်တို့ မပြောနိုင်ချေ။ ဤသို့ အပြန်အလှန် ဆက်သွယ်တည်ရှိနေခြင်းမှာ ထိုနည်းမှအပ တခြားနည်းဖြင့် မတည်ရှိနိုင်သောကြောင့် ဖြစ်သည်ဟုသာ ပြောနိုင်လေသည်။ ထိုအတိုင်း မတည်ဘဲ မဖြစ်သောကြောင့် ဖြစ်သည်ဟု ပြောနိုင်လေသည်။ ထိုသို့ တည်ရှိနေခြင်းသည်ပင် နိယာမတရားဖြစ်သည်ဟုသာ ပြောနိုင်လေသည်။ ရာဇဝင် အဖြစ်အပျက်များကို ကြည့်မြင်ရာ၌လည်း ထို အတူပင် ဖြစ်လေသည်။ စစ်ပွဲများနှင့် တော်လှန်ရေးများ မည်သည့်အတွက်ကြောင့် ဖြစ်ပွားလာခဲ့သနည်း။ ဤသည်ကို ကျွန်ုပ်တို့ မသိချေ။ ကျွန်ုပ်တို့သိသည်မှာ ဆောင်ရွက်ချက်တစ်ခု ဖြစ်ပေါ်ရေးအတွက် လူများသည် တစ်စုံတစ်ခုသော အစုအဝေးတစ်ခု၌ အတူတကွ ပါဝင်ဆောင်ရွက်ကြရသည်ဆိုသည့်အချက်သာ ဖြစ်လေသည်။ ဤသို့ဖြစ်ခြင်းမှာလည်း ထိုနည်းမှလွဲ၍ အခြားနည်းဖြင့် မဖြစ်နိုင်သောကြောင့် ဖြစ်သည်။ တစ်နည်းဆိုရသော် ထိုသို့ ဖြစ်ရခြင်းသည်ပင်လျှင် နိယာမတရားဖြစ်သည်ဟုသာ ပြောနိုင်ပေသည်။

အခန်း ၈

ရာဇဝင်သည် ဩကာသလောကကြီးနှင့် သက်ဆိုင်သည်ဆိုလျှင် ဤအဖြစ်အပျက်၊ ထိုအဖြစ်အပျက်များ ဖြစ်ပျက်ရခြင်းသည် နိယာမတရားကြောင့် ဖြစ်သည်ဟု ပြောရုံဖြင့် ကိစ္စပြီးနိုင်၏။ နောက်ထပ် အကျယ်ဆွေးနွေးဖွယ် မရှိတော့ချေ။ သို့ရာတွင် ရာဇဝင်သည် ဩကာသလောကကြီးနှင့် မဆိုင်ချေ။ သတ္တလောကကြီးနှင့် ဆိုင်ပေသည်။ လူ့လောကကြီးနှင့် သက်ဆိုင်ပေသည်။ ဩကာသလောကကြီးသည် သက်မဲ့တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၏။ ထို့ကြောင့် အနုမြူများ၏ ဆွဲငင်ခြင်းနိယာမ၊ သို့မဟုတ် တွန်းကန်ခြင်း နိယာမကို မမှန်ဟု ရုပ်ဝတ္ထုတစ်ခု၏ ပရမာနုမြူကလေးတစ်ခုက ထ၍ ငြင်းခုံနိုင်သည် မဟုတ်ချေ။ သို့ရာတွင် သတ္တလောကကြီး၊ လူ့လောကကြီးကား သက်ရှိများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၏။ လူများဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်၏။ ထို့ကြောင့် လူကမူ နိယာမတရားဆိုတိုင်း လက်ခံလိမ့်မည် မဟုတ်ချေ။ "သင်တို့က ကျွန်ုပ်အား နိယာမတရား၏ လက်အောက်ခံဟု ပြောကြ၏။ သင်တို့စကား မမှန်ချေ။ ကျွန်ုပ်သည် လွတ်လပ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် နိယာမတရား၏ လက်အောက်ခံ မဟုတ်" ဟု လူက ငြင်းဆိုပေသည်။

လူသည် လွတ်လပ်သလော။ နိယာမတရား၏ လက်အောက်ခံလော။ လူ၏စိတ် လွတ်လပ်သလော။ နိယာမတရား၏ ဩဇာခံလော။ ဤပြဿနာသည် ရာဇဝင်၏ အဆင့်တိုင်းတွင် ကြုံတွေ့နေရသည့် ပြဿနာဖြစ်၏။

လေးနက်စွာ စဉ်းစားတွေးခေါ်တတ်သော ရာဇဝင်ဆရာများသည် အဆိုပါ ပြဿနာကို မလွဲမရှောင်သာ ကြုံတွေ့ခဲ့ကြရ၏။ ရာဇဝင်အုပေါက် ဖြစ်နေရခြင်းမှာ ထိုပြဿနာများကို မဖြေရှင်းနိုင်သောကြောင့် ဖြစ်လေသည်။ ရာဇဝင်သိပ္ပံပညာက လမ်းမှားကို လိုက်ခဲ့ခြင်းမှာလည်း ထိုပြဿနာကို မဖြေရှင်းနိုင်သောကြောင့် ဖြစ်လေသည်။

အကယ်၍ လူ၏စိတ်သည် လွတ်လပ်သည်ဟုဆိုလျှင် (၀၁) လူသည် မိမိကြုံကြိုက်သည့်အရာကို လုပ်နိုင်သည်ဆိုလျှင် ရာဇဝင်ကြီးတစ်ခုလုံးသည် အဆက်အစပ်မရှိသော အဖြစ်အပျက်များကို စုစည်းထားသော အစုအဝေးကြီးတစ်ခုသာ ဖြစ်နေလိမ့်မည် ဖြစ်လေသည်။

လူသည် လွတ်လပ်စွာ လုပ်ဆောင်နိုင်သည်ဆိုလျှင် (၀၁) မိမိသဘောကျ လုပ်ဆောင်နိုင်သည်ဆိုလျှင် (နှစ်ပေါင်းတစ်ထောင်၊ တစ်သန်းအတွင်း ဤသို့လုပ်နိုင်သူ တစ်ယောက်မျှသာ ပေါ်ခဲ့သည်ပင် ထားပါဦး။) လူ့လောကကြီးကို နိယာမတရားများက စိုးမိုးနေသည်ဟူသော

www.burmeseclassic.com

www.burmeseclassic.com

စကားသည် မှန်နိုင်တော့မည် မဟုတ်ချေ။

တစ်ဖန်လောကၠ၌ လူ၏အပြုအမူ၊ လူ၏ အလုပ်တို့ကို နိယာမတရားများက (တစ်ခုကမျှပင် ဖြစ်စေ) စိုးမိုးနေသည်ဆိုလျှင်လည်း လူ၌ လွတ်လပ်သော်စိတ်ဆန္ဒဟူ၍ ရှိနိုင်တော့မည် မဟုတ်ခဲ့ချေ။

ဤသည်တို့ကား လူ၌ လွတ်လပ်သော စိတ်ဆန္ဒရှိ မရှိ ဟူသော ပြဿနာနှင့် ပတ်သက်၍ စဉ်းစားဖွယ် အချက်များ ဖြစ်၏။ ထိုအချက်များသည် ကမ္ဘာဦးကတည်းက ပေါ်ပေါက်လာခဲ့ကြခြင်း ဖြစ်၏။ အထက်မြက်ဆုံးသော ပညာရှင်တို့ ကမ္ဘာဦးကတည်းက ရှာဖွေစစ်ဆေးခဲ့ကြသော အချက်အလက်များ ဖြစ်၏။

ဘာသာရေး၊ ရာဇဝင်၊ လူကျင့်ဝတ္တရား၊ အဘိဓမ္မာစသည့် ရှုထောင့်များမှ ကြည့်လျှင် လူသည် (အခြင်းအရာများအားလုံးကဲ့သို့ပင်) 'လိုအပ်ခြင်း နိယာမတရား'၏ လက်အောက်ခံ ဖြစ်ကြောင်းကို တွေ့ရ၏။ သို့ရာတွင် ကျွန်ုပ်တို့ အတွင်းစိတ်၊ ကျွန်ုပ်တို့၏ 'သိစိတ်'အရ လေ့လာသော် လူသည် လွတ်လပ်သည်ဟု ထင်ရ၏။ သို့ဖြစ်လျှင် မည်သည့်အချက်က မှန်သနည်း။ ဤသည်မှာ လွတ်လပ်သော ဝိတ်မရှိ ဟူသော ပြဿနာ၏ အနှစ်သာရ ဖြစ်၏။

ငါဟု သိခြင်း၊ အတ္တကို သိခြင်း၊ ဝိညာဉ်ကို သိခြင်းသည်ထို 'သိဒိတ်'ကြောင့် သိခြင်းဖြစ်၏။ 'သိစိတ်'သည် ဆင်ခြင်တုံတရား၏ လက်အောက်ခံ မဟုတ်ချေ။ သူသည် ဆင်ခြင်တုံတရား၏ မိမိကိုယ်ကို မိမိ စူးစမ်းခြင်း ပြုသည် မှန်သော်လည်း 'သိဒိတ်'ဖြင့်သာ အတ္တကို သိခြင်း ဖြစ်လေသည်။ ဝိညာဉ်ကို သိခြင်း ဖြစ်လေသည်။

အတ္တကိုသိသော 'သိဒိတ်' မရှိတော့သည်နှင့် တစ်ပြိုင်နက် ဆင်ခြင်တုံတရားဟူ၍လည်း ရှိနိုင်တော့မည် မဟုတ်ချေ။

လူသည် **မိမိကိုယ်ကို မိမိ** အသက်ရှင်လျက်ရှိကြောင်းကို သိရမည်။ **သို့မှသာ** နားလည်နိုင်သော တန်ခိုးသတ္တိ ရှိမည်**ဖြင့်၏**။ **ဒုးဇမ်းနိုင်**သော တန်ခိုးသတ္တိ ရှိမည် ဖြစ်၏။ **သို့ဖြစ်လျှင်** လူသည် မိမိကိုယ်ကို မိမိ ဝိညာဏက သက်ရှိသတ္တဝါတင်ဦးဖြစ်ကြောင်းကို မည်သည့်အခါ၌ သိသနည်း။ **ဒိတ်ဆန္ဒကို ဖြင်ပေါ်**စေနိုင်သော တန်ခိုးသတ္တိ၊ (ဝါ) ငါဟု **သိသောအသိ**၊ (ဝါ) အတ္တကို သိသောအသိ ရှိသည့်အခါ၌ မိမိကိုယ်ကိုမိမိ ဝိညာဏက သတ္တဝါတစ်ဦး ဖြစ်ကြောင်း သိလာ၏။ သို့ဖြစ်လျှင် စိတ်ဆန္ဒသည် မည်သို့ဖြစ်ပေါ်လာသနည်း စိတ်ဆန္ဒသည် မည်သည့်အရာကိုမျှ မှီခြင်း၊ တည်ခြင်းမရှိ။ မည်သည့်အရာနှင့်မျှ ဆက်သွယ်ခြင်း မရှိ။ လွတ်လပ်စွာ တည်ရှိနေသော အရာ ဖြစ်သည်ဟု လူက ယူဆ၏။

လူတစ်ယောက်သည် မိမိကိုယ်ကို မိမိ ပြန်၍ စူးစမ်းဆင်ခြင်၏။ မည်သည့်အတွက်ကြောင့် အစာစားရန်၊ ဦးနှောက်ကို အသုံးပြုရန်၊ အိပ်စက်နားနေရန် လိုအပ်သနည်း စသည်ဖြင့် စစ်ဆေး၏။ ထိုအခါ၌ ၎င်း၏ စိတ်ဆန္ဒကို နိယာမတရားတစ်ခုက အခါခပ်သိမ်း ရှေ့ဆောင်ညွှန်ကြားလျက်ရှိခြင်းကို တွေ့ရ၏။ ဤတွင် ၎င်း၏စိတ်ကို အခါခပ်သိမ်း ရှေ့ဆောင်ညွှန်ကြားလျက်ရှိသောအရာသည် ၎င်း၏စိတ်ဆန္ဒကို ချုပ်နှောင်ထားသည့် အရာဟု မြင်၏။ လောကၠ၌ လွတ်လပ်ခြင်းမရှိဘဲ ချုပ်နှောင်ခြင်း မရှိနိုင်။ ယခု ၎င်း၏စိတ်ကို ချုပ်နှောင်ထားသော အရာဟူ၍ ရှိသည်။ ထို့ကြောင့် ၎င်း၏စိတ်သည် လွတ်လပ်မှုရှိခြင်းကြောင့်ပင် နိယာမတရား၏ ချုပ်နှောင်ခြင်းကို ခံရသည့် အဖြစ်သို့ ရောက်ရှိခြင်းဖြစ်သည်ဟု ထင်၏။

ထို့ကြောင့် လူက စောဒကတက်၏။ "သင်က ကျွန်ုပ်ကို မလွတ်လပ်ဟု ပြောသည်။ သို့ရာတွင် ကျွန်ုပ်သည် လက်ကိုမြှောက်လိုက မြှောက်နိုင်သည်။ ချလိုက ချနိုင်သည်။ ကျွန်ုပ်၏ စိတ်ဆန္ဒအရ ပြုနိုင်သည်။ ဤသည်ပင်လျှင် စိတ်ဆန္ဒ၏ လွတ်လပ်မှုကို ဤသို့ သာဓကဆောင်ကြ၏။ ဤအဆိုသည် ယုတ္တိကင်းမဲ့သော အဆိုမျှသာ ဖြစ်လေသည်။ ဤအဖြေသည် ဆင်ခြင်တုံတရား၏ လက်အောက်ခံမဟုတ်သော 'သိစိတ်'တစ်မျိုးကို ဖော်ပြခြင်းဖြစ်၏။

လွတ်လပ်ခြင်းကိုသိသော 'သိစိတ်'သည် အတ္တကို သိသော သိစိတ်၏ တစ်စိတ်တစ်ဒေသ ပစ္စည်းဖြစ်၏။ အတ္တကို သိသော 'သိစိတ်'၏ ပစ္စည်းမဟုတ်လျှင် ၎င်းသည် ဆင်ခြင်တုံတရားနှင့် အတွေ့အကြုံ၏ လက်အောက်ခံပစ္စည်းသာ ဖြစ်ရပေလိမ့်မည်။ သို့ရာတွင် ၎င်းသည် ဆင်ခြင်တုံတရားနှင့် အတွေ့အကြုံ လက်အောက်ခံပစ္စည်း မဟုတ်သည်မှာကား သေချာပေသည်။

www.burmeseclassic.com

www.burmeseclassic.com

လူသည် တစ်စုံတစ်ခုသော နိယာမတရားများ၏ လက်အောက်ခံ ဖြစ်၏။ လူသည် ထိုနိယာမတရားများကို လိုက်နာရ၏။ ဤသည်ကို လက်တွေ့စမ်းသပ်စစ်ဆေးမှုများက သက်သေပြခဲ့ပြီးဖြစ်၏။ လုံးဝ လွတ်လပ်ခြင်းဟူသည် တကယ်လက်တွေ့၌ မရှိနိုင်ကြောင်းကိုလည်း လက်တွေ့စမ်းသပ် စစ်ဆေးမှုများက ပြသခဲ့ပြီး ဖြစ်၏။ လူ၏ အပြုအမူ၊ လူ၏ အလုပ်တိုင်းသည် လူ့အသင်းအပင်း၊ လူ၏ စိတ်နေသဘောထားနှင့် ၎င်း၏အပေါ်တွင် သက်ရောက်လျက်ရှိသော စေ့ဆော်ရေး အင်အားစုများအပေါ်တွင် အမှီပြုလျက်ရှိကြောင်းကို လက်တွေ့ စမ်းသပ်စစ်ဆေးမှုများက ထုတ်ဖော်ပြသခဲ့သော ကောက်ချက်များကို လက်မခံခဲ့ချေ။ ကျောက်ခဲတစ်လုံးကို အပေါ်သို့ ပစ်လိုက်သောအခါ၌ ထိုကျောက်ခဲသည် အောက်သို့ ပြန်ကျလာတတ်ကြောင်းကို လက်တွေ့စမ်းသပ် စစ်ဆေးခြင်းအားဖြင့် သိရ၏။ လူသည် ထိုနိယာမကို ခြွင်းချက်မရှိ လက်ခံ၏။ ထို့ကြောင့် မိမိကိုယ်တိုင် လိုက်နာရမည့် နိယာမတရားများလည်း ရှိလိမ့်မည်ဟု လေ့လာစူးစမ်း၏။

သို့ရာတွင် မိမိ၏ စိတ်ဆန္ဒသည် နိယာမတရားများကို လိုက်နာရသည်ဟူသော အချက်ကို တွေ့ရှိလာသောအခါ၌ကား လူသည် ထိုအချက်ကို ယုံကြည်ခြင်း မရှိချေ။ ယုံလည်း မယုံနိုင်ချေ။

တစ်စုံတစ်ခုသော စိတ်နေသဘောထားရှိသည့် လူတစ်ယောက်သည် တစ်စုံတစ်ခုသော အခြေအနေ၌ တစ်စုံတစ်ခုသော အလုပ်တစ်ခုကို ပြုလုပ်မိသည် ဖြစ်အံ့။ နောက်တစ်ဖန် ' အလားတူ စိတ်သဘောထားဖြင့်ပင် အလားတူ အခြေအနေတစ်ခုအောက်၌ အလားတူ အလုပ်မျိုးတစ်ခုကို ပြုလုပ်မိဦးမည်သာ ဖြစ်လေသည်။ ဤသည်ကို ဆင်ခြင်တုံတရားကလည်းကောင်း၊ လက်တွေ့စမ်းသပ်စစ်ဆေးမှုကလည်းကောင်း သက်သေပြခဲ့ပြီး ဖြစ်ပေသည်။ သို့ရာတွင် ထိုလူ၏ စိတ်၌ကား ဤသို့မထင်ချေ။ ၎င်း၏ စိတ်ဆန္ဒအလျောက် လွတ်လပ်စွာ လုပ်ဆောင်ခြင်းသာ ဖြစ်သည်ဟု ထင်လျက်ရှိလေသည်။ ထပ်တူထပ်မျှ တူညီသော အခြေအနေများအောက်၌ ကွဲပြားခြားနားသော အပြုအမူ၊ ကွဲပြားခြားနားသော ဆောင်ရွက်ချက်ဟူ၍ မရှိနိုင်ကြောင်းကို ဆင်ခြင်တုံတရားကလည်းကောင်း၊ လက်တွေ့စမ်းသပ်စစ်ဆေးမှုကလည်းကောင်း မငြင်းသာအောင် သက်သေပြခဲ့ပြီး ဖြစ်၏။ သို့သော်လည်း လူကမူ (အကျင့်သီလအရာတွင် ပြည့်စုံသော ရဟန္တာဖြစ်စေ၊ အကျင့်သီလအရာ၌ ချွတ်ခြွံကျလျက်ရှိသည့် လူ့ဘာလဖြစ်စေ) ၎င်း၏ စိတ်ဆန္ဒသည် နိယာမတရားများ၏ လက်အောက်ခံ ဖြစ်သည်နှင့် တစ်ပြိုင်နက် (စိတ်ဆန္ဒ၏ လွတ်လပ်မှု မရှိသည်နှင့် တစ်ပြိုင်နက်) လောကတွင် ဘဝဟူ၍လည်းကောင်း၊ အသက်ရှင် နေထိုင်ခြင်းဟူ၍လည်းကောင်း မရှိတော့ဟု ထင်မှတ်တတ်ကြလေသည်။ စိတ်ဆန္ဒ၏ လွတ်လပ်မှုဆိုသည် မရှိဟု မည်သူက မည်မျှပြောစေကာမူ လူကမူကား စိတ်ဆန္ဒ၏ လွတ်လပ်မှုဆိုသည့်အရာရှိသည်ဟု ယုံကြည်လျက်သာ ရှိလေသည်။ ၎င်း၏အထင်၌ လောကတွင် စိတ်ဆန္ဒ၏ လွတ်လပ်မှုဆိုသောအရာ မရှိတော့သည်နှင့် လူ့ဘဝကို နားလည်နိုင်ခြင်း မရှိတော့ရုံမျှမက လူ့ဘဝတွင် တဒင်္ဂကလေးမျှ အသက်ရှင် တည်ရှိခြင်း မပြုနိုင်တော့ဟု ထင်မှတ်လျက်ရှိပေသည်။

လူ၏အထင်၌ လူ၏ ကြိုးပမ်းဆောင်ရွက်ချက်အားလုံး၊ ရုန်းကန်လှုပ်ရှားမှုအားလုံးသည် စိတ်ဆန္ဒ၏ လွတ်လပ်မှု နယ်နိမိတ်ကို တိုးချဲ့ရန် ဖြစ်သည်ဟု ယူဆ၏။ ထို့ကြောင့် လွတ်လပ်ခြင်းမရှိဘဲ အသက်ရှင် လှုပ်ရှားခြင်း မရှိနိုင်ဟု ယူဆ၏။ ၎င်း၏ အထင်၌ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်း၊ ကျော်ကြားခြင်းနှင့် မထင်ရှားခြင်း၊ အာဏာရှိခြင်းနှင့် အာဏာမဲ့ခြင်း၊ အားကြီးခြင်းနှင့် အားနည်းခြင်း၊ ကျန်းမာခြင်းနှင့် မကျန်းမာခြင်း၊ အသိဉာဏ်ပညာ ပြည့်စုံခြင်းနှင့် မိုက်မဲခြင်း၊ အလုပ်လုပ်ခြင်းနှင့် ပျင်းရိခြင်း၊ ဝလင်စွာ စားသောက်ရခြင်းနှင့် ငတ်မွတ်ခြင်း၊ ကောင်းခြင်းနှင့် မကောင်းခြင်း စသည်တို့အားလုံးသည် လွတ်လပ်ခြင်းကို ဖော်ပြသည့် ပမာဏအတိုင်းအတာများသာ ဖြစ်သည်ဟု ယူဆ၏။ လွတ်လပ်မှု အနည်းအများအကြီးအသေးသာ ကွာခြားကြသည်ဟု ထင်၏။

လွတ်လပ်ခြင်းမရှိသော လူတစ်ယောက်သည် အသက်ကင်းမဲ့လျက်ရှိသော လူတစ်ယောက်သာ ဖြစ်ပေသည်။

ဆင်ခြင်တုံတရား၏ အမြင်၌ လွတ်လပ်မှုဟူသော အရာသည် အဓိပ္ပာယ်ကင်းမဲ့သောအရာ၊ ရှေ့နောက်ညီညွတ်ခြင်းမရှိသောအရာ၊ အကျိုးတရားမရှိဘဲ ပေါ်ထွက်

www.burmeseclassic.com

www.burmeseclassic.com

လာသော အကြောင်းတရား ဖြစ်သည်ဆိုလျှင် 'သိစိတ်' သည် ဆင်ခြင်တုံတရား၏ လက်အောက်ခံမဟုတ်ကြောင်းကို ပြသနေခြင်းပင် မဟုတ်ပါလော။

ဤသို့ဖြင့် လက်တွေ့စမ်းသပ်စစ်ဆေးမှုများက မည်သို့ပင် ငြင်းဆိုလျက်ရှိစေကာမူကား လောကၠ၌ လွတ်လပ်မှုဟူ၍ ရှိသည်။ လွတ်လပ်မှုကို သိသော သိစိတ်ဟူ၍လည်းရှိသည်ဟု ယူဆလျက် ရှိကြလေသည်။ ဤကား တစ်ဖက်၏အမြင် ဖြစ်သည်။ လူ၌ လွတ်လပ်မှု ရှိသည်ဟု ယူဆသူတို့၏ တင်ပြချက် ဖြစ်၏။

လူသည် အလုံးစုံ တန်ခိုးရှိသော၊ အလုံးစုံကောင်းသော၊ အလုံးစုံ သိမြင်သော ဘုရားသခင်၏ ဖန်ဆင်းချက် ဖြစ်၏။ လူ၏ စိတ်ဆန္ဒသည် လွတ်လပ်သလော။ လွတ်လပ်သည်ဟုဆိုလျှင် မည်သည့်အတွက်ကြောင့် ဤအရာကား သုစရိုက်၊ ဤအရာကား ဒုစရိုက်ဟု ပညတ်ချက်များ သတ်မှတ်ထားရသေးသနည်း။ ဤကား ဘာသာတရားက ဖြေဆိုရမည့် ပုစ္ဆာဖြစ်၏။

လူ၏ အပြုအမူများ ဆောင်ရွက်ချက်များသည် ပြောင်းလဲခြင်း မရှိသော ယေဘုယျနိယာမတရားများကို လိုက်နာရ၏။ လူ၏ စိတ်ဆန္ဒသည် လွတ်လပ်သည်ဟု ဆိုလျှင် လူသည် လူ့အဖွဲ့အစည်းကြီးအတွက် ထိထိ ဤဤသော တာဝန်များကို ထမ်းဆောင်သင့်သည်ဟူသော ပညတ်ချက်များသည် မည်သည့်အတွက်ကြောင့် ပေါ်ပေါက်လာခဲ့သနည်း။ ဤကား တရားဥပဒေဆိုင်ရာ သိပ္ပံပညာက ဖြေဆိုရမည့် ပုစ္ဆာဖြစ်၏။

လူ၏ အပြုအမူများသည် ၎င်း၏ ပကတိစိတ်နေသဘောထားမှ ပေါ်ထွက်လာခြင်း ဖြစ်၏။ ၎င်းအား စေ့ဆော်လျက်ရှိသော အကြောင်းတရားများမှ ပေါ်ထွက်လာခြင်း ဖြစ်၏။ လူ၏စိတ်သည် လွတ်လပ်သည်ဆိုလျှင် ဤအရာကား ကောင်း၏။ ဤအရာကား မကောင်း၊ ဤအရာကားမှန်၏။ ဤအရာကား မမှန်ဟူသော ပညတ်ချက်များနှင့်တကွ သြတ္တပတရားများ မည်သည့်အတွက်ကြောင့် ပေါ်ပေါက်လာခဲ့သနည်း။ ဤကား ကျင့်ဝတ်ဗေဒက ဖြေဆိုရမည့် ပုစ္ဆာဖြစ်၏။

လူ့လောကကြီး၏ အထွေထွေဘဝနှင့် ဆက်စပ်တွေးတောသောအခါ၌ လူသည် လူလောကကြီး၏ ဘဝကို ပြဋ္ဌာန်းလျက်ရှိသော နိယာမတရားများ၏ လက်အောက်ခံမျှသာဖြစ်သည်ဟု ထင်ရ၏။ သို့ရာတွင် လူ့လောကကြီး၏ ဘဝနှင့် ကင်းကွာ၍ တစ်ဦးချင်းကြည့်လိုက်သောအခါ လူသည် လွတ်လပ်သည်ဟု ထင်ရလေသည်။ သို့ဖြစ်လျှင် လူ့လောကကြီးနှင့် လူမျိုးများ၏ အတိတ်အဖြစ်အပျက်များ၊ အတိတ်ရာဇဝင်များကို မည်သို့ သဘောထားရမည်နည်း။ လူ၏ လွတ်လပ်စွာ ဆောင်ရွက်ချက်ကြောင့် ပေါ်ပေါက်လာသလော။ သို့တည်းမဟုတ် နိယာမတရား၏ စေခိုင်းချက်ကြောင့် ပေါ်ပေါက်လာသလော။ ဤကား ရာဇဝင်သိပ္ပံပညာက ဖြေရမည့်ပုစ္ဆာ ဖြစ်လေသည်။

ယနေ့ ကျွန်ုပ်တို့ခေတ်၌ လူသည် ကိုယ့်ကိုယ်ကို များစွာ အထင်ကြီး၏။ အသိပညာကို အထူးတလည် လေ့လာလိုက်စားကြ၏။ (ဤသို့ လေ့လာလိုက်စားခြင်းမှာ မသိနားမလည်ခြင်းတည်း ဟူသော အင်ဂျင်စက်ကြီးကများစွာ အလုပ်လုပ်ခြင်းကြောင့်လည်းကောင်း၊ ပုံနှိပ်စာအုပ် ဖြစ်ပေါ်လာခြင်းကြောင့်လည်းကောင်း ဖြစ်ပါသည်။) ထို့ကြောင့် လူ၏ စိတ်ဆန္ဒသည် လွတ်လပ်သလော ဟူသော ပြဿနာကိုလည်း ယခင်ကထက် အထူးတလည် စူးစမ်း ရှာဖွေလာခဲ့ကြ၏။ ကျွန်ုပ်တို့ခေတ်၌ ခေတ်မီသည်ဆိုသည့် ပုဂ္ဂိုလ်များ (၎င်းတို့မှာ တတ်ယောင်ကားများ ဖြစ်ပါသည်) သည် သဘာဝသိပ္ပံပညာရှင်များ၏ စာပေ ကျမ်းဂန်များကို အများအပြား ဖတ်ရှုလေ့လာကြ၏။ (သဘာဝသိပ္ပံ ပညာရှင်များမှာ လူ၏ စိတ်လွတ်လပ်ခြင်း ရှိ မရှိဆိုသည့် ပြဿနာကို အဖြေရှာကြရာ၌ ပြဿနာကို ဘက်ပေါင်းစုံမှကြည့်၍ အဖြေမရှာဘဲ တစ်ဖက်တည်း ကြည့်၍သာ အဖြေရှာကြပါသည်။)

သဘာဝသိပ္ပံပညာရှင်များ၏ လောကၠ၌ ဝိညာဉ်ဟူ၍လည်း မရှိ။ လွတ်လပ်ခြင်း ဟူ၍လည်း မရှိ။ လူ၏ ဘဝသည် ကြွက်သားအစုအဝေးများ၏ လှုပ်ရှားမှု ဖြစ်သည်။ ထိုကြွက်သား လှုပ်ရှားမှုများကိုလည်း အာရုံကြောများ၏ လှုပ်ရှားမှုက ပြုပြင်ဖန်တီးပေးသည်ဟု ပြောကြ၊ ရေးကြ၊ ပုံနှိပ်ကြ၏။ ကျွန်ုပ်တို့သည် မရေမတွက်နိုင်သော အသေခြေကာလက လူဝံအဖြစ်မှ လူအဖြစ်သို့ ပြောင်းလဲလာခဲ့ခြင်းဖြစ်သောကြောင့် ကျွန်ုပ်တို့တွင် ဝိညာဉ် ဟူ၍လည်း မရှိ။ လွတ်လပ်သော စိတ်ဆန္ဒဟူ၍လည်း မရှိဟု ပြောကြ၊ ရေးကြ၊ ပုံနှိပ်ကြ၏။ ဤအဆိုအမိန့်မှန်ကြောင်းကိုလည်း ခန္ဓာဗေဒပညာ၊ ပါဏဗေဒ ပညာ

www.burmeseclassic.com

www.burmeseclassic.com

ရပ်တို့ဖြင့် စိတ်အားထက်သန်စွာ နှိုင်းယှဉ် သက်သေပြကြ၏။ သို့ရာတွင် ၎င်းတို့က ဤသို့ခန္ဓာဗေဒ၊ ပါဏာဗေဒ ပညာရပ်တို့ဖြင့် နှိုင်းယှဉ်ဆက်သေထုတ်ပြရန် ကြိုးစားလျက်ရှိသော ထိုလိုအပ်ခြင်းနိယာမကို ဘာသာတရားအားလုံး၊ တွေးခေါ်မှု ပညာရှင်များအားလုံးက လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကတည်းက အသိအမှတ်ပြုခဲ့ရုံမကငြင်းဆိုခြင်း မရှိခဲ့ကြောင်းကိုမူကား သတိထားမိကြဟန်မတူချေ။ လူ၏ စိတ်သည် လွတ်လပ်သလော၊ အမှီခိုကင်းသလောဆိုသည့် ပြဿနာကို ဖြေဆိုရာ၌ သဘာဝသိပ္ပံပညာများသည် ပြဿနာ၏ ဘက်တစ်ဖက်ကိုသာ ပိုမိုပိသ ရှင်းလင်းပြတ်သားအောင် လုပ်နိုင်ခဲ့၍ အခြားဘက်တစ်ဖက်ကိုမူ ရှင်းလင်းအောင် မတတ်နိုင်ခဲ့ချေ။ ဤသည်ကို သဘာဝသိပ္ပံပညာရှင်များ မမြင်ကြချေ။ ဆင်ခြင်တုံတရားများ၊ စိတ်ဆန္ဒနှစ်ခုစလုံးသည် ဦးနှောက်မှ စိမ့်ယိုထွက်လာသောအရာ၊ ဦးနှောက်၏ ထုတ်ကုန်ပစ္စည်းဖြစ်သည်ဟူသော အကြောင်းပြချက်နှင့် လူသည် ယေဘုယျနိယာမတရားအရ မရေတွက်နိုင်သော အသန်္ခေ်ကာလက အဆင့်နိမ့်သော တိရစ္ဆာန်များမှ ဖွံ့ဖြိုးတိုးတက်လာခြင်း ဖြစ်သည်ဟူသော အကြောင်းပြချက်သည် အမှန်တရားကို အမြင်သစ်၊ အတွေးသစ်တစ်မျိုးဖြင့် တင်ပြခြင်းသာ ဖြစ်လေသည်။ စင်စစ်၌ကား ထိုအမှန်တရားကို ဘာသာတရားများနှင့် အဘိဓမ္မာ သဘောတရားများအားလုံးကလည်း ရှေးနှစ်ထောင်ပေါင်းများစွာ ကတည်းကပင် တွေ့ရှိခဲ့ကြပြီ ဖြစ်ပေသည်။ ဆင်ခြင်တုံတရားဘက်ကကြည့်လျှင် လူသည် လိုအပ်ခြင်းနိယာမတရား၏ လက်အောက်ခံမျှသာ ဖြစ်သည်ဟု ဘာသာတရား အားလုံးတို့က ဆိုခဲ့ကြသည် မဟုတ်ပါလော။ သို့ဖြစ်ရကား သဘာဝသိပ္ပံပညာသည် ထိုအမှန်တရားကို ခေတ်သစ်တွင် အမြင်သစ်၊ အတွေးသစ်၊ ဥဒါဟရဏ်သစ်၊ နည်းသစ်ဖြင့် တင်ပြခြင်းသာ ဖြစ်လေသည်။ သို့ရာတွင် သိစိတ်ကို အခြေခံ၍ကြည့်သော် လူသည် လွတ်လပ်လျက် ရှိပြန်သည် ဟူသော ပြဿနာ၏ အခြားဘက်တစ်ဖက်ကို ဖြေရှင်းရေး၌မူ သဘာဝသိပ္ပံပညာသည် ဘာသာတရားများနှင့် အဘိဓမ္မာ သဘောတရားများထက် ဆဲချည်တစ်မျှင်၊ နှမ်းလုံးတစ်ထောက်မျှပင် ရှေ့သို့ တိုးတက်ခြင်း မရှိချေ။

လူသည် မရေတွက်နိုင်သော ကာလအသန်ေ်က လူဝံဘဝမှ တိုးတက်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်ဆိုသော စကားသည် လူသည် တစ်စုံတစ်ခုသောကာလက မြေစိုင်ခဲမှ အစပြုခဲ့သည်ဆိုသော စကားကဲ့သို့ပင် နားလည်ရခက်သောစကား ဖြစ်လေသည်။ (နားလည်ရ ခက်ခြင်းမှာ အကြောင်းနှစ်ကြောင်းကြောင့် ဖြစ်ပါသည်။ ပထမအချက်မှာ အချိန်ကာလကို အတိအကျ မသိရသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ရကား လွတ်လပ်ခြင်းကိုသိသော လူ၏ 'သိစိတ်' နှင့် ၎င်း၏ ဆန့်ကျင်ဘက်ဖြစ်သော လူက လိုက်နာနေရသော လိုအပ်ခြင်း နိယာမတရားတို့ကို မည်သို့မည်ပုံ သဟဇာတဖြစ်စေ၍ မည်သို့မည်ပုံ ညီညွတ်အောင် ပြုမည်နည်းဆိုသော ပြဿနာကို ခန္ဓာဗေဒ ပညာအားဖြင့်လည်းကောင်း၊ ပါဏာဗေဒ ပညာရပ်အားဖြင့်လည်းကောင်း၊ ရှာဖွေရှင်းလင်းနိုင်မည် မဟုတ်ချေ။ ထိုပညာရပ်များသည် ကြွက်သားစုဆိုင်ရာ အာရုံကြော လှုပ်ရှားမှုများဖြင့်သာ ဖွဲ့စည်းထားသော ဖား၊ ယုန်၊ လူဝံ စသည့် သတ္တဝါများအကြောင်းကို ပြည့်စုံစွာ လေ့လာနိုင်မည် ဖြစ်သော်လည်း ကြွက်သားစုဆိုင်ရာ အာရုံကြောလှုပ်ရှားမှုများနှင့်တကွ 'သိစိတ်'တို့ဖြင့် ပါဝင်ဖွဲ့စည်းထားသော လူသူသတ္တဝါအကြောင်းကိုမူကား ပြည့်စုံစွာ လေ့လာနိုင်မည် မဟုတ်ချေ။

သဘာဝသိပ္ပံပညာရှင်များနှင့် ၎င်းတို့၏ အနွေ့ဝါသိကများသည် အဆိုပါ ပြဿနာကို ဖြေရှင်းနိုင်သည်ဟု ထင်ကြလျှင် ထိုသို့ထင်ခြင်းမှာ အိမ်တစ်ဆောင်ကို ပန်းရန်ကိုင်လျက်ရှိသော ပန်းရန်သမားတစ်စုသည် ပန်းရန်ဆရာ၏ မျက်ကွယ်၌ ပြီးချင်ဇောဖြင့် ပြတင်းပေါက်များ၊ တံခါးများ၊ ငြမ်းစင်မဖျက်ရသေးသော နံရံများအားလုံးကို သရွတ်ကိုင်ပြီးနောက် (အပေါက်နေရာ ချန်ခြင်း၊ မချန်ခြင်းသည် ပဓာနမဟုတ်၊ သရွတ်ကိုင်၍ ပြီးခြင်းသာ ပဓာနဟု ယူဆသော ပန်းရန်သမားတို့၏ အမြင်အရ) မိမိတို့၏ အလုပ်ကား ပြီးလေပြီ။ မိမိတို့၏ လက်ရာကား ချောမွေ့ပြေပြစ်လျက်ရှိပြီဟု ထင်တတ်သော ပန်းရန်သမားတို့၏ အထင်မျိုးသာ ဖြစ်လိမ့်မည် ဖြစ်ပါကြောင်း။

အခန်း ၉

လူ၏စိတ်ဆန္ဒသည် လွတ်လပ်သလော၊ သို့တည်းမဟုတ် ၎င်းသည် ရှောင်လွှဲမရသော လိုအပ်ခြင်း နိယာမတရားများ

www.burmeseclassic.com

www.burmeseclassic.com

ကို လိုက်နာရသလောဟူသော ပြဿနာကို ဖြေရှင်းရာ၌ ရာဇဝင်သိပ္ပံပညာတွင် အခြားသော ပညာရပ်များထက် အခွင့်သာသည့် အချက်တစ်ချက် ရှိပေသည်။ ၎င်းကား အခြားမဟုတ်။ ရာဇဝင်၏ အလုပ်သည် လွတ်လပ်သော စိတ်ဆန္ဒ၏ အဓိပ္ပာယ်အနှစ်သာရကို လေ့လာရခြင်း မဟုတ်ဘဲ ထိုလွတ်လပ်သော စိတ်ဆန္ဒ၏ ကိုယ်စားပြုချက်၊ ထင်ဟပ်ချက်တို့ကို တစ်စုံတစ်ခုသော အခြေအနေများနှင့် ယှဉ်၍ လေ့လာရခြင်းကြောင့် ဖြစ်၏။

လက်တွေ့ သိပ္ပံပညာရပ်များသည် လက်တွေ့ မဟုတ်သော သိပ္ပံပညာရပ်များထက် အခွင့်သာသကဲ့သို့ ရာဇဝင်သိပ္ပံပညာသည်လည်း ဤပြဿနာကို လေ့လာရာတွင် (လက်တွေ့ စူးစမ်းနိုင်ခြင်းကြောင့်) အခြားသော သိပ္ပံပညာရပ်များထက် အခွင့်သာလျက် ရှိလေသည်။

ရာဇဝင်က လေ့လာရမည့်အကြောင်းအရာသည် လူ၏ စိတ်ဆန္ဒအကြောင်း မဟုတ်ဘဲ ကျွန်ုပ်တို့က လူ၏ စိတ်ဆန္ဒနှင့် စပ်လျဉ်း၍ မည်သို့ တင်ပြသနည်း။ မည်သို့ ထင်မြင်သနည်း ဟူသော အကြောင်းအရာသာ ဖြစ်လေသည်။

ဘာသာတရား၊ လူ့ကျင့်ဝတ်၊ အဘိဓမ္မာ စသည် ပညာရပ်များအဖို့ တစ်ခုနှင့်တစ်ခု ဆန့်ကျင်လျက်ရှိသော လူ၏ လွတ်လပ်သော စိတ်ဆန္ဒနှင့် ရှောင်လွှဲမရသော လိုအပ်ခြင်း နိယာမတရားတို့ မည်သို့မည်ပုံ ဆန့်ကျင်နေသနည်းဟူသော ဖြေရှင်းရန်ဝိဖွယ် မရှိသည့် ပြဿနာကြီး ပေါ်ပေါက်လျက်ရှိသော်လည်း ရာဇဝင်သိပ္ပံပညာရပ်အဖို့၌ ကား ထိုပြဿနာ မရှိချေ။ ရာဇဝင်သိပ္ပံ၏ အလုပ်မှာ လူ၏ လွတ်လပ်သော စိတ်ဆန္ဒနှင့် ရှောင်လွှဲမရသော လိုအပ်ခြင်း နိယာမတရားဟူသော ထိုဆန့်ကျင်ဘက် တရားနှစ်ခု ညီညွတ်ပေါင်းစပ် ဖွဲ့စည်းလျက်ရှိသည့် လူ့ဘဝ၏ ထင်ဟပ်ချက်ကို လေ့လာရန်သာ ဖြစ်ပေသည်။

လက်တွေ့၌ ရာဇဝင်အဖြစ်အပျက်များ၊ လူ၏ လုပ်ဆောင်ချက်များသည် အလိုအလျောက် ပေါ်ပေါက်လာသည်ဟု ထင်ရ၏။ သို့မဟုတ်လျှင်လည်း အကြောင်းတရားများကြောင့် ပေါ်ပေါက်လာသည် ထင်ရ၏။ သို့ရာတွင် စင်စစ်၌ကား ၎င်းတို့သည် တစ်စိတ်တစ်ဒေသအားဖြင့် လွတ်လပ်စွာ ပေါ်ပေါက်ခြင်းဖြစ်၍ တစ်စိတ်တစ်ဒေသအားဖြင့် ရှောင်လွှဲမရသောကြောင့် ပေါ်ပေါက်လာခြင်းသာ ဖြစ်လေသည်။

လွတ်လပ်ခြင်းနှင့် လိုအပ်ခြင်းစသည့် ဆန့်ကျင်ဘက် တရားနှစ်ခုသည် မည်သို့မည်ပုံ လာရောက် ပေါင်းစည်းညီညွတ်နေကြသနည်း။ လွတ်လပ်ခြင်းနှင့် လိုအပ်ခြင်းတို့၏ အနှစ်သာရသည် မည်သည့်အရာနည်း။ ဤပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ရာဇဝင်ဆိုင်ရာ အဘိဓမ္မာသည် အခြားသိပ္ပံပညာရပ်များနှင့်မတူ တစ်မူထူးခြားသော လမ်းကို ရွေးချယ်ရပေလိမ့်မည်။ ရာဇဝင်သည် လွတ်လပ်ခြင်းနှင့် လိုအပ်ခြင်းတို့၏ အဓိပ္ပာယ်ကို ပထမဖွင့်ဆို၍ ထိုနောက်မှ လူ့လောက အဖြစ်အပျက်များကို ထင်ဟပ်ကြည့်လေ့ရှိသော အခြားသော သိပ္ပံပညာရပ်များ၏ နည်းလမ်းဟောင်းကို ရှောင်ကြဉ်ရပေလိမ့်မည်။ လူ့လောက၏ လက်တွေ့ အဖြစ်အပျက်များမှ ကောက်ချက်ဆွဲထုတ်ပြီးနောက်မှ လွတ်လပ်ခြင်းနှင့် လိုအပ်ခြင်းတို့၏ အဓိပ္ပာယ်ကို ဖွင့်ဆိုခြင်းပြုရလိမ့်မည်ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ် လူများစွာ) တို့၏ ဆောင်ရွက်ချက်တစ်ရပ်ကို စဉ်းစားသည့် အခါ၌ ထိုဆောင်ရွက်ချက်သည် တစ်စိတ်တစ်ဒေသအားဖြင့် လူ၏ လွတ်လပ်သော စိတ်ဆန္ဒကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်၍ တစ်စိတ်တစ်ဒေသအားဖြင့် ရှောင်လွှဲမရသော လိုအပ်ခြင်း နိယာမတရား၏ တွန်းဆော်မှုကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ယူဆကြ၏။

မည်သည့်အတွက် စစ်ပွဲများ ဖြစ်ပွားသနည်း သို့မဟုတ် ရောမနိုင်ငံကြီးကို မည်သည့်အတွက်ကြောင့် လူရိုင်းများ ဝင်ရောက်ဖျက်ဆီးသနည်း၊ သို့မဟုတ် တတိယမြောက် နပိုလီယန်သည် မည်သည့်အတွက်ကြောင့် အမိန့်ပြန်တမ်းများကို ထုတ်ပြန်သနည်း၊ သို့မဟုတ် လွန်ခဲ့သည့် တစ်နာရီခန့်က မောင်ဖြူဆိုသော ပုဂ္ဂိုလ် တစ်ယောက်သည် အရပ်လေးမျက်နှာရှိသည့်အနက် မည်သည့်အတွက်ကြောင့် အရှေ့ဘက်ကို ရွေးချယ်၍ လမ်းလျှောက်ထွက်ရသနည်း။ ဤအကြောင်းများကို ပြောဆိုရာတွင် ကျွန်ုပ်တို့၏ စကားများထဲ၌ ဆန့်ကျင်ဘက်များ ပါဝင်လျက်ရှိခြင်းကို ကျွန်ုပ်တို့ မသိကြချေ။ သတိမထားမိကြချေ။ ဤသည်မှာ လွတ်လပ်ခြင်းနှင့် လိုအပ်ခြင်းသည် ထိုလုပ်ဆောင်ချက်များ (အခြားမည်သည့်အလုပ်မျိုးကို

www.burmeseclassic.com

www.burmeseclassic.com

မဆို) ထိုတစ်စုံတစ်ခုသော အတိုင်းအတာဖြင့် လွှမ်းမိုးချုပ်ကိုင်ထားသည်ဟု ကျွန်ုပ်တို့ နားလည်ပြီးသား ဖြစ်သောကြောင့် ဖြစ်၏။ ဥပမာ မောင်ဖြူသည် မည်သည့်အတွက်ကြောင့် အရှေ့ဘက်သို့ ရွေးချယ်၍ လမ်းလျှောက်ထွက်သနည်းဟူသော ပုစ္ဆာ၌ အရှေ့ဘက်ကို သွားလိုသောဆန္ဒ အလိုလို ဖြစ်ပေါ်လာသောကြောင့် တစ်ကြောင်း (ဤကား စိတ်ဆန္ဒ၏ လွတ်လပ်ခြင်း)၊ အရှေ့ဘက် လမ်းလျှောက်၍ ကောင်းသောနေရာ ဖြစ်ခြင်းကြောင့် တစ်ကြောင်း (ဤကား ရှောင်လွှဲမရသော လိုအပ်ခြင်း) ဖြစ်နိုင်လေသည်။

လူတစ်ယောက်၏ စိတ်ဆန္ဒသည် မည်သည့်အတိုင်းအတာ၊ မည်သည့်ပမာဏအထိ လွတ်လပ်သနည်း ဟူသော ကိစ္စ၌ လေ့လာသူ ကျွန်ုပ်တို့၏ ရှုထောင့်ကို လိုက်၍ လွတ်လပ်ခြင်း၏ အတိုင်းအတာ ပမာဏသည် လည်း ကွဲပြားခြားနား၏။ လူ၏ လုပ်ဆောင်မှုတိုင်းသည် လွတ်လပ်ခြင်းနှင့် လိုအပ်ခြင်းတို့နှစ်ခု ပေါင်းစပ်၍ ဖြစ်ပေါ်လာခြင်းသာဖြစ်လေသည်။ လူ၏ လုပ်ဆောင်မှုတိုင်း၌ တစ်စုံတစ်ခုသော လွတ်လပ်မှုပမာဏနှင့် တစ်စုံတစ်ခုသော လိုအပ်မှုပမာဏကို တွေ့ရှိကတ်သည်သာ ဖြစ်ပေသည်။ ထိုလုပ်ဆောင်မှု၌ လွတ်လပ်မှု၏ ပမာဏများလျှင် လိုအပ်မှု၏ ပမာဏ နည်း၏။ လိုအပ်မှု ပမာဏများလျှင် လွတ်လပ်မှု ပဏာမာ နည်းလေသည်။

လွတ်လပ်ခြင်းနှင့် လိုအပ်ခြင်းတို့၏ ပမာဏသည် လုပ်ဆောင်မှုကို လေ့လာသူ၏ ရှုထောင့်၊ လေ့လာသူ၏ ရပ်တည်ချက်ကို လိုက်၍ ကွဲပြားခြားနားကြ၏။ သို့ရာတွင် ထိုနှစ်ခု၏ ဆက်သွယ်မှုမှာ ပြောင်းပြန် အချိုးအစား အတိုင်းသာ ဖြစ်လေသည်။ တစ်ခုက နည်းလျှင် တစ်ခုက များ၍၊ တစ်ခုက များလျှင် တစ်ခုက နည်းသည်သာ ဖြစ်လေသည်။

ရေနစ်သူတစ်ယောက်သည် အခြားသူတစ်ဦးက လှမ်းဆွဲလိုက်သည်၌ ထိုလူကိုပါ နစ်စေ၏။ ကလေးငယ်ကို နို့ချို့တိုက်ကျွေးရခြင်းကြောင့် အားပြတ်တပ်မွတ်လျက် ရှိသော မိခင်တစ်ယောက်သည် အစာကို ခိုး၍ စား၏။ စည်းကမ်းကို လိုက်နာရန် လေ့ကျင့်သားရနေသူ တပ်သားတစ်ယောက်သည် တာဝန်ကျနေစဉ်၌ အထက်အမိန့်အရ အကာအကွယ် ကင်းမဲ့သူတစ်ယောက်ကို သတ်ပစ်၏။ ထိုသူများအားလုံး၏ အခြေအနေကို သိပြီးသူ၏ အမြင်၌ ကား ၎င်းတို့၏ အပြုအမူများအားလုံးသည် ရှောင်လွှဲမရသည့် လိုအပ်ခြင်း နိယာမတရား၏ စေခိုင်းချက်ကြောင့် ဖြစ်ရသည်ဟု မြင်၏။ စိတ်အလိုဆန္ဒ မပါဘဲ ဖြစ်ရသည်ဟု မြင်၏။ ထို့ကြောင့် ၎င်း၏ လွတ်လပ်မှု ပမာဏ မရှိ၊ အပြစ်ဆိုဖွယ်မရှိဟု နားလည်၏။ သို့ရာတွင် ထိုသူသည် ရေနစ်နေခြင်း၊ မိခင်သည် အားပြတ်၍ ငတ်မွတ်လျက် ရှိခြင်း၊ တပ်သားသည် အထက်မှ အမိန့်ကို နာခံရခြင်း စသည့်အချက်များကို မသိသူတို့၏ အမြင်၌ကား ၎င်းတို့၏ အပြုအမူများ အားလုံးသည် စိတ်ပါ၍ လုပ်သယောင် ထင်ရ၏။ ၎င်းတို့ လုပ်လို၍ လုပ်သည်ဟု ထင်ရ၏။ ထို့ကြောင့် အပြစ်ရှိသည်ဟု နားလည်၏။ အလားတူပင် လူတစ်ယောက်သည် လွန်ခဲ့သည့်အနှစ်နှစ်ဆယ်လောက်က လူသတ်မှုတစ်ခု ကျူးလွန်ခဲ့ဖူး၏။ ထို့နောက် လူ့အဖွဲ့အစည်း၌ အေးချမ်းသာယာစွာ အပြစ်ကင်းမဲ့စွာ နေထိုင်ခဲ့၏။ လူသတ်မှုတစ်ခု ကျူးလွန်ပြီးနောက်တစ်နေ့တွင် ထိုလူသတ်သမားကို တွေ့မြင်ရသော လူတစ်ယောက်၏ အမြင်၌ကား ထိုလူသည် တကယ့်ရာဇဝတ်ကောင်ကြီး မြင်၏။ အပြစ်ကို ကျူးလွန်သူဖြစ်၏။ သို့ရာတွင် ယခုအနှစ်နှစ်ဆယ် ကြာပြီးသည့်အချိန်တွင် ထိုလူသတ်သမားကို တွေ့ရသူတစ်ဦး၏ အမြင်၌မူ ထိုသူ၌ များစွာ အပြစ်ဆိုဖွယ် မရှိ။ ၎င်းသည် ရှောင်လွှဲမရသော နိယာမတရား၏ စေခိုင်းချက်အရ မလွှဲမရှောင်သာ ကျူးလွန်ခဲ့မိသူတစ်ဦး ဖြစ်သည်ဟု ယူဆကာ ခွင့်လွှတ်နိုင်လိမ့်မည် ဖြစ်လေသည်။ အလားတူပင် အရက်သမားတစ်ယောက်၏ အပြုအမူ၊ အရူးတစ်ယောက်၏ အပြုအမူများသည် ၎င်းတို့၏ စိတ်အခြေအနေကို မသိသူများ၏ အမြင်၌ကား မရှောင်မလွှဲသာ၍ ဖြစ်ပေါ်ခြင်း မဟုတ်။ ၎င်းတို့ စိတ်ဆန္ဒ၏ တိုက်တွန်းချက်ကြောင့် ဖြစ်ပေါ်သည်ဟု ထင်စရာ ဖြစ်၏။ ခွင့်လွှတ်စရာ မရှိဟု ယူဆဖွယ်ဖြစ်၏။ ၎င်းတို့၏ စိတ်အခြေအနေကို သိသူ၏ အမြင်၌ကား စိတ်ဆန္ဒ တိုက်တွန်းချက်ကြောင့် ဖြစ်ပေါ်ခြင်း မဟုတ် မရှောင်မလွှဲသာ၍ ဖြစ်ပေါ်ခြင်း ဖြစ်သည်ဟု နားလည်နိုင်လေသည်။ ခွင့်လွှတ်နိုင်လေသည်။ ဤဥဒါဟရဏ်များအားလုံး၌ လွတ်လပ်မှုနှင့် ရှောင်လွှဲမရသော လိုအပ်မှုပမာဏသည် ရှုမြင်သူ၏ ရှုထောင့်၊ ၎င်း၏ ရပ်တည်ချက်ကို လိုက်၍ ကွဲပြားခြားနား၏။ ရှောင်လွှဲမရသော

www.burmeseclassic.com

www.burmeseclassic.com

လိုအပ်မှု၏ ပမာဏက ကြီးလျှင် လွတ်လပ်မှု၏ ပမာဏက နည်း၏။ ရှောင်လွဲမရသော လိုအပ်မှု၏ ပမာဏက နည်းလျှင် လွတ်လပ်မှု၏ ပမာဏကကြီး၏။

လိုအပ်ခြင်းနှင့် လွတ်လပ်ခြင်းတို့သည် တစ်ခုနှင့် တစ်ခု ဤသို့ ဆက်သွယ်လျက်ရှိသည်ဟု ဘာသာတရား၊ လူ၏ အသိဉာဏ်တရား၊ တရားဥပဒေပညာဆိုင်ရာ၊ သိပ္ပံပညာနှင့် ရာဇဝင်ဆိုင်ရာ သိပ္ပံပညာတို့၏ တညီတညွတ်တည်း ယူဆကြပေသည်။

သို့ဖြစ်လျှင် လွတ်လပ်ခြင်းနှင့် လိုအပ်ခြင်းတို့ မည်သူက ပမာဏကြီး၍ မည်သူက ပမာဏနည်းသည်ဟု မည်သို့ဆုံးဖြတ်မည်နည်း။ (၀၁) လူတစ်ယောက်၏ ဆောင်ရွက်ချက်တစ်ခုကို ကြည့်ရာ၌ ထိုဆောင်ရွက်ချက်သည် စိတ်ဆန္ဒ၏ တိုက်တွန်းချက်ကြောင့် ဖြစ်သလော၊ သို့တည်းမဟုတ် မလွဲမရှောင်သာသော လိုအပ်ချက်ကြောင့် ဖြစ်သလောဆိုသည်ဟု မည်သို့ ဆုံးဖြတ်မည်နည်း။

ယင်းသို့ ဆုံးဖြတ်နိုင်ရန် အချက်သုံးချက်ကို အခြေခံ၍ စဉ်းစားရပေလိမ့်မည်။

(၁) ပြုလုပ်သူနှင့် ပြင်ပကမ္ဘာလောကကြီး၏ ဆက်သွယ်မှု (ပတ်ဝန်းကျင်၊ ဒေသ)။

(၂) ပြုလုပ်သူနှင့် အချိန်ကာလတို့၏ ဆက်သွယ်မှု (အချိန်၊ ကာလ)။

(၃) ပြုလုပ်သူနှင့် ပြုလုပ်မှုကို ဖြစ်ပေါ်စေသော အကြောင်းတရားများနှင့် ဆက်သွယ်မှု (အကြောင်းတရား၊ ပယောဂ)။

(၁) ပထမအချက်အားဖြင့် လူနှင့် ပြင်ပကမ္ဘာလောကကြီး၏ ဆက်သွယ်မှုကို ကျွန်ုပ်တို့ ကောင်းစွာ သိမြင်ရမည်ဖြစ်၏။ ထိုလူ၏ အခြေအနေ၊ ၎င်းနှင့် ဆက်စပ်ဖြစ်ပေါ်လျက်ရှိသော ပတ်ဝန်းကျင် အခြေအနေကို ကောင်းစွာ နားလည်ရမည် ဖြစ်၏။ သို့မှသာ (ဥပမာအားဖြင့်) ရေနစ်သူတစ်ဦးသည် ကုန်းပေါ်တွင် ရပ်နေသူ တစ်ဦးလောက် လွတ်လပ်ခြင်း မရှိကြောင်း မလွဲသာသော လိုအပ်ခြင်း နိယာမတရားများကို လိုက်နာနေရကြောင်း ကောင်းစွာ နားလည်မည် ဖြစ်၏။ သို့မှသာ လူဦးရေ ထူထပ်သော ရပ်ကွက်တွင် နေထိုင်၍ အများနှင့် ဆက်ဆံရသူတစ်ဦး၊ သို့မဟုတ် အိမ်ထောင်ရေးတာဝန်၊ အစိုးရတာဝန်၊ အလုပ်တာဝန်ကို ထမ်းဆောင်ရသူကစ်ဦးသည် တစ်ယောက်တည်း ဧကစာ ကျင့်နေသူတစ်ဦးလောက် လွတ်လပ်ခြင်း မရှိကြောင်း၊ လိုအပ်ခြင်း၏ စေခိုင်းရာကို လိုက်နာရကြောင်းကို ကျွန်ုပ်တို့ သဘောပေါက်ပေလိမ့်မည်။

အကြင်လူတစ်ဦးတစ်ယောက်သည် မိမိ၏ ပတ်ဝန်းကျင်နှင့် ကင်းကွာ၍ တစ်ယောက်တည်း နေထိုင်ခြင်းပြုအံ့။ ထိုလူ၏ လုပ်ဆောင်ချက်များသည် လွတ်လပ်သည်ဟု ထင်စရာရှိ၏။ သို့ရာတွင် ထိုလူနှင့် ၎င်းပတ်ဝန်းကျင်၏ ဆက်သွယ်မှုကို ဂရုတစိုက်လေ့လာမည်ဆိုပါက ထိုလူနှင့် ၎င်း၏ပတ်ဝန်းကျင်တွင် ရှိရှိသမျှ အရာဝတ္ထုတစ်ခုခုတို့၏ ဆက်စပ်မှုကို လေ့လာမည်ဆိုပါက (ဥပမာ ထိုလူ စကားပြောနေသော အခြားလူတစ်ယောက်၊ ထိုလူ ဖတ်လျက်ရှိသော စာအုပ်တစ်အုပ်၊ ထိုလူလုပ်လျက်ရှိသော အလုပ်တစ်ခု၊ ထိုမျှမက ထိုလူ၏ပတ်ဝန်းကျင်တွင် ရှိသော အလုပ်တစ်ခု၊ ထိုမျှမက ထိုလူ၏ ပတ်ဝန်းကျင်တွင် ရှိသော လေထုနှင့် ထိုလူ၏အနီးတွင် ကျရောက်လျက်ရှိသော အလင်းရောင် စသည့်အရာများ) ထိုအရာဝတ္ထုများ၊ ထိုအခြေအနေများသည် ထိုလူအပေါ်တွင် သြဇာလွှမ်းလျက်ရှိကာ ထိုလူ၏ လုပ်ဆောင်ချက်များကို တစ်နည်းမဟုတ်တစ်နည်းဖြင့် ချုပ်ကိုင်လျက်ရှိခြင်းကို တွေ့ရပေသည်။ ထိုသို့ သြဇာလွှမ်းလျက်ရှိသော ပတ်ဝန်းကျင်ကို ကျွန်ုပ်တို့ ပိုမိုသိမြင်လာသည်နှင့်အမျှ ထိုလူ၌ လွတ်လပ်မှုသည် နည်းသည်ထက် နည်းလာကာ ထိုလူကို လွှမ်းမိုးလျက်ရှိသော လိုအပ်မှုသည် (မရှောင်မလွဲသာသော အကြောင်းတရားများ) များသည်ထက် များကြောင်းကို ကျွန်ုပ်တို့ တွေ့လာရပေသည်။

(၂) ဒုတိယအချက်မှာ ထိုလူနှင့် ကမ္ဘာလောကကြီးကို အချိန်ကာလအားဖြင့် ဆက်သွယ်နေကြပုံ ဖြစ်၏။ ထိုလူ၏ လုပ်ဆောင်ချက်သည် မည်သည့်အချိန်၌ ပေါ်ပေါက်သနည်းဆိုသည့်အချက်ကို ကောင်းစွာ နားလည်ရမည် ဖြစ်၏။ သို့မှသာ (ဥပမာအားဖြင့်) လူ့အနွယ်ကြီးကို ဖေါ်ပေါက်စေခဲ့သော ပထမဦးဆုံးသော ကမ္ဘာဦးလူသားသည် အိမ်ထောင်ခြင်းအမှုကို ပြုရာ၌ ယနေ့လူသားလောက် လွတ်လပ်ခြင်းမရှိဘဲ မလွဲမရှောင်သာသော လိုအပ်ခြင်း အကြောင်းတရားများကြောင့် ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့ နားလည်နိုင်လိမ့်မည် ဖြစ်ပေသည်။ ပြု

www.burmeseclassic.com

www.burmeseclassic.com

လုပ်သူနှင့် အချိန်ကာလ၏ ဆက်သွယ်မှုကို နားလည်ခြင်းကြောင့်ပင် ကျွန်ုပ်တို့နှင့် အချိန်ကာလအားဖြင့် ဆက်သွယ်လျက်ရှိသော လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာက နေထိုင်ခဲ့သူတို့၏ ပြုမူဆောင်ရွက်ချက်များကို မလွဲမရှောင်သာသော လိုအပ်ခြင်းအကြောင်းတရားများကြောင့် ဖြစ်ပေါ်ခဲ့သည်ဟု မြင်ကြပြီး ကျွန်ုပ်တို့ခေတ်ရှိ လူများ၏ ဆောင်ရွက်ချက်များကိုမူကား ၎င်း၏စိတ်ဆန္ဒအလျောက် ဖြစ်ပေါ်ခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ ထင်နေကြခြင်းဖြစ်လေသည်။

ကျွန်ုပ်တို့နှင့် ထိုလူ၏ လုပ်ဆောင်ချက်သည် အချိန်ကာလအားဖြင့် ကွာလှမ်းသည်နှင့်အမျှ ထိုလုပ်ဆောင်ချက်သည် လွတ်လပ်စွာ ပေါ်ပေါက်လာခြင်းမဟုတ်။ မရှောင်သာသောအကြောင်းတရားများကြောင့် ပေါ်ပေါက်လာသည်ဟု ထင်ကြ၏။ ကျွန်ုပ်တို့၏ ထိုလူ၏ လုပ်ဆောင်ချက်သည် အချိန်ကာလအားဖြင့် နီးကပ်သည်နှင့်အမျှ ထိုလုပ်ဆောင်ချက်သည် မရှောင်သာသောကြောင့် ပေါ်ပေါက်ခြင်းမဟုတ်၊ ထိုလူ၏စိတ်ဆန္ဒအရ ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ထင်ကြလေသည်။ ထို့ကြောင့် လူတစ်ယောက်၏ လုပ်ဆောင်ချက်သည် လွတ်လပ်စွာ ပေါ်ပေါက်လာခြင်းလော၊ မရှောင်သာသော လိုအပ်ခြင်းနိယာမတရားကြောင့် ပေါ်ပေါက်လာခြင်းလော ဟူသော အချက်သည် ထိုလုပ်ဆောင်ချက်နှင့် လေ့လာသူ၏ အချိန်ကာလ အနီးအဝေးအပေါ်တွင် တည်လေသည်။ အချိန်ကာလအားဖြင့် ဝေးလျှင် လိုအပ်ခြင်း ပမာဏက များသည်ဟု ထင်မှတ်ရ၏။ နီးလျှင် လွတ်လပ်ခြင်း၏ပမာဏက များသည်ဟု ထင်မှတ်ရ၏။

ဥပမာ ကျွန်ုပ်တို့သည် လွန်ခဲ့သည့် တစ်ခဏက အလုပ်တစ်ခုကို ပြုလုပ်၏။ ယခုတစ်ဖန် ထိုအလုပ်သည် ပြန်၍ စစ်ဆေး၏။ ပြုလုပ်သည့်အချိန်နှင့် စစ်ဆေးသည့် အချိန်၌ ကျွန်ုပ်၏ အခြေအနေမှာ အတူတူပင် ဖြစ်၏။ အခြေအနေချင်းတူပါလျက် ထိုစဉ်က ပြုလုပ်ပြီး ယခုမည်သည့်အတွက်ကြောင့် ပြုလုပ်ခြင်း မရှိသနည်း၊ ထိုစဉ်က ကျွန်ုပ်ပြုလုပ်ခဲ့သောအလုပ်သည် စိတ်ဆန္ဒ၏ စေ့ဆော်မှုကြောင့် လွတ်လပ်စွာ ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ထင်ရ၏။ သို့ရာတွင် လွန်ခဲ့သော တစ်လခန့်က ပြုလုပ်ခဲ့သော အလုပ်တစ်ခုကို ယခုအခြေအနေတွင် ပြန်စစ်ဆေးလိုက်သောအခါ၌ကား (ငါ ဤသို့ပြုလုပ်ခဲ့၍ ဤအကျိုးတရားများ ထင်လာခြင်း ဖြစ်သည်သည်။ ငါ ဤသို့မလုပ်လျှင် ဤသို့မဖြစ်။ ထို့ကြောင့် ငါသည် ထိုအလုပ်ကို မရှောင်သာသော လိုအပ်ချက်ကြောင့် လုပ်ခဲ့ရခြင်း ဖြစ်သည်။)ဟု ထင်မည်သာ ဖြစ်လေသည်။ ထို့ထက် လွန်ခဲ့သော ဆယ်နှစ်ခန့်က ပြုလုပ်ခဲ့သည့် အလုပ်တစ်ခုကို ပြန်၍ စစ်ဆေးလျှင်ကား ထိုလုပ်ဆောင်ချက်ကြောင့် ပေါ်ထွက်လာသော အကျိုးတရားများသည် ထင်ရှားသည်ထက် ထင်ရှားခဲ့လေပြီ။ ဤသို့ဖြင့် ရှည်ဝေးသောအတိတ်က လုပ်ဆောင်မှုတိုင်းကို ပြန်၍ စစ်ဆေးလိုက်တိုင်း၊ ထိုလုပ်ဆောင်မှုသည် လွတ်လပ်စွာ ပေါ်ပေါက်ခြင်းမဟုတ်၊ မရှောင်သာသော အကြောင်းတရားများကြောင့် ပေါ်ပေါက်ခြင်းဖြစ်သည်ဟု ထင်မှတ်လာတတ်ပေသည်။

ရာဇဝင်ကို ပြန်လည်သုံးသပ်၍ လူ့လောကကြီး၏ ယေဘုယျကိစ္စများတွင် လွတ်လပ်သော စိတ်ဆန္ဒသည် မည်သို့မည်ပုံ ပါဝင်လျက်ရှိသည်ဆိုခြင်းကို ကြည့်မြင်သည့် အခါ၌လည်း ထို့အတူ ဖြစ်ပေသည်။ ကျွန်ုပ်တို့ မျက်မှောက်ခေတ်တွင် ပေါ်ပေါက်လျက်ရှိသည့် အဖြစ်အပျက်များသည် ကျွန်ုပ်တို့သိသော ပါဝင်ဆောင်ရွက်သူအားလုံး၏ စိတ်ဆန္ဒဖြင့် လွတ်လပ်စွာ ပေါ်ပေါက်လာသော လုပ်ဆောင်ချက်များဖြစ်သည်ဟု ထင်ရ၏။ သို့ရာတွင် ရှည်ဝေးသော အတိတ်ကာလမှ အဖြစ်အပျက်များကို ကြည့်လျှင်မူကား၎င်းတို့သည် မရှောင်သာသော အကြောင်းတရားများကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟုသာ ထင်ရလေသည်။ ဤသို့ဖြင့် အချိန်ကာလအားဖြင့် ဝေးကွာသည်နှင့်အမျှ အဖြစ်အပျက်သည်လည်း မလွဲသာသော အကြောင်းတရားများကြောင့် ပေါ်ပေါက်လာသည်ဟု ထင်ရလေသည်။ လူပုဂ္ဂိုလ်များ၏ စိတ်ဆန္ဒကြောင့် လွတ်လပ်စွာ ပေါ်ပေါက်လာခြင်းမဟုတ်ဟု ထင်ရလေသည်။

ယခု ဖြစ်ပွားလျက်ရှိသော သြစတေးရီးယားနှင့် ပရပ်ရှားစစ်ပွဲသည် နန်းရင်းဝန် ဘစ်စမတ်၏ ကောက်ကျစ်စဉ်းလဲမှုကြောင့်ဖြစ်ပွားခြင်း ဖြစ်သည်ဟု ထင်ရ၏။ နပိုလီယန် စစ်ပွဲများသည်လည်း ထိုစစ်ပွဲများတွင် ပါဝင်တိုက်ခိုက်သည့် လူစွမ်းကောင်းများ၏ စိတ်ဆန္ဒကြောင့် ဖြစ်ပွားခြင်း ဖြစ်သည်ဟု (တစ်ထစ်ချ ပြောနိုင်သော်လည်း) ယခုတိုင် ကျွန်ုပ်တို့ ယူဆလျက် ရှိကြသေး၏။ သို့ရာတွင် နောင်နှစ်ပေါင်းများစွာ အတန်ကြာ၍ နောင်းလူတို့က

www.burmeseclassic.com

www.burmeseclassic.com

ထိုအဖြစ်အပျက်များကို ပြန်၍ ငဲ့စောင်းကြည့်သည့်အခါ၌ ကား ၎င်းတို့သည် နန်းရင်းဝန် ဘစ်စမတ်၏ စိတ်ဆန္ဒကြောင့်လည်း မဟုတ်၊ မလွဲသာသော လိုအပ်ခြင်း နိယာမတရားများကြောင့် ပေါ်ထွက်လာခြင်း ဖြစ်သည်ဟု ထင်ရမည်သာ ဖြစ်လေသည်။ ကရူးဆိတ် စစ်ပွဲများသည် လူပုဂ္ဂိုလ်အချို့၏ စိတ်ဆန္ဒကြောင့် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု ထိုခေတ်က ခေတ်ပြိုင်ရာဇဝင်ဆရာများက ရေးခဲ့ကြသော်လည်း ယခု ကျွန်ုပ်တို့ခေတ်၌ကား ထိုစစ်ပွဲများသည် မလွဲသာသော လိုအပ်ခြင်း နိယာမတရားကြောင့် ပေါ်ပေါက်ခဲ့ရသည်ဟု ယူဆနေကြပြီမဟုတ်ပါလော။ ထိုခေတ်က ပုဂ္ဂိုလ်များအမြင်၌ ဥရောပကမ္ဘာကြီး ပြန်လည်ဆန်းသစ်လာခြင်းသည် လူဆိုးကြီး အတ္တိလ၏ သောင်းကျန်းမှုကြောင့် ဖြစ်သည်။ ၎င်း၏ စိတ်ဆန္ဒကြောင့်ဖြစ်သည်ဟု ယူဆခဲ့ကြသော်လည်း ယခုခေတ်၌မူကား ထိုသို့ခေတ်ကြီးတစ်ခေတ်လုံးကို ပြောင်းလဲစေခဲ့ခြင်းသည် အတ္တိလကြောင့် ဖြစ်သည်ဟု မည်သူက ထင်ရကောင်းမှန်း သိကြသေးသနည်း။ ကျွန်ုပ်တို့သည် ရှည်ဝေးသော ရာဇဝင်အဖြစ်အပျက်များကို ပြန်၍ စစ်ဆေး ဝေဖန်သည်နှင့်အမျှ ထိုအဖြစ်အပျက်တွင် ပါဝင်လှုပ်ရှားသူတို့သည် ၎င်းတို့သဘောဖြင့် လွတ်လပ်စွာ လုပ်ဆောင်ရခြင်းမဟုတ်။ မလွဲသာသော နိယာမတရား၏ သားကောင်များသာ ဖြစ်ခဲ့ခြင်းကို ပို၍ထင်ရှားစွာ တွေ့ရလိမ့်မည်သာ ဖြစ်လေသည်။

(၃) တတိယအချက်မှာ အဖြစ်အပျက်တစ်ခုကို ပေါ်ပေါက်စေသော ကွင်းဆက်များသဖွယ် ဆက်လျက်ရှိသည့် အဆုံးမရှိသော အကြောင်းတရားဆက်များကို ကျွန်ုပ်တို့သည် မည်သည့်အတိုင်းအတာအထိ သိမြင်သနည်း ဆိုသည့်အချက် ဖြစ်၏။ ဆင်ခြင်တုံတရားသည် ဤအကြောင်းတရားဆက်များကို ရှာဖွေဖူးစမ်း၏။ အကျိုးတရားတစ်ခုသည် ရှေ့က ဖြစ်ပြီးသော အကြောင်းတရားကြောင့် ဖြစ်ပေါ်လာခြင်း၏ တစ်ဖန် ထိုအကျိုးတရားသည်လည်း ဒုတိယအကျိုးတရား၏ အကြောင်းတရား ဖြစ်လေသည်" ဤသို့ဖြင့် ကွင်းဆက်သဖွယ် ဆက်၍သွားသည်။ လူ၏ ထုပ်ဆောင်ချက်များကိုလည်း ဤသို့ဖြင့် ကွင်းဆက်သဖွယ် ဆက်၍သွားသည်။ လူ၏ လုပ်ဆောင်ချက်များကိုလည်း ဤသို့ဖြင့် ကွင်းဆက်သဖွယ် ဆက်၍သွားသည်။ လူ၏ လုပ်ဆောင်ချက်များကိုလည်း ဤသို့ ကြည့်မြင်ရမည် ဖြစ်လေသည်။

လူကို လွှမ်းမိုးချုပ်ကိုင်လျက်ရှိသော ရုပ်ပိုင်းဆိုင်ရာ နိယာမတရားများ၊ စိတ်ပိုင်းဆိုင်ရာ နိယာမတရားများနှင့် ရာဇဝင်ဆိုင်ရာ နိယာမတရားများကို သိမြင်လာသည်နှင့်အမျှ လူတစ်ဦး၏ လုပ်ဆောင်ချက်ကို ဖြစ်ပေါ်စေသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ရာဇဝင်ဆိုင်ရာ အကြောင်းတရားများကို မှန်ကန်စွာ သိမြင်လာမည် ဖြစ်၏။ ထိုအခါ၌ ကျွန်ုပ်တို့ စစ်ဆေးလျက်ရှိသော လုပ်ဆောင်ချက်များကိုလည်း ကျွန်ုပ်တို့ အလွယ်တကူ နားလည်နိုင်လိမ့်မည် ဖြစ်၏။ ထိုလုပ်ဆောင်ချက်ကို ပြုသူ၏ စိတ်နှင့် စိတ်နေသဘောထားကိုလည်း ကျွန်ုပ်တို့ အလွယ်တကူ သဘောပေါက်နိုင်လိမ့်မည် ဖြစ်၏။ ထိုအခါ၌ လုပ်ဆောင်ချက်များသည် လွတ်လပ်စွာ ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ မလွဲသာသော နိယာမတရားများ၏ ဇစ်ဆော်မှုကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်ကိုလည်း တွေ့ရလိမ့်မည် ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် လုပ်ဆောင်ချက်တစ်ခု (ရာဇဝတ်မှုတစ်မှု၊ သို့မဟုတ် ကောင်းမှုကုသိုလ်တစ်ခု)၏ အကြောင်းတရားကိုနားမလည်သည့်အခါ၌ ထိုလုပ်ဆောင်ချက်သည် ပြုလုပ်သူ၏ စိတ်ဆန္ဒအလျောက် လွတ်လပ်စွာ ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ယူဆလေ့ရှိ၏။ ထို့ကြောင့် ရာဇဝတ်မှု ကျူးလွန်သူကို ၎င်း၏ အပြစ်အတွက် ပြစ်ဒဏ်စီရင်စေလိုကြ၏။ ကောင်းမှုပြုသူကို ချီးမြှောက်လိုကြ၏။ သို့ရာတွင် ထိုလုပ်ဆောင်ချက်၏ အကြောင်းတရားများစွာ အနက်မှ အကြောင်းတရားတစ်ခုမျှလောက်ကို ဖြစ်စေ၊ သိမြင်လာသည့်အခါ၌မူကား ထိုလုပ်ဆောင်ချက် ပေါ်ပေါက်လာခြင်းသည် (အခြားသော အကြောင်းတရားများအပြင်) မလွဲသာသော လိုအပ်ခြင်း နိယာမတရားကြောင့်လည်း ဖြစ်ကြောင်းကို တွေ့ရမည် ဖြစ်ပေသည်။ ထိုအခါ၌ ရာဇဝတ်မှု ကျူးလွန်သူကို အပြစ်ပေးစေလိုသော ဆန္ဒများစွာရှိတော့မည် မဟုတ်ချေ။ ကောင်းမှုကုသိုလ်ပြုသူကိုလည်း အလွန်အကျူးချီးမြှောက်လိုသောဆန္ဒ ရှိတော့မည် မဟုတ်ချေ။ လူသည် ၎င်း၏စိတ်ဆန္ဒဖြင့် လွတ်လပ်စွာ ဆောင်ရွက်ခြင်းဖြစ်သည်ဟုလည်း ထင်တော့မည် မဟုတ်ချေ။ ရာဇဝတ်မှု ကျူးလွန်သူတစ်ဦးသည်

www.burmeseclassic.com

www.burmeseclassic.com

ရာဇဝတ်ကောင်များ၏ ပတ်ဝန်းကျင်တွင် ကြီးပြင်းလာခဲ့ခြင်း ဖြစ်ကြောင်းကို တွေ့မြင်သည့်အခါ၌ ကျွန်ုပ်တို့သည် ထိုရာဇဝင်မှ ကျူးလွန်သူကို များစွာ အပြစ်မြင်တော့မည် မဟုတ်ချေ။ အလားတူပင် ဖခင်တစ်ယောက် သို့မဟုတ် မိခင်တစ်ဦး၏ ကိုယ်ကျိုးစွန့်မှုသည် အလားအလာကို မြော်ကိုး၍ ကိုယ်ကျိုးစွန့်ခြင်းမျိုး ဖြစ်သည်ကိုလည်းကောင်း တွေ့မြင်သည့်အခါ၌ ၎င်းတို့၏ လုပ်ဆောင်ချက်များသည် အထူးတလည် ချီးကျူးဖွယ် မဟုတ်ကြောင်းကို သိလာလိမ့်မည် ဖြစ်ပေသည်။ ၎င်းတို့၏ ကိုယ်ကျိုးစွန့်ခြင်းသည် စိတ်အလိုဆန္ဒအလျောက် လွတ်လပ်စွာ ပေါ်ထွက်လာခြင်း မဟုတ်ဘဲ မလွဲသာသော လိုအပ်ခြင်းနိယာမ တရားကြောင့် ပေါ်ထွက်လာခြင်းဖြစ်ကြောင်းကို တွေ့ရမည် ဖြစ်ပေသည်။ လူတစ်ဦးသည် ဂိုဏ်းတစ်ဂိုဏ်း၊ သို့မဟုတ် နိုင်ငံရေးပါတီတစ်ခုကို မည်သည့်အတွက်ကြောင့် မည်သို့မည်ပုံ တည်ထောင်သနည်း။ ပစ္စည်းတစ်ခုကို မည်သည့်အတွက်ကြောင့် မည်သို့မည်ပုံ တီထွင်သနည်း။ အကြောင်းတရားများကို မသိလျှင်ကား ထိုဂိုဏ်းတည်ထောင်သူ၊ ထိုနိုင်ငံရေးပါတီကို တည်ထောင်သူ၊ ထိုပစ္စည်းကို တီထွင်သူတို့သည် ချီးကျူးဖွယ် ပုဂ္ဂိုလ်ထူးကြီးများ ဖြစ်သည်ဟု ထင်ရ၏။ သို့ရာတွင် ၎င်း၏ ဆောင်ရွက်ချက်များ၏ အကြောင်းတရားများကို သိမြင်လာသည့်အခါ၌ကား၊ ၎င်းတို့သည် အထူးတလည် ချီးကျူးဖွယ်ကောင်းသော ပုဂ္ဂိုလ်များ မဟုတ်တော့ချေ။ သို့ဖြစ်ရကား လူများ၏ လုပ်ဆောင်ချက်များကို လေ့လာရာ၌ အကြောင်းတရားနှင့် အကျိုးတရားတို့၏ အပြန်အလှန် ဆက်စပ်နေပုံကို ကျွန်ုပ်တို့ သိမင်လာသည်နှင့်အမျှ ၎င်းတို့၏ လုပ်ဆောင်ချက်များသည်လည်း စိတ်ဆန္ဒကြောင့် လွတ်လပ်စွာ ပေါ်ပေါက်ခြင်း မဟုတ်ဘဲ လိုအပ်မှု၏ တိုက်တွန်းစေဆော်ချက်ကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်းကို တွေ့လာရလိမ့်မည် ဖြစ်ပေသည်။ အကြောင်းတရားနှင့် အကျိုးတရားတို့ကိုလည်း မှန်ကန်စွာ ဆက်စပ် ကြည့်ရှုနိုင်လိမ့်မည် ဖြစ်ပေသည်။ သာမန် လုပ်ဆောင်ချက်ကလေးများကို စစ်ဆေးကြည့်ရှုရမည်ဆိုလျှင်လည်း ၎င်းတို့အားလုံးသည် မလွဲသာသော လိုအပ်ခြင်း နိယာမတရားကြောင့် ပေါ်ပေါက်လာခြင်းသာ ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိမြင်လာလိမ့်မည် ဖြစ်ပေသည်။ သာမန်လုပ်ဆောင်ချက်ကလေးများကို စစ်ဆေးကြည့်ရှုရမည်ဆိုလျှင်လည်း ၎င်းတို့အားလုံးသည် မလွဲသာသော လိုအပ်ခြင်းနိယာမတရားကြောင့် ပေါ်ပေါက်လာခြင်းသာ ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိမြင်လာလိမ့်မည် ဖြစ်ပေသည်။ မရိုးဖြောင့်သောဖခင်၏ သားက မရိုးဖြောင့်သော အပြုအမူကို ပြုလုပ်ခြင်း၊ မကောင်းသည့် ပတ်ဝန်းကျင်တွင် ရောက်နေသော မိန်းမတစ်ယောက်က မကောင်းသည့်အလုပ်ကိုလုပ်ခြင်း၊ အရက်သမားတစ်ယောက် အရက်မူးခြင်း စသည့် အပြုအမူများ၏ အကြောင်းရင်းကို ကျွန်ုပ်တို့ နားလည်သည့်အခါ၌ ထိုအပြုအမူများသည် စိတ်ဆန္ဒအရ လွတ်လပ်စွာ ပေါ်ပေါက်လာရခြင်းမဟုတ်ကြောင်း၊ မလွဲသာ၍ ပေါ်ပေါက်လာရခြင်း ဖြစ်ကြောင်းကို တွေ့ရပေသည်။ ကလေးတစ်ယောက် သို့မဟုတ်၊ အရွယ်တစ်ယောက်၊ သို့မဟုတ် လူတစ်ယောက် စသည့် စိတ်ဓာတ်ဖွံ့ဖြိုးတိုးတက်ခြင်း မရှိသေးသူတို့၏ လုပ်ဆောင်ချက်များကို လေ့လာကြည့်၍ ၎င်းတို့၏စိတ်သဘောထား ရိုးသားခြင်း၊ အသိဉာဏ် မဖွံ့ဖြိုးခြင်းနှင့်တကွ ၎င်းတို့ လုပ်ဆောင်ချက်များ၏ အကြောင်းတရားများကို ကျွန်ုပ်တို့ သိမြင်လာသောအခါ၌ကား၊ ၎င်းတို့၏ လုပ်ဆောင်ချက်များ၌ လွတ်လပ်မှုဟူ၍ မရှိသလောက် နည်းပါးကာ လိုအပ်ခြင်း နိယာမတရား၏ စေ့ဆော်မှုက ပမာဏ ကြီးထွားလျက် ရှိခြင်းကို တွေ့ရသည်။ ထို့ကြောင့်ပင် ၎င်းတို့ လုပ်ဆောင်ချက်များ အကြောင်းတရားများကို သိသည်နှင့် တစ်ပြိုင်နက် ထို လုပ်ဆောင်ချက်များမှ ပေါ်ပေါက်လာမည့် အကျိုးတရားများကို ကျွန်ုပ်တို့ ကြိုတင် ပြောနိုင်ခြင်းဖြစ်လေသည်။

တရားခံတစ်ဦးသည် ပြစ်မှုကျူးလွန်ရာ၌ ၎င်း၏ စိတ်ဆန္ဒအလျောက်လော၊ ပတ်ဝန်းကျင်အခြေအနေ အရပ်ရပ်၏ စေ့ဆော်မှုကြောင့်လော ဟူသည်ကို ဆုံးဖြတ်ရာ၌ တရားဥပဒေကျင့်ထုံးများသည် အထက်ပါအချက်သုံးချက်ကို အခြေခံ၍ စဉ်းစားကြသည်သာဖြစ်ပေသည်။ တရားခံရောက်ရှိနေသည့် အခြေအနေအရပ်ရပ်တို့ကို ကျွန်ုပ်တို့ မည်သည့်အတိုင်းအတာအထိ သိသနည်း။ ပြစ်မှုကျူးလွန်သည့်အချိန်နှင့် စုံစမ်းစစ်ဆေးသည့်ချိန် မည်မျှ ကွာခြားသနည်း။ ထိုပြစ်မှုကို ကျူးလွန်စေရန် စေ့ဆော်သော အကြောင်းတရားများကို ကျွန်ုပ်တို့ မည်သည့်အတိုင်းအတာအထိ သိသနည်းဟူသော အချက်သုံးရပ်ပေါ်တွင် မူတည်၍

www.burmeseclassic.com

www.burmeseclassic.com

တရားခံအား အပြစ်ရှိမရှိကို ဆုံးဖြတ်ကြသည်သာ ဖြစ်ပေသည်။

အခန်း ၁၀

သို့တပြီးကား လုပ်ဆောင်ချက်တစ်ရပ်သည် စိတ်ဆန္ဒအလျောက် လွတ်လပ်စွာ ပေါ်ခြင်းလော၊ သို့တည်းမဟုတ် မလွဲသာသော လိုအပ်ခြင်းနိယာမတရား၏ စေ့ဆော်မှုကြောင့် ပေါ်ထွက်လာခြင်းလော ဟူသော ပြဿနာ၌ ပြုလုပ်သူနှင့် ပြင်ပကမ္ဘာလောကကြီး၏ ဆက်သွယ်မှု (ဒေသ)၊ လုပ်ဆောင်သူနှင့် စစ်ဆေးဝေဖန်သူတို့၏ကြားတွင် တည်ရှိသော အချိန်အကွာအဝေး(ကာလ)၊ နှင့် ပြုလုပ်သူနှင့် ပြုလုပ်မှုကို ဖြစ်ပေါ်စေသော အကြောင်းတရားများ၏ ဆက်သွယ်မှု (ပယောဂ)တို့ကို လိုက်၍ ဆုံးဖြတ်အပ်ပေသည်။ ဤနည်းအားဖြင့်သာ လူတစ်ယောက်၏ဘဝကို ဝေဖန် စဉ်းစားပေသည်။

ဥဒါဟရဏ်အားဖြင့် လူတစ်ယောက်သည် ပြင်ပကမ္ဘာလောကကြီးနှင့်လည်း ဆက်သွယ်မှု နီးစပ်အံ့၊ ၎င်း၏ ဆောင်ရွက်နှင့် ထိုဆောင်ရွက်ချက်ကို ဝေဖန်စစ်ဆေးမှုတို့သည် အချိန်ကာလအားဖြင့်လည်း ဝေးကွာအံ့။ တစ်ဖန် ထိုဆောင်ရွက်ချက်များ၏ အကြောင်းတရားများကိုလည်း ကျွန်ုပ်တို့ သိအံ့။ ထိုအခါ၌ ထိုလူ၏ ဆောင်ရွက်ချက်သည် ၎င်း၏ စိတ်ဆန္ဒကြောင့် ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ မလွဲသာသော နိယာမတရားများကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ မြင်ကြရလိမ့်မည် ဖြစ်ပေသည်။ တစ်ဖန် လူတစ်ယောက်သည် ပြင်ပကမ္ဘာလောကကြီးနှင့် ဆက်သွယ်မှု ဝေးကွာအံ့၊ ၎င်း၏ ဆောင်ရွက်သည်လည်း မကြာမီကမှ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်အံ့။ ထိုဆောင်ရွက်ချက်များ၏ အကြောင်းတရားများကိုလည်း ကျွန်ုပ်တို့ သိမြင်ခြင်း မရှိအံ့။ ထိုအခါ၌ ထိုလူ၏ ဆောင်ရွက်ချက်သည် မလွဲသာသော နိယာမတရားများ၏ စေ့ဆော်မှုကြောင့် ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ၎င်း၏ စိတ်ဆန္ဒကြောင့် လွတ်လပ်စွာ ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ မြင်ကြရလိမ့်မည် ဖြစ်လေသည်။

သို့ရာတွင် ကျွန်ုပ်တို့အမြင်၌ကား ကျွန်ုပ်တို့သည် ထိုလူနှင့် ပြင်ပကမ္ဘာလောကကြီး၏ ဆက်သွယ်မှုသည် နီးစပ်သည်ဖြစ်စေ၊ ဝေးကွာသည်ဖြစ်စေ၊ အချိန်ကာလအားဖြင့်လည်း တိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ၊ အကြောင်းတရားများကို ကျွန်ုပ်တို့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ထိုဥဒါဟရဏ် နှစ်ရပ်စလုံး၌ လုံးဝ လွတ်လပ်ခြင်းဟူ၍ မရှိနိုင်ချေ။ မလွဲသာသော လုံးဝလိုအပ်ခြင်းဟူ၍လည်း မရှိချေ၊

လုံးဝလွတ်လပ်ခြင်းဟူ၍မရှိဟု ဆိုရခြင်းမှာ အောက်ပါအကြောင်းများကြောင့် ဖြစ်၏။

(၁) လူတစ်ယောက်သည် ပြင်ပကမ္ဘာလောကကြီး၏ သြဇာလွှမ်းမိုးမှုမှ အရောင်ရိုက်ခတ်မှု၊ စေ့ဆော်မှုမည်မျှ လွတ်ကင်းသည်ဆိုစေ ဟင်းလင်းပြင်ထဲ၌ မှီတင်းနေထိုင်သမျှ ကာလပတ်လုံး လွတ်လပ်ခြင်းဟူ၍ မရှိနိုင်ချေ။ လူ၏ လုပ်ဆောင်ချက်တိုင်းကို လူ၏ ပတ်ဝန်းကျင်ရှိ အရာများနှင့် လူ၏ခန္ဓာကိုယ်ကြီးက ပြုပြင်ဖန်တီးလျက်သာ ရှိလေသည်။ ဥပမာအားဖြင့် ကျွန်ုပ်သည် လက်ကို မြှောက်၏။ ထို့နောက်ပြန်ချ၏။ ဤအပြုအမူသည် လွတ်လပ်စွာ ပေါ်ပေါက်လာသော အပြုအမူဟု ထင်ရ၏။ သို့ရာတွင် မြှောက်ချင်သည့်ဘက်သို့ မြေဟာက်ကရသလော။ မရချေ။ အရာဝတ္ထုများက တားဆီးနှောင့်ယှက်ခြင်း မရှိသည့်ဘက်သို့သာ မြှောက်နိုင်သည် မဟုတ်လော။ သို့မဟုတ် ကျွန်ုပ်၏ ခန္ဓာကိုယ်ကြီး၏ အနေအထားက တားဆီးနှောင့်ယှက်ခြင်း မပြုသည့်ဘက်သို့သာ မြှောက်နိုင်သည်မဟုတ်လော။ ဤတွင် ကျွန်ုပ်၏ စိတ်ဆန္ဒအလျောက် လွတ်လပ်စွာ လက်မြှောက်သည်ဆိုရာ၌ အတားအဆီး မရှိသည်ဘက်၊ ခန္ဓာကိုယ် အနေအထားက ခွင့်ပြုသည့်ဘက်သို့သာ မြှောက်နိုင်ခြင်းကို တွေ့ရာလေပြီ။ သို့ဖြစ်လျက် လွတ်လပ်ပါသေးသလော။ ကျွန်ုပ်၏ လုပ်ဆောင်ချက်သည် အတားအဆီး မရှိ၊ အနှောင့်အယှက်မရှိ၊ စေ့ဆော်ခြင်း မရှိ၊ တိုက်တွန်းခြင်း မရှိ ပေါ်ပေါက်လာမှသာလျှင် ၎င်း၏ လွတ်လပ်သည်ဟု ခေါ်ရလိမ့်မည် ဖြစ်ပေသည်။ လောကၠ၌ လုံးဝ လွတ်လပ်သော လူတစ်ယောက်ကို ပြပါဆိုလျှင် ထိုလူသည် ဟင်းလင်းပြင် အပြင်ဘက်တွင် မှီတင်းနေထိုင်သူတစ်ဦးသာ ဖြစ်ရပေလိမ့်မည်။ သို့ရာတွင် ဤဟင်းလင်းပြင်၏အပြင်ဘက်တွင် မှီတင်းနေထိုင်သူ ဆိုသည်မှာလည်း မရှိနိုင်ချေ။

(၂) ကျွန်ုပ်တို့သည် လူတကာ၏လုပ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

ချက်ကို စစ်ဆေးရာ၌ လုပ်ဆောင်သည့်အချိန်နှင့် စစ်ဆေးသည့်အချိန်သည် မည်မျှဝေးကွာသည်ဖြစ်စေ၊ အချိန်ကာလ သဘော၌ လွတ်လပ်ခြင်းဟူ၍ မရှိနိုင်ချေ။ ဥပမာအားဖြင့် ကျွန်ုပ်သည် လွန်ခဲ့သည့် တစ်စက္ကန့်က ပြုလုပ်ခဲ့သော လုပ်ဆောင်ချက်တစ်ခုကို ပြန်လည်စစ်ဆေးသောအခါ၌ ထိုလုပ်ဆောင်ချက်သည် လွတ်လပ်စွာ ပေါ်ပေါက်လာသော လုပ်ဆောင်ချက်ဟု ထင်ရ၏။ သို့ရာတွင် စင်စစ်၌ကား မလွတ်လပ်ချေ။ အကြောင်းမူကား ထိုလုပ်ဆောင်ချက်သည် လုပ်ဆောင်ချက်ကို ပြုလုပ်သည့် အချိန်ကာလနှင့် ဆက်စပ်လျက်ရှိကာ ထိုအချိန်ကာလကို အမှီပြုနေသောကြောင့် ဖြစ်လေသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ လက်ကို မမြှောက်ဘဲ နေနိုင်သလော။ ထိုသို့မေးပြီးသည့်နောက် တစ်ခဏ၌ ကျွန်ုပ်သည် လက်မမြှောက်ဘဲ နေနိုင်ခြင်းကို သက်သေပြရန်အတွက် လက်ကို မမြှောက်ဘဲ ထား၏။ သို့ရာတွင် လက်မမြှောက်ဘဲ နေနိုင်သလောဟု မေးသည့် အချိန်နှင့် 'လက်မမြှောက်ဘဲထားသည့်'အချိန်သည် မတူတော့ပြီ။ အချိန်ကွာခြားခဲ့လေပြီ။ အချိန်ကို ကျွန်ုပ်သည် တားဆီးခဲ့လေပြီ။ အချိန်ကို ကျွန်ုပ်သည် တားဆီးခြင်းငှာ မတတ်နိုင်ပြီ။ ထိုမျှမက စောစောက မြှောက်ခဲ့သောလက်နှင့် ယခု မမြှောက်ဘဲထားသော လက်သည်လည်း မတူတော့ပြီ။ ထိုမျှမက ကျွန်ုပ် လက်မြှောက်စဉ် ကျွန်ုပ်ပတ်ဝန်းကျင်တွင် ရှိနေသော လေထုနှင့် လက်မမြှောက်ဘဲ ထားစဉ် ကျွန်ုပ်၏ ပတ်ဝန်းကျင်တွင် ရှိနေသော လေထုသည်လည်း မတူတော့ပြီ။ လက်မြှောက်ထားစဉ်က ရှိခဲ့သော အချိန်သည် ကုန်လွန်သွားခဲ့လေပြီ။ ကျွန်ုပ်သည် လက်မြှောက်ခြင်းနှင့် လက်ချထားခြင်းကို တစ်ပြိုင်နက် မလုပ်နိုင်ချေ။ တစ်ခုတည်းကိုသာ လုပ်နိုင်ပေသည်။ နောက်တစ်ခဏတွင် ကျွန်ုပ်၏လက်ကို မမြှောက်ဘဲ ထားခြင်းသည် လက်မြှောက်ရန် စိတ်ဆန္ဒ မဖြစ်ပေါ်ခြင်းကြောင့် မဟုတ်ချေ။ ကျွန်ုပ်သည် တစ်ချိန်တည်း၌ လက်မြှောက်ခြင်းနှင့် လက်ချထားခြင်းနှစ်ခုစလုံးကို မလုပ်နိုင်သောကြောင့်သာ ဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်သည် လွတ်လပ်သည်။ စိတ်ဆန္ဒ အလျောက် အလိုအလျောက် ပေါ်ပေါက်နိုင်သည်ဟု ထင်လျှင် အတိတ်နှင့် အနာဂတ်တို့၏ နယ်နိမိတ်ဖြစ်သော ပစ္စုပ္ပန်တစ်ခုတည်းရှိမှသာ ဖြစ်ပေလိမ့်မည်။ တစ်နည်းအားဖြင့် အချိန်ကာလ၏ အပြင်ဘက်၌ တည်ရှိမှ ဖြစ်နိုင်ပေလိမ့်မည်။ သို့ရာတွင် လောကဥ္စ အချိန်ကာလနှင့်, ကင်း၍ တည်နေသောအရာဟု မရှိနိုင်ချေ။

(၃) ကျွန်ုပ်တို့သည် လုပ်ဆောင်ချက်တစ်ခု၏ အကြောင်းတရားကို မည်မျှနားလည်သည်ဖြစ်စေ ထို လုပ်ဆောင်ချက်၌ လုံးဝလွတ်လပ်ခြင်း ဟူသော အရာဟူ၍ မရှိနိုင်ချေ။ (၀၊) အကြောင်းတရား မရှိသော လုပ်ဆောင်ချက်ဟူ၍ မရှိနိုင်ချေ။ ကျွန်ုပ်တို့သည် မိမိ၏ လုပ်ဆောင်ချက်၊ သို့မဟုတ် အခြားသူတစ်ဦး၏ လုပ်ဆောင်ချက်၏ အကြောင်းတရားကို မည်မျှနားလည်ခြင်း မရှိသည်ဖြစ်စေ ဆင်ခြင်တုံတရားကမူ အကြောင်းတရား ရှိရမည်ဟု ယူဆလျက်ရှိကာ ထိုအကြောင်းတရားကို ရှာဖွေလျက်ရှိလေသည်။ အကြောင်းတရားဟူ၍ မရှိဘဲ မည်သည့် အကျိုးတရားမျှ မထင်နိုင်ချေ။ ကျွန်ုပ်သည် အကြောင်းတရားနှင့်ကင်းသော လုပ်ဆောင်ချက်တစ်ခုကို ပြုလုပ်ရန် လက်ကို မြှောက်၏။ သို့ရာတွင် ထိုသို့ အကြောင်းတရားနှင့် ကင်းသော လုပ်ဆောင်ချက်တစ်ခုကို ပြုလုပ်ရန် ရည်ရွယ်ခြင်းသည်ပင်လျှင် လုပ်ဆောင်ချက်၏ အကြောင်းတရား ဖြစ်လျက် ရှိလေပြီ။

ထိုမျှမက လူတစ်ယောက်သည် ပြင်ပလောက ကမ္ဘာကြီး၏ ဩဇာ၊ ပတ်ဝန်းကျင်၏ ဩဇာမှ ကင်းလွတ်သည်ပင် ထားပါဦး၊ ပစ္စုပ္ပန်တွင် ပြုလုပ်သည့် ၎င်း၏ ရုတ်တရက် လုပ်ဆောင်ချက်တစ်ခုကိုပင် စဉ်းစားသည် ထားပါဦး။ ထိုလုပ်ဆောင်ချက်၌ မည်သည့်အကြောင်းတရားမျှ မရှိဟုပင် ထားပါဦးမည်။ လူများ၏ လုပ်ဆောင်ချက်များ၌လည်း မလွဲသာသော နိယာမတရား၏ ပမာဏသည် သုညနှင့် ညီမျှသော ပမာဏမျှသာ ပါဝင်သည်ပင် ထားပါဦး။ ထိုအခါ၌လည်း ကျွန်ုပ်တို့သည် လုံးဝလွတ်လပ်ခြင်းကို တွေ့နိုင်လိမ့်မည်မဟုတ်ချေ။ အကြောင်းသော်ကား ပြင်ပကမ္ဘာလောကကြီး၏ ဩဇာမှ ကင်းလွတ်၍ အချိန်ကာလ၏ အပြင်ဘက်တွင် ရပ်တည်ကာ အကြောင်းတရားနှင့် ကင်းကွာလျက်ရှိသည့် သတ္တဝါတစ်ဦးသည် လူသတ္တဝါတစ်ဦး မဟုတ်နိုင်သောကြောင့်သာတည်း။

ထို့ကြောင့် လောကဥ္စ လုံးဝလွတ်လပ်ခြင်းဟူ၍ မရှိနိုင်ဟု ဆိုခြင်းဖြစ်၏။ တစ်ဖန် လုံးဝလိုအပ်ခြင်း၊ မရှောင်မလွှဲသာ ဖြစ်ရခြင်းဟူ၍လည်း ရှိသလော။ မရှိနိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com

လူ၏လုပ်ဆောင်ချက်ဟူသရွေ့သည် လွဲရှောင်မရခြင်း နိယာမတရား၏ လက်အောက်ခံ လုံးလုံးဖြစ်သည်ဟူ၍လည်း မပြောနိုင်ချေ။

ဤသို့ဆိုရခြင်းမှာ အောက်ပါအကြောင်းတို့ကြောင့်ဖြစ်၏။

(၁) ကျွန်ုပ်တို့သည် လူမှိတင်းနေသော ဟင်းလင်းပြင်ကြီး၏အခြေအနေကို မည်မျှသိစေကာမူ ကျွန်ုပ်တို့၏ အသိတရားသည် မည်သည့်အခါမျှ ပြည့်စုံလိမ့်မည် မဟုတ်ချေ။ အကြောင်းမူကား ထိုအခြေအနေများ၏ အရေအတွက်သည် အဆုံးအစမရှိသော ဟင်းလင်းပြင်ကဲ့သို့ အဆုံးအစမရှိ များပြားလှသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် လူကို လွှမ်းမိုးဩဇာပေးလျက်ရှိသော ပတ်ဝန်းကျင် အခြေအနေအားလုံးကို ကျွန်ုပ်မသိသမျှ ကာလပတ်လုံး လောကဌာန် လုံးဝရှောင်လွှဲမရခြင်းဟူ၍ မရှိနိုင်ချေ။ တစ်စုံတစ်ခုသော လွတ်လပ်မှုအတိုင်းအတာသည် ကျန်ရှိနေသည်သာ ဖြစ်ပေသည်။

(၂) လုပ်ဆောင်ချက်တစ်ခုကို ပြုလုပ်သည့်အချိန်နှင့် ထိုလုပ်ဆောင်ချက်ကို စစ်ဆေးသည့်အချိန်နှစ်ခုတို့ကြား၌ ကာလအားဖြင့် မည်မျှ ရှည်ဝေးစေကာမူ ထိုကာလသည် အဆုံးရှိသည်သာ ဖြစ်ပေသည်။ အချိန်သာလျှင် အဆုံးမရှိခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဤအချက်၌လည်း လုံးဝ လွဲရှောင်မရခြင်းဟူ၍ မရှိနိုင်ချေ။

(၃) လုပ်ဆောင်ချက်တစ်ခု၌ သံကွင်းဆက်သဖွယ်ရှိသော အကြောင်းတရားဆက်များကို ကျွန်ုပ်တို့ မည်မျှသိသည် ဆိုစေကာမူ ကျွန်ုပ်တို့သည် ထိုမျှ ရှည်လျားသော ကွင်းဆက်သဖွယ် ရှိသည့်အကြောင်းတရားဆက်များကို သိမြင်နိုင်မည် မဟုတ်ချေ။ အကြောင်းသော်ကား ထိုအကြောင်းတရား ကွင်းဆက်များ၌ အဆုံးမရှိသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် လုံးဝ ရှောင်လွဲမရခြင်း ဟူသည်မရှိနိုင်ချေ။

ထိုမျှမက လွတ်လပ်ခြင်း၏ ပမာဏသည် သုည်နှင့် ညီမျှသော ပမာဏရှိသည်ဆိုလျှင် ကျွန်ုပ်တို့ ထင်သကဲ့သို့ သေခါနီး လူတစ်ယောက်၊ သို့မဟုတ် မမွေးသေးသော ကလေးတစ်ယောက်၊ သို့မဟုတ် လူညံ့လူဖျင်းတစ်ယောက် စသည်တို့တွင် ဖြစ်ပေါ်လေ့ရှိသည့် နည်းတူ လွတ်လပ်ခြင်းဟူ၍ လုံးဝမရှိဟုဆိုလျှင် လူ့ဘဝ၊ လူ့အဖြစ်ကိုပါ ပယ်ဖျက်ရတော့မည် ဖြစ်လေသည်။ အကြောင်းမူကား လွတ်လပ်ခြင်းဟူ၍ မရှိတော့သည်နှင့် တစ်ပြိုင်နက် လူဟူ၍ မရှိတော့သောကြောင့် ဖြစ်ပေသည်။ သို့ဖြစ်ရကား လောကဌာန် လူ၏ လုပ်ဆောင်ချက်များသည် လုံးဝ လွတ်လပ်ခြင်း မရှိနိုင်သကဲ့သို့ ရှောင်လွှဲမရခြင်းနိယာမတရား၏ လုံးဝ ဩဇာခံလည်း မဖြစ်နိုင်ချေ။

ထို့ကြောင့်လူ၏ လုပ်ဆောင်ချက်သည် လုံးဝ လွတ်လပ်ခြင်းမရှိ၊ ရှောင်လွှဲမရခြင်း နိယာမတရား၏ ဩဇာကို လုံးဝ နာခံရသည်ဟု ယူဆသည်နှင့် တစ်ပြိုင်နက် လူသည် 'အဆုံးမရှိသော' ဟင်းလင်းပြင် ဆက်သွယ်မှု၊ 'အဆုံးမရှိ' ရှည်လျားသောအချိန်၊ 'အဆုံးမရှိသော' အကြောင်းတရားဆက်များကို သိမြင်သည်ဟု ယူဆရတော့မည်သာ ဖြစ်လေသည်။

တစ်ဖန် လူ၏ လုပ်ဆောင်ချက်သည် ရှောင်လွှဲမရမရခြင်း နိယာမတရားကို လုံးဝနာခံခြင်း မရှိ၊ လုံးဝ လွတ်လပ်သည်ဟု ယူဆသည်နှင့် တစ်ပြိုင်နက် လူသည် တစ်ယောက်ထီးတည်းနေသည်။ ဟင်းလင်းပြင်၏ အပြင်ဘက်၊ 'အချိန်၏ အပြင်ဘက်'၌ 'အကြောင်းတရားများနှင့် အဆက်အစပ်ကင်းစွာ တည်ရှိနေသည်'ဟု ယူဆရတော့မည်သာ ဖြစ်လေသည်။

လူသည် ရှောင်လွှဲမရခြင်း နိယာမတရားကို လုံးဝ နာခံရသည်ဟု ယူဆလျှင် ကျွန်ုပ်တို့သည် ရှောင်လွှဲမရခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ အခြားမည်သည့်အရာနှင့်မျှ ဖွင့်ဆိုခြင်း ပြုနိုင်တော့မည် မဟုတ်ဘဲ ရှောင်လွှဲမရခြင်း နိယာမတရားဖြင့်သာလျှင် ဖွင့်ဆိုရတော့မည် ဖြစ်လေသည်။ ထိုသို့ဖွင့်ဆိုလျှင် လောကဌာန် နာမ်ဟူ၍ မရှိ၊ ရုပ်ချည်းသာ ရှိပေလိမ့်မည်။

တစ်ဖန် လူသည် လုံးဝလွတ်လပ်သည်ဟု ယူဆပြန်လျှင်လည်း ၎င်းမှာ ဟင်းလင်းပြင်၊ အချိန်၊ အကြောင်းတရားစသည်တို့၏ ပြုပြင်ဖန်တီးခြင်းမှလည်း ကင်းလွတ်သည်ဟု ဆိုရာရောက်ပေလိမ့်မည်။ ဤမျှ လွတ်လပ်ခြင်း၊ အချုပ်အနှောင်ကင်းခြင်းသည် မည်သည့်အဓိပ္ပာယ်မျှ မရှိသည့်သဘောကိုသာ ဆောင်ပေလိမ့်မည်။ ဤသို့ ဖွင့်ဆိုလျှင် လောကဌာန် ရုပ်မရှိ၊ စိမ်ချည်းသာ ရှိပေလိမ့်မည်။ ဗဟိဒ္ဓဟူ၍ မရှိ၊ အဒ္ဓတ္တချည်းသာ ဖြစ်နေပေလိမ့်မည်။

စင်စစ်ဌာန်ကား ကျွန်ုပ်တို့၏အမြင်သည် ထိုအစွန်း

www.burmeseclassic.com

www.burmeseclassic.com

နှစ်စွန်းကို ရောင်ကြဉ်၍ မဏ္ဍိမပဋိပဒါကျရလိမ့်မည် ဖြစ်ပေသည်။ စကြဝဠာကြီးနှင့် ပတ်သက်သော လူ၏ ရှုမြင်ချက်သည် မဏ္ဍိမပဋိပဒါနည်းပေါ်တွင်သာ အခြေပြုပေသည်။

(၁) ဟင်းလင်းပြင်သည် အသွင်အမျိုးမျိုးရှိသော ရုပ်တို့ဖြင့် ဖွဲ့စည်းထားသည်။ ထို ရုပ်တို့ကြောင့်သာ ကျွန်ုပ်တို့ ဟင်းလင်းပြင်ကို မြင်နိုင်ခြင်း ဖြစ်သည်။ ဟင်းလင်းပြင်သည် အစမရှိ၊ အဆုံးမရှိ။ ဟင်းလင်းပြင်ကို ဤနည်းမှအပ အခြားတစ်ပါးသော နည်းတို့ဖြင့် ထင်နိုင် မြင်နိုင်စွမ်းမရှိ။

(၂) အချိန်သည် တဒ်မျှ ရုပ်နာခြင်းမရှိ။ အစ အဆုံးမရှိသော လှုပ်ရှားပြောင်းလဲမှု ဖြစ်သည်။ အချိန်ကို ထိုနည်းမှအပ အခြားတစ်ပါးသော နည်းတို့ဖြင့် သိနိုင် နားလည်နိုင်စွမ်း မရှိ။

(၃) အကြောင်းတရားနှင့် အကျိုးတရားတို့၏ ဆက်သွယ်မှုသည် အစလည်းမရှိ။ ထို့ကြောင့် အဆုံးသည် မရှိနိုင်။

ဤကား ရုပ်ကို အလေးပေး၍ စဉ်းစားသော ဆင်ခြင်တုံတရား၏ အဆိုဖြစ်၏။

(၁) လောကဌ ငါသာ ရှိ သည်။ ရှိရှိနေသမျှသော အရာတို့သည် ငါက ထင်သောကြောင့် ရှိနေကြခြင်း ဖြစ်သည်။ ထို့ကြောင့် ငါသာလျှင် ဟင်းလင်းပြင် ဖြစ်သည်။

(၂) ငါသည် ရေလျဉ်ကဲ့သို့ တသွင်သွင် စီးနေသောအချိန်ကို ပစ္စုပ္ပန်ဟု သတ်မှတ်သည့်ကာလဖြင့် တိုင်းထွာခြင်းပြုသည်။ ထိုပစ္စုပ္ပန်၌ ငါတစ်ယောက်တည်းသာ အသက်ရှင်နေသည်ဟု ငါသိသည်။ ထို့ကြောင့် ငါသည် အချိန်၏ အပြင်ဘက်တွင် ရပ်တည်နေသည်။ အချိန်နှင့်ကင်းလွတ်၍ တည်ရှိနေသည်။

(၃) ငါသည် အကြောင်းတရား၏ အပြင်ဘက်တွင် ရပ်တည်နေသည်။ အဘယ့်ကြောင့်ဆိုသော် ငါ့ဘဝ၏ အခြင်းအရာများကို ပေါ်ပေါက်အောင် ဖန်တီးသူမှာ ငါပင်ဖြစ်သည်ဟု ထင်သောကြောင့် ဖြစ်သည်။

ဤကား စိတ်ကို အလေးပေး၍ စဉ်းစားသော သိစိတ်၏အဆိုဖြစ်၏။

သို့ဖြင့် ဆင်ခြင်တုံတရားသည် ရောင်လွဲမရခြင်း နိယာမတရားများကို ဖော်ပြ၏။ သိစိတ်သည် လွတ်လပ်ခြင်း အဓိပ္ပာယ်ကို ဖော်ပြ၏။

လွတ်လပ်ခြင်းသည် စိတ်ကို အသားပေးလွန်း၏။ ဤသည်ပင်လယင့် ဘဝ၏ အနှစ်သာရဖြစ်သည်ဟု လူ၏ သိစိတ်က ယူဆ၏။ မလွဲသာသော လိုအပ်ခြင်း နိယာမတရားသည် ရုပ်ကို အလေးပေးလွန်း၏။ ဤသည်ပင်လျှင် လူ၏ ဆင်ရခင်တုံတရား ဖြစ်လျက် ရှိလေသည်။

လွတ်လပ်ခြင်းသည် စစ်ဆေးစမ်းသပ်ခြင်း ခံရသည့် အရာဖြစ်၏။ မလွဲသာသော လိုအပ်ခြင်းနိယာမတရားကား စစ်ဆေးစမ်းသပ်သောအရာ ဖြစ်၏။ လွယ်လပ်ခြင်းသည် အဇ္ဈတ္တသန္တာန်ဖြစ်၏။ စိတ်ဖြစ်၏။ မလွဲသာသော လိုအပ်ခြင်း နိယာမကား ဗဟိဒ္ဓသန္တာန်ဖြစ်၏။ ရုပ်ဖြစ်၏။

ငင်းတို့နှစ်ခုကြောင့် ငါဟု ရှိခြင်း၊ သိခြင်း ဖြစ်၏။ ငင်းတို့နှစ်ခုသည် အဇ္ဈတ္တသန္တာန်နှင့် ဗဟိဒ္ဓသန္တာန် အဖြစ် ဆက်သွယ်လျက်ရှိကြ၏။ ထိုနှစ်ခုကို တစ်ခုစီ ခွဲခြားကြည့်မှသာလျှင် ကျွန်ုပ်တို့သည် တသီးတခြားစီ တည်ရှိသော မြင်နိုင် ထင်နိုင်စွမ်း မရှိသော လွတ်လပ်ခြင်းနှင့် လိုအပ်ခြင်းဟူ၍ ရှိသည်ဟု သဘောပေါက်နိုင်လိမ့်မည် ဖြစ်ပေသည်။

ထိုနှစ်ခု ပေါင်းစပ်ကြည့်မှသာလျှင် လူ့ဘဝ၏ အဓိပ္ပာယ်ကို ရှင်းလင်းစွာ နားလည်နိုင်လိမ့်မည် ဖြစ်ပေသည်။

ထိုနှစ်ခုကို ပေါင်းစပ်လိုက်သောအခါ၌ ထိုနှစ်ခုသည် တစ်ခုကိုတစ်ခု အပြန်အလှန် အမှီသဟဲ ပြုလျက်ရှိကြ၏။ အပြန်အလှန် အကျိုးပြုလျက်ရှိကြ၏။ ရုပ်နှင့် စိတ်အဖြစ် တစ်ခုကိုတစ်ခု ဖော်ပြလျက်ရှိကြ၏။ ထိုနှစ်ခု မရှိသည်နှင့် တစ်ပြိုင်နက် ဘဝဟူ၍လည်း မရှိနိုင်တော့ချေ။

လူ၏ဘဝကိုသိသော ကျွန်ုပ်တို့၏သိခြင်းသည် တခြားမဟုတ်။ လွတ်လပ်သော စိတ်ဆန္ဒနှင့် ရောင်လွဲမရသော လိုအပ်ခြင်း နိယာမတရားတို့၏ ဆက်သွယ်ပုံကို သိခြင်းသာ ဖြစ်လေသည်။ တစ်နည်းကား သိစိတ်နှင့် ဆင်ခြင်တုံ တရား၏ နိယာမတရားများကို အချင်းချင်း၏ ဆက်သွယ်မှုကို သိခြင်းသာ ဖြစ်လေသည်။ တစ်နည်းကား စိတ်နှင့် ရုပ်တို့၏ ဆက်သွယ်မှုကို သိခြင်းသာ ဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com

သည်။

သဘာဝ၏ ပြင်ပကမ္ဘာလောကကြီးကို သိသော ကျွန်ုပ်တို့၏ သိခြင်းသည် အခြားမဟုတ်။ သဘာဝ အင်အားစုနှင့် ရှောင်လွှဲမရခြင်း နိယာမတရား၏ ဆက်သွယ်မှုကို သိခြင်းသာ ဖြစ်လေသည်။ တစ်နည်းကား ဘဝ၏ အနှစ်သာရဖြစ်သော လွတ်လပ်ခြင်းနှင့် ဆင်ခြင်တုံတရား၏ နိယာမတရားများတို့ အချင်းချင်း၏ ဆက်သွယ်မှုကို သိခြင်းသာဖြစ်လေသည်။ တစ်နည်းကား စိတ်နှင့်ရုပ်တို့၏ ဆက်သွယ်မှုကို သိခြင်းသာ ဖြစ်လေသည်။

ဆန်းကြယ်ကြီးမားသော သဘာဝ၏ အင်အားစုများသည် ကျွန်ုပ်တို့၏ အပ၌ ရပ်တည်နေကြ၏။ ၎င်းတို့၏ အခြင်းအရာကို ကျွန်ုပ်တို့ မသိကြချေ။ ၎င်းအင်အားစုများကို ဆွဲငင်ခြင်း၊ စွမ်းအားမဲ့ခြင်း၊ လျှပ်စစ်ဓာတ် တိရစ္ဆာန်အား စသည်ဖြင့် အမျိုးမျိုး အမည်ပေးကြ၏။ သို့ရာတွင် လူ၏ အတွင်း၌ရရှိသောအားကိုမူ ကျွန်ုပ်တို့ သိကြပေသည်။ ထိုအားကို လွတ်လပ်ခြင်းဟု အမည်ပေးကြလေသည်။

သို့ရာတွင် ကျွန်ုပ်တို့သည် ဆွဲငင်ခြင်း၏အားကို ၎င်း၏ အလိုအလျောက် မြင်နိုင်ထင်နိုင်ခြင်း မရှိ။ လူက စမ်းသပ်မှသာ မြင်နိုင်ထင်နိုင်ခြင်းမရှိ။ လူက စမ်းသပ်မှသာ မြင်နိုင်ထင်နိုင်ခြင်းရှိ၏။ ကျွန်ုပ်တို့သည် ဆွဲငင်ခြင်းအားကို နားလည်သည်ဆိုရာ၌ ဆွဲငင်ခြင်းအားကို ထိန်းချုပ်ထားသည့် ရှောင်လွှဲမရခြင်း နိယာမကို သိသည့်အတိုင်းအတာမျှသာ နားလည်၏။ (ဥပမာအားဖြင့် ရုပ်ပစ္စည်းအားလုံး၌ အလေးချိန်ရှိသည်ဟုသာ ရှေးအယူအဆမှ နယူတန်၏ ဆွဲငင်ခြင်း နိယာမအထိလောက်ကိုသာ သိ၏။) အလားတူပင် ကျွန်ုပ်တို့သည် လွတ်လပ်သော စိတ်ဆန္ဒကို ၎င်း၏ အလိုအလျောက် မြင်နိုင် ထင်နိုင်ခြင်း မရှိချေ။ လူက သိမှသာ မြင်နိုင်ထင်နိုင်ခြင်း ရှိ၏။ ကျွန်ုပ်တို့သည် လွတ်လပ်သော စိတ်ဆန္ဒကို သိမြင်သည်ဆိုရာ၌ ၎င်းကို ထိန်းချုပ်ထားသော ရေဟာင်လွှဲမရခြင်း နိယာမကို သိသည့်အတိုင်းအတာမျှသာ သိမြင်၏။ (ဥပမာ လူတိုင်း သေရမည်ဟူသော သေခြင်းတရားမှသာ ရှုပ်ထွေးဆန်းကြယ်သော စီးပွားရေးနှင့် ရာဇဝင်ဆိုင်ရာ နိယာမတရားများအထိလောက်ကိုသာ သိ၏။)

သို့ဖြစ်ရကား လူ၏ အသိဉာဏ်တရားဟူသည် အခြားမဟုတ်။ ဘဝ၏အနှစ်သာရဟူသော လွတ်လပ်ခြင်းကို ဆင်ခြင်တုံတရား၏ နိယာမများ၏ တိုင်းထွာကြည့်ရှုတတ်ခြင်းသာ ဖြစ်လေသည်။

လူသည် လွတ်လပ်သောစိတ်ဆန္ဒကို တိုက်ရိုက်နားလည်၏။ သို့ရာတွင် အခြားသော အင်အားစုများကိုကား လူသည် တိုက်ရိုက်နားလည်ခြင်း မဟုတ်ချေ။ တစ်ဆင့် နားလည်ရခြင်း ဖြစ်၏။ ဤသည်ပင်လျှင် လူ၏ လွတ်လပ်သော စိတ်ဆန္ဒနှင့် အခြားသော အင်အားစုများ၏ ခြားနားချက် ဖြစ်လေသည်။ သို့ရာတွင် ဆင်ခြင်တုံတရား၏ အမြင်၌ကား လူ၏ လွတ်လပ်သော စိတ်ဆန္ဒသည်လည်း အခြားသော အင်အားစုများနှင့် အတူတူသာ ဖြစ်လေသည်။ ဆွဲငင်ခြင်းအား၊ လျှပ်စစ်အား၊ ဓာတ်အားများ ပေါင်းစပ်ခြင်းအားစသည့် အင်အားစုဟူသမျှသည် အားလုံးအတူတူသာ ဖြစ်၏။ ပရမတ်သာ ဖြစ်၏။ ၎င်းတို့ကို ဆင်ခြင်တုံတရားက ပညတ်ပြုထားခြင်းသာ ဖြစ်၏။ အလားတူပင် အဆိုပါအင်အားစုများနှင့် လွတ်လပ်သော စိတ်ဆန္ဒသည်လည်း အတူတူပင် ဖြစ်၏။ ပရမတ်သာ ဖြစ်၏။ ၎င်း၏ ဆင်ခြင်တုံတရားက ခွဲခြား၍ အမည်တစ်မျိုး ခေါ်ဆိုထားခြင်းသာ ဖြစ်လေသည်။ လွတ်လပ်ခြင်းသည် လိုအပ်ခြင်း မရှိတော့သည်နှင့် တစ်ပြိုင်နက် (၀၊) ၎င်းကို အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဆင်ခြင်တုံ တရား၏ နိယာမများ မရှိတော့သည်နှင့် တစ်ပြိုင်နက် ၎င်းသည် ဆွဲငင်ခြင်း၊ အပူ စသည့် သဘာဝ အင်အားစုများနှင့် ဘာမျှ ကွဲပြားခြားနားတော့မည် မဟုတ်ချေ။ ဆင်ခြင်တုံတရား၏ အမြင်၌ လွတ်လပ်ခြင်းဟူသည် အခြားမဟုတ်။ ဘဝ၏ ဖော်ပြခြင်းငှာ မစွမ်းနိုင်သော တဒ်အာရုံမျှသာ ဖြစ်လေသည်။

နေ၊ လ၊ ကြယ်၊ နက္ခတ်၊ တာရာများကို လှည့်ပတ်နေသောအား၏ မူလအစသည် အဘယ်နည်း။ အပူ၊ လျှပ်စစ်ဓာတ်၊ ဓာတ်ပေါင်း စသည့်အားများများ၏ မူလအစသည် အဘယ်နည်း။ ဤပြဿနာသည် နက္ခတ္တဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ ပါဏဗေဒ စသည့် သိပ္ပံပညာရပ်အသီးသီးတို့၏ ပြဿနာဖြစ်၏။ အလားတူပင် လွတ်လပ်သော စိတ်ဆန္ဒ၏အားဟူ၍ အဘယ်နည်း။ ၎င်း၏ မူလအစသည် အဘယ်နည်း။

www.burmeseclassic.com

www.burmeseclassic.com

ဤပြဿနာသည် ရာဇဝင် သိပ္ပံပညာ၏ ပြဿနာဖြစ်ပေသည်။ သို့ရာတွင် ကျွန်ုပ်တို့မသိသေးသော ဘဝအနှစ်သာရ၏ ထင်ဟပ်ချက်၊ ကိုယ်စားပြုချက်များသည် သိပ္ပံပညာရပ်များက လေ့လာရမည့် အကြောင်းအရာများဖြစ်၍ ထိုထင်ဟပ်ချက်များ၏ မူလ ပစ္စည်းရဖစ်သော ဘဝ၏ အနှစ်သာရကား အဘိဓမ္မာက လေ့လာရမည့်ကိစ္စသာ ဖြစ်လေသည်။ ထိုနည်းတူပင် ဟင်းလင်းပြင်သဏ္ဌာန်၊ အချိန်ကာလသဘော၊ အကြောင်းတရားကို အမဟီပြုသော သဘောတို့ဖြင့် ဖော်ပြသော လူ၏ လွတ်လပ်သော စိတ်ဆန္ဒ၏ ထင်ဟပ်ချက်၊ ကိုယ်စားပြုချက်များသည် ရာဇဝင်က လေ့လာရမည့် အကြောင်းအရာများဖြစ်၍ ထိုထင်မြင်ချက်၊ ကိုယ်စားပြုချက်များ၏ မူလပစ္စည်းဖြစ်သော လွတ်လပ်သော စိတ်ဆန္ဒကား အဘိဓမ္မာက လေ့လာရမည့်ကိစ္စသာ ဖြစ်လေသည်။

လက်တွေ့သိပ္ပံပညာရပ်များ၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့သိသောအရာများကို ရှောင်လွှဲမရခြင်း နိယာမတရားများဟု ခေါ်ဆိုလိုက်ကြ၏။ ကျွန်ုပ်တို့ မသိသော အရာများကိုကား ရှင်သန်ခြင်းအားဟု ခေါ်ဆိုကြလေသည်။ ရှင်သန်ခြင်းအားဟူသည် ဘဝ၏ အနှစ်သာရနှင့်ပတ်သက်၍ ကျွန်ုပ်တို့မသိဘဲ ကြွင်းကျန်နေသော အစိတ်အပိုင်းကို ခေါ်ဆိုထားသော ပညာတစ်ခုသာ ဖြစ်လေသည်။

အလားတူပင် ရာဇဝင် သိပ္ပံပညာ၌လည်း ကျွန်ုပ်တို့ ကျွန်ုပ်တို့သိသောအရာများကို ရှောင်လွှဲမရခြင်း နိယာမဟု ခေါ်ဆိုလိုက်ကြ၏။ ကျွန်ုပ်တို့ မသိသော အရာများကိုမူကား လွတ်လပ်သော စိတ်ဆန္ဒဟူ၍ သိမ်းကျုံးခေါ်ဆိုလိုက်ကြလေသည်။ ရာဇဝင်အဖို့ လွတ်လပ်သော စိတ်ဆန္ဒဟူသည် လူ့ဘဝကြီး၏ နိယာမတရားများနှင့် ပတ်သက်၍ ကျွန်ုပ်တို့မသိဘဲ ကြွင်းကျန်နေသော အစိတ်အပိုင်းကို ခေါ်ဆိုထားသော ပညတ်တစ်ခုသာလျှင် ဖြစ်ပေသတည်း။

အခန်း ၁၁

ရာဇဝင်သည် လူ၏ လွတ်လပ်သော စိတ်ဆန္ဒ၏ ထင်ဟပ်ချက်များကို ပြင်ပကမ္ဘာလောက၊ အချိန်၊ အကြောင်းတရားစသည်တို့ဖြင့် ဆက်စပ်၍ စစ်ဆေးခြင်း ပြု၏။ တစ်နည်းကား ရာဇဝင်သည် ဆင်ခြင်တုံတရား၏ နိယာမ တရားများဖြင့် လွတ်လပ်ခြင်းကို ဖော်ပြခြင်းပြု၏။ ထို့ကြောင့် ဤလွတ်လပ်သောစိတ်ဆန္ဒကို ထိုနိယာမတရားများဖြင့် လေ့လာဖော်ပြခြင်းပြုသည့်အတိုင်းအတာအထိ ရာဇဝင်သည် သိပ္ပံပညာရပ်တစ်ခု၏ အသွင်လက္ခဏာကို ဆောင်၏။

ကောင်းကင်၌ နေ၊ လ၊ ကြယ်၊ တာရာ၊ နက္ခတ်တို့ကို လူပ်ရှားစေသောအရာမှာ လွတ်လပ်သော၊ အမှီခိုကင်းမဲ့သော အင်အားစုတစ်စု ဖြစ်သည်ဟု နက္ခတ္တဗေဒကယူဆ၏။ အလားတူပင် ရာဇဝင် အဖြစ်အပျက်များကို ဖြစ်ပေါ်စေသော အရာသည် လူ၏ လွတ်လပ်သော၊အမှီခိုကင်းမဲ့သော စိတ်ဆန္ဒဖြစ်သည်ဟု ရာဇဝင်က ယူဆလေသည်။ တစ်နည်းကား၊ ၎င်းတို့သည် နိယာမတရားများ၏ လက်အောက်ခံမဟုတ်၍ဟု ယူဆလေသည်။

ဤသို့ယူဆလျှင် နိယာမတရားများ၊ မရှိဟု ဆိုရာရောက်ပေသည်။ (ဝါ) သိပ္ပံပညာ မရှိဟု ဆိုရာရောက်ပေသည်။ စကြဝဠာကြီးထဲ၌ လွတ်လပ်စွာ အလိုအလျောက် လှုပ်ရှားနေသော အရာရှိသည်ဆိုသည်နှင့် တစ်ပြိုင်နက် (တစ်ခုတည်းပင် ရှိသည်ထားဦး။) ကက်ပလာနှင့် နယူတန်တို့ တွေ့ရှိထားသည့် နိယာမတရားများကို ငြင်းဆိုရာရောက်ပေသည်။ သို့ဖြစ်လျှင် ကောင်းကင်တွင် နေ၊ လ၊ နက္ခတ်၊ တာရာ စသည်တို့ လှည့်ပတ်သွားလာနေသည်ဟူသာ အယူအဆသည်လည်း ရှိနိုင်တော့မည် မဟုတ်ချေ။ အလားတူပင် လူ့လောက၌ လူ၏ လုပ်ဆောင်ချက်တစ်ခုသည် စိတ်အလိုဆန္ဒအလျောက် လွတ်လပ်စွာ ပေါ်ပေါက်လာခြင်းဖြစ်သည်ဆိုလျှင် လောက၌ ရာဇဝင်ဆိုင်ရာ နိယာမတရားဟူ၍လည်း တစ်ခုမျှမရှိဟု ငြင်းဆိုရာရောက်ပေသည်။ သို့ဖြစ်လျှင် ရာဇဝင် အဖြစ်အပျက်များနှင့် ပတ်သက်သော အယူအဆဟူ၍လည်း ရှိတော့မည် မဟုတ်ချေ။

ရာဇဝင်သည် လူ၏ စိတ်ဆန္ဒများကို မျဉ်းဖြောင့်များဖြင့် ပြပေသည်။ မျဉ်းဖြောင့်၏ တစ်ဖက်စွန်းသည် မသိကိန်းဖြစ်၍ အခြားအစွန်းတစ်ဖက်၌ကား လူ၏ စိတ်ဆန္ဒကို ပစ္စုပ္ပန်၌ သီးခြားတည်းဟူသော သိစိတ်သည် လဟာပြင်၊အချိန်၊ အကြောင်းတရားတို့နှင့် ယှဉ်၍ ရွေ့လျားနေသည်ဟု ယူဆလေသည်။

ထိုသိစိတ်၏ ရွေ့လျားပြောင်းလဲခြင်းသည် ကျယ်

www.burmeseclassic.com

www.burmeseclassic.com

ပြန့်လာသည်နှင့်အမျှ ထိုလူပ်ရှားပြောင်းလဲခြင်း၏ နိယာမတရားများသည်လည်း ထင်ရှားသည်ထက် ထင်ရှားလာသည်ဟု ရာဇဝင်က ယူဆ၏။ ၎င်း၏ကိစ္စသည် ထိုသိစိတ်၏ ရွေ့လျားပြောင်းလဲခြင်းနိယာမကို ရှာဖွေရန်နှင့် အဓိပ္ပာယ်ဖွင့်ဆိုရန် ဖြစ်သည်ဟု ရာဇဝင်က ယူဆလေသည်။

ရာဇဝင်သိပ္ပံပညာ၏ လက်ရှိရှုထောင့်အရဆိုလျှင် ရာဇဝင်အဖြစ်အပျက်များ ပေါ်ပေါက်လာရခြင်းသည် လူ၏ အလိုအလျောက် ပေါ်ပေါက်လာသော စိတ်ဆန္ဒကြောင့် ဖြစ်သည်ဟု ယူဆ၏။ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည် ထိုရာဇဝင်နိယာမတရားများကို သိပ္ပံနည်းကျစွာ မည်သို့ ဖော်ပြခြင်းပြုနိုင်တော့မည်နည်း။ လူ၏ စိတ်ဆန္ဒသည် လောက နိယာမတရားများကို နာခံသော အရာမဟုတ်။ အလိုအလျောက်ပေါ်ပေါက်လာသော အရာ၊ လွတ်လပ်စွာ ပေါ်ပေါက်လာသောအရာဟု ဆိုသည်နှင့် တစ်ပြိုင်နက် လောကနိယာမတရားများဟူ၍ မရှိနိုင်တော့ပြီ။

ရာဇဝင်အဖြစ်အပျက်များသည် လွတ်လပ်သော စိတ်ဆန္ဒအရကြောင့် ဖြစ်သည်ဆိုလယင် ကျွန်ုပ်တို့သည် ထိုလွတ်လပ်သော စိတ်ဆန္ဒသည် မည်သည့်အကြောင်းကြောင့် ဖြစ်ပေါ်လာသနည်းဟု ဆက်၍ ရှာဖွေနေကြလိမ့်ဦးမည် ဖြစ်ပေသည်။ သို့ဆက်လက်ရှာဖွေခြင်း မပြုနိုင်ဘဲ တစ်ခါတည်း 'ကိစ္စပြတ်'အောင် လုပ်ရန်မှာ ရာဇဝင်အဖို့ တစ်လမ်းသာ ရှိလေသည်။ ဤသည်မှာ အခြားမဟုတ်။ လွတ်လပ်သော စိတ်ဆန္ဒ၏ ပမာဏကို အဆုံးမရှိ သေးငယ်သော ပမာဏသို့ ရောက်အောင် ပြောင်းလဲဖြစ်ပေလိမ့်မည်။ သို့မှသာ ကျွန်ုပ်တို့သည် အကြောင်းတရားများကို ရှာဖွေခြင်းမပြုတော့ဘဲ နိယာမများအား ရှာဖွေခြင်းကို ပြုလုပ်လာလိမ့်မည် ဖြစ်ပေသည်။

ထိုနိယာမတရားများကို လူတို့သည် ပဝေသဏီကတည်းကပင် ရှာဖွေခဲ့ကြ၏။ ရာဇဝင်သိပ္ပံပညာက လက်ခံရမဲ့အတွေးအခေါ်များသည်လည်း ပေါ်ပေါက်လာခဲ့ကြ၏။ သို့ရာတွင် ၎င်းအတွေးအခေါ်သစ်များသည်လည်း အကြောင်းတရားများကို ထပ်၍ထပ်၍ ဆင့်၍ဆင့်၍ ခွဲခြမ်းစိတ်ဖြာ ရှာဖွေခြင်းဖြင့် နောက်ဆုံး၌ ရာဇဝင်၏ နည်းလမ်းဟောင်းသွားရာလမ်းဖြစ်သည့် ပျက်စီးပြိုကွဲခြင်းလမ်းကြောင်းသို့ လိုက်ပါလျက် ရှိကြလေသည်။

လူ့လောက၏ သိပ္ပံပညာရပ်များ အားလုံးသည် ဤသို့ဖြင့် နောက်ဆုံး၌ လမ်းဟောင်းသို့ ပြန်၍ တစ်ပတ်လည်လာကြခြင်းကိုသာ တွေ့ရပေသည်။ သိပ္ပံပညာရပ်များ အနက် အတိကျဆုံးဖြစ်သော သခ်ၤာပညာရပ်သည် အဆုံးမရှိ ပမာဏသေးငယ်သော ကိန်းကို တွေ့ရှိသည်၌ ကိန်းခွဲခြင်းနည်းကို စွန့်ကာ မသိကိန်းများ အဆုံးမရှိ သေးငယ်သောကိန်းများ ပေါင်းခြင်းနည်းကို လိုက်ခဲ့၏။ သခ်ၤာပညာသည် အကြောင်းတရားရှိသည်ဟူသော အယူအဆကို စွန့်ကာနိယာမတရားကို ရှာဖွေခဲ့၏။ (ဝါ) မသိသော၊ အဆုံးမရှိပမာဏ သေးငယ်သော ကိန်းများအား လုံး၏ တူညီသောဂုဏ်သတ္တိကို ရှာခဲ့၏။

အခြားသော သိပ္ပံပညာရပ်များသည် ထိုလမ်းကို လုက်ခဲ့ကြသည်သာ ဖြစ်လေသည်။ ပုံစံအားဖြင့်သာ ကွာခြား၍ သဘောမှာ အတူတူပင် ဖြစ်လေသည်။ နယူတန်သည် ဆွေငင်ခြင်း နိယာမကို စတင်တွေ့ရှိသောအခါ၌ နေတွင်လည်းကောင်း၊ မြေကြီးတွင်လည်းကောင်း ဆွေငင်ခြင်း သတ္တိ အသီးသီးရှိကြသည်ဟုသာ ပြောခဲ့လေသည်။ တစ်နည်းကား နယူတန်သည် ရုပ်ဝတ္ထုများ မည်သည့်အတွက် လှုပ်ရှားပြောင်းလဲသည်ဆိုသည့် ပြဿနာကို ရှာဖွေရှင်းလင်းခြင်း မပြုခဲ့ချေ။ အဆုံးမရှိ ကြီးမားသော အရာဝတ္ထုနှင့် အဆုံးမရှိ သေးငယ်သော အရာဝတ္ထုအားလုံးတို့၌ ဆွေငင်ခြင်းဟူသော တူညီသည့် ဂုဏ်သတ္တိများ ရှိသည်ဟုသာ ပြောခဲ့ခြင်း ဖြစ်လေသည်။ သဘာဝ သိပ္ပံပညာသည်လည်း အလားတူပင် ဖြစ်ပေသည်။ ၎င်းတို့သည် အကြောင်းတရားကို ရှာဖွေခြင်း မပြုဘဲ နိယာမများကိုသာ ရှာဖွေခဲ့ကြပေသည်။ ရာဇဝင် သိပ္ပံပညာသည်လည်း ထိုနည်းလည်းကောင်းသာ ဖြစ်လေသည်။ ရာဇဝင်သိပ္ပံပညာသည် ဝိသေသထူးသော ပုဂ္ဂိုလ်များ၏ သက်တမ်း၌ ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်များကို ရေးသားခြင်း မပြုဘဲ လူမျိုးနှင့် လူလောက၊ လူအနွယ်ကြီး၏ လှုပ်ရှားမှုကိုသာ လေ့လာဖော်ပြခြင်း ပြုမည်ဆိုပါက ၎င်းသည်လည်း (အကြောင်းတရားတို့ကိုဘေးဖယ်ကာ) အပြန်အလှန် ဆက်စပ်လျက်ရှိသော စိတ်ဆန္ဒ အဆုံးမရှိ သေးငယ်သော အစိတ်အပိုင်းကလေးများအား လုံး၏ တူညီသော နိယာမများကို ရှာဖွေရလိမ့်မည်သာ ဖြစ်လေသည်။ (ဝါ) ရာဇဝင် အဖြစ်အပျက်တစ်ခု၌ အသေးငယ်ဆုံးသော

www.burmeseclassic.com

www.burmeseclassic.com

အစိတ်အပိုင်းကလေးများဖြစ်သည့် သာမန်ပြည်သူများ၏ စိတ်ဆန္ဒများကို ဖော်ပြရပေလိမ့်မည်။

အခန်း ၁၂

ကိုပါနိကတ်က စကြာဝဠာ၏ နိယာမကို စတင်တွေ့ရှိကာ သက်သေထုတ်ပြခဲ့ပြီးသည်နောက်၌ နေက ကမ္ဘာကြီးကို လှည့်ပတ်သွားလာခြင်း မဟုတ်မူ၍ ကမ္ဘာမြေကြီးကသာ နေလို လှည့်ပတ်သွားလာနေခြင်း ဖြစ်ကြောင်း သိလာခဲ့ကြ၏။ ထိုအယူအဆသည် ရှေးပညာရှင်တို့၏ အာကာသဗေဒပညာရပ်များကို တော်လှန် ဖျက်ဆီးပစ်လိုက်ပေသည်။ ကိုပါနိကတ်၏ အယူအဆကို လက်ခံလျှင် ရှေးဟောင်း အယူအဆကို ငြင်းပယ်ရလိမ့်မည်။ ရှေးအယူအဆကို လက်ခံလျှင် ကိုပါနိကတ်၏ အယူအဆကို ငြင်းပယ်ရလိမ့်မည်ဟု ထင်စရာရှိ၏။ သို့ရာတွင် ကိုပါနိကတ်၏ နိယာမကို လက်ခံပြီးသည့်နောက်၌လည်း ရှေးအယူအဆများကို ဆက်၍ လက်ခံနေကြရဆဲ စူးစမ်းနေကြဆဲ ဖြစ်သည်ကို တွေ့ရလေသည်။

ထိုနည်းတူ မွေးဖွားမှုနှင့် ရာဇဝင်မှ အရေအတွက်သည် သခ်ၤာနိယာမတရားများ၊ လက်အောက်ခံဖြစ်သည်ဟု လည်းကောင်း၊ အစိုးရအုပ်ချုပ်ရေး စနစ်တစ်ခုကို တစ်စုံတစ်ခုသော ပထဝီအနေအထားနှင့် စီးပွားရေးအခြေအနေများက ဆုံးဖြတ်သည်ဟု လည်းကောင်း၊ လူဦးရေနှင့် မြေဩဇာတို့၏ အချိုးအစား မညီမှုကြောင့် လူများအစုလိုက် အဆုံလိုက် ပြောင်းရွှေ့ရခြင်းဖြစ်သည်ဟုလည်းကောင်း ရာဇဝင်ပညာရှင်အမျိုးမျိုးက ရာဇဝင်သဘောတရား အမျိုးမျိုးကို ပြောဆိုခဲ့ကြ၏။ ထိုသဘောတရားများ၌ အဖြစ်အပျက်သည် လူ၏ လွတ်လပ်သော စိတ်ဆန္ဒကြောင့် ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်ဟူသော ရှေးဟောင်း အယူအဆကို တော်လှန်ခဲ့လေသည်။

ရှေးဟောင်း ရာဇဝင်၏ သဘောတရားကို ဆက်လက်၍ လက်ခံကြလိုသေးလျှင် အဆိုပါနိယာမသစ်များကို ငြင်းဆိုမှ ဖြစ်မည်ဟု ထင်ရ၏။ အဆိုပါ အယူအဆသစ်များကိုလက်ခံလျှင် အဖြစ်အပျက်တို့သည် လွတ်လပ်သော စိတ်ဆန္ဒကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟူသော ရှေးဟောင်း ရာဇဝင်သဘောတရားကို ဆက်လက်ငေ့လာခြင်းပြုရန် မလိုတော့သည်ဟု ထင်မှတ်ရလေသည်။ အစိုးရအုပ်ချုပ်ရေးစနစ်တစ်ခု၊ သို့မဟုတ် လူများ အစုလိုက်အဆုံလိုက် ပြောင်းရွှေ့သော အဖြစ်အပျက်တစ်ခု ထိုထိုဤဤသော ပထဝီအနေအထား စီးပွားရေးအခြေအနေ၊ မြေဩဇာထက်သန်ခြင်း ရှိ၊ မရှိစသည့် အကြောင်းတရားများကြောင့် ပေါ်ထွက်လာခြင်းဖြစ်သည်ဆိုလျှင် အစိုးရအုပ်ချုပ်ရေး စနစ်တစ်မျိုးကို တည်ထောင်သူ၊ သို့မဟုတ် အဖြစ်အပျက်တစ်ခုကို ပေါ်ပေါက်စေသူဟု ကျွန်ုပ်တို့ထင်ခဲ့သော လဦ ပုဂ္ဂိုလ်တို့၏လွတ်လပ်သော စိတ်ဆန္ဒသည် ထိုအဖြစ်အပျက်၊ ထိုအုပ်ချုပ်ရေးစနစ်တို့ ပေါ်ပေါက်စေသော အကြောင်းတရားဖြစ်သည်ကို ယူဆ၍ မဖြစ်နိုင်ချေ။

သို့သော်လည်း ကျွန်ုပ်တို့သည် စာရင်းအင်း ဗေဒ၏ နိယာမများ၊ ပထဝီ၏ နိယာမများ၊ နိုင်ငံရေး ဘောဂဗေဒ၏ နိယာမ၊ ဘာသာဝေါဟာရဗေဒ၏ နိယာမများ၊ ဘူမိဗေဒ၏ နိယာမများနှင့်အတူ လွတ်လပ်သော စိတ်ဆန္ဒရှိသည်ဟုဆိုသော ရှေးဟောင်းရာဇဝင်သဘောတရားကိုလည်း ယခုတိုင် ဆက်လက်လေ့လာနေရဆဲပင် ဖြစ်လေသည်။ လက်ခံနေကြဆဲပင် ဖြစ်လေသည်။

ရုပ်ဝါဒပိုင်းဆိုင်ရာ အဘိဓမ္မာ၏ နယ်ပယ်၌ ရူပြင်ချက်အဟောင်းနှင့် အသစ်တို့၏ တိုက်ပွဲသည် ရှည်လျားပြင်းထန်စွာ ဖြစ်ပေါ်ခဲ့၏။ ဘာသာတရားသည် ရူပြင်ချက်အဟောင်းကို ကာကွယ်ကာ ရူပြင်ချက်အသစ်ကို တိုက်ခိုက်၏။ ရူပြင်ချက်အသစ်သည် ဘုရားသခင်၏ ဉာဏ်အလင်းရောင်ကို ဖြိုခွင်းသည်ဟု စွဲချက်တင်၏။ သို့ရာတွင် အမှန်တရားကို တွေ့လာသောအခါ၌ကား ဘာသာတရားကသာလျှင် အောင်နိုင်ခဲ့၍ အခြေခံသစ်ပေါ်တွင် ခိုင်ခံ့စွာ ရပ်တည်ခဲ့လေသည်။

အလားတူပင် ရာဇဝင်သိပ္ပံပညာ၏ နယ်ပယ်၌လည်း ရူပြင်ချက် အဟောင်းနှင့် အသစ်တို့သည် ယခုထက်တိုင် ပြင်းထန်ရှည်ကြာစွာ တိုက်ပွဲဖြစ်ပွားလျက် ရှိ၏။ ထိုအခါ၌ ဘာသာတရားသည် ရှေးနည်းတူ ရူပြင်ချက်အဟောင်းကို ကာကွယ်ကာ ရူပြင်ချက်အသစ်သည် ဘုရား သခင်၏ ဉာဏ်အလင်းရောင်ကို မှေးမိန်စေသည်ဟု စွဲ ချက်တင်၏။

ထိုတိုက်ပွဲနှစ်ရပ်စလုံး၌ နှစ်ဖက်စလုံးသည် ဒေါသဖြင့် မွန်ကာ အမှန်တရားကို မမြင်နိုင်အောင် ဖြစ်လျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိကြ၏။ အင်အားစုဟောင်းသည် နှစ်ပေါင်းများစွာ တည် ဆောက်ခဲ့သော အဆောက်အအုံကြီး ပြိုကွဲ ပျက်စီးခဲ့ခြင်း ကြောင့် ဝမ်းနည်း၍မဆုံး၊ ဒေါသထွက်၍ မဆုံး တသ၍ မဆုံးဖြစ်လျက်ရှိ၏။ အင်အားစုသစ်သည် အဟောင်းကို ဖျက်ဆီးလိုစိတ်ဖြင့် မွန်ထလျက်ရှိ၏။

ရပ်အဘိဓမ္မာ၏ သစ္စာတရားသစ်များကို တိုက်ခိုက် လျက်ရှိသော အင်အားစုဟောင်း၏ အမြင်၌ အသစ်တွေ့ရှိ သော သစ္စာတရားတို့ကို လက်ခံလိုက်ပါက ဘုရားသခင်၌ ယုံကြည်ခြင်း ဘုရားသခင်၏ ဖန်ဆင်းမှု၌ ယုံကြည်ခြင်း တို့သည် ပျက်စီးခြင်းသို့ ရောက်ရချေတော့မည်ဟု ထင်မှတ် လျက် ရှိကြ၏။ ကိုပါနီကတ်နှင့် နယူတန်တို့၏ နိယာမ တရားများကို ကာကွယ်သော အင်အားစုသစ်များ၏ အမြင်၌ကား (ဗောလတဲယား စသူတို့ဖြစ်သည်။) နောက် ထပ် တွေ့ရှိသော နက္ခတ္တဗေဒ နိယာမများသည် ဘာသာ တရားကို အပြီးအပိုင် ရှင်းလင်း သုတ်သင်ပစ်သည်ဟု ထင်မှတ်လျက်ရှိ၏။ ထို့ကြောင့် ၎င်းတို့သည် ဘာသာ တရားကို တိုက်ခိုက်ရာ၌ ဆွေးခြင်း နိယာမကို လက် နက်သဖွယ် အသုံးချလျက် ရှိကြလေသည်။

ရှောင်လွှဲမရခြင်း နိယာမတရားကို လက်ခံလျှင် ဝိဉာဉ်ဟူသော အယူအဆ အကောင်းနှင့်အဆိုးဟူသော အယူအဆနှင့်တကွ ထိုအယူအဆများပေါ်တွင် တည် ဆောက်ထားသော နိုင်ငံအစိုးရနှင့် သာသနာ အဆောက် အအုံယောင်များကို ဖျက်ဆီးရာရောက်သည်ဟု ထင်မှတ် ကြလေသည်။

အလားတူပင် ယခုခေတ်၌ ရှောင်လွှဲမရခြင်း နိယာမ တရားကို စေတနာဝန်ထမ်း ရှေ့နေလိုက်ပေးနေကြသူတို့ သည်လည်း (ထိုခေတ်က ဗောလတဲယား စသူတို့ကဲ့သို့) ထိုနိယာမတရားကို တိုက်ခိုက်လျက် ရှိကြလေသည်။ သို့သော်လည်း နက္ခတ္တဗေဒပညာ၌ ကိုပါနီကတ်၏ နိယာ မသည် ဘာသာတရားကို ချေဖျက်ခြင်း မပြုရုံမျှမက နိုင်ငံအစိုးရနှင့် သာသနာ့အဆောက်အအုံတို့ အုတ်မြစ်ချ ရာ ဘာသာတရားတည်းဟူသော အခြေခံကြီးကို ခိုင်မြဲ အောင် လုပ်ပေးခဲ့သည့်နည်းတူ ရာဇဝင်သိပ္ပံပညာ၌လည်း ရှောင်လွှဲမရခြင်းနိယာမသည် ဘာသာရေးအခြေခံဟောင်း ကို ချေဖျက်ခြင်း မပြုနိုင်ရုံမျှမက ခိုင်မြဲသည်ထက် ခိုင်မြဲအောင် လုပ်ပေးလျက် ရှိလေသည်။

ကိုပါနီကတ်တို့ခေတ်တွင် နက္ခတ္တဗေဒပညာ၌ အယူအဆ ကွဲလွဲချက်မှာ အခြားမဟုတ်။ ကျွန်ုပ်တို့ ထိတွေ့သိမြင်ရသော ဩကာသ လောကကြီးကို မောင်းနှင် လှုပ်ရှားစေသူမှာ အကြွင်းမဲ့ဖြစ်သော၊ ထာဝရဖြစ်သော အရာ ဟုတ်မဟုတ်ဟူသည့် ပြဿနာဖြစ်၏။ အလားတူ ပင် ကျွန်ုပ်တို့ခေတ် ရာဇဝင်သိပ္ပံပညာ၌ အငြင်းပွားလျက် ရှိသည့် ကိစ္စမှာလည်း အခြားမဟုတ်။ အဖြစ်အပျက်များ ကို ပေါ်ပေါက်စေသောအရာသည် ထာဝရဖြစ်သော အရာ၊ အကြွင်းမဲ့ဖြစ်သောအရာဟုတ် မဟုတ်ဆိုသည့် ပြဿနာပင် ဖြစ်လေသည်။ နက္ခဗေဒပညာ၌မူ ဩကာသ လောကကြီးကို လှုပ်ရှားစေသည့် အရာသည် ကမ္ဘာမြေကြီး၏ လှုပ်ရှားစေသည့်အရာသည် ကမ္ဘာမြေကြီး၏ လှုပ်ရှား ခြင်း ဖြစ်သည်ဟု ယူဆ၏။ ရာဇဝင် သိပ္ပံပညာ၌ကား အဖြစ်အပျက်များကို ပေါ်ပေါက်စေသည့်အရာသည် လူ ပုဂ္ဂိုလ်၏ လွတ်လပ်ရခင်း (ဝါ) လူ၏ လွတ်လပ်သော စိတ်ဆန္ဒဖြစ်သည်ဟု ယူဆလေသည်။

နက္ခဗေဒသည် ကမ္ဘာမြေကြီးသည် လည်ပတ်သွား သာလျက် ရှိသည်ဟူသော အယူအဆသစ်ကို လက်မခံနိုင် ကြသေးခြင်းမှာ ကမ္ဘာမြေကြီး၏ မလှုပ်မရှား ရပ်တည်နေ သည့်အဖြစ်နှင့် နေ၊ လ၊ ကြယ်၊ နက္ခတ်၊ တာရာများ၏ လှုပ်ရှားသွားလာနေကြသည့်အဖြစ်ကို လက်ငင်းကြုံတွေ့နေ ခြင်းကြောင့် ဖြစ်လေသည်။ အလားတူပင် ရာဇဝင် သိပ္ပံ ပညာ၌လည်း လူသည် ဟင်းလင်းပြင်၊ အချိန်နှင့် အကြောင်းတရား စသည့် နိယာမတရားများ၏ လက် အောက်ခံ ဖြစ်သည်ဟူသော အယူအဆသစ်ကို လက်မခံနိုင် ကြသေးခြင်းမှာ မိမိတို့သည် လွတ်လပ်သည်၊ ပြုလိုရာကို ပြုနိုင်သည်ဟူသော ကိုယ်တွေ့ခံစားချက်ကို မစွန့်နိုင်သေး ခြင်းကြောင့်သာဖြစ်လေသည်။ သို့ရာတွင် နက္ခတ္တဗေဒ ပညာတွင် အယူအဆသစ်က စောဒကတက်ရာ၌ "ကျွန်ုပ် တို့သည် ကမ္ဘာမြေကြီး၏ လှုပ်ရှားသွားလာခြင်းကို စမ်းသပ် ထိတွေ့၍မရသည်မှာ မှန်ပါသည်။ သို့ရာတွင် ဤသို့ စမ်းသပ်၍ မရခြင်းကြောင့် ကမ္ဘာမြေကြီးသည် လှုပ်ရှား ခြင်းမရှိ ရပ်တည်နေသည်ဟု ဆိုလျှင်ကား အဓိပ္ပာယ် ကင်းမဲ့ခြင်းအဖြစ်သို့ ရောက်လိမ့်မည် ဖြစ်ပါသည်။ ကမ္ဘာမြေကြီး၏ (ကျွန်ုပ်တို့ ထိတွေ့စမ်းသပ်၍ မရသော) လှုပ်ရှားခြင်းကို လက်ခံမှသာလျှင် နိယမများကို တွေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com

လိမ့်မည် ဖြစ်ပါသည်"ဟု ဆို၏။ အလားတူပင် ရာဇဝင်သိပ္ပံတွင်လည်း အယူအဆသစ်က စောဒက တက်ရာ၌ "ကျွန်ုပ်တို့သည် ပြင်ပကမ္ဘာလောကကြီးပေါ်တွင် မှီ၍ ရပ်တည်နေသော ကျွန်ုပ်တို့၏အဖြစ်ကို မသိဟုဆိုသည်မှာ မှန်ပါသည်။ သို့ရာတွင် ဤသို့မသိခြင်းကြောင့် ကျွန်ုပ်တို့သည် အမှိုခိုကင်းသည် ကျွန်ုပ်တို့၏ စိတ်သည် လွတ်လပ်သည်ဟု ဆိုလျှင်လား အဓိပ္ပာယ်ကင်းမဲ့ခြင်း အဖြစ်သို့သာ ရောက်လိမ့်မည်ဖြစ်ပါသည်။ ပြင်ပကမ္ဘာလောကကြီးနှင့်တကွ အချိန်၊ အကြောင်းတရား စသည်တို့ကို မှီ၍တည်၍ ရပ်တည်လျက်ရှိသည်ဟု လက်ခံမှသာလျှင် နိယာမများကို သိမြင်လိမ့်မည် ဖြစ်ပါသည်"ဟု ဆိုလေသည်။

သို့ဖြစ်ရကား၊ ဤပြဿနာနှစ်ရပ်စလုံး၌ ကျွန်ုပ်တို့ ရွေးချယ်ရမည့်လမ်းမှာ တစ်လမ်းသာ ရှိပါသည်။ ၎င်းမှာ အခြားမဟုတ်။ နက္ခတ္တဗေဒပညာ၌ ဟင်းလင်းပြင်တွင် ပြောင်းလဲ လှုပ်ရှားခြင်း မရှိ၊ (ဝါ) ကမ္ဘာမြေကြီးသည် ပြောင်းလဲ လှုပ်ရှားခြင်း မရှိ တပ်တည်နေသည်ဟူသော တကယ်မဟုတ်သော်လည်း ဟုတ်သယောင် ထင်ရသည့် အယူအဆကို စွန့်လွှတ်၍ ဟင်းလင်းပြင်တွင် ပြောင်းလဲ လှုပ်ရှားခြင်းရှိသည် (ဝါ) ကမ္ဘာမြေကြီးသည် လည်ပတ် လှုပ်ရှားနေသည်ဟူသော တကယ် ဟုတ်သော်လည်း မဟုတ်သယောင်ထင်ရသည့် အယူအဆကို အသိအမှတ်ပြုရန် ဖြစ်၏။ အလားတူ ရာဇဝင်သိပ္ပံပညာ၌ လူတွင် လွတ်လပ်ခြင်းရှိသည်ဟူသော တကယ်မရှိသော်လည်း ရှိသယောင် ထင်ရသည့်အချက်ကို စွန့်လွှတ်၍ လူ၌ လွတ်လပ်ခြင်းမရှိဟူသော တကယ်ရှိသော်လည်း မရှိသယောင်ထင်ရသည့်အချက်ကို အသိအမှတ်ပြုရန်သာ ဖြစ်ပါသတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

စစ်နှင့်ငြိမ်းချမ်းရေး ဒုတိယတွဲတွင် ပါဝင်သော

မှတ်စုများ

(အေားမှ ဂဏန်းများသည် စာမျက်နှာ နံပါတ်များ ဖြစ်ပါသည်။)

['စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးတွင်ပါရှိသည့် အချို့အချက်အလက်များနှင့် အချို့ဇာတ်ဆောင်များသည် သမိုင်းထင်ရှားခဲ့သည့် အချက်အလက်များနှင့် ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းတို့နှင့်စပ်လျဉ်းသည့် သိအပ်ဖွယ်ရာများကို မှတ်စုများဟူသော ခေါင်းစဉ်ဖြင့် ပထမတွဲတွင် စုပေါင်းဖော်ပြခဲ့ပြီး ယခု ဒုတိယတွဲတွင် ပါဝင် သော မှတ်စုများကိုလည်း ဆက်လက် ဖော်ပြလိုက်ပါသည်။

၇၆၇။ ကုန်သွယ်မှုပိတ်ဆို့ရေးဝါဒ။

ကွန်တီနင်တယ် ဆစ်စ်တင်ကို ဆိုလိုခြင်း ဖြစ်သည်။ နပိုလီယန်သည် ကုန်သွယ်မှု ပိတ်ဆို့ရေးဝါဒကို ၁၈၀၆-ခုနှစ်တွင် ထုတ်ပြန်သည်။ ထိုပြန်တမ်းအရ နပိုလီယန်၏ မဟာမိတ် ဥရောပနိုင်ငံများသည် အင်္ဂလိပ်ကုန်များကို သပိတ်မှောက်ကြသည်။ အင်္ဂလိပ်ကုန်သင်္ဘောများ ဆိပ်ကမ်းဝင်ခွင့်ကို ပိတ်ပင်ထားရမည်။

ဤဝါဒကြောင့် ဥရောပနိုင်ငံများစွာ စီးပွားရေး ပျက်ပြားကြသည်။ နစ်နာကြသည်။ ကုန်ခိုးသွင်းမှုများ ပေါ်ပေါက်ခဲ့သည်။ အင်္ဂလိပ်ကုန်များကို သပိတ်မှောက်ရမည်ဆိုသော်လည်း လက်တွေ့၌ အခက်အခဲ ကြုံကြရသည်။

နပိုလီယန်ကိုယ်တိုင်ပင် ထိုဝါဒကို အတိအကျ လိုက်နာ၍ မဖြစ်သဖြင့် အချို့သော အင်္ဂလိပ်ကုန်များကို ပြင်သစ်ပြည်တွင်းသို့ တင်သွင်းခွင့်ပြုရသည်။ အင်္ဂလိပ်ကုန်ကို သပိတ်မှောက်သဖြင့် အထိခိုက်ဆုံးနိုင်ငံမှာ ရုရှားဖြစ်သည်။ ထို့ကြောင့် ရုရှားသည် အင်္ဂလိပ်ကုန်များကို တင်သွင်းရသည်။ ထိုအခါတွင် ဤသို့တင်သွင်းခြင်းမှာ ကုန်သွယ်မှု ပိတ်ဆို့ရေးဝါဒကို ရုရှားက ချိုးဖျက်သည်ဟု နပိုလီယန်က စွပ်စွဲခဲ့သည်။ သို့ဖြင့် ထိုအကြောင်းပြချက်အပါအဝင် အခြားသော အကြောင်းပြချက်များဖြင့် နပိုလီယန်သည် ၁၈၁၂ ခုနှစ်၌ ရုရှားကို ဝင်တိုက်ခဲ့သည်။

၇၆၉။ နပိုလီယန်က ၎င်း၏ တပ်များကို ဗစ်စကြူလာမြစ်တစ်ဖက်ကမ်းသို့ ဆုတ်ခွာပေးရန် ငြင်းဆန်ခြင်း။

ဤသည်မှာ ရုရှားဘုရင်၏ နောက်ဆုံးတောင်းဆိုချက်ဖြစ်သည်။ ထိုတောင်းဆိုချက်ကို နပိုလီယန်က ပယ်ချလိုက်ပြီးသည့်နောက် ၁၈၁၂-ခုနှစ် စစ်ပွဲကြီး ပေါ်ပေါက်လာခဲ့သည်။

၇၇၃။ ဥရောပထီးဆောင်းမင်းများက မိမိအား ဒရက်စဒင်မြို့တွင် လာရောက်သစ္စာခံကြသည်၌ နပိုလီယန်သည် လွန်စွာ ဘဝင်ခွေ့လျက်ရှိခြင်း။

စစ်ပွဲမဖြစ်မီ ၁၈၁၂-ခု မေလ၌ နပိုလီယန်သည် ဂျာမနီပြည် ဒရက်စဒင်မြို့တွင် တစ်လကြာမျှ နေထိုင်ခြင်း ပြုသည်။ ထိုစဉ် ဩစတေးရီးယားဧကရာဇ်၊ ပရုပ်ရှား ဘုရင်၊ ဆက်ဇံနီဘုရင်တို့ နပိုလီယန်ထံ လာရောက် သစ္စာခံကြသည်။

၇၇၆။ နပိုလီယန်သည် ပိုလန်စစ်သူကြီးဝတ်စုံဝတ်ဆင်သည့်အခန်းနှင့် ပိုလန်မြင်းတပ်များ ဝိလိယမြစ်ကို ဖြတ်ကူးခန်း။

ဤအခန်းများကို ရေးသားရာ၌ ဆရာကြီး တော်လ်စတွိုင်းသည် ရုရှား ရာဇဝင်ဆရာဒင်နီလော့စကီနှင့် ပြင်သစ်ရာဇဝင်ဆရာသိုင်းယာ့စ်တို့၏ ရာဇဝင်ကျမ်းများကို ကိုးကား ရေးသည်။ ထိုစဉ်က ပိုလန်လူမျိုးတို့သည် နပိုလီယန်ဘက်မှ ဝင်တိုက်ပေးခြင်းဖြင့် ပိုလန်ပြည် လွတ်လပ်ရေးရလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ နပိုလီယန်ကလည်း လွတ်လပ်ရေး ပေးမယောင် လေသံပစ်ခဲ့သည်။ သို့ရာတွင် မရခဲ့။

၇၇၇။ နပိုလီယန်နှင့် ရင်ဆိုင်ရန်အတွက် ဖွဲ့စည်းသော ရုရှား တပ်မတော်ကြီးလေးခု။

www.burmeseclassic.com

www.burmeseclassic.com

ၦင်းတို့မှာ (၁) ဗိုလ်ချုပ်ဘာကလေ ကွပ်ကဲသည့် အနောက်ဘက်ကြောင်းချီ တပ်မတော်၊ (၂) ဗိုလ်ချုပ်ဘာဂရေးရှင်း ဦးစီးသည့် တောင်ဘက်ကြောင်းချီ တပ်မတော်၊ (၃) ဗိုလ်ချုပ်တိုမာဆော့ဗ် ဦးစီးသည့် အရန်တပ်မတော်၊ (၄) ဗိုလ်ချုပ် ချီချာဂေါ် ဦးစီးသည့် စတုတ္ထတပ်မတော် တို့ ဖြစ်၏။

၇၇၇။ ဗိုလ်ချုပ် ဘာဂလေ ဒီ – တိုလီ (၁၇၆၁ – ၁၈၁၈)

ရုရှားပြည်ပေါက် ဂျာမနီနှင့် စကော့ကပြားဖြစ်သည်။ ၎င်းမှာ ၁၈၁၀ – ၀၃ ခုနှစ်တွင် ရုရှားနိုင်ငံ စစ်ဝန်ကြီး ဖြစ်သည်။ ထို့နောက် စစ်သေနာပတိချုပ်အဖြစ် ဆောင်ရွက်သည်။ စမိုးလင့်ကျပြီးနောက် စစ်သေနာပတိချုပ်အဖြစ်မှ နုတ်ထွက်သည်။ ၎င်းနေရာတွင် ကူတူဇော့ဗ် အမှုထမ်းသည်။ ဘိုရိုဒိနိုတိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သည်။ ၁၈၁၃ – ခုနှစ်တွင် စစ်သေနာပတိချုပ်အဖြစ် ခံရပြန်သည်။ ၁၈၁၄ – တွင် စစ်သူကြီးအဖြစ် အမှုထမ်းသည်။

၇၇၇။ မင်းသားကြီး ဘာဂရေးရှင်း (၁၇၆၅ – ၁၈၁၂)။

ထင်ရှားသော ရုရှားဗိုလ်ချုပ်တစ်ဦးဖြစ်သည်။ ရွှန်ဂရာဘန်တိုက်ပွဲ၊ ဩစတားလစ် တိုက်ပွဲတို့၌ ရဲဝံစွာ အမှုထမ်းခဲ့သူ ဖြစ်သည်။ ဗိုရိုဒိနို တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သည်။ ထိုတိုက်ပွဲတွင် ရရှိခဲ့သော ဒဏ်ရာဖြင့် ကွယ်လွန်သည်။

၇၈၀။ ပြည်ထဲရေးဝန် ရိုရှကော့ဗ် (၁၇၅၄ – ၁၈၄၁)

ရေကြောင်း ဗိုလ်ချုပ်ကြီး ဖြစ်သည်။ စပိရန်စကီ အရာကျပြီးနောက် ၎င်း၏ နေရာတွင် ပြည်ထဲရေးဝန် အဖြစ် အမှုထမ်းသည်။

၇၈၀။ စစ်သူကြီးမင်းသားကြီး ဆာတိကော့ဗ် (၁၇၃၆ – ၁၈၁၆)

အလက်ဇန်းဒရား ဘုရင်၏ မင်းဆရာဖြစ်ခဲ့ဖူးသည်။ ၁၈၁၁ – ခုနှစ်တွင် စစ်သူကြီးအဖြစ်နှင့် လွတ်ရုံးဝန်ကြီးများအဖွဲ့ သဘာပတိအဖြစ် အမှုထမ်းခဲ့သည်။

၇၈၀။ နောင်တော်၏ သံတော်ကြီး မြို့စားကြီး လော့ရစ် စတန် (၁၇၆၈ – ၁၈၂၈)

၁၈၁၂ – ခု ပီတာစဘတ်တွင် အမှုထမ်းနေသည့် နပိုလီယန်၏ သံအမတ်ကြီးဖြစ်သည်။ အမြောက်တပ် သင်တန်းကျောင်းတွင် နပိုလီယန်နှင့်အတူ သင်တန်းတက်ခဲ့သည်။

၇၈၀။ နောင်တော်ကြီး နိုင်ငံခြားရေးဝန်နယ်စားကြီး ဘာဆာနို (၁၇၆၃ – ၁၈၃၉)

၁၈၁၁ – ၁၂ – ခုနှစ်တွင် နပိုလီယန်၏ နိုင်ငံခြားရေးဝန်အဖြစ် အမှုထမ်းခဲ့သည်။

၇၈၀။ သက်တော်စောင့် ရပ်စတန်

ရပ်စတန်မှာ အီဂျစ်မြင်းတပ်ဗိုလ်တစ်ဦး ဖြစ်သည်။ ၁၇၈၉ – ခုနှစ်က နပိုလီယန်သည် အီဂျစ်ပြည်ကို တိုက်ခဲ့သည်။ အီဂျစ်စစ်ပွဲ၌ ရပ်စတန်ကိုတွေ့ရာ လွန်စွာနှစ်သက်သဖြင့် မိမိနှင့်အတူ တစ်ပါတည်းခေါ်ကာ သက်တော်စောင့်အဖြစ် ခန့်ထားသည်။ ထိုစဉ်မှစ၍ ရပ်စတန်သည် နပိုလီယန် သေသည်အထိ နပိုလီယန် အထူးယုံကြည်စိတ်ချရသော သက်တော်စောင့်ကြီး ဖြစ်သည်။ နပိုလီယန် ကွယ်လွန်ပြီး မကြာမီ ရပ်စတန်လည်း ကွယ်လွန်ခဲ့သည်။

၇၈၉။ နပိုလီယန်နှင့် ရုရှားဘုရင်၏ တမန်တပ်ရေးချုပ် ဗလရှေတို့၏ စကားများ။

ၦင်းတို့ကို ရုရှား ရာဇဝင်ဆရာ ဒင်နီလော့စကီ၊ ပြင်သစ်ရာဇဝင်ဆရာ သိုင်းယာ့စ်၏ ရာဇဝင်ကျမ်းများကို ကိုးကားရေးသားခြင်း ဖြစ်သည်။

၇၉၃။ "စတိန်း၊ အမ်းဖဲ ဘင်နစ်ဆန်၊ ဝန်ဇင်ဂျိရိုဒီ စသည့် ငါ၏ ရန်သူများကို ဗိုလ်ချုပ်၊ ဗိုလ်မှူး၊ စစ်ဦးစစ်ကဲ ခန့်ချေသည်။

စတိန်း (၁၇၅၇ – ၁၈၁၃)။

ဂျာမန်လူမျိုး ဖြစ်သည်။ ဂျာမန်ဘုရင်အောက်တွင် ဝန်ကြီးအဖြစ် အမှုထမ်းခဲ့ဖူးသည်။ ဂျာမန်စစ်တပ်ကြီးကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ နပိုလီယန်က စတိန်းအား

www.burmeseclassic.com

www.burmeseclassic.com

အရာမှ နုတ်ပယ်၍ ဂျာမနီမှ နှင်ထုတ်ရန် ဂျာမန်ဘုရင်ထံ တောင်းဆိုသည်တွင်စ တိန်းသည် ရုရှားနိုင်ငံသို့ ထွက်ပြေးလာကာ အလက်ဇန်းဒရားဘုရင်ထံတွင် ဝင်ရောက်အမှုထမ်းသည်။ ရုရှားမှနေ၍ နပိုလီယန် ဆန့်ကျင်ရေး ဥရောပ မဟာမိတ်ဖွဲ့ရန် ဆော်သြခဲ့သည်။ နပိုလီယန်ကို တစ်သမတ်တည်း ဆန့်ကျင်ခဲ့သူ ဖြစ်သည်။

၇၉၃။ အမ်းဖဲ (၁၇၅၇–၁၈၁၄)။

ဆွီဒင် ဗိုလ်ချုပ်တစ်ဦး ဖြစ်သည်။ ဆွီဒင်မှ နှင်ထုတ်ခြင်း ခံရသည်၌ ရုရှားပြည်တွင် လာရောက်ခိုလှုံသည်။ ရုရှားဘုရင် အလက်ဇန်းဒရား၏ ယုံကြည်အားထားမှုကို ခံရသူဖြစ်သည်။

၇၉၃။ ဘင်နစ်ဆန် (၁၇၄၅–၁၈၂၆)။

ဂျာမန်လူမျိုးဖြစ်၍ နောင်တွင် ရုရှားဘုရင်ထံ အမှုထမ်းသည်။ ပူလတပ်တိုက်ပွဲတွင် ပြင်သစ်တို့ကို အနိုင်ရခဲ့သည်ဟု ဆိုကြသည်။ (အပိုင်း (၅) အခန်း (၉) မှဘီလီဘင်၏ စာကို ရှု။) ၁၈၀၇–ခု ပရာဆစ် ဣလော တိုက်ပွဲ၌ စစ်သေနာပတိချုပ်အဖြစ် အမှုထမ်းခဲ့သည်။ ၁၈၀၇–ခု ဖရိုလင်းတိုက်ပွဲတွင် အရေးနိမ့်ခဲ့သည်။ ဘိုရိုဒိနိုတိုက်ပွဲတွင် ဝင်ရောက်တိုက်ခိုက်၍ ပြင်သစ်ဗိုလ်ချုပ်မူးရတ်ကို အနိုင်ရလိုက်သည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်နှင့် မတည့်၍ စစ်မှုထမ်းဘဝမှ နုတ်ထွက်သည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ် ကွယ်လွန်သည့်နောက် ရုရှားတပ်မတော်သေနာပတိချုပ် ဖြစ်လာသည်။

၇၉၃။ ဝန်ဇင်ဂယိရိုဒီ (၁၇၇၀–၁၈၁၈)။

ဩစထရီးယန်း လူမျိုးဖြစ်သည်။ နောင်တွင် ရုရှားစစ်ဘက်၌ ဝင်ရောက်အမှုထမ်းသည်။ ၁၈၁၂–ခုနှစ်၌ ပီတာစဘတ်မြို့သွား လမ်းမကြီးကို ကာကွယ်ရန် ရုရှားဘုရင်က တပ်မှူးခန့်သည်။ ပြင်သစ်တို့လက်သို့ သုံ့ပန်းအဖြစ် ကျရောက်စဉ် ရုရှားတပ်များက ပြန်၍ ကယ်ခဲ့သည်။ ၁၈၁၃–ခု လိုက်ပဇစ်တိုက်ပွဲ၌ မဟာမိတ်မြင်းတပ်ပေါင်းစုံ သေနာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

၇၉၄။ ပူးဝဲလ် (၁၇၅၁–၁၈၂၆)

ပရုပ်ရှား ဗိုလ်ချုပ်တစ်ဦးဖြစ်၍ ဂျိနာနှင့် ဩစတာတိုက်ပွဲပြီးသည့်နောက် ရုရှားတပ်မတော်တွင် ဝင်ရောက်အမှုထမ်းသည်။ ၁၈၁၂–ခု ရုရှား ထိုးစစ်စီမံကိန်းကြီးကို ရေးဆွဲခဲ့သူဖြစ်သည်။

၇၉၄။ "သင်တို့တပ်များ ခါးလယ်မှ ရိုက်ချိုးခြင်းခံရသကဲ့သို့ နှစ်ဝိုင်းပြတ်၍ ဗိုလန်ပြည်မှ ထွက်ပြေးကြရပြီ မဟုတ်လော"

တပ်ရေးချုပ် ဗလရှောက ဤအချက်ကို ငြင်းသော်လည်း အမှန်ဖြစ်သည်။ ရုရှားတပ်များသည် နှစ်ဝိုင်းပြတ်၍ ပိုလန်မှ ဆုတ်လာခဲ့ကြရသည်။ ဘာဂရေးရှင်း၏ တပ်နှင့် ဘာကလေ၏ တပ်နှစ်တပ်သည် အကွဲကွဲဖြစ်ကာ စမိုးလင့် ကျမှ တပ်ချင်း ပေါင်းမိနိုင်ခဲ့ကြသည်။

၇၉၅။ "သင်တို့တင်သောဘုရင် ဘာနာဒေါ့သည် ရူးသွပ်ပြီ မဟုတ်လော"

ဘာနာဒေါ့ (၁၇၆၄–၁၈၄၄)

ၚင်းမှာ မင်းမျိုးမဟုတ်။ ရှေ့နေတစ်ဦး၏ သားဖြစ်သည်။ ပြင်သစ်တော်လှန်ရေးမဖြစ်မီက ပြင်သစ် စစ်တပ်တွင် တပ်သားအဖြစ် အမှုထမ်းသည်။ နောင်တွင် ပြင်သစ် စစ်သူကြီး ဖြစ်လာသည်။ ပြင်သစ်တော်လှန်ရေးအပြီး နပိုလီယန် တက်လာသောအခါ ဆွီဒင်ပြည်သို့ ထွက်ပြေးသည်။ ၁၈၁၀– ခုနှစ်တွင် ဆွီဒင်ဘုရင် ရူးသွပ်သွားသည့်အခါ၌ ဆွီဒင်လူမျိုးတို့က ၚင်းကို မင်းမြှောက်ကြသည်။

၇၉၇။ ပြင်သစ်စစ်သူကြီးဘက်ဆီရေး (၁၇၆၃–၁၈၁၃)။

၁၇၉၀–ခုနှစ် အီတလီယန် တိုက်ချိန်မှစ၍ အမှုထမ်းခဲ့သည်။ ဩစတားလစ်တွင် ရုရှားတပ်များကို အောင်မြင်ခဲ့သည့် ကျွန်းဆွယ်စစ်ပွဲကို ကွပ်ကဲတိုက်ခိုက်ခဲ့သည်။ ၁၈၁၂–ခု ဘိုရိုဒိနို တိုက်ပွဲ၌ ပြင်သစ်ကိုယ်ရံတော်မြင်းတပ်ကို ကွပ်ကဲသည်။ ၁၈၁၃– ခုနှစ်၌ နပိုလီယန် မြင်းတပ်မကြီးများ၏ သေနာပတိအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ခန့်အပ်ပြီး သုံးရက်အကြာ တိုက်ပွဲတွင် ကျဆုံးသည်။

www.burmeseclassic.com

www.burmeseclassic.com

၇၉၇။ ပြင်သစ်စစ်သူကြီး ဘာသီးယား (၁၇၅၃–၁၈၁၅)။

နပိုလီယန်၏ စစ်ဦးစီးချုပ်အဖြစ် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သည်။ ၁၈၁၅–စစ်ရှုံး၍ ပြင်သစ်ပြည်သို့ ပြန်ဆုတ်လာခဲ့ရကာ ပြင်သစ်နယ်စပ်မြို့ကလေးတစ်မြို့တွင် တပ်စွဲ၍ ရုရှားတို့ကို ခုခံသည်။ နယ်စပ်မြို့ကလေးထဲသို့ ရုရှားတပ်မကြီးများ ဝင်လာခြင်းကို မြင်ရသည်၌ စိတ်မထိန်းနိုင်ဘဲ အိမ်ပေါ်ထပ် ပြတင်းပေါက်မှ ခုန်ချကာ အဆုံးစီရင်သွားသည်။

၇၀၉။ အလက်ဇန်းဒရားဘုရင်၏ နောင်တော်အိမ်ရှေ့ ဥပရောဇာမင်းသားကြီး ကွန်စတင်တိုင်း ပက်ဗလိုဗစ် (၁၇၇၉–၁၈၃၁)။

ၚင်းမှာ အလက်ဇန်းဒရား ဘုရင်၏ နောင်တော် ဖြစ်သည်။ ခမည်းတော် နတ်ရွာစံလျှင် ထုံးစံအရ နန်းမွေဆက်ခံရသူဖြစ်သည်။ သို့ရာတွင် မင်းသားကြီးသည် ပိုလန်အရပ်သူ တစ်ဦးနှင့် လက်ထပ်၍ နန်းစွန့်ခဲ့သည်။ မင်းသားကြီးသည် ရဲရင့်၍ တစ်ယူသန်သူ ဖြစ်သည်။ သြစတားလစ်၌ ရုရှားတို့ ရှုံးခဲ့ရခြင်းမှာ ၎င်းကြောင့်ဟု ဆိုကြသည်။

၈၀၉။ ။ မြို့စားကြီး ပေါ်လတ်ဆေ။

၁၈၀၉ –ခုနှစ်တွင် ပြင်သစ် အမှုထမ်းဘဝမှ နုတ်ထွက်၍ ရုရှားသစ္စာတော်ခံတစ်ဦး ဖြစ်လာသည်။ ၁၈၁၂–ခုနှစ် စစ်ပွဲ၌ ပထမ တပ်မတော်၏ ဦးစီးချုပ်အဖြစ် ဆောင်ရွက်သည်။ သို့ရာတွင် စစ်သေနာပတိချုပ် ဘာကလေ ဒီတိုလီနှင့် သဘောကွဲသဖြင့် မြို့တစ်မြို့တွင် မြို့ဝန်ချုပ်အဖြစ် ခန့်အပ်ခြင်း ခံရသည်။

၈၀၉။ ။ ဝေါလ်နိုက်ဇ် (၁၇၄၄–၁၈၄၅)။

ပရုပ်ရှား ဗိုလ်ချုပ်တစ်ဦး ဖြစ်သည်။ ၁၈၀၇–၁၈၁၅–ခုနှစ်၌ ရုရှား စစ်ဦးစီးဌာနတွင် အမှုထမ်းသည်။ ၁၈၁၂–ခုနှစ်စစ်ပွဲတွင် ဗိုလ်ချုပ်ဘာကလေ၊ ဗိုလ်ချုပ်ကူတူဇော့ဗ်တို့နှင့် အမှုထမ်းခဲ့သည်။ ၎င်း၏ မှတ်တမ်းများကို ၁၈၅၁–ခုနှစ်တွင် ပုံနှိပ်သည်။ စစ်နှင့်ငြိမ်းချမ်းရေး ဝတ္ထုကြီးကို ရေးစဉ် ရာဇဝင် အချက်အလက်များကို ရှာဖွေရာ၌ တော်လစတွိုင်းသည် ထိုစာအုပ်ကိုလည်း မှီငြမ်းပြုသည်။

၈၁၀။ ။ ဝါရီဝေဂဗျူဟာခေါ် ရေယာဉ်ဆင်းသက်သို့ စစ်ထိုးနည်း။

စစ်တပ်များကို စောင်းရွေ့သော အနေအထားဖြင့် တပ်ဖွဲ့၍ စစ်ထိုးနည်းဟု အဓိပ္ပာယ်ထွက်သည်။ အနိုးစပ်ဆုံးကို ယူ၍ မြန်မာပြန်ပါသည်။

၈၁၃။ ။ ဗိုလ်ချုပ်ကြီး ဘာကလေသည် ဖင်လန်ပြည်တွင် အောင်ပွဲခံရပြီး မဟုတ်လော။

၁၈၀၉–ခုနှစ် ရုရှားနှင့် ဆွီဒင်တို့ စစ်ဖြစ်ကြသည်။ ထိုစစ်ပွဲများကို ဖင်လန်စစ်မြေပြင်တွင် ဖြစ်ပွားခြင်းကြောင့် ဖင်လန်စစ်ပွဲဟု ရာဇဝင်ဆရာများက ကင်ပွန်းတပ်ကြသည်။ ထိုစစ်ပွဲတွင် ဗိုလ်ချုပ်ဘာကလေသည် ဖင်လန်ပင်လယ်ကွေ့ ရေခဲပြင်ကြီးကို ဖြတ်၍ နှစ်ရက်တိုင်တိုင် စစ်ချီလာခဲ့ပြီး ဆွီဒင်တို့ကို အောင်မြင်ခဲ့သည်။

၈၁၇။ ။ မြို့စားကြီး တိုးလ် (၁၇၇၈–၁၈၄၂)။

ရုရှားပြည်ပေါက် ဂျာမန်ဗိုလ်ချုပ်တစ်ဦး ဖြစ်သည်။ ၁၈၁၂–ခုနှစ် စစ်ပွဲ၌ ရုရှား တပ်မတော် တပ်ထောက်ချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

၈၅၄။ ။ ဗျာဒိတ်ကျမ်းဖြင့် ဗေဒင်တွက်သော အလေ့။

ၚင်းအလေ့မှာ ညီအစ်ကိုတော် ဂိုဏ်းဝင်များ၏ အလေ့တစ်ခု ဖြစ်သည်။ ဗျာဒိတ်ကျမ်းဖြင့် နပိုလီယန် နိုင်မနိုင်ကို တွက်လေ့ရှိသော အလေ့မှာ ထိုစဉ်က ရုရှားပြည်၌ များစွာခေတ်စားသော အလေ့တစ်ခုလည်း ဖြစ်သည်။

၈၆၇။ ။ ထိုအတွေးအခေါ်များကား ပြင်သစ်စာရေးဆရာကြီး ရူးဆူး၏ လူမှုပဋိညာဉ်ကျမ်းလာ အချက်အလက်များနှင့် ပြင်သစ်တော်လှန်ရေးကြီး အကြောင်းအရာများ ဖြစ်ကြပေသည်။

ထိုခေတ်က ရုရှားပညာတတ်များ ရုရှားလစ်ဘရယ် ဝါဒသမားများသည် လူမှုပဋိညာဉ်ကျမ်းပါ အချက်အလက်များနှင့် ပြင်သစ်တော်လှန်ရေးကြီးကို ထောက်ခံကြသည်။ တော်လစတွိုင်းသည် ပီယာ၏ အတွေးအခေါ်ကို ရေးပြခြင်းဖြင့် ထိုခေတ်က ရုရှားပညာတတ် လူတန်းစားနှင့်

www.burmeseclassic.com

www.burmeseclassic.com

ရုရှားလစ်ဘရယ် ဝါဒသမားတို့၏ အတွေးအခေါ်ကို ကိုယ်စားပြု တင်ပြခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ပြင်သစ် တော်လှန်ရေးနှင့် ရူးဆူး၏ လူမှုပဋိညာဉ်များ၏ သြဇာဖြင့် ရုရှားပြည်တွင် ၁၈၂၅ – ခုနှစ်၌ ဒီဇင်ဘာ ပုန်ကန်မှုကြီး ပေါ်ပေါက်ခဲ့ဖူးသည်။ သို့ရာတွင် အရေးနိမ့်သွားသည်။ ထို့နောက် ၁၉၀၅ – ခု တော်လှန်ရေး၊ ၁၉၁၇ – ခု ဖေဖော်ဝါရီ ဓနရှင်တော်လှန်ရေး၊ ၁၉၁၇ – ခု လီနင်ခေါင်းဆောင်သည့် အောက်တိုဘာ တော်လှန်ရေး စသည်တို့ ပေါ်ပေါက်ခဲ့သည်။

၈၇၀။ ။ ဂလင်ကာ (၁၇၇၄ – ၁၈၆၄)။

ထင်ရှားသော မျိုးချစ်ရုရှား စာရေးဆရာကြီးဖြစ်၍ 'ရုရှားတမန်တော်'အမည်ရှိ မဂ္ဂဇင်းစာစောင်၏ အယ်ဒီတာ ဖြစ်သည်။ ထိုမဂ္ဂဇင်းမှနေ၍ ပြင်သစ်ယဉ်ကျေးမှုလွှမ်းမိုးလာခြင်းကို ဆန့်ကျင်တိုက်ဖျက်ခဲ့သည်။

၈၈၃။ ။ ဂျူလီက မင်းသမီးလေးမေရီ့ထံ ပေးစာ။

ဤစာထဲတွင် ရုရှား အထက်တန်းလွှာတို့၏ ဟန်ဆောင် မျိုးချစ်စိတ်ဓာတ်ကို ဖော်ပြထားသည်။

၈၉၄။ ။ ဗိုလ်ချုပ်ပလာတော့ဗ်။

၎င်းမှာ ကော့ဆက် မြင်းတပ်မကြီး၏ ဗိုလ်ချုပ်ဖြစ်သည်။ ၁၈၁၂ – ခုနှစ် စစ်ပွဲ၌ ထင်ရှားသည့် သူရဲကောင်းဖြစ်သည်။ တစ်ခါသော် ပလာတော့ဗ်၏ ကော့ဆက်မြင်းတပ်များသည် နပိုလီယန်ကို လက်ရဖမ်းဆီးလုမတတ် ဖြစ်ခဲ့သည်။ ကံကြီး၍ သိသိလွတ်သွားခဲ့ခြင်း ဖြစ်သည်။

၉၀၆။ ။ နိုင်ငံခြားရေးဝန်ကြီး ရွန်ယန်းဆက်။

၎င်းမှာ ၁၈၀၇ – ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီး၊ ၁၈၀၉ – ခုနှစ်တွင် နန်းရင်းဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ယခု မော်စကိုမြို့တွင် ရှိသည့် ရွန်ယန်း ဆက်ပြတိုက်မှာ ၎င်းစုဆောင်းခဲ့သည့် ပန်းချီကားများကို ပြသထားသည့် ပြတိုက်ဖြစ်သည်။

၉၁၆။ ။ မင်းသားကြီး ဘိုလကွန်စကီသည် ရက်သတ္တသုံးပတ်လုံးလုံး ကိုယ်တစ်ခြမ်း သေလျက် သွက်ချာပါဒ ရောဂါကို ခံစားနေရရှာလေသည်။

စစ်နှင့် ငြိမ်းချမ်းရေး ဝတ္ထုကြီးသည် လွန်စွာ ရှည်လျားသော ဝတ္ထုကြီးဖြစ်ရာ 'အချိန်အံမကိုက်'ဖြစ်နေသော အချက်သုံးလေးချက်ကို တွေ့ရသည်။ ဥပမာ နာတာရှည်သည် ၁၈၀၅ ခုနှစ် ၁၃ နှစ်ဖြစ်၍ ၁၈၀၉ ခုနှစ်တွင် ၁၆ နှစ်ဟု ရေးထားသည်။ ဗီရာသည် ၁၈၀၅ ခုနှစ်၌ ၁၇ နှစ်ဟု ဖော်ပြထားသော်လည်း ၁၈၀၉ ခုနှစ်တွင် နှစ်ဆယ့်လေးနှစ်ဟု ဖော်ပြထားသည်။ နီကိုလေသည် ၁၈၀၅ ခုနှစ်တွင် ဖေဖော်ဝါရီလတွင် တပ်မတော်ထဲသို့ ဝင်၍ ၁၈၀၅ – ခုနဟစ်၊ စက်တင်ဘာလ (ငါးလအကြာ) တွင် အိမ်သို့ ပြန်လာခဲ့သည်။ သို့ရာတွင် 'တပ်မတော်ထဲ၌ တစ်နှစ်ခွဲကြာ အမှုထမ်းပြီးနောက် အိမ်သို့ ပြန်ခဲ့သည်'ဟု ရေးသားထားသည်။

ယခုတစ်ဖန် မင်းသားကြီး ဘိုလကွန်စကီ၏ အကြောင်းတွင်လည်း အချိန်အံမကိုက် ဖြစ်နေခြင်းကို တွေ့ရပြန်သည်။ မင်းသားကြီး ဘိုလကွန်စကီသည် သြဂုတ်လ ၅ – ရက်နေ့ (အယ်ပါတစ်ကို စမိုးလင့်သို့ လွတ်သည့်နေ့အထိ) ကျန်းမာစွာ ရှိ၍ သြဂုတ် ၁၅ – ရက်နေ့တွင် ကွယ်လွန်သည်။ ထို့ကြောင့် မင်းသားကြီး နာမကျန်းဖြစ်ချိန်မှာ ၁၀ – ရက်သာကြာသည်။ သို့ရာတွင် 'ရက်သတ္တသုံးပတ်'ဟု ဖော်ပြထားသည်။

ဤမျှ ရှည်လျားသော ဝတ္ထုကြီးတွင် ဤမျှလောက်သော 'အမှား'မျိုးကား ပါရှိမည်သာ ဖြစ်ပါသည်။ ဤသည်ကို စာရေးသူတိုင်း တွေ့ကြုံရမြဲ ဖြစ်ပါသည်။ ဤအမှားကလေးလောက်မှ လွဲလျှင်ကား အခြားဆိုဖွယ် မရှိပါ။ တော်လ်စတွိုင်း၏ အနုပညာသည် ဤ 'အမှား' ကလေးများပါသည့်တိုင် ပြောင်မြောက်လျက်ပင် ရှိပါသည်။

၉၂၄။ ။ ၁၈၁၂ – ခုနှစ်၌ မကျေနပ်ချက်များသည် ဘိုဝူချာရိုဗို မြေကျွန်များအကြား၌ ပေါက်ကွဲ ပွင့်အန်တော့မည်ကဲ့သို့ ရင့်မာလျက် ရှိခြင်းကို တွေ့မြင်ရပြီဖြစ်၏။

ရုရှားပြည်၌ ဒုတိယမြောက် အလက်ဇန်းဒရား လက်ထက်ကမှ မြေကျွန်များကို ဘေးမဲ့ပေးခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ယခု တော်စတ္တိုင်း နောက်ခံပြုထားသည့်ခေတ်မှာ ပထမမြောက် အလက်ဇန်းဒရား လက်ထက်ဖြစ်သည်။ ဤအချက်ကို ထောက်၍ တော်စတ္တိုင်းသည် မြေကျွန်များ၏ မကျေနပ်ချက်များကို စောစီးစွာ ကြိုတင်သိမြင်ခဲ့၍ မြေကျွန်များ၏ ပုန်ကန်မှုကြီး ပေါ်ပေါက်လာနိုင်ကြောင်းကို ထိုစဉ်ကတည်းက သိမြင်ခဲ့သည်ဟု ဆိုသင့်သည်။ ထင်သည့်အတိုင်းပင် မြေကျွန်များ ဆူပူလာကြသဖြင့် ဒုတိယမြောက် အလက်ဇန်းဒရား လက်ထက်တွင် ၎င်းတို့ကို ပြန်တမ်းထုတ်၍ ကျွန်အဖြစ်မှ ကင်းလွတ်ခွင့် ပေးခဲ့ရသည်။ သို့ရာတွင် တော်လ်စတွိုင်းသည် မြေကျွန်များကို ဤသို့ ပျားရည်နှင့် ဝမ်းချုံဖြင့်မရ။ တကယ် လွတ်လပ်၍ လူတန်းစေ့ဘဝ မြင့်တင်ပေးရမည်ဟု ယူဆခဲ့သည်။ ၁၉၁၆ – ခုနှစ်၊ အောက်တိဘာ ဆိုရှယ်လစ် တော်လှန်ရေးကြီး၏ နိမိတ်လက္ခဏာများကို ထိုစဉ်ကတည်းက မြင်ခဲ့သည်။ ဤသို့မြင်ခဲ့ကြောင်းကို ၁၈၈၆ – ခုနှစ်တွင် ထုတ်ဝေသည့် 'ကျွန်ပ်တို့ ဘာလုပ်ကြမည်နည်း' ဟူသော စာတမ်းတွင် ဖော်ပြခဲ့သည်။

၉၄၅။ ။ ဇာရီဇေမစ်ရေ။

ရုရှားစစ်တပ်ကြီးသည် စမိုးလင့်မှ ဆုတ်ခွာခဲ့ပြီးနောက် ဩဂုတ်လ၊ ၁၇ – ရက်နေ့တွင် ဗျာစမာကို ဖြတ်လာခဲ့သည်။ ထို့နောက် ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲရန်အတွက် ဇာရီဗိုဇေမစ်ရှေ့ရွာတွင် တပ်စွဲခဲ့သည်။ ကူတူဇော့ဗ်သည် စစ်သေနာပတိချုပ်အဖြစ် ခန့်အပ်ခြင်း ခံရပြီးနောက် ဇာရီဗိုဇေမစ်ရှေ့ရွာသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

၉၄၇။ ။ ။ ဒင်နီဆော့နမ် စီမံကိန်းများမှာ ရန်သူတို့၏ ထောက်ပံ့ရေးလမ်းကြောင်းများကို နောက်ပိုင်းမှ ဝင်ရောက် ဖြတ်တောက်ပစ်ရန် ဖြစ်သည်။

ဤသည်မှာ ရုရှားပြောက်ကျားစစ်၏အစ ဖြစ်သည်။ တကယ်၌ နပိုလီယန်အား ပြောက်ကျားစစ်ဖြင့် ခုခံရန် နပိုလီယန်၏ ထောက်ပံ့ရေး လမ်းကြောင်းများကို ဖြတ်တောက်ရန် အကြံပေးတင်ပြသူမှာ ဒေဝီဒေါ့ဆိုသူ ဗိုလ်မှူးကြီးတစ်ဦးဖြစ်သည်။ စစ်သေနာပတိချုပ် ကူတူဇော့ဗ်သည် ဒေဝီဒေါ့၏ အကြံကို လက်ခံလိုက်ကာ ၎င်းအား ကော့ဆက်မြင့်တပ်သား ၁၃၀ – ဖြင့် လွတ်လိုက်သည်။ သို့ရာတွင် ထိုအချိန်က ဘိုရိုဒိတိုက်ပွဲကြီး ဖြစ်လုဆဲဖြစ်၍ ပြောက်ကျားစစ် မဆင်ဖြစ်သေး။ ဘိုရိုဒိနိုတိုက်ပွဲပြီးမှသာ ပြောက်ကျားစစ်ကို စတင်ခဲ့ရခြင်း ဖြစ်သည်။

၉၆၀။ ။ မြို့စားကြီး ဝပ်ကျပ်စတိန်းသည် ပြင်သစ်တို့ကို သုတ်သင်ချေမှုန်းလျက် ရှိကြောင်း။

၎င်းမှာ ရုရှားတပ်မတော် ဗိုလ်ချုပ်တစ်ဦးဖြစ်သည်။ ကူတူဇော့ဗ် မရှိသည့်နောက် ရုရှားတပ်မတော် သေနာပတိချုပ် ဖြစ်လာသည်။

၉၆၀။ ။ ဖဲဗေဒင်မှန်သော်လည်း ပိယာသည် တပ်မတော်ထဲသို့ ဝင်ရောက်အမှုထမ်းခြင်း မပြုချေ။

ဖဲဗေဒင် တွက်ခြင်းမှာ တော်လ်စတွိုင်း၏ အလေ့တစ်ခုဖြစ်သည်။ တော်စတွိုင်းသည် တစ်ခုခုကို လုပ်သင့်၊ မလုပ်သင့် သံသယရှိလာလျှင် ဖဲဗေဒင်ကို တွက်၍ ဆုံးဖြတ်လေ့ရှိသည်။ သို့ရာတွင် ဤအခန်းတွင် ပါရှိသည့် ပိယာကဲ့သို့ ဖဲဗေဒင်က မလုပ်သင့်ဟု ဟောသော်လည်း သူလုပ်ချင်လျှင် လုပ်သည်သာ ဖြစ်မည်။ လုပ်သင့်သည်ဟု ဟောတော်လည်း သူမလုပ်ချင်လျှင် ဖဲဗေဒင်ကို ဘေးချိတ်သူ ဖြစ်သည်။ စင်စစ်၌ အပျင်းပြေသဘောသာ ဖြစ်သည်။

'တစ်ခါ၌ တော်လ်စတွိုင်းသည် ဆောင်းပါးတစ်ပုဒ်ရေးသည်။ ဆောင်းပါးကို အပြီးသတ်ရေး မသတ်ရေးကိစ္စတွင် ချီတုံချတုံ ဖြစ်နေသည်။ ထိုအခါ၌ တော်လ်စတွိုင်းသည် စားပွဲမှထ၍ ၎င်း၏ ဆောင်းပါးသည် စာဖတ်သူများအဖို့ အသုံးဝင်၊ မဝင် ဖဲဗေဒင်တွက်သည်။ ဖဲဗေဒင်က 'အသုံးမဝင်' ဟု ဟောသည်။ ဤတွင် တော်လ်စတွိုင်းသည် စားပွဲသို့ ပြန်ထိုင်ကာ အသုံးဝင်ဝင် မဝင်ဝင် ပြီးအောင် ရေးမယ်' ဟု ဆိုကာ ဆောင်းပါးကို အပြီးဆက်ရေးသည်။'

[တော်လ်စတွိုင်း၏ သမီး မေရီ၏ မှတ်တမ်းများမှ။]

၉၆၂။ ။ လက်ပစ်၏ မီးပုံးပျံ။

လက်ပစ်မှာ ဂျာမန်လူမျိုးတစ်ဦး ဖြစ်သည်။ လက်ပစ်သည် နပိုလီယန်စစ်ကြောင်း၏ နောက်ပိုင်းတွင် မီးပုံးပျံများဖြင့် တပ်သားများ ချပေးရန် ရုရှားဘုရင်ကို အကြံပေးသည်။ သို့ရာတွင် လက်ပစ်၏ မီးပုံးပျံများမှာ

www.burmeseclassic.com

www.burmeseclassic.com

နပိုလီယန် ဆုတ်သွားသည့်အချိန်အထိ အဆင်သင့် မဖြစ်သည့်အတွက် မအောင်မြင်ပေ။ ဤသည်မှာ စစ်ပွဲတွင် လေတပ်ကို အသုံးပြုရန် ပထမဆုံးအကြိမ် စမ်းသပ်ခြင်းဖြစ်သည်ဟု စစ်သမိုင်း ဆရာများနှင့် ရာဇဝင်ဆရာများက မိန့်ဆိုကြသည်။

၉၆၉။ ။ ဘိုရိုဒိနိတိုက်ပွဲစဉ်ပြ မြေပုံကြမ်း။

၎င်းမှာ တော်လစတွိုင်း ကိုယ်တိုင်ရေးဆွဲသည့် မြေပုံကြမ်း ဖြစ်သည်။ စစ်နှင့် ငြိမ်းချမ်းရေးကို ရေးနေစဉ် ၁၈၆၇ – ခုနှစ်၌ တော်လစတွိုင်းသည် ဘိုရိုဒိနိသို့ နှစ်ရက်တိုင် သွားရောက်၍ မြေပြင်အနေအထားကို လေ့လာသည်။ ထို့နောက် ရုရှားမြေပုံများ၊ ပြင်သစ်မြေပုံများ၊ စစ်ဆင်ရေး စီမံကိန်းများ ရာဇဝင် အချက်အလက်များကို လေ့လာသည်။ ဘိုရိုဒိနို စစ်မြေပြင်ကို (ပီယာမြင်ရသကဲ့သို့) တောင်ကမူပေါ်မှစီး၍ မြင်ခဲ့ရသော ဗိုလ်ချုပ်ရာဒိုဇီကီ ဆိုသူ၏ မှတ်တမ်းကို လေ့လာသည်။ ဤသို့ လေ့လာပြီးမှ ဘိုရိုဒိနို စစ်တလင်း၏ မြင်ကွင်းကို ရေးခဲ့ခြင်း ဖြစ်သည်။

၉၇၁။ ။ "မာရင်ရဲ့ မော်ကွန်း"

မာရင်သည် အလက်ဇန်းဒရားဘုရင်၏ ကိုယ်ရံတော် ဗိုလ်ချုပ်ဖြစ်၍ စာဆိုတစ်ဦး ဖြစ်သည်။

၉၉၁။ ။ ဂျာမန်ဗိုလ်ချုပ်ကြီးဖြစ်သည့် ဝေါလ်ဒိုဂျင်နှင့် ကလော့ဇဝစ်တို့ကို မြင်လိုက်၏။

ကလော့ဇဝစ် (၁၇၈၀ – ၁၈၁၃)။

ပရပ်ရှားဗိုလ်ချုပ်တစ်ဦး ဖြစ်၍ ထင်ရှားသော စစ်သဘောတရားရေး ပါရဂူကြီးတစ်ဦး ဖြစ်သည်။ စစ်သမိုင်း စစ်ပညာနှင့် စပ်လျဉ်း၍ ကျမ်းပေါင်းများစွာကို ရေးသားပြုစုခဲ့သည်။ ၁၈၁၂ – ခုနှစ်၌ ကလော့ဇဝစ်သည် ရုရှားတပ်မတော်တွင် အမှုထမ်းသည်။ ဖူးဝဲလ်၏ တပ်ရေးအဖြစ် အမှုထမ်းခဲ့သည်။ ကလော့ဇဝစ်၏ အထင်ရှားဆုံးသော ကျမ်းကြီးမှာ Vom Kriege (On War) အမည်ရှိ ကျမ်းကြီးဖြစ်သည်။

၉၉၇။ ။ ဆလာမန်ကာဒေသ၌ ဘုရင်ဧကရာဇ်၏ တပ်တော်များ စစ်ပွဲမှာ ပြင်သစ်တို့ အထိနာသောစစ်ပွဲ ဖြစ်သည်။

ထိုတိုက်ပွဲမှာ အင်္ဂလိပ်ဗိုလ်ချုပ် ဝယ်လင်တန်နှင့် ပြင်သစ်ဗိုလ်ချုပ် မားမွန်တို့၏ တိုက်ပွဲဖြစ်သည်။ ဆလာမန်ကာတွင် အရေးနိမ့်ခြင်း စသည်တို့သည် နပိုလီယန်၏ ရုရှားတိုက်ပွဲစဉ်များ ရှုံးရခြင်းတွင် အကြောင်းတရားများဖြစ်ကြသည်။

၉၉၈။ ။ "နန်းမတော်ဘုရားက ဆက်သလိုက်သော လက်ဆောင်ပဏ္ဏာများ ဖြစ်ပါသည် ဘုရား"

သားတော်၏ ပုံတူပန်းချီကားကို ဆက်သသည့် အခန်းမှာ ပြင်သစ်ရွှေနန်းတော် ဝင်းမှူးကြီး ဒီဗျူးဆေး၏ မှတ်တမ်းများကို ကိုးကားရေးသားခြင်း ဖြစ်သည်။ သို့ရာတွင် ကိုးကားရုံမျှသာ ကိုးကားခြင်း ဖြစ်သည်။ အသေးစိတ် အခြားအရာကိုကား စာရေးဆရာ၏ စိတ်ကူးစိတ်သန်းဖြင့် ဖွဲ့နွဲ့ထားခြင်း ဖြစ်လေသည်။ ဥပမာအားဖြင့် နပိုလီယန်က အရိပ်အမြွက် ပြလိုက်သည်နှင့် ကိုယ်ရံတော်ဗိုလ်က ရွှေရှုဆေးဘူးကို ဆက်သသည့် အခန်းမျိုး ဖြစ်သည်။ 'စစ်နှင့် ငြိမ်းချမ်းရေး' ဝတ္ထုကြီးထဲတွင် နပိုလီယန်သည် စိတ်ဆိုးသောအခါများတွင်လည်းကောင်း ရွှဆေးရွှလေ့ ရှိသည်။ (ဥပမာ တပ်ရေးချုပ် ဗလရှေနှင့် တွေ့သည့်အခန်းက တစ်ကြိမ်၊ ယခုတစ်ကြိမ် စသည့်) ယခုတစ်ကြိမ်၌ နပိုလီယန်သည် 'မော်စကို'ဟူသော အသံကို ကြားသည်၌ ဂနာမငြိမ်ဖြစ်လျက် ရှိပုံကို ဖော်ပြသည့် အရွက် ရွှဆေးရွှပုံကို ဖော်ပြခြင်း ဖြစ်ကြောင်း၊ တော်လစတွိုင်းသည် နပိုလီယန်၏ သဘောဝတ္ထုကိုဖွဲ့ရာ၌ ဤမျှ အသေးစိတ်ကြောင်း စသဖြင့် ဝေဖန်ရေးဆရာများက ဆိုကြသည်။

၁၀၀၄။ ။ နပိုလီယန်သည် အအေးမိခြင်း မရှိခဲ့လျှင် ရုရှားနိုင်ငံသည် ဗုန်းဗုန်းလဲ ကျဆုံးလိမ့်မည်ဟု ဆိုကြ၏။

ဤစာအုပ်မှာ ပြင်သစ်ရာဇဝင်ဆရာများနှင့် အနောက်တိုင်း ရာဇဝင်ဆရာများ၏ ရေးသားချက် ဖြစ်သည်။ ၎င်းတို့က နပိုလီယန် ကောင်းစွာ မကျန်းမာခြင်း၊ ထို့ကြောင့် စစ်မှုရေးရာများကို ကောင်းစွာ မကွပ်ကဲနိုင်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းတို့သည် နပိုလီယန် စစ်ရှုံးရသည့် အကြောင်းအရာများထဲတွင် အပါအဝင် ဖြစ်သည်ဟု ရေးခဲ့ကြသည်။ ထို့ကြောင့် တော်လစ်စတွိုင်းက 'ဤအတိုင်းသာမှန်လျှင် နပိုလီယန်ကို စွဲကပ်သော အအေးမိရောဂါနှင့် နပိုလီယန်ကို မိုးကာရေခဲ ဖိနပ်ရှည်မပေးမိသော မောင်မင်းကြီးသားလက်ပါးစေကို ရှုရှားနိုင်ငံကယ်တင်ရှင်ကြီးအဖြစ် ကိုးကွယ်ထားရန်သာ ရှိတော့သည်'ဟု အရွဲ့တိုက် ရေးပြလိုက်ခြင်း ဖြစ်သည်။

၁၀၀၈။ ။ ဤအချက်၌ကား နပိုလီယန် မှန်ပါပေသည်။

ဆေးပညာကို အယုံအကြည်ကင်းပုံ၌ တော်လစ်စတွိုင်းသည် နပိုလီယန်နှင့် တစ်ထပ်တည်းကျနေသည်။ ထို့ကြောင့်လည်း 'ဤအချက်၌ကား နပိုလီယန် မှန်ပါပေသည်'ဟု မှတ်ချက်ချခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

၁၀၆၂။ ။ ထိုသူကား ပြင်သစ်ဗိုလ်ချုပ် ဘဲလီယာ့ဒ်ပေတည်း။

ဘဲလီယာ့ဒ် (၁၇၆၀ – ၁၈၃၂)သည် ထင်ရှားသည့် ပြင်သစ် စစ်ဗိုလ်ချုပ်တစ်ဦး ဖြစ်သည်။

၁၀၂၈။ ။ လိုဒီ၊ မာရင်ဂို၊ အာကိုလာ၊ ဂျီနာ၊ ဩစတားလစ်၊ ဝါဂရမ် စသည့်တိုက်ပွဲများ။

ထိုတိုက်ပွဲများကား နပိုလီယန် အောင်ပွဲရသည့် တိုက်ပွဲများဖြစ်သည်။ လိုဒီနှင့် မာရင်ဂိုသည် အီတလီမြောက်ပိုင်း ပြည်နယ်များဖြစ်သည်။ နပိုလီယန်သည် ၁၈၀၀ – ပြည့်နှစ်တွင် ဩစထရီးယား တပ်များကို ထိုတိုက်ပွဲများတွင် အောင်မြင်ခဲ့သည်။ ၁၇၉၆ – ခုနှစ်၊ အာကိုလာတိုက်ပွဲ၌လည်း ဩစထရီးယား တပ်များကို အောင်ခဲ့သည်။ ၁၈၀၆ – ခုနှစ် ဂျီနာတိုက်ပွဲ၌ ပရပ်ရှားတပ်များကို အောင်သည်။ ၁၈၀၉ – ခုနှစ် ဝါဂရမ် (ဩစထရီးယားပြည်)၌ ဩစထရီးယား တပ်များကို အောင်ခဲ့ပြန်သည်။

၁၀၃၁။ ။ ဝါတင်ဘတ်တန်နယ်စားကြီး (၁၇၇၁ – ၁၈၃၃)။

အလယ်ဇန်းဒရာ ဘုရင့်မယ်တော်၏ မောင်။

၁၀၃၁။ ။ ပြင်သစ်ဗိုလ်ချုပ် မူးရတ်ကို သုံ့ပန်းအဖြစ် ဖမ်းမိကြောင်း။

ထိုသတင်းမှာ သတင်းမှား ဖြစ်သည်။ တကယ် ဖမ်းမိသူမှာ ပြင်သစ်ဗိုလ်ချုပ် ဘိုနာမီဆိုသူ ဖြစ်သည်။ ရုရှားတပ်သားတစ်ဦးက လှဲစွပ်ဖြင့် ထိုးမည်အပြုတွင် 'ငါ ဘုရင်အဖြစ်သည်'ဟု ဘိုနာမီက ဆိုသည်။ ထို့ကြောင့် ၎င်းကို အရှင်ဖမ်းကာ ရုရှား စစ်သေနာပတိချုပ်ထံ ခေါ်လာခဲ့သည်။ ဤတွင် ရုရှားဗိုလ်မှူးတစ်ဦးက မြင်းတစ်စီးနှင့် စစ်ကြောင်းတစ်လျှောက်လှည့်၍ 'ပြင်သစ်ဘုရင်ကို မိပြီ'ဟု ဟစ်အော်ကြေညာသည်တွင် တပ်သားများ အကြားလွဲကာ မူးရတ်ဟု ယူဆကြခြင်း ဖြစ်သည်။

၁၀၄၃။ ။ နပိုလီယန်၏ရေးသားချက်များ။

ယင်းရေးသားချက်များ ငြိမ်းချမ်းရေး၊ ကမ္ဘာအစိုးရ ဖွဲ့စည်းရေး၊ လက်နက်ဖျက်သိမ်းရေးတို့နှင့် စပ်လျဉ်းသည့် သဘောထားများ ပါဝင်နေခြင်းကို တွေ့ရသည်။ နပိုလီယန်ကဲ့သို့သော စစ်ဘုရင်တစ်ဦးက ဤစကားမျိုး ပြောခြင်းမှာ အံ့ဖွယ်ဖြစ်သည်။ အစိုးရတို့မည်သည် ဤသို့ပြောတတ်ကြသလော မသိ။

၁၀၄၄။ ။ အမှတ် ၃၂ – တပ်မကြီး စစ်နယ်ဝန်း။

ၚင်းမှာ ပြင်သစ်စစ်သူကြီး ဒါဇောက်၏ တပ်မကြီးနယ်မြေဖြစ်သည်။ ထိုတပ်မကြီး၌ တပ်သားများ၊ အမှုထမ်းများမှာ ဂျာမန်တပ်သားများ ဖြစ်သည်။

၁၁၆၂။ ။ ဒဏ်ရာမှ စူးဝါးသော အပုပ်နံ့ကြီးသည် ထောင်းခနဲ ထွက်လာသဖြင့် မျက်နှာကို ရှဲ့လိုက်မိသည်။

ဤသည်နှင့် ပတ်သက်၍ ဆရာဝန်တစ်ဦးလည်း ဖြစ်၊ စာရေးဆရာတစ်ဦးလည်းဖြစ်သော ချက်ကော့က မင်းသားအင်ဒရေ၏ ဒဏ်ရာမျိုးသည် သွေးဆိပ်တက်၍ သေသင့်သော ဒဏ်ရာမျိုး ဖြစ်သည်။ တော်လစ်စတွိုင်းသည် ၁၈၁၂ – ခုနှစ်က ဆေးပညာ ဗဟုသုတ တိုးတက်ဖွံ့ဖြိုးခြင်း မရှိသေးကြောင်းကို ဤစာပိုဒ်များဖြင့် သွယ်ဝိုက်ပြောလိုက်ခြင်း ဖြစ်သည်ဟု မှတ်ချက်ချခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၁၈၃။ ။ ထိုစာချွန်မှာ ဘိုရိုဒီနိ တိုက်ပွဲ ဖြစ်ပွားသောနေ့ ကာတာရနိုဗာမှ ဗိုလ်ချုပ်ကြီး ကူတူဇော့၏ အစီရင်ခံစာချွန် ဖြစ်သည်။

ဆရာကြီး တော်လစတွိုင်း၏ 'စစ်နှင့် ငြိမ်းချမ်းရေး' ဝတ္ထုကြီးတွင် 'အချိန်နှင့် အံမကိုက်ဖြစ်မှု' သုံးလေးခု တွေ့ရ၏။ ယခုတစ်ခါ တွေ့ရပြန်ပြီ။ ဗိုလ်ချုပ် ကူတူဇော့သည် အစီရင်ခံစာချွန်ကို ဩဂုတ်လ ၂၅ ရက်နေ့တွင် ပေးပို့ခဲ့သည်။ ရှီဗာနိုခံတပ် တိုက်ပွဲဖြစ်ပွားသော ဩဂုတ်လ ၂၄–ရက်နေ့ နောက်တစ်ရက် ဖြစ်သည်။ ထိုအစီရင်ခံ စာချွန်တွင် ဗိုလ်ချုပ် ဘာဂရေးရှင်း၊ ဗိုလ်ချုပ် တူချ်ကော့ စသူတို့ကျဆုံးပြီဟု ဖော်ပြပါရှိသည်။ ထိုအချိန်၌ ဗိုလ်ချုပ် ဘာဂရေးရှင်း စသည့်အရေးကြီးသော ဗိုလ်ချုပ်များ ကျဆုံးခြင်း မရှိသေး။ ဩဂုတ်လ ၂၆ –ရက်နေ့တွင် ဖြစ်ပွားသည့် ဘိုရိုဒီနို တိုက်ပွဲကျမှသာ ကျဆုံးခြင်း ဖြစ်သည်။

၁၂၆၁။ ။ မော်စကိုမြို့ထဲတွင် ထွက်ပေါက်မရှိ ပိတ်မိနေသော ရုရှားတပ်မတော်အမှုထမ်း ဗိုလ်ကြီးယာကိုလက်။

ဂင်းမှာ ရုရှား ဘုရင့်ကိုယ်ရံတော် တပ်ဗိုလ်ကြီး ဟောင်းယာကိုလက်ဖြစ်၍ နာမည်ကျော် ရုရှားစာရေးဆရာကြီး အယ်လက်ဇန်းဒရားဟာဇင်၏ ဖခင်ဖြစ်သည်။ ဗိုလ်ကြီးဟောင်း ယာကိုလက်သည် မော်စကိုမြို့ကို နပိုလီယန် သိမ်းသောအခါ၌ စာရေးဆရာလောင်း ဟာဇင်မှာ လသားမျှသာ ရှိသေးသည်။ ယာကိုလက်မှာ အီတလီစကား တတ်သူဖြစ်၍ ဂင်းမှတစ်ဆင့် မိမိနှင့် ပြင်သစ်ပြည်ပါရီမြို့တွင် အသိအကျွမ်းဖြစ်ခဲ့ဖူးသူ ပြင်သစ်ဗိုလ်ချုပ်မောရာနှင့် ဆက်မိသည်။ ဗိုလ်ချုပ်မောရာက ဤသတင်းကို နပိုလီယန်ထံ လျှောက်သည်။ ထိုအခါတွင် နပိုလီယန်က ယာကိုလက်အား ရှေ့တော်သို့ ခေါ်သည်။ နပိုလီယန်ထံ ယာကိုလတ် အခစားဝင်ပုံကိုလည်း ကြည့်ပါဦး။ ယာကိုလတ်သည် တောလိုက်အင်္ကျီအစုတ်ကြီးကို ဝတ်ထားသည်။ ရုပ်အင်္ကျီကလည်း ညစ်ပတ်နေသည်။ ဖိနပ်ရှည်ကြီးကလည်း ဖွာရာကျဲ စုတ်ပြတ်လျက် ရှိသည်။ မုတ်ဆိတ် မရိတ်ရသည်မှာ နှစ်ရက်ရှိပြီ။ ယာကိုလက်က မော်စကိုမှ ဘေးမသီရန်မခ ထွက်ခွင့်မပေးရန် အမိန့်ထုတ်ပြီး ဖြစ်ကြောင်း၊ မည်သည်ကိုမျှ ကြောက်စရာမလိုဘဲ အေးအေးဆေးဆေး နေနိုင်ကြောင်းဖြင့် ပြောသည်။ ယာကိုလက်က မိမိအိမ်မှာ မီးလောင်သွား၍ နေစရာ မရှိတော့ကြောင်း ပြောသည့်အခါ၌ နပိုလီယန်က ဈေးရုံထဲတွင် နေနိုင်ကြောင်း၊ ဈေးရုံများကို ဒုက္ခသည်များအတွက် ဖွင့်ပေးထားကြောင်း ပြောသည်။ ဤတွင် ယာကိုလက်က ရုရှားသူကောင်းမျိုးတစ်ဦးအဖို့ ဈေးရုံထဲတွင် နေရသည်မှာ ရုပ်ပျက်လှကြောင်းဖြင့် ပြောပြန်သည်။

နပိုလီယန်နှင့် ယာကိုလက်တို့ စကားပြောပုံကို ယာကိုလက်သား စာရေးဆရာကြီး ဟာဇင်က ၎င်း၏ မှတ်တမ်းတွင် အောက်ပါအတိုင်း ရေးထားသည်။

[ကျွန်ုပ်၏ဖခင်က ဤသို့တင်ပြသည့်အခါ၌ နပိုလီယန်သည် ခေတ္တမျှ တွေသွား၏။ ထို့နောက် ရုတ်တရက် ပြောလိုက်သည်။

"သို့ဖြစ်လျှင် အလက်ဇန်းဒရား ဘုရင်ထံသို့ စာချွန်တစ်စောင် ပို့ပေးမည်လော။ ပို့ပေးမည်ဆိုက သင်နှင့် သင်၏ မိသားစုအား ငါ သွားခွင့်ပြုမည်"

ပိတာစဘတ်သို့ ရောက်လျှင် ကျွန်ုပ်၏ဖခင်ကို နန်းရင်းဝန် အာရတ်ချေ့ထံ ခေါ်သွားကြပြီး ချုပ်နှောင်ထားကြပါသည်။ နန်းရင်းဝန် အာရတ်ချေ့က စာချွန်ကို ဧဘုရင်ထံ ဆက်ပါသည်။ သို့ဖြင့် ကျွန်ုပ်၏ ဖခင်သည် နန်းရင်းဝန်၏အိမ်တော်တွင် တစ်လမျှ အကျယ်ချုပ်ခံထားရသည်။ ထိုအတွင်း မည်သူနှင့်မျှ တွေ့ခွင့်မရ။ ဧဘုရင်က လွှတ်လိုက်သော နန်းတော်အရာရှိတစ်ဦးဖြစ်သည့် ရှိရကော့တစ်ဦးတည်းသော လာရောက်၍ မော်စကို မီးလောင်ပုံ၊ ပြင်သစ်တို့ မော်စကိုသို့ ဝင်ရောက် ပုံ၊ နပိုလီယန်နှင့် တွေ့ခဲ့ရပုံတို့ကို အသေးစိတ် မေးမြန်းခြင်း ပြုသည်။]

('အလက်ဇန်းဒရား ဟာဇင်၏ မှတ်တမ်းများ' ယေးလ်တက္ကသိုလ်မှ ထုတ်ဝေသည်။)

၁၂၈၃။ ။ တပ်လုလင်က မီးခတ်ကို ခြစ်လျက်ရှိစဉ်။

ဤနေရာတွင် ယမ်းမီးခြစ်များမပေါ်မီ မီးခတ်ကျောက်များဖြင့် မီးခြစ်ရပုံကို အသေးစိတ် ဖော်ပြထားသည်။ သံမဏိကို မီးခတ်ကျောက်ပေါ်တွင် ခြစ်ရသည်။ ထိုအခါ မီးပွားများပွင့်လာသည်။ မီးပွားများက မီးစာပေါ်သို့ ကျ၍ မီးစွဲသည်။ ထို့နောက် သံစတစ်ခုကို ကန့်မှုန့်အရည်တွင် နှစ်ပြီး မီးညှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၂၈၇။ ။ မဒမ် ဒီစတေးလ်ထံ စာရေးခြင်း။

ဂင်းမှာ နပိုလီယန်၏ ရန်သူ အမျိုးသမီးကြီး ဖြစ်သည်။ နပိုလီယန်သည် ဂင်းအလှည့် ရောက်သည်နှင့် မဒမ် ဒီစတေးလ်ကို လိုက်လံဖမ်းသည်။ ထိုအမျိုးသမီးကြီးသည် ၁၈၁၂ – ခုနှစ်တွင် စိန့်ပီတာစဘတ်သို့ ထွက်ပြေးလာခဲ့သည်။ ဇာဘုရင်က ကောင်းစွာကြိုဆိုခြင်း ခံရသည်။ ကူတူဇော့ဗ် စစ်သေနာပတိချုပ် ဖြစ်သောအခါတွင် မဒမ်ဒီစတေးလ်သည် ကူတူဇော့ဗ်အား ချီးကျူးဂုဏ်ပြုခဲ့သည်။

၁၂၈၉။ ။ လူဖြောင့်စိတ်တို စစ်သားကြီးတစ်ဦးဖြစ်သူ ဗိုလ်ချုပ် မိုတန်။

ဂင်းမှာ နပိုလီယန်၏ စစ်ဗိုလ်ချုပ်တစ်ဦး ဖြစ်သည်။ ယာဂိုစလာဗာတွင် ကျင်းပသည့် စစ်ဦးစီးဌာနချုပ် အစည်းအဝေး၌ ဆုတ်ခွာရေးနှင့် စပ်လျဉ်း၍ နပိုလီယန်က ဆန္ဒပေး၍ မိုတန်သည် ဤတိုင်းပြည်မှ အမြန်ဆုံး၊ အနီးဆုံး လမ်းအတိုင်း ဆုတ်ခွာသင့်သည်ဟု တဲ့တိုးကြိုး ပြောချခဲ့သည်။ နပိုလီယန်သည် စကားတစ်ခွန်းမျှ မပြောတော့ဘဲ အစည်းအဝေးကို ရုပ်သိမ်းကာ ဆုတ်ခွာရန် အမိန့်ထုတ်ခဲ့ခြင်း ဖြစ်သည်။

၁၂၉၈။ ။ ဤနည်းကို စပိန်ပြောက်ကျားများ ကောင်းဆပ် တောင်ပေါ်လူမျိုးစုများက ကျင့်သုံးခဲ့ကြသည်။

၁၈၅၁ – ခုနှစ်တွင် ရုရှားပြည်၌ ကောင်းဆပ် တောင်ပေါ် လူမျိုးစုများ ထကြွပုန်ကန်ကြသည်။ ထိုသူပုန်တို့ကို နှိမ်နင်းသည့် ရုရှားတပ်များတွင် ထိုစဉ်က ဆရာကြီး တော်လ်စတွိုင်း အမှုထမ်းခဲ့ဖူးသည်။

၁၃၂၉။ ။ ပီယာသည် ဤအဖြစ်အပျက်ကို ကာလအတန်ကြာကပင်လျှင် ကြားခဲ့ဖူးပြီ ဖြစ်၏။

ဂင်းမှာ ကုန်သည်နှစ်ဦး၏ ပုံဝတ္ထုဖြစ်သည်။ ဆရာကြီး တော်လ်စတွိုင်းသည် ထိုပုံပြင်ကို သဘောကျဟန် တူသည်။ ထိုပုံပြင်ကို အခြေခံ၍ 'ဘုရားသခင်သည် အမှန်တရားကို မြင်သည်'ဟူသော ဝတ္ထုတစ်ပုဒ် ရေးခဲ့ဖူးသည်။

၁၃၄၁။ ။ ဂျိုးဇက်ဒီမေတား (၁၇၅၄ – ၁၈၂၁)။

ဂင်းမှာ ပြင်သစ်တော်လှန်ရေးကို ဆန့်ကျင်သူ စာရေးဆရာကြီးတစ်ဦး ဖြစ်သည်။ ဆာဒီးနီးယားပြည်သံအမတ်ကြီး ဖြစ်သည်။ စိန့်ပီတာစဘတ်တွင် ပြည်ပြေးအဖြစ် ၁၅ – နှစ်ခန့် နေထိုင်သွားသည်။ ယခုခေတ် ဝေဖန်ရေး ဆရာကြီး အီရှောဘာလင် 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးမှ အချို့အချက်အလက်များအတွက် တော်လ်စတွိုင်းသည် ဂျိုးဇက်ဒီမေတား၏ မှတ်တမ်းများကို မှီငြိမ်းပြုသည်ဟု အကိုးအကားဖြင့် ပြထားသည်။

၁၃၆၀။ ။ 'အနှစ်လေးဆောင် ဘည်ခဲ့သော ဤပိရမစ် အဆောက်အအုံကြီးများကပင် ငါ၏ဘုန်းတန်ခိုးကို ငုံ့၍ ကြည့်စေအံ့"ဟု တစ်ခါမျှ ကူတူဇော့ဗ် မကြုံးဝါးခဲ့ချေ။

ဤသည်မှာ နပိုလီယန် အိဂျစ်ကို တိုက်စဉ်က ပိရမစ် အဆောက်အအုံကြီးများ ရှေ့တွင် ကြုံးဝါးခဲ့သော စကားများဖြစ်သည်။

၁၄၁၀။ ။ ဖစ်ချ်တီ (၁၇၆၂ – ၁၈၁၄)။

ဂျာမန် အဘိဓမ္မာဆရာ။

၁၄၁၁။ ။ ကြီးမြတ်သော မဟာမိတ်အဖွဲ့။

ရုရှား၊ ပရပ်ရှားနှင့် ဩစတြီးယားတို့ပါဝင်သော မဟာမိတ်အဖွဲ့ဖြစ်သည်။ မူလက ရည်ရွယ်ချက်ကောင်းကောင်းဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သော်လည်း နောင်တွင် သက်ဦးဆံပိုင် ဘုရင်စနစ်ကို ကာကွယ်သော ဖောက်ပြန်ရေး အဖွဲ့တစ်ဖွဲ့ ဖြစ်လာခဲ့သည်။ နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ရှေ့တော်ပြေးအဖွဲ့ ဖြစ်သည်ဟုလည်း အချို့က ယူဆကြသည်။

၁၅၁၁။ ။ နီကိုလေ၏ လယ်ယာစိုက်ပျိုးရေးစနစ်။

ဤလယ်ယာစိုက်ပျိုးရေးစနစ်နှင့် စပ်လျဉ်း၍ 'အင်နာကရီးနီးနာ' ဝတ္ထုတွင်လည်း လီဗင်မှတစ်ဆင့် ဖော်ပြခဲ့သည်။ ဤသည်မှာ ၁၈၆၂ – ခုနှစ်တွင် တော်လ်စတွိုင်း ကိုယ်တိုင် စမ်းသပ်ခဲ့သော နည်းများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၄၈၄။ ။ လန်ဖရီ (၁၈၂၈– ၇၇)

နပိုလီယန် အတ္ထုပတ္တိကျမ်းပြုဆရာ တစ်ယောက် ဖြစ်သည်။

၁၄၈၄။ ။ ဂျာဗီးနှုစ် (၁၈၀၅– ၁၇)။

ဂျာမန် ရာဇဝင်ဆရာတစ်ဦး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြန်သူ၏

နိဂုံးချုပ်တင်ပြချက်များ

(၁)

၁၉၅၀ပြည့်နှစ် နွေဦး။

ကျောင်းပိတ်ချိန်ဖြစ်၍ တက္ကသိုလ်ပရဝဏ်တစ်ဝိုက်တွင် လူရှင်းနေသည်။ ခေါင်းလောင်းသံ၊ ရေမိုးခန်းမင်းသားတို့၏ သီချင်းဆိုသံ၊ လရောင်အောက်မှာ တရောသံ၊ စကြံတစ်လျှောက်တွင် ပဲ့တင်ထပ်လေ့ရှိသော ခုံဖိနပ်သံ၊ မော်တော်ကားသံ၊ ကျောင်းသူချောချော ဖြတ်လျှောက်သွားသည်ကို မြင်လျှင် (မည်သည့်အတွက်ကြောင့်ဟူ၍ မသိ) 'နွားနို့၊ နွားနို့'ဟူ၍ နွားနို့ကုလားကြီး အသံမျိုးဖြင့် အော်လေ့ရှိကြသော ကျောင်းသားများ၏ အသံမျိုးဖြင့် စသည့်အသံပေါင်းစုံကိုလည်း မကြားရတော့။

'ဝက်ပါလှည့်နေသောအသံ'ဟု ကဗျာဆရာတို့ တင်စားခေါ်ဝေါ်ကြသည့်. ဥဩဌက်၏ အသံသာလျှင် တက္ကသိုလ် ပရဝဏ်ကို ကြိုးစိုးလျက်ရှိသည်။ သစ်တိုပင်၊ မရန်းပင်၊ သရက်ပင်ကြီးများပေါ်တွင် ပြေးလွှားနေကြသော ရှဉ့်တို့၏ အသံသည် နွေတမန်ဥဩ၏ တေးသံကို စည်းလိုက်လျက် ရှိကြသည်။

ကျွန်တော်သည် စကြံတွင် ပက်လက်ကုလားထိုင်ဆွဲထုတ်ကာ စာအုပ်တစ်အုပ် ဖတ်နေမိသည်။ တစ်ခါတစ်ရံ မျက်စိညောင်းလာလျှင် မျက်နှာကို စာအုပ်မှခွာကာ ရှေ့မှ ရှုမျှော်ခင်းကို လှမ်းကြည့်မိသည်။

ကျွန်တော်တို့ ဥတ္တရကျောင်းဆောက် (ယခု ရွှေဘိုဆောင်)မှ လှမ်းကြည့်လိုက်လျှင် ယုဒသန်ဘုရားရှိခိုးကျောင်းဆောင်မှ မျှော်စင်ကြီးကို လှမ်းမြင်ရသည်။ မြူခြေဆိုင်း၍ ဝေမှိုင်းလျက်ရှိသော ကောင်းကင်အောက်တွင် ယုဒသန်ဘုရားရှိခိုးကျောင်းဆောင်မှ မျှော်စင်သည် အထီးတည်းရပ်လျက် ရှိသည်။ ခါတိုင်းကဲ့သို့ အော်ဂင်နှင့် တီးမှုတ်သီဆိုကြသော ခရစ်ယာန် ဓမ္မသီချင်းသံကို လည်း မကြားရတော့။ မျှော်စင်ရိပ်အောက်မှ ချစ်သူမောင်မယ်များကိုလည်း မမြင်ရတော့။ သောတအာရုံတွင် အေးငြိမ်းလျက်။ စက္ခုအာရုံတွင် ရှင်းလင်းလျက်။

နိတစ်ဝက် မောင်းတစ်ဝက် ရွေ့တစ်ဝက်၊ သစ်ရွက်တို့ ကြွေကျဆဲ။ ဥတ္တရကျောင်းဆောင်ရှေ့ရှိ စိမ်းစိုသောမြက်ပင်တို့ ခြောက်သယောင်းကြလေပြီ။ မြက်ပင်များပေါ်တွင် ရွက်ကြွေတို့ လိုက်တမ်းပြေးတမ်း ကစားနေကြသည်။

ကျွန်တော်နှင့် မလှမ်းကမ်း ခုတင်တစ်လုံးပေါ်တွင် မိုးဝေနှင့် တက္ကသိုလ်နန္ဒမိတ်တို့ အိပ်နေကြဆဲ။ (နောက်ခုတင်တစ်လုံးမှာ ဂီတနက်သန် စောညိန်း (ယခု ကွယ်လွန်ပြီ။) အိပ်လျက်။ နောက် ခုတင်တစ်လုံးတွင် စာရေးဆရာ မောင်ကြည်လင် (ယခု ကွယ်လွန်ပြီ။) အိပ်လျက်။ နောက်ခုတင်တစ်လုံးမှာ ဒဂုန်တာရာ။ သို့ရာတွင် ဒဂုန်တာရာခုတင်မှာ မရှိတော့။ နံနက်စောစောထ၍ ၎င်းနေထိုင်ရာ ၁၄ လမ်းသို့ ပြန်သွားနှင့်ပြီ။

ကျွန်တော်တို့ နေထိုင်ရာ ဥတ္တရကျောင်းဆောင်တွင် မကြာခဏ ဆုံမိကြသည်။ မောင်ကြည်လင်၊ တက္ကသိုလ် နန္ဒမိတ်၊ အောင်လင်း၊ အောင်စိုးနှင့် ကျွန်တော်တို့မှာ အိမ်သည်များ ဖြစ်သည်။ နွေကျောင်းပိတ် ဖြစ်သော်လည်း ကျွန်တော်တို့ မပြန်ကြ။ ကျွန်တော်တို့ ရှိရာသို့ ကမာရွတ် ရှောက်ပင်ခြံတွင် နေသော သန်းဆွေ၊ ကမာရွတ် သုခလမ်းတွင်နေသော မိုးဝေ၊ ကြည့်မြင်တိုင်မှ ဂီတနက်သန် စောညိန်းစသူတို့ မကြာမကြာ ညအိမ်ညနေ ရောက်လာတတ်ကြသည်။

ထိုစဉ်က သန်းဆွေမှာ ရှုမဝ အယ်ဒီတာအဖွဲ့သို့ ရောက်နေပြီ။ မိုးဝေမှာ ၎င်း၏အလွတ်စုံထောက် တင်မောင်ဆွေကို စတင် မွေးထုတ်နေပြီ။ တက္ကသိုလ်နန္ဒမိတ်မှာ တိုးတက်ရေး သတင်းစာ အယ်ဒီတာစားပွဲတွင် ထိုင်နေလေ

www.burmeseclassic.com

www.burmeseclassic.com

ပြီ။ ကျွန်တော်တို့ တစ်သိုက်ကား တာရာမဂ္ဂင်းတွင် ဝတ္ထုတိုများ စတင်ရေးကာ 'စာပေသစ်' မဂ္ဂဇင်းကို စတင်ထုတ်ဝေနေလေပြီ။ ဂီတနက်သန်စောညိမ်းမှာ ဆန်းသစ်၍ မြန်မာဆန်သော သီချင်းများကို ရေးဖွဲ့စပြုနေပြီ။ အောင်စိုးမှာ ၎င်း၏ဝတ္ထုတို ကလေးများမှာ တမာနဲ့ သင်းစပြုလေပြီ။

ခဏကြာလျှင် မောင်ကြည်လင် သွားပွတ်တံဖြင့် သွားတိုက်ရင်း ထလာသည်။ ၎င်း၏ပခုံးပေါ်တွင် တင်ထားသော မျက်နှာသုတ်ပဝါသည် လှုပ်ရှားလျက်ရှိ၏။

"ဟေ့ကောင် ဘာတွေဖတ်နေတာလဲ။ စောစောစီးစီး"

၎င်းက ကျွန်တော့်ကို လှမ်းမေးလိုက်သည်။ ကျွန်တော်က စာအုပ်ကို လှမ်းပြလိုက်သည်။ ထိုစာအုပ်မှာ တော်လစတွိုင်း၏ 'စစ်နှင့်ငြိမ်းချမ်းရေး'။

"ဟေ့ ... မင်း ဒီစာအုပ် ဘယ်က ရှာတွေ့တာလဲ"

မောင်ကြည်လင်က တအံ့တသြဖြင့် ကျွန်တော့် လက်ထဲမှ စာအုပ်ကို ယူကြည့်သည်။ စာအုပ်ကို တော်တော် စိတ်ဝင်စားနေဟန်လည်း ရှိသည်။

"ကိုအောင်စိုးပြောလို့ မနေ့က အစည်းအဝေး အပြီးမှာ 'ပြည်သူ့စာပေတိုက်'က ဆွဲလာတာဗျ။ စာအုပ်က လေးငါးအုပ်ပဲ ရှိတယ်"

ထိုစဉ်က ပြည်သူ့စာပေတိုက်တွင် 'ပြည်သူ့စာပေကော်မီတီ'ဟု ကော်မီတီကလေးတစ်ခု ဖွဲ့ထားသည်။ 'ပြည်သူ့စာပေတိုက်'သည် စာအုပ်ဖြန့်ချိရေးအပြင် ကိုယ်ပိုင် စာအုပ် ထုတ်ဝေရန်အတွက် စာအုပ်များ ရွေးချယ်ရန် အယ်ဒီတာအဖွဲ့ တစ်ဖွဲ့ကို ဖွဲ့ထားသည်။ အပြင်မှ နိုင်ငံရေး သုမားများ၊ စာရေးဆရာကြီးများအပြင် ကျောင်းသားများထဲမှ မောင်ကြည်လင်၊ မောင်မောင်ကျော် (ယခု လွတ်တော်ရှေ့နေကြီး ဒေါက်တာမောင်မောင်ကျော်) နှင့် ကျွန်တော်တို့ ပါကြသည်။ ကျွန်တော်တို့သည် ထိုကော်မတီတွင် အစည်းအဝေး တစ်ခါနှစ်ခါ ထိုင်သော်လည်း နောင်တွင် (မည်သည့်အကြောင်းကြောင့် မသိ) အစည်းအဝေး မထိုင်ဖြစ်တော့။ ဆိုရှယ်လစ်ဝါတီ နှစ်ခြမ်းကွဲသွားသောအခါ ပြည်သူ့စာပေကော်မတီတွင် ကျွန်တော်တို့လည်း မရှိတော့ပေ။

"ဒီဝတ္ထုကတော့ ကမ္ဘာမှာ နာမည်အကြီးဆုံး အရှည်လျားဆုံး ဝတ္ထုပဲကွ။ ဘာသာပြန်ရရင် ကောင်းမှာပဲ"

မောင်ကြည်လင်က တိုက်တွန်းသည်။ ထိုအချိန်က ကျွန်တော်သည် ဂေါ်ကီ၏ ဝတ္ထုတိုကလေးများကို ဘာသာပြန်၍ ဂေဂ္ဂ ၁၄င်းစာပေမှ ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

"စာအုပ်က ကြီးလွန်းတယ်ဗျ။ ခက်လဲ ခက်တယ်။ ကျွန်တော်, တစ်ယောက်တည်း ပြ...ငင်, ပြန်ဖို့ဆိုတာ အချိန် အတော်ယူရလိမ့်မယ်။ ပြီးတော့"

"မင်းတစ်ယောက်တည်း မပြီးရင် တို့နှစ်ယော... ပြန်မယ်ကွာ။ မင်းတစ်ဝက် ငါတစ်ဝက်"

"ဒါကတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ကျွန်တော်က တော်လစတွိုင်းကို ဂေါ်ကီလောက် အရသာ မတွေ့ဘူးဗျ။ တော်လစတွိုင်းဟာ တကယ်တော်တဲ့ အနုပညာရှင်ကြီးပါပဲ။ သူ့ဝတ္ထုတွေဟာလဲ ဝတ္ထုတွေအနေနဲ့ အင်မတန်ကောင်းတဲ့ ဝတ္ထုတွေပါပဲ။ ဒါပေမဲ့ ကျွန်တော်က တော်လစတွိုင်းရဲ့ အဘိဓမ္မာကို မကြိုက်ဘူး။ 'မကောင်းမှုကို မခုခံနှင့်'ဆိုတဲ့ သူ့တရားတွေ၊ 'အဟိ'သဆိုတဲ့ အကြမ်းမဖက်ရေး' တရားတွေ။ ဒါတွေကိုတော့ ကျွန်တော် သိပ်သဘောမကျဘူး။ နိဗ္ဗိန္နသဲ ပါလွန်းတယ်လို့ ကျွန်တော် ထင်တယ်။ ကျွန်တော် တော်လစတွိုင်းရဲ့ စာတွေကို တော့ များများမဖတ်ဖူးသေးပါဘူး။ နည်းနည်းပါးပါး ရှိပါသေးတယ်"

(၂)

ကျွန်တော်တို့ ဥပစာတန်းတုန်းက တော်လစတွိုင်း၏ဝတ္ထုတိုများကို သင်ခဲ့ရသည်။ စစ်မဖြစ်မီက စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး 'မိုးဒေဝါ' အမည်ဖြင့်ရေးခဲ့ဖူးသော တော်လတွိုင်း၏ 'ကရဏာ – ဆိုနာတာ' ဝတ္ထုကြီးကို မကြာသေးမီကပင် ဖတ်ခဲ့ရသေးသည်။ "ကရဏာဆိုနာတာ'မှာ ဖောက်ပြားသောမိန်းမကို ယောကျ်ားလုပ်သူက သတ်သည့်ဇာတ်လမ်းဖြစ်သည်။ထိုဝတ္ထုထဲတွင် တော်စတွိုင်းသည် ၎င်း၏ဇာတ်လိုက် ပေါ်ဧနီယက်မှတစ်ဆင့် မိန်းမနှင့် ပတ်သက်သော ၎င်း၏ သဘောထားများကို အကျယ်တဝင့် ဆွေးနွေးထားသည်။

"ကရဏာ – ဆိုနာတာ မှာ မင်း ဘာသဘောမကျသလဲကွာ။ ဥပမာ"

မောင်ကြည်လင်က သွားတိုက်ခြင်းကို ရပ်ကာ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အနီးတွင် ထိုင်လိုက်သည်။

"ဥပမာ ဆိုပါတော့။ 'ကရဏာ ဆိုနာတာ' ဝတ္ထုထဲမှာ ဇာတ်လိုက် အဘိုးကြီး ပေါ့ဖ်နီယက်ပြောတဲ့ တော်လ်စတွိုင်းရဲ့ အယူအဆတွေဟာ ပြင်းထန်လွန်းတယ်။ မိန်းမတွေနဲ့ ပတ်သက်တဲ့ အမြင်ဟာ သိပ်တစ်ဖက်စောင်းနင်း ဖြစ်လွန်းတယ်။ သူက မိန်းမတွေရဲ့ လွတ်လပ်ခွင့်ဟာ ယောကျ်ားများနဲ့ ရင်ပေါင်တန်း အလုပ်လုပ်နိုင်ခွင့်၊ မဲဆန္ဒပေးပိုင်ခွင့်၊ အရွေးခံနိုင်ခွင့်၊ တက္ကသိုလ်ပညာများကို တန်းတူသင်ကြားနိုင်ခွင့်တို့အပေါ်မှာ မတည်ဘူးလို့ ဆိုတယ်။ ယောကျ်ားတွေဟာ မိန်းမတွေကို ဖြေဖျော်စရာ ပစ္စည်းတစ်ခုလို့ သဘောထားနေကြတယ်။ မိန်းမတွေကလဲ သူတို့ကိုယ်ကို သူတို့ယောကျ်ားတွေရဲ့ အဖျော်ဖြေခံ ပစ္စည်းလို့ သဘောထားနေကြတယ်။ ဒီသဘောထားနှစ်မျိုးကို ယောကျ်ားရဲ့ဘက်ကရော၊ မိန်းမရဲ့ဘက်ကပါ ပြောင်းလဲနိုင်မှ မိန်းမတွေ လွတ်မြောက်ရေးရမယ်လို့ ဆိုတယ်"

"အေးလေ၊ ဒါ ဟုတ်သားပဲ။ ဘာပြောစရာ ရှိသလဲ။ မိန်းမတွေရဲ့ လွတ်မြောက်ရေးဟာ ယောကျ်ားနဲ့ မိန်းမရဲ့ အတွင်းစိတ်သဘောထားတွေ တကယ်ပြောင်းလဲမှ ဖြစ်လာနိုင်တဲ့ကိစ္စ မဟုတ်ဘူးလား"

"ဒီလောက်နဲ့ ရပ်ရင်တော့ ဟုတ်ပါတယ်။ ဘာမှ အထူးပြောစရာ မရှိသေးပါဘူး။ ဒါပေမဲ့ တော်လ်စတွိုင်းက ဒီတွင် မရပ်ဘူးဗျ။ အိမ်ထောင်ရေးစနစ်ကြီးဟာ ထောင်ချောက်ကြီးနဲ့ တူတယ်လို့ ဆက်ပြောတယ်။ မိဘတွေဟာ မိန်းကလေးတစ်ယောက်ကို အရွယ်ရောက်လာရင် လင်ပေးစားလိုက်ကြတယ်။ ဒီဓလေ့ဟာ တရုတ်တွေ၊ ဟိန္ဒူဘာသာဝင်တွေ၊ မဟာမေဒင်ဘာသာဝင်တွေနဲ့ ဗုဒ္ဓဘာသာဝင်တွေထဲမှာ ခေတ်စားခဲ့တယ်။ ဒါကို တော်စတွိုင်းက မကြိုက်ဘူး"

"ဒါကော ဘာပြောစရာ ရှိသလဲကွ။ ပဒေသရာဇ်အိမ်ထောင်ရေးကို ဆန့်ကျင်တာပဲ"

မောင်ကြည်လင်က မျက်နှာသုတ်ပဝါကို လည်ပင်းတွင် ရစ်သိုင်းရင်း ပြောလိုက်သည်။

"ဟုတ်တယ်။ ဘာမှ ပြောစရာမရှိဘူး။ ဒါဟာ ပဒေသရာဇ် အိမ်ထောင်ရေးစနစ်ကို တော်လ်စတွိုင်းက ဆန့်ကျင်ပြလိုက်တာပဲ။ ဒါဟာ တော်စတွိုင်းရဲ့ တော်လှန်ရေးကျတဲ့ အပိုင်းဖြစ်တယ်။ ဒါကို မတ်လိနင် ဝါဒယုံကြည်သူတွေကို မဆိုထားနဲ့ ဓနရှင်ပညာတတ်တွေက တောင် မကြိုက်ကြဘူး။ တော်စတွိုင်းက ဆက်ပြောတယ်။ ဒီ အိမ်ထောင်ရေးစနစ်မျိုးကို မကြိုက်တဲ့လူရမ်းကားတွေက (ဓနရှင် လူတန်းစားကို ဆိုလိုချင်တယ်လို့ ကျွန်တော် သဘောရတယ်လေ။) အိမ်ထောင်ရေးစနစ်သစ်တစ်ခုကို သွင်းလာခဲ့ကြတယ်။ သူတို့က ကုန်ပစ္စည်းတစ်ခုကို ဝယ်ဖို့ ဈေးထဲ လျှောက်ကြည့်သလို မိန်းမတွေကိုလည်း လျှောက်ကြည့်ကြပြီး စိတ်ကြိုက်ရွေးကြတယ်။ ဒီအခါမှာ မိန်းမတွေကလည်း ရောင်းကုန်တစ်ခုကို မှန်သေတ္တာထဲမှာ ပြထားသလို တစ်ကိုယ်လုံး အလှပြင်ပြီး 'အစ်ကိုတို့ ကျွန်မကို ရွေးနော်၊ ဟိုဘက်ကဟာကို သွားမရွေးနဲ့။ ကြည့်စမ်း။ ကျွန်မ ပခုံးတွေ၊ ရင်တွေ၊ တင်တွေ ပေါင်တံတွေ၊ ခြေသလုံးတွေက ဘယ်လောက်လှသလဲ'လို့ မပြောသော်လည်း ပြောသယောင်နဲ့ အလှပြင်ကြတယ်။ ဒါဟာ မိန်းမတစ်ယောက်ကို ရောင်းကုန်ပစ္စည်းတစ်ခုလို သဘောထားတာပဲ။ မိန်းမတွေကလဲ သူတို့ကိုယ်ကို သူတို့ ရောင်းကုန်လို့ အထင်ခံရတာကို ကျေနပ်ကြတယ်လို့ သူက ဆက်ပြောတယ်"

"ကဲ ...ဆိုစမ်းပါဦး၊ ခုနဟာကကော တော်လ်စတွိုင်းဟာ ဓနရှင် အိမ်ထောင်ရေးစနစ်ကို ဆန့်ကျင်တာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်။ ဒါဟာ တော်လ်စတွိုင်းက ဓနရှင် အိမ်ထောင်ရေးစနစ်ကို ဆန့်ကျင်ပြလိုက်တာပါပဲ။ ဒါပေမဲ့ တော်လ်စတွိုင်းဟာ ပဒေသရာဇ် အိမ်ထောင်ရေးစနစ်နဲ့ တက်သစ်စ ဓနရှင်အိမ်ထောင်ရေးစနစ်ကို ဆန့်ကျင်တဲ့နေရာမှာ သူ့ရဲ့ရပ်တည်ချက်ဟာ ပဒေသရာဇ်လူတန်းစားဖြစ်နေသေးတယ်။ သူဟာ ယိုယွင်းနေတဲ့အိမ်ထောင်ရေးစနစ်ကို ဝေဖန်ရာမှာ ရပ်တည်ချက်အသစ်နဲ့ ဝေဖန်တာ မဟုတ်ဘူး။ လူတန်းစား ရပ်တည်ချက်ဟောင်းနဲ့ ဝေဖန်တာပဲ ဖြစ်တယ်။ ဒီရပ်တည်ချက်ဟောင်းနဲ့ ဝေဖန်တော့ ဘာဖြစ်သလဲ။ မိန်းမတွေအပေါ်မှာ အင်မတန် ပြင်းထန်တဲ့ စီရင်ချက်ကြီးက ချမိလျက်သား ဖြစ်နေတယ်"

"ဘယ်လို စီရင်ချက်မျိုးလဲကွ" မောင်ကြည်လင်က ပြုံး၍ မေးလိုက်၏။

"သူက မိန်းမတွေကို တက္ကသိုလ်ပညာ သင်ကြား

www.burmeseclassic.com

www.burmeseclassic.com

စေရဲ့၊ သိပ္ပံပညာတွေကို တက်မြောက်စေအောင် လုပ်ပေးရဲ့၊ တရားသူကြီးတွေ၊ ဝတ်လုံတွေ၊ စစ်ဗိုလ်မတွေဖြစ်အောင် လုပ်ပေးရဲ့နဲ့ မိန်းမတွေရဲ့ အဆင့်အတန်းဟာ မြင့်မလာဘူး။ မိန်းမဟာ မိန်းမပဲ။ လောကမှာ မိန်းမတစ်ယောက်ရဲ့ အမြင့်မားဆုံးသော ရည်ရွယ်ချက်ဟာ ယောကျ်ားတွေကို ညှို့ယူဖမ်းစားနိုင်အောင် လုပ်ဖို့ပဲ ဖြစ်တယ်။ မိန်းမရဲ့ ရည်ရွယ်ချက်ဟာ ဒီမှာတင် အဆုံးသတ်တော့တယ်လို့ သူက ယူဆတယ်။ မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို ညှို့ယူဖမ်းစားနိုင်ခြင်း မရှိရင် မိန်းမ မပီသဘူး။ မိန်းမဖြစ်ရခြင်းရဲ့ ရည်ရွယ်ချက် မမြောက်ဘူး။ ယောကျ်ားတစ်ယောက်ကို ညှို့ယူဖမ်းစားနိုင်မှသာ မိန်းမဖြစ်ရတဲ့ ရည်ရွယ်ချက် ပြည့်မြောက်တယ်။ အဲဒီမိန်းမဟာ အပျိုဖြစ်ရင် လင် တစ်ယောက်ရွေးနိုင်ဖို့ ဒီအတတ်ပညာကို တတ်ရမယ်။ လင်ရှိမိန်းမဖြစ်ရင်လဲ ကိုယ့်လင်အပေါ်မှာ ထာဝစဉ်လွှမ်းမိုးထားနိုင်ဖို့ ဒီအတတ်ပညာကို တတ်မြောက်ရမယ်။ မိန်းမဟာ ယောကျ်ားတွေနဲ့ ရင်ပေါင်တန်းလိုက်နိုင်တာဟာ တန်းတူအခွင့်အရေး မဟုတ်ဘူး။ မိန်းမနဲ့ ယောကျ်ားရဲ့ တန်းတူအခွင့်အရေးဆိုတာ လိင်ဆက်ဆံမှုမှာ တူညီတဲ့ အခွင့်အရေး ရှိရမယ်။ ယောကျ်ားက မိန်းမတစ်ယောက်ကို ချစ်ရေးဆိုပိုင်ခွင့်ရှိသလို မိန်းမကလည်း ယောကျ်ားတစ်ယောက်ကို ချစ်ရေးဆိုပိုင်ခွင့်ရှိရမယ်။ ယောကျ်ားဟာ အချစ်ဟောင်း ကုန်ဆုံးရင် အချစ်သစ် ရှာပိုင်ခွင့် ရှိရမည်လို့ ဆိုထားတယ်။ ကျွန်တော့် အမြင်ကတော့ တော်လစတွိုင်းရဲ့ အိမ်ထောင်ရေး အမြင်ဟာ အာဒမ်ရဲ့ နံရိုးတစ်ချောင်းကို ခွဲထုတ်ပြီး မိန်းမကို ဘုရားသခင်က ဖန်ဆင်းခဲ့တာဖြစ်တဲ့အတွက် ယောကျ်ားထက် နိမ့်ကျတယ်။ မိန်းမနဲ့ယောကျ်ား တန်းတူညီမျှခွင့်ရအောင် ဖိုမဆက်ဆံရေးကိစ္စကို အခွင့်အရေးတူညီရမယ်လို့ ပြောနေတယ်။ ဒါဟာ တစ်ဖက်က ခရစ်ယာန် အဆုံးအမကို လက်ခံပြီး အခြားတစ်ဖက်က မင်းမဲ့ဝါဒအယူလို့ ကွဲပြားချက်ကို တော်လစတွိုင်းရဲ့ အိမ်ထောင်ရေးအမြင်ဟာ ခရစ်ယာန်မင်းမဲ့ဝါဒအယူလို့ ကျွန်တော်ထင်တယ်။ လူပေါ်စကတည်းက ကွဲပြားလာတဲ့ ကွဲပြားချက်ကို တော်လစတွိုင်းက တစ်ရက်တည်းနဲ့ အဆုံးသတ်ပစ်ချင်နေတယ်"

"ဒါပဲလား"

"မကသေးဘူးလား ခင်ဗျာ။ သူက ဆက်ပြောတယ်။ မိန်းမဟာ ဖိုမဆက်ဆံရေးကိစ္စမှာ ဒီလိုအခွင့်အရေး မတူညီဘဲ တစ်ပန်းရှုံးတဲ့အခါကျတော့ ယောကျ်ားရဲ့ ရာဂထက်သန်မှုကို အခွင့်ကောင်းယူပြီး ယောကျ်ားကို ကျွန်ပြုတယ်လို့ သူကဆိုတယ်။ ဒီနည်းအားဖြင့် မိန်းမတွေဟာ ယောကျ်ားတွေအပေါ်မှာ အနိုင်ယူရုံတွင် မကဘူး။ လူ့လောကကြီးကို အုပ်စိုးထားတာယ်။ ဘယ်လိုအုပ်စိုးလွှမ်းမိုးနေသလဲ။ မြို့ထဲကို လျှောက်ကြည့်စမ်းပါ။ ဈေးဆိုင်တွေမှာ သန်းပေါင်းများစွာတန်တဲ့ မိန်းမအသုံးအဆောင်ပစ္စည်းတွေ ပုံနေတယ်။ ဈေးဆိုင် ဆယ်ဆိုင်မှာ ကိုးဆိုင်ဟာ မိန်းမတွေ အလှပြင်တဲ့ ပစ္စည်းတွေနဲ့ ပြည့်နေတယ်။ ဒီပစ္စည်းတွေအတွက် လူတွေရဲ့လုပ်အားတွေကို ဘယ်လောက် သုံးခဲ့ရသလဲ။ စက်ရုံတွေကို ကြည့်စမ်းပါဦး။ စက်ရုံ တော်တော်များများဟာ ဘာမှ အသုံးမကျတဲ့ လက်ဝတ်လက်စားတွေ၊ အလှပြင်တဲ့ပစ္စည်းတွေ၊ မော်တော်ကားလှလှတွေ၊ ပရီဘောဂလှလှတွေ၊ ဖိနပ်လှလှတွေ၊ ထီးလှလှတွေကို လုပ်နေကြရတယ်။ ဒီလိုနဲ့ မျိုးဆက်ပေါင်းများစွာဟာ မိန်းမတွေရဲ့ အလှပြင်တဲ့ ပစ္စည်းတွေကို ထုတ်လုပ်ရင်း စက်ရုံတွေထဲမှာ ကျွန်ခံနေကြရတယ်။ မိန်းမတွေဟာ လူ့လောကကြီးရဲ့ ၁၀ ပုံ ၉ ပုံကို သူတို့ အလှပြင်ဖို့အတွက် ပင်ပန်းဆင်းရဲတဲ့ အလုပ်တွေကို အလုပ်ခိုင်းတယ်။ ဒါဟာ မိန်းမက သူ့အခွင့်အရေးတွေ ဆုံးရှုံးတဲ့အတွက် ယောကျ်ားတွေရဲ့ ရာဂထက်သန်မှုကို အခွင့်ကောင်းယူပြီး လက်စားပြန်ချေတာ ဖြစ်တယ်လို့ တော်လစတွိုင်းက ပြောခဲ့တယ်။ ဒီတော့ မိန်းမတွေအပေါ်မှာ တော်လစတွိုင်း မြင်ပုံဟာ တစ်ဖက်စီးနင်း မကျဘူးလား။ ကျွန်တော်တို့ယောကျ်ားတွေဟာ မိန်းမချောတွေက အနှစ်သာရ မရှိ။ ပေါ့ပျက်တဲ့စကားတွေကို ပြောရင်လည်း လေးနက်ပြီး အဓိပ္ပာယ်ပါတဲ့စကားလို့ ထင်တတ်ကြတယ်။ မိန်းမချောတွေက မိုက်မဲ့တဲ့အလုပ်တွေကို လုပ်တဲ့အခါမှာလည်း စွဲမက်စရာကောင်းတယ်လို့ ထင်တတ်ကြတယ်။ ဒါဟာ မိန်းမတွေရဲ့အပြစ်လား။ ယောကျ်ားတွေရဲ့ ပျော့ကွက်ကော မဟုတ်ဘူးလား။ မဟုတ်ခါမှ လွဲရော၊ ကျွန်တော်တော့ တော်လစတွိုင်းနှင့်ပတ်သက်တဲ့ မိန်းမတွေရဲ့အမြင်ဟာ မန်လည်ဆရာတော်ဘုရား၊ မဃဒေဝ လက်သစ်လို မိန်းမတွေအပေါ်မှာ အဆိုးမြင်ဝါဒ ထားရာ မရောက်ဘူးလား။ (မန်လည်ဆရာတော်ကြီးရဲ့ မဃဒေဝ

www.burmeseclassic.com

www.burmeseclassic.com

လက်ံသစ်မှာ ယောကျ်ားတွေ မကောင်းကြောင်း လုံးဝ မပါဘူးလို့တော့ မဆိုလိုပါဘူးလေ)"

မောင်ကြည်လင်သည် ကုလားထိုင်ပေါ်တွင် တင်ပျဉ်ခွေထိုင်လိုက်သည်။ ထို့နောက် လက်ဝါးနှစ်ဖက် ဖြန့်လိုက်ရင်း ...

"ကိုယ်ကတော့ တော်လစ်တွိုင်းကို ဒီလိုမြင်တယ်လေ။ တော်လစ်တွိုင်းရဲ့ အယူအဆမှာ အားနည်းချက်တွေ ရှိတယ်။ အစွန်းရောက်တာတွေ ရှိတယ်။ သူ့ဟာနဲ့သူ ပြန်ပြီး ပဋိပက္ခဖြစ်တာတွေ ရှိတယ်။ တကယ်တော့ ဒါဟာ သဘာဝကျပါတယ်။ တော်လစ်တွိုင်းဟာ ပဒေသရာဇ်လူတန်းစားက ဆင်းသက်လာတာဖြစ်တယ်။ မဟာရာဇာလူတန်းစားက ဆင်းသက်လာတာဖြစ်တယ်။ တော်လစ်တွိုင်းဟာ ငါ့မင်းငါ့ချင်း ဇာစနစ်ကို မကျေနပ်ဘူး။ အဲဒီခေတ်က ရှုရှားပြည်မှာ တင်းကြမ်းပြည့်နေတဲ့ လူမျိုမမျှတမှုတွေကို မကျေမနပ်ဖြစ်ရာက မမှန်မကန် ပေါက်ကွဲလာတာပဲ။ တော်လစ်တွိုင်းဟာ သူ့ခေတ်ရဲ့ ကန့်သတ်ချက်တွေကို မကျော်လွန်နိုင်ဘူး။ ပဒေသရာဇ်စနစ်ကို ဆန့်ကျင်တယ်ဆိုပေမဲ့ သူဟာ ပဒေသရာဇ်စနစ်ကို ပဒေသရာဇ်ဘောင်ထဲကပဲ ဆန့်ကျင်နေတယ်။ ပြုပြင်ရေး လုပ်ငန်းတွေနဲ့ပဲ ကျေနပ်ရောင့်ရဲနေတယ်။ ဒါဟာ တော်လစ်တွိုင်းရဲ့ အားနည်းချက်ပဲ။ တော်လစ်တွိုင်းရဲ့ ခေတ်တုန်းက ဥရောပမှာ စက်မှုတော်လှန်ရေး ပြီးသွားပြီ။ ဥရောပမှာ ဓနရှင်စနစ် ထွန်းကားစပြုနေပြီ။ ဒါပေမဲ့ တော်လစ်တွိုင်းဟာ သမိုင်းရုပ်ဝါဒကို နားမလည်တော့ (နားလည်ပြီး လက်မခံတာလဲ ဖြစ်နိုင်ပါတယ်။) ပဒေသရာဇ်ပြီးရင် ဓနရှင်ခေတ် ပေါ်ပေါက်လာရတယ်ဆိုတဲ့ သမိုင်းရဲ့ ဖြစ်ပေါ်တိုးတက်မှု တရားတွေကိုလည်း နားမလည်ခဲ့ဘူး။ ဒါကြောင့်မို့ သူဟာ ပဒေသရာဇ်စနစ်ကိုလည်း မကျေနပ်၊ ဥရောပ ပဒေသရာဇ်စနစ်ကိုလည်း မကျေနပ်၊ ဥရောပ ပဒေသရာဇ်စနစ်ကို အဆုံးသတ်ခဲ့တဲ့ ပြင်သစ်တော်လှန်ရေးကြီးကိုလဲ မကြိုက်နိုင် ဖြစ်နေတာပေါ့။ ဘာပဲဖြစ်ဖြစ် တော်လစ်တွိုင်းဟာ ကမ္ဘာမှာ စံမြောက်တဲ့ ဝတ္ထုကြီးတွေကို ရေးခဲ့တဲ့ စာရေးဆရာကြီး ဖြစ်တယ်။ အထူးသဖြင့် သူ့ရဲ့ 'စစ်နှင့်ငြိမ်းချမ်းရေး'လို ဝတ္ထုကြီးမျိုးဟာ တို့မြန်မာစာပေမှာ ဘာသာပြန်ပြီးသား ဖြစ်သင့်တယ်။"

ကျွန်တော်တို့နှစ်ယောက် စကားကောင်းနေကြသည်မှာ အတော်ကြာပြီ ဖြစ်၏။ အိပ်ရာမှ နိုးသူနိုးလာကြပြီ။ အောင်စိုး (စာရေးဆရာ)ကလည်း စစ်နှင့် ငြိမ်းချမ်းရေးလို ဝတ္ထုကြီးမျိုးကို ပြန်သင့်သည်ဟု ထောက်ခံသည်။

ကျွန်တော်တို့သည် စတည်းချနေကျ လက်ဖက်ရည်ဆိုင်ဖြစ်သော ရိုစ်မာရီသို့ ထွက်လာခဲ့ကြသည်။

(၃)

'စစ်နှင့်ငြိမ်းချမ်းရေး'ကို တစ်နေ့ အခွင့်သင့်သော အခါတွင် မြန်မာဘာသာသို့ ပြန်မည်ဟု ကျွန်တော် ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် နှစ်တွေ လတွေသာ ကုန်ခဲ့သည်။ ထိုဝတ္ထုကြီးမှာ ရှည်လျားထွေပြားရုံသာမက ခက်လည်း ခက်သည်။ အယူအဆ အတွေးအခေါ်တွေ တင်းကြမ်းပြည့်နေသဖြင့် လုံးစေ့ပက်စေ့ပြန်နိုင်ပါမှ၊ ရေလည်အောင် ပြန်နိုင်ပါမှ စာဖတ်ပရိသတ်အတွက် အကျိုးရှိမည်။ သို့ရာတွင် ကျွန်တော်သည် ထိုဝတ္ထုကြီးကို မြန်မာပြန်မည် ဟုသာ စိတ်ကူးသော်လည်း အဆုံးတိုင် မဖတ်ဖြစ်သေးပေ။ အမေရိကန်မှ နာမည်ကျော် ဝေဖန်ရေးဆရာ အက်ဒမန်ဖူးလား တည်းဖြတ်သည့် ဝတ္ထုအကျဉ်းချုပ်နှင့် အမေရိကန် ပါမောက္ခ အားနက်(စ်) ဆီမွန်တည်းဖြတ်သည့် အကျဉ်းချုပ်နှစ်မျိုးကိုသာ ဖတ်ဖူးသေးသည်။

သို့ဖြင့် နှစ်တွေ ကုန်လွန်သွားခဲ့သည်။ 'စစ်နှင့် ငြိမ်းချမ်းရေး'ကို မြန်မာပြည်မည်ဟု စိတ်ကူးရုံသာ စိတ်ကူးမိသော်လည်း မပြန်ဖြစ်ခဲ့ပေ။

ထိုအတောအတွင်း ဆရာကြီး ရွှေဥဒေါင်းက 'စစ်နှင့် ငြိမ်းချမ်းရေး' ဝတ္ထုကြီးကို မြန်မာပြန်မည်ဟု ကြားရသောအခါ ကျွန်တော် ဝမ်းသာသွားသည်။ ထိုဝတ္ထုကြီးကို ဆရာကြီးရွှေဥဒေါင်းလို ပုဂ္ဂိုလ်မျိုးက ပြန်မည်ဆိုလျှင် အသင့်လျော်ဆုံးဖြစ်သည်ဟု ကျွန်တော် ထင်သည်။ ဆရာကြီးရွှေဥဒေါင်းလို ကျွန်တော့်ထက် ဝါရင့်သော စာရေးဆရာကြီးတစ်ဦး၊ ပညာဉာဏ်အရာတွင် သာလွန်သော စာရေးဆရာကြီးတစ်ဦးက ပြန်မည်ဆိုလျှင် ကျွန်တော် ပြန်စရာမလိုတော့။ မည်သူက ဘာသာပြန်သည်ဖြစ်စေ မြန်မာစာပေလောကတွင် လစ်လပ်နေသော ကွက်လပ်ကြီးတစ်ခုကို ဖြည့်ပြီးသား ဖြစ်မည်ဟု တွေးကာ ဝမ်းသာခြင်း ဖြစ်ရလေသည်။

အကယ်၍ ဆရာကြီးရွှေဥဒေါင်း မပြန်ဖြစ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ယောက်က ပြန်သည်ဆိုလျှင်လည်း (မြန်မာပြန်ဆိုချက်သည် လေးစားလောက်သော ပြန်ဆိုချက်ဖြစ်ပါက) နောက်ထပ် ပြန်စရာမလိုတော့ဟု ကျွန်တော်ယူဆသည်။

မှန်ပါသည်။ စာရေးဆရာတစ်ယောက်၌ သူကြိုက်ရာကို ပြန်ဆိုပိုင်ခွင့် ရှိပါသည်။ နိုင်ငံခြား စာအုပ်တစ်အုပ်ကို လူတိုင်း ပြန်ဆိုခွင့် ရှိပေသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတကာ မူပိုင်ခွင့် စာချုပ်စာတန်းဖြစ်သည့် ဘန်းကွန်ဗင်းရှင်း (Bern Convention)ကို လက်မှတ်ရေးထိုးခြင်းမရှိသည့် နိုင်ငံများ၌ မူရင်းစာရေးဆရာ၊ သို့မဟုတ် ပုံနှိပ်တိုက်ထံ ခွင့်တောင်းစရာမလိုဘဲ ပြန်ဆိုနိုင်ကြသည်။ ဘာမျှ ပြဿနာမပေါ်။

သို့ရာတွင် သက်မွေးဝမ်းကျောင်း ပညာတပ်တစ်ခုကို လိုက်စားကြသူများ၌ သက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်ဗေဒများ ရှိကြသည်။ ကျင့်ဝတ်ဗေဒသည် စာရွက်ပေါ်တွင် ရေးဆွဲပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ် မဟုတ်ပေ။ ဖောက်ဖျက်လိုကလည်း ဖောက်ဖျက်နိုင်၏။ သို့ရာတွင် ဖောက်ဖျက်သင့် မဖောက်ဖျက်သင့်ဆိုသည့် ကိစ္စမှာ ကျင့်ဝတ်ပြဿနာတစ်ရပ် ဖြစ်ပေသည်။

မုဆိုးသည် တောရ၏ စည်းကမ်းကို စောင့်ထိန်းပေသည်။ အခြားသူ ပစ်မည်ဟု ချိန်ထားသော သားကောင်ကို ဝင်ရောက်ပစ်ခတ်ခြင်း မပြုချေ။ ခါးပိုက်နှိုက်သည်လည်း ၎င်း၏ ကျင့်ဝတ်ကို ထိန်းသိမ်းပေသည်။ ဆရာဝန်သည်လည်းကောင်း၊ တရားဥပဒေပညာရှင်သည် လည်းကောင်း၊ ၎င်းတို့၏ ကျင့်ဝတ်များကို စောင့်ထိန်းကြလေသည်။ ထို့အတူ ကျွန်တော်တို့၌လည်း ကျွန်တော်တို့ ကျင့်ဝတ်ဗေဒများကို စောင့်ထိန်းရမေမည်။ စာရေးဆရာ၏ ကျင့်ဝတ်ဗေဒသည် စာရွက်ပေါ်တွင် ရေးဆွဲပြဋ္ဌာန်းထားခြင်း မဟုတ်ချေ။ စာရေးဆရာ၏ ဩတ္တပ္ပစိတ်အတွင်း၌ ပြဋ္ဌာန်းထားခြင်းသာ ဖြစ်လေသည်။ ထိုကျင့်ဝတ်ဗေဒကို မလိုက်နာလျှင်ကော ဘာဖြစ်သေးသနည်း။ ဘာမှမဖြစ်ချေ။ တရားဥပဒေအရလည်း ဘာမျှငြိစွန်းသည် မဟုတ်ချေ။ သို့ရာတွင် မိမိ၏ ဩတ္တပ္ပစိတ်ကား ညစ်နွမ်းရပေလိမ့်မည်။

ကုန်သည်၌ ကျင့်ဝတ်ဗေဒ မရှိချေ။ ကုန်သည်သည် ရသာလျှင် ဘနဖူးကို သိုက်တူးမည့် လူစားမျိုးဖြစ်သည်။ ကားလ်မတ် ပြောခဲ့သကဲ့သို့ ရာခိုင်နှုန်းနှစ်ရာမြတ်လျှင် စက်တိုင် တက်ရစေတော့၊ ထိုအမြတ်အစွန်းကို ရအောင်ယူလိမ့်မည် ဖြစ်ပေသည်။

သို့ရာတွင် စာရေးဆရာသည် ကုန်သည် မဟုတ်ချေ။

ထို့ကြောင့် ဆရာကြီးရွှေဥဒေါင်းက 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးကို မြန်မာပြန်မည်ဆိုသောအခါ ကျွန်တော်သည် အကြောင်းနှစ်ကြောင်းကြောင့် ကျွန်တော် မြန်မာပြန်မည့် စိတ်ကူးကို စွန့်လွှတ်လိုက်သည်။

ပထမအကြောင်းမှာ ဆရာကြီးရွှေဥဒေါင်းလို ပုဂ္ဂိုလ်မျိုးက မြန်မာပြည်မည်ဆိုလျှင် ကျွန်တော့်ထက် ပို၍သင့်လျော်မည်၊ ပို၍ကောင်းမည်၊ မြန်မာစာပေ လောကအတွက် ပို၍အကျိုးများမည်ဟု ယူဆ၍ ဖြစ်သည်။

ဒုတိယအကြောင်းမှာ တစ်ဦးက မြန်မာပြန်မည်ဟု ရည်ရွယ်ထားသော စာအုပ်ကို ကျွန်တော်ပြန်ရန်မသင့်ဟု ယူဆ၍ဖြစ်သည်။ အခြားသူ ပစ်ရန်ချိန်ထားသော ပစ်ကွင်းကို ဝင်လု၍ပစ်သော မုဆိုးသာ ဖြစ်လိမ့်မည်။

ဤအဖြောင်း နှစ်ချက်ကြောင့် 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးအား မြန်မာပြန်ရန် စိတ်ကူးကို ကျွန်တော် စွန့်လွှတ်ခဲ့ခြင်း ဖြစ်သည်။

၁၉၆၂–ခုနှစ် သင်္ကြန်တွင် ကျွန်တော် မန္တလေးသို့ ရောက်သွားသည်။ ကျွန်တော်သည် ဆရာကြီးကို သွားရောက် ကန်တော့ကာ မာကြောင်း သာကြောင်း နှုတ်ဆက်သည်။ 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးကိုလည်း ဆရာကြီးရွှေဥဒေါင်းပြန်ရန် တိုက်တွန်း မေတ္တာရပ်ခံခဲ့သည်။

ကျွန်တော် တိုက်တွန်းသောအခါ ဆရာကြီးရွှေဥဒေါင်းသည် ခေတ္တမျှ စဉ်းစားနေ၏။ အတန်ကြာမှ

"ငါ အချိန်မရပါဘူးကွာ။ ငါ့မှာ ဒီထက်အရေးကြီးတဲ့ အလုပ်တွေ ရှိတယ်"

ဆရာကြီးရွှေဥဒေါင်းမှာ ထိုစဉ်က သမထဝိပဿနာ စသောလောကုတ္တရာလုပ်ငန်းများကို အားထုတ်လျက်ရှိသည်။

ဆရာကြီး ရွှေဥဒေါင်းနှင့် ကျွန်တော်တို့သည် ဘာထရန်ရပ်ဆယ်၏ 'လူ၌ အနာဂတ် ရှိသလော' ဆိုသော စာအုပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ဆရာကြီးက ဘာထရန်ရပ်ဆယ်၏ ကျမ်းနှင့်ပတ်သက်၍ သူ၏ ထင်မြင်ချက်များကို ပြောပြပေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါ့မှာ လောကုတ္တရာကိစ္စတွေ လုပ်စရာ ရှိသေးတယ်ကွ။ ဒီတော့ ဒီစာအုပ်ကို ဘာသာပြန်ဖို့ အချိန်မရှိသေးဘူး" ဟုလည်း ထပ်လောင်း ပြောကြားလိုက်သေးသည်။

ကျွန်တော်သည် ထိုအခါကျမှ 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးကို မြန်မာပြန်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေသည်။

(၄)

'စစ်နှင့်ငြိမ်းချမ်းရေး'လို ဝတ္ထုကြီးကို မြန်မာပြန်မည်ဟု ဆုံးဖြတ်သောအခါတွင် အခက်အခဲတွေ ပေါ်လာလေသည်။ 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးမှာ ခေတ်အမျိုးမျိုး စာရေးဆရာကြီးများက အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့ကြသည်။ မည်သည့်အင်္ဂလိပ်ဘာသာပြန်ကို မူတည်၍ ပြန်ဆိုခြင်း ပြုမည်နည်း ဆိုသည့်ပြဿနာ ပေါ်လာသည်။

ကျွန်တော်သိလောက် 'စစ်နှင့်ငြိမ်းချမ်းရေး' အင်္ဂလိပ်ဘာသာပြန်လေးမျိုးခန့် ရှိသည်။ အစောဆုံးမှာ ဗာဇေတယ်လီ၏ ဘာသာပြန် ဖြစ်သည်။ သို့ရာတွင် ထို ဘာသာပြန်မှာ အလွန်ညံ့သည်။ ဘာသာပြန်ညံ့သဖြင့် ထိုစာအုပ်ကို ထုတ်ဝေသော စာအုပ်တိုက်သည် ဒေါ်လိခံသွားရသည်။ ထိုဘာသာပြန်ကို ပုံနှိပ်ရန်အတွက် ပြုလုပ်ထားသည့် ဘလောက်ပြားများကို လေလဲတင်ခံရသည် အထိ ဖြစ်သွားသည်။ ထို့ကြောင့် ထိုစာအုပ်ကို လက်ရင်းထား၍ မဖြစ်။ နောက်တစ်အုပ်မှာ ကွန်စတင့်ဂါးနက်၏ ဘာသာပြန်ဖြစ်သည်။ ၎င်းဘာသာပြန်ကိုလည်း ကျွန်တော် မကြိုက်ပေ။ တတိယဘာသာပြန်မှာ အောက်စဖို့ တက္ကသိုလ်မှ ထုတ်ဝေသော အိုင်လမာမော့ဒ်တို့ လင်မယား၏ ဘာသာပြန် ဖြစ်သည်။ စတုတ္ထဘာသာပြန်မှာ ပင်းဂွင်းစာအုပ်တိုက်မှ ထုတ်ဝေသော ရို့စ်မာရီအက်မွန်း၏ ဘာသာပြန် ဖြစ်သည်။

ဘာသာပြန်မည်ဆိုသောအခါ ထိုစာအုပ်လေးအုပ်ကို အကုန်ဖတ်ရလေသည်။ ဘာသာပြန်သူသည် မည်မျှလောက် ကောင်းသည်ဆိုစေ မူရင်းနှင့် တူနိုင်မည်မဟုတ်။ ကျွန်တော် ပြန်ရမှာက ရုရှားဘာသာမှ မဟုတ်ဘဲ အင်္ဂလိပ်ဘာသာပြန်မှတစ်ဆင့် ပြန်ရမည့်ကိစ္စ ဖြစ်သည်။ ထို့ကြောင့် ခေတ်အမျိုးမျိုးက ပြန်ခဲ့ကြသော အင်္ဂလိပ်ဘာသာပြန် လေးအုပ်ကို ဖတ်ကြည့်ရသည်။ ကျွန်တော် အကြိုက်ဆုံးမှာ အိုင်လမာမော့ဒ်တို့လင်မယားဘာသာပြန်သော အောက်စဖို့တက္ကသိုလ်ထုတ် ဘာသာပြန်ဖြစ်သည်။ အိုလမာမော့ဒ်တို့ လင်မယားသည် မော်စကိုတွင် နှစ်ပေါင်း ၂၅ – နှစ်ခန့် နေခဲ့ကြသူများဖြစ်သည်။ ယာစနာပိုလျာရှိ တော်လ်စတွိုင်း၏ အိမ်တွင်လည်း အတော်ကြာကြာ နေခဲ့ဖူးကြသည်။ တော်လ်စတွိုင်း၏ ရင်းနှီးသော မိတ်ဆွေကြီးများလည်း ဖြစ်ကြသည်။ တော်လ်စတွိုင်းနှင့် ပတ်သက်သည့်ကျမ်းများကိုလည်း ရေးသားပြုစုသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဘာသာပြန်လျှင် အောက်စဖို့တက္ကသိုလ်တိုက်ထုတ်ကို လက်ရင်းထား၍ ပြန်မည်ဟု စဉ်းစားမိသည်။

ဘာသာပြန်ကိစ္စကတော့ ပြီးပြီ။ ထုတ်ဝေမည့်သူ မရှိ။ ဤမျှ ရှည်လျားထွေပြားစွာ ဤမျှထူထဲသော စာအုပ်ကြီးကို မည်သူက အမိုက်ခံ၍ ထုတ်မည်နည်း။ စာဖတ်ပရိသတ်ကလည်း ဝယ်ဖတ်မည်၊ မဖတ်မည်ဟု မည်သူက တာဝန်ခံနိုင်မည်နည်း။ ဤတွင် ကျွန်တော် စိတ်အားလျော့ရပြန်သည်။

သို့ရာတွင် သိပ်မကြာပါ။ ပုဂံစာအုပ်တိုက် မောင်ကိုဦးက သူ ထုတ်ဝေမည်၊ ပြန်သာပြန်ပါဟု ဆိုလာသည်။ ကျွန်တော်ကား စိတ်ချလက်ချ မယုံနိုင်သေး။ သာမန် ဝတ္ထုစာအုပ်အရွယ်ဖြင့် စာမျက်နှာ လေးထောင်ငါးရာခန့်ရှိမည့် စာအုပ်ကြီးကို သူ ဘယ်လိုရိုက်မည်နည်းဟု စဉ်းစားမရအောင် ဖြစ်နေသည်။

မောင်ကိုဦးက သူ့အစီအစဉ်ကို ပြောပြသည်။ သို့ဖြင့် ကျွန်တော်တို့နှစ်ယောက် ထိုစာအုပ်ကြီးကို ထုတ်ရန် သဘောတူကြသည်။ တစ်လတစ်အုပ်ဖြင့် ၁၂ အုပ် ခွဲထွက်မည်။ တစ်တွဲလျှင် အုပ်ရေ ၂၀၀၀ သာ ကန့်သတ်၍ ရိုက်မည်။ ထုတ်ဝေသူက ရှုံးလျှင်လည်း အရှုံးခံမည်။ ရှုံးလျှင်လည်း စာရေးသူကလည်း စာမူခ မယူ။

စင်စစ်၌ ပုဂံမောင်ကိုဦး လုပ်ရသော အလုပ်သည် စွန့်စားမှုကြီးတစ်ခု ဖြစ်ပါသည်။ (မိုက်ရူးရဲဟုလည်း ခေါ်ချင်ခေါ်နိုင်ပါသည်) အောင်မြင်က ကိစ္စမရှိ။ မအောင်မြင်လျှင် စီးပွားလည်း ပျက်မည်။ အရှက်တကွဲ အကျိုးနည်းလည်း ပြန်ရဦးမည်။

နောက်ဆုံးနှစ်ဖက်စလုံး စိတ်နှလုံးကို ဒုံးဒုံးချကာ 'စစ်နှင့်ငြိမ်းချမ်းရေး'ကို ကျွန်တော် မြန်မာဘာသာ

www.burmeseclassic.com

www.burmeseclassic.com

သို့ ပြန်ဆိုခဲ့သည်။

'စစ်နှင့်ငြိမ်းချမ်းရေး'ကို ဘာသာပြန်ရသည်မှာ တာဝန်ကြီးသလောက် ပင်ပန်းလှပါသည်။ တော်လှစတွိုင်းသည် ထိုဝတ္ထုကြီးထဲ၌ ၎င်း၏ လောက အဘိဓမ္မာ၊ စစ်ရေး အဘိဓမ္မာ၊ ရာဇဝင်အဘိဓမ္မာ၊ ဘာသာရေးခံယူချက် စသည်တို့ အကျယ်တဝင့် ရေးသားထားရာ ထိုအချက်များကို ဘာသာပြန်သူက ရေရေလည်လည် လေ့လာထားမှသာ ဘာသာပြန်နိုင်ပါလိမ့်မည်။ သာမန်ဝတ္ထုတစ်ပုဒ်ကို ဘာသာပြန်ရသည်နှင့် မတူပါ။

ထို့ကြောင့် ကျွန်တော်သည် ဥရောပစစ်သမိုင်းကျမ်းများ၊ မြန်မာစစ်သမိုင်းများကို ရှာဖွေဖတ်ရသည်။ အနောက်တိုင်း ရာဇဝင်ကျမ်းများကို ဖတ်ရသည်။ ဘာသာရေးကျမ်းများကို ဖတ်ရသည်။ တော်လှစတွိုင်း၏ ဝတ္ထုများ၊ ကျမ်းများ ၎င်းနှင့်ပတ်သက်သော ဦကာများကိုလည်း လက်လှမ်းမီသရွေ့ ရှာဖွေဖတ်ရသည်။ မြန်မာရာဇဝင်ကျမ်းကြီးများကိုလည်း ဖတ်ရသည်။ ပြင်သစ်တော်လှန်ရေးနှင့် နပိုလီယန်၏ အတ္ထုပ္ပတ္တိကျမ်းများကိုလည်း ဖတ်ရသည်။

သို့ကလို ဖတ်ရှုလေ့လာပြီးသောအခါ၌ 'စစ်နှင့် ငြိမ်းချမ်းရေး'ကို ကျွန်တော် မြန်မာပြန်ခဲ့သည်။ တစ်နေ့လျှင် ပျမ်းမျှ ၈နာရီနှုန်းဖြင့် ပြန်ခဲ့ရာ တစ်နှစ်နှင့် လေးလကြာမှ ပြီးပါသည်။

ပုဂံ မောင်ကိုဦးသည် အစက ၂၀၀၀ သာ ရိုက်နိုပ်မည်ဟု ခန့်မှန်းခဲ့သော်လည်း နောက်တွင် အခြေအနေကို ကြည့်၍ တစ်သောင်းကျော်မျှ ရိုက်ခဲ့သည်။ ကျွန်တော့် စာအုပ်များထဲတွင် တစ်သောင်းရိုက်ရသည့် စာအုပ်ဟူ၍ တစ်အုပ်မျှ မရှိဘူးသေး။ ယခု 'စစ်နှင့်ငြိမ်းချမ်းရေး'ကိုမူ တစ်တွဲလျှင် တစ်သောင်းကျော် ရိုက်ရသဖြင့် ကျွန်တော်တို့နှစ်ယောက် များစွာ အားရရွှင်လန်းခြင်း ဖြစ်ကြရပါသည်။

အားရရွှင်လန်းဖြစ်ရခြင်းမှာ ကိုယ့်စာအုပ် တစ်သောင်းကျော်ရိုက်ရခြင်းကြောင့်ထက် ကျွန်တော်တို့ စာဖတ်ပရိသတ် ဤမျှ လိုလိုချင်ချင်ဖတ်ကြခြင်းကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ စာဖတ်ပရိသတ်ကို အစက မယုံရဲ ယုံရဲဖြစ်ခဲ့ရာ ယခု ကျွန်တော်တို့ စိတ်ချလက်ချ ယုံသွားပါပြီ။ စာဖတ် ပရိသတ်သည် စာကောင်းပေကောင်းကို တကယ်လိုလားကြောင်း၊ စာကောင်းပေကောင်းကိုသာ ကျွန်တော်တို့က ရေးမည်ဆိုပါက စာဖတ်ပရိသတ်သည် လက်ခံရန် အဆင်သင့်ရှိကြောင်း ကျွန်တော်တို့ အံ့လေးအနက် ယုံကြည်သွားပါပြီ။

စာဖတ်ပရိသတ်သည် သူ့တာဝန်ကို ကျေပွန်ပါသည်။ ကျွန်တော်တို့ကသာ ကျွန်တော်တို့ဘက်က တာဝန်ကျေဖို့ လိုပါသည်။

'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးကို သည်းခံစောင့်စား၍ ဖတ်ခဲ့ကြသော စာဖတ်ပရိသတ်ကြီးကို လည်းကောင်း၊ ဤဝတ္ထုကြီးကို မြန်မာပြန်ရာ၌ ကူညီကြသော မိတ်ဆွေများနှင့် ကျွန်တော့်ဇနီးကို လည်းကောင်း၊ ဤစာအုပ်ကြီးကို ပုံနှိပ်ထုတ်ဝေခဲ့သော ပုဂံစာအုပ်တိုက် (မောင်ကိုဦး)နှင့် တကွ ပုဂံစာအုပ်တိုက်မှ ရဲဘော်များ အားလုံးကိုလည်းကောင်း ကျေးဇူးတင်ပါသည်။

(၅)

အကျဉ်းထောင်မှ ကျွန်တော် လွတ်လာပြီးနောက် 'စစ်နှင့် ငြိမ်းချမ်းရေး' ကျန်အတွဲများဖြစ်သော အမှတ် ၁၀၊ အမှတ် ၁၁နှင့် အမှတ် ၁၂တို့ကို ထုတ်ဝေခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် အမှတ် ၉နှင့် အမှတ် ၁၀ ကြားတွင် ခြောက်နှစ်ကျော်မျှ ကြာသွားခဲ့သည်။ ထိုအတွင်းတွင် စာဖတ် ပရိသတ်ကလည်း စောင့်၍ဖတ်ကြသည်။ မိတ်ဆွေ အမျိုးသမီးတစ်ဦးက "ကျွန်မဖေဖေဟာ 'စစ်နှင့် ငြိမ်းချမ်းရေး'ကို လစဉ်ဖတ်တယ်။ အိမ်မှာ သိမ်းထားတယ်။ ဒါပေမဲ့ ဖေဖေဟာ ၆၉–ခုနှစ်က ဆုံးသွားတော့ သူ့ခမျာ နောက်အတွဲတွေ ဖတ်မသွားရရှာဘူး" "ဟုမျက်ရည်စမ်းနှင့် ပြောသည်။ မိတ်ဆွေ သံအမတ်ကြီး (ဟောင်း) တစ်ဦးကမူ "ခင်ဗျား ဘာဖြစ်လို့ စစ်နှင့် ငြိမ်းချမ်းရေးကို ဘာသာပြန်တာလဲ။ ခင်ဗျားက တော်လှစတွိုင်းဝါဒီလား" ဟု မေးသည်။ နိုင်ငံခြားသား မိတ်ဆွေတစ်ဦးကလည်း ကျွန်တော့်ကို အလားတူ မေးခွန်းမျိုး မေးဖူးသည်။

ကျွန်တော်သည် တော်လှစတွိုင်းဝါဒီ တစ်ဦးမဟုတ်ပေ။ တောလှစတွိုင်း၏ ဝါဒသည် လူတိုင်းကို မေတ္တာထားရမည်ဟူသောဝါဒ ဖြစ်သည်။ 'မကောင်းမှုကို မခုခံနှင့်' ဟူသောဝါဒ ဖြစ်သည်။ တရားသောစစ်နှင့်

www.burmeseclassic.com

www.burmeseclassic.com

မတရားသော စစ်ကိုခွဲခြားခြင်း မပြုတော့ဘဲ စစ်အားလုံးကို သိမ်းကျုံးဆန့်ကျင်သော ဝါဒဖြစ်သည်။ ပဒေသရာဇ်စနစ်၏ ဖိနှိပ်မှုတို့ကို မကျေနပ်သော်လည်း ပဒေသရာဇ်ဆန့်ကျင်ရေးကို လူထုမပါဘဲ တစ်ကိုယ်တော် ဆန့်ကျင်သောဝါဒ ဖြစ်သည်။ တော်လစတွိုင်းသည် စိတ်ရင်းကောင်းသော မြေရှင်များက လယ်သမားများကို ဘုံအဖွဲ့များ ထူထောင်ပေးကာ ဘုံလောက တည်ထောင်လိုသော စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒဖြစ်သည်။ မတ်စ်နှင့် အိန်ဂဲလ်တို့က ၎င်းတို့၏ ကျော်ကြားသော 'ကွန်မြူနစ်ပါတီကြေညာစာတန်း'တွင် ဖော်ပြထားသည့် ဆိုရှယ်လစ်ဝါဒငါးမျိုးအနက် တစ်မျိုးဖြစ်သော ပဒေသရာဇ် ဆိုရှယ်လစ်ဝါဒတစ်မျိုးဖြစ်သည်။ သမားရိုးကျ ပဒေသရာဇ် လယ်ယာစိုက်ပျိုးရေးကို ဖက်တွယ်ကာ ခေတ်မီစက်မှု လယ်ယာစိုက်ပျိုးရေးကို ဆန့်ကျင်သော ဝါဒဖြစ်သည်။ ၎င်း၏ အဘိဓမ္မာသည် စိတ်ဝါဒ အဘိဓမ္မာ ဖြစ်သည်။

အချို့သော် တော်လစတွိုင်းဝါဒီများသည် တော်လစတွိုင်း၏ဝါဒအတိုင်း အာဖရိကတိုက်တွင် ကိုလိုနီများ ထူထောင်ကာ လက်တွေ့ စမ်းသပ်ကြည့်ခဲ့ဖူးကြသည်။ သို့ရာတွင် တော်လစတွိုင်း၏ဝါဒသည် ခေတ်သစ်စက်မှု အလုပ်သမားလူတန်းစားက ရှေ့ဆောင်လူတန်းစားနေရာသို့ ရောက်လျက်ရှိသော ယနေ့ခေတ်နှင့် မသင့်တော်တော့ချေ။

သို့ရာတွင် တော်လစတွိုင်းသည် ပဒေသရာဇ်စနစ်ကို ဆန့်ကျင်သည်။ မိမိတွင်ရှိသမျှ စည်းစိမ်ဥစ္စာကို စွန့်လွှတ်သည်။ မိမိစာပေများကို မပိုင်ခင်အားလုံးကို စွန့်လွှတ်သည်။ ၎င်း၏အမြင်၌ ဥစ္စာပစ္စည်းချမ်းသာခြင်းသည် ဒုစရိုက်ဟု မြင်သည်။ လူသည် ခွန်အားစိုက်အလုပ်ကို လုပ်ရမည်။ သူတစ်ပါး ချက်ပြုတ်ကျွေးသော အစားအစာ၊ သူတစ်ပါးယက်လုပ်ပေးသော အဝတ်အထည်ကို ဝတ်ဆင်ရခြင်းသည် မကောင်းမှုဟု မြင်သည်။ ထို့ကြောင့် ၎င်းကိုယ်တိုင် စပါးစိုက်၊ ၎င်းကိုယ်တိုင် ချက်ပြုတ်၍စားသည်။ ၎င်းကိုယ်တိုင် အဝတ်အထည်ရက်၊ ၎င်းကိုယ်တိုင် ဖိနပ်ချုပ်၍ ဝတ်ဆင်သည်။ ကျိကျိတက်ချမ်းသာသော မှူးမတ်ကြီးတစ်ဦးက ရှိသမျှ စည်းစိမ်ကို စွန့်ကာ လယ်သမားများနှင့် ဒိုးတူပေါင်ဖက် ဤသို့ နေပြလိုက်သောအခါ ထိုခေတ်တွင် တော်စတွိုင်းသည် လူထူးလူဆန်းဖြစ်လျက်ရှိသည်။

"တော်လစတွိုင်းဟာ တစ်ဖက်မှာ ခရစ်တော်ကို ကိုးကွယ်တဲ့ စိတ်ရှူးပေါက်နေတဲ့ မြေရှင်ကြီးတစ်ဦး ဖြစ်ပြီး အခြားတစ်ဖက်မှာတော့ ပဒေသရာဇ်စနစ်ရဲ့ လူမှုမတရားမှုတွေနဲ့ ရှူးသွပ်မှုတွေကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သူကြီး ဖြစ်တယ်။ တစ်ဖက်မှာ ရင်ဘတ်စည်တီး ငိုကြွေးနေတဲ့ ရှရှား ပညာရှိကြီးတစ်ဦးဖြစ်ပြီး အခြားတစ်ဖက်မှာ အရင်းရှင်သွေးစုပ်ခြယ်လှယ်မှု၊ အစိုးရရဲ့ ညှဉ်ပန်းနှိပ်ကွပ်မှု၊ တရားရုံးများနဲ့ အစိုးရအုပ်ချုပ်ရေးဌာနများရဲ့ မတရားမှုတွေကို ဖော်ထုတ်ဖွင့်ချသူ၊ ကျိကျိတက်ချမ်းသာသူများနဲ့ ငတ်ပြတ်ဆင်းရဲသူတို့ရဲ့ အကြားမှာရှိတဲ့ ကွာဟချက်ကြီးကို ဖော်ထုတ်ပြသူ ဖြစ်တယ်။ တစ်ဖက်မှာ 'မကောင်းမှုကို မခုခံနှင့်'လို့ ကြွေးကြော်ပြီး တစ်ဖက်မှာ ပဒေသရာဇ် လူတန်းစားရဲ့ မျက်နှာဖုံး အမျိုးမျိုးကို ခွာချသူ ဖြစ်သည်။ တော်လစတွိုင်းဟာ ဒီလိုပဋိပက္ခတွေနဲ့ ပြည့်နှက်နေသူဖြစ်တဲ့အတွက် အလုပ်သမားလူတန်းစားလှုပ်ရှားမှုနဲ့ ရှရှားတော်လှန်ရေးကို ဘယ်နယ်မှ နားလည်နိုင်မှာ မဟုတ်ဘူး။ ဒါဟာလဲ မဆန်းပါဘူး။ အဲဒီတုန်းက ရှရှားလယ်သမားတွေဟာ ဒီအတိုင်းပဲ မြင်နေကြတယ်။ ၁၉၀၅-ခု ရှရှား လယ်သမားဝန်ရုံင် တော်လှန်ရေးဟာ ဒီလိုပဋိပက္ခဖြစ်နေတဲ့အမြင်တွေကြားထဲက ပေါက်ဖွားလာခဲ့ရတာ ဖြစ်တယ်။ ဒါ့ကြောင့် ဒီအဓိပ္ပာယ်နဲ့ ပြောရရင် တော်လစတွိုင်းဟာ ရှရှားတော်လှန်ရေးရဲ့ ကြေးမုံပဲ ဖြစ်တယ်"ဟု လီနင်က ပြောခဲ့သည်။

လီနင်က တော်စတွိုင်း၏စာပေကို အောက်ပါအတိုင်းလည်း အကဲဖြတ်ခဲ့သည်။

"ပဒေသရာဇ်တွေနဲ့ အရင်းရှင်ရဲ့ ထမ်းပိုးအောက်က လွတ်မြောက်လို့ လူထုတွေဟာ သူတို့ရဲ့ သာယာကောင်းမွန်တဲ့ ဘဝကို တည်ဆောက်လာနိုင်တဲ့ တစ်နေ့မှာ တော်လစတွိုင်းရဲ့စာပေတွေကို လူထုတွေက တန်ဖိုးထားလာကြ၊ အမြတ်တနိုးဖတ်ရှုလာကြလိမ့်မယ်။ ဒါတွင်မကဘူး။ တော်လစတွိုင်းဟာ အဲဒီခေတ်က အဖိနှိပ်ခံရတဲ့၊ ကျယ်ပြန့်တဲ့ လူတွေရဲ့ ခံစားချက်တွေကို ခွန်အားကောင်းကောင်းနဲ့ ရေးပြနိုင်တယ်။ အထူးသဖြင့် ၁၉၀၅ ခုနှစ် ပထမ ရှရှားတော်လှန်ရေးရဲ့ အားကောင်းချက် အားနည်းချက်စတဲ့ ထူးခြားတဲ့ သမိုင်းလက္ခဏာချက်တွေကို သူ့စာ

www.burmeseclassic.com

www.burmeseclassic.com

ပေတွေထဲမှာ ထင်ဟပ်ပြနိုင်ခဲ့တယ်။ တော်လ်စတွိုင်းရဲ့ ဝတ္ထုတွေကို လေ့လာခြင်းအားဖြင့် ရုရှား အလုပ်သမား လူတန်းစားဟာ သူတို့ရဲ့ရန်သူကို ပိုပြီး သိလာလိမ့်မယ်။ တော်လ်စတွိုင်းရဲ့ သြဝါဒကို လေ့လာခြင်းအားဖြင့် ရုရှား ပြည်သူများဟာလဲ မိမိတို့ရဲ့ချွတ်ယွင်းချက်တွေကို ပိုပြီး သိလာကြလိမ့်မယ်”

(၆)

‘စစ်နှင့်ငြိမ်းချမ်းရေး’ ဝတ္ထုကြီးထဲ၌ တော်လ်စတွိုင်းသည် ၎င်း၏စစ်အဘိဓမ္မာကို တင်ပြခဲ့သည်။ ဤအဘိဓမ္မာကို မင်းသားကလေး အင်ဒရေ၊ စစ်သေနာပတိချုပ် ကူတူဇေ့ဗ်တို့မှ တစ်ဆင့်သာမက တစ်ခါတရံတွင် စာရေးဆရာ အနေဖြင့်လည်း ကြားညှပ်တင်ပြသွားသည်။

၎င်း၏ စစ်အဘိဓမ္မာကို ချုပ်ကြည့်လျှင်

(၁) စစ်ဟူသည် အနိဋ္ဌာရုံ ဖြစ်သည်။ (ဤနေရာ၌ တော်လ်စတွိုင်းသည် တရားသောစစ်နှင့် မတရားသော စစ်ကို ခွဲခြားခြင်း မပြုတော့။)

(၂) စစ်ဖြစ်လာလျှင် စစ်ပွဲ၏စည်းကမ်း ဥပဒေများဆိုသည် အဓိပ္ပာယ်မရှိ။ သုံ့ပန်းလဲလှယ်ခြင်း၊ သုံ့ပန်းကို ကောင်းစွာ ပြုစုစောင့်ရှောက်ခြင်း၊ စစ်ရပ်စဲရေး အလံထူလာသည့် ရန်သူကို ဖြတ်သန်းခွင့်ပြုခြင်း၊ ဆီးကြို လက်ခံခြင်းတို့သည် အဓိပ္ပာယ်မရှိ။ သုံ့ပန်းကို သတ်ရမည်။ ငဲ့ညှာခြင်းမပြုရ။ သို့မှသာ စစ်၏ကြောက်မက်ဖွယ် ကောင်းသောဘောကို လူတွေ အလေးအနက် ထားလာကြမည်။ ထိုသို့ အလေးအနက်ထားလာလျှင် တော်ရုံတန်ရုံ အကြောင်းဖြင့် စစ်တိုက်ကြတော့မည် မဟုတ်။ (ဤအမြင်မှာ စစ်၏ အနိဋ္ဌာရုံကိုမြင်၍ နာကြည်းရာမှ ပေါ်ထွက်လာသော စစ်ဆန့်ကျင်ရေးအမြင် ဖြစ်သည်။ ပြင်းထန်ခါးသည်း၍ ပြောင်းပြန်ခါးသည်း၍ ပြောင်းပြန်မြင်သောအမြင်မျိုး ဖြစ်သည်။)

(၃) လူ၏ ဂျော်ရွှင်မှုသည် ဥစ္စာပစ္စည်းအလျှံပယ် ပေါများခြင်း၌ မတည်။ စားဝတ်နေရေး စသည့်ကိစ္စများအတွက် အခြေခံလိုအပ်ချက်များ ပြည့်စုံခြင်းအပေါ်၌ တည်သည်။ ရောင့်ရဲကျေနပ်သော စိတ်သာလျှင် ဂျော်ရွှင်ချမ်းမြေ့မှုကို ပေးနိုင်သည်။ (ဤနေရာ၌ တော်လ်စတွိုင်း၏ အမြင်တွင် ဗုဒ္ဓ၏အယူဝါဒများ သက်ဝင်လျက် ရှိသည်။)

(၄) လူသည် ခွန်အားစိုက်အလုပ်ကို လုပ်ရမည်။ မိမိစားရန် ဆန်စပါးကို ကိုယ့်ဘာသာကိုယ် စိုက်ရမည်။ မိမိဝတ်ရန် အဝတ်အထည်ကို ကိုယ့်ဘာသာကိုယ် ရက်လုပ်ရမည်။ အခြားသူများ၏ ခွန်အားစိုက်အလုပ်ဖြင့် အသက်ရှင်နေခြင်းသည် လူမှုမတရားမှုများကို ဖြစ်စေသည်။ (တော်လ်စတွိုင်းသည် ပဒေသရာဇ် သွေးစုပ်မှုကို ရွံ့မုန်းသည်။ ထိုအခါတွင် ပင်ပန်းကြီးစွာ အလုပ်လုပ်ရသော မြေကျွန်များ၊ လယ်သမားများကို စာနာသည်။ သို့ရာတွင် တော်လ်စတွိုင်းသည် သွေးစုပ်ခြယ်လှယ်မှုစနစ်ကို တွန်းလှန်ဖြိုဖျက်ရန် ဆော်သြခြင်းမပြု။ လူတိုင်းကိုယ့်ထမင်းကိုယ် ချက်စား၍ လူတိုင်း ကိုယ့်အဝတ်ကိုယ် ရက်လုပ်ဝတ်ဆင်ရန် တရားဟောသည်။ ဤသို့ဖြင့် တော်လ်စတွိုင်းသည် အလုပ်တာဝန် ခွဲဝေမှုအားလုံးကို တစ်ချက်တည်း ဖျက်သိမ်းလိုသည်။ လူတန်းစားမဲ့ လူ့အဖွဲ့အစည်းကျမှသာ ဖြစ်နိုင်သောအရာကို လူတန်းစား လူ့အဖွဲ့အစည်းတွင် လုပ်ရန် စိတ်ကူးယဉ်လျက် ရှိသည်။)

(၅) လူ့ဘဝသည် ဘာမျှအဓိပ္ပာယ်မရှိ။ သေခြင်းတရားဟူသည့် အင်အားစု၏ ထာဝစဉ် ခြောက်လှန့်စိုးမိုးနေခြင်းကိုသာ ခံရသည့်ဘဝ ဖြစ်သည်။ လူ့ဘဝ၌ ဘာမျှပျော်စရာမရှိ။ ဤသည်ကိုက ၎င်း၏ ‘ဖွင့်ဟဝန်ခံချက်’ဆိုသည့် စာတန်းတွင် အကျယ်တဝင့် ရေးသားခဲ့သည်။ (တော်လ်စတွိုင်းသည် ဘဝကို အဆိုးဘက်မှသာ မြင်ရာရောက်သည်။ အပျက်ကိုချည်း မြင်လွန်းသည်။

တော်လ်စတွိုင်း၏ နိုင်ငံရေးအမြင်ကို ချုပ်ကြည့်လျှင်

(၁) ဧာဘုရင်၏ ငါ့မင်းငါ့ချင်းစနစ်နှင့် မြေရှင်ပဒေသရာဇ်စနစ်တို့သည် မကောင်း၊ ထိုစနစ် များကြောင့် လူတွေ ဒုက္ခပင်လယ်ဝေရသည်။ (တော်လ်စတွိုင်းသည် ၎င်း၏ခေတ်ကို ဤသို့မြင်သော်လည်း ထိုမရားမှုများအား မည်သို့ အဆုံးသတ်ရမည်ကို လမ်းညွှန်ခြင်း မပြုနိုင်။ မြေကျွန်များနှင့် လယ်သမားများ၏ ထွက်ရပ်လမ်းကို မပြနိုင်။)

(၂) နိုင်ငံတော်သည် ပြည်သူလူထုအား ဖိနှိပ်သည့် ကိရိယာဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ကို ဖျက်သိမ်းအပ်သည်။ နိုင်ငံတော်ကို ဖျက်သိမ်းရာတွင် လူတိုင်း စာရိတ္တဗလပြည့်စုံအောင် ကြိုးပမ်းသည့်နည်းဖြင့် ဖျက်သိမ်းသင့်သည်။ လူတွေ စာရိတ္တအရာတွင် ပြည့်စုံလာလျှင်

www.burmeseclassic.com

www.burmeseclassic.com

လူတွေကို အုပ်ချုပ်သည့် နိုင်ငံတော်သည်လည်း မလိုတော့ဘဲ ဖြစ်လာလိမ့်မည်။ (နိုင်ငံတော်သည် ဖိနှိပ်ရေးကိရိယာဆိုလျှင် မည်သည့်လူတန်းစား၏ နိုင်ငံတော်နည်း။ ပဒေသရာဇ်စနစ် နိုင်ငံတော်လော၊ ပစ္စည်းမဲ့လူတန်းစား နိုင်ငံတော်လော။ ခေတ်သစ် အလုပ်သမားလူတန်းစားက သာလျှင် နိုင်ငံတော်အား ဖျက်သိမ်းနိုင်ခြင်းကို တော်လစတို့ငိုင်း မမြင်ခဲ့ပေ။)

(၃) တော်လစတို့ငိုင်းသည် နိုင်ငံရေးကို မယုံကြည်သူဖြစ်သည်။ တော်လှန်ရေးကို မယုံကြည်သူဖြစ်သည်။ ပြင်သစ်တော်လှန်ရေး၏ ကြွေးကြော်သံဖြစ်သော 'လွတ်လပ်ရေး၊ တန်းတူညီမျှရေးနှင့် ညီအစ်ကိုပမာချစ်ခင်ရေး'စသော ပဒေသရာဇ်စနစ်ကို ဆန့်ကျင်သည့် ခနရှင် လူတန်းစား၏ ကြွေးကြော်သံကို မယုံကြည် သူဖြစ်သည်။

(၄) တော်လစတို့ငိုင်းသည် ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ဖျက်သိမ်းလိုသည်။ ('စစ်နှင့် ငြိမ်းချမ်းရေး'တွင် နီကိုလေနှင့် ပီယာတို့မှ တစ်ဆင့် ဖော်ပြထားသည်။)

(၅) ယဉ်ကျေးမှုသည် ကမ္ဘာဦးက ရှိခဲ့သော လူ၏ အကောင်းဆုံးသောအရည်အချင်းများကို ဖျက်ဆီးပစ်သည်။ (ဤသဘောကို ၁၈၅၇ ခုနှစ်တွင် ရေးခဲ့သော 'လူစန်း'အမည်ရှိဝတ္ထုတိုထဲ၌ ဖော်ပြထားသည်။ တော်လစတို့ငိုင်းသည် သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုကို ဆန့်ကျင်သူဖြစ်သည်။)

(၆) လူကို ဦးဆောင်နေသောအရာသည် 'ကမ္ဘာလုံးဆိုင်ရာ ထာဝရ ဝိညာဉ်တော်'ဖြစ်သည်။ နိုင်ငံရေးဘောဂဗေဒသည် သိပ္ပံပညာ အတုအယောင်တစ်မျိုးဖြစ်သည်။ အင်္ဂလန်လို တိုင်းပြည်တစ်ပြည်မျိုးဌ်သာ ခြွင်းချက်အဖြစ် ရှိအပ်သော ပညာရပ်ဖြစ်သည်။ (ဤသဘောကို ၁၉၀၀ ပြည့်နှစ်တွင် ရေးသော ကျွန်ုပ်တို့ခေတ် ကျွန်စနစ်'ဟူသော စာတန်းတွင် တွေ့နိုင်သည်။ ဤအမြင်သည်လည်း တော်လစတို့ငိုင်း၏ ခေတ်နောက်ပြန်ဆွဲအမြင်တစ်ရပ် ဖြစ်သည်။)

(၇) ရာဇဝင်ဆရာတို့က လူ့လောက ဖြစ်ပေါ်တိုးတက်မှု နိယာမတရားများ ရှိသည်ဟု မြင်သည်။ တော်လစတို့ငိုင်းက လူ့လောကဖြစ်ပေါ်တိုးတက်မှုတရားဟူသည်မရှိ။ အရှေ့တိုင်းမှ လူမျိုးများ ခေတ်နောက်ကျလျက်ရှိခြင်းကို ကြည့်လျှင် ဤအချက်ကို သိနိုင်သည်ဟု ယူဆသည်။ (ဤသဘောကို ၁၈၆၂ ခုနှစ်တွင် ရေးသော 'ပညာသင်ကြားရေး၏ တိုးတက်မှုနှင့် အဓိပ္ပာယ်'ဟူသော စာတန်းတွင် တွေ့နိုင်သည်။ ဤအဆိုသည် သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုကို ငြင်းဆိုရာ ရောက်သည်။ လူမျိုးအားလုံး တပြေးညီစွာ ဖြစ်ပေါ်တိုးတက်ရမည်ဟု ဆိုရာ ရောက်သည်။

(၈) တက္ကသိုလ်များသည် လူထုအတွက် ဘာမျှ အသုံးမဝင်သော၊ စိတ်နောက်ကျဖွယ်ကောင်းသော၊ မသန့်စွမ်းသော အိုနာကျိုးကန်း လစ်ဘရယ် ပညာတတ်များကို သာ မွေးထုတ်ပေးသည်။ ('ပညာသင်ကြားရေး၏ တိုးတက်မှုနှင့် အဓိပ္ပာယ်'ဟူသော ကျမ်းတွင် ရေးခဲ့သည်။ မည်သို့သော တက္ကသိုလ်များနည်း။ ခနရှင် တက္ကသိုလ်များလော၊ လုပ်သား တက္ကသိုလ်များလော၊ တက္ကသိုလ် အားလုံးလော။

(၉) အမျိုးသမီးများ၏ လွတ်မြောက်ရေးသည် ကောလိပ်ကျောင်းများ၊ ပါလီမန် လွတ်တော်များထဲတွင် မရှိ။ အိပ်ခန်းထဲမှသာ ရှိသည်။ 'ကရဏာ– ဆိုဗာတာ'ဝတ္ထုတွင် ဤသဘောကို တွေ့နိုင်သည်။ အမျိုးသမီးများ၏ လွတ်မြောက်ရေးအတွက် ရုပ်ပတ်ဝန်းကျင်ကို ဖန်တီးပေးစရာမလို။ စိတ်သာ အဓိကဟု ဆိုရာရောက်သည်။ စိတ်ဝါဒတစ်မျိုး ဖြစ်သည်။

တော်လစတို့ငိုင်း၏ ရာဇဝင်အမြင်ကို ချုပ်ကြည့်လျှင်

(၁) ရာဇဝင်အဖြစ်အပျက်များသည် ဘုရားသခင် အလိုတော်အရ ပေါ်ပေါက်လာခြင်း မဟုတ်။ လူစွမ်းကောင်းများကြောင့်လည်း ပေါ်ပေါ်လာခြင်း မဟုတ်။ အဖြစ်အပျက်များထဲတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်သူများ၊ ပြည်သူများကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ (ဤအချက်တွင် မတ်စ်၏သမိုင်းရုပ်ဝါဒနှင့် နီးစပ်သည်။)

(၂) သို့ရာတွင် ရာဇဝင်အဖြစ်အပျက်များထဲတွင် ပါဝင်သောပြည်သူများသည် သိစိတ်ဖြင့်ပါဝင်ခြင်း မဟုတ်။ သိစိတ်မရှိဘဲ ပါဝင်ခြင်း ဖြစ်သည်။ မရှောင်မလွှဲသာသော အကြောင်းတရားများကြောင့် သိစိတ်မရှိဘဲ အလိုအလျောက် ပါဝင်လာကြခြင်း ဖြစ်သည်။ (မတ်ခ်စ်ဝါဒသမိုင်းကို ပြည်သူက ဖန်တီးသည်။ သိစိတ်ဖြင့် သမိုင်းကို

www.burmeseclassic.com

www.burmeseclassic.com

ဖန်တီးသည်ဟု ယူဆသည်။ ရပ်ဝါဒ ဖြစ်သည်။

တောလစတွိုင်း၏ ဘာသာရေး အယူအဆကို ချုပ်ကြည့်လျှင်...

(၁) ဘာသာတရားဟူသည် ယုံကြည်ခြင်းတရား ဖြစ်သည်။ ယုံကြည်ခြင်းတရားသည် လူ၏ ဆင်ခြင်တုံတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ယုံကြည်ခြင်းတရားသည် ရင်ထဲ နှလုံးထဲတွင် ကိန်းဝပ်သောအရာ ဖြစ်သည်။ ဆင်ခြင်တုံတရားသည် ဦးနှောက်တွင် ကိန်းဝပ်သည်။ သတ္တ လောက၊ ဩကာသလောက၊ သခါရလောက စသည်တို့သည် ဘုရားသခင်၏ ဖန်ဆင်းချက်ဟု ဘာသာတရားက ယူဆသည်။ သို့ရာတွင် ဆင်ခြင်တုံတရားက မူ မူလအကြောင်းတရားကို ကျွန်ုပ်တို့ ရှာမတွေ့နိုင်။ ရှာ၍ မတွေ့နိုင်သောအခါ လူသည် ဆင်ခြင်တုံတရားကို စွန့်ကာ ယုံကြည်ခြင်း တရားနောက်သို့ လိုက်သွားရသည်ဟု တောလစတွိုင်းက ယူဆသည်။

(၂) တောလစတွိုင်းသည် ဤအယူအဆဖြင့် ဘာသာတရားကို စွန့်ပယ်သည်။ သို့ရာတွင် ဆင်ခြင်တုံတရားသည် အဆုံးစွန်သော မူလအကြောင်းတရားကို ရှာမတွေ့နိုင် တော့သည့်အတွက် (ယုံသည်၊ မယုံသည်ကို အပထား၍) ဘာသာတရားကိုသာ လက်ခံရတော့မည်ဟု ၎င်းက ယူဆသည်။

(၃) တောလစတွိုင်းသည် ရုရှားခရစ်ယာန် သာသနာ၏ အပေါ်ယံ အဆောင်အယောင်တို့ကို ဆန့်ကျင်သည်။ ထို့ကြောင့် ၎င်းအား ရုရှားခရစ်ယာန် သာသနာ၏ ဝိုင်းပယ်ခြင်း ခံရသည်။ ၎င်းက ဆုတောင်းခြင်း၊ ဝတ်ပြုခြင်း စသည့်ကိစ္စတို့သည် အဓိပ္ပာယ်မရှိဟု ယူဆသည်။

(၇)

၁၉၇၂– ခုနှစ် နွေဦး။

အကျဉ်းထောင်မှ ကျွန်တော် လွတ်လာပြီးနောက် မိတ်ဆွေတစ်ဦးနှင့် တွေ့သည်။ သူက ကျွန်တော့်'စစ်နှင့် ငြိမ်းချမ်းရေး'ဝတ္ထု ဒုတိယနိဂုံးကို ဆွေးနွေးသည်။

တောလစတွိုင်းသည် အခြားဝတ္ထုများ၊ ကျမ်းများတွင် လည်းကောင်း၊ 'စစ်နှင့်ငြိမ်းချမ်းရေး'ထဲတွင် လည်းကောင်း ၎င်း၏အယူအဆများကို ဆွေးနွေးတင်ပြသွားသည်။ သို့ရာတွင် အားရကျေနပ်သေးဟန် မတူ။ 'စစ်နှင့်ငြိမ်းချမ်းရေး' ဇာတ်လမ်းဆုံးသွားသောအခါ 'ဒုတိယနိဂုံး'ဟု ခေါင်းစဉ်တပ်ကာ ၎င်း၏ အယူအဆများကို ထပ်၍ တင်ပြပြန်သည်။

ကျွန်တော့် မိတ်ဆွေသည် ထို 'ဒုတိယနိဂုံး'ကို ဆွေးနွေးခြင်း ဖြစ်သည်။

"'ဒုတိယ နိဂုံး'ကတော့ တော်လစတွိုင်း အဘိဓမ္မာရဲ့ အချုပ်ပါပဲ။ သူက ရာဇဝင်ဆိုတာ ဘာလဲ။ အာဏာဆိုတာ ဘာလဲ။ ရာဇဝင် အဖြစ်အပျက်တွေ ဘာကြောင့် ပေါ်ပေါက်လာသလဲဆိုတဲ့ ပြဿနာကို ဆွေးနွေးသွားတာပဲ။ သူက ရာဇဝင်ဆိုတာ လူမျိုးတွေရဲ့ ဘဝ၊ ပြည်သူတွေရဲ့ ဘဝကို ရေးခြယ်ပြတာလို့ ဆိုတယ်။ ဒီနေရာမှာ တော်လစတွိုင်းရဲ့ ရာဇဝင်အမြင်ဟာ ခေတ်မီတယ်။ သမိုင်းရုပ်ဝါဒနဲ့ ကိုက်ညီတယ်လို့ ကျွန်တော် ထင်တယ်။ တော်လစတွိုင်းဟာ သူ့ရှေ့တွင် ရာဇဝင်ဆရာတွေ အားလုံးကို တိုက်ခိုက်ဝေဖန်ထားတယ်။ သူ့ရှေ့က ရာဇဝင်ဆရာကြီးတစ်ဦးဖြစ်ပြီး 'ရောမ လက်နက်နိုင်ငံကြီး ပျက်စီးခြင်း'ဆိုတဲ့ ရာဇဝင်ကျမ်းကြီးကို ရေးခဲ့တဲ့ ဂစ်ဘွန်က ရာဇဝင်ဆိုတာ လူတွေရဲ့ မိုက်မဲမှုတွေ၊ လိမ်ညာမှုတွေ၊ ရာဇဝတ်မှုတွေကို မှတ်တမ်းတင်ထားတဲ့ မှတ်ပုံတင်စာအုပ်ကြီးပဲလို့ ပြောခဲ့ဖူးတယ်။ တော်လစတွိုင်းကတော့ ဒီလို တစ်ဖက်သတ် မမြင်ဘူး။ ရာဇဝင်ဆိုတာဟာ လူမျိုးတွေ၊ ပြည်သူတွေရဲ့ ဘဝ အဆိုးအကောင်းအားလုံးကို ဖော်ပြတဲ့အရာဖြစ်တယ်လို့ ယူဆတယ်။ ဂစ်ဘွန်တို့ရဲ့ ရာဇဝင်ကျမ်းတွေမှာ ဘုရင်တွေ ဧကရာဇ်တွေ အကြောင်းလောက်ပဲ ပါတယ်။ တော်လစတွိုင်းက ဒါကို မကျေနပ်ဘူး။ ရာဇဝင်ဆိုတာ လူစွမ်းကောင်းတွေကြောင့် ဖြစ်တာမဟုတ်ဘူး။ လူစွမ်းကောင်းဆိုတာလဲ မရှိဘူးလို့ ယူဆတယ်"

"ဒါဖြင့်ရင် ရာဇဝင်မှာ လူပုဂ္ဂိုလ်ရဲ့အခန်းကို တော်လစတွိုင်းက ပစ်ပယ်သမား"

ကျွန်တော့်မိတ်ဆွေက မေးသည်။

"လူပုဂ္ဂိုလ်ရဲ့အခန်းကို မပစ်ပယ်ပါဘူး။ ရာဇဝင် အဖြစ်အပျက်ကြီးတွေ ပေါ်လာတိုင်း အဲဒီရာဇဝင် အဖြစ်အပျက်ကြီးတွေရဲ့ ထိပ်မှာ ခေါင်းဆောင်တစ်ယောက် ရှိတတ်တယ်။ ဒါပေမဲ့ ဒီလိုရှိတဲ့အတွက် ရာဇဝင်အဖြစ်အပျက်ဟာ အဲဒီခေါင်းဆောင်ကြောင့် ဖြစ်လာတာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ရာဇဝင် အဖြစ်အပျက်ကြောင့်သာ အဲဒီခေါင်းဆောင်ဆိုသူ ပေါ်လာရတယ်ဆိုတဲ့သဘောပါ။"

"တော်လ်စတွိုင်းက ရာဇဝင်အဖြစ်အပျက်တွေဟာ အကြောင်းတရားမရှိဘဲ ဖြစ်လာတာမဟုတ်ဘူး။ အကြောင်းတရားကြောင့်သာ ဖြစ်လာတာ။ တစ်ခါ ဒီအကြောင်းတရားရဲ့အကျိုးဆက်ဟာ ဒုတိယ ကွင်းဆက်တစ်ခုမှာ အကြောင်းတရားဖြစ်သွားတယ်။ ဒါ့ကြောင့် အကြောင်းကြောင့် အကျိုးဖြစ် အဲဒီအကျိုးဆက်ဟာ နောက်အကျိုးဆက်တစ်ခုရဲ့ အကြောင်းတရား ပြန်ဖြစ်တယ်။ ဒီလိုနဲ့ သံသရာလည်နေတယ်လို့ ဆိုတယ်။ ဒါဟာ ဗုဒ္ဓဘာသာက လက်ခံတဲ့ ပဋိစ္စသမုပ္ပါဒ်သဘော် မဟုတ်ဘူးလား။"

"တူမလား မပြောနိုင်ဘူး။ ဗုဒ္ဓဘာသာတွေ လက်ခံတဲ့ ပဋိစ္စသမုပ္ပါဒ်တရားမှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်၊ ဝိညာဉ်ကြောင့် နာမရူပဖြစ်၊ နာမရူပကြောင့် သဠာယတနဖြစ်၊ သဠာယတနကြောင့် ဖဿဖြစ်၊ ဖဿကြောင့် ဝေဒနာဖြစ်၊ ဝေဒနာကြောင့် တဏှာဖြစ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်၊ ဘဝကြောင့် ဇာတိဖြစ်။ ဇာတိကြောင့် ဇရာမရဏဖြစ် စသည်ဖြင့် ကွင်းဆက်တွေ ရှိတယ်။ အချုပ်မှာ အဝိဇ္ဇာပဲ။ အဝိဇ္ဇာကို ပယ်နိုင်ရင် ဘဝ ပြန်မဖြစ်တော့ဘူး။ သံသရာက လွတ်မြောက်သွားပြီ။ ဒါ့ကြောင့် ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းရဲ့အစဟာ အဝိဇ္ဇာပဲ။ ဒါပေမဲ့ တောလ်စတွိုင်းကတော့ ဖြစ်ခြင်းဟာ အကြောင်းတရားများစွာ ရှိတယ်။ အကြောင်းရင်းတကာတို့၏ မူလအကြောင်းတရားကြီးကို ကျွန်တော်တို့ မသိနိုင်၊ မမြင်နိုင်ဘူး။ ဒါ့ကြောင့် ဒါဟာ နိယာမတရားကြောင့် ဖြစ်လာတာပဲလို့ပဲ ကောက်ချက်ချလိုက်တယ်"

"ဒီလိုဆိုရင် တောလ်စတွိုင်းဟာ အကြွင်းမဲ့တရားကို လိုက်ရှာနေတာပေါ့"

"ကျွန်တော်တော့ ဒီလိုပဲ ပြောချင်တယ်။ ကမ္ဘာကြီးရဲ့ အစကို မသိနိုင်သလို အဆုံးကိုလည်း မသိနိုင်ဘူး။ ဒါပေမဲ့ တောလ်စတွိုင်းက ကမ္ဘာကြီးရဲ့ မူလအကျဆုံးသောအစကို လိုက်ရှာနေတယ်။ ဒီလို လိုက်ရှာရင်းနဲ့ မတွေ့တဲ့အခါကျတော့ ဒါတွေဟာ နိယာမပဲလို့ ကျုပ်လည်း မသိနိုင်ဘူး။ ဘယ်သူမှလည်း မသိနိုင်ဘူးလို့ နိဂုံးချုပ်လိုက်တယ်"

"တော်လ်စတွိုင်းဟာ 'ဒုတိယနိဂုံး'မှာ လိုအပ်ခြင်းနိယာမနဲ့ လူရဲ့ လွတ်လပ်မှုကိုလဲ ဆွေးနွေးသွားသေးတယ် မဟုတ်လား"

"ဟုတ်တယ်။ တော်လ်စတွိုင်းဟာ အဖြစ်အပျက်တွေရဲ့အစကို ရှာမရနိုင်တဲ့အခါကျတော့ နိယာမတရားအရ ဖြစ်ရတာပဲ။ ဒီလို ဖြစ်ရတာသည်ပင် နိယာမတရားပဲလို့ ပြောတယ်။ ဒါပေမဲ့ နိယာမတရားတစ်ခုတည်းနဲ့ သူ ကျေနပ်ပြန်ဟန် မတူဘူး။ ဒီတော့ လူဟာ နိယာမတရားကိုချည်း လိုက်နေရတာ မဟုတ်ဘူး။ လွတ်လပ်မှုလဲ ရှိတယ်။ နိယာမအလိုချည်းလိုက်ရင် ရုပ်ချည်းပဲ ရှိနေရမယ်။ လွတ်လပ်တဲ့ စိတ်အလိုလိုက်နေရင်လဲ လောကကြီးမှာ စိတ်ချည်းပဲ ဖြစ်နေလိမ့်မယ်။ ဒါ့ကြောင့် လွတ်လပ်မှုနဲ့ နိယာမတရားဟာ ဒွန်တွဲနေတယ်။ တစ်နည်းပြောရရင် စိတ်နဲ့ ရုပ်ဟာ ဒွန်တွဲနေတယ်ဆိုတယ်"

"ရုပ်နဲ့စိတ် သို့မဟုတ် နိယာမနဲ့ လွတ်လပ်လိုတဲ့ ဆန္ဒမှာ ဘယ်သူက ရှေ့ဆောင်တယ်ဆိုတာ တောလ်စတွိုင်းက မပြောဘူး"

"မပြောဘူး ခင်ဗျ၊ ဒွန်တွဲနေတယ်လို့ ပြောတယ်"

"ဒါဖြင့် တောလ်စတွိုင်းရဲ့ ဝါဒဟာ ရုပ်နာမ်ဒွန်တွဲဝါဒလို့ မဆိုနိုင်ဘူးလား"

"ဆိုနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ရုပ်ဝါဒသမားတွေကတော့ ရုပ်နဲ့စိတ် ရှိတယ်။ ဒါပေမဲ့ ရုပ်က ဦးဆောင်တယ်လို့ ဆိုတယ်။ စိတ်ဝါဒီတွေကတော့ ရုပ်နဲ့စိတ် ရှိတယ်။ စိတ်က ဦးဆောင်တယ်လို့ ဆိုတယ်။ ရုပ်ဝါဒက လူဟာ ပတ်ဝန်းကျင်ရဲ့ သြဇာကို နာခံရတယ်။ နိယာမရဲ့ သြဇာကို နာခံရတယ်။ အဲဒီ နိယာမတရားကို ဖျက်သိမ်းလို့ မရဘူး။ ဒါပေမဲ့ နိယာမတရားကို ခုခံနိုင်တယ်။ ပြောင်းလဲပစ်နိုင်တယ်။ မိမိအကျိုးအတွက် အသုံးချနိုင်တယ်။ အဲဒီအတိုင်းအတာအရ လူဟာ လွတ်လပ်တယ်လို့ ခံယူနိုင်တယ်။ ဥပမာ ရာသီဥတုဟာ နိယာမတစ်ပါးပဲ။ လူဟာ ဆောင်းရာသီကို နွေရာသီဖြစ်အောင် မလုပ်နိုင်ဘူး။ ဖျက်ဆီး မပစ်နိုင်ဘူး။ ကမ္ဘာဦးလူသားဟာ ဆောင်းရာသီဒဏ်ကြောင့် သွေးခဲသေရတယ်။ ဒါပေမဲ့ အသိဉာဏ် ရင့်သန်လာတဲ့အခါကျတော့ အဝတ်အထည်၊ အနွေးထည်၊ မီးလျှံပစ် စသည်တို့နဲ့ အအေးဒဏ်ကို ခုခံနိုင်လာတယ်။ ဒါဟာ လွတ်လပ်လာတာပဲလို့ ယူဆ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ အိန်ဂဲလ်က 'လွတ်လပ်မှုဆိုတာဟာ နိယာမတရားကို သိနားလည်ခြင်းပဲ'လို့ သူရဲ့ ကျော်ကြားတဲ့ ဒူရင်းဆန့်ကျင်ရေးကျမ်းမှာ ပြောခဲ့တယ်။ လူဟာ နိယာမတရားတွေရဲ့ စိုးမိုးမှုကို ခံရတယ်။ အဲဒီနိယာမတရားတွေကို နားလည်ပြီး မိမိအတွက် အသုံးချနိုင်တဲ့ အတိုင်းအတာအထိ လူဟာ လွတ်လပ်တယ်လို့ အိန်ဂဲလ်က ပြောတယ်။ အိန်ဂဲလ် ပြောတာဟာ နိယာမတရားဟာ လူကို လွှမ်းမိုးမှာပဲလို့ ဆိုတယ်။ အဲဒါ ရုပ်ဝါဒရဲ့အမြင်ပဲ"

"ဒါဖြင့် တောလ်စတွိုင်းဟာ စိတ်ဝါဒီပေါ့"

"ဒါတော့ ခင်ဗျားမြင်ချင်သလို မြင်နိုင်ပါတယ်။ ကျွန်တော်ကတော့ တောလ်စတွိုင်းဟာ တကယ့် စိတ်ဝါဒီကြီးပဲ။ သူ့အယူအဆထဲမှာ အစွန်းရောက်တဲ့ ရုပ်ကြွမ်းဝါဒတွေ ပါကောင်းပါပေမယ့် ချုပ်လိုက်ရင် စိတ်ဝါဒီပဲ။ တောလ်စတွိုင်းရဲ့ အယူအဆထဲမှာပါတဲ့ အဟိ'သဝါဒဆိုတဲ့ အကြမ်းမဖက်ရေးဝါဒ၊ ထာဝရဝိညာဉ်တော်၊ စာရိတ္တအရေပြည့်စုံသန့်စင်ရေး၊ လူအားလုံးအပေါ်မှာ မေတ္တာထားရေး၊ ကဲယုံဝါဒ၊ အဆိုးမြင်ဝါဒ စတဲ့အရာတွေဟာ စိတ်ဝါဒရဲ့ လက္ခဏာချက်တွေပဲ။ ခင်ဗျားကို တစ်ခုတော့ မေတ္တာရပ်ချင်ပါတယ်။ ကျွန်တော်ဟာ တောလ်စတွိုင်းဝါဒကို မယုံကြည်သော်လဲ 'စစ်နှင့်ငြိမ်းချမ်းရေး'ဟာ ကျွန်တော်တို့ စာပေမှာ ရှိသင့်တယ်။ ကျွန်တော်တို့ဟာ တောလ်စတွိုင်းရဲ့ စာပေတွေထဲက သင်ခန်းစာယူသင့်တဲ့ အချက်တွေ ရှိတယ်ထင်လို့ ကျွန်တော် မြန်မာပြန်ပါတယ်။ ချွတ်ယွင်းချက်တွေ ရှိကောင်းရှိပါလိမ့်မယ်။ မြန်မာပြန်မှာ ချွတ်ယွင်းချက်တွေ ရှိခဲ့ရင် ဒါဟာ တောလ်စတွိုင်းနဲ့ အင်္ဂလိပ်ဘာသာပြန်သူရဲ့ တာဝန်မဟုတ် တောလ်စတွိုင်းနဲ့ အင်္ဂလိပ်ဘာသာပြန်သူရဲ့ တာဝန်မဲ့ဟုတ်ဘဲ ကျွန်တော့်တာဝန်သာဖြစ်ပါတယ်။ ချိုးကျူးစရာရှိရင် တောလ်စတွိုင်းနဲ့ အင်္ဂလိပ်ဘာသာပြန်သူရဲ့ တာဝန်မဟုတ်ဘဲ ကျွန်တော့်တာဝန်သာဖြစ်ပါတယ်။ ချိုးကျူးစရာရှိရင် တောလ်စတွိုင်းနဲ့ အင်္ဂလိပ်ဘာသာပြန်သူကို ချိုးကျူးပြီး အပြစ်တင်စရာရှိရင် ကျွန်တော့်ကိုပဲ အပြစ်တင်ဖို့ တောင်းပန်လိုပါတယ်။"

ကျွန်တော်တို့သည် ကျမ်းအစောင်စောင်ဖွဲ့၍ ဦးကာချဲ့ရသော တောလ်စတွိုင်း၏ အယူအဆကို အချိန်အနည်းငယ်ဖြင့် ဆွေးနွေးစရာများစွာ ကျန်ပါသေးသည်။ သို့ရာတွင် အချိန်မရှိတော့ပြီ။

အပြင်၌ ဆည်းဆာရောင် သန်းစပြုလေပြီ။

မြသန်းတင့်

BURMESE CLASSIC

၁၃၃၄ ခု တော်သလင်းလဆုတ် ၄ ရက်
၁၉၇၂ ခု စက်တင်ဘာလ ၂၆ ရက်။

www.burmeseclassic.com